www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၂)
၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ

မဂ္ဂဇင်း




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ







(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC

# သာရမဏ္ဍ

မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၂)
၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ

www.burmeseclassic.com

www.burmeseclassic.com









## ဘာသာရေးဆောင်းပါးများ


၅ အဆင်မပြေ
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၆ အသွားမတော်တစ်လှမ်း(၃)
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၄ ကံပွင့်ကံမြင့်စေသည့်
လောကီအောင်မြင်ကြောင်း
ကျင့်စဉ်ဂါထာများ
**အံ့ကြွယ်**
၁၇ သမိုင်းဝင်အထင်အရှား တဂူသိမ်ဘုရား
**မောင်စိမ်းထွေး(ထားဝယ်)**
၂၃ ချောင်းဝဆရာတော်ကြီးအမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**
၂၉ အဘဘိုးမင်းခေါင်အောင်ဓာတ်ကိန်းရာ
ပုပ္ပားတောင်ကလပ်ထက်မှာ
**အောင်သာကျော်**
၄၁ အိုက်ခေါ်တော်ထံပါး ရွှေကျီးနားတော့
ရှင်ဘုရင့်သမီးတော်နဲ့ညား
**အဋ္ဌနု(မန္တလေး)**
၅၀ သဘာဝဓမ္မ
သတ္တဝါဆိုတာရှိသလား
**ချောင်းဆုံအုန်းသွင်**
၅၃ ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန
ခရီးသွားမှတ်တမ်း
**ဦးညာဏ(ကြွယ်အိဝ်ပွဲ)**
၆၁ သီးခြားဂုဏ်တော်ရွှတ်ပူဇော်စို့
**နေဝိဇ္ဇာ**
၆၆ တရားအားထုတ်သူ
တစ်ယောက်အကြောင်း(၁၇)
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**
၇၁ အံ့ဖွယ်ကိုးပါးစေတီဘုရားများ
**ကိုရွှေမြသန်း(သမိုင်း)**
၇၅ အရွယ်ကိုကြည့်သတိရှိစေ
**မြဝင်း(ဒဿန)**
၇၇ ရွှေကံကူသာသနာပြုမယ်တော်ကြီး၏
ဗိုလ်တထောင်ဘုရားဖူးကျင့်စဉ်တော်
**ရွှေကံကူသာသနာပြုမယ်တော်ကြီး**
၈၃ ဗုဒ္ဓကျမ်းဂန်ထဲက
ဂမ္ဘီရဖြစ်ထွေပုံရိပ်များ(၂)
**မင်းရှိန်အောင်**
၈၅ ရွှေကျွန်းသန္တာ ကျောက်ဖြူမြို့မှ
အံ့ဖွယ်သာမော
ကံ့ကော်တောဘုရားညီနောင်
**ရွှေချိုအောင်(ငပလီ)**
၉၇ ကမ္ဘာ့အံ့ချီးမကုန်
မြတ်ရွှေတိဂုံရင်ပြင်တော်မှ
ထင်ရှားကျော်ကြား စေတီဘုရားများ
အမှတ်(၁၂)
**ကံဝင်း**
၁၀၂ ဝိနိပါတကဘေး
**ဖျာပုံတင်နိုင်ဝင်း**
၁၀၇ သမိုင်းဝင် သိုက်ဝင်ထူးခြား
ဝေါက ကြံ့တူဘုရား
**တြိရတနာ-ဆရာဒေယျာလင်း**
**(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)**
၁၁၈ ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၁၂၁ ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်
မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များ
လာရောက်ဖူးမြော်ခြင်း၊ ကျွတ်တမ်းဝင်
ကြခြင်းများနှင့်ထူးခြားမှုများ
**ဘိုဘို(ရွှေကံကူ)**
၁၃၁ ဂမ္ဘီရအကြောင်းတရားတို့နှင့်
ရွှေပြည်သာမြို့က ရှေးဟောင်းသမိုင်းဝင်
မင်းဗန္ဓုစေတီတော်
**ကျော်နိုင်ခန့်**
၁၄၀ ဘုန်းကံကြီးမား မင်းကောရာဇ်များနှင့်
အစီအရင်အဆောင်ဂါထာများ(၂)
**သစ္စာဝါဒီ-ဦးမြင့်အောင်**


## သုတရသဆောင်းပါး


၃၆ ဗြိတိသျှတို့လက်အောက်အချိန်မှ
ရွှေတိဂုံစေတီတော်ကြီး၏
ပထမဦးဆုံးသော
မြန်မာဂေါပကလူကြီး
စစ်ကဲဦးထော်လေး
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**
၃၇ ခရေလမ်းနှင့်မြတ်ပန်းရဂုံ
**ဝေဒမောင်မောင်**
၁၃၅ စိတ်ဝင်စားဖွယ်
ရှေးဟောင်းတံဆိပ်တုံးလက်စွပ်များ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**
၁၄၄ လူတိုင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့
**မောင်ပွင့်ညာဏ်(မောရ)**
၁၇၅ မြန်မာစာပေပညာရှိ
ဗိုလ်ကလေးဦးသက်ရှေနှင့်
သာသနာပြုမြန်မာ့ရုပ်ရှင်
**ကိုတိုး(ရန်ကင်း)**
၁၇၉ အသိပညာအလိမ္မာတိုးစေဖို့
**မုဒိတာ(ကျိုက်လတ်)**


www.burmeseclassic.com

www.burmeseclassic.com




စိတ်ဖိစီးမှုဝေဒနာမှကင်းဝေးအောင်
ဒီရိုင်ဒြေး

မြန်မာ့ရိုးရာစကားထာ
ရန်နိုင်

ကျေးပင်ကုန်း
ပန်းချီတူးလှ
(ရှေးဟောင်းသုတေသန)

အဘအောင်မင်းခေါင်နှင့်
ဝိဇ္ဇာဂန္ဓာရီခရီးစဉ်(၇)
အဏ္ဏဝါလှိုင်း

ရခိုင်ရာဇဝင်နှင့် ဗမာရာဇဝင်တို့ထဲက
ညှိနှိုင်းပြင်ဆင်ပေးစရာလေးများ
ရှိန်းအောင်(ဂမ္ဘီရ)

မောင့်ဘက်တန်နှင့်
မြန်မာ့လွတ်လပ်ရေး
လုမိုး(ပညာရေး)

နစ်ခုနစ်ဆယ်
လှမ်းထက်

ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
အနောက်တံခါးမှူးမောင်မှူး


## သုရဿတိုင်းရင်းဆေး


အစာလည်းဆေး၊ ဆေးလည်းအစာ
ရောဂါလည်းပျောက် လျှာလည်း
သောက်သည့် ရသာစုံလင် ဆေးဖက်
ဝင်ဟင်းလျာများ(၂)
ရွှေနဝင်း(ပုသိမ်)

ဘဝ္ပိယဘိုမင်းနှင့်
နှာလရာင်ဆေးကုထုံးများ
ဘိုစနေ

မဲ့ခြောက်နှင့် မွေးရာပါ အဖြူ အနီ၊
အနက်၊ စာအမှတ်များပျောက်သည့်
ဆီခြမ်းပဲ
နီမင်း(မြောက်စည်း)

အကြွင်အိမ်၌ မုရိုးတစ်ပင်စိုက်ထားအံ့
ဆရာမညာ-သွေးမွန်

နယ်မြက်သစ်ပင်ဆေးဖက်ဝင်
မဟာနွယ်(မန်းတက္ကသိုလ်)

အသက်ရှည်ရာ အနာမဲ့ရေး ဆင်နဲ့ဆေး
နေပြည်တော်ကျော်ကျော်စိုး

"ဗုဒ္ဓသရမ္မလီအရွက် ကင်ဆာရောဂါ
ကာကယ်ပျောက်သလား" ဆောင်းပါး
နှင့်ပတ်သက်၍
ဆေးပညာရှုထောင့်မှ သုံးသပ်ခြင်း
ဆရာဦးဆက်ထွန်းလင်း
(အာယုဗ္ဗေဒ)

ဆီးချိုကို ကျန်းမာခြင်းအတွက်
အသုံးနည်း
မြင့်မင်းဇင်(ရွှေနဝင်း)

၃၁၀ ရှားစောင်းလက်ပပ်နှင့်
ဆီးချိုသွေးချိုရောဂါ
စွမ်းထက်နောင်

၃၉၉ ကိုယ်တွေ့အဆိပ်ဖြေပင်
မောင်မောင်ချစ်ဦး(မုံရွာ)


## သုရဿဝတ္ထုတို


၁၁၅ သာမန်ထက်လွန်ကဲသူများ
အောင်မြိမ့်မိုး

၁၅၀ နတ်ပန်းလိုဏ်ဂူ
ခင်မမလင်း(ကလော)

၁၈၂ တူညီသောပေးဆပ်ရခြင်းများ
နေပြည်တော်ကျော်ကျော်စိုး

၁၉၄ ပြောမယုံကြုံဖူးမှ
မဟာစက်ရှင်(လှိုင်လင်)

၂၀၆ မိန်းမလှကျွန်းပုံပြင်
နေအောင်လင်း(စလေ)

၂၂၆ ဟာသ်ာတသားနဲ့ဟာသ်ာသား
ပန်းမြိုင်လယ်-စိန်ဝင်း

၂၄၆ နေမထွက်တဲ့နေ့
မောင်ရော(ရာမည)

၂၅၂ လူ၏လောဘကို
မြွေ၏ဒေါသမှအနိုင်ယူသွားခြင်း
မိုးမင်းဇော်

၂၆၆ ဂမ္ဘီရမြွေကြီး
ဓာတ်ပုံ-မောင်မောင်အေး

၂၇၂ ဖောင်တော်ပြင်ကုသိုလ်ထူး
စိုးထွန်း(ဥပဒေ)

၂၈၆ ကျိန်စာ
သန့်ဇင်

၂၉၈ ညဥ့်နက်ချိန် လမ်းပေါ်က ခွေးနက်
ကြီးသုံးကောင်အရှုသဲ
ကိုဇော်ဝင်း(လှတော)


၃၀၂ လူကဲ့သို့သောကြောင်တစ်ကောင်
ရွှေပြည်စိုး(မိုးကုတ်)

၃၀၈ သေသူလူ့တဲ့လလည်ဆွမ်း
ရှစ်ခွင်ကျော်-ဖောင်တော်သီ

၃၁၈ နတ်ပန်းချီမမီနိုင်ဘု
နန္ဒဝင်းကျော်ခေါင်

၃၃၈ ပြကျောက်တို့၏မာယာ
မင်းနန္ဒရိုန်




၃၅၈ ပုဏ္ဏာကနှင့်ငမူးဘကျော်
ဝေယံလင်းခေါင်

၃၇၀ ဝါးတောင်ကအပြန်
မောင်မောင်မိုးအောင်

၃၇၆ ဘဝသစ်တစ်ဖန်
သျှီ(အင်ကြင်း)

၃၈၂ မျိုးနွယ်စည်းကမ်းသွေးရှင်လွှမ်း
မဟာနွယ်(မန်းတက္ကသိုလ်)

၃၈၆ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
ပီတာမြဦး

၃၉၄ အောင်ဝါချင်းတော့မတူပါလေ
ထောင်မှူးကြီးသိန်းဝင်း


## သုရဿအခန်းဆက်ဝတ္ထုရှည်


၁၆၂ ပညာရှင်(၄)
ဆရာဦးမောင်မောင်ဝန်း
(ရင်ကိုအေးမြစေသား)


www.burmeseclassic.com

www.burmeseclassic.com



## သုရဇ္ဇ ပညာရပ်


၁၆၀ မနောမယဂန္ဓာရီ(၃)
မောင်ကျောက်တိုင်
၁၇၉ အင်းကောင်းလျှင်တစ်ကွက်
စိုးမင်း(မြောက်စည်း)
၁၉၉ အလွယ်လေ့လာ လက္ခဏာပညာ
ဆရာမော်
၂၄၂ ဖုန်းရွှေပညာသိကောင်းစရာ
ဦးအောင်လှိုင်(သုဝဏ္ဏ)
၂၅၅ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်း
၂၆၀ စာရေးဆရာမကြီးယုဝတီခင်စိန်လှိုင်၏
ဘဝနှင့်လက္ခဏာပညာအမြင်
ဆရာချမ်းမင်း(LL.B)
၃၁၄ ရန်အသွင်ဆောင်သွားသော
အဆောင်များ
မင်းပြည့်
၃၄၂ အိမ်ထောင်ရေးနှင့်ဝေဒဥပဒေများ
ဦးကြည်ဝင်း(ရွှေစင်)ချောက်
၃၅၅ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ
မြန်မာ့အင်းအမျိုးအစားများအား
လေ့လာခြင်း
တြိရတနာ-ဆရာဇေယျာလင်း


## သုရဇ္ဇလက်တွေ့အသုံးချ


၉၆ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
မနေသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
ရှိန်းအောင်(ဂန္ဓီရ)
၁၀၄ အလုပ်အကိုင်စီးပွား တစ်နေ့တခြား
တိုးပွားစေသော ဂုဏ္ဍသယလိပ်စမ
ဘုန်းခေါင်
၁၅၈ လိုသူများသုံးစေဖို့
မုနိတာ(ကျိုက်လတ်)
၁၉၂ ဆန္ဒတော်ပြည့်စက်မြတ်စီမံကြရအောင်
ပညာကျော်





၁၉၈ အင်္ဂဝိဇ္ဇာပညာရပ်များဖြင့်
ပစ္စည်းပျောက်ကို ဆပွတ်ဓာတ်ဆင်၍
ရှာနည်း
မုနိတာ(ကျိုက်လတ်)
၂၂၅ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
ဦးအောင်စောလှိုင်(ပုသိမ်)
၂၄၀ မောရသုတ်ပရိတ်တော်နှင့်
ရွှေဥဒေါင်းမင်းစမအဆောင်
ဘုန်းခေါင်
၂၄၉ လာဘ်လာဘအရာတွင် အတိုင်းမသိ
အကျိုးပေးစေသောကျင့်စဉ်
အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်
၂၅၁ အိမ်ဆောက်လျှင်သိထားသင့်သော
အေးချမ်းအောင်(ရမည်းသင်း)
၂၉၁ လအလိုက်ငလျင်လှုပ်ခြင်းနိမိတ်များ
မုနိတာ(ကျိုက်လတ်)
၂၉၇ တြိရန်း-စတုရန်းနှင်းကြမ်းပြု
ခပ်သိမ်းကိစ္စအောင်မြင်ရ
ဆရာဦးစိန်လှိုင်(ကျိုက်လတ်)
၃၁၃ ပြည်မြန်မာ၏
၂၀၁၅ ခုနှစ် ကံ့ရာသီပြောင်း
မန်ဒိန်းဇာတာဟောကိန်း
မင်းရှိန်အောင်
၃၅၇ ထီ
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၄၀၀ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
ဒေါ်ခင်စံသူ (B.Sc)
၄၀၂ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ
ကံမြင့်ကံပွင့်အစီအရင်
ပြည်သိန်းကျော်
၄၀၆ နာမည်များနှင့်အတူ
အောင်မြင်ခြင်းဆီသို့
သုရဇ္ဇလက်ဆောင်
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
၄၁၁ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



နာယက
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
စာတည်းချုပ်
ဦးအောင်မြတ်
အုပ်ချုပ်မှုစာတည်း
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
စာတည်းအဖွဲ့
ကျော်မင်းထွင့်
ဝေလှဲ့လှဲ့ထွဏ်း

ဥပဒေအကြံပေး
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရုံးရှေ့နေ
ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

မျက်နှာဖုံးနှင့်
အတွင်းယန်း၍
စိုးအောင်
သုရဇ္ဇစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၇၃၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း

ကွန်ပြူတာစာစီ
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမ့်မွန်ထွန်း
နှင်းသဉ္ဇာကျော်၊ အိအိပိုင်

ရုံးအဖွဲ့
တင်မိုးနိုင်၊ အေးအေးစန်း၊ စုမွန်
စုစုစံ၊ နနနွဲ၊ ဖြိုးရတနာ၊ စန်းမြင့်ထွန်း
စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
မျှဝေေး
တစ်ဦးတည်း၊ ကိုယ်စားလှယ်
ထွန်းဦးစာပေ
နေပြည်တော်ပျဉ်းမနား-
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
မော်လမြိုင်-ကျော်ကျော်စာပေ
ရှမ်းတောင်ကာယား-ဂါနေဒီ၊ ဝိလျံမှာ
ပဲခူး- သဇင်စာပေ
ဟင်္သာတ-တာလေးမောင်၊ ရွှေမောင်
မကွေး -ရွှေပြည်စိုး
တောင်ငူ-ဦးထွန်း၊ ဦးလှမောင်
မြန်အောင်-လှလှမေတ္တာ
အုပ်ရေ ၁၀၀၀

လက်ကားဖြန့်ဈေး ( ၂၇၀၀ ) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## အဆင်မပြေ


- ဘုန်းမတူလျှင်
  အဆင်မပြေတတ်။
  ထုံးမတူလျှင် အိပ်ရာဝင်
  အဆင်မပြေတတ်။
  - ဉာဏ်မတူလျှင် ပေါင်းစပ်ယှဉ်
    အဆင်မပြေတတ်။
  - မြင်မတူလျှင် ကြည့်ချင်းယှဉ်
    အဆင်မပြေတတ်။
  - သွင်မတူလျှင် ကျောင်းကန်ဝင်
    အဆင်မပြေတတ်။
- အားမတူလျှင် ပြိုင်ပွဲဝင်
  အဆင်မပြေတတ်။
  သွားမတူလျှင် ခရီးနှင်
  အဆင်မပြေတတ်။
  ခွင့်မတူလျှင် အရေးငင်
  အဆင်မပြေတတ်။
- ထိုသည့်ကိစ္စ အဝဝကို
  မစခင်က တွေးဆမြော်မြင် ဝေးရှောင်ကြဉ်ကြ
  ဆင်ကန်းတောတိုး တစ်ဖွတ်ထိုးဖြင့်
  မိုးလည်းမမြင် လေမမြင်ဘဲ
  သမ္မဇဉ်ကျိုး မှန်မြင်ညှိုးက
  အမျိုးလည်းနာ ရိုးလည်းနာမည်
  ဘွာခတ်မရ သင့်ဒုက္ခ။

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



(ယခင်လမှအဆက်)

**သက်ကြားအို အပျိုလိုလို့လာတာလား၊ ဟိုကိုလိုလို့လာတာလား**

ဆိုခဲ့ပြီးစကား၌ ဆိုင်ရာမင်းမိန့်ဖြင့် မိုးမိတ်တာဝန်ခံ (၃) ဦးတို့က ငါတို့ဂူသို့ တစ်လတစ်ကြိမ်တက်စစ်မည်ဆိုသော စကားပါခဲ့၏။ ယင်းသည် ဘယ်ခြေ ညာခြေအရွေ့များ မသက်ာစရာတစ်ပါးလည်း ဖြစ်နိုင်သည်။ အဝေးကြည့်အစား အနီးကြည့်ဖြင့် တိတိကျကျသိရန်လည်းဖြစ်နိုင်သည်။

မည်သို့ဆိုစေ လောကမှ အလွတ်ကွင်းဖြစ်သော သာသနာနှင့် လူကွင်းမှ အလွတ်ကွင်းထဲသို့ ပြောင်းကန်နေသော တောထွက်ရဟန်းတစ်ပါးအပေါ် မယုံသင်္ကာစိတ်ဖြင့် မျက်လုံးဒေါက်ထောက်ကြည့်ခြင်းများသည် သို့မဟုတ် ပါးစပ်မဲ့၊ ခြေထောက်မဲ့ ထောက်လှမ်းရေးနည်းပညာဖြင့် သေသပ်ပိရိစွာ ပိုင်နက်တွင်း မဝင်ဘဲ ခြောင်းအော်ဟစ်၍ဝင်ကြည့်ခြင်းများသည်. . .

သာသနာဘက်ကကြည့်လျှင်လည်း လူ့ဖဝါးအောက်ရောက်နေသလိုဖြစ်နေသည်။ ဆိုင်ရာလူ့ဘက်ကကြည့်လျှင်လည်း သာသနာမရှိသေသလိုဖြစ်နေပြီ။ မည်သည့်ဘက်ကကြည့်ကြည့် မင်္ဂလာမရှိ။ သာသနာဒါယကာမဟာပ်မိ။ မည်သည့်ဘက်ကတွက်တွက် အဖြေကောင်းလည်းမထွက်။ ထိုစဉ်ကပင် ငါတို့သံဝေဂရခဲ့သည်။ကြည့်စမ်းပါ၊ သည်တောထွက်ကြီး ပရိသတ်ကြောက်လွှန်လွှန်းလို့မှ ရှောင်ပုန်းပြေးနေရသည်။ ဒါကိုပင် ခြေပုန်းခုတ်သလားအထင်ခံရ၏။ ငါတို့ခြေပုန်းခုတ်ချင် (နိုင်ငံရေးလုပ်ချင်) လျှင် အသက်(၃၀)ဝန်းကျင် ရန်ကုန်နေတုန်းက ရန်ကုန်မြို့ကြီးမှပင်လုပ်နိုင်၏။ လုပ်နိုင်၏။

ယခု(၇၁)နှစ်ပြည့်ခါနီး သက်ကြားအိုပြီခါနီးကြီးကျလေမှ. . .။ သည်ကြားထဲ ၁၃၅၇ ခုနှစ်၊ တပေါင်းလပြည့်နေ့လားဟူ၊ လီရှောမျာ ဗုဒ္ဓဘာသာခံယူပွဲကျင်းပပေးပြီးကတည်းက ခြေထောက်များ သွေးကြောပိတ်ရောဂါ၊ အရောင်အဖောရောဂါ၊ သွေးဆိပ်သင့်ရောဂါ ထိုရောဂါ(၃)မျိုး ထိုးနှက်ဖျက်ဆီးခံထားရပြီးကြောင့် -

တောခို၍၊ လက်နက်ကိုင်၍ ပြေးရန်လွှားရန်လည်း မတတ်နိုင်တော့ပါ။

ပါးနပ်ခြင်း၊ ဖျတ်လတ်ခြင်းဖြင့် အလွတ်ပုန်းရန်လည်း မလွယ်ကူတော့ပါ။ တစ်ဖန် ငါတို့ကျင်လည်ခဲ့ရသော လူ့ဘဝ(၁၃)နှစ်တာကာလတွင် ရာဇဝတ်မှုမကင်းသော ရဲမှတ်ချက်အရေးမခံခဲ့ရပါ။ သောက်မြင်ကပ်ပုဒ်မတပ် နိုင်ငံရေးပြစ်ချက်လည်း အရေးမခံခဲ့ရပါ။ တစ်ဖန် (၃၂) နှစ် (၁၃၄၂ ခုနှစ် မှ ၁၃၇၃ ခုနှစ် အထိ) တစ်တောဝင်တစ်တောထွက် ကာလတွင်း၌လည်း ဘာဝင်ရှုပ်ခဲ့၊ပွေခဲ့သည် ရာဇဝင်မရှိခဲ့ပါ။

သို့စဉ်လျက် ဤမိုးမိတ်ရောက်လေမှ တစ်လတစ်ကြိမ် ဆိုင်ရာတာဝန်ခံကြီးများ ဂူသို့တက်ရောက်စစ်ရန် အမိန့်တော်အပြန်ခံရခြင်းသည် သည်နေရာငါ့အတွက် အသွားမတော်တစ်လှမ်း၏ သရုပ်ဖော်ခန်းပင်။ ထိုစကားကြားပြီးသည်မှစ၍ မိုးမိတ်မှထွက်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သည်နေရာ ဗေဒင်ဆရာမကြီးတစ်ဦး၏ဟောကွက် သတိရမိလာ၏။ အရှင်ဘုရားအတွက် ဝါမဆိုမီအထိ ကံနိမ့်လွန်းနေပါသေးသည်။ သို့ကြောင့် သည်အတောအတွင်း သတိကြီးကြီးနှင့် ဆောင်ရွက်ရပါလိမ့်မည်ဟူ၏။ ထိုဟောကွက်က လက်ရှိအခြေအနေနှင့် တိုက်ဆိုင်ကြည့်လျှင် မပြေးသော်ကန်ရာကြီးက ရှိနေသည်ပမာ အခြေအနေတို့က သက်သေခံနေပါသည်။ တစ်ဖန် ဗေဒင်ဆရာမကြီးတစ်ဦး၏ ဟောကွက်က (သည်ဟောကွက်က ရွှေမြင်တင်ရောက်သည့်နေ့က၊ အထက်ဟောကွက်က မပဒံဂူရောက်စက) အရှင်ဘုရားနောက်မှာ အတိုက်အခိုက်ရှိနေသည် ဆိုထားပြန်ရာ-

'ငါ့ ဘယ်သူကများ တိုက်ခိုက်နေကြသလဲ' တွေးယူနေရ၏။

'ငါက ဘယ်သူ့ကိုများ တိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

# အသွားမတော်တစ်လှမ်း

၃ (လောကဝတ္ထုကထာ)

ခဲ့ဖူးလို့လဲ' တွေးယူနေရ၏။

တိုက်လိုကတိုက်၊ ခိုက်လိုကခိုက် ငါတို့ကား ခေါင်းငုံ့ခံမည်သာ။ အနိုင်ယူလိုယူ မင်းမူလိုမူ ငါတို့ကား အရှုံးပေးမည်သာ။

ခန္တီသည် ဒါနတို့လို ငွေဖြင့်ဝယ်ယူ၍မရ။

ခန္တီသည် သူတစ်ပါးတိုက်ပေးခိုက်ပေးမှရသည့် ပါရမီထူးကြီး။ ဤစကား ငါတို့ ကြွေးကြော်ပြီးသား၊ ဤစကား ငါတို့လိုက်နာပြီးသား။ ထိုစကား ငါတို့ဖြန့်ဝေပြီးသား၊ ထိုစကား ငါတို့ အရဆောင်ထားပြီးသား။

အတိုက်မှန်သမျှ ခန္တီဖြင့်ခံ၊ ကိုယ်တွက် ကျန်စေပြီးသားချည်း။

**ယုံမှအစွမ်းပြခွင့်ရသော ထိုလေးပါး**


ဘေ သဒ္ဓေ ဝိပဿိတော သုဒ္ဓါ ဗုဒ္ဓါဒိ ရတနတ္တယေ။

ပသာဒမာစရေ နိစ္စံ သဒ္ဓနေ သဂုဏေပိစ။

* ဆေးသည် ယုံကြည်မှ အစွမ်းပြ၏။ မယုံသော် မူလက အညွန့်မထွက်။

* ဘုရားအစရှိ ရတနာသုံးပါးကလည်း ယုံမှအစွမ်းပြ၏။ မယုံသော် မူလ

www.burmeseclassic.com



က အညွန့်မထွက်။

* သူတော်ကောင်းအစားစား ပရဟိတသမားလည်း ယုံမှအစွမ်းပြ၏။မယုံသော် မူလမှ အညွန့်မထွက်။

* မိမိ၏စိတ်တန်ခိုးသတ္တိကလည်း ယုံမှသာ အစွမ်းပြ၏။ မယုံသော် စိတ်သည် စိတ်မျှပဲ။

သို့ဆိုထားရာ ဗုဒ္ဓ၏ အဆုံးအမအပေါ် ယုံကြည်သက်ဝင်ခြင်းကင်းသူများ ဘုရားကိုယ်တော်နှင့်တွေ့လည်း ကိုယ်တော်သည် ကိုယ်တော်မျှနှင့်သာ ပြီးမည်။ ကိုယ်တော် (ကိုယ်) မှ အညွန့်ထွက် ဉာဏ်၏ စက်လက္ခဏာအကျိုးများကိုကား မခံစားရပါ။

သည့်အတူ အထက်မိဘအဆက်ဆက်တို့က သက်ဝင်ယုံကြည်၍သာသွေးတို့၏ ဓမ္မတာသဘော ရောလိုက်ယောင်လိုက်မျှော၍ မျောပါလာကြသူတို့သည်လည်း မိရိုးဖလာသဒ္ဓါငှားမျှသာ သွေး၌ပါလာကြသောကြောင့်(သို့)ခန္ဓာ၌မိ၍ ဉာဏ်ရည်ဖြင့် တည်ထားသောသံယာ့ဂုဏ်ကို မမြင်ကြရသောကြောင့် ပုဂ္ဂိုလ်၌သာ စိတ်မေးတင် ပုဂ္ဂိုလ်၏ ဝသီကိုသာ မြင်ခွင့်ရကြရှာတော့ရာ -

သူ့ညဉ်၊ ကိုယ့်ညဉ် အသွင်ကိုက်စင်လိုက်ကြသည်ချည်းသာ -

သူ့ညဉ်၌ ကိုယ့်ညဉ်အသွင်ကွဲအထင်လွဲကြသည်ချည်းသာ -

ထိုသူများ ဆောင်း၏အအေးဓာတ် အလွန်အကျွံ သောက်စားထားသောအရက်သမား မခံစားရတော့သည့်ပမာ ခန္ဓာဉာဏ်ရည်များ၌သာ အတွင်းကျိန်းကျိန်း၍ အတွင်းကိန်းကိန်းနေသည့် သံယာ၏ ဂုဏ်သတ္တိရှိသည်ဟုပင် မထင်မြင်နိုင်တော့ပါ။

ယနေ့ မြတ်ဗုဒ္ဓ၏ အဆုံးအမဖြစ်သော မြတ်ဓမ္မသို့လည်းကောင်း၊ ဗုဒ္ဓ၏ ကျင့်စဉ်အတိုင်းကျင့်၍ ပွင့်စည်းအတိုင်း အသီးသီး ပွင့်လျက်ရှိကြပါကုန်သော မြတ်သံယာသို့ လည်းကောင်း သက်ဝင်ယုံကြည်ကြပါသည်ဆိုသော ဗုဒ္ဓဘာသာဝင် လောကတစ်လွှား ကမ္ဘာသူကမ္ဘာသားများသည် မိဘများ၏ သွေးလေအစဉ် ရေအလျဉ်မှ အမွေကား ခံယူထားပြီးသားပင်။ သို့တစေလည်း သန္ဓေမိ ထိုအမွေ သည့်ထက်သည် တိုးတက်စေသော မိဘတို့၏ ပဲ့ပြင်မှုမှုတစ်ဆင့် အပင်ပေါက်လာခြင်း၊ ဆရာသမားတို့၏ သွန်သင်မှုမှုတစ်ဆင့် အရွက်ထွက်ခြင်း၊ မိမိကိုယ်တိုင် ကျင့်သုံးမှုမှုတစ်ဆင့် ပွင့်ခြင်း၊ သီးခြင်း၊ ဤခြေသုံးလှမ်းအများစုက မလှမ်းနိုင်တော့သည်ကို တွေ့ကြရပါမည်။

မိဘကလည်း သာသနာ့ကျောင်းဆင်းများ မဟုတ်ကြတော့၍ ဆရာကလည်း သာသနာမျိုးဆက်ခံဆရာများ မဟုတ်ကြတော့၍ တစ်ဖန် သင်ရိုးညွှန်းတမ်းကပင် ဘာသာဖြင့် ငြိမ်းမဆင်ထားကြတော့၍ မိမိကိုယ်၌ကလည်း သာသနာ့ကျောင်းဆင်း အလျှင်းမဟုတ်တော့၍. . .

ယင်းသည် ဘာသာခြား မျိုးခြားရိုးခြားတို့ အုပ်စိုးခံကြရသော တိုင်းပြည်တိုင်း ကြုံတွေ့ကြရမြဲ။ ခါးတောင်းကျိုက်တခြား ဖင်တလွဲ သင်နည်း၊ ကျင့်နည်း၊ အတုယူနည်းများ၏ ရလဒ်များပင် ဖြစ်ကြရာ -

ယနေ့ ထိုသူလေးများ မင်းစိုးရာဇာ အာဏာရရှိလာသောအခါ. . .

ယနေ့ ထိုသူလေးများ ဥပဒေပညာရှင်ထုံး ပြည့်လက်ရုံးကြီးများ ဖြစ်လာသောအခါ. . .

ယနေ့ ထိုသူလေးများ ငွေကြေးခြယ်မှုန်း ပြည့်မျက်နှာဖုံးကြီးများ ဖြစ်လာသောအခါ ဗုဒ္ဓဘာသာတိုင်းပြည်ဆိုသည်မှာ ဆိုင်းဘုတ်မျှသာဖြစ်လာပါတော့သည်။ဗုဒ္ဓဘာသာကျင့်ထုံးဆိုသည်မှာ ရွှေရောင်ပြ၊ ငွေရောင်ပြမျှသာရှိကြပါတော့မည်။

အယုံကို ဉာဏ်မမှုန်း ဘုရားထုံးသုတ်ခွင့် ပြီးဆုံးရချိမ့်မည်။

## မျက်စိတစ်ဖက်လပ်နှင့်မိုးမိတ်

မိုးမိတ်သည် ရှမ်းဌာနေဖြစ်၏။ အစမြို့တည်က တရုတ် ဆို၏။ ကြားခွင့်ရခဲ့သည်မှာ သူ့နာမည်အရင်းက မိမစ်တဲ့။

ထိုစဉ် -

မိကား မြို့ ဆိုသော စကားလုံး။

မစ်ကား ဓားမြှောင်ဆိုသောစကားလုံး။

နှစ်ခုပေါင်းသော် ဓားမြှောင်စိုက်မိရာအရပ် မြို့တည်ထားခြင်း။

သို့ကြောင့် မိုးမိတ်သည် တရုတ်ဘုရင်ကြီးတစ်ပါး၏သားတော်စိုးစံရာမြို့ဟူ၏။မိုးမိတ်နည်းတူ မိုးညှင်းမိုးကောင်းတို့သည် ယင်းတရုတ်ဘုရင်ကြီး၏ သားတော်များ မြို့တည်အုပ်ချုပ် မင်းလုပ်ခဲ့သောမြို့များချည်းဆို၏။

အခါတစ်ပါး ဘုရင်ကြီး၏ သားတော်ပို(၃)ပါးတို့သည် ရေကြည်ရာမြက်နုရာ သွားရောက်၍ နေလိုပါကြောင်း ဘုရင်ကြီးအား သံတော်ဦးတင်ကြရာ ဘုရင်ကြီးသည် သားတော်တစ်ပါးအား ဓားမြှောင်တစ်လက်ပေး၍ ဤဓားမြှောင်ကို မြေသို့ပစ်ပေါက်ကြည့် ဓားစိုက်သွားလျှင် ထိုဓားစိုက်ရာအရပ် မြို့တည်စေအမိန့်ဖြင့်ခွင့်ပြုလိုက်သည် ဆို၏။

သည့်အတူ နောက်သားတော်တစ်ပါးအား စည်ပေး၍ မြို့တည်ခွင့်ပြုလိုက်၏။ နောက်သားတော်တစ်ပါးအား ဆင်ပေး၍မြို့တည်ခွင့်ပြုလိုက်၏။ သို့ဖြင့် မိုးမိတ်၊ မိုးညှင်း၊ မိုးကောင်းမြို့ကြီးများ ထွန်းကားလာသောဟူ၏။

ယနေ့သော်ကား ဤနေရာထို

www.burmeseclassic.com

ဒေသများသည် ရှမ်းတို့၏အခြေချနေထိုင်ရာမြို့၊ ကချင်တို့၏အခြေချနေထိုင်ရာမြို့များဖြစ်နေကြပြီ။ ထိုအထဲ ယခုငါတို့ရောက်ဆဲ မိုးမိတ်ကိုညွှန်း မော်ကွန်းထိုးပါအံ့။

ငါတို့သည် ၁၃၇၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ စနေနေ့မှ စတင်ကာ မပဒံဂူမှနေ ညောင်နီသို့ ဆွမ်းခံကြွပေးပါ၏။မကြွမီ ကြိုတင်သတ်မှတ်ချက်ပေးထားသည်က အထက်နှင့် အလယ်ညောင်နီတို့ကို နယုန်လဆန်း ၆ ရက်နေ့အထိ ဆွမ်းခံမည်။ နယုန်လဆန်း ၇ ရက် တနင်္ဂနွေနေ့မှစတင်၍ ၇.ရက် အောက်ညောင်နီရွာ၌ ဆွမ်းခံမည်။ သည့်နောက်တွင်ကား အထက်၊အလယ်ညောင်နီ (၇) ရက်၊ အောက်ညောင်နီ (၇) ရက်၊ (၇) ရက်စီ အလှည့်ကျဆွမ်းခံပြီး ရွာတိုင်းရွာတိုင်း တစ်နေ့လျှင် (၇) အိမ်ကျမျှသာ ဆွမ်းခံတော့မည်။

အထက်၊ အလယ် ညောင်နီ အိမ်ခြေ (၇၀)၊ တစ်နေ့ (၁၀) အိမ်ကျသတ်မှတ်။

အောက်ညောင်နီ အိမ်ခြေ (၅၀)၊ တစ်နေ့ (၇) အိမ် သတ်မှတ်။

ထိုကြိုတင်သတ်မှတ်ချက်ချပေးလိုက်သည်နှင့် 'ဒကာများကလည်း စေတနာဆိုတာ တားရအခက်သားကလားဘုရားဖြင့် ဒကာမများကလည်း စေတနာ ဆိုတာ ပိတ်လို့မရဘူး ဘုရားဖြင့်. . .'။ သို့ဖြင့် တန်ခူးလပြည့်ကျော် ၈ ရက် ဆွမ်းခံဆင်းခဲ့ရာ -

ထက်၊ အောက်၊ အလယ် ထိုညောင်နီဖြင့် ဆွမ်းချီပြီးခဲ့သည်။ မိုးမိတ်ကား မော်တော်ဆိုင်ကယ်လေးများဖြင့် ပြောက်တောက်ကြိုးကြား။ ဆွမ်းခံအပြီး သီလ၊ သိက္ခာ ကျင့်စရာတစ်ပါးတစ်ပါး တရားအဖြစ် ဟောကြားပေးခဲ့သည်။ ထို့မှနောက် တစ်နေ့တခြား မိုးမိတ်သဒ္ဒါရေစီးကြောင်းကြီး ကြီးထွားလာတော့ရာ. . .

ရွာကြီးကလည်းရွာတန်းရှည်ရှည်၊ လမ်းရှည်ရှည် ပြည်တည်ဘယ်မဆုံး။

ဆွမ်းလောင်းတန်းကြီးကလည်း လူတန်းရှည်ရှည်၊ လှူတန်းရှည် ရွှေရည်ဘယ်မဆုံး။

သက်ကြားအို ကိုယ်တော်ကြီးများလည်း ခြေလှမ်းမညီ ဆွမ်းမမီပြည်လည် ဘယ်မဆုံး။

ထိုစဉ် ဆွမ်းလောင်းသူများဘက်က ဆွမ်းခံစတင်ဝင်ရောက်ရာ ညောင်နီအထက် လက်ရင်းသို့သာ အတင်းလုကာ တန်းစဉ်နေရာယူကြသောကြောင့် နေရာတိုင်း လူတန်းကြီးက အထပ်လိုက်အထပ်လိုက်ဖြစ်နေသည်။ရှေ့ကမလှူမီ နောက်မှ အတင်းတိုးဝှေ့လောင်းနေကြ၍ ရှုပ်ယှက်ခတ်နေသည်။ အလှူခံငါတို့ဘက်မှကား အပါးတော်မြဲ ဒေါက်တာအိုကေ တစ်ယောက်တည်း၏ အကူသာရ၏။ နောက်ပိုးပုံ့ကွက်ကား နည်းပါးလှချည့်။

'နောက်. . . ရက်များရလာသောအခါ မိုးမိတ်မှ ဦးအောင်နိုင်ထွန်း (စာပေဖြန့်ချိရေး) အကူဝင်လာသည်က တအား၊ မိုးမိတ်မှ ဦးပေါက် (ဗွီဒီယိုအကူဝင်လာသည်ကလည်း တအား၊ ရွှေဇာလီမှ မောင်မောင်ဦး (ဆိုင်ရှင်အကူဝင်လာသည်ကလည်း တအား၊ ထိုအားသုံးအားတို့၏အကူဖြင့် အလှူလူအုပ်ကြီးကို ခုခံကြရ၏။ ယင်းသည်လည်း တစ်နေ့တခြား တိုးပွားလာနေသော အလှူလူအုပ်ကြီးဒဏ် မခံနိုင်ကြတော့ပါ။ လွတ်လိုလွတ်၊ ဖိတ်လိုဖိတ်၊ စဉ်လိုစဉ် အမြင်မလှဖြစ်ရသည်။

သည့်နောက် ကဆုန်လပြည့်ကျော် ၅ ရက်နေ့အရောက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးကြီး၏ ကျွမ်းကျင်မှု၊ နောက်ပါသက်ဆိုင်ရာအမှုထမ်းများ၏ လိုက်နာမှု၊ အလှူရှင်များ၏ရိုသေမှုများကြောင့် အလှူရှင်တစ်ယောက်စီ တန်းစီစနစ်ဖြစ်ပေါ်လာခဲ့ရာ အလှူလူတန်းကြီးကား ပို၍ရှည်လျားလာ၏။ လှူရာ၊ ခံရာတို့၌ကား စိတ်ချမ်းသာလှပါ၏။ ငါတို့၏နောက်ပါးနှင့် ဝန်းကျင်၌လည်း အုပ်ချုပ်ရေးမှူးကြီးကိုယ်တိုင်လည်း အစေးထိန်းအဖြစ်ဖြင့် လိုက်ပါလာ၏။ သာသနာရေးဦးစီးမှူးကြီးလည်း အနီးကပ်ကြီးကြပ်ကာ လိုက်ပါလာ၏။ စည်ပင်ဦးစီးကြီးကလည်း အနီးကပ်ကြီးကြပ်ကာလိုက်ပါနေ၏။ သည့်အတူ ရဲဝန်ထမ်းများ၊ မီးသတ်ဝန်ထမ်းများ၊ ကြက်ခြေနီဝန်ထမ်းများကလည်း အလှူရှင်ဘက်က အကူညီလို အလှူရှင်ဘက်သို့ ဝိုင်းကူပေးကြ၏။ အလှူခံဘက်ကအကူညီလို အလှူခံဘက်သို့ ဝိုင်းကူပေးကြ၏။

မိုးမိတ်၏ ဆွမ်းလောင်းလှူပွဲကြီးကားကောင်းတော့ကောင်းသည်။ မျက်စိစပ်၏ပမာ တစ်မျှော်တစ်ခေါ် ရှုမဆုံးခြေညောင်းခြေတောင့်တို့ဖြင့် တန်းနုံးသည်ကြား စကားတစ်ခွန်းကြားလိုက်ရသေး၏။ 'ရွှေမြင်တင်ဘုရားပွဲတောင်သည်လောက်မစည်ကားဘူး'တဲ့။ မိုးမိတ်တို့၏ သဒ္ဓါကား အင်အားကြီးထွားလွန်းလှချေ၏။ သည့်နောက် မိုးကုတ်တို့၏ သဒ္ဓါက သူ့ထက်သူ့အစွမ်းပြစွာလွန်းလှချေ၏။ ထိုအထဲ ကြားရာအရပ်တို့မှ လွှဲဝင်လာကြသောအခါ ပွဲမဟာဆိုခွင့်ရပြီ။ ဤပွဲ၌ သဒ္ဓါနောက် ပညာအကူအထောက်ပါခဲ့ကြလျှင် အလှူရှင်၌ တစ်ဘဝမက တစ်ခဏစာမက ဘုံသုံးပါးထိပ် မင်္ဂဖိုလ်၊ ဖိုလ်ရိပ်သို့အထိ ခရီးလမ်းစရနိုင်ကြပါ၏။ပုဂ္ဂိုလ်ကျော် သံဃာသို့ဖော်လှူတတ်ကြသော် -

သို့သော် သဒ္ဓါနောက် ပညာအကူထောက်လို့ ဆိုသည်မှာ အပြောလွယ်သလောက် တွဲဖက်ကျင့်သုံးရာ၌ အထမမြောက်တတ်ကြပါ။ သဒ္ဓါနှင့် ပညာ ဝဲနှင့်ယာ ဖို၊ မအရာ၌ တည်ကြပါသည်။ ထိုဖိုနှင့် အပျိုမ သတိ အောင်သွယ်မပေးက မနီးစပ်ကြပါ။ အဖိုလင်နှင့် အမမယား ဉာဏ်ပညာ ကြားဝင်မပေးက မတည့်ကြပါ။ ထိုစဉ် သဒ္ဓါက သူယုံဖို့သာသိ၏။ တစ်ဖက်ကောင်း၊ မကောင်း ချောင်းမကြည့်တတ်။ ပညာက ကိုယ့်အကြောင်းကိုယ်မကြည့် တစ်ဖက်ကောင်း၊ မကောင်း ချောင်းကြည့်နေတတ်၏။ ငွေသုံးလက်ဖွာသူနှင့် ငွေသုံးစစ်စေသူ လင်မယားတို့ ဈေးထွက်ဝယ်သည်နှင့် တူလှ၏။ မယားက တွေ့ဝယ်မယ်၊ လင်က ဈေးမေး ဆစ်ကြည့်နှင့် လမ်းစဆုံးပမာ။ သို့ သဒ္ဓါနှင့် ပညာ သဘောချင်းမတူဘဲလျက်က တွဲဖက်တာဝန်ထမ်းကြရာ အားများရာဘက်က ဗိုလ်လုပ်အတင်း မဟားတရား အုပ်ချုပ်မည်ဖြစ်သဖြင့် သည်မိုးမိတ်တို့၏ သဒ္ဓါ၊ ပညာ ဘယ်သို့ပါခွင့်ရမည်နည်း။

ကျပ်ပြင်၊ မိုးကုတ်မှ ဖဝါးလွန့်မိုးမိတ်နယ်ကျွံလာသူများလည်း နည်းတူပင်။

**တောမီးလောင် တောကြောင် လက်ခမောင်းခတ်**

"မိုးမိတ်မှာ ရဟန္တာတစ်ဆူ ပေါ်နေသတဲ့"

"မိုးမိတ်မှာ ရဟန္တာတစ်ပါးရှာန်ပျံကြွသွားနေသတဲ့"

သည်သတင်း ကားသမားတို့၏ ပါးစပ်တွင်းမှ ဆင်းသွားကြသည်။ ထိုသတင်း ဗွီဒီယိုရိုက်ကူးရေးသမားတို့၏ နှုတ်ဖျားမှ မြစ်ဖျားခံသည်။ ဤသတင်းက မန်း၊ မိုးကုတ် ဗဟိုပြု၍ တစ်ပြည်လုံးအထိ တောမီးကြီးပမာ ပျံ့နှံ့သွားတော့ရာ -

အချို့ကလည်း ဟုတ်သလား၊ သွားဖူးဦးမှဖြင့်. . . ဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com

အချို့ကလည်း ထင်တော့မထင်၊ သို့သော် အဆင်ဝင်ကြည့်ဦးမှဖြင့်ဖြင့်. . .

ရန်ကုန် (အထူးအားဖြင့် ငါတို့နှင့် နီးနွယ်ရာ ရန်ကုန်) သည် လူစုစုတွေ့လျှင် သင်ရာချထား မျက်လှည့်ပြစားသော ကစားသမားပမာ တစ်ဦးက ကားတစ်စီးငှား၍ လိုက်မလား၊ တစ်ယောက်ဘယ်လောက်ဖြင့် အချို့က စရိတ်ငြိမ်းကြိုး ပို့လုပ်၍ ငွေရှာကြ၏။ အချို့က ကိုယ့်စရိတ်နှင့်ကိုယ် ကားခလောက်သာတောင်း၍ ကြိုပို့လုပ်ငွေရှာကြ၏။

ဤနည်းကို ငါတို့ ပျဉ်းမနားလက်လုပ်တောင်နေစဉ်တုန်းက တစ်ဦးက စတင်ခဲ့၏။ ထိုစဉ်က ရန်ကုန်၊ သာစည်တို့ တစ်နှစ်လျှင် တစ်ကြိမ်ကျသာ ဖူးခွင့်ရကာလဖြစ်ပြီး ရန်ကုန်သီတင်းကျွတ်၊ သာစည် ဝါဆိုအလှည့်ပေးထားချိန် ဖြစ်၏။ သာစည်သည် သာသနာ့မို့ စီးပွားမရှာလိုသောကြောင့် ကိုယ့်ဘာသာ ကိုယ့်အစီအစဉ်ဖြင့် လာကြရ၏။ ရန်ကုန်သည်လည်း သာသနာ့မို့ စီးပွားမရှာလိုသူများ၊ အရှာမခံချင်သူများက ကိုယ့်အစီအစဉ်ဖြင့်ပင် လာရောက်ကြပြီး စီးပွားရှာလိုသူနှင့် အရှာခံချင်သူတို့ကား ကားငှားပေးသူနှင့်ပေါင်း သူတောင်းသမျှပေး၍ ရန်ကုန်မှ ပျဉ်းမနား ခရီးအတူသွား၊ ခရီးအတူပြန်များဖြစ်ခဲ့ကြပြီ။

သည့်နောက် ရှမ်းပြည်နယ် သုဝဏ္ဏသျှံဘာသာခံယူပွဲကြီးကျင်းပရာ၌လည်း သာသနာ့မို့ စီးပွားရှာစား ထိုတစ်ဦးကပင်လျှင် ရန်ကုန်မှလိုက်လိုသူများကိုလည်း လိုက်လံစည်းရုံး၏။ ကျိုက်လတ်၊ ဖူးကြီး၊ ချောက်ကုန်းတို့မှလိုက်လိုသူများကိုလည်း စည်းရုံး၏။ ရန်ကုန်နှင့်စာလျှင် သုဝဏ္ဏသျှံနှင့် ပို၍နီးသော သာစည်နှင့် ပျဉ်းမနားတို့ကိုပင် သူစီစဉ်ပေးသည့်ကားများဖြင့် လိုက်ပါရမည် အမိန့်ထုတ်သေးဆို၏။ သူ့လုပ်ရပ်ကားသူသည် စစ်ရုံးကြီးကထွက်ခဲ့သူဖြစ်သဖြင့် စစ်တပ်ကကိုင်ထားသည့် ဌာနများနှင့် ဝင်ဆံ့နေချေရာ အာ-တီ-စီခေါ် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာနက အစိုးရပိုင်ကားများကို အစိုးရဈေးနှုန်းဖြင့်ပင် ငှားရမ်းလိုက်၏။ လိုက်ပါလိုသူများကိုကား ပြင်ပပေါက်ဈေးဖြင့်ကျခံစေ၏။ သို့ဖြင့် တစ်ချီလျှင် သူ့အတွက် သိန်းချီလက်ကျန်ဖြစ်ခဲ့ပြီ။

ယင်းအတိုင်း ထိုတစ်ဦးသည် နတ်တလူပွဲများ၌လည်း စီးပွားဖြစ်ခဲ့ဖူးပြီ။ ၇၀ ခုနှစ် မဟာမြိုင်၌ပင် တစ်ပွဲဝင်တစ်ခွင်အမြတ်ထုတ်ခဲ့ဖူးသေးသည်။ ပြီးသည်နှင့် ထိုတစ်ဦးကား တန်းဝင်သွားရပြီ။ ထိုသူမရှိသော် ဤသူများက ပခုံးပြောင်းအဖြစ် ဝင်ထမ်းကြ၏။ ၇၂ ခုနှစ် တပေါင်းလမှာဆို အမျိုးသမီး (၂) ဦးစပ်က ကားတစ်စီးငှား၍ ခရီးသည်အငှားချစားကြကုန်၏။ အမျိုးသားတစ်ဦးချင်း နှစ်ဦးတို့ကလည်း ကားတစ်စီးစီ အပြိုင်ငှား၍ ခရီးသည်အပြိုင်ဆွဲအမြတ်လုပွဲကြီးများ ကျင်းပကြသည် ဆို၏။

သို့ဖြင့် ၁၃၇၂ ခုနှစ်၊ တပေါင်းလတွင် ရန်ကုန်က ကားသုံးစီး တစ်စီးချင်းတစ်ရက်စီဝင် သုံးပွဲခွဲ ပွဲဝင်သွားကြပေပြီ။ သာသနာကြည်ညို သံဃာမှီခိုလိုသည့် ပရိသတ်နှင့် သံဃာအကြား ငွေကြေးအမြတ် ရှေးရှုထား၍ ဈေးကစားသော စီးပွားရေးသမားသည် မသာပါးစပ်တွင်းကငွေတစ်ပတ်နှိုက်ယူသုံးသည့်ပမာ လောဘမဲ့၊ ဒေါသမဲ့၊ သက်မဲ့စေတနာတွင်းက ငွေများကို ရမ္မက်သွေးဆူဆူဖြင့် ယူငင်အသုံးပြုကြရာ စေတနာကြီးသလောက်မီးထတောက်ကြမည်။ စေတနာသန့်သလောက်လည်း မီးလန့်နေကြရဦးမည်သာ။

**ထီပေါက်ပြီးနောက် လက်မှတ်ပျောက်သွားသောအခါ**

ယခု မိုးမိတ်၏ ပွဲကြီးပွဲကောင်းဆွမ်းကြီးလောင်းတွင်ကား ရန်ကုန်မှ အမျိုးသားနှစ်ဦးတို့ကသာ ကားတစ်စီးစီငှား ခရီးသည်များအပြိုင်ဆွဲကာ ထိုသည့်ပွဲ နွဲ့ရန်လာကြရာ သူတို့ကား ကတိ၌ -

ရင်းနှီးသောဆရာတော်ဖြစ်သဖြင့် အနီးကပ်ဖူးတွေ့ခွင့်ရမည်။

ရင်းနှီးသော ဒကာများဖြစ်နေသဖြင့် စိတ်တိုင်းကျ လျှောက်ခွင့်ရစေရမည်။

ရန်ကုန်မှလာကြသဖြင့် စိတ်တိုင်းကျ ဆွမ်းလောင်းခွင့်လည်းရစေရမည်။ ဤအချက်များ ပါဝင်ခဲ့ဟန်ရှိကြ၏။ လိုက်ပါလာသူများကလည်း မိုးမိတ်ခန်းစံမ်းထွက် ရဟန်းနာအသစ်စက်စက်ကြီးဖူးကြရတော့အံ့။ ဇောဖြင့်ပင် အမောတကောလိုက်ပါလာကြဟန် လက္ခဏာရှိ၏။ မိုးမိတ်မှ ဘုန်းပေါက်ကွဲသံကလည်း ပြင်းထန်လွန်းလှချေ၏။ ဘုန်းကွဲရာမှ စဉ်ထွက်သွားကြသော ကွဲစကွဲနနှင့်အသံများကလည်း မြန်မာပြည်အနှံ့တောရောမြို့ပါ အနှံ့ဖြစ်ခဲ့၏။

ကြည့်ပါ၊ ဘယ်ပွဲမှမလာဘူးသော ငါ့အစ်မ သည်ပွဲ လာကြည့်ပေးရ၏။

ကြည့်ပါ၊ ဘယ်ပွဲမှ လာမကြည့်သော ငါ့ရွာ သည်ပွဲမှာဝင်ပါလာရ၏။ သည့်အတူ ငါတို့နေခဲ့ဖူးရာ ဒေသအသီးသီးတို့မှပင် သည်ပွဲပါကြရ၏။ အမေသေသွားလို့တော်သေး။ မသေ သည်ပွဲပါနိုင်သေး၏။

သည်မှာ စည်ကားသောပွဲ။ ဘယ်နေရာနှင့်မှမတူသော အစည်ကားဆုံးပွဲ။ ရန်ကုန်နေတို့ဝင်နွဲ့လိုကြသည်မှာအမှန်။ ဝင်နွဲ့လိုသူရှိက စီးပွားရှာလိုသည့်သူများပေါ်မည်မှာလည်း အမှန်။ ထိုအမှန်တို့ဖြင့် ဤအမှားကြား ဝင်လာမိလေသော အခါ -

ငါတို့ကား ကဆုန်လပြည့်ကျော် ၁၄ ရက်နေ့ကပင် အဖျားဝင်နေပြီ။

ထိုနေ့က အပူဒီဂရီ (၁၀၂) ဖြင့်ပင် ဆွမ်းခံဆင်းခဲ့၏။ အနီးနေ ကပ္ပိယကြီးဒေါက်တာအိုကေက ဆွမ်းခံရပ်နားရန် လျှောက်၏။ သို့တိုင် ငါတို့က ဝေဘူဆရာတော်ဘုရားကြီး အဖျားဒီဂရီ (၁၀၄- ၁၀၆) ဖြင့်ပင် ဆွမ်းခံဝတ်မဖျက်ခဲ့ကြောင်း ရှင်းပြ၏။ သို့ကြောင့် ငါတို့ဆန္ဒအားကို အတင်းမဖယ်ရှားဘဲ ၎င်းပါ ငါတို့နှင့်အတူ ဆွမ်းခံလိုက်ခဲ့ပါသည်။ ဆွမ်းခံတစ်လျှောက် အဖျား ဒီဂရီ (၁၀၂) ဖြင့်ပင် ဒကာ၊ ဒကာမများ ငဲ့၍ ဆွမ်းခံနေကြောင်း ဒေါက်တာကြီးက အော်ဟစ်ကြွေးကြော်နေ၏။ ငါတို့ကလည်း မိမိချမ်းသာရေးထက် အများရှေးရှု၏။

ငါတို့ ပစ္စုပ္ပန်ချမ်းသာရေးထက် အများပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာ ချမ်းသာရေး ရှေးရှု၏။ ယနေ့ ငါ့ကိုမှီ၍ တစ်စုံတစ်ယောက်က စေတနာအထူး ထွန်းတောက်နေ၏။ ဤစေတနာက ပစ္စုပ္ပန်၊ သံသရာမက နိဗ္ဗာန်အထိပါ အညွန့်ထွက်နေပြန်၏။ ယနေ့ ငါဆွမ်းခံမကြွဖြစ်၍ ထိုစေတနာ အဟောသိကဖြစ်သွားခဲ့သော် ထိုအတွေးက ငါ့အား အမြဲတမ်း နှိုးဆော်ပေးနေလေ့ရှိ၏။ သို့သော် အဖျားတိုင်းကိရိယာဖြင့် နံနက် (၅) နာရီ၊ နေ့ (၂) နာရီ နေ့တိုင်းပင် ဆရာဝန်ကြီးက ငါ့ကိုယ်အားတိုင်းကြည့်ပေးရာ မနေ့ကလည်း (၁၀၂) ဒီဂရီ၊ ယနေ့လည်း (၁၀၂) ဒီဂရီ။ အဖျားကား တစ်လစ်ဖြစ်နေပြီ။ နံနက်တိုင်းလည်း (၁၀၂) ဒီဂရီ၊ နေ့လယ်တိုင်းလည်း (၁၀၂) ဒီဂရီ အဖျားကား ညစ်နေပြီ။

သို့ကြောင့် နောက်နေ့နံနက် (ကဆုန်လကွယ်နေ့နံနက်) ပိုးဝဆွမ်းခံ



www.burmeseclassic.com

www.burmeseclassic.com

မထွက်တော့ရန် အတင်းရောအခမ္မပါ ဆရာဝန်ကြီးက တားပါတော့သည်။ ရောဂါနှင့်ပတ်သက်လာလျှင် သူကား ဆရာ၊ ငါကား လူနာ။ သို့ဖြစ်ရာ ဆရာဝန်ကြီး၏တားမြစ်ချက် ငါတို့ မပယ်မြစ်တော့ပါ။

ထိုအခါ ကတိကြီးတစ်ခွဲသားနှင့် ရန်ကုန်နေပွဲစားများ ဆားပေါ်တီတက် ဖြစ်ကြရပြီ။ ငါတို့သာသနာထွန်းရာသို့ ရောက်ကားရောက်၏။သို့သော် မပေါက်ဖြစ်ရပြီ။

**ရွာလည်းမပြု ဂူသို့လည်းမဝင်ရ ဆိုသောအခါ**

ရန်ကုန် ခရီးသယ်စား ကားပွဲစားနှစ်ဦးသားနှင့်အတူ ရွာတွင်လည်း ဖူးခွင့်မရ ဂူရှိရာသို့လည်း လာခွင့်မရထဲ တွဲပါလာသည်များကား -

ပေါ်ပြူလာ၊ ရတီ စသည်တို့၏ ဥက္ကဋ္ဌကြီးနှင့် လျှပ်တစ်ပြက်၊ မော်နီတာတို့၏ အယ်ဒီတာချုပ်ကြီးများပင်။ ယင်းတို့သည် မိုးမိတ်နှင့် ကြိုးချိတ်မိ၍ တစ်စိတ်တစ်အိတ်အသွင် အထင်ခံနေရသော ငါတို့၏သတင်းကို ကွင်းဆင်းတာ မျက်မြင်သတင်းအဖြစ် ရေးသားရန် တကူးတရွေ့ လာရောက် လေ့လာကြခြင်း ဖြစ်ကြသည်။ ဤ၌ တစ်မျှော်တစ်ခေါ် ဆွမ်းလောင်းမြင်ကွင်းကြီးကို ဓာတ်ပုံစီးမို ရိုက်ကူးရန် ဆင်ကြီးပင် ပါလိုက်သေးဆို၏။ ဆွမ်းလောင်းပွဲကလည်း မော်ကွန်းတင်ချင်စရာ။

သို့သော် ငါတို့ကိုယ်၌ အရွယ်နှင့်မလိုက်စွာ သွား၊ ပြန်၊ လှည့်၊ ခရီးသွားများရာမှ ပန်းဖျား၊ ညာခြေရှိ အနာများ အပူလွန်မာန်မျက်ရှထကြွလာရာမှ ငန်းဖျား၊ ထိုနှစ်ဖျားတို့ ထမ်းပိုးထမ်းတန်းညှိ ဝင်ရောက်နေကြသဖြင့် ဆန္ဒသာရောက် ဆွမ်းခံရာရွာသို့ ခရီးမပေါက်တော့။ အထူးသဖြင့် မိုးကုတ်မှ ဆွမ်းအလှူရှင်များ စိတ်အားငယ်ကြရတော့သည်။ မိုးမိတ်၊ မဘိန်း စသည့် အနီးနေ အလှူရှင်များကား ဆိုဖွယ်ရာမရှိ။ သို့ဖြင့် ငါတို့နှံအောင်းလဲလျောင်းရာမပဒ်ဂူသို့ မိုးမိတ်တနေ ပရိသတ်များလည်း အုပ်လိုက်ခဲလိုက်လိုက်လာကြလေပြီ။ ရန်ကုန်နေခေါင်းဆောင် ကားပွဲစားနှစ်ဦးနှင့်အများသည်းလိုက်လာကြလေပြီ။အခြားအခြားတို့မှ သတင်းကြားအားလုံးတို့လည်း လိုက်လာကြလေပြီ။

ထိုစဉ် လူအုပ်က သုံးလေးရာ မပဒ်က ခပ်ကျဉ်းကျဉ်း ခပ်မှောင်မှောင်၊ လူအုပ်က တစ်ထွေးနှစ်ထွေး ဧည့်ခံကျောင်းလေးက ၈/၁၈ ပေ ကျဉ်းကျဉ်းလေးသာ။ ယင်းအခြေအနေကို ဖူးတွေ့လိုသူပရိသတ်က လုံးဝထည့်မတွက်။ ကိုယ်သိ ထည့်ရွက်ထားသည်ကား. . . လာပြီးမှ ငါတို့အား မဖူးရလျှင်မျှသာ။ သို့ဖြင့် ပထမနေ့ တစ်ချီလျှင် လူ (၂၅) ယောက်ကျဖြင့် တက်ရောက်ဖူးခွင့်ပေး၏။

ပရိသတ် များပြားလွန်းလှ၍ အောက်ခြေမှ ဂူသို့တက်၊ ဂူထိပ်ဝရောက်လျှင် ကျောင်းငယ်လေးထဲဝင်၊ ကန်တော့ပြီးလျှင်ချက်ချင်းပြန်ထွက်၊ နောက်နောင်အသုတ်များ ဆက်တက်၊ ဤကျင့်ထုံးအသုံးပြုကြည့်ရာ အချို့အိုကြီးအိုမများ ခမျာ အတက်ကလည်း မတ်စောက်တက် တက်ခဲ့ရ၊ ကျောင်းကလည်း ကျဉ်းမြောင်းလှသဖြင့် အသက်ရှူမဝ။

သည်အထဲ -

"ကဲ - အားရအောင်ကန်တော့ပြီးပါပြီ။ နောက်လူငဲ့၍ ပြန်ဆင်းပေးကြပါ ခင်ဗျား"

ဆရာဝန်ကြီး၏ ဤင့ှကဲစုန်းထိုးသံကြားလိုက်ရသောအခါ မျက်နှာများ အိုအို ကိုယ်ကပိုကရို ပြန်စု ချွေးဥလေးများ ဟိုတစ်စုသည်တစ်စုတို့ဖြင့် ကျောင်းအပြင် အတင်းလုထွက်သွားရရှာသည်။

ကန်တော့အပြီး ချက်ချင်းထပြန်သွားရသူများလည်း စိတ်မကောင်း။

ကန်တော့ခံ၊ အဖူးတွေ့ခံတို့များလည်း စိတ်မကောင်း။ ငါတို့ စိတ်မကောင်း၍ကောင်းတုန်း ဖြုန်းဆိုနောက်တစ်အုပ်က အတင်းလုတက်လာကြပြန်ရာ ရှေ့စိတ်မကောင်း နောက်စိတ်က ဝင်ထောင်းနေချေပြီ။

ထိုပထမနေ့ (လကွယ်နေ့) က (၂၅) ယောက်ပါ အသုတ်ပေါင်း (၁၅) ကြိမ်မျှ ဧည့်ခံပေးရ၏။ သည်အထဲ သဲလွန်းကဲလွန်းလှသော ရွှေမိုးမိတ်တို့က 'ဧည့်သည်ကျတော့ ဦးစားပေးတယ်၊ ငါတို့ကျတော့ အခွင့်အရေးမရ' ပြောကြ၏။ 'ဟိုအဖွဲ့တုန်းက (၁၀) မိနစ်ကြာတယ်။ ငါတို့ကျတော့ (၅) မိနစ်တည်း' ပြောသေး၏။ ရွှေမိုးမိတ်တို့ပြောသော ဟိုအဖွဲ့ကား ရန်ကုန်မှ သတင်းသမားများ။

သူတို့အဖွဲ့သည် ပထမစည်း ပထမတံတားကျော်၍ ကပ္ပိယဆောင်၌ နေရာယူထားကြသူများဖြစ်ကြ၏။ ယင်းကပ္ပိယဆောင်သည် အထူးဧည့်များအတွက် သီးသန့်ဖြစ်၏။ သာမန်ဖူးတွေ့ရရုံ လာရောက်ကြသူများကား ငါတို့ကိုယ်တိုင် ရွာရိုးကိုးပေါက်ဆွမ်းခံရင်းလျှောက်၍ အဖူးအတွေ့ခံထားပြီးဖြစ်နေသည်ကတစ်ကြောင်း၊ ကိစ္စအထူးတလည်မပါသည်က တစ်ကြောင်းတို့ကြောင့် ထိုပထမစည်း ပထမတံတားမရောက်မီရှိသော သက်ကယ်ကျင်းမဏ္ဍပ်ခေါ် သက်ငယ်တဲကြီးအတွင်း၌သာ နေရာယူခွင့်ရကြပါသည်။ ထိုမှပင် ငါတို့ဆွမ်းခံရာမှ ပြန်အလာဖူးတွေ့ခွင့်ပေးပါသည်။

ငါတို့ကလည်း တွေ့သူတိုင်းသို့ 'ဘယ်ကလာကြရသလဲ' ဖြင့် အမြဲ နှုတ်ဆက်လေ့ရှိ၏။ သည့်နောက် ရှင်စရာနှုတ်ခွန်းဆက်စကားတစ်မျိုးမျိုးဖြင့် လက်သိပ်ထိုးပေးခဲ့လေ့ရှိ၏။ အများကြီးဖြစ်နေသဖြင့် 'နည်းအဝ၊ များအငှ' စနစ်သုံးရ၏။

ထိုနေ့က ရန်ကုန်သတင်းသမားများ ရွာတွင်းလှည့်ဆွမ်းလောင်းပွဲကြီးကို သတင်းမှတ်တမ်းယူခွင့် မရကြသဖြင့် မပဒ်သို့တက်လာကြခြင်း ဖြစ်၏။ ထိုစဉ် သတင်းသမားပီပီ သတင်းသမားတို့၏ ထုံးစံအတိုင်း ဓာတ်ပုံများဖျတ်ဖျတ် မီးမမှိတ်တမ်းရိုက်ယူကြ၏။ လျှောက်ထားစရာရှိသည်များကိုလည်း ပါးစပ်က အလွတ်မပေးကြ။ တစ်ဖန် မပဒ်ဂူထဲဝင်၍လည်း ဓာတ်ပုံဖြင့်လည်း မှတ်တမ်းယူကြ၏။ မျက်စိများဖြင့်လည်း မှတ်တမ်းပြုစုကြသေး၏။ သည်လောက် တက်သုတ်ရိုက်သည်ပင် (၁၀) မိနစ်လောက်ကြာသွားကြ၏။ ရွှေမိုးမိတ်တို့မျက်စိစပါးမွေးစူးကြ၏။

**ကန်တော့ပါသေး ထိုအဝေး**

အထက်ကဆိုခဲ့ပြီး ဂူနယ်နိမိတ်အဝင်ဝ သက်ကယ်ကျင်းမဏ္ဍပ်ကြီး၌ နေရာရထားသူများက ပထမတံတားထိပ်ရှိ ပထမစည်းဝမှပင် ဖူးခွင့်ရရှိရေးမျှော်တွေးတွေးနှင့် ငေးနေကြရရှာ၏။ ပထမတစ်ရက်သာ ဂူဝင်ခွင့်ရကြ၏။ ငါတို့ ဖူးတွေ့ခွင့်ရသွားကြ၏။ နောက်နေ့များလုံးဝမရကြတော့။

ဤလုံးဝမရကြတော့သည့်အထဲတွင် ထိုကားပွဲစား ရန်ကုန်စီးပွားရေးသမားများ ပါသွားကြတော့ရာ ကိုယ်တိုင် လှူခွင့်ရစေရမည်။ ကိုယ်တိုင်ဖူးတွေ့ခွင့်ရစေရမည်။ ကိုယ်တိုင် အာလာပသလ္လာပစကား ပြောကြားခွင့်ရစေရမည်။ ပြီးတော့ စရိတ်ငြိမ်း အစစအားလုံး တာဝန်ယူပါသည်။ ဤကတိများ

www.burmeseclassic.com

ခဲအဖြစ် ခေါင်းထိမှန်ခံရရှာပြီ။ ရက်ကြာသလောက် စားစရိတ်၊ ကားစရိတ်တို့က ပွဲစားများကို လိမ့်တောင်းနေပြီ။ ဘူးထဲက ရေတောင်ပါတော့မလိုဖြစ်လာနေပြီ။ သို့ကြောင့် ပွဲကြမ်းလာ၏။ ထိုကားပွဲစားများ ငါတို့ထံ မရရသောနည်းဖြင့်ဝင်ရန် ကြိုးစားကြ၏။ ပွဲထိန်းများနှင့် စကားများကြရ၏။ သူတို့ချည်းမရတော့သောအခါ ရွှေဇာလီကျောင်းဆရာတော်အား သွားရောက် အကူအညီတောင်းကြဆို၏။ ယင်းဆရာတော်ကိုယ်တိုင် ငါတို့ဆီလာ၍ လျှောက်၏။ ထိုအခါ ငါတို့က အဝကျဉ်းကျဉ်းအရင်းတုတ်တုတ်ပမာ. . . ကျောင်းငယ်လေးနှင့် လူအုပ်က ဖြစ်နေပါသည်။ အကယ်၍ တစ်ဦးဖြစ်စေ၊ တစ်အုပ်ဖြစ်စေ ဝင်ပါခွင့်ပေးလိုက်ပါက မြောင်းကလေးကျဉ်းကျဉ်းပင်လယ်ရေတက်နင်း သည့်ပမာ . . . ဖျားနေ၊ ပင်ပန်းနေသော ဘုရားတပည့်တော်များ မြောင်းပျက် မြေကောများတာရှည်ကြီးထဲ မျောသွားမှာပေါ့ ဘုရားဖြင့် လျှောက်ထားလိုက်ရသည်။

သည့်နောက် နယုန်လဆန်း ၁ ရက်နေ့မှ စတင်၍ -

၁။ မြို့နယ်အုပ်ချုပ်ရေးမှူးကြီးလည်း အဖွဲ့လိုက် ယူနီဖောင်းဝတ်စုံပြည့်ဖြင့် မပဒံ၏ သက်ကယ်တဲ့ကျင်းထိပ်က ပိတ်၍ စောင့်ကြပ်ကြရသည်။
၂။ မြို့နယ်ရဲမှူးကြီးလည်း နည်းတူပင်။
၃။ မြို့နယ် လ-ဝ-က မှူးကြီးလည်း ထိုနည်းလည်းကောင်း (မြို့နယ်စည်ပင်ပါမလွတ်)
၄။ မြို့နယ်မီးသတ်တပ်ဖွဲ့လည်း ထိုအတိုင်း. . .
၅။ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့လည်း ပါဝင်စောင့်ကြပ်ပေးရသည်။

ဤသို့ အစာမကြေ လေသက်သူများကား ရန်ကုန်ကားပွဲစားနှစ်ဦး။ အစာမကြေ လေသက်ခံလိုက်ရသူများကား ဒေါက်တာကြီးနှင့်ငါတို့။ ဒေါက်တာကြီး၏ အပြစ်ကား ဖျားလိုဖျား၊ နာလိုနာ ဒါယကာတွေ ငဲ့ကွက်သင့်ပါလျက်က မငဲ့ကွက်မှု။ စွဲချင်တင် ဤပြစ်မှုများသည် ရဟန်း ဟူသော ငါတို့အတွက် ခံယူသင့်သောအပြစ်များဖြစ်ကြရာ ငါတို့ကား ပြစ်ကျခံရန် ဝန်မလေးပါ။

အကယ်တိတိ ငါတို့အနီးအပါး ဆရာဝန်ကြီးများ မရှိခဲ့ပါသော် ဖျားချင်သလောက်ဖျား သည်ကြား မိုးကြီးပင် ရွာသွန်းနေပါဦးတော့ (ဤသို့လည်း နတ်တလူစခန်းဖွင့်တုန်းက နေ့ (၂) နာရီ တရားဟောချိန် မိုးကလည်းရွာကောင်းဆဲ၊ အဖျားကလည်းတက်ကောင်းနေဆဲဖြင့် စံကျောင်းမှ ဓမ္မာရုံသို့ ထီးမပါ ဖိနပ်ဗလာတို့ဖြင့် ကြုံတွေ့ခဲ့ဖူးပါပြီ။) ဆွမ်းထွက်ခံမည် ဧကန်သာ။ ငါတို့အနီးအပါး ဆရာဝန်ကြီးများမရှိခဲ့ပါသော် ကပ်လိုရာအစားအစာကပ် သုံးဆောင်ပေးသည်။ လှူလိုရာလှူ လက်ခံသည်။ တရားဟောပါဆို ဟောပေးလိုက်သေးသည်။ ဤကား ရဟန်းတစ်ပါးအလုပ်ပင်။

ဤသို့ ဝေဘုဆရာတော်ဘုရားကြီး ခန္ဓာဝန်ချခါနီးဆဲဆဲတုန်းက ရန်ကုန်၌ ဖြစ်ပျက်ခဲ့သော အကြောင်းလေး ကြားညှပ်လိုသေး၏။ ဆရာတော်ဘုရားကြီးသည် အရုဏ်ဆွမ်းကို ဒကာ၊ ဒကာမများ လာရောက်ကပ်လှူသမျှ အာဟာရတို့ကို လက်ခံဘုဉ်းပေးမြဲ။ ရန်ကုန် ဒကာ၊ ဒကာမများကလည်း (အခြားလည်း နည်းတူပင်) သူ့ထက်ငါ သဒ္ဓါကောင်းကောင်းစောင်းထက်လာရောက်ကပ်လှူကြရာ ယာဂု စသည် ဆွမ်းခွက်ပေါင်းကား ရာနှင့်ချီ၏။ စားပွဲကြီး၌ အပြည့်အနှက်။ ယင်းတို့ကို ဆရာတော်ဘုရားကြီးသည် (သပဒါနစာရိကနှင့်လျော်စွာ) အနီးနေမှသည် အစွန်အဖျားသို့တိုင် လက်လှမ်း၊ လက်ရုပ် အကြိမ်ပေါင်းများစွာတို့ဖြင့် ယူငင်သုံးဆောင်တော်မူ၏။ အလှူရှင်တို့ ဝမ်းမြောက်ကြ၏။ သို့သော် ကျန်းမာရေးစောင့်ရှောက်ပေးနေသည့် ဆေးပညာအဖွဲ့ကား ဝမ်းမမြောက်နိုင်ပါ။ သက်တော်ကလည်း ယဲ့ယဲ့၊ ကျန်းမာရေးကလည်းချိနဲ့နဲ့။ သို့စဉ်လျက် လက်တို့လက်ရုပ်ကလည်း ဆွမ်းပွဲများ မစေ့ငှမချင်း။ လက်မြှောက်၊လက်ချကလည်း ဆွမ်းပွဲများ မကုန်မချင်း။ ကိုယ်ထိုး၊ကိုယ်ငင်ကလည်း ဆွမ်းစားချိန်မပြီးမချင်း။ ဆရာတော်ဘုရားကြီး ပင်ပန်းလွန်းလှ၏။ အရွယ်နှင့် မမျှစွာ အလုပ်လုပ်ပေးနေရ၏။

သို့ကြောင့် နက်ဖြန်မှ စတင်ကာ လာသမျှ ယာဂုများကို ခွက်တိုင်းမှယူ၍ တစ်ခွက်တည်းအဖြစ် အနီးနေတို့က ဖန်တီးရန်။ သည့်အတူ လာသမျှမုန့်ဆွမ်းများကိုလည်း ခွက်တိုင်းမှယူ၍ တစ်ခွက်တည်းအဖြစ်ဖြင့် လည်းကောင်း၊ လာသမျှကော်ဖီ စသည်များကိုလည်း ချိုင့်တိုင်းမှယူ၍တစ်ခွက်တည်းမှာဖြင့် လည်းကောင်း ဆက်ကပ်ပါက ဆရာတော်ဘုရားကြီး၏ ခန္ဓာတော် သက်သာမည်ဖြစ်သဖြင့် အနီးနေ ကပ္ပိယများက သည်သို့လုပ်ရန် ဆိုင်ရာဆရာဝန်ကြီးများက လမ်းညွှန်ရတော့သည်။

ဤသို့ ဆရာတော်သည် ခန္ဓာကို မငဲ့၊ တစ်ဖက် သဒ္ဓါကိုသာငဲ့၏။

ကိုးကွယ်သူ အနီးနေများက အများမသိ ဆရာတော်ကိုသာ သိ၏။

ဆရာနှင့် ဒကာ အကြည့်ချင်းကွာ၍ အသိချင်းပါ ခြားနားနေကြပြီ။

သည့်အတူ ယခု ငါတို့၏ မိုးမိတ်ဖြစ်စဉ်ကလည်း ငါတို့ကလည်း ကိုယ့်ကိုယ်ကိုယ် မမြင်မိ၊ အများတို့၏သဒ္ဓါကိုသာ မြင်မိ၏။ ထိုအများသည် ဤငါ့ထံရှိ သီလကိုမှီလျက်က -

က။ သဒ္ဓါသန့်ပါက အချို့ လူတစ်ဘဝ ရနိုင်၏။ အချို့ လူဖြစ်ရုံမက လူ့သူဌေး၊ လူ့သူကြွယ်၊ လူ့နယ်ဘုရင်အထိ ခရီးပေါက်နိုင်ကြ၏။
ခ။ သဒ္ဓါထက်ပါက အချို့ နတ်ဘဝ ရနိုင်ကြ၏။ အချို့ နတ်ဖြစ်ရုံမက နတ်သူဌေး၊ နတ်ဘုရင်ထိ ပန်းဝင်နိုင်ကြ၏။
ဂ။ အကယ်တိတိ သဒ္ဓါတွင်း သတိ၊ ပညာပါသွင်းမိသူများ ဖြစ်ကြပါက အချို့ လူ၊ နတ်စည်းစိမ်ခံစားရင်းက အရိယာနယ်အတွင်း ချင်းနင်းနိုင်ကြ၏။ အချို့ ကာမစည်းစိမ်ပယ်လှန် အာရုံဝင် ဈာန်၊ လက္ခဏာဝင်ဈာန်များ ခံစားရင်းက အရိယာနယ်အကုန် နိဗ္ဗာန်ဘုံအထိ ခိုလှုံခွင့်ရနိုင်ကြ၏။

သည်အခွင့်အရေး လူနှင့် သာသနာ ပက်ပင်းကြုံတုန်းလေးသာ ပေးနိုင်၊ ယူနိုင်ကြ၏။ သည်အရေး တွေးမိတိုင်း ငါတို့၏အသက်စွန့်လွတ်ရန် ဝန်မလေးခဲ့။ သို့သော် အနီးနေ ဒကာတို့ကား ငါတို့ကိုသာကြည့်နေသဖြင့် အများမသိကြပါ။ ထိုစဉ် အများကား ပွဲချင်းထပ် နေ့စဉ်မပြတ် အမြတ်ရခဲ့ကြပြီးပြီ။ ငါတို့ကား နွှဲရန်ပွဲ ရန်နေသေး။ ဆက်ရန်ခရီးကလည်း ရှိနေသေး။ သို့ဖြစ်ရာ အနီးနေကြီးများက ငါတို့အား သေခွင့်မပေးနိုင်ကြသေးပါ။ သို့ဖြင့် ငါတို့၏ အဖျားခရီးကား နယုန်လဆန်း ၃ ရက်ထဲဝင်လာနေ၏။

ထိုစဉ် မြို့နယ်ဆရာဝန်ကြီးလည်း ဝင်လာ၏။ ဇီးကုန်းမှ ဒေါက်တာလှထွန်းဝင်းလည်း ပြေးဝင်လာ၏။ ဆရာဝန်ကြီး (၃) ဦး ခေါင်းချင်းဆိုင်ကြပြီ။ မြို့နယ်ဆရာဝန်ကြီး၏ဆန္ဒအရ ပုလင်းချိတ်ရ၏။ အရေးတကြီး ဖူးတွေ့လိုသူများ ဧည့်ခံနေရမှ ထအချိတ်ခံရ၏။ ယာဂုဆွမ်းကို ပိုက်တန်းလန်းဖြင့်ပင် သုံး

www.burmeseclassic.com

ဆောင်ပေးရ၏။ မသက်သာလှ။ အဖျားတလည်း ပေပြ၏။ ဆရာဝန်ကြီးများလည်း အဖျားကိုထိုးချကြ၏။ အဖျားနှင့်ဆရာဝန် လွန်ဆွဲကြရာအကြား ငါတို့ကား မဟားတရား။

ငါတို့အနီးနေ ဒေါက်တာကြီးအသည်းယားသည်ကား ထိုအဖျားကနံနက်တိုင်းလည်း (၁၀၂) ဒီဂရီ၊ နေ့လယ်တိုင်းလည်း (၁၀၂) ဒီဂရီကို။ သို့ကြောင့်ဆရာဝန်ကြီးက မင်းနေဦးပေါ့။ တစ်နေ့ဖြင့် ကြိမ်းဝါး၏။ ငါ့ဆေးတွေ့ ဆေးပတ်လည် မင်း သည်မှာ နေခွင့်မရဖြင့်လည်း စိန်ခေါ်၏။ ထိုစဉ် အဖျားက ပြော၏။ ကျုပ်ကြောင့်မဟုတ်ဘူး ငန်းတဲ့။ သူ့အလို ငန်းမန်းကျလျှင် သူကျပေးမည်ဟု၏။

(၃) ရက်မြောက်နေ့တွင်ကား ထူးခြားလာ၏။ နံနက် တိုင်းထွာစဉ် အဖျားဒီဂရီ (၉၉) ဒီဂရီမျှသာ ကျန်တော့၏။ နေ့လယ်ကျ (၉၈) ဒီဂရီအထိ ကျသွား၏။ တစ်ဖန် နောက်တစ်နေ့နံနက် ဆွမ်းခံထွက်မည် နယုန်လဆန်း ၄ ရက်နေ့ နံနက် (၅) နာရီတိုင်း ကြည့်လျှင်လည်း (၉၉) ဒီဂရီမှအထက် တက်မလာတော့တော့။

သို့ကြောင့် စိတ်ချပြီ၊ ဆွမ်းခံကြွနိုင်ပါပြီ ခွင့်ပြုလိုက်သည်။

**ဇရိတ်ရှုံးသမား ဒသဂီရိ**

ဆွမ်းခံမထွက်ရသည်မှာ ၄ ရက်ကြာသွား၏။ (ကဆုန်လကွယ်နေ့ဆီမှ နယုန်လဆန်း ၃ ရက်နေ့အထိ) ယနေ့ နယုန်လဆန်း ၄ ရက်နေ့ ဆွမ်းခံဆင်းခဲ့ရာ ပရိသတ်ကား များမြဲများနေ၏။ ထိုအထဲ စရိတ်ရှုံး၍ လူနုံး စိတ်တွေကြိတ်ချေမရဖြစ်နေကြသော ငါတို့၏ ဒကာရင်း ရန်ကုန်နေ ကားပွဲစားနှစ်ဦးလည်း ဖူးခွင့်ရစေမည် ကတိအကျေချေသောအားဖြင့် စောင့်နေကြ၏။ ကိုယ်တိုင်လှူခွင့်ရစေမည်ကတိဖြစ်သောအားဖြင့် စောင့်နေကြ၏။ ပါလာသမျှရန်ကုန်ပရိသတ်တို့ကား အားပါးတရလည်း ဖူးကြ၏။ အားပါးတရလည်း လှူကြ၏။ တသိလ်တွေ လေ့တစ်စီးစာရသွားကြ၏။ ကိုယ်စားလှယ်ကြီးနှစ်ဦးခမျာမှာမူကား . . . ဒေါက်တာကြီးက လူကြားလမ်းလယ်ကောင်မှရပ်၍ ငါတို့အားမျက်လုံးပြူးပြူးမျက်ဆန်ပြူးပြူး ရန်စကားပြောသွား၏။ ဘာပြောသွားမှန်းတော့မသိ။

ငါတို့ပြစ်မှုကား ဖျားလျက်နှင့်ဆွမ်းခံမထွက်ခဲ့မှု။

တစ်ဖန် ငါတို့အနီးနေ ကပ္ပိယဒေါက်တာကြီးကိုလည်း သည်ကိုယ်တော်ကြီး အဖျားတန်းလန်းနှင့် ဆွမ်းခံလွှတ်မပေးရကောင်းလားဆိုကာ ဘီလူးကြိမ်းကြိမ်း၏။ တစ်ဖန် မိုးမိတ်တို့ မကျေနပ်သော ဒေါက်တာကြီး၏ နေ့တိုင်းကျပြစ်မှုကြီးတစ်ခုကလည်း ရှိသေး၏။ ယင်းမှာ မိုးမိတ်တို့ လှူသောပစ္စည်းများကို ဆရာတော်ကြီးလက်မရောက်မီလမ်းမှ ဖမ်းလု၍ နောက်ခံတောင်းထဲပစ်ချမှု။

ခရီးရှည်ကြီး သွားနေရသူမှာ အချိန်အတင်းလုနေရ၏။

အများနှင့်အလုပ်လုပ်နေရသူမှာ မြန်ဆန်မှုကို အသုံးပြုပေးရ၏။ ယခုဆွမ်းလောင်းပွဲကြီးက ဘယ်အနားဆုံးပြီမရှိသော တစ်မျှော်တစ်ခေါ်ကြီးဖြစ်ရာ ဆွမ်းခံပြန် နေပူမမိရန်၊ ဆွမ်းစားချိန်နောက်မကျရန် ဤအချက်များကိုငဲ့၍ ဒေါက်တာကြီးက လက်သွက်သွက်နှင့် ပစ္စည်းများ ငါတို့နှင့်ထိမိသည်နှင့် အမြန်ဆွဲဆွဲခြင်းသာ ဖြစ်၏။ သို့သော် အဝေးကကြည့်သော် မထိမီဆွဲ ဆွဲသယောင်ထင်ရခြင်းပင်။ တစ်ဖန် ရွှေမိုးမိတ်တို့ကသည် လူတန်းရှည်ဆွမ်းခံလမ်းမကြီးပေါ်၌ ဆွမ်းနှင့်လှူဖွယ်များ ဆက်ကပ်နေသည်ကို မိမိတို့အိမ်ထဲ ဘုရားကျောင်းဆောင်ရှေ့ ဆွမ်းကပ်လှူရသည့်ပမာဖြည်းဖြည်းဆေးဆေး အေးအေးလူလူလှူ၍ နှေးနှေးကွေးကွေး ထွေးထွေးချူချူ တောင်းဆုများယူနေပုံမျိုးအတိုင်းလှူလိုဟန်ရှိ၏။ သည်မှာကား ထိုအခြေအနေမျိုးမဟုတ်။ ယင်းအခြေအနေ (၂) ပါး ကွဲပြားနေသည်ကို သတိမထားမိကြသဖြင့် ဒေါက်တာကြီး၏ ထိုအပြုမူကို မကျေနပ်ကြ။

ထိုစဉ် ရန်ကုန်ဒေါက်တာကြီးသည် ရွှေဘိုဒေါက်တာကြီး၏ ဤအမူကြီးကို အရေးယူဟန်ပြုလုပ်၍ သူမတျေနပ်ချက်အား အကောင်အထည်ဖော်ရန် ထိုနေ့က တုတ်ကြီးအသင့်ကိုင်၍ချောင်းသည် ဆို၏။ သို့သော် ပြစ်မှုက မတွေ့ရ။ သို့ကြောင့် ရန်ကုန် ဒေါက်တာကြီးသည် လမ်းမကြီးပေါ် တစ်ယောက်တည်း တုတ်ကြီးကိုမြှောက်လိုက်၊ ဟင်းတစ်ချက် သက်ပြင်းနှင့်အတူ ပြန်ချလိုက်ဖြင့် မြှောက်ချည်၊ ချချည် ဘီလူးကပြုလုပ်နေသည် ဆို၏။ ယင်းကို ဘေးအိမ်ကလူများက လှမ်းကြည့်နေကြသည် ဆို၏။ သို့နှင့် ရန်ကုန်ဒေါက်တာကြီးလည်း နောက်၌ကျန်နေခဲ့ပြီ။ ဆွမ်းလောင်းပွဲကြီးလည်း ပြီးဆုံးသွားပြီ။ ငါတို့ရော၊ ရွှေဘိုဒေါက်တာကြီးရော ကားပေါ် ရောက်နေကြပြီ။သည်မှာတွင် နောက်တစ်ယောက် ပေါ်လာပြီ။

ဤနောက်တစ်ယောက် (ကားပွဲစား ရန်ကုန်သားတစ်ယောက်) ကို ကားပြီးခဲ့သော ရက်များက ဂူရွှေလာရမ်းသွားသည်ကို သိထားသောကြောင့် ငါတို့ကပင် နှင်စာ၊ ပြတ်စာရေးပေးလိုက်ရတော့၏။

ယင်းမှာ-

'နှင် နောက်ထပ် တို့ဆီ မလာခဲ့နဲ့တော့'

'နှင်နဲ့ ငါ ဒါနောက်ဆုံးတွေ့အဖြစ်မှတ်' ဖြင့် ပြောဆိုလွှတ်ခြင်းပင်။

သူတို့က ဘူးထဲကရေ ပါသွားသဖြင့် စိတ်နာနေကြ၏။ သူတို့မှာ ဟင်းကောင်းစားချင်လို့ ဆိုင်းထဲလိုက်ကာမှ ငွေနဲ့ကြီးတက်နင်းမိလို့ ငွေတစ်ရာလျော်ရကိန်းဆိုက်သွားကြ၍ အမျက်ရှ။ ငါတို့ကလည်း ပွဲလန့်ရာဖျာထုတ် တောထုတ်ရာ သဲပုံးတီး၊ ဘုန်းကြီး ဈေးဗန်းပေါ် တင်ရောင်းရသလားဆိုကာ လက်တဆဆ။ သို့ဖြင့် မိုးမိတ်ဝယ် သာသနာ့ဝန်ထမ်းနှင့် သာသနာကြည်ညိုသူတို့အကြား ဈေးဝင်ကစားကြသူများ အများကြားဝင်ထား၍ ခွက်ခွက်လောရှုံးသွားကြလေပြီ။ ဆွမ်းလောင်းတန်းရှည်ပွဲကြီးကား ကျန်ပရိသတ်များဖြင့် စည်ကားမြဲ။

ထိုစဉ် ထိဖွင့်ရန် (၁၀) ရက်သာလိုတော့သည်။ ထိုအကြောင်း ရွှေမိုးမိတ်တို့မရိပ်မိကြ။ ငါတို့နှင့် အနီးနေ အတွင်းလူများသာ သိကြသေး၏။ ယင်းကား ၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ စနေနေ့ ည (၁၂း၁၅) နာရီတိတိ အချိန် (ယနေ့ နယုန်လဆန်း ၄ ရက်ဖြစ်နေသဖြင့် (၁၀) ရက်ကြာသော်) ဤ မပဒ်ဂူမှ ထိုင်း ယျမ်သို့ (ယင်းမှာ မြစ်တစ်ဖက်ကမ်း မလည်အနီးရှိ၏။) ထွက်ခွာမည်။

လာရောင့် ပင့်ဆောင်မည်က ဒေါက်တာလှထွန်းဝင်း၊ ဦးဝင်းဆွေ။

ငါတို့နှင့်အတူ ပါမည်က ဒေါက်တာအိုကေ၊ ဦးစိုင်းနောင့်၊ ခင်မောင်ဝင်း။ အတူနေ အတွင်းလူအားလုံးကား ကြိုတင်သွားနှင့်ကြဆိုသောစကားပင်။

(ဆက်လက်ဖတ်ရှုပါရန်)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com



# အိုးကြွယ်

## ကံပွင့်ကံမြင့်စေသည့် လောကီအောင်မြင်ကြောင်း ကျင့်စဉ်နှင့်ဂါထာများ

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာမလေ့ မီးကျည်လွှတ်ပွဲတော်ကို လေ့လာနိုင်ရန် ကယားပြည်နယ် ဖားဆောင်းမြို့လေးသို့ ရောက်ရှိခဲ့သည်။ ဖားဆောင်းမြို့မှာ ကယားပြည်နယ်တွင် ပါဝင်သော်လည်း ရှမ်းတိုင်းရင်းသားအများဆုံးနေထိုင်ရာမြို့လေးဖြစ်သည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာ ထွန်းကား စည်ပင်သည့် မြို့အဖြစ်ရပ်တည်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းရိုးရာ မီးကျည်လွှတ်ပွဲကို နှစ်စဉ် ကဆုန်လတွင်ကျင်းပမြဲဖြစ်ရာ ယခုနှစ်တွင်လည်း မြန်မာနှစ် ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ မနက်ပိုင်း၌ မြို့လုံးကျွတ် ညောင်ရေသွန်းပွဲတော်နှင့် ဘုန်းကြီးကျောင်းတက်အလှူဒါနပြုရေစက်ချပွဲတို့ကို ကျင်းပခဲ့ကြပါသည်။ ညောင်ရေသွန်းပွဲနှင့် မီးကျည်ပွဲသို့ ဖားဆောင်းမြို့ပေါ်ရှိ ရပ်ကွက်များသာမကဘဲ တောင်ပေါ်ရွာ၊ ကွက်သစ်၊ ဝမ်အောင်း(ကယားရွာ)နှင့် ဝမ်အောင်း(ရှမ်းရွာ)၊ ကျောင်းပန်းညို၊ ပါပု၊ ခဲမဖြူနန်းကစ် စသည့် အနီးပတ်ဝန်းကျင်မှ ရှမ်း၊ ကယား၊ ကရင်တိုင်းရင်းသားရွာများမှ တပျော်တပါး တက်ရောက် ဆင်နွှဲကြရာ ရှမ်းအိုးစည်သံ၊ ကယားဗုံရှည်သံ၊ ကရင်ဖားစည်သံများဖြင့် တစ်မြို့လုံး ဖုံးလွှမ်းလျက်ရှိပါသည်။

ထိုသည့်နေ့မတိုင်မီ အဖိတ်နေ့ညကပင် လာရောက်ကြမည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် နေ့လယ်စာများ ကျွေးမွေးဧည့်ခံနိုင်ရန် မြို့ပေါ်ရပ်ကွက်အိမ်စေ့ ထမင်းထုပ်များကို ဆင့်ဆိုတာဝန်ပေး၊ တာဝန်ယူကြဖြင့် ချက်ကြပြုတ်ကြ တရုန်းရုန်း မမောနိုင် မပန်းနိုင် တပြုံးပြုံးနှင့် လူတိုင်းကိုယ်စီ ပီတိဖုံးနေကြသည်မှာ မြင်ရသူတိုင်း၏ ဘဝင်နှလုံးကို ရွှင်ပြုံးစေပါတော့သည်။

မနက်ပိုင်း ရေစက်ချတရားနာပြီးနောက် ကြွရောက်လာကြသည့်ပတ်ဝန်းကျင်ရွာများမှ မီးကျည်လွှတ်မည့်အဖွဲ့များနှင့်ဧည့်သည်များအား စေတနာဖြင့် ပေးလှူကြသည့် ထမင်းထုပ်များကို တောင်းကြီး၊ တောင်းငယ်များဖြင့် အလှူအပယ် ခွဲဝေပေးခဲ့ပါသည်။ နေ့လယ် (၁၂) နာရီတွင် ရပ်ကွက်၊ ကျေးရွာအလိုက် အလှုပြမီးကျည်များနှင့် ပြိုင်ပွဲဝင် မီးကျည်ကြီးများကိုထမ်းကာ မြို့တစ်ပတ်လှည့်လည်လျက် အိုးစည်ဗုံမောင်းတို့ဖြင့် ဝိုင်းဝန်းကခုန်နေကြသည်မှာ မြူးထူးပျော်ရွှင်မှုကို ပေးစွမ်းနိုင်လှပါပေသည်။

နေ့လယ်(၁)နာရီထိုးသည်နှင့် မီးကျည်လွှတ်မည့်အဖွဲ့များကို မွေတော်ဘုရားနှင့် ကျောင်းဂေါပကအဖွဲ့မှ ဦးဆောင်ကာ စုရုံးစေလျက် မီးကျည်ပြိုင်ပွဲ၏ စည်းကမ်းများ၊ သတ်မှတ်ချက်များကို ဒိုင်အဖွဲ့က ရှင်းလင်းပြပြီးနောက် ပစ်လွှတ်ရန်အလှည့်ကျတန်းစီဇယားကို မဲနှိုက်ကာ ပစ်လွှတ်ကြရမည်ဖြစ်သည်။

ဖားဆောင်းမြို့၏ မီးကျည်လွှတ်ပြိုင်ပွဲမှာ အလောင်းအစားမပါဘဲ ရပ်ရွာဓလေ့ပျော်ပွဲရွှင်ပွဲအဖြစ်သာ ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါသည်။ အလှုပြမီးကျည်ဟု တစ်မျိုး၊ သတ်မှတ်စည်းဘောင်အတွင်း ဝင်သည့်အဝေးဆုံးရောက်သည့်မီးကျည်ဟု တစ်မျိုး၊ နှစ်မျိုးနှစ်စားခွဲကာ တစ်ဖွဲ့လျှင် မီးကျည်(၂)လုံးစီ ပစ်လွှတ်ယှဉ်ပြိုင်ရပါသည်။ ပြိုင်ပွဲဝင်အသင်းများကို ဆုအဖြစ် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုဟု သတ်မှတ်ကာ ဆုတန်ဖိုးငွေနည်းသည်၊ များသည်ကို ပဓာနမထားဘဲ 'အောင်စံ' များရရှိခြင်းကိုသာ ဂုဏ်ရည်ဝံ့ကြွားစွာ ရယူလိုကြသည်ကို တွေ့မြင်ရပါသည်။

ဖားဆောင်းမြို့၏ နှစ်စဉ်ကျင်းပ



www.burmeseclassic.com

www.burmeseclassic.com

မြဖြစ်သည့် မီးကျည်လွှတ်ပွဲအကြောင်း အပြည့်အစုံကို အလျဉ်းသင့်သည့်အခါ နေသား ဖော်ပြသွားမည် ဖြစ်ပါသည်။ ယခုတင်ပြလိုသည့် အကြောင်းအရာမှာ မီးကျည်ပြိုင်ပွဲ ကျင်းပပြုလုပ်ရာ 'မွေတော်ပရိယတ္တိစာသင်တိုက်ကြီး'၏ ဓာနနာယကဆရာတော် 'ဘဒ္ဒန္တဝိဇယ' ၏ ကျင့်ကြံအားထုတ် ပွားများပူဇော်တော်မူသော 'ကံပွင့်၊ ကံမြင့်စေသည့် လောကီအောင်မြင်ကြောင်းကျင့်စဉ်နှင့် ဂါထာတော်များ' ကို လေ့လာသိရှိနားလည် ကျင့်ကြံပွားများနိုင်စေရန် တင်ပြသွားမည်ဖြစ်ပါသည်။

ညနေ (၅) နာရီခန့်တွင် မီးကျည်လွှတ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ကြည့်ရှုပြီးနောက် ပြိုင်ပွဲများကျင်းပနိုင်ရေးကို ဦးစီးလမ်းညွှန်ပေးနေသည့် မွေတော်ကျောင်းဆရာတော်အား သွားရောက် ဖူးမြော်ခဲ့ပါသည်။ ဆရာတော်မှာ သက်တော် (၅၅) နှစ်ခန့်ရှိပြီး ရှမ်းတိုင်းရင်းသားပီပီ အသားအရေမှာ စိုပြည်ဝင်းဝါလျက် တရားရှင်ဖြစ်သည်နှင့်အညီ သေးသွယ်သော ကိုယ်ခန္ဓာရှိကာ အရပ်အမောင်းကောင်းလှသည်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။ ဆရာတော်၏ သာသနာပြုနှင့် စာသင်စာချဂုဏ်ရည်တို့ကြောင့် နိုင်ငံတော်မှ မြန်မာနှစ် ၁၃၆၁ ခုနှစ်တွင် ဆရာတော် ဦးဝိဇယအား ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့ပါသည်။ ဆရာတော်အား ဖူးတွေ့ရစဉ် သာသနာရေး ဆောင်ရွက်အားထုတ်မှုအစုစုနှင့် ကျင့်ကြံအားထုတ်မှုဂုဏ်ရည်တို့အား မေးမြန်းလျှောက်ထားခဲ့ပါသည်။

"ဆရာတော်ဘုရား၊ အလျဉ်းသင့်တုန်းမှာ မူလသီတင်းသုံးစဉ်ကာလနဲ့ ပက်ရှိအခြေအနေများရဲ့ သာသနာရေးဆိုင်ရာတိုးတက်ဖြစ်ပေါ်မှုတို့ကိုသိလိုပါတယ်ဘုရား။ ဆရာတော်ရဲ့တန်ဖိုးကြီးတဲ့အချိန်တွေကို အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ရှင်းလင်းမိန့်ကြားပေးပါရန် လျှောက်ထားအပ်ပါတယ်ဘုရား"

"ပြောရရင်တော့ ဒကာရယ်၊ ဘုန်းကြီးက ဒီကျောင်းကြီးကို ၁၉၉၀ ပြည့်နှစ်ကစပြီး ကျောင်းထိုင်ဘုန်းကြီးအဖြစ် ရောက်ရှိခဲ့ပါတယ်။ အခုဆိုရင် ဒီကျောင်းတိုက်မှာ သာသနာ့ဝန်ကိုထမ်းဆောင်လာတာ (၂၄)နှစ်ကျော်ရှိခဲ့ပါပြီ။ ရောက်စကတော့ နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်တဲ့ သစ်သားကျောင်းကြီးနဲ့ (၉) ခန်းဆောင်တို့သာရှိခဲ့ပါသေးတယ်။ အဲဒီအချိန်ကတော့ ဒီကျောင်းကြီးနဲ့ ဇရပ်ကြီးတွေဟာ တစ်မြို့နယ်လုံးရဲ့မှီခိုအားထားရာ သာသနာ့အဆောက်အအုံကြီးတွေပေါ့။ သို့သော်လည်း နှစ်ကာလကြာမြင့်လာတာနဲ့အမျှ ပျက်စီးယိုယွင်းမှုတွေရှိလာခဲ့တယ်လေ။ ဒါကြောင့် မြို့ခံဒကာများနဲ့ အနယ်နယ်အရပ်ရပ်က အလှူရှင်များရဲ့ ပံ့ပိုးလှူဒါန်းမှုများကြောင့် ကျောင်း၊ ဇရပ်တွေကို အသစ်တည်ဆောက်နိုင်ခဲ့တယ်။ အခုဒကာကြီးမြင်တဲ့အတိုင်းပဲ အလျား (၉၀) ပေ၊ အနံ (၆၄) ပေရှိတဲ့ ဘုံ (၃) ဆင့်ပါ နှစ်ထပ်ကျောင်းကြီးနဲ့ အလျား (၇၂) ပေ၊ အနံ (၅၀) ပေရှိတဲ့ ဆွမ်းစားဆောင်နှစ်ထပ်အုတ်ကျောင်းကြီးရယ်၊ အလျား (၁၀၈) ပေ၊ အနံ(၃၆) ပေရှိတဲ့ ဝိဇယာစာရသံယာအိပ်ဆောင် နှစ်ထပ်အုတ်ကျောင်းကြီးရယ်နဲ့ ဖွံ့ဖြိုးစည်ပင်နေတာကို တွေ့ရမှာဖြစ်တယ်"

"မှန်ပါဘုရား၊ မွေတော်ကျောင်းတိုက်အတွင်း သာသနိက အဆောက်အအုံများနဲ့ ဖွံ့ဖြိုးတိုးတက်နေသလို ဆရာတော်အနေနဲ့ အခြားသာသနာပြုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်အားထုတ်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်ဘုရား။ ဘယ်လိုသာသနာပြုလုပ်ငန်းများနဲ့ ဘယ်အရပ်ဒေသတွေမှာ ဆောင်ရွက်ခဲ့ခြင်းဖြစ်တယ်ဆိုတာ အကျဉ်းချုံးပြီး လမ်းညွှန်မိန့်ကြားပေးပါရန် လျှောက်ထားပါတယ် ဘုရား"

"ဘုန်းကြီးအနေနဲ့ သာသနာပြုလုပ်ငန်းတွေကတော့ ပရိယတ္တိသာသနာပြန့်ပွားရေးအတွက် သီတင်းသုံးပြီး တစ်နှစ်အကြာမှာ ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်နိုင်ခဲ့လို့ အခုဆိုရင် (၂၃) သက်တမ်းရှိခဲ့ပါပြီ။ အခြားသာသနာပြုလုပ်ငန်းတွေကတော့ ဘုရားတည်ခြင်း၊ သိမ်ဆောက်ခြင်းနဲ့ ယိုယွင်းပျက်စီးနေတဲ့ ဘုရားစေတီများကို ပြုပြင်မွမ်းမံခြင်းတို့ကို အခါအားလျော်စွာ ဆောင်ရွက်ကုသိုလ်ပြုနေပါတယ်။ ခုဆိုရင် ကယားပြည်နယ်အတွင်းက ဖားဆောင်းနဲ့မယ်ဆဲ့မြို့နယ်များတင်သာမက ကရင်ပြည်နယ် ဖာပွန်မြို့နယ်ထဲက ထီးထကျေးရွာအပါအဝင် (၃)မြို့နယ်မှာ ဘုရားစေတီ (၁၃)ဆူကို တည်ထား ကိုးကွယ်နိုင်ခဲ့သလို ပျက်စီးယိုယွင်းနေတဲ့စေတီ (၃)ဆူကိုလည်း ပြုပြင်မွမ်းမံ ထီးတော်များတင်လှူနိုင်ခဲ့ပါတယ်။ ဒီမြို့နယ်တွေမှာ သိမ်(၁၂)လုံးကိုလည်း ဘုန်းကြီးကဦးစီးပြီး ဒကာ၊ ဒကာမများရဲ့ စေတနာသဒ္ဓါတရားရဲ့ တည်ထားသိမ်သမုတ်ပေးနိုင်ခဲ့ပါတယ်။ အခုလည်း ဖားဆောင်းမြို့လယ် ဓမ္မာရုံအဆောက်အအုံကို မင်္ဂလာတိုင်ထူ၊ အုတ်မြစ်စီနိုင်ခဲ့ပြီး ဒီနှစ် သီတင်းကျွတ်အမီ ရေစက်ချနိုင်ဖို့ စေတနာရှင်ဒကာများနဲ့ ညှိနှိုင်းတည်ဆောက်လျက်ရှိပါတယ်။ ဒါတွေကတော့ ဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းတွေကို အကျဉ်းချုံးပြီး ပြောပြတာပါ"

"တင်ပါ့ဘုရား၊ အမိန့်ရှိတာကြားနာရလို့ အားရကျေနပ်ကုသိုလ်ယူရပါတယ်ဘုရား။ နောက်ထပ်သိလိုတာကတော့ အစစဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ဒေသမှာ အခုလို ကြီးကျယ်မြင့်မြတ်လှတဲ့ သာသနာပြုလုပ်ငန်းတွေပြုလုပ်ဆောင်ရွက်နိုင်ဖို့အတွက် ကျင့်စဉ်များ၊ ရွတ်ဖတ်ပူဇော်တဲ့ ဂါထာတော်များရှိပါကလည်း အမိန့်ရှိ ချီးမြှင့်ပေးပါရန် ပန်ကြားလျှောက်ထားပါတယ် ဘုရား"

"ဘုန်းကြီးက သာသနာ့ဝန်ထမ်း မြတ်ဗုဒ္ဓဘုရားရဲ့ တပည့်သားမို့ လာဘ်ရှင်ဖို့၊ ငွေရဖို့ရည်ရွယ်ပြီး ကျင့်ကြံအားထုတ်ပွားများတာမျိုးတော့ မလုပ်ပါဘူး။ ဒါပေမယ့် ဘုန်းကြီးရဲ့ဆရာ အစဉ်အဆက်ရွတ်ပွားပူဇော်ခဲ့တဲ့ ဂါထာများကို ရွတ်ဆိုပူဇော်တာနဲ့ပဲ ဘုန်းကြီးအဖို့လိုတရသလိုဖြစ်နေတာမို့ သာသနာပြုလုပ်ငန်းများအတွက် အမိဋ္ဌာန်ထားပြီးဆောင်ရွက်တာမျိုးတော့ ရှိပါတယ်။ ဘုန်းကြီးရဲ့ဆရာအစဉ်အဆက်ရွတ်ပွားပူဇော်ခဲ့တဲ့ ဂါထာတော်များထဲကမှ အနှစ်သက်ဆုံးဂါထာများကို စုစည်းပြီး 'ကံပွင့်ကံမြင့်စေသည့်အောင်မြင်ကြောင်းကျင့်စဉ်' အဖြစ် ရွတ်ပွားပူဇော်နေတာတော့ရှိပါတယ်။ ဒကာက ရလို၊ ကျင့်လို၊ ပူဇော်လိုတယ်ဆိုရင်တော့ ချီးမြှင့်လိုက်ပါ့မယ်"

မွေတော်ကျောင်းဆရာတော်မှ ရွတ်ပွားပူဇော် ကျင့်ကြံအားထုတ်မြဲဖြစ်သော ကျင့်စဉ်နှင့် ဂါထာတော်များကို ရွတ်ဆိုပေးခဲ့ရာ ရိုသေစွာနာ ခံကူးယူခဲ့ပြီး အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## မွေတော်ကျောင်းဆရာတော်၏ ကံပွင့်ကံမြင့်စေသော လောကီအောင်မြင်ကြောင်းကျင့်စဉ်

၁။ နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။
(၃ခေါက် ရွတ်ဆိုရန်)

၂။ အဇ္ဇအာဒိကတွာ အဟံအတ္တာနံ



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓဿ နိယျာဒေမိ၊
အဋ္ဌအာဒီကတွာ အဟံအတ္တာနံ
ဓမ္မဿ နိယျာဒေမိ၊
အဋ္ဌအာဒီကတွာ အဟံအတ္တာနံ
သံဃဿ နိယျာဒေမိ။
(၁၈ခေါက်ရွတ်ဆိုရန်)

၃။ ဥပေမိသရဏံဗုဒ္ဓံ၊ ဓမ္မဥ္စာပိ အနုတ္တရံ၊
သံဃဉ္စ နရဒေဝဿ၊ ဂစ္ဆာမိ သရဏံ အရဟံ။
(၉ခေါက်ရွတ်ဆိုရန်)

၄။ နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဧတံ သရဏံ ဥပေမိ၊ မယိကာဠီ နဝဋ္ဌတိ။
နတ္ထိမေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊
ဧတံ သရဏံ ဥပေမိ၊ မယိကာဠီ နဝဋ္ဌတိ။
နတ္ထိမေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ၊
ဧတံ သရဏံ ဥပေမိ၊ မယိကာဠီ နဝဋ္ဌတိ။
(၅ခေါက်ရွတ်ဆိုရန်)

၅။ ဗုဒ္ဓေါ ဘောဇေယံ၊
ဓမ္မော ဒေသေယံ၊
ဗုဒ္ဓေါ မောစေယံ၊
တိဏ္ဏော တာရေယံ။
(၉ခေါက်ရွတ်ဆိုရန်)

၆။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ၊
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သစ္စပါဏိနံ၊
သံဃော လောကေ သမုပ္ပန္နော၊ အနုတ္တရံ ပုညခေတ္တံ၊
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိမေ ဟောတု သဗ္ဗဒါ။
(၁၀ခေါက်ရွတ်ဆိုရန်)

၇။ အရဟံ ဗုဒ္ဓေါ အရဟံ၊
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓဿ ဂုဏံ တေဇသာ၊
သဗ္ဗသိဒ္ဓိ လာဘံမေ ဘဝိဿတိ။
(၁၂ခေါက်ရွတ်ဆိုရန်)

၈။ အတ္ထမေ့ သမ္ဘိဒါစ၊ နိရုတ္တိ ပဋိဘာဏကာ၊
စတုသမ္ဘိဒပတ္တာနံ၊ အဂ္ဂပတ္တံဇိနံန မေ။
(၁၁ခေါက်ရွတ်ဆိုရန်)

၉။ ဝန္ဒာမိ ရတနကမေ၊ ဝန္ဒနသဲ မဟာသာမိ၊
မေ ဘဝန္တု သဒါ သုခံ။
(၁၀ခေါက်ရွတ်ဆိုရန်)

၁၀။ ဗုဒ္ဓေါလောကေ သမုပ္ပန္နော တံ ဗုဒ္ဓရတနံ အဟံဝန္ဒာမိ သဗ္ဗဒါ၊
ဓမ္မောလောကေ သမုပ္ပန္နော တံ ဓမ္မရတနံ အဟံဝန္ဒာမိ သဗ္ဗဒါ၊
သံဃောလောကေ သမုပ္ပန္နော တံ သံဃရတနံ အဟံဝန္ဒာမိ သဗ္ဗဒါ။
(၁၂ ခေါက်ရွတ်ဆိုရန်)

၁၁။ စိန္တာမဏိ ရတနာနိ၊ ဗုဒ္ဓံ ဗုဒ္ဓရတနာနံ၊ ကရုံကရတိ သရဏံ၊ ဒိပ္ပမေဝ သမိဇ္ဈတု၊
စိန္တာမဏိ ရတနာနိ၊ ဓမ္မံ ဓမ္မရတနာနံ၊ ကရုံကရတိသရဏံ၊ ဒိပ္ပမေဝ သမိဇ္ဈတု၊
စိန္တာမဏိ ရတနာနိ၊ သံဃံသံဃ ရတနာနံ၊ ကရုံကရတိသရဏံ၊ ဒိပ္ပမေဝ သမိဇ္ဈတု။
(၉) ခေါက်ရွတ်ဆိုရန်။

ဂါထာတော်များကို ကူးယူပြီးနောက် မည်ကဲ့သို့ကျင့်ကြံပွားများအား ထုတ်ရပါသလဲဘုရားဟု လျှောက်ထားရာ -

"ဒီကျင့်စဉ်ဂါထာ (၁၁) ပုဒ်ကမီး(၁၁)မီးငြိမ်းစေဖို့ ရည်မှန်းစီမံထားသလို ဒီဂါထာ(၁၁)ပုဒ်ရဲ့ ရွတ်ပွားရန်အရေအတွက်စုစုပေါင်းကလည်း (၁၀၈) ပိုဒ်ရှိတာမို့ နဝင်းကိုက်စီစဉ်ထားတာကြောင့် တစ်ထိုင်တည်း ရွတ်ပွားကျင့်ကြံသင့်တယ်။ ဒီဂါထာတွေရွတ်ဆိုပြီးရင်တော့ 'အရဟံနမောဗုဒ္ဓါယသိဒ္ဓံဘဂဝါ' ဂုဏ်တော်ကို အနည်းဆုံး ပုတီးတစ်ပတ်စိပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဂါထာ(၁၀၈)ပိုဒ်ရွတ်ဆိုပြီး ဂုဏ်တော်ပုတီး(၁)ပတ်စိပ်ပြီး ပွားများအားထုတ်မယ်ဆိုရင် မိနစ်(၂၀) လောက်သာကြာမှာဖြစ်လို့ မပင်မပန်း ကျင့်ကြံနိုင်ကြမှာပါ။

ပြောလက်စနဲ့တစ်ဆက်တည်းပြောလိုက်ပါဦးမယ်။ ဒီဂါထာအားလုံးဟာ ရတနာသုံးပါးရဲ့အရှိန်အဝါဟိတ်တွေနဲ့ ပြည့်စုံနေတာကြောင့် အကျိုးထူးပေးတာကတော့ ပြောဖို့တောင်မလိုပါဘူး။ ဂါထာတစ်ပုဒ်ချင်းမှာလည်း အကျိုးပေးမှုအမျိုးမျိုးရှိကြပါတယ်။ ဂါထာပုဒ်ရေ (၁) ကနေ (၄) အထိဟာ ရာသက်ပန် သရဏဂုံတည်စေတဲ့ ဂါထာတွေဖြစ်တာမို့ အပါယ်ဘုံက ကင်းဝေးစေပါတယ်။

ဂါထာအမှတ်စဉ် (၆)၊ (၉)၊ (၁၀)၊ (၁၁) တွေက အလုံးစုံသော အကျိုးထူးကို ရစေနိုင်သလို ဂါထာပုဒ်ရေ (၅) က ဘေးရန်အန္တရာယ်အမျိုးမျိုးကို ကျော်လွှားနိုင်ပြီး ကောင်းကျိုးလိုရာဆန္ဒပြည့်စုံစေတယ်လို့ ဆိုကြတယ်။ ဂါထာပုဒ်ရေ (၇) ဆိုရင်လည်း လာဘ်လာဘများ တိုးတက်ပြီး သိဒ္ဓိအဖုံဖုံပြည့်စုံစေပါတယ်။ ဂါထာအမှတ် (၈) ဆိုရင်လည်း အိုးပိုင်အိမ်ပိုင်ဖြစ်စေနိုင်တဲ့ အကျိုးထူးကို ရစေနိုင်တယ်လေ။ ဒါကြောင့် မိမိတို့ရဲ့ လိုအင်ဆန္ဒနဲ့အညီပဲ ဂါထာတစ်ပိုဒ်ချင်းကို အဓိဋ္ဌာန်ထားပြီး ယုံယုံကြည်ကြည် ပုတီးစိပ်ကြမယ်ဆိုရင်လည်း အောင်မြင်ကြလိမ့်မယ်လို့မှာချင်တယ်။

ဥပမာအားဖြင့် နေထိုင်စရာ အခက်အခဲရှိနေကြတဲ့သူတွေအတွက် ပုဒ်ရေ(၈)ဂါထာဖြစ်တဲ့ 'အတ္ထမေ့ သမ္ဘိဒါစ' အစရှိတဲ့ ဂါထာတော်ကို နေ့စဉ်ပုတီး(၉)ပတ်၊ သက်စေ့ စသည်ဖြင့်သတ်မှတ်ပြီး (၉)ရက်၊ (၄၅) ရက်၊ သက်စေ့ ဆိုသလို အဓိဋ္ဌာန်ရက်များနဲ့ ပုတီးစိပ်မယ်ဆိုရင် အိုးပိုင်အိမ်ပိုင်များနဲ့ဖြစ်လာကြလိမ့်မယ်။ ရတနာသုံးပါးနဲ့ ဂါထာတော်တွေအပေါ် ယုံကြည်အားကိုးဖို့လိုသလို မိမိကိုယ်တိုင်က 'ကံ၊ ဉာဏ်၊ ဝီရိယ'စိုက်ထုတ်ဖို့လည်း အဓိကလိုအပ်တယ်ဆိုတာကိုတော့ သတိချပ်ဖို့တော့ လိုသပေါ့။ ကံပွင့်ကံမြင့်ကံတင့်ဖို့ အခုပေးလိုက်တဲ့'လောကီအောင်မြင်ကြောင်းကျင့်စဉ်'များကို ကျင့်ကြံအားထုတ်ပြီး အထူးအားဖြင့် မိမိဆန္ဒရှိရာ ဂါထာတစ်ပုဒ်ချင်းကို ရွတ်ဆိုပူဇော်ရင်လည်း ရပါတယ်လို့ ဘုန်းကြီးမှာချင်တယ်"

ဟု မွေတော်ကျောင်းဆရာတော်က လမ်းညွှန်ဩဝါဒစကားမိန့်ကြားခဲ့ပါသည်။

စာရှုသူများအနေဖြင့် ကံပွင့်ကံမြင့်စေခြင်းငှာ ကျင့်ကြံပွားများအားထုတ်နိုင်ကြစေရန် ဆရာတော်၏ မေတ္တာစေတနာကိုခံယူ၍ ရေးသားဖော်ပြလိုက်ပါသည်။

*(ကယားပြည်နယ် ဖားဆောင်းမြို့ မွေတော်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇယ (ဂန္ထဝါစကပဏ္ဍိတ) အား ဦးထိပ်ထားလျက်)*

ချိုကြွယ်



www.burmeseclassic.com

www.burmeseclassic.com

ဟောင်စိုင်းငွေး(ထားဝယ်)

# သမိုင်းဝင်အထင်အရှား

# တဂူသိမ်ဘုရား

ထားဝယ်ဒေသ အနှံ့အပြား၌ ရှေးဟောင်းမြို့များရှိ၏။ အရှေ့ဘက်တွင် မှိုင်းကာရီ၊ မဟာသုခနာဂရ၊ တောင်ဘက်တွင် မုတ္တသုခ၊ ဝတီ၊ ထောင့်ကွယ်၊ မြောက်ဘက်တွင် အောင်သာဝတီ၊ သာဂရ၊ ညောင်ခရား၊ တဂူမြို့ဟောင်းတို့ ဖြစ်သည်။ မြို့သက်မရှည် မထင်မရှားသော ကနိုင်းငယ်၊ ကမြော၊ တလိုင်းရှောင်၊ နန်းတောင် စသော မြို့ဟောင်းငယ်များလည်းရှိသည်။

တဂူမင်းကြီး၊ တဂူမြို့ဟောင်း၊ တဂူကျောင်း၊ တဂူသိမ်၊ တဂူဘုရားတို့မှာ လွန်ခဲ့သော နှစ်ပေါင်း (၁၂၅၀) ကျော်ကပင် ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း ထားဝယ်သမိုင်းစာမျက်နှာတွင် အထင်အရှား ဖတ်ရှုလေ့လာ သိရှိရပါသည်။

*** ရာဇဝင်ထဲကတဂူ**

ထားဝယ်ရာဇဝင်၌ တဂူမြို့တည်သက္ကရာဇ်ကို ဖော်ပြရာတွင် မှိုင်းကာရီမြို့ (ကောဇာ ၉၀) နှင့် မရှေးမနှောင်း သာဂရမြို့ (ကောဇာ ၁၁၃) နှင့် ခေတ်ပြိုင်လောက်ဟုဆိုသဖြင့် ကောဇာ ၁၂၃ ဝန်းကျင်ဖြစ်သည်။ တဂူမင်းကြီး တည်ထောင်စိုးစံခဲ့သော တဂူမြို့ဟောင်းသည် ယခု ထားဝယ်မြို့မြောက်ဘက်ပိုင်း (၂) မိုင်အကွာ ဝဲကျွန်းရပ်နှင့် ဆင်ဆိပ်ရပ်များတွင် တည်ရှိခဲ့ပြီး ယခုတိုင် အချို့နေရာများတွင် တာရိုးနှင့် ကျုံးနေရာများ မထင်မရှား ကျန်ရှိနေပေသေးသည်။ တာရိုးတန်းသည် အရှေ့ဘက် တရုတ်သချိုင်းမှ အနောက်ဘက် ထားဝယ်မြစ်အထိ ရှည်လျားစွာရှိပြီး တာရိုးအတွင်း ကုန်းကမူအဆင့်ဆင့် မြေအနေအထားရှိသည်ဟုမူ ကျောင်း



စံကျောင်းပေါ်သီတင်းသုံးသော ကြေးဆင်းတုတော်



မိုးကောင်းစေတီတော် အာရုံခံဆင်းတုတော်



မိုးကောင်းစေတီတော် (တဂူသိမ်ဝင်း)



www.burmeseclassic.com


www.burmeseclassic.com



တဂူသိမ်တော်ကြီးဘုရား သပ္ပာယ်တင့်တယ်စွာ ဖူးမြော်ရစဉ်

အုပ်ကြီး အငြိမ်းစား ဦးထွန်းကြည် (၈၅) နှစ်က ငယ်ဘဝအမှတ်တရ ပြန်ပြောပြပါသည်။

တဂူနန်းတော်ရာနေရာမှာ ဆင်ဆိပ်ဖြစ်၏။ တဂူမင်းကြီးကိုးကွယ်သော နန်းဦးကျောင်းမှာ ဝဲကျွန်းသချိုင်းအနီးရှိ ဘုန်းတော်ကြီးကျောင်းနေရာဖြစ်၍ တဂူကျောင်းဟူ၍ပင် ယခုတိုင် ခေါ်ဆိုပါသည်။ လူနေအိမ်ခြေနှင့် ရဲစခန်းအိမ်ရာများ အခြေစိုက်နေထိုင်သဖြင့် ယခုအခါ တဂူမြို့ဟောင်းကို ပြောပလောက်အောင် မတွေ့ရတော့ပါ။



ရွှေသိမ်အတွင်း၊ သီတင်းသုံးသော ရုပ်ပွားတော်မြတ် (၃) ဆူ

တဂူမင်းကြီးဆိုသည်မှာ မိုင်းကာရီမြို့ကို အုပ်စိုးသော ယွန်းမင်းကြီး စောလွန်းရွှေ၏ သားတော် စောထွတ်မင်းသားနှင့် သမီးတော် စောမြဒေဝီ မောင်နှမတို့ နန်းလုပွဲကို တရားအဆုံးအဖြတ်ပေးသည့်မင်းကြီးဖြစ်၏။ ခမည်းတော်၏ အရိုက်အရာကို ငြင်းခုံလုယက်နေသော ယွန်းမောင်နှမအား -

'အသင်တို့ မောင်နှမနှစ်ဦးသည် မိမိတို့ပိုင်သည့်နယ်အတွင်း သင့်လျော်သည့်မြေတွင် အမြင့်ဉာဏ်တော်ညီမျှသည့် ဘုရားစေတီတော်တစ်ဆူစီ တည်ကြလော့။ အလျင်ပြီးသူက ထီးနန်းအုပ်ချုပ်လော့'

ဟုဆုံးဖြတ်ပေးတော်မူလေသည်။

စာရေးဆရာကြီး ရွှေဝယ်ဇေ၏ 'ထားဝယ်ရာဇဝင်သမိုင်း' စာအုပ်တွင် တဂူမင်းကြီး တိုင်းခန်းလှည့်လည်စဉ်



သိမ်တော်အတွင်းရုပ်ပွားတော်များ ဤသို့ ကြည်ညိုဖူးတွေ့ရပုံ



www.burmeseclassic.com


www.burmeseclassic.com

ချီးဥမယ်ကိုမြင်ရသည့်နေ့မှစ၍ မရမက သိမ်းပိုက်ရန် ကြံစည်အားထုတ်ခဲ့ပုံ အကြောင်းဖတ်ရသောအခါ တဂူမင်းကြီးအတွက်လော၊ ချီးဥမယ်အတွက်လော ဝေခွဲမရနိုင်ဘဲ ကြေကွဲထိရှစွာ ခံစားခဲ့ရဖူးပါသည်။

**• တဂူစေတီမှတဂူသိမ်သို့**

တဂူမင်းကြီး မူလအစတည်ထားခဲ့သော ဘုရားစေတီမှာ သိမ်တော်ကြီး ဘုရားဝင်းအနောက်တောင်ဘက် ညောင်ပင်နေရာ၌ရှိသည်။ ညောင်ပင်လဲပြို၍ စေတီပြိုပျက်သွားခဲ့ရာ ရှေးယခင်က အုတ်ပုံကြီးရှိသည်ဟု ဆိုပါသည်။ ကောဇာ ၂၇၆ ခုနှစ်တွင် သာဂရနန်းမြို့နှင့် ကင်းတပ်မြို့ အောင်သာဝတီတို့ကို ရှမ်း (ယိုးဒယား) အမတ်ကြီး ဩရဂဋ္ဌက တိုက်ဖျက်ပြီး မြစ်အရှေ့ဘက်ကမ်း ဆင်ဆိပ်တွင် ညောင်ခရားမြို့ကို တည်ထောင် အုပ်ချုပ်သည်။ ညောင်ခရားတည်နေရာကား တဂူမြို့ဟောင်းဖြစ်၏။ ရှမ်းမင်းဆက် ဩရတေသ (ကောဇာ ၂၉၁-၃၀၃)လက်ထက်၌ တဂူမင်းကြီး၏ ကောင်းမှုကုသိုလ်စေတီဟောင်း ပြိုပျက်နေသည်ကို ထပ်မံပြုပြင်သည်ဟု အဆိုရှိသည်။


နောင်တွင် စေတီကို ပြုပြင်သူ ကင်းမဲ့သွားကာ စေတီအရှေ့ဘုရားသိမ်ကိုသာ ပြုပြင်မှုရှိသောကြောင့် နှစ်ပရိစ္ဆေဒကြာသောအခါ စေတီတော်အစား သိမ်တွင်းရှိ ရုပ်ပွားတော်မြတ်ကို တဂူဘုရား



စေတီပျက်ဆုတ်ပုံအား ဖုံး၍ အသစ်တည်ထားသော အောင်သိဒ္ဓိစေတီ



ဂန္ဓကုဋိအတွင်း၊ သီတင်းသုံးသော စကျင်ကျောက်ဆင်းတုတော်



သမုတ်သိမ်အတွင်းသီတင်းသုံးသောဆင်းတုတော်

www.burmeseclassic.com



ဘေးတိုက်ဖူးမြင်ရသော တရုသိမ်ဘုရားကြီး



သိမ်တော်ကြီးအတွင်း ဆင်းတုတော်များ



သိမ်တော်ကြီးအတွင်းဆင်းတုတော်များ



တရုသိမ်တော်ကြီးမျက်နှာကျက်



ရွှေသင်္ကန်းတော်နှင့် ဝရဒမုဒြာရုပ်တော်မှ



မှန်သင်္ကန်းတော်နှင့် ကရုဏာမုဒြာရုပ်တော်မှ

ဟူ၍ စွဲမှတ်ခေါ်ဝေါ်ကြသည်။ တရုသိမ်တော်ကြီးဘုရားဟုလည်းတွင်၏။


ယခု ဖူးမြင်ရသည့် သိမ်တော်ကြီး အနောက်မြောက်ဘက်ရှိစေတီတော်မှာ အသစ်တည်ထားသောစေတီဖြစ်သည်။ ဝဲကျွန်းထိန်သစ်ရပ်နေ အလှူ့ဒါယကာ ဦးတုတ်ကြီး၊ ဒါယိကာမ ဒေါ်သီးရင်တို့က ကောဇာ ၁၂၆၅ တွင် တည်ထား ကိုးကွယ်ခဲ့ကြောင်း သိရ၏။ နှီးပေါင်း

www.burmeseclassic.com

www.burmeseclassic.com


(၁၁၁) နှစ်ရှိပြီ ဖြစ်သည်။ စေတီအုတ်မြစ်ချစဉ်က မိုးကြီးသည်းထန်စွာရွာသွန်းသောကြောင့် မိုးကောင်းစေတီဟုတွင်သည်။ စေတီတည်စက ထုံးသင်္ကန်းဖြစ်သော်လည်း ဦးတုတ်ကြီး၊ ဒေါ်သီးရင်တို့၏ သားသမီးတို့က ဖန်သင်္ကန်းကပ်လှူပူဇော်၏။ ယခုအခါ တဂူသိမ်ဂေါပကအဖွဲ့က ရွှေသင်္ကန်း ကပ်လှူပူဇော်ထားသည်။ ညောင်ပင်ပြို၍ ပြိုပျက်သွားသော မူလစေတီသည် ယခု စေတီထက်ကြီးကြောင်း သက်ကြီးစကားကို မှတ်သားရ၏။


ညောင်ပင်ပြိုလဲ၍ မူလ တဂူဘုရားစေတီပြိုပျက်သွားသောနေရာ


တဂူကျောင်းမှုခ်အဝင်


တဂူသိမ်တော်ကြီးဘုရားမုခ်အဝင်


တဂူသိမ်တော်ကြီးဘောတိုက်အမြင်


စံကျောင်းတော်နှင့် ရှင်ဉပဂုတ္တမထေရ်
(တဂူသိမ်ဝင်း)


တဂူသိမ်တော်ကြီးအတွင်းရှိ
ရှေးဟောင်းခေါင်းလောင်းကြီး

www.burmeseclassic.com

*** တဂူသိမ်တော်ကြီးဘုရား**

ယခုအခါ တဂူဘုရားဟုဆိုလျှင် သိမ်တော်ကြီးအတွင်း ဖူးတွေ့ရသော ရုပ်ပွားတော်မြတ်ကြီးသာ သိရှိတော့သည်။ ၎င်းရုပ်ပွားတော်မြတ်ကြီးသည်လည်း နောက်ပြုပြင်ထားသောရုပ်ပွားတော်ကြီးဖြစ်၍ မူလရုပ်ပွားတော်ကို ဌာပနာထားကြောင်းဆို၏။ မြန်မာနှစ် ၁၁၉၃ ခုနှစ်က သွန်းလုပ်သော အဝ အချင်း (၁၈) လက်မ၊ အမြင့် (၂၄) လက်မ၊ ကြေးပိဿာချိန်(၁၀၀)ရှိ ကြေးခေါင်းလောင်းကြီးတစ်လုံးကို တဂူသိမ်တော်ကြီးအတွင်းတွေ့ရသည်။

သိမ်တော်အတွင်း ရှေးလက်ရာ မုနိရုပ်ပွားတော်အကြီး၊အငယ်စုစုပေါင်း (၂၈) ဆူ ဖူးမြင်ရ၏။ ရုပ်ပွားတော်မြတ်ကြီးနှစ်ဆူကို အရှေ့လှည့်၊ အနောက်လှည့် ကျောချင်းကပ်ကြည်ညိုထားပြီး အရှေ့ဘက်တွင် (၁၀) ဆူ၊ အနောက်ဘက်တွင် (၁၈) ဆူ ရှိသည်။ ရုပ်ပွားတော်အားလုံး အင်္ဂတေထုဖြစ်သည်။ ဦးအောင်စိန်(ဝဲကွန်း)လှူဒါန်းထားသော ကြေးဘုရားတစ်ဆူပါဝင်သည်။ ဉာဏ်တော် တစ်တောင်တစ်မိုက်တစ်သစ်ရှိ၏။

အရှေ့လှည့်အလယ်ထိုင်ခုံတော်မူ ရုပ်ပွားတော်အား မှန်စီပလ္လင်နှင့် ကိုယ်လုံးတော်ပြည့် ရွှေချထားပြီး နဂါးနှစ်ကောင်ရံထားသည်။ လက်ဝဲဘက် ရုပ်တော်မူမှာ ညာလက်တော်ရင်ဘတ်ဖိကပ်လျက် ကရုဏာမုဒြာဖြစ်ပါသည်။ အောက်တွင် ဘီလူးက ငရဲသားဦးခေါင်းကိုနင်း၍ လက်တစ်ဖက်ကိုဆွဲထားပုံရှိသည်။ လက်ယာဘက် ရုပ်တော်မူမှာ ကိုယ်ခန္ဓာကိုတံတားခင်းသော သုမေဓာရှင်ရသေ့အား လက်ချောင်းအောက်စိုက်ပြီး လက်ဖဝါးအပြင်ဖြန့်ပြသည့်ဆုပေးနေဟန် ဝရဒမုဒြာ ဖြစ်ပါသည်။ အောက်တွင် နတ်သားက ငရဲသားဦးခေါင်းကိုနင်း၍ လက်တစ်ဖက်ကို ဆွဲထားသည်။

အနောက်လှည့်အလယ်ထိုင်တော်မူရုပ်ပွားတော်၏ ဘယ်၊ ညာတွင် ကရုဏာမုဒြာရုပ်တော်မူနှစ်ဆူကို ဖူးမြင်ရသည်။ သိမ်နံရံကျောကပ်တန်းစီလျက်ရှိသော ထိုင်တော်မူ၊ ရပ်တော်မူ ဆင်းတုများကိုလည်း တစ်ဖက်တစ်ချက်၌ ဖူးရ၏။ ထူးခြားချက်မှာ ဆင်းတုတော်တို့၏ မဏိတော်ဦးသျှောင်သည် ရှမ်း (ယိုးဒယား) မှ ကူးလူးလာဟန်တူသော ကြာဖူး၊ ငှက်ပျောဖူးအချွန်းပုံသဏ္ဌာန်တို့ကို တွေ့ရခြင်းဖြစ်သည်။ အင်းဝခေတ်လက်ရာများဖြစ်၏။



**တဂူကျောင်းဝင်းအတွင်း၊**
**သက်တမ်းရင့်ဗောဓိညောင်ပင်**

၎င်းတဂူသိမ်တော်ကြီးတွင် ခေတ်အဆက်ဆက် ရုပ်ပွားတော်များထုလုပ်ပူဇော်ခဲ့ရာ ထူးခြားသည့် ပုံတော်များအပြင် သမားရိုးကျပုံတော်အမျိုးမျိုးကို ဖူးမြင်ရပါသည်။ မှန်သက်န်းကပ်လှူသည်မှအပ ရုပ်ပွားဆင်းတုများမှာ ရှေးလက်ရာ ရှေးမူမပျက်ဟု ဆို၏။ သိမ်အတွင်း ရှင်သီဝလိမထေရ်ကို လည်းကောင်း၊ ရှင်ဥပဂုတ္တမထေရ်ကို သီးခြားစံကျောင်းနှင့် လည်းကောင်း တွေ့ရသည်။ ဘုရားသိမ်နှင့်တစ်ဆက်တည်း အရှေ့ဘက်၌ တဂူသိမ်တော်ကြီးဓမ္မာရုံရှိသည်။ အမိဋ္ဌာန်ဝင်သူများ၊ ဓာတ်စီးဓာတ်စခန်းဝင်သူများအတွက် ထူးကဲသောနေရာ ဖြစ်သည်။ သမထဖြစ်စေ၊ ဝိပဿနာဖြစ်စေ အားထုတ်နိုင်သောနေရာဖြစ်သည်။

*** တဂူကျောင်း**

တဂူသိမ်တော်ကြီးနှင့် ဓားလွယ်ခုတ်တွင် တဂူဘုန်းတော်ကြီးကျောင်း (တဂူကျောင်း) ရှိသည်။ ကျယ်ဝန်းပြန့်ပြူးသော ကျောင်းဝင်းကြီးနှင့် သစ်ရိပ်ဝါးရိပ်တို့ အုပ်ဆိုင်းနေ၏။ အဆင်သင့်ပင် ကျောင်းထိုင်ဦးပဉ္စင်းဦးကောဝိဒအား ဦးချကန်တော့ရသည်။

တဂူကျောင်းသို့ ဦးပဉ္စင်းကြွရောက်စ ယခင်ကျောင်းထိုင်ဆရာတော် အရှင်ဇဝနရှိစဉ်က ဟောင်းနွမ်းယိုင်နဲ့နေပြီဖြစ်သော သစ်သားကျောင်းဆောင်ကိုဖျက်ပြီး အုတ်တိုက်ဆောက်သည်။ ကျောင်းဝင်းတစ်ခုလုံး ချုံနွယ်ပိတ်ပေါင်းဖုံးနေသဖြင့် လူသွားလူလာခြောက်ကပ်တိတ်ဆိတ်လျက်ရှိရာ ဦးပဉ္စင်းကိုယ်တိုင်ဓားကိုင်တောရှင်းသည်။ သီးပင်စားပင် အရိပ်ရပင်မျိုးစုံကို စိုက်ပျိုးသည်။ ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ဂန္ဓကုဋီ၊ ရေတွင်း ရေကန် အသစ်ပြုပြင်သည်။ ယခုအခါ သီလရှင်များ၊ ယောဂီများ၊ တရားအားထုတ်သူများ၊ ဥပုသ်သည်များ၏အမျှဝေ၊ သာဓုခေါ်သံ၊ ကြေးစည်သံ၊ ဓမ္မသံတို့ ထုံလွှမ်းနေပေပြီ။

တဂူကျောင်းဝင်းအတွင်း အောင်သိဒ္ဓိစေတီကို ဖူးတွေ့ရ၏။ အရှင်ဇဝနသက်တော်ထင်ရှားရှိစဉ်အခါက ပြိုပျက်နေသော ထိုစေတီအုတ်ပုံ၌ (၅၄၇) ဟု ရေးထွင်းထားသည့် ကျောက်ပြားတစ်ချပ် တွေ့ရှိဖူးပြီး ၁၃၅၀ ပြည့်နှစ်တွင် အုတ်ပုံကိုငုံ၍ စေတီပြန်တည်သောအခါ ၎င်းကျောက်ပြားအား ဌာပနာခဲ့သည်ဟု မိန့်ခဲ့ဖူးကြောင်း၊ ကောဇာနှစ် ၅၄၇ ဆိုလို၍ စေတီတည်နှစ်ဖြစ်ကြောင်း ဦးကောဝိဒက မှတ်မှတ်သားသားမိန့်ဆိုပါသည်။ ထိုအချိန်က ပုဂံတွင် နရပတိစည်သူမင်းကြီး (ကောဇာ ၅၃၅- ၅၇၂) နန်းစံကာလဖြစ်၏။ စေတီအနီး အိန္ဒိယမှ ပင့်ဆောင်လာသော သက်တမ်းရင့် ဗောဓိညောင်ပင်ကို တွေ့ရှိရပါသည်။ စံကျောင်းဘုရားခန်းတွင် ဉာဏ်တော် (၂၃½) လက်မ ရှေးဟောင်းကြေးဆင်းတုတစ်ဆူ ပူဇော်ထားသည်ကို ကြည်ညိုဝပ်တွားဖူးမြင်ခဲ့ရပါသည်။

နှစ်ပေါင်းထောင်ချီမက ကြာမြင့်ခဲ့ပေပြီ။

တစ်ဂူတွင် တစ်ကောင်သာ အောင်းလေ့ရှိသည့် သားရဲခြင်္သေ့ထုံးနှလုံးမူ၍ တစ်ထီးတစ်နန်းနှင့် တစ်ပါးတည်းသော မင်းစိုးရာဇာအဖြစ် ရာဇဝင်ကမ္ပည်းထိုးလိုဟန်ရှိသဖြင့် တဂူကို ဝိဂြိုဟ်ပြုခဲ့လေသလောဟု ကျွန်တော်တွေးနေမိပါသည်။

မည်သို့ဆိုစေ တဂူမင်းကြီး တည်ထောင်အုပ်စိုးသွားခဲ့သော တဂူမြို့ဟောင်းနေရာအစအနတို့ ခြေရာကောက်ရန် မှုန်ဝါးဝါးဖြစ်ငြားသော်လည်း တဂူကျောင်း၊ တဂူသိမ်၊ တဂူဘုရားတို့မှာမူ ထားဝယ်သမိုင်းဝင်အဖြစ် အထင်အရှားကျန်ရှိနေသည် မဟုတ်ပါလား။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

တင်အောင်(စက်မှုတက္ကသိုလ်)

# ချောင်းဝဆရာတော်ကြီး

## အမှတ်တရ

၉-၉-၁၉၈၀ ပြည့်နှစ်၊ တနင်္ဂနွေနေ့၊ ညနေ (၄) နာရီ။

ကျွန်တော်နှင့် သူငယ်ချင်းဖြစ်သူ ကိုတင်လှိုင်(နဂါးနီကြာဆံစက်)တို့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ချောင်းဝကျောင်းတော်တွင် သီတင်းသုံးတော်မူသော ချောင်းဝဆရာတော်ဘုရားကြီး ဦးဂုဏသာမိရှေ့တော်မှောက်တွင် ရောက်ရှိနေသည်။

ရောက်ရှိရခြင်း၏အကြောင်းမှာ ၁၀-၉-၁၉၈၀ ပြည့်နှစ်တွင် ဖြေဆိုရမည့် ဓာတုအင်ဂျင်နီယာဘာသာရပ် (နောက်ဆုံးနှစ်) ကျမ်းပြုနှုတ်ဖြေစာမေးပွဲကို လွယ်ကူချောမောစွာ အောင်မြင်ရန်ဖြစ်သည်။

ဆရာတော်ကြီးသည် ကျွန်တော်တို့ကို အလင်းတိုင်နှင့် အမွှေးတိုင်များကို သိဒ္ဓိတင်ပေးလိုက်ပြီး စာမေးပွဲဖြေဆိုချိန်အတွင်း အိမ်ရှိဘုရားကို ထွန်းညှိပူဇော်ရန် ဖြစ်သည်။

ဆရာတော်ကြီးမိန့်လိုက်သည်မှာ-

"လူတွေက ဘယ်ဘုရားသွားဖူးမယ်ညာဘုရားသွားဖူးမယ်နဲ့ ပြောကြတယ်။ အိမ်ကဘုရားက ဘုရားမဟုတ်ဘူးလား။ အိမ်ကဘုရားကို အားနာဖို့ကောင်းတယ်" တဲ့။


၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလက အဘအောင် ရေးသား ထုတ်ဝေသော 'တွေ့ရှုရှင်ချောင်းဝဆရာတော်ဘုရားကြီး ဦးဂုဏသာမိထေရ်ပ္ပတ္တိနှင့် တရားတော်များ' စာအုပ်ကို ရှာ၍မတွေ့တော့ပါ။ ၁၉၈၂ ခုနှစ်မှ ၂၀၀၈ ခုနှစ် မေလ ၂ ရက် ဆရာတော်ကြီး ခန္ဓာဝန်ချသည့်နေ့အထိကာလအတွင်းတွင် အခြေအနေတွေ အများကြီးတိုးတက်ပြောင်းလဲလာခဲ့သည်။ ဆရာတော်ကြီး၏အကျင့်အကြံ၊ အဆုံးအမ၊ အဟောအပြောတို့မှာ မှတ်တမ်းမဝင်ဘဲ ပျောက်ပျက်သွားမည်ကို စာရေးသူ မလိုလားပါ။ ထို့ကြောင့် ဆရာတော်ကြီးအား သိမီလိုက်သူများ၏ အတွေ့အကြုံများကို လိုက်လံမေးမြန်းရပါသည်။

၁၂-၁၀-၂၀၁၄၊ တနင်္ဂနွေနေ့ နံနက် (၉) နာရီတွင် ချောင်းဝကျောင်းသို့ ကျွန်တော်ရောက်ပြီး လက်ရှိသီတင်းသုံးနေသောဆရာတော်ကို ဆရာတော်ကြီး၏ မှတ်တမ်းမှတ်ရာများရှိပါသလားဟု လျှောက်ထားရာ ဘာမှမသိကြောင်း၊ မင်းသား(ဦး)ကျော်ဟိန်းသာသိကြောင်း ဖြေကြားခဲ့ပါသည်။

ဖခင်စာရေးဆရာကြီးဦးရန်အောင် ကိုးကွယ်ခဲ့သော မဟိန္ဒရာသူတော်စင် ရုပ်ပွားတော်ကြီးကို ချောင်းဝကျောင်းရှိ ထူးဆန်းပြည့်စုံမှာရုံကြီးတွင် ဖူးတွေ့ခဲ့ရပါသည်။

အဖေကွယ်လွန်ပြီးနောက် ၁၉၉၈ ခုနှစ်တွင် ချောင်းဝဆရာတော်ကြီးသည် မဟိန္ဒရာသူတော်စင်ရုပ်တုရှိရာ ရန်ကင်းသို့ ကြွလာခဲ့သည်။ ဆရာတော်ကြီးက သူတော်စင်ရုပ်တုကိုကြည့်ပြီး -

"ရုပ်တုက တော်တော်အသက်ဝင်တာပဲ။ ဒါကြောင့် ဘုန်းကြီးကို အိပ်မက်မကြာခဏပေးတာပဲ။ ရုပ်တုကိုပုံတူထုလုပ်ကိုးကွယ်ကြပေမယ့် မူလရုပ်တုကို မမီဘူး။ ရုပ်ပွားတော်သာဖြစ်မယ်။





www.burmeseclassic.com

www.burmeseclassic.com

သူတော်စင်ကကြိုသိတာတွေအများကြီးပဲ။ လူတွေက ကတိသစ္စာမတည်ကြလို့ နှုတ်ဆိတ်နေတာပဲ။ ဒီရုပ်တုကိုရခဲ့တဲ့ ဒကာကြီး ဦးရန်အောင်ဟာ တော်တော်ကံထူးတာပဲ။မြန်မာပြည်မှာတစ်ဆူတည်းသာရှိတဲ့ မဟိန္ဒရာသူတော်စင်ရုပ်တုကို ပိုင်ထားတာပဲ"

ဟူ၍ မိန့်ကြားသွားလေသည်။

ဆရာတော်ဘုရားကြီးအား တစ်ခါက-

"အမိဋ္ဌာန် ဘယ်နှရက်ဝင်ရမလဲဘုရား"

ဟု မေးလျှောက်ရာ -

"သုံးရက်ဝင်၊ ကြာသွားရင် ပေါ့တတ်တယ်"

ဟု မိန့်ပါသည်။

မေတ္တာပွားပုံနှင့်ပတ်သက်၍ -

"တစ်နေ့ကို 'ကျန်းမာချမ်းသာပါစေ' ဝိစီကံတစ်သိန်းလောက်ပွားရင် အတော်သိသာပါတယ်"

ဟု မိန့်ပါတယ်။

စွမ်းနိုင်သူ၊ ရွတ်ပွားနိုင်သူများအား မဟာဝေဒဗ္ဗမန္တန်တော်ကို ချီးမြှင့်ပါသည်။ ရွှေမောင်းငွေမောင်းဂါထာများကို ရွှေမောင်း၊ ငွေမောင်းများတွင် ရေးထိုး ပူဇော်ထားပါသည်။ စကားချပ် (၁၁ - ၁၁ - ၂၀၁၄ အာဆီယံအစည်းအဝေးဖွင့်ပွဲတွင် သမ္မတဦးသိန်းစိန်က ရွှေမောင်းသုံးချက်တီး၍ဖွင့်သည်ကို တီဗွီမှကြည့်၍ ချောင်းဝဆရာတော်ကြီးကို အထူးသတိရမိသည်။) ဆရာတော်ကြီးသည် ကျီးစာကျွေးရင်း ကျီးမင်းဂါထာကို ရွတ်ပွားတတ်ပါသည်။ အတိုဆုံး၊ အကောင်းဆုံးဘုရားရှိခိုးမှာ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဖြစ်၍ ကိုယ်တိုင်လည်း ကြလေရာသို့ ကိုးလုံးပုတီးတစ်ကုံးနှင့် အမြဲပွားများတတ်ပါသည်။ ၁၃၅၅ ခုနှစ်၊ ဝါဆိုလတွင် ဆရာတော်ထံ ကြက်ဖြူလေးများလာလှူပြီး ကြက်ကလေးများက ဆရာတော်၏ ပခုံးပေါ်နှင့် လက်ရန်းပေါ်သို့တက်သောအခါ ဆရာတော်က -

"ကြက်ပျံမကျ သာသနာပြုရဦးမယ်"

ဟု မိန့်ပြီး ကြက်ပျံမကျဂါထာတော်ကို ချီးမြှင့်ပါသည်။ ဂါထာများရွတ်ပွားရာ၌ အနုလုံရွတ်ပွားခြင်းကိုသာ လိုလားပြီး ပဋိလုံရွတ်ပွားခြင်းကို လုံးဝခွင့်မပြုပါ။

ကျီးမင်းဂါထာ

အင်္ဂေါ်ပုဒ္ဓေါ၊အင်္ဂေါဓမ္မော၊အင်္ဂေါ
သံဃော၊ အနုတ္တရော၊ အင်္ဂေါ
ဝိပါကော၊ မေ ဟောတု၊ ယံ ယံ
ကတ္တဗ္ဗံ သမိဇ္ဈတု။

အလှူဒါနနှင့်စပ်လျဉ်း၍ ဆရာတော်က -

"ငါလည်း စူးစမ်းကြည့်၊ ပြည့်ပြည့်ပြည့်စုံစုံ မလှေ့လာဘဲ ဘယ်သူမှ လာမလှူနဲ့"

ဟု မိန့်သည်။

အလှူဒါနပြုရာတွင် တိရစ္ဆာန်အစ မြတ်စွာဘုရားအဆုံး အလှူခံအားလုံးတို့အား နည်းအမျိုးမျိုးဖြင့် လှူတွေဒါနပြုကြသည်။ပုရွက်ဆိတ်လေးကို ထန်းလျက်တစ်လုံးချကျွေးရာတွင် မကုန်ခင်ကပင် တွန့်တိုနေကြကြောင်း၊ ဆွမ်းကပ်သည့်အခါ၌ ယင်နား၍ မောင်းနှင်သော ဒကာမကြီးတစ်ဦးက -

"ယင်တွေကလည်းဆိုးလိုက်တာ"

ဟု ပြောမိရာ ဆရာတော်က -

"ဘာဆိုးလို့လဲ၊ နင်တို့လည်းရှာစားနေရတာ သူတို့လည်း ရှာစားနေရတာပဲ။ သူတို့အားလုံးစားတာ တစ်ပန်းကန်မကုန်တောင်မကုန်ဘူး။ သက်သက်တောင် ဒါနပြုရဦးမယ်"

ဟု မိန့်တော်မူသည်။

၁၉၉၂ ခုနှစ်၊ အောက်တိုဘာလတွင် ထိုင်းနိုင်ငံ မြန်မာသံအမတ်ကြီး ဦးညွန့်ဆွေ၏ ပင့်ဖိတ်ချက်အရ ထိုင်းနိုင်ငံသို့ ကြွရောက်ပါသည်။ ဆရာတော်က စောစောပိုင်းကပင် ပြည်ပပင့်သည့်ကိစ္စများ၌ လက်မှတ်မထိုး၊ လျှောက်လွှာမတင်ရလျှင်ကြွမည်။ သာသနာ့ဝန်ထမ်းဘုန်းကြီးရဟန်းဖြစ်၍ လူများလိုလက်မှတ်ထိုး၊ လျှောက်လွှာတင်ခြင်းကဲ့သို့သောအလုပ်မျိုးကို မလုပ်နိုင်ဟုမိန့်တော်မူသည်။ မည်သည့်အခါမျှ လက်မှတ်ထိုးခြင်း၊ လျှောက်လွှာတင်ခြင်းလည်း မပြုပါ။ ထိုင်းနိုင်ငံတွင် ထိုင်းဘုရင်နှင့် ဝန်ကြီးချုပ်တို့ လာရောက် ဖူးမြော်ကြပါသည်။

"ဘာကိစ္စကြွပါသလဲဘုရား"

ဟူသော အမေးကို -

"ဘာကိစ္စမှမရှိဘူး။ သာသနာပြုကြွတာလည်း မဟုတ်ဘူး။ ပင့်လို့ကြွလာတာ"

ဟူသော မိန့်တော်မူသည်။ ထိုင်းနိုင်ငံတွင် ဘန်ကောက်ရှိ ဘုရားများနှင့် ဇင်းမယ်ရှိ စေတီတော်များကို ကြွရောက်ဖူးမြော်ခဲ့ပါသည်။

ချောင်းဝဆရာတော်ကြီး၏ ဇာတိမှာ ညောင်ကုန်းမြို့အပိုင် သံကြိုးရွာကြီးဖြစ်သည်။ ခမည်းတော် ဦးချစ်လေး၊ မယ်တော် ဒေါ်ပုတို့မှ သားနှစ်ယောက်ထွန်းကားရာ သားကြီး မောင်တင်ညွန့်၊ သားငယ် မောင်တင်သိန်း (ချောင်းဝဆရာတော်) တို့ ဖြစ်ကြပါသည်။ မောင်တင်သိန်းကို ၁၂၇၈ ခုနှစ်၊ နတ်တော်လပြည့်၊ တနင်္လာနေ့ (၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်) အရုဏ်တက်ချိန်တွင် မီးရှူးသန့်စင်ဖွားမြင်သည်။

ပဋိသန္ဓေနေစဉ်က မယ်တော်ကြီး ဒေါ်ပု အိပ်မက်ဆန်းမက်သည်။ ရွှေအဆင်းရှိသော ငါးကြီးတစ်ကောင် မြစ်အတွင်းမှ အိမ်ပေါ်သို့ တက်လာသည်။

ရွှေအဆင်းရှိသော ငါးကြီးက -

"မိဘနှစ်ပါးသတိထားပါ၊ နေဝိဇ္ဇာဖြစ်လတ္တံ့"

ဟု သတိပေးသည်။

ထို့နောက် လူသူတော်တစ်ယောက် ကြွရောက်လာပြီး ဝလုံး(၉)လုံးကို ရေးပြသည်။ ခမည်းတော်နှင့် မယ်တော်တို့သည် သမ္မာအာဇီဝအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းကာ ကုံလုံကြွယ်ဝကြသည်။ ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းကြသည်။ ဓနုဖြူမြို့ တောင်ပေါ်တိုက်(သဒ္ဓမ္မဇောတိကရာမ)တွင် စာသင်စာချဆရာတော် (၁၅၀)ခန့် သီတင်းသုံးသည်။ သံကြိုးရွာသို့လည်း ရွာသူရွာသားများ ကိုးကွယ် ဆည်းကပ်နိုင်ရန် ခွဲဝေပေးသည်။နတ်တော်လပြည့် အရုဏ်တက်ချိန်တွင် မယ်တော်ကြီး၏ ဝမ်းကြာတိုက်မှ မနာမကျင်သက်သောင့်သက်သာဖြင့် ဝမ်းဆွဲမကူရဘဲ ဆရာတော်ကို မွေးဖွားသည်။ ထိုနေ့က ခြံဝင်းအတွင်းရှိ ပန်းပင်များအားလုံး ဖူးပွင့်ဝေဆာနေကြသည်။ဆရာတော်ဦးဉာဏဝံသ၊ အဂ္ဂမဟာပဏ္ဍိတဦးကောသလ္လ၊ အဂ္ဂမဟာပဏ္ဍိတဦးဂုဏဝံသတို့ထံတွင် ရှင်သာမဏေဘဝသို့ သက်တော် (၁၀) နှစ်သားတွင် ပထမအကြိမ် ဝင်ရောက်သည်။ သက်တော် (၁၅) နှစ်သားတွင် ဒုတိယအကြိမ်၊ လက်ပံတန်းမြို့ သစ်တက္ကသိုလ်၊ ညဝါအဘိဓမ္မာကျမ်းပေါင်းများစွာကို ရေးသား ပြုစုခဲ့သော အဂ္ဂမဟာပဏ္ဍိတ သဒ္ဓမ္မောဒယဆရာတော်ကြီးထံတွင် ရှင်သာမဏေဘဝသို့ရောက်သည်။ဘွဲ့တော်မှာ ဂုဏသာမိဖြစ်သည်။ ထိုအချိန်မှစ၍ ရှင်လိင်မပြန်တော့ပေ။

www.burmeseclassic.com

သက်တော်(၂၅)နှစ်တွင် ချောင်းဝကျောင်းတိုက်သို့ စာကျက်၍ကောင်းသောနေရာတစ်နေရာအဖြစ် ရောက်ရှိမွေ့လျော်ခဲ့သည်။ ရေကြမ်းမြေကြမ်းဟုထင်ရှားခဲ့သော ဤကျောင်းတိုက်၌ ကျောင်းထိုင်ဆရာတော်က ရုတ်တရက်ပျံလွန်တော်မူခဲ့သည်။ တစ်ပါးက လူထွက်သွားခဲ့သည်။ မမျှော်လင့်ဘဲ ကျောင်းထိုင်ဘဝသို့ရောက်ရှိခဲ့သည်။ ရဟန်းပျိုဘဝတွင် မြန်မာပြည်အနှံ့ ထင်ရှားသောစာသင်တိုက်ကြီးများတွင် ပရိယတ္တိပညာကိုလေ့လာဆည်းပူးခဲ့သည်။ သက်တော်(၃၅) နှစ်တွင် မဟာဗောဓိပင်ကို ဖူးမြော်လို၍ အိန္ဒိယနိုင်ငံသို့ ကြွရောက်ခဲ့သည်။ ရာဇဂြိုဟ်၊ သာဝတ္ထိ၊ ပါဋလိပုတ်၊ မိဂဒါဝန်၊ လုမ္ဗိနီ၊ ကုသိနာရုံ၊ ဒါဂျီလင်၊ ဘုံဘေမြို့များသို့ ရောက်ခဲ့သည်။ သီဟိုဠ်စွယ်တော်တိုက်သို့ ကြွရောက်ကာ စိတ်အေးချမ်းစွာ ပူဇော်ခဲ့သည်။

ကြမ်းလှသည်ဆိုသော ချောင်းဝကျောင်းတိုက်တွင် သီလစင်ကြယ်အောင်နေပြီး မေတ္တာဘာဝနာပွားများခဲ့သည်။ သမထအလုပ်နှင့် ဝိပဿနာအလုပ်နှစ်ခုလုံးကိုတွဲ၍ အားထုတ်တော်မူခဲ့ရာ သမထအလုပ်တွင် အဓိဋ္ဌာန်မြောက်စိတ်အကြံပေါက်ခဲ့ကြောင်း သိရသည်။ လှူနိုင်ပါရစေ၊ ပေးနိုင်ပါရစေ၊ ကျွေးနိုင်ပါရစေဟု ဆုတောင်းသည့်အတိုင်း ပြည့်စုံခဲ့သည်။ အင်းစိန်၌ဝါဆိုစဉ် ထွက်ရပ်ပေါက်ဆရာတော်ကြီးများ၏ ညွှန်ကြားချက်ဖြင့် တပည့်များက ပြဒါးဖိုဝင်ပေးရသည်။ ဆရာတော်ကြီးများ ညွှန်ကြားသလို ဘာသာခြား၊ ဗုဒ္ဓဘာသာဝင်များဖြင့် ဆောင်ရွက်၍ ပြဒါးသေသည်။ ရရှိသော ပြဒါးစာတ်သားကို မန္တလေးသို့ပို့၍ 'ဒါနမုဒြာ' ဆင်းတုတော်တစ်ဆူသွန်းလောင်းသည်။ ပုံလောင်းသောညပ်မှာ ပြဒါးစာတ်သားဆင်းတုတော်လောင်းပြီးလျှင်ပြီးချင်း ပျက်စီးကွဲကြေသွားသည်။ ဆင်းတုတော်ကို 'သိဒ္ဓိရှင်ပြဒါးစာတ်သားဆင်းတုတော်' ဟူ၍ အမည်သသည်။

တကယ့်သိဒ္ဓိရှင်အစစ်ဆိုသည်မှာ 'မြတ်စွာဘုရားမှလွဲ၍ အခြားမရှိ' ဟု ဆရာတော်က မိန့်တော်မူသည်။ ၁၉၉၂ ခုနှစ်တွင် လေးကျွန်းဇမ္ဗူသိဒ္ဓိရှင် အောင်တော်မူနဝရက်စေတီတော်တို့ကို တပည့်အများအားဖြင့်တည်ထားပူဇော်စေသည်။

**ဆရာတော်ဘုရား၏တစ်နေ့တာ**

ဆရာတော်ဘုရား၏အခန်းမှ မီးမှာ ည (၁၂) နာရီခန့်တွင် ပိတ်သည်။



သို့သော် ဆရာတော်၏ ကျန်းမာရေးအတွက် စောင့်အိပ်ကြသူ ကပ္ပိယ (၂) ယောက်သာ အိပ်ပျော်ကြသည်။ သူတို့အိပ်မပျော်၍ ကြည့်လိုက်လျှင် ဆရာတော် တရားမှတ်နေတာ၊ မေတ္တာပို့အမျှအတန်းဝေနေတာ၊ မောင်းထု အမျှဝေနေတာတို့ကို တွေ့ရတတ်သည်။ အိပ်ချိန် မည်မည်ရရမရှိ။ နံနက်(၂)နာရီတွင် မျက်နှာသစ်ပြီးနောက် (၄) နာရီအထိ တရားမှတ်သည်။ (၄) နာရီမှ (၅) နာရီအထိ မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားခွေများကိုဖွင့်ကာ တရားနာရင်း တရားမှတ်သည်။ (၅) နာရီအချိန်တွင် စကြံကြွကာ ကျီးများ၊ ငါးများ၊ ခွေးများကို အစာကျွေးတော်မူသည်။ နံနက်(၆)နာရီအချိန်တွင် ရောက်လာသော ပရိသတ်များ၏ အဖူးအမြော်ကို ခံယူကာ ဆုံးမညွှန်ပြသည်။ (၆း၃၀) နာရီတွင် အရုဏ်ဆွမ်းအကပ်ခံတော်မူသည်။ နေ့ဆွမ်းကို (၁၁) နာရီကျော်မှ ချီးမြှင့်တတ်သည်။ ရှားပါးသောအချိန်ကာလတွင် ငွေကြေးအကုန်အကျခံ၍ သဒ္ဓါတရားကြီးမားစွာ ကြိုးစား ချက်ပြုတ်ပို့ဆောင်လာသော ဆွမ်းဟင်းများကို ပရိသတ်ကျေနပ်အောင် ချီးမြှင့်သည်။ ဆွမ်းစားရင်းပင် ဆွမ်းစားရသောဒုက္ခ၊ ပြင်ဆင်ရသောဒုက္ခ၊ ချက်ပြုတ်ရသောဒုက္ခ၊ ရှာဖွေရသောဒုက္ခတို့ကို ပေါင်းစပ်၍ ဒုက္ခဘုံကြီးဟုမိန့်ဆိုသည်။ ဆွမ်းစားပြီးအချိန်မှ နေ့လယ် (၂) နာရီအထိ ခေတ္တအနားယူသည်။ ဝါတွင်းကာလများတွင် ည (၇) နာရီ၌ ဆရာတော်က တရားဟောတရားပြတတ်သည်။ စင်စစ် ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ မမြဲပုံ၊ မဖောက်ပြန်ပုံနှင့် သစ္စာလေးပါးတို့ကို လက်တွေ့မျက်မြင် ဥပမာများဖြင့် ဟောပြောလေ့ရှိသည်။ တစ်ခါက တပည့် ကပ္ပိယ ကိုကံညွှန့်က ဆရာတော်အား ဓာတ်ပုံရိုက်ရန် ပြင်ပဓာတ်ပုံဆိုင်တစ်ဆိုင်သို့ပင့်သွားကာ ဓာတ်ပုံရိုက်ယူသည်။ ဓာတ်ပုံရိုက်နေစဉ်ဘော့ လုပ်သမျှ သည်းခံတော်မူသည်။ ပြန်ရောက်သည့်အခါမှ ကိုကံညွှန့်အား -

"နောင်ရုပ်သေဓာတ်ပုံမရိုက်ရန်၊ ရုပ်ဆိုတာ အသေမဟုတ်ဘူးဟဲ့ အရှင်ပဲ အမြဲဖြစ်ပျက်နေတာ။သဘာဝအတိုင်းပဲ ဓာတ်ပုံရိုက်ဟဲ့"

ဟု ဆုံးမတော်မူသည်။

ဒကာမကြီးတစ်ဦးက ခန္ဓာစေတီတည်တာ (၁၈) ဆူရှိပြီ ဖြစ်ကြောင်း ဆရာတော်ကို လျှောက်ထားသည်။ ဒကာမကြီးခမျာ ကိုယ်ဝန်လည်းဆောင်ထားရသည်။ ဆရာတော် မိန့်ဆိုလိုက်ပုံက -

"ခန္ဓာစေတီဆိုတာ ဘုရားပစ္စည်းတွေထည့်ပြီးကြည်ညိုရတာ။ ဒကာကြီးပစ္စည်းတွေထည့်ထားရတာမဟုတ်ဘူး" တဲ့။

တစ်ခါက ဆရာတော် မိန့်သည်မှာ -

သက်တော်(၈၀)ပြည့်လျှင် ပွင့်ပွင့်လင်းလင်း တရားဟောဦးမည်။ မည်သူမျှ မလာရဲအောင်ကိုဟောမည်။ မည်သူမျှမလာရဲမှ မိမိဘာသာ တစ်ဦးတည်းတရားနှလုံးသွင်းနေမည် ဟူသတည်း။

ချောင်းဝဆရာတော်ဘုရားကြီးနှင့် စာသင်ဖက်ဆရာတော်များမှာ ခမုံဆရာတော်နှင့် ပုပ္ပားဆရာတော်တို့မှာ အလုပ်နှင့်ပတ်သက်၍ အပင်ပန်းခံနိုင်ကြသည်။ ချောင်းဝဆရာတော်မှာ အဟောအပြောနှင့်ပတ်သက်၍ အပင်ပန်းခံနိုင်သည်။

**ဆရာတော်ကြီး၏ဒါနပါရမီမှာအံ့မခန်းပင်**

ဆရာတော်ကြီး ဝါနုစဉ်အခါက သမထ၊ ဝိပဿနာအလုပ်များ မစသေးမီ ချောင်းဝကျေးရွာမှ ကလေးများကို အင်္ကျီ၊ လုံချည်၊ ထီး၊ ဖိနပ်ကအစ ဝယ်ပေးခြင်း၊ စာသင်ပေးခြင်းတို့ကို လုပ်ပေးခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ရွှေတိဂုံဘုရားရှင်အင္ဂါဂေါဏတန်ဆောင်းတော်ကြီးကို (၆၃) သိန်း အကုန်အကျခံပြုပြင်လှူဒါန်းခဲ့သည်။ ရွှေတိဂုံဘုရားအထက်ပစ္စယံ၊ အောက်ပစ္စယံတို့၌ ရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်း၊ ငွေသင်္ကန်း၊ စိန်သင်္ကန်း စသည်ဖြင့် အဆန်းတကြယ်ဆပ်ကပ်လှူဒါန်းခဲ့သည်။ ဆရာတော်၏ ပါရမီဖြည့်ဖက်များမှအပ မည်သူမျှမသိကြချေ။ တစ်နှစ်တစ်နှစ်လျှင် သိန်းချီ၍လှူသည်။ မိမိအား လာလှူသော ငွေ (၃၇) ကျပ်သားကို ရွှေတိဂုံဘုရားသို့လှူ



www.burmeseclassic.com

www.burmeseclassic.com

ဒါန်းစေသည်။ အကြောင်းသိများက မိမိကျောင်းတွင် လုပ်စရာများစွာရှိပါလျက် မလုပ်ပါဘဲ အဘယ်ကြောင့်အပြင်ထွက် လှူနေရသနည်းတု အမေးထုတ်ကြသည်။

ဆရာတော်ကြီး၏အဖြေမှာ မှတ်လောက်သားလောက်ပင်။

"ကိုယ့်အိတ်ထဲကို ပြန်ထည့်တာ အလှူမဟုတ်ပါ။ သူများလှူမှ အလှူခေါ်တာ။

ကိုယ့်ဘာသာ ကိုယ်စားတာ တဏှာ၊ သူများကျွေးတာ စေတနာ။

ကိုယ်ကြိုက်တာလည်း သူများလှူရတယ်၊ သူများကြိုက်တာလည်း သူများကို လှူရတယ်" တဲ့။

ဆရာတော်ကြီးသည် ဗုဒ္ဓါနုဿတိကို ထူးခြားဆန်းကြယ်စွာ ပွားများပြီး ထူးထူးခြားခြားလှူတတ်သည်မှာ ခမည်းတော်၊ မယ်တော်တို့ထံမှရသော အမွေဖြစ်တန်ရာသည်။

ဆရာတော်ကြီး ကိုးကွယ်သော ပြဒါးခါတ်သားဘုရား၊ အောင်တော်မူစေတီတော်အရပ်လေးမျက်နှာမှ မတ်ရပ်ဆင်းတုတော်များ စသည်တို့တွင် လက်နှစ်ဖက်စလုံး ရွှေသို့ဖြန့်လျက် အလှူပေးနေဟန် ဒါနမုဒြာများကို ဖူးတွေ့ရပါသည်။

ဆရာတော်ကြီး၏ မွေးနေ့ (နတ်တော်လပြည့်) ရောက်တိုင်း သံဃာများ၊ ကိုရင်လေးများ၊ သီလရှင်များ၊ လူများမှ အစ တိရစ္ဆာန်ကလေးများအထိ ကျွေးမွေးလှူဒါန်းသည်။ စက်လက္ခဏာ(၁၀၈) ကွက်နှင့်အညီ ကန်တော့ပွဲ (၁၀၈) ပွဲ မြတ်စွာဘုရားနှင့် ဝိဇ္ဇာကြီးများထံ ကပ်လှူသည်။ တရားတော်ဓမ္မက္ခန္ဓာပေါင်း (၈,၄၀၀၀) မက (၁) သိန်းကျော် လှူခဲ့သည်။ (၂၇) နှစ်တိုင်တိုင်အဆက်မပြတ် လှူဒါန်းခဲ့သည်။

တော်ရုံတန်ရုံသဒ္ဓါတရား၊ တော်ရုံတန်ရုံစေတနာ၊ တော်ရုံတန်ရုံ ဝီရိယမျိုးမဟုတ်ပါ။ ၁၉၈၈ ခုနှစ်က ထူးဆန်းပြည့်စုံဓမ္မာရုံကြီး ဆောက်လုပ်ရန် (၉) သိန်း၊ လေးကျွန်းဇမ္ဗူသိဒ္ဓိရှင် အောင်တော်မူစေတီတော်အတွက် (၁၈) သိန်း လှူဒါန်းသည်။ တိရစ္ဆာန်ရုံ၊ စိတ်ရောဂါဆေးရုံ ဘိုးဘွားရိပ်သာ စသော အားကိုးရာမဲ့ပုဂ္ဂိုလ်များ နေထိုင်ရာဌာနမျိုးသို့လည်း မကြာခဏ ကြွရောက် လှူဒါန်းသည်။ နေ့စဉ် နံနက်အရုဏ်တိုင်း ကျီးစာ၊ ခိုစာ၊ ငါးစာများကို ဝါယာမစိုက်၍ ကျွေးလှူသည်။ အရုဏ်ဆွမ်း၊ နေ့ဆွမ်းတို့ကို ဦးပဥ္စင်းများအား အရင်ကပ်စေသည်။ ဦးပဥ္စင်းများဘုဉ်းပေးပြီးမှ ကျန်သောဆွမ်း၊ ဆွမ်းဟင်းတို့ကို ဘုဉ်းပေးပါမည်ဟု အမိဋ္ဌာန်ထားသည်။

'ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ကျွတ်လွတ်အောင် သာသနာ့ကျွန်သဖွယ် တာဝန်ထမ်းပါမည်'

ဟု မိန့်ဆိုတော်မူသည်။

## ငရဲပြည်ရောက်ဆရာတော်

၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လတွင် ဆီးရောဂါနှင့် အခြားရောဂါများကြောင့် ဆရာတော် ဆေးရုံတက်ရသည်။ လှူရှင်းသော ဂျပန်ဆေးရုံသို့တက်လျှင် ဒကာ၊ ဒကာမများ အဝင်အထွက်ခက်မည်စိုး၍ ရန်ကုန်ဆေးရုံကြီး (အဟောင်း) သို့ တက်ရောက် ကုသသည်။ အဆောင် (၁၁-၁၂) တွင် ဒေါက်တာမောင်မောင်ဝင့်နှင့် ဆရာဝန်ကြီးများ၏ ကုသမှုကို ခံယူသည်။ ဆေးရုံတင်ချိန်တွင် ဆရာတော် သတိမရ။ ဆရာတော်၏တပည့် ဦးကျော်ဟိန်းကိုယ်တိုင် ညမထွက်ရအမိန့်ကြားတွင် သက်ဆိုင်ရာကို ခွင့်တောင်းကာ ဆေးရုံတင်ရသည်။ စက်တင်ဘာ ၁၅ ရက်ရောက်မှ ဆေးရုံကဆင်းရသည်။

ဆရာတော် ဆေးရုံတက်နေစဉ် စာရေးသူ ဆေးရုံရောက်ခဲ့သေးသည်။ ဆရာတော်ကို စာရေးသူ ဖူးမြော်နေစဉ် စာရေးသူ၏စိတ်သည် အတွေးနယ်ချဲ့မိသည်။ 'ဆရာတော် အသည်းအသန်ဖြစ်ချိန်သည် ညမထွက်ရအမိန့်ထုတ်ထားချိန်နှင့် တိုက်ဆိုင်နေသည်။ အကယ်၍များ ဆရာတော် ခန္ဓာဝန်ချချိန်သည် နိုင်ငံအတွက် အရေးကြီးအချိန်များနှင့် တိုက်ဆိုင်နေလျှင် သွားရေးလာရေးခက်လိမ့်မည်'။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာတော်ခန္ဓာဝန်ချချိန်သည် ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့ဖြစ်ရာ ရန်ကုန်တစ်မြို့လုံး နာဂစ်မုန်တိုင်းဒဏ်ခံနေချိန် ဖြစ်နေလေတော့သည်။

နေမကောင်းတာ ဆေးရုံတက်ရတာ တစ်ခုအမြတ်ထွက်သည်ဟု ဆရာတော်မိန့်သည်။

အဘယ်ကြောင့်ပါနည်း။ ဆရာတော် သတိလစ်မေ့မြောနေစဉ် ငရဲပြည်ကို ရောက်ခဲ့သည်။ သတိပြန်ရလာချိန်တွင် ရင်ဘတ်ကို ဦးကျော်ဟိန်းက ဖိထားသည်။

"ငရဲမင်းဒကာကြီးက လိုက်ပြတယ်။ သူ့ပုံက ကပ္ပလီတွေလိုပဲ နှုတ်ခမ်းထူထူ၊ အသားမည်းမည်း၊ မျက်ထောင့်နီနီနဲ့။ ပစ္စုပ္ပန်ဂါတ်တဲကတော်သေးတယ်။ ငရဲပြည်ဂတ်တဲကစစ်တာ ဒီထက်ပိုဆိုးတယ်။ စာရင်းအကုန်ရှိထားတယ်။ သူတို့မှာလည်း ထောက်လှမ်းရေးရှိတယ်။ ဘယ်သူကဘာလုပ်လို့၊ အကျင့်ပျက်ရပ်ကွက်လူကြီး၊ ဘုန်းကြီး၊ မယ်သီလ၊ ကမ္ဘာအဆက်ဆက်ကကျနေတဲ့ သံရည်ပူမြောင်းကြီး မီးတွေရဲလို့။ အုန်းသီးတွေ၊ သာဂူစေ့ကူလို မျောနေလိုက်တာ ကြောက်စရာကောင်းလိုက်တာ။ လာဘ်စားတဲ့သူတွေ ဒုက္ခကလည်း မသေးဘူး။ ဘုန်းကြီးကျောင်းက ပစ္စည်းဝတ်ကျေအောင်မလုပ်၊ တံမြက်စည်းတစ်ချက်မလှည်းဘဲစားနေသူတွေခံနေရတာတွေ သူတို့အကုသိုလ်ကံကကြီးတော့ ပျော်လို့တဲ့ ဆော့နေကြတာ၊ မီးပုံထဲ ဒိုင်ဗင်ထိုးချနေကြတာ ဒီလောက်ခံနေရပေမယ့်လည်း အသက်ပြင်းတယ် မသေးဘူး။

လူ့ပြည်မှာစားရတာ ခဏလေး။ ကံသုံးပါးကိုထိန်း။ မနောကံက သိပ်ဆိုးတာ၊ သိပ်မြန်တာ၊ ပြစ်မှားတာတွေက နဂိုကမသိဘူး။ ပြစ်မှားလိုက်တာနဲ့ အကုသိုလ်ဖြစ်တာကို တရားအားထုတ်လိုက်မှ တွင်းခနဲကွက်ခနဲ ထင်ရှားသိသာလာတာ။ အရင်က အဝိဇ္ဇာက ဖုံးထားတာ။ အခုတော့ လိုချင်တာလည်း မရှိတော့ဘူး။ အိပ်ချင်တာလည်းမရှိတော့ဘူး။ စားချင်တာလည်း မရှိတော့ဘူး။ လာကပ်လို့သာခံလိုက်ရတယ် အရသာမခံတော့ဘူး။ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ ဝေဒနာသေတော့ တဏှာပြုတ်သွားတော့ ဇာတိ- ဇရာ- ဗျာဓိ- မရဏမလာတော့ဘူးဖြစ်လို့ အိုနာ၊ သေတာ၊ ဝေဒနာ၊ တဏှာချုပ်တော့ နိဗ္ဗာန်လမ်းပေါ့"

ဟု မိန့်လေသည်။

## ဆရာတော်နှင့်ပုဂ္ဂိုလ်ထူးများ

ဆရာတော်အား အထူးစောင့်ရှောက်ခြင်း၊ ပညာမျိုးစုံသင်ပေးခြင်းပြုသူမှာ ဆရာတော် အရှင်အဇ္ဇဂေါဏပင်ဖြစ်သည်။ ဆရာတော်အရှင်အဇ္ဇဂေါဏအား ဆရာတော်က ရွှေတန်ဆောင်းလှူဒါန်းခဲ့ရာ တစ်ကမ္ဘာလုံးမှာ ရွှေတန်ဆောင်းလှူသူတစ်ဦးတည်းသာရှိသဖြင့် ထူးထူးခြားခြားချီးမြှင့်မည်ဖြစ်ကြောင်း မိန့်တော်မူသည်ဟု ဆရာတော်က ပြန်ပြောပြသည်။ ၁၃၅၇ ခုနှစ်ဝါတွင်းတွင် လူပျံတော်ပတ္တမြားဆားမိသားစုက စကြာမင်းက ဝိဇ္ဇာဇော်ဂျီ



www.burmeseclassic.com

www.burmeseclassic.com

...ဖျော်နေဟန် ပိုစတာတစ်ခုရေးဆွဲပြီး ဆရာတော်ထံလာလှူသည်။

ထိုပိုစတာရောက်ပြီး ရက်များ ကြာမှ ကိုကျော်ဟိန်းက ကန်တော့ပွဲ တစ်ပွဲလာကပ်သည်။ ငှက်ပျောသီးက (၄၅) ဖီး၊ တစ်ပင်လုံးမှာ တစ်လုံးသာသီး သော အုန်းသီးတစ်လုံး။ ချောင်းဝဆရာ တော် အခန်းတွင်း ပက်လက်ကုလား ထိုင်တွင် သီတင်းသုံးနေခိုက် ဆရာ တော် အရှင်အဗ္ဗဂေါဓက မိန့်သည်။

"နင့်ကို ပညာစုံသင်ပေးထားတာ အလုပ်ပေးရမယ်ဆိုတာမသိဘူးလား။ ကျော်ဟိန်းကို စကြာမင်းလက်အပ် လိုက်"

ဟု ဆိုသည်။

ထိုအခါကျမှ ယခင်ရက်များက ရောက်နေနှင့်သော ပိုစတာကို ကမန်း ကတမ်းဆွဲထုတ်ကာပေးလိုက်ရသည်။ ကိုကျော်ဟိန်းကန်တော့ပွဲပေးသော ငှက် ပျောသီး (၄၅) ဖီးမှ နှစ်လုံးသာမှည့် သည်။ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံ ငွေဖျော်ဖြေရေးပွဲတွင် ကျော်ဟိန်းနှင့် တော်နီ (၂) ယောက်တည်းသာ သီဆို ဖျော်ဖြေကြသည်။ စတိတ်ရှိုးအမည်က သည်း 'ဒွန်' တဲ့။

၃၁-၇-၁၉၉၃ နေ့လယ် (၃) နာရီ တွင် ဆရာတော် ပြင်ပသို့ကြွနေခိုက် မင်္ဂလာဒုံမော်တော်ယာဉ်တပ်မှ ဗိုလ်မှူးရဲ ဗြိုလ်ကျော်သူဖြင့် ပုဂ္ဂိုလ် (၇) ပါး၏ ရုပ်တု တော်များကို ချောင်းဝကျောင်းသို့ လာပို့ ကြသည်။ အရှင်အဗ္ဗဂေါဓဆရာတော်၊ ယက္ကန်းစင်တောင်ဆရာတော်ဘိုးပေါက် ဆိန်ဆရာတော်၊ ဘိုးဘိုးအောင်နှင့် ဘိုးတော်အောင်မင်းခေါင်ရုပ်တုနှစ်ခုတို့ ဖြစ်ကြသည်။ ဆရာတော်အပေါ်ပြစ်မှား ကြသူများ၊ မမှန်ကန်သူလုပ်သူများကို ပြစ်ဒဏ်ခတ်ရန်၊ ချီးမြှင့်ထိုက်သူများကို ချီးမြှင့်ရန် ကြွလာခြင်းဖြစ်သည်ဟု ဆို သည်။

၁၈-၁-၁၉၉၅ ဗုဒ္ဓဟူးနေ့၊ ညနေ (၄) နာရီ။

ကျွန်တော်သည် ချောင်းဝဆရာ တော်ကြီးကိုဖူးရန် ချောင်းဝကျောင်းသို့ ရောက်နေသည်။ ဆရာတော်ကြီး ကြွ လာပြီးနောက် ထိုင်ခုံပေါ်တွင် သီတင်း သုံးနေသည်။ ဆရာတော်ကြီးအနားတွင် မိနစ် (၅၀) ခန့်ရှိသည်။ စာရေးသူမှာ ယောဂီဝတ်ဖြင့် နောက်ဆုံးတွင်ရှိနေ သည်။ စာရေးသူ၏လက်ထဲတွင် သိဒ္ဓိ တင်ရန် ဖယောင်းတိုင်၊ အမွှေးတိုင်နှင့် ယောက်မတို့ရှိနေသည်။ ဆရာတော်ကြီး က ကျွန်တော့်ကို တွေ့သွားပုံရသည်။

ဆရာတော်ကြီးက -

"နောက်ဆုံးကဒကာက ဘာကိစ္စ လဲ"

"ဆရာတော်ကြီးကို လာဖူးတာပါ ဘုရား"

"ဒါဖြစ်ရင်ရှေ့ကိုလာခဲ့"

စာရေးသူလည်း မိန်းမများကို ရှောင်ရှားပြီးသွားနေရလေရာ ဆရာ တော်ကြီးက -

"ဒကာမတွေ ဟိုဒကာလေးလာဖို့ လမ်းရှင်းပေးလိုက်"

ကျွန်တော်က ဆရာတော်ကြီး အနားရောက်ရှိပြီး ဦးသုံးကြိမ်ချလိုက် သည်။ လက်ထဲရှိ ဖယောင်းတိုင် စသည် တို့ကို ဆရာတော်ကြီးက သိဒ္ဓိတင်ပေး သည်။ ဆရာတော်ကြီး၏အနားတွင် ဗိုလ်မှူးချုပ်အောင်ကြီး (ငြိမ်း) ၏ သား ကို တွေ့ရသည်။ ဆရာတော်ကြီးက စာရေးသူကို ဘုရားခန်းထဲခေါ်သွားပြီး ဆင်ခံမြင်းရံဘုရား၏ ရှေ့တွင် ဆက်ကပ် ထားသောကလပ်ပေါ်တွင် ပေါက်ပေါက် ဆုပ်ကို ဖန်အုပ်ဆောင်းအပြည့်ကပ်ထား သည်ကို လက်ဖြင့်ညွှန်ပြကာ -

"ဒကာလေးရဲ့ လုပ်ငန်းတွေ အောင်မြင်ချင်ရင် ပေါက်ပေါက်ဆုပ် ရယ်၊ ဖန်အုပ်ဆောင်းရယ်၊ ကလပ်ရယ် ဘုန်းကြီးဆီကို နောက်တစ်ပတ်ယူခဲ့။ ဘုန်းကြီးလုပ်ပေးမယ်"

"တင်ပါ့ဘုရား။ တပည့်တော် အရှင်ဘုရားကို ဦးတင်ပါတယ် ဘုရား"

ဟု ပြောပြီး ဦးသုံးကြိမ်ချကာ ပြန်ခဲ့လေသည်။ ကျွန်တော်သည် ရွှေတိဂုံဘုရားအရှေ့ဘက်စောင်းတန်း သို့ ဦးတည်လာခဲ့သည်။ အဆင်သင့်ပင် ဘုရားစောင်းတန်းမှ ဖန်အုပ်ဆောင်း၊ ကလပ်၊ ပေါက်ပေါက်တို့ကို ရလေ သည်။ ရောင်းသည့်သူက ပိုက်ဆံမယူ၍ စာရေးသူမှာ အတင်းပေးခဲ့ရလေသည်။ ဆရာတော်ကိုဖူးတွေ့ရန် တစ်ပတ်စောင့် ရပေဦးမည်။ ထိုနေ့ညအိပ်ပြီး နံနက် (၄) နာရီခန့်တွင် ဆရာတော်ကြီးကို အိပ်မက်ထဲတွင် ဖူးတွေ့ရလေသည်။ အိပ်မက်ထဲ၌ ဆရာတော်ကြီး စကြံ လျှောက်နေရာ ဆရာတော်ရဲ့ နံဘေး၌ ဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ ရှင်အဗ္ဗဂေါဓဆရာတော်၊ ယက္ကန်းစင် တောင်ဆရာတော်တို့ ပါနေသည်ကို ဖူးတွေ့ရလေသည်။ တစ်ပတ်ကြာသော အခါ ဆရာတော်ထံရောက်ခဲ့ပြန်သည်။ ဆရာတော်ကြီးက ကျွန်တော်ကို တွေ့ သောအခါ -

"ဒကာလေး၊ ဘုန်းကြီးမှာတာတွေ ပါပြီလား"

"ပါပါတယ်ဘုရား"

ကျွန်တော်သည် ပါလာသော ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက် ကပ်လိုက်ရာ ဆရာတော်ကြီးက ကျွန် တော်ကို ဘုရားခန်းထဲခေါ်သွားပြီး ဆင်ခံ မြင်းရံဘုရားကို ညွှန်ပြကာ -

"ဆင်းခံမြင်းရံဘုရားဆိုတာ ရေ မှာထားရတယ်။ အဓိပ္ပာယ်က ဆင်ခံ မြင်းခံရေမှာဆန်၊ ချမ်းသာပေစွ၊ သာပေ စွတဲ့"

၉-၃-၂၀၀၀ ပြည့်နှစ် နံနက် (၉) နာရီတွင် နဂါးနီကြာဆံစက်ရုံဖွင့်ပွဲကို လှိုင်သာယာစက်မှုဇုံ (၄) တွင် ကျင်းပ ရာ ဆရာတော်ကြီး ကြွရောက်ချီးမြှင့် လေသည်။ ဆရာတော်ကြီးကို စာရေး သူမှ ဝတ္ထုငွေ ငါးသောင်းကျပ် ကပ်လှူ လေသည်။ ဆရာတော်ကြီးသည် နဂါးနီ သီချင်းကို နှစ်ခြိုက်သည်။ ထို့ကြောင့် ဦးမောင်လှိုင်၊ ဒေါ်ကျော့တို့ ပိုင်သော ကြာဆံစက်ကို 'နဂါးနီကြာဆံစက်' ဟု ဆရာတော်ကြီးက ကင်ပွန်းတပ်ခဲ့သည်။

ဆရာတော်ကြီးအား ဒကာမကြီး တစ်ယောက်က တစ်ပိဿာဘုရား အတွက် ရွှေဝယ်လှူလိုပါကြောင်း လျှောက်ထားရာ ဆရာတော်က -

"ရွှေဝယ်ရင် အကုန်အကျများနေ မယ်။ နားကနားကပ်ချွတ်လှူပါလား"

ဟု မိန့်သည်။

"ဒါက ဘုန်းဘုန်းဒကာကြီး မင်္ဂ လာဦးတုန်းကဆင်ထားတာမို့ပါဘုရား"

ဟု ပြန် လျှောက်သည်။

နောက်တစ်ပတ်ခန့်အကြာတွင် နားကပ်မလှူလိုက်ရသော ဒကာမကြီး ပြန်ရောက်လာသည်။ မျက်နှာမှာက ဒဏ်ရာတွေအပြည့်၊ နားရွက်မှာလည်း ပတ်တီးနှင့်၊ နားကပ်ကမရှိတော့။ ကား ထိခိုက်မှုဖြစ်ကြောင်း လျှောက်သည်။ ကြိုတင်မြင်သူက ကြိုတင်တားပါသော် လည်း သတ္တဝါတို့၏ အဝိဇ္ဇာ၊ တဏှာက အန္တရာယ်ကို မမြင်နိုင်ဘဲရှိလေသည်။

၆-၁၀-၁၉၉၃ နေ့က ဒကာမကြီး တစ်ယောက်က ထီလက်မှတ်အုပ်တွေ ကိုင်ပြီး -

"သာသနာပြုချင်လို့ ထီပေါက် အောင်လုပ်ပေးပါဘုရား"

ဟု လျှောက်သည်။

"ဘာသာသနာပြုချင်လို့လဲ။ ကိုယ့် လင်ကိုယ်လုပ်ကျွေးမယ့်ကိစ္စ ဘာ...



www.burmeseclassic.com

www.burmeseclassic.com

ညာရတာလဲ။ ထိုပေါက်အောင်လုပ်ပေးနိုင်ရင် ကိုယ့်ဘာသာကိုယ်လုပ်မှာပါ။ နင်တို့လုပ်ပေးမလား၊ ငါလည်းလုပ်မပေးနိုင်ဘူး။ ဘယ်သူမှလုပ်မပေးနိုင်ဘူး"

ဆရာတော်ကြီးနှုတ်ဖျားမှ စက်သေနတ်ပစ်သလို ထွက်ပေါ်လာသော အမိန့်တော်ကြောင့် ပရိသတ်အားလုံး ငြိမ်ဝပ်သွားကြသည်။ အလားတူပင် သည်ကားရောင်းပြီးလျှင် ဝတ္ထုငွေဘယ်လောက်လှူပါ့မယ်' ဆိုသော အပြောမျိုးကိုလည်း ဆရာတော်က လက်မခံချေ။ စိတ်ပြောင်းတတ်သော လူ့သဘာဝကြောင့် စကားအဖတ်တင်ရုံ၊ ကတိပျက်ရုံသာဖြစ်မည့် လောကွက်စကားမျိုးကို လိုလားတော်မမူချေ။ လူအတော်များများသည် ကတိပေးပြီးမတည်ကြသဖြင့် စီးပွားရေးကျဆင်းကုန်ကြောင်း၊ 'လူမှာကတိ၊ မင်းမှာသစ္စာ' ဟူသောစကားကို ဆရာတော်ကြီး မကြာခဏ ပြောလေ့ရှိသည်။

ဆရာတော်ကြီး သက်တော် (၈၀) နောက်ပိုင်း ပြင်ပသို့ ဆွမ်းစားကြွလေ့သိပ်မရှိတော့ဘဲ ကျောင်းဝိုင်းထဲတွင် တနင်္ဂနွေ၊ တနင်္လာ စသည်ဖြင့် နေ့ခုနစ်နေ့ ဓမ္မာရုံခုနစ်ရုံလုပ်ထားသည်။ သူ့နေ့နှင့်သူ ဆရာတော်ကြီးကို ဆွမ်းကပ်ရသည်။ ဆရာတော်ကြီး အကြိုက်ဆုံးဟင်းမှာ ငါးခေါင်းဟင်းချိုဖြစ်သည်။

ဆရာတော်ကြီးက သူ့ထံတွင် ဝတ္ထုငွေမည်မျှရှိကြောင်း တစ်ခါတစ်ရံ မိန့်ကြားတတ်သည်။ ကြွားခြင်းမဟုတ်ဘဲ ဒကာ၊ ဒကာမများ မုဒိတာပွားရန်ဟု မိန့်လေသည်။

၉-၉-၁၉၉၆တွင် ကျွန်တော်သည် မြောက်ဥက္ကလာပ ဇမ္ဗူအေးကျောင်းတိုက်ဝင်းအတွင်းရှိ ဘုန်းကြီးကျောင်း (မိုးကုတ်ဝိပဿနာရိပ်သာနှင့်ကပ်လျက်) တွင် ဒုလ္လဘရဟန်းခံကာ (၂၇) ရက်ကြာခဲ့ပါသည်။ ထိုကျောင်းတိုက်ရှိ ဆရာတော်သည် ချောင်းဝဆရာတော်ကြီး၏ တပည့်ဟုဆိုကာ မျက်စိဝေဒနာရှင်များကို ဆေးကုသနေပါသည်။ တစ်ချိန်တွင် ကျွန်တော်သည် ချောင်းဝဆရာတော်ကြီးကို ဖူးတွေ့ရခိုက်တွင် ယင်းကိစ္စကို လျှောက်ရာ ဆရာတော်ကြီးက ဘာမှပြန်လည်မမိန့်ကြားချေ။ 'သစ္စာ၊ မေတ္တာ၊ အဓိဋ္ဌာန်' ဟူသော ဆောင်ပုဒ်အတိုင်း အလုပ်လုပ်သည့် ဆရာတော်၏ မေတ္တာကို လာရောက် ခံယူကြသူများထဲတွင် လူများသာမက တိရစ္ဆာန်များပါ ပါဝင်ကြ၏။



တစ်ရက်တွင် ဆရာတော်ထံသို့ ခွေး (၁) ကောင် လာလှူသည်။ ဆရာတော်က သံယောဇဉ်ဖြစ်မည်စိုး၍ လက်မခံလို၊ သို့သော် လှူသူက ဇွတ်လှူနေသဖြင့် ဆရာတော်လည်း လက်ခံလိုက်ရကာ ကျော်ဟိန်းဟု အမည်ပေးထားသည်။ ထိုခွေးကြီးသည် ဆရာတော် အပြင်ကြွမည်ဆိုလျှင် အရိပ်အကဲသိပြီး ကားပေါ်အရင်တက်နှင့်သည်။ တစ်နေ့တွင် ဆရာတော်က ခွေးကို 'ကျော်ဟိန်း၊ ကျော်ဟိန်း' ဟု ခေါ်သည်။ ခွေးကပြေးလာသည်။ ဆရာတော်၏ ကျောင်းဒါယကာ ကိုကျော်ဟိန်းလည်း ရောက်လာသည်။ ကိုကျော်ဟိန်းကလည်း သူ့ကို ခေါ်သည်ထင်သဖြင့် အပြေးလာသည်။

ဆရာတော်က -

"နင့်ကိုခေါ်တာ မဟုတ်ဘူး။ ခွေးကိုခေါ်တာ"

ဟု ပြောသည်။

ကိုကျော်ဟိန်းက -

"ဘုန်းဘုန်းကလည်း"

ဟုသာ လျှောက်နိုင်တော့သည်။

ဆရာတော်ကြီး သီတင်းသုံးရာ ထူးဆန်းပြည့်စုံ ဓမ္မာရုံကြီးအတွင်းသို့ မကြာခဏပင် ရေကန်မှ လိပ်များ၊ မြွေများ၊ ဖားများ တက်လာတတ်ကြသည်။ တံခါးပိတ်ထားသည့်ကြားမှပင် အခန်းတွင်းသို့ ရောက်အောင်ဝင်ကြသည်။ ဆရာတော့်ခုတင်ပေါ်သို့ တက်အိပ်ကြသည်။

ဆရာတော် သက်တော် (၈၀) ပြည့်နေ့တွင် ဆရာတော်ထံ အိပ်မက်အရ မှန်အခေါင်းတစ်လုံး၊ သစ်သားခေါင်းတစ်လုံး လာလှူကြသည်။ ဆရာတော်က အခေါင်းတွင်းကြွကာ အသုဘကမ္မဋ္ဌာန်းစီးဖြန်းသည်။ ဒါယကာ၊ ဒါယိကာမများက မျက်စိမျက်နှာပျက်ဖြစ်ကာ ငိုယိုကြသည်။ ပျံလွန်မှ တည်ဆောက်ကြသော စံကျောင်းတော်ကို ကြိုတင် တည်ဆောက်ကာ သီတင်းသုံးသည်။ စံကျောင်းဘေးတွင် ၂၄ ပစ္စည်းကမ္ပည်းထိုး တရားထိုင်ရန် ဂူငယ် (၂၄) ခန်းရှိသည်။ စံကျောင်းတော်ကို ဝင်တံခါး (၁) ပေါက်သာထားပြီး တစ်ဝဂူအဖြစ် စီမံထားသည်။

ဆရာတော်ကြီးသည် သက်တော် (၈၀) ပြည့်နောက်ပိုင်းတွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်သို့ နံနက်တိုင်း ကြွလာပြီး ဘုရားကို ဦးခိုက်သည်။ စာရေးသူသည် ဆရာတော်ကြီးကို ဖူးမြော်ရတိုင်း ဝတ္ထုငွေတစ်ထောင်ကျပ်ကပ်လှူသည်။ ဆရာတော်ကြီးက ကျွန်တော်ကို 'ဘိုးတော်လေး' ဟု ခေါ်လေသည်။

၁-၁-၂၀၀၈ နေ့တွင် ဆရာတော်ကြီးက ဇာတ်လမ်းတစ်ပုဒ်ကို ကျောင်းတွင်မိန့်သည်။ ဇာတ်လမ်းအချုပ်မှာ 'မှန်တိုင်းကြီးတစ်ခုတိုက်နေချိန်တွင် ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူသည့်အကြောင်း' ဖြစ်လေသည်။ ၁-၅-၂၀၀၈ နေ့တွင် စာရေးသူသည် ဆရာတော်ကြီးကို ခြေဆုပ်လက်နယ်ပြုပေးနေသည်။ ညအချိန်တွင် အိမ်ပြန်ရန် ဆရာတော်ကြီးကို ဦးခိုက်ရာ ဆရာတော်ကြီးက -

"နောင်အခါ မင်းလာရင် ငါရှိတော့မှာ မဟုတ်ဘူး"

ဟု မိန့်သည်။

အမှန်တကယ်ပင် ၂-၅-၂၀၀၈ နေ့ နာဂစ်မုန်တိုင်းကြီးတိုက်ခတ်ချိန်တွင် ဆရာတော်ကြီးခန္ဓာဝန်ချသွားလေသည်။ ကျွန်တော့်ရင်မှာ အတော်ခံစားလိုက်ရလေသည်။

**ကျေးဇူးတင်လွှာ**-ဤဆောင်းပါးဖြစ်မြောက်ရန် အစစအရာရာ ကူညီပေးသော ဆရာခင်မောင်ညို (ဘောဂဗေဒ) ကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

(ဤဆောင်းပါးဖြင့် ချောင်းဝဆရာတော်ကြီးနှင့် အဖေဦးရန်အောင်အား ဦးခိုက်လျက်)

တင်အောင်(စက်မှုတက္ကသိုလ်)

**ကျမ်းကိုး** -

ဆရာမောင်ပန်းမွေး (တက္ကသိုလ်မြန်မာစာဆရာ) ၏ ပြောကြားချက်များ

မခင်ဝင်း (နဂါးနီကြာဆံစက် မိသားစု) ၏ ပြောကြားချက်များ




www.burmeseclassic.com

www.burmeseclassic.com

အောင်သာကျော်

# အဘဘိုးမင်းခေါင်အောင်ဇာတ်ကိန်းရာ ပုပ္ပားတောင်ကလပ်ထက်မှာ. . .




တောင်ကလပ်ရှိ စေတီ

လွန်ခဲ့သည့်လအတွင်းက စံကားဝါမြေသို့ ရောက်သွားဖြစ်ခဲ့ရပါသည်။ ပုပ္ပားသည် ပုဂံခေတ် သေလည်ကြောင်မင်း ခရစ်နှစ် ၃၄၄-၃၈၇ လက်ထက်ကတည်းက ပေါ်ပေါက်ခဲ့သည်ဟု ဆိုကြသည်။ မဟာဂီရိနတ်မောင်နှမအတွက် နတ်နန်းတည်ရာမှ ပုပ္ပား ဟူ၍ အထင်အရှားပေါ်ပေါက်လာခဲ့သည်။ ပုပ္ပားမြို့သည် ညောင်ဦးမြို့မှ ဗျတ္တပန်းဆက်လမ်းအတိုင်းလာပါက (၂၉) မိုင်၊ ကျောက်ပန်းတောင်းမြို့မှလာပါက (၁၁) မိုင်၊ မြင်းခြံမြို့နှင့်မူ (၄၈) မိုင်အကွာတွင်တည်ရှိလေသည်။ ပုပ္ပားတောင်မကြီး၏ အနောက်ဘက်တောင်ခြေ၌တည်ရှိလေရာ လူအတော်များများက စံကားဝါမြေအဖြစ် သိမှတ်မှုပြုနေခဲ့ကြသည်။

ပုပ္ပားသို့ ဗျတ္တပန်းဆက်လမ်းအတိုင်းသွားဖြစ်ကြရာ ဗျတ္တပန်းဆက်လမ်းသည် တောင်ကုန်းငယ်လေးများ၊ တောင်ပူစာလေးများကို ဖြတ်သန်းဖောက်လုပ်ထားသည့် ကတ္တရာခင်းလမ်းတစ်လမ်းအဖြစ်ထိတွေ့သိရှိခွင့်ရခဲ့သည်။ လမ်းတစ်လျှောက်တွင် ထရိုင်းတောရွာ၊ စပ်ပြင်ရွာ၊ တောရွာ၊ ရွာလု၊ ဆင်လူးအိုင်၊ ချောင်းလှိုး၊ ရွှေစည်ကိုင် စသည့်ရွာများကို ဖြတ်သန်းရင်း ပတ်ဝန်းကျင်တစ်ခွင်ရှိ စိမ်းလန်းစိုပြည်လျက်ရှိနေသော မြင်ကွင်းများကို အားပါးတရ ကြည့်ရှုခံစားနေရလေရာ လန်းဆန်းကြည်နူးမှုများက ရင်ထဲဝယ် ခိုဝင်နေမိသားဖြစ်ခဲ့ရသည်။ ဦးတည်သွားနေမိဖြစ်သည်က ပုပ္ပားတောင်ကလပ်တည်ရာသို့ပင် ဖြစ်သည်။ ပုပ္ပားတောင်သည် တောင်ထိပ်ပေါင်းများစွာကို ပေါင်းစပ်ဖွဲ့စည်းထားသောတောင်တန်းကြီးပင် ဖြစ်သည်။ တောင်မကြီး၏ အနောက်တောင်ဆွယ်ရှိ ကလပ်ပုံစံတည်ရှိနေသည့်တောင်မှာ ပုပ္ပားတောင်ကလပ်ဟု ထင်ရှားကျော်ကြားနေသည့် တောင်ဖြစ်သည်။


ပုပ္ပားတောင်ကလပ်သည် အမည်အမျိုးမျိုးဖြင့် ထင်ရှားကျော်ကြားခဲ့သည့်တောင်ဖြစ်လေရာ ပုပ္ပားတောင်ကလပ်ကို -


အောင်ဇာတ်ပေါင်းစုစေတီ



www.burmeseclassic.com

www.burmeseclassic.com





၁။ တောင်ကလပ်၊

၂။ နဂါးရစ်တောင်၊

၃။ ပန်းပေးတောင်၊

၄။ ဘဇဂါမ်တောင်၊

၅။ ဝဏ္ဏယက္ခတောင် ဟူ၍ အမျိုးမျိုးခေါ်ဝေါ်နေကြသည်ကိုတွေ့ရသည်။

တောင်ကလပ်ဟု ခေါ်ဆိုရခြင်းမှာ ကလပ်ပုံသဏ္ဌာန်ရှိသောတောင်ဖြစ်သဖြင့် တောင်ကလပ်ဟု ခေါ်ခြင်းပင်ဖြစ်သည်။ ကလပ် ဟူသည် ကာလပမှ ဆင်းသက်လာခြင်းဖြစ်ပြီး အစုအဝေးဟု အနက်အဓိပ္ပာယ်ရပါသည်။ တောင်ကလပ်ပတ်လည်တွင်ရှိသည့် ဂူဆယ်လုံးတွင် ဝိဇ္ဇာမိုရ်များ စုဝေးနေထိုင်ခြင်းကြောင့် ထိုသို့ခေါ်ဝေါ်ခဲ့ကြသည်ဟုသိရသည်။ ပုပ္ပားသို့လာဖြစ်ခဲ့ရသည်မှာလည်း ဝိဇ္ဇာလမ်းလျှောက်လမ်းရင်းအောင်လမ်းသို့မြန်းကြွသွားသည့် အဘဘိုးမင်းခေါင်သာသနာပြုလုပ်ငန်းအဖြစ်ဆောင်ရွက်ခဲ့သော အောင်ပန္နက်မှန်ရာဒေသအဖြစ်သိနေမိခဲ့သောကြောင့်ပင်ဖြစ်သည်။

ပုပ္ပားတောင်တွင် ဝိဇ္ဇာဇော်ဂျီတို့နေထိုင်ကြလျက် ဝိဇ္ဇာလမ်းထွက်ရပ်ပေါက်ကျင့်စဉ်များကို ကျင့်ကြံပွားများအားထုတ်ခဲ့ကြသည်။ ရှင်သာရဒဇရသေ့သည် ပုပ္ပားတောင်ကလပ်၏ အနောက်တောင်ဘက် ထောက်ရှာရိုးအထက်နားတွင် နေထိုင်ခဲ့ဖူးပြီး ၎င်းရှင်ရသေ့သည် ဒေါက်ခြာဟူသောအသုံးအဆောင်အကွာရာများကို စတင်အသုံးပြုသည့် ရှင်ရသေ့ဖြစ်ပြီး စူဠဂန္ဓာရီလမ်းကို ကြိုးပမ်း အားထုတ်ရင်း ဖိုထိုးခဲ့သည်။ ရှင်ရသေ့သည် ဖိုထိုး၍ ရရှိထားသော ပြဒါးပြာကို တောင်ကလပ်၏ အနောက်တောင်ဘက်တွင် မြှုပ်နှံထားရှိပြီး သုံးလတစ်ကြိမ် လာရောက် စားသုံးလေ့ရှိခဲ့သည်။

ဆရာတော် ဦးစန္ဒဇောတိ အစရှိသော ဆရာတော်ကြီးလေးပါးသည် တောင်ကလပ်အရှေ့မြောက်ဘက်ရှိ အိမ်ဖြူရေထွက်အနီး ကျောက်ဖျာထက်၌ တရားများကျင့်ကြံပွားများအားထုတ်ကြရင်း ထွက်ရပ်လမ်းသို့မြန်းကြွသွားတော်မူခဲ့ကြသည်။ ဆရာတော်ကြီးများသည် ရေထွက်၏ အရှေ့ဘက်တွင်ရှိသည့် အမြင့်ဆုံးသောကျောက်ဖျာကြီးအထက်၌ တရားများကျင့်ကြံပွားများအားထုတ်ခဲ့ကြခြင်းပင် ဖြစ်သည်။ အရှင်ဒေဝနိယရသေ့သည် ပုပ္ပားတောင်ကလပ်သို့ အမြဲလာရောက် သီတင်းသုံးသော ဝိဇ္ဇာလမ်း

www.burmeseclassic.com



ဘိုးတော်ဘုရားသိမ်စာချွန်လွှာအရ တည်ထားသော စေတီနှင့် သိမ်အတွင်းရှိ ဆင်းတုတော်



ရွှေကဿလုံးပေါ် အဘထိုင်ပုံ



ဘိုးတော်ဘုရားသိမ်တော်နှင့်စေတီ



တောင်မြေရှိ အဘမြင်းစီးရုပ်တု

လျှောက်လှမ်းခဲ့သည်။ ရှင်ရသေ့သည် လျှော်တောရွာမြောက်ဘက်ရှိ ဥမင်အတွင်း၌ သီတင်းသုံးလေ့ရှိခဲ့သည်။ အဆိုပါ ရှင်ရသေ့သည် ဗဟာန်းနက်၊ ကန့်ကူဆံနက်၊ ပယင်းနက်၊ စံကားနက်၊ ဂမုန်းနက်၊ သဇင်နက်၊ နန္ဒင်းနက် စသည့် အပင်မျိုးများကို ဟိမဝန္တာတောအရပ်မှ ဆောင်ယူလာခဲ့သူပင် ဖြစ်သည်။

ဦးသီလသည်လည်း ပုပ္ပားတောင်ကလပ်သို့အမြဲလိုပင်ကြွလာလေ့ရှိသည်။ ဦးသီလသည် လွန်စွာချမ်းအေးသော ဆောင်းအခါသမယများ၌ ကျားသစ်များ ကျားများနှင့်အတူ မီးလှုံရင်း တရားအား ထုတ်လေ့ရှိခဲ့သည်။ ဦးသီလ၏ညီ ဦးဝိနသျှ အသက်(၁၀၅)နှစ်မှာလည်း တောင်



www.burmeseclassic.com

www.burmeseclassic.com

ကလပ်အရှေ့မြောက်ဘက်တွင် ကျင့်ကြံပွားများအားထုတ် ထွက်ရပ်ပေါက်လမ်းခေါ် အောင်လမ်းသို့ မြန်းကြွသွားနိုင်ခဲ့သည်။

ထိုသို့ ဝိဇ္ဇာလမ်းလျှောက်လှမ်းကြရင်း စဉ်ဆက်မပြတ် အောင်လမ်းသို့မြန်းနိုင်ခဲ့ကြသည့် အောင်မြေမှန်ရာ တောင်ကလပ်မဟာသို့ ၁၉၃၉ ခုနှစ်၊ မတ်လဝန်းကျင်တွင် အဘဘိုးမင်းခေါင် ရောက်ရှိလာခဲ့သည်။ အဘဘိုးမင်းခေါင်၏ အမည်ရင်းမှာ ဦးဘိုးအောင်ဖြစ်ပြီး ပုပ္ပားတောင်မကြီး၏ အရှေ့မြောက်ဘက်တွင်ရှိသည့် စင်မြင့်ကျေးရွာ၌ အဖဦးအောင်ပု၊ အမိ ဒေါ်မင်းသစ်တို့မှ ၂-၅-၁၈၈၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်း (၅) ဦးရှိသည့်အနက် ဒုတိယမြောက် သားရတနာဖြစ်သည်။ ငယ်စဉ်က ရှင်သာမဏေဝတ်ခဲ့ပြီး ရဟန်းဘောင်သို့ တက်သောအခါ ရှင်အာစိဏ္ဏဘွဲ့ဖြင့် ထင်ရှားခဲ့သည်။

ရဟန်းဝါ (၁၀) ဝါအရတွင် ဦးအာစိဏ္ဏတစ်ပါးတည်း မြန်မာနိုင်ငံအောက်ပိုင်းရှိ မြို့ရွာများသို့ လှည့်လည်သွားရောက်ခဲ့ကာ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုးပမ်းခဲ့သည်။ ထို့နောက် မွေးဇာတိဖြစ်သော စင်မြင့်ရွာသို့ပြန်လာကာ သီတင်းသုံးနေတော်မူခဲ့သည်။ ရဟန်း(၁၃)ဝါအရတွင် ရဟန်းဝတ်ဖြင့် တစ်ပါးတည်း ခရီးထွက်သွားခဲ့ပြန်ရာ နှစ်ပေါင်း (၃၀) ခန့်တိုင်အောင် ပျောက်နေခဲ့ရာ ၁၉၃၉ ခုနှစ်၊ မတ်လ





ဆေးကျောက်ဖျင်



အဘရုပ်တု




အဘရုပ်တု



အဘရုပ်တု

www.burmeseclassic.com

www.burmeseclassic.com



တောင်ကလပ်အတက်မုခ်ဦး





ဓာတ်နန်းအတွင်း ခုတင်ပေါ်ရှိ အဘရုပ်တု



နတ်နန်းအတွင်းမြင်ကွင်း

ဝန်းကျင်တွင်မှ ပုပ္ပားတောင်ကလပ်သို့ လူဝတ်ကြောင်ဖြင့် ပြန်လည်ရောက်ရှိလာခဲ့တော့သည်။ထိုသို့ပြန်လည်ရောက်ရှိလာသဖြင့် ဆွေမျိုးသားချင်းများက အပြေးအလွှားလာရောက်တွေ့ဆုံကြရာ အဘဘိုးမင်းခေါင်သည် တုဏှိဘာဝေ ဆိတ်ဆိတ်နေခြင်းပြုနေခဲ့သည်။

အဘဘိုးမင်းခေါင်သည် စံကားဝါမြေမှ နှစ်ပေါင်း (၃၀) ကြာခန့် ခွဲခွာနေခဲ့စဉ်အတွင်း ကချင်ပြည်နယ်ဘက်သို့လည်း ရောက်ရှိခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် မိုးညှင်းမြို့နယ် နမ္မားခရုချောင်းကျေးရွာသို့ ရောက်ရှိနေထိုင်လေရာ ဘိုးမင်းခေါင်သည် ပြည်သူအများအား အသက်ဘေးအန္တရာယ်မှကယ်တင်ခြင်း၊ ဆင်းရဲဒုက္ခရောက်နေသူတို့ကို ကူညီစောင့်ရှောက်မှုပေးခြင်းများ ပြုလုပ်ခဲ့သည်။ အဘဘိုးမင်းခေါင် ကချင်ပြည်နယ်အတွင်း လှည့်လည်စဉ် တွေ့ဖူးသူမြင်ဖူးကြသူများက ထူးဆန်းသောပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုကြသည်။ တစ်ခါတစ်ရံ အလွန်အေးသောရာသီတွင် တစ်နေကုန် ရေစိမ်နေတတ်ပြီး အလွန်ပူပြင်းသောရာသီတွင် တစ်နေကုန် အိမ်ခေါင်မိုးသွပ်မိုးပေါ်တက်၍ အိပ်နေလေ့ရှိတတ်လေရာ မြင်တွေ့ကြရသူများက အဘဘိုးမင်းခေါင်ကို လူထူးလူဆန်းကြီးဟု ပြောစမှတ်ပြုလာခဲ့ကြသည်။ အဘဘိုးမင်းခေါင် မြစ်ကြီးနားဝန်းကျင်၌ လှည့်လည်နေထိုင်စဉ် တပည့်တစ်ဦးဖြစ်သူ ရသေ့ကြီး ဦးခန္တီ (ဦးခန္တိ) မှာ အဘဘိုးမင်းခေါင်ထံသို့ မကြာခဏရောက်လာလေ့ရှိခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် အဘဘိုးမင်းခေါင်သည် ကသာမြို့တွင် တည်ရှိသည့် စိန်စေတီတော်အနီး၌ ကမ္ဘာ့မဏ္ဍိုင်စေတီတော်ကို တည်ထားခဲ့ကာ ခြေကျင်ခရီးဖြင့် ပုပ္ပားဒေသသို့ ပြန်ကြွလာခဲ့သည်။

အဘဘိုးမင်းခေါင်သည် ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်ဝန်းကျင်တွင် ဝိဇ္ဇာလမ်းဆိုင်ရာကျင့်စဉ်များကို ကျင့်ကြံပွားများအားထုတ်ရင်း ဘာသာသာသနာထွန်းကားရေးအတွက် သာသနာပြုလုပ်ငန်းများကို ကြိုးပမ်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

[illegible] အချိန်တွင် [illegible] အဘဘိုးမင်း [illegible] တည်နေရာတွင်ပင် [illegible] မြန်ကြွသွားတော်မူခဲ့ [illegible] ထို့ကြောင့် အထင်ကရဖြစ်စဉ်များ [illegible] ခဲ့သည့်ပုပ္ပားတောင်ကလပ်တည် [illegible] နှစ်စဉ် တော်သလင်းလပြည့်ကျော် [illegible] ရက်နေ့မတိုင်မီ (၂) ရက်အလိုခန့် ရောက်တိုင်း မြန်မာနိုင်ငံအရပ်ရပ်မှ ရာပေါင်းများစွာသော သက်ဝင်ယုံကြည်မှုရှိကြသူများသည် တောင်ကလပ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရသေ့ယောဂီကျောင်းများတွင် တည်းခိုကြလျက် ယောဂီရောင်ဝတ်စုံများ၊ အဖြူရောင်ဝတ်စုံများဝတ်ဆင်ကာ အဓိဋ္ဌာန်ဝင်ရင်း၊ သီလဆောက်တည်ရင်းဖြင့် လပြည့်ကျော် ၂ ရက်နေ့တိုင်အောင် စောင့်ဆိုင်းနေလေ့ရှိကြသည်။ တော်သလင်းလပြည့်ကျော် ၂ ရက်နေ့ရောက်သည်နှင့် ငှက်ပျောပွဲ၊ အုန်းပွဲတို့ဖြင့် အဘဘိုးမင်းခေါင် အမှူးပြုသော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များအား ပူဇော်ပသလေ့ရှိကြသည်။

ထိုအသိများကို သိထားမိခဲ့သဖြင့် ပုပ္ပားတောင်ကလပ်ရှိရာသို့ အရောက်လာမိဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။ ပုပ္ပားတောင်ကလပ်အခြေတွင် မိရိုးဖလာဆိုင်ရာနတ်နန်းများရှိနေသည်ကိုတွေ့ရသည်။ ပုပ္ပားမယ်တော်နတ်နန်းအပြင် အဘဘိုးမင်းခေါင်ရုပ်တု၊ ကျားရုပ်တုကြီးများလည်းရှိနေသည်။ တောင်ကလပ်အထက်ဆီသို့တက်ရာ လမ်း၏လမ်းဘေးဝဲယာတစ်လျှောက်တွင်လည်း ဓာတ်နန်းများ၊ နတ်နန်းများက အစီအရီနေရာယူလျက်ရှိနေသည်။ ပုပ္ပားတောင်ကလပ်သည် အမြင့်ပေ (၂၄၀၇) ပေရှိပြီး မတ်စောက်လွန်းလှသဖြင့် ရှေးရှေးအခါများက လူများအလွယ်တကူတက်ရောက်နိုင်ခြင်းမရှိခဲ့ဟု သိရသည်။ အဖိုးတန်ဆေးပင်၊ ဂမုန်းပင်များမှာ တောင်ကလပ်ထိပ်ပေါ်၌သာပေါက်ရောက်လေ့ရှိသဖြင့် ရှေးအခါက ရှားပါး၍ အဖိုးထိုက်တန်လှသော ဆေးပင်၊ ဂမုန်းပင်များကို ရယူလိုသူတို့သည် တောင်ထိပ်အနောက်တောင်ထောင့်စွန်းတွင် ပေါက်ရောက်နေသည့် နွယ်ငန်းပင်ကြီးကို အမှီပြု၍ တောင်ထိပ်သို့ အတက်၊ အဆင်းပြုကြရသည်ဟု ဆိုသည်။ နွယ်ငန်းပင်ကြီးကလည်း ထူးခြားလှသည်၊ သက်ရှိသတ္တဝါတစ်ကောင်အလား တစ်ပတ်တစ်ကြိမ် ရေသောက်ဆင်းလေ့ရှိသည်ဟု ဆိုပါသည်။



အဘ ဘိုးဘိုးအောင်နှင့် အရိယဥာဏ်ထာရုပ်တု



ဓာတ်နန်းအတွင်းမြင်ကွင်း



အဓိဋ္ဌာန်ချိရာကျောက်

မတ်စောက်သော လှေကားထစ်များအတိုင်းတက်နေမိရာ တစ်လမ်းလုံးမျောက်အုပ်စုများ ပေါများနေသဖြင့် ခြောက်လှန့်မောင်းနေမိရသည်ကလည်း အလုပ်တစ်ခုလိုဖြစ်နေရသည်။ ပတ်ဝန်းကျင်မှ ဝှေ့ဝိုက်တိုက်ခတ်လာသည့် လေပြည်လေညင်းလေးများတွင် သင်းပျံ့လှသည့် စံကားဝါပန်း၏ရနံ့တို့ပါလာလေရာ မောရမှန်းပမ်းရမှန်းပင် မသိနိုင်လောက်အောင်ဖြစ်နေမိရသည်။ ထိုသို့တက်လာဖြစ်ခဲ့ရာ လှေကားထစ်ပေါင်း (၇၇၀) ကျော်အရောက် ပုပ္ပားတောင်ကလပ်ထိပ်ပေါ်သို့ ရောက်သွားခဲ့သည်။ တောင်ထိပ်ပေါ်မှ ဘေးပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခွင်လှမ်းကြည့်မိရာ ခပ်ဝေးဝေးဆီမှ မှိုင်းပျပျ ရှုခင်းများကို မြင်တွေ့ရသည်။ တောင်ထိပ်ပေါ်တွင်ကား အဘဘိုးမင်းခေါင် အောင်ပန္နက်ချထားခဲ့သည့်နေရာများက အစီအရီနေရာယူထားလျက်သား ရှိနေသည်ကို မြင်တွေ့ရသည်။

တောင်ကလပ်ပေါ်တွင်တည်ထားသည့် စေတီတော်မြတ်အား ဦးချ ကန်တော့ပြီးသည်နှင့် တောင်ထိပ်တွင်ရှိနေသည့် အဘဘိုးမင်းခေါင်အောင်မြေ စေတီတော်ထံပါးအရောက်သွားမိသည်။ စေတီရံငယ်များဖြင့် တင့်တယ်နေသည့် စေတီတော်ကို ဖူးမြင်မိလိုက်ရသည်နှင့် ဝိဇ္ဇာကြီးများမိန့်ထားခဲ့သည့်စကားများက ရင်ထဲဝင်ရောက်လှုပ်ခတ်လာတော့သည်။

အဘဘိုးမင်းခေါင်က မြန်မာနှစ် ၁၃၀၀ ပြည့်နှစ်တွင် လည်းကောင်း၊ ဒုတိယယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီးက မြန်မာနှစ် ၁၃၀၆ ခုနှစ်တွင်လည်းကောင်း၊ လေးကျွန်းပိုင်ဆရာတော်ကြီးက မြန်မာနှစ် ၁၃၂၆ ခုနှစ်တွင် လည်းကောင်း အသီးသီးဩဝါဒ တထာ မိန့်ထားခဲ့ကြသည်မှာ -

အလှည့်ငါးပါးမသိပြောက ဆရာဟူ၍ မခေါ်ထိုက် -

ဟုပင် ဖြစ်သည်။

လောကီဝိဇ္ဇာလောကနယ်ပယ်၏ အလှည့်ငါးပါးမှ -

၁။ ဝိဇ္ဇာအလှည့်၊

၂။ နတ်အလှည့်၊

၃။ သိုက်အလှည့်၊

၄။ ရာဇာအလှည့်၊

၅။ ဆရာအလှည့်

ဟူ၍ပင် ဖြစ်သည်။

ပုပ္ပားတောင်ကလပ်ဝန်းကျင်တွင် ကျင့်ကြံပွားများ အားထုတ်ကာ အဓိဋ္ဌာန် ဝင်ရာက ထွက်ရပ်လမ်းသို့မြန်းကြွသွားကြသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များစွာ ပေါ်ထွက်ခဲ့သည်။ ထွက်ရပ်ပေါက်ရန်အတွက် ဝိဇ္ဇာလမ်းကြီး(၄)ပါးရှိပါသည်။ ထွက်ရပ်ပေါက်လမ်းကြီးလေးလမ်းနှင့် ပတ်သက်သည့် ရှေးဟောင်းလင်္ကာများမှာ -

ကရဏီယအောက်ဝလေးထောင့် ပေါက္ကံ့ရှင်ကြီး ထီးနှင့်ပျောက်၊

ဝလေးထောင့်ကိုတွေ့အောင်ရှာ ဝဏ်းကိုးလုံးမှာ-

*အင်းလည်းသည်မှာ၊ ဆေးလည်းသည်မှာ၊ ပြဒါးလည်းသည်မှာ၊ သံလည်းသည်မှာ၊ ရွှေလည်းသည်မှာ ငွေလည်းသည်မှာ အသက်ရှည်လှ အာယုကာ ခေမာအမတ နိဗ္ဗာန မေတ္တေရှင်လှ၊ ဖူးတွေ့ရမည်ပ၊ ခန္ဓာငါးပါးရုပ်၊ နာမ်တရားရှိက ကြံနိုင်ကြ၏-*

အထင်အရှား ပေါ်ထွန်းခဲ့သည်ဟု သိထားမိခဲ့ပါသည်။

ထိုအသိများကြောင့်ပင် ဝိဇ္ဇာအပေါင်း လာရောက် ကျင့်ကြံပွားထုတ်ခဲ့ရာနေရာ အဘဘိုးမင်းခေါင်ထွက်ရပ်လမ်းမြန်းကြွသွားနိုင်ခဲ့သည့် အောင်မြေမှန်ရာ ပုပ္ပားတောင်ကလပ်အထက်ဆီသို့ မမောနိုင်မပမ်းနိုင်လောက်အောင် သဘောထားကာ အရောက်သွားဖြစ်ခဲ့ခြင်းပင် ဖြစ်သည်။ တောင်ကလပ်ပေါ်တွင် တည်ထားသည့် အဘအောင်မင်းခေါင် (ခ) အဘဘိုးမင်းခေါင်၏ အောင်မြေစေတီတော်ကို ဖူးမြော်ပြီးနောက် အဘဘိုးမင်းခေါင်၏ အောင်ဓာတ်ကိန်းရာ အောင်ဓာတ်နန်းအတွင်းသို့ ဝင်ရောက်သွားဖြစ်သည်။ အဘဘိုးမင်းခေါင်၏ အောင်ဓာတ်နန်းအတွင်း အဘဘိုးမင်းခေါင်မာတ်ပုံများ၊ အဘဘိုးမင်းခေါင် အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများရှိနေသည်ကို တွေ့ရသည်။ အဘဘိုးမင်းခေါင်၏ မတ်တတ်ရပ်ရုပ်တုနှင့် ခုတင်ပေါ်တွင်ထိုင်လျက်သားရှိနေသည့် ရုပ်တုတို့မှာ အဘ၏နာမ်ဓာတ်များကိန်းအောင်းနေလေရော့သလား ထင်မှတ်မိရသည်။

တောင်ကလပ်ပေါ်တွင် ဘိုးတော်ဘုရားသိမ်အမိန့်စာချွန်လွှာပေးခဲ့သော တောင်ကလပ်စေတီနှင့် သိမ်တော်တို့ တည်ရှိနေသည်ကိုလည်း တွေ့ရသည်။ သိမ်တော်အတွင်းသီတင်းသုံးနေတော်မူသော ဗုဒ္ဓရုပ်ပွားတော်မြတ်မှာ ရှေးဟောင်း အင်းဝခေတ်ပုံတော်ဟု ယူဆရသည်။

ထို့နောက် တောင်ကလပ်အထက်ကျောင်းတွင် မြင်တွေ့ရသည့် အဓိဋ္ဌာန်အောင်ကြောင်း အဓိဋ္ဌာန်ပြုကာ ချိမရသည့် ကျောက်တုန်း (ကျောက်မောင်းအသွင်ရှိနေသည့်နေရာသို့ အရောက်သွားဖြစ်ကာ ဆုတောင်းအဓိဋ္ဌာန်ပြုရင်း ကျောက်မောင်းကို မ,ကြည့်ဖြစ်သည်။ တောင်ကလပ်ပေါ်တွင် ဘိုးဘိုးအောင် အရိယဉာဏနှင့် ဘိုးမင်းခေါင် စသည့် ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့၏ ရုပ်တုများလည်းရှိနေသည်။ အောင်မြေမှန်ရာ အဘဘိုးမင်းခေါင်၏ ဓာတ်နန်းမှပြန်ခါနီးတွင် တောင်ကလပ်ပေါ်မှ အောက်ဘက်မြေပြန့်ဆီသို့ ငေးမျှော်ကြည့်မိဖြစ်သည်။ အချိန်ကလည်း ညနေစောင်းနေပြီပင် ဖြစ်သည်။ မြင့်မားမတ်စောက်လှသည့် တောင်ကလပ်၏တောင်ခုလတ်၌ တောင်ခိုးတောင်ငွေ့မြူမှုန်များက တောင်ကလပ်ကို ဝိုင်းဝန်းရစ်ပတ်နေသည့်အသွင်ပေါ် လို့နေသည်။ ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရသည်နှင့် ရှေးရှေးအခါကာလများက တောင်ကလပ်တောင်တော်မြတ်ကို နဂါးရစ်တောင်ဟု ခေါ်ဆိုခဲ့ကြသည်ဆိုသည့် ရှေးဟောင်းစာပေတို့က ရင်တွင်းဝယ်ဝင်ရောက် လှုပ်ခတ်နေဖြစ်တော့သည်။

ပုဂံဘုရင် ပျူစောထီးမင်းပြုစဉ် ပုပ္ပားသို့အရောက်လာကာ ပုပ္ပားတောင်ရှိ နတ်အပေါင်းတို့အား ခုနစ်ရက်တိုင်တိုင် ဗလိနတ်စာကျွေးခဲ့သည်။ နတ်စာကျွေးခဲ့စဉ် တောစောင့်နတ်၊ တောင်စောင့်နတ်တို့က ဝိုင်းဝန်းကာ ကောင်းချီးဩဘာပေးခဲ့ကြသလို နဂါးတို့ကလည်း မြူးထူးပျော်ရွှင်ကြကာ တောင်ကလပ်ကြီးအား ရစ်ပတ်ကာ လှည့်လည်ခဲ့ကြသည်။ ထို့အတွက် နဂါးရစ်တောင်ဟု တွင်ခဲ့သည်ဟု အဆိုရှိခဲ့သည်။ လှေကားထစ်များအတိုင်း ဆင်းလာမိရာ နဂါးရစ်တောင်ဟု ဆိုခဲ့ကြသည့် တောင်ကလပ်အဆင်းလမ်းဝယ် လွင့်မြောနေသည့် စံကားဝါပန်းရနံ့များနှင့် ဂမုန်းပန်းရနံ့ပေါင်းစုံတို့က ဝိုင်းဝန်းနှုတ်ဆက်နေကြသည့်အလားရှိနေသည်။ ပုပ္ပားတောင်ကလပ်၏ တောင်ခြေအရောက်တွင် ပုပ္ပားတောင်ကလပ်အား လှည့်ကြည့်မိဖြစ်သည်။

နေရောင်ခြည်လက်တံတို့သည် တောင်ကလပ်အား ဖက်တွယ်နေလျက် နီရဲရဲနေလုံး၏တစ်ခြမ်းစာလောက်သာ တောရိပ်တောင်ရိပ်အထက်တွင် အထင်အရှားမြင်တွေ့နေရသည်။ နေဝင်တော့မည်ပင်ဖြစ်သည်။နေထွက်၊နေဝင်အကြိမ်ပေါင်း မည်မျှဆက်လက်ဖြစ်ပေါ်စေကာမူ ပုပ္ပားတောင်ကလပ်တောင်တော်မြတ်သည် ဝိဇ္ဇာလမ်းလျှောက်ကာ ထွက်ရပ်လမ်းခေါ် အောင်လမ်းသို့ မြန်းကြွသွားကြသည့် ဝိဇ္ဇာအပေါင်းသူတော်ကောင်းသူမြတ်လောင်းတို့၏အောင်ဓာတ်အငွေ့အသက်များက ကိန်းအောင်းတည်ရှိနေဦးတော့မည်က အမှန်ပင် ဖြစ်ပါသည်။

အောင်သာကျော်

**မှတ်ချက် -**

*ကိုယ်တိုင်ရောက်ရှိခံစားတင်ပြခြင်း ဆရာတင်နိုင်တိုး၏ 'အပူပိုင်းဒေသ၏ အိုအေစစ် ပုပ္ပား' ကို ကိုးကားပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲပြီးဆုံးပြီးနောက် ရန်ကုန်မြို့သည် ဗြိတိသျှတို့၏ လက်အောက်သို့ ရောက်ခဲ့သည်။ ထိုအချိန်တွင် ဗြိတိသျှစစ်တပ်များက ရွှေတိဂုံစေတီတော်ကြီး၏ကုန်းတော်ပေါ်တွင် ဌာပနာတိုက်များ ဖောက်ယူခဲ့သောကြောင့် စစ်ကဲဦးထော်လေးသည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ပထမဆုံး ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သောဂေါပကလူကြီးအဖြစ် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည်။



# (ရန်ကုန်တက္ကသိုလ်) လှမြင့်

## ဗြိတိသျှတို့လက်အောက်အချိန်မှ ရွှေတိဂုံစေတီတော်ကြီး၏ပထမဦးဆုံးသော မြန်မာဂေါပကလူကြီးစစ်ကဲဦးထော်လေး

ခရစ်နှစ် ၁၇၇၆ ခုနှစ် (မြန်မာနှစ် ၉၄၀ ပြည့်နှစ်) တွင် ဦးထော်လေးကို ပဲခူးမြို့၌ ဖွားမြင်ခဲ့သည်။ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းလက်ထက်၌ မင်းကျော်သီဟသူဘွဲ့ထူးဖြင့် ဒလမြို့ထိန်းရာထူးနှင့် မှတ်ကျွန်းကို စားရသည်။ အင်္ဂလိပ်-မြန်မာပထမစစ်ပွဲအပြီး ခရစ်နှစ် ၁၈၂၇ ခုနှစ် သန်လျင်မြို့ဝန် သမိန်ဗရူးနှင့် ဓမ္မရက္ခတို့ ဦးဆောင်၍ မြန်မာတို့ကို တော်လှန်ပုန်ကန်ခဲ့သောကြောင့် အင်းဝမှ စစ်သည်များက လာရောက်နှိမ်နင်းခဲ့သည်။ နယ်မြေအေးချမ်းမှုမရှိသောကြောင့် ဦးထော်လေးသည် နောက်လိုက်နောက်ပါ လှေ (၅၀၀) ကျော်၊ လူ (၂၀၀၀၀) ဖြင့် မော်လမြိုင်သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်။ မော်လမြိုင်တောကြီးကို ခုတ်ထွင်ရှင်းလင်း၍ မော်လမြိုင်မြို့သစ်ထူထောင်နေထိုင်ခဲ့သည်။

ဗြိတိသျှအစိုးရသည် မော်လမြိုင်မြို့တွင် ရုံးစိုက်နေထိုင်အုပ်ချုပ်သော ခရစ်နှစ် ၁၈၃၅ ခုနှစ်၊ ဇူလိုင်လတွင် ဦးထော်လေးကို စစ်ကဲရာထူးခန့်ထားခဲ့သောကြောင့် စစ်ကဲဦးထော်လေးဟု ထင်ရှားခဲ့သည်။

၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး၌ ဗြိတိသျှတို့သည် ရန်ကုန်မြို့ကို သိမ်းယူသည်။ ဗြိတိသျှစစ်တပ်များက ရွှေတိဂုံစေတီကုန်းတော်ပေါ်၌ ဌာပနာတိုက်များကို ဖောက်ယူနေကြောင်း ကြားသိရသောအခါ စစ်ကဲဦးထော်လေးသည် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ထိုသို့ဖောက်ထွင်းမတရားပြုမှုများကို ဘိလပ်သို့ရောက်အောင် စာချွန်တော်များ ပို့ဆောင်တိုင်ကြားခဲ့သည်။ ထို့ကြောင့် ဟံသာဝတီဝန်ရှင်တော်မင်းကြီး ဖယ်ရာ၏လက်မှတ်ဖြင့် ရွှေတိဂုံစေတီတော်ကြီး၏ပျက်စီးဆုံးရှုံးမှုများကို တံတိုင်းခုနစ်တန်အတွင်း ပြုပြင်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိခဲ့သည်။ စစ်ကဲဦးထော်လေးအား ဦးဆောင်ပြုပြင်ခွင့်ပေးခဲ့သည်။ စစ်ကဲဦးထော်လေးသည် ကျောင်းဒါယကာ ဦးလူးနှင့် တိုင်ပင်၍ ရွှေတိဂုံစေတီတော်ကြီး၏ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်ရန် ဦးစီးဆောင်ရွက်ခဲ့သည်။ ပြည်သူပြည်သားများထံမှလည်း ဒါနကုသိုလ်များပါဝင်ကြရန် နှိုးဆော်ကောက်ခံခဲ့သည်။

ခရစ်နှစ် ၁၈၅၅ ခုတွင် ရွှေတိဂုံစေတီတော်ကြီးကိုပြုပြင်ပြင်ဆင်ရန် ကြံဆင်သည်။ ရွှေတိဂုံစေတီတော်ကြီး၏ အထက်ပိုင်း၌ ပေါက်ရောက်နေသော

www.burmeseclassic.com

www.burmeseclassic.com

စာဒေမောင်မောင်

# ခရေလမ်းနှင့်မြတ်ပန်းရဂုံ

မောင်မောင်တို့ ငယ်စဉ်တုန်းက အဆိုတော်လရောက်ပြီဆိုရင် ဘယ်နားမှာ စာပေဟောပြောပွဲရှိလဲ အမြဲနားစွင့်ပြီး မလွတ်တမ်း အားပေးလေ့ရှိတယ်။ အဲဒီတုန်းက မန္တလေးမှာ ခေတ်ပြိုင်စာဆိုကြီးများအဖြစ် ဘိုးဘိုးကြီး လူထုဦးလှ၊ ဘွားဘွားကြီး လူထုဒေါ်အမာ၊ ဘဘဦးခင်တင် (ဟံသာဝတီ) နဲ့ ဆရာတင်မိုးတို့ကို မှတ်မှတ်ရရ နားထောင်လိုက်ရတယ်။ ဆရာမောင်သာနိုးနဲ့ ချင်းတွင်းချစ်သွေးတို့လည်း ဟောကြပါတယ်။ သူတို့ဟောတဲ့ ခေါင်းစဉ်တွေက နေရာတိုင်းမှာ အတူတူပဲမို့ ပရိတ်သတ်က ကြိုသိနေတယ်။ ဒါပေမယ့် ပျင်းတယ်ရယ်လို့မရှိဘူး။ သူတို့က နားထောင်သူတွေရဲ့ ဟာဒယကို ဟာသလေးတွေနဲ့ လှုပ်နှိုးလေ့ရှိတယ်လေ။

ဘွားဘွားကြီး လူထုဒေါ်အမာ ဟောလေ့ရှိတာက 'ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး' ဆိုပါတော့။ အဲဒီစာအုပ်ကြီးက ဘယ်လောက်တောင်ကြီးလဲဆိုရင် 'ကမ္ဘာ့အံ့ဖွယ်များစာရင်း' တောင်ဝင်ပါသတဲ့။ စာရွက်တွေက ထူးလွန်းလို့ စာရွက်တစ်ရွက်ကို စေတီငယ်တစ်ဆူစီတည်ပြီး ထည့်ထားရပါသတဲ့။ စာရွက်များကို အရှည်တည်ဖို့ စကျင်တောင်ကရတဲ့ စကျင်ကျောက်များကို အပြားခတ်ပြုလုပ်ထားပါတယ်။ မြတ်ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်က (၄၅) ဝါပတ်လုံး ဟောကြားခဲ့တဲ့ ဒေသနာတော်များကို ပုဒ်၊ ပါဠိ အက္ခရာမယွင်းရအောင် (၅) ကြိမ်မြောက် တည်းဖြတ်ပြီးမှ ကျောက်ထက်အက္ခရာတင်ထားတာပါ။ စာရွက်ပေါင်း

---

ဘောင်ပင်များ၊ ပွဲပျက်သွားသောနေရာများ စသည်တို့ကို အုတ်အင်္ဂတေသရိုး၊ သစ်စေးတို့ဖြင့် မူလလက်ရာအတိုင်း ပုံဖော်ပြင်ဆင်သည်။ ထီးတော်ကြီးကိုလည်း စစ်ဆေးသည်။ ဆည်းလည်းများကို စာရင်းပြုသည်။ အသစ်ဖြစ်သော ရွှေဆည်းလည်း၊ ငွေဆည်းလည်း၊ သံသေမိုးကြိုးဆည်းလည်း၊ ကြေးဆည်းလည်းလုံးရေ (၉၃၂) လုံးကိုလည်း လှူဒါန်းသည်။ ခရစ်နှစ် ၁၈၅၅ ခုနှစ်၊ ...တော်လတွင် မှန်စီဆရာဦးရိုး တီထွင်ပြုလုပ်သော နတ်ပန်းရထားဖြင့် ဆည်းလည်းတော်များကို ကပ်လှူသည်။ ရွှေတိဂုံဘုရားပွဲတော်ကြီးကို (၃) ရက်တိုင်တိုင် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သည်။

၁၈၅၅ ခုနှစ်အတွင်းမှာပင် စစ်ကဲဦးထော်လေးသည် မိမိ၏ သမက်ဖြစ်သော ရန်ကုန်မြို့ အခွန်ဝန် ဦးအုန်းရွှေအား ရွှေတိဂုံစေတီတော်ကြီး၏ ဉာဏ်တော်နှင့်အတကွ အစိတ်အပိုင်းများကို တိုင်းတာစေသည်။ တိုင်းတာချက်များအရ ၁၈၅၅ ခုနှစ်တွင် ရွှေတိဂုံစေတီတော်ကြီးသည် ပလ္လင်အောက်ခုံမှ ထီးတော်ဖျားထိ (၂၄၇)တောင်၊ (၅)လက်မရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီး၏ အစုံစေတီတော်များ (၆၄) ဆူရှိခဲ့သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဂေါပကစစ်ကဲဦးထော်လေးနှင့် ကျောင်းဒါယကာကြီးဦးလူးတို့ကမကထပြုလျက် ပြည်သူပြည်သားအများ၏ ဓမ္မဒါနများ၊ ...ပေါင်း မွမ်းမံ ပြင်ဆင်မှုများကြောင့် ရွှေတိဂုံစေတီတော်ကြီးသည် နဂိုပကတိအတိုင်း သပ္ပာယ်စွာ ပြန်လည်ဖူးတွေ့နိုင်ခဲ့သည်။

ရွှေတိဂုံစေတီတော်ကြီး၌ ဆည်းလည်း (၉၃၂) လုံး ပြန်လည် ဆက်ကပ်လှူဒါန်းပြီး မကြာမီအချိန်တွင် သာယာဝတီမင်း၏ကောင်းမှုဖြစ်သော သံသေဆည်းလည်း (၂) လုံးအနက် တစ်လုံးသည် မြေချခဲ့သည်။ ထိုသံသေဆည်းလည်းကို စစ်ကဲကြီး ဦးထော်လေးသည် မန္တလေး (ရတနာပုံ) နေပြည်တော်၌ ထိုအချိန်တွင် အုပ်စိုးနေသည့် မင်းတုန်းမင်းကြီးထံသို့ မြန်နန်းစကြာမီးသင်္ဘောဖြင့် ကပ္ပိတန်သင်္ဘောတော်မှူး ရွှေတိုက်စိုးမင်းလှမင်းထင်ရာဇာနှင့် ရွှေတိုက်စိုးမင်းလှနရသူတို့ဖြင့် ပို့ဆောင်ကာ ဘိုးတော်သာယာဝတီမင်း၏ အလှူဒါနကို မြေးတော် မင်းတုန်းမင်းက ပြန်လည်မွမ်းမံ သွန်းလုပ်လှူဒါန်းနိုင်ရန် စီမံခန့်ခွဲဆောင်ရွက်မှုပြုခဲ့သည်။

မင်းတုန်းမင်းကြီးသည် သံသေဆည်းလည်းတော်ကို ပန်းတဉ်းဆရာတို့ထံ အပ်နှံသည်။ သံသေကို ရွှေနီ၊ ရွှေဖြူ၊ ငွေဖြူများနှင့် ရွှေစင်တစ်ပိဿာနှင့် ခုနစ်ဆယ်ကျပ်ဖြည့်စွက်၍ ဆည်းလည်းနှစ်လုံး သွန်းလုပ်ပေးခဲ့သည်။ ခရစ်နှစ် ၁၈၆၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၃ ရက်နေ့တွင် မင်းတုန်းမင်းကြီးသည် သံသေဆည်းလည်း (၂) လုံးကို သင်္ဘောတော်စီး ရွှေတိုက်စိုး မင်းလှနရသူထံ အပ်နှံ၍ ရန်ကုန်မြို့ရှိ ဗြိတိသျှအရေးပိုင် ဝန်ရှင်တော်မင်းကြီးထံသို့ ပေးအပ်ရန်စာနှင့်အတူ စစ်ကဲဦးထော်လေး ဝတ်ဆင်ရန် အဖိုးတန်ပုဆိုးတစ်ထည်ကိုပါ ဆုအဖြစ် ပေးအပ်ခဲ့သည်။

စစ်ကဲဦးထော်လေးဦးဆောင်သော ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် ရွှေတိဂုံစေတီတော်ကြီး၌ မင်းတုန်းမင်းကြီးဆက်ကပ်သည့် သံသေဆည်းလည်း (၂) လုံးတို့ ကပ်လှူခဲ့ရာတွင် ရွှေတိဂုံစေတီတော်ကြီးကို ငှက်ပျောဖူးမှစတင်၍ လုံးတော်ပြည့် ရွှေအဆိုင်းပေါင်း သုံးထောင်ကျော် ကပ်လှူခဲ့သည်။ မင်းတုန်းမင်းတရားကြီးက ရွှေဆိုင်းပေါင်း နှစ်ထောင်ကျော် လှူဒါန်းခဲ့သည်။

စစ်ကဲဦးထော်လေးသည် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ နောင်တော်ကြီးစေတီတော်နှင့် ရန်ကုန်မြို့လယ်ရှိ ဆူးလေစေတီတော်ကိုလည်း ကမကထပြုကာ ဦးဆောင်ပြုပြင်ခဲ့သည်။

စစ်ကဲဦးထော်လေးသည် ရွှေတိဂုံစေတီတော်ကြီးအား အဘက်ဘက်မှ မွမ်းမံတည်ဆောက်ပြုပြင်မှုများကို တက်စွမ်းသမျှ ဦးဆောင်ဦးရွက်ပြုလုပ်ခဲ့ပြီး ခရစ်နှစ် ၁၈၆၉ ခုနှစ်၊ အသက် (၉၃) အရွယ်တွင် တွံတေး (ဒလ) မြို့၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ ဗြိတိသျှလက်အောက်သို့ ရန်ကုန်မြို့ရောက်ခဲ့ပြီးနောက် ရွှေတိဂုံစေတီတော်ကြီး၏ပထမဦးဆုံးသော မြန်မာဂေါပကလူကြီး စစ်ကဲဦးထော်လေး ကွယ်လွန်အနိစ္စရောက်ခဲ့သော ခရစ်နှစ် ၁၈၆၉ ခုနှစ်တွင် ရတနာပုံ(မန္တလေး)နေပြည်တော်၌ စိုးစံနေသော မင်းတုန်းမင်းကြီး၏ ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်သစ်ပြန်လည်တင်ခဲ့သောနှစ်နှင့် ထူးခြားစွာ တိုက်ဆိုင်နေခဲ့ပါသည်။

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

မြတ်ဘုရားရွှေတိဂုံ
(မောင်ဆုရှင်)



www.burmeseclassic.com

www.burmeseclassic.com

| မူစေတီ လိုင်း | ပါဠိတော်ပါဠ်အမည် | စေတီ အမှတ်စဉ် | ကျောက် ချပ်ရေ |
|---|---|---|---|
| ၁ | **ဝိနည်း (၅) ကျမ်း ပါဠိတော်** | ၁-၁၁၁ | |
| | ၁။ ပါရာဇိကဏ် | ၁၄-၁ | ၁၄ } |
| | ပါရာဇိကဏ် | ၄၂-၃၈ | ၅ } |
| | ပါတိမောက် | ၁၅-၁၆ | ၂ |
| | ၂။ ပါစိတ် | ၁၇-၃၇ | ၂၁ } |
| ၂ | ပါစိတ် | ၄၃-၄၃ | ၁ } |
| | ၃။ မဟာဝါ | ၄၄-၆၉ | ၂၆ |
| | ၄။ စူဠဝါ | ၇၀-၉၄ | ၂၅ |
| | ၅။ ပရိဝါ | ၉၅-၁၁၀ | ၁၆ } |
| | ပရိဝါ | ၁၁၁-၁၁၁ | ၁ } |
| | စုစုပေါင်း | | ၁၁၁ |
| ၃ | **အဘိဓမ္မာ (၇) ကျမ်း ပါဠိတော်** | ၁၁၂-၃၁၉ | |
| | ၁။ ဓမ္မသင်္ဂဏီ | ၁၁၂-၁၂၄ | ၁၃ |
| | ၂။ ဝိဘင်း | ၁၂၅-၁၄၅ | ၂၁ |
| | ၃။ ဓာတုကထာ | ၁၄၆-၁၄၉ | ၄ |
| | ၄။ ပုဂ္ဂလပညတ် | ၁၅၀-၁၅၃ | ၄ |
| | ၅။ ကထာဝတ္ထု | ၁၅၄-၁၇၃ | ၂၀ |
| | ၆။ ယမိုက် | ၁၇၄-၂၁၀ | ၃၇ } |
| ၄ | ယမိုက် | ၂၁၁-၂၂၀ | ၁၀ } |
| | ၇။ ပဋ္ဌာန်း | ၂၂၁-၃၁၉ | ၉၉ |
| | စုစုပေါင်း | | ၂၀၈ |
| ၅ | **သုတ် (၃) ကျမ်း ပါဠိတော်** | ၃၂၀-၃၅၅ | |
| | ၁။ သုတ်သီလက္ခန် | ၃၂၀-၃၃၀ | ၁၁ |
| | ၂။ သုတ်မဟာဝါ | ၃၃၁-၃၄၃ | ၁၃ |
| | ၃။ သုတ်ပါထေယျ | ၃၄၄-၃၅၅ | ၁၂ |
| | စုစုပေါင်း | | ၃၆ |
| | **ပဏ္ဏာသ (၃) ကျမ်း ပါဠိတော်** | ၃၅၆-၄၁၇ | |
| | ၁။ မူလပဏ္ဏာသ | ၃၅၆-၃၇၅ | ၂၀ |
| | ၂။ မဇ္ဈိမပဏ္ဏာသ | ၃၇၆-၃၉၉ | ၂၄ |
| | ၃။ ဥပရိပဏ္ဏာသ | ၄၀၀-၄၁၇ | ၁၈ |
| | စုစုပေါင်း | | ၃၆ |
| | **ပဏ္ဏာသ (၃) ကျမ်း ပါဠိတော်** | ၃၅၆-၄၁၇ | |
| | ၁။ မူလပဏ္ဏာသ | ၃၅၆-၃၇၅ | ၂၀ |
| | ၂။ မဇ္ဈိမပဏ္ဏာသ | ၃၇၆-၃၉၉ | ၂၄ |
| | ၃။ ဥပရိပဏ္ဏာသ | ၄၀၀-၄၁၇ | ၁၈ |
| | စုစုပေါင်း | | ၆၂ |
| | **သံယုက် (၅) ကျမ်း ပါဠိတော်** | ၄၁၈-၄၈၂ | |
| | ၁။ သဂ္ဂါဝဂ် | ၄၁၈-၄၂၆ | ၉ |
| | ၂။ နိဒါနဝဂ် | ၄၂၇-၄၃၇ | ၁၁ |
| | ၃။ ခန္ဓဝဂ် | ၄၃၈-၄၄၇ | ၁၀ |
| | ၄။ သဠာယတနဝဂ် | ၄၄၃-၄၆၅ | ၁၅ |
| | ၅။ မဟာဝဂ် | ၄၆၆-၄၈၂ | ၃ } |
| ၆ | မဟာဝဂ် | | ၁၇ } |
| | စုစုပေါင်း | | ၆၅ |

| မူစေတီ လိုင်း | ပါဠိတော်ပါဠ်အမည် | စေတီ အမှတ်စဉ် | ကျောက် ချပ်ရေ |
|---|---|---|---|
| - | **အင်္ဂုတ္တိုရ် (၁၁) ကျမ်း ပါဠိတော်** | ၄၈၃-၅၆၀ | |
| | ၁။ ဧကင်္ဂုတ္တရ | ၄၈၃-၄၈၄ | ၂ |
| | ၂။ ဒွိကင်္ဂုတ္တရ | ၁၈၅-၄၈၆ | ၂ |
| | ၃။ တိကင်္ဂုတ္တရ | ၄၈၇-၄၉၆ | ၁၀ |
| | ၄။ စတုက္ကင်္ဂုတ္တရ | ၄၉၇-၅၀၉ | ၁၃ |
| | ၅။ ပဉ္စင်္ဂုတ္တရ | ၅၁၀-၅၂၁ | ၁၂ |
| | ၆။ ဆက္ကင်္ဂုတ္တရ | ၅၂၂-၅၂၇ | ၆ |
| | ၇။ သတ္တင်္ဂုတ္တရ | ၅၂၈-၅၃၃ | ၆ |
| | ၈။ အဋ္ဌင်္ဂုတ္တရ | ၅၃၄-၅၄၁ | ၈ |
| | ၉။ နဝင်္ဂုတ္တရ | ၅၄၂-၅၄၆ | ၅ |
| | ၁၀။ ဒသင်္ဂုတ္တရ | ၅၄၇-၅၅၈ | ၁၂ |
| | ၁၁။ ဧကာဒသင်္ဂုတ္တရ | ၅၅၉-၅၆၀ | ၂ |
| | စုစုပေါင်း | | ၇၈ |
| ၆ | **ခုဒ္ဒကနိကာယ်(၁၉)ကျမ်းပါဠိတော်** | ၅၆၁-၇၂၉ | |
| | ၁။ ခုဒ္ဒကပါဌ | ၅၆၁-၅၆၁ | ၁ |
| | ၂။ ဓမ္မပဒ | ၅၆၂-၅၆၃ | ၂ |
| | ၃။ ဥဒါန်း | ၅၆၄-၅၆၈ | ၅ |
| | ၄။ ဣတိဝုတ္တက | ၅၆၉-၅၇၁ | ၃ |
| | ၅။ သုတ္တနိပါတ | ၅၇၂-၅၇၆ | ၅ |
| | ၆။ ဝိမာနဝတ္ထု | ၅၇၇-၅၇၉ | ၃ |
| | ၇။ ပေတဝတ္ထု | ၅၇၇-၅၇၉ | ၃ |
| | ၈။ ထေရဂါထာ | ၅၈၀-၅၈၂ | ၄ |
| | ၉။ ထေရီဂါထာ | ၅၈၃-၅၈၆ | ၂ |
| | ၁၀။ ပါဠဇာတ် | ၅၈၇-၅၈၈ | ၁၅ |
| ၇ | ပါဠဇာတ် | ၅၈၉-၆၀၃ | ၆ |
| | ၁၁။ မဟာနိဒ္ဒေသ | ၆၀၄-၆၀၉ | ၃၃ |
| | ၁၂။ ပဋိသမ္ဘိဒါမဂ် | ၆၁၀-၆၄၂ | ၂၂ |
| | ၁၃။ ထေရအပဒါန် | ၆၄၃-၆၆၄ | ၁၉ |
| | ၁၄။ ထေရီအပဒါန် | ၆၆၅-၆၈၃ | ၄ |
| | ၁၅။ ဗုဒ္ဓဝင် | ၆၈၈-၆၉၀ | ၃ |
| | ၁၆။ စရိယာပိဋက | ၆၉၁-၆၉၂ | ၂ |
| | ၁၇။ နေတ္တိ | ၆၉၃-၇၀၀ | ၈ |
| | ၁၈။ ပေဋကောပဒေသ | ၇၀၁-၇၀၉ | ၉ |
| | ၁၉။ မိလိန္ဒပဉှာ | ၇၁၀-၇၂၉ | ၂၀ |
| | စုစုပေါင်း | | ၁၆၉ |

(၇၂၉) ရွက်အတွက် ကျောက်ချပ်ပေါင်း (၇၂၉) ချပ်နဲ့ ဓမ္မစေတီပေါင်း (၇၂၉) ဆူရှိပါတယ်။ ကုသိုလ်တော်မော်ကွန်း (၃) ချပ်နဲ့ သမိုင်းမော်ကွန်း (၁) ချပ်ကိုတော့ သီးခြားစေတီငယ်တစ်ဆူစီနဲ့ ထိန်းသိမ်းထားပါတယ်။


အဆိုပါ စာအုပ်ကြီးရဲ့ မူပိုင်ရှင်ကတော့ ကုန်းဘောင်ဧကရာဇ် (၁၁)ပါးမှာ နံပါတ် (၁၀) ချိတ်သွားတဲ့ ဆွေလေး




www.burmeseclassic.com

www.burmeseclassic.com

ပိဋကတ်တော်များတည်နေပုံ အမှတ်ခြေ




ပိဋကတ်တော်များတည်နေပုံ အမှတ်ခြေ






www.burmeseclassic.com

www.burmeseclassic.com

**ပိဋကကျမ်းစာ (၇) မျိုး**

| စဉ် | ကျမ်းအမည် | ဓမ္မစေတီအမှတ်စဉ် | အရေအတွက် |
|---|---|---|---|
| ၁။ | ဝိနည်း (၅) ကျမ်း | ၁ မှ ၁၁၁ | ၁၁၁ ဆူ |
| ၂။ | အဘိဓမ္မာ (၇) ကျမ်း | ၁၁၂ မှ ၃၁၉ | ၂၀၈ ဆူ |
| ၃။ | သုတ် (၃) ကျမ်း | ၃၂၀ မှ ၃၅၅ | ၃၆ ဆူ |
| ၄။ | ပဏ္ဏာသ (၁၃) ကျမ်း | ၃၅၆ မှ ၄၁၇ | ၆၂ ဆူ |
| ၅။ | သံယုဂ် (၅) ကျမ်း | ၄၁၈ မှ ၄၈၂ | ၆၅ ဆူ |
| ၆။ | အင်္ဂုတ္တိုလ် (၁၁) ကျမ်း | ၄၈၃ မှ ၅၆၀ | ၇၈ ဆူ |
| ၇။ | ခုဒ္ဒကနိကာယ် (၁၉) ကျမ်း | ၅၆၁ မှ ၇၂၉ | ၁၆၉ ဆူ |
| | စုစုပေါင်း | | ၇၂၉ ဆူ |

ရတနာပုံ မြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးပါ။ ကျောက်စာတိုက်စေတီများကိုတော့ ထုံးသင်္ကန်းကပ်လျှပ်ပူဇော်နေပါပြီ။ ကျောက်ချပ်တွေပေါ်က မပီဝိုးတဝါး စာလုံးအနည်းငယ်လေးတွေကို ရှေးမူမပျက်အောင် မင်လိုက်ပေးလို့ရရင်ကောင်းမှာပဲ။ ထုံးသင်္ကန်းဖုံးအုပ်သွားတဲ့ စေတီအမှတ်စဉ်များကိုလည်း ဆေးမင်လိုက်ပေးရမှာပါ။ သင်းသင်းလေးမွှေးတဲ့ ခရေပင်တန်းတွေနဲ့ လွမ်းမောဖွယ်ရာကောင်းတဲ့စာပေပန်းရဂုံကြီးတစ်ခုပါပဲ။ ရောက်ဖူးသူတိုင်း မပြန်ချင်ဘူး။

ဒီပန်းရဂုံထဲကို မောင်မောင်အမှတ်မထင်ဘဲ ရောက်သွားတုန်းက မြတ်ဗုဒ္ဓဟောကြားခဲ့တဲ့ 'မေတ္တာအကျိုး (၁၁) မျိုး' ကို 'ဧကာဒသင်္ဂုတ္တရ' ပါဠိတော်မှာရှာကြည့်မိတယ်။ အင်္ဂုတ္တိုရ်ပါဠိတော်များဟာ တူရာတူရာတရားအစုတွေကို (၁) ပါးအစုကနေ (၁၁) ပါးအစုအထိ ထုတ်နုတ်ထားလို့ အလွန်နှစ်သက်ဖွယ်ကောင်းပါတယ်။

အဲဒီအချိန်မှာပဲ နိုင်ငံခြားစုံတွဲတစ်တွဲက မောင်မောင့်အနားရောက်လာတယ်။ မောင်မောင်ကလည်း မြန်မာပီပီ ဖော်ရွေအပြုံးလေးနဲ့ဆီးကြိုပါတယ်။

"အဲဒါ တိပိဋကလား" တဲ့။

အင်း - ဘယ်လိုပြောရမလဲ။ မောင်မောင်ကြည့်နေတာက နိကာယ်စာရွက်လေ။

"နိုး နိုး၊ ဒါကတော့ နိကာယပါ။ တိပိဋကလည်းရှိပါတယ်"

သူမက ပြုံးစနဲ့ -

"ဘယ်လိုဖတ်ရလဲ" တဲ့။

ကျောက်ချပ်တွေထဲက ပါဠိတော်တွေရဲ့ အသံထွက်အမှန်ကိုကြားရဖို့ သူမက တကယ်ပဲစိတ်အားထက်သန်နေတယ်။ မောင်မောင်က ဒါတွေကို ထမင်းစားရေသောက်ဖတ်ပြနိုင်ပါတယ်။ ခက်တာက မောင်မောင့်မှာ မျက်မှန်ပါမလာဘူး။ သူမတို့စုံတွဲကို အားနာနာနဲ့ပဲ 'ဧကာဒသနိသံသာ' ဆိုတဲ့ စာကြောင်းတွေကို မျက်လုံးအားကုန်သုံးပြီး ဖတ်ပြလိုက်ရတယ်။

"အဲဒါတွေကို ဆုတောင်းလား၊ မန္တစကူးရောက်ဖူးလား"

**ဓမ္မစေတီများတည်နေပုံ**

| စေတီလိုင်း | အမှတ်စဉ် | စေတီအရေအတွက် |
|---|---|---|
| ၁။ | ၁ မှ ၄၂ | ၄၂ ဆူ |
| ၂။ | ၄၃ မှ ၁၁၀ | ၆၈ ဆူ |
| ၃။ | ၁၁၁ မှ ၂၁၀ | ၁၀၀ ဆူ |
| ၄။ | ၂၁၁ မှ ၃၁၉ | ၁၀၈ ဆူ |
| ၅။ | ၃၂၀ မှ ၄၆၅ | ၁၄၆ ဆူ |
| ၆။ | ၄၆၆ မှ ၆၀၃ | ၁၃၈ ဆူ |
| ၇။ | ၆၀၄ မှ ၇၂၉ | ၁၂၇ ဆူ |
| | စုစုပေါင်း | ၇၂၉ ဆူ |

သူတို့သိချင်တာကလေးတွေကို ဖော်ရွေရင်းနှီးစွာဖြေပေးလို့ သူမတို့ပျော်ရွှင်ကျေနပ်သွားပါတယ်။

"ကျေးဇူးတင်ပါတယ်၊ ဂွတ်ဒေး"

"ဂွတ်ဒေးပါ"

သူမတို့စုံတွဲ နှုတ်ဆက်ပြီး ပြန်သွားတော့ ဒီစာရွက်တွေအကြောင်း နည်းနည်းလောက်ရှင်းပြနိုင်ရင်ကောင်းမှာဆိုတဲ့ အတွေးလေး မောင်မောင့်မှာဖြစ်ကျန်ခဲ့တယ်။ နည်းနည်းလေးဆက်ပြီးလေ့လာဖြစ်သွားတယ်။

မောင်မောင်တို့ မှတ်သားမိသလောက် မြတ်ဗုဒ္ဓဒေသနာတော်များကို ပိဋကတ်သုံးသွယ်နဲ့ နိကာယ်ငါးရပ်ဆိုပြီး ပိုင်းခြားကြတယ်။ အညေဆရာတို့က အားလုံးကို တိပိဋကလို့ ဆိုတာလည်းရှိတယ်။ မောင်မောင်က ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးမှာပါတဲ့အတိုင်း ပိဋကတ်ကျမ်းစာ (၇) မျိုးကို တင်ပြမှာပါ။ ယိုးဒယားကဝင်လာတဲ့ ဇင်းမယ်ပဏ္ဏာသအပါအဝင်ပေါ့။ မှတ်ရလွယ်အောင် ဇယားလေးနဲ့ ပြပေးထားပါတယ်။

ဓမ္မစေတီများကတော့ ပထမမဟာရံတံတိုင်းအတွင်းမှာ လိုင်းအမှတ် (၁) ရှိပြီး (၄၂) ဆူပါ။ ဒုတိယမဟာရံတံတိုင်းအတွင်းမှာ လိုင်းအမှတ် (၂) က (၆၈) ဆူနဲ့ လိုင်းအမှတ် (၃) က အဆူ (၁၀၀) ဖြစ်ပါတယ်။ တတိယမဟာရံတံတိုင်းအတွင်းမှာဆိုရင်လည်း လိုင်းအမှတ် (၄) မှာ (၁၀၈) ဆူ၊ လိုင်းအမှတ် (၅) မှာ (၁၄၆) ဆူ၊ လိုင်းအမှတ် (၆) မှာ (၁၃၈) ဆူနဲ့ လိုင်းအမှတ် (၇) မှာ (၁၂၇) ဆူ အသီးသီးထားရှိပါတယ်။

ပိဋကတော်များမှ အလိုရှိရာကျမ်းကို အလွယ်တကူရှာဖွေဖတ်ရှုနိုင်အောင်လည်း ဇယားလေးတွေနဲ့ အသေးစိတ်ညွှန်းပေးလိုက်ပါတယ်။ ပန်းခရေတောမှာ သင်းပျံ့တဲ့ ခရေရနံ့လေးတွေနဲ့အတူ စာပေရောင်စုံပန်းအလှများကို မိတ်ဆွေများ ရရှိခံစားနိုင်ကြပါစေ။

* *ပန်းရဂုံ စာစုံစု*
*ရှုပါတော့လေး*
*ရနံ့ငယ်ကြိုင်*
*ဆွတ်ပျံ့လှိုင်*
*ကြိုကြိုလန်းတယ်*
*ပန်းမြတ်ပဂေး*

ဝေဒမေဓာဝီမောင်



www.burmeseclassic.com

www.burmeseclassic.com

အရှုန(မွန္တလေး)

# အိုက်ခေါ်တော်ထံပါးရွှေကျိုးနားတော့ ရှင်ဘုရင့်သမီးတော်နဲ့ညားး

ဗန်းမော်မြို့ဆိပ်ကမ်း ရှပ်ပြေးမော်တော်ဆိုက်တော့ ညနေ (၃) နာရီခန့်၊ ညို့ညို့ဆိုင်းနေတဲ့ မြို့လေး၏ သဘာဝအလှရှုခင်းကို မြင်လိုက်ရတော့ တောင်သမန်လယ်စား မောင်ဖေငယ်၏ တေးထပ်က ခေါင်းထဲ ဖျတ်ခနဲဝင်လာသည်။

* ချစ်ရသူခင်ခင်ငဲ့၊
ဘဝင်မြင့်သက်ညာ၊
ဆင်မသင့်ခက်ပါသော်. . .
သက်သာရာမရ။
တကယ်လို့တိမ်းငဲ့ချော်လျှင်၊
စိမ်းနဲ့နော် ဘုန်းခင့်လာပ့်။
ကလာပ်ခုရုပ်ကြွင်း
ကိုယ်ပြုတ်ယွင်းယိုကာယ၊
ဖွတ်သဂြိုဟ်ဈာပန၊
ပြာကျမှပြန်ပါ။


ဗန်းမော်မြို့မှာ တောင်သမန်လယ်စားမောင်ဖေငယ် အသတ်ခံခဲ့ရသည်မဟုတ်လား။

ဗန်းမော်မြို့လေးဟာ သာယာလှပသည်။ ကချင်ပြည်နယ်အတွင်းက တောတောင်ထူထပ်တဲ့နေရာနှင့်မတူဘဲ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသလိုလိုမြိတ်ကျွန်းစုဒေသတွေလိုလို စိတ်ထဲခံစားမိရသည်။

မြစ်ခွဲ၊ ချောင်းလက်တက်များပေါများသလို မြေပြင်ကပြန့်ပြူး၏။ ပျူမြို့ပြများနှင့်အပြိုင် မြို့ပြကြီးများထွန်းကားခဲ့တာကို မှန်းဆလို့ရနိုင်ပါသည်။ ဗန်းမော်ဆိပ်ကမ်းမှ ရွှေကျိုးနားစေတီရှိရာစုံစမ်းကြည့်တော့ ဆိုင်ကယ်ကယ်ရီနှင့်သွားမှ အဆင်ပြေနိုင်ပါသည်။ ပွဲတော်ရက်နီးပြီးဖြစ်သောကြောင့် လူအသွားအလာများဖြင့် စည်ကားနေပါတော့သည်။ ရွှေကျိုးနားစေတီတော်သည် နှစ်စဉ် တပေါင်းလပြည့်ကျော် ၁၂ ရက်နေ့တွင် ဆွမ်းဆန်စိမ်းများလောင်းလှူလေ့ရှိပါသည်။ ရာဇဝင်ကို အေးအေးဆေးဆေးမေးမြန်းလေ့လာတော့မှ သမိုင်းဝင်နေရာတစ်ခု။ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ဖြစ်ရပ်တွေဟာ စိတ်ထဲ ထင်ရှားစွာ ပေါ်လာတော့သည်။

မဇ္ဈိမတိုက်၌ တိုင်းကြီး (၁၆) တိုင်းရှိခဲ့သည်။ စမ္မာမြစ်အနီး၌ အင်္ဂတိုင်းရှိ






...ဥ်နံ့စေတီ (ရွာဦးကျောင်းအတွင်းမှာရှိ)

တိမ်ဖာတောင်မှ တောင်ခြေရှိ ရတနာစေတီ



www.burmeseclassic.com

www.burmeseclassic.com

၏။ မြို့တော်အနီးတွင် ဂဂ္ဂရာဟူသော ရေကန်ရှိသည်။ ထိုရေကန်ကြီး၏အနီးတွင် စမ္ဗာနဂိုရ်ဟူသော စံကားတောကြီးရှိသောကြောင့် စမ္ဗာနဂိုရ်ဟူသော အမည်ဖြင့် ထင်ရှားခဲ့သည်။

မိုးခေါင်ရေရှားဖြစ်သောအခါ စမ္ဗာပြည်ကို အစိုးရသော စမ္ဗေယျမင်းနှင့် မာဂဓတိုင်းကိုအစိုးရသော မာဂဓရာဇ်မင်းတို့ စစ်ဖြစ်ခဲ့ကြသည်။ စမ္ဗာမြစ်ရေကို သူလိုချင်ငါလိုချင် အငေမတည့်ဖြစ်ကာ စစ်ခင်းကြတော့သည်။ စစ်ပွဲတွင် စမ္ဗေယျမင်း ရှုံးနိမ့်သောအခါ ရသမျှစစ်သည်စုစည်းကာ တောနက်ရာသို့ ဆုတ်ခွာခဲ့ရသည်။

တာပိန်မြစ်နှင့် ဧရာဝတီမြစ်ကမ်းဆုံရာနေရာအထိ ဆုတ်ခွာခဲ့ကြရာ တာပိန်မြစ်နား ရောက်လာသောအခါ တာပိန်မြစ်သည် စမ္ဗာယ်ရာမြစ်နှင့်တူသလို ဧရာဝတီမြစ်သည် ဂင်္ဂါမြစ်နှင့်တူတာကို တွေ့ကြရသည်။ သဘာဝတောတောင်ရေမြေက စမ္ဗာနဂိုရ်မြို့နှင့် အလွန်တူလှသောကြောင့် မြို့သစ်တည်၍ စမ္ဗာနဂိုရ်ထီးနန်းကို စိုးစံခဲ့သည်။

စမ္ဗေယျမင်းကြီး နတ်ရွာစံသောအခါ သားတော်အိမ်ရှေ့မင်းသား ပြဟ္မာရကုမာရ ဆက်လက် ထီးနန်းစိုးစံခဲ့သည်။ မင်းကြီးသည် သားတော်မထွန်းကားဘဲ သမီးတော် မုဋ္ဌန္ဒာသာထွန်းကားခဲ့သည်။ ရုပ်ရည်ချောမောလှပ၍ မိန်းမမြတ်အင်္ဂါနှင့်ပြည့်စုံသော မုဋ္ဌန္ဒာမင်းသမီးလေးသည် ဥယျာဉ်တော်ကစားရန် ရံရွေတော်များနှင့်အတူ ထွက်လာခဲ့ကြသည်။

ထင်းထမ်းလုလင်တစ်ဦးကလည်း ထင်းစည်းချ၍ ဇရပ်တွင်နားရာ မင်းသမီးကလေးနှင့် ဆုံစည်းခဲ့ရသည်။ မင်းသမီးလေး၏ရံရွေတော်များက လုလင်ပျိုသည် လည်ကုပ်တိုနေသောကြောင့် 'အိုက်ခေါတော်'ဟု အမည်ပေးလိုက်ကြသည်။

မုဆိုးမသား လုလင်ပျိုသည် မင်းသမီးလေးကို မြင်လျှင်မြင်ချင်း ချစ်ခင်စွဲလမ်းသွားရာ မအိပ်နိုင်မစားနိုင်အထိ ဖြစ်ခဲ့ရသည်။ မိခင်မုဆိုးမကြီးသည် သားအဖြစ်ကို မကြည့်ရက်တော့၍ မင်းကြီးထံဝင်ရောက်၍ သမီးတော်လေးနှင့် လက်ထပ်ရန် သံတော်ဦးတင်လျှောက်လိုသည်။

မတူမတန်ကိစ္စဖြစ်၍ မင်းကြီးသည် ရာဇမာန်ရှ၏။ မင်းကြီးသည် ပညာရှိနည်းဖြင့် -


"ငါ့သမီးတော်ကို လက်ဆက်လိုပါ




အိုက်ခေါတော်စေတီ



သိမ်မဟာစေတီ (ဗန်းမော်)


ရွှေကျီးနားစေတီအာရုံခံတန်ဆောင်းထဲမှဘုရားများ



အိုက်ခေါတော်စေတီနှင့် ရွှေကျီးနားစေတီ (စိန်ဖူးတော်တင်နေစဉ်က)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတုံရွာအတွင်းမှ ငွေစည်းခုံစေတီ



ကောင်းတုံရွာအနီးမှ ကင်းခွန်ဘုရား

က အသင့်အိမ်နှင့် ငါကိုယ်တော်မြတ်စံတော်မူတဲ့နန်းတော်ထိ ရွှေတံတား၊ ငွေတံတား ညတွင်းချင်းခင်းနိုင်ပါက သမီးတော်နှင့် ပေးစားမည်။ မခင်းနိုင်ပါက အိုက်ခေါ်တော်ကို လည်ပင်းအထိ မြေထိပ်ခတ်သတ်စေ"

ဟု မိန့်တော်မူလိုက်သည်။

အိုက်ခေါ်တော်တို့သားအမိသည် ရွှေတံတား၊ ငွေတံတား မခင်းနိုင်သောကြောင့် အိုက်ခေါ်တော်သည် လည်ပင်းအထိ မြေထိပ်ခတ်ခြင်းခံခဲ့ရတော့သည်။

အိုက်ခေါ်တော် မြေထိပ်ခတ်ခံရသည့်နေ့မှာပင် ဂန္ဓာလရာဇ်တိုင်း ဥတည်မင်းထံမှ ထူးဆန်းသော ရွှေကြုတ်ကြီးနှင့် ရွှေသဝဏ်လွှာတစ်စောင် သံတမန်စေလွှတ်ပို့ဆက်လာခဲ့သည်။

သဝဏ်လွှာတွင် ပါရှိသည်မှာ ဗြဟ္မာရကုမာရမင်းကြီးသည် ရွှေကြုတ်ကြီးအတွင်း ပါရှိသည့်ပစ္စည်းများကို ရွှေဉာဏ်တော်ဖြင့် ချင့်ချိန်ဖြေဆိုရန်နှင့် ဖြေဆိုနိုင်ပါက စမ္မာနဂိုရ်နှင့် နယ်မြေဆက်စပ်နေသော ကောသမ္ဗီနယ်ကို ဉာဏ်ပူဇော်ခအဖြစ် ပေးအပ်မည်။ (၇) ရက်အတွင်း မဖြေဆိုနိုင်ပါက စမ္မာနဂိုရ်ပြည်ကို ပေးအပ်ရမည်ဟု ဆိုထား၏။

မင်းကြီးနှင့် မှူးမတ်များသည် ရွှေကြုတ်အတွင်းရှိသောပစ္စည်းကို မသိနိုင်အကြံအိုက်နေ၏။ တိုင်းပြည်အတွင်း ကြေးနင်းမောင်းခတ်ကာ ဤပြဿနာကို ဖြေဆိုနိုင်သူရှိပါက ယောကျာ်းဖြစ်ပါက သမီးတော်နှင့်ထိမ်းမြားရ၍ အိမ်ရှေ့အရာပေးမည်။ မိန်းမဖြစ်ပါမူ ငွေအသပြာတစ်သိန်း ပေးသနားမည်ဟုကြေညာလိုက်သည်။

အိုက်ခေါ်တော်အနား ရောက်သောအခါ အိုက်ခေါ်တော်က ဤပြဿနာကို သူဖြေဆိုနိုင်ကြောင်း အာဏာပါးကွက်သားတို့မှတစ်ဆင့် မင်းကြီးထံ လျှောက်တင်ခိုင်းလိုက်သည်။

ပဉ္စာဖြေဆိုမည့်နေ့တွင် အိုက်ခေါ်တော်လုလင်အား ရွှေချပ်၊ ရွှေမိန်ဝတ်စေလျက် ရှေ့တော်သို့သွင်းလိုက်သည်။ အိုက်ခေါ်တော်သည် ပရိသတ်အလယ်၌ -

"ဤရွှေကြုတ်အတွင်း၌ လူရုပ်ပုံနှစ်ခုပါဝင်ပါသည်။ ရုပ်ပုံတစ်ခုဟာ စုလျားကိုရစ်သိုင်းပြီး လေးပစ်ခွင်းနေဟန်ဖြစ်ပါတယ်။ ဤရုပ်ပုံမှာ စုလျားနှင့် လေးဟာ လူရုပ်ပုံနဲ့ နှိုင်းယှဉ်ပါက အနည်းငယ်ကြီးနေသောကြောင့် ရွှေကြုတ်



www.burmeseclassic.com

www.burmeseclassic.com

အတွင်းမှာ ပိတ်အုပ်နဲ့ လက်နက်ပါရှိပါတယ်။

အခြားလူရုပ်တစ်ခုက လဲကျနေဟန်ဖြစ်လို့ လက်တစ်ဖက်က မြားကိုကိုင်ထားဟန်ဟာ မြားဦးအတွင်းသို့ မစူးဝင်ဘဲ ကိုင်ထားတဲ့လက်ဖျားမှာပဲ ပေါ်နေတယ်။ ဒါကြောင့် ပိတ်အုပ်အတွင်းမှာ ချွန်ထက်တဲ့ သံချောင်း (သို့) အပ်ဖြစ်ရမည်"

ဟု ဖြေဆိုလိုက်သည်။

သံတမန်များသည် အိုက်ခေါ်တော်အဖြေများ မှန်ကန်နေသောကြောင့် ကတိအတိုင်း ကောသမ္ဗိနယ်ကို မင်းကြီးအားပေး၍ ဂန္ဓာရတိုင်းသို့ပြန်သွားကြသည်။ မင်းကြီးသည် အိုက်ခေါ်တော်အား သမီးတော်နှင့် လက်ဆက်၍ အိမ်ရှေ့အရာပေးတော်မူရသည်။

(အိုက်ခေါ်တော် အလွယ်တကူဖြေဆိုနိုင်ခြင်းမှာ မြေထိပ်ခတ်ခဲ့ထားခဲ့ရသည့်နေရာအနီးတွင် ကျေးသားမောင်နှံလာ၍ မဂဓဘာသာဖြင့် ပြောဆိုဆွေးနွေးကြသောကြောင့်ဟု ဆိုပါသည်။)


အိုက်ခေါ်တော်သည် မင်းဖြစ်သောအခါ မိမိမြေထိပ်ခတ်ခံရသည့်နေရာတွင် စေတီတစ်ဆူတည်တော်မူ၍ အိုက်ခေါ်တော်စေတီဟုတွင်ခဲ့ပါသည်။

အိုက်ခေါ်တော်မင်းကြီးမှ စိတ္တရာဇာနှင့် ဂုတ္တရာဇာဟူ၍ သားတော်နှစ်ပါးထွန်းကားခဲ့သည်။အိုက်ခေါ်တော်မင်းကြီးလွန်တော်မူသောအခါ သားတော်ကြီးစိတ္တရာဇာ ထီးနန်းဆက်ခံခဲ့သည်။


သားတော်ငယ် ဂုတ္တရာဇာကိုကျောက်ဆီးမြို့ (ယခု မိုးမောက်မြို့)မြို့စားခန့်ထားခဲ့လေသည်။ ညီတော်သည် ကျောက်ဆီးမြို့မှ ချီတက်၍ နောင်တော်အား ထီးနန်းအပ်ရန် အရေးဆိုလာခဲ့သည်။ နောင်တော်သည် စစ်ဖြစ်ပါကတိုင်းသားပြည်သူတို့ အသက်အိုးအိမ်ကို မပျက်စီးစေလို၍ ဆင်တော်စီး၍မြောက်တံခါးမှ တိမ်းရှောင်ခဲ့သည်။

ညီတော်သည် ရန်ကြွင်းမထားလိုသောကြောင့် နောင်တော်ကို လိုက်လံချေမှုန်းခဲ့သည်။ မိဖုရားကြီးပုပ္ပဝတီသည် ပြေးလွှားရင်း ရွှေဖိနပ်ကျွတ်ကျခဲ့သည်။ ထိုဖိနပ်က ဖိနပ်ပင်ပေါက်ခဲ့သည်။ ယခုအခါ ပျဉ်းပင်အမျိုးအစားတစ်မျိုးသာဖြစ်သည်။

တာပိန်မြစ်ကို ဖြတ်ကူးရာ ရေစိုသွားသောအဝတ်များ နေလှန်းသောနေရာကို နောင်တာလိုက်ဟု ခေါ်သည်။ တောင်ကြားကျဉ်း၍ ဆင်တစ်သောနေ




ဝိလာသတောင်မှ လွမ်းစေတီ



မြစေတီဆုတောင်းပြည့်ဘုရားကြီးနှင့် ကျောက်စာတိုက်



www.burmeseclassic.com


www.burmeseclassic.com



…ဆိုင်းမှူးအဆက်ဆက်တို့ အောင်မြေနင်းရာ ကောင်းတုံမဟာအောင်မြေဘုရား



…နားစေတီတော်မှ ၁၃၇၄ ခု၊ တပေါင်းလအတွင်းက …ဆောက်အဖွဲ့ပြုပြင်စဉ် ပေါ်တော်မူလာသောဘုရားများ



…နားစေတီမှ ကျိုက်ထီးရိုးစေတီပုံ



…နားဘုရားပွဲတော် ဆွမ်းကြီးလောင်းနေပုံ

ရာကို စဥ့်ကပ်မှ ယခုအခါ စင့်ကင်ရွာ ဖြစ်လာခဲ့သည်။ ထိုမှ တိမ်ဖာတောင်သို့ရောက်ခဲ့ရသည်။

ထိုမှခရီးဆက်ရာ ဆင်တော်မှ ခလောက်ကျရာအရပ်ကို၊ ခလောက် ဆင်တော်လွှတ်တော်မူသောနေရာကို ဆင်တော်ဟုတွင်ခဲ့သည်။ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်ရာ ဆက်လက်မပြေးနိုင်တော့သောကြောင့် ဂူတစ်ခုမှာခိုအောင်းနေခဲ့သည်။ မင်းကြီးသည် အဖမ်းခံခဲ့ရသည်။

မိဖုရားကြီးတိမ်တော်မူရာအရပ်မှ ဝိလာသတောင်သို့ ခရီးဆက်ခဲ့သည်။ ဝိလာသတောင် ကျောက်ဂူတစ်ခုမှာ သားတော် ဝိလာသမင်းသားကို ဖွားမြင်ခဲ့သည်။

ပုပ္ဖဝတီမိဖုရားကြီးသည် ဝိလာသမင်းသားအရွယ်ရောက်သောအခါ မိမိဘဝဖြစ်ကြောင်းကုန်စင်ကိုပြောပြလိုက်သည်။ မင်းသားသည် ဖခင်ထံသို့လိုက်လာခဲ့သည်။ အကျဉ်းချခံထားရသော ဖခင်ရဲ့ စမ္မာနဂိုရ်ပြည်သို့ရောက်သောအခါ ဂုတ္တရာဇ်မင်းကြီးသည် သတင်းရထား၍ နောင်တော်ကို ရှင်းပစ်ရန် အကျဉ်းထောင်မှ ထုတ်လာခဲ့သည်။ ဝိလာသမင်းသားနှင့် လမ်းမှာဆုံခဲ့ရသည်။

မင်းကြီးအား ဝိလာသမင်းသားက ဖြစ်ကြောင်းကုန်စင် ပြောပြသောအခါ မိမိသားမှန်းသိရှိသွားခဲ့သည်။ သားတော်မှ လူလဲ၍အသတ်ခံရန် ဦးရီးတော် ဂုတ္တရာဇမင်းကြီးထံ လျှောက်ထားလိုက်သည်။

ဂုတ္တရာဇမင်းကြီးသဘောတူသောအခါ အာဏာသားတို့သည် ဝိလာသမင်းသားကို ဓား၊ လှံတို့ဖြင့် ခုတ်သတ်ကြ၏။ ရေမှာဖျောက်၏။ မီးရှို့မသေ၊ ဆင်လည်းမနင်း၊ ဧရာဝတီဒုတိယမြစ်ကျဉ်းနတ်တောင်ထိပ်မှ ပစ်ချသော်လည်း မသေပေ။

သူတစ်ပါးအပေါ် ရက်စက်ခဲ့သော အကုသိုလ်အကျိုးများသည် ဂုတ္တရာဇမင်းကြီးအား ပြန်လည် အကျိုးပေးရန် ဖန်လာတော့သည်။ နန်းတော်အား အကြိမ်ကြိမ်မိုးကြိုးခ၏။ ငလျင်လှုပ်၏။ ကြာသောအခါ နှလုံးသွေးပျက်၍ ကျောက်ဆီးမြို့ကို နောက်လိုက်အနည်းငယ်ဖြင့် ပြန်သွားခဲ့သည်။ ရင်ကွဲနာကျ၍ သေဆုံးခဲ့ရသည်။


စိတ္တရာဇမင်းကြီးသည် ထီးနန်းဆက်ခံခဲ့သည်။ ဝိလာသမင်းသားသည်

www.burmeseclassic.com

www.burmeseclassic.com



ဝိလာသတောင်တော်မှစေတီ



ကောင်းတုံရွာမှ (ကောင်းတုံကင်းတပ်မြို့ဟောင်း) ကလျာဏီအောင်မြေသိမ်နှင့် သိမ်စေတီတော်မြတ်
(သက္ကရာဇ် ၃၉၅ ခုနှစ်တွင်တည်)

အိမ်ရှေ့အရာတည်ခဲ့သည်။ ဝိလာသနှင့် စိတ္တရာဇာမင်းကြီးတို့သည် တပ်တော်နှင့် ပုန်းအောင်းနေသော ပုပ္ဖဝတီမိဖုရားကြီး ထံသွားရောက်ခဲ့သည်။ ဝိလာသတောင် ကျောက်ဂူသို့ရောက်သောအခါ မိဖုရား ကြီးသည် ကံကုန်နေပေပြီ။

စိတ္တရာဇာမင်းကြီးနှင့် သားတော် ဝိလာသတို့သည် ပုပ္ဖဝတီမိဖုရားကြီးကို မီးသင်္ဂြိုဟ်၍ လွမ်းစေတီတစ်ဆူတည် ထားခဲ့သည်။ ဝိလာသမင်းသား ငယ်စဉ် က ပျော်ပါးကစားခဲ့ရာနေရာကို အား ခမ်းစေတီဟူ၍ ကျောက်စေတီတစ်ဆူ တည်တော်မူခဲ့သည်။

အပြန်ခရီးတွင် ဝိလာသမင်းသား လွမ်းဆွတ်နာကျင်၍ မျက်ရည်ကျတော် မူသည့်နေရာတွင် လွမ်းကျင်စေတီတစ် ဆူကို တည်တော်မူခဲ့သည်။ တိမ်ဖျာ တောင်တွင် စေတီတစ်ဆူတည်ခဲ့ပြန် သည်။


စမ္ပာနဂိုရ်ပြည်မှ စိတ္တရာဇာနှင့် ဝိလာသမင်းသားတို့ ထီးနန်းစံချိန်နှင့် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသတွင် သီရိဓမ္မာ သောကမင်းတို့ ထီးနန်းစံချိန်သည် ခေတ် ပြိုင်ဖြစ်လေသည်။

သီရိဓမ္မာသောကမင်းကြီးသည် သာသနာတော်နှစ် ၂၁၈ တွင် တတိယ သင်္ဂါယနာအထိမ်းအမှတ်အဖြစ် စေတီ ပေါင်း ရှစ်သောင်းလေးထောင် တည် တော်မူသည်။

စမ္ပာနဂိုရ်ပြည့်ရှင် စိတ္တရာဇာမင်း ကြီးနှင့် သားတော် ဝိလာသမင်းသားတို့ သည် သီရိဓမ္မာသောကမင်းကြီးထံမှ ဓာတ်တော် (၄) ဆူ ရတော်မူခဲ့သည်။ ထိုဓာတ်တော် (၄) ဆူဖြင့် တည်ထားခဲ့



စိတ္တရာဇာမင်းကြီးနှင့် သားတော်ဝိလာသမင်းသား တိမ်ဖျာတောင်မှ
ဝိလာသတောင်သို့ မျှော်ကြည့်နေပုံ




ဝိလာသမင်းသား ထီးရိုးဖြင့် ဆော့ကစားခဲ့သောနေရာ
(ကျောက်သားတွင် အပေါက်ဖြစ်နေသောနေရာမှာ တိမ်ဖျာတောင်တွင် များစွာတွေ့နိုင်ပါမည်)




www.burmeseclassic.com

www.burmeseclassic.com



ရှာဦးကျောင်းအတွင်းမှ ရှေးဟောင်းဘုရားပျက်ပုံ



ရွှေကျိုးနားဘုရားမှ ရှင်ဥပဂုတ္တစံကျောင်းတော်



...တောင် ရတနာစေတီမှ ကျောက်သိဝ်



...ရှာဦးကျောင်း ဘုရားပျက်မှတွေ့ရှိသော ဗုဒ္ဓပဋိမာများနှင့် ဓာတ်တော်များ



ကျောက်စာချပ်



ဝိလာသတောင်တော်မှ ဝိလာသမင်းသား ငယ်စဉ်က အားစမ်းရာ ခါးထစ်သစ်ပင် (ယခုတိုင်ရှိ)

သောစေတီများမှာ -

၁။ ရွှေကျိုးနားမဟာစေတီတော် (စမ္ပာနဂိုရ် ကောင်းခင့်နေပြည်တော် တာပိန်မြစ်ဦး)

၂။ ရွှေစေတီ (သိမ်မဟာစေတီတော်) ဗန်းမော်မြို့

၃။ ရွှေစည်းခုံစေတီတော်၊ ကောင်းတုံ

၄။ မြစေတီ ငဆောင်းချမ်း။

အဆိုပါ စေတီ (၄) ဆူ တည်ပြီးနောက် စိတ္တရာဇာမင်းကြီးသည် စမ္ပာနဂိုရ်ပြည်ထီးနန်းကို သားတော် ဝိလာသမင်းသားအားလွှဲအပ်၍ ရဟန်းဝတ်ကာ နေပြည်တော်မှ မိုင် (၂၀) ဝေးသော တာပိန်မြစ်ကွေ့ တောင်ယံတစ်ခုတွင် ကမ္မဋ္ဌာန်းတရား အားထုတ်နေခဲ့သည်။ ဝိလာသမင်းသားသည် ထိုနေရာအနီး



www.burmeseclassic.com

www.burmeseclassic.com

မှာပင် မြို့သစ်တည်၍ မြို့သစ်မြို့ဟု သမုတ်၍ ထီးနန်းစိုးစံခဲ့သည်။ ခမည်းတော် တရားအားထုတ်သည့်နေရာတွင် ဆုတောင်းပြည့်စေတီတစ်ဆူ တည်တော်မူခဲ့သည်။

ဝိလာသမင်းသားလည်း သံဝေဂရကာ ထီးနန်းစွန့်ကာ တရားအားထုတ်တော်မူသည်။ မင်းကြီးတောထွက်သောအခါ မျုးမတ်အပေါင်းသာ ကျန်ရစ်ခဲ့သဖြင့် မင်းကျန်ဟုတွင်ရာ ကာလကြာသောအခါ မင်းကြမ်းအရပ်ဟု အမည်သစ်ရခဲ့သည်။

မြို့သစ်မြို့ကို မျုးမတ်တို့စုပေါင်းအုပ်ချုပ်ရာမှ မြို့သစ်မြို့မှ စမ္ပာနဂိုရ်မြို့တော်ဟောင်းရဲ့ ဆင်ခြေဖုံး ဗန်းမော်မြို့သို့ ပြောင်းရွှေ့ခဲ့ရာမှ စမ္ပာနဂိုရ်မင်းဆက်လည်းပြတ်ခဲ့ရတော့သည်။

မန်မော်မြို့မှ ကာလရွှေ့လျား၍ ဗန်းမော်မြို့တွင်လာခဲ့သည်။ ရှမ်းနိစကားအရ မန်သည် (ရွာ)၊ မော်သည် (အိုး) ဟု အဓိပ္ပာယ်ရ၍ မန်မော်သည် အိုးလုပ်သောရွာဟု အနက်ထွက်လေသည်။

ဗန်းမော်အနီးဝန်းကျင် ယခုတိုင်ကျင်း၊ ချိုင့်များ တွေ့နိုင်ပါသည်။ တချို့သမိုင်းအရတော့ နဂါးများလာ၍ပျော်မြူးသောကြောင့် ကျင်း၊ ချိုင့်များဖြစ်သည်ဟု ဆိုပါသည်။

အနော်ရထာမင်းလက်ထက်တွင် နိုင်ငံတော်လုံခြုံရေးအတွက်တည်ခဲ့သောကင်းမြို့ပေါင်း (၄၃) မြို့ တည်တော်မူရာ ဗန်းမော်မြို့လည်း ပါဝင်ပါသည်။

မြန်မာနှစ်၁၁၈၀(ခရစ်နှစ် ၁၈၁၈) ဘိုးတော်ဗဒုံမင်း (၁၇၈၂-၁၈၁၉) လက်ထက် တာပိန်မြစ်ရေတိုက်စားသဖြင့် ရွှေကျိုးနားစေတီတော်ကြီးသည် ရေသို့လားမည်ဖြစ်ရာ ဗန်းမော်မြို့ဝန် ဦးအိုးနှင့် ဆရာတော် အရှင်သူမြတ်တို့က ဒါယကာ၊ ဒါယိကာမတို့အား တိုက်တွန်းနှိုးဆော်၍ အိုက်ခေါ်တော်စေတီအနီးသို့ ပြောင်းရွှေ့တည်ထားခဲ့သည်။

ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် မြန်မာနှစ် ၁၂၂၇၊ ခရစ်နှစ် ၁၈၆၅ တွင် ရွှေကျိုးနားစေတီတော်ကြီးကို ဖိနပ်တော်ပေ (၉၀)၊ ဉာဏ်တော်အတောင် (၆၀)စေတီကိုင်၍ တည်တော်မူခဲ့သည်။

ထီးတော်မတင်ရသေးမီ ၁၂၂၈ ခုနှစ် ဝါဆိုလဆန်း ၇ ရက် သားတော်မြင်ကွန်းမင်းသား တော်လှန်ပုန်ကန်သည့်အရေးတော်ပုံပေါ်လာသဖြင့် ရွှေ


ကောင်းတုံရွာဦးကျောင်းမှ ဆရာတော် ဦးဥတ္တမ (M.A) (ဓာရာထာသီ၊ အိန္ဒိယ)


ကောင်းတုံရွာမှ ကျုံးမြို့ရိုးဟောင်း)



တိမ်ဖာတောင်တော်ပေါ်မှ စီးမြင်ရသော မိုးလဲချောင်း


မြစေတီရွာ (ငဆောင်ချမ်းမြို့ဟောင်း)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတုံရွာရှိ ဂျပန်ခေတ်က ဗိုလ်တဲ



ငဆောင်ချမ်းမြို့ဟောင်း (မြစေတီဘုရားရှိ)



တာပိန်မြစ်ကူးတံတား

ကျိုးနားစေတီပြန်လည်တည်ထားခြင်းကို ...ဆိုင်းငံထားရသည်။

မင်းတုန်းမင်းကြီးသည် ၁၂၂၈ ...ဝါခေါင်လဆန်း ၁၀ ရက်နေ့တွင် ...မင်းသားတို့အား ဖမ်းဆီးရမိခဲ့ ...။ 'ရွှေကြေးမြင့်မင်းသားသည် ရွှေ ကျိုးနားစေတီတော်ကြီးကို ရွှေထီးတော် ...ပါက ဘုရင်ဖြစ်လိမ့်မည်' ဟု ...စကား ထွက်ပေါ်လာသဖြင့် ...တုန်းမင်းကြီးသည် ရွှေလုံဗိုလ်မှူး ...င်းမြို့စားကြီး မဟာမင်းခေါင် ...အား တပ်သားငါးရာစည်း ...၍ အပ်ပြီးလျှင် ရွှေကျိုးနားစေတီ ...မြတ်ကြီးကို ရွှေထီးတော်တင်လှူ ...စေခဲ့သည်။

**...တီ (သိမ်မဟာစေတီ)**

...စေတီတော်များကို ရှေးအခါက ခိုင်ခံ့မှုကို ရှေးရှု၍ စပါးပုံသဏ္ဌာန် အောက်ခြေကားကားတည်ထားသော စေတီကို စညကာရဟု ခေါ်ပါသည်။ ရေပွက်သဏ္ဌာန်ရှိသော ပုဗ္ဗုဠာကာရ စေတီ၊ ကြာဖူးပုံသဏ္ဌာန်ရှိသော ပဒုမ္မာကာရစေတီ၊ ပစ္စယာသုံးဆင့်ခံ၍ ခေါင်းလောင်းပုံသဏ္ဌာန်ရှိသော ဃဏ္ဍာကာရ စေတီ စသဖြင့် ရှိပါသည်။

သိမ်မဟာစေတီ၏ခေါင်းလောင်းပုံသဏ္ဌာန်မှာ မြန်မာမူမဟုတ်ဘဲ တရုတ်ခေါင်းလောင်းပုံသဏ္ဌာန် ဖြစ်သည်။ စော်ဘွားကြီးဦးကံသည် ပေကျင်း (ပီကင်း) သို့ ရောက်ခဲ့စဉ်က မြင်တွေ့ခဲ့ရသော ခေါင်းလောင်းပုံသဏ္ဌာန်ဖြစ်ပါသည်။ တရုတ်ခေါင်းလောင်းပုံမှာ မြန်မာခေါင်းလောင်းနှင့်မတူ။ ကလတက်နှင့် ခပ်ဆင်ဆင်တူလေသည်။

ရွှေစေတီမှာ မူလက ရွှေသက်နိုး ကပ်လှူထားခြင်းကို အစွဲပြု၍ ရွှေစေတီဟု ခေါ်ပါသည်။ စေတီတော်အနီး သိမ်တော်ကြီးဖြစ်ပေါ်လာသည်ကို အစွဲပြု၍ သိမ်မဟာစေတီဟု ခေါ်ဝေါ်ပြန်သည်။ မူလစေတီတော်ကို ခြုံ၍ ထပ်မံတည်သောဒကာမှာ ဘိုးတော်မင်းတရားလက်ထက် ဗန်းမော်မြို့ကို (၂) ကြိမ်တိုင်စားရသော နေမျိုးမင်းလှဘွဲ့ခံ ဦးကံဖြစ်ပါသည်။

စာရေးသူသည် တိမ်ဖာတောင်တရားစခန်း (၄၅) ရက်ဝင်ပြီးသောအခါ ထိုကျောင်းမှ စက်လှေဖြင့် လိုက်ပို့၍ ငဆောင်းချမ်းမြို့ဟောင်း (မြစေတီ) ဘုရားကို ရောက်ခဲ့ရပါသည်။

၁၂၈၃ ခုနှစ်တွင် မွန်ဂိုတပ်တို့ စတင်ကျူးကျော်လာသည်။၁၂၈၃ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ငဆောင်းချမ်းခံတပ်မြို့ကျဆုံးသည်။

အပြန် ဗန်းမော်မြို့မှ လိုင်းမော်တော်ဖြင့် ကောင်တုံမြို့ဟောင်းဆီကို ရောက်ခဲ့ရသည်။ ကောင်တုံရွာတွင် ကျောင်းထိုင်ဆရာတော် ဦးဥတ္တမ(M.A) ဗာရာဏသီ အိန္ဒိယနှင့် တွေ့ဆုံခဲ့ရ၍ သမိုင်းဆိုင်ရာ အချက်အလက်များ တစ်ထိုင်အတွင်းမှာပင်သိခွင့်ရခဲ့ပါသည်။ ကောင်တုံမြို့သည် ကင်းမြို့ (၄၃) မြို့အတွင်း ပါပါသည်။ ကျုံးဟောင်းများ၊ စေတီပျက်များ၊ အောင်မြေဘုရား၊ ကင်းခွန်ဘုရား၊ ကလျာဏီသိမ်နှင့် ဘုရား၊ ငွေစည်းခုံဘုရားတို့ကိုပါ ဖူးတွေ့ခဲ့ရပါသည်။

စာရေးသူအား လိုက်ပို့ပေးသော ဦးပဉ္စင်းမှ လမ်းဖောက်သော ဘူဒိုဇာထိုးသောနေရာမှ လူသွားများ (၃) တင်းခန့် ရခဲ့သည်ဟု ပြောပြခဲ့ပါသည်။

ဗန်းမော်နယ်တစ်ဝိုက်တွင် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော် ပျူခေတ်လောက်မှစ၍ ပုဂံခေတ်၊ ဒီဘက်ခေတ်တွေထိ ခိုင်လုံသောသမိုင်းအထောက်အထားများ ယနေ့တိုင်တွေ့ရှိနိုင်သေးတာကို လေ့လာ တင်ပြအပ်ပါသည်။

အဇ္ဈန(မန္တလေး)

**စာကိုး -**

၁။ ရွှေကျိုးနားမဟာစေတီတော်မြတ်ကြီးနှင့် အိုက်ခေါ်တော်စေတီတော်မြတ်သမိုင်း

၂။ ရွှေကျိုးနားဘုရားသမိုင်းနှင့် သိမ်တော်ကြီးဘုရားသမိုင်း၊ အရှင်ဒေဝိန္ဒ (ရွှေထီးတွန်းရာ) တည်တောကျောင်းတိုက်



www.burmeseclassic.com

www.burmeseclassic.com

"အုန်းစိန်၊ သတ္တဝါဆိုတာရှိသလား"

ကျွန်တော်တို့ စကားဝိုင်းစသည်နှင့် ကိုအုန်းရွှေက ကိုအုန်းစိန်ကို အထက်ပါအတိုင်း ကောက်ကာငင်ကာမေး လိုက်ပါသည်။

ရှေးဦးစွာ ကျွန်တော်တို့စကားဝိုင်းမှ ဓမ္မမိတ်ဆွေသုံးယောက်နှင့် စာဖတ်ပရိသတ်ကို မိတ်ဆက်ပေးလိုပါသည်။ ယခုဓမ္မမိတ်ဆွေ၊ ငယ်စဉ်က ငယ်သူငယ်ချင်းသုံးယောက်မှာ ကျွန်တော်အုန်းသွင်၊ နောက် ကိုအုန်းစိန်နှင့် ကိုအုန်းရွှေတို့ဖြစ်ပါသည်။ ကျွန်တော်တို့ သုံးယောက်ကို တျွန်တော်ဇနီးက'အုန်းသီးသုံးလုံး' ဟု ခေါ်ပါသည်။ ကျွန်တော်တို့သည် တစ်ရွာတည်းသား၊ တစ်နေ့တည်းမွေးသူများဖြစ်ကြပါသည်။ ငယ်စဉ်က ပုဆိုးကွင်းသိုင်းဖြင့် ကစားဖက်၊ ရန်ဖြစ်ဖက်များဖြစ်ကြသည်။တစ်ယောက်ကိုတစ်ယောက်ကို မတပ်၊မောင်မတပ်ဘဲ နာမည်ကိုသာ တုံးတိတိခေါ်ကြသည်မှာ ယခု အသက် (၈၄) နှစ် အရွယ်ရောက်သည်အထိ ဖြစ်ပါသည်။

ကျောင်းနေစအရွယ်တွင် မူးရစ်ရွှေ ကျွန်တော်က နောက်ဆုံးမှ ၁၉၄၈ ခုနှစ် မေလလယ် (၁၈) နှစ်သားအရွယ်ရောက်မှ ထွက်ပြေးပါသည်။

ရန်ကုန်ရောက်ပြီးတော့ အလုပ်လုပ်ရင်း အလွတ်ပညာသင်ကျောင်းတက်ကြပါသည်။ တက္ကသိုလ်ဝင်တန်းအောင်ကြပါသည်။ တက္ကသိုလ်ရောက်ကြပါသည်။ သို့သော် သူတို့နှစ်ယောက်က ဘွဲ့ရပြီး ကျွန်တော်က အယ်ဒီတာ၊ စာရေးဆရာ၊ ကျောင်းဆရာ ယောင်ခြောက်ဆယ်ဘဝဖြင့် ဘွဲ့မရခဲ့ပါ။

ပြီးတော့ လုပ်ငန်းခွင်ဝင်ကြပါသည်။ သူတို့က အစိုးရဌာနများသို့ဝင်ပြီး ကျွန်တော်က မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းတွင် အငယ်တန်း အမှုဆောင်အရာရှိအဖြစ် ခေတ္တလုပ်ပြီး သတင်းစာတိုက်သို့ပြောင်းကာ အယ်ဒီတာလုပ်ခဲ့ပါသည်။ထိုအချိန်အထိ ကျွန်တော်တို့သုံးယောက် ရံဖန်ရံခါ တွေ့ဖြစ်ပါသေးသည်။ ပြည်ထောင်စုသတင်းစာတိုက်ပိတ်ပြီး ကျွန်တော် အလုပ်ပြုတ်ပြီးနောက် မတွေ့ဖြစ်ကြတော့ပါ။

သူတို့သတင်းကို တစ်ခါတစ်ရံ ရွာပြန်ရောက်မှ သူတို့မိဘဆွေမျိုးများဆီက ကြားရပါသည်။ 'နှင့်နှယ်ဟယ် - ရန်ကုန်တစ်မြို့ထဲမှာအတူနေပြီး မတွေ့ကြဘူးလား' ဟုမေးပါသည်။ ဆင်းရဲသားဘဝ၊ ဝန်ထမ်းဘဝတွင် တစ်မြို့ထဲနေပြီး မတွေ့နိုင်ကြကြောင်းကို ကာယကံရှင်များသာ

# ချောင်းဆုံအုန်းသွင်

## သဘာဝမှ

## သတ္တဝါဆိုတာရှိသလား



ကြီးရွာက ဆရာကြီးဦးကြာညို၏ ကိုယ်ပိုင် မူလတန်းကျောင်းတွင် အတူနေကြပါသည်။ တတိယတန်းအောင်ကြတော့ ရွာအနီး သက်ကယ်တောင်တောရကျောင်းကိုပြောင်းပြီး ဘုန်းတော်ကြီးကျောင်းသားဖြစ်ခဲ့ကြပြန်ပါသည်။ (၁၅) နှစ်၊ (၁၆)နှစ်သားလောက်တွင် ရှင်ဝတ်ကထွက်ပြီး မိဘများနှင့်အတူ ဥယျာဉ်ခြံဝိုင်းလုပ်ကြပါသည်။ ထိုအချိန်တွင် ကျွန်တော်တို့ဒေသ၌ ကျွန်တော်တို့အရွယ်လူငယ်များ ရန်ကုန်ကိုထွက်ပြေးသည့် ရောဂါဝင်လာပါသည်။ ရှေးဦးစွာ ကိုအုန်းစိန်ပြေးပါသည်။ နောက် ကိုအုန်း

www.burmeseclassic.com

www.burmeseclassic.com

သိကြပါသည်။ မြို့တွင်းကလူများကို အခန်းချင်းကပ်လျက်ပင် မသိကြပါ။

၁၉၆၅ ခုကုန်ခါနီးတွင် ကျွန်တော် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဌာနချုပ်တွင် 'စာပြု'အလုပ်ရသည်။ စာပြုမှ စာပြုတာဝန်ခံ၊ နောက် အယ်ဒီတာ၊ နောက် အမှုဆောင်အယ်ဒီတာ၊ နောက် အယ်ဒီတာချုပ်ဖြစ်ပါသည်။ အယ်ဒီတာချုပ်ဖြစ်လာသောအခါ တစ်ခါတစ်ရံ မြင်ပဋ္ဌာနများကို အစည်းအဝေးတက်ရပါသည်။ ထိုအခါ အချို့အစည်းအဝေးများ၌ မထင်မှတ်ဘဲ သူတို့(နှစ်ယောက်စလုံးနှင့်ဖြစ်စေ၊ တစ်ယောက်ချင်းဖြစ်စေ) နှင့် တွေ့ရပါသည်။ ဝမ်းသာအားရ အမည်ကို တုံးတိတိခေါ်ပြီး ဖက်လဲတကင်းဖြစ်ကြပါသည်။ သို့သော် ထိုခဏမှာပင်။ ထိုအချိန်တွင် သူတို့နှစ်ယောက်စလုံး ညွှန်ကြားရေးမှူးဖြစ်နေကြပါပြီ။ ကျွန်တော်လည်း သူတို့နှင့်အဆင့်တူပင်ဖြစ်သည်။

နိုင်ငံရေးသမားများကို နိုင်ငံရေးပင်စင်ပေးသောအခါ နိုင်ငံရေးနှင့်မည်သို့မျှမပတ်သက်သော ဝန်ထမ်းသက်သက်ဖြစ်သော ကျွန်တော်တို့၏အရေးကို လူကြီးများစဉ်းစားမိပြီး ကျွန်တော်တို့ကိုလည်း အစိုးရဝန်ထမ်းများနည်းတူ ပင်စင်ပေးရန် လွှတ်တော်သို့ တင်ပြပါသည်၊ လွှတ်တော်က သဘောတူပြီး ပင်စင်ပေးရန် ဆုံးဖြတ်ပါသည်။ အစိုးရဝန်ထမ်းများရသည့်'ဝန်ထမ်းတံဆိပ်'များ ကျွန်တော်တို့လည်းရခဲ့ကြပါသည်။

သို့သော် ကျွန်တော်အသက်(၅၈) နှစ်ပြည့်လုနီးတွင် ပါတီပျက်ပါသည်။ ကျွန်တော်တို့ သောင်ပြင်အလွတ်ခံရပါသည်၊ အနည်းငယ်မျှ ပြန်ဆက်လျှင် အလုပ်ပြန်ရကြပါသည်။ ကျွန်တော့်အသက်နှင့် မရနိုင်တော့၊ ဒုက္ခရောက်ရပါသည်။

ကျွန်တော်တို့သည် နိုင်ငံရေးနှင့် မပတ်သက်သော ဝန်ထမ်းသက်သက်ဖြစ်၍ အစိုးဝန်ထမ်းများနည်းတူ ပင်စင်ပေးရန်လွှတ်တော်ကဆုံးဖြတ်ပြီးကြောင်း နောက် အစိုးရထံတင်ပြကြရာ 'လွှတ်တော်က ဆုံးဖြတ်သော်လည်း ပြန်တမ်းထုတ်မထားသဖြင့် တရားမဝင်' ဟု ဖြေကြောင်း ကြားသိရပါသည်။ ကြမ္မာကိုသာ တစ်တစ်ခွခွအပြစ်တင်ရမည်ဖြစ်ပါသည်။

အသက်(၆၀)ပြည့်ကြ၍ ကိုအုန်းစိန်နှင့် ကိုအုန်းရွှေတို့ ပင်စင်လစာဖြင့် အေးအေးလူလူနေနိုင်ချိန် ကျွန်တော်က စာပေတိုက်များဆီသို့ ပုဂံနှင့် ညောင်ဦး တောင်ကူးမြောက်ပြေးဖြစ်နေပါသည်။ သူတို့တွေ့ဘုရားသွားကျောင်းသွားလုပ်နေချိန်တွင် ကျွန်တော်က မိသားစုစားဝတ်နေရေးနှင့် နပန်းလုံးနေရသည်။ တစ်ခါတစ်ရံတော့ သူတို့အနက် တစ်ယောက်ယောက်နှင့် တွေ့တတ်သည်။ သူတို့ကတော့ အတော်များများတွေ့ဖြစ်ကြသည်ဟု ဆိုသည်။

ကိုအုန်းစိန်က ပင်စင်ယူပြီးသည်နှင့် ပုတီးကိုလွှတ်ပြီး ဝိပဿနာဘက်ပြောင်းသွားသည်။ ကိုအုန်းရွှေကတော့ ပုတီးစိပ်ဆဲဟုဆိုသည်။ ကျွန်တော်လည်း ရသရွေ့အချိန်ယူပြီး ပုတီးစိပ်ဖြစ်ပါသည်။ ကျွန်တော် အလုပ်ပြုတ်တော့ ကျွန်တော့် ပုတီးသက်တမ်း (၁၀) နှစ်ကျော်ပါပြီ။ သည်မှတိုင်မီက ပုံမှန်မဟုတ်၊ အလုပ်ပြုတ်သွားတော့ ပုံမှန်မဟုတ်ပြန်ဖြစ်သွားပါသည်။

ကိုအုန်းစိန်က တရားစခန်းဝင်လိုက်၊ ဝိပဿနာစာအုပ်များဖတ်လိုက်၊ တရားနာလိုက်ဖြင့် အေးချမ်းနေပါသည်။

"အုန်းရွှေကတော့ ပြောလို့ကိုမရဘူးကွာ။ ကြုံတောင့်ကြုံခဲဘဝမှာ ဝိပဿနာကလေး ပါရမီရအောင်လုပ်ပါဆိုတာ နားကိုမထောင်ဘူး။ မင်းကော ဝိပဿနာအလုပ်မလုပ်သေးဘူးလား။ လူဖြစ်ရှုံးသွားမယ်နော်"

ဟု ကိုအုန်းစိန်က ကျွန်တော်နှင့်တွေ့သည့်အခါ ဤသို့ပြောပါသည်။ ကျွန်တော်က 'အင်း' ဟုခပ်လေးလေးပင် အင်းလိုက်နိုင်သည်။ မလုပ်ဖြစ်ခဲ့ပါ။ သို့ဖြင့် ကျွန်တော်အသက် (၆၅) နှစ်ကျော်တော့မှ ကျေးဇူးရှင် ဓမ္မမိတ်ဆွေကြီး ဦးဝင်းမောင်(ဓနုဖြူ-ယခုကွယ်လွန်) က အတင်းဆွဲပြီးခေါ်သွားသဖြင့် မင်းလှ မဟာစည်ရိပ်သာတွင် သင်္ကြန်(၁၀)ရက် တရားစခန်းစဝင်ဖြစ်ပါသည်။

နောက် ပါတီမှာလုပ်စဉ်က လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ကိုဒွေးဝင်း (မြတ်မင်္ဂလာ-မောင်ရွှန်းသစ်) ၏ ဓမ္မဒါနဖြင့် မင်္ဂလာဗျူဟာအသင်းတွင် အနာဂါမ်ဆရာသက်ကြီး၏တပည့် ဆရာကြီး ဦးသန်းထံ (၇)ရက်တရားစခန်း (၇)ကြိမ် ဝင်ခဲ့ရပါသည်။ ကိုဒွေးဝင်းက အလုပ်ပြုတ်ပြီးသည်မှ ယနေ့အထိ ငွေကြေး၊ ဆေးဝါး၊ စားဖွယ်သောက်ဖွယ်တို့ကို မပြတ်ထောက်ပံ့သော ကျေးဇူးရှင်ဖြစ်ပါသည်။

စားဝတ်နေရေးအတွက် ရသမျှရုန်းကန်နေစဉ် အသက် (၇၆) နှစ်သို့ အဝင်တွင် ဆီးကျိတ်ခွဲရာမှ လေဖြတ်ခံရပြီး ဒုက္ခိတဖြစ်သွားပါသည်။ မျက်စိရောနားပါထိသွားသဖြင့် စာလည်းမဖတ်နိုင်၊ တရားလည်းမနာနိုင်တော့ပါ။ ပထမလဲနေရာမှကြိုးစားလေ့ကျင့်သဖြင့် နောက်အိမ်ပေါ်တွင် တောင်ဝှေးဖြင့်သွားရပါသည်။ နောက်အပြင်နည်းနည်းပါးပါး သွားနိုင်ပါသည်။ စာရေးနိုင်မှုလည်း သုံးပုံနှစ်ပုံခန့် လျော့သွားပါသည်။

နောက်ပိုင်းတွင် သုရဋ္ဌတစ်တိုက်တည်းတွင်သာ ရေးနိုင်ပါတော့သည်။ ဆရာဦးအောင်မြတ်က ကျွန်တော့်အကြောင်းသိသဖြင့် အဘက်ဘက်က ကူညီပါသည်။ အမြတ်အစွန်းအတွက် လုံးဝမကြည့်ဘဲ ရေးနိုင်သလောက် ဆောင်းပါးများ လက်ခံပေးသည်။ စာအုပ်အသစ်များကို ထုတ်ပေးသည်။ အဟောင်းများကို ပြန်ထုတ်သေးသည်။ ကိုမျိုးဆင့်(မြန်မာစာ)ကလည်း တစ်ဖက်တစ်လမ်းက ထိုက်သင့်သလို ကူညီပါသည်။ အခြားမိတ်ဆွေဉာတကာများကလည်း အခါအားလျော်စွာ ကူညီထောက်ပံ့ကြပါသည်။ သူတို့အကူအညီဖြင့် ဆက်လက် ရပ်တည်နေနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော့်မှာ သမီးကြီးနှင့် သားနှစ်ယောက်ထွန်းကားခဲ့ပါသည်။ သားအငယ်က ပျက်စီးသွားသဖြင့် သမီးကြီးနှင့် သားတစ်ယောက်သာကျန်ပါသည်။ သားက နယ်မှာဖြစ်၍ တစ်ခါတစ်ရံမှ တွေ့ရသည်။ သူလည်း ရုန်းကန်နေရသူဖြစ်သည်။ သမီးကြီးလည်း လစာနည်းဝန်ထမ်းဘဝဖြင့် ရုန်းကန်နေရသူဖြစ်ပါသည်။ မူလက ကျွန်တော်၊ ဇနီးနှင့် မွေးစားသမီးတို့ သတ်သတ်နေကြပါသည်။ ကျွန်တော့်ဇနီးမှာလည်း ဆီးချို၊ သွေးချို၊ သွေးတိုး၊ နှလုံး၊ အစာအိမ် ရောဂါစုံ ခံစားနေရသူ ဖြစ်ပါသည်။ ကျွန်တော်လေဖြတ်ခံရတော့ ခွဲမနေခိုင်းတော့ဘဲ သမီးကြီးနေရာ ရွှေဂုံတိုင်ရေအရင်းအမြစ်ဝန်ထမ်းအိမ်ရာသို့ပြောင်းပြီးနေရပါသည်။ ဤကား ကျွန်တော်၏ ယနေ့အခြေအနေတည်း။

ကျွန်တော် ဒဂုံတွင်နေစဉ်က ကိုအုန်းစိန်နှင့် ကိုအုန်းရွှေတို့ တစ်ခါတစ်ရံ လာကြည့်ပါသည်။ သူတို့လည်း တတ်အားတရွေ့ ထောက်ပံ့သွားကြပါသည်။ ယခု အောင်သိဒ္ဓိကုန်း ရေအရင်းမြစ်ဝန်ထမ်းအိမ်ရာရောက်တော့ ပုလဲလမ်းတွင်နေသော ကိုအုန်းရွှေနှင့်



www.burmeseclassic.com

www.burmeseclassic.com

ဟာမစ်တစ်တွင်နေသော ကိုအုန်းစိန်တို့၏အလယ်တွင် ရောက်နေသဖြင့် သူတို့နှစ်ဦးသား နံနက်ပိုင်း လမ်းလျှောက်ရင်း ကျွန်တော့်ထံ ရောက်လာကြပါသည်။ သို့ဖြင့် 'အုန်းသီးသုံးလုံး' စကားဝိုင်းဖြစ်လာပါသည်။

ကိုအုန်းရွှေသည် အသက်(၈၀) ပြည့်သည်အထိ ပုတီးကိုပင် ဖွဲ့နပ်ပဲဖြင့် စိပ်နေပါသည်။ ကိုအုန်းစိန် အတန်တန် ပြောကြသော်လည်း ဝိပဿနာဘက် မလှည့်ခဲ့။ သို့ဖြင့် -

"နံ့သာတောထဲရောက်ပြီး အဖိုးမတန်တဲ့ ထင်းချောင်းတွေပဲ ရှာခုတ်ပြီး ထမ်းပြန်မယ့်အကောင်၊ လူဖြစ်ရှုံးမယ့် လူညံ့"

တစ်ညတွင် ကိုအုန်းရွှေအိပ်ပျော်နေစဉ် ဝတ်ဖြူစင်ကြယ်နှင့်ပုဂ္ဂိုလ်တစ်ယောက်က သူ့အား အထက်ပါအတိုင်း ပြောကြောင်း အိပ်မက်မြင်မက်သဖြင့် ကိုအုန်းရွှေ အလေးအနက်ထား စဉ်းစားလာပါတော့သည်။

"ဟေ့ကောင် အုန်းရွှေ၊ ဒါနသီလ သမထအလုပ်တွေဟာ ဘာသာတိုင်းမှာရှိတယ်။ သာသနာပချိန်မှာလည်း ရှိတယ်။ ဒီအလုပ်တွေက (၃၁) ဘုံမှာ ချမ်းသာဖို့လုပ်တာပဲ။ (၃၁) ဘုံဟာ ဆင်းရဲပဲလို့ မြတ်စွာဟောတယ်။ ချမ်းသာတာက နိဗ္ဗာန်၊ ဆင်းရဲတဲ့(၃၁)ဘုံက ချမ်းသာတဲ့နိဗ္ဗာန်ကို သွားချင်ရင် ဒါန၊ သီလ၊ သမထလောက်နဲ့မရဘူး။ ဝိပဿနာလုပ်ရတယ်။ ဝိပဿနာအလုပ်၊ ဝိပဿနာကျင့်စဉ်ဟာ ဘုရားပွင့်မှ၊ ဘုရားသာသနာနဲ့ကြုံမှ လုပ်ခွင့်ကျင့်ခွင့်ရတာ။ ဘုရားနဲ့တွေ့ဖို့ ဘုရားသာသနာနဲ့ကြုံဖို့က ဘယ်လောက်ခဲယဉ်းတယ်ဆိုတာ ငါပြောဖို့ မလိုဘူး၊ မင်းသိတယ်။ ဒီတော့ ဝိပဿနာကိုမဖြစ်မနေလုပ်၊ အနည်းဆုံး အထုံပါရမီရအောင်လုပ်။

ဒါန၊ သီလလည်း ပစ်လို့မရဘူး။ နိဗ္ဗာန်မရခင် သံသရာမှာကျင်လည်နေရသေးတဲ့အချိန်မှာ ဆင်းရဲခြင်းက သက်သာရဖို့လိုတယ်။ ဒီအရွယ် ဒါန၊ သီလ၊ သမထက မရှိမဖြစ်လိုတယ်။ မလုပ်မဖြစ်လုပ်ရမယ်။ ဒါပေမယ့် သူချည်းပဲနဲ့ ရောင့်ရဲမနေနဲ့။ သံသရာဝဋ်ဆင်းရဲက လွတ်ဖို့ ဝိပဿနာလုပ်"

ဟု ကိုအုန်းစိန်က သူ့ကို မကြာခဏပြောဖူးပါသည်။ သူ့အလေးမထားခဲ့ပါ။ တကယ်တော့ ကိလေသာတရားမှာ ကြောက်စရာ အကောင်းဆုံးဖြစ်သည့် အတွယ်အတာ၊ သံယောဇဉ်၊ လောဘကိလေသာက၊ နှစ်ပေါင်းများစွာစွဲခဲ့သည့် ပုတီးသံယောဇဉ်က သူ့ကို ချည်နှောင်ထားသောကြောင့်ဖြစ်ပါသည်။ ကိုအုန်းစိန်က ပုတီးလည်း စိပ်ပါ။ သူလည်းစိပ်ပါသည်။ ဒါပေမယ့် ဝိပဿနာလည်းလုပ်ပါဆိုသည်ကို -

"ဝိပဿနာဆိုတာ အပျက်ရှုတာ၊ သမထ(ပုတီး)က အဖြစ်ရှုတာ၊ ဆန့်ကျင်ဘက်ပဲ။ တွဲလုပ်လို့မရဘူး"

ဟု သူပွားကြားပွားသိထားသော အကြားများ၊ အသိများ၊ အမှတ်များကြောင့်ဖြစ်ပါသည်။

"လူဖြစ်ရှုံးမယ့်လူညံ့"

ဤစကားက ကိုအုန်းရွှေနားထဲ မိုးကြိုးပစ်သလို ဝင်သွားသည်။ အလွန်လည်း ထိတ်လန့်သွားသည်။ ထို့ကြောင့် ကိုအုန်းစိန်ကိုပြောပြီး တရားစခန်းဝင်ဖြစ်တော့သည်။ ကိုအုန်းရွှေ ဝိပဿနာဘက်ကူးလာသည်မှာ ယခု(၂)နှစ်နီးပါး ရှိသွားပြီ။ စာဖတ်သည်၊ တရားနာသည်၊ ဉာဏ်ရှိသမျှစဉ်းစားသည်။ အစကဖော်ပြခဲ့သော မေးခွန်း၏ အကြောင်းရင်းကို သိလိုသေးသဖြင့် 'ဘာကြောင့်မေးသလဲ' မေးရာ ကိုအုန်းရွှေက -

"ဝိပဿနာသမားတိုင်း သိကြ ပြောကြတယ်လေ။ ဒီခန္ဓာကြီးဟာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျာ်း၊ မိန်းမ ဘာမှမဟုတ်ဘူး။



ဘာမှမရှိဘူး။ ရုပ်အစု၊ နာမ်အစုပဲလို့ မြတ်စွာဘုရားရဲ့ တရားတော်ထဲမှာ 'သတ္တဝါ' ဆိုတဲ့ အခေါ်အဝေါ်၊ အသုံးအနှုန်းတွေပါတယ်။ အဲဒါဘယ်လိုလဲ။ ငါက လေ့လာစဆိုတော့ အဲဒါမခွဲတတ်ဘူးကွ"

ဟု ပြန်ပြောပါသည်။

ကိုအုန်းစိန်က -

"အကျဉ်းချုံးပြီး သိချင်ရင်တော့ အဲဒါစကားအဖြစ်ပြောတာလို့ ပြောရလိမ့်မယ်။ အကျယ်သိချင်ရင်တော့ အများကြီး၊ အကြာကြီးပြောရလိမ့်မယ်"

ဟု ပြန်ဖြေသည်။

ကိုအုန်းရွှေက -

"အကျယ်သိချင်တယ်။ တစ်လဖြစ်စေ၊ တစ်နှစ်ဖြစ်စေပြော"

ဟု ဆိုသည်။

ကိုအုန်းစိန်က -

"ပြောလို့မပြီးခင် မင်းနဲ့ ငါ တစ်ယောက်ယောက်သေသွားရင် ဘယ်နှယ့်လုပ်မလဲ"

ဟု ပြန်မေးလိုက်သည်။

ထိုအခါ ကိုအုန်းရွှေက -

"ကမ္ဘာမှာ တစ်နေ့နေ့သေတဲ့လူတွေမနည်းဘူးလေ။ သေပြီးတာလည်း မနည်းဘူး။ သေချာမရှိဘူး၊ သေဦးမှာလည်း သေချာမရှိဘူး။ အဲဒီမသာတွေကို မေးကြည့်။ ကိစ္စတွေအားလုံးပြီးပြတ်ပြီးမှ သေတာလားလို့။ အားလုံးက ကိစ္စတန်းလန်းနဲ့ သေကြတာချည်းပဲ။ စကားမဆုံးမှာ ဘာပူစရာရှိသလဲ"

ဟု ပြန်ဖြေလိုက်ရာ ကိုအုန်းစိန်က -

"အုန်းရွှေမင်းကိုငါလေးစားတယ်ကွာ။ ရှိခိုးတယ်"

ဟု ဆိုပြီး ထိုင်ရှိခိုးပါလေတော့သည်။

ထို့နောက် ကိုအုန်းစိန်က -

"ဒီအကြောင်းကို ငါလေ့လာထားတဲ့ ဗဟုသုတရှိသလောက်နဲ့ အကျယ်တဝင့် ပြောပါမယ်။ ငါက 'စာတတ်' မဟုတ်ဘူး၊ 'စာရွက်'ပဲ။ အဲဒီတော့ မှတ်ထားတာတွေကိုပေါင်းပြီးဆင်ပြီးပြောပါတယ်။ ရှေးဦးစွာ ပြောထားနှင့်တာက 'မြတ်စွာဘုရားဟာ သဘာဝဓမ္မအားလုံးကို မကြွင်းမကျန် အမှန်အတိုင်းသိသူ တစ်ဆူတည်းသော တုနှိုင်းမဲ့ပုဂ္ဂိုလ် ဖြစ်တယ်' ဆိုတာပဲ"

ဟုပြောပြီး စကားဝိုင်းကို နောက်နေ့မှဆက်ရန် ရပ်နားလိုက်ကြပါသည်။

ချောင်းဆုံအုန်းသွင်




www.burmeseclassic.com

www.burmeseclassic.com

မြင်တော်မူရာ လုမ္ဗိနီဥယျာဉ်၏ သမိုင်းကြောင်းအတိတ်ပုံရိပ်

သာဝတ္ထိရွှေမြို့တော်တွင် တစ်ညကြပြီး နောက်တစ်နေ့ ၁၉-၃-၂၀၁၄ နံနက်စာစားအပြီးတွင် (၁၃၉) မိုင်ဝေးသော **နီပေါနိုင်ငံ လုမ္ဗိနီသို့** ခရီးဆက်ကြသည်။ လမ်းခရီးတွင် နှစ်နိုင်ငံနယ်စပ်ဖြစ်သော ဆိုနောလီမြန်မာကျောင်း နေ့ဆွမ်းစားကြသည်။ ၎င်းနောက် နှစ်နိုင်ငံနယ်စပ်ဂိတ်တွင် အချိန်ကြာနေ နီပေါသို့ ဝင်ခွင့်ရသည်။ နီပေါသို့ ဝင်ကတည်းက မြန်မာရုပ်ရည်နှင့်တူသူ အသားဖြူသူများကို တွေ့ရသည်။ ဆံတိုင်းမှာလည်း ဗုဒ္ဓရုပ်ပွားတော်များကို ထားရှိကြသည်။ အိန္ဒိယနိုင်ငံ၌ တဲ့သို့ မတွေ့ရ။ နီပေါနိုင်ငံသည်



မယ်တော်မာယာကျောင်းတော်အတွင်းရှိ အလောင်းတော်ဖွားမြင်ရာဌာန (လုမ္ဗိနီ)
(၁) အင်ကြင်းပင်သစ်မြစ်ရုပ်ကြွင်း တူးဖော်တွေ့ရှိရသောနေရာ
(၂) အလောင်းတော် ပထမဦးဆုံး ခြေချရာနေရာ

ဦးဉာဏ(ကြယ်အိမ်ပဲ့)

# ဗုဒ္ဓဂယာသံဝေဇနီယလေးဌာန

## ခရီးသွားမှတ်တမ်း

တစ်ခုတည်းသော ဟိန္ဒူနိုင်ငံဖြစ်သော်လည်း ဗုဒ္ဓဘုရားရှင်ကို ၎င်းတို့၏ နိုင်ငံသားအဖြစ် ဂုဏ်ယူကြသည်ဟုထင်မိပါ၏။

မိမိတို့ဘုရားဖူးအဖွဲ့သည် ရှေးဦးစွာ **ကပ္ပိလဝတ်နန်းတော်ရာသို့** သွားရောက် လေ့လာကြသည်။ အနောက်ဘက် ဂိတ်တံခါးဟောင်းနေရာအနီးရှိ နန်းဘုတ်တွင် ခရစ်တော်မပေါ်မီ ဘီစီ ရာစုအထောက်အထားများကို တူးဖော်တွေ့ရှိသည်ဟု ရေးထားသည်။ ၂၀၀၂ ခုနှစ် ဘုရားဖူးလာရောက်စဉ်က လုမ္ဗိနီဆရာတော် ရှင်းလင်းပြခဲ့သည်ကို မှတ်သားထားမိသည်။ ရှေးဟောင်းသုတေသန၏တူးဖော်တွေ့ရှိချက်များအရ ကပ္ပိလဝတ်မြို့၏ ကျုံးအကျယ် (၂၂) ပေ၊ ရှိ အမြင့် (၂၅) ပေရှိခဲ့ပြီး အရှေ့မှ အနောက် (၂၃၀၀) ပေ၊ တောင်မှ မြောက် (၁၇၀၀) ပေခန့်ရှိကြောင်း၊ အနောက်ဘက်မြို့တံခါးကို တူးဖော်ရာတွင် ဂိတ်စောင့်တံခါးမှူးများ၏ နေရာ၊ ပေါ်သို့တက်သော လှေကား၊ လေးသောလက်နက်များထားသောနေရာတို့ကို တွေ့ရှိရကြောင်း၊ ကျုံးတံတားလည်း ဖြုတ်နိုင်၊တပ်နိုင်အောင် အရှင်ထားသည်ကို တူးဖော် တွေ့ရှိရ





(၂) အလောင်းတော် ပထမဦးဆုံး ခြေချရာနေရာရှိ ခြေတော်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ်နန်းတော်ရာ



ကပိလဝတ်နန်းတော်ရာမှ အောင်မြေနေရာ

သောချွန်းများ၊ ချိတ်များအရ သိရှိရကြောင်း၊ အနောက်ဘက်ဝင်ပေါက်အနီးတွင် ဈေးဆိုင်များတည်ရှိခဲ့သော အထောက်အထားများတွေ့ရပြီး ပေါက်တူးများနှင့် အာဖဂန်နစ္စတန်လက်ရာ ပစ္စည်းများကိုပါ တွေ့ရှိရကြောင်း၊ မြို့တွင်းရှိ အချို့အိမ်များသည် မြို့ရိုးနှင့် ကပ်လျက်မြို့ရိုးကို အိမ်နံရံအဖြစ်ဆောက်လုပ်ခဲ့သော အထောက်အထားများတွေ့ရကြောင်း၊ နန်းဆောင်များကို တူးဖော်စဉ်က ငွေဒင်္ဂါးနှင့် ကြေးဒင်္ဂါးပြားများကို တွေ့ရကြောင်း၊ အချို့အဆောင်များတွင် အမျိုးသမီးများ၏လည်ဆွဲပုတီးများတွေ့ရှိရသဖြင့် အပျိုတော်ဆောင်ဖြစ်နိုင်သည်ဟု ယူဆကြကြောင်း၊ အချို့အဆောင်များ၌တွေ့ရှိရသော လူအရိုးစုများသည် (၇) ပေခန့်ရှည်ကြောင်း၊ ဘုရင့်ရေကန် (ရာဇပေါက္ခရဏီ) နှင့် မိဖုရားများ၏ ရေကန်များ၊ ရေတွင်းများ၊ အုတ်ကန်များ တူးဖော်တွေ့ရှိရကြောင်း၊ သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာတို့၏ အရိုးစေတီများကိုလည်း တူးဖော်တွေ့ရှိရကြောင်း မှတ်သားခဲ့ရသည်။

သိဒ္ဓတ္ထမင်းသားတောထွက်တော်မူရာ မင်္ဂလာတံခါးသည် လယ်ကွင်းအစပ်နားတွင် တည်ရှိသည်။ ၂၀၀၂ ခုနှစ်တွင် ဘုရားဖူးလာရောက်ခဲ့စဉ်က မင်္ဂလာတံခါးမှ လယ်ကွင်းဘက်သို့ လှမ်းကြည့်လိုက်လျှင် စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။ လုမ္ဗိနီဆရာတော်က ထိုစေတီမှာ ကဏ္ဍကစေတီဖြစ်ကြောင်း အမိန့်ရှိခဲ့ပါသည်။ ဇာတက အဋ္ဌကထာအရ အလောင်းတော်သည် ကဏ္ဍကမြင်းကိုစီး၍ မင်္ဂလာတံခါးမှ ထွက်တော်မူလာရာ ဤနေရာအရောက်တွင် ဘိုးလောင်းတော်၊ ဘေးလောင်းတော် သကျသာကီဝင် မင်းအဆက်ဆက်တို့ နန်းစံခဲ့ရာ ကပိလဝတ်မြို့တော်ကြီးကို ပြန်လှည့် ကြည့်လိုစိတ်ဖြစ်ပေါ်သဖြင့် ကဏ္ဍကမြင်းကို ပြန်အလှည့်တွင် တည်ထားသော စေတီဖြစ်သဖြင့် ကဏ္ဍကနိဝတ္တနစေတီအမည်တွင်ကြောင်း မိန့်ဆိုခဲ့ပါသည်။ မိမိ ဒုတိယအကြိမ်အဖြစ် ၂၀၁၂ ခုနှစ်တွင် လာရောက် ဖူးမြော်သောအခါ၌ ထိုစေတီမရှိတော့ပါ။ ၂၀၁၂ ခု ဘုရားဖူးအဖွဲ့၏Guideဖြစ်သူ ကိုအာကာကလည်း ယခင်က ဤနေရာတွင် စေတီတစ်ဆူရှိပါလျက် ယခုမတွေ့ရတော့ပုံကို အားမလိုအားမရပြောပါသည်။ အဋ္ဌကထာဆရာမြတ်များကိုယ်တိုင်အသိအမှတ်ပြုခဲ့ကြရပြီး အလောင်းတော်၏ တောထွက်မှုနှင့် ဆက်စပ်နေသည့် သမိုင်းအထောက်အထားတစ်ခု မကြာမီကမှ ပျောက်ပျက်ဆုံးရှုံးခဲ့ရသည်ကို ရင်ထုမနာဖြစ်မိပါသည်။


မိမိတို့ဘုရားဖူးအဖွဲ့ ကပိလဝတ် အောင်မြေနေရာ အပါအဝင် နန်းတော်ရာများကို လှည့်လည် ကြည့်ရှုကြသည်။ ကပိလဝတ်မြို့တော်သည် အစဉ်အဆက်လက်ခံခဲ့ကြသော သမိုင်းကြောင်းအရ မြန်မာလူမျိုးသမိုင်းနှင့်ဆက်စပ်မှုရှိသော နေရာလည်းဖြစ်၊ အလောင်းတော်ငယ်





www.burmeseclassic.com

www.burmeseclassic.com



ပရိနိဗ္ဗာန်စံတော်မူရာ မဟာပရိနိဗ္ဗာန်စေတီ (ကုသိနာရုံ)

ခဲ့မှုစ၍ပျော်စံခဲ့ရာ၊ ကြီးပြင်းခဲ့ရာနေရာဌာနလည်းဖြစ်၊ ဘုရားဖြစ်တော်မူပြီးနောက် ကြွရောက်တော်မူခဲ့ရာနေရာလည်း ဖြစ်သဖြင့် ဘုရားဖူးအဖွဲ့များ၏ စိတ်တွင် ကြည်ညိုသဒ္ဓါစိတ်မျှသာမက ဘ ဆွေမျိုးများရှိရာအရပ်သို့ သွားရောက်ရသလို ရွှင်လန်းတက်ကြွနေပုံရသည်။ ကပိလဝတ်မြို့ နန်းတော်ရာ၌ ခေတ္တမျှသာ ဝင်ရောက် လှေ့လာခဲ့ရသော်လည်း မိမိစိတ်အစဉ်တွင် အတွေးများ တသီတတန်းကြီးပေါ် လာသည်။

ဗုဒ္ဓသာသနာတော်၏တန်ဖိုးကို သိပါသော်လည်း သာသနာတော်နှင့် ဆုံစည်းခွင့်မရသဖြင့် ငိုကြွေးရှာသော ဈာန်အဘိညာဉ်ရ တန်ခိုးရှင် ဒေဝီလရသေ့ကြီး၊ မိတဆိုးလေးဖြစ်ရရှာသော အလောင်းတော်ကို ဘာတစ်ခုမှလိုလေသေးမရှိအောင် ဖခင်တစ်ဦး၏ မေတ္တာဖြင့် အပြည့်အဝစောင့်ရှောက်ချီးမြှောက်ခဲ့သော သုဒ္ဓေါဒနမင်းကြီး၊ မိမိ၏သားအရင်းဖြစ်သော နန္ဒမင်းသားကိုပင် အထိန်းတော်များလက်သို့ လွှဲအပ်ကာ ကိုယ်တိုင်ကမူ မိတဆိုးဖြစ်ရရှာသော အလောင်းတော်အား နှို့ချိုတိုက်ကျွေးကာ ပြုစုစောင့်ရှောက်ခဲ့သော မိထွေးတော် မဟာပဇာပတိ ဂေါတမီတို့၏ အကြောင်းအရာများကို စဉ်းစားမိသည်။

သုခုမာလသုတ်၊ မာဂဏ္ဍိယသုတ်တို့တွင် ဘုရားရှင်ကိုယ်တော်တိုင် ပြန်လည် ဟောပြခဲ့သော အလောင်းတော်ဘဝက ထီးနန်းစိုးစံခဲ့ပုံများနှင့် နိမိတ်ကြီးလေးပါး မြင်တော်မူပြီး တောထွက်တော်မူပုံတို့ကို မြင်ယောင်မိသည်။ ဘုရားဖြစ်တော်မူပြီးနောက် ကပိလဝတ်နေပြည်တော်သို့ ပထမဦးဆုံး ပြန်လည်ကြွတော်မူသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အလောင်းတော် တောထွက်၍ တရားရှာနေစဉ် အချို့သောနတ်များက အလောင်းတော်သေပြီ



သဗိတ်တော်စေတီ (ဝေသာလီ)

www.burmeseclassic.com

www.burmeseclassic.com



တောထွက်တော်မူရာ မဂ်လာတံခါး



နောက်ဆုံးဆွမ်းဘုဉ်းပေးတော်မူရာ စုန္ဒအိမ်ကုန်း အထိမ်းအမှတ်စေတီ

ဟု ပြောဆိုသည်ကို မယုံကြည်ခဲ့ကြောင်း ပြန်လည်လျှောက်ထားသဖြင့် မဟာဓမ္မပါလဇာတ်တော်ကို ဟောကြားတော်မူပုံ၊ တောထွက်သွားသော အလောင်းတော် အပေါ်၌ သစ္စာရှိသော ယသောဓရာ ဒေဝီကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောကြားတော်မူခဲ့ပုံ စသည်တို့ကို အတွေးအာရုံရောက်နေမိသည်။

ကပ္ပိလဝတ်နန်းတော်ရာကို လေ့လာကြပြီးနောက် **နိဂြောဓာရုံကျောင်းတော်ရာ**သို့ သွားရောက် ဖူးမြော်ကြသည်။ ကျောင်းတော်ရာကို ယခင်က ထက်ပို၍ ထိန်းသိမ်းစောင့်ရှောက်မှုပြုလုပ်ထားသည်ကို တွေ့ခဲ့ရသည်။ ပင်မကျောင်းဆောင်၏ အောက်ခြေကို အင်တေပန်းများဖြင့် အနုစိတ်ပုံဖော်ထားသည်။ ပင်မကျောင်းဆောင်၏အနီးနားတစ်ဝိုက်တွင် ကျောင်းဆောင်ငယ်များ၊ စေတီရာများနှင့် ရေကန်ရှိသည်။ သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ်အားလုံးကို စွန့်ခွာ၊ တောထွက် တရားကျင့်ကာ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ ပင့်လျှောက်ချက်အရ သံဃာနှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်မှ ကပ္ပိလဝတ်သို့ ကြွတော်မူခဲ့သည်။ သက်တော်ငယ်သော ဘုရားရှင်ကို အသက်ကြီးသော ဆွေတော်မျိုးတော်များက ဦးမချသဖြင့် ပေါက္ခရဝဿမိုး ရွာစေကာ ဦးနှိမ်ချစေခဲ့သည်။ ပေါက္ခရဝဿမိုးရွာခြင်းကို အကြောင်းပြု၍ ဝေဿန္တရာဇာတ်တော်ကို ဟောကြားတော်မူခဲ့သည်။

ကြီးကျယ်မြင့်မြတ်သော ဘုရားရှင်၏ တန်ခိုးတော်ကို ဖူးမြင်ရသော အရှင်သာရိပုတ္တရာက ဘုရားအဖြစ်သို့ ရောက်အောင် မည်ကဲ့သို့ ဖြည့်ကျင့်ဆည်းပူး အားထုတ်ခဲ့ရပါသနည်းဟု မေးမြန်းလျှောက်ထားခဲ့သည်။ ထိုအခါ ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှစ၍ ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းတိုင်အောင် ဥစ္စာ၊ အသက်၊ ခြေလက်အင်္ဂါ၊ မေတ္တာကြီးမားသမီးသားနှင့် သက်ထားဇနီး စွန့်ခြင်းကြီးဟု ကြက်သီးထဖွယ် (၅) သွယ်အစု အလှူနှစ်ခဲယဉ်းသောအမှုတို့ဖြင့် ပါရမီဖြည့်ကျင့်ခဲ့ကြောင်းကို ဗုဒ္ဓဝင်ပါဠိတော်အဖြစ် ဟောကြားတော်မူခဲ့ပုံ၊ မည်သည့်ဘဝ၌ မည်သည့်ပါရမီကို အဓိကထား၍ ပါရမီဆယ်ပါးအား စွမ်းစွမ်းတမံ ဖြည့်ကျင့်ခဲ့ရသည်ဟု စရိယာပိဋကပါဠိတော်ကို ဟောကြားတော်မူပုံတို့ကို ဗုဒ္ဓါနုဿတိဘာဝနာပွား၍ ရှိခိုးပူဇော်ခဲ့သည်။

*ဗုဒ္ဓမြတ်စွာလောင်းလျာတုန်းက၊*
*နောက်ဆုံးအထိပါရမီ၊*
*လူနတ်များစွာချမ်းသာရေးမို့၊*
*အသက်ပေးလို့ဖြည့်ခဲ့သည်၊*
*ဗုဒ္ဓမြတ်စွာသာသနာတွက်မို့၊*
*ငါပါအသက်ဆုံးစေမည်၊*
*နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊*
*ကုသိုလ်ရေးမို့ကြိုးစားမည်။*

ဟူသော မဟာဂန္ဓာရုံဆရာတော်ကြီး၏ဘဝအမိဋ္ဌာန်ကဗျာလေးကို သတိရမိသေး၏။

ညီတော်နန္ဒမင်းသားကို သပိတ်ကိုင်စေကာ နိဂြောဓာရုံကျောင်းတော်သို့ ခေါ်ဆောင်သွားပြီး ရဟန်းပြုပေးတော်မူပုံနှင့် သားတော် ရာဟုလာကို ရှင်သာမဏေပြုပေးတော်မူပုံတို့ကိုလည်း မြင်ယောင်မိသည်။ ကပ္ပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ဘုရားရှင်သည် တစ်ဆယ့်ငါးကြိမ်မြောက် (ပန္နရသမဝါ) တစ်ဝါသာ ဝါကပ်သီတင်းသုံးတော်မူခဲ့သည်။

မိမိတို့အဖွဲ့သည် နိဂြောဓာရုံကျောင်းတော်ရာကို လေ့လာဖူးမြော်ကြပြီးနောက် လုမ္ဗိနီမြန်မာရွှေကျောင်းတော်ကြီး၌ တစ်ညအိပ်ကြသည်။ နိုင်ငံတော်အစိုးရ၏အစီအစဉ်ဖြင့် ဆောက်လုပ်ထားသောကျောင်းတော်ကြီးဖြစ်၍ စေတီ၊ သိမ်၊ ဓမ္မာရုံ၊ နှစ်ထပ်တန်းဆောင်ကြီး၊ ရေကန်တို့ဖြင့် ခမ်းနားထည်

www.burmeseclassic.com

ပါနေပါသည်။ ကပ္ပိလဝတ်ပြည် မဟာဝုန်တော၌ဘုရားရှင်သည် ရဟန္တာငါးရာနှင့်အတူ သီတင်းသုံးစဉ် စကြဝဠာတိုက်အစီးသောင်းမှ ဖူးမြော်ရန် စည်းဝေးရောက်လာကြသောနတ်ဗြဟ္မာအပေါင်းအား မဟာသမယသုတ်ဟောကြားတော်မူသည်ကို အာရုံပြုကာ မဟာသမယသုတ်ကို ရွတ်ဆိုပူဇော်ခဲ့သည်။

**သမိုင်းသက်သေ၊ အတိတ်ခြေရာ၊ စိတ်ဖြေရာ**

နောက်တစ်နေ့ ၂၀-၃-၂၀၁၄ တွင် နံနက်စာစားပြီးနောက် လုမ္ဗိနီဆရာတော် ဦးဆောင်၍ ဘုရားအလောင်းဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ခဲ့သည်။ ဆရာတော်က ငြိမ်းချမ်းရေးမီးရှူးတိုင်အကြောင်းကိုရှင်းပြသည်။ ငြိမ်းချမ်းရေးတူးမြောင်းကို အလယ်ဗဟိုပြု၍ အရှေ့ဘက်ခြမ်းတွင် ထေရဝါဒဘုန်းတော်ကြီးကျောင်းများနှင့်အနောက်ဘက်တွင် မဟာယာနဘုန်းတော်ကြီးကျောင်းများကို အစီအစဉ်တကျထားရှိပုံနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဦးသန့်၏အစီအစဉ်ဖြင့် အလောင်းတော်ဖွားမြင်တော်မူရာ၌ရှိနေသော ခြေတော်ရာ၊ အသောကမင်းကြီး တည်ထားခဲ့သော ဓာတ်တော်တိုက်၊ ကျောင်းတော်ရာနှင့် မကြာသေးမီက တူးဖော်မှု ပြုလုပ်ထားသောနေရာတို့ကို လိုက်လံ ပြသသည်။ အတွင်း၌ ဓာတ်ပုံရိုက်ခွင့်မရပါ။ အသောကမင်းကြီး၏ကောင်းမှုဖြစ်သော ကျောင်းတော်ရာအုတ်မြစ်များကို ပြိုမကျစေရန် သံပေါင်များဖြင့်ထိန်းထားပြီး ဘုရားဖူးများ လှည့်လည် ဖူးမြော်နိုင်စေရန် သစ်သားစင်္ကြံပြုလုပ်ပေးထားသည်။

ဆရာတော်က ကပ္ပိလဝတ်နှင့် ဒေဝဒဟတို့၏ သမိုင်းကြောင်း၊ အလောင်းတော် ဖွားမြင်တော်မူပုံ၊ ဖွားမြင်တော်မူရာ လုမ္ဗိနီဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ပုံနှင့် မကြာသေးမီကမှ တူးဖော်တွေ့ရှိရသောအကြောင်းအရာတို့ကို အသေးစိတ်ရှင်းပြတော်မူပါသည်။ မြို့နန်းအသစ်တည်ထောင်ရန် မြေနေရာရှာဖွေလာကြသော မင်းသား၊ မင်းသမီးများကို ကပ္ပိလရသေ့ကြီးက ၎င်း၏ကျောင်းနေရာသည် အောင်မြေဖြစ်သောကြောင့် ထိုနေရာ၌ နန်းသစ်တည်စေခဲ့ပြီး ကပ္ပိလရသေ့ကြီး၏မြေနေရာ၌ တည်ထားသောမြို့ဖြစ်၍ ကပ္ပိလဝတ္ထုမြို့ဟု အမည်တွင်ခဲ့သည်။ နောင်အခါ၌ ကပ္ပိလဝတ်မြို့မှ သကျသာကီဝင်များက ၎င်းတို့ရေချိုးသွားရာ မင်္ဂလာရေကန်အနီး၌ မြို့နန်းအသစ်တည်ဆောက်ခဲ့သည်။ မင်းညီမင်းသားများ ပျော်ရွှင်ကြသောရေကန်၏အနီး၌ တည်ထားသောကြောင့် ဒေဝဒဟမြို့ဟုအမည်တွင်ခဲ့သည်။ လုမ္ဗိနီဥယျာဉ်သည် ဒေဝဒဟကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သည်။ ပါဠိစာပေ၌ ဒေဝဒဟပြည့်ရှင်အဥ္စနမင်း၏မိဖုရားကြီး (သက္ကတစာပေ ဗုဒ္ဓစရိတကျမ်းအရ ရူပဒေဝီဟုအမည်တွင်သော) မဟာယသောဓရာဒေဝီ၏ ဆန္ဒအရ ပြုလုပ်ဖန်တီးပေးထားသော ဥယျာဉ်ဖြစ်သဖြင့် ရူပဒေဝီဥယျာဉ်ဟု အမည်တွင်ခဲ့သည်။ ကာလရွေ့လျောလာသောအခါ ရူပ်ဒေဝီဥယျာဉ်ဟု အမည်တွင်ခဲ့ပြီး ယနေ့တိုင် လုမ္ဗိနီဥယျာဉ်တည်ရှိရာခရိုင်သည် ရုမ္မိဒေယီခရိုင်ဟု အမည်တွင်ဆဲဖြစ်၏။ ရူပဒေဝီမှ ရူပ်ဒေဝီ၊ ရူပ်ဒေဝီမှ ရုမ္မိ၊ ရုမ္မိမှ ရုမ္မိနီ၊ ရုမ္မိနီမှ လုမ္ဗိနီဟု အဆင့်ဆင့်ပြောင်းလဲခေါ် ဆိုခဲ့ကြခြင်းဖြစ်သည်။

ကပ္ပိလဝတ်နှင့် ဒေဝဒဟမြို့တို့သည် ရှေးခေတ်အိန္ဒိယနိုင်ငံ၏ မြောက်ပိုင်းလမ်းမကြီးပေါ်တွင် တည်ရှိသည်။ ၎င်းမြောက်ပိုင်းလမ်းမကြီး (ဥတ္တရာပထ) သည် ရာဇဂြိုဟ်မှ ဝေသာလီ၊ ဒေဝဒဟ၊ လုမ္ဗိနီနှင့် ကပိလဝတ်တို့မှတစ်ဆင့် ပါကစ္စတန်အထိ ရောက်ရှိသည်။ ဆရာတော်သည် ကပ္ပိလဝတ်မြို့၊ ဒေဝဒဟမြို့နှင့် လုမ္ဗိနီဥယျာဉ်တို့၏ အကြောင်းကို အကျယ်တဝင့်ရှင်းပြပြီးနောက် အောက်ပါအတိုင်း ဆက်လက် ရှင်းပြပါသည်။

အလောင်းတော်ကို ဖွားမြင်တော်မူရာနေရာဌာနရှိ အင်ကြင်းပင်ကြီးသည် ပါဠိစာပေ၌ **မင်္ဂလသာလ** ဟု အမည်တွင်ပြီး လူအများက အမြတ်တနိုးပူဇော်ကြရာသစ်ပင်ကြီး ဖြစ်သည်။ မယ်တော်သည် အင်ကြင်းဥယျာဉ်အတွင်းသို့ရောက်သောအခါ ၎င်းအင်ကြင်းပင်ကြီး၏အကိုင်းကို ကိုင်ကြည့်လိုစိတ်ဖြစ်ပေါ်လာပြီး အင်ကြင်းကိုင်းက အလိုအလျောက် ကွေးညွတ်ကျလာသဖြင့် ကိုင်ထားစဉ်မှာပင် အလောင်းတော်ကို ဖွားမြင်ခဲ့သည်။ အလောင်းတော်သည် တရားဟောပလ္လင်ပေါ်မှ ဆင်းသက်လာသော ဓမ္မကထိကကဲ့သို့ မယ်တော်၏ဝမ်းမှ ချမ်းသာစွာ ဖွားမြင်ခဲ့သည်။ ကောင်းကင်မှ ရေပူ၊ ရေအေးနှစ်သွယ်တို့ စီးဆင်းလာပြီး အလောင်းတော်နှင့် မယ်တော်တို့ကို သွန်းလောင်းပေးခဲ့သည်။ အလောင်းတော်ကို ဗြဟ္မာကြီးများ၊ နတ်မင်းကြီးများနှင့် မင်းချင်းယောကျ်ားတို့က အဆင့်ဆင့်လွှဲပြောင်းခံယူကြသည်။ အလောင်းတော်သည် မြောက်အရပ်သို့ ခုနစ်လှမ်းလှမ်းကာ -

'အဂ္ဂေါဟမသ္မိ လောကဿ၊ ဇေဋ္ဌောဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိ လောကဿ (ငါသည် လောက၌ အမြတ်ဆုံး၊ အကြီးဆုံး၊ အချီးမွမ်းအပ်ဆုံးသောသူ ဖြစ်သည်) ဟူသော စကားကြီးသုံးခွန်းဖြင့် ကြွေးကြော်ခဲ့သည်။

ရေပူ၊ ရေအေးနှစ်သွယ်စီးဆင်း၍ အလောင်းတော်အား သွန်းလောင်းရာမှ ဖြစ်ပေါ်လာသည့် ရေကန်ကိုလည်း လုမ္ဗိနီဥယျာဉ်တွင် တွေ့မြင်နိုင်သည်။ အသောကမင်းကြီး နန်းစံသက် (၂၀) တွင် လုမ္ဗိနီသို့ဘုရားဖူးရောက်ခဲ့ကြောင်းကို ကျောက်စာတိုင်ရေးထိုးထားခဲ့သည်။ မူလက ကျောက်စာတိုင်ထိပ်တွင် မြင်းရုပ်ရှိသော်လည်း ယခုအခါ မြင်းရုပ်ကို ရှာမတွေ့တော့ဘဲ အောက်ခံခုံဖြစ်သော ကြာမှောက်ပုံကိုသာ တွေ့ရတော့သည်။ ဘုရားအလောင်းတော် မြေပြင်ပေါ်သို့ ပထမဆုံး ခြေချသောနေရာကို အုတ်ဖြင့် ဝန်းရံကာ အသောကမင်းကြီးက ဓာတ်တော်တိုက် ပြုလုပ်ခဲ့သည်။ ယခုခေတ်၌ ထိုနေရာတွင် ကျည်ကာမှန်ဖြင့် အုပ်ထားပြီး Marker Stone ဟုခေါ်သော အမှတ်အသားပြု ကျောက်တုံးရှိသည်။ (၇၀)မီတာရှည်သောထိုကျောက်တုံးပေါ်၌ အလောင်းတော်၏ ခြေတော်ရာရှိသည်။ ထိုခြေတော်ရာကို အသောကမင်းကြီးက ထည့်သွင်း၍ ဓာတ်တော်တိုက်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

လုမ္ဗိနီ၌ သာသနာပြုကြွရောက်သီတင်းသုံးတော်မူကြသော သံဃာတော်များအတွက် အသောကမင်းကြီးက ကျောင်းတော်နှင့် ရေတွင်းတို့ကို လှူဒါန်းခဲ့ပြီး ယနေ့တိုင် ရေကန်၏ အရှေ့ဘက်တွင် တည်ရှိနေသေးသည်။ အချို့က ယခုမြင်တွေ့နေရသော ကျောက်စာတိုင်နေရာကို အလောင်းတော် ဖွားမြင်သောနေရာဟု ထင်နေကြပြီး ခြေခုနစ်လှမ်းလှမ်းပုံ စေတီငယ်များကိုလည်း ထိုနေရာ၌ အလောင်းတော် ခြေခုနစ်လှမ်းလှမ်းသည့်နေရာဟု မှတ်ထင်နေကြသည်။ အမှန်မှာမူ ဖွားတော်မူရာနှင့် ခြေခုနစ်လှမ်း လှမ်းတော်မူရာနေရာသည် မယ်တော်မာယာကျောင်းဆောင်၏ အတွင်းပိုင်း၌တည်ရှိပြီး ပြင်ပ၌ အထိမ်းအမှတ်အဖြစ် ပြုလုပ်ထားခြင်းသာဖြစ်ကြောင်းကို ရှင်းပြတော်မူ



www.burmeseclassic.com

www.burmeseclassic.com

သည်။

**သမိုင်းအထောက်အထားမြောက်မြားလှစွာ သခ်ိုရုပ်ကိုင်လွှာ**

ဆရာတော်က ဆက်လက်၍ လုမ္ဗိနီပြန်လည်တွေ့ရှိပုံကို အောက်ပါအတိုင်း ရှင်းလင်းပြခဲ့သည်။ အသောကမင်းကြီး၏ ကျောင်းဆောင်များသည် နောက်ပိုင်းတွင် ထိန်းသိမ်းစောင့်ရှောက်သူမရှိ၍ ပြိုကျပျက်စီးခဲ့သည်။ ရှေးခေတ်တရုတ်ရဟန်းတော်များ၏ မှတ်တမ်းကို အခြေခံ၍ ၁၈၉၆ ခုတွင် လုမ္ဗိနီရှာဖွေရေးအစီအစဉ် စတင်ခဲ့သည်။ မြေပေါ်၌ (၁၀) ပေပေါ်ထွက်နေသော ကျောက်စာတိုင်ကြီးကို စတင်တွေ့ရှိရာမှ လုမ္ဗိနီဟုအသိအမှတ်ပြုနိုင်ခဲ့သည်။ လုမ္ဗိနီတွေ့ရှိမှုမှတစ်ဆင့် ကပ္ပိလဝတ်နှင့် ဒေဝဒဟတို့ကို ၁၈၉၆ ခုနှစ်နောက်ပိုင်းတွင် ပြန်လည်တွေ့ရှိခဲ့သည်။ လုမ္ဗိနီ၌ ၁၈၉၉ တွင် ကျောင်းတော်နေရာရှိ တောင်ကုန်းကို ဖြိုချတူးဖော်ရာမှ အလောင်းတော် သိဒ္ဓတ္ထမင်းသားပုံကို တူးဖော်တွေ့ရှိခဲ့ရသည်။ ၁၉၃၂ မှ ၁၉၄၀ အတွင်း ထပ်မံတူးဖော်ရင်း မာယာဒေဝီကျောင်းဆောင်ကို တည်ထားခဲ့သည်။

၁၉၆၇ ခုနှစ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် ရောက်လာခဲ့သည်။ ယခု ငြိမ်းချမ်းရေး မီးရှူးတိုင် ပြုလုပ်ထားသောနေရာ၌ ရွာတည်၍ လူအများက လယ်လုပ်စားနေကြပြီး သစ်ပင်များကို ခုတ်လှဲပစ်ကြသဖြင့် အင်ကြင်းတော မရှိတော့ကြောင်းနှင့် မာယာဒေဝီကျောင်းဆောင်ရှိ မွေးဖွားဟန်ရုပ်တုကိုလည်း ဒေသခံလူများက ကြက်သွေး၊ ငှက်သွေး စသည်တို့ဖြင့် ပူဇော်နေကြသည်ကို ဦးသန့်တွေ့မြင်ခဲ့ရသည်။ ၎င်းအပြင် မယ်တော်ပုံကိုသာ အဓိကထားကိုးကွယ်နေကြသောကြောင့် ဘုရားအလောင်းမွေးဖွားမှု အခန်းကဏ္ဍ ကွယ်ပျောက်နေသည်ကို ဦးသန့်က သိမြင်ခဲ့ဖြင့် ဤနေရာကို နိုင်ငံတကာ ဘုရားဖူးသွားလာရေးဌာနတစ်ခုအဖြစ် ဖန်တီးပေးမည်ဟု ဘုရင်မဟိန္ဒြရာထံ မေတ္တာရပ်ခံပေးခဲ့သည်။

ဘုရင်မဟိန္ဒြရာ၏ သဘောတူညီမှုအရ ၁၉၇၀ ပြည့်နှစ်တွင် လုမ္ဗိနီဖွံ့ဖြိုးရေးအဖွဲ့ကို နိုင်ငံပေါင်း (၁၃) နိုင်ငံဖြင့် ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂက ဒေါ်လာ (၁) သန်း ထောက်ပံ့ခဲ့ပြီး ရွာများရွှေ့ပြောင်းခြင်း၊ မြေနေရာအစားထိုးပေးခြင်း၊ ဝင်းထရံခတ်ခြင်း၊ သစ်ပင်များပြန်စိုက်ခြင်း၊ ငြိမ်းချမ်းရေးတူးမြောင်း တူးဖော်ခြင်း၊ စာကြည့်တိုက်များ၊ ပြတိုက်များ ဆောက်လုပ်ခြင်းတို့ကို ၁၉၈၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ ယနေ့အထိ ဆောင်ရွက်နေကြသည်။ ၁၉၉၀ပြည့်နှစ်၌ ဂျပန်အဖွဲ့က မာယာဒေဝီကျောင်းဆောင်ဟောင်းကိုဖျက်၍ မြေအောက်ရှိ အသောကကျောင်းဆောင်ဟောင်းကိုရှာဖွေခဲ့သည်။ ဓာတ်တော်တိုက်နေရာကို ၁၉၉၆ ခုနှစ်တွင် ပြန်လည်တွေ့ရှိခဲ့ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းရန် ယခုပုံစံအတိုင်း တည်ဆောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ မေလတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော (၂) နှစ်ခန့်က ဓာတ်တော်တိုက်အနီးရှိတွင်းကို တူးဖော်ကြည့်ရာ သစ်မြစ်ရုပ်ကြွင်းများတွေ့ရှိရသဖြင့် ဓာတ်ခွဲစမ်းသပ်ကြည့်သောအခါတွင် အလောင်းတော်မဖွားမြင်မီ နှစ်ပေါင်း (၇၀၀) ခန့်ကတည်းက ပေါက်ရောက်ခဲ့သောသစ်ပင်ဟုအဖြေထွက်သည်။ သစ်မြစ်၏ ဘေးပတ်ဝန်းကျင်ကို တူးဖော်ကြည့်ရာတွင် မြေသားများ ပြောင်ချောတင်းမာနေပြီး ၎င်းသစ်ပင်ကို လူအများက လှည့်ပတ်ဝိုင်းကာ ပူဇော်ခဲ့သော အထောက်အထားကို တွေ့ရသည်။ သို့ဖြစ်၍ ဗုဒ္ဓစာပေလာ လူအများပူဇော်ကြရာ မင်္ဂလသာလ ဟူသောစကားနှင့် ကိုက်ညီနေပေသည်။ အဆောက်အအုံ၏ထောင့်လေးထောင့်ကို တူးဖော်ကြည့်ရာ သစ်သားတိုင်စိုက်ထူထားခဲ့သော ရုပ်ကြွင်းများကို တွေ့ရသည်။ မူလက အလောင်းတော်ဖွားတော်မူရာ သစ်ပင်ကို အလယ်မှထား၍ စောင်းတန်းလေးခုကို သစ်သားဖြင့် တည်ဆောက်ခဲ့ပြီး နောက်ပိုင်းတွင်မှ အသောကမင်းကြီးက အုတ်ဖြင့် အစားထိုးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

၎င်းအပြင် ယခု တူးဖော်တွေ့ရှိချက်များအရ ကမ္ဘာ့ပညာရှင်အများစု၏ ယခင်အယူအဆဖြစ်သော ဗုဒ္ဓဖွားတော်မူရာ မြန်မာနှစ် BC- ၅၆၃ မှ ရှေ့သို့ ရာစုနှစ်တစ်ခုတိုးနိုင်သည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ဗုဒ္ဓဖွားတော်မူရာနှစ် BC- ၆၂၃ ကို အနောက်တိုင်းပညာရှင်များက နှစ် (၆၀) ခန့် နောက်ကျ၍ ယူဆခဲ့ကြသော်လည်း ယခုတူးဖော်တွေ့ရှိချက်များအရ အနောက်တိုင်းပညာရှင်များ၏ အယူအဆထက် အရှေ့တိုင်းပညာရှင်များ၏ အယူအဆက အဖြေမှန်နှင့် ပိုမိုနီးစပ်နေကြောင်းကို တွေ့ရှိရပေသည်။

ဆရာတော်၏အထက်ပါရှင်းလင်းပြချက်များမှာ လွန်စွာစိတ်ဝင်စားဖွယ်ရာဖြစ်ပြီး သမိုင်းကြောင်းအမြင်ဖြင့်လည်း တန်ဖိုးရှိလှသဖြင့် အစမှအဆုံးတိုင်အောင် မှတ်တမ်းတင်ခဲ့ပါသည်။

ဆရာတော် ရှင်းလင်းပြပြီးနောက် မိမိတို့ ဘုရားဖူးအဖွဲ့ မယ်တော်မာယာကျောင်းဆောင်အတွင်း၌ လှည့်လည်ဖူးမြော်ကြပြီး အသောကကျောက်စာတိုင်၊ စေတီငယ်များ၊ ရေပူရေအေးစီးဆင်းရာကန်နှင့် အနီးနားတစ်ဝိုက်ရှိ နေရာဌာနများသို့ လှည့်လည်ဖူးမြော်ကြသည်။ မိမိလည်း အဋ္ဌရိယအဌာတသုတ်၌ ဟောတော်မူသော အလောင်းတော် ဖွားမြင်တော်မူပုံ အကြောင်းအရာတို့ကို အာရုံပြုကာ သီလက္ခန်အဋ္ဌကထာ၌လာသော 'မုဟုတ္တဇာတောဝ ဂဝမ္ပတီယထာ၊ သမေဟိ ပါဒေဟိ ဖုသီ ဝသုန္ဓရံ' အစရှိသောဂါထာများနှင့် အဂ္ဂေါဟမသ္မိ လောကဿ အစရှိသော စကားတော်များကို ရွတ်ဆိုပူဇော်ခဲ့သည်။

**ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ**

မိမိတို့အဖွဲ့ နေ့လယ်စာစားပြီးနောက် ဖွားတော်မူရာ လုမ္ဗိနီမှ **ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ**သို့ ခရီးဆက်ခဲ့ကြသည်။ ခရီးမိုင် (၈၇) မိုင်မျှသာဝေး၍ ညနေ(၄)နာရီခန့်တွင် ကုသိနာရုံမြန်မာကျောင်းသို့ ရောက်ရှိသည်။ မဟာပရိနိဗ္ဗာန်ရုပ်ပွားတော်တန်ဆောင်းလည်း မပိတ်သေးသဖြင့် သွားရောက်ဖူးမြော်ကြသည်။ နောက်တစ်နေ့ ၂၁-၃-၂၀၁၄ တွင် နံနက်စာစားပြီးနောက် ဘုရားရှင်၏ ရုပ်ကလာပ်တော် တေဇောဓာတ်လောင်ကျွမ်းရာ အင်္ဂါရစေတီတော်သို့ ရှေးဦးစွာ သွားရောက် ဖူးမြော်ကြသည်။ မိမိ၏စိတ်၌ မဟာပရိနိဗ္ဗာနသုတ်လာ ဘုရားရှင်၏ ရုပ်ကလာပ်တော်ကို ပရိနိဗ္ဗာန်ပြုတော်မူရာ အင်ကြင်းတောမှ မလ္လာမင်းတို့၏ မကိုဋ်ထုံးဖွဲ့ရာဌာနဖြစ်သော မကုဋဗန္ဓနစေတီသို့ပင့်ဆောင်ကြပုံ၊ နတ်တို့က လမ်းတစ်လျှောက်လုံး ဒူးဆစ်မြုပ်မျှ မန္ဒာရဝနတ်ပန်းတို့ဖြင့် ဖြန့်ကျဲ၍ ပူဇော်ကြပုံ၊ အရှင်မဟာကဿပ မကြွလာမီ မီးသင်္ဂြိုဟ်၍မရပုံ၊ အရှင်မဟာကဿပ ကြွလာတော်မူပြီးမှ တေဇောဓာတ်လောင်ကျွမ်းပုံတို့ကို အတွေးအာရုံရောက်နေမိသည်။ နတ်တို့၏ တန်ခိုးဖြင့် စန္ဒကူးနံ့သာထင်းမှ ဟုန်းခနဲ မီးထတောက်ချိန်တွင် အရှင်

www.burmeseclassic.com

အာနန္ဒာ၏ ရင်ထဲ၊ နှလုံးသားထဲတွင် ဘယ်လိုများ ခံစားရပါလိမ့်မလဲ။ မီးတောက်မီးလျှံများကိုကြည့်ရင်း အံ့သြခြင်းနှင့်အတူ လွမ်းဆွေးခြင်းတို့ဖြင့် ရင်ထဲမှာ ပြည့်လျှံနေလေမည်လား။

ရွှေအဆင်းရှိသော ရုပ်ကလာပ်တော်ကို မီးတောက်မီးလျှံများက ဝါးမျိုလှမ်းချိန်တွင် အာနန္ဒာ-မိမိချစ်ခင်မြတ်နိုးသူတို့နှင့် ရှင်ကွဲကွဲခြင်း၊ သေကွဲကွဲခြင်းသဘောကို ရှေးယခင်ကပင် ငါဟောခဲ့ပြီမဟုတ်ပါလော။ မြတ်စွာဘုရား၏ ကိုယ်ပင် ဖြစ်စေကာမူ ဖြစ်ခြင်း၊ ပျက်ခြင်းမကင်းသောသဘောကို မပျက်စီးပါစေလင့်ဟု တောင့်တ၍ မရနိုင်ဟု ဟောကြားခဲ့သော ဒေသနာတော်ကို ရင်ထဲတွင် ကြားယောင်မိနေမည်လား။

(၂၅) ဝါတိုင်တိုင် ဘုရားရှင်၏ နောက်တော်မှ အရိပ်ပမာမခွဲမခွာလိုက်ပါခဲ့ရသော အနီးကပ်ဆုံး တပည့်အနေဖြင့် အတိတ်မှပုံရိပ်များကို တသသ သတိရရင်း သံဝေဂယူနေလေမည်လားဟု စဉ်းစားနေမိသည်။

အင်္ဂါရစေတီနေရာသည် ဘုရားရှင်ရုပ်ကလာပ်တော်ကို မီးသင်္ဂြိုဟ်ရာဌာနဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ရဟန္တာကြီးများ နောက်ဆုံးအနေဖြင့် ကြွရောက်ဖူးမြော်တော်မူခဲ့ကြမည်မှာ အမှန်ပင်။ ကြွရောက်လာသော သံဃာတော်တို့၏ အစည်းအဝေးကိုအကြောင်းပြု၍ ပထမသင်္ဂါယနာတင်ပွဲကို ကျင်းပရန် စီစဉ်နိုင်ခြင်း ကြောင့် သာသနာ့သမိုင်းအတွက် အရေးပါသော နေရာဌာနတစ်ခု ဖြစ်သည်။

အင်္ဂါရစေတီတော်ကို ဖူးမြော်ပြီး ပြန်အလာတွင် ဒေါဏပုဏ္ဏားကြီးက ဘုရားရှင်၏ဓာတ်တော်များကို ရှစ်ပြည်ထောင်မင်းတို့အား အညီအမျှ ခွဲဝေပေးခဲ့သောနေရာကိုလည်း ကားပေါ်မှ ပြသသည်။ လမ်း၏လက်ဝဲဘက်တွင်တည်ရှိသည်။ ယခင်က အထိမ်းအမှတ်တစ်ခု အဖြစ်ဖြင့် မထင်ရှားသော်လည်း ယခုအခါ ထိုနေရာကို ပိုင်ဆိုင်သူသည် တိဗက်ဗုဒ္ဓဘာသာတစ်ဦး ဖြစ်သဖြင့် ခမ်းခမ်းတနား ပူဇော်ထားသည်ကို ဝမ်းမြောက်ဖွယ် တွေ့ခဲ့ရသည်။

၎င်းနောက် ဘုရားရှင်နောက်ဆုံး ရေကြည်တော်သောက်သုံးတော်မူခဲ့ရာ ဌာနသို့ ဝင်ရောက် ဖူးမြော်ကြသည်။ အုတ်တိုက်ငယ်တစ်ခုအတွင်း၌ ကျောက်ဆင်းတုတော်တစ်ဆူရှိပြီး ဆင်းတုတော်၏ရှေ့၌ ခါးစောင်းခန့်နက်သော အနိမ့်ပိုင်း ပြုလုပ်ထားသည်။ အချို့က အနိမ့်ပိုင်းထဲသို့ဆင်း၍ ရုပ်ပွားတော်ကိုဖူးမြော်ကြသည်။ BC ၇ ရာစုနှစ်၏ လက်ရာဖြစ်သည်ဟု သိရသည်။ ၎င်းနောက် မဟာပရိနိဗ္ဗာန်စေတီတော်နှင့် ရုပ်ပွားတော်ကို သွားရောက် ဖူးမြော်ကြသည်။ မဟာတိုးအဖွဲ့မှ စုပေါင်း အလှူတော်အဖြစ် လျောင်းတော်မူ ရုပ်ပွားတော်ကြီး၏အရွယ်အစားနှင့် တိုင်းတာ၍ ချုပ်လုပ်ထားသော သင်္ကန်းတော်ကြီးကို ကပ်လှူကြသည်။

မိမိ၏စိတ်အစဉ်၌ ဘုရားရှင်သည် ဝေသာလီမြို့၌ အာယုသင်္ခါရလွှတ်တော်မူပြီးနောက် ဘဏ္ဍရွာ၊ ဟတ္ထိရွာ၊ အမ္ဗရွာ၊ ဇမ္ဗုရွာ၊ ဘောဂမြို့၊ ပါဝါမြို့များသို့ အစဉ်အတိုင်း ကြွတော်မူခဲ့ပြီး ပါဝါမြို့၌ ပန်းထိမ်သည်စုန္ဒ ကပ်လှူသော ဆွမ်းကို နောက်ဆုံးဘုဉ်းပေးတော်မူခဲ့ပြီး ပါဝါမြို့မှတစ်ဆင့် လမ်းခရီးတွင် (၂၅) ကြိမ်တိုင်တိုင် ရပ်နား၍ ကုသိနာရုံမြို့သို့အရောက် ဝေနေယျများအတွက် ပင်ပန်းကြီးစွာ ကြိုးစားကြွတော်မူပုံကို သတိရမိသည်။ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီယလေးဌာနကို ဟောကြားတော်မူပုံ၊ အရှင်အာနန္ဒာအား တရားပြ၍ အားပေးစကားပြောကြားတော်မူပုံ၊ အတိတ်ဘဝက စကြဝတေးမင်းအဖြစ်ဖြင့် ကုသိနာရုံ၌ ထီးနန်းစိုးစံခဲ့သော အကြောင်းအရာတို့ကို မဟာသုဒဿနသုတ်အဖြစ်ဖြင့် ဟောကြားခဲ့ပုံ၊ နောက်ဆုံးသာဝကဖြစ်သော သုဘဒ္ဒပရိဗိုဇ်ကို ချေချွတ်တော်မူခဲ့ပုံ၊ သာဝကအပေါင်းတို့အား နောက်ဆုံးဩဝါဒပေးပြီး ဈာန်သမာပတ်တို့ကို အပြန်ပြန်အလှန်လှန် ဝင်စားပြီးသည်၏နောက်၌ ပရိနိဗ္ဗာန်ဝင်စံတော်မူပုံတို့ကို အာရုံပြုမိသည်။ အများဝေ ကျွတ်လွတ်စေဖို့ မနေမနား သက်တော်အားဖြင့် ကြီးမားလေဘိ ရှစ်ဆယ်ပြည့်၍ ပရိနိဗ္ဗာန်စံသည့်တိုင်အောင် သယ်ယူဆောင် ဘုန်းခေါင် ငါတို့ဘုရားတည်း။ နောက်ဆုံးအချိန်အထိ သတ္တဝါအပေါင်းတို့ ကောင်းကျိုးချမ်းသာရရှိရန်အတွက် အလွန် စေ့စပ် သေချာစွာ ဆောင်ရွက် အားထုတ်တော်မူခဲ့ပုံကို ဆင်ခြင်၍ ဗုဒ္ဓါနုဿတိဘာဝနာ ပွားများသည်။ ၎င်းနောက် မဟာပရိနိဗ္ဗာနသုတ်ကို ရွတ်ဆိုပူဇော်သည်။ ကုသိနာရုံသည် ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံတော်မူရာဌာနဖြစ်၍ ရောက်လာသူများ၏ရင်ထဲ၌ သံဝေဂစိတ်နှင့်အတူ လွမ်းဆွေးမှုများပါ ရောယှက်နေကြပုံရသည်။ မြန်မာကျောင်းနှင့် မဟာပရိနိဗ္ဗာန်စေတီတော်သည် ခြံစည်းရိုးမျှသာခြားသဖြင့် တစ်နေ့တာအတွင်း အကြိမ်ကြိမ်သွားရောက် ဖူးမြော်ကြပြီး ပိတ်ချိန်ရောက်မှသာပြန်ခဲ့ကြတော့သည်။

၂၂-၃-၂၀၁၄ နံနက်စာစားပြီးနောက် ကုသိနာရုံမှ (၁၃၆) မိုင်ဝေးကွာသော ပတ္တနားမြို့ (ပါဋလိပုတ်) သို့ ခရီးဆက်ကြသည်။ ကုသိနာရုံမြို့မှ (၆) မိုင်ခန့်အကွာတွင် **ပါဝါမြို့**ရှိသည်။ စုန္ဒရွှေပန်းထိမ်သည် ကပ်လှူသောဆွမ်းကို နောက်ဆုံး ဘုဉ်းပေးတော်မူရာဌာနသည် တောင်ကုန်းသဖွယ်တည်ရှိပြီး အနီးတွင် လူနေရပ်ကွက်တည်ရှိသည်။ ၂၀၁၂ ခုနှစ် ဘုရားဖူးလာစဉ်က စေတီပျက်၏ အုတ်ခုံများကို တွေ့ရသည်။ ယခင်အခေါက်လာစဉ်က အဝေးပြေးလမ်းမကြီးတွင် တံတားမဆောက်လုပ်ရသေးသဖြင့် ကားကိုရပ်နားပြီး သွားရောက်ဖူးမြော်၍ရသည်။ ယခုအခေါက်၌ တံတားဆောက်လုပ်ပြီးသွားသဖြင့် လမ်းပေါ်၌ ရပ်နားခွင့်မရ။ ရပ်ကွက်အတွင်းသို့ ကားလေးများသာ ဝင်နိုင်သည်။ မိမိတို့အဖွဲ့က ကားကြီးဖြင့်လာကြသောကြောင့် တံတားပေါ်မှသာ လှမ်းမျှော်၍အာရုံပြုရတော့သည်။ ကားလေးဖြင့်လာကြသော ဘုရားဖူးအဖွဲ့များ ဖူးမြော်နေကြသည်ကိုလည်း လှမ်းမြင်နေရသည်။ စေတီတော်အုတ်ခုံများကိုလည်း မြှင့်တင်၍အသစ်ပြုပြင်နေသည်ကို တွေ့ရသည်။ ဘုရားရှင် နောက်ဆုံးဆွမ်းဘုဉ်းပေးသောနေရာဖြစ်သောကြောင့် လွမ်းဆွတ်ဖွယ်ရာဖြစ်နေသည်။ ဘုရားဖြစ်မည့်နေ့၌ ဘုဉ်းပေးသောဆွမ်းနှင့် ပရိနိဗ္ဗာန်ပြုမည့်နေ့၌ ဘုဉ်းပေးသောဆွမ်းတို့သည် အကျိုးအာနိသင်တူညီမှုရှိပြီး အခြားသောဆွမ်းများထက် အကျိုးအာနိသင် ကြီးမားကြောင်း ဟောကြားထားသည်ကိုလည်း အမှတ်ရမိသည်။ စေတီကုန်းတော်ကိုလည်း ကားပေါ်မှပင် ဓာတ်ပုံရိုက်ယူပြီးခရီးဆက်ကြသည်။ မိနစ်ပိုင်းမျှကြာသောအခါ **ကကုဓာမြစ်**သို့ရောက်သည်။ မြစ်ဟုဆိုသော်လည်း ချောင်းကျဉ်းကလေးမျှသာ ဖြစ်သည်။ ဘုရားရှင် နောက်ဆုံး ရေသုံးသပ်တော်မူသောမြစ်ဖြစ်သည်။ချောင်းကမ်းနံဘေးတွင် ကုသိနာရုံဆရာတော်ကြီးက ရုပ်ပွားတော်တစ်ဆူ လာရောက် တည်ထားသည်ကို ဖူးတွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

**အမျိုးသမီးများ၏ကဏ္ဍကို မြှင့်ပေးသော ဗုဒ္ဓမြတ်စွာ ဘိက္ခုနီသာသနာစတင်ခဲ့ရာ ဝေသာလီ**

ကုသိနာရုံသည် ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ တည်ရှိပြီး ပတ္တနားမြို့သည် ဗီဟာပြည်နယ်၌ တည်ရှိသည်။ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၏ နယ်နိမိတ်ကို ကျော်လွန်လာခဲ့ပြီးနောက် ဗီဟာပြည်နယ်ထဲသို့ စတင်ဝင်ရောက်ကတည်းက လမ်းများအလွန်ကြမ်းသည်။ ဝေသာလီမြို့သို့မရောက်မီ ဗုဒ္ဓသပိတ်တော်ကို ဌာပနာထားသော စေတီတော်ကြီးကို ကားလမ်းနံဘေးတွင် ဖူးတွေ့ရသည်။ အလွန်ကြီးမားသော စေတီတော်ကြီးဖြစ်သည်။ နေ့လယ်စာကို ကားပေါ်တွင် ပါလာသော မြန်မာထမင်း၊ ဟင်းများဖြင့် လမ်းဘေးရှိ စားသောက်ဆိုင်တွင် ဝင်ရောက် စားသောက်ကြသည်။ နေ့လယ် (၁) နာရီခန့်တွင် ဝေသာလီသို့ ရောက်သည်။

ရှေးဦးစွာ ဝေသာလီပြည် မဟာဝုန်တောရှိ **ကူဋာဂါရကျောင်းတော်ကြီး** တည်ရှိခဲ့သောနေရာသို့ သွားရောက်ဖူးမြော်ကြသည်။ ဘုရားရှင် ပဉ္စမမြောက်ဝါကပ် သီတင်းသုံးတော်မူရာဌာနၥ် တည်ထားသော စေတီတော်ကြီးကို ဖူးတွေ့ရသည်။ အနီးတစ်ဝိုက်၌ ရဟန္တာစေတီများဟုယူဆရသော အုတ်ခုံအဝိုင်းများလည်း တွေ့ရသည်။ အသောကမင်းကြီး စိုက်ထူခဲ့သော ကျောက်တိုင်များအနက် အကောင်းပကတိ တည်ရှိနေသည့် တစ်ခုတည်းသောကျောက်စာတိုင်လည်း တည်ရှိသည်။ ကျောက်စာတိုင်ထိပ်တွင် ခြင်္သေ့ရုပ်ရှိသည်။ ဝေသာလီပြည်တွင် ကပ်ဆိုက်စဉ်က လိစ္ဆဝီမင်းများက ပင့်လျှောက်ကြ၍ ဘုရားရှင် ကြွရောက်တော်မူပုံ၊ ပေါက္ခရဝဿမိုးကို ရွာစေတော်မူပုံ၊ ရတနသုတ်ပရိတ်တရားတော် ဟောကြားတော်မူပုံတို့ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာပွားများပြီး ရတနသုတ်ကို ရွတ်ဆိုပူဇော်သည်။ ဝေသာလီရှိ ကူဋာဂါရကျောင်းတော်သည် ဘုရားရှင် ပဉ္စမမြောက်ဝါ၌ ဝါဆိုသီတင်းသုံးတော်မူရာဌာန ဖြစ်သည်။ မိထွေးတော် ဂေါတမီ အမှူးပြုသော သာကီဝင်မင်းသမီး (၅၀၀) တို့ကို ဘိက္ခုနီအဖြစ် ခွင့်ပြုတော်မူရာဌာနလည်း ဖြစ်၍ ဘိက္ခုနီသာသနာ စတင်ပေါ်ပေါက်ရာဌာနလည်း ဖြစ်၏။ အိန္ဒိယထုံးစံအရ ခေတ်အဆက်ဆက် အနှိမ်ခံခဲ့ရသော အမျိုးသမီးများကို အမျိုးသားများနှင့် တန်းတူအခွင့်အရေးပေးကာ ဘိက္ခုနီသံဃာအဖွဲ့အစည်းကို တည်ထောင်တော်မူခဲ့ရာဌာနဖြစ်သောကြောင့် အမျိုးသမီးများ မမေ့သင့်သောနေရာ ဖြစ်သည်။

ကူဋာဂါရကျောင်းဝင်းရှိ စေတီတော်ကြီးကို ဖူးမြော်ကန်တော့ပြီးနောက် ဘုရားရှင်က မိထွေးတော်ဂေါတမီထေရီမကြီးအား ထိုကျောင်းတွင် ဟောကြားတော်မူခဲ့သော အင်္ဂုတ္တရနိကာယ် အဋ္ဌကနိပါတ်လာ သံခိတ္တသုတ်ကို အမှတ်တရ ရွတ်ဆိုပူဇော်ခဲ့သည်။ စေတီတော်အနီးတစ်ဝိုက်၌ လှည့်လည်ဖူးမြော်ရင်း လိစ္ဆဝီမင်းသား သုနက္ခတ်အကြောင်းကို စဉ်းစားမိသေးသည်။ သုနက္ခတ်ကား ဘုရားရှင်၏ နောက်တော်မှလိုက်ပါ၍ လုပ်ကျွေးပြုစုခွင့်ရပါလျက် ဘုရားရှင်ထက်ပင် အဝတ်မဝတ်သော ဂျိန်းဘုန်းကြီးကို ပို၍ကြည်ညိုသူဖြစ်သည်။ သုနက္ခတ်သည် ရဟန်းပြု၍ တရားအားထုတ်ရာ ဒိဗ္ဗစက္ခုအဘိညာဉ် (နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်) ကို ရရှိခဲ့သော်လည်း အတိတ်ဘဝတစ်ခုက ပြုမိခဲ့သည့် အကုသိုလ်ကံကြောင့် ဒိဗ္ဗသောတအဘိညာဉ်ကို မရရှိနိုင်ခဲ့ပေ။ ထိုအဆင့်မပြေမှုကို အကြောင်းပြု၍ ဘုရားရှင်အပေါ် အထင်လွဲကာ မကျေမနပ်ဖြစ်ပြီး လူထွက်သွားခဲ့သည်။ လူထွက်သွားပြီးနောက် လူစည်ကားသော နေရာများ၌ လှည့်လည်၍ -

'ရဟန်းဂေါတမမှာ လောကုတ္တရာတရားထူးဘာတစ်ခုမှမရှိ။ သူဟောတဲ့ တရားတွေဟာ စိတ်ကူးထဲမှာပေါ်လာတာတွေကို ဟောပြထားတာဖြစ်တယ်'

ဟု စွပ်စွဲခဲ့သူ ဖြစ်၏။

အရှင်သာရိပုတ္တရာက ဆွမ်းခံရင်း ကြားသိလာသဖြင့် ဘုရားရှင်ကို လျှောက်ထားသည်။ ဘုရားရှင်က ဂုဏ်တော်ကိုးပါး၊ ရဲရင့်ကြောင်းဖြစ်သော ဝေသာရဇ္ဇဉာဏ်တော်လေးပါး၊ လားရာဂတိငါးမျိုးကို ပိုင်းခြားသိမြင်နိုင်သော ဉာဏ်တော်ငါးပါး၊ ပဋိသန္ဓေလေးမျိုးကို ပိုင်းခြားသိမြင်နိုင်သော ဉာဏ်တော်လေးပါး၊ အဘိညာဉ်ခြောက်ပါး၊ ပရိသတ်ရှစ်ပါး၌ ရဲရင့်ကြောင်းဖြစ်သော ဉာဏ်တော်ရှစ်ပါး၊ ဉာဏ်တော်စွမ်းအားဆယ်ပါး စသည်တို့ကို ထုတ်ဖော်ဟောပြတော်မူပြီး သုနက္ခတ်ကြည်ညိုသော ဂျိန်းဘာသာဝင်တို့၏ အကျင့်များကို အလောင်းတော်ကိုယ်တိုင် အတိတ်ဘဝက အားထုတ်ခဲ့သော်လည်း လောကုတ္တရာတရားထူးကို မရခဲ့ပုံ၊ ထိုအကျင့်များ ဘာတစ်ခုမှအကျိုးမရှိပုံတို့ကို ဝေဖန်ပြတော်မူကာ -

'အသက်အရွယ် အိုမင်းလွန်း၍ ငါ့ကို ခုတင်ညောင်စောင်းဖြင့် ထမ်း၍ ခေါ်ဆောင်သွားရစေကာမူ ငါ၏သဗ္ဗညုတဉာဏ်တော်သည် ဆုတ်ယုတ်ပျက်ပြားမှု လုံးဝမရှိနိုင်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်တတ်သော တွေဝေမှုကင်းစင်သည့် ပုဂ္ဂိုလ်တစ်ဦး လောက၌ ပေါ်ပေါက်ခဲ့ဖူးပါသည်ဟု တစ်စုံတစ်ယောက်က ပြောဆိုခဲ့လျှင် ငါ့ကိုရည်ညွှန်း၍ပြောဆိုမှသာ မှန်ကန်သော ပြောဆိုမှုဖြစ်နိုင်ကြောင်း' ရဲရဲတောက်မိန့်ဆိုလျက် မဟာသီဟနာဒသုတ်ကို ဟောပြတော်မူခဲ့သည်။ သာသနာတော်နှင့် ဆုံစည်းခွင့်ရခဲ့ပါသော်လည်း သာသနာတော်၏တန်ဖိုးကို မသိတတ်သဖြင့် သာသနာနှင့် တွေ့ရကျိုးမနပ်သူ သုနက္ခတ်အပေါ် သံဝေဂယူမိပါ၏။

ဝေသာလီ မဟာဝုန်တော ကူဋာဂါရကျောင်းတော်ရာကို ဖူးမြော်ပြီးနောက် လိစ္ဆဝီမင်းများက ဘုရားရှင်၏ ဓာတ်တော်များကို စေတီတည်ထားခဲ့သောနေရာသို့ သွားရောက် ဖူးမြော်ကြသည်။ စေတီအုတ်မြစ်မျှသာ ကြွင်းကျန်တော့သည့်နေရာကို သွပ်မိုးအဝိုင်းကြီးပြုလုပ်၍ သံစကာကာရံထားသည်။ လိစ္ဆဝီမင်းများက ၎င်းတို့၏ ဝေစုရဓာတ်တော်များကို ဌာပနာ၍ စေတီတည်ထားသောနေရာဖြစ်၍ သမိုင်းဝင်ဌာနတစ်ခုဖြစ်သော်လည်း ဖူးမြော်စရာနေရာ သိပ်မရှိ။ အနီးနားတွင် လိစ္ဆဝီရေကန်နှင့် ဂျပန်စေတီတော်ရှိသည်။ ထိုရေကန်သည် ဗန္ဓုလစစ်သူကြီး၏ဇနီး မလ္လိကာချင်ခြင်းဖြစ်သဖြင့် အစောင့်အကြပ်များကြားမှ ရအောင်ဝင်ရောက်၍ သောက်သုံးစေခဲ့သော ရေကန်ဖြစ်သည်ဟု ယူဆထားကြသည်။ အနီးနားတွင် ဈေးဆိုင်တန်းများရှိပြီး ပစ္စည်းများမှာလည်းစုံလင်သည်။ အသောကကျောက်စာတိုင်ပန်းပုရုပ်တုများကို ဝေသာလီတွင် ဈေးအသက်သာဆုံးဖြင့်ရနိုင်သည်။

ဦးညာဏ (ကြွယ်အိပ်ပဲ)


www.burmeseclassic.com

www.burmeseclassic.com

# ရေဝိဇ္ဇာ

## သီးခြားဂုဏ်တော်ရှုတ်ပုဂ္ဂိုလ်



၂၀၁၃ ခုနှစ်ကို ခရီးသွားမှုဖြင့် နှင်လှစ်လိုက်ကြသည်။ နှစ်ပါးအတူ မော်လမြိုင်ဖားအောက်တောရ၌ တစ်ဝါ ဆိုခဲ့ကြ၏။တန်ဆောင်မုန်းလ ကထိန်ပြီး လောနှင့် ရိပ်သာမှထွက်လျက် မွန်ပြည် နယ်တစ်ကြောတွင် ရွာတွေ့က.ဆွမ်းခံ၊ သုသာန်၌ကျောင်း၊ ရေချောင်းဆိုသုံးပြု တောထုမှာမေ့သီတင်းသုံးကြရင်း ဘုရား ဘုရားစေတီများ လှည့်လည်ကြည်ညိုခဲ့ ကြ၏။

ဦးရာဇိန္ဒသည် ဤအရှင်ထက်ဝါ တော်ကြီး၏။ (၂၁)ဝါရှိ၍ သက်တော်က (၆၀) ဖြစ်ကာ ကြီးမှရဟန်းဖြစ်ခဲ့သူပင်။ လူ့ဘ၀တွင် အိမ်ထောင်မကျ၊ မိန်းမမယူ ဘဲ အမေကိုလုပ်ကျွေးခဲ့သည်။ နောက် အမေကွယ်လွန်လျှင် ရဟန်းဘ၀တက် ခဲ့သည်ဟု ဆို၏။ ဤအရှင်နှင့် ဝါသနာ တူ စရိုက်ညီပါသောကြောင့် အညမည ဆက်ဆံရလွယ်၊ ပေါင်းသင်းလွယ်သည်။ နောက်နှစ်ပါးစလုံး သံယောဇဉ်မရှုပ်ညို ချင်၍ ကျောင်းထိုင်ဘ၀စွန့်ခဲ့သူများမို့ အဖို့တော့ အမှန်အောင်မြေ ဇေယျဘူမိ ပင်။ ရွှေ့တစ်ဖက်၌လည်း ကျိုက်ထိုမြို့ ၏ မဟာမြတ်မုနိ ဂန္ဓကုဋီရှေးဟောင်း တစ်ဆူစံတော်မူနေသည်။ ကျိုက်ထိုတစ် ဝိုက်က တန်ခိုးကြီးထင်ရှားသော စေတီ ပုထိုး၊ နေရာတို့ လွန်စွာပေါသဖြင့် ဤ အရှင်နှစ်ပါးမှာ (၁၀) ရက်ခန့်အချိန်ကြာ

ရောက်ရာဒေသသည် ကျောင်းအဖြစ် ပမာ ကာယ၊ စိတ္တ နှစ်ဝချမ်းသာ ခံစား မွေ့တတ်သူချင်းပင်။

နှစ်ပါးစလုံး သက်တော်က မငယ် တော့။ ဤအရှင်မှာလည်း လေးဆယ် စွန်းကျော်၊ ဝါတော်နှစ်ဆယ်အတွင်းပင် အသက်ကိုငဲ့၍ ဓမ္မိရလဒ္ဓ တရားသော နည်းဖြင့်ရရှိသော ရဟန်းများအသုံး အဆောင်အပေါ်၌သာလျှင် အမှီပြုပြီး အတတ်နိုင်ဆုံးတော့ နိဿဂ္ဂိယဝတ္ထု (မအပ်စပ်သောအပြုအမူဖြင့် ရရှိသုံးစား ခြင်းပြုရာ ဝတ္ထုပစ္စည်းများကို လက်ခံ သာယာသဖြင့် သင့်ရောက်ရာ အပြစ်၊ အာပတ်၊ အလှူခံမိက ပစ္စည်းစွန့်၍ ဒေသနာပါထပ်ကြားရ) အပါအဝင် အာပတ်များမသင့်အောင် ဂရုစိုက်ရင်း အာနာပါနမြတ်ဓမ္မနှင့် တမလွန်အတွက် လန့်ထိတ်သောနှလုံးဖြင့် ရိပ်သာနှင့် တောအရပ်တို့တွင် ရပ်တည်ခဲ့ကြပါ၏။

ယခုလည်း ဤအရှင်၏ တပည့် ဖြစ်ဖူးသူ ဦးသောဘိတ၏ သုခိတာရုံ ကျောင်းတွင် ရောက်နေကြသည်။ ကျောင်းက ကျိုက်ထိုမြို့၏ ထင်ရှားလှ သော ကျိုက်ပေါလောမဲ့ရှင်ရုပ်ပွားတော် အနီးမှာပဲရှိသည်။ ရုပ်ပွားတော်ကား ဖူးမြင်ကြည်ညိုလို့မဝနိုင်အောင် သပ္ပာယ် လှပါပေသည်။ ပရဝုဏ်ကပါ ဝိဝေက သုခရှိသောကြောင့် ဓမ္မကို မွေ့လျော်သူ



www.burmeseclassic.com

www.burmeseclassic.com

အောင်နေရသည်။ ကျိုက်ထီးရိုးလည်း ဖူးမြင်ခဲ့လေပြီ။

ကျောင်းမှ နံနက် (၄) တွင်ထ၍ ကေလာသဆံတော်ရှင်သို့ ခြေကျင်ထွက်ခဲ့ကြသည်။ တောင်ပေါ်ရှိ ဦးရာဇိန္ဒမိတ်သဂ်ဟာဖြစ်သူ ဦးပဥ္စင်းကြီးထွန်းစောစက ဖုန်းနှင့်ကြွခဲ့ကြရန် ညကပင့်ထားသည် (ပဋ္ဌာန်းပွဲရှိသည်ဟု)။ ဒါဆိုလျှင် ပရိသတ်များတော့မည်။ ပရိသတ်များလွန်းသော် ဤအရှင့်အတွက်တော့ ဒုက္ခတစ်မျိုးပင်ဖြစ်၏။ ငယ်စဉ်တည်းက ဆူညံသောနေရာသို့ စိတ်မပါခဲ့။ မကြွချင်သော်လည်းမဖြစ်။ တောင်ပေါ်တွင် ညမကျိန်းဘဲ နောက်နေ့မိုးလင်းလျှင် ရှေ့ဆက်ရမည့်ခရီးကရှိနေပြန်၏။ နေထွက်ခါစ၌ တောင်ခြေရောက်၏။ကျိုက်ထီးဆောင်းမထေရ်၏ ကမကထပြုခဲ့သောကြောင့် လမ်းသည် ကတ္တရာခင်းထား၏။ ရွာတစ်ရွာကျော်လွန်ပြီး ၎င်းရွာရဲ့အရှေ့ဘက်ကနေ ကျောက်လမ်းအကြမ်းက မြင့်စောက်လွန်းသည်။

"ဦးဝိ၊ ဘယ်လိုလဲ။ မောရင်နားပြီး အရှက်ဆွမ်းစားကြစို့လား"

"ဒါသင့်မြတ်တဲ့အကြံပေါ့ဘုရား။ ရေလည်းဟိုမှာရှိနေသားပဲ"

မွန်တိုင်းရင်းသားတို့၏ ရိုးရာကဤလိုတောင်ပေါ်လမ်းတစ်လျှောက် ရေအိုးစင်လေးတွေထားလေ့ရှိစမြဲ။ နားရန်တဲလေးကပါလိုက်သေးသည်။ ရွာစဉ်ဆွမ်းခံခဲ့သည်မို့ နှစ်ပါးတွင် မုန့်ဘောဇဉ် သပိတ်ထဲ၌ အစုံရှိနေသည်။ ပြီးလျှင်ဆက်ကြွခဲ့၏။ တောင်ကတက်လေ မြင့်လာလေဟန်မျိုး။ ဆွမ်းဘုဉ်းပေးအပြီးမို့ထင်၏။ ခန္ဓာကလေးဆိုင်းလုချည့်။ ဦးရာဇိန္ဒကဖြင့် သာမန် ကျောင်းဆင်းကျောင်းတက်လေ့ကားပမာ သက်သောင့်သက်သာ ဤအရှင်ကို ဖေးမ အနားယူတက်နေရသဖြင့် စေတီရင်ပြင်ပေါ် နားခိုမိချိန်က (၉) နာရီကပင်ရှိနေသည်။ ဟန်းဖုန်းနှင့် မှတ်စုစာအုပ်ကိုပင် ဦးရာဇိန္ဒလွယ်အိတ်ထဲထည့်ထားမိလို့ သပိတ်လွယ်တစ်ခုတည်းနှင့်တက်သော်လည်း ထိုသပိတ်ကိုပင် ထားလို့ရကထား ပစ်ချင်အောင် ပန်းလျဖွယ် တောင်တက်လမ်း။

စေတီ၏ဘဏ်တော်မှာ သိပ်မမြင့်လှပါ။ အောက်ခံပလ္လင်ခုံပတ်လည်ကို ဂဝံကျောက်ညိုများစီ၍ ငါးရှာငါးဆယ်ဇာတ်နိပါတ်တော်လာနတ်နဂါးတိရစ္ဆာန်ပုံများဖြင့် ထွင်းထုထားသည်။ ညနေ (၃) နာရီကျော်မှဆင်းမည်ဖြစ်သဖြင့် သပိတ်အတွင်း ဆွမ်းများအလှူခံထည့်ယူပြီး လမ်းတစ်ဖက်ရှိ စေတီနှင့် သိမ်ဘက်သို့ အနားယူနေခဲ့သည်။ ဤတောင်တွင် ပရိသတ်အလာနည်း၏။ တစ်ဖက်က ပဋ္ဌာန်းသံနှင့်မို့ သမာဓိရရန် ခက်နေ၍ တရားထိုင်ခြင်းတော့ ရပ်ဆိုင်းကာ နှစ်စဝတ်ရွတ်လေ့ရှိသော ပဌာနဗ္ဗဆဂါထာတော်များကိုပဲ သရဇ္ဈာယ်ရင်း ကုသိုလ်ယူနေမိ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ခဏတာ လှဲလျောင်းနေလိုက်ရာမှ တောင်မတက်စဖူး တက်လာရသောကြောင့် အိပ်ပျော်သွား၏။ နိုးလာတော့ (၂) နာရီထိုးနေပြီ။ ကျိုက်ထိုမြို့မှဦးလှဝင်းမိသားစုကားနှင့် အပြန်ကြွဖို့ ပင့်ထား၏။

(၄) နာရီကျော်တွင် ဆင်းခဲ့၏။ ကျောင်းပေါ်ရောက်ကာမှ ဦးရာဇိန္ဒ တစ်ပါး အပူဆင့်၍ ဤအရှင်ကို -

"ဦးဝိရေ တပည့်တော်လွယ်အိတ် စေတီရင်ပြင်ပေါ်က ညောင်ပင်အောက် မေ့နေခဲ့ပြီ"

"ပုံသုကူစွန့်ပစ်ခဲ့တယ်လို့ မှတ်ယူရုံရှိတာပေါ့ ဘုရား။ ပရိသတ်ကအများကြီးနဲ့ တစ်ဦးဦးရသွားပြီး တပည့်တော်ဟန်းဖုန်းနှင့် စာအုပ်လည်း ထပ်တူလှူရုံပေါ့ဘုရား"


"ကိုယ်တော်မပူနဲ့၊ ဒီလွယ်အိတ်နဲ့ ပစ္စည်းအားလုံး မကြာမီပြန်ရောက်လာစေမယ်"

"ကောင်းကင်မှ ပျံလာမှာတော့ မဟုတ်ပါဘူးနော်"

"ဟင်းဟင်း - ကိုယ်တော်မယုံရင် စောင့်ကြည့်နေ။ ဒီညနေမကျိန်းစက်ခင် ပြန်လာပို့ကြလိမ့်မယ်။ ရဟန်းဖြစ်ပြီး တစ်ဝါရကတည်းမှ ကြည်ညိုသဒ္ဓါထက်သန်စွာ ရွတ်ဖတ်ပူဇော်ခဲ့တဲ့ တရားတစ်ပုဒ်က ရရှိ တွေ့ရှိသူ တပည့်တော်လွယ်အိတ်ကို ဒီသုခိတာရုံကျောင်းအထိမဖြစ်ဖြစ်အောင်ပို့စေရမယ်"

ဟု ယတိပြတ်မိန့်၏။

ဤအရှင်တော့ မယုံကြည်။ လွယ်အိတ်အတွင်းမှတ်စု၌ လိပ်စာပါရှိသော်လည်း အရောင်အသွေးစုံ ပရိသတ်တို့သည် သူတော်စင်မဟုတ်ကြပါ။ပြီးတော့



ဦးရာဇိန္ဒ၏ တိပိဋကတ်အိတ်ဆောင်ကွန်ပျူတာတစ်လုံးနှင့် ဤအရှင်၏ ဆမ်ဆောင်းဂလက်ဆီနုတ်တူးတစ်လုံးတို့ကနှစ်ခြိုက်ဖွယ်အရာဝတ္ထုတွေ။ သည်ပစ္စည်းနှစ်ခုသည် သာမညတောင်သို့ကြွကြစဉ် မြဝတီဘက်၌နေသော ဦးရာဇိန္ဒ၏အသိ သူဌေးမိသားစုမှ လှူဒါန်းထားရာ ပစ္စည်း(၂)လခန့်ပဲ သုံးကြရသေး၏။ ဤအရှင့်စိတ်၌ ၎င်းဖုန်းကိုပြန်ရရန်မမျှော်လင့်ခဲ့တော့။ ကိုယ်နှင့်မထိုက်၍ သာလျှင် ထိုက်တန်သူထံရောက်သွားတာပဲဟု ဆင်ခြင်နေမိပါ၏။ ဦးရာဇိန္ဒသည် ဤအရှင်နှင့်စကားဆို၍ နောက်သိမ်အသစ်ထဲတွင်မလှုပ်မယှက်ထိုင်ကာ တစ်စုံတစ်ခုရွတ်ဖတ်ဟန်ရှိနေသည်။

ဤအရှင် စောင့်ကြည့်နေမိသည်။ နာရီက တရွေ့ရွေ့နှင့် (၉) နာရီနားကပ်လာ၏။ (၅) နာရီခန့်မှာ ကျောင်းပြန်ရောက်တာမို့ (၄) နာရီလောက်ကြာခဲ့ပြီ။ ပြန်ပို့မည့်သူ ကားနှင့်လာလျှင် (၁) နာရီခရီးမျှသာဝေး၏။ နောက်နာရီဝက်ဆိုလျှင် ကျိန်းစက်ရန်သာရှိတော့၏။ မလာနိုင်တော့။ ဦးရာဇိန္ဒ၏ စကားသည် မှားရောတော့ရန်နီးလေပြီတည်း။ သွားတိုက်ရန် ကျောက်အောက်ဆင်းခိုက် ကားတစ်စင်းကျောင်းရှေ့လာရပ်၍ အသက် (၅၀) ခန့်ရှိ ဇနီးမောင်နှံနှစ်ဦး ကျောင်းထဲဝင်လာကာ -

"အရှင်ဘုရား၊ သည်ကျောင်းမှာ ဦးရာဇိန္ဒနှင့် ဦးဝိစာရဆိုတဲ့ ရဟန်း (၂) ပါးရှိပါသလား ဘုရား"

"ဦးဝိစာရဆိုတာ ကျုပ်ပါပဲ ဒကာတို့"

ဟု ဖြေလျှက် သိမ်ထဲရှိ ဦးရာဇိန္ဒထံသို့ခေါ်ခဲ့ကာ မိတ်ဆက်ပေးလိုက်၏။ လွယ်အိတ်လာပို့ကြခြင်းပါ။

"တပည့်တော်တို့ ဇနီးမောင်နှံက သည်ကျိုက်ထိုမှာနေကြပါတယ်။ ဒီနေ့နေ့လယ်မှာ ကေလာသတောင်ပဋ္ဌာန်းပူဇော်ပွဲအတွက် ဆွမ်းကပ်ရန် ရက်သွားတောင်းရာကနေ အရှင်ဘုရားတို့လွယ်အိတ်ကို တပည့်တော်တွေ့တာနဲ့ယူပြီး ဆရာတော်ထံအပ်နှံခဲ့ပါတယ်။ နောက် . . ."

အစရှိသော ဒကာ၏ လျှောက်ထားပြချက်က သံသယလွတ်နေလေ၏။ တစ်ပါးသူရပြီးသည်ကို ထပ်ဆင့်ပြန်လည်ယူထား၍ ပိုင်ရှင်အစစ်ထံ ပေး... အပ်သောအရာ မဟုတ်တော့... ရဟန်းမည်သည်မှာ တစ်ပါးသော ရဟန်း၏ ပိုင်ဆိုင်ရာအား တစ်စုံတစ်ယောက်က

www.burmeseclassic.com

ခိုးယူ၍ဖြစ်စေ၊ ကောက်ရ၍ဖြစ်စေ၊ ပေးဘဲ လုယူ၍ဖြစ်စေ ၎င်းယူ၊ ရသူက သာလျှင် ပိုင်ဆိုင်သွား၏။ ထိုသူက စိတ်သန့်သန့်နှင့် ရဟန်းပစ္စည်းမှန်းသိပြီး ပြန်လာပို့လျှင် အပြစ်မရှိ ပြန်လည် သက်ခံထိုက်၏။ ခိုးယူသူဖြစ်က ပြန်ပို့၍ သည်း ထိုရဟန်းမအပ်စပ်တော့။ ဒုတိယ ပါရာဇိကသိက္ခာပုဒ်ငြိကာ ရဟန်းမဟုတ် တော့၊ ယခု ဒကာပင်တွေ့ပြီး စေတနာ ဖြင့် လာပြန်ပို့သောကြောင့် ပါရာဇိ ကထိုက်။ ရှေးခေတ်ဝိနည်းလေးစားတော် မူကြသော ဆရာတော်တို့သည် သူခိုးက ကျောင်းပေါ်တက်၍ သူလိုချင်တာယူ နေသည်ကိုပင် မြင်နေခဲ့သော်လည်း မမြင်ဟန်ဆောင်ပြီး သူခိုးစိတ်တိုင်းကျ ခိုးပြုတော်မူကြလေ၏။

ဦးရာဇိန္ဒလည်း ဤသိက္ခာပုဒ်ငြိ မငြိမေးမြန်းပြီးမှသာလျှင် လက်ခံခဲ့သည် မှာ ဤအရှင့်ဆန္ဒနှင့်ကိုက်ညီလျက် သီလ အစကာ အခြေတည်ရာ ဖားအောက် တောရထွက်ချင်းဖြစ်သဖြင့် ဝိနည်းကို အလေးထားမေးမြန်းရသည်က အဆန်း မဟုတ်တော့ပါ။ အကုသိုလ်ဖြစ်သော ဒုက္ခဖြစ်ခြင်းသည်မကောင်း။သို့သော် စောင့်ထိန်းရမည်။ ဝိနည်းအပေါ် ကတ္တူ ရှင်လျက် ရှောင်ကြဉ် ထိန်းစောင့်ခြင်း သည် ကောင်းပါ၏။

"အရှင်ဘုရား တယ်စွမ်းနေပါ သော၊ ပညာတွေသိုဝှက်ထားတာကိုး"

ဟု ဒကာတွေ ပြန်သွားသည်နှင့် ဤအရှင်က ချီးမွမ်းလေသံဖြင့် ဆိုလိုက် သည်။

ဦးရာဇိန္ဒကဖြင့် မထူးခြားသည့် အသံနှင့်ယ် -

"ကိုယ်တော်ထင်သလို ဘာလော ကီဝန်ရှုမှမဟုတ်ပါဘူး။ ငယ်စဉ် ဆရာ တော်တစ်ပါးသင်ပေးခဲ့ဖူးတဲ့ ဂုဏ်တော် အစွမ်းပေါ့။ အရှင်ဘုရားလည်း ရပြီးသား ဖြစ်ပါလိမ့်မယ်။ 'အဝေဏိကဂုဏ်တော်' ပေါ့"

"ဓာရဏပရိတ်အစွမ်းလို့ ဆိုချင် တာလား"

ဦးရာဇိန္ဒသည် ရဟန်းမဖြစ်ခင်က (စာ) တန်းအောင်ခဲ့သူပင်။ ရဟန်းဝတ် ပြီးတော့ ပရိယတ္တိအဆင့်အတန်းများ ကိုဖြေခဲ့။ သို့ပေမယ့် လေ့လာသင်ယူ မှုတည်တို့ကစုံသည်။

"ဓာရဏ ဆောင်သင့်တဲ့၊ ဆောင် ရမယ့်ပရိတ်ပေါ့။ ပရိတ်အနေဖြစ် ဆောင် ဘုရားမဟောခဲ့ပါဘူး။ နောက် ဆရာတော်တွေက စီရင်ရေးသားခဲ့ကြ



တာပါ။ အဝေဏိကဂုဏ်တော်(၁၀)ပါး နဲ့ ပါရာဇိကဏ်အဋ္ဌကထာပါဋ္ဌိမှာပါတဲ့ မဟာစ္ဆရိယ၏အနန္တရာယိကဌာနလေးပါး ကိုပါ စုပေါင်းထည့်ယူထားတယ်။

**ကြီးမြတ်အံ့ဖွယ်အန္တရာယ်ကင်း ကောင်းခြင်းလေးဖြာ**

အဲဒါတွေကတော့ -

၁။ ဗုဒ္ဓါနံ ဇီဝိတဿ န, သက္ကာ ကေနစိ အန္တရာယော ကာတုံ။

(ဗုတ်ဒါနံ၊ ဇီဝိတတ်သ၊ န,သက် ကာ၊ ကေနစိ၊ အန်တရာ(RA)ယော၊ ကာတုံ)

မြန်မာပြန် ။ ။ ဘုရားရှင်တို့၏ အသက်တော်ကို တစ်စုံတစ်ယောက် သောသူသည် အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ပေ။

၂။ ဗုဒ္ဓါနံ သဗ္ဗညုတ ဉာဏဿ န,သက္ကာ ကေနစိ အန္တရာယော ကာတုံ။

(ဗုတ်ဒါနံ၊ သတ်ဗင်ညုတ၊ ညာ ဏတ်သ၊ န,သက်ကာ၊ ကေနစိ၊ အန်တ ရာယော၊ ကာတုံ)

မြန်မာပြန် ။ ။ ဘုရားရှင်တို့၏ သတ်ဗင်ညုတညန်တော်ကို တစ်စုံတစ် ယောက်သောသူသည် အန္တရာယ်ပြုခြင်း ငှာ မတတ်နိုင်။

၃။ ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န,သက္ကာ ကေနစိ အန္တရာ ယော ကာတုံ။

(ဗုတ်ဒါနံ၊ အဘိဟာတာနံ၊ စတုန်နံ၊ ပစ်စယာနံ၊ န,သက်ကာ၊ ကေနစိ၊ အန် တရာယော၊ ကာတုံ)

မြန်မာပြန် ။ ။ ဘုရားရှင်တို့အား (ဘုရားရှင်တို့အတွက်) ရှေ့ရှုဆောင်၍ လှူဒါန်းရန်ယူလာသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်း(၄)ပါး တို့ကို တစ်စုံတစ်ယောက်သောသူသည် အန္တရာယ်ပြုခြင်းငှာ မတတ်နိုင်ပေ။

၄။ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇ နာနံ ဗျာမပ္ပဘာယဝ န,သက္ကာ ကေနစိ အန္တရာယော ကာတုံ။

(ဗုတ်ဒါနံ၊ အသီတိယာ၊ အနုဗျင် ဇနာနံ၊ ဗျာမတ်ပဘာယဝ၊ န,သက်ကာ၊ ကေနစိ၊ အန်တရာယော၊ ကာတုံ)

မြန်မာပြန် ။ ။ ဘုရားရှင်တို့၏ (၈၀) သော လက္ခဏာတော်ငယ်နှင့် (၁၂) တောင်ဝန်းကျင်ဆောင်သော ဗျာ မပ္ပဘာရောင်ခြည်တော်ကို တစ်စုံတစ် ယောက်သောသူသည် အန္တရာယ်ပြု ခြင်းငှာ မတတ်နိုင်ပေ။

နောက်ဆုံး ရွတ်ဖတ်ပူဇော်သူ အတွက် 'တထာမေဟောတု' ထို့အတူ ငါ့အားဖြစ်ပါစေ' လို့ ဆုတောင်းတိုင် တည်အပိုထည့်တာပါ။

**အကျိုး**

သည်ဂုဏ်တော်တွေ ပူဇော်တဲ့ အတွက် ဘုရားရှင်၏ မဟာစ္ဆရိယဂုဏ် တော်နှင့်အညီ ရွတ်ဖတ်သူရဲ့ ပစ္စည်း၊ အသက်၊ စည်းစိမ်ဉစ္စာ၊ ကိုယ်ပိုင်အရည် အချင်းစတာတွေကို မခိုးယူနိုင်ဘူး။ ရန် ပြုမရဘူး။ ဖျက်ဆီးမရဘူး။ မီးမလောင် ရေမနစ်ဘူး မဟုတ်လား။ အဲ - ဒါပေ မယ့် ကိုယ်၌က အတိတ်ဝဋ်ကြွေးသိပ် ကြီးသူ၊ ဥပစ္ဆေဒကကံပါလာသူမျိုးဆိုရင် တော့ ဘယ်လွတ်နိုင်မလဲလေ။ သို့သော် နိမိတ်ကောင်းတော့ ထင်နိုင်၊ မြင်နိုင်ပါ တယ်"

"အခု တပည့်တော်တို့ရဲ့ လွယ် အိတ်က အလစ်သုတ်ခံရတာမဟုတ်ပါ ဘူး။ မေ့ပြီးကျန်ခဲ့တာမဟုတ်လား။ ပို့ပြီး တောင်လွယ်ပါသေးတယ်။ န,သက္ကာ - မတတ်စွမ်းနိုင်ဆိုတဲ့အပိုဒ်အရ ခိုးယူလို့ ပင်မရတာဘဲလေ။ မေ့ပစ်တာလောက် တော့ မုချပြန်ရရမှာမလွဲပါဘူး။ တပည့် တော်ရွတ်ဖတ်လာခဲ့တဲ့အထုံနဲ့ စောစော လေးတင် ဒီဂုဏ်တော်လေးပါးကို အထူး အာရုံပြုပူဇော်ပြီး ပစ္စည်းတွေ့သူကို မေတ္တာ ပို့နေခဲ့တဲ့ရလဒ်ကို မြင်ပြီမဟုတ်လား ဦးဝိ"

"မြင်ပါပြီ ကိုယ်တော်ရယ်၊ သာဓု လည်းခေါ်ပါတယ်။ ကဲ- ကျန်တဲ့အဝေ ဏိကဂုဏ်တော်ဘက်ကိုဆက်ပါဦး"

**ဥပေတာ ဗုဒ္ဓမေ့ဟိ၊ အဋ္ဌာရသဟိနာ ယကာ**

"အာဋ္ဌာနာဋိယသုတ်ပရိတ်တော် ထဲက ဥပေတာ ဗုဒ္ဓမေ့ဟိ၊ အဋ္ဌာရ



www.burmeseclassic.com

www.burmeseclassic.com

သဟိ နာယကာ'အစရှိတဲ့ဂါထာမှာပေါ့။ **အဋ္ဌာရသဟိ** - တစ်ဆယ့်ရှစ်ပါးကုန်သော၊ **ဗုဒ္ဓဓမ္မေဟိ** - အာဝေဏိကဖြစ်သော ဘုရားဂုဏ်ကျေးဇူးတော်တို့နှင့်၊ **ဥပေတာ** - ပြည့်စုံတော်မူကုန်သော၊ **နာယကာ** - သတ္တဝါသနင်းတရားမင်းတို့သည်လို့ ဟောထားတာရှိပါတယ်။

အဲဒါ အဝေဏိက (၁၈) ပါးရဲ့ ဂုဏ်ကိုထုတ်ဖော်ပြတဲ့အပိုဒ်လေး ဒီ(၁၈) ပါးတို့ကိုလည်း နတ္ထိဒုစ္စရိကသုံးပါး၊ အပ္ပဋိဟတဉာဏ်တော်သုံးပါး၊ ဉာဏာနုပရိဝတ္တသုံးပါး၊ ဟာနိသုံးပါး၊ ဒဝါဒိဓမ္မသုံးပါးနှင့် သဟသာဒိဓမ္မသုံးပါးအားဖြင့် ဒီတစ်ဆယ့်ရှစ်ပါးသော တရားတို့ကို အဝေဏိကဂုဏ်တော်လို့မှတ်ယူရတယ်"

**အဝေဏိကဂုဏ်တော်(၁၈)ပါး**

"အဲဒီဂုဏ်တော်တွေကတော့ -

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။

(အတီတံသေ၊ ဗုတ်ဒတ်သ၊ ဘဂဝတော၊ အပ်ပတိဟတံ၊ ညာနံ)

မြန်မာပြန်။ ။ ဘုရားရှင်၏ဉာဏ်တော်သည် လွန်လေပြီးအတိတ်ကာလအဖို့၌ ပိတ်ပင်တားဆီးမှုမရှိခြင်း။

၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

(အနာဂတံသေ၊ဗုတ်ဒတ်သ၊ဘဂဝတော၊ အပ်ပတိဟတံ၊ ညာနံ)

မြန်မာပြန်။ ။ ဘုရားရှင်၏ဉာဏ်တော်သည် နောင်လာမည့် အနာဂတ်ကာလအဖို့၌ ပိတ်ပင်တားဆီးမှုမရှိခြင်း။

၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံဉာဏံ။

(ပစ်စုတ်ပန်နံသေ၊ ဗုတ်ဒတ်သ၊ ဘဂဝတော၊ အပ်ပတိဟတံ၊ ညာနံ)

မြန်မာပြန်။ ။ ဘုရားရှင်၏ဉာဏ်တော်သည် ဖြစ်ဆဲပစ္စုပ္ပန်ကာလအဖို့၌ ပိတ်ပင်တားဆီးမှုမရှိခြင်း။

၄။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။

သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

(အိမေဟိ၊ တီဟိ၊ ဓန်မေဟိ၊ သမန်နာဂတတ်သ၊ ဗုတ်ဒတ်သ၊ ဘဂဝတော၊ သတ်ဗံကာယကံမံ၊ ညာနပုတ်ဗင်ဂမံ၊ ညာနာနုပရိဝတ်တံ)

မြန်မာပြန်။ ။ဤအထက်ပါတရားသုံးပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် -

ဉာဏ်တော်ရှေ့သွားရှိသောကိုယ်ဖြင့် ပြုအပ်ရာ ကာယကံမှုရှိခြင်း၊ အစဉ်လိုက်ခြင်း။

၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

(သတ်ဗံဝစီကံမံ၊ ညာနပုတ်ဗင်ဂမံ၊ ညာနာနုပရိဝတ်တံ)

မြန်မာပြန် ။ ။ ဉာဏ်တော်ရှေ့သွားရှိသောစကားဖြင့်ပြုအပ်ရာ ဝစီကံမှုရှိခြင်း၊ အစဉ်လိုက်ခြင်း။

၆။ သဗ္ဗံမနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

(သတ်ဗံ မနောကံမံ၊ ညာနပုတ်ဗင်ဂမံ၊ ညာနာနုပရိဝတ်တံ)

မြန်မာပြန် ။ ။ ဉာဏ်တော်ရှေ့သွားရှိသော စိတ်ဖြင့်ပြုအပ်ရာ မနောကံမှုရှိခြင်း၊ အစဉ်လိုက်ခြင်း။

၇။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

နတ္ထိ ဆန္ဒဿ ဟာနိ။

(အိမေဟိ၊ဆဟိ၊ဓမ်မေဟိ၊သမန်နာဂတတ်သ၊ဗုတ်ဒတ်သ၊ဘဂဝတော)

နတ်ထိ၊ ဆန်ဒတ်သ၊ ဟာနိ။

မြန်မာပြန်။ ။ ဤအထက်ပါ (၆) ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် -

ဆန္ဒတော်၏ ယုတ်လျော့မှုမရှိခြင်း။

၈။ နတ္ထိ ဝီရိယဿ ဟာနိ။

(နတ်ထိ၊ ဝီရိယတ်သ၊ ဟာနိ)

မြန်မာပြန် ။ ။ ဝီရိယတော်၏ ယုတ်လျော့မှုမရှိခြင်း။

၉။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။

(နတ်ထိ၊ဓမ်မဒေသနာယ၊ဟာနိ)

မြန်မာပြန် ။ ။ တရားဒေသနာဟောရာ၌ ယုတ်လျော့မှုမရှိခြင်း။

၁၀။ နတ္ထိ သမာဓိဿ ဟာနိ။

(နတ်ထိ၊ သမာဓိတ်သ၊ ဟာနိ)

မြန်မာပြန် ။ ။ သမာဓိတော်၏ ယုတ်လျော့မှုမရှိခြင်း။

၁၁။ နတ္ထိ ပညာယ ဟာနိ။

(နတ်ထိ၊ ပင်ညာယ၊ ဟာနိ)

မြန်မာပြန်။ ။ ပညာတော်၏ယုတ်လျော့မှုမရှိခြင်း။

၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

(နတ်ထိ၊ ဝိမုတ်တိယာ၊ ဟာနိ)

မြန်မာပြန်။ ။ အရဟတ္တဖိုလ်၏ ယုတ်လျော့မှုမရှိခြင်း။

၁၃။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော၊

နတ္ထိ ဒဝါ။

(အိမေဟိ၊ ဒွါဒသဟိ၊ ဓမ်မေဟိ၊ သမန်နာဂတတ်သ၊ ဗုတ်ဒတ်သ၊ ဘဂဝတော)

နတ်ထိ၊ ဒဝါ။

မြန်မာပြန်။ ။ ဤအထက်ပါ(၁၂) ပါးနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည် မြူးထူးပျော်ပါးမှုမရှိခြင်း။

၁၄။ နတ္ထိရဝါ။

(နတ်ထိ၊ ရဝါ)

မြန်မာပြန်။ ။ ချွတ်ချွတ်ယွင်းယွင်း ပြောဆိုမှုမရှိခြင်း။

၁၅။ နတ္ထိ အပ္ဖုဋံ။

(နတ်ထိ၊ အပ်ဖုတံ)

မြန်မာပြန် ။ ။ ဉာဏ်တော်ဖြင့် မထိမတွေ့သောအရာမရှိခြင်း။

၁၆။ နတ္ထိ ဝေဂါယိတတ္တံ။

(နတ်ထိ ဝေဂါယိတတ်တံ)

မြန်မာပြန်။ ။ အဆောတလျင်ပြုမှုမရှိခြင်း။

၁၇။ နတ္ထိ အဗျာဝဋမနော။

မြန်မာပြန်။ ။ ကြောင့်ကြမဲ့မှုမရှိခြင်း။

၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

(နတ်ထိ၊ အပ်ပတိ၊ သင်ခါနုပက်ခါ)

မြန်မာပြန် ။ ။ မစုံစမ်း မဆင်ခြင်ဘဲ ပြုလုပ်မှုမရှိခြင်း ဟူသော (၁၈) ပါးတို့ပဲ"

**စွဲယှလွှမ်းထုံးပြီးမြောက်ကုန်**

"ဒါကတော့ ဟုတ်ပါပြီ။ အရှင်ဘုရားတို့လို သီလ၊ သမာဓိပြည့်စုံသူအတွက် သည်လိုရွတ်ဖတ်ခြင်းကြောင့်ဆိုင်ရာအစွမ်းသတ္တိ၊ အကျိုးကျေးဇူးရှိတာက မဆန်းပါဘူး။ သာမန်လူသားတွေအတွက်ကော"

"ဩော် - အရှင်ဘုရားရယ်။ ဟိုဝတ္ထုမေ့နေပြီလား ဓမ္မပဒထဲကလေး ထင်းခုတ်သမားရဲ့ သားငယ်ကလေးနဲ့ ဘာသာခြားကလေးတို့ အတူဆော့ကစားကြတဲ့အခါ ထင်းခုတ်သမားရဲ့ သားဟာ အမြဲရှုံးနေတယ်။ ဟိုဘာကလေးများသာ အနိုင်ရနေတယ်။ ဘာသာခြားကလေးတွေက သူတို့ဆိုင်ရာ ဆိုပြီး ကစားတယ်။ ပိုက်ဆံတမ်းဖြစ်မှာပေါ့။

သည်တော့ ဗုဒ္ဓဘာသာကလေးလည်း နိုင်ချင်တော့ ဗုဒ္ဓဘာသာဆိုင်ရာ နမောတဿဂါထာသင်ပြီး နိုင်ချင်စိတ် တစ်ခုနှင့် နေ့၊ ည ရွတ်ဖတ်တယ်ဆိုလား"

"ဟုတ်တယ်၊ တောင် အဖေ



www.burmeseclassic.com

www.burmeseclassic.com

တော့ တစ်ဦးတည်းအိပ်နေစဉ် ဘီလူးက လိုလာတော့ အိပ်ပျော်ရာမှ ယောင် ပြီး နမောတဿဂါထာဆိုလို့ လွတ် ဲ့အကြောင်းမဟုတ်လား ဘုရား"

"မှန်တာပေါ့ ဦးဝိ။ တပည့်တော် လိုတာက ဘုရားဟောပါဠိတော်တွေ ဲ တစ်နေ့ တစ်ခေါက်မျှလောက် ဝတ် တန်းကျေရွတ်သူက 'ဟာ - ငါရွတ် နေတာကြာပြီ၊ မစွမ်းဘူး' လို့ ပြောသူ တွေကို ရည်ရွယ်ချင်တာပါပဲ။ စောစော ထဲကကလေး ဘာသီလရှိသလဲ၊ ရောက်ရောမသိဘူး။ ဂါထာရဲ့အဓိပ္ပာယ် ည်း နားမလည်ပါဘူး။ သို့သော် သည် လေးဟာ နိုင်ချင်တဲ့စိတ်နဲ့ မပြတ်ရွတ် တယ်၊ သွားဆဲ၊စားဆဲ၊နေနေဆဲကာလ င်း သတိရနေတယ်။ နောက်ဆုံး လေးရဲ့မသိစိတ်ထဲအထိ ဂါထာက န်းအောင်းနေပြီ။ ဘီလူးက စားမယ် လုပ် ခြေထောက်ကိုင်လိုက်တဲ့အခါ သည် ကိန်းအောင်းနေတဲ့ဂါထာက လိုလို နှုတ်ကနေထွက်လာခဲ့တာပဲ။

ဒါကြောင့် ရွတ်ဖတ်ပါ။ စိတ်ထဲ၊ စိတ်ထဲ ကိန်းအောင်သာ ရွတ်ပါ။ မ်းသတ္တိတွေ ပေါ်လာပါလိမ့်မယ်။ - တချို့က အရွတ်ဟာ အသား ာက်မဟန်ဘူးလို့ ဆိုချင်ကြတယ်။ ေးလက်ထက် ဝနသံယုတ်၊ သရဏ္ဍာ တ်လာ ရဟန်းငယ် တရားရွတ်ရင်း ရဟန္တာဖြစ်တော်မူသွားပုံရှိသားပဲ ား၊ ဝါသနာသန်ရာကိုကျင့်လိုသော ကြ၊ ရွတ်လိုသူလည်းရွတ်ကြပါစေ။

နောက်ဆုံးအနေနဲ့ တပည့်တော် ာဝတုန်းက ကြုံခဲ့တဲ့အဖြစ်အပျက်ကို ပြချင်ပါတယ်။ နာမည်နဲ့နေရပ်လိပ် တော့ မပြောပါရစေနဲ့။ တော်ကြာ င်ဘုရားက စာထဲမှာထည့်ရေးနေ းလို့၊ သူတို့မိသားစုက ယခု ရန်ကုန် ဆင်ရှားတဲ့စာရင်းဝင်နေကြပြီ။ အဲဒီ ါက ရှစ်လေးလုံးဂယက်အတွင်းက အသက် (၄၀) ဝင်ခါစ ဇနီးမောင်နှံ းစလုံးက ဘာသာရေးသိပ်လေးစား တယ်။ သားက (၁၆) နှစ်ကျော်ကျော် ပြီ၊ မြောက်ဥက္ကလာပမှာနေကြတာ အရေးအခင်းထဲ သားကပါနေတယ်၊ မရဘူး။ သည်အခါ မိခင်က သား က် အန္တရာယ်ကင်းအောင်သာ သူ တွေ၊ ပုဆိုးတွေကို ဘုရားရှိခိုး၊ ရွတ်တိုင်း သူ့အောက်ခင်းထိုင်လေ့ တယ်၊ သားကို သည်အဝတ်တွေသာ ဆင်ခိုင်းလေ့ရှိတာပေါ့။ ရွတ်လေ့ရှိ တ်က သည်အဝေဏိကဂုဏ်တော်



ဖြစ်တယ်။ တိုတိုပြောရရင် သူတို့သား ဟာ ဘာမှမဖြစ်ခဲ့ဘူး။ ကမ္ဘာကျော်သွား ခဲ့တဲ့ (၈) တန်းကျောင်းသူမလေးရဲ့ ဇာတ်လမ်းထဲမှာ သူတို့သားကလည်း အဲ့ဒီအချိန်တုန်းက အတူတူရှိခဲ့ကြဆိုပဲ။ အဖမ်းလည်းမခံခဲ့ရဘူး။

ထားပါတော့။ နောက်ပိုင်း စီးပွား ရေးပဋိပက္ခတွေနဲ့ ခြံမြေကိစ္စတွေမှာ လည်း တစ်ဖက်အဖွဲ့က အင်အားကြီးစွာ တိုက်ခိုက်ကြတာကိုပါ အားကိုးစရာမရှိ ဘဲ ကြားထဲကနေ အကောင်းဆုံးအား ကိုးစရာအဖြစ် သည်အဝေဏိကဂုဏ် တော်ကိုပဲ မိသားစုတွေ နေ့စဉ်ပူဇော်ခဲ့ ကြတယ်။ သူတို့စီးပွားရေးအန္တရာယ်ပေး သူတို့ တချို့ဆုံးသွားကြ၊ တချို့ အခြား ပြောင်းသွားကြနဲ့ပြီးသွားခဲ့ကြတယ်"

**မှတ်ချက်များ**

"အများသိကြရာ ပရိတ်တော် စာအုပ်တွေအထဲပါတဲ့ ဓာရဏပရိတ်မှာ က နောက်ပိုင်းရွတ်ဖတ်သူများ ခံစားရ စေတဲ့ အကျိုးကျေးဇူးတွေပါ ထည့်ထား တာရှိတယ်။ ဥပမာ ဥဒကေနလဂ္ဂေယျ- ရေဖြင့် မနစ်မွန်း စတာတွေပါလိမ့်မယ်။ ရန်သူမျိုးငါးပါးဘေးပါ။ မင်းဘေး၊ လက် နက်ဘေးလွတ်ပုံကို အထက်ဝတ္ထုနှင့်ပင် သိလောက်ပြီ"

"ဘယ်မှုနဲ့ရွတ်ရွတ်၊ အကျိုးက အတူတူပါပဲ။ နံနက်စောစောထရမှာဆို တော့ ကျိန်းကြဦးစို့"

**အဝေဏိကဂုဏ်တော်ပါဠိ**

**(ဓာရဏပရိတ်တော်)**

* ဗုဒ္ဓါနံ ဇီဝိတဿ န, သက္ကာ ကေနစိ အန္တရာယော ကာတုံ။
* ဗုဒ္ဓါနံသဗ္ဗညုတဉာဏဿန,သက္ကာ ကေနစိ အန္တရာယော ကာတုံ။
* ဗုဒ္ဓါနံ အသီတိဟတ္ထာနံ စတုန္နံ ပစ္စယာ နံ န, သက္ကာ ကေနစိ အန္တရာယော ကာတုံ။
* ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယဝါ န, သက္ကာ ကေနစိ အန္တရာယော ကာတုံ။

ဣမေသံ စတုန္နံ န, သက္ကာ ကေနစိ အန္တရာယော ကာတုံ၊ တထာ မေ ဟောတု။ ။

* အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
* အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
* ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော။

* သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏာနုပရိဝတ္တံ။
* သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏာ နုပရိဝတ္တံ။
* သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏာနုပရိဝတ္တံ။

ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော။

* နတ္ထိ ဆန္ဒဿ ဟာနိ။
* နတ္ထိ ဝီရိယဿ ဟာနိ။
* နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
* နတ္ထိ သမာဓိဿ ဟာနိ။
* နတ္ထိ ပညာယ ဟာနိ။
* နတ္ထိ ဝိမုတ္တိယာ ဟာနိ။

ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿဘဂဝတော။

* နတ္ထိ ဒဝါ။
* နတ္ထိ ရဝါ။
* နတ္ထိ အပ္ဖုဋံ။
* နတ္ထိ ဝေဂါယိတတ္တံ။
* နတ္ထိ အ,ဗျာဝဋမနော။
* နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝ တော နမော။


သ သဒ္ဓမ္မ ဂဏုတ္တမော သမ္မာသမ္ဗု ဒ္ဓေါ သ,ပရိဝါရံ သ,ဉာတိ ဂဏရက္ခ တု။

(သ,သတ်ဓမ်မ၊ ဂနုတ်တမော၊ သမ်မာသန်ဗုတ်ဒေါ၊ သ,ပရိဝါရံ၊ သ,ဉာတိဂဏ၊ ရက်ခတု)

မံ စိရံ သဒါ၊ သဗ္ဗကာမ ဒဒေါ ဟောတု မယှမေဝ စိရံ သဒါ။

နေဝင်း

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



(မြောဓိ)

# တိုးတောင်-အရှင်ဝမ္မပိယ

## တရားအားထုတ်လူတစ်ယောက်အကြောင်း ၁၇

အရှင်ဝိဝေကမှာ စွန်းလွန်ဆရာတော်ကို သက်ရှိထင်ရှားမမီလိုက်သော်လည်း အရှင်ဝိဝေက၏ အဘိုးအဘွားဖြစ်သူများမှာ စွန်းလွန်းဆရာတော်ရှိစဉ်က မြင်းခြံမြို့ ရိပ်သာ၌ အချိန်များစွာ အားထုတ်ခဲ့ဖူးသော ယောဂီပုဂ္ဂိုလ်ကြီးများဖြစ်၏။ အရှင်ဝိဝေကမှာတော့ စွန်းလွန်ဆရာတော် ထူထောင်ပေးခဲ့သော ရှမ်းပြည်နယ် တောင်ကြီးမြို့စွန်း စွန်းလွန်ဂူရိပ်သာမှာ ဝင်ရောက်အားထုတ်ခွင့်ရခဲ့ပါသည်။ တောင်ကြီးမြို့ စွန်းလွန်ရိပ်သာဆရာတော်မှာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ဆက်ကပ်ခံခဲ့ရသော ဘဒ္ဒန္တအဂ္ဂမေ္ဗာဓိဝံသမထေရ်ဖြစ်၏။ ရန်ကုန်မြို့ရှိစာသင်တိုက်ကြီးများမှာ ပဋ္ဌာန်းစာဝါများ အထူးပို့ချပေးနေရာမှ စွန်းလွန်းအားထုတ်နည်းကို သဘောကျအားထုတ်ပြီးနောက် ရိပ်သာဆရာတော်အဖြစ် တရားပြနေသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယတစ်ပါးဖြစ်၏။

ဆရာတော်၏ ထူးခြားချက်မှာ တရားအားထုတ်ရန်လာသော ယောဂီပုဂ္ဂိုလ်များအား မေးမြန်းစုံစမ်းပြီး တရားမှူနှင့်ပတ်သက်သည့် သူ၏အမြင်ကို ပွင့်လင်းစွာရှင်းပြတတ်သည်။ မည်သည့်ကမ္မဋ္ဌာန်းနည်းနှင့် အားထုတ်လာသူဖြစ်ပါစေ အားထုတ်ခဲ့သူ၏ဉာဏ်အမြင်ကို အသေးစိတ်မေးမြန်းပြီး စွန်းလွန်းနည်းနှင့် နှိုးနှောပြသတတ်ခြင်းပင် ဖြစ်၏။ အခြားကမ္မဋ္ဌာန်းများကို ပုတ်ခတ်ပြောလေ့မရှိဘဲ မိမိတို့စရိုက်နှင့်ကိုက်ညီရာ ကမ္မဋ္ဌာန်းကို အားထုတ်သင့်ကြောင်း မိန့်မြွက်လေ့ရှိ၏။ စွန်းလွန်းနည်းမှာပင် လူတိုင်းအား အလွန်အမင်း အသက်ရှူသွင်း၊ ရှူထုတ်ခြင်းကို လက်မခံချင်သူဖြစ်၏။

စွန်းလွန်းတရားကိုအားမထုတ်မီ ရှေးဦးစွာ မြူဖွယ် (ပုဗ္ဗကိစ္စ) တို့ကို ပြုရ၏။

အကျွန်ုပ်သည် ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၊ မိဘ၊ ဆရာသမားနှင့်တကွ အရိယာပုဂ္ဂိုလ် ထိုထိုပုဂ္ဂိုလ်တို့၏အပေါ်၌ ဘဝသံသရာအဆက်ဆက်မှ ယနေ့တိုင်အောင် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးတို့ဖြင့် ပြစ်မှားမိခဲ့သော် ထိုအပြစ်တို့မှ သည်းခံခွင့်လွှတ်တော်မူကြပါ။

မြတ်စွာဘုရား၊ တပည့်တော်၏ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးကို ယခုတရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏။

သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော သတ္တဝါအပေါင်း ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာကြပါစေ။

ဝိပဿနာကုသိုလ်တို့အား ဝေနေယျသတ္တဝါတို့အား အမျှပေးဝေပါ၏၊

သူတော်ကောင်း၊သူတော်မြတ်အ



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းတို့၏ ပို့သသောမေတ္တာ၊ ပေးဝေသော ကုသိုလ်အဖို့ကိုလည်း အကျွန်ုပ်တို့ခ ယူကြပါ၏။

ဤသို့ ပုဗ္ဗကိစ္စများ ပြုလုပ်ပြီးပါက မိမိကြိုက်နှစ်သက်ရာ ဣရိယာပုတ်ဖြင့်ထိုင်နိုင်၏။ ကြာကြာထိုင်နိုင်သော အနေအထားဖြင့်ထိုင်ပြီးလျှင်-

'ဥဇုံ ကာယံ' ဆိုသည့်အတိုင်း ခါးကိုမတ်မတ်ထားပါ။ လက်နှစ်ဖက်ကို တောင့်တောင့်ထားလျက် ဘယ်လက်ပေါ် ညာလက်တင်ထားပါ။ လက်မောင်းနှစ်ဖက်ကို ကိုယ်နှင့်ကပ်၍ ခပ်ကျပ်ကျပ် ခပ်တင်းတင်းထားပါ။ ဦးခေါင်းကို ရှေ့သို့မငိုက်၊ နောက်သို့မလန်စေဘဲ ပုံမှန်ထားပါ။ အသင့်ဖြစ်လျှင် မျက်စိကိုမှိတ်၍ ပါးစပ်ပိတ်ပြီး ဝင်သက်ကစ၍ပြင်းပြင်းရှူပါ။ (ဝင်လေကိုပွတ်ဆွဲပြီး ခပ်ပြင်းပြင်းလေးရှူပါ။)

ခပ်ပြင်းပြင်း၊ ခပ်တင်းတင်းရှူရခြင်းမှာ ပြင်ပကအသံများ မကြားရအောင်၊ စိတ်အာရုံ အခြားသို့ရောက်မသွားအောင်၊ သမာဓိမြန်မြန်ရအောင်၊ ပေါ်လာသည့်ဝေဒနာကို နိုင်နင်းစွာ သတိပြုနိုင်အောင် ပြင်းပြင်းတင်းတင်း ရှူရှိုက်ခြင်းဖြစ်သည်။

အရှင်ဝိဝေကမှာမူ မဟာစည်အားထုတ်နည်း၊ မင်းကွန်းနည်းတို့ဖြင့် အသားကျပြီး သမာဓိလည်း ထိုက်သလောက်ရှိနေပြီဖြစ်ရာ ဝင်သက်၊ထွက်သက်ကိုပြောင်းပြီးရှူခါစ၌ အခက်အခဲတွေ့ရ၏။ အထူးသဖြင့် ခပ်ပြင်းပြင်းရှူရခြင်းအပေါ် မှာ ဆရာတော်အား မေးခွန်းများထုတ်ကြည့်ခဲ့သည်။ သို့သော် ဝင်သက်၊ ထွက်သက်ကို အမှတ်စဉ်ရေတွက်ပြီးရှူသည့် ဂဏနာနည်း (ဝင်လေကို တစ်မှခုနစ်ထိမှတ်ပြီးရှူ ထွက်လေကို တစ်မှခုနစ်ထိရှိုက်ပြီးထုတ်)ဖြင့် လေ့ကျင့်ကြည့်ရာ နှစ်ချိန်၊ သုံးချိန်အတွင်းမှာ အခက်အခဲမရှိ ရှူရှိုက်၍ရလာသည်။

ရှူသည့်အခါတွင် နှာသီးဖျားသို့မဟုတ် နှုတ်ခမ်းဖျားနေရာတစ်ဝိုက်မှာ ဝင်လေ၊ ထွက်လေတို့ ထိထိသွားတာကို သိလာပါလိမ့်မည်။

သိသည့်အပေါ် မှာ သတိထား ရှုမှတ်ပြီး ခပ်ပြင်းပြင်း ခပ်တင်းတင်း ခပ်မြန်မြန်ရှူပါ၊ ရှိုက်ပါ။

စွန်းလွန်းဆရာတော်ကြီးက 'ထိမှုသိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု' ဟု အမိန့်ရှိသည့်တိုင်း နှာသီးဖျားတစ်နေရာရာမှာ ဝင်လေ၊ ထွက်လေတိုး၍ထိသွားသည်ကိုသိအောင်ရှုရမည်။

ထိုသိသည့်အပေါ် မှာ သတိကြပ်ကြပ်ပြု။ ဝီရိယစိုက်၍ စိတ်ကိုတင်းတင်းထား။ အခြားအာရုံကို စိတ်မရောက်စေနှင့်။ စိတ်အာရုံဘေးထွက်တာနှင့် ခပ်ပြင်းပြင်းရှူရှိုက်ပါ။ အားမလျှော့ပါနှင့်။

သတိပြုသည့်အခါမှာလည်း ဝင်လေ၊ ထွက်လေနောက်ကို အသိကလိုက်ပါမသွားပါနှင့်။ ထိမှုသက်သက်ကိုသာ သတိပြုရမည်။

ရှူသည့်အခါ ရေကို စုတ်တံဖြင့်ဆွဲငင်စုပ်ယူသလို ရှိုက်လေများများပါအောင် ဝင်သက်ကိုဂရုစိုက်ပြီး ကပ်ဆွဲပါ။ ထွက်လေကတော့ သူ့အလိုလိုထွက်လာလိမ့်မည်။ (ဝင်သက်ကိုသာ ဂရုစိုက်ပြီး ကပ်ဆွဲရခြင်းမှာ သမာဓိရင့်သန်လွယ်သည်။)

ဝေဒနာလည်း အထူးတက်စေပါသည်။ ဝင်သက်ကို ဂရုစိုက်ရှူမှ ဝင်သက်နှင့် ထွက်သက်မျှသွားပါသည်။

(တခြားဝိပဿနာရှုနည်းများဖြင့် စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတိုင်အောင်ရှုခဲ့ဖူးသူများအဖို့မှု ဝင်လေ၊ ထွက်လေထိ သိရာ၌ ဉာဏ်ပါနေတတ်၍ သမာဓိရနှောင့်နှေးတတ်ပါသည်။ ဉာဏ်ပါသည်ဆိုသည်မှာ ဝင်လေ၌ အေးခြင်းသဘော၊ ထွက်လေ၌ နွေးခြင်းသဘောတို့ကို သိနေတတ်ခြင်းနှင့် ရှူချင်စိတ်ကြောင့် ဝင်လေဖြစ်နေတယ်။ ရှိုက်ချင်စိတ်ကြောင့် ထွက်လေဖြစ်တယ် စသည့်ဉာဏ်များ ဖြစ်ပေါ်နေခြင်းဖြစ်၏။)

ကျမ်းဂန်များ၌မူ လွှဆွဲသကဲ့သို့ မပြတ်ထိ၍ 'ရှူးရှဲ ရှူးရှဲ' မြည်သွားအောင်ရှူရှိုက်ပါက ထိုသို့ဆင်ခြင်ဉာဏ်တွေပျောက်သွားနိုင်ပါသည်။ ခြေလက်၊ ဦးခေါင်းကိုယ်ကိုမလှုပ်ဘဲ ငြိမ်ငြိမ်ရှူပါ။ 'ညောင်းလည်းမပြင်နဲ့၊ ယားလည်း မကုတ်နဲ့၊ နေရာမရွှေ့နဲ့' ဟု စွန်းလွန်းဆရာတော်ကြီးမိန့်သည့်အတိုင်း အားထုတ်နိုင်ပါက သမာဓိအဖြစ်မြန်ပြီး ဝေဒနာကောင်းစွာတက်ပါသည်။

ခပ်ပြင်းပြင်း အသက်ရှူသွင်း၊ ရှူထုတ်လုပ်ရသည်မှာ အစပိုင်းတွင် ရင်ဝ၌ အောင့်၍ မောကျပ်ကျပ်ဖြစ်နေတတ်၏။ သို့သော် အရှူအရှိုက်မရပ်ပါနှင့်။ ဝီရိယကို မလျှော့ပါနှင့်။ ထိုသို့ဖြစ်နေခြင်းမှာ ဝင်သက်ကိုတိုတိုရှူပြီး ထွက်သက်ကို လွန်စွာမှုတ်ထုတ်နေခြင်းကြောင့် လည်းကောင်း၊ ဝင်သက် - ထွက်သက်တိုနေခြင်းကြောင့် လည်းကောင်း ဝင်သက်-ထွက်သက်မမျှခြင်းကြောင့် မောကျပ်နေခြင်းဟုမှတ်ပါ။ ခပ်သန်သန် ခပ်ပြင်းပြင်း ဆက်တိုက် ရှူရှိုက်နေပါက ဝင်သက်၊ ထွက်သက်ပုံမှန်ဖြစ်ပြီး အမောအညောင်း ပြေပျောက်လာပါလိမ့်မည်။

## ဝေဒနာလိုက်တယ်ဆိုတာ

ထိုသို့ ရှူရှိုက်နေရင်းဖြင့် ကိုက်ခဲသောဝေဒနာများ၊ ခန္ဓာကိုယ်တစ်ခုလုံး ပူလောင်ပြီး ကြက်သီးနွေးများထသော ဝေဒနာများတက်လာပါလိမ့်မည်။ ထိုဝေဒနာများကို သတိကပ်ထားသော်လည်း အရှူမရပ်ပါနှင့်၊ အရှူရပ်လိုက်ပါက ဝေဒနာများ ချက်ချင်း လျော့ကျပျောက်သွားတတ်၏။

စွန်းလွန်းဆရာတော်က အရှူအရှိုက်အစိတ်သား၊ ဝေဒနာအစိတ်သားပြည့်ရမည်ဟုမိန့်၏။ ဆိုလိုသည်မှာ ဝေဒနာတွေ အရှိန်နှင့်တက်နေသော်လည်း အရှူအရှိုက်မရပ်ပါနှင့်၊ ရှူရှိုက်ကို နာရီဝက်လုပ်လျှင် ဝေဒနာလိုက်ချိန်ကိုလည်း နာရီဝက်အချိန်ပေးရမည်ဟုလို၏။

သို့သော် သမာဓိနုသေး၍ ဝေဒနာမခံမရပ်နိုင်ဖြစ်လာပါက ရှူရှိုက်ကိုလျှော့ပြီး ဝေဒနာလိုက်ခွင့်ပြုထားသည်။

ဝေဒနာလိုက်ပုံမှာ ရှူရှိုက်လုပ်၍ ဝေဒနာလုံလောက်အောင် တက်လာပြီဟုယူဆလျှင် အရှူရပ်လိုက်ပါ။ အရှူရပ်ခါနီးမှာ အချက်နှစ်ဆယ်၊ အစိတ်ခန့် ခပ်သန်သန်မြန်မြန်ပြင်းပြင်းတင်းတင်းရှူလိုက်ပါဦး။

ထို့နောက် ဝင်သက်ကို ဆတ်ခနဲရှူအောင့်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကိုခြုံပြီး သတိပြုပါ။ခဏနားပြီး အရှူကို ဝင်သက်နှင့်ဆတ်ခနဲရပ်။ အသက်ကိုအောင့်ထား၊ ကိုယ်ရောစိတ်ပါအားတင်းပြီးခပ်မြန်မြန် ရှူရှိုက်လုပ်လိုက်ပါ။ ထိုအခါ နာကျင်ကိုက်ခဲပြီး (စူးရှ-ပူအေးခြင်း) စသော ဝေဒနာများပေါ် လာပါလိမ့်မည်။

(အရှင်ဝိဝေကမှာမူ ထိုသို့ အရှူရပ်လိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး အပ်ဖျားလေးတွေနှင့် နေရာအနှံ့ထိုးနေသလိုမျိုး ထူးထူးဆန်းဆန်းကြုံလိုက်ရသည်။ ကျဉ်စက်သေးသေးနှင့် ရှော့(ခ်)ရိုက်သလိုမျိုးဖြစ်မည်ထင်၏။ အစပိုင်း၌ အလွန်ခံရခက်သော်လည်း အချိန်အနည်းငယ် စိုက်ရှူလိုက်သောအခါ အရသာရှိသလို ခံစားလာရသည်။)

ထို့ကြောင့် စွန်းလွန်းဆရာတော်ကြီးက 'သာသာထိတော့ သာသာသိ၊ နာနာထိတော့ နာနာသိ' ဟု မိန့်ဆိုထားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ပေါ်ပေါက်လာသောအခါ အဆင်ရှားဆုံးဝေဒနာကို ကြပ်ကြပ်သတိ ထားခြင်းသည် ကျမ်းဂန်တို့၌လာသော သမ္မာခြင်းပင်ဖြစ်၏။

ပို၍လည်းမသိပါနှင့်။ လို၍လည်း မသိပါနှင့်။ အစစ်အမှန်ကိုသာသိပါစေ။ ဖြစ်ပေါ်သမျှကို ဖြစ်ပေါ်သည့်အတိုင်း သာသိပါစေ။ ဖြစ်ကာမတ္တမျှ ဟူ၍သိ ၏။

ငါ့ခြေ၊ ငါ့လက်၊ ငါ့ခါး၊ ငါ့ဒူး စသည်ဟု ငါမပါ့ပါစေနှင့်။ ဤကား ရုပ်၊ ဤကား နာမ်၊ ဤကား အနိစ္စ၊ ဤကား ဒုက္ခ၊ ဤကား အနတ္တ ဟူ၍ သည်း နှုတ်မှမရွတ်ပါနှင့်။ စိတ်ကလည်း တွေးတောပါနှင့်။ အမည်တပ်ပြီး စနစ်စဉ်းစားဆင်ခြင်ခြင်းသည် ပညတ် သာဖြစ်ပါသည်။

ဝိပဿနာလမ်းမှာ မလွှဲသာမ ရှောင်သာရင်ဆိုင်ရမည်မှာ ဝေဒနာဖြစ် သည်။ ထိုဝေဒနာကို ရင်ဆိုင်ရာ၌ လျှော့သောလုံ့လဖြင့် ရင်ဆိုင်အား ထုတ်ရမှာဖြစ်၏။

ဝေဒနာမှာ အနိစ္စသဘောပင်ဖြစ် ရာ တစ်နေ့နေ့မှာ ကုန်ခြင်း၊ ဆုံးခြင်း၊ ချုပ်ပြတ်ရပ်စဲခြင်းကိုရောက်ရပေမည်။ ထိုဝေဒနာကုန်ဆုံးချုပ်ပြတ်ရပ်သွားသော အခါ အလွန်ချမ်းသာသော ငြိမ်းအေးမှု ကို ရရှိပေလိမ့်မည်။

မြတ်စွာဘုရားရှင်က 'ဝေဒနာနံ ယော ဘိက္ခု နိစ္စတော ပရိနိဗ္ဗုတော' ဟု ဟောတော်မူထား၏။ အဓိပ္ပာယ်မှာ ဝိပဿနာရှုနေသော ယောဂီပုဂ္ဂိုလ် သည် ဝေဒနာတို့၏ ကုန်ဆုံးချုပ်ပြတ်ရ ခြင်းကြောင့် တောင့်တဆာလောင်ခြင်း တင်းပျောက်သည်ဖြစ်၍ ခန္ဓာငြိမ်းသဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရ၏ဟုဆိုသည်။ သာမန်ယောဂီများမှာ တောင့်တ၊ ကြောင့်ကြ၊ ငိုကြွေးမှုတွေငြိမ်းပြီး ဘုရား၊ ရဟန္တာတို့မှာတော့ အဆုံးစွန်ပရိနိဗ္ဗာန် စံဝင်နိုင်ကြသည်။

ဒုက္ခဝေဒနာကို ပိုင်အောင်၊ နိုင် အောင်ထိုင်ရသည်။ ဒုက္ခဝေဒနာပိုင်မှ သုခဝေဒနာနိုင်မည်။ ဒုက္ခဝေဒနာက လေးမျိုးလေးစားရှိ၏။ ပြုပြင်စီရင်တဲ့ သင်္ခါရဒုက္ခ၊ ဖောက်ပြန်တဲ့ ဝိပရိဏာမ ဒုက္ခ၊ ကပ်၍နှိပ်စက်တဲ့ သံတာပဒုက္ခ၊ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတဲ့ဒုက္ခဟူ၍ လေးမျိုးရှိ၏။ ဒုက္ခဝေဒနာပိုင်မှ သုခ ဝေဒနာနိုင်မည်။ လောကဓံမှာ ဆင်းရဲ တာ ခံနိုင်ရည်ရှိပြီး ချမ်းသာတာ မခံနိုင် ကြဘူးဆိုတာ သည်သဘောကြောင့်ဖြစ် ၏။

ဒုက္ခဝေဒနာက မခံသာအောင် ဖြစ်လာလျှင် ခန္ဓာကိုယ်ကိုပြင်ချင်သည့် စိတ်က အာရုံကိုဘေးသို့လွှင့်၏။ အာရုံ ဘေးရောက်သည်နှင့် ဝေဒနာပျောက်ပြီး သမာဓိမရင့်သန်နိုင်တော့ချေ။ သမာဓိ မရင့်သန်က မဂ်ဖိုလ်ကို ဘယ်လိုမျှော် လင့်မည်နည်း။

စွန်းလွန်းဆရာတော်ကြီးက 'မခံ သာ မှန်ပါဘိသည်တရား၊ ခံသာလျှင် သံသရာကြောမှာ မျောလိမ့်အများ' ဟု မိန့်၏။

ရှုရိုက်ရပ်၍ဝေဒနာပြင်းစွာတက် ပြီးသတိမကပ်နိုင်သည့်အခါ ကိုယ်နှင့် စိတ်ကို ကျုံ့ကျုံ့ထားပြီး အသက်အောင့် ထားကြည့်ပါ။ ဝေဒနာပေါ်မှာ သတိကို ဆွဲကပ်ထားပါ။ ထိုသို့မှ မခံသာသေး လျှင် ကိုယ်၊ လက်၊ ခေါင်း၊ ခြေတို့ကို တောင့်တောင့်ထားပါ။ စိတ်ကိုတင်းထား ပါ။ အောင့်လိုက်၊ တောင့်လိုက်၊ တင်း လိုက်နှင့် လွန်ဆွဲသူတွေလိုလုပ်ရ၏။

ထိုသို့ အောင့်လိုက်၊ တင်းလိုက်၊ တောင့်လိုက်လုပ်လို့မှ ဝေဒနာကို မနိုင် နင်းသေးလျှင် ဝေဒနာကို သေချာစွာ သတိကပ်ရှုပြီး ခန္ဓာကိုယ်ကို တုံ့ကာ စိတ်ကို အားမာန်သွင်းလျက် ဖိအားနှင့် တွန်းထုတ်ခြင်းလုပ်ကြည့်ပါ။

ဝေဒနာလိုက်ရာမှာ မဆုတ်မနစ် သောလုံ့လနှင့်လိုက်ရမည်။ ဇောကိုတင်း ထားရမည်။ ဇောမအေးရ။ ဇောအေး လျှင် ရောထွေးတတ်၏။ ဇောထင်းမှ အမြင်ရှင်း၏။ ဇောတင်းမှ ဝေဒနာမှာ ငါနာသည်၊ ငါကိုက်သည်၊ ငါပူသည် မဖြစ်ဘဲ သတိနှင့် သမ္ပဇဉ်ယှဉ်ကာ အဘိဇ္ဈာ၊ ဒေါမနဿကင်းပြီး ဝေဒနာ ကိုသည်းခံနိုင်စွမ်းရှိလေမည်။

ဝေဒနာနုပဿနာရှုရမည့် စေတ သိကဝေဒနာကား လွန်စွာ သိမ်မွေ့ သောကြောင့် ကာယိကဒုက္ခကဲ့သို့ အောင့်လိုက်၊ တောင့်လိုက်၊ တင်းလိုက်၊ တွန်းလိုက်မဖြစ်ပါ။ အသိအမှတ်ဖြင့်သာ ကပ်ထားရမည်။ လုံ့လထက်သန်စွာ ကြိုးပမ်းရှုမှတ်ရမည်။ ကာယိကဒုက္ခ ကဲ့သို့ ခပ်သန်သန်၊ ခပ်တင်းတင်းလိုက် ရမည်။ နာမ်တရားဖြစ်၍ ရုပ်တရား ကဲ့သို့ မမြင်လွယ်သော်လည်း ကာယိက ဒုက္ခကို အသားကျအောင် အားထုတ်ခဲ့ ပါက စေတသိကဝေဒနာကို ကောင်းစွာ သတိချပ် ရှုမှတ်နိုင်ပါမည်။

သို့သော် စေတသိကဝေဒနာမှာ စေတသိက်ချည်းသက်သက် မပါဘဲ ကာယိကဒုက္ခဝေဒနာနှင့် တွဲဖက်ပေါ် တတ်၏။ ကာယိကဝေဒနာဆိုသည်မှာ ရုပ်ဆင်းရဲကို ဆိုလိုခြင်းဖြစ်ပြီး စေတသိ ကဒုက္ခ၊ စေတသိကဝေဒနာမှာ စိတ် ဆင်းရဲကို ဆိုလိုသည်။ ထိုဝေဒနာနှစ်ပါး လုံး ကုန်အောင်၊ ဆုံးအောင်၊ ချုပ်ပြတ် ရပ်အောင်လိုက်ရမည်။

(ထိုသို့ ဝေဒနာကို ရှုမှတ်နေရင်း ဖြင့် အလင်းရောင် စသောပညတ်နိမိတ် များကို မြင်ရတတ်၏။ ရုပ်ကိုယ်ကြီးမှာ ရေခဲတုံးလိုကြည်လင်ပြီး ဖန်သားပြင်ကြီး လိုလည်း တွေ့ရတတ်၏။ ထိုအခါ ယောဂီသည် ဝေဒနာကိုပစ်၍ ထိုအာရုံ များနောက်ကိုလိုက်သွားမိတတ်၏။ မဂ် ဖိုလ်ကိုအလိုရှိပါမူ ထိုအာရုံများကို စိတ် မဝင်စားဘဲ ခပ်ပြင်းပြင်းရှုမှတ်ပြီး ထိမှု၊ သိမှုကို သတိပြုကြရသည်။)

ခန္ဓာကိုယ်တစ်ခုလုံးနေရာအနှံ့မှာ သူပေါ်ချင်သလိုပေါ်နေသော ဝေဒနာ များကို သိကာမတ္တမျှ ကုန်ခြင်း၊ ဆုံးခြင်း၊ ချုပ်၊ ပြတ်၊ ရပ်ခြင်းတိုင်အောင်လိုက်နိုင် သည့် သမာဓိတရားကောင်းလာသော ယောဂီပုဂ္ဂိုလ်မှာ ပေါ်လာသောဝေဒနာ များ သတိထား ရှုမှတ်လိုက်တိုင်း သူ့ အလိုလို ပျောက်ပျက်ကုန်ဆုံးသွားကြ သည်ဟု သိမြင်လာသည်။ ထိုအခါ ခန္ဓာ ကိုယ်၌ သီးခြားဝေဒနာအဖြစ် မထင်ရှား တော့ဘဲ တစ်ကိုယ်လုံးခြုံပြီး အဆင်းရဲ ဆုံးဒုက္ခကြီးအဖြစ်ထင်လာသည်။

ရုပ်၊နာမ်တရားတို့၏ ဖြစ်ခြင်းပျက် ခြင်းကို အလွန်ဆင်းရဲစွာတွေ့ရ၏။ ခန္ဓာ ကိုယ်ကြီးကို ဒုက္ခဆင်းရဲတုံးကြီးအဖြစ် မှချပိုင်ပိုင်သိမြင်နိုင်၏။ ထိုအခါ ခန္ဓာ ကိုယ်ပေါ်မှာ နှစ်သက်သာယာမက်မော မှုအထင်မှားကြီးပြေလျော့စပြုလာတော့ သည်။

## သတိပဋ္ဌာန်လုပ်မှ ဝိသုဒ္ဓိဖြစ်မယ်

စွန်းလွန်းဆရာတော်ကြီးက ခန္ဓာ ကို အမှန်အတိုင်းမသိကြခြင်းနှင့် ပတ် သက်၍ 'မသိလို့လိုချင်၊ လိုချင်လို့စွဲလမ်း၊ စွဲလမ်းတော့ပြုလုပ်၊ ပြုလုပ်တော့ရရှိ၊ ရရှိတော့ခံကြရတာပဲ' ဟု ဟောတော်မူ တယ်။

ထိုသို့ မသိတာက အဝိဇ္ဇာ၊ လိုချင် တာက တဏှာ၊ စွဲလမ်းတာက ဥပါဒါန်၊ ပြုလုပ်တာက သင်္ခါရ၊ ၎င်းတို့ပေါင်းမိ တော့ ဇာတိတရားကြီးပေါ်လာတော့ တယ်။ ပေါ်လာတော့မှာပေါ့၊ သညာဝိပ္ပ လာသတရားက လိမ်ထားတာကိုး။ လှည့်စားထားတာကိုး။ လိမ်ထားတာ



www.burmeseclassic.com

www.burmeseclassic.com

လှည့်စားထားတာပဲ အဟုတ်ကြီးထင်ပြီး လုပ်ချင်နေကြတာ၊ စဉ်းစားကြပါဝေဖန်ကြည့်ကြပါ။ ရှိတာကိုကြည့်၊ မရှိတာကို မြင်တတ်တဲ့ပုထုဇဉ်အကန်းတွေနော်တဲ့။

မြတ်စွာဘုရားက အနိစ္စလို့ဟောတယ်။ သညာက နိစ္စလို့ လိမ်ထားတယ်။ ဘုရားက ဒုက္ခလို့ဟောတယ်။ သညာက သုခလို့ လိမ်တယ်။ ဘုရားက အနတ္တလို့ ဟောတယ် သညာက အတ္တလို့ လိမ်တယ်။ ဘုရားရှင်က အသုဘလို့ဟောတယ်။ သညာက သုဘလို့လိမ်တယ်။

အဲဒီ သညာတရားက နိစ္စ၊ သုခ၊ အတ္တ၊ သုဘလို့လိမ်ထားတာကို မြတ်စွာဘုရားက သတိပဋ္ဌာန်လေးပါးနဲ့ သက်ာကင်းအောင်ရှင်းတော်မူတယ်။

ကာယာနုပဿနာနဲ့ သုဘထင်တာကို အသုဘအစစ်ပါလို့ ရှင်းထားတယ်။

ဝေဒနာနုပဿနာနဲ့ သုခထင်တာကို ဒုက္ခအစစ်ပါလို့ ရှင်းထားတယ်။

စိတ္တာနုပဿနာနဲ့ နိစ္စထင်တာကို အနိစ္စလို့ ရှင်းတယ်။

ဓမ္မာနုပဿနာနဲ့ အတ္တထင်တာကို အနတ္တအစစ်ပါလို့ ရှင်းထားပါတယ်။

ဒါကြောင့် သံသရာဝဋ်ဘောင်မှ လွတ်အောင် အသိဉာဏ်နှင့်သတိပဋ္ဌာန်တရားအားထုတ်ကြပါလို့ဆိုတယ်။ သတိပဋ္ဌာန်တရားက ဘယ်လိုရှင်းလဲဆိုတော့-

ထိမှုသဘောကိုသတိပြုနေတာက ကာယာနုပဿနာခေါ်တယ်။

ခံစားမှုကို လိုက်လျောသတိပြုနေတာက ဝေဒနာနုပဿနာခေါ်တယ်။

အာရုံသို့ လိုက်သိမှုသဘောကို သတိပြုနေတာက စိတ္တာနုပဿနာခေါ်တယ်။

နှောင့်ယှက်နေတဲ့ နီဝရဏတွေကို သတိပြုနေတာက ဓမ္မာနုပဿနာခေါ်တယ်။

အဲဒီလို သတိဆိုတဲ့ အမှတ်တရားကရှင်းပေးလိုက်တော့ ထင်းခနဲ၊ လင်းခနဲ အမှတ်တရားပေါ်လာတယ်။ သက်ာကင်းသွားတယ်။ အနိစ္စကို အနိစ္စမှန်း၊ ဒုက္ခကို ဒုက္ခမှန်း၊ အနတ္တကို အနတ္တမှန်း သိလာတယ်။ သိတော့ သမ္မာသနဉာဏ်ဖြစ်ပေါ်လာတော့တာပဲ။

(အမှန်တော့ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာတို့မှာ သီးခြားစီပေါ်ကြသောတရားများ မဟုတ်ကြ။ တစ်ပြိုင်နက်ပေါ်၍ တစ်ပြိုင်နက်အားထုတ်ရသောတရားများဖြစ်၏။)

သို့သော် ကိုယ်ကာယကဲသည့်အခါ ကာယာနုပဿနာခေါ်၏။ ဝေဒနာကဲသည့်အခါ ဝေဒနာနုပဿနာခေါ်ရ၏၊ စိတ်ကဲသည့်အခါ စိတ္တာနုပဿနာခေါ်ခြင်းဖြစ်၏၊

ဥပမာ သံပရာရည်ဖျော်ရာ၌ သံပရာကဲသည့်အခါ ချဉ်၏။ သကြားကဲသည့်အခါ ချို၏၊ ဆားများသည့်အခါ ငန်၏။ ဤသဘောပင်တည်း။

ထိုသို့ သတိပဋ္ဌာန်တရားလေးပါးနှင့်ပြည့်စုံပါက သမ္မပ္ပဓာန်လေးပါး၊ ဣဒ္ဓိပါဒ်လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်ငါးပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး စသည့် ဗောဓိပက္ခိယတရား (၃၇) ပါးတို့နှင့် ပြည့်စုံပြီဖြစ်၏။

ဝေဒနာကို ကုန်ဆုံးချုပ်ပြတ် ရပ်သည့်တိုင်အောင်၊ သဘောသဘာဝကို သိရှိနားလည်သည့်တိုင်အောင် လိုက်နိုင်သည့်အခါ ကြည်လင်ငြိမ်းအေးသည့် စိတ်အခြေအနေကို တွေ့ရမည်။ ထိုအခါ စိတ္တာနုပဿနာစခန်းသို့ရောက်၏။

ဤစိတ္တာနုပဿနာမှာ စိတ်ကို အခြေခံပြီး ကမ္မဋ္ဌာန်းအာရုံ သတ်မှတ်၍ ရှုရသောကြောင့် စိတ္တာနုပဿနာသတိပဋ္ဌာန်ဟု ခေါ်သည်။

ဝေဒနာနုပဿနာ၊စိတ္တာနုပဿနာတို့ကို ကောင်းစွာ ရှုမှတ်နိုင်လျှင် ဓမ္မာနုပဿနာတရားတို့ နောက်ပိုင်း၌ ပေါ်လာ၏။ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် သူ့သဘောကို သူဆောင်၍ သုခ၊ ဒုက္ခကို လျစ်လျူရှုနေ၏။ အလွန်သိမ်မွေ့၏။ ဝိပဿနာ၌ပိတ်ပင်တားဆီးတတ်သော နီဝရဏတရားများနှင့်ခန္ဓာငါးပါး၊အတွင်းအာယာတနခြောက်ပါး၊ အပြင်အာယာတနခြောက်ပါး၊ ဗောဇ္ဈင်ခုနစ်ပါး၊ သစ္စာလေးပါးတို့ကို အာရုံပြုသည်။

ဓမ္မာနုပဿနာသည် မဂ်ရရန် အကြောင်း သတိပဋ္ဌာန်ဖြစ်သည့်အားလျော်စွာ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းကို ပြင်းထန်စွာ အားထုတ်နိုင်ခဲ့ရာမှ ဖြစ်ပေါ်လာသော အကျိုးရလဒ်ဟု ဆိုနိုင်လေသည်။

ထိုသို့ သတိပဋ္ဌာန်တရားအားထုတ်သည့်အခါ၌ ဝိသုဒ္ဓိခုနစ်ပါးဖြစ်ပေါ်လာပုံတို့ကို စွန်းလွန်းဆရာတော်ကြီး ရှင်းလင်းပြပုံအတိုင်း အကျဉ်းမျှ ဖော်ပြဦးမည်။

**ဝိသုဒ္ဓိခုနစ်ပါးဖြစ်ပုံမှာ**

တောင်ကြည့်မြောက်ကြည့်မကြည့်လို့ ဣန္ဒြေလုံလျှင် သီလဝိသုဒ္ဓိပါပဲ။

ဝေဒနာဖြစ်ပေါ်လာတော့ စိတ်က ဝေဒနာအပေါ်စိုက်ပြီး ကြည်လင်နေသော စိတ္တဝိသုဒ္ဓိ။

သီလကလည်း လုံခြုံ၊ စိတ်ကလည်း ကြည်လင် စင်ကြယ်နေတော့ အမြင်မှန်ရလာတာဟာ ဒိဋ္ဌိဝိသုဒ္ဓိလို့ခေါ်တယ်။

တရားကို အမှန်မြင်တော့ ငါသည် ရှေးကတစ်ခုခုဖြစ်ဖူးသလား၊ နောက်ကောဖြစ်ဦးမှာလားဆိုတဲ့ ယုံမှားမှုတွေကင်းသွားတာကို ကင်္ခါဝိတရဏဝိသုဒ္ဓိ။

ဤဝိသုဒ္ဓိစခန်းကို ရောက်တော့ စိတ်က အလွန်ကြည်လင်လို့ ဩဘာသဆိုတဲ့ အရောင်အဝါတွေထွက်လာတယ်။ အလွန်ကြည်အိတဲ့ပီတိတွေဖြစ်လာတယ်။

ငြိမ်းချမ်းတဲ့ပဿဒ္ဓိဖြစ်လာတယ်။ သဒ္ဓါတရားထက်သန်တဲ့ အဓိမောက္ခဖြစ်လာတယ်။ အားပေးတဲ့ဝီရိယဖြစ်လာတယ်။ တစ်ကိုယ်လုံး အေးမြချမ်းသာသောသုခဖြစ်လာတယ်။ ဝရဇိန်မိုးကြိုးလက်နက်လို ထက်မြက်တဲ့ ဝိပဿနာဉာဏ်ဖြစ်လာတယ်။ အာရုံမှာ စွဲမြဲစွာကပ်တည်သော သတိဆိုတဲ့ ဥပဋ္ဌာန လည်းဖြစ်လာတယ်။ ဖြစ်-ပျက်မှုတရားတွေ အလွန်ထင်ရှားလို့ အသင့်အားဖြင့် ရှုတတ်တဲ့ တတြမဇ္ဈတ္တုပေက္ခာခေါ် ဥပေက္ခာလည်းဖြစ်လာတယ်။ ဝိပဿနာဉာဏ်ကိုနှစ်သက်နေတဲ့ နိကန္တိခေါ်သည့် တဏှာလည်း ဖြစ်ပေါ်လာတယ်။

ဒီလို နှစ်သက်ဝမ်းမြောက်နေတာဟာ လမ်းမှန်မဟုတ်ဘူး။ မဂ်မဟုတ်သေးဘူး။ ဝိပဿနာကိုညစ်ညူးစေတတ်တဲ့ဘေးရန်တွေပဲလို့ စိတ်ထဲက ခန္ဓာပေါ်မှာ အာရုံပြန်ပြီးသိမ်းလိုက်တော့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပေါ်လာတာပဲ။

အဲဒီနောက် အာရုံက အထက်သို့သွားလိုက်၊ အောက်သို့ကျလိုက်ဖြစ်နေရာက ဇောကိုတင်းလိုက်တာဟာ မဂ်သို့ရောက်ကြောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိခေါ်တာပဲ။ အဲဒီနောက် မဂ်ဉာဏ်ဟာ ဉာဏဒဿနဝိသုဒ္ဓိ ခေါ်တာပဲ။ အဲဒီဉာဏ်ဖြစ်လာတော့ ပရိကံ၊ ဥပစာ၊ အနုလုံခေါ်တဲ့စိတ်သုံးပါးက ကိလေသာကင်းအောင်ဖယ်ရှားလိုက်တော့ နိဗ္ဗာန်ကိုမြင်တော့တာပေါ့။

(ဆက်ရန်)

ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)


www.burmeseclassic.com

www.burmeseclassic.com

(သမိုင်း)

# ကိုရွှေမြသန်း

## အုံ့ဖွယ်ကိုးပါး စေတီဘုရားများ



ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကား သော အမိမြန်မာမြေပေါ်၌ တည်ထား ကိုးကွယ်ခဲ့ကြသည့် အံ့ဖွယ် (၉) ပါးရှိ သော ဘုရားစေတီတော်တို့၏ အံ့ဖွယ် (၉) ပါးတို့ကို ရှာဖွေ လေ့လာ စုဆောင်း ၍ တစတစည်းတည်း ရေးသား ဖော်ပြ လိုက်ပါသည်။

အမိမြန်မာပြည်မှ အံ့ဖွယ်(၉)ပါးရှိ သော ဘုရားစေတီတော်များမှာ -

၁။ ရွှေတိဂုံစေတီတော်
၂။ ပုဂံရွှေစည်းခုံစေတီတော်
၃။ ပုဂံအာနန္ဒာဘုရား
၄။ ပြည်မြို့ ရွှေဆံတော်ဘုရား
၅။ ကျိုက်ထီးရိုးစေတီတော်
၆။ ကျောက္ကာရွှေဂူနီစေတီတော်
၇။ ရခိုင်ပြည် မဟာမုနိရုပ်ရှင်တော် တိန်းဆပ်တော်မူသော သိမ်တော် (သီရိဂုတ်တောင်) ကျောင်းတော် ကြီး
၈။ မန္တလေးမြို့ မဟာမုနိဘုရားကြီးနှင့်
၉။ မန္တလေးမြို့ မန္တလေးတောင်ခြေ တောင်မျက်နှာ မဟာသကျ မာရ ဇိန်ကျောက်တော်ကြီးဘုရားတို့ပင် ဖြစ်ပါသည်။

ဖော်ပြပါ ဘုရားစေတီတော်တို့၏ အံ့ဖွယ်ကိုးပါးတို့သည်ကား -

### ရွှေတိဂုံစေတီတော်၏အံ့ဖွယ်(၉)ပါး

၁။ ရွှေတိဂုံစေတီတော်သည် (က) မြင့်မြင့်သော၊ (ခ) ပတ်ပတ်လည်ဝိုင်း သော၊ (ဂ) သစ်ပင်ရိပ်ညိုစိမ်းစိုတင့် တယ်သော (ဃ) လေးမျက်နှာမှ ဆင်း တက်လွယ်ကူအောင် တောင်ခြေပတ်ရစ် ၍ဖြစ်စွာရှိသော (င) တောင်ထိပ်၌ သာယာဝန်းပြန့်ပြူး အထူးသန့်စင် ရင်ပြင် သော သိင်္ဂုတ္တရတောင်တော်ဦး၌ တည် ခြင်း၊

၂။ ဤဗုဒ္ဓသာသနာတော်၌ အဦး ဆုံးသော စေတီတော်ဖြစ်ခြင်း။

၃။ သက်တော်ထင်ရှား မြတ်စွာ ဘုရားသည် ဤတပုဿ၊ ဘလ္လိကကုန် သည်ညီနောင်တို့၏ ဥက္ကလ မည်သော မြို့ကို ဗဟိုပြု၍ မြန်မာပြည်အဝန်း၌ ငါ ၏သာသနာသည် ငါးထောင်ရှည်ကြာ ကာလပတ်လုံးတည်စေသတည်းဟု ကြံ စည်တော်မူ၍ ချီးမြှောက်ပေးသနားအပ် သော ဆံတော်မြတ်ရှစ်ဆူတို့ကို ဤ ရွှေတိဂုံစေတီ၌ဌာပနာထား၍ ကိုးကွယ် ထားရှိခြင်း။

၄။ ကကုသန်မြတ်စွာဘုရားရှင်၏ တောင်ဝှေးတော်၊ ကောဏာဂုံမြတ်စွာ ဘုရားရှင်၏ ဓမကရိုဏ်းရေစစ်တော်၊ ကဿပမြတ်စွာဘုရား၏ရေသနုပ်တော် ပရိဘောဂစေတီယဝတ္ထုတော်မြတ်တို့၏ ဌာပနာပြု တည်ထားကိုးကွယ်ရာ စေတီ တော်မြတ်တို့ တည်ရှိရာဖြစ်ခြင်း။

၅။ စေတီတော်မြတ်ကြီးကို မင်း နှင့်တကွ မြန်မာပြည်ထောင်စုသား ဗုဒ္ဓ ဘာသာသူတော်ကောင်းအများတို့သည် အစဉ်အဆက်အားဖြင့် အကြိမ်ပေါင်း များစွာ ပြုပြင်မွမ်းမံ ဆင့်ပွားတည်ထား ကိုးကွယ်ပူဇော်အပ်ခြင်း။

၆။ ပြည်တွင်း၊ ပြည်ပဘုရားဖူးများ စည်ကား၍ဖူးမစဲခြင်း။

၇။ စေတီတော်မြတ်ကြီးသည် ခေတ်အဆက်ဆက် ကြည်ညိုဖွယ်ကို ဆောင်၍ ယခုအခါ ရွှေတောင်ကြီးပမာ လွန်စွာ တင့်တယ်သပ္ပာယ်စွာ မင်္ဂလာ ကျက်သရေအပေါင်း ခညောင်းလျက် နှစ်ထောင်းကြည်နူးဖူးမဝဖြစ်တော်မူခြင်း။

၈။ ရေလမ်းခရီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသောအခါ ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com

အဝေးကပင် ဖူးမြော်ရသဖြင့် အံ့ဩဘနန်း ထူးဆန်းသပ္ပာယ်တင့်တယ်တော်မူခြင်း။

၉။ ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင် ကမ္ဘာ၏ အံ့ဖွယ် စေတီဝိသေသဌာနတစ်ပါးအဖြစ် ထင်ရှားစွာတည်ရှိနေခြင်းတို့ပင်ဖြစ်ပါသည်။

**ပုဂံရွှေစည်းခုံစေတီတော်အတွင်းအံ့ဖွယ် (၉) ပါး**

၁။ လူတစ်ရစ်၊ နတ်တစ်ရစ်တည်ခြင်း။

၂။ ထီးတော်သံတောင် (ဒေါက်) မဆိုင်းခြင်း။

၃။ ထီးတော်အရိပ် တံတိုင်းအပြင်သို့မထွက်ခြင်း။

၄။ အကြောင်းရှိသော် တံတိုင်းအပြင်သို့ အတိုင်းမသိအရိပ်ထွက်ခြင်း။

၅။ ရွှေလျှောင်စက္ကူအပြင်သို့မကျ၊ မထွက်ခြင်း။

၆။ ပထမသပိတ်၌ ဆွမ်းပြည့်ခြင်းစသော လှူဒါန်းပူဇော်ဖွယ်ဝတ္ထု နေ့စဉ်မပြတ်ခြင်း။

၇။ မိုးရေစွေသွန်းရွာသော်လည်း ရင်ပြင်တော်၌ ရေမတည်ခြင်း။

၈။ စေတီတစ်မျက်နှာမှ စည်တီးသော် တစ်မျက်နှာမှမကြားခြင်းနှင့်။

၉။ ဗိုလ်ခြေများစွာ ဝင်လာသော်လည်း ကျပ်တည်းစွာမရှိခြင်းတို့ဖြစ်ပါသည်။

**အပြင်အံ့ဖွယ် (၉) ပါး**

၁။ ရေလျှဉ်စီးဆဲနေရာသို့ ဆင်ဖြူယဉ်သာဝင်လာလျှင် မကြာခဏချင်းပင်သောင်ပြင်ဖြစ်ခြင်း။

၂။ ဖြစ်သောသောင်ကို ကျောက်အတိဖြစ်အောင် နဂါးကျစ်ခြင်း။

၃။ အနဝတတ်အိုင်မှ သက်ဆင်းလာသောရေလျှဉ်သည် ရွှေစည်းခုံစေတီခြေရင်း၌ ဦးခိုက်ရစ်ဝဲ၍ သွားသည်ဟု လူတို့ထင်ရခြင်း။

၄။ ရှစ်မင်းပယ်စားမဟာရံတံတိုင်းတည်ရှိခြင်း။

၅။ တံဝပ်တောင်မှကျောက်တို့ကိုလှည်း၊ လူတို့ဖြင့် သယ်ယူခြင်းမရှိ၊ ငါးမြောင်ငါးတန်လက်ဆက်ကမ်း၍ဆောင်ယူခြင်း။

၆။ လက်ဆက်ကမ်းသောလူတို့အား နေရှိန်အခိုး မတိုးမပူရန် မိဌာန်၍စိုက်သော မန်ကျည်းပင်တန်း ငါးမြောင်ငါးတန်း ညွှတ်ချင်းပေါက်ခြင်း။

၇။ စေတီတော်ကိုစွပြီးသော် ရုတ်တရက် ရုတ်ခြည်းပင် ငါးမြောင်ငါးတန်မန်ကျည်းပင်တို့ ကွယ်ပျောက်၍သွားခြင်း။

၈။ အရှေ့မျက်နှာ စောင်းတန်းဦးအဆင်းတွင် သိကြားမင်းတူးသော မှန်တွင်းရေအပြင်၌ ထီးတိုင်အောင်စေတီတော်ကို ဖူးမြင်ရခြင်းနှင့်

၉။ အနီးသို့ရောက်လာက မြေပြင်ဟုထင်ရသော်လည်း အဝေးကမူ ကုန်းပြင်၌ တည်ထားသည်ဟု ထင်မြင်ရခြင်းတို့ပင် ဖြစ်ပါသည်။

**အံ့ဖွယ်တော်(၁၈)ပါးမှ**
**အံ့ဖွယ်(၉)ပါးလေးချိုးကဗျာ**

* *ထီးမဆိုင်း တံတိုင်း၌ရိပ်တည်*
*မလွင့်ရွှေလျှောင်ပ ဗိုလ်သောင်း*
*ထောင် ဝင်မကျပ်သည်ပြင်*
*ဆွမ်းကပ်သူ လက်မဦးနိုင်ဘု*
*မကူးသံကြားဟည်း တီးတဲ့နတ်စည်*
*မြင့်ဝှမ်းယောင် ထင်စနိုးပေရ*
*မိုးကပ်ပြုရေရည် အနည်မှုမကြွင်း*
*ဒွါဒသင်းချယာပင် ခါမလင့်ပြီဘု၊*
*ငုံပွင့်ကာ ကြူထုံလင့်*
*ဖေယျခုံအံ့ဖွယ်ကိုးကို ထိုးခ-ဝပ်စင်း။*
(ကင်းဝန်မင်းကြီး)

ဤအံ့ဖွယ်(၉)ပါးမှာ -

၁။ ထီးတော်သံတောင် (ဒေါက်) မဆိုင်းခြင်း။

၂။ ထီးတော်ရိပ်တံတိုင်းအတွင်း၌တည်ခြင်း။

၃။ ရွှေလျှောင်စက္ကူ တံတိုင်းပြင်မလွင့်ခြင်း။

၄။ ဘုရားဖူးပရိသတ် ကျပ်သည်မရှိခြင်း။

၅။ ဆွမ်းကပ်သူ လက်ဦးမရနိုင်ခြင်း။

၆။ စေတီတော်တစ်ဖက်မှ တီးသောဆိုင်းသံ၊ ဗုံသံကို တစ်ဖက်မှမကြားရခြင်း။

၇။ စေတီတော်ရင်ပြင်အဝေးမှ ဖူးမြော်ရသော် မြင့်သည်ဟုထင်ရခြင်း။

၈။ တံတိုင်းအတွင်း မိုးရေမအိုင်ခြင်း။

၉။ တံတိုင်းအတွင်း ချရား (ခရေ) ပင် (၁၂) ရာသီပွင့်ခြင်းတို့ပင် ဖြစ်ပါသည်။

**ပုဂံအာနန္ဒာဘုရားအံ့ဖွယ် (၉) ပါး**

၁။ ရဟန္တာအရှင်မြတ်တို့ ဖန်ဆင်းပြအပ်သော နန္ဒမူလိုဏ်ဂူပုံစံယူ၍ ဤစေတီတော်ကို တည်ထားခြင်း။

၂။ စေတီတော်၏ အုတ်မြစ်ကို အတောင် (၆၀) နက်အောင်တူး၍ အတောင် (၃၀) ထိအောင် နဂါးရစ်ကျောက်တို့ဖြင့် အုတ်မြစ်ချခြင်း။

၃။ ထိုအထက် အတောင် (၃၀) ထိအောင် ကျောက်သေတ္တာဌာပနာတိုက်ပြု၍ ရွှေစင်ပိသာပေါင်းများစွာဖြင့် ဗုဒ္ဓဆင်းတုတော် ဗုဒ္ဓဝင်ရုပ်တု အစရှိသော ရွှေစင်ရုပ်တုပေါင်းများစွာ ခြံရံလျက် ဓာတ်တော်တို့ကို ဌာပနာခြင်း။

၄။ စေတီတော်ပုံစံသည် စကြာမင်းနန်းတော်၊ နတ်ဗိမာန်ကဲ့သို့ ဆန်းပြားခမ်းနားတင့်တယ်သပ္ပာယ်တော်မူခြင်း။

၅။ စေတီတော်အတွင်း၌ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူတို့ကို ရည်မှန်း၍ (၁၈) တောင်ပမာဏ ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ထားခြင်း။

၆။ စေတီတော်ကြီး၌ ဗုဒ္ဓဝင်၊ ဇာတ်၊ ပုံတော် စသော ပုံစံရုပ်တုစဉ်ကွက်များ စီခြယ်ထားရှိခြင်း။

၇။ စေတီတော်တည်စအခါတွင် စေတီတော်ပြင်ဘက် လေးမျက်နှာ၌ ပုဗ္ဗာရုံ အစရှိသော ကျောင်းတိုက် (၄) တိုက် ခြံရံထားသဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ဟု ထင်မှတ်သတိရစေခြင်း။

၈။ ပုဂံခေတ် မြန်မာ့အနုပညာလက်ရာ ဗိသုကာပညာကို ပေါ်လွင်ထင်ရှားစေသော ဝိသေသလက္ခဏာ မဟာစေတီအဖြစ်တည်ရှိခြင်း။

၉။ ဘုရားဖူးသူ ရဟန်းရှင်လူတို့ ဖူးမစဲ ဖူးမဝ စေတီတော်ကြီးဖြစ်ခြင်းတို့ ဖြစ်ပါသည်။

**ပြည်မြို့ ရွှေဆံတော်ဘုရားအံ့ဖွယ်(၉)ပါး**

၁။ မြတ်စွာဘုရား၏ ဆံတော်အစစ်ဌာပနာခြင်း။

၂။ နောက်ထပ်သရီရဓာတ်တော်တို့ကို ထပ်ဆင့်ဌာပနာ၍ စေတီတော်ကိုအသစ် (ဉာဏ်တော်မြှင့်၍တည်ခြင်း) တည်ခြင်း။

၃။ စေတီတော်ကို စေတီငယ်တို့ဖြင့် ခြံရံ၍ တိုးချဲ့တည်ထားခြင်း။

၄။ စေတီတော်၏ ရင်ပြင်သည် မနိမ့်မမြင့်တင့်တယ်လျောက်ပတ်သောတောင်ထိပ်၌တည်ရှိခြင်း။

၅။ အရပ်ဝေးမှ ဘုရားဖူးတို့သည် ဤစေတီတော်ကို ထပ်မံ၍ လာရောက်ဖူးမြော်လိုခြင်း။

www.burmeseclassic.com

www.burmeseclassic.com

၆။ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူသူ နေ့စဉ်အမြဲရှိခြင်း။

၇။ ရင်ပြင်တော်၌ အမှိုက်အညစ်အကြေး၊ ရေကြွင်းရေကျန်မရှိ သန့်ရှင်းစင်ကြယ်ခြင်း။

၈။ ဘုရားဖူးသူတိုင်း ကိုယ်၊ စိတ်နှစ်ပြာအေးချမ်းမှုကို ရရှိစေခြင်း။

၉။ အရေးကြီးသော အကြောင်းပေါ်ပေါက်မည်ဆိုပါက ရောင်ခြည်တော်လွှမ်းခြင်း၊ လေမတိုက်ဘဲ ဆည်းလည်းသံမြည်ခြင်း စသော အတိတ်နိမိတ်ထူးကိုပြတော်မူခြင်းတို့ ဖြစ်ပါသည်။

**ကျိုက်ထီးရိုးစေတီတော်အံ့ဖွယ်(၉)ပါး**

၁။ ဗုဒ္ဓဆံတော်မြတ်ကို မိမိဆံကျစ်၌ အမြဲကိုးကွယ်သော တိဿရသေ့ကြီးနာမကျန်းဖြစ်သဖြင့် ထိုဆံတော်မြတ်ကိုဌာပနာ၍ ဘုရားတည်လိုသောအခါ သိကြားမင်းသည် ထိုရသေ့၏ ဦးခေါင်းနှင့်တူသော ကျောက်တုံးကြီးကို သမုဒ္ဒရာအတွင်းမှ ဆောင်ယူ၍ ကျိုက်ထီးရိုးတောင်ထိပ်၌ ဘုရားတည်ရန်တင်ထားခြင်း။

၂။ ထိုကျောက်တုံးကြီးသည် ကျောက်တောင်စောင်းထိပ်၌ တည်ပါလျက် ငလျင်လှုပ်ခြင်းစသောအကြောင်းကြောင့် ရွေ့လျားခြင်း (ရွေ့ရှားခြင်း) မရှိခြင်း။

၃။ ထိုကျောက်တုံးကြီးပေါ်၌ ခက်ခဲစွာ စေတီတည်ထားခြင်း။

၄။ မြတ်စွာဘုရား၏ ဆံတော်ဌာပနာခြင်း။

၅။ ကမ္ဘာမြေပေါ်တွင် ကျိုက်ထီးရိုးစေတီနှင့်တူသောစေတီမရှိခြင်း။

၆။ ဘုရားဖူးတို့သည် ခက်ခဲစွာတောတောင်လျှိုမြောင်များကိုဖြတ်ကျော်၍ တောင်တက်ဘုရားဖူးရခြင်း။

၇။ ဘုရားဖူးသူတို့သည် ဖူးမဝဖြစ်၍ နောက်ထပ်ဖူးပါရစေဟု ဆုတောင်းခြင်း၊ အခေါက်များစွာလာရောက်ဖူးမြော်ကြရ ခြင်း။

၈။ ဘုရားဖူးတို့သည် ဘေးအန္တရာယ်မရှိ ကြည်နူးချမ်းသာခြင်း။

၉။ နှစ်စဉ်မပျက် တောင်တက်ဘုရားဖူးများ အဆင်း၊ အတက် ဖွေးဖွေးရှိလျက် ရင်ပြင်တော်၌ ပြည့်ကျပ်များပြားခြင်းတို့ ဖြစ်ပါသည်။

**ကျောက္ကာရွှေဂူနီစေတီတော် အံ့ဖွယ် (၉) ပါး**

၁။ သိကြားမင်း ညွှန်ပြအပ်သော အသောကစေတီကို အခြေတည်၍



ရွှေဂူနီစေတီဖြစ်ပေါ်လာရခြင်း။

၂။ များစွာသော စေတီတို့နှင့်မတူ တစ်မူခြားနားလျက် မြောက်သို့တူရူ မျက်နှာမူသော ရွှေဂူနှစ်ဆင့်ဖြင့် တင့်တယ်ထူးခြားခြင်း။

၃။ သာလွန်မင်းတရား၊ မှူးမတ်များတို့ ဘုရားဖူးမြော် ပူဇော်ရောက်ရှိသောအခါ ရတနာပြောင်မွန်ဆင်တော်အလိုအလျောက် တုပ်ဝပ်ပူဇော်ခြင်း။

၄။ လိုဏ်ဂူတော်အတွင်း၌ အင်းအိုင်ခါးလှည့်လက်ဖွဲ့ ဆေးဝါးဂါထာမန္တရားများကို သိဒ္ဓိတင်သော်လည်းကောင်း၊ အဓိဋ္ဌာန်ပုတီးစိပ်သော် လည်းကောင်း တန်ခိုးသိဒ္ဓိပေါက်အောင်မြင်ခြင်း။

၅။ ဘုရားဖူးသူ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ သစ်သီး၊ အဖျော်ယမကာ၊ နံ့သာ အမွှေးအထုံ ပူဇော်လှူဒါန်းသူတို့ နေ့စဉ်မစဲ အမြဲနိဗဒ္ဓဝတ်ရှိခြင်း။

၆။ ရာထူးဌာနန္တရ စည်းစိမ်ဉစ္စာ၊ ရတနာ ဟူသော အကြောင်းကြောင့်လည်းကောင်း၊ မင်းပြစ်မင်းဒဏ် ဘေးအန္တရာယ်အသွယ်သွယ်ဟူသော အကြောင်းကြောင်းကြောင့်လည်းကောင်း၊ စေတီတော်ထံမှောက် လာရောက်ဖူးမြော်၍လည်းကောင်း၊ တမ်းတ၍လည်းကောင်း ဆုတောင်းပတ္ထနာပြုက လိုအပ်သောဆုကိုပြည့်ဝစေနိုင်ခြင်း။

၇။ ဓာတ်တော်မွေတော် ကိန်းဝပ်စံပျော်သဖြင့် စေတီတော်အကြိမ်ကြိမ်ထပ်မံ၍ ပူဇော်ရခြင်း။

၈။ စေတီတော်ရွှေ အဓိဋ္ဌာန်ကျောက်တုံးကို ချိမ၍ သစ္စာပြုသော် စေတီတော်တန်ခိုးကြောင့် အကျိုးအကြောင်းကောင်းဆိုးအဝဝကို တိကျစွာ သိရှိသိရှိရခြင်း။

၉။ ရွှေဂူနီရုပ်ပွားတော်မြတ်သည် ရွှေသင်္ကန်းကပ်လှူကြသူသဒ္ဓါစွမ်းကြောင့် ရွှေတုံးရွှေခဲကြီးဖြစ်၍နေခြင်းတို့ပင် ဖြစ်ပါသည်။

**ရခိုင်ပြည် မဟာမုနိရုပ်ရှင်တော် ကိန်းဝပ်တော်မူသော သိမ်တော် (သီရိဂုတ်တောင်) ကျောင်းတော်ကြီးအံ့ဖွယ် (၉) ပါး**

၁။ ရှေ့တော်အပြင်၌ သွန်းလုပ်သော ဝသုန္ဓရေတွင်းငယ်၌ လူ့အပေါင်းတို့ ရေစက်သွန်းချ၍လှူသော် ရေပြည့်သည်မရှိခြင်း။

၂။ မိစ္ဆာဒိဋ္ဌိအယူရှိသောသူတို့ ဖူးမြော်လျှင် ရောင်ခြည်တော်မှေးသန်းခြင်း။

၃။ ၎င်းတို့သည် အနှောင့်အယှက်ပြုသော်လည်း ရောင်ခြည်တော်အလင်းရှိမြဲရှိခြင်း။

၄။ ရောင်ခြည်တော် နေ့ညမပြတ်ထွန်းပခြင်း။

၅။ ကျေးငှက်တို့သည် သိမ်တော်ကို အထက်မှ ဖျံဝဲ၍ မသွားနိုင်ခြင်း။

၆။ ကိုယ်တော်ပမာဏကို တိုင်းထွာသော်လည်း မသိနိုင်ခြင်း။

၇။ သိမ်တော်အတွင်း ပရိသတ်ပြည့်ကျပ်မှုမရှိခြင်း။

၈။ ဦးတော်ဆေးကန်သည် မိုးရွာ၊ နေပူရှိန်သော်လည်းတိုးဆုတ်မှုမရှိခြင်း။

၉။ သိမ်တော်ပတ်ဝန်းကျင်တွင် ပေါက်သော ပန်းချုံနွယ်သစ်ပင်အပေါင်း၏အညွှန့်တို့သည် သိမ်တော်သို့ ညွတ်ခြင်းတို့ပင် ဖြစ်ပါသည်။

**မွန်လေးမြို့ မဟာမုနိဘုရားကြီး အံ့ဖွယ် (၉) ကိုးပါး**

၁။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က သွန်းလုပ်အပ်သည်ဖြစ်၍ သက်တော်ထင်ရှားမြတ်စွာဘုရား၏ ရင်ငွေ့တော်မြတ်ပေးအပ်သော အတုမရှိ မုနိကိုယ်စားရုပ်ပွားတော်ဖြစ်ခြင်း။

၂။ ရခိုင်ပြည်နယ်မှ မြစ်၊ ချောင်း၊ လျှို၊ မြောင်၊ တောတောင်အထပ်ထပ်ကျော်ဖြတ်၍ ခဲယဉ်းစွာ ပင့်ဆောင်လာရခြင်း။

၃။ ရုပ်ရှင်တော်ဘုရားကြီးဟူ၍ ဥဒါန်းစကား ထင်ရှားကျော်ကြားတော်မူခြင်း။

၄။ အကြောင်းအရာထူးခြားသောအခါတို့၌ ရောင်ခြည်တော်ကွန့်မြူးနိမိတ်ထူးပြတော်မူခြင်း။

၅။ ကျယ်ဝန်းပြန့်ပြူးသောရင်ပြင်

www.burmeseclassic.com

www.burmeseclassic.com

တော်ပရဝုဏ်ဘုရားအာရာမ်နယ်မြေရှိခြင်း။

(ယခုအခါ ဂန္ဓကုဋိပြာသာဒ်တော်အသစ်မွမ်းမံခြင်း၊ အာရုံခံတန်ဆောင်းပြာသာဒ်၊ စောင်းတန်း၊ ရေကန်၊ ဥယျာဉ်၊ ပြတိုက်၊ ပိဋကတိုက်၊ ဘုရားကြီးဈေးတော်တို့ဖြင့် ရင်ပြင်ပရဝုဏ်အာရာမ်တံတိုင်းနယ်မြေအတွင်း ပြည့်လျှက်အလွန်စည်ကားခမ်းနားနေပါသည်။

၆။ သက်တော်ထင်ရှား မြတ်စွာဘုရားသည် ဇေတဝန်ဂန္ဓကုဋိပြာသာဒ်တော်၌ သီတင်းသုံးတော်မူသကဲ့သို့ မဟာမုနိရုပ်ရှင်တော်မြတ်သည် အာရုံခံတန်ဆောင်း တိုက်ကျောင်းတော်ကြီးလေးရပ် ဝန်းပတ်ထားအပ်သော ရတနာပြာသာဒ်တော်ကြီး၌ သီတင်းသုံးတော်မူခြင်း။

၇။ မြန်မာကေရာဇ်မင်းအဆက်ဆက်၊ ပြည်ထောင်စုအစိုးရမင်းအဆက်ဆက် အစဉ်မပြတ်ပူဇော်ခြင်းကို ခံယူတော်မူရခြင်း။

၈။ ဩဝါဒါစရိယ ဆရာတော်၊ ဘဏ္ဍာတော်ထိန်း၊ ဂေါပကအဖွဲ့အဆက်ဆက် (စနစ်တကျ) ဘက်စုံမွမ်းမံစောင့်ရှောက်အပ်သည်ဖြစ်၍ (၁၁၄၇ မှ ၁၃၇၆ အထိ) နှစ်ပေါင်းနှစ်ရာကျော် ယခုသော်အထိ။

(က)အရုဏ်ဦးအချိန်တွင် ဘုရားဘုန်းတော်ဘွဲ့ တေးသံတူရိယာသာယာစွာ တီးမှုတ်ပူဇော်၍ ဂန္ဓကုဋိပြာသာဒ်တော်ကြီး၌ ရွှေတံခါးဖွင့်လှစ်ခြင်း။

(ခ)မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရွှေတံပူတော်ဆက်ခြင်း။

(ဂ) ရွှေခွက်ပြည့် နံ့သာရည်ဖြင့် မျက်နှာတော်သစ်ခြင်း။

(ဃ) နေ့စဉ်တစ်ထည်ကျလျှော်အပ်သော အသစ်စက်စက်မျက်နှာသုတ်ပဝါတော်ဖြင့် မျက်နှာသုတ်ခြင်း။

(င) ယပ်လေဆက်ခြင်း။

(စ) အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်းတော်ဆက်ကပ်ခြင်း - ဤနိဗဒ္ဓမဟာမုနိဗုဒ္ဓပူဇနီယဝတ် (၉) ပါးကို ခံယူတော်မူရခြင်း။

(၉) ပြည်တွင်း၊ပြည်ပဘုရားဖူးသူရဟာန်းရှင်လူတို့သည် ဖူးမစဲ၊ ဖူးမဝ၊ ဖူးရထပ်လို၊ ဖူးကြည်ညို၊ ဖူးမမေ့တမြွေမြွေဖြစ်ကြလျှက် သက်တော်ထင်ရှားမြတ်စွာဘုရားကို ဝပ်တွားပူဇော် ဖူးမြော်ရဘိသကဲ့သို့ ထင်ရခြင်းတို့ပင် ဖြစ်ပါသည်။

**မန္တလေးမြို့ မန္တလေးတောင်ခြေ တောင်မျက်နှာမဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားအံ့ဖွယ်(၉)ပါး**

၁။ မင်းတုန်းမင်းတရားကြီးသည် အမရပူရမြို့ ကျောက်တော်ကြီးဘုရားကဲ့သို့ ကျောက်တော်ကြီးဘုရားတစ်ဆူတည်ထား ကိုးကွယ်လို၍ ကြီးမားသောသလင်းကျောက်ဖြူတုံးကြီးကို ရလိုပါ၏ဟု အမိန့်ရှိ၍ စကျင်တောင်၌ ရှာဖွေသောအခါ ဗုဒ္ဓရုပ်ပွားတော်ကြီး ထုလုပ်ခြင်းငှာ သင့်လျော်သော သလင်းကျောက်တုံးကြီးကို အလွယ်တကူတွေ့ရှိခြင်း။

၂။ မင်းတရားကြီးသည် ဆန္ဒပြည့်ဝအားရနှစ်သက်လှ၍ ထိုကျောက်တော်ကြီးကို စကျင်တောင်မှ မန္တလေးတောင်ခြေအထိ ရေကြောင်း၊ ကုန်းကြောင်းခရီးဖြင့် ဆင်၊ ကျွဲ၊ လူအပေါင်းများစွာအင်အားဖြင့် ခက်ခဲအောင်မြင်စွာ သယ်ဆောင်တော်မူနိုင်ခြင်း။

၃။ ကျောက်တော်ကြီးကို သယ်ဆောင်သောအချိန်အတွင်း လေတိုက်ခြင်း၊ မိုးရွာခြင်း အလျှင်းမရှိ လမ်းပန်းသာယာစွာရှိခြင်း။

၄။ ကျောက်တော်ကြီးကို သယ်ဆောင်ရာ ရေလမ်းခရီး၊ ကုန်းလမ်းခရီး၌ အထိအခိုက် အနာတရမရှိ ဘေးအန္တရာယ်မှကင်းခြင်း။

၅။ ကျောက်တော်ကြီး သယ်ဆောင်ရာခရီးစဉ်တစ်လျှောက်၌ အများပြည်သူတို့၏ စတုဒိသာ အကျွေးအမွေး လိုလေသေးမရှိ ထမင်း၊ မုန့်ခဲဖွယ်၊ သစ်သီး၊ အဖျော်ယမကာ ပြည့်စုံပေါများခြင်း။

၆။ ကျောက်တော်ကြီး တန့်ရပ်စခန်းများ၌ လာရောက် ဖူးမြော်သူများပန်းခပ်မျှ ပြည့်ကျပ်စည်ကားခြင်း။

၇။ ကျောက်တော်ကြီးကို ဗုဒ္ဓရုပ်ပွားထုလုပ်ပြီးစီးသောအခါ အမြို့မြို့အနယ်နယ်မှ ဘုရားဖူးများ နေ့စဉ်အမြဲဖူးမစဲရှိခြင်း။

၈။ အကုသိုလ်ဒုစရိုက်သမားများဘုရားဝင်းအတွင်း၌အိပ်သောအခါ မိမိတို့ဘာသာ ကြောက်လန့်၍ ထွက်ပြေးသွားရခြင်း။ (အကုသိုလ်ပြုလုပ်သူများ၊ အိပ်ခွင့်မရအောင် တန်ခိုးအရှိန်အဝါကြီးသည်ဟု ဆိုလိုပါသည်။)

၉။ သီတင်းကျွတ်လဘုရားပွဲတော်၌ ရန်ခိုက်ဒေါသကင်းရှင်း၍ အေးချမ်းစွာရှိခြင်းတို့ ဖြစ်ပါသည်။



အထက်ဖော်ပြပါ အမိမြန်မာပြည်မှ အံ့ဖွယ်ကိုးပါးရှိသော ဘုရားစေတီတို့၏ ကိုးပါးအံ့ဖွယ်တို့ကို မဟာသုတဒီပနီကျမ်း (ဘဒ္ဒန္တကုဏ္ဍလ) မှ ကောက်နုတ်ရေးသားခြင်းဖြစ်ကြောင်း ဝန်ခံစကားဆိုရင်းဖြင့် ခပ်သိမ်းသောသူအပေါင်းတို့ကောင်းကျိုးခပ်သိမ်းကြွယ်စေရန်အတွက် ရွှေတိဂုံအံ့ဖွယ်ကိုးပါးဘုရားရှိခိုးအား ဓမ္မစာပေဒါနပြုလိုက်ပါ၏။

**ရွှေတိဂုံအံ့ဖွယ်ကိုးပါးဘုရားရှိခိုး**

*အစိန္တေယျ အစိန္တေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အပေါင်းတို့နှင့်ပြည့်စုံတော်မူသောမြတ်စွာဘုရား။*

*သိင်္ဂုတ္တရ ပဗ္ဗတဟု မြတ်လှထိပ်ခေါင် မြေဦးသျှောင်ဟု ရွှေတောင်တော်မီ အဦးတည်၍ သရီရဓာတ် ဆံတော်မြတ်၏ ကိန်းဝပ်တော်မူ အံ့ဖွယ်ဟူ၏။ လေးဆူဓာတ်ပုံ မင်းပေါင်းစုံ၍ ကြည်ယုံထပ်ထပ် မွမ်းမံအပ်၏။ ရှိညွှတ်ထူးကဲ ဖူးမစဲနှင့် ဖူးလဲမဝ အံ့ဖွယ်ပြ၏။ ဝေးကထင်ထင် ပင်လယ်ပြင်မှ ဖူးမြင်ကြရ အံ့ဩလှ၏။ မြန်မာ့ကျက်သရေ ကမ္ဘာ့မြေ၌ ဝိသေသမှတ် ဌာနမြတ်ဟု လွှမ်းပတ်တင့်ကြွား အံ့ကိုးပါးဖြင့် ထင်ရှားပေလတ် တိဂုံမြတ်ကို ဦးညွှတ်ရှိကျိုး ကျွန်ရှိခိုးသည် ကောင်းကျိုးခပ်သိမ်းကြွယ်စေသော. . . ။*

ကိုရွှေမြသန်း (သမိုင်း)

www.burmeseclassic.com

# မြဝင်း(ဒဿန)
## အရွယ်ကိုကြည့် သဘာဝရှိစေ



၁။

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးဂေါပက အဖွဲ့သည် အနားယူသွားကြသော ဂေါပကကြီးများအား နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် ပူဇော်ကန်တော့လေ့ရှိပါသည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့ကလည်း ဂေါပကအဖွဲ့သည် အနားယူသွားကြသော ဂေါပကကြီးများအား စေတီတော်မြတ်ကြီးရင်ပြင်တော် ကျားပျံမကောက်ဓမ္မာရုံ၌ ပူဇော်ကန်တော့ခဲ့ကြပါသည်။

အနားယူသွားကြသော ဂေါပကကြီးများသည် အသက် (၈၀) ကျော် အရွယ်များဖြစ်ကြသဖြင့် ကျွန်တော်တို့က ထိုဂေါပကကြီးများအား 'သက်တော်ရှည်ဂေါပကများ' ဟု ခေါ်ကြပါသည်။ ဂေါပကကြီးတစ်ဦးဆိုလျှင် အသက်(၉၀) ပြည့်တော့မည် ဖြစ်ပါသည်။ ကျွန်တော်က ထိုဂေါပကကြီးအား ပူဇော်ကန်တော့ရန် ယခုကဲ့သို့ ကြွရောက်လာသဖြင့် ဝမ်းသာမဆုံးဖြစ်ရပါသည်ဟု ပြောပါသည်။ ထိုအခါ ထိုဂေါပကကြီးက ဂေါပကအဖွဲ့မှဖိတ်ကြားသဖြင့် အတော့်ကို အားခဲပြီးလာခဲ့ရသည်။ ရှေ့နှစ်ဆိုလျှင် လာနိုင်တော့မည်မထင်ပါ။အသက် (၉၀) ပြည့်တော့မည်။ သွားလို့လာလို့ မကောင်းတော့ပါ။ နောက်ပြီးတော့ စကားပြောလည်း မထိုင်နိုင်တော့ပါ။ ထိုင်ပြီးပြောသွားလျှင် မူးရိပ်မူးရိပ်ဖြစ်လာတတ်သည်။ ဒါကြောင့် ပူဇော်ကန်တော့ပွဲကို တိုတိုကျဉ်းကျဉ်းလုပ်ပြီး အိမ်သို့ ပြန်ပို့ပါဟု ပြောပါသည်။

ထိုဂေါပကကြီးပြောသည့်အတိုင်း ကျွန်တော်တို့သည် ပူဇော်ကန်တော့ပွဲကို တိုတိုကျဉ်းကျဉ်းလုပ်၍ ဂေါပကကြီးများအား သူတို့အိမ်အသီးသီးသို့ ပြန်ပို့ပေးခဲ့ကြပါသည်။

၂။

ထိုနေ့က ကျွန်တော်သည် အသက် (၉၀) ပြည့်တော့မည်ဖြစ်သောဂေါပကကြီး၏ စကားကို ကြားယောင်ပြီး အရွယ်အကြောင်းကို တွေးနေမိပါသည်။ အရွယ်အကြောင်းတွေးနေစဉ် ကျွန်တော့်ခေါင်းထဲသို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ အရွယ်နှင့်စပ်လျဉ်းသောမိန့်ဆိုချက်များ ရောက်လာပါသည်။ ထိုသို့ ရောက်လာသဖြင့် ကျွန်တော်သည် ကျွန်တော့်စာအုပ်စင်မှ ကျွန်တော် ရေးမှတ်ထားသော 'မဟာဗောဓိမြိုင်ဆရာတော်တရားမှတ်စု' ကို ထုတ်ယူပြီး အရွယ်နှင့်စပ်လျဉ်းသော မိန့်ဆိုချက်များကို ရှာကြည့်ပါသည်။

ပထမဦးဆုံးတွေ့ရသော မိန့်ဆိုချက်မှာ '**ကာဝိဗန္ဓနကထာ**' စာအုပ်မှ ထုတ်နုတ်ထားသော မိန့်ဆိုချက်များ ဖြစ်ပါသည်။ ထိုမိန့်ဆိုချက်များ၌ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် အရွယ်အလိုက်ဖြစ်တတ်သော သဘာဝကို ပိုင်းခြားပြထားပါသည်။ ဆရာတော်ဘုရားကြီးက ဆယ်နှစ်အပိုင်းအခြားအလိုက် ဖြစ်တတ်သော သဘာဝကို ရှေးဦးစွာ မေးခွန်းများဖြင့် မေးပါသည်။ ဤသို့ဖြစ်ပါသည်။

**သင့်တစ်သက်တာ**

၁။ ဆယ်နှစ်တာမှာ ဉာဏ်နံ့ရာ ဘဇာသင်လုပ်မိသနည်း။
၂။ အပျော်ဆုံးရွယ် ထိုနှစ်ဆယ် အဘယ်သင်လုပ်နေသနည်း။
၃။ အလှပဆုံး သုံးဆယ်နှုန်း ဘယ်ထုံးသင်လိုက်စားသနည်း။
၄။ အသက်လေးဆယ် အင်အားကြွယ် အဘယ်ကြိုးစားနေသနည်း။
၅။ ငါးဆယ်အတွင်း ဉာဏ်ပွင့်လင်း ဘယ်ဒင်းစိတ်ဝင်စားသနည်း။
၆။ ခြောက်ဆယ်တွင်းမှာ အားဆုတ်ရာ ဘဇာလုပ်၍ဟုတ်မည်နည်း။
၇။ ခုနစ်ဆယ်မှာ ခါးကုန်းရာ ဘယ်တော့ကိုင်၍ခိုင်မည်နည်း။
၈။ ရှစ်ဆယ်တွင်းတော့ ခါးပင်ကော့ ဘယ်တော့ကိုင်နိုင်မည်နည်း။
၉။ ကိုးဆယ်တွင်းမို့ တွေဝေပြီ ဘယ်ဆီကြံ၍ဟန်မည်နည်း။
၁၀။ တစ်ရာတမ်းကျ လှဲနေရ ဘာမှပေါင်း၍မကောင်းတည်း။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ထိုသို့ မေးခွန်းများမေးပြီးနောက် သူကိုယ်တိုင်ပင် ထိုမေးခွန်းများကို ဖြေဆိုခဲ့ပါသည်။ အောက်ပါအတိုင်းဖြစ်ပါသည်။

**သင့်တစ်သက်တာလုပ်ငန်းများ**

၁။ ဆယ်နှစ်ကလေး၊ ဉာဏ်နုံ့နှေး ပြေးဆော့ရင်းနှင့်အချိန်ကုန်၊
၂။ နှစ်ဆယ်တစ်ဝိုက်၊ အပျော်ကြိုက် မိတ်လိုက်ရင်းနှင့်အချိန်တုန်၊



www.burmeseclassic.com

www.burmeseclassic.com

၃။ အလှပဆုံး သုံးဆယ်နှန်း လူလုံး ပြလျက် အချိန်ကုန်။
၄။ လေးဆယ်တလွှား ဓနအား ကြွား လုံးထုတ်လျက်အချိန်ကုန်။
၅။ ငါးဆယ်တစ်ကွက်၊ ဉာဏ်ထက် မြက်၊ ဉာဏ်နက်ထုတ်ရင်း အချိန် ကုန်။
၆။ ခြောက်ဆယ်တလွှား၊ အားဆုတ် သွား၊ ကြုံးဝါးရင်းနှင့် အချိန်ကုန်။
၇။ ခုနစ်ဆယ်တွင်း ခါးမတင်း၊ ဟင်း ချရင်းနှင့် အချိန်ကုန်။
၈။ ရှစ်ဆယ်မှာတော့ ခါးပင်ကော့ မော့မော့ကြီးနှင့်အချိန်ကုန်။
၉။ ကိုးဆယ်တစ်ကွေ့ သတိမေ့ မေ့မေ့ကြီးနှင့် အချိန်ကုန်။
၁၀။ ထိုင်၍မကောင်း၊ တစ်ရာညောင်း၊ လဲလျောင်းရင်းနှင့် အချိန်ကုန်။

ဒုတိယတွေ့ရသော မိန့်ဆိုချက်မှာ '**သတိမှသူတို့၏ နားရာစခန်းနှင့် သတိမဲ့သူတို့၏သွားရာလမ်း**' စာအုပ်မှထုတ်နုတ်ထားသောမိန့်ဆိုချက်များ ဖြစ်ပါသည်။

ထိုမိန့်ဆိုချက်၌ ထူးခြားသော အချက်မှာ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ယနေ့ လူသားတို့၏ ပျမ်းမျှသက်တမ်းကို အသက် (၈၀) ဟု သတ်မှတ်ထားခြင်းပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ မိန့်ဆိုချက်မှာ ဤသို့ ဖြစ်ပါသည်။

ယနေ့ လူသားတို့၏ သက်တမ်းသည် ပျမ်းမျှအားဖြင့် (၈၀) ရှိရာ -

၁။ မွေးစမှ ဆယ်နှစ်တန်း၌လည်း မေ့လျက်က ကစားခြင်းဖြင့် ကုန်ဆုံးရာ၏။
၂။ နှစ်ဆယ်တန်းသည်လည်း မေ့ခြင်းကြောင့် အာရုံဆွဲရာ၌ လိုက်အားစိုက်လျက်က ကုန်ဆုံးရာ၏။
၃။ သုံးဆယ်တန်းသည်လည်း အာရုံလွန်ရာ အသွေးမွှန်ခြင်းဖြင့် အချိန်ကုန်၏။
၄။ လေးဆယ်တန်းသည်လည်း သားဇော၊ သမီးဇောမွှန်လျက်ကသာ အချိန်ကုန်လွန်ရာ၏။
၅။ ငါးဆယ်တန်းသည်လည်း စီးပွားရေးဘက် ဉာဏ်နီဉာဏ်နက်ထုတ်လျက်က ကုန်ရာ၏။
၆။ ခြောက်ဆယ်တန်းသည်ကား သားသမီးအရိပ်သောကစိတ်ဖြင့် မှီခို မေးမှိတ်ကာနေရာ၏။
၇။ ခုနစ်ဆယ်တန်းတွင်ကား မြေးမြစ်တို့အကြား အတူကစားရင်းဖြင့်ပင် ပြီးစီး၏။
၈။ ရှစ်ဆယ်တန်းတွင်ကား မည်သူကမျှ လူရာမသွင်း ဟင်းချလျက်ကသာနေရ၏။

အထက်ပါ မိန့်ဆိုချက်၌ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် မွေးစမှသည် အသက် (၈၀) အထိ လူသားတို့၏ ဆယ်စုနှစ်အလိုက်ဖြစ်တတ်သောသဘာဝကို စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစွာ နားလည်နိုင်စေရန် စကားပြေဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးသည် ထိုစာအုပ်၌ပင် လူသားတို့၏ ဆယ်စုနှစ်အလိုက်ဖြစ်တတ်သော ဒီသဘာဝကို ဖော်ပြရုံနှင့် အားမရသေးဘဲ ရက်တစ်ရက်အတွင်း၌ပင် ဖြစ်တတ်သော သဘာဝကိုလည်း ဖော်ပြခဲ့ပါသေးသည်။ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ စေတနာ၊ ကရုဏာကား ကြီးမားလှပါသည်။ စာဖတ်သူတို့သည် ဆယ်စုနှစ်အလိုက် ဖြစ်တတ်သော လူသားတို့၏သဘာဝကိုဖတ်၍ သံဝေဂ မရနိုင်သည့်တိုင် ရက်တစ်ရက်အတွင်း၌ဖြစ်တတ်သော လူသားတို့၏ သဘာဝကိုဖတ်၍ သံဝေဂရကြလိမ့်မည်ဟု ထင်မိပါ၏။ ရက်တစ်ရက်အတွင်း၌ ဖြစ်တတ်သော လူသားတို့၏ သဘာဝကို ဆရာတော်ဘုရားကြီးက ဤသို့ဖော်ပြခဲ့ပါသည်။

၁။ ရက်တစ်ရက်၏ညတစ်ဖက်ကား အိပ်မောကျလျက်က အချိန်ကုန်သွားရာ၏။
၂။ နံနက်နိုးသော်ကော သောကနိုးသဖြင့် နိုးထရသည်ကများ၏။
၃။ နိုးထသော် ဦးစွာ စားသောက်ရန်ကို စီမံစားသောက်ကြရ၏။
၄။ စားပြီးသည်နှင့် ငွေစကြေးစ ဓနအဖြာဖြာ လိုရာရရှိမှု လုံးပန်းရ၏။
၅။ ထိုလုံးပန်းရကြားမှပင် ထင်သလိုမဖြစ်၊ ငြင်းခုံခိုက်ရန်လည်းဖြစ်ပေးရ၏။
၆။ ထိုရလိုမှုကြားမှပင် မျှော်ရင်းတရင်း သောကစိတ်လည်းသွင်းပေးရ၏။
၇။ ထိုရလိုမှုကြားမှပင် အချင်းချင်း မြူဆွယ်၊ သူ့အရှိကိုယ့်အရှိ ဖလှယ်ရသေး၏။
၈။ ထိုရလိုမှုကြောင့် အမောဖောက်လာသော် မေ့ဖျောက်သောအားဖြင့် တစ်ခုခုအစားထိုးပေးရ၏။

က။ ရယ်ရယ်မောမောတသောသောဖြင့်လည်း အာရုံကြောမျှော်ပေးရ၏။
ခ။ ပျော်စရာရွှင်စရာရှေ့တွေ့ပေး၍လည်း အမေ့ကောက်ပေးရ၏။
ဂ။ မေ့မရနိုင်သောအစွဲဖြစ်က မူးယစ်ဆေးသုံး၍ပင် မေ့ဖျောက်ပေးရသေး၏။

အထက်၌ဖော်ပြခဲ့သော ရက်တစ်ရက်အတွင်းဖြစ်ပေါ်တတ်သောသဘာဝတို့အနက် နံပါတ်(၈)၌ ဖော်ပြထားသော သဘာဝတို့သည် အများအားဖြင့် ညဘက်၌ဖြစ်တတ်သောသဘာဝတို့ဖြစ်ပေသည်။ ထိုသဘာဝတို့ ဖြစ်ပေါ်ပြီးလျှင် လူသားတို့သည် အိပ်မောကျလျက်က တစ်ညတာကုန်ဆုံးရတော့သည်။

ဆရာတော်ဘုရားကြီး ဖော်ပြခဲ့သော လူသားတို့၏ ရက်တစ်ရက်တွင် ဖြစ်တတ်သော သဘာဝတို့၌ ကုသိုလ်မှုနှင့် စပ်လျဉ်းသော သဘာဝတို့ အလျှင်း မပါရှိပါ။ ကုသိုလ်မှုတို့နှင့်စပ်လျဉ်း၍ အရိပ်အငွေ့ပင်မသန်းခဲ့ပါ။ 'အများငယ်ပြင်ပြင်၊ အသွားငယ်တွင်၊ ဉာဉ်မသန်းငွေ့၊ စခန်းဖြင့်တွေ့ပြီဘု၊ တဝေ့လည်လည်၊ ပါယ်ဇရဲမှာ ထည်လဲသာ စည်တော့' ဟူသော လယ်တီဆရာတော်ဘုရား၏ သံဝေဂလေးချိုးလာအဖွဲ့ကို သတိရစရာဖြစ်ပါသည်။ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးသည် လူတို့အနေဖြင့် ဆယ်စုနှစ်အလိုက်ဖြစ်တတ်သော သဘာဝများ၊ ရက်တစ်ရက်အတွင်းဖြစ်တတ်သောသဘာဝများကို နှလုံးသွင်းမိလျှင် သံဝေဂဖြစ်လာကြလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ထိုစာတို့ကို ရေးခဲ့သည်ဟု ဆိုနိုင်ပါသည်။

ယခုဆောင်းပါး၌ ကျွန်တော်သည် မဟာဗောဓိမြိုင်ဆရာတော်ကြီး စီရင်သော ကဝိဗန္ဓနကထာ၊ သတိမှသူတို့နားရာစခန်းနှင့် သတိမဲ့သူတို့၏ သွားရာလမ်း စာအုပ်များမှ အရွယ်နှင့် စပ်လျဉ်းသော မိန့်ဆိုချက်များကို ထုတ်နုတ် ဖော်ပြခဲ့ပါသည်။ ဆရာတော်ဘုရားကြီး၏ အရွယ်နှင့်စပ်လျဉ်းသော မိန့်ဆိုချက်များ အတော်များများကျန်ရှိပါသေးသည်။ ထိုမိန့်ဆိုချက်များကိုလည်း အလျဉ်းသင့်သလို တင်ပြသွားမည် ဖြစ်ပါသည်။

မြဝင်း (ဒဿန)



www.burmeseclassic.com

www.burmeseclassic.com



မြတ်ဗုဒ္ဓ၏ဆံတော်ဓာတ်မြတ်






ဂဝံစေတီမှတော်သာသည့်ကြုတ်တော်

ကျွန်ုပ်သည် စဉ့်ကိုင်မြို့မှ ရွှေက်ကူ လေပုံ့သစ်တော် ရုပ်ရှင်တော် ...ကြီး၏ ဘုရားဒါယိကာမ ဖြစ်ပါ ...သည်၊ တစ်နည်းအားဖြင့် ဥပါသိကာမ ... ဘုရားရှင်ကြီး ကြွတော်မူရာ ...ဒေသတိုင်း၌ လိုက်ပါ၍ သာသနာ ...ရသောသူဖြစ်ပါသည်။

ရွှေက်ကူဘုရားရှင်ကြီးကို ရန်ကုန် ... ၂၀၁၃ ခု၊ မေလတွင် ရန်ကုန်မြို့ ...သိပ္ပံလမ်း ဆင်မင်းဈေးအနီးမှ ...ခံဗိုလ်ထွန်းအောင်-ဒေါ်လှလှဝင်း ...စု၏ ပင့်ဆောင်မှုကြောင့် စတင်

# ရွှေက်ကူသာသနာပြုမယ်တော်ကြီး၏
# ဗိုလ်တထောင်ဘုရားဖူးကျင့်စဉ်တော်


## ရွှေက်ကူသာသနာပြုမယ်တော်ကြီး

...ကော်တော်မူခဲ့ပါသည်။ ရွှေက်ကူ ...ရှင်ကြီးက ပထမဆုံး ကြွရောက် ...နိုးဖြစ်သော်လည်း ကျွန်ုပ်က ...အကြိမ်ရောက်ရှိခြင်း ဖြစ်ပါ ...၊ ကျွန်ုပ်ကလေးဘဝ (၁၁) နှစ် ...ဘဝက ပထမအကြိမ်ရောက်ဖူးခဲ့ ...၊ (၃၇) နှစ် နဝင်္ဂသီလဆောက် ...ခါစအချိန် ဒုတိယအကြိမ် ...ည်ရောက်ရှိခြင်း ဖြစ်ပါသည်။ ...စတွင် ဘုရားရှင်ကြီးမှ တန်ခိုး ... ထူးခြားစွာ မပြသသော်လည်း ...နီးရက်သတ်မှတ်ပြီးခါမှ ထူးခြား ... ရောင်ခြည်တော်များလွှတ်ခြင်း၊ ...ကောင်းပြည်ဝခြင်းများ ဖြစ်ပေါ်လာ၍ ရန်ကုန်မြို့တွင် (၅၄) ရက်ကြာခဲ့ပါသည်။

ထို (၅၄) ရက်ခရီးစဉ်အတွင်း ဗိုလ်တထောင်မြို့နယ် (၄၄) လမ်းမှ မသော်သော်ကလည်း ဘုရား (၁) ရက် ပင့်ပါသည်။ ထို(၁)ရက်တွင်မှ ကျွန်ုပ်၏ ပဋ္ဌာန်းဆက်ကပေါ်ပေါက်လာခဲ့ပါတော့သည်။ ကျွန်ုပ်သည် ည (၁) နာရီထိုးသည့်တိုင် အိပ်မပျော်နိုင်သေး၍ တရားစာများရွတ်ဆိုနေပါသည်။ ထိုအချိန်၌ ကျွန်ုပ်၏ခြေရင်းတွင် ကြီးမားလှသော နဂါးကြီးတစ်ကောင်သည် ခြေထောက်အစုံပေါ်၌ အပုံလိုက်လာခွေနေသောကြောင့် လေးလံပျော့စိကာ ခြေထောက်မ,၍မရဖြစ်နေပါသည်။ (၇) နှစ်သားအရွယ် ကလေးငယ်လေးတစ်ယောက်မှာလည်း ကတုံးဆံပင်ပေါက်စကလေးဖြင့် ကျွန်ုပ်၏လက်မောင်းပေါ်လာအိပ်နေပြီး ဟိုဘက်လက်မောင်းပေါ်ပြောင်းအိပ်လိုက်၊ ဒီဘက်လက်မောင်းပေါ်အိပ်လိုက်နှင့် ဆော့ကစားနေသည်ကို အာရုံနှင့်သာမက ပကတိ အသားအရေတို့နှင့်ပါ ထိတွေ့ခံစားနေရပါသည်။ ကျွန်ုပ်က တရားစာများ ရွတ်ဆို၍ မနှောင့်ယှက်ကြရန်၊ မိမိအရပ်ကိုပြန်ကြရန် တောင်းပန်သော်လည်း မရပါ။ နေမြဲအတိုင်းနေနေကြပါသည်။

ကျွန်ုပ်တစ်ယောက်တည်း စတား

www.burmeseclassic.com



ရွှေအတိ၊ ငွေအတိဖြင့် ပူဇော်ထားသော ဘုရားစေတီများနှင့် ရွှေပရိက္ခရာများ။ ရွှေညောင်ပင်များ



အန်တီအေး၊ မယ်တော်ကြီး၊ ဒေါ်မိမိအောင်၊ ဒေါ်ညိုညိုဆန်းတို့သည် ဗိုလ်တထောင်ဘုရားကြီး၏စနေထောင့်မှ ရှိခိုးကန်တော့နေပုံ



မဟာဝေယျသိဒ္ဓိမေတ္တာရှင်မှုနဘုရားကြီးရှေ့တွင် ဘွဲ့တော်နှင့်အညီ ပူဇော်ကန်တော့နေကြစဉ် (မယ်တော်ကြီးဘေးမှ အညိုရောင်ဝတ်ထားသူမှာ ဒေါ်မိမိအောင် ဖြစ်ပါသည်)

တွေ တတွတ်တွတ်ပြော၍ ၎င်းတို့အား တောင်းပန်နေသည့်အသံကို အန်တီအေး ကြားပြီး နိုးလာကာ -

"ဆရာမကြီး (ထိုစဉ်က မယ်တော်ကြီးဟု မခေါ်ကြသေးပါ။) တစ်ရေးနိုးတာလား၊ ဘာတွေပြောနေတာလဲ"

ဟု မေးသောအခါ ကျွန်ုပ်မှ -

"တစ်ရေးနိုးတာ မဟုတ်ပါဘူး မမအေးရယ်။ ခြေရင်းမှာ နဂါးကြီးတစ်ကောင်ရောက်နေတယ်။ လက်မောင်းပေါ်မှာ ကလေးလေးတစ်ယောက်က ဆော့နေတယ်။ သူတို့ကို မောင်းထုတ်ပေးပါ"

ဟုပြောလိုက်သောအခါမှ အန်တီအေးက တရားစာများရွတ်ဖတ်ပြီး အမျှအတန်းဝေလိုက်ရာ နဂါးကြီးနှင့် ကလေးလေးမှာ ပျောက်သွားပါတော့သည်။

နောက်တစ်နေ့နံနက် အိမ်ရှင်များကိုမေးကြည့်ရပါသည်။ ဒီနေရာနှင့် အနီးဆုံးဘုရား ဘာဘုရားရှိသလဲဟု မေးမြန်းကြည့်ရာ ဗိုလ်တထောင်ဘုရားရှိသည်ဟု ပြော၍ ည (၇) နာရီခန့် သွားရောက်ဖူးမြော်ရာ နဂါးများဖူးမြော်စောင့်ရှောက်သည့်ဘုရားဖြစ်နေသည်ကို ပထမဆုံး သတိပြုမိပါသည်။ ဆံတော်တိုက်သို့ သွား၍ဖူးမြော်ရာ စိတ်ထဲတွင် မိမိယခင်က အကြိမ်များစွာ လာရောက် ဖူးမြော်ဖူးသလို ခံစားရပြန်ပါသည်။ အတွင်း၌ ဝက်ပါသဏ္ဍာန် လှည့်လည်ဖူးရသောအခါမှာလည်း နံရံများထဲ၌ ကိန်းဝပ်တော်မူနေသောဘုရားများကို ဖူးမြော်ရ၍ ဝမ်းသာ၊ ဝမ်းနည်းဖြစ်မိပြန်ပါသည်။

ရွှေစင်အတိဖြင့်ပြုလုပ်ထားသော ဘုရားစေတီငယ်များ ငွေပန်းခိုင်နှင့် ရွှေတံခွန်၊ ငွေတံခွန်များကို လှူဒါန်းထားသည်တို့ကို ဖူးတွေ့ရသောအခါ ကျွန်ုပ်စိတ်ထဲ၌ ရွှေကူရုပ်ရှင်တော်မြတ်အား ရွှေငွေအတိပြီးသော အသုံးအဆောင်များလှူဒါန်းလိုစိတ်တဖွားဖွားပေါ်ပေါက်လာခဲ့ပါသည်။(ထိုစဉ်က ရွှေကူဘုရားရှင်ကြီး၌ မကိုင်ရှိစလွယ်တော်ပင် မလှူနိုင်သေးခဲ့ပါ။)

စေတီလိုဏ်ဂူအတွင်း ဖူးမြော်အပြီး အပြင်ဘက်မှ ဂြိုဟ်ပြေနံ့ပြေများကို ဖူးမြော်ဆုတောင်းပြီးသောအခါ အစ်မတော်မြနန်းနွယ်အဆောင်သို့ကူးကြပါသည်။ ထိုသို့ လမ်းဖြတ်ကူးချိန်၌ ကျောက်စာတိုင်ဆရာတော်ဟုသိရသော ဆရာတော်ကြီးမှ -

"ဟော့ကောင်မလေးတွေ၊ မြနန်းနွယ်ဆောင်ကစောင့်နေ။ ငါလာခဲ့မယ်"

ဟု ပြောပါသည်။

ကျွန်ုပ်တို့ အစ်မတော် မြနန်းနွယ်ဘုရားခန်းရှေ့တွင် ဘုရားရှိခိုးနေကြသောအခါ ထိုဆရာတော်ကြီးကရောက်လာပြီး -

"ကဲကဲ-လိုက်ဆိုကြ၊ လိုက်ဆိုကြ"

ဟု ပြောပြီး နမောတဿ(၉)ကြိမ်ရွတ်ဆိုပြီး တရားစာများရှေ့မှချပေးပါတော့သည်။ ကျွန်ုပ်ကတော့ မိမိပုဇော်နေကျတရားစာကိုသာ အာရုံပြု၍ရွတ်ဆိုနေပါ၍ ထိုဆရာတော်ကြီးချပေးသည်ကို လိုက်မဆိုဖြစ်ပါ။ အခြားသူများကို ညည်းဘာနေ့သမီးလဲ၊ ဘာဆောင်ရမယ်၊ ဘာရွတ်ရမယ် စသည်ဖြင့် ကျွန်ုပ်နှင့် ပါလာသောသူများကို ဟောပြောလမ်းညွှန်နေပြန်ပါသည်။ကျွန်ုပ်ကတော့ မိမိတရားအာရုံနှင့်သာနေပါသည်။ ခဏနေလျှင် ဆရာတော်ကြီး ပြန်ကြွသွားပါသည်။

အစ်မတော်မြနန်းနွယ်ရှေ့မှမြေကြီးသုံးလုံးအနီးသို့ရောက်လျှင် ဆရာတော်ကြီးက ကျွန်ုပ်ကို -



www.burmeseclassic.com

www.burmeseclassic.com

"ဟိုရသေ့မ လာဦး၊ လာဦး"

ဟု လက်ယက်ခေါ်ပါသည်။

ကျွန်ုပ်က ဆရာတော်ကြီးထံသို့ သွား၍ -

"တပည့်တော် ရသေ့မ မဟုတ် ကြိုးပဥ္စဒသမဂိုဏ်းဝင်များဖြစ်သော နာသုံးပါး၊ အနန္တငါးပါး၊ ခင်ပွန်းကြီး ယ်ပါးဂိုဏ်းဝင်များကို ဦးဆောင်ပူဇော် နေတဲ့ဂိုဏ်းချုပ်ဖြစ်တယ်"

ဟု လျှောက်ထားလိုက်သောအခါ ပဥ္စ၊ ဒသမဂိုဏ်းရယ်လို့ မကြားဘူး ကြောင်းပြောကြားရာ ကျွန်ုပ်က -

"အရှင်ဘုရားက ဘယ်ကြားဖူး မှာလဲ။ ဒီတာဝန်ကို ဒီနှစ်သကြၤန် အတက်နေ့မှာမှ အဘရသေ့ကြီးဦးခန္တီ ထိုက်တန်လို့ ပေးအပ်ထားတာ။ သက်လုံး ဥပုသ်ဆောက်တည်ပြီး သတ်သတ်လွတ်စားပြီး တရားဓမ္မများ အားထုတ်မှာပါ"

ဟု လျှောက်လိုက်ရာ -

"ဟာ - ဒါဆိုရင် ဓာတ်ကမိနေ တယ်၊ ငါ့ကိုဓာတ်ပေးစမ်း"

ဟု လက်ဝါးကိုဖြန့်ပေးပြီး ပြော ကြားရာ ကျွန်ုပ်ကလည်း ဘုမသိဘမသိ ဆရာတော် လက်ဝါးကို ဖြန်းခနဲ ၍ပေးလိုက်ရာ -

"ကောင်းတယ်၊ ကောင်းတယ်"

ဟု ပြောကြားပါသည်။ ခဏနေ ဆရာတော်ကြီးက -

"ဒီနေ့နက္ခတ်ကောင်းတယ်။ မနက် ဘာဂဏန်းကောင်းသလဲပြောစမ်း"

ဟု မေးမြန်းရာ -

"ကျွန်ုပ်က တပည့်တော်မပြော တတ်ပါဘူးဘုရား။ ဘုရားပဲကန်တော့ တတ်ပါတယ်"

ဟု လျှောက်ထားရာ -

"ပြောမှာသာပြောပါ။ အချိန် ကောင်းရောက်နေလို့"

ဟု ပြောပြန်ပါသည်။

ကျွန်ုပ်က မပြောတတ်ပါဘူး။ ဆရာတော်ကြီးက ပြောမှာသာပြောပါ အခြေအတင် (၁၀) မိနစ်ခန့် ကြာ အခါ ဘေးဘီကိုမျက်စိဝေ့၍ကြည့် သောအခါ မောင်းကြီးများတပ် သည့် မောင်းတိုင်များတွင် (၂) လုံး၊ လုံးဂဏန်း လောင်းကစားစကား ပြောရ ဥပဒေအရ အရေးယူမည်ဟု ထားသောစာများ ချိတ်ဆွဲထား တို တွေ့လိုက်ရပါသည်။ ကျွန်ုပ်၏ ထဲ၌ ဒီဘုန်းကြီးနှင့်တော့ခက်နေပြီ။ ငါဘာမှမပြောရဘဲအရေးယူခံရတော့မှာ ပဲ။ မပြောလည်း အေးမှာမဟုတ်ဘူး၊ ဖွတ်မေးနေပြီ။ ထင်ရာပြောလိုက်မည်ဟု ဆုံးဖြတ်ကာ -

"ဆရာတော်ကြီး၊ တပည့်တော် လျှောက်ပါ့မယ်ဘုရား။ ဘုရားလာဖူး တာဆိုတော့ (၉) ပေါ့ဘုရား။ဟိုမှာနဂါး ကြီးတွေတွေ့တယ်မဟုတ်လား (၇) ပေါ့ ဘုရား"

ဟု လျှောက်လိုက်ရာ ဆရာတော် ကြီးလည်း -

"ကောင်းပြီ၊ ကောင်းပြီ"

ဟု ဆိုကာ ကြွသွားပါတော့ သည်။ (နောက်နေ့တွင် ကျွန်ုပ်ပြောလိုက် သော ဘုရားနှင့် နဂါး တကယ်လာသည် ဟု သိရ၏။ ၂၀၀၃ တွင် တစ်ခါသာဆုံ ပြီးနောက် နှစ်စဉ် ရန်ကုန်သို့ကြွပြီး ဗိုလ်တထောင်ဘုရားသွားဖူးသော်လည်း ထိုဆရာတော်ကြီးနှင့် လုံးဝမတွေ့တော့ ပါ။)

ကျွန်ုပ်တို့ ဆရာတော်နှင့် အချီ အချစကားများ ဆူညံစွာပြောဆိုနေကြ သည်ကို အစ်မတော်မြနန်းနွယ်ဘုရား အဆောင်ရှေ့တွင် တရားထိုင်နေသော ဒလ အုံကြီးမှ ဆရာကြီးဦးသန်းရွှေ၏ တပည့်မဖြစ်သူ ဒေါ်မိမိအောင်မှကြား သိရ၍ ကျွန်ုပ်တို့နှင့် တွေ့ဆုံအကျိုး အကြောင်းပြောဆိုကာ ခင်မင်ရင်းနှီးပြီး ဘုရားရှင်ကြီးကို နှစ်စဉ်ပင့်ဆောင်ခဲ့ပြီး ကျွန်ုပ်၏ မွေးစားသမီးပင်ဖြစ်နေပေပြီ။ (၉) ရက်၊ (၉) လ ဘုရားပွဲကိုလည်း နှစ် တိုင်းလာရောက်ကာ ဝေယျာဝစ္စကုသိုလ် များလာ၍ယူနေကျဖြစ်ပါသည်။

ဒေါ်မိမိအောင်တို့၏အိမ်၌လည်း နှစ်စဉ် မြန်မာနှစ်ဆန်းတစ်ရက်နေ့တိုင်း ပင့်နေကျဖြစ်သည်။ ကျွန်ုပ်တို့ကို လူမသိ သူမသိဘဝကတည်းက၊ ဘုရားကြီး ယခု လို လျှမ်းလျှမ်းတောက်တန်ခိုးတော်များ လူမသိခင်ကတည်းက စွဲမြဲစွာ ကိုးကွယ် လာသော ဒါယိကာမလည်းဖြစ်ပါသည်။ ဒေါ်မိမိအောင်၏မိခင်ကြီး ဒေါ်ခင်အုန်း မြင့်၊ ခင်ပွန်း ဦးစိုးနိုင်သိန်း၊ သမီး မသွယ်သွယ်သန့်၊ ညီမ မစု၊ တူမလေး နန်းအိအိဝေတို့အားလုံးမှာ သဘော ထားပြည့်ဝကာ ဘုရားရှင်ကြီးကို အလွန် ကြည်ညို၍ ကျွန်ုပ်တို့ ညီအစ်မကိုလည်း ဆွေမျိုးရင်းပမာ ခင်မင်လှပါသည်။ ဒေါ်မိမိအောင်တို့မှာ ဗိုလ်တထောင် သော်မဆင်ရိပ်သာ၊ လမ်းသွယ်(၄)လမ်း၊ (၆၈/ဘီ) တွင် နေထိုင်ပါသည်။

သူတို့အိမ် ဘုရားပင့်တိုင်း ကျွန်ုပ်ကို ဗိုလ်တထောင်ဘုရားကို လိုက်ပို့နေ ကျဖြစ်ပါသည်။ ဗိုလ်တထောင်ဘုရား ကြီးကိုဖူးပြီး အောင်ထောင့် (တနင်္ဂနွေ ထောင့်) မှနေ၍ -

"အရှင်ဘုရား၊ တပည့်တော် ဤ ဗိုလ်တထောင်မြို့နယ်တွင် ယခုနှစ်မှာ (၅) အိမ်ကြွလိုပါသည်ဘုရား"

ဟု လျှောက်ထားလျှင် (၅) အိမ် အတိအကျကြွရပါသည်။ (၇) အိမ်ကြွ လိုပါသည်ဘုရားဟုဆိုလျှင် (၇) အိမ် အတိအကျကြွရပါသည်။ ဗိုလ်တထောင် မြို့နယ်ရှိ အမာခံဘုရားပင့်သောအိမ် များမှာ -

၁။ ဗိုလ်မှူးကြီးသိန်းစိုးအောင်-ဒေါ်တင် ရီမိသားစု

၂။ ဦးစိုးနိုင်သိန်း - ဒေါ်မိမိအောင် မိသားစု

၃။ ဆရာမဒေါ်ခင်စန်းဝင်း

၄။ အစ်မကြီးဒေါ်အေးမြင့်မိသားစု

၅။ သိမ်ဖြူလမ်းမှ ကိုသန့်ကျော်-မမြင့် မြင့်သန်းမိသားစု

၆။ တိုက်ကွမ်ဒိုနည်းပြချုပ် ကိုအောင် သန်းဦး - မကျော့စန်းသီ မိသားစု

၇။ ကိုဟိန်းမင်းဦး-မအေးမို့မို့မိသားစု တို့ ဖြစ်ပါသည်။

ကျွန်ုပ်တို့မှ ရက်နည်း၍ မကြွနိုင် မှုသာလျှင် ဤအိမ်များမှ တစ်အိမ် တလေ ကျန်ရစ်ပါသည်။ နှစ်စဉ် ဖူးမြဲ ပင့်မြဲမိသားစုများ ဖြစ်ကြပါသည်။

၂၀၀၃ ခုနှစ်ကတည်းက ဗိုလ်တ ထောင်ဘုရားကြီးကိုဖူးမျှော်ပြီးဆုတောင်း များပြည့်ဝလာခဲ့ရာ ၂၀၁၂ ခုနှစ်၊ ရန်ကုန် မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိ သိမ်ဖြူ လမ်းတွင် ဘုရားကြီးကြွတော်မူနေစဉ် ထူးဆန်းသောအိပ်မက်ကို မြင်မက်ပါ တော့သည်။

အိပ်မက်ထဲတွင် ယခုခေတ်အပြင် အဆင်မဟုတ်ဘဲ ရှေးခေတ်က အနေ အထားဖြစ်နေသည်။ သို့သော် စိတ်ထဲ တွင် ဗိုလ်တထောင်ဘုရားဟု အလိုလို သိနေပါသည်။ ဘုရားမှာ (၁၈) တောင် ခန့်သာမြင့်ပါလိမ့်မည်။ တည်ပြီးခါစ အင်္ဂတေပင် မခြောက်သေးပါ။ မြစ်တစ် စင်းရှိပြီး လမ်းမှာ ကျောက်စရစ်နှင့်မြေနီ ရောရာလမ်းရိုးရိုးကလေးဖြစ်၍ မိုးရွာ ပြီးစ ရေအိုင်ကွက်ကလေးများ ဟိုတစ် ကွက်ဒီတစ်ကွက်ရေတင်နေပါသည်။

ထိုတည်ပြီးခါစဘုရားကို ဌာပနာ သွင်းမည့်အချိန်ဟု သိရပါသည်။ ကျွန်ုပ် က အိပ်မက်ထဲတွင် အမျိုးသမီးမဟုတ် ဘဲ သျှောင်ထုံးနှင့်အမျိုးသားကြီးတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေပြီး ဌာပနာသွင်းရမည့်ပစ္စည်းများဖြစ်သော **ရွှေစေတီ၊ ငွေစေတီ၊ ရွှေခေါင်းလောင်း၊ ငွေခေါင်းလောင်း၊ ဓာတ်တော်ကြုတ်** စသည်တို့ကို **ရွှေလင်ပန်းကြီးထဲတွင်ထည့်၍** ကိုင်ထားပြီး -

'လာကြပေ့ သားတို့၊ သမီးတို့။ ငါနဲ့အတူ ဌာပနာပစ္စည်းတွေလာကိုင်ပြီး သစ္စာပြု ဆုတောင်းရအောင် လာကြပေ့'

ဟု အော်ခေါ်နေစဉ် အိပ်မက်မှ နိုးလာပါတော့သည်။ အိပ်မက်မှာ အပြင်နှင့်မခြား အတော့်ကို ပီပြင်လှပါ၍ ယခုတွေးလျှင် ယခုပြန်မြင်နေပါသည်။ ထိုအိပ်မက်မမက်မီကပင် ဗိုလ်တထောင်ဘုရားကြီးအတွင်းလှူထားသော ရွှေငွေရတနာများကို ဖူးမြင်ရလျှင် -

"တပည့်တော်လည်း လောကုတ္တရာအမြတ်ဆုံးရတနာဖြစ်သော ဘုရားရတနာကို လောကီရတနာများဖြစ်သော ရွှေငွေရတနာများဖြင့် လှူဒါန်းပူဇော်လိုပါသည်"

ဟု ဆုတောင်းခဲ့ပါသည်။

ထိုဆုတောင်းအတိုင်းပင် ယခုအခါ ရွှေကက်ကူဘုရားရှင်ကြီးကို ရွှေသားပလ္လင်တော်၊ ရွှေသပိတ်တော်နှင့် တကွ များပြားလှသော ရွှေ၊ ငွေအတိအသုံးအဆောင်များ လှူဒါန်းပူဇော်ထားနိုင်ပြီ ဖြစ်ပါသည်။

၂၀၁၂ ခုနှစ် ထိုအိပ်မက်မက်ပြီး နောက်နေ့တွင် ဗိုလ်တထောင်ဘုရားသွားဖူးပါသည်။ ထိုသို့ ဖူးမြော်ရင်းဖြင့် အခြားအခေါက်များနှင့်မတူဘဲ ထူးထူးခြားခြား ဗိုလ်တထောင်ဘုရားဖူးကျင့်စဉ် အဖြစ်ပူဇော်ရန်အာရုံရလာသောကြောင့် စတင်၍ ပူဇော်လုပ်ဆောင်ဖြစ်သွားပါသည်။

ဗိုလ်တထောင်ဘုရားဖူး ကျင့်စဉ်မှာ -

ပထမဦးစွာ အုန်းငှက်ပျောပွဲလှလှ နှစ်ပွဲမှာယူရမည်။ မွှေးသောပန်း၊ ပွင့်သောပန်း၊ ပန်းကုံးများလည်း ဝယ်ယူရပါမည်။ တစ်ပွဲမှာ ဗိုလ်တထောင်ဘုရားကြီးအတွက်ဖြစ်ပြီး ကျန်တစ်ပွဲမှာ အစ်မတော်မြနန်းနွယ်အဆောင်မှ မဟာဇေယျသိဒ္ဓိမေတ္တာရှင်မုနိဘုရားကြီးကို လှူဒါန်းရန် ဖြစ်ပါသည်။

ပွဲမှာပြီးလျှင် ဗိုလ်တထောင်ဘုရားကြီး၏ ဆံတော်တိုက်သို့ သွားကန်တော့ရပါမည်။ ဝင်ဝင်ချင်း ဂဝံကျောက်နှင့် ပြုလုပ်ထားသော မှန်ကျောင်းဆောင်လေးနှင့် ဂဝံစေတီကို လက်နှင့်ထိကာ ကန်တော့ဆုတောင်းရမည်။ မူလစေတီ ဟောင်းတုန်းက ဤစေတီထဲ၌ ဆံတော် ဌာပနာခဲ့သည်ဟု သိရပါသည်။ ဂဝံစေတီမှန်ကလပ်ကို အောင်ပန်းချိတ်ကာ ကန်တော့ ဆုတောင်းပြီးမှ ဆံတော်တိုက်အတွင်းရှိ ရတနာပေါင်းစုံဖြင့် ပူဇော်ထားသောဆံတော်မြတ်ကို ဘုရားရှင်ကြီး၏ ဂုဏ်တော်များကို အာရုံပြုပြီး ရှိသေစွာ ရှိခိုးကန်တော့ရပါမည်။ ထိုဆံတော်တိုက်အတွင်းရှိ ငွေဖလားထဲသို့လည်း မိမိအဓိဋ္ဌာန်ဆုတောင်းပြုစရာရှိတာ ဆုတောင်းပြီး ဝတ္ထုငွေအခေါက်လေးများ လှမ်းပစ်လှူပြီး ဆုတောင်းအဓိဋ္ဌာန်ပြုနိုင်ပါသည်။

ကျွန်ုပ်ကတော့ တပည့်တော် ဤဗိုလ်တထောင်စေတီကြီး တည်ထားစဉ်က ကိုယ်တိုင်ပါဝင်ကုသိုလ်ယူခဲ့သည်မှာ အမှန်ဖြစ်လျှင် ဤဝတ္ထုငွေများ ငွေဖလားထဲသို့ တည့်တည့်ရောက်ပါစေသားဟု သစ္စာဆိုကာ ထည့်လှူပါသည်။ (၁၀) ခုလှူလျှင် (၈) ခုခန့်တော့ ဝင်ပါသည်။

ဆံတော်တိုက်ကို ကန်တော့ပြီးလျှင် ဝက်ပါအတွင်း လက်ယာရစ်လှည့်ပတ်ပြီး ပဋ္ဌာန်းတရားကို ဆင်ခြင်၍ ဘုရားများကို လှည့်၍ဖူးပါသည်။ မိမိမျက်စိက ဘုရားများကို ဖူးမြော်ပြီး စိတ်ထဲမှ ပဋ္ဌာန်းတရားကို ရွတ်ဆိုကာ လက်အုပ်လေးချီထားပြီး ဖြည်းဖြည်းမှန်မှန် လျှောက်၍ ဖူးမြော်ရပါသည်။ ဝက်ပါဆုံးခါနီး အထွက်နှင့်နီးသောနေရာတွင် ရွှေငွေအတိရတနာအစစ်များ လှူဒါန်းထားသောနေရာတွင် ခေတ္တရပ်ပြီး တောင်းနေကျဆုဖြစ်သော လောကီ၊ လောကုတ္တရာနှစ်ဖြာသောရတနာပြည့်ဝစုံလင်စွာဖြင့် သာသနာပြုရပါလို၏ဟု ဆုတောင်းပါသည်။

မူလဘုရားကြီး၏ ဌာပနာတိုက်ဟောင်းမှရရှိသောပစ္စည်းများဆိုသောအခန်းတွင်လည်း ခေတ္တရပ်ပြီး ဤဗိုလ်တထောင်စေတီတော်ကြီးကို စတင်တည်ထား လှူဒါန်းခဲ့ကြသော အလှူဒါယကာ၊ အလှူဒါယိကာမများကို အမျှအတန်းပေးဝေပါ၏။ ယခင်ကတည်းက စောင့်ရှောက်လာခဲ့ကြသော အစောင့်အရှောက်ပုဂ္ဂိုလ်များကိုလည်း မေတ္တာပို့သအမျှဝေပါ၏ဟူ၍ ဆုတောင်း၊အမျှဝေပေးပါသည်။ ပြီးနောက် ဆက်လက်ထွက်ခွာလာရာ ဆံတော်တိုက်ကို ပြန်ရောက်၍ ဆံတော်တိုက်မှ ဆံတော်မြတ်ကို ဦးခိုက်ကန်တော့ နှုတ်ဆက်ကာ စေတီတော်ကြီးရင်ပြင်ပေါ်ရှိ ဂြိုဟ်မြေနံပြေဘုရားများကို ကန်တော့ပါသည်။ စေတီတော်အတွင်း ကန်တော့ပွဲမယူရတော့သောကြောင့် မိမိမွေးနေ့နံဘုရားရှေ့တွင် စတင်လှူဒါန်းကာ မိမိမွေးနေ့မှစ၍ လက်ယာရစ်ကုသိုလ်ကံပွင့်ဂါထာများကို ရွတ်ဆိုပူဇော်၍ (၇) ရက်သားသမီးများ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန်အန္တရာယ် ကင်းရှင်းကြပါစေ၊ လိုရာဆန္ဒပြည့်ဝကြပါစေ၊ စိတ်ချမ်းသာကိုယ်ချမ်းသာ သာသနာ့ဝန်၊ မိမိခန္ဓာဝန်များကို ပါရမီမြောက်အောင်၊ နိဗ္ဗာန်ရောက်အောင် ဆောင်ရွက်နိုင်စေရန် စောင့်ရှောက်တော်မူပါဘုရားဟု (၇) နေ့ (၇) နံ ဘုရားအဆူဆူကို ရှိခိုးကန်တော့ဆုတောင်းရပါမည်။ (၇)နေ့ (၈)နံဘုရားများ ဖူးမြော်ကန်တော့ဆုတောင်းပြီးလျှင် အောင်မြေတွင် ဇယန္တောဗောဓိယာမူလေ အစဦးဆောင်ဂါထာကိုရွတ်ဆို၍ အမျှအတန်းဝေရပါမည်။

ဗိုလ်တထောင်ဘုရားကို ဖူးမြော်ပူဇော်ပြီးလျှင် အစ်မတော် မြနန်းနွယ်အဆောင်ဘက်သို့ကူးကာ အစ်မတော်လှူဒါန်းထားသော မဟာ၊ ဇေယျ၊ သိဒ္ဓိ၊ မေတ္တာရှင်မုနိဘုရားကြီးကို ငှက်ပျောပွဲလှူဒါန်းပြီးလျှင် မဟာဇေယျသိဒ္ဓိမေတ္တာရှင်မုနိဘုရားရှင်ကြီးကို ဘွဲ့တော်နှင့်အညီ ပူဇော်ကန်တော့ရမည် ဖြစ်ပါသည်။

ဘွဲ့တော်နှင့်အညီ ကန်တော့ဆုတောင်းခြင်းဆိုသည်မှာ **မဟာ** ဆိုသည်မှာ ကြီးကျယ်မြင့်မြတ်ခြင်း ဖြစ်သောကြောင့် အဂ္ဂကျင့်စဉ်တော်ဖြင့် ပူဇော်ရပါသည်။ **ဇေယျ** ဆိုသည်မှာ အောင်မြင်ခြင်း ဖြစ်ပါသောကြောင့် ဇယန္တောဗောဓိမူလေ အောင်ဂါထာကို ပူဇော်ရပါသည်။ **သိဒ္ဓိ** ဆိုသည်မှာ ပြီးပြည့်စုံခြင်း ဖြစ်ပါသောကြောင့် အောင်သိဒ္ဓိဂါထာတော်ဖြင့် ပူဇော်ရပါမည်။ **မေတ္တာရှင်** ဆိုသည့်အတွက် မေတ္တာသုတ်တော်ဖြင့် ပူဇော်ရပါမည်။ **မုနိ** ဆိုသည်မှာ ဘုရားဖြစ်ပါ၍ ဗုဒ္ဓဂုဏ်တော်ကိုးပါးကို ပါဠိအနက်ပူဇော်ရပါသည်။

အားလုံးပူဇော်ပြီးလျှင် ဤသို့ ဆုတောင်းရပါမည်။

တပည့်တော်သည် မဟာဇေယျသိဒ္ဓိမေတ္တာရှင်မုနိဘုရားရှင်ကြီးကို ဘွဲ့တော်နှင့်အညီ ပူဇော်ကန်တော့ပြီးပါပြီ ဘုရား။ သို့အတွက်ကြောင့် တပည့်တော်တို့သည် လောကီ၊ လောကုတ္တရာနှစ်ဖြာစလုံး၌ 'မဟာ' ဆိုသည့်အတိုင်း ကြီးကျယ်

www.burmeseclassic.com

မြင့်မြတ်သောဘဝကို ရရပါလို၏။ 'အသျှ' ဆိုသည့်အတိုင်း ကောင်းမြတ်သော အလုပ်အကိုင် အကြံအစည်များ အောင်မြင်ရပါလို၏။ 'သိဒ္ဓိ' ဆိုသည့်အတိုင်း လောကီ၊ လောကုတ္တရာနှစ်ဖြာသောစီးပွားများ ပြည့်စုံပြည့်ဝရပါလို၏။ 'မေတ္တာရှင်' ဆိုသည့်အတိုင်း လုံးစုံများမှ သတ္တဝါအပေါင်းတို့၏ ချစ်ခင်၊ အနား ကြည်ညိုလေးစားခြင်းကိုခံရပါလို၏။ 'မုနိ' ဆိုသည့်အတိုင်း ပွင့်ပြီးပွင့်ဆဲပွင့်လတ္တံ့သော ဘုရားအဆူဆူတို့၏ စောင့်ရှောက်ခြင်းကိုခံရပါလို၏ ဟူ၍ ဆုတောင်းရပါမည်။

ပြီးလျှင် -

ဤကုသိုလ်တော်အား ဘုရားဒါယိကာမ အစ်မတော် မြနန်းနွယ်နှင့်အတူ နဂါးမယ်တော်ကြီးများ၊ ဗိုလ်တထောင်ဘုရားကြီး၏ မူလဒါယကာများ ခေတ်အဆက်ဆက် ဘက်စုံအလှူရှင်များ၊ ဘုရားဖူးရဟန်းရှင်လူနတ်ပြဟ္မာများနှင့် သုံးဆယ့်တစ်ဘုံသားအားလုံးကို အမျှဝေပါ၏ ဟူ၍ အမျှဝေပါ။ သာဓု (၃) ကြိမ် ခေါ်ပါ။ ပြီးလျှင် အစ်မတော်မြနန်းနွယ်အား ဝတ္ထုငွေလှူပါ။ အစ်မတော်၏ သာသနာတော်ပြုလုပ်ငန်းအတွက် ကုသိုလ်ပါဝင်ပါသည်ဟုပြောပါ။

ကျွန်ုပ်ကတော့ နဝင်္ဂသီလဆောက်တည်ထားတဲ့အတွက် အစ်မတော်ကို ရှိမခိုးပါ။ မေတ္တာပို့ အမျှဝေပေးပါသည်။ ရှိခိုးလိုသူများ ရှိခိုးနိုင်ပါသည်။ ကျွန်ုပ်ကတော့ အစ်မတော်လက်ထဲသို့ ဝတ္ထုငွေကန်တော့လေးထည့်လှူပေးပြီး -

"အစ်မတော်၊ ကျွန်ုပ် အစ်မတော်အတွက် ဘုရားမှာ ပွဲလှူပေးပြီး တရားမှုတွေ ပူဇော်ပေးပါတယ်။ အစ်မတော်ရဲ့ သာသနာပြုလုပ်ငန်းတွေအတွက်လည်း နဝကမ္မဝတ္ထုငွေလှူပေးပါတယ်။ အတူလက်တွဲသာသနာပြုကြမယ်နော်။ ကျုပ်ပြုသမျှကုသိုလ်တွေ အစ်မတော်နှင့်ဆွေမျိုးများ၊ သုံးဆယ့်တစ်ဘုံသားတွေကို အမျှအတန်းဝေပါတယ်။ အမျှ အမျှ အမျှ"

ဆိုပြီးလျှင် သာဓု (၃) ကြိမ်ခေါ်သော အဓိဋ္ဌာန်ကျင့်စဉ်အောင်မြင်သွားပြီဖြစ်ပါသည်။

ကျွန်ုပ်ကိုယ်တွေ့ ပြောပြရလျှင် အလွန်ကို အောင်မြင်သော ကျင့်စဉ်ဖြစ်ပါ၍ ဗိုလ်တထောင်ဘုရားကြီးကို လာဖူးသူများလည်း အားလုံးအောင်မြင်ပြည့်စုံစေလို၍ မေတ္တာဖြန့်ဝေပေးခြင်းဖြစ်ပါသည်။

လောကီ၊ လောကုတ္တရာနှစ်ဖြာသောစီးပွားများ ကြီးပွားတိုးတက်၍ စိတ်ရောကိုယ်ပါ အေးချမ်းသာယာကြပါစေ။

*ထာဝရဖြူစင်မေတ္တာဖြင့်*

ရွှေကံကူသာသနာပြု
မယ်တော်ကြီး

### ခုနစ်ရက်သားသမီးကံပွင့်ဂါထာ

**တနင်္ဂနွေသားသမီးကံပွင့်ဂါထာ**

က။ မေဝေါ်ရော သောဘိတော စ၊
ပီယဒဿီ သိဒ္ဓိဝိနော။
ရဝိဝါရေ အဘိဇာတာ၊ တေ
နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

**တနင်္လာသားသမီးကံပွင့်ဂါထာ**

က။ သရဏင်္ကရာ နေ၁မာ စ၊ အတ္ထဒဿီ စ ဝေဿဘူ။
စန္ဒဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

**အင်္ဂါသားသမီးကံပွင့်ဂါထာ**

က။ ဒီပင်္ကရော ပဒုမော၊ ဓမ္မဒဿီ ကကုသန္ဓော။
ဘောမဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

**ဗုဒ္ဓဟူးသားသမီးကံပွင့်ဂါထာ**

က။ ကောဏ္ဍညော နာရဒေါသတ္တာ၊ သိဒ္ဓတ္ထော ကောဏာဂမနော။
ဗုဒ္ဓဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

**ကြာသပတေးသားသမီးကံပွင့်ဂါထာ**

က။ မင်္ဂလော ပဒုမုတ္တရော၊ တိဿော နာထော စ ကဿပေါ။
ဂုရုဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

**သောကြာသားသမီးကံပွင့်ဂါထာ**

က။ သုမနော သုမေဓော ဗုဒ္ဓေါ၊ ဖုဿဝိနော စ ဂေါတမော။
သုက္ကဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

**စနေသားသမီးကံပွင့်ဂါထာ**

က။ တဏှင်္ကရော ရေဝတော စ၊ သုဇာတော စ ဝိပဿီကော။
သောရီဝါရေ အဘိဇာတာ၊ တေ နမဿာမိ သာဒရံ။
ခ။ နဝေနာနေန ကမ္မေန၊ ပေါရာဏကံ ဝိနဿတု၊
စတုန္နံ ဗုဒ္ဓတေဇေန၊ သဒါ သုခီ
ဘဝန္တုမေ။

*

### မဟာ-အဂ္ဂကျင့်စဉ်တော်

နမောအဂ္ဂဿ၊ နမောအဂ္ဂဿ
အဂ္ဂေါမေသီသေတိဌတု၊ အဂ္ဂေါမေသီသေတိဌတု
အဂ္ဂေါမယှံ၊ အဂ္ဂံဒေတု၊ အဂ္ဂေါမယှံ၊ အဂ္ဂံဒေတု

*

### ဇေယျ-ဇယန္တောဗောဓိယာမူလေ အစချီ အောင်ဂါထာ

ဇယန္တော ဗောဓိယာ မူလေ၊
သကျာနံ နန္ဒိ ဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊
ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထုဝိ-ပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။



www.burmeseclassic.com

www.burmeseclassic.com

သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏော။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရူဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

*

## သိဒ္ဓိ- အောင်သိဒ္ဓိဂါထာတော်

တြိ၊ တြံ၊ တြာ၊ တေဇသိဒ္ဓိ၊ ဇေယျသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ မနသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ သိဒ္ဓိဓာတ်ပေါင်း ရန်ခညောင်း၍ တစ်သောင်းဇမ္ဗူဒီပါ မြေမျက်နှာဝယ်၊ ကောင်းကျိုးချမ်းသာမင်္ဂလာကျက်သရေ တိုးတက်အောင် စွမ်းဆောင်နိုင်ပါစေသတည်း။

သိဒ္ဓိ၊ သိဒ္ဓိ၊ မဟာသိဒ္ဓိ၊ သိဒ္ဓိအပေါင်း ထောင်သောင်းကြေညာ၊ တေဇာတန်ခိုး တက်ဆရာတက်၊ အောင်ဆရာအောင်၊ သိဒ္ဓိ၊ သိဒ္ဓိ၊ မဟာသိဒ္ဓိ၊ သိဒ္ဓိအပေါင်း၊ သောင်းသောင်းကြေညာ၊ တေဇာလင်း၍ အောင်ခြင်းကြီးအောင်ပါစေသတည်း။

ရဝီ၊ စန္ဒြ၊ သောမ၊ ဗုဒ္ဓေါ၊ ဂုရုနှော၍ သုဒ္ဓေါ၊ သောရီ၊ တစ်လီရာဟု ရှစ်ခုသောဂြိုဟ်၊ ဝင်လို့ခို၊ အလိုရှိတိုင်း ပြည့်ပါစေသော ပြည့်စေသော်၊ အောင်ပါစေသော်၊ အောင်စေသော်။

**တြိ** - ရတနာမြတ်သုံးပါး တန်ခိုးအားကြောင့်။

**တြံ** - ကောင်းမြတ်ချမ်းသာ၊ မင်္ဂလာဟူသမျှတို့သည်။

**တြာ**- တပည့်တော်တို့အားလုံးထံသို့ (ခုနစ်ရက်သားသမီးအားလုံးထံသို့ ကမ္ဘာသူကမ္ဘာသားများအားလုံးထံသို့) ဆိုက်ရောက်ပါစေသတည်း။

*

## မေတ္တာရှင်-မေတ္တာသုတ္တပါဠိ

၁။ ယဿာနုဘာဝတော ယက္ခာ၊ နေဝဒဿေန္တိ ဘီသနံ ယဉှိစေဝါ
နုယုဉ္ဇန္တော၊ ရတ္တိန္ဒိဝ' မတန္ဒိတော။
၂။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ န ပဿတိ၊
ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ' တံ ဘဏာမ ဟေ။
၃။ ကရဏီယ' မတ္ထကုသလေန၊ ယန္တ သန္တံ ပဒံ အဘိသမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိမာနီ။
၄။ သန္တုဿကော စ သုဘရော စ၊ အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊ အပ္ပဂဗ္ဘော ကုလေသွ' နနုဂိဒ္ဓေါ။
၅။ န စ ခုဒ္ဒ' မာစရေ ကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနော ဝ ခေမိနော ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ ထာဝရာ ဝ' နဝသေသာ။
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုကထူလာ။
၇။ ဒိဋ္ဌာ ဝါ ယေ ဝ အဒိဋ္ဌာ၊ ယေ ဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။
၈။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ ကတ္ထစိ န ကဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊ နာညမညဿ ဒုက္ခမိစ္ဆေယျ။
၉။ မာတာ ယထာ နိယံ ပုတ္တံ၊ မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ။
၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိ၊ မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရ မသပတ္တံ။
၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော ယာဝတာဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊ ဗြဟ္မ' မေတံ ဝိဟာရ' မိဓ မာဟု။
၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊ န ဟိ ဇာတု' ဂ္ဂဗ္ဘသေယျ ပုန ရေတိ။

*

## မုနိ-ဗုဒ္ဓဂုဏ်တော် (၉) ပါး

**၁။ အရဟံ**

လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ဝပ်စင်းကော်ရော် ပူဇော်မှုအထူးတို့ကို ခံယူတော်မူထိုက်တော်မူသော မြတ်စွာဘုရား။

**၂။ သမ္မာသမ္ဗုဒ္ဓေါ**

သိစရာ၊ တတ်စရာ၊ တရားအားလုံးတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အလွယ်တကူ ထိုးထွင်း၍ သိမြင်တော်မူသော မြတ်စွာဘုရား။

**၃။ ဝိဇ္ဇာစရဏသမ္ပန္နော**

ဝိဇ္ဇာဟူသော အသိဉာဏ်၊ စရဏဟူသော အကျင့်တရားတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

**၄။ သုဂတော**

မှန်သောစကား၊ အကျိုးရှိသောစကားတို့ကိုသာလျှင် ဆိုတတ်တော်မူသော မြတ်စွာဘုရား။

**၅။ လောကဝိဒူ**

လောကသုံးပါးကို အကုန်အစင် သိမြင်တော်မူသောမြတ်စွာဘုရား။

**၆။ အနုတ္တရောပုရိသဒမ္မသာရထိ**

ချေချွတ်ထိုက်သော လူကြမ်း၊ နတ်ကြမ်း၊ တိရစ္ဆာန်ကြမ်းတို့ကို အတုမရှိ လိမ္မာယဉ်ကျေးအောင် ဆိုဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

**၇။ သတ္ထာဒေဝမနုဿာနံ**

နတ်၊ လူတို့၏ ဆရာတစ်ဆူဖြစ်တော်မူသော မြတ်စွာဘုရား။

**၈။ ဗုဒ္ဓေါ**

သစ္စာလေးပါး မြတ်တရားတို့ကို ကိုယ်တော်တိုင်လည်းသိ၍ ဝေနေယျအားလုံးတို့ကိုလည်း သိစေတော်မူသော မြတ်စွာဘုရား။

**၉။ ဘဂဝါ**

ဘုန်းတော် (၆) ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

ဤကဲ့သို့ အရဟံ အစ ဘဂဝါ အဆုံးရှိသော (၉) ပါးသော ဂုဏ်တော်တို့နှင့် သမ္မန္နာဂတ-ပြည့်စုံတော်မူသော နာထ - လူ၊နတ်တို့၏ ကိုးကွယ်ရာအစစ်ကေန်ဖြစ်တော်မူသော၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို အဟံ - ဘုရားတပည့်တော်သည် ကိုင်းညွတ်ရိုကျိုး သဒ္ဓါမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

*

www.burmeseclassic.com



# မင်းရှိန်အောင်

## ဗုဒ္ဓကျမ်းဂန်ထဲက ၂
## ဂမ္ဘီရဖြစ်တွေ့ပုံရိပ်များ

ဗုဒ္ဓဘုရားရှင် မျက်မှောက်တော် ကာလကဖြစ်သည်။ သာဝတ္ထိပြည်က ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး တစ်ဦး၏သားဖြစ်သော သောရေယျ သတို့သားသည် အိမ်ထောင်ရှင်ဖြစ်သော်လည်း ကာမဂုဏ်အပျော်အလွန် ကြိုက်သူဖြစ်သည်။

တစ်နေ့ သောရေယျသတို့သားသည် သူ၏ရင်းနှီးသော သူငယ်ချင်းများနှင့်အတူ သာဝတ္ထိပြည်၏ မြို့ပြင်ဘက် အတော်အတန်လှမ်းကွာသော ရေကန်ကြီးတစ်ခုန်ဘေးသို့ ပျော်ပွဲစားထွက်ခဲ့သည်။ တခြားသူတို့ ထွေးလုံးရစ်ပတ်ပျော်မြူးနေကြချိန်တွင် သောရေယျသည် အိုက်စပ်စပ်ဖြစ်လာသဖြင့် ရေကန်ထဲသို့ တစ်ယောက်တည်းသွားပြီး ရေဆင်းချိုးသည်။

ထိုစဉ် ဗုဒ္ဓဘုရားရှင်၏ ရဟန္တာတစ်ပါးဖြစ်သော ရှင်မဟာကစ္စည်းသည် ရေကန်တစ်ဖက်ရှိ ကန်ပေါင်ပေါ်တွင် ရေသုံးသပ်ပြီး၍ သင်္ကန်းဝတ်ရုံနေသည်ကို သောရေယျက မြင်တွေ့လိုက်သည်။ ထို့နောက် ထိုရှင်မဟာကစ္စည်းမထေရ်သည် ချာန်ပျံ၍ ကောင်းကင်ခရီးဖြင့် ကြွပြန်သွားသည်ကို သောရေယျ မျက်စိတစ်ဆုံးကြည့်နေလိုက်သည်။

တကယ်တော့ သောရေယျသည် ဗုဒ္ဓဘုရားရှင်သားတော်၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာ ဆိုသော ရတနာသုံးပါးထဲက တစ်ပါးဖြစ်သော သံဃာရတနာ အထွတ်အမြတ်အရှင်၊ ရဟန္တာအရှင်မြတ်ဟုယုံကြည်ကိုးစားကြည်ညိုသဒ္ဓါပွားများခြင်းမဟုတ်ဘဲ အသားအရေကရွှေရောင်အဆင်းလှလိုက်တာမှရက်စက်ပဲ။ ဒီအရှင်သာ မိန်းမဆိုလျှင် ငါ့မယားဖြစ်စေရမည်ဟု မဖွယ်မရာကြံဆပြစ်မှားအတွေးတွေးလိုက်လေသည်။ ထိုကြံဆတွေးပြီးတဒင်္ဂလေးမှာပင် သောရေယျ၏ ကိုယ်ခန္ဓာသည် ယောကျာ်းအသွင်မှ မိန်းမအသွင်သို့၊ ပုရိသလိင်မှ ဣတ္ထိယလိင်သို့ ပြောင်းလဲသွားသည်။ ထိုအခါ သောရေယျသည် အလွန်အကြူးအကြီးအကျယ် ထိတ်လန့်ချောက်ချားသွားကာ ခြေဦးတည့်ရာသို့ သွေးရူးသွေးတန်းထွက်ပြေးသွားလေသည်။

သောရေယျသည် ယောကျာ်းဘဝမှ မိန်းမဘဝသို့ပြောင်းသွားသော သူ့ရုပ်ခန္ဓာဖြင့် ရင်သွေးရတနာသားနှစ်ယောက်ရှိသော သူ့မိသားစုအသိုက်အဝန်းကို ပြန်မသွားရဲတော့ဘဲ ဝေးလံသောတိုင်းပြည်သို့ ဦးတည်သွားနေသော လှည်းကုန်သည်ငါးရာနှင့် လိုက်ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာမှာ လိုရင်းကိုချုပ်ပြောရလျှင် ထိုလေ့ကုန်သည်ငါးရာတို့၏အရှင် တက္ကသိုလ်ပြည်သားသူဌေးကြီးနှင့်မိန်းမဖြစ်သွားသောသောရေယျတို့ အိမ်ထောင်ကျသွားခဲ့ရာ သောရေယျမိန်းမမှ သားနှစ်ဦး မွေးဖွားခဲ့သည်။

နှစ်အတန်ကြာလျှင် သောရေယျမိန်းမနှင့် ခင်ပွန်းသူဌေးကြီးတို့ နေထိုင်ရာ တက္ကသိုလ်ပြည်သို့ သောရေယျ၏ အလွန်ရင်းနှီးသောသူငယ်ချင်း သာဝတ္ထိပြည်သားသည် ကုန်သွယ်ရန် ရောက်ရှိလာခဲ့သည်။ သောရေယျမိန်းမသည် ထိုသာဝတ္ထိပြည်သား သူ့သူငယ်ချင်းနှင့် တွေ့ဆုံပြီး သူ၏ဖြစ်ကြောင်းရေကုန်စင်ကို ဇာတ်စုံခင်းပြောပြီး အကူအညီ တောင်းလေသည်။

ဤနေရာမှာ အနှစ်ချုပ်ပြောရလျှင် သာဝတ္ထိပြည်သား သူငယ်ချင်း၏ ကူညီစီစဉ်ပေးမှုဖြင့် သောရေယျမိန်းမသည် ရှင်မဟာကစ္စည်းမထေရ်အားကိုယ်ထိလက်ရောက် ရှိခိုးကန်တော့တောင်းပန်မှုကြောင့် ခဏတစ်ဖြုတ်လေးအတွင်းမှာပင် မိန်းမဘဝမှ ယောကျ်ားဘဝသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားခဲ့သည် ဟူ၏။

သောရေယျသည်လည်း နောင်တကြီးစွာရ၊ သံဝေဂကြီးစွာရသဖြင့် လူဝတ်ကြောင်ဘဝမှာမနေတော့ဘဲ ရဟန်းဘောင်သို့ ကူးပြောင်းခဲ့ရသော် သိပ်မကြာမီမှာပင် အရဟတ္တဖိုလ်ဆိုက် ရဟန္တာအဖြစ်သို့ ရောက်ရှိခဲ့သည် ဟူ၏။

ဤသို့ အတ္တဘောခန္ဓာကိုယ်တစ်ခုတည်းနှင့် ယောကျ်ားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်နှင့် အကြိမ်ကြိမ်ပြောင်းလဲခဲ့ရသော အဖြစ်သနစ်ကို ကိုလိုနီခေတ်ဇာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်က မောင်မစ္စကအမည်ဖြင့် လွမ်းဆွတ်ဖွယ်ရာ၊ ရင်မောဖွယ်ရာ၊ ရယ်မောဖွယ်ရာ ကပြတင်ဆက်ခဲ့သည်ဟူ၏။

တစ်ခါတစ်ခါ ဘဝတစ်ခုတည်း၌ ခန္ဓာကိုယ်တစ်ခုတည်းဖြင့် ယောကျ်ားဖြစ်လိုက်၊ မိန်းမဖြစ်လိုက်ဆိုသည်ကို ဒဏ္ဍာရီစကားလား၊ ယုံတမ်းပုံပြင်စကားလားဟု စောဒကတက်မှုရှိနေခဲ့သည်။ တကယ်တော့ ဤဇာတ်လမ်းသည် ဗုဒ္ဓဘုရားရှင်၏ ပကတိသာဝကတစ်ပါးဖြစ်သောရေယျမထေရ်၏ ထေရုပ္ပတ္တိအမှန်ပင်ဖြစ်သည်။ ခေတ်သိပ္ပံပညာအလိုအရ ခွဲစိတ်ကုသမှုဖြင့် လိင်အပြောင်းအလဲပြုလုပ်နိုင်သော်လည်း ဖော်ပြပါဇာတ်လမ်းအရ လိင်ပြောင်းလဲမှုသည် သူ့အလိုအလျောက်ပြောင်းလဲနိုင်သည်ဟု ဆိုရာရောက်နေပေသည်။

ဤနေရာမှာ ပါရာဇိကကဏ် အဋ္ဌကထာနိဿယမှာ ဆိုထားသော ပဏ္ဍုက်ငါးမျိုးထဲက ပက္ခပဏ္ဍုက်ဆိုသည့် လဆန်းပက္ခ၊ လဆုတ်ပက္ခတို့၌ ယောကျ်ားသဏ္ဍာန်၊ မိန်းမသဏ္ဍာန် လဲလှယ်၍ဖြစ်သောပဏ္ဍုက်ဖြင့် နှိုင်းယှဉ်သုံးသပ်စရာဖြစ်သည်။

တစ်ခါ လူသားမိန်းမတို့သည် ပဋိသန္ဓေကိုယ်ဝန်ဆောင်ကြလျှင် ကိုးလလွယ်ဆယ်လဖွား ဖြစ်ကျရိုးထုံးစံရှိကြပါသော်လည်း ဗုဒ္ဓဘုရားရှင်နှင့် ဆွေမကင်းမျိုးမကင်းဖြစ်သော ကောလိယပြည်က သုပ္ပါဝသမင်းသမီးမှာတော့ ခုနစ်နှစ်ပတ်လုံး ဆင်းရဲပင်ပန်းစွာ ကိုယ်ဝန်ဆောင်နေရပြီးလျှင် ခုနစ်ရက်ပတ်လုံး ဝေဒနာပြင်းထန်စွာ ခံစားရပြီးမှ သီဝလိမင်းသားလေးကို ဓမကရိုက်ရေစစ်မှ ရေစင်ကျသလို ကောင်းမွန်စွာ မွေးဖွားလာခဲ့သည်ဖြစ်၏။ ထိုသို့မွေးဖွားပြီးသည်နှင့် သီဝလိမင်းသားလေးသည် ခုနစ်နှစ်အရွယ်ကလေးတစ်ယောက်အရွယ်ရှိနေသည်ဟူ၏။ ဤသီဝလိမင်းသားလေးသည် ရဟန်းဘောင်သို့ ဝင်ရောက်သောအခါတွင် လာဘ်လာဘအရာဝယ် တေဒဂ်ရသော ရှင်သီဝလိမထေရ်ဖြစ်လာသည် ဟူ၏။

ဤသီဝလိမထေရ်၏ ကိုယ်ဝန်ဆောင်မှုနှင့်ပတ်သက်၍ စောဒကတက်ချင်စရာတစ်ခုဖြစ်သော်လည်း ဓမ္မပဒပြဟ္မဏဝဂ် ရှင်သီဝလိမထေရ်ဇာတ်တွင် ပါရှိနေသည့်ကတော့ ဧကန်ပင်။

ဤတွင် ထူးထူးဆန်းဆန်း ပဋိသန္ဓေဆောင်မှုနှင့် ပတ်သက်၍ တင်ပြစရာလေးများ တဖွားဖွားပေါ်ပေါက်လာခဲ့ပေတော့သည်။ ယင်းတို့ကို မတင်ပြမီ ပဋိသန္ဓေလေးမျိုးဆိုသည်ကို အရင်ဦးဆုံး ဖော်ပြချင်ပါသည်။

ပထမဆုံးမှာ ဥပပါတ်ပဋိသန္ဓေဖြစ်သည်။ ထိုသန္ဓေသည် ကိုယ်ခန္ဓာကိုယ်ထင်ရှား ဘွားခနဲပေါ်ပေါက်လာသော နတ်၊ ဗြဟ္မာ၊ ငရဲ၊ ပြိတ္တာ၊ အသူရကာယ် ပဋိသန္ဓေမျိုး ဖြစ်သည်။ ဒုတိယမြောက်သန္ဓေမျိုးမှာ သံသေဒဇပဋိသန္ဓေမျိုးဖြစ်သည်။ အပင်၊ အရွက်၊ အသီး၊ အညှိကိုစွဲ၍ဖြစ်ပေါ်လာရသော သန္ဓေမျိုးဖြစ်သည်။ တတိယမြောက်သန္ဓေမျိုးမှာ အဏ္ဍဇပဋိသန္ဓေခေါ် ဥခွံတွင်းမှာနေပြီးမှ ပေါက်ဖွားရသော ကြက်၊ ငှက်၊ ကိန္နရာ၊ နဂါးလိုသန္ဓေမျိုး ဖြစ်သည်။ နောက်ဆုံးပဋိသန္ဓေမျိုးမှာ ဇလာဗုဇပဋိသန္ဓေခေါ် မိခင်၏သားအိမ်မှာ နေရပြီးမှ မွေးဖွားရသော လူ၊ ခွေး စသည့် ပဋိသန္ဓေမျိုးပင် ဖြစ်သည်။

မှတ်သားစရာက အဏ္ဍဇပဋိသန္ဓေနှင့် ဇလဗုဇပဋိသန္ဓေကို ဂဗ္ဘသေယျက ပဋိသန္ဓေဟု ခေါ်ဆိုခြင်းပင် ဖြစ်သည်။

ဤတွင် ပြည့်နှန်းတင်ပြချင်စရာက ဗုဒ္ဓဘုရားရှင်ကို ပရိသတ်လူဘုံအလယ်တွင် အသရေဖျက် စွပ်စွဲပုတ်ခတ်ခဲ့သော စိဉ္စမာဏဝိကာပရိဗိုဇ်မသည် မန်ကျည်းပင်မှာ သန္ဓေခ၍ မွေးဖွားခဲ့သူဟု ဆို၏။ ရုပ်ရည်ချောမောလှပလွန်း၍ လိုချင်သူတပ်မက်သူ များပြားလွန်းသောကြောင့် ပြည့်တန်ဆာဘဝကို ရောက်ရှိသွားခဲ့ရသော နောင်တွင် ရဟန္တာထေရီမဖြစ်ခဲ့ရသည့် ဝေသာလီပြည်သူ ကချေသည် အမ္ဗရာပါလီသည် သရက်ပင်မှာစွဲသန္ဓေယူ၍ မွေးဖွားခဲ့ရသူဟု ဆို၏။ ရဟန္တာထေရီမတို့ထဲတွင် တန်ခိုးအရာမှာ ဧတဒဂ်ဖြစ်သော ဥပ္ပလဝဏ်ထေရီမ၏ နှစဉ်တစ်ဘဝဖြစ်သော ပဒုမ္မဒေဝီသတို့သမီးသည်လည်း ကြာဖူးကြာပွင့်တွင် သန္ဓေစွဲ၍ မွေးဖွားလာခဲ့သူဟု ဆို၏။ ဤစိဉ္စမာဏဝိကာ၊ အမ္ဗရာပါလီ၊ ပဒုမ္မဒေဝီတို့သည် သံသေဒဇသန္ဓေရှင်များပင် ဖြစ်သည်။

ပို၍စိတ်ဝင်စားစရာကောင်းသည်က ပဒုမ္မာဒေဝီဇာတ်ထဲမှ ကြာဖူးထဲက မွေးသော ပဒုမ္မဒေဝီသည် အိမ်ထောင်ကျပြီးနောက် သားတစ်ကြိုးတစ်ခုကို မွေးဖွားခဲ့သည် ဟူ၏။ နောင်တွင် ထိုသားတစ်သည် အစိတ်စိတ်အမြွှာအမြွှာငါးရာကွဲစိတ်သွားကာ သားယောကျ်ားလေးငါးရာအဖြစ် မွေးဖွားသန္ဓေစင်သွားခဲ့သည် ဟူ၏။ နောက်ပိုင်း၌ ထိုယောကျ်ားလေးငါးရာတို့သည် ပစ္စေကဗုဒ္ဓါငါးရာအဖြစ်သို့ ရောက်ခဲ့သည် ဟူ၏။

သို့လိုပင် ဝဇ္ဇီတိုင်း ဝေသာလီပြည်ကို ထူထောင်ခဲ့သော လိစ္ဆဝီမျိုးနွယ်တို့ နိဒါန်းအစသည်လည်း အထူးစိတ်ဝင်စားစရာပင်။ ဗာရာဏသီမင်းကြီး၏မိဖုရားကြီးမှ မွေးဖွားသောသားတစ်ကို အိုးတစ်လုံးမှာထည့်၍ ဂင်္ဂါမြစ်ထဲမျှောလိုက်သည်ကို မြစ်ကြောမှာနေသောရသေ့ကြီးတစ်ပါးမှဆယ်ယူမွေးမြူထားရာ အချိန်တန်လျှင် ထိုသားတစ်ကြိုးသည် နှစ်ခြမ်းကွဲ၍ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက် ဖြစ်သွားသည် ဟူ၏။

ထိုယောကျ်ားလေး၊ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com

သည် အရွယ်ရောက်သောအခါတွင် ဆက်ဆက်ပေါင်းဖက်ကြခြင်းဖြင့် မွေးသန့်စင်လာသော မျိုးဆက်များသည် တိုင်း ဝေသာလီပြည်ကို ထူထောင်သော လိစ္ဆဝီမျိုးနွယ်များ ဖြစ်လာကြသည် ဟူ၏။

ဤတွင် မေးစရာ၊ တွေးစရာဖြစ်သည်က ထိုသားတစ်များမှ ဖြစ်လာသောကလေးငယ်တို့သည် သံသေဒဇ သန္ဓေရှင်ဟု ဆိုရမည်လော။

ပို၍ဝေဖန်စောကြောစရာကောင်းသော သန္ဓေယူမှုဆိုင်ရာတစ်ခုကို ပြဆိုခြင်း ဖြစ်ပါသည်။ ကုသဇာတ်တော်ထဲတွင် သိကြားမင်းက ကုသမင်းသား၏ ယ်တော်ချက်ကို သုံးသပ်ခြင်းဖြင့် ကုသတို့ ကိုယ်ဝန်တည်စေခဲ့သည် ဟူ၏။ သုဝဏ္ဏသာမဇာတ်တော်ထဲတွင် သုဝဏ္ဏသာမ၏ ခမည်းတော် ဒုကာရိက မယ်တော် ပါရိကာ၏ချက်ကို သုံးသပ်စေခြင်းဖြင့် သုဝဏ္ဏသာမကို သန္ဓေတည်ခဲ့သည် ဆို၏။ ပြီး - စဏ္ဍောပဇ္ဇောဇာဝတ္ထုထဲတွင်လည်း စဏ္ဍောပဇ္ဇောတမင်း၏ မယ်တော်သည် ရေမိုးချိုး၍ လေသာပြတင်းအနီး လဲလျောင်းနေစဉ် ကင်းတစ်ကောင်က ၏လိင်အင်္ဂါထက်ဝန်းကျင်တွင် သွားလှုပ်ရှားနေသည်ကို သာယာမိသည် အစပြု၍ စဏ္ဍောပဇ္ဇောတမင်းကို သန္ဓေခဲ့သည်ဟု ဆိုသည်။ ထိုစဏ္ဍောပဇ္ဇောတမင်းသည် အဝန္တီတိုင်း ဥဇ္ဇေနီ ရှင်ပင်ဖြစ်သည်။ ဝိနည်းအဋ္ဌကထာမှာတော့ ရာဂစိတ်နှင့် ကိုယ်လက်သုံးသပ် ပွေ့ဖက်သာယာသဖြင့် ပဋိသန္ဓေတည်နိုင်သည်ဟု ဆိုထားသည်

ယခုထက်ပို၍ အကျောက်အကန်ခဲ့စရာကောင်းသော ပဋိသန္ဓေယူမှုတစ်မျိုးကိုလည်း တွေ့ရှိရပေသေးသည်။ ၎င်းမှာ အလမ္ဗုသာဇာတ်တော်ထဲတွင် ဘုရားလောင်းရသေ့ကြီး၏ သုက်သွေးပါသော ကျင်ငယ်ရေကို သောက်သုံးမိသော သမင်မလေးသည် သန္ဓေစွဲပြီး လူသားယောကျ်ားလေးကို မွေးဖွားလာခဲ့သည်ဟု ဆို၏။ ထိုကလေးသည် နောင်တွင် ဣသိသိင်္ဂရသေ့လေး ထင်ရှားခဲ့သည်။

သို့လိုပင် နိဠိနိကာဇာတ်တော်ထဲတွင်လည်း ဘုရားလောင်းရှင်ရသေ့ကြီး၏ သုက်သွေးပါသော ကျင်ငယ်ရေ သောက်သုံးမိသော သမင်မလေးသည် လူသားယောကျ်ားလေးတစ်ဦးကို မွေးဖွားခဲ့သည်ဟု ဆိုထားပြန်သည်။

ပသို့ပင်ဆိုစေ လျှို့ဝှက်နက်ရှိုင်းစွာ ဂမ္ဘီရဝေဆာမှု ပြယုဂ်တစ်ခုပင်။

နောက်အကြောင်းရာသစ်တစ်ခုကို ပြဆိုချင်ပါသေးသည်။ သတ္တတိနိပါတ် ကုသဇာတ်ထဲတွင် ပဘာဝတီမင်းသမီး၏ကိုယ်ခန္ဓာမှာ တက်သစ်စနေရောင်မျိုး အရောင်အလင်း ထွက်ဖြာသည်ဟု ဆိုထားသည်။ မှောင်မိုက်ခိုက်၌ လေးတောင်ရှိသော တိုက်ခန်း၌ ဆီမီးထွန်းရန်မလိုဘဲ လင်းထိန်နေသည်ဟု ဆိုထား၏။

ယင်းသို့ပင် ဖြပ္ပဏ္ဏဝဂ် စန္ဒာဘမထေရ်ဝတ္ထုထဲတွင် ရာဇဂြိုဟ်ပြည်သား စန္ဒာဘပုဏ္ဏား၏ချက်ဝန်းကျင်မှာ လ၏အရောင်အလင်းလို အလင်းရောင်ထွက်ပေါ်နေသည်ဟုဆို၏။ ထိုစန္ဒာဘပုဏ္ဏားတို့၏အသိုင်းအဝိုင်းသည် ထိုသို့အလင်းရောင်ထွက်မှုကိုအကြောင်းပြု၍ မျောက်ပြဆန်တောင်းလုပ်စားခဲ့ကြသည်ဟူ၏။

တစ်ဖန် အနာထပိဏ်ဝတ္ထုထဲတွင် သာဝတ္ထိပြည်သား အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်ပြည်ရှိ သူ့ယောက်ဖ ရာဇဂြိုဟ်သူဌေးထံ ကုန်သွယ်ရောက်ရှိလာစဉ် ဗုဒ္ဓဘုရားပွင့်တော်မူပြီ ဖြစ်ကြောင်း၊ ယခု ရာဇဂြိုဟ်ပြည်၏ မြို့ပြင် ဝေဠုဝန်ကျောင်းတိုက်၌ သီတင်းသုံးနေကြောင်းကို ယောက်ဖသူဌေးထံမှ သိရှိရသောအခါတွင် အနာထပိဏ်သူဌေးသည် ဗုဒ္ဓဘုရားရှင်အား တွေ့ဆုံဖူးမြော်လိုက်စိတ် တစ်စတစ်စပေါက်ဖွားကြီးထွားလာခဲ့သည်။ ဖြစ်ချင်သည်က ထိုအချိန်သည် အကာလညဥ့်အချိန်ဖြစ်နေသဖြင့် မြို့တံခါးကလည်း ပိတ်သွားပြီဖြစ်သဖြင့် မိုးလင်းအောင် တစ်ညတာစောင့်ဆိုင်းရမည့်အခြေသို့ ဆိုက်ရောက်သွားခဲ့၏။ အနာထပိဏ်သည် အတော်ကြီးကို သည်းခံ၍ အိပ်စက်ခဲ့ရသည်။ သို့သော် အချိန်သိပ်မကြာမီမှာပင် အနာထပိဏ်သည် တစ်ရေးနိုးသောအခါတွင် အလင်းရောင်များ ထိန်လင်းနေသည်ကို တွေ့ရှိရသဖြင့် မိုးလင်းပြီဟုမှတ်ကာ တစ်ယောက်ကိုမျှ အဖော်မခေါ်တော့ဘဲ ဘုရားရှင် သီတင်းသုံးရာ ဝေဠုဝန်ကျောင်းသို့ဦးတည်သွားလေတော့သည်။ မြို့တံခါးလည်း အသင့်ပွင့်နေသည်ကို တွေ့သဖြင့် မြို့တံခါးမှထွက်ကာ ဝေဠုဝန်ကျောင်းဆီသို့သွား၏။

အမှန်စင်စစ် ရာဇဂြိုဟ်မြို့နှင့် ဝေဠုဝန်ကျောင်းကြားတွင် သချိုင်းကုန်းတစ်ခုရှိ၏။ ထိုသချိုင်းကုန်းထဲသို့ အနာထပိဏ်ရောက်ရှိသွားပြီး လူသေလောင်းတစ်ခုကို ခလုတ်တိုက်မိသဖြင့် ငုံ့ကြည့်မိ၍ ထိတ်လန့်ကြောက်ရွံ့သွားသောအခါတွင် လင်းထိန်နေသော အလင်းရောင်များပျောက်သွားကာ အမှောင်အမိုက်ဖုံးသွားသည်ဟူ၏။ တကယ်တော့ ညဥ့်ကာလ မကုန်သေး။ အနာထပိဏ်အဖို့ ဗုဒ္ဓဘုရားရှင်အား ကြည်ညိုစိတ် ပီတိကြီးမားလျက် ဆန္ဒစောနေမှုကြောင့် နေ့ခင်းတစ်ခုလို အရောင်အလင်းထွက်ပေါ်သည် ဟူ၏။ အနာထပိဏ်သည် လူသေကောင်ခလုတ်တိုက်မိ၍ ကြောက်ရွံ့စိတ်ဝင်၍ ပီတိစိတ်ပျောက်သွားသောအခါတွင် အလင်းရောင်ပျောက်ပြီး မူလအတိုင်း အမှောင်အမိုက်ဖုံးလွှမ်းသွားသည် ဟူ၏။

အနာထပိဏ်သူဌေး၏ပီတိအစွမ်းနှင့် ကုက္ကုဋဝတီပြည့်ရှင် မဟာကပ္ပိနမင်းတို့၏ ပီတိအစွမ်းတို့ကား မတူပါချေ။ မဟာကပ္ပိနမင်းသည် ဗုဒ္ဓဘုရားရှင် ပွင့်တော်မူကြောင်း ကြားသိသောအခါတွင် ဗုဒ္ဓဘုရားရှင်အား ဖူးမြော်လိုစိတ်၊ ဗုဒ္ဓဘုရားရှင်အား ကြည်ညိုစိတ်၊ ဗုဒ္ဓဘုရားရှင်ထံ သာသနာ့ဘောင်ဝင်လိုစိတ်များ ပြင်းထန်စွာဖြစ်ပေါ်လာသဖြင့် မဟာကပ္ပိနမင်းနှင့် သူ့အပေါင်းအသင်းတို့သည် မြင်းကိုယ်စီစီးလျက် ခရီးပြင်းနှင်ခဲ့ရာ လမ်းခရီးတွင်တွေ့ခဲ့ရသော အပရစ္ဆမြစ်၊ နီလာဓာဟနမြစ်၊ စန္ဒာဘာဂါမြစ် တို့ကိုလည်း မြင်းစီး၍ပင်ဖြတ်ခဲ့သည် ဟူ၏။ ထိုမြစ်သုံးစင်းကို မြင်းစီး၍ ဖြတ်ကျော်သောအခါတွင် မြင်းခွာရေဆွတ်ရုံမျှသာရှိသည်ဆို၏။ ဤသည်မှာ မဟာကပ္ပိနမင်းတို့၏ ဗုဒ္ဓဘုရားရှင်အပေါ် ကြည်ညိုသောပီတိအစွမ်းကြောင့်ဟု ဆို၏။

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာတွင် ပီတိများကို ဤသို့ဆိုထားသည်။ ၎င်းမှာ ခုဒ္ဒကာပီတိ(ကြက်သီးမွေးညင်းထရုံမျှ နှစ်သက်ရွှင်ပြခြင်းမျိုး)၊ ခဏိကာပီတိ (လျှပ်စစ်ပြက်သကဲ့သို့ ခဏချင်းဖြစ်၊ ခဏချင်းပျက်သော နှစ်သက်ခြင်းမျိုး)၊ ဩက္ကန္တိကာပီတိ (ဒီလှိုင်းကြီးများအိဖုံးလွှမ်းသလို တစ်ကိုယ်လုံးသက်ရောက်နှစ်သက်ခြင်းမျိုး)၊ ဥဗ္ဗေဂါပီတိ (တစ်ကိုယ်လုံး ကြွတက်လွင့်မျောစေနိုင်သော နှစ်သက်ခြင်းမျိုး)၊ဖရဏာပီတိ(တစ်ကိုယ်လုံး တစိမ့်စိမ့် တသိမ့်သိမ့်ပျံ့နှံ့နေသော နှစ်သက်ခြင်းမျိုး) ဟူ၍ ဖြစ်၏။

ဤနေရာမှာ မဖြစ်မနေ ထည့်သွင်းပြောချင်တာလေးတစ်ခုကတော့ 'မွေးဖွားစကို၊ စကားဆို၊ ပုဂ္ဂိုလ်လေး

www.burmeseclassic.com

ယောက် အဘယ်ကြောင့်နည်း' ဟူသော ပုဂ္ဂိုလ်ထူးလေးဦးကိုပင် ဖြစ်၏။ ပထမ ပုဂ္ဂိုလ်မှာ ဝေဿန္တရာဇာတ်တော်ထဲက ဝေဿန္တရာမင်းသား မွေးဖွားစတွင် 'အလှူဒါနပြု၍ဥစ္စာခနေပေးပါ'ဟု စကားစပြောသည်။ ဒုတိယပုဂ္ဂိုလ်မှာ မဟောသဓာဇာတ်တော်မှ မဟောသဓာသတို့သားသည် ဖွားသစ်စတွင် လက်ထဲမှာပါလာသော ဆေးမြစ်တိုကမ်း၍ 'ရောဂါကင်းအောင် ဤဆေးမြစ်ဖြင့် ကုသပါ' ဟု စကားစပြောသည်။ တတိယပုဂ္ဂိုလ်မှာ ဗုဒ္ဓဝင်လာ သိဒ္ဓတ္ထမင်းသားသည် မွေးဖွားပြီးသည်နှင့် အရှေ့ဘက်မှ မြောက်ဘက်သို့ ခြေဖဝါးခုနစ်ဖဝါးလှမ်းကာ -

'အဂ္ဂေါ ဟ မသ္မိ လောကဿ၊
ဇေဋ္ဌော ဟ မသ္မိ လောကဿ၊
သေဋ္ဌော ဟ မသ္မိ လောကဿ'

ဟု စကားကြီးသုံးခွန်းကို မိန့်ဆိုသည်ဟု။

ထောက်ပြစရာတစ်ခုက ယခုဆိုခဲ့သော ဝေဿန္တရာမင်းသား၊ မဟောသဓာသတို့သား၊ သိဒ္ဓတ္ထမင်းသားတို့သည် ဂေါတမဗုဒ္ဓဘုရားရှင်လောင်းလျာများဖြစ်ကြသော်လည်း ယခု စတုတ္ထမြောက်မွေးဖွားစတွင် စကားဆိုသော ပုဂ္ဂိုလ်ထူးသည် ဗုဒ္ဓဘုရားရှင်လောင်းလျာမဟုတ်သည်က ထူးခြားမှုတစ်ခုပင် ဖြစ်သည်။

ထိုပုဂ္ဂိုလ်မှာ အမ္ဗဋ္ဌဇာတ်လာ ဩက္ကာကရာဇ်မင်းကြီး၏ ဒိသာဟုခေါ်သော ကျွန်မမှမွေးဖွားသော ကဏှဟုခေါ်သော သတို့သားပင် ဖြစ်သည်။

သူစကားစပြောပုံက -

'မိခင်၊ ကျွန်ုပ်ကို ဆေးကြောသုတ်သင်ပေးပါ။ ရေမိုးချိုးပေးပါ။ ဤအညစ်အကြေးမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးပါ။ မိခင်တို့အကျိုးရှိပါလိမ့်မည်'

ဟူ၍ ဖြစ်၏။ နောင်တွင် သူသည် အမ္ဗဋ္ဌပုဏ္ဏားမျိုးနွယ်ကို ထူထောင်ခဲ့သည် ဆို၏။ ထိုအမ္ဗဋ္ဌပုဏ္ဏားမျိုးတို့သည် ဗုဒ္ဓဘုရားရှင်အား ဝါဒရေးရာအရ ယှဉ်ပြိုင်ခဲ့ကြသည်။

တစ်ခါပြောချင်တာလေးတစ်ခုကို ဆက်၍ပြောချင်ပါသေးသည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ဒါယကာ အနာထပိဏ်သူဌေးကြီး၏ အောင်မြင်မှုကို စူးစမ်းလိုသဖြင့် ပုဏ္ဏားတစ်ယောက်က ဝင်ရောက်စူးစမ်းရာ ကျက်သရေမာတ်ကြောင့်ဆိုသည်ကို တွေ့သိသွားသည်။ ပုဏ္ဏားသည် ထိုကျက်သရေမာတ်သည် အဘယ်မှာတည်သနည်းဆိုသည်ကိုကြည့်ရာ သူဌေးကြီး၏ အလှမွေးထားသော ကြက်ဖကြီးအမောက်မှာ တည်ရှိနေသည်ကို တွေ့သဖြင့် သူဌေးကြီးထံတွင် ထိုကြက်ဖကြီးကို အလှူခံလေသည်။

ထိုကြက်ဖကြီးသည် ပုဏ္ဏားလက်ထဲရောက်သည်နှင့် ကြက်ဖကြီးထဲမှ ကျက်သရေမာတ်ပျောက်သွားသဖြင့် ထပ်မံကြည့်ရာ သူဌေးကြီးစည့်ခန်းဆောင်တွင် အလှထားသော ပတ္တမြားကြီးထံသို့ ထိုကျက်သရေမာတ်ရောက်ရှိနေသည်ကို တွေ့သဖြင့် ထိုပတ္တမြားကို သူဌေးကြီးထံမှ အလှူခံပြန်ရာ ထိုပတ္တမြား ပုဏ္ဏားကြီးလက်ထဲကို ရောက်သည်နှင့် ကျက်သရေမာတ်သည် သူဌေးကြီးအမြဲကိုင်နေကျ တောင်ဝှေးသို့ ကူးပြောင်းသွားပြန်သည်။ ပုဏ္ဏားက ထိုတောင်ဝှေးကိုအလှူခံပြန်ရာ တောင်ဝှေးမှ ကျက်သရေမာတ်သည် သူဌေးကြီးကတော် မဟာပုလက္ခဏာဒေဝီ၏ ဦးခေါင်းသို့ ရောက်ရှိသွားခဲ့သည်။ သို့မှသာ ပုဏ္ဏားကြီးလက်လျှော့သွားခဲ့သည်ဟူ၏။ ဤသည်ကိုကြည့်သော် ကျက်သရေမာတ်သည် လူတိုင်းနှင့်မတန်ဟု ဆိုရမလိုဖြစ်သည်။

ဤသည်နှင့် ဆက်နွယ်လျက် ဓမ္မပဒ အဋ္ဌကထာရဝက် သိရိဇာတ်လာကို တင်ပြချင်ပါသေးသည်။ ထိုဇာတ်လမ်းအရ ရသေ့ကြီးသည် သစ္စကျောင်းအနီးသစ်ပင်တစ်ပင်ပေါ် အိပ်တန်းဝင်ကြသော ရန်ဖြစ်နေကြသည့် ကြက်နှစ်ကောင်ကိုမှတ်သားပြီး သူ့အား ဆည်းကပ် ကိုးကွယ်ကြသော ပြည့်ရှင်မင်း၏ စီးတော်ဆင်ကို ထိန်းသိမ်းရသည့်ဆင်ထိန်းအား ဖမ်းယူသတ်ဖြတ်ချက်ပြုတ်စေပြီး သူ့အားကြက်ဦးခေါင်းအား ကပ်လှူရန် ကျန်သော အသားများကို ဆင်ထိန်းနှင့် ဆင်ထိန်းမိသားစုကို စားသောက်လေသည်။

ထိုကဲ့သို့ ပြောရသည်မှာလည်း အကြောင်းရှိသည်။ ကြက်တစ်ကောင်က သူ့အသားစားလျှင် ဥစ္စာရတနာများ ရလိမ့်မည်ဟု ကြွားဝါးရန်ဖြစ်သည်။ နောက်တစ်ကောင်က သူ့ဦးခေါင်းအား စားလျှင် ဘုရင်ဖြစ်မည်။ အသည်းနှလုံး ကလီစာကိုစားလျှင် မင်းဆရာဖြစ်မည်။ အသားအရိုးကိုစားလျှင် မင်းချီးမြှောက်ခြင်းခံရမည်ဟု ထူးကဲစွာကြွားဝါးသည်။

လက်တွေ့တွင် ကြက်သားကို ချက်ပြုတ်စဉ် ကြက်ဦးခေါင်းများသည် မီးဖိုပြာထဲကျသွားသဖြင့် ဆင်ထိန်းက စားပစ်လိုက်ပြီး ကြက်သည်း၊ကြက်နှလုံး၊ ကြက်ကလီစာများကို အမွှန်အမြတ် ချက်ပြုတ်ပြီး ရသေ့ကြီးကို ကပ်လှူလို့ အသားနှင့်အရိုးကို မိသားစုအား ကျွေးလေသည် ဟူ၏။ နိဂုံးချုပ်လိုက်လျှင် ဆင်ထိန်းသည် ပြည့်ရှင်မင်းကြီးဖြစ်ခွင့်ရသွားပြီး ရသေ့ကြီးသည် မင်းဆရာဖြစ်သွားသည်ဟူ၏။ ဤနေရာမှာ ဆိုချင်စရာက ထိုက်သူစံဟူ၍ပင် ဖြစ်၏။

နောက်စိတ်ဝင်စားစရာတစ်ခုကတော့ လူတို့၏ ကိုယ်ကျင့်သီလစောင့်ထိန်းမှု၊ မစောင့်ထိန်းမှုနှင့် ဥတုနိယာမ၊ ဗီဇနိယာမတို့ဆက်နွယ်မှု (ဝါ) တုံ့ပြန်သက်ရောက်မှုရှိသည်ကို ဆိုခြင်းပင်ဖြစ်၏။ ယင်းတို့ကို တိကနိပါတ်၊ ဂါမဏိစန္ဒဇာတ်၊ စတုက္ကနိပါတ်၊ ရာဇဝါဒဇာတ်၊ စတ္တာလီသဇာတ်၊ တေသကုဏဇာတ်၊ ဧကနိပါတ်၊ ဓမ္မိကဇာတ်တို့တွင် ဖော်ညွှန်း ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။ ရာဇဝါဒဇာတ်တွင် မင်းကျင့်တရားစောင့်ထိန်းမှုရှိသောအခါတွင် သစ်သီးဝလံများ ချိုမြိန်ကြပြီး မင်းကျင့်တရားဖောက်ပြန်သောအခါတွင် သစ်သီးဝလံများ ခါးသက်ကြသည်ဟု ပြဆိုထားသည်။

တေသကုဏဇာတ်တွင် ဂရုဓမ္မသီလစောင့်ထိန်းသောအရပ်တွင် မိုးလေဝသ မှန်ကန်ညီညွတ်ကြပြီး ဂရုဓမ္မသီလပျက်ပြားသောအရပ်တွင် မိုးလေဝသဖောက်ပြန်ပြားတတ်သည်ဟု ဆို၏။ ဓမ္မိကဇာတ်တွင် လူတို့ဖောက်ပြန်လျှင် နတ်တို့မစောင့်ရှောက်တတ်။ ထိုအခါ နေ၊ လ ဖြိုဟ်သွား၊ ဖြိုဟ်လာ မညီညွတ်တော့။ ထိုအခါ မိုးလေဝသရာသီဥတု ဖောက်ပြန်သည်ဟု ဆိုထားသည်။ မှတ်သားစရာတစ်ခုက ဝေဿန္တရာဇာတ်တော်ကြီး အပါအဝင် ဇာတ်တော်တချို့တွင် ဆင်ဖြူတော်ရှိသောဒေသ၊ ဆင်ဖြူတော်ရောက်သောဒေသတွင် မိုးရွာတတ်သည်၊ မိုးသုံးပါးညီညွတ်တတ်သည်ဟု ဆိုထားပါသေးသည်။

ဆိုခဲ့လေသမျှကို ချုပ်၍ဆိုရလျှင် ကိုယ်ပြုသောကံ ပုံတင်သံ ကိုယ်ထံပြန်လာမည်ဆိုသော ဥပဒေသအောက်မှာ ချည်းမထားဘဲ ပုညဗီဇ၊ ကမ္မဗီဇ၊ ဝိဇ္ဇာ မယိဒ္ဓိ၊ မဟိဒ္ဓိ၊ ဣဒ္ဓိဆိုသော ဂမ္ဘီရဆက်နွယ်မှု၊ ယှက်နွယ်မှုများကိုလည်း ထည့်သွင်းသုံးသပ်ရမည်ထင်ပါသည်။

မင်း[illegible]အောင်

www.burmeseclassic.com

www.burmeseclassic.com



ရွှေပလ္လင်ထက်ဝယ် ဘုရားညီနောင် စံတော်မူနေစဉ်

## ရွှေကျွန်းသန္တာ ကျောက်ဖြူမြို့မှ အံ့ဖွယ်သာဓော

# ကံ့ကော်တောဘုရားညီနောင်

### ရွှေချိုအောင်(ပေဃီ)

ရွှေကျွန်းသန္တာခေါ် ကျောက်ဖြူမြို့ကို စာရေးသူ ရောက်ရှိလေတိုင်း ကျောက်ဖြူမြို့ အနောက်ဘက် ဂုံးချိန်ရွာရှိ ကံ့ကော်တောဘုရားပွဲတော်ကို အထူးသတိရလေ့ရှိပါသည်။ ထိုဘုရားပွဲတော်တွင် စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးသည့် ပိန်းဟင်းနှင့် ဒေသထွက်စားစရာများကို အလွန်ခံတွင်းတွေ့လေ့ရှိခြင်းပင်ဖြစ်သည်။ ပိန်းပင်တို့မည်သည်မှာ ပိန်းပင်ကြီးများဖြစ်သည့် အပေါင်(အလက်)ပိန်း၊ ကျောက်ပိန်းတို့မှလွဲ၍ ကျန်ပိန်းမျိုးများမှာ ယားယံလေ့ရှိသဖြင့် ဟင်းချက်မစားကြချေ။ သို့သော် ရွှေကျွန်းသန္တာခေါ် ကျောက်ဖြူမြို့ ကံ့ကော်တောဘုရားပွဲတော်တွင် ပိန်းရိုင်းပင်များကို ဟင်းချက်ကျွေးရာ မယားယံဘဲ ဟင်းကောင်းတစ်ခွက်အဖြစ် မြိန်ရေရှက်ရေ စားသုံးနိုင်သည်မှာ ဘုရားတန်ခိုးတော်ကြောင့်ဖြစ်ကြောင်း ကျောက်ဖြူမြို့သားတိုင်း လက်ခံယုံကြည်ကြပါသည်။ မယုံကြည်လိုသူများ စမ်းသပ်ကြည့်လိုပါက ဘုရားပွဲတော်ရက်မဟုတ်သည့် အချိန်အခါတွင် ချက်စားကြည့်ပါက လျှာထွက်အောင်ပင် ယားယံဖူးသဖြင့် လူတိုင်း အလောင်းအစားမလုပ်ရဲကြချေ။ ကံ့ကော်တောဘုရားညီနောင်ကား ဤထက်မက တန်ခိုးတော်နှင့် ပြည့်စုံပြီး ရှေးဟောင်းသမိုင်းဝင် ဆင်းတုတော်နှစ်ဆူဖြစ်ကြောင်း ရေးသား တင်ပြလိုပါသည်။

**စာရေးသူနှင့်မြို့ကျောက်ဖြူ**

စာရေးသူသည် ကျောက်ဖြူမြို့သို့ ပညာရေးပဌာန်းဆက်အရရ တစ်ကြိမ်မက အကြိမ်ကြိမ်ရောက်ရှိခွင့်ကြုံခဲ့ပါသည်။ ၁၉၈၅ခုနှစ်က ဘွဲ့ရအလုပ်ခွင်ဝင် တစ်လသင်တန်းကို ပထမဦးဆုံးတက်ခဲ့ရပါသည်။ ၁၉၈၇ ခုနှစ်တွင် အင်္ဂလိပ်စာ၊ သချာသုံးလသင်တန်း၊ ၁၉၈၈ ခုနှစ်တွင် ဆရာဖြစ်တစ်နှစ်သင်တန်း၊ ၂၀၀၀ပြည့်နှစ်တွင် တွဲဖက်သင်ရိုးဝင်ပန်းချီသင်တန်း၊ ၂၀၀၅ ခုနှစ်တွင် စာပေးစာယူ အလယ်တန်းဆရာဖြစ်သင်တန်း စသည်ဖြင့် ကျောက်ဖြူမြို့သို့ အကြိမ်ကြိမ်ရောက်ရှိကာ ကျောက်ဖြူသားတစ်ဦးနှယ်ဖြစ်နေပါသည်။ စာရေးသူကိုင်ဆောင်ထားသည့် နိုင်ငံသားမှတ်ပုံတင်ပင်လျှင် (၁၁/ကဖန(နိုင်)၀၁၀၀၂၂) ဖြစ်နေသဖြင့် ကျောက်ဖြူသားလားဟု အမေးခံရဖူးပါသည်။ အမှန်က ကျောက်ဖြူတွင် တစ်နှစ်သင်တန်းတက်ရင်း မှတ်



ရုပ်တုတော်ကြီးအား ဖူးမြော်ရစဉ်



တန်ခိုးကြီး နောင်တော်လေးရုပ်တုတော်




www.burmeseclassic.com


www.burmeseclassic.com



ကုံကော်တောဘုရားညီနောင်အား ဖူးတွေ့ရပုံ



စေတီတော်အား ဖူးတွေ့ရစဉ်



ကြေးဆင်းတုတော်အား ဖူးတွေ့ရစဉ်

ပုံတင်အသစ်ပြုလုပ်ချိန်၌ ကျောက်ဖြူတွင် ရောက်ရှိနေထိုင်သောကြောင့်ဖြစ်ပါသည်။စာရေးသူ ကျောက်ဖြူသင်တန်းကာလအတွင်း အငြိမ်မနေပါ။ ဒေသန္တရဗဟုသုတအလို့ငှာ ကင်မရာတစ်လုံးနှင့် လှည့်လည်သွားလာနေလေ့ရှိပါသည်။ ကျောက်ဖြူမြို့ ကျောက်တစ်လုံးဘုရား၊ စေတီတောင် ရွှေသာလျောင်းဘုရားကြီး၊ ဦးဘစောဘုရား၊ အဝေးဆုံး ဂုံးချိန်ရွာရှိကုံကော်တောဘုရားသို့ပင် ခြေကျင်သွားလေ့ရှိသည်။ ဟိုတုန်းက ယခုလိုကား၊ မော်တော်ဆိုင်ကယ်၊ ဆိုင်ကယ်တက္ကစီ၊ ထော်လာဂျီများမရှိသေးသဖြင့် သွားလာရေးအခက်အခဲရှိခဲ့လေသည်။ လူငယ်သဘာဝနတ်ကျောက်နှင့်ဗိုလ်ကြီးချိုင့်ကွေ့ပင်လယ်ကမ်းခြေနှင့် ပွိုင့်မှာပျော်ခဲ့ကြဖူးလေသည်။ ကျောက်ဖြူမြေတွင် ကျွန်တော်နှင့် သင်တန်းတက်ဖက်ဆရာ၊ ဆရာမများသည် အလယ်တန်းကျောင်းအုပ်၊ အထက်တန်းကျောင်းအုပ်မြို့နယ်၊ ခရိုင်ပညာရေးမှူး စသည်ဖြင့်ဖြစ်နေကြရော့မည်။ ကျောက်ဖြူမြို့သားများဖြစ်သည့် ကာယဆရာ ဦးလှသိန်း၊ ဦးစောကြည်၊ ဒေါ်တင်ကြီးတို့မှာ အရင်းနှီးဆုံး ဆရာ၊ ဆရာမများဖြစ်ကြသည်။ ကျောက်ဖြူသည် ရေနံ၊ သဘာဝဓာတ်ငွေ့ဖြင့် ကြီးကျယ် စည်ကား တိုးတက်နေပြီ ဖြစ်လေသည်။

## သန္တကျောက်ဖြူ မြို့အမည်တူ

ကျောက်ဖြူမြို့သည် မြန်မာနိုင်ငံရှိကျွန်းများအနက် အကြီးဆုံးကျွန်းဖြစ်သည့် ရမ်းဗြဲကျွန်းတွင် တည်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် ဝတီလေးရပ်တည်ရှိပေရာ ဒွါရာဝတီ၊ ရမ္မာဝတီ၊ ဓညဝတီ၊ မေဃဝတီတို့ ဖြစ်ပါသည်။ ကျောက်ဖြူမြို့သည် ရမ္မာဝတီခေါ် ရမ်းဗြဲကျွန်းကြီး၏ မြောက်ဘက်အစွန်ဆုံးတွင် တည်ရှိနေသည့် မြို့တစ်မြို့ဖြစ်ပါသည်။ ရခိုင်ရှေးဟောင်းရာဇဝင်အရ ရခိုင်ပြည်နယ်တွင် 'ဝတီလေးရပ်'သာမက တိုင်းကြီး (၁၂) တိုင်း ရှိခဲ့ဖူးလေသည်။ ထိုတိုင်း (၁၂)တိုင်းထဲတွင် ရမ္မာဝတီခေါ် ရမ္မာပူရကျွန်းကြီးသည်လည်း တိုင်းတစ်တိုင်းအဖြစ်ပါဝင် ခဲ့လေသည်။


ကဿပဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူပြီးနောက် ဘုရားရှင်သည် နောက်တော်ပါ ရဟန္တာများနှင့် ကောင်းကင်ခရီးမှ ဒေသစာရီကြွချီတော်မူလေရာ ရခိုင်ပြည်နယ်၏အလယ်ဗဟို ဘင်္ဂလားပင်လယ်ပြင်ထဲတွင် ဝမ်းဘဲငှက်

ကျွန်းငယ်ပေါ်သို့ ဆင်းသက်
ကာ နားနေတော်မူလေသည်။
ဘုရားရှင်က ဤကျွန်းငယ်သည်
ကာလတွင် 'ဝမ်းဘဲကျွန်း' ဟု
တွင်လတ္တံ့ဟု ဗျာဒိတ်တော်ပေး
မူလေသည်။ ထိုအခါ 'ဝမ်းဘဲ
သည် ကာလရှည်လျားလာသည့်
ရမ်းဗြဲကျွန်း'ဟု အမည်ပြောင်းလဲ
ဆိုလာခဲ့ကြလေသည်။


ရခိုင်ပြည်နယ်ကို အင်္ဂလိပ်တို့
ခဲ့ကြပြီးနောက် ၁၈၂၉ခုနှစ်တွင်
ဖြူမြို့ကို ရခိုင်တိုင်းစစ်ဌာနချုပ်
ထားကာ တပ်မြို့သဖွယ်ပြုလုပ်
လေသည်။ ၁၈၅၂ခုနှစ်တွင် အမ်း
ရမ်းဗြဲခရိုင်ကိုဖျက်သိမ်း၍ နှစ်ခု
စပ်ကာ ကျောက်ဖြူခရိုင်အဖြစ်
ချုပ်ခဲ့ကြပြန်လေသည်။ ထို့ကြောင့်
ဖြူမြို့ရှိ အဆောက်အအုံ
တော်တော်များများမှာ နယ်
တိသျှခေတ် လက်ရာများအဖြစ်
ရှိရလေသည်။ မြို့တည်ဆောက်
မှာ ခေတ်မီစနစ်ကျပြီး လေဆိပ်၊
သင်္ဘောဆိပ်နှင့် ပင်လယ်ကူး
ဆိပ်ကမ်းကြီးများဖြင့် စည်ကား
တစ်မြို့ဖြစ်လေသည်။ ကျောက်
ဖြူဖြူဖွေးဖွေးများ ပေါများစွာ
ရှိသဖြင့် ကျောက်ဖြူမြို့ဟု ခေါ်
လေသည်။ မြို့အနှံ့တူးသည့်နေရာ
မာဆယ်ကျောက်စရစ်ခဲအကြီး၊
များစွာ တူးဖော်ရရှိလေ့ရှိသည်။
ကျောက်စရစ်နှင့် အိမ်ဆောက်
စရစ်ခဲငယ်များမှာလည်း ကျောက်
ကျောက်စရစ်ခဲများသာဖြစ်လေသည်။
က ရေလမ်းကိုသာ အဓိကအား
ခဲ့ရသော်လည်း ယခုအခါ ၂၀၀၅
စတင်၍ ရန်ကုန် - ကျောက်ဖြူ
လမ်းသစ်ကို ဖောက်လုပ်ပြီးစီးခဲ့ပြီ
လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်
ဆောင်ရေး လွယ်ကူချောမွေ့ခဲ့ပြီ
သည်။

## တုံတရာဇ်ရေအောက်မြို့တော်

ကံ့ကော်တောဘုရားသိမ်တော်ကြီး
တွင်းတွင် ကံ့ကော်တောဘုရားသမိုင်း
သက်သည့် ဘုရားသမိုင်းပန်းချီ
ချပ်ကြီးများကို ပတ်ပတ်လည်ချိတ်
ထားသည်။ ကံ့ကော်တောဘုရား
မှာ မှတ်တမ်းများအရ နှစ်ထောင်
ကြာမြင့်ခဲ့ပြီဖြစ်လေသည်။ ရှေးအခါ
သေဝတီရခိုင်ပြည်တွင် တိုင်းကြီး
တိုင်းရှိခဲ့ရာ 'ကောတုံတရာဇ်တိုင်း'



ဘုရားအဝင်ဆောင်းတန်းမုခ်ဦး



ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောနေစဉ်



ဘုရားသိမ်တော်ကြီးမြင်ကွင်း

www.burmeseclassic.com



ဗျာလရုပ်တုနှင့် နတ်ရုပ်တု



သိမ်တော်ကြီးအနီးမှ ကြေးခေါင်းလောင်း



ဘုရားဝင်းအတွင်းမှ မဟာဗောဓိပင်

ဟူ၍ တိုင်းကြီးတစ်တိုင်းမှာ ထင်ရှားခဲ့ လေသည်။ ၎င်းတိုင်း၏ အကျယ်အဝန်း မှာ တောင်ဘက်အရပ်တွင် မော်တင် စွန်းအထိ လည်းကောင်း၊ အနောက် ဘက်တွင် ဘင်္ဂလားပင်လယ်အော်ကြီး အထိ လည်းကောင်း ကြီးမားကျယ်ပြန့် ခဲ့သည်ဟု သိရှိရပါသည်။ ထိုကောတုံ တရာဇ်တိုင်းကြီးကို မဒ္ဒရာဇ်မင်းကြီးက စိုးစံအုပ်ချုပ်ခဲ့လေသည်။ မင်းကြီးတွင် သားတော်သုံးပါး ထွန်းကားခဲ့ရာ နောင် တော်ကြီး၊ နောင်တော်လေးနှင့် အာဝ ဟု အမည်ရှိလေသည်။ မဒ္ဒရာဇ်မင်းကြီး နတ်ရွာစံကံတော်ကုန်လေသော် နောင် တော်ကြီးမင်းသားက ထီးနန်းကို ဆက်ခံ ခွင့်ရခဲ့ကြသည်။ နောင်တော်လေးမှာ အိမ်ရှေ့စံအရာ အပ်နှင်းခံရပြီး အာဝ မင်းသားငယ်မှာ စစ်သူကြီးအဖြစ် ကွပ်ကဲ အုပ်ချုပ်ခွင့်ရကြလေသည်။

ထိုသို့ ညီနောင်သုံးဦး အုပ်ချုပ်နေ ကြစဉ် နောင်တော်ကြီးမှာ ဥပုလ်ဆောင် ဝင်လိုလှသည့် စိတ်ဆန္ဒပြင်းပြစွာ ပေါ် လာသည်။ ထို့ကြောင့် နောင်တော်လေး အား ထီးနန်းအရိုက်အရာကို လွှဲအပ်၍ တောအရပ်ခိုမှီးသွားလေသည်။ နောင် နှစ် အနည်းငယ်ကြာသည့်အခါ နောင် တော်လေးမှာ ညီငယ်အာဝမင်းသား ထီးနန်းလွှဲအပ်၍ နောင်တော်ကြီးနည်း တူ အညရဝါသီတောရပ်မှီလေပြန်လေ သည်။ နောင်တော်ကြီးနှင့် နောင်တော် လေးတို့သည် တိုင်းပြည်နှင့်အလွန်ဝေး ကွာသည့် တောတောင်တန်းတွင် ဆုံမိ ကြလေသည်။ ညီနောင်နှစ်ပါးတို့သည် တောင်တန်းတစ်ခုစီကို အမှီပြု၍ တရား အားထုတ်ကြလေသည်။ ထိုနေရာသည် ရမ်းဗြဲကျွန်းမှ မြောက်ဘက်ကျသည့် အရပ်ဒေသဖြစ်လေသည်။ ကျောက်ဖြူ မြို့မှ စစ်တွေသို့ထွက်ခွာရာ သဘော် ကြောင်းလမ်းတွင်တည်ရှိပြီး အလွန်တရာ လှိုင်းလေပြင်းထန်သည့် နေရာဒေသဖြစ် ပါသည်။ ဒေသထုံးစံအရ လှေ၊ သင်္ဘော၊ မော်တော်ဘုတ်များသည် နောင်တော် လေး၊ နောင်တော်ကြီးကို ဦးတိုက်ပြီး လိုရာခရီးသို့ဆက်လေ့ရှိကြသည်။ အချို့ အခါမရွေး ရေလှိုင်းရေဝဲများ၊ ရေဂယက် များ ပေါ်များပြီး လှေ၊ သင်္ဘော၊ မော်တော် များ နစ်မြုပ်လေ့ရှိသည်။

ကောတုံကရာဇ်တိုင်းတွင် ဆက် လက်အုပ်ချုပ်နေသည့် ညီငယ် အာဝ မင်းသည် မင်းကျင့်တရားဆယ်ပါး အညီ အုပ်ချုပ်နိုင်ခြင်းမရှိသဖြင့် တိုင်း ပြည်တွင် ဆင်းရဲလာလေသည်။ တစ်



www.burmeseclassic.com

www.burmeseclassic.com



…နှုန်းမြင်တော်အား တွေ့မြင်ရစဉ်



…ဆိုင်ကောင်းလှသည့် သိမ်ပတ်ဝန်းကျင်



…ရေကန်အား မြင်တွေ့ရစဉ်



…ရေကန်အား အပေါ်မှ တွေ့မြင်ရစဉ်

ခိုးသားဓားပြတို့က ထကြွသောင်းကျန်းသဖြင့် ပြည်သူတို့ငတ်မွတ်ခေါင်းပါးဘေးနှင့်ကြုံလာကြရသည်။ ထိုအခါ သီလ၊ သမာဓိမရှိသူ များပြားလာပြီး ကိုယ်ကျင့်တရားပျက်ပြားလာသူ များပြားလာလေသည်။ အများပြည်သူမှာ ဘုရား၊တရားကိုကြည်ညိုစိတ်ကွယ်ပျောက်ပြီး ဘုရားဆင်းတုတော်ကိုပင် မဖွယ်မရာမလေးမစားပြုကျင့်လာကြသဖြင့် ကောတုံတရစ်တိုင်းကြီးအား နတ်နဂါးတို့က တန်ခိုးဖြင့်ရေလွှမ်းမိုးစေကာ ကောတုံတရစ်တိုင်းပြည်ကြီးသည် ရေအောက်သို့ နစ်မြုပ်ရောက်ရှိသွားခဲ့ရလေသည်။

ရခိုင်ပြည်နယ်၏ တိုင်း(၁၂)တိုင်းတွင် ပါဝင်ခဲ့သည့် ကောတုံတရာဇ်တိုင်းကြီးသည် ဘင်္ဂလားပင်လယ်အော်တွင် နစ်မြုပ်လျက်ရှိနေသည်ဟု ရခိုင်အမျိုးသားတို့က ယနေ့တိုင် ယုံကြည်လျက်ရှိနေပါသည်။ အချို့ကမူ ကျောက်ဖြူမြို့ ဂေါ်တူရွာအနောက်ဘက်ရှိပင်လယ်ပြင်ထဲတွင် ရေကျ(ရေခန်း)အလွန်ကောင်းသည့် ဖျားကြီး(ဒီရေကြီး)ရက်များတွင် ကောတုံတရာဇ်မင်းကြီး၏ နန်းတော်မုခ်ဦးထိပ်ဖျားကို မြင်တွေ့ကြရသည်ဟု ပြောဆိုလေ့ရှိကြသည်။ အဆိုပါ ဂေါ်တူရွာမှာ ကျောက်ဖြူမြို့နှင့် ရမ်းဗြဲမြို့သွားကားလမ်းမဘေး ပင်လယ်ကမ်းခြေအနီးတွင် တည်ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ ကောတုံတရာဇ်ရေအောက်မြို့တော်ကြီးနှင့်ကုံကော်တောဘုရားသမိုင်းမှာ ဒဏ္ဍာရီဆန်ဆန် အထင်အရှားဆက်စပ်လျက်ရှိလေသည်။

## ရုပ်ပွားတော်ညီနောင်

မဒ္ဒရာဇ်တိုင်းပြည့်ရှင်ညီတော်ငယ်အာဝမင်းသာသည် မင်းကျင့်တရားပျက်ပြားမှုကြောင့် တိုင်းသူပြည်သားများမှာ အကျင့်စာရိတ္တ ပျက်ပြားကာ မိမိတို့ကိုးကွယ်ထားသည့် ဘုရားရုပ်ပွားတော်ကိုပင် မရိုမသေမလေးမစားမသင့်လျော်သည့် အပြုအမူများကို ပြုမူခဲ့ကြလေသည်

ထိုတိုင်းပြည်ဝယ် အကျင့်သီလနှင့်ပြည့်စုံ၍ စိတ်ထားကောင်းမွန်သည့် ငပုနှင့် ငလာ ဆိုသည့် ညီအစ်ကိုနှစ်ယောက်ရှိလေသည်။ ဦးငပုသည် မိမိတို့ကိုးကွယ်သော တန်ခိုးကြီးဘုရားအား ဤသို့ မရိုမသေပြုမူမှာ များစွာအပြစ်ကြီးမားလှကြောင်း ပြောဆိုဟန့်တားခဲ့လေသည်။ သို့သော် အများမိုးခါးရေသောက်ဆိုသကဲ့သို့ ၎င်း၏ သားသမီး



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင် ရခိုင်ပြည်သို့ ကြွရောက်ပုံ ပန်းချီကား



ကံ့ကော်တောဘုရားသမိုင်းဝင်ပန်းချီကား



ဘုရားပွဲသို့ ကားများဖြင့် လာရောက်ကြပုံ



ဘုရားပွဲတော်တွင် ပိန်းဟင်းလျာဖြင့် ကျွေးမွေးနေကြစဉ်

များကိုယ်တိုင်ကပင်လျှင် ဦးငပု၏စကားကို နားမထောင်ခဲ့ကြချေ။

ဤသို့ဖြင့် တစ်နေ့သောညအချိန်တွင် ငပုလင်မယားတို့ အိပ်ပျော်နေစဉ် သမ္မာဒေဝနတ်များက အိပ်မက်ပေးခဲ့လေသည်။ 'ကောတုံတရာဇ်တိုင်းအား ရက်သတ္တပတ်အတွင်း နဂါးတို့မြိုပျော်ရေကစားမည်ဖြစ်၍ ရေလွှမ်းမိုးနိုင်ရာ သင်တို့ဇနီးမောင်နှံ မည်သူ့ကိုမျှ အသိမပေးဘဲ ဘုရားကိုပင့်ဆောင်၍ ရှောင်တိမ်းထွက်ခွာကြပါ'ဟု အိပ်မက်ပေးလေသည်။ ဦးငပုနိုးလာသည့်အခါတွင် ၎င်း၏အနီး၌ အသပြာထောင်ထုပ်ကိုပါ တွေ့ရှိရလေသည်။ နံနက်မိုးလင်းသော် အသပြာထောင်ထုပ်ကိုအပ်နှံ၍ အိပ်မက်အကြောင်း မည်သူ့ကိုမျှ မပြောကြား ရန်မှာကြားလေသည်။ ဇနီးသည်မှာ မိခင်ပီပီ စိုးရိမ်စိတ်ဖြင့် သားသမီးများကို တိတ်တဆိတ်ပြောပြလေရာ ဘုရားဆင်းတုတော်ကို ဦးငပုသွားပင့်ချိန်တွင် ပင့်ဆောင်မရဘဲရှိနေလေသည်။ ဦးငပုသည် ဘုရားကိုအကြိမ်ကြိမ်ကြိုးစားပင့်ဆောင်သော်လည်း ပင့်ဆောင်၍ မရနိုင်သဖြင့် ဇနီးသည်အား အမှန်အတိုင်းပြောရန်မေးလေသော် သားသမီးများပြောမိကြောင်း ဝန်ခံသဖြင့် နောက်တစ်နေ့တွင် မည်သူ့ကိုမျှအသိမပေးဘဲ တိတ်တဆိတ် ဘုရားအားပင့်ဆောင်လေသော် အလွယ်တကူ ပင့်ဆောင်ရရှိသဖြင့် ဇနီးသည်အား နတ်ပေးသည့်ငွေထုပ်ကို ရွက်စေကာ ဦးငပုမှာ ဘုရားကိုပင့်ဆောင်၍ ကောတုံတရာဇ်ပြည်မှလွတ်အောင်ထွက်ခွာပြေးလေကြလေသည်။ ထိုသို့ထွက်ပြေးလာကြပြီးနောက် ယခု လိပ်ခမော်ရွာဟောင်းအနီးရှိ တောင်ကုန်းတစ်ခုပေါ်သို့ရောက်ရှိသည့်အခါ အပန်းဖြေနားနေကြလေသည်။ ထိုစဉ် မိမိတို့လာခဲ့ရာလမ်းကို မှန်းမျှော်ကြည့်မိသည့်အခါ ကောတုံတရာဇ်တိုင်းကို မတွေ့မြင်ရဘဲ ပင်လယ်ရေပြင်ကြီးအတိဖြစ်နေသည်ကို အံ့ဩတုန်လှုပ်စွာမြင်တွေ့ကြရလေ၏။


ထိုပင်လယ်ကမ်းစပ်တွင် ဂေါ်တူခေါ် ရွာငယ်လေးတစ်ခုရှိလေသည်။ ထိုမှဆက်၍သွားကြလေသော် ပင်းပန်းနွမ်းနယ်ကြသဖြင့် ဇနီးသည်က ပင့်ဆောင်လာကြသည့် ဘုရားနှင့်ငွေထုပ်အားထားခဲ့ရန် အကြံပေးလေသည်။ ဦးငပုကား ဇနီးသည်၏စကားကို နားမထောင်ဘဲ ခရီးဆက်ခဲ့ရာ သရက်တောအုပ်ကြီးသို့ ရောက်ရှိကြလေသည်။ ဇနီးမောင်နှံသည် ရပ်တန့်အမောဖြေကြပြီးနောက် ငွေထုပ်ကို သရက်ပင်များအောက်တွင် မြှုပ်နှံကာ ဘုရားရုပ်ပွားတော်မြတ်အား သင့်တော်ရာနေရာတွင်ထား၍ ပူဇော်ကန်တော့ကြပြီး မဟာမုနိဘုရားရှိရာ အရပ်ဘက်သို့ ဆက်လက်ထွက်ခွာသွားခဲ့ကြလေတော့သည်။

ကာလအတန်ကြာသည့်အခါတွင် ဦးငပုတို့ဇနီးမောင်နှံထားခဲ့သည့်ဘုရားကို ကျောက်ဖြူတောင်ရွာသူ[illegible] ငပုရွှေဆိုသူက တွေ့ရှိကာ မိမိ ရွှေ[illegible]ပင့်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဧဝါပကာအဖွဲ့ဝင်လူကြီးများ



ဘုရားပွဲတော်တွင် ပရိသတ်များ စည်ကားနေပုံ



ဘုရားပွဲသို့ဆွမ်းလာပို့ကြပုံ

လာခဲ့လေသည်။ ရွာလူကြီးငပုရှေသည် ကျောက်ဖြူရွာအနီး ချောင်းကမ်းပါးထိပ်တွင် ခေတ္တအပန်းဖြေလေသည်။ ထို့နောက် ဆက်လက် ထွက်ခွာရန် ဘုရားကို ပြန်ပင့်ဆောင်ရာတွင် ပင့်ဆောင်၍မရနိုင်ဘဲရှိနေလေသည်။ ရွာသူကြီးငပုရှေသည် ရွာသားများကိုခေါ်သု၍ ရထားပြုလုပ်ကာ ဆွဲယူပင့်ဆောင်သော်လည်း ကြိုးများသာ အကြိမ်ကြိမ်ပြတ်၍ ပင့်ဆောင်မရဘဲရှိနေချေသည်။ ထိုသို့ ပင့်ဆောင်၍ မရဘဲရှိနေခြင်းမှာ ထိုချောင်းသည် မသန့်ရှင်းသည့် ချောင်းဖြစ်နေသဖြင့် ပင့်ဆောင်၍မရနိုင်ခြင်းဖြစ်သည်။ ထို့နောက် သင့်တင့်လျောက်ပတ်သည့် မြေသန့်မြေမြတ်သို့ ရောက်ရှိတော်မူသဖြင့် ထားရှိပူဇော်ခဲ့လေသည်။ ထိုအရပ်တွင် ကံ့ကော်ပင်များ ပေါက်ရောက်လျက်ရှိရာ ကံ့ကော်ပင်တောအုပ်ကို အစွဲပြု၍ နောင်တွင် ကံ့ကော်တောဘုရားဟု ထင်ပေါ်ကျော်ကြားခဲ့ခြင်းဖြစ်လေသည်။

ကံ့ကော်တောဘုရားတန်ဆောင်းထဲရှိ ရွှေပလ္လင်ထက်ဝယ် ဆင်းတုတော်နှစ်ဆူရှိသည့်အနက် မြောက်ဘက်အရပ်ရှိ ဆင်းတုတော်ကြီးမှာ ပင်လယ်ထဲမှတွေ့ရှိသည့် ပေါ်တော်မူဆင်းတုတော်ကြီး ဖြစ်ဒလသည်။ ကျောက်ဖြူရွာသားငသထာသည် ငပြိုတောင်မော်စွန်းအနီး ပင်လယ်ကမ်းစပ်တွင် ကွဲန်ပစ်၍ ငါးရှာနေလေသည်။ ထိုအခါ မမျှော်လင့်ဘဲ ပင်လယ်ရေအောက်မှ ဆင်းတုတော်ကြီးသည် ပိုက်ကွန်အတွင်း၌ ငြိတွယ်ပါလာခဲ့သည်။ ကွန်သမား ငသထာသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ရွာသို့ပြေးပြီး ၁ူပိုက်ကွန်အတွင်း ဘုရားဆင်းတုတော်တစ်ဆူ ငြိတွယ်ပါလာကြောင်း ရွာသားများကို ပြောပြလေသည်။ ရွာသူကြီးငပုရှေနှင့် ရွာဆော်မောင်ဝန်းတို့သည် ရွာသားတို့အားခေါ်ဆောင်လျက် ရေထဲမှ ရုပ်တုတော်ကြီးအား ရွာသို့ပင့်ဆောင်လာခဲ့ကြလေသည်။ ရွာသူကြီးငပုရှေနှင့် ရွာသားများသည် ကံ့ကော်တောသို့အရောက် ပင်လယ်ထဲမှ ရရှိပင့်ဆောင်လာသည့်ဆင်းတုတော်မှာ ရှေ့သို့ဆက်လက်၍ ပင့်ဆောင်မရဘဲရှိနေပြန်လေသည်။ ဆင်းတုတော်ကြီးသည် မသန့်ရှင်းသည့်ချောင်းကို မဖြတ်လိုခြင်းနှင့် ယခင် ပထမဦးစွာစံပယ်နေတော်မူသည့် ဆင်းတုတော်နှင့်တကွ သီတင်းသုံးတော်မူလိုခြင်းတို့ကြောင့် ဖြစ်ဟန်တူသည်ဟု ဆိုကာ ရွာလူကြီးနှင့် ရွာသားများက ဆင်းတုတော်ကြီးကို ကံ့ကော်တောတွင် ထပ်မံ နေရာချ သီတင်းသုံးစေတော်မူခဲ့လေသည်။ ရုပ်တုတော်နှစ်ဆူ ကံ့ကော်တောတွင် အတူသီတင်းသုံးနေသည်ကို အကြောင်းပြု၍ 'ကံ့ကော်တောဘုရား' ဟု နောင်တွင် ဘွဲ့အမည်ခေါ်ဆိုကြလေသည်။ အဆိုပါ ကံ့ကော်ပင်များမှာ ယခုမရှိတော့ချေ။ အဘယ်ကြောင့်ဆိုသော် ၁၂၉၂ ခုနှစ်တွင် ကျောက်ဖြူမြို့သို့ မဟာမုန်တိုင်းကြီးတိုက်သဖြင့် လဲပြိုပျက်စီးသွားခဲ့ကြပြီ ဖြစ်ပါသည်။

## နှစ်ဆူဘုရားရုပ်တုတော်ငယ်တန်ခိုးပိုထင်ရှား

ကျောက်ဖြူမြို့ ကံ့ကော်တောဘုရားရုပ်တုတော်နှစ်ဆူအနက် တောင်ဘက်အရပ်ရုပ်ပွားတော်က ဉာဏ်တော်နိမ့်၍ မြောက်ဘက်အရပ်ရှိ ရုပ်ပွားတော်ကြီးက ပို၍ ဉာဏ်တော်မြင့်လေသည်။ သို့ရာတွင် တောင်ဘက်မှ ရုပ်တုတော်ငယ်က ကံ့ကော်တောတွင် ဦးစွာပထမစံပယ်ရသကဲ့သို့ ဘုန်းတန်ခိုးအရာတွင်လည်း ရုပ်တုတော်ကြီးထက် သာလွန်လေသည်။ ပလ္လင်တော်တစ်ခုထက်ဝယ် ရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည်မှာလည်း အလွန်တွေ့မြင်ရ၊ ဖူးတွေ့ရခဲယဉ်းလေသည်။ ကျောက်ဖြူရွာသားများက ယခုဥပုသ်ဇရပ်တည်ဆောက်ထားသည့်နေရာတွင် ပူဇော်ခံထားရှိခဲ့ရာမှ ကျောက်ဖြူရွာမရှိတော့သည့်နောက်ပိုင်းတွင် ယခု သီတင်းသုံးတော်မူနေသည့် ကံ့ကော်ပင်တောအလယ်ရှိကုန်းမြင့်သို့ ကောဇာနှစ် ၁၂၆၂ ခုနှစ်တွင် ပြောင်းရွှေ့ကိုးကွယ်ခဲ့ကြ၏။ ထို့နောက် ဂုံးချိန်ဆရာတော်ဘုရားကြီး ဦးမေဓိက ဦးဆောင်ကာ ၁၂၉၂ ခုနှစ်တွင် ပြာသာဒ်ဆောင် သိမ်တော်ကြီးဆောက်လုပ်၍ ကိုးကွယ်ထားခဲ့ရာ သိမ်တော်ကြီးမှ



www.burmeseclassic.com

မုန်တိုင်းကြောင့် ပျက်စီးယိုယွင်းသွားခဲ့လေသည်။

ကောဇာနှစ် ၁၃၁၇ ခုနှစ်တွင် နိုင်ငံတော်သာသနာရေးဝန်ကြီးက သာသနာနှစ် ၂၅၀၀ပြည့် အထိမ်းအမှတ်အဖြစ် ပြန်လည် တိုးချဲ့ဆောက်လုပ်၍ ကိုးကွယ်စေခဲ့ပါသည်။ သိမ်တော်ကြီးမှာ ဒုတိယအကြိမ် မုန်တိုင်းဒဏ်ခံရသဖြင့် ၁၃၂၈ ခုနှစ်တွင် ဂုံးချိန်ဆရာတော်ကြီး ဘဒ္ဒန္တဦးဘဒ္ဒိယက ဦးဆောင်ကာ ရွာသူရွာသား၊ ဥပါသကာ၊ ဘုရားဂေါပကလူကြီးများနှင့် စုပေါင်းအလှူခံကာ သိမ်ကျောင်းတော်ကြီးအား ဇေတဝန်ခေါင်အဖြစ် အသစ်တစ်ဖန်တည်ဆောက်လှူဒါန်းခဲ့ကြလေသည်။ ၁၃၃၂ ခုနှစ်တွင် လုပ်သားပြည်သူ ရဟန်းရှင်လူများ၏ ပါဝင်လှူဒါန်းငွေဖြင့် မှန်စီရွှေချတံကဲပန်းတော်ကြီးအား မန္တလေးမြို့သို့ မှာကြားကာ တပ်ဆင်လှူဒါန်းခဲ့ကြလေသည်။ သို့သော် တံကဲတော်အသစ်နှင့် ပလ္လင်တော်အဟောင်းမှာ မတင့်တယ် ပန်းမရဖြစ်နေပြန်သဖြင့် ရန်ကုန်မြို့ သမိုင်းရပ်ကွက်ရှိ ဦးစံရွှေနှင့်အဖွဲ့အား ခေါ်ယူ၍ မှန်စီရွှေချပလ္လင်တော်ကြီးကို ၁၃၃၃ ခုနှစ်တွင် ပြုလုပ်လှူဒါန်းကြရပြန်လေသည်။

## ပလ္လင်တော်ဟောင်းထဲမှဌာပနာ

မှန်စီရွှေချ ပလ္လင်တော်ကြီးအား အသစ်ပြုလုပ်လှူဒါန်းကြရန် ပြင်ဆင်ကြရာတွင် ရှေးဟောင်းပလ္လင်တော်ဌာပနာတိုက်ထဲမှ ရွှေ၊ ငွေ၊ နားတောင်း၊ လက်ကောက်၊ လက်စွပ်များနှင့်အတူ သင်္ကေတစာများပါရှိသည့် ငွေပေချပ်တစ်ခုနှင့် ကြေးပြားများကို တွေ့ရှိခဲ့ရသည်။ ထိုငွေပေချပ်တွင် (၁၄၇) ဟု ပါရှိကြောင်းတွေ့ရသဖြင့် ကံ့ကော်တောဘုရားရုပ်ပွားတော်များသည် သက္ကရာဇ်ပါအထောက်အထားရ နှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပြီ ဖြစ်ကြောင်း တွေ့ရှိခဲ့ကြလေသည်။ ထိုသို့တွေ့ရှိခဲ့ခြင်းသည် ကံ့ကော်တောဘုရားသမိုင်းအတွက် အလွန်အရေးပါလှသည့်ဘုရားသမိုင်းအထောက်အထားဖြစ်သည်နှင့်အညီ နောင်သမိုင်းလေ့လာသူများ၊ သမိုင်းသုတေသီများအတွက် အထူးအရေးပါတန်ဖိုးရှိသော ပစ္စည်းများဖြစ်သဖြင့် ဂုံးချိန်ဆရာတော်ကြီးနှင့် ဂေါပကအဖွဲ့ဝင်လူကြီးများက နှောင်းလူများ အားထားရှိပြသရန် ကြံရွယ်ခဲ့ကြသည်။ သို့ရာတွင် ၎င်းပစ္စည်းများကို ထိန်းသိမ်းထားသည့်ကျောင်းကြီးလက်ထက် ဆရာတော် အရှင်နာရဒအား ဤဘုရားပစ္စည်းများကို ပြန်ပေးပါရန် အိပ်မက်ဖြင့် အကြိမ်ကြိမ်လာရောက်တောင်းခံနေမှုကြောင့် မှန်ပလ္လင်တော်ဌာပနာတိုက်အတွင်း ပြန်လည်ထည့်သွင်းထားရှိလိုက်ရလေတော့သည်။

## တန်ခိုးကြီးသည့်ရုပ်ပွားတော်ငယ်

စာရေးသူသည် ၂၀၀၀ ခုနှစ်က တွဲဖက်သင်ရိုးဝင်(ပန်းချီ)ဘာသာရပ်ကို ကျောက်ဖြူမြို့ လွတ်လပ်ရေးကျောက်တိုင်အနီးရှိ အလယ်တန်းကျောင်းတွင် ပန်းချီသင်တန်းတစ်လခန့်တက်ရပါသည်။ ကံ့ကော်တောဘုရားအကြောင်းဆောင်းပါးရေးချင်သည်ဟုဆိုကာ ဘုရားသမိုင်းကိုပြောပြနိုင်မည့် ဂေါပကအဖွဲ့ဝင်လူကြီးတစ်ဦးနှင့်တွေ့ဆုံပေးပါရန် ထိုကျောင်းရှိ ကျောင်းအုပ်ဆရာမကြီးအား အကူအညီတောင်းခဲ့သည်။ ဆရာမကြီးကလည်း ကျောက်ဖြူမြို့ နာရီစင်ရှေ့ ဗိုလ်ချုပ်လမ်းနေ ဦးတင်လှနှင့် တွေ့ဆုံပေးပါသည်။ ထိုစဉ်က ဦးတင်လှမှာ ကံ့ကော်တောဘုရား ဂေါပကအတွင်းရေးမှူးဖြစ်ပါသည်။ ဦးတင်လှက ကံ့ကော်တောဘုရားတန်ခိုးနှင့်ပတ်သက်၍ စာရေးသူအား သူတွေ့ကြုံသိရှိသမျှကို စာရေးသူအား အမှန်အတိုင်းပြောပြခဲ့ပါသည်။

ဒုတိယဗိုလ်မှူးကြီး မင်းကြည်နှင့် ဗိုလ်မှူးကြီးလှမိုးတို့ လက်ထက်တွင် ပလ္လင်တော်အဟောင်းအား အသစ်တစ်ဖန် ပြန်လည်ပြုလုပ်လှူဒါန်းရန်အတွက် မန္တလေးမှ မှန်စီရွှေချ ပန်းပုဆရာကြီး ဦးစံရွှေအားခေါ်ယူ၍ လက်သမားဆရာကြီး ဦးမောင်ထွန်းသာနှင့်အတူ ဆင်းတုတော်များကို ယာယီပလ္လင်တော်သို့ ခေတ္တပြောင်းရွှေ့သီတင်းသုံးနိုင်ရန် စီစဉ်ကြသည်။ထိုသို့ပင့်ဆောင်ရာတွင် ဘုရားရုပ်ပွားတော်အကြီးစားအား ဦးစွာပထမပင့်ဆောင်ရန် တိုင်ပင်စီစဉ်ကြပါသည်။ သို့ရာတွင် ပင့်ဆောင်သည့်အခါတွင်မူ ရုပ်ပွားတော်အငယ်ကို ဦးစွာပထမပင့်ဆောင်မိကြောင်း ပြောပြပါသည်။ ထို့ကြောင့် နောင်အခါတွင် ပြုလုပ်မည့် ကိစ္စအဝဝကို အထူးသတိထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ညှိနှိုင်းတိုင်ပင်ကြရပါသည်။ ဘုရားပလ္လင်တော်မုခ်ပေါက်နှစ်ခုအား သာတူညီမျှ အနိမ့်၊ အမြင့်တူညီစေရန် လုပ်ဆောင်ကြပါသည်။ သို့ရာတွင် ပလ္လင်တော်မုခ်ပေါက်ပြီးစီးသည့်အခါတွင် ဘုရားရုပ်ပွားတော်အငယ်၏မုခ်ပေါက်က အနည်းငယ်ပို၍ မြင့်နေကြောင်း အံ့သြစွာ တွေ့ရှိကြရပါသည်။ ပလ္လင်တော်ပြီးစီး၍ ရုပ်ပွားတော်အကြီးအား အရင်ပင့်ဆောင်ရန်ကြံစည်ပါသော်လည်း ရုပ်ပွားတော်အငယ်အားသာလျှင် အလိုလိုပင့်ဆောင်မိလျက်သားဖြစ်နေကြောင်း ဦးတင်လှကပြောပြပါသည်။

သိမ်တော်ကြီးအား အသစ်ပြန်လည် ပြင်ဆင်တည်ဆောက်ပြီးနောက် ကြမ်းခင်းတာရာဇိုခင်းနိုင်ရန် စီမံကြပြန်သည်။ ဗိသုကာပညာရှင်ဦးထင်ကျော်က သိမ်တော်ကြီးအလယ်ကြမ်းခင်းမှ (၇၂) ပေစီ စင်တာယူ၍ တိုင်းတာသတ်မှတ်ခဲ့ပါသည်။ သို့ရာတွင် နောက်နေ့တွင် ပန္နက်တော်မှာ ရုပ်ပွားတော်အငယ်ဘက်ဆီသို့ ပန္နက်အလယ်ရွေ့လျားကာ ပို၍ကြီးနေကြောင်း တွေ့ရှိကြရလေသည်။ ရုပ်ပွားတော်အငယ်ဘက်ဆီသို့ ရှစ်လက်မအပိုပေးရန် အိပ်မက်ပေးသဖြင့် အိပ်မက်အတိုင်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း ဦးတင်လှမှ တောင်းပန်လျှောက်ထားခဲ့ရဖူးလေသည်။ ဘုရားသိမ်တော်ကြီးအဝင်ဝမှာ မြောက်ဘက်မှ တည်ရှိနေသဖြင့် တံခါးအဝင်ဝတွင် နတ်ရုပ်ထားရှိရန်အတွက် ပန်းရန်ဆရာက စီစဉ်ထုလုပ်ခဲ့ပါသော်လည်း နတ်ရုပ်မှာ ပြောင်းပြန်သဏ္ဌာန်ရှိနေသဖြင့် တောင်ဘက်တံခါးပေါက်နှင့်ကိုက်ညီသဖြင့် တောင်ဘက်ရုပ်ပွားတော်အထွက် တံခါးဘက်သို့ပြောင်းရွှေ့တပ်ဆင်ခဲ့ရပြန်လေသည်။ မသမာသည့်လူတစ်စုသည် ဌာပနာထားသည့် ရွှေ၊ ငွေတို့ကို လောဘဇောတက်ကာ ထွင်းဖောက်ရယူရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြဖူးသည်ဟု ဦးတင်လှကပြောပြပါသည်။

တစ်ခါသော် ဂုံးချိန်ရွာဘက်ဆီမှ အချိန်အခါမဟုတ်ဘဲ လေကြီးမိုးကြီးသည်းထန်စွာရွာ၍ လျှပ်စစ်လက်ကာ မိုးကြိုးများအကြိမ်ကြိမ်ပစ်ချလေသည်။ ရွာသားများက တုတ်၊ ဓားလက်နက်များဖြင့် ကံ့ကော်တောဘုရားသို့ ပြေးလွှားရောက်ရှိလာကြသည်။ ထိုအချိန်တွင် အကြံသမားလူယုတ်မာများမှာ မိုးကြိုးအန္တရာယ်ကြောင့် ထိတ်လန့်တကြားဖြင့် မည်သည့်ပစ္စည်းကိုမျှ ယူဆောင်နိုင်ခဲ့ခြင်းမရှိဘဲ ကိုယ်လွတ်ရုန်းကာ ပြေးသွားကြပြီဖြစ်လေသည်။ အချို့မှာ သိုက်ဘုရားဟုဆိုလျက် ရုပ်ပွားတော်ငယ်အား အကြိမ်ကြိမ်ထွင်းဖောက်ရန် ကြံစည်ကြသော်လည်း မအောင်မြင်နိုင်ဘဲ ရုပ်ပွား

www.burmeseclassic.com

ကြီးသာလျှင် နှစ်ကြိမ်ခန့် ဖောက်ခြင်းကိုခံခဲ့ရရှာကြောင်းလည်း ပြောသည်။

ထို့အပြင် ဘုရားပွဲတော်ရက်များ ဆမင်းဆိုင်များရောင်းချရာတွင် တစ်နေရာမှ သတ်ဖြတ်ချက်ယူ ချခြင်းသာရှိကြသည်။ ဘုရားပတ် ကျောင်းတွင် သတ္တဝါများအသက်သတ် ပါက အချိန်အခါမဲ့ မိုးရွာလေ့ရှိ ဒေသခံများက သွေးဆေးမိုးရွာ၍ ခင်သည်ဟုအယူရှိကာ ဘုရားအနီး ဝန်းကျင်တွင် မသမာမှုများကင်းရှင်း အောင် ရှောင်ကြဉ်လေ့ရှိကြ၏။ဘုရား ဘပရိသတ်များကလည်း လေးစား နာလေ့ရှိကြပါသည်။

**မယားဟင်းနှင့်နတ်ရေတွင်း**

နှစ်စဉ် သကြန်ကျပြီး နှစ်ဆန်း ရက်နေ့တိုင်း ကံ့ကော်တောဘုရားပွဲ တော်ကို ကျင်းပလေ့ရှိသည်။ ကျောက် နယ်မှ မြို့ရောတောပါဒေသခံ မည်သူမျှ မဖိတ်မခေါ်ရဘဲနှင့် ကျွား၊ မိန်းမ၊ လူကြီး၊ လူငယ်မရွေး ချမ်းအိုး၊ ရေချမ်းခွက်၊ ပန်းနံ့သာ၊ များကိုင်ဆောင်၍ အဖွဲ့လိုက် အမှုတ်၊ အကအခုန်များဖြင့် ရောက်ပူဇော်ကန်တော့လေ့ရှိကြ၏။ တော်ရက်မတိုင်မီကပင် စေတနာရှင် ၏ အလှူငွေများဖြင့် နေ့လုံးပေါက် တဒိသာညှော်ခံကျွေးမွေးလေ့ရှိသည်။ ချို့က ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက် ကို တတ်နိုင်သမျှ ပါဝင်လှူဒါန်းလေ့ ကြသည်။ ဘုရားပွဲတော်သည် မိုးလင်း အရုဏ်တက် နံနက်(၄)နာရီမှ နေ(၄) နာရီအထိ တစ်နေ့တာ ကျင်းပ လုပ် လှူဒါန်းသည့် ပွဲတော်ဖြစ်လေ သည်။ ရေချမ်းအိုးမှရေများဖြင့် ဘုရား ပွားတော်များကို ရေသပ္ပာယ်လေ့ရှိ ကြသည်။ နံနက်စောစောကပင် လှူ ယ်ပစ္စည်းများ၊ ဆွမ်းအိုးများကိုယ်စီရွက် ဘုရားသိမ်တော်အား သုံးပဏ်၊ ငါး တော် စသည်ဖြင့် လှည့်လည်ပူဇော်ကြ လေသည်။ ပွဲတော်နေ့လယ်ပိုင်းတွင် နိုင်နိုးရာကျင်ကိုင်ပွဲကို အကြိတ်အနယ် ပြိုင်ဆင်နွှဲလေ့ ရှိကြသည်။

စာရေးသူတို့ ရခိုင်ဒေသတွင် ပေါက်ရောက်ကြသည့် ပိန်းရိုင်းပင်များ သည်စားသုံး၍ မရနိုင်လောက်အောင် ယားယံလေ့ရှိပါသည်။ ပိန်းကြက်ဥကဲ့သို့ သော ပိန်းများပင်လျှင် သွေးနှင့်မတည့် ပါက ယားယံခြင်းကိုဖြစ်စေပါသည်။ ထို့ကြောင့် ပိန်းရိုင်းဟင်းကို လူတိုင်း မစားသုံးဝံ့ကြချေ။ ကံ့ကော်တောဘုရား ပွဲတော်စတုဒိသာတွင် တစ်နေ့လုံးကျွေး မွေးသည့် ပိန်းဟင်းမှာ လုံးဝယားယံ ခြင်းမရှိပေ။ ဘုရားပွဲတော်ကျင်းပတိုင်း အဓိကဟင်းလျာမှာ ပိန်းဟင်းသာဖြစ် လေသည်။ ယခင်က ဘုရားပွဲတော်ဝန်း ကျင်တွင် ပိန်းရိုင်းပင်များပေါများစွာ ပေါက်ရောက်ခဲ့သော်လည်း နောင်အခါ ရှားပါးလာသဖြင့် အခြားနေရာဒေသ များမှ ပိန်းပင်များကို ရှာဖွေစုဆောင်း ခုတ်ယူကြရလေ့ရှိပါသည်။ နေရာအနှံ့ ရှာဖွေရရှိသည့်ပိန်းပင်များကို ဖျင်သင် ခုတ်ပိုင်းပြီး မိုးပြဒယ်ကြီးများဖြင့် ချက် ပြုတ်ကြလေသည်။ ပိန်းဟင်းအိုးကျက် သည်နှင့် တစ်အိုးပြီးတစ်အိုးကုန်သွား လေ့ရှိသဖြင့် အချို့ပရိသတ်များမှာ စောင့်ဆိုင်းစားသောက်ကြရ၏။ ဘုရား ပွဲတော်ချိန်မဟုတ်ပါက ယားယံတတ် ခြင်းရှိကြောင်းလည်း စမ်းသပ်ကြည့်သူ များက ပြောပြပါသည်။ ဘုရားပွဲတော် ရက်အတွင်း ပိန်းဟင်းကိုချက်စားလျှင် မယားယံခြင်းမှာ ကံ့ကော်တောဘုရား တန်ခိုးတော်ကြောင့် ဖြစ်လေသည်။

ဘုရားပွဲတော်ကျင်းပသည့် နွေ ရာသီ တန်ခူးလအချိန်သည် ရေရှားပါး သည့်အချိန်ပင်ဖြစ်လေသည်။ သို့သော် သိမ်တော်ကြီးမှအနီးတွင် (၄) ပေ နက် သည့် ရေတွင်းငယ်တစ်ခုရှိပါသည်။ ထို ရေတွင်း ကို လူအများခတ်ယူနိုင်ခြင်းမရှိဘဲ တစ် ကြိမ်လျှင် လူတစ်ဦးသာခပ်ယူနိုင်သည့် ရေတွင်းဖြစ်ပါသည်။ ရေတွင်း(သို့) ရေ ကန်ငယ်၏ပုံစံမှာ လေးထောင့်ကျကျပြု လုပ်ထားသည့် ကန်တော့ခွက်ကိုမှောက် ထားသကဲ့သို့ ရှိနေပါသည်။ အထက် ကျယ် အောက်ကျဉ်းပြီးတစ်ကြိမ်လျှင် ရေအိုးတစ်လုံးစာဆန့်ရုံမျှသာ ရှိလေ သည်။ အုတ်ဖြင့် လေးထောင့်စပ်စပ်ပြု လုပ်ထားပြီး အဆင်းလှေကားထစ်များ ဖြင့် ဝင်ပေါက်နှစ်ခုရှိလေသည်။ အကြိမ် ကြိမ် မနားတမ်းခပ်ယူသော်လည်း နောက်ကျိခြင်းမရှိဘဲ ထွက်မြဲထွက်နေ ကာ ပွဲတော်အတွင်း သုံးလောက်ပေ သည်။ သို့ရာတွင် မိန်းမများဝင်ရောက် ခပ်ယူခွင့်မရှိချေ။ သို့သော် ဒေါက်တာ ဦးထွန်းမင်း၏ ဖခင်ကြီးနှင့် ဦးဘမောင်၊ ဦးရွှေလှအောင်တို့က ရေကန်ကို ချဲ့ထွင် ပြင်ဆင်မိကြရာ ယခုအခါ ရေမှာကြည် လင်မှုမရှိတော့ဘဲ ခပ်မှုန်မှုန်ရှိနေသည် ကို စာရေးသူကိုယ်တိုင် ကြည့်ရှုလေ့လာ ခဲ့ပါသည်။

**အသက်တိုရှည်သိလိုလျှင် နီးစအဓိဋ္ဌာန် တင်**

ကံ့ကော်တောဘုရားဖူးများသည် ဆုတောင်း အဓိဋ္ဌာန်ပြည့်ဝကြောင်း စာရေးသူ ကြားသိရပါသည်။ အသက် တိုမည်၊ ရှည်မည်သိလိုပါက ဝါးခြမ်းနီး ပြားငယ်တစ်ခုကို မိမိတံတောင်ဆစ်ဖြင့် တိုင်း၍ ရုပ်ပွားတော်ငယ်ရှေ့တွင်တင် ကာ ယုံကြည်သဒ္ဓါစိတ်ဖြင့် ငါးပါးသီလ ခံယူဆုတောင်း၍ ပြန်ယူကြည့်ပါက အသက်တိုမည်ဆိုပါက တိုင်းထားသည် ထက်တိုနေတတ်၍ အသက်ရှည်မည်ဆို ပါက ပို၍ရှည်နေလေ့ရှိကြောင်း စာရေး သူကိုယ်တွေ့ဖြစ်ပါသည်။လုပ်ငန်းဆောင် ရွက်မှုအောင်မအောင်ကိုလည်း ကျောက် စရစ်ခဲငယ်ဖြင့် အဓိဋ္ဌာန်တင်နိုင်ပါသေး သည်။ မအောင်မြင်နိုင်က ကျောက်ခဲ ငယ် ပိုသေး၍ပေါ့သွားခြင်း၊ အောင်မြင် မည်ဆိုပါက ပိုကြီး၍ ပိုလေးကြောင်း ကိုလည်း သိရှိရပါသည်။ ဦးတင်လှ၏ အဓိဋ္ဌာန်အောင်ကိုယ်တွေ့မှာ ၁၉၉၄ ခုနှစ်က ကျောက်ဖြူသို့ ကုန်းလမ်းပို့ ဆောင်ရေးဝန်ကြီးဌာနမှ ကားသုံးစီးပို့ လိုက်ရာ ဝန်ကြီးက -

"ခင်ဗျားက ဘယ်ကားအကောင်း ဆုံးလဲဆိုတာ သိနေတော့ မဲနှိုက်ပြီးကျ ရာယူရမယ်"

ဟု ဆိုရာ ဦးတင်လှမှာ ကံ့ကော် တောရုပ်ပွားတော်ထံ အဓိဋ္ဌာန်တင် ဆုတောင်းရာ မိမိလိုရာနံပါတ်(၁)ရရှိကာ စီးပွားတက်ခဲ့ဖူးသည်ဟု ဆိုပါသည်။

ကံ့ကော်တောဘုရားဆင်းတုတော် ညီနောင်သည် တိုင်းရေးပြည်ရွာထိခိုက် မည်ဆိုပါက မျက်လုံးတော်များနီခြင်း၊ မျက်နှာတော်များကွဲအက်ခြင်း၊ ကိုယ်လုံး တော်မှ ချွေးကျခြင်း စသည့် အတိတ် နိမိတ်များကို ပြသတော်မူလေ့ရှိပါသည်။ ထို့အပြင် အမြဲဆွမ်းဦးတင်လျက်ရှိနေ ခြင်း၊ ပန်းအိုးများရေမခန်း၊ ပန်းမညှိုး ခြင်း၊ အဓိဋ္ဌာန်အောင်ခြင်း၊ ဆုတောင်း ပြည့်ခြင်း စသည့် ဘုန်းတန်ခိုးတော်များ ဖြင့် ပြည့်စုံလှသဖြင့် ကျောက်ဖြူမြို့သို့ ရောက်ရှိသူတိုင်းသည် အံ့ဖွယ်သာမော ကံ့ကော်တောဘုရားညီနောင်အား ဖူး မြော်ကန်တော့ အဓိဋ္ဌာန်ဝင် အောင်ဆု ပန်နိုင်ပါကြောင်း စိတ်စေတနာသဒ္ဓါ ကောင်းဖြင့် ရေးသား ပူဇော်လိုက်ရပါ သည်။

**ရွှေချိုအောင်(သင်္ဂဇာ)**



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အမိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အမိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗ မန္တန်တော်ကြီးအပါအဝင် ဓနလာဘ်ဆိုင်ရာ မန္တန်၊ ဂါထာများကို ရွတ်ဖတ်ပူဇော်လျှင်၊ ကျင့်ကြံပွားများမည်ဆိုပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မုချဧကန်ဖြစ်ပါသည်။ စန်းသည် ဓနသိဒ္ဓိနက္ခတ်ကို ၁၇-၂-၂၀၁၅ ရက်နေ့ (၁၀း၁၁း၀၆) နာရီမှ စတင်ဝင်ရောက်ကာ (၁၈-၂-၂၀၁၅) နေ့ နံနက် (၉း၀၆း၁၁) နာရီတွင် စန်းနှင့် ဓနသိဒ္ဓိနက္ခတ်တို့ ယှဉ်နေမည်ဖြစ်ပြီး (၁၈-၂-၂၀၁၅) နေ့ ည (၉း၁၅း၀၆) နာရီ ထွက်ခွာမည်ဖြစ်သည်။ (၁၈-၂-၂၀၁၅) မှ နံနက် (၅း၄၆း၃၆) နာရီတွင် လင်္ဂနှင့် ဓနသိဒ္ဓိနက္ခတ်ယှဉ်မည်ဖြစ်ပြီး (၁၇-၂-၂၀၁၅) နေ့ နေ့လယ် (၁၁း၃၅း၃၅) နာရီမှ (၁၂း၃၅း၅၁) နာရီ အတွင်း မွန်းတည့်မျဉ်းနှင့် ဓနသိဒ္ဓိနက္ခတ်တို့ ယှဉ်နေမည် ဖြစ်သည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၆း ၅၃း ၂၈ | ၇း ၄၂း ၃၄ | ၁ | ၁၂း ၃၉း ၃၁ | ၁၃း ၃၉း ၄၇ |
| ၂ | ၆း ၄၉း ၃၂ | ၇း ၃၈း ၃၈ | ၂ | ၁၂း ၃၅း ၃၅ | ၁၃း ၃၅း ၅၁ |
| ၃ | ၆း ၄၅း ၃၆ | ၇း ၃၄း ၄၂ | ၃ | ၁၂း ၃၂း ၃၉ | ၁၃း ၃၁း ၅၅ |
| ၄ | ၆း ၄၁း ၄၀ | ၇း ၃၀း ၄၆ | ၄ | ၁၂း ၂၇း ၄၃ | ၁၃း ၂၇း ၅၉ |
| ၅ | ၆း ၃၇း ၄၄ | ၇း ၂၆း ၅၀ | ၅ | ၁၂း ၂၃း ၄၇ | ၁၃း ၂၃း ၀၃ |
| ၆ | ၆း ၃၃း ၄၈ | ၇း ၂၂း ၅၄ | ၆ | ၁၂း ၁၉း ၅၁ | ၁၃း ၁၉း ၀၇ |
| ၇ | ၆း ၂၉း ၅၂ | ၇း ၁၈း ၅၈ | ၇ | ၁၂း ၁၅း ၅၅ | ၁၃း ၁၅း ၁၁ |
| ၈ | ၆း ၂၅း ၅၆ | ၇း ၁၄း ၀၂ | ၈ | ၁၂း ၁၁း ၅၉ | ၁၃း ၁၁း ၁၅ |
| ၉ | ၆း ၂၂း ၀၀ | ၇း ၁၀း ၀၆ | ၉ | ၁၂း ၀၇း ၀၃ | ၁၃း ၀၇း ၁၉ |
| ၁၀ | ၆း ၁၈း ၀၄ | ၇း ၀၆း ၁၀ | ၁၀ | ၁၂း ၀၃း ၀၇ | ၁၃း ၀၃း ၂၃ |
| ၁၁ | ၆း ၁၄း ၀၈ | ၇း ၀၂း ၁၄ | ၁၁ | ၁၁း ၅၉း ၁၁ | ၁၂း ၅၉း ၂၇ |
| ၁၂ | ၆း ၁၀း ၁၂ | ၆း ၅၈း ၁၈ | ၁၂ | ၁၁း ၅၅း ၁၅ | ၁၂း ၅၅း ၃၁ |
| ၁၃ | ၆း ၀၆း ၁၆ | ၆း ၅၄း ၂၂ | ၁၃ | ၁၁း ၅၁း ၁၉ | ၁၂း ၅၁း ၃၅ |
| ၁၄ | ၆း ၀၂း ၂၀ | ၆း ၅၀း ၂၆ | ၁၄ | ၁၁း ၄၇း ၂၃ | ၁၂း ၄၇း ၃၉ |
| ၁၅ | ၅း ၅၈း ၂၄ | ၆း ၄၆း ၃၀ | ၁၅ | ၁၁း ၄၃း ၂၇ | ၁၂း ၄၃း ၄၃ |
| ၁၆ | ၅း ၅၄း ၂၈ | ၆း ၄၂း ၃၄ | ၁၆ | ၁၁း ၃၉း ၃၁ | ၁၂း ၃၉း ၄၇ |
| ၁၇ | ၅း ၅၀း ၃၂ | ၆း ၃၈း ၃၈ | ၁၇ | ၁၁း ၃၅း ၃၅ | ၁၂း ၃၅း ၅၁ |
| ၁၈ | ၅း ၄၆း ၃၆ | ၆း ၃၄း ၄၂ | ၁၈ | ၁၁း ၃၁း ၃၉ | ၁၂း ၃၁း ၅၅ |
| ၁၉ | ၅း ၄၂း ၄၀ | ၆း ၃၀း ၄၆ | ၁၉ | ၁၁း ၂၇း ၄၃ | ၁၂း ၂၇း ၅၉ |
| ၂၀ | ၅း ၃၈း ၄၄ | ၆း ၂၆း ၅၀ | ၂၀ | ၁၁း ၂၃း ၄၇ | ၁၂း ၂၃း ၀၃ |
| ၂၁ | ၅း ၃၄း ၄၈ | ၆း ၂၂း ၅၄ | ၂၁ | ၁၁း ၁၉း ၅၁ | ၁၂း ၁၉း ၀၇ |
| ၂၂ | ၅း ၃၀း ၅၂ | ၆း ၁၈း ၅၈ | ၂၂ | ၁၁း ၁၅း ၅၅ | ၁၂း ၁၅း ၁၁ |
| ၂၃ | ၅း ၂၆း ၅၆ | ၆း ၁၄း ၀၂ | ၂၃ | ၁၁း ၁၁း ၅၉ | ၁၂း ၁၁း ၁၅ |
| ၂၄ | ၅း ၂၃း ၀၀ | ၆း ၁၀း ၀၆ | ၂၄ | ၁၁း ၀၇း ၀၃ | ၁၂း ၀၇း ၁၉ |
| ၂၅ | ၅း ၁၉း ၀၄ | ၆း ၀၆း ၁၀ | ၂၅ | ၁၁း ၀၃း ၀၇ | ၁၂း ၀၃း ၂၃ |
| ၂၆ | ၅း ၁၅း ၀၈ | ၆း ၀၂း ၁၄ | ၂၆ | ၁၀း ၅၉း ၁၁ | ၁၁း ၅၉း ၂၇ |
| ၂၇ | ၅း ၁၁း ၁၂ | ၅း ၅၈း ၁၈ | ၂၇ | ၁၀း ၅၅း ၁၅ | ၁၁း ၅၅း ၃၁ |
| ၂၈ | ၅း ၀၇း ၁၆ | ၅း ၅၄း ၂၂ | ၂၈ | ၁၀း ၅၁း ၁၉ | ၁၁း ၅၁း ၃၅ |



www.burmeseclassic.com

www.burmeseclassic.com



ကံဝင်း

တမ္ဘူအဲ့ချိုးမကျန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

# ထူးထူးခြားခြား ဝိဇ္ဇာဇော်ဂျီဘုရား အမှတ်(၈၂)

သစ္စာတရားများထွန်းကားတော်မူနေသော သာသနာ့ဝိမုတ္တိ တစ်ပတ်ပြန်လည်လာသော ယခုအချိန်အခါ၌ ဝိပဿနာဓမ္မရိပ်သာများသည် အနယ်နယ်အရပ်ရပ်တွင် များစွာပေါ်ထွန်းလာသည်မှာ အထင်အရှားဖြစ်ပါသည်။

သစ္စာတရားတော်တွေ ထွန်းကား ဝိပဿနာတရားစခန်းများဖြင့် တရားဝင် တရားအားထုတ်ကြရင်း သံသရာမှလွန်မြောက် နိဗ္ဗာန်ရွှေပြည်နန်းအထိလျှောက်လှမ်းသွားကြသော သတင်းများလည်း ကြားသိနေရပါ၏။ ခန္ဓာငါးပါး၊ ရုပ်နာမ်



ဝိဇ္ဇာဇော်ဂျီဘုရားကြီး



ဝိဇ္ဇာဇော်ဂျီဘုရားအနီး ခေါင်းလောင်းတော်



ဝိဇ္ဇာဇော်ဂျီဘုရားရှေ့နားက
အဘပထမံဘိုးဘိုးအောင် ရွှေအစစ်ချထားပုံ
(ရွှေတိဂုံ စနေထောင့်)



www.burmeseclassic.com

www.burmeseclassic.com



ညအခါဖူးမြင်ရသော ဝိဇ္ဇာဇော်ဂျီဘုရား



ဝိဇ္ဇာဇော်ဂျီရုပ်တုရုပ်ပုံတော်များ တွေ့ရစဉ်

နှစ်ပါးတို့ချုပ်ငြိမ်းရန်ကြိုးစား ဝိပဿနာပွားများနေကြသော ယောဂီသူတော်စင်များရှိကြသကဲ့သို့ သမထခရီးလမ်းကို လျှောက်လှမ်း သမထကျင့်စဉ်များဖြင့် ပန်းကဲ့သို့ ပွင့်လန်းသွားကြကုန်သော သူတော်စင် သူတော်ကောင်းများလည်း ရှိကြကုန်၏။ ဒါနကို လက်ကိုင်ပြု၊ သီလကိုစုစည်း၊ ဘာဝနာခရီးမှာ ကျားကုတ်ကျားခဲ မလျှော့သောဇွဲဖြင့် စိတ်ကြံသမှု အဓိဋ္ဌာန်ပြု သမထလောကီယဝိဇ္ဇာမိုရ် လမ်းလျှောက်လှမ်း အသက်ရှည်ကြာစွာဖြင့် သာသနာအကျိုးသယ်ပိုးနေကြကုန်သော ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များလည်း ပေါ်ထွန်းလျက်ရှိလေ၏။

သမထလိုင်း၊ ထွက်ရပ်ပေါက်ဝိဇ္ဇာခရ ဂမ္ဘီရပညာရပ်စခန်း လျှောက်လှမ်းနေကြသူများကို လူတချို့က သံသရာရှည်ချင်ကြသူများဟု ဆိုကြလေ၏။ ရှေးခေတ်က စာဆိုအကျော် ဆရာတော် ဦးစိန္တိတအရှင်သူမြတ်ကြီးကလည်း -

"လူ့သက်တမ်းတိုတိုမှာ သံသရာမရှည်ချင်စမ်းပါနဲ့။ မဂ်လမ်းက လက်တစ်ကမ်းမှာ"

ဟု မိန့်တော်မူခဲ့ပါသေး၏။

မည်သို့ပင်ဆိုဆို သိဒ္ဓိစခန်း သိဒ္ဓိလမ်းဖြင့် ရည်မှန်းချက်ကြီးစွာ သီလ သမာဓိ၊ ပညာ ထိုသုံးဖြာဖြင့် ထွက်ရပ်ပေါက်လမ်းမှာ အထင်ကရ ထွန်းပေါက်မြင်မှု တွေ့ရခဲ့ကြသော ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊

www.burmeseclassic.com

www.burmeseclassic.com

ရွှန်းဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ ဇော်ဂျီဝိဇ္ဇာ၊ ဝိဇ္ဇာရှစ်သောင်း သူတော်ကောင်းများသည် လောက ကောင်းကျိုးသယ်ပိုးကြလျက် သာသနာ ထွန်းလင်းအောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းနေကြ၏။ ဘာသာတရား ကြည်ညိုကိုးစားကြသူများအား စောင့် ရှောက်ပေးတော်မူခြင်း၊ စေတီပုထိုး အမွမ်းမိုးဖြင့် သာသနာတန်ခိုး အစဉ် မြင့်မားအောင်ဆောင်ရွက်တော်မူကြခြင်း၊ သမထ၊ ဝိပဿနာ ပွားများသူများကို အရှုတရား တိုးပွား အကျိုးများအောင် ကောင်းမ စောင့်ရှောက်ပေးတော်မူနေကြ လေ၏၊

ဆိုခဲ့ပြီးသည့် သိဒ္ဓိစခန်း သိဒ္ဓိ လမ်းဖြင့် အောင်ပန်းပွင့်ခဲ့ကြကုန်သော ဝိဇ္ဇာကြီးများသည် ဗုဒ္ဓမြတ်စွာသာသနာ သာသနာ ၅၀၀၀ အကုန်မှာ ပေါ်ထွန်း လာမည့် မာတုပရိနိဗ္ဗာန်ပွဲ ရောင်တော် ပြန်ပွဲတွင် ပေါ်ထွန်းတော်မူမည့် နိမ္မိတ ရုပ်ပွားမြတ်ဘုရားသခင် ကျေးဇူးတော် အရှင်မြတ်ကြီးကို ဖူးမြော်လျက် အမတ ဓာတ်မှာ ပြည်အောင်ချာဖို့ ကူးဝင်တော်မူ ကြရန် ရည်သန်တော်မူကြလေ၏။

**ရွှေတိဂုံဘုရား စနေထောင့်မှ ဝိဇ္ဇာဇော်ဂျီ ဘုရား**

ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှ အံ့ဖွယ်(၉)ပါးတွင် တစ်ပါးပါဝင်တော်မူ သော ဝိဇ္ဇာဇော်ဂျီဘုရားသည် စနေ ထောင့်တွင် တည်နေတော်မူပါသည်။

ခေတ်အဆက်ဆက် အုပ်ချုပ်မင်း လုပ်ခဲ့ကြသော မြန်မာဘုရင်၊ မွန်ဘုရင် များ မှူးကြီးမတ်ရာ မှူးမတ်များသည် ရွှေတိဂုံရင်ပြင်တော်၌ ကောင်းမှုကုသိုလ် တော်အဖြစ် စေတီပုထိုးများတည်ထား တော်မူခဲ့ကြပါသည်။ ထို့အပြင် ထွက် ရပ်လမ်းမှာ အောင်ပန်းပွင့်ခဲ့ကြသော ထွက်ရပ်ပေါက်ဂုဏ်ဆောင် ဘိုးဘိုး အောင်၊ ဓမ္မစေတီမင်း၊ ရှင်မထီး၊ ရှင်အဇ္ဇ ဂေါဏ၊ ဘားလေးပါးဆရာတော်စသည့် သူတော်စင်ပုဂ္ဂိုလ်များသည် ရွှေတိဂုံ ရင်ပြင်ပေါ်၌ စေတီဘုရားများတည် တော်မူလာသောအခါ ဘုန်းတန်ခိုးတော် ကြီး ရွှေတိဂုံဘုရားကြီးပြီးလျှင် လွန်စွာ ထင်ရှားကျော်ကြားတော်မူသော စေတီ ဘုရားများဖြစ်တော်မူခဲ့၏။ ထိုစေတီ ဘုရားများတွင် ထူးခြားသော (၉) ဌာန သည် ထင်ရှားကျော်ကြား ကြည်ညိုသူ များဖြင့် လွန်စွာ စည်ကားနေတော်မူ ထ၏။ ကျေးဇူးရှင် မန်လည်ဆရာ တော်ဘုရားသည် ရွှေတိဂုံစေတီတော်၏ ထူးခြားသော (၉) ဌာနတွင် လှည့်လည် ရှိခိုးပူဇော် အမိဌာန်ဝင်ခဲ့ဖူးသည်ဟု သမိုင်းစာအုပ်တချို့တွင် ဖတ်ခဲ့ဖူးပါ သည်။ ထင်ရှားကျော်ကြားတော်မူသော ဆရာတော်ကြီးများသည်လည်း ရွှေတိဂုံ ရင်ပြင်တော်မှ ထူးခြားသော (၉) ဌာန တွင် လှည့်လည် ဖူးမြော် ကန်တော့ကြ သည်ကိုလည်း မြင်တွေ့ဖူးပါသည်။

ရွှေတိဂုံရင်ပြင်တော်မှ ထူးခြား သော (၉) ဌာနသည်ကား -

၁။ တစ်ဝဂ္ဂပတ္တမြားမျက်ရှင်ဆုတောင်း ပြည့်ဘုရား (အထက်ပစ္စယံ)

၂။ ဝိဇ္ဇာဇော်ဂျီဘုရား (စနေထောင့်)

၃။ ဆုတောင်းပြည့်ဘုရား (ရာဟုထောင့်)

မှတ်ချက် - ဘားလေးပါး ဘုရား (သို့) ရှင်စောပုဘုရားဟုလည်း ခေါ်ဆိုကြပါသည်။

၄။ ရှင်မထီးဘုရား (နောင်တော်ကြီး ဘုရားမြောက်ဘက်)

၅။ ရှင်အဇ္ဇဂေါဏဘုရား (တနင်္ဂနွေထောင့်)

၆။ ဆံတော်တွင်းဘုရား (မြောက် ဘက် ဂေါတမတန်ဆောင်းရှေ့)

၇။ ဘိုးဘိုးအောင်ဘုရား (အရှေ့ ဘက်၊ ဓမ္မစေတီဘုရားနှင့် ကျော ချင်းကပ်)

၈။ လက်ပက်လက်ဘုရား (အရှေ့ဘက်တန်ဆောင်း ကကု သန်ဘုရား)

၉။ ပြဒါးရှင်ဘုရား (အရှေ့မုခ်ဓာတ် လှေကားစီးလာသော် ဦးစွာ ဖူး တွေ့ရမည့် မယ်မင်းဘုံစေတီ၏ တောင်ဘက်ကပ်လျက်) တို့ ဖြစ် ကြပါသည်။



**အဘဦးထွန်းအားနေအိမ်တိုက်ခန်း၌တွေ့ရစဉ်**

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံ ရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ သူရဋ္ဌမဂ္ဂဇင်းကြီး၌ လစဉ် စာရေးသူ ရေးသား ပူဇော်နေပါ သည်။ ယခုလ တင်ပြလိုသောဘုရားမှာ ထူးထူးခြားခြား (၉)ဆူသောဘုရားများ အနက်မှ ဝိဇ္ဇာဇော်ဂျီဘုရားဖြစ်တော်မူပါ သည်။ ဝိဇ္ဇာဇော်ဂျီဘုရား ယခုတည်ရှိ နေသောနေရာသည် ရှေးအခါကာလက သစ်ရိပ်ဝါးရိပ်များဖြင့် တောမြိုင်တန်း ကလေးသဖွယ်ရှိခဲ့၏။ နေပြောက်မတိုး သစ်ရိပ်များကမိုးထား၍ အလွန်အေးမြ နေသောနေရာတစ်ခုဖြစ်ခဲ့၏။ သူတော် စင်သူတော်ကောင်းများက ရွှေတိဂုံ စေတီတော်ခြေရင်းမှာရှိ ထိုတောမြိုင် တန်းလေးမှာ အမိဌာန်တရားစခန်းများ ဖြင့် ပွားများအားထုတ်ရင်း လောကမှ လွန်မြောက်ဖို့ ကြိုးစားကြ၏။ မွှေးပျံ့ သော ရန့်ကြိုင်သင်းထုံ မြတ်လေး၊ စံပယ်ငုံပန်းများလည်း ရာသီအလိုက် ပွင့်လန်းရာ မြေတောတန်းကလေးဖြစ်ခဲ့ ၏။ မြတ်ဘုရားဟောကြား 'သစ်တစ်ပင် ရင်း ဝါးတစ်ပင်အောက်' ဟူသော မိန့်မှာ မှုကို ဦးထိပ်မှာပန်ဆင် တရားရှာဖွေ ရောက်လာသူတွေက သစ်ပင်ရင်းမှာ ပုတီးစိပ်သူစိပ်၏။ တရားထိုင်သူထိုင်၍ 'စကားနည်းမှ တရားမြဲမည်' ဟူသော အသိဖြင့် စကားမပြော၊ မိမိအလုပ် သဘောဖြင့် ပျော်မွေ့တော်မူကြလေ၏။ သာသနာ ၅၀၀၀ အပြည့်မှာ ဆင်နွှဲ ရောင်တော်ပြန်ပွဲနွှဲမည်ဟု အားခဲ လောကမှလွန်မြောက် ထွက်ရပ်လမ်းသို့ လျှောက်လှမ်းလိုသူများလည်း စိတ်ကြွ သမှု အမိဌာန်ပြု အားထုတ်နေကြလေ ၏။ ထွက်ရပ်ပေါက်လမ်း အထက်တန်း အဆင့် အောင်ပန်းပွင့်ခဲ့ကြသော ဝိဇ္ဇာ ဘိုးဘိုးကြီးများ၊ ဝိဇ္ဇာမိုရ်များ၊ ဇော်ဂျီ များလည်း ထိုတောတန်းကလေးမှာ အေးချမ်းစွာ သီတင်းလာရောက်သုံးကြ ၏။ မကြာခဏဆိုသလို သာသနာပွင့် လန်းရေးစည်းဝေးခြင်းများပြုကြသည် ဟုလည်း ရှေးလူကြီးများ ပြောကြားမိန့် ဆိုသည်များ ကြားခဲ့ရပါသည်။

တစ်ခါသော် ဝိဇ္ဇာဇော်ဂျီကြီးများ သည် ရွှေတိဂုံရင်ပြင်တော် စနေထောင့် ရှိ သာယာသော တောတန်းကလေး၏ ထုံကတ္တီပါတွင် စုံညီစွာရောက်ကြလျက် အထင်အရှား အမှတ်တရဖြစ်စေခြင်း

www.burmeseclassic.com

ဌာ ဘုရားတစ်ဆူတည်တော်မူမည်ဟု သဘောတူတော်မူကြလေ၏။ ဤသို့ဖြင့် မင်္ဂလာအချိန်အခါနေ့ကောင်းတစ်နေ့မှာ ဘုရားတစ်ဆူ တည်တော်မူကြလေ၏။ တည်တော်မူသော စေတီတော်တွင် မြောက်ဘက်သို့ မျက်နှာမူ ရုပ်ပွားတော်ကြီးတစ်ဆူပါ ထည့်သွင်းထားရှိတော်မူပါသည်။ တည်တော်မူရာတွင်လည်း ဘုရားစေတီ တော်တော်များများတွင် ပါရှိတတ်သော ဘီလူး၊ ခြင်္သေ့၊ ကျားများ ထည့်သွင်းခြင်းမပြုပါဘဲ ဝိဇ္ဇာဇော်ဂျီရုပ်တု၊ ရုပ်ပုံများဖြင့် ဂူဘုရားအမိုးပိုင်း ထီးတော်အောက်ဘက် နေရာအနှံ့အပြားတွင် ထည့်သွင်းထားရှိသည်ကို တွေ့ရပါသည်။(ဓာတ်ပုံတွင်ရှုပါ။) ဝိဇ္ဇာဇော်ဂျီကြီးများတည်ထားခဲ့သည်ကို နောင်းလူတို့သိရှိရန် ထည့်သွင်းခဲ့သည်ဟု ယူဆရပါသည်။ မြောက်ဘက်မျက်နှာမူရုပ်ပွားတော်ကြီး တည်တော်မူရာတွင်လည်း ရုပ်ပွားတော်၏ဝမ်းဗိုက် ဂန္ဓကုဋိတိုက်တွင် ဝိဇ္ဇာရေ ဂမ္ဘီရပညာစွမ်းဖြင့် ပြဒါးရှင်အပွား၊ ဂမ္ဘီရအသုံးအဆောင်များနှင့် ထွက်ရပ်လမ်းပုရပိုက်ကျမ်းများ၊ အစီအရင်များ၊ စမအင်းများဖြင့် ဌာပနာသွင်းတော်မူခဲ့သည်ဟုကြားသိရပါသည်။ လုပ်သက်ရှည်ဂေါပကလုံခြုံရေးဝန်ထမ်း ဦးခင်မောင်မြင့်က အဖိုးမဖြတ်နိုင်သော မြသပိတ်တစ်လုံးပင်ပါသေးဟု စာရေးသူအား ပြောပြပါသည်။ ထိုမြသပိတ်တော်ထဲတွင် ဌာပနာတော်များစွာထည့်၍ ဝမ်းဗိုက်နေရာတွင် ဌာပနာခဲ့ကြောင်းလည်း ပြောပြပါသည်။ဘုရားဘွဲ့အမည်တော်ကိုလည်း ဝိဇ္ဇာဇော်ဂျီများစုပေါင်းတည်ထားသည်ကိုအကြောင်းပြု၍ 'ဝိဇ္ဇာဇော်ဂျီဘုရား' ဟု အမည်တွင်တော်မူပါသည်။

**စနေထောင့်ကဓာတ်သိဆိုင်**

ဝိဇ္ဇာဇော်ဂျီဘုရားတည်သောနှစ်ကို လေ့လာသောအခါ လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ကျော်ခန့်ကဟုဆိုကြလေ၏။ စာရေးသူနှင့်ရင်းနှီးခဲ့ဖူးသော မန္တန်ဝိဇ္ဇာလိုင်းလိုက်စားကျင့်ကြံနေသူ မန္တန်ဂုဏ်ဆောင် ဆရာကြံတိုင်းအောင်က လွန်ခဲ့သောနှစ်ပေါင်း (၂၀၀) ခန့်က တည်တော်မူခဲ့ကြောင်း စာရေးသူကို 'ဓာတ်သိ' ဟု အမည်တော်ရသည့် လက်ဖက်ရည်ဆိုင်တွင် ပြောကြားခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၅) နှစ်ဝန်းကျင်က ရွှေတိဂုံစေတီတော်အောက်ပစ္စယံ စနေထောင့်တွင် 'ဓာတ်သိ' ဟု အမည်တော်ရသည့် လက်ဖက်ရည်ဆိုင်လေး တည်ရှိခဲ့ဖူးလေ၏။ ထိုလက်ဖက်ရည်ဆိုင်လေးသည် စနေထောင့်ရှိ စိမ်းစိမ်းစိုစိုရှိလှသော သစ်ပင်ပျိုသစ်ပင်အိုများကြားတွင် တည်ထားခြင်းဖြစ်ပြီး ဆူညံသံအန္တရာယ်မှ အလွန်ကင်း၍ အေးအေးချမ်းချမ်းရှိလှပါ၏။ 'ဓာတ်သိ' ဟု အမည်တော်နှင့်အတူ ထိုဆိုင်လေးတွင် ဓာတ်သိကြသူများသာ စုစည်းအနားယူ အတွေ့အကြုံ ဖလှယ်သောလျှို့ဝှက်ဌာနလေးသဖွယ် ဖြစ်နေခဲ့လေ၏။ ပြဒါးအကြောင်း၊ သံအကြောင်း၊ ဖိုအကြောင်း ပြောသူကပြော၏။ ထွက်ရပ်ပေါက်ဝိဇ္ဇာကြီးများပြောကြား မိန့်ဆိုခဲ့ပုံများလည်း ပြောကြ၏။ ရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများအကြောင်းပြောကြားကြ၏။ ဝိဇ္ဇာဇော်ဂျီများလည်း မကြာခဏကြွလာတတ်၏။ ထိုစဉ်က စာရေးသူအနေဖြင့်လည်း သက်သတ်လွတ်စား ရင်ပြင်တော်စေတီဘုရားများသို့ နေ့စဉ် လှည့်လည်သွားရောက်၍ အဓိဋ္ဌာန်ပုတီးပွားများနေစဉ်အခါကာလ ဖြစ်ပါသည်။

ထိုစဉ်အခါကာလက အဓိဋ္ဌာန်ပုတီးစခန်း အောင်ပန်းပွင့်ခဲ့သော ဆရာကြီး မင်းသိခ်သည်လည်း တပည့်များနှင့် ထို 'ဓာတ်သိ' ဆိုင်ကလေးကို ရောက်လာတတ်၏။ ဆရာကြီး မင်းသိခ်တို့က ရွှေတိဂုံရင်ပြင်တော် တနင်္ဂနွေထောင့်တွင် အခြေချ၊ အဓိဋ္ဌာန်စခန်းဖွင့် ပုတီးစိပ်ကြ၏။ 'ဓာတ်သိ' ဆိုင်ကလေးတွင် လက်ဖက်ရည်၊ ကော်ဖီနှင့် သက်သက်လွတ်စားဖွယ်များရ၏။ အသားငါးလုံးဝမရ။ ထိုဆိုင်ကလေးမှ ထမင်းပဲဆီဆမ်းနှင့် ငရုတ်သီးကြော်သည် စာရေးသူတို့အဖို့ တစ်နေ့တာ အာဟာရ ဗိုက်ဝစေခဲ့၏။ ဝိဇ္ဇာဇော်ဂျီဘုရားရှေ့မှာ ဂါထာမန္တန်ရွတ်ဖို့ အားဖြစ်ခဲ့၏။ ဂုဏ်တော်(၉)ပါးပုတီးများ ပွားများနိုင်ခဲ့၏။ ထိုအာဟာရကြောင့် အဓိဋ္ဌာန်စခန်းများစွာဖြတ်သန်းဆင်နွှဲ အောင်ပွဲရစေခဲ့၏။ 'ဓာတ်သိ'မှပေးလိုက်သော ဓာတ်စကား၊နတ်စကားတို့သည် ဗဟုသုတများစွာရခဲ့၏။ ရွှေတိဂုံရင်ပြင်ထက်မှ ထင်ရှားကျော်ကြားစေတီဘုရားများ၏ သမိုင်းကြောင်းများ သိလာခဲ့ရ၏။ လောကဓံက အပြောင်းအလဲတွေများလှသည်။ အောက်ပစ္စယံ စနေထောင့်တွင် မကြာသောနှစ်များဆီက 'ဓာတ်သိ' ဆိုင်လေး ပျောက်ကွယ်သွားပြီးနောက်တွင် 'စနေဥယျာဉ်' ဟူသော စားသောက်ဆိုင်ကလေးပေါ်ခဲ့၏။ ထိုဆိုင်တွင်လည်း စာရေးသူတို့ထိုင်ခဲ့၏။ ထွက်ရပ်လမ်းဝိဇ္ဇာခရီး လမ်းအတွေ့အကြုံများ ဖလှယ်ကြ၏။ ဆွေးနွေးတိုင်ပင်ခဲ့ကြပြန်၏။ ယခုအခါမှာ ထိုဆိုင်လည်း မရှိတော့ပါ။ ဓာတ်သိဟူသော ဆိုင်ကလေးကို အမှတ်ရနေခဲ့ပါ၏။

**ရွှေတိဂုံစေတီတော်နှင့် ဝိဇ္ဇာဇော်ဂျီဘုရားသို့ ဝိဇ္ဇာမိုရ်(၂)ပါး ဈာန်ဖြင့်လာပုံးပုံ**

ယခုလ စာရှုသူ ဓမ္မမိတ်ဆွေများအား ရေးသားတင်ပြမည့် ထင်ရှားကျော်ကြား စေတီဘုရားများမှ ဝိဇ္ဇာဇော်ဂျီဘုရားနှင့် ဆက်နွှယ်သိမှတ်စရာများကို ရွှေတိဂုံဘုရားကြီးသို့ နေ့စဉ်သွားရောက်လျက် လေ့လာမှတ်သားရပါသည်။ ဝိဇ္ဇာဇော်ဂျီဘုရားအကြောင်း ရေးသားတင်ပြရမည်ဖြစ်သည်မို့ သထမကျင့်စဉ်ဖြင့် ဝိဇ္ဇာလိုင်းလိုက်စား သူတော်ကောင်းများထံပါးမှ ပြောကြား အတွေ့အကြုံများလည်း ရေးမှတ်ရပါ၏။

နိဝင်ဘာလ ပထမအပတ် တနင်္ဂနွေနေ့၏နံနက်ခင်း၌ စာရေးသူသည် မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီလမ်းအတွင်းမှာရှိ 'စစ' ဆေးတိုက်သို့ ရောက်လာခဲ့၏။ 'စစ' ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင် ဆရာဦးကျော်မြင့်သည် အမြဲတမ်း အဓိဋ္ဌာန်စခန်းဖြင့် ဖိုထိုးနေသူဖြစ်သည့်အပြင် ရွှေကိုပြာဖြစ်အောင် ဖိုထိုး၍ ရလာသော ရွှေပြာအား ပျားရည်တို့ဖြင့် ရောစပ်ကာ ကိုယ်ခံအားအားနည်းနေသူများ၊ အားအင်ကုန်ခန်းခပ်နွမ်းနွမ်းဖြစ်နေသူ လူမမာများအား ကုသပေးနေသူ ဖြစ်၏။ ပထမံဆရာလှိုင်၏တပည့်ရင်း ရသေ့ကြီးဦးအောင်တိဿနှင့်လည်း လွန်စွာခင်မင်သူဖြစ်၍ သမထအကြောင်း၊ မန္တန်အကြောင်း၊ ဖိုအကြောင်းများ၊ အဓိဋ္ဌာန် ဝိဇ္ဇာမိုရ်တို့၏ ခရီးလမ်းကြောင်းများကို ပြောပြနိုင်သူဖြစ်ပါသည်။ 'ဒိုးကလေးကို နိုင်မယ့်သူမပေါ်သေး×××' ဟု တင်စားခံရလောက်သည့် ပထမံဆရာလှိုင်၏ စမပေါ်နေသော ဒိုးကလေးတစ်လုံးကို ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။

ဖိုအကြောင်း၊ ဓာတ်အကြောင်း နတ်အကြောင်းပြောရင်းမှ ရွှေတိဂုံစေတီတော်နှင့် ဝိဇ္ဇာဇော်ဂျီဘုရားသို့ ကောင်းကင်ယံမှ ဈာန်ခရီးဖြင့် ဘုရားလာဖူးသော ဝိဇ္ဇာမိုရ် (၂) ပါး တွေ့မြင်ခဲ့ရသူ အဘဦးထွန်းအကြောင်း ကြားရပြီးနောက် စာရေးသူသည် မေဓာဝီလမ်း

www.burmeseclassic.com

'လမင်းသာ' မုန့်စတိုးဆိုင်နှင့် ကပ်
မှာနေ အဘဦးထွန်း၏ တိုက်ခန်း
အရောက်သွားကာ အဘဦးထွန်းနှင့်
ဆုံမေးမြန်း မှတ်တမ်းတင်နိုင်ခဲ့ပါ

'စစ' ဆေးတိုက်ပိုင်ရှင် ဦးကျော်
လှမ်းဖုန်းဆက်ပေးထား၍ အခန့်
သင့် အဘဦးထွန်းနှင့် တွေ့ဆုံခဲ့ရပါ

"၁၉၆၁ ခုနှစ်လောက်ကပေါ့။ အဘတို့ ဇနီးမောင်နှံက ဝိဇ္ဇာတန်ဆောင်း အခု မြောက်ဘက်တန်ဆောင်း ဝိဇ္ဇာကြီး(၂)ပါး လက်ညှိုးညွှန်ပြတဲ့ ဆောင်း၊ အဲဒီတန်ဆောင်းမှာ ဂုဏ်တော်ပုတီးစိပ်ပြီးထွက်အလာ ရာဟုထောင့် အခု အောင်မြေဆီကပေါ့။လက်ပြီး ဝတ်ပြုစင်ကြယ်ဝတ်ပုဂ္ဂိုလ်နှစ်ပါးတစ်ပြန်သာသာလောက်အမြင့် ဗျာန်ပျံသွားလာတာတွေ့ရတယ်။ တုန်းက ဘုရားပေါ်မှာက အခုခေတ် လူတွေသိပ်မများဘူး။ လူဦးရေက ခေတ်လောက်မှမရှိတာ။ ဘုရားဖူး နည်းငယ်ရှိတယ်။ မြင်တဲ့သူတွေက ကြတယ်။ 'ဝိဇ္ဇာနှစ်ပါးပျံသွားတယ်' တော့ အဘတို့ဇနီးမောင်နှံ မြင်ရတယ်။ စနေထောင့် ဝိဇ္ဇာဇော်ဂျီ ရှေ့ရောက်တော့ ဆင်းသွားတယ် တယ်၊ ပျောက်သွားတယ်။ အဘတို့လည်း ဝိဇ္ဇာဇော်ဂျီဘုရားဆီ ခပ်သုတ်လိုက်ရတာပေါ့။ ဟိုရှာဒီကြည့်လုပ်တယ်။ မတွေ့ရတဲ့အဆုံး ဂုဏ်တော်အရဟံစိပ်ပြီးပြန်ခဲ့ကြတယ်"

**တော်ဇာဂရုနှင့်တွေ့ခဲ့သူ**

ဆက်လက်ပြီးတော့ အဘဦးထွန်းပြောပြ၏။

"အဲဒီ ၆၁-၆၂ခုနှစ်ဆီလောက်က အဘတို့က မြေနီကုန်း အောင်သာသစ်မှာနေစဉ်ကပေါ့။ ဘိုးတော်ရုက ဆိုက်ကားတစ်စီးနဲ့ အဘတို့ထဲကြွလာတယ်။ အဲဒီတုန်းက အဘက(၃၀)ဝန်းကျင်လောက်ရှိရော့ယ်။ အဘတို့အဖေက အိမ်မှာ ဘုရား ဘိုးတော်ပွဲအမြဲထိုးတယ်။ ပွဲကခဏပျော်တော့ အဖေကပြောတယ်။ တော့ထူးတယ်၊ ဘာလဲမသိဘူး ပြောတယ်၊ မကြာဘူး၊ ဘိုးတော် ဇာဂရုက တစ်ဖက်မရှိဘူး။ ဒါပေမယ့် အတော်တယ်။ အဖေနဲ့ ဓာတ်အကြောင်း၊ အကြောင်းတွေ ပြောကြတယ်။ တလူငယ်၊ ဘေးကနေ နားထောင်



နေတာပေါ့။ ဘာမှနားမလည်ဘူး။ ဘာတွေပြောကြသလဲမသိဘူး။ အတန်ကြာတော့ အဘကို ဓားမနဲ့ တူတောင်းတယ်။ အဘလည်း အိမ်ထဲပြေးယူပြီးပေးလိုက်တယ်။ အဲဒီအခါ ဘိုးတော်ဇာဂရုက အဘကို သူနားထိုင်ခိုင်းပြီး ပုဆိုးကို ပေါင်းရင်းအထိတင်ခိုင်းတယ်။ ပြီးတော့ အဘပေါင်ကို လက်နဲ့တစ်ချက်ပုတ်လိုက်တယ်။ ပြီးတော့ လူလေး၊ ဘာမှမကြောက်နဲ့လို့ ပြောတယ်။ ဓားမကို ဒေါင်လိုက် ပေါင်ပေါ်တင်ပြီး တူနဲ့ဘာမပြောညာမပြောထုချလိုက်တယ်"

အဘဦးထွန်းက စာရေးသူကို ပြောပြနေရင်းမှ ခေတ္တခဏစကားရပ်လိုက်ပြီး အာခြောက်သွားတယ်ထင်ရ၏။ ငှဲ့ထားတဲ့ စားပွဲပေါ်မှ ရေနွေးတစ်ခွက်သောက်လိုက်၏။ အဘဦးထွန်းရဲ့ အသွင်သဏ္ဌာန်က ရင်ခုန်နေတဲ့ပုံမျိုး။ စာရေးသူမှ နားထောင်ကောင်းတုန်း စကားရပ်လိုက်၍ အားမလိုအားမရဖြစ်သွား၍ အဘဦးထွန်းကို မေးမိ၏။

"ဒါနဲ့ အဘ၊ ဓားမပေါင်ပေါ်တင် တူနဲ့ထုတော့ အသည်းယားစရာ တိခနဲ မပြတ်ဘူးလား"

"အဲဒါပြောရင်း ကြက်သီးထမိတယ်။ လန့်သွားတာပေါ့။ မျက်စိကိုပြာသွားတာပဲကွာ။ သွားပြီပေါ့။ ပူခနဲတော့ နေသလိုလိုပဲ။ ဘာမှမဖြစ်ဘူး၊ မပြတ်သွားဘူး။ ဓားမကလည်း ထင်းခုတ်တဲ့ ဓားမက သွေးထားခါစရှိသေးတာ"

အထက်ပါ အဖြစ်အပျက်ကလေးက အသက် (၈၀) ကျော်ပြီဖြစ်သော မြောက်ဥက္ကလာ၊ မေဓာဝီဈေးလမ်း၊ 'လမင်းသာ' မုန့်စတိုးဆိုင်နှင့် ကပ်လျက်မှာနေ အဘဦးထွန်း၏ဘိုးတော်ဇာဂရုနှင့်တွေ့ဆုံပုံကို တင်ပြခြင်း ဖြစ်ပါသည်။

**ထူးထူးခြားခြားအကျိုးများ**

အံ့ဖွယ် (၉) ပါးတွင် တစ်ပါးပါဝင်သော ဝိဇ္ဇာဇော်ဂျီဘုရားကြီးသည် ရွှေတိဂုံစေတီတော်ရင်ပြင်တော် စနေထောင့်တွင် တည်နေတော်မူပါသည်။ ဝိဇ္ဇာဇော်ဂျီဘုရားကြီး၏ထူးခြားချက်မှာ အမြဲတမ်း ပန်းများနှင့် ဝေဝေဆာဆာ ဖူးတွေ့ရခြင်း ဖြစ်ပါသည်။ ဝိဇ္ဇာဇော်ဂျီဘုရားကြီးနှင့် အနီးဆုံးကပ်လျက်မှာရှိ 'အောင်ရွှေထီး' အသင်းသူအသင်းသားများမှ အမြဲတမ်း ပန်းလှူပန်းကပ်ကြကြောင်းလည်းသိရပါသည်။ အဘဆရာ၏ လမ်းညွှန်မှုကြောင့်ဟု ဆိုပါသည်။ အဓိဋ္ဌာန်အောင်သူ၊ ဆုတောင်းပြည့်ဝကြသူ ဘုရားဖူးများမှလည်း ပန်း၊ ဆီမီး ကပ်လှူပူဇော်ကြသည်ကိုလည်း တွေ့ရပါသည်။ ဝတ်စားဆင်ယင်ပုံ ရှေးဆန်သော အဝတ်အစားဝတ် မိန်းမပျိုလေးများလည်း နံနက်စောစောကြီးမှာ ပန်းလှူ ပန်းကပ်လုပ်ကြသည်ဟု လုံခြုံရေးဝန်ထမ်းတစ်ဦးက စာရေးသူကို ပြောပါသည်။ ဘဝသံသရာမှ ဝိဇ္ဇာကြီးများ၊ ဇော်ဂျီများနှင့် ပဋ္ဌာန်းဆက်ရှိကြသူများ ဝိဇ္ဇာဇော်ဂျီဘုရားသို့ ရောက်လာကြပြီး သကာလ အဓိဋ္ဌာန်ဝင်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ဝိဇ္ဇာဇော်ဂျီပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်များ၏ ကူညီမ,စစောင့်ရှောက်ခြင်းကိုခံယူလိုကြသူများ၊ မိမိတို့၏စီးပွားရေးလုပ်ငန်းများ ပွင့်လန်းတိုးတက်လိုသူများ၊ သက်သတ်လွတ်စား၊ ဂုဏ်တော်ပုတီးပွား၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြသောအခါ အလိုရှိသမျှ ပြည့်စုံကြ၍ ဆုတောင်းတိုင်းပြည့်ကြပါသည်။ ရာထူးတိုး၊ စာမေးပွဲဖြေဆိုသူများ၊ စီးပွားရေးလုပ်ငန်းအခွင့်အလမ်းများ မလန်းမဆန်းနှင့် စိတ်ပန်းလူပန်းဖြစ်နေကြသူများ၊ နာလန်မထူ ကံမကူ၍ အခက်အခဲတစ်ရပ်နှင့် အကျပ်အတည်းဆိုက်နေသူများ၊ ဈေးရောင်းဈေးဝယ်သူများ ဝိဇ္ဇာဇော်ဂျီဘုရားကြီးရှေ့တော်မှောက် အရောက်သွား၍ ကန်တော့ပွဲကပ်လှူ ဂုဏ်တော်ပွားများ မေတ္တာပို့အမျှဝေသောအခါ စိတ်တိုင်းကျ အလိုပြည့်ဝကြကြောင်း ကြားသိရပါသဖြင့် စာရှုသူမမွှမိတ်ဆွေများ တွေဝေမနေကြပါနှင့်။ ယခုပင်လျှင် ဝိဇ္ဇာဇော်ဂျီဘုရားရှေ့တော်မှောက် အရောက်သွား၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုလိုက်ကြပါ။ စိတ်သာချနေ ဝိဇ္ဇာဇော်ဂျီတွေ မစပါလိမ့်မည်။

မေတ္တာများစွာဖြင့်
ညာဝင်း

www.burmeseclassic.com

ဝိနိပါတကဘေး ဆိုသည်မှာ ပရမ်းပတာကျရောက်သော ဘေးဆိုးကြီးကို ဆိုလိုသည်။ အလိုရှိရာ၊ ရည်ရွယ်ရာ ကျရောက်ခြင်းမျိုးမဟုတ်ဘဲ ရောက်တတ်ရာရာ သူကျချင်ရာ ကျရောက်ခြင်းမျိုး ဖြစ်သည်။

အုန်းပင်ပေါ်မှ အုန်းသီးတို့ ကြွေကျခြင်းကဲ့သို့၊ ထန်းပင်ပေါ်မှ ထန်းသီးတို့ ကြွေကျခြင်းကဲ့သို့ ပုထုဇဉ်တို့၏ဘဝသည်လည်း ကြွေခြင်းနှင့်တူသော သေခြင်း၏အခြားမဲ့၌ ဘုံဌာနများသို့ ပရမ်းပတာ ကျရောက်သွားခြင်းကို ဆိုလိုပါသည်။ အလုံးစုံသော သတ္တဝါတို့သည် တစ်ဘဝလျှင် တစ်ခါကျသေရခြင်းသည် မြဲ၏။ ထိုမြဲသောသေခြင်းဖြင့် သေရပြန်လျှင်လည်း ပုထုဇဉ်သတ္တဝါတို့မှာ နောင်တမလွန်၌ ပရမ်းပတာကျရောက်သော ဝိနိပါတကဘေးကြီးကလည်း မြဲပြန်၏။ ဇရာသေခြင်းဘေးနှင့် ဝိနိပါတကဘေးကြီးနှစ်ခုတို့သည် အတူယှဉ်တွဲ၍ ပုထုဇဉ်အား သံသရာတစ်လျှောက်လုံး နှိပ်စက်၏။

ထိုဘေးကြီးနှစ်မျိုးအနက် သေခြင်းဘေးထက် ပရမ်းပတာကျရောက်သောဘေးကပို၍အခံရခက်၏။ မွေးဖွားခြင်းရှိသဖြင့် သေရမည်မှာ ဓမ္မတာဖြစ်သော်လည်း သေပြီးနောက် အပါယ်ဘုံသို့ ပရမ်းပတာကျရောက်ရမည်မှာ လွန်စွာ ကြောက်စရာကောင်းလှ၏။ လက်ရှိတွင် လူ့ဘဝကိုရရှိထားပါလျက် အထက်ကိုမတက်နိုင်ဘဲ အောက်သို့ပရမ်းပတာလျှောကျရမည့်အဖြစ်မှာ လွန်စွာဝမ်းနည်းစရာကောင်းလှ၏။

လူ့ပြည်မှ သေလွန်သူတို့အတွက် များသောအားဖြင့် အပါယ်တံခါးတို့သည် အလိုလိုပွင့်ပြီးသားဖြစ်၏။ အလွန်နက်ရှိုင်းပါသည်ဆိုသော အဝီစိငရဲကြီးတိုင်အောင် မျက်တောင်တစ်ခတ်အတွင်း ကျရောက်သွားနိုင်သည်။ လူနှင့်နီးပါသည်ဆိုသော တိရစ္ဆာန်နှင့် ပြိတ္တာဘုံများသို့လည်း အလွယ်တကူ ကျရောက်သွားနိုင်သည်။ နီးသည်၊ ဝေးသည်မဟူ ပရမ်းပတာ ကျရောက်သွားနိုင်သည့် ဝိနိပါတက ဟူသော ဘေးဆိုးကြီးရှိနေသည်။

နတ်နှင့်ဗြဟ္မာတို့သည်လည်း ထိုပရမ်းပတာကျရောက်ရမည့် ဝိနိပါတကဘေးကြီးနှင့် ကင်းလွတ်ရန် ခဲယဉ်း၏။ နတ်အများစုမှာ မိမိတို့ဘဝ၌ နှစ်သက်ပျော်ရွှင်စွာ နတ်သုဒ္ဓါနှင့် ကာမဂုဏ်စည်းစိမ်များကိုသာ အခါမလပ် ခံစားနေကြသဖြင့် နတ်သက်ကြွေသော် ပရမ်းပတာကျရောက်လာမည်မှာ မလွဲပေ။

# ဖျာပုံတင်နိုင်ဝင်း

## ဝိနိပါတကဘေး





www.burmeseclassic.com

www.burmeseclassic.com

ပုထုဇဉ်တို့သည်လည်း လောကီစျာန် အစဉ်ဖြင့်သာ လွင့်မျောနေကြသဖြင့် သေတိုင်း ဝိနိပါတကဘေးကြီးနှင့် ထိပ်တိုက်ရင်ဆိုင်နေကြရစမြဲ ဖြစ်သည်။

သတ္တဝါတို့သည် သေခြင်းဘေးကို အလွန်ကြောက်လန့်ကြသော်လည်း ထို ပရမ်းပတာကျရောက်မည့် ဝိနိပါတက ဘေးကြီးကိုတော့ မေ့လျော့နေကြ၏။ အချို့ ထုံအလွန်းသော ပုထုဇဉ်တို့ကား ဝိနိပါတကဘေးကြီးရှိသည်ဟုပင် မသိကြရှာပေ။ တကယ်တော့ ထိုဝိနိပါတက ဘေးကြီးသည် မြင်တွေ့နေကျ သေခြင်း တရားထက်များစွာကြောက်စရာကောင်း လှပေ၏။

ကြောက်စရာကောင်းလှပါသော်လည်း ပုထုဇဉ်အများစုမှာ သေတိုင်း သေတိုင်း ဤဘေးကြီးထဲသို့သာ ပရမ်း ပတာ ကျရောက်သွားကြသည်။ ဤ အချက်နှင့်ပတ်သက်၍ ဗုဒ္ဓဘုရားရှင်သည် နခသိခသုတ်၌ ဤသို့ ဥပမာပြ ဟော ကြား၏။

တစ်ခါ၌ မြတ်စွာဘုရားသည် လက်သည်းတော်များပေါ်တွင် မြေမှုန့် များကို တင်ထားပြီးလျှင် ရဟန်းတို့ကို ခေါ်၍ ဤသို့မိန့်၏။

'ရဟန်းတို့၊ ငါ၏ လက်သည်း တော်တို့တွင် တင်ထားသော မြူမှုန့်နှင့် မဟာပထဝီဝင်မြေပြင်လုံးမှာရှိသော မြေ မှုန့်တို့ကို အနည်းအများ နှိုင်းယှဉ်သည် ရှိသော် အဘယ်မြေမှုန့်တို့က နည်းပါး၍ အဘယ်မြေမှုန့်တို့က များပြားမည်နည်း'

ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းတို့က -

လက်သည်းတော်များ၌တင်ထား သော မြေမှုန့်တို့က အလွန်တရာ နည်း ပါးကြောင်း၊ ပထဝီမြေပြင်၌ရှိသော မြေမှုန့်များက အဆမတန် များပြားပါ ကြောင်း၊ ၎င်းမြေမှုန့်အစုနှစ်ခုတို့အား နှိုင်းယှဉ်သော် လက်သည်းပေါ်တွင်တင် ထားသောမြေမှုန့်တို့က မပြောပလောက် ပါကြောင်း ဖြေဆိုလျှောက်ထားကြ၏။

ထိုအခါ မြတ်စွာဘုရားက -

"ရဟန်းတို့၊ ဤဥပမာနှင့်တူစွာ ဤလူ့ပြည်မှ သေလွန်ကြကုန်သော ပုထု ဇဉ်အပေါင်းတို့တွင် လူ့ပြည်၊ နတ်ပြည်တို့ ၌ဖြစ်ရသောသူသည် ငါ၏လက်သည်း တော်ပေါ်၌ တင်ထားသော မြေမှုန့်စု ကဲ့သို့ အလွန်နည်းပါးလှ၏။ အပါယ် လေးဘုံသို့သာ ကျရောက်ရသောသူတို့ သည်ကား မဟာပထဝီမြေမှုန့်တို့ကဲ့သို့ အလွန်များပြားလှချေသည်။ ထို့နောက် တစ်ဖန် အပါယ်လေးဘုံမှ သေလွန်ကြ သူများတွင် လူ့ပြည်၊ နတ်ပြည်တို့၌ ဖြစ်ရ သောသူသည် လက်သည်းခွံပေါ်မှမြေ မှုန့်တို့ကဲ့သို့ အလွန်နည်းပါးလှ၏။ အပါယ်လေးပါးသို့သာ အဖန်တလဲလဲ ပြန်လည်ကျရောက်နေကြသော သတ္တ ဝါတို့သည် မဟာပထဝီမြေမှုန့်တို့ကဲ့သို့ များပြားလှချေသည်တကား"

ဟု မိန့်တော်မူလေသည်။

ဤနခသိခသုတ်ကို ထောက်၍ အောက်သို့ ပရမ်းပတာကျရောက်သော သတ္တဝါတို့သာ အဆမတန် များပြားနေ ကြောင်း ထင်ရှား၏။ ပုထုဇဉ်အများစု မှာ သေလွန်တိုင်း ဝိနိပါတကဘေးဆိုး ကြီးနှင့် ရင်ဆိုင်နေရကြောင်း ထင်ရှား ၏။

သို့သော်လည်း သာသနာထွန်းပ ချိန် ဤအခါမျိုး၌ ဤဘေးဆိုးကြီးမှ လွတ်မြောက်ရန် များစွာ ခဲယဉ်းလှ သည်မဟုတ်ဆိုလျှင်ကား ပုထုဇဉ်တို့ အံ့ဩကြမည်လော။ ဤသာသနာတော် ၌ ၎င်းဝိနိပါတကဘေးဆိုးမှ လွတ် မြောက်နည်းများရှိသည် ဆိုလျှင်ကား ကမ္ဘာသူကမ္ဘာသားတို့ စိတ်ဝင်စားကြ မည် ထင်ပါသည်။

ထန်းသီး၊ အုန်းသီးတို့သည် ကြွေ တိုင်းကြွေတိုင်း မြေပြင်သို့ ပရမ်းပတာ ကျရောက်ရသော်လည်း တောင်ပံရှိသူ ငှက်တို့သည်ကား သစ်ကိုင်းကျိုးကျသော် မှ မြေပြင်သို့မကျ၊ အထက်သို့သာ လွတ် လပ်စွာ ပျံတက်သွားနိုင်ကြလေ၏။

ထို့အတူသာလျှင် လူ့ပြည်၊ နတ် ပြည်၊ ဗြဟ္မာ့ပြည်မက နိဗ္ဗာန်အထိပင် ပျံတက်နိုင်သော အရိယာမဂ် ဟူသည် ရှိ၏။ ထိုမဂ်သည် ပရမ်းပတာကျရောက် တတ်သော ဘေးဆိုးကြီးမှလည်း လွတ် မြောက်၍ ကိုယ်လိုရာ ဘုံဌာနများသို့ ရောက်ရှိနိုင်သောလုပ်ငန်းစဉ်ကြီးတည်း။

အင်္ဂါ (၈) ပါးသော ၎င်းအရိယာ မဂ်သည် ငှက်တို့၏တောင်ပံနှင့် တူသ ဖြင့် လိုရာဘုံဘဝသို့ ပျံသန်းနိုင်၏။ မည် သည့်ဘုံဘဝဟု ရည်ရွယ်မထားသော်မှ ကောင်းသောဘုံဌာနများသို့ ဧကန်တက် ရောက်နိုင်မည် ဖြစ်သည်။ ၎င်းအရိယာ မဂ်သည် အင်္ဂါ(၈)ပါးနှင့် ပြည့်စုံသော ကြောင့် မဂ္ဂင်(၈)ပါးဟုလည်း ခေါ်၏။

၁။ **သမ္မာဒိဋ္ဌိ** - ကောင်းမှန်စွာယူခြင်း၊

၂။ **သမ္မာသင်္ကပ္ပ** - ကောင်းမှန်စွာကြံ စည်ခြင်း၊

၃။ **သမ္မာဝါစာ** - ကောင်းမှန်စွာ ပြော ဆိုခြင်း၊

၄။ **သမ္မာကမ္မန္တ** - ကောင်းမှန်စွာပြု လုပ်ခြင်း၊

၅။ **သမ္မာအာဇီဝ** - ကောင်းမှန်စွာ အသက်မွေးခြင်း၊

၆။ **သမ္မာဝါယာမ** - ကောင်းမှန်စွာ အားထုတ်ခြင်း၊

၇။ **သမ္မာသတိ** - ကောင်းမှန်စွာ အောက်မေ့ခြင်း၊

၈။ **သမ္မာသမာဓိ** - ကောင်းမှန်စွာ စိတ်တည်ကြည်ခြင်း -

ဟူ၍ အင်္ဂါ (၈) ပါး ရှိလေသည်။

ထိုအရိယာမဂ် (ဝါ) မဂ္ဂင် (၈)ပါး နည်းလမ်းအတိုင်း ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော ကုသိုလ်ကောင်းမှုများ အပိုင်ပြုလုပ်ထားသည်ရှိသော် သေ တိုင်း ကျရောက်နေရသည့် ပရမ်းပတာ ဘေးကြီးမှလွန်မြောက်ကြမည်ဖြစ်သည်။ ငှက်သည် ပင်ကိုယ်၌က အတောင်ပံရှိခြင်း နှင့် ၎င်းတောင်ပံကို အသုံးချတတ်ခြင်း ကြောင့် အောက်မြေပြင်သို့ ပရမ်းပတာ မကျဘဲ လိုရာသို့သာ ကောင်းစွာပျံသန်း နိုင်ကြ၏။ ထို့အတူလျှင် ဤသာသနာ တွင်းသားတို့သည် ပင်ကိုနဂိုကတည်း က တောင်ပံနှင့်တူလှစွာသော ပရိယတ်၊ ပဋိပတ် တည်းဟူသော ဗုဒ္ဓအဆုံးအမ တရားဓမ္မများ အဆင်သင့်ရှိနေသည်။ ဝိနိပါတကဘေးမှ လွတ်မြောက်ရန် အတွက် မိမိတို့အဖို့ ထိုတရားဓမ္မတောင် ပံများကို တပ်ဆင်အသုံးချနိုင်ဖို့သာ အရေးကြီးသည်။

လောကတွင် ဆင်းနည်းသည် အလွန်လွယ်၏။ လျှောချရုံဖြင့်လည်း အလုပ်ဖြစ်၏။ မျှောချရုံဖြင့်လည်း အောက်သို့ မျောပါသွားနိုင်၏။ သို့သော် အထက်သို့တက်ရန်ကား ပုထုဇဉ်တို့၏ ဉာဏ်ဖြင့် အလွန်ခဲယဉ်းလှ၏။ သို့သော် ကား အရိယာဉာဏ်ထူးချွန်တော်မူသော ဗုဒ္ဓဘုရားရှင်သည် အထက်နန်းတက် လှမ်းနိုင်ရန် မဂ္ဂင်ပညာကို သင်ကြားပေး ထားတော်မူခဲ့သည်။ ထို့ကြောင့် သေ ခြင်းတရားထက် အဆမတန် ကြောက် စရာကောင်းလှသော အောက်သို့ ပရမ်း ပတာကျရောက်ရမည့် ဝိနိပါတကဘေး ဆိုးကြီးမှ လွတ်မြောက်နိုင်ရေးအတွက် ကြိုးပမ်းချိန်တန်ပြီဖြစ်ကြောင်း သတိပေး လိုက်ရပါသည်။

ဗျာပုံတင်နိုဝင်း



www.burmeseclassic.com

www.burmeseclassic.com

### အလုပ်အကိုင်စီးပွားတစ်နေ့တခြားတိုးပွားစေသော

# ကျွဲစွာသယာလိပ်စမယ်

### တုန်းဓော်

ကျွန်ုပ်၏အသက်မှာ တစ်နှစ်ပြည့်သွားပြီဖြစ်၍ အသက် (၇၃) နှစ်ထဲကို ဝင်ရောက်လာနေပါပြီ။ မမျှော်လင့်ဘဲ တိုက်ဆိုင်နေပြန်ပါသည်။ ကောဇာနှစ် ၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်က တနင်္ဂနွေနေ့ဖြစ်နေတော့ မြန်မာသက္ကရာဇ်အရဆိုလျှင် ကျွန်ုပ်၏ မွေးလ၊ မွေးရက်နှင့် မွေးနေ့ပါထပ်နေပါသည်။


ခရစ်နှစ်အရကတော့ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၉ ရက် ဖြစ်နေပါသည်။ ခရစ်နှစ်နှင့် မွေးနေ့က ဇူလိုင်လဆန်း ၄ ရက်မို့ မြန်မာနှစ်နှင့် ခရစ်နှစ်တော့ မထပ်ပါ။ လွန်စွာခဲယဉ်းသောအဖြစ်မျိုးပါ။

ပျော်ရပါသည်။

ကျွန်ုပ် အမှန်ပင် ပျော်ရပါသည်။ ထူးထူးခြားခြား တိုက်ဆိုင်နေ၍ဖြစ်ပါသည်။ သာမန်တော့ မဖြစ်နိုင်တဲ့ကိစ္စပါ။ ကျွန်ုပ်တို့မိသားစု၏ဒါနမှုက နေ့စဉ် နိစ္စဘတ်ဆွမ်းလောင်းပါ။ အိမ်ကို ကြွလာသည့် ရဟန်းသံဃာတော်များကိုလောင်းလှူတာပါ။ နောက် လစဉ်မြန်မာလဆန်း (၄) ရက်တိုင်းမှာလည်း ယခုအခေါ် ဆွမ်းချိုင့် (ယခင်အခေါ် အရ ဆွမ်းအုပ်) ပေ့ါ။ ကျောင်း (၂) ကျောင်းလှူတာမို့ ဆွမ်းချိုင့် (၂) ချိုင့် ဖြစ်ပါသည်။

ယခု ဝါဆိုလဆန်းမှာ -

* ဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့က ကျွန်ုပ်မွေးနေ့ကျရောက်နေခြင်းအလှူ။
* ဝါဆိုလဆန်း ၄ ရက်နေ့က လစဉ်ဆက်ကပ်လှူမြဲဖြစ်သောဆွမ်းချိုင့်အလှူ။
* လွန်စွာကြုံခဲတဲ့ ဝါဆိုလဆန်း ၉ ရက်၊ စနေဖြစ်၍ 'ကိုးစနေ သိဒ္ဓိပွဲ' လှူရခြင်း။
* ကျွန်ုပ်တို့ရပ်ကွက်မှ နှစ်စဉ် ဝါဆိုလဆန်း ၁၃ ရက်နေ့မှာ ဆွမ်းအလှူအဝင်ဖြစ်ပြီး လဆန်း ၁၄ ရက်နေ့နံနက်မှာ မြတ်စွာဘုရားရှင်အား အမှူးပြုပြီး သံဃာတော်များအား ဆွမ်းသပိတ်ဆက်ကပ်



ကျွဲစွာသယာလိပ်စမယ်ပုံ

သည့် ဆွမ်းအလှူပွဲကြီးနှင့် ကြုံနေသည်။

* ဝါဆိုလဆန်း ၁၅ ရက် (လပြည့်နေ့)ဆိုလျှင် ကျွန်ုပ်တို့ထေရဝါဒဗုဒ္ဓဘာသာဝင်များ အထူးတန်ဖိုးထားကြရသော ရက်မြတ်နှင့် အကောင်းပေါ် အယဉ်ဆင့်ပြီး ကျွန်ုပ်အတွက် အထူးဝမ်းမြောက်ရသော အကြောင်းကောင်းများနှင့် ဆင့်ကာဆင့်ကာ ကြုံတွေ့နေရသောရက်နှင့် အချိန်များ ဖြစ်ပါသည်။

လောကီအရေးအရာကို ပြောပြရမည်ဆိုလျှင် နယုန်လပြည့် မဟာသမယနေ့ဖြစ်ပြီး နယုန်လပြည့်ကျော် ၉ ရက်မှာ စနေကြုံနေခြင်း၊ အစအား ကောင်းခဲ့သလို ဝါဆိုလဆန်း ၉ ရက်မှာလည်း စနေကြုံလာပြန်သဖြင့် လောကီ သိဒ္ဓိအဝဝကို ပြီးမြောက်စေနိုင်သော 'ကိုးစနေ' နှစ်ကြိမ်ခံထားပြီး ဝါဆိုလပြည့်ဖြင့် အထွတ်ပြုထားသဖြင့် ကျွန်ုပ်၏ စိတ်ထဲတွင် 'မီးဆယ်ကြိမ်ချထားပြီးခဲ့သော သိင်္ဂီလျှော်ရွှေကို ဖလားပြုလုပ်စေပြီး ထိုရွှေဖလားကိုပင် အနုအလှ ပန်းထိမ်ပညာရှင်များဖြင့် ကနုတ်စီမံထားသလို အဖိုးမဖြတ်နိုင်သော ရတနာ (၇) ပါး စီခြယ်ထားသည့်နှယ်' ထင်ယောင်မိပါတော့သည်။ အံ့ဩလောက်သော အကြောင်းကောင်းများနှင့် တိုက်ဆိုင်နေခြင်းပင် ဖြစ်ပါတော့သည်။

ကျွန်ုပ်သည် မွေးနေ့ကုသိုလ်နှင့် လစဉ်ဝတ်ဆွမ်းအလှူတို့ ပြုလုပ်လိုက်ပြီး ဝါဆိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့တွင် အကြို 'ကိုးစနေသိဒ္ဓိပွဲနှင့် မြတ်ဗုဒ္ဓ၏ အာဝေဏိကဂုဏ်တော်ရည်မှန်းပြီး ဝါဆိုလပြည့်ပွဲ'အဖြစ် ပွဲတစ်ပွဲတည်လိုက်ပါသည်။

အခွင့်ကြုံ၍ ကြားဖြတ်တင်ပြလိုပါသည်။ သူရဇ္ဇမဂ္ဂဇင်းကြီးကိုမှ တစိုက်မတ်မတ် စွဲစွဲမြဲမြဲဖတ်နေကြသော စာဖတ်သူ (စာချစ်သူ) မိတ်ဆွေများထဲမှ ကျွန်ုပ်၏ ကျင့်စဉ်များကို ကျင့်ကြံသည့် မိတ်ဆွေများထံမှ ယခု 'ကိုးစနေကျင့်စဉ်' နှင့် ဝါဆိုလပြည့်အတွက် မည်သည့် အဓိဋ္ဌာန်ဝင်သင့်ကြောင်း အကြံဉာဏ်တောင်းခံကြသော မိတ်ဆွေများမှာ ဝါဆိုလဆန်းစကပင် တယ်လီဖုန်းဖြင့် စကားကမ်းလှမ်း မေးမြန်းကြပါတော့သည်။

မေးလာသူမိတ်ဆွေများကို ကျွန်ုပ် အမှန်တကယ် ဖြတ်သန်းလာခဲ့သော ကျင့်စဉ်နှင့် အဓိဋ္ဌာန်တို့ကို ပြောပြခဲ့ပါသည်။

လဆန်း ၇ ရက်နေ့က ကပ်လှူသည့် ကိုးစနေသိဒ္ဓိပွဲကို တပည့်များနှင့် မိတ်ဆွေများ လာရောက် ကန်တော့ကြပါသည်။ ထိုလာရောက်သော မိတ်ဆွေနှင့် တပည့်များထဲတွင် အဝေးပြေးကားထောင်ထားကြသောကားပိုင်များ၊ ပွဲရုံလုပ်ငန်းများနှင့် ကုန်စုံရောင်းချကြသော လုပ်ငန်းရှင်များပါရှိကြပါသည်။

ထိုအထဲတွင် ပွဲတိုင်းကျော်တပည့်တစ်ယောက်လည်းပါပါသည်။ ထိုတပည့်ကို စာဖတ်သူ မိတ်ဆွေအတော်များများကတော့ နားယဉ်ပါးနေကြမည်ဟုယူဆ



www.burmeseclassic.com

www.burmeseclassic.com

သည်။ထိုတပည့်သည် မောင်စော မြင့်ဟု အမည်ရှိပါသည်။ ရွှေသွေး ...ဆောင်မှုစပြီး မဟာဗုဒ္ဓဝင်အဆုံးဟု ...ရမည်ထင်ပါသည်။ စာစုံဖတ်ပါ ... မဂ္ဂဇင်း၊ ဂျာနယ်စုံတို့ကိုလည်း ...တ်မပေး၊ဖတ်အားကောင်းပါသည်။ ...တမ်း ပျော်ပျော်ရွှင်ရွှင်နေတတ်သူ ... ဖြစ်သည်။

အနန္တငါးပါးကိုရိုသေလေးစားသူ ...သလို ဝိဇ္ဇာဓရဂမ္ဘီရပညာကိုလည်း ...နာကြီးသူဖြစ်လေသည်။ ထိုပွဲကပ် ...ည့်နေ့က လူစုံနေချိန်မှာပင် ...င်စောလှမြင့်နှင့်ပါလာသူ လူရွယ် ...ယောက်က အောက်ပါအတိုင်း ...လေတော့သည်။

"ဆရာခင်ဗျား၊ ကျွန်တော်သိချင် ...တစ်ခုကိုရှင်းအောင်ဖြေပေးစေချင် ...တယ် ခင်ဗျာ။ ကျွန်တော် ကြားဖူးနေ ... အများစုက ပြောဆိုနေကြတာက ...တော့ ဘုရားကန်တော့ပွဲ၊ သာသနာ့ပွဲ၊ ...တ်ပုဂ္ဂိုလ်များပွဲ စသည်ပေါ့ ဆရာ ... အဲဒီပွဲတွေကို ပွဲထိုးတယ်လို့ ...ဆိုနေကြပါတယ် ဆရာ။

ကျွန်တော့်အနေနဲ့ ပွဲထိုးတယ်ဆို ...စကားအသုံးကို မကြိုက်မနှစ်သက် ...ခင်ဗျား၊ မကြိုက်သော်သည်း ရှင်း ...အောင် မပြောပြနိုင်လို့ နေခဲ့ရတာ ...ပြီဆရာ။ ဒီနေ့တော့ အခွင့်ကြုံလို့ ...တော့်အမေးကိုဖြေပေးချင်ပါတယ်"

ဟု လေးလေးစားစား တောင်းဆို ...တော့သည်။

ထိုမေးခွန်းကို မေးသော လူရွယ် ...မောင်စန်းဟု အမည်ရှိပါသည်။ သူ ...တကယ် သိချင်သဖြင့်မေးမြန်းနေ ...တစ်ကြောင်း၊ ကျွန်ုပ်မှာလည်း ...သည်ဆိုသည့် စကားအသုံးကို ...တ်သည့်အတွက် ကျွန်ုပ်၏ အယူ ...ကို အောက်ပါအတိုင်း ဖြေပေး ...ရပါတော့သည်။

"မောင်စန်းမေးတဲ့ မေးခွန်းက ...တရာကိုမေးသင့်တဲ့မေးခွန်းပဲကွ။ ...အနေနဲ့ ဆရာမှာရှိတဲ့ သုတနဲ့ ...မှုကို အတတ်နိုင်ဆုံး ရှင်းပြ ...

...တို့တစ်တွေက ထေရဝါဒ ဗုဒ္ဓ ...ဝင်တွေပဲကွ။ ဒီတော့ မြတ်စွာ ...အမှုရှိတဲ့ အနန္တငါးပါးကို လွန်စွာ ...ည်အားကိုးကြတယ်။ ဒေသနာ ...လည်း ဒေဝတာဗလိလို့ပြောရ ...များကို ကျေးမွေးလှူဒါန်းခြင်းကို မြတ်စွာဘုရားရှင်က ခွင့်ပြုပါတယ်။

ပေးလှူတဲ့နေရာမှာ အလှူခံ တစ်ကျိပ်လေးပါးလို့တောင်ဆိုထားတာပါ။ လှူတာ၊ ပေးကမ်းစွန့်ကြဲတာအားလုံးက ဒါနမှုတွေပါပဲ။ အဲဒီဒါနမှုပြုတဲ့နေရာ၊ သူ့အဆင့်နဲ့သူ ဆီလျော်ကောင်းမွန်တဲ့ စကားအပြောအဆို အသုံးအနှုန်းကို လိုက်ပြီးပြောသင့်တာအမှန်ပါ။

သုံးလောက၏ မင်းဖြစ်သော မြတ်စွာဘုရားရှင်၏ဂုဏ်တော်ကိုရည်မှန်းပြီး လှူဒါန်းသော၊ ကန်တော့ကြသော ကန်တော့ပွဲကိုဖြစ်စေ၊ သိဒ္ဓိရှင်မဟိဒ္ဓိရှင် ဆရာတော်သခင်များကို ရည်မှန်းဆက်ကပ်လှူဒါန်းသော ကန်တော့ပွဲတို့ကို ဖြစ်စေ 'ပွဲထိုးသည်' ဆိုတဲ့ စကားအသုံးမျိုး မသုံးသင့်ဘူးလို့ ဆရာ့အနေနဲ့ ယူဆတယ်ကွ။

တခြားသောနတ်ဒေဝတာများနဲ့ ပုဂ္ဂိုလ်တွေကို ဒါနပြုတဲ့ပွဲမျိုးကို ပွဲထိုးတယ်လို့သုံးတာ သင့်လျော်ပါတယ်။

ဘုန်းကံကြီးမားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်များကို ပွဲထိုးတယ်ဆိုတဲ့ လွန်စွာမှကြမ်းတမ်းခက်ထန်စကားသုံးလိုက်တဲ့အတွက် သုံးလောက၏မြတ်သည်ထက်မြတ်သော ဘုရားရှင်နှင့် ဘုန်းကံကြီးမားသူတွေကို တံစိုးလက်ဆောင်ပေးသလို၊ လာဘ်ထိုးသလိုမျိုး သဘောသက်ရောက်စေတယ်လို့ မြင်မိတယ်ကွ။

မြတ်စွာဘုရားရှင်နဲ့ ဘုန်းကံကြီးမြင့်သူတို့ကို ပူဇော်ရာ၊ ကန်တော့ရာမှာ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ အင်္ဂါ (၅) ပါးနဲ့အညီ ပူဇော်ကန်တော့ရမှာမို့ ပွဲထိုးတယ်ဆိုတဲ့ လွန်စွာကြမ်းတမ်းသော၊ ခက်ထန်သောစကားရပ်မျိုး မသုံးသင့်၊ မပြောသင့်ဘူးလို့ ဆရာကတော့ ယုံကြည်တယ်"

ဟုပင် အကျဉ်းမျှ ရှင်းပြလိုက်ရပါတော့သည်။

ထိုအခါ မောင်စောလှမြင့်က -

"ဆရာပြောလိုက်တော့ ကျွန်တော်တို့ မျက်စိလည်နေရာက အမှန်မြင်လိုက်ရသလို အသိအမြင်ကြည်လင်သွားပါတယ် ဆရာ"

ဟု ပြောလေသည်။

မောင်စောလှမြင့်စကားက ပြီးပြတ်မသွားသေးပါ။ အောက်ပါအတိုင်း ကျွန်ုပ်ကို ဖိအားပေးပြီး တောင်းဆိုလေတော့သည်။

"ဆရာ၊ ကျွန်တော်တစ်ခုတောင်းဆိုပါရစေ ခင်ဗျား။ ဒီနေ့အတူတကွရှိနေကြတဲ့ ဆရာ့ရဲ့မိတ်ဆွေနဲ့ ကျွန်တော်အပါအဝင် တပည့်တို့ကိုပေါင်းမှ (၉) ယောက်ပဲရှိပါတယ် ဆရာ။ ဒီတော့ ကျွန်တော်တို့ကလည်း သမ္မာအာဇီဝနဲ့ ရောင်းဝယ်နေကြသူတွေဆိုတော့ ကျွန်တော်တို့ရဲ့ အရောင်းအဝယ်စီးပွားရေးတွေ တစ်နေ့တခြားကောင်းမွန်တိုးပွားပြီး ခိုင်မြဲအောင် အဆောင်တစ်ခုစီတော့ ချီးမြှင့်ပါ"

ဟု တောင်းဆိုလိုက်ပါတော့သည်။

ကျွန်ုပ်အနေဖြင့်လည်း သေမင်းနိုင်ငံဘက်ကို ခြေတစ်လှမ်းတိုးဝင်သွားနေပြီဖြစ်သည့် လောကအသက် (၇၃) နှစ်အရောက်မှာ အထူးကုသိုလ်ဖြစ်သော အများအကျိုးရှိစေသည့် ကောင်းမှုကုသိုလ်လုပ်ရန် အကြံရှိနေပြီးဖြစ်၍ အမြန်ထမြောက်အောင် တွန်းအားပေးလိုက်သော ချစ်တပည့် မောင်စောလှမြင့်ကို ကျေးဇူးတင်မိပါတော့သည်။

မောင်စောလှမြင့်၏ဆန္ဒကိုလက်ခံပြီး ကျွန်ုပ်သည် ဝါဆိုလဆန်း ၇ ရက်နေ့က ကပ်လှူရသော ကိုးစနေမဟိဒ္ဓိသိဒ္ဓိပွဲတွင်လာရောက်ပူဇော်ကြသော မိတ်ဆွေနှင့် တပည့် စုစုပေါင်း (၉) ယောက်တို့အတွက် အရောင်းအဝယ်၊ အလုပ်အကိုင်စီးပွားတိုးတက်စေသော 'ဣစ္ဆာသယလိပ်စမအဆောင်' ကို စီမံပေးမည်ဟု ကတိပေး ပြောကြားလိုက်ရပါတော့သည်။ မောင်စောလှမြင့်မှာလည်း ဆန္ဒပြည့်ဝသွားသဖြင့် ပြုံးပျော်နေလေသည်။ လာရောက်ကြသူများ အားလုံးလည်း အပျော်ကူးနေကြပါတော့သည်။

ကျွန်ုပ်အဖြစ်သနစ်ကို ကြားညှပ်ပြီး တင်ပြလိုပါသေးသည်။ ပြီးခဲ့သော (၇၂) နှစ်တုန်းက ကျွန်ုပ်မှာ သွေးဒူလာဟုခေါ်သော သွေးဝမ်းသွားတဲ့ဝေဒနာရောဂါခံစားခဲ့ရသေးပါသည်။ ထိုစဉ်က ကျွန်ုပ် လွန်စွာဝါသနာကြီးသော စာရေးခြင်းကို (၄) လ၊ (၅) လလောက် နားနေခဲ့ရပါသည်။

သွေးသွန်တဲ့ရောဂါပျောက်တာနှင့် စာရေးပျက်ခဲ့တာကို အတိုးချပြီးရေးလိုက်ရပါသေးသည်။ အခုအသက်(၇၃) နှစ်ထဲရောက်တဲ့နေ့ မနက်အရုဏ်နှင့် မနက်ပိုင်း ဒါနမှုအစုစုတို့ ပြုလုပ်အပြီး ထိုင်ကာရှိပါသေးသည်။

ညီတစ်ယောက်လို ခင်မင်ရသော ဦးဝင်းမြင့် (ဆောက်လုပ်ရေးခရိုင်ရုံးအုပ်ကြီး) မှ ကျွန်ုပ်ထံ ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကြားပါတော့သည်။ လွန်ခဲ့သော (၈) နှစ်လောက်ကမှ ကျွန်ုပ်တို့မြို့အရှေ့ဘက် (၃) မိုင် အဝေးလောက်မှာ တည်ရှိနေသော ကျွဲတဲရွာမ(မြောက်ရွာ) ၏ အရှေ့မြောက်ဘက်နားတွင် တည်ရှိသည်။ ရိပ်သာကျောင်းဆရာတော်ကြီး၏ဇာတိဖြစ်သော မြိုင်မြို့နယ် ကံယာကောင်းတောင်သို့ သွားရောက်သီတင်းသုံးနေခဲ့ပါသည်။

ဆရာတော်ကြီး၏ သက်တော်မှာ (၉၆) နှစ်ရှိပြီ ဖြစ်ပါသည်။ ဆရာတော်ကြီး ကျန်းမာရေးမကောင်း၍ ယခုသွားမှာဖြစ်ကြောင်း၊ လိုက်မည်ဆိုလျှင် အခုလာခဲ့ရန် ဖုန်းဆက်ပြောသဖြင့် ကျွန်ုပ်သားတစ်ယောက်ကို ချိန်းဆိုသည့်နေရာအထိ လိုက်အပို့ခိုင်းရလေတော့သည်။

(ဆရာတော်ကြီး၏သီလ၊သမာဓိ၊ ပညာဂုဏ်၊ ကံယာကောင်းတောင်နှင့် ဂမ္ဘီရများ၊ ခြေတော်ရာအကြောင်းတို့ကို သီးခြားရေးသားဖော်ပြပါမည်။)

ဆရာတော်ထံသွားရောက်ဖူးမြော်ခဲ့ပြီးအပြန် နောက်တစ်နေ့တွင် ကျွန်ုပ်သွေးဝမ်းပြန်သွားလေတော့သည်။ တော်ပါသေးသည်၊ (၃) ရက်နှင့်လုံးဝပျောက်ကင်းသွားပါသည်။ (ဆရာတော်ကို ဖူးမြော်ရန်သွားသည်မှာ ဦးဝင်းမြင့်က ကားစီစဉ်သဖြင့် ကိုယ့်ကားနှင့်ကိုယ်သွားရပါသည်။ မိုင် (၃၅) မိုင်လောက် ဝေးပါသည်။ လမ်းကြမ်း၊ တောလမ်းက (၁၀) မိုင်လောက်ရှိမည်ထင်ပါသည်။ ခရီးပန်း၍ဝေဒနာခံရခြင်း ဖြစ်မည်ထင်ပါသည်။ စာရေးသူ)

ကျွန်ုပ် အထက်တွင်ရေးခဲ့ပြီး ဖြစ်သည့်အတိုင်း သူရဇ္ဇမဂ္ဂဇင်းကြီး၏စာချစ်သူနှင့်ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်မှလာသော လောကီအဆောင်များကို နှစ်သက်သူတို့အတွက် ကျွန်ုပ်၏ (၇၃) နှစ်ရောက်လက်ဆောင်အဖြစ် ယခုကက္ကဋ္ဌာသယလိပ်စမဆောင်းပါးကို အထူးထားပြီးရေးသားလိုက်ရပါတော့သည်။

လိပ်စမစီမံရပုံနှင့် မည်သို့ အသုံးပြုကြရမည်တို့ကို အောက်တွင်ရေးသားဖော်ပြထားပါသည်။ လိပ်စမပုံကိုလည်း သီးခြားဖော်ပြပေးထားပါသည်။

လိပ်စမပုံကို မိမိကိုယ်တိုင် ရေးကူးနိုင်၊ ရေးဆွဲနိုင်ကြပါသည်။ မိမိကိုယ်တိုင်ဆောင်ရွက်ရန်ခဲယဉ်းနေပါက မိတ္တူကူးနိုင်ကြပါသည်။

၁။ နေ့ကောင်းရက်ကောင်းရွေးပါ။

၂။ ထိုနေရာမှာပင် ကက္ကဋ္ဌာသယလိပ်စမပုံကို စီမံပါ။

၃။ စီမံရသည့်ကာလ သတ်မှတ်ရခြင်း (နေ့စဉ်ဦးစွာပြုဖွယ်များ)

က။ သိဒ္ဓိတင်စီမံရသောကာလကို (၂၄) ရက် သတ်မှတ်ပါ။

ခ။ စီမံရသော ကာလအတွင်း ပြုကျင့်ဖွယ်များ။

၁။ သိဒ္ဓိရှင်မဟိဒ္ဓိရှင်ဆရာတော်ကြီးများပင့်ဖိတ်ပါ။

၂။ ဝိဇ္ဇာလေးပါးဖိတ်ကြားပါ။

၃။ စတုလောကပါလ နတ်မင်းကြီးလေးပါးဖိတ်ပါ။

၄။ ကာယကံရှင်၏ ပါရမီဖြည့်ဖက်များ၊ အမြဲတမ်းကူညီပေးနေကြသောပုဂ္ဂိုလ်များဖိတ်ထားပါ။

- နေ့စဉ်ဆောင်ရွက်ရန်များ -

က။ ဘုရားကန်တော့ခြင်း။
သီလခံယူခြင်း။
ဆုတောင်းဆိုခြင်း။
မေတ္တာပို့သခြင်း။

ခ။ စီမံထားပြီးသော လိပ်စမကို နံ့သာပက်ဖျန်းထားပြီး အောက်ပါဂါထာကို ရွတ်ဖတ်ပါ။

* ဗုဒ္ဓ သိဒ္ဓိ မဟာ တေဇံ ဘဝိဿတိ။
* ဓမ္မ သိဒ္ဓိ မဟာ ပညာ ဘဝိဿတိ။
* သံဃ သိဒ္ဓိ မဟာဘောဂံ ဘဝိဿတိ။
* သဗ္ဗ သိဒ္ဓိ မဟာ လာဘံ ဘဝိဿတိ
(၇) ခေါက်ရွတ်ပါ
* ဥုံ ဂစ္ဆ အမ္ဘမှိ ဩကာသေ တိဋ္ဌာဟိ
(၁၀) ခေါက် ရွက်ပါ

ဂ။ အောက်ပါဂုဏ်တော်ကို ဂုဏ်တော်ပုတီးဖြင့် (၁၀) ပတ်စိပ်ပါ။

* သောဘဂဝါ ဣတိပိ အရဟံ။

'လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့၏ ပူဇော်ခြင်းအထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား' ဟု မြန်မာလို အနက်ဖြင့် နှလုံးသွင်းမှန်စွာဖြင့် ပုတီးစိပ်ရပါမည်။

၅။ သစ္စာပြုဆုတောင်းပါ။ နောက်သစ္စာပြုပြီး ဝေနေယျများစွာသတ္တဝါတို့အား မေတ္တာပို့သပါ။

၆။ မူလကနဦးက ဖိတ်ကြားထားခဲ့သော ပုဂ္ဂိုလ်အသီးသီးတို့အား နေရပ်ဌာနအသီးသီးကို ပြန်လည်ပေးပို့ပါ။

၇။ လုပ်စီးပွားကိုင်စီးပွား တိုးတက်ခြင်း၊ ခိုင်မြဲမှုရရှိခြင်းကို ပေးစွမ်းနိုင်သော ကက္ကဋ္ဌာသယလိပ်စမကို မည်သို့မည်ပုံထားရမည်ကို ပြသထားလိုက်ပါသည်။

က။ ဆောင်လိုသူများ စမပုံကို ပလတ်စတစ်လောင်းပြီး (မှတ်ပုံတင်၊ယာဉ်မောင်းလိုင်စင်များကဲ့သို့) ကိုယ်နှင့်မကွာထားပါ။ ထိုစမဆောင်သူသည် တစ်ပါးသူအကျိုးပျက်စီးစေသော စီးပွားရေးလုပ်ငန်း မလုပ်ရပါ။

ခ။ သိမ်းဆည်းထားသိုရန် နေရာများ။ ရုံးများတွင် မိမိအလုပ်စားပွဲ၏အံဆွဲ (အံထိုး) တို့အထဲတွင် ထားပါ။

အရောင်းဌာနများနှင့် ငွေကိုင်ငွေထိန်းရသောသူများအနေဖြင့် ငွေထားသည့် သေတ္တာအံဆွဲတို့တွင်ထားပါ။

မိမိတို့၏ တိုက်တာအိမ်ရာတို့တွင်မူ-

ငွေထားသောသေတ္တာနှင့်ငွေထားသိုသည့်နေရာ။

အဖိုးတန် ကျောက်သံပတ္တမြား ရွှေများထားသည့် ရတနာသေတ္တာများ ဘူးများတို့တွင် ထားနိုင်ကြပါသည်။

**အထူးသတိပေးခြင်း**

ယခု စီမံထားသော ဂမ္ဘီရသိဒ္ဓိရှင် ကက္ကဋ္ဌာသယလိပ်စမကို ရက်ထူးရက်မြတ်များနှင့် မိမိတို့၏စိတ်အာရုံတွင် ထင်မြင်လာသည့်အချိန်အခါကာလ၊ ရက်များတို့တွင် -

* နံ့သာကောင်းကောင်း (အရက်ပြန်မပါသော) ကို ဒိဝါတပတိဂါထာတော် အခေါက်ရေ (၃၀)ရွတ်ဖတ်ပူဇော်ပြီးနောက် ထိုကက္ကဋ္ဌာသယလိပ်စမကိုပက်ဖျန်းပေးခြင်း၊ မိမိဆန္ဒအတိုင်း တောင်းဆိုခြင်းတို့ ပြုလုပ်ကြရပါမည်။

* နောက် အရပ်ရပ်သော ပုဂ္ဂိုလ် ဝေနေယျတို့အားလုံးကို ကုသိုလ်အမျှ ပေးဝေရန် ဖြစ်ပါသည်။

ကျွန်ုပ် ယခုရေးသားသော စာ ကိုဖတ်ကြပြီး ထိုစီမံမှုကို ယုံကြည်သ အားကြီးစွာဖြင့် ဆောင်ရွက်ကြ ရတနာ (၇) ပါးနှင့် သန်းပေါင်းများ ချမ်းသာကြပြီး သာသနာတော်အ အထူးသယ်ပိုးနိုင်ကြသော အာဇာနည် များဖြစ်ကြပါစေဟု ဆန္ဒပြုလိုက် သည်။


ပညာတိုးပွား၍ အကျိုးများကြပါ

ဘုန်း



www.burmeseclassic.com

www.burmeseclassic.com




တြိရတနာ-ဆရာငေယျာလင်း
(ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း)

# သပိုင်းဝင် သိုက်ဝင်ထူးခြား ဝေါက ကြံ့ဖူးဘုရား

မြန်မာနိုင်ငံတွင် ထူးထူးခြားခြား ...လွှာမထိမြို့ဟု တင်စားခေါ်ဝေါ် ... မြို့ကလေးတစ်မြို့ရှိပါသည်။ ထို ...ကလေးကား ပဲခူးတိုင်းဒေသကြီး ...ခြမ်းအရှေ့ဖျား မွန်ပြည်နယ်နှင့် ...တ်ချင်းစပ်နေသည့် ဝေါဟုအမည် ... ခေါ်တွင်ပါသောမြို့ဖြစ်ပါချေ ... စာဖတ်သူများ စမ်း၍ ဝေါဟု ...ကြည့်ပါက တကယ်ပင် အာမထိ ...မြို့ကလေးဖြစ်ကြောင်း သိကြ ... အနီး အခေါ်အဝေါ် ဆန်းပြား ...မြို့တော်ကား ရန်ကုန်မြို့မှ (၇၁) ...ဝေးပါသည်။

ဝေါမြို့၏ အဓိကစီးပွားရေးလုပ် ... လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး ...ဖြစ်ပြီး သားငါးကဏ္ဍတွင် အင်း ... (၆၄) အင်းရှိသဖြင့် ပုစွန်၊ သား ... ငါးခြောက်၊ ငံပြာရည် စသော ...ပစ္စည်းကောင်းများကြောင့် ထင် ...သော မြို့တစ်မြို့ ဖြစ်ပေသည်။

ဝေါမြို့ရာဇဝင်ကို လုံးစုံစေ့င ... မသိကြရသေးပါ။ လေ့လာ ...သနပြုနေကြဆဲသာဖြစ်ပါသည်။ ... ဝေါမြို့နေရာဒေသကို ကျိုက်ဝပ် ...တ် ကြံ့ကဝပ်ဟု ခေါ်ခဲ့ရာမှ 'ဝေါ' ...လာသည်ဟုလည်း ဆိုကြသည်။ 'သက်ငယ်တောထူပြောသောအရပ်'ဟု အဓိပ္ပာယ်ရသည်ဆိုပါသည်။ ယခင် ရှေးက မြို့ပိုင်ရုံးစိုက်ရာမြို့ဖြစ်ပြီး ပဲခူးခရိုင်တွင်း၌ ပါဝင်လေသည်။

မြို့တိုင်း၊ နယ်တိုင်း၊ အရပ်ဒေသတိုင်း၌ ထင်ရှားသောဘုရား၊ စေတီ၊ ပုထိုး၊ သာသနာ့နယ်မြေအဆောက်အအုံများရှိတတ်ကြပါသည်။ ဝေါမြို့၌လည်း ရွှေဘုန်းပွင့်စေတီတော်၊ ဇမ္ဗူလုံးချမ်းသာစေတီတော်၊ (ကံဦးကျောင်းတိုက်၌တည်ရှိသည်)၊ ဗောဓိကုန်းဘုရား (ဗောဓိကုန်းကျောင်းတိုက်၌ တည်ရှိသည်)၊ အောင်ချမ်းသာစေတီတော်




ဂန္ဓီရဆန်သော ဂဝံကျောက်ခြသေ့နှစ်ကောင်




www.burmeseclassic.com

www.burmeseclassic.com



နောင်တော်ဘုရား (ယခုရောင်ခြည်တော်ကွန့်မြူးနေသောဘုရား)



ညီတော်ဘုရား

(အောင်ချမ်းသာရပ်ကွက်)၊ ကြံ့တူစေတီတော်ကြီး (ဝေါအရှေ့)၊ မြသာလျောင်းရုပ်ပွားတော် (ဝေါအရှေ့)၊ နဂါးရုံဗုဒ္ဓရုပ်ပွားတော် (နဂါးရုံကျောင်းတိုက်)၊ ငါးဆူကုန်းဘုရား (ငါးဆူကုန်းကျောင်းတိုက်၌ တည်ရှိသည်)၊ ရွှေလက်ခုတ်မုခ်ရှစ်ဝစေတီ (ရွှေလက်ခုတ်ကျောင်း၌ တည်ရှိသည်)၊ ကျိုက်ခလွန်စေတီ(ကျိုက်ခလွန်ကျောင်းတိုက်၌ တည်ရှိသည်) စသော စေတီဘုရားပုထိုးတို့သည် ဝေါ၌ ထင်ရှားသော ဘုရားစေတီပုထိုးများ ဖြစ်ကြပါသည်။ ထိုစေတီပုထိုးဘုရားများ အနက်မှ ဝေါမြို့၏မြို့ကျက်သရေဆောင် အဓိကရဘုရားလည်းဖြစ်၊ နယ်ဘုရားလည်းဖြစ်သော အထင်ရှားဆုံးဘုရားကား ဝေါမြို့အရှေ့ဘက်ကမ်းရှိ ဤဆောင်းပါးခေါင်းစဉ်ပါ 'သမိုင်းဝင် သိုက်ဝင်ထူးခြား ဝေါက ကြံ့တူဘုရား' ဟူသော ကြံ့တူစေတီတော် ဖြစ်ပါသည်။

ထိုကြံ့တူစေတီတော်သည် ဝေါမြို့အရှေ့ဘက်မြို့အထွက် ရန်ကုန် - မော်လမြိုင် အဝေးပြေးကားလမ်းမကြီး၏ဘေး အရှေ့ဘက်အတန်ကွာတွင် တည်ရှိစံပယ်တော်မူနေပါသည်။ ကားလမ်းပေါ်မှဖြစ်စေ၊ မီးရထားလမ်းပေါ်မှဖြစ်စေ ထင်ရှားစွာ ဖူးမြော်နိုင်သောဘုရား ဖြစ်ပါသည်။ ဝေါကို ရောက်ပြီးမှ ကြံ့တူဘုရားကို မရောက်လျှင် ဝေါကို ရောက်ရကျိုးမနပ်ဟု ဆိုရသောဘုရား ဖြစ်ပေသည်။

ကြံ့တူဘုရားသည် စင်စစ် စေတီတော်တစ်ဆူတည်းမဟုတ်။ စေတီတော်နှစ်ဆူ ဖြစ်ပါသည်။ တင်ပြထားသော ပုံတော်များကိုလေ့လာကြည့်ပါက စေတီတော်နှစ်ဆူဖြစ်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။

"ဒီကြံ့တူဘုရားစေတီတော်သမိုင်းကတော့ ပုဂံရာဇဝင် တုတ်ထမ်းပြောရသလို ပြောရမယ့်ပုံမျိုးပဲဗျ။ သမိုင်းသုတေသနဌာနက တာဝန်ရှိသူတွေလည်း မကြာခဏလာတယ်။ ဒါပေ[မဲ့] သမိုင်းကြောင်းကိုတော့ဖော်မရသေးဘူးဗျာ။ ကျွန်တော်တို့ အမိ၊ အဖ၊ အဘိုး အဘွားများပြောခဲ့တဲ့ ပါးစပ်ရာဇဝင် အစဉ်အဆက်မှာလည်း နှစ်မျိုးကွဲနေတယ်။ တစ်မျိုးက ရှေးဟံသာဝတီ ပထ[မ] ခေတ် မွန်မင်းများစိုးစံစဉ်က နန်းလုစ[စ်] ရှုံးခဲ့တဲ့ မင်းညီမင်းသား ညီနောင်နှစ်ပါး တို့ဟာ ဒီဝေါနယ်ဘက်ကို ရှောင်တိမ်း လာရင်း ဒီနေရာမှာ စေတီတစ်ဆူစီတည် သွားကြတယ်။ ဒါကြောင့် အရှေ့[က] စေတီကို နောင်တော်စေတီ၊ အနောက် က စတီကို ညီတော်စေတီဟု ခေါ်ကြ တယ်"

"ဒါဆို နောက်ဘုရားသမိုင်းအ[ဆို] တစ်ခုကကော ဗျ"

ဝေါမြို့နယ်ခံ ဦးလှဦး၏စကား[ကို] နားထောင်ရင်း ကျွန်ုပ်က ဝင်၍မေးမြ[န်း] လိုက်ခြင်း ဖြစ်ပါသည်။

"နောက်အဆိုတစ်ခုကတော့ [ရှေး] တုန်းက ဒီနယ်ဘက်မှာ အလွန်ချမ်းသာ တဲ့ မွန်သူဌေးကြီးနှစ်ဦးရှိခဲ့သတဲ့။ အဲ[ဒီ] သူဌေးကြီးနှစ်ဦးမှာ တစ်ဦးမှာ သားတ[စ်] ယောက်၊ နောက်သူဌေးတစ်ဦးမှာ သမီးတစ်ယောက် အသီးသီးရှိကြသ[တဲ့] ဗျ။ ဒီသူဌေးနှစ်ဦးကလည်း ကျေ[ာင်း] တော်က ရန်စရှိခဲ့တဲ့အပြင် ကြီးပြင်းလာ ကြတော့လည်း စီးပွားပြိုင်ဘက်တွေ တစောင်းနဲ့ မျက်ချေးဖိုသလို လုံး[ဝ] မတည့်ကြ၊ မျက်နှာချင်းတောင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

...ဘူးတဲ့လေ။ ဒါပေမယ့် အရွယ် ...လာကြသူတွေ သူဌေးသားနဲ့ ...သမီး လူငယ်နှစ်ယောက်ကတော့ ...ကြောင့်ထင်ပါရဲ့ အရကြောင်း ...ကွာ တွေ့ဆုံမိခဲ့ကြရာမှစလို့ ...နဲ့တစ်ဦး နောက်ဆုံး မခွဲနိုင်မခွာ ...အောင် အလွန်ချစ်ခင်မြတ်နိုးတွယ် ...ကြပါလေသတဲ့။ တစ်နေ့တော့ ချစ် ...ဦးအကြောင်းသိသွားကြတဲ့ နှစ် ...ဘသူဌေးကြီးတွေက သူတို့သား၊ ...အသီးသီးတို့ကို ထိန်းချုပ်ထားကြ ...သူတို့နှစ်သက်ရာလူတွေနဲ့ အသီးသီး ...ထောင်ချပေးဖို့ စီစဉ်ကြတော့တယ် ...အဲဒီအခါ ချစ်သူနှစ်ဦးတို့ဟာ အရဲ ...နှစ်ဖက်မိဘတွေမသိအောင် တိတ် ...ထွက်ပြေးလာလိုက်ကြတာ ပော ...ရောက်တော့ နှစ်ဖက်မိဘတွေ ...ဖို့ လွှတ်လိုက်တဲ့ လူမိုက်တွေ ...ကြပြီး အသီးသီးပြန်ခေါ်ဖို့လုပ်ရာ ...နှစ်ဖက်အချင်းများတိုက်ခိုက်ကြရင်း ...သားနဲ့ သူဌေးသမီးနှစ်ဦးတို့ကိုပါ ...ပြီးကွယ်လွန်သွားကြလေသတဲ့။ ...မှာနောက်ကလိုက်လာတဲ့ နှစ်ဖက် ...တွေရောက်လာတဲ့အခါ သူတို့သား ...သမီးတို့ခမျာ ကွယ်လွန်သွားခဲ့ကြပြီ ... အဲဒီမှာ နှစ်ဖက်မိဘသူဌေးကြီး ...ညီး ဝမ်းနည်းကြေကွဲခြင်းဖြစ်ကြရ ...သူဌေးသားနဲ့ သူဌေးသမီးတို့အတွက်



ထူးဆန်းသော အသင်းစက်ဝိုင်းပေါ်ထွက်ခဲ့ပြီး ဂန္ဓီရကဝ်ခြသေ့များ စောင့်ရှောက်သော ရေကန်

ရည်စူးပြီး ဥစ္စာပစ္စည်းများနဲ့တကွ ဘုရားတစ်ဆူစီတည်ထားခဲ့ကြပါတယ်တဲ့ဗျာ။ ဒါက ကျွန်တော်တို့ အစဉ်အဆက်သိလာကြတဲ့ ပါးစပ်ရာဇဝင်တွေပါ"

"အင်း-နှစ်မျိုးလုံးဖြစ်နိုင်တာပေါ့ဗျာ။ ဒုတိယဘုရားသမိုင်းကတော့ ကြေကွဲစရာနောက်ခံသမိုင်းလေးပေါ့ဗျာ"

ဦးလှဦး ရှင်းလင်းပြောပြသည်ကို နားထောင်မှတ်သားပြီးနောက် ကျွန်ုပ်တို့ ဘုရားရင်ပြင်တော်များသို့တက်၍ ဖူးမြော်ကြပါသည်။ ဦးလှဦးနှင့် အခြားမြို့ခံများဖြစ်သော ဦးဝင်းမြင့်၊ ဦးနီစစ်တို့၏ ပြောကြားချက်များအရ ဤကြုံတူစေတီတော်နေရာဒေသမှာ ထူးခြားသောဂမ္ဘီရဆန်သည့် နေရာထူး၊ ဖြစ်ရပ်ထူးများရှိကြောင်း သိရပြန်ပါသည်။

"ဟိုးအရင် ကျွန်တော်တို့ငယ်ငယ်တုန်းက ပောဟိုအရှေ့ဘက်က စေတီတော်အုတ်ဖိနပ်ခြေတော်ရင်း အနောက်ဘက်မှာ တွင်းငယ်အဝလေးတစ်ခုရှိတယ်ဗျ။ ဒါကို နတ်ကျောက်မီကျောင်းတွင်းလို့ခေါ်တယ်။ ပြောခဲ့ကြတဲ့ အစဉ်အလာအရကတော့ အဲဒီတွင်းထဲ နတ်ကျောက်မီကျောင်းတစ်ကောင်ရှိပြီး အဲဒီကျောက်မီကျောင်း အာခံတွင်းထဲမှာ ပြဒါးရှင်လုံးနဲ့ ပါးစပ်မှာ ကြေးပုရပိုက်ကိုက်ချီထားတယ်လို့ ပြောကြတယ်။



...ဆိုက်နှန်းရှင်များ ပရလောကသားများ ရှိအောင်းပျော်မွေ့သည့် အဓိကရညောင်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကျောက်မိကျောင်းဟာ ဟောဒီကြို့တူဘုရားနဲ့ ဟိုဘုရားလေး ဝမ်းဘဲအင်းအရပ်မှာရှိတဲ့ ဒေးစွန်ပါတောင်ကို သွားချည်၊ ပြန်ချည်လုပ်တယ်လို့ ပြောကြပါတယ်။ ကျွန်တော်တို့အမေများ ငယ်ငယ်တုန်းက သိုက်ဆရာတွေ မကြာခဏ ကျောက်မိကျောင်းကို ဖမ်းပေမယ့် မနိုင်ဘဲ ပြန်ပြေးကြ၊ ဒုက္ခရောက်ကြရတာပဲတဲ့"


မြို့ခံဦးဝင်းမြင့်၏ ပြောပြချက်ဖြစ်ပါသည်။

"အခုကော အဲဒီကျောက်မိကျောင်း တွေ့မိသေးသလားဗျ။ အဲဒီကျောက်မိကျောင်းနဲ့ ပတ်သက်ပြီး ဘာသတင်းကြားသေးသလဲ"

"အင်း - ဒီဘက်ခေတ်တော့ သတင်းမကြားတော့ပါဘူး။ ဒါကလည်း ကျွန်တော်တို့အဘွားများ ပြောဖူးခဲ့တဲ့စကားအရ သိုက်ပြောင်းသွားတယ်ကြားပါတယ်။ အဲဒီသိုက်ပြောင်းပြီးတဲ့နောက် ကျောက်မိကျောင်းလည်း အစအန ပျောက်သွားတယ်ဆိုတော့ ပြောင်းသွားတဲ့သိုက်က ကျောက်မိကျောင်းနဲ့များ ပတ်သက်လေသလားတော့ မပြောတတ်ဘူး"

ကျွန်ုပ်၏ အမေးကို မြို့ခံတစ်ဦးဖြစ်သော ဦးနီစစ်ဆိုသူ မိတ်ဆွေက ဝင်ရောက် ရှင်းပြခြင်း ဖြစ်ပါသည်။ ဦးနီစစ်မှာ ယခင် မြို့နယ်သမဝါယမအရာရှိဟောင်းတစ်ဦးဖြစ်ပြီး ယင်း၏ ပြောပြချက်အရ ထိုကြို့တူဘုရားမှ သိုက်တစ်ခုပြောင်းသွားပုံနှင့်ပတ်သက်ပြီး စိတ်ဝင်စားဖွယ်ရာဇာတ်လမ်းလေးမှာ -

စစ်ပြီးခေတ်ကာလလောက်ကဖြစ်သည်။ ထိုစဉ်က ဤကြို့တူဘုရားဝန်းကျင်သည် တောထူထပ်ပြီး လူသူအရောက်အပေါက်နည်းလှသည်။ ဤဘုရားကုန်းအခြေလယ်ကွင်းစပ်များ၌ မောင်နီဆိုသော နွားကျောင်းသားလေး ရှိခဲ့ဖူးသည်။ မောင်နီသည် လယ်ယာလုပ်ငန်းခွင်သိမ်းပြီး နေ့လယ်ခင်းမှစ၍ ညနေစောင်းသည်အထိ အနီးအနားလယ်သမားများ၏ ကျွဲ၊ နွားများကို အငှားကျောင်းရသည်။ တစ်နေ့သ၌ မောင်နီ ကျွဲ၊ နွားကျောင်းရင်း ပျင်းရိနေစဉ် ကြို့တူဘုရားကုန်းပေါ်မှ သူနှင့် မတိမ်းမယိမ်း (၁၅)၊ (၁၆) နှစ်အရွယ် ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ ဆင်းလာကြပြီး မောင်နီနှင့်မိတ်ဖွဲ့ကာ ကစားလေ့ရှိခဲ့ကြသည်။ ထိုမောင်နှမမှာ ငွေကြေးကြွယ်ဝသောသူတို့၏ သားသမီးများပမာ အဝတ်အစားများသပ်ရပ်ကောင်း



စာရေးသူနှင့် မြို့ခံမိတ်ဆွေများ

မွန်စွာ ဝတ်စားထားကြသည် မောင်နီလေးမှာ အဖော်မဲ့ကင်းအထီးတည်းဖြစ်နေရာမှ အဖော်ရလာပြီဖြစ်၍ ဝမ်းမြောက်စွာ လက်ခံပြီး အတူတကွပျော်ရွှင်စွာ ကစားကြလေသည်။ သို့ဖြင့် ထိုမောင်နှမကလည်း ညနေ နေစောင်းသည်နှင့် မောင်နီထံလာပြီး ကစားလေ့ရှိကြရာ တဖြည်းဖြည်း ရင်းနှီးကျွမ်းဝင်ခင်မင်လာကြတော့သည်။

ထိုသို့ရင်းနှီးစွာ နေ့စဉ် ပျော်ရွှင်စွာ ဆော့ကစားလာကြရာမှ ရက်ကိုလစား၍ ကာလအတန်ကြာသော တစ်နေ့၌ ထုံးစံအတိုင်း မောင်နီထံသို့ သူငယ်ချင်း မောင်နှမနှစ်ယောက် ရောက်လာကြလေသည်။ သို့သော် ထိုနေ့က ထူးခြားသည်ကား ထိုမောင်နှမနှစ်ယောက်သည် ခါတိုင်းလို ရွှင်ရွှင်လန်းလန်းမရှိကြဘဲ မျက်နှာများ ညှိုးငယ်နေကြခြင်း ဖြစ်လေသည်။ မောင်နီက သူတို့ကို တွေ့သောအခါ ဝမ်းသာအားရ ကစားရန် ပြောသောအခါ၌ -

"မောင်နီရေ၊ ဒီနေ့တော့ ကစားချင်စိတ်မရှိတော့ဘူး သူငယ်ချင်းရယ်"

"ဟ - ဘာဖြစ်လို့လဲ နင်တို့မောင်နှမလာရင် အားရပါးရကစားမယ်လို့ ငါက စိတ်ကူးထားတာ"

အစ်ကိုဖြစ်သူ၏ ပြောစကားအရ ကစားချင်စိတ်မရှိရခြင်းအကြောင်းကို မောင်နီက ထိုသို့မေးလိုက်ခြင်း ဖြစ်ပါသည်။

"ဒီလိုကွ မောင်နီရ၊ ငါတို့ ဒီညဒီနေရာကနေ တခြားနေရာကို ပြောင်းရတော့မယ်။ အဲဒါကြောင့် စိတ်မကောင်းလို့ ကစားချင်စိတ်မရှိတာ။ နင်နဲ့ငါတို့မောင်နှမနှစ်ယောက်ခွဲကြရတော့မယ်။ အခု ငါတို့က နင့်ကိုလာနှုတ်ဆက်တာ"

"ဟုတ်လား၊ ဒါဆို နောက်နေ့ကျရင် နင်တို့မောင်နှမနှစ်ယောက် ဒီမှာမရှိတော့ဘူးပေါ့။ ငါတစ်ယောက်တည်းပြန်ဖြစ်သွားပြီပေါ့ဟာ။ နင်တို့မရှိရင် ငါဘယ်လိုနေရမယ်မသိတော့ဘူး သူငယ်ချင်းတို့ရာ"

မောင်နီ၏ အမေးကို ညီမဖြစ်သူမိန်းကလေးက ဝင်ရောက် ဖြေဆိုရင်း အကျိုးအကြောင်း ပြောပြသောခဏ မောင်နီခမျာ စိတ်မကောင်းခြင်းကြီးစွာဖြင့် ဝမ်းနည်းပက်လက်ငိုသံပါကြီးနှင့် ပြန်ပြောလိုက်သောအခါ အစ်ကိုဖြစ်သူက မောင်နီကို ကျောလေးသပ်လျက် -

"ကဲ၊ကဲ-သူငယ်ချင်း မောင်နီ၊ မင်းကို ငါတို့အရေးကြီးတာတစ်ခုပြောမယ်။ ခုည သန်းခေါင်ယံအချိန်ကျရင် မင်း ဟောဒီနေရာကိုပဲလာခဲ့ပါ။ မင်းတစ်ယောက်တည်းပဲလာနော်။ အဖော်ပါလာရင် မင်းနဲ့ ငါတို့နဲ့ ပြန်တွေ့ရမှာ မဟုတ်တော့ဘူး သိလား သူငယ်ချင်း"

မောင်နီခမျာဝမ်းနည်းပန်းနည်းသဖြင့် စကားပြန်မပြောနိုင်ရှာဘဲ ခေါင်းသာ

www.burmeseclassic.com

အသာညိတ်ပြလိုက်လေသည်။ သို့နှင့် ဘေးဖော်မောင်နှမလည်း ထုံးစံအတိုင်း ကြံ့တူဘုရားကုန်းဘက်သို့ ပြန်သွားကြလေတော့သည်။

*

အကာလည။

ထိုနေ့ညသည် အလင်းကြီး ပောက်သော်လည်း မှောင်မိုက်မနေချေ။ ဆုံးရက်လ ခုံးမျက်စည်ဖြစ်သည့်အပြင် ကြယ်တောင်ကင်းစင်ပြီး မိုးသားကြည် လင်လျက် ကြယ်တာရာစုံတို့ ထွန်းပေါ်နေသဖြင့် မှုန်ပျပျမှိန်ဖျော့ဖျော့လေး တော့လင်းနေသည်။ ညသန်းခေါင်ယံ အခါကာလမို့ တစ်ခါတစ်ရံ ပြေးလွှားဖြတ်သန်းသွားသောညဉ့်ငှက်တို့အသံတချို့မှလွဲ၍ တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်အိပ်မောကျနေ၏။ မောင်နီလေးမှာ ထိုအကာလညအခါတွင် တောထူချုံထပ်သောနေရာ၌ တစ်ယောက်တည်းရောက်ရှိနေရသည်။ သူရောက်နေသောနေရာက ကြံ့တူဘုရားကုန်း၏ တောင်ဘက် ဘုရားကုန်းကမ်းစပ်၏ မနီးမဝေးနေရာ ညောင်ပင်ကြီးတစ်ပင်အောက်၌ဖြစ်လေသည်။ သူငယ်ချင်းများနှင့် နောက်ဆုံးအနေတွေ့ရမည်မို့သာ အရဲစွန့်၍ တစ်ဦးတည်းလာရသော်လည်း ညဉ့်နက်လာသည်နှင့်အမျှ မောင်နီခမျာ ကြောက်စိတ်လေးတွေဝင်လာရသည်။ ယခု သန်းခေါင်ယံကာလကိုရောက်လာပြီ။ သူငယ်ချင်းမောင်နှမ ဘယ်ကနေပေါ်လာလို့ ဘယ်အချိန်မှာတွေ့ရမည်မသိသေး။ တောကြောင်နှင့် ရောင်စုံသောင်းကျန်းသူများ ဆိုးသွမ်းရမ်းကားနေသောကာလမို့ သူ့သူငယ်ချင်းတွေက ဤကာလညအခါကို ရွေးချယ်၍ပြောင်းရွှေ့ခြင်းဖြစ်မည်ဟုသာ မောင်နီ ထင်မိသည်၊ ထို့ကြောင့်လည်း လောက်လေးခွနှင့် မြက်ရမ်းကိုင်းခုတ်ဓားအရှည်တစ်ချောင်းကို လိုလိုမည်မည်ယူလာခဲ့လိုက်သည်၊

"ခလောက်၊ ခလောက်၊ ခလွှမ်"

မောင်နီ တွေးတောငေးမောနေမိစဉ် နွားခလောက်သံများပေါ်လာသဖြင့် မောင်နီတောင်တောင်မြောက်မြောက် ခေါင်းထောင်ကြည့်လိုက်သည်။ ဟော-မောင်နီ စတွေ့လိုက်ပြီ။ သူတွေ့လိုက်သည်က ကြံ့တူဘုရားကုန်းတောင်ဘက် လှည်းလမ်းကြောင်းအတိုင်းအရှေ့မှ သူရှိသည့် အနောက်ဘက်သို့ ဦးတည်ကာ နေသော နွားလှည်းတစ်အုပ် ဖြစ်သည်။ ဖြည်းဖြည်း သူနားသို့နီးလာသည်။ လှည်းသုံးစီးခန့် သူ့ရှေ့မှဖြတ်သွားသည်။ လှည်းများမှာ ပေါင်းမိုးများနှင့်ဖြစ်ပြီး ရှေးဟောင်းလှည်းကြီးပုံစံများ ဖြစ်သည်။ နွားများမှာလည်း ကြီးထွားသန်မာလှပြီး နွားလားဥသဘဟုခေါ် ရမည့်ကြံ့ခိုင်ထွားကျိုင်းကြီးမားလှသော နွားကြီးများဖြစ်သည်။ သူတို့အရပ် ခိုင်းနွားများထက် နှစ်ဆခန့် ကြီးမားလှသောနွားများ ဖြစ်သည်။ ဖြတ်သွားသောလှည်းများမှာလည်း မြန်လှသည်။ လူရိပ်လူသွေးပင် ကောင်းကောင်းမမြင်ရအောင် မြန်ဆန်လှပေသည်။ရှေ့ဆင့်နောက်ဆင့်ဆိုသလို လူမြင်ကွင်းခပ်လှမ်းလှမ်း၌ လှည်းယဉ်ကြော့ကြော့တစ်စီးပေါ်လာသည်။ ထိုလှည်းယဉ်ကြော့သည်လည်းမြန်လှသည်။ ရုတ်ခနဲ သူ့ရှေ့အရောက်၌ လှည်းယဉ်သည် တုံ့ခနဲရပ်သွားသည်။ ထိုလှည်းယဉ်ကား ကနုတ်ပန်းလက်ရာကောင်းများဖြင့် တည်ဆောက်ထားသော လှည်းအိမ်ဖြစ်ပြီး ပန်းခတ်ပန်းနွယ်ဖြင့် ဆင်ယင်ထားသည်။ ထိုလှည်းပေါ်၌ကား သူ့သူငယ်ချင်းမောင်နှမနှစ်ယောက်ပါလာသည်။

ဆန်းလှသည်တကား · မောင်နီယခုမြင်ရသော သူ့သူငယ်ချင်းမောင်နှမနှစ်ယောက်သည် သူနှင့် ကစားစဉ်ကကဲ့သို့ပုံစံများမဟုတ်။ မင်းညီမင်းသား မင်းသမီးများအသွင် ဝတ်စားဆင်ယင်ထားကြသည်။ သူတို့ပုံစံများကလည်း ကလေးပုံများမဟုတ်တော့။ တကယ့်ပီဘိ လူကြီးများအသွင် ပြောင်းလဲသွားသော သူငယ်ချင်းများပုံကိုကြည့်ရင်း အံ့အားသင့်လျက် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိစဉ် အစ်ကိုဖြစ်သူက-

"မောင်နီ၊ မင်းအံ့ဩနေသလား။ မအံ့ဩနဲ့၊ အချိန်မရှိဘူး။ ငါပြောတာသေချာနားထောင်ပါ သူငယ်ချင်း။ ခု ငါတို့လှည်းထွက်သွားပြီးရင် နောက်ကမြွေတွေလိုက်လာလိမ့်မယ်။ အဲဒီမြွေတွေကို တွေ့ရင် မကြောက်နဲ့နော်။ မင်းလက်ထဲကဓားနဲ့ မြွေတစ်ကောင်ကောင်ရဲ့ခေါင်းကနေ ခုတ်ချလိုက်နော်။ အဲဒါ ငါတို့မင်းကိုပေးခဲ့တဲ့လက်ဆောင်ပဲ။ မင်းရတဲ့ထဲက ကုသိုလ်ပြုပြီး ငါတို့မောင်နှမကိုလည်း အမျှဝေနော် သူငယ်ချင်း၊ ကဲ-ငါတို့သွားပြီ သူငယ်ချင်း"

"မောင်နီရေ နင်ငါ့မောင်ကြီးပြောသလိုလုပ်ဖြစ်အောင်လုပ်နော်"

အစ်ကိုဖြစ်သူ ပြောပြီးနောက် နှမဖြစ်သူကလည်း မောင်နီကို ထိုသို့လှမ်းအော်သတိပေးရင်း သူတို့လှည်းယဉ်ကလေးလည်း အလွန်လျင်မြန်စွာထွက်ခွာသွားပြီးနောက် ဝါးနှစ်ပြန်သို့အရောက်မြင်ကွင်းမှ ပျောက်သွားတော့သည်။

"ရှုး ရှုး ရှုး ရှုး ရှီ ရှီ ရှီ"

လှည်းများပျောက်သွားသည်နှင့် မြွေတွန်သံများ ဆူညံစွာကြားမိသဖြင့် မောင်နီလည်း လန့်ဖျပ်ပြီး အသံလာရာဘက်သို့လှမ်းကြည့်လိုက်လေရာ မြွေအကောင် ကြီး၊ သေးမျာစွာ လှည်းလမ်းအတိုင်း ပါးပျဉ်းကြီးများတထောင်ထောင်ဖြင့်လာနေကြသည်မှာ အသည်းယားစဖွယ်ပင်။ မျက်လုံးများမှာ ရဲတောက်နေကြလေသည်။ လအရောင်မှေးမှေး ညအရောင်ရေးရေးအောက်တွင်ဖြစ်သော်လည်း အထင်းသားမြင်နေရ၏။ မြွေများသည် သူ့ရှေ့မှာ ဖြတ်သန်းသွားနေကြ၏။ သူ့ဘက်ကိုလှည့်၍မျှမကြည့်ကြ။ မောင်နီသည် သူငယ်ချင်းများ မှာထားခဲ့သည့်အတိုင်း လက်ထဲကမြက်ရမ်းကိုင်းခုတ်ဓားကို မြှောက်ရွယ်ထားသော်လည်း တကယ်တမ်းကျတော့ မခုတ်ရဲ။ ကြောက်ရွံ့ထိတ်လန့်နေရှာသည်။

"မောင်နီရေ ဘာလုပ်နေတာလဲ။ တွေ့တဲ့ကောင်၊ နီးတဲ့ကောင်ကို ခုတ်ပါတော့လား"

သူ့သူငယ်ချင်း အစ်ကိုဖြစ်သူ၏ အသံသဲ့သဲ့ကို နားထဲ၌ ကြားလိုက်ရ၏။ ချိန်ရင်းရွယ်ရင်း နောက်ဆုံးမြွေတစ်ကောင်သာ သူ့ရှေ့မှဖြတ်စပြုနေပေပြီ။

"ဟော့ - မောင်နီ၊ အဲဒီကောင်က နောက်ဆုံးပဲ။ နင် အဲဒီကောင်ကို ခုတ်ဖြစ်အောင်ခုတ်လိုက်တော့။ ခုတ်လိုက်၊ ခုတ်လိုက်"

သူငေးကြောင်ထိတ်လန့်နေစဉ် နှမဖြစ်သူ သူ့သူငယ်ချင်း၏အသံစာစာလေးက ပေါ်လာပြန်သဖြင့် မောင်နီလည်း သူ့ရှေ့ဖြတ်နေသောမြွေကို မမိမကမ်း လှမ်းခုတ်လိုက်တော့၏။

"ဒုတ်"

ကြောက်ကြောက်ရွံ့ရွံ့နှင့် မရဲတရဲ မမိမကမ်းလှမ်းခုတ်လိုက်ခြင်းဖြစ်ရာ မြွေခေါင်းကို မခုတ်မိတော့ဘဲ မြွေ၏အမြီးရင်းသာသာကို ခုတ်မိလိုက်ရာ မြွေကိုခုတ်ရသည်နှင့်မတူဘဲ မာကျောသောအရာတစ်ခုကို ခုတ်မိသလို ဒုတ်ခနဲ မြည်သွား၏။ မြွေကို ခုတ်မိသည်နှင့် မြွေလည်း ရုတ်ခြည်းပျောက်ကွယ်သွားပြီး ထွာဆိုင်ကျော်ကျော် မြွေအမြီးပြတ်ကျန်ခဲ့သည်ကို တွေ့ရ၏။ ထိုအရာသည် လရောင်မှေးမှေးအောက်တွင် ဝင်းခနဲဖြစ်နေသဖြင့် အသာကောက်ယူပြီး ပြန်လာခဲ့လေတော့သည်။

အဲဒါကတော့ ကြံ့တူဘုရားသိုက်တစ်ခုနဲ့ ပတ်သတ်တဲ့ ပါးစပ်ရာဇဝင်ဇာတ်လမ်းဆန်းလေးတစ်ခုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

ဦးနိစစ်က သူစကားကို အဆုံးသတ်လိုက်သည်။ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသဖြင့် စာရေးသူကျွန်ုပ်လည်း အမျိုးမျိုးတွေးနေမိသည်။ ကျောက်မိကျောင်းသည်လည်း ထိုသိုက်နှင့်အတူ ပြောင်းရွှေ့သွားလေသည်ကား ပေါ့။

"တခြားကောဂမ္ဘီရဆန်ဆန်တွေ ထူးခြားဖြစ်အင်တွေ ဒီကြံ့တူဘုရားဝန်းကျင်မှာရှိသေးလားဗျ"

"ရှိပါသေးသော်ကော စာရေးဆရာရယ်။ ဘုရားတောင်ဘက်က အခုကျွန်တော်တို့ လှမ်းမြင်နေရတဲ့ ရေကန်ဟာ ဂမ္ဘီရအဖြစ်ထူးတွေဖြစ်ပေါ်ရာနေရာဆန်းတစ်ခုပေါ့ဗျာ။ အရင်က အဲဒီကန်ရေပြင်စပ် ထောင့်လေးထောင့်မှာ ဂဝံခြင်္သေ့ရုပ်ကြီးလေးရုပ်ရှိတယ်ဗျ။ ကျွန်တော်တို့ငယ်စဉ်က ကန်ထဲမှာ အဲဒီခြင်္သေ့လေးကောင်လုံးရှိတယ်။ ခြင်္သေ့ရုပ်တွေဟာ ကန်ရေပြင် ရေသေထဲမှာကိုပဲ မျက်နှာအရပ်မူရာတွေပြောင်းတယ်ဗျ။ တချို့က ကန်ကိုကျောပေးရာကနေ ကန်ကို မျက်နှာမူလျက်ဖြစ်သွားတတ်တယ်။ အချို့က ကန်မျက်နှာပြင်ကို ကန့်လန့်၊ အဲဒီကနေ ကျောပေးလိုပေး၊ မျက်နှာချင်းဆိုင်လိုဆိုင်ပဲ။ ဒါပေမယ့် ထူးဆန်းစွာ ခြင်္သေ့နှစ်ကောင်ဟာလုံးဝပျောက်သွားခဲ့တယ်။ ခုထိမတွေ့တော့ဘူး။ ခြင်္သေ့ (၂) ကောင်ကတော့ ဟိုဘက်ခေတ်အာဏာပိုင်အဖွဲ့အစည်းတစ်ခုက လူကြီးတစ်ဦးက အတင်းလာရောက်သယ်ယူသွားခဲ့ရာက နောက်ဆုံးဘယ်လိုဖြစ်တယ်မသိဘူး၊ လာပြန်ပို့သွားခဲ့ရတယ်။ အဲဒီကတည်းက ကန်ထဲမှာ မထားတော့ဘဲ အခုမြင်ရတဲ့အတိုင်း နန်းဆောင်နဲ့ ဒီဘုရားရင်ပြင်မှာပဲ ထားရှိခဲ့ကြတယ်"

ကျွန်ုပ်၏ အမေးကို ဘုရား၏ ဝေယျာဝစ္စအကျိုးဆောင်မြို့ခံ ဦးသန်းထွန်းက ဝင်ရောက်ဖြေကြား ရှင်းလင်းပြောဆိုလေခြင်း ဖြစ်ပါလေသည်။

"ဒီဘုရားမှာ နတ်ကနားပွဲတစ်ခါတစ်ရံပေးတဲ့အခါ အဲဒီခြင်္သေ့တွေရဲ့ အစောင့်တွေ ဝင်ပူးကပ်ပျော်မြူးတတ်ကြတယ်။ တစ်ခါက သူ့တို့ဝင်ပူးတုန်း ပျောက်သွားတဲ့ ခြင်္သေ့တွေအကြောင်း မေးတဲ့အခါ သူတို့အထက်အမိန့်အရ တာဝန်ထမ်းဆောင်နေကြောင်းပဲ ပြောတယ်။ သူတို့ဘယ်ရောက်နေတယ်ဆိုတာလို့ မပြောဘူး။

အခြားထူးခြားတာကို ကျွန်တော့်မျက်မြင်ပြောရရင်တော့ တစ်နှစ်ဘုရားပွဲကျင်းပစဉ်အခါက ညမိုင်းအစောပိုင်းမှာ အဲ့ဟိုကန်ထဲကနေ အစိမ်းရောင်မီးလုံးကြီးတစ်လုံး၊ ဘောလုံးလောက်ရှိတယ်။ တန်ရေပြင်ထဲကနေတက်လာပြီး ထန်းတစ်ဖျားလောက်မှာ ပျောက်သွားတယ်။ ဒါကျွန်တော်တစ်ယောက်တည်းမဟုတ်ဘူးနော်၊ လူအများမြင်ကြတာ။ ဒါကြောင့် ကျွန်တော်တို့ ဒီကြံ့တူဘုရားဒေသဟာ အလွန်ဂမ္ဘီရဆန်တဲ့နေရာပါ"

ဦးသန်းထွန်း ရှင်းလင်း ပြောပြသည်များကို နားထောင်မှတ်သားပြီးနောက် ကျွန်ုပ်နှင့် မြို့ခံမိတ်ဆွေများ ဘုရားဖူးပြီး ဘုရားပရိဝုဏ်ဝန်းကျင်ကို လှည့်လည်လေ့လာကြည့်ရှုခဲ့ကြပါသည်။ ဘုရားကုန်း၏ မြောက်ဘက်အခြေသို့ အရောက်၌မူ အလွန်ကြီးမားသော ညောင်ဗုဒ္ဓဟေပင်ကြီးကို တွေ့ရပြီး ထိုညောင်ဗုဒ္ဓဟေပင်ကြီးရဲ့ပင်စည်ကိုင်းများ၌ ရောင်စုံပန်းစက္ကူများ၊ ပန်းကုံးများဖြင့် တန်ဆာဆင်ထားသော ဒါန်းများ၊ ပုခက်များကို တွဲရရွဲတွေ့ရပြန်ပါလေသည်။

"ဒီဒန်းတွေ၊ ပုခက်တွေကတော့ ဒီနယ်မြေက သိုက်နန်းရှင်၊ ပရလောကက မမြင်အပ်သောပုဂ္ဂိုလ်တွေရဲ့တောင်းဆိုချက်၊ အိပ်မက်ပေးချက်များအရ ပြုလုပ်လှူဒါန်းပေးထားကြတာပါ။ သူ့အကြောင်းနဲ့သူပေါ့ဗျာ"

ညောင်ဗုဒ္ဓဟေပင်ကြီးနှင့် ဒန်း၊ ပုခက်များကို ကျွန်ုပ်မှတ်တမ်းတင်ရိုက်နေစဉ် မြို့ခံမိတ်ဆွေဦးလှဦးက ရှင်းလင်းပြောပြပေးခြင်း ဖြစ်ပါသည်။ သူ၏ပြောပြချက်အရ ဤညောင်ဗုဒ္ဓဟေပင်ကြီးမှာ ဤနယ်အတွက် အဓိကရ ညောင်ပင်ကြီးဖြစ်ပြီး ဤညောင်ပင်ကြီး၌ ပရလောကသားအဖြစ်နေခဲ့ဖူးသူများ ပြန်ဝင်စားပြီးနောက် ပြောပြချက်များအရ ဤနယ်မှ ကွယ်လွန်သူအတော်များများတို့မှာ ဤညောင်ပင်ကြီး၌ မှီခိုထိန်းသိမ်းထားခံရ၊ နေထိုင်ကြရသည်မှာများကြောင်း သိရပါသည်။ ကျွန်ုပ်၏ အမြင်အရလည်း ညောင်ဗုဒ္ဓဟေပင်ကြီး၌ ထူးခြားသော အငွေ့အသက်များရှိကြောင်း ခံစားခဲ့ရပါသည်။ အလွန်နက်နဲရှုပ်ထွေးဆန်းကြယ်သော အရိပ်အငွေ့များရှိနေသည်ကို ကျွန်ုပ်၏ ကျင့်စဉ်စရဏအားများနှင့် ပညာခန်းအရ အမှန်ပင် ခံစားသိရှိရပါသည်။

ဤသို့ဖြင့် သမိုင်းဝင် သိုက်ဝင် ဝေါနယ်၏ ကျက်သရေဆောင် ကြံ့တူဘုရားအား အားရပါးရဖူးမြော်ပြီး ဂမ္ဘီရနေရာများအား လေ့လာ မှတ်တမ်းတင်ပြီးနောက် ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာဏုရာဇာနေမင်းကြီး တစ်နေ့တာ ပင်ပန်းနွမ်းနယ်ပြီဖြစ်၍ အနားယူမှေးမှိန်ကွယ်ပျောက်လုနီးအချိန်တွင် ထိုကြံ့တူဘုရားမှ ပြန်လည် ထွက်ခွာလာခဲ့ကြပါသည်။

ယခု ကျွန်ုပ် ဤဆောင်းပါးကို ရေးနေစဉ်ကာလ၌ပင် ၃-၁၂-၂၀၁၄ ဗုဒ္ဓဟူးနေ့ထုတ် Democracytoday စာစောင်၌ နိုဝင်ဘာလ ၃၀ ရက်၊ နံနက် (၁၀) နာရီ (၄၅) မိနစ်ခန့်မှစ၍ ဒီဇင်ဘာ (၂) ရက် မွန်းလွဲပိုင်းအချိန် ထိုဝေါမြို့ ကြံ့တူနောင်တော်ကြီး၊ နောင်တော်လေး ဘုရားစေတီတော်နှစ်ဆူ စိန်ဖူးတော်တို့မှ ရောင်ခြည်တော်များ ကွန့်မြူးနေသဖြင့် ဝေါမြို့ပေါ်နှင့် ကျေးရွာများမှ လာရောက်ဖူးမြော်သူများနှင့် စည်ကားလျက်ရှိကြောင်း၊ စေတီတော်မှာ လွန်ခဲ့သော နှစ်ပေါင်း ၁၈၀၀-၂၀၀၀ ကျော်ခန့်လောက်ကတည်းက တည်ထားခဲ့ကြောင်း၊ ရောင်ခြည်တော်ကွန့်မြူးရာ၌ တစ်ကြိမ်လျှင် (၃) နာရီခန့်ကြာမြင့်ကာ ရောင်စုံအလင်းရောင်များသည် စိန်ဖူးတော်တို့မှ တစ်ပေပတ်လည်ထိဖြာထွက်နေကြောင်း သတင်းပါလာပါသည်။ ထို့အပြင် ၃-၁၂-၂၀၁၄ နေ့ထုတ် စံတော်ချိန်စာစောင်၌လည်း ဤဝေါမြို့ ကြံ့တူစေတီတော်တို့မှ ရောင်ခြည်တော်များ ကွန့်မြူးထွက်ပေါ်နေကြောင်း သတင်းပါလာပြန်ပါသည်။

ဝေါမြို့တွင် ဝေါသားများသဘောထားပြည့်ဝကြသလို ဝေါသူတွေ မနော ဖြူသလောက် အချောအလှများပေါ သော ၊ရေခံမြေခံကောင်းသော နယ်မြေ ဖြစ်ကြောင်း တွေ့ရပါသည်။ ထိုသမိုင်း ဝင်၊ သိုက်ဝင် ကြံ့တူဘုရား၏ ဂမ္ဘီရဆန် သောဖြစ်ရပ်များကို ကျွန်ုပ် ထပ်မံ လေ့လာချင်၊ ဖော်ထုတ်ချင်ပါသေး သည်။ စာဖတ်သူများလည်း လမ်းကြုံ လျှင် ဝေါနယ်သို့ တစ်ခါတစ်ခေါက်သွား ရောက်၍ ဂမ္ဘီရနယ်မြေသမိုင်းဝင် သိုက် ဝင် ကြံ့တူဘုရားကို ဖူးမြော်စေချင်ပါ သည်။

ဤဆောင်းပါးဖြစ်မြောက်ရေးနှင့် သမိုင်းဝင် သိုက်ဝင် ကြံ့တူဘုရားနှစ်ဆူကို ဖူးခွင့်ရအောင် ကူညီပေးခဲ့ကြသော ဝေါမြို့ခံများဖြစ်ကြသည့် ဦးဝင်းမြင့် လ/ထညွန်မှူး (ငြိမ်း) သမဝါယမဦးစီး ဌာန၊ ဦးနိစစ် (ဦးစီးအရာရှိငြိမ်း) သမ ဝါယမဦးစီးဌာန၊ ဦးလှဦး(ငြိမ်း) ကျန်းမာ ရေးဌာနတို့အား အထူးကျေးဇူးတင်ရှိ ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*အနန္တစကြဝဠာအနန္တသတ္တဝါ*
*ချမ်းသာကြပါစေ*
*မေတ္တာဖြင့်*
တြိရတနာ-ဆရာဇေယျာလင်း
(ကတ္တီပါပိန်နပ်စီးမြွေထီးဆောင်း)

www.burmeseclassic.com

(အစာလည်းဆေး ဆေးလည်းအစာ)
ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ (၂)

ရွှေနုဝင်း(ပုသိမ်)

ယခင်လတွင် ဆီးဖြူသီး၏ ဆေးဖက်ဝင်အာနိသင်ဒြပ်ပေါင်းများ အကြောင်းစုံလင်စွာနှင့် ဆီးဖြူသီး၏ ဆေးဖက်ဝင်ဟင်းလျာဆေးဓာတ်စာဟင်း ချက်နည်း(၁)ကို ရေးသားတင်ပြခဲ့ပြီးဖြစ် ၍ ယခုလတွင် ဆီးဖြူသီး၏ဆေးဖက်ဝင် ဆေးအာနိသင်ဖြင့် ဆေးဖက်ဝင်ဟင်း လျာဆေးဓာတ်စာဟင်းချက်နည်း(၂)၊(၃) နှင့်တကွရောဂါအထွေထွေကုသနည်း များကိုပါ စာရှုသူပရိသတ်ကြီး အကျိုးရှိ စေရန်ရည်ရွယ်၍ ဆက်လက်တင်ပြပေး မည်။

ရုက္ခအပင်ထွက်ဆေးဖက်ဝင်ပစ္စည်း အသီးအနှံများထဲတွင် ဆီးဖြူသီးသည် အချဉ်အရသာမှတစ်ပါး ကျန်အရသာ (၅)မျိုး ပါဝင်ဖွဲ့စည်းနေသည်မှာ ၎င်း၏ ထူးခြားသည့် စွမ်းအင်သတ္တိပင် ဖြစ်ပါ သည်။

ထို့ကြောင့် ဆီးဖြူသီးသည် အသက်ကိုရှည်စေပြီး အနာကင်းစေ သည့် ရသာယနဂုဏ်စွမ်းရည်နှင့် ပြည့်စုံ သောအသီးဖြစ်ပေသည်။ သို့ဖြစ်၍ ဘုရားရှင်သည် ဝိနည်းမဟာဝါတွင် ရှိသည့်ရဟန်းသံဃာများ အနာရောဂါ ပျောက်ရန်၊ အနာရောဂါမဖြစ်ပေါ်စေ ရန် ဆီးဖြူသီး၊ ဖန်ခါးသီးတို့ကို နွားကျင် ငယ်ရေဖြင့်စိမ်၍ အချိန်အခါမရွေး ဘေသဇ္ဇဆေးအနေဖြင့် ခွင့်ပြု သနားတော်မူခဲ့ပေသည်။

ထို့ကြောင့် -

*ရေသီတာ နွားနက်ဓာတ်*
*ဆားစွက်ခပ် သောက်ပါ*
*ဖျားငှက်ဓာတ်ပျောက်မည်။*
*မြန်မလာ ပျက်သုဉ်း*
*မန်လည်မြို့ နဂရာတွင်*
*ဆရာတော်စွဲသည့်လက်သုံး။*

အစရှိသည့် စာချိုးကို မန်လည် ဆရာတော်ကြီးမှသီကုံးစပ်ဆိုခဲ့ပါသည်။

ထိုဆီးဖြူ၊ ဖန်ခါးသီးတို့ကို နွား ကျင်ငယ်ရည် (နွားနက်မှရသောကျင် ငယ်ရေကပို၍ဆေးအာနိသင်ရှိသည်။) ဖြင့်စိမ်ပြီး ဆားအနည်းငယ်စွက်၍ အရည်ကိုသောက်၊ အသီးကိုစားသုံး ပါက အဖျားအို၊ အဖျားဟောင်း၊ ဝမ်းကျား စသည်တို့ ပျောက်ကင်း၍ ညောင်းကိုက်၊ ဒူလာရောဂါ၊ အကြော ရောဂါတို့ပျောက်ကင်းပြီး ဆီး၊ ဝမ်း၊ လေ ကို ညီညွတ်မျှတစေကာ ကျန်းမာရေးကို အကျိုးပြုအထောက်အကူရပေသည်ဟု အတိအလင်း စာဖွဲ့ရေးသား မှတ်တမ်း တင်ခဲ့ပေသည်။

**ဆေးဖက်ဝင်ဟင်းလျာဆေးဓာတ်စာဟင်း ချက်နည်း(၂)**

ဆေးဖက်ဝင်ဆီးဖြူသီးနှင့်ပတ်သက် ၍ စာရေးသူတို့မိသားစုကိုယ်တွေ့ဆေး သုံးနည်းကိုလည်း တင်ပြပေးပါဦးမည်။

စာရေးသူတို့ငယ်စဉ်က အဘိုး သည် လက်သမားဆရာကြီးဖြစ်၍ နေပူ စပ်ခါးအလုပ်ကိုလုပ်ကိုင်ရပေရာ ဆီး ရောဂါခံစားရပြီး အလုပ်ပျက်အကိုင် ပျက်ဖြစ်၍ လူမှာ အသားအရေခြောက် ခန်းပြီး ခါးနာ၊ ဆီးအောင့်၊ ဆီးပူရောဂါ ဝေဒနာကိုအတန်ကြာခံစားခဲ့ရပါသည်။ ဆေးစုံ၊ ဆရာစုံနှင့် ပြသကုသသော်လည်း အမြစ်ပြတ်ပျောက်ကင်းသွား သည်ဟု မရှိခဲ့ပါ။

(လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်အချိန်က ခေတ်မီဆေးခန်းများက လည်း တောနေလူတန်းစားများအတွက် လက်လှမ်းမမီသည့်အနေမှာရှိခဲ့ပါ၏။)

သို့ဖြင့် အလုပ်လည်းမဆင်းနိုင်၊ ဝေဒနာကလည်း ခံစားနေရသဖြင့် မိသားစုများစိတ်မချမ်းမြေ့ဖြစ်နေကြချိန် ဝယ် အိမ်သို့အလှူခံလာသော ရသေ့ ကြီးတစ်ပါးကအကျိုးအကြောင်းမေးမြန်း ပြီး-

"ဒါများဒကာကြီးတို့ရယ်၊ ယော ကျ်ားမှာဆီး၊ မိန်းမမှာမီးဆိုသမို့လား။ ဆေးမတွေ့သေးတော့လည်း တလည် လည်ဖြစ်နေကြမှာပေါ့။ ဘရသေ့ပြော ခဲ့တဲ့အတိုင်းသာ သေချာလုပ်ကြည့်ပါ။ နင်နေ ငါသွား ဆီးရောဂါပျောက်သွား ပါလိမ့်မယ်"

ဟု အားပေးစကားပြောကြားပြီး ဆေးဓာတ်စာနည်းကိုပေးသွားလေသည်။

ထိုနည်းအတိုင်း စာရေးသူအဘိုး က ယုံကြည်စွာ လုပ်ဆောင်ခဲ့ရာ ယခု အသက်(၉၄)နှစ်မှာဆုံးပါးသွားသည်အထိ ဆီးနှင့်ပတ်သက်၍ ဘာပြဿနာမှမရှိ တော့သည်ကို လက်တွေ့ကြုံခဲ့ရပါသည်။

ရသေ့ကြီးပေးသွားသည့်ဆေးဓာတ် စာနည်းမှာ-

ဆီးရောဂါခံစားနေရသောဝေဒနာ ရှင်ကို 'ဆီးဖြူသီးနှင့်ဝက်သား'ကိုဓာတ် စာအနေဖြင့်စားပေးပြီး နံနက်(၆)နာရီ လောက်မှာ ဝေဒနာရှင်ကို ချောင်းရေ (သို့) မြစ်ရေထဲမှာ ချက်မှစ၍ခါးအောက် ပိုင်းတစ်ခုလုံးမြုပ်နေအောင် ရေစိမ်ပေး ရခြင်းဖြစ်ပါသည်။

ဤသို့နံနက်ပိုင်းရေစိမ်ပေးခြင်းကို နေထွက်လာသည့် (၇)နာရီ၊ (၈)နာရီ လောက်အထိရေစိမ်ပေးပါသည်။ ထိုသို့ ဓာတ်စာစားပြီး ရေစိမ်ပေးတဲ့အချိန်များ မှာ ပထမရက်မှာ ရေစိမ်နေရင်း ဆီးသွား ချင်သော်လည်း ဆီးပူအောင့်နေ၍ ဆီး သွားရမှာ ကြောက်နေပေသည်။

သို့သော် ဒုတိယနေ့မှစပြီး ဓာတ် စာစားပြီး ရေစိမ်လိုက်သည်နှင့် ဆီးမှာ မကြာခဏ ရေထဲမှာပင်သွားချင်နေ၍ ရေထဲမှာပင် မကြာခဏဆီးသွားနေရပေ သည်။ ဆီးပူအောင့်ခြင်းလည်း မရှိတော့ ပါ။

ဤသို့ ဆေးဓာတ်စာကိုစားပြီး ရေစိမ်ခြင်းကို (၇)ရက်ခန့် မှန်မှန်ပြုလုပ် လိုက်သောအခါ စာရေးသူအဘိုး၏ နှစ်ရှည်ခံစားနေရသော ဆီးရောဂါမှာ ရသေ့ကြီးပြောသကဲ့သို့ အမှန်တကယ် ပင် 'နင်နေငါသွား'ဖြစ်သွားပြီး ပျောက် ကင်းသွားပါသည်။

**ဆေးဓာတ်စာစားသည့်နေ့ရာတွင်**

ဆီးဖြူသီးနှင့်ဝက်သားကိုချက်စား ၍သော် လည်းကောင်း၊ ဝက်သားဟင်း နှင့်တွဲ၍ ဆီးဖြူသီးကို နိုင်နိုင်မြုပ်၍စား ပေးလျှင်လည်းရပေသည်။ အဓိကမှာ ဆီးဖြူသီးနှင့် ဝက်သား တဝကြီးစားပေး ရန်သာဖြစ်သည်။

စာရေးသူအဘိုးပြောပြသည်မှာ -

"အေးကွ၊ ရောဂါကပဲပျောက်ချင် လို့ သွေးကတောင်းတာလားတော့မသိ ဘူး။ ငါ့ပါးစပ်ထဲမှာ ဆီးဖြူသီးနဲ့ဝက်သား ဓာတ်စာစားရတာ ငါတစ်သက်စားခဲ့ သမျှ ထမင်းဟင်းတွေထဲမှာ အရသာ အတွေ့ဆုံးလို့ထင်တယ်"

ဟုပြောပါသည်။

၎င်းဟင်းချက်နည်းစနစ်မှာ-

**ဆီးဖြူသီးနှင့်ဝက်သားဆေးဟင်းလျာချက် နည်း**

ဆီးဖြူသီးနှင့် ဝက်သားဆေးဟင်း လျာဓာတ်စာဟင်းကိုချက်မည်ဆိုလျှင် ယခင် ဆီးဖြူသီးနှင့်ငါးရှဉ့်ဟင်းချက် သကဲ့သို့ ဆီးဖြူသီးကို အနှစ်တိုက်ပြီး မထည့်ရဘဲ ဆီးဖြူသီးကို အစေ့ခွာထုတ်



www.burmeseclassic.com

www.burmeseclassic.com

၍ရသည့်အနေသာပြုတ်ပြီး ဆီးဖြူသီး အသားမြှောင်းကလေးများကို ခွာယူထားပါ။

ဆေးဟင်းလျာချက်မည့်ဝက်သား၏ (၃)ပုံပုံ(၁)ပုံသာ ဆီးဖြူသီးမြှောင်းလေးများခွာ၍ထည့်ချက်ရမည်ဖြစ်သည်။

ဆေးဟင်းလျာချက်မည့် ဝက်သားသည် အဆီသိပ်ပြီးမထူသည့်အနေတော် ဝက်ပေါင်သားကိုသုံး၍ ချက်ရပါမည်။

ဟင်းမချက်မီ နံနံစေ့(၁)ကျပ်နှင့် ငရုတ်ကောင်း(၇)စေ့ခန့် မီးနှင့်အနံ့သင်းလာအောင်လှော်ပြီး မဆလာကြိတ်၍ထားပါ။

ဝက်ပေါင်သားကို အနေတော်တုံးတစ်ပြီး ဆား၊ နနွင်း၊ ငံပြာရည်သင့်ရုံနယ်ပြီး မဆလာကြိတ်ပြီးသားနှင့် ထပ်မံ၍ရောနယ်ပြီး နာရီဝက်ခန့်နှပ်ထားပါ။

ပြီးလျှင် ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူထောင်းထားသည်တို့ကို ပဲဆီစစ်စစ်နှင့်ဆီသတ်၍ ကြက်သွန်ဖြူနီလိပ်လာသည့်အနေတွင် နှပ်ထားသော ဝက်သားများကိုထည့်၍ ဆီသပ်ပါ။

ဝက်သားများ လုံးရေခန်းသွားသည့်အခါ ဆီးဖြူသီးပြုတ်အမြှောင်းလေးများကို ၎င်းဝက်သားဟင်းအိုးထဲသို့ထည့်လိုက်ပြီး (၅)မိနစ်ခန့် မီးအေးအေးဖြင့် နှပ်ထားပြီး ဟင်းအိုးထဲသို့ ရေနွေးဆူဆူသင့်ရုံထည့်ပြီး ဝက်သားများနူးနပ်လာသည်အထိချက်ပါ။

ထိုဆီးဖြူသီးဝက်သားနှပ်ဆေးဟင်းလျာဓာတ်စာဟင်းပွဲကို ဆီးရောဂါဝေဒနာရှင်ကို တဝကြီးကျွေးလိုက်ပါက အထက်ဖော်ပြပါအတိုင်း ရောဂါဝေဒနာသက်သာသွားမည်မှာ မလွဲဧကန်ဖြစ်ပါတော့သည်။

**ဆေးဖက်ဝင်ဟင်းလျာ ဆေးဓာတ်စာဟင်းချက်နည်း(၃)**

တစ်ဖန် ဆီးဖြူသီးဖြင့်နှုတ်ခံတွင်းပျက်ပြီး ဘာစားစား လျှာမှာ အရသာမပေါ်သည့်ရောဂါဝေဒနာများအတွက်-

**ဆီးဖြူသီးနှင့်ပါစွံထောင်းသုပ်ဆေးဟင်းလျာ**

အချို့ရောဂါဝေဒနာကြာရှည်ဖြစ်ပေါ်နေသောလူနာများတွင် အဓိကပြဿနာမှာ ခံတွင်းပျက်သည့်၊နှုတ်မမြိန်သည့်ရောဂါပင်ဖြစ်ပါသည်။

ထိုသို့ ခံတွင်းပျက်နေခြင်းသည် အချိုစားလည်းမရ၊ အချဉ်စားလည်းမထိ၊ ဘာကိုမှမစားချင်အောင်ပင်ဖြစ်နေတတ်ကြပါသည်။

ထိုသို့သော အခြေအနေမျိုးတွင် ဆီးဖြူသီးအလုံးကြီးကြီး အသားထူထူမျိုးကိုပြုတ်ပြီး အသားခွာယူ၍ထောင်းပါ။

ထိုဆီးဖြူသီးပြုတ်၏ (၄)ပုံပုံ(၁)ပုံတွင် ပါစွံကိုထည့်ထောင်းပြီး ကြက်သွန်နီပါးပါးလှီး၊ ငရုတ်သီးစိမ်းပါးပါးလှီး၊ နံနံပင်အနေတော်ထည့်ပြီး ပဲဆီစစ်စစ်နှင့် ဆားပျားသင့်တော်အောင်ထည့်၍သုပ်ပြီး ထိုပါစွံသုပ်ကို ခံတွင်းပျက်နေသူကို ကျွေးလိုက်ပါက ပါစွံဆီးဖြူသီးသုပ်အနံ့ရရုံဖြင့် သွားရည်တများများကျလာပြီး နှုတ်ခံတွင်းပွင့်လာ၍ လျှာအရသာပေါ်လာပြီး အစားအစာကို မြိန်ရှက်စွာပြန်လည်၍ စားသောက်လာစေပြီး နာလန်ထမြန်စေသည့် အင်မတန်မှ ထိရောက်လှသော ဆေးဓာတ်စာဟင်းလျာဖြစ်ပါတော့သည်။

မှတ်ချက် -

ပါစွံဆိုသည်မှာ ငါးဒေါင်ဇင်း၊ ငါးအသေးစားလေးများကို ဆန်ကွဲနှင့်ဆားကို အချိုးကျပေါင်းစပ်၍ ငါးပိတည်သလိုတည်ထားသည့် 'ငါးပိငါးချဉ်'အမျိုးအစားဖြစ်ပါသည်။

အချို့ဒေသများတွင် ဒီနာမည်ကိုတောင် ကြားဖူးချင်မှကြားဖူးပေလိမ့်မည်။ ပန်းမော်၊ ကသာစသည့် အထက်ဘက်နှင့် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်၊ ရေကြည်၊ ငါးသိုင်းချောင်းစသည့် အရပ်တို့တွင် ဒေသဖြစ်အစားအစာမျိုးဖြစ်ပါသည်။

၎င်းပါစွံကို ဆီးဖြူသီးထောင်းတစ်ပန်းကန်တွင် ပါစွံကွမ်းသီးအကြီးတစ်လုံးခန့်ထည့်ပြီး သုပ်လိုက်လျှင် အတော်အရသာထိရောက်သွားပါသည်။

အကယ်၍ ပါစွံမရှိသည့် အရပ်ဒေသများတွင် ၎င်းဆီးဖြူသီးထောင်းထဲကို ပုစွန်ခြောက်နှင့် မျှင်ငါးပိအနည်းငယ်ထည့်၍သုပ်လိုက်ပါက ပါစွံကိုမမီပေမယ့် ပါစွံနီးပါးအရသာရနိုင်ပါသည်။

ဤနေရာတွင် -

ရှေးမြန်မာ့ဆေးပညာရှင်ကြီးများ၏ ပညာဉာဏ်ကြီးမားပုံနှင့် တွေးခေါ်ယူဆချက်တို့ ထိရောက်ထက်မြက်မှုများမှာ အံ့မခန်းဟုဆိုရပေမည်။

အကြောင်းမှာ ယနေ့အချိန်အခါတွင် ဆေးသိပ္ပံပညာရှင်များ၏သုတေသနဓာတ်ခွဲစမ်းသပ်ချက်များအရ အသီးအနှံများထဲတွင် -

ဆီးဖြူသီးသည် Vit.C ဓာတ်လွန်စွာပေါကြွယ်ဝပြီး အင်တီအောက်စီဒင့် (AntiOxident) ဓာတ်စွမ်းအားမြင့်မားစွာပါဝင်နေသကဲ့သို့ ငါးရှဥ့်တွင်လည်း သုတေသနတွေ့ရှိချက်များအရ Vit D (ဗီတာမင် ဒီ)ဓာတ် မြင့်မားစွာပါဝင်နေသည်ကို တွေ့ရှိရပါသည်။

ငါးရှဥ့် (၁၀၀)ဂရမ်၊ (၆)ကျပ်သားတွင် Vit D ဓာတ် ၄၉၀၀ IU ပါဝင်နေ ခြင်းကို မည်သည့် သား၊ ငါးတွင်မှမတွေ့ ရဘဲ ငါးရှဥ့်တစ်မျိုးတည်းတွင်သာ Vit D ဓာတ်ပေါ်များစွာပါဝင်နေခြင်းဖြစ်ပါ သည်။

ထို့ကြောင့် သွေးဝမ်းသွားရောဂါ ဒူလာပန်းအားနည်းရောဂါနှင့် သွေးအား လေအားနည်းသူများအတွက် ဆီးဖြူသီး မှ Vit C ဓာတ်နှင့် အင်တီအောက်ဆီဒင့် (Anti Oxident) ဓာတ်နှင့် ငါးရှဥ့်မှ Vit D ဓာတ် ပြည့်ဝစွာ ဖွဲ့စည်းပေါင်းစပ်မှု ဆေးဖက်ဝင်သတ္တိအကျိုးသွားများကို အသုံးချ၍ အထက်ပါရောဂါများကို ပျောက်ကင်းအောင် ဆေးဖက်ဝင်ဟင်း လျာဆေးဓာတ်စာဟင်းအဖြစ် တီထွင် ဖန်တီးပေးခဲ့ကြသော ရှေးဆရာကြီးများ ၏ ပညာဉာဏ်ကား လွန်စွာမှ လေးစား တန်ဖိုးထားအပ်လှပါသည်။

ထို့အတူပင် ဝက်သားတွင်လည်း သုတေသနတွေ့ရှိချက်များအရ Vit B ဓာတ်ပေါကြွယ်ဝစွာပါနေသည်ကို တွေ့ ရှိပါသည်။

ထို Vit B ဓာတ် ပေါ ကြွယ် ဝ သည် ဝက်သားနှင့်အင်တီအောက်စီဒင့် (Anti Oxident) ဘုရင်ဆီးဖြူသီးတို့ကိုတွဲစပ်၍ ဆေးဓာတ်စာ ဖန်တီးထားမှုကလည်း ရှေးဆရာကြီးများ၏ အာရုံခံထိုးထွင်း မြင်မှုဉာဏ်ရင့်သန်ထက်မြက်မှုကို ပြ နေပေသည်။

ဒါကြောင့် ယခုလို ခေတ်မီ တက်နေသည့်အချိန်ခါမှာ ရှေးဟောင်း ပစ္စည်းများလွန်စွာတန်ဖိုးကြီးမားနေကြ ခြင်းမှာ အကြောင်းမဲ့မဟုတ်ကြပါ။ ယ ခေတ်လူသားများထက် တွေးခေါ် မြင်၊ သိမြင်မှု၊ ပညာရပ်များရင့်သန် ခြင်း၏ပြယုဂ်တစ်ခုပင်ဖြစ်ပေသည်။

စာရေးသူ ယခုတင်ပြခဲ့သည် မှာ အစာလည်းဆေး၊ ဆေးလည်းအ ဖြစ်စေရာဟု ပညာညွှန်းထောက်ရော ပျောက်အောင် ဆေးဖက်ဓာတ်စာ စေရာဟု ရှေးဆရာများအမွေထား သည့်-

ရောဂါလည်းပျောက် လျှာလည်း လောက်အောင် စွမ်းဆောင်တွဲစပ် ပ ရပ်ဖြင့် အံ့လောက်ဖွယ်ရာ ဆေးဓာ စာများဖြစ်ကြပေသည်ဟု -

'ရသာစုံလင် ဆေးဖက်ဝင် ဟင်းလျာ' ကဏ္ဍကို စတင်၍ဖွင့်လို ပါသည်။

သတ္တဝါ
စားသမျှအားဖြစ်ကြ၍ကျန်းမာကြ
ရွှေ ...င်း(ပုသိ



www.burmeseclassic.com

www.burmeseclassic.com



# အောင်မြင့်မိုး

## သာမန်ထက်လွန်ကဲသူများ

လောကသည် ဆန်းကြယ်လှ၏။

စာရေးသူ၏ ဘဝသက်တမ်းတစ်လျှောက်၌ သာမန်လူတို့ထက် တစ်စုံတစ်ခု လွန်ကဲနေသူများကို တွေ့ဖူးကြုံဖူးသည်။ ဝန်ထမ်းမဖြစ်မီ ကျောင်းသားဘဝကလည်းတွေ့ခဲ့ရဖူးသည်။ ဝန်ထမ်းဘဝတွင်လည်း တွေ့ကြုံဖူးသည်။

**ကျောင်းသားဘဝကအတွေ့အကြုံ**

စာရေးသူ ကျောင်းသားဘဝကာလတန်း၊ အလယ်တန်းအထိ အတူတူနေခဲ့ဖူးသည့်ငယ်သူငယ်ချင်း ချစ်မောင်ဆိုသူတစ်ဦးရှိသည်။

ချစ်မောင်သည် လေလည်ရန်ကောင်း၊ ၎င်း၏ခါးရှိ အကြောအားနှိပ်လိုက်မှသာ လေလည်၏။ နှစ်ခါနှိပ်သော် နှစ်ကြိမ် သုံး၊ လေးခါနှိပ်သော် သုံး၊ လေးကြိမ် လေလည်၏။ သာမန်လူတို့ထက် လွန်ကဲ၏။

နောက်တစ်ဦးရှိသေးသည်။ သူ့အမည်က မောင်နွားညို ဖြစ်၏။ သူက ကျောင်းနေဖက်မဟုတ်။ တစ်ရွာတည်းသားအိမ်နီးချင်းပါ။ လွန်လွန်ကဲကဲအိပ်မက်ယောင်တတ်၏။

တစ်ခါသော် အိပ်ရေးပျက်လွန်း၍ ညနေ (၆) နာရီတွင် စတင်အိပ်၏။ ည (၉) နာရီခန့်တွင် အိပ်မက်ယောင်ပါပြီ။ အိပ်ရာမှထ၍ လမ်းလျှောက်ထွက်သွားသည်။ အိမ်သားများ မည်သူမျှမသိလိုက်ကြ။

၎င်း၏လက်ထဲတွင် နွားမောင်းသည့် တုတ်တစ်ချောင်းပါသွားသည်။ တစ်မိုင်ခန့်ဝေးကွာသည့် ရွာတစ်ရွာအထိလျှောက်သွားပြီး အိမ်တစ်အိမ်ထဲသို့ ဝင်လိုက်သည်။ ၎င်းအိမ်အတွင်းရှိ ခွေးများအား လက်တွင်းရှိတုတ်ဖြင့် လိုက်ရိုက်သည်။ ထိုနောက် ယင်းအိမ်



www.burmeseclassic.com

www.burmeseclassic.com

သားများ စုဝေးနေထိုင်ကြသည့် ခုတင်ပေါ်တက်အိပ်လေသည်။

ရွာနီးချင်းအကြောင်းသိများဖြစ်၍ တော်တော့သည်။ အိမ်ရှင်များက မောင်နွားညိုကို လှည်းဖြင့်တင်၍ အိမ်သို့ ပြန်ပို့ခဲ့ရသည်။ ထိုအခါမှမိဘများသိကြသည်။

ယခုတော့ မောင်နွားညို ကွယ်လွန်ရှာပြီ ဖြစ်ပါသည်။ သူ့ကွယ်လွန်ပုံကလည်း ကြည့်ပါဦး။

ရွာဘုရားပွဲတွင် ဇာတ်ငှားသည်။ ၎င်းဇာတ်သည် အခြားရွာ၌ကနေသဖြင့် ကြိုဆိုရန် ဇာတ်ကြိုစေလွှတ်ရသည်။ ယင်းတာဝန်ကို မောင်နွားညိုယူရသည်။ ပွဲကြိုက်သူဖြစ်၍ တစ်ညကြိုထွက်ခဲ့သည်။ ၎င်းည၌ တစ်ညလုံးပွဲကြည့်လိုက်သည်။ နောက်တစ်နေ့နံနက်လင်းသည်နှင့် ဇာတ်အဖွဲ့၏ကားကြီးအား မိမိရွာသို့ လမ်းပြခေါ်ဆောင်လာခဲ့သည်။ တစ်ညလုံးပွဲကြည့်ခဲ့သော မောင်နွားညို ဇာတ်ကားပေါ်တွင် ဇာတ်သမားအကြား ထိုးဝင်အိပ်ပျော်သွားသည်။

ယင်းသို့နေရင်းက ရောဂါဖောက်ပါပြီ။ မောင်နွားညိုအိပ်မက်ယောင်လေပြီ။ အိပ်မောကျနေသော ဇာတ်သမားများမည်မျှသတိမထားမိလိုက်ကြ။ ဇာတ်ကားကြီးက မောင်းနှင်နေသည်။ နွားညိုအိပ်မက်ယောင်၍လမ်းထလျှောက်၏။

"ဝုန်း"

"ကျွိ"

"အင့်"

"အောင်မယ်လေး"

"လုပ်ကြပါဦး"

အသံများဆူညံသွားသည်။ ကားပေါ်မှ လူများလည်း လန့်နိုးကုန်သည်။ ကားလည်း ရပ်တန့်သွားသည်။ နွားညိုအိပ်မက်ယောင်၍ လမ်းလျှောက်နေသည်က မြေပြင်မဟုတ်၊ ဇာတ်ကားပေါ်မှာစီတင်ခဲ့သည့် ဇာတ်သေတ္တာများပေါ် လျှောက်နေခြင်း ဖြစ်လေသည်။ ဇာတ်သေတ္တာများဆုံးတော့ ကားပေါ်ကပြုတ်ကျသွားသည်။

ပွဲချင်းပြီးသေဆုံးသွားသည်။ အမှုကို မနည်းရှင်းယူရသည်။

**ဝန်ထမ်းဘဝအတွေ့အကြုံများ**

ဝန်ထမ်းဘဝတွင်လည်း သာမန်လူများထက် ထူးချွန်သူ၊ ပိုကဲသူများကို တွေ့ရကြုံရသည်။ ထိုအတွေ့အကြုံများအနက် အချို့ကို ကောက်နုတ်ဖော်ပြပါမည်။

အစားလွန်ကဲသူတစ်ဦးနှင့် ကြုံခဲ့ဖူးသည်။

စာရေးသူတို့တပ်ခွဲ၌ အစားအလွန်သန်သူ တပ်သားတစ်ဦးရှိသည်။ သူ့အမည်က တပ်သားမောင်လှ။ တပ်ခွဲ၌ မောင်လှဟု ခေါ်သူ ရှားပါးသည်။ ဆတ်ခေါင်းဟုသာခေါ်ကြသည်။

သည်နာမည်ရတဲ့အကြောင်းကတော့ -

တစ်နေ့ တပ်ခွဲရုံးအဖွဲ့များ အမဲလိုက်ရင်း ဆတ်တစ်ကောင်ရလာကြသည်။ မောင်လှက အဲဒီ့ညက နှစ်နာရီကင်းတစ်ဆိုင်းတာဝန်ကျသည်။ ကင်းစောင့်စဉ် (၂) နာရီအတွင်းမှာတင် ဆတ်ခေါင်းတစ်ခေါင်းလုံးက အသားတွေကို ဓားဖြင့်လှီး၍ မီးဖုတ်စားလိုက်သည်။ ဆတ်ခေါင်းတစ်ခေါင်းလုံးကုန်ပါလေရော· ထိုအချိန်မှစ၍ မောင်လှအမည်ရင်းပျောက်၍ ဆတ်ခေါင်းဟုသာ အမည်တွင်သွားတော့သည်။

စစ်သည်တစ်ဦးအတွက် တစ်နေ့တာရိက္ခာအဖြစ် ဆန် (၂၆) အောင်စရသည်။ နို့ဆီခွက်နှင့်ချိန်ပါက တစ်ခွက်လျှင် (၉) အောင်စရသည်။ ထို့ကြောင့် နို့ဆီခွက် (၃) ခွက်နီးပါး ဆန်ရသည်။ တပ်စိတ်တစ်စိတ်က လူ (၁၀) ယောက် ပေါင်းစားလျှင်ပင် ဆန်မကုန်ပါ။ လကုန်သည်နှင့်ပိုသောဆန်များကို ရောင်းချပြီး အခြားလိုအပ်သည့်ပစ္စည်းများ ဝယ်နိုင်ကြသည်။

ဆတ်ခေါင်းမောင်လှရောက်သော တပ်စိတ်မှာမူ ရိက္ခာဆန်မပိုသည့်အပြင် ပြဿနာတက်ပါသည်။ သည်းမခံနိုင်တော့သည့်အဆုံးတွင် အဆိုပါ တပ်စိတ်၏ တပ်စိတ်မှူးက ရရှိသော ရိက္ခာဆန်မှာမလုံလောက်ကြောင်း၊ သို့ပါ၍ မောင်



လှအား တပ်စုရုံးသို့ ခေါ်ထားစေလိုကြောင်း၊ သူ့အစား လူစားမယူဘဲ (၉)ဦးဖြင့်သာ တာဝန်ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ကြောင်း သတင်းပို့၍ မောင်လှအား တပ်စုရုံးသို့ အပ်နှံသည်။

တပ်စုမှူးလည်း အင်အားတစ်ယောက်တိုးလျှင် မနည်းဟု သဘောထား၍ ခေါ်ထားလိုက်သည်။ မကြာပါ။ တစ်လပင်မပြည့်။ တပ်စုရုံးပြဿနာတက်တော့သည်။ မတက်ခံနိုင်ရိုးလား။ ဆတ်ခေါင်းမောင်လှ၏ ထမင်းစားနှုန်းက ရဲဘော် (၃) ယောက်စာမကပေ။

သို့နှင့် ဆတ်ခေါင်းကို ရှေ့တန်းရုံးသို့ပို့လိုက်သည်။ ရှေ့တန်းရုံး၌လည်း ကြာကြာမခံ။ နောက်ဆုံးတော့ တပ်သားမောင်လှအား ရှေ့တန်းမခေါ်ရ။ နောက်တန်း၌ပင် သင့်လျော်သော တာဝန်ပေးရန်ဟု ရှေ့တန်းမှူး (တပ်ရင်းမှူး) ကိုယ်တိုင် အမိန့်ထုတ်၍ နောက်တန်းသို့ပြန်ပို့လိုက်ရပါသည်။

နောက်တစ်ဦးကတော့ မေ့တတ်လွန်းသူတစ်ဦးပါ။ နာမည်က ဗိုလ်ကြီးတင်ဝင်းမောင်။ စာရေးသူနှင့် ခြေလျင်တပ်ရင်းတစ်ရင်းတွင် နှစ်အတော်ကြာဆုံခဲ့ဖူးသည်။ အလွန်မေ့တတ်သူတစ်ဦးဖြစ်သည်။

၎င်းသည် ဆေးပေါ့လိပ်အလွန်သောက်သည်။ သို့ရာတွင် ဆေးလိပ်မီးငြိမ်းသည်နှင့် နားရွက်ကြားညှပ်သည်။ မကြာမီ ခံတွင်းချဉ်လာသည်နှင့် အနီးရှိသူတစ်ဦးဦးထံ ဆေးလိပ်ပါလျှင် တစ်လိပ်ပေးစမ်းပါ။ ငါဆေးလိပ်မပါလို့ဟု တောင်းကာ မီးညှိ၍ သောက်တတ်သည်။ နားရွက်ကြားမှ ဆေးလိပ်တိုကို သတိမရ။ တောင်းသောက်သော ဆေးလိပ်မီးငြိမ်းလျှင် ကျန်နားရွက်တစ်ဖက်ကြားသို့ ညှပ်ပြန်သည်။

ပြီးနောက် အထက်ပါအတိုင်းပင် တွေ့ရာလူထံ ဆေးလိပ်တောင်းသောက်ပြန်လေသည်။ ညနေ ရုံးဆင်းချိန်တွင် သောက်လက်စ ဆေးလိပ်တိုများသည် စားပွဲပေါ်၌ လည်းကောင်း၊ နားရွက်နှစ်ဖက်ကြား၌လည်းကောင်း၊ အင်္ကျီအိတ်၊ ဘောင်းဘီအိတ်များအတွင်း၌ လည်းကောင်း များစွာတွေ့ရတတ်သည်။

တစ်ခါသော် ဗိုလ်ကြီးတင်ဝင်းမောင်သည် အံ့သြလောက်အောင် မေ့ခဲ့ပါသည်။

ပါတီကောင်စီအဖွဲ့နှင့်ပူးပေါင်း၍ တပ်ရင်းနှင့် (၅) မိုင်ခန့်ဝေးသော ရွာ

www.burmeseclassic.com

www.burmeseclassic.com

သို့ ပြည်သူ့စစ်လက်နက်တပ် သွားရောက်သည်။ လုံခြုံရေး တပ်ကြပ်ကြီး အဖြူချော ဦးစီး တပ်စုတစ်စုလိုက်ပါ၍ နံနက် (၇) တွင် တပ်ရင်းမှ စစ်ကားဖြင့် စတင် ခဲ့၏။ လက်နက်တပ်ဆင်မည့် ရောက်သော် လက်နက်များအား တော်ယာဉ်ပေါ်မှချ၍-

"ဆရာကြီးအဖြူချော၊ ခင်ဗျားတပ် ပေါ်ကမဆင်းနဲ့၊ ကားပါယူသွား။ တလည်မှာ လုံခြုံရေးသွားလုပ်"

ဟု ခိုင်းလိုက်၏။

နံနက် (၉) နာရီခွဲခန့်တွင် လက် တပ်ဆင်ပွဲပြီးသွားသည်။ ဗိုလ်ကြီး တင်းမောင်သည် ပါတီကောင်စီမှ ကြနှင့် တပ်ရင်းသို့ပြန်ခဲ့သည်။

သူ့တပ်စုကို သူမေ့ခဲ့ပြီ။

ညနေ (၃) နာရီခန့်တွင် တပ်ကြပ် အဖြူချောဦးစီးသော တပ်စု (လူသုံး ) သည် မိမိအစီအစဉ်ဖြင့် တန်း ၍ ဗိုလ်ကြီးတင်ဝင်းမောင်ထံ လာ သတင်းပို့သည်။ ထိုအခါမှ ကြီး တင်ဝင်းမောင်တစ်ယောက် နဖူးကိုယ်လက်ဝါးနှင့်ပြန်ရိုက်၍-

"အာ-သေပါရော့ဗျာ။ ဆရာကြီး တပ်စုနဲ့ ကားတစ်စီးလုံးကို ကျွန် တော်မေ့ကျန်နေခဲ့တာဗျို့"

ဟုသတတ်။

နောက်တစ်ဦး။

သူကလည်းတစ်မျိုး။ရဲဘော်စံငြိမ်း အမြဲတမ်း ဂစ်တာတဒေါင်ဒေါင်တီး နေတတ်သူ။

သာမန်ထက်ထူးသည်က အပူ ကြောက်ခြင်း။ မီးပူ၊ သံပူ၊ ရေနွေးပူ၊ ပူ မည်သည့်အပူမဆ မကြောက်။ သည့်အိုးကိုမဆို မီးဖိုပေါ်မှချလျှင် တ်ခုအဝတ်မသုံး။ လက်ဗလာဖြင့်သာ ၍ချသည်။

ထမင်းအိုးနှပ်လျှင် မီးကျီးခဲများ လက်ဖြင့်ယက်ထုတ်သည်။ ဆီပူအိုး လက်နှိုက်၊ ရေနွေးပွက်ပွက်ဆူထဲ လက်နှိုက်သည်။ ဆေးလိပ်မီးညှိလျှင် မီး ကျီးခဲကို လက်ဖြင့်ကိုင်၍ စိမ်ပြေနပြေ ညှိသူ ဖြစ်သည်။ မြင်သူက အံ့သြစိုးရိမ် သည်။ သူကတော့ ဘာမှမဖြစ်။ အပူ လောင်၊ အဖုမပေါက်၊ အနာမဖြစ်။

အလောင်းအစားအဖြစ် ကျပ်လုံး နေသံချောင်းကို ရဲနေအောင်မီးဖုတ်၍ သံချောင်းအေးသည်အထိ ကိုင်ပြသည်။ သူကလည်း ပါရမီထူးတစ်မျိုး ပိုင်ဆိုင်



ထားသူပင်။

နောက်တစ်ဦးကတော့ အလွန် အမင်း သန်စွမ်းသူ ဖြစ်ပါသည်။

စာရေးသူ တပ်မတော်သားဘဝ ဖြင့် ရွာတစ်ရွာဘုန်းကြီးပျံပွဲတွင် လုံခြုံ ရေးယူပေးရသည်။ ယင်းရွာတွင် အံ့သြ ဖွယ် သန်မာသူတစ်ဦးကို တွေ့ဖူးသည်။ သူ့အမည်ကား ဦးမောင်ကြီးဟု ခေါ် သည်။ အသက် (၅၀) ကျော်ခန့်ရှိပေပြီ။

ဦးမောင်ကြီးသည် ဘုန်းကြီးပျံပွဲ လာ ပရိသတ်များအံ့သြလောက်အောင် အစွမ်းပြခဲ့သည်။ နွားလှည်းဘီး (၂) ဘီး ကို လက်မောင်းနှစ်ဖက်တွင်စွပ်၍ ဘော လုံးကွင်းကြီး ငါးပတ်လမ်းလျှောက်ပြခဲ့ သည်။

ဦးမောင်ကြီးအကြောင်းကို ရွာ သားများပြောပြသည်မှာ ဤသို့ဖြစ် သည်။

မောင်ကြီးတွင် အမွှာညီ မောင် လေးရှိသေးသည်။ မောင်လေးမှာ ပိုးထိ ၍ ကွယ်လွန်ပြီး ဖြစ်သည်။

တစ်ခါက အမွှာညီအစ်ကိုနှစ်ဦး တောင်ပေါ်တွင် ဝါးသွားခုတ်ကြသည်။ ဝါးလုံးများခွဲရာတွင် တစ်လုံးထဲမှ ငါး အရှင်ခပ်သေးသေးနှစ်ကောင် တွေ့ကြ သည်။ ငါးပျံများဖြစ်သည်ဟု ဆို၏။ ညီ အစ်ကိုနှစ်ယောက် ငါးအရှင်တစ်ကောင် စီ မျိုချလိုက်ကြသည်။ ထိုနောက်ပိုင်းမှ စ၍ ညီအစ်ကိုနှစ်ယောက်လုံး အံ့ဖွယ် ခွန်အားအစွမ်းများဖြင့် သန်မာလာကြ သည်။

နွားသိုးတစ်ကောင်အား ဦးချိုကို လက်နှစ်ဖက်ဖြင့် ကိုင်တွန်းလိုက်ပါမူ နွား သိုးမှာ ဖင်ထိုင်ကျသွားသည်။ ညီအစ်ကို နှစ်ယောက်စလုံး သန်မာသည်။ ထိုစဉ်

က အမွှာညီအစ်ကို၏အသက်မှာ (၂၀) ခန့်သာရှိသေးသည်။

တစ်နေ့ -

ညီအစ်ကိုနှစ်ယောက် လှည်းများ ဖြင့် ဝါးရောင်းထွက်ခဲ့ကြသည်။ လှည်း တစ်စီးစီမောင်းခဲ့ကြသည်။ လှည်းတစ် စီးလျှင် ဝါးအလုံး (၁၀၀) စီပါသည်။ ဝါးလှည်းတစ်စီးရောင်းရသည်။ တစ်စီး မှာ မရောင်းရသေး။ သို့နှင့် မောင်းနှင် လာရာ လမ်းရှိရွာတစ်ရွာတွင် ဇာတ်ပွဲ နှင့်ကြုံသည်။

ညီအစ်ကိုနှစ်ယောက် ဇာတ်ပွဲ ကြည့်ရန်တိုင်ပင်ပြီး ပွဲခင်းအတွင်း လှည်း များရပ်တန့်ကာ ပွဲကြည့်ရန် နေရာယူ ကြသည်။ သူတို့နေရာယူစဉ်က ညနေ (၅) နာရီခန့်သာရှိသေး၍ လှည်းရပ်ရန် နေရာချောင်၏။ စိတ်ကြိုက်နေရာရကြ သည်။

ည (၈) နာရီ။

ပွဲကြည့်လူအုပ်နှင့် လှည်းအုပ် တဖြည်းဖြည်းစည်ကားလာရာ သူတို့ လှည်းနှစ်စီးမှာ ပွဲခင်းအလယ်သို့ရောက် နေချေပြီ။ လုံခြုံရေးများက လှည်းနှစ်စီး အား နောက်ဆုတ်ခိုင်းသည်။ သို့ရာတွင် လှည်းမောင်းထွက်ရန်လမ်းမရှိတော့ပေ။ ထိုစဉ် မောင်ကြီး၊ မောင်လေးအမွှာညီ အစ်ကိုနှစ်ယောက်၏အံ့ဖွယ်လုပ်ဆောင် ချက်ကို တွေ့ရသည်။

အစ်ကိုဖြစ်သူမောင်ကြီးက ဝါးမရှိ တော့သည့်လှည်းအခွံ၏ဘီးနှစ်ခုအကြား ဝင်ရိုးအောက်သို့ဝင်၍ ထမ်းယူကာ ပွဲ ခင်းနောက်ပိုင်း နေရာလွတ်တွင်သွားချ ၏။ ပွဲကြည့်သူများအံ့သြစွာဝိုင်း၍ကြည့် နေကြသည်။ ဝါးအပြည့်နှင့်လှည်းအား မည်သို့ရွှေ့မည်ကိုသိလိုလှသဖြင့် အများ ဝိုင်းအုံကြည့်နေကြသည်။

ထိုစဉ်တွင် သာမန်လူတို့ကြံစည် မှုပင်မပြုနိုင်သောအလုပ်တစ်ခုကို ညီ အစ်ကိုနှစ်ဦး ပြုလုပ်ကြသည်မှာ ယနေ့ ထိပြောမဆုံး။

အမွှာညီအစ်ကိုနှစ်ဦး ဝါးလှည်း ကို ဘယ်၊ ညာတစ်ဖက်စီမှ ထမ်းထုတ် သွားခြင်းဖြစ်သည်။ အံ့ဖွယ်လူသားနှစ်ဦး ပါပေ။

ထို့ကြောင့် လောကတွင် သာမန် ထက် ထူးကဲသောလူများလည်း ရှိနေ ကြောင်း စုစည်းတင်ပြလိုက်ရပါသည်။

အောင်မြင့်မိုး



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ်၊ ကေကနိပါတ်၊ ကုရုင်္ဂဝဂ်၊ အဘိဏှာဇာတ်တော်တွင် ဖြူဗွဒတ်မင်းအဖြစ်ဖြင့် ဘုရားအလောင်းတော် ပညာရှိအမတ်၏ ဉာဏ်ပညာကို ချီးကျူးဂုဏ်ပြုခဲ့ပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ၏အလောင်းလျာသည်ကား ဖြူဗွဒတ်မင်းဟူသော ထုံးထမ်းစဉ်လာဘွဲ့မည်ဖြင့် ဗာရာဏသီမြို့တော်က ရွှေနန်းတော်၌ စိုးစံအုပ်ချုပ်ခဲ့ရ၏။

ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံး၌ ထီးနန်းစိုးစံလျက်ရှိနေကြကုန်သော မင်းအပေါင်းတို့၏ မြို့တော်တို့တွင် ဗာရာဏသီမြို့တော်သည် အထင်ရှားဆုံးဖြစ်၏။ သမိုင်းအစဉ်အလာအကြီးမားဆုံးဖြစ်၏။ စည်းစိမ်ဥစ္စာအလွန်တရာချမ်းသာကြွယ်ဝသော သူဌေးကြီးအမြောက်အမြားရှိ၏။ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်းပေါ်က ထီးဆောင်းမင်းအပေါင်းသည် ဗာရာဏသီမြို့တော်ကြီးကို တိုက်ခိုက်သိမ်းယူရန် အလိုဆန္ဒရှိခဲ့ကြပေသည်။

ဗာရာဏသီရွှေနန်းရှင် ဖြူဗွဒတ်မင်းကလည်း ဤအခြေအနေကို ကောင်းစွာသိရှိထား၏။ ထို့ကြောင့် မိမိ၏ ဗာရာဏသီမြို့တော်ကြီးနှင့်တကွ ကာသိတိုင်းတစ်ခုလုံးကို မင်းအပေါင်းတို့၏ရန်မှ ကာကွယ်နိုင်လောက်အောင် စစ်တပ်ကြီးများကို အားပြည့်အင်ပြည့် ဖွဲ့စည်းထား၏။ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်ဟူ၍ စစ်အင်္ဂါလေးပါးစလုံး စုံလင်အောင် ဖွဲ့စည်းထားပြီးလျှင် စစ်သည်တော်အားလုံးကိုလည်း အဆင့်အတန်းအားလျော်စွာ လစာရိက္ခာများ အလုံအလောက် ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com

ထားလေသည်။

မြောက်မြားလှစွာသော စစ်ဘက်ဆိုင်ရာအမှုထမ်းများထဲမှ ဗြဟ္မဒတ်မင်းနှင့် အနီးစပ်ဆုံး ဆက်ဆံခွင့်ရသူမှာ မင်္ဂလာဆင်တော်ကြီးဖြစ်၏။ မင်္ဂလာဆင်တော်ကြီးသည် ဆင်တပ်ကြီးအတွက် အားကိုးအားထားပြုကြရသော တိုက်ဆင်ကြီးလည်း ဖြစ်၏။ ဆင်ဦးစီးများ၊ စစ်ဗိုလ်ချုပ်ကြီးများက တကယ့်...ဆိုင်တိုက်ပွဲကြီးများ၌ ဆင်နွဲ့တိုက်ခိုက်...အောင် သူ့ကိုသင်ကြားပေးထားကြ...၏။ အလေ့အကျင့်ပြုပေးထားကြ၏။ ...ကြောင့် သူသည် စစ်ရည်စစ်သွေး ...ဝနေသော တိုက်ဆင်ကြီး ဖြစ်၏။ ...ပြင် ဆင်တော်ကြီး၏ ကောင်းမြတ်...သော ကြန်အင်လက္ခဏာများကို ...ကြောင်းပြု၍ ရွှေနန်းရှင် ဗြဟ္မဒတ်...မင်း၏ စီးတော်ဆင်အဖြစ်ဖြင့်လည်း ...အမှုထမ်းခွင့်ရနေပေသည်။

သို့ဖြစ်၍ ဗြဟ္မဒတ်မင်းသည် ဆင်...တော်ကြီးကို ဂရုတစိုက် ကျွေးမွေးပြုစု...ရန် အမှုထမ်းများကို မိန့်ကြားထား...၏။ ဆင်များတွင် ကျရောက်တတ်သော ...အနာရောဂါများကို ကုသပေးနိုင်သော ဆင်ဆေးဆရာများကို ခန့်ပေးထား၏။ ဆင်ဆေးဆရာများက ဆင်တော်ကြီး...အတွက် သင့်တင့်လျောက်ပတ်သော ...အစားအစာများ ကျွေးမွေးရန် အမှုထမ်း...များကို ကြီးကြပ်ဆောင်ရွက်ကာ ဆင်...တော်ကြီးကျန်းမာရေးအတွက် ဆေးမျိုး...စုံကိုလည်း အရန်သင့်ဖော်စပ်၍ထားကြ...ရပေသည်။

ဤကဲ့သို့ ဆင်ဆေးဆရာများက မျက်ခြည်မပြတ် ကြပ်မတ်ပြုစုနေကြသည့်ကြားကပင် မင်္ဂလာဆင်တော်ကြီး၏ အခြေအနေမှာ ပျက်ယွင်းလာကြရ၏။ မစားနိုင်မသောက်နိုင်၊ မအိပ်နိုင်လောက်အောင် ဝေဒနာဒဏ်ကို ခံစားလာရ၏။ ဆင်တင်းကုပ်သို့၊ အဝင်လမ်းခရီးသို့ လှမ်းမျှော်ကာ တစ်ချိန်လုံး တမှိုင်မှိုင်တတွေတွေနှင့်ဖြစ်နေရပါတော့သည်။

ဆင်တော်ကြီးမှာ ခံစားနေရသော ဝေဒနာဒဏ်တို့ ပြေငြိမ်းစေဖို့ရန် ဆေးဝါးကုသပေးနိုင်ရန် ပထမကြီးစွာ ဆင်တော်ကြီး၌ ယုခု လောလောဆယ် ခံစားနေရသည့် အနာရောဂါကို သိထားရပါသည်။ ရောဂါသိမှ ဆေးရှိပါမည်။

သို့ဖြစ်၍ ဆင်ဆေးဆရာတို့သည် မိမိတို့၏ ဆရာသမားများထံမှ လက်ထပ်သင်ယူလာခဲ့ရသော နည်းနိဿယ အပြည့်အစုံဖြင့် ဆင်တော်ကြီး၏ ကိုယ်ခန္ဓာအနှံ့အပြားမှာ စေ့စေ့စပ်စပ် ရှာဖွေကြည့်ရှုပါသော်ငြားလည်း မည်သည့်ရောဂါစွဲကပ်နေပါသည်ဟု အမည်တပ်၍ တင်လျှောက်ရန် အခက်အခဲတွေ့နေကြရ၏။

မျက်မြင်အားဖြင့် မင်္ဂလာဆင်တော်ကြီးသည် မစားနိုင်မသောက်နိုင်ဖြစ်နေ၏။ တမှိုင်မှိုင်တတွေတွေဖြစ်နေ၏။ သို့ပါလျက် မည်သို့သောရောဂါကြောင့် ဤသို့ဖြစ်နေသည်ဟူ၍ကား တပ်အပ်သေချာမပြောနိုင်ကြပါ။ ရောဂါကို မသိသေး၍ ဆေးကုသရန်လည်း မစွမ်းနိုင်ကြပါ။ ဆင်တော်ကြီးကို သနားတာကတစ်ဖက်၊ မိမိတို့အတွက် ကျရောက်လာမည့်အပြစ်ဒဏ်ကို ကြောက်ရတာကတစ်ဖက်နှင့် အဘက်ဘက်က ဖြစ်နေခြေတို့ကို ထောက်ရှုကာ ဆင်ဆေးဆရာတို့သည် ဆင်တော်ကြီး၏ လက်ရှိအခြေအနေကို ဗြဟ္မဒတ်မင်းထံ အရဲစွန့်ပြီး လျှောက်တင်ကြရပါတော့သည်။

မင်္ဂလာဆင်တော်ကြီး၏ ကျန်းမာရေးကိစ္စတွင် ဆင်ဆေးဆရာများ၏ အစွမ်းသတ္တိကုန်ခန်းသွားပြီဖြစ်၍ ဗြဟ္မဒတ်မင်းသည် ထိုကိစ္စကို ပညာရှိအမတ်ကြီးထံ လွှဲအပ်ရတော့၏။ ထိုစဉ်တုန်းက ဘုရားအလောင်းတော်သည် ဗြဟ္မဒတ်မင်း၏ အားကိုးအားထားပြုရသော ပညာရှိအမတ်ကြီးဖြစ်ခဲ့၏။ သို့ဖြစ်၍ ပညာရှိအမတ်ကြီးသည် ဆင်တင်းကုပ်သွားရောက်၍ မင်္ဂလာဆင်တော်ကြီး၏ ကိုယ်ခန္ဓာတစ်ခုလုံး၌ ကြည့်ရှုသုံးသပ်လေရာ ဆင်ဆေးဆရာများ ပြောကြသည့်အတိုင်းပင် အနာရောဂါ တစ်စုံတစ်ခုကိုမျှ မတွေ့ရပါပေ။

ဤတွင် အလောင်းတော်ပညာရှိအမတ်ကြီးသည် ဆင်တင်းကုပ်ပတ်ပတ်လည်မှာ လမ်းလျှောက်ရင်း စဉ်းစားခန်း

ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ

# ပုဏ္ဏသိရိ

## အာဟာရချို့တဲ့သူ



www.burmeseclassic.com

ဝင်ရ၏။ ဆင်ဆေးဆရာများ အစွမ်းကုန် စမ်းသပ်ကြည့်ထားခဲ့ကြသည့်အတိုင်းပင် ဆင်တော်ကြီး၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာ အနာရောဂါတစ်စုံတစ်ခုမျှမရှိတာ မှန်ပါ၏။ သို့ရာတွင် သက်ရှိသတ္တဝါမှန်သမျှတို့ကို ရုပ်ခန္ဓာတစ်မျိုးတည်းဖြင့်သာ တည်ဆောက်ထားသည် မဟုတ်ချေ။ ရုပ်ခန္ဓာနှင့်အတူ နာမ်ခန္ဓာကလည်း အတူတွဲလျက် ပါဝင်နေ၏။ ရုပ်ခန္ဓာ၌ အနာရောဂါတစ်စုံတစ်ရာမရှိပါဘဲလျက် မင်္ဂလာဆင်တော်ကြီး၏ အခြေအနေများပျက်ယွင်းနေရခြင်းမှာ ရုပ်နှင့်အတူတွဲလျက်ရှိနေသော နာမ်ခန္ဓာနှင့်ပတ်သက်၍နေပေလိမ့်မည်။

ဤအကြောင်းကို တွေးတောမိသဖြင့် ပညာရှိအမတ်ကြီးသည် ဆင်တင်းကုပ်အမှုထမ်းများကို ခေါ်ယူပြီးလျှင် -

"အမှုထမ်းတို့၊ မင်္ဂလာဆင်တော်ကြီးကို နေ့စဉ်နေ့တိုင်းဘယ်လိုအစားအစာတွေကျွေးကြပါသလဲ"

ဟု မေးမြန်းလေရာ -

"ကျွန်တော်မျိုးတို့ ဆင်တော်ကြီးအတွက် အထူးစီမံထားတဲ့ မီးဖိုကြီးနဲ့ ထမင်းချက်ကျွေးကြပါတယ်။ အင်အားပြည့်ဝစေနိုင်တဲ့ ဟင်းသီးဟင်းရွက် အပြည့်အစုံလည်းထည့်ပေးကြပါတယ်"

"ကောင်းပြီ၊ ဒီလို ဆင်တော်ကြီးကို အစာကျွေးတဲ့အခါမှာ ထူးခြားမှုတစ်ခုခုကိုများသတိထားမိကြပါသလား"

"ထူးခြားတယ်လို့တော့ မဆိုနိုင်လောက်ပါဘူး။ ဆင်တော်ကြီးအစာစားနေတဲ့အခါမှာ ခွေးတစ်ကောင်ကလည်း လာလာပြီးမျှော်နေတတ်ပါတယ်။ ဆင်တော်ကြီး ဝဝလင်လင်စားပြီးသွားတဲ့အခါမှာ အဲဒီခွေးဟာ အကြွင်းအကျန်လေးတွေကို ဝင်စားတတ်ပါတယ်။ ကျွန်တော်မျိုးတို့ကလည်း အကြွင်းအကျန်ကို စားတာမို့ သူ့ကို မဟန့်မတားကြပါဘူး။ အဲဒီလိုနေရင်းက မင်္ဂလာဆင်တော်ကြီးဟာ ခွေးနဲ့အကျွမ်းတဝင်ဖြစ်လာပါတော့တယ်။ မိမိအတွက် ဝအောင်မစားသေးဘဲ တစ်ဝက်လောက်အရောက်မှာ နောက်ဆုတ်ပေးလိုက်ပါတယ်။ ခွေးကိုဝင်စားဖို့အမူအရာပြလိုက်ပါတယ်။ ဒီတော့ ခွေးကဝင်စားလို့ဝသွားတော့မှ သူကထပ်ပြီးစားပါတော့တယ်"

"အဲဒီလိုဖြစ်နေတာဘယ်လောက်ကြာပြီလဲ"

"လေး၊ ငါးလလောက်တော့ရှိပါတော့မယ်"

"အခုကော အဲဒီခွေးဘယ်မှာလဲ"

ဤမေးခွန်းအရောက်တွင် အမှုထမ်းများ တစ်ယောက်ကိုတစ်ယောက်ကြည့်လျက် မျက်စိမျက်နှာပျက်သွားကြရ၏။ အတန်ကြာမှ တစ်ယောက်က အရဲစွန့်၍ -

"ဒီ . . . ဒီလိုပါ ခင်ဗျား။ ခွေးကလည်း ပိုင်ရှင်မဲ့ဖြစ်နေပါတယ်။ အဲဒီခွေးကို မွေးချင်လို့တောင်းတဲ့သူကလည်းရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပေးလိုက်မိပါတယ်"

"ဒါဖြင့် ကောင်းပြီ။ သူ့ကို အလကားပေးလိုက်တာလား၊ ရောင်းစားလိုက်ကြတာလား"

"ကျွန်တော်မျိုးတို့အိမ်မှာ အသုံးကျပ်လာလို့ တန်ဖိုးနဲ့ရောင်းစားမိပါတယ် ခင်ဗျား"

"အေး - ရောင်းမိပြီဆိုမှတော့ရှိစေပေါ့ကွယ်။ အရေးကြီးတာက ခွေးကိုဝယ်သွားတဲ့လူကဘယ်ကလဲ။ ဒီဗာရာဏသီမြို့သားလား၊ အခြားဒေသကလား"

"ဗာရာဏသီမြို့ထဲကပါ။ ကျွန်တော်မျိုးတို့နဲ့ အသိအကျွမ်းဖြစ်ပါတယ်။ သူ့အိမ်ကိုသိပါတယ်။ သူ့ဆီက ကျွန်တော်တို့ ပြန်ဝယ်ပေးပါ့မယ် ခင်ဗျား"

"မလိုပါဘူးကွယ်။ ကျုပ်တို့ကိစ္စတွေကိုတော့ ငါတို့ပဲကြည့်လုပ်ပါ့မယ်"

ဤသို့ပြောဆိုပြီးလျှင် အလောင်းတော်ပညာရှိအမတ်ကြီးသည် ဗြဟ္မဒတ်မင်းထံ ဝင်ရောက်ခစားလေရာ -

"ဘယ့်နှယ်လဲ အမတ်ကြီး။ ကိုယ်တော်မြတ်ရဲ့ မင်္ဂလာဆင်တော်ကြီးမှာ ဘယ်လိုရောဂါမျိုးတွေ ကျရောက်နေတာလဲ"

ဟု မေးမြန်းသဖြင့် -

"မှန်လှပါ၊ ဘယ်လိုအနာရောဂါမျိုးမှမရှိကြောင်းပါဘုရား"

"ဒါဖြင့် ဘာကြောင့်များမစားနိုင်



မသောက်နိုင်ဖြစ်နေရတာလဲ"

"အဲဒါကတော့ အာဟာရချို့တဲ့လို့ပါ ဘုရား"

"ဘယ့်နှယ်ကြောင့် အာဟာရချို့တဲ့ရမှာလဲ အမတ်ကြီးရဲ့။ ဆင်တော်ကြီးအတွက် အကောင်းဆုံးရိက္ခာတော်တွေ ထောက်ပံ့ထားတယ် မဟုတ်လား"

"အဲဒါက ရုပ်ခန္ဓာကြီးအတွက်သာဖြစ်ပါတယ်။ နာမ်ခန္ဓာအတွက် လိုနေတာရှိလို့ပါ။ နာမ်တရားရဲ့ အာဟာရချို့တဲ့နေလို့ပါ"

ဤသို့ဖြင့် ပညာရှိအမတ်ကြီးက ဖြစ်ကြောင်းကုန်စင်တင်လျှောက်လိုက်၏။ ဤတွင်မှ ဗြဟ္မဒတ်မင်းသည် ဆင်တင်းကုပ်အမှုထမ်းများထံမှ ဝယ်ယူသွားသောခွေး၏အရွယ်အစား၊ ခွေး၏အမွေးရောင်၊ ခွေး၏အသွင်သဏ္ဍာန်တို့နှင့်တကွ ဖော်ပြ၍ ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံး၌ မောင်းကြေးနင်းခတ်စေ၏။ ခွေးကို လက်ဝယ်ထားပါက ကျရောက်လာမည့် ရာဇဝတ်အပြစ်ဒဏ်ကို ကြေညာစေ၏။

ဤသို့သော ကြေညာသံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဝယ်ယူသွားမိသောလူက ခွေးကို အလျင်အမြန်ပို့လာရပေသည်။

တမှိုင်မှိုင်တခွေခွေမှိန်း၍သာနေခဲ့သော မင်္ဂလာဆင်တော်ကြီးသည် သူ၏ အချစ်တော်ခွေးကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ရုတ်တရက်ထလာ၍ ခွေးကို နှာမောင်းဖြင့် ပွေ့ချည်လိုက်၏။ ထို့နောက် ဦးကင်းပေါ်တင်လိုက်၏။ ဦးကင်းပေါ်မှ တစ်ခါယူ၍ မွေ့လိုက်ယမ်းလိုက်ပြန်၏။ ဤသို့ စိတ်တိုင်းကျ ချော့မြှူကစားနေရင်းကပင် သူ၏မျက်လုံးအစုံမှ မျက်ရည်ပေါက်ပေါက်ကျလာသေး၏။ ဝမ်းသာ၍ ကြည်နူး၍ ကျလာသည့်မျက်ရည်များပင် ဖြစ်ပါ၏။

ယခင်က စားခွက်တစ်ခုထဲတွင် အတူတူစားနေကျ ချစ်မိတ်ဆွေနှစ်ဦးသားတို့အနက် ထိုနေ့တုန်းကမူ ပထမဦးစွာ ခွေးကိုစားစေ၏။ ခွေးစား၍ ဗိုက်တင်းသွားတော့မှ ဆင်တော်ကြီးက စိတ်ချလက်ချဆက်၍စားလေသည်။


ဤသို့အားဖြင့် တိရစ္ဆာန်တို့၏ စိတ်အတွင်းကခံစားချက်ကိုပင် မျက်ဝါးထင်ထင်သိမြင်နိုင်သော ဉာဏစွမ်းအားကို ဗြဟ္မဒတ်မင်းက ထိုက်ထိုက်တန်တန် ဂုဏ်ပြုခဲ့ပါပေသည်။

ဝဏ္ဏသိန်း



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ ခုနှစ်၊ မြစ်ကြီးနားဧရိးစဉ်၌ ရုပ်ရှင်တော်မြတ်အား သပွာယ်စွာ ဖူးတွေ့ရပုံ

# ဘိုဘို(ရွှေကံကူ)

# ရွှေကံကူလေပုံသစ်တော်ရုပ်ရှင်တော်မြတ်အား မမြင်အပ်သောပုဂ္ဂိုလ်များလာရောက်ဖူးမြော်ခြင်း၊ ကျွတ်တမ်းဝင်ကြခြင်းများနှင့် ထူးခြားမှုများ

(ယခင်လမှအဆက်)

နောက်တစ်ခုထူးခြားမှုမှာ ၂၀၁၃ ခုနှစ် (၆) လပိုင်းအတွင်းက ဖြစ်ပါသည်။ ဖြစ်ပွား ပေါ်ပေါက်ခဲ့သောနေရာမှာ မန္တလေးမြို့ အောင်ပင်လယ်ရပ်ကွက်မှ နိုးတိမ်ယံခေါ် မိုးကောင်းကင် မှန်နှင့် အလူမီနီယမ်လုပ်ငန်းမိသားစု မောင်မင်းမင်းထွန်း၏နေအိမ်တွင် ဖြစ်ပါသည်။ မောင်မင်းမင်းထွန်းသည် ၁၈-၆-၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခဲ့စဉ်က တိမ်ဖြူသဏ္ဌာန် နဂါးကြီး ရောက်ရှိလာခဲ့သည့်အတွက် အထူးပင် အားရကျေနပ် ဝမ်းသာပီတိဖြစ်ခဲ့ရ၍ ၂၀၁၃ ခုနှစ်တွင်လည်း ထိုနေ့ထိုရက်တို့သာ ပင့်ဆောင် ပူဇော်ခွင့်ပေးပါရန် အရေးသူကို တဖွဖွတောင်းဆိုပန်ကြားထားပါ၏။ မနှစ်က ပင့်ဆောင်ပူဇော်ခဲ့စဉ်က မောင်မင်းမင်းထွန်း၏ ဖခင်ကြီးသည် ကျန်းမာရေးအခြေအနေဆိုးရွာလျက်ရှိရာမှ ကျန်းမာရေးပြန်လည်ကောင်းမွန်လာခဲ့ပါသည်။

သို့သော်လည်း ဖြစ်ပွားလျက်ရှိသောရောဂါမှာ အစာအိမ်ကင်ဆာဖြစ်ပြီး ရောဂါလည်းလွန်ကျွမ်းလျက်ရှိနေပြီဖြစ်ရာ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ပြီး (၁) လခန့်အကြာ ထိုရောဂါဖြင့်ပင် ကွယ်လွန်အနိစ္စရောက်သွားခဲ့



၂၀၁၃ ခုနှစ်၊ နေပြည်တော်ဧရိးစဉ်တွင် ရုပ်ရှင်တော်မြတ်အား သပွာယ်စွာ ဖူးတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com




၂၀၀၆ ခုနှစ်၊ မြစ်ကြီးနားခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်သည် ပလ္လင်တော်ပေါ်၌ တန်ခိုးတော်ဖြင့် နေရာရွေ့လျားပုံ



၂၀၀၄ ခုနှစ်၊ ရန်ကုန်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်ဓာတ်ပုံတော်မှ ရောင်ခြည်တော်များ ထွက်ပေါ်လာပုံ



၂၀၁၁ ခုနှစ် နေပြည်တော်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား မျက်လုံးတော်ဖွင့်လျက် ဖူးတွေ့ရပုံ



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဝါခင်းကုန်းဆရာတော်ဘုရားကြီး ဦးတိက္ခ (၉-၉-၂၀၁၂) ရွှေကျော့ဗုဒ္ဓပူဇနီယပွဲတော်သို့ ကြွရောက်တော်မူပုံ

ပါသည်။ သို့သော် ဝေဒနာကို ဆိုးဆိုးဝါးဝါး မခံစားသွားခဲ့ရပါ။ သက်သောင့်သက်သာပင် တရားဘာဝနာများကို ပွားများအားထုတ်သွားနိုင်ခဲ့ပြီး သူတော်ကောင်းတို့၏လမ်းစဉ်အတိုင်း ညင်ညင်သာသာပင် ဝိညာဉ်ချုပ်ငြိမ်းသွားခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူ တာဝန်ယူလျက် ကုသနေရာမှ သေမင်း၏လက်သို့ဝ,ကွက်အပ်လိုက်ရသည့်အတွက် စာရေးသူသည် ယူကျုံးမရဖြစ်ရကာ မောင်မင်းမင်းထွန်းတို့မိသားစုအား မျက်နှာပူလျက် အားတုံ့အားနာမဆုံးဖြစ်ရပါသည်။ သို့သော်လည်း မမြဲသည့်သဘော၊ အစိုးမရသည့်သဘောတို့ကို လက်ခံကြရမည်သာဖြစ်ပါ၏။ ဤလောကတွင် သေခြင်းတရားကို မည်သူသည် ဟန့်တားနိုင်ပါမည်နည်း။ ထိုအသိတို့သည် မောင်မင်းမင်းထွန်း၏မိသားစုတွင် ကိန်းအောင်းလျက်ရှိပါ၍ မောင်မင်းမင်းထွန်းမှ -

"ဆရာရယ် စိတ်မကောင်းမဖြစ်ပါနဲ့။ ဆရာ့ရဲ့သစ္စာရေကြောင့် အဖေဟာ တစ်လလောက်ပိုနေလိုက်ရပြီး ကုသိုလ်တွေလုပ်သွားနိုင်ခဲ့တာပါ။ အဲဒီအတွက် ကျွန်တော်တို့ ဆရာ့ကို ကျေးဇူးတင်နေတာပါ"

ဟု ပြောကြားပါသည်။

မောင်မင်းမင်းထွန်း၊ ကိုသန်းထူး၊ မရင်၊ မထွေး အစရှိသော မောင်ဖွား တစ်စုသည် လူပျိုလူလွတ်များဖြစ်ကြသည့်အပြင် မိဘနှင့်အတူနေသူများဖြစ်ကြ၍ မိဘအပေါ် သံယောဇဉ်တရားကြီး

www.burmeseclassic.com

ကြသူများဖြစ်၏။ ဖခင်ကြီးအတွက် နည်းကြေကွဲမဆုံးဖြစ်ကြရပြီး ယနေ့ ချိန်တိုင် လစဉ် ဖခင်ကြီးအား ရည်စူး ၍ အလှူဒါနတစ်ခု မပျက်မကွက်ပြုလုပ် နေလျက်ရှိကာ ဖခင်ကြီး၏ဆန္ဒအတိုင်း ကာကု လေပျံသစ်တော် ရုပ်ရှင်တော် မြတ်ကိုလည်း နှစ်စဉ်နှစ်တိုင်း မပျက် ကွက် မိမိတို့နေအိမ်သို့ ပင့်ဆောင် ဇော်ရန် သန္နိဋ္ဌာန်ထားရှိပြီးကြသူများ ဖြစ်ပါ၏။

ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် လည်း ယခုကဲ့သို့ ပင့်ဆောင်ပူဇော်ကြ ခြင်း ဖြစ်ပါသည်။ ဇွန်လဖြစ်၍ မန္တလေး ရာသီဥတုမှာ ပူပြင်းလှပါသည်။ နံနက် လင်းသည်နှင့် ပူအိုက်လျက်ရှိနေပြီး နက် (၉) နာရီ၊ (၁၀) နာရီခန့်ဆိုလျှင် နေသည် ချစ်ချစ်တောက်ပူနေပြီဖြစ်ရာ ဆိုင်ကယ်ဖြင့်ခရီးသွားလာရသည်မှာပင် လောင်လှပါသည်။ ခြေကျင်ခရီးသွားရ သည်ဆိုလျှင်တော့ ပူလောင်လှမည်မှာ ယုံသည်ရာမရှိပါပြီ။ နံနက်လင်းကတည်း က ပူခဲ့သောနေမှာ နေဝင်ပြီးသည့်တိုင် အပူရှိန်မသေနိုင်ဘဲရှိနေတတ်ပါ သည်။

သို့သော်လည်း ရာသီဥတု ဤမျှ ပြင်းနေသည့်ကြားမှပင် တစ်နေကုန် ရားဖူးဧည့်ပရိသတ်တို့ လာရောက် ကြ်နိုင်ပါသည်။ ဤတစ်ကြိမ်တွင် ထူး သည်မှာ မန္တလေးဝန်းကျင်၌ ဘုန်း ကြီးမား ကျော်စောတော်မူသော ကြီး ဆည်တော်လေး သုမနရာမ ကျောင်းတိုက် ဆရာတော်ဘုရားနှင့် တပည့်များ၊ ရန်ကင်းတောင် ရေထွက် တော်မူဆရာတော်နှင့်တပည့်များ၊ လေးမြို့ (၂၆) လမ်းနှင့် (၆၂) လမ်း ထောင့် စံပယ်ရုံမိုးကုတ်ဝိပဿနာ ကျောင်းတိုက်မှ ဆရာတော်နှင့် တပည့် တို့ လာရောက်ဖူးမြော်ကြခြင်း ဖြစ် သည်။

ဤဆရာတော် (၃) ပါးကြွရောက် တော်မူလာကြသည်မှာ တစ်ပြိုင်နက် ချင်းတော့မဟုတ်ပါ။ တစ်ကြိမ်စီကြွ ရောက်တော်မူလာကြခြင်း ဖြစ်ပါသည်။ ကင်းတောင်ပေါ် တော်မူဆရာတော် ကြွရောက်တော်မူလာရာ၌ ယောဂီဝတ် သမီးတစ်ဦး (ဘာသာခြားမှ ဗုဒ္ဓ ဘာသို့ ကူးပြောင်းရောက်ရှိခါစ) လည်း ပါရှိလာပါသည်။ ဆရာတော် ဘုရားနှင့်တကွ ထိုယောဂီအမျိုးသမီးနှင့် အတူ ပါရှိလာသောတပည့်များ၊ အခြား ဘုရားဖူးဧည့်သည်များတို့သည်







၂၀၀၆ ခုနှစ်၊ မြစ်ကြီးနားခရီးစဉ်တွင် နေရာဌာနကူးပြောင်း၍ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင်ပူဇော်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



၂၁၀၆၊ ၂ လပိုင်းတွင် မြစ်ကြီးနားမြို့ ကိုမွန်မြတ်ကို+နန်းသိန်းသိန်းမြင့်တို့၏နေအိမ်တွင် ပင့်ဆောင်စဉ် ကြက်သွန်ဥမှ အင်ကြင်းပန်းများ ထွက်ပေါ်လာပုံ



၂၀၁၃ ရန်ကုန်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်အား ထူးဆန်းသောသိဂ်ပြာ လာရောက်ဖူးမြော်စဉ်



၂၀၀ဂ ခုနှစ် မန္တလေးခရီးစဉ်တွင် (၃၅+ဂဂ) လမ်းထောင့် 'မင်းထက်ဟိန်း' ထမင်းဆိုင်သို့ ပင့်ဆောင်စဉ် ဘုရားဖူးရောက်ရှိလာသောမြွေစိမ်းအား တွေ့ရှိပုံ

ရုပ်ရှင်တော်မြတ်အား ကြည်ညိုလေးမြတ်စွာ ပူဇော်ကန်တော့လျက်ရှိကြစဉ် ရုပ်ရှင်တော်မြတ်၏ ယာဘက်ပခုံးတော်မှ ရောင်ခြည်တော်များ ဖြာခနဲဖြာခနဲ ထွက်ပေါ်၍လာပါသည်။ ထိုကဲ့သို့ ရောင်ခြည်တော်များထွက်ပေါ်လာသည်ကို ဘာသာခြားမှ ကူးပြောင်းလာသော ယောဂီအမျိုးသမီးမှ ပထမဆုံးဖူးတွေ့ရ၍ ထိုအမျိုးသမီးပြောမှ အခြားသူများပါ ဖူးတွေ့ကြရခြင်း ဖြစ်ပါသည်။

ထိုနေ့ ညနေပိုင်း (၃) နာရီနှင့် (၄) နာရီအကြားတွင် အသက် (၆၀) ကျော်ခန့် ပိန်ပိန်ပါးပါးနှင့် ထူးခြားသော အဘတစ်ဦး ရောက်ရှိလာပါသည်။ သာမန်တောနေအဘိုးအိုတစ်ဦး၏ ဝတ်စားဆင်ယင်မှုမျိုးပင် ဖြစ်ပါသည်။ ပုဆိုးအင်္ကျီတို့မှာ ညစ်နွမ်းခြင်းမရှိသော်လည်း သစ်လွင်ခြင်းတော့ မရှိပါ။ ရှေးလူကြီးတို့ ဆောင်းလေ့ရှိသော ဦးထုပ်တစ်လုံး ဆောင်းထားပါသည်။ အိမ်ထဲသို့ ဝင်လာသည်နှင့် -

"မယ်တော်ကြီးတို့ရှိသလား"

ဟု မေးပြီး-

"ထိန်လင်းလာတယ်လို့ ပြောလိုက်ပါ။ ထိန်လင်းဆိုရင် မယ်တော်ကြီးတို့ သိပါတယ်။ ဒီဘုရားကိုဖူးရတာ နှစ်ခါရှိပြီ"

ဟု ပြောပါသည်။

ထို့နောက် အဘသည် ဖြည်းဖြည်းလေးလေးနှင့် တည်ငြိမ်လေးနက်စွာ ကန်တော့၍ ရှည်လျားလှသော ထူးခြားလှသည့် ဘုရားရှိခိုးကန်တော့ချီးတို့ဖြင့် အသံနေအသံထား၊ ဌာန်ကရိုဏ်းကျနစွာ ရွတ်ဆိုပါသည်။ ဤအဘ၏ အသံတို့မှာ ကျယ်လောင်မြည်ဟိန်းလျက်ရှိပြီး ထူးခြားလှသောကြောင့် ကြားရသူအပေါင်း၏စိတ်တွင် ဝမ်းနည်းသလိုလို၊ ကြည်နူးသလိုလို၊ ငိုချင်သလိုလို ခံစားကြရပါသည်။ အဘသည် ရိုသေစွာ လက်အုပ်ချီ၍ ရုပ်ရှင်တော်မြတ်၏ မျက်နှာတော်ကို စေ့စေ့ဖူးလျက် -

"အရှင်ဘုရားကို တပည့်တော် လျှောက်ထားစရာတွေ အများကြီးရှိပါတယ်ဘုရား။ ဒါပေမယ့် တပည့်တော် မလျှောက်ထားတော့ပါဘူး။ နောက်တစ်ခါ ဖူးမြော်ခွင့်ရရှိမှလျှောက်ထားပါတော့မယ် အရှင်ဘုရား။ လောကီနယ်ပယ်ကတော့ ရုပ်ထွေးကြမ်းတမ်းခက်ခဲလှပါတယ်ဘုရား။ တပည့်တော်အောင်လိုသောဆုကတော့ သံသရာဝဋ်မှလွတ်မြောက်လိုခြင်းပါပဲ ဘုရား။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၆ ခုနှစ်၊ မြစ်ကြီးနားခရီးစဉ်တွင် နဂါးဖြူကြီး ထွက်ပေါ်ခဲ့သော အင်းနိုင်ပွန်တောင်



၂၀၀၇ ခုနှစ်၊ မိတ္ထီလာမြို့မှ မကွေးမြို့သို့ ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူစဉ် မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့မှူး ခုရဲမှူးကြီးလှမျိုးရှိန်၏ဇနီး ဒေါ်မင်းမင်းထွေးနှင့် ရဲမေများ လိုက်ပါပို့ဆောင်စဉ်

ည်း တပည့်တော်ဟာ သံယောဇဉ် င်ကြီးများကို မစွန့်လွှတ်နိုင်ပါဘုရား။ သရာကို ကြောက်ပေမယ့်လည်း သရာထဲမှာပဲ ကျင်လည်ပျော်မွေ့နေ ါတယ်ဘုရား"

ဟူ၍ လျှောက်ထားကာ ဘုရား တ်ပြုခြင်းကို အဆုံးသတ်လိုက်ပါသည်။

မောင်မင်းမင်းထွန်းမှ -

"အဘ ဘယ်ကလာခဲ့ပါသလဲ၊ ယ်သူပါသေးသလဲ၊ ဘာနဲ့လာခဲ့ပါ လဲ"

ဟူ၍ မေးမြန်းရာ -

"အဘ တစ်ယောက်တည်းလာခဲ့ ပါ။ ဘယ်သူမှမပါပါဘူး။ ထုံးဖိုလက် င်းဘက်ကလာခဲ့တာ ခြေကျင်ပါပဲ"

ဟု ဖြေကြားပါသည်။

မောင်မင်းမင်းထွန်းမိသားစုသည် တို့နေအိမ်သို့ လာရောက်သမျှသော ည့်ပရိသတ်အပေါင်းတို့ကို ဆန္ဒင်း င်း ကျောက်ကျော စသည်တို့ဖြင့် ကျွေးမွေးဧည့်ခံလျက်ရှိပါသည်။ ယခု တွင် မင်းမင်းထွန်းတို့၏ နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကို မပင့်ဆောင်မီ မောင်မင်းမင်းထွန်း၏တူ မောင်မင်းကို င်မှ ရုပ်ရှင်တော်မြတ်အား အဓိဋ္ဌာန်ပြု အဓိဋ္ဌာန်အောင်မြင်၍ မောင်မင်းမင်း ွန်း ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် သောအခါ မုန့်များကုသိုလ်ပါဝင် ခြင်း ဖြစ်ပါသည်။ မောင်မင်းကိုနိုင် ည်လည်း မောင်မင်းမင်းထွန်းထံမှ လူမိနီယမ်ပညာတို့ကို သင်ယူခဲ့ပြီး အချိန်၌ ဆိုင်မဖွင့်နိုင်သေးဘဲ အပြင် င်နဲ့လုပ်ကိုင်နေသူ ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်ထံ ဆုတောင်း ဋ္ဌာန်ခဲ့ရာ လုပ်ငန်းဆိုင်ကြီးတစ်ခုရရှိ တ်၍ ယခုကဲ့သို့ မုန့်များလှူဒါန်းခြင်း ယခုလည်း မိမိသည် ဆိုင်ဖွင့်နိုင် စေဟု ထပ်မံဆုတောင်းအဓိဋ္ဌာန် ကြောင်း ပြောပြပါသည်။ (မကြာမီ င်မင်းကိုနိုင်၏ ဆုတောင်း ထပ်မံ ည့်ဝသွားပါသည်။ မန္တလေးမြို့ (၆၂) နှင့် (၃၃) လမ်း၊ (၃၄) လမ်းကြား (၆၂) လမ်းပေါ် အရှေ့ဘက်မျက် တွင် အောင်မြင် အလူမီနီယမ်နှင့် ဆိုင်ကို ဖွင့်လှစ်ခဲ့ပြီဖြစ်ပြီး အပြင်ဆိုဒ် င်နဲ့များ မနားတမ်း လုပ်ကိုင်နေရ ကြောင်း သိရပါသည်။)

ယခုတစ်ခေါက် ရုပ်ရှင်တော်မြတ် ရောက်တော်မူချိန်တွင် မုန့်များအလှူ ပေါများလျက်ရှိနေပါ၍ မောင်မင်း ထွန်းမှ ထူးခြားသည်ဟု ယူဆမိ သော ဤအဘကို မုန့်များသုံးဆောင်ရန် ကျွေးမွေးဧည့်ခံရာ -

"မလိုပါဘူး အဘပြည့်စုံပါတယ်။ ရေကလေးသာပေးပါ"

ဟု ပြောပြီး ကျန်းမာရေးနှင့်ပတ် သက်၍ -

"အဘမှာ ဘာရောဂါမှမရှိဘူး။ ဒူးနာတာလေးတစ်ခုပါပဲကွယ်"

ဟု ပြောပြန်ပါသည်။

ထို့နောက် အိမ်သားများကို နှုတ် ဆက်ပြီး ဘုရားကန်တော့၍ ပြန်လည် ထွက်ခွာရာ၌ မောင်မင်းမင်းထွန်းတို့၏ ဖခင်နေသွားခဲ့သော အိပ်ခန်းတံခါးတိုင် ကို တုန်ယင်သောလက်တို့ဖြင့် အတန် ကြာကိုင်လျက် ငေးမောနေပြီးမှ အိမ် အပြင်သို့ထွက်ပါသည်။

ထိုအခါ မောင်မင်းမင်းထွန်းမှ -

"အဘသွားလိုတဲ့နေရာကို လိုက် ပို့ပါမယ်"

ဟု ဆိုရာ မိမိဘာသာသွားသည် က ပို၍အဆင်ပြေသည်ဟုဖြေကြားပြီး-

"အဘမှာ လိုက်ပို့မယ့် သားသမီး မြေးတို့မရှိဘူးလား"

ဟု မေးမြန်းရာ -

"ရှိတော့ရှိတယ်၊ သူတို့မသိကြ ဘူး"

ဟု ပြောကြားကာ နှုတ်ဆက် ထွက်ခွာသွားခဲ့ပါသည်။

မောင်မင်းမင်းထွန်းတို့ မိသားစု သည် ရုပ်ရှင်တော်မြတ်ကို ကြည်ညို

www.burmeseclassic.com

သောစိတ်၊ စေ့ပရိသတ်များကို စေ့ခံ ကျေးမွေးမှုမလစ်ဟင်းစေရေး၊ ရုပ်ရှင်တော်မြတ်ကိုယ်တော်တိုင်မှ တန်ခိုးတော်ပြသမှုများနှင့် အခြားသောထူးခြားမှုများ ဖြစ်ပေါ်မှုတို့ကို အမြဲမပြတ် အာရုံထားနေရခြင်း စသော အကြောင်းတို့ကြောင့် ဤအဘနှင့်ပတ်သက်၍ မည်သို့မျှ အထွေအထူးမတွေးမိကြဘဲ အမှတ်တမဲ့ သဘောသာထားရှိမိကြပါသည်။

ထိုညကလည်း မောင်မင်းမင်းထွန်းမိသားစုနှင့် မောင်နှမများအားလုံး၊ တပည့်များအားလုံး၊ မောင်မင်းကိုနိုင်တို့ပါ တစ်ညလုံးမအိပ်ကြဘဲ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်လျက်ရှိကြရာ နံနက်(၄)နာရီကျော်မှ မောင်မင်းမင်းထွန်းနှင့် မောင်မင်းကိုနိုင်တို့ အိပ်ရာဝင်သွားကြပါသည်။

နံနက်ပိုင်း ဝေလီဝေလင်းအချိန်၌ မောင်မင်းမင်းထွန်း၏အိမ်ထောင်သည် အစ်မတစ်ဦးဖြစ်သော မကြွယ်ကြွယ်မှ ရုပ်ရှင်တော်မြတ်အား အရုဏ်ဆွမ်းများ ကပ်လှူအပြီးတွင် ရုပ်ရှင်တော်မြတ်အား ဖူးမြော်လျက်ရှိစဉ် ရုပ်ရှင်တော်မြတ်မှ ပဋ္ဌာန်းဝိုင်းသဏ္ဌာန် လင်းလက်တောက်ပသော ရောင်ခြည်တော်တို့ ထွက်ပေါ်လာပါသည်။ မကြွယ်ကြွယ်မှ ဝမ်းသာအားရ အိမ်သားများကို အော်ပြောလိုက်ရာ အိမ်သားများအားလုံး ရုပ်ရှင်တော်မြတ်ထံသို့ ဝိုင်းအုံရောက်ရှိလာကြပါသည်။ မောင်မင်းမင်းထွန်းနှင့် မောင်မင်းကိုနိုင်တို့လည်း ကမန်းကတန်း အိမ်ပေါ်မှ ပြေးဆင်းလာကြပါသည်။ ၎င်းတို့သည် ယခုမှသာ အိပ်ပျော်ခါစရှိပါသေး၍ အိပ်ချင်မူးတူးဖြစ်နေကြပါသည်။

မောင်မင်းမင်းထွန်းမှ ၎င်း၏ ဖုန်းကင်မရာဖြင့် ရုပ်ရှင်တော်မြတ်၏ ရောင်ခြည်တော် ထွက်ပေါ်ကွန့်မြူးတော်မူပုံများကို ဗီဒီယိုမှတ်တမ်းရယူပါသည်။ ထိုအချိန်၌ မောင်မင်းမင်းထွန်းတို့၏ နေအိမ်တွင် ပြင်ပဧည့်သည်များရှိမနေပါ။ အိမ်သားများသာရှိနေကြသေးပြီး မယ်တော်ကြီးနှင့် အန်တီအေးတို့လည်း အိပ်ခန်းတွင်းမှာပင် ရှိနေသေးသဖြင့် ရောင်ခြည်တော်များကို မဖူးတွေ့လိုက်ကြရပါ။ မောင်မင်းမင်းထွန်း၏ တပည့် ကိုဇင် ဆိုသော စတီးဆရာကလေးမှာ ကံထူးလှစွာ ရောင်ခြည်တော်တို့ကို အပြည့်အဝ ဖူးတွေ့လိုက်ရပါသည်။

ထိုနေ့မှာပင် ရုပ်ရှင်တော်မြတ်သည် မောင်မင်းမင်းထွန်းတို့၏ နေအိမ်မှ တခြားတစ်နေရာသို့ ဆက်လက်ကြွမြန်းတော်မူပါသည်။ ရုပ်ရှင်တော်မြတ် ပြန်လည်ကြွမြန်းသွားတော်မူသောအခါမှ မောင်နှမတစ်တွေဝိုင်းဖွဲ့ကာ ရုပ်ရှင်တော်မြတ်နှင့် ပတ်သက်သော ထူးခြားမှုတို့ကို ပြန်လည်ပြောပြကြရင်း ထူးထူးဆန်းဆန်းရောက်ရှိလာသော ဘုရားဖူးဧည့်သည်အဘ၏အကြောင်းကို ရောက်ရှိသွားပါသည်။

၎င်းတို့သည် ၎င်းတို့ဖခင်ကြီးတွင် ငယ်နာမည်ရှိသည်ဟု သိမထားကြပါ။ ၎င်းတို့ ဖခင်ကြီးသည် ကွယ်လွန်ခါနီးသောအချိန်တွင်မှ မိမိတွင် ငယ်နာမည်ရှိကြောင်း၊ ထိန်လင်းဟူ၍ခေါ်ကြောင်း ပြောပြပါသည်။ တစ်ဖန် မနေ့ကရောက်လာသောအဘ၏ဘုရားရှိခိုးကန်တော့ချိုးတစ်ခုမှာ ၎င်းတို့မှာ ဖခင်ကြီး၏ ကန်တော့ချိုးနှင့်တူညီနေပြန်ပြီး ထိုအဘရောက်ရှိလာသောအချိန်မှာလည်း ၎င်းတို့၏ဖခင်ကြီး ကွယ်လွန်အနိစ္စရောက်သောအချိန်လည်းဖြစ်နေပြန်ပါသည်။ ဆောင်းသောဦးထုပ်မှာလည်း တူညီနေပြန်ပါ၏။ 'အဘမှာ ဘာရောဂါမှမရှိဘူး၊ ဒူးနာတာတစ်ခုပဲ' ဟူသော စကားမှာလည်း ၎င်းတို့ဖခင်ကြီး၏လက်သုံးစကားပင်ဖြစ်နေပြန်ပါ၏။ ထို့ကြောင့် ဖခင်ကြီးနှင့်တူသော ထိုအဘအား ရည်မှန်း၍ ရှိသေစွာကန်တော့ကြကာ ဝန်ချတောင်းပန်ကြပါသည်။

ထိုညက ညတွင်းချင်းပင် မောင်မင်းမင်းထွန်းမှ စာရေးသူထံ ဖုန်းဆက်၍ ထိုအကြောင်းအရာတို့ကို ပြောပြပါသည်။ နောက်တစ်နေ့တွင် ရုပ်ရှင်တော်မြတ်၏ ရောင်ခြည်တော်ကွန့်မြူးတော်မူသော ဖုန်းကင်မရာဖြင့် ရိုက်ကူးထားသည့် ဗွီဒီယိုမှတ်တမ်းကိုလည်း လာရောက် ပြသပါသည်။

"ဆရာရေ ကျွန်တော်တို့ကတော့ ဘုရားကြီးကို ပိုလို့သာကြည်ညိုမဆုံးဖြစ်ရတယ်"

ဟု ဆိုပါသည်။

ဤအချိန်၌ ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်တို့မှာ ရတနာပုံသတင်းစာတွင် အဆက်မပြတ် ဖော်ပြပါရှိနေပြီဖြစ်ပါ၍ မန္တလေးပရိသတ်နှင့် နယ်ဝေးပရိသတ်တို့သည် သတင်းစာတွင် ဖော်ပြပါရှိသည့် လိပ်စာအတိုင်း လိုက်လံဖူးမြော်နေကြသည်ဖြစ်ရာ မန္တလေးမြို့ပေါ်တွင် မည်သည့်နေရာဌာနသို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူသည်ဖြစ်စေ စည်ကားလျက်သာရှိနေပါသည်။

ထိုသို့ ရတနာပုံသတင်းစာတွင် ရွှေကံကူရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်တို့ အဆက်မပြတ် ပါရှိလာခဲ့ရခြင်းမှာလည်း ၂၀၁၂၊ ၉ ရက်၊ ၉ လ ရွှေကံကူဗုဒ္ဓပူဇနိယပွဲတော်နေ့တွင် ဗိုလ်ကြီးနိုင်ထွန်းအေးနှင့် ဇနီးဒေါ်စိုးသီတာလင်းတို့ ဦးဆောင်၍ ရတနာပုံသတင်းစာတိုက်မှဝန်ထမ်းများ ရောက်ရှိလာခဲ့ကြပြီး ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကြည်ညိုကြကာ စာရေးသူတို့နှင့် မိသားစုသဖွယ် ခင်မင်ရင်းနှီးသွားခဲ့ကြပါသည်။ ၎င်းတို့သည် စာရေးသူ၏ စာဖတ်ပရိသတ်များဖြစ်နေကြ၍ စာရေးသူကို ပိုမိုခင်မင်ကြကာ ဗိုလ်ကြီးနိုင်ထွန်းအေးမှ ရတနာပုံသတင်းစာတစ်စောင် နေ့စဉ်လှူဒါန်းခဲ့ပါသည်။ ထိုသို့သော ဆက်စပ်မှုဖြင့် ရတနာပုံသတင်းစာတွင် ရုပ်ရှင်တော်မြတ်၏ ဒေသစာရီခရီးစဉ်များ သတင်းတို့ အဆက်မပြတ် ဖော်ပြပါရှိခဲ့ခြင်း ဖြစ်ပါသည်။

အခါအားလျော်စွာ ဗိုလ်ကြီးနိုင်ထွန်းအေးနှင့် ဒေါ်စိုးသီတာလင်းတို့သည် သမီးကလေး(၂)ယောက်နှင့်အတူ အောင်မြေသို့ မကြာခဏရောက်ရှိလာတတ်သကဲ့သို့ စာရေးသူ မန္တလေးသို့ ရောက်ရှိနေသောအခါများတွင်လည်း လက်ဖက်ရည်ဆိုင်တစ်ခုတွင် တွေ့ဆုံဖြစ်ပါသည်။ ထို့ကြောင့် မင်းမင်းထွန်းတို့၏နေအိမ်တွင် ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူမည့်အကြောင်းနှင့် ယမန်နှစ်က ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူစဉ် နဂါးကြီးရောက်ရှိလာပုံကိုလည်း သိရှိထားပြီး ဖြစ်ပါသည်။

ဗိုလ်ကြီးနိုင်ထွန်းအေးသည် မန္တလေးဇာတိဖြစ်ပါ၍ ၎င်း၏ မိခင်ကြီးနှင့် ညီ၊ တူ၊ တူမများတို့သည် အောင်သာယာရပ်ကွက်တွင် နေထိုင်လျက်ရှိရာ ယခု ရုပ်ရှင်တော်မြတ် ကြွရောက်တော်မူလျက်ရှိသော အောင်ပင်လယ် မင်းမင်းထွန်းတို့နေအိမ်၏ တောင်ဘက်အရပ် မဝေးလှသောနေရာတွင် ရှိပါ၏။ ဗိုလ်ကြီးနိုင်ထွန်းအေး၏ မိခင်ကြီးသည် ဗိုလ်ကြီးနိုင်ထွန်းအေးမှ ကြိုတင်ပြောပြထား၍ မနှစ်က နဂါးလာရောက်ခြင်းနှင့် ဤနေ့တွင် မင်းမင်းထွန်းတို့၏နေအိမ်၌ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူမည့်အကြောင်းတို့ကို သိရှိထားပြီး ဖြစ်ပါသည်။

ထိုနေ့ညနေက ဗိုလ်ကြီးနိုင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

အေး၏ မိခင်ကြီးသည် အိမ်ရှေ့သို့ထွက်၍ မြေးမလေးနှင့်ထိုင်နေစဉ် မျက်စိကမှု ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူလျက်ရှိရာ မင်းမင်းထွန်းတို့၏နေအိမ် အထက်မှ ကောင်းကင်ကို အမှတ်မထင်ကြည့်နေမိလျက်သားဖြစ်နေပါသည်။

ကောင်းကင်ပြင်တွင် ကျနေ၏ နေရောင်ခြည်တို့ကြောင့် ပုစွန်ဆီရောင် သန်းလျက်ရှိနေပြီး ရုတ်တရက် တိမ်မျှင်တန်းတစ်ခု ပေါ်ပေါက်လာပါသည်။ ထိုတိမ်မျှင်တန်းကို သေသေချာချာကြည့်လိုက်သောအခါ တိမ်မျှင်တန်းမဟုတ်ပါ။ အစိမ်းရောင်နဂါးကြီးဖြစ်နေပြီး လူးလွန့်လျက်ရှိနေပါသည်။ ထိုအခါ ဗိုလ်ကြီးနိုင်ထွန်းအေး၏ မိခင်သည် မိမိမှာ အသက်အရွယ် ကြီးရင့်နေပြီဖြစ်၍ အမြင်အာရုံများထင်မှတ်မှားနိုင်မည်ဖြစ်သောကြောင့် (၁၂)နှစ်အရွယ်မြေးမလေးနှင့် (၁၉) နှစ်အရွယ်မြေးယောကျ်ားလေးတို့ကို သေသေချာချာ ကြည့်ရှုစေရာ အမှန်တကယ်ပင် အစိမ်းရောင်နဂါးကြီးဖြစ်ကြောင်းပြောပြကြပါသည်။ နဂါးကြီးသည် ခဏအကြာတွင် ကောင်းကင်ပြာအတွင်းသို့တိုးဝင်သွားပြီး မှေးမှိန်ပျောက်ကွယ်သွားပါသည်။

ဤတစ်ကြိမ်တွင် နဂါးကြီးထွက်ပေါ်ခြင်းမှာ အချိန်မကြာမြင့်လိုက်ပါ။ အမှတ်တမဲ့ကြည့်မိကြသူတို့မှာမူ တိမ်မျှင်တန်းအဖြစ်သာ မှတ်ယူကြမိမည်ဖြစ်ပါသည်။ အချိန်ကြာမြင့်စွာ ပေါ်ပေါက်နေလျှင်လည်း တစ်ယောက်စကားတစ်ယောက်နားနှင့် လူအများသိရှိကြမည် ဖြစ်ပါသည်။ နောင်တွင် စကားစပ်မိသောအခါ ထိုနေ့ညနေက ပေါ်ပေါက်သောနဂါးကြီးကို မြင်တွေ့လိုက်ကြရသူမှာ (၄)၊ (၅) ဦးထက်မနည်းရှိကြောင်း သိရှိခဲ့ရပါသည်။ အထက်ပါအကြောင်းအရာတို့ကို ဗိုလ်ကြီး နိုင်ထွန်းအေးမှ တစ်ဆင့် စာရေးသူက ပြန်လည်သိရှိခြင်း ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေရာဌာနအတော်များများတွင် ထူးထူးဖူးရောက်ရှိလာကြသော ဧည့်သည်တော်များအတွင်းမှ သိုက်ပူးခြင်း၊ နတ်ပူးခြင်း၊ ယက္ခပူးခြင်း၊ နတ်ပူးခြင်းတို့ ကြားခဏဖြစ်ပေါ် လေ့ရှိပါသည်။အချို့သူများမှာ ထူးခြားဆန်းကြယ်လှစွာ ထူးခြားဆန်းသော ခိုင်လုံသည့် အကြောင်းအချက်များရှိသော်လည်း ထိုအကြောင်းအရာတို့တွင် လက်ဆုပ်လက်ကိုင်ပြသနိုင်ခြင်းမရှိပါ၍ ဖော်ပြခြင်းမပြုတော့ဘဲ ချန်လှပ်ခဲ့မည် ဖြစ်ပါသည်။

၂၀၀၄ ခုနှစ်တွင် ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်တောင်ရပ်ကွက်ရှိ မောင်ရဲလေးနှင့် အစ်ကို၊ အစ်မများမှ မိခင်ကြီးကို အမှူးထား၍ ရုပ်ရှင်တော်မြတ်ကို ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ထိုအချိန်က ရုပ်ရှင်တော်မြတ်သည် ရန်ကုန်မြို့သို့ ဒုတိယအကြိမ်မြောက် ကြွရောက်တော်မူခြင်းဖြစ်ပါ၍ မယ်တော်ကြီးတို့တွင် အသိမိတ်ဆွေများများစားစား မရှိသေးပါ။ မောင်ရဲလေးသည်လည်း မယ်တော်ကြီးတို့နှင့် ခင်မင်ရင်းနှီးခြင်း မရှိသေးပါ။ စာရေးသူဆိုလျှင် မောင်ရဲလေးကို တွေ့မြင်ဖူးခြင်းပင် မရှိသေးပါ။

သို့သော် မောင်ရဲလေးမိသားစုသည် ရုပ်ရှင်တော်မြတ်ကို ကြည်ညိုလွန်းလှသကဲ့သို့ မယ်တော်ကြီးနှင့် အန်တီအေးတို့ကိုလည်း အထူးပင်ရိုသေလေးစားခဲ့ကြသူများ ဖြစ်ပါသည်။ မောင်ရဲလေးတို့မိသားစုသည် ရုပ်ရှင်တော်မြတ်ကို ပထမဦးဆုံး ပင့်ဆောင်ပူဇော်ပြီးချိန်မှ ဤယနေ့တိုင် သာဝကအရင်းများ ဖြစ်သွားကြသူများဖြစ်ခဲ့ကာ ရုပ်ရှင်တော်မြတ်၏ နှစ်စဉ် ရန်ကုန်မြို့ ဒေသစာရီခရီးစဉ်များတွင် အလျဉ်းသင့်သည့်အခါတိုင်း ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ ဤဆောင်းပါး ရေးသားချိန် ၂၀၁၄ ခုနှစ်၊ (၂) လပိုင်းတွင်လည်း ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏နေအိမ်သို့ ပင့်ဆောင်ပူဇော်ခဲ့ကြပြီ ဖြစ်ပါသည်။

ယနေ့အချိန်၌ မောင်ရဲလေး (၀၉-၄၂၀၀၈၇၇၈) သည် ရန်ကုန်မြို့ ဒေသစာရီခရီးစဉ်တစ်ခုလုံး၌ မယ်တော်ကြီးတို့၏ ဝေယျာဝစ္စမှန်သမျှတို့ကို ကုသိုလ်ယူ ဆောင်ရွက်ပေးနေသည့်အပြင် စာရေးသူမှ ရန်ကုန်မြို့သို့ တင်ပို့ပေးသော ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များ၊ ဘုရားသမိုင်းဖြစ်တော်စဉ် ဗီစီဒီခွေများ၊ စာအုပ်များတို့ကို မယ်တော်ကြီးတို့ထံပေးပို့ခြင်း၊ စာရေးသူ၏ စာမူများကို သူရဿစာတည်းမှူးချုပ် ဦးအောင်မြတ်ထံပေးပို့ခြင်း၊ စာရေးသူပေးပို့သော ဆေးသိဒ္ဓိသစ္စာရေတို့ကို ၎င်း၏နေအိမ်တွင် သယ်ဆောင်ထားရှိခြင်းတို့အပြင် စာရေးသူထံသို့ စာမူခများ၊ မေတ္တာလက်ဆောင်မဂ္ဂဇင်းစာအုပ်များနှင့် ဆေးသိဒ္ဓိသစ္စာရေအလှူငွေတို့ကို ပြန်လည်ပေးပို့ခြင်းတို့ကို ကုသိုလ်ယူ ဆောင်ရွက်ပေးနေသူ ဖြစ်ပါသည်။

ထို့အပြင် မောင်ရဲလေးတို့မောင်နှမတစ်စုသည် နှစ်စဉ် (၉) ရက်၊ (၉)လ ရွှေကူ ဗုဒ္ဓပူဇနိယပွဲတော်သို့ လာရောက်ပြီး ဝေယျာဝစ္စများ ဆောင်ရွက်ပါသည်။ မောင်ရဲလေးမှ ၎င်းဝါသနာပါသော မှတ်တမ်းတင်ဗွီဒီယို ရိုက်ကူးခြင်းနှင့် ဓာတ်ပုံရိုက်ကူးခြင်းတို့ဖြင့်လည်း ကုသိုလ်ယူပါသေးသည်။

၂၀၁၄ ခုနှစ်တွင် ပထမဆုံး ပင့်ဆောင်ပူဇော်ချိန်၌ ထူးခြားမှုမှာ ရုပ်ရှင်တော်မြတ်အား လှူဒါန်းထားရှိသော သောက်တော်ရေဖန်ခွက်အတွင်းထဲသို့ သေးငယ်၍ ပလတ်စတစ်အကြည်သားကဲ့သို့ ပါးလွှာသော ငါးကလေးတစ်ကောင် ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ငါးကလေး၏ခန္ဓာကိုယ်မှာ ကြည်လင်လှ၍ ခန္ဓာကိုယ်ကိုထွင်းဖောက်၍ မြင်နိုင်ပါသည်။ မျက်လုံးမည်းမည်းကလေးမှာလည်း ထင်ရှားပါသည်။ ငါးကလေးမှာ သက်မဲ့မဟုတ်ပါ။ ဖန်ခွက်ထဲတွင် သွက်လက်စွာ လှုပ်ရှားကူးခပ်လျက်ရှိပါသည်။ ငါးကလေး၏ လှုပ်ရှားသွားလာပုံကို မောင်ရဲလေးမှ ဓာတ်ပုံမှတ်တမ်း၊ ဗွီဒီယိုမှတ်တမ်းများလည်း ရိုက်ကူးထားရှိပါသည်။

ထိုငါးကလေး ရောက်ရှိလာပုံမှာလည်း ဆန်းကြယ်လှပါသည်။ ထိုသောက်တော်ရေတို့ကို ရေသန့်ဘူးပါကင်ဖွင့်၍ ကပ်လှူခြင်းဖြစ်ရာ ရေသန့်ဘူးထဲမှ ပါလာစရာ အကြောင်းမရှိပါ။ သောက်တော်ရေကပ်လှူစဉ်က ဝိနည်းနှင့်ညီညွတ်စေရန် ရေသန့်ဘူးအတွင်းမှ ရေဖြစ်သော်လည်း ရေစစ်ဖြင့်ခံယူပြီးမှ ကပ်လှူခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဤငွေရောင်ငါးကလေးမှာ ဆန်းကြယ်စွာ မည်သို့ရောက်ရှိလာမည်မသိ ဖြစ်ကြရ၍ တအံ့တသြဝိုင်း၍ကြည့်နေကြပါသည်။ သို့သော် ထိုည (၁၂) နာရီတွင် ဤငါးကလေးသည် မောင်ရဲလေးတို့ မျက်ခြည်မပြတ်ကြည့်နေသည့်ကြားမှပင် ရုတ်တရက်ကွယ်ပျောက်သွားခဲ့ခြင်းဖြစ်ပါ၍ ပိုမိုအံ့သြမဆုံးဖြစ်ကြရပါသည်။ ဤငါးကလေးသည် တကယ့်သက်ရှိငါးလော (သို့) နတ်တို့မှဖန်ဆင်းခြင်းလော မတွေးတတ်နိုင်အောင်ဖြစ်ကြရပါ၏။ သို့သော် မည်သို့ပင်ဖြစ်စေကာမူ ရုပ်ရှင်တော်မြတ်၏ကြီးမားတော်မူသောတန်ခိုးတော်ကြောင့်သာလျှင် ဤကဲ့သို့ ဖြစ်ပွားပေါ်ပေါက်ခြင်းဖြစ်ပေသည်ဟု မောင်ရဲလေးတို့မိသားစုမှယုံကြည်ကြကာ ရုပ်ရှင်တော်မြတ်အား ဆတက်တိုး၍ကြည်ညို

www.burmeseclassic.com

ကိုးကွယ်ခဲ့ကြသည်မှာ ဤယနေ့တိုင် ဖြစ်ပါသည်။

ရုပ်ရှင်တော်မြတ်သည် ၂၀၀၈ ခုနှစ်တွင် နေပြည်တော် ပျဉ်းမနားသို့ ဒေသစာရီ ကြွမြန်းတော်မူခဲ့ပါသည်။ ထိုနှစ်ခရီးစဉ်သည် နေပြည်တော်၏ ပွဲဦးထွက် ဒေသစာရီခရီးစဉ်ဖြစ်ပါ၍ နေပြည်တော်ပျဉ်းမနားတွင် ရုပ်ရှင်တော်မြတ်ကို ခြိမ့်ခြိမ့်သဲမျှ ပင့်ဆောင်ပူဇော်ခဲ့ကြပါသည်။ အမှန်တော့ ရုပ်ရှင်တော်မြတ်သည် နေပြည်တော်ဒေသသို့ ယခုတစ်ကြိမ် ကြွရောက်တော်မူခြင်းမှာ ဒုတိယအကြိမ်မြောက် ဖြစ်သော်လည်း ပထမဦးဆုံး ကြွရောက်တော်မူစဉ်က စစစ-ညွှန်/ချုပ် ဗိုလ်မှူးကြီးအောင်စောလင်းမိသားစုမှ တစ်ဦးတည်း တစ်အိမ်တည်း ပင့်ဆောင်ခြင်းဖြစ်ပါ၍ ဒုတိယအကြိမ်ကြွချီသော ခရီးစဉ်ကို ပွဲဦးထွက်ခရီးစဉ်ဟု ခေါ်ဆိုလိုက်ခြင်းဖြစ်ပါသည်။ ဤခရီးစဉ်ကို ပင့်ဆောင်သူမှာ ဦးထင်အောင်လင်း - ဒေါ်ကြည်ကြည်သင်း ရွှေနဂါးမင်းတီးဂါးဒင်းရာဇဌာနေလမ်း ဖြစ်ပါ၏။

ဤခရီးစဉ်တွင် ပင့်ဆောင်ပူဇော်သူတို့ များပြားလှပါ၍ တစ်လနီးပါးမျှ ကြာမြင့်ခဲ့ရပါသည်။ ထိုခရီးစဉ်တွင် ပင့်ဆောင်ပူဇော်ခဲ့ကြသူများအထဲမှ ယခု ၂၀၁၄ တိုင် မပျက်မကွက် ပင့်ဆောင်ပူဇော်လျက်ရှိကြသူများမှာ ဦးထင်အောင်လင်း-ဒေါ်ကြည်ကြည်သင်းနှင့် ရန်အောင်(၂)ရပ်ကွက်မှ ဆရာဦးမြဝင်း-ဒေါ်ကြည်ကြည်စမ်း၊ ဥတ္တရသီရိမြို့နယ် ဇမ္ဗူဟိန်း ဆောက်လုပ်ရေးမိသားစုမှ ဒေါ်သန္တာဟန်ခေါ် ဒေါ် ချောချောတို့ ဖြစ်ကြပါသည်။

ဤခရီးစဉ်တွင် ဂျာနယ်၊ သတင်းစာ သတင်းထောက်ခိုင်မင်း (နေပြည်တော်) ရွှေချီရပ်မှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်၍ ထိုမှတစ်ဖန် ကျူရှင်ဆရာမကြီးတစ်ဦးမှ ထိုရပ်ကွက်ထဲမှာပင် ခိုင်မင်း (နေပြည်တော်) ၏အိမ်နှင့် မနီးမဝေးမှာပင် ဆက်လက်ပင့်ဆောင်ပူဇော်ပါသည်။ ကျူရှင်အိမ်ဝင်းထောင့်တွင် ပန်းရုံနှင့် ဒန်းစင်လည်းရှိပါသည်။ မယ်တော်ကြီးသည် နေ့လယ်ခင်းအချိန်၌ ထိုဒန်းပေါ်တွင် အနားယူရင်း မှေးခနဲ အိပ်ပျော်သွားပါသည်။ ခဏကလေးသာဖြစ်သော်လည်း အိပ်မက်မြင်မက်လိုက်ပါသေးသည်။ အိပ်မက်ထဲတွင် မြွေကြီးတစ်ကောင်နှင့် မိန်းကလေးတစ်ဦးကို တွေ့ရှိလိုက်ရပါသည်။ အိပ်ရာမှနိုးသော် အိမ်ရှင်ဆရာမကြီးမှ ဤနေရာတွင် နဂါးသိုက်ရှိသည်ဟု နားလည်သူများကလည်း ပြောကြကြောင်း မိမိတို့ကလည်း ယုံကြည်ကြောင်း ပြောကြားပြီး-

"မယ်တော်ကြီး ဒီနေရာမှာအိပ်တာ မထူးခြားဘူးလား"

ဟု မေးပါသည်။

ထို့နောက် အိမ်ရှင်နှင့် မယ်တော်ကြီးအန်တီအေးတို့လည်း ဘုရားခန်းဆီသို့ ထွက်ခဲ့ကြပါသည်။ ထိုအချိန်တွင် ထိုအဆောက်အအုံ၏ တံစက်မြိတ်အောက် ခါးပန်းကျောက်ခုံအနီးမှ ကျွတ်ကျွတ်အိတ်တစ်လုံးသည် တဖျတ်ဖျတ် လှုပ်ရှားလျက်ရှိရာ မယ်တော်ကြီးတွေ့မြင်သွားပြီး -

"ဟိုအိတ်ထဲမှာ ငါးဖြစ်မယ်ထင်တယ်"

ဟု ပြောလိုက်ပါသည်။

အိမ်ရှင်ဆရာမကြီးမှ သွားရောက်ကောက်ယူလိုက်ပါသည်။ အမှန်တကယ်ပင် တစ်ထွာခန့်ရှိသော ငါးရံ့ဖြူတစ်ကောင်ဖြစ်နေပါသည်။

ထိုငါးရံ့မှာ အိတ်အတွင်းမှ ခုန်ထွက်နေခြင်း ဖြစ်ပါသည်။ ရုပ်ရှင်တော်မြတ်အား ပင့်ဆောင် ပူဇော်ထားရှိရာ နေအိမ်တွင်းသို့ ဝင်ရောက်လိုသကဲ့သို့ ဖြစ်နေ၍ -

"ဒါဆို ဒီငါးလေးက ဘုရားဖူးလာတာဖြစ်ရမယ်။ ဘုရားရှေ့မှာ ရေနဲ့ချထားပေးလိုက်မယ်"

ဟု အိမ်ရှင်ဆရာမကြီးမှ ပြောကြားသောအခါ မယ်တော်ကြီးမှလည်း ထိုသို့ ထင်မြင်ယူဆကြောင်းဖြင့် ငါးကလေးကို ငွေဖလားကြီးအတွင်း ရေတစ်ဝက်ခန့်နှင့်ထည့်၍ ယူဆောင်စေခဲ့ပါသည်။

ထိုအချိန်၌ ညပိုင်းသို့ဝင်ရောက်လာပြီဖြစ်၍ လျှပ်စစ်မီးများလည်း ထွန်းညှိထားပြီဖြစ်ကာ ဓမ္မစကြာပူဇော်မည့် အဖွဲ့များပင် ရောက်ရှိနေပြီ ဖြစ်ပါသည်။ ထိုအခါ လူအများက ငါးရံ့ကလေးကို ဝိုင်းအုံကြည့်ရှုနေကြပြီး ဘုရားဖူးလာတာဆိုရင် လှုပ်ရှားပြပါ၊ ဘုရားဖူးလာတာဆိုရင် ငြိမ်ငြိမ်ကလေးနေပေးပါဟု၍ ပြောကြရာ ငါးကလေးသည် ပြောသည့်အတိုင်း လိုက်နာလုပ်ဆောင်နေ၍ ဘုရားဖူးဧည့်ပရိသတ်အပေါင်းတို့ အံ့ဩလျက်ရှိကြပါသည်။

ထိုသို့ဖြင့် ည (၁၀) နာရီခန့်သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုအခါ အိမ်ရှင်ဆရာမကြီးမိသားစုမှ-

"ဒီငါးကလေးကို မှန်ကန်လေးနဲ့ မွေးထားမယ်"

"ကန်က အော်ဒါအပ်ရင် ကြာနေလိမ့်မယ်။ အသင့်လုပ်ပြီးသားပဲ ဝယ်ကြတာပေါ့"

ဟု ပြောဆိုတိုင်ပင်လျက် ရှိကြပါသည်။

ထိုသို့ ပြောဆိုနေသော အချိန်ကာလတိုကလေးအတွင်းမှာပင် ရုတ်တရက် ငါးရံ့ဖြူလေးပျောက်ကွယ်သွားပါတော့သည်။ ကြမ်းပြင်အပြည့် ကော်ဇောများခင်းထားပါ၍ အောက်သို့ ခုန်ချမည်ဆိုပါက ကော်ဇောတွင် ရေစိုရာများ တွေ့ရမည်ဖြစ်ပါသည်။ လူများရှိနေလျက် ဤငါးကလေးကို လူများကြည့်နေလျက်နှင့် မျက်စိအောက်မှာပင် ပျောက်ဆုံးခဲ့ခြင်းဖြစ်ပါ၍ အလွန်တစ်ရာပင် ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါသည်။

"ဒါဆိုရင် ဒီငါးလေးဟာ နဂါးသိုက်က အသွင်ပြောင်းပြီး ဘုရားလာဖူးတာ ဖြစ်ရမယ်"

ဟု ဧည့်ပရိသတ်တစ်ဦးမှ မှတ်ချက်ချပါသည်။ ထိုသူ၏ မှတ်ချက်ပြုခြင်းသည်လည်း ယခုဖြစ်ပေါ်ခဲ့သော အကြောင်းအခြင်းအရာတို့ကို ဆန်းစစ်ကြည့်လျှင် ဖြစ်နိုင်ခြေများစွာရှိပါ၏။ ဤနေအိမ်သည် မြစ်၊ ချောင်း၊ အင်းအိုင်တို့နှင့်မနီးပါ။ ကုန်းခေါင်ခေါင်ဖြစ်ပါ၏။ နေ့ခင်းကလည်း မည်သူမျှ ငါးစိုငါးစိမ်း မဝယ်ကြပါ။ ထို့ကြောင့် ဤငါးရံ့လေးရောက်ရှိလာပုံမှာလည်း ထူးဆန်းသည်ဟု ဆိုနိုင်ပါ၏။ ထိုထက် ပျောက်ကွယ်သွားပုံမှာ ပို၍ သဘာဝနှင့်ကင်းလွတ်သွားပြီဖြစ်ပါ၍ ဤငါးကလေးသည် သာမန်ငါးကလေး မဖြစ်နိုင်ပါ။ မမြင်အပ်သော နာမ်လောကသား (သို့) မမြင်အပ်သောဘုံလောကတစ်ခုမှရုပ်ရှင်တော်မြတ်အား လာရောက်ဖူးမြော်ခြင်းသာ ဖြစ်သည်မှာ ထင်ရှားလှပါ၏။

နောက်တစ်ခုထူးခြားမှု ကြုံတွေ့ရသည်မှာ ၂၀၁၃ ခုနှစ် ရန်ကုန်မြို့ ဒေသစာရီခရီးစဉ်အတွင်းမှာပင် ဖြစ်ပါသည်။ ရွှေနှင်းဆီကျောင်းလမ်းမှ မိဘနှစ်ပါးကို အမှူးထား၍ မသင့်သင့်သူမှ ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ပါသည်။ မသင့်သင့်သူသည်လည်း ရုပ်ရှင်တော်မြတ်ကို ပင့်ဆောင်ပူဇော်ခွင့်ရရှိခဲ့သည်မှာ ထူးထူးခြားခြားပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်တော်မြတ်သည် ရန်ကုန်သို့ ဒေသစာရီကြွမြန်းတော်မူခဲ့သည် ၁၁ ခုနှစ်တွင် (၁၀) နှစ်တင်းတင်း ပြောက်ခဲ့ပြီ ဖြစ်သော်လည်း ရုပ်ရှင် တော်မြတ်ကို လုံးဝမသိရှိပါ။ အိပ်မက် တွင် ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့ရပြီး ငံစမ်းရာမှ ရုပ်ရှင်တော်မြတ်ကို ပြီး ၎င်း၏နေအိမ်သို့ ပင့်ဆောင် ခဲ့ခြင်း ဖြစ်ပါသည်။

မသင့်သင့်သူသည် ပါရမီထူးသူ ဆိုရပါမည်။ တော်ကူးဆရာတော် ကြီး၊ ယခုလက်ရှိ ပါ/ချုပ်ဆရာ ဘုရားကြီး၊ ယခုလက်ရှိ နိုင်ငံတော် နာယကဥက္ကဋ္ဌဒေါက်တာအရှင် စသော အဓိပတိဆရာတော် ကြီးများ၏ လက်ရင်းတပည့်ဖြစ် ဆရာတော်ဘုရားကြီးများကို ပ်ပြုစုခွင့်ရရှိသူဖြစ်ကာ ၎င်း၏ အိမ်ဝင်းအတွင်း၌ ဓမ္မာရုံသဖွယ် ခန်းကို တခမ်းတနား ဆောက် ထားရှိပြီး ထိုဆရာတော်ဘုရားကြီး ၏ တရားပွဲများကို တစ်နှစ်လျှင် ဆုံး တစ်ပါးလျှင် (၃) ကြိမ်ထက် ကျင်းပပြုလုပ်ကာ တရားအလှူ က်ရှိသူ ဖြစ်ပါသည်။ မသင့်သင့် ကိုယ်တိုင်လည်း ဝိပဿနာတရားများ ကြွပွားများ အားထုတ်နေသူ ဖြစ် ည်း

ထို့ကြောင့် မသင့်သင့်သူသည် တန်ခိုးကြီးမားကျော်ဇောပျံ့နှံ့တော် ဆရာတော်ဘုရားကြီးများနှင့် ရင်း၊ ဒါယိကာမရင်းသဖွယ် ဖြစ် ၏။ ယခုလည်း ရွှေကံကူလေပျံ တော် ရုပ်ရှင်တော်မြတ်အား ၎င်း နေအိမ်သို့ ပင့်ဆောင်သောအခါ မော်ဆရာတော်ဘုရားကြီးဒေါက်တာ ကုမာရကို အနေကဇာတင်ပူဇော် အတွက် ပင့်ဆောင်ခဲ့ပါသည်။ မော်ဆရာတော်ဘုရားကြီးသည် တော်ကြီး၊ အန်တီအေးတို့နှင့်လည်း ရင်းနှီးနေပြီဖြစ်၍ အထွေအထူး ဆက်လျှောက်ထားပေးစရာ မလို ဘဲ အဆင်ပြေလှပါသည်။

ဆရာတော်ဘုရားကြီးမှလည်း နေကဇာတင်၊ တရားချီးမြှင့်တော်မူပြီး က်တွင်လည်း မယ်တော်ကြီးနှင့် တီအေးတို့မှ တရားဓမ္မများနှင့်ပတ် ၍ မေးမြန်းလျှောက်ထားသမျှတို့ သည်း စိတ်ရှည်လက်ရှည် ပြန်လည် ကြားပေးတော်မူပြီး ဆုံးမဩဝါဒများ ည်း မြွက်ကြားတော်မူပါသည်။ ဆရာတော်ဘုရားကြီး ပြန်လည်ကြွမြန်းတော်မူမည်ပြုသောအခါ မယ်တော်ကြီးနှင့် အန်တီအေးတို့မှ ရွှေကံကူရုပ်ရှင်တော်မြတ်၏ ရွှေဘောင်ဖြင့် ပုံတော်ကြီး တစ်ဆူ လှူဒါန်းဆက်ကပ်ရာ ဆရာ တော်ဘုရားကြီးမှ ဝမ်းသာပီတိဖြစ်လျက် အလှူခံတော်မူကာ ပင့်ဆောင်သွားခဲ့ပါ သည်။

ဆရာတော်ဘုရားကြီးအား မယ် တော်ကြီးမှ ရွှေကံကူပုံတော်ကြီး ဆက် ကပ်နေပုံကို အန်တီအေးမှ မှတ်တမ်း တင်ဓာတ်ပုံရိုက်ယူလိုက်ပြီး ထိုပုံကို ဗီနိုင်း ဖြင့် ပုံကြီးချဲ့ကာ ရုပ်ရှင်တော်မြတ် ကြွ ရောက်တော်မူရာ နေရာဌာနများတွင် ချိတ်ဆွဲပြသထားရှိခဲ့ပါသည်။

ထိုပုံတော်ကြီးကို မသင့်သင့်သူ၏ မရမ်းကုန်းမြို့နယ်၊ ရွှေနှင်းဆီကျောင်း လမ်း အမှတ် (၂၈) ဘီ၊ ရွှေသံသာ ဂေဟာ နေအိမ်ဘုရားခန်းတွင်လည်း ချိတ်ဆွဲထားရှိရာ မသင့်သင့်သူ၏ မိဘ နှစ်ပါးဖြစ်သော အငြိမ်းစား အရာရှိကြီး များ ဖြစ်ကြသော အသက် (၈၀) ကျော် အရွယ်ရှိ အဘဦးမောင်မောင်အေး၊ အမေ ဒေါ်ခင်ခင်စု၊ ဘကြီး အဘ ဦးကျော်မြင့်တို့ကလည်း ရှိသေလေး မြတ်စွာ ပူဇော်လျက်ရှိကြပါ၏။

ဤမိသားစုသည် အဘဦးမောင် မောင်အေးသည် အမည်ရင်းဖြင့် ဗုဒ္ဓ စာပေများ ရေးသားနေသူဖြစ်သကဲ့သို့ အမေ ဒေါ်ခင်ခင်စုသည်လည်း ယုဝတီ ကဗျာရှင် နွဲ့မွှန် ဟူသောအမည်ဖြင့် စာကဗျာများ ရေးသားခဲ့သူဖြစ်သကဲ့သို့ မသင့်သင့်သူကိုယ်တိုင်မှာလည်း စာရေး ဆရာမတစ်ဦးပင် ဖြစ်ပါ၏။ သို့သော် လည်း ၎င်းတို့အားလုံးသည် သူရဋ္ဌ မဂ္ဂဇင်းစာဖတ်ပရိသတ်များဖြစ်နေကြပြီး စာရေးဆရာမဟုတ်သော စာရေးသူ၏ စာအရေးသားကို ကြိုက်နှစ်သက်သည်၊ ကောင်းသည်ဟု ပြောဆိုချီးမွမ်းကြသူ များဖြစ်၍ မာန်မာနကင်းစင်သော၊ နွေးထွေးဖော်ရွေသော မိသားစုအဖြစ်၊ ရိုးသားပွင့်လင်းသော မိသားစုအဖြစ် လေးစားထိုက်ပါပေသည်ဟု မယ်တော် ကြီးမှ ပြောပါသည်။

ဤသို့ဖြင့် ရုပ်ရှင်တော်မြတ်သည် ကြွမြန်းတော်မူရာ နေရာဌာနတိုင်းတွင် ဇန်းမော်ဆရာတော်ဘုရားကြီးပါရှိသော ဗီနိုင်းပုံကြီးကို ချိတ်ဆွဲကာ ရန်ကုန်မြို့ ၂၀၁၄ ဒေသစာရီခရီးစဉ်တို့ကို ဆက် လက်ကြွမြန်းတော်မူခဲ့ပါသည်။

ထိုသို့ ကြွမြန်းတော်မူခဲ့ရာ လွန်ခဲ့သော (၃) နှစ်ခန့်မှစ၍ နှစ်စဉ် အင်္ဂလိပ် ပြက္ခဒိန် နှစ်သစ်ကူး ညအမီ ပင့်ဆောင် ပူဇော်မြဲဖြစ်သော တိုးတက်ချမ်းသာ ပြည်ပအလုပ်အကိုင်ရှာဖွေရေးမိသားစု ဦးလှမျိုး၊ ဒေါ်နိုင်နိုင်ဝင်း (ကျောက် တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း) သို့ ၃၁-၁၂-၂၀၁၃ နေ့တွင် ကြွမြန်းရောက် ရှိတော်မူခဲ့ပါသည်။ ထိုညက နှစ်ကူးချိန် ည (၁၂) နာရီတွင် မိသားစုအားလုံးနှင့် အန်တီအေး၊ မယ်တော်ကြီးတို့သည် တရားဓမ္မများ ရွတ်ပွားပူဇော်၍ နှစ်သစ် ကို ကြိုဆိုကြပါသည်။ ထိုသို့ကြိုဆိုကြ ပြီး ဦးလှမျိုး၏ လသားအရွယ် မြေးမ ကလေးကို မယ်တော်ကြီးမှ အမှတ်တရ ဓာတ်ပုံရိုက်ကူးလိုက်ပါသည်။

ကလေး၏ နောက်ခံနံရံတွင် ဇန်းမော်ဆရာတော်ကြီးအား ရုပ်ရှင် တော်မြတ်၏ဓာတ်ပုံတော်လှူဒါန်းနေပုံ ဗီနိုင်းကြီးကို ချိတ်ဆွဲထားရှိပါသည်။ ဓာတ်ပုံရိုက်ကူးပြီးနောက် ပလေးဘက် (play back) ပြန်လည်ကြည့်ရှုရာ ဗီနိုင်း တွင် အလင်းပြန်ရာမှ ထူးဆန်းသော ပုံရိပ်တစ်ခု တွေ့ရှိကြရပါသည်။ ထိုသို့ ဖြစ်ပေါ်ခြင်းမှာ ဖြစ်လေ့ဖြစ်ထရှိတတ် သည်မှန်သော်လည်း ကောင်းသော အတိတ်နိမိတ်ကိုဆောင်၍ထူးခြားသည် ဟု မှတ်ယူရမည်သာ ဖြစ်ပါ၏။ ဥပမာ အပေါ်မျက်ခုံးလှုပ်ခြင်း၊ လက်ရုံးလှုပ် ခြင်းတို့မှာ ဖြစ်လေ့ဖြစ်ထရှိသော်လည်း ဖြစ်ပေါ်သောသူတွင်တော့ ကောင်းကျိုး များဖြစ်ပေါ်စေ၍ ထိုသူအဖို့ရာတော့ ထူးသည်ဟု ဆိုရမည်သာ ဖြစ်ပါ၏။

ယခုလည်း ဗီနိုင်းတွင် အလင်းပြန် ရာမှ ရုပ်ရှင်တော်မြတ်၏ ပုံတော်တွင် ပါရှိသော ရတနာပုံကြီးအတွင်းမှ နတ် သားတစ်ပါး ထွက်ပေါ်လာပြီး အထုပ် တစ်ထုပ်ကိုကိုင်ကာ ဆရာတော်ကြီးကို ဦးညွှတ်၍ဆက်ကပ်နေဟန်ပေါ်ပေါက် နေခြင်း ဖြစ်ပါသည်။ မယ်တော်ကြီးတို့မှ ထိုပုံတော်အကြောင်းကို ဆရာတော်ကြီး အား လျှောက်ထားရာ ဆရာတော်ကြီး သည် ဝမ်းမြောက်တော်မူလျက်ရှိပြီး ဒါဟာ ကောင်းသောအတိတ်နိမိတ်တို့ ကို ပြသခြင်းဖြစ်ပြီး အလွန်ပင် ထူးခြား လှသောအဖြစ်ပင်ဖြစ်၍ ထိုပုံကို ဗီနိုင်း ကူးစေပြီး ဆရာတော်ကြီးထံ အမြန်ဆုံး ပို့ဆောင်ပေးရန်နှင့် ဆရာတော်ဘုရား ကြီးကိုယ်တိုင်မှ ထိုပုံတော်ကိုလာရောက် ကြည့်ရှုလို၍ အမြန်ဆုံး လာရောက် ပင့်ဆောင်လှည့်ပါရန် မိန့်ကြားတော်မူပါ သည်။

www.burmeseclassic.com

ထိုကြောင့် ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်အတိုင်း မသင့်သင့်သူမှ ဆရာတော်ဘုရားကြီးကို ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူရာ နေအိမ်ဌာနသို့ ပင့်ဆောင်ပေးပို့ခဲ့ရပြီး ထိုဇီနိုင်းပုံတော်ကြီးကိုလည်း ဆရာတော်ဘုရားကြီးကို ဆက်ကပ် လှူဒါန်းတော်မူရာ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ နိုင်ငံတော်ဗဟိုသံဃနာယကဉက္ကဋ္ဌဆောင်တွင် ဆရာတော်ဘုရားကြီးမှ ရှိသေစွာ ချိတ်ဆွဲထားရှိလိုက်ပါသည်။

နောက်တစ်ခု ထူးခြားမှုမှာ ၂၆-၅-၂၀၁၃ နေ့တွင် ဖြစ်ပါသည်။ ထိုနေ့က ရုပ်ရှင်တော်မြတ်မှာ မန္တလေးမြို့ (၆၂) လမ်း မနော်ရမန်ကစားကွင်းအနီး သိပ္ပံလမ်းဆုံမြောက်ဘက်၊ ဘီဘီကိတ်၏ နောက်ကျောရှိ ဗိုလ်မှူးကျော်သူရ၊ ဒေါ်ချောစုယဉ်မိသားစုတို့မှ ပင့်ဆောင် ပူဇော်ထားရှိချိန်တွင် ဖြစ်ပေါ်ခဲ့ပါသည်။ ဤနေအိမ်သို့ ရုပ်ရှင်တော်မြတ်မကြွရောက်လာမီ (၃) ရက်ခန့်က ဤအိမ်သို့ ကျောက်စိမ်းတုံးများ လာရောက်ပို့ဆောင်သောထရပ်ကား အိမ်ရှေ့သို့ရောက်လာ၍ အိမ်အကူမိန်းကလေးမှ ခြံဝင်းတံခါးသွားရောက်ဖွင့်လှစ်စဉ် ကားရှေ့မှ ထူးဆန်းသော မြွေကြီးတစ်ကောင်ပေါ်ပေါက်လာပြီး အိမ်အတွင်းသို့ ဝင်ရောက်သွား၍ ခြောက်ထုတ်ရန် ရှာဖွေကြသော်လည်း မြွေကြီးမှာ အိမ်ထဲမှာပင်ရှာ၍မတွေ့ကြရတော့ဘဲ ပျောက်ကွယ်သွားခဲ့သည်။ ထိုမြွေကြီးကို ဗိုလ်မှူးကျော်သူရ၊ ဒေါ်ချောစုယဉ်တို့၏ (၁၂) နှစ်အရွယ်ခန့်ရှိသော သားငယ်လေးမှ အသေအချာ အနီးကပ်မြင်တွေ့လိုက်ရပြီး အနက်ခံပေါ်တွင် ရွှေရောင် ဗောဓိညောင်ရွက်သဏ္ဌာန် အကွက်များကို သေသေချာချာမှတ်မိလိုက်ပါသည်။

ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူသောနေ့က ညနေပိုင်းတွင် ဗိုလ်မှူးကျော်သူရတို့၏ အရင်းနှီးဆုံးမိတ်ဆွေ ဆရာဦးတင်မောင်အုန်း၏တစ်ဆင့်ဖိတ်ကြားချက်ဖြင့် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဌေးမောင် ဘုရားဖူးရောက်ရှိ၍လာပါသည်။ ဦးဌေးမောင်သည် ရုပ်ရှင်တော်မြတ်အား အချိန်ယူ၍ ရှည်လျားလှစွာသော ဘုရားကန်တော့ချိုးတို့ဖြင့် ပူဇော်ကန်တော့ပါသည်။ ထို့နောက် ဘုရားခန်းမှ ပြန်လည်ထွက်ခွာရာ ၎င်း၏ရှေ့မှမြွေတစ်ကောင်သည် ကော်ဇောအောက်မှ တိုးသွားပြီး လှေကားအတိုင်း ဆင်းသွားပါသည်။



၂၀၀၄ ခုနှစ်၊ ရန်ကုန်ခရီးစဉ်တွင် ရုပ်ရှင်တော်မြတ်ဓာတ်ပုံတော်မှ ရောင်ခြည်တော်များ ထွက်ပေါ်လာပုံ

လှေကားရင်းတွင် တစ်ဖက်နံရံကပ်၍ ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်များ၊ ဗွီစီဒီခွေများရောင်းချသော စားပွဲခုံရှိသည်။ ဦးအေးမောင်သည် ဓာတ်ပုံတော်များပူဇော်ရန် စားပွဲဆီသို့ ဦးတည်ရာ မြွေသည်လည်း စားပွဲအောက်သို့ဝင်သွားပါသည်။ ထိုအချိန်တွင် ဘုရားခန်းမှ ထူးဆန်းသော အမွှေးရနံ့များထွက်ပေါ်လာသဖြင့် လူအများမှအော်ကြရာ ဓာတ်ပုံရောင်းသော မိန်းကလေးမှာလည်း အချိန်ကိုက်ပင် အပေါ်ထပ် လှေကားသို့ တက်ပြေးသွားပါသည်။ မိန်းကလေး ပြန်ရောက်လာသောအခါ ဦးဌေးမောင်သည် ပူဇော်ရန် ရွေးချယ်ထားသော ပုံတော်၊ စီဒီဖိုး ကျသင့်ငွေများကိုရှင်းပြီး ခြံပေါက်သို့ထွက်ရာ မြွေသည်လည်း (တစ်လံခန့်ရှည်လျားသည်ဟု ဦးဌေးမောင် ၀၉-၂၀၃၄၇၀၀ မှ ပြောပြသည်။) ဦးဌေးမောင်၏ရှေ့မှပင် ခြံအပြင်သို့ ထွက်သွားပြီး ပျောက်ကွယ်သွားပါသည်။ ဦးဌေးမောင်သည် ထိုမြွေကြီးကို သေသေချာချာ မြင်တွေ့လိုက်ရ၍ ရွှေရောင်ဗောဓိညောင်ရွက်သဏ္ဌာန်အကွက်များကို သတိပြုမိလိုက်ပါသည်။ ထိုမြွေကြီးသည် အရှေ့တည့်တည့်သို့ ဦးတည်ထွက်ခွာပျောက်ကွယ်သွားခြင်းဖြစ်၍ ရေတံခွန်တောင်မှ နဂါးမယ်တော် လာရောက် ဘုရားဖူးခြင်းဖြစ်မည်ဟု ဦးဌေးမောင်မှယူဆကြောင်း သိရပါသည်။

ဦးဌေးမောင်သည် ၎င်း၏နေအိမ်သို့ ပြန်လည်ရောက်ရှိသွားသောအခါ ထူးခြားမှုများ ဆက်တိုက်ကြုံတွေ့ရပြန်ပါသည်။ ၎င်း၏နေအိမ်တွင်လည်း မြွေကြီးတစ်ကောင် ရောက်ရှိနေပြန်ပြီး ထိုမြွေကြီးကို အစောပိုင်းတွင် ဦးဌေးမောင်တစ်ဦးတည်းသာ မြင်တွေ့ခဲ့ခြင်း ဖြစ်သော်လည်း နောက်ပိုင်းတွင် အခြားအိမ်သားများပါ တွေ့မြင်ကြရပါသည်။ ထို့ပြင် ဦးဌေးမောင်ပင့်ဆောင်သွားသော ရွှေကံကူပုံတော်ပါရှိသည့် ပဌာန်းနဂါးစမပုံတော်ကြီးမှာလည်း နှစ်ပုံဖြစ်နေပြီး ညအမှောင်တွင် ရွှေကံကူပုံတော်မျက်နှာတော်မှ အလင်းရောင်များ ထွက်ပေါ်နေတတ်ပါသည်။

ရုပ်ရှင်တော်မြတ်၏သမိုင်းဗွီစီဒီခွေဖွင့်လျှင် အိမ်အပြင် ပြတင်းပေါက်များမှ မြွေများခေါင်းထောင်၍လာရောက်ဖူးမြော်ကြသည်ကိုလည်း (၃) ကြိမ်ထက်မနည်း တွေ့မြင်ရပြီး ရုပ်ရှင်တော်မြတ်၏ (4" × 6") အရွယ် ဓာတ်ပုံတော်သည်လည်း ကန်တော့ပွဲကို မှီထောင်၍ ပူဇော်ထားရှိရာ နောက်တစ်နေ့မနက်တွင် ထိုပုံတော်မှာ ကန်တော့ပွဲအတွင်းသို့ ကြွမြန်းရောက်ရှိတော်မူလျက် ဖူးတွေ့ရပါသည်။ ထိုအဖြစ်မျိုးသည်လည်း ကြိမ်ဖန်များစွာဖြစ်ပေါ်ခဲ့ပြီး နံနက်အိပ်ရာထတွင် ရုပ်ရှင်တော်မြတ်၏ ဓာတ်ပုံတော်ကိုဖူးတွေ့လိုက်လျှင် ဘုရားကျောင်းဆောင်ပေါ်၌ မိမိလှူဒါန်းစဉ်က မပါရှိခဲ့သော သစ်သီးများ၊ ပန်းများ ရောက်ရှိနေသည်ကိုလည်း တစ်ကြိမ်မက တွေ့ကြုံရပါသည်။

ဦးဌေးမောင်သည် ထိုအကြောင်းအရာများကို စာရေးသူအား ပြောပြသောအခါ -

"ဆရာရယ်၊ကျွန်တော့်အဖြစ်တွေက ထူးခြားလွန်းလို့ တခြားလူတွေဆီ ကျွန်တော့်ကို တစ်မျိုးထင်မှာစိုးလို့ ပြောမပြရဲဘူး။ ဒါတွေဟာ ကျွန်တော် တကယ်ကြုံရတာတွေပါ ဆရာ။ ဆရာတို့လို ဘုရားနဲ့ပတ်သက်ပြီး ထူးခြားမှုတွေ အမြဲကြုံတွေ့နေရတဲ့ ပုဂ္ဂိုလ်တွေမှသာ ယုံကြည်လက်ခံနိုင်မှာ"

ဟု ဆိုပါသည်။

(ဆက်ရန်)

ဘိုဘို(ရွှေကံကူ)



www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရအကြောင်းတရားတို့နှင့်ရွှေပြည်သာမြို့က

# ရှေးဟောင်းသမိုင်းဝင် မင်းဗန္ဓုစေတီ


ကျော်ခိုင်ခန့်

၁၉၈၉ ခုနှစ်၊ ဇူလိုင် ၁၃ ရက်တွင် င် မြို့ကွက်တည်သော ရွှေပြည်သာ အတွင်း ဘာသာရေးဆိုင်ရာ အထင် နေရာ များစွာရှိနေသည်။ ကကုသန် စွာဘုရား လက်ထက်ကတည်းက ပြု အခြေတည်ခဲ့သည့် ကမ္ဘာ့သက် အရင့်ဆုံး စေတီတစ်ဆူ ဖြစ်သော ကန်စေတီတော်သည် မြို့၏အရှေ့ တွင် တည်ရှိသကဲ့သို့ မြို့အနောက် ဝါးတစ်ရာမြစ်အနီးတွင်လည်း ယခင်က မင်းဗန္ဓုစေတီ တည်ရှိနေ ည်၊ ထို့ကြောင့် 'အရှေ့မှာ သာမု၊ နောက်မှာ မင်းဗန္ဓု' ဟူသော စကား ထင်ရှားခဲ့သည်။ ရွှေပြည်သာမြို့ ည်ခင်က သာမုကန်စေတီဘက် မှကြည့်လိုက်လျှင် ဝါးတစ်ရာ အခြမ်း၌ မင်းဗန္ဓုစေတီကို အတိုင်း လှမ်းမြင်တွေ့ရသည်။ သို့သော် န္ဓုစေတီသည် မြေကြီးပုံစေတီတော် တွင် ရွှေစေတီတစ်ဆူအငယ်ကို အပေါ်မှထပ်ကာ တည်ထားခြင်းသာလျှင် ဖြစ်သည်။ ယခင်က မင်းဗန္ဓုစေတီတော်မှာ ထန်းတပင်မြို့နယ်အတွင်း တည်ရှိခဲ့ခြင်း ဖြစ်သည်။



မင်းဗန္ဓုစေတီတော်မြတ်ကြီး၏တောင်ဘက်၌ တည်ရှိသော သက်တမ်းရင့် သိမ်တော်ကြီးအတွင်းမှ ရုပ်ပွားတော်များ

တညင်းကုန်းလမ်းဆုံမှ အမှတ် (၄)လမ်းမအတိုင်းလာလျှင် ဇီးကုန်းကျေးရွာ၊ ဘုံရှည်ကုန်း၊ သာမု၊ အုတ်ဖို၊ လှော်ကား စသည့်ကျေးရွာများအပြင် တံတားကြီး၊ လိန်ကုန်း၊ ဝါးတစ်ရာ စသည့်ရွာများသည် အသစ်ထပ်မံဖြစ်တည်လာမည့် ရွှေပြည်သာမြို့ဘေးဝန်းကျင်မှ ရွာဟောင်းများဖြစ်သည်။ ရွာသူရွာသားများ



ရှေးဟောင်းသမိုင်းဝင် မင်းဗန္ဓုစေတီတော်မြတ်ကြီးအား ယနေ့အချိန်အခါတွင် ဖူးမြင်တွေ့ရသည့်အနေအထား



www.burmeseclassic.com

www.burmeseclassic.com



မင်းဗန္ဓုစေတီတော်မြတ်ကြီး ပြေသားပုံပေါ်မှ ထင်မံတည်ထားသည့်စေတီတော်အား ဖူးတွေ့ရစဉ်







မင်းဗန္ဓုစေတီတော်မြတ်ကြီး၏တောင်ဘက်၌ တည်ရှိသော သက်တမ်းရင့်သိမ်တော်ကြီး၊

မြို့ကြီးတစ်မြို့ဖြစ်တည်လာမည်ဟူသော ပြောကြားသော နိမိတ်စကားပင် ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်အထိ မြစ်ရေနှစ်ကြိမ်တက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ် နှစ်လယ်ပိုင်း မိုးရာသီအချိန်တွင် မင်းဗန္ဓုစေတီအနီးသို့ လှိုင်မြစ်ဝှမ်းတစ်လျှောက် မြစ်ရေလွှမ်းရာ ဝါးတစ်ရာမြစ်ရေရောက်ရှိခဲ့ပြီးနောက် ရွှေပြည်သာမြို့သစ်ကြီး ပေါ်ထွန်းလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်း (၂၅) နှစ်ပြည့်တော့မည် ဖြစ်သည်။

စာရေးသူအနေဖြင့် ဝါးတစ်ရာရွာအနီး မင်းဗန္ဓုစေတီသို့ ရောက်ရှိကာ စေတီတော်အတွင်း ဘုန်းကြီးကျောင်း၌ သီတင်းသုံးသော ရဟန်းတစ်ပါး၏ လမ်းညွှန်မှုဖြင့် စေတီတော်သမိုင်းကြောင်းကို သိထားသည့် ဝါးတစ်ရာရွာမပရိယတ္တိပျိုးဥယျာဉ်ကျောင်းတိုက်လက်ရှိကျောင်းထိုင်ဆရာတော် ဦးမေဓာနန္ဒနှင့် တွေ့ဆုံကာ မေးမြန်းလျှောက်ထားခဲ့ရာမှ မင်းဗန္ဓုစေတီတော်နှင့် ပတ်သက်သည့် စိတ်ဝင်စားဖွယ်ရာသမိုင်းကြောင်းများကို သိရှိခွင့်ရခဲ့သည်။ စေတီတော်သမိုင်းကြောင်းကို မူလက ငွေပြားအစစ်ပေါ်တွင် ရေးထွင်းထားသည်ဟု ဆရာတော်က မိန့်ကြားသည်။ နောင်တွင် ယင်းငွေပြားမှာ မင်းဗန္ဓုစေတီတော်အတွင်းရှိ ဘုန်းကြီးကျောင်းမီးလောင်ပြီး ပျောက်ဆုံးသွားသည်ဟု သိရသည်။

မြန်မာနှစ်၆၇၆ ခုနှစ် (ခရစ်နှစ် ၇၅၄ ခုနှစ်) တွင် ပဲခူး ဟံသာဝတီပြည့်ရှင် ပုဏ္ဏရိကမင်းသည် ရာမနဂရာမြို့ကြီးကို တည်ထားပြီး စစ်သူကြီးအလုံးအရင်းများစွာဖြင့် စောင့်ကြပ်စိုးစံသည်။ ယင်းမင်း၏စစ်သူကြီးများအနက် လော်ကားသုံးထောင်မှူးကြီးအမတ်ကြီးမင်းဗန္ဓုတည်ထားသော စေတီတစ်ဆူသည် ယခု လှိုင်မြစ် (ဝါးတစ်ရာမြစ်) ကမ်းနံဘေးတွင် ပေါ်ထွန်းခဲ့သည်။ မင်းဗန္ဓုစေတီဟု အမည်နာမခေါ်တွင်ကြသည်။ စေတီတော်ကို လှိုင်မြစ်ကမ်းဘေးရှိ အငူစွန်းတစ်ခုပေါ်တွင် မြန်မာနှစ် ၆၈၀ ပြည့်နှစ် (ခရစ်နှစ် ၇၅၈ ခုနှစ်) တွင် တည်ထားခြင်း ဖြစ်သည်။ ထိုအငူစွန်းသည် လှိုင်မြစ်အတွင်းသို့ ထိုးထွက်နေသောအနေအထားလည်းဖြစ်ပြီး အငူစွန်းပေါ်တွင် တည်ထားသော မင်းဗန္ဓုစေတီကြီးအား မြစ်အတွင်းမှငါးများက ပူဇော်ကြသည်သဖြင့် ငါးများပူဇော်သော စေတီ သို့မဟုတ် ပကစွန်းစေတီဟုလည်း ခေါ်တွင်သည်။ မွန်ဘာသာအားဖြင့် ပ-ပူဇော်ခြင်း၊ က-ငါးသတ္တဝါ ဖြစ်သည်။ ဝါးတစ်ရာနှင့် ရိုးကြီးအကြား၊ လှိုင်မြစ်နှင့် ဝက်လာချောင်းခေါ် ရိုးကြီးချောင်းတို့ဆုံရာအနီး(အစွန်း)တွင် တည်ထားခြင်းလည်း ဖြစ်သည်။

မင်းဗန္ဓုစေတီတော်ကြီးနှင့် ပတ်သက်ပြီး တဘောင်နိမိတ်သုံးခုပေါ်ထွက်ခဲ့သည်ဟု ဝါးတစ်ရာကျေးရွာနေ သက်ကြီးဘိုးဘွားများ၏ပြောစကားအရ သိရသည်။ ၎င်းတဘောင်နိမိတ်သုံးခုမှာ -

(၁) စေတီတော်ရေလားခြင်း၊
(၂) ဘိုးဖြူ့ဘွားဖြူပေါ်ခြင်း၊
(၃) ဝါးတစ်ရာရွာကြီး ကြက်ပျံမကျစည်ကားခြင်းတို့ ဖြစ်သည်။

အဖြေ **စေတီတော်ရေလားခြင်း** ဆိုသည်မှာ စေတီတော်ကြီး ရေအတွင်းနစ်မြုပ်မည်ဆိုခြင်း ဖြစ်သည်။ **ဘိုးဖြူ့ဘွားဖြူပေါ်ခြင်း** ဆိုသည်မှာ ကလေးနှစ်ဦးသည် မွေးကတည်းက တစ်ကိုယ်လုံးရှိ အမွေးအမှင်များမှာ အဖြူရောင်ဖြစ်နေပြီး သေသည်အထိ ယင်းအတိုင်း


www.burmeseclassic.com

...ည်၊ ဝါးတစ်ရာရွာကြီး ကြက်ပျံမကျ ...တားမည်ဆိုခြင်းမှာလည်း အမှန်ပင် ...ည်။ ၁၉၈၉ ခုနှစ်တွင် ရွှေပြည် ...ိ သစ်ကို စတင်တည်ထားခဲ့ရာ ...စ်ရာရွာကြီးလည်း အဆင့်မြင့်သွား ...တော့သည်။

မြန်မာနှစ် ၉၇၀ ပြည့်နှစ်၊ သီတင်း ...လဆန်း ၉ ရက်နေ့က ငလျင်လှုပ် ...ကြောင့် လှိုင်မြစ်ကမ်းပါးပြိုကျရာ ...စေတီလည်း မြစ်အတွင်းသို့ပြိုကျ ... မြန်မာနှစ် ၁၂၂၈ ခုနှစ်တွင် ဝါး ...ရွာမှ ကုန်သည်ညီနောင် ကိုမှော် ... ကိုမှော်ညီ ညီအစ်ကိုနှစ်ဦးက ...တော်မူလတည်ရှိရာ မြစ်ကမ်း ... ဘုရားငုတ်တိုကိုဖော်၍ စေတီ ...အတွင်းမှ ဌာပနာများကို လှည်း ...တိုက်ဖြင့် ယခုစေတီတော်တည် ...န်းတွင်းပိုင်းအရပ်တွင် ဥဏ်တော် ... (၅၄) တောင်မြင့်သည့် မင်းဗန္ဓု ...ကို ထပ်မံတည်ထားခဲ့ကြသည်။ ...တော်ပြောင်းရွှေ့တည်ထားစဉ်က ...စ်ရာအရှေ့ရွာသား လယ်သမား ...ဦးထွန်းညီ ဆိုသူက ၎င်းပိုင်ဘိုးဘွား ...မြေ (၁၀) ဧကကျော်ကို စေတီ ...ဝတ္တကမြေအဖြစ်လှူဒါန်းခဲ့သည်။ ...သို့ မလှူဒါန်းခင်က ဦးထွန်းညီမှာ ...ဟု ကျန်ရစ်သူများက ရက်လည် ...အထိ (၇) ရက်ထားရာ (၇) ရက် ...သည့်ရက်တွင် 'ရေဆာတယ်၊ ရေ ...' ဟုအော်ရင်း အသက်ပြန်ရှင်လာ ...ာက် သံဝေဂရရှိကာ ၎င်းပိုင်ဆိုင် ... လယ်မြေ (၁၀) ဧကကျော်ကို ...တော်ပရိဝုဏ်အဖြစ် လှူဒါန်းခဲ့ ...။ ညီအစ်ကိုနှစ်ဦး ဦးဆောင်ပြီး ...များသည် မင်းဗန္ဓုစေတီတော်ကို ...စေတီတော်တည်ရာ ကုန်းတွင်းပိုင်း ...ပြောင်းရွှေ့တည်ထားပြီးနောက် စေတီ ...အမည်ကို ပြောင်းလဲမှည့်ခေါ်ရန် ...ရာ မိုးကြိုးပစ်မှုများဖြစ်ပေါ် ...သဖြင့် မင်းဗန္ဓု ဟူသောအမည်ကို ... ဆက်လက် ခေါ်ဝေါ်ခဲ့ကြရသည်။ ...ာနှစ် ၁၂၇၉ ခုနှစ်၊ ဝါဆိုလပြည့် ...် ၂ ရက်၊ ခရစ်နှစ် ၁၉၁၇ ခုနှစ်၊ ... ၅ ရက်က ငလျင်လှုပ်ပြန်ရာ ...တော်မှာ ငလျင်ဒဏ်ခံရပြန်သည်။ ...နောက် ၁၂၉၂ ခုနှစ်၊ ကဆုန် ...န်း ၉ ရက်၊ ခရစ်နှစ် ၁၉၃၀ ပြည့် ... မေလ ၅ ရက်နေ့က ငလျင်လှုပ်ပြန် ... မင်းဗန္ဓုစေတီတော်တစ်ခုလုံး မြေခ ...ည်၊ ထိုစဉ်က မသမာသူတစ်စုက ...ဌာပနာအချို့ကို ခိုးယူထွက်ပြေး



ရှေးဟောင်းသမိုင်းဝင် မင်းဗန္ဓုစေတီတော်မြတ်ကြီးသို့ သွားရာလမ်း၊



မင်းဗန္ဓုစေတီတော်မြတ်ကြီးအနောက်တောင်ထောင့်ရှိ ရေအိုင်အတွင်းမှ နဂါးရုပ်များ

သွားခဲ့ကြသည်။ ထိုသူများသည်လည်း မကြာခင်အချိန်မှာပင် အသက်သေဆုံးမှု အကျိုးများခံစားရကြသည်။ ခိုးယူထွက်ပြေးသွားသောဌာပနာပစ္စည်းများလည်း ပျောက်ဆုံးကုန်သည်။ ဝါးတစ်ရာရွာသူရွာသားများလည်း စိုးရိမ်ခြင်းကြီးစွာဖြစ်၏။ ငလျင်လှုပ်ခတ်မှုများကြောင့် စေတီတော်ကြီးမှာ ယခုမြင်တွေ့ရသည့်အတိုင်း မပြီးမစီးဘဲဖြစ်နေသည်။ တည်လိုက်၊ ပြိုလိုက်ဖြစ်သည်။ စေတီတော်ဌာပနာများ မပြည့်စုံသဖြင့် ယခုကဲ့သို့ဖြစ်ရကြောင်း စကားများထွက်ပေါ်လာသည်။

ဤတွင် မင်းဗန္ဓုစေတီနှင့်ပတ်သက်သော တဘောင်စကားတစ်ခုပေါ်ထွက်လာသည်။ ယင်းမှာ 'နှစ်ထပ်ကွင်းကြောင် ခွေးတစ်ဟောင်၊ သင်ပင်ခြေရင်း ရွှေကိုးတင်း လူမင်းဖော်လို့ ရလိမ့်မယ်' ဟူ၏။ အဓိပ္ပာယ်မှာ ယခု မင်းဗန္ဓုစေတီတည်ရာအရပ်မှ ခွေးတစ်ဟောင်ဝေးသောအရပ်တွင် ဇရပ်ကွင်းကြောင်နေရာတစ်ခုရှိသည်။ ယင်းနေရာရှိ သင်ပင်ခြေရင်းတွင် ရွှေကိုးတင်း မြှုပ်နှံထားပြီး ယင်းရွှေကိုးတင်းကို ဘုန်းတန်ခိုးအာနုဘော်ကြီးမားသော ပုဂ္ဂိုလ်တစ်ဦးကတူးဖော်ပြီး စေတီတော်ဌာပနာထည့်သွင်းကာ တည်ထားမှ ပြီးပြည့်စုံသော မင်းဗန္ဓုစေတီတော်ကြီးကို ဖူးမြင်တွေ့ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

နှစ်ပရိစ္ဆေဒ အပြိုအပျက်ဖြစ်နေသည့်မင်းဗန္ဓုစေတီတော်ကို စေတီတော်ဝတ္တကမြေအတွင်းရှိ စမ္ပာယ်ကုန်းတွင်း ဘုရားကြီးကျောင်း၌ ကျောင်းထိုင်အဖြစ် သီတင်းသုံးတော်မူသည့် ရခိုင်တိုင်းရင်း



www.burmeseclassic.com

www.burmeseclassic.com

သား အုန်းဖော်ကြီး ဦးမာလာသည် မြန်မာနှစ် ၁၃၃၈ ခုနှစ် (ခရစ်နှစ် ၁၉၇၇ ခုနှစ်) တွင် စေတီအပြိုအပျက် ဘုရားငုတ်တိုပေါ်၌ ညာဏ်တော် (၉) တောင်ရှိ စေတီငယ်တစ်ဆူကို ထပ်ဆင့်တည်ထားခဲ့သည်။ စေတီ၏ အနောက်ဘက်တွင် ရေကန်ငယ်တစ်ခု၊ တောင်ဘက်တွင် ရေကန်ငယ်နှစ်ခု၊ စေတီတော်ဝင်းအတွင်း ဘုရားသိမ်တစ်ဆောင်နှင့် ဘုန်းကြီးကျောင်းတစ်ခု တည်ရှိခဲ့သည်။ ထိုဘုန်းကြီးကျောင်းမှာ ၊ ၁၉၈၀ ပြည့်နှစ်က မီးလောင်ကျွမ်းခဲ့ရာ ဝါးဇကျောင်းတစ်ကျောင်းသာ ဖြစ်တည်တော့သည်။

ယနေ့အချိန်အခါ၌မူ ရွှေတရာဗိမာန်၊ ၁၂၂၈ ခုနှစ်တွင် တည်ထားသည့် နှစ် (၁၀၀) ကျော် သက်တမ်းရှိ ရှေးဟောင်း စကျင်ရုပ်ပွားတော်သုံးဆူ (ယင်းသုံးဆူအနက် ဘယ်၊ညာနှစ်ဆူမှာ လွန်ခဲ့သော (၅) နှစ်ခန့်က သမာသူများသည် ရုပ်ပွားတော်ခေါင်းများကို ဖြတ်တောက်ခိုးယူခြင်းခံခဲ့ရပြီး ယခုမြင်ရသည့်အနေအထားမှာ မန္တလေးမှ စကျင်ကျောက်များဖြင့် ပြန်လည် မွမ်းမံထားသည်ဟု ဆရာတော် ဦးမေဓာနန္ဒက မိန့်ပါသည်။) စံမြန်းရာ ရှေးဟောင်းသိမ်တော်ကြီးတစ်ခု၊ ရဟန်းတော်များ သီတင်းသုံးရာ ကျောင်းဆောင်များ၊ သွားလမ်းလာလမ်းသာသည့်ကွန်ကရစ်လမ်းများက စေတီတော်ခရီးလမ်းကြောင်းအတွက် အဆင်ပြေစေသည့် အနေအထားများဖြစ်နေကြသည်။

ယခင်က ယင်းနှစ်ထပ်ကွင်းကြောင်နေရာ (ယခုမူ စက်ရုံကြီးများသာ မြင်တွေ့ရသည်) တွင် သရဲမ မနီကလည်း ခြောက်လှန့်လျက်ရှိရာ နေဝင်ရီတရောအချိန်တွင် ယင်းနှစ်ထပ်ကွင်းကြောင်ဘက်သို့ သွားရဲသူမရှိဟုလည်း ရွာနီးချုပ်စပ်လူများ အပြောများကြလေသည်။ ၁၉၉၂ ခုနှစ်ဝန်းကျင်က 'တောင်သုံးလုံးအဘိုးသံ' အမည်ရှိ ဂမ္ဘီရဝိဇ္ဇာဓရပုဂ္ဂိုလ်တစ်ဦးသည် တံတားကြီးကျေးရွာရှိ ကိုးတောင်ပြည့်စေတီတော်ကို ထီးတော် တင်လှူရင်း ဝါးတစ်ရာဘက်တွင်မြင်ရသည့် 'မင်းဗန္ဓုစေတီတော်ကို ပြန်လည်ပြုပြင်တည်ထားရန် ဆန္ဒဖြစ်ပေါ်သည်။ အဘိုးသံက သူ့ဆန္ဒကို အကောင်အထည်ဖော်သည့်အနေဖြင့် မင်းဗန္ဓုစေတီကို တည်ထားရန် ကြိုးစားသော်လည်း အဘိုးသံ ကွယ်လွန်သွားသည့်ဖြစ်ရပ်သာပေါ်ပေါက်လာ၏။ အဘိုးသံတည်စဉ်က စေတီတော်မှာ ထီးမတင်ခင် တော်လည်းသံကဲ့သို့အသံကြီးမြည်ဟည်းပြီး ပြိုကျသွားခြင်း ဖြစ်သည်။ အဘိုးသံသည် စေတီတော်မတည်ခင်ကပင် ထီးတော်ကြီးကို အရင်ပြုလုပ်ခဲ့သဖြင့် စေတီတော်တည်ထားမည့်အနေအထားများ ပျက်စီးခြင်း ဖြစ်နိုင်ကြောင်းလည်း ပြောဆိုမှုများရှိခဲ့သည်။ ယင်းထီးတော်အဟောင်းမှာ ယခု ဝါးတစ်ရာရွာမကျောင်းတိုက်ဝင်းအတွင်းရှိမြဲဖြစ်သည်။ မင်းဗန္ဓုကား ယခင်အတိုင်း ပြိုပျက်မြဲ၊ မြေကြီးပုံပေါ် စေတီအငယ်လေးတစ်ခု အသွင်သာ ဖူးမြင်ရသဖြင့် 'နှစ်ထပ်ကွင်းကြောင်' တဘောင်သည် ခိုင်မာလျက်ရှိသည်ဟူသော အပြောစကားများ ဖြစ်လာပြန်သည်။

ရွာမကျောင်းတိုက်၏ပထမဦးဆုံး ဆရာတော်ဖြစ်သည့် မြန်အောင်ဇာတိဖွား ဦးဇာနေယျလက်ထက်ကတည်းက မင်းဗန္ဓုစေတီတော်ကြီးကို အသစ်ပြန်လည်တည်ထားရန် ဆန္ဒပြင်းပြခဲ့သည်ဟု လက်ရှိဆရာတော် ဦးမေဓာနန္ဒက မိန့်ပါသည်။ ဒုတိယဆရာတော် ဦးတေဇနိယာဘိဝံသလည်း ယင်းဆန္ဒရှိခဲ့ဖူးရာ ဆရာတော်ဦးမေဓာနန္ဒအနေဖြင့် ယခုလာမည့် နွေရာသီတွင် စေတီတော်ကို ပြန်လည်တည်ထားရန် ကြိုးစားမည်ဟု စာရေးသူအား မိန့်ပါသည်။ စေတီတော်ပြန်လည်တည်ထားရေးနှင့်ပတ်သက်ပြီး ရွှေပြည်သာမြို့နယ်သံဃာ့နာယကအဖွဲ့ကလည်း တိုက်တွန်းထားသည်ဟု သိရသည်။ အထူးသဖြင့် မင်းဗန္ဓုတည်ထားခဲ့သောစေတီဖြစ်သဖြင့် 'မင်း'တည်မှပင် အောင်မြင်ပြီးမြောက်မည်ဟူသောစကားကလည်းရှိနေပြန်သည်။

လယ်ကွင်းပြင်ထဲတွင်တည်ထားသည့် မင်းဗန္ဓုစေတီတော်သည် သမိုင်းကြောင်းရှည်လျားသော်လည်း သာသနာ မပွင့်လင်းဖြစ်နေသဖြင့် 'လူမင်းဖော်မှ ရလိမ့်မည်' တဘောင်စကားအရ မည်မျှ ကာလကြာမှ စေတီတော်ရောင်ခြည်ပွင့်လင်းမည်ကို အတပ်မသိနိုင်ရကား သာသနာမျှော်လင့်ခြင်းရောင်ခြည်ကား ဝေးကွာလွန်းလှပါတကားဟု တွေးဖွယ်ရှိသည်။စေတီတော်အနီးတွင် စေတီတော်အငယ်တစ်ဆူကိုလည်း တွေ့ရသည်။ ဆရာတော်ဦးမေဓာနန္ဒ၏ မိန့်မှာချက်အရ ယင်းစေတီတော်အငယ်မှာ အကယ်ဒမီ ဒါရိုက်တာ မလိခစိုးထိုက်အောင်၏ မိခင်ကြီး ဒေါ်ရီရီခင် တည်ထားသော စေတီငယ်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် ကွယ်လွန်သူ ဦးကံရွှေနှင့် ဒေါ်စန်းရီတို့အား ရည်စူးပြီး အလှူ့ဒါယကာမကြီး ဒေါ်အေးမိ၏ အသက် (၁၀၀)ပြည့်အလှူအဖြစ် ကြေးပိဿာချိန် (၁၀၀) ရှိသည့် ထန်ဖိုး (၂၂) သိန်းကျော်တန် ကြေးခေါင်းလောင်းကြီးတစ်ခုကိုလည်း တွေ့မြင်ရသည်။

မင်းဗန္ဓုစေတီတော်သို့ သွားမည်ဆိုပါက မှော်ဘီဘက်မှလာမည်ဆိုလျှင် အမှတ်(၄)လမ်းမတိုင်း လှော်ကားတာဆုံအထိ စီးနင်းပြီး လှော်ကားတာဆုံမှ မြောက်ပိုင်းခရိုင် (၁၀၁) လိုင်းကားများ စီးပြီး ဝါးတစ်ရာသစ်စက်ဘက်သို့လာလျှင် အဆင်ပြေပါသည်။ ယင်းသို့မဟုတ်ဘဲ အင်းစိန်ဘက်မှလာလျှင် ရွှေပြည်သာမြို့သို့ရောက်ပြီး ဆက်လက်စီးနင်းလာပါက ရေချမ်းစင်မှတ်တိုင်တွင်ဆင်းပြီး အနောက်ဘက်သို့ အဆုံးလျှောက်လျှင် မင်းဗန္ဓုစေတီနှင့် အနီးဆုံးနေရာသို့ရောက်ပါသည်။ သို့မဟုတ် အင်းစိန်မှ မီနီဘတ်(စ်)များစီးကာ (၉/၃)ထိပ်တွင်ဆင်း၍ လည်းကောင်း မထသ (၁၉၇)၊ မထသ(၁၂၄)၊ ပါရမီကားကြီးများစီးပြီး ရုံးရှေ့မှတ်တိုင် (၉ ရပ်ကွက်ရယကရုံး) တွင် ဆင်းပြီး ကွန်ကရစ်လမ်းအတိုင်း အနောက်ဘက်သို့လာမည်ဆိုပါကလည်း မင်းဗန္ဓုစေတီသို့ရောက်ပါသည်။

ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်နေ့တိုင်း ကျင်းပလေ့ရှိပါသည်။ စေတီတော်ကို အသစ်ပြန်လည်တည်ထားရန် ရည်ရွယ်ချက်များရှိနေပြီဖြစ်ရာ ပါဝင် လှူဒါန်းလိုသူများအနေဖြင့် ဝါးတစ်ရာ၊ (၂၃) ရပ်ကွက်၊ ရွာမပရိယတ္တိပျိုးဥယျာဉ် ကျောင်းတိုက်ဆရာတော် ဦးမေဓာနန္ဒ၊ ဖုန်း- ၀၉ ၈၅၉၂၃၀၉၊ ၀၉ ၇၃၁၄၉၆၆၇) ထံသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ပြီ ဖြစ်ပါသည်။

ကျော်ခိုင်ခန့်

ကိုးကား -


၁။ ဝါးတစ်ရာရွာမပရိယတ္တိပျိုးဥယျာဉ် ကျောင်းထိုင်ဆရာတော် ဦးမေဓာနန္ဒ၏ မိန့်ကြားချက်များ။
၂။ ပြည်ပန်းမိုး၊ ကုလားဘိုတီးနှင့်နှစ်ထပ်ကွင်းကြောင် ဓွန့်တစ်ပောင်ဝတ္ထုတိုများ၊ ရန်ကုန်၊ ရွှေပြည်သာစာပေ၊ ၂၀၀၃။ စာ ၁၅-၁၉။
၃။ ဟံသာဝတီဦးအုန်းကြိုင်၊ သာသနာ ဆံတော်ရှင်၊ ရန်ကုန်၊ ယုံကြည်ချက် စာပေ၊ ၂၀၀၅။ စာ ၁၀၁-၁၀၃၊ ၁၁၂ ၁၁၇-၁၁၈။
၄။ ဦးဘမောင်(ထားဝယ်)၊ ခြေတော် တောင်တက်သမားခရီးသည်တစ်ဦး ၏အတွေ့အကြုံ။ ရန်ကုန်၊ စံရွှေ စာပေ၊ ၁၉၉၁။ စာ ၁၃၇-၁၄၄။



www.burmeseclassic.com

www.burmeseclassic.com





ယန်လင်းမြို့ဟောင်းမှရသော မြေဇာ၊ ဖြစ်မယ်
ပေါ်မှ 'က ၀ ၀ ယ' စာတန်းပါ တံဆိပ်ရာ

ရှေးဟောင်းသုတေသန (Arch-
logy) ပညာရပ်ဆိုတာ ရှေးခေတ်လူ
တွေပြုလုပ်ဖန်တီးခဲ့တဲ့ ရှေးဟောင်း
စုစည်းတွေကို စနစ်တကျ သိပ္ပံနည်း
လေ့လာတဲ့ပညာပါ။ အဲဒီလို
လာရတဲ့ ရည်ရွယ်ချက်ကလည်း
ခေတ်လူတွေရဲ့ ယဉ်ကျေးမှုအခြေ
လူနေမှုအဆင့်အတန်း စတာ
ကို ပြန်လည်ပုံဖော် တည်ဆောက်
ဖြစ်ပါတယ်။

ရှေးဟောင်းလူနေမှုစနစ်ကို ပြန်
ဖော်ထုတ်ပေးခြင်းလို့လည်း တစ်
အားဖြင့်ပြောနိုင်ပါရဲ့။ ရှေးဟောင်း
စနစ်မှာ ရှေးခေတ်လူတွေရဲ့
ကြိုးပမ်းအားထုတ်မှု၊ လုပ်ကိုင်
ဆောင်ရွက်မှု၊ အောင်မြင်မှု၊ ဆုတ်ယုတ်
မှုစတဲ့ အခြေခံအင်္ဂါရပ်တွေလည်း တွေ့
ရမှာပါ။ ဒါတွေကို ပြည့်ပြည့်စုံစုံ ဖော်ပြ
တည်ဆောက်နိုင်ဖို့အတွက် အိုးခြမ်းပဲ့
များကအစ ရှေးဟောင်းမြို့ရွာတွေအထိ
ရနိုင်သမျှ အထောက်အထားတွေကို ရှာ
ဖွေပြီး အကွက်စေ့စေ့လေ့လာရပါတယ်။
အဲဒီလို ဘိုးဘွားဘီဘင်တွေရဲ့ ဘဝများ
ကို ပြန်လည်ပုံဖော်ရာမှာ ရှေးဟောင်း
ကမ္ပည်းအက္ခရာတွေ ရေးထိုးထားတဲ့
တံဆိပ်တုံးတွေကလည်း တစ်ခန်းတစ်
ကဏ္ဍက အရေးပါလှရဲ့။ တံဆိပ်တုံးတွေ
ထဲကမှ အသေးဆုံးဖြစ်တဲ့ ရှေးဟောင်း
တံဆိပ်တုံးလက်စွပ်တွေကတော့ ပိုလို့ပဲ
စိတ်ဝင်စားစရာကောင်းလှပါတယ်။

## စိတ်ဝင်စားဖွယ်

# ရှေးဟောင်းတံဆိပ်တုံးလက်စွပ်များ

### ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေးလှ)







ဗိဿနိုးမြို့ဟောင်းမှရသော 'သံယသိရိ'
စာတန်းပါ တံဆိပ်



တောင်ခွင်မြို့မှရသော
'သတ်တုစုပိုင်ကြုံသန်ဆိပ်စေတပုံထင်'
စာတန်းပါ တံဆိပ်

ရှေးဆုံးဆင်ဗိမာန်တော်က ဒီရှုတံဆိပ်တုံးဟာ အနှစ် (၂၀၀၀) ကျော်သက်တမ်းရှိ



www.burmeseclassic.com

www.burmeseclassic.com

## လက်စွပ် (Ring)

လက်စွပ် (finger ring) ဟာ ရွှေ ငွေ ဒါမှမဟုတ် အခြားသော အဖိုးတန် အရာတွေ၊ မြင်းမြီး၊ ပလတ်စတစ်တွေနဲ့ စက်ဝိုင်းပတ်ပုံသဏ္ဌာန် ကွင်းငယ်တစ်ခု ပြုလုပ်ကာ လက်မှာစွပ်ပြီးဝတ်ဆင်ရတဲ့ အလှဆင်ပစ္စည်းလို့ Encyclopædia Britannica) မှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် အဲဒီလက်စွပ်လိုမျိုးကွင်းလေး (ring) တွေကို လက်မှာသာ ဝတ်ဆင်ကြတာမဟုတ်ဘဲ ခြေချောင်းတွေမှာ၊ နားမှာနဲ့ နှာခေါင်းမှာပါ ဝတ်ဆင်နိုင်ကြပါသေးတယ်။ ဒါ့အပြင် ကိုယ်ခန္ဓာကို တန်ဆာဆင်ရာမှာလည်း သုံးကြပါရဲ့။ လက်စွပ်တွေဟာ အစဉ်အလာအရ အဆင်တန်ဆာ အလှဆင်ရုံမျှသာမက တာဝန်ရှိမှု၊ မဖောက်မပြန် တိကျမှန်ကန်စွာသစ္စာရှိမှုနဲ့ လူမှုရေးအခြေအနေတွေ၊ အဆင့်အတန်းတွေရဲ့သင်္ကေတ(symbols) လည်း ဖြစ်ပါတယ်။ လက်ထပ်လက်စွပ် (wedding ring) လိုမျိုးပေါ့။ ဒါ့အပြင် လက်စွပ်ဆိုတာ ဝတ်ဆင်သူကို သူဘယ်သူလဲ၊ ဘယ်အဆင့်အတန်း (rank) လဲ၊ ဘယ်လို တာဝန်ယူမှုရှိ (authority) လဲ ဆိုတာတွေကိုလည်း ဖော်ပြ (Identify) တတ်ပါသေးတယ်။ စေ့စပ်လက်စွပ် (Engagement rings) ပေးအပ်ခြင်းဟာလည်း ရှေးကာလကတည်းက ရှိခဲ့တာပါ။ ဒါပေမယ့် စိန်တစ်ပွင့်ပါတဲ့ စေ့စပ်လက်စွပ်ကတော့ ၁၅ ရာစုရောက်မှ ခေတ်စားလာပါတယ်။

လက်စွပ်တွေမှာ မှော်ပညာ အစွမ်း(Magic powers)တွေ ရှိနေတယ်လို့လည်း ယူဆတတ်ကြရဲ့။ လက်ဖွဲ့ အဆောင် (talismanic ring) လက်စွပ်တွေမှာလိုပေါ့။ အော်စကာဆုရ ရုပ်ရှင်ဖြစ်တဲ့ "The Lord of the Rings" မှာ အဲဒီ သဘောတွေကို ဖော်ကျူးထားပါတယ်။

အခြေခံအားဖြင့် လက်စွပ်တစ်ကွင်းမှာ အပိုင်း (၃) ပိုင်း ပါဝင်နေပါတယ်။ စက်ဝိုင်းပုံအပိုင်း ဒါမှမဟုတ် ကွင်း၊ အခွေ(the circle or hoop)တစ်ခု၊ ပခုံးပိုင်း-ခေါင်းပိုင်း (the shoulders)နဲ့ မျက်နှာပြင် (the bezel) တို့ပါ။

ကွင်းပိုင်းဟာ ကန့်လန့်ဖြတ် အနေအထားမှာ စက်ဝိုင်းပုံ၊ တစ်ဝက်တစ်ပျက်စက်ဝိုင်းပုံနဲ့ လေးထောင့်ပုံတို့ ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ခပ်ပြားပြား အခွေတစ်ခုလည်းဖြစ်နေတတ်ပါရဲ့။

ပခုံးပိုင်းကတော့ လက်စွပ်အပိုင်းရဲ့ ခပ်ထူထူအပိုင်းဖြစ်ပြီး The bezel ကို ထောက်ပံ့ထားနိုင်အောင်လည်း ကြီးနေရပါတယ်။



ပုဂံမြို့ တောင်ဘီရွာမှရသော
'သက်ရှည်တန်ဆိပ်တော' စာတန်းပါ တံဆိပ်



ပုဂံမြို့ တောင်ဘီရွာမှရသော
'ဝတ်ဘုတန်ဆိပ်တော' စာတန်းပါ တံဆိပ်

The bezel ကတော့ လက်စွပ်ရဲ့ ထိပ်ပိုင်းဖြစ်ကာ အဲဒါဟာ ခပ်ရိုးရိုးနဲ့ မျက်နှာပြင်အပြားလည်း ဖြစ်နိုင်သလို ကျောက်မျက်ရတနာတစ်ခုခုဒါမှမဟုတ် အခြားအဆင်တန်ဆာတစ်မျိုးမျိုးကို ထိန်းထားဖို့ ဒီဇိုင်းထုတ်ထားတာမျိုးလည်း ဖြစ်တတ်ပါတယ်။

## ရှေးဟောင်းအီဂျစ်တို့ရဲ့လက်စွပ်များ

အစောဆုံးကာလကတည်းကရှိနေပြီဖြစ်တဲ့လက်စွပ်တွေကို ရှေးဟောင်းအီဂျစ်သင်္ချိုင်းတွေမှာ တွေ့ရှိခဲ့ရတယ်။ အီဂျစ်လူမျိုးတွေဟာ မူလကတော့ ဝတ်ဆင်သုံးစွဲသူရဲ့ စစ်မှန်ကြောင်းတံဆိပ်တုံးတွေ၊ အမှတ်တံဆိပ်တွေနဲ့ မျက်နှာပြင်မှာ သက်သေအမှတ်အသားထွင်းထုထားတဲ့ တံဆိပ်တုံးလက်စွပ် (signet ring) တွေကိုလည်း သုံးစွဲဝတ်ဆင်လေ့ရှိကြပါတယ်။ အီဂျစ်အမှတ်တံဆိပ်ပါ လက်စွပ်တွေမှာ ပုံမှန်အားဖြင့် ပိုးတောင်မာ (scarabs) (beetles) ပုံတွေ၊ ပိုင်ရှင်ရဲ့ အမည်နာမတွေ၊ ဘွဲ့တံဆိပ်တွေကို ရွှေသားမျက်နှာပြင် ခပ်မြှောင်းမြှောင်းမှာ အရုပ်စာ (hieroglyphic characters) နဲ့ ခပ်နက်နက်ထွင်းထုပြီးမြှုပ်ထားတာတွေ ရှိတတ်ကြတယ်။

## ရှေးဟောင်းဂရိတွေရဲ့လက်စွပ်များ

ရှေးဟောင်း ဂရိတွေကတော့ လက်စွပ်တွေကို အဆင်တန်ဆာအတွက်သာ ခပ်ရိုးရိုးပဲ အသုံးပြုဖို့ နှစ်သက်ခဲ့ကြပါတယ်။ များသောအားဖြင့် ရွှေကို အပြားလိုက်ပတ်ပြီး ဝတ် ဆင်တတ်ကြတယ်။ ဟယ်လင်းနစ်ကာလ (the Hellenistic period) မှာတော့ မျက်နှာပြင်မှာ သတ်သတ်လုံးချောသွေးထားတဲ့ ကျောက် (cabochon stones) တွေကို စတင်ပြီး ထည့်သွင်း အသုံးပြုလာကြတယ်။ ကာနေးလီယမ်း (carnelians)၊ ဂေါ်မုတ်နီခေါ် ဥဒေါင် (garnet) စတဲ့ ကျောက်တွေ၊ ဒါမှမဟုတ် ဖန်သား-ချက်ကျောက် (vitreous pastes) တွေကို သုံးခဲ့ကြတာပါ။

## ရှေးခေတ်က ရောမတွေရဲ့ ရှေးဟောင်းလက်စွပ်များ

ရောမမှာတော့ လက်စွပ်တွေဟာ လူမှုရေးအခြေအနေအတွက် အရေးပါလှတဲ့ သင်္ကေတအမှတ်အသားဖြစ်ရဲ့။

ရောမရီပတ်ဘလစ် (the Roman Republic) ရဲ့ အစောပိုင်းရာစုနှစ်တွေမှာ လက်စွပ်အများစုဟာ သံထည်တွေဖြစ်ပြီး လွတ်လပ်စွာ မွေးဖွားလာသူတိုင်း ဝတ်ဆင်နိုင်ပါရဲ့။ သို့ပေမယ့်လည်း ရွှေသားလက်စွပ်တွေ ဝတ်ဆင်ဖို့ကိုတော့ အဆင့်မြင့် ရုံးပြင်ကနားတက်တဲ့ အချို့သော လူတန်းစားလွှာတွေအတွက်သာ ဖြစ်တယ်လို့ ဥပဒေနဲ့ကန့်သတ်ထားပါတယ်။ ဒါပေမယ့် ဘီစီတတိယရာစုရောက်တော့ လက်စွပ်ဝတ်ဆင်နိုင်တဲ့ အထူးအခွင့်အရေးဟာ သူကောင်းမြို့အဆင့်အတန်း ဒါမှမဟုတ် လူမှုရေးအဆင့် စာနာ ထောက်ထားရမယ့်သူတွေအထိတိုင် ကျယ်ပြန့်သွားပါတော့တယ်။ အထူးသဖြင့် အေဒီ ၃ ရာစုမှာတော့ ရောမအင်ပါယာအတွင်း ကျွန်တစ်ယောက်ယောက်မှတစ်ပါး မည်သူမဆိုမှာ ရွှေလက်စွပ် ဝတ်ဆင်ခွင့်ရသွားပါပြီ။ လွတ်လပ်တဲ့ကျွန်တွေကတော့ ငွေလက်စွပ်ဝတ်ဆင်နိုင်ပြီး ကျန်ကျွန်တွေကတော့ သံထည်လက်စွပ်မျှသာ ဝတ်ဆင်နိုင်ကြပါတယ်။ စားသောက်ရေးစီမံခန့်ခွဲရသူအမျိုးသားတွေ၊ အိမ်

www.burmeseclassic.com

www.burmeseclassic.com

…င်ရှင်မတွေဟာ လက်ထပ်လက်စွပ် …ဆင်ထားကြပြီး တစ်ခါတစ်ရံမှာ … တွဲလျက်အနေနဲ့ အိမ်ထောင်ထိန်း …ရေးမှာ တာဝန်ရှိကြောင်းပြတဲ့ …နဲ့ သော့ချောင်းလေးတွေတောင် …ပါတတ်ကြသေးရဲ့။

အလားတူပဲ ရောမသားတွေဟာ …ကြင်ဘက်လိုင်နဲ့ လက်ထပ်ဖို့ ကတိ …တ်ပြုတဲ့၊ လက်ထပ်ခွင့်လက်စွပ် (…thal rings) တွေ၊ စေ့စပ်ကြောင်း …လက်စွပ် (engagement rings) …ဝတ်ဆင်တဲ့ဓလေ့ကို စတင်ခဲ့ကြသူ …လို့လည်း တွေးထင်ကြတယ်။

**…ယ်ခေတ်ကာလ ခရစ်ယာန်များနဲ့ …က်စွပ်ဝတ်ဆင်တဲ့ဓလေ့**

အစောပိုင်း ခရစ်ယာန်တွေဟာ …က်စွပ်ဝတ်တဲ့ဓလေ့ကို ဆက်လက် …က်ခံနေပါတယ်။

အလယ်ခေတ် (Middle Ages) …လ၊ ၅ ရာစုမှ ၁၅ ရာစုအတွင်းမှာတော့ အသစ်ခန့်တဲ့ ဘိရှော့ (Bishop) ဘုန်းကြီးတွေဟာ သူတို့ကို ဘာသာရေးဘွဲ့တွေ ဆက်ကပ်ချိန်မှာ လက်စွပ်လက်ခံရတာဟာလည်း ဓလေ့ထုံးစံရဲ့ အစိတ်အပိုင်းတစ်ခုပါ။ ရိုမင်ကက်သလစ်ဘုရားကျောင်းတွေမှာတော့ ဘိရှော့ဘုန်းကြီးတွေကို ဘွဲ့-ဂုဏ်ဒြပ်တစ်ခုအနေနဲ့ ဘုရင်ဂျိဂိုဏ်းအုပ်လက်စွပ် (episcopal rings) တွေကိုတောင် ပေးအပ်ခဲ့ကြတယ်။ ပုပ်ရဟန်းမင်းကို တင်မြှောက်ခွင့်ရှိသူ ရေဖျန်းခရစ်ယာန်ဘုန်းတော်ကြီးတွေကလည်း ပုပ်ရဟန်းမင်းကြီးဆိုင်ရာလက်စွပ် (papal rings) လို့ခေါ်ကြတဲ့လက်စွပ်တွေကို ပုပ်ရဟန်းမင်းကြီးထံပေးအပ်ကြရဲ့။ အလယ်ခေတ်ဥရောပတစ်လွှားမှာတော့ တံဆိပ်တုံးလက်စွပ်(Signet-ring)တွေဟာ ဘာသာရေး၊ ဥပဒေကြောင်းနဲ့ အရောင်းအဝယ်စီးပွားရေးအရ အလွန်ပဲအရေးပါလှပါတယ်။

**တံငါသည်လက်စွပ်**
**(The Fisherman's Ring)**

ပုပ်ရဟန်းမင်းကြီးတွေဝတ်ဆင်ရတဲ့ တံငါသည်လက်စွပ် (the Fisherman's Ring) လို့ အမည်ရတဲ့ ကြီးမားလှစွာသော လက်စွပ်ကြီးဟာ တံဆိပ်တုံးလက်စွပ် (Signet-ring) မျိုးပါ။ အဲဒီလက်စွပ်ကြီးကို ကြေးနဲ့လုပ်ပြီး ရွှေချထားပါတယ်။ အဲဒီလက်စွပ်ကြီးကတော့ စိန့်ပီတာ(St. Peter)ငါးဖမ်းလှေပေါ်မှာ တံငါသည်ဖြစ်ခဲ့တာကို အသွင်ဆောင်စေတာဖြစ်ရဲ့။ လက်စွပ်ရဲ့ အနားပတ်ပတ်လည်မှာ စိုးစံခဲ့တဲ့ ပုပ်ရဟန်းမင်းကြီးရဲ့ အမည်ကို ရေးထိုးထားပါတယ်။ ဒီလက်စွပ်ကို ပုပ်ရဟန်းမင်းကြီးတွေက အစဉ်အလာထုံးဓလေ့အရ ခရစ်ယာန်ဂိုဏ်းချုပ်ရဲ့ မှတ်တမ်းမှတ်ရာတွေ ပြုလုပ်ရာမှာ တံဆိပ်တုံးအဖြစ် အသုံးပြုခဲ့ကြတာပါ။ ၁၃ ရာစုလောက်ကတည်းက ကိုယ်ရေးပုဂ္ဂလိကပေးစာတွေမှာ



တောင်ခွင်မြို့မှရသော
'…ဦန်နရပ်တန်ဆိပ်တော်' စာတန်းပါ တံဆိပ်



ဟန်လင်းမြို့ဟောင်းမှရသော
'ယယေ' စာတန်းပါ တံဆိပ်



သရေခေတ္တရာမြို့ဟောင်းမှရသော
'ရှပတိ' စာတန်းပါ တံဆိပ်



ဟန်လင်းမြို့ဟောင်းမှရသော
'ဓယာဓိန်' တံဆိပ်ပါ တံဆိပ်



ပုဂံမြို့ မင်းနန်းသူရွာမှရသော
'သင်ကြီးငပံသင်တန်ဆိပ်တော်' စာတန်းပါ
တံဆိပ်



တကောင်းမြို့မှရသော
'သင်ကြီးကြွယ်သင်တန်ဆိပ်' စာတန်းပါ
တံဆိပ်

www.burmeseclassic.com

တံဆိပ်တုံးအဖြစ်သုံးခဲ့ကြပြီး ၁၅ ရာစု ထဲက ပုပ်ရဟန်းမင်းကြီးဆိုင်ရာလုပ်ငန်း နဲ့စပ်ဆိုင်တဲ့ ညွှန်ကြားရှင်းလင်းချက်တွေ အတွက်သုံးခဲ့ကြတယ်။ ဒါဟာ ပုပ်ရဟန်း မင်းကြီးရဲ့ တံဆိပ်တုံးနှစ်ခုထဲက တစ်ခု ဖြစ်ပြီး ကျန်တံဆိပ်တုံးတစ်ခုကတော့ ပုပ်ရဟန်းမင်းကြီးရဲ့ အမိန့်ကြေညာချက် တွေအတွက် ခဲနဲ့ပြုလုပ်ထားတဲ့ နွားလား ဥသဘရုပ် (bulla) ပါ။ ဒီလက်စွပ်ကို အသစ်ရွေးကောက်တင်မြှောက်လိုက်တဲ့ ပုပ်ရဟန်းမင်းကြီး ပေါ်ထွက်လာတိုင်း ရရှိကြပြီး ပုပ်ရဟန်းမင်းကြီးတွေကွယ်လွန် သွားတဲ့အခါတိုင်းမှာလည်း လူထုရှေ့မှာ ပဲ ပုပ်ရဟန်းမင်း တင်မြှောက်ထားသူ ဘုန်းတော်ကြီး (the cardinal camerl-engo) တွေက ဖျက်ဆီးပစ်လိုက်ကြရပါ တော့တယ်။

**အလယ်ခေတ်ကာလ မင်းခမ်းမင်းနားသုံး လက်စွပ်များ**

အေဒီ ၁၁၀၀ - ၁၄၀၀ ခန့် အလယ်ခေတ်ကာလ (medieval times) မှာကတည်းက ဘုရင်တွေရဲ့ဘိသိက်ခံ ချိန် (coro-nation) မှာ လက်စွပ်တွေ ဆက်သရတဲ့ဓလေ့ရှိခဲ့ပါပြီ။ ၁၆ ရာစု မှာတော့ လက်စွပ်သုံးစွဲမှုခေတ်စားလာ ခြင်းဟာ အထွတ်အထိပ်ကိုရောက်သွား ပါတော့တယ်။ ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတွေ စီခြယ်ထားတဲ့ လက်စွပ် တွေကို တစ်ကွင်းမက အကွင်းကွင်း တောင် လက်တွေမှာဝတ်ဆင်လာကြရဲ့။

အဲဒီလို အမျိုးအစားတွေ့အပြင် အထိမ်းအမှတ်လက်စွပ် (memorial rings) တွေလည်း ရှိပါသေးတယ်။ အဲဒီ လက်စွပ်တွေအပေါ်မှာတော့ အမည် နာမ၊ သေဆုံးတဲ့ရက်စွဲ ဒါမှမဟုတ် သေဆုံးကွယ်လွန်သွားသူရဲ့ရုပ်ပုံစံ (the effigy) ကိုတောင် ထွင်းထုထားတတ် ကြရဲ့။

သေးငယ်တဲ့ (posy rings) လက် စွပ်ဆိုတာရဲ့အပေါ်မှာတော့ ကမ္ပည်းစာ (inscription) တစ်ခုခု ဒါမှမဟုတ် ကဗျာ စာကြောင်းအချို့ကိုတောင် ရေးထွင်း ထားပါတယ်။ ခါးလှည့်လက်ဖွဲ့ (talis-mans) အဖြစ် ဝတ်ဆင်တဲ့ talismanic ring၊ အဆောင် (amulets) အဖြစ် အ သုံးပြုတဲ့၊ လျှို့ဝှက်ဆန်းကြယ်တဲ့ လော ကီပညာ၊ ဂန္ဓာရီကျင့်စဉ် ဂမ္ဘီရ (occult rings) လက်စွပ်တွေကတော့ မှော်ဆန် တဲ့ ပယောဂအစွမ်းသတ္တိတွေ ပေးပါ တယ်။ အဆိပ်လက်စွပ် (poison rings) တွေမှာတော့ မျက်နှာပြင်ပိုင်းကို အံဝှက် နဲ့ အခေါင်းပြုလုပ်ထားပြီး သူများကို သေကြောင်းကြံစည်ဖို့ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ ဦးတည်ချက်တွေနဲ့ အဆိပ် တွေထည့်ထားကြရဲ့။ အလားတူပဲ မျက်နှာပြင်ကိုဖွင့်နိုင်တဲ့လက်စွပ်တွေကို သံယောဇဉ်တွယ်တာမိသူအား အောက် မေ့တမ်းတဖို့ အမှတ်တရလက်ဆောင် အဖြစ် အသေးစားလေးတွေလုပ်ပေး တတ်ကြပြန်ပါတယ်။

၁၉ ရာစုမှာ လက်စွပ်အမျိုးအစား တွေအကြား အစဉ်အလာထားရှိခဲ့တဲ့ ထူးခြားမှုတွေဟာ အများအားဖြင့် ကျ ဆင်းပြိုကွဲသွားပါတော့တယ်။ အမျိုးမျိုး အစားစားသော လက်စွပ်တွေဟာ အတိတ်က စတိုင်-ဟန်တွေကို အမှတ်ရ စိတ်ကူးကြည့်စရာသာ ဖြစ်သွားပေါ့။ အရည်အသွေးတောင်းမွန်လှတဲ့ ခေတ် မီလက်စွပ်တွေအများစုဟာ စက်နဲ့ပြုလုပ် ထားတာတွေသာ ဖြစ်ပါတယ်။ အများ အားဖြင့် ရွှေတွေ၊ ငွေတွေ၊ ပုံမှန်အရွယ် အစားရှိတဲ့စိန်တွေနဲ့ အခြားသော အဖိုး တန်ကျောက်တွေလည်း ပါဝင်နေကြ ပါတယ်။ အဲဒါတွေကို သာမန်အဆင် တန်ဆာ ဒါမှမဟုတ် စေ့စပ်ဖို့၊ လက် ထပ်ဖို့ ကတိသစ္စာပြုတဲ့ ရည်ရွယ်ချက်နဲ့ သာ ဝတ်ဆင်ကြလေရဲ့။

**ရှေးဟောင်းတံဆိပ်တုံး**
**(Ancient Seal and stamps)**

ရှေးခေတ်အခါက တံဆိပ်တုံးတွေ ကို လျှို့ဝှက်ချက်တွေ၊ သဘောတူညီ ချက်တွေ၊ အရောင်းအဝယ်ကိစ္စတွေနဲ့ တာဝန်ယူရတဲ့ မှတ်တမ်းမှတ်ရာတွေမှာ နှစ်ပေါင်းထောင်ချီပြီး သုံးခဲ့ကြပါတယ်။ အစောဆုံးသော တံဆိပ်တုံးတွေနဲ့ ပုံနှိပ် မှုကို ကျောက်တုံးပေါ်မှာ အက္ခရာ ဒါမှ မဟုတ် ထွင်းထုထားတဲ့ ဒီဇိုင်းတွေနဲ့ အသုံးပြုကြတယ်။ အဲဒီ ကျောက်တံဆိပ် တုံးကို ခပ်စိုစိုရှိတဲ့ ရွှံ့ပေါ်မှာဖြစ်ဖြစ်၊ ဖယောင်းပေါ်မှာဖြစ်ဖြစ် ဖိနှိပ်လိုက်ပြီး ထင်ရှားတဲ့ မှုပွားတံဆိပ်တွေကို ဖန်တီး ယူကြပါတယ်။ ဖော်ပြပါ နွားရုပ်ပါတဲ့ တံဆိပ်တုံးကို အိန္ဒိယပြည်ကနေ ရှာဖွေ တွေ့ရှိတာပါ။ ဒါဟာ ၂၃၀၀ နဲ့ ၁၇၅၀ ဘီစီအတွင်းကာလကသုံးခဲ့တဲ့ စံနမူနာ ပြလို့ ယူဆရပါတယ်။

**မြန်မာ့ရှေးဟောင်းကျောက်တံဆိပ်တုံးများ**

ရှေးဟောင်း သုတေသနဌာနက ယနေ့ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွား ပြီဖြစ်တဲ့ ပျူမြို့ဟောင်းတွေကို လေ့လာ စူးစမ်းပြီး ရှာဖွေတူးဖော်ရာမှာလည်း ကျောက်တံဆိပ်တုံးတွေ တံဆိပ်နှိပ်ရာ တွေကို တွေ့ရှိရပါတယ်။

၁၉၅၈-၅၉ ခုနှစ်အတွင်း တောင် ကွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းကို ပထမဆုံးအကြိမ်တူးဖော်တဲ့အခါ တံဆိပ် ရာပါတဲ့ ရွှံ့တုံးငယ်တစ်ခုကို ကုက္ကိုခွ အမှတ် (၂) ကုန်းမှာ တူးဖော်တွေ့ရှိ ခဲ့ပါတယ်။ တံဆိပ်ရာရဲ့အလယ်ဗဟိုမှာ ဗိန္ဒုပြောက်တစ်ခုပါပြီး အဲဒီဗိန္ဒုပြောက် ကို ပတ်ချာဝိုက်ပြီး စာတန်းထိုးထားရဲ့။ စာတန်းထိပ်မှာ 'သွတ္တိ' လို့ခေါ်တဲ့ စကြာ ပုံအမှတ်အသား ပါရှိပါတယ်။ စာတန်း ရဲ့ အဓိပ္ပာယ်ကတော့ 'သံဃသီရိ' လို့ ဖြစ်တယ်။

ဟန်လင်းကြီး - ပျူမြို့ဟောင်းမှာ လည်း ကျောက်တံဆိပ်တုံးတွေကို တွေ့ ရှိခဲ့ပြန်တယ်။ ကျောက်လက်နက်ပစ္စည်း (Stone implements) ၄၀ လောက်ကို တော့ မတူးမဆွရဘဲ မြေမျက်နှာပြင်မှာ ပဲ ရှာဖွေတွေ့ရှိခဲ့ရတယ်။ ကျောက်လက် နက်တွေထဲမှာ အများဆုံးတွေ့ရတဲ့ ပုံသဏ္ဌာန်ကတော့ ပဲခွပ် (adze) နဲ့ ကျောက်ကွင်း(ring-stone)တွေပါ။ အဲဒီ ကျောက်လက်နက်တွေနဲ့အတူ 'ဒယာ-ဒါနံ' (Daya-danam) ဆိုတဲ့ စာလုံးရိုက် နှိပ်ထားတဲ့ကုံ့ကူဆံကျောက်(soapstone) ခပ်ပြားပြားလေးကိုလည်း တွေ့ရှိရပါ တယ်။ အဲဒါကတော့ တူးဖော်တွေ့ရှိမှု မှာ အရေးအပါဆုံးပစ္စည်းပါပဲ။ ထူးခြား တာကတော့ ယနေ့ခေတ် အာဆီယံ အဖွဲ့ဝင် ကမ္ဘောဒီးယား (Cambodia) နိုင်ငံဖြစ်တဲ့ ကမ်ဘူးချား (Kam-pucha) နိုင်ငံရဲ့ အော့-အီး (the Oc-Eo) အရပ် မှာ ရှာဖွေတွေ့ရှိခဲ့ရတဲ့ ရှေးဟောင်း ပစ္စည်းနဲ့လည်း ထပ်တူဖြစ်နေပါတယ်။

အလားတူပဲ သေးငယ်ပြီး ဘဲဥပုံ ခပ်ပြားပြားလေးတစ်ခုကို အဖိုးသိပ်မတန် လှတဲ့ကျောက် (Semi-preciousstones) ဖြစ်တဲ့ (agate) စေတီကျောက်နဲ့ ပြုလုပ် ထားပြီး အဲဒါရဲ့ မျက်နှာပြင်ထက်မှာ (Daya-danam) (',m-'geH) ဆိုတဲ့ စာလုံး ကိုလည်း ၅ ရာစုခေတ် အိန္ဒိယတောင် ပိုင်းအက္ခရာ(South Indian character)နဲ့ ရေးထွင်းဖော်ပြထားပါတယ်။ ဒါဟာ အလှူရှင်တစ်ဦးဦးရဲ့အမည်ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။ ဒီကျောက်တုံးပြားလေး ဟာ တံဆိပ်တုံးကျောက် (signet stone) ဖြစ်ပြီး သတ္တုထည်လက်စွပ်တစ်ကွင်းမှာ တပ်ဆင်ထားတာပါ။ အဲဒီလို ပုံသဏ္ဌာန် နဲ့ စာလုံးထွင်းထားတဲ့ တံဆိပ်တုံး



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တွေကို အင်ဒိုချိုင်းနား (Indo-china) က ဖူနန် (Funan) ဒေသမှာ လည်း တွေ့ရှိရပါတယ်။

'ရှေးဟောင်းမြန်မာ့မြို့တော်များ' စာအုပ်ထဲက ရှေးဟောင်းသုတေသန ပညာရှင် ဆရာဦးမြင့်အောင် ရေးသား တဲ့ 'ဟန်လင်းမြို့ဟောင်း' အပိုင်းမှာ တော့ -

၁၉၆၅ - ၁၉၆၆ ခုနှစ်အတွင်း ဟန်လင်းမြို့ဟောင်းတူးဖော်မှုမှ ဝေါဒန် ကျောက်တံဆိပ်တစ်ခု ရရှိသည်။ ယင်း ကျောက်တံဆိပ်တွင် အက္ခရာစာလုံးများ ကို လုပသေသပ်စွာ အကြွဖော်ထား သည်။ အက္ခရာစာလုံးများကို တိုက်ရိုက် ဖတ်ရှုနိုင်သည်။ စာတန်းမှာ 'ဒယာ့ဒါန်' ဟူ၍ အကြောင်း တွေ့ရသည်။ အဓိပ္ပာယ်မှာ 'သနားခြင်းရှိ၍ ပေးကမ်းတတ်သူ' ဟု ဆိုသည် -

လို့ ဖော်ပြထားပါတယ်။

ဟန်လင်းမြို့ဟောင်းမှ တွေ့ရှိ သော အခြားတံဆိပ်တစ်ခုကို ဟန်လင်း ရွာ ညောင်ကိုးပင်ကျောင်း ဆရာ တော် ဦးနာဂထံတွင် မြင်တွေ့လေ့လာ ခဲ့သည်။ ယင်းကို ဟန်လင်းမြို့ဟောင်း အတွင်းတလဲတောမှ ရရှိသည်ဟု ဆိုကြပါ သည်။ အက္ခရာစာတန်းကိုလည်း တိုက် ရိုက်ဖတ်ရှုနိုင်သည်။ စာတန်းကို 'ဟဒေ္ဓ' ဟု ဖတ်ရှုနိုင်သည်။ လူအမည်ရေးထား ခြင်းဖြစ်မည်ဟု ယူဆရသည် -

လို့လည်း ဆရာကြီးက ထပ်မံ ဖော်ပြထားတာ တွေ့နိုင်ပါတယ်။

ဆရာဦးအောင်သော်ရဲ့ Historical sites in Burma စာအုပ်မှာလည်း-

*A very useful antiquity as collaborative evidence in dating the site is a small oval flat piece of agate inscribed with the word Daya-danam in South Indian characters of the 5th century. The name apparently denotes a donor and the object is probably meant as a signet stone to be set in a metal ring. Many such pieces similarly inscribed with this words were discovered at an ancient site, Oc-eo in the Hinduised state of Funan in Indo-China and incidentally one of those bear the identical name as this found at Halin.*

လို့ တင်ပြထားတာ တွေ့နိုင်ပါ တယ်။

ထိုနေရာ၏အချိန်ကာလကို ပူး



ပေါင်းပြီး သက်သေပြနိုင်သော အလွန် အသုံးဝင်လှသည့်ရှေးဟောင်းပစ္စည်းမှာ သေးငယ်သော ဘဲဥပုံခပ်ပြားပြားလေး တစ်ခုဖြစ်သည်။ယင်းကို စေတီကျောက် *(agate)* နှင့် ပြုလုပ်ထားပြီး ယင်း၏ မျက်နှာပြင်ထက်တွင် (ဒယာ-ဒါန်) *(Daya- danam)* ဟူသော စာလုံးကို လည်း ၅ ရာစုခေတ် အိန္ဒိယတောင်ပိုင်း အက္ခရာ *(South Indian character)* နှင့် ရေးထွင်းဖော်ပြထားပါသည်။ ထိုစာလုံး သည် အလှူရှင်တစ်ဦးကို ရည်ညွှန်းထား ဟန်ရှိကာ ယင်းပစ္စည်းသည် တံဆိပ်တုံး ကျောက်ဖြစ်နိုင်ပေသည်။ယင်းကို သတ္တု လက်စွပ်တစ်ကွင်းတွင် တပ်ဆင်ထား သည်။ ပါဠိစာလုံးများ ရေးထွင်းဖော်ပြ ထားသော ဤပစ္စည်းလေးနှင့်တူသည့် အရာများကို ရှေးဟောင်းနယ်မြေတစ်ခု ဖြစ်သည့် အင်ဒိုချိုင်းနားမှ ဟိန္ဒူမြို့ပြ *(the Hinduised state)* ထားသော ဖူနန်နယ် *(the Oc-Eo)* အရပ်တွင်လည်း ရှာဖွေ တွေ့ရှိရပါသည်။ ဟန်လင်းတွင် တွေ့ရှိ ရသလိုလည်း နာမည်များကို ရေးထွင်း ထားလေသည် -

လို့ ဖော်ပြထားတာပါ။

**စေတီကျောက်**

ပျူမြို့ဟောင်းတွေမှာ တွေ့ရှိရတဲ့ တံဆိပ်တုံးကျောက်ပြုလုပ်တဲ့ စေတီ ကျောက်ဟာ သလင်းကျောက်အုပ်စုဝင် ဖြစ်ပါတယ်။

'သလင်း' (စလင်း) ကျောက် (Quartz)ကတော့ ကမ္ဘာပေါ်မှာ အများ ဆုံးတွေ့ရတဲ့ 'တွင်းထွက်' ပါ။ မီးသင့် ကျောက်၊ အနည်ကျကျောက်နဲ့ အသွင် ပြောင်းကျောက်သုံးမျိုးလုံးမှာ တွေ့ရတဲ့ 'ကျောက်ပြုတွင်းထွက်မျိုး' ဖြစ်လို့ပါပဲ။ သလင်းကို သမိုင်းမတင်မီခေတ်များက တည်းက စသုံးခဲ့တယ်။ ကျောက်လက် နက်ပစ္စည်းတွေအဖြစ်သုံးခဲ့ကြတဲ့ မီးခတ် ကျောက် (Flint) နဲ့ မီးခတ်ကျောက်ဖြူ (Chert) တွေဟာ သလင်းကျောက်အုပ် စုဝင်တွေပါ။ ယဉ်ကျေးမှုတွေတိုးတက် လာတဲ့ ရောမခေတ်မှာတော့ သလင်း ကျောက်ကို လက်ဝတ်လက်စားနဲ့ အလှ ပြပစ္စည်းတွေအဖြစ်သုံးလာကြပါပြီ။ မိမိ မြတ်နိုးတဲ့သူတွေ၊ အုပ်ချုပ်တဲ့အရှင် သခင်တွေရဲ့ပုံတူတွေကို ဖောင်းကြွရုပ် တု (Camero)၊ ချိုင့်ခွက်ရုပ်တု (Intanglio) များ ပြုလုပ်ပြီး လည်ဆွဲတန်ဆာနဲ့ လက်စွပ်အဖြစ် ဝတ်ဆင်ကြပါတယ်။ မြန်မာနိုင်ငံမှာတော့ သမိုင်းတင်ခေတ်ဦး နန်းတော်တိုင်များ၊ သလွန်တော်များမှာ သလင်းရောင်စုံကို မှန်စီရွှေချရာမှာ အသုံးပြုခဲ့ကြတယ်။

ကျောက်သလင်းဟာ ရေခဲကဲ့သို့ ကြည်လင်ပါတယ်။ ထိလိုက်ရင် အေးမြ တဲ့ခံစားမှုကိုပေးလို့ ဖန်နဲ့ကွဲပြားပါတယ်။ ဒါပေမယ့် ခရုပတ်အက်ရာတွေ့နိုင်တယ်။ ပုံဆောင်ခဲအရွယ်အစားကြီးကြီးမားမား တွေလည်း ရှိတယ်။ ခုခေတ်မှာတော့ ဘုရားစိန်ဖူးတော်ထုလုပ်ပါတယ်။ အိန္ဒိ ယ၊ သီရိလင်္ကာ၊ မိုးကုတ်စခန်းကြီးမှာ ထွက်ရှိတယ်။ ပုပ္ပားဒေသနဲ့ ကျောက် ပန်းတောင်းမြို့အနီး 'တောင်နီတောင်' မှာ အနီရောင်၊ နီညိုရောင်၊ အဝါရောင် (Citrine) နဲ့ ပယင်းရောင်တွေ ထွက်ပါ တယ်။

သလင်းကို 'ပုံဆောင်ခဲအက်တမ် တည်ဆောက်ပုံ'အရ အုပ်စုကြီး (၂) မျိုး ခွဲခြားထားတယ်။ 'ပုံဆောင်သလင်း အုပ်စု' နဲ့ 'ပုံဆောင်မွှားသလင်းအုပ်စု'ပါ။ ပထမအုပ်စုမှာ သလင်းဖြူ (White quartz)၊ နို့နှစ်ရောင်သလင်း၊ သလင်းညို (Brown quartz)၊ မီးခိုးသလင်း(Smoky quartz)၊ သလင်းဝါ (Citrine)၊ ခရမ်း ရောင်သလင်းခေါ်တဲ့ ခရမ်းစွဲ (Amethyst) များ ပါဝင်တယ်။ ဒုတိယအုပ်စုက တော့ စေတီကျောက်(Agate)၊ (Onyx)၊ ကာနေးလီးယန်း (Carnelian)-(cornelian), (Chryso-prase) ဆိုတဲ့ ကျောက် တွေပါဝင်တဲ့ ချယ်ဆီဒိုနီ(Chalcedony) တွေ ဖြစ်ပါတယ်။ ရှေးဟောင်းအဆင် တန်ဆာများမှာ အများဆုံး တွေ့ရတဲ့ ကျောက်တွေပါပဲ။

ကာနေးလီးယန်းဟာ အလင်း ရောင် ထိုးဖောက်နိုင်ပြီး အသင့်အတင့် တန်ဖိုးရှိတဲ့ကျောက်ပါ။ အနီရောင် ဒါမှ မဟုတ် နီညိုရောင်ရှိပါတယ်၊ ဝရိနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကံကြီးမားမင်းကေရာင်များနှင့်အစီအရင်အဆောင်ဂါထာများ(၂)

# ပျူစောထီးမင်းနှင့်အဆောင်မွန်တော်

သစ္စာဝါဒီဦးမြင့်အောင်

**မြတ်စွာဘုရားရှင်၏ဗျာဒိတ်တော်**

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်အခါက သုံးလောကထွတ်ထား အတုမဲ့ မဟာလူသား သကျမုနိဂေါတမဗုဒ္ဓမြတ်စွာ ပွင့်ထွန်းထင်ရှားရှိတော်မူစဉ်ကာလသမယဖြစ်သည်။ ဗုဒ္ဓမြတ်စွာသည် မဇ္ဈိမဒေသမှ ဒေသစာရီကြွတော်မူခဲ့ရာ ယခုကာလ ပုဂံမြို့ခေါ် အရိမဒ္ဒနာပြည်တည်ရာ မြန်မာနိုင်ငံအတွင်းသို့ ရောက်တော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် တန့်ကြည့်တောင်ထိပ်မှ ရပ်တန့်၍ ကြည့်တော်မူသောအခါတွင် ကမ်းပါးမြင့်ထက်ပေါက်ပင်ဖျား၌ ဥဗျိုင်းဖြူနှင့် ကျီးညိုနားလျက် ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွနှင့်နေသည်ကိုလည်းကောင်း၊ ထိုပေါက်ပင်ရင်းမှာပင် ဖားငယ်တစ်ကောင်ဝပ်လျက်နေသည်ကိုမြင်တော်မူ၍ ပြုံးတော်မူရာ နောက်တော်အပါးမှ ညီတော်အာနန္ဒာမထေရ်က မြတ်စွာဘုရားသခင်ပြုံးတော်မူသောအကြောင်းကို လျှောက်ထားရာ ဘုရားသခင်က -

"ချစ်သား အာနန္ဒာ၊ ငါဘုရားပရိနိဗ္ဗာန်ပြုတော်မူ၍ အနှစ်ခြောက်ရာငါးဆယ့်တစ်နှစ် ရောက်သောအခါ ဤအရပ်၌ ပြည်ကြီးတစ်ပြည်ဖြစ်ပေါ်လတ္တံ့။

ပေါက်ပင်ဖျားတွင် ဥဗျိုင်းဖြူနှင့် ကျီးညိုနားသည့်အလိုကား ထိုပြည်၌ အလျှုသီတင်းသုံးသည်လည်းများလတ္တံ့၊ သီတင်းမရှိသော ဒုဿီလလည်းများလတ္တံ့။

ပေါက်ပင်ခွ၌ ဖွတ်ပြိတ္တာလျှာနှစ်ခွနေသည့်အလိုကား ထိုပြည်သူတို့သည် လယ်ယာမလုပ်ဘဲ အရောင်းအဝယ်ကုန်သွယ်အသက်မွေးကြလျက် မမှန်သောစကားကိုသုံးသည်ဖြစ်၍ သစ္စာယွင်းယိုလတ္တံ့။

ပေါက်ပင်ရင်း၌ ဖားသူငယ်ဝပ်သည့်အလိုကား ထိုပြည်သူတို့သည် ဖား

နှယ် ဝမ်းချမ်း၍ သာယာစွာမွေ့လျော်ရ

လတ္တံ့။

ထိုပြည်ကို တည်ထောင်အစပြု

သော သမုဒ္ဒရာဇ်မင်းလက်ထက်တွင်

ငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး၊ ရှူးပျံတို့

သည်လည်း မင်းမူလတ္တံ့။

ထိုငှက်ကြီး၊ ဝက်ကြီး၊ ကျားကြီး

ရှူးပျံတို့ကို ဘုန်းလက်ရုံးအာဏာနှင့်ပြည့်

စုံသောမင်းသည် နှိမ်နင်းလတ္တံ့."

ဟူ၍ ဗျာဒိတ်တော်ထားတော်မူ

ခဲ့ပါသည်။

**လေးတော်ရှင် ပျူစောထီး**

ဗုဒ္ဓမြတ်စွာ ထင်ရှားပွင့်တော်မူ

သောအခါ မဟာနာမမင်းလက်ထ

ဝိဋ္ဋူဘပဘေးကြောင့် သာကီဝင်မင်းမြ

သော ဓဇရာဇာမင်းသည် နောက်ပ

အလုံးအရင်းနှင့်တကွ မဇ္ဈိမဒေသ

---

ရောမတွေရဲ့ တံဆိပ်တုံးကျောက်လက်စွပ်တွေမှာ သုံးလေ့ရှိတဲ့ကျောက်လည်းဖြစ်တယ်။ အိန္ဒိယမှာ အများဆုံးတွေ့ရှိရတဲ့ကျောက်ပါ။

**သွေးကျောက် (Bloodstone)**

သွေးကျောက်(Bloodstone)ကို အလားတူဘဲ ခရမ်းရောင်ရှိတဲ့ (heliotrope) လို့လည်း သိကြပါတယ်။ တန်ဖိုးအသင့်အတင့်ရှိတဲ့ကျောက်ဖြစ်ပြီး အာရှနဲ့ စကော့တလန်က the Hebrides ကျွန်းမှာ ထွက်ရှိပါတယ်။ နက်မှောင်တဲ့အစိမ်းရောင် ချယ်စီဒိုနီကျောက်မှာ အနီရောင် (jasper)ကျောက်အစက်အပြောက်တွေပါနေတဲ့ကျောက်ပါ။ ကောင်းကောင်းသွေးထားတဲ့ကျောက်ဖြစ်သွားတဲ့အခါ အနီရောင်အစက်တွေဟာ သွေးစက်တွေနဲ့ တူလာပါတယ်။ ရှေးကာလမှာနဲ့ အလယ်ခေတ်မှာတော့ သွေးကျောက်ဟာ ဖောင်းကြွ (cameos) ဆွဲသီးနဲ့ (intaglios) တွေအတွက် တန်ဖိုးရှိလှရဲ့။ ယနေ့အခါမှာတော့ တံဆိပ်တုံးလက်စွပ်တွေမှာသာသုံးပါတော့တယ်။

ကျောက်တံဆိပ်တုံးလက်စွပ်လေးတွေကနေ ရှေးခေတ်လူတို့ ပွန်းပွန်းတီးတီးဆက်သွယ်ခဲ့တဲ့ လူမှုရေးရာကိစ္စတွေကို တစေ့တစောင်း လေ့လာနိုင်ပါတယ်။ ဒါ့ကြောင့်လည်း 'စစ်ကနက်ရင်း' လို့ခေါ်တဲ့ ကျောက်တံဆိပ်တုံးလက်စွပ်လေးတွေ ဒါမှမဟုတ် အဲဒီ ကျောက်တံဆိပ်တုံးလက်စွပ်လေးတွေ ခတ်နှိပ်ထားတဲ့ ရွှံ့၊ ဖယောင်း စတဲ့ အောက်ခံတွေပေါ်က ကြွင်းကျန်နေတဲ့ အမှတ်အသားဖိနှိပ်ရာ၊ တံဆိပ်ရာတွေကို စိန်၊ ရွှေရတနာရှာသလိုပဲ ရှေးဟောင်းသုတေသီတွေက စူးစိုက်ရှာဖွေနေရတာပါ။

ကိုအေးမြင့်

(မဟာဝိဇ္ဇာ၊ ရှေး-သု)


**စာကိုး -**

- ဦးစိန်မောင်ဦး
  သရေခေတ္တရာမြို့ဟောင်း
  ရှေးဟောင်းမြန်မာ့မြို့တော်များ။
- ဦးစိန်မောင်ဦး
  မြန်မာနိုင်ငံရှိ ရှေးဟောင်း ကမ္ပည်း
  တံဆိပ်အချို့
  တက္ကသိုလ်ပညာပဒေသာ၊ ၁၉၇၀။
- ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ ၁၉၆၃-၆၄ခုနှစ်အတွက်
  နှစ်ချုပ်အစီရင်ခံစာ
- မြင့်အောင်၊ ဦး
  ဟန်လင်းမြို့ဟောင်း၊ ရှေးဟောင်း
  မြန်မာ့မြို့တော်များ။
- ဒေါက်တာသန်းထွန်း
  တံဆိပ်လက္ခဏာ ရည်ညွှန်းချက်
  ကလျာမဂ္ဂဇင်း၊ အောက်တိုဘာ
  ၁၉၉၆။
- ဒေါက်တာသန်းထွန်း၊
  မြန်မာသမိုင်းပုံ
  မုံရွေးစာပေတိုက်၊ ရန်ကုန်။
- "ring." "fisherman's ring." Encyclopædia Britannica, 2014.
- Dr.Khin Maung Nyunt, Lecture Notes, Halin, M.A I, 1st Semaster, 2005.
- U Myint Aung,"The Literary References on Beikthano, Halin and Srikshetra", 2004-5.
- Dr.Nai Pan Hla. "Symbolic Coins of South East Asia", 'The Working People's Daily, 1983.
- Dr.Than Tun "Halin", "Ancient Myanmar Cities II,III", Knowledge Journal.




www.burmeseclassic.com

www.burmeseclassic.com

ခွာလာခဲ့ရာ မြန်မာပြည် ဧရာဝတီ ညာ မလည်အရပ်သို့ ရောက်ရှိလာခဲ့ သာကီဝင်မျိုး နာဂဆိမ်မိဖုရားနှင့် တွေ့စုံဖက်ကြပြီး ရှေးတကောင်းပြည် ထပ်မံ တည်ထောင် စိုးစံခဲ့ရာမှ ပျက်တည်ခဲ့ပြီး တကောင်းနန်းရိုး အာဒိစ္စရာဇာမည်သော သာကီ င်းသည် ထိုမလည်အရပ်၌ ပြည်ရွာ သက်သဖြင့် မထင်ရှားသောအသွင် ရှောင်လွှဲထွက်ခွာကာ ဥယျာဉ်တောင် လုပ်ကိုင်အသက်မွေးကာနေခဲ့လေ သည်။

ထိုဥယျာဉ်တွင် နဂါးတွင်းရှိ၍ အခါကာလမလေ့အားဖြင့် လူအများ သည် နဂါးကို လေးမြတ်ရိုသေ ပူဇော် သားဆုပန်လေ့ရှိကြပါသည်။ နေသောအခါတွင် ထိုတောင်ယာ တိုင်နေသော မင်း၏မိဖုရားတွင် နှေ့ရ၍ နေ့လစေ့ရောက်သော တွင် အဆင်းအင်္ဂါလက္ခဏာဘုန်း နှင့်ပြည့်စုံသော သားတော်ကို ဖွား ၍ စောထီး ဟူသောအမည် မှည့် တွင်ခဲ့ပါသည်။

ဘုန်းသမ္ဘာရှင်ဖြစ်သော ထိုသတို့ ငယ်အား ထိုဥယျာဉ်ရှိ နဂါးမင်းနှင့် မိဖုရားတို့ကလည်း သားကဲ့သို့ ချစ် ၍ အမြဲမပြတ် စောင့်ရှောက်စောင်မ သည်။ သတို့သားငယ် ခုနစ်နှစ် ရွယ်ရောက်သောအခါ ထိုအရပ်ရှိ အတတ်၌ အပြီးတိုင် တတ်မြောက် ဆရာရသေ့ထံ အပ်နှံခဲ့သည်။

ဆရာရသေ့ကြီးကလည်း သတို့ ငယ်၏ ရူပနိကာယ်၊ သဒ္ဒနိကာယ် ည့် လုံးရပ်သဏ္ဌာန်ကြန်အင်လက္ခ တို့သုံးသပ်ဆင်ခြင်လျက် ဤသူငယ် တား မင်းမျိုးမင်းရိုးလည်း မှန်၏။ င်းသဏ္ဌာန်ကြန်အင်လက္ခဏာနှင့် ပြည့်စုံ၏။ မချွတ်ဧကန် အကြေ ၌မင်းအဖြစ်ကိုရလတ္တံ့ဟု စောထီး ည်ကို 'မင်းထီး' ဟု ခေါ်တွင်စေကာ လောင်းမင်းလျာတို့ တတ်အပ်သော ရေသအတတ်တို့ကို တစ်ဖက် တတ်မြောက်အောင် သင်ကြား ခဲ့လေတော့သည်။

မင်းထီး တစ်ဆယ့်ခြောက်နှစ် ယ်၌ အတတ်ပညာစုံ တတ်မြောက် ခမည်းတော်၊ မယ်တော်တို့ထံ ပုဂံ သို့ သွားရောက်လိုကြောင်း ခွင့်ပန် ရာ မိမိတို့သားကို မခွဲခွာလိုကြသော် ဆရာရသေ့မိန့်ဆိုခဲ့သော အကြေ ၌ မင်းဖြစ်လတ္တံ့ ဟူသည့် စကား အတိုင်း သားတော်၏ရှေ့ရေးကို မျှော်တွေး ခွင့်ပြုကြရကာ ဖခမည်းတော်က မင်းအဖြစ်၌ ကိုင်စွဲခဲ့သော ရတနာအတိပြီးသော လေးနှင့် မြားကို နှင်းအပ်လိုက်လေသည်။

လုလင်ပျိုမင်းထီးသည် မိခင်၊ ဖခင်တို့အား ကန်တော့နှုတ်ဆက်ကာ ရတနာလေးနှင့် မြားကိုစွဲကိုင်လျက် ပုဂံပြည်သို့ သွားရောက်ခဲ့ပြီး ပျူအိုလင်မယားထံတွင် နေထိုင်ခဲ့လေသည်။ ပျူအိုလင်မယားတို့ကလည်း မိမိတို့တွင် သားသမီးမရှိသောကြောင့် မင်းထီးအား သားအမှတ်ဖြင့် အလွန်ချစ်ကြည်စွာလုပ်ကျွေးမွေးမြူခဲ့ကြသည်။

တစ်နေ့သ၌ မင်းထီးသည် လေးနှင့် မြားတို့ကိုကိုင်စွဲကာ တောသို့လှည့်လည်ခွင့်ပြုပါရန် ပျူအိုလင်မယားအား ပန်ကြားလေလျှင် -

"ချစ်သား၊ မသွားပါလင့်။ ဤပြည်တွင် အရှေ့အရပ်၌ အလွန်ဆိုးသွမ်းလှသော ဝက်ကြီးတစ်ကောင်သည် အရံငါးရာနှင့်သောင်းကျန်းနေ၏။ အနောက်အရပ်တွင်မူ ကြောက်မက်ဖွယ်ရာ ကြမ်းကြုတ်လှသည့်ငှက်ကြီးတစ်ကောင်သည် အရံငါးရာနှင့်မင်းမူလျက်ရှိ၏။ တောင်အရပ်တွင်ကား ကျားဆိုးကြီးတစ်ကောင်သည် အရံငါးရာနှင့် သတ်ဖြတ်ဆိုးသွမ်းလျက်ရှိ၏။ မြောက်အရပ်မှာမူ ဆိုးသွမ်းလှသည့် ရှုးပျံကြီးတစ်ကောင်သည် အရံငါးရာတို့နှင့်ဖျက်ဆီးနှိပ်စက်လျက်ရှိ၏။

ထိုရန်သူတိရစ္ဆာန်ဆိုးတို့ကို မနှိမ်နင်းနိုင်၍ နေ့စဉ်နေ့တိုင်း ဝက်ဆိုးကြီးအား ထမင်းအလုံးခြောက်ဆယ်၊ ဖရုံသီးလှည်းကိုးစီး၊ ဖွဲနုလှည်းကိုးစီးပေးရ၏။ ငှက်ဆိုးကြီးကိုမူ တစ်နေ့တစ်နေ့လျှင် သမီးကညာတစ်ယောက်စီထွက်၍ ခုနစ်ရက်တစ်ကြိမ် ခုနစ်ယောက်ပေးရ၏။ ရှေးယခင် မဖြစ်ပေါ်ဘူးသော ထိုကြောက်မက်ဖွယ်ရန်သူတို့ ပေါ်ပေါက်ခဲ့သည်မှာ တစ်ဆယ့်နှစ်နှစ်တိုင်ခဲ့လေပြီ။ထို့ကြောင့် ချစ်သား မသွားပါလင့်"

ဟု ဆိုကြလေသည်။

ထိုအခါ လုလင်ပျိုမင်းထီးက မိဘသဖွယ်ဖြစ်သော ပျူအိုလင်မယားတို့အား မိမိအတွက် မစိုးရိမ်ကြရန် တောင်းပန်ခွင့်ပန်ပြီး နေလုလင်ကဲ့သို့ မိမိစွမ်းပကားခွန်အားသတ္တိအစွမ်းဖြင့် ရန်သူတိရစ္ဆာန်ဆိုးတို့ကို ရှာဖွေရန် ထွက်ခွာလာခဲ့ပြီး တောင်အရပ်ရှိ ကျားဆိုးကြီးကို လည်းကောင်း၊ မြောက်အရပ်ရှိ ရှုးပျံကို လည်းကောင်း၊ အရှေ့အရပ်ရှိ ဝက်ဆိုးကြီးကို လည်းကောင်း လေး၊ မြားနှင့်ခွင်းကာ သုတ်သင်နှိမ်နင်းလိုက်လေသည်။

ထို့နောက်တွင် မင်းထီးသည် အနောက်အရပ်ရှိ ငှက်ဆိုးကြီးထံ သွားရောက်နှိမ်နင်းရန် ထွက်ခွာလာခဲ့ရာတွင် ငှက်စာဆောင်သူသည် သားစားကြူးသည် ငှက်ဆိုးကြီးစားရန် မိန်းမပျိုခုနစ်ယောက်တို့အား ခေါ်ဆောင်လာသည်ကိုတွေ့ရာ အကြောင်းအကျိုးကို မေးမြန်းသိရှိ၍ -

"ထိုငှက်ဆိုးကြီးထံ ငါသွားနှိမ်နင်းအံ့။ မိန်းမပျိုတို့ကိုလွှတ်လေ"

ဆိုကာ ကာကွယ် စောင့်ရှောက်လေလျှင် မိန်းမပျိုခုနစ်ယောက်တို့သည် ငှက်ဆိုးကြီး နှုတ်သီးနှင့်ပေါက်သတ်အစားခံရမည့်အဖြစ် အသက်ဘေးမှ ကင်းလွတ်ရရှာကြရကား လုလင်ပျိုမင်းထီးအား အသက်သခင်ကျေးဇူးရှင်အဖြစ် ငှက်ဆိုးကြီးရန်ကို နှိမ်နင်းအောင်နိုင်စေကြောင်း ဆုတောင်းကြလေသည်။

ထို့နောက်တွင် လုလင်ပျိုမင်းထီးသည် ငှက်ဆိုးကြီးအား လက်စွဲတော်ရတနာလေးကို ဝဇီရစိန်သွားတပ်သော မြားဖြင့် ပစ်ခွင်းသုတ်သင်နှိမ်နင်းလိုက်နိုင်ပြီးနောက် ငှက်ကြီး၏ကိုယ်မှ ငှက်တောင်တစ်ချောင်းကိုနုတ်၍ မိန်းမပျိုခုနစ်ယောက်တို့အားရွက်စေရာ အနိုင်ပင်ရွက်ဆောင်ကြရကာ ပြည့်ရှင်မင်းကြီးအား ဆက်သရန် စေလွှတ်လိုက်လေသည်။

မိန်းမပျို ခုနစ်ယောက်တို့လည်း လမ်းခုလတ်မှာပင် ရှေ့ဆက်မရွက်သယ်နိုင်ကြသဖြင့် ငှက်ကြီး၏အတောင်ကိုချပစ်ခဲ့ကြရာ ယခုတိုင်ပင် ထိုအရပ်ကို 'ငှက်တောင်ပစ်' ဟုခေါ်ကြတာ ငှက်ဆိုးကြီးကို လေး၊ မြားဖြင့် ပစ်ခွင်းခဲ့သော အရပ်ကိုကား 'ငှက်ပစ်တောင်' ဟု ခေါ်တွင်ကြလေသည်။

မိန်းမပျို ခုနစ်ယောက်တို့သည် ငှက်ဆိုးကြီးအား နေလုလင်ကဲ့သို့ ရဲရင့်၍ ခွန်အားစွမ်းပကားရှိသော လုလင်ပျိုတစ်ယောက်က လေး၊ မြားဖြင့်ခွင်းသတ်နှိမ်နင်း၍ ငှက်ဆိုးကြီးသေလေပြီဖြစ်ကြောင်းကို မင်းကြီးအား နားတော်လျှောက်တင်ကြလေရာ မင်းကြီးသည် အလွန်အားရနှစ်သက်လှသဖြင့် လုလင်ပျိုမင်းထီးထံသို့ မှူးမတ်နောက်ပါတို့ဖြင့် သွားရောက်ရာတွင် တောင်ငယ်တစ်လုံး ပမာဏရှိသော ငှက်သေကောင်ကြီးနှင့် ရတနာလေး၊ မြားလုလင်ပျို မင်းထီးအား တွေ့လေသည်။

www.burmeseclassic.com

မင်းကြီးသည် လုလင်ပျိုမင်းထီးအား နှစ်သက်စွာ ရှုစားတော်မူ၍ -

"အမောင်လုလင်သည် ဤသို့သောရန်သူတို့ကို ဖြိုခွင်းခဲ့ပေသည်တကား။ အမောင်သည် အဘယ်သူ၏ အမျိုးအနွယ်ဖြစ်ပေသနည်း။ အဘယ်လက်နက်ဖြင့်ခွင်းဘိသနည်း"

ဟု ရွှင်ကြည်စွာ မေးတော်မူလေသည်။

ထိုအခါ မင်းထီးက မိမိအမျိုးအနွယ်ကို အမှန်အတိုင်းဆိုလေသော် သမုဒ္ဒရာဇ်မင်းကြီးသည် အလွန်နှစ်သက်သဘောကျ၍ ဤသို့ အမျိုးအနွယ်၊ ဘုန်းလက်ရုံး၊ ပညာနှင့် ပြည့်စုံသည့် လုလင်ပေတကားဟု သမီးတော် သီရိစန္ဒာဒေဝီနှင့် စုလျားရစ်ပတ် ထိမ်းမြားလက်ထပ်စေ၍ အိမ်ရှေ့အရာကိုပေးတော်မူခဲ့လေသတည်း။

ဤကား ရှေးပုဂံသမိုင်းဟောင်းနှင့်အညီ အစဉ်အဆက် နှစ်သက်မှတ်သားခဲ့သော စာစောင်မူဟောင်းလာ ပျူစောထီးမင်းအကြောင်း ဖြစ်ပါသည်။

အချို့သော ရာဇဝင်တို့တွင်ကား ဤသို့ ဒဏ္ဍာရီဆန်လှသော ပျူစောထီးမင်းအကြောင်းကို မူကွဲအဖြစ် တွေ့ရှိသည်ကိုလည်း ဖော်ပြလိုက်ပါသည်။

ဘောဂဝတီ နဂါးပြည်မှ ကာဘနဂါးမင်း၏သား နဂါးကြောင်၏ သမီး ဇံသီး အမည်ရှိသော နဂါးမလေးသည် သီလသီတင်းဆောက်တည်ရန်အလို့ငှာ လူ့ပြည်သို့လာရောက်ပြီး မလည်တောင်ယံ၌နေစဉ် နေမင်းသားနှင့်ယှဉ်ပါးမိခဲ့ကြရာမှ ပဋိသန္ဓေရှိလာခဲ့သည်။ နေမင်းသားသည် အကြောင်းကိစ္စရှိ၍ နေဗိမာန်သို့ပြန်သွားခဲ့ရာ နဂါးမလေးမှာ လွမ်းဆွတ်ကျန်ခဲ့ပြီး မျှော်လင့်စောင့်စားနေရာမှ ပဋိသန္ဓေရင့်မာလာ၍ ဖွားအုံသောဥမှ နေမင်းသားထံသို့ ဆက်သားအဖြစ် ကျီးဖြူတစ်ကောင်ကို စေလိုက်သည်။

နေမင်းသားက မိမိမလာရောက်နိုင်၍ ကျီးဖြူကို အထိမ်းအမှတ်အဖြစ် အဖိုးအနဂ္ဃထိုက်တန်သော ပတ္တမြားတစ်လုံးကို ထုတ်ပေးလိုက်သည်။ ကျီးဖြူပြန်လာခဲ့ရာလမ်းခုလတ်တွင် ကုန်သည်တို့ ထမင်းစားသည့်အခါ စွန့်ပစ်သောအကြွင်းအကျန်စားနုပ်စားပေါက်တို့ကို ကျီးတို့သဘာဝ ကောက်စားလို၍ ကျီးဖြူသည် ပတ္တမြားထုပ်ကို သစ်ပင်ခွကြား၌ထားခဲ့သည်။

ကျီးဖြူ စားနုပ်စားပေါက်တို့ကို အစာငမ်းကောက်စားနေစဉ် ကုန်သည်တစ်ယောက်က ကျီးဖြူသိုဝှက်ထားသော ပတ္တမြားကို ယူကာ မစင်ခြောက်ကို ပုံမပျက်ထည့်ထားခဲ့သည်။

ကျီးဖြူလည်း အစာကောက်စားပြီးသောအခါ သစ်ပင်ခွကြားမှထိုအထုပ်ကိုယူဆောင်ကာ နဂါးမင်းသမီးလေးထံပြန်လာခဲ့သည်။ ထို့နောက် နေမင်းသားပေးလိုက်သည့်အထုပ်ကို နဂါးမင်းသမီးထံပေးအပ်ရာ ဖြေကြည့်လိုက်သည်တွင် မစင်ခြောက်ကို တွေ့မြင်လိုက်ရသည့် နဂါးမင်းသမီးလေးမှာ အလွန်ဝမ်းနည်းကြေကွဲပြီး မိမိပဋိသန္ဓေကို တောင်ယံ၌ ဥထားခဲ့ပြီး လူ့ပြည်ကို ဖယ်ခွာလျက် နဂါးပြည်သို့ ပြန်သွားခဲ့ရှာလေသည်။

ထိုအခါတွင် တောလည်မုဆိုးတစ်ယောက်ကို နတ်တို့ဆောင်ယူ၍ နဂါးမလေးဥရာအရပ်သို့ ရောက်လေရာ မုဆိုးသည် ထိုအဥကိုတွေ့မြင်၍ ဝမ်းမြောက်စွာ ယူဆောင်လာခဲ့ရာမှ မိုးကြီးသည်းထန်စွာရွာ၍ ချောင်းမြောင်းတို့ပြည်လျှံကာရေစီးနေရာ မုဆိုးသည်သည် ချောင်းကိုဖြတ်ကူးစဉ်တွင် ထိုဥများသည် လက်မှလွတ်၍ ရေစီးအတိုင်း မျောပါသွားပြီး ရွှေရောင်ဥတစ်လုံးသည် မိုးကုတ် ကျောက်ပြင်အရပ်တွင် ထိခိုက်ကွဲသွားရာမှ ထိုအရပ်တွင် ကျောက်သံပတ္တမြားတို့ဖြစ်ခဲ့ကြောင်း။

ဥညိုတစ်လုံးကား ရေစီးအတိုင်းမျောပါရာမှ သင်းတွဲပြည်သို့ရောက်သွားကာ မိန်းမရတနာဖွားမြင်ခဲ့ပြီး ထိုသတို့သမီး အရွယ်ရောက်သောအခါ သင်းတွဲမင်းကြီး၏မိဖုရားမြှောက်တော်မူကြောင်း၊ အချို့သောရာဇဝင်တို့၌ ဂန္ဓာလရာဇ်တိုင်းသို့ရောက်ကြောင်း၊ အချို့ရာဇဝင်တို့၌မူကား တကောင်းသို့ရောက်ကြောင်း ဆိုကြပါသည်။

ဥဖြူတစ်လုံးမှာမူ ဧရာဝတီမြစ်တွင်းမျောလာခဲ့ရာမှ ညောင်ဦးအရပ်သို့ ရောက်လာသောအခါတွင် မြစ်ဆိပ်ရေချိုးဆင်းလာသည့် မြေခဲတွင်းရွာမှ ပျူအိုလင်မယားကတွေ့၍ ဆယ်ယူခဲ့ပြီး တူရွင်းတောင်ခြေ၌ သီတင်းသုံးသော ရှင်ရသေ့အားပြသရာ ရှင်ရသေ့က -

"ဤအဥကား ထူးဆန်းသည်သာမက မြတ်သောဥတည်း၊ ဤဥမှပေါက်ဖွားလာမည့်သူသည် ဘုန်းကံပညာကြန်အင်လက္ခဏာနှင့်ပြည့်စုံသောယောကျ်ားမြတ်ဖြစ်၍ ခပ်သိမ်းသောမြေအပြင်ရှိရန်သူတို့ကို နှိမ်နင်းနိုင်လတ္တံ့။ ဘုရားသခင်သာသနာတော်ကိုလည်း ဆောင်ရွက်လတ္တံ့"

ဟုမိန့်ဆိုလေရာ ပျူအိုလင်မယားသည် ထိုဥကို ကောင်းစွာစောင့်ရှောက်ထားရာမှ အခါစေ့သောအခါ ထိုဥမှ ဘုန်းလက္ခဏာကြန်အင်နှင့်ပြည့်စုံသောသတို့သားငယ်ကိုဖွားမြင်၍ မိမိတို့ရင်မှ ဖြစ်သောသားကဲ့သို့မွေးမြူစောင့်ရှောက် ကြီးပြင်းခဲ့ကြောင်း စသည်ဖြင့် ဒဏ္ဍာရီ ဆန်လွန်းစွာရေးသားခဲ့ကြသည်ကို တွေ့ ရှိရပါသည်။

### ကျေးဇူးသိတတ်သောပျူစောထီးမင်း

ပျူမင်းထီး အိမ်ရှေ့မင်းဖြစ်သော အခါ တစ်ဆယ့်ခြောက်နှစ်အရွယ်လုလင် ပျိုဖြစ်ပါသည်။ အိမ်ရှေ့မင်းဖြစ်၍ သုံးနှ ရှိသောအခါ သမုဒ္ဒရာဇ်မင်းကြီးနတ်ရွာစံ ခဲ့ပါသည်။ မင်းထီးသည် မင်းအရိုက် အရာကိုမိမိမယူဘဲ ကျေးဇူးရှိသောဆ ရသေ့ကို လူပြုစေကာ မင်းမြှောက်ခဲ့ သည်။ ရသေ့လူထွက်ဖြစ်သောကြော ထိုမင်းကို ရသေ့ကြောင်မင်းဟု ခေါ်တွ ကြပါသည်။ ထိုမင်းသည် သက္ကရာ ခုနစ်ဆယ့်လေးခုတွင် ရသေ့ကြော ဟူသောမင်းဖြစ်၍ အိမ်နိမ့်စံ ကိုးဆ တစ်နှစ်၊ စည်းစိမ် တစ်ဆယ့်ငါးနှစ်၊ သ တော် တစ်ရာ့ခြောက်နှစ်၌ နတ်ရွာစံခဲ့ သက္ကရာဇ် ကိုးဆယ့်ကိုးခုနှစ် ရော သည်တွင် ပျူမင်းထီးနန်းတက်ခဲ့ကြော ဆိုပါသည်။

ပျူစောထီးမင်းလက်ထက် ပွဲကြီ တစ်ဆယ့်နှစ်ပွဲကို ရာဇဝင်စာတင်ခဲ့သ ကို တွေ့ရပါသည်။

* ငှက်ဆိုးကြီးကို လေး၊ မြား ပျူစောထီး နှိမ်နှင်းခွင်းပစ်သေ ပွဲကြီးတစ်ကြိမ်။
* ဝက်ဆိုးကြီးကိုခွင်းသော ပွဲကြီ တစ်ကြိမ်၊
* ကျားဆိုးကြီးကိုခွင်းသော ပွဲကြီ တစ်ကြိမ်၊
* ရှူးပျံကြီးကိုခွင်းသော ပွဲကြီး ကြိမ်၊
* လူ၊ နတ်၊ နဂါး၊ သိကြား၊ ဗြ နတ်စောင်း၊ နတ်ညှင်းတီးမှ နန်းတက်သောပွဲကြီးတစ်ကြိမ်၊
* မယ်တော်နှင့် ရွှေစည်းခုံအရပ် ဖူးတွေ့ရသောပွဲကြီးတစ်ကြိမ်၊
* မရေမတွက်နိုင်သော စစ်အင်္ဂါ ပါးနှင့် ပုပ္ပားတောင်သို့တက်ရော သောပွဲကြီးတစ်ကြိမ်၊
* နိုင်ငံတော်ကျေးလက် မြစ် ကောသမ္ဘီမြို့သို့ ကျေးကျော်

www.burmeseclassic.com

…ရောက်သောအခါ မင်းကြီးကိုယ်တော်တိုင် ဆင်၊ မြင်းအလုံးအရင်း…နှင့် နှိမ်နင်းသော ပွဲကြီးလည်း တစ်ကြိမ်၊

…ပျူစောထီးမင်းကြီးလက်ထက်တွင် …ဘာနာမိုးသုံးကြိမ်ရွာ၍ ပြည်သူတို့ …တောက်သောပွဲကြီးတစ်ကြိမ်

…သည်ဖြင့် ပွဲကြီးတစ်ဆယ့်နှစ်ကြိမ် …ကြောင်းဆိုပါသည်။

ထို့ပြင် ပျူစောထီးမင်းကြီးသည် …ကောင်းတရားခုနစ်ပါး၊ မင်းကျင့် …ဆယ်ပါးနှင့်ပြည့်စုံပြီး ဗုဒ္ဓမြတ်စွာ …နာကို ချီးမြှောက်၍ ဂဝံပတေ့ …သိကြားတို့နှင့်တိုင်ပင်၍ အတွေ့ …သတွေ့သုဂါထာဦးတပ်သော မေမ့ …ကျမ်းကိုလည်း ပြုစုတော်မူခဲ့ပါ …ငှက်ကြီးဦးခွဲမြုပ်ရာအရပ်၌လည်း …နှင့် ဘုရားတည်ထားခဲ့ပြီး ငှက်ကြီး …များနှင့် နှိမ်နင်းပစ်ခွင်းသော …၌လည်း ထို့အတူ ဉမင်နှင့် ဘုရား …ထားတော်မူခဲ့ပါသည်။ ထို့ပြင် …ဝူ၊ ကျောင်း၊ လိုဏ်ခေါင်း၊ ဉမင် …ကို အနှံ့တည်ထားတော်မူခဲ့ပါသည်။ …ထီးမင်းကြီးသည် အမှုး၊ အမတ်၊ …သံပျင်အစရှိသော ရဟန်းရှင်လူ …သူအပေါင်းတို့အား ရင်မှဖြစ်သော …ကဲ့သို့ သနားကြင်နာ စောင့်ရှောက် …တော်မူခဲ့ပြီး အိမ်နိမ့်စံ သုံးဆယ့်ငါး …မင်းစည်းစိမ် ခုနစ်ဆယ့်ငါးနှစ်၊ သက် … တစ်ရာ့တစ်ဆယ်ရောက်သော …ခါတွင် နတ်ထီးစံတော်မူခဲ့ပါသည်။

ဤဘုန်းကံကြီးမားမင်းဧကရာဇ် …ဖြစ်တော်မူသော ပျူစောထီးမင်း …အစဉ်အမြဲအားထားရွတ်ဆိုခဲ့သော …ထက်မြက်သည့် ဂါထာ၊ မန္တန် …တို့ကို ဝိသေသပြု၍ ဖော်ထုတ် …လိုက်ပါသည်။

**ပျူစောထီးမင်းကြီး**
**…ကြီး ဝက်ကြီးတို့ကိုနှိမ်နင်းရာ၌**
**ရွတ်ဆိုသော ဂါထာတော်**

၁။ ဗုဒ္ဓေါ ရက္ခန္တု မံ နိစ္စံ၊
ဓမ္မော ရက္ခန္တု သဒါ။
သံဃော ရက္ခန္တု မံ နိစ္စံ၊
ဒီဃမာယုဘဝါမဟံ။

၂။ နမတ္ထုတေ သက္ကရာဇာ၊
ပစ္စုပ္ပန္နေ တီတေဘဝေ။
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

**…မြန်မာပြန်**

**ဗုဒ္ဓေါ** - မြတ်စွာဘုရားသည်၊ **မံ** - အကျွန်ုပ်ကို၊ **နိစ္စံ** - အမြဲ၊ **ရက္ခန္တု** - စောင့်ရှောက်တော်မူပါစေသတည်း၊ **ဓမ္မော** - ဆယ်ပါးသော တရားတော်သည်၊ **မံ** - အကျွန်ုပ်ကို၊ **သဒါ** - အခါခပ်သိမ်း၊ **ရက္ခန္တု** - စောင့်ရှောက်တော်မူပါစေသတည်း။ **သံဃော** - ပရမတ္ထသံဃာတော်သည်၊ **မံ** - အကျွန်ုပ်ကို၊ **နိစ္စံ** - အမြဲ၊ **ရက္ခန္တု** - စောင့်ရှောက်တော်မူပါစေသတည်း။ **အဟံ** - အကျွန်ုပ်သည်၊ **ဒီဃမာယု** - ရှည်သောအသက်ရှိသည်၊ **ဘဝါမိ** - ဖြစ်ရပါလို၏။

**ပစ္စုပ္ပန္နေ** - ယခုပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ **အတီတေဘဝေ**-အတိတ်ဖြစ်သောဘဝ၌လည်းကောင်း၊**သက္ကရာဇ**-သိကြားမင်း၊ **တေ** - သင်သိကြားမင်းအား၊ **အဟံ** - အကျွန်ုပ်သည်၊ **နမတ္ထု** - ရှိခိုးပါ၏။ **ဧတေနသစ္စဝဇ္ဇေန** - ဤသို့ဟုတ်မှန်သောစကားကြောင့်၊ **မေ** - ငါ့အား၊ **ဇယမင်္ဂလံ** - အောင်အပ်သောမင်္ဂလာသည်၊ **ဟောတု** - ဖြစ်ပါစေသတည်း။

ဤ ပျူစောထီးမင်းကြီး ရွတ်ဆိုသရဇ္ဈာယ်ခဲ့သောဂါထာတော်နှစ်ပုဒ်သည် အဖျတ္တရန်၊ ဗဟိဒ္ဓရန်ဟူသမျှကို အောင်မြင်စေနိုင်ကြောင်း ရာဇဝင်ချပ်များ၌ ညွှန်းဆိုထားပါသည်။

ထို့ပြင် ပျူစောထီးမင်းကြီးရွတ်ပွားခဲ့သော အစွမ်းထက်မြက်သည့် မန္တန်တော်တစ်ပုဒ်ကိုလည်းတင်ပြလိုပါသည်။ ထိုမန္တန်တော်မှာ ပုဂံပြည့်ရှင် သမုဒ္ဒရာဇ်မင်းကြီးနတ်ရွာစံသောအခါတွင် အလွန်ကျေးဇူးသိတတ်သော ပျူစောထီးသည် အိမ်ရှေ့စံဖြစ်သော်လည်း မင်းမပြုသေးဘဲ မိမိအား စောင့်ရှောက်ကျွေးမွေးပညာသင်ပေးခဲ့သောဆရာဖြစ်သည့် ရှင်ရသေ့ကို လူဝတ်လဲစေ၍ မင်းမြှောက်ခဲ့ရာ ရသေ့ကြောင်မင်းဟုတွင်ခဲ့ပြီး ထိုမင်းနတ်ရွာစံသည့်အခါမှ ပျူစောထီးမင်းကြီးမင်းပြုခဲ့ခြင်းဖြစ်ပါသည်။

ရသေ့ကြောင်မင်းအား သိကြားမင်းက ဂါထာတော်တစ်ပုဒ်ကိုပေးခဲ့ရာ ထိုမင်းမှ ပျူစောထီးမင်းကြီးအား ပေးခဲ့သောမန္တန်တော်ဖြစ်သည်ဟုဆိုပါသည်။

**သိကြားမင်းပေးသော**
**ပျူစောထီးမင်းအမြဲရွတ်သည့်**
**မန္တန်တော်**

အတော၊ အာတော၊ ဥတော၊ ဦတော၊ ကူလုတော၊ ကူလူတော၊
ကူလန္တော၊ ကူလာတော၊ ခတော၊ စတော၊ တာတော၊ တဝတော၊
တဝါတော၊ တံသုခတော၊ မတော၊ သမတိတော၊ သံတော။

**အနက်မြန်မာပြန်**

**အတော** - အဆိပ်ပျောက်အံ့၊ **အာတော** - အဆိပ်မတက်အံ့၊ **ဥတော** - အလိုခပ်သိမ်းပြည့်စုံအံ့၊ **ဦတော** - ကြံတိုင်းအောင်အံ့၊ **ကူလုတော** - သူတကာဟူသမျှ ချစ်အံ့၊ **ကူလူတော** - သူတကာမြင်သမျှမြတ်နိုးအံ့၊ **ကူလန္တော**-ရန်ပျောက်အံ့၊ **ကူလာတော** - မကောင်းသောရန်ပျောက်အံ့၊ **ခတော** - သူခပ်သိမ်းကြံ၍မဖြစ်၊ **စတော** - ရန်ဟူသမျှ ပျောက်အံ့၊ **တာတော** - အသက်ရှည်အံ့၊ **တဝတော** - ကိုယ်အနာဟူသမျှပျောက်အံ့၊ **တဝါတော** - မကောင်းသောအနာခပ်သိမ်းကင်းငြိမ်းပျောက်အံ့၊ **တံသုခေ** - ဝမ်းကြီးနာဟူသမျှ ပျောက်အံ့၊ **မတော** - ရွှေငွေဥစ္စာရအံ့ (နှလုံးလည်းချမ်းသာအံ့ဟူ၏)၊ **သမတိမေ** - မင်းဘေးမင်းဒဏ်ကင်းငြိမ်းအံ့၊ **သံတော**- နှလုံးကောင်းမြတ်အံ့။

ဤမန္တန်တော်ကို ဣန္ဒာစရိယတြိနေတြဓာတ်ကျမ်းကိုစီရင်ခဲ့သည့် ချောင်းဦးမြို့ အောင်ချမ်းသာရွာရှေ့ကျောင်းအသျှင်ဣန္ဒာစရိယ၏ပုရပိုက်မူမှ ကူးယူရရှိခဲ့ကြောင်း ရှေးဟောင်းဂါထာမန္တန်ကျမ်းများ၌ဆိုပါသည်။

ဖော်ပြပါ ဘုန်းကံကြီးမားမင်းဧကရာဇ်တစ်ပါးဖြစ်သော ပျူစောထီးမင်းကြီး အလေးအမြတ် ရွတ်ဆိုသရဇ္ဈာယ်တော်မူခဲ့သည့် ဂါထာ၊ မန္တန်တော်တို့ကို ယုံကြည်အားထား စွဲမြဲလေးမြတ်စွာ ရွတ်ဆို၍ မှန်ကန်သောသစ္စာ၊ ဖြောင့်မှန်သော ကိုယ်ကျင့်သီလစွမ်းပကားတို့ကြောင့် ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်မှ ကင်းပ၍ လိုလားနှစ်သက်အပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအဝဝတို့ ပြည့်စုံရရှိနိုင်ကြပါစေဟု ကောင်းမြတ်သောမနသိဖြင့် ဖော်ထုတ် တင်ပြလိုက်ပါသည်။

*သဒ္ဓိသံပါက်ဇနေတိ*
**သစ္စာဝါဒီ-ဦးမြင့်အောင်**


**ကျမ်းကိုး -**

၁။ မှန်နန်းရာဇဝင် (တတိယတွဲ)
၂။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ (ပထမပိုင်း)
အမျိုးသားပညာဝန် ဦးဖိုးကျား ရေးသည်။
၃။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း တို့မြန်မာဝတ်ရွတ်စဉ်
၄။ နန်းစဉ်သုံးဂါထာမန္တန်ကျမ်း ဆရာဦးမင်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပညာ သမာ အာဘာ နတ္ထိ။
ပညာနှင့် တူမျှသော
အရောင်အလင်းသည် မရှိ။
'မြတ်ဗုဒ္ဓ'

မောင်ပွင့်ဉာဏ်(မောရ)

# လူတိုင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေဖို့

၂၅ - ၉ - ၂၀၁၄၊ မနက်(၈)နာရီလောက်မှာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး ဦးကျင်ဖေနဲ့အတူ ကျွန်တော်တို့ မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင်တွေ မော်လမြိုင်ကနေ ဘီလူးကျွန်း နတ်မှော်ဆိပ်ကမ်းကို 'ဘောက်' လို့ခေါ်တဲ့ စက်တပ်သမ္ဗန်အကြီးစားတစ်စီးနဲ့ ထွက်ခွာလာခဲ့ကြပါတယ်။ ဘီလူးကျွန်းဟာ မွန်ပြည်နယ် (၁၀) မြို့နယ်ထဲမှာ ကားလမ်းမပေါက်တဲ့ တစ်ခုတည်းသော ရေခြားမြေခြား ချောင်းဆုံမြို့နယ် ဖြစ်ပါတယ်။





ကျွန်တော်တို့အသင်းဟာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်နဲ့ စက်တင်ဘာလတွေမှာ မွန်ပြည်နယ် (၅) မြို့နယ်ဖြစ်တဲ့ မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ ချောင်းဆုံမြို့နယ်တွေက အထက်တန်းကျောင်းတွေမှာ ကွန်ပျူတာနဲ့ မိုဘိုင်းဖုန်းနည်းပညာအကြောင်းဟောပြောပွဲတွေလုပ်ခဲ့တဲ့ဆီမှာ ချောင်းဆုံမြို့နယ်ဟာ နောက်ဆုံးဖြစ်ပါတယ်။ (၄) မြို့နယ်က ကျောင်းပေါင်း (၂၄) ကျောင်းမှာ နည်းပညာဟောပြောပွဲတွေ ကျင်းပခဲ့ပြီး အခုချောင်းဆုံခရီးစဉ်မှာတော့ ကျောင်း (၆) ကျောင်းမှာ ဟောပြောကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ဟောပြောပွဲခရီးစဉ်ကို ချောင်းဆုံမြို့နယ် ICT ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲအခမ်းအနားနဲ့စတင်ဖို့ မွန်ပြည်နယ်လွှတ်တော်ဥ… ကြီးက အကြံပြုပြီး ဟောပြောပွဲ… မြောက်ရေးနဲ့ ခရီးစဉ်အတွက် အ… အရာရာ အဆင်ပြေအောင် ကိုယ်… လိုက်ပါ စီစဉ်ဆောင်ရွက်ပေးခဲ့ပါ… အခမ်းအနားကို ချောင်းဆုံမြို့နယ်… ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီး…



www.burmeseclassic.com

www.burmeseclassic.com









နဲ့ စိတ်ပါဝင်စားသူ ပြည်သူများ တက်ရောက်ခဲ့ကြပါတယ်။

မွန်ပြည်နယ်ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးနေဇော်အောင်က 'e-Government & e-Society' ခေါင်းစဉ်၊ အသင်းနာယက ကျွန်တော်မောင်ပွင့်ညာဏ်က 'ချောင်းဆုံမြို့နယ်ဘက်စုံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးအကြံပြုချက်'ခေါင်းစဉ်၊ ဘဏ္ဍာရေးမှူး ဦးညွန့်လွင်က 'e-Education & c-Village' ခေါင်းစဉ်တွေနဲ့ အသီးသီးဆွေးနွေးတင်ပြကြပါတယ်။

ကျွန်တော့်ဟောပြောချက်က မြို့နယ်တစ်ခုချင်းအတွက်သာမက လူတစ်ဦးချင်း၊ မိသားစုတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဦးတည်ချက်ထားပြီးပြောခဲ့တာမို့ စာဖတ်သူတွေအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးဖြစ်ထွန်းစေမယ်လို့ ယုံကြည်ပါတယ်။

*

အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။

တစ်မြို့နယ်လုံးဘက်စုံလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးအကြံပြုရမယ်ဆိုရင် ဒီမြို့နယ်ကလူတွေအားလုံး၊ မိသားစုအားလုံးသာမက လူတစ်ဦးချင်းစီပါ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်များများမပြောပါဘူး။ ဒီကနေ့ အခမ်းအနား တက်ရောက်လာတဲ့သူတွေကို ကျွန်တော် မတ်စေ့ (၃) စေ့ပဲ ပေးသွားပါမယ်။ ကျွန်တော်ပြောတဲ့ မတ်စေ့ဆိုတာက ဒီလိုပါ။

တစ်နေ့ ကျွန်တော် ဈေးထဲသွားတော့ အဒေါ်ကြီးတစ်ယောက်က သူ့ဖုန်းကိုလှမ်းပေးပြီး အခုလိုပြောပါတယ်။

"ဒီမှာမောင်ရင်၊ အဒေါ့်ဖုန်းထဲမှာ မတ်စေ့ဝင်နေလို့ တစ်ချက်လောက်ကြည့်ပေးပါလား"

ရုတ်တရက်တော့ ကျွန်တော်လည်း ကြောင်သွားတာပေါ့။ ဒီခေတ်မှာ မတ်စေ့မှမသုံးတော့ဘဲ။ ဘယ်လိုလုပ်ပြီး ဖုန်းထဲမတ်စေ့ဝင်နေပါလိမ့်ပေါ့။ ဖုန်းကိုယူကြည့်လိုက်တော့မှ လက်စသတ်တော့ မက်ဆေ့ဂျ် (message) ဝင်နေတာကိုး။ မက်ဆေ့ဂျ်ရဲ့ အင်္ဂလိပ်စာလုံးပေါင်းကိုလည်း သတိထားစေချင်ပါတယ်။ message ကို massage လို့ စာလုံးပေါင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

သွားရင် 'သတင်းတို' အစား မဆက်ဂျ်လို့ အသံထွက်တဲ့ 'အနှိပ်ခန်း'ဖြစ်သွားပါမယ်။ ကျွန်တော် ပထမဆုံးပေးချင်တဲ့ မတ်စေ့က -

**၁။ လူတိုင်း လက်လှမ်းမီနိုင်တဲ့ ခေတ်ပေါ်နည်းပညာကို သင်ယူရမှာ မကြောက်ပါနဲ့**

အခုခေတ်ကို ကွန်ပျူတာခေတ် ဒါမှမဟုတ် အိုင်စီတီနည်းပညာခေတ်လို့ ခေါ်တာ အားလုံးသိကြပါတယ်။ နည်းပညာခေတ်မှာ ရှင်သန်လှုပ်ရှားနေကြတဲ့ ကျွန်တော်တို့ဟာ နည်းပညာပစ္စည်းတွေနဲ့ အကျွမ်းတဝင်ရှိကြဖို့ လိုပါတယ်။ လူကြီးတွေအတော်များများဟာ ကွန်ပျူတာဆိုတာကို ကိုင်ရမှာကြောက်ပြီး ငါတို့တော့ သင်လည်းတတ်မှာမဟုတ်တော့ပါဘူးဆိုပြီး လက်လျှော့ထားတတ်ကြပါတယ်။

ဟောဒီပုံမှာ ကွန်ပျူတာတစ်လုံးနဲ့ လက်ကိုင်ဖုန်းတစ်လုံးကို ယှဉ်ပြီးပြသထားပါတယ်။ Intel Pentium ဆိုတာ ကွန်ပျူတာရဲ့ဦးနှောက် (CPU) ဖြစ်ပြီး Quad - core ဆိုတာက ဖုန်းရဲ့ဦးနှောက်ဖြစ်ပါတယ်။ ကွန်ပျူတာရဲ့ မှတ်ဉာဏ် (RAM) က (2) GB ဖြစ်ပြီး၊ ဖုန်းရဲ့မှတ်ဉာဏ်က (1) GB ဖြစ်ပါတယ်။ ကွန်ပျူတာရဲ့ အချက်အလက်တွေသိုလှောင်နိုင်စွမ်းက (500) GB ဖြစ်ပြီး ဖုန်းရဲ့ အချက်အလက်တွေ သိုလှောင်နိုင်စွမ်းအားက (8) GBဖြစ်ပါတယ်။ ကွန်ပျူတာရဲ့ စက်လည်ပတ်မှုစံနစ် (Operating System) က Windowsဖြစ်ပြီး ဖုန်းရဲ့ စက်လည်ပတ်မှုစနစ်က Android ဖြစ်ပါတယ်။

ပြောချင်တာက ဖုန်းဟာ ကွန်ပျူတာပါပဲ။ တစ်နည်းပြောရရင် အိတ်ထဲထည့်လို့ရတဲ့ အိတ်ဆောင်ကွန်ပျူတာဖြစ်ပါတယ်။ ဒါကြောင့် လူကြီးတွေ ကွန်ပျူတာမကိုင်ချင်နေပါ၊ ဖုန်းကို ကျွမ်းကျွမ်းကျင်ကျင်ကိုင်တတ်အောင်လေ့လာစေချင်ပါတယ်။ ဒါဟာ နည်းပညာကို ဖားလိုခုန်ပျံကျော်လွှားလိုက်တာပါ။(Frog leap) ဘာနဲ့သွားတူသလဲဆိုရင် ကျွန်တော်တို့ဆီကို အဖြူ အမည်းတီဗွီခေတ်ကျော်ပြီး ရောင်စုံတီဗွီတွေရောက်လာတာမျိုးပါ။

လူကြီးတွေအများစုဟာ ဖုန်းကိုခေါ်တာနဲ့ ပြောတာလောက်ပဲ သုံးကြတာ များပါတယ်။ ဒီနေရာမှာ ကလေးတွေကသာပါတယ်။ လူကြီးတွေက ခလုတ်မှားနှိပ်လို့ ပျက်မှာကြောက်နေတဲ့



အချိန်မှာ ကလေးတွေက ဟိုဟိုဒီဒီ လျှောက်နှိပ်ရင်း ကျွမ်းကျင်သွားကြပါတယ်။ 'ပျက်မှာကြောက်ခြင်းဟာ ရှေ့တိုးဖို့ကို အဟန့်အတားဖြစ်စေတဲ့ အဆိုးမြင်ခြင်း (pessimism) ဖြစ်ပါတယ်။ ဒါကြောင့် လူကြီးတွေဟာ ကလေးတွေဆီကနေ သင်ယူဖို့' အထူးလိုအပ်ပါတယ်။

အီသီယိုးပီးယားတို့၊ ဆိုမာလီတို့ဆိုတာ အားလုံးကြားဖူးကြမှာပါ။ အဲဒီ အာဖရိကတိုက်ကနိုင်ငံတွေဟာ ရောဂါမျိုးစုံထူပြောပြီး စစ်ဖြစ်နေတာမို့ အင်မတန်မှ ဆင်းရဲတွင်းနက်တဲ့နိုင်ငံတွေဖြစ်ပါတယ်။ အခု အဲဒီနိုင်ငံတွေမှာ လူတိုင်းလောက်နီးနီး ဖုန်းကိုင်နိုင်အောင် အစိုးရက စီစဉ်ပေးလို့ အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာတာ တွေ့ရပါတယ်။

တောင်သူလယ်သမားတွေဟာ ဖုန်းကတစ်ဆင့် စိုက်ပျိုးမွေးမြူရေးနည်းပညာတွေရကြပါတယ်။ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ ဥပမာ သီးနှံတွေမှိုကျတာ၊ ပိုးကျတာ၊ တိရစ္ဆာန်တွေရောဂါဖြစ်တာတွေကို ဖုန်းကတစ်ဆင့် မေးမြန်းပြီး အကူအညီတောင်းနိုင်အောင် စီစဉ်ပေးလို့ သီးနှံတွေအထွက်တိုးလာပါတယ်။ မွေးမြူရေးတွေ အောင်မြင်လာပါတယ်။ ထွက်ကုန်တွေရဲ့ ပေါက်ဈေးကို နေ့စဉ်သိနိုင်အောင် ဖုန်းကနေထုတ်ပြန်ပေးလို့ ကြားပွဲစားတွေ ဈေးနှိမ်ဝယ်တဲ့ ဘေးက လွတ်ကင်းသွားပြီး ဝင်ငွေပိုကောင်းလာကြပါတယ်။

ကျန်းမာရေးမှာဆိုရင်လည်း ရောဂါမဖြစ်အောင် ကာကွယ်တာ၊ ရောဂါဖြစ်လာရင် ဘယ်လိုကုသမှုခံယူပြီး နေထိုင်စားသောက်ရမယ်ဆိုတာကို ဖုန်းတွေကတစ်ဆင့် ပညာပေးမှုတွေလုပ်လို့ ရောဂါဖြစ်ပွားနှုန်းကျဆင်းသွားပါတယ်။ ငွေပေးငွေယူကိစ္စတွေကိုလည်း ဖုန်းကနေ တစ်ဆင့်လုပ်နိုင်ကြလို့ လုံခြုံစိတ်ချရပြီး အချိန်တိုအတွင်း အဆင်ပြေသွားကြပါတယ်။ ဒါဟာ နည်းပညာသုံးပြီး ငွေကြေးကိစ္စဆောင်ရွက်ခြင်း (e-Banking) ဖြစ်ပါတယ်။

နိုင်ငံရေးနဲ့ပတ်သက်ပြီး အစိုးရရဲ့လုပ်ဆောင်ချက်တွေ၊ ပါတီတွေရဲ့ လှုပ်ရှားမှုတွေကို ဖုန်းတွေကနေတစ်ဆင့် ထုတ်ပြန်ပေးလို့ ပိုပြီးပွင့်လင်းမြင်သာလာပါတယ်။ ကျွန်တော်တို့ဆီမှာ နိုင်ငံရေးဆိုတာ ကြားလိုက်တာနဲ့ အများစုက ကြောက်လန့်နေခဲ့တာ နှစ်ပေါင်းအတော်ကြာခဲ့ပါပြီ။ ဒီကနေ့ နိုင်ငံရေးလုပ်ရင် မနက်ဖြန်ပဲ လက်ကောက်ဝတ်ရတော့မှာ လိုလိုထင်တတ်ကြပါတယ်။

အမှန်က နိုင်ငံရေးဆိုတာ နိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စတဲ့အရေးပါတာ အားလုံးနဲ့သက်ဆိုင်တဲ့အရေး ဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အခုလိုပြောခဲ့ပါတယ်။

'နိုင်ငံရေးဆိုတာ အင်မတန်သန့်စင်မွန်မြတ်တဲ့လုပ်ငန်းတစ်ခု ဖြစ်တယ်။ အဲဒီနိုင်ငံရေးကို ညစ်ပတ်အောင်လုပ်တဲ့ လူတွေကသာ ညစ်ပတ်တာ ဖြစ်တယ်'

အခုပြောခဲ့တဲ့ နိုင်ငံတွေမှာ စစ် ကြောင့်ထွက်ပြေးနေရတဲ့ဒုက္ခသည်တွေ ရှိနေဆဲပါ။ ဒီဒုက္ခသည်တွေစာရင်း ကောက်ယူတာ၊ စားနပ်ရိက္ခာဖြန့်ဖြူးတာ၊ ပျောက်နေတဲ့လူတွေရှာတာ စတဲ့ လုပ်ငန်းတွေမှာ ဖုန်းတွေက အများကြီး အထောက်အကူဖြစ်စေပါတယ်။

အခုဆိုရင် နိုင်ငံတစ်နိုင်ငံရဲ့ လူဦးရေနဲ့ ဖုန်းကိုင်ဆောင်နိုင်မှုအချိုးကို ဆိုတဲ့ ဖုန်းသိပ်သည်းဆ (phone



www.burmeseclassic.com

www.burmeseclassic.com

sity) မှာ အီသီယိုးပီးယားနိုင်ငံက ကျွန်တော်တို့နိုင်ငံကို ကျော်ဖြတ်သွားပြီး၊ LDC လို့ခေါ်တဲ့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံး နိုင်ငံစာရင်း (Least Developed Coun- tries) မှာ ကျွန်တော်တို့နိုင်ငံက အီသီယိုးပီးယားနိုင်ငံရဲ့အောက်ကို ရောက်သွားတယ်ဆိုတဲ့အချက်က အင်မတန်ကို ခံချင်စရာကောင်းတဲ့အချက် ဖြစ်ပါတယ်။ (LDC ဆိုတာကို နောက်တစ်မျိုးပြောရင် အဆင်းရဲဆုံးနိုင်ငံဖြစ်ပါတယ်) နောက်ထပ်ပေးချင်တဲ့မတ်စေ့က- ၂။ စာဖတ်ပါ။

အခုခေတ်ကလေးတွေကို Thumb Generation လို့ ခေါ်ပါတယ်။ thumb ဆိုတာက လက်မ၊ generation ဆိုတာက မျိုးဆက်၊ တိုက်ရိုက်ဘာသာပြန်ရင်တော့ 'လက်မမျိုးဆက်' ပေါ့။ ဘာကြောင့် အသုံးအနှုန်းဖြစ်လာရသလဲဆိုရင် ခေတ်ပေါ်ပစ္စည်းတွေဖြစ်တဲ့ MP3, MP4တို့ ဖုန်းတို့ဆိုတာကို ကျွန်တော်တို့လူကြီးတွေက မမြင်မစမ်းနဲ့ လက်တစ်ဖက်နဲ့ကိုင်ပြီး ကျန်တဲ့လက်တစ်ဖက်နဲ့ နှိပ်နေတဲ့အချိန်မှာ ကလေးတွေကလက်တစ်ဖက်တည်းနဲ့ကိုင်ပြီး လက်မနဲ့နှိပ်တတ်ကြလို့ပါ။ ဒါကြောင့် Thumb Generation ဆိုတာကို ကျွန်တော်က 'ချွတ်လက်ထက်မြက်သောမျိုးဆက်' လို့ ခေါ်ချင်ပါတယ်။

'ယနေ့လူငယ်၊ နောင်ဝယ်လူကြီး'၊ နိုင်ငံတော်ရဲ့အနာဂတ်သည် လူငယ်များလက်ထဲတွင်ရှိသည်' ဆိုတဲ့စကားတွေကို ကျွန်တော်တို့အားလုံး ကြားဖူးနေကြပါတယ်၊ ဒီစကားတွေကို အလေးအနက်ထားပြီး စဉ်းစားကြည့်ရင် 'သားသမီးဆိုသည် မိဘထက်တော်ရမည်'၊ 'တပည့်ဆိုသည် ဆရာထက်တော်ရမည်' ဆိုတဲ့စကားတွေကို လက်ခံနိုင်ပါလိမ့်မယ်။ သားသမီးတွေသည် မိဘတွေထက် ညံ့သွားရင်၊ တပည့်တွေသည် ဆရာတွေထက်ညံ့သွားရင် အနာဂတ်မှာ ဒီတိုင်းပြည် မြောင်းထဲရောက်သွားမှာ သေချာပါတယ်၊

ကလေးတွေကို ပြုစုပျိုးထောင်တဲ့နေရာမှာ အဓိကအနေနဲ့ နှစ်ချက်အကြံပြုချင်ပါတယ်။ အဲဒါတွေက စာဖတ်ခြင်းနဲ့ နည်းပညာနှင့် ယဉ်ပါးစေခြင်းတို့ ဖြစ်ပါတယ်။ စာဖတ်ခြင်းဆိုတာ လူ့လောကရဲ့ဘဝကို မြှင့်တင်ဖို့၊ အသိပညာတိုးတက်ဖို့ အလွယ်ကူဆုံးနဲ့ အကောင်းဆုံးနည်းလမ်းပါ။

ကမ္ဘာမှာ အတိုးတက်ဆုံး၊ အချမ်းသာဆုံးလို့ဆိုတဲ့ အမေရိကန်နိုင်ငံက မြို့တွေမှာ ရပ်ကွက်တိုင်း စာကြည့်တိုက် ရှိပါတယ်။ အဲဒီစာကြည့်တိုက်တွေမှာ မူလတန်းကလေးတွေကအစ စာအုပ်ငှားဖတ်လို့ရပါတယ်။ ဖတ်လည်းဖတ်ကြပါတယ်။ ကျွန်တော်တို့ဆီမှာ အစိုးရက ကျေးရွာတိုင်း စာကြည့်တိုက်တွေ ထူထောင်ရမယ်ဆိုလို့ စာကြည့်တိုက်တွေ ဆောက်ကြပါတယ်။ ရန်ကုန် - မုတ္တမ ကားလမ်းဘေးက ရွာတွေမှာ မြင်တွေ့ရတဲ့ စာကြည့်တိုက်အတော်များများဟာ ဟာလာဟင်းလင်းနဲ့ တံခါးတွေ၊ ပြတင်းပေါက်တွေတောင် မရှိပါဘူး။

ကျွန်တော်တို့လူမျိုးရဲ့ အကျင့်တစ်ခုက လုပ်ဆိုရင် အဖြစ်လောက်သာ လုပ်ပြီး ဖြစ်ဖြစ်မြောက်မြောက် မလုပ်တတ်ကြတာပါဘဲ။ ဒီလိုနဲ့ ငွေကုန်၊ အချိန်ကုန်၊ လုပ်အားကုန်ဆိုတဲ့ ကုန် (၃) ကုန်သာ အဖတ်တင်ကျန်ရစ်ပါတယ်။ စာကြည့်တိုက်တစ်ခု ရေရှည်ဖြစ်ထွန်းဖို့ ဆိုရင် အင်္ဂလိပ်လို B (၄) လုံးလိုတယ်လို့ ဆိုပါတယ်။

အဲဒါတွေက -

၁။ Building - အဆောက်အအုံ
၂။ Books - စာအုပ်
၃။ Budget - ငွေကြေး
၄။ Brain - ဦးနှောက်တို့ ဖြစ်ပါတယ်။

အဆောက်အအုံ သီးသန့်မရှိရင်လည်း ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတွေမှာ အခန်းတစ်ခန်းရှိရင် ဖြစ်ပါတယ်။ အသစ်ထူထောင်တဲ့ စာကြည့်တိုက်အတွက် စာအုပ်တွေကို အလှူခံတဲ့နည်းက အကောင်းဆုံးပါ။ ကျွန်တော် ဖျာပုံကိုရောက်တော့ ဆရာဇော်ဂျီအထိမ်းအမှတ်စာကြည့်တိုက်မှာ ညနေဆိုရင် ရဟန်းရှင်လူ ကလေးရော၊ လူကြီးတွေပါ စာအုပ်စာတမ်းတွေ ဖတ်နေငှားနေကြတာတွေ့ရတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။ စာကြည့်တိုက် တာဝန်ခံက လစဉ်ထုတ်မဂ္ဂဇင်းတွေနဲ့ အပတ်စဉ်ထုတ်ဂျာနယ်တွေကို ဖတ်ပြီးတာနဲ့ စာကြည့်တိုက်ကို ပုံမှန်လှူနေတဲ့ အလှူရှင်တွေရှိကြောင်း၊ လုပ်အားပေးတစ်ယောက်က တာဝန်ယူပြီး လိုက်လံစုဆောင်းပေးကြောင်းကို ပြောပြပါတယ်။

စာကြည့်တိုက်တစ်ခု ရေရှည်တည်တံ့ပြီး စာအုပ်စာတမ်း ပြည့်ပြည့်စုံစုံရှိဖို့ ခေတ်နဲ့အညီ ကွန်ပျူတာတွေပါ တပ်ဆင်ပြီး (e - Library) တစ်ခုဖြစ်ဖို့ဆိုတာ ရန်ပုံငွေရှိမှဖြစ်မှာပါ။ ဦးနှောက် (Brain) ဆိုတာက စာကြည့်တိုက်ကို စီမံခန့်ခွဲသူတွေကို ဆိုလိုပါတယ်။ စာကြည့်တိုက်တစ်ခုကို စီမံထိန်းသိမ်းနေသူတွေဟာ ကိုယ်တိုင်က စာအုပ်စာပေတွေ့ကို မပြတ်လေ့လာဖတ်ရှုနေသူတွေ ဖြစ်ရမယ့်အပြင် သူများတွေကိုလည်း စာဖတ်ချင်စိတ်ပေါ်လာအောင် စည်းရုံးသိမ်းသွင်းနိုင်ရပါမယ်။

ဒီနေရာမှာ ကျွန်တော် နမူနာတစ်ခုပြချင်တာက ပေါင်မြို့နားက ကျွဲခြံဆိုတဲ့ရွာကလေးမှာ စာပေဝါသနာပါတဲ့ လူငယ်လေးတစ်စုဟာ ညနေတိုင်း စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းအဟောင်းတွေကို စက်ဘီးနဲ့တင်ပြီး တစ်အိမ်ကို တစ်အုပ်၊ တစ်စောင် စသည်ဖြင့် လိုက်လံချပေးပါတယ်။ နောက်တစ်နေ့မှာ ပြန်သိမ်းပြီး အသစ်ပြန်လဲပေးပါတယ်။ အိမ်မှာနေတဲ့သူတွေက ကိုယ့်အိမ်ရောက်လာတဲ့ စာအုပ်၊ စာစောင်တွေကို လှန်လှော အရုပ်ကြည့်ရာက စိတ်ဝင်စားတာတွေ့ရင် ဖတ်ဖြစ်သွားမှာပါ။ ဒီလိုနဲ့ တစ်ပတ်၊ ဆယ်ရက်၊ အလွန်ဆုံး တစ်လလောက်ကြာရင် စာမဖတ်ရမနေနိုင်တဲ့ အဆင့်ကို ရောက်သွားနိုင်ပါတယ်။ ရွေ့လျားစာကြည့်တိုက် (Mobile Library) ကို လက်တွေ့အကောင်အထည်ဖော်နေတဲ့ ဒီလူငယ်လေးတွေကို ကျွန်တော် မမြင်ဘူးဘဲ သူတို့တစ်တွေရဲ့လုပ်ရပ်ကို ကြားရတာနဲ့တင် သူတို့ကို လေးစားမိပါတယ်။

'စာမတတ်တဲ့သူကို အကန်းနဲ့တူတယ်လို့ဆိုရင် စာမဖတ်တဲ့သူကို အကျိုးနဲ့တူတယ်' လို့ ဆိုရမှာဖြစ်ပါတယ်။ 'စာဖတ်သူဟာ စာမဖတ်သူထက် ခေါင်းတစ်လုံးပိုမြင့်တယ်'လို့ဆိုတာဟာ အသိဉာဏ်၊ အတွေးအခေါ်ပိုမြင့်တာကို ဆိုလိုပါတယ်။ ကမ္ဘာမှာ ဂျပန်နိုင်ငံဟာ အမေရိကန်နိုင်ငံကို ပခုံးချင်းယှဉ်နိုင်လောက်အောင် ဖွံ့ဖြိုးတိုးတက်လာရခြင်းအကြောင်းတွေထဲမှာ ဂျပန်လူမျိုးတွေ အင်မတန်မှ စာဖတ်တာကလည်း တစ်ကြောင်း အပါအဝင်ဖြစ်ပါတယ်၊ ဂျပန်တွေဟာ မှတ်တိုင်မှာ ကားစောင့်ရင်း၊ မီးရထားပေါ်မှာ မတ်တပ်ရပ်ရင်းတောင် စာဖတ်ကြပါတယ်၊

မျိုးဆက်သစ်လူငယ်လေးတွေ စာဖတ်လာအောင် ကျွန်တော်တို့ လူကြီးတွေက ရှေ့ဆောင်လမ်းပြပေးရပါမယ်၊ ကျွန်တော်တို့ကိုယ်တိုင်က စာအုပ်စာပေ



www.burmeseclassic.com

www.burmeseclassic.com

တွေကို စဉ်ဆက်မပြတ် ဖတ်ပြကြရပါမယ်။ ဒီကနေ့ အခမ်းအနားကို တက်လာသူတွေ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ တစ်လမှာ သတင်းစာဘယ်နှစောင်၊ ဂျာနယ်ဘယ်နှစောင်၊ စာအုပ်ဘယ်နှအုပ်ဖတ်သလဲလို့။

**၃။ အင်္ဂလိပ်စာတတ်အောင်သင်ပါ။**

"လောဘမှန်သမျှ ဘယ်လောဘမှမကောင်း။

ကောင်းတဲ့လောဘ တစ်ခုတော့ရှိတယ်။

အဲဒါ ပညာလောဘပဲ"

ဒီစကားကိုပြောသွားသူက မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းပါပဲ။ ကျောင်းနေစဉ်မှာ ဗိုလ်ချုပ်ဟာ အင်္ဂလိပ်စကားပြောညံ့တာကို လှောင်ပြောင်ခံရလို့ မခံချင်စိတ်နဲ့ အင်္ဂလိပ်စာနဲ့ စကားကို သဲသဲမဲမဲလေ့လာခဲ့ပါတယ်။ နောက်တော့ ဗိုလ်ချုပ်ဟာ သူပြောမယ့်မိန့်ခွန်းတွေကို အင်္ဂလိပ်ဘာသာနဲ့ပဲရေးပြီး လိုအပ်မှ မြန်မာလိုဘာသာပြန်ပါတယ်။ လွတ်လပ်ရေးတောင်းဆိုဖို့ အင်္ဂလန်နိုင်ငံကိုသွားတုန်းက ဗိုလ်ချုပ်က ဒီစကားတစ်ခွန်းကိုပြောခဲ့ပါတယ်။

"The demand of our people is total independence"

(ကျုပ်တို့လူထုရဲ့ တောင်းဆိုချက်က လုံးဝလွတ်လပ်ရေးပေးဖို့ပါပဲ။)

မြန်မာလူမျိုးတွေထဲက စာအင်မတန်ဖတ်လို့ ကမ္ဘာ့နိုင်ငံအသီးသီးက လေးစားရတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရှိပါတယ်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ပါ။ ဦးသန့်ဟာ ကျောင်းသားဘဝကတည်းက အင်္ဂလိပ် - မြန်မာစာအုပ်မျိုးစုံကို အငမ်းမရဖတ်ခဲ့ပါတယ်။ အသက် (၁၅) နှစ်သားကတည်းက အင်္ဂလိပ်လိုရေးတဲ့ဆောင်းပါးဟာ ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရတယ်။ ဖခင်ကြီးဆုံးပါးသွားလို့ ဦးသန့်ဟာ ရန်ကုန်တက္ကသိုလ်မှာ နှစ်နှစ်ပဲနေပြီး ညီတွေရဲ့ပညာရေးကိုငဲ့ပြီး ကျောင်းထွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံက ဘွဲ့မရခဲ့ပေမယ့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်လာတဲ့အခါ ကမ္ဘာ့တစ်ဝန်းတက္ကသိုလ်တွေက ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ (၃၅) ဘွဲ့ ချီးမြှင့်ခံခဲ့ရပါတယ်။

အသက် (၂၃) နှစ်မှာ နိုင်ငံပေါင်းချုပ်အသင်းကြီး (The League of Nations) အကြောင်း စာတစ်အုပ်ရေးခဲ့တယ်။ နောက်အနှစ် (၃၀) အကြာ အသက် (၅၃) နှစ်မှာ အဲဒီအသင်းကြီးတစ်ဖြစ်လဲ ကမ္ဘာ့ကုလသမဂ္ဂ (The United Nations) မှာ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်လာခဲ့တယ်။ ဒီရာထူးနဲ့ (၅) နှစ်သက်တမ်းနှစ်ဆက်ဖြစ်တဲ့ (၁၀) နှစ်နဲ့ (၂) လနီးပါး တာဝန်ထမ်းဆောင်ခဲ့တယ်။ တတိယသက်တမ်းအတွက် နိုင်ငံအတော်များများက ဦးသန့်ကို ထောက်ခံပါမယ်လို့ ပြောခဲ့ပေမယ့် မထောက်ခံတဲ့ နိုင်ငံတစ်နိုင်ငံရှိပါတယ်။ အဲဒါကတော့ သူ့ရဲ့မိခင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံပါပဲ။

ကျူးဘားအရေးအခင်းကြောင့် အမေရိကန်နဲ့ ရုရှားတို့ စစ်ရေးအရ တင်းမာခဲ့ပြီး တတိယကမ္ဘာစစ်ဖြစ်လုနီးနီးအခြေအနေမှာ ဦးသန့်ဝင်ရောက်ဖြန်ဖြေပေးခဲ့လို့ ပြေငြိမ်းသွားခဲ့တယ်။ ဒါနဲ့ ၁၉၆၅ ခုနှစ်မှာ ဦးသန့်ကို ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။

ဒါကို ဦးသန့်က -

"ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကျုပ်လုပ်စရာရှိတာကိုလုပ်တာပါပဲ၊ ဆုတွေဘာတွေမလိုပါဘူး"

လို့ ပြောပြီး ဒေါ်လာသန်းနဲ့ချီရတဲ့ နိုဘယ်ဆုကို ငြင်းပယ်ခဲ့ပါတယ်။

ခေတ်ပေါ်နည်းပညာပစ္စည်းတွေဖြစ်တဲ့ ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ သင်ပုန်းကွန်ပျူတာ (Tablet) စတာတွေကို ကျွမ်းကျွမ်းကျင်ကျင် ထဲထဲဝင်ဝင်သုံးဖို့ အင်္ဂလိပ်စာ မတတ်မဖြစ် တတ်ရပါမယ်။ နိုင်ငံတကာကုမ္ပဏီကြီးတွေ မြန်မာပြည်မှာ လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြတဲ့အခါ ကျွန်တော်တို့ဆီက လူငယ်လေးတွေ အင်္ဂလိပ်စာနဲ့စကားတတ်ကျွမ်းမှု မရှိရင် သူတို့ဆီမှာ တံခါးစောင့်နဲ့တံမြက်လှည်းနေရာတွေလောက်သာရဖို့ရှိမှာကို ကြိုပြီးတွက်ဆထားဖို့ လိုပါလိမ့်မယ်။

စင်ကာပူနိုင်ငံ၊ စင်ကာပူကျွန်းဆိုတာ ဒီဘီလူးကျွန်းလောက်ပဲအကျယ်အဝန်းရှိပါတယ်။ အခုအချိန်မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရုံမက ကမ္ဘာပေါ်မှာ စည်းကမ်းအရှိဆုံးနိုင်ငံလို့တောင် အသိအမှတ်ပြုခံရပါတယ်။ စင်ကာပူကျွန်းဟာ နဂိုက မလေးရှားနိုင်ငံထဲမှာ ပါပါတယ်။ ဒီကျွန်းကဘာမှမထွက်တဲ့အပြင် မလေးရှားကပဲ အစစအရာရာ ထောက်ပံ့နေရတာဆိုတော့ ဝန်ပေါ့သွားအောင်သီးခြားခွဲထွက်ခွင့်ပြုလိုက်ရာက စင်္ကာပူနိုင်ငံဆိုတာ ဖြစ်လာပါတယ်။ အခုထိ ရေကို မလေးရှားကနေ ဝယ်သောက်နေရတုန်းပါ။

သဘာဝအရင်းအမြစ် (ဝါ) သယံဇာတ (Natural Resource) ဘာမှမထွက်တဲ့ စင်ကာပူနိုင်ငံရဲ့ တိုးတက်မှုဟာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု (HRD- Human Resource Development) အပေါ်မှာ လုံးဝတည်မှီနေပါတယ်။ ပြောရရင်တော့ ပညာတတ်လူ့အဖွဲ့အစည်း (Knowledge Based Society) တည်ဆောက်နိုင်လို့ပဲ ဖြစ်ပါတယ်။

မလေးရှားကနေ လွတ်လပ်ရေးရကာစတုန်းက စင်ကာပူသားတွေ ရန်ကုန်တက္ကသိုလ်မှာ ကျောင်းလာတက်ကြပါတယ်။ စင်ကာပူရဲတွေ မြန်မာနိုင်ငံက ရဲကျောင်းမှာ သင်တန်းလာတက်ကြပါတယ်။ အခုတော့ ကျွန်တော့်ဆီက လူငယ်တွေ သူတို့ဆီမှာ ကျောင်းသွားပြန်တက်နေကြရပါပြီ။

သဘာဝအရင်းအမြစ် ဆိုတာ ထုတ်ယူသုံးစွဲတာများလာရင် ကုန်ခမ်းတတ်တဲ့သဘောရှိပါတယ်။ သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံတွေဟာ 'သယံဇာတကျိန်စာသင့်တတ်တယ်' လို့ ဆိုပါတယ်။ သယံဇာတအပေါ်မှာ မှီခိုလွန်းတာများရင် ကြိုးစားအားထုတ်မှုနဲ့ ပညာတန်ဖိုးထားမှုတွေ ယုတ်လျော့သွားတတ်တာကို ဆိုလိုပါတယ်။ လူသားအရင်းအမြစ်ကတော့ ဘယ်တော့မှ မကုန်ခမ်းနိုင်တဲ့အပြင် ကြိုးစားရင် ကြိုးစားသလောက် တိုးပွားလာတတ်တဲ့သဘောရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရရင် ရန်ကုန်တက္ကသိုလ်တံဆိပ်ထဲမှာ မြတ်ဗုဒ္ဓ ဟောကြားတော်မူတဲ့ပါဠိစာတစ်ကြောင်း ပါပါတယ်။ 'ပညာ သမာ အာဘာ နတ္ထိ' (ပညာနှင့်တူသောအရောင်အလင်းသည် မရှိ) ပညာခေတ်ကြီး (Knowledge Age)မှာ ပညာတတ်သော လူ့အဖွဲ့အစည်းသည်သာ ရှေ့တန်းကိုရောက်မှာဖြစ်လို့ -

၁။ လူတိုင်း လက်လှမ်းမီနိုင်တဲ့ ခေတ်ပေါ်နည်းပညာကို သင်ယူ... မကြောက်ပါနဲ့။

၂။ စာဖတ်ပါ။

၃။ အင်္ဂလိပ်စာတတ်အောင်သင်ပါ... တဲ့ မတ်စေ့သုံးစေ့ကို လက်ဆောင် အဖြစ်ပေးလိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါ...

မောင်ပွင့်ညာဏ် (...



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)



**ဘော် ဂျာမန်လူမျိုး ဗိသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN လက္ခဏာလာရောက်ဆွေးနွေးခဲ့စဉ်က**

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ ဟောင်ကို နိုင်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ စေတီတော်ရဲ့ ဘင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ တွက်ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ ခြည် ၁၉၉၃၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅ ) ဆရာတော်ဘုရား သက်တော် (၈၂)ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ (၁)နှစ် ကြိုတင်၍ ၁၉၈၆၊နိုဝင်ဘာလထုတ် ဇောတိသဝေဒမဂ္ဂဇင်း အမှတ် (၂၇)၊ စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ခြင်းဖြစ်၏။

ချန်နိုင်ငံမှာ (၉) နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ သူ့ကြော်ငြာကို သတင်းစာထဲမှာ တွေ့လို့ ချက်ချင်းသွားမေးတာ ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ မေးဖူးတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဘော ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှာ သန်းကြွယ် သူဌေး ဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ ဖြစ်လာခဲ့တယ်။ ဆရာ တစ်ခေါက်လောက် သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင်(မိုးကုတ်) ကားပါးခြင်း ဖြစ်ပေသည်။ (တွေ့ဆုံခြင်း နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ- ၁၅၃)

**အမှတ်တရရဲ့ အမှတ်တရ** -ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တာကရှိအိတိုစံ**ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ -၁၃၂- ၁၃၃ - ၁၃၄-၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး **(ITTI BALANOORA)** ဆိုတဲ့ နာမည်ကြီး အဆိုတော်သီချင်းရေးဆရာ ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြှုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက် ခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ တဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ ခြင်း နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ- ၁၅၅) (သပြေဝေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်- ၂၈၈၊ စာမျက်နှာ- ၂၃- ၂၆- ၂၇- ၂၈ )"

ခင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း၊) ဦးရိပ်သာ (VIP) ရွှေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၇) နာရီမှ ညနေ (၃) နာရီအတွင်း)Ph-09 8516520

## ခင်းအလင်းလက္ခဏာ-အမှတ် (၁)

နိုင် (သိမ့်ထိုက်စာပေ)

(၂၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)

မြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄

စာအုပ်ဝယ်ယူရန် အခက်အခဲရှိနေပါက သိမ့်ထိုက်စာပေနှင့် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်**

## ဘဝရှုစင်းအလင်းလက္ခဏာ အမှတ် (၂)

မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အမေရေ၊ ဗလ ဒီညလည်း ပြန်မအိပ်ဘူး။ ရွာမပြန်ရလို့ ဂျစ်တိုက်နေတာ။ ပြဿနာတစ်ခုခုဖြစ်ရင် သမီးမရှင်းတတ်ဘူး အမေ"

ဗလ အသက်(၁၆)နှစ်ပြည့်ခဲ့ပြီးခဲ့ပြီ။ ဘွားလေးကို ကတိစကားအတိုင်း မြဂနိုင်ရွာကိုပြန်ဖို့ နေ့ရောညပါ ပူဆာသည်။ ယောကျ်ားလေးဖြစ်လို့ ငိုယိုဆန္ဒမပြပေမယ့် အိမ်ပြန်မအိပ်ဘဲ သူငယ်ချင်းတွေဆီ တစ်လှည့်ဆီအိပ်သည်။

"ဗလရေ၊ နင့်ကြောင့်လည်း ငါ စိတ်ညစ်တယ်။ နင့်အဖေ၊ အမေတွေ သုံးလတစ်ခါလာတွေ့နေတာပဲ။ ဘာမှမရှိတဲ့ရွာကို ပင်ပန်းလို့မလာခိုင်းတာပါဟယ်။ မြို့လောက်ပျော်စရာကောင်းတာရှိဦးမလား။ သင်တန်းတက်ဖို့စဉ်းစားစမ်းပါ။ နင့်အမေက မလာစေချင်တာ မသွားနဲ့ပေါ့။ ဟိုအိပ်ဒီအိပ်လုပ်နေတာ ဒုက္ခရောက်လိမ့်မယ်"

ဘွားလေးက သူ့ကိုဘယ်လောက်ဆူဆူ ရွာသွားမယ်၊ ဘာမှမရှိရင် ဘာလို့အသွားမခံတာလဲ မြွေရှိလား၊ တစ္ဆေရှိလို့လား၊ ဘီလူးရှိလား စုံအောင်မေးတော့သည်။

"ဟဲ့ - တစ္ဆေလည်းရှိတယ်၊ မြွေလည်းရှိတယ်။ ဒီလောက်တောင်သွားချင်နေတာ သွားစမ်းပါစေလား အမေရယ်။ ညဘက်ပြန်မအိပ်လို့ပြဿနာဖြစ်မှာထက်စာရင် သူသွားချင်တဲ့ မြဂနိုင်သာသွားခိုင်းတော့။ ဟိုမှာဘာရှိလဲ သူဘာသာသူသွားကြည့်ပါစေ။ ဒီလောက်တားနေတာမရဘဲ သွားချင်တဲ့ကောင်သွားပေါ့"

ဘွားလေးသမီး ဒေါ်ခင်ထားက စိတ်ဆိုးဒေါသထွက်စွာခွင့်ပေးလိုက်၏။ ဗလကတော့ နည်းနည်းမှမကြောက်ပါ။ ယောကျ်ားလေးဖြစ်ပြီး ကိုယ့်မွေးရပ်မြေ တောင်တစ်ခါမှခြေမချရဲအောင်ကြောက်နေသည့်မိသားစုကိုဆန့်ကျင်ပြီးသွားလာ

(ကခေဗော)

# ခင်မမလင်း

## နတ်ပန်းလိုက်ရှု





www.burmeseclassic.com

www.burmeseclassic.com

သဘောကျသည်။

မြဂနိုင်ရွာက ပဲခူးရိုးမတောင်ခြေ ...သည်။ မြို့ကိုလာဖို့ ရွာသစ်ကြီးမှာ ...ညအိပ်ရသည်။ ရွာသစ်ကြီးမှ မြဂနိုင် ...နွားလှည်း သို့မဟုတ် မြင်းစီးသွား ...ကလွဲ၍ ကား၊ ဆိုင်ကယ်လမ်းမရှိ။ ...တ်၊ အဆင်းမှာ နွား၊ မြင်းတွေသာ ချော့မော့သွားခိုင်းလို့ အဆင်ပြေသည်။ ရွာက ရောင်းစရာဝယ်စရာရှိလျှင် ရွာသစ်ကြီးမှာသာရောင်းဝယ်ပြန်သွားတတ်သည်။

ရွာသစ်ကြီးက မြို့နီးပါးစည်ကားသည်။ ဗလကို ရွာသစ်ကြီးကျောင်းမှာ မထားဘဲ ပြည်မှာ သူငယ်တန်းကတည်းကစထားပြီး ရွာမပြန်စေတော့။ နှစ်တိုင်းကျောင်းပိတ်ရက်ရွာပြန်မည်ဆန္ဒပြမှုက ခုဆယ်တန်းဖြေပြီးမှ အောင်မြင်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကျောပိုးအိတ်ထဲ အဝတ်အစားကို လိုသလောက်ထည့်၊ အမေ့အတွက် ဝယ်ထားသော သစ်သားပုတီးလေးကိုယူ၊ ဘွားလေးနှင့် အန်ဘီထားတို့ကို ကန်တော့လိုက်သည်။

"ဗလ၊ အန်တီထားသေချာတားတဲ့ကြားက ဇွတ်ပြန်တာ တစ်ခုခုဖြစ်ရင် အပြစ်မတင်နဲ့ကြားလား"

"ဘာမှမဖြစ်စေရပါဘူး စိတ်ချ။ ကျွန်တော်မကြောက်တတ်ဘူး။ ရွာကလှည်းကြုံနဲ့လိုက်သွားမှာ"

ရွာသစ်ကြီးမှာ တိုက်ဆိုင်စွာ အမေ့မောင် ဦးလေးစိန်လှလှည်းတွေ့တော့ ဝမ်းသာသွား၏။အမေပစ္စည်းတွေမှာလိုက်လို့ဈေးတက်ဝယ်တာတဲ့။ ဗလလာမယ်အိပ်မက်မက်တယ်လို့ ပြောလို့ မင်းကြိုရင်း ထွက်လာတာဟု ပြောတော့ သူအံ့သြသွားသည်။

ပြည်ကနေ ဒိုင်နာကားလေးတွေ ရွာသစ်ကြီးကို အချိန်တိုင်းပြေးဆွဲနေလို့ သက်သောင့်သက်သာရှိသလောက် ရွာသစ်ကြီးက မြဂနိုင်ရွာကိုတော့ ပစ္စည်းလည်းတင်၊ လူကလည်း ဗလအပါအဝင် လေးယောက်ဖြစ်၍ ထိုင်ရတာ မသက်သာ။ လှည်းဆောင့်တိုင်း တစ်ကိုယ်လုံးမြောက်တက်သွား၍ ခါးလည်းနာ၏။

ညမမှောင်ခင် ရွာအရောက်မောင်းရမည့်လှည်း လမ်းတစ်ဝက်မှာပင် နွားက ခြေခေါက်လဲတော့သည်။ လူတွေက ဝရုန်းသုန်းကားခုန်ဆင်းလိုက်နိုင်ပေမယ့် ပစ္စည်းတွေတော့ ကျွမ်းထိုးမှောက်ခုန်လွင့်ကုန်၏။

"ဒုက္ခပါပဲကွာ၊ နွားညိုကြီးခြေထောက်နာနေတယ်ပြောသားနဲ့ ငါကိုက ဂရုမထားမိတာ ရွာရောက်ဖို့က လိုသေးတယ်။ ပစ္စည်းနဲ့ လှည်းမှာ နှစ်ယောက်ကျန်ခဲ့၊ ငါနဲ့ နှစ်ယောက် ရွာပြန်ပြီး နွားတစ်ကောင်သွားဆွဲရအောင်"

လှည်းနှင့် ပစ္စည်းစောင့်ဖို့ ဗလနှင့် ရွယ်တူ စိန်မောင်း ဆိုသည့်ကောင်လေး ထားခဲ့သည်။ ကိုးတန်းဖြေထားသည့် စိန်မောင်းက ဗလထက်တစ်နှစ်လောက်ငယ်သော်လည်း သူကလည်း ပြောရဲဆိုရဲသွက်လက်သည့် ကောင်လေးဖြစ်၍ နှစ်ယောက်သား အဖော်ရသွားသည်။

တန်ခူးလပြည့်ဖို့ သိပ်မလိုတော့သည့်လအလင်းရောင်က တစ်တောလုံးကိုလင်းထိန်စေလျက် ကျွန်းပင်တွေကြားက ထိုးဖောက်ဖြာဆင်းကျနေပုံက အတော်လှသည်။ ပူနွေးသည့်လေနှင့် အတူပါလာသည့် မွှေးပျံ့လွန်းသည့် ပန်းနံ့က ဗလနှင့် စိန်မောင်းတို့အတွက် ဆာလောင်၊ မောပန်းခြင်းကိုပြေစေသည်။

"ပန်းနံ့တွေက မွှေးလိုက်တာကွာ၊ ဆာတာတော့၊ ပင်ပန်းတာတွေတောင် ဘယ်ပျောက်သွားမှန်းမသိဘူး။ စားစရာကလည်း ပေါင်မုန့်ပဲမြင်တယ်။ အထုပ်တွေလည်းမဖြေချင်ဘူး။ ရေဘူးတွေ့လား စိန်မောင်း၊ ရေတော့ဆာတယ်ကွ"

"ကျွန်တော်တို့ နတ်ပန်းလိုဏ်ဂူဘက်သွားမလား အစ်ကို"

"ဟေ-နတ်ပန်းလိုဏ်ဂူဟုတ်လား၊ ဘယ်မှာလဲ စိန်မောင်းရဲ့"

"ကျွန်တော်လည်း သေချာတော့မသိဘူး၊ လူကြီးတွေပြောတာကြားဖူးတာ။ ခုမြင်နေရတဲ့တောင်တွေထဲမှာရှိတယ်တဲ့။ တန်ခူးလပြည့်နီးရင် နတ်ပန်းလိုဏ်ဂူထဲက ပွင့်တဲ့ပန်းတွေက တအားမွှေးတာ။ ကျွန်တော်တစ်ခါလောက်ရောက်ဖူးချင်တယ်။ အစ်ကိုသွားရဲလား"

မသွားရဲစရာ အကြောင်းတော့မရှိ။ ပစ္စည်းနှင့် နွားတွေ ဘယ်သူစောင့်မလဲဆိုသည့်မေးခွန်းကို စိန်မောင်းက ခပ်သွက်သွက်ဖြေပေးသည်။ တောထဲမှာ ကျားလည်းမရှိဘူး၊ ညဘက်အသွားအလာမရှိလို့ ပစ္စည်းလည်းမပျောက်နိုင်ဘူးတဲ့။

ရွာကိုရောက်ဖို့ ခြေကျင်သွက်သွက်သွားရင်တောင် အသွား၊ အပြန် သုံးနာရီကြာမှာပါတဲ့။ နှစ်ယောက်သားကိုယ့်ကျောပိုးအိတ်ကိုယ်လွယ်ပြီး လမ်းဘေးကတောင်အောက်ဆင်းခဲ့ကြသည်။

တောင်အောက်လမ်းအတိုင်းသွားမှ ကျောက်တုံးကြီးတွေတွယ်ကပ်နေသော တောင်မြင့်မြင့်ကြီးဆီရောက်မှာဖြစ်သည်။ လရောင်အောက်မှာ တောင်ကမ်းပါးယံမြင့်မြင့်ကြီးနှင့် သစ်ပင်၊ နွယ်ပင်တွေက စိတ်ဝင်စားစရာ၊ သွားချင်စရာကောင်းသည်။

ဗလနှင့် စိန်မောင်း စကားမပြောဖြစ်ဘဲ လျှိုလမ်းထဲက တွယ်တက်ရလောက်သည့် နွယ်ပင်တွေရှိရာ ရောက်လာကြသည်။အနီးလေးထင်သော်လည်း တောင်ကြောကြီးက သူတို့လှည်းထားရာနှင့် အတော်ဝေးခဲ့ပြီ။

ဗလအိမ်ကမထွက်ခင် ပြက္ခဒိန်ကိုသေချာကြည့်ခဲ့သည်။ နောက်နှစ်ရက်ဆိုတန်ခူးလပြည့်နေ့။ ဘွားလေးမကြာခဏပြောတတ်သည်။ မြဂနိုင်ရွာကဘုရားပွဲနှင့် နတ်ပန်းတော်ဝင်သိုက်ဘုရားပွဲကတစ်နေ့တည်းတဲ့။ နတ်ပန်းတော်ဝင်သိုက်က ဒီရိုးမတောကြီးထဲမှာရှိသော်လည်း ဘယ်နေရာဟု အတိအကျမသိကြပါ။ တန်ခူးလပြည့်နေ့မှာ တစ်တောလုံး မွှေးကြိုင်အောင်ပွင့်သော နတ်ပန်းလိုဏ်ဂူရှိတာ သိသူတွေရှိသော်လည်း စပ်စပ်စုစု ဘယ်နေရာလဲ စူးစမ်းမှုမရှိကြပါ။

ခုတော့ ဗလနှင့် စိန်မောင်းတို့နှစ်ယောက် နတ်ပန်းလိုဏ်ဂူရှိရာ ခန့်မှန်းချက်နှင့်သွားနေကြသည်။

"အစ်ကို၊ ကျွန်တော်တို့ထွက်လာတာကြာပြီ ပြန်ကြမလား။ လမ်းပျောက်သွားရင် ဒုက္ခရောက်လိမ့်မယ်"

"မင်းကလည်းကွာ၊ ဒီတောင်တွေဘေးက ခဏခဏဖြတ်နေပြီး ဘာတွေးကြောက်နေတာလဲ။ တွေ့နိုင်ပါတယ်ကွ ကျောက်တုံးတွေ ဒီလောက်ပေါတာ လိုဏ်ဂူလည်းတွေ့မှာပေါ့။ ငါရှေ့ကသွားမယ်ကွာ လာ၊ လာ"

*

ဗလရုတ်တရက်လန့်သွားမိသည်။ သူ့နောက်က ထက်ကြပ်မကွာလိုက်လာသည့် စိန်မောင်းကို မတွေ့ရတော့သလို မှောင်မည်းတိတ်ဆိတ်နေသောလိုဏ်ဂူကြီးထဲမှာ သူတစ်ယောက်တည်းရောက်နေတာ သတိထားဖြစ်သည်။

မြေသားပျော့ပျော့တွေမှာ ခြေမျက်စိထိရေစီးနေ၏။ ကျောက်တုံးနှစ်ခုကြား အတင်းတိုးဝင်လိုက်သည်။ ခဏချင်း လိုဏ်ဂူကြီးထဲ ရုတ်တရက်ရောက်လာခြင်းပါ။ စိန်မောင်းလည်း သူ့လိုတိုးဝင်လာလျှင် အဆင်ပြေလိမ့်မည်။အပြင်ပြန်ထွက်ဖို့၊ အဝင်ပေါက်ရှာဖို့ ပါလာသည့်ကျောပိုးအိတ်ထဲမှ လက်နှိပ်ဓာတ်မီးသေးသေးလေးနှင့် ဟိုထိုးဒီထိုးကြည့်ပေမယ့် အပေါက်နှင့်တူတာ မတွေ့ရတော့ပါ။

ဗလတစ်ယောက်တည်း စိတ်မကောင်းဖြစ်လျက် ရေစီးရာအတိုင်း တဖြည်းဖြည်းလျှောက်ခဲ့သည်။ လက်ပတ်နာရီမကြည့်ဖြစ်ပေမယ့် တစ်နာရီတောင်ရှိနေပြီ။ ဆာလောင်မှုကြောင့် ဝမ်းထဲက တကျုတ်ကျုတ်မြည်လာ၏။ စိန်မောင်းပါလာလျှင် စကားပြောဖော်ရမှာ။ ဘွားလေးကို မြွေရှိလား၊ တစ္ဆေရှိလား၊ ဘီလူးရှိလားလို့ ရွှဲမေးမိတာ နောင်တရသည်။

ဘယ်လောက်ပဲ သတ္တိကောင်းတယ်ပြောပြော မှောင်နေသည့် မဆုံးနိုင်သော လိုဏ်ဂူထဲမှာ တစ်ယောက်တည်း စမ်းတဝါးဝါးလျှောက်ရတာ စိတ်ညစ်ဖို့ ငယ်သလိုရှိသည်။ စိန်မောင်းစိတ်ခုပြီ

www.burmeseclassic.com

ချင် သူတရားခံဖြစ်လိမ့်မည်။ လေးထိုး၍ ရေစပ်စပ်လေးစီးရာ ကြောင်းအတိုင်း လိုက်သွားရာ င်းရောင်ဖျော့ဖျော့လေးကို မြင်ရ

"ဟာ - ရေစီးသန်တဲ့ချောင်းကြီး လူတောင်မျောနိုင်တယ်။ ထွက် လည်းတွေ့ပြီကွ"

ဗလ ဝမ်းသာအားရနှုတ်ကလည်း ရေနီနီတွေစီးဆင်းနေသည့်ချောင်း အစပ်ကို ပြေးထွက်ခဲ့၏။ လရောင် မြင့်တက်လာပြီဖြစ်လို့ အရာအား သဲကွဲစွာမြင်ရ၏။ ဒီချောင်းကြီးကို တ်နိုင်လျှင် ခပ်လှမ်းလှမ်းမှာမြင်နေ ည့်ရွာကို ရောက်နိုင်သည်။ ဗလ မ်းပြန်သွားဖို့ ခက်ခဲတာကြောင့် နေရသည့်ရွာမှာ စားစရာတစ်ခုခုရ သူ့ရွာပြန်မည့်လမ်းရှာဖို့ စိတ်အား သည်။

သို့သော်လည်း ရေစီးသန်သော ချောင်းကြီးကိုဖြတ်ဖို့ တံတားမရှိပါ။ လောက်နက်သလား။ ပေါင်လောက် သလား သေချာမသိတာကြောင့် ပုတ်စွာ ချောင်းဘေးမှာ ကျောပိုး ခေါင်းတင်ပြီး အမောဖြေနေလိုက် သည်။

အမောဖြေ မျက်လုံးမှိတ်ထားချိန် မောကျသွားသည်။ မနက်ခင်း င်းရောင်က သူ့မျက်နှာကိုတိုက်ရိုက် နေသည်။ တစ်ဖက်ချောင်းဘေးမှာ ပြော လမ်းလျှောက်သွားသည့် တ်ျားကြီးနှစ်ယောက်ကို ဝမ်းသာ ရလှမ်းခေါ်ဖြစ်သည်။

"ဦးကြီးတို့၊ ဦးကြီးတို့၊ ကျွန်တော် ဘက်ကို ကူးလာချင်တယ်။ ရေဘယ် တ်နက်လဲ။ တံတားလည်းမရှိဘူး"

"ဝါးတစ်ပြန်လောက်ပေါ့ကွာ"

"ဗျာ"

ဗလ အံ့ဩသွားသလို စိတ်ပျက် သည်။ ရွာကိုလှမ်းမြင်နေရပေမယ့် တားမရှိဘဲ ဘယ်လိုသွားရပ့ါမလဲ။ သူ့ တွေးမဆုံးမီ ဟိုဘက်ကမ်းက ခပ်ငယ် လူက ဖိနပ်ချွတ်ကာ ချောင်းထိပ်မှ သာသည်။ သေချာကြည့်လျှင် ရေ မှာ ဘာတံတားမှမရှိပေမယ့် မြေ လမ်းလျှောက်သလို လျှောက်လာ လားထင်ရသည်။

"လာ - ငါ့လက်ကိုဆွဲ၊ ဖိနပ်ချွတ်။ ကို ရွာဘက်ရောက်အောင်ကူးပေး

ဗလလက်ကိုလာဆွဲသည့် ထိုလူ၏ တုတ်ခိုင်သောလက်တွေကို သေချာ ပြန်ဆုပ်ကိုင်ပြီး စောစောကသူလျှောက် သည့် သစ်လုံးလိုလိုတံတားပေါ် ဖိနပ် မပါသောခြေထောက်ကို ချနင်းလိုက် သည်။

"ဟာ"

နှုတ်မှ လန့်အော်သံကြားသွား မလားစိုးရိမ်မိသည်။ တံတားသည် ပျော့ ပျောင်းချောမောနေလျက် လှုပ်နေသလို ခံစားရသည်။ ချောင်းကထင်သလောက် ကျဉ်းမြောင်းမနေသဖြင့် ခြေလှမ်းနှစ်ဆယ် လောက်သွားပြီးမှ တစ်ဖက်မြေပြင် ခြေ ချဖြစ်သည်။ ရေထဲမှာတလှုပ်လှုပ်ဖြစ် နေလို့ ပြုတ်ကျမလားထင်ရသည်။

သည်တံတားပေါ်ဖြတ်ချိန် ဘယ် လောက်များကြောက်နေမှန်းမသိ ကြက် သီးတဖြန်းဖြန်းထမိသည်။

"မင်းက မြဂနိုင်ရွာသူ မနန်းရွှေ သားလား"

"ဟုတ်. . . ဟုတ်ကဲ့၊ ဦးကြီးတို့ အမေ့ကိုသိသလား။ ကျွန်တော်ကျောင်း ပိတ်လို့ ရွာခဏပြန်လာတာ"

"မင်းအမေနဲ့ တစ်ရွာတည်းသား တွေပဲ။ သူ မြဂနိုင်ရွာသား ကျော်ခေါင်နဲ့ အိမ်ထောင်ကျသွားတာ လူကြီးတွေ သဘောမတူလို့တားတဲ့ကြားက ဇွတ်လုပ် တာကွ။ ကျော်ခေါင်ကလည်းသိလျက်နဲ့ တစ်ဇွတ်ထိုးခေါ်သွားတာ နှစ်ယောက် လုံး စိတ်ဆင်းရဲလိမ့်မယ်"

"ဟာ - အဲဒီလိုတော့မပြောပါနဲ့ ဦးကြီးရယ်။ ကျွန်တော့်အမေကို အဖေ က သိပ်ချစ်တာပါဗျာ။ ကျွန်တော့်ကိုမြို့ မှာထားပေမယ့် ခဏခဏလာတွေ့တယ်။ ညီမလေးကိုတော့ မိန်းကလေးဖြစ်လို့ ရွာမှာပဲထားတယ်။ နောက်တော့ မြို့ ပြောင်းကြမှာဗျ။ နှစ်ယောက်လုံး စိတ်



ချမ်းသာကြပါတယ်"

"မင်းအမေက ညီမလေးနဲ့မင်းကို ဘယ်သူ့ပိုချစ်လဲကွ"

"နှစ်ယောက်စလုံး ချစ်ပါတယ်။ ဦးရီးမှာသားသမီးမရှိဘူးလား။ တန်းတူ ချစ်မှာပေါ့"

"ဟား. . . ဟား. . . ဟား"

သဘောကျစွာ ရယ်လိုက်သော ဦးကြီးနှစ်ယောက်ကို ဗလ သေချာကြည့် ဖြစ်သည်။ ရုပ်ဆိုးလိုက်တာဟု စိတ်ထဲမှာ ကျိတ်မှတ်ချက်ချဖြစ်သည်။

ရယ်လိုက်လျှင် ပေါ်လာသော သွားနှင့် သွားဖုံးတို့ကား နီရဲလျက်။ မျက်နှာအရေပြားက အတွန့်အလိပ်တွေ များနေသည်။ သာမန်ထက်ပြူးသော မျက်လုံးတွေက အရက်သောက်ထား သလား။ အနီရောင်သန်းနေသည့် မျက်ခုံးတွေက နက်မှောင်သော်လည်း ခပ်ကျဲကျဲ။ အလုပ်ကြမ်းသမားလို အသားမာတက်နေသော လက်တွေမှာ လက်သည်းတွေက မညီမညာလက် သည်းအရောင်က အညိုပုပ်အရောင် ပါ။

ဗလ သူတို့ကို အကဲခတ်နေမှန်း သိသော ဦးကြီးနှစ်ယောက်ထဲက သူ့ကို လာတွဲခေါ်သောသူက -

"ငါတို့ကို ရုပ်ဆိုးတယ်လို့ကြည့် နေတာလားကွ"

ဟု ပွင့်လင်းစွာမေးတော့ ဗလ အားနာသွားမိသည်။

"ရွာထဲသွားမယ်ဆိုသွားလေကွာ နှစ်မိုင်လောက်ပဲလျှောက်ရင် ရောက်ပြီ"

"ဟာ - မနောက်ပါနဲ့ ဦးကြီးတို့ ရယ်။ ရွာကို ဒီကလှမ်းမြင်နေရပြီ။ အိမ် ဘယ်နှလုံးရှိလဲ ဒီကနေ လှမ်းလက်ညှိုး ထိုးရေလို့ရပြီ"

"အေးပါကွာ အေး၊ အေး - ဒါဆို လည်းသွားပေါ့။ မနန်းရွှေသားကလည်း အလာကြီးပါလား။ ဟိုမှာမင်းအမျိုးတွေ တောင်ရှိသေးတယ်။ တွေ့ချင်နေကြတာ သွားပေါ့"

*

"ဟော့၊ ဟော့ - ကောင်လေး၊ စောင့် ဦးလေ။ လမ်းသိလို့လား"

"ဟိုမှာလေဗျာ၊ လမ်းကဖြောင့် ဖြောင့်ကြီးမြင်နေရပြီ။ သွားစရာရှိတာ သွားကြပါ။ ကျွန်တော်သွားတတ်ပါ တယ် ဦးကြီး"

"သူသွားတတ်တယ်ဆိုမှတော့သွား ပါစေကွာ။ လာ - ငါတို့နောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြန်လှည့်မယ်"

သူတို့နှစ်ယောက်ပြောစကားတွေ သတိမထားတော့ဘဲ ဗလရွာဘက်လမ်း အတိုင်း ကျောပိုးအိတ်လွယ်ကာထွက်ခဲ့၏။ စောစောကလှမ်းမြင်နေသော အိမ်အမိုးတွေ၊ စေတီတွေက သစ်ပင်ရိပ်ကြီးတွေကွယ်သွားလို့လား။ ခပ်ရေးရေးသာ မြင်ရသည်။ သွက်သွက်လှမ်းသော သူ့ခြေလှမ်းတွေကြောင့် မိနစ်ပိုင်းလောက်သာ လျှောက်ရမည်ထင်သောလမ်းကို တစ်နာရီကျော်ကြာလျှောက်နေရသည်။ သူ့လက်ပတ်နာရီများ အချိန်မှားသလား တွေးနေဆဲ ရွာအဝင်စည်းရိုးကို တောလမ်းလေးအလွန်မှာ တွေ့လိုက်ရသည်။

ရွာစည်းရိုးကို ကြီးမားသောသစ်လုံးတွေ စိတ်စိတ်စိက်လျက် သံဆူးကြိုးတွေတွဲထားသည်မို့ ရွာထဲဝင်ဖို့ တစ်ခုတည်းသောတံခါးမှာပင် သော့ခတ်အိပ်ကြသလား စဉ်းစားကြည့်ဖြစ်သည်။ ဗလအမေ၏ရွာ သူ့ဆွေမျိုးတွေလည်းရှိသည်ဟုသိထားပေမယ့် ဒီလိုရွာလေးဖြစ်လိမ့်မည်မထင်ထားပါ။

ထမင်းဆာလောင်ခြင်းထက် ရေသောက်လိုသောစိတ်ကပိုသည်။ မမောဘူးထင်သော်လည်း ခြေ၊ လက်တွေ မသယ်ချင်တော့ဘဲ တစ်နေရာရာမှာ လှဲအိပ်ပစ်ချင်သည်။ ကံကောင်းစွာ ရွာတံခါးပိတ်မထား။ ရေအိုးစင်လေးကလည်း ရွာအဝင် ထနောင်းပင်အောက်မှာရှိနေသည်။

"ဟာ - ကောင်းလိုက်တာ၊ အရသာရှိလိုက်တဲ့ရေ။ ဒီအချိန်အထိ သောက်လာတဲ့ရေတွေထဲက အရသာအရှိဆုံး၊ အအေးဆုံးပဲ။ တစ်ခုခုများစားစရာရှိရင်ကောင်းမှာပဲ"

ဗလ အရိပ်ကောင်းကောင်း၌ခြေပစ်လက်ပစ်ထိုင်ပြီး ကျောပိုးအိတ်ပေါ် ခေါင်းတင်မှေးမယ်ကြံဆဲ အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ ဥပဓိရုပ်ကောင်းသည့်လူကြီးက သူ့ခြေရင်းက ရပ်ကြည့်ရင်း -

"မင်း ကြုံတဲ့နေရာ မအိပ်နဲ့ကွ။ ယောက်ျားပဲ ပင်ပန်းလည်းသည်းခံနိုင်မှပေါ့။ မနန်းရွှေသားမဟုတ်လား။ လာ၊ လာ ငါနဲ့လိုက်ခဲ့"

အမေ့နာမည်ပြောကာ ရှေ့ကဦးဆောင်သွားသောဘကြီးနောက် မပြေးရုံတမယ်လိုက်ခဲ့သည်။ သန်မာပြီး လျင်မြန်လိုက်တဲ့ ဘကြီးခြေထောက်နှင့် မြေကြီးမထိဘဲ လေနှင့်သွားနေသလားထင်ရ၏။

လူနှစ်ယောက်ဖက်စာလောက်ရှိသည့်ကျွန်းတိုင်လုံးကြီးတွေနှင့်အဆောက်အအုံကို သစ်သားအကာ၊ သစ်သားအခင်း၊ အမိုးကတော့ ဝါးနှင့်ရက်ထားသော သက်ကယ်တွေပါ။ စောစောက ပူအိုက်မောပန်းခြင်းတွေ အိမ်ပေါ်တက်လိုက်သည်နှင့် ပျောက်သွားကြသည်။

"ဘဘ၊ အစ်မနန်းရွှေရည်သားလား"

"အေး၊ အေး - မြင်ဖူးချင်တယ်ဆိုလာကြည့်ကြလို့ပြောလိုက်။ စားစရာလည်းပြင်လာ၊ ဒီကလေးဆာနေပြီ။ နန်းကေသီရှိတယ်မဟုတ်လား"

အမေ့အမျိုးတွေဖြစ်မည်။ ကာထားသောခန်းဆီးလေးကို လှစ်ခနဲဖွင့်ကြည့်လိုက်၊ ပြန်ဝင်သွားလိုက်လုပ်နေကြတာ လူတွေရှစ်ယောက်၊ ကိုးယောက်လောက်ရှိပြီး ဗလကို ထမင်းလာပြင်ပေးသော အစ်မမျက်နှာက သူပင်အံ့ဩလောက်အောင် ချောလွန်းသည်။ သူ့အသက်ငယ်သေးလို့ မတွေ့ဘူးသေးတာလား။ ဒီတစ်ခါသာငေးလောက်အောင် လှလွန်းသည့်မိန်းကလေး မြင်ဖူးခြင်းပါ။ ဇာအနီရောင်လက်ရှည်အကျီ၊ ထဘီအနက်ရောင်က လိုက်ဖက်သလို ဆံပင်ပြောင်သိမ်းပြီး ခပ်မြင့်မြင့်ထုံးထားသည့် ဆံထုံးမှာ ကံ့ကော်ပန်းတွေပန်ထားသည်။

"ဆာနေမှာပေါ့၊ ဖြည်းဖြည်းစားနော်"

စားပွဲပေါ်မှာ အငွေ့တထောင်းထောင်းထနေသည့် ထမင်းပြင်ပေးပြီး ထမသွားဘဲ သူ့ရှေ့မှာထိုင်လိုက်သည်။

"တစ်ခါမှရောက်မလာဖူးသေးဘူး။ ပျော်သလောက်နေပါလား"

"အမေမျှော်နေမှာ။ ကျွန်တော်မျက်စိလည်ရောက်လာတာ။ စိန်မောင်းက နတ်ပန်းလိုဏ်ဂူရှိရာသွားမယ်ပြောလို့ လိုက်လာတာ"

"ဟုတ်လား။ နတ်ပန်းလိုဏ်ဂူကို ရောက်ဖူးချင်လို့လား။ ဘယ်သူကတည်နေရာအတိအကျသိထားလို့လဲ"

"အဲဒါ ကျွန်တော်မသိဘူး။ မှန်းကြည့်ရှာရတာပေါ့။ ရွာကလူတွေကတော့ မသွားခိုင်းဘူးတဲ့။ ရောက်တဲ့လူတွေက ပျော်လွန်းလို့ အိမ်ပြန်မလာတာများတယ်တဲ့"

ဗလစကားကြောင့် သူ့ရှေ့က အစ်မ အသံထွက်အောင်ရယ်နေသည်။ စောစောကဘဘဘယ်အချိန်ထွက်သွားမှန်းမသိ အိမ်ကျယ်ကျယ်ဧည့်ခန်းထဲမှာ

သူတို့နှစ်ယောက်သာကျန်ခဲ့သည်။

ဟင်းတွေက ဘာအသားမှမပါ အသီးအရွက်တွေသာ စုံအောင်ချက်ထ ထားသည်။ သက်သတ်လွတ်စားကြ သည်ဟုပြောပြီး သူ့ပန်းကန်ထဲခပ်ထည့် ပေးပြန်သည်။

"ဒေါ်လေးတို့ရွာနာမည်က ဘာ လဲဟင်၊ အဝင်မှာ ရေးထားတာလဲမရှိ ဘူး"

"ဒါ သားအမေဇာတိရွာပဲ၊ ပြော မပြထားဘူးလား'

"အမေက သူ့ရွာအကြောင်းတစ် ခါမှမပြောပြဘူး။ မေးလည်းမကြိုက်ဘူး"

"ဒါဆိုလည်းမှတ်ထား၊ ဒီရွာက နတ်ဝှက်ရွာလေ"

"ဗျာ - နတ်ဝှက်ရွာဟုတ်လား"

*

"သား၊ ထ ထ ရွာထဲလိုက်ပြမေ မယ်"

နှစ်ခြိုက်စွာအိပ်မောကျနေသော ဗလ သူ့လက်မောင်းကို လာပုတ်နိုးသော အစ်မကို မော့ကြည့်ပြီး ပြန်အိပ်မည်စိတ် ကူးကို သိနေတာလား။ ရေတစ်ခွက်ခ ပေးပြီး -

"သောက်လိုက်၊လန်းသွားအောင်"

ဟု ပြောပြီး ယွန်းရေခွက်ထ လှမ်းပေးသည်။

ဒီအိမ်မှာ ရှေးကျသည့်ယွန်းထ သောက်ပန်းကန်တွေမက ယွန်းနှင့်ထ ထားသောသေတ္တာတွေလည်း၊ လေး လုံး ဧည့်ခန်းထဲမှာ စီချထားတာ သတိထားမိသည်။

"ဒေါ်လေး၊ ညဘက်ကြီးမသွား မရဘူးလား။ မနက်လင်းမှကြည့်ပါရ

"မဖြစ်ဘူး သား၊ မင်းဒီရွာမှာ ရှခင်းအဆောက်အအုံတွေ အစုံအ မြင်ချင်တယ်ဆိုရင်တော့ ညဘက်ထွ ကြည့်တာ အကောင်းဆုံးပဲ။ လသာ တယ်လေ။ လပြည့်ကျော်သွားရင် ဘာမှတွေ့ရမှာမဟုတ်ဘူး။ ထ ထ၊ တာ မင်းရွာရောက်မှ အိပ်လည်းဖြစ် ပဲ"

ဗလ ပြန်မအိပ်မရတဲ့အတူတူ ကေသီဆိုသည့် ဒေါ်လေးနောက် ချပ်မကွာလိုက်ခဲ့သည်။

"လာ - ဘာစကားမှမပြော တိတ်တိတ်လေးလိုက်ခဲ့"

ဗလလက်ကို ဆုပ်ကိုင်လာ ဒေါ်လေးနန်းကေသီလက်က ပါလာသည်ထင်၏။ သူ့လက်



www.burmeseclassic.com

www.burmeseclassic.com

သောက်လျှောက်လျှောက် မမော ရွာထဲရောက်နေသည်ထင်သော အိမ်မှ အတော်ကြာအောင် ရသေးသည်။

"လျှိုအောက်ဘက်မှာ ပြစရာတွေ "

သူမလက်ညှိုးညွှန်ရာ ကြည့်လိုက် အဝါရောင်ပန်းတွေ လျှိုတစ်ခုလုံး နီးပါးပွင့်နေကြသလို လျှိုအောက် သံတွေလည်းကြားရသည်။ လ နှင့် အလုပ်လုပ်သူတွေအားလုံး လူတွေကောဟုတ်ရဲ့လား သံသ မိပေမယ့် မမေးဖြစ်ပါ။

"ဟိုဘက်သွားကြမယ်။ အချိန်ရ တာပဲ"

တောင်ကမ်းပါးယံကြီးကိုပတ်ကာ ကြီးထဲ တစ်ယောက်စီတိုးဝင် ကြားလိုက်ရသောရက်ကန်းသံ ဇလ ခြေလှမ်းတန့်သွားသည်။ သောရက်ကန်းစင်ကြီးမှာ တဖိတ် တောက်နေသော ရွှေသက်န်းကြီး လုနီးပါးဖြစ်နေပြီ။

ထူးခြားစွာ ရွှေသက်န်းဘေးမှာ မျှင်လေးတွေ အနားသတ်ထား ရွှေသင်္ကန်းကြီးက ကြီးမားရှည် သည်ဖြစ်၍ သာမန်ဆင်းတုတော် ဇော်ကပ်လှူဖို့ မဖြစ်နိုင်။ တခြား တန်းစင်မှာ ကော်ဇောလိပ်ရှည်ကြီး နေကြသည်။ ဇလနှင့် နန်းကေသီ တာတာသိပေမယ့် ဘယ်သူမှလှည့် ကြည့်သလို လုပ်လက်စအလုပ်ကို သပ် လုပအောင်သာ စိတ်ဝင်စား ကြသည်။

ဇလ အိပ်မက်လား ထင်နေမိ သည်။ သူ့လက်ကိုဆွဲကိုင်ထားသော ဒေါ်ဖြစ်သူ နန်းကေသီက ရှေ့ဆက် ခေါ် ရာတရွေ့ရွေ့လိုက်ရင်း အေးစက် သော ကျောက်သားတွေပေါ် လျှောက် တော့ လန့်ကာ လက်တွေဆွဲရုန်းမိ သည်။

"သားဘာမှမကြောက်နဲ့။ သား မေက ဒီရွာမှာ အားလုံးချစ်ခင်ရိုသေ သူပဲ။ မင်းရောက်လာမှတော့ ထူး တာတွေကြည့်သွား"

ကျောက်ဂူကြီးအတွင်းဘက်ရောက် အလင်းရောင်ပိုမြင်ရလေဖြစ်နေ၏။ အလင်းရောင်က ဂူ ထဲထိုးဆင်းလာ ဖြင့် အရာအားလုံး ထင်ရှားစွာမြင်ရ သည်။

ကြီးမားသောကြွေပန်းအိုးကြီးတွေ သန့်ရှင်းရေးလုပ်သူတွေ၊ ရောင်စုံ ကျောက်သံပတ္တမြားစီခြယ်ထားသော ပလ္လင်ကြီးကို သန့်ရှင်းအောင်ပွတ်တိုက်သူတွေ၊ ရွှေရောင်ငွေရောင်လင်ပန်း၊ ကရားသောက်ရေခွက်တွေကို ပွတ်တိုက်ဆေးကြောသူတွေနှင့် ရှုပ်ယှက်ခတ်နေသည်။

လိုဏ်ဂူကြီးအတွင်းမှာ စကားသံတစ်ခွန်းမှမကြားရပေမယ့် အထက်ကြိုးတန်းမှာတန်းစီးချိတ်ထားသောရွှေရောင်ညောင်ရွက်၊ ရွှေခေါင်းလောင်း၊ ဆည်းလည်းမြည်သံတွေက အဆက်မပြတ်ထွက်ပေါ် နေ၏။

ပလ္လင်ကြီးရှေ့ရှိ ကြီးမားသောကြွေပန်းအိုးထဲမှာ အဖြူရောင်၊ အဝါရောင်ပန်းတွေဆီက မွှေးရနံ့သည် ဇလလှည်းတွေရပ်နားထားသောနေရာထိ ပျံ့မွှေးလာသောပန်းတွေပါလား။

တစ်နှစ်မှာ တစ်ရက်တည်းပွင့်သောမဉ္ဇူသကနတ်ပန်းရနံ့ဟု စိန်မောင်းပြောတာသတိရမိသည်။

"ပြန်မယ်၊ နဂါးနက်ချောင်းဘက်ကပြန်ကြမယ်"

သူ့လက်ကို ဆွဲကိုင်ထွက်သည့်အဒေါ်ကို ကျွန်တော်မလိုက်ရဲဘူးဟု ငြင်းလိုက်ပေမယ့် နန်းကေသီက ဘာမှမကြားသလိုတောင် ကမ်းပါးယံကြီးပတ်ကာ နက်မှောင်ပြီး ရေစီးသန်သည့်ချောင်းထိပ်ခေါ်ခဲ့သည်။

"ဒီချောင်းအောက်မှာ မြွေရှိတယ်၊ တခြားလမ်းကသွားပါရစေ ဒေါ်လေး"

"မင်းဘယ်သူပြောလဲ သားရယ်။ မြွေမဟုတ်တော့ဘူး၊ နဂါးနက်ချောင်းပါဆို"

"ဟာ -သားကြောက်တယ်။ သားလက်ကို လွှတ် လွှတ်၊ ဒေါ်လေး သားကိုချောင်းထဲက မြွေကျောကုန်းပေါ် လမ်းမလျှောက်ခိုင်းပါနဲ့"

ဇလရုန်းပေမယ့် နန်းကေသီလက်ဆွဲရာ ထက်ကြပ်မကွာလိုက်နေမိသည်။ ချောင်းဟိုဘက်ထိပ်ရောက်ချိန်မှာတော့ ဇလမျက်လုံးတွေပြာဝေမှောင်မည်းသွားတော့သည်။

*

မျက်လုံးတွေဖွင့်ကြည့်တော့ ဇလအိပ်ရာထက်အိပ်နေသည့်အနေအထားမပျက်။ သက်ပြင်းချပြီး အိပ်မက်မက်တာလို့တွေးနေခိုက် သူ့ခြေသလုံးမှာ ရေစိုနေတာကြောင့် ရုတ်တရက်ထထိုင်ဖြစ်သည်။

မနက်အရုဏ်တက်အလင်းရောင်မထွက်သေးပေမယ့် အိမ်ထဲမှာ သဲကွဲစွာမြင်နေရသည်။ ခြေချောင်းကြားလေးတွေထဲမှာ ရေညှိဖတ်လေးတွေကပ်နေတာပဲ။ ပဲစေ့အညိုလေးတွေနှင့် ထမင်းဖြူပေါင်းထားသည့်ပန်းကန်တွေ သယ်လာသည့် ဒေါ်လေးနန်းကေသီက သူ့ကို -

"ညတုန်းကသားသွားခဲ့တဲ့နေရာတွေ၊ မြင်တာသိတာတွေ ဘယ်သူ့မှပြန်မပြောရဘူး။ အိပ်မက်မက်တယ်လို့ပဲမှတ်ထား။ ဘာလို့မသိစေချင်တာလဲဆိုတာ နောက်တော့မှ သားသိလာလိမ့်မယ်"

ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါကြည့်နေသောဇလကို ဆက်မပြောတော့ဘဲ အိပ်ခန်းထဲဝင်သွားတော့သည်။

ဗိုက်ထဲက ဆာတာတွေမေ့ထားရင်း စိတ်ပူနေမည့် အဖေ၊ အမေတို့ရွာ မြန်မြန်ပြန်ချင်သည်။ မွန်းမတည့်ခင်ပြန်မှ အဆင်ပြေမှာ၊ လက်ကနာရီကြည့်လိုက်စဉ် ဇလအံ့ဩသွားသည်။

"ဟာ - နာရီစက်ပျက်တာလည်း မဟုတ်ဘဲနဲ့ ဘာတွေပေါ်နေတာလဲ"

နာရီလက်တံက နံနက်ဆယ်နာရီခွဲအလင်းရောင်တောင်မထွက်လာသေးပါ။ ရက်စွဲက မေ ၁၈ ရက်တဲ့။ သွားရင်းလာရင်း အကောင်းစားနာရီတော့ပျက်သွားပြီ။ စက္ကန့်တံလေးက တဖျတ်ဖျတ်သွားနေသားပဲ။ စက်မရပ်ဘဲပျက်သွားတဲ့နာရီအသစ်လေးကို နှမြောနေမိသည်။

အချိန်တွေကတစ်လကျော်လောက်ပြောင်းသွားတာ။ သွားတဲ့ရက်က ဧပြီလ ၁၅ ရက်နေ့ပါ။ သကြံန်မှာ သူငယ်ချင်းတွေ လည်ပတ်ပြီးမှ ရွာပြန်ချင်တယ်လို့ ဘွားလေးကို ဂျစ်တိုက်ခဲ့တာ ပြန်တွေးရင်း ဒီအသက်အရွယ်ထိ ရွာမပြန်စေဘဲ အကြောင်းအမျိုးမျိုးပြတားသည့်ဒေါ်လေးကိုစိတ်ဆိုးမိသည်။

ဒီလိုဇွတ်ထွက်လာလို့သာ အမေ့အမျိုးတွေနှင့် တွေ့ရသည်။ နတ်ဂုဏ်ရွာ၏ထူးဆန်းတာတွေ သိရသည်။ အမေ့အမျိုး ဦးကြီးတွေ၊ ဒေါ်လေးတွေနှင့် တွေ့ရတာပျော်သည်။ အမေစိတ်ပူမှာစိုးလို့သာ ပြန်ပို့ခိုင်းရတာ၊ ဒီရွာမှာကြည့်စရာတွေအများကြီးရှိသေးတယ်တဲ့။

"ဇလမင်းအမေလာခေါ်လိမ့်မယ်၊ တစ်ယောက်တည်း မပြန်သေးနဲ့"

ဘကြီး အမေ့ကိုလူလွှတ်ခေါ်တာဖြစ်မည်။ အမေလာခေါ်လျှင် ရွာထဲအနှံ့လည်ပြခိုင်းဦးမည်။ တစ်ခေါက်တစ်ခေါက်လာဖို့ဆိုတာ လွယ်တာမဟုတ်၊ ခုတော့ စိန်မောင်း၏ တောင်းပန်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အမေ့ရွာရောက်ဖူးပြီ။ အဖေ့ကို သဘောမတူလို့လား။ တစ်ခါမှ အမေ့အမျိုးတွေ သွားကန်တော့တာ၊ အလည်ပို့တာမလုပ်ခဲ့ပါ။ [illegible] ဒေါ်လေးကို ပြောပြရဦးမည်။ ဒေါ်လေးထက် အမေ့ညီမတွေက ပိုသဘောကောင်းတာပဲ။ အမေ့ဘက်က ဆွေမျိုးတွေတစ်ရွာလုံးနီးပါးရှိတာတောင် ဒီအရွယ်မှသိရသည်။ အမေ့အမျိုးတွေကို အသွားအလာမလုပ်တော့ မျက်နှာငယ်မှာပေါ့။

တစ်ခါတစ်ရံ ဗလကိုလာတွေ့ပြီး ပြန်တိုင်း သူ့ပခုံးလေးဖက်ပြီး မျက်ရည်ကျတာ ဒီအရွယ်ထိပါပဲ။

"မြို့မှာသားပျော်အောင်နေနော်၊ လိုချင်တာ သားဒေါ်လေးဝယ်ခိုင်း ကြားလား။ အမေငွေအလုံအလောက်အပ်ခဲ့တယ်။ ရွာမှာတောတောင်တွေကလွဲပြီး လည်ပတ်စရာမရှိဘူး။ မပြန်ခဲ့နဲ့နော် မှတ်ထား သား"

ဟု ဘယ်အချိန်ပြန်ပြန် မှာနေကျစကားမို့ ဗလမှတ်မိနေသည်။

ဗလက တစ်ဖွတ်ထိုး ရွာပြန်လာတာ အမေစိတ်ဆိုးမလား။ ရုတ်တရက် စိန်မောင်းနှင့် လူချင်းကွဲပြီး လှည်းရှိရာ ပြန်ရောက်မလာလို့ စိတ်ပူမလား။ ဟိုတွေးဒီတွေးနှင့် မှေးခနဲအိပ်ပျော်သွားမိသည်။

"သား၊ ဗလနိုးပြီးလား။ ထ ထ၊ အမေ ထမင်းပွဲပြင်ထားတယ်"

"ဟင် - သားအိမ်မှာအိပ်နေတာလား။ စိန်မောင်း စိန်မောင်းကော"

"သူ့အိမ်မှာရှိတယ်လေ။ ဘွားလေးကို ဂျိုတိုက်ပြီးရွာပြန်လာတာ သားပျော်သလောက်နေ။ အမေလည်း သားကိုခွဲထားရတာ ခုတော့ သားမပြန်အောင်ဆွဲထားတော့မယ်"

ရယ်စရာလိုပြောပေမယ့် အမေ မျက်ရည်တွေဝဲနေသည်။ သူ့ကို ဒီရွာရောက်အောင် ဘယ်လိုခေါ်လာတာလဲ။ ရွာမှာ နွားသွားဆွဲသည့်လူတွေ မပြန်လာသေးချိန် အိပ်ပျော်သွားလို့အိပ်မက်မက်လိုက်တာလား။

နတ်ပန်းလိုဏ်ဂူကို တကယ်သွားတာလား။ ဗလ သေချာစဉ်းစားမရပါ။ စိန်မောင်းအိမ်လိုက်သွားရှာပေမယ့် မြို့ကို ကိစ္စရှိလို့ အရေးတကြီးပြန်သွားပြီတဲ့။ နတ်ပန်းလိုဏ်ဂူသွားခြင်း၊ မသွားခြင်းကို စိန်မောင်းသာသိလိမ့်မည်။ ဗလစိတ်ထဲ မတင်မကျဖြစ်နေလျက် မိသားစုလေးနှင့် မြို့မပြန်ခင် ပျော်ရွှင်စွာနေဖြစ်သည်။

"ဗလ မြို့ပြန်မသွားနဲ့၊ ဒီမှာပဲနေပါ"

ဟု အဖေနှင့် အမေနှစ်ယောက်စလုံး ပြောစကားကြောင့် အံ့ဩသွားသည်။

"ညီမလေး တစ်ယောက်တည်း အဖော်လိုတယ်။ ရွာမှာလည်း အဖေ့အလုပ် ကူညီပေးလို့ဖြစ်တာပဲ" တဲ့။

ဗလအဖေက ရွာမှထွက်သမျှ နှမ်း၊ ပဲ ကြိုငွေပေးဝယ်ကာ ပွဲရုံလည်း ပို့သလို တချို့ကို ဆီကြိတ်ကာ ရွာမှာ ပြန်ရောင်းသည်။

"အလုပ်သမားတွေကို ဦးစီးဖို့ ကျောင်းဆက်မတက်ပါနဲ့တော့"

ဟု အဖေက စိတ်အားသန်သန် ပြောခြင်းကို အမေကပါ ထောက်ခံပေမယ့် -

"ဟာ - သားဆယ်တန်းအောင်ပြီးပြည်မှာပဲ တက္ကသိုလ်တက်ဦးမှာပေါ့။ နောင်နှစ် နွေရာသီတိုင်း လာပါ့မယ်။ အဖေအလုပ်တွေလည်း သားနားလည်သေးမှာမဟုတ်ဘူး"

"အမေ့ကိုချစ်တယ်ဆို ကျောင်းဆက်မတက်လို့မရဘူးလား။ သားရွာမှာနေမှဖြစ်မယ်။ သားပြန်ပြီး နောက်တစ်ခေါက်လာရင် ဝမ်းနည်းစရာပဲတွေ့ရမှာ။ သားမပြန်ပါနဲ့နော် ကြားလား"

အမေ ဘာပဲပြောပြော ဗလ ခေါင်းမညိတ်ဖြစ်ပါ။ ရွာမလာဘဲ မြို့မှာနေပါလို့သေချာမှာလျက် ဘွားလေးနှင့် အဒေါ်ကိုအမျိုးမျိုးဂျိုတိုက်ပြန်လာသည့် သူ့ကို စိတ်ဆိုးပြီး မပြန်ခိုင်းတာဖြစ်လိမ့်မည်။

ရွာမှာ ဆယ့်ငါးရက်လောက်နေပြီး ဗလ မြို့ပြန်ဖို့ သူ့အဝတ်အစားတွေ သိမ်းနေတာကြည့်ကာ အဖေနှင့် အမေ မျက်နှာပျက်နေကြသည်။ သိပ်မကြာလိုက်။ အမေထိုင်ရာမှထကာ ဗလကိုပွေ့ဖက်ပြီး အားပါးတရငိုတော့သည်။

"သားစိတ်မကောင်းအောင်မငိုပါနဲ့ဗျာ၊ ခဏပြန်သွားတာ။ သီတင်းကျွတ်ကျောင်းပိတ်ရက်လည်း ပြန်လာခဲ့မယ်နော်။ ငယ်ကတည်းက ခွဲနေကြတာ အမေငိုတော့ သားစိတ်မကောင်းဖြစ်ရတာပေါ့"

ရွာထိပ်ထိ အမေလိုက်ပို့ပြီး ညီမလေးနှင့်နှစ်ယောက်ရပ်ကျန်ခဲ့တာ မျက်စိတစ်ဆုံးကြည့်ပြီး ရင်ထဲမှာ ဆို့နင့်လာသည်။ ငယ်ကတည်းကခွဲပြီး မြို့ကျောင်းတက်ခဲ့ပါလျက် ဒီတစ်ခါခွဲရတာ အမေရောဗလပါဝမ်းနည်းမဆုံးဖြစ်မိကြသည်။

ဗလ မြို့ပြန်ရောက်ပေမယ့် အိမ် တွင်းအောင်းနေမိသည်။ ဘယ်လိုမှန်း မသိသော်လည်း တစ်ခုခုဖြစ်တော့မယ် ဆိုတာသိနေသလိုပါ။

တစ်နေ့ နေ့လယ်ဘက် ခဏအိပ် ပျော်နေစဉ် နတ်ဝှက်ရွာကိုရောက်သွား သည်။ နတ်ဝှက်ရွာမှာ အမေနှင့် ညီမ လေးကို တွေ့ရပြီး သူ့ကိုဖက်ငိုကြသည်။

"အမျိုးတွေသွားတွေ့တာညီမလေး ပဲခေါ်သွားတယ်။ သားကိုမခေါ်ဘူး"

ဟု ဗလ မကျေနပ်စွာပြောမိ သည်။

"သား၊ ပညာတတ်အောင်သင် ရွာမပြန်ချင်ရင် အဖေ့ကိုမြို့ခေါ်နေနော်"

သူ့ကျောကို ပုတ်ကာပြော မျက်နှာမကောင်းစွာ ထိုင်ရာမှထသွား တော့သည်။ ညီမလေးကလည်း အမေ့ နောက်ကို လိုက်သွားရင်း သူ့ကိုလက် နှုတ်ဆက်နေသည်။

"အမေ၊ အမေ"

"ညီမလေး၊ ညီမလေး"

အသံထွက်အောင်အော်ခေါ် အိပ်ရာမှထထိုင်လိုက်သည်။ တစ်အိမ် လုံး တိတ်ဆိတ်နေပါလား။ ဘယ် သွားကြလို့ တံခါးပိတ်သွားပါလိမ့်။

ဗလအိမ်ရှေ့ထွက်လာတော့ ခန်းထဲမှာ ရွာကလူတွေနှင့် ဘွားလေး သားအမိ စကားပြောနေရင်း သူ တာနှင့် မျက်နှာမကောင်းစွာ ခဏအ တိတ်သွားသည်။

"ရွာက ဧည့်သည်တွေပါလာ အဖေနဲ့ အမေ ဘာမှာလိုက်သေး ခင်ဗျာ"

"ပြောလိုက်လေ ဒေါ်ဘွားသ သူသိအောင်လာပြောပေးတာပဲ။ ဟို စောင့်နေကြတယ်"

"ဘာ. . . ဘာဖြစ်လို့လဲ ပြော ဘွားလေး၊ ဘာလဲပြောလေဗျာ"

"ဗလ သားအမေနဲ့ ညီမ အစာအဆိပ်သင့်လို့ ပြည်ဆေးရုံကြီး သယ်လာကြတယ်။ မင်းအဖေက ပြန်သွားတဲ့မင်းကို စိတ်ဆိုးပြီး မလာ ဘူးကွယ်"

"ဟာ - ဘာဆိုင်လဲ ဘွား ရယ်။ ကျွန်တော်ပြန်လို့ဖြစ်တယ်လို့ တာလား။ အဖေက ကြံဖန်အပြစ် တော့တာပဲ"

ဗလငိုလည်းငို၊ စိတ်လည်း ဆိုင်ကယ်ဆွဲထွက်ခဲ့သည်။ ဦး မောင်က စိတ်မကောင်းစွာ နောက်ခုန်တက်ရင်း ပြည်ဆေးရုံကြီး



www.burmeseclassic.com

www.burmeseclassic.com

...န်မောင်းခဲ့သည်။ ဆေးရုံခုတင် ... အမေအသက်မျှဉ်းမျှဉ်းရှူနေ ...ည်။

"အမေ၊ အမေ သားရောက်လာ ...မေ့သား ဗလရောက်လာပြီ အား ...ပါ အမေ"

...မလက်ကို ဆုပ်ကိုင်ရင်း အဖေ ...တို့ မကျေမနပ်ကြည့်သောမျက် ...ကြောင့် ဗလ ကြောက်သွားမိ ... အမေ့လက်ကို အားကိုးတကြီး ...ိုင်လျက် -

"ကျွန်တော်အမှားလုပ်မိလို့လား ... ကျွန်တော်အပြစ်တစ်ခုခုလုပ်မိ ..."

အမေ့မျက်လုံးတွေမှာ မျက်ရည် ...ပြည့်။ အစာအဆိပ်မိတာတဲ့။ ...တွေစားခဲ့လဲ။ ဘယ်လောက်ပြင်း ...ို့လဲ၊ ဆေးကုမမီတော့လို့လား။

သူ့လက်ကို တင်းစွာဆုပ်ကိုင်ရင်း ...ကြောင့်မဟုတ်ဘူးလို့ ခေါင်းယမ်းပြ ...အမေ ဗလတို့အားလုံးမျက်စိရှေ့မှာ ...အသက်ပြင်းပြင်းတစ်ချက်ရှူပြီး ငြိမ် ...တော့သည်။

"ဟဲ့ ဟဲ့ - လုပ်ကြပါဦး။ မရွှေရည် ... သမီး"

ဘွားလေးနှင့် ဒေါ်လေးခင်ထား ...ငိုသံနှင့်အတူ အဖေ ဗလဆီသို့ ...ရောက်ရောက်လာပြီး မျက်နှာကို ...နှင့်ထိုးလိုက်တာကြောင့် အံ့အား ...ရော ဝမ်းနည်းတာပါရောလျက် ...ခုတင်ဘေးမှာ ပုံလဲသွားတော့ ... နားထဲမှာတော့ ဘွားလေး ...သံ သေချာကြားလိုက်၏။

"ဟဲ့ - ကျော်ခေါင်၊ ကလေးဘာ ...လဲ၊ ကိုယ့်သားသမီးကိုယ်သတ် ...လား"

*

အမေသေပြီဆိုတာ ဘယ်လိုမှ ...ပါ။ မသေခင်က ပြာနှမ်းနေသော ... မျက်နှာပြင်တို့က ရွာကိုပြန် ...လာကာ အလောင်းပြင်ပြီးသည်နှင့် ...မျက်နှာဖြစ်သွားသည်။ အဖေက ...ိပ်သင့်သေသူကို ရင်ခွဲစစ်ဆေးတာ ...မခံ။ ရွာကလူတွေ နောက်တစ်နေ့ ...ဖို့ပြောပေမယ့် ယောက်ျားတန်မဲ့ ...တာ -

"ဒီနေ့တော့ မပို့ပါသေးနဲ့ဦး။ ကျွန် ...တို့မိသားစု တစ်ညတော့ အတူနေ ..."

ဟု တောင်းပန်သဖြင့် ရွာကလူ တွေစိတ်ဆိုးကာ တစ်ယောက်တစ် ပေါက်ပြောပြန်သွားကြသည်။

အမေ့အလောင်းဘေးမှာ မိသားစု နှင့် ရွာလူကြီးနှစ်ယောက်၊ စိန်မောင်းတို့ သားအဖသာ ကျန်တော့သည်။ ဗလတို့ မောင်နှမ စကားတစ်ခွန်းမှမပြောဘဲ အိမ်ထရံမှာမှီရင်း မှေးခနဲအိပ်ပျော်သွား ကြသည်။

တိုးတိုးတိတ်တိတ် စကားသံတွေ ကြောင့် မျက်လုံးဖွင့်ကြည့်မှာ အမေ့ အလောင်းကို စောင်နှင့်ပတ်ပြီး ထမ်းစင် ပေါ်တင်လိုက်ကြသည်။

"ဟာ - အဖေဘာလုပ်တာလဲ။ အမေ့အလောင်းကို ဘယ်သယ်မလို့လဲ"

"နောက်ဆုံးအနေနဲ့ ပို့ချင်ရင် မောင်နှမနှစ်ယောက်စလုံး တိတ်တိတ် လိုက်ခဲ့"

အော်ငိုလိုက်သည့် ညီမလေးကို ချော့မော့ပြောဆိုရင်း စောင်ထမ်းစင် ပေါ်ပါသွားသည့်အမေ့အလောင်းမြေချ ရာ မကြောက်မရွံ့လိုက်ခဲ့သည်။

ည၏လရောင်အောက်မှာ သချိုင်း တစပြင်က ကြောက်စရာကောင်းသော် လည်း ဗလတို့မောင်နှမမှာ ထူးဆန်းစွာ စောင်ပတ်ပြီး မြေတွင်းတိမ်တိမ်လေးမှာ တစောင်းလဲလျက် မြေဖို့သင်္ဂြိုဟ်လိုက် သော မိခင်အဖြစ်ကြောင့် ကြောက်ဖို့မေ့ နေ၏။

ရွာကလူတွေအားလုံး အဖေ့လုပ် ရပ်ကို မကျေမနပ်သလို အဖေကိုယ်တိုင် လည်း အမေအတွက် ဆွမ်းသွတ်ပြီး လုပ်ငန်းတွေ ဖြုတ်တန်ဖြုတ်၊ ရောင်းတာ ရောင်းပြီး ပြည်မြို့မှာဆီစက်တည်အခြေ ချလိုက်သည်။

နှစ်ပေါင်းနှစ်ဆယ်ကျော်မှ အဖေ



က အမေနှင့်ပတ်သက်သော လျှို့ဝှက် ချက်ပြောပြတော့သည်။

နတ်ပန်းလိုဏ်ဂူဘက်မျက်စိလည် လမ်းမှားရောက်ရင်း နတ်ဝှက်ရွာမှာနေ တဲ့အမေ့ကို မြင်မြင်ချင်း ချစ်ခင်နှစ်သက် ခဲ့တာတဲ့။ အမေကလည်း အဖေကို လက်ခံနှစ်သက်လို့ဘယ်သူမှမသိအောင် သုံးနှစ်တိုင်တိုင် တန်ခူးလပြည့်ရောက် တိုင်း နတ်ပန်းလိုဏ်ဂူရှိရာသွားခဲ့သည်။

မိဘမရှိ၊ တစ်ယောက်တည်းနေ သော အဖေက ခိုးပြေးလာသော နတ် ဝှက်ရွာသူဖြစ်တဲ့အမေ့ကို အိမ်ထဲမှာ လူမသိအောင်ထားခဲ့ပြီး ဗလမွေးမှသာ ဆွေမျိုးတွေသိသွားကြသည်။

"သားအမေမှာ လျှို့ဝှက်ဆန်း ကြယ်မှုတွေအများကြီးရှိတယ်။ ဒါပေမယ့် ပြောပြလို့မဖြစ်တဲ့ အကြောင်းအရာတွေ ပဲ။ မင်းကိုမွေးပြီး မသိတတ်ခင် မြို့ပို့ ရွာမပြန်စေတာလည်း တစ်ချိန်ချိန်မှာ နတ်ပန်းလိုဏ်ဂူကို ရောက်သွားပြီး မင်း အမေနဲ့ပတ်သက်သူတွေနဲ့သိမှာကြောက် လို့ပဲ။ ခုတော့ မင်းကိုသိသွားကြပြီ။ ရွာ လည်းရောက်ဖူးသွားတော့ သူပြန်မသွား ရင် မင်းကိုခေါ်ထားမယ်ဆိုလို့ ပြန်သွား ရရှာတယ်။ မှိုစားလို့အဆိပ်မိတာချင်း အတူတူ မင်းညီမလေး မသေဘဲကျန်ခဲ့ တယ်လေ။ သူတို့နဲ့ မပတ်သက်သူကို မခေါ်ထားဘူး"

"ကျွန်တော် နောက်တစ်ခေါက် နတ်ပန်းလိုဏ်ဂူကိုရှာတွေ့ရင် နတ်ဝှက် ရွာမှာအမေ့ကိုပြန်တွေ့နိုင်မလားအဖေ"

"သားရယ်၊ မကြိုးစားပါနဲ့။ မင်း အမေမသေခင်ကတည်းက အဖေ့ကို သေချာမှာခဲ့ပြီးပြီ။ နောက်တစ်ခါ လူ တွေနဲ့ပတ်သက်တွေ့ဆုံခွင့်မရှိတော့ဘူး တဲ့။ ဒီနတ်ပန်းလိုဏ်ဂူကြီးကို နောင် ဘုရားပွင့်မှပဲ လူတွေတွေ့တော့မယ်"

"နောင်ဘုရားပွင့်မှ နတ်ပန်းလိုဏ် ဂူကိုတွေ့ရမှာ" တဲ့။

ဗလအဖေ့စကားကိုသေချာကြား ပါလျက် တစ်နေ့ မြဂနိုင်ရွာပြန်တဲ့လမ်း မှာရှိသည့်နတ်ပန်းလိုဏ်ဂူကို သေချာ ရှာကြည့်ပါဦးမည်။

တစ်ခေါက်မတွေ့ နှစ်ခေါက်၊ နှစ် ခေါက်မတွေ့ သုံးခေါက်၊ ဒါမှမဟုတ် ကြုံတဲ့အချိန်တိုင်းရှာမည်။ အမေ့ကို တောင်းပန်စကားပြောချင်လို့ တွေ့ခွင့် ပေးပါ အမေရယ်။

ခင်မသင်း(ကသော)

www.burmeseclassic.com

# လိုသူများသုံးစေဖို့

## မုဒိတာ(ကျိုက်လတ်)

ဗဟုသုတ တိုးပွားလိုသူများ၊ လောကီပညာရပ်များကို လေ့လာလိုက်စားသူများနှင့် ကျောင်းသူကျောင်းသားများ အသိဉာဏ်ပညာကြွယ်ဝစေရန်အတွက် လူ့လောကအတွင်းမှာ အသုံးဝင်သော လောကီပညာတ်အထွေထွေကို 'လိုသူများသုံးစေဖို့' ဝေမျှလိုက်ပါသည်။

လောကီအနေနှင့် ပညတ်များအားလုံးကို ခြုံငုံလိုက်လျှင် အဓိကပညတ်သုံးမျိုးရှိသည်။ ၎င်းတို့မှာ (၁) အက္ခရာ* ပညတ်၊ (၂) သင်္ချာပညတ်၊ (၃) နေ့ (ဝါ) ဂြိုဟ်ပညတ်တို့ဖြစ်ကြ၏။

**(၁) အက္ခရာပညတ်** - အမည်အမျိုးမျိုးကစပြီး စာပေကောင်းတွေကို အလိုရှိသလောက်ရေးကြရာမှာ က၊ ခ၊ ဂ၊ ဃ၊ င ဆိုသော ဗျည်း (၃၃) လုံး၊ အ၊ အာ အစရှိသော သရ (၈) လုံး၊ စုစုပေါင်း ဝဏ္ဏ ဆိုသည့် (၄၁) လုံးသော အက္ခရာနှင့်ပဲ ပြည့်စုံပါသည်။ ၎င်း (၄၁) လုံးသောဝဏ္ဏထဲကို ဖြည့်ရန်လည်းမရှိ နုတ်ပယ်ရန်လည်းမရှိပါ။

**(၂) သင်္ချာပညတ်** - ဂဏန်းသင်္ချာအားဖြင့် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၀ ဒီ(၁၀) လုံးမှလွဲပြီး (ကုဋေကုဋာဘယ်လောက်များများ) မရေးသားနိုင်ပါ။

**(၃) နေ့ပညတ်** - နေ့အားဖြင့်လည်း တနင်္ဂနွေအစ စနေအဆုံး (၇) နေ့ကိုသာ ရေတွက်နိုင်သည်။ အရှ ရှစ်မျက်နှာအရ ဂြိုဟ်များမှာ (၈) လုံး

| (၁) နေ့ (ဝါ) ဂြိုဟ်ပညတ် | (၂) အက္ခရာပညတ် | (၃) သင်္ချာပညတ် | (၄) သတ္တဝါပညတ် |
|---|---|---|---|
| တနင်္ဂနွေ | အ မှ အား | ၁ | ဂဠုန် |
| တနင်္လာ | က၊ ခ၊ ဂ၊ ဃ၊ င | ၂ | ကျား |
| အင်္ဂါ | စ၊ ဆ၊ ဇ၊ ဈ၊ ည | ၃ | ခြင်္သေ့ |
| ဗုဒ္ဓဟူး | ယ၊ လ၊ ဝ | ၄ | ဆင် |
| ကြာသပတေး | ပ၊ ဖ၊ ဗ၊ ဘ၊ မ | ၅ | ကြွက် |
| သောကြာ | သ၊ ဟ | ၆ | ပူး |
| စနေ | တ၊ ထ၊ ဒ၊ ဓ၊ န | ၇၊ ၀ | မြွေ၊ နဂါး |
| ရာဟု | ရ | ၈ | ဟိုင်းဆင် |

### အရပ်၊ ဂြိုဟ်သက်၊ ဂြိုဟ်မျိုး

| နေ့ (ဝါ) ဂြိုဟ် | နေသောအရပ် | အုပ်စိုးသောအရပ် | ဂြိုဟ်သက် | အမျိုး |
|---|---|---|---|---|
| တနင်္ဂနွေ | အရှေ့မြောက် | နတ်ကွန်း၊ နတ်စင်၊ ပွဲလမ်းသဘင် | ၆ နှစ် | ပါပ |
| တနင်္လာ | အရှေ့ | ရေနှင့်ဆိုင်ရာများ၊ လှေသင်္ဘော၊ ရေကန်၊ ပန်းခြံ | ၁၅ နှစ် | သောမ |
| အင်္ဂါ | အရှေ့တောင် | မီးဖိုချောင်၊ လွင်တီးခေါင်၊ ပန်းပဲ၊ ပန်းထိမ် | ၈ နှစ် | ပါပ |
| ဗုဒ္ဓဟူး | တောင် | ရေကန်၊ အင်း၊ ကျောင်းကန်၊ ဇရပ် | ၁၇ နှစ် | သောမ |
| ကြာသပတေး | အနောက် | ဂိုဒေါင်များ၊ တိုက်ကြီး၊ အိမ်ကြီး၊ ကျောင်းကြီး | ၁၉ နှစ် | သောမ |
| သောကြာ | မြောက် | လမ်းကြီး၊ လမ်းဆုံ၊ တည်းခိုရန်နေရာများ | ၂၁ နှစ် | သောမ |
| စနေ | အနောက်တောင် | အိမ်သာ၊ အမှိုက်အညစ်အကြေးစွန့်ရာ | ၁၀ နှစ် | ပါပ |
| ရာဟု | အနောက်မြောက် | သုသာန်၊ အပျက်နေရာများ | ၁၂ နှစ် | ပါပ |

### ဓာတ်ဖက်ဆိုင်ရာ

| နေ့ (ဝါ) ဂြိုဟ် | ဓာတ်ပဋိကတ် | ဓာတ်(ပညတ်) | ဓာတ်(ဖိုမ) |
|---|---|---|---|
| တနင်္ဂနွေ | တေဇော | မီးခဲ | ဓာတ်ဖို |
| တနင်္လာ | ပထဝီ | ကျောက် | ဓာတ်ဖို |
| အင်္ဂါ | ဝါယော | လေပြေ | ဓာတ်ဖို |
| ဗုဒ္ဓဟူး | အာပေါ | ရေကြည် | ဓာတ်ဖို |
| ကြာသပတေး | ပထဝီ | မြေ | ဓာတ်မ |
| သောကြာ | အာပေါ | ရေနောက်-ရေပုပ် | ဓာတ်မ |
| စနေ | တေဇော | မီးတောက် | ဓာတ်မ |
| ရာဟု | ဝါယော | လေမုန်တိုင်း | ဓာတ်မ |

နေ၍ နေ့ (၇) နေ့ကို ဂြိုဟ်ကြီး(၈)လုံး နှင့် ကိုက်ညီစေရန် ဗုဒ္ဓဟူးနေ့ မွန်း (၁၂) နာရီနောက်ပိုင်းကို ရာဟုဂြိုဟ် ပညတ်ထားလိုက်ပါသည်။

အက္ခရာပညတ်၊ သင်္ချာပညတ် နေ့ (ဝါ) ဂြိုဟ်ပညတ်များသည် အချင်းချင်း အမြဲဆက်စပ်မှုရှိနေသည့်အ ရှိရှိသမျှသော သက်ရှိ၊ သက်မဲ့ပ တို့နှင့် ဆက်စပ်နေပါသည်။ ပျက်အတူ အကျိုးအကြောင်းကဖြစ်



www.burmeseclassic.com

www.burmeseclassic.com

| | ရုပ်ဓာတ်အားဖြင့် | နာမ်ဓာတ်အားဖြင့် | အရသာအားဖြင့် |
|---|---|---|---|
| တနင်္ဂနွေ | ရုပ်ဓာတ် - နှာ | နာမ်ဓာတ် - ယမ်းစိမ်း | အရသာ - အစပ် |
| တနင်္လာ | ကြွပ် | ကျောက်ချဉ် | အငန် |
| အင်္ဂါ | သံ | လက်ချား၊ စိန် | အခါး |
| ဗုဒ္ဓဟူး | ဘင်၊ ခဲမဖြူ | မြင်းသီလာ | ရောနှောအရသာ |
| ကြာသပတေး | ပြဒါး | ဆပ်ပြာ | အချို |
| သောကြာ | သွပ် | ဇဝက်သာ | အချဉ် |
| စနေ | ဒန် | ဆေးဒန်း၊ ဒုတ္တာ | အဖန် |
| ရာဟု | ဘော် | ဟင်းရိုင်း | အညှိ၊ အပုပ် |

## လူမျိုး၊ ရတနာ၊ အရောင်၊ လိင်

| နေ့(ဝါ)ဂြိုဟ် | လူမျိုး | ရတနာ | အရောင် | လိင် |
|---|---|---|---|---|
| တနင်္ဂနွေ | ထိုင်း | သန္တာကျောက်(ပတ္တမြား) | နီရွှေ | ယောကျ်ား |
| တနင်္လာ | ရှမ်း၊ ယွန်း | ပုလဲ | အဖြူ | မိန်းမ |
| အင်္ဂါ | မွန် | သန္တာကျောက် | နီဖြူ | ကျား |
| ဗုဒ္ဓဟူး | ကတူး၊ ကချင်၊ ကရင် | မြ | အစိမ်း | ကျား/မ မဟုတ် |
| ကြာသပတေး | မြန်မာ | ဥဿဖရား | ဖြူဝါ | ကျား |
| သောကြာ | ကသည်း (ပုဏ္ဏား) | စိန် | ရွှေရောင် | မ |
| စနေ | ကုလား (ဖြူ - နက်) | နီလာ | အနက် | ကျား/မ မဟုတ် |
| ရာဟု | တရုတ် | ဂေါ်မုတ် | ညစ်ပုပ် | - |

## အိမ်ထောင်စု၊ အုပ်ချုပ်မှု၊ ခန္ဓာပိုင်း

| နေ့(ဝါ)ဂြိုဟ် | အိမ်ထောင်စု | အုပ်ချုပ်မှု | ခန္ဓာပိုင်း |
|---|---|---|---|
| တနင်္ဂနွေ | ဖခင် | ဘုရင် | ခေါင်း၊ နှလုံး၊ အကြော |
| တနင်္လာ | မိခင် | မိဖုရား | ဦးနှောက်၊ အစာအိမ် |
| အင်္ဂါ | သားသမီး | သားသမီး၊ စစ်ဌာန | မျက်စိ၊ ကျောက်ကပ် |
| ဗုဒ္ဓဟူး | ဆွေမျိုး | ဆွေမျိုး | အူရ၊ ဝမ်း၊ ခါး၊ ခြေ၊ လက်များ |
| ကြာသပတေး | ဆရာသမား | အမတ်ပညာရှိ | ဗိုက်၊ နှလုံး၊ အူ၊ အသည်း |
| သောကြာ | မိတ်ဆွေ | သူဌေး၊ ကုန်သည် | မျက်စိ၊ သွား၊ လည်ပင်း၊ အကြော |
| စနေ | အိမ်စေ | ကျေးကျွန်၊ ပြည်သူ | ဝမ်း၊ လေစု၊ အရိုး |
| ရာဟု | ရန်သူ | မကောင်းမှုနှင့်အသက်မွေးသူ | - |

## တရားသဘော၊ ရောဂါသဘော

| နေ့ (ဝါ) ဂြိုဟ် | တရားသဘော | ရောဂါသဘော |
|---|---|---|
| တနင်္ဂနွေ | သီလ၊ ဝီရိယ၊ ရိုးမှု၊ တတ်သိမှုစိတ် | မျက်စိ၊ ဦးနှောက်၊ နှလုံး |
| တနင်္လာ | မတည်မှု၊ လောဘကြီးမှု။ | မီးယပ်၊ အအေးမိ၊ အဆုတ်ချောင်းဆိုး |
| အင်္ဂါ | သတ္တိ၊ ဒေါသ၊ စိတ်ဆိုးလွယ်၊ ပြေလွယ် | အဖျား၊ အဖု၊ မီးလောင်ဒဏ်ရာ |
| ဗုဒ္ဓဟူး | အသံ၊ အသိ၊ မှတ်ဉာဏ် | လျှာ၊ လိပ်ခေါင်း၊ ဇက်လေး၊ ဝမ်းချုပ် |
| ကြာသပတေး | ပညာဆန္ဒပြင်းပြမှု | ဆီး၊ အဆုတ်ချောင်းဆိုး၊ အအေးမိ |
| သောကြာ | အလိုရမ္မက်ကြီး၊ အနုပညာခုံမင် | သွား၊ အကြောကပ်၊ ဆီး |
| စနေ | တည်မှု၊ သစ္စာရှိမှု၊ စာပေအနုပညာ | အဆုတ်၊ အကြောရောင်၊ ဝမ်း၊ ဆီး |
| ရာဟု | ----- | ---- |

...သည်၊

နေ့ (ဝါ) ဂြိုဟ်ပညတ်တစ်ခုသည် ...ရာပညတ်နှင့် လည်းကောင်း၊ သင်္ချာပညတ်နှင့် လည်းကောင်း၊ အခြား အခြားသော အဓိကပညတ်များနှင့် လည်းကောင်း ဆက်စပ်ပုံမှာ အောက်ပါ ဇယားများမှာ တွေ့နိုင်ပါသည်။

မုဒိတာ(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်တွေဟာ ဂန္ဓာရီပညာဝင်တွေချည်းဖြစ်တယ်။ အချည်းနှီးမက်တဲ့အိပ်မက်ရယ်လို့ မရှိဘူးလို့ ဂန္ဓာရီပညာက ဆိုပါတယ်။

လူသားတွေရဲ့ အသိဉာဏ်တွေဟာ ဆင့်ကဲဖြစ်စဉ်အရ တဖြည်းဖြည်းတိုးတက်လာတာ ဖြစ်တယ်။ ဂန္ဓာရီနဲ့ ပတ်သက်တဲ့အရာတွေဟာလည်း လွန်နက်နဲလို့ မသိနိုင်ဘူးလို့ ယူဆခဲ့ကြတယ်။ ရုပ်ဝတ္ထုတွေလေ့လာတဲ့ သိပ္ပံပညာဟာ စိတ်နဲ့ နာမ်ကိုသာမက ပရလောကကိုပါလေ့လာနိုင်တဲ့အခါ အရင်တုန်းက ခက်ခဲနက်နဲတဲ့အရာတွေကိုသိလာကြတယ်။

အိပ်မက်ကိုလည်း နားမလည်ခင်က အရေးပါတယ်ဆိုတာ မသိဘူး။ ဘယ်အချိန်မက်သလဲ၊ ဘယ်နှကြိမ်မက်သလဲ၊ ဘာကြောင့်မက်သလဲဆိုတာတွေကို ၂၀ ရာစုကုန်ခါနီးမှာ သိလာကြတယ်။ သိပ္ပံပညာရှင် အိပ်မက်ဝိဇ္ဇာကြီးဖြစ်တဲ့ ဒေါက်တာဖရိုက်နဲ့ ဒေါက်တာယွန်းတို့က အိပ်မက်တွေအကြောင်းလက်ဆုံးနိုက်ပြီးတော့ လေ့လာကြတဲ့အခါ အိပ်မက်ဟာ လူရဲ့စိတ်သဘာဝတစ်ခုဆိုတာရယ်၊ အိပ်မက်မက်တဲ့ မသိစိတ်အကြောင်းရယ်ကို တွေ့သွားကြတယ်။

လူတစ်ယောက်ရဲ့ ရောဂါဝေဒနာတွေ အထူးသဖြင့် စိတ်ရောဂါတွေရဲ့ ဇာစ်မြစ်ကို အိပ်မက်ထဲမှာ ရှာတွေ့သွားကြတယ်။ ဒီလိုအိပ်မက်ထဲရှာနည်းကို စိတ်ခွဲပညာနည်းလို့ခေါ်ပြီး ဝေဒနာရှင်ရဲ့ ဆန္ဒပုန်းတွေကို ဖော်ထုတ်လိုက်တယ်။ စိတ်ကြောင့် ကိုယ်မှာဖြစ်တဲ့ရောဂါနဲ့ စိတ်ကြောင့် စိတ်မှာဖြစ်တဲ့ရောဂါတွေကို စိတ်ခွဲပညာနဲ့ ကုသပေးနိုင်တယ်။ ဒီစိတ်ကို ခွဲခြားစိတ်ဖြာရှာဖွေတဲ့ကုထုံးကနေပြီးတော့ အိပ်မက်နဲ့ရောဂါရှာဖွေတဲ့ အိပ်မက်ကုထုံးအထိ နောင်အခါရောက်သွားတယ်။ DREAM THARAPY လို့ ခေါ်တယ်။

ဂန္ဓာရီပညာရှင် အဂ္ဂါကေစီက အိပ်မက် (၄) မျိုး ရှိတယ်။ ပထမအမျိုးအစားအိပ်မက်ဟာ ကယောက်ကယက်အိပ်မက်လို့ခေါ်တဲ့ အဓိပ္ပာယ်မရှိသလိုမက်တဲ့အိပ်မက်ဖြစ်တယ်။ ဒီအိပ်မက်ဟာ ခန္ဓာကိုယ်ပ၊ ကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းတွေမှာ ချို့ယွင်းချက်၊ အားနည်းဖောက်ပြန်နေတာကို ပြသနာဖြစ်တယ်။ ဒါကို မသိသူတွေက သွေးဖောက်ချားလို့မက်တဲ့အိပ်မက်လို့ ပြော... ကြတာဖြစ်တယ်။ သိပ္ပံပညာအဆင့်မြင့်... လာတော့ စိတ်ကြောင့်ဖြစ်ပေါ်တာမဟုတ်... ဘဲ ရုပ်ခန္ဓာက တစ်စုံတစ်ခုလိုအပ်... တောင်းဆိုတာကို (BODY WISDOM) ရုပ်ခန္ဓာပညာရှိက တောင်းဆိုတာ... ဆိုတယ်။ ကျောင်းသားငယ်တစ်ဦးဟာ... အလစ်မှာ မြေဖြူတွေဝါးစားနေတာ... ခန္ဓာကိုယ်တွင်းမှာ ထုံးဓာတ်တွေလို... လို့ စားတာလို့ဆိုတယ်။ ကိုယ်ဝန်ဆောင်... မိခင်တွေ ချဉ်ခြင်းတက်တာဟာလည်း... ဒီလိုရုပ်ခန္ဓာပညာရှိက တောင်းဆိုတာ... ဖြစ်တယ်လို့ လေ့လာတွေ့ရှိသွားတယ်။

အီဂျစ်ခေတ်၊ ဘေဘီလုံခေတ်... လောက်ကတည်းက ဂန္ဓာရီပညာရှင်... တွေက ကိုယ်ဝန်ဆောင်တွေရဲ့ ချဉ်ခြင်း... တက်တာကို နားလည်ကြတယ်။ ... ဟောင်းဂန္ဓာရီပညာနဲ့ ခေတ်သစ်... သိပ္ပံပညာတွေဟာ အခုခေတ်မှာ ပေါင်း... စပ်သွားကြတာဖြစ်လို့ နက်နဲတယ်ဆို... အချက်အလက်တွေကို လူတိုင်းသိ... လာတာ ဖြစ်တယ်။

အဂ္ဂါကေစီရဲ့ ဒုတိယအမျိုးအစား... အိပ်မက်ဟာ လူတစ်ယောက်ရဲ့ ... စိတ်ထဲမှာ ပုန်းကွယ်နေတဲ့အချက်တွေ... ဆန္ဒပုန်းတွေကို ဖော်ထုတ်ပြတဲ့အိပ်မက်...

# မောင်ကျော်တိုင်

## မနောမယဂန္ဓာရီ (၃)





www.burmeseclassic.com

ခြင်တယ်။ ဆိုက်ကိုဆိုမက်တစ်ခေါ်
ကြောင့်ကိုယ်မှာရတဲ့ရောဂါတွေဟာ
မှာ ကြိတ်ပြီးခံစားနေရတဲ့ စိုးရိမ်
တွေ ခန္ဓာကိုယ်မှကန်ထွက်လာ
တယ်။ လူတွေခံစားနေရတဲ့ ခန္ဓာ
ရောဂါတွေရဲ့တစ်ဝက်ဟာ ဒီလို
ကြောင့် ကိုယ်မှာ ခံစားရတဲ့ ရောဂါ
တယ်လို့ စိတ်ရောဂါကုဆရာ
ဒေါက်တာအုန်းကျော်က ပြော
ဒါကြောင့် အိပ်မက်ဟာ စိတ်
ကိုယ်မှာရှိတဲ့ရောဂါဝေဒနာတွေ
ဖော်ပြနိုင်တဲ့ သမားတော်ကြီး
တယ်၊

အမှတ်မထင် ကိစ္စလေးတွေမှာ
လွဲလမ်းသွားတာ၊ စိတ်ခံစားချက်
သွားတာဟာ သိစိတ်မှာ မေ့
သွားပေမယ့် မသိစိတ်မှာတော့
ရစ်နေတတ်တယ်။ ဒီလို မိမိ
တိုင်က မသိလိုက်ရတဲ့အစွဲကြောင့်
အခါမှာ လူထုဆက်ဆံရေးနယ်မှာ
လာတယ်။ စိတ်ဓာတ်ခိုင်မာမှု
လျော့ကျသွားတတ်တယ်။ ငယ်
ဒီနေရာ တစ္ဆေခြောက်တယ်လို့
ကြားဖူးတော့ တစ္ဆေကို မယုံ
သည့်တိုင်အောင် အဲဒီနေရာ
ရင် ကျောစိမ့်သွားတတ်တယ်။
ကြောင်းမဲ့ ဗိုက်နာရင် လူပြုစားတာ
တယ်လို့ လူကြီးတွေပြောသံကြား
အစာမကြေလို့ ဗိုက်နာတာကို
အတာလို့ စွဲလမ်းသွားတတ်တယ်။
ဒုတိယအိပ်မက်အမျိုးအစား
လူတွေကို အကျိုးပြုတာမှန်
လို့ ဂန္ဓာရီပညာနဲ့ တိုက်ရိုက်
ဆိုင်ဘူးလို့ ဆိုရမှာဖြစ်တယ်။
တတိယအိပ်မက်မျိုးက ထင်ရှား
အိပ်မက်ဖြစ်တယ်။ ဒီအိပ်မက်
မိမိရဲ့ချို့ယွင်းချက်၊ အားနည်း
တွေကို ဖော်ပြလို့ မိမိရဲ့စိတ်ဓာတ်
ကျင့်တရားတွေကို ပြုပြင်ပေးဖို့
ပေးတာ၊ ဉာဏ်ဖွင့်ပေးတာ၊ လမ်း
တာတွေ ဖြစ်တယ်။ ရှေးဘဝက
ည်းခဲ့တဲ့ပါရမီတွေရှိတယ်ဆိုတာ
ဆက်ပြီးဆက်လက်ဖြည့်ဆည်း
တာတွေကို ပွင့်အိပ်မက်က
နေတယ်။ ဒေါက်တာဖရိုက်နဲ့
တာယွန်းတို့အား မသိစိတ်ကို
ည်အောင်၊ အသုံးပြုနိုင်အောင်
တွေပေးခဲ့တယ်။ တစ်ဦးချင်းရဲ့
သာမက လူအားလုံးရဲ့ စုပေါင်း
ကြီးရှိတယ်ဆိုတာကို ဒေါက်တာ
အိပ်မက်ထဲကရခဲ့တာဖြစ်တယ်။

**ပြင်ဆင်ဖတ်ရှုပေးပါရန်**

အတွဲ (၁၅)၊ အမှတ် (၁)၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ဖော်ပြပါရှိသော အာကာသ (သာစည်) ရေးသားသည့် "တောင်တော်သုဝဏ္ဏသို့" ဆောင်းပါး စာမျက်နှာ (၁၃၂)၊ ဒုတိယကော်လံ၊ ပထမအပိုဒ်တွင် "မိုင်းပွန်စော်ဘွားကြီး ဦးအောင်မြတ်" အစား "မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အထူး မေတ္တာရပ်ခံအပ်ပါသည်။

**စာတည်းအဖွဲ့**

ဒီစုပေါင်းမသိစိတ်ကြီးဟာ အသစ်ပေါ်ပေါက်လာတာမဟုတ်ဘူး။ ရှေးဂန္ဓာရီပညာက အနန္တမနောဝိညာဉ်ကြီးလို့ခေါ်တဲ့ အနန္တဓာတ်ကြီးပါပဲလို့ ဒေါက်တာယွန်းက ဖွင့်ဆိုတယ်။

ဒါကြောင့် ဒေါက်တာယွန်းရဲ့ ပုဂ္ဂလလွန်စိတ်ပညာဟာ ဂန္ဓာရီပညာဆက်နွယ်သွားပြီလို့ ခေတ်ပြိုင်စိတ်ပညာရှင်တွေက ဝေဖန်ကြတယ်လို့ စိတ်ပညာရှင် ဒေါက်တာဦးကျော်စိန်က ရေးတယ်။ စိတ်တန်ခိုးတွေဟာ မသိစိတ်ကထွက်ပေါ်လာတာဖြစ်တယ်။ လူတစ်ဦးရဲ့ မသိစိတ်ဟာ အနန္တမနောဓာတ်နဲ့ ဆက်သွယ်နေလို့ မသိစိတ်မှာ တန်ခိုးရှိတာဖြစ်တယ်။ စကြဝဠာအနန္တ၊ အာကာသအနန္တဓာတ်ကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လူတစ်ဦးရဲ့ မသိစိတ်ဟာလည်း တန်ခိုးရှိတာဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ်။

ရုပ်စွမ်းအင်၊ စိတ်စွမ်းအင်တွေရဲ့ အနန္တတန်ခိုးကို သိရှိနားလည်ပြီး အသုံးချနိုင်တာဟာ ဂန္ဓာရီပညာရဲ့ အနှစ်သာရပါပဲ။ ဒီလို အနန္တမနောဓာတ်ကြီးဟာ လူတိုင်းမှာရှိတယ်။ လူတိုင်း ကြိုးစားရင် လောကမှာ အမြင့်ဆုံးဉာဏ်တွေကို ရနိုင်တယ်။ ဖန်တီးနိုင်တဲ့တန်ခိုးကို ရနိုင်တယ်လို့ ဆိုတယ်။ မိမိမှာရှိတဲ့ မသိစိတ်ကို ဖော်ထုတ်နိုင်ရင် အနန္တမနောဝိညာဉ်နဲ့ ဆက်သွယ်နိုင်မှာဖြစ်တယ်။ ဂန္ဓာရီကျင့်စဉ်တွေရဲ့ အန္တိမရည်ရွယ်ချက်ဟာ မိမိကိုယ်တွင်းမှာရှိတဲ့ အနန္တမနောဝိညာဉ်နဲ့ ဆက်သွယ်ဖို့သာ ဖြစ်တယ်။ မသိစိတ်နဲ့ သိစိတ်ဆက်သွယ်တဲ့အခါမှာ အိပ်မက်နည်းနဲ့ ဆက်သွယ်တာဟာ အလွယ်ဆုံးနဲ့ အမြန်ဆုံးဖြစ်တယ်။ သမထကျင့်စဉ်တွေ၊ ယောဂကျင့်စဉ်တွေရဲ့ အန္တိမရည်ရွယ်ချက်ဟာလည်း အနန္တမနောဓာတ်ကြီးနဲ့ ဆက်သွယ်ဖို့သာ ဖြစ်တယ်။

ဂန္ဓာရီပညာအလိုအရ ကုဏ္ဍလိနီနှိုးခြင်းရဲ့ပန်းတိုင်ဟာ အနန္တမနောဝိညာဉ်နဲ့ဆက်မိဖို့ပဲဖြစ်တယ်။ ဒါကြောင့် ရှေးဟောင်းဂန္ဓာရီနည်းတွေမှာ အိပ်မက်နည်းနဲ့ မသိစိတ်ကိုဖော်ထုတ်ပြီး အနန္တမနောဝိညာဉ်ကိုချဉ်းကပ်တဲ့ ယောဂနည်းကတော့ သမာဓိရအောင်လုပ်တယ်လို့ခေါ်တယ်။ သမာဓိရတယ်ဆိုတာ မသိစိတ်ကို သိစိတ်ဖြစ်အောင်လုပ်တာပါပဲ။

ဒီလို မသိစိတ်ကို သိစိတ်ဖြစ်အောင်လုပ်ရာမှာ အိပ်မက်နည်းနဲ့ ချဉ်းကပ်တဲ့အခါမှာ ကယောက်ကယက်အိပ်မက်တွေကတစ်ဆင့် အဓိပ္ပာယ်ရှိပြီး နားလည်နိုင်တဲ့ဒုတိယအိပ်မက်မျိုးကိုရောက်လာတယ်။ ဒီလိုရိုးစင်းတဲ့အိပ်မက်၊ လမ်းညွှန်တဲ့အိပ်မက်တွေကို ပထမပိုင်းမှာ အဖြူအနက်အရောင်နဲ့မက်တတ်တယ်။ ဒီထက်တစ်ဆင့်တက်လာတော့ အိပ်မက်တွေ ရောင်စုံအိပ်မက်ဖြစ်လာတယ်။မသိစိတ်ထဲမှာရှိတဲ့ အဖြူ အမည်းအရောင်ကနေပြီး ရောင်စုံဖြစ်လာတာဟာ တစ်ဆင့်တက်လာတာဖြစ်တယ်။ မသိစိတ်ထဲကို တစ်စတစ်စနက်ရှိုင်းဝင်ရောက်လာဖြစ်တယ်။မသိစိတ်ထဲရှိတဲ့အရောင်အဆင်းတွေကိုမြင်ရတာဖြစ်တယ်။

နောက်တစ်ဆင့်က အိပ်မက်မက်နေစဉ်မှာ အိပ်မက်မက်နေတာလို့ သိစိတ်ကသိတဲ့အဆင့်ဖြစ်တယ်။ မသိစိတ်ထဲမှာ မက်နေတဲ့အိပ်မက်ကို သိစိတ်က မသိစိတ်အတွင်းမှာရှိနေစဉ် သိလိုက်တာဖြစ်တယ်။ နိုးလာတော့ အိပ်မက်မက်တာကို ပြန်စဉ်းစားသိရတာမျိုး မဟုတ်ဘူး။ မသိစိတ်အနက်ရှိုင်းထဲမှာ သိစိတ်မပျောက်ပျက်အောင် သိစိတ်ကို ဆောင်ယူသွားတာ ဖြစ်တယ်။ ဒါကြောင့် ဒီအဆင့်ဟာ အန္တိမအဆင့်နဲ့ အလွန်နီးကပ်နေတဲ့အဆင့် ဖြစ်တယ်။

မသိစိတ်ထဲကို ဝင်ချည်ထွက်ချည် သိစိတ်က စိတ်ကြိုက်လုပ်နိုင်တဲ့အဆင့်ဟာ အမြင့်ဆုံးဖြစ်တယ်။ ဒီလိုအဆင့်ရောက်သွားရင် သိစိတ်နဲ့ မသိစိတ်အကူးဟာ အဆက်မပြတ်တော့ဘဲ တစ်ဆက်တည်းဖြစ်သွားတယ်။ နိုးတာနဲ့ အိပ်ပျော်တာ တစ်ဆက်တည်းဖြစ်သွားမယ်။ အိပ်မက်ကို အချိန်မရွေး မသိစိတ်နဲ့ရောသိစိတ်နဲ့ပါ မက်နိုင်တာ ဖြစ်တယ်၊ ဒီလို မအိပ်ဘဲနဲ့ နိုးစိတ်နဲ့ အိပ်မက်မက်တာကို အမြင်အာရုံထူး ချာနစက္ခုအမြင်လို့ ခေါ်တာဖြစ်တယ်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

များသောအားဖြင့် ကျွန်ုပ်၏အိမ်သို့လိုက်လိုက်အိပ်တတ်၏။ အဖေနှင့်အမေကလည်း ဂရုစိုက်ကြပါသည်။

ဆရာကြီးတွင် ဆေးပေါင်းစုံ၊ အရုပ်ပေါင်းစုံရှိ၏။ ဘာမှန်းမသိရသော ပုစုခရုအရုပ်လေးများလည်း မနည်းလှ။ တချို့အရုပ်များမှာ ဘီလူးပုံမျက်နှာဖော်ထားပြီး တချို့မှာ ဘာမှန်းမသိရသော မျက်နှာများနှင့်ဖြစ်၏။ သူ့တွင် ဆေးတောင့်သဖွယ်ဖော်ထားသောဆေးရှိပြီး အရောင်မှာ သွေးဆေးရောင်မျိုးဖြစ်၍ မန်ကျည်းစေ့ခန့်ဖွဲ့စားရ၏။ မစားခင်ရင်အုပ်ကိုကြိုးနှင့်တိုင်းထားရ၏။ စားပြီး ငါးမိနစ်ခန့်အကြာတွင် ထပ်တိုင်းလျှင် တိုးဆေးဟု ခေါ်၏။ (ကျွန်ုပ်တို့ (၃) ယောက်အား နည်းနည်းစီပေးထားခဲ့ဖူးပါသည်။)

အဖေ့ပြောစကားအရ ဆရာကြီးသည် အထက်မဟုတ်၊ ခုလတ်ဟုခေါ်၏။ သူသည် အမဲသားကို လမ်းလေးခွဆုံမှာချနင်း၍ထိုးရသော ခြေစောင့်ပုဏ္ဏကဆေးကိုထိုးပေးခဲ့၏။ အကြောင်းရှိလျှင် ထိုပုံကို လက်နှင့်ပွတ်၍ပြောပြီး လွှတ်လိုက်ဟု ဆို၏။

စမ်းခဲ့ဖူးပါသည်။

ပုပ္ပားတောင်ကလပ်ခြေရင်းရှိ ဂူများထဲမှ တစ်ဂူတွင် နဝင်္ဂသီလနှင့် မီးလွှတ်စားပြီး အမိဋ္ဌာန်သွားဝင်စဉ်က ရန်ကုန်နေအိမ်တွင် ကျန်ရစ်ခဲ့သော လိုက်၏။

အမိဋ္ဌာန်အောင်၍ ရန်ကုန်ပြ... ရောက်သည့်အခါ အမေက -

"လူလေးနင်ဘာတွေလုပ်လဲ၊ ဒီ... ညညဆို လူမည်းမည်းကြီး ခြံရှေ့... ငုတ်တုတ်ကြီးလာလာထိုင်နေတာ... တယ်။ အရုဏ်တက်မှာ အမေ ဘု... ထရှိခိုး၊ ဆွမ်းလောင်းရင် မတွေ့... ဘူး။ ငါ့သားသွားနေတဲ့ရက်တော... လျှောက်ပဲ"

ဟု ပြော၏။

ကျွန်ုပ် သဘောကျစွာ ပြုံး... လိုက်ပါသည်။ အမေကြောက်မှာစိုး၍ ဘာမှမပြောတော့ပါ။

သုံးကြိမ်မျှ ဤသို့စမ်းကြည့်ပြီး...

# ဆရာဦးမောင်မောင်သန်း

၄

# ပညာရှင်



တစ်လက်မခန့် ကြိုးထိပ်ချင်းကွာသွားတော့၏။ ထိုအချိန်မှစ၍ ခုတ်ချင်သလောက်ခုတ် မပြတ်တော့။ မည်သည့်လုံနှင့်ထိုးထိုး၊ မည်သည့်မှိန်းနှင့်ထိုးထိုး မပေါက်တော့။ (၂၄) နာရီခံသောဆေးဖြစ်၏။ ဆရာကြီးအခေါ်အရ အသား အမေ့အား စိတ်မချ၍ -

'ကိုင်း - အသင်ပုဂ္ဂိုလ်၊ ကျွန်ုပ်၏ အမေ အိမ်နံပါတ်၊ ရပ်ကွက်၊ ...ဥက္ကလာပ၊ ရန်ကုန်မှာကျန်ခဲ့ပါသည်။ သင်သွားစောင့်ရှောက်ပေးပါ' ဟု ပြောသည့်အခါ နောက်ပိုင်းမလုပ်ဖြစ်တော့... သုံးကြိမ်စလုံး အမေပြောပြ၏။

တစ်နေ့ -

ဆရာကြီးအား ကိုယ်တိုင်... အမျိုးသမီးတစ်ဦးက ဘာကြောင့်မှန်...

www.burmeseclassic.com

ငဲ ရန်တွေ့၏။ ရန်တွေ့သည်မှာ အတော်ဆိုးဝါး၏။ ဆရာကြီးဘာမှ မပြော ပြုံးပြီးကြည့်နေ၏။ သို့သော် ကျွန်ုပ်သတိထားမိသည်မှာ ဆရာကြီး၏ မျက်လုံးများပင် ဖြစ်ပါသည်။ မျက်နှာက ပြုံးနေသော်လည်း မျက်လုံးမှာ ခက်ထန်ခြင်း အရောင်ထွက်နေသလားအောက် မေ့ရ၏။

"တပည့်ရေ"

"ဗျာ - ဆရာကြီး"

"လာကွာ၊ ဟိုညောင်ပင်ကြီး အောက်သွားရအောင်"

"ဟုတ်ကဲ့"

ညောင်ပင်ကြီးအောက် ရောက်သည့်အခါ ဆရာကြီးသည် သူ့လက်ချောင်းတစ်ခု၏ထိပ်ကို သွေးဖောက်လိုက်ပြီး သစ်ပင်မှတွဲကျနေသော အကိုင်းရှိ ညောင်ရွက်တစ်ရွက်ကို သုတ်လိုက်၏။ ပါးစပ်ကလည်း ပွစိပွစိနှင့် ဘာတွေပြောနေမှန်းမသိ။ ငါးမိနစ်ခန့်ကြာမှ -

"လာ - သွားစို့"

"ဆရာကြီး၊ အဲဒါဘာလုပ်တာလဲ ဟင် "

"မင်းနားထောင်လေ၊ ညနေ နေမဝင်ဘူး"

ကျွန်ုပ်နားမလည်ပါ။ ဘာကိုပြောလိုက်မှန်းမသိပါ။ တစ်လမ်းလုံးတွေးသွားသော်လည်း အဖြေမှာ ညနေငါးနာရီထိုးမှထွက်တော့၏။

"မပဲကြီးဆေးရုံတင်လိုက်ရပြီတဲ့"


"ဟင် - ဘာဖြစ်လို့"

"လမ်းထိပ်မှာ တိုရှေ့ထွက်ဝယ်စားရင်း ဗိုင်းခနဲပစ်လဲသွားတာ သတိပြန်မလည်တော့လို့"

ထိုစကားများကို ကြားလိုက်သည်နှင့် ဆရာကြီး၏မျက်နှာကို မသိမသာလှမ်းကြည့်လိုက်ပါသည်။ ဆရာကြီးက ပြုံးရင်းပြန်ကြည့်ပြီး မေးတစ်ချက်ဆတ်ပြ၏။ တွေ့လားဟူသောသဘောဖြစ်ပါသည်။

ကျွန်ုပ်စိတ်မကောင်းပါ။

မည်မျှထိုးကြိတ်သတ်ပုတ်နေစေကာမူ လူတစ်ယောက်အခြောက်တိုက်တစ်ခုခုဖြစ်သွားရသည်ဟု ကြားလျှင် စိတ်မချမ်းသာတော့ပါ။ ဆရာကြီးမျက်နှာဆီသို့ မျက်စိရောက်သွားတိုင်း ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကြီးက မေးတဆတ်ဆတ်လုပ်ပြနေ၏။ တွေ့လား ဟူသည့်သဘောကို အကြိမ်ကြိမ်ပြောနေခြင်း ဖြစ်ပါသည်။

ဆရာကြီးကို မျက်နှာချင်းမဆိုင်တော့ပါ။ ဆိုင်လိုက်တိုင်း ခေါင်းငုံ့ထားမိပါသည်။

ကျွန်ုပ် အလွန်သဘောကျသော မြန်မာ့ဓားရေးကို ဆရာကြီးဓားနှစ်လက်နှင့်ကစားတိုင်း သင်ချင်စိတ်ပေါက်ခဲ့ပါသည်။ သင်လည်းသင်ယူခဲ့ဖူးပါသည်။ ယခုပညာကိုတော့ မသင်ချင်ပါ။

"ဆရာကြီး"

"ဟေ"

"ဒေါ်ပဲကြီးဖြစ်သွားတာ အဲဒါ ဘယ်လိုလုပ်လိုက်တာလဲဟင်"

"တပည့်ရာ၊ မင်းကလည်းပဲ အဲဒီနေ့ကစပြီး မျက်စိပျက်မျက်နှာပျက်နဲ့ ဘယ်လိုများဖြစ်နေတာလဲ။ တော်တော်စိတ်မကောင်းဖြစ်နေတယ်ဟုတ်လား"

"ဟို - ကျွန်တော်. . ."

"ငါသိပါတယ်၊ မင်းစိတ်မကောင်းဖြစ်သွားတာ။ ငါကလည်းမလုပ်ချင်ပါဘူးကွယ့်။ သူက အရှက်တကွဲအကျိုးနည်းဖြစ်အောင်လုပ်တော့ ငါကပြန်ဆုံးမရုံလေးပါ။ မပဲမသေပါဘူးကွာ ပူမနေစမ်းပါနဲ့၊ ပြန်ကောင်းလာမှာပါ"

(ဆရာကြီးကသာပြန်ကောင်းလာမှာပါပြော၏။ ဒေါ်ပဲကြီးမှာ ဆေးရုံမှဆင်းလာပြီးနောက်ပိုင်း ခြေတစ်ဖက်မကောင်းရှာတော့။)

"လူဆိုတာ ကိုယ်လုံရတယ်ကွ၊ ကိုယ်ခံဆိုတာရှိရတယ်။ မင်းကရာတေးကစားတော့ ကိုယ့်ကိုယ်ကိုယ် ခံနိုင်ရည်ရှိအောင် အရင်မလေ့ကျင့်ဘူးလား"

"ကျင့်ပါတယ်"

"ကိုယ်ခံအားတွေ ကောင်းလာအောင်မကျင့်ရဘူးလား"

"ကျင့်ရပါတယ်"

"ဒါပေါ့ တပည့်ရဲ့။ ဒါမှပဲ သူများကိုယ့်ကိုလုပ်လို့မထိရောက်တော့မပေါ့။ ကိုယ့်မှာအားတွေပြည့်နေတော့မှာပေါ့။ ဒီလိုပဲလေ၊ ဒီပညာတွေမှာလည်း ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ်လုံခြုံအောင်အရင်လုပ်ထားရတဲ့ပညာတွေဆိုတာ ရှိတာပေါ့ကွယ့်"

ကျွန်ုပ်၏ ကုသိုလ်မှာ တစ်မူထူးသည်ဟုပြောရမလားမသိပါ။

ဒေါ်ပဲကြီးဖြစ်သွားပြီးနောက်ပိုင်း ကျိုက္ကဆံဘုရားကြီးဘက်သို့သိပ်မရောက်ဖြစ်တော့၊ ဆရာကြီးသွားလျှင်ပင် နောက်ကသိပ်မလိုက်ဖြစ်တော့။

စိတ်ထဲမှာ ဘာဖြစ်၍ဖြစ်နေမှန်းမသိပါ။

စိတ်တိုနေသလိုလို၊ စိတ်ထိခိုက်နေသလိုလိုနှင့်။

"ညီလေး၊ တို့တွေဘုရားမရောက်တာ နှစ်လလောက်ရှိပြီနော်"

"ဟုတ်တယ် ကိုမျိုး၊ ဆရာကြီးတောင် ပြန်သွားတာ တစ်လပြည့်တော့မယ်"

"အေးလေ၊ သူ့ပညာကျတော့ ကြောက်စရာကွ။ ညီလေးတင်မကဘူး၊ ကိုယ်လည်းမယူရဲဘူး။ ဘိုစိန့်ကိုတော့ ပြောသွားတယ်တဲ့။ ဒီတစ်ခေါက် သူ့ရှမ်းပြည်နယ်ကပြန်လာရင် သုံးယောက်စလုံးကို ပညာပေးတော့မယ်တဲ့"

"အမလေး - မယူရဲပါဘူး"

ကိုမျိုးမြင့်စကားကြောင့် ကျွန်ုပ်လည်းပြုံးနေလိုက်ပါသည်။ ဆရာ့ထံတွင် ကရာတေးသွားကစားလိုက်၊ ဘန်ဇိုင်းတွင် သွားကစားလိုက်၊ ဘကြီးမျှင်ဆီတွင် တုတ်သိုင်း၊ ဓားသိုင်းကစားလိုက်နှင့် အလုပ်ရှုပ်နေသည့်ကြားမှ မြင်သာတွင် ဝါးလုံးများစိုက်၊ ကျူထရံများကာရံပြီး ကရာတေးသင်တန်းတစ်ခုဖွင့်ထားပြန်၏။ လူ (၁၅) ယောက်ခန့်နှင့် လေ့ကျင့်ပြီး အမာခံများအဖြစ် စုပေါင်းကစား၏။

အလင်းရောင်ဇာတ်ကားရိုက်ပြီးနောက်ပိုင်း ဘာကောင်မှလဲမဖြစ်၊ ဟိုလိုလိုဒီလိုလိုနှင့် အခြောက်တိုက်ဘဝင်မြင့်နေသော ကျွန်ုပ်အား အဖေက ကြည့်၍ စိတ်မကောင်း။

ကြည့်မြင်တိုင်မှာနေသော အဖေ့အစ်မအားသွားပြော၍ ငွေချေး၏။ သားကို မင်းသားတင်ရိုက်ချင်သည်ဟု ပြောသောစကားအပြီးတွင် -

"အမလေးတော် - ပေါက်ပေါက်ရှာရှာ"

ဟု ခါးခါးသီးသီးငြင်းပြီး လှည့်ပင်မကြည့်တော့။

ထိုစဉ်က အဖေ့မျက်နှာလေးအား မျက်လုံးထဲကမထွက်ပါ။

သူ့အစ်မက ခါးခါးသီးသီးငြင်းလိုက်သည့်အခါ ပြုံးပြီးရက်နေသော မျက်နှာနှင့်၊ သားအတွက် စိတ်မကောင်းသောမျက်နှာတို့ပေါင်းပြီး ဖြစ်ပေါ်လာသောခံစားချက်နှင့် ကျွန်ုပ်အားကြည့်နေ၏။ မျက်လုံးအိမ်မှာ မျက်ရည်လေးများနှင့်။

အဖေ့အစ်မ၏ခင်ပွန်း ကျွန်ုပ်တို့၏ ဘဘကြီးသည် အနုပညာလောကတွင် ထင်ရှားကျော်ကြားသော ကုမ္ပဏီကြီး၏ပိုင်ရှင်များနှင့် ညီအစ်ကိုတစ်ဝမ်းသာကွဲ၏။ ထင်ရှားသော အနုပညာရှင်များသည်လည်း ဘဘကြီးတို့အိမ်သို့ ဝင်ထွက်သွားလာနေကြ၏။ သို့သော် အဖေ့အစ်မ၏ခါးခါးသီးငြင်းထုတ်လိုက်သည့်နောက်ပိုင်း အဆက်အသွယ်နိဂုံးချုပ်သွားပါတော့သည်။

"သား၊ သားဘာမှမပူနဲ့။ အဖေ စီစဉ်ပေးမယ်။ အဖေ့မှာဟိုပင်ကပါလာလို့ သိမ်းထားတဲ့ ကျောက်စိမ်းလုံးချောင်းလုံး၊ ခြောက်လုံးရှိနေသေးတယ်။ မင်းအမေကပြောတယ်။ ကိုမှတ်ကြီးက ပီနန်ဘက်သွားမှာတဲ့၊ သူနဲ့ကျောက်စိမ်းတွေ ပေးလိုက်မယ်လို့ပြောတယ်။ ဒီကျောက်လေးတွေရောင်းလိုက်ရင် အနည်းဆုံး သုံးသိန်းလောက်တော့ထွက်လာမယ်။ သားကို တစ်သိန်းခွဲနဲ့ ရုပ်ရှင်မင်းသား တင်ခိုင်းမယ်။ လိုရင်ထပ်ထုတ်မှာပေါ့။ သားဘာမှအားမငယ်နဲ့"

လူလိုမသိသူ -

အလိုက်ကန်းဆိုးမသိသူ -

မိဘကိုအညှာအတာကင်းမဲ့သူတို့ ပြပါဟုဆိုလျှင် ကျွန်ုပ်ကိုယ်ကျွန်ုပ် လက်ညှိုးထိုးပြရတော့မည်ဖြစ်၏။

အဖေ့စကားအပြီးတွင် အဖေ့ထံ ရော အမေ့ကိုပါ ထိုကိစ္စမြန်မြန်လုပ်ရန် တိုက်တွန်းလိုက်၏။ ကိုယ့်ဖိုးသာကိုယ် ကြည့်လိုက်၏။

လူမှာ ယောင်ခြောက်ဆယ်နှင့် အိမ်ထဲကများအပြင်ထွက်လျှင် ဟိုလူက ကြည့်ရိုးရိုးဒီလူကကြည့်နိုးနိုးနှင့် ဦးထုပ်ငိုက်စိုက်ဆောင်းထားရသည်မှာအမော

ကားလေးတစ်ကားတွင် မင်းသား သူငယ်ချင်းဘဝနှင့်ရိုက်ခဲ့ရုံလေးရှိသော အခြောက်တိုက်သွေးနားထင်ရောက်နေ၏။ လူကဘာမှမဟုတ်။

ဤသို့နှင့် -

ဘကြီးမျှင်အိမ်တွင် တုတ်ကြမ်း ဓားကြမ်းခုတ်နေစဉ် တစ်နေ့ -

ကုတ်အင်္ကျီခဲရောင်ကိုစမတ်ကျကျ ဝတ်ထားပြီး ဘောင်းဘီရှည်ခပ်ပွပွ ဝတ်ဆင်၍ ဦးထုပ်ဆောင်းထားသူတစ်ဦး အဘတို့ခြံဝတွင်ရပ်နေ၏။

"အဘ၊ ဟိုမှာဧည့်သည်လားမသိဘူး"

အဘသည် ဓားနှစ်လက်ကို ကိုင်ထားရင်းမှ ချာခနဲလှည့်ကြည့်လိုက်ပြီး -

"ဟာ - ဆရာလေး"

ပြောပြောဆိုဆို အပြေးလေး ... ၍ ကြို၏။ အလွန်တည်ငြိမ်ရင့်ကျက် ... ခေါင်းမာလှသောအဘ ... ဟာလေး ...



www.burmeseclassic.com

www.burmeseclassic.com

...လို အပြေးအလွှား ရှိရှိကျိုးကျိုး ...သည်ကိုမြင်လိုက်ရ၍ ကျွန်ုပ် ...မှာ ထူးဆန်းနေ၏။ သူကဘယ် ...မှီ အဘဒါလောက်ပျာနေရတာ ...ဟုတွေးရင်း ဆက်ကစားနေလိုက် ...

အဘက ဆင်းမလာတော့ -

ကျွန်ုပ်လည်း ကစားပြီးပြီဖြစ်၍ ...များ ဓားများကို သိမ်းဆည်းရင်း ...အိမ်ပေါ်သို့တက်သွား၏။ အဘ ...ရင်းသစ်သားထရံကြားတွင် ငုက် ...တောင်ဓားများ အစီအရီသိမ်းပြီး ...နှင့် အဘတို့နားသွားထိုင်လိုက်၏။

ထူးဆန်းနေပါသည်။

စောစောကကုတ်အင်္ကျီနှင့်ပုဂ္ဂိုလ် ...ပက်လက်ကုလားထိုင်ပေါ် တွင်ထိုင် ...၏။ အဘနှင့် ဆရာကြီး ဦးသွင်က ...တ်မှာ ကျုံ့ကျုံ့လေး ပုဆစ်တုပ် ...။ အဘ၏ဇနီး ဒေါ်ခင်စိန်က ...လှမ်းမှာကျုံ့ကျုံ့လေး။ထို့ကြောင့် ...လည်း အဘဘေးနားတွင်ကျုံ့ကျုံ့ ...ထိုင်လိုက်၏။

ပက်လက်ကုလားထိုင်ပေါ် မှပုဂ္ဂိုလ် ... ပက်လက်အနေအထားမှ ခါးမတ် ...လိုက်ပြီး ကျွန်ုပ်ကို စိတ်ဝင်တစား ...ကြည့်နေ၏။

ကျွန်ုပ် ကရားတေးပညာကို ကျွမ်း ...ကျင်ကျင် လေ့ကျင့်သင်ကြားခဲ့ပြီး ...ခုံမက ခါးစည်းများအဆင့်ဆင့် ...၍ ခါးစည်းနက်ပင်ရခဲ့ပါပြီ။ မြန်မာ့ ...တ်‌ေ့ကြားပွဲများလည်းထိုးခဲ့ဖူးပါပြီ။ ...ဆီတွင်လည်း တုတ်ရေး၊ ဓားရေး ...သင်ကြားလေ့ကျင့်နေသူဖြစ်ပါသည်။ ...တေးသင်တန်းများဖွင့်ထားသော ...ည်းဖြစ်ပါသည်။ ကြောက်စိတ်ဟူ ... ဘာမှန်းမသိပါ။ ကြောက်တတ်သူ ...မဟုတ်ပါ။

သို့သော် -

ထိုပုဂ္ဂိုလ် ကြည့်လိုက်သည့်ခဏ ...ကိုကြောက်မှန်းမသိ အလိုလိုနေရင်း ...တ်ရှံ့ပြီး ရဲရဲပင်ခေါင်းမဖော်ရဲသလို ...သွား၏။ ခေါင်းငိုက်စိုက်ချထားလိုက် ... အဘ၏အိမ်ကြမ်းပြင်ကြီးများကို ငေး ...ကြည့်နေလိုက်ရပါသည်။ လူမှာဘာဖြစ် ...မှန်းမသိ ဆိုးဆိုးဆတ်ဆတ်နှင့် ရင် ...မှာ အေးခနဲ၊ လှပ်ခနဲဖြစ်ဖြစ်သွားပြီး ...င်းမဖော်ရဲ ပြန်မကြည့်ရဲဖြစ်နေတော့ ...

"မောင်ဟိုနင်းလေးက××နေ့သား ..."

"ဟုတ်ကဲ့"

ရိုးရိုးလေးဖြေလိုက်ပြီးမှ စဉ်းစားလိုက်၏။ ငါဘာနေ့သားဆိုတာ ဘယ်သူ့ကိုမှလဲမပြောဘူးပါ။ ထိုပုဂ္ဂိုလ်သည် အဘယ်ကြောင့်တန်းပြောနိုင်ပါသနည်း။

"မင်းက လက်တွေ့မှယုံတတ်တဲ့သူဆိုပါလားကွယ့် ဟေ"

ထိုစကားကြောင့် ထိုပုဂ္ဂိုလ်ကို လှမ်းကြည့်နေလိုက်ပြီး ပြုံးနေလိုက်၏။ မျက်နှာမှာ အလွန်မှတည်ငြိမ်ရင့်ကျက်လှပြီး မျက်လုံးကိုမှိတ်ထား၏။ ထိုပုဂ္ဂိုလ်၏ ဥပဓိမှာ မြင်ဖူးသမျှမျက်နှာများထဲတွင် အလွန်ရှားပါးသည်ဟု ကျွန်ုပ်မှတ်ချက်ပေးနေမိ၏။ ခံ့ညားပြီး အေးချမ်းလှ၏။ မြင်သည်နှင့် အားကိုးချင်သလိုလို ဘာလိုလို ခံစားလာရ၏။ အသားမှာ မညိုသော်လည်း အဖြူကြီးမဟုတ်။ ဝင်းနေ၏။ အလွန်မှ စွမ်းအားကြီးမားလှသော တန်ခိုးရှင်တစ်ဦးဦးထိုင်နေသည်သို့နှယ် ကျွန်ုပ်ခံစားရ၏။

"မင်း စ-ခ-ဗ-ဝ ကြားဖူးလား"

"ဟုတ်ကဲ့၊ ကြားဖူးပါတယ်"

"အေး - အဲဒီလေးလုံးထဲက တစ်လုံးကို မင်းစိတ်ထဲမှာမှတ်ထား။ ပြီးရင် မင်းဆရာကြီးဦးမျှင်ကို တိုးတိုးကပ်ပြောထား၊ အသံမထွက်စေနဲ့"

ကျွန်ုပ်လည်း ဘကြီးမျှင်၏နားနားသို့ကပ်၍ 'ဝ' ဟု ပြောလိုက်၏။ လေသံပင် ကျယ်ကျယ်မထွက်ပါ။

ထိုပုဂ္ဂိုလ်သည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး -

"အေး-ကောင်းတယ်၊ ဝိဇ္ဇာဓာတ်တွေကို ဝါသနာပါသူဆိုတော့ ဝပဲမှတ်တာပေ့ါ။ ဒါမဆန်းပါဘူး"

ကျွန်ုပ်ရင်တွေတဒိတ်ဒိတ်ခုန်သွား၏။ ဟာ - ငါ့စိတ်ထဲမှာရှိတာကို ဘယ့်နှယ်လုပ်သိတာပါလိမ့်ဟုတွေးရင်း အဘကို လှည့်ကြည့်လိုက်ရာ အဘကပြုံးနေ၏။

"ကဲ၊ ကဲ - ထပ်မှတ်လိုက်ပါဦး"

ကျွန်ုပ်လည်း ဝသာမှတ်၏။အဘကိုတော့မပြောတော့။

"ဝပဲ"

"ဟုတ်ပါတယ်ခင်ဗျာ"

ပိုပြီး နေမထိထိုင်မထိဖြစ်လာတော့၏။

"ကဲ - လက်တွေ့မှယုံတဲ့သူငယ် မှတ်ဦး။ စ-ခ-ဗ-ဝထဲကတစ်လုံး"

ဝကိုသာ သဲသဲမဲမဲမှတ်ပြန်၏။

ဤတစ်ကြိမ်တွင် နှုတ်က ဘာမှမပြောတော့။ ပက်လက်ကုလားထိုင်ပေါ် တွင်ထိုင်ရင်းမှ ညာဘက်လက်ဝါးကို ကျွန်ုပ်ဘက်သို့ဖြန့်ပြလိုက်၏။ လက်တွင် ဘယ်အချိန်က ဘယ်လိုရေးထားမှန်းမသိရသော 'ဝ'၊ မှင်နီနှင့်။

"ဟုတ်လား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

သုံးကြိမ်သုံးခါပြည့်အောင် စိတ်ထဲမှတ်လိုက်ရပြီဖြစ်၍ ကျွန်ုပ်အတော်ကျေနပ်သွား၏။ တိုက်ဆိုင်မှုမဟုတ်တော့ပါ။

ငါ့စိတ်ထဲမှာရှိတာကို ဘယ်အချိန်ကများ လက်မှာရေးထားပါလိမ့်ဟုတော့ တွေးနေမိသေး၏။ ဘေးနားတွင်ထိုင်နေသော ဆရာကြီးဦးသွင်နှင့်ဘကြီးမျှင်မှာ တပြုံးပြုံး၊ အစ်မခင်စိန်က တဟားဟားနှင့် -

စိတ်ထဲကအရဲစွန့်၍ -

"ဆရာ"

"အေး - ပြော"

"ကျွန်တော်ဒါမျိုးမမြင်ဘူး၊ မကြုံဘူး၊ မကြားဖူးပါဘူး ခင်ဗျ။ စိတ်ထဲမှာ ဝမ်းသာလုံးဆို့သလိုလိုဘာလိုလိုနဲ့ ဘယ်လိုကြီးဖြစ်မှန်းမသိပါဘူး။ ဟိုထပ်မှတ်ရင်ရလားဆရာ"

ဆရာကြီး ဦးသွင်သည် ကွမ်းတမြုံ့မြုံ့နှင့်ပြုံးနေရင်းမှ နှုတ်မှ ဟွန်းဟု အသံထွက်လာပြီး ခြေထောက်ပြင်ထိုင်လိုက်၏။ သဘောက ဒီကောင်လေးကလည်း အားမနာလိုက်တာဟု အဓိပ္ပာယ်များရောက်နေသလားမသိရ။

"အေး၊ အေး မင်းကြိုက်တာမှတ်"

ကျွန်ုပ်လည်း ဟိုတွေးဒီတွေး လျှောက်တွေးရင်းမှ ဘာမှန်းညာမှန်းမသိ က - ဃ - ဏ - ဠ ဟူသော ကြီးလေးကြီးကိုစိတ်ကရောက်သွားပြီး 'က' ကို အကြိမ်ကြိမ်တွေးနေလိုက်၏။

"ဩော် - အေးအေး၊ ဒီတစ်ခါတော့ လမ်းကြောင်းကပြောင်းသွားတာကိုး၊ ဦးမျှင်"

"ဗျာ - ဆရာလေး"

"ခင်ဗျားတို့ဘုရားစင်မှာ ဘာစာရွက်ရှိလဲ"

"ဘာမှမရှိပါဘူး၊ ရှင်းနေတာပဲ"

"ဟုတ်ရဲ့လား"

"ဟုတ်ကဲ့ - မရှိပါဘူး"

"မောင်ဟိုနင်းလေး၊ ဘုရားစင်ပေါ်ကစာရွက်ယူကြည့်လိုက်စမ်း"

ပက်လက်ကုလားထိုင်ဘေးမှ ရှိသေစွာခေါင်းငုံ့၍ ဘေးနားဆုတ်လိုက်ပြီးကွေ့သွားရင်း ဘုရားစင်ပေါ် သို့လှမ်းကြည့်လိုက်၏။ ဘေးနားတွင် စာရွက်ခေါက်လေးတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com

ယူ၍ထိုပုဂ္ဂိုလ်အားပေးမည်အပြု-

"မင်းပဲဖြန့်ကြည့်လိုက်လေ။ မင်းဟာမင်းမှတ်ထားတာကို မင်းဟာမင်းဖြန့်ကြည့်ပေါ့"

"ဟုတ်ကဲ့ - ဟာ"

စာရွက်ခေါက်လေးကိုဖြန့်လိုက်ရာ ဘယ်အချိန်ကဘယ်လိုရေးထားမှန်းမသိရသော 'က' မှင်နီနှင့်။

ကျွန်ုပ် အတော့်ကို လန့်သွား၏။ ရပ်နေရင်း ဒူးများပင်တဆတ်ဆတ်တုန်လာလေသလားထင်ရ၏။ ဟာ - တော်တော့်ကို ခေါင်းစွဲကောင်းတာပဲဟုလည်း တွေးနေလိုက်၏။ ကျိုက္ကဆံဘုရားမှာ နတ်ပညာရှင်ဆရာကျော်နှင့်တစ်နှစ်မက နီးနီးကပ်ကပ် လေ့လာခွင့်များစွာရခဲ့၍ ခေါင်းစွဲသဘောကို အတန်အသင့်သိနေ၏။ ပြီးမှ ပြန်ထိုင်လိုက်သောကျွန်ုပ်အား တစ်ချက်ကြည့်လိုက်ပြီး -

"စိတ်စွမ်းအင်ကတော့ ခေါင်းစွဲနဲ့ မတူဘူးပေါ့။ သူများကိုအားကိုးစရာမလိုဘူး။ ကိုယ်ကျင့်ရင်ကိုယ်ရမှာပဲ။ ကိုယ်မကျင့်ရင် ကိုယ်မရဘူး။ ခေါင်းစွဲဆိုတာက အငှားလိုပဲ သူများကပြောပေးမှသိရတာ၊ သူများအားကိုးနေရတာ"

ကျွန်ုပ်ဘာမှန်းမသိ ဟိုလှည့်ကြည့် ဒီလှည့်ကြည့်နှင့် ဂနာမငြိမ်ဖြစ်နေပြီး ဘေးနားရှိ အကြီးမှုံးနှင့် ဆရာကြီး ဦးသွင်တို့အား တစ်လှည့်စီကြည့်နေမိ၏။ မဟုတ်တာကိုးကိုးတိတ်တိတ်လုပ်ထားသူ လူမိသလိုနှယ် ဘယ်လိုခံစားရမှန်းပင်မသိတော့ဟိုကြည့်ဒီကြည့်ကြည့်နေရာမှ ထိုပုဂ္ဂိုလ်ကို ပြန်ကြည့်လိုက်၏။ အေးချမ်းတည်ငြိမ်စွာကြည့်နေသောသူ၏မျက်လုံးအစုံသည် ကျွန်ုပ်ထံသို့ရောက်ရှိလာ၏။ ကျွန်ုပ်ကလည်းပြန်ကြည့်၏။ ထိုစဉ် ကျွန်ုပ်၏နှလုံးသားအား တစ်စုံတစ်ခုကလာညှစ်လိုက်သလို နင့်ခနဲ ခံစားလိုက်ရပြီး ရင်ထဲတွင် လေဟာနယ်ကြီးလိုဖြစ်သွားတော့၏။

တဒိတ်ဒိတ်နှင့်ခုန်နေသောရင်မှာ နှစ်ဆ၊ သုံးဆခုန်သွားသလို ခံစားလိုက်ရပြီး ခေါင်းနားပန်းများကြီးသွားသလိုဖြစ်သွား၏။ မခံနိုင်တော့သည့်အဆုံး ခေါင်းကို တဖြည်းဖြည်းငုံ့လိုက်ပြီး မျက်နှာကို လမ်းဘက်လှည့်ထားလိုက်ရပါတော့သည်။

ပြီးမှ -

ထိုပုဂ္ဂိုလ်ခြေရင်းသို့တိုးသွားပြီး -

"ဆရာ့ကို ကျွန်တော် ရှိသေစွာကန်တော့ပါတယ်ခင်ဗျာ"

ဟု ပါးစပ်မှပြောရင်း ဦးသုံးကြိမ်ချ၍ ကန်တော့လိုက်ပါ၏။

ကိုယ်ခံပညာအားကိုးနှင့် မည်သူကိုမဆို ဆောင့်ကြွားကြွားဆက်ဆံခဲ့သော ကျွန်ုပ်၏ဘဝတွင် ကျွန်ုပ်အား တုတ်နှင့်မရွယ်၊ ဓားနှင့်မခြောက်ပါဘဲနှင့် အလိုလိုဦးခေါင်းညွှတ်ကျအောင် တိတ်ဆိတ်စွာ စွမ်းဆောင်နိုင်စွမ်းခဲ့သော ထိုဆရာမှာ -

ကျွန်ုပ်၏ ဘဝကြီးတစ်ခုလုံးအား ပြောင်းလဲပစ်နိုင်စွမ်းခဲ့သည့် အာစရိယဆရာသခင် ကျေးဇူးရှင်ဖြစ်လာပါတော့သည်။

ဆရာသည် ကျွန်ုပ်အား ပြုံးကြည့်ရင်း -

"အေးအေး-မင်းမှာပါရမီဓာတ်ခံရှိတယ်။ကောင်းကောင်းနေ။ ရတနာသုံးပါးကို ဘယ်တော့မှမမေ့ရဘူး။ စိတ်ကို ဖြူအောင်ထားနိုင်တဲ့ အကျင့်မြတ်တွေကို ကျင့်ရမယ်။ မင်းရဲ့ပါရမီကြောင့် ဆရာချီးမြှင့်မယ်"

"ဟုတ်ကဲ့"

ချီးမြှင့်မယ် ဟူသောစကားကို ကျွန်ုပ်သိပ်နားမလည်ခဲ့ပါ။ဘာပေးမယ်မှန်းမသိဟုသာတွေးနေလိုက်မိ၏။

ထိုနေ့က အိမ်ရောက်သည်နှင့် -

"အမေ၊ သားထူးထူးဆန်းဆန်း ပုဂ္ဂိုလ်နဲ့တွေ့ခဲ့တယ် အမေ"

"ဟေ - ဟုတ်လား၊ ဘယ်မှာလဲ သား"

"အဘတို့အိမ်မှာပဲ"

"ဟုတ်လား၊ ဘယ်လိုထူးဆန်းတာလဲ"

"သူက သားစိတ်ထဲမှာရှိနေတာတွေကို အကုန်သိနေတယ် အမေ"

"ဟယ်တော်၊ ဘယ်လိုသိနေတာလဲ"

အမေစိတ်ဝင်စားသလို ဘေးနားတွင်ထိုင်နေသောအဖေလည်း စိတ်ဝင်တစား နားထောင်နေကြ၏။ ပြုံးပြီး နားထောင်နေသောအမေ ဇရာ၏ခေါ်ဆောင်ရာနောက်သို့ စတင်လိုက်ရှာပါပြီ။ လောကဓံတရား၏ အထုအထောင်းများကြောင့် အမေ့မျက်နှာမှာ အရေးအကြောင်းများပြည့်လာနေချေပြီ။ တင်ပါးဖုံး၍ ခြေမျက်စိနားရောက်ခဲ့သောဆံပင်ကြီးမှာ အတော့်ကို ကုန်သွားချေပြီ။ အပြေးအလွှားတိုင်းကြည့် လျှင်ပင် ကျော လယ်ကျော်လောက်တော့မည် မဟုတ် တော့။

ကျွန်ုပ်ပင်လျှင် မနည်းမ,ရှ်ပင့်ပေးရသော မုန့်ဟင်းခါးဟင်းရည်တောင်းကြီးပေါ်မှ ဟင်းရည်ပူများစီးကျခဲ့သော ဒဏ်ကို ကြိမ်ဖန်များစွာ ခံစားခဲ့ရသောကြောင့် အမေ့နားထင်ဘေးနှစ်ဖက်မှာ ဆံပင်များကျဲပါးနေရှာပါပြီ။

"ဟဲ့ - သားလေး"

"ဗျာ"

"အမေ့ကိုဘာစိုက်ကြည့်နေတာလဲ ပြောလေ။ သားစိတ်ထဲမှာရှိနေတာတွေကို ဘယ်လိုသိနေတာလဲလို့"

ကျွန်ုပ်လည်း စတွေ့ခဲ့ပုံမှစ၍ အစအဆုံးပြောပြလိုက်၏။

"ဒါအကျင့်စခန်းကျင့်နေတဲ့ပုဂ္ဂိုလ်ထူးပဲ သား။ သွားပြီးတော့များ မစမ်းလေနဲ့"

"ဘာဖြစ်လို့လဲ အမေ"

"ဩော်- မစမ်းကောင်းဘူး။အပြစ်ကြီးတယ်"

"သားက စမ်းတောင်စမ်းခဲ့ပြီ လေ၊ ကျွန်တော်မှတ်ချင်တာမှတ်လို့ရ မလားဆိုပြီး။ အဲဒါအပြစ်ဖြစ်သွားလား အမေ"

"နောက်ကိုပြောတာပါ၊ ဒါ သား ပါရမီထူးလို့ ဒီလိုပုဂ္ဂိုလ်ထူးနဲ့တွေ့ရတာ မှတ်။ အမေဝမ်းသာတယ်"

"သားစဉ်းစားနေတယ်"

"ဘာကိုလဲ သား"

"အဲဒီပုဂ္ဂိုလ်ထူးကို သားမေးမယ် ဆရာခင်ဗျာ၊ ကျွန်တော့်အမေ ကျွန်တော်သနားလို့၊ လုပ်ကျွေးချင် ဘယ်လိုစီးပွားမျိုးများလုပ်ပြီး လုပ်ကျွေး ရင်ကြီးပွားလာနိုင်မလဲလို့ မကောင်းဘူး လား အမေ"

"မကောင်းဘူးသား"

ကျွန်ုပ်အမေ့စကားကို နားမလည် ပါ။ အဖေသည် ဘာတစ်ခွန်းမှ မပြော။ နားထောင်နေရင်းမှ -

"သွားမမေးနဲ့သား၊ ဒါမင်းအ ပြောသလို ပုဂ္ဂိုလ်ထူးခေါ်တယ်။ အကျ စရဏနဲ့ မွေ့လျော်ပြီး သိဒ္ဓိ၊ မဟိဒ္ဓိ ပြည့်လာအောင် ကျင့်ကြံကြိုးကုတ်အား ထုတ်နေတဲ့ သူတော်စင်တွေကို ဒီလို မမေးကောင်းဘူး။ သူတို့မှာလောဘ ဒေါသတွေ၊ မောဟတွေ၊ ထိန်းချုပ် စွမ်းတွေရှိလို့ သူတို့ရဲ့မနောက အဲ သိနေတာသားရဲ့။ မမေးကောင်းဘူး"

အဖေ့စကားကို နားထောင် သော်လည်း နားလည်သလိုလိုနှင့် မလည်ဖြစ်နေ၏။မကြားဘူးသောစ များနှင့်ပြည့်နေ၏။ အဖေ့စကား အဓိပ္ပာယ်ဖော်မရခင် အမေကဝင်

"အဲဒါ မဟာဂန္ဓာရီအကျင့်



www.burmeseclassic.com

www.burmeseclassic.com

နှင့်နေကြတဲ့ပုဂ္ဂိုလ်ထူးတွေ သား ဘောက်ရပ်လမ်းကျင့်နေကြတဲ့ပုဂ္ဂိုလ် သွားမစမ်းနဲ့"

ဝေးသွားပါပြီ။ ဘာမှန်းမသိ

သည့်နောက်ပိုင်းတွင် အဘအိမ် စားနေဖြစ်သော်လည်း ဆရာ တစ်လနေမှ တစ်ကြိမ်တွေ့ရ၏။ ဘမတွေ့ရပါ။ ဆရာရှိသောနေ ဘကြီးမျှင်တို့သွားကြသည်ဟု သော်လည်း ကျွန်ုပ်မှာလိုက်မသွား အရယ်ကြောင့်တော့မဟုတ်ပါ။

အဘအိမ်တွင် ဆုံပါသော်လည်း တွင် အဆင်းနှင့်အတက်သာဆုံ မောင်ဟိုနင်းလေး နေကောင်းလား' သော စကားတစ်ခွန်းသာပြောပြီး အေးဟု တစ်ဖက်လှည့်သွား၏။ ဝတ်တော်များကို မပြတ်ရွတ်နေ ကျွန်ုပ်ကလည်း 'ဟုတ်ကဲ့-ဆရာ'ဟု ပြောပြီး ဘာမှဆက်မပြောဖြစ်ခဲ့ပါ။

ထိုနှစ်များမှာ -

ကျွန်ုပ်အတွက် အလွန်ကယောက် တန်နိုင်လှသောနှစ်များဟု ဆိုရမည် ဖြစ်၏။

ထိုနှစ်များတွင် -

ကိုယ်ခံပညာတတ်ထားသူအချင်း ချိန်း၍ကစားသည့် ချိန်းပွဲများသာ လမ်းပေါ် မှရန်ပွဲများနှင့် စတင်ထိ လာပြီဖြစ်၏။ ရန်ဖြစ်ရသည်မှာ ကိုယ်ခံပညာရှင်အချင်းချင်း ထိပ်တိုက် ဆိုင်၍ ကစားဘိသကဲ့သို့ မခက်လှ။ တေးပညာတွင် ဂျေရှဆွဲသည်ဟု ကြသော တစ်ဦးနှင့်တစ်ဦး အပြန်အ တိုက်ခိုက်ရသည့်အခါ ကိုယ့်ကိုယ် လုံအောင် အတော်ဂရုစိုက်ရ၏။ ပုဂ္ဂိုလ်သည်လည်း ပညာရှင်ဖြစ် ၍ လျှော့တွက်လျှင် မှားသွားနိုင်၏။ ခြေလက်တို့မှလာသည့်တိုက်ခိုက် အားကို မနည်းရှောင်တိမ်းရ၏။ တိုက်လျှင် မသက်သာ။

ရန်ဖြစ်ရသည်မှာ အလွန်လွယ်ကူ သူက ကိုယ့်ကိုလုပ်မည်မှန်းသိနေ ကြောင့် သူကကိုယ့်ကိုမလုပ်ခင် ကဦးအောင်လုပ်လိုက်သည်နှင့်ပြီး သိပ်ခက်ခက်ခဲခဲမရှိလှ။ လူတစ် ကို အရုပ်လေးတစ်ရုပ်လိုကစား ၏၊ ဤမျှလွယ်ကူကြောင်းသိလာ အခါ -

"သူငယ်ချင်း"

"ဟေ"

"မင်း ဟိုနေ့ကထိုးလိုက်လို့ သတိလစ်သွားတဲ့ သံတုတ်ပြေးက မင်းကိုမိတ်ဆက်ချင်လို့တဲ့"

"အေး - ရတယ်"

"မင်းကိုပြောနေကြတယ်။ တော်တော်ရက်စက်တယ်တဲ့။ ပြေးမျက်နှာကို ဖြတ်ရိုက်လိုက်လို့ မြောင်းထဲလဲကျသွားတာတောင် အပေါ်က ဖနောင့်နဲ့ဆောင့်နင်းလို့ မင်းလူတွေက မင်းကိုတော်တော်ဆွဲထားရတယ်တဲ့"

"အေးလေ၊ ငါ့ဟာဟာ လှရုံမှာရုပ်ရှင်ကြည့်ဖို့ လက်မှတ်တန်းစီနေတာကို ဟော့ကောင် မောင်မောင်သန်း၊ မင်းကလက်ယဉ်တယ်ဆိုတော့ ဖောင်းလား။ ဖောင်းဆိုရင် ထုရဲရတယ်ကွဆိုပြီးငါ့လာပြောတယ်။ ငါ့သူငယ်ချင်းနှစ်ယောက်လည်း ငါ့ဘေးမှာရှိတယ်။ ငါဘာမှပြန်မပြောပါဘူး။ သူက ငါ့ရင်ဘတ်ကိုလာတွန်းလိုက်တာကိုး။ နည်းနည်းငါသွေးပူလေ့ကျင့်ခန်းလုပ်လိုက်တာပါ"

"အေး- အဲဒီကောင်မျက်ခွက်ကြီးရောင်နေတယ်"

သူငယ်ချင်းများထဲမှ ရန်ဖြစ်သည်ဟုကြားလျှင် ကျွန်ုပ်ရောက်သွားတတ်၏။ ကိုယ့်ခံပညာအားကိုးနှင့်မိုက်ပြတတ်၏။ တစ်ခါတစ်ခါ သူငယ်ချင်းများက သူတို့မလုပ်ရဲလျှင် လာခေါ်၏။ ကျွန်ုပ်က လူမိုက်ကြီးလုပ်ပြီး လတ်လျားလတ်လျားနှင့် မျက်နှာသွားပြတတ်၏။ ထိုးကြိတ်သတ်ပုတ်ရသည်လည်းရှိ၏။

ဟိုကောင်က လက်ယဉ်တယ်၊ ဟိုကောင်ကထုရဲတယ်ဟု ကြားလျှင် မသွားရမနေနိုင်၊ စမ်းချင်လှ၏။ ကိုယ်ခံရ၍ပြေးခဲ့ရသည့်အကြိမ်လည်း မနည်းလှ။

တဖြည်းဖြည်းနှင့် ကရာတေးသင်တန်းများဖွင့်နေသည်ကြားမှ လူမိုက်တစ်ပိုင်းဖြစ်လာပြန်၏။

ကိုယ်က တစ်ဖက်က ရန်ဘက်ကို ထိုးကြိတ်လိုက်လျှင် ကျန်သောသူများက ကိုယ့်ကို စမူဆာ၊ ဗယာကြော်၊ တို့ရှေ့ ပဲနံပြားများနှင့်ညှော်ခံလျှင် အပုတ်ကြီးမှတ်နေတတ်၏။ ရုပ်ရှင်ရိုက်ဖူး၍ ဘဝင်မြင့်ပြီး ဦးထုပ်ငိုက်စိုက်ဆောင်းခြင်းတွေ ဘာတွေမရှိတော့။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်သွားမှန်းမသိ။

ကရာတေးကစားခြင်းကို မြတ်နိုးလွန်းလှ၍ အိမ်တွင် ဆရာကြီးအိုယားမားပုံကို အကြီးကြီးချိတ်ထားပြီး ညအိပ်ခါနီး ဘုရားရှိခိုးပြီး၍ အဖေနှင့်အမေကို ကန်တော့ပြီးတိုင်း ဆရာကြီးအိုယားမားပုံကို အလေးပြုပြီးမှအိပ်၏။ ကီကို ခေါင်းအုံးဘေးထားအိပ်၏။

ရန်ဖြစ်တတ်လာသောအခါ စိတ်စွမ်းအားများပြခဲ့သောဆရာအား အဝေးမှမြင်လျှင်ပင် ရှောင်နေလိုက်၏။ မဆုံရဲတော့။

ထစ်ခနဲဆို လက်ပါတတ်သော ကျွန်ုပ်အား မျက်နှာသာမပေးဘဲ ဆုံးမသည်မှာ ကိုဝင်းသန်းနှင့် ကျွန်ုပ်ကို ကရာတေးသင်ပေးခဲ့သောဆရာပင် ဖြစ်၏။

"ဟေ့ကောင်၊ မင်းကဘာလဲ လူမိုက်လား။ ကိုယ်ခံပညာအားကိုးနဲ့ မိုက်တဲ့ကောင်ဆိုတာ အလကားကောင်ကွ မှတ်ထား။ မင်းကသူများကိုလုပ်တယ်ဆိုတာ မင်းကိုလုပ်တဲ့လူမပေါ်သေးလို့ဆိုတာမှတ်ထား။ အမြဲတမ်း ကိုယ်က အသာချည်းပဲမမှတ်နဲ့ နွားရဲ့"

ဆရာဆုံးမသည့်အခါ ကျွန်ုပ် ခေါင်းမဖော်ရဲပါ။

ဆရာသည် စကားပြောလျှင် ကြမ်း၏။ ခပ်တည်တည်နှင့်စိုက်ကြည့်ပြီး ပြောတတ်၏။ မည်မျှကြမ်းသည်ဖြစ်စေ သူ၏စကားလုံးများမှာ တပည့်ကို မမိုက်စေချင်သောလိုမှာယဉ်ကျေးစေချင်သော မေတ္တာများနှင့်ပြည့်နေ၏။ လူမိုက်လုပ်နေကြောင်း ဆရာကြားသည့်နေ့က အိမ်ကို ရှူးရှူးရှားရှားနှင့်ရောက်လာပြီးဆူ၏။အလွန်သူငယ်ချင်းကောင်းပီသသော ကိုဝင်းသန်းက ပြောလိုက်၍ ဆရာသိသွားခြင်းဖြစ်ပါသည်။

မှန်ပါသည်။

ဖဲထီးသံချောင်းသမားတို့နှင့်လည်း ရင်ဆိုင်ခဲ့ရပါသည်။

နှစ်ဖက်သွားပုဆိန်ကိုင်သူနှင့်လည်း သတ်ပုတ်ခဲ့ရပါသည်။

ထိုနှစ်များက ကြို့ပင်ကောက်တွင် ကရာတေးသင်တန်းများမကြာခဏသွားသွားဖွင့်၍ ငှက်ကြီးတောင်စေးများကိုင်ဆောင်ထားကြသူများ၏ဝိုင်းခြင်းကိုလည်း ခံခဲ့ရဖူးပါသည်။ ကြို့ပင်ကောက်တွင် ကရာတေးတပည့်များနှင့် အရှေ့ဘက် ကျစွာဘုရားပွဲသို့ လိုက်ပါသွားပြီး ကရာတေးစွမ်းရည်များပြသည့်နေ့က ညပိုင်း ကြို့ပင်ကောက်အိမ်တွင် 'စင်း' နှင့်လာပစ်သည်ကိုလည်းခံခဲ့ရပါသည်။ 'စင်း'မှာ နှစ်ချောင်းဖြစ်၏။ သံချောင်းကို ထိပ်က မြားဦးပုံလုပ်ထားပြီး ငါးများချိတ်လို အထစ်နှင့်ဖြစ်၏။ လေးခွတွင်တပ်၍ ပစ်ရ၏။ ထရံများပင်လျှင် ထောင်းခနဲ စိုက်ဝင်သွားသော'စင်း'ဖြစ်၏။ (ယခု ဂျင်ဂလိပ်ဟုခေါ် သောပစ္စည်းဖြစ်၏။)

ကျွန်ုပ်မှာဉာဉ်တစ်ခုရှိ၏။

www.burmeseclassic.com

လက်တွေ့ဆန်သူဖြစ်သောကြောင့် ရန်ဖြစ်လျှင် လက်မနှေးတတ်။ဘကြီးမျှင် သင်ထားပေးခြင်း ဖြစ်ပါသည်။ တစ်နေရာရောက်လျှင် ကိုယ်ထွက်နိုင်သည့် ထွက်ပေါက်ကို ဦးဆုံးကြည့်ထားပြီး ဘယ်နေရာမှာ ဝါးလုံးရှိသည်၊ ဘယ်နေရာမှာ အုတ်ခဲကျိုးရှိသည်၊ ဘယ်နေရာမှာ ထမ်းပိုး၊ ဘယ်နေရာမှာချိတ်၊ ဘယ်နေရာမှာ ဝါးလုံးပြတ်၊ တုတ်ချောင်း စသည်များကို ကြည့်ထားတတ်၏။ မည်သည့်အခါမျှသတိလက်လွတ်မနေတတ်။ ဖဲထီးသံချောင်းကိုင်ဆောင်သူ၊ ပုဆိန်ကိုင်ဆောင်သူများနှင့်ဆုံခဲ့ရစဉ်ကလည်း ဖုန်နှင့်ကောက်ပက်၊ ခဲနှင့်ကောက်ထုပြီးနိုးရာ သစ်ကိုင်းနှင့်ရိုက်ခဲ့သောကြောင့် ဘာအန္တရာယ်မှမဖြစ်ခဲ့ပါ။ သူတို့အလုပ်ကို မည်သည့်အခါမျှမစောင့်။

ထိုစဉ်က -

ကြို့ပင်ကောက်အရှေ့ဘက် သိုးဘိုမှ ကရာတေးသင်ချင်သူတစ်ဦးရှိကြောင်း၊ သူသည်လက်တွေ့စမ်းချင်သည်၊ ကြိုက်မှသင်မည်ဟုပြောကြောင်း ကျွန်ုပ်ကို လာပြော၏။ ကျွန်ုပ်၏အစ်ကိုဝမ်းကွဲက မျက်စိပျက်မျက်နှာပျက်နှင့် ကျွန်ုပ်ကို တား၏။ ကျွန်ုပ်က မရမနေဇွတ်သွားသောကြောင့် သူနှင့်ကျွန်ုပ်တပည့်ကျော်များ ငါးယောက်လိုက်လာ၏။ တပည့်များကလည်း သူများကို ဓားနှင့်ထိုး၍ ထောင်ကျခဲ့ဖူးသူ၊ ရိုက်မှုဖြင့်ထောင်ကျခဲ့ဖူးသူများဖြစ်နေ၍ သွေးအေးအေးနှင့် လိုက်လာ၏။

"စမ်းချင်တယ်ဆိုတာ ခင်ဗျား လား"

"ဟုတ်ကဲ့၊ ကျွန်တော်တကယ့်ဓားနဲ့ထိုးကြည့်ချင်လို့ပါ ဆရာ။ ကရာတေးပညာသင်ချင်လို့ပါ။ ဘယ်လောက်လုံလဲ လို့"

"ထိုးလေ"

ထိုသူသည် သူတို့အိမ်ရှေ့ရှိ မန်ကျည်းပင်ကြီးကို ကျောခိုင်းရင်း ဓားအိမ်ထဲမှခြောက်လက်မဓားမြှောင်ကိုဆွဲထုတ်လိုက်၏။ ပြီးမှ ရုပ်ရှင်ထဲကလူကြမ်းများလုပ်ခဲ့သလို ဓားဦးကိုရှေ့ထုတ်ကိုင်ထားပြီး စက်ဝိုင်းဝှေ့သလို ဘယ်ယမ်းလိုက်၊ညာယမ်းလိုက်လုပ်နေ၏။ နှစ်ချက်မျှယမ်းအပြီး သူ၏ညာဘက်သို့ဝှေ့လိုက်သည်နှင့် လွတ်နေသော သူ၏ရင်ညွန့်ဆီသို့ ဖနောင့်နှင့် ဆောင့်ကန်ထဲ့လိုက်ပါတော့သည်။

ရုတ်တရက် အရိုက်ကိုဖိရင်း ဓားလွတ်ကျသွားပြီး လဲကျသွားသော ထိုသူအား သူ့သူငယ်ချင်းများက ပြေးပွေ့၏။ ကျွန်ုပ်၏အစ်ကိုဝမ်းကွဲက မျက်စိပျက်မျက်နှာပျက်နှင့် -

"ဟာ - မင်းကကွာ၊ သူတို့နေရာ ကွ"

"သူကစမ်းချင်တယ်ပြောတာလေ၊ ပညာကိုထိပါးလာတာလေ။ ကျွန်တော်က စတာမှမဟုတ်တာ။ အစ်ကိုကြီးကြောက်ရင်ပြန်တော့၊ ကျွန်တော် ဒီမှာ နေခဲ့ဦးမယ်"

ဤလိုမျိုးများနှင့် တစ်ကြိမ်မက ကြုံခဲ့ဖူးပါသည်။

ကျွန်ုပ်အတွက် မဆန်းတော့ပါ။

ထိုသို့စမ်းကြသူများမှာ ကျွန်ုပ်အတွက် အလွန်အားကိုးရသော တပည့်ကြီးများအဖြစ် ပြောင်းလဲသွားကြသည်များ၏။

ထိုနှစ်များက -

ဘဝတွင် မှတ်မှတ်ရရရှိခဲ့သော အစ်ကိုနှစ်ယောက်ပေါ်ခဲ့ဖူးပါသည်။

ထိုအစ်ကိုနှစ်ယောက်မှာ ကျွန်ုပ်ထံတွင် ကရာတေးသင်ချင်လွန်း၍ လာရောက်သင်ကြားကြသူများဖြစ်၏။ သူတို့နှစ်ဦးစလုံးမှာ မိတ္ထီလာတပ်မတော်ကျောင်းသားများဖြစ်ကြပါသည်။

တစ်ဦးက ကိုအောင်တင့်ဖြစ်ပြီး တစ်ဦးက ကိုစစ်အောင်ဖြစ်၏။ ထိုနှစ်ဦးက အခြားလူများနှင့်မတူခဲ့ပါ။ကိုအောင်တင့်က အိမ်တွင် အိပ်စားနေထိုင်ပြီးသင်သူဖြစ်၏။ ကိုစစ်အောင်က ဗဟိုဈေးတွင် နေထိုင်ပြီး နံနက် (၄) နာရီထိုးလျှင် ကျွန်ုပ်နေထိုင်ရာ ခြောက်ရပ်ကွက်အိမ်သို့ပြေးလာပြီးသင်၏။ အဖေ အုန်းသီးရောင်းနေသည့်ကာလဖြစ်၍ တစ်ခါတစ်ခါ ဝိုင်းဝန်းထမ်းပိုးကူညီတတ်သော အစ်ကိုဖြစ်၏။ အဖေနှင့် အမေသည် အလွန်အလိုက်သိတတ်သော သူတို့နှစ်ဦးကို အလွန်ချစ်၏။ ငါ့သားများ၊ငါ့သားများဟု ပြောလေ့ရှိ၏။ သူတို့သည် သူတို့မိဘများကို အလွန်မှသိတတ်ကြသော လိမ္မာရေးခြားရှိလှသူများဖြစ်ရာ ကျွန်ုပ်ကိုလည်း သွန်သင်ဆုံးမကြ၏။ ထူးဆန်းသောစိတ်ဓာတ်ရှင်များဖြစ်ပါသည်။

ထိုအစ်ကိုနှစ်ယောက်ကို အိမ်တွင် လည်းကောင်း၊ မြင်သာရှိ ဝါးရုံတောဘေးမှ ကွက်လပ်များတွင် လည်းကောင်း၊ အင်းယား ဂျူဗန်းကျွန်းတွင် လည်းကောင်း ကျွန်ုပ်ကောင်းကောင်းမောင်း၏။ တရကြမ်းမောင်း၏။ ထိရောက်စွာ လေ့ကျင့်ပေး၏။ ကိုယ်တိုင်အနာခံပြီးသင်ပေး၏။ သူတို့ကလည်း အခြားသင်တန်းသားများနှင့်မတူ၊ ပြော[...] သည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာ[...] ၏။ ဘာစကားမှအပိုမပြောကြ။ သူတို့[...] နှစ်ဦးသည် ကျွန်ုပ်မှလွဲ၍ အခြားသင်[...] တန်းသားများနှင့် စကားပြောလေ့မရှိ[...] အလွန်နှုတ်ဆိတ်၏။ အလွန်တည်ကြည်[...] ၏။ 'ကီ'ထိုင်လျှင် နာရီဝက်နီးပါးထိုင်နိုင်[...] ကြသူများဖြစ်၏။ စိတ်ဓာတ်အလွန်ဓာ[...] ကျောကြပါပေသည်။

ကိုစစ်အောင်၊ ကိုအောင်တင့်နှင့်[...] ကျွန်ုပ်သုံးဦးပေါင်း၍ ကလပ်နာမည်[...] လေးတစ်ခုနှင့် ကစားခဲ့ကြ၏။ ကိုစ[...] အောင်သည် ပညာကိုချစ်လွန်း၍ ကျွန်ုပ်[...] သင်တန်းများဖွင့်ရာ ကြို့ပင်ကောက်[...] အထိ လိုက်ကစားခဲ့ဖူး၏။ ကျွန်ုပ်[...] တရကြမ်းတိုက်ခိုက်တတ်၍ ကျွန်ုပ်[...] ချစ်စနိုးနှင့် 'ကျွဲပေါက်' ဟု ခေါ်ကြ[...]

သူတို့နှစ်ဦးစလုံး တပ်မတော်[...] ကျောင်းမှအောင်မြင်ခဲ့ကြသည့်နှစ်တွင်[...] ကျွန်ုပ်မှာ (၉) တန်း ဒုတိယနှစ်မြော[...] ဖြေဆိုရသည့်နှစ်ဖြစ်ပါသည်။ သူတို့နှ[...] ဦး ဝိုင်းဝန်းကြပ်မတ်ပြုပြင်ခဲ့ကြ၍ လူမို[...] လုံးလုံးမဖြစ်ခဲ့ရခြင်းဟု ဝန်ခံရပေမည်[...] သူတို့သည် လမ်းပေါ်မှရန်ပွဲများတွင်[...] ကျွန်ုပ်သာယာနေခြင်းကို လုံးဝအား[...] မပေးပါ။နှစ်ယောက်သား ကျွန်ုပ်၏အ[...] ကိုလိုက်၍ ရေလိုက်ငါးလိုက်နေရင်[...] သူတို့လိုရာဘက်ကိုရအောင် ဆွဲဆော[...] ပြုပြင်ယူခဲ့ကြသော အစ်ကိုများဖြစ်[...] ပါသည်။ သူတို့နှစ်ဦး၏ နေ့၊ ည[...] ကြပ်ပေးမှုကြောင့် ထင်မထားသော[...] (၁၀) တန်းကို အောင်မြင်ခဲ့ရခြင်း ဖြစ်[...] သည်။အစ်ကိုတို့ကျေးဇူးများရှိခဲ့ပါသည်[...]

(ကိုအောင်တင့်သည် မွေးရာ[...] 'အံပွား'ပါသူဖြစ်၏။ စကားအပိုမပြော[...] အလွန်တိကျပြတ်သား၏။ ကျွန်ုပ်ထံ[...] (၂) နှစ်ကြာမျှ ကရာတေးကစားခဲ့ပြီး[...] တပ်မတော်သို့ ဝင်ရောက် အမှုထမ်း[...] တပ်မတော်ကျောင်းမှ (၁၀)တန်းအော[...] ခဲ့သော်လည်း တပ်ကြပ်ကြီးစာရေး[...] သည် ဗိုလ်ကြီးဖြစ်သည်ထိ တာဝန်[...] ဆောင်နိုင်ခဲ့သူဖြစ်ပါသည်။ ယခုအ[...] စားဖြစ်ပါသည်။

တစ်ကြိမ် ရှေ့တန်းတွင် [...] အား အနီးကပ် လုံးထွေးသတ်ပုတ်[...] လက်ရဖမ်းနိုင်ခဲ့ခြင်းကို အားပါးတရ[...] ပြောပြ၏။

"ကျွဲပေါက်၊ မင်းကောင်း[...] လေ့ကျင့်ပေးခဲ့တဲ့ ကရာတေးပ[...] ကျေးဇူးပဲကွာ"

ဟု မကြာခဏပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုစစ်အောင်သည် ဗိုလ်သင်တန်း ခဲ့ပြီး တပ်မတော်တွင် ဒုတိယဗိုလ် အဆင့်ထိ တာဝန်ထမ်းဆောင်ခဲ့ ပါသည်။ အသက်ပြည့်အငြိမ်းစား နောက်ပိုင်းမှ ယခုကွယ်လွန်သွား ဖြစ်ပါသည်။

(၃) ဦးလုံး တပ်မတော်ထဲဝင်မည် တားပြောကြစဉ်က -

"ဟော့ကောင် ကျွဲပေါက်၊ ကိုယ့်ညီ တိုင်းပြည်ရဲ့ တစ်ထောင့်တစ် တနေ တိုင်းပြည်နဲ့လူမျိုးကို အကျိုး လုပ်ငန်းတွေလုပ်၊ တို့အစ်ကိုနှစ် တက တပ်မတော်သားကြီးတွေ နဲ့ တိုင်းပြည်နဲ့ လူမျိုးကို စောင့် တ်မယ်"

ဟု မကြာခဏပြောလေ့ရှိသော ကို စစ်အောင် ကွယ်လွန်သွားရှာပါ ညေ်သည့်နည်းနှင့်မျှ အစားထိုးမရ အစ်ကိုတစ်ယောက် ဆုံးရှုံးသွား ဖြစ်၍ အစ်ကို့ကို ယနေ့အထိ င်ပါ။)

(ညီလေး ကျွဲပေါက် အစ်ကိုတို့ဖြစ် င်တဲ့အတိုင်း တိုင်းပြည်နဲ့ လူမျိုးတို့ အကျိုးပြုစေမယ့် တစ်မျိုးပြောရရင်- မြန်မာ့မြေ၊ မြန်မာ့ရေပေါ်မှာ တို့ချစ်မြတ်နိုးတဲ့ ပညာရပ်တွေနဲ့ စွာကို အကျိုးပြုအောင် စွမ်း င်နေပါပြီ။)

ထိုအစ်ကိုနှစ်ယောက် တပ်မ ထဲသို့ဝင်ရောက်သွားကြပြီဆိုသည် တာတာတာဖြစ်ကျန်ခဲ့သောကျွန်ုပ် ကြို့ပင်ကောက်နှင့် ရန်ကုန် လူးလာ တဲ့ပြုရင်း ကရာတေးသင်တန်း နှင့် ပျော်မွေ့နေမိတော့၏။ ဂစ်တာ တ်၊ ကရာတေးကစားလိုက်နှင့် လိုဒီလိုလိုဖြစ်နေရင်း -

တစ်နေ့ -

ကြို့ပင်ကောက်တွင်နေထိုင်သော ကိုသောင်းညွှန့်နှင့်အတူ ကုန်းမြင့်ရှိ လေချွန်' သို့ရောက်သွား၏။

နတ်လေချွန်သည် အလွန်မှ ကြီး၏။ နှစ်ထပ်အိမ်ကြီးပေါ်တွင် ၍အလှည့်ကျမေးရ၏။ သေဆုံးသူ မည်နှင့် မြုပ်နှံထားရာသင်္ချိုင်းကို လိုက်ပြီး (၃)မိနစ်ခန့်စောင့်ရ၏။ မိနစ်ကြာသော် နတ်လေချွန်ဟော ဒေါ်ကြီးက -

"ဟော - လာပြီ၊ မီးခွက်တွေမှုတ်"

ဟုပြောလိုက်သည်နှင့် မီးခွက်များ လိုက်ပြီး တစ်အိမ်လုံးမှောင်သွား ၏။

ထိုဒေါ်ကြီးက -

"နီးနီးကပ်ပါ ဘိုးတော်၊ မကြား ရလို့"

ဟူသောစကားကို အမြဲပြော၏။

ထိုအချိန် လေချွန်သံလေးတစ်ခု ပေါ်လာပြီး အိမ်ခေါင်တိုင်နားတွင်ရပ် သွား၏။ ထိုအဒေါ်ကြီးက လာရောက် မေးမြန်းသူများ၏ နာမည်များကို ဟဲ့ - ဘယ်သူတို့ဘယ်ဝါတို့ဆိုပြီး ဟိုကခေါ် နေတယ်၊ ဟုတ်လားဟု ဘာသာပြန်ပြ ၏။ သူပြောသောနာမည်များမှာ လုံးဝ မလွဲပါ။ မေးသူနှင့် ဖြေသူကြားတွင် ဒေါ်ကြီးက လေချွန်သံကို ဘာသာပြန် ပေး၏။ ဒက်ထိမှန်၏။ သို့သော် ငို၍မရ။ ကြားဖူးပါသည်။

တစ်ခါက မိလုံးဟုခေါ်သော ကလေးမဖျားဆုံးသွား၍ သူ့မိခင်က လာမေး၏။ နတ်လေချွန် စဟောသော အခါ လေချွန်သံနှင့် 'မေမေရေ မေမေ' ဟု ခေါ်လိုက်ရာ 'အမလေး - သမီးရဲ့၊ မိလုံးလေး' ဟုအော်ငိုလိုက်သောကြောင့် နတ်လေချွန်မေး၍မရတော့ပါ။ ငို၍မရ ပါ။

ကျွန်ုပ်နှင့် အစ်ကိုသည် ဆုံးသွား ၍ သူ့အဒေါ်တစ်ဦးအား မေးကြည့်၏။ အဒေါ်က ကျွန်ုပ်အား မမြင်ဘူးပါဘဲနှင့် နာမည်ကို တန်းခေါ်လိုက်ရာ ကျွန်ုပ် လည်း ခေါင်းနားပန်းများကြီးသွားပြီး အစ်ကို့ဘေးပြေးကပ်၏။ အစ်ကိုနှင့်အချီ အချပြောပြီး ထိုညပြန်လာခဲ့ကြ၏။

နောက်နေ့ နေ့ခင်းဘက် ကုန်းမြင့် ဘက်သို့ အစ်ကိုနှင့်အတူ စက်ဘီးကိုယ် စီနှင့်သွားကြ၏။ အခြားကိစ္စနှင့်ဖြစ်၏။ နတ်လေချွန်အိမ်ရှေ့မှ ဖြတ်နင်းလာ သောအခါ လေချွန်သံပုံစံလုပ်၍ ကျွန်ုပ် ကနောက်မိ၏။

အစ်ကိုက -

"ဟော့ကောင် ညီလေး၊ သွား မနောက်နဲ့"

ဟု တားလိုက်ပါသော်လည်း ကျွန်ုပ်က နောက်မြဲနောက်ရင်း စက်ဘီး နင်းလာ၏။

ကြို့ပင်ကောက်မြို့အဝင် အနောက် ဘက် မဟာစန္ဒာသီဟဘုရားကြီးရှေ့နား အရောက်တွင် ကျွန်ုပ်မှာ စက်ဘီးရော လူပါ လမ်းဘေးချောက်ထဲထိုးကျသွားပါ တော့သည်။ ဘာဖြစ်သွားမှန်းမသိပါ။

"အစ်ကို၊ ကျွန်တော်ဘယ်လိုဖြစ် သွားလဲမသိဘူး။လူတစ်ယောက်ယောက် က ပိတ်တွန်းပစ်လိုက်သလိုပဲ။ လက် ကိုင်ကို ဘယ်လိုမှထိန်းလို့မရဘူး၊ လည် ကျသွားတာအမြင်ပဲ"

"အေး-မင်းကအယုံအကြည်မှမရှိ ဘဲကိုး၊ သွားနောက်တာကိုး"

ဒူး၊ တံတောင်များစုတ်ပြတ်ပြကွဲ ပြီး သွေးချင်းချင်းနီနေသောဒဏ်ရာများ ကို အစ်ကိုက နီးရာဝပ်ရှော့တစ်ခုသို့ဝင် ၍ အမဲဆီများသုတ်လိမ်းပေး၏။ မမြင် ရသောလောကကို လက်တွေ့မှု၊ လက် တွေ့မှုဟု အမြဲလုပ်နေတတ်သော၊ အယုံ အကြည်မရှိလွန်းသော ကျွန်ုပ်အတွက် မှတ်မှတ်ရရသင်ခန်းစာဖြစ်ခဲ့ပါသည်။

ရန်ကုန်ယောင်ယောင်၊ ကြို့ပင် ကောက်ယောင်ယောင်နှင့် တစ်ပြားမှမရ သော သင်တန်းဆရာဘဝကို ပျော်မွေ့ ရင်း ကျွန်ုပ်တို့မိသားစုမှာ အတော်ကျပ် တည်းလာချေပြီ။

ဘိုစိန်သည် သူ့အလုပ်လုပ်၍ ရသမျှလေးများထဲမှ ကျွန်ုပ်ကို လာလာ ထောက်ပံ့ရှာ၏။ ညနေစောင်းပြီဆိုလျှင် သုံးဖက်မြင်ကိုယ်လုံးပေါ် မှန်ကြီးရှိ အံဆွဲ တစ်ခုထဲသို့ ဆေးပေါ့လိပ်လေးလိပ်နှင့် စီးကရက်လေးလိပ်အမြဲထည့်ထားပေး ၏။ ကျွန်ုပ်ကပြန်တိုက်ရသော၊ ပြန်ကျွေး ရသော သူငယ်ချင်းများ မသိအောင် တိုးတိုးတိတ်တိတ်ထည့်ခဲ့ပြီး ပြန်ခါနီးမှ တိုးတိုးလေးကပ်ပြောသွားတတ်၏။

အဖေရောအမေပါ ဘာလုပ်လုပ် အဆင်မပြေတော့ပါ။

ကျွန်ုပ်အတွက် မုန့်ဖိုးကို ဘိုစိန် တာဝန်ယူရှာ၏။

အမေသည် ဤမျှပင်ပင်ပန်းပန်း ရှာဖွေခဲ့ရသည့်ကြားမှ ဘာမှလုပ်မရ တော့သည့်အဆုံး မော်လမြိုင်ဘက်သို့ ပစ္စည်းသယ်လိုက်၊ရောင်းလိုက်လုပ်လေ တော့၏။ ကုန်ပစ္စည်းများသယ်လျှင် မှောင်ခိုဟုသတ်မှတ်ခံရသောကာလများ တွင် အမေ ရန်ကုန်၊မော်လမြိုင်ကူးသယ် ခေါက်သယ် ရှာဖွေရရှာပါပြီ။ တစ်ခါ တစ်ခါ အဖေပါသွား၏။

လူလိုမသိသေးသောကျွန်ုပ်သည် အမေ မှောင်ခိုပစ္စည်း ကူးသယ်ခေါက် သယ်သယ်လိုက်၊ အိမ်မှာ တစ်ညသာ အိပ်ပြီး ပြန်သွားလိုက်နှင့် ပြေးလွှားနေ ရသည်ကိုကြည့်ရင်း စိတ်တွေတစ်မျိုး ပြောင်းစပြုလာချေပြီ။

ငါ့အမေမှောင်ခိုကုန်တွေသယ်နေ ရပါလား။ တကယ်လို့များ ရှာဖွေရေး တွေကမိသွားစမ်း၊ အသက်ရခါမှ အဖမ်း အဆီးများခံနေရရှာရင်သွားပါပြီဟူသော အတွေးများက ကျွန်ုပ်ကိုထုနှက်ရိုက်ပုတ် ချေပြီ။

www.burmeseclassic.com

ဆံပင်ကို ကုပ်ဝဲအထိထား၏။ တော်ရုံနှင့်မညှပ်။

စိတ်စွမ်းအားများနှင့်လက်တွေ့ပြခဲ့သော ဆရာအရှင်သည် ဆံပင်ရှည်ခြင်းကို မနှစ်မြို့။ ကြာတော့ ဆရာအမြဲကြွလာလေ့ရှိသည့် မြန်မာ့တိုင်းရင်းသမားတော်ကြီး ဆရာကြီးဦးလှမြင့်၏ကတော် အမေကြည်က -

"ဟဲ့ - သားလေး၊ မင်းဆံပင်ကြီးညှပ်လိုက်ပါလား။ ဆရာလေးက မင်းကိုသိပ်ချစ်တာ။ ကလေးက ပါရမီရှိတယ်ဆိုပြီးတော့ပဲ တတွတ်တွတ်ပြောနေတယ်။ သူ့ဘာချီးမြှင့်ချင်လို့လဲမသိဘူး"

ကျွန်ုပ်ကလည်း ဆံပင်ကို အလွန်နှမြော၏။ မညှပ်ချင်။ ဆရာနှင့်လမ်းမှာဆုံလျှင် လမ်းမှာထိုင်ကန်တော့၏။ဆရာကခေါ်ခိုင်းလျှင် သွားလိုက်ပြီး ဆရာတိုက်သည့် ဓာတ်လုံးစိမ်ထားသော ရေနွေးအဖျော်ကို အမြဲသောက်ရ၏။ ဆံပင်ကိုစိုက်ကြည့်လျှင် ဟိုလိုလိုဒီလိုလိုနှင့် မသိမသာထပြန်လာတတ်၏။

ဤသို့နှင့် ဆရာအရှင်သူမြတ်နှင့် တဖြည်းဖြည်းနီးလာပြီဖြစ်၏။ တစ်ကြိမ်တွေ့၊ နှစ်ကြိမ်တွေ့မှသည် မကြာခဏတွေ့လာ၏။ သို့သော် ဓာတ်လုံးစိမ်ထားသောရေနွေးအဖျော်ကိုသာသောက်ရသေး၏။ ဘာပညာမှမရသေးပါ။ ပညာမရသော်လည်း ဆရာဆုံးမသောစကားများကြောင့် စိတ်ဓာတ်တဖြည်းဖြည်းသိမ်မွေ့စပြုလာ၏။ ဆရာကြည့်မရလောက်သော လမ်းသရဲဆန်ဆန်ဆံပင်ရှည်ကြီးသည် ဆရာ့အနီးသို့ရောက်ရန် အကာအရံကြီးဖြစ်နေ၏။

တစ်နေ့ -

သမားတော်ကြီး ဦးလှမြင့်အိမ်တွင် -

"မောင်မောင်သန်းလေး"

"ဗျာ - ဆရာ"

"မင်းကရာတေးအတော့်ကိုကျွမ်းကျွမ်းကျင်ကျင်ကစားထားတာပဲ။ လာစမ်း၊ ဆရာ့ကိုထိအောင်ထိုးစမ်း"

"ဟာ. . . ဟာ. . . မလုပ်ပါနဲ့ဆရာ၊ ကျွန်တော်ငရဲ. . ."

"မဟုတ်ပါဘူး။ ဆရာသင်ပေးမှာပေါ့။ ကစားတာပဲ၊ လာထိုး. . ."

ကျွန်ုပ် အတော့်ကို တွန့်သွား၏။ ကျွန်ုပ်ကို စိတ်တန်ခိုးများနှင့် လက်တွေ့ပြကာ နူးညံ့သိမ်မွေ့သည့်လမ်းပေါ်တင်ပေးလိုက်သော ဆရာအရှင်အား ထိုးဖို့မပြောနှင့် လက်နှင့်ပင်မရွယ်ရဲ စိတ်ပင်မကူးရဲပါ။

ဆရာသည် တဖြည်းဖြည်းနှင့်မတ်တတ်ရပ်လိုက်ပြီး လက်နှစ်ဖက်ကို ရှေ့ထုတ်လိုက်၏။

"လာ၊ ထိုး ထိုးစမ်းပါ"

"ဖြောင်း"

"ထိုး၊ ထပ်ထိုး"

"ဖောင်း. . . ဖောင်း. . . ဖောင်း"

"ထိုးပါ၊ ထိအောင်"

"ဖန်း. . . ဖောင်း"

ပထမ ရိုးရိုးထိုးနေရာမှ လျှပ်တစ်ပြက်လက်သီးများနှင့် လျှပ်စီးလက်သလို အတင်းဝင်ထိုးလိုက်သော်လည်း ဆရာ၏ လျင်မြန်လွန်းလှသော လက်နှစ်ဖက်ကြားတွင် ကျွန်ုပ်၏ အားပါသောလက်သီးများ လေထဲ၌ အလကားဖြစ်ကုန်တော့၏။

ကျွန်ုပ် မမြင်ဘူးပါ။ ကျွန်ုပ်ကို ဘာမှပြန်မတိုက်ခိုက်ပါဘဲနှင့် သာသာလေးပုတ်ဖယ်ပြသွား၏။ မြန်လိုက်သည့်ဖြစ်ခြင်း။

"မောနေလား"

"ဗျာ - ဟုတ်၊ ဟုတ်ကဲ့"

မည်မျှထိုးထိုးမဝင်ပါ။ မဝင်လေထိုးလေ၊ ထိုးလေမဝင်လေဖြစ်နေ၏။ ဆရာသည် ကျွန်ုပ်၏လက်များကို ပုတ်ဖယ်ပြီးသည်နှင့် လေထဲတွင် သိုင်းဟန်အကွက်များနှင့် ဟန်ရေးပြ၏။ ခြေထောက်နှစ်ဖက်မတ်တတ်ရပ်ထားသည်မှာ လှုပ်တောင်မလှုပ်။ အလွန်တောင့်တင်းပြီး တည်ငြိမ်လှ၏။ ထိုသိုင်းကွက်များကို မမြင်ဘူးပါ။ လုံလွန်းလှပါသည်။ မတ်တတ်ရပ်နေရင်းနှင့်ပင် လူဆယ်ယောက်၊ ဆယ့်ငါးယောက်လောက်ကို အသာလေး တိုက်ခိုက်နိုင်သော သိုင်းကွက်များဖြစ်၏။ အတော်လေး ကစားပြီးမှ ကျွန်ုပ်ကို ရှောင်ပုံတိမ်းပုံဖယ်ပုံများပြသပေး၏။

နောက်နေ့ တစ်ရက်ကျော် -

"ဟယ်-လူလေး၊ နင့်လက်တွေမှာဘာတွေလဲ"

အမေ့စကားကြောင့် ကြည့်လိုက်ရာ သပြေသီးမှည့်ကဲ့သို့ နီညိုရောင်အကွက်များ၊ နီညိုရောင်ဖြစ်လုလုအကွက်များ လက်နှစ်ဖက်လုံးတွင် ငါးကွက်၊ ခြောက်ကွက်မကပေါ်လာ၏။ ထင်တော့ထင်၏။ လက်မှာ မလှုပ်ချင်သလိုလို၊ လေးနေသလိုလိုဖြစ်နေ၏။ ငှုံမကြည့်ဖြစ်။ ယခု အမေပြောမှငုံ့ကြည့်ဖြစ်တော့သည်။

မမြင်ဘူးပါ။

အလွန် ကြောက်စရာကောင်းလှသောအတွင်းအား၏ထိချက်ဖြစ်ပါသည်။ ထိစဉ်က သာသာလေး၊ ဆရာပုတ်ဖယ်လိုက်သည်များမှာ သာသာလေး။ ကျွန်ုပ်က အတင်းအားထည့်ထိုးခြင်းသာ ဖြစ်၏။ မတန်တဆအားကြီးနှင့် အတင်းဖိထိုးသည်ကို ပုံမပျက်အပြုံးမပျက် သာသာလေးပုတ်သွားသော လက်များတွင် မည်မျှ ကြီးမားလှသော စွမ်းအားများရှိနေသနည်း။

နောက်နေ့များ၌ ကစားရန် ဆရာခေါ်လျှင် အတင်းဖိမထိုးရဲတော့။

ဆရာ့ထံသွားလိုက်၊ ဗဟိုဈေးရှိရာ (၈) ရပ်ကွက်တွင် နေထိုင်သော ကရာတေးဆရာဆီသွားလိုက်၊ ဘန်ဂိုင်းမှာသွားကစားလိုက်၊ ကြို့ပင်ကောက်နှင့် ရန်ကုန်ရှိ ကရာတေးတပည့်များအား သင်တန်းပေးလိုက်နှင့် မိဘကို လှည့်မကြည့်ဖြစ်သောကာလများတွင် -

အမေမှောင်ခိုပစ္စည်းသွားဝယ်ရင်း တစ်ပတ်ကြာသွားပြီဖြစ်၍ ကျွန်ုပ်မှာနေမရတော့။ အမေနှင့် ချက်ကြိုးတစ်ကြိုးတည်းများဆက်နေလားမသိ၊ လူမှာဘယ်လိုကြီးဖြစ်နေမှန်းမသိ။ အမေတည်းခိုရာ မော်လမြိုင်သို့လိုက်မည်ကားလက်မှတ်များဝယ်ပြီးမှ ဘိုစိန်ကနောက်ကလိုက်ခေါ်၏။အမေပြန်ရောက်နေပြီဟု။

အိမ်သို့အပြေးအလွှားအရောက် အိမ်ရှေ့တွင် ငုတ်တုတ်လေးထိုင်ရင်း ကျွန်ုပ်အလာကိုမျှော်နေသော အမေ့အားအမြင် အပြေးတက်သွားပြီး -

"အမေဘယ်လိုဖြစ်လို့ကြာနေတာလဲ"

အမေဘာမှမပြော။ ကျွန်ုပ်၏ ဦးခေါင်းကိုပွတ်သပ်၍ ကျွန်ုပ်ကိုကြည့်ကာ ရီနေရင်း မျက်ရည်များဝဲလာပြီး ချုံးပွဲချငိုတော့၏။

"အမေ. . . အမေဘာဖြစ်လို့လဲ"

"အမေ၊ အမေလေ. . ."

"ပြောပါ အမေ၊ အမေ့ကိုဘယ်သူကဘာလုပ်လိုက်လဲ၊ ဘာပြောလိုက်လဲ"

"အမေအဖမ်းခံရလို့ သား"

"ဗျာ"

"ဟုတ်တယ်၊ မှောင်ခိုပစ္စည်းတွေနဲ့အတူ အမေထိုင်နေတုန်း ရှာဖွေရေးဖမ်းတာ။ ဒါပေမယ့် တော်ပါတယ်ကလေးတွေ။ ဒေါ်ဒေါ်ခဏလေးပါနော်ဆိုပြီး ယဉ်ယဉ်ကျေးကျေး လေးလေးစားစားပြောကြပါတယ်။ စခန်းရောက်တော့လည်း စခန်းမှူးက အမေ့ စခန်းမှူးကတော်ဟောင်းမှန်းသိရော



www.burmeseclassic.com

www.burmeseclassic.com

သေးသေးမရှိပါဘူး၊ သနားပြီး အား ပ်ပေးတယ်။ သူ့အိမ်မှာပဲခေါ်ထား ၊ တစ်ပတ်တော့စောင့်ခဲ့ရတာပေါ့။ လုံးပြီးသွားပါပြီ။ ဒါပေမယ့် သား စခန်းမှူးအိမ်အပြင်ဘက်လေးမှာ ညအိပ်ရတော့ မိုးတွေလေတွေက ကျ၊ မုတ္တမမြစ်ပြင်ကြီးနဲ့လှျပ်စီးတွေ ဝင်းဝင်း၊ မိုးကြိုးတွေကပစ် အမေ တ်လိုက်တာ"

အမေ ရှိုက်ကြီးငင်ကြီးငိုရင်း ပ်ကိုဖက်ထား၏။

ပြီးခဲ့သောနှစ်လက အမေပြော နေသောစကားကို ပြန်သတိရလိုက် အမေ၏ အစ်မသည် အမေ့ခေါင်း တွင်ထိုင်ရင်း 'လာ-သွားကြမယ်၊ အောင်။ နင်ဒုက္ခတွေရောက်တော့ ပြော၍ မကြာခဏလာလာခေါ် င်း အမေသုံး၊လေးခါမကပြော၏။ တ ကလေးတွေငယ်ပါသေးတယ် ပြန်တောင်းပန်၏။

ယခု မှန်လိုက်သမှ။

သို့သော် ရတနာမြတ်သုံးပါးကို နှမ့် ရှိသေကိုင်းရှိုင်းသော အမေ့ နတ်ကောင်းနတ်မြတ်များကကူညီ ခြင်းဖြစ်ပါလိမ့်မည်။ သူများတကာ ဆိုးဆိုးဝါးဝါးမဖြစ်။ ပစ္စည်းများသာ သွားခြင်းဖြစ်၏။

အမေသည် ကျွန်ုပ်၏ဆံပင်လေး ကို ပွတ်သပ်ရင်း -

"ငါ့သားလေးကို အမေရှာဖွေ လာတာ ဆယ်တန်းတောင်အောင် ၊ အဲဒါပဲအမေဂုဏ်ယူတယ်သား။ ဝမ်းသာတယ်၊ အမေအရမ်းဝမ်း တယ်။ ဘာလိုလိုနဲ့ သားတက္ကသိုလ် ..."

"သားကျောင်းမတက်တော့ဘူး "

"ဟယ် - ဘာဖြစ်လို့"

ကျွန်ုပ် စကားမပြောနိုင်တော့။ ဆို့ဆို့ကြီးဖြစ်သွားပြီးရှိုက်ကြီးတငင် က်မိပါတော့သည်။အူလှိုက်အသည်း င်ငို၍မဆုံး။

"သားအရွယ်ရောက်နေပြီအမေ။ ကမ်တရားတွေ 'အများကြီးကို ... ရင်ဆိုင်ခဲ့တဲ့ အမေ့ချွေးနဲ့စာနဲ့ ကျောင်းမနေရက်တော့ဘူး။ သား စားလာတာပဲလွန်လှပြီ။ သားဆက် ပညာမသင်ရက်တော့ပါဘူး အမေ"

"ဟဲ့-ဘာစကားပြောတာလဲ။ ဘာ ကျောင်းဆက်မတက်ရမှာလဲ။ မအေ က ဒါလောက် ပြုစုပျိုးထောင်ပေးလာ တာကို"

"အမေ သားကို ရိုက်ချင်ရိုက်ပါ။ သတ်ရင်လည်းသားခံမယ်။ သား အမေ ပင်ပန်းတာဘယ်လိုမှမကြည့်ရက်နိုင်ဘူး၊ ထိုင်မစားရက်နိုင်ဘူး။ သားအတွက် သားမကြည့်တော့ဘူးအမေ။ အမေဟာ သားရဲ့သူရဲကောင်းပါ။ သားအတွက် အားအင်တွေ မွေးဖွားပေးခဲ့ပြီးပြီပဲ"

ကျွန်ုပ် ရှိုက်ကြီးငင်ကြီးငိုရင်းနှင့် အသံမထွက်တော့။

"ခု-ခုလည်းကြည့်ပါဦး။ တစ်သက် လုံး မဖြစ်ဘူးတာတွေ၊ မကြုံဘူးတာတွေ ကြုံနေရ. . ."

အသံမထွက်တော့ဘဲ ရှိုက်ကြီးငင် ကြီးဖြစ်နေသော ကျွန်ုပ်အား ဘိုစိန်ကြီး က ဖက်ထား၏။ ကိုမျိုးမြင့်က ဘေးမှ ဖျောင်းဖျ၏။

နေ့တွေတစ်ရက်ပြီးတစ်ရက်နှင့် -

လဘက်သို့ကူးပြီးရင်းကူးလုလုချိန် တွင် -

ဘဝတစ်ဆစ်ချိုးပြောင်းပါပြီ။

မည်သို့မျှအဆင်မပြေနိုင်တော့ပြီ ဖြစ်၍ ပေ (၄၀-၆၀) ခြံကျယ်ကြီးနှင့် ကြီးမားလှသောအိမ်ကြီးကို ရောင်းခဲ့ရ ပါပြီ။

နှုတ်ဆက်ခဲ့ရပါပြီ ၁၂၂၂။

*

နောက်အိမ်ကလေးပြောင်းအပြီး တွင် -

အမေမကြာခဏတက်၏။ အမေ့ အား ပြန်လာခေါ်ကြသည်မှာ စိပ်လာ ၏။ အမေ့အား ကြိုတင် လာရောက် ခေါ်ဆိုကြသည့်အတိုင်း ဒုက္ခရောက်ရ သလိုဖြစ်နေပါပြီ။

"အခင်၊ ဟုတ်ရဲ့လား"

"ဟုတ်တယ် မမသိန်း၊ အတော် ထက်တာနော်။ မမသိန်း အဲဒီအဘ ဆရာကြီးနဲ့တွေ့သင့်တယ်"

"တွေ့ချင်တာပေါ့ အခင်ရယ်၊ လိုက်ပို့ပေးလေ"

"ဒီငါးရပ်ကွက်ထဲတင်၊ ခဏလာ တည်းတာ။ လိုက်ပို့မယ်"

အသက်မှာ (၇၅) နှစ်၊ (၈၀) နီးပါး ခန့်ရှိလောက်မည်ဖြစ်ပြီး ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်၏။ စွပ်ကျယ်အင်္ကျီနှင့် ပုဆိုးကွက်ကျဲ ကြီးကို ဝတ်ထား၏။ ထိုအဘသည် အမေကထိုင်၍ရှိခိုးလိုက်သည်နှင့် အမေ့ ဘဝဟောင်းသိုက်ထဲကနာမည်ကို တန်း ခေါ်ထဲ့လိုက်ပါတော့သည်။

အမေ ရှိခိုးနေရင်းမှ ဝင်ပူးတော့ ၏။

ကျွန်ုပ်လည်း အဒေါ်မခင်ကို အမေ့ဘေးနားမှာနေပေးရန် မျက်ရိပ်ပြ လိုက်ပြီးကြည့်နေလိုက်၏။ ပူးလိုက်သည် မှ ယောကျ်ားအသံကြီးနှင့်ဖြစ်၏။ အဘ နှင့် အချီအချစကားပြော၏။ အမေက ကတိမတည်ဟု ပြော၏။ အဘက မေတ္တာရပ်ခံ၏။ အတော်လေးကြာကြာ (၇) မိနစ်နီးပါးခန့်ပြောအပြီး အမေဆတ် ခနဲလန်လဲသွားပါသည်။ အဒေါ်မခင်က နောက်ကပွေ့ထား၏။ အမေကလူးလွန့် ထားရင်း ထပ်ပူးချင်သလိုလို တဝါးဝါး ဖြစ်နေသေး၏။

ထိုစဉ် အဘဘေးတွင် ပုဆစ်တုပ် ထိုင်ရင်း တစ်ချိန်လုံးငြိမ်နေသော အမေ ငြိမ်းသည် အမေ့အားချာခနဲလှည့်ကြည့် ၏။အသက်မှာ(၄၀)ဝန်းကျင်ခန့်ထင်ရပြီး ကတ္တီပါနီညိုရောင်အနွေးထည်အဟောင်း အစုတ်အဖာအထေးကိုဝတ်ဆင်ထား၏။ ဆံထုံးကို ခပ်မြင့်မြင့်ထုံးထား၏။ နှုတ်မှ ကျွန်ုပ်ဘာမှနားမလည်သောစကားများ နှင့်ပြောရင်း အမေ့ကိုလက်ညှိုးလှမ်းထိုး ၏။ စကားပြောရာတွင် မာန်ပါလှပြီး မျက်လုံးမှာ ဖိတ်ဖိတ်တောက်နေ၏။ အမေဘာမှမဖြစ်တော့ပါ။ ငြိမ်သွားပါ သည်။

ဤပညာမှာ ဘာပညာမှန်း ကျွန်ုပ် ဉာဏ်မမီတော့၍ ငေးကြည့်နေမိ၏။ အဘကိုသာမက အမေငြိမ်းကိုပါ နည်း နည်းလန့်သွား၏။ ရှိန်သွား၏။ ဆံပင်ကို တစ်ချက်သပ်လိုက်ပြီး ကျွန်ုပ်ကိုဟန်ပါပါ စိုက်ကြည့်လိုက်သော အမေငြိမ်း၏ အကြည့်ဒဏ်ကို ကျွန်ုပ်မခံနိုင်။ မျက်နှာ လွှဲထားလိုက်ပါသည်။

နောက်နေ့ -

ခမ်းနားလှသော ကန်တော့ပွဲများ နှင့် အမေ့ကို သိုက်ကြိုးဖြတ်၏။ အဘ ပြုလုပ်သည်မှာတစ်မျိုး။ အပ်ချည်ကြိုး များ တစ်လုံးကျော်ကျော်ကို အထပ်ထပ် သုံး၏။ အထပ်ထပ်သော အပ်ချည်ကြိုး ကွင်းရှည်ကြီးထဲတွင် အမေက ပုဆစ် တုပ်ထိုင်ရင်း လက်အုပ်ချီထား၏။ အဘ က တစ်ဖက်ထိပ်တွင် အပ်ချည်ကြိုးများ ကို ကိုင်ထားပြီး ဘာတွေပြောမှန်းမသိ ပြော၏။ ထိုစကားများကို နားမလည်ပါ။ အမေက ပူးချင်သလိုသလိုဖြစ်နေပြီး အဘကိုပြန်ပြန်ပြောနေ၏။ ဖသံမှာတိုး လွှန်း၏။ သို့သော် အဘနှင့်အချီအချ ပြော၏။ (၈၈) နှစ်ဟုသာကြားလိုက်ပြီး သိုက်ကြိုးဖြတ်သောကိစ္စပြီးသွားပါတော့



www.burmeseclassic.com

www.burmeseclassic.com

သည်။

အမေ့ကိစ္စပြီးသွားသောအခါ လာရောက် ကြည့်ရှုကြသော လူနှစ်ဆယ်ခန့်သည် အဘရှေ့နားသို့ပုဆစ်တုပ်တိုးထိုင်၍ လက်လေးများဖြန့်၏။ အဘက သူတို့လက်ဝါးအလယ်ကို လက်မနှင့်ထိပေးလိုက်လျှင် ကျေနပ်စွာ ပြန်သွားကြ၏။ ဘာမှန်းမသိရသောကြောင့် ကျွန်ုပ်လည်း ရှေ့တိုးပြီး လက်ဖြန့်လိုက်၏။ အဘ၏လက်မအထိတွင် လျှပ်စစ်ကျဉ်စက်တစ်ခုနှင့်တို့လိုက်သလို ဖျတ်ခနဲဖြစ်သွားသည်ကို သတိပြုလိုက်မိပါသည်။ ထိုသို့သော အစွမ်းသတ္တိများကြောင့် ကျွန်ုပ်စိတ်ဝင်စားနေစဉ် ကျွန်ုပ်ကိုအင်းတိုက်၍ ပညာပေးမည်ဟု အဘကပြော၏။

ကျွန်ုပ်လည်း စိတ်ဝင်စားစွာနှင့် ထိုပညာကိုယူရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ကျွန်ုပ်ကိုအင်းတိုက်မည့်နေ့ရောက်သည်နှင့် -

ကန်တော့ပွဲများထိုးထားပြီး အဆင့်သင့်ပြုလုပ်ထားကြ၏။

ဘုရားဆောင်ရှေ့တွင် ဘုရားရှိခိုးသီလခံယူပြီးသည်နှင့် အဘက မှိုင်းခံစက္ကူနှင့်ချထားသော ဆယ်ဆူအင်းကို မီးရှို့ပြီး ပြာချလိုက်လေရာ ထိုပြာစာရွက်သည် ပေါ့ပါးစွာ လေထဲမြောက်တက်သွားပြီး ဘုရားစင်ပေါ် သွားတင်နေ၏။ ပုံစံလုံးဝမပျက်။ အားလုံးငေးကြည့်နေစဉ် အမေငြိမ်းသည် ဆတ်ခနဲထ၍ ထိုပြာရွက်ကို အသာယူလိုက်ပြီး ကျွန်ုပ်ကိုတိုက်၏။ နံ့သာဖြူကိုသွေးထားသော နံ့သာဖြူရည်နှင့်တိုက်၏။ ကျွန်ုပ်လည်း သောက်လိုက်ပါသည်။

ဝိုင်းကြည့်နေကြသူ လေး၊ ငါးယောက်ခန့် အောင်ပြီ၊အောင်ပြီ၊အောင်ပြီဟု သံပြိုင်ဝိုင်းအော်လိုက်ကြသည်ကို ကျွန်ုပ် လှည့်ကြည့်လိုက်ရင်း ကျွန်ုပ်၏နှုတ်မှ ကျွန်ုပ်ကိုယ်တိုင်ဘာမှန်းမသိညာမှန်းမသိရသောစကားများ တားမရဆီးမရထွက်လာပါတော့သည်။ လူကဘာမှမဖြစ်။ နှုတ်ကမထိန်းနိုင်ပါ။ အဘသည် ကျွန်ုပ်ပြောနေသည်ကို သေချာစိုက်ကြည့်ပြီး ကျွန်ုပ်နှင့် အချီအချပြော၏။ ကျွန်ုပ်ကလည်း ပြန်ပြော၏။ အမေငြိမ်းကပါဝင်ပြော၏။ ကျွန်ုပ်ကလည်း ပြန်ပြော၏။ ဟုတ်နေလိုက်သည်မှ ဘာမှန်းမသိ။ ပြောကောင်းကောင်းနှင့်ပြောနေလိုက်ရာ မည်မျှကြာသွားမှန်းပင်မသိ။

အဘက ကျွန်ုပ်အား ပါရမီရှိသောကလေးဟု ပြောထား၍လားမသိ ကျွန်ုပ်သွားလျှင် အားရပါးရကြိုကြ၏။ ကျွန်ုပ်ကလည်း အဘနှင့်အမေငြိမ်းရှေ့ရောက်လျှင် ဘာမှန်းညာမှန်းမသိပြောတော့၏။

ထိုအဘမှာ -

အဘဦးထွန်းရင်ဟု အမည်ရပြီး ဟင်္သာတမှကြွလာခြင်း ဖြစ်ပါသည်။ တပည့်ပေါင်းများစွာရှိ၏။

အင်းစတိုက်သည့်နေ့ ညနေပိုင်းမှစ၍ ထိုဆယ်ဆူအင်းကိုကြည့်ရှုံနှင့် ကျွန်ုပ်ဆွဲလိုက်လေရာ အဘက 'အောင်ပြီဟေ့' ဟုပြောရင်း လက်ခမောင်းခတ်၏။ မည်သို့မည်ပုံဆွဲလိုက်မိမှန်းပင် ကျွန်ုပ်မသိတော့ပါ။ ကိုယ့်ကိုယ်ကိုယ်ပင် အံ့အားသင့်နေပါသည်။

"ကဲ - ကလေးကတော့အင်းဘက်မှာဟုတ်သွားပြီ။ ဒီတော့ ကလေးကို မှိုင်းခံစက္ကူတွေဝယ်ပေးလိုက်၊ ဘုရားပွဲမှာတိုက်ရအောင်။ ဆယ်ဆူအင်းအချပ်ပေါင်းသုံးရာဆွဲပေတော့"

ကျွန်ုပ် အံ့အားသင့်နေ၏။ အဘကိုတစ်လှည့်၊ အမေငြိမ်းကိုတစ်လှည့် ကြည့်လိုက်ရာ အမေငြိမ်းက စူးရှတောက်ပြောင်သော မျက်လုံးများနှင့် ကျွန်ုပ်ကိုကြည့်ရင်းပြုံး၍ -

"ငါ့သားပွင့်ချိန်တန်လာလို့ပွင့်တာပဲ။ ဒါ မင်းကို ဘယ်သူမှရိုက်သွင်းတာ မဟုတ်ဘူး။ သားဖာသားဖြစ်လာတာ။ သားအတိတ်ကံနဲ့သားဖြစ်တာ။ ဒီတော့ မင်းအဘပြောတာကို ခေါင်းမခါလေနဲ့သား"

ဆွဲရပါပြီ။

နေ့ရောညပါ မနားတမ်းဆွဲရပြီဖြစ်၏။

ကျွန်ုပ် ဆယ်ဆူအင်းဆွဲစဉ် ကျွန်ုပ်ပင်လျှင် အံ့အားသင့်ခဲ့ရသောထူးခြားမှုများနှင့်ကြုံခဲ့ရပါသည်။

အိမ်ရှေ့ခန်းတွင် စားပွဲဝိုင်းချ၍ ဆယ်ဆူအင်းဆွဲနေစဉ် လက်နှစ်လုံးသာသာခန့် နက်ပြောင်နေသော မြွေတစ်ကောင်မှာ အင်းထိုင်ဆွဲနေသည့်အနားသို့ မည်သည့်အချိန်ကရောက်နေမှန်းမသိ။ ဘေးလူများမြင်၍ ထအော်မှ ထိုမြွေထွက်သွား၏။

မကြာခဏ အမွှေးရနံ့များရ၏။ တောပန်းတောင်ပန်းရနံ့များရ၏။ ညဘက် (၁၂) နာရီထိထိုင်ဆွဲနေလျှင် လူနှစ်ယောက်၊ သုံးယောက်ခန့် စကားပြောလာကြပြီး အိမ်ရှေ့တွင်ရပ်၍ အိမ်ထဲကိုကြည့်ပြောနေသလိုလိုကြားရ၏။ထကြည့်လိုက်သောအခါ ဘာမှမရှိ။ ပြန်ထိုင်ဆွဲသည့်အခါ စောစောကစကားပြောလာသောအသံများ ပြန်ထွက်သွားကြသည်ကို အတိုင်းသားကြားနေရ၏။

ကျွန်ုပ်သည် အဘမှာထားသည့်အတိုင်း ဆယ်ဆူအင်းများစတင်ဆွဲသည်နှင့် ဘုရားရှင်အား ဖယောင်းတိုင်ထွန်းညှိပူဇော်ထား၏။ အင်းဝိဇ္ဇာကြီးများကို ပင့်ထား၏။

ထိုသို့လူသံများကြားရသောအခါ အလွန်မှ သတ္တိကြီးမားလှသော ကျွန်ုပ်သည် ဖယောင်းတိုင်မီးများမှုတ်၍ အမေ့ဘေးနားတွင် အတင်းဝင်အိပ်တော့၏။

ထိုရက်များက အိပ်မက်မက်လျှင် ကောင်းကင်ကို ခုန်တက်သည်ဟု မက်၏။ နှစ်ကြိမ်ခန့်မက်၏။

ဆယ်ဆူအင်းအချပ် (၃၀၀) ပြည့်မည့်နေ့တွင် ဒေါက်ခြာဆောင်းထားသော ရသေ့တစ်ပါး အိမ်ရှေ့လာရပ်၏။ ကျွန်ုပ်လည်း ချက်ချင်းပြေးထွက်၍ ခြေကြီးပေါ် ထိုင်ရှိခိုးလိုက်ပြီး ဝတ္ထုငွေလှူလိုက်၏။ ထိုရသေ့သည် အုန်းသီးသေးသေးလေးတစ်လုံးကို ပြန်ပေးသွား၏။ အဖေနှင့် အမေကို ပြသောအခါ အုန်းအမြုတေဟုပြော၏။

(ထိုအုန်းအမြုတေမှာ ယခုအချိန်ထိဆောင်ထားပါသည်။)

ထူးဆန်းသောအတွေ့အကြုံများကြားမှ ဆယ်ဆူအင်း အချပ် (၃၀၀) ပြီးမြောက်အောင်မြင်သွားပါပြီ။

တောင်ဥက္ကလာပရှိ အဘနှင့် အမေငြိမ်းတို့၏ တပည့်သားသမီးများ အသိုင်းအဝိုင်းတွင် ကျွန်ုပ်မှာ အထော်ကို မျက်နှာပွင့်လှ၏။

ထိုနှစ်မှစ၍ -

ထူးဆန်းမှုတစ်ခု ထပ်ကြုံလာပြန်ပါသည်။

တစ်နေ့ အဖေနှင့် အမေ တိုး တိုးတိုးနှင့် စကားပြောနေကြ၏။ ကျွ နားထောင်ကြည့်ရာ အဖေပေးလို သော ကျောက်စိမ်းလုံးချောမျာ ဦးမှုတ်လိမ်သွားပြီဟူသောစကားဖြစ် အဖေနှင့် အမေ့မျက်နှာကြောင့် လူ ထည့်ပေးလိုက်သော အဘွားတစ် ပတ္တမြားများ၊ ကျောက်စိမ်းများပါ သွားပေပြီ။


ကျွန်ုပ်တို့မိသားစုဘဝ မျှော် ချက်များ ဘာမှမရှိတော့ပါ။ အိမ် အိမ်လေးဖြစ်၊ တစ်ဖန် ရှိသမျှကု အားကိုးစရာမရှိတော့ပါ။ ထိုသို့ ပြော ဆန်နေစဉ် အမေ နှလုံးရောဂါ ဆေးရုံတင်လိုက်ရပါသည်။ တစ်ပ တက်လိုက်ရ၏။

အဖေ့ညာဘက်ခြေထောက်သ ခြေဖမိုးကြီးဖောင်းပြီး ကတ်တရက်ရော



www.burmeseclassic.com

www.burmeseclassic.com



အဘာဆရာကြီးဦးထွန်းရင်ထံတွင် နံ့သာဖြူရေနှင့် သောက်ခဲ့ရသော ဆယ်ဆူအင်း ဖြစ်ပါသည်။ နှစ်ပေါင်း (၄၀)ကျော်ကြာခဲ့ပြီဖြစ်၍ အမှားအယွင်း၊ အတိမ်းအစောင်းရှိပါက ဆရာကြီးနှင့်မဆိုင်ပါ။ ဗဟုသုတအလို့ငှာ မှတ်မိသလောက် ပြန်လည် တင်ပြသော ကျွန်ုပ်၏ မေ့လျော့မှုနှင့်သာ ဆိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လာရာမှ သွေးစစ်ကြည့်ခြင်း၊ ကုသခြင်း၊ ချက်ချင်းလုပ်သည့်ကြားမှ ဒူးဆစ်နားထိ ခြေထောက်ကြီး နေ့ချင်းညချင်းကြီးလာပါတော့သည်။ ညသန်းခေါင်သွေးကိုစစ်ခြင်း၊ နေ့ခင်းစစ်ခြင်း အမျိုးမျိုးစစ်ကြည့်ကြပါသော်လည်း ဆင်ခြေထောက်ရောဂါပိုးမရှိ ဟူသော အဖြေသာထွက်၏။

ကျွန်ုပ်စိတ်မချမ်းသာတော့ပါ။

အဖေ့ခမျာ ဟိုလူကြည့်ဒီလူကြည့်နှင့် ရှက်ရှာမည်ဟုတွေးရင်း စိတ်ထဲက ငါ့အဖေသနားပါတယ်၊ ငါ့အဖေခမျာ လူ့လောကအပြင်ကိုရောက်နေရှာသလိုပဲ။ လမ်းသွားတာ ထော့နင်းထော့နင်းနဲ့။ ငါ့အဖေလိုပဲ ငါ့ခြေထောက်တစ်ဖက်ဖြစ်သွားရင် ကောင်းမှာပဲ။ ဒါမှ ငါ့အဖေအဖော်ရမယ်။ ဘယ်သွားသွားသားအဖနှစ်ယောက်တစ်ပုံစံထဲဖြစ်မယ်ဟု နေ့တိုင်းလိုလိုတွေးရင်း ကျိတ်ပြီးစိတ်မကောင်းဖြစ်ရ၏။

တစ်နေ့ အမေ စကားပြောစဉ် အမှတ်မထင်စကားတစ်ခု ကြားလိုက်ရ၏။

"ဟဲ့-လူလေး၊ နင့်အဖေ အမေ့နဲ့အပြင်သွားတော့ မြို့ပတ်ရထားပေါ်မှာတွေ့တဲ့ ရှမ်းအဘိုးကြီးတစ်ယောက်က နင့်အဖေခြေထောက်ကိုကြည့်ပြီး ဟာ - ခင်ဗျား မုဆိုးမတစ်ယောက်ရဲ့ပညာစက်ထိသွားပြီပဲလို့ ပြောတယ်။ အုန်းသီးကိစ္စနဲ့ဆိုင်တယ်လို့ ပြောတယ်။ ငါ့အထင်တော့ အုန်းသီးအရောင်းအဝယ်လုပ်တုန်းက သူဘယ်သူ့ကိုသွားပြီးနိုင့်ထက်စီးနင်းပြောလိုက်မိလဲမှမသိတာ။ တော်တော်လေးလွန်သွားပြီလို့လည်း ပြောတယ်"

ကျွန်ုပ်၏ဦးခေါင်းထဲဝယ် တွေဝေသွား၏။

နားထင်ရှိ သွေးကြောများက တဒုတ်ဒုတ်ခုန်လာသည့်ထိ အံကိုကြိတ်ထားမိ၏။ လက်သီးကိုကျစ်နေအောင် ဆုပ်ထားလိုက်မိသည်မှာ အမေတို့ပင် ပြန်ဖြေ၍မရလောက်အောင်ဖြစ်သွား၏။ မျက်လုံးများထဲမှာ ဘာမှမမြင်တော့၊ ဝေဝါးနေချေပြီ။

ငါ ဘာမှမတတ်လို့ ငါ့အဖေခံရတာ -

ငါဟိုယောင်ယောင်ဒီယောင်ယောင်ဖြစ်နေလို့ ငါ့အဖေခံရတာ -

ငါအသုံးမကျလွန်းလို့၊ ငါညံ့ဖျင်းလွန်းလို့ ငါ့အဖေခံရတာ -

ငါ့မှာဘာပညာမှမရှိတော့ ငါ့မိဘအန္တရာယ်ကင်းအောင် ငါဘာမှလုပ်မပေးနိုင်ဘူး -

ဟု တွေးရင်း တောက်ခေါက်လိုက်မိ၏။

ငါပညာသင်မယ် -

ငါ့ပညာနဲ့ငါ့အဖေခြေထောက်ကို ငါရအောင်ကုမယ် -

ငါ့အဖေခြေထောက်ပြန်ကောင်းဖို့ဆိုရင် ငါ့အသက်နဲ့လဲရလဲရ ဘယ်သူနဲ့မဆို ရင်ဆိုင်မယ် -

ဟု ပြင်းပြင်းထန်ထန် တွေးရင်း လောကီပညာရပ်များဆီသို့ မျက်နှာမူလိုက်လေတော့၏။

"အမေ"

"ဟေ"

"သား ဒီဆယ်ဆူအင်းသောက်ပြီး ပညာယူတာ ပါးစပ်က ဘာသာစကားတစ်မျိုးတော့ပြောတတ်လာတယ်။ အမေငြိမ်းကတော့ ငါ့သား ဆေးကုတော့။ လက်ဆယ်ချောင်းက ဆေးဆယ်ချောင်းဖြစ်ပြီလို့တော့ပြောတယ်။ ဒါပေမယ့် သားဘာမှမလုပ်တတ်ဘူး အမေ။ သားအင်းတွေတော့ဆွဲတတ်လာတယ်"

"အေးလေ၊ သားက ပယောဂကုတဲ့လိုင်းမဟုတ်ဘူးနဲ့တူပါရဲ့"

"ပယောဂ . . . ပယောဂ သားမကုတတ်ဘူးအမေ။ ဟိုနေ့ကဆေးလိပ်ခုံထောင်ဖို့ ဆေးရိုးကိစ္စသွားစကားပြောတော့ အဲဒီကအဘွားက သားကိုကြည့်ပြီး ဩော် - ဒီကလေးရဲ့အဖေက သူများပညာစက်မိထားတာကိုးတဲ့"

"ပြောလား"

"ပြောတယ် အမေ၊ သူကုပေးဖို့တော့မပြောဘူး"

, "နေပါဦးသားရယ်၊ အမေစဉ်းစားပါဦးမယ်။ သားဆေးလိပ်ခုံထောင်ချင်တယ်ဆိုတာသာဖြစ်အောင်လုပ်"

(သိန်းငှက် - ငွေသိန်း) ဆေးပေါ့လိပ်လုပ်ငန်း စတင်ပါပြီ။

စဖြန့်ခါစ အတော်ဟုတ်၏။ ဆိုင်တိုင်းလိုလိုက ထပ်ထပ်မှာ၏။ တစ်လ၊ နှစ်လကြာသော် ဘာမှန်းမသိ။ တဖြည်းဖြည်းအိုင်လာပြီး ဘာမှလုပ်၍မရတော့ပါ။ ပိုးထိုးကုန်သော ဆေးလိပ်အစည်းလိုက်ကို ငုတ်တုတ်ထိုင်ကြည့်နေရုံမှလွဲ၍ ဘာမှဖြစ်မလာတော့။

ဘက်ထရီ - ခဲ -

ပုံညှပ်ကိုဖြုတ်တူနှင့်ညှပ်၍ ၎င်းအတွင်းသို့ ခဲရည်လောင်းထည့်ရပြီး အအေးခံ၊ မိုနှစ်ခုကို ခွာလိုက်လျှင် ခဲစကာထွက်လာ၏။ ၎င်းခဲစကာကို မားဦးချွန်လေးနှင့်အနားသတ်။ များလာလျှင် သူများမှတစ်ဆင့် ဆိုင်မှာသွားသွင်း။ တစ်နေ့ကုန် မီးဖိုနှင့် ဒယ်အိုးကြီးထဲ ခဲတုံးကြီးထည့်ပြီး ကျိုထားရ၏။ ခပ်လောင်းလိုက်၊ အအေးခံ၍ခွာလိုက်နှင့် တစ်နေ့ကုန် မီးဖိုနားနေရ၏။ ဘယ်မှမထွက်ရတော့။ တစ်နေ့ကုန် ခဲစကာလောင်းခြင်းနှင့်ပြီးနေ၏။ ပင်ပန်းလိုက်သမှ ခဲစကာလိုက်သွင်းပေးမည့်သူကချော့ရ၏။ သူမအားသေးဆိုလျှင် ဘာမှပြန်မပြောရဲ၊ စောင့်ရ၏။ ထိုနှစ်မှာပင်-

အမေ့အမျိုးထဲမှသူများက အဖေသည် ဘာမှလဲမလုပ်နိုင်၊ အိမ်မှာလူပိုဖြစ်နေပြီ၊ ဘုန်းကြီးဝတ်ခိုင်းပြီး တရားအားထုတ်ခိုင်းပါဟုဆိုပြီး အဖေ့ကိုအတင်းခေါ်သွားကြကာ သင်္ကန်းဆီးပေးလိုက်ကြတော့၏။

ကျွန်ုပ်၏ ရင်ထဲမှာ မည်သို့မှမခံစားနိုင်သော နာကျင်ခြင်းများနှင့်ပြည့်နေတော့၏။

ဘာမှအဖြစ်ရှိအောင်မလုပ်နိုင်၍ ဘာမှဩဇာမရှိ၊ ဘယ်သူမှ ကျွန်ုပ်ကိုလူရာမသွင်း၊ လှည့်စောင်းတောင်မကြည့်၊ အလကားကောင်တစ်ကောင်အဖြစ်နှင့် ကိုယ့်အဖေကို ကိုယ့်မျက်စိရှေ့တွင် အတင်းဘုန်းကြီးဝတ်ခိုင်းနေသည်ကိုပင် ဘာမှဝင်ပြောပိုင်ခွင့်မရှိ။ ကောင်းတယ်လေ၊ ငါ့အဖေစင်ကြယ်သွားတာပေါ့ဟုတွေးရင်း အဖေ၏လူ့ဘဝနောက်ဆုံးအသွင်အပြင်အား ထိုင်ကန်တော့လိုက်ရပါတော့သည်။

"လူလေး"

"ဗျာ"

"မင်း မင်းဆရာ ကိုသန့်ဇင်ကိုလျှော့မတွက်နဲ့နော်"

"ဘာဖြစ်လို့လဲ အမေ"

"သူတော်တော်စွမ်းတယ်သိလား၊ တစ်ခါ မင်းအိမ်ကထွက်ပြေးတော့ ဘုရားဓာတ်ရိုက်ခေါ်လိုက်တာ တစ်ရက်ပဲ၊ နောက်နေ့ မင်းပြန်ရောက်လာတာပဲ၊ အမေ့အကြွေးတွေမရရင်လည်း သူ့ဆီပြေးရတာပဲ။ တန်းရတာပဲ၊ တော်တော်စွမ်းတယ်၊ ထက်တယ်"

"သားကရာတေးသွားကစားရင်ဘာမှမပြောဘူး အမေ။ သူ့ဆီကို လူတွေလာနေတာတော့တွေ့တယ်"

"ဟုတ်တယ်သား၊ အဲဒီမင်းဆရာဟာ အင်္ဂဝိဇ္ဇာပညာရှင်ပဲ"

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း

(ရင်ကိုဒေါ်ခမ်းမြစေသား)



www.burmeseclassic.com

www.burmeseclassic.com





# ဗိုလ်ကလေးဦးသက်ရှေနှင့် သာသနာပြုမြန်မာ့ရုပ်ရှင်

ကိုတိုး(ရန်ကင်း)

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ သာသနာတော် အမွန့်ရှည်ကြာစွာ တည်တံ့နိုင်စေရန်အတွက် အဘက်ဘက် ကြိုးပမ်းခဲ့ကြပါသည်။ ယနေ့ မြန်မာ နိုင်ငံတော်တွင် ဘုရားရှင်၏ဗုဒ္ဓသာသ နာတော်သည် ထွန်းကားပြန့်ပွားလျက် ရှိသည်၊ ဆရာ၊ ဒကာ ညီညာစွာဖြင့် ဆောင်ရွက်၍ အာဏာစက်များနှင့် ထိန်းသိမ်း စောင့်ရှောက်ခဲ့သည့်အလျောက် နိုင်ငံ တစ်ဝန်းလုံး မြို့တိုင်း၊ နယ်တိုင်းမှာ သာသနိက အဆောက်အအုံများ၊ ကျောင်း၊ ကန်၊ ဇရပ်၊ သိမ်များ၊ ဘုရား၊ ပုထိုး စေတီများ၊ တရားစခန်းရိပ်သာ များ လူငယ်များအတွက် ဘာသာရေး နှင့် ပတ်သက်သော လူငယ်တရားပွဲ၊ ယဉ်ကျေးလိမ္မာသင်တန်းများ စသည် တို့နှင့် ဗုဒ္ဓသာသနာစည်ပင်ဖွံ့ဖြိုးလျက် ရှိသည်။

ထိုသို့ သာသနာတော် အမွန့်ရှည် ကြာတည်ပါစေရန် ကျွန်တော်တို့သည် အဆင့်တစိုက် ကြိုးပမ်းခဲ့ရာ၌ ရုပ်ရှင် လုပ်ငန်းကိုလည်း မမေ့မဖျောက်ထား၍ ရှိပါ။ ယနေ့ကဲ့သို့ တီဗွီ၊ ဗွီဒီယိုများ မပေါ်မီကာလက ဗုဒ္ဓဝင်ယာခရီးစဉ် ရုပ်ရှင်ကားကို ဆေးရောင်စုံဖြင့် ရိုက်ကူး တင်ပြခဲ့ရာ ဗုဒ္ဓဘာသာဝင်ပြည်သူတို့ သဒ္ဓါ ကြည်ညိုမှုများစွာဖြစ်ပေါ်ခဲ့ရလေသည်။

ဗုဒ္ဓသာသနာ ထွန်းကားရာဖြစ်သော ဒေသများကို မသွားရောက်နိုင်ကြသော မြန်မာပြည်သူများ ရုပ်ရှင်ပိတ်ကားပေါ် မှာကြည့်ပြီး ကြည်ညို ပူဇော်ကြရပါ သည်။

မြန်မာ့ရုပ်ရှင်သည် ဗုဒ္ဓမြတ်စွာ သာသနာနှင့်ပတ်သက်၍ ရှေးကာလက တည်းကပင် ရိုက်ကူးတင်ပြခဲ့ဖူးပေသည်။ ထို့ကြောင့် သူရဋ္ဌမဂ္ဂဇင်းမှနေ၍ စာရေး သူ မှတ်သားတွေ့ရှိသမျှသော ဗုဒ္ဓသာ










www.burmeseclassic.com

www.burmeseclassic.com

သနာပြု မြန်မာ့ရုပ်ရှင်များအကြောင်းနှင့် ဗိုလ်ကလေးဦးသက်ရွှေအကြောင်းကို ယခုလတွင် တင်ပြလိုက်ရပါသည်။


မြန်မာ့ရုပ်ရှင်ပေါ်ဦးစ ၁၉၂၀ - ၁၉၃၀ ပြည့်နှစ်က မြန်မာစာပေပညာရှိ ဗိုလ်ကလေး ဦးသက်ရွှေသည် ဗုဒ္ဓဘာသာဝင် သူတော်စင်များ ရောက်ခဲ့သောနေရာဒေသများသို့ သွားရောက်ပြီး ရုပ်ရှင်ရိုက်ခဲ့ပါသည်။

ထိုရုပ်ရှင်ကားမှာ 'ဝါတော်စဉ်' ဇာတ်ကား ဖြစ်ပါသည်။ ဗိုလ်ကလေးဦးသက်ရွှေမှာ ဗုဒ္ဓပွင့်တော်မူရာနေရာသို့သွားရောက်ပြီး ရုပ်ရှင်ရိုက်ကူးခဲ့သည့်အပြင် 'နတ်ပြည်တက်လမ်း' အမည်ဖြင့်လည်း စာအုပ်တစ်အုပ်ရေးသားထုတ်ဝေခဲ့ပါသေးသည်။

'ဝါတော်စဉ်' ဇာတ်ကားကို လန်ဒန်အတ်ခာတ်ပုံကုမ္ပဏီမှ ဒါရိုက်တာ ဗိုလ်ကလေး ဦးသက်ရွှေ ရိုက်ကူးခဲ့ပြီး 'မောင်ဘမြင့်၊ ခင်ခင်ဥ၊ ဆားဘထွန်း' တို့ပါဝင်ခဲ့ပါသည်။ ဗိုလ်ကလေးဦးသက်ရွှေသည် ဝါတော်စဉ်' တွင် သူ၏ ဇာတ်ဆောင်(၃)ဦးအတွက် အောက်ပါကဗျာ(၃) ပုဒ် ရေးဖွဲ့ပါသည်။







### မောင်ဘမြင့် - ဘွဲ့

- အမျိုးသား
  တိုးပွားဖို့ မျှော်လင့်ပါ။
  လှတစ်ပွင့် 'ဘမြင့်' စွမ်းကုန်
  ကြဲလို့ရယ် နွဲတဲ့ဇာတ်ပါ။
  တိုင်းမြန်ပြည်အကျိုးကိုလ
  သယ်ပိုးဆောင်ရွက်ရာ
  အောင်ကွက်သာဖို့ ငဲ့စွန့်စား
  ဘုရားရှင်ဌာန ဝါတော်စဉ်တဲ့
  ကမ္ဘာပေါ်တွင်
  အောင်လံစိုက်တယ်
  ကဲထိုက်ဇာတ်ကား။

### ခင်ခင်ဥ - ဘွဲ့

- ယဉ်အနု 'ခင်ခင်ဥ' ရယ်လို့
  ပြည်လုံးကျော်
  ကျွမ်းအဆွေး
  လမ်းရေးမှုအရာမှာ
  နှိုင်းတုမပေါ်
  ဂုဏ်နိမိတ်ရယ်က
  ကုန်အတိတ် စန်းငွေသော်သို့
  ပြည်ကျော်သိထင်ရှား။
  တစ်ခေတ်သုံးပါလို့
  သစ်လုံးကို ချဲ့ထွင်ကွန့်လို့ရယ်
  စွန့်လိုက်တအား။



www.burmeseclassic.com

www.burmeseclassic.com



**ဆားဘထွန်း - ဘွဲ့**
• ဇမ္ဗူခွင်ငယ်ကျော်
လူရှင်တော် 'ဘထွန်း' တဲ့
ကြွရွှန်းဂုဏ်လျှမ်း ခြားတဲ့ဟန်
ဆားဘွဲ့ခံ(တစ်)တစ်လုံးကို
သုံးတဲ့အစွမ်း။

ဝါတော်စဉ်၌ မြတ်စွာဘုရား၏ ...ဆိုင်ရာဒေသကို ပရိသတ်တို့ ...သိရှိနိုင်ခဲ့ပါသည်။

**...ကလေးဦးသက်ရှေအကြောင်းတစေ့ ...စောင်း**

အထက်ဖော်ပြပါ 'ဝါတော်စဉ်' ...တားကို ရိုက်ကူးသူ ဒါရိုက်တာ ...ကလေးဦးသက်ရှေကို ပခန်းကြီးမြို့ ...နောက်ပြင်သာယာကုန်းရွာတွင် ဖခင် ...သည် ဦးမဲ၊ မိခင် ဒေါ်မုန်းတို့မှ ...၂၇ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ...နေ့နံနက် (၇) နာရီအချိန်တွင် ...ခဲ့ရာ ယခုဆိုလျှင် နှစ်ပေါင်း (...) နှစ် ကြာရှိခဲ့ပေပြီ။

ပညာရှိ ဆရာကြီး ဗိုလ်ကလေး ...ကရှေမှာ စာပေကိုပြုစု၊ မျိုးချစ်စိတ် ... လှုံ့ဆော်ပေးရုံသာမက 'ရုပ်ရှင်ကို ...တာအဖြစ် ရိုက်ကူးခဲ့လေသဖြင့် ...လွန်ရှာပြီဖြစ်သော ဆရာကြီးအား ...င်းခေတ်လူတို့ မမေ့မပျောက်စေဘဲ ...ကြစေခြင်းငှာ ရေးသားတင်ဆက် ...ရပေသည်။

ဦးသက်ရှေသည် ငယ်စဉ်က ...လေးမြို့မှာနေပြီး (၁၀) နှစ်သား ...ယ်သို့ရောက်သောအခါ ရန်ကုန်မြို့ ပုဇွန်တောင်၌ ဘိုးဘွားများနှင့် လာနေသည်။ အင်္ဂလိပ်ကျောင်းမှာနေ၍ (၅) တန်းအောင်ခဲ့သည်။ ပုဇွန်တောင် ဆားလင်းကျောင်းတိုက်တွင် ကိုရင်ဝတ်၍ လောကုတ္တရာစာပေများ သင်ကြားတတ်မြောက်ခဲ့သည်။၁၂၅၃ ခု (၁၆)နှစ်သားသာသာတွင် မော်လမြိုင် ပရိယတ္တိစာပြန်ပွဲကို ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့လေသည်။

ဆရာကြီးသည် (၁၇) နှစ်သားလောက်တွင် ကျောင်းမှထွက်ပြီး ရန်ကုန်မြို့ ကျုံကြီးလမ်းရှိ သံတော်ဆင့်သတင်းစာတိုက်၌ လက်ထောက် စာပြင်ဆရာဝင်လုပ်ခဲ့သည်။ ထို့ပြင် သီချင်းစာများနှင့် 'မဟောသမပြဇာတ်'၊ 'ကျောက်ကုန်သည်'၊ မောင့်မေတ္တာ' ပြဇာတ်နှင့် မေတ္တာစာများ (လူပျို၊ အပျိုပေးစာများ) ကို ရေးသားထုတ်ဝေခဲ့သည်။

နောက် ဆရာဘုန်းတော်ကြီးက-
"နင်ရွာလည်ပြီးမီးရှို့နေသလား"
ဟု မိန့်တော်မူ၍ ရပ်လိုက်လေသည်။

ထို့နောက် (၁၈) နှစ်သားအရွယ်တွင် အင်ဂျင်နီယာ ဦးဘိုးသောင်ရုံးတွင် မြေပုံကူးအလုပ်ကို လည်းကောင်း၊ ပုသိမ်-ကျုံပျော်သွားသောသင်္ဘောတွင် သင်္ဘောစာရေးအဖြစ်ဖြင့် လည်းကောင်း ဝင်ရောက်လုပ်ကိုင်ခဲ့လေသည်။

နောက် အင်္ဂလိပ်လူမျိုး လယ်ဝန်ကြီးတစ်ဦးက ခေါ်ယူသဖြင့် ဆရာကြီးသည် မန္တလေးတွင် သွားရောက် လုပ်ကိုင်ခဲ့ရင်း မြေတိုင်းပညာစာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့လေသည်။

၎င်းနောက် မဲဇာရွှေလီနယ်သို့ တက်သွားပြီး သစ်အလုပ်ကို လုပ်ကိုင်သည်။ ကျိုက်ပိမြို့တွင် လွှထောင်သစ်အလုပ်ကို လုပ်ကိုင်နေစဉ် ၁၂၆၇ ခုနှစ်တွင် ဗိုလ်ကလေးမြို့မှ ပစ္စည်းကြွယ်ဝသော လယ်မြေပိုင်ရှင်တစ်ဦး၏သမီးနှင့် အိမ်ထောင်ကျသောကြောင့်ဗိုလ်ကလေးမြို့သို့ လာရောက် နေထိုင်ခဲ့လေသည်။ ဆရာကြီးသည် အသက်အာမခံကိုယ်စားလှယ်အလုပ်၊ ဂလုပ်ဘရားသား၌ စပါးအလုပ်များ လုပ်ကိုင်သေးသည်။ ဆရာကြီးသည် နေရာအနှံ့အပြားသွားလာကာ အလုပ်မျိုးစုံတို့ လုပ်ကိုင်ခြင်းကြောင့်လည်း ဒေသန္တရဗဟုသုတ အပါအဝင် အတွေ့အကြုံမျိုးစုံ ကြွယ်ဝသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့လေသည်။

ပထမကမ္ဘာစစ်ပြီးစတွင် ဝံသာနုခေတ်ရောက်သောအခါတွင် ဆရာကြီးကိုယ်တိုင် တရားဟောပြောကာ ဝံသာနုအသင်းများဖွဲ့စည်းခဲ့လေရာ ဗိုလ်ကလေးမြို့တွင် အသင်းပေါင်း (၁၅၀) ကျော်မျှ တည်ထောင်ခဲ့ကြလေသည်။

ထို့နောက်တွင် လူခွန်မပေးရေးဆုံးဖြတ်ချက်အတိုင်း ၎င်းက ဦးဆောင်ပြီး ဆောင်ရွက်သည်ကို အစိုးရက မကျေနပ်သဖြင့် ဦးသက်ရှေ ပေးဆောင်ရမည့် လူခွန် (၂) ကျပ်၊ (၈) ပဲ အတွက် ငွေ (၃၀၀) ကျော်တန်သော စားပွဲ၊ ဗီရိုဓာတ်ပုံကိရိယာတို့ကို အစိုးရက လေလံပစ်ခဲ့သည်။ ဆရာကြီးသည် အမျိုးသားရေးကို ကြိုးပမ်းရင်း နိုင်ငံရေးတစ်ခုကြောင့် အစိုးရက ထောင်ဒဏ်တစ်လခွဲ အပြစ်ပေးခြင်းကိုခံရရှာသည်။

မြန်မာနှစ် ၁၂၈၈ ခုနှစ်တွင် ဆရာ...



www.burmeseclassic.com

www.burmeseclassic.com

ကြီးဦးသက်ရွှေသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကာ လန်ဒန်အတ်ဦးအုန်းမောင်နှင့် ဒီးဒုတ်ဦးဘချိုတို့ကခေါ်သဖြင့် လန်ဒန်အတ်မဂ္ဂဇင်းတွင် အယ်ဒီတာဝင်လုပ်ခဲ့ပြီး ဒီးဒုတ်ဂျာနယ်တွင် ဆောင်းပါးနှင့် ကဗျာများကို ရေးသားခဲ့သည်။

ထို့ပြင် ဆရာကြီးသည် မြန်မာနှစ် ၁၂၉၀ - ၁၂၉၂ ခုနှစ်မှာ ရုပ်ရှင်ဒါရိုက်တာအဖြစ်ဖြင့် အနောက်မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံသို့ ရုပ်ရှင်အဖွဲ့သားများကို ခေါ်ဆောင်လျက် သွားရောက်ခဲ့ပြီး မြတ်စွာဘုရားနှင့် ပတ်သက်သောနေရာဌာနမှန်သမျှတို့ကို ခက်ခက်ခဲခဲ လေ့လာရိုက်ကူးလျက် 'ဝါတော်စဉ်' အမည်ဖြင့် ရုပ်ရှင်ကား ပြသခဲ့ပေသည်။ ဆရာကြီးသည် 'နတ်ပြည်တက်လမ်း' ကျမ်းကိုလည်း အနောက်မဇ္ဈိမဒေသတစ်ခွင်တွင် လှည့်လည်ရင်း ကြည်ညိုခဲ့သည်များကို ပူဇော်ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကြီးဦးသက်ရွှေ၏ မျိုးရိုးစဉ်ဆက်သည် ပညာတတ်စာပေတတ်ကျွမ်းသောမျိုးရိုးဖြစ်ပေရာ ဝိနည်းငါးကျမ်းကို မြန်မာအနက်ပြန်ဆိုတော်မူသော ရွှေဥမင်ဆရာတော်မှာ ဦးသက်ရွှေ၏ဘေးတော်ဖြစ်သည်။

သုဒဿနလင်္ကာရ မဟာကဝိဓဇ ဓမ္မရာဇာဓိ ရာဇဂုရု တံဆိပ်တော်ရ မန္တလေး စံကျောင်းသာသနာ့ပိုင် ဆရာတော်ကြီးမှာ ဦးသက်ရွှေ၏ ဘိုးတော်ဖြစ်သည်။

ထိုကဲ့သို့ မျိုးရိုးဗီဇ ထူးချွန်ထက်မြက်သူဖြစ်သောကြောင့်လည်း အမျိုးမျိုးသော စာပေ၊ ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့ပြီး ထိုကျမ်းများအနက် -

၁။ နတ်ပြည်တက်လမ်း၊
၂။ မြန်မာသတ်ညွှန်းနှင့် ပါဠိတွဲသတ်ညွှန်း၊
၃။ ကဗျာရေးပုံနည်းမျိုးစုံ၊
၄။ လူရေးလူရာမင်္ဂလာမှတ်စုကျမ်း

အစရှိသော ကျမ်းတို့မှာ ထင်ရှားလှသည်။

နိုင်ငံရေးကို ဆောင်ရွက်ခြင်း၊ စာပေပြုစုခြင်းဖြင့် ကြိုးပမ်းခဲ့သော ဆရာကြီးသည် စစ်ပြီးခေတ်၌ စာပေရေးသားရင်း အသက် (၇၉) နှစ်အရွယ်တွင် ရန်ကုန်မြို့ လူပုံတော်ပတ္တမြားဆေးတိုက်၌ ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ရှာပေသည်။

ဝါတော်စဉ်ကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သော ပညာရှိ ဗိုလ်ကလေး ဦးသက်ရွှေသည်ကား လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ မော်ပီဆရာသိန်းတို့နှင့် တစ်ခေတ်တည်းတွင် ထွက်ပေါ်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်ပါသည်။



**သာသနာပြုမြန်မာ့ရုပ်ရှင်များ**

ဆရာကြီးဗိုလ်ကလေးဦးသက်ရွှေ ရိုက်ကူးခဲ့သည့် ဝါတော်စဉ်နည်းတူ အခြားသော သာသနာပြု မြန်မာ့ရုပ်ရှင်အဖြစ် ဘားမားစီနီမာရုပ်ရှင်မှလည်း 'ဓမ္မစကြာ' ဇာတ်ကားကြီးကို ရိုက်ကူးခဲ့ပါသည်။ ဓမ္မစကြာဇာတ်ကားကြီးသည် မိဂဒါဝုန် သမင်ပေါသည့် တောရဂုံတွင် ကြာငုံလက်ယှက်နိဗ္ဗာန်ဝင်သည့် ပဥ္စဝဂ္ဂီတို့အား ဓမ္မစက်ခေါ် ရှေးဦးကြားသည့် တရားတော်ကို ဇိနေဘ်ရှင်စော ဒေသနာတင်လို့မို့ သေအချာပင် ဟောစဉ်က သောင်းလောကဓာတ် သိကြား၊ ဗြဟ္မာ တရားနာသူတို့မှာ ခြားမကွာကပ်သကဲ့သို့ လောက်မြတ်သို့၊ လောက်ထူးသို့ ဒုက္ခကို ပယ်သင့်ပြီး မဂ္ဂင်ကူးစေသည့် တရားဦး ပါဠိအစဉ်နှင့် အာနိသင်ကို ကြည်ညိုပြီး လွမ်းလောက်အောင် သီဟိုဠ်ကျမ်း ဇာတကမူတို့မှ သာကေယျကာ မြန်ဇမ္ဗူအတွင်းမှာ စံနမူနာကင်းလောက်အောင် ကမ္ဘဌာန်းသဘောမပျက်စေဘဲ အလွမ်းအသောဖက်ပြီး လေးထွေမှန်ရာကို ဒွေမေအန္တာနှင့် ဓမ္မရာဇ် ဘဂဝါပြသည့် သစ္စာမေ့ဇာတ်လမ်း ဖြစ်ပေသည်။

ထိုဓမ္မစကြာဇာတ်ကားကြီးနှင့်အတူ 'ရွှေတိဂုံနတ်လမ်းညွှန်' ဇာတ်ကား၊ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်စောင်းတန်းဖွင့်လှစ်သည့် သတင်းကားကိုလည်း ရိုက်ကူးပြသခဲ့ပါသည်။

- သက်ကြီးစကား၊ သက်ငယ်ကြား
ဘုရားရွှေတိဂုံ
အံ့ဖွယ်ထွေပြား၊ မှတ်သူအား
စီးပွားတောင်နှယ်ပုံ။

ဟူသောကဗျာနှင့်အတူ အင်္ဂလိပ်စစ်တပ်မှ ခံတပ်ပြုလုပ်ထားစဉ်ကဖောက်ခဲ့သော ဥမင်လိုဏ်ခေါင်းကြီးကိုပါ ရိုက်ပြခဲ့ရာ ရုပ်ရှင်ကြည့်ရင်း သဒ္ဓါကြည်ညိုခဲ့ကြရပါပေသည်။

မြန်မာ့ရုပ်ရှင်သည် ဗုဒ္ဓသာသနာတော်နှင့်စပ်၍ ကြည်ညိုစရာ၊ ယုံကြည်စရာ၊ သဒ္ဓါစရာဖြစ်အောင် ဇာတ်လမ်းနှင့်တကွ ရုပ်ရှင်ရိုက်ပြသည့် သာသနာပြုဇာတ်ကားအချို့မှာ -

အရိန္ဒမာမင်း၊ မြတ်ဂုဏ်တော်မြတ်စိန္တေ၊ အံ့ဖွယ်ရှစ်ဖြာ၊ မဂ္ဂင်သောင်စွယ်တော်သမိုင်း၊ ပဲခူးရွှေသာလျောင်းဘုရားသမိုင်း၊ ခေမာသောင်၊ ရွှေတိဂုံသမိုင်း၊ ကျိုက်ထီးရိုးသမိုင်း၊ အရှင်ဥပဂုတ်၊ အောင်ခြင်းရှစ်ပါး၊ အင်္ဂုလိမာလ၊ ပဋာစာရီ များစွာရှိပါသည်။

ယခုအခါ ဒရမ်မာ၊ အက်ရှင်သည်းထိတ်ရင်ဖို စသည့် ရသအားလုံးပေးစွမ်းနိုင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် လူသားတိုင်းအပေါ် အကျိုးသက်ရောက်မှုရှိစေသော Buddha (ဗုဒ္ဓ) ဆိုသည့် ဘောလိဝုဒ်မှဖန်တီးတင်ဆက်ထားသည့် ရုပ်ရှင်ဇာတ်ကားကြီးကို 5-Series ရုပ်သံလိုင်းမှ လွှင့်ထုတ်ပြသနေသဖြင့် ကြည့်ရှုနေကြရပေပြီ။ ဗုဒ္ဓဇာတ်ကားမှာ ဗုဒ္ဓဖြစ်စဉ်နှင့် ဘုရားရှင်ဖြစ်ပြီးနောက်ပိုင်း လောဘ၊ ဒေါသ၊ မောဟများအတိနှင့် လောင်မြိုက်နေကြသည့် လူသားများအပေါ် တရားဓမ္မနှင့် ကယ်ချွတ်ခဲ့သည့် ဖြစ်စဉ်များကို အသေးစိတ် အကျယ်တဝင့် ရိုက်ကူးပြထားခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ရုပ်ရှင်သည် ဗုဒ္ဓသာသနာတော်မြတ်ကို ယုံကြည်သဒ္ဓါကြည်ညိုဖွယ်ရာဖြစ်အောင် ဆောင်ရွက်နိုင်ပေရာ တစ်ချိန်က သာသနာပြု မြန်မာ့ရုပ်ရှင်များကလည်း တစ်နည်းတစ်ဖုံ သာသနာ ထွန်းကား ပြန့်ပွားရေးအထောက်အကူပြုခဲ့ပါကြောင်း တင်ပြလိုက်ရပေသည်။

ကိုတိုး (ရန်ကင်း)

**စာညွှန်း -**

၁။ ဗုဒ္ဓသာသနာပြု ငွေရတုစာစောင်
၂။ အမှတ်မသိ ရုပ်ရှင်ပဒေသာစာစောင်မှ ဖျာပုံစိုး၏ 'ဒါရိုက်တာ ဦးသက်ရွှေ' ဆောင်းပါး



www.burmeseclassic.com

www.burmeseclassic.com

# အသိပညာအလိမ္မာတိုးစေဖို့

## (မျိုးဝေကာ်သစ်လွင်ပယ်များအကြောက်)

### အသက်ရှည်ကြောင်းသုံးပါး

သောကကိုရှောင်၊ ဝအောင်မစား၊ လှုပ်ရှားကိုယ်လက် ဤသုံးချက် အသက်ရှည်ကြောင်းတည်း။

(ရွှေဘိုဆရာတော်)

### မိတ်စစ်၊ မိတ်တု သတိပြု

အရေးကိစ္စ၊ပေါ်တုံက၊ ကူကြမိတ် သဟာ။

(၁) ရလျှင်ကပ်လာ၊ မရခွာ၊ လူညာ မိတ်သဟာ။ စကားဖြင့်မြှောက်၊ သက်မရောက်၊ ကြောက်ရမည့်သူ သာ။

(၂) အရေးကြုံက၊ ရှောင်လွှဲကြ၊ မှတ် ကြမိတ်တုသာ။ ပေးစဉ်၊ ကျွေးစဉ် ကျေးဇူးတင်၊ ဝေးလျှင်မေ့တတ် ပါ။

(၃) ကျေးဇူးတရား၊သိတုံပြား၊ သူကား မိတ်စစ်သာ၊ ကိုယ်တိုင်တွေ့က၊ နှုတ်ချိုမြ၊ တူလှများသကာ။

(၄) မျက်ကွယ်ရောက်က၊ အဆိပ်မျှ၊ ပြောကြမိတ်တုသာ၊ အစစ်အတု၊ မိတ်နှစ်ခု၊ စွဲမှုဉာဏ်ယှဉ်ပါ။

(စစ်ကိုင်းရွှေဟသ်ာဆရာတော်ကြီး)

### အချိန်ကိုအလွဲသုံးစားလုပ်သူလေးဦး

(၁) တရားဘာဝနာကိုမသိရှိသူ၊

(၂) သိရှိသော်လည်း အချိန်ပေး၍ အားမထုတ်နိုင်သူ၊

(၃) အချိန်ပေး၍ အားထုတ်သော် လည်း နည်းလမ်းမမှန်သူ၊

(၄) အတွေးအခေါ်၊ အယူအဆမှား ၍ တရားဆိုက ဝေးဝေးမှရှောင် သူ။

### တောင်းသောဆုကိုရနိုင်

မိဘတို့ကို မွေးတုံ့မွေးလှည့်ပြု သောသားသမီးတို့သည် အမြတ် ဆုံး အနုဂါမိကရွှေအိုးကို မြှုပ် ထားရသည်မည်၏။ ထိုရွှေအိုး တို ရန်သူမျိုးငါးပါးတို့သည် ထုတ် ဖော်ဖျက်ဆီးခြင်းငှာ မတတ်နိုင် တန်။ အရိပ်ကဲ့သို့ အစဉ်တစိုက် လိုက်၍ လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုးတို့ကို ပေးနိုင်၏။ အကြင်အကြင်ဆုကို တောင့်တ၏။ ထိုထိုဆုအလုံးစုံ ကိုရ၏' ဟူ၍ နိမိကဏ္ဍသုတ်၌ ဘုရားရှင်၏ အမိန့်တော်မြွက်ရှိ သည်။

ထို့ကြောင့် သုတ္တနိပါတ်တွင် 'မာတာပိတုဉပဋ္ဌာနံ' ဟူ၍ မိဘ တို့ကို လုပ်ကျွေးခြင်းသည် 'စည်း စိမ်ချမ်းသာကြီးပွားကြောင်း မင်္ဂ လာ' ဟူ၍ ဘုရားရှင် မိန့်ကြား တော်မူခြင်း ဖြစ်သည်။

(အုတ်ဖိုဆရာတော်ကြီး ဘဒ္ဒန္တဉက္ကံသမာလာ)

### မာန်ချမှဟန်ကျမည်

သူလိုငါလိုသွား၊ သူလိုငါလိုစား၊ သူလိုငါလိုလုပ်၊ သူလိုငါလိုပြော၊ သူလို ငါလိုနေထိုင်ကြလျှင် သူ လိုငါလိုထဲက ထွက်နိုင်ကြမည် မဟုတ်။ လိုသလောက် မရနိုင် သော်လည်း လုပ်သလောက်တော့ ရနိုင်သည်၊ မာန်ချမှဟန်ကျမည်၊ မာန်ကြွကခံရမည်၊ မာန်ဝင်က တရားမဝင်၊ တရားဝင်က မာန် မဝင်။

(ရွှေပေါ်ကျွန်းဆရာတော် အရှင်ဇေယျသိဒ္ဓိမဟ္မဉာဏ်က)

### သူတော်ကောင်းဖြစ်ရန်

စိတ်ထားရှည်စွာ၊ မကြွားဝါခြင်း၊ မပြင်းဒေါသ၊ မာနမထူး၊ ကျေးဇူး သာမြင်၊ ဂုဏ်အင်မပြိုင်၊ ပြည့် လျှိုင်တင့်နိုး၊ ကိုယ်ကျိုးကိုသာ၊ မရှာပေလစ်၊ သူ့အပြစ်ကို၊ မှတ် ဆစ်မထား၊ သူတစ်ပါးကို၊ စကား ပြစ်တင်၊မဆိုကြဉ်ရှောင်၊မကောင်း မှု၌ မကြိုက်မရွှင်၊ ကောင်းမှုမြင်မူ၊ ကြည်လင်ဝမ်းသာ၊ သည်းခံမှာ လည်း၊ များစွာပြည့်သော်၊ လူသူ တော်ဟု၊ အံ့ဩသိမြင်၊ မှတ်တုံ ကျင့်လော့။

(အမှာတော်ရေးဦးရှင်ကလေး)

### အောင်မြင်ခြင်း(၄)ပါး

အမျက်ထွက်သူကို အမျက်မထွက် ခြင်း(မေတ္တာ)ဖြင့်အောင်နိုင်ခြင်း၊ သူတစ်ပါးအား နှောင့်ယှက်သူကို စိတ်နှလုံးကောင်းထားခြင်းဖြင့် အောင်နိုင်ခြင်း၊ နှမြောစေးနဲ လူ ပတ်ချွဲကို လှူဒါန်းပေးကမ်းခြင်း ဖြင့် အောင်နိုင်ခြင်း၊ လိမ်ကောက် ဝါကြွား၊ စကားများသူကို အမှန် စကားပြောကြားခြင်းဖြင့် အောင် နိုင်ခြင်း (၄) ပါးရှိသည်။

### သူတော်ကောင်းဆိုတာ

ရေကန်၌ မှော်ကိုဖယ်၍ သောက် ရေခပ်ရသည်။

မသူတော်၌ အပြစ်ကိုဖယ်၍ဂုဏ် ကောင်းရှာရသည်။

တုံးတံတားလျှောက်စဉ် အရပ် တစ်ပါးမကြည့်နှင့်၊ ချောက်သို့ကျ လိမ့်မည်။

သံသရာတံတားလျှောက်စဉ် သူ တစ်ပါးအပြစ်ကိုမကြည့်နှင့်၊ သံသ ရာချောက်သို့ကျလိမ့်မည်။

ပန်းပဲဆရာအထုမခံရသော သံ တုံး လက်နက်မဖြစ်။

ကျောက်ဆစ်ဆရာ အဖြတ်မခံရ သောကျောက်တုံး အရုပ်မဖြစ်။

ဆရာကောင်း အဆုံးအမမခံရ သောတပည့် သူတော်ကောင်း မဖြစ်။

(ပထမရွှေကျင်ဆရာတော် ဘဒ္ဒန္တဇာဂရ)

### တစ်လုတ်စားဖူးသူကျေးဇူး

ကျေးဇူးမသိ၊ လူတုံးတိ၊ များဘိ ဒုက္ခသာ။ အရိပ်ခိုကိုး၊ သစ်ပင်မျိုး မချိုးမခုတ်ရာ။ အရိပ်ခိုကိုး၊ အခက်ချိုး၊ ပျက်ရိုးထိုသူသာ။ တစ်လုတ်စားဖူး သူ့ကျေးဇူး ကျူး ကာ မဖျက်ရာ။ ကျေးဇူးသိက၊ အဝဝ ချမ်းသာကြမည်သာ။ ယခု မျက်မှောက်၊ ချမ်းသာရောက်၊ များမြောက်ပုံစံလာ။

(စစ်ကိုင်းရွှေဟသ်ာဆရာတော်ကြီး)

### အပြစ်ရှိသောကုန်သွယ်ခြင်းငါးမျိုး

(၁) **သတ္တဝါဏိဇ္ဇ** - ဇိမ်ခေါင်းများ၊ ကျွန်ရောင်းသူများ၊ တိရစ္ဆာန် ရောင်းဝယ်သူများ။

(၂) **မံသဝါဏိဇ္ဇ** - တိရစ္ဆာန်များ မွေး ၍ သတ်ဖြတ်ရောင်းချသူများ။

(၃) **သတ္တဝါဏိဇ္ဇ** - လက်နက်ရောင်း ချသူများ၊ ငါးများချိတ်၊ ပိုက်ကွန်၊ ထောင်ချောက်ရောင်းချသူများ။

(၄) **မဇ္ဇဝါဏိဇ္ဇ**- ထန်းရည်ခါး အရက် မူးယစ်ဆေးဝါး ရောင်းချသူများ။

(၅) **ဝိသဝါဏိဇ္ဇ** - အဆိပ်၊ ပိုးသတ် ဆေးရောင်းချသူများ[illegible]

မုဒိတာ([illegible])

www.burmeseclassic.com

www.burmeseclassic.com

ရီရီဇွေး

# စိတ်ဖိစီးမှုဝေဒနာမှ ကင်းဝေးအောင်



လူအတော်များများဟာ အသက်အရွယ်အလိုက် အကြောင်းအမျိုးမျိုးကြောင့် စိတ်ဖိစီးမှုရောဂါဝေဒနာကို ခံစားနေကြရပါတယ်။ စိတ်ဖိစီးမှုရောဂါဟာ စိတ်နဲ့သက်ဆိုင်တဲ့ဝေဒနာဖြစ်ပြီး ဆက်ကျော်သက်အရွယ်၊ လူလတ်ပိုင်းအရွယ်နဲ့ လူကြီးပိုင်းအရွယ်ဆိုတဲ့ အသက်အရွယ်အလိုက် ဒီဝေဒနာကို ခံစားရပါတယ်။ စိတ်ဖိစီးမှုဝေဒနာဟာ စိတ်ပင်ပန်းပြီး စိတ်ရှုပ်ထွေးကာ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်စေတဲ့ဝေဒနာမျိုး ဖြစ်ပါတယ်။

ဆယ်ကျော်သက်အရွယ်တွေဟာ အများအားဖြင့် စိတ်လှုပ်ရှားလွယ်တဲ့ အရွယ်ဖြစ်ပြီး အချစ်ရေးနယ်ပယ်ကို စတင်ဝင်ရောက်ခါစအရွယ်ဖြစ်ပါတယ်။ အချစ်ရေးနယ်ပယ်ဟာ တိမ်တောင်မီးခိုးသဖွယ် မရေရာမသေချာတဲ့အတွက် ချစ်သူနဲ့အဆင်မပြေဖြစ်တတ်ကြပါတယ်။ တချို့ကဒီဒဏ်တွေကိုခံနိုင်ပေမယ့် တချို့ကတော့ ဒီဒဏ်တွေကိုမခံနိုင်ဘဲစိတ်ဖိစီးမှုတွေဖြစ်လာပါတယ်။

ဒါ့အပြင် ဆယ်ကျော်သက်အရွယ်တွေဟာ ပညာသင်ကြားနေတဲ့အရွယ်ဖြစ်လို့ ပညာရေးနဲ့ပတ်သက်ပြီး ထူးချွန်သူတွေရှိသလို မထူးချွန်တဲ့အပြင် လက်ရှိရောက်နေတဲ့အတန်းကစာကိုပင်မလိုက်နိုင်တဲ့ ကျောင်းသူကျောင်းသားတွေလည်းရှိပါတယ်။ တချို့ကလည်း စာမေးပွဲနီးမှ စာကျက်တဲ့အတွက် စာတွေကမပြီး၊ စာမေးပွဲကနီးနေတဲ့အပြင် ဒီနှစ်အတန်းမအောင်ပါက မိဘကဆူမှာစိုးပြီး စိတ်ဖိစီးမှုဝေဒနာခံစားနေရသူများလည်း ရှိပါတယ်။

အထူးသဖြင့် လူလတ်ပိုင်းကတော့ ပိုပြီးစိတ်ဖိစီးမှုတွေများပါတယ်။ ဒီအရွယ်ဟာ အိမ်ထောင်နဲ့၊ သားသမီးနဲ့ ရှိပြီး စီးပွားရှာကြတဲ့အရွယ်ပါ။ စီးပွားရေးအဆင်မပြေလို့ စိတ်ညစ်ရတာတွေရှိသလို အိမ်ထောင်ရေးအရလည်း စိတ်ဖိစီးမှုတွေ အများကြီး ကြုံတွေ့ရတတ်ပါတယ်။ စီးပွားရှာရာမှာလည်း အခက်အခဲမျိုးစုံရှိပါတယ်။ တချို့ဟာ သမ္မာအာဇီဝနဲ့ စီးပွားရှာသလို အချို့ကလည်း ဒုစရိုက်နဲ့မကင်းတဲ့ မိစ္ဆာအာဇီဝနဲ့ စီးပွားရှာကြပါတယ်။ မိစ္ဆာအာဇီဝနဲ့ စီးပွားရှာသူများဟာ အချုပ်ခန်းနဲ့ ထောင်ကို တစ်လှည့်စီသွားရင်း စိတ်ဖိစီးမှုတွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။

ဒါ့အပြင် လူလတ်ပိုင်းအရွယ်ဟာ အိမ်ထောင်ရေး၊ လူမှုရေးရှုပ်ထွေးတဲ့ အရွယ်လည်း ဖြစ်ပါတယ်။ အိမ်ထောင်ရှင်အချို့ဟာ အခြားအမျိုးသမီးများနဲ့ ဖောက်ပြန်လို့ အမျိုးသမီးဖြစ်သူဟာ စိတ်ညစ်လွန်းလို့ စိတ်ဖိစီးမှုတွေဖြစ်လာပါတယ်။ ထို့အတူ မိန်းမဖြစ်သူက ဖောက်ပြန်လို့ ယောက်ျားဖြစ်သူက စိတ်ဖိစီးမှုဖြစ်တာတွေလည်းရှိပါတယ်။တချို့သောမိသားစုတွေမှာ သားဆိုး၊ သမီးဆိုးတွေကြောင့် စိတ်ဖိစီးမှုဝေဒနာခံစားကြရပါတယ်။ ဒါ့အပြင် အာရုံကြောအားနည်းခြင်းကြောင့်လည်း စိတ်ဖိစီးမှုဖြစ်တတ်ပါတယ်။ လုပ်ငန်းခွင်မှာ ပင်ပန်းလွန်းရင်လည်း ဒီဝေဒနာခံစားရတတ်ပါတယ်။

လူကြီးပိုင်းအရွယ်တွေမှာတော့ မိမိရဲ့ အိမ်ထောင်ဖက်သေဆုံးသွားပြီး အထီးကျန်နေတဲ့သူများနဲ့ ဦးနှောက်နဲ့ အာရုံကြောရောဂါကြောင့် ဒီဝေဒနာခံစားနေရသူများလည်း ရှိပါတယ်။

ဒီဝေဒနာခံစားနေရတဲ့လူတွေဟာ စိတ်ပိုင်းဆိုင်ရာရောဂါရှိတာမို့ သူတို့ရဲ့ မျက်နှာဟာ လန်းဆန်းခြင်းမရှိဘဲ ညှိုးမှိုင်နေတာကို တွေ့ရှိရပါတယ်။ သူတို့ရဲ့ လှုပ်ရှားမှုဟာ လျင်မြန်သွက်လက်မှုမရှိဘဲ လေးကန်နေခြင်း၊ မှိုင်တွေနေခြင်း၊ တစ်စုံတစ်ရာကို စဉ်းစားကာ တွေဝေနေ[illegible] တတ်ပါတယ်။

စိတ်ဖိစီးမှုများတာနဲ့အလျော[illegible] သူတို့ဟာ မောပန်းနွမ်းနယ်နေပြီး တစ[illegible] ခုခုကို စဉ်းစားကာ မကြာမကြာသက[illegible] ပြင်းချတတ်ပါတယ်။ ဦးနှောက်နဲ့ အာရုံ[illegible] ကြောကြောင့် ဒီဝေဒနာခံစားနေရ[illegible] များဟာ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ခေါင်း[illegible] တစ်ခုလုံး မူးနောက်နေခြင်း၊ စိတ်မကြည်[illegible] မလင်ဖြစ်ကာ စိတ်မရှည်ခြင်း၊ လေဝင်[illegible] သောနေရာ (သို့) လေလုံသောအိမ်[illegible] တွင် အသက်ရှူမဝဖြစ်ခြင်း၊ လဲလျော[illegible] နေလိုခြင်းတို့ဖြစ်တတ်ပါတယ်။ဒီဝေဒနာ[illegible] ရှင်များဟာ ခန္ဓာကိုယ်မလန်းဆန်းခြင်း[illegible] ကြောင့် အစားအသောက်ပျက်ခြင်း[illegible] မကြာခဏ အိပ်ရာမှလန့်နိုးခြင်း[illegible] အခါ၌ ကောင်းစွာ အိပ်မပျော်ခြင်း[illegible] ဖြစ်တတ်ပါတယ်။ တာရှည်စွာ အိ[illegible] မပျော်ပါက မှတ်ဉာဏ်များယုတ်လျော့[illegible] လာခြင်း၊ သွေးတိုးခြင်း၊ အာရုံကြော[illegible] အားနည်းလာခြင်း၊ အစာမကြေဖြစ်[illegible] အူနှင့် အစာအိမ်ရောဂါများဖြစ်စေ[illegible] ပါတယ်။

စိတ်ဖိစီးမှုဝေဒနာခံစားနေသူများ[illegible] ဟာ ဒီဝေဒနာမှခဏတာကင်းဝေးစေ[illegible] အတွက် အရက်သောက်ခြင်း၊ ဆေးလိပ်[illegible] သောက်ခြင်း၊ မူးယစ်ဆေးဝါးအသုံး[illegible] ခြင်း စတဲ့ လွဲမှားတဲ့ကုစားမှုတွေနဲ့ ကု[illegible] ကြပါတယ်။ အဲဒီအခါမှာ စိတ်မ[illegible] မငြိမ်ဖြစ်ကာ စိတ်လှုပ်ရှားမှုများ[illegible] တစ်ခါတစ်ရံ ဒေါသစိတ်ကို မထိန်း[illegible] နိုင်ဘဲ မှားယွင်းတဲ့အပြုအမူတွေ ပြု[illegible] မိကာ မမျှော်လင့်ဘဲ ပြစ်မှုများကို ကျူး[illegible] လွန်တတ်ကြပါတယ်။ ဒီလိုဖြစ်ခြင်း[illegible] မိမိဘဝအတွက် အစွန်းအထင်းဖြစ်[illegible] မယ့် အမှားများပဲ ဖြစ်ပါတယ်။

အချို့သောလူများဟာ လုပ်[illegible] ခွင်နဲ့ အံဝင်ခွင်မကျတဲ့အတွက် လုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

...က်အခဲများကြောင့် စိတ်ဖိစီးမှု ...တတ်ပါတယ်။ ဒီလိုလူမျိုးများ ...လည်း မိမိရဲ့ဝေဒနာကိုနားလည် ...ငန်းခွင်မှာ အဆင်ပြေအောင် ...သင့်ပြောင်းလဲဖို့လိုအပ်ပါတယ်။ ...ဒနာကို မထိန်းချုပ်နိုင်ဘဲ စိတ် ...က်ပါက အမှားများကို ကျူးလွန် ...တယ်။ ဒီလိုမလိုလားအပ်တဲ့အမှု ...ဖြစ်ပွားအောင် မိမိရဲ့စိတ်ကို ထိန်း ...မယ်။

**...ကိုဘယ်လိုထိန်းချုပ်မလဲ**

စိတ်ဖိစီးမှုဟာ စိတ်နဲ့ပတ်သက်တဲ့ ...ဖြစ်လို့ စိတ်ကို စိတ်ဖြင့်ထိန်းချုပ် ...သုံးလမ်းအဖြစ် ဘာသာရေးနဲ့ ...ချုပ်ခြင်းဟာ အကောင်းဆုံးပါပဲ။ ...ဒနာရှင်မျိုးဟာ ဆိတ်ငြိမ်တဲ့နေရာ ... ဘုရားပြုဆရာကောင်းကောင်းနဲ့ ...ဆိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလို စိတ် ...န်းချုပ်ထားမယ်ဆိုရင် စိတ်အေး ...တဲ့အတွက် ဒေါသတရားနည်း ...ပြီး အမှားလုပ်ခြင်းက ကင်းဝေး ...ပါတယ်။ အကယ်၍ အလုပ်ခွင် ...စေ၊ အိမ်မှာဖြစ်စေ အဆင်မပြေ ... ဆေးရုံမှ စိတ်ရောဂါအထူးကု ...ငန်ကြီးနဲ့ပြသကာ လိုအပ်တဲ့ကုသ ... ခံယူရပါ့မယ်။

တချို့သောလူများဟာ မိမိမှာအိမ် ...ောင်စုမရှိတဲ့အတွက် တစ်ယောက် ... အထီးကျန်စွာ နေထိုင်ကြရပါ ... ထိုလူများမှာလည်း ပျော်ရွှင်မှု ...ဝေးပြီး စိတ်ဖိစီးမှုဖြစ်လာပါတယ်။ ...များဟာ အသင်းအဖွဲ့နည်းနေခြင်း၊ ...န်းများတွင် တစ်ထောင့်တစ်နေရာ ...ကာ ပူပေါင်းဆောင်ရွက်ခြင်း၊ ...ပျော်ရွှင်စေမည့် ရုပ်ရှင်ကြည့်ခြင်း၊ ...တ်ခြင်း၊ လူတစ်စုနှင့်အတူ ပျော်ပွဲ ...သွားခြင်းတို့ ပြုလုပ်သင့်ပါတယ်။

ကျန်းမာရေးရှုထောင့်ကကြည့် ... -

စိတ်ဖိစီးဝေဒနာခံစားနေရသူများ ...တွက် ထိုဝေဒနာမှ သက်သာပြေ ...ပျောက်စေရန် ဗီတာမင်ဘီဓာတ်များစွာ ...အပ်ပါတယ်။ ဘီတာမင်ဘီကို စားသုံး ...မှာ ဘီတာမင်ဘီဓာတ်ပါဝင်တဲ့အစား ...စာများကို စားသောက်သင့်ပါတယ်။ ...တာမင်ဘီဓာတ်မှ $B_1$, $B_2$, $B_6$, $B_{12}$ ... အထူးလိုအပ်ပါတယ်။

- ဗီတာမင် $B_1$ ဓာတ်ကို ဆန်လုံးညိုမှ ရရှိပါတယ်။ ဆန်လုံးညိုကို ချက်စားခြင်းဖြင့် ဗီတာမင် $B_1$ ဓာတ်ကို ရရှိစေမှာဖြစ်ပါတယ်။
- ဗီတာမင် $B_2$, $B_6$ တို့ကို ဆေးဝါးမှ ရရှိစေနိုင်ပါတယ်။
- ဗီတာမင် $B_{12}$ ကိုတော့ အသား၊ နွားနို့နဲ့ နို့ထွက်ပစ္စည်းများက ရရှိစေနိုင်ပါတယ်။
- အကယ်၍ အစားအစာဖြင့် မလုံလောက်ပါက ဗီတာမင် B ကွန်ပလက်ဆေးရည်ကို သောက်သုံးနိုင်ပါတယ်။

ဒါ့အပြင် ဗီတာမင်စီဓာတ်လည်း လိုအပ်ပါတယ်။ ဗီတာမင်စီဓာတ်ဟာ ခန္ဓာကိုယ် လန်းဆန်းတက်ကြွပြီး စိတ်ရွှင်လန်းမှုကို အားပေးပါတယ်။ နေ့စဉ် (120 mg) ခန့် စားသုံးသင့်ပါတယ်။

- ဗီတာမင်စီကို ဆေးပြားမှတစ်ဆင့် ရယူနိုင်သလို အစားအစာများဖြစ်တဲ့ ဆီးဖြူသီး၊ သံပရာသီး၊ ဖန်ခါးသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး။
- ချဉ်ပေါင်ရွက်၊ ကင်ပွန်းချဉ်ရွက်၊ မန်ကျည်းရွက်တို့မှ ရရှိနိုင်ပါတယ်။

**စားသုံးသင့်တဲ့အစားအစာ**

- ပေါင်မုန့်ကြမ်းစားသောက်နိုင်ပါတယ်။
- ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စားသောက်နိုင်ပါတယ်။
- နွားနို့သောက်နိုင်ပါတယ်။ နွားနို့သောက်မယ်ဆိုရင် မလိုင်ထုတ်ထားတဲ့နွားနို့ဟာ ပိုပြီးသင့်တော်ပါတယ်။ နို့ထွက်ပစ္စည်းအနေနဲ့ ဒိန်ချဉ်သောက်သုံးသင့်ပါတယ်။
- အစိမ်းရောင်ဟင်းသီးဟင်းရွက်များ။
- မုန်လာဥနီမှာ ဘီတာကယ်ရိုတင်းနဲ့ ကယ်(လ်)စီယမ်ဓာတ်များ ပါဝင်လို့ စားသောက်သင့်ပါတယ်။
- ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ ပန်းငရုတ်သီး၊ ဟင်းနုနယ်၊ ကိုက်လန်၊ တရုတ်နံနံနှင့် ပဲအမျိုးမျိုး။
- ဖောလစ်အက်စစ်ဟာ ဦးနှောက်နဲ့ပတ်သက်တဲ့ ချို့ယွင်းမှုအမျိုးမျိုးကို ကာကွယ်ပေးပါတယ်။ ဒါ့ကြောင့် ဖောလစ်အက်စစ်ဓာတ်ကြွယ်ဝစွာပါဝင်တဲ့ ဂျုံနဲ့ပြုလုပ်ထားတဲ့ အစားအစာများကို စားသုံးသင့်ပါတယ်။

**စားသုံးသင့်တဲ့အဆီဓာတ်**

- ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ သံလွင်ဆီ၊ ငါးမှရတဲ့ အိုမီဂါအဆီ။

**မစားသုံးသင့်တဲ့အဆီ**

- တိရစ္ဆာန်မှရတဲ့ ပြည့်ဝဆီအမျိုးမျိုး အမဲဆီ၊ ဝက်ဆီ။

**မစားသုံးသင့်တဲ့အစားအစာများ**

- ဝမ်းတွင်းသားအမျိုးမျိုး၊ ပုစွန်ဆီ၊ စားအုန်းဆီ။
- ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ငါးပုပ်ခြောက်၊ ငါးခြောက်အမျိုးမျိုး။
- အငန်လွန်ကဲသော အစားအစာများ၊ တာရှည်ခံရန် ပြုလုပ်ထားသော စည်သွတ်ဘူးအမျိုးမျိုး။

**စိတ်ဖိစီးမှုဝေဒနာရှင်များအတွက် ဘာတွေပြုလုပ်သင့်သလဲ**

- နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် နာရီဝက်ခန့် လမ်းလျှောက်ပါ။
- မိမိနှစ်သက်ရာ လေ့ကျင့်ခန်းတစ်မျိုးမျိုးယူပါ။
  လေ့ကျင့်ချိန် နံနက် (၃၀) မိနစ်ခန့်၊ ညနေ (၃၀) မိနစ်ခန့်။
- ဂေါက်သီးရိုက်ကစားခြင်း။
- စက်ဘီးစီးခြင်း၊ လေကားထစ်တက်ခြင်း၊ ပန်းပင်စိုက်ပျိုးခြင်း။
- သီချင်းနားထောင်ပါ။ ပျော်ရွှင်စရာ ရုပ်ရှင်ကြည့်ပါ။ ပန်းခြံ၌ အပန်းဖြေပါ။

စိတ်ဖိစီးခြင်းဟာ စိတ်နဲ့ပတ်သက်တဲ့ရောဂါဖြစ်တဲ့အတွက် မိမိရဲ့စိတ်ကို ပျော်ရွှင်လန်းဆန်းအောင် အတတ်နိုင်ဆုံးကြိုးစားပြီး ပြုပြင်ရမှာဖြစ်ပါတယ်။ မိမိစိတ်ရဲ့ အဆိုးမြင်ဝါဒများကို ဖျောက်ပြီး အကောင်းမြင်ဝါဒများကို မွေးမြူရပါမယ်။ ဒီဝေဒနာရှင်များဟာ ခန္ဓာကိုယ်ကို ကျန်းမာအောင် ပြုစုစောင့်ရှောက်ရန် လိုအပ်သလို စိတ်ကိုတတ်နိုင်သမျှ ပျော်ရွှင်အောင်နေတတ်ဖို့ အလေ့အကျင့်များဖြင့် ပျိုးထောင်ရန် လိုအပ်လှပါတယ်။

ခိခိဥ

Ref.

"Stress" from Internet



www.burmeseclassic.com

www.burmeseclassic.com

**တူသောအကျိုး**

**သဒိသံပါကံဇနေတိ** - တူသောအကျိုးကိုဖြစ်စေ၏လို့ မြတ်စွာဘုရားက ဟောခဲ့ပါတယ်။ ဒီစကားတော်ကို ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ လူအပေါင်းလည်း နားဝင်ပြီးသားဖြစ်ကြမယ်လို့ ထင်ပါတယ်။ သို့သော်လည်း အများအားဖြင့် ခပ်ပေါ့ပေါ့သာ နားဝင်ကြတာပါ။ အလေးအနက်ထားပြီး နားဝင်သူဆိုတာ ရှိတော့ရှိမယ်၊ ရှားမယ်လို့ထင်ပါတယ်။ အလေးအနက်ထားပြီး နားဝင်သူတွေကျတော့ သတိရှိတယ်။ သတိရှိတော့ အတော်အတန် ဆင်ခြင်တုံတရားရှိသွားတယ်။ အမှား၊ အမှန်ခွဲခြားနားလည်နိုင်တယ်။ ဒီတော့ အကုသိုလ်မှုပြုတော့မယ်ဆိုရင် သတိနဲ့ ထိန်းချုပ်တဲ့အခါ မပြုလုပ်ဖြစ်တော့ဘူး။ ဘာလို့လဲဆိုတော့ တူသောအကျိုးဖြစ်မှာစိုးလို့ပါ။

ကျွန်တော်တို့တွေဟာ ပဋိသန္ဓေစတည်ချိန် ပဋိသန္ဓေဝိထိရယ်၊ သေချိန်နောက်ဆုံးထွက်သက်ဖြစ်တဲ့ မရဏာသန္ဓေဝိထိရယ် အဲဒီနှစ်ကြိမ်သာ ဇော(၅)ကြိမ်စောခွင့်ရှိကြတယ်။ ကျန်တဲ့ကြားကာလတွေမှာ ဇော (၇) ကြိမ်စောပြီး စိတ်တွေဖြစ်ကြရတယ်။ အိပ်မောကျနေချိန်မှာတော့ ဝိထိစိတ်မဖြစ်ဘဲ ဘဝင်စိတ်တွေချည်းဖြစ်နေတာပေါ့။ ဒီအချိန်ကို ဘဝင်ကျတယ်လို့ခေါ်တယ်။ ဘဝင်ကျတယ်ဆိုတာ စိတ်တွေမပြေးသွားဘဲ ငြိမ်သက်နေတာ။ အဲဒီလို ငြိမ်သက်နေရာကနေ ဘဝင်နိုးထပြီး အိပ်မက်မက်နေရင် အဲဒီမှာ အိပ်မက်ဝိထိစိတ်ဖြစ်နေပါပြီ။ ဆိုရရင် အိပ်လို့မပျော့တပျော်ဖြစ်နေချိန်လို့ခေါ်ပါတယ်။ အဲဒီအချိန် လူသာမနိုးသေးတာ စိတ်ကနိုးနေပါပြီ။ နိုးလို့အိပ်မက်တွေဖြစ်နေပါပြီ။ အဲဒီအိပ်မက်ထဲ ကျွန်တော်တို့ စီးမျောနေရတော့တာပါ။ အိပ်မက်ဆိုတာ ကိုယ်အလေ့အကျက်များရာမက်တတ်ကြလေတော့ နှစ်သက်စရာလည်း တွေ့ကြရမယ်။ မနှစ်သက်စရာတွေလည်း ကြုံကြုံဖန်ဖန်တွေ့တာပါပဲ။ ဒါက ဝိထိပိုင်းစိတ်ဖြစ်ပုံ အနည်းငယ် တင်ပြခြင်းပါ။

အဲဒီဇော (၇) ကြိမ်မှာ ပထမဇောဝိထိစိတ် အလွန်အားကောင်းရင် ဒီဘဝမှာကိုပဲ ချက်ချင်းလက်ငင်းအကျိုးပေးတတ်ပါတယ်။ အဲဒီအကြောင်းအရာကို သုရဋ္ဌမဂ္ဂဇင်း ၂၀၁၄၊ ဖေဖော်ဝါရီလထုတ်မှာ 'မကောင်းတဲ့စိတ်ထား' ဆိုပြီး ရေးသား တင်ပြခဲ့ပါတယ်။ ဒါပေမယ့် ပြုတဲ့ကံအလျောက် အနေးနဲ့ အမြန်ဆို

# နေပြည်တော်ကျော်ကျော်စိုး

## တူညီသောပေးဆပ်ရခြင်းများ





www.burmeseclassic.com

www.burmeseclassic.com

…ကျွာတတ်ပါတယ်။ အားကောင်း …ကောင်းသလောက် မြန်တတ်ပါ…

…သူတွေဆိုတာက ကုသိုလ်မှုပြုရင် …ထမဇောစေတနာဖြစ်ချင်မှဖြစ် … အကုသိုလ်မှုပြုမယ်ဆိုရင်တော့ …ဇောစေတနာဖြစ်ကြတာများတယ်။ …ဆိုတာ မကောင်းမှုမှာသာ အား …ပြီး မွေ့လျော်တတ်ကြတာကိုး။ …ကြောင့်လည်း မြတ်စွာဘုရားက ပါပ …မနော - စိတ်သည် မကောင်းမှု …မွေ့လျော်၏ လို့ ဆိုထားတာပဲ …ဒီတော့ ကျွန်တော်တို့တစ်တွေက …ကောင်းမှုမှာကျတော့ စိတ်ပါလက်ပါ …ကြလွန်းလို့ ပထမဇောစေတနာဖြစ် …များပါတယ်။

…နပြုကြမယ်၊ သီလဆောက် …ကြမယ်၊ ဘာဝနာပွားများကြမယ် …တော့ ထက်ထက်သန်သန် စိတ်ပါ …သိပ်မရှိတတ်ကြပါဘူး။ ရှိတော့ … ရှားတယ်လို့ဆိုရမှာပါ။မကောင်း …ပျော်မွေ့သလောက် ကောင်းမှုကျ …ခပ်အင်အင်ဖြစ်ကုန်တတ်ပါတယ်။ … ကုသိုလ်ပထမဇောစေတနာရဖို့ …တာ အလွန်ခက်ပါတယ်။

…ကုသိုလ်ပထမဇောစေတနာထိုက်လို့ ချက်ချင်းလက်ငင်း အကျိုးပေးတဲ့ သာဓက မြတ်စွာဘုရားရှင်လက်ထက်တော်အခါတွေမှာလည်း ရှိခဲ့တယ်။ ရှေးရှေးမြတ်စွာဘုရားလက်ထက်တော်တွေမှာလည်းရှိခဲ့တယ်။ သာသနာတော်နောက်ပိုင်းမှာလည်းရှိခဲ့တယ်။ ခုခေတ်ခုခါမှာလည်းရှိနေတုန်းပါပဲ။ ကြည့်တတ်ရင် မြင်ကြပါလိမ့်မယ်။ ထို့အတူပါပဲ အကုသိုလ်ပထမဇောစေတနာထိုက်လို့ မကောင်းကျိုးရတာတွေလည်း များပြားတဲ့သာဓကတွေရှိခဲ့ပါတယ်။ အကုသိုလ်ပြုရာမှာ အားကောင်းတဲ့ ပထမဇောစေတနာကြောင့် တူသောအကျိုးဆိုတဲ့ တူညီသောပေးဆပ်ခြင်းတွေ ပေးဆပ်ရပုံကို သံဝေဂရဖွယ်တင်ပြချင်တာပါ။

## လူနဲ့ခွေး ခွေးနဲ့လူ

လူတွေရှိရင် ခွေးတွေရှိပါတယ်။ ခွေးနဲ့လူ အတူတူနေခဲ့ကြတာ ဘယ်တုံး ဘယ်ကာလကရယ်လို့ အတိအကျသတ်မှတ်လို့ရမယ်မထင်ပါဘူး။ လူတွေရဲ့ အိမ်မွေးတိရစ္ဆာန်တွေမှာ ခွေးလည်း အပါအဝင်ဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် ခွေးမရှိတဲ့ရွာ၊ ခွေးမရှိတဲ့မြို့ရယ်လို့ မြန်မာနိုင်ငံမှာရှိမယ်မထင်ပါဘူး။

မြန်မာနိုင်ငံမှာ အများအားဖြင့် ရှိနေကြတာက ဗမာခွေးလို့ ခေါ်ကြတဲ့ သာမန်ခွေးတွေပါ။ အဲဒီသာမန်ခွေးတွေဆိုတာက အကြမ်းခံနိုင်ရည်ရှိတဲ့ခွေးတွေပါ။ ယုတ်စွအဆုံး ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်တွေကိုကြည့်ပါ။ တော်တစ်လှည့်ပြတ်တစ်လှည့်နဲ့လည်း အသက်ရှင်နိုင်တယ်။ မစင်၊ အပုပ်အသိုး စတာတွေ စားပြီးလည်း အသက်ရှင်နိုင်တယ်။ ဟိုလူရိုက် ဒီလူရိုက် စသည်ဖြင့် နှိပ်စက်သော်လည်း အသက်ရှင်နိုင်တယ်။ အဲဒီလို ခွေးလေခွေးလွင့်တွေကို မြို့ပြတွေရဲ့ ဈေးဝန်းကျင်တွေနဲ့ လူစည်ကားရာအရပ်တွေမှာ အများအားဖြင့် တွေ့မြင်နိုင်တယ်။

ခွေးကို ချစ်တတ်သူတွေရှိတယ်။ မချစ်တတ်သူတွေလည်းရှိတယ်။ ရှားရှားပါးပါး ခွေးကို မုန်းတီးတတ်တဲ့လူတွေလည်းရှိတတ်ပါတယ်။ ခွေးချစ်တတ်သူတွေကျတော့ ခွေးကိုမွေးတယ်။ မချစ်တတ်တဲ့သူတွေကျတော့မမွေးကြပါဘူး။ အချို့ကျတော့ မချစ်သော်လည်းအောင့်ကာနမ်းဆိုတာလို အိမ်စောင့်၊ ခြံစောင့်လေးရအောင်ဆိုပြီးတော့ကာ မွေးသူတွေလည်း ရှိတတ်ကြပါတယ်။

ကျွန်တော်တို့ဒေသ နေပြည်တော်ကြီးမတည်မီကဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်တို့ မြန်ကပြေးရွာဟာ ပျဉ်းမနားမြို့နယ်မှာ ပါပါတယ်။ ကျွန်တော်တို့ရွာရဲ့ဈေးက ငါးရက်တစ်ကြိမ် ဈေးကြီးဖြစ်ပေမယ့် အစဉ်အလာအား



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် နေ့စဉ်ဈေးဖြစ်ပါတယ်။

အဲဒီတော့ ဈေးကို အမှီပြုပြီးရပ်တည်တဲ့ ခွေးလေခွေးလွင့်တွေဆိုတာရှိပါတယ်။ သူ့ဟာသူ ဖြစ်သလိုရပ်တည်ပြီး ပေါက်ဖွား နေထိုင်ကြလေ့ရှိတယ်။ ဈေးသည်တွေရဲ့ စားကြွင်းစားကျန်လေးတွေ၊ ကြက်၊ ဝက်၊ အမဲ၊ ငါး စတဲ့ အရိုးအရွဲ့ ဖြတ်တိုဖြတ်စစွန့်ပစ်ပစ္စည်းလေးတွေ စသည်ဖြင့်ပေါ့လေ အမှီပြုစားသောက်ပြီး အသက်ရှင်ရပ်တည်ကြတာပါ။ ဈေးခွေးတွေ သစ္စာရှိတာက ဈေးသည်တွေထံကပစ္စည်းတွေကို အလစ်ဆွဲပြေးပြီးစားသောက်ခြင်းလုံးဝမပြုကြတာပါပဲ။ ဒီတော့ ဈေးသည်တွေက ဈေးခွေးတွေကို မေတ္တာမရှိရင်တောင် ဒုက္ခတော့ပေးလေ့မရှိကြပါဘူး။ ဥပေက္ခာပြုထားကြတာပါ။

ဘာသာဘာဝ ခွေးကလေးတွေ ပေါက်ပွားလာပြီဆိုရင်တော့ ခွေးထီးလေးလည်းဖြစ်မယ်၊ လှလှဝဝလေးလည်းဖြစ်မယ်ဆိုရင်တော့ အဲဒီဈေးခွေးလေးကို ရချင်တဲ့သူပေါ်လာပြီး ချော့မော့ဖမ်းသွားကာ အိမ်မှာမွေးကြတော့တာပါပဲ။ ပိုင်ရှင်မဲ့ဘဝကနေ ပိုင်ရှင်ရှိခွေးဖြစ်သွားပြီး အိမ်နဲ့ စည်းနဲ့ စနစ်တကျ နေထိုင်ရတော့တာပါ။

ဒီအခါ ခွေးတို့သဘာဝ သူ့ဆန်စားတော့ ရဲရတော့တာပါပဲ။ အိမ်ဝင်းထဲလူစိမ်းဝင်လာရင်ဟောင်မယ်၊ကိုက်မယ်။ အချို့ခွေးကျတော့ မဟောင်ဘဲ အလစ်ဝင်ဆွဲမယ်။ ရင်းနှီးနေတဲ့အိမ်ရှင်တွေဆိုရင် အမြီးနှန့်ပြီး ကြိုဆိုမယ်၊ ခုန်ပေါက်မြူးထူးပြီး သခင့်အလိုကျနေပြတော့တာပါပဲ။ အဲဒါတွေက ခွေးတွေမှာ မွေးကတည်းကပါလာတဲ့ဗီဇတွေပါ။ သင်ပေးစရာမလိုဘူး။ သို့သော်လည်း တစ်ကောင်နဲ့တစ်ကောင် အသွင်အပြင်အမူအရာတော့ ကွာခြားပေမပေါ့လေ။ ခွေးတစ်ကောင်စိတ်တစ်မျိုးပေကိုး။

ခွေးတွေဆီကနေပြီး လူတွေအတုယူစရာ (၄) မျိုးရှိတယ်လို့ ဆိုတယ်။ အဲဒါက အိပ်ပျော်လွယ်ခြင်း၊ နိုးလွယ်ခြင်း၊ ကျွေးသမျှနဲ့ ရောင့်ရဲတင်းတိမ်နိုင်ခြင်း၊ သခင့်အပေါ် သစ္စာရှိခြင်းဆိုတာတွေပါပဲ။ ဒါတွေက အမှန်တကယ်အတုယူဖွယ်တွေဖြစ်ပါတယ်။ နက်နက်နဲနဲတွေးခေါ်ကြည့်ရင်သဘောပေါက်ကြမှာပါ။

**ခွေးကလေးရွှေနီ**

"ဝုတ် ဝုတ် ဝုတ် ဝုတ်"

ခွေးဟောင်သံက လမ်းဘက်ကထွက်ပေါ်လာခြင်းပါ။ အဲဒါကြောင့် ထမင်းချက်နေတဲ့ မတင်မေဟာ သူ့သားရွှေလုံးကို လှမ်းအော်ပါတယ်။

"ဟဲ့-ရွှေလုံး၊ နင့်ခွေးကလမ်းသွားလမ်းလာတွေထွက်ဟောင်နေပြန်ပါပြီ။ သွားမောင်းစမ်း"

ဆိုတော့ ရွှေလုံး လမ်းဘက်ပြေးသွားပြီး သူ့ခွေးကို မောင်းသွင်းလာပါတယ်။ ခွေးက ရွှေနီရောင်လေးပါ။ ကြီးကောင်ဝင်စပြုနေပါပြီ။ မကြာမီ ခွေးကြီးဖြစ်လာတော့မှာပါ။

"ငါအကြိမ်ကြိမ်တားလျက်နဲ့ဟာယ် ဒီခွေးကို မယူခဲ့ပါနဲ့လို့ အစကတည်းကပြောသားပဲ။ ခုတော့ လမ်းသွားလမ်းလာတွေထွက်ထွက်ဟောင်နေတာ ဒီခွေးကြီးလာရင်တော့ ဒုက္ခပါပဲ"

လို့ ညည်းညူနေပြန်ပါတယ်။

ခွေးလေးကို ဈေးသွားရင်း ရွှေလုံးက ဖမ်းယူလာခဲ့ခြင်းပါ။ ရွှေနီရောင်ကလေးမို့ ရွှေနီလို့ပဲ ခေါ်ပါတယ်။ ရွှေနီဟာ ပိုင်ရှင်မဲ့ ဈေးခွေးကလေးပါ။ ကိုလှအောင်၊ မတင်မေတို့ရဲ့ တစ်ဦးတည်းသောသားလေး ရွှေလုံးက သူ့အမေနောက်လိုက်ရင်း ပွေ့ခေါ်ခဲ့ပြီး မွေးထားခြင်းပါ။ မတင်မေက မယူရန် ဘယ်လိုတားပေမယ့် တားမရတာကြောင့်မွေးခွင့်ပြုရတော့တာပါ။ ရွှေနီနဲ့ ရွှေလုံး ဆိုတာက အတူနေကစားဖော်ကစားဖက်ဖြစ်နေပါပြီ။ ရွှေလုံးက (၁၀) နှစ်သားအရွယ်ပဲရှိသေးတာပါ။ ဒီတော့ ညီအစ်ကိုလိုခင်မင်ဆော့ကစားကြတာပါ။ ရွှေလုံးအဖော်ရတာပေါ့လေ။

ရွှေနီမှာ ညဉ်ဆိုးတစ်ခုရှိပါတယ်။ အဲဒါက စည်းအပြင်ထွက်ပြီး လမ်းမှာသွားလာနေတဲ့လူတွေကို ဟောင်တတ်တာပါ။ သူ့သဘောကတော့ သူ့စည်းထဲမဝင်ရဲအောင် ဟန့်တာနေမှာပါ။ ကိုက်တော့မကိုက်ပါဘူး။ ဒါပေမယ့် အဲဒီလိုစည်းပြင်ထွက်ပြီး ဟောင်တတ်တဲ့ ခွေးကို လူတကာမုန်းကြပါတယ်။ လမ်းသွားလမ်းလာတွေ စိတ်အနှောင့်အယှက်ဖြစ်ရပါတယ်။ သည်းခံသူတွေအနေနဲ့ အသာရှောင်သွားကြပေမယ့် သည်းမခံတတ်သူတွေကျတော့ ခဲနဲ့ ကောက်ထုတော့တာပါ။ ဒီအခါ ခွေးကပိုပြီးဟောင်တတ်လာတာပါပဲ။ ပြီးတော့ ပစ်တဲ့ခဲကိုလိုက်ကိုက်တဲ့အကျင့်ဖြစ်လာပါတယ်။

**တစ္ဆေမုန်းတဲ့ခွေး**

ဒီလိုနဲ့ ရွှေလုံးရဲ့ ခွေးရွှေနီဟာ အရွယ်ရောက်လာပါတယ်။ ကောင်းကောင်းမွန်မွန် ကျွေးမွေးပြီးထားတာ တစ်သွေးတစ်မွေးဆိုပါတော့။ အိမ်အပြင် လမ်းမဘက်ထွက်ထွက်ပြီး လမ်းသွားလမ်းလာတွေကို ဟောင်တတ်တဲ့ အကျင့်ကတော့ မပျောက်ပါဘူး။ အမြဲ မဟုတ်ပေမယ့် နေ့စဉ် အဲဒီလိုထွက် ဟောင်လိုက်ရမှ ရွှေနီကလည်း စားဝင် အိပ်ပျော်တာပါ။ အကျင့်ပါနေပါပြီ။

ခွေးဆိုတာ (၄) မျိုးရှိတယ်လေ ဟောင်သာဟောင်ပြီးမကိုက်တဲ့ခွေး၊ ကိုက် သာကိုက်ပြီး မဟောင်တဲ့ခွေး၊ ဟောင် လည်းဟောင် ကိုက်လည်းကိုက်တဲ့ခွေး မဟောင်လည်းမဟောင် ကိုက်လည်း မကိုက်တဲ့ခွေးဆိုပြီး (၄) မျိုးရှိရာ အကြောက်ရဆုံးက ကိုက်သာကိုက်ပြီး မဟောင်တဲ့ခွေးကိုပါဘဲ။ အဲဒီခွေးမျိုး ကိုက်ပြီးမှသိရတာ၊ ကြိုတင်ကာကွယ် ချိန်မရတတ်ဘူး။

အဲဒီမှာ အန္တရာယ်အကင်းဆုံး ဟောင်လည်းမဟောင်၊ ကိုက်လည်း မကိုက်တဲ့ခွေးပါဘဲ။ ဒါမျိုးခွေးကရှိတော့ ရှိတယ်၊ ရှားတယ်လို့ ဆိုရမှာပါ။ ခွေး သူတော်ကောင်းပေါ့။ ဒါပေမယ့် အဲဒီ နုံလွန်းဖျင်းလွန်းတဲ့ခွေးကျတော့ လူစိမ်း ဝင်လာလို့မှ ဟောင်ဖော်မရတဲ့အခါ ခွေး ရှင် စိတ်ညစ်ရတာ အမှန်ပါပဲ။ သူခိုးဝင် လည်း ကြည့်ရုံကြည့်နေမှာပဲ။ သူဝှက် ဝင်လာရင်လည်းကြည့်ရုံကြည့်နေမှာပဲ ဟန့်လိုက်မယ်တားလိုက်မယ်ဆိုတာ မှာမပါဘူး။ အထုပ်ကြီးထမ်းထွက်သွား လည်း ကြည့်ကောင်းကောင်းနဲ့ ကြည့် နေမှာပါပဲ။ သူကမှ မဟောင်တတ် မကိုက်တတ်တာ ကြည့်နေရုံပဲရှိမှာပဲ လေ။

အဲဒါမျိုးခွေးဟာ ရှားပေမယ့် တယ်။ ဘယ်မှာလဲဆိုတော့ နေပြည် တော် ဇမ္ဗူသီရိ အောင်ဇမ္ဗူရပ်ကွက် ကျွန်တော့်အိမ်ရဲ့ မြောက်ဘက်ခြံ ဒေါ်ကြင်လှိုင်အိမ်ကခွေးကြီးနဲ့ ကျွန် တော်တို့အိမ်က ခွေးကလေး ကျန်စုံ

ဒေါ်ကြင်လှိုင်အိမ်က ခွေးကြီး နာမည်က မဲကြီးတဲ့။ ဒါပေမယ့် အမည်နဲ့ မဟုတ်ဘူး။ ခွေးက နီညိုရောင်ပါ။ အဲ ခွေးကြီးဟာ သူ့အိမ်ဝိုင်းထဲ ဘယ်သူဝင်၊ ဘယ်သူထွက်ထွက် လက်ပေါ်ခေါင်း တင်ပြီးကြည့်နေတာပဲရှိတယ်။ လုံးဝ ဟောင်မှာ၊ ကိုက်မှာမပါဘူး။ သူနဲ့ဘာမှ မဆိုင်သလိုနေတတ်တာ ဘဝတစ်သက်လုံး လုံးပါပဲ။

အဲဒီမဲကြီးက ကျွန်တော်တို့အိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြီး ခွေးကလေး ကျန်စုံနဲ့အတူ ယ်။ အတူအိပ်တယ်။ ကျန်စုံကို ယ်လို့ ခေါ်ရမှာပါ။ ဒီတော့ တလည်း မဲကြီးစရိုက်အတိုင်း င်တတ်၊ မကိုက်တတ်တဲ့ ခွေး ပြီး ကျွန်တော်တို့အခေါ် ခွေးပေါ လာခဲ့ပါတယ်။

မဲကြီးမှာ ထူးခြားတာတစ်ခုရှိ ဒေါ်ကြင်လှိုင်တို့ ပြောပြလို့ ယ်၊ အဲဒါက ညအခါ အိမ်ဝင်း ရွှေဝင်လာလို့ကတော့ စားမတတ် တ် အတင်းထိုးဟောင်လေ့ရှိပြီး လေ့ရှိတယ်လို့ ဆိုပါတယ်။ အဲဒါ ရွှေသွားရာနောက် တကောက် တ်လိုက်ပြီး ရန်ရှာလေ့ရှိတာပါပဲ။ ရွှေထွက်အောင် မောင်းထုတ် အဟောင်ရပ်လေ့ရှိကြောင်း သိရပါ အဲဒါက မဲကြီးရဲ့ ဝိသေသပါ။ လည်း မကောင်းဆိုးဝါးလို့ခေါ် သရဲတစ္ဆေတွေကို မောင်းထုတ် ကြောင့် မဲကြီးအပေါ် ကျေနပ် ပါတယ်။ ဒါက မဲကြီးရဲ့ကောင်း ပါ။ ခွေးမျက်စိဆိုတာ နာနာဘာဝ တဲ့ ပြိတ္တာတွေကို မြင်နိုင်စွမ်းရှိ ။ ကျွန်တော်တို့အိမ်က ကျန်စုံနဲ့ တွာပါ။

ကျွန်တော် တစ်ခါ မန္တလေးကပြန် တ်တဲ့ညမှာ ကျွန်တော့်ခေါင်းရင်း မွေးကင်းစ ခွေးပေါက်ကလေး ရဲ့ ညည်းညူသံတွေ ကြားနေရပါ ။ ဩော် - ဘယ်ခွေးမက ခွေးက တွေမွေးထားပါလိမ့်ဆိုပြီး သာမန် ပဲ တွေးမိပါတယ်။ မနက်ကျ ကြည့်လိုက်မယ်ပေါ့လေ။ ကျွန်တော်က စ်တာကိုး။

မိုးလင်းလို့ ကျွန်တော့်ဝင်းထဲ င်ဘက်က မောင်မြတ်ထွန်းအိမ် ထဲအနှံ့ ရှာကြည့်ပေမယ့် ဘယ်ခွေး သားတာမှမတွေ့ရပါဘူး။ ပတ်ဝန်း င်အိမ်ဝင်းတွေ လှေ့လာကြည့်ပြန် လည်း ခွေးမွေးရာသီမဟုတ်တာ ကြောင့် လုံးဝမတွေ့ရပါဘူး။ ဒါဆို ကျွန်တော့်ခေါင်းရင်း မွေးစခွေးလေးတွေ အော်သံဟာ ရိုးရိုးမဟုတ်ဘူးဆိုတာ သဘောပေါက်လိုက်ပါတယ်။ ဒါနဲ့ ခွေး မမွေး မောင်မြအေး မေးကြည့်ပြန် လည်း ဒီဝန်းကျင် ဘယ်မှာမှခွေး ကြောင်း ပြောပြပါတယ်။ ဒါဆို ကျွန်တော် ခွေးတစ္ဆေအခြောက်ခံရတာ သေချာပါပြီ။

ညအိပ်ရာဝင်လို့ တိတ်ဆိတ်တဲ့အ ချိန်ရောက်တာနဲ့ ကျွန်တော့်ခေါင်းရင်း မှာ ထုံးစံအတိုင်း ခွေးကလေးတွေ တကွိ ကွိနဲ့ အော်သံကြားနေရပြန်တာပါပဲ။ ဇကေန္တ - တစ်လောလေးက အမူးသမား ရိုက်သတ်လို့ သေသွားတဲ့ ကုတ်ကြား မကျွတ်မလွတ်ဖြစ်ကာ ကျွန်တော့်ဆီ အသံပေးပြီး အကူအညီလာတောင်းတာ ထင်ရဲ့လို့ တွေးနေတုန်းမှာပဲ အိမ်ရှေ့ ထန်းလက်ကုလားထိုင်ပေါ် အမြဲတက် အိပ်တဲ့ကျန်စုံက တရှူးရှူးနဲ့ထပြီးအူနေ တော့တာပါပဲ။ ကျန်စုံက မဟောင်ဘဲ အူနေတာပါ။ သူအူတော့ ခွေးကလေး တွေရဲ့ တကွိကွိအသံပျောက်သွားတယ်။ နောက်ထပ် ခွေးကလေးတွေရဲ့အသံလာ မပေးတော့ပါဘူး။ (၂) ရက်ပဲကြားလိုက် ရပါတယ်။ အမှန်တော့ ခွေးတစ္ဆေ အခြောက်ခံရခြင်းပါ။ ပြိတ္တာဆိုတာ လူ သေမှဖြစ်တာမဟုတ်ပါဘူး။ တိရစ္ဆာန် တွေသေလည်းဖြစ်ကြပါတယ်။ ပြိတ္တာ ရယ်လို့ဖြစ်လာရင် လူကပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ကပဲဖြစ်ဖြစ် ဆင်းရဲငတ်မွတ် ခြင်းကြီးစွာနေကြရတာကြောင့် ရပ်တွေ ရွာတွေထဲအစာဝင်ရှာကြရတာ ထုံးစံပါ။ အဲဒီအခါ သံယောဇဉ်ရှိရာကိုဝင်ပြီးအကူ အညီတောင်းတဲ့သဘောတွေ ရှိတတ်ပါ တယ်။

ဆက်စပ်လို့ပြောပါရစေဦး။နောက် တစ်ခါကြုံတာက ညနေဝင်ရိုးရီအချိန်ပါ။ ကျွန်တော်တို့တွေ သရက်ပင်ရိပ်မှာ လူစုံ တက်စုံထိုင်နေချိန်ပါ။ အဲဒီမှာ အနီးမှာ ရှိနေတဲ့ ခွေးပေါက်စလေးပိစိကို တစ္ဆေ ကချစ်လို့လာစခြင်းပါ။ ခွေးကလေးဟာ တဂဲဂဲမာန်ဖီပြီး တဖြည်းဖြည်းနောက် ဆုတ်နောက်ဆုတ်လုပ်နေတာပါ။

ကျွန်တော်တို့ မြင်နိုင်စွမ်းမရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးဟာ ခွေးလေးကို စ,နေခြင်း ပါပဲ။ ခွေးကလေးက မာန်ဖီရင်း နောက် ဆုတ်နောက်ဆုတ်လုပ်နေတာ တစ်လံ ကျော်ကျော်ရှိနေပါပြီ။ ကျွန်တော်တို့က တော့ ပိစိကိုကြည့်ပြီး သဘောကျနေ ကြတာပါ။ ပရလောကသားတစ်ဦးစ,နေ တာကိုကြည့်ပြီး သဘောပေါက်ကြပါ တယ်။ အဲဒီမှာ မာန်တဖီဖီနဲ့ ကြောက် နေတဲ့ ပိစိကို မောင်မြင့်အေးက -

"မကြောက်ပါနဲ့ သားရဲ့။ ဒီမှာ အဖေတို့ရှိပါတယ်"

လို့ အားပေးလိုက်တော့မှ ပရ လောကသား သူ့လမ်းသူသွားဟန်တူပါ တယ်။ ပိစိ အနေအထားက ပုံမှန်ပြန်ဖြစ် သွားပါတယ်။ ဒါက နေ့နေ့ ညည လူတို့ နေထိုင်ရာအရပ်တွေမှာ ဝင်ထွက်သွား လာနေကြတယ်ဆိုတဲ့သာဓကပါပဲ။ ခွေး လေးကို ချစ်လို့စခြင်းပါ။

အခုချိန်မှာတော့ အဲဒီခွေးတွေ တစ်ကောင်မှမရှိတော့ပါဘူး။ အရွယ် မရောက်မီ သက်တမ်းတိုတိုနဲ့ သေကုန် ကြပါပြီ။ တော်သလင်း ခွေးပွဲတော်ပြီး တာနဲ့ တစ်ကောင်ပြီးတစ်ကောင် ခွေး နာကျပြီးသေကုန်ကြတာပါ။ ကိုယ်ပိုင် မမွေးတော့ပေမယ့် လာသမျှခွေးတွေကို ကျွေးနေတုန်းပါပဲ။

**ခွေးကိုမုန်းတဲ့ဦးအုန်း**

ကိုလှအောင်၊ မတင်မေတို့ဟာ ပြန်ကပြေး နှစ်ဆောင်ပြိုင်ရပ်ကွက်ထဲ မှာနေတာပါ။ သူတို့ရဲ့ရွှေနီဟာ အရွယ် ရောက်လာတဲ့အခါ တစ်သွေးတစ်မွေး လှပတဲ့ခွေးကြီး ဖြစ်လာပါတယ်။ သူ့ အကျင့်ကလည်း ထုံးစံအတိုင်း မကိုက် ပေမယ့် လမ်းသွားလမ်းလာတွေကို ထွက်ထွက်ဟောင်တတ်တာပါပဲ။

သူတို့ရပ်ကွက်ထဲက ဦးအုန်းက တော့ ခွေးကို မချစ်တတ်ပါဘူး။ ခွေး ဆိုရင် အလွန်ရွံပြီးအလွန်မုန်းတဲ့လူပါ။ အရွယ်အားဖြင့် (၄၀) ကျော်ကျော်ရှိပါ ပြီ။ အဲဒီလမ်းဆိုတာက မလွဲမသွေ နေ့ စဉ်ဖြတ်နေရတဲ့လမ်းဖြစ်နေသလို နေ့စဉ် လည်း ခွေးဟောင်ခံရတတ်ပါတယ်။ တခြားလူတွေသာ အဟောင်မခံရရှိမယ်၊ ဦးအုန်း လာပြီဆိုတာနဲ့ ခွေးကထွက် ဟောင်ပြီးသားပါ။ ဘာလို့လဲဆိုတော့ ဦးအုန်းက ခွေးကို နေ့စဉ် ခဲနဲ့ထုနေကျ ဖြစ်ပြီး ခွေးကလည်း ဦးအုန်းမြင်တာနဲ့ ပြေးထွက်လာပြီး ဟောင်စမြဲပါ။ တစ်ဦး မေတ္တာ တစ်ဦးမှာ ဆိုတာလို ခွေးနဲ့လူ မေတ္တာပျက်နေကြခြင်းပါ။

ခဲနဲ့ဘယ်လိုထုပေမယ့်လည်း ခွေး က လွတ်အောင် အမြဲရှောင်တတ်သလို ကျလာတဲ့ခဲကို ဒေါသတကြီး ပြေးကိုက် တာကလည်း ထုံးစံဖြစ်နေပါပြီ။ ဦးအုန်း စိတ်ထဲမှာ ဒီခွေးကို ကြာလေ အမုန်းထု ထည် ကြီးလေကြီးလာပါတော့တယ်။ ခွေးရဲ့ ပျက်စီးရာပျက်စီးကြောင်းအထိ ကြံစည်တွေးတောလာပါတော့တယ်။

အဲဒါက ရှေးအစဉ်အလာသုံးခဲ့ တဲ့နည်းပါ။ အဲဒီနည်းက သဘော်သီး အစိမ်းကို မီးဖုတ်ပြီး ခပ်ပူပူလေးနဲ့ပစ်တဲ့ နည်းပါ။ တွေ့ကြသေးတာပေါ့ကွာလို့ ကျိတ်ပြီး ကြိမ်းဝါးပါတယ်။ ရာသီက သဘော်သီးပေါတဲ့ရာသီလေ။ အခက် အခဲမရှိ အကောင်အထည်ဖော်နိုင်တဲ့ အစီအစဉ်ဆိုပါတော့။



www.burmeseclassic.com

www.burmeseclassic.com

**သင်္ဘောသီးမီးဖုတ်ရဲ့အစွမ်း**

ဦးအုန်းဟာ အလောတော် သင်္ဘောသီးစိမ်းကို မီးဖုတ်ပြီး ကိုင်လို့ရတဲ့အနေအထားမှာ ကိုလှအောင်တို့အိမ်ရှေ့မှာ လှရိပ်လာပြပါတယ်။ ကိုလှအောင်တို့အိမ်မှာ လူတွေမရှိကြပါဘူး။ အိမ်စောင့်အဖြစ် ခွေးနီပဲရှိနေတဲ့အချိန်ပါ။

ဦးအုန်းကို လှစ်ခနဲ မြင်လိုက်တာနဲ့ ခွေးနီဟာ ပြေးထွက်လာပြီး ထိုးဟောင်ပါတယ်။ အဲဒီအခွင့်အရေးကို စောင့်တဲ့ ဦးအုန်းကလည်း သင်္ဘောသီးမီးဖုတ်နဲ့ လှမ်းပစ်ပါတယ်။ ခွေးနီကလည်း သင်္ဘောသီးကို အားပါးတရ လိုမ့်ကိုက်ပါတယ်။ ဦးအုန်းက ကြည့်ပြီး သဘောကျကာ ရှေ့ဆက်သွားတဲ့အခါ ခွေးနီလည်း အိမ်ထဲပြန်ဝင်သွားပါတယ်။

သင်္ဘောသီးမီးဖုတ်ကို ကိုက်မိတဲ့ ခွေးဟာ သွားတွေအကုန်ကျွတ်ထွက်ကုန်လေ့ရှိပါတယ်။ ဘယ်လိုဓာတ်ရယ်လို့တော့ မသိပါဘူး။ ဘယ်တုံးဘယ်ကာလက ဘယ်သူက တီထွင်စမ်းသပ်ခဲ့သလဲဆိုတာလဲ မသိပါဘူး။ မြန်မာ့အစဉ်အလာမှာတော့ ခိုင်ခိုင်မာမာရှိတဲ့ မကောင်းတဲ့နည်းတစ်နည်းပါဘဲ။

နောက်နေ့မှာ အမှန်တကယ်ပဲ ခွေးနီ့သွားတွေ အကုန်ကျွန်ထွက်ကုန်ပါ့တယ်။ ဒါလည်း ရှေ့လုံးက ခွေးနီကို အစာကျွေးတဲ့အခါ အစားမစားနိုင်တာကို တွေ့ရမှ ရှေ့လုံးက သိရခြင်းပါ။ ဒီအခါ မိသားစုတွေ စိတ်မကောင်းခြင်းကြီးစွာဖြစ်ကြရပါတယ်။ အိမ်ရှေ့ထွက်ကြည့်တဲ့အခါ သင်္ဘောသီးမီးဖုတ်ကို တွေ့ရမှ အဖြစ်မှန်ကို သိကြရပါတယ်။ ပြုတဲ့လူကို အပြစ်မဆိုသာပါဘူး။ဘာလို့လဲဆိုတော့ သူတို့ရဲ့ခွေးက စည်းကျော်ပြီး လမ်းပေါ်ထွက်ဟောင်လေ့ရှိတာကိုး။

သွားတွေမရှိတော့တဲ့ ခွေးနီဟာ အစားအစာမစားနိုင်တော့ဘဲ တပိန်ပိန်တလိမ်လိမ်ဖြစ်ကာ ရက်အတန်ငယ်ကြာတဲ့အခါ သေဆုံးသွားတော့တာပါပဲ။ ကျေနပ်နေသူကတော့ ခွေးကိုမုန်းတဲ့ ဦးအုန်းပါ။ ငါလုပ်တာကွဆိုပြီး ဝမ်းသာဂုဏ်ယူနေသူပါ။ သူ့ကိုယ်သူ မဟာသူရဲကောင်းလို့တောင် အထင်ရှိနေပုံရပါတယ်။ ဦးအုန်း အဲဒီလမ်းကိုသွားတိုင်း ခွေးနီ့ကို နှိပ်ကွပ်လိုက်ရတာကို အားပါးတရတွေးပြီး ကျေနပ်လေ့ရှိတယ်။ ခုတော့ တိတ်လို့ဆိတ်လို့ ဘယ်လောက်ဟန်ကျလဲဆိုပြီးပြုံးလို့ပါ။

**သွားဖုံးကင်ဆာ**

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးလာလိုက်တာ ဦးအုန်းတောင် အသက် (၅၀) ကျော်စပြုလာပါပြီ။ သွားဖုံးတွေ ရောင်ပြီးနာလာလို့ သွားဆရာဝန်ဆီသွားပြတဲ့အခါ စမ်းသပ်ပြီး ဆေးရုံကို ညွှန်းတာကြောင့် (နေပြည်တော်) ပျဉ်းမနားဆေးရုံကြီးကို ရောက်ရပါတယ်။ တတ်ကျွမ်းတဲ့သမားတော်တွေ စစ်ဆေးတဲ့အခါ နှစ်ရှည်လများ ကွမ်းစားခဲ့တဲ့ ဒဏ်ကြောင့် သွားဖုံးကင်ဆာ ဖြစ်တယ်ဆိုတဲ့အဖြေကို ရပါတယ်။ ဒါနဲ့ ဆင်းခွင့်တောင်းပြီး အိမ်ပြန်ခဲ့ပါတယ်။

နာလိုက်တဲ့သွားတွေဆိုတာ ဘာမှကို ဝါးလို့မရတာ။ ဆန်ပြုတ်အရည်ကြဲနဲ့ အသက်ဆက်နေရတယ်။ သိပ်မကြာလိုက်ပါဘူး၊ သွားခြေတွေယိုင်ကုန်ပြီး သွားတွေအကုန်လုံးပြုတ်ထွက်ကုန်တော့တာပါပဲ။ တစ်ချောင်းမှ မကျန်အောင်ကို ပြုတ်ထွက်ကုန်တာပါ။

ဒီအခါက သူပြုခဲ့တဲ့ကံကို ပြန်ပြီး သတိရပါတော့တယ်။ လှအောင်တို့အိမ်က ခွေးနီကို သင်္ဘောသီးမီးဖုတ်ပစ်ပြီး သွားတွေအကုန်ပြုတ်အောင်လုပ်ခဲ့တာ။ အခုတော့ ငါ့မှာလည်း သွားတွေအကုန်ပြုတ်ထွက်ကုန်ပါပေါ့လား။ ဩော် - ဝဋ်ဝဋ် နောက်ဘဝထိတောင်မစောင့်ဘဲ ခုဘဝမှာပဲ လက်ငင်းအကျိုးပေးတော့တာပါလားလို့ တွေးမိပြီး စိတ်မကောင်းခြင်းကြီးစွာ ပူလောင်ခံစားနေရပါတယ်။

လူမမာလာမေးကြတဲ့ လူတွေကိုလည်း သူ့ရဲ့စိတ်သက်သာရာရလိုရငြား အကုန်လုံး ဖွင့်ဟပြောပြလေ့ရှိပါတယ်။ အဲဒီလို ခွေးနီကို ပြုမူခဲ့တဲ့အကြောင်း ပြောပြပြီးရင် -

"မင်းတို့တွေလည်း ငါ့လိုမဖြစ်ကြစေနဲ့။ ခွေးနီဆိုတဲ့ခွေးက ငါ့ကြောင့် မစားနိုင်မသောက်နိုင်ဖြစ်ပြီး သေခဲ့ရတာပါ။ ခု ငါ့မှာလည်း သွားတွေတစ်ချောင်းမှမရှိတော့ပါဘူး။ ငါလည်း ခွေးနီလိုပဲ မစားနိုင်မသောက်နိုင်တဲ့ဘဝနဲ့ သေရမှာပါကွာ"

လို့ ပြောပြလေ့ရှိပါတယ်။

ကင်ဆာရယ်လို့ ဖြစ်လာခဲ့ရင် ကျွန်တော်တို့ မြန်မာတွေဟာ ဝေဒနာလွန်မှသိကြတာများတာမို့ အဲဒီကင်ဆာရောဂါဝေဒနာနဲ့ပဲ ဦးအုန်း မကြာမီမှာပဲ သူချစ်တဲ့သူ့မိသားစုကို ကျောခိုင်းသွားခဲ့ရတာပါ။ အမှန်တော့ တူညီသောပေးဆပ်ခြင်းကို ပေးဆပ်သွားခဲ့ရတာပါ။ ဘာလို့လဲဆိုတော့ ပြုတဲ့အကုသိုလ်ဇော

ဟာ ပထမဇော့စေတနာအားကြီး... အတွက်ကြောင့်ပါပဲ။ သူတစ်ပါးကို ... တွေပြုတ်ထွက်ကုန်ပြီး သေစေ... စေထနာက အလွန်အားကောင်း... ကိုး‌ဗျ။

**လူနဲ့ကြက်၊ ကြက်နဲ့လူ**

နေပြည်တော်ကြီးမတည်သေး... အချိန်ဆိုတော့ ကျွန်တော်တို့ပြန်... ဟာ တောရွာစစ်စစ်ဖြစ်နေချိန်လို့... မှာပါ။ဒီတော့ လူတွေလည်း တော... တောစရိုက်နဲ့နေကြတာပါ။ တော... ဆိုတဲ့အတိုင်း အိမ်အများစုက ကြက်... ကြတယ်။ ဝါသနာမပါလို့မမွေးတဲ့... လည်းရှိတာပေါ့လေ။ မိုးကုတ်ကျေး... ကြက်မမွေးလို့ လူရှိပေမယ့် ကြက်... ပါဘူး။

ကြက်မွေးတဲ့ အိမ်တွေကျ... စျေးသုံးလိုရင် ကြက်ဖမ်းပြီးရောင်း... ဧည့်သည်လာရင် ရိုက်ချက်စား... တာပါပဲ။ ဒီတော့ ကြက်မွေးတာ... မိသားစုအတွက် တစ်ထောင့်တစ်နေ... အကျိုးပြုတော့ကာ မွေးသူများတ... ပြီးတော့ အိမ်ကြက်ဆိုတာမျိုးက ... ဘဲပစ်ထားရင်တောင် သူ့ဟာသူ... တတ်တယ်။ အကြမ်းခံတယ်။ မွေး... ကြက်တွေလို ယုယစရာမလိုဘူး။ ... က အိမ်မွေးကြက်ရဲ့ အားသာချက်... ပြီးတော့ ရောင်းတဲ့အခါ မွေးမြူရေး... ထက် စျေးကောင်းရတယ်။ ကာလ... ချက် ချက်စားရင်တောင် အိမ်ကြက်... ချက်စားမှ နှစ်နှစ်ကာကာချိုတာ။ ... လိုက်တာနဲ့ သူ့ရဲ့ရနံ့က (၇)အိမ်ယော... အထိတောင် သင်းပျံ့လို့နေတာ။ ... ရည်ယိုဖွယ်ပေါ့လေ။

ကြက်ဥကိုကြည့်ဦးမလား။ မွေး... ရေးဥနဲ့ အိမ်ကြက်ဥဈေးက မတူ... အိမ်ကြက်ဥမှ အားရှိတယ်လို့ လူတွေ... ယူဆထားတာ။ ဒီတော့ ဥကျင်း... ထွက်တဲ့ အိမ်ကြက်ဥက ဈေးကော... တယ်။ မျက်နှာပန်းလှတယ်။

အိမ်ကြက်ဥဆိုလို့ စပ်မိလို့... ရဦးမယ်။ ကျွန်တော် မိုးကုတ်အနော... ပိုင်း ကျောက်ဖျာရွာမှာ နေစဉ်တ... မိုးကုတ်ဆိုတာ ပတ္တမြားတူးသူ... ခွေးနဲ့ ကြောင်ကလွဲရင် ဘာကော... မမွေးကြပါဘူး။ ပွဲသုကူကြုံရာဝယ်... ကြလေ့ရှိတယ်။

အဲဒီမှာ ငါးရက်တစ်ဈေး... ပြင်ဈေးကို အားပြုပြီး ကျွန်တော်တို့... စားလေ့ရှိကြတယ်။ ကြက်ရိုက်တွေ...



www.burmeseclassic.com

...ချွန်တော်တို့ရွာတွေကို လောင်း ...ရေဝေဘက်က ပန်းထိမ်းဈေးသည် ...ရောင်းကြတယ်။ ကျွန်တော်တို့ ...တိုးလို့ ခေါ်ကြတယ်။ အဲဒီဈေး ...တွေမှာ အိမ်ကြက်ဥလေးတွေအမြဲ ...တတ်တာပါပဲ။ ဈေးကလည်းကြီး ...ကြက်ဥကလေးသေးသေးလေး ...ပြီးတော့ ကြက်ချေးလေးတွေ ...နေတတ်တယ်။ ကြက်ချေးက ...ကြက်ဥစစ်ပါတယ်ဆိုတဲ့ သင်္ကေတ ...ဒီတော့ လူတွေ ဈေးကြီးပေးပြီး ...ကြတယ်။ အချို့က အစိမ်း ...သုတောင်ရှိတယ်။ အိမ်ကြက်ဥ ...ဒီလို တန်ဖိုးထားပြီး စားကြတာ။ ...တယ်ရှိ မရှိတော့ မသိဘူးပေါ့ ...အာလများစွာ လောင်းစင်၊ ရေဝေ ...ဘက် လူတွေလာရောင်းတာကို ...ကြက်ဥက ရိုးအီမသွားခဲ့ပါဘူး။ ပါ ...အိမ်ကြက်ဥကို အလုအယက် ...ကြတာပါပဲ။

...ချင်တော့ အဲဒီအိမ်ကြက်ဥ ...ဝယ်နေကြတဲ့အချိန် ကျပ်ပြင်က ...တ်တုန်သည်အုပ်စုတွေကလည်း ...အခြားပစ္စည်းတွေဝယ်နေပါတယ်။ ...ကြက်ဥဝယ်နေတာတွေကို ငေးမော ...နေပါတယ်။ နောက်မှ ကျောက် ...သည်တွေက ရွာကအမျိုးသမီးတွေ ...ပြောပြတယ်။

အဲဒါ အိမ်ကြက်ဥ မဟုတ်ဘူး။ ...နေ့တိုင်း ကုန်စုံဆိုင်တွေမှာ အလုံး ...လို့ ကျန်နေတဲ့ မွေးမြူရေးကြက်ဥ ...အဲဒီလက်ကျန်အလုံးသေးသေး ...ကို သူတို့က ဈေးပေါပေါနဲ့ ဝယ်ပြီး ...စင်ကိုသယ်သွားတာ။ ရွာရောက် ...ကြက်ချေးသုတ်၊ ကောက်ရိုးနဲ့ခံပြီး ...ကြက်ဥဆိုပြီး ဈေးကြီးကြီးနဲ့ ရွာစဉ် ...ရောင်းတာ။ အဲဒီကောင်မလေး ...ဈေးနေ့တိုင်း ကြက်ဥလက်ကျန် ...သေးသေးလေးတွေကို ဝယ်ယူနေ ...အမြဲတွေ့ရတယ်။ ဒီလောက်များ ...ကြက်ဥတွေ ဘာလုပ်မှာပါလိမ့်လို့ ...တ်မေ့တာ။ ပြီးတော့မှ အိမ်ကြက်ဥ ...ရောင်းတာကိုးလို့ ပြောပြလေမှ ...င်းစင်၊ ရေဝေသူတွေရဲ့ ညက်ပြေး ...အဘောပေါက်ပြီး ရယ်မောကြရပါ ...အပုတ်ကြီး အိမ်ဥမှတ်ပြီး ဈေး ...ကော ဝယ်သောက်နေသူတွေမှာ ...ရှက်ပြုံးပြုံးနေကြရပါတော့တယ်။ ...အိမ်ကြက်ဥနဲ့ ဆက်နွှယ်လို့ အဖြစ် ...ကို တင်ပြခြင်းပါ။

မိုးကုတ်မှာ ကျောက်ကုန်သည်တို့ ကျောက်ပွဲစားတို့ဆိုတာ လူလည်လူတန်းစားတွေပါ။ လောင်းစင်ရွာ၊ ရေဝေရွာဆိုတာတွေဟာ မိုးကုတ်ပေမယ့် ကျောက်မထွက်ပါဘူး။ ကျောက်ထွက်တဲ့လူလည်ကျောက်ကုန်သည်တွေကို ကျောက်မထွက်တဲ့ဒေသကလူတွေက နှစ်ရှည်လများလိမ်ခဲ့တယ် ဆိုတော့ စဉ်းစားကြည့်ပါ။ ဘယ်လောက်ရှက်ဖို့ကောင်းလဲဗျာ။

အဲဒီကျတော့မှ သေးတိုင်း အိမ်ကြက်ဥမဟုတ်ဘူး ဆိုတာကို သိကြခြင်းပါ။ မွေးမြူရေးကြက်ဥသေးတာရှိမှန်းလည်းသိရဲ့၊ ဒါပေမယ့် တောကရိုးပုံပန်းပုံတွေနဲ့ဆိုတော့ ဒီလိုညာက်များလောက်ဘူးလို့ ပုံသေနည်းနဲ့တွက်ကြတာကိုး။ အမှန်တော့ လျှော့တွက်မိကြတာပါ။ ဖြစ်ပုံက လူပါးပုလင်းထိတာပါပဲ။

## ကြက်စောင့် မောင်မွှေး

"မောင်မွှေးရေ၊ အဖေ့ခြံထဲမှာ သီးပင်စားပင်လေးတွေပျိုးထားတယ်နော်။ အဲဒါကြက်တွေလာမယက်အောင်စောင့်မောင်းပေဦး"

လို့ မှာပြီး တောထဲ ကြံခင်းကို ထွက်သွားကြပါတယ်။ မောင်မွှေးက အိမ်မှာ အကြီးပါ။ ကျောင်းပိတ်ရာသီမို့ မောင်နှမတစ်တွေ အချိန်ပြည့် ဆော့ကစားချိန်ရကြပါတယ်။ အဲဒါကြောင့် မောင်နှမတစ်တွေ ပြောင်းဆန်အောင် ဆော့ကြတာပါပဲ။ ဆော့နေတော့ကာ ကြက်စောင့်ဖို့ မောင်မွှေး မေ့သွားခဲ့ပါတယ်။သတိရလို့ကြည့်လိုက်တော့ အဖေ့ပျိုးခင်းမှာ ကြက်တွေဝင်ယက်နေကြပါပြီ။ ဖွာလန်ကိုကြဲနေတော့တာပါပဲ။ ဒါနဲ့ ကြက်တွေကို ခဲနဲ့လိုက်ပြီးထုတဲ့အခါ သူတို့ခြံဘက် ပြန်ကူးပြေးကုန်ပါတယ်။ မောင်မွှေးကတော့ ကြိတ်မနိုင်ခဲမရကျန်ရစ်ခဲ့တာပါ။ အသေအချာမှာခဲ့လေမှ ကြက်တွေက ယက်ဖြစ်အောင်လာယက်သွားကြတာပါ။

နေ့လယ် (၁၁) နာရီလောက်မှာ ကိုတင်အေးနဲ့မလှမွှံတို့ တောထဲ ကြံခင်းကြံဘောင်လုံးရာမှ ပေါက်ပြားကိုယ်စီထမ်းကာ ပြန်ရောက်လာကြပါတယ်။ ရောက်တယ်ဆိုရင်ပဲ ကိုတင်အေးက သူ့ပျိုးခင်းဆီမျက်စိရောက်ပါတယ်။ ဖွာလန်ကြဲပြီး ဖရိုဖရဲဖြစ်နေပါပြီ။ မောင်မွှေးကတော့ အပြစ်ရှိသူမို့ မျက်နှာငယ်ငယ်နဲ့ ရယ်ပါ။

"မောင်မွှေး၊ လာဦး"

"ဟုတ်ကဲ့"

"မင်းကို ငါ ဘာခိုင်းထားသလဲ"

"ကြက်စောင့်ဖို့ပါ"

"မင်းဘာလုပ်နေလဲ၊ ကြက်တွေဝင်ယက်သွားတာ မမြင်ဘူးလား"

"ညီမလေးတွေနဲ့ ဆော့နေလို့ပါ အဖေ"

အဲဒီမှာ ကိုတင်အေးက ဝါးခြမ်းပြားဆွဲပြီး မောင်မွှေးကို သုံး၊ လေးချက်ရိုက်တော့တာပါပဲ။

"တော်ပါတော့ ကိုတင်အေးရယ်၊ ကလေးဆိုတာ ဒီလိုပါပဲ။ ဆော့တဲ့အရွယ်ဆော့ကြမှာပေါ့"

ဆိုပြီး တုတ်ကိုဆွဲလုသွားပါတော့တယ်။ မောင်မွှေးကတော့ မျက်ရည်တတွေတွေနဲ့ ကျိတ်ပြီးငိုနေပါတယ်။ မောင်မွှေးအသက် (၁၃) နှစ်ရှိနေပါပြီ။ ကလေးအရွယ်မို့ ကလေးစိတ်မပျောက်သေးပါဘူး။ ကိုတင်အေးကတော့ သူ့ပျိုးခင်းလေးကို နှမြောတသစွာကြည့်နေပါတယ်။

မောင်မွှေးကလည်း တွေကြသေးတာပေါ့ ကြက်တွေရာ။ ဒီအခင်းကိုယက်တာ ကြက်သားအုပ်မကြီးပဲ။ ငါမှတ်မိတယ်။ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်။ ငါနာသလို နင်လည်းနာစေရမယ်လို့ စိတ်ထဲမှာ ကြိမ်းဝါးနေမိပါတယ်။

## လက်စားချေပြီ

မောင်မွှေးတို့အိမ်က ကြက်မမွေးပါဘူး။ တစ်ဖက်အိမ်က ကြက်မွေးပါတယ်။ ဘကြီးသောင်းတို့ခြံနဲ့ မောင်မွှေးတို့ခြံက စည်းရိုးသာခြားပါတယ်။ စည်းကလည်း မလုံတဲ့စည်းမို့ ကြက်တွေက သူတို့ခြံထဲလာပြီး အမြဲလိုလို ယက်ကာ အစာရှာဖွေစားသောက်လေ့ရှိပါတယ်။ အပင်တွေစိုက်တဲ့ မောင်မွှေးတို့အိမ်အတွက် ဘကြီးသောင်းတို့ကြက်တွေက အနှောင့်အယှက်ဖြစ်စေပါတယ်။ ဒါပေမယ့် အိမ်နီးချင်းတွေမို့ ဘာမှမဆိုကြပါဘူး။ ခုတော့ ဒီကြက်တွေက မောင်မွှေးကို ဒုက္ခပေးခဲ့ပါပြီ။

မောင်မွှေးဟာ သူ့မိဘတွေတောထဲသွားတာနဲ့ ကြက်ထောင်ဖို့ စီမံပါတယ်။ ပထမဆန်တစ်ဆုပ်လောက်ပုံပါတယ်။ အဲဒီဆန်အပေါ်မှာ တောင်းကြီးတစ်လုံးအုပ်ကာ တုတ်လေးနဲ့ထောက်ကာ မ,ထားပေးပါတယ်။ တုတ်ကို ကြိုးကလေးနဲ့ချည်ပြီး အကွယ်ကစောင့်နေတာပါ။ဒါမှုလောက်ကတော့ မောင်မွှေးတတ်ပါတယ်။ ကြက်က ဆန်ကို ဝင်စား

www.burmeseclassic.com

တာနဲ့ တောင်းအောက်ကို ရောက်ပါပြီ။ ဒါဆို တုတ်ကလေးဆွဲဖြုတ်လိုက်တာနဲ့ ကြက်မကြီး တောင်းနဲ့အုပ်မိပြီး မိမှာပါ။

မောင်မွှေးက ကြိုးဆင်ပြင်ဆင်တဲ့ နေရာမှာ အတော်ပြည့်စုံပါတယ်။ ကြက်မကြီးကိုမိတာနဲ့ နောက်တစ်ခါ သူတို့ ပျိုးခင်းကို လာမယက်နိုင်အောင် ခြေတစ်ဖက်ကိုဖြတ်ဖို့ ဟင်းလျာ်းဓားအကြီးနဲ့ စဉ့်တီတုံးကိုပါ အနီးမှာယူထားပြီးသားပါ။ မိလိုက်လို့ကတော့ ကြက်မကြီး မချောင်လှပါဘူး။ မောင်မွှေးဟာ အကွယ်ကနေ မျက်ခြည်မပြတ်စောင့်ကြည့်နေပါတယ်။

ကြာကြာမစောင့်လိုက်ရပါဘူး။ ကြက်မကြီးဟာ သူ့သားသမီးကြက်ငယ်လေးတွေနဲ့ ဒီဘက်ခြံထဲကို ဝင်လာပါတော့တယ်။ သူလာတဲ့လမ်းမှာ ဆန်ပုံကို တွေ့တဲ့အခါ သူ့ကလေးတွေကို တကွပ်ကွပ်နဲ့ ခေါ်ပြီး သူက ဦးဆောင်ကာ စားပြုပါတယ်။ ကြက်လေးတွေရော ကြက်မကြီးပါ ဆန်ပုံကို အားပါးတရစားနေချိန်မှာ မောင်မွှေးက ကြိုးကိုဆွဲပြီး ထောက်ထားတဲ့တုတ်ကို ဖြုတ်လိုက်ပါတယ်။ ကြက်မကြီးနဲ့ ကြက်လေးအချို့ တောင်းအောက်မှာမိနေကြပါပြီ။ ကြက်မကြီးနဲ့ ကြက်ကလေးတွေ ယောက်ယက်ခတ်သံတွေ ပေါ်လာပါတယ်။

မောင်မွှေးဟာ အချိန်မဆိုင်းဘဲ ချက်ချင်းပဲ စဉ့်တီတုံးနဲ့ ဟင်းခုတ်ဓားယူသွားပြီး တောင်းဘေးမှာချပါတယ်။ ပြီးမှ တောင်းထဲကကြက်မကြီးကို ပယ်ပယ်နယ်နယ် မိမိရရဖမ်းကာ ဆွဲထုတ်လိုက်ပါတယ်။ အော်လိုက်ကြတဲ့ကြက်တွေ ကမ္ဘာပျက်မတတ်ပါဘဲ။ ဒါပေမယ့် အချိန်အားဖြင့် မကြာလိုက်ပါဘူး။ ဒေါမာန်ကြီးနေတဲ့ မောင်မွှေးဟာ ကြက်ခြေထောက်တစ်ဖက်ကို စဉ့်တီတုံးပေါ်တင်ပြီး ခုတ်ဖြတ်ချလိုက်ပါတော့တယ်။ ဒုတ်ခနဲမြည်ပြီး ဒူးဆစ်ကဖြတ်လိုက်တဲ့ ခြေထောက်ဟာ အနီးမှာလွင့်စဉ်ကျပြီး ကွေးချည်ဆန့်ချည်လုပ်နေရှာပါတယ်။ ပြီးတာနဲ့ ကြက်မကြီးကို လွှတ်ပေးလိုက်ပါတယ်။ ကြက်တွေရဲ့အသံဟာ ဆူညံနေပါတယ်။ အသက်ဘေးနဲ့ကြုံရတာကိုး။

အဲဒီမှာ ဘကြီးသောင်း ပြေးလာပြီး ကြည့်နေပါတယ်။ ခြေတစ်ဖက်မရှိတော့တဲ့ ကြက်မဟာ ပတ်ချာလည်နေပါတယ်။ ရုတ်တရက် မသွားတတ်တော့ပါဘူး။ သွေးတွေလည်း နီရဲနေပါတယ်။ ကြက်ကလေးတွေလည်း ဟိုပြေးဒီပြေး နဲ့ပါ။

"ဟဲ့ - မောင်မွှေး၊ မင်းကြက်မကြီးကိုခြေဖြတ်ပစ်တာလား"

"ဟုတ်တယ်လေ၊ မနေ့က အဲဒီကြက်မ စိုက်ခင်းဝင်ယက်သွားလို့ ကျွန်တော် အရိုက်ခံရတယ်။ ဒီနေ့ မယက်နိုင်အောင် ကျွန်တော် သူ့ခြေထောက်ဖြတ်ပစ်လိုက်တာပဲ"

"မိုက်လိုက်တာ မောင်မွှေးရာ၊ မလုပ်ကောင်းဘူးကွ။ ဝင့်လိုက်တတ်တယ်။ ဒီကြက်မကြီးသေရင် ကလေးတွေပါ အကုန်သေရမှာကွ"

"အဲဒါတော့ ကျွန်တော်မတတ်နိုင်ဘူး။ ဘကြီးသောင်းရဲ့ကြက်တွေ ဒီဘက်ခြံထဲမဝင်အောင်ထိန်းပါ။ ခြံထဲဝင်ရင် ကျွန်တော်ကတော့ လုပ်မှာပဲ"

လို့ ဘုတောပါတယ်။ သူပိုင်နက်ထဲ ကိုယ့်ကြက်များ ကျူးကျော်သည်မို့ ဘကြီးသောင်းမှာ ခြေတစ်ဖက်ပြတ်ကြက်မကြီးကို ဝင်ဖမ်းပြီး ပြန်သွားပါတယ်။ ဘာမှစောဒကမတတ်လိုတော့ပါဘူး။

ကြက်မကြီးဟာ အဲဒီခြေတစ်ဖက်အဖြတ်ခံလိုက်ရတဲ့ဒဏ်နဲ့ပဲ နောက်နေ့မှာသေပါတယ်။ မိခင်ကိုယ်ငွေ့မရတော့တဲ့ ကြက်ငယ်လေးတွေလည်း တဖြုတ်ဖြုတ်နဲ့ ဆက်တိုက်သေကုန်ကြပါတယ်။ ဒီကိစ္စကို ဘကြီးသောင်းက မောင်မွှေး မိဘတွေဆီမတိုင်ပါဘူး။ ကိုယ့်ဘက်က အများမို့ ခေါင်းငုံ့ခံခဲ့ပါတယ်။ မောင်မွှေးကိုတော့ ရုပ်ကလေးသနားကမားနဲ့ ရိုင်းစိုင်းပက်စက်လိုက်လေခြင်းလို့ပဲ တွေးနေမိပါတယ်။

### ကိုယ့်အလှည့်

မောင်မွှေးဟာ လုပချောမောတဲ့ လူပျိုပေါက်လေး ဖြစ်လာခဲ့ပါတယ်။ (၁၆) နှစ်အရွယ် (၁၀) တန်းတက်နေချိန်ပါ။ ဒီလိုအရွယ်ဆိုတာ ကျန်းမာရေး အလွန်ကောင်းတဲ့အရွယ်ပါ။

ဒါပေမယ့် ကျောင်းကစားကွင်းမှာ သူငယ်ချင်းတွေနဲ့ ဖိနပ်မပါဘဲ ဘောလုံးလိုက်စားရာကနေ ခြေမခလုတ်တိုက်မိပြီးကွဲသွားရာက အနာဖြစ်ပြီး မပျောက်နိုင်ရှိနေတာကြောင့် ခွင့်ယူထားရပါတယ်။

အနာကမကျက်ဘဲ ပုပ်လိုက်လာတဲ့အခါမှာတော့ ဆေးရုံကြီးမှာတင်ရပါတယ်။ ဖျာပုံမနားဆေးရုံကြီးဟာ ရှမ်းကန်ကြီးရဲ့ တောင်ဘက်ကုန်းပေါ်မှာ တည်ရှိပါတယ်။

ရောဂါက အံ့အံ့သြသြပါပဲ။ လူငယ်ကျောင်းသားတစ်ဦးဆီမှာ ဘယ်လို မှ မမျှော်လင့်တဲ့ အရိုးကင်ဆာဖြစ်နေ ခြင်းပါ။ အများအားဖြင့် ဒါမျိုးဖြစ်တာ က ဆေးလိပ်၊ စီးကရက်အများဆုံး သောက်သုံးသူတွေသာ ဖြစ်ကြတာပါ။ ခုတော့ ကံဆိုးစွာ ကလေးငယ်မှာဖြစ် တာပါပဲ။ အဲဒါကြောင့် ညာဘက်ခြေ ထောက် ပေါင်ရင်းက ဖြတ်လိုက်ရ တော့တယ်။ မိဘတွေမှာ မျက်ရည်နဲ့ မျက်ခွက်ဆိုပါတော့။

အနာကျက်လို့ ဆေးရုံကဆင်းပြီး နောက်ပိုင်းမှာတော့ မောင်မွှေးဟာ ဒုက္ခိတဘဝလုံးလုံးရောက်သွားပြီးနောက် မစားနိုင်မသောက်နိုင်ဖြစ်ကာ ဆုံးပါး သွားရတော့တာပါပဲ။ မိဘတွေ အရှုံး ဝိုင်းသလို ဆောက်တည်ရာမရ ခံစားကြ ရပါတယ်။

### တူညီသောပေးဆပ်ခြင်း

မောင်မွှေးပြုလုပ်သွားတဲ့ ကုသိုလ် ကံကို မိဘတွေမသိရှာကြပါဘူး။ သူတို့ သားလေးမှာမှ ဒီဝေဒနာဆိုးဝင်ရောက် လေခြင်းဆိုပြီး ယူကျုံးမရ တသသဖြစ် နေကြတာပါ။

ဒီအမှုကို မျက်ဝါးထင်ထင်မြင် တွေ့လိုက်ရတဲ့ ဘကြီးသောင်းကတော့ သူနဲ့ရင်းနှီးသူတွေကို သံဝေဂဖြစ်အောင် တဖွဖွပြောပြတတ်ပါတယ်။ အစမှအဆုံး တိုင် ဒီပွဲကိုကြည့်ခွင့်ရလိုက်တာက ဘကြီးသောင်းပါ။ ဘကြီးသောင်းနဲ့ သားသမီးတွေလည်း မမြင်လိုက်ရပေ မယ့် သိခွင့်ရခဲ့ကြပါတယ်။ ဘာဆိုဘာမှ မကြာလိုက်ပါဘူး။ နှစ်တိုအတွင်းမှာပဲ အရှင်လတ်လတ်သူ့ရဲ့ခြေတစ်ဖက်လည်း အဖြတ်ခံလိုက်ရတယ်။ ပြီးတာနဲ့ အဲဒီ ဝေဒနာနဲ့အတူ ကြက်မကြီးလိုပဲ ဘဝ အဆုံးသတ်သွားခဲ့တာပါ။ တကယ့် သံဝေဂယူဖွယ်အဖြစ်ပါပဲ။

လောကမှာ ကိုယ်က မကောင်းမှု ကိုပြုရင် အဲဒီမကောင်းမှုရဲ့တူညီသော ပေးဆပ်ခြင်းကိုခံကြရပါတယ်။ ပထမ ဇောစေတနာမမြောက်ရင်တော့ နောက် ဘဝတွေမှာ တူညီသောပေးဆပ်ခြင်း တွေပြုရတတ်ပါတယ်။ အဲဒါကြောင့် သတိနဲ့ရှောင်နိုင်အောင် တင်ပြလိုက် ခြင်းပါပဲ။

ချမ်းမြေ့ကြ...

နေပြည်တော်ဈေးကျော်...



www.burmeseclassic.com

www.burmeseclassic.com

စိုးမင်း(မြောက်စည်း)

# အင်းကောင်းလျှင်တစ်ကွက်

ဆေးကောင်းလျှင်တစ်စက်၊ အင်းကောင်းလျှင်တစ်ကွက်ဟု ဆိုရိုးစကား ...၏၊ ဆေးကောင်းလျှင် တစ်စက်ဟု ...၌ တချို့က ဆေးမည်မျှကောင်း ...င်း အင်းစောင်းသလောက်မျှသာ ...ည်ဟု ဆိုကြပြန်ပါသည်။ ကိုစိုး ...ဖြင့် ဤသို့မဆိုရဲပါ။ ဆေးကောင်း ...သည်း စွမ်းပါသည်။ အင်းကောင်း ...သည်းပေါက်ပါသည်။ မိမိ၏ ကိုယ် ...တရားသာ အဓိကဖြစ်၍ ဆေးနှင့် ...များသည် အစွမ်းထက်သည်သာ ...ပါသည်။

ယခု ဝါသနာရှင် မိတ်ဆွေများ ...တွက် ကိုစိုး၏အဘမှတစ်ဆင့် ဘိုးဘိုး ...င်ပေးသော မူလအင်းပိုင်ရှင် ...တန်းစင်တောင်ဆရာတော်ဘုရား ... အင်းကောင်းတစ်ကွက်အား ...ပြပေးပါမည်။

ဤအင်းပေးစဉ်အခါက ကိုစိုး၏ ...သည် မည်သူ့ကိုမျှမပေးရန် ကတိ ...င်းခံထား၍ ထိမ်ဝှက်ထားခဲ့ပါ ...ဤအင်းအား လွန်ခဲ့သော ၁၉၉၇ ...မှစ၍ရခဲ့ပါသည်။ ယခု (၂၀၁၃) ...လျှင် (၁၈)နှစ်ခန့်ရှိခဲ့ပါသည်။ ပညာ ...ားသူ ဝါသနာရှင်များအတွက် ...ဒွာ (သို့) စေတစ်လုံးပိုင်ရှင်နှင့် ... လိုလားသော အတတ်ပညာများ ...၍ လိုရာသုံးပါဟု အမှာပါးလိုက် ...ည်၊

ယုတ်ညံ့သော၊ မတရားသော ...များနှင့် အသုံးမပြုကြပါရန် အနူး ...တ် မေတ္တာရပ်ခံပါသည်။ အထူး ... ပယောဂကုလျှင် ဖယောင်းတိုင် ...ံး၀ (လုံး၀) မထွန်းရပါ။ အလွန် ...န်ပါသည်။ မည်သည့်ပယောဂ ... အင်းစိမ်းဖြစ်စေ၊ ပြာချ၍ဖြစ်စေ ...အားတိုက်လျှင် ပျောက်ပါသည်။

အင်းအကြောင်းမဖော်ပြမီ အဝင်၊ ...တ်နက္ခတ်တွက်နည်းအား ဖော်ပြ ...မည်။ လောကီစာပေများတွင် ... အထွက်နက္ခတ်တွက်နည်းအား

တနင်္ဂနွေတစ်နေ့တည်းကိုသာ ဖော်ပြ၍ ကျန်သော (၆)နေ့အား စာဖြင့်သာညွှန်း ဆိုကြပါသည်။ ကိုစိုးလိုညာဏ်တုံးသော သူများအတွက် ခက်ခဲမည်စိုး၍ (၇)နေ့ စလုံး၏ နက္ခတ်မှာ း(စာရှည်သွားလျှင် သည်းခံပါ) အပြည့်စုံဖော်ပြပေးလိုက် ပါသည်။

ဤသို့(၇)နေ့နက္ခတ်ဖော်ပြရခြင်း မှာ အင်းစီရင်သည့်အခါ တိတိကျကျ လုပ်မှသာအောင်မြင်ပါသည်။ ဖြစ်သလို၊ ကြုံသလို အင်းချလျှင် အောင်မြင်ဖို့ ခက်ခဲလှပါသည်။ ထို့ကြောင့် အတိုချုပ် ဖော်ပြပေးခြင်းဖြစ်၏။

**အဝင်၊ အထွက်ခပါဒ်တွက်နည်း**

*ကဆုန်လကစ၍ချီ၊ တလီဒွေး နှင့်မြောက်၊ ရောက်ရာလကိုချန်၊ ရရက် ကိုရော၊ များလျှင် သံတ္တဗ်သချေ၊ မချေ လောက်လျှင် ထိုနေ့နက္ခတ်ဖြစ်၏။

သတိပြုဖွယ်မှာ မည်သည့်ဇယားမဟူ (၂၀)ဂဏန်းချပြီးက ကိတ်ဂြိုဟ်အတွက် မတိုးဘဲ (X) ကြက်ခြေချရမည်။ နက္ခတ် (၂၇)လုံးဖြစ်နေက သုညချရမည်။

ဇယား၏ ထောင့်အရပ်သည် အထွက်၊ လေးမျက်နှာတည်ရာအရပ် သည် အဝင် (X) နက္ခတ်သည် ခါးပတ် ဖြစ်၏။

ဥပမာ ၁၃၇၅ ခု၊ တော်သလင်း လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့နက္ခတ် တွက်သော်၊ ကဆုန်လက စရေတွက် သော် ဝါခေါင်လအထိ (၄) ဖြစ်၏။ (၄) ကို × (၂) မြှောက်၊ (၈) ရ၏။ တော် သလင်းလဝင်သောရက်စွန်း (၁၀) ရက် ကို (၈)နှင့်ပေါင်းသော် (၁၈)ရလေရာ ထိုဂဏန်းသည် ထိုနေ့နက္ခတ်ဖြစ်၏။ တနင်္ဂနွေဇယားတွင် အထွက်နက္ခတ် ဖြစ်ကြောင်းသိ၏။

အင်းစီရင်သောအခါ နေ့ကောင်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | တနင်္ဂနွေနေ့ | (ရဝိ) | (သောင္ဌသ) | ၁၆ | အစပြုချ |
| ၂။ | တနင်္လာနေ့ | (စန္ဒယာ) | (ဝိသဋ္ဌ) | ၂၀ | အစပြုချ |
| ၃။ | အင်္ဂါနေ့ | (ဘောမ) | (တေဝိသ) | ၂၃ | အစပြုချ |
| ၄။ | ဗုဒ္ဓဟူးနေ့ | (သုံည) | | ၀ | အစပြုချ |
| ၅။ | ကြာသပတေးနေ့ | (ဇီဝါ) | (စတု) | ၄ | အစပြုချ |
| ၆။ | သောကြာနေ့ | (ဘဂ္ဂု) | (အဋ္ဌာ) | ၈ | အစပြုချ |
| ၇။ | စနေနေ့ | (သောရီ) | (ဒွါဒသ) | ၁၂ | အစပြုချ |


မည်သည့်နေ့မဟူ ဖော်ပြပါအစ ဂဏန်းတို့သည် တနင်္ဂနွေထောင့်မှစတင် ရမည်။ ဇယားတွင် ဖော်ပြထားသည့် တနင်္ဂနွေနေ့ ကိန်းသေနက္ခတ်ကိုကြည့် လျှင် ရဝိ (သောင္ဌသ) ဟူသော လင်္ကာ အတိုင်း တနင်္ဂနွေထောင့်မှ (၁၆) တည် ကာ တစ်ခုတိုး (၁၇)၊ တစ်ဖန် တစ်ခုတိုး (၁၈)၊ နောက် တနင်္လာအကွက်၌ (၁၉)၊ တစ်ခုတိုး (၂၀) ဖြစ်၏။ (၂၀) ချပြီးလျှင် ကိတ်ဂြိုဟ်အတွက် ဂဏန်းမတိုးဘဲ (X) ကြက်ခြေပြ၍ ဆက်လက်ချသွားချေ။

ရက်သာ အဝင်၊အထွက်ခပါဒ်နက္ခတ် များလို၍ ဖော်ပြပေးခြင်း ဖြစ်ပါသည်။ အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ အင်း ပေါက်ခြင်း (၂၄) ပါးအား စာရှုသူများသိ ပြီးဖြစ်၍မဖော်ပြတော့။ ဤစည်းကမ်း များအား လိုက်နာရပါသည်။


ဤအင်းအား ကိုစိုးသည် အတော် အတန်သာအားထုတ်ခဲ့ဖူးပါသည်။ အား ထုတ်ခဲ့ပုံအကျဉ်းပြောပြပါမည်။ ... သီလ၊ ရှစ်ပါးသီလ အနည်းဆုံး ... ထိန်းရ၏။ သက်သတ်လွတ်...

www.burmeseclassic.com


တနင်္ဂနွေနေ့ ရဝိ (သောဠသ) ၁၆-အစပြုချ




တနင်္လာနေ့ (စန္ဒယာဝီသဠ) ၂၀-အစပြုချ




အင်္ဂါနေ့ (ဘောမ တေဝီသ) ၂၃ - အစပြုချ




ဗုဒ္ဓဟူးနေ့ (ဗုဒ္ဓသုည) ဝည်အစပြုချ



ကြာသပတေးနေ့ (ဇီဝါစတု) ၄ - အစပြုချ



သောကြာနေ့ (ဘရဂု အဋ္ဌ) ၈ - အစပြုချ







www.burmeseclassic.com

www.burmeseclassic.com

နေနေ့ (သောရီ ဒွါဒသ) ၁၂ - အစပြုချ






...သန့်ပြန့်သောအဝတ်အစားဝတ်ဆင် ... မိမိ၌ ဇနီးရှိသော်လည်း အတူ ... ခွဲ၍အိပ်ရ၏။

အင်းကို အဝင်နက္ခတ် စရေးခတ် ...သောအချိန်တွင် ဖမ်း၍စီရင်၏။ ...သောက်မီ ပုတီး(၁၀၈)ပတ်စိပ်၊ ...အား အစိမ်းဖြစ်စေ၊ ပြာချ၍ဖြစ် ...သောက်ရ၏။ အင်းသောက်ပြီးလျှင် ...တ်ပုတီး (၁၀၈)ပတ် ပြန်စိပ်ရ၏။ ...တ်ပုတီး(၁၀၈)ပတ်ပြီးလျှင် မေတ္တာ ...ာန် အနည်းဆုံး (၁)နာရီခန့်ပို့လွှတ် ... တစ်နေ့လျှင် အင်း(၃)ချပ်နှုန်းဖြစ် ...တစ်နေ့တာအလုပ်ချိန် (၇)နာရီခန့်မျှ ...ပါသည်။

ဤသို့ကြိုးစားခဲ့ရာတွင် ထူးခြား ...များစွာကြုံခဲ့ပါသည်။ အနည်းငယ် ...ပြပါမည်။ အင်းပညာများ လာ ...တ်သင်ပြပေးခြင်း၊ မာသထစကား ...သင်ပေးခြင်း၊ သိုက်စာများသင်ပေး ...နှင့် အခြားအကြောင်းများပါညွှန်ပြ ...ပြခြင်းခံရ၏။ ကိုစိုးကတော့ ဘာမှ ...တ်ပါ။ လာသင်သောသူတို့အား ...ောက်အော်လွှတ်မိ၍ တစ်လုံး၊ နှစ် ...သာ မှတ်မိလိုက်၏။

အင်းတဘောင်အား ရှေးမူရင်း ...တိုင်း ဖော်ပြပေးပါမည်။

** စတုစ်နွှေ အင်းမပေ ထိပ်ဇွေ မကုထ၊ စီရင်ကြပါ ပဏ္ဍိတာ လိုရာကုန္တာရ ဘွဲ့တော်သချာ ပေါင်းပြီးခါ အမှာဘုံဇီတ၊ လေး ဖျာကဏ မြင်းသွားချ မမှားသွင်း လိုက်ပါ။ ဟိန်းရန်ဘို့ကာ ဤသို့မှာ မှတ်ပါကိတ္တိပါ၊ တိပိဋကတ္တရံ တဖန်ဟိန်းပါကြ၊ ပဥ္စသီလံ မှသိ ကံ အမှန်အဟိန်းပြ၊ ဆကာ မဝ စရဲ ပူးဂြိုဟ်နတ် အမြန်ဟိန်း လိုက်ပါ။ စမဗဝ လေးစမ သွင်းထ တွင်းခွက်က၊ ဝစဗသ နာမ်တော် ရ သွင်းကြသူနားက၊ ဝိဇ္ဇာထိုကြ ရာမက ထွန်းပဂုဏ်တင်ကြ၊ ဘာယ ဟူက ပျောက်ကင်းပ များ လှအနန္တ၊ ဤနည်း သိပ္ပဘူတလ တူမျှမရှိကြ၊ လောကလက်ရုံး မန်ထက် ခြိုး မြူလုံးမကြောက်ရ ပထမံဆရာ တို့ဆရာ မိန့်မှာ ဤမက။ ။*

အင်းတဘောင်တွင်ပါသော စာ များအား အနည်းငယ် ရှင်းပြပါမည်။ ဘုရားလေးဆူ၏ဘွဲ့တော်နာမ်တော်များ ပေါင်း၍ ရှစ်နှင့်စား ကျန်သောအကြွင်း ဂဏန်း (၄၊ ၃၊ ၅၊ ၆) များဖြစ်၏။

ဥပမာ ကကုသန်ဂုံ ၂+ ၂+၆+ ၂= ၁၂÷၈= ၄ ကြွင်း၊

ကောဏာဂုံ ၂+၇+ ၂=၁၁÷၈= ၃ ကြွင်း။

(၁) ၄ ဂဏန်းအစပြုချပြီးလျှင် ၃၊ ၅၊ ၆ အသီးသီးချပါ။
(၂) စမဗဝ ချပါ။
(၃) ဝစဗသ ချပါ။
(၄) အလယ်ကွက်တွင် မိမိနံရေးပါ။
(၅) လိုအပ်လျှင် အင်း၏အပြင်ဘက်မှ အင်းရံဆွဲပိတ်၍ လိုသောစာ၊ ဂဏန်းထည့်ပါ။

စီရင်သူများအနေဖြင့် အင်းပေါင် သားခြင်း၊ အင်းဆန်သွင်းခြင်း၊ အမှား ပြင်ခြင်း၊ အင်းသက်သွင်းခြင်း၊ သိဒ္ဓိတင် ခြင်းများ သိရှိပြီးဖြစ်ကြ၍ မဖော်ပြ တော့ပါ။

ဤအင်းကား အစိမ်းဖြစ်စေ၊ ပြာ ချ၍ဖြစ်စေ နံ့သာရည်၊ အုန်းရည်၊ ရိုးရိုး ရေဖြင့်သောက်ရ၏။

ကိုစိုးအနေဖြင့် အကြံပြုချင်သေး ၏။ ဤအင်းအား နည်းနည်းလုပ်လျှင် နည်းနည်းသာရ၏။ များများလုပ်မှ များ များရပါသည်။ ဥပမာ (၉) ရက်၊ (၁၈) ရက်မျှလောက်သည် နဝင်းကြေသော် လည်း လုပ်ရက်နည်း၍ သမာဓိအား ကောင်းစမျှသာရှိသေးသည်။ ထို့ကြောင့် ရက် (၉၀)၊ (၁၀၈) ရက်အဓိဋ္ဌာန်ဖြင့် တစ်ရက်လျှင် အင်း(၃)ချပ်နှုန်းသောက် မှသာ ကိုယ်တွေ့ထူးခြားပါသည်။

အထူးသတိထားရန်မှာ မိန်းမ ဖျက်ပါမည်။ အကယ်၍ မိမိ၏အဓိဋ္ဌာန် ကျိုးသွားလျှင်ဒုက္ခရောက်ပါမည်။ ကိုယ် တွေ့အရ လွန်ခဲ့သော (၁၀) နှစ်ခန့်မှ မိတ်ဆွေတစ်ဦး အဓိဋ္ဌာန်ပျက်၍ ဘဝ ပျက်သွားရှာ၏။ ယခုချိန်ထိ နာလန်မထူ သေးပါ။ လွန်ခဲ့သော အနှစ်(၂၀)ခန့်မှ ကိုစိုးကိုယ်တိုင် အဓိဋ္ဌာန်ကျိုးဖူးခဲ့ရာ (၂)နှစ်ခန့် ဒုက္ခရောက်ခဲ့ရဖူး၏။

ထိုအခါမှ အင်းခိုက်သည်ဟု အပြစ်မဆိုကြပါနှင့်။ ကြိုတင်သတိပေး ခြင်းဖြစ်ပါသည်။

စိုးမင်း (မြောက်စည်း)

ကျမ်းကိုး -
နွဲ့မင်းတောင်ဆရာတော်မှတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# ဆန္ဒတော်ပြည့်စက်မြတ်စီမံကြရအောင်

(ဤစာစု မရေးခင်ကပင် ဦးစွာ ပထမနိဒါန်းစတင်ရန်ရှိနေ၍ စာချစ်သူ မိတ်ဆွေများအနေဖြင့် သည်းခံခွင့်လွှတ် ပေးပါရန် မေတ္တာရပ်ခံလိုပါသည်။

ပြီးခဲ့သော ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ တနင်္ဂနွေနေ့က ကျွန်ုပ်၏ တပည့်တစ်ယောက်ရောက်လာခဲ့သည်။ ကျွန်ုပ်လည်း နိစ္စဓူဝကျင့်ဝတ်နှင့် အဓိဋ္ဌာန်ကျင့်စဉ်၏ နေ့စဉ်ပြုဖွယ်များကို ပြီးစီးအောင်မြင်၍ ဘုရားခန်းမှထွက်လာချိန် မနက် စက်နာရီ (၆) နာရီလောက် [illegible]ခဲ့ခြင်းပင် ဖြစ်ပါသည်။ ထိုမျှလောက် [illegible]စောစောစီးစီးလာလေ့မရှိသော တပည့်တစ်ယောက် ယခုရောက်လာခဲ့ပြီဖြစ်၍ ကျွန်ုပ်ပင်အံ့သြရပါသည်။

သူ၏ရုပ်လက္ခဏာမှာ ဆင်းရဲဒုက္ခဖြင့် (အပူဖြင့်) ရောက်ရှိလာခဲ့ခြင်း မဟုတ်ဘဲ အပျော်နှင့် ရောက်ရှိလာကြောင်းကို သူ၏ရုပ်သွင်ပြင်က ပြောပြနေပါပြီ။

ကျွန်ုပ်တို့ဆရာတပည့်စကားပြောကြပါသည်။ တပည့်မှ သူ၏အဓိဋ္ဌာန်ခရီးကဏ္ဍတစ်ခုအနေဖြင့် လေးမျက်နှာစေတီတစ်ဆူတည်ရန်ရှိ၍ ပန္နက်တင်မင်္ဂလာအတွက် မင်္ဂလာအခါပေးရန် တောင်းဆိုလို၍ ရောက်လာခဲ့ခြင်းဖြစ်ကြောင်းပြောပြပါတော့သည်။

ကျွန်ုပ်လည်း ဆောင်ရွက်ပေးမည်ဟု ကတိပြုလိုက်ပါသည်။ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက်) သောကြာနေ့နှင့်အချိန်၊ မည်သို့မည်ပုံဆောင်ရွက်ရမည်ကိုပါ အသိပေးပြောကြားပြီး စာရေးပေးလိုက်ပါသည်။

ကျွန်ုပ်၏တပည့် လာရောက်တောင်းခံသည့်ရက်မှ တတိယမြောက်နေ့တွင် သဗ္ဗမင်္ဂလာအခါတော်ကို ပေးလိုက်ခြင်း ဖြစ်ပါသည်။ အပြစ်အားလုံးကင်းလွတ်သော နေ့ကောင်းနေ့မြတ်ပင် ဖြစ်ပါသည်။

တပည့်၏ ရက်ရွေးချယ်ရန် အကြောင်းကို ပြောနေစဉ်မှာပင် အခြားတပည့်တစ်ယောက် ကျွန်ုပ်ထံရောက်လာခဲ့ပြီး သူ့ကိစ္စအတွက်ကိုလည်း စီမံဆောင်ရွက်ပေးရန် တောင်းဆိုခြင်း ဖြစ်ပါသည်။ တပည့်များ၏ ဆန္ဒဖြည့်ဆည်းပေးရန် သဘောတူခွင့်ပြုလိုက်ပါသည်။

မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ရမည့် ပြုဖွယ်များ စီမံရမည်ဖြစ်၍ ရက်ချိန်းပေးလိုက်ခဲ့ရပါတော့သည်။

ကျွန်ုပ်အနေဖြင့်လည်း နေထိုင်မကောင်းသည့်အတွက် စာမရေးဖြစ်ခဲ့တာ (၃) လပင် ကျော်လွန်လာနေဖြစ်၍ ကျွန်ုပ်၏ စာမူများနည်း၍နေမည်မှာ သေချာပါသည်။ အသက်အရွယ်ကြီးရင့်လာခြင်းနှင့် ကျန်းမာရေးတို့ ပူပေါင်းတိုက်ခိုက်ခြင်းခံရ၍ ငယ်ရွယ်စဉ်ကလိုတော့ အရေး၊ အဖတ်တို့ မသွက်လက်နေရာမှ ယခုအခါ ကျန်းမာရေးကလည်း ပြန်လည်ကောင်းမွန်လာနေပြီဖြစ်ခြင်း၊ တပည့်များအတွက် သူတို့၏ အလိုဆန္ဒဖြည့်ဆည်းပေးရန်နှင့်ဝါသနာပိုးကလည်း တိုးလို့နေပြန်ပါတော့သည်။ သို့အတွက် ခုနစ်နေ့သားခုနစ်နေ့သမီးတို့၏ အလိုအတိုင်း ဆန္ဒတော်ပြည့်နိုင်ကြစေရန် ဆရာသခင် ကျေးဇူးရှင်ကြီးများထားခဲ့ရစ်သောနည်းပညာကို အခြေခံပြီး ယခုဤစာစုကို ရေးသားလိုက်ခြင်း ဖြစ်ပါသည်။)

ကျွန်ုပ်တို့သည် ရှေးနှစ်ပေါင်းသန်းပေါင်းများစွာကပင်လျှင် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ပညာရပ်များစွာကို ပိုင်ဆိုင်ခဲ့ကြသော လူယဉ်ကျေးများ ဖြစ်ကြပါသည်။

လူသားများနှင့်သတ္တဝါတို့အပေါ် ကြီးမားလှသောမေတ္တာဖြင့် ကူညီကယ်မခဲ့ကြသော နည်းပညာအရပ်ရပ်မှ ယခုကျွန်ုပ်တင်ပြမည်ဖြစ်သော ဝိဇ္ဇာဓရဂမ္ဘီရပညာလည်းတစ်ခုသော ခိုင်မာသည့်ပညာရပ်တစ်ခုပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သရဏဂုံသုံးရပ်မြတ်သည်ထက်မြက်သော ထေရဝါဒဗုဒ္ဓသာသနာဝင်များဖြစ်သည့်အတိုင်း တုနှိုင်းမဲ့ပြီးပြိုင်ဘက်ကင်းလည်းဖြစ်တော်မူသည့် သုံးလောကမင်းဖြစ်သော မြတ်စွာဘုရားရှင်အား ဦးထိပ်တင်၍ 'ဆန္ဒတော်ပြည့်စက်မြတ်' စီမံ၍ ပူဇော်နိုင်ကြစေရန် အောက်တွင် ပြည့်စုံအောင် ရေးသားဖော်ပြလိုက်ပါသည်။

ဆန္ဒတော်ပြည့်စက်မြတ်စီမံရာတွင် ဆောင်ရွက်နိုင်ရန် ဂနသေချာအောင် ဦးစွာရှင်းပြမည် ဖြစ်ပါသည်။ စီမံဆောင်ရွက်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအနေဖြင့် လွယ်လ[illegible] တကူ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ စီမံဆောင်ရွက်လိုသူသည် မိမိ၏ အလို ဆန္ဒကို ပြည့်စုံအောင် စာဖြင့် ရေးသား ရမည် ဖြစ်ပါသည်။

စာရွက်ပေါ်တွင် စာလုံးများ[illegible] သားပြီးသည်နှင့် ရှေးဆရာများညွှန်[illegible] ထားသည့်အတိုင်း အက္ခရာမှ နံ[illegible] သင်္ချာကို ပြောင်းလဲပေးရမည် ဖြစ်[illegible] သည်။ ထိုသို့သင်္ချာရေးသားပြောင်း[illegible] ရာတွင် အများသုံး သင်္ချာဂဏန်း[illegible] ရေးသားမရပါ။ ဝိဇ္ဇာဓရဂမ္ဘီရပညာ[illegible] မှသုံးသော သင်္ချာဂဏန်းသင်္ကေတ[illegible] အတိုင်း ပြောင်းလဲရမည် ဖြစ်ပါသည်။

ထိုသင်္ချာဂဏန်းများကို မိမိပူ[illegible] ရန် အာရုံပြုထားပြီးဖြစ်သော ဖယော[illegible] တိုင်ဝေါ်တွင် ရှေးအခါက ထန်း[illegible] ပေများပေါ်တွင်ရေးသားသော ကည[illegible] နှင့် ရေးသားထားရန် ဖြစ်ပါသည်။

ယခုအခါတွင်မူ ကညစ်မလွယ်[illegible] လျှင် စူးချွန်နှင့်ဖြစ်စေ၊ ဘောလ်[illegible] အဆန်နှင့်ဖြစ်စေ ရေးသားနိုင်ကြ[illegible] သည်။

နမူနာပြပါမည်။

မိမိရေးသားလိုသော၊ မိမိဖြစ်[illegible] သောဆန္ဒကို အပြည့်အစုံရေးရန်။

၁။ တပည့်တော် ကို/မ[illegible] ဟုခေါ်သော ××× နေ့သား၊ နေ့သ[illegible] သည် ယခုအခါ၌ ××× ဖြစ်လို၊ ရ[illegible] သည် ဘုရား။ အလုံးစုံပြီးမြောက်အော[illegible] ဆောင်ရွက်ပေးသနားတော်မူပါ ဘု[illegible]

ဟု ရေးသားရပါမည်။

ထိုအကြောင်းအရာကို န[illegible] မပြောင်းလဲအောင် တောင်းဆုပြုပ[illegible]

၂။ ဆန္ဒတော်ပြည့်စက်မြတ်အ[illegible] ဖယောင်းတိုင်ပေါ် ရေးသားရန်မှာ -

က။ ရာထူးတိုးအောင် အ[illegible] ချီးမြှောက်ပါ ဘုရား။ (ဝန်ထမ်း[illegible] အတွက်နမူနာ)

ခ။ စာမေးပွဲအောင်မြင်[illegible] အောင် ချီးမြှောက်ပါဘုရား။ ([illegible] လိုလားကြသူများ)



www.burmeseclassic.com

www.burmeseclassic.com

**နံသင့်သင်္ချာကောက်ယူရပုံ**

| | | |
|---|---|---|
| အ | သင်္ချာဂဏန်း | ၁ |
| ကခဂဃင | သင်္ချာဂဏန်း | ၂ |
| စဆဇဈည | သင်္ချာဂဏန်း | ၃ |
| လဝ | သင်္ချာဂဏန်း | ၄ |
| ပဖဗဘမ | သင်္ချာဂဏန်း | ၅ |
| သဟ | သင်္ချာဂဏန်း | ၆ |
| တထဒဓန | သင်္ချာဂဏန်း | ၀ |
| ယ | သင်္ချာဂဏန်း | ၈ |

နံသင့်သင်္ချာမှ ဂဒူးဂဏန်းပြောင်းရန်မှာ

နံသင့်သင်္ချာ ၁ = ဂဒူးဂဏန်း >
နံသင့်သင်္ချာ ၂ = ဂဒူးဂဏန်း /
နံသင့်သင်္ချာ ၃ = ဂဒူးဂဏန်း ર
နံသင့်သင်္ချာ ၄ = ဂဒူးဂဏန်း ς
နံသင့်သင်္ချာ ၅ = ဂဒူးဂဏန်း ၇
နံသင့်သင်္ချာ ၆ = ဂဒူးဂဏန်း ᒪ
နံသင့်သင်္ချာ ၇ = ဂဒူးဂဏန်း ^
နံသင့်သင်္ချာ ၈ = ဂဒူးဂဏန်း ∧

ဂဏန်းများပြောင်းလဲပုံနမူနာ

* ရာထူးတိုးအောင် အထူးချီးမြှောက်ပါဘုရား (ဆုတောင်းစာ)
* ၈ ၇ ၇ ၁ ၁ ၇ ၂ ၅ ၅ ၅ ၈ (နံသင့်သင်္ချာ)
* ∧ ^ ^ > > ^ / ၇ ၇ ၇ ∧ (ဂဒူးဂဏန်း)



ထိုဂါထာတော်ဖြင့် အခေါက်ရေ (၁၀၈) ခေါက် ရွတ်ဖတ်ပူဇော်ပြီး သိဒ္ဓိတင်ရန် ဖြစ်ပါသည်။

ထိုသို့ သိဒ္ဓိတင်ပြီးသွားသောအခါတွင် အလိုဆန္ဒအားလုံး ပြည့်စုံစေနိုင်သော ဆန္ဒတော်ပြည့်စက်မြတ်ကို ရရှိပြီဖြစ်၍ မြတ်စွာဘုရားရှင်အား ပူဇော်နိုင်ကြပါသည်။

မြတ်စွာဘုရားရှင်အား ပူဇော်ရာတွင် နည်းစနစ်ရှိထားပြီးဖြစ်၍ အောက်တွင် ဆက်လက် ရေးသား ဖော်ပြလိုက်ပါသည်။

မြတ်စွာဘုရားရှင်အား အလင်းဓာတ် ဆက်ကပ် လှူဒါန်းအပ်သော ဒါနပွဲကြီးလည်းဖြစ်နေ၍ ရက်ရွေးချယ်နေ

| ရာ | ထူး | တိုး | အောင် | အ | ထူး | ချီး | မြှောက် | ပါ | ဘု | ရား (ဆုတောင်းစာ) |
|---|---|---|---|---|---|---|---|---|---|---|
| ၈ | ၇ | ၇ | ၁ | ၁ | ၇ | ၂ | ၅ | ၅ | ၅ | ၈ |
| ∧ | ^ | ^ | > | > | ^ | / | ၇ | ၇ | ၇ | ∧ |

**ဖယောင်းတိုင်ပေါ်ရေးသားရန်နမူနာ**

သင်္ချာဂဏန်းလုံး လုံးရေ (၃၃) ကောက်နေပါက (၇) နှင့်စားရန် ဖြစ်သည်၊ စားလဒ်ကို (စားလဒ်သင်္ချာရေသော ဖယောင်းတိုင်ပေါ် ရေးသားရန် ဖြစ်ပါသည်။ အလုံးရေ (၃၃) လုံးကောက်ဆိုလျှင် (၇) နှင့်စားရန် မလိုပါ။

ထိုဖယောင်းတိုင်ကို အောက်ပါဂါထာဖြင့် သိဒ္ဓိတင်ပါရန် -

* ပုရိသ ဒမ္မသာရထိ ပုရေန္တော ဒါနပါရမီ၊
ပုရေတိ သဗ္ဗလောကဿ၊ ပူရေတိ မာရဝိဇယော။
* သာရထိ သာရထိ ဒေဝ၊ သာရထိ နာမလောကသ္မိံ၊
သာရထိ ပူရိသံ သေဋ္ဌ၊ သာရထိ နာမတေ နမော။

ရန်မလိုပါ။ ဆန္ဒတော်ပြည့်စက်မြတ်ပြီးသည်နှင့် အောက်ပါအတိုင်း ပူဇော်ကြပါရန်။

၁-က။ သာသနာတော်စောင့်နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ သိကြားမင်း၊ ဗြဟ္မာမင်းတို့အား ဖိတ်ကြားပါ။
ခ။ ဝိဇ္ဇာလေးပါးနှင့် မဟိဒ္ဓိရှင်သိဒ္ဓိရှင်များ ဖိတ်ကြားပါ။
ဂ။ မိမိတို့၏ ပါရမီဖြည့်ဖက်များအား ဖိတ်ကြားပါ။
၂။ မိမိဆန္ဒအတိုင်း ပန်း၊ ရေချမ်း စသည့် လှူဖွယ်အစုစုကိုလည်း လှူဒါန်းနိုင်ပါသည်။
၃။ ဆန္ဒတော်ပြည့်စက်မြတ်ကို ထွန်းညှိပူဇော်ပါ။
၄။ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း သစ္စာပြု၍ ဆုတောင်းခြင်း (အထက်တွင်ရေးသား၍နမူနာပြထားသည့်အတိုင်းဆုတောင်းကြရန်) မေတ္တာပို့သရန် ဖြစ်ပါသည်။

နံပါတ် (၃) တွင် ဆန္ဒတော်ပြည့်စက်မြတ်ကို ထွန်းညှိပူဇော်ရာတွင် မရေမတွက်နိုင်ကုန်သော ပွင့်ထွန်းတော်မူခဲ့ပြီးကြသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက ရှင်တော်မြတ်တို့အား လျှောက်ထား လှူဒါန်း ဆက်ကပ်ပူဇော်ရန် ဖြစ်သည်။

၅။ ဝေနေယျများစွာသတ္တဝါအားလုံးကို ကုသိုလ်အမျှပေးဝေပါ။
၆။ ဖိတ်ကြားထားသူများအားလုံးကို နေရပ်ဌာနပြန်ပို့ပါ။

**မှတ်ချက် -**

ဆောင်ရွက်သူသည် မိမိ၏ကိစ္စအတိမ်အနက်ကိုလိုက်ပြီး (၇) ရက်၊ (၉) ရက်၊ (၂၇) ရက် စသည်တို့တိုင်အောင် သဒ္ဓါရဲရင့်ပြီး ယုံကြည်စွာ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

ဆန္ဒတော်ပြည့်စက်မြတ်တော်စီမံ၍ ပူဇော်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် သီလအရာ၊ ယုံကြည်မှုအရာ၊ ဝီရိယအရာတို့တွင် ထက်မြက်စွာဆောင်ရွက်နိုင်ကြသလောက် ဒိဋ္ဌအကျိုးပေးကောင်းသော စီမံမှု ဖြစ်ပါသည်။

အခက်အခဲနှင့် မိမိ၏ဆန္ဒအတိုင်း အောင်မြင်၍ဘဝချမ်းသာကိုရရှိသွားကြသူ အတော်များခဲ့ပြီဖြစ်သော စီမံမှုဖြစ်ပါသည်။ ယခု သိပ္ပံပညာထိပ်ရောက်နေချိန်တွင် သိပ္ပံပညာလိုက်မမီသော ဝိဇ္ဇာမရ ဂမ္ဘီရပညာ၏ နက်နဲခြင်းနှင့် ဂုဏ်တော်၏အစွမ်းကို အထင်အရှားပြထားသည့် စီမံမှုဖြစ်ကြောင်းကို ကိုယ်တိုင်စီမံပြီး ကိုယ်တိုင်တွေ့ကြုံမှ ယုံကြပြီး ဘာသာသာသနာအကျိုးကို ဆတက်ထမ်းပိုးတိုးပြီး ဆောင်ရွက်နိုင်ကြပါစေ။

ဤစီမံမှုကို ဆောင်ရွက်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် လောကီချမ်းသာရတနာ (၇) ပါးနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်၊

ကောင်းမှုကိုနှမ်းသမျှ
လိုလားတောင့်တတိုင်း
ရရှိပြည့်စုံကြပါစေ

www.burmeseclassic.com

# (ရွှိမ်ခေမ်) မဟာစက်ရှင်

## မပြောမယုံ ကြုံဖူးမှ



ဤလောကကြီးတွင် ဖြစ်လေ့ဖြစ်ထရှိကြကုန်သော ဖြစ်ရပ်ဆန်းကြယ်အကြောင်းတို့သည် တစ်ခါတစ်ရံ လူအများ လက်ခံနိုင်လောက်ကြသော်လည်း တစ်ခါတစ်ရံ၌မူ လူအများမှ လက်ခံနိုင်စရာအကြောင်းမရှိသောဖြစ်ရပ်များလည်း ဒုနှင့်ဒေးနှင့်ရှိကြပါသည်။ လူသားတို့၏ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ကြသော ယခုဘဝအကြောင်းနှင့် ရှေးဘဝ အတိတ်အကြောင်းတို့ကိုမီ၍ ဆန်းကြယ်မှုတို့မှာ ကြုံတတ်ကြရသောကြောင့် ကြုံတွေ့ရကုန်သော ဖြစ်ရပ်အတိမ်အနက်တို့မှာလည်း ကွာခြားတတ်ကြပါသည်။ သာမန်ဖြစ်ရပ်တို့ကို လက်ခံတတ်ကြသော်လည်း နက်နဲ၍ ရှေးအကြောင်းနှင့်ဆက်စပ်ကာ ဖြစ်ပေါ်လာသော ဖြစ်ရပ်ဆန်းကြယ်တို့ကိုမူ သာမန်ဉာဏ်သွားဖြင့် သုံးသပ်ကာ လက်မခံကြတော့သည်မှာ လောကဓမ္မတာပင်ဖြစ်ပါသည်။

ဤလောကသားတစ်ဦးဖြစ်သော ကျွန်ုပ်မှာလည်း ကျွန်ုပ်ကိုယ်တိုင်ပင် ယုံကြည်ရန်ခက်ခဲသော ဖြစ်ရပ်ဆန်းကြယ်တို့ကို အကြောင်းတိုက်ဆိုင်၍ ကြုံတွေ့ခဲ့ရပါသည်။ တစ်စိတ်တစ်ဒေသအဖြစ် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လထုတ် သုရဿမဂ္ဂဇင်းကြီးတွင် ဖော်ပြခဲ့သည့် 'ကျွန်ုပ်နှင့်သဘာဝလွန်ဖြစ်ရပ်များ'လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ယခုလည်း ကျွန်ုပ်ကြုံခဲ့သမျှ ဖြစ်ရပ်မှန်ဆန်းကြယ်အကြောင်းတို့ကို တင်ပြပါဦးမည်။

ကျွန်ုပ်၏ဦးလေးထံတွင် စက်ပြင်အလုပ်သင်ကြားနေစဉ်ကာလက ကျွန်ုပ်သည် ဦးလေးဖွင့်ထားသောစက်ပြင်ဆိုင်တွင်ပင် ညအိပ်ဆိုင်စောင့်သဘောနေပါသည်။ ဆိုင်မှာ လှိုင်လင်မြို့ဈေးကြီး၏အရှေ့ဘက်ကပ်လျက် ဆိုင်တန်းတွင်ရှိ၍ ကျွန်ုပ်နေထိုင်သောအိမ်မှာ ဈေးအနောက်ဘက်တွင်ရှိပါသည်။ ထိုစဉ်က ဈေးပတ်လည်တွင် ယခုကဲ့သို့ တိုက်တန်းလျား၊ တိုက်ခန်းများလည်း မရှိကြသေးပါ။ ဈေးကြီး၏အနောက်တောင်ထောင့်အတွင်းဘက်တွင် အမဲသားရောင်းသောအမဲရုံရှိပါသည်။ (ယခုမရှိတော့ပါ။)

ကျွန်ုပ်သည် ညစဉ်လိုလိုပင် ဈေးအရှေ့ဘက်ဆိုင်မှ ဈေးအနောက်ဘက်အိမ်သို့ သွားလေ့သွားထရှိ၏။ အိမ်သို့သွားလျှင် ဈေးတောင်ဘက်လမ်းအတိုင်းသွား၏။ တစ်ည ည(၈)နာရီအချိန် ကျွန်ုပ်သည် သောက်ရေခပ်ရန် ချိုင့်တစ်လုံးနှင့် ဈေးတောင်ဘက်လမ်းအတိုင်းလျှောက်လာစဉ် ဈေး၏ အနောက်တောင်ဘက်ဈေးထောင့်အရောက် မြောက်ဘက်မှ အရှိန်ပြင်းစွာဒုန်းစိုင်းပြေးလာသော မြင်းတစ်ကောင်နှင့် ပက်ပင်းတိုးမိ၏။ မြင်းမှာ ကျွန်ုပ်ဘက်သို့ ရုတ်တရက် ပန်းကွေ့လာရာ ကျွန်ုပ်မှာ ရုတ်တရက်ဖြစ်၍ မည်သို့မျှ ရှောင်တိမ်းချိန်မရဘဲ ကြောင်သွားပြီး မှင်တက်နေပါသည်။ မြင်းပြေးလာသည်ကိုလည်း ဈေးထောင့်မှ အမဲသားဆိုင်ကွယ်နေ၍ ကြိုမမြင်မိပါ။ အရှိန်နှင့် ပန်းကွေ့လာသော မြင်း၏ ရင်ဘတ်ကိုပင် အနီးကပ်မြင်နေရပါသည်။ ကျွန်ုပ်ကို မုချတိုက်မိတော့မည်မှာ သေချာနေ၏။

ထိုအချိန်တွင် မထင်မှတ်သောအဖြစ်ကိုကြုံလိုက်ရပါသည်။ ကျွန်ုပ်အားတိုက်ရန် အလွန်သေချာနေသော မြင်း၏ညာဘက်ဝမ်းဗိုက်ကို တစ်စုံတစ်ဦးက ဘေးတိုက်ရိုက်ချလိုက်သကဲ့သို့ တွေ့လိုက်ရပြီး မြင်းမှာဘေးတိုက်လွင့်ထွက်သွားကာ ကျွန်ုပ်အားကျော်ပြီး လမ်းပေါ်လဲကျ၍ အတော်ဝေးဝေးသို့ လျှောတိုက်ပါသွားပါတော့သည်။ ကျွန်ုပ်

လည်း ထူးဆန်းသည့် ဖြစ်ရပ်ကြော

အန္တရာယ်မှလွတ်သွား၍ လွင့်စဉ်သွား

သောမြင်းကို လှည့်ကြည့်မိရာ မြင်းမှာ

အတော်ကြာအောင်ပင် မထနိုင်တော့

သည်ကို တွေ့ရပါသည်။

ကျွန်ုပ်အား မမြင်ရသောလော

သားပုဂ္ဂိုလ်တစ်ဦးဦးမှ ကယ်တင်လိုက်

မှန်း ကောင်းစွာ နားလည်လိုက်မိ

သည်။

ဇင်းဖြစ်ရပ်ဖြစ်ပြီး တစ်နှစ်ခ

အကြာတွင် ဖြစ်ပါသည်။ ကျွန်ုပ်စော

အိပ်ရသော စက်ပြင်ဆိုင်လေးအတွ

ကျွန်ုပ်၏ သူငယ်ချင်း (၃) ယောက်

အတူ တစ်ညတွင် လူငယ်ဘာသာဘာ

ယမကာဝိုင်းလေးဖွဲ့ဖြစ်ကြပါသည်၊ ည

(၈) နာရီခွဲလောက်အချိန်တွင် ကျွန်ုပ်

သူငယ်ချင်းတစ်ယောက်မှာ ညဈေးတ

၏ ခပ်လှမ်းလှမ်း ဆိုင်တန်းရှေ့တွင်ထိ

နေကြသော သူ၏ အခြားသူငယ်ချ

တစ်ယောက်အား ကျီစယ်စနောက်မိ

ဇင်း၏သူငယ်ချင်းမှာ ဒေါသထွက်

စကားအချေအတင်များကြတော့သည

အတူထိုင်နေကြသော သူ၏အပေါ

သင်းများမှာ (၁၀) ယောက်ခန့်ရှိကြ

သည်။ အတန်ကြာ အချေအတင်ဖြစ်

စဉ် ကျွန်ုပ်တို့၏အနောက်ဘက်မှ

ရောက်လာကြသော (ကျွန်ုပ်၏သူ

ချင်းနှင့် စကားများနေသောသူ၏အစ



www.burmeseclassic.com

[illegible] လူအုပ်ကြီးမှာ [illegible] ပိုင်း၏အမဲ [illegible] သည် [illegible] [illegible] ၏အမှုထမ်းခြင်းခံကြရပါတော့ [illegible] အင်အား [illegible] ဘာမှမလုပ် [illegible] ၎င်းတို့နှ [illegible] လူ [illegible] မှ တစ်ယောက် [illegible] ထိုးကြိတ်နေကြသည် [illegible] မြင်၍ [illegible] ကောင်းတော့ပါ။ လေး [illegible] ဖြစ်သောကျွန်ုပ်ကိုမူ လူအုပ်ကြီး [illegible] များသည် ထိုးခြင်းရိုက်ခြင်းလုံးဝမပြု

ကြပါ။ ကျွန်ုပ်၏သူငယ်ချင်းနှစ်ယောက်အား ထိုးကြိတ်ကန်ကျောက်နေသူများကို ကျွန်ုပ်ဝင်ရောက်တွန်းဆွဲနေပါသော်လည်း ၎င်းတို့မှာ ကျွန်ုပ်အား ရန်မပြုကြပါ။ ကျွန်ုပ်ခင်မင်သူများလည်း မပါသည့်ပြင် ကျွန်ုပ်အား အခြောက်တိုက်ကျိုင်းမရှင်းသူအချို့လည်းပါနေကြောင်း [illegible] တွေ့ရသော်လည်း လူအုပ်ကြီးမှာ [illegible] ရန်မပြုကြဘဲ လွှတ်ထားသည် [illegible] ဆန်းလှပါသည်။

[illegible] သူ၊ ဆွဲမည့်သူမရှိ [illegible] ၎င်းလူအုပ်ကြီးမှာ [illegible] အချိန်လမ်းပေါ်တွင် ကျွန်ုပ် [illegible] ရှာယ်တင်းစွာရပ်လျက် [illegible] ကျွန်ုပ်၏သူငယ်ချင်းနှစ်ယောက်မှာ [illegible] တစ်ခဏချင်း ရောင်ကိုင်းပေါက်ပြဲ၍ နေပါသည်။ ကျွန်ုပ်လွန်စွာစိတ်မကောင်းသော်လည်း ဘာမှမတတ်နိုင်ခဲ့။ ကျွန်ုပ်တို့ လှိုင်လင်မြို့တွင် ဤကဲ့သို့ အုပ်စုကြီးမှ လူအနည်းစုကို ဝိုင်း၍အနိုင်ကျင့်ကြသောဖြစ်ရပ်များ ထိုစဉ်က မကြာခဏ ဖြစ်ကြပါသည်။

ကျွန်ုပ် ထိုအန္တရာယ်မှ လွတ်မြောက်ခဲ့ရခြင်းမှာလည်း ပုဂ္ဂိုလ်ပိုင်းဆိုင်ရာ၏ ကျေးဇူးကြောင့်ဖြစ်ကြောင်း ကျွန်ုပ်သိရှိခဲ့ရပါသည်။ ထို့ကြောင့် သိဒ္ဓိရှင်မဟိဒ္ဓိရှင်များသည် ကျွန်ုပ်၏ကျေးဇူးရှင်များဖြစ်ကြောင်း ကျွန်ုပ်ဆိုနိုင်ခြင်းဖြစ်ပါသည်။ လောလောဆယ် သိလ၊ သမာဓိ မရှိသေးသော်လည်း ရှေးအတိတ်အကြောင်းကြောင့် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာမှ စောင့်ရှောက်တတ်ကြောင်းကို နောင်မှ [illegible] နားလည်ရပါသည်။

ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတို့နှင့်ဆက်စပ်



သည့်အကြောင်းကို ထပ်မံတင်ပြပါမည်။ တစ်နေ့တွင် ကျွန်ုပ်သည် အအေးမိ၍ ဖျားပါသည်။ ထို့ကြောင့် ဦးလေးအား ခွင့်တောင်းကာ အိမ်တွင် ပြန်အိပ်ဖြစ်ပါသည်။ ၎င်းညတွင် ကျွန်ုပ်ဘဝတွင် ဖြစ်ခဲ့ဘူးသည့် ဆန်းကြယ်မှုတစ်ခုကို ကြုံခဲ့ရပါသည်။ ကျွန်ုပ်အိမ်၏ဘုရားကျောင်းဆောင်မှာ တောင်ဘက်တွင် ရှိ၍ သူရဿတီစင်မှာ အရှေ့ဘက်တွင် ရှိပြီး အနောက်ဘက်သို့ မျက်နှာမူထား

www.burmeseclassic.com

ပါသည်။ ဖျားနေသော ကျွန်ုပ်မှာ အိမ်ရောက်သော် သူရဿတီမယ်တော်စင်အောက်တွင် အိပ်ရာခင်း၍အိပ်ရပါသည်။ ကျွန်ုပ်၏ ဦးခေါင်းမှာ အရှေ့ဘက်၊ ခြေမှာ အနောက်ဘက်ထားပါသည်။ ညဘက်ရောက်သော် ကျွန်ုပ်သည် နဂိုအဖျားချမ်းထက် ပို၍ချမ်းလှသော ၊ ပြောပြမတတ်လောက်အောင် ချမ်းသောဝေဒနာတစ်ခုက ရုတ်တရက် ပေါ်လာပါသည်။ စောင်နှင့်ဂွမ်းဖုံထပ်၍ အိမ်ခန်းထဲတွင် အိပ်နေသောမိခင်အား လှမ်းခေါ်သော်လည်း ကျွန်ုပ်၏ အသံကား ထွက်မလာ၍ ကျွန်ုပ်အလွန်ထိတ်လန့်သွား၏။ အားကိုးရာမရှိသည့်အဆုံး ကျွန်ုပ်မှာ မြောက်ဘက်သို့စောင်း၍ ခြေနှစ်ချောင်းကွေးကာ အအေးဒဏ်ကို ကြိတ်မှိတ်ခံနေရပါတော့သည်။

ထိုအချိန်တွင် ထူးဆန်းသောဖြစ်ရပ်ကို စတင်ကြုံရ၏။ ကျွန်ုပ်ကွေးအိပ်နေသောနေရာ၏ကျောဘက်၊ အိမ်၏ အရှေ့တောင်ဘက်ထောင့် အိမ်ခေါင်မိုးနေရာမှ ပုဂ္ဂိုလ်တစ်ဦးပေါ်လာကာ ဆင်းလာသည်ကို ကျွန်ုပ်သည် လှည့်မကြည့်ရဘဲ ထူးဆန်းစွာတွေ့လိုက်ရ၏။ အိပ်မပျော်သောကြောင့် အိပ်မက်လည်း မဟုတ်ပါ။ ၎င်းပုဂ္ဂိုလ်မှာ ရှမ်းတိုင်းရင်းသား သိဒ္ဓိရှင်တစ်ယောက်ဖြစ်မှန်းလည်း ထူးဆန်းစွာသိနေရသည်။ ခေါင်းပေါင်းအပန်းရောင်၊ ရှမ်းတိုက်ပုံအကျီအပန်းရောင်၊ ခါးစည်းအပန်းရောင်၊ ရှမ်းဘောင်းဘီပန်းရောင်ဖြစ်ပြီး ပိန်ပိန်ပါးပါး အသားဖြူဖြူပုဂ္ဂိုလ်ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်သည် အောက်ရောက်လာသော် ကျွန်ုပ်ကျောဘက်မှ ခြင်ထောင်ကိုမ၍ ခြင်ထောင်ထဲဝင်လာပါသည်။ ထို့နောက် ကျွန်ုပ်၏ ကျောဘက်တွင် ဒူးထောက်ထိုင်၍ သူ၏လက်ဖဝါးကို ကျွန်ုပ်၏ ဘယ်ဘက်တင်ပါးပေါ် တင်လိုက်ပါသည်။ ထိုအချိန် သူ၏လက်ငါးချောင်းမှ စီးထွက်လာသော အပူလှိုင်းများသည် ကျွန်ုပ်၏ဘယ်ဘက်တင်ပါးမှတစ်ဆင့် တစ်ကိုယ်လုံးသို့စီးဝင်သွားရာ ဖြစ်ပေါ်လာသော နွေးထွေးမှုမှာ ပြောမပြတတ်လောက်အောင် ချမ်းသာမှုဝေဒနာဖြစ်သွားပြီး ကျွန်ုပ်လည်း ငြိမ်နှင့်မှိန်းနေလိုက်မိပါသည်။ ထို့နောက် ကျွန်ုပ်သည် ချမ်းသာစွာဖြင့် အိပ်ပျော်သွားရပြီး မနက်လင်းမှသာနိုးပါတော့သည်။ အိပ်ရာမှနိုးပြီး သတိထားမိသည်မှာ ကျွန်ုပ်တွင်ရှိနေခဲ့သောအဖျားရောဂါမှာ လုံးဝပျောက်ကင်း၍ ပေါ့ပါးလန်းဆန်းနေကြောင်း သိလိုက်ရပါသည်။

ထပ်မံ၍ သတိထားမိသည်မှာ ကျွန်ုပ်အိပ်သော အိပ်ရာခင်းတို့သည် ရေများစိုရွှဲနေကြောင်း တွေ့လိုက်ရ၏။ အဖြေရှာကြည့်ရာ သူရဿတီမယ်တော်စင်ပေါ်မှ ရေခွက်၊ ပန်းအိုးတို့မှာ ညအချိန်ကြွက်တိုက်ချထား၍လားမသိ။ မှောက်ကျနေကာ ရေများမှာ စင်ပေါ်မှတစ်ဆင့် အိပ်ရာအောက်သို့ ရောက်ရှိနေပြီး ကျွန်ုပ်၏အဝတ်များလည်းစိုနေသောကြောင့် ညတွင် အချမ်းပိုရောဂါတက်ခဲ့လေသလားမသိပါ။ ဤဖြစ်ရပ်လေးသည် ထူးဆန်း၍ ကြုံတွေ့ဖို့ရန် မလွယ်ကူသောကြောင့် မှတ်တမ်းတင်ထားလိုက်ရပါသည်။

အထက်ပုဂ္ဂိုလ်ပိုင်းဆိုင်ရာနှင့် ကျွန်ုပ်၏ ပဋ္ဌာန်းဆက်သည် ဤမျှနှင့်ရပ်တန့်မသွားသေးပါ။ တစ်နေ့တွင် ဖြစ်သည်။ ထိုအချိန် ကျွန်ုပ်သည် ဦးလေးထံ ပညာသင်ကြားပြီး၍ ဈေးအနောက်ဘက်အိမ်တွင် စက်ပြင်ဆိုင်ဖွင့်နေသော ကာလဖြစ်သည်။ တစ်နေ့တွင် ကျွန်ုပ် အအေးမိ၍ ချောင်းအလွန်ဆိုးပါသည်။ ညညလည်း ကောင်းစွာ မအိပ်ရခဲ့ပါ။ ချောင်းဆိုးလိုက်၊ အိပ်ပျော်သွားလိုက်၊ လည်ချောင်းရွလာလိုက်၊ ပြန်နိုးလာလိုက်နှင့် ကောင်းစွာ အိပ်ခွင့်မရခဲ့ပါ။ အိပ်ရေးပျက်လျှင် နေ့အလုပ်လုပ်ရသည်မှာ အဆင်ပြေတော့မည် မဟုတ်။ ထို့ကြောင့် စဉ်းစားလိုက်မိသည်မှာ အရင်က ဒုက္ခတစ်ခုခုကြုံတိုင်း ဝိဇ္ဇာတွေစောင့်ရှောက်ခဲ့ကြတယ်။ အခုငါချောင်းဆိုးပြီး အိပ်မရတဲ့ဒုက္ခတွေ့နေတာ ဘယ်ဝိဇ္ဇာကမှလာမကူညီပါလားဟု စဉ်းစားပြီး မှေးခနဲအိပ်ပျော်သွားရာ အိပ်မက်တစ်ခုကို မက်ပါတော့သည်။ မဟိဒ္ဓိရှင်ရဟန်းအိုတစ်ပါးဖြစ်၏။ သင်္ကန်းကို ဦးခေါင်းထိခြုံထားပြီး လက်ထဲတွင် တောင်ဝှေးတစ်ချောင်းကိုင်လျက် လေပေါ်တွင်ရပ်နေပြီး ကျွန်ုပ်အားကြည့်၍ 'ချောင်းကတအားဆိုးနေတာကိုး' ဟု ဆို၍ သူ၏လက်ထဲမှ တောင်ဝှေးဖြင့် ကျွန်ုပ်၏လည်ပင်းကို တစ်ချက်၊ နှစ်ချက်တို့လိုက်သည်ကို သိရပြီး လန့်နိုးလာပါသည်။ လန့်နိုး၍သတိထားမိသည်မှာ အပြင်းအထန်ဆိုးနေသောချောင်းမှာ ဘယ်ရောက်သွားသည်မသိ။ ချောင်းဆိုးဝေဒနာသည် တိခနဲပြတ်သွားပြီး ကျွန်ုပ်မှာ အကောင်းပကတိဖြစ်နေ၍ ချောင်းလည်းဆက်မဆိုးတော့ပါ။

ဆိုခဲ့သော ဖြစ်ရပ်များသည် ထူးဆန်း၏။ ဖြစ်တောင့်ဖြစ်ခဲဖြစ်စဉ်များဖြစ်သော်လည်း ကျွန်ုပ်မှာ မကြာခဏကြုံခဲ့ရ၏။ ထို့ကြောင့် ကျွန်ုပ်တင်ပြသော အကြောင်းတို့နှင့် ပတ်သက်၍ ကျွန်ုပ်အား ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်အဖြစ် မမြင်စေလိုပါ။ ဝိဇ္ဇာတို့မှ ပဋ္ဌာန်းဆက်မကင်းလျှင် ကူညီတတ်ကြပုံနှင့် ဝိဇ္ဇာတို့၏ စွမ်းရည်ကို စာရှုသူတို့ နား လည်စေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။

ထို့ကြောင့် ဆက်လက်စနှင့် ဆက် ပါရစေဦးဟု တောင်းပန်ရင်း ကျွန်ုပ်သည် အိမ်ထောင်ကျပြီးသောအခါ အသော အစားတို့ကိုဖြတ်၍ ပုတီးအဓိဋ္ဌာန် ကို မကြာခဏဆိုသကဲ့သို့လုပ်ဖြစ် ပါသည်။ ရှေးအကြောင်းမကင်းသ လည်း နိဗ္ဗာန်ရောက်ကြောင်းတရား ထက် လောကီထွက်ရပ်လမ်းတရား သာ အားထုတ်လျှောက်လှမ်းနေ တစ်ယောက်ဖြစ်ပါသည်။ အဓိဋ္ဌာန်ပ ရက်၊ ပုတီးအစိပ်ပျက်ရက်ကြာလျှ ကျွန်ုပ်တွင် လူမှုရေး၊ စီးပွားရေး၊ ကျန်း ရေးတို့သည် တစ်ခုမဟုတ်တစ်ခုဖော ၍ ကျွန်ုပ်ဒုက္ခရောက်ရလေ့ရှိပါသည်။

ယခုဖော်ပြမည့်အချိန်မှာ ကျွ တို့ရှမ်းပြည်နယ်တောင်ပိုင်းတွင် မိုး ကျောက်အလွန်ခေတ်ထ၍ စီးပွား ကောင်းနေအချိန်ဖြစ်ပြီး ကျွန်ုပ်၏ ပြင်အလုပ်မှာလည်း အလွန်အလုပ် ကာ ညအချိန်မှာပင်အလုပ်မနားရ ဘဲကြိုးစားပမ်းစားလုပ်နေရသော အဓိဋ္ဌာန်အတွက်ကို အချိန်မပေး တော့။ ထိုအခါ ထုံးစံအတိုင်း အဓိ ပျက်ရက်ကြာလာသောအခါ တစ် တွင် ကောက်ကာငင်ကာ ကျန်းမာ ဖောက်လာပါလေတော့သည်။ လူ အလကားနေရင်း မောလာပါသ အစားအသောက်များပျက်၍ နေ မကောင်းတော့ပါ။ ဆေးများလည် ဆရာဝန်များလည်း စုံသွား၏။ ရော က မပျောက်။ တောင်ကြီးမြို့သို့ တက်၍ နာမည်ကြီးဆေးခန်းတို့ ပါရဂူတို့နှင့် ပြသပါသော်လည်း ရော က ရှာမတွေ့။ စိတ်မချ၍ အထက် ဂိုဏ်းဆရာနှင့် ပယောဂစစ်ကြည့်သေ လည်း မည်သည့်ပယောဂမျှ မတွေ့ မည်သည့်ရောဂါမျှ မတွေ့ရသော်လ ဝေဒနာကိုမူ ခံစားနေရ၏။ ထို့ကြော နောက်ဆုံးတွင် အိမ်မှာပင် အနေ လိုက်ရပါတော့သည်။ ငွေ အတော်ပင်ကုန်သွားရ၏။ အားကိုး မရှိသည့်အဆုံး တတ်အားသရွေ့

www.burmeseclassic.com

ပုတီးအဓိဋ္ဌာန်ကို ပြန်၍ဝင်ဖြစ်ည်။

အဓိဋ္ဌာန်ဝင်နေစဉ် တစ်ညသ အိပ်မက်မက်ပါသည်။ ကျွန်ုပ် သုနေသော တဲလေးအတွင်းသို့ မပဟိဒ္ဓိရှင်ဘိုးတော်များ စနစ် တန်းစီ၍ဝင်လာကြရာ အယောက် ဝင်မကပါ။ ကျွန်ုပ်အခန်းလေးထဲ သွားပါသည်။ ၎င်းနောက် မည် တားမှုမဆိုကြဘဲ တစ်ယောက်ပြီး ယောက်တန်းစီ၍ ပြန်ထွက်သွားကြ ကျွန်ုပ်က နောက်မှနေ၍ လိုက်အော် ည်၊

'ဘိုးတော်တို့၊ ဘိုးတော်တို့ တော့်ရောဂါကို ကုပေးဖို့လာကြ မဟုတ်ဘူးလား။ ရောဂါတော့ သွားကြဦးလေ'

ကျွန်ုပ်အော်ပြောတော့မှ နောက် ဘိုးတော်မှာ ကျွန်ုပ်အား လှည့် ၍ ၎င်းလွယ်ထားသောလွယ်အိတ် မိုင်းကိုင်စက္ကူဖြင့်ထုတ်ထားသော ပ်တစ်ထုပ်ကိုယူ၍ ကျွန်ုပ်အားပစ် ပြန်ကြွသွားလေသည်။ ကျွန်ုပ် စက္ကူအားဖြေကြည့်ရာ ဆေးနီ တွေ့၍ ကျွန်ုပ်၏မျက်နှာတို့ကို လိမ်းလိုက်စဉ် လန့်နိုးလာပါတော့ ည်။ မကြာပါ၊ ရောဂါရှာမတွေ့ဘဲ ရောက်နေသောကျွန်ုပ်မှာ နေပြန် ာင်းလာပြီး အလုပ်ကိုဆက်လုပ်နိုင် ါသည်။ အဓိဋ္ဌာန်ရက်များကိုကား ည်မပျက်ရန် သတိထားလာမိ မှာ ယနေ့ထက်တိုင်အောင်ဖြစ်ပါ ည်။

ဤဖြစ်စဉ်တို့သည် ကျွန်ုပ်နှင့် ရှင် ဘိုးတော်တို့၏ ထူးခြားသော စပ်မှုတို့ပင်ဖြစ်ပါသည်။ ထပ်ဆင့် ပုဂ္ဂိုလ်ပိုင်းဆိုင်ရာစောင့်ရှောက်မှု တ်သော ပဋ္ဌာန်းဆက်အိပ်မက်ကို ပြလိုပါသည်။ ကျွန်ုပ်လျှောက်လှမ်း သော ထွက်ရပ်စခန်းအဓိဋ္ဌာန်လမ်းမှ ခဲ့ရသော ပဋ္ဌာန်းဆက်အိပ်မက်များ တစ်ခုဖြစ်ပါသည်။

မတင်ပြမီ ပြောချင်သည်မှာ ာန်းဆက်အိပ်မက်တို့သည် ကျွန်ုပ် ယောက်မှသာကွက်၍ရှိသည်မဟုတ် သူတိုင်းလူတိုင်းသည် ဆိုင်ရာဆိုင် ဋ္ဌာန်းဆက်အတိတ်အကြောင်းများ သိစီရှိကြပါသည်။ ထိုပဋ္ဌာန်းဆက် တိတ်အကြောင်းတို့ကို ပြန်သိရှိကြ မှာ အလွန်မလွယ်ကူသောကြောင့် ကုန်လွန်ခဲ့သော မိမိတို့၏အတိတ် ဘဝသည် လောလောဆယ် မိမိတို့နှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်နေရခြင်းသာ ဖြစ်ပါသည်။ထို့ကြောင့် အကြောင်းတိုက် ဆိုင်၍သိခွင့်ရသော ကျွန်ုပ်၏ပဋ္ဌာန်း ဆက်အိပ်မက်သည် အဆန်းမဟုတ် တော့ပါ။

သို့သော် ကျွန်ုပ်၏ ပဋ္ဌာန်းဆက် အိပ်မက်အကြောင်းအား ဖတ်ရှု၍ စာရှု သူ၏စိတ်၌ ဘဝင်မကျခဲ့သော် . . .

အလွန်သာယာလှသော လပြည့် ညတစ်ညဖြစ်မည်ထင်ရ၏။ ကျွန်ုပ်သည် မြို့တစ်မြို့အတွင်း လမ်းလျှောက်လာပါ သည်။ လမ်းတစ်လျှောက်လုံး လူသူဟူ၍ တစ်ဦးတစ်ယောက်မျှမတွေ့ရဘဲ လမ်း ဘေးလမ်းထောင့်တစ်နေရာရောက်တိုင်း မား၊ လံ၊ လက်နက်ကိုင်စစ်သည်များ အုပ်စုလိုက် ရပ်စောင့်နေသည်ကိုသာ တွေ့ကြရပါသည်။ ဝင်းခြံလေးများရှိ အိမ်များထဲတွင်လည်း တိတ်ဆိတ်နေ ပါသည်။ ကျွန်ုပ်သည် မြို့အတွင်းဆက် လျှောက်လာရာ တစ်မြို့လုံးနီးပါးပင် လမ်းထောင့်နေရာတို့၌ လက်နက်ကိုင် စစ်သည်များသာ တွေ့ကြရပြီး ကျွန်ုပ် ကိုလည်း မေးမြန်းခြင်း၊ စကားပြောခြင်း မရှိကြပါ။

တစ်နေရာအရောက် ကျွန်ုပ်သည် ရပ်၍ စစ်သည်တို့ကိုကြည့်နေစဉ် ကျွန်ုပ် ၏နောက်ဘက်မှ အသံတစ်သံကို ကြား လိုက်ရပါသည်။

"ဒီလောက် တိုင်းရေးပြည်ရာရှုပ် ထွေးနေတဲ့အချိန် အိမ်တော်ကိုမစောင့် ဘဲဘာကြောင့်မြို့တွင်းထွက်လာရသလဲ"

လှည့်ကြည့်လိုက်သောအခါတွင် ကျွန်ုပ်၏ အရှင်သခင်ကို တွေ့လိုက်ရ ပါသည်။ အရှင်မဟောသဓာသုခမိန်။ အလွန် ရည်မွန်သန့်ပြန့်သော၊ အလွန် တည်ကြည်သည့်အသွင်ကိုဆောင်သော၊ ကြည်ညိုဖွယ်ရာတင့်တယ်သောအဆင်း နှင့်ပြည့်စုံသည့် ကျွန်ုပ်၏ အရှင်သခင် မဟော်သဓာသည် ကျွန်ုပ်အား အပြစ် တင်စကားဆိုနေပါသည်။ သို့သော် စကားသံထဲတွင် ဒေါသသံကား ပါမလာ ပါ။ ကျွန်ုပ်လည်း အရှင့်အား မည်သို့မျှ မတုံ့ပြန်ဝံ့တော့ဘဲ အိမ်တော်ဘက်ဆီသို့ စစ်သည်တော်များကိုဖြတ်၍ လျှောက် လာမိပါသည်။ အိမ်တော်ခြံဝင်းဖက် ရောက်၍ အိမ်တော်ခြံဝင်းတွင်းရောက် သော် ကျွန်ုပ်သည် လာလမ်းဘက်သို့ ပြန်လည်မျှော်ကြည့်ရင်း ဤသို့သော အတွေးတစ်ခုကိုတွေးလိုက်မိပါသည်။

'ငါ့အရှင်မဟော်သဓာဟာ ဘုရား ဆုကိုတောင်းထားသလို ငါလည်း ဘုရား ဆုကိုတောင်းထားတဲ့သူပါလား'

ဟူသော အတွေးကို တွေးလိုက် စဉ်မှာပင် ကျွန်ုပ်သည် လန့်နိုးလာပါ တော့သည်။ မထင်မှတ်သောအိပ်မက် ဖြစ်ပါသည်။ ကျွန်ုပ်၏ပဋ္ဌာန်းဆုတောင်း ကို အသိပေးသည့်အိပ်မက်လား ကျွန်ုပ် မသိပါ။ သို့သော် ဂေါတမမြတ်စွာဘုရား အလောင်းတော်နှင့် သံသရာတစ်ကွေ့ ဝယ် ကျွန်ုပ်သည် ဆုံတွေ့ခဲ့ဖူးပါလား ဟူသည့်အသိက ရင်ထဲနေရာယူလာ သည်။

နောက်ပိုင်းတွင် ကျွန်ုပ်၌ ထူးဆန်း သောပဋ္ဌာန်းဆက်အိပ်မက်များ တစ်ခု ပြီးတစ်ခုမက်လေရာ မှတ်တမ်းအဖြစ် တင်ထားသော်လည်း မဖော်ပြတော့ပါ။ ဆက်၍ဖော်ပြနေနေလျှင် ကျွန်ုပ်သည် ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်အဖြစ် အလွန်ရောက်ရှိသွားကာ ကျွန်ုပ်ကို ဘဝင်မကျသည့်အဖြစ်က ပိုလာမည်စိုး သောကြောင့် ဖြစ်ပါသည်။

သို့သော် ကိုယ့်ဂုဏ်ကိုယ်ဖော်နိုင် လောက်သည့်ပဋ္ဌာန်းဆက်အိပ်မက်တစ် ခုကိုကား သူရဿပရိသတ်အတွက် အထူး တင်ပြလိုပါသေးသည်။

ကြည့်လိုက်သည့်နေရာတိုင်း မှိုင်း မှုန်၍နေ၏။ ပူလောင်၍နေ၏။ ပမာ ဆိုရသော် သဲမုန်တိုင်းတိုက်၍မှုန်ဝါးနေ သကဲ့သို့ မီးခိုးမှုန်များဖုံးလွှမ်း၍ မည်း မှောင်နေသကဲ့သို့ မြေပြင်တွင်လည်း မြေဟူ၍မတွေ့ရဘဲ ပြာပူများဖြင့်သာ ဖုံးလွှမ်းလျက်ရှိပြီး ပြာပူအရောင်မှာ ဖြူ ညစ်ညစ်အရောင်ဖြစ်ပြီး ခြေမျက်စိအထိ ပြာထုကြီးက ထူထပ်စွာရှိနေသည်။

ဘေးတစ်လျှောက် မျက်စိတစ်ဆုံး တွင် ယောကျ်ား၊ မိန်းမများသည် ပြာပူ ထဲပြေးလွှားနေကြ၏။ ရိုးရိုးပြေးနေကြ ခြင်းတော့မဟုတ်။ အပူဒဏ်မှလွတ်ရာ ရှာနေကြခြင်းသာ ဖြစ်၏။ မခံသာသည့် အဆုံး အသံကုန်အော်ဟစ်၍ အကူ အညီတောင်းသံ၊ အပူဒဏ်မခံနိုင်၍ ငယ်သံပါအောင် အော်ဟစ်နေသည့် အသံများမှာလည်း စိတ်ချမ်းမြေ့စရာ နည်းနည်းမျှပင်မရှိ။ ပြာပူငရဲ၏အနိဋ္ဌာ ရုံမြင်ကွင်း တစ်စိတ်တစ်ဒေသကို ကျွန်ုပ် တွေ့နေရခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏ တစ်ကိုယ်လုံးတွင်လည်း ပြာများဖြင့် ပေကျံနေ၏။ အဝတ်မှာ ကိုယ်၌မရှိ။ ကျွန်ုပ်၏လက်နှစ်ဖက်ကို ကြိုးဖြင့်ပူး၍ ချည်နှောင်ထား၏၊ ခြေနှစ်ဖက်တို့လည်း ပူးချည်တုပ်ထား၏၊ ခြေနှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com

မုဒိတာ(ကျိုက်လတ်)

# အင်္ဂလိပ်ဗေဒပညာရပ်များဖြင့်ပစ္စည်းပျောက်ကို ဆပွတ်ဓာတ်ဆင်၍ရှာနည်း

မိမိပျောက်သော ပစ္စည်းနံ၏ ခြောက်ခုမြောက် ဆပွတ်ဓာတ်အစာကို စား၍ လည်းကောင်း၊ ဆပွတ်ဓာတ်နံ ပစ္စည်းကိုကိုင်၍ လည်းကောင်း ရှာရမည်။ သို့သော် ရှာရမည့်အရပ်ဒေသကို သိရှိရန် လိုသေးသဖြင့် ပစ္စည်းဥစ္စာ ပျောက်အရပ်ဒေသညွှန်းသောဒဏ်သေကိန်းကို မှတ်သားပြီး ရှာရ၏။

ဂ ဒဏ်သေကိန်းအညွှန်း ဥစ္စာ ပျောက်ရှာရန် ဆောင်ပုဒ်မှာ -

*ဂ သူရဇ္ဇ-သောကြာ၊ ထောက်ဆကွဲ့၊ အိမ်တွင်းမှာ၊ ဗုဒ္ဓဆို တောင်အရပ်ကယ်နှင့်၊ မြောက်အရပ်မှာ ဂုရုထား၊ များမှတ်ကြရာ၊ ဘောမမှာတော့ ရှေ့ပြုဗ္ဗာ၊ နောက်ရပ်မှာဆိုပါက စန္ဒြာသောရီပဲရယ်လို့ မလွဲအောင် ရပ်ကိုပိုင်းလိုက်မယ်၊ ကိုင်း - ခုရှာကြ။*

ရွှေပျောက်သော် ငွေကိုကိုင်၍ ကျောက်ကျောစားပြီးရှာရာသည်။ ငွေပျောက်သော် တုတ်ကိုကိုင်ပြီး ထန်းလျက်စား၍ရှာရ၏။ မြင်းပျောက်ခဲ့သော် ဖွန်းကိုကိုင်၍ဆီးသီးစားပြီးရှာပါ။ နွားပျောက်သော် ပဲ၊ ပေါင်မုန့်၊ ပေါက်ပေါက် တစ်ခုခုစား၍ မှန်ကိုကိုင်ပြီး ရှာရမည်။

လက်စွပ်ပျောက်လျှင် အုန်းသီးစားပြီး အုန်းဖူးကိုင်၍ရှာပါ။ သော့ပျောက်ပါက လမုန့်စား ရေသောက်၍ ဝါးလုံးကိုင်ပြီး ရှာပါ။ ဓားပျောက်လျှင် ပေါက်ပေါက်စားပြီး မေမြို့ပန်းကိုင်၍ ရှာရာ၏။ တနင်္ဂနွေနံ အိုး၊ အိတ်၊ အင်္ကျီပျောက်သော် သီဟိုဠ်စေ့စား၍ သော့ကိုင်ပြီးရှာပါ။

**ဥစ္စာပျောက်အရပ်ညွှန်းဒဏ်သေကိန်း**

| | | |
|---|---|---|
| | ၃<br>အရှေ့ | |
| မြောက်<br>၅ | ၁-၆<br>အိမ်တွင်း | ၄<br>တောင် |
| | ၂-၇<br>အနောက် | |

*ဂ သူရဇ္ဇ-သောကြာ၊ ထောက်ဆကွဲ့၊ အိမ်တွင်းမှာ၊ ဗုဒ္ဓဆို တောင်အရပ်ကယ်နှင့်၊ မြောက်အရပ်မှာ ဂုရုထား၊ များမှတ်ကြရာ၊ ဘောမမှာတော့ ရှေ့ပြုဗ္ဗာ၊ နောက်ရပ်မှာဆိုပါက စန္ဒြာသောရီပဲရယ်လို့ မလွဲအောင် ရပ်ကိုပိုင်းလိုက်မယ်၊ ကိုင်း - ခုရှာကြ။*

**အဟောကား -**

တနင်္ဂနွေအခါ၊ သောကြာအခါ မေးလာသော်၊ ပစ္စည်းပျောက်သော် အိမ် အတွင်းမှာရှိသည်။ အိမ်အာရာမ်တွင်း လည်းရှိသည်။ ရှာပါ။ အင်္ဂါအခါ ပျောက်သော်၊ မေးလာသော်၊ အရှေ့ အရပ်မှာပျောက်သောပစ္စည်းရှိ၏။ ဗု ဟူးအခါပျောက်သော်၊ မေးလာသော် တောင်အရပ်မှာရှိ၏။ စန္ဒြအခါ၊ သော အခါ တနင်္လာ၊ စနေအခါများမှာပျောက် သော်၊ လာမေးလာလျှင် အိမ်အနောက် အရပ်မှာရှိသည် ရှာဖွေပါ။ ဂုရုအခါ ကြာသပတေးအခါမှာ ပျောက်သော် လာမေးလျှင် အိမ်၏မြောက်ဘက်အရ ၌ရှိသည်ဟုဟောပါ။ ထိုအရပ်မှာရှာနိုင် ပါ။

မကြာခဏ ပစ္စည်းများကို သတိ မေ့၊ အထားမှား၊ အသိမ်းလွန် မမှတ် သူ၊ ပေါ့ပေါ့ဆဆနေတတ်သူ၊ စိတ်သော ကများ၍ မေ့တတ်သူများအတွက် ထ ဆောင် မြန်မာ့အင်္ဂလိပ်ဗေဒပညာ ရပ်မှ ဆပွတ်ဓာတ်ဆင်းနည်းတစ်ခု စေတနာအရင်းခံထား၍ မျှဝေလိုက် သည်။

ကိုယ်ကျန်းမာကြ၍
စိတ်ရွှင်လန်းချမ်းမြေ့ကြပါစေ

မုဒိတာ (ကျိုက်လတ်)

---

လက်နှစ်ချောင်းကြားတွင် တုတ်ရှည်တစ်ချောင်းဖြင့် လျှိုထိုးထားပြီး ရှေ့မှ ငရဲထိန်းတစ်ယောက်၊ နောက်မှငရဲထိန်းတစ်ယောက် ပခုံးပေါ် တုတ်ကိုထမ်းကာ ပြာပူကိုဖြတ်၍လျှောက်နေ၏။ ကျွန်ုပ်၏ ကျောကား အောက်ဘက်၊ မျက်နှာကား အပေါ် ဘက်လှည့်နေ၏။ တစ်နေရာ အရောက် ငရဲထိန်းတို့သည် ကျွန်ုပ်အား လျှိုထိုးထားသောတုတ်ကို ဆွဲထုတ်၍ ကျွန်ုပ်အား ပြာပူပေါ် ချလိုက်ကြ၏။ ထူးဆန်းသည်မှာ ပြာကားပူမနေ။ သိလိုက်ရသည်မှာ ကျွန်ုပ်သည် အကုသိုလ်ကြောင့် ပြာပူငရဲတွင် ပင်ပန်းကြီးစွာ၊ ဒုက္ခကို နှစ်ပေါင်းများစွာ ကြာအောင် ခံခဲ့ရပြီး၍ ယခု အချိန်စေ့လွတ်မြောက်သည့်ကာလ ဖြစ်သောကြောင့်တည်း။ ငရဲမှလွတ်သောစိတ်အစဉ်ကား အေးချမ်းလှ၏။

ပြာပူငရဲမှ လွတ်သွားသည်နှင့် ကျွန်ုပ် လန့်နိုးလာပါတော့သည်။ ဇောချွေးပြန်လျက် ရင်တို့သည် တဒိန်းဒိန်းခုန်နေ၏။ ငါပြာပူငရဲကျဖူးခဲ့ပါလားဟူသည့်အသိက လွှမ်းမိုးလာ၏။ ဒီထက်ဆိုးသောငရဲဆိုလျှင် ကျွန်ုပ်သည် တွေးပင်မတွေးရဲတော့။ ထို့နောက်တွင် ကျွန်ုပ်သည် ပြာပူငရဲသို့ရောက်ရသော အကြောင်းရင်းကို ရှာဖွေလေ့လာကြည့်မိရာ -

ပြာပူငရဲရောက်သော အကုသိုလ်ရှင်များမှာ ကုန်သည်ပွဲစား၊ ဈေးရောင်းဈေးဝယ်နှင့် အခြားစီးပွားရှာရာတွင် ကိုယ်ကျိုးကိုသာကြည့်ပြီး အခြားသူများကို စိတ်ဆင်းရဲရောက်စေအောင် မသမာသောနည်းဖြင့် စီးပွားရှာနေကြသော အကုသိုလ်ရှင်များသာ ကျရောက်တတ်ကြောင်း တွေ့ရပါသည်။ ဤပဋ္ဌာန်းဆက် အတိတ်အိပ်မက်ရပြီးနောက် ကျွန်ုပ်သည် ရှာဖွေစားသောက်ရာတွင် အကုသိုလ်မဖြစ်အောင် အထူးဂရုပြု နေရပါတော့သည်။

ဤသို့ အတိတ်ပဋ္ဌာန်းဆက်ဘ တို့ကို ကျွန်ုပ်သိမြင်ရသည့် အကြောင်း များမှာ အလကားနေရင်း လွယ်လွယ် ကူကူ သိခွင့်ရခဲ့သည်တော့ မဟုတ် နှစ်ဆယ်နှင့်ချီကာ အိမ်ဝင်းပြင်ကိုပင် မထွက်တော့ဘဲ အနှစ်နှစ်အလ ကြိုးစားပမ်းစား လုံ့လပြု၍ ရင်းနှီးသ သည်ကို ပင်ပန်းကြီးစွာ စိတ်ဒုက္ခကို ဒုက္ခခံ၍ ရင်းနှီးပြီးမှသာ ရရှိလာသော သိရှိခွင့်ရှိလာသော အကျိုးတရားသာ ဖြစ်ပါ သည်။

ကျွန်ုပ်ကဲ့သို့ သို့မဟုတ် ကျွန်ုပ် ထက်ပို၍ အတိတ်ပဋ္ဌာန်းဆက်ဘဝ ကို သိကြရကုန်သောသူများလည်း လူ့လောကတွင် အမှန်ရှိကြပါလိမ့်မည် ဟု တင်ပြရင်း. . .


မဟာစက်ရှင် (လှိုင်သင်)



www.burmeseclassic.com

ဆရာမော်

# အလွယ်လေ့လာ လက္ခဏာပညာ



ဂြိုဟ်ခုံ (၄) တည်နေရာ

### ဂြိုဟ်ခုံ (၄)
### အင်္ဂါဂြိုဟ်ခုံ (အဖို)

**ခုံ (၄) ကောင်းစွာဖွံ့ဖြိုးပြီး တင်းမာ ာက်နေပါသလား**

ဂြိုဟ်ခုံ (၄) သည် တဏှာရမ္မက် သူ ကာမစိတ်နိုးကြွသူ၊ အကြမ်းဖက် စက်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

အကယ်၍ ဂြိုဟ်ခုံ (၄) အား ာင်းသည်ဖြစ်စေ၊အားပျော့သည်ဖြစ် လက်တစ်ခုလုံးအား အကျိုးသက် တ်မှုရှိစေမည်ဖြစ်သည်။

ဂြိုဟ်ခုံ (၄) သည် သတ္တိရှိခြင်း၊ ကိုယ်မိမိထိန်းချုပ်နိုင်ခြင်း၊ အရေးပေါ် ခြေအနေများ၌ အဆင်ပြေချောမွေ့ ာင် ဖြေရှင်းနိုင်ခြင်းတို့ကို ရည်ညွှန်း ည်။


**မှုလွန်ကဲနေပါသလား**

ဂြိုဟ်ခုံ (၄) ဖွံ့ဖြိုးမှုလွန်ကဲနေပါ တာမစိတ်နိုးကြွမှုအခြေအနေအမြင့် တွင်ရှိသူ၊ ဒေါသကြီးတတ်သူ၊ ကြီးနိုင် ညှဉ်းလုပ်တတ်သူ၊ ဘဝတစ်သက် အတွင်း လူအများအပေါ် ဗိုလ်ကျစိုး တတ်သူ၊ ရက်စက်ကြမ်းတမ်းသူဖြစ် ကြောင်း ဖော်ပြသည်။

**ဖွံ့ဖြိုးမှုမရှိဘဲ ပြားချပ်ချိုင့်ဝင်နေပါသလား**

ထိုသို့ဖြစ်ပါက ရက်စက်ကြမ်းတမ်းမှုမရှိသူ၊ ကြောက်ရွံ့တတ်သူ၊ အရှက်ကြီးသူ၊ စိတ်အားငယ်ဝမ်းနည်းတတ်သူ၊ မိမိကိုယ်မိမိချိုးနှိမ်တတ်သူ၊ စိတ်တည်ငြိမ်အေးချမ်းမှုရှိသူ၊ ရသေ့ရဟန်းပြုသူဖြစ်ကြောင်း ဖော်ပြသည်။

**ဂြိုဟ်ခုံ (၄) အား အလျားလိုက်လမ်းကြောင်းများဖြတ်နေပါသလား။**




ဂြိုဟ်ခုံ (၄) အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ

အလျားလိုက်လမ်းကြောင်းများဖြတ်နေပါက ၎င်းလမ်းကြောင်းများကို ဩဇာသက်ရောက်မှုဆိုင်ရာလမ်းကြောင်းများဟုခေါ်သည်။ အဆိုပါ လက္ခဏာရှင်သည် ဘဝ၏အစောပိုင်းကာလများမှာပင် မိသားစု၏ ဩဇာသက်ရောက်မှု (အကောင်း၊ အဆိုး) ခံရခြင်းရှိကြောင်း ရည်ညွှန်းသည်။ တစ်ခါတစ်ရံ အလျားလိုက်လမ်းကြောင်းများအပြင် ကျွန်းများ၊ ကြက်ခြေခတ်များ ပါဝင်နေတတ်သည်။

**ဂြိုဟ်ခုံ (၄) အား ဒေါင်လိုက်လမ်းကြောင်း (သို့) ထောင့်ဖြတ်လမ်းကြောင်းများက ဖြတ်နေပါသလား**

ဂြိုဟ်ခုံ (၄) ပေါ်တွင် ဒေါင်လိုက် (သို့) ထောင့်ဖြတ်လမ်းကြောင်းများ ပါရှိ




ဂြိုဟ်ခုံ (၄) အား ထောင့်ဖြတ်လမ်းကြောင်းများက ဖြတ်နေပုံ

နေပါက ဖိအားပေးနေသော မကောင်းသည့် လမ်းကြောင်းများပင် ဖြစ်သည်။ ထောင့်ဖြတ်လမ်းကြောင်းများသည် လက္ခဏာရှင်များအား ကလေးဘဝကတည်းကပင် ပြဿနာအမျိုးမျိုးကြုံတွေ့စေသည့် သဘောရည်ညွှန်းသည်။

### ဂြိုဟ်ခုံ (၅)
### အင်္ဂါဂြိုဟ် (အမ)

**ဂြိုဟ်ခုံ (၅) ကောင်းစွာဖွံ့ဖြိုးတင်းမာပြီး မို့မောက်နေပါသလား**



ဂြိုဟ်ခုံ (၅) တည်နေရာသည် နှလုံးလမ်းကြောင်းနှင့် အတူရှိနေပုံ

ဂြိုဟ်ခုံ (၅) ဖွံ့ဖြိုးမှုအားကောင်းနေပါက ဘဝ၏နေ့ရက်များ တစ်ရက်ချင်းစီအလိုက် ပျော်ရွှင်အောင်ဖန်တီးနေထိုင်တတ်သူ၊ သားသမီးမွေးဖွား၍ မိသားစုဘဝကိုဖန်တီးလိုသူ၊ ကာမဂုဏ်အာရုံ၌ပျော်မွေ့သူ၊ စားလိုက်သောက်လိုက်ဖြင့်ပျော်ပျော်နေလိုသူ၊ ကိုယ်ကာယလှုပ်ရှားမှုပါသောအလုပ်များကို နှစ်သက်သူဖြစ်ကြောင်း ဖော်ပြသည်။

www.burmeseclassic.com


**ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား**

ဂြိုဟ်ခုံ(၅) ဖွံ့ဖြိုးလွန်ကဲခြင်းသည် အစားအသောက်နှင့် ကာမဂုဏ်လိုက်စားမှု၌ ဦးစားပေးပျော်မွေ့သူ၊ ကိုယ်ကာယပိုင်းအရ သာယာမှုမှန်သမျှ၌ နစ်မျောကာတတ်သူ၊ စိတ်အလိုလိုက်တတ်သူ၊ မကောင်းမှု၌ပျော်မွေ့သည့်စရိုက်လက္ခဏာရှိသူဖြစ်ကြောင်း ဖော်ပြသည်။

**ဖွံ့ဖြိုးမှုမရှိဘဲ ပြားချပ်ချိုင့်ဝင်နေပါသလား**

ဂြိုဟ်ခုံ (၅) ဖွံ့ဖြိုးမှုအားမကောင်းပါက ကိုယ်ကာယပိုင်းဆိုင်ရာ ခွန်အားနည်းသူ၊ မိသားစုအပေါ် စိတ်ဓာတ်ကျသူ၊ တက်ကြွမှုမရှိသူ၊ တုံ့ပြန်မှုမရှိသလောက် အေးစက်စက်နေတတ်သူဖြစ်ကြောင်း တွေ့ရသည်။

**ဂြိုဟ်ခုံ (၅)အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**




**ဂြိုဟ်ခုံ (၅) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

ထိုသို့ဖြတ်နေပါက ကောင်းသောစွမ်းအင်များကို ကိုယ်စားပြုသည်။ လက္ခဏာရှင်သည် မိသားစုအပေါ် ခင်တွယ်၍ လိုအပ်သောကြိုးစားအားထုတ်မှုများဖြင့် ပံ့ပိုးပေးတတ်သည်။ ဘဝ၌စိတ်ချမ်းမြေ့ပျော်ရွှင်စရာများနှင့်ကြုံရသူပင် ဖြစ်သည်။ ၎င်းအပြင် အဆိုပါလက္ခဏာရှင်သည် ဘဝအတွက် အဓိကအရေးပါသောကိစ္စများအား အခြေအနေအချိန်အခါကောင်းတွင်လုပ်နိုင်ရန် ကြိုတင်စဉ်းစားပြင်ဆင်ထားတတ်သည်။

**ဂြိုဟ်ခုံ (၅) အား အလျားလိုက်လမ်းကြောင်းများကဖြတ်နေပါသလား**

အကယ်၍ဖြတ်နေပါက ဘဝတစ်သက်တာအတွင်း အခက်အခဲ အကျပ်အတည်းများဖြင့် မနားမနေရုန်းကန်နေရသူဖြစ်ကြောင်း ရည်ညွှန်းသည်။ လက္ခ




**ဂြိုဟ်ခုံ (၅) အား အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

ဏာပညာရှင်ထောင့်အရ ခရီးသွားလာရခြင်းကိုဖော်ပြသည့် နိမိတ်လက္ခဏာဖြစ်ကြောင်း တွေ့ရှိရသည်။

**ဂြိုဟ်ခုံ (၆)**

**သောကြာ**

**ဂြိုဟ်ခုံ (၆) ကောင်းစွာဖွံ့ဖြိုးတင်းမာပြီး မို့မောက်နေပါသလား**



**ဂြိုဟ်ခုံ (၆) တည်နေရာ**

တည်ဆောက်ပုံကောင်းမွန်သည့် ဂြိုဟ်ခုံ (၆) အား သောကြာဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားပြီး သိစိတ်နှင့် သက်ဆိုင်သော စရိုက်လက္ခဏာများအား ကိုယ်စားပြုထားသည်။ သောကြာဂြိုဟ်ခုံသည် ဂြိုဟ်ခုံများအနက် အကြီးဆုံးဖြစ်ပြီး ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သူ၊ အကောင်းမြင်ဝါဒရှိသူ၊ နွေးထွေးပျူငှာစွာဆက်ဆံတတ်သူ၊ သနားကြင်နာစိတ်ရှိသူ၊ လူမှုအသိုင်းအဝိုင်းအတွင်းဝင်ဆံ့သူ၊ ပျူငှာလိုက်လျောစွာ ကြိုဆိုတတ်သူ၊ ဘဝ၏အချိန်တိုင်းအား တစ်ရက်ချင်းစီ

အလိုက် ပျော်ရွှင်မှုများရှိစေရန် ဖန်တီးတတ်သူဖြစ်ကြောင်း ဖော်ပြသည်။ ၎င်းအပြင် အထက်ပါလက္ခဏာရှင်သည် ချစ်ခင်စုံမက်တတ်ပြီး ဆွဲဆောင်မှုရှိတတ်သည်။ စိတ်ခံစားမှုများ၌ လွန်ကဲမှုမရှိစေဘဲ တည်ငြိမ်အောင် ထိန်းချုပ်နိုင်သူလည်း ဖြစ်သည်။

**ဂြိုဟ်ခုံ (၆) ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား**

ဖွံ့ဖြိုးမှုလွန်ကဲခြင်းကြောင့် ကိုယ်လက်နှိုးနှော့ရသည့်အခြေအနေများ၌ နှစ်သက်သူ၊ လိင်ကိစ္စဝါသနာထုံသူ၊ စိတ်ခံစားချက်လွန်ကဲတတ်သူ၊ လောကစည်းစိမ်/ အပျော်အပါး လိုက်စားရခြင်းကို အကောင်းဆုံးဟု ယူဆတတ်သူ၊ စိတ်ကြီးဝင်၊ ဘဝင်မြင့်တတ်သူ၊ တုံ့ပြန်မှုအား ကောင်းပြီး အကြမ်းဖက်တတ်သူ ဖြစ်ကြောင်း ဖော်ပြသည်။

**ဖွံ့ဖြိုးမှုမရှိဘဲပြားချပ်ချိုင့်ဝင်နေပါသလား**

ဂြိုဟ်ခုံ (၆) ဖွံ့ဖြိုးမှုအားမကောင်းခြင်းကြောင့် အချစ်ရေး/အိမ်ထောင်ရေး၌ အေးစက်စက်ဆက်ဆံတတ်သူ၊ ထက်ဖက်သားလိုအပ်ချက်အပေါ် နားမလည်ဘဲ မိမိကိုယ်ကျိုးတစ်ခုတည်းကိုသာ ကြည့်တတ်သူ၊ လက်ငင်းအကျိုးကိုသာ ကြည့်တတ်ပြီး ရေရှည်အတွက်မစဉ်းစားတတ်သူ၊ ခြိုးခြံချွေတာစိစစ်တတ်သူ၊ ရှေးရိုးစွဲဝါဒရှိသူ၊ စိတ်ခံစားချက်များအား မှုလရှိသည်ထက် ပို၍ထုတ်ပြတတ်သူ ဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဂြိုဟ်ခုံ (၆) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**



**ဂြိုဟ်ခုံ (၆) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပုံ**


အကယ်၍ဖြတ်နေပါက စိတ်ခံစားထိခိုက်လွယ်သူ၊ မိမိဘဝအပေါ် နှစ်သက်သူ၊ မိဘဆွေမျိုးမိသားစုအပေါ် ခင်တွယ်

www.burmeseclassic.com

တ်သူ၊ အနီးဆုံးသူငယ်ချင်းထံမှ အကူ
ရရှိသူ၊ အိမ်ထောင်ဖက်ထံမှ နား
မှုရရှိသူ၊ အိမ်ထောင်ဖက်ကောင်း
သူဖြစ်ကြောင်း သိနိုင်ပါသည်။

အကယ်၍ ဂြိုဟ်ခုံ(၆)တွင် ဒေါင်
လိုက်လမ်းကြောင်းအလွန်များနေပါက
ကယ်လပ်မှုကို လိုလားသူ၊ မိမိတစ်ကိုယ်
ကောင်းတိုးတက်ရေးအတွက်ကိုသာ စိတ်
ထားတတ်သူဖြစ်ကြောင်းရည်ညွှန်းသည်။

**ဂြိုဟ်ခုံ (၆) အား အလျားလိုက်လမ်းကြောင်းများကဖြတ်နေပါသလား**



**ဂြိုဟ်ခုံ (၆) အား**
**အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

အကယ်၍ဖြတ်နေပါက ပြင်ပမှ
သူတို့၏ ကြားဝင်နှောင့်ယှက်ခြင်း
ခံရသူ၊ မိသားစုအတွင်းနှင့် အိမ်
ထောင်ရေးကိစ္စများ၌ ကြားဝင်ပါနှောင့်တား
ခံရသူဖြစ်ကြောင်း ဖော်ပြသည်။

**ဂြိုဟ်ခုံ (၇)**

**နက်ပကျွန်း**

**ဂြိုဟ်ခုံ (၇) သည် ဖွံ့ဖြိုးမှုအားကောင်းပြီး တင်မာမို့မောက်နေပါသလား**


ဖွံ့ဖြိုးမှုအားကောင်းခြင်းကြောင့်
ဂြိုဟ်ခုံ (၇) သည် သိစိတ်နှင့် အလိုအ
လျောက်တုံ့ပြန်နိုင်သည့်စိတ်တို့အကြား
ကူးတံတားသဖွယ် ဆက်သွယ်ပေး
ကြောင်း တွေ့ရှိရသည်။

တစ်နည်းအားဖြင့် ဂြိုဟ်ခုံ (၇)
သည် ဦးနှောက်ဝဲဘက်ခြမ်းနှင့် ယာ
ဘက်ခြမ်းတို့အကြား အပြန်အလှန်တုံ့
ပြန်မှုများ ညီညွတ်ပြီး အားကောင်းနေ
သည်ဟူသော ညွှန်ပြနေခြင်းပင် ဖြစ်
သည်။

ဂြိုဟ်ခုံ (၇) အားကောင်းသော
လက္ခဏာရှင်သည် သနားကြင်နာစိတ်



**ဂြိုဟ်ခုံ (၇) တည်နေရာ**



**ဂြိုဟ်ခုံ (၇) အား**
**ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပုံ**



**ဂြိုဟ်ခုံ (၇) အား**
**အလျားလိုက်လမ်းကြောင်းများက ဖြတ်နေပုံ**

ရှိသူဖြစ်သော်လည်း ပင်ကိုသဘာဝအမှ
စိတ်ဓာတ်ခွန်အားကောင်းသူ ဖြစ်သည်။
ဆက်သွယ်ရေးရာလုပ်ငန်းများ၌ ကျွမ်း
ကျင်ပြီး အခြေအနေအရပ်ရပ်အပေါ်
အမုန်ကန်ဆုံး ဆုံးဖြတ်ချက်ချပေးနိုင်သူ
ဖြစ်သည်။

**ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား**

ဂြိုဟ်ခုံ (၇) ဖွံ့ဖြိုးမှု လွန်ကဲပါက
စိတ်ကူးယဉ်လွန်းသူ၊ လက်တွေ့လုပ်ကိုင်
တတ်ခြင်းမရှိသူ၊ အဖြစ်မှန်နှင့် စိတ်ကူး
အိပ်မက်တို့ကြား မှန်ကန်ကွဲပြားအောင်
မခွဲခြား၊ မဆုံးဖြတ်နိုင်သူ၊ မိမိကိုယ်ကျိုး
ကိုသာကြည့်ပြီး တစ်ဖက်သားအပေါ်
လွှမ်းမိုးလိုသူဖြစ်ကြောင်း ဖော်ပြသည်။

**ဖွံ့ဖြိုးမှုမရှိဘဲပြားချပ်ချိုင့်ဝင်နေပါသလား**

အထက်ပါကြွန်အင်လက္ခဏာအရ
မိမိစိတ်ရင်း မည်သို့ရှိသည်ကို ကိုယ်တိုင်
မသိသူ၊ မသိစိတ်တွင်ရှိနေသည့် အလို
ဆန္ဒများအား သတိမမူမိသူ၊ တွေးတော
ပူပန်စိတ်ရှိသူဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါ လက္ခဏာရှင်များအနေ
ဖြင့် စိတ်တည်ငြိမ်အောင် တရားမည်သို့
ထိုင်ရမည်ကိုလေ့လာပြီး လက်တွေ့ကျင့်
ကြံအားထုတ်သင့်သည်။

**ဂြိုဟ်ခုံ (၇) အား ဒေါင်လိုက်လမ်းကြောင်းများကဖြတ်နေပါသလား**

ကောင်းသော စွမ်းအင်များအား
ဖော်ပြသည်။ ဂြိုဟ်ခုံ (၇) ပေါ်တွင် ကံ
လမ်းကြောင်း စတင်ပေါ်ပေါက်တတ်
သည်။ အကယ်၍ ကံလမ်းကြောင်းရှိနေ
ခဲ့ပါက အသက်ငယ်ရွယ်စဉ်ကပင် ကံ
ကောင်းမှုများနှင့် ကြုံတွေ့ရတတ်သည်။

အကယ်၍ အသက်လမ်းကြောင်း
သည် ဂြိုဟ်ခုံ (၇) တွင် အဆုံးသတ်နေ
ပါက မနားမနေ စိတ်ဓာတ်ထက်ကြွစွာ
ဖြင့် အရာရာအောင်မြင်အောင် ဆောင်
ရွက်နိုင်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**ဂြိုဟ်ခုံ (၇) အား အလျားလိုက်လမ်းကြောင်းများကဖြတ်နေပါသလား**

အကယ်၍ဖြတ်နေပါက သူတစ်
ပါးလက်အောက်ခံဘဝရောက်ရှိသူ၊ မူး
ယစ်ဆေးစွဲသူ၊ စိတ်ဖိစီးစရာများ ကြုံ
တွေ့ရသူ၊ စိတ်ပျော့ညံ့လွန်းသူ၊ စိတ်
အလိုလိုက်၍ ထင်ရာစိုင်းတတ်သူဖြစ်
ကြောင်း ဖော်ပြသည်။


**ဂြိုဟ်ခုံ (၈)**

**တ[illegible] (အောက်ပိုင်း)**

**ဂြိုဟ်ခုံ (၈) သည် ဖွံ့ဖြိုးမှုအားကောင်းပြီး တင်မာမို့မောက်နေပါသလား**

ဖွံ့ဖြိုးမှုအားကောင်းနေခြင်းကြောင့်
မသိစိတ်ပိုင်းဆိုင်ရာ၌ အားကောင်းသော
စိတ်သိညာဉ်ဆိုင်ရာဖွံ့ဖြိုးမှု [illegible]


www.burmeseclassic.com



ဗြိုဟ်ခုံ (ဂ) တည်နေရာ



ဗြိုဟ်ခုံ (ဂ) အား
ဒေါင်လိုက်လမ်းကြောင်းများကဖြတ်နေပုံ



ဗြိုဟ်ခုံ (ဂ) အား
အလျားလိုက်လမ်းကြောင်းများကဖြတ်နေပုံ

ဖြစ်သူ၊ စိတ်ကူးစိတ်သန်းကောင်းသူ၊ အထုံပါရမီကောင်းများရှိသူ၊ ကဗျာ၊ စာပေ၊ ဂီတအနုပညာရပ်အပေါ် စိတ်ဝင်စားမြတ်နိုးသူ၊ ခရီးသွားလာလိုစိတ်ရှိသူအဖြစ် တွေ့ရှိရသည်။

**ဖွံ့ဖြိုးမှုလွန်ကဲနေပါသလား**

ဗြိုဟ်ခုံ (ဂ) ဖွံ့ဖြိုးမှုလွန်ကဲခြင်းကြောင့် မသိစိတ်ဆိုင်ရာ၌ နိုးကြားသူ၊ ဖန်တီးနိုင်စွမ်းမြင့်မားသူဖြစ်ကြောင်းကို ရည်ညွှန်းပြီး လက်တည်ဆောက်ပုံမကောင်းပါက စိတ်ကူးစိတ်သန်းများ တစ်ဖက်သတ်ဆန် တစ်ဖက်စွန်းရောက်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။

**ဖွံ့ဖြိုးမှုမရှိဘဲပြားချပ်ချိုင့်ဝင်နေပါသလား**

ဖွံ့ဖြိုးမှုအားမကောင်းခြင်းကြောင့် သဘောထားတင်းမာသည့် ဩဇာအာဏာရှိသူ၊အပြန်အလှန်ကတိကဝတ်ထားရှိသည့်အတိုင်း မစွမ်းဆောင်နိုင်သူ ဖြစ်ကြောင်း ဖော်ပြသည်။

အဆိုပါလက္ခဏာရှင်များအတွက် အပြောင်းအလဲမည်သို့လုပ်သင့်သည်ကို ကိုယ်တိုင်နည်းလမ်းရှာဖွေရမည် ဖြစ်သည်။ ဥပမာအားဖြင့် စိတ်တည်ငြိမ်အေးချမ်း၍ အရာရာအမှန်အတိုင်း ရှုမြင်တတ်စေရန် တရားထိုင်ခြင်းဖြင့် ကုစားနိုင်ပါသည်။

**ဗြိုဟ်ခုံ (ဂ) အား ဒေါင်လိုက်လမ်းကြောင်းများက ဖြတ်နေပါသလား**

ဒေါင်လိုက်လမ်းကြောင်းများဖြတ်နေခြင်းကြောင့် စိတ်ဓာတ်ခွန်အားမြင့်မားသူ၊ စိတ်ကူးနှင့်လက်တွေ့အမြင်အားသဟဇာတဖြစ်အောင် ပေါင်းစပ်နိုင်သူ၊ အကြားအမြင်ပေါက်သူ၊ ကြည်ညိုဖွယ်ဂုဏ်သရေရှိအောင် ကျင့်ကြံနိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

ဗြိုဟ်ခုံ(ဂ)အား ဒေါင်လိုက်လမ်းကြောင်းများ ဖြတ်နေသောနေရာတွင် အမြဲတစေ ဉာဏ်လမ်းကြောင်း (intuition line) စတင်နေတတ်သည်။

**ဗြိုဟ်ခုံ (ဂ) အား အလျားလိုက်လမ်းကြောင်းများကဖြတ်နေပါသလား**

အလျားလိုက်လမ်းကြောင်းများရှိနေပါက အမှန်တရားကို သိမြင်နိုင်စွမ်းမရှိသူ၊ မိမိစိတ်အားမထိန်းချုပ်နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

အကယ်၍ ဗြိုဟ်ခုံ (ဂ) အား ဖြတ်နေသောလမ်းကြောင်းတစ်ခုသည် ရှည်လျားဖြောင့်တန်းနေပါက သူတစ်ပါးလက်အောက်ခံဖြစ်ရသူ၊ မူးယစ်ဆေးစွဲသူ၊ ကာမဂုဏ်အာရုံခံစားလိုစိတ်ကြီးမားသူ၊ မိမိစိတ်ကိုအလိုလိုက်သူဖြစ်ကြောင်း ဖော်ပြသည်။

လက္ခဏာပညာရှုထောင့်အရ ဗြိုဟ်ခုံ (ဂ) ပေါ်ရှိ အလျားလိုက်လမ်းကြောင်းများသည် ခရီးသွားလာခြင်း၊ ပင်လယ်ရေကြောင်းခရီးဖြင့် နိုင်ငံရပ်ခြားသို့ ခရီးသွားရခြင်းတို့ကို ရည်ညွှန်းသည်။

**ထပ်မံအသေးစိတ်သိစရာများ**

ဤအခန်းတွင် သက်ဆိုင်ရာလက္ခဏာရှင်၏ ပင်ကိုစရိုက်လက္ခဏာများအား တိုးမြင့်လေ့လာစစ်ဆေးနိုင်ရန် နည်းလမ်းများ ထည့်သွင်းထားသည်။ ထိုသို့စစ်ဆေးရာ၌ လက်ဝါးပြင်လက္ခဏာအရေးအကြောင်းများသာမက၊ လက်ဝါးပြင်အား သက်သောင့်သက်သာအနေအထားဖြင့် ဖြေလျှော့၍ လက်ချောင်းတစ်ချောင်းချင်းစီကိုပါ လေ့လာစစ်ဆေးရမည် ဖြစ်သည်။

**လက်ချောင်း (Fingers)**

(ပထမဦးစွာ လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်းအကြား အကွာအဝေးများကို စတင်လေ့လာပါမည်။)

လက်ချောင်းတို့၏အကြားအကွာအဝေး (သို့) လက်ချောင်းတစ်ချောင်းနှင့်တစ်ချောင်းတို့အကြား ကြားနေရာအသီးသီးသည် ကိုယ်စားပြုအဓိပ္ပာယ်တစ်မျိုးစီအား ပိုင်ဆိုင်ထားကြသည်။



လက်ညှိုးနှင့်လက်ခလယ်ကြားနေရာ

သူရသတ္တိနှင့်ပြည့်စုံခြင်း၊ စိန်ခေါ်မှုအမျိုးမျိုးအား ရင်ဆိုင်ရဲခြင်း၊ အများအပေါ် လွှမ်းမိုးဆွဲဆောင်နိုင်ခြင်း၊ စီမံခန့်ခွဲနိုင်မှုကျွမ်းကျင်ခြင်း၊ အရည်အချင်းလုံလောက်စွာရှိခြင်း၊ လွတ်လပ်စွာနေထိုင်ခြင်း၊ သည်းမခံတတ်ခြင်းတို့ကို ကိုယ်စားပြုသည်။

ဆရာဒေါ်



www.burmeseclassic.com

www.burmeseclassic.com

# ကိုစနေ

## ကပ္ပိယကြီးမင်းနှင့်ဂန္ဓာလရာဇ်ဆေးကုထုံးများ



"အသေးလေး"

"ဘုရား"

"အကြင်သူသည် မည်မျှပင် ယ်အဆင်းနှင့် ပြည့်စုံသည်ဖြစ်စေ၊ အနွယ် ကြီးကျယ်မြင့်မြတ်ခြင်းနှင့် သည်ဖြစ်စေ ပညာမရှိလျှင် လောက ယ် မတင့်တယ်လို့ ရှေးပညာရှိတို့ တယ် တပည့်ရဲ့"

"မှန်ပါ"

"အဓိပ္ပာယ်ကတော့ လူတစ် ာက်ဟာ ဘယ်လောက်ပဲ ရုပ်ဆင်း လှနေပါစေ၊ အသက်အရွယ်နုနယ် ဘယ်လောက်ပဲ အမျိုးမြင့်မြတ် စစ်မှန်ကောင်းမွန်တဲ့ပညာမရှိရင် မဝင်ဘူးလို့ဆိုတာကွယ့်"

"မှန်ပါ"

"နောက်တစ်ခါ လောက၌အတတ် ာနှင့်တူသော ဆွေမျိုး၊ မိတ်ဆွေ၊ ှန်းမရှိလို့ ဆိုပြန်တယ်"

"မှန်ပါ"

"ဒီတော့ ပညာဟာ ဘဝအတွက် ကြီးတယ်။ သင်ယူလိုက်စားထိုက် ဆိုတာ သိလောက်ပြီပေါ့"

"မှန်ပါဘုရား"

"နောက်တစ်ချက်က နွားကျောင်း တို့သည် ကြိုးပမ်းအားထုတ်မှုမရှိ အနီး၌ပင်ရှိသည့် နွားနို့အား ာက်သုံးရကုန်လို့ ဆိုတယ်"

"မှန်ပါ"

"ငါပြောချင်တာက တခြားမဟုတ် မင်းဟာ ဒီလိုအခွင့်အခါပေးတဲ့ န်ကောင်းမှာ တန်ဖိုးရှိတဲ့ပညာကို ကြိုးစားစား သင်ယူရကောင်းမှန်း ဘူး၊ ဝီရိယမစိုက်ဘူး။ နွားမကြီး မှာရှိပါလျက် နွားနို့မသောက်ရတဲ့ ကျောင်းသားလိုဖြစ်နေပြီ။ကပ္ပိယကြီး ပေးနေတဲ့ ဆေးပညာ၊ ဗေဒင်ပညာ တို ဂရုတစိုက်သင်ယူရကောင်းမှန်း ဘူး။ စာတစ်မျက်နှာကို တစ်လ ာက်ကျက်တာတောင် မရဘူးလို့ တယ်၊ ဟုတ်လား"

ဆရာတော့်အမေးကြောင့် ကျွန်ုပ် ဖြစ်သွား၏။ မှန်ပါသည်။ အလွန် ထွေး ခက်ခဲလှသည့် ဆေးစာများ၊ င်လင်္ကာများအား စိတ်မပါလှသည့် အလျောက် ဂရုတစိုက်ကျက်မှတ်ခြင်းမရှိသဖြင့် ရှေ့ကကျက်လိုက်၊ နောက်ကမေ့လိုက်ဖြစ်နေသည်မှာ အမှန်ဖြစ်၏။ ကပ္ပိယကြီးမှ စာမေးမည်ပြုတိုင်း အကြောင်းအမျိုးမျိုးပြ၍ ရှောင်လွှဲခဲ့သော်လည်း ဆရာတော့်ကိုမူ မည်သို့မျှ ဆင်ခြေပေး၍ရမည်မဟုတ်ကြောင်း သိသဖြင့် ဦးစွာ နှစ်ပင်လိမ်ကြိမ်ထံ မျက်လုံးရောက်သွားပြီး တွန့်ခနဲဖြစ်သွားရခြင်း ဖြစ်ပါသည်။

"ကပ္ပိယကြီးဟာ တို့ရွာဇာတိ မဟုတ်လို့ တို့နဲ့အမြဲနေမှာမဟုတ်ဘူး။ သူ့အကြောင်းကိစ္စ ညီညွတ်တာနဲ့ အချိန်မရွေး ပြန်သွားတော့မှာကွ။ ဒါကြောင့် သူရှိနေခိုက်အချိန်လေးမှာ ရနိုင်သလောက် ပညာယူထားဖို့ မင်းကို သတိပေးနေရတာကွယ့်။ မင်းမှတ်ဉာဏ်ကောင်းတာ၊ မကောင်းတာ ငါအသိဆုံးပဲ။ ပရိတ်ကြီး(၁)သုတ်ကို သုံး၊ လေးခေါက်လောက်ကျက်ရုံနဲ့ အာရုံရတဲ့ ငါ့တပည့်က ဆေးစာတစ်မျက်နှာကို တစ်လလောက်ကျက်တာတောင်မရဘူး ဆိုတော့ မင်းစိတ်ကို မှန်းဆလို့ရနေတယ်။ ဒီပညာတွေက မင်းဘဝရှေ့ရေး အတွက်ဆိုတာ သိထားပါ။ ငါမရှိတဲ့နောက် မင်းတကယ်အားကိုးရမှာက အခုသင်နေတဲ့ ပညာတွေပဲ တပည့်ရဲ့။ ကပ္ပိယကြီး ဆေးကုသွားတိုင်း မင်းကို ထည့်ပေးတာကလည်း သင်ကြားမှုအတွက် အထောက်အကူကြီးကြီးမားမား ဖြစ်နိုင်လို့ပဲကွ။ ဘယ်ရွာတော့မလိုက်ချင်ဘူး၊ ဘယ်သူ့ကိုဖြင့် မကုချင်ဘူး မလုပ်နဲ့ တပည့်ရေ။ မကောင်းခဲ့တဲ့ အတိတ်ကံကြောင့် ဆွေမျိုးအသိုင်းအဝိုင်းက ပြစ်ပယ်ခံထားရတာကို နာကြည်းမနေဘဲ သဒ္ဓါစိတ်ကောင်းကောင်းနဲ့ ဒီဘဝမှာတင် အပြီးဆပ်ပေတော့ကွယ်။ ကဲ၊ ကဲ - ငါပြောတာတွေ အသေအချာမှတ်ပြီး လုပ်စရာရှိတာ သွားလုပ်ပေတော့"

ဆရာတော့်အား ဦးချပြီး ရှေ့မှ ခွာခဲ့၏။ သို့သော် ယခင်က ဆရာတော်မှ 'သွားတော့' ဟု ဆိုလိုက်သည်နှင့် ဇောင်းမှလွှတ်လိုက်သည့် မြင်းပမာ သွက်လက်ဖျတ်လတ်သော ခြေလှမ်းများဖြင့် ခွာမြဲဖြစ်၏။ ယခုအကြိမ်တွင်မူ ခါတိုင်းကဲ့သို့ လန်းဆန်းတက်ကြွမှုမရှိ။ ဆရာတော့်စကားကြောင့် ရင်ထဲဝမ်းနည်းကာ ခြေလှမ်းတို့ နှေး ကွေးနေ၏။

'ကပ္ပိယကြီးက တို့ရွာသား မဟုတ်ဘူး'

'. . . အချိန်မရွေး ပြန်သွားတော့မှာ'

'ငါမရှိတဲ့နောက် . . .'

တွေးရင်းတွေးရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ တလိမ့်လိမ့်စီးကျလာ၏။ ကျွန်ုပ်၏ ဘဝရှေ့ရေးအတွက် အမြော်အမြင်ကြီးမားစွာ မိန့်ကြားခဲ့သည့်စကားများသည် မှန်လွန်းလှ၏။ ဆရာတော်မရှိလျှင် ကျွန်ုပ်ဘဝသည် ကွန်းခိုစရာ ပျောက်ကွယ်သွားမည့်ပြင် တစ်ဝမ်းတစ်ခါးအတွက်ပင် မလွယ်လှကြောင်း တွေးမိကာ လွန်စွာဝမ်းနည်းအားငယ်မိလေသည်။ ထို့ပြင် ညနေစာအတွက် ချန်လှပ်ထားသည့် ဟင်းတစ်ခွက်အား ချကျွေးလိုက်ရသည်မှအစပြု၍ ကပ္ပိယကြီးအပေါ် မကောင်းမြင်ခဲ့သော ကျွန်ုပ်သည် ကပ္ပိယကြီး ပြန်တော့မည်ဆိုသည့် သတင်းကြားရုံဖြင့် တုန်လှုပ်သွားမိသည်။ အမှန်တကယ်တော့ ယခုအခါ ကျွန်ုပ်သည် ကပ္ပိယကြီးအပေါ် ဆွေမျိုးသားချင်းတစ်ဦးပမာ သံယောဇဉ်ဖြစ်နေမိပြီ ဖြစ်၏။ တစ်ချိန်က အိမ်ရှင်ကောင်းမပီသစွာ ကပ္ပိယကြီးအပေါ် ပြောဆိုပြုမူပုံများအား တစိမ့်စိမ့်တွေးမိရင်း စိတ်မကောင်းဖြစ်လာလေသည်။ ကျွန်ုပ်မည်သို့ပင် မချေမငံပြောဆိုဆက်ဆံစေကာမူ ဘယ်သောအခါမျှ အပြုံးအရယ် မပျက်ခဲ့သော ကပ္ပိယကြီး၏ မျက်နှာအား မြင်ယောင်ကာ နောင်တနှင့်အတူ ဝမ်းနည်းစိတ်တို့ တရိပ်ရိပ်တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် လူမမြင်ကွယ်ရာ ကျောင်းခြံနောက် ငှက်ပျောတောသို့သွား၍ ရှိုက်ကြီးတငင် ငိုချလိုက်မိလေသည်။

"အီး ဟီး ဟီး ဟီး ဆရာတော်ဘုရား တပည့်တော်ကို ပစ်မထားခဲ့ပါနဲ့ဘုရား။ ဆရာတော်မရှိရင် တပည့်တော်ဘဝက သောင်ပြင်လွှတဲ့တဲ့ခွေးထက်ဆိုးမှာပါ ဘုရား။ ဟီး ဟီး ဟီး ဆွေမျိုးသားချင်းတွေက တပည့်တော်အပေါ် မကောင်းမှန်းသိလျက်နဲ့ ပစ်ထားခဲ့မှာလား ဘုရား။ ဆရာတော်မရှိရင် တပည့်တော်လည်း လူ့ပြည်မှာမနေတော့ဘူး။ ဆရာတော့်နောက်လိုက်မယ် ဘုရား၊ မတားပါနဲ့ ဘုရား။ တပည့်တော်လိုက်ပါရစေ ဟီး ဟီး ဟီး။ နောက်ပြီး ကပ္ပိယလည်း ပြန်တော့မယ်ဆိုလား။ အားကိုးစရာမရှိပါဘူးဆိုမှ သူကလည်းတစ်မှောင့် ဘုရား ဟီး ဟီး ဟီး။ ကပ္ပိယကြီးရယ် ကျုပ်ဆိုးခဲ့သမျှ ခွင့်လွှတ်ပါဗျာ။ ကျုပ် ကပ္ပိယကြီးကို ချစ်ပါတယ်။ မပြန်ပါနဲ့ဗျာ။ ကျုပ်မှာ အားကိုးစရာမရှိပါဘူး ကပ္ပိယကြီးရယ် ဟီး ဟီး ဟီး"

"အေးပါကွာ၊ ခွင့်လွှတ်ပါတယ်ကွာ"

"ဟိုက်"

ငိုကောင်းကောင်းနှင့် အရသာခံပြီးငိုနေသည့် ကျွန်ုပ်သည် နောက်နားမှ ကပ်၍ 'ခွင့်လွှတ်ပါတယ်' ဆိုသောအသံအား ရုတ်တရက် ကြားလိုက်ရသဖြင့် အလန့်တကြားလှည့်ကြည့်လိုက်ရာ မားမားကြီးရပ်နေသော ကပ္ပိယကြီးအားတွေ့လိုက်ရလေသည်။ အခြားသူများ မမြင်အောင် ကျောင်းနောက်ဖေးသွားပြီး ငိုကာမှ လူမိခံလိုက်ရသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ -

"ကပ္ပိယကြီး၊ ဘာလာလုပ်တာလဲဗျ"

ကျွန်ုပ် ခတ်ဆတ်ဆတ်မေးလိုက်မိ၏။

ကပ္ပိယကြီးမှာ ကျွန်ုပ်ခိုးငိုနေသည်ကို မသိဟန်ဖြင့် -

"မင်းကုပ်ချောင်းကုပ်ချောင်းနဲ့ငှက်ပျောတောထဲ ဝင်သွားတာတွေ့တော့ ငှက်ပျောခိုင်ခိုးအုပ်ပြီးလာစားတယ်မှတ်လို့ လိုက်လာတာကွ"

"ခိုးစားစရာလားဗျ၊ လူကိုအထင်သေးလို့"

ပါးပေါ်မှ မျက်ရည်နှင့် နှပ်များအား ပုဆိုးစနှင့် ခပ်ကြမ်းကြမ်းသုတ်ရင်း ဘုတောလိုက်၏။

"အေးပါ၊ မဟုတ်ရင်ပြီးတာပါဘဲ။ လာသွားကြမယ်"

"ဘယ်ကိုလဲဗျ၊ အရေးထဲ"

"ဆယ်အိမ်ခေါင်း ဦးရွှေအေးကို အရိုးစူးလို့တဲ့။ ဆရာတော်က သွားကုပေးဖို့ လွှတ်နေတယ်။ လာကွာ၊ သွားကြမယ်"

"အရိုးစူးတာများဗျာ၊ နုတ်ပစ်လိုက်ပေါ့။ ရေကြီးခွင့်ကျယ်လုပ်ပြီး လာခေါ်နေရသေးတယ်"

ပြောနေရင်းမှ ကျလာဆဲနှပ်များအား ဖျိုးခနဲနေအောင်ညှစ်လိုက်ပြီး ပုဆိုးဖြင့်သုတ်လိုက်ရပြန်၏။ ကပ္ပိယကြီးမှ ပြုံးစစနှင့်ကြည့်ရင်း -

"အရိုးက လည်ချောင်းထဲမှာဟ၊ ဘယ်လိုလုပ်နုတ်လို့ရမလဲ။ လာကွာ ကြာရင်မကောင်းဘူး"

ဆိုကာ ဆွဲခေါ်သဖြင့် ကန့်လန့်ကန့်လန့်ပါသွားပြန်လေသည်။ ယခင်အချိန်များက မွေးရပ်ရွာဘက်သို့ သွားမည်ဆိုလျှင် ရှောင်ဖယ်ရှောင်ဖယ်လုပ်ခဲ့သော်လည်း ယခုအခါ မဖြစ်နိုင်တော့ပေ။ အကြောင်းမှာ စောစောလေးကပင် ဆရာတော်မှ လူနာကုသရေးနှင့်ပတ်သက်၍ ဒေသမရွေး၊ ပုဂ္ဂိုလ်မရွေး ကုသပေးရန် မှာကြားခဲ့သည် မဟုတ်ပါလော။ စာကျက်ပျင်းသူ ကျွန်ုပ်အတွက် လက်တွေ့ကုသနည်းများအား မှတ်သားထားခြင်းဖြင့်လည်း အကျိုးများနိုင်ကြောင်း တွေးမိသည့်အလျောက် နောင် ကပ္ပိယကြီး ဆေးကုသရန်ခေါ်သည့်အခါတိုင်း ကြေးများမနေဘဲလိုက်ရန်နှင့် ကပ္ပိယကြီးအား ကလန်ကဆန်မလုပ်ရန်လည်း တစ်ခဏချင်း ဆုံးဖြတ်လိုက်၏။

"နေပါဦးစနေရဲ့၊ ဆယ်အိမ်ခေါင်း ဦးရွှေအေးဆိုတာ ဟောင်ဖွာဟောင်ဖွာနဲ့ စကားခပ်များများလူမဟုတ်လား"

"ဟုတ်ပ့ါဗျာ။ ကျောင်းကိစ္စ အစည်းအဝေးမှာဖြစ်ဖြစ်၊ ဥပုသ်ဇရပ်မှာဖြစ်ဖြစ် လူစုမိတိုင်း ရေပက်မဝင်အောင်ပြောတတ်တဲ့ ခပ်ပိန်ပိန်လူပေ့ါ"

"ဩော် - သိပြီ၊ သိပြီ"

"အရင်တုန်းကတော့ ဒီအဘိုးကြီး ဒီလောက်မဟုတ်ဘူးဗျ။ ကျုပ်မြှောက်ပေးပြီးတဲ့နောက်ပိုင်း အတော်ဆိုးလာတာ"

ပြောရင်း ထွက်ကျလာသည့် နှပ်များအား ပုဆိုးဖြင့်သုတ်ရပြန်သည်။

"အံမယ် - မင်းကလူကြီးကို ဘယ်လိုများမြှောက်ပေးလိုက်လို့လဲ"

"ဒီလိုဗျ၊ တစ်နေ့ ကျုပ်ဥပုသ်ဇရပ်ဘက်ကိုသွားရင်း ဦးရွှေအေးနဲ့တွေ့တော့ ဦးလေးက စကားပြောသိပ်ကောင်းတာ[illegible] ပဲ။ ရွာသားအားလုံးထဲမှာ ဦးလေးစကား[illegible] ပြောအကောင်းဆုံးပဲ။ ဦးလေးအသံ[illegible] ဟိုနာမည်ကြီး တရားဟောမယ့်က[illegible] ဆရာတော်ကြီးအသံနဲ့အတော်တူတယ်[illegible] လို့ အတည်ပေါက်နဲ့ မြှောက်ပေးလိုက်[illegible] တယ်"

"တကယ့်ကော အဲဒီဆရာတော်[illegible] အသံနဲ့တူလို့လား"

"ဘယ်ကလာ၊ တခြားစီပဲ"

ကျွန်ုပ်စကားကြောင့် ကပ္ပိယကြီး[illegible] တဟားဟားရယ်လေသည်။

"မင်းကွာ မဟုတ်တဲ့နဲ့ လူကြီး[illegible]"

"ကျုပ်ကလည်း တစ်ဖက်သား[illegible] စကားနဲ့ ကလိတာတို့၊ မြှောက်ပေး[illegible] တို့ အရမ်းဝါသနာပါတာဗျ။ ဒါပေမယ့် ကျုပ်မှာ အပြစ်မရှိပါဘူး။ မြှောက်[illegible] လို့ မြှောက်ပေးမှန်းမသိတဲ့သူတို့မှာ[illegible] အပြစ်ရှိတာ"

"ကဲ-ထားပါ။ အဲဒီနောက် ဦး[illegible] အေးဘယ်လိုလဲ ဆက်ပါဦး"

"အဲဒီလို ကျုပ်မြှောက်ပေးပြီး[illegible] နောက် ပြောလိုက်တဲ့စကား ဘာ[illegible] ကောင်းမလဲ။ အမှန်တော့ သူကတတ[illegible] စကားပြောတတ်တာမဟုတ်ဘူး။ ဒါ[illegible] မယ့် လူစုမိတာနဲ့ မနားတမ်းပြော[illegible] တာပဲ။ ပြောတော့လည်း အစဉ်တ[illegible] မဟုတ်ဘူး။ ဟိုရောက်ဒီရောက်ပေါ့[illegible] ပြောမိရင်လည်း တော်တော်နဲ့ [illegible] အစသတ်လို့မရဘဲ တော်ကြာ ဒီ[illegible] ကြောင်းပဲပြန်ရောက်၊ ပြောရင်း [illegible] ကြာ ဒီနေရာပြန်ရောက်နဲ့ ပါးစပ်[illegible] စပါးကြီးမြွေ အညှို့ခံထားရတဲ့အ[illegible] ပဲ ချာလပတ်လည်နေတာဗျ"

ကပ္ပိယကြီး အူတက်မတတ်ရယ်[illegible] လေသည်။

"အင်း - ပြောပါဦး"

"ဒီကြားထဲ ဘယ်ကရလာတ[illegible] မသိပါဘူး။ စာအုပ်ကလေး သုံး၊ [illegible] အုပ်ကို ဖင်တစ်ပြန်ခေါင်းတစ်ပြန်[illegible] အောင်ဖတ်ပြီး စာအုပ်ထဲကအတိုင်း [illegible] တော့တာပဲဗျို့။ အစကတည်းက [illegible] ကြီးကျယ်ကျယ်ပြောတတ်တဲ့အပြင် [illegible] လေးနည်းနည်းဖတ်မိတော့ ပိုဆိုး[illegible] တာပေ့ါ။ ကြာတော့ လူတွေက သူ့[illegible] ရှောင်လာကြတယ်။ လူစုမိလို့ သူစ[illegible] စတာနဲ့ မသိမသာတစ်ယောက်ပြီး[illegible] ယောက်ထွက်သွားကြရော။ သူကွယ်[illegible] မှာ စကားများတဲ့အကြောင်း၊ [illegible] စကားတွေထိမ်နေတဲ့အကြောင်း တိုး[illegible] တိတ်တိတ်ပြောကြတာကို သူ့အကဲ[illegible]

ယ်ဗျ"

"အဲဒီတော့ ဆင်ခြင်သွားရော

"ေတာင်ဆိုးသေးသဗျာ။ အခုမှ ည်း ကိုယ့်ဇာတ်ကိုယ်မနိုင်ဖြစ်ပြီး နေရတယ်။ အခု ရွာသားတွေက က်ကွယ်မှာ ကိုရွှေအေးလို့ မခေါ် း၊ သူဖတ်ဖူးတဲ့ စာအုပ်ထဲက င်း လျှောက်ပြောနေလို့ ကြက်တူ း သင်ထားသလိုဆိုပြီး ကိုရွှေဂဲ နေကြတယ်"

ကပ္ပိယကြီးမှာ အတောမသတ် နေလေသည်။

"သက်စနဲ့ပြောရဦးမယ်။ မနှစ်က ရွာမှာ ဘုရားပွဲဖြစ်တယ်ဗျ။ ပွဲခင်း အလှူခံမဏ္ဍပ်နဲ့ပြန်ကြားရေးဌာန အသံချဲ့စက်တစ်လုံးဆင်ပေးထား သူကအဲဒီနေရာမှာတာဝန်ကျတာ ဘူး။ ကြိုဆိုဧည့်ခံရေးဌာနမှာဗျ။ မယ့် ကြိုဆိုဧည့်ခံရေးမှာမနေဘဲ စက်မိုက်ရှိတဲ့နေရာမှာ လာနေ ခိုန်လုံးမိုက်နဲ့ ပြောတော့တာပဲ။ သူတွေ အလှည့်ကျထမင်းသွား ပေမယ့် သူကမသွားဘူး။ တကယ် သူထမင်းစားနေတုန်း မိုက်ကို သူ သွားမှာစိုးလို့ အငတ်ခံတယ်ဗျာ"

"တော်ပါတော့ စနေရယ်။ ရယ်ရ ဗိုက်ကြောတွေနာနေပြီ"

"မယုံမရှိနဲ့ ကပ္ပိယကြီးရေ့၊ ကျုပ် မှာလည်း မိုက်ခဲရှိတယ်ဗျ"

နှစ်ယောက်သား ပြောလိုက်ရယ် ပြင့်လှမ်းလာကြရာ မကြာမီ ဦးရွှေ အိမ်သို့ ရောက်လာကြလေသည်။ ပ်နှင့် ကပ္ပိယကြီး အိမ်ပေါ်ရောက် နှင့်ဝေဒနာကြောင့် မျက်နှာတစ်ခု မြန်းနေသည့် ဦးရွှေအေးသည် သာသွားပုံရ၏။ အနီးတွင် ထွေးခံ လုံးကိုလည်း တွေ့ရသဖြင့် အန်ထုတ် ကြီးပမ်းနေဟန်လည်းတူပါသည်။ မထိလျှာမထိအသံဖြင့် သူလည် င်းအတွင်းအရိုးစူးနေ၍ကူညီပါရန် န်လက်ဟန်နှင့်ပါ ပြောလေသည်။ ရွှေအေးဖြစ်အင်ကိုကြည့်၍ သနားရ အစား လမ်းတွင် နှစ်ယောက်သား လာသည်များကိုသတိရပြီး ရယ်ချင် ပင်ဖြစ်လာလေသည်။ ကပ္ပိယကြီးမှ မရှိကြောင်း၊ အရိုးထွက်သွားသည် ကုသပေးမည့်အကြောင်း ပြော က်၏။ ဦးရွှေအေး၏ သားနှင့် ဇနီး ခပ်လှမ်းလှမ်းသို့ခေါ်သွား၍ တစ်စုံ ခမှာကြားပြီးနောက် ဘုရားကျောင်း ဆောင်ရှေ့သို့သွားကာ ဘုရားရှိခိုးလေသည်။ ငါးပါးသီလခံယူပြီးနောက် မေတ္တသုတ်နှင့် အဋ္ဌာနမေတံ ဂါထာတော်အား အဆက်မပြတ်ရွတ်ပြန်လေသည်။

ကျွန်ုပ်ကမူ ဦးရွှေအေးအား ကြုံတုန်းနှုတ်လိုက်ဦးမှဟု အတွေးရောက်ကာ-

"ဆယ်အိမ်ခေါင်းကြီးက မစားသင့်တာတွေကို စားမိလို့ လည်ချောင်းကို အရိုးစူးတာဗျ"

ကျွန်ုပ်စကားကြောင့် ဦးရွှေအေး၏မျက်နှာကြီးပို့မိုနီမြန်း၍-

"ဘာကွ"

ဟူသော မပီမသအသံဖြင့် အော်လိုက်၏။

"ဒေါသမကြီးပါနဲ့၊ ဆယ်အိမ်ခေါင်းကြီးရယ်။ ကျုပ်ပြောတာက ဒီလိုပါ။ ငါးဆိုတာမျိုးက အသားကိုပဲစားသင့်တာမဟုတ်လားဗျ။ အခု မစားသင့်တဲ့ အရိုးကိုစားမိတော့ ဟော - လည်ချောင်းကို အရိုးစူးပြီ။ နောက်ကို မစားကောင်းတာ၊ မစားသင့်တာကို မစားနဲ့ပေါ့ဗျာ။ အဲ - နောက်တစ်ချက်ရှိသေးတယ်။ လည်ချောင်းကို အရိုးစူးထားတဲ့ဒဏ်ကြောင့် နောက်ဆို စကားများများပြောလို့မရတော့ဘူး။ စကားများများပြောမိတာနဲ့ ဒဏ်ပြန်ပေါ်နိုင်တယ်။ အဲဒါသတိထားပေါ့ ဆယ်အိမ်ခေါင်းကြီးရယ်"

ဟုတ်လေလား၊ မဟုတ်လေလား မသိ။ ကိုယ်ထင်ရာကိုယ်စွတ်တင်ပြီး ရယ်ချင်စိတ်ကိုလည်း မျိုသိပ်ထားရလေသည်။ ကျွန်ုပ်စကားကြောင့် ဦးရွှေအေးသိသိသာသာမျက်စောင်းခဲရင်း တစ်ဖက်သို့လှည့်သွား၏။ခဏအကြာ ဦးရွှေအေးကတော် ဒေါ်ဝိုင်း ငှက်ပျောမှည့်တစ်ဖီးနှင့် စက္ကူထုပ်ကလေးတစ်ထုပ်လာပေးသဖြင့် ဘုရားကျောင်းဆောင်၏ရှေ့မှ ကပ္ပိယကြီးထံ ပို့ပေးလိုက်၏။ မကြာခင် ကပ္ပိယကြီး ဂါထာများရွတ်ဖတ်ခြင်းကို အဆုံးသတ်ပြီး ကျွန်ုပ်နှင့် ဦးရွှေအေးထံသို့ ပြန်လှည့်လာ၏။ ကပ္ပိယကြီးလက်ထဲမှ ပန်းကန်ပြားအတွင်းတွင် ငှက်ပျောသီးအပိုင်းအတစ်များကို တွေ့ရသည်။ ကပ္ပိယကြီးမှ ငှက်ပျောသီးအပိုင်းတစ်ခုသာ ဦးရွှေအေးထံပေးပြီး -

"ခပ်ဖွဖွလေး နှစ်ချက်၊ သုံးချက်လောက်ဝါးပြီး မျိုချလိုက်ပါ"

ကပ္ပိယကြီးပြောသလို ငှက်ပျောသီးအား ခပ်ဖွဖွဝါးပြီး မျိုချလိုက်သော ဦးရွှေအေးခမျာ ဗျိုင်းကြီးအစာနင်နေသလို လည်ပင်းကြီးဆန့်ငင်ဆန့်ငင်ဖြစ်နေပုံကိုကြည့်ပြီး မရယ်မိအောင် ပါးစပ်ကို လက်နှင့်ပိတ်ထားရလေသည်၊

ကပ္ပိယကြီးမှ -

"ဦးရွှေခဲ့ အဲလေ ဦးရွှေအေး အရိုးကျသွားပြီလား"

ခေါင်းခါပြသဖြင့် နောက်ထပ်တစ်ခုမျိုခိုင်းပြန်၏။ အခြေအနေမေးရာ ခေါင်းခါပြပြန်သဖြင့် နောက်ထပ်ငှက်ပျောသီးတစ်ပိုင်း မျိုခိုင်းပြန်သည်။ တတိယအကြိမ်မြောက် မျိုချခိုင်းပြီးနောက် ဦးရွှေအေး ဝမ်းသာအားရပုံဖြင့်-

"ကျသွားပြီ ကပ္ပိယကြီး၊ ကျသွားပြီ။ ကျေးဇူးတင်လိုက်တာဗျာ၊ ကျုပ်ဖြင့် အခက်ပဲမှတ်နေတာဗျို့။ ခုမှအဆင်ပြေသွားတော့တယ်။ နောက်များ လည်ချောင်းထဲ အရိုးစူးတဲ့လူတွေ့ရင် ငှက်ပျောသီးမျိုခိုင်းလိုက်မယ်။ နည်းသိတော့လည်း အလွယ်လေးဗျနော့"

ဟု ဝမ်းသာအားရ ပြောလေသည်။

"ဟုတ်တာပေါ့ ဆယ်အိမ်ခေါင်းကြီးရယ်။ အနာသိရင် ဆေးရှိတယ်ဆိုပေမယ့် ကုသနည်းကိုလည်း သိထားဦးမှကိုးဗျ။ ငှက်ပျောသီးမျိုချရုံနဲ့တော့ ဘယ်ပျောက်မှာလဲ"

"ကျုပ်ဖြင့် ငှက်ပျောသီးမျိုခိုင်းတာပဲ မြင်နေတာပဲ။ တခြားဘာများပါသေးလို့လဲ"

"ဆယ်အိမ်ခေါင်းကြီး ပထမဆုံးမျိုလိုက်တဲ့ ငှက်ပျောသီးထဲမှာ ဆံပင်ချည်ထွေးပါတယ်ဗျ။ ငှက်ပျောသီးကလည်ချောင်းအောက်ရောက်သွားပေမယ့် ဆံပင်ခြည်တွေက လည်ချောင်းထဲမှာ အရိုးနဲ့ငြိကျန်ခဲ့တယ်။ နောက် ငှက်ပျောသီး ထပ်ကာထပ်ကာ မျိုချတော့ ဆံပင်ခြည်က ငှက်ပျောသီးနဲ့ လုံးထွေးပြီး အရိုးကိုဆွဲထုတ်သွားတာပေါ့ဗျာ"

ဦးရွှေအေးမှာ အံ့ဩသလို ပြုံးကြည့်ရင်း -

"ဒီလိုဆို ဆံပင်ခြည်တွေ. . ."

"ဟုတ်ကဲ့"

"ကျုပ်ဗိုက်ထဲကို. . ."

"ဟုတ်ပါတယ်"

ဦးရွှေအေး အော့ခနဲ ပျို့တက်ကာ အနီးရှိထွေးခံထဲသို့ တဝေ့ဝေ့အန်နေချိန်တွင် ကျွန်ုပ်တို့နှစ်ဦးသား ကျောင်းသို့ပြန်ခဲ့လေသည်။ ထိုအချိန်ကျမှ ဒေါ်ဝိုင်းပေးသော စက္ကူထုပ်ကလေးအတွင်း ဆံပင်ခြည်များပါကြောင်းသဘောပေါက်သွားပြီး -

"အင်း - ဒီလိုဆိုတော့လည်း ကပ္ပိယကြီးက အဟုတ်သား"

ဆက်ရန်

www.burmeseclassic.com


[illegible] နှစ်ဦးပိုင်း မိုးဦး ကာလ။ အခါတိုင်းနှစ်တို့နှင့်မတူ မိုးဦးကျရမည့်ရက် ကဆုန်၊ နယုန်လမှ ပထမဝါဆိုလကုန်နီးပါး မိုးခေါင်လိုက်သည်မှာ စာရေးသူတို့ မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်ကမ်းတစ်လျှောက် သောက်သုံးရေအနေနှင့် ဧရာဝတီမြစ်ကြီးရှိနေသေး၍သာ ခံသာရည်ရှိနေသေးသည်။ သို့သော် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာရေစာမြက်တို့ ပြီးခဲ့သည့်မိုးနှောင်းပိုင်းက စုဆောင်းထားရှိခဲ့သည်။ မိုးဦးမိုးနောက်ကျကာ မိုးရွာသော်လည်း မသည်း။ မြက်ပင်ပေါင်းပင်တို့ပင် သန်သန်စွမ်းစွမ်း ပေါက်ရောက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် မြက်ခြောက်၊ မြက်ချဉ်ဖတ်တို့မှာလည်း ကျွဲ၊ နွားတိရစ္ဆာန်တို့ အစာအလျှဉ်မမီဘဲ ကြုံတွေ့ခဲ့ရသည်။

ထိုနှစ်က မိုးဦးမကျသဖြင့် တောင်သူတို့ မိုးဦးတစ်သီးလက်လွတ်ခဲ့ကြရသည်။ မိုးဦးသီးနှံမလုပ်ကိုင်ရသဖြင့် မိုးဦးတွင် ပဲနောက်၊ နှမ်း၊ သီးနှံတို့ မကြုံမရရှိသဖြင့် မိုးဦးကျ ဝါဝင်ခါကပင် တောင်သူတို့ ရွှေထည်နှင့် ငွေတိုးချေး၊ အထည်လွတ်အတိုးကြီးကြီးပေးချေးကာ စားသောက်ကြရသည်။ မိုးခေါင်တာနှင့်အတူ အရင်ဆုံးကပ်ဆိုက်ကြရသည်မှာ တိရစ္ဆာန် ကျွဲ၊ နွားများပင် ဖြစ်သည်။

မိုးခေါင်တာနှင့် မြက်အလျှဉ်မမီဖြစ်တာကတစ်ကြောင်း၊ မိုးဦးသီးနှံမလုပ်ကိုင်ရသဖြင့် ငွေချေး၊ ငွေရေးကြေးရေးအခက်အခဲပြဿနာက တစ်ကြောင်း အကြောင်းကြောင်းတွေကြောင့် ကမ္ဘာမီးလောင်တော့ သားကောင်ချနင်းဆိုသလို ကျွဲ၊ နွားတို့အား ရောင်းချကာစားသောက်ရသည်။ ကပ်ဆိုက်တာကလူတွေထက် တိရစ္ဆာန်သားကောင်အများက မြေစာပင်ဖြစ်ကြရသည်။

မိုးခေါင်လို့ ဘိုးဘွားလက်ထက်အဆက်ဆက်က ရှိစုမဲ့စုစုလာခဲ့သည့်ရွှေတိုရွှေစအချို့လည်း အပေါင်ဆိုင်

# (စစစ)
# နေအောင်လင်း
## မြိန်းမလှကျွန်းပုံပြင်





www.burmeseclassic.com

www.burmeseclassic.com

…ာင်းဆိုင်သို့ ရောက်ကြရသည်။ …သောက်ဖို့အတွက် ရှိသမျှပေါင်နှံ့ …ေး ချေးငှားလို့ရသော်လည်း …င်သူတို့ဘဝ မဖြစ်မနေ ဆိုးတူ …င်းဖက် အတူတူတွဲလုပ်ကိုင် ကုန်း …တွေးလာသည့် ကျွဲ၊ နွားတွေ စား …မြက်ကိုတော့ ချေးငှားလို့မရ။ …မြေတောင်လုံးလို မိုးဦးမိုးခေါင်လို …န်ခဲ့သည့် အနှစ်အစိတ်၊ နှစ်ဆယ် …ာင်ဆီကကဲ့သို့ ဧရာဝတီမြစ်အတွင်း …ာက်အရပ် မိန်းမလှကျွန်းတို့၊ …ာက်ရဲကျွန်းတို့ဆီ ကိုင်းပင်ရိတ်လှေ …လှေငယ်တွေနှင့် သွားကြလာကြ …် ကိုင်းပင်ရိတ်အောက်ကျွန်းလိုက် …သည်။

ကိုင်းပင်ရိတ်အောက်ကျွန်းလိုက်ရ …ဒုက္ခအား နွားမွေးမြူသူတိုင်းသိကြ …၊ ကဆုန်၊ နယုန်၊ ဝါဆိုလ နေက …ာစ်တောက်ပူတဲ့အခါမှ တစ်ခါတစ်ရံ …တာပိတ်။ ညအိပ်ရပြန်တော့လည်း …တစ်စင်း လူက အယောက်အစိတ်၊ …ဆယ်နှင့် ထမင်းချက်ပြီးသားဆန် ဆေးတောင်းထဲထည့်၊ ငါးပိရည်၊ တို့စရာနှင့်သာ အချိန်ကုန်ခဲ့ရ။ အိပ်ရပြန်တော့လည်း ညအခါ မိုးသက်မုန်တိုင်းမိလေထန်မိုးက တဖြောက်ဖြောက်နှင့်ကျ။ အိပ်ကောင်းခြင်းမအိပ်ရ။ စားကောင်းခြင်းမစားရ။ ကြက်အိပ်ကြက်နိုး အိပ်ကြရသည်။ ကိုင်းပင်ရိတ်ရပြန်တော့လည်း နေကပူ၊ ကိုင်းပင်ကရှနှင့် လူတစ်ကိုယ်လုံး မျက်နှာ၊ ခြေလက်တို့ ငါးမွှမ်းထားသလို အပိမ့်၊ အစင်း၊ ခြစ်ရာ၊ ရှရာတွေနှင့် ချွေးနှင့်အတူ စပ်လိုက်သည့်ဖြစ်ခြင်း။ လူကပျော့ပျော့၊ စိတ်က နုနုသူများဆိုလျှင် ကိုယ့်ကိုယ်ကိုယ်သတ်သေချင်လောက်အောင် စိတ်ညစ်သွားမှာသေချာလှသည်။


မြစ်နှင့် (၃) မိုင်လောက်ဝေးတဲ့ လင်းကတောကျေးရွာက အဘွားတစ်ဦးက ပြောပြခဲ့သည်မှာ -

"လူလေးတို့ရယ်၊ အမေတို့တစ်သက် ဒီအသက်အရွယ်တိုင်ခဲ့ပြီ။ ဘယ်တုံးကမှ ခုလောက်မိုးမခေါင်ခဲ့ဘူး။ ရှိစုမဲ့စု ရွှေတိုငွေစတွေလည်း အပေါင်ဆိုင်၊ အရောင်းဆိုင်ရောက်၊ ထုခွဲရောင်းချရနဲ့ အခု နွားစာဆိုရင်လည်း မနက်သန်းခေါင်ကျော်တုံးကြီးခေါက်တနေ ထမင်းချက်၊ မြက်ရိတ်လိုက်ဆင်းရတယ်။ လေထန်လှိုင်းကြီးတယ်လို့လည်း ကြောက်မနေနိုင်အားဘူး။ ရေမကူးတတ်ပေမယ့်လည်း ကိုယ့်ဝမ်းနာကိုယ်သာသိ၊ လူစားသောက်ဖို့ကို ချေးငှားစားလို့ရပေမယ့် နွားစာ၊ ကျွဲစာကို ချေးငှားလို့မရဘူးမဟုတ်လား"

ဧရာဝတီမြစ်နှင့် ခရီး နှစ်မိုင်၊ သုံးမိုင်ဝေးသူများအဖို့ ရေလုံးဝမကူးတတ်ရေကြောက်သူများသာဖြစ်သည်။ ရေမကူးတတ်သဖြင့် လှေ၊ သဘော်နှင့် ခရီးသွားလာရင်း လှေ၊ သဘော်နစ်မှာကို စိုးရိမ်ကြောက်လန့်တတ်ကြသည်မှာ သဘာဝ။

ဒီလိုနှစ်၊ ဒီလိုကြုံတွေ့ခဲ့ရပုံမျိုး လွန်ခဲ့သည့် နှစ်အစိတ်၊ သုံးဆယ်ဝန်းကျင်ကလည်း စာရေးသူကိုယ်တိုင်ကြုံတွေ့ခဲ့ရဖူးပြီ။

တစ်နေ့ စက်လှေမောင်းသူ ကိုဇော်ဦးမှ စာရေးသူအားမိုးခေါင်သဖြင့် အောက်ကျွန်း ကိုင်းပင်ရိတ်သွားရတဲ့ ဒုက္ခဆင်းရဲ၊ အခက်အခဲ အတွေ့အကြုံတွေ စာရေးလို့မရဘူးလား။ ရေးလို့ရ





www.burmeseclassic.com

www.burmeseclassic.com

လျှင်ရေးပါ။ ရေးဖြစ်အောင်ရေးပါဟု မကြာခဏ တိုက်တွန်းသဖြင့် ဤစာမူအား ရေးသားဖြစ်ခဲ့ပါသည်။

အညာဒေသ မိုးဦးကျ နောက်ကျတဲ့နှစ် ဧရာဝတီမြစ်ရဲ့ အရှေ့ဘက်၊ အနောက်ဘက်ရှိ ရွာနီးချုပ်စ မြစ်ကမ်းနှင့် ဘေးတစ်လျှောက်နေထိုင်သူ၊ ကျွဲနွားမွေးမြူသူများ နေအိမ်အဆောက်အအုံတို့ မိုးကာရန် ကိုင်းပင်၊ သက်ကယ်ရိတ် အောက်ကျွန်းသို့ ကိုယ့်ရွာကိုယ်လူစုနှင့်အတူ တစ်နှစ်လျှင် တစ်ခေါက်၊ နှစ်ခေါက်တော့ မြက်ရိတ်ရောက်ဖြစ်ကြသည်။ ယောကျ်ား၊ မိန်းမ လှေတစ်စင်းလျှင် လူတစ်ကျိပ်၊ နှစ်ကျိပ် အနည်းဆုံးပါသည်။ လှေကြီးများနှင့် တစုတဝေးသွားကြရသည်မှာ ပျော်စရာတော့ကောင်းပါသည်။ လှေတစ်ခေါက်ထွက်လျှင် နှစ်ညအိပ်၊ သုံးရက်အနည်းဆုံးကြာလေ့ရှိသည်။

မြက်ရိတ်လှေ မနက်ဖြန်လိုနေ့စတင်ထွက်မည်ဆိုတာနှင့် အရင်တစ်နေ့ညနေကပင် ကြိုတင်ပြင်ဆင်ကာ နောက်တစ်နေ့စာ ထမင်းဟင်းအဆင့်သင့်ချက်ပြီးသား ဖြစ်နေရသည်။ ဟင်းမှာ အထွေအထူးလုပ်မနေဘဲ ကြက်ဥ၊ ဘဲဥနှင့် ငရုတ်သီးနှင့် ငါးပိကြော်၊ ငါးခြောက်ကြော်အား အခြောက်ကြော်ကာ သုံး၊ လေးနပ်စာ တစ်ခါတည်းကြော်ယူခဲ့ကြသည်။ ဆန်နှင့် ဆီတို့အား နှစ်ရက်စာ၊ သုံးရက်စာ လိုလိုမည်မည် ပိုယူကာလာကြသည်။ ထမင်းအား တစ်နေ့စာ တစ်ခါတည်းချက်ပြုတ်ကာခူး၍ ဆန်ဆေးတောင်းတွင်ထည့်ကာ မသိုးစေရန် ထားသိုရသည်။

နောက်တစ်နေ့ နံနက်စောစောတွင် မြက်ရိတ်လိုက်မည့်သူများ လူစုံတာနှင့်တစ်ပြိုင်နက် လှေစတင်ထွက်ဖို့ပြင်ဆင်ရသည်။ ကမ်းကလှေစတင်ထွက်ခွာတာနှင့်တစ်ပြိုင်နက် လှေဦးအား ရေနှင့်သုံး၊ လေးခါ ခွက်နှင့်ပက်လောင်းကာ ရေလမ်းအန္တရာယ်ဘေးအပေါင်းရှောင်ကွင်းကွာ လွတ်မြောက်၍ အသွားခရီးလမ်း၊ အပြန်လမ်း ဖြောင့်တန်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သကာ စတင်စုန်ဆင်းထွက်ခွာပါတော့သည်။

အစုန်ခရီးတွင် မလှေအားမြန်သထက်မြန်စေရန် ရေရွက်ခုတ်၍စုန်ကြရပါသည်။ ရေရွက်ဆိုသည်မှာ အရှည်လေးတောင်၊ အနံသုံးတောင်ပတ်လည်ရှိသည်။ ထရံချပ်တစ်ချပ်အား အပေါ်ဘက်အနားတွင် ဝါးပိုးဝါးတစ်လုံးအား ထရံချပ်နှင့်အညီ ဖြတ်ချည်ထားပေးကာ အောက်ဘက်အနားနေရာတို့တွင် ကျောက်ခဲ သို့မဟုတ် သံချောင်းတို့အားချည်ကွဲကာ ရေထဲတွင် ကန့်လန့်အနေအထားစီစဉ်ချည်နှောင်ကာ ထောင့်လေးထောင့်တွင် ကြိုးလေးချောင်းအား အပေါ်ကြိုး၊ အောက်ကြိုး အညီအမျှစီညှိထိန်းချည်ပေးထားရသည်။

အနောက်တောင်မုတ်သုံလေကလည်းထွက်ချိန်ဖြစ်လို့ လှိုင်းခေါင်းဖြူလှိုင်းကြက်ခွပ်တွေနှင့် ရေပြင်ကလည်းဖွေးဖွေးလှုပ်လို့ လှိုင်းကြီးလေထန် လေလေး ရေရွက်ခုတ် လှေစုန်ရလို့ ခရီးတွင်လေပင်ဖြစ်သည်။ လှေသူကြီးပဲ့ကိုင်လုပ်သူက ရေရွက်ကြိုးအား အလျှော့အတင်းလုပ်ကိုင်ပေးကာ မိမိတို့လိုရာဘက်သို့ဦးတည်စေရန် အလျှော့အတင်းလုပ်ကြိုးကိုင်ပဲ့ထိန်းပေးရသည်။

လှေစုန်နေချိန်တွင် မြက်ရိတ်လိုက်သူများ ပျင်းပျင်းရှိလျှင် အချို့ကအိပ်၍လိုက်လာကြသည်။ ကျွန်တော်တော့ လှေစုန်ဆင်းချိန် အိပ်ငိုက်လိုက်မနေဘဲ ဧရာဝတီမြစ်ကမ်းဘေးဝဲ၊ ယာဘက် ကမ်းပေါ်သောင်ပြင်ကုန်းမြေတို့အပေါ် လိုက်လံကြည့်ရှုကာ မျက်စိပသာဒ သဘာဝအလှအပရှုခင်းတို့အားကြည့်ရှုနေမိသည်။

ဧရာဝတီမြစ်ပြင်ကနေ ပထမဦးစွာ လှမ်း၍ကြည့်မြင်ရသည့်မြင်ကွင်းမှာ ပုဂံခေတ်တစ်ချိန်က ဒုတိယပုဂံငယ်ဟုပင်တင်စားခေါ် ဆိုခဲ့ကြသည့် ပုဂံငယ်မြို့ဟောင်း (ပခန်းငယ်)။ အရှေ့ဘက်မှာ တစ်ချိန်က ပုဂံပြည်အတွင်းမှ ဒုတိယပုဂံငယ် ရှေးမင်းအဆက်ဆက် တည်ထားကိုးကွယ်ခဲ့သည့် ဘုရားစေတီပုထိုးတွေ လက်ညှိုးထိုး၍ပင် မလွဲနိုင်အောင်တည်ထားခဲ့တာ မြစ်အတွင်းက လှမ်းလို့ပင် ဖူးမြင်ရသည်။

ပုဂံမျှော်၊ ရှင်ပင်ကာဆီး၊ ရွှေသာလျောင်း၊ အုပ်ပြဿဒ်၊ အောင်စေတီ၊ မနောရမ္မာခေါ် ဇာတ်ဘုရားကြီး၊ မြို့လယ်စေတီနှစ်ကျိပ်ရှစ်ဆူ၊ မိုးကောင်းဘုရား၊ ကြေးနီချောင်းဘုရား၊ ကြေးနီချောင်းကမ်းပါးကလည်း ရာဇဝင်သိုက်တဘောင်စကားအရဆိုလျှင် ကြေးနီချောင်းကမ်းပါးပြို အမေသေတောင် ငိုမနေနဲ့တဲ့။ရွှေနဲ့ငွေနဲ့အပြည့်တဲ့။အရောက်သွားကြတဲ့။ လွန်ခဲ့သည့်နှစ်ကာလတို့တွင် ကြေးနီချောင်းကမ်းပါးပြိုကျချိန်တချို့ထိုက်သူတို့ဆိုလျှင် ရွှေဒင်္ဂါးပြားများ၊ ငွေဒင်္ဂါးပြားများ အစုလိုက်အပုံလိုက်၊ ရွှေမန်ကျည်းတောင့်များ ကောက်ယူရဖူးခဲ့ကြောင်း သိရှိရသည်။

ရှေးအခါက ပခန်းငယ်မြို့လယ်ကောင်တွင်တည်ရှိခဲ့သည့် မြို့လယ်စေတီပင် မြစ်ကမ်းပါးပေါ် ရောက်ရှိကာတွေ့ရှိဖူးမြင်ရသည်။ သင်္ခါရတရားတို့ကား မမြဲ။ သက်ရှိ၊ သက်မဲ့ မြင်မြင်သမျှတို့ကား ဘာတစ်ခုမှမမြဲ။ မြစ်ကမ်းစပ်တစ်လျှောက်မှာလည်း ကမ်းတွေပြိုပြီးသောင်တွေထွန်း။ ကျွန်းမြေတွေတစ်ဖက်မှာပေါ် နေလိုက်တာ တစ်မျှော်တစ်ခေါ် ထွန်းနေတဲ့သောင်ပြင်မြစ်ကျိုးအင်းတစ်လျှောက် ကမ်းစပ်မှာလည်း ဟသ်ာငှက်တွေ၊ ဝမ်းဘဲအုပ်၊ ခရုစုတ်၊ စင်ရော်စတဲ့ ဘဲငန်းအုပ်ကြီးတွေကလည်း ကမ်းပေါ် သောင်စပ်ပတ်လည် မြူးပျော်ကာအစာရှာကြ ဘာသာဘာဝမဂမတေးသီနေကာ မြင်တွေ့ရသည်။

ဟသ်ာငှက်တို့၏ဘဝကား ဘယ်လောက် သာယာလွတ်လပ်လိုက်သလဲဆိုလျှင် ဟသ်ာငှက်တို့မှာ သီတင်းကျွတ်လပြည့်ကျော် တန်ဆောင်မုန်းလဆန်းဝါလကင်းလွတ် မိုးလေတို့အကုန်ဆောင်းရာသီဝင်ခါစ မြစ်ရေလည်းကုန်ကျမဆွဲချိန်ရောက်တာနှင့်တစ်ပြိုင်နက်ဧရာဝတီမြစ်၏ မြစ်ကမ်းတစ်လျှောက်သဲသောင်ခုံမြေပြန့်နေရာ မြစ်ကျိုးအင်းအိုင်လူသူအရောက်အပေါက်နည်းသည့်ကမ်းစပ်တစ်လျှောက် အအုပ်အဖွဲ့နှင့်သော် လည်းကောင်း၊ နှစ်ကောင်စုံတွဲအဖြစ်နှင့် လည်းကောင်း တွေ့ရှိရတာပိုများသည်။ ဟသ်ာငှက်ငယ်ရယ်လို့ဧရာဝတီမြစ်ရိုးတစ်လျှောက်လာရောက်ချိန်မတွေ့ရ။ မြစ်နားကမ်းနားတွင် အသိုက်ဝင်တာလည်းမတွေ့ရ။ ဟသ်ာငှက်တအသန့်အပြန့်လည်းကြိုက်သည်။သစ်ပင်ချုံနွယ်ပင်ပေါ် နားခိုတာလည်း မတွေ့ရဘဲ သဲသောင်ပြင်မြစ်ကျိုးအင်းစပ်တို့တွင် အတွေ့ရများတတ်သည်။ လေကြမ်းမိုးကြမ်းဒဏ်ကိုလည်း မခံနိုင်၊အမွေးအတောင်တို့မှာ အလွန်နုနယ်လှသည်။

ဟသ်ာငှက်များ ရောက်ရှိလာချိန်မှာ မိုးအကုန် ဆောင်းအဦးရာသီတွင်ရောက်ရှိလာက နေရပ်ကို တစ်ဖန်ပြန်ချိန်တွင် တန်ခူး၊ ကဆုန်လ မိုးဦးကျမိုးကြီးလေကြီးလာမည့် အရိပ်လက္ခဏာတွေရတာနှင့်တစ်ပြိုင်နက် ဟသ်ာငှက်တို့ ကြိုတင်သိရှိနေကြပြီး လေကြမ်းမိုးကြမ်းမလာမီကပင် မူလနေရပ်ကို ပြန်ကြလေပြီ။ ရှေးလူကြီးသူမတို့၏ ပြောစကား



www.burmeseclassic.com

www.burmeseclassic.com

မှတ်သားရမည်မှာ ဟင်္သာငှက်တို့မှာ ဝါတွင်းသုံးလတွင်း လေဒဏ်မိုးဒဏ်ခိုလှုံရင်း ကျောက်လိုဏ်ဂူများတွင် ဥပုသ်သီတင်းသီလဆောက်တည်ကြသည်ဟု မှတ်သားရဖူးသည်။ ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင် မြစ်ရေပြည့်လျှံချိန် ဟင်္သာတွေမရှိကြတော့ပေ။

ဘဲရိုင်းအုပ်အချို့မှာတော့ မြစ်ရေတက် မြစ်ရေလျှံတဲ့အချိန်ရောက်တာနှင့် သူတို့အသိုက်မြုံတွေကလည်း ကိုင်းပင်၊ ကျူပင်၊ ချုံကြားတွေကနေ ဟိုတစ်ကျင်း ဒီတစ်ကျင်းတွေ့ရသလို မြစ်ရေတက်ချိန်နှင့် ဘဲပေါက်ကလေးတွေ ရေကူးအအုပ်အဖွဲ့နှင့် မြစ်ရေထဲမျောပါလာတာတွေ့ရတတ်သည်။ စင်ရော်ဖြူဖြူကလေးအချို့လည်း လှိုင်းလေကြားထဲ စုန်ချည်ဆန်ချည်၊ နိမ့်ချည်မြင့်ချည်ပျံသန်းရင်း အစာရှာလို့နေကြသည်။ စင်ရော်ကလေးတွေကတော့ လေထန်လှိုင်းကြီးတာကိုလည်း မမှုပြီ။

မြက်ရိတ်လိုက်လာကြတဲ့သူအချို့ လှိုင်းတောက်လို့ မူးဝေအော့အန်တဲ့သူ အော့အန်ကြသည်။ ဒါကလည်း အလေ့အကျင့်ပေါ်မူတည်သည်။ ကားမစီးဘူးတဲ့သူ တစ်ခါတစ်ရံ ကားစီးလျှင် ကားတောက်လို့မူးဝေတဲ့သူရှိသလို အခုလည်း လှေနှင့်ခရီးမသွားဘူးသူများ လေထန်လှိုင်းကြီးလှိုင်းတောက်သဖြင့်မူးဝေအော့အန်ကြရသည်။

သူများတကာ အေးအေးဆေးဆေးအိပ်လိုက်တဲ့သူအိပ်လိုက်၊ ဆေးလိပ်သောက်စကားဝိုင်းဖွဲ့ကာ စကားပြောသူပြော၊ လှိုင်းတောက်လို့ အော့အန်တဲ့သူအော့အန်နေကြသော်လည်း ကျွန်တော့်မှာ မအိပ်နိုင်။ မဆီမဆိုင် လက်ပံသွားဓားနှင့်ချိုင်ဆိုသလို လှေပဲ့စင်ပေါ်ကနေ တောင်တွေးမြောက်တွေး ကြံဖန်တွေးတောနေမိသေးသည်။တခြားတော့မဟုတ်။ သောင်ပြင်လယ်ကောင်တွင် မိသားစုလေးငါးဆယ်အိမ်တဲအိမ်ကလေး အလုံး (၄၀)၊ (၅၀) ထိုးကာ ကမ်းစပ်မှာလည်း လက်လှော်လေး ရေလုပ်ငန်းသုံးလှေတွေကလည်း အစင်းလေး၊ ငါးဆယ်။ လုပ်ငန်းသုံးပိုက်ကွန်၊ မျှား၊ တန်ကြိုးငါးမျှားချိတ်အစ အပြည့်အစုံတင်ကာ နေပူသည်၊ မိုးရွာသည် ချမ်းတာ၊ အေးတာ၊ လေလှိုင်းကြီးတာကို ဂရုမစိုက်နိုင်အားဘဲ သမုဒ္ဒရာဝမ်းတစ်ထွာမို့ ရှန်းကန်လှုပ်ရှား မနားမနေ ပျားပန်းခပ်မျှပိုက်မျှောပိုက်ချလို့နေကြသည်။

ရန်ကုန်၊ မန္တလေးလို မြို့ကြီးတွေမှာ နေစရာထိုင်စရာအစ လူဦးရေထူထပ်လို့ ဝိုင်းမြေတစ်နေရာစာရဖို့ သိန်းရာနှင့်ချီပြီး ဈေးကောင်းပေးကြရသည်။ သောင်ပြင်ပေါ်မှာ ရှာတည်တဲထိုးနေထိုင်ကြတဲ့ ရေလုပ်သားတွေအဖို့ကတော့ ဝိုင်းမြေခြံမြေနေစရာအဖို့ ဈေးကြီးဈေးကောင်းပေးနေစရာမလို။ ကြိုက်တဲ့နေရာ သောင်ပြင်မြေပြန့်မြေညီတဲ့နေရာ တဲထိုးနေလို့ရသည်။ နေစရာကျဉ်းလို့ အပေါ်ထပ်၊ အောက်ထပ်ဆောက်ပြီး နေဖို့မလို။ ဝိုင်းစည်းရိုးတားစရာမလို။ တိုက်ဆောက်၊ ကားမစီးနိုင်ပေမယ့်လည်း လှေကလေးတွေနှင့် လှိုင်းစီးလို့ရသည်။ ဈေးမနီး၊ တိုက်မကြီး၊ လျှပ်စစ်မီးမပြည့်စုံပေမယ့် ရေကတော့ပေါ်သလားမမေးနှင့်။ ရေချိုးလိုလျှင် အချိန်မရွေး ဆင်းချိုးလို့ရသည်။ ရေခ၊ မီတာခပေးစရာမလို။

မြို့ပေါ်မှ ငွေကြေးပြည့်စုံသူတို့အဖို့ မြို့ကြီးတစ်မြို့တစ်နေရာစာပင် ရှိသော်လည်း ရေလုပ်သားများအဖို့ မတစ်ရာသားတွေ စုပေါင်းကာ မိသားစုလေး၊ ငါး၊ ဆယ်စုပေါင်း တပျော်တပါး တစ်နေရာတည်းမှာအတူတူ အသက်မွေးဝမ်းကျောင်းနေကြတဲ့ ရေလုပ်သားတို့ကမ္ဘာလေးမှာတော့ နွေအခါ လေလာလို့၊ လေဒဏ်လှိုင်းဒဏ်ကြုံကြုံခံလို့ ကျောပြောင်ပေမယ့် သူတို့ဘဝတွေ ဝမ်းမခေါင်ကြ။ပကာသနဆိုတာမရှိ။ သဘာဝကပေးတဲ့အသိရှိတာလေးနှင့် ဝအောင်စား၊ လှအောင်ဝတ်၊ ရောက်တဲ့အရပ်မှာ ပျော်အောင်နေတတ်သူ၊ အနေစုတ်သော်လည်း ရွှေထုပ်သည့်မြပဝါဟုပင် တင်စားရမည့်သူများပင် ဖြစ်သည်။

ဆင်ဖြူကျွန်းမြို့အနီးရောက်ရှိချိန်တွင် (၁၁) နာရီခွဲ၊ (၁၂) နာရီအနီး မန္တလေးနှင့် ပြည်နှင့်အစုန်အဆန်ပြေးဆွဲနေသည့် ကူးတို့သင်္ဘောဆိုက်ကပ်နေချိန်ဖြစ်သည်။ ခရီးသည်များအချို့ တက်သူတက်၊ ဆင်းသူဆင်းနှင့် သင်္ဘောဆိပ်ခံပေါ် ပျားပန်းခတ်မျှ။ သင်္ဘောက ဆင်ဖြူကျွန်းဆိပ်ကမ်းတစ်ခါကပ်လျှင် နာရီဝက်၊ တစ်နာရီကြာသည်။ မျက်စိတစ်လှမ်း၊ တစ်ကျွန်းကွယ်သည်အထိ သင်္ဘောလေးကား ပြန်ထွက်မလာသေး။

ကျွန်တော်တို့လှေကား ငွေသောင်၊ သေနတ်ကုန်းကျွန်း အရှေ့ဘက်တည့်တည့်နေရာသို့ ရောက်နေပြီ ဖြစ်သည်။ သင်္ဘောလေးကား ကျောက်ရဲတောင်ဘက်ရောက်ခါမှ တစ်ခါမီလာပြီး ကျော်တက်သွားတော့သည်။ မိန်းမလှကျွန်းသို့ လှေဆိုက်ရောက်ချိန်မှာ ညနေ (၃)နာရီထိုးနေပါပြီ။ မိန်းမလှကျွန်း၏ အရှေ့ဘက်ရွာတို့မှာ ကူးတို့ပေါက်၊ လက်ပံဦးရွာတို့ဖြစ်သည်။ အရှေ့ဘက်မှာ ပင်းချောင်းတောင်ဘက်တွင် ပင်းစက္ကူလံပစေတီတော်နှင့် အနောက်ဘက်တည့်တည့် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် ရွှေစောလူဘုရားကြီးကိုလည်း ထီးထီးမားမားဖူးတွေ့ရသည်။ ဖောင်းလင်းရွှေစောလူဘုရားကြီးနှင့် ပင်းစက္ကူလံပဘုရားနှစ်ဆူတို့ကား မင်းနှစ်ပါးအပြိုင်တည်ထားခဲ့ကြပြီးလျှင် ဘုရားနှစ်ဆူ အရှေ့ဘက်၊ အနောက်ဘက် မှန်ချိန်ကြည့်လျှင် တစ်ဖြောင့်တည်းရှိကြောင်း သိရသည်။

ဖောင်းလင်းဒေသတစ်ဝိုက် ဝါတွင်းကာလ မြစ်ရေပြည့်လျှံချိန် ငါးသားပေါက် အလွန်ပေါများသည့်နေရာဖြစ်သည်။ ရေလုပ်ငန်းလုပ်ကိုင်သူများ ဝါတွင်းကာလခိုလှုံနေထိုင်လုပ်ကိုင်စားသောက်နေထိုင်ကြသည်။ စားကျက်ကောင်းနေရာလည်းဖြစ်သည်။ မြစ်ရေကျချိန် ဆောင်းကာလပွင့်လင်းရာသီချိန်တွင်လည်း ကိုင်းမြေနုများပို့ချကာ မြေဩဇာအလွန်ကောင်းမွန်သော ကောက်ပဲသီးနှံတို့ စိုက်ပျိုးဖြစ်ထွန်းသည့် နေရာဝန်းကျင်အဖြစ် ထင်ရှားလှပါသည်။ ဝါတွင်းကာလ မြစ်ရေပြည့်လျှံချိန် ကျောင်းတော်ရာဘုရားကြီးသို့ ဘုရားဖူးရင်း ငါးစာကျွေးရန်သွားလာကြသည်။ စက်လှေငယ်တို့အဖို့ ဤဖောင်းလင်းလွင်ပြင်က ဖြတ်သန်းသွားလာရလျှင် ခရီးကပို၍နီးသည်။ မြစ်ရေနည်းချိန်ဆိုလျှင် မကွေးမြို့၏အထက်နားစီထိ စုန်ဆင်းပြီး မုန်းချောင်းအား ကွေ့ဝင်ဆန်တက်ရသဖြင့် ခရီးတာပိုရှည်သည်။ ရေနည်းချိန် စက်လှေဖြင့် ကျောင်းတော်ရာဘုရားကြီးသို့ ဘုရားဖူးရောက်ခဲ့ဖူးသည်ကို အမှတ်ရမိသည်။ ကျောင်းတော်ရာဘုရားအရှေ့ဘက် ရွာငါးကျွေးဆိပ်မှာ နံနက်(၆)နာရီခွဲ၊ (၇) နာရီအချိန် ငါးစာကျွေးသူ လာရောက် ကြည့်ရှုသူတို့နှင့် စည်ကားလျက် အညာဒေသ ဘုရားဖူးငါးများတွေ့ရှိရာနေရာ ဘုရားတစ်ဆူလည်းဖြစ်သည်။

မိန်းမလှကျွန်း လှေကပ်ချိန် နေအနည်းငယ်စောသေး၍ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ထမ်းပိုးတံစဉ်၊ သောက်ရေဘူးတို့အား ဆောင်ပြီးကာ တက်၍မြက်ရိတ်ကြသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် ကိုင်းပင်နှစ်ထမ်း၊ သုံးထမ်း ရလျှင် လှေသို့ပြန်လာကာ ညနေနေဝင် မိုးချုပ် နေခြည်မပျောက်မီ ညနေစာဝိုင်းဖွဲ့ကာ ထမင်းစားသောက်ကြသည်။ တစ်ဦးက ဟင်းတစ်မျိုး၊ တစ်ဦးက ဟင်းတစ်မယ်နှင့် ဟင်းခွက်ပေါင်းစုံ ဝိုင်းဖွဲ့စားသောက်ကြသဖြင့် အတူတူစားက အစားမြိန်သည့် စကားလိုတစ်ဦးက ငါးပိရည်၊ တို့စရာ၊ ငရုတ်သီး၊ သခွားသီး၊ ပဲလွန်းရွက်တို့နှင့်ပင် စုပေါင်းကာ တပျော်တပါးစားရလို့ စားလို့ကောင်းစားလို့မြိန်လှသည်။ လမိုက်ရက်မို့အချို့က ထမင်းစားသောက်အပြီး လှေပေါ်မှာပင် ဝိုင်းဖွဲ့ကာ စကားပြောကြသူလည်းရှိသည်။ သီချင်းဆိုဝါသနာပါသူက သီချင်းဆိုကြ၊ အိပ်ရာမဝင်မီရေချိုးသူက ချိုးကြသည်။

ရေချိုးနေစဉ် မြက်ရိတ်လှေအနီးသို့ လက်ပံဦးရွာမှ ရေလုပ်သားပိုက်လှေငယ်တစ်စင်း လူနှစ်ယောက်နှင့် ရောက်လာပြီးလျှင်-

"ဗျို့ - မြက်ရိတ်လှေဆရာတို့၊ ခင်ဗျားတို့ လှေပေါ်ကလူတွေကိုလည်း ပြောထားကြဦး။ မိန်းမလှကျွန်းက ရေချိုးရင် ရေကလောင်ဆင်းချိုးတာ မကြိုက်ဘူး၊ လက်မခံဘူး"

ရေကလောင်ဆင်းသည်ဆိုခြင်းမှာ ညဘက်တွင်ဖြစ်စေ၊ နေ့ခင်းဘက်ဖြစ်စေ မြစ်ကမ်းစပ်တွင် လူသူလေးပါးမမြင်ကွယ်သည်နေရာတွင် ရေချိုးသည့်အခါ ရေလဲအဝတ်လုံချည်မပါဘဲ ကိုယ်လုံးတီးဗလာရေချိုးခြင်းအား ပြောဆိုခြင်းဖြစ်သည်။ ဖြစ်လည်းဖြစ်နိုင်စရာရှိပါသည်။ ကျွန်း၏အမည်ကလည်း မိန်းမလှကျွန်းတဲ့။ ရေငန်ပိုင်ဦးရှင်ကြီးရဲ့ အောက်အရပ်မှာသာ မိန်းမလှကျွန်းရှိတယ်မထင်လိုက်ပါနှင့်။ အညာဒေသ ပင်းချောင်းရဲ့ အနောက်တောင်ဘက်က ကျွန်းအမည်ကလည်း မိန်းမလှကျွန်းခေါ်တွင်ကြောင်းသိရှိပါသည်။

မိန်းမလှကျွန်းနှင့် ဆက်နွယ်ပတ်သက်နေတဲ့ ရေငန်ပိုင်ဦးရှင်ကြီး စောင်းတော်သခင်ဇာတ်လမ်းကား မိန်းမလှကျွန်းဆီ သစ်ခုတ်၊ ဝါးခုတ်လိုက်သွားရာ မိန်းမလှကျွန်းသို့ လှေဆိုက်ကပ်တာနှင့် မောင်ရှင်အား လှေစောင့်အဖြစ်ထားခဲ့ရာ မောင်ရှင်လည်းပျင်းပျင်းရှိတာနှင့် ပါလာသည့် စောင်းလေးကောက်ကိုင်ကာ သီဆိုတီးခတ်လိုက်သည့်အခါ ကျွန်းစောင့်နတ်သမီးမိန်းကလေးတွေက မောင်ရှင်အား ကျွန်းကြီးက မပြန်နိုင်အောင်တားထားလိုက်ကြသည်။

သစ်ဝါးခုတ်ပြီးလို့ လှေပြန်ထွက်တော့ လှေပြန်ထွက်လို့မရတော့။ လှေသူကြီးလုပ်သူက နောက်ဆုံး 'ငါတို့လှေပေါ်မှာ အကုသိုလ်များတဲ့သူတစ်ယောက်ပါလာလို့သာ လှေထွက်လို့မရဖြစ်သည်' ဟု တထစ်ချ သဘောပိုက်ကာ လှေပေါ်ပါလာသူအားလုံးအား တစ်ယောက်ချင်းမဲနှိုက်ခိုင်းသည်။ ထိုကဲ့သို့ မဲနှိုက်ရာတွင် မောင်ရှင်ချည်း သုံးကြိမ်တိုင်တိုင် မဲဆက်တိုက်ကျနေရာ လှေသူကြီးလုပ်သူမှ မောင်ရှင်အား လှေပေါ်ကပစ်ချ ရေစာကျွေးလိုက်ရာ လှေမှာလည်း နေရာက ရုတ်ခြည်းဆိုသလို ရွေ့လျားကာ ဆန်ထွက်လို့ရသွားသည်။ မောင်ရှင်မှာလည်း လှေပေါ်က ပစ်ချလိုက်တာနှင့် ကျွန်းစောင့် မိန်းမလှကလေးများက လာရောက်ပွေ့ချီကာ လူစင်စစ်ကပင် ဘဝကူးကာ ကျွန်းတော်ရှင်၊ စောင်းတော်သခင် ဦးရှင်ကြီးနတ်ဟု ခေါ်ဝေါ်ကာ ယနေ့တိုင် မြန်မာပြည်အောက်ပိုင်း ရေငန်ဒေသရေ ငန်ပိုင်ဦးရှင်ကြီးနတ်အား ဆွမ်းတင်ပူဇော်ပသပွဲများ ရှိနေကြသေးသည်။

သို့သော် ကျွန်တော်တို့အဖွဲ့ရောက်နေသည့် မိန်းမလှကျွန်းကတော့ သီချင်းမဆိုရဘူးလို့ ပြောဆိုသံမကြားရပေမယ့် ရေကလောင်မဆင်းရလို့ လှေပေါ်ပါလာသူတွေအားလုံးအား လိုက်သတိပေးရသေးသည်။ နယ်မြေခံမဟုတ်လျှင် သည်းမခံ။ မဖွယ်မရာပြုလုပ်ပြောဆိုတာ၊ နေထိုင်တာ လုံးဝခွင့်မလွှတ်ကြောင်း၊ လမ်းခရီးအန္တရာယ်တစ်စုံတစ်ရာကြုံတွေ့နိုင်သည့်အရေးဖြစ်လို့ အားလုံးက ဆင်ခြင်သတိဝီရိယထားကြသည်။

နေဝင်မိုးချုပ် ပိုက်ချလာသည့် လူနှစ်ယောက်အား ကိုလှပိုက -

"ခင်ဗျားတို့က ဘယ်ရွာကလဲ။ ကူးတို့ပေါက်ကလား၊ လက်ပံဦးရွာကလား"

မေးရာ လှေသမားနှစ်ယောက်က-

"ကျုပ်တို့ကလက်ပံဦးရွာကပါ"

"ဒီလိုဆိုရင်လည်းဗျာ၊ ခင်ဗျားတို့လက်ပံဦးရွာက ကိုမိုးညိုကိုသိသလား။ ကိုမိုးညိုကိုသိရင် မနက်ဖြန်မနက် ထန်းရည်ချိုသုံးမြူလောက် အပို့လွှတ်လိုက်စမ်းပါ။ ခင်ဗျားသူငယ်ချင်း ကိုလှပိုကလို့ ပြောလိုက်ရင် ရပါတယ်။ မိန်းမလှကျွန်းဘက် မြက်ရိတ်ရောက်နေတယ် ပြောလိုက်ပါ"

လှေသမားတို့လည်း ဆက်ဆက်ပြောလိုက်ပါမည်ဟုဆိုကာ ညက ပိုက်တန်း မနက်မိုးလင်းတာနှင့် ပိုက်ရုတ်ပြီး ရွာဘက်ပြန်သွားကြသည်။

နောက်နေ့ မနက်စောစောတွင် ထမင်းချက်သူတွေက ချက်ကြသည်။ ကျွန်တော်တို့အဖွဲ့တွင် ထမင်းချက်သူက မမတင်ညွန့်တစ်ယောက်ပါလို့ မနက်မိုးလင်းအောင်အိပ်ကြရသည်။ ဝေလီဝေလင်းတာနှင့် ထမင်းကြမ်းကတိုက်ကရိုက်စားကာ မနက်တစ်ကျော့ထက်မြက်ရိတ်ရပြန်သည်။ တစ်မနက် အကုန်ရိတ်၊ ထမင်းချက်တဲ့ သူကချက်နဲ့ မြက်ထုံးတွေလှေ ဆီသယ်ချရပြန်သည်။ အချို့အဖွဲ့ကလူတွေ ဘဲငန်းဥတွေ၊ ဘဲရိုင်းဥတွေကောက်ရခဲ့လို့ ဝိုင်းဝန်းကကြော်စားကြသည်။ အောက်ကျွန်းမြက်ရိတ်လိုက်ရမှာ လူတိုင်းကြောက်ကြသည်။ နေကလည်း ပူပူ၊ ကိုင်းပင်ကလည်းရှတာခံရနှင့် အတော်ကသိကအောက်နိုင်လှသည်။ နေမပူဘဲ မိုးရွာမိုးစွေတာနှင့် ကြုံရရင်လည်း ညဘက်မိုးက တဖြောက်ဖြောက်နှင့် အမိုးကမလုံ၊ ရွက်ဖျင်မိုးပေါင်းမိုးကာငုတ်တုတ်အိပ်ရတဲ့အခါအိပ်ရသည်။ လှေပေါ်လူများတော့ အိပ်စရာနေရာမလုံလောက်။ အနောက်တောင်မုတ်သုံလေနှင့် လှိုင်းကတဝုန်းဝုန်း လှေကလည်း ညဘက် အလှည့်ကျ ရေထ၍ပက်ရသေးသည်။ အိပ်ကောင်းခြင်းမအိပ်ရ၊ စိတ်ပျက်ဖို့ပင် အလွန်ကောင်းလှသည်။

မနက်စာထမင်းစားအပြီး နေ့လယ် (၁) နာရီအကြာ တစ်ကျော့ပြန်မြက်ရိတ်ပြန်သည်။ နေ့နှစ်နာရီတိတိအချိန် လှေဆိပ်ကနေ လူစုံတာနှင့် လှေထွက်ဖို့ မြက်ထုံးတွေ သူ့အကန့်သူ၊ ကိုယ့်အကန့်နဲ့ကိုယ်ခွဲခြားတင်ကာ လှေထွက်ဖို့ ပြင်ကြသည်။

လှေစတင်ပြန်ထွက်ချိန် အနောက်တောင်မိုးသက်လေက မိုးကလေးတဖွဲဖွဲနှင့်အတူ သဲဖုန်ကိုထကာ လေကားထန်သထက်ထန်လာသည်။ မိုးသက်လေက ကောင်းကောင်းနှင့် လှေရွက်ဖွင့်လိုက်တာနှင့်ပင် အတန်သင့်စက်လှေမော်တော်နီးပါးမြန်သည်။ လှေရွက်ဖွင့်ပြီး (၁၅) မိနစ်အကြာ လက်ပံဦးရွာကမ်းပါးပြိုပေါ်ကနေ၍ ကမ်းပါးစပ်အတိုင်း လျှောက်ကာ ထန်းရေအိုးအားထမ်းကာ ကိုမိုးညိုဆိုသူ ကမ်းပေါ်ကလှမ်းအော်၍ လိုက်လာသည်။

"လှပိုရေ ငါမိုးညိုပါဟ၊ မနေ့က



www.burmeseclassic.com

www.burmeseclassic.com

ထန်းရည်မှာလိုက်လို့ ထန်းရည်လာပို့တာ။ ကမ်းကိုကပ်ခဲ့ပါဦး၊ ကပ်ခဲ့ပါဦး"

ဟု လှမ်းအော်ရင်း ကမ်းပါးစပ်အတိုင်းပြေးကာလိုက်လာသည်။ လေကလည်းထန်၊ လှိုင်းကကြီးကြီး။ သူတို့ရွာဘက်ကမ်းပါးက ကမ်းပါးတွေတဝုန်းဝုန်းပြိုနေတော့ လှေကပ်ရင် ကမ်းပါးမိပြီး မြုပ်မှာစိုး၍ ဆိုက်ကပ်ခြင်းမပြုဝံ့တော့ချေ။ ကိုမိုးညိုက လှမ်းအော်သည့်အသံကြားရသော်လည်း လှေပေါ်ကပြန်၍အော်ပြောသည့်အသံအား လေထန်နေသဖြင့် ကိုမိုးညိုမကြားနိုင်။ ကမ်းပါးအတိုင်း ထန်းရည်အိုးကြီးထမ်း၍ပြေးလိုက်လာသည်။ ကိုမိုးညိုအား နောက်ဆုံး အဝတ်ယမ်းပြကာ နှုတ်ဆက်လိုက်ရခဲ့သည်။ လှေကား လုံးဝကပ်၍မရတော့။

မြစ်အရှေ့ဘက်သို့ ကမ်းကပ်ကာဆန်တက်လာရင်း ပင်းချောင်းအထက်လှေသမား၊ မော်တော်သမားတို့ အလွန်ကြောက်ရွံ့နာမည်ကြီးလှသည်။ ကျောက်ရဲ၊ ကျောက်ကွဲရေမှော်အား လှေသင်္ဘောများ ဦးတည်မောင်းနှင်ဆန်တက်လို့မရ။ စက်လှေမော်တော်များပင် ချွန်းဘက် အနောက်ဘက်ကမ်းကပ်၍ ရေသာခိုဆန်တက်ကြရသည်။ ရေဆွယ်တည့်တည့်နေရာရောက်လျှင် လေထန်သည့်တိုင် ရေစီးသန်လှသဖြင့် လှေကား မော်တော်နှင့် ဆန်တက်၍မရ၊ တန့်၍နေသည်။ ရှေးလူကြီးသူမတို့ပြောစကားအရဆိုလျှင် 'ထိုကျောက်ကွဲရေမှော်အား သုံးနှစ်လျှင် တစ်ကြိမ်လူစားလေ့ရှိကြောင်း၊ ရေမှော်ကျောက်ကွဲအား မထေမဲ့မြင်မပြုရ၊ မပြောဆိုရ၊ မထေမဲ့မြင်ပြောဆိုမိလျှင်သော် လည်းကောင်း၊ ကျောက်ကွဲအား ထိခိုက်မိလျှင်သော် လည်းကောင်း ၎င်းလှေသင်္ဘောတို့နစ်မြုပ်လေ့ရှိသည်။

'ရေဆွယ်အား အန်တုကာ ရေစီးရန်ကော' ဟု ပြောဆို ဆဲရေးတိုင်းတာပြောဆိုခြင်းတို့အား လုံးဝလက်သင့်မခံ။ သုံးနှစ်လျှင်တစ်ကြိမ် ရေဝဲအော်သံကြားလျှင် ကွဲစာအဖြစ် မြက်ထုံးများ ရေဝဲအတွင်းပစ်ချကျွေးရသည့် အစဉ်အလာရှိသည်။ အစဉ်အလာမလေ့တစ်ခုသဖွယ် ဗဟုသုတသိရှိကြသူ လှေပေါ်ပါလာသူ အကြီးအကဲလုပ်သူတို့က ရေဆွယ်အား ဆန်တက်နေချိန် မြက်ထုံးလေးထုံးအား စတိသဘော ရေထဲပစ်ချပျော့ပေးရင်း ကျောက်ကွဲရေမှော်အစောင့်အရှောက်တို့အားလည်း မေတ္တာပို့သကာ ရေဆွယ်အားဆန်လျှင် အန္တရာယ်ကင်း၍ ချောမွေ့ လျှင်မြန်စွာ ဆန်တက်နိုင်လေ့ရှိတာကိုလည်း တွေ့ရှိရသည်။

ကျောက်ရဲရေမှော်ကို ကျော်လွန်လျှင် မဲရွာရေလက်ကြားအား ကန့်လန့်ဖြတ်ဖြတ်ကူးရသည်။ ရေလက်ကြားမှာ စာဆိုနှင့်ပင် ညီလှတော့သည်။ ရေလက်ကြား ဆင်အောက်မသား၊ ရေလက်ကြားကား ရေစီးသန်သည်။ လှိုင်းကြီးသည်။

အရှေ့မြောက်ဘက် မဲရွာဆီဖြတ်ကူးကာ ကမ်းကပ်ဆန်တက်နေချိန် မိုးသက်လေပြင်းက တစ်စစပိုပြင်းထန်လာသည်။ ရှေ့ဆက်ဆန်တက်နေလျှင် လေကလည်းထန်၊ လှိုင်းကလည်းကြီး။ ဝန်ကလည်း မြက်အပြည့်။ လှေကသီလှသဖြင့် တောင်ပလူရွာတောင်ဘက် ငမွဲချောင်းဝတွင် လှေရှက်ချကာ နာရီဝက်အကြာ နားနေရသည်။

ငမွဲချောင်းကလည်း သမိုင်းမတွင် ရာဇဝင်တွေထဲ မပါပေမယ့် ပါးစပ်ရာဇဝင်လိုလို၊ ရှေးလူကြီးသူမတို့ရဲ့ အိပ်ရာဝင်ပုံပြင်လိုလိုနဲ့ နာမည်ကြီးချောင်းတစ်ချောင်းဖြစ်သည်။ ဖွတ်မရ မားမဆုံးတဲ့ချောင်းမှာ 'ငမွဲချောင်း'အား ခေါ်ဆိုခြင်း ဖြစ်သည်။ ဒီငမွဲချောင်းအနီး ရှေးကတောမုဆိုးတစ်ယောက် အမဲကောင်တွေ ရှာဖွေတောလိုက်နေရင်း လမ်းခရီး ဗေဒင်ဆရာတစ်ယောက် လမ်းမှာတွေ့လို့ မုဆိုးလုပ်သူက သူ့ရဲ့ဇာတာအခြေအနေ ဒီလိုမုဆိုးဘဝနဲ့ ကျွတ်လွတ်ပြီး ချမ်းတောင့်ချမ်းသာ ဘယ်သောအခါမှ နေနိုင်ပါမလဲသိချင်တာနှင့် ဗေဒင်ဆရာထံ ညဏ်ပူဇော်ခံတင်ပြီး သူ့ရဲ့ဇာတာအား ဗေဒင်ဆရာထံ မေးမြန်းကြည့်သည်။

ဗေဒင်ဆရာကြီးကလည်း မုဆိုးအား -

"မင်းကံဇာမကောင်းဘူး။ မင်းဒီထက်မက မွဲဦးမယ်"

ဟု ဟောလိုက်သတဲ့။

တောမုဆိုးလည်း ဒီထက်မွဲလိမ့်ဦးမည်ဟု ဗေဒင်ဆရာဟောတော့ မယုံကြည်။ သူ့မှာရှိတာ ခါးဝတ်ပုဆိုးတစ်ထည်၊ မားမတိုက်တစ်ချောင်းပဲရှိတဲ့ သူ့အား ဒီထက်မွဲဦးမယ်ဆိုတာ လုံးဝမယုံကြည်၊ ယုတ္တိမတန်ဘူးပေါ့။ ရက်မကြာခင်မှာဘဲ ငမွဲချောင်းစပ်တစ်နေရာအရောက် မုဆိုးက ဖွတ်ကြီးတစ်ကောင်မြင်လိုက်တာနဲ့ နောက်ကနေလိုက်ရာ ချောင်းစပ်ထူးတွင်းထဲဝင်သွားပါလေရောတဲ့။ ဒါနဲ့ မုဆိုးလည်း ပါလာတဲ့မားမနဲ့ ဖွတ်ကြီးဝင်သွားတဲ့တွင်းထဲကိုမားနဲ့တူးရင်း တစ်ဖက်က ကယ်ပေါက်ကိုလည်း ပိတ်ဆို့စရာတခြားမရှိတာနဲ့ အနီးနားရွာစပ်ကလည်းဝေး၊ လူသူလေးပါးလည်း မမြင်ကွယ်ရာဖြစ်လို့ ခါးမှာဝတ်ထားတဲ့လုံချည်ကွင်းနဲ့ ကယ်ပေါက်ဝအား ပိတ်ဆို့ကာတူးသည့်အခါ တူးတဲ့သူနဲ့ဖွတ်နဲ့နီးချိန်တွင် ကယ်ပေါက်ဝကနေ ဖွတ်ကြီး ပုဆိုးကွင်းပါ တိုးထွက်ခုန်ချကာ မြစ်စပ်ရေထဲ ပျောက်ကွယ်သွားတော့သည်။ ဖွတ်ကြီး ခုန်ချပြေးသွားတာမြင်ရလျှင် မုဆိုးလည်း လက်ထဲကမားမနှင့် လှမ်းပစ်ပေါက်လိုက်ရာ မားမလည်း မြစ်စပ်ချောင်းထဲကျကာ နစ်မြုပ်သွားတော့သည်။ ထိုချောင်းအား ဖွတ်မရ မားမဆုံးခဲ့လို့ ဖွတ်မရ မားမဆုံး၊ မုဆိုးတောင်မွဲတဲ့ချောင်းဖြစ်လို့ 'ငမွဲချောင်း' ဟုအမည်တွင်လျက်ရှိသည်။

ငမွဲချောင်းမြောက်ဘက် ချောင်းစပ်နေရာတွင် ရှေးယခင်ကာလမှ ယနေ့တိုင် ထိုဘုရားအား ဝင်ဖူးလျှင်ဖူးတဲ့သူ သေသည်ဆိုသဖြင့် ဘယ်သူမှဝင်မဖူးရဲ။ ကြာတော့ ဘုရားမှာ ရှေးဟောင်းဘုရားတစ်ဆူကဲ့သို့ အုတ်နီရဲရဲ၊ ချုံနွယ်ပိတ်ပေါင်းတွေကလည်းပိတ်ဖုံးလို့ ဖူးတဲ့သူသေတယ်လို့ နာမည်ကြီးလို့ မည်သူမျှဝင်ရောက်ဖူးတာ၊ သွားလာတာမျိုး၊ ဝင်ရောက်ဖူးမြော်ဖို့ စိတ်ကူးလည်းမရှိခဲ့ကြချေ။

ငမွဲချောင်းကနေ မိုးသက်လေအတော်လေးငြိမ်လျှင် လှေထွက်ရွက်ပွင့်ကာ ဆန်တက်ကြပြန်သည်။ မြောက်ဘက် တောင်ပလူ၊ ညောင်ချောင်းနှစ်ရွာစပ်ကြား ရေမှော်နေရာ တောင်ပလူကျောက်ဖားကလည်း နာမည်နှင့်လူသိများလှသည်။ ကျောက်ဖျာကြီးများမှာ သက်ရှိဖားသဏ္ဌာန်ကျောက်တုံးကြီးများအားတွေ့ရှိသဖြင့် 'တောင်ပလူကျောက်ဖား၊ တောင်ပလူကျောက်ဖား' ခေါ်တွင်နေခြင်းပင်ဖြစ်သည်။ ကျောက်တုံးကြီးများမှာ မီးသင့်ချော်အမျိုးအစားဖြစ်ကာ ရှေးနှစ်ပေါင်းများစွာကာလ ပုပ္ပားတောင်ကြီး မီးတောင်ပေါက်ကွဲရာကနေ ချော်ရည်ပူစီးကြောင်းတို့ စီးကျလာကာ ၎င်းဒေသအရောက်တွင် ချော်ရည်တို့အေးခဲကာ မီးသင့်ကျောက်တုံးကြီးများအသွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်ဟု ရှေးလူကြီးသူမတို့ ပြောစကားကြားဖူးသည်။ ကျောက်ဖားမှ ကျောက်တုံးကြီးများမှာလည်း ပုပ္ပားတောင်ကလပ်အနီး ...ကျ



www.burmeseclassic.com

www.burmeseclassic.com

### စိုးမင်း(မြောက်စည်း)

## မှဲ့ခြောက်နှင့် မွေးရာပါအဖြူ၊ အနီ၊ အနက်

## စာအမှတ်များပျောက်သည့် ဆိုးခြမ်းပဲ

လွန်ခဲ့သော အနှစ် (၂၀) ကျော်ခန့်က နက္ခတ္တရောင်ခြည် (သို့) တခြားမဂ္ဂဇင်းတစ်ခုခုတွင် ဤဆေးမြီးတိုအား ဖတ်မိခဲ့ပါသည်။ နှစ်များကြာလာသည်ဖြစ်၍ ဤဆေးမြီးတိုပါသောမဂ္ဂဇင်း၏ အမည်နာမလွဲမှားခဲ့ပါလျှင် ခွင့်လွှတ်ပေးရန် မေတ္တာရပ်ခံပါသည်။

ဤဆေးမြီးတိုအား မဖော်ပြမီ ယခင်ဆေးနည်း ညွှန်ပြထားသည့်အတိုင်း ဝေဒနာရှင်များအား မေတ္တာ၊ စေတနာဖြင့် စမ်းသပ်ကုသပေးခဲ့ရာ လက်တွေ့ ပျောက်ကင်းချမ်းသာကြ၍ ထပ်ဆင့်ထောက်ခံပေးခြင်းလည်း ဖြစ်ပါသည်။

မူရင်းဆေးမြီးတိုသည် မွေးရာပါစာအမှတ်များကိုသာ ပျောက်ကင်းသည်ဟု ညွှန်းဆိုထားသော်လည်း အခြားသော အရေပြားရောဂါဝေဒနာသည်များအတွက် ဆင့်ကဲအသုံးချနိုင်ရန် ဖြည့်စွက်၍ တင်ပြပေးခြင်းလည်း ဖြစ်ပါသည်။

ကြားဖြတ်၍ ဝေဒနာရှင်များအား သတိပေးချင်ပါသည်။ ဤဆေးအိုးခြမ်းပဲ့အား သုသာန်သချိုင်းသို့သွား၍ မတောင်းရဲသောသူများ၏။ ထိုထိုယောကျ်ား၊ မိန်းမတို့သည် ဘာကြောင့် မသွားရဲ မတောင်းရဲကြပါသနည်း။ အမှန်အတိုင်းပြောရလျှင် ဗုဒ္ဓ၏အဆုံးအမအား နည်းနည်းမျှ (သို့) ဘာမှစားသုံးမထားသောသူများသာ ဖြစ်၏။ ဤသချိုင်းမှလွတ်သောသူမည်သူရှိသနည်း။ တစ်ယောက်မှမရှိသည်ကို သတိပြုစေချင်၏။

လက်တွေ့ကုသပေးခဲ့သော ဝေဒနာရှင်များအကြောင်း ပြောပြပါမည်။

(၁)

ကိုစိုးသည် ထိုစဉ်က အစိုးရဝန်ထမ်းငယ်ဘဝနှင့် ခင်ဦးမြို့တွင် ဇနီးသားသမီးများနှင့်အတူ ဘူတာရပ်ကွက်တွင် နေထိုင်ကြပါသည်။ ကိုစိုးသည် အရက်သေစာများ ဖြတ်တောက်၍ ဘာသာရေး တစ်နိုင်ပုတီးစိပ်လာခဲ့သည်မှာ (၃) နှစ်ကျော်လာခဲ့၏။ဤသို့နေထိုင်လာရင်း တချို့သောမိတ်ဆွေအပေါင်းအသင်းများမှ ရောဂါဝေဒနာများပြ၍ ဆေးကုပေးရန် အကူအညီတောင်းကြပါသည်။

ကိုစိုးသည် ဆေးဆရာမဟုတ်သော်လည်း သူတို့တောင်းသော အကူအညီအား ရေမန်း၊ ကွမ်းရွက်မန်း စသည်

---

နေသည့် မီးသင့်ကျောက်တုံးကြီးများကဲ့သို့ တစ်ထေရာတည်းပင် မြင်တွေ့ရသည်။

ညောင်ချောင်းကနေ စလင်းတောင်ရေမှော်ကို ကျော်လွန်လျှင် ပခန်းငယ်မြို့ပေါ် မြို့အရှေ့ဘက်ဘုရားစေတီစုစုတို့အား ဖူးမြင်နေရပြီဖြစ်သည်။ လေကလည်းလေတာရှည်။ လေမုန်တိုင်းသဖွယ်တိုက်ခတ်နေတာဖြစ်၍ လှိုင်းကတော့ကြီးသည်။ ရှိနေဆဲပင်၊ တစ်ချက်တစ်ချက်လှိုင်းပုတ်လို့ လှိုင်းတစ်လုံးနှင့်တစ်လုံးအကြား လှိုင်းတစ်လုံးနှစ်လုံးတော့ လှေထဲဝင်တဲ့အခါဝင်သည်။ လှေရေပက်သူကလည်း တစ်ယောက်တစ်လှည့်စီ လှည့်လည်ပြောင်း၍ပက်၍လိုက်ကြရသည်။ ပခန်းငယ်အနောက်ဘက် လက်ခုတ်ပင်လှိုင်းက ပို၍ပင်ကြက်သီးထစရာကောင်းလှသည်။ တစ်ချက်တစ်ချက် လှိုင်းလုံးကြားထဲ လှေဝင်သွားလျှင် ကုန်းပေါ်က ရွာသစ်ပင်တို့ကိုပင် မမြင်ရဘဲ ကွယ်၍ကွယ်၍ပင် သွားတတ်ပျောက်သွားတတ်သည်။

ကမ်းပေါ်ကရပ်ကြည့်နေတဲ့သူတွေက ဒီလောက်တောင် လေထန်လှိုင်းကြီးနေမှန်းသိရက်နှင့် ဖွတ်အတင်းဆန်တက်နေတဲ့လှေကြီးကြည့်ပြီး ဒီလှေတော့နစ်မှာပဲဟု တွက်ထားပုံရသည်။ ကြည့်နေတဲ့သူတွေ ကမ်းပေါ်မှာစီလို့။ လက်ခုတ်ပင်လှိုင်းကလည်း ရှေးနှစ်ပေါင်း(၇၀၀)၊ (၈၀၀) ကာလ အင်းဝခေတ်တစ်ချိန်ကပင် စာဆိုနှင့် 'ရေစစ်ကိုင်း၊ လှိုင်းပခန်းငယ်၊ လယ်ရမည်းသင်း' ဟု စာဆိုနှင့်နေရာများဖြစ်သည်။

ပခန်းငယ်ရေမှော်ကိုလွန်ပြီး ရွာအား ကုန်ကမူမြင့်မြင့်တန်းပေါ် လှမ်းမြင်နေရတာ နာရီဝက်ကြာလျှင် ရွာသို့ဆိုက်ဆိုက်မြိုက်မြိုက်ချောချောမောမော ရောက်ခဲ့ကြသည်။ ရွာမှလူတွေက ဒီလောက် မိုးသက်လေနှင့် လှိုင်းကြီးနေတာ ဖွတ်အတင်းဆန်ရကောင်းလားဟု ဝိုင်းပြီး အပြစ်တင်ကြသည်။ လေချိုမှ ရှေ့ဆက်ဆန်ရင်လည်းရရက်သားနှင့် အကုန်လုံးသေမကုန်တာဘဲ ကံကောင်းသည်ဟု ဆိုကြသည်။ တချို့က တို့က ဆင်းရဲဇာတာရှည်မယ့်သူတွေမို့ ဘယ်လိုအခက်အခဲကြုံကြုံ မသေသေးဘူးလို့ ပြောသူကပြောကြသည်။

နေကပူပူ၊ ကိုင်းပင်ကရှတတ၊ မိုးကစိုစို၊ လှိုင်းကတဝုန်းဝုန်းနဲ့ အိပ်ကောင်းခြင်းမအိပ်ရတဲ့ဘဝမျိုး။ နှောင်းလူငယ်တွေ ခံစားကြည့်စေချင်ပါသည်။ ဒါပေမယ့် နှောင်းလူငယ်တချို့ မိန်းမလှကျွန်းဆီ မြက်ရိတ်၊ သက်ငယ်ရိတ်ရောက်ဖြစ်ဖို့ မလွယ်။ နွားစာမြက်အဖို့ဆိုပြန်တော့လည်း နှစ်ပတ်လည်ဖူလုံကြပြီး အိမ်အမိုးအကာအဖို့လည်း အစစအရာရာတိုးတက် ပြောင်းလဲလာတာနှင့်အမျှ ရွာတိုင်း၊ အိမ်တိုင်းလို သွပ်ရောင်တွေကဖွေးလို့။ ယခင်ကလို မိန်းမလှကျွန်းဆီ မြက်ရိတ်၊ သက်ငယ်ရိတ်ရောက်ဖြစ်ဖို့ဆိုလျှင် အတိတ်ဆီမှာ ဝေး၍ဝေး၍ကျန်ခဲ့ပါတော့သည်။

*(မိန်းမလှကျွန်းရောက် အမှတ်တရ ရေးဖွဲ့ပါသည်။)*

နေအောင်လင်း(စလေ)



www.burmeseclassic.com

www.burmeseclassic.com

ထာမန္တန်များရွတ်ဆို၍ ကူညီ ချက်ပေးခဲ့ပါသည်။ ဤသို့ ကူညီ ချက်ပေးရင်းဖြင့် မိတ်ဆွေ အသင်းများသည် ကိုစိုး၏ အားမခေါ်ကြတော့ဘဲ ဆရာလေး ခေါ်ကြ၏။

ဤသို့ကုသပေးရင်း တစ်နေ့တွင် ပိုင်းရပ်ကွက်မှ အပျိုလေးမချို ကိုစိုး၏ အိမ်ရှေ့ခြံပေါက်ဝတွင် နေ၏။ နံနက် (၈) နာရီခန့်တွင် ပြထမင်းစားနေသော ကိုစိုးတို့ သည် မချိုအား မြင်လိုက်ရာ -

"ချို လာလေ၊ ဘယ်ကလှည့် လဲ၊ လာ - တစ်ခါတည်းထမင်း "

အပေါက်ဝမှ အိမ်ထဲရှိ ကိုစိုးတို့ ဝိုင်းအနီးသို့ရပ်ကာ -

"ဟုတ်ကဲ့ - ဆရာလေးဆီလာ ကျွန်မအိမ်က စားခဲ့ပြီးပါပြီ"

ဟု ပြောကာ ထမင်းဝိုင်းမှ သား သမီးငယ်များအားကြည့်၍ ပြုံးပြ သားသမီးငယ်များလည်း မချို ပြုံးကြည့်၍ ထမင်းစားနေကြ၏။ (၁၈) နှစ်ခန့်ရှိသော မချိုသည် မိသားစုနှင့် မစိမ်းပါ။ ရံဖန်ရံခါ ယ်သမီးငယ်များအား ပွေ့ချီ၍ ခေါ်သွားနေကျ ဖြစ်၏။

"အပေါ်တက်ထိုင်လေ"

"ဟုတ်ကဲ့ - ဆရာလေး"

မချိုသည် ဘုရားဝတ်ချ၍ ထိုင် ကိုစိုး၏အိမ်သည် (၂) ခန်းပတ် (၂) တောင်အမြင့် ဝါးကြမ်းခင်း၊ ကပ်မိုးနှင့် မြေစိုက်ဖြစ်ရာ တ်လည် ဝင်းထရုံခတ်ထား၏။

ကိုစိုးသည် ထမင်းစားပြီး၍ မချို ဘုရားခန်းသို့ မျက်နှာချင်းဆိုင် လိုက်၏။

"ကဲ - ပြော၊ ဘာကိစ္စလဲ"

"ဆရာလေးဆီကို အကူအညီလာ တောင်းတာပါ"

"အေး - ပြောလေ၊ ငါက ဘာ အညီပေးရမှာလဲ"

"ဒီလိုပါ ဆရာလေး၊ ကျွန်မပြော ရှက်လည်းရှက်ပါတယ်၊ အား နာပါတယ်"

"ကျွန်မ အခုစိတ်တွေအရမ်းညစ် "

မချို၏ မျက်နှာသည် အားငယ် ပုံစံပေါ်နေ၏။

"အေးပါ၊ ငါပြောတာက နင်က ဘာဖြစ်လို့ ငါက ဘာလုပ်ပေးရမှာတုံး"

"ကျွန်မ စိတ်ညစ်နေတာကြာလှ ပြီ ဆရာလေး။ ကြာရင် ကျွန်မ ရူးသွား မလားတောင်ထင်မိတယ်"

မချို၏ စကားသည် လိုရင်းသို့ မရောက် ဝေ့ဝိုက်နေ၍ ကိုစိုး စိတ်မရှည် ချင်။

"နင့်ဟာက လိုရင်းကိုမရောက် ဘူး။ မဟုတ်တာတွေဘဲပြောနေတယ်"

"ကျွန်မမျက်နှာက မှဲ့ခြောက်တွေ ကြောင့် စိတ်ညစ်နေတာ ဆရာလေးရဲ့"

"ဟင် - မှဲ့ခြောက်တွေဟုတ်လား"

ကိုစိုးသည် မချို၏မျက်နှာ သနပ် ခါးထူထူလိမ်းထား၍ မှဲ့ခြောက်များ ထင်ထင်ရှားရှားမမြင်ရ၊ သူ့မျက်နှာအား သေချာကြည့်သောအခါမှ -

"အေး - ဟုတ်သားပဲ၊ မှဲ့ခြောက် တွေ၊ မှဲ့ခြောက်တွေကလည်း များလိုက် တာဟာ"

ကိုစိုး၏ စကားပြောအပြီး မချို ၏မျက်နှာသည် ညှိုးသွားရှာ၏။

"ခက်တာက နင့်ရဲ့မှဲ့ခြောက်တွေ မျိုး ငါတစ်ခါမှကုမပေးဖူးဘူးဟ"

ထိုအခါ မချိုသည် အားငယ် တောင်းပန်သောအသံဖြင့် -

"အဲဒီလို မလုပ်ပါနဲ့ ဆရာလေး ရယ်။ ကျွန်မ စိတ်ညစ်လွန်းလို့ ဆရာ လေးဆီ အားကိုးလို့လာခဲ့တာ"

ခက်ချေပြီ။ ဘယ့်နှယ်လုပ်ပေးရ ပါ့။ ဤရောဂါမျိုး တစ်ခါမှမကုမိ။ ကု ပေးလျှင်လည်း ပျောက်မည်မထင်။ အကြံအိုက်လှ၏။

ထိုစဉ် မီးဖိုချောင်မှ ဇနီးသည် သည် မချိုဘက်မှကူ၍ ကိုစိုးအား -

"ကဲ - ကိုယ်တော်ချော၊ ဈေးကိုင် မနေနဲ့ ကုပေးလိုက်"

လာပြန်ပြီ နောက်တစ်ယောက်။ လင်၏ အခြေအနေမသိ စွတ်အော်နေ ၏။ မချို၏မျက်နှာသည် ငေးမှိုင်နေ၏။ သူ့ပုံစံသည် အသားဖြူဖြူ၊ ဆံပင်ကောင်း ကောင်း၊ အရပ် (၅) ပေခန့် ရုပ်ရှည် အလယ်အလတ်ဖြင့် ကြည့်၍ကောင်း ၏။ မှဲ့ခြောက်များမရှိလျှင် သာ၍လှပ နိုင်၏။

ဤတွင် အတွေးတစ်ခုပေါ်လာ ၏။ မွေးရာပါ စာအမှတ်ပျောက်သော ရသေ့ကြီးတစ်ပါး၏ အိုးခြမ်းပဲ့အား သတိရလိုက်၏။ အိုးခြမ်းပဲ့ကို သွေး အလိမ်းခိုင်းရလျှင် ပျောက်ပါ့မလား။ ပျောက်၊ မပျောက်မသေချာ။ စမ်းကြည့် မည်ဟုသာ ဆုံးဖြတ်လိုက်ရ၏။

"ကဲ - ဒီလိုလုပ်တာ ဆေးနည်းက တော့ရှိတယ်။ ပျောက်မပျောက်တော့ မသေချာဘူး။ အဲဒီဆေးကို ငါပေးလိုက် မယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာလေး"

မချို၏မျက်နှာသည် စောစောက ပုံစံမဟုတ်တော့ ဝမ်းသာသွား၏။

"အဲဒီဆေးက ယုံယုံကြည်ကြည်နဲ့ လိမ်းမှ ပျောက်မှာနော်၊ အဲဒါအရေးကြီး တယ်"

"ဟုတ်ကဲ့၊ ကျွန်မ ယုံယုံကြည် ကြည်နဲ့ လိမ်းပါမယ်"

"နင့်နာမည်က မချိုဆိုတော့ တနင်္လာသမီးလား"

"ဟုတ်တယ် ဆရာလေး"

"ကဲ၊ ကဲ - အခု ညည်းအိမ်ပြန် တော့။ ညနေကျရင် ငါ့ဆီဆေးလာယူ၊ ဆေးက သွားတောင်းရဦးမှာ"

"ဟုတ်ကဲ့"

ဟု ပြောကာ အိမ်သို့ပြန်သွား တော့၏။ သူ၏ ကျောပြင်အားကြည့်၍ အတွေးနှင့် -

'အင်း - ဟုတ်မလားတော့မသိ သေးဘူး။ ညနေကျရင်တော့ ငါ့ဆီဆေး လာယူမှာ ဒီတော့ နေ့လယ်ပိုင်းကျရင် ဆေးသွားတောင်းရမယ်'

အတွေးစဖြတ်၍ အလုပ်ရှိရာ ရုံး ခန်းသို့လှမ်းခဲ့ရ၏။

ဇနီးသည်အား အကျိုးအကြောင်း ပြော၍ နေ့ခင်း (၁၂) နာရီခန့်တွင် မြို့ ၏ တောင်ဘက် (၂) မိုင်ခန့်မှ သုသာန် ဆီသို့ ခြေလျင်ခရီးလှမ်းကာ သုသာန်သို့ ရောက်တော့၏။ အုတ်ခုံသွပ်မိုးဇရပ် ပေါ်တွင် အမောဖြေရာ အေးမြလှ၏။ ခဏမျှကြာသော် အမောပြေသွား၏။ လူ (၃) ယောက်ဖက်ခန့်ရှိသော မန် ကျည်းပင်ကြီးသည် ဇရပ်၏အပေါ်တည့် တည့်မှ ထီးသဖွယ် အုပ်မိုးထားသဖြင့် နေပြောက်သိပ်မရှိ။ ထို့ကြောင့် အေးမြ နေခြင်း ဖြစ်၏။ လူရိပ်လူယောင်မတွေ့ ရ။ ကျေးငှက်အသံများသာ ကြားရ၍ တိတ်ဆိတ်လှ၏။

ဆေးတောင်းရမည်ဖြစ်၍ ဇရပ် ပေါ်မတ်တတ်ရပ်ဖြင့် တနင်္လာသမီးမချို အတွက်ရည်စူး၍ သုဘရာဇာနှင့် အပေါင်းပါတို့အား မေတ္တာပို့၊ အမျှဝေ လိုက်၏။ အမျှပေးပြီး၍ အုတ်ဂူအကြို အကြားများအတွင်းသို့ ဝင်ရောက်ရှာဖွေ ရာ အိုးခြမ်းပဲ့အမြောက်အမြားတွေ့ရှိ ရ၍ လက် (၄) သစ်ခန့် (၃) ချပ်တောင်

www.burmeseclassic.com

ယူပြီး သုဘရာဇာနှင့် အပေါင်းပါတို့အား မေတ္တာပို့၊ အမျှဝေကာ အိမ်သို့ပြန်ခဲ့တော့၏။

ညနေပိုင်း နေစောင်းသောအခါ မနက်ပိုင်းမှလာသွားသော မချိုသည် အိမ်သို့ရောက်လာ၏။ ကိုစိုးသည် ကလေးများနှင့် ဆော့နေကာ မချိုအား မြင်၍ နှုတ်ဆက်လိုက်၏။

"မချို၊ လာလေ"

မချိုသည် အပေါက်ဝမှ ခေါင်းညိတ်ပြကာ အိမ်ထဲဝင်လာ၏။ ဘုရားခန်းတွင် မချိုအား -

"ဒီဆေး အိုးခြမ်းပဲ့ကို သွေးပြီး လိမ်းရမှာ။ မနက်တစ်ခါ၊ ညအိပ်ရာဝင် တစ်ခါလိမ်း မနက်ခင်း နေ့လယ်ခင်း ရှက်လို့မလိမ်းချင်ရင် ညအိပ်ရာဝင် ထူထူလိမ်း၊ ပျောက်နိုင်တယ်"

"ဟုတ်ကဲ့ ကျွန်မ ဆရာလေးခိုင်းတဲ့အတိုင်း လိမ်းပါ့မယ်"

"ဩော် - ဒါနဲ့ ဆရာလေး၊ မနက်ပိုင်းနဲ့ နေ့လယ်ပိုင်းမှာ သနပ်ခါးနဲ့ ရောလိမ်းရင်ရသလား"

"အေး - ရတယ်"

"ကဲ၊ ကဲ - ညည်းလည်းပြန်တော့၊ ငါလည်း အလုပ်ဆင်းရဦးမယ်"

"ဟုတ်ကဲ့ - ဆရာလေး"

ဘုရားဝတ်ချ၍ မချို အိမ်ပြန်သွား၏။ အိုးခြမ်းပဲ့ပေးသည့်နေ့စွဲအား မှတ်သားထားလိုက်၏။

တစ်ပတ်တိတိပြည့်သောနေ့ ညနေစောင်းတွင် မချိုသည် သနပ်ခါးမလိမ်း၊ ပန်းစိမ်းမပန် အိမ်ရှေ့အပေါက်ဝမှ ပြုံးရွှင်စွာ ရပ်ကြည့်နေသည်ကို ဘုရားပန်းလဲနေသော ကိုစိုးသည် မြင်နေ၏။

"ဆရာလေး၊ ကျွန်မ လာဦးမယ်"

"အေး - လာလေ"

ကိုစိုးသည် ဝင်လာသော မချိုအား အကဲခတ်ကြည့်ရာ ညာဘက်လက်ထဲတွင် အိုးခြမ်းပဲ့၊ ဘယ်ဘက်လက်ထဲတွင် ရွှေကျီးမုန့်ကြွပ်တစ်ထုပ်ကိုင်လျက် ဘုရားခန်းပေါ်တွင် ဝင်ထိုင်၍ ဦးချ၏။

"ဆရာလေးဆီ အိုးခြမ်းပဲ့ ပြန်လာပို့တာ၊ ကျွန်မမျက်နှာက မှဲ့ခြောက်တွေ အကုန်ပျောက်သွားပြီ။ အဲဒါ ပိုနေလို့ ဆရာလေးဆီပြန်ပို့တာ"

တော်ပါသေးသည်။ အိုးခြမ်းပဲ့ ပြန်လာပို့သည်ဆို၍ ရင်ထိတ်သွားသေး၏။ မပျောက်၍ ပြန်လာပို့သည် ထင်မိ၏။ မချို၏မျက်နှာအား သေချာကြည့်သောအခါ မှဲ့ခြောက်များ တစ်လုံးမှမရှိတော့ပေ။

မချို၏မျက်နှာ၌ရှိ မှဲ့ခြောက်များ ပျောက်သွား၍ ကိုစိုးဝမ်းသာ၏။ သူ့ထံမှ ဆေးအိုးခြမ်းပဲ့ပြန်ယူ၍ သေတ္တာထဲသို့ သိမ်းထားလိုက်၏။ မချိုသည် သာသနာ့ပွဲထဲသို့ ငွေ (၅) ကျပ်ထည့်၍ ကလေးများအတွက် မုန့်ကြွပ် (၁) ထုပ် လက်ဆောင်ပေး၏။ မချိုကန်တော့ပြီးသောအခါ ကိုစိုးမှ -

"ညည်း အခုလိုပျောက်သွားတာ ငါဝမ်းသာတယ်။ နင်က ငါ့ကို တော်တော်အထင်ကြီးတာကိုး။ ငါက ဘာမှ လုပ်တတ်သေးတာ မဟုတ်ဘူး။ အခုလည်း မှန်းရမ်းပေးလိုက်ရတာ"

မချိုသည် ကိုစိုး၏စကားများကို ပြုံး၍နားထောင်နေပြီး -

"ဘယ်လိုပဲ ကုပေးပေး၊ ဆရာလေးကုပေးရင် ပျောက်မယ်ဆိုတာ ကျွန်မ သိပြီးသားပါ"

"အံမယ် - နင်က ငါ့ကို"

"ဟုတ်တယ် ဆရာလေးရဲ့၊ ဟိုတစ်လောက ဆရာလေးအကြောင်း မိစိန်ပြောပြသေးတယ်။ ဘာတဲ့ ဆရာလေးက ထမင်း (၁၀) ရက်မစားဘဲ ရေသောက်နေတယ်တဲ့။ အဲဒါဟုတ်သလား ဆရာလေး"

ခက်ပြီ။ ဒီကောင်မလေး တွေ့ကရာလျှောက်ပြောနေ၏။ ဘေးကလူတွေကြားလျှင် ရယ်ကုန်ကြတော့မည်။ သူ့ကို စကားပြတ်အောင် ဘယ်လိုပြောရပါ့၊ ကိုစိုးသည် မချို၏စကား ရပ်သွားရန်သာ စိတ်စောနေ၏။

"ကဲ၊ ကဲ - မချို၊ ညည်းရဲ့ မှဲ့ခြောက်တွေလည်းပျောက်ပြီ အိမ်ပြန်တော့"

"ဆရာလေးကလည်း စောစောက ကျွန်မမေးတာဟုတ်သလားဟင်"

"အေး - ဟုတ်တယ်၊ ညည်းပြန်တော့"

ငေါက်၍ ပြန်လွှတ်လိုက်ရ၏။ မချို၏ အမေးစကားများသည် မှန်သော်လည်း ရှာပြင်ထုတ်ခံရမည် ဆိုးသေး၏။ ကိုစိုး၏ အသက် (၂၅) နှစ်ခန့်အချိန်တွင် ပုဂ္ဂိုလ်တစ်ဦး၏ စေခိုင်းချက်အရ လေ့ကျင့်ခဲ့ခြင်း ဖြစ်ပါသည်။

(၂)

တစ်လခန့်ကြာသောအခါ မချိုသည် မိန်းကလေးတစ်ယောက်နှင့်အတူ ကိုစိုး၏အိမ်သို့ ရောက်လာပြန်၏။ ထိုအချိန်တွင် ကိုစိုးသည် အလုပ်တွင်ရှိနေ၍ အိမ်မှ (၄) နှစ်သား သားအကြီး အလုပ်ရှိရာသို့လာ၍ ဧည့်သည်လာ ကြောင်းခေါ်၍ လိုက်လာခဲ့ခြင်း ဖြစ်၏။

အိမ်ပေါက်ဝသို့ရောက်သောအခါ ဘုရားခန်းသို့ကြည့်သော် မချိုနှင့် ပုဆိုး ခေါင်းမြီးခြုံထားသော မိန်းကလေးတစ် ယောက် ထိုင်နေကြ၏။ အိမ်ပေါ်တက် ၍ မချိုတို့နှင့် မျက်နှာချင်းဆိုင် ထိုင် လိုက်ရာ မချိုမှ -

"ဆရာလေး၊ သူက ကျွန်မသူငယ် ချင်း သန်းမပါ။ သူ့မျက်နှာမှာ မွေးရာ စာအမှတ်ကြီးပါတယ်။ ကျွန်မ သူ့ သနားတာနဲ့ ဆရာလေးဆီကို ခေါ်လာ ခဲ့တာ"

ကိုစိုးသည် မချို၏ စကားအား နားထောင်၍ သူ့ဘေးမှ သန်းမဆိုသော မိန်းကလေးအား အကဲခတ်နေမိ မချို၏ စနက်မှန်းသိသာ၏။ သူ၏ မှဲ့ ခြောက်ပျောက်တော့ တခြားလူတွေ ပြောမည်။ တစ်ယောက်စတစ်ယော စနှင့် ယခုလည်းတစ်ယောက် ခေါ်ခဲ့ပြ ၏။ ခေါ်ခဲ့တဲ့ သူ့သန်းမသည် ပုဆိုး ခေါင်းမြီးခြုံ မျက်နှာတစ်ခြမ်းအုပ်ထာ ပုဆိုးစ (၂) ဖက်အား လက်ဖြင့်စုတ် ထား၏။ မျက်နှာအား လူအမြင်မခံမိ ဖုံးကွယ်လာဟန်တူ၏။

"မချိုတုန်းက မှဲ့ခြောက်တွေ ပေးခဲ့တာ။ အခု ညည်းရဲ့ဟာက မွေး ပါစာအမှတ်ဆိုတော့ ငါ့ကိုပြပါဦး"

သန်းမသည် ခေါင်းပေါ်မှ ပုဆိုး အား ဖယ်လိုက်ရာ ကိုစိုးသည် အံ့ သွားပါသည်။ သန်းမ၏စာအမှတ်သ သူ၏မျက်နှာ သုံးပုံတစ်ပုံတွင် (၂) သည် ထိုစာအမှတ်ကြီးမှ ဖုံးအုပ်ထာ ခြင်းခံနေရ၏။ ထိုမိန်းကလေးအားကြ ၍ အတော်စိတ်မကောင်းဖြစ်မိ၏။ အ ကလေးတစ်ယောက်ဖြစ်ပြန် မျက်နှာ ခြမ်းနီးပါး အုပ်စိုးထားသည့် စာအမ ကြောင့် မည်မျှစိတ်ဆင်းရဲရမည် ကိုယ်ချင်းစာမိ၏။ သူ၏ နီညိုရော စာအမှတ်ကြီးသည် ပုံမှန်အသားထ အနည်းငယ်ပို၍ မို့မောက်၏။ နဖူးတ ပြင်လုံးနှင့် အပေါ်ဆံပင် ငယ်ထိပ်အ နဖူးအလယ်တည့်တည့်မှ အောက်ဘ ဘက် နှာခေါင်းတစ်ဖက်နှင့် မျက် တစ်ဖက်၊ ပါးပြင်တစ်ခုလုံးဖုံးအုပ်၍ စပ်၊ မေးစေ့တစ်ခြမ်းအောက် လည်ပ ရင်ဘတ်အထိ ထိုမှအပေါ်သို့ ပခုံး ဝိုက်တက် နောက်ကျောပြင်မှ ကုပ်အ ဆေးမင်ခြယ်ထားသလို ထင်ရ ပေါ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

…အမှတ်အား ကြည့်နေသော …မချိုနှင့် သန်းမတို့သည် အဖြေ …နေ၏။ သန်းမသည် အသက် … အသားလတ်လတ်၊ အရပ် (၅) …နှင့် ဆံပင်ကောင်း၍ အလယ် …ချပ်ရည်ရှိ၏။

"…ညည်းရဲ့စာက အကြီးကြီးဆို …နဲ့မပျောက်နိုင်ဘူး။ အနည်း …လခွဲ၊ နှစ်လနီးပါးလိမ်းမှပျောက် …။ ဆေးလိမ်းရင် ယုံကြည်မှုရှိရ …ကောင်းရမယ် ဘယ့်နှယ်လဲ လုပ် …"

"ဟုတ်ကဲ့၊ကျွန်မလိမ်းနိုင်ပါတယ်"

…ချိုနှင့် သန်းမသည် ရောက်ခါစ …မဟုတ်ကြတော့။ ကြည်လင် …တွေ့ရ၏။ ကိုစိုးသည် ဆေး …မှ အိုးခြမ်းပဲ့ကလေးအားယူ၍ …အား -

"တဲ - ဒါဆိုရင် ငါဆေးပေးလိုက် …ဆေးကို မနက်တစ်ခါ ညအိပ်ရာ …ခါ ထူထူလိမ်း၊ ဆေးလိမ်းပြီးတဲ့ …ကျိယားယိုတော့နေတယ်။ … မပျောက်မချင်းလိမ်း ဟုတ်ပြီ …တယ်လို့ ဆေးကုန်သွားရင် ငါ့ …တောင်း"

…ချိုထံမှ သိမ်းထားသောအိုးခြမ်း … သန်းမလက်သို့ထည့်လိုက်၏။ …အား ယုံကြည်မှုအားကောင်းရန် …လိုက်ရ၏။

"…အိုးခြမ်းပဲ့က ရိုးရိုးအိုးခြမ်းပဲ့ …၊ ဆေးစီရင်ထားတဲ့ အိုးခြမ်း … အဲဒါ သေသေချာချာမှတ်ထား …သလိုမထားနဲ့ လုံလုံခြုံခြုံသိမ်း …"

"ဟုတ်ကဲ့"

… မချိုနှင့် သန်းမတို့သည် ပြိုင် …၍ ခေါင်းညိတ်ကြ၏။

"တဲ၊ ကဲ - ငါလည်း အလုပ်ရှိ …ယ်၊ ညည်းတို့ပြန်ကြတော့"

…ချိုတို့နှစ်ယောက်သား ဘုရား …၍ အိမ်သို့ပြန်သွားရာ သန်းမ …ပြင်အား ငေးကြည့်နေမိသော …ည် အတွေးတစ်ခုနှင့် ပြုံးမိ၏။ …ကား အခြားမဟုတ်။ ကိုစိုး၏ …ည် တစ်ခါတစ်ခါ သူတစ်ပါး၏ …အကြောင်းလေးများကို သေး …၏။ ယခုလည်း သိုက်နန်းမှ လူ … ခဏသာ အလည်လွှတ်လိုက် … သန်းမအား ကြာကြာမနေနိုင်ရန် …ဆိုးဆိုးဖြင့် အိမ်ထောင်မကျစေ …တ်၍ လွှတ်လိုက်ခြင်း ဖြစ်၏။ သို့မှသာ သူတို့ခေါ် ချင်တိုင်းခေါ်၍ရမည် ဖြစ်၏။ ဤအကြောင်း သန်းမအား ပြောပြ၍မဖြစ်။ ကိုစိုး၏ ညပိုင်းအချိန်မှသာ သိုက်နန်းမှ သူ၏အစ်ကိုနှင့် အစ်မအား မေတ္တာပို့ အကြောင်းပြမည်ဟု အတွေးစရပ်၍ အလုပ်ဆင်းရန် ရုံးခန်းသို့ လှမ်းခဲ့ရ၏။

တစ်လခွဲခန့်ကြာသောအခါ တစ်နေ့ မနက် (၈) နာရီခန့်တွင် ကိုစိုးတို့ မိသားစုသည် အဆာပြေထမင်းကြော် စားနေကြရာ အိမ်အပေါက်ဝမှ အမျိုးသမီးလေးတစ်ယောက် မတ်တတ်ရပ်၍ ပြုံးပြနေ၏။ အိမ်ပေါက်ဝသို့ မျက်နှာမူ၍ ထမင်းစားနေသော ကိုစိုးတို့မိသားစုအားလုံး သူ့ကိုမြင်၍ ဇနီးသည်မှ ကိုစိုးအား -

"အစ်ကို့ဧည့်သည်ထင်တယ်၊ ခေါ်လိုက်လေ"

"အေး - ငါလည်း မြင်ဖူးသလိုလိုမို့ ကြည့်နေတာ၊ ဘယ်သူများပါလိမ့်"

"အိမ်ရှေ့က ဧည့်သည်ကောင်မလေး လာလေ"

မိန်းကလေးသည် ခေါင်းညိတ်ပြ၍ အိမ်ထဲဝင်လာ၏။

"ကျွန်မ ဆရာလေးကို လာကန်တော့တာပါ"

ကိုစိုးသည် ထိုမိန်းကလေးအား မြင်ဖူးသလိုရှိသော်လည်း မသဲကွဲ၍ -

"အေး၊ အေး - ခဏနေဦး၊ ငါ ထမင်းစားပြီးတော့မယ်"

မိန်းကလေးသည် ဘုရားကျောင်းဆောင်ရှေ့ ဝတ်ချ၍ ထိုင်စောင့်နေ၏။ စားလက်စထမင်းမပြီးခင် ထိုမိန်းကလေးအကြောင်း စဉ်းစားနေ၏။ ကိုစိုးထံတွင် ဆေးလာကုသော ဝေဒနာရှင် ပြတ်သည်မရှိပါ။ နေ့စဉ်နေ့တိုင်း (၃) ဦး၊ (၅) ဦး စသည်ဖြင့် တချို့ရက်များ (၁၀) ဦးအထိ ကုသပေးရသဖြင့် မိမိကုသပေးသော ဝေဒနာရှင်များအား ကောင်းကောင်းမမှတ်မိခြင်း ဖြစ်ပါသည်။ ဇနီးနှင့် သားသမီးများ ထမင်းစားမပြီးခင် ကိုစိုးသည် ထမင်းစားပြီး၍ ဧည့်သည်ရှိရာ ဘုရားခန်းသို့ မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

"ကဲ - ဆိုပါဦး၊ ဘာကိစ္စလဲ"

"ကျွန်မ သန်းမပါ ဆရာလေး"

"ဟေ - သန်းမ၊ ဟာ - နင့်ကို ဘယ်သူဘယ်ဝါမှန်း ငါမမှတ်မိဘူး။ နင့်မျက်နှာက ဟိုအမှတ်ကြီးမရှိတော့ ဘယ်မှတ်မိမတုံးဟ။ ငါက မြင်ဖူးတယ်ပဲ အောက်မေ့တာ။ နင့်ရဲ့ စာအမှတ် အကုန်ပျောက်သွားပြီလား"

"ဟုတ်ကဲ့၊ အကုန်ပျောက်သွားပါပြီ ဆရာလေး။ အဲဒါ ဆရာလေးကို ကျွန်မ ကျေးဇူးတင်လွန်းလို့ လာကန်တော့တာပါ။ ကျွန်မတစ်သက် ဒီအမှတ်ကြီးဟာ ဘယ်တော့မှမပျောက်တော့ဘူးလို့ ထင်ခဲ့မိတာ။ အခု ကျွန်မ လူတောတိုးလို့ရပါပြီ ဆရာလေးရယ်"

သန်းမ၏စကား နားထောင်ရင်း ကိုစိုးသည် ဝမ်းသာ၍ ပြုံးမိ၏။ သန်းမ၏ မျက်လုံးများမှ မျက်ရည်များစီး၍ အောက်သို့ပြုတ်မကျစေရန် မျက်တောင်များနှင့် ပြန်သိမ်းနေ၏။ သူမည်မျှ ဝမ်းသာနေမည်ကို ကိုစိုးသည် ကိုယ်ချင်းစာမိ၏။

သန်းမသည် ကိုစိုးအား (၃) ကြိမ်ကန်တော့၍ သာသနာပွဲအတွင်းသို့ ငွေ (၁၀) ကျပ်လှူဒါန်းကာ အိမ်သို့ပြန်သွား၏။ သန်းမ၏ နောက်တွင် မွေးရာပါစာအနက်နှင့်မိန်းကလေးတစ်ဦး၊ အနီ၊ အနက်ရောရာ မိန်းကလေးတစ်ဦးတို့အား ဤကဲ့သို့ ကုသပေးခဲ့ရာ နှစ်ယောက်စလုံး ပျောက်ကင်းချမ်းသာသွားကြပါသည်။ ဤအကြောင်းထည့်ရေးလျှင် စာရှည်မည်စိုး၍ ချန်ခဲ့ပါသည်။

(၃)

၁၉၉၅ ခု၊ ဧပြီလတွင် ကိုစိုးတို့မိသားစုသည် ယောနယ်တွင် တာဝန်ကျ၍ ပြောင်းရွှေ့နေထိုင်ရာ ၂၀၀၄ ခုတွင် အလုပ်ပြုတ်၍ ဘူတာဈေးဆိုင်လေးဖွင့်ကာ ယခုအချိန်အထိ အသက်မွေးဝမ်းကျောင်းပြုနေရ၏။ ကိုစိုးတို့မိသားစုသည် ကလေးမြို့နယ် မြောက်စည်း (ရွာသစ်)တွင် နေထိုင်ကြကာ ရွာ၏တောင်ဘက်ကျော် ရွာကားလမ်းမဘေးရှိ ဇမ္ဗူထွန်း စက်ဘီးဆိုင်ကယ်ပြုပြင်သော ကိုမြငွေနှင့် ခင်မင်ရင်းနှီးကာ နေ့စဉ်အလည်သွားဖြစ်၏။ ကိုမြငွေတို့အိမ်သို့ အလည်သွားလျှင် ကိုစိုးအား စူပါကော်ဖီတစ်ခွက် အမြဲတိုက်၏။

သို့ဖြင့် ၂၀၁၃ ခု နှစ်စ ညပိုင်းတွင် ကိုမြငွေ၏အိမ်သို့အလည်သွားရာ ထုံးစံအတိုင်း ကိုစိုးအား ကော်ဖီတစ်ခွက်တိုက်၍ အိမ်ရှေ့တန်းလျားခုံတွင် ရေနွေးဝိုင်းဖြင့် ထွေရာလေးပါး စကားပြောကြရင်း ဆေးမြီးတိုအကြောင်း ပြောမိရာမှ ကိုမြငွေသည် ကိုစိုးအား -

"ဦးစိုး၊ ကျွန်တော့်မှာဗျာ ယားနာတွေပေါက်နေတာ၊ ဘယ်လိုယားနာတွေ

www.burmeseclassic.com

မှန်း မသိဘူး။ တောက်တိုမည်ရဆေး လိမ်းတာလည်း မပျောက်ဘူး။ အသား စားတဲ့နေ့ဆိုလျှင် တစ်နေကုန် ကုတ်နေ ရတယ်ဗျာ။ အဲဒါဆေးနည်းလေးရှိရင် လုပ်ပါဦး"

ကိုမြငွေသည် ကိုစိုးထက်အသက် (၅) နှစ်ခန့်ကြီးသော်လည်း ကိုစိုးအား လေးစားသမှုဖြင့် ဦးစိုးဟုခေါ်၏။ ည ပိုင်းမှောင်နေ၍ သူ၏ ယားဖုအား သဲသဲ ကွဲကွဲ မမြင်ရ။

ထို့ကြောင့် ကိုစိုးမှ -

"ခင်ဗျားရဲ့ ယားဖုတွေက ဘယ် မှာတုံး၊ ကျွန်တော့်ကိုပြဦးလေ"

မျက်နှာချင်းဆိုင်တန်းလျားခုံမှ ထရပ်၍ အင်္ကျီချွတ်ပြရာ ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ရင်ဘတ်နှင့် လက် မောင်းလက်ဖျံများတွင် အဖြူကွက်လေး များအပေါ်၌ အဖုသေးသေးအချွန်လေး များ ပေါက်နေ၏။ ဤယားဖုကလေး များအားကြည့်၍ ကိုစိုး ပြုံးမိ၏။

"ခင်ဗျားရဲ့ ယားဖုတွေက ကြက် ဖင်တွေပါဗျာ။ ဒီဘက် ယောနယ်က တော့ ဘယ်လိုခေါ်တယ်မသိဘူး။ ကျွန် တော်တို့ ရွှေဘိုနယ်ဘက်ကတော့ ကြက် ဖင်လို့ခေါ်တာ မှတ်သားရဖူးတယ်"

"ပျောက်နိုင်တဲ့ဆေး ရှိတယ်၊ ခင်ဗျားယုံရင်ပေါ့"

"ယုံပါတယ် ဦးစိုးရယ်၊ ဆေးနည်း တာပေးပါ"

"ဒီနေ့တော့ နေဦး၊ မနက်ဖြန်ကျ ရင် ကျွန်တော် ဆေးသွားတောင်းလိုက် ဦးမယ်"

"အဲဒီကျမှယူ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ညဉ့်နက်လာ၍ သူတို့မိသားစု အား နှုတ်ဆက်၍ အိမ်ပြန်ခဲ့၏။ နောက် နေ့ မနက် (၈) နာရီတွင် ကိုစိုးသည် မြောက်စည်း (ရွာသစ်) သင်္ချိုင်းသို့ ဆေး သွားတောင်းရာမရ၊ ထိုမှပြန်လှည့်၍ တောင်စည်းရွာသင်္ချိုင်းသို့ ဆေးသွား တောင်းရာမရ၊ ခက်ချေပြီ။ သင်္ချိုင်း (၂) ခုစီမှ ဆေးမရ။ နောက်ဆုံး ရွာ၏ အနောက် (၁)မိုင်ကွာမှ ကျော်ရွာသင်္ချိုင်း သို့ သွား၍တောင်းမှ ဆေးများများ တောင်းခဲ့ရ၏။ ဆေးတောင်း၍အပြန် လမ်းကြုံ၍ ကိုမြငွေအား ဆေးပေးကာ အိမ်သို့ပြန်ခဲ့ရ၏။

နှစ်ပတ်ခန့်ကြာသောအခါ ကိုမြ ငွေတို့အိမ်သို့ မနက် (၉) နာရီခန့်တွင် အလည်လျှောက်ခဲ့ရာ သူ၏ရောဂါ မပျောက်ကြောင်း ကိုစိုးအား ပြောပြ၏။ ထိုအခါ သူ၏မျက်နှာအား အကဲခတ် ကြည့်ရာ အဖြေပေါ်လာ၏။ မပြော၍ မဖြစ် ပြောရပါမည်။ ကိုစိုးသည် မထိ တထိအပြုံးနှင့် ကိုမြငွေအား -

"ကျွန်တော်ပြောမယ်၊ ခင်ဗျား ထက်ဆိုးတဲ့အနာတောင် ပျောက်သေး တာ။ ခင်ဗျားရဲ့ ယားဖုလောက်တော့ ပျောက်ကိုပျောက်ရမယ်။ ခင်ဗျားလုပ်ပုံ မဟုတ်လို့ ဖြစ်မယ်"

ထိုအခါ ကိုမြငွေသည် ကိုစိုးအား ဆင်ခြေပေး၏။

"ဦးစိုးပြောတဲ့အတိုင်း လိမ်းတာ ပဲ။ ဘာဖြစ်လို့ မပျောက်တာလဲမသိဘူး"

"ခင်ဗျားက အိုးခြမ်းပဲ့ဆိုတော့ အထင်သေးတာပေါ့။ ဒီအိုးခြမ်းပဲ့ဟာ ဘာမှအရာမထင်နိုင်ဘူးလို့ထင်တာကိုး။ ဒီအိုးခြမ်းပဲ့က ရိုးရိုးအိုးခြမ်းပဲ့မဟုတ် ဘူးဗျ။ ဆေးအိုးခြမ်းပဲ့။ သင်္ချိုင်း (၃) ခု သွားမှရခဲ့တာ။ ခင်ဗျားတို့အရပ်က ဆေး သွားတောင်းတာတောင် မွဲတဲ့သင်္ချိုင်း ရှိသေးတယ်။ ကြုံဖူးပေါင်ဗျာ"

ကိုမြငွေသည် ကိုစိုးအား အားနာ သွား၏။

"ခင်ဗျားရဲ့ရောဂါ ပျောက်ချင်ရင် ယုံယုံကြည်ကြည်နဲ့လိမ်း။ မပျောက်ရင် ကျွန်တော့်ကို နာမည်မခေါ်နဲ့ ဘယ့်နှယ် လဲ"

ဒေါသသံအနည်းငယ်ပါ၍ ဆေး ကောင်းကြောင်း အာမခံလိုက်ရာ ထို အခါမှ ကိုမြငွေ၏မျက်နှာ ပုံစံတစ်မျိုး ဖြင့် -

"ကဲဗျာ၊ ဒီတစ်ခါ ဦးစိုးပြောသလို ယုံယုံကြည်ကြည်နဲ့ လိမ်းမယ်"

"ဒီလိုလုပ်စမ်းပါ၊ ပျောက်ပါတယ် ဗျာ။ တစ်ပတ်လောက်ပဲ လိမ်းရမှာပါ"

ကိုစိုးသည် သူတို့မိသားစုနှင့် စကားပြောကာ နေ့ခင်းထမင်းစားချိန် နီး၍ အိမ်သို့ပြန်ခဲ့တော့၏။ တစ်ပတ်ခန့် ကြာသောအခါ ကိုမြငွေ၏အိမ်သို့ နေ့ လယ်ပိုင်း အလည်ရောက်၍ ထုံးစံကော် ဖီတစ်ခွက်တိုက်၍ ညှော်ခံ၏။

အင်္ကျီတုံးလုံးချွတ်၍ စက်ဘီးပြင် နေသော ကိုမြငွေ၏ အနီးသို့ကပ်၍ ကြည့်လိုက်ရာ သူ၏ခန္ဓာကိုယ်၌ရှိသော ယားဖုနှင့်အကွက်များ လုံးဝပျောက်ကင်း နေကြောင်း တွေ့လိုက်ရ၍ ကိုစိုးသည် ပြုံး၍ ကိုမြငွေအား -

"ကဲ - ကိုယ့်လူ၊ ခင်ဗျားရဲ့ ယားဖု ကြက်ဖင်တွေ ဘယ့်နှယ်ရှိစ"

ကိုစိုး၏အသံကြား၍ သူ၏ လက် မောင်းလက်ဖျံနှင့် ရင်ဘတ်တို့အား ကြည့်လိုက်ရာ ဘာမှမရှိတော့၍ အံ့ဩ နေ၏။

"အေးဗျာ - ဟုတ်တယ်၊ အကုန် ပျောက်သွားပြီ"

"အဲဒါခင်ဗျားယုံလို့ပျောက်တာ"

"ဟုတ်ကဲ့၊ ယုံပါပြီ ခင်ဗျာ"

ကိုမြငွေသည် သူ၏ ယားဖု[illegible] သောနေရာများအား လက်နှင့် ပွတ်သပ် ကြည့်၍ ပီတိဖြစ်နေ၏။ ကိုမြငွေ[illegible] စကားပြောအပြီး တန်းလျားခုံတွင် [illegible] ထိုင်လိုက်ရာ သူ၏သား အောင်မိုး[illegible] သည် ဆိုင်ကယ်ပြင်နေရင်းမှ ကိုစိုးအား

"ဦးစိုး၊ အဲဒီဆေးက ဆိုင်ကယ်[illegible] လို့ ကျန်ခဲ့တဲ့အမာရွတ်တွေ ကုလို့[illegible] လား"

လာပြန်သည်။ ပေါက်ပေါက်[illegible] ရှာ မဖြေချင်ဘဲ ဖြေရဦးမည်။

"မင်းက ဘယ်တုံးကဆိုင်ကယ်[illegible] လို့ အမာရွတ်ကျန်တာလဲ"

"ဟာ - ဦးစိုးကလည်း ကျွန်တော်[illegible] ဖြစ်တာ မဟုတ်ပါဘူး။ ကျွန်တော့်သူငယ် ချင်းဖြစ်တာပါ"

"ဖြစ်ပုံက ဒီလိုပါ။ လွန်ခဲ့တဲ့ [illegible] လလောက်က ကျွန်တော့်သူငယ်[illegible] ဆိုင်ကယ်လဲလို့ လက်တွေပွန်းပဲ့[illegible] တယ်။ အနာတွေပျောက်တော့ [illegible] ကောက်ဝတ်မှာ ခရုသင်းလို အ[illegible] ကြီးကျန်ခဲ့တာ ခုထိမပျောက်[illegible] အဲဒါ. . ."

သူစကားမဆုံးမီ ကိုစိုး[illegible] ကျေနပ်သည့်အသံဖြင့် -

"မင်းနယ်ကွာ၊ သူ့ဟာသူ[illegible] ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့၊ မင်း[illegible] အိုးကမပူ စလောင်းကပူဖြစ်နေပြီ[illegible] အနာ သူ့ဟာသူကုပေါ့"

အောင်မိုးလင်းသည် [illegible] မပေး ဆက်၍ပြောပြန်၏။

"ဒါတော့ ဒါပေါ့ ဦးစိုးရယ်[illegible] တော်က ကူညီချင်တာ သက်သ[illegible] အဲဒါ သူ့အမာရွတ်ကို ဦးစိုးရဲ့အိုး[illegible] နဲ့ သွေးလိမ်းရင် ပျောက်မလား[illegible] ကြည့်တာပါ"

မလုပ်ပေးရင်လည်း စိတ်[illegible] မည်။ အမှန်အတိုင်းဝန်ခံရလျှင် [illegible] လုပ်မပေးချင်ပါ။ ကာယကံရှင်တို[illegible] မဟုတ်၊ ကြားကလူက ပွဲစား။ [illegible] ဆိုရင် ကိုစိုး၏ သိက္ခာမရှိတော့[illegible] ကိုစိုးကြိတ်တွက်ထားရင် -



www.burmeseclassic.com

www.burmeseclassic.com

"မင်းအဖေလိမ်းလို့ပိုတဲ့ အိုးခြမ်းပဲ့ ...တယ် မဟုတ်လား။ အဲဒါပေး ... ယုံရင်ပျောက်မယ်၊ မယုံရင်မ ...တ်ဘူး"

စကားပြတ်ပြတ်ပြော၍ အိမ်ပြန် ... မေ့မေ့ပျောက်ပျောက် (၁) လခန့် ...သော် ကိုမြင့်ဆွေ၏အိမ်သို့ အလည် ...ရာ အောင်မိုးလင်း ဆိုင်ကယ်ပြင် ...ည်ကိုမြင်၍ သတိပေါ်လာ၏။

"အောင်မိုးလင်း ဟိုတစ်လောက ...သူငယ်ချင်းဆီ အိုးခြမ်းပဲ့ပေးထား ... အခြေအနေဘယ်လိုရှိသလဲ"

"ဦးစိုး၊ ကျွန်တော် သူ့ဆီမရောက် ...ဘူး"

"အေး- အားရင် သူ့အနာပျောက် ...ပျောက် သွားကြည့်ချေကွာ"

"ဟုတ်ကဲ့၊ ဆိုင်ကယ်ပြင်ပြီးရင် ... ကျွန်တော်သွားလိုက်ပါ့မယ်"

စကားပြောဖော်မရှိ၍ အောင်မိုး...အား နှုတ်ဆက်ကာ အိမ်ပြန်ခဲ့၏။ ...သပိုင်းတွင် ကိုမြင့်ဆွေအိမ် အလည် ...ပျောက်ခဲ့၏။ ကိုစိုးရောက်သည်ကြား ... အောင်မိုးလင်းသည် အိမ်အပြင် ...လာကာ -

"ဦးစိုး၊ ကျွန်တော့်သူငယ်ချင်းရဲ့ ...အနာ ရွတ်ပျောက်သွားပြီ။ အနာအကုန် ... အသားအတိုင်းဖြစ်သွားပြီ"

ကိုစိုးသည် သူ့အစကားအားပြုံး ... -

"ဖြစ်ရမယ်လေ"

(၄)

၂၀၁၃ ခု၊ ဧပြီလ။ တစ်နေ့ အိမ် ...တန်းလျားခုံတွင် ကိုစိုး၏သမီးအကြီး ...သည် ကလေးမြို့ရှိ ဆေးခန်းသို့သွား ... သူ၏အမေအား ပြောပြနေရာ ...မေဖြစ်သူမှ သဘောတူနေ၏။

အိမ်တွင်း ပက်လက်ကုလားထိုင် ... ကိုစိုးသည် သူတို့သားအမိနှစ်ဦး၏ ...စကားပြောသံအား နားစွင့်နေ၏။

"အမေ၊ သမီး မနက်ဖြန် ကလေး ...သွားမယ်။ ကလေးမြို့မှာ အရေပြား ...အထူးကုဆရာဝန်တွေရှိတယ် အမေရဲ့။ ...နေ့က ဆေးခန်းသွားပြတော့ ဆေးမှူး ... ကလေးမြို့က အရေပြားအထူးကုနဲ့ ...ပြဖို့မှာလိုက်တယ်"

"အေး၊ အေး - ဒါဆိုလည်းသွား ... အမေပိုက်ဆံပေးလိုက်မယ်"

အမေနှင့် သမီးအကြီးမ ပြောသံ ...အား မီးဖိုချောင်မှ (၇) တန်းကျောင်းသူ ကြားသွား၍ အိမ်ရှေ့သို့ထွက်လာကာ သူ့အမေအား -

"အမေ၊ သမီးလည်းလိုက်မယ်။ မပဲပဲ တစ်ယောက်တည်း ဘယ်ဖြစ်မလဲ။ သမီးက မပဲပဲရဲ့သက်တော်စောင့် ဘော်ဒီကပ်လုပ်ရမှာပေါ့ ဟုတ်ဖူးလား"

အငယ်မသည် သူ့အစ်မအား မပဲပဲဟု ခေါ်၏။ အငယ်မပါလာ၍ အမေဖြစ်သူမှ -

"ဟဲ့-နင်ကလိုက်လို့မဖြစ်ဘူးလေ၊ ကျူရှင်ပျက်မှာပေါ့"

"အမေကလည်း တစ်ရက်ကလေး ပျက်တဲ့ဟာ၊ သမီးလိုက်သွားမယ်နော်။ ဟိုကျရင် သမီးက ရှမ်းခေါက်ဆွဲရယ်၊ ဒိန်ချဉ်ရယ် အဝစားပစ်လိုက်မယ်"

အမေဖြစ်သူသည် အငယ်မ၏ စကားပြောသံအားငေးကြည့်၍ပြုံးကာ-

"ကဲ၊ ကဲ- ဒါဆိုရင်လည်း ညီအစ်မနှစ်ယောက်စလုံးသွားကြ၊ အဖော်ရတာပေါ့"

"ဟေး"

အငယ်မသည် ဝမ်းသာသွားကာ ခြေစုံခုန်၍ လက်ခုပ်လက်ဝါးတီး ပျော်နေ၏။ အစ်ကြီးမသည် နှုတ်ခမ်းစူ၍ မျက်စောင်းထိုးနေ၏။ အမေ့ကြောင့်သာ ခေါ်ရမည်။ သူ့ပုံစံက အငယ်မအား မခေါ်ချင်။

"ရှုပ်ကိုရှုပ်တယ်၊ ကိုယ့်ဟာကို အေးအေးမနေဘူး"

အငယ်မအား ထပ်၍မျက်စောင်း ပြန်ထိုးရာ အငယ်မသည် ပြုံး၍ပြောင် ပြနေ၏။ သမီး (၂) ယောက်ကြားမှ အမေက -

"ကဲပါ သမီးရယ်၊ သူစိတ်ချမ်းသာအောင် ခေါ်သွားလိုက်ပါ။ တော်ကြာ စိတ်ကောက်နေဦးမယ်"

အငယ်မအား မျက်စောင်းတထိုးထိုးဖြင့် အိမ်ထဲဝင်လာကာ အပေါ်တက်သွားတော့၏။

ကိုစိုးသည် သူတို့သားအမိ (၃) ယောက်၏ စကားပြောပုံနှင့် ဟန်အမူအရာတို့အားကြည့်၍ ပြုံးမိ၏။ အကြီးမ၏စကားထဲတွင် အရေပြားအထူးကုဆရာဝန်ပါနေ၏။ အကြီးမသည် ဘာရောဂါဖြစ်လို့လဲ။ အပျိုကြီးဖားဖားဖြစ်လို့ ရှက်လို့ အဖေဖြစ်သူအား မပြောတာလား။ ဒါမှမဟုတ် မဖွယ်မရာနေရာမျိုးမှာ အနာဖြစ်လို့လားဟု တွေးရင်းတွေးရင်း သိချင်လာ၏။ အကျိုးအကြောင်းသိရအောင် အကြီးမအား ခေါ်မေးကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

"အကြီးမ"

"ရှင်"

"အဖေ့ဆီလာဦး"

"ဟုတ်ကဲ့"

အပေါ်ထပ်မှဆင်း၍ ကိုစိုးထံ လာ၏။

"မနက်ဖြန်ကလေးမြို့သွားမှာဆို"

"ဟုတ်တယ် အဖေရဲ့။ မသွားလို့ မဖြစ်ဘူး။ ကြာရင်ရောဂါပိုဆိုးလိမ့်မယ်"

"ဟင် - ရောဂါ ဟုတ်လား။ ဘာရောဂါလဲ သမီးရဲ့"

"ဟာ - အဖေကလည်း ဒါတွေ အဖေမသိပါဘူး အဖေရယ်"

"ဟဲ့ - ငါက နင့်အဖေပါ။ နင်က ဘာရောဂါဖြစ်တာလဲ"

"အစတုန်းက သေးသေးလေး အဖေရဲ့၊ အခု အကြီးကြီးဖြစ်လာပြီ"

"အေးပါ၊ အဖေ့ကို ပြလို့ရရင်ပြကြည့်လေ"

"ပြလို့တော့ရတာပေါ့၊ တော်ကြာ အဖေက သူများတွေ လျှောက်ပြောရင် ဘယ့်နှယ်လုပ်မလဲ"

"ကဲပါလေ၊ အဖေလျှောက်မပြောပါဘူး။ ပြမှာသာ ပြစမ်းပါ"

အကြီးမသည် သူ၏ ညာဘက်လက်ဖျံပေါ် တည့်တည့်တွင် သနပ်ခါး ထူထူလိမ်း၍ ဖုံးထားသော အကွက်တစ်ကွက်အား လက်ဆန့်၍ပြ၏။

"ဟဲ့-နင့်ဟာက သနပ်ခါးအကွက်ပါလား"

"ဟုတ်တယ် သမီးရှက်လို့ သနပ်ခါးနဲ့ ထူထူလိမ်းဖုံးထားတာ"

"အဲဒီသနပ်ခါးဖျက်ပြစမ်း"

အကြီးမသည် ဘယ်လက်ဖဝါးနှင့် သနပ်ခါးအကွက်အား ပွတ်၍ဖျက်ရာ ပေါ်လာ၏။ ဆီးဖြူသီးခန့်အရွယ် အဝိုင်းကွက်တစ်ကွက်။

"ဩော် - ဒါကြောင့်ကိုး"

ကိုစိုးသည် ယခုမှ ရယ်မိတော့၏။ ရောဂါဆိုလို့ ဘာရောဂါများလဲလို့။ လက်စသတ်တော့ ဘာမဟုတ်တဲ့ အကွက်ကလေးတစ်ကွက်ကြောင့် စိတ်ညစ်ရတယ်လို့ အံ့ဩမိပါရဲ့။

"ရွာနားကမြက် ရွာနွားမစားတဲ့ ထုံးစံရှိတယ်။ အခုလည်း တစ်အိမ်တည်းနေတဲ့အဖေ့ကို ဘယ်အထင်ကြီးမတုံးဗျ။ အဝေးကလူပဲ အထင်ကြီးတော့မပေါ့။ ညည်းက အဖေကို တယ်အထင်သေးတာကိုး။ ဒီမယ် ညည်းရဲ့အကွက်



www.burmeseclassic.com

www.burmeseclassic.com

လေးတစ်ကွက်လောက်တော့ အဖေက ပျင်းတောင်ပျင်းသေးတယ်"

"ဟာ - အဖေကလည်း စိတ်ညစ်ရတဲ့အထဲ နောက်နေပြန်ပြီ"

"အဖေ မနောက်ပါဘူး သမီးရဲ့၊ တကယ်ပြောတာပါ"

"ဒါဖြင့် အဖေ ကုပေးမယ်ပေါ့"

"အေး အဖေကုပေးမယ်"

"ဟုတ်မှလည်းလုပ်ပါ အဖေရယ်"

"ကဲပါ၊ အဖေ့ကို တစ်ပတ်တော့ အချိန်ပေး။ တစ်ပတ်ပြည့်လို့မှ သမီးရဲ့ အကွက် မပျောက်ဘူးဆိုရင် ကလေးမြို့ သွားပေါ့ ဘယ့်နှယ်လဲ"

"ကောင်းပြီလေ၊ ဒါဆို မနက်ဖြန် ကလေးမြို့မသွားတော့ဘူး"

အကြီးမသည် အပေါ်တက်သွား၍ အဝတ်အစားများ ခေါက်သိမ်းနေသလို ကိုစိုးသည် ဆေးသေတ္တာထဲမှ အိုးခြမ်းပဲ့တစ်ခုယူ၍ သမီးအား -

"ရော့ - ဆေး"

"ဟာ - အဖေဟာကလည်း အိုးခြမ်းပဲ့ကြီး"

"အေးလေ ဘာဖြစ်လို့တုံး၊ ဒါက ရိုးရိုးအိုးခြမ်းပဲ့ မဟုတ်ဘူး။ ဆေးအိုးခြမ်းပဲ့ သမီးရဲ့"

"အဖေကတော့ ဘာတွေလျှောက်လုပ်ခိုင်းဦးမလဲ မသိဘူး။ ဒါဖြင့်ရင်လည်းပေး"

သူ့စိတ်ထဲတွင် ဘဝင်မကျမှန်းသိ၏။ ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ကိုစိုး၏ လက်တွင်းမှ အိုးခြမ်းပဲ့အားယူ၍ သနပ်ခါးတောင်းထဲသို့ ပစ်ထည့်လိုက်ဟာ ဝတ္ထုဖတ်နေတော့၏။

သူ၏ အနာကွက်သည် ခရုသင်းလို ဖြူဖြူဖွေးဖွေး မဟုတ်၊ အဝါရောင်အကွက်လည်းမဟုတ်၊ ဆီပူလောင်၍ ကျန်ခဲ့သော ပန်းရောင်ဖျော့ဖျော့ အမာရွတ်ပုံစံဖြစ်၍ မီးယပ်ကြောင့်ဖြစ်သော အကွက်ဟုသာ ကိုစိုးခန့်မှန်းနိုင်ပါသည်။

"ဆေးကို မနက်တစ်ခါ၊ ညအိပ်ရာဝင်တစ်ခါ သွေးလိမ်းနော် ယုံယုံကြည်ကြည်လိမ်း"

ကိုစိုးသည် သမီးအား အိမ်အောက်မှ အော်ပြောသော်လည်း အကြီးမသည် မကြာချင်ဟန်ဆောင်၍ ပြန်ဖြေသံမကြား။ ဆေးပေး၍ (၅) ရက်ပြည့်သောနေ့တွင် အကြီးမသည် ကိုစိုးအား -

"အဖေ၊ အဖေ့ဆေးက မပျောက်ဘူးအဖေရဲ့။ ဒီမယ်ကြည့်ပါဦး၊ အရင်အတိုင်းပဲရှိသေးတယ်"

ဟုတ်ပါသည်။ သူ၏ ညာလက်ဖျံအားကြည့်ရာ အဝိုင်းကွက်သည် နဂိုအတိုင်းရှိနေ၏။ အကြီးမသည် လုံးဝမယုံကြည်။ ဒါကြောင့် မပျောက်သည်ကိုသိ၍ ပြောရတော့၏။

"အဖေ ဆေးပေးတုန်းကလည်း အထင်သေးတယ်။ ဆေးလိမ်းပုံပြောပြတော့လည်း မကြားချင်ယောင်ဆောင်တယ်။ မယုံဘဲလိမ်းတော့ ဘယ်ပျောက်မလဲ၊ ဒါကို ညည်းကူ ဆင်ခြေပေးဦးမယ်။ ညည်းမယုံဘူးဆိုတာ မျက်နှာက ပေါ်ပြီးသား၊ ဒါကိုအဖေသိတယ်"

အကြီးမသည် မျက်နှာချိုသွေး၍ ဟုတ်ကြောင်းဝန်ခံနေ၏။ ခဏ အကြာတွင် သူ၏မျက်နှာ ရုတ်ခြည်းပြောင်းလဲ၍ ရွှင်ရွှင်ပျပျဖြင့် -

"ဟုတ်ပြီး ခုချိန်ကစပြီး ယုံလိုက်ပြီ"

ဗုဒ္ဓေါ - ခုမှယုံမယ်တဲ့။ တကယ်လား၊ အဟုတ်လား သေချာမသိ။ အကြီးမ အိမ်ပေါ်တက်သွား၍ ဆေးစလိမ်း၏။ တစ်ပတ်တိတိပြည့်သောနေ့တွင် ကိုစိုးသည် ထမင်းရည်ငှဲ့နေသော အကြီးမ၏ ညာဘက်လက်ဖျံအား မသိမသာခိုး၍ကြည့်ရာ ဘာအကွက်မှမရှိတော့ဘဲ မူလအသားအရေအတိုင်း မြင်လိုက်ရ၏။

အကြီးမအား -

"ကဲ - ညည်းရဲလက်ဖျံကအကွက်ရှိသေးလား။ ကြည့်ပါဦး"

အကြီးမသည် ထမင်းရေငှဲ့ရင်း သူ၏လက်ဖျံအားကြည့်ရာ အလွန်ဝမ်းသာသွားရှာ၏။

"ဟာ - ဟုတ်တယ် အဖေ၊ သမီးရဲ့အကွက် မရှိတော့ဘူး။ ဝမ်းသာလိုက်တာ အဖေရယ်။ စောစောက ကုပေးရင် ပြီးနေတဲ့ဥစ္စာ။သမီးမှာ ကြာရင်ရူးတောင်သွားနိုင်တယ်"

ကိုစိုးသည် သမီးအား ကြည့်၍ ပြုံးကာ -

"ညည်းကကော အဖေ့ကို ဘယ်နှခါပြဖူးလဲ"

"စောစောက အဖေကုတတ်မှန်း ဘယ်သိမလဲအဖေရဲ့"

"ကဲ - ကလေးမြို့ကို သွားဦးမှာလား"

"သွားစရာမလိုတော့ဘူးလေ၊အခု ပျောက်သွားပြီ ဟီဟိ"

အကြီးမသည် ထမင်းအိုးငှဲ့ပြီး၍ မီးဖိုပေါ် ပြန်၍နှပ်ပြီးသောအခါ သူ၏ ညာဘက်လက်ဖျံအား ပွတ်သပ်ကြည့်ကာ ဝမ်းသာနေတော့၏။

အိုးခြမ်းပဲ့အား သချိုင်းကုန်း သွား၍ ရွတ်ဆိုကောက်ပုံအား ပြော မည်။

"သုဘရာဇာကြီးခင်ဗျား (၇) သားသမီးများအတွက် (ဝေဒနာရှ အမည်၊ နေ့သားထည့်ရွတ်ရမည်) ရာပါစာအမှတ်များ (သို့) အခြား အရေပြားရောဂါများ (ဥပမာ တင် ဝက်ခြံ စသည်) ပျောက်သည့် အိုး စွန့်ပါခင်ဗျား၊ ကျွန်တော်၏ ပြုခဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာ ကုသိုလ်များအား သုဘရာဇာ အပေါင်းပါတို့အား ထပ်တူထပ်မျှ ပေးဝေပါသည်၊ သာခုခေါ်တော်မူ ခင်ဗျား"

လူပုဂ္ဂိုလ်တစ်ဦး(သို့) နှစ်ဦး ဘက်ဖြစ်စေ၊ ညပိုင်းဖြစ်စေ သုသာ သွား၍ အိုးခြမ်းပဲ့တောင်းယူလျှင် သမျှ (၁) ချပ်သာတောင်းယူပါ။ သုံး၍ မလောက်ပါက နောက်ထပ် ကြိမ် သွား၍တောင်းပါ။ မေတ္တာပို့ အမျှဝေခြင်း မပျက်ကွက်ဖို့ အ ပါသည်။သို့မှသာဆေးစွမ်းထက်ပါသ

တချို့သော ယောကျ်ား၊ တို့၏ မျက်နှာ၊ ရင်ဘတ်၊ လက် လက်ဖျံ စသည့်ခန္ဓာကိုယ်အား အ တန်သည်ဟု ထင်နေသူများလည်း ပါမည်။ အကျည်းတန်သည်ဟု ထ သော်လည်း ထိုစာအမှတ်တို့သည် အား အကျိုးပြုသော အကျိုးပေး စာများဖြစ်လျှင် မဖျက်သင့်ပါ။

ကိုစိုးသည် ရသေ့ကြီးတစ် ဆေးနည်းအား ထပ်ဆင့်ထောက်ခံ သည်ဟု ဝန်ခံထားပြီး ဖြစ်ပါသ အသုံးပြုသောလူတို့၏ သီလ၊ သ ညီးနွမ်းခြင်း၊ ယုံကြည်မှုကင်းမဲ့ အထင်သေးခြင်း စသောအကြောင်း ငြီစွန်းခဲ့လျှင် ဝေဒနာရှင်များ မပျောက်ပါ။ နောင်အခါ စာရေးသူ လိမ်ညာ၍ရေးသည်ဟု အထင်ခံ ကိုကြိုသိ၍ သတိပေးခြင်းဖြစ်ပါသ

အကယ်၍ မလုပ်ရဲ၊ မလုပ် လျှင် လူကိုယ်တိုင်လာခဲ့ပါ။ ကို မေတ္တာဖြင့် ကူညီပေးပါမည်။

စိုးမင်း (မြောက်



www.burmeseclassic.com

www.burmeseclassic.com

ရန်နိုင်

# မြန်မာ့ရိုးရာစကားထာ

စကားထာ၊ စကားပုံ၊ ဆိုရိုးစကား ည် မြန်မာစာပေတွင် ထင်ရှား ည်။ စကားထာဆိုသည်က အနုပညာ၊ င်ဂီတ၊ ကဗျာလင်္ကာတို့၏ မှတ် တ်ရာ၊ စာပေရေးရာထောင့်ကွေ့ ၏။ ထို့ပြင် ထိုခေတ်ထိုအခါ လူငယ် လေ့ ချစ်ရေးချစ်ရာသဘာဝ ည်း တစေ့တစောင်းမြင်တွေ့နိုင် ည်။ စကားထာယဉ်ကျေးမှုကို လူငယ် ၏သဘာဝ၊ ဉာဏ်ရည်ဉာဏ်သွေး တ်မြက်စေလိုသော အလေ့အကျင့် ။

ဤစာစုမှသည် ယနေ့လူငယ်များ ဖြင့် ယခင်ဘိုးဘေးဘီဘင်တို့၏ ဘဝကို လှမ်းမျှော်အကဲခတ်နိုင် နိုင်သည်။ သူတို့အကြောင်းကို လာရင်း အပြုံးပန်းများပွင့်လန်းနိုင် ည်။ အဘိုးတို့ခေတ်လူငယ်သဘာဝ ယနေ့ခေတ်အခါ လူငယ်ဘာဝ မည် သာလွန်သည်၊ ပိုမိုလွတ်လပ် ည်ကို နှိုင်းဖက်ချိန်ထိုး တုယှဉ်ကြည့် သည်။

သူတို့၏ဉာဏ်ရည်အတိမ်အနက် တိုင်းအတာ၊ သူတို့၏စကားထာ၊ ၏ စကားဝှက်များကို စမ်းသပ် တ်ထုတ်ကြည့်နိုင်သည်။ သူတို့၏စိတ် သူတို့၏ဗဟုသုတ၊ သူတို့၏တီထွင် ကို သိနိုင်လျှင်ပင် အကျိုးမယုတ်။ အတွက် ဦးဆောင်လမ်းညွှန်မဖြစ်နိုင် ကာမူ တို့မြန်မာကြီးတို့သည် ခေသူ မဟုတ်ကြကြောင်း အသိအမှတ်ပြု လျှင်ဖြင့် ကျေနပ်စရာ။

မြန်မာမှုနယ်ပယ်တစ်ခုတည်းတွင် စကားထာ၊ ဉာဏ်စမ်းစကားစုများ နေသည်မဟုတ်။ ကမ္ဘာ့နိုင်ငံများတွင် ည်း စကားထာယဉ်ကျေးမှုရှိသည်။ ခေတ် ဂရိလူမျိုးတို့သည်လည်း ကားထာဖွက်သည်ကို အလွန်နှစ်သက် ကြသည်။ ဂရိစကားထာတစ်ခုမှာ 'မရပ် အမြဲတမ်း ပျံသန်းနေသည်ကား ဘယ်နည်း' ဟူသော ပုစ္ဆာ။ လေနှင့် တ်သက်၍ ဖွက်သောစကားထာ။

သူတို့နိုင်ငံတွင် စကားထာဉာဏ် စမ်းကြရာ၌ လောင်းကြေးက ကြီးမြင့် ကြသည်။ အသက်ပေးတမ်းလောင်း ကြေးထပ်ကြသည်ဟု ကြားဖူးသည်။ ဂရိ သာမက အာရေဗျ၊ ပါရှန်စကားထာ များလည်း ရှိသည်။ ကိုရန်ကျမ်းစာတွင် ပင် စကားထာများစွာ ပါဝင်သည်ဟု ကြားဖူးသည်။

*

စကား၏ အနက်အဓိပ္ပာယ်ကို ကွယ်ဝှက်၍ ပုစ္ဆာထုတ်ခြင်းသည် 'စကားထာ'။

ပေါရာဏကထာအလိုအရ 'စက ထာ' > စကားထာ • စကား၏အနက် (သို့) စကား၏အရေးအရာဟု အနက် ဖွင့်သည်။

စကားထာသည် အထူးသဖြင့် မြန်မာလူပျို၊အပျိုတို့၏ ချစ်ရေးကြိုက်ရာ ဉာဏ်စမ်းပွဲ။ စကားထာ၏ အခြေခံစည်း မျဉ်းမှာ အမျိုးသမီး အပျိုဘက်က စတင် မေးမြန်းရသည်။ စကားထာဝှက်သည် ဟု မသုံးနှုန်း။ 'ပန်းဝှက်သည်'၊ 'ပန်းဖွက် သည်' ဟု သုံးသည်။ ထို့ကြောင့် မဖြေ နိုင်သည့်အခါ 'ပန်းပေးပြီလား' 'ပန်းပေး ပါပြီ' ဟု ဆိုလေ့ရှိသည်။

ဤသို့ဖြစ်လာရခြင်း၏အကြောင်း ရင်းခံမှာ -

ရှေးခေတ်ကာလသားတို့က အပျို များနှင့် တွေ့ဆုံရန်လာစဉ်ကတည်းက ပန်းများကို ခါးပုံစတွင် တစ်ဆုပ်တစ်ခဲ ထည့်လာတတ်ကြသည်။ အပျိုမလေး များကလည်း ဝဲလင်းဆောင်မှ ပန်းအ ပြည့် တောင်းတစ်လုံးဖြင့် ကြိုဆိုစောင့် ဆိုင်းနေလေ့ရှိသည်။ စကားထာပြိုင်ပွဲ တွင် ပန်းပွင့်လေးများဖြင့် လောင်းကြေး ထပ်ကြသည်။ သူ့ခေတ်နှင့်သူ့အခါ မည် ရွေ့မည်မျှ ကဗျာဆန်လှသည်ကို ယနေ့ လူငယ်တို့ စဉ်းစားကြည့်။ မေးသော စကားထာကို မဖြေနိုင်သူက ပန်းကို ကမ်း၍ပေးရသည်။ သူတို့အချစ်က ပန်းကလေးများဖြင့် မွှေးကြိုင်သင်းပျံ့ နေသည်။ သူတို့အရှုံးပေးပုံက ကြည်နူး စရာ။ ကျေနပ်ပီတိလှိုင်းတို့ဖြင့် ရန်ခုန် စရာ။ 'ပန်းပေးသည်' ဟူသောဝေါဟာရ ကလေးကလည်း 'အချစ်အတွက် အလို တော်ကျ' သူတို့၏ အချစ်ပျိုးခင်းကလေး ကို ပန်းဖြင့် အစပြုသည်။ ပန်းပွင့်က လေးများ ခင်းကျင်းသည်။

*

စကားထာကို ရှေးမြန်မာများ အလွန်စွဲမက်ကြသည်။ ဇာတ်တော် ဆယ်ဘွဲ့ဝင် မဟော်သဓသတို့သားနှင့် အမရာသတို့သမီးတွေ့ဆုံခန်းတွင် စကား ထာကို ထူးထူးခြားခြား သတိထားမိနိုင် သည်။ သတို့သမီး၏အမည်ကို စူးစမ်း မေးမြန်းရာတွင် -

'ဖြစ်ဆဲ ဖြစ်ပြီး ဖြစ်လတ္တံ့ကာလ သုံးပါးတွင် မရှိသောအမည်' ဟု ဖြေ သည်။

မဟော်သဓေ ကာလသုံးပါးတွင် မရှိသောအမည်သည် 'မသေခြင်း' ဟူ၍ အနက်ရသည့် 'အမရာ' မှန်းသိလိုက် သည်။ ဖခင်၏အလုပ်အကိုင်ကို ဆက် လက်မေးမြန်းစုံစမ်းရာတွင်-

'လူတို့ တစ်ကြိမ်ရောက်က ပြန် မလာသောအရပ်တွင်လယ်လုပ်ပါသည်' ဟု စကားထာဖြင့် ဖြေလိုက်ပြန်သည် တွင် 'သင်္ချိုင်းကုန်း၌ လယ်လုပ်ကြောင်း' မဟော်သဓကဖော်ထုတ်လိုက်နိုင်သည်။

မဟော်သဓသတို့သားက လက် သီးဆုပ်ပြသည်။ 'လက်ဆုပ်လက်ကိုင် ကာမပိုင်ယောက်ျားရှိသလား' ဟု မေး လိုသည့်ဟန်။ အမရာသတို့သမီးက လက်ဝါးထောင်ပြသည်။ 'မရှိကြောင်း' မဖြေ။ ရင်းမြစ်သေချာမသိပါလျှင် မဟော်သဓနှင့် အမရာ 'ရန်ဖြစ်' တော့ မည့်သဏ္ဍာန်မို့ တွေးတောစိုးရိမ်ပူပန် စရာ။ သည်သင်္ကေတပြကွက်လေးများ ကလည်း စကားထာတွင် တစ်စိတ် တစ်ဒေသ ပါဝင်ပတ်သက်နေသည်ကို သတိထားစရာ။

အချစ်တွင် သင်္ကေတက အရေး ပါသည်။ မျက်လုံးချင်းစကားပြောသည် ကိုက သင်္ကေတ။ အဝေးမှ လှမ်းမြင် လိုက်ရသည့် အပြုံးလေးများကလည်း အချစ်၏သင်္ကေတ။ 'ခေါင်းညိတ်၊ ခေါင်း ခါ ခြေဟန်လက်ထားဘာသာစကား' သည်လည်း အချစ်၏သင်္ကေတ။

တိုင်းရင်းသားအချို့သည်လည်း စကားဖြင့်လည်းမပြော၊ စကားထာဖြင့်

www.burmeseclassic.com

www.burmeseclassic.com

လည်း မမြူဆွယ်။ သူတို့၏သဘာဝ သင်္ကေတဖြင့် အပြန်အလှန် နားလည်စေခြင်းမျိုးက စိတ်ဝင်စားစရာ။ ချင်းအမျိုးသမီးကလေးက လူပျိုကလေး၏ ဆေးတံအိုးတွင် ဆေးအပြည့်ထည့်ပေးခံရလျှင် 'နောက်ကြောင်းပြန် အောင်ဖျာလိပ်'၊ 'နှလုံးသားတွင်ကျွန်းခံစေပြီ'၊ ဆေးတံအိုးတွင် ဆေးတစ်ဝက်' ပါလေမှ 'အချစ်၏အောင်ပွဲ'၊ အသည်းတွင် တစ်နေရာစာ' သေသေချာချာ။

အချို့ရှမ်းတိုင်းရင်းသားအနွယ်များက ညှိခံသောဆေးလိပ်တွင် သင်္ကေတပြုသည်။ ဆေးလိပ်ကို ချည်ဖြူတစ်ပတ်တည်းရစ်ပေးလျှင် 'လူပျိုကလေး ငယ်သေးသည်' ဟု ဆိုလိုသည်။ ချည်ပင်အစိမ်းရောင်ကလေးက 'ခင်မင်စပြုကြောင်းသက်သေ'၊ ချည်အဝါက 'လွမ်းဆွတ်အောက်မေ့ခြင်းသင်္ကေတ'၊ ချည်ပင်အနီက 'မုန်းလိုက်သည်မှ တူးတူးခါးခါး'။

အချို့က သင်္ကေတဖြင့် စကားမပြော။ ဂီတဖြင့် နှီးနှောဖလှယ်သည်။ ရှမ်းတိုင်းရင်းသားတို့သည် လူပျိုလှည့်ရာတွင် သုံးကြိုးတပ်စောင်းနှင့် ပလွေတို့ကို အသုံးပြုသည်။ ယင်းအနက် ယင်းကျားလူပျိုတို့က ဘူးခါးသီးပလွေ၊ အင်းသားတို့က နှဲပလွေ။ ဓနုတောင်ရိုးတို့က ခင်ပလွေ ဘူးပလွေ။ ဂီတဖြင့် တီးကြမှုတ်ကြသည်ကို အပျိုများက နားလည်သည်။ ဂီတဖြင့်မေးသည်။ နှုတ်ဖြင့်ဖြေသည်။ ဂီတဖြင့်တုံ့ပြန်သည်။ ဂီတဖြင့်အဖြေပေးသည်။ငြင်းဆန်သည်။ အချ ်းချင်းမို့ နားလည်းပေါက်၊သဘောလည်းပေါက်။

ရှေးခေတ်အခါမှ မွန်လူငယ်တို့ သဘာဝ အချစ်ရေးသင်္ကေတကိုလည်း တွေးမိသေးသည်။ လူပျိုကလေးလာသည့်အခါ ကွမ်း၊ ဆေး၊ လက်ဖက်ဖြင့် တည်ခင်းညှိခံလေ့ရှိသည်။ အခြေအနေကို ခပ်လှမ်းလှမ်းက တစေ့တစောင်း အကဲခတ်နေသူက မိန်းကလေး၏မိခင်။ လူပျိုကလေးက ကွမ်းကို ဦးစွာ ယူငင်၍ ဝါးသည်။ လက်ဖက်ကို ယူငင်၍ စားသုံးသည်။ ထို့နောက် စကားကိုဆက်ပြောနေလျှင် 'သည်သူငယ် အစားနှင့် စကားသန်သည်' ဟု မှတ်ချက်ချသွားနိုင်သည်။ လူပျိုက အနီးရှိဓားကိုယူလျက် ဝါးကို ခုတ်သင်ပေးလျှင် မိခင်အလိုကျ စာမေးပွဲအောင်လေသည်။ သည်ပွဲက စကားမပြောသောအထာ။ အသံမဲ့ ဆန်းစစ်ချက်။

*

အချို့မြန်မာ့ရိုးရာစကားထာများကို ကာရန်နဘောများဖြင့် ဖွဲ့ဆိုထားသည်။

အမေး - ဓားဝယ်ချောင်းမှာ ဒေါင်းတွေ့တယ်။
အဖြေ - ငယ်ကပေါင်းမို့ အောက်မေ့တယ်။
အမေး - တောင်ကြိုတောင်ကြားပေါက်သည့်ဝါးအဖျားခပ်သွယ်သွယ်။
အဖြေ - အိမ်ကြိုအိမ်ကြားပေါက်သည့်သား စကားခပ်ကြွယ်ကြွယ်။
အမေး - ညောင်ပင်ပတ်လည် ချစ်ခုံတည် ဈေးသည်မလား၊ ချည်ချလား။
အဖြေ - မောင်ရှင်သစ်ကယ် လူထွက်တယ် ဆန်းတယ်လလား၊ သည်လလား။
အမေး - ကျွန်းတုံးပေါ် ကြောင်လျှောက်။
အဖြေ - လွမ်းတုန်းနော် မောင်ရောက်။
အမေး - သေတ္တာထဲမှာ ကြိုးကခွေခွေ။
အဖြေ - မောင်ရင်လည်းလာ မိုးကစွေစွေ။
အမေး - ရွှံ့ဗွက်ထဲဆင်ခြေရာ၊ လူတကာမေး။
အဖြေ - နင့်ကိုကြိုက်လို့ ငါလာတာ၊ စောင်ခြုံစရာပေး။

ကချင်ရိုးရာ စကားထာကလေးများကလည်း ကာရန်နဘောများဖြင့် တစ်မျိုးတစ်ဘာသာ။

* အပျိုရှိရာကြိမ်ခွေစုတယ်၊ လူပျိုရှိရာ ဓားလွယ်စုတယ် -

နှုတ်ခွန်းဆက်တေးသွားကလေးများ။

* လေပြင်းရယ်ထန်၊ ငွေနှင်းရယ်ခြံကျ လွမ်းပါလို့၊ ခိုက်ခိုက်တုန်ချမ်း။

* ဖြူတ်၊ ခြင်တွေ ပေါ်လှတယ် ချောနှမသိဂီရယ်၊ မောင်ဝင်ချင်ပြီကွယ့် မယ့်စက်ခန်း -

ဟူသော စောင်းပါးရိပ်ခြည် အခွင့်အရေးတောင်းတက်သည့် ကဗျာလင်္ကာတေးများ။

ဓနုတိုင်းရင်းသားရိုးရာစကားထာများ၏ ကာရန်နဘောများကလည်း တစ်နည်းတစ်ဖုံ။

အပျိုမလေးက ကာလသားများအား ချစ်သူရှိပြီကြောင်းကို -

* ပျိုလေးတို့အိမ်ဦး၊
ဆပ်သွားဖူးတဲ့တစ်ရုံနှစ်ရုံ
ကျေးတွေကအုံ။
မအုံပါနဲ့ ကိုရွှေကျေးရယ်၊
ပျိုတို့မောင် ရှင်လိုင်ပြန်မှ
နားပန်ဖို့လေး

ဟု နိမိတ်ပြသည်။

* တောင်ထရံ ဆန္ဒင်းဖူး

ဟု အပျိုမလေးက အမူပိုပိုကွယ်ဝှက်သည့်စကားထာ။

* မောင်မလာ မလွမ်းဘူး -

ဓနုလူပျိုကလေးက အဖြေကို ချက်ချင်းသိလိုက်သည်။

* ပဝါပါး ကြက်သားထုပ်တော့ စွန်းတတ်တယ်။

* တစ်ရွာသားရည်းစားလုပ်တော့ လွမ်းရတယ်။

(သည်ဓနုစကားထာမျိုး မြန်မာတွင်လည်းရှိသည်။)

* ကျွန်းတုံးကြောင်လျှောက်။

အပျိုမလေး၏ စကားထာအနက်အဓိပ္ပာယ်ကို ဓနုကာလသားက -

* လွမ်းတုန်း မောင်ရောက် -

လာသည့်ဟု ဆိုချင်ကြောင်း အတပ်သိသည်။

* ကွမ်းရွက်နဲ့ဆား။

ပြန်ခါနီး အပျိုမလေးက ဆိုလိုက် သောစကား။

* လွမ်းလျက်နှင့်ထားခဲ့သည်ဟု ဆိုလိုကြောင်း သိလိုက်သည့် လူပျိုလေးက အပျိုမကို စကားထာဖြင့် ဖြေသိမ် သည်။

*ကြက်လျှာတိုင်က ဂုနိုင်ဖြစ်ပြီး

မြေတွင်စိုက်လိုက်သော ကြက် လျှာတိုင်သည် အပင်ပြန်ပေါက်ပြီး ဝါး တောကြီးဖြစ်သွားရသည်ဟုဆိုလိုသည် နှစ်ဦး အပြန်အလှန်လွမ်းကြရပါသည် ဟုလည်း ဆိုလိုသည်။

* တောင်ကကွင်းပြင် ကြက်သွန် ပင် ရေမြင်တယ်လေး တဖွေးဖွေး။

အဓိပ္ပာယ်မှာ -

* သူ့သမီးဖြူစင် တစ်ပြက်မြင် (တစ်ခဏမြင်ရုံဖြင့်) ချစ်ချင်တယ်လေး တရေးရေးဖြစ်သည်။

* ကွမ်းရွက်နှင့်ဆန် -

ဟူသော စကားအနက်က -

* လွမ်းလျက်နှင့်ပြန်ဖြစ်သည်။

* ကွမ်းရွက်နှင့် ဆန်ကွဲ -

အနက်မှာမူ -

* လွမ်းလျက်နှင့်ခွဲဖြစ်သည်။

ရှမ်းပြည်နယ်မှ တောင်ရိုးတိုင်းရင်း သားတို့၏ကဗျာ (သို့) စကားထာများ ကလည်း စိတ်ဝင်စားစရာ။

အပျိုမလေးက -



www.burmeseclassic.com

www.burmeseclassic.com

* တောင်ယာသခွား၊ အခွံနွေးလို့ ...စား၊ အအားဖြစ်မယ် ထင်ပူးလေး။

ဆိုလိုသည်က သခွားသီးကိုစား၍ ...ဖြစ်မယ် မထင်ကြောင်း၊ ရှင့်ကိုချစ် ...ဖြစ်နိုင်ကြောင်း ငြင်းသလိုလို၊ မူ ...လိုစကားထာ။

လူပျိုက -

* တစ်ကုန်းခွာ (တောင်တစ်ကုန်း ...ခြားသောအရပ်မှ) တစ်ရွာသူတစ် ... အိုင်သား (အိမ်သား/အိမ်သူ) ...ယ်ထင်ပူးလေ (မထင်ပါဘူး)။ တို့ ...ယောက် အိမ်သူအိမ်သားဖြစ်နိုင်မည် ...ကြောင်းဆိုလိုသည့်သဘောထား။ ...စကားက လမ်းခွဲကြတော့မည့် ...။

* ဘုရားကများ၊ ပန်းကဆား ...) တရားပယ့်နှယ် (ဘယ့်နှယ်) တို့ ...ပြေ (တို့ရှမ်းပြည်) မာ (မှာ) နာရ ...

ဘုရားနှင့်ပန်း အချိုးမကိုက်ညီ ... အနေအထား။

ဆင့်ပွားအနက်မှာ -

* ယောကျ်ားကများ၊ မိန်းမဆား ...) ရည်းစားပယ့်နှယ် (ဘယ့်နှယ်) တို့ ...ပြေမာ ထားရမယ်။

အပျိုရှားပါးသဖြင့် ရည်းစား ...နိုင်သည့် လူပျိုလေး၏ ပူပင် ...တကို ပေါ်လွင်စေသည်။

* ပုဆိုး (စောင်) ဖြူ မှန်ကူကွက်၊ ...တ်လည်းခြုံ၊ ညလည်းခြုံ၊ ခြုံလေ ...တ်န (နဲ့)၊ ချမ်းလေခြင်း။

ထပ်တလဲလဲတွေ့လိုသဖြင့် ပူဆာ ...သူတို စောင်းချိတ်သည့်စကားထာ။

အဖြေမှန်ဆိုလိုရင်းက -

* မိနမောင်မာ (မိနဲ့မောင်မှာ) ...တ်လည်းဆုံ၊ ညလည်းဆုံ၊ ဆုံနေ ...တ်န (နဲ့) လွမ်းလေခြင်း။

မနက်လည်းဆုံ၊ ညလည်းဆုံနေ ...သည့်တိုင်အောင် လွမ်းနေရသေး ...လားဟု အမူပိုပို ပြစ်တင်စကားဆိုလို ...တ ချစ်စရာ။

* လမ်းနားသစ်ပင်၊ ပတူစွဲလို့၊ ...ဝင်၊ သူလည်းဖွပ်ချင်၊ ငါဖွပ်ချင်၊ ...ချင်သူများ၊ သစ်ပင်အောက်မှာ တိုး ...။

ပျားဖွပ်သည့် ဥပမာဥပမေယျကို ...စားသည်။

ဆိုလိုရင်းအဓိပ္ပာယ်မှာ -

* မယ်တစ်ယောက်ကို သူလည်း ...ချင်၊ ငါရချင်၊ ရချင်သူများ၊ တံခါး ...ကဲမှာ တိုးမအား။

အပျိုမလေး စန်းပွင့်ပုံကို၊ လူပျို လှည့်သူများလှပုံကို ညွှန်ပြလိုသည့် စကားထာ။

* ပွင့်ဖြူထား၊ မိုးခါးမထိစေန (နဲ့) နော။

သည်စကား၏ အနက်ရင်းမှာ -

* ချစ်သူထား၊ ရွာသားမသိစေန (နဲ့) နော။

မိမိရွာသား မောင်များမသိအောင် တိုးတိုးတိတ်တိတ် ချစ်သူထားလိုသည့် ဆန္ဒ။ သို့မဟုတ် အရှက်ကလည်း သည်း သည်း၊ ရည်းစားလည်းထားချင်သည့် ဒုက္ခ။

* ပလူဝါးဖျား၊ ငှက်ကူး(ကူးကော် ငှက်) အော်လို့၊ ဆန်လော်နား၊ (ဆန် လော်ဟုအော်သောငှက်) ဝါးဖျားနိမ့်တုံ မြင့်တုံန (နဲ့)။

ဝါးပင်ပေါ်မှ ငှက်ကလေးများ ကို ဥပမာပေး၍ ဝှက်သောစကားထာ။ ကာရန်ညီညွတ်စွာဆိုလိုက်သည့်အဖြေ က -

* မယ်လအိုင်နား (မယ့်နှမအိမ် အနီးအနား) ပလွေသံန(နဲ့) စောင်းသံ ကြား၊ တံခါးဖွင့်တုံ ပိတ်တုံန(နဲ့)။

'ဝါးဖျားနိမ့်တုံမြင့်တုံန(နဲ့)' စကား စုနှင့် 'တံခါးဖွင့်တုံပိတ်တုံ န (နဲ့)' တို့ကို ချိတ်ဆက်ထားသောအဖွဲ့အနွဲ့။

* ကနန်မျစ်တို (ဂနိုင်ထဲမှမျှစ်စို့)၊ လူမား (များ) ဝေးလို့၊ ခွေးမခို (မခုတ်)၊ မျှစ်တို့အလို (အလိုအလျောက်) ဆွေး လေပီ (ပြီ)။

လူပျိုလှည့်မည့်သူ မရှိရှာသော မိန်းမပျိုကလေးကို တောဂနိုင်ထဲမှ မျှစ်စို့နှင့် ပုံခိုင်းထားသော စကားထာ။

အဖြေကိုသိသော လူပျိုကလေး က ချက်ချင်းဖြေသည်။

* လမ (နှမ) အိမ်ပေါက်၊ လူမား (များ) ဝေးလို့၊ ခွေးမရောက်၊ အိမ်ပေါက် ပင့်ကူမလေး (မြှေး/မှေး) လေပီ (ပြီ)။

အဓိပ္ပာယ်က -

အိမ်ပေါက်ဝတွင်လူအဝင်အထွက် မရှိသဖြင့် ပင့်ကူအိမ်တို့ဖွဲ့ကာနေပြီဟု ဆိုလိုရင်း။

*

အချို့က ဥပမာဥပမေယျဖြင့် စကားထာကို ဖွဲ့စည်းသည်။

* *ရေပတ်လည်ဆောင်၊ အလယ် ခေါင် သောင်ထွန်း၊ မိန်းမလှတွေနေတဲ့ ကျွန်း* သည် 'ကျောက်ပျဉ်' ကို ဥပမာ ပေး၍ ကာကွယ်သို့ဝှက်ထားသည်။

* *မဖွပ်ဘဲဖြူသည့် နတ်ပုဆိုး၊ မလောင်းဘဲပြည့်သည့် နတ်ရေအိုးက* 'အုန်းသီး' ကို ဥပမာတင်စား၍ဝှက်သော စကားထာ။

* *ကျွပင်ကြီးကျွပင်ကြား လောင်း ကလေးနှင့်သွား ကလည်း* 'ရက်ကန်း လွန်းအိမ်' ကလေးပြေးလွှားနေသည်ကို သတိထားစေလိုသောစကားထာ။

**တောင်ရိုးတိုင်းရင်းသားတို့၏ ကဗျာ (သို့) စကားထာ**

* *တစ်နှစ်တစ်ခါ ထီးဖြူဆောင်း လို့ မင်းလောင်းလာ* ဟု မေးလိုက်လျှင် 'မှို' ဟု ဖြေရသည်။

* *တေတိုင်း(သင်တိုင်း) မ(မည်း) ဝစ် (ဝတ်) မြေထဲကျစ်* ဟု ဝှက်လျှင် 'နွားချေးပိုး' ဟု အဖြေကို ဖော်ထုတ်ရ သည်။

* *သွားလျှင် တစ်ကွေ့၊ နေလျှင် တစ်စု၊ အောင်နတ်ပုက* 'ပျားအုံ' ကို ဝှက်သောစကားထာ။

*

အချို့က အနက်အဓိပ္ပာယ်ကို ကွယ်ဝှက်၍ စကားထာဖွဲ့သည်။

* *ရင်၌ထား သားမဟုတ်၊ မြေ မသက်၊ငှက်လည်းမဟုတ်၊အမြီးကောက် မျောက်လည်းမဟုတ်၊ မုတ်ဆိတ်ဖွား ကုလားမဟုတ်သည်* 'စောင်းကောက်' ၏ အနက်အဓိပ္ပာယ်ကို ဖုံးထားသည်။

* *တစ်ဆယ့်ခြောက်ပြည် အပိုင် စိုးသော်လည်း မင်းမျိုးမဟုတ်ပါ။ ရှေး ကုသိုလ်ကံမကောင်းသဖြင့် ခေါင်းခြေ လက်မပါက* (၁၆) ပြည်တစ်တင်း (ချိန် တွယ်စရာ တင်းတောင်း) ကို ဝှက်သော စကားထာ။

* *သဒ္ဒါလည်း မတတ်၊ ပရမတ် လည်းမကြေ၊ လူ့ရှေ့မှာအမြဲနေ၊ မှန်လျှင် မှန်စေ၊ မမှန်လေက လျှာထုတ်ပြက* 'ချိန်ခွင်' ၏ အနက်အဓိပ္ပာယ်ကို ကွယ် ထားသောစကားထာ။

* *သွားတော့ခွေခွေ၊ နေတော့ စင်းစင်း* သည် 'ခေါင်းခုတဘက်' ၏ အနက်အဓိပ္ပာယ်ကို ဝှက်ကာထား သော စကားထာ။

* *ငါ့နွားတစ်ကောင် ဘိုတစ် ထောင်သည်* 'ကြက်ဟင်းခါးသီး' ၏ အနက်အဓိပ္ပာယ်ကို ဖျောက်ကွယ်ထား သည့် စကားထာ။

* *နွေခေါင်ခေါင် စောင်ခြုံသည့် မုန့်*။ မုန့်စိမ်းပေါင်း၏ အနက်အဓိပ္ပာယ် ကို ဖော်ထုတ်ကြည့်လျှင် မြင်သာသည့် စကားထာ။

* *ရေစုန်မျောသည့်မုန့်က* 'မုန့် လက်ဆောင်း' ၏ အနက်အဓိပ္ပာယ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကွယ်ထားသည့် စကားထာ။

* နေ့ဘက်တွင်ကွေး၊ ညကျမှ ထွေး က 'စောင်' ၏ အနက်အဓိပ္ပာယ် ကိုဝှက်သော စကားထာ။

မေယုတောင်ဆွယ်အကြားမှ မြို တိုင်းရင်းသားတို့က စကားထာကို 'တအော့စီယာဒ်' ဟုခေါ်သည်။

မြန်မာလို -

* စားလည်းစား၊ငိုလည်းငိုစကား က 'ဝါကြိတ်စက်' ကို ဖွက်သည့်စကား ထာ။

မြန်မာလို -

* ရေမြောင်းထဲတွင် ကျားအမြီး ထောင် စကားက ရေခံသော ဝါးကျည် တောက်။

မြန်မာလို -

* ညဦးအခါ မြွေ၊ နေ့ခင်းစွန် စကားအနက်က 'ဖျာ'။

မြန်မာလို -

* ညနေမရှိ၊ နေ့လယ်ရှိ စကား အနက်က 'စောင်'။

လီဆူးတိုင်းရင်းသားများ၏စကား ထာများကလည်း စိတ်ဝင်စားစရာ။

* နေ့ကျတော့ ကျောကင်၊ ညကျ တော့ ရင်ကင် အဓိပ္ပာယ်က 'အိမ်ခေါင် မိုး'။

* စားပြီးတစ်ပြည့်ရှိ၊ မစားခင် တစ်ပြည့်ရှိအဓိပ္ပာယ်က 'ခရု'။

* အဆစ်ရှိပြီးအရွက်မရှိ၊ အရွက် ရှိပြီး အဆစ်မရှိ အဓိပ္ပာယ်က 'လက် ညှိုးနှင့် ငှက်ပျောပင်'။

* အသီးသီးကမပွင့်၊ အပွင့်ပွင့်က မသီး အဓိပ္ပာယ်က 'ဆေးခြောက်နှင့် သဘော်ဖိုပင်'။

* အပွင့်မရှိဘဲ အသီးသီးသည် အဓိပ္ပာယ်က 'သဘော်သီး၊ သဖန်းသီး'။

* ကျည်ပွေ့တော့ချည်ထား၊ ဆုံကျ တော့ စားလိုက်ပါ အဓိပ္ပာယ်က 'ငါးစု သီး'။

* စားလို့ကောင်းသည်၊ ချိတ်လို့ မရ အဓိပ္ပာယ်က 'ကြက်ဥ'။

* ပန်းပွင့်ကတစ်ပွင့်၊ အစေ့က တစ်သောင်း အဓိပ္ပာယ်က 'ဘိန်းစေ့/ ပိန်းပန်း'။

* နှုတ်လျှင်ဟင်းဖြစ်တယ်၊ ရင့်လျှင် အဖော်ဖြစ်တယ် အဓိပ္ပာယ်က 'မျှစ်နှင့် ဝါး'။

* ငယ်စဉ်က အကျီစိမ်း၊ ကြီးတော့ အကျီနီ အဓိပ္ပာယ်က 'ငရုတ်သီး'။

*

အချို့ကစကားကိုလိမ်ထားသည်။ စကားလိမ်၏ ရည်ရွယ်ချက်မှာ တစ်ပါး သူတို့ အလွယ်တကူမသိရှိစေလို၍ အသံ ကာရန်ကို အရှေ့၊ အနောက်ပြောင်းပြန် ဖွဲ့လျက် ဖန်တီးသော စကားထာမျိုး။ နှစ်ဆင့်နှစ်မျိုးဖော်ထုတ်နိုင်မှ အဖြေမှန် ကိုရနိုင်သည့် ပရိယာယ်မျိုး။

* ကျောက်စရစ်ခဲစောင်ခြုံ။

ကျောက်စရစ်ခဲ၏ 'မာ' ခြင်း၊ စောင်ခြုံသဖြင့် 'လုံ'ခြင်း။

ထိုမှတစ်ဆင့် 'မာလုံ' > 'မုန်လာ'။ မုန်လာဥကို လိမ်ထားသော စကားထာ။

* စံပယ်ဖူးစ၊ ဆီးယောက်မ။

စံပယ်ဖူးခါစ 'ငုံ' အနက်တစ်ခု။ ယောက်မမှာ 'မွှေ'ခြင်းအဓိပ္ပာယ်တစ်ခု။

'ငုံနှင့် မွှေ' > 'ငုံမွှေ' > 'ငွေမုံ'။

မိန်းကလေး၏အမည်ကိုမြှုပ်ထား သောစကားထာ။

* ပင်လယ်မားပြ။

ပင်လယ်က 'ကျယ်' သည်။ ဓားပြ က 'တိုက်'သည်။ 'ကျယ်တိုက်' > 'ကြိုက် တယ်'။

*ကန်၏တန်ဆာ၊တံငါ၏လက်စွဲ။

ကန်၏တန်ဆာက 'ကြာ'။ တံငါ ၏လက်တွင်ကိုင်စွဲသည်က 'ပိုက်'။

ကြာ+ ပိုက်= 'ကြာပိုက်' > 'ကြိုက် ပါ'။

မောင်။ ။ ကန့်လန့်ကာ ပန်းချီ ကျောက်တိုက် -

ဟု စကားထာဖြင့် တောင်းဆို သည်။

မယ် ။ ။ ကန့်လန့်ကာက 'ကာ' သည်။ ပန်းချီက 'ရေး' သည်။ ကျောက် တိုက်က 'ပွမ်း' သည်။

ကာရေးပွမ်းဆိုသည်မှာ ကွမ်းယာ တောင်းခြင်း ဖြစ်သည်။

(အင်းသားစကားထာ)

*

မြန်မာ့ရိုးရာအိမ်များတွင် ယခင် က 'ဝဲလင်းဆောင်' 'ခိုမြီးဆောင်' 'လက် တီးဆောင်' ဟူ၍ ဖွဲ့စည်းထားရှိသည်။ သီးခြားဆောင် မဟုတ်။ အိမ်မကြီးနှင့် အမိုးတစ်ဆက်တစ်စပ်တည်း။ အမိုးစွန်း ဟုလည်း ဆိုနိုင်သည်။ မျက်နှာမူရာရှေ့ မျက်နှာစာအစွန်းကို 'ဝဲလင်းဆောင်'၊ လက်ယာဘက်အစွန်းကို 'ခိုမြီးဆောင်'၊ လက်ဝဲဘက်အစွန်းကို 'ကျီးအက် ဆောင်'၊ နောက်ဖေးဘက်အစွန်းကို 'လက်တီးဆောင်' ဟု အသီးသီးခေါ်ကြ သည်။

'ဝဲလင်း' က ဧည့်ခန်း။ 'ခိုမြီး' က လူပျိုဆောင်။ 'ကျီးအက်' က အပျို ဆောင် 'လက်တီး' မှာ ရက်ကန်းလုပ်ငန်း ဗိုင်းငင်ဝါဖန့်လုပ်သည့်အခန်းဟု အချို့ ပညာရှင်တို့ကဆိုသည်။

အချို့ကမူ 'ဝဲလင်းဆောင်' တွင် ရက်ကန်းလုပ်ငန်း ဗိုင်းငင် ဝါဖန့်လုပ် သည်။ ထိုအခန်းတွင် လူပျို၊ အပျိုဆုံ တွေ့နိုင်သည်။ စကားထာဖွက်ကြသည်။ ဉာဏ်ရည်စမ်းသပ်ကြသည်ဟု အဆိုရှိ သည်။ မည်သို့ပင်ရှိစေ ရှေးခေတ်မြန်မာ တို့သည်လည်း လူပျို၊ အပျိုလွတ်လပ်စွာ ချစ်ရေးဆိုခွင့်ရှိသည်။ ထိုအခန်းကို 'ဝဲ လင်းဆောင်' ဟု ခေါ်သည်ဖြစ်စေ၊ 'လက်တီးဆောင်' ဟု သတ်မှတ်သည် ဖြစ်စေ အိမ်တစ်အိမ်တွင် လူပျို၊ အပျို လှည့်ရန် နေရာသီးသန့်ထားရှိသည့် အချက်မှာမူ ထင်ထင်ရှားရှား။

မြန်မာနိုင်ငံတိုင်းရင်းသားများတွင် လည်း စကားထာမေးမြန်းဖြေဆိုခြင်း ယဉ်ကျေးမှုရှိကြသည်။ တိုင်းရင်းသား လူပျို၊ အပျိုကလေးများသည် မိမိတို့၏ ဖူးစာဖက်ကို လူငယ်အချင်းချင်း စကား ပြောရင်း စူးစမ်းလေ့လာရှာဖွေကြသည်။ ဤသို့ စကားဖလှယ်ဆွေးနွေးမှုကို လူပျို လှည့်သည်၊ အပျိုကွမ်းသည်ဟု ဆိုကြ သည်။ ကချင်တိုင်းရင်းသားတို့၏ ရိုးရာ နေအိမ်များတွင် 'အင်လားဒွမ်' ခေါ် 'အပျိုဆောင်' ထားရှိသည်။ ထိုနေရာ တွင် ကချင်လူပျို၊ အပျိုတို့ လွတ်လပ်စွာ တွေ့ဆုံစကားဖလှယ်နိုင်သည်။ တစ်ဦး နှင့်တစ်ဦး အမျိုးအနွယ်သင့်မြတ်သူချင်း မေးခွန်းများမေးကြသည်။ သွယ်ဝိုက် စကားဖြင့် အချစ်ကိုဖော်ပြကြသည်။ တေးဂီတများသီဖွဲ့ကြသည်။

ကယား၊ ကရင်၊ ချင်း၊ ရှမ်းလူငယ် များသည်လည်း အပျိုအိမ်သို့သွားရောက် ချစ်ရေးဆိုခွင့်ရှိကြသည်။ ညအချိန် မီး ဘေးတွင် ဝိုင်းထိုင်ကာ စကားပြောကြ ရယ်မောကြ၊ စကားထာဝှက်ကြ၊ စောင် ကြ၊ ချိတ်ကြ၊ ချစ်ရေးဆိုကြသည်။ ကာလသားတို့ တီးမှုတ်သီဆိုသော တေး သွားကို အပျိုကလေးတို့က သိနားလည် ကြသည်။ အဓိပ္ပာယ်ဖော်ထုတ်နိုင်ကြ သည်။ ကရင်လူငယ်များအတွက် အ ဂေဟာထားရှိသည်။ 'ဘလော်' ဟု ခေါ် သည်။

သည်ထူးခြားချက်ကလေးများ အားကျဖွယ်။ သူတို့ခေတ်က လူပျို၊ အပျို တို့ ခံစားနိုင်ခဲ့သည့် လွတ်လပ်ခွင့် ယခု ခေတ်လူငယ်များ အလားတူ ... အရေးမျိုးရရှိ၏လော။



www.burmeseclassic.com

www.burmeseclassic.com

# အကြင်အိမ်၌ မရိုးတစ်ပင် စိုက်ထားအံ့



မိမိသည် အငြိမ်းစား ဟူသဖြင့် ငြိမ်ငြိမ်လေးနေ၍စားနေလို့မဖြစ်။ ကိုယ်ထက်လုပ်ရှား အနည်းဆုံးတော့ လမ်းလျှောက်ရမည်။ နေပြည်တော်တွင် အငြိမ်းစားများ လမ်းလျှောက်ခြင်းသည် ဇာတ်ရှင်တစ်မျိုးလိုဖြစ်နေသည်။ နံနက်ခင်း အိုသည့်ရုပ်ဟန်လုပ်ကာ မာန်တင်းရင်ကော့ ခါးမတ်လျက် အလကားရသောလေကို အဆုတ်ပြည့် ရှူသွင်းရှူထုတ်လုပ်ရခြင်းသည် မိမိတို့အိုပယ်များအတွက် မလုပ်မဖြစ် လိုအပ်ချက်ဖြစ်သည်။ ယနေ့က လက်ကျန်ဟင်းရွက်နွမ်းများ ယနေ့ ခင်းကျင်းရောင်းချရာတွင် ဝယ်သူအကြိုက်ဖြစ်စေရန် ရေဖျန်းရသောဈေးသည်၏လုပ်ဟန်နှင့်လည်း တူသလိုလိုဟု တွေးမိသည်။

သို့ဖြင့် နေပြည်တော်သို့ရောက်ရှိသည့်နေ့မှစ၍ ဝတ္တရားမပျက် နေ့စဉ်လမ်းလျှောက်ခဲ့သည်ဖြစ်ရာ မိမိကဲ့သို့ အိုပယ်ဘဝတူများ လမ်းလျှောက်ရင်း တစ်ခါဆုံ၊ နှစ်ခါတွေ့၊ နောက် အကြိမ်ကြိမ်ဆိုတော့ စကားတစ်ခွန်းပြော၊ နှစ်ခွန်းပြော ယင်းနောက် လူရင်းကြီးများအဖွယ်ဖြစ်လာကြသည်။ ဘဝတူဦးမောင်ငယ်နှင့် မိမိသည် ဤနည်းဤနှယ် လမ်းပေါ်မှာပင် လမ်းလျှောက်ဖော်စကားပြောဖော်ဖြစ်ခဲ့ရသည်။

ယင်းသို့ ကိုယ်လက်သွေးပူ ပါးစပ်သေဝါးကာလများအနက် တစ်နေ့ လမ်းလျှောက်ရင်း ကွန်ကရစ်လမ်းနံဘေး၊ မြက်ခင်းစပ်တွင်ပေါက်နေသော အရွက်စိမ်းဖျော့ဖျော့ ခပ်ကြီးကြီး ခါးစောင်းခန့်မြင့်သောအပင်တစ်ပင်ကိုရပ်ကာ ညွှန်ပြသည်။

"ခင်ဗျား၊ ဒီအပင်ကိုသိလား"

"မရိုးနဲ့တူတယ်"

"ဟုတ်တယ် မရိုးပါ။ လူတွေက ဒီအပင်ကို အလေးဂရုမထားကြဘူးဗျ။ တိုင်းရင်းဆေးမှာ အတော်အသုံးတည့်တာပဲဗျ"

"ဟုတ်လား၊ ဘယ်လိုအသုံးတည့်တာလဲ"

အသုံးတည့်သော မရိုးပင်ကို မိမိလည်း အနည်းအကျဉ်းတော့ သိထားသည်။ မိမိတို့ ယခုတွေ့ရသော မရိုးပင်သည် အမြင့် (၃) ပေ၊ (၄) ပေသာသာ ခန့်သာရှိပါသည်။ လမ်းရှင်းသူများ မြက်ခုတ်ရာမှ ရောနှောခုတ်ပိုင်းခံရပြီးကာမှ ပြန်လည်အညွန့်တက်လာဟန်တူပါသည်။ နေပြည်တော်တွင် မရိုးပင်များ ယခုလို လမ်းနံဘေးတွင် အများအပြားတွေ့ရသည်။ မိမိ ယခင်က နေဖူးသော ရှမ်းပြည်နယ် လားရှိုးမြို့တွင် ဤနှယ် များများစားစားမမြင်မိပါ။

"ကျွန်တော်က မသိပါဘူးဗျာ၊ အိမ်ခန်းနားက တိုင်းရင်းဆေးဝါသနာပါတဲ့လူက ပြောပြတာပါ။ တစ်နေ့က ချောင်းဆိုးလိုက်တာဗျာ။ အင်္ဂလိပ်ဆေးတွေသောက်လည်း မသက်သာဘူးဖြစ်နေတာလေ။ သူကပဲ အဲဒါလုပ်ကြည့်ပါလားဆိုလို့ သောက်ကြည့်တယ်။ အဟုတ်ဗျ၊ ခုခင်ဗျားမြင်တဲ့အတိုင်းပဲ ဘာမှမဖြစ်တော့ဘူး၊ လူတွေက လမ်းဘေး အလွယ်တွေ့တော့ ဘယ်သူမှ အထင်မကြီးကြဘူး"

"ဒါပေါ့ဗျာ၊ လူတွေရဲ့အကျင့်က ငွေကုန်မှ အထင်ကြီးကြတာလေ။ ဒါနဲ့ ဘယ်လိုလုပ်သောက်ရတာလဲဗျ။ ပြောပြပါဦး"

အမှန်လည်း မိမိမသိပါ။ စာတွင် ချောင်းဆိုးပျောက်သည်ဟုသာပါသည်။ မည်သို့သောက်သည်မသိ၊ မည်သို့ပြုလုပ်သောက်ရသည် ရေးမထားပါ။

"အထူးအထွေတော့မဟုတ်ပါဘူး၊ အရွက်ခပ်ရင့်ရင့် (၄)၊ (၅) ရွက်ယူပြီး ရေစင်စင်ဆေး၊ ကျွန်တော်က အိမ်က ငရုတ်ဆုံကို ဆေးကြောပြီးသုံးတာပဲ။ ကြိတ်လိုက်ပြီး အရည်ညှစ်ယူတယ်။ သူတို့အပြောကတော့ သတ္တုရည်ပေါ့။ အကြမ်းပန်းကန်နဲ့ထည့်၊ ဆားနည်းနည်းခတ်၊ နောက် ကြွေဇွန်းနဲ့ မနက်တစ်ဇွန်း၊ ညတစ်ဇွန်းဆိုရပြီ။ ကျွန်တော်တော့ အဲဒီ တစ်ရက်ပဲသောက်လိုက်ရတယ်။ လုံးဝပဲ၊ မဆိုးတော့ဘူး"

မိမိသည်လည်း တိုင်းရင်းဆေးပင်များကို အလေးထားသူဖြစ်သည်။ ဆရာကြီး သာဂဒိုး၏ 'သဘာဝဓာတ်စာနှင့် ကျန်းမာရေးစာအုပ်များ' ကစ အခြားတည်တောဆရာတော်၏ မြန်မာ့ဆေးပင်များ၊ မဟော်သဓာ ဦးရွှေဝင်း (သိမ်ဖြူ)၊ အရှင်နာဂသိန်ဆေးအဘိဓာန်နှင့် နောက်ဆုံးကျန်းမာရေးဝန်ကြီးဌာနက ထုတ်ဝေသည့် ဆေးဖက်ဝင်အပင်များ ပေါင်းချုပ်ကိုပါ လေ့လာ ဖတ်ရှုဖူးပါသည်။ နေရာတကာ ထစ်ခနဲဆို ဆေးခန်းပြေး ဆရာဝန်ပြရသောအလုပ်ကို မလုပ်ချင်ပါ။ဤသို့သော အသေးအမွှားကစ ဆရာဝန်ချည်းအားကိုးနေမည့်အစား မိမိတို့မိရိုးဖလာတိုင်းရင်းဆေးများကို ပိုမိုအားပြုသင့်သည်ဟု ထင်ပါသည်။ ငွေကြေးကြောင့်လည်း တစ်စိတ်တစ်ပိုင်းပါပါလိမ့်မည်။ ပင်စင်စားတစ်ဦး၏ဝင်ငွေက သိကြသည့်အတိုင်း ထမင်းနပ်မှန်ရန်ပင် အနိုင်နိုင်ဖြစ်သည်။ သားသမီးအထောက်အပံ့မရှိ . မလိမ္မာလျှင် လမ်းဘေးရောက်နိုင်သည်မဟုတ်ပါလား၊ ထို့ကြောင့် တိုင်းရင်းဆေးသည် မိမိတို့ အားကိုးအားထားရာဖြစ်ပါသည်၊

အမှန်တော့ မရိုးပင်သည် တိုင်းရင်းဆေးအမြင်အရ မိမိလေ့လာမိသမျှ 'အကြင်အိမ်၌ မရိုးပင်စိုက်... ထိုမရိုးပင်ရှိသောအိမ်၌ ... သမားများဝင်ထွက်သွား...



www.burmeseclassic.com

www.burmeseclassic.com

ဟု နဂဏ္ဍုကျမ်းဆရာမြတ်တို့ ဂုဏ်ပြုဖွဲ့ဆိုစကားရှိသောဆေးပင်ဖြစ်သည်။

မိမိတို့ နေအိမ်ခြံဝင်းတွင် မရိုးပင်တစ်ပင်စိုက်ပျိုးထားခြင်းဖြင့် အိမ်သားတို့၏ရောဂါဘယများအတွက် အိမ်၌ ဆေးဆရာသမားတော်ရှိနေသကဲ့သို့ အားကိုးအားထားပြုနိုင်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ရုက္ခဗေဒအမည် Calotropis Gigantea) မရိုးပင်သည် ခြုံယောင်ပင်ဖြစ်၍ အရွက်မှာ ရွက်လွှဲထွက်ကာ ရွက်ရင်းရှူးလျက် ရွက်လယ်အပြန့်ကျယ်သည်။ ရွက်ထိပ်ပိုင်းခပ်ဝိုင်းဝိုင်းဖြစ်သည်။ အစိမ်းရောင်တွင် အဖြူဖျော့ဖျော့ ငွေရောင်အမွေးနုများရှိသည်။ ရွက်ကိုင်းများချိုးလိုက်ပါက နို့နှစ်ရောင်အစေးဖြူများထွက်သည်။ အပင်သန်စွမ်းပါက လူတစ်ရပ်ကျော် (၁၀) ပေ၊ (၁၅) ပေခန့်အထိ မြင့်ပါသည်။ အပွင့်မှာ ပန်းရောင်၊ အနီ၊ အဖြူများ နတ်တော်၊ ပြာသို ပွင့်သည်။ အသီးမှာ ကောက်ကာ (၃) လက်မ၊ (၄) လက်မခန့်ရှိသည်။ ဒေသအနှံ့ အနည်းအများပေါက်ရောက်တတ်ပါသည်။ မိမိရှမ်းပြည်နယ် လားရှိုးတွင်နေထိုင်စဉ်ကမူ တွေ့ရခဲ့ပါသည်။ ဤနေပြည်တော်ရောက်ကာမှ ပေါပေါများများတွေ့ရခြင်းပါ။

ကျမ်းများအလိုအရ မရိုးပွင့်သည် သုတ်သွေးကိုပွားများစေခြင်း၊ ဝမ်းမီးတောက်စေခြင်း၊ အစာကြေညက်လွယ်ခြင်း၊ နှုတ်ကိုမြိန်စေခြင်းပြုတတ်၏။ ၎င်းအပြင် နှုတ်မငြိမ်၊ သွားရည်ကျခြင်း၊ မြင်းသရိုက်၊ ချောင်းဆိုး၊ ပန်းနာရောဂါတို့ကို ပျောက်ကင်းစေပါသည်။ မရိုးပွင့်အဖြူသည် ဆေးကျမ်းများအလိုအားဖြင့် ပိုးထိုးအောင့်၊ ဝမ်းကိုက်ရောဂါသက်သာ ပျောက်ကင်းကာ ခွန်အားပြုစေသည်။ အနီပွင့်မှာကား ချုပ်၏။ သလိပ်ဒေါသကိုနိုင်၏။ နူနာပိုး၊ သွေးအန်သွေးကျ၊ ဂူလုံး၊ ဖောရောင်သောရောဂါများကို ပျောက်ကင်းစေတတ်၏ဟု အရှင်နာဂသိန်၏ အခြေပြုဆေးအဘိဓာန်တွင်ဆိုသည်။

ဆေးကျမ်းများတွင် မရိုးပင်၏ဆေးအသုံးများမှာ သွားနာခြင်းအတွက် မရိုးပင်အရိုးအစေး (ဆိုခဲ့သလို အခက်အရွက်ကိုချိုးလိုက်လျှင် အစေးထွက်ပါသည်) ကို ဂွမ်းစ၊ အဝတ်စနုနုတွင်တို့ယူ၍ ကိုက်နေသည့်သွားအရင်းတွင် အုံသိပ်ပေးပါ။ အကိုက်အခဲကိုမူ ယင်းအစေးကို ရှိန်းခိုနှင့်သွေး၍ မြန်မာသမားများက ဆေးထိုးသောစုတ်ဖြင့်ပေါက်ပေးကြသည်။ ခေါင်းကိုက်လျှင်မူ မရိုးကိုင်းခြောက် (မရိုးကိုင်းခဲတံလုံးခန့်တွင်ခြောက်သွားပါက အခေါင်းပေါက်များဖြစ်ပေါ်နေပါသည်) အခေါင်းကို တစ်ဖက်က မီးရှို့အခိုးကို ကျန်တစ်ဖက်မှ ရှူပေးရသည်။ အစေ့ကိုသွေးကာ နနွင်းနှင့်ရောလိမ်းပေးပါက မျက်နှာတင်းတိပ်ပျောက်သည်။ အနာကြီးရောဂါ၊ အရေပြားရောဂါများတွင် မရိုးမြစ်မှုန့်နှင့်ပျားရည်ကိုတေပြီး ရွှေကြီးစေ့ခန့်လုံး၊ တစ်ခါလျှင် သုံးလုံး တစ်နေ့သုံးခါ သောက်ရသည်။ မရိုးစေ့နှင့် ဆီးဖြူခေါက်မှုန့်ကိုရောကြိတ်ပြီး ချက်ပတ်လည်ဆီးအိမ်မှာ လူးလိမ်းပေးပါက ဆီးချုပ်ခြင်းပျောက်ကင်းပါသည်။ သွက်ချာပါဒ၊ လေငန်းအဆစ်ရောင်ရောဂါများအတွက် လိမ်းဆေးကို မရိုးရွက်နှင့် ဖော်စပ်ရသည်။ အနာရောင်တင်းခြင်းအတွက်လည်းလိမ်းကာ အဝတ်စည်းပေးထားရသည်။

ယင်းနောက် မျက်စိများမှုန်ခြင်း၊ ဝေသီခြင်းများဖြစ်ပါက မရိုးခေါက်ကို (မခန်းဆီ)ပြုလုပ်၊ မျက်စိမှာကွင်းလိမ်းပေးရသည်။ (မျက်ဆန်တွင်းသို့မဝင်ရန်ကိုမူ ဂရုပြုပါ)။ ခြင်များမှရရှိလာသော ဒုက္ခ ဆင်ခြေထောက်ရောဂါအတွက် မရိုးမြစ်သည် အသုံးတည့်ပါသည်။ မရိုးမြစ်ကို ဆန်ပုံးရည်နှင့် ပျစ်ပျစ်သွေးလိမ်းပေးရသည်။ တစ်စတစ်စသက်သာလာပါမည်။

မိမိတို့ကဲ့သို့ အသက်အရွယ်ရလာသူများ ဒူးခေါင်းမကြာခဏဒုက္ခပေးတတ်ပါသည်။ ယင်းသို့ ဒူးခေါင်းကိုက်ခဲ၊ ကွေးဆန့်မရဖြစ်တတ်သူများအဖို့ မရိုးပင်၏အစေးကိုလိမ်းပေးပါ။ ပို၍ကောင်းသည်မှာ ရှိန်းခိုနှင့်ရောလိမ်းပါ။ တစ်နေ့လျှင် သုံးကြိမ်ခန့်နှင့် နှစ်ရက်၊ သုံးရက်လိမ်းပေးပါ။ ထူးခြားလာတာတွေ့ရမည်။ ပန်းနာရင်ကျပ်သလိပ်နာသမားများအဖို့မူ အစေးကိုခြစ်ယူ၊ မရိုးရွက်ကိုပါကြိတ်ခြေ၊ အရိပ်မှာ အခြောက်ခံထားပြီး အိုးစလောင်းမှာ မီးခိုးမှိုင်းဖြစ်အောင်အပူပေးပါ။ ယင်းမှိုင်းကိုရှူပေးပါ။ နောက်တစ်နည်းမှာ မရိုးပွင့်နှင့် ငရုတ်ကောင်း ဆတူရောကြိတ်၊ မန်ကျည်းစေ့ခန့် အလုံးပြု၊ အရိပ်မှာ အခြောက်လှန်း၊ တစ်နေ့သုံးကြိမ်စားပေးပါ။ ပျောက်ပါသည်။

အထိုင်များသူများ၊ လိပ်ခေါင်းသမားများအတွက်၊ အတွင်းလိပ်အတွက် မရိုးကိုင်း၊ မန်ကျည်းကိုင်း မီးဖိုမီကျိုခဲပေါ်တင်၊ စမုန်ဖြူကိုဖြူးပေးကာ အနာကိုမှိုင်းတိုက်ပေးရသည်။ နားကိုက်နားပြည်ယိုလျှင် မရိုးရွက်ရင့်ထောပတ်သုပ်၊ မီးပြ၊ ပူပူနွေးနွေး အရည်ညှစ်ယူကာ နားထဲသို့အစက်ချပေးရသည်။ နားနာ၊ နားစည်ရောင်၊ ပြည်ငန်း၊ မန်းထွက်နားရောဂါမှန်သမျှ သက်သာပျောက်ကင်းစေပါသည်။

မိမိတို့ကဲ့သို့ သက်ကြီးရွယ်အိုများ မျက်စိမှုန်ဝါးရုံသာမက တစ်ခါတစ်ရံ ယားတတ်သည်။ မျက်သားယားတတ်သည်။ ယင်းသို့သောဝေဒနာအတွက် မရိုးမြစ်အခေါက် (၁၂) ပဲသား၊ ရေ (၂၅) ကျပ်သားခန့်မှာ တစ်နာရီခန့်ကြာအောင်စိမ်၊ အဆိုပါ စိမ်ရေကို မျက်စိမျက်ဆန်သို့ အစက်ချ၊ မျက်စဉ်းခတ်ပေးရသည်။ မျက်စိယားတာမက မျက်စိကျိန်းစပ်တာလည်း သက်သာ ပျောက်ကင်းပါသည်။

သို့ဖြစ်ရာ မရိုးပင်တစ်ပင်ကို မိမိတို့၏အိမ်ခြံဝင်းအတွင်း မြေကွက်လပ်တွင်စိုက်ထားခြင်းအားဖြင့် အထက်တွင် မိမိ ရေးသားပြခဲ့သကဲ့သို့ ဆေးသမားတော် အိမ်ခေါ်ထားစရာမလိုလောက်အောင် ဆေးဖက်ဝင်လျက်ရှိပါသည်။ နွယ်မြက်သစ်ပင် ဆေးဖက်ဝင် ဟူသော ဆေးပညာ၊ ရှေးစကားသည် မှန်ကန်လှသည်။

"လက်စသတ်တော့ ခင်ဗျား ချောင်းဆိုးနေတာ မရိုးနဲ့ပျောက်သွားတာကိုး။ ကျွန်တော်လည်း တစ်လော ဒူးနာသလိုလိုဖြစ်လိုက်သေးတယ်။ မရိုးနဲ့ပဲသက်သာသွားတာပဲ။ မရိုးက စာထဲမှာဆိုထားသလို တကယ့်သမားတော် အိမ်ခေါ်ထားသလိုပဲဗျ။ တော်ရုံတန်ရုံ ဆို ဒါနဲ့ပဲအဆင်ပြေနေတာပဲ။ လူတွေ က သတိမထားကြလို့ပါ"

ဤတွင် လမ်းလျှောက်သမား အငြိမ်းစားအိုပယ်နှစ်ယောက် စကား တပြောပြောနှင့် ကိုယ်စီကိုယ်စီအိမ်[illegible] လမ်းခွဲသို့ရောက်ရှိလာကြသဖြင့် လူခ[illegible] ခွဲနှုတ်ဆိတ်ကာပြန်ခဲ့ကြစေကာမူ အတွေ[illegible] ကမပြတ်သေး။မြန်မာတို့၏အစဉ်အလာ ရှေးရိုးတိုင်းရင်းဆေးပညာသည် [illegible] မြတ်စွာ သက်တော်ထင်ရှားရှိနေစဉ်[illegible] ဆရာဇီဝက၏ဖြစ်စဉ်များဆီသို့ အဆွေ[illegible] နယ်ဆန့်မိသေးသည်။ မိမိတို့အရှေ့တိုင်း ရိုးရာဆေးပညာသည် အစဉ်အလာ[illegible] ရိုးအတိုင်း ဖြတ်သန်းခဲ့ကြရသော်လည်း သိပ္ပံနည်းကျ သုတေသနကူပံ့မှုအပြ[illegible] အဝသာရရှိပါက အနာဂတ်၏တော[illegible] ပလာမည့်အလင်းရောင်ကို ခံယူတော[illegible] တနေကြသော အခြေခံလူတန်းစား အများစု ရယူခွေးထွေးစေနိုင်မည်[illegible] ဖြစ်ကြောင်း တွေးမြင်ရေးသား[illegible] သည်။

ရှေးညာ-သွေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

၂ ၀ ၁ ၅ ခု နှ စ် ၊ ဖေ ဖော် ဝါ ရီ လ

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိဆေးကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသောအခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့်အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစဉ်အကြွယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို မှုဝေဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | တပို့တွဲလဆန်း | တနင်္ဂနွေ | ၆ / ၇ | ၁၈း၄၈း၀၀ | * လာဘ / * သိဒ္ဓိ |
| ၂ | ၁၄ | တနင်္လာ | ၇ / ၈ | ၂၀း၀၈း၃၄ | △ မိတ္တ / △ ကာဏ |
| ၃ | ○ | အင်္ဂါ | ၈ / ၉ | ၂၂း၁၅း၁၆ | * သိဒ္ဓိ / □ ဝရ |
| ၄ | လဆုတ် | ဗုဒ္ဓဟူး | ၉ | မပြောင်း | △ ကာဏ |
| ၅ | ၂ | ကြာသပတေး | ၉ / ၁၀ | ၀၀း၂၆း၄၀ | * သိဒ္ဓိ / □ ဝရ |
| ၆ | ၃ | သောကြာ | ၁၀ / ၁၁ | ၀၃း၀၆း၄၀ | △ ကာဏ / * အမြိတ္တ |
| ၇ | ၄ | စနေ | ၁၁ / ၁၂ | ၀၅း၄၆း၄၀ | □ ဝရ / △ ဥပါဒ် |
| ၈ | ၅ | တနင်္ဂနွေ | ၁၂ / ၁၃ | ၀၈း၀၈း၃၄ | * အမြိတ္တ / * လာဘ |
| ၉ | ၆ | တနင်္လာ | ၁၃ / ၁၄ | ၁၀း၀၂း၁၁ | △ ဥပါဒ် / △ မိတ္တ |
| ၁၀ | ၇ | အင်္ဂါ | ၁၄ / ၁၅ | ၁၂း၀၀း၀၀ | * လာဘ / * သိဒ္ဓိ |
| ၁၁ | ၈ | ဗုဒ္ဓဟူး | ၁၅ / ၁၆ | ၁၃း၂၈း၂၅ | △ မိတ္တ / △ ကာဏ |
| ၁၂ | ၉ | ကြာသပတေး | ၁၆ / ၁၇ | ၁၄း၁၄း၁၄ | * သိဒ္ဓိ / □ ဝရ |
| ၁၃ | ၁၀ | သောကြာ | ၁၇ / ၁၈ | ၁၄း၃၈း၃၉ | △ ကာဏ / * အမြိတ္တ |
| ၁၄ | ၁၁ | စနေ | ၁၈ / ၁၉ | ၁၄း၃၃း၂၇ | □ ဝရ / △ ဥပါဒ် |
| ၁၅ | ၁၂ | တနင်္ဂနွေ | ၁၉ / ၂၀ | ၁၃း၅၆း၀၈ | * အမြိတ္တ / * လာဘ |
| ၁၆ | ၁၃ | တနင်္လာ | ၂၀ / × / ၂၁ | ၀၇း၁၄း၁၇ / ၁၈း၄၀း၀၀ | △ ဥပါဒ် / △ မိတ္တ / △ ကာဏ |
| ၁၇ | ● | အင်္ဂါ | ၂၁ / ၂၂ | ၁၁း၃၇း၃၀ | * သိဒ္ဓိ / □ ဝရ |
| ၁၈ | တပေါင်းလဆန်း | ဗုဒ္ဓဟူး | ၂၂ / ၂၃ | ၁၀း၀၇း၃၀ | △ ကာဏ / * အမြိတ္တ |
| ၁၉ | ၂ | ကြာသပတေး | ၂၃ / ၂၄ | ၀၈း၃၇း၃၀ | □ ဝရ / △ ဥပါဒ် |
| ၂၀ | ၃ | သောကြာ | ၂၄ / ၂၅ | ၀၇း၀၀း၅၅ | * အမြိတ္တ / * လာဘ |
| ၂၁ | ၄ | စနေ | ၂၅ / ၂၆ | ၀၅း၁၅း၀၀ | △ ဥပါဒ် / △ မိတ္တ |
| ၂၂ | ၅ | တနင်္ဂနွေ | ၂၆ / ၂၇ | ၀၃း၄၅း၀၀ | * လာဘ / * သိဒ္ဓိ |
| ၂၃ | ၆ | တနင်္လာ | ၂၇ / ၁ | ၀၂း၁၉း၂၁ | △ မိတ္တ / △ ကာဏ |
| ၂၄ | ၇ | အင်္ဂါ | ၁ / ၂ | ၀၁း၃၂း၅၄ | * သိဒ္ဓိ / □ ဝရ |
| ၂၅ | ၈ | ဗုဒ္ဓဟူး | ၂ / ၃ | ၀၀း၄၇း၁၃ | △ ကာဏ / * အမြိတ္တ |
| ၂၆ | ၉ | ကြာသပတေး | ၃ / ၄ | ၀၀း၂၄း၀၀ | □ ဝရ / △ ဥပါဒ် |
| ၂၇ | ၁၀ | သောကြာ | ၄ / ၅ | ၀၀း၂၄း၂၄ | * အမြိတ္တ / * လာဘ |
| ၂၈ | ၁၁ | စနေ | ၅ / ၆ | ၀၀း၅၀း၃၂ | △ ဥပါဒ် / △ မိတ္တ |

၂၀-နက္ခတ် ▪ ၄၅ ယဋ္ဌိ
×-နက္ခတ် ▪ ၃၀ ယဋ္ဌိ ဖြင့် တွက်သည်။
၂၁-နက္ခတ် ▪ ၄၅ ယဋ္ဌိ

* = အဝင်နက္ခတ်    ○ = လပြည့်နေ့
□ = ခပါဒ်နက္ခတ်    ● = လကွယ်နေ့
△ = အထွက်နက္ခတ်

၄-၂-၂၀၁၅ ဗုဒ္ဓဟူးနေ့ နံနက် ၀၆း၀၀း၀၀ နာရီတွင် လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*
ဦးအောင်ခေတ်လှိုင် ([illegible])



www.burmeseclassic.com

www.burmeseclassic.com

အားလုံးက များသောအားဖြင့် သိထားကြတာက ကျွန်တော့်ကို ဟင်္သာတသားတစ်ယောက်ဖြစ်တယ်ဆိုတာပါပဲ။ ထင်မယ်ဆိုရင်လည်း ထင်လောက်ပါပေတယ်။ သိတတ်စအရွယ်ကတည်းက ဟင်္သာတမှာနေပြီး ဟိုးသူငယ်တန်းကလေးဘဝကနေပြီး အိမ်ထောင်ကျလို့ အလုပ်ရတဲ့အထိ ဟင်္သာတမှာဆိုတော့ ဘယ်သူတွေကများ တစ်နယ်သားလို့ ထင်ကြမှာလဲလေ။ တကယ်ဆို ကျွန်တော်က ရန်ကုန်မှာမွေးတဲ့ ဟင်္သာတသား စစ်စစ်ပါ။ ဒီလိုဆိုလိုက်တော့ နားရှုပ်သွားကြမလားဘဲ။

တကယ်ပြောတာပါ။ ကျွန်တော့်ကို အမေကမွေးတာ ရန်ကုန်မှာပါ။ ဇာတိချက်မြုပ်က (၅၂) လမ်းမှာဆိုတော့ ကာ ရန်ကုန်သားစစ်စစ်ပါ။ ဒါပေမယ့် ရန်ကုန်ပါးတော့မဝခဲ့ရပါဘူး။ ဥမမည် စာမမြောက် လူလားမမြောက်သေးတဲ့ နှစ်နှစ်သားအရွယ်ကတည်းက ကျွန်တော့် အဖေဟာ ဟင်္သာတကို အလုပ်တာဝန် (မီးရထားစက်မှုဌာန - စက်ခေါင်းပြင်ဌာန) မှာ အလုပ်ရပြီး ပြောင်းရွှေ့လာခဲ့တာဆိုတော့ ကျွန်တော်လည်း အလိုအလျောက် ဟင်္သာတသားဖြစ်ခဲ့ရတော့တာပါပဲ။

ဟင်္သာတဆိုတာ ဧရာဝတီတိုင်းဒေသကြီးထဲက အဓိကကျတဲ့မြို့တစ်မြို့ပါ။ တိတိပပပြောရရင်တော့ ဧရာဝ[illegible] မြစ်ရဲ့အနောက်ဘက်ခြမ်းမှာ မြစ်က[illegible] နံဘေး မေးတင်ထားတဲ့မြို့။ ဟင်္သာငှ[illegible] တို့ပျော်စံရာမြေ။ ဟင်္သာငှက်ကို ငှ[illegible] အပေါင်းတို့ရဲ့မင်းလို့ ဆိုကြလေတော့ ဟင်္သာတကိုလည်း ငှက်မင်းတို့ရဲ့ [illegible] တော်လို့ ဆိုလေသော် မှားနိုင်အံ့မထ[illegible] ပါပေ။ ရှေးယခင်အခါက ရန်ကုန် - မန္တလေး အညာဆန်သဘော်ကြီးပေါ်[illegible] လမ်းခရီးစဉ်တစ်လျှောက် မြို့စဉ်ဆို[illegible] ကပ်မှုကို အတိုကောက်သင်္ကေတပြု[illegible] ကဗျာဆန်ဆန်ရေးစပ်ထားတာကို မှ[illegible] သားထားခဲ့ဖူးပါတယ်။

'ရန်၊ ဒေး၊ မအူ၊ ဖြူ၊ ငှက်၊ [illegible]

# ပန်းမြိုင်လယ်-စိန်ဝင်း

## ဟင်္သာတသားနဲ့ ဟင်္သာသား





www.burmeseclassic.com

www.burmeseclassic.com


ပြည်၊ ရက်၊ လှ၊ ဘူး၊ ကွေး၊ ရေနံ၊ ကျွန်း၊ ခေလးဦး၊ ခုတ်မြို့၊ မြင်းခြံ၊ မန္တလေးထိ သဘောာဆန်'

လို့ ရေးထားပါတယ်။ ဧရာဝတီမြစ်ရိုးတစ်လျှောက် လမ်းခရီးမှာ ဆိုက်ကပ်ရတဲ့မြို့များကို အလွယ်တကူသိမှတ်နိုင်ရန် ရည်ညွှန်းပြီး ရေးစပ်ထားခြင်းပင်။ အတိုကောက်များရဲ့ အဓိပ္ပာယ်မှာ ရန် (ရန်ကုန်)၊ ဒေး (ဒေးဒရဲ)၊ မအူ (မအူပင်)၊ ဖြူ (ဓနုဖြူ)၊ မြန်(မြန်အောင်)၊ ပြည် (ပြည်)၊ ရက် (သရက်)၊ လှ (မင်းလှ)၊ (မင်းလှ)၊ ဘူး (မင်းဘူး)၊ ကွေး (မကွေး) ရေနံ (ရေနံချောင်း)၊ ကျွန်း (ဆင်ဖြူကျွန်း)၊ ဦး (ညောင်ဦး)၊ ခုတ် (ခုက္ကူ)၊ မြင်းခြံ၊ မန္တလေးပဲ ဖြစ်ပါတယ်။

ဤတွင် ထူးထူးခြားခြားအဖြစ် သတိထားမိသည်မှာ ဟင်္သာတကို (ငှက်) ငှက်မြို့အဖြစ် တင်စားခေါ်ဝေါ်ထားခြင်းပဲ ဖြစ်ပါတယ်။ အလျဉ်းသင့်လို့ ဟင်္သာတဆိုပြီး ခေါ်ဆိုမည်တွင်ဖြစ်ပေါ်လာခဲ့ပုံအကြောင်းကို ဗဟုသုတအလို့ငှာ အကျဉ်းချုပ် ပြောပြချင်ပါတယ်။

ကောင်းကင်ယံမှာ ဟင်္သာမောင်နှံ တူယှဉ်ကာတွဲလို့ဝဲပျံကြလေ၏။ ဟင်္သာဖိုကြီးက ရှေ့မှ ဦးဆောင်ပျံသန်းရင်း 'အောင်' ဟု အော်မြည်လိုက်သည်နှင့် ဟင်္သာမလေးက မကွဲမကွာ ငှက်တစ်ကိုယ်စာမျှ နောက်ပါးကခွန်၍ အတူလိုက်ပါပျံသန်းရင်းမှပင် 'တော်' ဟူသောမြည်ကြွေးသံကို ပြန်လှန်ထူးလို့ ကြည်နူးနေကြဟန်ပင် ဖြစ်ပေ၏။ ဟင်္သာငှက်မောင်နှံနှစ်ကောင်ပေါင်း အော်မြည်လေမှသာ 'အောင်တော်သံ' ဖြစ်လာရပါသည်။

ပြောရပါလျှင် ဤမြစ်ပြင်ဤသောင်ကမ်းသည် ဟင်္သာငှက်တို့ ပျော်မြူးရာ စံဌာနီပင်ဖြစ်ပါပေသည်။ သို့ကြောင့် ဤမြေဤရေဤဌာနီကို ရှေးယခင်က ဟသာပတ် ဟံသပတ ဟု ခေါ်ဆိုခဲ့ကြပါသည်။ ထိုဟံသပတ' မှသည် 'ပ' အက္ခရာကြေ၍ ဟံသတ၊





www.burmeseclassic.com

www.burmeseclassic.com

ထိုမှ ကာလရွေ့လျောလာသည့်အခါ ဟသ်ာတဟု ဆိုမည်တွင်ခဲ့ရသည်ဟု ဆိုပါသည်။

တချို့ကလည်း သဲသောင်များ ပေါ်ထွန်းလျက်ရှိသော ကမ်းခြေတွင် ဟသ်ာငှက်အပေါင်း ကျက်စား ပျော်မြူးရာဒေသဖြစ်သောကြောင့် ဟသ်ာတဟူ၍ လည်းကောင်း၊ ငှက်မှဆိုးတို့၏ ရက်စက်မှုကြောင့် ဟသ်ာဖိုနှင့် ဟသ်ာမတို့ သေကွဲကွဲသွားကြရရှာလေသည်။ ထိုအခါ ဟသ်ာဖိုနှင့် တမ်းတမ်းတတ နွမ်းလျပူဆွေးဟန်အော်မြည်သံကို အစွဲပြု၍ ဟသ်ာတဟု ခေါ်ကြသည်ကိုလည်း မှတ်သားရပြန်ပါသည်။

တစ်ဖန် မြန်မာနှစ် ၆၀၂ ခုနှစ်၊ နရသီဟပတေ့မင်းသည် တရုတ်တို့၏ ရန်ကြောင့် အောက်အရပ်သို့ စုန်ဆင်းလာရာ ပုသိမ်တွင် (၅) လနေ၍ အပြန်တွင် ပုဏ္ဏဝတီမြစ် (ယခုအခေါ် ငဝန်မြစ်) နှင့် ဧရာဝတီမြစ်တို့ဆုံရာ၌ ဖောင်တော်ပေါ်တွင် ဟင်းခွက် (၁၀၀) မပြည့်သဖြင့် မိမိဆင်းရဲလှသည်ဟု ဆိုကာ ဟင်းလျာ,တ၍ငိုသည်ကို အကြောင်းပြုပြီး 'ဟင်းလျာတ' မှတစ်ဆင့် 'ဟသ်ာတ' ဟု ခေါ်ဆိုခြင်းဖြစ်သည်ဟု ရာဇဝင်က ပြောပြန်ပါသည်။

နောက်တစ်မျိုးမှာ ပထဝီရေမြေ အနေအထားအရ သောင်ပေါ်ထွန်းစဉ်ဒေသတွင် ရေမြေရာသီဥတုကိုလိုက်၍ ပေါက်ရောက်သော မနုန်းပင်များ ပေါများရာဒေသဖြစ်ခဲ့ပေသည်။ မွန်တိုင်းရင်းသားတို့၏ ဘာသာစကားအရ ဟန်းဇဒါးပင်ဟု ခေါ်ကြ၏။ ဟန်းဇဒါး၊ ထိုမှ ဟန်းသဒ၊ ဟင်းသတမှ ဟသ်ာတ မည်သော စကားလုံးဝေါဟာရသို့ ပြောင်းလာခဲ့ကြောင်း ပညာရှင်တို့၏ အဆိုကိုလည်း လေ့လာသိရှိခဲ့ရပြန်ပါသည်။

မည်သို့ပင်ဆိုစေ ကျွန်တော်တို့ နေရပ်ဌာနီ ဟသ်ာတမြေသည် ဟသ်ာငှက်အပေါင်းစံရာ အော်မြည်သံသီကြွေးရာ 'အောင်. . . တော်သံ' လွှမ်းသည့် အေးချမ်းသာယာသောမြို့အဖြစ် ကမ္ဘည်းတင် မော်ကွန်းထိုးလိုက်မိတာတော့ အမှန်ပါ။

❒

ကြားဖူးကြမှာပါ။ 'ဇာတ်တူသားစားရင်း ဟသ်ာကိုးသောင်းပျက်တတ်တယ်' ဆိုတဲ့ သတိပေးစကားဟာ အမှန်တကယ်ပါ။ ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန်သိခဲ့ရတယ်ဆိုပေမယ့် ဟသ်ာကိုးသောင်းပျက်တဲ့အဖြစ်ဆိုးဟာ ရင်နာစရာပါ။ ဒီထက်ပိုလို့ဆိုးတာကတော့ ဟသ်ာတသားနဲ့ ဟသ်ာငှက်ဟာ ဆက်စပ်နေတယ်ထင်ရဲ့။ ဟသ်ာတသားတစ်ယောက်က စည်းဖောက်ပြီး ဟသ်ာငှက်ရဲ့အသားကိုမှ စားလိုမှုကြောင့် အသက်ပါပျောက်ခဲ့ရတယ်ဆိုပါရင် ယုံချင်မှတောင်ယုံနိုင်ပါလိမ့်မယ်။ 'ဟသ်ာမောင်နှံ့တူယှဉ်တွဲလို့' ဆိုတဲ့စကားအရ အလွန်ချစ်ကြတဲ့သတ္တဝါဆိုတာ ထင်ရှားနေပါတယ်။ ဟသ်ာအဖိုကိုသတ်ရင် ဟသ်ာမလေးက ကျိန်ဆဲမှာပေါ့။ ဟသ်ာမလေးကို သတ်မိပြန်ရင်လည်း ဟသ်ာဖိုကြီးက ကျိန်ဆဲမှာအသေအချာပါ။ ဘာပဲဖြစ်ဖြစ် ကျိန်စာအသင့်ခံရရင်တော့ သွားပြီပေါ့။

အဖြစ်အပျက်က ကာလအတန်ကြာခဲ့ပြီဆိုပေမယ့် ပြန်တွေးလိုက်ရင်တော့ မနေ့တစ်နေ့ကလိုပဲ အောက်မေ့ရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ဆိုတဲ့ကာလ။ အဲဒီတုန်းက ကျွန်တော်က အသက် (၂၀)။ မီးရထားစက်မှုဌာနမှာ အလုပ်စဝင်ခဲ့တဲ့ ၁၉၇၄ ခုနှစ်မှာဆိုတော့ မှတ်မှတ်ထင်ထင်ဖြစ်ခဲ့ရပေတာပေါ့။ ကျွန်တော်အလုပ်ဝင်တော့ တွဲပြင်ဌာနမှာ တွဲသန့်ရှင်းရေးဝန်ထမ်းပါ။ အခင်မင်ဆုံး သူငယ်ချင်း အောင်စိုးကတော့ စက်ခေါင်းရုံက မီးထင်းသယ်ဝန်ထမ်းပေါ့။ တွဲသန့်ရှင်းရေးက ရထားတွဲတွေပေါ်မှာ တံမြက်စည်းလှည်းရတယ်။ တွဲအိမ်သာတွေ ရေဆေးရတယ်။ အောင်စိုးရဲ့ မီးထင်းသယ်အလုပ်ကတော့ ရေနွေးငွေ့(steam)စက်ခေါင်းကြီး



တွေကို မောင်းနှင်ဖို့ ကျောက်မီးသွေးတွေ၊ လောင်စာထင်းတွေကို စက်ခေါင်းတန်ဒါထဲထမ်းထည့်ပေးရတဲ့အလုပ်ကိုပြောတာပါ။ အလုပ်နေရာကွဲပေမယ့် ရထား (စက်မှု) ဆိုတဲ့ မိခင်ကတော့ တစ်ဦးတည်းပါပဲ။

သူငယ်ချင်း အောင်စိုးက လူရိုးလူဖြောင့်၊ အရုပ်အမောင်းကလည်း ကောင်း၊ ဗလလည်းရှိ၊ ဇလည်းရှိဆိုတဲ့ အထဲကပါ။ ခန္ဓာကိုယ်အချိုးအဆစ်လှပဖို့ အလေးမ, ကစားတယ်။ သူ့ဗီဇက ထိုးကြိတ်သတ်ဖြတ်ချင်တဲ့ဝါသနာပါလာတယ်။ ဒီတော့ လက်ဝှေ့ထိုးတယ်။ ကြိုးစားမှုနဲ့ သူ့သတ္တိဇွဲကြောင့် ဟသ်ာတမြို့နယ်လက်ရွေးစင်တစ်ယောက်ဖြစ်လာခဲ့ပါတယ်။ မီးရထားစက်ခေါင်းကြီးတွေ မောင်းနှင်ရတဲ့အလုပ်ကိုမြင်ပြီး အားကျနေတတ်တယ်။ ဒါကြောင့် မီးရထားအလုပ်ကိုလျှောက်ပြီး ဝင်လာခဲ့တာပါ။

နောက်တစ်ခုက သူအလိုချင်ဆုံးသောအရာဟာ လေသေနတ်တစ်လက်ဖြစ်ပါတယ်။ ဒီတော့ ရလာတဲ့ လစာငွေထဲကနေပြီး စုဆောင်းလို့ လေသေနတ်တစ်လက်ဝယ်ယူလိုက်ပါတယ်။ မျိုးရိုးဗီဇဝါသနာဆိုတာ အနည်းနဲ့အများစီးဆင်းမျောပါတတ်ပါတယ်။ အောင်စိုးရဲ့ဖခင်ကြီးကိုယ်တိုင်က ဂျူဒိုဆရာကြီးတစ်ယောက်ပါ။အတိုက်အခိုက်အသတ်အပုတ်ကို ခုံမင်တဲ့သူဆိုတော့ သားဖြစ်တဲ့ အောင်စိုးကိုလည်း လူကြမ်းစိတ်ကြမ်းဖြစ်အောင် ပုံစံသွင်းထားသလိုပါပဲ။

သေနတ်တစ်လက်နဲ့ လက်ယား နေတဲ့ သူငယ်ချင်းဟာ အလုပ်အားတဲ့ ရက်တွေမှာ ငှက်ပစ်ထွက်ပြီး ဝါသနာ ရာကိုလုပ်တော့တာပါပဲ။ သတ္တဝါတွေရဲ့ အသက်ကိုမှ အပျော်အပြက်သဘော ထားပြီး ပစ်ခတ်သတ်ဖြတ်နေတာ ဖခင်ကြီးက သဘောတွေကျလို့ပေါ့။

"ငါ့သားက တော်တော်တော လက်တက်လာနေပြီပဲကွ။ ကျည်တ တောင့် တစ်ချက်တစ်ကောင်လို့တော ဆိုရမလို့ဘဲ"

ဆိုတဲ့ အားပေးစကားကြော အောင်စိုးလည်း မြောက်ကြွမြောက်ကြ ဖြစ်လို့။

မြို့နီးချုပ်စပ်ကရွာတွေဖြစ်ကြ လယ်တီကွင်း၊ ချောင်းဖျားကြီး၊ ဇီးကု စစ်ပင်၊ ဒသဲမြောင်၊ အင်းမ စတဲ့ရွာ ဘက်ကိုတောင် ငှက်ပစ်ရောက်ခဲ့တော တစ်နေ့တာ ငှက်ပစ်ပြီးလို့ပြန်အလာ တော့ ဗျိုင်း၊ စစ္စလီ၊ ချေ၊ ဆက်

www.burmeseclassic.com

...တောင်မျိုးစုံကို ရလာတတ်တာ ...သူကို ငှက်ပစ်မုဆိုးကြီး၊ မုဆိုး ...တ်ပိကြီးလို့ အပြောင်အပြက် ...တောင် ဘဝင်တွေ့ပြီး လုံးဝ ...င်းအလျှင်းမရှိခဲ့ပါဘူး။ ဒါက ...သနာနဲ့ လုပ်ရပ်ဟာ တစ်ထပ် ...နေခဲ့တာကြောင့်ပါပဲ။ ပြောရ ... သေနတ်ရကတည်းက လုံးဝ ...တဲ့နေ့ဆိုတာမရှိတော့ပါဘူး။ ...လပ်အားတဲ့ရက်မဟုတ်သော် ...တ်ကိုင်လိုက်လို့ ပစ်ခွင့်ကြုံတဲ့ ...မှုဟာ လေမှာ ထပ်ျသွားခွင့် ...ဘဲ မြေခပြီး ဇီဝိန်ကြွေကျသွား ...ည်း ဖြစ်လာခဲ့တော့သည်။ ...ာ့ ငှက်ပစ်တဲ့သူအချင်းချင်း၊ ...တ်ကိုင်တဲ့သူတွေအချင်းချင်း ...ပြောကုန်ကြပြီ။ 'ပါရမီရှင်လေး ...တဲ့၊

❐

...စ်နေ့တခြား လက်ရည်တက် ...ဖြစ်တဲ့ သားရဲ့မွေးနေ့မှာတောင် ...ာင်အဖြစ် ဂုဏ်ပြုတဲ့အနေနဲ့ ...သေနတ်တစ်လက်ကို ပေး ...ခဲ့၊ ဒါကလည်း သားရဲ့ချင်ခြင်း ...င်းသဘောကို အဓတပ်အကြပ် ...တဲ့ ဒခင်ဖြစ်နေတာကြောင့်ပါပဲ။ ...ဆို ဂျူဒိုဆရာကြီးကိုယ်တိုင်က ...ပုတ် ဝါသနာပါသလို တော ...င်ထွက်ခဲ့ဖူးတာပါ။ အခုလို ငှက် ...တာလောက်ကတော့ ရသေ့ ...တောင်ဆိုရလေမလားဘဲ။

...စ်နေ့မှာတော့ အောင်စိုးနဲ့ ...တူလုပ်ဖက် ဖထီးစောစံ ...က မုဆိုးလမ်းကြောင်း ...ာင်းတစ်ခုရလိုက်ပါတယ်။ ...ော့ သောင်ပြင်မှာ ဟင်္သာငှက် ...လိုက် ညနေစောင်းဆိုကျလာ ...တဲ့သတင်းပါပဲ။ ဖထီးစောစံ ... ညောင်ပင်ရွာ ပိုက်တန်း ...ာဝတီမြစ်ကမ်းနားဘေးကရွာ ...သူ၊ မီးရထားအလုပ်ထဲမဝင်ခင် ...ော့ မြစ်ထဲမှာ ပိုက်ချငါးရှာတဲ့ ...ပ်နဲ့ အသက်မွေးဝမ်းကျောင်း ...ါတယ်။ ဒီတော့ မြစ်ရေပြင်နဲ့ ...င်ကိုင်းကျွန်းတွေရဲ့အထာကို ...ညက်လို့နေတာတော့ အမှန်

"အောင်စိုးရာ၊ ညနေ နေဝင်ချိန် ...သောင်ပြင်ကိုကျလာတဲ့ ဟင်္သာ ...နည်းတာမဟုတ်ဘူးကွ။ မင်း သေနတ်နဲ့ မင်းလက်ဆို တစ်ချက် တစ်ကောင်ပဲ။ ဟင်္သာတွေက အနား ကပ်တော့မခံဘူးကွ။ သေနတ်တစ်ကမ်း ပဲပစ်လို့ရမှာ အဲဒါမင်းလာပစ်ပါလားကွ"

"အေးကွ၊ နက်ဖြန်ဆို စနေနေ့ ငါ့ အားရက်ပဲကွ။ ငါ့အဖေကိုပါပြောပြီး တစ်ယောက်သေနတ်တစ်လက်နဲ့လာခဲ့ မယ်။ မင်းကောရှိမှာလား"

"ငါက နက်ဖြန် နေ့ဂျူတီကွ။ ညနေ (၆) နာရီအထိတော့ စက်ရုံမှာ နေပေးရမှာကွ။ ရထားအဝင်တွေစုံစမ်း ပြီး စောပြန်လို့ရရင်လည်း ငါသောင်ပြင် ဘက်ဆင်းလိုက်လာခဲ့မယ်"

ဖထီးစောစံသောင်း၏ အပြော ကြောင့် အောင်စိုးတစ်ယောက် တက်ကြွ လို့နေပါတယ်။သူ့စိတ်ထဲမှာလည်း အသံ တိတ်စကားကိုရေရွတ်လိုက်တာက -

"အင်း - ဟင်္သာငှက်တွေအတွက် ကတော့ မနက်ဖြန်ညနေဆို သေမင်းကို ရက်ချိန်းယူလိုက်သလိုပါပဲလား။ အုပ် လိုက်ကျတဲ့အထဲမှာ ဘယ်ငှက်ဟာ ကံဆိုးသူဖြစ်မလဲ၊ ဟင်း ဟင်း - ငါ့လက် ကြောင်းပြရသေးတာပေါ့ကွာ"

ဖခင်ကြီးကို သောင်ပြင်ထွက် ငှက်ပစ်ဖို့ပြောတော့ သားရဲ့အလိုလိုက် အကြိုက်ဆောင်နေကျဆိုတော့ ဘယ် မှာငြင်းလိမ့်မတုံး။

"ငါ့သားသွားရင် အဖေကတော့ လိုက်ပြီးသားပဲ ဟဲ ဟဲ ဟဲ။ ငါ့သား ဘယ်ကိုသွားမလဲ၊ ဘာလုပ်ချင်လဲ၊ သား ရှေ့မှာ အဖေအမြဲရှိတယ်။ သေနတ် တစ်လက်ရှိရင် တို့သားအဖအဖို့ ဟင်းစားမရှားပါဘူးကွာ"

❐

ညနေချိန် နေရီဆည်းဆာသည် မြစ်ပြင်ဧရာကို ရွှေရည်တွေပက်ဆမ်း ထားသည်သို့ တလက်လက်တောက်ပ လို့နေပါ၏။ သဘာဝ၏အလှပန်းချီကား ကို အောင်စိုးတို့သားအဖ ခံစားကြည့်ရှု ရင်း သေနတ်ကိုယ်စီထမ်းလို့နေပါ၏။ သဘာဝ၏အလှပန်းချီကားကို အောင် စိုးတို့သားအဖခံစားကြည့်ရှုရင်း သေနတ် ကိုယ်စီထမ်းလို့ သဲသောင်ကမ်းစပ်မှာ လမ်းလျှောက်လို့နေကြပါသည်။ နှစ်ဦး စလုံး ဘောင်းဘီရှည်၊ တောစီးဖိနပ်နှင့် ကျောပိုးအိတ်တို့ကို ကိုယ်စီလွယ်ထား ကြပါ၏။ တကယ့်အမဲပစ်မုဆိုးကြီးနှစ်ဦး ရဲ့ပုံစံတွေပင်ဖြစ်လို့နေတာပါ။

သောင်ပြင်ကမ်းစပ်မှာ သိပ်တော့ ကြာကြာ မစောင့်လိုက်ကြရ။ 'အောင် တော်၊ အောင်တော်' အော်မြည်သံပေး ၍ သောင်ပြင်ထက်သို့ အုပ်လိုက်ဆင်း နားလာကြသော ဟင်္သာငှက်အုပ်ကို ကြည့်ပြီး ခေတ္တမျှ မှင်တက်ကာငြိမ်သက် စွာဖြင့် ရပ်ကြည့်နေကြပါသည်။

သောင်ပြင်ထက်တွင် နီညိုရောင် ရွှေအဆင်းဖြင့် အုပ်ဖွဲ့လိုက်ဆင်းနားကြ သည်ကို မြင်နေရသည်မို့ ဟင်္သာအုပ်ကျ ရာနေရာသို့ အပြေးအလွှားသွားရောက် ကြပြီး ကိုင်းပင်တွေကို အကာအကွယ် ယူကာ တဖြည်းဖြည်းရှေ့သို့တိုးသွားနေ ကြပါသည်။ ဆယ်ကိုက်နီးနီးရောက် တော့ ရှေ့သို့ဆက်မတိုးတော့ဘဲ ကိုင်း ပင်များကို ကွယ်ကာပြီး ချိန်သားကိုယ် စိတ်ကြိုက်ချိန်လို့ သေနတ်နှစ်လက်နှင့် နှစ်ယောက်လုံးပြိုင်တူပစ်နိုင်ပါမှ ဟင်္သာ နှစ်ကောင် သေချာပေါက်ရမည်ဖြစ်တာ ကိုတော့ တွက်ပြီးသားပါ။ ပြိုင်တူမဟုတ် လျှင်တော့ သေနတ်သံကြားလိုက်တာ နှင့် လန့်ဖျပ်ပျံထွက်သွားကြမှာတော့ အသေအချာပေါ့။ ဒီတော့ သားအဖနှစ် ယောက် စိတ်တိုင်းကျချိန်ပြီး တိုင်ပင် ယူလိုက်သည်။

"တစ်၊ နှစ် သုံးခေါ်မယ်။ သုံးဆို တာနဲ့ ပစ်နော်။ ကဲ - တစ်၊ နှစ်၊ သုံး ဖောင်း. . . ဖောင်း"

ဟင်္သာငှက်အုပ်ကြီးကား ဝရုန်း သုန်းကားဖြင့် လန့်ဖျပ်ထပျံသွားကြပြီ။ သဲသောင်ပြင်ထက်မှာတော့ ကံဆိုးသူ ဟင်္သာငှက်နှစ်ကောင် ကျည်သင့်၍ဖျပ် ဖျပ်လူးပြီး ကျန်နေခဲ့တော့သည်။ မြင် ကွင်းကို အားရကျေနပ်ခြင်းများစွာဖြင့် သားအဖနှစ်ယောက်စလုံး တစ်ဟုန်ထိုး ပြေးကောက်ကြသည်။ လက်တစ်ကမ်း အလို ဟင်္သာငှက်တွေနားရောက်ကာမှ ထူးထူးဆန်းဆန်း ဟင်္သာနှစ်ကောင်စလုံး မှာ အတောင်တဖြန်းဖြန်းရိုက်ခတ်ပြီး သဲ သောင်ပြင်ကို ရှပ်တိုက်၍ ပြေးထွက် သွားကြလေတော့သည်။

ပြေးထွက်သွားသော ဟင်္သာနှစ် ကောင်မှာ တစ်ကောင်နှင့်တစ်ကောင် ဆန့်ကျင်ဘက်အရပ်များဆီသို့ ဦးတည် ၍ပြေးထွက်သွားကြခြင်းပင်ဖြစ်ပါသည်။ သားအဖနှစ်ယောက်မှာလည်း ဟင်္သာ ငှက်နှစ်ကောင်အနောက်သို့လိုက်ကြရာ ဆန့်ကျင်ဘက်အရပ်များကိုပင် ပြေး လွှားလိုက်ကြရပေသည်။ သေသေ ချာချာ ချိန်ရွယ်ပြီးပစ်လိုက်ပါလျက်နှင့် မသေဘဲ ပြေးထွက်ပျံသန်းသွားသည်ကို မြင်လိုက်ရတော့ စိတ်ထဲမှာ တင်းခနဲ အံ့ကြိတ်တက်ခေါက်ပြီး ငှက်နောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com

အပြေးလိုက်နေကြဆဲပင်။ အောင်စိုးက မြေပြင်ပေါ်တွင် ဆက်မပြေးနိုင်တော့ဘဲ ဝပ်နေသည့်ဟသ်ာကို လက်နှင့်ပစ်အုပ်ပြီးဖမ်းလိုက်ရာမိခါနီးကျမှ တစ်ခါထပ်ပျံပြေးပြီး ကိုင်းတောရေစပ်ချုံပုတ်ထဲသို့ တိုးဝင်လို့ပြေးသွားပြန်ပါသည်။ ပိုလို့ပင် မချင့်မရဲဖြစ်ရတော့သည်။

သေသေချာချာမှန်ထားပြီးသော ဟသ်ာငှက်ကိုရလိုမှုဇောသည် ဘာကိုမှ မမြင်တော့။ ငှက်ကိုလည်း မျက်ခြည်ပြတ်ခံ၍မဖြစ်သည်မို့ ကိုင်းတောရေအိုင်ထဲဖြတ်အပြေးမှာပင် လုံးဝမျှော်လင့်မထားသော အိုင်ချောက်ထဲသို့ ကျပြီး ရေနစ်နေတော့သည်။ ဒါကိုလည်း မည်သူမျှ မမြင်လိုက်၊ မသိလိုက်ကြ။

အောင်စိုးရဲ့အဖေ ဂျူဒိုဆရာကြီးလည်း ဟသ်ာငှက်တစ်ကောင်နောက်လိုက်နေဆဲ။ သူကတော့ မကြာမီမှာပင် ဟသ်ာငှက်တစ်ကောင်ကို ဖမ်းမိလိုက်ပါပြီ။ သားဖြစ်သူ အောင်စိုးမှာတော့ လက်ရှည်ဖိနပ်၊ ကျောပိုးအိတ်အလေးချိန်နှင့် သေနတ်၏ အလေးချိန်များကြောင့် ရေထဲဆွဲနှစ်လိုက်သလိုဖြစ်သွားမည်မှာ သေချာပါသည်။ ထို့ထက်ပို၍ ရေနစ်ရခြင်း၏အကြောင်းရင်းမှန်မှာ အောင်စိုးတစ်ယောက် လုံးဝရေမကူးတတ်ခြင်းပင်ဖြစ်ပါ၏။

ဖခင်ကြီးမှာ ဟသ်ာတစ်ကောင်လက်မှာဆွဲပြီး သောင်ပြင်ကို ပြန်လာတော့ သားကိုမတွေ့တော့ပြီ။ ကျယ်ပြန့်လွန်းသည့်သောင်ပြင်ပေါ်တွင် ဘေးဘီဝဲ၊ ယာဖြန့်ကြက်လို့ ရှာပါသော်လည်း မတွေ့တော့ပြီ။ ကြိတ်ကြောင်တောင်နှင့် ဘယ်မှာရှာရမှန်းမသိ။ ခြေဦးတည့်ရာလိုက်လို့ရှာနေရသည်မှာပင် နာရီဝက်ကျော်ကျော်ပင်ကြာသွားခဲ့ပါပြီ။

"သားရေ၊ လူလေး မောင်အောင်စိုးရေ"

ဆိုပြီး အော်ခေါ်ပါသော်လည်း ပဲ့တင်ပြန်သံမှတစ်ပါး ပြန်လည်လို့ထူးသံမကြားရတော့ပြီ။ အချိန်ပိုင်းလေးအတွင်းမှာပင် ပျောက်ခြင်းမလှပျောက်နေခဲ့တာမို့ စိတ်ထဲတောင်တွေးမြောက်တွေးဖြစ်လို့။

"ဘုရား၊ ဘုရား - ငါ့သားလေးဘယ်များရောက်သွားတာပါလိမ့်။ ဖွဟဲ့ မပြောကောင်းမဆိုကောင်း မြစ်ထဲများကျသွားလေပြီလား။ အို - ငါဘာတွေလျှောက်တွေးနေတာပါလိမ့်။ လွဲပါစေဖယ်ပါစေ"

ရင်တွေခုန်လို့ စိတ်တွေလည်း လှုပ်ရှားနေဝါပြီ။ အရပ်လေးမျက်နှာကို လှည့်ပတ်ရှာဖွေပါသော်လည်း မတွေ့ပါပြီ။ နေမင်းသည်ပင် ဧရာဝတီမြစ်ပြင်ပေါ်မေးတင်လို့ မကြာခင် မြစ်ထဲငုပ်လျှိုးသွားပေတော့မည်။ မတတ်နိုင်တော့။ သောင်ပြင်ပေါ် ဟစ်လို့သာအော်ခေါ်နေမိပြန်ပါသည်။

"သား လူလေးရေ၊ မောင်အောင်စိုး၊ အောင်စိုးရေ"

အော်ခေါ်နေသည့်အသံတွေသာ ပဲ့တင်ပြန်လာနေပေမယ့် ပြန်လည်လို့ထူးသံကား လုံးဝပင် မကြားရပါပေ။ ဟိုးအဝေးကြီးမှာ လူတစ်ယောက် ဘောင်းဘီရှည်နှင့် ခပ်သုတ်သုတ်လာနေပါသည်။ သားလေးဖြစ်ပါစေလို့ ဆုတောင်းလိုက်မိပါရဲ့။ ဒါပေမယ့် အနီးရောက်လာတော့ သားအောင်စိုးမဟုတ်။ သားရဲ့သူငယ်ချင်း ဖထီစောစံသောင်းဖြစ်နေသည်။

"ဦး၊ အောင်စိုးကော။ အောင်စိုးက ဘယ်သွားနေလို့ ဦးကအော်ခေါ်နေတာလဲ"

ဆိုတော့ ဂျူဒိုဆရာကြီးက ဖြစ်ကြောင်းကုန်စင်ပြောပြလိုက်သည်။ မြစ်ပြင်ကနားသောင်ကျွန်း၏ ဓလေ့နှင့်အထာကို ဖထီစောစံသောင်း ချက်ချင်းဆိုသလို ရိပ်မိလိုက်ပါပြီ။

တစ်စုံတစ်ခုသော အမှောက်အမှားရှိနေနိုင်သည်။ ဒီလိုကိစ္စမျိုးသည် အမှန်တကယ်တော့ သွေးရိုးသားရိုး လုံးဝမဖြစ်နိုင်မှန်း ဖထီစောစံသောင်း တပ်အပ်သေချာစွာ သိလိုက်တာတော့



အမှန်ပင်ဖြစ်ပါသည်။

"ဦးလေးနဲ့ အောင်စိုးတို့ ဒီသ[…]
သောင်မြစ်ဘေးနားမှာ ဘာတွေမှာ[…]
အမှားတွေလုပ်မိကြသေးလဲ"

"ဦးတို့ ဘာဆိုဘာမှမလုပ်မိကြ[…]
ပါဘူးကွယ်။ ငှက်ပစ်တာသက်သက်ပါ[…]
အပိုစကားတွေ၊ မကြားဝံ့မနာသာဆဲတာ[…]
ဆိုတာတွေမလုပ်မိကြပါဘူး"

"ဟိုဗျာ - ဦးလေးရာ၊ တပိုတပါး[…]
သွားတာတို့၊ သောင်ပြင်မှာ မြစ်ဘ[…]
လှည့်ပြီး ဆီးမတ်တတ်သွားတာတို့တော[…]
လုပ်မှားမိသေးလား။ ပြီးတော့ ကုလာ[…]
စကားကို ကျွမ်းကျွမ်းကျင်ကျင်မရှိ[…]
မဟုတ်ကဟုတ်ကရေနှော့ပြောတာမျ[…]
ကောလုပ်မိသေးသလားလို့ပါ"

"အေး - မင်းသူငယ်ချင်း အော[…]
စိုးကတော့ ကိုင်းတောစပ်မှာ မတ်တ[…]
ဆီးသွားတာတော့ တွေ့မိတာပဲ[…]
ဘောင်းဘီက အရှည်နဲ့ဆိုတော့ ထို[…]
သွားလို့လည်းမရဘူးလေကွာ"

ဖထီစောစံသောင်းက ဂျူဒိုဆ[…]
ကြီးပြောပြသမျှကို နားထောင်နေ[…]
ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်[…]

"ကဲ - ဦးလေး၊ အောင်[…]
ဒီသောင်ပြင်ပေါ်မှာ မရှိတာ[…]
သေချာတယ်။ ဟိုကိုင်းတောစပ်ကို[…]
ကြည့်ရအောင်"

ပြောပြောသွားသွားနှင့် ဟို[…]
ဒီကြည့်ဖြန့်ဝဲကြည့်လိုက်တော့ အော[…]
ဆောင်းနေကျဖော့ဦးထုပ်က ကိုင်း[…]
ထဲက ရေပေါ်မှာ ပေါလောပေါ်လို့[…]
ကူးကျွမ်းကျင်တဲ့ဖျံတစ်ကောင်လို[…]
စောစံသောင်း ရေထဲကို ခပ်သုတ်[…]
ဆင်းသွား၏။ ရေအနက်က လူ့ခါး[…]
လောက်ပင်။ ရေ့ဆက်အလျှော[…]
တော့ ဖြုန်းခနဲ ချိုင့်ကြီးထဲပြုတ်ကျ[…]
တော့သည်။ သို့သော်လည်း [...]
ကျွမ်းကျင်သူတစ်ယောက်အဖို့က[…]
ဆန်းဆန်းပြားပြားမဟုတ်။ ကိုယ်[…]
ရေပေါ်အလွယ်တကူပင် ပြန်ပေါ်[…]
သည်။ ဒီတစ်ခါတော့ ရေနက်ထဲ[…]
လိုက်ရှာကြည့်သည်။ မတွေ့။ [...]
တာကတော့ ဒီရေထဲမှာဆိုတာကို[…]
စိတ်ထဲကအတပ်သိနေပါသည်။ပ[…]
ကမ်းစပ် မြစ်ချောင်းအင်းအိုင်[…]
အတွေ့အကြုံတွေနှင့် ဒီအရပ်ဒေ[…]
မရိုးအီနိုင်တဲ့ ဓလေ့စရိုက်အရ [...]
စောစံသောင်းက လူခါးလယ်[…]
နေရာကို ပြန်ကူးလာပြီး လက်အ[…]
တိုးလျှိုးတောင်းပန်နေသလို မြ[…]
နားပိုင် ဆန္ဒားရှည်ကုလားနတ်[…]



www.burmeseclassic.com

www.burmeseclassic.com

သလိုက်ပြီး ဘာတွေပြောနေသည် သိ။ တစ်အောင့်အကြာမှာတော့ ကို ပြန်ငုပ်ပြီးရှာလိုက်၏။ ဘွားခနဲ ပေါ် အလာမှာတော့ အောင်စိုး၏ ကိုယ်ကြီးကိုပါ ဆွဲ၍မပြီးပါလာခဲ့တော့ ။ ရေစပ်အရောက်ဆွဲခေါ်လာပြီး ပေါ်သို့မ,တင်လိုက်ကြသည်။ ဖထီး စ်သောင်းက ရေတွေအန်ထွက် င် ပခုံးပေါ်ထမ်းလျှောက်လိုက် တော့ ပါးစပ်နှင့် နှာခေါင်းများမှ ရေတွေ ထွက်ကျလာခဲ့ပါ၏။ သေသေချာ စစ်ဆေးစမ်းသပ်ကြည့်လိုက်တော့ အောင်စိုးတစ်ယောက် နှလုံးခုန်ရပ်လို့ အသက်လုံးဝမရှူတော့ပါ။ အသေချာ အမှားတစ်ချက်ကတော့ ယောကျ်ား တတ်အပ်တဲ့ပညာရပ်တွေထဲမှာ ရေ သင်မထားလိုက်မိတဲ့အမှားလို့တောင် ရမှာပါ။

❐

ဟင်္သာသားစားချင်တဲ့ ဟင်္သာတ သားတစ်ယောက် အသက်ဆုံးရှုံးခဲ့ရပါ ။ လူငယ်တစ်ယောက်ဖြစ်သလို ဌာန ိုင်ရာဝန်ထမ်းတစ်ဦးလည်းဖြစ်ပါသည်။ ဟင်္သာတမြို့နယ် လက်ရွေးစင် လက်ဝှေ့ အားကစားသမားတစ်ဦးလည်းဖြစ်သလို ကိုယ်ကာယအလှအလေးမအားကစား သမားတစ်ယောက်လည်း ဖြစ်နေပြန်ပါ သည်။ဖခင်ကြီးကလည်း မြို့ဂုဏ်ဆောင် ျဒ်ဆရာကြီးတစ်ယောက်ပါ။ သူ့ရဲ့ တစ်ဦးတည်းသောသားဖြစ်နေပြန်သလို ရပ်ကွက်အတွင်း သာမှုနာမှုလူမှုရေး အသင်းဝင်တစ်ဦးလည်းဖြစ်နေခဲ့ပါသည်။ လူမှုရေးကိစ္စတွေနှင့် ပတ်သက်လာလျှင် နေ့ညမရွေးကူညီပေးတတ်တဲ့သူဆိုတော့ သူ့ရဲ့အသုဘအခမ်းအနားဟာ အလွန်ပဲ စည်းကားလှပါသည်။

ဖြစ်ပျက်ခဲ့မှုသင်္ခါရအရ ဖြစ်ပြီးရင် တော့ ပျက်ရမှာတော့ မြေကြီးလက်ခတ် မလွဲနိုင်ပါဘူး။ ဒါပေမယ့် အသက်ငယ် ငယ်ရွယ်ရွယ်နှင့် သံသရာခရီးကို စောစီး စွာထွက်ခွာသွားနှင့်တာဆိုတော့ သူငယ် ချင်းတစ်ယောက်အနေနှင့်ရော တိုင်း ပြည်အတွက် အားထားလောက်တဲ့ အားကစားသမားတစ်ယောက်အနေနှင့် ပါ ဆုံးရှုံးခဲ့ရတာကိုတော့ နှာမြောလို့နေမိ ပါသည်။

သူငယ်ချင်းအောင်စိုး သေရတာ နှင့်ပတ်သက်ပြီး လူတွေရဲ့အမြင်၊ အတွေးအထင်တွေဟာ တစ်ယောက် တစ်မျိုးမရိုးနိုင်ကြ။ တချို့ကလည်း မြစ်ကမ်းနားသဲသောင်ပြင်မှာ မတ်တတ် အပေါ့သွားခဲ့မိလို့ ဆန္ဒားရှည်ကုလားနတ် ဖမ်းစားခံရတာတဲ့။ တချို့ကလည်း သူ များအသက်ကို သတ်လို့ဇောကပ်ပြီး ရေ တိမ်မှန်းမသိ၊ ရေနက်မှန်းမသိ၊ ဇောက် မှန်းမသိကမ်းမှန်းမသိဘဲ အကုသိုလ် အကျိုး ချက်ချင်းပေးလို့သေရတာတဲ့။ နောက်တစ်မျိုးပြောကြတာကတော့ ဟင်္သာငှက်တွေရဲ့ ကျိန်စာသင့်ပြီး မဖြစ် သင့်တာဖြစ်ရတာဆိုဘဲ။

ရှေးမိနောက်မိဖြစ်တဲ့ အသက် (၈၀) ကျော် ဘကြီးအုန်းဆိုသူကတော့ ဆေးတံကြီးကိုခဲပြီး -

"ဟင်္သာဆိုတာ ငှက်အပေါင်းတို့ ရဲ့မင်းကွယ့်။ ဘကြီးအမြင်၊ဘကြီးအသိနဲ့ ပြောရရင်တော့ ဟင်္သာတသားနဲ့ ဟင်္သာ သားဆိုတဲ့နေရာမယ် ဟင်္သာတသားဆို တဲ့နေရာမှာ တအက္ခရာသာကြေလိုက် ရင် ဟင်္သာသားဖြစ်သွားမှာပေါ့ကွယ့်။ ဒီ တော့ ဟင်္သာတသားက ဟင်္သာငှက် သားကိုစားလိုက်ရင် ဇာတ်တူသားကို စားမိတယ်လို့ မဆိုနိုင်ဘူးလားကွယ့်။ ဇာတ်တူသားစားမိလို့ ဟင်္သာကိုးသောင်း ဖျက်တယ်ဆိုတဲ့ ပုံပြင်သာဓကတွေ လည်းရှိနေတာကြားဖူးကြမှာပေါ့ကွယ်။ ဟင်္သာငှက်ဆိုတာ တကယ်တော့ နှယ်နှယ်ရရသတ္တဝါတော့ မဟုတ်ဘူး။ သုတ္တနိပါတ် မုနိသုတ အဋ္ဌကထာမှာ ဟင်္သာခြောက်မျိုးရှိတယ်လို့ ရေးထား တယ်။ အဲဒါတွေကိုတော့ ဗဟုသုတ အဖြစ် မှတ်သားထားကြပေါ့ကွယ်'

**ပဏ္ဍုဟံသ**-အစိမ်းရောင်အဆင်း ရှိတဲ့ဟင်္သာ၊ **အမ္ဗဟံသ** - ကြေးနီရောင် အဆင်းရှိတဲ့ဟင်္သာ၊ **စီရဟံသ** - နို့ရည် အဆင်းရောင်ရှိတဲ့ဟင်္သာ။ **ကာဠဟံသ** - အနက်ရောင်အဆင်းရှိတဲ့ဟင်္သာ၊ **ပါက ဟံသ**-ရွှေရင့်ရောင်အဆင်းရှိတဲ့ဟင်္သာ၊ **သုဝဏ္ဏဟံသ** - ရွှေရောင်အဆင်းရှိတဲ့ ဟင်္သာတဲ့ကွ။

အဲဒီ သုဝဏ္ဏဟံသဆိုတဲ့ ဟင်္သာ မျိုးဟာ သူ့ရဲ့အမွေးအတောင်တွေက ရွှေအတိပြီးနေတယ်လို့တောင် စာတွေ ထဲမှာ ဆိုထားတာ ဖတ်ဖူးသကွယ့်။

ကဲ- ဒီတော့ကာ အများကပေးကြ တဲ့ ထင်ကြေးတွေကိုလည်း မှားတယ် လို့တော့မဆိုချင်ပါဘူး။ ဘကြီးအထင် ပြောရရင်တော့ လေသေနတ်မှန်ထားတဲ့ ဟင်္သာငှက်ကို လက်လွှတ်မခံချင်တဲ့စိတ် ရယ်၊ ရယူလိုချင်တဲ့ဇောတစ်ခုတည်းနဲ့ ရေတိမ်၊ ရေနက်မခွဲတော့ဘဲ ရေထဲ ဇွတ်တိုးဆင်းသွားပြီး နောက်ဆုံးတော့ ရေမကူးတတ်တဲ့အတွက်ကြောင့်သာ အခုလို မောင်အောင်စိုး သေရတာပါ ကွယ်။

ဘာသာတရားအရပြောရရင်တော့ ကံ၊ကံ၏အကျိုးပဲပေါ့ကွယ်။ သူ့အသက် သတ်ရင် ကိုယ့်အသက်ကို ပေးရတတ် တာကလား။ ဒီတော့ ပါဏာတိပါတာကို ရှောင်ကြဉ်ကြတာတော့ အကောင်းဆုံး ပဲပေါ့ကွယ်။ အမှားကိုမြင်ရင် အမှန်ကို ပြင်ကြရမှာပေါ့ကွယ်။ အဆိုးတွေကို ရှောင်ပြီး အကောင်းတွေကို ဆောင်ကြရ မှာပေါ့။ ပြီးတော့ ရှင်မဟာရဋ္ဌသာရရဲ့ လက်သစ်တောင်တာဆုံးမစာမှာ 'ကိုယ် နှင့်လည်းစာ၊ သတ္တဝါကိုကြင်နာလှစေ၊ သူ့အသက်ကို ချစ်ပါလေ'လို့ဆိုထားလေ တော့ သတ္တဝါတွေအားလုံးအပေါ်မှာ မေတ္တာ၊ စေတနာ၊ အကြင်နာ၊ ကရုဏာ တရားတွေထားနိုင်ကြရင်တော့ အကောင်း ဆုံးပဲပေါ့ကွယ်။ ပြီးတော့ကာ အားလုံး တစ်သက်လုံးမှတ်ထားကြရမှာတစ်ခုက တော့ ဘယ်အရပ်ဒေသမျိုးကိုပဲရောက် ရောက် လေချွန်၊ တောက်ခေါက်၊ ဆီး မတ်တတ်သွားတဲ့ဆိုတဲ့အမူအကျင့်မျိုး ဘယ်သောအခါမှ မကျင့်သုံးကြလေနဲ့ ကွယ့်။

အားလုံးကို ဘကြီးပြောချင်တာ ကတော့ အောင်အတိတ်နိမိတ်ကောင်း ကိုဆောင်ပြီး 'အောင်တော်. . .' လို့ အော်မြည်ကြွေးတဲ့ ဟင်္သာအော်သံတွေ မပျောက်မပျက်ရလေအောင် ဟင်္သာ ငှက်တွေကိုတော့ ဘေးမဲ့ပေးလိုက်ကြပါ ကွယ်"

ဘကြီးအုန်းက အသုဘရှုတရား နာလာရင်း ဗဟုသုတတွေ တနင့်တပိုး ကြီးပေးသွားခဲ့ပါပြီ။ ကိုယ်ချင်းစာညှာ တာသနားစိတ်တွေ မွေးနိုင်ကြပါစေ။ ယောကျ်ားတွေတတ်အပ်တဲ့ အတတ် ပညာတွေထဲမှာ အရေးကြီး သက်လုံ ကောင်းစေဖို့ ရေကူးတတ်ခြင်းကိုလည်း မတတ်သေးသူများ သင်ထားကြဖို့ တိုက် တွန်းလိုပါသည်။

နောက်ဆုံးတစ်ခုကတော့ ဘာပဲ ဖြစ်ဖြစ် တူသောအကျိုးပေးတတ်တယ် ဆိုတာကိုတော့ မမေ့မလျော့ သတိရနေ ကြဖို့တော့ အရေးအကြီးဆုံးပါပဲဗျာ။


*သဒ္ဒိသံ ပါကံ ဇနေတိ*

ပန်းမြိုင်သေယံစိန်ခင်ဦး

*မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့ရသော ချစ်သူငယ်ချင်း မောင်အောင်စိုးသို့*

www.burmeseclassic.com

ညောင်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-7)ပန္နက်ပုံဆွဲ




အညွှန်း

စကေး ၁၀ စင်တီမီတာ = ၅ မီတာ

အဆောက်အအုံကျောက်စီ

ပြန့်ကျဲနေသော ကျောက်တုံးများ

ပြန့်ကျဲနေသော ရုတ်အပိုင်းအစများ


# ကျေးပင်ကုန်း

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်းရှိ တိုးတက်ပြောင်းလဲတည်ရှိနေသော သမိုင်းခေတ်အဆက်ဆက်များကို ဆက်စပ် လေ့လာ သုတေသနပြုနိုင်ရန်အတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စဉ်ဆက်မပြတ် လေ့လာ ဖော်ထုတ်လျက်ရှိပါသည်။ ထိုသို့ဖော်ထုတ်ရာတွင် ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းပစ္စည်းများကို အခြေခံ၍ လူ့ယဉ်ကျေးမှု ပြောင်းလဲ တိုးတက်လာသည့်အလျောက် လူတို့ဖန်တီးထားသော အဆောက်အအုံများနှင့် အသုံးပြုပစ္စည်းများသည် မြေပေါ်တွင်သာမက မြေအောက်တွင်လည်း ဖုံးလွှမ်းနေတတ်ပါသည်။

ညောင်ဝတီမြို့ဟောင်းသည် ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားခဲ့သည်

ညောင်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-7)တောင်ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ




အညွှန်း

စကေး ၁၀ စင်တီမီတာ = ၅ မီတာ

၁ အပေါ်ယံသစ်မြစ်ဆွေးရောမြေဆွေး

၂ ဗိုမြေလွှာ

၃ ကျောက်ကျိုးရောမြေလွှာ


၄ ဗိုမြေလွှာ

၅ ဗိသိပ်မြေကျစ်လွှာ

၆ သဘာဝမြေလွှာ

www.burmeseclassic.com

ညောင်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-7) အရှေ့ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ




မြို့ပြတစ်ခုဖြစ်ခဲ့သည်နှင့်အညီ မဟာမုတ်မုနိဆင်းတုတော်ကြီးကို သွန်းလုပ်ခဲ့ရာ မြို့ဟောင်းတစ်မြို့လည်းဖြစ်ပါသည်။ ဤမြို့ဟောင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များကို မြေပေါ်၊ မြေအောက်၌ ကြွယ်ဝစွာတွေ့ရှိနိုင်ပါသည်။ မြေပေါ်၌ ကြွင်းကျန်ရစ်သော အထောက်အထားများသာမက မြေကြီးအောက်၌ ကြွင်းကျန်ရစ်သော အထောက်အထားကို တူးဖော်သုတေသနပြုခြင်းကြောင့် ညောင်ဝတီမြို့ဟောင်း၏ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများကို ပိုမိုပြည့်စုံစေမည် ဖြစ်ပါသည်။

ထို့ကြောင့် ညောင်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-7) ဖြစ်သော ကျေးပင်ကုန်းကို တူးဖော်သုတေသနပြုလုပ်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏လမ်းညွှန်မှု ရခိုင်ပြည်နယ်အစိုးရ၏ ကြီးကြပ်မှုကို ခံယူပြီး ဦးညိမ်းလွင် (ဒုတိယကျောင်းအုပ်ကြီး) ရှေးဟောင်းနည်းပညာသင်တန်းကျောင်း (ပြည်) ဦးဆောင်သော တူးဖော်မှုအဖွဲ့သည် (DNWD- 7) ကျေးပင်ကုန်းကို ၃ လပိုင်း၊ ၂၀၁၄ ခုနှစ်တွင် တူးဖော်သုတေသနပြုလုပ်ခဲ့ကြပါသည်။ တူးဖော်သုတေသနပြုလုပ်ခဲ့သော ညောင်ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD- 7) သည် ညောင်ဝတီမြို့ဟောင်း အပြင်မြို့ရိုး၏ တောင်ဘက် (၁၂၀၀) မီတာ ရန်ကုန်-စစ်တွေကားလမ်းမကြီး၏ အနောက်ဘက် (၁၂၀၀) မီတာခန့်အကွာတွင် တည်ရှိပါသည်။ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ညောင်ချောင်းရွာ၏အရှေ့ဘက်တွင် တွေ့နိုင်ပါသည်။ (G.P.S) ညွှန်းမှတ် မြောက်လတ္တီကျူဒ် (20)˚ (51)' (24.20)"၊ အရှေ့လောင်ဂျီတွဒ် (93)˚ (4)' (3.45) "နှင့် ပင်လယ်ရေမျက်နှာပြင်အမြင့် (၂၂) ပေတွင် တည်ရှိပါသည်။ မြေစာရင်းဦးစီးဌာန၏မြေပုံအရ ညောင်ချောင်းကွင်းအမှတ် (၇၉၂) လယ်ပိုင်ရှင် ဦးချစ်စိန် လယ်ကွင်းထဲတွင် တည်ရှိပါသည်။


ညောင်ဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD - 7) ၏ မြေပြင်အနေအထားမှာ ကုန်းမို့ပေါ်တွင် မြက်ပင်မှလွဲ၍ မည်သည့်အပင်ကြီးမျှပေါက်ရောက်မှုမရှိသောကုန်းတစ်ကုန်းပင်ဖြစ်ပါသည်။ ကုန်းဘေးနားအရှေ့ဘက်မြောက်ထောင့်တွင်သာ ကျေးပင်ကြီးတစ်ပင် ပေါက်ရောက်လျက်ရှိပါသည်။ ထိုကျေးပင်ကိုအခြေပြု၍ ဤ (DNWD-7) ကုန်းကို ကျေးပင်ကုန်းဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ ကုန်း၏ မြေမျက်နှာသွင်ပြင်အနေအထားမှာ မြောက်ဘက်ပိုင်းသည် တောင်ဘက်ပိုင်းထက်ပိုမြင့်ပြီး အရှေ့ဘက်ပိုင်းသည် အနောက်ဘက်ပိုင်းထက် ပိုနိမ့်နေသည်ကို တွေ့ရှိရပါသည်။ ကုန်းတစ်ခုလုံး၏မတူးဖော်မီပုံစံမှာ စက်ဝိုင်းမကျတကျပုံစံ တည်ရှိပါသည်။ မတူးဖော်မီ ကုန်း၏ အမြင့်မှာ တူးဖော်မှုကုန်း၏ အရှေ့မြောက်ဘက် အနိမ့်ဆုံးမြေပြင်မှတိုင်းလျှင် (၁. ၀၃) မီတာ၊ (၃. ၃၇) ပေ မြင့်ပါသည်။ မတူးဖော်မီ ကုန်းပေါ်တွင် သဲကျောက်တုံးအစအန အစိတ်အပိုင်းအနည်းငယ်ကို တွေ့ရှိရပါသည်။ ဤကုန်းသည် ကျေးပင်းအနီးရှိ လယ်ကွင်းထဲတွင်တည်ရှိသောကုန်းတစ်ခုပင် ဖြစ်ပါသည်။ ဤကုန်း၏ အနောက်မြောက်ဘက်တွင်လည်း ကုန်းမို့မို့လေးများကျန်ရှိပါသေးသည်။

တူးဖော်သုတေသနပြုလုပ်သည့် (DNWD - 7) ကုန်းသည် လွတ်လပ်ရေး မရမီနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း နှောင်းခေတ်လူတို့၏ နှောင့်ယှက်ဖျက်ဆီးမှုတို့ကို များစွာခံခဲ့ရသော ကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။ သိုက်တူးဆရာများ၏ ဌာပနာဖောက်တူးဖော်မှုကြောင့် ကုန်း၏အလယ်ကောင်တည့်တည့်တွင် ချိုင့်ခွက်ခံနေသည်ကို တွေ့ရှိရပါသည်။ ဤတူးဖော်မှုကုန်းမှာ ရန်ကုန် - စစ်တွေ ကားလမ်းမကြီးနှင့် မနီးမဝေးတည်ရှိရခြင်းကြောင့်လည်း ကားလမ်းမွမ်းမံရာတွင် ကျောက်တုံးများအသုံးပြုခံခဲ့ရသော ကုန်းတစ်ကုန်းလည်း ဖြစ်ပါသည်။

ကုန်းအမှတ် (DNWD - 7) ကျေးပင်ကုန်းကို တူးဖော်သုတေသနပြုလုပ်ရာတွင် တူးဖော်မှုနည်းစနစ်များစွာရှိသည့်အနက် အဆောက်အအုံ၏ မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာ သိရှိနားလည်စေရန်နှင့်တူးဖော်ထွက်ရှိလာသော ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန် အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့်စနစ် (Grid System) ကို အခြေခံပြီး တူးဖော်သည့်နည်းစနစ်ကို အသုံးပြု၍ တူးဖော်ထားခြင်း ဖြစ်ပါသည်။


တူးဖော်သုတေသနပြုပြီး ထွက်ရှိလာသော အဆောက်အအုံပန္နက်ပုံစံမှာ ထောင့်ရှစ်ထောင့်ပါရှိပြီး ရှစ်မြှောင့်ပုံစံရှိသည့် အရှေ့ဘက်တွင် လိုဏ်ပေါက်ဝင်လမ်းပါရှိသော ဂူပုထိုးတော်စေတီပုံစံတစ်ဆူပင် ဖြစ်ပါသည်။ စေတီတော်၏ အရှေ့ဘက်ရှိ ဝင်လမ်းလိုဏ်ပေါက်သည် အရှေ့တည့်တည့်မကျရောက်ဘဲ သံလိုက်အိမ်မြှောင်၏ အရှေ့၊ အနောက်မျဉ်းမှ မြောက်ဘက်သို့ (၂၀) ဒီဂရီ တိမ်းစောင်းနေသည်ကို တွေ့ရှိရပါသည်။ စေတီတော်၏ အနောက်မြောက်ဘက်တွင်ရှိသော ထောင့်နှစ်ထောင့်ပါသည့်

www.burmeseclassic.com










အနားနှစ်ဖက်နှင့် စေတီတော်အတွင်းလိုဏ်တစ်ခုလုံး၏ အနောက်ဘက်ပိုင်းတစ်ခြမ်းလုံးသည် သိုက်ဆရာများ၏ သိုက်တူးဖော်မှုကြောင့် ပျက်စီးသွားပြီဖြစ်ပါသည်။ တူးဖော်သုတေသနပြုပြီး လက်ရှိအခြေအနေတွင် စေတီတော်၏ အရှေ့ဘက်တစ်ခြမ်းကိုသာ မူလကပြိုကျပျက်စီးနေသည့် အနေအထားအတိုင်း တွေ့ရှိရပါသည်။

ရှစ်မြှောင့်ပုံစံရှိသော စေတီတော်၏အချင်းမှာ (၁၅) ပေ၊ (၆) လက်မခန့်ရှိပြီး အနားတစ်ဖက်စီ၏အရှည်မှာ (၆) ပေ၊ (၆) လက်မခန့်ရှိပါသည်။ လိုဏ်ဝင်ပေါက်၏အရှည်မှာ (၅) ပေ၊ (၇) လက်မခန့်နှင့် ဝင်ဝ၏အကျယ်မှာ (၂) ပေ၊ (၂) လက်မခန့်ရှိပါသည်။ အလယ်အတွင်းလိုဏ်၏အကျယ်မှာ (၅)ပေ၊(၁၀)လက်မခန့်ရှိပြီး အတွင်းလိုဏ်အနားနှင့် စေတီပန္နက်အပြင်အနားအထူမှာ (၅) ပေ၊ (၅) လက်မရှိပါသည်။ ယခုတူးဖော်တွေ့ရှိရသော ဂူပုထိုးစေတီတော်၏ ပန္နက်ပုံစံသည် အရပ်ရှစ်မျက်နှာကိုညွှန်းသော စေတီတော်တစ်ဆူပုံသဏ္ဌာန်ပင် ဖြစ်ပါသည်။ ကျောက်တုံး(၆)စီခန့်ကို မြေပြင်ပေါ်ရောက်အောင်တူးခဲ့ပြီး မြေကြီးထဲကျောက်(၂)စီခန့်ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါသည်။ စေတီတော်ကျောက်စီမှ ကျောက်တုံးဆိုဒ်အရွယ်အစားတချို့မှာ အလျား (၃၆) စင်တီမီတာခန့်၊ အနံ (၂၇)စင်တီမီတာခန့်နှင့် အထူ(၁၂)စင်တီမီတာခန့်ရှိသော မြောင်းပါသည့် အမကျောက်တုံးအရွယ်အစားတစ်ခုပင် ဖြစ်ပါသည်။ အခြားကျောက်တုံးများမှာ အလျား (၂၂) စင်တီမီတာခန့်၊ အနံ (၁၉) စင်တီမီတာခန့်၊ အထူ (၁၀) စင်တီမီတာခန့်ရှိသော မိုးချော‌ကျောက်တုံး၊ အလျား (၂၈) စင်တီမီတာခန့်၊ အနံ (၂၁) စင်တီမီတာခန့်၊ အထူ (၁၂) စင်တီမီတာခန့်၊ အလျား (၃၁) စင်တီမီတာခန့်၊ အနံ (၁၃) စင်တီမီတာ၊ အထူ (၇)စင်တီမီတာခန့်နှင့် အလျား (၂၆) စင်တီမီတာခန့်၊ အနံ (၁၈) စင်တီမီတာခန့်၊ အထူ (၁၀) စင်တီမီတာခန့်ရှိသော ကျောက်တုံးများအပြင် အခြားဆိုဒ်ပုံစံကျောက်တုံးများလည်း တွေ့ရှိပါသည်။ ကျောက်တုံးများအပြင် စေတီအောက်ခြေပတ်ပတ်လည်တွင် အုတ်ကျိုးအုတ်ခဲများကိုလည်း တွေ့ရှိရပါသေးသည်။

ဧည့ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD - 7) ကုန်းကို တူးဖော်သုတေသနပြုလုပ်ပြီး ထွက်ရှိလာသော အဆောက်အအုံ၏ပန္နက်ပုံစံမှာ ထောင့်ရှစ်ထောင့်၊ အနားရှစ်နားပါသည့် ရှစ်မြှောင့်ပုံစံလိုဏ်ပေါက်ပါရှိသော ဂူပုထိုးစေတီတစ်ဆူဖြစ်ပါသည်။ စေတီ၏တည်ဆောက်ပုံနည်းစနစ်သည် အောက်ခံသဘာဝမြေလွှာဖြစ်သော ရွှံ့စေးမြေလွှာပေါ်တွင် အုတ်ခဲကျိုးအနည်းငယ်နှင့် ရွှံ့စေးမြေရောဖြီး မာကျောသိပ်သည်းစေရန် ဆစ်ထားသော ကျောက်စပ်ကလေးများနှင့် ထုထောင်းပြင်ဆင်ထားသောမြေလွှာကို စေတီတော်၏ပန္နက်အောက်ခံမြေအဖြစ် စတင်ပြုလုပ်ထားသည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့ အမာခံရရှိအောင် ပြင်ဆင်ထားသော မြေလွှာပေါ်တွင် ထောင့်မှန်စတုဂံပုံစံထုဆစ်ထားသော သဲကျောက်တုံးများဖြင့် စေတီတော်၏ အောက်ခြေပန္နက်ကို စတင်ပြုလုပ်ထားပါသည်။ စေတီ၏ အောက်ဆုံးကျောက်တုံးမှ အထက်သို့ သဲကျောက်များကို စီတင်ရာတွင် (၂) လက်မခန့်စီအပြင်ဘက်ကိုတိုးပြီး (၃) လွှာရောက်သည်အထိ တိုးပြီးစီထားသည်ကို တွေ့ရှိရပါသည်။ (၄) လွှာမြောက်တွင် (၃) လွှာမြောက်ကျောက်စီမှ (၃) လက်မအတွင်းဘက်ကိုဆုတ်ပြီး စီတင်ထားသည်ကို တွေ့ရှိရပါသည်။ (၅) လွှာမြောက်တွင် မိုးချောအတွက် ထုဆစ်ထားသော မိုးချောအလွှာ၏ အောက်ပိုင်းကို (၄) လွှာမြောက် ကျောက်စီ၏ အတွင်းဘက် (၃) လက်မခန့်ဆုတ်၍ ထပ်မံပြီး စီတင်ထားပါသည်။ (၆) လွှာမြောက်တွင် မိုးချောအတွက်ထုဆစ်ထားသော သဲကျောက်တုံး၏ အထက်ပိုင်းကို ထပ်မံပြီး စီတင်ထားပါသည်။ (၇) လွှာမြောက်တွင် ထောင့်မှန်စတုဂံပုံ ထုဆစ်ထားသော သဲကျောက်တုံးကို (၆) လွှာမြောက်အစီအပေါ်တည့်တည့်တွင် ထပ်မံပြီး စီတင်ထားပါသည်။ (၈) လွှာမြောက်တွင် ထောင့်မှန်စတုဂံပုစံ ထုဆစ်ထားသော သဲကျောက်တုံးကိုပင် (၇) လွှာမြောက်ကျောက်စီ၏ အပေါ်တည့်တည့်တွင် ထပ်မံပြီးစီတင်ထားသည်ကို တွေ့ရှိရပါသည်။

ဧည့ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD-7) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အဆောက်အအုံနှင့်ဆက်စပ်နေသည့်မြေလွှာသမိုင်းကြောင်းကို သိရှိစေရန်အတွက် မြေလွှာဖေးသပ်တူးဖော်မှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ မြေလွှာစမ်းသပ်ကျင်းကို အဆော



www.burmeseclassic.com

www.burmeseclassic.com

မြေလွှာမှ သဘာဝမြေလွှာရောက် သည့်အထိ တူးဖော်သုတေသနပြုလုပ် ရာတွင် မြေလွှာခြောက်လွှာတူးဖော်တွေ့ ရှိပြီး ကျင်း၏အနက်မှာ (၁၀၀) စင်တီ မီတာအနက်ရှိပါသည်။

မြေအမှတ် (၁) သည် အပေါ်ယံ သစ်မြစ်ထိုးမြေလွှာဖြစ်ပြီး ရေ၊ လေ၊ မြေသယ်ဆောင်ခြင်းနှင့် သစ်မြစ်ဆွေး တို့မှ ပို့ချထားသော အပေါ်ယံသစ်မြစ် ထိုးမြေလွှာဖြစ်ပါသည်။ မြေလွှာအမှတ် (၂) မှာ သစ်မြစ်ထိုးမြေလွှာအောက်၌ရှိ သောမြေလွှာဖြစ်ပြီး မူလအဆောက် အအုံပြိုကျပြီးနောက် ပို့ချထားသော မြေလွှာပင် ဖြစ်ပါသည်။ မြေလွှာအမှတ် (၃) သည် ပို့ချမြေလွှာအောက်တွင်ရှိ သော ရှစ်မြှောင့်ပုံစေတီပြိုကျပြီးနောက် ပြိုကျလာသောကျောက်ကျိုးရောမြေလွှာ ဖြစ်ပါသည်။ မြေလွှာအမှတ် (၄) သည် ကျောက်ကျိုးရော မြေလွှာ အောက်တွင်ရှိသော ဖို့မြေလွှာဖြစ်ပါ သည်။၎င်းမြေလွှာအတွင်းတွင် ကျောက် ခဲကျိုးအပိုင်းအစအနည်းငယ်အချို့ကို တူးဖော်တွေ့ရှိခဲ့ရပါသည်။ မြေလွှာ အမှတ် (၅) သည် ကျောက်ကျိုးရော မြေလွှာအောက်တွင်ရှိသော ဖို့မြေလွှာ ဖြစ်ပါသည်။ ၎င်းမြေလွှာအတွင်းတွင် ကျောက်ဆစ်စ၊ ကျောက်ခဲကျိုးအပဲ့အစ များနှင့်ရောထုထောင်းထားသောအလွှာ ကို တူးဖော်တွေ့ရှိရပါသည်။ မြေလွှာ အမှတ် (၅) သည် မြေလွှာအမှတ် (၄) ထက် ပိုပြီးကျစ်လျစ်သိပ်သည်းသော မြေလွှာပင် ဖြစ်ပါသည်။ မြေလွှာအမှတ် (၆) သည် ဖို့မြေလွှာအောက်တွင်ရှိသော နွံဆန်သည့်လူပြုလုပ်ဖန်တီးမထားသော သဘာဝမြေလွှာအစစ်ပင် ဖြစ်ပါသည်။


ညေဝတီမြို့ဟောင်းတူးဖော်မှု ကုန်း (DNWD-7) ကျေးပင်ကုန်းမှ တူး ဖော်သုတေသနပြုလုပ်၍ တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထု ပစ္စည်းတချို့ကို ရေးသားဖော်ပြလိုက်ပါ သည်။

ပုံ (၁) ပုံဆွဲလက်ရာ ကြိုးလိမ် လက်ကောက်အပိုင်းအစတစ်ခုကို ရေး ဆွဲထားသော လက်ရာတစ်ခုပင် ဖြစ်ပါ သည်။ ရခိုင်ဒေသခံများက ဤလက် ကောက်မျိုးကို 'ခရမ်းသီးလက်ကောက်၊ ဈေးလက်ကောက်' ဟု ခေါ်ဆိုကြပါ သည်။ မူရင်းလက်ကောက်အပိုင်းအစ အရောင်မှာ ဖန်သာကဲ့သို့ကြည်နေပြီး အရှည် (၂ ၃/၄) စင်တီမီတာခန့်နှင့် ကြိုး လိမ်လက်ကောက်အလုံး အချင်း (၁/၄) စင်တီမီတာခန့်ရှိပါသည်။ ကြည်နေ သောဖန်သားရောင်ပေါ်တွင် အဝါရောင် အရစ်ကလေးများကို ထူးဆန်းစွာတွေ့ရှိ ရပါသည်။

ပုံ (၂) လက်ရာသည်လည်း ခရမ်း သီးလက်ကောက်၊ ဈေးလက်ကောက် အပိုင်းအစကို ကူးယူရေးဆွဲထားသော ခရမ်းသီးလက်ကောက်၊ဈေးလက်ကောက် ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းလက်ကောက် အပိုင်းအစအရှည် (၃ ၁/၄) စင်တီမီတာခန့်နှင့် အလုံးအချင်း (၁/၂) စင်တီမီတာခန့်ရှိသည်ကို တိုင်းတာ တွေ့ရှိရသည်။ထူးဆန်းသောရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်လက်ရာများပင် ဖြစ်ပါသည်။


ပုံ (၃) ပုံဆွဲလက်ရာမှာ မြေမီးဖုတ် အိုးအနားအပိုင်းအစတစ်ခုကို ကူးယူရေး ဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ် ပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲ အနားအမြင့် (၄) စင်တီမီတာခန့်၊ အကျယ် (၁၀) စင်တီမီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့် ရှိပါသည်။ လက်ရာ မှာ ချောမွတ်နေပြီး မြေသားပေါ်တွင် သဲပွင့်လေးများ ပါရှိသည်ကို တွေ့ရှိရပါ သည်။ အတွင်းသား မြေမီးဖုတ်ရောင် တောက်ပနေပြီး အပြင်ရွှံ့ရောင်ဖြစ်နေ သည်ကို တွေ့ရှိရပါသည်။ အနား အောက်တွင် ဖောင်းလုံးခုံးတစ်ခု ဖော် ထားသည်ကို တွေ့ရှိရပါသည်။

ပုံ (၄) ပုံဆွဲလက်ရာသည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲ လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာ တစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ် အိုးခြမ်းကွဲအမြင့် (၄) စင်တီမီတာခန့်၊ အကျယ်(၂ ၁/၂)စင်တီမီတာခန့်နှင့် အထူ ဆုံးနေရာ (၁/၂) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲ၏ တစ်ဖက်မျက်နှာအချော




ပုံ (၄)

ဖြစ်ပြီး ပုံဆွဲဖော်ပြထားသည့် မျက်နှာမှာ ရာဇမတ်ကွက်ထဲတွင် မျက်လုံးကဲ့သို့ ဖော်ထားသည်ကိုတွေ့ရှိရပါသည်။ အနု ပညာဆန်လှပါ၏။ အရောင်မှာ မြေမီး ဖုတ်ရောင်၊ အဖျော့ရောင်သာတွေ့ရှိရပါ သည်။




ပုံ (၅)

ပုံ (၅) လက်ရာမှာ မြေမီးဖုတ်အိုး ခြမ်းကွဲအပဲ့အစကို ကူးယူရေးဆွဲထား သောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲ အမြင့် (၄ ၁/၂) စင်တီ မီတာခန့်၊ အကျယ် (၃) စင်တီမီတာခန့် နှင့် အထူ (၁/၂) စင်တီမီတာခန့်ရှိသည် ကို တိုင်းတာတွေ့ရှိရပါသည်။ အတွင်း မျက်နှာပြင်အချောဖြစ်ပြီး အပြင်မျက်နှာ ပြင်မှာ ရေးဆွဲဖော်ပြထားသည့် ပုံဆွဲ လက်ရာအတိုင်း လေးထောင့်ကွက်က လေးများဖြင့် အလှဆင်ထားပါသည်။ အရောင်မှာ မြေမီးဖုတ်ရောင်ဖျော့သည် ကို တွေ့ရှိရပါသည်။ မြေသားကျစ်လျစ် နေသည်ကို တွေ့ရှိရပါသည်။


ဖော်ပြရေးဆွဲထားသော ပုံ (၆) လက်ရာမှာ မြေမီးဖုတ်အိုးခြမ်းကွဲအနား တစ်ဖဲ့ကို ကူးယူရေးဆွဲထားသော ပုံဆွဲ လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း မြေမီးဖုတ်လက်ရာ အမြင့် (၅) စင်တီ မီတာခန့်၊ အကျယ် (၅ ၁/၂) စင်တီမီတာ ခန့်နှင့် အထူဆုံးနေရာ (၁) စင်တီမီတာ ခန့်ရှိပါသည်။ အိုးအနားတစ်ဖဲ့ဖြစ်ဟန် တူပါသည်။အပေါ်အနားလိပ်ထားသည့် ဟန် ပိုထူနေသည်ကို တွေ့ရှိရပါသည်။ မြေသားမာကျောကျစ်လျစ်ပြီး မြေမီး ဖုတ်ရောင်ဖျော့နေသည်ကို တွေ့ရှိရပါ သည်။


ပုံ (၇) ပုံဆွဲလက်ရာသည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲ အပဲ့အစအနား တစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲ လက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်း မြေမီးဖုတ်အိုးခြမ်းကွဲ အနားအပဲ့အစ





www.burmeseclassic.com

www.burmeseclassic.com




လက်ရာအမြင့် (၃) စင်တီမီတာခန့်၊ အကျယ် (၄$\frac{၃}{၄}$)စင်တီမီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းပဲ့တွင် အနားရစ်အကြီးတစ်ရစ်၊ အငယ်တစ်ရစ်ဖြင့် အဆင့်နှစ်ဆင့်ဖြင့်တွေ့ရှိရသည်။ မြေမီးဖုတ်အရောင်မှာ တောက်ပစွာတွေ့ရှိရပြီး မြေသားလည်း သဲပွင့်မပါရှိဘဲ ကျစ်လျစ်မာကျောသည်ကို တွေ့ရှိရပါသည်။

ဤပုံဆွဲလက်ရာကို ဘေးမြင်၊ အပေါ်စီးမြင် ပုံစံ(၂)မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ မြေမီးဖုတ်ပန်းကန်လုံးဖင်အပိုင်းအစတစ်ခုဟု ယူဆရပါ၏။ မူရင်းပန်းကန်လုံးဖင်အပိုင်းအစအမြင့် (၂$\frac{၃}{၄}$) စင်တီမီတာခန့်၊ အကျယ် (၅$\frac{၁}{၂}$) စင်တီမီတာခန့်နှင့် အထူ ($\frac{၁}{၂}$) စင်တီမီတာခန့်ရှိပါသည်။ ပုံဆွဲ (၈) ၏ လက်ဝဲဘက်ပုံမှာ ပန်းကန်လုံးဖင်အပိုင်းအစ၏ ဘေးမြင့်နှင့် အထူကို ရေးဆွဲဖော်ပြထားပြီး လက်ယာဘက်ပုံဆွဲလက်ရာမှာ ပန်းကန်လုံးဖင်အပိုင်းအစ၏ ခွက်နေသော အပေါ်စီးအမြင့်ကို ရေးဆွဲ ဖော်ပြထားသောလက်ရာပင် ဖြစ်ပါသည်။ မူရင်း မြေမီးဖုတ်ပန်းကန်လုံးအပိုင်းအစအရောင်မှာ မြေမီးဖုတ်အရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။


ပုံ (၉) လက်ရာသည် ရေအိုးခွက်အနားတစ်ဖဲ့ဖြစ်ဟန်ရှိသော မြေမီးဖုတ်လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသောပုံစံလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်လက်ရာအမြင့်(၉)စင်တီမီတာခန့်၊ အကျယ် (၁၈) စင်တီမီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့် ရှိပါသည်။ အတွင်းမျက်နှာပြင်အချောဖြစ်ပြီး အပြင်မျက်နှာပြင်တွင် အရစ်သုံးရစ်ပါရှိပါသည်။ ရေအိုးခွက်အနားမြေမီးဖုတ်လက်ရာဟု ခန့်မှန်းရပါ၏။ မြေမီးဖုတ်အရောင်မှာ အရောင်ဖျော့ပြီး ရွှံ့သားကျစ်လျစ်မာကျောသည့် အနေအထားမျိုး တွေ့ရှိရပါသည်။

ပုံ (၁၀) လက်ရာမှာ မြေအိုးခြမ်းကွဲ အပဲ့အစလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော အိုးခြမ်းကွဲပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲအမြင့် (၃$\frac{၃}{၄}$) စင်တီမီတာခန့်၊ အကျယ် (၃$\frac{၁}{၂}$)စင်တီမီတာခန့်နှင့် အထူ ($\frac{၁}{၂}$) စင်တီမီတာခန့် ရှိပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအတွင်း မျက်နှာပြင်မှာ အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ အစင်းကြောင်းလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်း




www.burmeseclassic.com

www.burmeseclassic.com



အတွင်း၊ အပြင်အရောင်မှာ မြေမီး
အဖျော့ရောင်တွေ့ရှိရပြီး အလယ်
နီညိုရောင်အဖြစ် ထူးဆန်းစွာ
ရှိရပါသည်။

ပုံ (၁၁)




၎င်းလက်ရာမှာ သံချောင်းအပိုင်း
တစ်ခုကို ကူးယူရေးဆွဲထားသော
လက်ရာတစ်ခုပင် ဖြစ်ပါသည်။
ချောင်းမူရင်းလက်ရာအရှည် (၈ ၃/၄)
မီတာခန့်နှင့် သံချောင်းအလုံး
ချင်း (၁/၂) စင်တီမီတာခန့် ရှိပါသည်။
ချောင်းမူရင်းလက်ရာမှာ သံချေး
ထပ်တက်၍တွေ့ရှိရပါသည်။ ၎င်း
ရှားပါးလက်ရာ သံချောင်းအပိုင်း
တစ်ခုပင် ဖြစ်ပါသည်။


ပုံ (၁၂) လက်ရာမှာ မြေမီးဖုတ်
နွတ်သီးအပိုင်းအစတစ်ခုကို ကူး
ထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်
သည်၊ မူလလက်ရာအမြင့် (၅ ၁/၂)
မီတာခန့်၊ အပေါ်အကျယ် (၁/၂)
စင်တီမီတာခန့်နှင့် အောက်ပိုင်းအကျယ်
(၂ ၁/၃)စင်တီမီတာခန့် ရှိပါသည်။ အပေါ်
ထိပ်အပေါက်အချင်း (၁/၂)စင်တီမီတာခန့်
နှင့် အောက်အပေါက်စအချင်း(၁)စင်တီ
မီတာခန့်ရှိသည်ကို တွေ့ရှိရပါသည်။
ပုံဆွဲလက်ရာတွင် လက်ဝဲဘက်ခြမ်းကို
ဘေးမြင်အနေအထားအတိုင်း ရေးပြ
ထားပြီး လက်ယာဘက်ခြမ်းကို အထူ
အနေအထားကို အနက်ပလိန်းဖြင့်
ဖော်ပြရေးဆွဲထားပါသည်။ မြေမီးဖုတ်
မူရင်းအရောင်မှာ ရွှံ့ရောင်တစ်ခြမ်း၊ မြေ
မီးဖုတ်ရောင်တစ်ခြမ်း တွေ့ရှိရပြီး မြေ
သားပေါ်တွင် သဲပွင့်ကလေးများ ပါရှိ
သည်ကို တွေ့ရှိရပါသည်။

ပုံ (၁၃) လက်ရာမှာ နွားသွားဟု
ယူကြသည့် သွားတစ်ချောင်းကို ရေးဆွဲ
ထားသည့် ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါ
သည်။ မူရင်းသွားအမြင့် (၄ ၁/၂) စင်တီ
မီတာခန့် အကျယ် (၂ ၁/၃) စင်တီမီတာ
ခန့်နှင့် အထူ (၁ ၁/၂) စင်တီမီတာခန့်ရှိပါ
သည်။ နွားသွားဆိုရသော်လည်း စေတီ
လိုဏ်ထဲမှရရှိသောကြောင့် ဌာပနာ
ထည့်သော အံတော်ပွား ဖြစ်နိုင်ပါသည်။
ရှေးခေတ်လူကြီးများမှာ နွားလားဥသဘ
သူရဲကောင်းနွားနှင့် သူရဲကောင်းမြင်း
သွားများကို အံတော်ပွားအဖြစ် ပူဇော်
ကြသည်ဟု သိရှိရပါသည်။ ရိုးရိုးနွား
သွား၊ ရိုးရိုးမြင်းသွားများကို အသုံးမပြု
ဘဲ သူရဲကောင်းနွား၊ မြင်းသွားများကို
သာ အံတော်များအဖြစ် အသုံးပြုသည်
ဟု သိရှိရသည်။ လက်ရှိသွားအရောင်
မှာ အဖြူရောင်မတွေ့ရှိရတော့ဘဲ နီကြန့်
ကြန့်အရောင်အနေအထားမျိုး တွေ့ရှိ
ရပါသည်။

ပုံ (၁၂)








ပုံ (၁၄) လက်ရာမှာ စဥ့်လက်ရာ
အပဲ့အစတစ်ခုကို ကူးယူရေးဆွဲထား
သောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။
မူရင်း စဥ့်လက်ရာအပဲ့အစအမြင့် (၅)
စင်တီမီတာခန့် အကျယ် (၄ ၃/၄) စင်တီ
မီတာခန့်နှင့် အထူ (၁) စင်တီမီတာခန့်
ရှိပါသည်။ မူရင်းစဥ့်အပဲ့အစလက်ရာ
၏ အလယ်သားမှာ မြေမီးဖုတ်ရောင်
တောက်ပနေပြီး သဲပွင့်ကလေးများပါရှိ
ပါသည်။ စဥ့်အတွင်း၊ အပြင်မျက်နှာပြင်
တွင် စဥ့်အနက်ရောင်ကိုသာ မျက်နှာ
ပြင်နှစ်ဖက်စလုံး၌ တွေ့ရှိရပါသည်။ မြေ
မီးဖုတ်ရောင်မြေသားမှာ ကျစ်လျစ်မှုရှိ
သည်ကို တွေ့ရှိရပါသည်။


ပုံ (၁၅) မှာ ခရမ်းသီးလက်
ကောက်၊ ဈေးလက်ကောက်အပိုင်းအစ



www.burmeseclassic.com

တစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ အရှည် (၁ ၁/၅) စင်တီမီတာခန့်ရှိပြီး အလုံးအချင်း (၁/၄) စင်တီမီတာခန့် ရှိပါသည်။ လက်ကောက်ကျိုး၏ အတွင်းမျက်နှာပြင်ညီပြီး ထောင့်ဖော်ထားပါသည်။ မူရင်းလက်ကောက်ကျိုးအပိုင်းအစ၏အရောင်မှာ အနက်ရောင်အဖြစ်တွေ့ရှိရပါသည်။

ပုံ (၁၆)




ပုံ (၁၆) သည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။မူရင်းမြေမီးဖုတ်လက်ရာအမြင့် (၄ ၁/၂) စင်တီမီတာခန့်၊ အကျယ် (၆) စင်တီမီတာခန့်၊ အထု (၁/၂) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲလက်ရာမှာ အတွင်းမျက်နှာအချောဖြစ်ပြီး အပြင်မျက်နှာရာဇမတ်ကွက်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။အိုးခြမ်းကွဲ၏ မြေမီးဖုတ်အရောင်မှာ အရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။


ပုံ (၁၇)





ခရမ်းသီးလက်ကောက်၊ ဈေးလက်ကောက်အပိုင်းအစတစ်ခုကိုကူးယူရေးဆွဲထားသော လက်ရာပုံဆွဲတစ်ခုပင်ဖြစ်ပါသည်။ လက်ကောက်ကျိုးအရှည် (၃ ၁/၂) စင်တီမီတာခန့်နှင့် လက်ကောက်အလုံးအချင်း (၁/၂) စင်တီမီတာခန့် ရှိပါသည်။ လက်ကောက်ကျိုး၏ အတွင်းမျက်နှာပြင်ညီပြီးထောင့်ပေါ်နေပါသည်။ ခရမ်းသီးလက်ကောက်၊ဈေးလက်ကောက်၏မူရင်းအရောင်မှာ အနက်ရောင်အဖြစ်တွေ့ရှိရပါသည်။

ပုံ (၁၈) သည်လည်း ခရမ်းသီးလက်ကောက်၊ ဈေးလက်ကောက်အပဲ့

ပုံ (၁၈)




အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။မူရင်းလက်ကောက်ကျိုးအရှည် (၂ ၃/၄) စင်တီမီတာခန့်နှင့် အလုံးအချင်း (၁/၅) စင်တီမီတာခန့်ရှိပါသည်။ အတွင်းမျက်နှာပြင်ချောညီပြီး ထောင့်နှစ်မျက်နှာဖော်ထားသည်ကိုတွေ့ရှိရပါသည်။ လက်ကောက်ကျိုး၏မူရင်းအရောင်မှာ အနက်ရောင်ပင် တွေ့ရှိရပါသည်။





ပုံ (၁၉)

ပုံ (၁၉) မှာ မြေမီးဖုတ်လတ်ရာဆေးတံအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ဆေးတံအပိုင်းအစပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်ဆေးတံပိုင်းအမြင့် (၃ ၁/၂)စင်တီမီတာခန့်၊ အကျယ် (၂ ၃/၄) စင်တီမီတာခန့်နှင့် ဆေးတံ၏ ထိပ်ဝတွင်းအချင်း (၁ ၁/၂) စင်တီမီတာခန့်ရှိပါသည်။ ဆေးတံအောက်ပိုင်းကို အံရစ်ကလေးများဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဆေးတံပိုင်း၏ မြေမီးဖုတ်အရောင်မှာ တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ(၂၀) လက်ရာမှာ မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်၏။

ပုံ (၂၀)




မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲအမြင့် (၅) စင်တီမီတာခန့်၊ အကျယ် (၁၀) စင်တီမီတာခန့်နှင့် အထု (၁/၂) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲအတွင်း မျက်နှာပြင်အချောတွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ ပုံ(၂၀)တွင် ဖော်ပြရေးဆွဲထားသည့်အတိုင်း တွေ့ရှိရပါသည်။ အကွက်အဆင်တန်ဆာများမှာ ပိုးအိမ်မျှင်အကွက်များကို အပြင်မှ ရောင်ခြည်ဖော်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်မှာ အိုးခြမ်းကွဲဒီဇိုင်းလက်ရာ ဆန်းပြားနေသည်ကိုတွေ့ရှိရပါသည်။ အိုးခြမ်းကွဲမြေသားမှာ ကျစ်လျစ်ပြီး အရောင်မှာ မြေမီးဖုတ်အရောင် တောက်ပနေသည်ကို တွေ့ရှိရပါသည်။




ပုံ (၂၁)

ပုံ (၂၁) သည် မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော အိုးခြမ်းကွဲပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲအမြင့် (၅) စင်တီမီတာခန့်၊ အကျယ် (၃ ၁/၄) စင်တီမီတာခန့်နှင့်အထု (၁/၂) စင်တီမီတာခန့် ရှိပါသည်။ အိုးခြမ်းကွဲ အတွင်းမျက်နှာပြင်ချောပြီး အပြင်မျက်နှာပြင်မှာ ပုံ (၂၁) တွင် ရေး... ဖော်ပြထားသည့်အတိုင်း ဆန္ဒင်းမကာ... ကွက်များတွင် အလယ်မှလိုင်းတစ်လိုင်း ထပ်ဖြည့်ထားပါသည်။ ဤအိုးခြမ်း... ကွက်ကလေးများ ခပ်ကြည်ကြည်... ကောင်းနေပါသည်။




www.burmeseclassic.com

www.burmeseclassic.com





ပုံ (၂၂) မြေမီးဖုတ်အိုးခြမ်းကွဲအပိုင်းအစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့် (၂$\frac{၃}{၄}$) စင်တီမီတာခန့်၊ အကျယ် (၂$\frac{၁}{၄}$) စင်တီမီတာခန့်နှင့် အထု ($\frac{၁}{၄}$) စင်တီမီတာခန့် ရှိပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတွင် အတွင်းမျက်နှာအချောတွေ့ရှိပြီး အပြင်မျက်နှာပြင်လို ပုံ (၂၂) တွင် ကူး ယူရေးဆွဲထားသည့် ပုံဆွဲလက်ရာအတိုင်း တွေ့ရှိရပါသည်။ မြေမီးဖုတ်အိုးခြမ်းကွဲအရောင်မှာ အရောင်ပြင်းစွာ မြေမီးဖုတ်ရောင်တောက်ပနေပါသည်။





ပုံ(၂၃)လက်ရာသည် မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအမြင့် (၂$\frac{၁}{၂}$) စင်တီမီတာခန့်၊ အကျယ် (၂) စင်တီမီတာခန့်နှင့် အထု ($\frac{၁}{၂}$) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲလက်ရာမှာ အတွင်းမျက်နှာပြင်အချောတွေ့ရှိပြီး အပြင်မျက်နှာပြင်ကို ပုံ (၂၃) တွင် ကူးယူရေးဆွဲဖော်ပြထားသည့် လက်ရာအတိုင်း တွေ့ရှိရပါသည်။ ဤအိုးခြမ်းကွဲအရောင်မှာ မြေမီးဖုတ်ရောင်ဖျော့သည်ကို တွေ့ရှိရပါသည်။

ပုံ (၂၄) သည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲအပဲ့အစတစ်ခုကို ကူးယူရေးဆွဲဖော်ပြထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအမြင့် (၄) စင်တီမီတာခန့်၊ အကျယ် (၂$\frac{၁}{၄}$) စင်တီမီတာခန့်နှင့် အထု ($\frac{၁}{၄}$) စင်တီမီတာခန့် ရှိပါသည်။




အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ ချောပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ အပြင်မျက်နှာပြင်မှာ ပုံ(၂၄)တွင် ရေးဆွဲဖော်ပြထားသည့် ပုံဆွဲလက်ရာအတိုင်း တွေ့ရှိရပြီး မြေမီးဖုတ်ရောင်ဖျော့သည်ကိုတွေ့ရှိရပါသည်။ အတွင်းရောင်နှင့်အပြင်ရောင်တူညီခြင်း မရှိသည်ကို တွေ့ရှိရပါသည်။




ပုံ (၂၅) သည်လည်း မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအပဲ့အစတစ်ခုကို ကူးယူရေးဆွဲဖော်ပြထားသောပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅) စင်တီမီတာခန့်၊ အကျယ် (၇) စင်တီမီတာခန့်နှင့် အထု ($\frac{၁}{၄}$) စင်တီမီတာခန့်ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောသာ တွေ့ရှိရပြီး အပြင်မျက်နှာပြင်မှာ ပုံ (၂၅) တွင် ကူးယူရေးဆွဲဖော်ပြထားသည့် ထူးခြားသော အိုးခြမ်းကွဲအဆင်တန်ဆာတစ်ခုကို တွေ့ရှိရပါသည်။ မူရင်းအိုးခြမ်းကွဲမြေမီးဖုတ်အရောင်မှာ ဖျော့တော့တော့အရောင်ကိုသာ တွေ့ရှိရပါသည်။ ထူးခြားသော အိုးခြမ်းကွဲအဆင်တန်ဆာလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD - 7) ကျေးပင်ကုန်းမှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းလက်ရာအထောက်အထားများကို သုံးသပ်သုတေသနပြုပါက တစ်ခေတ်တည်းလက်ရာများမဟုတ်ကြဘဲ ရခိုင်သမိုင်းကြောင်း၏ ဓညဝတီခေတ်မှသည် မြောက်ဦးခေတ်တိုင် ခေတ်အဆက်ဆက် ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းလက်ရာများကို တွေ့ရှိရပါသည်။ မြောက်ဦးခေတ်နှောင်းပိုင်း လက်ရာတချို့ကိုလည်း တွေ့ရှိရပါ၏။

ဖော်ပြပါရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဝတ္ထုပစ္စည်းလက်ရာအထောက်အထားများသည် ခေတ်အဆက်ဆက် သမိုင်းကြောင်းကို ကွင်းကွင်းကွက်ကွက် သက်သေခံအဖြစ် ထောက်ပြနေသော ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးမဖြတ်နိုင်သော လက်ရာများပင် ဖြစ်ကြပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD - 7) မှ တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ကျောက်စေတီပုထိုးလက်ရာ အကြွင်းအကျန်ကျောက်တုံးများကို စနစ်တကျ စီထားခြင်း၊ ကျွဲနွားတိရစ္ဆာန်များတက်၍မဖျက်ဆီးရအောင် ခြံစည်းရိုးများကာရံခြင်းနှင့် ရေရှည်တာရှည်ခိုင်ခံ့မှုရှိအောင်၊သဘာဝဘေးအန္တရာယ် ကာကွယ်ထိန်းသိမ်းနိုင်အောင် အမိုးအကာများလုပ်ပေးထားသင့်ပါသည်။ ဤကဲ့သို့ မပြုလုပ်မထိန်းသိမ်းနိုင်ပါက မကြာမီတွင် ကျွဲ၊ နွားများတက်၍ကျောက်တုံးများပြုတ်ကာ လယ်ကန်သင်းများကို ရောက်ရှိနိုင်သည်သာမက ဓားသွေးကျောက်၊လမ်းခင်းကျောက်များအဖြစ်သို့ ရောက်ရှိသွားနိုင်ပါသည်။ ထို့ကြောင့် စေတနာရှိသူ၊ တတ်နိုင်သူများက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်ရအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ကြစေချင်ပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**

၁။ ကိုယ်တိုင် ကွင်းဆင်းတူးဖော်မှုမှတ်စု
၂။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD-7) အစီရင်ခံစာ
၃။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)၏ ရခိုင်မဟာမုနိဘုရားသမိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းဒေါင်

# မောရသုတ်ပရိတ်တော်နှင့် ရွှေဥဒေါင်းမင်းစမအဆောင်

တစ်နေ့သ၌ -

ကျွန်ုပ်နှင့်သူငယ်ချင်းတစ်စုတို့ဆုံမိသည်နှင့် ရှေးဟောင်းနှောင်းဖြစ်များကို ပြောကြရင်း စကားဝိုင်းက အရှိန်ရနေပြီ ဖြစ်သည်။ ကျွန်ုပ်တို့ဆုံစည်းနေသည့်နေရာသည် အရွယ်လွန်နေကြသောသူများ၏ လစဉ် ဆုံစည်းရာဖြစ်သော မြန်မာ့စီးပွားရေးဘဏ်တွင် ဖြစ်ပါသည်။

ရှေးတုန်းကဆိုလျှင် ရိက္ခာတော်ရများဟု အမွှမ်းတင်ပြီးခေါ်ခံရသူများ ဖြစ်လေသည်။ ယခုအခါတွင် နိုင်ငံတော်၏ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော ပင်စင်စား (အငြိမ်းစား) များ တစ်လတစ်ခါဆုံရာ ဖြစ်ပါသည်။

လူအမျိုးမျိုး စိတ်အထွေထွေနှင့်ဆိုတော့ ယခုပစ္စက္ခကာလမှာပင် အရွယ်လွန်လာနေပြီဆိုတော့ ကိုယ့်အတွက်ကိုယ်ပဲကြိုးစားနေတယ် သူငယ်ချင်းဆိုသူကတစ်မျိုး။ ဒုတိယအမျိုးအစားက သားက စင်ကာပူမှာ၊ သမက်က ကိုရီးယားရောက်ကြတာ၊ သမီးကြီးက ကုမ္ပဏီမှာ စသဖြင့် မာနတံခွန်ထူသူကတစ်မျိုး။ နောက်တစ်မျိုးကတော့ သားဆိုးသမီးဆိုး၊ ဆွေမျိုးမီးခဲဘေးတွေကြောင့် နားမရသေးပါဘူးလို့ ပြောသူကပြောလို့ပါ။ ကိုယ်တာဝန်ကျေခဲ့ပြီမို့ ရိပ်သာမှာ အမြဲတမ်း ယောဂီအနေနဲ့ပဲနေတော့တယ် စသည်ဖြင့် ဂီတသံစဉ်များလိုပင် တစ်ယောက်နှင့်တစ်ယောက် တီးခတ်ပုံနှင့် လက်ကွက်များက မတူညီကြပါ။

"အနေတတ်မှ ကျေနပ်စရာ ဘဝကိုရမှာမို့ လောကဓံကို ရဲရဲရင့်ရင့်နဲ့ရင်ဆိုင်နေရတယ်"

ဆိုတဲ့ သူငယ်ချင်းကတော့ ရိုးရှင်းစွာ ပြောပြဝန်ခံပြီး ကျွန်ုပ်ကို အကူအညီတောင်းခံနေပါတော့သည်။

"ဖြစ်ပုံက ဒီလိုကွ။ တစ်မိသားစုလုံးလှည့်ပြီးတော့ ချူချာနေကြတာနဲ့ ဆေးခန်းသွားရ၊ သမားတော်ပြရနဲ့ တစ်နေ့ထက်တစ်နေ့၊ တစ်လထက်တစ်လ ဆေးဖိုးဝါးခကုန်ကျစရိတ်တွေများလာနေတော့ စားမှုသောက်မှုက ပိုပိုပြီးကျပ်လာတယ်"

ဟု ခြေဆင်းဆိုလေတော့သည်။

နောက်ဆက်ပြောပြသည်မှာ -

"နဂိုက တစ်ဖက်စွန်းရောက်တဲ့ အမြင်ရှိခဲ့တာဆိုတော့ အခက်ကြုံရပြန်တယ်ကွ။ ဘယ်လိုပဲဖြစ်ဖြစ် ကြုံတွေ့နေရတဲ့ လက်တွေ့ဒုက္ခက လွတ်အောင်နည်းလမ်းရှာတော့ မြတ်စွာဘုရားရှင်ဟောခဲ့တဲ့တရားတွေက ဒုက္ခနဲ့ သောကအပူငြိမ်းအေးစေတာရယ်၊ နောက်တစ်ခုက ဝိဇ္ဇာဓရေဂမ္ဘီရပညာနဲ့ဝေဒပညာအရ စီမံမှုလည်းလုပ်သင့်တယ်လို့ မိတ်ဆွေတချို့က အကြံပေးတယ်။

ဒါနဲ့ကိုယ်စဉ်းစားရတော့တာပေါ့။ ကြာကြာမစဉ်းစားရပါဘူး၊ သူငယ်ချင်းကို တန်းပြီးမြင်တော့တာပဲ။ ဒီနေ့ဘဏ်မှာ မတွေ့ရင် အိမ်ကိုလာခဲ့မှာမို့ အခုအားနာနာနဲ့ မေးရစမ်းရတော့တာ သူငယ်ချင်း"


ဟု မျက်နှာညှိုးနွမ်းစွာဖြင့်အားကိုးကြီးစွာ သူ့သဘောထားတို့ကို ပြောပြနေရှာပါတော့သည်။

သို့နှင့်ပင် ကျွန်ုပ်တို့၏ပင်စင်ထုတ်စာထုတ်ပြီးသည်နှင့် သူငယ်ချင်းတစ်တို့ပါ ကျွန်ုပ်အိမ်သို့ လိုက်လာခဲ့ကြပါတော့သည်။

အိမ်ရောက်တော့မှ ရွှေဥဒေါင်းမင်းစမအဆောင်နှင့် မောရသုတ် ပရိတ်တော်စီမံမှုတို့ကို အသေးစိတ် ရှင်းလင်းပြောပြရပါတော့သည်။

"တို့တစ်တွေ အပါအဝင်ထေရဝါဒ ဗုဒ္ဓဘာသာဝင်တိုင်းပရိတ်ကြီး(၁၁)သုတ်နဲ့ ပဋ္ဌာန်းပါဠိတော်ဓမ္မစက္ကပ္ပဝတ္တနသုတ်နဲ့ အနတ္တလက္ခဏသုတ်တို့ကိုတော့ အစ၊အဆုံး မရသော်ရမယ် နားရည်ဝနေကြတာတော့ အမှန်ပဲကွ။

အခုပြောတဲ့ မောရသုတ်ဆိုင်ဘုရားအလောင်းတော် ဥဒေါင်းမင်းဇာတ်ကြောင်းနဲ့ ဒေါင်းမင်းရွတ်ဆိုနေပရိတ်ဂါထာအကျိုးကြောင့် အန္တရာယ်ကင်းခြင်း၊ သက်ရှည်ကျန်းမာခြင်း အနှောင်အဖွဲ့မှ လွတ်ကင်းတယ်သိနေကြတာပါပဲ။ ရှေးရှေးက ပညာသူတော်ကောင်းကြီးများက မြတ်ဘုရားပရိတ်တော်နဲ့ ဝိဇ္ဇာဓရေဂမ္ဘီရပညာကို ပူးပေါင်းပြီး ခုနစ်နေ့သားခြင်းသမီးတို့ရဲ့ကျန်းမာရေး၊ ဘေးဥပဒ်စင်ရေး၊ ကျက်သရေမင်္ဂလာအပေါင်း



www.burmeseclassic.com

...ံရေး၊ စီးပွားဥစ္စာလာဘ်များစွာတို့ ...ရောက်နိုင်ရေးအတွက် မေတ္တာအား ...ာနဲ့ အခုစမအစီအမံကိုပြုလုပ်ခဲ့ခြင်း ...တာကို မင်းတို့ဦးစွာသိစေချင်တာ

ဟု ကျွန်ုပ်မှာ စကားနိဒါန်းကို ...စွာ ရှည်လျားစွာ ရှင်းပြလိုက်ရပါ ...သည်။

အခွင့်ကြုံနေ၍တင်ပြလိုသည်မှာ ...ဆွေတို့အနေဖြင့် အောင်မြင်ချင်ကြ ...ည်ဆိုလျှင် ဆန္ဒ၊ ဝီရိယ၊ သမာဓိ ...ည်တို့ တညီတညွတ်တည်း အား ...မှုညီတူမည်ဆိုပါက မုချအောင်မြင် ... ဒိဋ္ဌချမ်းသာသောအကျိုးကို ရမည် ...ပါသည်ဟု တင်ပြလိုက်ရပါသည်။

ကျွန်ုပ်သည် ရက်ချိန်းအတိုင်း ...ပံ့နှင့် စီမံပုံတို့ကို သူငယ်ချင်းများ ...တ်အရောက် ပေးအပ်ခဲ့ပြီး ဖြစ်ပါ ...ည်။ ဇရာ၏ နှိပ်စက်မှုကို အခါမလပ် ...ားနေရသည့်အတွက် ကျွန်ုပ်၏ခန္ဓာ ...ိုယ်တစ်ခုလုံးကို ဖွဲ့စည်းတည်ဆောက် ...ားသော အရိုးအဆစ်များအားလုံးမှာ ...တွင်မှုဝေဒနာ ခံစားနေရပါသည်။ ...တ်စိကလည်း အမြင်အာရုံမွဲနေပြန်ပါ ...ည်၊ အိပ်ရာထက်မှာ ဗုန်းဗုန်းလဲ ...နေရသော်လည်း အလူးအလဲခံစားနေ ...ရသဖြင့် လွန်စွာ ဝါသနာကြီးသော ...ရေးခြင်းနှင့် စာဖတ်ခြင်းတို့မှာ ထင် ...လောက် မတွင်ကျယ်တော့ပါ။

ရုပ်ရှိနေလို့ရလာတဲ့ရောဂါ၊ ဘယ် ...တော့မှပျောက်မည်မဟုတ်ပါ။ ရုပ်၊ နာမ် အားလုံးချုပ်ငြိမ်းမှ ရောဂါလည်းအမြစ် ...ြတ်မှာ မဟုတ်လားဟု ကိုယ့်ဘာသာ ...ကိုယ်အားပေးရင်း ဘဝခရီးအတွက် ဆက်လျှောက်နေရခြင်း ဖြစ်ပါသည်။

တတ်စွမ်းသမျှ ကိုယ်လျှောက် ...လှမ်းခဲ့ရသော (၇၃) နှစ်သော ကာလ ...ခရီးတွင် တွေ့ကြုံခဲ့ရရှိခံစားခဲ့ရသော အကြောင်းကောင်းကျိုးထူးများကိုလည်း ဝါသနာတူလျှင်ယူနိုင်ကြပါစေဟုမေတ္တာ စိတ်ဖြင့် ယခု မောရသုတ်ပရိတ်တော် နှင့် ရွှေဥဒေါင်းမင်းစမစာစုကို အပြည့် အစုံ ရေးသား ဖော်ပြပေးလိုက်ပါသည်။

**မောရသုတ်ပရိတ်တော်နှင့်**
**ဥဒေါင်းမင်းစမအဆောင်စီမံပုံ**

၁။ စတင်ရန်ရက်နှင့် ကာလသတ် မှတ်ရခြင်း။

က။ ရက်ကောင်းရက်မြတ်တစ်ရက် ကို စတင်ပါ။

ခ။ ကာလကို (၇) ရက် သတ်မှတ် ပါ။

၂။ ကြိုတင်ပြင်ဆင်ရသည်များ -

၁။ ရွှေဥဒေါင်းမင်းစမကို စီမံထား ရန် ဖြစ်ပါသည်။
(ပုံတူရေးဆွဲပါ။ အကြောင်းမညီ ညွတ်ပါက မိတ္တူကူးဆိုင်များ တွင် ပုံကူးပါ။ ထိုသို့ကူးရာတွင် ပုံကြီးတစ်ပုံနှင့် အိတ်ဆောင် အရွယ်တစ်ပုံကူးရပါမည်။)

၂။ အောင်သပြေပန်းနှင့် မိမိ နှစ်သက်ရာပန်း (၂) မျိုး စုစု ပေါင်းပန်း (၃) မျိုး။

၃။ သစ်သီး (၃) မျိုး။

၄။ အလင်းတိုင်၊ နံ့သာတိုင်များ ကြိုတင်ပြင်ဆင်စုဆောင်းထား ပါ။

**မှတ်ချက် -**

မြတ်စွာဘုရားရှင်အား ကပ်လှူ ပူဇော်ရန် ဖြစ်ပါသည်။ (အုန်းသီး၊ ငှက်ပျောသီး၊ ရွှေထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ ယပ်) တို့ဖြင့် ကန်တော့ပွဲစီမံ လျှင် ပိုကောင်းသည်။

□ သက်သားလွတ် စားနိုင်လျှင် ပို့ကောင်းပါသည်။

၃။ ဆောင်ရွက်ရမည့် ကာလ အတွင်းပြုဖွယ်များ -

□ ဦးစွာ စတုလောကပါလနတ် မင်းကြီးလေပါး၊ သိကြားမင်း၊ ဗြဟ္မာမင်း တို့အား ဖိတ်ကြားထားပါ။

¬ ဘုရားရှိခိုးခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့သခြင်း၊ သစ္စာပြုဆုတောင်းခံ ခြင်းတို့ပြုလုပ်ပါ။ (သီလထိန်းရာတွင် မိမိ နှစ်သက်ရာသီလကို ထိန်းနိုင်ပါသည်။)

(စီမံနေသောကာလ (၇) ရက် တွင် အထူး သတိထားစေလိုသည်မှာ ¬ ကာယကံအမှုတို့ကို အထူးထိန်းရန် လိုအပ်လှပါသည်။)

၄။ မောရသုတ်ပရိတ်ကို တစ်နေ့ လျှင် (၁၀) ခေါက် ရွတ်ဖတ် ပူဇော်ရန် ဖြစ်ပါသည်။
(ပုဒ်၊ ပါဠိမှန်ကန်စေရန်အတွက် စာအုပ်ကိုကြည့်ပြီး ဖြည်းဖြည်း နှင့်မှန်မှန်ရွတ်ဆိုရပါမည်။)

□ အသင့်မဖြစ်ကြသူများအတွက် မောရသုတ်ပရိတ်တော်ကို အောက်တွင် ရေးသား ဖော်ပြထားပါသည်။

၅။ သစ္စာပြု ဆုတောင်း၊ မေတ္တာ ပို့သ၊ ကုသိုလ်အမျှဝေပါ။

□ မူလ ပင့်ဖိတ်ထားသူများအား အရပ်ဌာနပြန်ပို့ပါရန်။

**မောရသုတ်**

□ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။ ယေန သံဝိဟိ တာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

□ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံ သုဂဏှိတုံ။
ဗြဟ္မမန္တန္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမဟေ။

¬ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊ ဟရိဿဝဏ္ဏော ပထဝိပ္ပဘာ သော။ တံ တံ နမဿာမိ ဟရိဿ ဝဏ္ဏံ ပထဝိပ္ပဘာသံ၊ တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

¬ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ တေ မေ နမော တေ စ မံ ပါလ ယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊ နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။ ဣမံသော ပရိတ္တံ ကတွာ မော ရော စရတိ ဧသနာ။

¬ အပေတယံ စက္ခုမာ ဧကရာဇာ၊ ဟရိဿ ဝဏ္ဏော ပထဝိပ္ပဘာသော။ တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊ တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

¬ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗ ဓမ္မေ၊ တေ မေ နမော၊ တေ စ မံ ပါလ ယန္တု။
နမတ္ထု ဗုဒ္ဓါနံ နမတ္ထု ဗောဓိယာ၊ နမော ဝိမုတ္တာနံ နမော ဝိမုတ္တိယာ။ ဣမံသော ပရိတ္တံကတွာ မောရော ဝါသ မကပ္ပယိ။ ။

တစ်နေ့လျှင် (၁၀) ခေါက်ရွတ် ဖတ် ပူဇော်ရမည်။

သတ်မှတ်ထားသည့်အတိုင်း ပြီး မြောက်သွားပါက ရွှေဥဒေါင်းမင်းစမပုံ အကြီးကို မိမိအိမ်ဘုရားခန်းတွင်ဖြစ်စေ၊ ဧည့်ခန်းနှင့် အခြားလုပ်ငန်းများတွင် သန့်ပြန့်ပြီးမြင့်သောနေရာတွင် ချိတ်ဆွဲ ထားရပါမည်။ အဆောင်အဖြစ် အသုံး ပြုလိုသူသည်။ တာရှည်ခိုင်ခံ့အောင် ပလတ်စတစ်လောင်းထားနိုင်ပါသည်။

ထူးခြား ဆန်းပြားပြီး အမှန် တကယ် အကျိုးပြုသော စမများကို အခွင့်အခါသင့်တိုင်း ရေးသား ဖော်ပြပါ ဦးမည်။

ပညာတိုးပွား၍
အကျိုးများကြပါစေ
ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ဖုန်းရွှေပညာ သိကောင်းစရာ


ဦးအောင်လှိုင်(သုဝဏ္ဏ)

## အလုပ်ခွင်အတွင်း ဖုန်းရွှေနှင့်အညီ နေရာယူခြင်း

တမ်မီသည် စာရင်းကိုင်အလုပ်တစ်ခုရရှိပြီးနောက် ကုမ္ပဏီတစ်ခု၌ အလုပ်ဝင်ခဲ့သည်။ တမ်မီ အလုပ်ခွင်သို့ ဝင်ရောက်သည်နှင့် အလုပ်နေရာတစ်ခုလုံး စီစဉ်မကျဖြစ်နေသည်ကို သတိပြုမိလိုက်သည်။

တမ်မီက ဖုန်းရွှေနှင့်အညီ အလုပ်ခွင်အတွင်းထိုင်နိုင်ရန် စာရေးသူ၏ မိတ်ဆွေ ဖုန်းရွှေပညာရှင် 'နိုတ်(ဒ်)' အား အကူအညီတောင်းခဲ့သည်။

နိုတ်(ဒ်)က တမ်မီ၏ အလုပ်ခွင်သို့လိုက်ပါသွားပြီး ရုံးအတွင်းပရိဘောဂများ စီစဉ်ထားပုံကို တစေ့တစောင်း လေ့လာလိုက်သည်။ ထို့နောက် တမ်မီထိုင်မည့်စားပွဲနှင့် ကုလားထိုင်အား ရုံးခန်း၏ ထင်ပေါ်ကျော်ကြားခြင်းကွာနေရာသို့ ရွှေ့ပေးလိုက်သည်။ ထို့နောက် နိုတ်(ဒ်)က တမ်မီ၏ သစ်သားထည်ဖြင့်လုပ်ထားသော စာအုပ်စင်အား နံရံနှင့် ဆန့်ကျင်ဘက်ကပ်ထားရန် မှာလိုက်သည်။




တမ်မီ၏ထိုင်ခုံအား နောက်ကျောနံရံနောက်ခံထားသည့်အနေအထားဖြင့် ထားရှိပေးလိုက်သည်။ ထိုင်ခုံအနောက်၌ နံရံရှိခြင်းသည် မိမိအတွက် လုံခြုံစိတ်ချမှုရှိစေသည့် မားမားမတ်မတ်ရပ်တည်ပေးနိုင်သည့် အရာတစ်ခုရှိနေခြင်းကို ဖော်ပြသည်။ သို့သော်လည်း မိမိထိုင်ခုံနောက်ကျောဘက်၌ ပြတင်းပေါက်ရှိနေပြီး ထိုင်နေသည့်နေရာနောက်ကျောနှင့် တစ်တန်းတည်းမဖြစ်နေစေရန် သတိပြုရပါမည်။

တမ်မီအတွက် စာရင်းရေး၊စာရင်းကိုင်တစ်ဦးအဖြစ် ဩဇာရှိန်ဝါရှိစေရန် စာအုပ်စင်ပေါ်၌ စာရင်းအင်းဆိုင်ရာစာအုပ်များ၊ရည်ညွှန်းစာအုပ်များ၊ စာရင်းပညာရပ်ဆိုင်ရာစာအုပ်များတင်ထားပေးရန် နိုတ်(ဒ်)က သတိပေးခဲ့သည်။

ထို့နောက် နိုတ်(ဒ်)က ပိုးသားအနီရောင်ဖြင့် ပြုလုပ်ဖန်တီးထားသည့် ပန်းအနီပွင့်အပင်အတုများကို အိုးများဖြင့်စိုက်၍ စာအုပ်စင်၌တင်ထားရန် အကြံပြုခဲ့သည်။ ပန်းပင် (သို့) အပင်ဆိုသည်မှာ သစ်သားဓာတ်ကို ရည်ညွှန်းပြီး အနီရောင်က မီးဓာတ်ကို ကိုယ်စားပြုသည်။ သစ်သားသည် မီးဓာတ်အား ပိုမိုအရှိန်အဟုန်ကောင်းအောင်တောက်လောင်စေသကဲ့သို့ မီးဓာတ်ကိုယ်စားပြုသည့်ထင်ပေါ်ကျော်ကြားခြင်းများလည်း အရှိန်အဟုန်ကောင်းလာမည် ဖြစ်သည်။

ထို့နောက် နိုတ်(ဒ်)က တမ်မီ၏ ရုံးခန်းနံရံများအား ဆက်လက် စစ်ဆေးသည်။ နံရံပေါ်၌ မီးဓာတ်ကိုယ်စားပြု အနီရောင်ပါပန်းချီ၊ ဓာတ်ပုံကားချပ်များ ချိတ်ဆွဲရန် ညွှန်ကြားပေးခဲ့သည်။

မီးဓာတ်အား လောင်စာအဖြစ်အားပေးသော သစ်သားဓာတ် (သစ်သားထည်စာအုပ်စင်) သည် ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာရှိ မီးဓာတ်အား အားဖြည့်ပေးပြီး ကျောပေးထိုင်နေသည့် အလုပ်လုပ်သူအား စွမ်းအင်မြှင့်တက်စေသည်။


ရုံးခန်းအတွင်း ဧည့်သည်ထိုင်ခုံ၏ မိသားစုဆိုင်ရာကွာနေရာ၌ အတတ်နိုင်ဆုံး ထားရှိပေးပါ။ အလုပ်အကိုင်လုပ်မည့်စားပွဲသည် ရုံးခန်းတံခါးနှင့် အမြဲတစေ မျက်နှာချင်းဆိုင်ရန်လိုသော်လည်း တံခါးအဝနှင့် မျဉ်းတစ်ကြောင်းတည်းပုံစံ တည့်မတ်စွာမကျရန် သတိပြုရမည် ဖြစ်သည်။

စာရေးသူ၏ မိတ်ဆွေဖြစ်သူ နိုတ်(ဒ်)၏ ဖုန်းရွှေဆိုင်ရာညွှန်ကြားချက်များအား ပြုလုပ်ပြီးသည့်နောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com




…များ၏ လေးစားမှုရယူနိုင်ရန် ရုံးခန်းအတွင်း ပစ္စည်းများအား ခင်းကျင်းထားရှိပုံ (ဧည့်သည်ထိုင်စားပွဲ၊ ကုလားထိုင်အား မိသားစုဆိုင်ရာ ကွာနေရာ၌ ထားရှိပုံ)

(၂) နှစ်အတွင်း တမ်မီအား ရှိသေလေးစားသူ များပြားလာခဲ့သည်။ Fig : 11 အရ သင်သည် သူဌေးဖြစ်ပါက စားပွဲမှထ၍ ဝန်ထမ်းတို့အား ပြောဆိုညွှန်ကြားနိုင်ပြီး သင်က ဝန်ထမ်းဖြစ်ပါက သူဌေးလာရောက် တွေ့ဆုံမှာကြားခြင်းခံရသူဖြစ်ပါမည်။


(Fig : 13) တွင် စားပွဲ၌ (၉)ခုပါ ပါ့ကွာအား ပုံဖော်၍ သက်ဆိုင်ရာ ပစ္စည်းများ ထားရှိပုံကို ပြသထားသည်။

**ကြီးပွားချမ်းသာခြင်းကွာနေရာ**

စာရွက်စာတမ်းများဖိသည့်သလင်းတုံးနှင့် ဂဏန်းပေါင်းစက် ထားရှိပုံ။

**ထင်ပေါ်ကျော်ကြားခြင်းကွာနေရာ**

စားပွဲတင်မီးအိမ်၊ လုပ်ငန်းအမည်၊ ဖုန်းအမည်ပါကတ်များ။




အလုပ်ခွင်အတွင်း အသုံးပြုသည့် စားပွဲအား အိမ်အခြေခံသတ်မှတ် ယူဆပြီး ပါ့ကွာပုံအဖြစ် ပုံဖော်ရေးဆွဲထားပုံ



www.burmeseclassic.com

www.burmeseclassic.com

**ဆက်ဆံရေးဆိုင်ရာကွာ**

ချစ်သူနှင့် တွဲရိုက်ထားသော ဓာတ်ပုံ။

**ဖန်တီးနိုင်စွမ်းနှင့် သားသမီးများဆိုင်ရာကွာ**

သားသမီးများ၏ ဓာတ်ပုံအား သတ္တုပေါင်ကွပ်၍ထားရှိပုံ။

**မိသားစုဆိုင်ရာကွာ**

မိသားစုဆိုင်ရာ ဓာတ်ပုံအား သစ်သားပေါင်ဖြင့်ကွပ်၍ထားရှိပုံ။

**ကျွမ်းကျင်မှုနှင့်ပညာဗဟုသုတကွာ**

စာအုပ်များထားရှိပုံ။

**ကျန်းမာရေးကွာ**


အဝါရောင်စက္ကူဖြင့် ပါ့ကွာပုံပြုလုပ်၍ကပ်ထားပုံ။

**အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်**

အမည်းရောင်စက္ကူတွင် ပါ့ကွာပုံပြုလုပ်၍ ကပ်ထားပုံ။

**စားပွဲရှိဆွဲအံများနေရာ**

အပေါ်ဆုံးအဆင့်ရှိ ဆွဲအံအတွင်း လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များရေးထားသည့် စာအုပ်ထားရှိပုံ။




အဆိပ်မြားဖြစ်စေသည့် ချိုး... မဝင်ရောက်စေရန် ကုစားပုံ

**အိမ်တံခါးဝနေရာ**

ဖုန်းရွှေအရ စားပွဲတွင် ဖန်တီးပုံဖော်ထားသော အိမ်တံခါးဝနေရာသည် စားပွဲတွင် ထိုင်လိုက်သူ၏နေရာပင် ဖြစ်သည်။

**အဆိပ်မြားဆိုသည်မှာ** ချွန်ထက်သောပုံစံရှိ အနားစွန်း၊ ထောင့်စွန်းနေရာများကို ရည်ညွှန်းသည်။ အိမ်အတွင်းဖြစ်စေ၊ ရုံးအတွင်းဖြစ်စေ မိမိထံ အဆိပ်မြားဦးတည်လာရောက်နိုင်သည့် အနေအထားများနှင့် တစ်ခါတစ်ရံကြုံတွေ့ရတတ်သည်။

**အဆိပ်မြားဒဏ်မှကာကွယ်ကုစားပုံ**

- အဆိပ်မြားဖြစ်ပေါ်နေသည့်... ထောင့်နေရာ၌ မျက်နှာကြက်ထိ... ရှည်လျားသည့် အပင်တစ်ပင်ထား... ပါ။

- အဆိပ်မြားဖြစ်ရာနေရာ၌ ... ကျောက်ဘောလုံးတစ်ခုချိတ်ဆွဲ...

- အဆိပ်မြားနေရာ၌ရှိနေသော ... တစ်ခုလုံးအား မှန်များကပ်ပေးပါ...

- အဆိပ်မြားဖြစ်နေသောနေရာ... ရာ၊ စားပွဲများအား နေရာရွှေ့...


**မီးနှင့်ရေခဲ**

ပါ့ကွာအား လေ့လာပါက ... ပေါ်ကျော်ကြားခြင်းကွာနှင့် အသက်... မွေးဝမ်းကျောင်း အလုပ်အကိုင်ကွာ... မျက်နှာချင်းဆိုင်ကျနေသည်ကို တွေ့... သည်။ အဆိုပါကွာနှစ်ခုသည် မျက်... ချင်းဆိုင်ကျရုံမက တစ်ခုနှင့်တစ်ခု... ဆက်စပ်ပတ်သက်လျက်ရှိသည်။


ဖော်ပြပါ ကွာနှစ်ခုစလုံး ဆက်... နေခြင်းကြောင့် ၎င်းကွာနှစ်ခုအား ... ပြိုင်တည်း စွမ်းအင်မြှင့်တင်ပေးနိုင်...

ထင်ပေါ်ကျော်ကြားခြင်းဆိုင်... ကွာသည် မီးဓာတ်အား ကိုယ်စား... ရေဓာတ်ကိုယ်စားပြု ရေခဲ (သို့)အသက်... မွေးဝမ်းကျောင်း အလုပ်အကိုင်နှင့်... သောကွာအား စွမ်းအင်မြှင့်တင်ပေး... သည်။

ရေခဲသည် မီးအပူရှိန်ဖြင့် ... ဓာတ်အဖြစ်ရောက်ရှိအောင် ဖန်တီး... သည်။ အသက်မွေးဝမ်းကျောင်းဆိုင်... ကွာသည် အမည်းရောင်အား ကိုယ်... ပြုထားသောကြောင့် ၎င်းကွာရှိရာ... ၌ အမည်းရောင်လိုက်ကာတပ်... သင့်သည်။




အိမ်အတွင်း၊ အဆိပ်မြားဖြစ်စေသော ချီဓာတ်ဝင်ရောက်ပုံ (အိမ်၏အလယ်ထောင့်တစ်နေရာမှ အဆိပ်မြားဖြစ်ပေါ်သည့် ချီဓာတ်ဝင်ရောက်နေပုံ)





အိမ်အတွင်း ပရိဘောဂများဆီမှ အဆိပ်မြား ချီဓာတ် စတင်ဖြစ်ပေါ်လာပုံ



www.burmeseclassic.com

www.burmeseclassic.com




**အဆိပ်မြားဖြစ်နေသော ထောင့်စွန်းနေရာ၌ သလင်းကျောက်တုံးထားရှိပေးပုံ**

သင်ပေါ်ကျော်ကြားခြင်းကွာသည် [illegible]အားကိုယ်စားပြုထားပြီး အသက် [illegible]မ်းကျောင်း အလုပ်အကိုင်ကွာက [illegible]အား ကိုယ်စားပြုထားသည်။ [illegible]ယ်၍ သင်သည် ထင်ပေါ်ကျော် [illegible]ခြင်းကွာကိုယ်စားပြု မျက်စိ၌ [illegible] ရောဂါတစ်ခုခုရရှိပြီဆိုပါက [illegible]ိုယ်စားပြုကွာ၌ ဆိုင်ရာစွမ်းအင် [illegible] လျော့ကျသွားမည် ဖြစ်သည်။

**[illegible]ယ်စားပြုကိန်းဂဏန်းများ**

ထင်ပေါ်ကျော်ကြားခြင်းကွာအတွက် (၁) ဂဏန်းက ကိုယ်စားပြုပြီး အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ကွာအတွက် ဂဏန်းက (၆) ဖြစ်သည်။

ဆက်လက်၍ထင်ပေါ်ကျော်ကြားခြင်းကွာအတွက် အလျင်အမြန်ဆောင်ရွက်ရမည့်လုပ်ငန်းများအား လေ့လာနိုင်ပါသည်။

၁။ ထင်ပေါ်ကျော်ကြားခြင်းကွာသည် မီးဓာတ်အားကိုယ်စားပြုထားခြင်းကြောင့် မီးအားငြိမ်းသတ်နိုင်မည့် ရေဓာတ်ရှိသော ပစ္စည်းအား (ရှိနေပါက) အလျင်အမြန်ရွှေ့ပြောင်းပေးပါ။

၂။ လိုအပ်ပါက ၎င်းကွာ၌ စွမ်းအင်မြှင့်တင်ပေးပါ။

**ထင်ပေါ် ကျော်ကြားခြင်းကွာအတွက် အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

မီးဓာတ်၊ မီးအလင်းရောင်၊ မီးလင်းဖို၊ တြိဂံပုံရှိပစ္စည်းများ၊ ချွန်သောအရာများ၊ သစ်သားဓာတ်ကိုယ်စားပြုပစ္စည်းများ၊အစိမ်းရောင်၊ရုပ်မြင်သံကြားစက်၊ ထောင့်မှန်စတုဂံပုံရှိပစ္စည်းများ၊ ကျောက်တိုင်ပုံ၊ ကော်လံတိုင်ပုံရှိသောပစ္စည်းများ၊အရောင်ပါမှန်များ၊တိရစ္ဆာန်နှင့် တိရစ္ဆာန်မှရသောပစ္စည်းများ၊ အပင်များ။

**အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ**

ရေနှင့် ရေဓာတ်ကိုယ်စားပြုပစ္စည်းများ၊ အမည်းရောင်၊ ကြည့်မှန်။

**ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်တွင်ရှိသောကွာ**


အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာကွာ။

**ကိုယ်စားပြုအင်္ဂါအစိတ်အပိုင်း**

မျက်စိ။

**ဆက်စပ်ပတ်သက်နေသောကိန်းဂဏန်း**

(၁) ဂဏန်း။




**ထင်ပေါ်ကျော်ကြားခြင်း ကွာနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် ကွာတို့ မျက်နှာချင်းဆိုင်ကျပြီး တစ်ခုနှင့်တစ်ခု အကျိုးပြုနေပုံ**

ဦးအောင်သိုင်း (သုဓမ္မ)



www.burmeseclassic.com

www.burmeseclassic.com

စာစဉ် (၁)

မှိုင်းပျပျတောင်စဉ်တောင်တန်းတွေနှင့် အတော်အတန်လှမ်းကွာသော်ငြား ပင်လယ်နှင့် အတော်လေးနီးသည့်ရွာ။ ရန်ကုန် - မော်လမြိုင်လမ်းမကြီးဘေးမှဖွဲ့ဆင်းခဲ့သော ကျောက်ခင်းလမ်းလေးက ရွာအထိဆိုလျှင် (၉) မိုင်မျှရှည်၏။ လယ်သမားထက် တံငါများ၍ တံငါရွာဟု တခြားရွာတွေက ဆိုကြသည်။ ပင်လယ်ထွက်စက်လှေတွေနှင့် အမျိုးမျိုးသော ပိုက်အစုံအလင်နှင့်မို့ လုပ်စားကိုင်စားကောင်းလှသည့်ရွာ ဖြစ်သည်။ တစ်ခါ လူငယ်အများစုကလည်း ပြည်ပထွက်၍ စွန့်စားကြပြန်တော့ ထိုရွာသည် မြို့နှင့်မခြား စည်ကားလာကြ၏။ မြို့ပြနှယ် မကျင့်သုံးသည်က ကုန်စျေးနှုန်းသာရှိ၏။ ဟိုမှာတစ်ရာတန်တစ်ခုက ဒီရွာမှာနှစ်ရာဖြစ်သည်ကလွဲ၍ မြို့နှယ် ပြနှယ် လိုက်ပါတိုးတက်လာခဲ့၍ အိမ်ခြေထောင်ချီခဲ့ပြီ ဖြစ်သည်။

ဒီသို့ဒီနှယ် ချောင်လည်ကြသည့်အထဲ ကိုကျွဲတို့ မပါ။ တံငါတော့ တံငါ။ ရွာနားချောင်းနားက တံငါသာဖြစ်၍ စက်လှေမရှိ၊ ပိုက်မရှိ။ သို့ပေမယ့် ကဏန်း ချိတ်တစ်ချောင်း၊ ငါးချောင်းသွားမိန်းတစ်လက်နှင့် သူလည်း သူ့ကိုယ်ပိုင်ဟန်နှင့် အသက်ဆက်ခဲ့သည်မှာကြာပြီ။ ငါးစာရှင်ကိုင်းချမည်။ တီကောင်ကိုင်းချမည်။ ငါးရှဉ့်ပလုပ်ထောင်မည်။ ချောင်းထဲဆင်း၍ ကဏန်းချိတ်မည်။ ထိုသည်တို့ အဆင်မပြေလည်း လက်ဝါးစူးခေါ် ငါးချောင်းသွားမိန်းတစ်လက်နှင့် ရွာနားလှည့်လည် ထမင်းအိုးပွက်စေရမည်မှာ မလွဲဧကန်။

ကိုကျွဲတို့အစုက ရွာတောင်ဘက်ချောင်းနားမှာ ရှိသည်။ ရွာစွန်ရွာဖျားသမှည့်ပင်ကြိုကြား ဖြစ်ကတတ်ဆန်းဆောက်တည် စုဖွဲ့နေသည့် အိမ်စုထဲအလုံး (၃၀) မျှပင် ရှိမည်။ ထိုအစုထဲအရှာအဖွေအတော်ဆုံးက ကိုကျွဲ။ မိန်းထိုးအကျွမ်းဆုံးက ကိုကျွဲ။ အရက်သောက်တတ်သည်။ သို့ပေမယ့် မူးလွန်မရမ်း။ ဒါကြောင့် ထိုအစုမှာ ကိုကျွဲကအော်တိုပဲ လူကြီးဖြစ်၏။ ကိုကျွဲတွင်စာမတတ်သော်ငြား ပါဝါနက္ခတ်အလွန်တော်သည့် ဇနီးသည်ရှိ၏။ စျေးရောင်းတော်သလို ရငွေကို မျက်လှည့်အလွန်



www.burmeseclassic.com

...၌ နောင်ဂျိန်ပွဲက တစ်လလျှင် (၁၀) ရှိ၏။ သူတို့ ကျွဲ (၂) ကောင် ...ှင် (၅) နှစ်သားအရွယ် မည်း ...သေး ရင်သွေးလေးက မြေစာ ...ခုစမြဲ။

စာစဉ် (၂)

"ကိုကျွဲရေ ပလုပ်ချလိုက်ဦး

"ဟော့အေး၊ ဒီည ငါမလိုက်နိုင် ...ဘူး ကလေးဖျားနေလို့"

ပလုပ်တွေကို လမ်းပေါ်ချပြီး သူ ...ပေါ် သောင်းအေး တက်လာသည်။ ...ကားရင်းတွင် ကွမ်းသွေးတစ်ချက် ...ရင်း ဆေးခန်းမသွားဘူးလား မေး

"ညနေကသွားပြီးပြီကွ။ ကလေး က သွေးလွန်တုပ်ကွေးရာသီဆိုတော့ အဲဒါဖြစ်မှာငါကြောက်နေတာ"

"ဟုတ်ကောဟုတ်လား"

"မဟုတ်ဘူး။ ရိုးရိုးဖျားနာတာလို့ တော့ပြောသား"

"ကဲ - ဒါဆိုလည်း ကျွန်တော်တစ် ယောက်တည်းလစ်တော့မယ်"

"အေး၊ အေး"


ဒီကလေးက ကိုကျွဲ၏ တစ်ဦး တည်းသော ရင်နှစ်သည်းချာရတနာ လေးဖြစ်၏။ အိမ်ထောင်သက် (၁၀) နှစ် အတွင်း ဒီတစ်ဦးသာ ထွန်းကား၏။ ဖအေ၊ မအေက မာမာတွေဖြစ်ပေမယ့် သားတော်မောင်က မာမာမဟုတ်၊ ပျော့ တိပျော့ဖပ်။ ထိုအခိုက် ကလေးက အိပ် နေရင်းထထိုင်သည်။ပြီးတော့ မတ်တတ် ရပ်ကာ နောက်ဖေးဘက်လမ်းလျှောက် သွား၏။ မျက်စိကားမပွင့်။ တကျိုကျိုမြည် သည့် တောင်ဝါးပိုးကြမ်းခင်းပေါ် ကိုကျွဲ ပြေးသွားပြီး လိုက်ဆွဲရသည်။ မလွယ်။ ဒီကလေးမှာ ထိုကဲ့သို့ယောင်ပြီးထသွား တတ်သည့် အကျင့်ဆိုးတစ်ခုရှိသည်။ နောက်ဖေးမှာက ရေတက်နေသည့် ချောင်း။ ရေကပြင်ကလည်း ဝါးကိုခွဲပြီး ပလတ်စတစ်ကြိုးဖြင့် ယင်းကြောသလို ကြောထားသည့် ရေကပြင်။

မိတင်ရီက ဒီတော့မှ ဝါးခနဲသမ်း ရင်းထလာသည်။ ပါးစပ်က အဆဲလေး နှင့် ကလေးကို လှမ်းဟန့်တော့ ကိုကျွဲ ခြေတစ်ဖက်မြှောက်ပြလိုက်၏။ မအေ တဲ့၊ ဘာမအေလဲမသိ။ ကလေးဖျားနေ တာတောင် သူက စောင်တင်းတင်းခြုံပြီး ကွေးလို့၊ ဟောက်လို့။ ကိုကျွဲခမျာ ဆေး ပေါ့လိပ်ကိုတစ်လိပ်ပြီးတစ်လိပ်ဖွာရင်း ကလေးကို ထိုင်စောင့်နေရသည်။ ည သည် နက်သထက်နက်လာသည်။ ဟိုး အဝေးမှ ဇင်းကျိုက်စေတီတော်ကို မီး တလက်လက်နှင့် ဖူးတွေ့နေရသည်။ သည်မှာဘက်မှာလည်း စေတီတော်များ က မီးရောင်တဖွေးဖွေး။ မကြာ၊ လေ အသင့်မှာ ရထားဥသြသံရှည်ရှည်ကို

(ရာမည)

# မောင်ရော

# နေမထွက်တဲ့နေ့





www.burmeseclassic.com

www.burmeseclassic.com

တောင် ကြားလိုက်ရပြန်သကော။

**စာစဉ် (၃)**

"ဗွမ်း"

နောက်ဖေးချောင်းထဲက ငါးပွက်သံ။ ဒါ ငါးပတ်ကြီးတွေ ဥတက်ချရင်း အစာဟပ်သည့်အသံ။ ဒီအချိန်က ငါးရစ်တွေ ဥချချိန်။ ရေချိုရော ရေငန်ပါနေနိုင်သည့် ကကတစ်၊ ငါးပတ် စသည့် ငါးတွေသည် ရေတက်နှင့် ချောင်းဝထိပါတက်လာပြီး ဥတွေဥချသည်။ ရေစီးထဲကဥတွေမှာ သဘာဝအရသားပေါက်ပြီး ရောက်တတ်ရာရာ ပျံ့နှံ့သွားတတ်ကြ၏။ တချို့က လယ်ကွက်ထဲ၊ တချို့က ချောင်းထဲ၊ မြောင်းထဲ။ ငါးပတ်တွေက ငါးရံ့တွေလို သားအုပ်ကို စောင့်ရှောက်သည့်အလေ့မရှိ။ဥချပြီးလျှင် သူနှင့်မဆိုင်တော့။

ထိုလတွေထဲ မိုးကောင်းကောင်း၊ လက်ဆကောင်းကောင်းနှင့် ကိုကျွဲတို့အလုပ်ဖြစ်သည်။ ဥချပြီးပြန်မဆင်းဘဲ ရေတက်ရေကျလိုက်ပျော်နေသည့် ငါးပတ်ကြီးတွေဆိုလျှင် တစ်ကောင်ကို (၃) ပိဿာမျှပင်ရှိတတ်၏။ ဒီညတော့ ချောင်းဘက်မသွားဘဲ ကန်သင်းတွေနား ပလုပ်ထောင်မည်။ ဓာတ်မီးနှင့် ငါးလိုက်ထိုးမည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ ငါးရှဥ့်ပလုပ်ထောင်ဖို့ရာ ခရုတွေရတုန်းလုပ်ထားမှဖြစ်မည်။ ခရုက ယခင်လိုရဖို့မလွယ်။ ပလုပ်ထောင်သမားတွေ များလာသလို ဘဲခြံသမားတွေကလည်း ဝယ်နေတော့ရှားလာ၏။ ကပ်ဘေးကျသလိုဖြစ်နေ၍ အားလျှင် သားလေးပါ မိတင်ရီနှင့်အတူ လိုက်ကောက်နေရ၏။

ကိုကျွဲသည် အစိမ်းလိုက်ထုခြေထားသော ခရုတွေကို ငါးရှဥ့်ပလုပ်၏ အစာကျည်တောက်ထဲထည့်သည်။ လယ်ကွက်၏ထောင့်နား ရေလှိုင်းပုတ်၍ ဒိုက်အမှိုက်ပေါမျာသည့်နေရာနားရွေး၍ ပလုပ်ကို သေချာချသည်။ ပြီးလျှင် စပါးရွက်တစ်ဆုပ်ခန့်ဖြတ်၍ ခေါက်ချိုးချိုးကာ ကျည်တောက်ဝကို ပိတ်သည်။ ရေလှိုင်းသည် ကန်သင်းထောင့်သို့ ပုတ်လျှင် ဒိုက်၊ အမှိုက်သရိုက်တို့အပြင် ရေပိုးရေမွှားတွေပါထိုနားလာစုတတ်သည်။ ထိုအခါ ငါးရှဥ့်က အစာရှာတိုင်း ထိုနေရာမျိုးကို နှစ်သက်၍လာလေ့ရှိသည်။ ငါးရှဥ့်ဝင်ရာ အပေါက် (လျှာခင်) သည် ငါးမူးစေ့အရွယ်မျှ ကျယ်သော်လည်း လျှာခင်အရင်းတွင် စကြာနှယ်ရက်ဖွဲ့ထားသည့် ဝါးနှီးပြားတွေကြောင့်ပြန်ထွက်မရတော့ပါ။ တစ်ကောင်တလေမိ၍ မထုတ်ဘဲ ရေထဲပြန်ချထားသော် ထွက်လို့တတ်သွား၏။ မမိတော့ပါ။ ပလုပ်ကို ရေမနည်းလွန်း၊ မများလွန်းသောနေရာမျိုးမှာချရသည်။ အချို့က ငါးသေးငါးနုပ်လေးတွေကိုပြုတ်၍ အစာအဖြစ်သုံးသည်။ ကိုကျွဲတို့ကတော့ ခရုတွေကို ထုခြေ၍ထည့်သည်။ ပလုပ်အလုံး(၃၀)မျှချပြီးတော့ ညက အတော်လေးနက်လာ၏။ ကွမ်းတစ်ယာထုတ်စား၍ ဟိုဒီကြည့်ကာ ကန်သင်းပေါ် အမှောင်ထိုင်ဖြေဖြစ်သည်။

**စာစဉ် (၄)**

"ဝုန်း"

"ဗွမ်း"

နည်းတဲ့ငါးကြီးမဟုတ်။ လယ်ထဲဆိုတော့ ငါးရံ့မကြီးဖြစ်ဖို့များ၏။ ရေစက်တွေပါ မျက်နှာလာစဉ်၍ မိုးကိုင်ပြီး ကိုကျွဲအသာထရပ်သည်။ လေးငါး၊ ခြောက်ပေအကွာအဝေးက ပစ်မှတ်ကို မီးထိုးရှာကြည့်၏။ ဓာတ်မီးက ဓာတ်ခဲထိုးမီးပဲရသည်။ အားသွင်းမီး LED တွေသုံးမရ။ ရေစူးကို မပေါက်။ ငါးတွေကြောက်ကြသည်။ဝါကြင်ကြင်မူလလက်ဟောင်းဓာတ်မီးတွေပဲ သုံးစားလို့ရတတ်သည်။ အတွေ့အကြုံရင့်သူပီပီ ပစ်မှတ်ကိုတွေ့သည်နှင့် လက်ကဆတ်ခနဲလှုပ်သွားသည်။

"ဖွပ်"

"ဖြန်း၊ ဖြန်း၊ ဖြန်း"

ငါးချောင်းသွားမိုးကို မြှောက်တင်တော့ (၈၀) သားခန့်ရှိ ငါးရံ့မကြီးတစ်ကောင် တဖြန်းဖြန်းနှင့် ရုန်းရင်းပါလာသည်။ အနားက နီတာရဲငါးသားပေါက်လေးတွေ ဖြန်းဆိုပျောက်ကုန်၏။ မိုးနှင့်ရှာစားလျှင် စပါးမှည့်ချိန်လည်း ရှာစားဖွေစားရသည်။ ထိုအချိန်ဆိုလျှင် ကကတစ်တွေ မျက်စိနီနီနှင့် ရေပေါက်တွေမှာ စင်းစင်းရှိနေတတ်ကြသည်။ ထိုးရလွယ်သည်။ ယခုအချိန်ကတော့ သားချင်းမကြီးတွေသာ ရှာလို့ရသေးသည့်အချိန်။

ထိုညက အတော်လေးနက်မှ အိမ်ပြန်အိပ်ဖြစ်သည်။ ပလုပ်တွေကို မနက်ဝေလီဝေလင်းမှပဲ လာဖော်တော့မည်။ဤနယ်မှာက ပလုပ်သူခိုးမရှိသေး။ သူလိုကိုယ်လို ဘဝတူတွေချည်း။ အထူးသဖြင့် ကိုကျွဲလက်ရာဆိုတော့ ပိုရှို့ကြသေးသည်။ ကိုကျွဲထောင်သည့် လယ်ကွက်ဆို မည်သူမျှဝင်မထောင်။ ဒီလောက်ရင်းနှီးသည့် သောင်းအေးတောင် တစ်ကွက်ကျော်လယ်မှာ သွားထောင်တတ်သည်။ စားကျက်မလုတတ်ကြသည့် နုံချာချာတံငါအငယ်လေးတွေ၏ဘဝမှာ ထားရှိသည့်စည်း။

**စာစဉ် (၅)**

ဒီတစ်လော ကိုကျွဲတရှောင်ရှောင်ဖြစ်လာသည်။ မည်းရသည့်အထဲ ပြာနှမ်းနှမ်းပင်ဖြစ်လာသည့်အသားအရေပိန်ကျလာလိုက်တာ ကျွဲပိန်၍ ကိုဆိတ်လို့တောင် ထိုအစုက ခေါ်ရချေတော့သည်။ ထို့ကြောင့် မော်လမြိုင်တက်ပြီး အထူးကုမှာ ပြကြသည်။ အသည်းတဲ့။ အရက်ဒဏ်ကြောင့်ဖြစ်ရသည့်အသည်းတစ်ခြမ်းပဲရှိတော့သည်ဆိုလား။ ဒီတော့မှ ပါဝါတွေ၊ နကွတ်တွေ၊ အပူးတွေရွတ်တတ်သည့် မိတင်ရီတို့နှုတ်ဖျား ဘုရားဘုရား တွင်တွင်တတော့သည်။

ကိုကျွဲမရှိလို့မဖြစ်။ မိမိသုံးပုံဖြန်းတို့က ဥစ္စာစောင့်နှင့်ညားတောင် ဥစ္စာစောင့်မွဲနိုင်မည့်ပုံမျိုးဆိုတော့ ရောင်းတတ်ချတတ်၊ တွက်ချက် ထိုးတတ်တာကလွဲ၍ ငွေကိုမရှာတတ်။ ကိုကျွဲခမျာလည်း တပိန်ပိန်တလိမ်လိမ်နှင့် အားတိုင်း သက်ပြင်းချည်းချနေတတ်ချေ၏။ ငါတကောကော၍ ငါ့ခြေငါ့လက် ငါးမိုးတစ်လက်နှင့်ဆို သောင်းချီသိန်းချီရှာနိုင်သည်ဟု ကြုံးဝါးဖူးခဲ့သမျှ ခုတော့ ထိုကြုံးဝါးသံတွေက လျှောင်ရယ်သံတွေအဖြစ် ပြောင်းလဲလာကြလို့ပဲ ဖြစ်သည်။

သားကလေးသည်ကား ဘာမှမသိရှာ။ လိပ်ခွံတွေကို ကြိုးချည်၍ ကားလုပ်တမ်းကစားရင်း၊ မအေခွံ့သည့် ထမင်းကို တမြုံ့မြုံ့ဝါးရင်းရှိချေ၏။ ကိုကျွဲ စိတ်ထဲမကောင်း။ ဒိုင်သွင်းပြန်လာတိုင်း ရလာသည့် ငါးရှဥ့်ဖိုးတွေကို ခွဲချည်းထိုးတတ်သည့် မိတင်ရီအကျင့်ကြောင့် ဝေဒနာကုဖို့ ငွေကမရှိ။ ရှာနိုင်တာပဲ၊ သုံးပလေ့စေဟု လွှတ်ထားခဲ့သမျှ ခုတော့မှ သိရသည်။ ဝေဒနာကို ကုဖို့ပြီးရင် ထိုကာလအတွင်းကြုံရမည့် စားဝတ်နေရေး။

ညသည် ဖားလတက်အော်သံ ပိုးပုရစ်အော်သံတို့ဖြင့် စီဝေနေသည်။ ဒီရေတက်လာသံကိုပါ ကြားနေရပြီဖြစ်သဖြင့် မရှိဘူးဆို ည (၂) နာရီလောက်ရှိမည်။ ရင်တွေပူလွန်းသဖြင့် ရေတစ်ခွက်ကို အိပ်ရာဘေးမှ ယူသောက်ပြီး ပြန်အချ။

"ဝုန်း"

www.burmeseclassic.com

# လာဘ်လာဘအရာတွင် အတိုင်းမသိအကျိုးပေးစေသောကျင့်စဉ်

အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်

တစ်နေ့သ၌ -

ကျွန်ုပ်ထံ အမြဲတမ်း အကူအညီ ...ာင်းခံနေသော မိတ်ဆွေဦးမြတ်မင်း ...ယောက် ရောက်ရှိလာခဲ့ပါသည်။ ...တ်မင်းတစ်ယောက် ကျွန်ုပ်ထံ သူ၏ ...ရေးအတွက် တွက်ချက်ပေးရန် ... အကူအညီတောင်းရန်မလာခဲ့သည် ... လအနည်းငယ်ပင်ကြာခဲ့ပြီ ဖြစ်ပါ ...ည်။

"ဆရာ၊ လူရှင်းပါမလားလို့ စိတ် ...နေခဲ့တာ။ အခုတော့ ဧည့်ရှင်းလို့ တော် ...သေးတယ်"

ဟု ပြောပြောဆိုဆို ကျွန်ုပ်၏ရှေ့ ...ှင်ရှိသောမျက်နှာချင်းဆိုင်ကုလားထိုင် ... ဝင်ရောက်ထိုင်လိုက်ပါသည်။

ကျွန်ုပ်လည်း -

"ဟုတ်ကဲ့ ဆရာ။ အရင်ဆရာ့ဆီ နောက်ဆုံး ရောက်ခဲ့ပြီးတဲ့နောက်မှာ အကြောင်းများစွာကြောင့် စိတ်က ဆရာဆီရောက်နေပြီး လူကမရောက်ဖြစ်တာပါ။ ဒီနေ့တော့ ကျွန်တော့်ဘဝက်ဇာတာ အနိမ့်၊ အမြင့်ကိုသိချင်တာရယ်၊ နောက် ဆရာ့အကူအညီနဲ့ ဘာဆက်လုပ်ရမယ် ဆိုတာသိရအောင်၊ မေးရအောင် လာခဲ့တာပါ"

ဟု ပြောလေ၏။

ကျွန်ုပ်လည်း ဦးမြတ်မင်း၏ဇာတာကို စစ်ဆေးပြီး ပြောစရာများကို ပြောပြလိုက်ပါသည်။

လူသားများ၏ သဘာဝအတိုင်း လောဘနှင့်ဖြစ်စေ၊ သမလောဘနှင့်ဖြစ်စေ၊ လာဘ်ရွှင်စေချင်ကြတာကတော့ မမွှတာကိစ္စပါ။ ဦးမြတ်မင်းကတော့ သမလောဘသမားလို့ပြောလို့ရပါသည်။ ဒီတော့ ကျွန်ုပ်အနေဖြင့် ဦးမြတ်မင်း၏ ဆန္ဒကို ဖြည့်ဆည်းပေးရန် အကြံတစ်ခု ပေါ်ပေါက်လာခဲ့ပါသည်။

ဦးမြတ်မင်း၏ မိသားစုသည် ဘာသာရေး၊သာသနာရေးတို့တွင် သဒ္ဓါစေတနာကောင်း၏။ အခက်အခဲရှိသောသူများကိုလည်း နှောင်ကြိုးမဲ့ကူညီတတ်သူလည်းဖြစ်ပါသည်။ ထိုမိသားစုအတွက် ကျွန်ုပ်သည် အောက်ပါအတိုင်း ဆောင်ရွက်ရန် လမ်းညွှန်ပေးခဲ့ပါသည်။ ကျွန်ုပ်၏ အကြံပေးချက်ကို ဝမ်းမြောက်ဝမ်းသာခံယူသူလည်း ဖြစ်လေသည်။

ဦးမြတ်မင်း ပြန်သွားပါပြီ။ ကျွန်ုပ်

---

"ဗွမ်း၊ ဗွမ်း"

ဟာ - တယ်ကြီးတဲ့ငါးပဲ။ မဟုတ် ...ဆွဲရော ပြန်မဆင်းသေးတဲ့ ငါးပတ်ကြီး ...ား ကကတစ်ကြီးလား။ အတွေးနှင့် ...တူ ဖျတ်ခနဲထထိုင်ပြီး ဓာတ်မီးကိုစမ်း ...သည်။ မိမိအိပ်ပျော်သွားသည်မှာ သိပ် ...ကြာသေးပေမယ့် အိပ်ရေးဝသလို ...န်းလန်းဆန်းဆန်းနှင့်မို့ ရောဂါသက် ...သာလာပြီလား အောက်မေ့သည်။ ...ဓာတ်မီးကို စမ်းမိသည့်တိုင် မဖွင့်ဘဲ ...နောက်ဖေးဘက်အသာလှမ်းသည်။ မီးဖို ...ခွင်းမှ မှိန်းကိုယူပြီး ထွက်လာစဉ်မှာပဲ ...ငါးကထပ်ပွက်ပြန်သည်။ ရေကပြင် အောက်ကအသံ။ လက်ကို အသာ ...မြှောက်ပြီး မှိန်းကိုရွယ်သည်။ တစ်ဖက် ...က မီးကို ဖျတ်ခနဲဖွင့်သည်။ မှိန်းအရွယ်၊ ...မီးအဖွင့်ပြီးသည်နှင့် လှုပ်ရှားနေသော ...ပစ်မှတ်ကို အားစိုက်ကာ ထိုးချလိုက် ...တော့၏။

"စွပ်"

"အူး . . . ဝူး"

"ဝုန်း"

"ဗလွမ်း"

"ဗွမ်း. . . ဗွမ်း"

ထက်မြည့်နေသည့် မှိန်းသွားက ပစ်မှတ်ကိုထိမှန်း စီးပိုးသွားသည့် လက်ကသိသည်။ အကောင်ကြီးဖြစ်ဟန်တူသောင်းက အားကုန်ရုန်းကန်နေ၍ မှိန်းရိုးကို မြဲမြဲဆုပ်ပြီးနေရသည်။ ငါးကြီးသည် ဘာသံနှင့်တူမှန်းမသိနိုင်သည့် အသံတွေနှင့်လည်းညည်း၍ ရုန်းကန်သံလည်း ကျယ်လောင်လှပါဘိ။ မကြာ တစ်စစနှင့် ငြိမ်ကျသွား၍ မှိန်းကို အားစိုက်ကာ ဆွဲမသည် မရ။ ဓာတ်မီးကို ပါးစပ်နှင့် ကိုက်ထိုးပြီး လက်နှစ်ဖက်ကို ဆွဲမပြီး ကြည့်စဉ်မှာတော့ ကိုကျွဲဟာခန် ဖြစ်သွားရသည်က မှိန်းဖျားက သတ္တဝါသည် ငါးပတ်ကြီးမဟုတ်။ သူထင်ထားသည့် အချိန်အတော်စီးသည့် ကကတစ်ကြီးလည်းမဟုတ်။ ဘဝတစ်သက်တာလုံး ထိုးဖို့တောင်စိတ်မကူးခဲ့သည့် သတ္တဝါ။ ငါးတော့မဟုတ်၊ လူ။ လူတောင်မှ တခြားသူမဟုတ်။ သူ၏ ချစ်လှစွာသော ရင်နှစ်သည်းချာရတနာလေး။

အကုသိုလ်ဟူသည်ကား အဖော်အပေါင်းနှင့်သာလာတတ်သူသာ ဖြစ်ပေ၏။ အထူးသဖြင့် ဥနှင့်ငါးမ၊ သားအုပ်နှင့် ငါးမကြီးတွေကိုသာ မလွတ်စတမ်းထိုးစိုက်သူ၏ ဘဝတစ်ဆစ်ချိုးက သူတစ်ပါးအကြွေးနှင့်မတူ။ လွှန်စွာမှ အရုပ်ဆိုးလှပါဘိ။ ကြားမကောင်းမြင်မတော်။ နေဝင်စော၍ လထွက်သည့်တိုင် ညဥ့်နက်ချင်နေသူ၏ ကြမ္မာက အဆန်းသား။ ဤသည်မှာ ငွေကိုမြဲမြဲစွာ မဆုပ်ကိုင်တတ်သည့် မိတင်ရီကြောင့်လော။ ဒါမှမဟုတ် အလွန်တရာမှ သွေးဆာလှသော မှိန်းတစ်လက်ကြောင့်လော သို့တည်းမဟုတ် ငါးလော၊ သားလော ဟူ၍မျှပင် ခွဲခြားမရနိုင်တော့အောင်ဝေဝါးစေသည့် လောဘ၊မောဟကြောင့်လော။ ကိုကျွဲ အဖြေရှာမရ။ တစ်ပါးသူတို့ အေးချမ်းစွာ ကမ္ဘာတည်နေချိန်မှာ ကမ္ဘာဖျက်ကံနှင့် ကမ္ဘာပျက်ခံရသူကတော့ မှောင်မိုက်ကြီးထဲ ဝေဝါးထွေပြားဆဲ။

နေသည် တောင်တန်းတွေပေါ်မှ ထွက်ပြူလာ၍လင်းပနေသည့်တိုင် ကိုကျွဲ ဘာကိုမှမမြင်။ မြွေဟောက်နှင့်တူသော မှိန်းကြီးကို ဆုပ်ကိုင်လျက် ငူငူကြီး ရပ်ဆဲ။

**စာကြွင်း** - အမည်နာမမှလွဲ၍ အားလုံးသည် တကယ့်ဖြစ်ရပ်မှန်သာ ဖြစ်ပါကြောင်း။

လေးစားလျက်

မောင်ခေ (ဆဒေ)



www.burmeseclassic.com

www.burmeseclassic.com

မှာလည်း ဖတ်နေသော မိုးကုတ်မြို့ မောနေယျစ်ကျောင်းဆရာတော်ရှင်မဟာကဿပထေရ်ပြုစုသော နိဗ္ဗာန်လမ်းစဉ်ပြကျမ်းကို ပြန်လည်ဖတ်နေလိုက်ပါသည်။

ဝေလာမပုဏ္ဏား၏ ဒါနခန်းကို ဖတ်နေစဉ် ရုတ်တရက် အတွေးတစ်စုံ ရုတ်ခြည်းပေါ်လာခဲ့ပါတော့သည်။ ထိုအတွေးသည် ဦးမြတ်မင်းကို ပေးလိုက်သော အတိုင်းအဆမရှိအကျိုးပေးသည့် လာဘ်ရွှင်စေသောကျင့်စဉ်ကို အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများဖြစ်သော အမျိုးလေးပါးမှ ပုဂ္ဂိုလ်အားလုံး၊ ဆန္ဒတူလျှင် ယူကြရပါစေ ဆိုသော စေတနာတစ်ရပ်ဖြင့် ထိုကျင့်စဉ်ကို သူရဋ္ဌမဂ္ဂဇင်းမှတစ်ဆင့် ရေးသားရန် အကြံပေါ်လာခဲ့ပါတော့သည်။

ကျင့်စဉ်ကိုမရေးမီ ရှေးဦးစွာ ကျွန်ုပ်တင်ပြလိုပါသည်။ စာဖတ်သူမိတ်ဆွေများသိပြီးသားအကြောင်းဖြစ်ပါသည်။ ငယ်စဉ်ကပင် နားရည်ဝနေကြသူများလည်း ဖြစ်ပါသည်။ သုံးလောကသခင် မြတ်စွာဘုရားရှင်ဖြစ်သော ရှင်တော်ဂေါတမ မြတ်စွာဘုရား၏ သာသနာတော်တွင် အတုမဲ့ အနှိုင်းမဲ့ဖြစ်သော မြတ်စွာဘုရားသခင်ကလွဲပြီး လာဘ်တကာတို့တွင် အခေါင်အထွတ်ဖြစ်သောအကြောင်းဖြင့် ဧတဒဂ်ဘွဲ့ကို ချီးမြှင့်ခြင်းခံတော်မူရသော အရှင်သီဝလိမဟာထေရ်ကို ထောပနာပြီးပူဇော်သော ဂါထာဖြင့် အဓိဋ္ဌာန်ကျင့်စဉ်ကို ရေးသားခြင်း ဖြစ်ပါသည်။

## လာဘ်လာဘအရာတွင် အတိုင်းမသိ အကျိုးပေးစေသောကျင့်စဉ်

ထိုကျင့်စဉ်ကို ဆောင်ရွက်ကြမည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအနေဖြင့် ဆောင်ရွက်ရာတွင် အခြားသော အဓိဋ္ဌာန်ကျင့်စဉ်များနှင့် မတူညီဘဲ ထူးခြားသည့်ဝိသေသလက္ခဏာရှိနေပါသည်။

## ထူးခြားချက်များမှာ

* အဓိဋ္ဌာန်တင်လျှောက်ထားရခြင်း၊
* အဓိဋ္ဌာန်ကာလမှာ (၃၈) ရက်ဖြစ်ခြင်း၊
* နေ့စဉ်ပုတီးတစ်ပတ်စိပ်ရခြင်း၊
* သစ္စာပြု ဆုတောင်း မေတ္တာပို့သ ကုသိုလ် အမျှပေးခြင်းတို့ ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်ရာတွင် ရက်ကောင်း ရက်မြတ်ရွေးခြင်းစသည်တို့လုပ်ရန်မလိုပါ။ ပါဠိတော်လာစကားအရ ပြုစရာကိစ္စကို အမြန်ဆုံးဆောင်ရွက်သာ ဖြစ်ပါသည်။

အဓိဋ္ဌာန်ကျင့်စဉ်စသည်နှင့် -

၁။ ရှေးဦးစွာ မိမိစတင်လိုသည့်ရက်တွင်စပါ။
၂။ သာသနာတော်စောင့် နတ်မင်းကြီးများကို ဖိတ်ထားပါ။
၃။ အောင်သပြေပန်း၊ အလင်းတိုင် (ဖယောင်းတိုင်)၊ နံ့သာတိုင်(အမွှေးတိုင်)၊ နှင့် သစ်သီး (ရာသီပေါ်သစ်သီး) ကပ်လှူပါ။
(မိမိသဒ္ဓါအားလျော်စွာ ကပ်လှူနိုင်ကြပါသည်။)
၄။ ဦးစွာ သရဏဂုံဆောက်တည်ပါ။ နမူနာ- တပည့်တော်သည်၊ တပည့်တော်၏ မိသားစုသည် အလုံးစုံသော လာဘ်လာဘတို့ဖြင့် ပြည့်စုံပြီး သာသနာတော်အတွက် အထူးစောင့်ရှောက်နိုင်ရပါလို၏ဘုရားဟု အဓိဋ္ဌာန်တင်ရပါမည်။
၅။ ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်းပြုလုပ်ပါ။
၆။ သီဝလိထေရ်ဂါထာ (၂) ပုဒ်ကို ပုတီးစိပ်ရန်။
(ပုတီးစိပ်ရာတွင် ဂါထာတစ်ပုဒ်ပြီးတိုင်း ပုတီးတစ်လုံးစိပ်၍ ၁၀၈ ပုတီးကုံးတစ်ပတ်စိပ်ရန်။ ဂါထာ (၂) ပုဒ်ဖြစ်၍ ပုတီး (၂) ပတ်စိပ်ရပါမည်။)
* ရှင်သီဝလိဂါထာများကို သီးခြားရေးသားဖော်ပြထားပါသည်။
၇။ ပုတီးစိပ်ပြီးတိုင်း -
* သစ္စာပြုပါ၊
* ဆုတောင်းပါ၊
* မေတ္တာပို့ပါ၊
* ကုသိုလ်အမျှပေးဝေပါ။
* ဖိတ်ကြားထားသူများကို ကုသိုလ်အမျှထပ်မံပေးပြီး နေရာဌာနသို့ ပြန်လည်ပေးပို့ရန်ပင် ဖြစ်ပါသည်။

အံ့သြ ထူးဆန်းအောင် လာဘ်လာဘတို့ အတိုင်းအတာမသိအောင် အကျိုးပေးသည်ကို ကိုယ်တိုင်တွေ့ကြရမည်ကျင့်စဉ် ဖြစ်ပါသည်။

လာဘ်လာဘအရာတွင် ဧတဒဂ်ရသော အရှင်သီဝလိမဟာထေရ်၏ ဂါထာ (၁၀) ပုဒ်အား စာဖတ်သူများသိရှိပြီး ဖြစ်ပါသည်။ ထိုဂါထာ (၁၀) ပုဒ်လုံးကို ရွတ်ဖတ်ပြီး ပုတီးစိပ်ရန် မဟုတ်ပါ။ အောက်တွင် ဖော်ပြထားသော ဂါထာတစ်ပုဒ်ကိုသာ ပုတီးတစ်လုံး... စနစ်ဖြင့် ဂုဏ်တော်ပုတီးတစ်ပတ်စိ... ရန် ဖြစ်ပါသည်။

## ပထမပုတီးပတ်အတွက် ရှင်သီဝလိ... ဂါထာ

* သီဝလိစ မဟာနာမံ ဣန္ဒာ ဒေဝ... သမြဟ္မာဏာ မနုဿ ပုရိသော... ဣတ္ထိ မဟာလာဘံ ဘဝဿတိ...

## ဒုတိယပုတီးပတ်အတွက် ရှင်သီဝလိ... ဂါထာ

* နမော သီဝလိ မဟာရာဇာ ... မေတ္တာ ဖေဟိ ကရုဏာ၊ ဒေဟိကပ္ပံ ဘောဇနိယံ ဒု... အဒူရေဝ မဟာလာဘံ၊ လာဘတ္ထု ပီယံ ပီယတ္ထု ဖေဟိ ... ကရောတုမေ။

## အထူးတင်ပြခြင်း

အဓိဋ္ဌာန်တင်ရသောကာလသည်... (၃၈) ရက် ဖြစ်ပါသည်။ ထူးခြားသည်... မှာ ရက်နား၊ ရက်ခြားမရှိစေရဘဲ (၃၈)... ရက် တပ်ဆက်တည်းသွားရမည် ဖြစ်... သည်။

မိမိ၏ စေတနာကို ယုတ်လျော့... ခြင်းမရှိဘဲ ကြိုးမားအားကောင်းသော... ဝီရိယနှင့်ကြိုးစားခြင်းဖြင့် အောင်မြင်... ခြင်းများစွာတို့ကို ရရှိပိုင်ဆိုင်မည် ဖြစ်... ပါသည်။

အထူးတင်ပြလိုသည်မှာ သာသနာ... ၏ အစို့အညှောက်ဖြစ်သော ရှင်သာ... မဏေများကို ထောက်ပံ့အထူးအလှူ... ရန်ပင် ဖြစ်ပါသည်။ အောင်မြင်ကြီး... လာဘ်များစွာတို့ ရသူများအနေဖြင့်... လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

လာဘ်များစွာပိုင်ဆိုင်လိုသူတို့... ကျင့်စေလိုသောဆန္ဒဖြင့် တင်ပြလိုက်... ခြင်း ဖြစ်ပါတော့သည်။

ကောင်းမှုကိစ္စမှန်သ...
လိုလားတောင့်တ...
ရရှိပြည့်စုံကြပါ...

အောင် (သိဒ္ဓိရေး...
နဝင်မြို့ ...

www.burmeseclassic.com

www.burmeseclassic.com

# အိမ်ဆောက်လျှင်သိထားသင့်သော

မြန်မာတို့၏ ရိုးရာဓလေ့အစဉ် ...ော မြောက်မြားစွာရှိသည့်အထဲမှ ...မနေ လိုက်နာကြရမည့် အရာများ ...လေသည်။

သို့သော်လည်း ယနေ့ခေတ်ကာလ ... ရိုးရာဓလေ့ အစဉ်အလာတွေကို ...ာပြုကြသူတွေများစွာရှိနေပါပြီ။ ...လူကြီးသူမတွေထားခဲ့သော ရိုးရာ ...အစဉ်အလာများသည် အကြောင်း ...ခဲ့ခြင်းမဟုတ်သည်ကို အထူးသတိ ...င့်ပါသည်။

မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ...လာ မှတ်သားခဲ့ကြသော အတွေ့ ...ကြုံများမှ ဆင်းသက်လာခဲ့သော ...ဆုံးစကားများကို မျက်ကွယ်ပြု ...လေးမထားဘဲ လုပ်ဆောင်ပါက ...လင့်မထားသည့် ဆိုးကျိုးများ... ...ရတတ်လေသည်။

လူတိုင်းတို့သည် မိမိတို့နေထိုင်... ... အိမ်၊ တိုက်တာများကို မဖြစ်မနေ ...ာက်လုပ်ကြရလေသည်။ အိမ် ...က်လျှင် မဖြစ်မနေ လိုက်နာရမည့် ...ကြောင်းများကို တင်ပြပါမည်။

...ဦးစွာ တင်ပြမည့် အကြောင်းက ...တို့ စပါးကိုဒေါင်မြေနေရာပေါ်တွင် ...တို့ စပါးကိုဒေါင်ရွှေ့ပြောင်းပစ်၍ ...င်းမြေဝယ်ယူပြီး အိမ်ဆောက်လျှင် ...မြေနေရာများပေါ်၌ အိမ်မဆောက် ...ာင်းပါ။

ထိုမြေနေရာပေါ်တို့၌အိမ်ဆောက် ...က ထိုအိမ်ရှင်မိသားစုတို့သည် လူမှု ... စီးပွားရေး၊ ကျန်းမာရေးတစ်ခုခု ...င် အခက်အခဲကြုံတွေ့နေရလေ့ရှိ ... ထိုအိမ်ပေါ်၌နေထိုင်သော မိသားစု ... သက်တမ်းပြည့်နေထိုင်သွားရသည် ... ဆုံးပါးသွားလေ့ရှိသည်။

ထို့အပြင် စပါးကျီတိုင်ပြုလုပ် ...သောတိုင်ကိုလည်း အိမ်တိုင်အဖြစ် ...ကောင်းပါ။ ရှေးလူကြီးသူမတွေက ...ပင်တားမြစ်ထားပါသည်။ စပါးကျီ ...က်၌ ဝက်မွေးမြူခြင်းကိုလည်း ...င်ကြဉ်ရပါသည်။ စပါးကျီအောက် ...မွေးလျှင် ဝက်မဖြစ်ပါ။ မွေးထား ...က်မှာ ရောဂါဘယထူပြောပြီး ...နှစ်မွေးရမည့်ဝက်ကို နှစ်နှစ်ကျော် ...မွေးတာတောင် ရောင်းစားဖို့ခက် ...သည်။

အိမ်ဆောက်ရာတွင် သတိထား ...င်ရမည့်အချက်တစ်ခု ရှိပါသေး ... ဆီကြိတ်စက်တွေ မပေါ်မီကာလ

က ဆီကြိတ်ရာတွင်နွားနှင့်လှည့်ရသော ဆီဆုံဖြင့်ဆီကြိတ်ကြရသည်။ ဆီဆုံဆိုသည်မှာ မျက်နှာပြင်အကျယ် (၂½) ပေခန့်၊ အမြင့် (၄) ပေခန့် သစ်သားတုံးကို အကျယ် (၁½) ပေခန့် သစ်သားတုံး၏ မျက်နှာပြင်တွင် အပေါက်ဖောက်၍ အပေါ်မှ ဆီကျည်ပွေ့တပ်ကာ နွားဖြင့်ဆွဲလှည့်၍ ကြိတ်ခြေပြီးနောက် ဆီထွက်အောင်ပြုလုပ်ခြင်းကို ဆီဆုံဟုခေါ်လေသည်။

ထိုဆီဆုံနေရာမြေပေါ်တွင်လည်း အိမ်မဆောက်ကောင်းပါ။ တစ်နေရာတည်းတွင် ဆီဆုံလှည့်ရသည့်နွားကဲ့သို့ စီးပွားရေးမှာ တလည်လည်ဖြစ်တတ်သည်မို့ အိမ်မဆောက်ကောင်းကြောင်း လူကြီးသူမတွေက မှတ်သားဖွယ်ရာ ...ားထားရစ်ခဲ့ပါသည်။

ထို့ပြင်လည်းရှိပါသေးသည်။ လူ...များဥဒဟိုသွားလာနေကြသော လမ်း...ပါ်အိမ်ဆောက်ခဲ့ပါက ဆိုးစွာသော အကျိုးပေးမှုကို အိမ်ရှင်မိသားစု ခံစားရသည်ကိုလည်း စာဖတ်သူများသိရှိနိုင်စေရန် တင်ပြပါဦးမည်။

ကျွန်တော်တို့ အထက်အညာဒေသရှိ ရွာကြီးတစ်ရွာတွင် ရွာလယ်လမ်းမကြီးကို အရှေ့၊အနောက်၊တောင်၊မြောက်ဖောက်လုပ်ထားကာ သွားလာနေခဲ့ကြသည်။

တောင်မှ မြောက်သို့ ဖောက်လုပ်ထားသော ရွာလယ်လမ်းမကြီးမှာ ရွာလယ်တွင်ရှိနေသည့် အရှေ့၊ အနောက်လမ်းမကြီးနှင့်ဆုံရာတွင် အနည်းငယ်ဝေ့ကောက်နေပြီးမှ လမ်းနှစ်ခုဆုံကြသည်။

ကွေ့နေသော လမ်းမကြီးကို အများဆန္ဒနှင့် ဟိုဘက်ဒီဘက် အိမ်ဝိုင်းရှင်များ ညှိနှိုင်းလိုက်ကြပြီးနောက် ကွေ့နေရာကို ဖြောင့်သွားအောင်လုပ်လိုက်ကြသည်။ တစ်ဖက်မှ အိမ်ဝိုင်းမြေနေရာပေါ်မှာ ဆောက်ထားသောအိမ်မှာ လမ်းဖြောင့်လိုက်ခြင်းကြောင့် ၎င်းအိမ်မြေနေရာဝိုင်းပိုကျယ်သွားသည်။

ထိုအိမ်ရှင်သည် ယခင်က မြေအနေအထားအရ ဆောက်ထားသော အိမ်ကို ဖျက်လိုက်ပြီး မြေနေရာရရှိလာသောမြေပေါ်တွင် အိမ်ကို အသစ်ပြင်ဆောက်လိုက်ပါသည်။ လမ်းမြေနေရာဟောင်းမြေနေရာပေါ်၌ ပြင်ဆောက်လိုက်ခြင်းကြောင့် အရင်လိုစောင်းစောင်းကြီးမဟုတ်တော့ဘဲ ကြည့်လို့အဆင်ပြေသွားလေသည်။

ထိုအိမ်ဆောက်လိုက်ပြီး တစ်နှစ်လောက်အကြာတွင် ၎င်းအိမ်ရှင်မိသားစုမှာ စီးပွားရေးများ ယခင်ကလို မပြေလည်တော့။ မိသားစုစိတ်ဝမ်းကွဲမှုများဖြစ်လာသည်။ မိသားစုကျန်းမာရေးသည်လည်း တစ်ယောက်ပြီးတစ်ယောက် နာမကျန်းဖြစ်လာကြသည်။

ပတ်ဝန်းကျင်နှင့်လည်း သင့်မြတ်မှုမရှိကြတော့။ ထူးထူးခြားခြားပင် စိတ်နေစိတ်ထားတွေပြောင်းသွားကြသော မိသားစုကိုကြည့်ပြီး လူတွေနားမလည်နိုင်ကြ။ အရင်ကလို စိတ်နေစိတ်ထားများမရှိကြတော့သော ထိုမိသားစုကို အထူးအဆန်းဖြင့် လူတွေအံ့သြနေကြသည်။

အိမ်တွင်းရေးသည်လည်း တစ်စတစ်စဆိုးဝါးလာကာ ဖခင်ဖြစ်သူမှာ ထိုအိမ်ပေါ်မှာပင် ကြိုးဆွဲချ၍သေဆုံးသွားခဲ့ပါသည်။ ထို့နောက် လပိုင်းတွေသာခြားပြီးတော့ သားသမီးနှစ်ယောက်မှာ ဆုံးပါးသွားခဲ့ပြန်ပါသည်။ မိသားစု (၅) ယောက်ရှိကြသည့်အထဲမှာ အမေနှင့် သမီးသာ အိမ်ပေါ်တွင် ကျန်ရစ်ခဲ့သည်။ နှစ်ဦးတည်းသာရှိကြသည့် သားအမိနှစ်ယောက်မှာ တစ်ဦးပေါ်တစ်ဦး မေတ္တာအားနည်းနေကြသည်ကိုလည်း တွေ့ရသည်။

အိမ်နေရာ ရွှေ့ပြောင်းပြီးကာမှ ကံကြမ္မာအမျိုးမျိုးဝင်ရောက်လာသည်ကို ရိပ်စားမိကြဟန်တူပါသည်။ နောက်ဆုံးတော့ ၎င်းအိမ်ကိုရောင်းချ၍ အခြားနေရာပြောင်းရွှေ့နေထိုင်ကြလေသည်။

ထိုတော့မှ နှစ်ယောက်တည်းသာရှိသည့်သားအမိမှာ အစစပြေလည်သွားလေသည်။

ထိုကဲ့သို့ လမ်းမြေနေရာပေါ်၌ အိမ်မဆောက်ကောင်းသည်ကိုလည်း ရှေးလူကြီးသူမတွေက တားမြစ်ထားသည်ကိုလည်း မှတ်သားဖူးပါသည်။

ယခုတင်ပြခဲ့သော အဖြစ်အပျက်သည် ဖြစ်ရပ်မှန်အဖြစ်အပျက်ဖြစ်ပါသည်။ လူအများသွားလာနေခဲ့သော လမ်းပေါ်အိမ်ခွဆောက်မိခဲ့ခြင်းကြောင့် ရရှိခဲ့သည့် ဆိုးကျိုးများ ခံစားရသည်ကို ကံကြမ္မာကြောင့်ဟု ရိုးမယ်ဖွဲ့ပြောနိုင်သော်လည်း လူအများကတော့ လမ်းမြေပေါ် အိမ်ခွဆောက်ခြင်းကြောင့်ဟု ယုံကြည်မှုများနှင့် ပြောဆိုကြလေသည်။

အေးချမ်းအောင်(...)

www.burmeseclassic.com



ဘူမိဗေဒပညာရှင် ဦးတင်မောင် ဦးဆောင်၍ မေသုတသတ္တုလုပ်ငန်း ကုမ္ပဏီလီမိတက်၏ လုပ်ငန်းတာဝန်ဖြင့် လွန်ခဲ့သော ၂၀၀၂ ခုနှစ်၊ မတ်လကုန်တွင် စာရေးသူအပါအဝင်အဖွဲ့ဝင်(၃)ဦးတို့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မစိန်ကျေးရွာသို့ ရွှေတူးဖော်ရေးလုပ်ငန်းကိစ္စနှင့် ရောက်ရှိသွားကြပါသည်။ စာရေးသူတို့သည် ယောစုကျေးရွာတွင် အခြေစိုက်ကြပါသည်။ ချင်းတွင်းမြစ်ဘေးရှိ မစိန်ကျေးရွာသည် ရွှေတူးဖော်ရေး အကြောင်းပြု၍ ရွှေပန်းထိမ်လုပ်ငန်းများလည်း ထွန်းကားလျက်ရှိပါသည်။

စာရေးသူတို့မှာ ရွှေနှင့်ပတ်သက်သည့်လုပ်ငန်းများ လေ့လာပြီး၍ ... လယ်စာစားရန် ထမင်းဆိုင်တစ်... အတွင်းသို့ ရောက်ရှိနေရာယူ၍ ... နားနေကြပါသည်။ ထိုအချိန် ... လင့်သော အဖြစ်အပျက်အကြော... ထမင်းဆိုင်ပိုင်ရှင် အမျိုး... စကားကျယ်လောင်စွာဖြင့်ပြောနေသ...



www.burmeseclassic.com

www.burmeseclassic.com

ကို စာရေးသူတို့အဖွဲ့မှ အမှတ်မထင် ကြားလိုက်ရ၍ စာရေးသူမှ သိချင်ဇောဖြင့် ထမင်းဆိုင်ပိုင်ရှင်အား လှမ်းမေးလိုက်မိပါသည်။

ဆိုင်ပိုင်ရှင် အမျိုးသမီးကြီးမှ စာရေးသူအား -

"နောင်ကြီးအနေနဲ့ ဟိုသူငယ်ကို သာ မေးကြည့်ပါတော့။ သူတို့သားအဖ ဖြစ်အင်ကဆိုးလွန်းလှပါတယ်။ သူ့အဖေကတော့ အနောက်တောထဲမှာတင် အသက်ပျောက်ခဲ့ရပြီး ဒီသူငယ်ကတော့ မသေကောင်းမပျောက်ကောင်း ရွာကို ပြန်ရောက်လာတယ်၊ အကြောင်းစုံကို သိချင်ရင် သူ့သာမေးကြည့်ကြပါ"

ဟု စကားဆက်ပေးလိုက်ပါသည်။ စာရေးသူမှ အသက် (၂၀) ကျော်ခန့်ရှိမည်ဟု ထင်ရသော ထမင်းဆိုင်သို့ ရောက်ရှိနေသည့် လူငယ်အား စကားစတင်လိုက်ပါတော့သည်။

"ကဲ - ငါတူအနေနဲ့ ဘာတွေဖြစ်ပျက်ခဲ့တာလဲဆိုတာ ဦးတို့ကို ပြောပြခဲ့ပါဦး"

"ကျွန်တော်နဲ့ ကျွန်တော့်အဖေတို့ လွန်ခဲ့တဲ့ မတ်လလောက်က ရွာရဲ့

# မိုးမင်းဇော်

## လူ၏လောကကို မြွေ၏ဒေါသမှအနိုင်ယူသွားခြင်း



အနောက်ဘက် ချင်းတွင်းမြစ်ကိုဖြတ်ကူးပြီး တောထဲထင်းခွေရင်း ဟင်းစားရှက်များပါ ရှာဖို့ထွက်လာခဲ့ကြတာပါ။ ကျွန်တော်တို့ ဒီကလှမ်းကြည့်ရင် မြင်ရတဲ့ မှိုင်းပျပျတောင်ကြောဟာ မြွေကြီးရိုးတောင်တန်းလို့ ခေါ်ပါတယ်။ ဒီတောင်တန်းရဲ့ တောင်ဘက်မှာကတော့ ပုံညာတောင်တန်းကြီးရှိပါတယ်။ ကျွန်တော်တို့သားအဖနှစ်ယောက် တောထဲရောက်သွားပြီး တစ်တောဝင်တစ်ချောင်းဖြတ် ဟင်းစားရှာနေကြတုန်း လျှိုမြောင်တစ်ခုထဲ ဝင်ရောက်သွားမိကြပါတယ်။

ကျွန်တော်တို့ အဲဒီလျှိုမြောင်ထဲ ရောက်ရှိချိန်ဟာ မွန်းတည့်ချိန်လောက်ရှိနေပြီ ဖြစ်ပါတယ်။ နွေရာသီခေါင်ခေါင်ဖြစ်ပြီး တောထဲမှာရှိတဲ့ ကျွဲလူးအိုင်တွေလည်း ရေခန်းခြောက်… ကြတဲ့ အချိန် ဖြစ်ပါတယ်။ ကျွန်ေ…ပ့သားအဖမှာ ထင်းခုတ်ဓားမတစ်ချောင်း၊ မောင်းချဓားတစ်ချောင်း ပါလာကြပါတယ်။ ပတ်ဝန်းကျင်ကို လေ့လာရင်း



www.burmeseclassic.com

www.burmeseclassic.com

ရှေ့ဆက်တိုးဝင်သွားတဲ့အချိန်မှာတော့ မမျှော်လင့်တဲ့မြင်ကွင်းတစ်ခုကို ဘွားခနဲ မြင်တွေ့လိုက်ကြတယ်ခင်ဗျ။

အဲဒီ မြင်လိုက်ရတဲ့အရာက ဧရာမမြွေကြီးတစ်ကောင်ဟာ ကျွဲလူးအိုင်တစ်ဖက်တစ်ချက်မှာရှိတဲ့ သစ်ပင်နှစ်ပင်ကို ပုခက်လိုလုပ်ပြီး သူ့ခန္ဓာကိုယ်နဲ့ ရေအနည်းငယ်ကျန်ရှိနေတဲ့ ကျွဲလူးအိုင်ထဲက ငါးတွေကို သဲ့ထုတ်ယူနေတာကို တွေ့ရပါတော့တယ်။ ကျွန်တော်တို့လည်း အံ့အားသင့်ပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားကြပါသေးတယ်။ နောက်တော့ ကျွန်တော်တို့သားအဖ အကြံရတာက မြွေကြီးဟာ တစ်ဖက်တစ်ချက်မှာရှိတဲ့ သစ်ပင်ကိုင်းကို ရစ်ပတ်ထားပြီး ခန္ဓာကိုယ်နဲ့ ရေပက်ထုတ်နေတာ တွေ့ရတော့ ကျွဲလူးအိုင်တွင်းကငါးတွေကို ဝင်ကောက်ရင် မြွေကြီးက ရုတ်တရက် ရန်ပြုနိုင်မှာမဟုတ်ဘူးလို့ တွက်ဆပြီး ပါလာတဲ့ ကျွန်တော်တို့အိတ်အတွင်းကို မြွေကြီးပက်ထားလို့ ပေါ်နေတဲ့ ငါးလေးတွေကို ကပျာကယာကောက်ထည့်ကြတာပါပဲ"

"အဲဒီအချိန် မြွေကြီးက ဘာမှ မလုပ်ဘူးလား"

"ကျွန်တော် ဆက်ပြောပါ့မယ်။ မြွေကြီးရဲ့ ခန္ဓာကိုယ်ကြီးက အလွန်ကြီးမားတော့ ရုတ်တရက် ရစ်ပတ်ထားတဲ့ သစ်ကိုင်းကိုလွှတ်ပြီး ကျွန်တော်တို့ကို ရန်မူနိုင်မှာမဟုတ်ဘူးလို့ တွက်ဆလိုက်ကြပါတယ်။ တကယ်လို့ သစ်ကိုင်းမှာ တွယ်ချိတ်ရစ်ပတ်ထားတဲ့ ဦးခေါင်းနဲ့ အမြီးပိုင်းတွေကို ဖြေလျှော့နေတာတောင် အချိန်အတော်ကြာလိမ့်မယ်လို့ ကျွန်တော်တို့က အပိုင်တွက်ပြီးတော့ မြွေကြီး အားကြိုးမာန်တက် ဖွဲလုံ့လနဲ့ နေပူကျဲကျဲထဲ ငါးသဲ့ထားတာကို ဝင်လုကြတာ ဖြစ်ပါတယ်။


တကယ်လက်တွေ့မှာတော့ ထင်သလိုမဟုတ်ဘဲ မြွေကြီးဟာ သစ်ကိုင်းနှစ်ကိုင်းမှာ ရစ်ပတ်ထားတဲ့ သူ့ရဲ့ခန္ဓာကိုယ်ကြီးကိုရုတ်တရက်ဖြုတ်ချလိုက်တာတွေ့ရပါတော့တယ်။ကျွန်တော်တို့လည်း ကြောက်အားလန့်အားနဲ့ ကျွဲလူးအိုင်အတွင်းက ထွက်ပြေးကြတာပေါ့။ ကျွန်တော်တို့တွက်ဆတာက ဒီလောက်ကြီးမားတဲ့ ခန္ဓာကိုယ်ကြီးရှိတဲ့ မြွေကြီးဟာ အရှိန်ပြင်းပြင်းနဲ့ လှုပ်ရှားနိုင်မယ်လို့ လုံးဝမထင်ခဲ့ဘူးဗျ။ ကျွန်တော်တို့နောက် လိုက်လာလိမ့်မယ်ဆိုတာ လုံးဝမစဉ်းစားခဲ့မိဘူးဗျာ"

"ကဲ - ဆက်ပြောပါဦး။ သားတို့ သားအဖနောက်ကို မြွေကြီးဘယ်လို လိုက်မီလာတယ်ဆိုတာ"

"ဟုတ်ကဲ့ [illegible]တို့သား အဖက ရွာဘက် [illegible]နေတဲ့ လျှိုမြောင်လမ်းအတိုင်း ပြန်ပြေးကြတာပါ။ ဖြစ်ချင်တော့ အဘရာ၊ ကျွန်တော်တို့ ပြေးတာက ရေခန်းခြောက်နေတဲ့ ချောင်းခြောက်တစ်လျှောက် ဆိုတော့ သစ်ရွက်တွေကများတယ်။ ဒီကြားထဲ သစ်ရွက်နင်းမိလို့ ချော်လဲသေးတယ်။ ကျွန်တော်တို့ လှည့်ကြည့်တော့ မြွေကြီး လိမ့်လာတဲ့အရှိန်ဟာ မကြာခင် ကျွန်တော်တို့ကို မီလာတော့မယ်လို့ တွက်ဆမိကြပါတယ်။

အဖေက ကျွန်တော့်ကို မင်းရှေ့က အရင်ပြေးနှင့်။ မြွေကြီးအရှိန်က တို့ကိုမီလာတော့မယ်။ သားသာလွတ်အောင်ပြေးပေတော့။ အဖေမြွေကြီးကို ရသမျှအားနဲ့ တားဆီးမယ်။ အဖေ့ကို ထင်းခုတ်ဓားမသာပေးခဲ့ပါလို့ပြောတာနဲ့ ကိုင်ထားတဲ့ ထင်းခုတ်ဓားမကို အဖေ့ကို လှမ်းပေးပြီး ကျွန်တော်လည်း အစွမ်းကုန်ပြေးတော့တာပေါ့။ မကြာခင် ပြေးရင်း လျှိုမြောင်အချိုးကွေ့တွေ ပြေးရတော့ နောက်လှည့်ကြည့်တော့ အဖေကို မတွေ့ရတော့ဘူး။ ကျွန်တော်လည်း ရွာပြန်ပြီး အကူအညီတောင်းဖို့ စိတ်စောနေတာနဲ့ တောက်လျှောက် ရွာကိုပြေးလာခဲ့တာပါ။

**ကသော်ချိုင့်ဝှမ်းဒေသမြေပုံ**
**ကသော်ချိုင့်ဝှမ်းဒေသ (စစ်ကိုင်းတိုင်းဒေသကြီး)**



www.burmeseclassic.com

## ဆရာကိုးရွှေအာရုဏ်ဦး

(ဘေးရေးသုတေသီ) ရိုးစေသင်

# တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း (အဓိကကားချပ်များ / Major Arcana)

## VII. The Chariot

မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့် ကျွန်တော် သို့မဟုတ် တားရော့ပုံပြင် (၁) ဆောင်းပါးအား ဖတ်ပြီးမှ တားရော့ကားချပ်ဆောင်းပါးများအား လေ့လာဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မှာဖြစ်ပါတယ်။

**VII.The Chariot**

**အမည်ကွဲများ**

Triumphal Car
King in Triumph
Car

**ဆက်နွယ်မှုများ**

ဓနုရာသီ
ကြာသပတေးဂြိုဟ်
ဟီးဘရူးအက္ခရာ "Cheth"

**သရုပ်ဖော်ပုံ**

အပြာရောင် မြင်းတစ်ကောင်နဲ့ အနီရောင်မြင်းတစ်ကောင်တပ်ဆင်ထားသော စစ်ရထားပေါ်တွင် သရဖူဆောင်းထားသော မင်းသားတစ်ပါး စီးနင်းနေဟန်၊ မင်းသား၏ ဘယ်-ညာတစ်ဖက်စီတွင် အပြာရောင်နှင့် အနီရောင်တိုင်လုံးနှစ်လုံးစီရှိနေပါတယ်။ ထူးခြားချက်နှစ်ခုမှာ မြင်းများကို ဇက်ကြိုးတပ်ဆင်မထားခြင်းနဲ့ မြင်းနှစ်ကောင်ဟာ ဘယ်/ညာတစ်ဖက်ဆီသို့ ဆန့်ကျင်စွာဦးတည်နေဟန်တို့ဖြင့် ပုံဖော်ထားပါတယ်။

ယေဘုယျအားဖြင့် (ကားချပ်တစ်ခုလုံးကို) လိမ္မော်ရောင်များ လွှမ်းခြုံထားသော်လည်း မင်းသားရဲ့ကိုယ်ဝတ်အင်္ကျီကို အစိမ်းရောင်ဖြင့် ဖော်ပြထားပါတယ်။

ရဲဝံ့စွန့်စားခြင်း၊သတ္တိရှိခြင်း၊အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်း (အနီရောင်) နဲ့ အမှား၊ အမှန် ဝေဖန်ချင့်ချိန်စဉ်းစားခြင်း၊ အကြောင်းနှင့်အကျိုးညီညွတ်စေခြင်း (အပြာရောင်) တို့ကို မျှမျှတတ သဟဇာတဖြစ်အောင် ပေါင်းစပ်နိုင်မှသာ မိမိလိုရာ ဦးတည်ချက်ကို ရောက်ရှိနိုင်ကြောင်း ဖော်ညွှန်းပါတယ်။

ဒီထက် ပြည့်စုံအောင် ပြောရရင် 'Three fold nature of man' လို့ခေါ်တဲ့ အကြောင်းတရား(၃)ပါးနဲ့တည်ဆောက်ထားတဲ့လူ့ဘဝကို ရည်ညွှန်းပါတယ်။ အသစ်အဆန်းမဟုတ်ပါဘူး။ 'တားရော့ပုံပြင်၏ ဂန္ထဝင်စည်းချက်ဝါးချက်နှင့် လျှပ်တစ်ပြက်လည်ပြန်' ဆိုတဲ့ဆောင်းပါးထဲမှာ ကျွန်တော် ဖော်ပြဖူးခဲ့တဲ့ Triadic-theory ဆိုတဲ့ ခေါင်းစဉ်အောက်ကပါပဲ။

ကျွန်တော်တို့မြန်မာလူမျိုးတွေရဲ့ အယူအဆမှာ လူတစ်ယောက်ရဲ့ဘဝဖြစ်/တည်ဖို့ရာ ကံ၊စိတ်၊ဥတု၊အာဟာရ ဆိုတဲ့အကြောင်းတရား (၄) ပါး ပြည့်စုံညီညွတ်ဖို့လိုပါတယ်။

'စေတနာသည်ကံ' လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့အတွက် ကံ= စေတနာ= စေတသိက် (ပြင်းပြသောခံစားချက်) စေ့ဆော်မှုဖြစ်ပါတယ်။

---

ရွာပြန်ရောက်ပြီးအကျိုးအကြောင်းပြောပြတာနဲ့ ရွာကလူကြီးတွေစုပြီး ကျွန်တော်ပြေးလာခဲ့တဲ့ လမ်းတစ်လျှောက်ရှိ လှိုဏ်မြောင်ဘက်ကိုသွားကြည့်ကြပါမယ်။ ရွာကအဖွဲ့ တွေ့ရောက်သွားတော့ မြွေကြီးရော အဖေပါ မလှုပ်မယှက်ငြိမ်သက်နေတာ တွေ့ရတော့တယ်။ အဖေ့ကို မြွေကြီးက ရစ်ပတ်ထားပြီး မြွေကြီးလည်း အဖေက ထင်းခုတ်ဓားမနဲ့ လှီးဖြတ်ထားလို့ပြတ်နေတာတွေ့ရတော့တယ်"

ပြန်လည်ပြောပြနေသူ လူငယ်၏ စကားဆုံးသွားသည်နှင့် ထမင်းဆိုင်ပိုင်ရှင်မိန်းမကြီးက -

"ကဲ - အခုကြားရတဲ့အတိုင်းပဲ နောင်ကြီးတို့ရေ။ မိဘတို့မေတ္တာ သားသမီးတို့အပေါ်မှာ ဘယ်လောက်အထိကြီးမားတယ်ဆိုတာ ကိုယ်တွေ့ပါပဲ။ သားအဖနှစ်ယောက် အတူပြေးလွှားကြရင်း မြွေအန္တရာယ်မှ လွတ်နိုင်ပုံမပေါ်တော့လို့ သိလိုက်တာနဲ့ အဖေသာ အသေခံသွားမယ်။ သားမသေစေရဘူး။ လွတ်အောင်သာပြေးပေတော့။ အဖေတတ်စွမ်းသမျှ မြွေကြီးရဲ့ဘေးဆိုးကို ခုခံကာကွယ်မယ်ဆိုပြီး ပြောတဲ့အတိုင်း အသေခံသွားရှာတယ်။

ထမင်းဆိုင်ပိုင်ရှင် အမျိုးသမီးကြီး စကားဆုံးသွားသည်နှင့် စာရေးသူအနေဖြင့်အတွေးတစ်ခုဝင်လာသည်။ အထက်ဖော်ပြပါဖြစ်ရပ်ကို သုံးသပ်ကြည့်လျှင် အစာရေစာ ငတ်မွတ်ဆာလောင်နေ၍ အစာရလိုရငြား သစ်ကိုင်းပုခက်ဖန်တီးကာ ကျွဲလူးအိုင်မှငါးများကို ပင်ပန်းကြီးစွာ ပက်ထုတ်နေသည်ကို ဝင်ရောက်လုယူကြသည်ဖြစ်ရာ မြွေကြီးမှ ဒေါသအမျက်ချောင်းချောင်းထွက်ရှိပြီး ယခုကဲ့သို့လက်စားချေသည့်အဆင့်သို့ရောက်ရှိသွားခြင်း ဖြစ်ပေမည်။ နဂါးမျိုးနွယ်ဝင်မြွေသတ္တဝါတို့သည် မိမိတို့အား ရန်မမူသရွေ့ ဆန့်ကျင်ဘက်တို့အား တိုက်ခိုက်ခြင်းမပြုကြပေ။ သို့သော် ၎င်းတို့အား ဒေါသထွက်အောင်၊ နာကျင်အောင် ပြုမူခဲ့ပါမူကား လက်တုံ့ပြန်ရန် ဝန်မလေးသော သတ္တဝါမျိုးနွယ်ဝင်များ ဖြစ်ကြပါသည်။

အစာအတွက်နှင့် ကလဲ့စားချေသောမြွေကြီးမှာ မည်သည့်မြွေအမျိုးအစားဖြစ်သည်ကို စာရေးသူနှင့် ဇာတ်ကြောင်းပြန်ပြောသူ သူငယ်ကို မေးမြန်းဆွေးနွေးလိုက်ရခြင်းမရှိခဲ့၍ ခွဲခြားပြောဆိုရန် ခက်ခဲလျက်ရှိပါသည်။ လူငယ်ပြောပြသော ဖြစ်စဉ်ပေါ်တွင်သာ အာရုံစိုက်နေရ၍ မြွေကြီး၏ အမျိုးအစားအနွယ်ကို ခွဲခြားရန် အခက်အခဲတွေ့စေပါသည်။ ငန်းတော်ကျား၊ စပါးကြီး၊ စပါးအုံး မည်သည့်အမျိုးအစားဖြစ်သည်ကို တိတိပပ မပြောနိုင်သော[illegible] အစာအတွက် ဤမျှအခဲမကျေ[illegible] မြွေကြီးမှုကား ထူးခြားဆန်းကြယ်ဖြစ်နေပါသည်။

ဤဖြစ်ရပ်အပေါ် သုံးသပ်ရပါလျှင် လူ၏လောဘကို မြွေ၏ဒေါသက အနိုင်ယူခဲ့သည်ဟုဆိုက ဆိုနိုင်ဖွယ်ဖြစ်ပါတော့သည်။ သို့သော် လူလည်းသေ မြွေလည်းသေဖြစ်ရသည်မှာကား နှမြောဖွယ်ကောင်းလှပေသတည်း။

[illegible]



www.burmeseclassic.com

www.burmeseclassic.com

- စိတ် = သိမှု = Mind

- ဥတု = အပူအအေး = ရုပ်ကို ပြုပြင်

အာဟာရ = အစားအသောက်= ရုပ်ကိုပြုပြင် Body.

အဲဒီလို ကံ-စိတ်-ဥတု-အာဟာရ ဆိုတာတွေကိုချုပ်လိုက်ရင် စိတ်-စေတသိက်-ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ဗုဒ္ဓဟောကြားခဲ့တဲ့ လောကရဲ့ ပရမတ္ထသစ္စာတရားကို သွားဆိုက်တာပဲမဟုတ်လား။ လောကီကြောင်းဖြစ်တဲ့အတွက် နိဗ္ဗာန်ကိုချန်လှပ်ထားမယ်ဆိုရင် စိတ်၊ စေတသိက်၊ ရုပ် (mind,emotion,body) ဆိုတာ လူ့ဘဝရဲ့အခြေခံအကြောင်းတရားတွေဖြစ်လာတယ်။ ဒီအကြောင်းအရာ (၃) ခု အချိုးကျစွာ ညီညွတ်ပေါင်းစပ်မှ လိုရာဘဝ၊ ဆန္ဒ၊ ပန်းတိုင်ကိုရောက်မယ်၊ သာယာချမ်းမြေ့မယ်။

အချိုးကျကျ ညီညွတ်မျှတမှုမရှိဘူးဆိုတဲ့အခါ ဘဝမှာ အဆင်မပြေမှု၊ ကျရှုံးမှု၊ လွဲမှားမှုတွေနဲ့ဆက်လျက် ဝမ်းနည်း၊ ပူဆွေး၊ ဒေါသ၊ စိတ်ဓာတ်ကျဆိုတဲ့ခံစားချက်တွေနဲ့ ဒုက္ခဆိုတာကို တွေ့ရတော့တာပါပဲ။ ဒါကြောင့် လူ့ဘဝမှာ အခြေခံအကျဆုံး လိုအပ်တဲ့အချက် (၃) ချက်ကို ညီညွတ်မျှတစေဖို့ ဒီကားချပ်က ညွှန်းပါတယ်။

၁။ စိတ် = Mind = စစ်ရထားမောင်းသူ

၂။ စေတသိက် = emotion = မြင်းနှစ်ကောင်

၃။ ရုပ် = body = စစ်ရထား

အဲဒီလို ကိုယ်စားပြုနိမိတ်ပုံတွေနဲ့ ဖော်ပြထားခြင်း ဖြစ်ပါတယ်။

ရိုးရိုးလေးပါ။ ရှင်းရှင်းလေးပါ။

သတ္တဝါတိုင်း အထူးသဖြင့် လူသားတိုင်းရဲ့ ရှောင်ကွင်းလို့မရနိုင်တဲ့ နေ့စဉ်ကြုံတွေ့နေရတဲ့/ နေ့စဉ်မဆင်ခြင်မိတဲ့/ အလေးအနက်မထားဖြစ်တဲ့ဘဝကို ဦးဆောင် ဖန်တီးနေတဲ့အကြောင်းတရားတွေပါ။

သတိမမူ ဂူမမြင်၊ ရိုးစင်းလွန်းလို့ လူတွေ အမှတ်မထင် မဆင်ခြင်ခဲ့ကြတာပါ။

၁။ ရထားနဲ့တူတဲ့ ရုပ်ပိုင်းဆိုင်ရာ အချက်အလက်တွေကလည်း ခိုင်မာ၊ ပြည့်စုံ၊ ကောင်းမွန်ခဲ့ရင် -

၂။ မြင်းနှစ်ကောင်နဲ့တူတဲ့ကုသိုလ်စိတ်/အကုသိုလ်စိတ်၊အပြုစိတ်/အဖျက်စိတ်တွေကို ညီညွတ်မျှတစေခဲ့ရင် -

၃။ ရထားမောင်းသူနဲ့တူတဲ့ စိတ် (စေတသိက်) က ပြုပြင်၊ ထိန်းသိမ်း၊




ကိုင်တွယ် မောင်းနှင်တတ်ခဲ့မယ်ဆိုရင် မိမိလိုရာကိုရောက်မယ်၊ အောင်မြင်မယ်လို့ဆိုလိုတာပေါ့။

အထက်ဖော်ပြပါ သဘောတရားတွေကိုချုပ်လိုက်ရင် -

အကြောင်းအကျိုးညီညွတ်ခြင်း၊

အကောင်း/ အဆိုး ဆင်ခြင်ခြင်း၊

အချက်အလက်ပြည့်စုံခြင်း၊

ဦးတည်ချက်မှန်ကန်ခြင်း၊

ဆုံးဖြတ်ချက်ခိုင်မာခြင်း၊

မည်သည့် အဟန့်အတား/ အနှောင့်အယှက်တို့ကိုမဆို ရင်ဆိုင်ကျော်ဖြတ်ရဲသည့်သတ္တိရှိခြင်း၊ မရပ်မနား အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခြင်းဆိုတဲ့ ဘဝရဲ့အောင်မြင်ရေးအချက်တွေနဲ့ ညီညွတ်စေဖို့ သတိပေးလမ်းညွှန်ထားပါတယ်။

အဲဒီလို စဉ်းစား၊ ဆုံးဖြတ်၊ ရုန်းကန်ရမယ့်အခြေအနေနဲ့ ယခုတွေ့ကြုံနေရတယ်လို့လည်းယူနိုင်ပါတယ်။

ဒီကတ်ပြား ထွက်ပေါ်လာခဲ့ရင် လာမေးသူမှာ အကျဉ်းအကျပ်/ အခက်အခဲတစ်ခုထဲက ရုန်းထွက်ဖို့ သို့မဟုတ် ဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ပတ်ဝန်းကျင်နဲ့ ဆန့်ကျင်ပြီး ရွေးချယ်ရတော့မယ်။ အားမာန်အပြည့်နဲ့အကောင်အထည်ဖော်ရတော့မယ်ဆိုတာကို ဖော်ညွှန်းနေပါတယ်။

**ဟောချက်နမူနာ (၁)**

"သား အခုဘဝအတွက် အရေးကြီးတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ဖို့ အရမ်းစဉ်းစားနေရတယ်။ နှုတ်ကသာ ထုတ်မပြောရသေးတာ၊ ရင်ထဲမှာတော့ ဆုံးဖြတ်ချက်ချပြီးပြီမဟုတ်လား။ အိမ်က မိဘတွေနဲ့ အတိုက်အခံဖြစ်နေတာမို့ ထုတ်ပြောဖို့ရာ ဝန်လေးနေတာဖြစ်မယ်။ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ဆရာ၊ သားအခု မေးတာကလည်း အဲဒါပါပဲ။ သားလုပ်ချင်တဲ့ကိစ္စ / စဉ်းစားထားတဲ့ကိစ္စကို အကောင်အထည်ဖော်ရမလား။ မိဘတွေသဘောအတိုင်း လိုက်နာရမလား မဝေခွဲနိုင်လို့ပါ"

"ယေဘုယျအားဖြင့်တော့ မိဘစကားကိုနားထောင်ပါလို့ ပြောရမှာပေါ့။ ဒါပေမယ့် မျက်စိမှိတ်ပြီး တစ်ဖက်သတ် ပုံသေမပြောချင်ဘူး။ အကြောင်းနဲ့ အကျိုးဆိုတာရှိသေးတာကိုး။ အခုဆုံးဖြတ်ရမယ့်ကိစ္စက ဘာလဲ။ သားက ဘာလုပ်ချင်တာလဲ။ မိဘတွေကဘာဖြစ်စေချင်တာလဲ။ ကောင်းကျိုး/ဆိုးကျိုးတွေက ဘာတွေဖြစ်နိုင်လဲ။ အဲဒီအချက်တွေကိုတော့ အခြေခံပြီး ပြည့်ပြည့်စုံစုံ ဘက်ပေါင်းစုံက စဉ်းစားသင့်တာပေါ့"

"ဒီတားရော့ကားချပ်က ညွှန်းတဲ့ အဓိပ္ပာယ်တွေက (၁) လက်ရှိအိမ်ကနေ ထေးရာကို ထွက်ခွာသွားရမယ့်ကိစ္စဖြစ်နိုင်တယ်။ (၂) အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက်မနေရဘဲ အားနဲ့မာန်နဲ့ မရပ်မနားလှုပ်ရှားရုန်းကန်နိုင်မှ အောင်မြင်မယ့်ကိစ္စမျိုး ဖြစ်မယ်။ ဒီလိုလုပ်ငန်းမျိုးကို သားကလုပ်ချင်တာ။ ဒါပေမယ့် အဲဒီအချက်တွေမှာ မိဘတွေနဲ့ သဘောထားမတိုက်ဆိုင်ဘူးဆိုတော့ သားရဲ့မိဘတွေက သားကို အိမ်က ခွဲမသွားစေချင်ဘူး။ ပင်ပင်ပန်းပန်းအလုပ်မျိုးတွေမလုပ်စေချင်ဘူး။ ဒီလိုဖြစ်မှာပေါ့။

ဒီတော့ သားလုပ်ဖို့ စဉ်းစားထားတဲ့အလုပ်က သားရဲ့ဘဝအတွက်ရော မိဘအတွက်ပါ ရေရှည်မှာ ကျေးဇူးဖြစ်စေမယ့်အလုပ်မျိုးဖြစ်မယ်ဆိုရင် အဲဒီအလုပ်ကို ပင်ပင်ပန်းပန်း နောက်မဆုတ်တမ်း ဇွဲနဲ့ ပန်းတိုင်ရောက်အောင် ကြိုးစားဖို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မယ်ဆိုရင် သားဆုံးဖြတ်ထားတဲ့အတိုင်းလုပ်သင့်ပါတယ်။ ရေရှည်အပင်ပန်းမခံနိုင်ဘူး၊ ဇွဲမရှိဘူးဆိုရင်တော့ လုပ်ဖို့မစဉ်းစားပါနဲ့။ ရပ်တန့်နေခဲ့ရင်၊ နောက်ဆုတ်ခဲ့ရင် သားဘဝကျဆုံးပျက်စီးသွားနိုင်တယ်။ အဲဒါကြောင့် သားကိုယ်တိုင် သေသေချာချာဆုံးဖြတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ကားချပ်ထဲမှာ ဖော်ပြထားတဲ့ပုံ က စစ်မြင်းရထားကိုမောင်းမယ့် သူရဲကောင်းလေ။ ခြေလျင်တပ်ကို ရှေ့ဦးဆောင်ပြီး အရှိန်အဟုန်နဲ့ ရန်သူ့တပ်အတွင်းကို အတင်းထိုးဖောက်တိုက်ခိုက်ရမှာ၊ ဒါမှ အောင်ပွဲခံရမှာ။ တွန့်ဆုတ်တွန့်ဆုတ်နဲ့ အရှိန်နှေးမယ်ဆိုရင် ဒါမှမဟုတ် အကြောင်းကြောင်းကြောင့် ရပ်တန့်သွားမယ်ဆိုရင် နောက်ကျသွားပြီ။ ရန်သူရဲ့ဝန်းရံတိုက်ခိုက်ခြင်းခံရပြီးကျဆုံးသွားမှာပေါ့"

"ဟုတ်တယ် ဆရာ။ ဆရာဥပမာပေးတာက တိုက်ရိုက်မှန်နေပါတယ်။ သားက (၁၀) တန်းအောင်ပြီး ဗိုလ်သင်တန်း (DSA) သွားချင်တာ။ အမေကသားကိုမခွဲနိုင်ဘူး။ စစ်ထဲဝင်ရင် ပင်ပန်းမယ်၊ အန္တရာယ်များမယ်ဆိုပြီး သဘောမတူဘူး။ အစ်ကိုတုန်းကလည်း B.Sc (သင်္ချာ)ဘွဲ့ရပြီး၊ အိမ်နဲ့ခွဲပြီးသွားရမှာစိတ်မချလို့ဆိုပြီး ဝန်ထမ်းမလုပ်ခိုင်းဘဲ အိမ်က လယ်ယာလုပ်ငန်းကိုပဲ ဦးစီးလုပ်ခိုင်းထားတာ။ အခုတော့ ရွာက အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး လယ်သမားလုံးလုံးဖြစ်နေပြီဆရာ။

ကျွန်တော်က အစ်ကို့လိုမဖြစ်ချင်ဘူး။ စစ်တပ်ကိုလည်းဝါသနာပါတယ်။ မြန်မာနိုင်ငံအနှံ့ကိုလည်း ရောက်ဖူးချင်တယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ တာဝန်ထမ်းဆောင်နိုင်တဲ့ တိုင်းပြည်တာဝန်ကိုလည်း အစွမ်းနိုင်ဆုံးလုပ်ချင်တယ်။ အဲဒီလိုလုပ်ရင်းနဲ့ ကျွန်တော့်ဘဝကိုလည်း တိုးတက်မြင့်မားအောင်ကြိုးစားမယ်။ ကျွန်တော်လည်း ရာထူးရလာတဲ့အခါ အမေတို့လည်း အသက်ကြီးလာတဲ့အခါ မိဘတွေကို ကျွန်တော်နဲ့အတူခေါ်ထားမယ်။ တစ်လှည့်တာဝန်ယူမယ်။ ကျွန်တော် အိမ်ထောင်ကျပြီး မွေးလာမယ့် သားသမီးတွေကိုလည်း တောကြိုလယ်ကြားမှာ မကြီးပြင်းစေချင်ဘူး။ ကြီးကြီးကျယ်ကျယ်ပြောရရင် ကျွန်တော့်ရဲ့လာမယ့် Generation ကို မြင့်သွားစေချင်တယ်။ အဲဒါ ကျွန်တော့်ဆန္ဒနဲ့ ဆုံးဖြတ်ချက်ပါ။ အစ်ကိုကလည်း အားပေးပါတယ်။ ဖြစ်အောင်လုပ် နောက်မဆုတ်နဲ့။ အမေ၊ အဖေတွေကို သူတာဝန်ယူလုပ်ကျွေးမယ်တဲ့။

အခု ရန်ကုန်က ဦးလေးတွေကလည်း DSA လျှောက်ဖို့ ကူညီစီစဉ်ပေးမယ်။ အမေ့ကိုလည်း နားဝင်အောင် သူတို့ဖျောင်းဖျပေးမယ်။ ဒါကြောင့် ထိုအပ်တဲ့ဗဟုသုတတွေ၊ လေ့ကျင့်ခန်းတွေကို ပြင်ဆင်ထားဖို့ပြောပါတယ်"




"ဒါဆို အဖြေက ရှင်းပါတယ်။ သားလုပ်ချင်တဲ့ DSA လျှောက်ပေါ့။ ပြင်ဆင်ပေါ့။ အမေနဲ့ အဖေကိုလည်း အေးအေးဆေးဆေးအကြောင်းအကျိုးရှင်းပြပါ။ လက်ခံပါလိမ့်မယ်။ တစ်ခုတော့ရှိတယ်။ အစောကပြောခဲ့သလို သားကိုယ်တိုင် သေသေချာချာစဉ်းစား။ ဒီအလုပ်ကို ငါလုပ်နိုင်မလား။ ပင်ပန်းဆင်းရဲမှုကခဏမဟုတ်ဘူးနော်။ သင်တန်းမှာလည်း ပင်ပန်းဆင်းရဲမယ်။ သင်တန်းဆင်းပြီး မြန်မာပြည်ရဲ့ဘယ်နေရာဒေသကိုရောက်မလဲမသိဘူး။ ရှေ့တန်းထွက်ရတဲ့အခါလည်း ပင်ပန်းဆင်းရဲမယ်။ ထိခိုက်ဒဏ်ရာရမှု၊ ခြေပြတ်လက်ပြတ်၊ နောက်ဆုံးအသက်ကို စွန့်လွှတ်ရနိုင်တဲ့အထိ ကြုံတွေ့ပါ။ ကိုယ်လုပ်နိုင်/မလုပ်နိုင် အသေအချာ စဉ်းစားဆုံးဖြတ်ပါ"

"ကျေးဇူးတင်ပါတယ်ဆရာ၊ ကျွန်တော် အလေးအနက်ထား စဉ်းစားပါမယ်။ ဆုံးဖြတ်ပြီးရင် ဆရာပြောသလို နောက်မဆုတ်တမ်းကြိုးစားပါ့မယ်"

အခုပြောနေတာဟာ နံပါတ် VII Chariot စစ်ရထားမောင်းသူရဲကောင်းကားချပ်အကြောင်း ဖြစ်တယ်ဆိုတာ စာဖတ်သူများ သိပြီးဖြစ်မှာပါ။

**နမူနာ (၂)**

"ဆရာ၊ သမီးတစ်ခုပဲမေးကြည့်ချင်တယ်။ သမီးရဲ့အကျင့်စရိုက်တွေကဘာလဲ။ ဘာတွေပြုပြင်ဖို့လိုသလဲဆိုတာ တစ်ခုပဲသိချင်တယ်။ တားရော့နဲ့မေးကြည့်ပေးပါ။ တစ်ချပ်တည်းနဲ့ပဲဟောပါ"

ပထမတစ်ယောက်နဲ့ ဟောပြောပြီးသွားတဲ့အခါ အဖော်လိုက်လာသူမိန်းကလေးက ရုတ်တရက် ကောက်ကာငင်ကာမေးလာပါတယ်။ နဂိုက မေးဖို့ရည်ရွယ်ချက်ရှိဟန်မတူ။ တကယ်သိချင်တာလည်း ဖြစ်နိုင်သလို တားရော့ကိုစမ်းသပ်တာလည်းဖြစ်နိုင်တယ်။

"သမီးက တစ်ခုပဲမေးချင်ပေလို့ များများလေးမေးချင်တယ်ဆိုရင်တော့ တစ်နေကုန်ဖြေရမယ်ထင်တယ်။ မေးတဲ့တစ်ခုကလည်း ပွားထားတဲ့မေးခွန်းတွေအများကြီး။ နောက်ပြီး အင်မတန် သိမ်မွေ့ရှုပ်ထွေးတဲ့ တစ်ခွန်းတည်းနဲ့ ထိမိအောင်ပြောရခက်တဲ့ စိတ်သဘောထား၊ အကျင့်စရိုက်တွေကို တားရော့ကားချပ်တစ်ခုနဲ့ဖြေရမယ်ဆိုတော့ အတော်လေးတာဝန်ကြီးတယ် ဖြေရမှာ။ ဒီလိုမမေးသင့်ဘူးလို့ပြောရင်လည်း သမီးစိတ်ထဲမှာ ကျေနပ်မှာမဟုတ်ဘူး။

ဖြေလိုက်လို့ လွဲချော်ခဲ့ရင်လည်း ဆရာ့အပေါ်မှာရော တားရော့ပညာအပေါ်မှာပါ သမီးကအထင်သေးသွားတော့မယ်။ ဒါပေမယ့် ဆရာဖြေပေးပါ့မယ်။ သမီးကသာ တကယ်သိလိုတဲ့စိတ်နဲ့ မိမိကိုယ်ကို ပြန်ပြီးအာရုံပြု။ ငါ့စိတ်-ငါ့အတွေး၊ ငါ့အကျင့်စရိုက်တွေကို မှန်မှန်ကန်ကန် တိတိကျကျသိချင်တယ်။ ပြင်စရာရှိတာတွေ၊ အားနည်းချက်တွေကိုလည်း သိချင်တယ်၊ သိပါရစေလို့ အာရုံပြုပြီး တားရော့ကားချပ်တွေကို ကိုင်ပြီးအာရုံပြုပါ။ မေးပါ။ တားရော့ကားချပ်တွေက သမီးသိချင်တဲ့အမေးကို အမှန်အတိုင်းပြောလိမ့်မယ်လို့ ဆရာယုံသလို ဆရာ့တားရော့ကားချပ်တွေက ဘာပြောသလဲဆိုတာ ဆရာနားလည်တယ်လို့ယုံတယ်။ တားရော့ကားချပ်တွေကို ကိုင်လိုက်၊ အစောင့်အရှောက်ပုဂ္ဂိုလ်တွေကို မေတ္တာပို့ပြီး သမီးသိချင်တာကို မေးလိုက် - ရော့"

"သမီးတကယ်သိချင်တာပါ။သမီးမှာ တခြားသိချင်စရာဘာကြောင်းမှမရှိဘူး။ သူငယ်ချင်းကို ဆရာဟောနေတာတွေကိုကြည့်ပြီး သမီး တားရော့ကို စိတ်ဝင်စားသွားတယ်။ စမ်းကြည့်ချင်တယ်။ မယုံလို့စမ်းတာမျိုးမဟုတ်ဘူးနော်။သူငယ်ချင်းကို ဟောတာတွေက မှန်နေတော့ သမီးကိုကော ဘယ်လိုဟောမလဲ ဆိုတာ သိချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါပြီ၊ ဘယ်လိုသိချင်တာပဲ ဖြစ်ဖြစ် ဆရာဖြေပေးပါ့မယ်။ တားရော့ကိုသာမေးလိုက်"

"------"

"------"

"ကဲ - သမီးအတွက် အဖြေပေးရမယ့်ကားချပ်က Chariot လို့ခေါ်တဲ့ နံပါတ် (၇) ချပ်မြောက် ကားချပ်ပါပဲ။ ဒီကားချပ်က. သမီးရဲ့အတွေးအခေါ်၊ စရိုက်၊ ဝါသနာ စတဲ့ သမီးရဲ့မေးခွန်းကို အဖြေပေးမှာ။ အေးအေးဆေးဆေး နားထောင်။ ပြီးမှ မရှင်းတာရှိရင်မေး။ မမှန်ရင်လည်း ပွင့်ပွင့်လင်းလင်းပြောအားမနာနဲ့။ ဆရာလည်း ပြောသမျှမှန်ရမယ်လို့ မခံယူဘူး။ မှားခဲ့ရင်လည်း ဘာ့ကြောင့်မှားတယ်ဆိုတာ ဆရာပညာရတာပေါ့"

"ဟုတ်ကဲ့ပါ"

"အရင်ဆုံး စပြောရမှာက သမီးရဲ့ အတွေးအခေါ် အကျင့်စရိုက်တွေက ယောကျ်ားဆန်တယ်။ မြန်မြန်ဆန်ဆန် သွက်သွက်လက်လက် လုပ်ကိုင်တတ်တယ်။ တစ်ယူသန်၊ တစ်ဇွတ်ထိုးဆန်တယ်။ လုပ်ချင်တာရှိရင် နောက်မဆုတ်တတ်ဘူး။ ဘယ်သူတားတား ဂရုမစိုက်ဘူး။ လုပ်ချင်ရာလုပ်လိုက်ရလို့ ဘယ်လိုပြဿနာမျိုးနဲ့ပဲတွေ့တွေ့ ရင်ဆိုင်ရဲတဲ့ သတ္တိရှိတယ်။ သမီးကတော့ မလုပ်ခင်မှာ အကျိုး၊ အကြောင်း စဉ်းစားထားပြီးသား။ ဒါပေမယ့် ဘေးလူတွေရဲ့အမြင်မှာက သမီးဘာမှမစဉ်းစားဘဲနဲ့ တစ်ဇွတ်ထိုးလုပ်တယ်လို့မြင်တယ်။

သမီးက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိတယ်။ တကယ်လည်း သမီးမှာ သမီးရဲ့အရွယ်နဲ့ ထိုက်သင့်တဲ့ အတွေးအခေါ် အရည်အချင်းရှိပြီးသားပါ။ ဒါကြောင့်လည်း ကိစ္စတော်တော်များများမှာ သမီးလုပ်သမျှ အောင်မြင်ခဲ့တာကြီးပဲဖြစ်တယ်။ ပြဿနာ၊ အခက်အခဲ၊ မကျေနပ်မှုတွေကတော့ အနည်းအကျဉ်းစီ ရင်ဆိုင်ခဲ့ရမှာပဲ။ ဒါပေမယ့် မပြောပလောက်ဘူး။ ဒီအထိ ဆရာပြောတာတွေဟာ သမီးရဲ့အကျင့်စရိုက်တွေနဲ့ တိုက်ဆိုင်မှုရှိရဲ့လား။ ပွင့်ပွင့်လင်းလင်းသာပြော၊ မရှင်းတာရောရှိလား။

"မရှင်းတာမရှိပါဘူးဆရာ၊ တိုက်လည်းတိုက်ဆိုင်ပါတယ်။ တိုက်ဆိုင်တယ်ဆိုတာထက် မှန်ပါတယ်လို့ ပြောချင်ပါတယ်။ တိုက်ရိုက်ကိုမှန်ပါတယ်။ ဒီသူငယ်ချင်းကိုသာ မေးကြည့်တော့ဆရာ။ သမီးကဘာမဆိုကိုယ့်အတွေးနဲ့ ကိုယ်ဆုံးဖြတ်ရမှ၊ သမီးဆုံးဖြတ်ချက်ကို လုပ်ကိုလုပ်ရမှကျေနပ်တာ။ သမီးနာမည်က နိုင်နိုင်ပါ။ ဒါပေမယ့် အိမ်မှာ မိဘတွေက ငနိုင်လို့ခေါ်တာ။ ငယ်ငယ်ကတည်းက ဇွတ်တရွတ် ယောကျ်ားလေးဆန်လို့။ ငယ်ငယ်တုန်းကဆို ယောကျ်ားလေးသူငယ်ချင်းတွေနဲ့ ဖက်ပြီးနပန်းသတ်တာ။ မဟုတ်ရင်မခံဘူး။ ကျောရင်မခံဘူး။ ယောကျ်ားလေးလည်း ဂရုမစိုက်ဘူး။ဒါကြောင့် ငယ်သူငယ်ချင်းတွေကလည်း အိမ်ကခေါ်သလို ငနိုင်လို့ အခုထိခေါ်တုန်း။

နောက်ပြီး သမီးက သိုင်းလည်း ကစားတယ်။ တိုင်းနဲ့ ပြည်နယ်ပြိုင်ပွဲမှာ ဓားတစ်လက် ရွှေတံဆိပ်ရထားပါတယ်။ ဖေဖေက သိုင်းဆရာ။ ကိုယ်ခံပညာတော်တော်များများတတ်တယ်။ ငယ်ငယ်ကတည်းက ဖေဖေနဲ့အတူ လေ့ကျင့်ခဲ့ရတာ။ ဖေဖေကတော့ သမီးကို အရမ်းချစ်တာ။ အခုလို သူနဲ့ဝါသနာတူလို့ဆိုပြီးသဘောကျတာ။မေမေကတော့ မိန်းကလေးမပီသလို့ဆိုပြီး သဘောမကျဘူး။ အဲဒီတော့ သမီးအနေနဲ့ ဘာတွေပြုပြင်စရာရှိသလဲ။ ဆက်ပြောပါဦး"

"ပြုပြင်စရာအနေနဲ့ကတော့ သမီးအစွန်းမရောက်စေနဲ့။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုလွန်သွားရင် ဘဝင်မြင့်သွားတတ်တယ်။ ဒါကြောင့် အမှားတွေတတ်တယ်။ အထူးသတိထားရမှာက သမီးက မိန်းကလေးဖြစ်တဲ့အပြင် အခုဆို တက္ကသိုလ်ကျောင်းသူကြီးတောင်ဖြစ်နေပြီ။ အရွယ်ရောက်နေပြီ။

လူ့ဘဝဆိုတာ ရှေ့ကိုအမြဲသွားနေတာ ရပ်မနေဘူး။ နောက်ပြန်မသွားဘူး။ အသက်ကြီးလာတာနဲ့အမျှ ပတ်ဝန်းကျင်က ပိုကျယ်ပြန့်လာတယ်။ လူပေါင်းစုံ၊ ပြဿနာပေါင်းစုံက ပိုလေးနက်လာတယ်။ အသက်အရွယ်ကြီးလာသလို အတွေးအခေါ်ကလည်း လိုက်လျောညီထွေ ရင့်ကျက်လာဖို့လိုတယ်။ ဖြစ်နိုင်ရင် အတွေးအခေါ်က အသက်အရွယ်ထက် ရင့်ကျက်ပြည့်စုံနေရင် ပိုကောင်းတယ်။ ဒါမှ ကြုံတွေ့လာမယ့် အမှုကိစ္စတွေကို မှန်မှန်ကန်ကန်ရင်ဆိုင်ဖြေရှင်းနိုင်မယ်။

အဲဒီလို ပြဿနာပေါင်းစုံကို ရင်ဆိုင်ဖို့ အမြဲအသင့်ဖြစ်နေဖို့ဆိုတာက အကြောင်း၊ အကျိုး၊ အကောင်း၊ အဆိုး မျှမျှတတ စဉ်းစားတတ်ဖို့လိုတယ်။ ငယ်ငယ်တုန်းကလို ဇွတ်တရွတ် တစ်ယူသန် လုပ်တတ်တဲ့အကျင့်ကို ဖျောက်ဖို့လိုတယ်။ ဒီနေရာမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်တွေ လျှော့ပစ်ဖို့ပြောတာ မဟုတ်ဘူး။ မိမိကိုယ်ကို ပိုပြီးယုံကြည်လာအောင်၊ ပိုပြီးရင့်ကျက်လာအောင် လေ့ကျင့်ဖို့၊ ဖြည့်ဆည်းဖို့၊ အရည်အချင်းကို မြှင့်တင်ဖို့ပြောတာ။ ရုတ်တရက်ဆုံးဖြတ်ရမယ့်ကိစ္စမျိုးရှိသလို အချိန်ယူပြီး အပြန်ပြန်အလှန်လှန်စဉ်းစားနိုင်မှ တော်ရုံကျနိုင်တဲ့၊ ဘဝအတွက် အရေးပါတဲ့ ဆုံးဖြတ်ချက်ချစရာတွေလည်းကြုံရမှာပဲ။ အဲဒီအခါမျိုးမှာ စိတ်လိုက်မာန်ပါ ရုတ်တရက်မဆုံးဖြတ်ဘဲ ချင့်ချင့်ချိန်ချိန် စဉ်းစားတတ်ဖို့၊ မိဘလိုပုဂ္ဂိုလ်မျိုး/ ကိုယ့်အပေါ် အကျိုးလိုတဲ့ သူငယ်ချင်းကောင်းတွေမျိုးနဲ့ တိုင်ပင်သင့်တာတိုင်ပင်၊ အကြံ တောင်းသင့်တာတောင်း။ အဲသလိုမျိုး လေးတွေဖြစ်စေချင်တယ်။

အဲဒါတွေကတော့ ဒီတားရော့ကားချပ်လေးကပြောတဲ့ သမီးရဲ့အတွေး စရိုက်နဲ့ ပြုပြင်သင့်တာလေးတွေ ဆရာနားလည်တယ်။ တော်တော်လည်း ပြည့်စုံပါပြီ။ သမီးကကော ဘယ် သဘောရသလဲ"

"သမီး ဆရာပြောတာတွေ လက်လည်း လက်ခံတယ်၊ ကျေလည်း ကျေနပ်ပါတယ်။ စိတ်ရှည်လက်ရှည် ပြောပြပေးတဲ့အတွက်လည်း ကျေးဇူး တင်ပါတယ်။ သမီးတစ်ခုမေးချင်တယ် ဒီတားရော့ကားချပ်တစ်ခုတည်းက အဲ လောက်များတဲ့အဓိပ္ပာယ်တွေ ဘယ် ထွက်ပေါ်လာသလဲ။ အဲဒီလိုပြော အောင်ဆရာဘယ်လိုလေ့လာလဲ။ သမီး ကောလေ့လာသင်ယူလို့ရမလား"

"အဲ - ဒီမေးခွန်းက ပိုပြီးကျ ကျယ်ပြန့်ပြန့်ဖြေရမှာ။ သမီးတကယ် ချင်တာလား။ စိတ်ဝင်စားတာလား နားထောင်ဖို့အချိန်ကောပေးနိုင်ရဲ့လား"

"သမီးတကယ်စိတ်ဝင်စားလို့ အချိန်လည်းပေးနိုင်ပါတယ်။ ... ကျောင်းပိတ်ရက်ဖြစ်တဲ့အပြင် သူ ချင်းက ဗေဒင်မေးဖို့ တမင်လာ သမီးကလေ့လာဖို့သက်သက်လိုက် တာ။ သမီးတို့အတန်းထဲက သူငယ် တွေ ဆရာ့အကြောင်းပြောနေတာ ပြီ။ ဆရာမှတ်မိမှာပါ။ လေယာဉ် ဖြေဖို့ လာမေးတဲ့အုပ်စုလေ။ တစ် ကျော်ရှိလောက်ပြီ။ အဲဒီ (၅) ယော (၆) ယောက်အုပ်စုထဲက တစ်ယော ကိုပဲ လေယာဉ်မယ်ပါမယ်။ ကျ တွေကတော့ အခက်အခဲရှိမယ် လျှောက်လွှာမတင်မီကတည်းက ...



www.burmeseclassic.com

www.burmeseclassic.com

ပြောခဲ့တာတွေ။ နောက်ဆုံးအဆင့်မှာ ကျောင်း Final စာမေးပွဲနဲ့ တိုက်နေတာကို ဆရာက တားရောနဲ့ပြတ်ပြတ်သားသားဆုံးဖြတ်ပြီး ကျောင်းစာမေးပွဲ လွတ်ပြီး လေယာဉ်မယ် Interview ဝင်ခိုင်းတာ။ ယတြာလုပ်ပေးခဲ့တာတွေကို သမီးတို့ တောက်လျှောက်ကြားနေခဲ့တာ။ ဒီတားရော့ကားချပ်လေးတစ်ချပ်က လူတစ်ယောက်ရဲ့ဘဝကို အဆုံးအဖြတ်ပေးနိုင်တယ်ဆိုတာ သမီးမယုံခဲ့ဘူး။

အခု သမီးရဲ့ရှေ့မှာ ဆရာမမြင်၊ မသိဘူးတဲ့ သမီးရဲ့သူငယ်ချင်းတွေအကြောင်းကို ဆရာ တားရောနဲ့ ဟောနေတာတွေကို ထိုင်ကြည့်နေရင်း တားရော့ပညာကိုရော ဆရာ့ကိုပါ ယုံကြည်လေးစားစိတ်ဝင်လာတယ်။ သူငယ်ချင်းတွေရဲ့အကြောင်းကို သမီးကအားလုံးသိထားပြီးသား။ မူလတန်းကတည်းကပေါင်းလာတဲ့ တစ်လမ်းတည်းနေ သူငယ်ချင်းတွေ။ အခုမှပေါင်းတဲ့သူငယ်ချင်းတွေတောင် မသိနိုင်တဲ့ မိသားစုဖြစ်စဉ်တွေ၊ အတိတ်အဲကြောင်းတွေကို ဆရာက တားရော့ကတ်တွေကိုကြည့်ပြီး ပြောပြတော့ အံ့သြစရာပါ။

နောက်တစ်ခုက သမီးကိုယ်တိုင်ပါ။ လူတစ်ယောက်ရဲ့အဖြစ်အပျက်/အကောင်း၊ အဆိုးကိစ္စတွေကို ဗေဒင်ဟောတာ မှန်ကန်၊ တိုက်ဆိုင်ဖို့ ဖြစ်နိုင်ခြေများတယ်။ စိတ်ပိုင်းဆိုင်ရာ၊ အကျင့်စရိုက်၊ အတွေးအခေါ်ပိုင်းကို အဲဒီခက်ခဲတဲ့အပိုင်းကို အမှန်တရားနဲ့ အနီးစပ်ဆုံးဖြစ်အောင်၊ မတွက်မချက်ဘဲနဲ့ တားရော့နဲ့ ပြောပြပေးနိုင်တာက သမီးအတွက်ပိုပြီးအံ့သြတယ်။ တားရော့ကားချပ်တွေကိုလည်း အရမ်းယုံကြည်သွားတယ်။

ထွက်ပေါ်လာတဲ့ကားချပ်တွေရဲ့ အဓိပ္ပာယ်ကို ဆရာက လေးလေးနက်နက်စဉ်းစားပြီး တစ်ခွန်းချင်းအဖြေထုတ်နေတာကိုကြည့်ပြီး ဆရာ့အနေနဲ့လည်း တားရော့အပေါ်မှာ လေးစားတန်ဖိုးထားတာတွေ၊ အလေးအနက်သဘောထားတာတွေ၊ စကားလုံးတစ်လုံးချင်းရွေးချယ်ပြောပြနေတာတွေဟာ တားရော့ပညာပေါ်မှာ ဆရာလေးစားမှု၊ ယုံကြည်မှု၊ ကျွမ်းကျင်နားလည်မှုတွေဘယ်လိုရှိတယ်ဆိုတာဖော်ပြနေတယ်လို့ သမီးမြင်နေရတယ်။

ဒါကြောင့် တားရော့ကားချပ်လေးတစ်ခုဟာ လူတစ်ယောက်ရဲ့ဘဝကို အတိအကျလမ်းညွှန်မှုပေးနိုင်တယ်




ဆိုတာယုံသွားပြီ။ ဒါကြောင့် သမီးလည်း တားရော့ကို ကိုယ်တိုင်သိချင်တယ်။ လေ့လာချင်တယ်။ ဖြစ်နိုင်ရင်ပေါ့ ဆရာရယ်"

"သမီး တားရော့ကို ကြည်ကြည်လင်လင်မြင်သွားတာ ဝမ်းသာပါတယ်။ သင်ယူလေ့လာလို့လည်း ရတာပေါ့။ ဆန္ဒပြင်းပြသူအတွက် မဖြစ်နိုင်သောအရာဟူသည်မရှိလို့ ဗုဒ္ဓဟောကြားခဲ့တာပဲ။ ဒါပေမယ့် သမီးမှာ ပညာရေးက မဆုံးသေးဘူး။ပညာရေးအတွက် အချိန်ပေးရဦးမယ်။ကျောင်းပြီးတော့မှ ဇောက်ချပြီးလေ့လာပါ။ ဆရာသင်ပေးပါ့မယ်။ ဆရာသိသလောက်ပေါ့။ အခုလည်း Internet မှာ တားရော့ပညာပေးဆောင်းပါးတွေတင်ထားပါတယ်။ သမီးတို့လို ဝါသနာရှင်တွေအတွက် ဆရာ့ကိုယ်တွေ့လေးတွေပါ။ အခြေခံအတွေးအမြင်လေးတွေ ရမှာပေါ့။ အဲဒါလေးတွေဖတ်ပြီး တားရော့ရဲ့အခြေခံသဘောတရားအမြင်လေးတွေ ကြိုတင်ပြင်ဆင်အုတ်မြစ်ချထားပေါ့။ ဝါသနာပါရင် မခက်ပါဘူး။

"နောက်သမီးမေးတဲ့မေးခွန်းတစ်ခုက တားရော့ကားချပ်လေးတစ်ခုတည်းက ဒီလောက်များတဲ့ အဓိပ္ပာယ်တွေ ဘယ်လိုထွက်ပေါ်လာလဲဆိုတဲ့ မေးခွန်းပဲ။

သမီးရဲ့မေးခွန်းကို ဆရာက ဥပမာလေးနဲ့ဖြေမယ်။ သမီးနောက်လှည့်ပြီး လမ်းပေါ်ကို ကြည့်လိုက်စမ်း။ ဟိုမှာ ဂျင်းဘောင်းဘီနဲ့ Walking Shoe စီးထားတဲ့ ယောက်ျားလေးတစ်ယောက်ကိုမြင်လား"

"မြင်ပါတယ် ဆရာ၊ Sport Shirt အဖြူရောင်နဲ့"

"ဟုတ်တယ် အဲဒီတစ်ယောက်ပဲ။ အဲဒီတစ်ယောက်ကိုကြည့်ပြီး သမီးသိမြင်သမျှ သူ့အကြောင်းကို ပြောပြစမ်း"

"သမီး ဘယ်လိုပြောတတ်မလဲ ဆရာရယ်။ ဆရာမြင်သလောက်ပဲ သမီးမြင်တာပေါ့။ အသက် (၂၀)လောက်ရှိမယ်။ အသားဖြူတယ်။ Nike ဖိနပ်စီးထားတယ်။ Hangtan အကျီဝတ်ထားတယ်။ ဒီလောက်ပဲပြောနိုင်မှာပေါ့"

"မှန်တယ်၊ သမီးမြင်သလောက်ပဲ ပြောနိုင်မှာပေါ့။ သူ့ကိုမှမသိတာကိုး။ အကယ်၍ အဲဒီတစ်ယောက်ဟာ သမီးရဲ့ငယ်သူငယ်ချင်း၊ မိဘတွေလည်းသဘောတူထားပြီးတဲ့ သမီးရဲ့ချစ်သူများဖြစ်ခဲ့ရင် သမီးသူ့အကြောင်းဘယ်လိုပြောမလဲ"

"ဒါဆို သမီးအများကြီးပြောနိုင်တာပေါ့။ တစ်နေကုန် ထိုင်ပြောတာတောင် ကုန်မယ်မထင်ဘူး။ ဟာ - ဒါဆို ဆရာပြောချင်တာက သမီးသဘောပေါက်ပြီ။ ကိုယ်နဲ့ရင်းနှီးကျွမ်းဝင်ပြီးသား Background Histroy ကနေပြီး အခုအချိန်ထိ အတွင်း/အပြင် အကုန်သိပြီးနားလည်ပြီးသားအကြောင်းအရာဆိုရင် အချက်အလက်တွေတင်မကဘူး။ အဓိပ္ပာယ်သဘာဝကိုပါ နားလည်ထားရင် ပြောစရာတွေအများကြီးပေါ့။ သမီးသိသွားပြီ။ ဆရာဘာကြောင့် ဒီလောက်ပြောနိုင်လဲဆိုတာ။ ကျေးဇူးတင်ပါတယ်။

သမီးရဲ့သံသယတွေကို ဖြေရှင်းပေးလို့။ သမီးမေးတာတွေများနေပြီ။ ဆရာ့ကိုအားနာပါတယ်။ သမီးလေ့လာထားပါ့မယ်။ ဆရာ့ဆောင်းပါးတွေကိုလည်း ရှာဖတ်ပါ့မယ်။ အခုတော့ ပြန်ခွင့်ပြုပါဦး။ ဆရာ့ကိုကန်တော့ပါတယ်"

"ကောင်းပါပြီ၊ ပြန်ကြတော့ပေါ့။ ဘဝမှာ သိသင့်သိထိုက်တဲ့ပညာတွေကို သိမြင်လေ့လာပြီး မိမိအတွက်ရော အများအကျိုးဆောင်နိုင်တဲ့ ပညာရှင်ကြီးတွေဖြစ်ကြပါစေ"

*စေတနာရှိးသားစွာဖြင့်*
ဆရာစိုး-ရွှေအာရုဏ်ဦး
(တားရော့-သုတေသီ)
မိုးကောင်း

www.burmeseclassic.com

ဆရာချမ်းမဝင်း(L.L.B)

# စာရေးဆရာမကြီးယုဝတီခင်စိန်လှိုင်၏ ဘဝနှင့်လက္ခဏာပညာအမြင်

ဆောင်းကာလ၏ချမ်းမြမြတစ်ခုသောနံနက်ခင်းတွင်ဖြစ်သည်။ မှတ်မှတ်ရရ ၁၉၉၉ ခု၊ အောက်တိုဘာ ၁၈ ရက်၊ တနင်္လာနေ့ နံနက် (၈) နာရီ၊ (၃၇) မိနစ်တွင် ဖြစ်သည်။

လက္ခဏာဟောခန်းရှိရာ အိမ်အပေါ်ထပ်သို့ မိန်းမသားနှစ်ဦး တက်လာသည်။ ၎င်းနောက် ကျွန်တော့်စားပွဲနှင့် မျက်နှာချင်းဆိုင်ရှိ လွတ်နေသောကုလားထိုင်နှစ်လုံးတွင် လက္ခဏာဆွေးနွေးရန်အတွက် အသီးသီးနေရာယူလိုက်ကြသည်။ မိန်းမသားပင်ဖြစ်လင့်ကစား အသက်အရွယ်က ဆန့်ကျင်ဘက်အနေအထား။ တစ်ဦးက အသားအရေစိုစိုပြည်ပြည်လှလှပပ။ မျက်နှာမော့မော့လည်တိုင်ကြော့ကြော့နှင့် အသက် (၁၈) နှစ်ဝန်းကျင်ခန့်ရှိမည် ထင်ရသည်။ ကျန်တစ်ဦးမှာ အသက် (၆၀) ကျော်ကျော်တည်ငြိမ်အေးဆေးသောမျက်နှာတွင် ရင့်ကျက်သောကြွေအပြည့်ရှိသည်။ ကြည့်ရသည်မှာ ရှိရင်းစွဲအသက်ထက် အရွယ်တင်ပုံရသည်။ တရားရုံးတွင် မြင်တွေ့ရလေ့ရှိသော တရားသူကြီးနှင့် ဗဟိုတရားရုံးရှေ့နေများဝတ်ဆင်သည့်အနက်ရောင်အပေါ်ဖုံးအင်္ကျီနှင့်။

ကျွန်တော်သည် ထိုမိန်းမသား (၂) ဦးကို မြင်လိုက်ရစဉ်အခိုက်အတန့်၌ ကမ္ဘာကျော် နိုဘယ်ဆုရ စာရေးဆရာမကြီး ပါးလ်ဘတ် (PEARL.S.BUCK) ပြောသွားခဲ့သော -

"ကျွန်မ အခု အသက် (၈၀) နှစ်ရှိပါပြီ။ အခုနေ အသက် (၁၈) နှစ်သမီးပျိုအဖြစ်နဲ့လဲမလားလို့မေးလာရင် မလဲနိုင်ပါဘူးလို့ ပြန်ဖြေရမှာပဲ။ (၁၈) နှစ်အရွယ်ဟာ နုပျိုစိုပြည်လှပတာကလွဲလို့ အသိဉာဏ် မကြွယ်ဝ မပြည့်စုံသေးတဲ့ အရွယ်ဖို့ပါ။ (၈၀) နှစ်တာကာလ ဘဝအတွေ့အကြုံကရလာတဲ့ပညာတွေဟာ လွန်စွာတန်ဖိုးမြင့်မားလာမို့ အသက်ကြီးလာတဲ့အတွက် ကျွန်မကျေနပ်နှစ်သက်စွာဂုဏ်ယူမိပါတယ်"

ဟူသော စကားကို ပြန်လည်



အမှတ်ရလိုက်မိသည်။

"ဆရာ့နေရာကို ရှာလိုက်ရတာ ကမ္ဘာတစ်ပတ်တောင်ပတ်မိမတတ်ဘဲ။ အိမ်ရှေ့မှာ ဆရာ့နာမည်ဆိုင်းဘုတ်လေး တပ်ထားဦးမှပေါ့။ အခုတော့ ကျီးကန်းတောင်းမှောက်ရှာလိုက်ရတာ ခေါင်းတောင် မူးနောက်နောက်ဖြစ်ပါပြီ။ လမ်းတွေက အများသားနော်။ ရန်ကုန်မြို့ထဲမှာသာ ရုံးခန်းဖွင့်ရင် သွားရေးလာရေးပိုအဆင်ပြေတာပေါ့"

ဟူသော အာလာပသလ္လာပစကားမျိုးကိုသော်လည်းကောင်း -

'ဆရာ၊မြန်မာပြည်ပြန်ရောက်တာ သိပ်မကြာသေးဘူးနော်။ ဆရာမို့လို့ ဒီလောက်အကြာကြီးနေနိုင်တာ။ ကျွန်မဆို ဘယ်နေနိုင်ပါ့မလဲ။ ဂျပန်ဆိုတော့ သိပ်အေးမှာပေါ့နော်။ ဂျပန်လူမျိုးတွေ အလုပ်အလွန်အကျွံလုပ်တယ်ဆိုတာ ဟုတ်လား။ စည်းကမ်းလည်းအလွန်ရှိတယ်ဆို။ ဒါတွေကတော့ အတုခိုးစရာပေါ့နော်။ ဘာပဲဖြစ်ဖြစ်လေ ကျွန်မတော့ ကိုယ့်တိုင်းပြည်၊ကိုယ့်လူမျိုး၊ကိုယ့်ဘာသာစကား၊ ကိုယ့်ယဉ်ကျေးမှုနဲ့နေထိုင်ရတာ ပျော်မွေ့ဖွယ်ကောင်းပါတယ်'

ဟူသော ပဋိသန္ထာရစကားမျိုး... သော် လည်းကောင်း စိုးစဉ်းမျှမဆို... နှုတ်ခမ်း၌အာစေးများထည့်ထားသလာ... ဟုပင်ထင်ရသည်။

ကျွန်တော်သည် လုပ်ရိုးလုပ်... အတိုင်းပင် အမည်၊ မွေးသက္ကရာ... မွေးဖွားချိန်၊ မွေးဖွားသည့်မြို့ကို မေ... လိုက်စဉ် မွေးသက္ကရာဇ်အမှန်ကို ကြ... လိုက်ရသောအခါ ကျွန်တော့်နားကို... ကျွန်တော်မယုံချင်တော့။ နားကြား... လွဲနေပြီလားဟူ၍ အတွေးဝင်လာသည်... နောက်တစ်ကြိမ်ထပ်မေးပြန်ရာ က... ကပြောခဲ့သော မွေးသက္ကရာဇ်ကို... ထပ်မံပြောပြန်ရာ ကျွန်တော် အ... ပင် အံ့အားသင့်သွားမိတော့သည်။ ကျွ... တော်ထင်ထားသည်ထက် အသက်(... နှစ်ဝန်းကျင်လောက် ပို၍အရွယ်... လျက်ရှိသည်ကို မျက်ဝါးထင်ထင်... လိုက်ရသောအခါ -

'ဟာ-အရွယ်တင်လိုက်တာ...

ဟု နှုတ်မှဖွင့်မပြောတော့ဘဲ -

'သမဏောဏာသမဏော၊ ဂေါ... န ဂေါဏော' ဟူသော စကားကဲ့သို့... သဘောအနေနှင့် လိုက်လျောညီ... စိတ်ထဲမှပင် ပြောလိုက်ပါတော့သည်...

ကျွန်တော်သည် တရားသူ... (သို့) ဗဟိုတရားရုံးရှေ့နေ (သို့) ဥ... ရေးရာအဆင့်မြင့်ဝန်ထမ်းကြီးဟု ယူ... ရသောအမျိုးသမီး၏ ဘယ်ညာလက်... ပြင်ရှိ လက္ခဏာအရေးအကြောင်းတို့... မစစ်ဆေးမီ လက်ပုံစံအမျိုးအ... လက်ချောင်းအတိုင်းအရှည်၊ အတွေ့... ကောက်၊ အဖြောင့်အတန်းနှင့် လ... ရပ်တည်ပုံအနေအထားတို့ကို ပထ... စွာ ဂရုတစိုက်ကြည့်ရှုစိစစ်လိုက်သ... လက်ပုံစံရှင်သည် မိန်းမသားပင်ဖြစ်... ကစား ဘယ်၊ ညာလက်ဝါးပြင်ရှိ လ... ချောင်းအသီးသီးတို့သည် အဆ... ကျော၍ပြည့်ဖြိုးအားကောင်းကာ ... တန်းစွာ ရပ်တည်လျက်ရှိသည်။ ... ပုံစံအမျိုးအစားမှာ လေးထောင့်လ...



www.burmeseclassic.com

www.burmeseclassic.com







စစ်စစ်မဟုတ်သော်လည်း လေးထောင့် လက်ပုံစံ အနွယ်ဝင်လျက်ရှိသည်။ လက်ချောင်းတို့သည် မတိုလွန်း၊ မရှည်လွန်း သကဲ့သို့ လက်ဝါးပြင်သည်လည်း မရှည်လွန်း၊ မတိုလွန်း။ လက်ဝါးပြင်နှင့် လက်ချောင်းအရှည်တို့သည် တူညီမျှတလျက်ရှိသည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်တို့အား မှာကြားလိုသည်မှာ လက်ဝါးပြင်ကို တိုင်းထွာရာ၌ လက်ဝါးပြင်၏ အောက်ခြေရင်း လက်ကောက်ဝတ် ပထမအရစ်မှစတင်၍ လက်ခလယ်၏ အောက်ခြေရင်းအထိ တိုင်းထွာရပြီး လက်ချောင်းကိုတိုင်းထွာရာတွင် လက်ခုံပေါ်မှတိုင်းထွာရမည်ဖြစ်သည်။ ကာယကံရှင်၏ လက်သီးကိုဆုပ်လိုက်မည်ဆိုပါက လက်ချောင်း(၄)ချောင်းစလုံး၏ အဆုံး၌ အဖုအထစ်လေးခုအသီးသီး ပေါ်လာမည်ဖြစ်သည်။ထိုပေါ်လာသော လက်ချောင်းလေးချောင်းစလုံး၏ အဖုအထစ်လေးခုအနက် လက်ခလယ်လက်ချောင်း၏ အဖုအထစ်အလယ်ကောင်တည့်တည့်နေရာကို အစထား၍ လက်ချောင်းအဆုံးထိတိုင်အောင် တိုင်းထွာမှတ်သားရမည်ဖြစ်သည်။

လက်ဝါးပြင်အရှည်နှင့် လက်ချောင်းအရှည်တို့ တူညီမျှတလျက်ရှိနေခြင်းသည် ဘဝမှရရှိလာသော အတွေးအမြင်တို့ကိုသော် လည်းကောင်း၊ စိတ်ကူးစိတ်သန်းနှင့် ဉာဏ်ရည်ဉာဏ်သွေးတို့ကိုသော် လည်းကောင်း လက်တွေ့ရုပ်လုံးဖော်နိုင်စွမ်းရှိမည်ကို ဖော်ညွှန်းသည်။ ရုပ်အား (လက်ဝါးပြင်အရှည်) နာမ်အား (လက်ချောင်းအရှည်) မျှတသူများဖြစ်သည့်အလျောက် အစွန်းရောက်နှစ်ပါးကို ဉာဏ်ပညာသတိနှင့် ယှဉ်၍ ရှောင်ရှားနိုင်စွမ်းရှိပြီး ဘဝအတွက်သော် လည်းကောင်း၊ လောကအတွက်သော် လည်းကောင်း၊ အကျိုးရှိနိုင်မည့် ပါရမီသဘောဆောင်သော အလုပ်တို့ကိုသာ လက်တွေ့လုပ်ကိုင်တတ်သည်ကို ဖွင့်ဆိုသော အမှတ်လက္ခဏာဖြစ်သည်။

လက်ဝါးပြင်နှင့် လက်ချောင်းအသီးသီးတို့ကို စိစစ်ပြီးသည့်နောက် ဘယ်ညာလက်ဝါးပြင်ရှိ လက်မတို့ကို ဆက်လက် လေ့လာကြည့်သောအခါ ရှည်လျားပြည့်ဖြိုး၍ ဖြောင့်တန်းခိုင်ခံ့စွာ ရပ်တည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းအပြင် လက်မသည် အဆစ်မာ၍ခါးသိမ်လျက်ရှိသောကြောင့် ပုံပြားပင်ကဲ့သို့ တိမ်းလွယ်ယိမ်းလွယ်စိတ်မရှိဘဲ စိတ်ဓာတ်ခိုင်မာပြတ်သားကာ အကင်းပါးပြီး လူတကာတို့နှင့်သော် လည်းကောင်း၊ တစ်မိမ်းပြင်ပြင်ပုဂ္ဂိုလ်တို့နှင့်သော် လည်းကောင်း လွယ်လင့်တကူ မိတ်ဆွေဖြစ်လေ့မရှိသည်ကို ဖော်ပြသည်။ ယင်းအမှတ်အသားသည် လူမှုဆက်ဆံရေးတွင် လက်ဖဝါးလို မကျင့်တတ်ဘဲ ခြေဖဝါးနှယ် ကျင့်ကြံပြောဆိုနေထိုင်တတ်ခြင်းကိုလည်း ဖော်ညွှန်းသည်။

လက်ပုံစံရှင်၏ ဘယ်၊ ညာလက်ဝါးပြင်ရှိ လက်ချောင်းအသီးသီးတို့အနက် ·လက်သူကြွယ်ခေါ် တနင်္ဂနွေလက်ချောင်းနှင့် လက်သန်းခေါ် ဗုဒ္ဓဟူးလက်ချောင်းတို့သည် ရှည်လျားအားကောင်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ လက်သူကြွယ်သည် လက်ညှိုးထက်ပင် အတန်ငယ်ရှည်ကာ ရှည်လျားဖြောင့်တန်း ပြည့်ဖြိုးအားကောင်းလျက်ရှိသည်။ ယင်းအမှတ်အသားမှာ နာမည်ဂုဏ်သတင်းထင်ပေါ်ကျော်ကြားလိုစိတ်ရှိခြင်း၊ စာပေ၊ ဂီတ၊ အနုသုခုမပညာတို့တွင် ဝါသနာထုံလေ့ရှိမည်ကို ဖော်ညွှန်းလျက်ရှိသည်။

ကျွန်တော်သည် လက်သူကြွယ်ခေါ် တနင်္ဂနွေလက်ချောင်း ရှည်လျားဖြောင့်တန်း ပြည့်ဖြိုးအားကောင်းခြင်းကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဤလက်ပုံစံရှင်သည် တရားသူကြီး (သို့) ဗဟိုတရားရုံးရှေ့နေ (သို့) ဥပဒေရေးရာအဆင့်မြင့်ဝန်ထမ်းတစ်ဦးဦး ဖြစ်နိုင်ပါ့မလားဟူသော သံသယအတွေးသည် ဖျတ်ခနဲ ဝင်ရောက်လာသည်။

လက်သူကြွယ် (ဝါ) တနင်္ဂနွေလက်ချောင်းကို စိစစ်ပြီးသည့်နောက်



www.burmeseclassic.com

www.burmeseclassic.com

လက်သန်း (ဝါ) ဗုဒ္ဓဟူးလက်ချောင်းကို ဆက်လက် လေ့လာကြည့်သောအခါ လက်သန်းသည် လက်သူကြွယ်၏ပထမ အဆစ်ကိုပင် အတန်ငယ်ကျော်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းပြင် လက်သန်းသည် တောင့်တင်းဖြောင့်စင်း ပြည့်ဖြိုးလျက်ရှိသည်။ ယင်းအမှတ်အသားသည် တခ်ဏုပ္ပတ္တိဉာဏ်ထက်မြက်၍ လွန်စွာအကင်းပါးပြီး ပါးရည်နပ်ရည်ရှိမည်ကို ဖော်ပြလျက်ရှိသည်။

ဤလက်ချောင်းပိုင်ရှင်တို့သည် ရူပဗေဒပညာ၊ စာရင်းအင်းဆိုင်ရာပညာ ဆေးပညာ၊ နက္ခတ်ဗေဒင်ပညာနှင့် စာပေ၊ ဂီတတို့တွင် ထင်ရှားကျော်ကြား အောင်မြင်ကြသူများအဖြစ် တွေ့ရလေ့ရှိသည်။ ဤနေရာတွင် လက္ခဏာဝါသနာရှင်များအနေဖြင့် လက်သန်း (ဝါ) ဗုဒ္ဓဟူးလက်ချောင်းအားကောင်းခြင်းတစ်ခုတည်းကိုကြည့်၍ ကာယကံရှင်၏အလုပ်အကိုင်ကို ဆောလျင်စွာ ဆုံးဖြတ်ရန် မသင့်ပေ။ ဖြောင့်တန်းပြည့်ဖြိုးရှည်လျားအားကောင်းသော လက်သူကြွယ် (ဝါ) တနင်္ဂနွေလက်ချောင်းနှင့်ဆက်နွယ်ပေါင်းစပ်ပြီး အဖြေရှာကြည့်မှသာလျှင် လက်ပုံစံရှင်၏ အလုပ်အကိုင် (သို့) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို အနီးစပ်ဆုံး ခန့်မှန်းနိုင်မည် ဖြစ်သည်။ လက်သူကြွယ် (ဝါ) တနင်္ဂနွေလက်ချောင်းက ဖော်ညွှန်းသော စာပေအနုပညာအထုံဝါသနာနှင့် လက်သန်း (ဝါ) ဗုဒ္ဓဟူးလက်ချောင်းက ညွှန်ပြသော စာပေ၊ ဂီတတို့ကို ဆက်စပ်ပေါင်းစည်းလိုက်ပါက ဤလက်ပုံစံရှင်သည် တရားသူကြီး (သို့) ဗဟိုတရားရုံး ရှေ့နေ (သို့) ဥပဒေရေးရာအဆင့်မြင့် ဝန်ထမ်းကြီး (သို့) ရူပဗေဒပညာရှင်၊ စာရင်းအင်းစာရင်းကိုင်ပညာရှင်၊ ဆေးပညာရှင်နှင့် နက္ခတ်ဗေဒင်ပညာရှင်များအဖြစ် ဖြစ်နိုင်ခြေလွန်စွာနည်းပါးသွားမည် ဖြစ်သည်။

လက်ချောင်းအသီးသီးနှင့်လက်မရပ်တည်မှုအနေအထားတို့ကို စစ်ဆေးပြီးသည့်နောက် လက်ဝါးပြင်ရှိ ဂြိုဟ်ခုံတို့ကို ဆက်လက် စိစစ်ကြည့်ရာ ကြာသပတေးဂြိုဟ်ခုံ၊ စနေဂြိုဟ်ခုံ၊ တနင်္ဂနွေဂြိုဟ်ခုံ၊ ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ ကျယ်ဝန်းပြည့်ဖြိုးလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ညှိုးအောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ကြာသပတေးခါးပတ် (ဝါ) ဆော်လမွန်လက်စွပ်အမှတ်အသားကို ထင်ရှားစွာတွေ့ရသည်။ ဘယ်၊ ညာလက်ဝါးပြင်နှစ်ဖက်စလုံးတွင်ပါရှိသည်ကိုတွေ့ရမည်ဖြစ်သည်။ (အမှတ်- A)

ယင်းအမှတ်လက္ခဏာမှာ သမားဂုဏ်ကိုပြသော ဆရာအမှတ်အသားအဖြစ် ဖွင့်ဆိုညွှန်ပြသည်။ ထိုအမှတ်အသားကို သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်ပြည့်စုံသော ရဟန်းသံဃာတော်များ၏ လက်ဝါးပြင်တွင်သော်လည်းကောင်း၊အကြီးအကဲခေါင်းဆောင်များ၊ စာပေကျမ်းဂန်တတ်မြောက်သော သီလရှင်ဆရာကြီးများ၊ သမားတော်ကြီးများ၊ ဘာသာရေးခေါင်းဆောင်ကြီးများ၊ လက္ခဏာ နက္ခတ်ဗေဒင်ပညာရှင်များ၊ လူမှုရေးအကျိုးပြုခေါင်းဆောင်များနှင့် စာပေပညာရှင်တို့၏ လက်ဝါးပြင်တွင် တွေ့ရလေ့ရှိသည်။

လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံ ပြည့်ဖြိုးအားကောင်းခြင်းသည် ပျင်းရိလေးလံထိုင်းမှိုင်းခြင်းကင်းရှင်းပြီး နိုးကြား တက်ကြွ ဖျတ်လတ်ကာ အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုအင်အားမြင့်မားမည်ကို ဖော်ညွှန်းသည်။ လက်သူကြွယ်လက်ချောင်းအောက်ခြေရှိ တနင်္ဂနွေဂြိုဟ်ခုံ အပြစ်အနာဆာကင်းရှင်းပြီး ပြည့်ဖြိုးကောင်းမွန်ခြင်းသည် ထင်ပေါ်ကျော်ကြားလိုစိတ်ရှိခြင်း၊ အနုပညာဆန်စွာ နေထိုင်လေ့ရှိခြင်း၊ စာပေအနုပညာတို့တွင်ဝါသနာထုံလေ့ရှိခြင်းတို့ကို ဖော်ပြသည်။ လက်သန်း (ဝါ) ဗုဒ္ဓဟူးလက်ချောင်းအောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံ ကျယ်ပြန့်ပြည့်ဖြိုးအားကောင်းခြင်းသည် ဖြတ်ထိုးဉာဏ်၊ဟာသဉာဏ်၊ဇဝနဉာဏ်ရွှင်ခြင်း၊ စကားပရိယာယ်ကြွယ်ဝခြင်း၊ စကားပြောကောင်းခြင်းတို့ကို ဖွင့်ဆိုညွှန်ပြသည်။

လက်ပုံစံအမျိုးအစား၊ လက်မရပ်တည်ပုံ၊ လက်ချောင်းအသီးသီးနှင့် လက်ဝါးပြင်ရှိ ဂြိုဟ်ခုံအနိမ့်၊ အမြင့်တို့ကို လေ့လာပြီးသည့်နောက် ကိုင်ရိုမင်စီ (CHEIROMANCY) ကဏ္ဍတွင် ပါဝင်သည့် လက်ဝါးပြင်ရှိ လက္ခဏာအရေးအကြောင်းတို့ကို ဆက်လက် စိစစ်ကြည့်ရာ ဘယ်၊ ညာလက်ဝါးပြင်ရှိ ဦးခေါင်းလမ်းကြောင်း (ဝါ) ဉာဏ်လမ်းသည် အသက်လမ်းကြောင်းနှင့် အတန်ငယ်ပူးယှဉ်၍ အစပျိုးထွက်ရှိလာပြီး လက်သူကြွယ်လက်ချောင်း၏ အောက်ခြေတည့်တည့်မရောက်တရောက်တွင် ခက်ရင်းခွကြီးသဏ္ဍာန် အနေအထားဖြင့် အဆုံးသတ်သွားသည်ကို တွေ့လိုက်ရသည်။ (အမှတ်-B)

ယင်းဉာဏ်လမ်းကြောင်းအဆုံးသတ်ပုံအမှတ်လက္ခဏာမျိုးကို အမျိုးသား ကဗျာစာပေပညာရှင်ကြီး ဆရာဇော်ဂျီ၏ လက်ဝါးပြင်တွင် ပါရှိသည်ကို လေ့လာမှတ်သားတွေ့ရှိခဲ့ရသည်။ ၎င်းအပြင် စာရေးဆရာ၊ အဆိုတော်၊ ရုပ်ရှင်မင်းသား အစ်ကိုကြီးကိုဝင်းဦးလက်တွင်လည်း ပါရှိသည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များသည် ယခုဆောင်းပါးကို ရှေ့ဆက်မဖတ်ဘဲ ခေတ္တရပ်တန့်၍ အထက်တွင်ဖော်ပြခဲ့သော လက်သူကြွယ် (ဝါ) တနင်္ဂနွေလက်ချောင်းနှင့် တနင်္ဂနွေဂြိုဟ်ခုံပြည့်ဖြိုးအားကောင်းခြင်း၊ လက်သန်း (ဝါ)ဗုဒ္ဓဟူးလက်ချောင်းနှင့်ဗုဒ္ဓဟူးဂြိုဟ်ခုံသန့်ရှင်းပြည့်ဖြိုးအားကောင်းခြင်း၊ လက်ညှိုး (ဝါ) ကြာသပတေးလက်ချောင်းအောက်ခြေရှိ ကြာသပတေးဂြိုဟ်ခုံအားကောင်းခြင်း၊ ဆော်လမွန်လက်စွပ်ပါရှိခြင်းတို့နှင့် ခက်ရင်းခွကြီးသဏ္ဍာန်အနေအထားဖြင့် အဆုံးသတ်သွားသော ဉာဏ်လမ်းကြောင်းနှင့် ပေါင်းစပ်၍ ဆက်စပ်စဉ်းစားချင့်ချိန်သုံးသပ်ခဲ့မည်ဆိုပါက ဤလက်ပုံစံရှင်သည် တရားသူကြီး (သို့) ဗဟိုတရားရုံး ရှေ့နေ (သို့) ဥပဒေရေးရာ အဆင့်မြင့်ဝန်ထမ်းကြီးတစ်ဦးဦးအဖြစ် စိုးစဉ်းမျှဖြစ်နိုင်တော့မည်မဟုတ်ပေ။ ၎င်းပြင် ရူပဗေဒပညာရှင်၊ စာရင်းအင်းဆိုင်ရာပညာရှင်၊ ဆေးပညာရှင်၊ လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်တစ်ဦးဦးအဖြစ်လည်း စိုးစဉ်းမျှဖြစ်နိုင်တော့မည် မဟုတ်ပေ။

သို့ဖြစ်လျှင် လက္ခဏာဝါသနာရှင်များအနေဖြင့် ဤလက်ပုံစံရှင်သည် အဘယ်မည်သော အသက်မွေးဝမ်းကျောင်းအလုပ်မျိုးဖြင့် မိမိအကျိုး လောကလူသားတို့၏အကျိုး ဆောင်ရွက်လျက်ရှိသည်ကို လက္ခဏာပညာအမြင်ဖြင့် အနီးစပ်ဆုံး ခန့်မှန်းနိုင်ပေလိမ့်မည်။

ဉာဏ်လမ်းကြောင်းကို လေ့လာပြီးသည့်နောက် ထီးရိုး (ဝါ) ကံလမ်းကြောင်းတည်ရှိမှုအနေအထားကို ဆက်လက်စိစစ်ကြည့်ရာ ဘယ်၊ ညာလက်ဝါးပြင်ရှိကံလမ်းကြောင်းသည် လက်ကောက်ဝတ် ပထမအရစ်၏အနီးအနားမှနေ၍ အစပျိုးထွက်ရှိလာသည်ကို တွေ့ရ၏။ (အမှတ်- C)

ယင်းကံလမ်းကြောင်းသည် စနေလက်ချောင်း (ဝါ) လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံပေါ်တွင် အဆုံးအခက်



www.burmeseclassic.com

www.burmeseclassic.com

...တ်သဖွယ်အဆုံးသတ်သွားသည်ကို ...ရမည်ဖြစ်သည်။ (အမှတ်- D)

ယင်းအမှတ်လက္ခဏာက အများ ...ကြည်ညိုလေးစားချင်ခင်မှုကိုခံရခြင်း၊ ...ကျက်သရေတိုးပွားခြင်း၊ ဘုန်းကံ ...များခြင်းနှင့် အခြွေအရံသင်းပင်းများ ...တို့ကို ဖော်ညွှန်းသော အမှတ်အ ...ဖြစ်သည်။

ကံကြမ္မာလမ်းကြောင်းကို စိစစ်ပြီး ...ည့်နောက် နေလမ်းကြောင်း (ဝါ) ...အောင်မြင်ရေးလမ်းကြောင်းကို ဆက် ...တ် လေ့လာကြည့်သောအခါ ဘယ်၊ ...လက်ဝါးတွင် ထင်ရှားပြတ်သားစွာ ...တည်လျက်ရှိသည်ကို တွေ့ရသည်။ ...ယင်းအောင်မြင်ရေးလမ်းကြောင်းသည် ...ဉာဏ်လမ်းကြောင်းမှ အစပျိုးထွက်လာ ...ပြီး လက်သူကြွယ်၏ အောက်ခြေရှိ ...တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အဆုံးသတ် ...သွားသည်ကို တွေ့ရမည်ဖြစ်သည်။

(အမှတ်- E)

ယင်းအမှတ်လက္ခဏာသည် ဘဝ ...အမြင်၊ ဘဝအတွေး၊ ဉာဏ်ရည်ဉာဏ် ...သွေး စိတ်ကူးစိတ်သန်းတို့ကို အခြေခံ၍ ...စာပေအနုပညာဖန်တီးခြင်းဖြင့် အမည် ...သတင်း ထင်ရှားကျော်ကြား အောင်မြင် ...ည်ကို ညွှန်ပြသော အမှတ်အသားဖြစ် ...သည်။

ကျွန်တော်သည် ဤလက်ပုံစံရှင် ၏ လက်သူကြွယ် (ဝါ) တနင်္ဂနွေလက် ချောင်း၊ လက်သန်း (ဝါ) ဗုဒ္ဓဟူးလက် ချောင်း၊ ကြာသပတေးဂြိုဟ်ခုံ၊ တနင်္ဂနွေ ဂြိုဟ်ခုံ၊ ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ ပြည့်ဖြိုးအား ကောင်းခြင်း၊ လက်ဝါးပြင်ရှိ ဉာဏ်လမ်း ကြောင်း၊ ကံလမ်းကြောင်း ထင်ရှားပြတ် သားပေါ်လွင်ခြင်း၊ လက်ညှိုးအောက် ခြေရှိ ကြာသပတေးဂြိုဟ်ခုံပေါ်ရှိ ဆော်လမွန်လက်စွပ်အမှတ်အသားတို့ ကို စုစည်းဆက်စပ်၍ -

"ဒီလက္ခဏာရှင်ကို ကနဦးမြင်စ က ရှေ့နေချုပ်ကြီးလား၊ တရားသူကြီး လား၊ ဗဟိုတရားရုံးရှေ့နေလား၊ ဒါမှ မဟုတ် ဥပဒေရေးရာအဆင့်မြင့်ဝန်ထမ်း ကြီးတစ်ဦးလားဆိုပြီး အထင်ရောက်နေ တာ။ အခုတော့ ကျွန်တော့်အထင်တွေ ဟာ ပါစင်အောင်လွဲသွားပါပြီ။ တကယ် တော့ ဒီလက္ခဏာရှင်ဟာ အင်မတန် အောင်မြင်ထင်ရှားကျော်ကြားတဲ့စာရေး ဆရာမကြီးတစ်ဦးဖြစ်ရမယ်ဗျာ။ ဟုတ် တယ် မဟုတ်လား"

ဟု ကျွန်တော့်မျက်နှာချင်းဆိုင် တွင်ထိုင်နေသော အမျိုးသမီးကြီးအား မေးလိုက်သည်။ ကျွန်တော့်အမေးကို ချက်ချင်းအဖြေမပေးဘဲ ခပ်မဆိတ်ပင် နေလျက်ရှိရာ သူမနှင့်အတူပါလာသူ ဆယ်ကျော်သက်ရွယ်က မနေသာတော့ ဘဲ -

"အဘွားပြောလိုက်လေ၊ အဘွား ပြောလိုက်လေ"

ဟု ဆိုတော့မှ -

"ကျွန်မ စာရေးဆရာမ ယုဝတီ ခင်စိန်လှိုင်ပါ။ ဆရာနဲ့ တွေ့တွေ့ချင်း ထုတ်မပြောဘဲနေတာကိုတော့ ခွင့်လွှတ် ပါ။ ဒါကလည်း ဆရာအပေါ်မှာထားရှိ တဲ့စေတနာအရပါ။ အကယ်၍ ကျွန်မ လက္ခဏာကိုမကြည့်ခင် ကျွန်မဘယ်သူ ဘယ်ဝါလို့ကြိုပြောလိုက်ရင် ဆရာ့ရဲ့ လက္ခဏာပညာအားစိုက်မှုမှာ ထိခိုက် သွားမှာစိုးလို့ပါ။ ဒါကြောင့်မို့ ဆရာ့အနေ နဲ့ ထင်ယောင်ထင်မှားဖြစ်သွားအောင် ရှေ့နေပုံစံဖမ်းလာတာ။ ဆရာကလည်း ဥပဒေနဲ့ဘွဲ့ရထားတာဆိုတော့ ကျွန်မ ကိုမြင်ရင် ဥပဒေအကြောင်းအရာနဲ့များ ဆွေးနွေးမလားလို့ထင်နေတာ။ အခု တော့ ဆရာက စာရေးဆရာမပဲလို့ပြော လိုက်တော့ ရုတ်တရက်ကြောင်တောင် ကြောင်သွားတယ်။ ဒီမြေးမလေးကပြော လိုက်တော့မှသတိတွေပြန်ဝင်လာတယ်။ မှန်းချက်နဲ့ နှမ်းထွက်မကိုက်လိုက်တာ ဆရာရယ်"

ဟု ရယ်ပွဲဖွဲ့ကာ ခင်မင်ရင်းနှီးစွာ ပြောလိုက်သည်။

"ဆရာမကတော့လေ စာရေး ဆရာလို့ မပြောရဘူး။ အခုလည်းကြည့် လေ လက္ခဏာဆရာနဲ့ ဥပဒေပညာရှင် နှစ်ဦးတို့ရဲ့ အချစ်မေတ္တာဇာတ်လမ်း တစ်ပုဒ်ကိုများ ဖန်တီးဦးမလားမသိဘူး။ ဆရာမရေးတဲ့ ဝတ္ထုစာအုပ်ထဲက အကြောင်းအရာတစ်ခုကို အခုအချိန်ထိ ကျွန်တော့်ရင်ထဲမှာ စွဲစွဲမြဲမြဲမှတ်မိနေ တာတစ်ခုရှိတယ်။ အဲဒါ. . ."

ကျွန်တော့်စကားမဆုံးမီ ဆရာမ က ကြားဖြတ်၍ -

"ဆရာမပြောခင် ဆရာပြောမယ့် အကြောင်းအရာကို ကျွန်မကြိုပြော ကြည့်မယ်နော်။ ဟိန္ဒူမီးနင်းပွဲမဟုတ် လား"

"ဟာ - ဟုတ်တာမှသိပ်ဟုတ်တာ ပေါ့ ဆရာမရယ်။ အဲဒီဝတ္ထုစာအုပ်ထဲ မှာ ဇာတ်ဆောင်မင်းသားက ဟိန္ဒူမီးနင်း ပွဲမှာ ကိုယ်တိုင်ပါဝင်ဆင်နွှဲတဲ့အခန်းပဲ။ အဲဒီအခန်းကို ရင်ထဲမှာ တော်တော်စွဲ သွားတယ်။ အခုချိန်ထိမေ့လို့မရသေး ဘူး။ ဘာကြောင့်လဲဆိုတော့ ဟိန္ဒူမီးနင်း ပွဲမှာ ကျွန်တော်ကိုယ်တိုင် ပါဝင်ဆင်နွှဲ ချင်တဲ့စိတ်ဟာ ငယ်ငယ်တည်းကစပြီး အခုချိန်ထိရှိနေတုန်းပဲ။ ဒီလိုပြောလိုက် လို့ ဆရာမက ကျွန်တော့်ကို အထူးအ ဆန်းများဖြစ်နေမလားမသိဘူး၊ ကျွန် တော်ငယ်ငယ်တုန်းက အင်းစိန် ပိန်နဲ့ကုန်း ရပ်ကွက် ဇေဗီရိပ်သာလမ်းမှာနေခဲ့ဖူး တယ်။ အိမ်ရဲ့မလှမ်းမကမ်းမှာ ဟိန္ဒူ ဘုရားကျောင်းရှိပြီး အိမ်ရဲ့အနောက်ခြံ စည်းရိုးနဲ့ကပ်ရက်မှာကာလီမကန်ရှိတယ်။ အဲဒီကန်ရဲ့ အဝင်ဝတည့်တည့်လောက် မှာ မြေကွက်လပ်ကျယ်ကျယ်ကြီးတစ်ခု ရှိတယ်။ အဲဒီမြေကွက်လပ်ကြီးထဲမှာ တစ်နှစ်တစ်ကြိမ်ကျ ဟိန္ဒူမီးနင်းပွဲကျင်းပ လေ့ရှိတယ်။ အဲဒီပွဲကို ကျွန်တော်အမြဲ တမ်းသွားကြည့်လေ့ရှိတော့ ဒီလောက် အရှိန်ညီးညီးတောက်နေတဲ့ မီးကျီးမီးခဲ ပေါ်မှာ ဖိနပ်မပါ ခြေဗလာနဲ့နင်းနေတာ မပူဘူးလားဆိုပြီး အတွေးဝင်လာတယ်။ အဲဒီအတွေးနောက်မှာ ကျွန်တော်ကိုယ် တိုင်ဝင်နွှဲချင်တဲ့စိတ်တွေပေါ်လာတယ်။ နောက်ပြီး ဆရာမဝတ္ထုထဲက ဟိန္ဒူမီး နင်းပွဲမှာဝင်နွှဲခဲ့တဲ့ ဇာတ်ဆောင်မင်းသား ရှိရာ အင်းတိုင်ကိုသွားကြည့်မယ်လို့ ကြံ စည်နေတာ အကြိမ်ကြိမ်ပါပဲ။ သွားမယ် သွားမယ်နဲ့ အခုအချိန်အထိ မသွားဖြစ် . . ."

ကျွန်တော့်စကားမဆုံးမီ ဆရာမ က ကြားဖြတ်၍ -

"ဟား. . .ဟား. . . ဟား"

နှင့်ဝါးလုံးကွဲရယ်လိုက်ပြီးနောက်-

"ဆရာ မသွားဖြစ်တာဘဲကောင်း ပါတယ်"

"ဟာ - ဘာဖြစ်လို့လဲ"

ဟု ကျွန်တော်က ပြန်မေးလိုက် ရာ -

"ဆရာ့နှယ်၊ အရိပ်ပြရင်အကောင် ထင်မှပေါ့"

"ဆရာမက အရိပ်မပြတော့ဘယ် လိုလုပ်ပြီး အကောင်မြင်ပါ့မလဲ။ ဘာလဲ အဲဒီပွဲဂိုလ်က နိုင်ငံခြားကက်သွားပြီ လား"

"နိုင်ငံခြားထွက်သွားရင် မြန်မာ ပြည်ပြန်လာရင်ပြန်လာဦးမယ်။ အခုဟာ က ကမ္ဘာမြေအနဲ့ ခြေဆန့်ရှာဦးတော့ တွေ့နိုင်တော့မှာ မဟုတ်ဘူး"

"ဩော် - ဒါဆိုရင် ဆုံးသွားရှာပြီ ပေါ့နော်။ စိတ်မကောင်းစရာပါဘဲ"

ကျွန်တော်၏ စကားအဆုံးတွင် ဆရာမဒေါ်ခင်စိန်လှိုင်သည် ပြီလိုအောင



www.burmeseclassic.com

www.burmeseclassic.com

ဒင်ဇာတ်ကားမှ ရုပ်ရှင်မင်းသားချော ခင်မောင်ရင်ရယ်မောအသံဖြင့်ရယ်ပြီး -

"ဆရာချမ်းနော် ဆရာချမ်း၊ တစ်ခြမ်းတည်းမှာပဲ မင်းလုပ်တော့မှာနဲ့ တူတယ်။ အရိပ်ပြလို့လည်း အကောင်မမြင်တော့ အကောင်လိုက်ပဲပြတော့မယ်။ အဲဒီဝတ္ထုထဲက ဟိန္ဒူမီးနင်းပွဲမှာ ဝင်နွှဲတဲ့ ဇာတ်ဆောင်မင်းသားဟာ ခင်စိန်လှိုင် စိတ်ကူးယဉ်ဖန်တီးလိုက်တဲ့ ဇာတ်လိုက်မို့ ဘယ်နေရာ၊ ဘယ်ကမ္ဘာမှာမှ ရှာလို့တွေ့နိုင်တော့မှာမဟုတ်ဘူး"

"ဩော် - ဒီလိုကိုး၊ ကျွန်တော်က အပြင်မှာ တကယ်ရှိနေတယ်မှတ်လို့။ ဆရာကြီးဇော်ဂျီရဲ့စကားနဲ့ ပြောရရင် ကျွန်တော်ဟာ အင်မတန်ဒုံးဝေးတာပဲနော်။တကယ်တော့ ဆရာမရဲ့ကလောင်သွားထက်ထက်မှာစူးနစ်ပြီးဝင်သွားတာ ပြန်နုတ်ဖို့တောင် အတော်ခက်သွားပြီ"

"ဆရာတင်မဟုတ်ပါဘူး။ တက္ကသိုလ်မှာတက်နေတဲ့ ကျွန်မသမီးရဲ့ သူငယ်ချင်းတစ်သိုက်ဟာ ဟိန္ဒူမီးနင်းပွဲမှာဝင်နွှဲတဲ့ဝတ္ထုထဲကမင်းသားကို တွေ့ချင်လွန်းလို့ အင်းတိုင်တပ်ဝင်းထဲကိုလာကြတာ သနားစရာကောင်းလိုက်တာ။ နွေအခါမို့ အင်မတန်ပူပြင်းတဲ့ နေမင်းရဲ့ အပူဒဏ်ကို ကြုံ့ကြုံ့ခံရင်း ရောက်လာကြတာ။ အမောတောင်မပြေရှာကြပါဘူး။ တကယ်မရှိမှန်းသိတော့မှ လက်မှိုင်ချပြီး ပြန်သွားကြတယ်"

"ဆရာမက စာဖတ်သူကို တော်တော်ညို့ယူဖမ်းစားနိုင်တာပဲနော်"

"ကဲပါလေ - ဒါတွေထားလိုက်ပါတော့။ ကျွန်မ ဒီကနေ့အထိ လုံးချင်းဝတ္ထုအုပ်ရေပေါင်း (၁၆၀) လောက် ရေးသားပြီးခဲ့ပါပြီ။ ကျွန်မရေးခဲ့တဲ့ ဝတ္ထုစာပေနဲ့ပတ်သက်ပြီး ဆရာ့အမြင်လည်း ကြားချင်ပါသေးတယ်"

"ဟာ-ဆရာမကလည်းလုပ်တော့မယ်။ ကျွန်တော်က လက္ခဏာဗေဒင်ဆရာဆိုတော့ လက္ခဏာဗေဒင်အကြောင်းပဲပြောနိုင်မှာပေါ့။ စာပေလိုင်းက ကျွန်တော်နဲ့ အင်မတန် အလှမ်းဝေးလွန်းပါတယ်။ ဒါကြောင့်မို့ ဒါလေးတော့ သည်းခံပေးပါ။ နာလည်ပေးပါနော်"

"ဆရာချမ်းနော်ဆရာချမ်း၊ ကျွန်မ သပြေမဂ္ဂဇင်းမှာ 'စိန်စီတဲ့တေးတစ်ပုဒ်' အခန်းဆက်ဝတ္ထုရှည်ကြီးရေးနေတဲ့အချိန်မှာ ဆရာရေးတဲ့ ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်လိုက်ရတယ်။ 'စွယ်တော်ရိပ်က အချစ်ဗေဒါပွင့်' ဆိုတဲ့ ခေါင်းစဉ်နဲ့ အိမ်ထောင်ရေးဖောက်ပြန်မှုကို သရော်ထားတာ။ နောက်ပြီး စစ်ပြန်မဂ္ဂဇင်းမှာလည်း 'လှေကားထစ်လေးများ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဝတ္ထုတိုကိုဖတ်လိုက်ရသေးတယ်။ ဘဝသရုပ်ဖော်ဝတ္ထုပဲ။ ဖတ်ရင်းနဲ့ ရင်ထဲမှာဆို့လာတယ်"

"အဲဒါတွေက လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀) ကျော်က အတွေးအရေးတွေပါ။ အခု ကျွန်တော့်ခေါင်းထဲမှာ ဂြိုဟ်တွေ၊ နက္ခတ်တွေပဲရှိတော့တယ် ဆရာမရယ်"

"ဆရာကတော့ ထမင်းရည်ပူလာ လျှာလွှဲလုပ်နေပြန်ပြီ။ ကဲ-ဆရာမြင်တာ ထင်တာပြောပါဦး"

"ဆရာမက ဇွတ်ချည်းပဲကိုး။ ကျွန်တော်က ဆရာမရေးတဲ့ဝတ္ထုတွေအားလုံးကို မဖတ်မိပါဘူး။ ကျွန်တော် ဖတ်ရသလောက်၊မှတ်မိသလောက်ပြောရရင် ဆရာမရေးတဲ့ ဝတ္ထုတွေထဲမှာ အဓိကအကြောင်း (ဝါ) ဦးတည်ချက် (၂) မျိုးကို သွားတွေ့ရတယ်။ ပထမတစ်မျိုးက တိုင်းရင်းသားအချင်းချင်းချစ်ကြည်မှု၊ စည်းလုံးမှု၊ သွေးစည်းမှုတွေရှိလာစေရန် ရည်ရွယ်ပြီးရေးသားတဲ့ ဝတ္ထုစာပေ။ ဥပမာပြရရင် 'ကေသွယ်ရယ် ကော့မိုင်ရယ်'၊ 'နော်လုလု'၊ 'ဒွေးချစ်သက်သေတည့်ငွေတောင်ပြည်'၊ 'ရွှေလှံ့ဗိုလ်'၊ 'ဗိုလ်ရွှေဖြင်'၊သျှင်ရဲထွတ်(သံမဏိသစ္စာ) စတဲ့ဝတ္ထုမျိုး။ ဒုတိယတစ်မျိုးကတော့ လူအများစိတ်ဝင်စားနိုင်တဲ့ လူ့လောကတစ်ခုလုံးစိတ်ဝင်စားနိုင်မယ့်ကျယ်ကျယ်ပြန့်ပြန့်အကြောင်းအရာတွေကိုရေးဖွဲ့တဲ့ အချစ်၊ မေတ္တာ၊ အိမ်ထောင်ရေး၊ ကိုယ်ကျင့်တရား၊ လူ့အပြုအမူ၊ ဝါသနာစရိုက်တွေကို ဖော်ညွှန်းရေးသားတဲ့ဝတ္ထုမျိုး။ ဥပမာပြရရင် မိန်းကလေးဈေးဖျက်၍ ချစ်ရသူ၊ အိရွှေစင်၊ တေးလိပ်ပြာ ဖဲဇာကွပ်ပါလို့၊ စတီရီယိုရူးမလေး၊ ပန်းပွင့်လိုနှလုံးသား၊ စိန်စီတဲ့တေးတစ်ပုဒ် စတဲ့ ဝတ္ထုမျိုးတွေပေါ့။ ဆရာမဝတ္ထုစာအုပ်တွေဟာ ဘာကြောင့် ရောင်းအားအကောင်းဆုံးစာအုပ်တွေဖြစ်လာသလဲဆိုရင် ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီးတိုင်းဖတ်ပြီးတိုင်း ကြည်နူးရွှင်ပျမှုတွေ၊ ပျော်ရွှင်မှုတွေ၊ ချမ်းမြေ့မှုတွေ၊ စိတ်သဘောထားကြီးမားရင့်သန်မှုတွေ၊ ရိုးသားမှုတွေ၊ ရဲရင့်မှုတွေ၊ ကိုယ်ကျိုးစွန့်လွှတ်မှုတွေ၊ စိတ်ဖြူစင်စိတ်ညွှန့်ရှိမှုတွေကို စာဖတ်သူက ကွမ်းယာဝါးသလို စာပေရဲ့အရသာကို တမြုံ့မြုံ့ခံစားရလို့ပါပဲ။ ဆရာမရဲ့ဝတ္ထုစာပေနဲ့ပတ်သက်ပြီး ကျွန်တော်ဒီလိုပဲမြင်မိပါတယ်"

"ဆရာချမ်းရယ်၊ တကယ်တော့ ဆရာဟာလက္ခဏာဗေဒင်ဆရာဖြစ်လာဖို့ထက် စာရေးဆရာဖြစ်ဖို့ ပိုကောင်းတယ်။ အဲဒီတော့ ဒီနေ့ဒီရက်ကစပြီး စာရေးပါတော့"

"ကျေးဇူးအထူးတင်ပါတယ်။ ဆရာမပြောသလို ကျွန်တော် လစဉ်လစဉ် ပုံမှန်စာရေးနေပါတယ်"

"ဝမ်းသာလိုက်တာ ဆရာရယ်။ ဝတ္ထုတိုတွေလား၊ ဝတ္ထုရှည်တွေလား"

"အတို၊အရှည်တော့ မပြောတတ်ပါဘူး။ လက်ကုန်ရင်တော့ ဂျပန်က မိတ်ဆွေတွေဆီကို သတိရကြောင်းစာတွေတော့ရေးနေတာပါပဲ"

"အကောင်းအောက်မေ့လို့ နား ထောင်နေတာ။ ဆရာတော့ဖောက်လာပြီ ဟား ဟား ဟား"

ဆရာမနှင့်အတူ ကျွန်တော်ပါ အားရပါးရရယ်မောလိုက်ကြသည်။

*

စာရေးဆရာမကြီး ဒေါ်ခင်စိန် လှိုင်၏ အမည်ရင်းမှာ ဒေါ်ခင်ခင်စိန်ဖြစ် ပြီး ဖခင် ရဲမင်းကြီး ဦးခင်မောင်လတ် (ငြိမ်း)၊ မိခင်ဖြစ်သူ ဒေါ်ခင်စောလှတို့မှ ဖွားမြင်ခဲ့သည်။ မွေးဖွားသည့်မြို့မှာ မြစ်သားမြို့ဖြစ်၍ မွေးချင်းငါးယောက်တို့ အနက် အကြီးဆုံးဖြစ်သည်။ ဖခင်ဘက် မှ (ဘေး) တော်စပ်သူများမှ မင်းကြီး မင်းထင်မဟာသရေစည်သူ ဝက်မစွတ် မြို့စားမင်းနှင့် မိုင်းခိုင်မြို့စားမင်းကြီး မဟာသီရိဇေယျသူ၊ ခင်မမင်းဝန် ပို ကတ်တော်အုပ်မင်း ဦးယမ်တို့ဖြစ်ပြီး ရွှေလှံ့ဗိုလ်၏မြစ်လည်းဖြစ်သည်။အဒေါ် တော်စပ်သူမှာ စာပေမိခင်ကြီး ဒဂုန် ခင်ခင်လေးဖြစ်သည်။

မူလတန်းမှ အထက်တန်းပညာ အထိ မန္တလေးမြို့ အေဘီအမ် (ABM) ကျောင်းနှင့် စိန့်ဂျိုးဆက်ကွန်ဗင့်ကျောင်း တို့တွင် ပညာဆည်းပူးခဲ့သည်။ ၎င်း နောက် တီတီစီ (ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း) တွင် အထက် တန်းပညာ သင်ကြားဆည်းပူးခဲ့သည်။ ၁၉၅၆ ခုနှစ်ဝန်းကျင်တွင် အမျိုးသမီး ကလောင်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံစာပေဖြန့် ဖြူးရေးအသင်း၏ ရာသက်ပန်အမှု ဆောင်အဖြစ် လည်းကောင်း တာဝန်ယူ ခဲ့သည်။

စာရေးဆရာမကြီး ယခုခင်စိန် လှိုင်သည် အသက် (၁၈) နှစ်အရွယ်မှ

www.burmeseclassic.com

ဝတ္ထုတိုကလေးများ စတင်ရေးသား စာပေလောကသို့ ဝင်ရောက်လာ ... (၂) နှစ်အတွင်း အပတ်တကုတ် ...မ်းအားထုတ်၍စာရေးမည်။ စာရေး ...အဖြစ် မအောင်မြင်ခဲ့ပါက စာရေး ...အလုပ်ကို ဆက်မလုပ်တော့ဟု ...ာန်ပြုခဲ့သည်။ ထိုကာလအတွင်း ဝတ္ထုတို၊ ဝတ္ထုလတ်များကို မဂ္ဂဇင်း ...သို့ပို့ခဲ့ရာ အပယ်ခံခဲ့ရသည်။ မဖြစ် ... ဆက်၍ကြိုးစားခဲ့ရာ နောက်ဆုံး ... ရောင်းအားအကောင်းဆုံး (BEST SELLER)၊ စာရေးဆရာမအဖြစ်သို့ ...က်ရှိသွားခဲ့သည်။

ဆရာမကြီးယုဝတီဒေါ်ခင်စိန်လှိုင် ...သုံးချင်းဝတ္ထုပေါင်းအုပ်ရေ (၁၆၀) ... ရေးသားခဲ့ပြီး ထိုစာအုပ်တို့ကို ...တိုက်မှလည်းကောင်း၊ ရွှေသမင် ...မှလည်းကောင်း၊ မြင့်သီတာစာပေ ...ကောင်း၊ ဂုဏ်ထူးစာပေမှလည်း ...င်း ထုတ်ဝေဖြန့်ချိခဲ့သည်။ ဝတ္ထုမှ ...ရှင်အဖြစ်သို့ ရိုက်ကူးရာတွင် လွန်စွာ ...င်မြင်ခဲ့သောဝတ္ထုများမှာ 'တေးလိပ် ...ကွပ်' ဝတ္ထုကို 'ကမ္ဘာဆယ်သိန်း ...မယ်' ရုပ်ရှင်အဖြစ်သို့ လည်း ...င်း 'စိန်စီတဲ့တေးတစ်ပုဒ်' ဝတ္ထုကို ...မည်ဖြစ်ပင် ရုပ်ရှင်ရိုက်ကူးခဲ့ရာ ...က်အလွန်များပြီး ဝင်ငွေကောင်း ...ရုပ်ရှင်ကားများဖြစ်ခဲ့ကြသည်။

စာရေးဆရာမကြီး ယုဝတီခင်စိန် ...၏ မွေးသက္ကရာဇ်မှာ ၁၉၂၈ ခုနှစ်၊ ...ဧပြီလ ၂၄ ရက်၊ အင်္ဂါနေ့ နံနက် ...နာရီ မြစ်သားမြို့တွင် မွေးဖွားခဲ့ ...၊ ဗိုလ်မှူးဖေသန်းနှင့် လက်ထပ်ခဲ့ ...သားသမီး (၆) ယောက် ထွန်းကား ...၊ ဗိုလ်မှူးဖေသန်းသည် စာရေး ... အဆိုတော်၊ ရုပ်ရှင်မင်းသား ...ကြီးကိုဝင်းဦးနှင့် ဗိုလ်သင်တန်း ...စဉ် (၈) တွင် အတူတက်ရောက် ...သူများဖြစ်၍ တစ်ဦးနှင့်တစ်ဦး ...ရင်းနှီးကြသည်။

စာရေးဆရာမကြီး ယုဝတီခင်စိန် ...သည် ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ...ရက်၊ တနင်္လာနေ့တွင် ကွယ်လွန် ...ခဲ့ရှာသည်။ ကွယ်လွန်ချိန်တွင် ...သမီးမြေးများကျန်ရစ်သည်။

*

ယခုဖော်ပြပါ လက်ပုံစံသည် ...လွန်သွားခဲ့ရှာပြီဖြစ်သော BEST SELLER စာရေးဆရာမကြီး ယုဝတီ ...ခင်စိန်လှိုင်၏ မူရင်းလက်ပုံစံပင် ဖြစ်



သည်။ ဆရာမကြီး၏ လက်ပုံစံအမျိုးအစား၊ လက်မရပ်တည်မှု၊ လက်ချောင်းအနေအထား၊ ဂြိုဟ်ခုံများ ပြည့်ဖြိုးအားကောင်းမှု၊ ဉာဏ်လမ်းကြောင်း (ဝါ) ဦးခေါင်းလမ်းကြောင်းအစပျိုးပုံနှင့် အဆုံးသတ်ပုံ၊ ကံကြမ္မာလမ်းကြောင်းနှင့် အောင်မြင်ရေးလမ်းကြောင်းတို့ကို အပြန်အလှန် ဆက်နွယ် စုစည်း ပေါင်းစပ်ပြီးနောက် စာရေးဆရာမတစ်ဦးဖြစ်ရမည်ကို တိကျပြတ်သားစွာ အဆုံးအဖြတ်ပေးခဲ့သည်ကိုလက္ခဏာဝါသနာရှင်များသိပြီးဖြစ်မည်ဖြစ်သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအား အထူးသတိပေးလိုသည်မှာ ခက်ရင်းခွကြီးပုံသဏ္ဍာန် ဉာဏ်လမ်းကြောင်းအဆုံးသတ်နေရုံမျှဖြင့် (အမှတ် B) စာရေးဆရာ (ဝါ) စာရေးဆရာမ တစ်ဦးဖြစ်လာမည် မဟုတ်ပေ။ အနှစ် (၄၀) ကျော် လက္ခဏာဟောပြောခြင်း အတွေ့အကြုံရ ထိုကဲ့သို့သော ဉာဏ်လမ်းကြောင်းမျိုးကို မကြာခဏတွေ့ရလေ့ရှိသည်။ လက်ပုံစံအမျိုးအစား မကောင်းခြင်း၊ လက်မရပ်တည်ပုံညံ့ဖျင်းခြင်း၊ လက်ချောင်းများအနေအထား ချို့ယွင်းခြင်း၊ ဂြိုဟ်ခုံများပြားချပ်လျက်ရှိခြင်းတို့နှင့်အတူ ထိုကဲ့သို့သောခက်ရင်းခွကြီးသဏ္ဍာန်ဉာဏ်လမ်းကြောင်းမျိုးကို တွေ့ရှိခဲ့ပါက ထိုလက်ပုံစံရှင်သည် မည်သည့်အကြောင်းအရာ၊ မည်သည့်ဘာသာရပ်မျိုးတွင်မဆို ဟိုဟာလေးနည်းနည်းလုပ်လိုက်၊ ဒီဟာလေးနည်းနည်းလုပ်လိုက်၊ ဟိုဟာလေးလည်းတတ်ချင်၊ ဒီဟာလေးလည်းတတ်ချင်၊ ဟိုနေရာမှာလည်းသူပါချင်၊ ဒီနေရာမှာလည်း သူပါချင်၊ ဟိုသင်တန်းလည်း ပြေးတက်လိုက်၊ ဒီသင်တန်းလည်းပြေးလိုက်နှင့် နောက်ဆုံးတွင် အသက်အရွယ်သာကြီးရင့်သွားသည်။ အချိန်တွေသာ ကုန်လွန်သွားသည်။ ဘဝတွင် မည်မည်ရရဘာမှဖြစ်မလာကြပေ။

စာရေးသူ၏ငယ်ပေါင်းသူငယ်ချင်းနှစ်ဦး၏ လက်ဝါးပြင်တွင် ထိုကဲ့သို့သောဉာဏ်လမ်းကြောင်းအဆုံးသတ်ပုံမျိုးပါရှိနေသည်ကို တွေ့ရှိခဲ့ရသည်။ ၎င်းတို့၏ဘဝသည်လည်း အသက် (၆၀)၊ (၇၀) အတွင်းသို့သာ ချင်းနင်းဝင်ရောက်လာသော်လည်း ဘဝထိပ်တန်းသို့ ရောက်ရှိနိုင်စွမ်းမရှိခဲ့ပေ။

လက္ခဏာဝါသနာရှင်များအတွက် နောက်ဆုံးပြောလိုသည်မှာ စာရေးဆရာမကြီး ယုဝတီခင်စိန်လှိုင်သည် တစ်ခေတ်တစ်ခါက ၎င်း၏ ဝတ္ထုစာအုပ်များ ရောင်းအားအကောင်းဆုံး (BEST SELLER) အဖြစ်လည်းကောင်း၊ ဝတ္ထုမှ ရုပ်ရှင်အဖြစ်သို့ ရိုက်ကူးရာတွင် လူကြိုက်များ၍ ဝင်ငွေကောင်းခြင်းအဖြစ်လည်းကောင်း၊ ဝတ္ထုအုပ်ရေ ငါးထောင်ကျော်မှ သောင်းဂဏန်းအရေအတွက်ထိ ရိုက်နှိပ်ထုတ်ဝေရသည့်အဖြစ်လည်းကောင်း၊ ဂုဏ်ထူးစာပေမှ စာမူခကို သိန်းချီ၍ ချီးမြှင့်ခံခဲ့ရသည့်အဖြစ်လည်းကောင်း၊ ဒွေးချစ်သက်သေတည့်ငွေတောင်ပြည်၊ ရွှေလုံဗိုလ်နှင့် ချစ်သောဇာဇာ ဝတ္ထုစာအုပ်တို့သည် အမှာစာများလွန်း၍ တိုးတိုးတိတ်တိတ်ဖွက်ရောင်းရသောအဖြစ်သို့ လည်းကောင်း အောင်မြင်မှုရရှိခဲ့ခြင်းမှာ ဆရာမကြီး၏ လက်ဝါးပြင်နှစ်ဖက်စလုံးတွင် လက်ခလယ်အောက်ခြေရှိ စနေဂြိုဟ်ခုံပေါ်တွင် ကံကြမ္မာလမ်းကြောင်း နှစ်ကြောင်းပြိုင်၍လည်းကောင်း (အမှတ် - F)၊

သစ်ပင်များ၏ အကိုင်းအခက်အလက်သဖွယ် အဆုံးသတ်နေ၍လည်းကောင်း (အမှတ် - D)၊


နေလမ်းကြောင်း (ဝါ) အောင်မြင်ရေးလမ်းကြောင်းသည် ညာလက်ဝါးပြင်ရှိ လက်သူကြွယ် (ဝါ) တနင်္ဂနွေလက်ချောင်း၏ အောက်ခြေ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် ထင်ရှားပြတ်သားအားကောင်းစွာဖြင့် နှစ်ကြောင်းပြိုင်၍ ရပ်တည်လျက်ရှိခြင်း (အမှတ်- G) တို့ကြောင့်ပင်ဖြစ်ကြောင်း ရေးသား ဖော်ပြလိုက်ရပါသည်။

ဆဲဘောချမ်းမင်း LLB



www.burmeseclassic.com

www.burmeseclassic.com



# စာတိုက်ပုံ-မောင်မောင်အေ

ဂမ္ဘီရမြေကြီး

သူရဇ္ဇမဂ္ဂဇင်းကြီးအား လစဉ်စွဲမြဲစွာဖတ်ရှုသည့် စာဖတ်ပရိသတ်များထဲမှအချို့သည် ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်မြောက်ပိုင်းအိမ်အထိ ရောက်ရှိလာကြ၏။ ထိုသို့ရောက်ရှိလာကြသူများတွင် ကျွန်တော်၏ စာဖတ်ပရိသတ်ပါသလို ဆေးပင်ဆောင်းပါးများရေးသည့် တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ၏ စာဖတ်သူများလည်း ပါဝင်ပါသည်။ တင်တင်နွဲ့၏စာဖတ်သူတို့သည် ဆေးပင်မျိုးယူလိုသောကြောင့် ရပ်ဝေးဒေသမှပင် တကူးတကလာကြရသည်ဖြစ်ရာ မော်လမြိုင်၊ ယောနယ် ထီးလင်း၊ ကချင်ပြည်နယ် ဗန်းမော်တို့မှပင် ပါဝင်၏။

တင်တင်နွဲ့ (ရန်ကုန်တက္ကသိုလ်) ၏ စာဖတ်ပရိသတ်သည်လည်းကောင်း၊ ကျွန်တော်မောင်မောင်အေး၏ ပရိသတ်သည် လည်းကောင်း အလွယ်တကူ ရောက်လာနိုင်သည် မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ စာများတွင် လိပ်စာဖော်ပြထားခြင်း[illegible] သောကြောင့် ဖြစ်၏။ သို့အတွ[illegible] ကျွန်တော်တို့ထံသို့လာလိုသော စာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...ဘ်တို့သည် သူရဿမဂ္ဂဇင်းတိုက်သို့ ...သွယ်မေးမြန်းပြီးမှ ရောက်လာနိုင် ...င်းဖြစ်၍ ကျွန်တော်တို့အနေဖြင့် ...သာပီတိဖြစ်ရသလို အားနာမှုလည်း ...ပါသည်။

ကျွန်တော်တို့၏ စာဖတ်ပရိသတ် ... ကျောင်းထိုင်ဆရာတော်တစ်ပါးပါ ...ိုင်ရာရောက်ကြွလာတော်မူသဖြင့် ...ပင်ပီတိဖြစ်ရသလို သဒ္ဓါထက်သန် ... နေ့ဆွမ်းပါကပ်လှူခွင့်ရ၍ အလွန် ...သာခဲ့ရပါသည်။ နောက်တစ်ဦးက ...သားခံစားချက်ဖြင့် ရောက်ရှိလာသူ ...ထွန်း - ကန်ထရိုက်တာ၊ ခြောက် ... မဉ္ဇူကလာ ဖြစ်သည်။ ကျွန်တော် ...စာရရန် သုံးဆင့်မေးမြန်းစုံစမ်း ...ရောက်လာရသူ ဖြစ်ပါသည်။ ကိုနိုင် ...က ၂၀၁၁ ခု၊ ဖေဖော်ဝါရီလထုတ် ...မဂ္ဂဇင်းတွင်ပါရှိသော 'သံသရာ ...ကွေ့မှ ဂမ္ဘီရချစ်သူလေး သက်ထား ... အတွက် နှလုံးသားခံစားမှုများစွာ ...ရောက်ရှိလာခြင်း ဖြစ်၏။ တစ်ကြိမ် ... နှစ်ကြိမ်ပင်ရောက်လာသလို ...အကြိမ်လာရာတွင် အလွန်ပင် ...းသော သူ့ခြံထွက်အုန်းသီးကြီး ...သုံးပါ လက်ဆောင်ယူခဲ့၏။

နောက်တစ်ဦးက သူရဿမဂ္ဂဇင်း ...ကို လစဉ်ကိုယ်ပိုင်ဝယ်ယူဖတ်ရှုသူ ...သော အမ်နိုင်ထွန်းအောင်မြတ် B.A ... M.A.AA (1) ဟူးရားနက္ခတ်ဗေဒ ...ရှင်ကြီး ဖြစ်၏။ ဆရာကြီးသာမက ...ကတော်ပါ လိုက်ပါ၍ ကိုယ်ပိုင် ...ဖြင့်ရောက်လာခြင်း ဖြစ်၏။ လိပ်စာ ...အကျမသိ၍ ကျွန်တော်နေသော ...ကွက်ထဲလှည့်ပတ်ရှာဖွေပြီးမှ ရောက် ...ခြင်း ဖြစ်၏။ ဆရာကြီးအမ်နိုင်ထွန်း အောင်မြတ်လို နာမည်ကျော် ဟူးရား ...တ်ပညာရှင်တစ်ဦးကိုယ်တိုင် ကျွန် ...တော်တို့နှစ်ဦးစလုံး၏ စာဖတ်ပရိသတ် ...ဖြစ်ရောက်လာသည်ဆိုတော့ ဝမ်းသာ ...က်သည်မှာ ဆိုဖွယ်ရာမရှိ။ ကျွန်တော် ...အတွက် လက်ဆောင်တွေလည်း ...သုံးမနေပါ၏။

ဆရာကြီးအမ်နိုင်ထွန်းအောင်မြတ် ...သည် ဟူးရားနက္ခတ်ပညာရှင်ပီသစွာပင် ...ရောက်လာသောအချိန်၊ ကျွန်တော် ...နှင့်တွေ့သော အခြေအနေတို့ကို ...ပိုင်းဆိုင်ရာဖြင့်တွက်ဆ၍ အလွန် ...ကောင်းသော နက္ခတ်အချိန်အခါဖြစ် ...ကြောင်း ပြောပါသည်။ သူရဿမဂ္ဂဇင်း ...ကြီးတွင် ကျွန်တော် ရေးသားသော ...ယ်တွေ့ဖြစ်ရပ်များ ပြောဆိုကြရင်း

၂၀၁၂ ခု၊ ဇူလိုင်လထုတ် သူရဿမဂ္ဂဇင်းကြီးတွင်ပါသော 'ပတ်ကွိုင်သေလာက နတ်ဝှက်တဲ့ရွာ' ဇာတ်လမ်းအား ယခုကဲ့သို့ ကိုယ်တွေ့ထူးခြားဆန်းကြယ် ဂမ္ဘီရဖြစ်ရပ်များ သူရဿမဂ္ဂဇင်းကြီးတွင် ရေးသားပါရန် အကြံပြုသွားပါသည်။

ဟူးရားနက္ခတ်ဗေဒပညာရှင်ဆရာကြီးအမ်နိုင်ထွန်းအောင်မြတ်အား ကတိပေးလိုက်သည့်အတိုင်း ကျွန်တော်သတ္တုတွင်းဝန်ထမ်းဘဝဖြင့် တောတောင်အရပ်ဒေသများစွာ၌ (၃၇) နှစ်တာကျင်လည်ခဲ့ရသည့်အထဲမှ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ဓာတ်ကိုက်စခန်းတွင် သည်းထိတ်ရင်ဖိုကြုံခဲ့ရသည့် ဂမ္ဘီရဖြစ်ရပ်မှန်တစ်ခုကို သတိရမိပါသည်။

ကျွန်တော်သည် ဤသပိတ်ကျင်းရတနာနယ်မြေသို့ ပထမဆုံးရောက်စဉ်က ၁၉၇၆-၇၉ ဖြစ်၍ (၄) နှစ်ခန့် ကြာခဲ့ပါသည်။ ဒုတိယအကြိမ်အဖြစ် ၁၉၈၃ မှ ၁၉၈၈ အထိ (၅) နှစ် နေထိုင်ခဲ့ရပါသည်။ သပိတ်ကျင်းဆိုသော အမည်နာမသည် ထူးဆန်းသလို သယံဇာတပေါကြွယ်ဝသောမြို့လည်း ဖြစ်၏။ သစ်တောသယံဇာတတွင် အဖိုးထိုက် ကျွန်းသစ်၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ၊ အင်၊ ရင်းမာနှင့် ထောက်ကြံ့ စသောသစ်တောကြီးများက ရှမဆုံးပေါများလှသလို တွင်းထွက်သယံဇာတများကလည်း ရွှေ၊ နီလာ၊ ပတ္တမြား၊ မဟူရာ၊ ဖြူရှိန်းခေါ် ကျောက်ပုလဲ၊ ဥဿဖရား စသော အဖိုးထိုက်ကျောက်မျက်ရတနာများအပြင် ဂရပ်ဖိုက်ခဲ၊ (Qurtz) ခေါ် သလင်းကျောက်နှင့် ဖော့စဖိတ်အထိ စုံ၏။ မြန်မာရာဇဝင်ကုန်းဘောင်ဆက်၌ ထင်ရှားသော အညာသီဟတောဘုရား



လည်း ဤသပိတ်ကျင်းတွင် ဖူးတွေ့နိုင်ပါသည်။

'ညောင်ဦးမှာ ကမ်းပါးပြို၊ စမွာနကိုက နမ(နွားမ)ပေါင်ကျိုး' ဆိုသောစကားပုံ ကြားဖူး၏။ ထိုစကားပုံမှ စမွာနကိုသည် သပိတ်ကျင်းအထက်နားတွင်ရှိ၏။ ယခု စပယ်နကိုဟုခေါ်သည်။ သပိတ်ကျင်းမြို့နယ်တွင် အထူးခြားဆုံးမှာ ရွှေဖြစ်၏။ ရွှေကို နေရာတိုင်းလိုလို တွေ့နိုင်၏။ အထွက်နှုန်းအနည်း၊ အများသာ ကွာမည်။ သပိတ်ကျင်းရတနာမြေသို့ ပထမအခေါက်ရောက်စဉ်က ကျွန်တော်တို့ဘူမိဗေဒအဖွဲ့သည် မန္တလေး-မိုးကုတ်သွားကားလမ်းဘေးရှိ ဇရပ်ကွင်းရွာတွင် အခြေခံစခန်းပြုလုပ်၍ ရွှေသယံဇာတ လေ့လာရှာဖွေရခြင်း ဖြစ်သည်။

ရွှေသာမကဘဲ ပတ္တမြား၊ နီလာစသော အဖိုးတန်ကျောက်မျက်ရတနာနှင့် လျှပ်စစ်ပစ္စည်းလုပ်ရာတွင် အတော်များများပါဝင်သော ဂရပ်ဖိုက် Graphite ခဲသည် ဝါးဖြူတောင်ရွာကြီးအနီးတွင် ထွက်သလို ဓာတ်မြေဩဇာ ကုန်ကြမ်းဖြစ်သည့် ဖော့စဖိတ် သယံဇာတများလည်းထွက်သောသပိတ်ကျင်းဖြစ်သည့်အတွက် ကျွန်တော်က 'ရတနာပေါကြွယ်ဝသော သပိတ်ကျင်းမြို့' ဟု ဂုဏ်ပြုရေးသားခြင်း ဖြစ်ပါသည်။

ဖော့စဖိတ်သည် (Phosphorus) ဖော့စပရပ်ဒြပ်ပေါင်းတစ်ခုဖြစ်၍ ဓာတ်မြေဩဇာထုတ်လုပ်ရေးတွင် အရေးကြီးသည့် ဓာတ်ဘက်တစ်မျိုး ဖြစ်သည်။ ကယ်လစီယမ်ဖော့စဖိတ်သည် ဖော့စပရပ်၏ ဒြပ်ပေါင်းတစ်ခုပင် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက လူနှင့်သန်းပေါင်းများစွာသော တိရစ္ဆာန်တို့၏ အရိုးများ မြေတွင်မြှုပ်နေရာမှ မီးသင့်ကျောက်အုပ်စု Apatite ကျောက်အဖြစ် ဖော့စဖိတ်ကို တွေ့ရသည်။ (ကျွန်တော်သည် ဘူမိပညာရှင်မဟုတ်၍ ကွဲလွဲချက်ရှိပါက ခွင့်လွှတ်ပါရန်။) ငှက်ချေးကိုလည်း မြေဩဇာအဖြစ် သုံးနိုင်ပါသည်။ (Guano) သည် ထောင်ပေါင်းများစွာသော လင်းနို့သတ္တဝါနှင့် ဂူနေပင်လယ်ငှက်တို့၏ အညစ်အကြေး (ငှက်ချေး) များပင် ဖြစ်သည်။

ဖော့စဖိတ်သယံဇာတကို သပိတ်ကျင်း- မိုးကုတ်ကားလမ်း မိုင်တိုင် (၅) နှင့် (၆) ကြား ဝဲ၊ ယာတို့တွင် လေ့လာရှာဖွေမှုများ လုပ်ရပါသည်။ ထိုစဉ်က ဖော့စဖိတ်သန့်စင်ထုတ်လုပ်မည့် စက်ရုံကို (၄) မိုင်ရွာအနောက်ဘောင်နားတွင်



www.burmeseclassic.com

www.burmeseclassic.com

တည်ဆောက်၍ ရွှေသယံဇာတသန့်စင်ထုတ်လုပ်မည့်စက်ရုံအား ဇရပ်ကွင်းရွာတောင်ဘက် (၁) မိုင်ခန့်အကွာ ဆင်မွှေးလေးချောင်းနှင့် အုံးဖုံးချောင်းဆုံရာ ကြက်လျှာစွန်းတွင် တည်ဆောက်ရာ၌ ကျွန်တော်ဦးဆောင်သော တိုင်းတာရေးအဖွဲ့မှပင် (Town Plan) ကို တိုင်းတာရေးဆွဲပေးရပါသည်။

ရွှေစက်ရုံ၏ မြောက်ဘက် ကိုက်တစ်ထောင်ခန့်တွင် ဓာတ်ကိုက်ဟု အမည်တွင်သောနေရာတစ်ခု ရှိ၏။ ရွှေစက်ရုံနှင့် ဓာတ်ကိုက်ကြားတွင် အုံးဖုံးချောင်းကြီးခြားနေပါသည်။ ထိုနေရာကို ထူးထူးဆန်းဆန်း 'ဓာတ်ကိုက်' ဟုခေါ်ရခြင်းမှာ ထိုနေရာဝန်းကျင်တစ်ဝိုက်တွင် တွေ့ရှိရသော ရွှေတို့သည် ကျောက်ခဲလေးများကိုငုံလျက်၊ ကျောက်ခဲလေးများက ရွှေကိုငုံလျက် အတွေ့ရများပါသည်။ ဤသည်ကို ဒေသအသုံးစကားဖြင့် ဓာတ်ကိုက်သည်ဟုခေါ်ရာမှ အရပ်ဒေသကိုပါ 'ဓာတ်ကိုက်စခန်း' အနွယ်သညာခေါ်တွင်ခဲ့ခြင်း ဖြစ်၏။ ဓာတ်ကိုက်စခန်းဝန်းကျင်တွင် ရွှေသာမက ဖော့စဖိတ်ပါ တွေ့ရှိရသောကြောင့် ဘူမိဗေဒပညာရှင်တို့ ဓာတ်ကိုက်စခန်းတွင် အခြေချ၍ ဖော့စဖိတ်လေ့လာရှာဖွေရေးလုပ်ကြရပါ သည်။

သယံဇာတတစ်ခုခုအား အသေးစိတ်လေ့လာရှာဖွေမှုများ ပြုလုပ်ရာတွင် ဘူမိဗေဒပညာရှင်များက အဓိကဦးဆောင်သော်လည်း ၎င်းတို့နှင့်အတူ အထောက်အကူပညာရှင်တို့လည်း မပါလျှင် မပြီးချေ။ အထောက်အကူပြုပညာရှင်တို့မှာ ဓာတုဗေဒမိုဘိုင်း (Mobile Lab) ဓာတ်ခွဲခန်း၊ မြေအောက်အနက်ပိုင်းအထိ လေ့လာရေးတွင် လွန်တူးစက်အင်ဂျင်နီယာများ၊ ကွန်တိုမြေပုံတိုင်းတာရေးဆွဲသော မြေတိုင်းပညာရှင်များမှသည် ကြိုးမဲ့ဆက်သွယ်ရေးဝန်ထမ်းအထိ ပူးပေါင်းဆောင်ရွက်ကြရပါသည်။

## ဂန္တီရမြွေကြီး

ကျွန်တော်တို့ ဘူမိဗေဒလေ့လာရေးအဖွဲ့ စခန်းချထားသည့်အတွက် တိုက်ဧရိယာတွင် ထောက်ကြန့်၊ သစ်ရာ၊ သင်ဝင်၊ ပိတောက် စသော သစ်မာအမျိုးအနွယ် ပင်မြင့်ကြီးများဖြင့် နေပြောက်မထိုးသလောက် အုပ်မိုးလျက်ရှိပါသည်။ ဆောင်းကုန် နွေကူးရာသီတွင် စခန်းပတ်ပတ်လည်ရှိ ပင်မြင့်ထိပ်ဖျားမှ နွေတေးရှင် ငှက်ပြာမည်းညို ဥဩပျိုလေး၏ လွမ်းတေးသီကျူးသံကြောင့် လုပ်လက်စ တိုင်းတာရေးလုပ်ငန်းများကို မေ့လျော့ပြီး ဥဩလေး၏ လွမ်းတေးသံနှင့် အဝေးတစ်နေရာမှ ချစ်ရသူထံ လွင့်မျောသွားသည်အထိ ခံစားရပါသည်။ ညဦးနက်သန်းခေါင်ဆိုရင်လည်း စခန်းနားက ဝါးရုံတောဆီမှ အောင်ဝါငှက်ဆိုး၏ 'အူးဝါး- အူးဝါး' ဟူသော ထိတ်လန့်ဖွယ် အမင်္ဂလာအသံကြောင့် ယောကျ်ားသားများချည်းပင် နေကြသော်လည်း ကြက်သီးထကြ၏။ ဤဒေသတွင် အောင်ဝါငှက်ကို အမင်္ဂလာငှက်အဖြစ် အားလုံးက အယူသီးကြသဖြင့် ကျွန်တော်တို့တွေလည်း ဥပါဒါန်ကြောင့် ဥပဒ်ရောက်ကြရပါသည်။

၁၉၈၇ ခု နွေဦးရာသီ၏ အလုပ်နားရက်တစ်နေ့တွင် အခန်းတွင်း၌ ကျွန်တော် တစ်ယောက်တည်း ကွန်တိုမြေပုံရေးဆွဲနေသလို ဘူမိဗေဒအဆောင်တွင်လည်း ဘူမိဗေဒပညာရှင် ကိုခင်မောင်ဝေတစ်ယောက်တည်း Core Logging လုပ်နေခြင်း ဖြစ်သည်။ ဖော့စဖိတ်လေ့လာစမ်းသပ်ရေးလုပ်ကွက်ရှိ လွန်တွင်းတူးစက်ကြီးများဖြင့် မြေအောက်သို့ တွင်းဖောက်တူးဖော်သည့်အခါ စိန်သွားတပ်ဆင်ထားသော လွန်ဖြင့် တွင်းဖောက်ရပါသည်။ လွန်သွားဆို၍ လက်သမားသုံးသော လွန်သွားမျိုး မဟုတ်ပါ။ သံမဏိပိုက်လုံးတစ်မျိုးသာ ဖြစ်ပါသည်။ ၎င်းသံမဏိပိုက်လုံး အဝနှုတ်ခမ်းသားတစ်လျှောက်တွင် စက်မှုလုပ်ငန်းသုံး စိန်များ တစ်ဝက်တစ်ပြက် မြှုပ်ထားခြင်းဖြစ်၏ Diamond Bit ဟု ခေါ်ပါသည်။

ထိုစိန်သွားလွန် Diamond Bit ဖြင့် စက်အားသုံး၍ တူးဖောက်သည့်အခါ မည်မျှမာသော ကျောက်မျိုးဖြစ်စေ တွင်းဖောက်နိုင်၍ ပိုက်နှုတ်ခမ်းတွင် တပ်ဆင်ထားသော စိန်သွားကြောင့် စက်လည်သောအခါ တွေ့ထိသမျှကျောက်များ ပိုက်နှုတ်ခမ်းဝအတိုင်း ပြတ်စားသွားပြီး ပိုက်အခေါင်းအတွင်းရှိသော ကျောက်က ပိုက်သဏ္ဌာန်အတိုင်း အတောင့်လိုက်ကျန်ခဲ့သည်။ ထိုလွန်သွားပိုက်အတွင်းမှ ကျောက်တောင့်ကို လွန်အူစာ (CORE) ဟုခေါ်သည်။ ၎င်းလွန်အူစာ (CORE) အား ယူလိုသောအခါ လွန်စက်သည့်အခါ တူးဖော်ခြင်းကိုရပ်ပြီး တစ်ဖန် စက်အရှိန်မြှင့်ပေးလိုက်ခြင်းဖြင့် လွန်တကောင်း (CORE) ကျိုးပြတ်ကာ အဝနားတွင်ရှိသော ကိရိယာက ထွက်မကျအောင်ထိန်း၍ လွန်သွားပိုက်ကို မြေပေါ်ပြန်ထုတ်ခြင်းဖြင့် သယံဇာတပါသော လွန်တကောင်း (CORE)ကို ရရှိသည်။ ထိုလွန်စာတောင့်တွင် မိမိတို့ လေ့လာရ၊ ာဖွေနေသော သယံဇာတပါ၊ မပါ စစ်ဆေးကြည့်ရခြင်းကို CORE LOGGING လုပ်သည်ဟုခေါ်ခြင်း ဖြစ်သည်။ ဗဟုသုတအဖြစ် ဖော်ပြခြင်းပါ။

ဘူမိဗေဒအဆောင်မှသူများ ရေ လွန်စက်အဖွဲ့မှ၊ မြေတိုင်းအဖွဲ့မှအတော်များများ အလုပ်နားရက်ဖြစ်၍ ဇရပ်ကွင်းရွာသွားနေကြခြင်း ဖြစ်သည်။ ထိုစဉ်မှာပင် ဘူမိအဆောင်မှ -

"ကိုမောင်မောင်အေးတို့ ကိုတင် တို့လာကြပါဗျို့၊ ကျွန်တော်တို့အဆောင် ပေါ် မြွေကြီးတက်လာလို့"

ဟု ဘူမိဗေဒ ကိုမောင်ဝေ အထိတ်တလန့်အော်လိုက်သော အသံ ကြောင့် ကျွန်တော်လည်း အနားတွင် သော တောရှင်းဓားမကြီးဆွဲကာ ဘူမိ ဆောင်သို့ ပြေးခဲ့သလို စက်မှုအဆောင် မှ အင်/ယာညီအစ်ကို ကိုတင်ခ၊ ကို တင်ဝင်း (စံပြလုပ်သား) မောင်စော ကလည်း ရရာတုတ်၊ ဓားဆွဲကာပြေးလာ ကြ၏။ သူတို့၏ ဇနီးများလည်း ရေ လက်နက်ဆွဲ၍ နောက်မှပြေးလာကြ စုစုပေါင်း လူ(၁၅) ဦးခန့် ဖြစ်သွား၏။

မြွေကြီးက လူများပြေးလာသည် ကိုမြင်သဖြင့် အိပ်ဆောင်နှင့် တွဲထား သော မီးဖိုဆောင်ခေါင်မိုးပေါ် တက် သွား၏။ အမြီးပိုင်းက ခေါင်မိုးအောက် တုတ်တန်းကိုပတ်၍ အပေါ်ပိုင်းက ခေါင်မိုးပေါ် တုတ်ထား၏။ ကျွန်တော် က ရှေ့ဆုံးကရောက်သူဖြစ်၍ မြွေကြီး အမြီးပိုင်းနှင့် ဓားတစ်ကမ်းစာမျှသာကွာ ၏။ တောရှင်းဓားမကြီးဖြင့် ခုတ်မည် ရွယ်လိုက်သောအခါ ရုတ်တရက်ကြက် သီးများထပြီး ထိတ်လန့်သွားကာ နောက်သို့ပြန်ဆုတ်မိသည်။ မည်သို့ သည်တော့ မသိချေ။ ထိတ်လန့်သွား သည်တော့အမှန်ပင်။ ကျွန်တော် ခုတ် လိုက်သည့်တိုင် ခေါင်းပိုင်းခေါင်မိုးပေါ် ရောက်နေသဖြင့် မြွေကြီးသည် ကျွန် တော့်အား မြင်နိုင်မည်မဟုတ်ပါ။ သို့ သော် ခုတ်မည်ဟု ဓားနှင့်ရွယ်ရုံ ကြက်သီးထပြီးမခုတ်ရဲတော့။

သို့ဖြင့် အပြင်ထွက်ကာ မြွေ အပေါ်ပိုင်းရှိရာ အမိုးအပြင်မှ ရာ 'ဟိုက် ဘုရား ဘုရား' ဟု ဆိုမိ မြွေကြီးသည် မြွေပွေးကျမျိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com

NG COBRA ခေါ်သော တောကြီး ဟောက် ဖြစ်၏။ လူများပြေးလာ ဖြင့် ပါးပျဉ်းခွက်ကြီးပြ၍ မာန်ဖီ သည်မှာ နဂါးရုံဘုရားများမှ နဂါးရုပ် ာစ်ပုံစံတည်း ဖြစ်၏။ ပါးပျဉ်းခွက် ကျယ်သည် တစ်ပေခန့်ကြီး၏။ တစ် လုံးအရှည် (၁၀) ပေခန့်ဖြစ်ရာ တော့်တစ်သက်တာတွင် ဤမျှကြီး သော တောကြီးမြွေဟောက်မျိုး ခါမှ မမြင်ဘူးခဲ့ချေ။ စပါးကြီးမြွေ၊ အုံးမြွေကြီးများတော့ မြင်ဖူးသော် ည်း အဆိပ်ပြင်းမြွေမျိုးထဲမှ ဤမျှ သော တောကြီးမြွေဟောက်ကို ယခု ကြုံသော မြင်ဖူးခြင်းဖြစ်၏။

အင်/ယာ ကိုတင်ခတို့၊ ကိုတင် ့အုပ်စုလည်း တောကြီးမြွေ ာက်ကို မြင်ရလျှင်ပင် 'ဟင်- ကြီး ဲ့ကောင်ကြီး' ဟု အာမေဍိတ်ပြု ်း ခေါင်မိုးပေါ်မှ မြွေကြီးကို တုတ် ခဲများဖြင့် ပစ်ပေါက်ကြရာ မြွေကြီး ည်း နှာမှုတ်သံပေးရင်း သိုင်းတတ် ရှောင်တိမ်းနေသဖြင့် တစ်ချက်မျှ မှန်ချေ။

အင်/ ယာ ကိုတင်ခတို့အုပ်စု ဆားလင်းကြီးမြို့နယ် လက်ပံ င်းတောင်နားရှိ ကျော်ရှာသားများ ကြရာ အလွန်သတ္တိကောင်းသူများ ၏၊ အမျိုးသမီးများပါ ဝိုင်းဝန်းပစ် ကြ၏။ ကျွန်တော်လည်း လက်ထဲမှ ကြီးဖြင့်ပစ်၏။ မြွေဟောက်ကြီး၌ ည်လွဲအစွမ်းသတ္တိရှိနေလားမသိ၊ လူ ယောက်ခန့် ကျား၊ မများ ရရာ ကခဲ၊ တုတ်၊ ဓား၊ လေးခွတို့ဖြင့် န်းပစ်ခတ်နေပါလျက် တစ်ချက်မျှ မှန်ခြင်း မရှိပါ။

ထိုအတောအတွင်းမှာပင် ဇရပ် င်းရွာမှ ပြန်ရောက်လာသည့် ဘူမိ ကိုမြင့်အောင် (မလှိုင်မြို့) ကိုသန်း ကြို့ပင်ကောက်) တို့ပါ ပြေးလာ ကိုမြင့်အောင်က ဝါးလုံးပိုင်းကြီး သုံးရိုက်လိုက်ရာ ဝါးလုံးရိုက်ချက် မြွေဟောက်ကြီးနှင့် (၅) ပေခန့် ရောက် 'ဖြောင်း' ဟူသောအသံမြည် အလိုအလျောက် ထက်ပိုင်းကျိုး ၍ မြွေကြီးကိုမထိချေ။ ဝါးလုံးပိုင်း အဆွေးမဟုတ်ဘဲ လတ်လတ် ဆတ်ကြီးဖြစ်ပါလျက် မြွေကြီးနှင့် ဘဲ လေထဲ၌ကျိုးသွားသည်မှာ ဆန်းလှ၏။

ကိုမြင့်အောင်ရိုက်လိုက်သော ဝါး င်းကျိုးပြီးချိန်တွင် လူအုပ်ကြီး (၂၀) ခန့်ရှိလာသည်ကိုမြင်သော မြွေဟောက်ကြီးသည် အခြေအနေမကောင်းတော့ ကြောင်း သဘောပေါက်သွားသည်လား မသိချေ။ ခေါင်မိုးပေါ်မှ ရှောခနဲဆင်းကာ ဝါးရုံတောရှိရာသို့ပြေး၏။ ဘူမိဗေဒအဆောင်နှင့် ဝါးရုံတောကြားတွင် ပေ (၅၀) ခန့်ကျယ်သော ဘောလီဘောကွင်းရှိနေ၏။ သတ္တိအလွန်ကောင်းသော ကျော်ရွာသားမောင်စောသည် ဘောလီဘောကွင်းထဲရောက်နေသည့် မြွေကြီး ရှေ့မှပြေးကာ ဝါးရင်းတုတ်ဖြင့်ရိုက်ရန် အားယူလိုက်စဉ် ခြေချော်၍ မြွေကြီး ရှေ့၌ ပက်လက်လဲကျသွားလေသည်။ မြေပြောင်ပြောင်တွင်လဲကျခြင်း ဖြစ်၏။

မြွေကြီးသည် လဲကျသွားသော မောင်စောအားပေါက်ရန် ခေါင်းထောင် မာန်ဖီကာ ပါးပျဉ်းခွက်ကြီးဖြန့်ကားထားသည်မှာ နဂါးကြီးတစ်ကောင်အလား အသည်းထိတ်ဖွယ်လိလိ ဖြစ်၏။ မြင်ရသူအားလုံးပင် ဒီတစ်ခါ မောင်စောတော့ သွားရှာပြီ ဟူသော အသိများဖြင့် ပို၍အားသွင်းကာ ဝိုင်းပစ်ကြပါသော်လည်း မောင်စောကိုထိမည်စိုး၍ ထင်သလောက်မလုပ်နိုင်ကြချေ။

မောင်စောလည်း ပေါက်ရန်ပါးပျဉ်းထောင်နေသည့် မြွေဟောက်ကြီး ရှေ့မှ ကုန်းရုန်းမထရဲသဖြင့် မြေပေါ်လက်ထောက်လျက် နောက်ပြန်ဖင်ရွှေ့ဆုတ်နေရ၏။ မြွေဟောက်ကြီးကလည်း ပေါက်ချက်မမိ၍ မပေါက်နိုင်သေးဘဲ ရှေ့တိုးလိုက်နေရာ မြင်ရသူများ အသည်းထိတ်ဖွယ် မြင်ကွင်းဖြစ်၍ အသက်ရှူရန်ပင် သတိမရကြဘဲ ပိုမိုပြင်းထန်စွာ အော်ဟစ်ခြောက်လန့်ကြ၏။ ထိုအတောအတွင်းမှာပင် ကျော်ရွာသားတစ်ဦးဖြစ်သူ အင်/ယာကိုတင်ခသည် ဝါးရင်းတုတ်တစ်ခုကိုင်၍ မြွေကြီးအားရိုက်ရန် နောက်ဘက်မှပြေးဝင်၏။

မြွေဟောက်ကြီးရှေ့တွင် ဖင်ရွှေ့နောက်ပြန်ဆုတ်နေသည့် မောင်စော၊ မြွေကြီးနောက်တွင် ပြေးဝင်လာသော ကိုတင်ခတို့ကြောင့် မည်သို့မျှမလုပ်နိုင်ကြတော့ဘဲ ပစ်ခတ်ခြင်းကို ရပ်ဆိုင်းကာ သုံးပွင့်ဆိုင်အခြေအနေ တိုက်ကွက်ကိုသာ မျက်တောင်မခတ် ကြည့်နေလိုက်ကြရပါသည်။

ကိုတင်ခပြေးဝင်လာသော ခြေသံကြားသည်နှင့် ပေါက်ရန်ဟန်ပြင်နေသော မြွေကြီးသည် မောင်စောကို မပေါက်တော့ဘဲ ကိုတင်ခဘက်သို့ လျှပ်တစ်ပြက်လှည့်လိုက်ကာ 'ဖြီး' ဟူသော နှာမှုတ်သံပေးပြုစဉ် မောင်စောထပြေးလေးတော့သည်။ မောင်စော၏ ဝါးရင်းတုတ်သည် ပက်လက်လဲကျစဉ်ကတည်းက လက်မှလွတ်ထွက်သွားခဲ့ပြီ ဖြစ်၏၊ ကိုတင်ခလည်း တုတ်တစ်ကမ်းရိုက်ချက် မမီခင် လျှပ်တစ်ပြက် မြွေကြီးပြန်လှည့်ကာ ပေါက်မည်ပြုသဖြင့် ရောက်သည့်နေရာတွင် ရပ်လိုက်ရင်း မြွေပေါက်သည်နှင့် တစ်ချက်တည်းရိုက်သတ်ရန် ဝါးရင်းတုတ်မြှောက်၍ အားသွင်းထား၏။

မြွေဟောက်ကြီးသည် ပါးပျဉ်းကို ဘယ်၊ညာယိမ်းကာ ပေါက်မည့်ဟန်ပြုလျက် ကိုတင်ခကိုမပေါက်တော့ဘဲ ဝါးရုံတောထဲ လျှပ်တစ်ပြက်ပြေးဝင်သွားသဖြင့် ကိုတင်ခရိုက်ချိန်ပင်မရလိုက်ချေ။ ဝါးရုံတောသည် ထူထပ်စွာပေါက်နေသည့်အတွက် ပြေးလိုက်ရန် မည်သို့မျှ မတတ်နိုင်တော့ပါ။

ထူးဆန်းသည်မှာ ကျွန်တော် ပထမဆုံး အနီးကပ် ဓားဖြင့်ခုတ်ခွင့်ရပါလျက် ကြက်သီးထ ထိတ်လန့်ကာ နောက်ပြန်ဆုတ်ခဲ့ရခြင်း၊ ကိုမြင့်အောင်၏ သေချာပေါက်ရိုက်လိုက်သော ဝါးလုံးပိုင်းသည် မဆွေးမမြည့်ပါဘဲလျက် မြွေကြီးနှင့်မထိခင် ကျိုးသွားခြင်း၊ သတ္တိခဲမောင်စော မြွေကြီးနှင့် လက်တစ်ကမ်းအလို မြေပြောင်ပြောင်ပက်လက်လဲကျခြင်း၊ လူ ကျား, မ လူ (၂၀) ခန့် ဝိုင်းဝန်းတိုက်ခိုက်မှုများသည် မြွေဟောက်ကြီးအား စိုးစဉ်းမျှမထိခြင်းတို့သည် အလွန်မှပင် ထူးခြားလှပေရာ ဂမ္ဘီရမြွေကြီးပေလောဟုသာ။

ခေတ်ပုံ-မောင်မောင်အေး

စာကြွင်း -

ကျွန်တော်တို့ဖြစ်ရပ်အား ကြားသိသော ခုတ်ကိုက်ရွှေလုပ်သားတစ်စုမှ သက်ကြီးရွယ်အို အဘတစ်ဦး၏ ပြောပြချက်အရ ကျွန်တော်တို့ ဘူမိဗေဒအဖွဲ့ မရောက်ခင် ၁၉၈၄ ခုနှစ် မိုးဦးကျက ဤခုတ်ကိုက်ရွှေတဲစု မိုးသက်လေပြင်းများ တိုက်ခတ်စဉ် ညအချိန် လင်မယားနှစ်ဦးတည်းရှိသော တဲလေးပေါ်သို့ ရင်းမာပင်ကြီးလဲကျရာ လင်မယားနှစ်ယောက်စလုံး သစ်ပင်ပိသေဆုံးသွားပြီး ချိန်မှစ၍ ဥပပတ်ပဋိသန္ဓေဖြင့် ဖြစ်လာပုံရသော အလွန်ကြီးမားသည့် တောကြီးမြွေဟောက်ကြီးနှစ်ကောင်ကို တွေ့မြင်လာရသည်ဟု ဆိုပါကြောင်း။



www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်ဝင်ဘုရားထီးတော်တင်ခြင်း အကြိုမြင်ကွင်း

အဘအောင်မင်းခေါင်ကိုယ်... ကြွရောက်၍ ထီးတော်တင်လှူ... သည့်သတင်းကြောင့် လူများလာ... ကြလေသည်။တစ်နယ်လုံး၊ တစ်ပြည်... မှ အဘ၏ သားသမီးများ၊ ဆွေ... ရှစ်သောင်းမျိုးတော်အပေါင်းတို့ ... ရောက်ရှိလာကြသည်။ အဘ... ဦးတင်ဝင်းကားဖြင့် ဇရပ်ကုန်းသို့... ပြီး ဓာတ်ခန်းတွင်တည်းခိုသည်၊ ကို... မင်း၊ မနီနီအောင်တို့က ပျဉ်း... (နေပြည်တော်)မှ ရောက်လာကြ... ဦးဝေကြီး၊ ဦးလှအောင်တို့က ဦး... ကျော်မောင်းလာသော Light Tr... ကားဖြင့်ပါလာသည်။ ဦးရဲဝင်း၊ ဦး... ထွန်းနိုင်အဖွဲ့က ကား (၁) စီး၊ ဦး... ထိုက်၊ ကိုကုလားအဖွဲ့က ကား (၁) ... ဦးသန်းထွန်း၊ ဒေါ်ရင်စိုးတို့က ကား ... စီးဖြင့် အသီးသီးရောက်လာကြ... အားလုံး ဇရပ်ကုန်း အဘဓာတ်ခန်း... တည်းခိုကြလေသည်။

အဘအောင်မင်းခေါင် ဦး... သော တပည့်သားသမီးများ စုံညီ... ရောက်လာကြသည်။ ထီးတော်တင်... ရက်မတိုင်မီ (၃) ရက်အလိုတွင် ... လာကြပြီး ကြိုတင်ပြင်ဆင်မှုများ...



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သားသမီးများကို စုဝေးပြီး အဘမှ အောက်ပါအတိုင်း ညွှန်ကြားပါသည်။

"ဝေကြီးနဲ့ လှအောင် ရောက်ပြီလား"

"ဟုတ်ကဲ့ - ရောက်ပါပြီ"

"မင်းတို့က ထီးတင်မဏ္ဍပ်မှာ တာဝန်ယူ၊ ထီးနားဆောင်မှာ နေရာချထားမှု၊ ဆရာတော်တွေနဲ့ ပတ်သက်တဲ့ အခမ်းအနားစင်ပြင်ဆင်မှု၊ ဝင်းခင်းမှာဖြစ်တဲ့ အတွက် အချိန်သတ်မှတ်ဖို့ ဒါတွေ တာဝန်ယူပါ။ ကြိုတင်လေ့လာပြီး လုပ်စရာရှိတာကြိုလုပ်ပါ"

"ဟုတ်ကဲ့"

"ထွန်းထွန်းနိုင်နဲ့ ရဲဝင်းက ဘုရားထီးတွေကို လက်ခံပါ။ ဘုရားထီးတော်တွေနဲ့ ပိန္နဲတိုင် ကိုက်၊ မကိုက်စမ်းပါ။ ဒိုင်ကို ကြိုတင်စိုက်ထားပါ။ ထီးခံကိုတော့ တေနဲ့မြဲအောင်ကြိုလုပ်ပါ"

"ဟုတ်ကဲ့ - အဘ"

"မိတ္ထီလာ ကျော်ရှိန်နဲ့ စိုးမြင့်တို့ ရောက်ပြီလား"

"ဟုတ်ကဲ့၊ ရောက်လာပါပြီ အဘ"

"မင်းတို့က နယ်ခံတွေဖြစ်တယ်။ ဒီမှာရောက်လာတဲ့ သားသမီးတွေက ဧည့်သည်တွေမို့ သူတို့လိုတာကူညီပေးရမယ်"

"ဟုတ်ကဲ့ အဘ"

"သူတို့နဲ့ပေါင်းစပ်ပြီး လိုတာကူညီပေးရမယ်။ ထီးတင်မယ့် ရထားပျံက ရောက်ပြီလား"

"ရောက်ပါပြီ အဘ၊ မိတ္ထီလာ လုမ္ဗိနီထီးတော်တင်အဖွဲ့ပါ အဘ"

"အေး - သူတို့အဖွဲ့ ငါနဲ့လာတွေ့လို့ပြောလိုက်"

"ဟုတ်ကဲ့ အဘ"

"ငြိမ်းဆင်တဲ့ ကရင်ထွန်းမြင့် ရောက်ပြီလား"

"ဟုတ်ကဲ့ - အဘ"

"မင်းတို့ငြိမ်းဆင်တာပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"ဘာတွေလိုသေးလဲ"

"သာသနာ့အလံ(၅)လက် လိုပါတယ် အဘ"

"ဟေ့ - ကျော်ရှိန်၊ ဘုန်းကြီးကျောင်းက သာသနာ့အလံ (၅) လက် တောင်းပေးလိုက်"

"ဟုတ်ကဲ့ အဘ"

"မျိုးအောင်တို့၊ မဌေးတို့ ရောက်ပြီလား"

"ရောက်ပါပြီ အဘ"

# အလှူ့ဝါလှိုင်း ၇

## အဘအောင်မင်းခေါင်နှင့်ဝိဇ္ဇာဂန္ဓာရီခရီးစဉ်



"မျိုးအောင်၊ မင်းက ထီးလှည့်ရင် အော်ရမယ်၊ ဖိတ်ကြားရမယ်၊ ကြားလား"

"ဟုတ်ကဲ့"

"ဘာလိုလဲပြော"

"မောင်းလိုတယ် အဘ"

"ထီးတင်ပွဲမှာ ဆိုင်းဝိုင်းပါတယ်။ သူတို့ထဲက ငှားလိုက်၊ ကြားလား"

"ဟုတ်ကဲ့"

အဘသည် ပြည်တော်ဝင်ဘုရားကြီး ထီးတော်တင်မည့် ကြိုတင်စီစဉ်မှုကို



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်လေသည်။ တိုသို့ထောင့်စေ့အောင် ကြိုတင်စီစဉ်သော်လည်း တစ်ခါတလေအဖုအထစ်များကြုံရတတ်လေသည်။ အဘသည် မန္တလေးတင်ဝင်းနှင့် ပြည်တော်ဝင်ဘုရားသို့ ထွက်ခွာလာလေသည်။ ဇရပ်ကုန်းမှ တောင်ဦးသို့ကားလမ်းမှာ ညီညာပြန့်ပြူးလေ၏။ တောင်ဦးမှ စင်မြင့်သို့သွားရာ လမ်းဆုံတွင် 'အဘအောင်မင်းခေါင်၏ မွေးရပ်ဇာတိစင်မြင့်ရွာ' ဟု ဆိုင်းဘုတ်ရှိ၏။

ညာဘက်သို့ချိုးကွေ့ပြီး ကတ္တရာလမ်းအတိုင်းမောင်းနှင်လာရာ တောင်ဦးရွာအနောက်ဘက်မှကပ်၍ဖောက်လုပ်ထားသည်။ ချောင်းတစ်ခုကိုကျော်သောအခါ ကတ္တရာလမ်းဆုံးသွားလေသည်။ ကျောက်ခင်းလမ်းကိုရောက်ပြီး တောင်လုံးလှတောင်ခြေသို့ ရောက်ရာ၏။တောင်ခြေမှကျော်ဖြတ်လိုက်သောအခါ တောင်လုံးလှတောရကျောင်း၏ရှေ့တွင် ရိုးခြားလျက် ပြည်တော်ဝင်ဘုရားကို ဖူးတွေ့ရလေသည်။

ဘုရားဉာဏ်တော်မှာ(၂၇)တောင်မြင့်သည်။ ရွှေတိဂုံဘုရားပုံစံတည်ထားသည်။ မြေပေါက်စေတီ၏ ရင်ပြင်မှာ (၁၀၀) ပေပတ်လည် စတုရန်းပုံ အုတ်တံတိုင်း ကာရံထားသည်။ တနင်္ဂနွေထောင့်တွင် တံခွန်တိုင်ထူထားသည်။ တံခွန်လုံးများဖြင့်ချိတ်ဆွဲထားလေသည်။ ဘုရားမှာ မုခ် (၄) မုခ်ရှိပြီး အရှေ့ဘက်မုခ်တွင် အရုဏ်ခံတန်ဆောင်းတစ်ခုဆောက်လုပ်ထားသည်။ ဘုရားမုခ် (၄)ခုတွင် ရုပ်ပွားတော် (၄) ဆူ ရှိသည်။ ဘုရားကြီးကို ရွှေဆေးဖြင့် ရွှေချထားသည်။ ဘုရား၏ ပလ္လင်တော်ကို အနီရောင်ဆေးဖြင့်ခြယ်မှုန်းထားသည်။ အနီရောင်ပေါ်တွင် အဖြူရောင်ဖြင့် ပထမပစ္စယံကို ဆေးသုတ်ပြီး အပေါ်ပိုင်းအားလုံးကို ရွှေဆေးချထားပါသည်။

အဝေးမှ လှမ်းကြည့်သောအခါ ဘုရားတွင် ငြမ်းများဖြင့် ကာရံထားပြီး အပေါ်တွင် သာသနာ့အလံများ စိုက်ထူထားသည်။ စက္ကူအလံများကို ကြိုးဖြင့်သီပြီး ဘုရား၏အပေါ်မှ ဘေးဘက်သို့ ချိတ်ဆွဲထားလေသည်။ ထီးတော်တင်ရန် ရထားပျံကို တနင်္ဂနွေထောင့်တွင် ချိတ်ဆွဲထားသည်။ မိတ္ထီလာမှ 'မြတ်လေယာဉ်ထီးတော်တင်အဖွဲ့' ခေါင်းဆောင် ဦးဝင်းမောင်မှ ရထားပျံကြိုးများ သွယ်တန်းနေလေသည်။

ဘုရားရင်ပြင်၏မြောက်ဘက် မြေကွက်လပ်တွင် ဇာတ်စင်တစ်ခုကို ထိုးထားသည်။ မန္တလေးယဉ်ကျေးမှုကဇာတ်ဖြင့် (၂) ည ဖျော်ဖြေမည် ဖြစ်သည်။ ဈေးရောင်းလိုသောသူတို့ကလည်း ခုံတွေ၊ ပစ္စည်းတွေသယ်ပြီး အရိပ်လုပ်ကြသည်။ မီးသွယ်ကြသည်။ ဘုရားပွဲတွင်အားခဲ၍ ဈေးရောင်းဖို့ ပြင်ဆင်ကြလေသည်။ တောင်ဦးမှ တောင်လုံးလှဆရာတော်၏အမျိုးများကလည်း ချက်ပြုတ်ရေးတာဝန်ယူကြရသဖြင့် ခွေးတလုံးလုံးဖြင့် မအားကြပါ။

အဘ ဇာတ်စင်ကိုကျော်လာပြီး ဘုရားသို့ ရောက်လာသည်။ ဘုရားရင်ပြင်ပတ်ဝန်းကျင်ကိုကြည့်သည်။ ဘုရားကြီးအား ဖူးမြော်ပြီး တောင်လုံးလှကျောင်းသို့ ထွက်ခွာသွားလေသည်။ မန္တလေးတင်ဝင်း၏ တပည့်များသည် ရတနာပုံဝင်းနှင့် ပုဂံဝင်းတို့ကို ဝတ်ဆင်မည့် တောင်ဦးရွာမှ အမျိုးသမီးများအားတွေ့ဆုံပြီး ဝင်းခင်းပုံကို ပြောပြနေလေသည်။ဘုရင်ကတော်လုပ်မည့် ဒေါ်သိန်းကြည်သမီးက မာနအကြီးသား မိဖုရားပုံစံဖမ်းနေလေသည်။ ဘုရင်ကြီးလုပ်မည့်သူက မရှိသေး။ မနက်ဖြန် ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ထီးတော်တင်မည်။ ယနေ့အကြို မြင်ကွင်းများပင်ဖြစ်ပါတော့သည်။

**ပြည်တော်ဝင်ဘုရား ရွှေထီးတော် လက်ယာရစ်ပူဇော်ခြင်း**

၁၃၆၁ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တောင်ဦးကျေးရွာတွင် ပြည်တော်ဝင်ဘုရားအား ရွှေထီးတော်တင်လှူပူဇော်မည်ဖြစ်ပါသည်။ ရပ်ကျေးသံဃာတော်များ ကြွရောက်တော်မူပါသည်။ တောင်ဦးရွာဆရာတော် ဦးစာယမကျောင်းတွင် သီတင်းသုံးကြသည်။ အနယ်နယ်အရပ်ရပ်မှ အဘအောင်မင်းခေါင်၏ ဆွေမျိုးသားချင်းများ၊ သာသနာ့ဆက်၊ ပဋ္ဌာန်းဆက်များလည်း စုံစုံညီညီရောက်ရှိကြပြီ။ မန္တလေးမှ ဦးတင်ခင်း ငှားရမ်းထားသော ယဉ်ကျေးမှုကဇာတ်အဖွဲ့လည်း တီအီးကား (၂) စီးဖြင့် ရောက်ရှိနေရာယူနေကြပြီ။ ကပြအသုံးတော်ခံဖို့ ဇာတ်စင်တွင် ပြင်ဆင်ကြလေပြီ။ ဈေးရောင်းကြမည့်သူများလည်း သူ့ထက်ငါ နေရာဦးကြပြင်ကြဆင်ကြနှင့် ပုရွက်ဆိတ်အုံပမာ အလုပ်ရှုပ်နေကြပြီ။ တောင်ဦး၊ စင်မြင့်၊ ဘီစင်အင့်ရွာသူရွာသားများလည်း ပွဲကြည့်ဖို့ ဖျာတွေခင်းပြီး နေရာဦးကြ၊ ရန်ဖြစ်ကြနှင့် ရှုပ်ယှက်ခတ်နေကြသည်၊

ပြန်ကြားရေးဌာနမှ အသံချဲ့စက်ဖြင့် မိုက်ခရိုဖုန်းကိုကိုင်ပြီး အော်ဟစ်နေတာကတော့ မိတ္ထီလာမှ ဦးစိုးမြင့်ဖြစ်သည်။ အသံမပီကလာပီကလာနှင့်အော်ဖို့ဟစ်ဖို့ဆိုလျှင် သူ့တာဝန်ပင်ဖြစ်သည်။

"အနယ်နယ်အရပ်ရပ်မှကြွရောက်ကြကုန်သော အဘအောင်မင်းခေါင်၏ သားသမီးများခင်ဗျာ။ အဘ၏သာသနာ့ဆက်၊ ပဋ္ဌာန်းဆက်ရှိကြကုန်သော ... တော်ရှစ်သောင်းမျိုးတော်အပေါင်း... ခင်ဗျား"

"တီ. . . တီ. . . တီ"

"ဟော - မိုက်ကဘာဖြစ်တယ် မသိဘူး။ အသံမလာဘူး"

အသံချဲ့စက်ဆရာကို ရှာသည်။ မိုက်ခရိုဖုန်းကိုပြင်ပေးသည်။

"ဟလို၊ ဟလို"

"ရပြီ၊ ရပြီ။ အော်လို့ရပြီ"

"ပြည်တော်ဝင်ဘုရား၏ ထီးတော်... လှည့်လည်ပူဇော်ခံမည့် အခမ်းအနား... အား နံနက် (၉) နာရီတိတိအချိန်... ကျင်းပမှာဖြစ်ပါတယ်ခင်ဗျာ။ ဒီအခမ်း... အနားကို ပုဂံဝင်း၊ ရာဇာဝင်းများဖြင့်... ခမ်းခမ်းနားနား လှည့်လည်ပူဇော်ခံမှာ... ဖြစ်ပါသောကြောင့် ကြိုတင်အသိပေး... ကြေညာအပ်ပါတယ် ခင်ဗျား"

"မင်္ဂလာအချိန်ကြွရောက်ဖို့ (၁...) မိနစ်လိုပါသေးတယ်။ ဦးလှအောင်... ဦးဝေကြီးတို့ ပြန်ကြားရေးဌာနကို ... ရောက်သတင်းပို့ကြပါ ခင်ဗျား။

ဝင်းတာဝန်ခံဦးကျော်ရှိန်ခင်ဗျား... မကြာမီ ဝင်းခင်းတော့မှာဖြစ်တဲ့အတွက်... အသင့်ပြင်ဆင်နေရာယူပေးပါရန်နှိုးဆော်... အပ်ပါတယ် ခင်ဗျား"

တောင်လုံးလှဆရာတော်၊ ပီစွတ်... မှ ဆရာတော်ဦးဓမ္မ၊ တောင်ဦးမှ ဆရာ... တော် ဦးဝါယမတို့လည်း မဏ္ဍပ်အတွင်း... ရောက်ရှိသီတင်းသုံးတော်မူလေသည်... အဘအောင်မင်းခေါင်၏ တပည့်သား... လည်း ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်... ပြီး ထီးတော်လှည့်လည်ပူဇော်ခံမည့်... အခမ်းအနားကို ပါဝင်ဆင်နွှဲဖို့ အသင့်... နေရာယူထားကြလေပြီ။

"ဆရာစိုး၊ ကျွန်တော်တို့အသင့်... သင့်ဖြစ်ပါပြီ"

"ဦးလှအောင်နဲ့ ဦးဝေကြီး... အခမ်းအနားကို အစအဆုံး အဘ... တိုင်းကျဖြစ်အောင် တာဝန်ယူ... ကျွန်တော်တို့က တစ်ခါမှမတွေ့... တော့ ခင်ဗျားတို့ကို အားကိုးပါတယ်...



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချ ဆရာစိုး။ အားလုံးအဆင် ...ပါပဲ"

"ဟုတ်ကဲ့ - ကျေးဇူးပါပဲ"

"ကိုကျော်ရှိန်၊ ဝင်းတာဝန်ခံကြီး ...ဦး။ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့-အားလုံးအဆင်သင့်ပါ

မင်္ဂလာဆိုင်းဝိုင်းကလည်း ဧည့်ခံ ...ချင်းများတီးပြီး ဧည့်ခံနေကြသည်။ ...င်တော်ဖွင့်သီချင်း၊ ထူးမခြားနား ...ချင်းများဖြင့် တီးမှုတ်နေကြသည်။ ...ရသူများ၏ စိတ်နှလုံးဘဝင်တွင် ...နေကြလေသည်။ မင်္ဂလာဆိုင်း ...တ်ရပ်နားစဉ် ပြန်ကြားရေးဌာနမှ ...ပေးသံကြားရလေသည်။

"ရပ်ဝေး၊ ရပ်နီးမှ ကြွရောက်လာ ...န်သော အဘကိုချစ်ကြတဲ့အဘရဲ့ ...သမီးများ ခင်ဗျား။ မကြာမီအချိန် ...င်းမှာ ရွှေထီးတော်ဘုံအဆင့်ဆင့် ... စေတီတော်ကြီးကို လက်ယာရစ် ...တ် ပူဇော်ခံလှည့်လည်မည် ဖြစ်ပါ ...ကိပါဆောင်ရွက်ကြပါရန် နှိုးဆော် ...ပါတယ် ခင်ဗျား"

"အဘအောင်မင်းခေါင် ကြွချီလာ ... ခင်ဗျာ"

ပရိတ်သတ်များ အဘအား လက် ...၍ ကန်တော့ကြလေသည်။ အဘ ... ထီးတော်လှည့်လည်ပူဇော်ခံသည့် ... ကိုယ်တိုင်တက်ရောက်ပူဇော်မည် ...သည်။ ဦးဝေကြီးနှင့် ဦးလှအောင် ...ဆောင်သော ထီးတော်လှည့်လည် ...ခံမည့်အဖွဲ့များအား နေရာချထား ...သည်။

ရှေ့ဆုံးမှ ဝတ်ဖြူစင်ကြယ်ဝတ်(၂) ... မောင်းထမ်း၍ထွက်လာ၏။ ၎င်း ...တ်မှ သာသနာ့အလံကိုင် (၅) ဦး ...ဖြူစင်ကြယ်များဖြင့် နေရာယူပါ ...။ သာသနာ့အလံကိုင် (၅) ဦး ...တ်တွင် အမျိုးသမီး (၂) ဦး ယှဉ်၍ ...ရာယူပါသည်။ တစ်ဦးက ပန်းပေါက် ...ကြပါသည်။ တစ်ဦးက နံ့သာ (၅) ... ရောစပ်ထားသော ရေစင်ရေသန့်ကို ...ပြေပန်းဖြင့် ပက်ဖျန်းပေးပါသည်။

ပန်းခင်းသောလမ်း၊ နံ့သာ (၅) မျိုး ...သင်းကြိုင်သော လမ်းပေါ်တွင် ...ပွားတော်ပင့်ဆောင်သူ တောင်ဦး ...တင်ဝင်းက ပင့်ဆောင်ပေးပါသည်။ ...ဖြူစင်ကြယ်အပြင် တိုက်ပုံအင်္ကျီ၊ ...င့်ကျက်သရေခေါင်းပေါင်းတို့ဖြင့် ...ဘယ်နေလေသည်။ မြတ်စွာဘုရား ... ရွှေထီးတော် (၂) လက်မိုး၍ ခြံရံ၍ ပင့်ဆောင်လာပါသည်။

မြတ်စွာဘုရား၏ နောက်တွင် သံယာတော် (၅) ပါး ကြွချီပါသည်။ ထိုသံယာတော်တို့နောက်တွင် ဘုရားအမ ဒေါ်ခင်စိုးဝင်းက စိန်ဖူးတော်အား ပင့်ဆောင်လာပါသည်။ စိန်ဖူးတော်နောက်တွင် ငှက်မြတ်နားတော်အား ၎င်း၏ဦးလေးတော်သူက ပင့်ဆောင်ပါသည်။ ၎င်းနောက်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ဒေါ်ခင်စိုးဝင်း၏အမျိုးများက ပင့်ဆောင်ပူဇော်ခဲ့ပါသည်။ ရွှေထီးတော်ဘုံအဆင့်ဆင့်၏ နောက်တွင် သာသနာပွဲရွက်သူ၊ ယက္ကန်းစင်တောင်ဆရာတော်ပွဲရွက်သူ၊ ရှင်မထီးဆရာတော်ပွဲရွက်သူ၊ အဘဘိုးဘိုးအောင်ပွဲရွက်သူ၊ အဘဘိုးမင်းခေါင်ပွဲရွက်သူများ အစဉ်အတိုင်းနေရာယူပါသည်။ ဝိဇ္ဇာပွဲရွက်သူများနောက်တွင် ရာဇာဝင်း၊ ပုဂံဝင်းတို့က နေရာယူပါသည်။ ဝင်းများနောက်တွင် ယောဂီဝတ်ဓမ္မစကြာအဖွဲ့များက နေရာယူကြလေသည်။ ၎င်းတို့နောက်တွင် ပရိသတ်များမှ နေရာယူကြပါသည်။

နေရာချထားမှုကို ဦးလှအောင်မှ စီစဉ်ပြီး မင်္ဂလာအချိန်ကိုစောင့်နေကြသည်။ မင်္ဂလာအချိန်နာရီမှုးမှာ မိတ္ထီလာမှ ပြန်ကြားရေးတာဝန်ခံ ဦးစိုးမြင့်ဖြစ်ပါသည်။

"ချစ်ခင်လေးစားရပါသော အဘအောင်မင်းခေါင်၏သားသမီးများခင်ဗျား၊ မင်္ဂလာအချိန်ကျပါပြီခင်ဗျား"

ယဉ်ကျေးမှု ကဇာတ်အဖွဲ့မှ 'အောင်စေပိုင်စေ' သီချင်းကို တီးမှုတ်ကြလေသည်။ ခရုသင်း(၂)ခုကို ကိုင်ဆောင်ထားသော မလှိုင်မြို့မှ ဦးဇော်ဦးတပည့်နှစ်ယောက်က ရှမ်းဘောင်းဘီများကို ဝတ်ဆင်ပြီး ရှေ့ဆုံးမှနေရာယူသည်။ ခရုသင်းကို ပြိုင်တူမှုတ်လေသည်။

"တူ. . . တူ. . . တူ"

ခရုသင်းမှုတ်သူနှစ်ဦးနောက်တွင် မောင်းထမ်းသမားက မောင်းကိုထမ်း၍ ထွက်ခွာလေသည်။ ကိုမျိုးအောင်က မောင်းထုသူဘေးမှ မိုက်ကိုကိုင်ပြီး ထီးတင်တော်ပွဲသို့ကြွရောက်ကြရန် ပင့်ဖိတ်ဆော်သြလေသည်။

"အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှရှိကြကုန်သော ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့"

"ဒူ. . . ဒူ. . . ဒူ"

"ပြည်တော်ဝင်ဘုရား ထီးတော်တင်လှူမည်ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် ရိုသေစွာဖြင့်ပင့်ဖိတ်အပ်ပါသည်"

"ဒူ. . . ဒူ. . . ဒူ"

"အရပ်ရှစ်မျက်နှာမှာရှိကြကုန်သော သိုက်နန်းရှင်အပေါင်းတို့။ အဘနှင့် အတူတကွ ထီးတော်တင်လှူနိုင်ရန် ကြွရောက်ပါမည့်အကြောင်း ရိုသေစွာ ပင့်ဖိတ်အပ်ပါသည်"

"ဒူ. . . ဒူ. . . ဒူ"

"အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာမှာရှိကြကုန်သောမြင်အပ်၊မမြင်အပ် ပုဂ္ဂိုလ်အပေါင်းတို့။ အဘနှင့်အတူတကွ ထီးတော်တင်နိုင်ရန်အတွက် ကြွရောက်ကြပါရန် ပင့်ဖိတ်အပ်ပါသည်"

"ဒူ. . . ဒူ. . . ဒူ"

"တောင်သမုဒ္ဒရာမှာ ကြေးပြာသာဒ်နှင့် စံမြန်းနေသော ရှင်ဥပဂုတ္တမထေရ်မြတ်ကြီးဘုရား။ ပြည်တော်ဝင်ဘုရား ထီးတော်တင်လှူမည်ဖြစ်ပါသောကြောင့် ဤနေရာဤဌာနသို့ကြွရောက်ပါရန် ရိုသေစွာ ပင့်ဖိတ်အပ်ပါသည် ဘုရား"

"ဒူ. . . ဒူ. . . ဒူ"

"ကိုးသိန်းကိုးသောင်းကိုးထောင်ကိုးရာကိုးဆယ့်ကိုးရှိကြကုန်သော သိုက်နန်းရှင်အပေါင်းတို့။ အဘနှင့်အတူတကွ ထီးတော်တင်ရန်အတွက် ကြွရောက်ပါရန် ပင့်ဖိတ်အပ်ပါသည်"

"ဒူ. . . ဒူ. . . ဒူ"

ပြည်တော်ဝင်ဘုရား၏ ရင်ပြင်တော်တွင် လက်ယာရစ် (၃) ပတ် လှည့်လည်ပူဇော်ခံပါသည်။ မြန်မာ့ဆိုင်းဝိုင်းမှ ကြည်နူးဖွယ်တေးသံ၊ ကိုမျိုးအောင်မှ ပင့်ဖိတ်သံ၊ မောင်းထုသံ၊ ခရုသင်းမှုတ်သံတို့သည် လူပြည်လူ့ဌာနီတွင်မက ဗြဟ္မာ့ဘုံဘဝဂ်အထိ ပျံ့နှံ့လေတော့သည်။

ကိုမျိုးအောင်နောက်တွင် အလံကိုင် (၅) ယောက်ရှိ၏။ ၎င်း၏နောက်မှ ပေါက်ပေါက်ကြဲသော မချို၊ နံ့သာငါးပါးအား သပြေပန်းဖြင့် ပက်ဖျန်းနေသော မခင်သန်းတို့က နေရာယူပြီးလိုက်လာသည်။ နတ်မှလည်း ဂုဏ်တော် (၉) ပါးကို ရွတ်ဖတ်ပြီး ပေါက်ပေါက်ကြဲပက်သလို နံ့သာ (၅) ပါးကို သပြေပန်းဖြင့် ပက်ဖျန်းနေလေသည်။

တိုက်ပုံအင်္ကျီနှင့် ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ထားသော တောင်ဦးရွာမှ ဦးတင်ဝင်းကလည်း မောင့်ကျက်သရေခေါင်းပေါင်းကိုဆောင်းပြီး မြတ်စွာဘုရားရုပ်တုတော်ကို ကြွရွှေ့ရှေ့စွာ ပင့်ဆောင်လာသည်။ ရွှေထီးနှစ်လက်တို့

www.burmeseclassic.com

မိုး၍ ဘုရားပင့်ဆောင်ရသဖြင့် ဂုဏ်ယူမဆုံးဖြစ်နေလေသည်။ ဗွီဒီယိုရိုက်နေသော ကိုထွန်းထွန်းကိုလည်း သူ့ကို သေသေချာချာရိုက်ဖို့ ပြောနေလေသည်။ ဘုရားနောက်တွင် သံဃာတော် (၅) ပါး မေတ္တာသုတ်ကို ရွတ်ဆို၍လိုက်ပါတော်မူ၏။

သံဃာတော်တို့၏နောက်တွင် စိန်ဖူးတော်ကို ပင့်ဆောင်နေသော ဘုရားအမ ဒေါ်ခင်စိုးဝင်းမှာ အထင်ပေါ်ဆုံးဖြစ်၏။ မင်းသမီးရှုံးလောက်အောင် ပြင်ဆင်ထားသည်။ လည်မှာလည်း စိန်ဘယက်ကြီးဆွဲထားလေသည်။ 'မုဆိုးမ' ဆိုသောအမည်ကိုကျော်လွှားပြီး 'ဘုရားအမ'အမည်ဖြင့် ကျော်ကြားထင်ရှားလေတော့သည်။ ညီစုက ဒေါ်ခင်စိုးဝင်းနောက်မှ ကပ်လိုက်လာသည်။ ဒေါ်ခင်စိုးဝင်း၏အမျိုးများ ရွှေထီးတော်ဘုံအဆင့်ဆင့်ကို ပင့်ဆောင်ယူလာပါသည်။

တောင်ဦးရွာမှ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တို့သည် ယခုအခါ ရာဇာဝင်း၊ ဒေဝါဝင်းတို့တွင် ပါဝင်ဆင်နွှဲကြလေသည်။ မဝတ်ဘူးသော ရှေးဟောင်းအဝတ်အစားတို့ကြောင့် ရွာသူများ မူလရုပ်အင်လက္ခဏာပျောက်ပြီး နန်းတွင်းသူများဖြစ်နေကြသည်။ ဘုရင်ကြီးအဝတ်အစားဖြင့်တင့်တယ်နေသော ကာလသားခေါင်း ကိုခွေးမှာ သူ့ဘေးမှာ မိဖုရား အေးမြနှင့် အကြည်ဆိုက်နေလေသည်။

"ငါတို့ အရင်ဘဝက လင်မယားဖြစ်ခဲ့လို့ အခုလိုလာဆုံရတာ"

ဟု မကြားတကြားပြောနေသည်။

ဘုရားကို လက်ယာရစ် (၃) ပတ်လှည့်လည်ပူဇော်ပွဲသည်။ မြင်ရကြားရသူများအဖို့ စိတ်နှလုံးကိုရွှင်ပြုံးစေသည်။ ပီတိကိုခံစားပြီး ဖော်မပြတတ်သော ခံစားမှုကို ပေးဆောင်နေလေသည်။ ဘုရားကို လက်ယာရစ်(၃)ပတ်ပူဇော်ခံပြီး ထီးတော်များကို ရထားပျံဖြင့် တင်လှူမည့် ထီးနားဆောင်သို့ ခေတ္တနားစေပါသည်။ ထီးလှည့်လည်ပူဇော်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးပါသည်။

**ဌာပနာသွင်းမင်္ဂလာပြုလုပ်ခြင်း**

ပြည်တော်ဝင်ဘုရား၏ တနင်္ဂနွေထောင့်တွင် ခေါင်းလောင်း၌ ဌာပနာသွင်းရန် လိုဏ်ပေါက်တစ်ခုဖောက်လုပ်ထားသည်။ (၃) ပေ အမြင့်၊ (၃) ပေ အကျယ်အပေါက်ဖြစ်ပြီး အတွင်းဌာပနာတိုက်မှာ (၄) ပေပတ်လည် အကျယ်ရှိပြီး (၃) ပေ အမြင့်ရှိသည်။ အတွင်း၌ နှစ်ထပ်ပြုလုပ်ထားသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားသဖြင့် ဓာတ်တော်မွေတော်များ ကျန်ရစ်ပါသည်။ အသေးကဖြစ်သော ဓာတ်တော်၊ အသားကဖြစ်သောဓာတ်တော်၊ အရိုးကဖြစ်သောဓာတ်တော်များ အရောင်မတူညီ၊ အလုံးအရွယ်အစားမတူညီပါ။ ဓာတ်တော်များကို ဌာပနာသွင်း၍ တည်ထားကိုးကွယ်သောစေတီကို ဓာတုစေတီဟု ခေါ်သည်။

ဘုရားဟောကြားခဲ့သော တရားတော်တို့ကို ဌာပနာသွင်း၍တည်ထားသောစေတီကို ဓမ္မစေတီဟုခေါ်သည်။ ဘုရား၏အသုံးအဆောင်များကို ဌာပနာသွင်းတည်ထားသောစေတီကိုပရိဘောဂစေတီဟုခေါ်သည်။ မြတ်စွာဘုရားကို ရည်မှန်း၍ ရုပ်တုများကို တည်ထားကိုးကွယ်ပါက ဥဒ္ဒိဿစေတီဟု ခေါ်ပါသည်။

အဘအောင်မင်းခေါင် တည်ထားကိုးကွယ်သောစေတီများကို ဘုရား၏ ဓာတ်တော်မွေတော်များ၊ ရဟန္တာ၏ဓာတ်တော်များ၊ ဘုရားရှင်ဟောကြားခဲ့သော သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့၏ အနှစ်ချုပ်များကို ကြေးပြားတွင်ခပ်နှိပ်၍ ပိဋကတ်တော်များ၊ ကြေးဆင်းတု၊ ကျောက်ဆင်းတုများ လက်ဝတ်ရတနာမျိုးစုံတို့ကို ဌာပနာသွင်းတော်မူလေသည်။

ပြန်ကြားရေးဌာနမှ ကြေညာသံ ကထွက်ပေါ်လာလေသည်။ အမြဲတမ်းအော်နေကျ မိတ္ထီလာမှ ဦးစိုးမြင့်အသံဖြစ်သည်။

"ပြည်တော်ဝင်ဘုရားသို့ ထီးတော်တင်ရန်ကြွရောက်လာကြကုန်သော ရပ်နီး၊ရပ်ဝေးမှ ဓမ္မမိတ်ဆွေသူတော်ကောင်းအပေါင်းတို့ခင်ဗျား။ ဌာပနာသွင်းမင်္ဂလာကို (၁၀) နာရီတိတိမှာ ပိတ်သိမ်းမှာ ဖြစ်ပါတယ်ခင်ဗျား။

မြတ်စွာဘုရား၏ဓာတ်တော်မွေတော်များ၊ ရဟန္တာတို့၏ဓာတ်တော်မွေတော်များ၊ ဘုရားဆင်းတုမျိုးစုံအပြင် ဘုရားရှင်ဟောကြားခဲ့သော ပိဋကတ် (၃) ပုံကို ဌာပနာသွင်းပူဇော်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် စိန်ရွှေရတနာငွေကြေးမျိုးစုံကိုလည်း တစ်ပါတည်း ထည့်သွင်းပူဇော်သွားမှာဖြစ်တဲ့အတွက် ထည့်သွင်းပူဇော်လိုသောပုဂ္ဂိုလ်များ ဆရာတော်ဦးဓမ္မထံ လှူဒါန်းနိုင်တဲ့အကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါ တယ် ခင်ဗျား"

လူကြီးသူမတို့ အများဆုံးရောက်ရှိသော ဘုရားထီးတင်ပွဲသည် ဘုရားရင်ပြင်နှင့်မဆံ့ အထူးများပြားစည်ကား နေလေသည်။ မိမိတို့တစ်သက်တာတွင် ဘုရားတည်တာနှင့်ဆုံဖို့ အင်မတန်ခက်၏။ ကြုံတောင့်ကြုံခဲ ဘုရားတည်သည့် အမှုကို လုပ်အားဒါနဖြင့် ဘုရားဒကာ ဘုရားအမပြုလုပ်ကြသူများ ယခုအခါ ဂုဏ်ယူ၍နေကြလေပြီ။ ငါတို့သေလွန် ထားခဲ့ရမည့် ရွှေနားကပ်၊ စိန်နားတောင် များ၊ လက်ဝတ်ရတနာမျိုးစုံကို ဖြုတ်၍ သူ့ထက်ငါ ဆရာတော်ဦးဓမ္မနှင့် ဘုရား လူကြီးများထံတွင် သွားရောက် လှူဒါန်း ကြလေသည်။ မရေမတွက်နိုင်သော ရတနာမျိုးစုံသည် ဖလားနှင့်တစ်ထုံး အပြည့်ရရှိလေသည်။ မြန်မာတို့၏ ဒါန ကုသိုလ်သည် များစွာရက်ရောကြောင်း ကိုယ်တိုင်တွေ့မှ အံ့သြမိပါတော့သည်။

ဌာပနာသွင်းမင်္ဂလာကို ဦးတော် ထိုက်၊ ဦးထွန်းထွန်းနိုင်တို့မှ တာဝန်ယူ၍ စနစ်တကျ ဌာပနာသွင်းကြလေသည်။ နံနက်(၁၀)နာရီတွင်မင်္ဂလာအခမ်းအနား ပြီးဆုံးလေသည်။ ပြန်ကြားရေးဌာန ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် များကို ကြေညာပါသည်။

"ပြည်တော်ဝင်ဘုရားကို ထီးတင် ပွဲဆင်နွှဲလာကြကုန်သော အဘ၏သား သမီးများခင်ဗျာ။ ဌာပနာသွင်းမင်္ဂလာ အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေ ညာအပ်ပါတယ် ခင်ဗျား။

စိန်ဖူးတော်၊ ငှက်မြတ်နားတော် နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို မိ... လာမြို့ မြတ်လေယာဉ်မင်္ဂလာရထား... ဖြင့် နေ့တစ်နာရီ၊ တစ်မိနစ်၊ တစ်စက္ကန့် တိတိအချိန်မှာ တင်လှူပူဇော်မည်... ပါကြောင်း ကြိုတင်အသိပေး ကြေညာ အပ်ပါတယ်ခင်ဗျား။

ထမင်းမစားရသေးသော ရပ်နီး ရပ်ဝေးမှဓမ္မမိတ်ဆွေများခင်ဗျား။ ထမင်း စားရုံမှာ ထမင်းလာရောက်သုံးဆောင် ကြပါရန် ဖိတ်ကြားအပ်ပါတယ် ခင်ဗျား"

**ရွှေထီးတော်တင်လှူခြင်း**

ပြည်တော်ဝင်ဘုရား၏စိန်ဖူးတော် ငှက်မြတ်နားတော်နှင့် ရွှေထီးတော် အဆင့်ဆင့်ကို ၁၃၆၁ ခု၊ တန်ဆောင် မုန်းလဆန်း ၁၃ ရက်၊ ၁ နာရီ ၁ မိနစ် ၁ စက္ကန့်အချိန်တွင် စတင်၍လှူပူဇော်



www.burmeseclassic.com

www.burmeseclassic.com

...ပါသည်။ မင်္ဂလာအချိန်မစတင်...တော်သံယာတော်များကြွရောက်...သုံးတော်မူကြသည်။အဘအောင်...ခေါင်၏ သားသမီးများ၊ ဘုရားအမ...ခင်စိုးဝင်း၏ အမျိုးများနှင့် ဧည့်...သတ်များ ကြိုတင်ရောက်ရှိ နေရာယူ...သည်။

မြတ်လေယာဉ်ထီးတော်တင်ယာဉ်...မှ မင်္ဂလာရထားပျံသည် ထီးနား...တွင် ဆိုက်ကပ်ထားလေသည်။...ပေါ်တွင် (၂) ယောက်၊ ရထားပျံ...(၂) ယောက် အလံများဖြင့် အချက်...အလုပ်လုပ်ကြမည်။ အသံချဲ့စက်သံ၊...များဖြင့်ပြည့်နေသော ထီးတင်ပွဲ...အော်ပြော၍မကြားနိုင်ပါ။ ဘုရား...နှင့်ဘုရားအောက်ရထားပျံအတက်၊...ကို ကြိုတင်ဇာတ်တိုက်ထား...အချက်ပြသင်္ကေတဖြင့် ဆက်...မှုယူ၍ ဆောင်ရွက်ကြလေသည်။

အဘအောင်မင်းခေါင်၏သားသမီး...ဦးဝေကြီးအား အဖွဲ့ခေါင်းဆောင်...တာဝန်ပေး၍ ဘုရားပေါ်တွင် ထီးတင်...အမှုကိစ္စကို ဆောင်ရွက်ရန် တာဝန်...ထားသည်။ ဦးလှအောင်က ပန်း...ပေါ်သို့ ထီးများစနစ်တကျတင်...နိုင်ရန် တာဝန်ပေးထားပါသည်။ ထီး...တော်တင်လှူမည့် ထီးနားမဏ္ဍပ်တွင်...နှင့် ဘုရားအမ ဒေါ်ခင်စိုးဝင်း၊...လုံးလုံးလှဆရာတော်နှင့် ဦးဓမ္မတို့...နေရာယူထားပါသည်။

နေ့တစ်နာရီတိတိ အချိန်သည်...ပြင်းဆုံးအချိန်ဖြစ်သည်။ အဘထီး...သောအချိန် နက္ခတ်များအား နေ့...(၁) နာရီတိတိကို မင်္ဂလာအချိန်အဖြစ်...တ်မှတ်လုပ်ဆောင်ပါသည်။ အခမ်း...နားမှူး စံတော်ချိန်မှူးမှ မိုက်ဖြင့်...တိပေးအသံထွက်ပေါ်လာပါသည်။

"မင်္ဂလာအချိန်ကျရောက်ရန်မိနစ် (၃၀) လိုပါသေးတယ် ခင်ဗျာ"

"မင်္ဂလာအချိန်ကျရောက်ရန်မိနစ် (၂၅) လိုပါသေးတယ် ခင်ဗျာ"

"မင်္ဂလာအချိန်ကျရောက်ရန်မိနစ် (၂၀) လိုပါသေးတယ် ခင်ဗျာ"

ဤသို့ခဏခဏသတိပေးကြေညာ...ပါသည်။ မင်္ဂလာဆိုင်းအဖွဲ့မှ ကြည်နူး...ဖွယ် ဧည့်ခံတေးများဖြင့် တီးမှုတ်နေ...ပါသည်။ ဘုရားပေါ်မှ ဦးဝေကြီး ခေါင်းဆောင်သော ထီးတော်တင်အဖွဲ့သည် အထက်အဖြူးအောက်အဖြူကိုဝတ်ဆင်...ပြီး အသင့်ဖြစ်ကြောင်း အချက်ပေးပါသည်။ ဦးလှအောင် ခေါင်းဆောင်သော ထီးတော်ပင့်ဆောင်ပြီး ရထားပျံပေါ်တင်ပို့ရေးအဖွဲ့ကလည်း မင်္ဂလာအချိန်ကို စောင့်၍နေပါသည်။ လုံ့မိနီထီးတော်တင်အဖွဲ့များကလည်း အပေါ်၊အောက် အလံများဖြင့် အချက်ပြ၍ အသင့်ဖြစ်ကြောင်း သတိပေးနေပါ သည်။

"လေးစားအပ်ပါသော ထီးတော်တင်လှူပူဇော်မည့် အဘရဲ့သားသမီးများခင်ဗျာ၊ ရထားပျံဖြင့် တင်လှူပူဇော်မယ့်အချိန်မှာ ပန်းရထားကို ဖြည်းဖြည်းလေး ညင်ညင်သာသာဆွဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျာ"

"မင်္ဂလာအချိန်ကျရောက်ရန်(၁၅) မိနစ်လိုပါသေးတယ် ခင်ဗျာ"

ဘုရားအမ၏ရင်ထဲတွင် ကုလားဘုရားပွဲလှည့်နေလေသည်။ကုန်ခန်းသွားသောငွေကြေးများကိုသူမမြင်ပါ။ ဘုရားတည်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသောပြဿနာ၊ အခက်အခဲဒုက္ခသုက္ခများကို သူမသိတော့ပါ။ အားလုံးကို ကျော်လွှားဖြတ်သန်း၍ လိုရာပန်းတိုင်သို့ရောက်တော့မည့်ဆဲဆဲ ပီတိကိုစား၍ အားရှိနေပါသည်။

"မင်္ဂလာအချိန်ကျရောက်ရန်(၁၀) မိနစ်လိုပါသေးတယ် ခင်ဗျာ"

(၁၀) မိနစ်အလိုတွင် ဦးလှအောင်ခေါင်းဆောင်သော ထီးတော်ပင့်ဆောင်ရေးအဖွဲ့က စတင်လှုပ်ရှားဆောင်ရွက်ပါသည်။ ပထမဆုံး ရွှေထီးတော်ဘုံအဆင့်ကို ထီးနားဆောင်မှစတင်ပင့်ဆောင်လာပါသည်။ လှူပရိသတ်၊ နတ်ပရိသတ်၊ ဝိဇ္ဇာများကလည်း ကြည်နူးပီတိဖြင့် ဦးချရိုသေမှုပြုပြီး လက်ဆင့်ကမ်း၍ ရထားပျံသို့ပင့်ဆောင်လာပါသည်။ ရထားပျံနားရောက်သောအခါ အဘကိုအပ်ပါသည်။

အဘမှ ပထမဘုံဆင့်ရွှေထီးတော်အား လက်အုပ်ချီ၍ ဦးချဂါရဝပြုပါသည်။ နံ့သာ (၅) မျိုးပါသော ရေစင်ရေသန့် ပက်ဖျန်းပြီး ဆုတောင်းမေတ္တာပို့၍ ရထားပျံပေါ်သို့ တင်ပေးပါသည်။ ရထားပျံ အလယ်တည့်တည့်တွင် ထီးစွပ်ရန် သံချောင်း (၁) ချောင်း စိုက်ထားလေသည်။ ထိုသံချောင်းကို ထီးစွပ်ပြီး အပေါ်မှ ကတ္တီပါကြိုး (၂) ချောင်းဖြင့် ထီးကိုချည်နှောင်၍ထားပါသည်။ စံပယ်ပန်း၊ နှင်းဆီပန်း၊ ဇွန်ပန်းများ ချိတ်ဆွဲ၍ထားပါသည်။

"မင်္ဂလာအချိန်ကျရောက်ဖို့ (၅) မိနစ်လိုပါသေးတယ် ခင်ဗျာ"

ရထားပျံပေါ်သို့ ပထမဘုံဆင့်ထီးတော်တင်ပြီး အသင့်ဖြစ်နေပါသည်။ မင်္ဂလာအချိန်တွင် စတင်တင်လှူပူဇော်မည်ဖြစ်ပါသည်။ အဘသည် ကတ္တီပါတိုက်ပုံအင်္ကျီကို ဝတ်ဆင်ထားပါသည်။ ဆံပင်မှာ အရှည်ဖြစ်၍ နောက်ဘက်တွင် စုချည်ထားပြီး ထုံးထားလေသည်။ လုံချည်ကွက်ထောက်ကိုဝတ်ပြီး အပေါ်မှ ကတ္တီပါအညိုခြုံထည်ကို လွှမ်းခြုံထားပါသည်။ အားလုံးက မင်္ဂလာအချိန်ကို စောင့်နေကြပါသည်။

"မင်္ဂလာအချိန်"

"တူ. . . တူ. . . တူ"

"အောင်စေပိုင်စေ ××× နိုင်စေဖွဲ့သော် ဥဒါန်းငယ်ဆောင် ××× အပျော်သဘောနဲ့ ပြောလို့မဆုံးပေါင်×××"

ခရုသင်းသမား (၂) ယောက်က ခရုသင်းပြိုင်တူမှုတ်၍ ဖွင့်လှစ်ပေးပါသည်။ မင်္ဂလာဆိုင်းအဖွဲ့မှ 'အောင်စေပိုင်စေ' သီချင်းဖြင့် ဖွင့်လှစ်ပေးပါသည်။ မင်္ဂလာပန်းရထားသည် ကောင်းကင်သို့ တဖြည်းဖြည်းချင်း ကြွချီ၍ မြင့်တက်သွားပါသည်။ လှူပရိသတ်အပေါင်းက လက်အုပ်ချီမိုးကန်တော့နေကြပါသည်။ အလွန်ပူပြင်းသော နေ့အချိန် (၁) နာရီ (၁)မိနစ်၊ (၁)စက္ကန့်အချိန် မိုးကောင်းကင်မှ တိမ်တိုက်တစ်စုသည် တောင်မှမြောက်သို့ ရွေ့လျားပြီး ထီးတော်တင်လှူရာ ပြည်တော်ဝင်ဘုရားအား ထီးမိုးသလို ကွက်ကွက်လေးမိုးပေးလေတော့သည်။ အလွန်အံ့သြဖွယ်ရာဖြစ်ရပ်ဆန်းတစ်ခုက လူတွေကိုဖော်ပြနေလေတော့သည်။

"ရထားပျံကိုဆွဲတင်ပေးကြသော အဘသားသမီးများခင်ဗျာ။ ဘုရားပေါ်က အလံအချက်ပြရင်ရပ်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျာ"

မကြာမီ ပထမဘုံအဆင့်ထီးတော်ကြီး အောင်မြင်စွာ တင်လှူပူဇော်၍ပြီးဆုံးပါသည်။ ရထားပျံလည်း အောက်သို့တစ်ဖန် ဆင်းသက်လာပါသည်။ ဦးလှအောင်အဖွဲ့မှ ဒုတိယဘုံဆင့်ထီးတော်အား ရထားပျံပေါ်သို့ တင်လှူပူဇော်ပေးပါသည်။

ဦးဝေကြီးအဖွဲ့ကလည်း ပထမဘုံဆင့် ရွှေထီးတော်ကို ခိုင်ခံ့အောင် ဝါယာကြိုးများဖြင့် ချည်နှောင်နေကြပါသည်။ မကြာမီ အပေါ်၊ အောက် အချက်ပြပြီး ဒုတိယဘုံဆင့် ရွှေထီးတော်အား တင်လှူပူဇော်ပါသည်။

"ဆက်လက်၍ ဒုတိယဘုံဆင့်ရွှေထီးတော်အား တင်လှူပူဇော်မည် ဖြစ်ပါသောကြောင့် လက်အုပ်ချီ၍ ရှိခိုးနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com

ရန် နှိုးဆော်အပ်ပါတယ် ခင်ဗျာ"

မင်္ဂလာဆိုင်းမှ ရောင်တော်ဖွင့်သီချင်းကို တီးမှုတ်၍ ထီးတော်တင်ပေးပါသည်။ လူများက ရတနာ (၃) ပါးအား အာရုံပြု၍ လက်အုပ်မိုးကာ အာရုံပြုနေကြပါသည်။ လူပရိသတ်ကြီးသည် ဘုရားဝင်းနှင့်အပြည့်ဖြစ်နေလေသည်။

ဤသို့ဖြင့် တတိယ၊ စတုတ္ထ၊ ပဥ္စမ ဘုံဆင့်များကို (၈) ကြိမ်တိတိ ရထားပျံဖြင့် တင်လှူပူဇော်ပါသည်။ နောက်ဆုံး စိန်ဖူးတော်အား (၉) ကြိမ်မြောက် တင်လှူပူဇော်မှာဖြစ်သည်။

"ပြည်တော်ဝင်ဘုရားထီးတင်ပွဲသို့ ကြွရောက်လာကြကုန်သော အဘ၏ သားသမီးများ ခင်ဗျာ။ နောက်ဆုံး (၉) ကြိမ်မြောက် တင်လှူပူဇော်မှာကတော့ စေတီတော်၏အထွတ်အမြတ်ဖြစ်သော စိန်ဖူးတော်ကို တင်လှူပူဇော်မှာ ဖြစ်ပါတယ် ခင်ဗျာ"

စိန်ဖူးတော်ကို ထီးနားဆောင်မှ ပင့်ဆောင်လာသည်။ ဘုရားအမကိုယ်တိုင် ပင့်ဆောင်ပြီး အဘလက်ထဲသို့ အပ်နှံပေးပါသည်။အဘက အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်း၍ ဘုရားဘက်သို့လှည့်ပြီး ဆုတောင်း မေတ္တာပို့သပါသည်။ ထို့နောက် ရထားပျံပေါ်သို့ မတင်သေးဘဲ အဘ၏တပည့် ကိုမျိုးအောင်ကို ခေါ်လေသည်။

ကိုမျိုးအောင်ဆိုသူမှာ နံနက်က ဘုရားထီးလှည့်ပူဇော်ခဲ့ရာတွင် မိုက်ဖြင့် နတ်များ၊ ဝိဇ္ဇာများကို ပင့်ဖိတ်၍ မောင်းတီးသူဖြစ်၏။ ရန်ကုန်မြို့မှ အဘနှင့်ပါလာသူဖြစ်၏။ အဘ၏သားအရင်းဖြစ်သည်။

ကိုမျိုးအောင် ရောက်ရှိလာသောအခါ ရထားပျံပေါ်သို့တက်၍ ထိုင်စေလေသည်။ ရထားပျံပေါ်တွင် ငုတ်ကို သေသေချာချာကိုင်၍ အဘပေးသော စိန်ဖူးတော်ကိုကိုင်ပြီး လူကိုယ်တိုင်လိုက်ပါပို့ဆောင်မည် ဖြစ်ပါသည်။ မြတ်လေယာဉ်ထီးတော်တင်အဖွဲ့ခေါင်းဆောင်မှ မျက်စိမျက်နှာပျက်နေသည်။ သူတို့လုပ်ထားသော စတီးကြိုးနှင့် ဘီးလုံးများမှာ (၃) ပိဿာခန့်လေးသော ထီးတော်အတွက်သာရည်ရွယ်၍ ဆက်သွယ်ထားပါသည်။ လူပါလိုက်၍စီးလျှင် လမ်းတွင် တိမ်းစောင်းမှောက်မည်ကို စိုးရိမ်စိတ်ကကြီးစိုးနေပါသည်။

အဘက ခေါ်ပြီး -

"ငါ့သား၊ ဘာမှမစိုးရိမ်နဲ့။ အဘလုပ်တာ ဘာမှမဖြစ်ဘူး"

ဟု ပြောလေသည်။ အဘပြော၍သာ နာခံရသည်။ သူ့စိတ်ထဲတွင် ဘုရားတ၍နေလေသည်။

ကိုမျိုးအောင်ကလည်း တစ်ခါမှ ရထားပျံပေါ်သို့ တက်မစီးဘူးပါ။ အဘကခိုင်းလို့သာစီးရတာ။ လမ်းမှာချော်ကျရင် ငါတော့သေတော့မှာပဲ။ မသေချင် ဘုရားကို အာရုံပြုမှဟု မျက်စိမှိတ်၍ ဘုရားတနေပါသည်။

"အိုး - ငါဘာမှမဖြစ်စေရဘူး။ ငါ့အဘက ဝိဇ္ဇာပဲ။ ငါ့အဘရဲ့အစွမ်းသတ္တိကို ငါယုံတယ်"

ဟု အားတင်းထားရလေသည်။

"ချစ်ခင်လေးစားရပါသော ပြည်တော်ဝင်ထီးတော်တင်ပွဲသို့ ကြွရောက်လာကြတဲ့ အဘရဲ့သားသမီးများနဲ့ ဧည့်ပရိသတ်အပေါင်းတို့ခင်ဗျာ။ နောက်ဆုံး အထွတ်အမြတ် စိန်ဖူးတော်ကို ရထားပျံနှင့် တင်လှူပူဇော်ရာမှာ လူလိုက်ပါ၍ တင်လှူပူဇော်ပွဲမှာဖြစ်တဲ့အတွက် ဝမ်းသာပီတိဂွမ်းဆီထိသို့ ကြည်နူးသဒ္ဓါလက်စုံဖြာဖြင့် ရှိခိုးကန်တော့ကြပါစို့ ခင်ဗျာ"

ရထားပျံကြီးသည် မြေမှကြွပြီး ကောင်းကင်သို့ တအိအိတငြိမ့်ငြိမ့် တရွေ့ရွေ့ဖြင့်ကြွချီသွားပါသည်။မင်္ဂလာဆိုင်းမှလည်း အောင်စေပိုင်စေသီချင်းဖြင့် တီးမှုတ် အသုံးတော်ခံနေပါသည်။ လူပရိသတ်အပေါင်းလည်း အံ့သြဘနန်းဖြင့်လက်အုပ်ချီကန်တော့ကြလေသည်။ ဘုရားအမ ဒေါ်ခင်စိုးဝင်းလည်း ထိုင်ရမလိုထရမလိုဖြင့် ဣန္ဒြေမဆည်နိုင်အောင် ဝမ်းသာနေပြီး မျက်လုံးအိမ်ထဲမှ မျက်ရည်တွေ ဒလဟောစီးကျလာလေသည်။

နောက်ဆုံး ရထားပျံသည် အခက်အခဲမရှိ အောင်မြင်စွာ ရောက်ရှိသွားလေသည်။ လက်ထဲမှ စိန်ဖူးတော်ကို လှမ်းပေးပြီး ဝတုတ်တုတ်ခန္ဓာကိုယ်ဖြင့် ဘုရားငြမ်းပေါ်သို့ ခက်ခက်ခဲခဲတက်ခဲ့ရပါသည်။ စိန်ဖူးတော်ကို နောက်ဆုံးတင်လှူပြီးသောအခါ အဘ၏သားသမီးများက တစ်ယောက်က တိုင်ပေးသည်။ နောက်က ဝိုင်းဆိုကြလေသည်။

"အောင်ပြီလားဟေ့"
"အောင်ပြီဟေ့"
"အောင်ပြီလားဟေ့"
"အောင်ပြီဟေ့"
"အောင်ပြီလားဟေ့"
"အောင်ပြီဟေ့"
"အောင်ပြီဟေ့"

ဘုရားပေါ်မှ ရွှေမိုး၊ ငွေမိုးများရွာချလေသည်။ လေထဲတွင် လွင့်နေသော ငွေစက္ကူများမှာ ငှက်များပျံသလို ဝေဟုန်စီး၍တဖြည်းဖြည်းကျလာလေသည်။ လူပရိသတ်တို့ကလည်း သူ့ထက်ငါ ... ယက်ကောက်ကြလေသည်။ ထိုမြင်ကွင်းကလည်း ကြည်နူးစရာတစ်ခုပင် ဖြစ်ပါသည်။

ဘုရားထီးတင်ပြီး ငြမ်းများ... ဖျက်သိမ်းပါသည်။ 'ဘုရားပြီး ငြမ်းဖျက်' ဆိုတာ စကားပုံသာ ကြားဖူးတာ၊ အ... လက်တွေ့ဖျက်နေကြလေသည်။ မဖျက် ...၍မရပါ။ မကြာမီ ဘုရားအနေကဇာ... တင်မည်ဖြစ်ပါသည်။ ငြမ်းများကိုရော... အနေကဇာတင်လို့မဖြစ်ပါ။

ဘုရားငြမ်းဖျက်ပြီးသောအခါတွင် ဘုရားရင်ပြင်တော်ပေါ်မှ သံဃာတော်... အရှင်သူမြတ်များ ကြွရောက်ပြီး ဘုရား... အနေကဇာတင်မင်္ဂလာကို ဆက်လ... ကျင်းပပါသည်။ ပြီးနောက် မဏ္ဍပ်သို့... ကြွပြီး ရေစက်ချတရားနာယူ၍ ဘုရား... အောင်မြင်စွာ ပြီးဆုံးစေခဲ့ပါသည်။

ဘုရားအမ၏ ကုသိုလ်အစုစု... (၃၁) ဘုံမှာရှိကြသော သုခိတသတ္တဝါ... ဒုက္ခိတသတ္တဝါတို့ကို အမျှပေးဝေကြ... သည်။

"အမျှ၊ အမျှ၊ အမျှ။ ယူတော်... ကြပါကုန်လော့"

"သာဓု၊ သာဓု၊ သာဓု"

**ရောင်ခြည်တော်ကွန့်မြူးခြင်း**

ပြည်တော်ဝင်ဘုရားကြီးကို ၁၃၆... ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်... တွင် အောင်မြင်စွာ ထီးတော်တင်... ပူဇော်နိုင်ပါသည်။ ဘုရားကြီးကို အ... မြစ်တော်ချပြီး အဆင့်ဆင့်တည်ထား... တွင် ဘုရားအမ ဒေါ်ခင်စိုးဝင်း တ... တည်းနှင့် မပြည့်စုံပါ။ မြေအလှူ... သဲအလှူရှင်၊ လုပ်အားဒါအလှူ... ကာယဉာဏအလှူရှင်များမှာ ဘု... ဒကာ၊ ဘုရားအမများပင် ဖြစ်ကြသ... အားလုံး ဝိုင်းဝန်း ကူညီ ဆောင်ရွက်... ခြင်းကြောင့် အောင်မြင်မှုရရှိခဲ့သ... ပင်ပန်းခဲ့ရသော တောင်ဦးရွာသူရွာသား... တို့အား ချီးမြောက်သောအားဖြင့် ... လေးယဉ်ကျေးမှုကဇာတ်ကို ငှားရမ်း... ခဲ့သည်။ ယနေ့ညနှင့် မနက်ဖြန်... (၂)ည ကပြမည် ဖြစ်ပါသည်။

ဘုရားအမမှာလည်း ဖို့... ကြိုက်တဲ့ နှင်းဆီခိုင်လို ဟိုက '... အမ'၊ ဒီက 'ဘုရားအမ' ခေါ်သူ... အထင်ကြီးလေးစားနေကြသည်။ အ...



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ကြွားချင်သူ ဒေါ်ခင်စိုးဝင်း ယခု ခြေထောက်မြေမထိတော့။ (၂) ...ောက်လွတ်နေလေသည်။

ယဉ်ကျေးမှုကဇာတ်က ပတ်မကြီး ...ပေး၍ထုနေလေသည်။ ပတ်ဝန်း ...ရှာသူရွာသားများက ဆိုင်းသံကြား ... နွားကျောင်းသူ၊ ယာလုပ်သူ၊ ...တ်သူ၊ ရက်ကန်းရက်သူများ ...ပ်တို့ ကောင်းကောင်းမလုပ်ရ။ ပွဲ ...ဒ်အားခဲနေကြသဖြင့် စောစော ...ပ်သိမ်းကြသည်။ သားသား၊ မီးမီး ...ခေါ်၍ လှည်းဖြင့် ပြည်တော်ဝင် ...ရားပွဲသို့ လာကြလေသည်။ ဈေး ...ောင်းသူများလည်း အကြော်အလှော် ... အကျီ၊လုံချည်များ၊ ပူဖောင်းရောင်း ...များ အရုပ်ရောင်းသူများ စသည့် ...ရေသမားများကလည်း လာရောက် ...ည့်မည့်သူများအကြိုက် အသုံးအ ...ောင်များကို ရောင်းချနေကြသည်။ ...လေးများစီးရန် ချားရဟတ်ကြီးက ... မိတ္ထီလာမှရောက်လာပြီး ...ယောက် (၁) ကျပ်နှုန်းဖြင့် မပြတ် ...ည့်၍နေလေသည်။

ကျောက်ပန်းတောင်းမှရောက်လာ ... လုံခြုံရေးတာဝန်ခံတပ်ဖွဲ့မှလည်း ...တ်များကို ထမ်းပြီးရောက်လာကြ ...ည်၊ ရွာတိုင်းမှ မီးသတ်တပ်ဖွဲ့များကို ...ည်း၍ လုံခြုံရေးတာဝန်ယူလေသည်။

တောင်ဦးကျေးလက်ဆေးခန်းမှ ...ရာမကြီးကလည်း ရှေးဦးသူနာပြု ...ခန်းကို ဖွင့်လှစ်ပြီး အရေးပေါ် လူနာ ...တို့ အခမဲ့ကုသပေးလေသည်။ ...တ်ခြေနီမောင်မယ်များက တူညီဝတ် ...များဖြင့် ကြည့်ကောင်းနေလေသည်။

ပွဲကသူ၊ ပွဲကြည့်သူ၊ ဈေးရောင်း ...သူ ဈေးဝယ်သူများကြားမှ ဘုရားကြီးကို ...ရောက် ကန်တော့ကြသူများလည်း ...ကြသည်။ ဘုရားပွဲဆိုလျှင် ဇာတ်ပွဲပါမှ ...ကားလေသည်။ ဇာတ်ပွဲမပါက ...ောက်ကပ်ကပ်နိုင်သည်။ သာမန်အား ... ဘုရားဖူးသက်သက်မလာကြပေ။ ...တို့အကြိုက် ပွဲသို့လိုက်လာရင်း ဘုရား ...ကြလေသည်။

ည(၉) နာရီတွင် ဘုရားပွဲစသည်။ ...လေးယဉ်ကျေးမှုကဇာတ်မှအနုပညာ ...ခုမ ပြောင်မြောက်စွာ ဖျော်ဖြေတင် ...က်ပါသည်။ ပြည်တော်ဝင်ဘုရားကြီး ...ို ရောင်စုံမီးများဖြင့် ထွန်းညှိပူဇော်ထား ...သည်။ မိတ္ထီလာမှ ဦးစိုးမြင့်နှင့် ...ကျော်ရှိန်တို့သည် ဘုရားကြီးပြီး ...က်အောင် ကိုယ်အားဉာဏ်အားဖြင့် အစအဆုံး အင်တိုက်အားတိုက် ပါဝင် ကူညီကြသူများ ဖြစ်သည်။ ယနေ့ သူတို့ ထံပိနေသော တာဝန်ကြီးလျှော့ကျသွား ပြီ။ ဝန်မရှိတော့။ သက်သောင့်သက်သာ ရှိသည်။ စိတ်ပင်ပန်းသမျှ ဘုရားတွင် ပုတီးစိပ်ရင်း စိတ်အနားယူလေသည်။ ရတနာ (၃) ပါးကို ပုတီး (၂၇) ပတ်စိပ် ၍ အာရုံပြုနေလေသည်။

ပြည်တော်ဝင်ဘုရားကြီးကို သေသေချာချာဖူးမြော်ကန်တော့ကြလေ သည်။ ည (၉) နာရီ၊ (၉) မိနစ်တွင် ဘုရားကြီးမှ ရောင်ခြည်တော်စတင် ကွန့်မြူးတော်မူလေသည်။ လူ့ဘဝတွင် တစ်သက်မှာတစ်ခါကြုံဖို့ခက်ခဲပါသည်။ ဖူးမြော်ရဖို့ ခက်ခဲပါသည်။ ယခုအခါ ကိုယ်တိုင်ကိုယ်ကျဖူးတွေ့ရသော ဘုရား ၏ဂုဏ်တော်ကိုကြည်ညို၍မဆုံးဖူးမြော် ၍မဝဖြစ်လေသည်။ ဘုရားဒကာဘွဲ့ကို မိမိတို့ အမည်အတပ်မခံရပါ။ လက်တွေ့ လုပ်ဆောင်ပေးရသော အလုပ်တာဝန် တွေဟာ၊ ကုသိုလ်တွေဟာ မိမိသာအသိ ဆုံးပါပဲ။ ပင်ပန်းခဲ့သမျှ ဘုရားရောင် ခြည်တော် ဖူးမြော်ရသဖြင့် ကျေနပ်သွား လေသည်။

ပြည်တော်ဝင်ဘုရား၏ ဌာပနာ တိုက်မှပတ်လည်တွင် လျှပ်စစ်ရောင် ခြည်လို အစိမ်း၊ အနီ၊ အဝါ၊ အပြာတွေ တလက်လက်ထွန်းလင်းတောက်ပနေလေ သည်။ ပိုးစုန်းကြူးငယ်များအုံဖွဲ့၍ထွက် လာသလို ပြိုးပြိုးပြက်ပြက်တဖျပ်ဖျပ်နှင့် ရောင်ခြည်တော် ကွန့်မြူးတော်မူလေ သည်။ ဌာပနာတိုက်မှ အပေါ် ငှက်ပျော ဖူးကို ရစ်ပတ်ပြီး ထီးတော်ဘုံအဆင့် ဆင့်သို့တက်ပြီး စိန်ဖူးတော်ကို ကျော် ဖြတ်ကာ ကောင်းကင်သို့ ထွန်းလင်း တောက်ပ၍နေလေသည်။

ဦးစိုးမြင့်နှင့် ဦးကျော်ရှိန်တို့သည် မိမိတို့ အားရပါးရဖူးမြော်ရသည့် ပီတိ အား ဘုရားအမကို မျှဝေခံစားစေပါ သည်။ ဘုရားအမအား သတင်းကောင်း ပါးစေလိုသဖြင့် လိုက်ရှာသော်လည်း မတွေ့ပါ။ တစ်ဦးကပြောတာကတော့ ဇာတ်ခုံပေါ် ရောက်နေသည်ဟုဆိုသည်။ ကိုကျော်ရှိန်တို့နှစ်ယောက် ဇာတ်ကနေ သောဇာတ်စင်ပေါ် သို့တက်ပြီး ဇာတ်က တာကို ခေတ္တရပ်နားစေလျက် အသံချဲ့ စက်ဖြင့် ဘုရားအမ ဒေါ်ခင်စိုးဝင်းအား ကြားရာအရပ်မှ အမြန်လာပါရန် အော် ဟစ်ကြေညာလေသည်။မင်းသမီးအဝတ် အစားနှင့် သီချင်းဆိုရန်စောင့်နေသော ဘုရားအမဒေါ်ခင်စိုးဝင်းလည်း ကန့်လန့် ကာကြားမှ မကျေနပ်သောမျက်နှာထား ဖြင့် ထွက်ပေါ်လာလေသည်။

'ဘာလဲ ဒီနှစ်ယောက်၊ ငါသီချင်း ဆိုတာ ကန့်ကွက်ဖို့လာတာလား။ မရ ဘူး၊ ငါဆိုကိုဆိုမယ်'

ဟု စိတ်ထဲမှတေးမှတ်၍ ထွက် လာသည်။ ကိုကျော်ရှိန်တို့နှစ်ယောက် သည် ဘုရားအမကို ဘာမှမပြောတော့။ တစ်ဖက်တစ်ချက်မှဆွဲဆွဲပြီး ပွဲခင်းထဲမှ ဆွဲထုတ်လာလေသည်။ကားပေါ် သို့တင် ၍ပြည်တော်ဝင်ဘုရားသို့ခေါ် ဆောင်လာ လေသည်။

သီချင်းမဆိုရ၍စိတ်ထဲတွင်မကျေ နပ်သော ဘုရားအမ သူ့ကိုအနိုင့်ထက် အလွန်ပြုမူနေသောသူ့အစ်ကိုနှစ်ယောက် ကို သူမလွန်ဆန်နိုင်ဘဲ အောင့်သည်း အောင့်သက်ဖြင့် ဘုရားကိုရောက်လာ လေသည်။

"ကဲ - ငါ့ညီမ၊ ကားပေါ် ကဆင်း။ မင်းတည်ထားတဲ့ဘုရားကို သေသေချာ ချာဖူးစမ်း။ အခုရောင်ခြည်တော်တွေ ကွန့်မြူးနေတယ်။ ငါတို့နှစ်ယောက်အား ရဝမ်းသာဖူးမြော်ပြီးလို့ နင်လည်းဝမ်း မြောက်ဝမ်းသာဖြစ်အောင်ခေါ် လာတာ"

"ဪ-ဒီလိုလား၊ ကျွန်မအစ်ကို နှစ်ယောက်ဟာ ကျွန်မအပေါ် အတော် ကောင်းရှာတာ ကျွန်မအထင်လွဲတော့ မလို့"

"ငါသိပါတယ်၊ နင်အပျော်လွန်နေ တာ။ ခြေထောက်နဲ့ မြေကြီး (၂) ပေ လောက်လွတ်နေတာ အတော်ကြာပြီ"

"ကျွန်မတောင်းပန်ပါတယ်"

"အေး - နောက်မှတောင်းပန်၊ ဘုရားကိုဖူးပါဦး"

မုဆိုးမလေး ဒေါ်ခင်စိုးဝင်းသည် အဘအောင်မင်းခေါင်၏ ပြည်တော်ဝင် မြင်းစီးရုပ်နှင့်ဆက်စပ်ပြီး ပြည်တော်ဝင် ဘုရားကို တည်ရသည်။ အဘ ပြည် တော်ဝင်လာကြောင်း ပြည်တော်ဝင်ဘွဲ့ အမည်ဖြင့် ဘုရားမှာ မြန်မာပြည်မှာ ဒီတစ်ဆူပဲရှိပါသည်။ အဘ၏သမီး အဖြစ် ရဲရဲဝံ့ဝံ့ခံယူပြီး ဘုရားပြီးအောင် တည်နိုင်သော ဘုရားအမဒေါ်ခင်စိုးဝင်း တစ်ယောက် ဘုရား၏ရောင်ခြည်တော် ခြောက်သွယ်ကို ဖူးမြော်မဝ၊ ကြည်ညို၍ မဝ၊ ကန်တော့၍မဝဖြစ်နေလေတော့ သတည်း။

အဥ္စာဝါလှိုင်း

www.burmeseclassic.com

**သက်မင်းမင်းလျှင်စော**

ရခိုင်ရာဇဝင်ထဲမှာ သက်မင်းငတုံ၊ သက်မင်းမင်းလျှင်စောဆိုပြီး ဖော်ပြခံရသောမင်းနှစ်ပါးရှိသည်။ သက်မင်းဆိုသည်မှာ တခြားမဟုတ်။ သက်လူမျိုးတို့ကို အစိုးရသောမင်းဟူသည့် ဂုဏ်ရည်ဝိသေသပင်ဖြစ်သည်။

သက်မင်းငတုံဆိုသည်က ဝေသာလီပြည့်ရှင် စူဠစန္ဒြားမင်း၏သားတော်ဖြစ်ပြီး ပဉ္စာမြို့တည်နန်းတည်မင်းတစ်ပါးဖြစ်သည်။ သူငယ်စဉ်တုန်းက သက်လူမျိုးတို့၏ မွေးမြူစောင့်ရှောက်ခံခဲ့ရပြီး အရွယ်ရောက်သည့်အခါတွင် ထီးနန်းရရှိအောင် ကူညီဖန်ဆောင်ခြင်းခံခဲ့သူဖြစ်သည်။

သက်မင်းမင်းလျှင်စောသည်ကား ရခိုင် လောင်းကြက်ပြည့်ရှင် မင်းထီးမင်းထံပါးသို့ သံ့ပန်းမင်းအဖြစ်ရောက်ရှိလာသော မင်းတစ်ပါးပင် ဖြစ်သည်။ ရခိုင်ရာဇဝင်ထဲ၌ သက်မင်းမင်းလျှင်စောကို သက်မင်းမင်းရှင်စောဟုလည်း ဖော်ပြသေးသည်။ ဤ သက်မင်းမင်းရှင်စောကို ဗမာရာဇဝင်များထဲ၌ သရက်မင်းလျှင်စော၊ သရက်မင်းရှင်စောဟု ဖော်ပြခံရသောမင်းပင်ဖြစ်သည်။ တစ်နည်းပြောရလျှင် သရက်မြို့စား မင်းရှင်စောပင်ဖြစ်သည်။


မင်းရှင်စောသည် ဤသရက်မြို့ကို ထိုစဉ်က တိုင်းပြည်၌ ကျရောက်နေသော တရုတ်ရန်ကို ရှောင်ရှားသောအားဖြင့် သက္ကရာဇ် ၆၈၈ ခုနှစ်တွင် ဓားမသုံးရာ၊ ပေါက်တူးသုံးရာ၊ ပုဆိန်သုံးရာဖြင့် တည်ထောင်ခဲ့သည်ဟု ... ရာဇဝင်များ၌ ဖော်ပြထားသည်ကို ... ရှိရသည်။

ထို့ပြင် မင်းရှင်စောသည် ပုဂံ... ရှင် မင်းခွေးချေးခေါ် နရသီဟပတေ့... ၏မြေးတော် ပုဂံပြည့်ရှင် ဒလတော့... မင်း၏ သားတော်ဖြစ်ပြီး သူ၏ ကြ... တော်ရှင်မြတ်လှသည်ကား ဒလ... စွာ၏ ညီတော်၊ ဖခမည်းတော် န... ပတေ့မင်းကို လုပ်ကြံသော ပြ... သီဟသူ၏ သမီးတော်ပင်ဖြစ်သည်...

စိတ်ဝင်စားစရာကောင်းသည်... သရက်မင်းရှင်စော၏ သရက်မြို့...

# (ဂျူမိရ)
# ရှိန်းအောင်

## ရခိုင်ရာဇဝင်နှင့်ဗမာရာဇဝင်တို့ထဲ...
## ညှိနှိုင်းပြင်ဆင်ပေးစရာလေးများ



ရခိုင်ရာဇဝင်မှာရော ဗမာရာဇဝင်... ပါ ဖော်ပြသော မစ္ဆဂိရိနယ်ထဲတွင်... ရောက်နေခြင်းပင် ဖြစ်သည်။ ထို... ဝင်နှစ်ခုစလုံးမှာ ထိုမစ္ဆဂိရိနယ်ကို ... လူမျိုးတို့၏ နယ်မြေအဖြစ် ဖော်... သည်ပင် ဖြစ်၏။ ဘိုးတော် န... ပတေ့မင်းလက်ထက်က မစ္ဆဂိရိသ... ပုန်ကန်ခြားနားသဖြင့် တွင်းသ... သရေပစ္စပတေးအမတ်က တစ်... ရာဇသင်္ကြန်အမတ်ကြီးက တစ်... နှစ်ကြိမ်တိုင် ရေကုန်ရေခန်း တိုက်... ခဲ့ရသည် ဟူ၏။ မှတ်သားစရာတ... မစ္ဆဂိရိ သက်မင်းက တောင်ပေါ်မှ... စစ်ခံခဲ့သည်ဟုဆိုခြင်းပင်ဖြစ်၏။

ရခိုင်ရာဇဝင်ထဲမှာတော့ မ... နယ်ထဲတွင် ယနေ့ သရက်၊ ကမ္ဘ... တုန်း၊ မင်းဘူးမြို့နယ်များနှင့် ယင်း... ယှဉ်သော ရခိုင်ရိုးမတောင်တန်း... ပါဝင်သည်ဟု ဆိုထားကြသည်... သုတေသီများကမူ ယောနယ်၊ ...



www.burmeseclassic.com

www.burmeseclassic.com

...ပါ ပါဝင်သည်ဟု ယူချင်ကြပြန် ...သည်။

ထို့ပြင်တဝ ရခိုင်ရာဇဝင်များထဲ ... အရှေ့သက်၊ အနောက်သက်ဟု ...ပြမှုရှိသည်ကို တွေ့ရှိရသည်။ ...တ်သက်ဆိုသည်မှာ ဝေလာ ...တန်း(ယခုရခိုင်ပြည်နယ်မြောက် ...စ်တကောင်းတောင်တန်း (ယနေ့ ...ဒေ့ရှ်နိုင်ငံ)တို့၌နေသော သက် ... ခေါ်ဝေါ်ခြင်းဖြစ်ပြီး အရှေ့သက် ...ည်မှာ ရခိုင်ရိုးမတောင်တန်း မစ္ဆဂီရိ ...နေသောသက်တို့ကို ခေါ်ဆိုခြင်း ...သည်။ အရှေ့သက်ကို မစ္ဆဂီရိသက် ...ည်းခေါ်သေးသည်။

အလေးဂရုပြုစရာတစ်ခုက ဤ ...မင်းမင်းရှင်စောနှင့် ခေတ်ပြိုင်ရခိုင် ...မှာ လောင်းကြက်ပြည့်ရှင် မင်းထီး ...၆၅-၇၅၁ပင် ဖြစ်သည်။သက္ကရာဇ် ... ခုနှစ်အရောက်တွင် ရခိုင်မင်း၏ ...တ်နယ်မြေဖြစ်သောတောင်စဉ်နယ် ...အမ်းမြို့နယ်တွင်း) ကို အရှေ့သက် ... ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးဖန် ...ာသဖြင့် ပြည့်ရှင်မင်းထီးမင်းက ...သကြန်အမတ်ကြီးကို စေလွှတ်၍ ...ရှေ့သက်တို့၏ မစ္ဆဂီရိနယ်ကို သွား ...တ် တိုက်ခိုက်စေခဲ့သည်။ ရာဇ ...ကြန်အမတ်ကြီးသည် မစ္ဆဂီရိသက် ...၏ ရာဇဌာနီဖြစ်သော သရက်မြို့ကို ...တ်ခိုက်သိမ်းပိုက်နိုင်ခဲ့သဖြင့် သက်တို့ ... အစိုးရသောမင်းဖြစ်သော သက်မင်း ...ရှင်စောနှင့် သူ၏မိသားစုကို သုံ့ပန်း ...ဖြစ် ခေါ်ယူလာနိုင်ခဲ့သည်။

သက်မင်းရှင်စောနှင့် ရှင်မြတ်လှ ...တွင် စောစုံ၊ စောဖြူ၊ စောတူ အမည် ...သော သားတော်သုံးပါးနှင့် သမီးတော် ...ပါးရှိသည်။ မင်းရှင်စောကို တျာက် ...ာနှင့် ကျောက်ဖျားရွာကို စာကျေး ...ဖြစ် မင်းထီးမင်းက ပေးနှင်းသည်။ ...မီးတော်ကြီး စောမောက်ကို မိဖုရား ...ယ်အဖြစ် တင်မြှောက်ပြီး သမီးတော် ...ယ်ကို အမ်းစားအောင်သူနှင့် ပေးစား ...ည်။ သားတော်ကြီး စောစုံကို ကြွေ ...စား၊ သားတော်လတ် စောဖြူကို မီး ... သားတော်ငယ်စောတူကို ကင်းစား ...ဖြစ် ပေးသနားခဲ့သည်။ သူတို့မိသားစု ...ည် ဩဇာအာဏာနှင့် စစ်သည်ရဲမက် ...းမရှိသည့်တိုင် မင်းညီမင်းသားအ ...ောင်အယောင်ဖြင့် နေထိုင်ခဲ့ရသည် ...၏။

နောက် သက်မင်း မင်းရှင်စော၏ ဤသားတော်သုံးပါးတို့သည် ရှင်အဂ္ဂ သာရအမည်ရှိသော ပိဋကတ်ပေဒင် တတ်သူမြတ် (ရခိုင်သူမြတ်) ထံတွင် စာပေအတတ်ပညာများမင်းညီမင်းသား တို့၏ တတ်အပ်သော ပညာများကို သင်ကြားခွင့်ရရှိခဲ့လေသည်။ သူတို့သုံး ယောက်သည် သက္ကရာဇ် ၇၀၅ ခုနှစ် အရောက် အခွင့်သာသောတစ်နေ့တွင် နွယ်ချိုဖိုးခေါင်တောင် (ရခိုင်ရိုးမတောင် တန်း) ကို ဖြတ်ကျော်၍ အရှေ့ပြည် (အင်းဝ၊ စစ်ကိုင်း၊ ပင်းယ) သို့ ထွက် ပြေးရောက်ရှိသွားခဲ့သည်။ သို့ဖြစ်သည့် တိုင် မင်းထီးမင်းသည် ကျန်ရစ်ခဲ့သော သက်မင်းမင်းရှင်စောတို့ မိသားစုအား မည်သည့်ပြစ်ဒဏ်ကိုမျှမပေးရုံသာမက ပေးထားသော စားကျေးနှင့် အဆောင် အယောင်တို့ကို ပေးမြဲအတိုင်း ဆက် လက်ပေးနေခဲ့သည် ဟူ၏။

ဤသည်မှာ တကယ်ဖြစ်နိုင်ပါ့ မလား။ တခြားမင်းများအဖို့ ဖြစ်နိုင်ဖွယ် မရှိသော်လည်း မင်းထီးမင်းအတွက် တော့ ဖြစ်နိုင်စရာရှိသည်။ အဘယ် ကြောင့်ဆိုသော် ရခိုင်ရာဇဝင်ထဲ၌ မင်း ထီးမင်းကို မင်းကောင်းမင်းမြတ်အဖြစ်၊ တရားသောဓမ္မမင်းအဖြစ် ဥပဒေ အထက်၌မနေသောမင်းအဖြစ်၊ ဥပဒေ မျက်နှာကိုသာ ကြည့်သောမင်းအဖြစ်၊ ဆွေမျိုးကောင်းစားရေးကို ရှေ့မရှုသော မင်းအဖြစ် ဖော်ပြခဲ့ကြသည့်အတွက် ကြောင့်ပင် ဖြစ်၏။

ဥဒါဟရုဏ်ဆိုရသော် မင်းထီး မင်းသည် သူ့နန်းတော်တိုင်နှင့် နန်းတော် နံရံတွင် ကွမ်းယာစားရင်းနှင့် ထုံးသုတ်မှု များနေသောကြောင့် ထုံးသုတ်လျှင် ထုံးသုတ်သူ၏ လက်ညှိုးကို ဖြတ်စေဟု အမိန့်ထုတ်ခဲ့ရာ သိပ်မကြာမီတွင် သူ ကိုယ်တိုင် နန်းတော်တိုင်မှာ အမှတ်တမဲ့ ထုံးသုတ်မိသဖြင့် သူ့လက်ညှိုးကို သူ ကိုယ်တိုင် သန်လျက်နှင့် ဖြတ်တောက်ခဲ့ ပေသည်။

မင်းထီးမင်းသည် အတွင်းဝန် ရာထူးနေရာတွင် အရည်အချင်းရှိသူ တစ်ဦးကိုခန့်ထားရန် ကြံစည်စဉ် မိဖုရား ငယ်တစ်ပါးက သူ၏မောင်အား ခန့်ထား ပေးရန် ဖိအားပေးတောင်းဆိုလေသည်။ ထိုအခါ မင်းထီးမင်းက မိဖုရားငယ်၏ မောင်အရည်အချင်းကို စမ်းသပ်ပြသော အနေဖြင့် မနေ့ညက နန်းတော်အနီး တွင် မွေးဖွားသော ခွေးပေါက်ငယ်များ ကို သွားကြည့်ခိုင်းသည်။

ပြီးနောက် မေးခွန်းများကို မေး သည်။ မိဖုရားငယ်မောင်သည် ထိုမေး ခွန်းများကိုဖြေဆိုနိုင်ရန်အတွက် မေးခွန်း တစ်ခုလျှင် တစ်ခေါက်နှုန်းဖြင့် ထိုခွေး ပေါက်ငယ်များကို သွားကြည့်ကာ မေး သမျှမေးခွန်းများကို ဖြေဆိုရရှာသည်။ မင်းထီးမင်း ရွေးချယ်ထားသောသူမှာ ထိုခွေးပေါက်ငယ်များကို တစ်ကြိမ် တည်းသွားကြည့်ရုံမျှဖြင့် မေးသမျှ မေးခွန်းကို တစ်ထိုင်တည်း ဖြေဆိုနိုင် လေသည် ဟူ၏။ ဤသို့ဖြင့် မင်းထီးမင်း သည် သူခန့်ထားလိုသူကို ရာထူးခန့် ထားခွင့်ရသွားလေသည်။

ထို့ပြင် မင်းထီးမင်းသည် တိုင်း ပြည်ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေး ချမ်းရေးအတွက် 'သားမကောင်းလျှင် ဖခင်၊ မယားမကောင်းလျှင်လင်၊ တပည့် မကောင်းလျှင်ဆရာ၊ ကျွန် မကောင်း လျှင် သခင်၊ သမီးမကောင်းလျှင် မိခင် တို့အား ပြစ်ဒဏ်စီရင်မည်' ဟု ဥပဒေ ထုတ်ပြန် အုပ်ချုပ်ခဲ့လေသည်။

တစ်ခါသော် ဓနဥယျာဉ်သူဌေး၏ ကျွန်နှစ်ယောက်သည် နွားခိုးသတ်စား သောပြစ်မှုကို ကျူးလွန်လေရာ ထုတ် ပြန်ထားသောဥပဒေအရ သူဌေးသည် အရေးယူခံရမည်ကို စိုးရွံ့လွန်းသဖြင့် မင်းထီးမင်း၏ ဦးရီးတော် အနန္တဘယ အား ကြီးစွာသောလာဘ်ထိုးလျက် ထို ကျွန်နှစ်ယောက်အား ဦးရီးတော်ကျွန် များဟုခံပေးရန် တောင်းပန်လေသည်။

သူဌေးဖြစ်သူက သူ၏ကျွန်များကို ဦးရီးတော်၏ကျွန်များဟုဆိုလျှင် အပြစ် မှကင်းလွတ်ခွင့်ရမည်ဟု ယုံကြည်သော ကြောင့်ဖြစ်သည်။ တကယ်လည်း မင်း ထီးမင်းအဖို့ ဦးရီးတော်အပေါ်၌ ကျေး ဇူးကြီးလှပေသည်။ သူခုနစ်နှစ်အရွယ် ထီးနန်းတက်သောအခါဝယ် ဦးရီးတော် ရင်ခွင်မှထိုင်၍ တိုင်းပြည်အုပ်ချုပ်ခဲ့ သည်မှာ အရွယ်ရောက်သည်အထိ ဖြစ် သည်။ ဦးရီးတော်၏ ကူညီစောင့်ရှောက် မှုရယူခဲ့ရသည့်သဘော ဖြစ်လေသည်။ သို့တစေ လက်တွေ့တွင် မင်းထီးမင်း သည် ထိုအမှုကို စီရင်သောအခါတွင် ကျွန် မကောင်းလျှင် သခင်ဆိုသော ဥပဒေအတိုင်း ဦးရီးတော်အနန္တဘယသည် ပြစ်ဒဏ်ပေးကွပ်မျက်ခြင်းကိုခံခဲ့ရသည်။

သို့ကလို ဥပဒေအထက်တွင် မနေတတ်သော မင်းထီးမင်းနှင့် သက် မင်းမင်းရှင်စောတို့၏ ဆက်ဆံရေးသည် အနော်ရထာမင်းကြီးနှင့် မနူဟာမင်းတို့ ၏ ဆက်ဆံရေးထက် ကိုးဆယ်ဆသာ လိမ့်မည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လောကသာရပျို့

ဤလောကသာရပျို့သည် မြန်မာစာပေလောကထဲတွင် နေတစ်ဆူလတစ်ပါးလို ထင်ရှားလှပေသည်။ သက္ကရာဇ် ၆၉၅ ခုနှစ်နှင့် ၇၀၅ ခုနှစ်ကြား အင်းဝပင်းယခေတ်တွင် ဤလောကသာရပျို့ကို ရေးသားစီကုံးခဲ့သည်ဟု အများအားဖြင့် လက်ခံခဲ့ကြလေသည်။ နောက်ပြီး ဤလောကသာရပျို့ကို -

၁။ အဟောင်းဆုံးပျို့၊

၂။ လူသိအများဆုံးပျို့၊

၃။ ကာရန်၊ သတ်ပုံမှန်ကန်သောပျို့

အဖြစ် အသိအမှတ်ပြုခံထားရပေသေးသည်။ ပြီး - ကုန်းဘောင်ခေတ်နှောင်းပိုင်း စာပေပညာရှင်များဖြစ်ကြသော ဝေါဟာရတ္ထပကာသနီကျမ်းပြု ဒုတိယကျော်အောင်စံထားဆရာတော်နှင့် သတ်ညွှန်းသစ်ကျမ်းပြု တွင်းသင်းတိုက်ဝန် မဟာစည်သူတို့သည် သတ်ပုံသတ်ညွှန်းအလို့ငှာ ဤလောကသာရပျို့ကို စံထားကိုးကားခဲ့ကြသည်ဟု ဆို၏။

တစ်ခါ အင်းဝ ပင်းယခေတ်မှသည် ကုန်းဘောင်ခေတ်ထိ၊ ယင်းမှ ကိုလိုနီခေတ်ကို ဖြတ်ကျော်လျက် လွတ်လပ်ရေးရပြီး ပါလီမန်ခေတ်နှင့် တော်လှန်ရေးကောင်စီခေတ်ဦးထိတိုင် မြန်မာနိုင်ငံတစ်ဝန်း၌ စာသင်သားတို့သည် ဤလောကသာရပျို့ကို လေ့လာသင်ကြားဆည်းပူးခဲ့ရမြဲ ဖြစ်သည်။

သို့ကလို အစဉ်အလာကြီးမားလှသော လောကသာရပျို့ကို အဘယ်သူ ရေးသားစီကုံးခဲ့သနည်း။ ယေဘုယျအားဖြင့် ဤပျို့ကို ကန်တော်မင်းကျောင်းဆရာတော် စီကုံးရေးသားသည်ဟု ဖော်ပြလေ့ရှိကြပါသည်။ သို့ဆိုလျှင် ကန်တော်မင်းကျောင်းဆရာတော်သည် အဘယ်သို့သောပုဂ္ဂိုလ်နည်း။ ဤမေးခွန်းအတွက် အဖြေနှစ်ခု (ဝါ) အဆိုနှစ်ခု ရှိနေသည်က ဝေဖန်စောကြောစရာ အလွန်ကောင်းနေပေသည်။

ပထမအဆိုကတော့ အင်းဝပြည့်ရှင် ထူပါရုံဒါယကာ နရပတိမင်း၏သမီးတော် အင်းဝဒုတိယမင်းခေါင်မင်း၏ အရီးတော်၊ စစ်ကိုင်းမိဖုရား၏ ဆရာအရှင် ကန်တော်မင်းကျောင်းဆရာတော် အရှင်မဟာကဿပတ္ထေရ်က ရေးသား စီကုံးသည်ဟု ဆို၏။

ဒုတိယအဆိုကမူ အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲမင်း၏ ငယ်ဆရာ ရခိုင်သူမြတ်ခေါ်ရှင် အဂ္ဂသာရခေါ် ရခိုင်ဘုန်းကြီးက ဤလောကသာရပျို့ကို ရေးသားစီကုံးခဲ့သည်ဟု ဆိုလေ၏။ မင်းကြီးစွာစော်ကဲ မင်းဖြစ်ပြီး (၁၆) နှစ်ကြာမှ သူ့ငယ်ဆရာ ရခိုင်သူမြတ်ကို အင်းဝနေပြည်တော်သို့ ပင့်ခေါ်ပြီး မဟာသယ်ရာဇာတံဆိပ်တော်ကိုကပ်လှူကာ မင်္ဂလာကန်တော်အနီးတွင်ကျောင်းဆောက် လှူဒါန်း ကိုးကွယ်ခဲ့သည်ဟု ဆို၏။ ထို့ကြောင့် ထိုကျောင်းကို 'ကန်တော်မင်းကျောင်း' ဟု ခေါ်ဝေါ် သမုတ်ခဲ့ကြသည် ဟူ၏။

ပထမအဆိုကို အုတ်ကျောင်းဆရာတော် ဦးမဏိ၊ ဦးပို၏ နောင်တော်ပြည်ဆရာတော်ဦးမှတ်၊ သံတော်ဆင့် ဇေယျာသင်္ခယာနှင့် ကင်းဝန်မင်းကြီး ဦးကောင်းတို့က ထောက်ခံခဲ့ကြသည်။ ဒုတိယအဆိုကိုမူ မဟာရာဇဝင်ကြီးကို ရေးသားခဲ့သော ဦးကုလား၊ ဧည္ဇဝတီ အရေးတော်ပုံကို ရေးသားခဲ့သော ဦးကဝိသာရ၊ သာသနလင်္ကာရစာတမ်းကို ရေးသားခဲ့သော မောင်းထောင်ဆရာတော် လောကသာရပျို့အဖြေ အဘိဓာန်ကို ရေးသားခဲ့သော ဆရာမင်းသုဝဏ်တို့ကအတည်ပြုခဲ့ပေသည်။

တစ်ခါ ပထမအဆိုကို ဗမာစာပေပညာရှင် ဗမာစာပေသုတေသီအများစုတို့ လက်ခံကြပြီး ဒုတိယအဆိုကို ရခိုင်စာပေပညာရှင် ရခိုင်စာပေသုတေသီတို့က လက်ခံခဲ့ကြသည်။ ထိုအုပ်စုနှစ်စုကြားတွင် ဤလောကသာရပျို့အတွက် စာပေတိုက်ပွဲဆင်ခဲ့ကြမှာ ခေတ်အဆက်ဆက်ဖြစ်သည်။ တုတ်ထမ်း၊ ဓားထမ်းပြောရသော ပုဂံရာဇဝင်စာပေတိုက်ပွဲက ဆရာ့ဆရာဆရာကြီးဟု ခေါ်ယူရလောက်အောင် ပြင်းထန်ခဲ့ကြသည်။

စိတ်ဝင်စားစရာတစ်ခုက ရခိုင်ရာဇဝင်အလိုအရ ပထမ မြောက်ဦးမြို့တည်နန်းတည် မင်းစောမွန်မင်းလက်ထက်တစ်ကြိမ်၊ ဒုတိယမြောက်ဦးမြို့တည်နန်းတည် မင်းဗာကြီးမင်းလက်ထက်ကထုတ်ပြန်ခဲ့သော တိုင်းသူပြည်သားတိုင်းလိုက်နာရမည့် အဌစတ္တာလီသ (၄၈) ပါး ကျင့်ဝတ်တရားသည် အဆိုပါ လောကသာရပျို့ကို ကျောရိုးပြု စီရင်ရေးဆွဲခဲ့ခြင်းပင် ဖြစ်သည်ဟု ဆို၏။

ဤနေရာမှာ ဒုတိယအဆိုကို ရည်ညွှန်းလျက် ဦးကုလား၏မဟာရာဇဝင်တော်ကြီးနှင့် ရခိုင်ရာဇဝင်များကို ကိုးကားလျက် မင်းကြီးစွာစော်ကဲမင်းနှင့် လောကသာရပျို့ နွယ်ယှက်မှုကို တင်ပြချင်ပါသည်။

မင်းကြီးစွာစော်ကဲမင်း ငယ်နုစဉ်ဘဝတုန်း (ဝါ) နိမ့်စဉ်ဘဝတုန်းက ရခိုင် လောင်းကြက်ပြည့်ရှင် မင်းထီးမင်းထံ တွင် သုံ့ပန်းဘဝဖြင့် နေထိုင်ခဲ့ရသည်။ ဖခမည်းတော်နှင့် မယ်တော်မှာ သရက် မင်းရှင်စော (သက်မင်းမင်းရှင်စော) နှင့် ရှင်မြတ်လှဖြစ်ပြီး သူ့မှာ နောင်တော် နှစ်ပါးနှင့် နှမတော်နှစ်ပါးရှိကြသည်။ သူတို့ညီအစ်ကိုတို့၏ ငယ်မည်မှာ နောင် တော်ကြီးက စောစုံ၊ နောင်တော်လတ် က စောဖြူ၊ ညီတော်ငယ် စောတူ ဖြစ် ကြသည်။ ညီတော်ငယ် စောတူသည် မင်းကြီးစွာစော်ကဲမင်းဖြစ်လာမည့်သူ ဖြစ်သည်။

သူတို့ သုံ့ပန်းမင်းသားညီနောင် သုံးဖော်တို့သည် ပိဋကတ်ဗေဒင်တတ် ရခိုင်သူမြတ်ခေါ် ရှင်အဂ္ဂသာရထံတွင် ပညာသင်ကြားခွင့်ရရှိခဲ့သည်။ ရခိုင်သူ မြတ်သည် သူတို့၏ အရည်အသွေး ကြည့်၍ မင်းသားတို့၏ တတ်အပ်သော ပညာများကို သင်ကြားပေးလေသည်။ မောရိယပြည့်ရှင်ဖြစ်လာမည့် စန္ဒ မင်းသားအတွက် သူ့ဆရာ အရှင်ဇနက ပုဏ္ဏားက ဇနက္ကနီတိကို ရေးသားသည့် ပင် စောစုံ၊ စောဖြူ၊ စောတူ မင်းသား ညီနောင်အတွက် ရခိုင်သူမြတ်က လော ကသာရပျို့ကို ရေးသားခြင်းသည် ဖြစ်၏။ အဆိုပါ လောကသာရပျို့သည် ထိုမင်းသားသုံးပါးတို့အတွက် သင် ညွှန်းတမ်းပင် ဖြစ်သည်။

ဤတွင် စောဒကတက်စရာတစ်ခု မှာ ထိုသုံ့ပန်းမင်းသားတို့သည် သို့ ပညာမျိုး သင်ကြားခွင့်ရှိပါသလားဟူ ပင်၏။ တခြားမင်းတို့ဆိုလျှင် မပြော သာသော်လည်း ဤမင်းထီးမင်းသည် နိမ့်စဉ်က သုံ့ပန်းဘဝမျိုးဖြင့်နေခဲ့ရသ အမြင့်ရောက်သောအခါတွင် ရှေ့၌ဆို သလိုပင် ဥပဒေအထက်တွင်မနေသော မင်းဖြစ်နေသောကြောင့် ထိုမင်းသား သုံးယောက်တို့ အခွင့်ရရှိခြင်းဖြစ်သည်ဟု ဆို မည်ဖြစ်၏။

ပသို့ပင်ဆိုစေ ထိုမင်းသားသုံးပါး တို့သည် ရခိုင်သူမြတ်ထံတွင် ပညာသင် ကြားခွင့်ရရှိခဲ့သည်က အမှန်ပင်။ တစ် သောညဉ့်၏ အရဏ်တက်တွင် ဆရာ အရှင်ရခိုင်သူမြတ်မှ နောင်တော်ကြီး စောစုံက စမုန်မြစ်ရေကို၊ နောင်တော် လတ် စောဖြူက ဖိုးဦးမော်မြစ်ရေကို၊ ညီတော်ငယ်စောတူက အဝမြစ်ရေကို သောက်သုံး၍ကုန်သည်ဟု အိပ်မက် မက်လေသည်။

ထိုအခါ ရခိုင်သူမြတ်သည် ထို

www.burmeseclassic.com

…သုံးပါးတို့အား အမောင်တို့သည် …ဖြစ်မည့်သူချည်းဖြစ်သဖြင့် ဤတိုင်း …မှာမနေကြလင့်။ အရှေ့ပြည်သို့ …ကြကုန်လောဟု မိန့်မှာလေသည်။ …ရာဇ် ၇၀၅ ခုနှစ် ခွင့်သာသော …နေ့တွင် ထိုမင်းသားသုံးပါးတို့သည် …ရှေ့ပြည် (အင်းဝ၊ စစ်ကိုင်း၊ ပင်းယ) …ထွက်ပြေးလွတ်မြောက်သွားကြလေ …၊ နောင်တော်ကြီးနှင့် နောင်တော် …တို့သည် ပင်းယစံကားခုနစ်ကျောင်း …ကာ ဥဇနာမင်းထံ ခိုလုံခစားကြ …၊ ညီတော်ငယ် စောတူမင်းသား … စစ်ကိုင်း ဆင်ဖြူရှင် တရုတ်ဖျား …ထံဝင်ရောက်ခစားသည်။

သိပ်မကြာမီမှာပင် နောင်တော် …သည် မြင်းစိုင်းရွှေနန်းရှင်ဖြစ်လာ …။ နောင်တော်လတ်သည် ပြည်စား …ရန်နောင်ဖြစ်လာသည်။ ညီငယ် …တူသည် အမြင့်မြို့စား တရုတ်ဖျား …လာသည် ဟူ၏။ သက္ကရာဇ် ၇၂၉ …တွင် အင်းဝပြည့်ရှင် သတိုးမင်းဖျား … နတ်ရွာစံသောအခါ၌ အမြင့်မြို့စား …ရုတ်ဖျား (စောတူမင်းသား) သည် …င်းဝမင်းကြီး စွာစော်ကဲမင်းအဖြစ် …င်မြောက်ခြင်းခံခဲ့ရသည်။ မင်းကြီး …စော်ကဲမင်းသည် သူမင်းဖြစ်ပြီး (၁၆) …ကြာမှ သူ့ငယ်ဆရာ ရခိုင်သူမြတ် … အင်းဝနေပြည်တော်သို့ ပင့်ခေါ် …မြောက်ရလေသည်ဟူ၏။ ဗမာရာဇ …တချို့တွင် မင်းကြီးစွာစော်ကဲမင်း၏ …ယ်ဆရာ ရခိုင်သူမြတ်ကို မင်းကြီးစွာ …စော်ကဲမင်း၏ငယ်ဆရာ ရခိုင်ဘုန်းကြီး … ဖော်ပြကြသည်ကို တွေ့ရှိရသည်။ …င်ဘုန်းကြီးပေးသောယတြာကြောင့် …င်းကြီးစွာစော်ကဲမင်းဒုက္ခရောက်ရပုံ၊ …ယတြာကိုဖြေသော မဟာယတြာကြီး …ကြောင့် မင်းကြီးစွာစော်ကဲမင်းချမ်းသာ …ရောက်ရပုံကိုလည်း ဖော်ပြတွေ့ရှိ …သည်။

ဤကား မင်းကြီးစွာစော်ကဲမင်း၊ …င်သူမြတ်၊ လောကသာရပျို့တို့၏ …င်ယှက်နွယ်မှုများပင် ဖြစ်သည်။

**…စောမွန်ကြီး**

အင်းဝပြည့်ရှင် မင်းကြီးစွာစော်ကဲ …မင်း ၇၂၉- ၇၆၂ လက်ထက် သက္ကရာဇ် …၇၅ ခုနှစ်တွင် ဓညဝတီရခိုင်ပြည်က …င်းဘီလူးမင်း သေလွန်သဖြင့် ရခိုင် …တ်တို့ အင်းဝပြည့်ရှင် မင်းကြီး …စော်ကဲမင်းထံ တိုင်းပြည်အုပ်ချုပ်မည့် …င်းလျာတောင်းခံရာ မင်းကြီးစွာစော်ကဲ …င်းက ဦးရီးတော် စောမွန်ကြီးကို ရခိုင်ပြည်ကို အုပ်ချုပ် မင်းလုပ်ရန် စေလွှတ်ခဲ့ကြောင်း၊ စောမွန်ကြီးက ရခိုင်ပြည်ကို သက္ကရာဇ် ၇၃၅ ခုနှစ်မှ ၇၄၂ ခုနှစ်တိုင် အုပ်ချုပ်ခဲ့ကြောင်း၊ ထိုစောမွန်ကြီးကွယ်လွန်သွားသည့်အခါတွင် မင်းကြီးစွာစော်ကဲမင်းက သူ၏ငယ်ကျွန် စောမည်းအား ရခိုင်ပြည်ကိုအုပ်ချုပ်ရန်စေလွှတ်ကြောင်း၊ စောမည်းသည် ဉာဏ်ပညာကင်းမဲ့နှလုံးရည်အားနည်းသောကြောင့် ရခိုင်တို့က မကြိုက်သဖြင့် နှင်ထုတ်ကာ ရခိုင်မင်းတစ်ပါးဖြစ်သော နန်းကျကြီးမင်း၏ မြေးတော်ကျော်စွာအား ရခိုင်မင်းအဖြစ် တင်မြှောက်ကြောင်း စသဖြင့် မှန်နန်းရာဇဝင်၊ ဦးကုလားမဟာရာဇဝင်ကြီး အပါအဝင် ဗမာရာဇဝင်အချို့၌ ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။

သို့တစေ ရခိုင်ရာဇဝင်များထဲ၌ ထိုသို့မဟုတ်ပါလေ။ ဤတွင် အင်းဝမင်းကြီးစွာစော်ကဲမင်း ၇၂၉ - ၇၆၂ နှင့် ထီးပြိုင်နန်းပြိုင် ရခိုင်မင်းတို့သည် အဘယ်သူတို့နည်း ဆိုသည်ကို ရခိုင်ရာဇဝင်များနှင့် ညှိနှိုင်းစောကြောကြည့်ကြပါမည်။ ထိုစဉ်က အင်းဝနေပြည်တော်နှင့် ခေတ်ပြိုင် ရခိုင်မင်းတို့၏ နေပြည်တော်မှာ လောင်းကြက်နေပြည်တော်ပင် ဖြစ်သည်။ မင်းကြီးစွာစော်ကဲမင်းနှင့် ထီးပြိုင်နန်းပြိုင်ရခိုင်မင်းများမှာ ရခိုင်ရာဇဝင်များအလိုအရ အောက်ပါအတိုင်းဖြစ်သည်။

- မင်းထီးမင်း (၆၄၅- ၇၅၁)
- ဥစ္စနာငယ်မင်း (၇၅၁- ၇၅၃)
- သိဝရာဇ်မင်း (၇၅၃- ၇၅၄)
- သိဓွည်းမင်း (၇၅၄- ၇၅၆)
- ရာဇသူမင်း (၇၅၆- ၇၅၈)
- သံတွဲစားစည်သဘင်အမတ် (၇၅၈ - ၇၅၉)
- ပြင်စည်စားအမတ် (၇၅၉) (ငါးလတည်းသာ)
- နန်းကျရာဇသူမင်း (၇၅၉ - ၇၆၃)
- သိင်္ဂသူမင်း (၇၆၃ - ၇၆၆)
- မင်းစောမွန်မင်း (၇၆၆ - ၇၆၈)

ရခိုင်ရာဇဝင်အလိုအရ မင်းကြီးစွာစော်ကဲမင်းသည် နန်းစံသက် (၃၃) နှစ်ရှိရကား မင်းထီးမင်းနှင့်မင်းပြိုင် (၂၂) နှစ် နန်းစံခဲ့ရသည်။ ကျန်နန်းသက် (၁၁) နှစ်ကို ဥစ္စနာငယ်မင်းအစ နန်းကျရာဇသူမင်းအထိ (ရာဇသူမင်း ထီးနန်း နှစ်ကြိမ်ရသည်ကို သတိပြုပါ။) မင်း (၇) ဆက်တိုင် မင်းပြိုင်ပြုခဲ့ပါသည်။ မှတ်သားစရာတစ်ခုမှာ မင်းထီးမင်း၏ နန်းသက်သည် (၁၀၆) နှစ်ထိရှည်လျားခဲ့ပြီး သက်တော်သည် (၁၁၄) နှစ်အထိ ရှည်တော်မူခဲ့သည်။ ရခိုင်ရာဇဝင်၌ မင်းထီးမင်းကို မင်းကောင်းမင်းမြတ်အဖြစ်၊ ဥပဒေအထက်၌ မနေသောမင်းအဖြစ် စစ်သည်ရဲမက်ကောင်းများရှိသောမင်းအဖြစ် ဖော်ပြလေ့ရှိပါသည်။

နောက်မေးစရာ၊တွေးစရာတစ်ခုက ဗမာရာဇဝင်များအလိုအရ မင်းကြီးစွာစော်ကဲမင်း၏ ဦးရီးတော် စောမွန်ကြီးသည် ရခိုင်ပြည်ကို သက္ကရာဇ် ၇၃၅ - ၇၄၂ ခုနှစ်ကာလထိ အုပ်ချုပ်ခဲ့သည်ဟု ဖော်ပြထားသော်လည်း ရခိုင်ရာဇဝင်များအလိုအရ ထိုအချိန်ကာလသည် မင်းထီးမင်း (၆၄၅ - ၇၅၁) စိုးစံတော်မူနေသောကာလဖြစ်နေခြင်းပင်ဖြစ်သည်။ ဝေဖန်ဖို့နှင့် သုတေသနပြုဖို့ကောင်းလှပေသည်။

တခြားထောက်ပြစရာတစ်ခုက ရခိုင်ရာဇဝင်ထဲတွင် လောင်းကြက်ပြည့်ရှင် စောမွန်ကြီးမင်း ဟူ၍တော့ရှိသည်။ သို့သော် သူ၏ နန်းစံကာလမှာ သက္ကရာဇ် ၆၃၁ ခုနှစ်မှ ၆၃၅ ခုနှစ်ထိ ဖြစ်သည်။ မင်းထီးမင်း၏ ဘေးတော်မင်းပင် ဖြစ်သည်။ ပြီး စောမည်းကို မကြိုက်၍ ရခိုင်သားတို့က နန်းချကာ နန်းကျကြီးမင်းမြေးကျော်စွာကို နန်းတင်သည်ဟု ဗမာရာဇဝင်များက ဆိုထားပြန်သည်။ ရခိုင်ရာဇဝင် လောင်းကြက်မင်းဆက်ဇယား၌ ကျော်စွာမင်းဟု မပါရှိပါ။ တကယ်တော့ နန်းကျကြီးမင်း၏ မြေးတော်မှာ မင်းထီးမင်းဖြစ်ပါသည်။ ဆန်းစစ်သုံးသပ်ဖို့ကောင်းလှပေသည်။

ဤနေရာမှာ စောဒကတက်စရာတစ်ခုက မင်းကြီးစွာစော်ကဲမင်းသည် ရခိုင်ပြည်သို့ မင်းလျာပို့သည်ဆိုခြင်းထက် ရခိုင်ပြည်ကို ဝင်ရောက်တိုက်ခိုက်သည်ဟုဆိုခြင်းက ပိုသဘာဝကျလိမ့်မည်ထင်သည်။ အဘယ်ကြောင့်ဆိုသော် သူနှင့် သူ့နောင်တော်များသည် ရခိုင်ပြည့်ရှင် မင်းထီးမင်းထံ သံ့ပန်းဘဝနှင့် နေထိုင်ခဲ့ရသာမက သူ၏ဖခမည်းတော်၊ မယ်တော်နှင့် နှမတော်များသည် ရခိုင်ပြည်ထဲ၌ သံ့ပန်းဘဝနှင့်ရှိနေဆဲပင် မဟုတ်ပါလား။ သို့သော် မင်းကြီးစွာစော်ကဲမင်းကြီးသည် ရခိုင်ပြည်ကို စစ်မတိုက်ခဲ့ပါ။ ဟံသာဝတီပြည်ကြီးနှင့် သာလျှင် နှစ် (၄၀) စစ်ပွဲကြီးကို ဆင်နွှဲခဲ့ပေသည်။ စစ်ကြောသုတေသနပြုဖို့ အလွန်ကောင်းလှပေသည်။

ခိုင်နိုးအောင် (ဂျီကို)



www.burmeseclassic.com

www.burmeseclassic.com

ဤဇာတ်လမ်းသည် နယ်သို့ကွင်းဆင်းလေ့လာခဲ့သောကြောင့် ရရှိခဲ့ခြင်းမျိုးမဟုတ်ပါ။ မြို့ပေါ်ရှိ သူငယ်ချင်းဆိုင်သို့ဝင်ရာမှ မျှော်လင့်မထားဘဲ ဤဇာတ်လမ်းကိုရခဲ့ခြင်းသာ ဖြစ်ပါ၏။ ယခင်က ကျော်စံလှဆိုင်တွင် ကျွန်တော်က ဆေးဝယ်လေ့မရှိ။ သိကျွမ်းသည့်မိတ်ဆွေမဟုတ်၍ သူ့ဆိုင်သို့မဝင်ခြင်းလည်းဖြစ်ပါသည်။ တစ်နေ့ သူ့ဆိုင်နှင့် (၄) ဆိုင်ကျော်မှ ဆိုင်ရှင်နှင့် ကျွန်တော်က စကားပြောအဆင်မပြေခဲ့။ ထို့ကြောင့် သူ့ဆိုင်သို့ မထင်မှတ်ဘဲဝင်ခဲ့ခြင်းသာ ဖြစ်ပေ၏။ စည်းဝါးကိုက်ချင်တော့ ရောင်းသူနှင့်ဝယ်သူက အတော်ကလေး အပေးအယူပြေ ဖြောင့်သွားသည်။

လှက ပထမပန်းအိုးကို ဘုရားကျောင်းဆောင်သို့တင်လိုက်သည်။ ဒုတိယအိုးက ရှင်ဥပဂုတ္တမထေရ်ကျောင်းဆောင်ဟွင် သွား၍တင်လိုက်စဉ် ကျွန်တော်က ရှင်ဥပဂုတ္တမထေရ်ရုပ်တုတော်ကို လှမ်း၍ကြည့်မိသည်။ ကြေးနှင့်သွန်းလုပ်ထားသည်ဟု ဘယ်လိုမှပြောမရ။ ကြေးမဟုတ်မှန်းလည်း အလိုလိုသိနေသည်။ ဝေခွဲ၍မရနိုင်သည့်အဆုံး -


"ဟော့ - ကိုကျော်၊ ဒီရှင်ဥပဂုတ္တမထေရ်ရုပ်တုတော်ကို ဘာသတ္တုနဲ့သွန်းထားတာလဲ။ ကြေးစစ်စစ်တော့ဘယ်လိုမှမဖြစ်နိုင်ဘူး"

"ခင်ဗျားကဘာလို့ထင်သလဲ"

"ရုပ်တုအပြည့်တော့ ဘယ်လာလုပ်နိုင်ပါမလဲ၊ ရွှေပြားခတ်ပညာနဲ့လုပ်ယူတာ။ မျက်နှာတော်ကတော့ ရွှေမှုန်းတယ်။ အတွင်းမှာ ပလတ်စတာရုပ်တုရှိတယ်လေ"

"ဘယ်လိုပဲ ပလတ်စတာရုပ်ကို ငုံလုပ်လုပ် ရွှေတန်ဖိုးက နည်းမှာမဟုတ်ဘူး။ ဆိုင်သိမ်းရင် ဒီအတိုင်းထားခဲ့လား"

"ခင်ဗျားကလည်း၊ စစ်စစ်ပေါက်ပေါက်မေးပြန်ပြီ။ ဘယ်လာထားခဲ့



ကျော်ဇံလှကို ပိုမိုခင်ရခြင်းမှာ သူကလည်း ကျွန်တော်တို့လိုစာပေဝါသနာရှင် ဖြစ်နေလို့ပါပဲ။ အထူးသဖြင့် သူရဋ္ဌမဂ္ဂဇင်းကို လက်မလွှတ်တမ်းဖတ်သည့်သူ။ သူ့အပြောကြောင့် သွေးတိုးစမ်းသည့်အနေဖြင့် ဟိုဆောင်းပါးဒီဆောင်းပါးကို စကားစလိုက်သည်နှင့် သူကပင်ဗိုးဗိုးဒေါက်ဒေါက်ပြန်၍ဆွေးနွေးနေပြန်သည်။ သည်လိုနှင့် ကျော်ဇံလှဆိုင်တွင် ကျွန်တော်က ထာဝရဖောက်သည်ဖြစ်လာသည်။ သူ့ဆိုင်မှလွဲ၍ ဘယ်ဆေးဆိုင်မှ ဆေးမဝယ်တော့။

တစ်နေ့တွင် သူ့ဆိုင်သို့ ဆေးမဝယ်ဘဲ စကားပြောရန်ဝင်လိုက်သည်။ ကျော်ဇံလှက စကားမပြောအားသေး။ နှင်းဆီပန်းတစ်စီးအား ဘုရားပန်းအိုးနှစ်အိုးပြင်နေ၍ ကျွန်တော်က အလိုက်တသိ ခေတ္တငြိမ်၍နေလိုက်၏။ ကျော်ဇံ

"တစ်မျိုးတော့တစ်မျိုးပဲ၊ ရွှေများဖြစ်နေမလားလို့"

"ခင်ဗျားသိချင်လား"

"သိချင်လို့မေးနေတာ၊ ခင်ဗျားကဈေးကိုင်နေပြန်ပြီ"

"ခင်ဗျားဘယ်သူ့မှမပြောဘူးလို့ကတိပေးရင်ပြောပြမယ်"

"စိတ်ချပါဗျာ၊ ကျွန်တော်က နှုတ်တော့မဖွာဘူး၊ လက်တော့ဖွာတယ်။ တကယ်သိသွားလို့ရေးတောင် ခင်ဗျားနာမည်နဲ့ ဆိုင်တွေလွှဲပြီးရေးမှာပါ။ ဒီကတိတော့ပေးနိုင်ပါတယ်"

"လုပ်ပြီ၊ ခင်ဗျားကအစလေးနည်းနည်းမထွက်လိုက်နဲ့ ရေးဖို့ဟန်ပြင်တော့တာပဲ။ ခင်ဗျားဝေဖန်သလို ရွှေအစစ်ဖြစ်ပါတယ်။ ကဲ - ကျေနပ်ပြီလား"

"အင်း၊ ရွှေဆိုရင် ဆက်ပြီးမေးရဦးမယ်။ အထဲက အခေါင်းလား၊ အပြည့်လား"





www.burmeseclassic.com

www.burmeseclassic.com

...အိမ်ကိုပြန်ပင့်သွားတယ ဈေး...တော့ ပြန်ပြီးပင့်လာတာပေါ့။ ...လူတိုင်းမသိကြပါဘူး။ ခင်ဗျား ...ာရေးဆရာမျက်စိနဲ့ နှိုက်နှိုက်ချွတ်...က်ကြည့်နေလို့ သတိထားမိတာ...

"အင်း - ရွှေနဲ့တောင်လုပ်ထား...ရင် ခင်ဗျားဘဝမှာ အကြီး...ယ်ပြောင်းလဲသွားလောက်အောင် ...ဖြစ်စဉ်ရှိရမယ်။ ဒီကိစ္စကလည်း ...ဥပဂုတ္တမထေရ်နဲ့ပဲပတ်သက်နေရမယ်။ ဒါကြောင့် ခင်ဗျားဟာ ကျေးဇူးရှင်ကို သူများနဲ့မတူအောင် ထူးထူးခြားခြား ပူဇော်မယ်ဆိုပြီးရွှေနဲ့ထုလုပ်ခဲ့တာမဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားဝေဖန်နေတာ အကြားအမြင်ဆရာတစ်ယောက်ပြောနေသလိုပါပဲ။ ဘာမှကိုငြင်းစရာမရှိဘူး"

"ငြင်းစရာမရှိရင် အဲဒီထူးခြားဖြစ်စဉ်ကို ကျွန်တော်ပြောပြလေဗျာ"

ပထမတွင် ကျော်ဇံလှက အင်းမလှုပ်အဲမလှုပ်။ သူ့ဖြစ်စဉ်ကို တော်တော်နှင့်မပြော။ ကျွန်တော်က နားပူနားဆာလုပ်လွန်း၍ မနေသာသည့်အဆုံး ဖြစ်ရပ်မှန်သူ့ဇာတ်လမ်းအား အောက်ပါအတိုင်းပြောပြခဲ့ပါသည်။

*

ဒီထူးခြားတဲ့ဖြစ်စဉ်က လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်က အဖြစ်အပျက်ပါပဲ။ ဒီအကြောင်းကို ဘယ်သူ့ကိုမှမပြောဘူးလို့ ဆုံးဖြတ်ထားတာဗျ။ ခင်ဗျားကတော့ စုံထောက်မျက်စိနဲ့ကြည့်လို့သိလိုက်တာရယ်၊ ဂမ္ဘီရလိုင်းချင်းတူတာရယ်၊ အရှင်ဥပဂုတ္တမထေရ်ကို ခင်ဗျားကိုယ်တိုင်သုရဒ္ဓမဂ္ဂဇင်းမှာ အကျယ်ရေးခဲ့သူဆိုတော့ ခင်ဗျားကသိသင့်တဲ့လူပေါ့။ ပြီးတော့ ဖွင့်ပြောဖို့အချိန်တန်ပြီလို့ သတ်မှတ်ထားလို့ ပြောပြပါတော့မယ်။

ကျွန်တော့်ဇာတိက လက်ပံရွာ။ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော်မှာ ကျွန်တော်က လက်သမား ဆရာ။ အထူးသဖြင့် လှေဆက်ရတာများပါတယ်။ ကျွန်တော့်ဆရာကလည်း အိမ်ဆောက်တာထက် လှေဆက်တာကများနေတာကိုး။ဒီတော့

# (ဦးပဒေ) စိုးတွန်း

## ဖောင်တော်ပြင်ကုသိုလ်ထူး



လှေဆက်ပညာကို ပိုပြီးကျွမ်းတာပေါ့။ ကျွန်တော့်ဆရာက သက်ဆိုးမရှည်ပါဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားတယ်။ ဆရာမရှိတော့ ကိုယ့်လှေကိုယ်ဆက်ပြီး လက်ပံနဲ့ မြို့နဲ့ ကုန်ကူးတယ်လေ။

ကျွန်တော်ကုန်ကူးပြီဆိုရင်တော့ မိုးရာသီပဲ။ ကျွန်တော်တို့ရွာက မိုးတွင်းဆိုရင် တစ်ရွာလုံးလယ်ထဲဆင်းကြတယ်။ ရွာလမ်းတွေက ဒီခေတ်လိုမကောင်းဘူး။ ရွှံ့တွေဗွက်တွေပြည့်နေတဲ့လမ်းဆိုတော့ ရိုးရိုးလမ်းလျှောက်တောင် ခပ်ခက်ခက်ပဲ။ ဒီလို သွားရေးလာရေးခက်ခဲနေချိန်မှာ ကျွန်တော်က လှေတစ်စင်းနဲ့ မြို့က ကုန်တွေဝယ်၊ တောမှာပြန်ရောင်း အိုးစေ...



www.burmeseclassic.com

www.burmeseclassic.com

ပဲ။ မိုးတွင်း (၅) မှာ အလုပ်က ပြတ်တယ်မရှိဘူး။

ဒီလိုနဲ့ နွေရာသီရောက်တာနဲ့ ရွာကလူတွေက သူတို့ကိုယ်တိုင်မြို့တက်ပြီး ကုန်ဝယ်ကြတယ်လေ။ ကျွန်တော့်အလုပ်က နွေဆိုရင် ဘိုင်ထေးဘေးထိုင်သွားတာပဲ။ အခုလိုကုန်မသယ်ဖြစ်တော့ တတ်ထားတဲ့လက်သမားပညာနဲ့ ခွေးခြေပုလေးတွေ၊ ပန်းကန်စင်တွေ၊ သောက်ရေအိုးစင်တွေလုပ်ပြီး ရောင်းတာပေ့ါ။ ကျွန်တော်က ဆရာ့နောက်ကို (၂) နှစ်လောက်သာလိုက်ဖူးတော့ ကျွန်တော့်ကို အိမ်မဆောက်တတ်ဘူးထင်ပြီးမအပ်ကြဘူးဗျ။

တစ်နေ့ ဘကြီးထွန်းခင်လယ်ကို ဘယ်လိုသွားချင်မှန်းမသိဘူး။ ကျွန်တော်လုပ်ပြီးသား ရေအိုးစင်၊ ပန်းကန်စင်၊ ခွေးခြေပုတွေက ထင်သလောက်မရောင်းရဘူး။ ဒါကြောင့် ရှိတာတွေကုန်မှထပ်လုပ်မယ်။ ဒီနေ့တော့ ဘကြီးထွန်းခင်လယ်ကိုသွားဖြစ်အောင်သွားရမယ်လို့ အဆာပြေစားပြီးတာနဲ့ထွက်လိုက်တယ်။ ဘကြီးထွန်းခင်လယ်က ရွာနဲ့အဝေးဆုံးပဲ။ မြစ်ကမ်းဘေး ဗျိုက်လယ်တွေဆိုတော့ စပါးထွက်ကကောင်းမှကောင်း။သူ့လယ်ဘေးမှာ ချောင်းကလေးတစ်ချောင်းလည်းရှိလေရဲ့။ဒီချောင်းက လက်ပံရွာထိရောက်တယ် လေ။

ဒီချောင်းလေးဘေးမှာ ကုက္ကိုပင်တစ်ပင်ကလည်း အုပ်အုပ်ဆိုင်းဆိုင်း။ ဘကြီးထွန်းခင်လယ်ကိုလုပ်တဲ့ လယ်သမားတွေလည်း ထမင်းစားရင် ဒီအပင်အောက်မှာပဲစားကြတာ။ အနားယူအရိပ်ခိုတဲ့အပင်ဖြစ်လို့ ပင်ခြေမှာရှင်းနေတာပဲ။ ကျွန်တော်က အပင်အောက်မှာ ဇိမ်ယူမယ်ဆိုပြီး ပါလာတဲ့ပလတ်စတစ်ခင်းရုံရှိသေး ရေစီးနဲ့မျောလာတဲ့ ရှင်ဥပဂုတ္တဖောင်တော်က ချောင်းထဲကို လူတွေဆွဲပြီးသွင်းလိုက်သလို ဝင်လာတယ်ဗျ။

ဒီချောင်းက ရေတက်ဆိုရင်(၁၀၀) ပါ သမ္ဗန်နှစ်စီးတောင်ဝင်လို့ရတဲ့ချောင်း။ အခုဖောင်တော်ဝင်လာတယ်ဆိုတာ ရေဆန်ကိုတိုးပြီးဝင်လာတာနော်။ အထူးသဖြင့် မြစ်ရေကျချိန်ဆိုရင် ချောင်းထဲက ရေဆန်လေ။ ချောင်းရေတွေက မြစ်ထဲကို ဝါးလုံးထိုးဆင်းနေတဲ့အချိန်။ အခုချောင်းရေဆန်ကို ဖောင်တော်က တိုးပြီး တအိအိဝင်လာတာတွေ့ရတော့ ကျွန်တော်လည်း ပါးစပ်အဟောင်းသားနဲ့ ကြည့်နေတာပေ့ါ။

ဒီဖောင်တော်ဝင်လာတယ်ဆိုတာ အဝလောက်မဟုတ်ဘူး။ လက်လံ(၇)လံလောက်ဝင်လာတာ။ဘယ်အထိရောက်လာသလဲဆိုရင် ကျွန်တော်ထိုင်နေတဲ့ ကုက္ကိုပင်ခြေရင်းအထိ ရောက်လာတာဗျ။ ကျွန်တော့်ရှေ့ရောက်တော့ ဆက်ပြီးမဝင်တော့ဘူး။ ကြိုးနဲ့ချည်လိုက်သလို ငြိမ်သွားတယ်။ ဒီမြင်ကွင်းကြောင့် ကျွန်တော်လည်း ဘယ်လာအိပ်ဖြစ်ပါတော့မလဲ။ ဒီကိစ္စဟာ ငါနဲ့သက်ဆိုင်နေတယ် ထင်တယ်။ ဘာထူးခြားမှုတွေရှိသေးလဲဆိုပြီး စူးစမ်းချင်တဲ့စိတ်နဲ့ ဖောင်ပေါ်ကို တက်လိုက်တာပေ့ါ။

ဖောင်ပေါ်ရောက်တော့ မြင်ကွင်းက မကောင်းလှဘူး။ အကာတွေက အပေါက်ပေါက်အပြဲပြဲ၊ အမိုးတွေကဖွာလန်ကျဲ၊ ဓနိတွေကဆွေးနေပြီ။ ကြယ်မြင်လမြင်ပါပဲ။ အခင်းဝါးတွေလည်း ကျွတာကျွဲ၊ ကျိုးတဲ့ဟာကျိုး၊ ဖောင်ကိုချည်တဲ့ကြိုးတွေလည်း ဟိုကပြတ်ဒီကပြတ်နဲ့။ ခြုံပြီးပြောရရင် နောက်ရက်တွေဆို ပျက်စီးတော့မယ့်အနေအထားမျိုးပေ့ါ။

အဲဒီမှာ ထူးခြားတာတော့ရှိတယ်။ ဖောင်ကစုတ်ပေမယ့် ရှင်ဥပဂုတ္တရုပ်တုတော်က အရောင်မပျက်ဘူး။ ဆွမ်းတစ်ပွဲကလည်း လတ်လတ်ဆတ်ဆတ်။ သောက်တော်ရေခွက်ကလည်း ရေအပြည့်။ ပန်းလည်းမနွမ်းသေးဘူး။ လက်ရှိအနေအထားကိုကြည့်ပြီး ဒီကိစ္စဟာ အကြောင်းမဲ့တော့မဖြစ်နိုင်ဘူး။ ငါက ပြင်ဆင်ပေးဖို့ တာဝန်ရှိတာမျိုးလားလို့ တွေးပြီး ဒီလိုသစ္စာပြုကြည့်လိုက်တယ်။

'ဤဖောင်တော်ကို ကျွန်ုပ်သည် ပြုပြင်ရန် ပဋ္ဌာန်းဆက်ရှိသူဖြစ်ခဲ့ပါကား ကျွန်ုပ်ပြင်ဆင်ရန် ပစ္စည်းများသွားယူ၍ ပြန်လာသည့်အချိန်အထိ ဤဖောင်တော်သည် မည်သည်နေရာမျှဆက်၍ မရွေ့ပါစေသတည်း'

ဒီလို (၃) ကြိမ် သစ္စာပြုပြီး ကျွန်တော်ရွာကိုပြန်သွားတယ်။ လက်သမားပစ္စည်းတွေဆိုတော့ လှေနဲ့သယ်မှရမယ်လေ။ အိမ်မှာက အမေတစ်ဦးတည်းရယ်။ ကျွန်တော်က အမေ့ကိုရှာကျွေးနေသူဆိုတော့ ကျွန်တော်ဘယ်သွားသွား မမေးဘူး။ အရက်မသောက်၊ ဖဲမချလို့ အမေက စိတ်ချပြီးသား။ ကျွန်တော်လည်း အိမ်ဆောက်ဖို့ လာငှားသလိုလိုနဲ့ မသိမသာထွက်လိုက်တယ်ဗျ။ ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုလူမသိစေချင်ဘူး။

ကျွန်တော်ရောက်တော့ ဖောင်တော်က မူလနေရာကဘယ်မှမရွေ့သေးဘူး။ ကျွန်တော်က လှေနဲ့ကပ်ပြီး ဖောင်ပေါ်ကို တက်လိုက်တယ်။ ကျွန်တော်လည်းတက်ရော ဖောင်တော်ကသိ... လှုပ်ပြီး ချောင်းထဲကပြန်ထွက်ဖို့ဟန်... တယ်ဗျ။ ကျွန်တော့်မှာပါတဲ့အသွား... ခုပါတဲ့ ကျောက်ဆူးနဲ့ ကုက္ကိုမြစ်ကို... ပြီးချိတ်လိုက်ရတာပေ့ါ။ ဘာပဲဖြစ်... မြစ်အပြင်ကိုထွက်ချင်နေတဲ့ဖောင်... ဟာ ကျွန်တော်ရောက်မလာသေး... စောင့်နေတာပဲဖြစ်မယ်။ သစ္စာပြု... မှန်သွားပြီ။ ဘယ်သူ့အကူအညီမှမ... ငါတစ်ယောက်တည်း အကောင်းပ... ဖြစ်အောင်လုပ်မယ်လို့ ဖောင်ပေါ်... သစ္စာထပ်ပြီးပြုလိုက်တယ်။

ကျွန်တော်က ဘကြီးထွန်း... လယ်ကို မနက်အရုဏ်ဆွမ်းဘုဉ်းပေး... လောက်ဆိုရောက်နေပြီ။ ညနေဆို... လည်း မှောင်မှပြန်တယ်လေ။ ဒီ... ရွာသားတွေကမရိပ်မိကြဘူး။ (၁၀)... လောက်လုပ်မှ အလုံးစုံပြီးပါတယ်။ ... သားနဲ့ဆောက်တဲ့ ပြာသာဒ်ဆို... တော်တော်ကလေး သေသပ်တာ... ကျွန်တော်က ငါကိုယ်တိုင်ပြုပြင်... ဖောင်တော်မှ ငါကိုယ်တိုင် (၃)... ဆွမ်းကပ်မယ်လို့ဆုံးဖြတ်ပြီး ကုက္ကို... အောက်မှာ ဆွမ်းချက်ကပ်တယ်... အရှင်ဥပဂုတ္တမထေရ်မြတ်ပြာသာဒ်... မှာ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ အ... တိုင်တွေဆိုတာ မပြတ်ကိုပူဇော်ခဲ့တာ...

(၃) ရက်ပြည့်လို့ မနက်ဖြန်... ရွာဘက်ကိုပို့မယ်လို့ စိတ်ကူးပြီး အဲ... က ဖောင်တော်ပေါ်မှာ အိပ်ဖြစ်တ... ညဘက်မှာ ထူးခြားတဲ့အိပ်မက်ကို... တော့တာပါပဲ။အိပ်မက်ထဲမှာ ကျွန်... က အရှင်ဥပဂုတ္တမထေရ်ကို ... တယ်။ ဒီအချိန်မှာ အသံတစ်သံဝင်... တယ်။

"ကလေး၊ မင်းရွာပြန်ရောက်... စက်ဘီးလေးနဲ့ ထီရောင်းတဲ့သူလာ... မယ်။ ထီသည်ဆီက မင်္ဂလာစုံတွဲ... အုပ်ဝယ်လိုက်"

"ကျွန်တော့်မှာ ဒီထီသုံး... အသာထားလို့ (၃) စောင်လောက်... ဖို့တောင် ငွေမရှိပါဘူး။ ကျွန်တော်... အလုပ် (၁၀) ရက်နားပြီး ဒီမှာ... တော်ပြင်နေတော့ ဘာဝင်ငွေ... ဘူး။ ဒါကြောင့် မဝယ်နိုင်တဲ့အ... ကို ရှင်းပြတာပါ"

"မင်း အခုငွေမရှိပေမယ့်... လာပါလိမ့်မယ်။ မင်းရွာပြန်ရော... နဲ့ အိမ်ဆောက်ဖို့လာပြီးငွေ... မင်းက တန်ရာတန်ကြေးကို...



www.burmeseclassic.com

www.burmeseclassic.com

…က အလိုက်တသိ စရန်တစ်ဝက် …လိမ့်မယ်။ အဲဒီငွေနဲ့ ထီ (၃) အုပ် …ယ်လိုက်ပေါ့။ ပြီးတော့ မင်းရွာကို … ဒီဖောင်တော်ရောက်ပြီး မင်းမှာ … သုံးဖို့ငွေရှိလာပြီဆိုရင် ဒီဖောင် …မှာ သံဃာတော်ငါးပါးဆွမ်းပင့်ကျွေး …၊ ဖောင်တော်ကို စောင့်ရှောက် … ပုဂ္ဂိုလ်အပေါင်းကို အမျှပေးဝေပါ …လို့ (၃) ကြိမ်ပြော၊ (၃) ကြိမ် …ခေါ်လိုက်"

ဒီလိုမက်တာ အရုဏ်ချိန်ပါပဲ။ …တော်က အရုဏ်ချိန်ဆိုရင် ဒီနေ့ …ပျက်မယ့် အကြောင်းအရာပဲလို့ …လိုက်တယ်။ ကျွန်တော့်ရွာကို …တော်လှေနဲ့ ကြိုးချည်ပြီး ဆွဲလာ … ဒါမှ ရွာကို သေချာပေါက်ရောက် …၊ ရွာရောက်တော့ မိုးတောင် …သေးဘူး။ တံတားဘေးကသစ်ပင် …သိမသာလေးချည်ပြီးမှ ရွာပေါ်ကို …တိတ်တိတ်တက်လိုက်တာ ဘယ် …တောင် မနိုးသေးပါဘူး။ ကျွန်တော် …ပိုင်း ရေနွေးကြမ်းသောက်နေချိန် …ဒီလိုထူးခြားတဲ့သတင်းတွေထွက်လာ …ရော။

"ရှင်ဥပဂုတ္တကိုယ်တော်ကအသက် …တ်တာ"

"ဖောင်တောင်က သစ်ပင်အကိုင်း …ခုပ်နေတာ လူကလုပ်ထားသလို

"ဖောင်ပေါ်မှာလည်း ဆွမ်း၊ ရေ …ပန်း၊ ဆီမီးတွေက ဘယ်လိုပုဂ္ဂိုလ် …ပြီးလှူတာလဲ"

"(၇)ရက်သားသမီးတွေ အန္တရာယ် …ဘေးကင်း အပူဇော်ခံကြွလာတာ …ယ်"

စသဖြင့် တစ်ယောက်တစ်ပေါက် …ောင်တော်ပေါ်ကို တစ်သုတ်ပြီးတစ် …တက်နေတယ်။ကျွန်တော်က ကျွန် …ကိုယ်တိုင်လုပ်ခဲ့တဲ့ဖောင်တော်လေး … အခုလိုစည်စည်ကားကားဖြစ်နေတာ …ကိုဖြစ်လို့မဆုံးဘူး။ အခုလိုကြည်နူး …ဖြစ်နေချိန်မှာ အိမ်ဆောက်ချင် … တကယ်လာပြီးအပ်တာပဲဗျို့။ …တော်က (၂) သိန်းလို့ပြောတော့ …က စရန် (၁) သိန်းချပေးသွားတယ် … လက်ထဲငွေရောက်ပြီး မကြာပါ … စက်ဘီးနဲ့ထီရောင်းတဲ့သူရောက် …တယ်။ ဒီတော့မှ ဖောင်တော်ပေါ်က …မက်ကိုပြန်ကြားယောင်လာတယ်။

'ကလေး၊ မင်းပြန်ရောက်လို့ စက် …လေးနဲ့ ထီရောင်းတဲ့သူလာရင် မင် …စုံတွဲ(၃)အုပ်ဝယ်လိုက်' ဆိုတာလေ။ ဟော - လက်ထဲကိုလည်း ငွေကရောက်လာပြီ။ ထီရောင်းတဲ့လူကလည်း ကိုယ့်အိမ်ရှေ့ရောက်နေပြီ။ ဒီလောက်တိုက်ဆိုင်နေမှတော့ မင်္ဂလာစုံတွဲ (၃) အုပ်ကို ထိုးလိုက်တာပေါ့။ ဒီကြားထဲ အဖျက်က ဝင်လိုက်သေးတယ်ဗျ။

'သူငယ်ချင်းရယ်၊ မင်းထိုးချင်ရင် နှစ်စောင်လောက်ဆို တော်ရောပေါ့။ ပေါက်မယ့်သူဆိုတာ တစ်စောင်တည်းထိုးရင်လည်းပေါက်တာပါပဲ။ ထီတွေအများကြီးထိုးပြီးဘဝပျက်သွားတဲ့သူတွေဟာ တစ်လောကလုံးအပြည့်ပဲ။ လက်ညှိုးထိုးလို့မလွဲပါဘူးတဲ့။ ကျွန်တော်က ဒီနေရာမှာ နိမိတ်ကောက်လိုက်တယ်။ ဥစ္စာလို ရန်ဂြိုဟ်ကပ်ဆိုတဲ့ ဗေဒင်ဝေါဟာရတစ်ခုရှိတယ်မဟုတ်လား။ ခုကိစ္စမှာ ရန်ဂြိုဟ်လာပြီးကပ်ပြီဆိုမှတော့ ငါတကယ်ဥစ္စာတွေရတော့မယ်လို့ အလိုလိုသိနေတယ်။

အချိန်တန်တော့ သိန်း(၅၀၀)ဆုကြီးပေါက်တယ်လေ။ ကျွန်တော်က ထီသာပေါက်တာ၊ ရန်ကုန်မှာ ထီရုံးဘယ်နားရှိမှန်းတောင်သိတဲ့သူမဟုတ်ဘူး။ ဒီလောက်ငွေတွေကိုင်ပြီး ခရီးလည်းမသွားရဲဘူးဗျ။ နောက်ဆုံး ကျွန်တော် အိမ်သွားဆောက်တဲ့အိမ်က အရှင်ဥပဂုတ္တမထေရ်ကို လေးလေးစားစားကိုးကွယ်တာ သွားပြီးသတိရတယ်။ အဲဒီအိမ်က အစ်ကိုတစ်ယောက်ကို ထီပေါက်တဲ့အကြောင်း ဖွင့်ပြောကြည့်တယ်။ သူ့နာမည်က ကိုသိန်းဆောင်။ ဒီလူက လူရည်တော်တော်လည်တာပဲ။ ကျွန်တော်ဖြစ်ချင်တဲ့အရာအားလုံးကို သူက ဆောင်ရွက်ပေးပါတယ်။

ရန်ကုန်မှာ ထီသွားထုတ်တော့ ပိုပြီးရအောင်စီစဉ်ပေးမယ်ဆိုပြီး သူဌေးတစ်ယောက်နဲ့တွေ့ပေးတယ်။ ဒီမှာတင် သိန်း (၅၀၀) ကနေ သိန်း(၈၀၀) ဖြစ်လာတယ်။ ပြီးတော့ ငွေတွေကိုမကိုင်ဘဲ ဘဏ်ကနေ ကိုယ်မြို့လွှဲတဲ့နည်းနဲ့ပို့လိုက်တယ်ဗျ။ ငွေတွေကိုင်ပြီးတစ်ခုခုဖြစ်မှာကို စိုးရိမ်စရာမလိုတော့ပါဘူးပေါ့။ ကိုယ်မြို့ပြန်ရောက်တော့လည်း အိမ်ကိုဒါတွေသယ်မသွားနဲ့။ ငွေရှိရင် ဟိုဟာလုပ်ချင် ဟိုဟာဝယ်ချင်နဲ့ ငွေခေါင်းကွဲလိမ့်မယ်။ ဘဏ်မှာ ငွေစုစာအုပ်လုပ်ပြီးထည့်ထား၊ လိုတော့မှထုတ်ဆိုပြီး ငွေစုစာအုပ်ပါ လိုက်ပြီးလုပ်ပေးတယ်။

ကိုသိန်းဆောင်က ဒါနဲ့မပြီးသေးဘူး။ ကျွန်တော်သိပ်ဖြစ်ချင်တဲ့ ဒီဆေးဆိုင်ကိုလည်း သူပဲဆောင်ရွက်ပေးတာဗျ။ ပထမ ဆေးဆိုင်မဖွင့်နဲ့။ ဆေးအကြောင်းနားလည်အောင် ဆေးဆိုင်တစ်ဆိုင်မှာ အရောင်းစာရေးလုပ်ခိုင်းတယ်။ ဆေးနာမည်တွေကို အိမ်ဆောက်ရင် အော်အော်ကျက်ရတော့တာပေါ့။ ကိုယ်က ဝါသနာပါတာကိုး။ ကျွန်တော် အရောင်း (၆) လလောက်ရောက်ချိန်မှာ အခု ကျွန်တော်ထိုင်တဲ့ မူလဆိုင်ရှင် အဘိုးကြီးကသေတယ်လေ။ သားသမီး (၅) ယောက်က သူထိုင်ငါမကြိုက်၊ ငါထိုင်သူမကြိုက်နဲ့ ဘယ်သူထိုင်တာမှ သဘောမတူတော့ လက်သိပ်ထိုးရောင်းတာကို ကျွန်တော် ရလိုက်တယ်။ အဲဒါလည်း ကိုသိန်းဆောင်ကျေးဇူးမကင်းပါဘူး။

အခုလို ဆိုင်လည်းရပြီး ပစ္စည်းတွေကို ရန်ကုန်မှာဘယ်လိုဝယ်ရတယ်ဆိုတာလည်း သိသွားပြီဆိုတော့ ကိုယ့်ဆေးဆိုင်ကိုယ်ထိုင်ပြီး ရောင်းတတ်၊ ဝယ်တတ်သွားပြီပေါ့။ ဒါကြောင့် အရှင်ဥပဂုတ္တပြီးရင် ကိုသိန်းဆောင်က ဒုတိယကျေးဇူးရှင်ပါပဲ။ သူက ကျွန်တော့်ထက်ကြီးသူဆိုတော့ သီတင်းကျွတ်လမှာ သိန်း (၁၀၀) နဲ့ ကန်တော့လိုက်တယ်။ ဒါမှလည်း ကျေးဇူးဆပ်စရာရောက်မှာကိုး။

ကျွန်တော့်ဘဝမှာ လက်သမားပညာကလည်း ထူးခြားလှတယ်ဗျ။ ပထမတော့ ခွေးခြေလေးလုပ်၊ ပန်းကန်စင်လေးလုပ်နဲ့ အကျိုးမပေးပါလားလို့ ညည်းတွားမိတယ်။ ဟော - ဒီလက်သမားအလုပ်ကြောင့်ပဲ အခုတော့ ကျွန်တော့်ဘဝကိုစင်ပေါ်ရောက်အောင် ပို့လိုက်ပြီ။ အဲဒီလက်သမားပစ္စည်းတွေကို အခုထိတရိုတသေသိမ်းထားတယ်ဗျ။ ကျွန်တော့်ဘဝကိုတိုးတက်ပြောင်းလဲသွားအောင် မ,စခဲ့တဲ့ အရှင်ဥပဂုတ္တမထေရ်ကို ယုံကြည်လေးစားလွန်းလို့ ဘယ်သူမှမလုပ်တဲ့ ရွှေနဲ့လုပ်ပြီး ကိုးကွယ်ထားတာပါပဲ။

*

ယခု ကျော်ဇံလှက သူ့ဘဝဇာတ်ကြောင်းကိုနိဂုံးချုပ်လိုက်ပါတော့သည်။ ကျွန်တော်ကနှုတ်မဖွာတတ်သော်လည်း လက်ဖွာသူတစ်ယောက်ဖြစ်၍ မရေးဘဲကနေလို့မရ။ ဆိုင်နာမည်၊ လူနာမည်တွေလွှဲပြီး မြို့နာမည်မပါဘဲ ကျော်ဇံလှ၏ ထူးခြားဖြစ်စဉ်အား 'ဖောင်တော်ပြင်ကုသိုလ်ထူး' ဟု အမည်နာမသမုတ်၍ နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ရပါသတည်း။

စိုးသွင်း (ဥဘာ)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်သည် မိတ်ဆွေတစ်ယောက်၏ နာရေးကိစ္စအား အကြောင်းပြု၍ ရေဝေးသုသာန်သို့ရောက်ရှိခဲ့ရလေသည်။ အနိဋ္ဌာရုံမြင်ကွင်းဟုခေါ်ခေါ်၊ သံဝေဂရသဟုပဲပြောပြော ရေဝေးသုသာန်သည် ငိုကြွေးသံ၊ ရှိုက်သံ၊ တမ်းတမြည်ကြွေးသံတို့ဖြင့် ပွဲတင်ရိုက်ခတ်လျက်ရှိ၏။ တချို့က ဘဝနေဝင်ချိန်အတွက် သံဝေဂကထာအား တီးတိုးရွတ်ဆိုလျက်။ တချို့က သွားလေသူ၏ အတိတ်သမိုင်းမကောင်းကြောင်းအား ပြန်လည်တူးဆွလျက်။ နှစ်သက်လိုလားသူတချို့ကတော့ တမလွန်ခရီးနှင်နေသူ၏ဂုဏ်ပုဒ်များအား ကောင်းချီးထောမနာပြုကြကုန်၏။ လူတချို့သည် လေးငါးဦးစီ စုဝိုင်းလျက် အသုဘရှု တရားတော်နှင့်လားလားမှမဆိုင်သော နိုင်ငံရေးအကြောင်းအား အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေကြသလို အမျိုးသမီးတချို့သည်ကား သားရေး၊ သမီးရေးအကြောင်းအား တုပကြွားဝါနေကြကုန်၏။

ကျွန်ုသည်ကား နောင်တမလွန်သို့ ခရီးဆက်ပြီဖြစ်သော ဘဝသံသရာ ရထားကြီး၏ ခရီးသည်မိတ်ဆွေဖြစ်သူ ကောင်းရာမွန်ရာဘုံဘဝဘူတာသို့ ဆိုက်ရောက်ပါစေကြောင်း ဆုမွန်ကောင်း

# သန့်ဇင်

## ကျိန်စာ





www.burmeseclassic.com

www.burmeseclassic.com



င်းရှင်း မီးသဂြိုဟ်စက်၊ ခန်းမများမှ ာသို့ ရှောင်ထွက်ခဲ့ပါသည်။

ရေဝေးသုသာန်သည် တစ်ခေတ် န်က နာမည်ကြီးကြီးတောသုသာန် တည်ငြိမ်မှုထည်ခြင်းမရှိ။ ကျဉ်း င်းလာသော မြို့ပြစရိုက်နှင့်လျော် ဘဝတစ်ပါးသို့ပြောင်းသွားသူတို့ တ်ဂူတို့သည် ကန့်ထရိုက်တိုက်များ ုးကပ်၍တည်ရှိနေပါသည်။ ငွေ မ်းသာသောသူတချို့သည် သေ ဘာမှမှုသွား၍မရမှန်းသိသော နောက်ဆုံးခံစားခွင့်အနေဖြင့် န်၌ အုတ်ဂူလှလှလေးဖြင့်စံမြန် ကြပါလား။ ကျန်ရစ်သူများက အုတ်ဂူလှလှလေးတည်ဆောက် ထွတ်တာသူနေကြောင်း တစ်နှစ် သတင်းစာမှာကြော်ငြာထည့်၍



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဘဝရောက်နေမှန်း မသိသောသူအားအကြောင်းကြားကြ၏။ တော်တော်လည်း ရယ်ဖို့ကောင်းသည့်အရာ ဖြစ်ပါသည်။

အုတ်ဂူများအား ကန့်သတ်ထားသောလမ်းလေးအတိုင်း လျှောက်လာရင်း ဝဲ၊ ယာတစ်ဖက်တစ်ချက်ရှိ အုတ်ဂူများမှ ကမ္ပည်းထိုးစာတန်းများအား ဖတ်ရှုမိပါသည်။ ဤသို့ ဖတ်ရှုမိရင်း ငါသည်လည်း တစ်နေ့သောအခါ၌ သူတို့လို အုတ်ဂူထဲမှာ ငြိမ်သက်ခြင်းဖြင့် ပြီးဆုံးသွားမှာလား၊ မီးသဂြိုဟ်စက်ကြီး၏ ကြိတ်ဝါးလောင်မြိုက်ခြင်းနှင့်အတူ လေထဲသို့ အမှုန်လေးများအဖြစ် လွင့်မျောပျောက်ကွယ်သွားမှာလား။ အတွေးတို့သည် ဟိုမှသည်မှတစ်ကန့်စီတိုးဝင်လျက် မရေရာသောသံသရာခရီးအား မှန်းဆနေမိပါသည်။

*

ဤသို့ဖြင့် မလှမ်းမကမ်းမှ ပျဉ်းမပင်ကြီးအောက်၌ အုတ်ဂူအသစ်တည်ဆောက်နေသောနေရာအနီးသို့ ရောက်ရှိလာ၏။ အသက်ကြီးကြီး ပန်းရန်ဆရာကြီးတစ်ယောက်က လူငယ်ပန်းရန်လုပ်သားနှစ်ယောက်အား ညွှန်ကြားနေသည်ကို တွေ့ရသည်။ အုတ်ဂူသည် ပြီးလုပြီးခင်ဖြစ်နေ၏။

"ထိပ်ဆုံးကအုတ်ကိုနည်းနည်းဟထားပြီး မဆလာသိပ်လိုက်၊ အပေါ်အပေါက်လေးချန်ထား၊ အပေါက်သိပ်မကြီးစေနဲ့"

ပန်းရန်ဆရာကြီး ညွှန်ကြားသည့်အတိုင်း လူငယ်နှစ်ယောက်မှာ နောက်ဆုံးလက်စဖြစ်သော အုတ်ဂူခေါင်းရင်းထိပ်အုတ်ခဲအား တစ်ဖက်သို့ကပ်လျက်ဟလိုက်ပြီး လက်နှစ်လုံးခန့် လစ်လပ်သွားသည့်နေရာ၌ ဘိလပ်မြေထည့်၍ ခံလိုက်ပြီး အပေါ်ထောင့်စွန်း၌ အနည်းငယ်မသိမသာအပေါက်လေးတစ်ပေါက်ချန်ထားသည်ကို တွေ့လိုက်ရပါသည်။

ကျွန်ုပ်သည် ထိုလုပ်ငန်းခွင်မြင်ကွင်းအား စိတ်ဝင်စားလာသဖြင့် ရပ်၍ကြည့်နေမိသည်။ အုတ်ဂူသည် အချိုးအစားကျစွာဖြင့် အတော်သေသပ်လှပသည်ကို တွေ့ရ၏။ ပန်းရန်ဆရာကြီး၏ ညီညာသောလက်ရာသည် မြင်ရသူများအဖို့ ဝင်ရောက်၍ လဲလျောင်းချင်စရာကောင်းသေးတော့သည်။ အနီးရှိ အချိုးအစားမကျသော ကောက်ကောက်ကွေးကွေး ပျဉ်းမပင်၏ အရိပ်အောက်ဝယ်လှပသေသပ်သော အုတ်ဂူလေးတစ်လုံး၏ မြင်ကွင်းသည် နာမည်ကျော်ပန်းချီဆရာတစ်ယောက်၏ ဆေးရေးပန်းချီကားချပ်အလား ဝင့်ထည်လျက်ရှိပါသည်။

ရပ်ကြည့်နေသော ကျွန်ုပ်အား ပန်းရန်ဆရာကြီးသည် မော့ကြည့်ပြီးပြုံးပြ၏။ ဖော်ရွေသောသူ့အပြုံးအား ပြန်၍တုံ့ပြန်လိုက်ပြီး ကျွန်ုပ်သိချင်နေသော အကြောင်းအရာတစ်ခုအား စကားစရန် လည်ချောင်းရှင်းလိုက်ပါသည်။

"ဆရာကြီးရဲ့ လက်ရာကတော့ မြင်သူတိုင်း ချီးမွမ်းကြမှာပါ။ တော်တော်သေသပ်တာပဲနော်"

"လုပ်သက်အနှစ် (၄၀) ကျော်လာပြီဆိုတော့လည်း ဒီလောက်တော့ရှိမှာပေါ့ဗျာ"

သူသည် သူ့အလုပ်အား ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် ခေါင်းတညိတ်ညိတ်ရှိနေ၏။ အိတ်ထဲမှ ကွမ်းယာထုပ်အားယူလိုက်ပြီး ကွမ်းတစ်ယာထုတ်စား၏။ ကျွန်ုပ်အား ကွမ်းယာစားပါဦးဟု ဖိတ်မန္တကပြုသည်။ ကျွန်ုပ်သည် ယဉ်ကျေးစွာ ငြင်းပယ်လိုက်ပြီးနောက် -

"ဆရာကြီးကို ကျွန်တော်သိချင်တာလေး မေးပါရစေ"

"ဘာများမေးချင်လို့ပါလဲ"

"ဒီအုတ်ဂူမှာ ဘာလို့အပေါက်လေးတစ်ပေါက်ဖောက်ထားတာလဲ"

"ဩော် - ဒါလား၊ ဒါကအစဉ်အလာတစ်ခုလိုဖြစ်နေပါပြီ။ ကျုပ်ရဲ့ဆရာ့ဆရာကြီးတွေပြောသွားခဲ့တဲ့စကားအရ သေသူရဲ့ဝိညာဉ်ဟာ သူ့ခန္ဓာကိုယ်ရုပ်ကြွင်းမှာ စွဲလမ်းပြီး မှိုခိုနေရင်လည်း မှိုခိုနေမယ်၊ အပြင်လောကကို လွင့်မျောပြီး လျှောက်သွားချင်လည်း လျှောက်သွားမယ်။ ဒီတော့ လွတ်လွတ်လပ်လပ်နဲ့ ဝိညာဉ်နေလို့သွားလို့ရအောင် အုတ်ဂူမှာ အပေါက်လေးဖောက်ထားပေးတာပါ။ ဒါက ဟိုးရှေးရှေးကတည်းက ပန်းရန်ဆရာကြီးတွေရဲ့ အယူအဆပါ။ ခုထိရှိနေတယ်ဆိုပါတော့။ သူ့မှာကလည်း ဒဏ္ဍာရီရာဇဝင်နဲ့ ပြီးတော့ ဒါနဲ့ဆက်နွယ်ပြီး ကျိန်စာတွေလည်းရှိနေပါသေးတယ်"

ကျွန်ုပ် စာရေးဆရာသည် ဒဏ္ဍာရီပုံပြင်၊ ကျိန်စာများဟူသောအသံကြောင့် ခန္ဓာကိုယ်ရှိ လည်ပတ်နေသော သွေးတို့နွေးထွေးလာပြီး သိချင်စိတ်ပြင်းပြလာခဲ့၏။ သူ့ရဲ့မဂ္ဂဇင်းအတွက် ဝတ္ထုတစ်ပုဒ်တော့ရလေပြီဟု ပီတိဖြစ်ရင်း ပန်းရန်ဆရာကြီးနှင့်အတူ ပျဉ်းမပင်အောက် ထိုင်လိုက်ပါတော့သည်။ ထို့နောက် သူ ပြောပြသော ဒဏ္ဍာရီပုံပြင်နှင့် ကျိန် သမိုင်းမှာ စီးမျောရင်း ဝတ္ထုတစ်ပု လာပါတော့သည်။

*

သုနာပရန္တတိုင်း၏ အနားသ စည်းမျဉ်းသည် အရှေ့ဘက်၌ မြော တောင်သို့ စီးဆင်းနေသော ဧရာ မြစ်ဖြစ်သည်။ ပုဂံရာမ ပုဂံမင်းနေပြ တော်၏ အာဏာစက်သည် ဧရာ မြစ်၏အနောက်ဘက်ကမ်း မုန်းချော မန်းချောင်းမှသည် အောက်ပြည်အော ရပ် ပခုက္ကူ၊ မြေထဲ၊ မင်းတုန်း၊ ဆ ကျွန်း၊ ဆိတ်ဖြူမှတစ်ဆင့် ပြည်၊ တ၊ ပုသိမ်အထိသို့ရောက်လေ၏။

ပုဂံမင်းနေပြည်တော်၌ စလေ ခွေး (ခေါ်) မင်းခွေးချေးမင်းပြုနေ အခါဖြစ်သည်ဟု ဒဏ္ဍာရီကဆိုပါ ပုဂံရာဇဝင်၌ မင်းသုံးခါဖြစ်ခဲ့ မင်းခွေးချေးသည် ဘဝပေးကု ကောင်းခဲ့သူဖြစ်၏။ ဗုဒ္ဓမြတ်စွာဘု ရှင် မဇ္ဈိမအရှေ့အရပ်ဒေသသို့ ဖြင့် ဒေသစာရီကြွလာစဉ်အခါက ဒေဝီမိဖုရားသည် အဆောင်မ မိဖုရားငယ်တစ်ဦးဖြစ်သည်။ သူ ရုပ်ဆင်းအင်္ဂါချောမောခြင်း၊ ကိုယ် ပြေပြစ်ခြင်းတို့အပြင် ချိုသာသော ကို ပြောဆိုတတ်သူဖြစ်၍ ဘု အရေးပေးခြင်းကို အထူးတလ တတ်၏။ မင်းကြီးဘယ်အရပ်သို့ ခန်းလှည့်လည်သည်ဖြစ်စေ သူ အမြဲတစေခေါ်သွား၏။ မိဖုရား ပါသော်လည်း မင်းကြီး၏ စိတ် ရွှင်ပြုံးကြည်လင်စေတတ်၍ မင် အနီးအပါး၌ ခစားရ၏။ ထိုအ မိဖုရားကြီးများကမနှစ်သက်သော် မင်းမိန့်ဖြစ်သောကြောင့် မလွန် ကြ။

စန္ဒာဒေဝီ မိဖုရားကလေး ဘာသာတရားအား လွန်စွာကိုင်း ဖြစ်သည်။ ရတနာသုံးပါးအား နေ့ မပြတ် ဆည်းကပ် ပူဇော်သူ ထိုအရာကိုလည်း မိဖုရားကြီး မနှစ်မြို့။ တစ်နေ့သော် မိဖု များသည် အနော်ရထာမင်းကြီး ထက် ထေရဝါဒဗုဒ္ဓသာသနာ ဝ နေပြည်တော်၌အခြေတည်ခဲ့ပြီ လည်း သူတို့သည် အရည်းကြီး မစွန့်လွှတ်ချင်ကြ။ လူ မသိ



www.burmeseclassic.com

www.burmeseclassic.com

ယ်ကြ၏။ အင်းအိုင်၊ ခါးလှည့်၊ ၊ မန္တန်များအား ယုံကြည်ကိုးစား ထို့ကြောင့် စန္ဒာဒေဝီမိဖုရား၏ သုံးပါးအပေါ်ဆည်းကပ်ယုံကြည် နည်းအမျိုးမျိုးဖြင့် ရှုတ်ချကြ၏။ ရာ၌ ကုန်းချောပြစ်တင်ကြသည်။ မယ့် မိဖုရားငယ်သည် မည်သို့မျှ ည်တုံ့ပြန်ခြင်းမရှိ။ ဘုရားရှင်သို့ အာရုံပြုလျက် ဗုဒ္ဓါနုဿတိအား လပ်စီးဖြန်းနေပါသည်။

*

တစ်နေ့သ၌ ဘုရင်မင်းကြီးသည် တီမြစ်ကြောင်းတစ်လျှောက် ဖောင် ဖြင့်စုန်ဆင်း၍ ပုသိမ်မြို့မှတစ်ဆင့် ကြီးကျွန်း နဂါးရစ်အင်ရှိ မြတ်မော် ဆံတော်ရှင်စေတီတော်အား လိုသောဆန္ဒဖြစ်ပေါ်လာသည်။ အတွက်ကြောင့် သက်တော်ရှည် တ်ကြီးအား ရေကြောင်းမှ တိုင်းခန်း လည်ရင်း ခရီးထွက်ရန် ပြင်ဆင်စေ ည်။ တပ်ဌတောင်တာဗိုလ်ထုဖြင့် ထွက်မည်ဖြစ်၍ ရွှေလောင်းတော်၊ ဖောင်တော်ကြီးများနှင့် ရဲလှေများ ပဂါရာမမင်းနေပြည်၏ ဧရာဝတီ ဆိပ်၌ ဖွေးဖွေးလှုပ်နေပါသည်။

ဤသို့ဖြင့် ဘုရင်မင်းမြတ်၊ မိဖုရား ငယ်များ၊ မောင်းမမိဿံအစုံအလင်၊ ကြီးမတ်ရာ၊ သေနာပတိနှင့် စစ်သည် တော်တို့သည် ကရဝိက်ဖော်တော်၏ လှေကြီးငယ်များနှင့် ဧရာဝတီ အတိုင်း တောင်အရပ်ဆီသို့ ခရီး ထွက်ခွာလာကြပါတော့သည်။

ဧရာဝတီမြစ်အနောက်ဘက်ကမ်း ကျွန်း၊ဆိတ်ဖြူရွာကြီးအနီးရောက် သောအခါ ဖောင်တော်အား ကမ်းကပ် ခရီးတစ်ထောက်နားရန် ပြင်ဆင်ကြ သည်၊ ဘုရင်ဖြစ်သော မင်းခွေးချေးနှင့် ကြီးမတ်ရာများ ဖောင်တော်ပေါ်၌ ရေပြည်ရွာများ ဆွေးနွေးလျက်ရှိ ကြသည်။

ထိုစဉ်မှာပင် မိဖုရားငယ်စန္ဒာဒေဝီ သည် ဆံကေသာရှင်းလင်းရင်း ဦးခေါင်း ယံသဖြင့် ခေါင်းလျှော်လိုသောဆန္ဒ ပေါ်လာသည်။ သို့အတွက်ကြောင့် ရှင့်ဖော်တော်ဦးထိပ်၌ ဆံပင်အား ရော်ကင်ပွန်းဖြင့်လျှော်၏။ မိဖုရား သည်အား အမြဲတစေ စောင့်ကြည့်လျက် သော မိဖုရားကြီး၏ သူလျှိုဒလန်များ သည် စန္ဒာဒေဝီမိဖုရား ဦးခေါင်းဆေး သည်ကို တွေ့သွားကြပြီး မိဖုရား ကြီးအား အမြန်သတင်းပို့ကြသည်။

မိဖုရားကြီးက သည်တစ်ခါတော့ ဖြင့် အချက်ပိုင်ပြီဟုတွေးပြီး ဘုရင်မင်း ခွေးချေးနှင့် အမတ်ကြီးများ စည်းဝေး တိုင်ပင်နေရာ ဖောင်တော်ခန်းမသို့ ဝင် ရောက်လာပါတော့သည်။

"မိဖုရားကြီး၊ အရေးကြီးကိစ္စအ ကြောင်းပေါ်လာပြီလား။ ဘယ်အတွက် ကြောင့် ညီလာခံသို့ဝင်လာရသနည်း။ အမြန်ဆုံးလျှောက်တင်လော့"

"မှန်လှပါ၊ အရှင်မင်းကြီးအရေး အတွက် လွန်စွာမှ သတိထားစရာဖြစ်၍ ညီလာခံသို့ ဝင်ရောက်ပြီး လျှောက်တင် ရခြင်းဖြစ်ပါသည် ဘုရား"

"ပြောစမ်းပါဦး မိမိကြီးရဲ့"

"မှန်လှပါ၊ အရှင့်မိဖုရားစန္ဒာဒေဝီ သည် အရှင့်ဖောင်တော်ထိပ် မင်္ဂလာ အထွတ်အမြတ်နေရာ၌ ဦးခေါင်းဆေး နေပါသည် ဘုရား။ ဤအပြုအမူသည် မိန်းမသားမပြောနှင့်၊ မင်းခယောကျ်ား များပင် မပြုလုပ်အပ်သောနေရာ ဖြစ်ပါ သည်။ အရှင်မင်းကြီး၏ ဘုန်းကံနှင့်ပတ် သက်သော ဖောင်ဦးထိပ် ဣဋ္ဌမင်္ဂလာ နေရာဖြစ်ပါသောကြောင့် ဘုရင်မင်းမြတ် တို့၏ ဘုန်းကံကွယ်ရာကိစ္စများပြုလုပ် မိခဲ့သော် အရှင်မင်းကြီး၏ အာဏာစက် သည် ညှိုးနွမ်းဖွယ်ရာဖြစ်ပါလိမ့်မည်။ သို့အတွက်ကြောင့် ဘုရားကျွန်တော်မ သည် အရှင့်အတွက် စိတ်မအေး၍ လျှောက်တင်မိပါသည် ဘုရား"

မိဖုရားကြီးသည် နဂိုကတည်းက စန္ဒာဒေဝီမိဖုရားအား မလိုလားရှိသည် နှင့်အညီ သာသာထိုးထိုးကုန်းလျှော၍ လျှောက်တင်လေသောအခါ မာန်ကြီး ၍ အမျက်ပြင်းသော မင်းခွေးချေးသည် ဒေါသကြီးစွာဖြစ်ပြီး စန္ဒာဒေဝီမိဖုရား အား အမြန်ဆုံးဖမ်းဆီး၍ ရှေ့တော် မှောက် ခေါ်ဆောင်လာရန် အမိန့်ထုတ် လိုက်ပါလေတော့သည်။ မိဖုရားအား ချစ်မြတ်နိုးသော၊ ကြည်ဖြူလိုလားသော စိတ်တို့ လွင့်ပျောက်ခဲ့ပြီ ဖြစ်ပါသည်။ မိဖုရားငယ်သည်လည်း ဘာမှန်းမသိရ ဘဲ မင်းမှုထမ်းတို့၏ နှောင်ကြိုးတည်း ခြင်းခံရပြီး ဘုရင့်ရှေ့တော်မှောက်သို့ ရောက်လာရပြီ ဖြစ်၏။

"သယ်-မိဖုရားငယ်၊ သင်သည် ဘုရင်မင်းမြတ် ဖောင်တော်ဦးဆိုသည် မှာ အထွတ်အမြတ်နေရာဖြစ်သည်ကို သင်မသိရသလော။ ငါဘုရင်ကို စော်ကားသည်လား အမြန်ဆုံးလျှောက် တင်စမ်း"

"ဘုရားကျွန်တော်မ မသိရရိုး အမှန်ပါ။ ဦးခေါင်းဆေးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၍ ပြုလုပ်မိခြင်း ဖြစ် ပါသည်"

"ဘုရင်တို့၏ အထွတ်အမြတ် နေရာသည် ဘုရင့်ဘုန်းကံနှင့်သက်ဆိုင် ၏။ သင်လုပ်သည့်အမှုသည် ငါ၏ ဘုန်း ကံအား နိမ့်ပါးရာရောက်စေသည်။ ငါ့ အား စော်ကားသည်မည်၏။ သို့အတွက် ကြောင့် ဤမိဖုရားငယ်အား အဆောင် အယောင်များ စွန့်ပယ်စေပြီး ဆိတ်ဖြူ ရွာမြောက်ဘက်၌ အရှင်လတ်လတ် ဂူသွင်း၍သတ်စေ အမိန့်တော်"

စန္ဒာဒေဝီမိဖုရားသည် မည်သို့မျှ လျှောက်တင်ရန်အခွင့်မရတော့။ အမှတ် တမဲ့မှားခဲ့သော အပြုအမူအတွက် အသက်အားလျော်ကြေးအဖြစ် ပေး ဆပ်ရတော့မည် ဖြစ်ပါသည်။

မိဖုရားကြီးနှင့် အပေါင်းအပါများ ကား ဝမ်းသာဖြစ်နေကြသည်။

*

စန္ဒာဒေဝီမိဖုရားသည် သူမ အပေါ် ဘုရင်မင်းကြီး သံယောဇဉ်ရှိ သည်အား ယုံကြည်ပါသည်။ ဒေါသ ပြေပျောက်သွားလျှင် အမိန့်အားပြန် လည် ရုတ်သိမ်းသွားနိုင်သည်ဟု မျှော် လင့်မိသည်။ ထိုနည်းတူစွာပင် မိဖုရား ကြီးနှင့် အပေါင်းအပါများကလည်း ထို အချက်အား ရိပ်စားမိကြ၏။

သို့အတွက်ကြောင့် မိဖုရားငယ် အား စတေးမည့်အုတ်ဂူဆောက်လုပ်သူ ပန်းရန်လုပ်သားများအား တံစိုးလက် ဆောင်ပေး၍ အမြန်ဆုံး ဆောက်လုပ် ရန်နှင့် မိဖုရားဘာပြောပြောမလုပ်ပေးဖို့ ပြောဆို၏။

မိဖုရားငယ်ကား ချုပ်နှောင်ခံရ သည့်အချိန်မှစတင်၍ ဥပုသ်သီတင်း ဆောက်တည်ပြီး ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများ၍သာနေတော့သည်။ ဆိတ်ဖြူ ရွာမြောက်ဘက် ဧရာဝတီမြစ်ကမ်းပါး တောင်ကုန်းထိပ်၌ ပန်းရန်လုပ်သားများ က အုတ်ဂူအား အခြေမှစတင်၍ တည် ဆောက်နေကြပြီ ဖြစ်သည်။ စတေးမည့် အုတ်ဂူအောက်ခြေပြီးသောအခါတွင် အာဏာပါးကွက်သားများက မိဖုရား စန္ဒာဒေဝီအား နှောင်ကြိုးတည်း၍ ခေါ် ဆောင်လာကြသည်။ အုတ်ဂူအောက်ခံ ပေါ်သို့ တက်စေပြီးသော် ပါးကွက်သား များက ပန်းရန်လုပ်သားများအား မိဖုရား၏ ဘေးပတ်လည်အုတ်စီ၍



www.burmeseclassic.com

www.burmeseclassic.com

အရှင်လတ်လတ် ဂူသွင်းရန် စီစဉ်ပါတော့၏။ ပန်းရန်သမားများစီနေသော အုတ်ရိုးကား မိဖုရားငယ်၏ ခြေထောက်ပိုင်းမှတစ်ဆင့် တဖြည်းဖြည်းမြင့်တက်၍ လာနေပါသည်။ စိတ်ချလောက်သည့် အမြင့်သို့ရောက်သော် အာဏာပါးကွက်သားများ ပြန်သွားကြလေသည်။ ဂူသွင်း သဂြိုဟ်မည့် အုတ်ရိုးသည်လည်း တဖြည်းဖြည်းမြင့်တက်လျက်၊ မွန်းတိမ်းနေသည်လည်း ဖျပ်ဖျမြင်နေရသော တောင်ရိုးတောင်တန်းများဆီသို့ ငိုက်ဆင်းလျက်။ ဧရာမြစ်ပြင်ပေါ်သို့ ကျနေ၏အရောင်သည် ပြိုးပြိုးပြက်ပြက်လက်ခြင်းဖြင့် လှိုင်းတံပိုးတို့အား ရောင်စဉ်ခြယ်သလျက်ရှိသည်။

စန္ဒာဒေဝီမိဖုရားသည် ဗုဒ္ဓါနုဿတိစီးဖြန်းနေရာမှ ပန်းရန်သမားများအား စကားဆိုလိုက်ပါသည်။ သူမသည် ဘုရင်မင်းကြီး၏သူမအပေါ်တွင် ထားရှိသော ချစ်ခြင်းမေတ္တာအတိမ်အနက်အား သဘောပေါက်၏။ ထို့အတွက်ကြောင့် အနည်းငယ်မျှသော မျှော်လင့်ချက်သည် ဖြစ်လာလိမ့်မည်ဟု တွေးထင်ထားသည့်အလျောက် ပန်းရန်သမားများအား တောင်းပန်သမှုပြုမိပါသည်။

"မောင်ကြီးတို့၊ ကျွန်မစကားတစ်ခွန်းလောက်ပြောပါရစေ"

"ဘာပြောချင်လို့လဲ ရာဇဝတ်သားမ"

"ဒီလိုပါ မောင်ကြီးတို့၊ ဘုရင်မင်းတရားကြီးအမိန့်အရ မောင်ကြီးတို့ ကျွန်မအား အရှင်လတ်လတ်ဂူသွင်းပြီး စတေးကြမှာဖြစ်ပါတယ်။ ကျွန်မ ဘုရင့်အမိန့်တော်ကို မလွန်ဆန်ဝံ့ပါ။ သို့သော် ဒီအုတ်ဂူအားအလုံပိတ်ပြီးသော် အပေါ်ထောင့်၌ အပေါက်ငယ်လေးတစ်ပေါက်တော့ ဖောက်ထားခဲ့ပေးပါ။ အကယ်၍ အခြေအနေတစ်မျိုးတစ်မည်ပြောင်းပြီး မင်းတရားကြီးအမိန့်တော်က လွတ်စေဟုဆိုလာခဲ့သော် ဤအပေါက်ငယ်သည် ကျွန်မအား အသက်ရှင်ခြင်းကို ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။ မောင်ကြီးတို့ရဲ့ ကျေးဇူးကိုလည်း မမေ့ပါဘူး။ လေဝင်သာရုံအပေါက်လေးတော့ ဖောက်ထားပေးပါ။ အကယ်၍ ဘုရင်မင်းတရားကြီး အမိန့်တော်မပြင်ဆင်ခဲ့ရင်လည်း ကျွန်မဟာ ဒီဂူထဲမှာ ကြာကြာအသက်ရှင်မှာ မဟုတ်ပါဘူး။ ကျွန်မရဲ့ သေဆုံးပြီးနောက် ဝိညာဉ်ဟာ ဤအပေါက်ငယ်မှ တစ်ဆင့်လွတ်ရာလွတ်ကြောင်းသွားလိုပါတယ် ကူညီကြပါရှင်"

ပါးကွက်သား ပန်းရန်သမားတို့ကား မိဖုရားငယ်၏စကားထက် မနာလိုသူမိဖုရားကြီး၏တံစိုးလက်ဆောင်များနှင့် မားထက်လှသည်ကို ကြောက်ရွံ့နေကြသောကြောင့် သူမ၏ တောင်းပန်မှုအား လျစ်လျူရှုလိုက်ကြသည်။

"သေမှာကိုတွေးပြီး ကယောင်ချောက်ချားတွေပြောမနေနဲ့ သူငယ်မ။ ဘုရား၊ တရားသာ အာရုံပြု၊ လုပ်မပေးနိုင်ဘူး"

စန္ဒာဒေဝီမိဖုရားကား အကြိမ်ကြိမ်တောင်းပန်ရှာပါသည်။ ပန်းရန်သမားတို့ကလည်း တွင်တွင်ငြင်းဆိုလျက် ဂူအုတ်ရိုးအား လျှင်မြန်စွာပြီးအောင်လုပ်ကြတော့သည်။ ဤသို့ဖြင့် အုတ်ဂူအမြင့်သည် သူမ၏ လည်ပင်းအထိမြင့်လာသောအခါ မျှော်လင့်ချက်မရှိတော့ပြီကို သိရှိသွား၍ အောက်ပါစကားကိုဆိုပါတော့သည်။

"ကျွန်မသည် ငယ်စဉ်တောင်ကျေးကလေးအရွယ်မှစ၍ ရတနာသုံးပါးအားရိုသေစွာဆည်းကပ်ကိုးကွယ်ခဲ့ပါသည်။ ဥပုသ်သီတင်းသီလအား မကြာခဏဆောက်တည်၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအား ကျင့်ကြံအားထုတ်ခဲ့ပါ၏။ ကျွန်မသည် အသက်ရှင်ရာရှင်ကြောင်း အုတ်ဂူ၌ လေပေါက်ငယ်တစ်ပေါက်ဖောက်ပေးပါရန် ပန်းရန်သမားများအား မေတ္တာရပ်ခံခဲ့သော်လည်း သူတို့သည် အငြိုးတကြီးဖြင့် အသက်သေဆုံးဖို့ရန်သာ အားထုတ်ကြပါ၏။ သို့အတွက်ကြောင့် ကျွန်မသည် ဤကျိန်စာအား ဤပန်းရန်သမားများအတွက် ကမ္ဘာတည်အောင် နတ်များအား တိုင်တည်၍ ရွတ်ဆိုခဲ့ပါမည်။ ကျွန်မ၏ သီလ၊ သမာဓိကြောင့် ဤကျိန်စာသည် ကမ္ဘာတည်သရွေ့ တည်ပါစေသား။ ဤကျိန်စာသည်ကား ပန်းရန်အလုပ်ဖြင့် အသက်မွေးသူမှန်သမျှတို့သည် ထမင်းစားရရုံ၊ ဝမ်းဝရုံသာဖြင့် ဘဝအားရပ်တည်ကြရပြီး ဘယ်သောအခါမှ ပန်းရန်အလုပ်ဖြင့် ကြီးပွားတိုးတက်ချမ်းသာသောသူများ မဖြစ်ကြပါစေနှင့်"

မိဖုရားငယ်သည် သူမအကြိမ်ကြိမ်တောင်းပန်သည့်ကြားမှ သနားငဲ့ညာခြင်းမရှိသော ပန်းရန်သမားပါးကွက်သားများအား ကျိန်စာတိုက်ခဲ့လေပြီတည်း။ သူမ၏ ကျိန်စာစကားသံဆုံးသည်နှင့်အညီ အုတ်ဂူသည်လည်း သူမ၏ ဦးခေါင်းအား ဖုံးအုပ်သွားပါလေတော့သည်။

*

ပုဂံပြည့်ရှင် မင်းတရား၏ မြင်း[illegible] သည်တော်တို့သည် ဧရာဝတီမြစ်[illegible] အနီး တောင်ကုန်းထက်သို့ အပြေး[illegible] လာနေကြသည်။ သူရိယရှင်နေမင်း[illegible] သည်လည်း အနောက်ရိုးမတောင်ဆွယ်[illegible] ထက် မေးတင်လုပြီဖြစ်ပါသည်။ ပန်း[illegible] သမား ပါးကွက်သားတို့က မိဖုရား[illegible] အား စတေးသည့်အုတ်ဂူအား လ[illegible] သတ်နေကြပြီ ဖြစ်သည်။ မိဖုရား[illegible] ဒေဝီသည်လည်း မတ်မတ်ရပ်လျ[illegible] အရှင်လတ်လတ်ဂူသွင်းပြီးစတေးခံ[illegible] ရပြီ ဖြစ်ပါသည်။ အသက်မရှိ[illegible] သော သူမ၏ခန္ဓာကိုယ်သည် အုတ်ဂူ[illegible] ၌ မွန်းကျပ်စွာဖြင့်တည်ရှိနေသော်[illegible] သူမ၏ ကျိန်စာတိုက်သံကား ဧရာ[illegible] မြစ်ယံထက် ပျံ့လွင့်လျက်။

"အမိန့်တော်ပါတယ်၊ နားထော[illegible] စေ အာဏာပါးကွက်သားတို့"

မြင်းသည်တော်တို့သည် [illegible] သွားသော အုတ်ဂူအနီးမှာ ရပ်[illegible] ဘဝရှင်မင်းတရား၏ အမိန့်စာအား[illegible] ကြားကြ၏။

"စန္ဒာဒေဝီမိဖုရားအား သတ်[illegible] လွတ်စေ၊ ဘဝရှင်မင်းတရားကြီး အ[illegible] တော်"

ဘုရင်မင်းမြတ်၏ အမိန့်[illegible] နောက်ကျသွားခဲ့ပါချေပြီ။ အုတ်ဂူ[illegible] ပြီးစီးသွားပြီဖြစ်သလို အုတ်ဂူ[illegible] မိဖုရားသည်လည်း အသက်မရှိ[illegible] အချိန်မမီတော့ပြီကို သိလိုက်ရ၍ [illegible] ရှင်မင်းတရားကြီးလည်း ဝမ်းနည်း[illegible] လက်ဖြစ်ရ၏။ ပန်းရန်သမားတို့[illegible] လည်း ဘုရင်၏ ငြိုငြင်ခြင်းကိုခံ[illegible] တစ်ရပ်တစ်ကျေးသို့ ပြေးကြရလေ[illegible] သည်။ စန္ဒာဒေဝီမိဖုရား၏ အုတ်ဂူ[illegible] ၌ လွမ်းစေတီတစ်ဆူ တည်ထား[illegible] သည်။

*

"ဆရာကြီး ဒီကျိန်စာဟာတ[illegible] လား၊ ဒဏ္ဍာရီလား"

"အဲဒါတော့ ကျုပ်မသိပါ[illegible] ပေမယ့် ကျုပ်တို့ ဆရာစဉ်ဆက်[illegible] ခဲ့ကြတဲ့အဖြစ်အပျက်တစ်ခုပါ။ [illegible] တာက ယနေ့အချိန်ထိ ဘယ်[illegible] ဆရာမှ ကြီးပွားချမ်းသာတာကို [illegible] ရဘဲ ဝမ်းဝရုံလောက်ပဲ ဘဝ[illegible] ရတာကို တွေ့ရသလို နည်း[illegible] ပြေလည်တဲ့ ပန်းရန်သမား[illegible]



www.burmeseclassic.com

www.burmeseclassic.com

# လအလိုက် ငလျင်လှုပ်ခြင်းနိမိတ်များ

မုဒိတာ(ကျိုက်လတ်)

ရှေးမြန်မာဘုရင်များလက်ထက်တော်အခါက အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ စသည့် ပညာရပ်များပေါ် မူတည်၍ လူမှုရေး၊ ကျန်းမာရေး၊ နိုင်ငံရေးပြည်ရာ၊ အုပ်ချုပ်သူမင်းအတွက် မှူးကြီးမတ်ရာ၊ ဝန်ကြီးများ၊ သူဌေးသူကြွယ်များ၊ ကုန်သည်လယ်သမား တောမခုတ်တောင်သူများ၊ တိုင်းသူပြည်သား ဆင်းရဲသားများပါမကျန်၊ နိမိတ်၏အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ် စသည်များကို နားလည်တတ်မြောက်သူ ရဟန်းပညာရှိ၊ လူပညာရှိများထံ ချဉ်းကပ်မေးမြန်းနိမိတ်ယူကြရသည်။ အတိတ်၊ နမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ (၅) ခုရှိသည်မှာ ယေဘုယျအားဖြင့် သဘောတူရာ စုပေါင်းလိုက်ပါက သုံးမျိုးပဲရှိသည်။ ပထမမျိုး အတိတ်။ နိမိတ်၊ ဘဝေါ၊ အတိတ်ကလည်း နိမိတ်၊ ဘဝေါ ဆိုတာလည်း နိမိတ်ပါပဲ။ အားလုံးသည် အကောင်အထည်၊ ဝတ္ထုပစ္စည်း ပုံသဏ္ဌာန်တွေနှင့်ပြတာချည်းဖြစ်သည်။

အတိတ်၊ နိမိတ်၊ ဘဝေါ ဤသုံးခုကို ဝိသေသအားဖြင့် ခြားနားမှုက အတိတ်ကိုအဖြေရှာရာမှာ ကာလသုံးပါးနှင့်ညှိ၍ သုံးသပ်ဝေဖန်ရ၏။ သမိုင်းအတိုအကားကို အထောက်အထား ပြုရသည်။ တစ်ဦးတစ်ယောက်ချည်းနှင့်လည်းဆိုင်သည်။ လူနည်းစုနှင့်လည်း ပတ်သက်ပြီးဆိုင်နိုင်၏။

**နိမိတ်** ကို အဖြေထုတ်ရာတွင် ကာလသုံးပါးနှင့်ညှိရန်မလို။ သမိုင်းအတိုအကားထောက်ဖို့မလို။ တစ်ဦးတစ်ယောက်နှင့်သာဆိုင်၍ အများစုနှင့် မပတ်သက်ဘဲ အနည်းစုနှင့်သာဆိုင်၏။

**ဘဝေါ**သည် တိုင်းရေးပြည်မှုနှင့် သက်ဆိုင်သည်။ နိုင်ငံရေးနှင့်သက်ဆိုင်၏။ အဓိကရပုဂ္ဂိုလ်ကြီးများနှင့်သက်ဆိုင်ပတ်သက်၏။ အဖြေရှာရာတွင် သမိုင်းအထောက်အထားလို၏။ အတိတ်နှင့် ဘဝေါက အဖြေရှာသည့်အခါ ရာဇဝင်သမိုင်းကို မကျွမ်းကျင်ပါက ပြသနေသောအတိတ်၊ ဘဝေါတို့ကို ပြဿနာအမေးပုစ္ဆာတစ်ခုအနေနှင့် တစ်ဖန်ထား၍ ထပ်မံနိမိတ်ရှာပြီး အဖြေထုတ်နိုင်သည်။ ထို့ကြောင့် နိမိတ်သာလျှင် အဓိကဟုဆိုနိုင်သည်။

**စနည်းနှင့် တဘောင်**

စနည်းနှင့် တဘောင်ကလည်း ယေဘုယျအားဖြင့် အတူတူဖြစ်သည်။ စကား၊ အသံ၊ သီချင်းနှင့်ပြတာချည်းဖြစ်သည်။ ခြားနားမှုဝိသေသမှာ စနည်းက တစ်ဦးတစ်ယောက်နှင့်ဆိုင်သည်။ ကြားရသောအသံကလည်း တစ်ဦးဦးကဖြစ်စေ၊ အနည်းစုကဖြစ်စေ ပြောဆိုကြတာဖြစ်၏။ တဘောင်ကတော့ လူကြီး၊ ကလေးအများစုကပြောကြသောစကား၊ သီဆိုကြသောသီချင်းများဖြစ်၏။ အများစုနှင့်ဆိုင်၍ တိုင်းရေးပြည်မှု၊ နိုင်ငံရေးများနှင့်ဆိုင်သည်။ အဓိကရပုဂ္ဂိုလ်ကြီးများနှင့်ဆိုင်သည်။

**လအလိုက်ငလျင်လှုပ်ခြင်းနိမိတ်များ**

လငလျင်လှုပ်၊ အဟောထုတ်၍ ကြိုးကုတ်မှတ်နာယူ။

- ၁ တန်ခူး ရန်၊ ကုန်။
- ၂ လကဆုန်၊ ဖျင်းသုဥ် သစ်သီးမှာ။
- ၃ ကိုယ်ဝန်ဖျက်တုံ၊ နယုန်မှတ်ကြ။
- ၄ ဝါဆိုလ ကင်းပ မင်းခဲနွှာ။
- ၅ ဝါခေါင်လှုပ်ငြား၊ ပြည်သူများ၊ ပူပွားဒုက္ခသာ။
- ၆ တော်သလင်းကား၊ ပုဏ္ဏား၊ရဟန်း မရှင်လန်း၊ ညှိုးနွမ်းဒုက္ခပါ။
- ၇ ဝါကျွတ်လမှ၊ လှုပ်တုံက၊ မောင်းမလားနတ်ရွာ။
- ၈ တန်ဆောင်မုန်းလှုပ်၊ ပြည်ချုပ်မှူးမတ်၊ ဖြစ်တတ်သောက။
- ၉ နတ်တော်လ၊ကြီးလှဘေးဒဏ်မှာ။
- ၁၀ လှုပ်ရေးပြာသို၊ ပျက်ပြိုပြည်ထဲ၊ တပို့တွဲ၊ ပြိုကွဲ့ကဝိန္ဒာ (ပညာရှိ)
- ၁၁ တပေါင်းလှုပ်မူ၊ မြို့ရွာသူ၊ ညှိုးပူပျက်တတ်စွာ။

**နေ့အလိုက်ငလျင်လှုပ်ခြင်းနိမိတ်များ**

နေ့လှုပ်ငလျင်၊ အဟောတွင်၊ လူရှင်မှတ်ကြကုန်။

- ၁ နေ့-တနင်္ဂနွေ၊ ဤမြေလှုပ်ငြား၊ တိုင်းကား ပြည်ရွာ၊ တနင်္လာ၊ ရေစာပေါကြွယ်ဝ။
- ၂ လှုပ်လေ အင်္ဂါ၊ ပြည်ရွာထကြွ။
- ၃ ဗုဒ္ဓနေ့မူ၊ ဆင်ဖြူရတနာ၊ လှတညာ၊ ဆက်လာပဏ္ဏာသ။
- ၄ ဂုရုနေ့မှာ လောင်းလျာပေ၊ သန္ဓေတည်လေ့။
- ၅ သောကြာနေ့၊ ပြောင်းရွှေ့မင်းစိုးရ။
- ၆ စနေနေ့ဝယ်၊ သူကြွယ်ပုဏ္ဏား၊ သူဌေးသူမြတ်၊ ပြည်မှူးမတ်၊ ဖြစ်တတ် ဘေးဘယ။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

ကျမ်းကိုး -

၁။ ဘဒ္ဒန္တစန္ဒထေရ်၏ လောကသုတဝဏ္ဏနကျမ်း

၂။ ကိုယ်တွေ့အယူတော်မင်္ဂလာ ဝဏ္ဏကျော်ထင်၊ သိရီပျံချီဦးဘသိန်း

၃။ ကိုယ်ပိုင်မှတ်စုများ

---

ငွေလေးဝတ်ဆင်ရင်လည်း မပြောင်ပြောင်တာကို တွေ့ရတယ်။ ရှေ့ကအစသူများတွေလို အရောင်မထွက်ဘူးဗျ"

"ကျွန်တော်တို့တော့ သတိမထားမိလို့ မသိပါဘူးဗျာ"

"သူနဲ့ ဆက်နွှယ်နေတဲ့ လက်သမားဆရာတွေတောင် စာချိုးလေးတစ်ခုရှိသေးတယ်"

"ဘာများပါလဲ ခင်ဗျာ"

"ဒီလိုပါ ဆောက်တို၊ ခါးကုန်း၊ မယားမုန်းတဲ့ လက်သမားဆရာများတဲ့"

ကျွန်ုပ်သည် ပန်းရန်ဆရာကြီး၏ စာချိုးအား သဘောကျစွာဖြင့် ရယ်မိပြီး သူ့အား နှုတ်ဆက်၍ ရေဝေးသုသာန်မှ ထွက်ခွာလာခဲ့ပါတော့သည်။

မီးသဂြိုဟ်စက်ကြီး၏ ခေါင်းတိုင်မှ လူသားခန္ဓာကိုယ်တို့အား လောင်မြိုက်၍ ထွက်ပေါ်လာသော မီးခိုးတို့သည် မင်္ဂလာဒုံဥယျာဉ်မြို့တော်တစ်ဝိုက် ဝေ့ဝဲလျက်။ ထိုမီးခိုးမှုန်များကြားမှ ဩဇာ၊ အာဏာ၊ ရာထူး၊ ငွေကြေးချမ်းသာကြွယ်ဝမှုများအား ရှာဖွေကြည့်မိခဲ့သော်လည်း ရေးရေးမျှမတွေ့ရပါ။

သို့သော် လူသားတို့၏ ကုသိုလ်၊ အကုသိုလ်အရိပ်တို့ကား မီးခိုးမှိုင်းနှင့်အတူ ထက်ကြပ်မကွာလိုက်ပါလျက်ရှိနေပါတော့သည်။

သန့်ခင်



www.burmeseclassic.com

www.burmeseclassic.com

# နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

## မဟာနွယ်(မန်းတက္ကသိုလ်)

•ကတိသစ္စာတည်သောခါ ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

မှန်ကန်သောသစ္စာစကားတစ်ခု ဖြစ်ပါ၏။

ဤကမ္ဘာမြေပေါ်တွင် ပေါက်ရောက်သမျှသော နွယ်မြက်သစ်ပင်တို့သည်ကား ဆေးပင်များပင် ဖြစ်ပါသည်။ လူသိများသော ဆေးတစ်ပင်အကြောင်းကို တင်ပြသွားပါမည်။

ဆေးပင်ကတော့ လက်ပံပင် (အနီ) ဖြစ်ပါ၏။

**ဆေးပင်၏ ပုံသဏ္ဌာန်**

ယင်းလက်ပံပင်သည် ထင်ရှားသောအပင်ဖြစ်သဖြင့် မဖော်ပြတော့ပြီ။

**ဆေးပင်၏ ဂုဏ်သတ္တိနှင့် စွမ်းရည်**

လက်ပံပင်၏ အမြစ်၊ အခေါက်၊ ဆူးဖု၊ အစေး၊ အသီးနုနု စသည်တို့သည် ဆေးဖော်စပ်ရာ၌ များစွာအသုံးဝင်ပါ၏။

**အမြစ်**

ချို၏၊ အေး၏၊ ဝဖြိုးစေ၏။ ဆီးကို အနည်းငယ်ရှင်စေ၏။ အူတို့ကို တွန့်ရှုံ့စေ၏။ သည်းခြေကိုပယ်တတ်၏။ အပူကို ငြိမ်းစေ၏။ ဖောရောင်ခြင်းကို ပျောက်ကင်းစေ၏။

**အခေါက်**

ဖန်၏။ သလိပ်ကိုပယ်တတ်၏။ ဝဖြိုးစေ၏။ အနည်းငယ်ချုပ်၍ ဆီးကို ဖြစ်စေ၏။

**အပွင့်**

ခါး၊ ဖန်၏။ အေး၏။ ခြောက်သွေ့စေ၏။ မလတို့ကို ချုပ်စေ၏။ သလိပ်နှင့် သည်းခြေကို ပယ်တတ်၏။ သွေးစင်ကြယ်စေ၏။ အဖျဉ်းရောဂါ၊ မီးယပ်ဖြူဆင်းရောဂါတို့၌ အလွန်အကျိုးများပါ၏။ ထောပတ်နှင့် သိန္ဓောအနည်းငယ် ထည့်၍ ကြော်ချက်ချက်၍စားသော် လက်ပံပွင့်သည် ရသနှင့်ဝိပါက၌ ချို၏၊ ဖန်၏။ကြေကျက်ခဲ၏။ အေး၏။ ချုပ်၏၊ လေကိုပြုတတ်၏။ သလိပ်၊ သည်းခြေ၊ သွေးတို့၏ ဖောက်ပြန်ခြင်းကို ပယ်ဖျောက်တတ်၏။ အလွန်ကုသရန် ခက်ခဲသော မီးယပ်ဖြူနီရောဂါကို ပျောက်ကင်းစေ၏။

**အသီး**

ချို၏။ အေး၏။ ကြေကျက်လွယ်၏။ ထက်မြက်စေ၏၊ ဝဖြိုးစေ၏။ ဆီးကို ဖြစ်စေ၏၊ ကာမကိုအားပေး၏။ သလိပ်ထုတ်ကောင်းတတ်၏။ ဓာတ်တို့ကို ပြောင်းလဲစေ၏။ သွေးကို စင်ကြယ်စေ၏။ လက်ပံအစေးမှာ အလိုအလျောက်သာထွက်၏။ ထွက်စတွင် အရောင်ဖြူ၏။ အချိန်ကြာသောအခါ လေ၏တိုက်ခတ်ခြင်းကြောင့် နီမြန်းသောအရောင်နီညိုရောင်များ ဖြစ်သွား၏။ အကယ်၍ လက်ပံပင်၏အခေါက်ကို ဓား စသည်တို့ဖြင့် ခုတ်ထစ်၍ အစေးထုတ်သော် အစေးမထွက်ချေ။ အလိုအလျောက်သော် လည်းကောင်း၊ ကျောက်ခဲကျောက်တုံး စသည်တို့ဖြင့် ရိုက်နှက်ထုခြေ၍သော် လည်းကောင်း၊ ပိုးများကိုက်ဖောက်၍ထားသော အခေါင်းအပေါက်များမှလည်းကောင်း လက်ပံစေးထွက်လေ၏။

**အစေး**

ဖန်၏။ အေး၏။ မလတို့ကို ချုပ်စေ၏။ ဓာတ်တို့ကိုပွားစေ၏။ ဝဖြိုးစေ၏။ အသိဉာဏ်ကိုဖြစ်စေ၏။ အရွယ်တင်စေ၏။ ကြေကျက်ခဲ၏။ သုက်ကိုပွားစေ၏။ အသက်ရှည်စေ၏။ ပြေပြစ်၏။ သလိပ်ကို ပြုပြင်တတ်၏။ သည်းခြေလေကို ပယ်တတ်၏။ ကိုယ်ဝန်ကိုစောင့်ထိန်းတတ်၏။ ဝမ်းသက်၊ ပိတ်ဝမ်း၊ သွေးကြောင့်ဖြစ်သောရောဂါတို့ကို ပျောက်ကင်းစေ၏။ အပူ၊ အစာမကြေ၊ ဝမ်းပျက်၊ သွေးဝမ်းရောဂါတို့ကို နိုင်၏။ ဤလက်ပံစေးကို တစ်လတိတိစားလျှင် သုဒ္ဓမဖြစ်သောပြဒါးကြောင့် ဖောက်ပြန်သည်ကို ပျောက်ကင်းစေနိုင်၏။

**ရောဂါအလိုက်အသုံးပြုပုံ**

**၁။ ရတ္တပိတ်သွေးအန်၊ သွေးကျရောဂါ**

လက်ပံပွင့်အမှုန့်နှင့် ပျားရည်ရော၍ လျက်ပါ။ ရတ္တပိတ်နာပျောက်ကင်းပါ၏။

**၂။ အရက်ဆီးရောဂါ**

ဆီး၏ အနံ့နှင့် ဆီး၏ အရောင်အဆင်းတို့သည် အရက်အနံ့အဆင်းကဲ့သို့ ကြိမ်ဖန်များစွာသွားသောရော[ဂါ] ဖြစ်မူ လက်ပံခေါက်ကို ပြုတ်၍သော[က်] ပါက ပျောက်ကင်းပါလိမ့်မည်။

**၃။ မီးယပ်သွေးလွန်ခြင်း**

သစ်နနွင်းကို သွေး၍ လက်ပံစေး နှင့်သောက်ပါက မီးယပ်သွေးလွန်နာ ပျောက်ကင်းပါလိမ့်မည်။

**၄။ သူငယ်နာရေငတ်ဝမ်းကျ**

လက်ပံအစေးကို တစ်ပဲမှ နှစ်ပဲ သားအထိ သကြားခဲထည့်၍သောက်မူ ရေငတ်ဝမ်းကျပျောက်ပါ၏။

**၅။ ပန်းသေရောဂါ**

လက်ပံမြစ်ဥနုနုကို နေရိပ်တွင် အခြောက်လှန်း၍ အမှုန့်ပြုပါ။ ထိုဆေး မှုန့် (၆) ပဲသားကို သကြားနှင့်ရော၍ စားပါက ပန်းသေခြင်းမှ လွတ်ကင်း[၏]

**၆။ ဆီးအောင့်နာ**

လက်ပံပင်ငယ်၏အမြစ်ကို အမှုန့် ပြု၍ သကြားခဲနှင့်ရော၍ နွားနို့ပူပူနှင့် သောက်ပါ။ ဆီးအောင့်ရောဂါပျော[က်] ပါ၏။

**၇။ အတိသာရဝမ်းသွားရောဂါပျောက်ဆေး**

လက်ပံခေါက်သွေး၍ တစ်ကျ[ပ်] သားမျှ သောက်ပါ။ လက်ပံခေါက်သ[ွေး] ရည်ကို (၁၂)ပဲသားမျှသောက်ပါ။ အမြ[စ်] ကိုလည်း သွေး၍သောက်နိုင်သည်။ အတိသာရဝမ်းသွားရောဂါ ပျောက်ကင်း နိုင်ပါ၏။

*တိုင်းရင်းဆေးပညာဗဟုသု[တ]*
*ပြည့်ဝနိုင်ပါ[စေ]*

မဟာနွယ် (မန်းတက္ကသိုလ်)

www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီးစ ကျွန်တော်တို့မြန်မာနိုင်ငံမှ ၁၉၄၅ ခု၊ စက်တင်ဘာလ ၁၈ ရက်နေ့ ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာကြီး၏ မျက်နှာဖုံးတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသောသတင်းတစ်ပုဒ်ကို ကျွန်တော်များ ဖတ်ရှုခဲ့ရသည်။

**စစ်သေနာပတိချုပ်သို့**
**ဗိုလ်အောင်ဆန်းလက်ဆောင်**
**မျိုးချစ်တပ်မတော်ကို**
**သစ္စာဖောက်တပ်ဟု**
**ခေါ်ဝေါ်သုံးစွဲခြင်းမပြုရန်**
**အမိန့်ထုတ်ခဲ့ပုံကို မြွက်ကြားခြင်း**

**စစ်သေနာပတိချုပ်၏မိန့်ခွန်း**

ရန်ကုန်မြို့ အိုရိယံကလပ်စစ်အောင်ပွဲညစာစားပွဲတွင် အရှေ့အာရှတောင်ပိုင်း စစ်သေနာပတိချုပ်က စင်ကာပူတွင် ဂျပန်တို့လက်နက်ချသည့်ကိစ္စကို နိဒါန်းပျိုးကာ မိန့်ခွန်းတစ်ရပ်ပြောကြားကြောင်း။

စစ်သေနာပတိချုပ် မောင့်ဘက်တန်က စင်ကာပူတွင် ဂျပန်တို့လက်နက်ချခြင်းကို လက်ခံလိုက်စဉ်က ကျွန်ုပ်သည် မြန်မာလူမျိုးများ အပါအဝင်ဖြစ်သော အဆွေတော်အားလုံး၏ကိုယ်စားလက်ခံလိုက်ခြင်းပင်ဖြစ်ကြောင်းဖြင့် မြွက်ကြားရာ ပရိသတ်အားလုံးက ဩဘာပေးကြကြောင်း။

ထို့နောက် စစ်သေနာပတိချုပ်က ယခုပြီးဆုံးသွားသောစစ်ပွဲနှင့်ပတ်သက်၍ ဂျာမနီနှင့် ဂျပန်တို့သည် စစ်တိုက်ရန် နှစ်ရှည်လများ စီစဉ်ခဲ့သည့်အကြောင်း၊ အနောက်ဘက်တွင် ဗြိတိန်သည် ဂျာမနီနှင့် တိုက်ခိုက်နေစဉ် အရှေ့ဘက်တွင် ဂျပန်တို့ကစစ်ကြေညာခဲ့သည့်အကြောင်း၊ ပထမပိုင်းတွင် ဂျပန်တို့အရေးသာခြင်းမှာ ဓမ္မတာပင်ဖြစ်သကဲ့သို့ နောက်ဆုံးတွင် အရေးနိမ့်သွားခြင်းမှာလည်း မထူးဆန်းကြောင်း။


အာရှအရှေ့တောင်ပိုင်း စစ်ဦးစီးချုပ်ကို ဖွဲ့စည်းရခြင်းမှာ ဂျပန်တို့အားမောင်းနှင်ထုတ်ရန်ဖြစ်ကြောင်း၊ ဗမာပြည်နှင့် အိန္ဒိယပြည်အကြား လမ်းခရီးမှာ ကြမ်းတမ်းပြီး မိုးဥတုအခါ မသွားမလာနိုင်သဖြင့် လက်နက်၊ ရိက္ခာမှစ၍ စစ်အသုံးပစ္စည်းများကို လေယာဉ်ဖြင့် သာပို့ခဲ့ရကြောင်း၊ ၁၉၄၄ ခုနှစ်တွင်စတင်၍ ထိုးစစ်ဆင်ခဲ့ရာ ဂျပန်တို့သည် ပထမဆုံးအရေးနိမ့်ခဲ့ရပြီး ယခုမူ လုံးဝဆုံးရှုံးခဲ့ကြရကြောင်း စသည်ဖြင့် မြွက်ကြားသွားကြောင်း။

**မျိုးချစ်တပ်မတော်အားချီးကျူးခြင်း**

စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဆက်လက်၍ မြန်မာပြည်မျိုးချစ်တပ်မတော် ပါဝင်တိုက်ခိုက်ခဲ့သည်ကို

လှမိုး(ပညာရေး)

# မောင့်ဘက်တန်နှင့် မြန်မာ့လွတ်လပ်ရေး



ချီးကျူးစကားပြောကြားပြီး အဆိုပါ မျိုးချစ်တပ်မတော်က ပဲခူး၊ စစ်တောင်းနှင့် အခြားအရပ်များတွင် တိုက်ခိုက်သုတ်သင်ခဲ့သဖြင့် ကျဆုံးသောဂျပန်စစ်သားများစာရင်းကို ထုတ်ဖော်ပြောဆိုသွားကြောင်း။

စစ်သေနာပတိချုပ် မောင့်ဘက်တန်က ဆက်လက် ပြောကြားသည်မှာ ကျွန်ုပ်သည် မြန်မာပြည်ဘုရင်ခံ ဆာရီဂျင်နယ်ဒေါ်မန်စမစ်နှင့်ပထမဆုံးအကြိမ်တွေ့ဆုံခဲ့စဉ်က မြန်မာပြည်မျိုးချစ်တပ်သည် ၁၉၄၃ ခုနှစ်က မြန်မာပြည်ကို သစ္စာဖောက်သောတပ်ဟူ၍ အမည်တွင်နေသည့်အကြောင်းကို ဆာရီဂျင်နယ်ဒေါ်မန်စမစ်က ကျွန်ုပ်အား ပြောပြပြီး ယခုကဲ့သို့ တလွဲတချော်အမည်တွင်နေခြင်းကြောင့် မြန်မာလူမျိုးများ နစ်နာနေသည့်အကြောင်းကို ပြောပြခဲ့ကြောင်း ထိုသို့ မြန်မာပြည်ဘုရင်ခံက ရှင်းလင်းပြောပြခဲ့သည်နှင့်တစ်ပြိုင်နက် ဤ'သစ္စာဖောက်စစ်တပ်' ဟူသော အမည်ကို နောက်နောင်တွင် မည်သည့်နည်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ဝေါ်ခြင်းမပြုရဟု အမိန့်ထုတ်ခဲ့ကြောင်း။

နိဂုံးချုပ်အားဖြင့် စစ်သေနာပတိချုပ် လော့(ဒ်)လူဝီမောင့်ဘက်တန်က မြွက်ကြားသည်မှာ နောက်ဆုံးအဖြစ်အပျက် အခြေအနေများကို ထောက်ရှုခြင်းအားဖြင့် မြန်မာလူမျိုးများအပေါ် ကျွန်ုပ်၏ယုံကြည်ကိုးစားခဲ့ခြင်းမှာ လမ်းမှန်အတိုင်းဖြစ်၍လာသည်ကို တွေ့မြင်ရကြောင်း။

မျိုးချစ်တပ်မတော် ဗိုလ်ချုပ်ကြီး ဗိုလ်အောင်ဆန်းက မျိုးချစ်ဗမာ့တပ်မတော်ကိုယ်စား မျိုးချစ်တပ်မတော်သားများ သိမ်းဆည်းရရှိလိုက်သော ဂျပန်စစ်ဗိုလ်တစ်ဦး၏ ဓားရှည်ကြီးကို စစ်သေနာပတိချုပ်ကြီးအား လက်ဆောင်အဖြစ် ပေးအပ်လိုက်ကြောင်း။

ထိုသတင်းကိုပင် မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ထုတ်ဝေသော သတင်းစာများ၊ မန္တလေးမြို့မှထုတ်ဝေသော လူထုဂျာနယ်၊ စာရေးဆရာကြီးဇဝနဦးစီးထုတ်ဝေသောဇဝနဂျာနယ်နှင့် အခြားဂျာနယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြခဲ့ကြသဖြင့် မြန်မာလူထုသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးနီးအချိန်၌ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ခဲ့သော မဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ်ဖြစ်သော မောင့်ဘက်တန်အား လေးစားကြည်ညိုခဲ့ကြသည်။

ထိုစဉ်က ကျွန်တော်သည် အကြိုတက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦးဖြစ်နေသဖြင့် မြန်မာနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များကို လက်လှမ်းမိသလောက် ရှာဖွေဖတ်ရှုနေပြီ ဖြစ်၏။ အမှန်အားဖြင့် ကျွန်တော်တို့ မြန်မာလူထုလေးစားချစ်ခင်သော မဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ် လော့(ဒ်)လူဝီမောင့်ဘက်တန်ကို လူကိုယ်တိုင် မမြင်ဘူးပါ။ သို့သော် မြန်မာနိုင်ငံအား ဂျပန်တို့သိမ်းပိုက်ထားစဉ် ရွှေရည်စိမ်လွတ်လပ်သောမြန်မာနိုင်ငံဟု လူအများ ကင်ပွန်းတပ်ထားစဉ်ကာလကပင် သူ့အကြောင်းနားမဆံ့အောင်ကြားခဲ့ရ၏။

မှန်ပါသည်။ ကျွန်တော်သည် ဒုတိယကမ္ဘာစစ်ကြီးကာလက မွေးဖွားခဲ့ပြီး ဂျပန်တို့ မြန်မာနိုင်ငံအား သိမ်းပိုက်ထားစဉ်ကာလတွင် လူလူသူသူကြီးပြင်းလာသူဖြစ်၏။ ၁၉၄၃ ခုနှစ်ဆန်းကပင် ဂျပန်အစိုးရဝါဒဖြန့်ချိရေး (သတင်းနှင့်ပြန်ကြားရေး) ဒိုမေသတင်းဌာနမှထုတ်ပြန်သော ကြေညာချက်များ၊ တိုကျိုမှထုတ်လွှင့်သည့် ရေဒီယိုသတင်းများတွင် လော့(ဒ်)လူဝီမောင့်ဘက်တန်အကြောင်း ဖော်ပြခဲ့သည်ကို နားထောင်ခဲ့ရ၏။

၁၉၄၄ ခုနှစ်အတွင်း မဟာမိတ်လေယာဉ်ပျံများကြဲချသည့် လေနတ်သားသတင်းစာများတွင် သူ့ဓာတ်ပုံနှင့် သတင်းများကို ဖတ်ရှုခဲ့ကြရ၏။ ထိုသတင်းစာများတွင် မြန်မာနိုင်ငံအတွင်း လေကြောင်းဖြင့် ထိုးဖောက်ချီတက်လာသော ခြစ်ဒစ်ပြောက်ကျားတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဝင်းဂိတ်နှင့် တွေ့ဆုံနေသော လော့(ဒ်)လူဝီမောင့်ဘက်တန်၏ ဓာတ်ပုံ၊ မြစ်ကြီးနားစစ်မျက်နှာခွင်တွင် တရုတ်တပ်မကြီး၏တပ်မှူးကြီး ဗိုလ်ချုပ်ကြီး စတီးဝဲ(လ်)နှင့် တွေ့ဆုံနေသောပုံများ၊ အင်ဖာ၊ ကိုဟီမားစစ်မျက်နှာတွင် ဂျပန်တို့နှင့် ပြင်းပြင်းထန်ထန် တိုက်ခိုက်နေသော မဟာမိတ်တပ်မတော်သားများအား တွေ့ဆုံနေသည့် လော့(ဒ်)လူဝီမောင့်ဘက်တန်၏ ဓာတ်ပုံများကို ကျွန်တော်တို့ မမြင်ချင်အဆုံးဖြစ်ခဲ့ရကား လော့(ဒ်)လူဝီမောင်ဘက်တန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံအား ဗြိတိသျှနှင့် မဟာမိတ်တို့ ပြန်လည် သိမ်းပိုက်ခြင်းမပြုမီက သိရှိနေကြသဖြင့် သူစိမ်းများမဟုတ်ကြ။ သူသည် မြန်မာလူမျိုးများအပေါ် စေတနာထားသောသူ၊ မြန်မာလူထုခေါင်းဆောင် ဖဆပလအဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းအား လေးစားခင်မင်သူဟုလည်းသိထားကြ၏။

မှန်ပါသည်။ ၁၉၄၄ ခု၊ အောက်တိုဘာလတွင် မောင့်ဘက်တန်သည် မြန်မာနိုင်ငံပြန်လည်သိမ်းပိုက်ရေးထိုးစစ်ကို စတင်ရန် စီမံဆောင်ရွက်ခဲ့သည်။ အမှန်အားဖြင့် ထိုစစ်မတိုင်ပင်ကပင် မောင့်ဘက်တန်အနေဖြင့် မြန်မာလူမျိုးများ ဂျပန်တို့နှင့် ပူးပေါင်းခဲ့မိသည်ကို နားလည်ခွင့်လွှတ်နိုင်ခဲ့သည်။ သို့သော် ဂျပန်ပြေးဘုရင်ခံ ဆာဒေါ်မန်စမစ်ခေါင်းဆောင်သော ဗြိုရိုကရက်တို့ကမူ နားလည်ခွင့်မလွှတ်နိုင်။ မြန်မာလူမျိုးများ ဂျပန်တို့နှင့် ပူးပေါင်းမိခြင်းသည် သစ္စာဖောက်မှုသာဖြစ်သည်ဟု မြင်ခဲ့ကြ၏။

မောင့်ဘက်တန်ကမူ မြန်မာလူမျိုးများ လိုလားသည်မှာ 'လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ' သာဖြစ်သည်ဟု မြင်ထား၏။ ဒုတိယကမ္ဘာစစ် အရှေ့တောင်အာရှသို့ ကူးစက်မလာမီအထိ ဗြိတိသျှတို့၏သဘောထားမှာ လွတ်လပ်ရေးကို မဆိုထားဘိ ကိုယ်ပိုင်အုပ်ချုပ်ရေးကိုပင်မရနိုင်သောအခြေအနေဖြစ်၏။ ထိုအခြေအနေတွင် ဂျပန်တို့ထံမှ လွတ်လပ်ရေးရမည် ယုံကြည်ထားသဖြင့် ပူးပေါင်းခြင်း ဖြစ်သည်။

မြန်မာတို့သည် လွတ်လပ်ရေးရမည်ဟု ယုံကြည်ခဲ့သောကြောင့် ဂျပန်တို့နှင့်ပူးပေါင်းခဲ့ရာ လွတ်လပ်ရေးအစစ်





www.burmeseclassic.com

www.burmeseclassic.com

အမှန်မရကြောင်းသိသောအခါ ဂျပန်တို့အားပြန်တိုက်ခဲ့သည်။ သစ္စာမဖောက်ကြောင်း ထင်ရှားသည်ဟုလည်း မောင့်ဘက်တန်က မြင်ထားသည်။ မြန်မာလူမျိုးများက ဂျပန်ကိုလည်း မလိုလား၊ အင်္ဂလိပ်ကိုလည်း မုန်းတီးဆန့်ကျင်သူများမဟုတ်။ သို့သော် ဂျပန်တို့အား အကူအညီပေးခဲ့ခြင်းမှာ တစ်ချိန်က ဗြိတိသျှတို့အနေဖြင့် မိမိတို့အား လွတ်လပ်ရေးပေးမည်မဟုတ်ဟု ယုံကြည်သောကြောင့်ဖြစ်သည်ဟုလည်း မောင့်ဘက်တန်က နားလည်ထားသည်။

ဤသို့ထိုးစစ်ဆင်နေသည့်ကာလတိုင်မီကပင် မြန်မာတော်လှန်ရေးတပ်များနှင့် မဟာမိတ်တို့၏ အိန္ဒိယနိုင်ငံမှ ‘၁၃၆’ တပ်ဖွဲ့တို့ လျှို့ဝှက်စွာ ဆက်သွယ်ခဲ့ပြီးဖြစ်၍ ‘တပ်ဖွဲ့-၁၃၆’ က လေကြောင်းများဖြင့် တော်လှန်ရေးနယ်မြေများသို့ လက်နက်များချပေးလျက်ရှိသည်။ ဤသည်ကို ဗြိတိသျှဗိုလ်ချုပ်ကြီး ဆာလီဘလီး(စ်)က ကန့်ကွက်ခဲ့၏။ လက်နက်ထောက်ပံ့ခြင်းမပြုရန် စီမံလာခဲ့သည်။ ထို့ကြောင့် တပ်ဖွဲ့-၁၃၆ က စစ်သေနာပတိချုပ် မောင့်ဘက်တန်ထံသို့ တင်ပြခဲ့ရာ မောင့်ဘက်တန်က -

‘ကျွန်ုပ်တို့အားပေးမှုကို ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြန်မာတို့သည် တော်လမကုန်ငီ ပုန်ကန်မှုစတင်နေပြီဖြစ်ရာ အခြေအနေအရပ်ရပ်အား အပြန်အလှန်စဉ်းစားပြီး မြန်မာတော်လှန်ရေးအင်အားစုများကို အစွမ်းကုန်အကူအညီပေးရမည်’

ဟု အမိန့်ထုတ်ခဲ့သည်။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခါစတွင် ကျွန်တော်တို့မြန်မာနိုင်ငံအား ကက်(စ်)ဘီ ခေါ် မြန်မာနိုင်ငံ မြို့ပြအုပ်ချုပ်ရေးအဖွဲ့ [Civil Affairs Service (Burma)]အရပ်အခေါ် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်သွားခဲ့သူမှာ မြန်မာအလိုတော်ရိ မောင့်ဘက်တန်ဖြစ်ပါသည်။

အမှန်အားဖြင့် မြန်မာနိုင်ငံစစ်အုပ်ချုပ်ရေးမှာ ဗြိတိသျှရေတပ်မတော်ဗိုလ်ချုပ်ကြီး လော့(ဒ်)လူဝီမောင့်ဘက်တန် အရှေ့တောင်အာရှမဟာမိတ်စစ်သေနာပတိချုပ်အဖြစ် တာဝန်မထမ်းဆောင်မီကာလက ဂျပန်များမသိမ်းပိုက်နိုင်သေးသည့် တောင်တန်းဒေသအချို့ကို အခြေအနေအရ ၁၉၄၃ ခု၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံစစ်သေနာပတိချုပ်ဗိုလ်ချုပ်ကြီးဝေဗဲလ်





လက်အောက်သို့ လွှဲပြောင်းပေးရာမှ အစပြု၍ ဖွဲ့စည်းပေါ်ပေါက်ခဲ့၏။ ထို့နောက် ဗိုလ်ချုပ်ကြီး လော့(ဒ်)လူဝီမောင့်ဘက်တန် အရှေ့တောင်အာရှမဟာမိတ်စစ်သေနာပတိဖြစ်လာသောအခါ ထိုအဖွဲ့ကို လွှဲပြောင်းယူခဲ့ရ၏။

ထိုအဖွဲ့၏အကြီးအကဲမှာ အိုင်စီအက်အရာရှိဟောင်း မစ္စတာပီးယားဆိုသူ ဖြစ်၏။ သူ့အား ဗိုလ်ချုပ်အဆင့်ပေးကာ တာဝန်ယူစေခဲ့၏။ ဗြိတိသျှပြည်သိမ်းတပ်များနှင့်အတူပါလာသောစစ်အုပ်ချုပ်ရေးခေါင်းဆောင်အိုင်စီအက်ဗိုလ်ချုပ်ပီးယား၏လက်ထဲ၌သစ္စာဖောက်မှုနှင့် သေဒဏ်အပြစ်ပေးခံရမည့် မြန်မာခေါင်းဆောင်များစာရင်းပါရှိလာသည်ဟု ထိုစဉ်ကသတင်းများ လူထုအတွင်း စိမ့်ဝင်ပျံ့နှံ့နေခဲ့၏။ ထိုစာရင်းတွင် မြန်မာလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းမှစ၍ ဗြိတိသျှအစိုးရအား ယခင်က ဆန့်ကျင်ခဲ့ကြသော နိုင်ငံရေးသမားများ၊ တို့ဗမာအစည်းအရုံးဝင်သခင်များပါသည်ဟုဆိုသည်။

သာဓကအားဖြင့် မဟာမိတ်တပ်များ မြစ်ကြီးနားခရိုင် သိမ်းပိုက်ပြီးစက တာဝန်ယူအုပ်ချုပ်ခဲ့သော စစ်အစိုးရသည် မြစ်ကြီးနားရှိ တို့ဗမာအစည်းအရုံးဝင်များဖြစ်သော သခင်နက်ဖေ၊ သခင်ဖိုးထွေး၊သခင်ဘထွန်း၊သခင်တင်မောင်၊ သခင်လှမောင်တို့အား စစ်အုပ်ချုပ်ရေးအစိုးရရာဇဝတ်ဝန်ကြီး (ခရိုင်ရဲမှူးကြီး) မစ္စတာဟီးလ်ကဖမ်းဆီးပြီး စစ်ရာဇဝတ်သားများဟုဆိုကာ သတ်ပစ်ခဲ့သည်။ ထိုသတင်းသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံးဂယက်ရိုက်ခတ်ခဲ့သောသတင်းဖြစ်ခဲ့ရသည်။ သို့သော် စစ်သေနာပတိဗိုလ်ချုပ်ကြီး လော့(ဒ်)မောင့်ဘက်တန်ကမူ ‘နိုင်ငံရေးခြေလှမ်းမှားခဲ့မှုကို နိုင်ငံရာဇဝတ်မှုအဖြစ် သဘောထားခြင်းမရှိစေရ’ ဟု အမိန့်ထုတ်ခဲ့သည်။ ဗြိတိသျှစစ်အုပ်ချုပ်ရေးက လက်လွန်ခြေလွန်မလုပ်ရန် အချိန်မီကာယ်တင်နိုင်ခဲ့သည်။

မောင့်ဘက်တန်သည် မြန်မာလူမျိုးတို့အား ဗြိတိသျှတို့နှင့်သင့်မြတ်သော လမ်းစဉ်ရောက်စေရန် သူတတ်စွမ်းသမျှ ကြိုးစားအားထုတ်ခဲ့သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာလူထု၏ ခေါင်းဆောင်အဖြစ် အပြည့်အဝအသိအမှတ်ပြုခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အရှိန်အဝါသုံးကာ မြန်မာနိုင်ငံအား ဗြိတိသျှဓနသဟာယအဖွဲ့ကြီးမှလုံးဝပျက်ပြယ်ထွက်ခွာမသွားစေရန် ဆွဲဆောင်ထားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်ထားခဲ့၏။

သို့ရာတွင် ဂျပန်ပြေးဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်ဗြိတိသျှဗျူရိုကရက်နှင့် ဝါရင့်ဗြိတိသျှထိပ်တန်းအရာရှိအချို့ကမူ ဗြိတိသျှအလိုတော်ရိ မြန်မာနိုင်ငံရေးသမားဟောင်းများ၏ သပ်လျှိုထားမှုကို ယုံကြည်ကာ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအဖွဲ့ချုပ်အား ဗြိတိသျှတို့နှင့် လုံးဝခွဲထွက်ရေးကိုသာ ဦးတည်ပေးခဲ့သည်။

မောင့်ဘက်တန်သည် မြန်မာ့ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းထန်သော စစ်အစိုးရခေါင်းဆောင် အိုင်စီအက်(ဖ်)ပီးယားအား ဖတ်ရှုခဲ့ပြီး သူနေရာတွင် ပျော့ပျောင်း ခေတ်မီသော နိုင်ငံရေးအမြင်ရှိသူ ဗိုလ်ချုပ်ရန်(စ်)ကို ခန့်ထားခဲ့သဖြင့် မြန်မာလူထုနှင့်တက်ကြွသော မြန်မာနိုင်ငံရေးသမားက ဝမ်းမြောက်သော ရှိခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံမှ



www.burmeseclassic.com

www.burmeseclassic.com

ဝေသော သတင်းစာများ၊ ဂျာနယ်များက မောင့်ဘက်တန်အား လေးလေးစားစား ချီးကျူးရေးသားခဲ့ကြသည်။ ထိုစဉ်က စောင်ရေအများဆုံးထုတ်ဝေသော ဇဝနဂျာနယ်တွင် ပင်တိုင်ဖော်ပြလေ့ရှိသော 'မြို့လုံးပတ်လည်' အခန်းတွင် စာရေးဆရာကြီး ဇဝနက မောင့်ဘက်တန်အား 'မြန်မာချစ်သောမောင်ဘတင့်' ဟု ကင်ပွန်းတပ်ရေးသားဖော်ပြခဲ့သည်။

ဘတင့်မှာ စစ်ကြိုခေတ်က မြန်မာရုပ်ရှင်ကြည့်ပရိသတ်စွဲမက်သောမင်းသားကြီးဖြစ်၏။အနုအကြမ်းစွယ်စုံရမင်းသားကြီးဖြစ်ရာ ရဟန်းရှင်လူကလေးငယ်ကအစ တသသချစ်ခင်လေးစားရသော အနုပညာတစ်ဦးဖြစ်သည်။ စစ်သေနာပတိချုပ် လော့(ဒ်)လူဝီမောင့်ဘက်တန်မှာလည်း မြန်မာပြည်သူတို့အပေါ် အခြားဗြိတိသျှစစ်သေနာပတိများနှင့်မတူ စေတနာ၊ မေတ္တာထားသူဖြစ်သဖြင့် မြန်မာလူထုကြိုက် 'မောင့်ဘတင့်' ဟု ကင်ပွန်းတပ်ခဲ့သည်။ ထို့အတူ အခြားသတင်းစာ၊ ဂျာနယ်များကလည်း မြန်မာလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏မာတ်ပုံနှင့် မောင်ဘက်တန်ကိုချီးကျူးရေးသားဖော်ပြခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီဖြစ်ရကား သူ့အဖို့ အာဏာပြန်လွှဲအပ်ရတော့မည်ဖြစ်၏။ သို့သော် ဤသို့အာဏာလွှဲပြောင်းရတော့မည့်အချိန်မတိုင်မီ သူ့အားချစ်ခင်ကြသော မြန်မာလူထုအတွက် မြန်မာ့မျိုးချစ်တပ်မတော်ကို ဗြိတိသျှတို့၏ အမြဲတမ်းတပ်မတော် (ဘားမားအာမီ) အတွင်း သွတ်သွင်းရန် စီစဉ်ခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းအားလည်း သီးသန့်တွေ့ဆုံဆွေးနွေးခဲ့သည်။ မှန်ပါသည်။ မောင့်ဘက်တန်သည် အပြီးမသတ်သေးသော မြန်မာ့တပ်မတော်၏နောင်ရေးအတွက် ကန်ဒီကွန်ဖရင့်ခေါ် ယူကျင်းပပြီး အပြီးအပြတ်နှစ်ဖက်သဘောတူဖြေရှင်းပေးနိုင်ခဲ့၏။

မောင့်ဘက်တန်သည် မြန်မာလူထုခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းအား ဖွဲ့စည်းမည့် မြန်မာတပ်မတော်တွင် လက်ထောက်စစ်ဗိုလ်ချုပ်ကြီးအဖြစ်ခန့်အပ်ရန် ကမ်းလှမ်းခဲ့သေး၏။ သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းက မောင့်ဘက်တန်ထံ စာရေး၍ ငြင်းပယ်ခဲ့၏။ ထိုစဉ်က မြန်မာနိုင်ငံအရေးနှင့်စပ်လျဉ်း၍ မောင့်ဘက်တန်၏အမြင်မှာ မြန်မာနိုင်ငံ၏ပြဿနာကို ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်နှင့်စေ့စပ် ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဟု ယူဆထား၏။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်သည်ဟုသဘောပေါက်ခံယူထား၏။

ဤဆောင်းပါးအစတွင် အိုရိယံကလပ်တွင်ကျင်းပခဲ့သော စစ်အောင်ပွဲအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက မောင့်ဘက်တန်အား ဆာမူရိုင်းဓားတစ်လက် လက်ဆောင်အဖြစ်ပေးအပ်ခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ ထိုဆာမူရိုင်းဓားနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းကစာတစ်စောင်ပါးလိုက်၏။

ထိုစာတွင် -

"ဒုတိယကမ္ဘာစစ်ကြီးအတွင်းကာလက ကျွန်တော်တို့အား မိတ်ဆွေကြီးစောင့်ရှောက်ခဲ့သည်များကို လှိုက်လှဲစွာကျေးဇူးအထူးတင်သည့်အထိမ်းအမှတ်အဖြစ် ကျွန်တော်လက်ဆောင်အဖြစ်ပေးအပ်သော ဤဆာမူရိုင်းဂျပန်ဓားကို အမြဲထာဝရ မိတ်ဆွေကြီး သိမ်းဆည်းထားပါရန် ပန်ကြားပါသည်"

ဟု ဖော်ပြထားခဲ့သည်။

မှတ်တမ်းများအရ ၁၉၄၅ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ပထမဆုံးအကြိမ်သွား၍ လွတ်လပ်ရေးအရေးဆိုရန်ကြိုးစားခဲ့ရာ မောင့်ဘက်တန်ကို အထူးအားကိုးခဲ့သည်ဟု ဆိုသည်။ ဗြိတိသျှအစိုးရကလည်း မောင့်ဘက်တန်သည် မြန်မာနိုင်ငံနှင့် ကောင်းစွာနားလည်မှုရှိသည်ဟု ထိုစဉ်က အာဏာရဗြိတိသျှလေဘာအစိုးရက ယူဆထား၏။ သို့ဖြစ်၍ ထိုစဉ်က ဝန်ကြီးချုပ်အက်တလီက မောင့်ဘက်တန်အား ခေါ်ယူပြီး မြန်မာနိုင်ငံအကြောင်း ဆွေးနွေးခဲ့သည်ဟု သိရ၏။

မြန်မာလူထုလေးစားချစ်ခင်သော မောင့်ဘက်တန်ကို ခရစ်နှစ် ၁၉၀၀ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဖွားမြင်ခဲ့၏။ ငယ်နာမည်မှာ လူဝီအယ်(လ်)ဘက်ဇစ်တာနီကို(လ်)(စ်)ဘတ်တင်ဘတ် ဖြစ်၏။ သူ၏မျိုးရိုးမှာ တော်ဝင်မင်းမျိုးဖြစ်သည်။ ဖခင်ဖြစ်သူမှာ မင်းသားကြီး လူဝစ်ဖြစ်ပြီး မိခင်မှာ ဝိတိုရိယမင်းသမီးကြီးဖြစ်သည်။မိခင်မှာ မြို့စားကြီးစတုတ္ထမြောက်လူဝစ်နှင့် အင်္ဂလန်နိုင်ငံဘုရင်မကြီး ဝိတိုရိယ၏သမီးမှ ပေါက်ဖွားဆင်းသက်ခဲ့သူဖြစ်၏။

ဖခင်မှာ ဂျာမန်သွေးပါသောကြောင့် အမည်မှာ လူဝစ်ဘက်တန်ဘတ်ဖြစ်၏။ အင်္ဂလန်နန်းစဉ်တွင် နန်းစွန့်ဘုရင်ဟု နာမည်ကြီးခဲ့သော ဝေလမင်းသားနှင့် ဝမ်းကွဲညီအစ်ကိုဖြစ်လေသည်။ ထို့အတူ ရုရှားနိုင်ငံမှနောက်ဆုံးဧကရာဇ်ဇာနီကိုလပ်(စ်)နှင့်လည်း ဆွေမျိုးတော်စပ်၏။

မောင့်ဘက်တန်သည် ငယ်စဉ်က ခရစ်ကောလိပ်နှင့် ကင်းဘရစ်(ချ်)တက္ကသိုလ်တို့တွင် ပညာဆည်းပူးခဲ့သည်။ မောင့်ဘက်တန်၏ဆွေစဉ်မျိုးဆက်သည် ဗြိတိသျှဘုရင့်ရေတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သူများဖြစ်ရာ မောင့်ဘက်တန်မှာလည်း ခရစ်နှစ် ၁၉၁၃ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ဗြိတိသျှရေတပ်မတော်တွင် အမှုထမ်းခဲ့သည်။ သာမန်ရေတပ်အရာရှိမှ ရေကြောင်းဗိုလ်ချုပ်ကြီးအထိ စွန့်စွန့်စားစားအမှုထမ်းခဲ့ရာမှ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း အရှေ့တောင်အာရှမဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ်ဖြစ်ခဲ့သည်။ သူလူငယ်ဘဝက သူ့အစ်ကိုဝမ်းကွဲ ဝေလမင်းသားနှင့်အတူ ၁၉၂၄ ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ဖူးသဖြင့် မြန်မာလူမျိုးတို့၏ ရိုးသားမှုကို အလေးအနက်ထားခဲ့သူဖြစ်၏။

ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်သော ဗြိတိသျှရေတပ်မတော်မှ ရေကြောင်းဗိုလ်ချုပ်ကြီးဖြစ်ရာ သူ့အား အင်္ဂလန်နိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအများက ဂုဏ်ထူးဘွဲ့ထူးများ ချီးမြှင့်ခဲ့ကြသည်။ ၁၉၅၆ ခုနှစ်တွင် ကျွန်တော်တို့ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခဲ့၏။ သူရရှိသော ဘွဲ့တံဆိပ်များမှာ တန်းစီနံပါတ်တို့ ရေတွက်မရအောင်များပြားခဲ့သော်လည်း သူ့အား အင်္ဂလန်နိုင်ငံမှ ချီးမြှင့်သော 'မြန်မာပြည်က မောင့်ဘက်တန်' ဟူသောဘွဲ့ထူးရာသက်ပန်ခံယူခဲ့ပြီး လက်မှတ်ရေးထိုးရာတွင် 'မောင့်ဘက်တန်အော့(ဖ်)ဘားမား' ဟူ၍ အပြည့်အဝ ရေးထိုးလေ့ရှိသည်ဟု သိရ၏။ ၁၉၇၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင်မူ အိုင်ယာလန်လွတ်မြောက်ရေးအဖွဲ့၏ လုပ်ကြံမှုကြောင့် ကွယ်လွန်ခဲ့ရပါကြောင်း။

လှမိုး(ပညာရေး)

ကျမ်းကိုး -


၁။ *The Life and Times of Lord Mountbalten*

၂။ မြန်မာအလင်းသတင်းစာများ




www.burmeseclassic.com

www.burmeseclassic.com

# တိုရန်း-စတုရန်း နင်းကြမ်းပြ
# ခပ်သိမ်းကိစ္စအောင်မြင်ရ

**ခုနစ်နေ့သားသမီးများနှင့်ဆိုင်ရာ တိုရန်းနှစ်ထပ်၊စတုရန်းနှစ်ထပ်**
**(သစ်နံများ)**
**တိုရန်းနံ-စတုရန်းနံ နှစ်ထပ်တို့၏လက်ာ**

| | | |
|---|---|---|
| (၁)(ညောင်စောက် ရွာလှ) တနင်္ဂနွေ-တိုရန်း စတုရန်းနှစ်ထပ် | (၂) (လဝဖုံးဖုံး) တနင်္လာ-တိုရန်း၊ စတုရန်း-နှစ်ထပ် | (၃)(ပျက်ပြုန်း သက်သာ) အင်္ဂါ-တိုရန်း၊ စတုရန်း နှစ်ထပ် |
| (၄)(သံသာ တောင်တင်း) ဗုဒ္ဓဟူး-တိုရန်း၊ စတုရန်း နှစ်ထပ် | (၅)(ထူးတွင်း-အိုးအင်) ကြာသပတေး-တိုရန်း စတုရန်းနှစ်ထပ် | (၆)(အင်ဥ-ကြခတ်) သောကြာ-တိုရန်၊ စတုရန်း-နှစ်ထပ် |
| (၇)ကပ်ကြီးဆုံဆုံ စနေ-တိုရန်း စတုရန်းနှစ်ထပ် | (၈)ဆောင်ကြကုန်ဟု မှတ်ယုံမြဲစွာ၊ သစ်၌မှာ သည်၊ ယတြာပြုလေ အောင်စေသတည်း။ | |

**ခုနစ်နေ့သားသမီးတို့နှင့်ဆိုင်ရာ တိုရန်း-စတုရန်း-နှစ်ထပ် သစ်ရွက်သစ်ပင်များ**

| နေ့သား | တိုရန်း-နှစ်ထပ် | စတုရန်းနှစ်ထပ် |
|---|---|---|
| တနင်္ဂနွေ | ဇော်စိမ်း၊ စံကားစိမ်း | ရွက်လှ၊ သျှိသျှား၊ လင်းလွန်း၊ လဲလူ |
| တနင်္လာ | ရဲယို၊ လင်းလွန်း၊ လဲလူ | ပျဉ်းမ၊ မေမြို့ပန်း၊ ပြောင်းဖူးပင် |
| အင်္ဂါ | ပျဉ်းမ၊ ပေါက်ပန်းဖြူ မေမြို့ | သံသတ်ပင်၊ သီဟိုဠ် |
| ဗုဒ္ဓဟူး | သံသတ်၊ သီဟိုဠ် | ထနောင်း၊ နာနတ်၊ နနွင်း၊ မခို |
| ကြာသပတေး | မခို၊ ထနောင်း၊ နာနတ် | အင်ဥ |
| သောကြာ | အင်ဥ | ကံ့ကော်၊ ကုက္ကို၊ ကြခတ် |
| စနေ | ကြခတ်၊ ကံ့ကော်၊ ကုက္ကို | ဇော်စိမ်း၊ ဆီးဇောင်း |

ခုနစ်နေ့သားသမီးတို့သည် မိမိတို့နှင့်သက်ဆိုင်ရာမွေးနံ့အရ ခရာစောက်တိုင်များတွင် တိုရန်းနှစ်ထပ်၊ စတုရန်းနှစ်ထပ်ဖြစ်သော သစ်ရွက်၊ သစ်ခက်၊ သစ်သား စသည်တို့ကိုစုပုံလျက် မိမိတွင် အရေးကြီးသောလုပ်ငန်းကိစ္စတစ်စုံတစ်ရာရှိလာပါလျှင် သွားလာဆောင်ရွက်ရသည့်အခါ စုပုံထားသော တိုရန်းနှစ်ထပ်၊ စတုရန်းနှစ်ထပ်ပစ္စည်းများကို မိမိ၏ခြေထောက်နှစ်ဖက်နှင့် နင်းသွားကြပါက မည်သည့်ကိစ္စအမှုခပ်သိမ်းတို့၌မဆို အောင်မြင်ထမြောက်ခြင်း ဖြစ်ပါလိမ့်မည်။

ပြုလုပ်ရန်မှာ စုပုံထားသော တိုရန်းနှစ်ထပ်၊ စတုရန်းနှစ်ထပ်၊ ဝတ္ထုပစ္စည်းတို့ကို မိမိ၏ခြေထောက်များနှင့်-

(၁) တနင်္ဂနွေသားသမီး (၆) ချက် နင်းသွားပါ။

(၂) တနင်္လာသားသမီးများမှာ (၁၅) ချက် နင်းပါ။

(၃) အင်္ဂါသားသမီး (၈) ချက် နင်းပါ။

(၄) ဗုဒ္ဓဟူးသားသမီး (၁၇) ချက် နင်း၍သွားပါ။

(၇) စနေသားသမီးများ (၁၀)ချက် နင်းပါ။

(၅) ကြာသပတေးသားသမီးဖြစ်ပါက (၁၉) ချက် နင်းပြီးသွားပါ။

- (၈) ဗုဒ္ဓဟူးနေ့ ညနေအချိန်နှင့် သန်းခေါင်အတွင်း၌ မွေးဖွားသူဖြစ်လျှင် (၁၂) ချက် နင်းပါ။

(၆) သောကြာနေ့သားသမီးများ ဖြစ်လျှင် (၂၁) ချက်နင်းပါ။

မိမိတို့နှင့်ဆိုင်ရာဂြိုဟ်သက်အတိုင်း အကြံအစည်အလုပ်ကိစ္စများ၊ အခက်အခဲကိစ္စရပ်များ အောင်မြင် ချောမွေ့ အဆင်ပြေပြီးမြောက်ပါစေဟုဆုတောင်း၍ ထိုပစ္စည်းများကို နင်းသွားပါက ခပ်သိမ်းသောကိစ္စရပ်များမှာ အောင်မြင်ပြီးမြောက် ခရီးရောက်ကြပါလိမ့်မည်။

နိုင်ငံကျော် အင်္ဂဝိဇ္ဇာ အတုလဆရာတော် မတစ်လုံးကျေ ခင်ကြီးပျော်က တိုရန်း၊ စတုရန်းနှစ်မျိုးတို့နှင့် ပတ်သက်၍ ဂါထာစကားမိန့်ကြားထားသည်မှာ -

> 'တိုစတု၊ ထိုနှစ်ခုကို ပြုမှုတစ်ဖန်၊ နင်းကြမ်းခံ၍၊ သွားရန်တခြား၊ ဆောင်လေငြား၈' အများကိစ္စ၊ အဝဝမှာ၊ မုချမလွဲ၊ အောင်စမြဲတည်း'
>
> ဟု မိန့်ဆိုတော်မူခဲ့ပေသည်။

*ခုနစ်နေ့သားသမီးများ လိုရာဆန္ဒ အောင်မြင်ပြည့်ဝကြပါစေ*

ဆရာဦးစိန်သိုင်း ([illegible])



www.burmeseclassic.com

www.burmeseclassic.com



ဘညိုက ခွေးများကို ချစ်သူ သို့မဟုတ် ခွေးများကို မုန်းသူ၊ ထိုအဆို နှစ်ရပ်စလုံးကို ပိုင်ဆိုင်သူဟု ဆိုနိုင်ပါသည်၊ ပြောနိုင်ပါသည်။

အိမ်ရှေ့လမ်းပေါ်က ခွေးများကို နေ့စဉ်နီးပါး ထမင်း၊ ဟင်းများ ကျွေးမွေးသည်။ အိမ်စားကြွင်းစားကျန်များကို ကျွေးသည် မဟုတ်ပါ။ ကျကျနနချက်ပြုတ်ကျွေးမွေးသည်။ ဈေးမှ အရိုး၊ အသားများဝယ်သည်။ ဆန်လတ်များ ဝယ်သည်။ အရိုး၊ အသားများနှင့် ဆန်လတ်များနှင့် ရောကျိုရောချက်သည်။ လမ်းပေါ်ရှိသမျှ တွေ့သမျှကျွေးသည်။ သို့သော် ဘညိုအိမ်မှာ ခွေးမမွေးပါ။ ဘညိုအိမ်မှာ ခွေးမရှိပါ။

ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လများကို ရောက်သည်နှင့် ဘညိုခွေးမုန်းပြီး လမ်းပေါ်မြင်မြင်သမျှ တွေ့တွေ့သမျှ ခွေးများကို လောက်လေးနှင့်ပစ်သည်။ ဘညို လောက်လေးပစ် အလွန်ဖြောင့်ပါသည်။

လမ်းပေါ်မှာ ဘညိုကို မြင်လိုက်သည်နှင့် ခွေးများပြေးကြတော့သည်။ မပြေး၍လည်းမဖြစ်၊ ဘညိုပစ်လိုက်သော လောက်စာလုံးကပြင်းသည်။ ခံရချက်က မသက်သာ။

ခွေးအူသံကို ဘညိုမကြိုက်။ အူသောခွေးကို ဘညိုအသေမုန်းသည်။ ညလမ်းပေါ်မှာ ခွေးအူသည်နှင့် လောက်လေးကိုင်ပြီး ဘညိုပစ်တော့သည်။ ဘညိုလက်ကမလွတ်။ သို့သော် ခွေးများကအူဆဲ၊ ဘညိုကလည်းပစ်ဆဲ။ ဘညို မလွတ်တမ်းပစ်သည်။ ခွေးများကလည်း အူရင်းပြေးသည်။

သည်သုံးလ ခွေးများကို ဘညို အစာမကျွေး၊ အိမ်ရိပ်ဝင်းရိပ်အနင်းမခံ။



www.burmeseclassic.com

www.burmeseclassic.com

အရောက်မခံ။ မြင်လိုက်သည်နှင့်၊ တွေ့သိက်သည်နှင့် ဘညို လောက်လေးကိုင်ပြီးပစ်ပြီ။ ဘညိုအိမ်သူက ခွေးများကို လောက်လေးနှင့်ပစ်သည်ကို မကြိုက်။ ဘညိုအိမ်သူက စိတ်ရင်းကောင်းသည်။ သနားကြင်နာတတ်သည်။

"သူ့ရာသီပဲတော်၊ ကိုညိုရယ် လုပ်ပါနဲ့"

ဟု တားသည်။ သို့သော် ဘညိုက တားမရ။ အိမ်သူ၏ အခြားသော စကားနားထောင်ပြား ဘညိုဒီစကားကိုတော့ နားမထောင်။

*

ဘညို လက်သမားပညာကောင်းကောင်းတတ်သည်။ အနုရောအကြမ်းပါရသည်။ အိမ်တစ်လုံးကောင်းကောင်း ဆောက်နိုင်သကဲ့သို့ စားပွဲ၊ ကုလားထိုင်၊ ဗီရို အနုစိတ်ရိုက်နိုင်သည်။ ဘညိုလက်ရာအကြိုက်များသည်။

ဘညိုအဖေက နာမည်ကြီး လက်သမားဆရာ ဖြစ်သည်။ တပည့်ပေါင်းများစွာကို မွေးထုတ်လုပ်ကိုင်သည်။ လက်သမားပညာကို အဖေ့ထံမှ အမွေရသည်။ ဘညိုအဖေ ဆုံးပါးချိန် လက်သမားအဖွဲ့ကို ဘညိုဦးစီးသည်။

အိမ်အလုံးပေါင်းများစွာကို လက်ခံသည်။ အပ်သူစိတ်တိုင်းကျအောင် ဆောက်လုပ်ပေးသည်။ အဆောက်အအုံဆောက်စရာမရှိလျှင် အိမ်မှာပင် စားပွဲ၊ ကုလားထိုင် ဗီရို၊ ဆက်တီခုံ၊ ပရိဘောဂများလုပ်သည်။ ပြီးနောက် ပြန်ရောင်းသည်။ ဘညိုလက်ရာကောင်းသဖြင့် ဝယ်သူများသည် ကြိုတင်ငွေပေး မှာယူလာကြသည်အထိ အောင်မြင်သည်။

ဘညို အလုပ်မပြတ်။ ထိုနည်းအတူ လက်သမားအဖွဲ့လည်း အမြဲအလုပ်ရှိသည်။ ဝင်ငွေကောင်းကောင်းရခဲ့ကြသည်။ ဘညိုအတွက် ရသမျှကို ကျေးဇူးရှင်မိခင်ကြီးကို အပ်သည်။ မိခင်ကြီး စိတ်တိုင်းကျ ခြေဆုပ်လက်နယ်ပြုစုသည်။ အသောက်အစားမရှိ။ မိခင်ကြီးကို လုပ်ကိုင်ပေးရင်းဖြင့်သာ အချိန်ကုန်စေသည်။

အိမ်သူနှင့်က မောင်နှမဝမ်းကွဲတော်စပ်သည်။ ရပ်ထဲရွာထဲမှ သမီးရှင်တော်တော်များများက ဘညိုကို မျက်စိကျကြပြား မိခင်ကြီးစိတ်တိုင်းကျ ဆန္ဒအတိုင်း ဘညိုလက်ထပ်ခဲ့ပါသည်။ ပြီးနောက် ဘညိုက အိုးမခွဲအိမ်မခွဲ။ မိခင်ကြီးကို ရသမျှအပ် မိခင်ကြီး စီမံသမျှနာခံသည်။ အိမ်သူကလည်း တူမချွေးမဖြစ်သည်မို့ ပြောဖွယ်မရှိ၊ ဆိုဖွယ်မရှိ။

ရွာဦးဆရာတော်၏ ကျောင်းမှာ ပညာသင်ချိန်ကတည်းက ဘညို လောက်လေးကိုကိုင်သည်။ ကျီးများ၊

# ကိုဇော်ဝင်း
(လှတော)

## ညည့်နက်ချိန်
## လမ်းပေါ်ကခွေးနက်ကြီးသုံးကောင်အကြောင်း





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းခွေးများကို ခြောက်လှန့်ရုံသာ ကိုင်ခြင်းဖြစ်သည်။ချိုးကလေး၊ ခိုကလေး များကို မပစ်။ သတ္တဝါများနှိပ်စက်ညှဉ်းပန်းသည်ကို ဆရာတော်မကြိုက်၊ ထို နည်းတူ မိခင်ကြီးလည်း မကြိုက်။

ဆရာ၊ မိဘသဘောမကျသည်ကို ဘညိုမလုပ်။ သို့သော် ဘညို လောက်လေးကို မြတ်မြတ်နိုးနိုးကိုင်သည်။ သူ့လောက်လေးကို တဆဆလုပ်နေခဲ့သည်။ ကျောင်းခွေးအချင်းချင်း အနိုင်ကျင့်သည်ကို ဘညိုသဘောမတွေ့။ အနိုင်ကျင့်သောခွေးကို သူ့လောက်လေးနှင့်ပစ်တတ်ခဲ့သည်။

ဆရာတော် ဆွမ်းဘုဉ်းပေးပြီး ဦးပဉ္စင်း၊ ကိုရင်၊ ကျောင်းသားများအားလုံးစားပြီးချိန် ပိုသမျှ ကျိုးငှက်များ၊ ကျောင်းခွေးများကို ဘညိုချကျွေးသည်။

လက်က လောက်လေးကိုမချ။

ကျေးဇူးရှင်မိခင်ကြီးနှင့်အတူ ငယ်ဆရာတော်ကျောင်းမှာ ဘညို ဘုရားသွားကျောင်းတက်လုပ်ခဲ့သည်။ ဘညိုမှာ သားသမီးမပွားစီးမရှိခဲ့။ စီးပွားဥစ္စာက စုနိုင်ဆောင်းနိုင်ခဲ့ပါသည်။

ကျေးဇူးရှင် မိခင်ကြီးက ဘညို လက်ပေါ်မှာပင် ဆုံးပါးခဲ့ပါ၏။

*

ငယ်ဆရာတော်ကြီးလည်း ပျံလွန်တော်မူသွားသည်။

ဘညို အိမ်သူနှင့် ဘုရားသွားကျောင်းတက်မပျက် သီတင်းပတ်တိုင်းကျောင်းကို ရောက်အောင်လာသည်။ ဘညိုနှင့် စာသင်ဖက် ဦးပဉ္စင်းလေးကယခု ဆရာတော်ကြီးနေရာမှာ သီတင်းသုံးနေခဲ့ပြီ။

မနက်ခင်း သီလယူပြီးချိန် ညနေဘုရားဝတ်တက်ပြီးချိန်များမှာ ဘညို ကျောင်းဝင်းတစ်ခုလုံးရှိ ခွေးချေးများ၊ ခိုချေး၊ အမှိုက်သရိုက်များ လှည်းကျင်းသန့်ရှင်းရေးလုပ်သည်။ ကျောင်းရှိ ခွေးများကိုလည်း ဂရုတစိုက်အစာများကျွေးသည်။

ဘညိုမှာ ဆရာခြေရာနင်းနိုင်သော လက်ထောက်တပည့်ရှိသည်။ ထိုတပည့်ကို အဆောက်အအုံများဆောက်လုပ်ရန် ခေါင်းဆောင်အဖြစ် တာဝန်လွှဲပေးလိုက်သည်။ အိမ်မှာ ပရိဘောဂလုပ်ရန် အငယ်ဆုံး ပညာသင်တပည့်လေးတစ်ဦးသာရှိတော့သည်။

ဘညိုနှင့် အိမ်သူမှာ လင်မယားနှစ်ဦးတည်း သားထောက်သမီးခံမရှိကြသဖြင့် စားအိုးကမကြီးပါ။ ပညာသင်တပည့်လေးကိုပင် ကျွေးမွေးထားကြသည်။ရသမျှနှင့် တင်းတိမ်ရောင့်ရဲနိုင်ခဲ့ကြသည်။

စားပွဲ၊ ကုလားထိုင်၊ တန်းလျား၊ ဗီရို၊ ဆက်တီခုံ အိမ်မှာပင်ရိုက်သည်။ လက်ရာကောင်းပြီး ဈေးနှုန်းသင့်သဖြင့် အရောင်းအဝယ်ဖြစ်သည်။

တချို့တစ်ဝက် တပည့်လေးကို ထောက်ပံ့သည်။ လှူနိုင်သမျှ ကြိုးစားလှူခဲ့ကြသည်။ မပြည့်စုံသောတပည့်ဟောင်းများကိုပေးခဲ့သည်။

အကျင့်စရိုက်ကို စွန့်နိုင်ခဲသည်ဆိုကြသည်။

လမ်းပေါ်က ခွေးများကို ဘညိုကျွေးမွေးသည်။ အိမ်မှပိုသမျှကျွေးသည်။ နောက်ပိုင်း ဘညိုကိုယ်တိုင် ဈေးထွက်ဝယ်ပြီး ချက်ပြုတ်ကျွေးမွေးသည်။ ဘညို ခွေးတွေကို တော်တော်ချစ်တာပဲဟု တစ်ရပ်ကွက်လုံးက ပြောဆိုခဲ့ကြသည်။

သို့သော် ဝါခေါင်လ၊ တော်သလင်းလ၊ သီတင်းကျွတ်လများကိုရောက်ခဲ့ချိန် ဘညိုလက်က လောက်လေးကိုမချနိုင်အောင် ခွေးများကိုပစ်တော့သည်ကို တစ်ရပ်ကွက်လုံး နားမလည်နိုင်အောင်ပင်။

ခွေးအူသံကို ဘညိုအမုန်းကြီးမုန်းသည်။ အူသောခွေးကို ဘညိုမလွတ်နိုင်အောင်ပစ်တော့သည်။ မည်မျှဘညိုအလုပ်များနေပါစေ ခွေးအူသံကြားသည်နှင့် လုပ်လက်စကိုချလျက် လောက်လေးကိုင်ပြီး လိုက်ပစ်တော့သည်သာ။ ထိုအဖြစ်ကို ဘညို အလုပ်သင်တပည့်လေးကပင် အံ့ဩခဲ့ရသည်ဆိုပါ၏။

မင်္ဂလာဆောင်တစ်ခုအတွက် ခုတင်တစ်ချပ်နှင့် ဗီရိုတစ်လုံး၊ အလှပြင်ခုံ၊ ဆက်တီတစ်ခုကို လက်ခံလိုက်သည်။ အချိန်မီပြီးစီးနိုင်ရန် ကြိုးစားလုပ်ကိုင်ပေးရသည်။ အပ်နှံသူတို့ ပျော်ကြပြား ဘညို ပင်ပန်းသွားသည်။ နေ့ရောညပါ မနားနိုင်မပြုနိုင် ဆရာတပည့်နှစ်ဦးတည်းပြီးအောင်လုပ်ခဲ့ရသည်။

လုပ်ငန်းပြီးချိန် ညနေ (၃) နာရီ နေပူနေဆဲ၊ အပူရှိန်မြင့်ဆဲမှာ ဘညို ရေချိုးသည်။ ညပိုင်းမှာ ဘညို အပြင်းဖျားသည်။ အဖျားကြီးပြီး သတိပါလစ်သည်။

"ဟာ - ငါ့လောက်လေးပေးစမ်း၊ အိမ်ရှေ့လမ်းပေါ်မှာ ခွေးနက်ကြီး (၃) ကောင်အူနေတာ မကြားကြဘူးလား"

ဟု ဘညိုကယောင်ကတမ်းအသံထွက်သည်။

ဘညိုအိမ်မှာ လူစုံတက်စုံ တပည့်ဟောင်းများ၊ ညီအစ်ကိုမောင်နှမဝမ်းကွဲများအားလုံးရောက်နေရသည်။ တစ်ဖက်ရွာမှ ဆေးဆရာကိုပင့်ကြသည်။(၃)ရက်မြောက်လာ၏။ ဘညို အဖျားကမထူး သတိကလည်လာခြင်းမရှိ။ ကယောင်ကတမ်းများအော်ဟစ်ပြောဆိုမြဲ။ နောက်နေ့ မြို့ဆေးရုံကိုပို့ပြီး ကုသမှုခံယူနိုင်ကြရန် တိုင်ပင်ခဲ့ကြရတော့သည်။

"ခွေးနက်သုံးကောင် အူနေကြသဟ။ ပေးစမ်း - ငါ့လောက်လေးလောက်လေးပေးပါဟ"

ဟု ဘညိုနှုတ်က ယောင်သောအသံထွက်လာ၏။

ဘညိုက အိမ်ရှေ့အဖီအောက် ခုတင်တစ်ချပ်ပေါ်မှာရှိသည်။ ဘညို ခြေရင်းတိုင်မှာ ဘညိုလောက်လေးနှင့် လောက်စာအိတ် ရှိသည်။ ဘညိုခုတင်ဘေးမှာ အိမ်သူအပါအဝင် အားလုံးရှိနေကြပါသည်။ ဘညိုကယောင်ကတမ်း ပြောဆိုသည်။

ညဉ့်နက်ခဲ့ပြီဖြစ်ငြားလည်း လရောင်ကောင်းစွာသာနေသည်။ လမ်းဘေးမီးတိုင်များကလည်း အလင်းရောင်များ အားကောင်းလျက်ရှိပါသည်။ အိမ်ရှေ့လမ်းပေါ်မှာ ခွေးနက်ကြီး (၃) ကောင်ကို တွေ့မြင်လိုက်ကြရသည်။ ဘညိုခုတင်ဘေးမှစောင့်ကြည့်နေသူများမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေကြသည်။

ခွေးနက်ကြီးများဆီက အူသံများထွက်လာသည်။ အချိန်မကြာလိုက်၊ ခွေးနက်ကြီး (၃) ကောင် အူသံများ ရပ်လိုက်ပြီးပြေးကြတော့သည်။ တစ်ကောင်က လောက်လေးမှန်သကဲ့သို့ အော်သွားသည်။ ပြေးသွားသည်။ ဘညို လောက်လေးရှိရာ အကြည့်ရောက်ခဲ့ကြသည်။ လောက်လေးက ယမ်းခါနေသကဲ့သို့ လောက်စာအိတ်က လှုပ်နေတာကိုမြင်ကြရသည်။ လောက်စာအိတ်ထဲမှ လောက်စာကိုယူပြီး လောက်လေးနှင့် ပစ်လျက် ပြန်ချိတ်ထားပုံမျိုး ဖြစ်သည်။ ဘညိုကစင်းစင်းကြီးသတိလစ်နေသည်။

*

မနက် (၅) နာရီမထိုးမီ ဘညိုဆုံးသည်။ ဘညိုကို မြို့ဆေးရုံပို့ပြီး ကုသခွင့် မရတော့။ ဆရာတော်ကိုပင့်လျှောက်



www.burmeseclassic.com

www.burmeseclassic.com

သက်ပျောက်ဆွမ်းကပ်ကြရသည်။ဘညို အိမ်သူက ရေစက်ပင်ကောင်းကောင်း မချနိုင်။ မျက်ရည်များဖြိုင်ဖြိုင်ကျလျက် အဖြစ်ကို မယုံကြည်နိုင်စွာ။ ဘညိုကို ဆုံးပါးသည်ဟု မထင်။ သတိကောင်းစွာ ပြန်လည်လာလိမ့်မည်ဟု အထင်ရှိခဲ့၏။

ထိုခုတင်လေးပေါ်မှာ ဘညို၏ အလောင်းကို ပြင်ထားသည်။ တပည့်များက ဘညိုကို ကန်တော့ခဲ့ကြသည်။ ဘပည့်လေးက မြေပြင်ပေါ်မှာ လူးလိမ့်ငိုသဖြင့် ဝိုင်းဝန်းဆွဲထူကြရသည်။ ဘညိုကို (၃)ရက်ထားပြီးမှ မြေချသဂြိုဟ်မည်။ အဝေးရောက်နေသော ဘညိုတပည့်များ နောက်ဆုံးဂါရဝပြုနိုင်ရန် စောင့်ကြခြင်းဖြစ်သည်။

ကနားဖျင်းကြီးနှစ်ခုထိုးထား၏။ လျှပ်စစ်မီးချောင်းများ အချောင်း(၂၀) မက ထွန်းညှိထားသည်။ ကနားဖျင်းများ၊ အောက်ဖျာကြမ်းများခင်းထားပြီး ဝိုင်းကြီးနှစ်ဝိုင်းရှိနေသည်။ ညစောင့်ရင်း ကစားနေကြခြင်း ဖြစ်သည်။

တပည့်နှစ်ယောက်က ရေနွေးအိုးမီးထိုးနေကြသည်။ ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ချင်းသုပ်၊ ကွမ်း၊ ဆေးလိပ်အစုံ ပြင်ဆင်ပေးထားသည်။တပည့်အချို့က သောက်စားထားသည်။

ဘညို အိမ်ဝင်း တောင်ဘက်ခြံစည်းရိုးအစပ်မှာ ခွေးနက်ကြီးများကို ရေနွေးအိုးမီးထိုးနေကြသူများ တွေ့ရသည်။ ဘညိုအလောင်းကို ချောင်းနေသလားထင်ရကြောင်း တပည့်တစ်ဦးက ဆိုသည်။ အမှုမဲ့အမှတ်မဲ့နေခဲ့ကြသည်။

ည (၁၂) နာရီ မောင်းသံထွက်လာသည်။ ခွေးနက်ကြီး (၃) ကောင် ဘညို အလောင်းခုတင်ဘေးမှာပတ်နေတာကို ဝိုင်းထဲမှတစ်ဦးမြင်သည်။ စိတ်ထင်လို့နေပါလေဟု အောက်မေ့လျက် ဆက်ကစားနေသည်ဆို၏။

အချိန်ကမကြာလိုက်။ ခွေးနက်ကြီး (၃) ကောင်က ဘညိုအလောင်းကို ကိုက်ဆွဲချသည်။ ဘညိုအလောင်း ခုတင်ပေါ်ကကျသည်။ ဘညိုလက်များက ခွေးများကိုရိုက်နှက်ဆွဲကုတ်ဖဲ့သည်။

ကစားဝိုင်းက မြင်သဖြင့် လန့်အော်သည်။ ရပ်သူရပ်၊ ထသူထလျက် အော်သူကအော်သည်။ ပြေးလာခဲ့ကြသည်။ ခွေးနက်ကြီး (၃) ကောင်က မရှိတော့ ဘညိုအလောင်းကို ခုတင်ပေါ် ပြန်တင်ပေးကြရသည်။

"ဟဲ့၊ ဟဲ့ - နင်တို့ဆရာ သေတာမှ ဟုတ်ရဲ့လား၊ ကြည့်ကြစမ်းပါဦးကွယ်။ နားရွက်တစ်ဖက်ကို သွေးစို့နေသဟဲ့"

ဟု ဘညိုအိမ်သူကပြောပါမှ -

တပည့်များ အသေအချာကြည့်ခဲ့မိကြသည်။ ဘညိုနားရွက်တစ်ဖက်၏ အပေါ်ခြမ်းက မရှိတော့။ နားရွက်က စုတ်ပြတ်သပ်နေပါပြီ။ အောက်ပိုင်းမှာ သွေးစအနည်းငယ်တွေ့ရသည်ကလည်း အမှန်ပင်။ ခွေးနက်ကြီးတစ်ကောင်၏ ကိုက်ဖဲ့သွားခြင်း ဖြစ်သည်။

ထိုထက်အံ့ဩကြရသည်က ဘညိုလက်မှာ အနက်ရောင်ခွေးအမွေးများ ကိုဆုပ်လျက်တွေ့လိုက်ရပါသောကြောင့် ဝိုင်း (၂) ဝိုင်းစလုံး ပြန်မကစားနိုင်ကြတော့ပါ။ တစ်ညလုံး ဘညိုအလောင်းကို စောင့်ကြည့်လျက်နေကြရပါတော့သည်။

ဒုတိယညမှာလည်း အဖွဲ့ခွဲများဖြင့် စောင့်ကြရသည်။ မနက် (၂) နာရီအထိ ထူးခြားခြင်းမရှိ။ နံနက် (၂) နာရီကျော်ချိန် ဘညိုအိမ်ဝိုင်း ခြံစပ်လေးဖက်လေးတန်မှာ ခွေးနက်ကြီး (၃) ကောင် လှည့်ပတ်နေခြင်းကို တပည့်တစ်ဦးကတွေ့ပါသဖြင့် အားလုံးဝိုင်းပြီး ခြောက်ထုတ်ခဲ့ကြရသည်။ အခဲမကျေရန်ငြိုးကြီးစွာဖြင့် ဝင်းခြံအတွင်းဝင်လာမည့်ပုံမျိုးဟု တပည့်တစ်ဦးက ပြန်ပြောသည်။

တတိယည မြေချရမည့်ညမှာ နှစ်ယောက်တစ်ဖွဲ့အစောင့်ချပါသည်။ ကစားဝိုင်းကြီး (၃) ဝိုင်း ကစားနေသည်။ သောက်စားထားသူများအသံက ကျယ်လှသည်။ ရပ်မလေ့ရွာမလေ့မို့လည်း ပြောစရာမရှိ။

မနက် (၄) နာရီ -

တောင်ကျောင်းက အုန်းမောင်းခေါက်သံများကြားလာရပြီ။ သည်အချိန်တွင်မှ လမ်းပေါ်က ခွေးနက်ကြီး (၃) ကောင် (၃) ကောင်က အသံရှည်ဖြင့် ဆွဲဆွဲငင်ငင်အူသည်။ ကစားဝိုင်းကြီး (၃) ဝိုင်းပျက်သွား၏။ ရှိသမျှလူများဝိုင်းပြီး ခဲများ၊ တုတ်များ ရရာလက်နက်ဖြင့် ခွေးနက်ကြီး (၃)ကောင်ကို ပစ်ပေါက်သည်။ အသံပေးဝိုင်းဝန်းခြောက်လှန့်ခဲ့သည်။



ခွေးနက်ကြီး (၃) ကောင်က ထွက်မပြေးပါ။ ခဲများ၊ တုတ်များဖြင့် ပစ်ပေါက် ဝိုင်းဝန်းခြောက်လှန့်နေကြသူများကိုပင် ပြေးလာလျက် ကိုက်မည်ထင်ရ၏။ (၃) ကောင်စလုံး မာန်ဖီနေကြသည်။ နောက်ဆုတ်သူဆုတ်၊ ရှေ့တိုးခြောက်ကြသူခြောက်နှင့်ရှုတ်ရှုတ်သဲသဲ။ ခွေးနက်ကြီး (၃) ကောင်အနက် အူနေသောအကောင်၏ ရှေ့ခြေတစ်ဖက်ကို လောက်စာလုံးမှန်လိုက်သည့်အလား မြောက်တက်သွားပြီး အော်လျက် စပြီးထွက်ပြေးသည်။

နောက် ခွေး (၂)ကောင်ကိုလည်း လောက်စာလုံးများ မှန်ပုံမျိုး ဖြစ်၏။ ရှေ့ဆင့်နောက်ဆင့်အော်ပြေးကြပြန်၏။ ဘညို၏လောက်လေးကို တစ်စုံတစ်ယောက်က ဆွဲယူပစ်သည် ထင်ခဲ့ကြ၏။ တညီတညာတည်း နောက်ကိုလှည့်ကြသည်။ ဘညိုလေးချိတ်ထားရာတိုင်ကို လှျောက်ခဲ့ကြပြီးကြည့်သည်။

ဘညိုလေးက တိုင်မှာချိတ်ထားသောနေရာမှမတွေ့ရ။ လောက်စာလွယ်အိတ်လေးပါလေးကို ဘညိုအလောင်းစင်ခုတင်ခြေရင်းမှာ အတူပုံလျက်တွေ့လိုက်ကြရသည်။ မည်သူဆွဲပစ်သည်၊ မည်သူပြန်ချထားသနည်း။ အဖြေကမရှိ။

ခွေးနက်ကြီး (၃) ကောင်ကို လေးနှင့်ပစ်သူသည် ဘညိုကိုယ်တိုင်ပင်လော။

ထိုနေ့ နံနက် (၁၀) နာရီ ဘညိုအလောင်းကို ရွာမြောက်ဘက် သုသာန်မှာ မြေချပါသည်။ သက်စေ့သံဃာများပင့်လျက် ပစ္စည်းစုံဆက်ကပ် ရေစက်ချအမျှပေးဝေသည်။ ဆွေမျိုးသားချင်း မိတ်ဆွေများ၊ တပည့်တပန်းများနှင့် ဘညို၏ရှာပနစည်ပါသည်။

*

ဘညိုက ခွေးများကို ချစ်သူ (သို့) ခွေးများကို မုန်းသူ။ ထိုအဆိုနှစ်ရပ်စလုံးကို ပိုင်ဆိုင်သူဟု ဆိုနိုင်ပါသည်။ ပြောနိုင်ပါသည်။

ကိုအောင်ဒင်း ([illegible])



www.burmeseclassic.com

www.burmeseclassic.com

(မိုးကုတ်)

# ရွှေပြည်စိုး

## လူကဲ့သို့သောကြောင်တစ်ကောင်

**လူ့ဘဝတစ်သက်တာမှာ**

မွေးဖွားသည်မှ သေသည့်တိုင်အောင် ဘဝတစ်ခုလို့ သတ်မှတ်ကြပါတယ်။ ဘဝတစ်သက်တာဆိုသော်လည်း လူ့ပြည်လူ့လောကမှာကြာကြာနေရတာရှိမယ်၊ ခဏတာနေရတာရှိမယ်။ ခဏတာနေရတဲ့လူတွေကို မဆိုလိုပေမယ့် ကြာကြာနေရတဲ့လူတွေမှာတော့ ဘဝခရီးလမ်းတစ်လျှောက်မှာ ဆန်းကြယ်တဲ့ အဖြစ်လေးတွေကြုံတွေ့တတ်ကြပါတယ်။

အချို့လည်း အမှတ်တမဲ့ရှိမယ်၊ အချို့လည်း အမှတ်တရရှိမယ်ပေါ့ဗျာ။ အမှတ်တရရှိလို့ ခုလို သူများကို ပြောပြမယ်ဆိုရင်တော့ ယုံသူလည်းရှိမယ်။ မယုံသူလည်းရှိမယ်။ ဘာကြောင့်မယုံတာလဲဆိုရင် ယုံချင်စရာမှမရှိတာ။

ဒါပေမယ့် ကိုယ်တွေ့ကြုံရတဲ့ ကျွန်တော်တို့ ဇနီးမောင်နှံကတော့ ဘဝတစ်သက် မေ့ရက်ကြမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဆန်းကြယ်လွန်းလို့





www.burmeseclassic.com

www.burmeseclassic.com

ပါ။ ဟုတ်ကဲ့ - အဲဒါလေးကို ကျွန်တော် ပြောပြချင်တာပါ။ ယုံချင်လည်းယုံ၊ မယုံချင်လည်း ပုံပြင်မှတ်ပေါ့ဗျာ။

**ဟင်းတစ်တုံးပျောက်ခြင်း**

"ကိုကိုရေ"

"ဘာတုံး သဲရဲ့"

"ပန်းကန်ထဲက ဟင်းတစ်တုံး ကိုကိုစားလား"

"မစားပါဘူး၊ ဘာဖြစ်လို့လဲ"

"မနေ့ညစာစားပြီးတော့ ဆိတ်သားနှစ်တုံး ကျန်တာလေ။ အဲဒါကြွက်တွေလှန်မှာစိုးလို့ အသေအချာအိုးနဲ့အုပ်ပြီးဖိထားတာ တစ်တုံးပျောက်သွားတယ်"

"ကြွက်များလှန်လှောပြီးစားသွားသလားမှ မသိတာ"

"ကြွက်ကဘယ်လိုလုပ်လှန်နိုင်မှာလဲ ကိုကိုရာ။ သဲထားတဲ့အတိုင်း ခြေရာလက်ရာမှမပျက်တာ။ ကြွက်စားတယ်ဆိုရင်လည်း ကြွက်ရဲ့ခြေရာတွေ ပန်းကန်မှာ ထင်ကျန်နေမယ်။ အခုဟာက သပ်သပ်ရပ်ရပ်ပုံစံဆိုတော့ ကြွက်မဟုတ်နိုင်ဘူး ကိုကိုရဲ့။ ပျောက်ပုံက အတော်ထူးဆန်းတယ်"

"သဲဥစ္စာက ဟင်းနှစ်တုံးကော ဟုတ်ရဲ့လားကွာ"

"အို-ဟုတ်တာပေါ့။ နံနက်အစောစာကို ထမင်းကြော်ပြီး ဟင်းတစ်ယောက်တစ်တုံးနဲ့ စားမယ်လို့ စိတ်ကူး





www.burmeseclassic.com

www.burmeseclassic.com

ထားတာ။ ခုတော့ သဲစိတ်ကူးပျက်ပါပြီ ကိုကိုရာ"

"ဩော် - ဒါများသဲရာ၊ ထမင်းကို ပဲပြုတ်လေးနဲ့ကြော်လည်း အဆင်ပြေပါတယ်ကွာ။ စိတ်မကောင်းမဖြစ်ပါနဲ့"

လို့ ဖြေသိမ့်ရပါတယ်။

ညားခါစ ကျွန်တော်တို့ဇနီးမောင်နှံနှစ်ဦးဟာ နေပြည်တော်ဧရိယာအတွင်းရှိ ရွာလေးတစ်ရွာမှာ အိမ်သေးသေးလေးတစ်လုံးကို ငှားရမ်းနေထိုင်ကြပါတယ်။ အိမ်သေးသေးလေးတွေက အများကြီးပါ။ အဲဒီရွာကို နိုင်ငံတော်က ဖျက်ပြီး မြို့ပြတည်ဆောက်ရန် မြေကွက်တစ်ကွက် အစားပြန်ပေးမယ်အထင်နဲ့ အိမ်သေးသေးလေးတွေ တံစက်မြိတ်ချင်းဆက်အောင်အလုအယက်ဆောက်ထားကြခြင်းပါ။ မှိုတွေပေါက်နေသလားအောက်မေ့ရတယ်။

သူတို့ အဆင်ပြေ၊ မပြေတော့မသိဘူး။ တစ်နယ်တစ်ကျေးက လာရောက်အလုပ်လုပ်တဲ့ ကျွန်တော်တို့လိုလူတွေကျတော့ နေထိုင်စရာအဆင်ပြေတယ်။ ဈေးပေါပေါနဲ့ နေထိုင်ခွင့်ရကြတယ်။ သူတို့အနေနဲ့ကလည်း အယောင်ပြဆောက်ကြတာလေ။ သူတို့မှမနေနိုင်တာ။ ဒီတော့ ရသလောက်အမြတ်ဆိုပြီး ထားကြတာပါ။ လူနေရင် အိမ်လည်း မဆွေးဘူးလေ။

သို့သော်လည်း ကျွန်တော်တို့နေတဲ့အိမ်ကလေးက ထရံကျဲကျဲပေမယ့် မီတာဘောက်(စ်)ရှိတော့ကာ ချက်ရေးပြုတ်ရေး၊ နေရေးထိုင်ရေး ညရေးညတာ အဆင်ပြေသပေါ့ဗျာ။ ညဆို မီးအလင်းမီးချောင်းထွန်းထားလိုက်တာပဲ။

အိမ်က တိုင်ကိုးလုံးနဲ့ဆောက်တဲ့ သွပ်မိုးထရံကာအိမ်လေးပါ၊ (၁၈) ပေ ပတ်လည်အိမ်လေးဆိုပါတော့။ အပေါ်ပိုင်းကို ထရံနဲ့ပိတ်ပြီး အိမ်ရဲ့ခန်းမလုပ်ထားတယ်။ အောက်ဘက်ခန်းကျတော့ တစ်ခန်းကို ဝါးကြီးကို ဝါးသေးနဲ့ ဖောက်စွပ်ထားတဲ့ သုံးထစ်လှေကား အိမ်ပေါ်တက်ဖို့ထောင်ထားပြီး ကျန်တဲ့တစ်ခန်းကို အခန်းဖွဲ့ထားပါတယ်။ အဲဒီအောက်ခန်းကို ကျွန်တော်တို့က မီးဖိုခန်းလုပ်ထားပါတယ်။ အိမ်မှာပိတ်ဖို့ တံခါးမရှိပါဘူး။ ဟင်းလင်းပေါက်တွေပါ။ အဲဒါကြောင့် အိမ်ပေါ်အဝင်ပေါက်ကို အဟန့်ဖြစ်အောင်ဆိုပြီး လိုက်ကာတစ်ခုတပ်ထားလိုက်ပါတယ်။ အောက်ဘက်မီးဖိုချောင်အဝင်ဝမှာ (၂) ပေမီးချောင်း မိုးအလင်းထွန်းထားတော့ကာ ညရေးညတာ အကုန်မြင်နေရပါတယ်။

**နေ့စဉ်ပျောက်ခြင်း**

"ကိုကိုရေ"

"ဘာတုံးသဲရဲ့၊ ဘာပျောက်ပြန်ပြီလဲ"

မီးဖိုခန်းဘက်က ခေါ်သံကြောင့် တစ်ခုခုပျောက်ပြန်ပြီဆိုတာ အတပ်သိလိုက်ပါတယ်။

"မနေ့ညစာစားပြီး ဝက်သားဟင်း (၃) တုံးကျန်တာ။ အဲဒါ တစ်တုံးပျောက်သွားပြန်ပြီ။ ဟင်းခွက်က အကောင်နှိုက်ထားသလို မဟုတ်ဘူး။ ကိုကိုလာကြည့်လှည့်ဦး"

ဆိုတော့ သွားကြည့်ရပြန်တယ်။ ဟုတ်တယ်။ ကြွက်နှိုက်ထားတာဆိုရင် ဟင်းတွေဖရိုဖရဲဖြစ်နေရမှာ။ ခုဟာက သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းပါ။ အကောင်နှိုက်စားတာနဲ့ လုံးဝမတူဘဲ လူတစ်ယောက်က ဟင်းတုံးကို အသာနှိုက်ယူသလိုမျိုး ဟင်းခွက်က သန့်ရှင်းလျက်ပါ။ ထူးတော့ အတော်ထူးနေပါပြီ။ ဘယ်လိုအကောင်မျိုးကများ လာပြီးခိုးစားနေပါလိမ့်။

ပြီးတော့ ဆန်းတာက ပန်းကန်ထဲရှိသမျှဟင်းကို အကုန်မစားဘဲ စည်းကမ်းရှိရှိ တစ်တုံးသာစားသွားတာကလည်း အံ့ဩစရာပါ။ ကျွန်တော်တွေးမိတယ်။ ငါသာဆိုရင် တစ်တုံးမှချန်မထားဘဲ အကုန်စားပစ်မှာဆိုတဲ့အတွေးပါ။

ကျွန်တော်တို့က နေပြည်တော်မှာ ဧည့်သည်တွေဆိုတော့ကာ ထမင်းစားစားပွဲတွေဘာတွေမပါဘူးလေ။ အိပ်ရာလိပ်၊ အဝတ်အိတ်၊ စားအိုးစားခွက်ဒါလောက်ပဲပါတာ။ ဒီတော့ ကျွန်တော်တို့က ကြမ်းပြင်မှာချစားကြတာ။ သိမ်းတော့လည်း မီးဖိုခန်းကြမ်းပြင်ပေါ်မှာ ဖုံးဖိပြီးထားကြတာ။ ကြောင်တို့၊ ကြွက်တို့ဆိုရင် မလှန်နိုင်ပါဘူး။ ဒီအကောင်ဘာကောင်ပါလိမ့်ဆိုကာ ကျွန်တော်တို့ဇနီးမောင်နှံအတွက် ပဟေဠိဖြစ်နေရတာပါ။ ဒါနဲ့ ကျွန်တော်က ဇနီးကိုအကြံပြုရပါတယ်။ ဒီလိုပျောက်ပျောက်နေတာ ရက်အတန်ကြာခဲ့ပြီလေ။

"သဲရေ၊ ဟင်းကျန်ရင် ဒီကောင်လှန်လှော့မစားနိုင်အောင် ချိုင့်ထဲထည့်ပြီးဆင့်ကွာ။ ပြီးတော့ ချိုင့်ကိုင်းပါ တပ်ထားလိုက်။ ဒါဆို ဒီကောင်လက်လန်သွားမယ်"

ဆိုပြီး အကြံပြုတဲ့အခါ ဟင်းကျန်ကို စတီး(လ်)ချိုင့်နဲ့ သိမ်းပါတယ်။ ချိုင့်ကို ချိတ်မထားဘဲ ကြမ်းပြင်မှာ ဒီအတိုင်းချထားလိုက်တာပါပဲ။မနက်မိုးလင်းတော့ -

"ကိုကိုရေ၊ ငါးဟင်းနှစ်တုံးကျန်နေတာ တစ်တုံးပျောက်သွားတယ်တော့။ ဒီအကောင် ချိုင့်လည်းဖွင့်တတ်တာပဲ။ အတော်အံ့ဩဖို့ကောင်းတယ်"

ဆိုပြီး ချိုင့်ဆင့်လာပြပါတယ်။ ငါးကိုကြော်ပြီး ခရမ်းချဉ်သီးနဲ့ ဆီပြန်ချက်ထားတာပါ။ ဟုတ်ပါရဲ့၊ တစ်တုံးက အော်တိုမစ်တစ်ပျောက်သွားခဲ့ပြန်ပါပြီ။

"ဒါဆို သဲရေ၊ ကိုကိုတို့ အသားဟင်းဆိုရင် မကုန်ကုန်အောင်စားပစ်ကြရအောင်။ နေ့ဖို့ညစာထားနေရင်၊ ခုန်ထားရင် ရန်များတယ်၊ ဖွက်ထားရင် ကြွက်စားမယ်ဆိုတဲ့စကားလိုပေါ့။ စိတ် မကောင်းဖြစ်ရတယ်။ ပြီးတော့ ကျန်တဲ့ ဟင်းအပေါ်မှာလည်း မသတီစိတ်ဖြစ်ရ တယ်။ ဘာဆိုဘာမှမချန်နဲ့ကွာ။ ကျန်ရင် ခွေးချကျွေးစို့"

လို့ ဆုံးဖြတ်လိုက်ကြပါတယ်၊

ရာသီဥတုက ဆောင်းဥတုဆိုတော့ ထမင်းကျန်ဟင်းကျန်လုံးဝမသိုးပါဘူး အထားခံတဲ့ရာသီဥတုပါ။ အဲဒါကြောင့် ဟင်းချန်တဲ့စနစ်ကို ဖျက်သိမ်းလိုက်တော့ စိတ်အေးသွားခဲ့ရပါတယ်။

**ပျောက်မြဲပျောက်ခြင်း**

"ကိုကို၊ ဒီကြက်သွန်ဆန်ခါခုံးထဲက ထန်းလျက်ယူစားသေးလား"

"စားဖို့တင်ထား၊ ထန်းလျက်ရှိ တာတောင် မသိဘူး"

"မနေ့က သဲပဲမြစ်ဝယ်တော့ ပဲမြစ် ထဲထည့်ပြုတ်ဖို့ ထန်းလျက်တစ်ရာတန် တစ်ထုပ်ဝယ်လိုက်တယ်"

အဲဒီမှာ မရှင်းတာနဲ့ ကျွန်တော်က မေးတယ်။

"ပဲမြစ်ထဲဘာလို့ထန်းလျက်ထည့် ရတာလဲ"

"အို- ဒါတောင်မသိဘူးလား၊ ပဲ မြစ်တို့၊ ကန်စွန်းဥတို့၊ တညင်းသီးတို့ပြုတ် ရင် ထန်းလျက်တစ်ခဲနှစ်ခဲထည့်ပြုတ် ရတယ်။ ဒါမှ ပဲမြစ်တို့၊ ကန်စွန်းဥတို့ တညင်းသီးတို့စိုပြီး အရောင်လှနေတာ ရောင်းသူတိုင်း ရောင်းပန်းလှအောင် ထန်းလျက်ထည့်ပြုတ်ကြတာ ထုံးစံလေ"

"ဩော်- သိပါဖူးကွာ။ ဒါထက် ထန်းလျက်က ဘာဖြစ်လို့လဲ"

"မနေ့က တစ်ရာတန်တစ်ထုပ် ဝယ်တော့ ထန်းလျက် (၇) လုံးရတာ ပဲမြစ်ထဲတစ်လုံးထည့်တော့ (၆) လုံး ကျန်တယ်။ ဟော - အခု အိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

(၅) လုံးပဲကျန်တော့တယ်။ အဲဒါတစ်လုံး စားသွားတယ်"

"အေးကွာ၊ တို့ကဟင်းမချန်ပေးတော့ သူ့ခမျာလည်း တွေ့တာလေးစားသွားတာနေမှာပေါ့ကွာ၊ စားပါစေကွာ။ ထန်းလျက်ဘာတန်ဖိုးရှိတာမှတ်လို့"

ဆိုပြီး ပြောဖြစ်ပါတယ်။

အိမ်မှာ နေ့စဉ်လာစားနေတဲ့ ခွေးအိုးလေးတစ်ကောင်ရှိတယ်။ သံယောဇဉ်ဖြစ်ပြီး နေ့စဉ်ကျွေးတယ်။ ခွေးက ခပ်ရိုင်းရိုင်းဆိုတော့ အကိုင်မခံပါဘူး။ ဒါပေမယ့် အိမ်တော့လုံပါတယ်။ လူမရှိရင် အိမ်ထဲဝင်တာနဲ့ ဆွဲပြီးသားပါပဲ။ အဲဒါကြောင့် ဒီခွေးကလည်း လူပြောများတဲ့ခွေးပါ။ ခြံပိုင်းပိုင်ရှင်၊ အိမ်ကြီးရှင်ရဲ့ခွေးပါ။ ကျွန်တော်တို့ အိမ်လေးနဲ့ တံစက်မြိတ်ချင်းဆက်လုနီးပါးဆိုပါတော့။

ဒီခွေး ဒီလောက်ကောင်းတာ ဒီညညလာပြီး စားစရာတွေခိုးစားနေတဲ့အကောင်ကျတော့ မဟောင်ဘူးဘဲ။ မြင်လို့လား၊ဘာလား၊ညာလားတွေးမိနေတာပေါ့လေ။ ညတိုင်းလာစားနေကျအကောင်ကတော့ တစ်နေ့ ထန်းလျက်တစ်လုံး ဝတ္တရားမပျက် လာစားလေ့ရှိပါတယ်။ သူက စားလို့ရတာ အကုန်စားနေစ်ရှိပုံရပါတယ်။ ကြာတော့လည်း ဖြစ်စဉ်က ယဉ်ပါးလာတော့တာပါပဲ။ အဆန်းမဟုတ်တော့ပါဘူး။

**သံယောဇဉ်**

ဒီလိုနဲ့ ထန်းလျက်တစ်ရက်တစ်လုံးလာစားတော့ကုန်သွားတယ်။ သူကလည်း တကယ်စည်းစနစ်ရှိတာ။ တစ်ခုပဲစားတယ်၊ နှစ်ခုစားလေ့မရှိဘူး။ အဲဒါကို ကျွန်တော်အတော်သဘောကျနေတာပါ။ ဒီတော့ ကျွန်တော်တို့ ဇနီးမောင်နှံ အဲဒီမမြင်ရတဲ့အကောင်ကို သံယောဇဉ်ဖြစ်နေသလိုပါပဲ။

"ကိုကို၊ ထန်းလျက်ကကုန်သွားပြီ။ အဲဒါ ဟိုအကောင်စားဖို့ဘာထားပေးမလဲ"

"ကိုကိုတို့စားနေတဲ့ မုန့်ပုံးထဲကမုန့်တစ်ခုထားပေးလိုက်ပေါ့ကွာ။ နှစ်ခုထားလည်းတစ်ခုပဲစားတဲ့ဥစ္စာ။ ပန်းကန်လေးနဲ့ မုန့်တစ်ခုထည့်ပြီး စတီးဇလုံနဲ့ အုပ်ထားပေးလိုက်လေ"

ဆိုပြီး အုပ်ထားခိုင်းပါတယ်။

နောက်နေ့ လှန်ကြည့်တော့ စားသွားပြီ မရှိတော့ဘူး။ ဟင်းတုံးကလေးတစ်တုံး ဒါမှမဟုတ် စားစရာတစ်ခုခု နေ့စဉ်လုပ်ထားပေးပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးကလည်း ကုသိုလ်ဒါနကိုတတ်အားသမျှပြုကြသူများဆိုတော့ မမြင်ရသေးတဲ့ အဲဒီအကောင်အပေါ်မှာ သဒ္ဓါမပျက်ကြပါဘူး။

လူကိုလည်း မနှောင့်ယှက်၊ သူ့အတွက်ထားပေးတဲ့ အစားအစာကို အေးအေးဆေးဆေးစားတတ်တာမို့လည်း သူ့ကို ကြံဖန်ပြီး မကြောက်ကြပါဘူး။ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်စလုံးကလည်း အလွန်ကြီးကြောက်တတ်တဲ့သူတွေမဟုတ်တော့ကာ အရေးမစိုက်ဘူးပေါ့လေ။ သူက ကျွန်တော်တို့အိပ်မောကျချိန်မှလာပုံရပါတယ်။ တစ်ခါမှ မကြုံဖူးသေးပါဘူး။ အဲဒါကြောင့် စေတနာလည်း မကွက်သေးပါဘူး။ ဘာကောင်မှန်းမှမသိတာ။

**အကောင်မြင်ရပြီ**

ဒီလိုနဲ့ ကျွန်တော်တို့ ဒီအိမ်လေးမှာ တစ်လကျော်ကျော်ကြာမြင့်ခဲ့ပါပြီ။ အိမ်ပုစုခရုလေးတွေမှာနေနေကြတဲ့လူတွေနဲ့လည်း ခင်မင်နေကြပါပြီ။ ဒေသခံအချို့လည်းပါရဲ့။ အများအားဖြင့် နေပြည်တော်မှာ အလုပ်လာလုပ်ကြတဲ့ ကျွန်တော်တို့လိုလူစားတွေကသာများပါတယ်။ ပုစုခရုဖုတ်သိုက်အိမ်လေးတွေမှာ ကြုံရာဝကျတဲ့နေရာမှာနေပြီးပျော်ပိုက်နေကြရတာပါ။

တစ်ရက် အိပ်ရာထပြီးချိန်မှာ ဇနီးကပြောပါတယ်။

"ကိုကို၊ဟိုအကောင်ညကလာတာသဲ တစ်ရေးနိုးချိန်ဖြစ်နေတယ်။ အဲဒီအကောင်လှေကားထစ်ပေါ်တက်လိုက်တော့ အိမ်ကသိမ့်ခနဲဖြစ်သွားတယ်။ ဒါနဲ့ ဟိုအကောင်လာတာနေမှာဆိုပြီး မီးဖိုဘက်ကြည့်လိုက်ကော့ အကောင်တော့အကောင်ပဲ၊ ဘာကောင်မှန်းမသိဘူး။ မီးဖိုထဲမှာ လူဝင်သလို ဝါးကြမ်းတွေကတချောက်ချောက်မြည်တယ်။ ပြီးတော့ အိမ်လည်းလှုသွားသလိုခါတယ်။ နောက်တော့ အိုးခွက်တွေတခွပ်ခွပ်နဲ့လှန်သံကြားရတယ်။ လူလှန်နေတာနဲ့ မတူဘူး၊ လှန်တာက ညင်ညင်သာသာလှန်တာ၊ မကြမ်းဘူး။ ညတိတ်ဆိတ်လို့သာ အိုးခွက်လှန်သံကြားရတာ။ ခဏနေတော့ စားသံတပျတ်ပျတ်ကြားရတယ်။ စားပြီးတာနဲ့ ပြန်ဆင်းသွားတယ်။ သဲကြည့်နေတာ မသဲကွဲဘူး။ အဲဒီခြေရင်းကျဲနေတဲ့ ထရံပေါက်ဆီကြည့်ရတာကိုး။ ထပြီးလည်း မကြည့်ရဲဘူးလေ။ သဲက အဲဒီလောက်တော့ သတ္တိမရှိဘူး"

"သဲကလည်းကွာ၊ ကိုကို့ကို နှိုးလိုက်ရင်ပြီးရော"

"ဩော် - ကိုကိုအိပ်ရေးပျက်မှာစိုးလို့လေ"

"ပျက်ပျက်ကွာ၊ ဒီတစ်ခါလာတာတွေ့ရင် ကိုကို့ကိုနှိုးသိလား။ ဘာကောင်ဆိုတာ အသေအချာကြည့်ရအောင်"

"အင်းပါ ကိုကို"

**ကြောင်ဝံကြီး**

ကျွန်တော် နှစ်ခြိုက်စွာ အိပ်မောကျနေချိန်မှာ ကျွန်တော့်ကိုလက်နဲ့ကုတ်တာကြောင့် အအိပ်ဆတ်တဲ့ကျွန်တော် ချက်ချင်းနိုးလာခဲ့ပါတယ်။ ချစ်ဇနီးသဲသဲကတော့ အိပ်ပျော်ဟန်မရှိပါဘူး။ ကျွန်တော့်ကို မီးဖိုချောင်အခန်းဘက် လက်ညှိုးထိုးပြပြီး နားနားကပ်ကာတိုးတိုးလေးပြောပါတယ်။

"ကိုကို၊ ဟိုအကောင်ရောက်နေပြီ အသာစောင့်ကြည့်ရအောင်"

လို့ ပြောပါတယ်။

ကျွန်တော်တို့ဟာ ဣန္ဒြေမပျက်ငြိမ်သက်စွာ မီးဖိုချောင်ဘက် အာရုံစိုက်နေကြပါတယ်။ အဲဒီမှာ အိုးခွက်လှန်လှောသံ ညင်သာစွာ ထွက်ပေါ်နေပါတယ်။ လူတစ်ယောက် ခိုးကြောင်ခိုးဝှက် မီးဖိုထဲဝင်ဖွနေတဲ့အသံမျိုးပါ။ ခုချိန် ကျွန်တော်တို့ရဲ့ လှုပ်ရှားသံကိုကြားရင် ချက်ချင်းခုန်ချထွက်ပြေးမှာစိုးတာကြောင့် ကိုယ်စောင်းတောင်မပြန်ဘဲ ပက်လက်အနေအထားနဲ့ကြည့်နေကြခြင်းပါ။

လှေကားအတက်နားမှာ တိုးလျှိုပေါက်မြင်နေရတဲ့အပေါက်တစ်ပေါက်ရှိပါတယ်။ (၃) လက်မပတ်လည်လောက် ထရံကပေါက်နေခြင်းပါ။ မီးရောင်ထိန်ထိန်က သူ့အထက်မှာရှိနေတာကြောင့် အဲဒီအပေါက်ကနေ နေ့စဉ်လာခိုးစားနေတဲ့အကောင်ကို မြင်ရမှာပါ။ လူလား၊ တိရစ္ဆာန်လား၊ နာနာဘာဝလား ကွဲကွဲပြားပြားမြင်ရမှာပါ။

စားတဲ့အသံတပျတ်ပျတ်ကြားနေရပါတယ်။ ကျွန်တော်တို့ကတော့ ခုန်ချထွက်ပြေးမှာစိုးလို့ အသက်တောင်ပြင်းပြင်းမရှူဝံ့ကြဘူး။ ဘာစောနေလို့လားတော့ မသိပါဘူး။ ငါးမိနစ်လောက်ကြာတော့ အိမ်လေးသိမ့်ခနဲဖြစ်တယ်၊ ဇနီးက ကျွန်တော့်ကို လက်ကုတ်ပါတယ်။ စားပြီးလို့ ဒီအကောင်ပြန်ထွက်ပြီလော မျက်တောင်မခတ်စတမ်း အပေါက်ဆီ အာရုံစိုက်နေမိပါတယ်၊ ညင်သာတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြမ်းပေါ် လမ်းလျှောက်သံကြားနေရပါတယ်။

သိမ့်ခနဲသိမ့်ခနဲဖြစ်ကာ အကောင်က မြင်ကွင်းထဲရုပ်ပေါက်ကို ရောက်လာပါတယ်။ အမြင်အာရုံမှာ အဝါရောင်ထင်ဟပ်လာတာကြောင့် အသေအချာကြည့်လိုက်တဲ့အခါ ဣန္ဒြေရရဖြည်းညင်းစွာလျှောက်လာတဲ့ ကြောင်ဝါကြီးကိုမြင်လိုက်ရတာပါပဲ။ လှေကားအဆင်း အိမ်သိမ့်ခနဲဖြစ်သွားကာ ဆင်းသွားပါတော့တယ်။

ကြောင်တစ်ကောင်ရဲ့အလေးချိန်ဟာ ဘယ်လိုနည်းနဲ့မှ အိမ်မသိမ့်နိုင်တာအမှန်ပါ။ ဒီကြောင်ရဲ့အလေးချိန်ဟာ လူတစ်ယောက် လမ်းလျှောက်သလို ကြမ်းသံမြည်တယ်။ အိမ်တောင်သိမ့်တယ်။ ပြီးတော့ အိုးတွေ၊ ခွက်တွေ ညင်သာစွာလှန်လှောနိုင်တယ်။ ပြီးတော့ စားစရာကိုတစ်ခုသာသစွာရှိရှိစားတယ်။ ဘယ်လောက်ဆန်းတဲ့ကြောင်လဲဗျာ။

ဒီကြောင်ကြီးကို ကျွန်တော်မကြာခဏ မြင်ဖူးနေတာပါ။ ကျွန်တော်တို့ ဝန်းကျင်မှာ လှည့်လည်သွားလာနေတဲ့ ကြောင်ထီးကြီးပါ။ လူတွေအခေါ် အဝါရောင်အသွေးမို့ ကြောင်ဘုန်းကြီးလို့ ခေါ်ကြတဲ့ ကြောင်မျိုးပါ။ ဒါပေမယ့် ခေါ်လို့မရဘူး။ မယဉ်ပါးပါဘူး။ ကျွန်တော်တို့နဲ့ ခပ်စိမ်းစိမ်းနေတဲ့ ကြောင်ကြီးပါ။ ခွေးလေးသာ အမြဲကျွေးလို့ ယဉ်ပါးနေတာပါ။ ဒီခွေးနဲ့ ဒီကြောင်ဆိုတာက ဒီဝန်းကျင်မှာ လှည့်လည်ကျက်စားနေသာမို့ အမြဲတမ်းမြင်တွေ့နေကျသတ္တဝါနှစ်ကောင်ပါ။ အဲဒါကြောင့် ဒီကြောင်ကို ဒီခွေး မဟောင်တာဆိုတာကို သဘောပေါက်ရပါတယ်။

သို့သော်လည်း ဒီကြောင်ဟာ ဒီလို လူခြေတိတ်ဆိတ်တဲ့ ညဥ့်ယံတွေမှာ သာမန်ကြောင်ဟုတ်ဟန်မတူတော့ပါဘူး။ အစွမ်းတစ်ခုအမှီပြုကာ ညဥ့်မှာ သွားလာလှုပ်ရှားပြီး အိမ်တွေလှည့်လည်ကာ အစားအစာခိုးစားနေခြင်း ဖြစ်နိုင်ပါတယ်။

**ကောက်ညှင်းထုပ်တစ်ထုပ်**

တစ်ခုသောနေ့တစ်နေ့ နေဝင်ချိန်ရီတရောမှာ အိမ်အပြင်က လှမ်းခေါ်ပါတယ်။

"ဗျို့ - ကိုပိုပိုတို့၊ မသဲသဲတို့ ရှိပါသလား"

"ရှိပါတယ်ခင်ဗျ"

ဆိုပြီး ထွက်ကြည့်လိုက်တော့ ကျွန်တော်နဲ့ ဆိုဒ်ထဲမှာ လုပ်ဖော်ကိုင်ဖက် ကိုချိုကြီး ဖြစ်နေပါတယ်။

"ကိုချို လာဗျာ၊ အိမ်ပေါ်တက်ပါဦး"

လို့ ဖိတ်မန္တကပြုကာ ဧည့်ခံရပါတယ်။

"ဒီမှာ ကိုပိုပိုသဲနဲ့ မသဲသဲပိုတို့အတွက် ရှမ်းပြည်အပြန်လက်ဆောင်။ ဒါကကျောက်မဲလက်ဖက်ခြောက်၊ ဟောဒါကဆွန်ထန်၊ ဟောဒါကကောက်ညှင်းထုပ်"

"အိုဗျာ ကိုချိုကြီးကလည်း၊ အားနာစရာ"

"အားနာစရာမလုပ်နဲ့၊ ရှမ်းပြည်ဆိုတာရောက်ခဲတယ်။ ကျွန်တော်တောင်အထက်အရာရှိနဲ့ ပါသွားလို့ ရောက်ဖူးတာ။ ကျောက်မဲလက်ဖက်ခြောက်၊ ကျောက်မဲဆွန်ထန်၊ ကျောက်မဲကောက်ညှင်းထုပ်ဆိုတာ နာမည်ကြီးဗျ။ ဒါထက်ကောက်ညှင်းထုပ်က ခင်ဗျားတို့၊ ကျွန်တော်တို့ဆီမှာလို ငှက်ပျောရွက်၊ ကြံရွက်တွေနဲ့ ထုပ်တာမဟုတ်ဘူး။ စလူရွက်နဲ့ထုပ်ထားတာ။ စားရင်စလူရွက်စော်လေးကိုမွှေးလို့။ အဲဒါများများတော့မပါဘူး။ ဗဟုသုတအဖြစ်စားဖူးအောင် (၃) ထုပ်ပဲပေးနိုင်တယ်"

လို့ ပြောပါတယ်။

စလူရွက်ဆိုတာ ထန်းရွက်၊ ပေရွက်လိုဟာမျိုးပါ။ ကောက်ညှင်းထုပ်ရဲ့ စလူရွက်ကဖွေးပြီး တောင့်တောင့်တင်းတင်းသပ်သပ်ရပ်ရပ်နဲ့ စားချင့်စဖွယ်ပါ။ ကန်တော့ချွန်ပုံစံထုပ်ထားခြင်းပါ။

ကိုချိုကြီးဟာ ခဏသာထိုင်ပြီး နှုတ်ဆက်ကာပြန်သွားပါတယ်။ ဒါနဲ့ ဗဟုသုတအဖြစ် စလူရွက်နဲ့ထုပ်ထားတဲ့ ကောက်ညှင်းထုပ်တစ်ထုပ်ကို ဖြေစား



ကြည့်ကြပါတယ်။ မွှေးပေမယ့် အေးစက်နေတော့ကာ မာကျောတောင့်တင်းနေပါတယ်။ စားလို့သိပ်အဆင်မပြေပါဘူး။

"မနက်ထမင်းအိုးနှပ်မှ ကောက်ညှင်းထုပ်ပါထည့်နှပ်လိုက်မယ်။ အဲဒါမှ ပျော့ပျော့ပျောင်းပျောင်းစားလို့ကောင်းမှာ"

"အေးလေ၊ ကောင်းတာပေါ့"

ဆိုတော့ မီးဖိုခန်းထဲသွားကာ ကောက်ညှင်းထုပ် (၂) ထုပ်ကို ဇလုံနဲ့အုပ်ထားလိုက်ပါတယ်။

"ကိုကိုရေ၊ ဒီညတော့ ကြောင်ဝါကြီး ကောက်ညှင်းထုပ် ယူ၊ မယူစောင့်ကြည့်ရတော့မှာပဲ"

"ယူရင်လည်းယူပါစေကွာ။ သူလည်း စားချင်မှာပေါ့"

လို့ ပြောမိပါတယ်။

ကျွန်တော်တို့ကြောင်ကြီးကိုစောင့်မကြည့်ကြတော့ပါဘူး။ အဲဒါကြောင့် စိတ်ချလက်ချအိပ်ကြတာပါ။ နောက်နေ့အိပ်ရာထတော့ မျက်နှာမသစ်မီ ဇနီးက ကောက်ညှင်းထုပ်ကိုပြေးကြည့်ပါတယ်။

"ကိုကိုရေ၊ ကောက်ညှင်းထုပ်တစ်ထုပ်ယူသွားတယ်တော့"

"စလူဖက်လေးနဲ့ လှလှပပထုပ်ထားတော့ သူလည်းစားချင်ရှာမှာပေါ့ကွာ ယူပါစေ။ ဒါနဲ့ အဲဒီနားမှာဖြေမစားဘူးလား"

"ဟင့်အင်း – အထုပ်လိုက်ယူသွားတာ"

"ဒါဆို မျက်နှာသစ်ပြီး နံနက်စာစားပြီးရင် ရွာရဲ့အမှိုက်ပုံနဲ့ အိမ်နောက်ဖေးတွေမှာ စလူရွက် ရှိ၊ မရှိလိုက်ကြည့်ကြရအောင်"

"ကောင်းသားပဲ၊ လိုက်ကြည့်ကြတာပေါ့"

လို့ တိုင်ပင်ကြပါတယ်။

ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် ယောင်ပေယောင်ပေနဲ့ စလူရွက်ရှာပုံတော်ဖွင့်ကြပါတယ်။ အတော်နဲ့တာပါ။ စလူဖက်ရဲ့ အစအနတောင် မမြင်ရပါဘူး။ အကယ်၍သာ စလူဖက်တွေ့ခဲ့သော် ကောက်ညှင်းထုပ်စားသူကို အနီးစပ်ဆုံးခန့်မှန်းနိုင်မယ်ထင်လို့ပါ။ ဒါပေမယ့် ဟိုက ကျွန်တော်တို့ထက် အများကြီးပါးပုံရပါတယ်။ စလူကောက်ညှင်းထုပ်က လုံးဝအစပျောက်ပါ။

**မိန်းမချင်းစကားစပ်မိပြီ**

အဲဒီနေ့ကအလုပ်အားတာကြောင့် ကျွန်တော် တစ်နေကုန်အိမ်မှာရှိနေပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီအခါ အိမ်နီးချင်းမိန်းမတွေစ မိတော့ ကျွန်တော့်ဇနီးက ကြောင်ဝါကြီး အကြောင်း ပြောမိပါတယ်။ အဲဒီမှာ အိမ်ရှင်မတစ်ဦးက -

"အစ်မတို့က ရောက်လာတာ မကြာသေးတော့ ဒီကိစ္စအထူးအဆန်း ဖြစ်နေတာကိုး။ ကျွန်မတို့ကတော့ရိုးနေပြီ၊ အဆန်းမဟုတ်တော့ပါဘူး။ မီးဖိုချောင်ထဲက အိုးသံခွက်သံကြားလည်း ထမကြည့်ကြတော့ပါဘူး။ ဘာလို့လဲဆိုတော့ သူက အများကြီးခိုးစားတာမှ မဟုတ်တာ။ မသိသာပါဘူး၊ ဒီတော့ ကြည့်လည်းမနေဘူး။ လူတွေလို ဆန်တွေ၊ ဆီတွေ၊ အိုးတွေ၊ ခွက်တွေခိုးတာ မှမဟုတ်တာ။ အရေးကိုမစိုက်တာ။ တစ်ခါတစ်ရံ စားပြီးတဲ့အခါ ရေအိုးထဲကရေတောင်ခပ်သောက်သံကြားရတယ်။ ထူးဆန်းတာတော့အတော်ထူးဆန်းတာပါ။ ကျွန်မတို့က တောင်သာနယ်ထဲက ရွာတစ်ရွာကပါ။ ဒါမျိုးဒီကျမှကြုံဖူးတာ။ အစ်မတို့ကောကြုံဖူးလား"

လို့ ပြောပါတယ်။

"ဟင့်အင်း-မကြုံဖူးပါဘူး။ ကျွန်မတို့က ရန်ကုန် မြောက်ဥက္ကလာပကပါ။ မြို့ပြဆိုတော့ ကြုံဖို့တင်ထား၊ ကြားတောင်မကြားဖူးပါဘူး။ ဒီဒေသကျမှ ထူးထူးဆန်းဆန်းကြုံရတာပါ။ကြာတော့ သံယောဇဉ်စိတ်ဖြစ်လာပြီး စားစရာမရှိရင် ရှိအောင် တစ်ခုခုတော့ အမြဲထားပေးထားတာပါ။ ကိုယ့်ကိုအမှီပြုပြီးလာ စားနေတော့ သူမစားရမှာ စိုးရိမ်တယ်လေ"

အဲဒီမှာ အိမ်နီးချင်း အာဖွာလျှာဖွာ ကရင်မကထပြောပါတယ်။ သူက ဗုဒ္ဓဘာသာကရင်ပါ။ သူ့ယောကျ်ားက ဗမာပါ။

"ဩော် - အစ်မရယ်၊ ဒီလောက်ကြီးလည်း စေတနာမကောင်းနဲ့လေ။ စားစရာအမြဲရှိရင်အမြဲလာမယ်။ အဲဒီလိုလာလို့ စားစရာမရှိတာနဲ့ကြုံရင် အစ်မတို့အပေါ် ဒေါသဖြစ်မယ်။ မလိုမုန်းထားဖြစ်မယ်။ ဒါဆိုရင် မကောင်းဘူးလေ။ အဲဒီတော့ မလာနိုင်အောင် ဆေးကြမ်းရေဖျော်ပြီး မီးဖိုထဲတောက်ထားလိုက်။ အဲဒါမလာနိုင်တော့ဘူး။ မလာတော့ အေးတာပေါ့ အစ်မရယ်။ သူ့ကို နေ့စဉ်ဆွမ်းခံကြွတဲ့ဘုန်းကြီးလို စေတနာမထားအပ်ဘူး အစ်မရဲ့"

"ဆေးကြမ်းက ဘယ်မှာရနိုင်တာလဲ"

"ကျွန်မ ပေးပါ့မယ် အစ်မရယ်။ ကျွန်မတို့ တောင်ပေါ်မှာကျတော့ ဆေးကြမ်းဆောင်ထားကြတာ များတယ်။ ကျွန်မလည်း နယ်ထွက်လာတော့ ဘိုးဆရာဆီကတောင်းခဲ့ရတာလေ။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့ပေါ့။ အဲဒါ အစ်မကို နည်းနည်းပေးမယ်"

ဆိုပြီး နှစ်လံတောင်မဝေးတဲ့ သူ့အိမ်လေးထဲဝင်သွားပြီး ချက်ချင်းပြန်ထွက်လာပါတယ်။ ပြီးတော့ ကျွန်တော့်ဇနီးလက်ထဲထည့်ကာ -

"ဒီဆေးက အနံ့ အကြမ်း အကုန်ရတယ်။ ဆေးနည်းနည်းလေးဖျော်ပြီး ကိုယ့်ကိုယ်ကိုယ်လည်းတောက်၊ မီးဖိုထဲလည်း တောက်ထားလိုက်။ စိတ်ချ နောက်ကိုမလာစေရဘူး။ အစ်မစားစရာကို အမှတ်အသားနဲ့ အသေအချာထားပါ။ မပျောက်စေရဘူး စိတ်ချပါ။ ဒါပေမယ့် ဒီဆေးကို မြင့်မြတ်တဲ့ ဘုရားကျောင်းဆောင်ပေါ်မှာ ပုလင်းလေးနဲ့ထည့်ပြီးတင်ထားပါ။ ကလေးတွေဘာတွေ အချိန်မတော်ထငိုတာတို့၊ ပယောဂပူးကပ်တာတို့၊ နတ်ဖမ်း၊ ကျတ်ဖမ်းတာတို့၊ အခြောက်အလှန့်ခံရလို့ လိပ်ပြာစဉ်သွားတာတို့ကြုံရင် နည်းနည်းရေဖျော်ပြီး မျက်နှာနဲ့ ဦးခေါင်းကိုတောက်လိုက် ပျောက်ပါတယ်။ ဉာဏ်ရှိသလိုသုံးပေါ့ အစ်မရယ်"

ဆိုပြီး သုံးနည်းစွဲနည်းတွေပါပြောပြနေပါတယ်။ ဆေးကြမ်းစွမ်း၊ မစွမ်း ဒီညသိရမှာပေါ့လေလို့ ကျွန်တော်တွေးနေမိတယ်ဗျ။

**ဆေးကြမ်းအစွမ်း**

"ကိုကိုရေ သဲ ကြက်ဥပြုတ်နှစ်လုံး ထည့်ထားတာ လုံးဝမပျောက်ဘူးတော့်။ ကရင်မရဲ့ ဆေးကြမ်းက တကယ်စွမ်းတာပဲ။ ဟိုကြောင်ဝါကြီး ညကမလာဘူးလေ"

"အင်းလေ - မလာတော့လည်း အကုန်သက်သာတယ် သဘောထားလိုက်ပေါ့ သဲရယ်"

လို့ ပြောဖြစ်ပါတယ်။

ကြောင်ဝါကြီး လာ၊ မလာလည်း ဂရုမစိုက်အားပါဘူး။ ကျွန်တော်က အလုပ်သမားဆိုတော့ ခေါင်းချတာနဲ့ အိပ်ပျော်တာပါ။ သူ့ကို ခေါင်းထဲထည့်မထားနိုင်ပါဘူး။ သဲသဲပိုကတော့ မိန်းကလေးကိုး။ သူ့စိတ်ထဲ ကြောင်ဝါကြီးအမြဲရှိနေမှာပေါ့။ ကျွန်တော်အလုပ်သွားနေခိုက် ကြောင်ဝါကြီးအကြောင်း ပြောချင်ပြောနေမှာပေါ့။

တစ်ခါတစ်ရံ အဲဒီကြောင်ဝါကြီး ကျွန်တော်တို့ အိမ်ရှေ့နားက ဖြတ်ဖြတ်သွားတာ မြင်ရပါတယ်။ အဲဒီအချိန်မှာ သာမန် ကြောင်ထီးကြီးတစ်ကောင်ပါပဲ။ သူ့မှာ ထူးခြားမှု ရှိ၊ မရှိ အသေအချာကြည့်မိတယ်၊ ဘာမှမရှိဘူး။ သာမန်ကြောင်မျက်စိ၊ သာမန်ကြောင်တစ်ကောင်အဖြစ်သာ တွေ့ရပါတယ်။ ဒါပေမယ့် ဆေးကြမ်းရဲ့အစွမ်းကြောင့် သူမလာနိုင်တော့ပါဘူး။

ဒီလိုနဲ့ အဲဒီရွာလေးမှာ (၂) လကျော်ကျော် (၃) လနီးပါးနေပြီး အလုပ်နီးရာ ရွာတစ်ရွာကို ပြောင်းရွှေ့နေထိုင်ရပြန်ပါတယ်။ အလုပ်က တစ်ခုပြီးရင် တစ်ခု ပြောင်းရွှေ့နေထိုင်ရတာကိုး။ ဒီအခါ ကြောင်ဝါကြီးနဲ့ကြုံခဲ့ရတဲ့ရွာလေးကို မမေ့နိုင်အောင်ရှိခဲ့ရပါတယ်။

**လူကဲ့သို့သောကြောင်တစ်ကောင်**

ဒါမျိုးအဖြစ် ဆရာတို့ ကြုံဖူးလား။ ပြောရင် ယုံနိုင်စရာမရှိပါဘူး။ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်ကြုံခဲ့တာ။ အဲဒါကြောင့် လောကကြီးမှာ ဆန်းကြယ်တာတွေ အများကြီးရှိမယ်ဆိုတာ ကျွန်တော်ယုံတယ်။

အမြင်မှာ ကြောင်တစ်ကောင်ပဲဗျာ။ ဒါပေမယ့် လမ်းလျှောက်ရင် လူလျှောက်သလို ဝါးကြမ်းသံမြည်တယ်၊ အိမ်သိမ့်တယ်၊ အိုးတွေခွက်တွေလှန်လှောနိုင်တယ်၊ သပ်သပ်ရပ်ရပ်စားနိုင်တယ်။ ကောက်ညှင်းထုပ်ကို အထုပ်လိုက်ယူသွားနိုင်တယ်။ ဘယ်လောက်အဆန်းလဲဗျာ။ အဲဒီကြောင်ဟာ လူလိုပဲ စွမ်းဆောင်နိုင်တာ ဘယ်လောက်အံ့ဩဖို့ကောင်းလဲ။ လူလိုကြောင်တစ်ကောင်ပါ။

ဆရာတို့နဲ့စာရင် ကျွန်တော်ဟာ ဗဟုသုတနည်းတဲ့ သာမန်အလုပ်သမားတစ်ဦးပါ။ အဲဒါကြောင့် အဲဒီကြောင်ဝါကြီးဟာ ဘယ်လိုကြောင်လဲဆိုတာ သိရင်ပြောပြပါလို့ ကျွန်တော်တောင်းဆိုပါတယ်။

ရန်ကုန်မြောက်ဥက္ကလာပမှ
ကိုပိုပိုသဲ၊ မသဲသဲပိုတို့သို့
ကျေးဇူးတင်လျက်

ချမ်းမြေ့ကြပါစေ

ရွှေပြည်သိုး (မြို့သာ)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နာမည် ဖိုးဇော်ပါ။

လက်ရှိကျွန်တော်နေတာကတော့ ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်အနောက်ဘက်ကမ်း 'ဆိမ်ကြီး' ဆိုတဲ့ရပ်ကွက်မှာ ကျွန်တော့်အမေနဲ့ သားအမိနှစ်ယောက် နေထိုင်ကြပါတယ်။ ကျွန်တော့်ဇာတိကတော့ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ထဲက ပြင်စလူဆိုတဲ့ ပင်လယ်ကမ်းစပ်ရွာကြီးကပါ။

၂၀၀၈ ခုနှစ်၊ မေ ၂ ရက်နဲ့ ၃ ရက်နေ့အထိ တစ်နာရီ မိုင် (၁၂၀) နှုန်းနဲ့ တိုက်ခတ်တဲ့ နာဂစ်မုန်တိုင်းဖြစ်စဉ်မှာ ကျွန်တော် ပြင်စလူရွာမှာရှိနေပါတယ်။ ဘာလို့ရှိနေရလဲဆိုတော့ အမေလေ ...မေ သူ့သမီး ကျွန်တော့်အစ်မကြီးနဲ့ သူ့မြေးနှစ်ယောက်ကို သွားခေါ်ပေးပါ။ အမေသတိရလွမ်းဆွတ်လို့ပါဆိုလို့ အဲဒီကိစ္စနဲ့ ပြင်စလူရွာကြီးမှာရှိနေခြင်းပါ။

၃၀-၄-၂၀၀၈ရက်နေ့မှာ ပြင်စလူကိုရောက်ပါတယ်။ နောက်နေ့ ၁-၅-၂၀၀၈ ရက်နေ့မှာ ရန်ကုန်ကို အစ်မရယ်၊ တူမလေးနှစ်ယောက်ရယ်ခေါ်ပြီး ပြန်ဖို့ဟာ အမေ့ဘက်က ဦးကြီး၊ ဒေါ်ကြီးတွေက ရောက်တုန်းရောက်ခိုက်နေပါဦးကွာဆိုတာနဲ့ ရက်တွေထပ်တိုးပြီး နေရခြင်းပါ။

သတ်မှတ်ရက် ရန်ကုန်ပြန်ရောက်မယ်ဆိုရင်လည်း မုန်တိုင်းဒဏ်ကတော့ မလွတ်ပါဘူး။ သစ်ပင်တွေလဲ၊ အိမ်တွေပြိုကုန်တာပဲဟာ။ ဒါပေမယ့် ပြင်စလူမှာလိုတော့ မုန်တိုင်းဒဏ်ရော ပင်လယ်ရေတက်လာတဲ့ဒဏ်ပါ ရွာကြီးတစ်ရွာလုံးမီးလောင်သလို တိုင်ငုတ်မည်းမည်းကြီးတွေတောင် ထိုးထိုးထောင်ထောင်မကျန်ဘဲ ကွင်းထီးထီးကြီးလိုအခြေအနေမျိုးတော့ မရောက်ဘူးပေါ့လေ။

စိတ်မကောင်းဘူးဗျာ။ ကျွန်တော့်တစ်ဆွေတစ်မျိုးလုံး သေကျေပျက်စီးကုန်တယ်လေ။ အဲဒီထဲက သေမင်းတဝကွက်ပြီးချန်ထားတဲ့ ဖိုးဘဲကောင်းကျွန်တော်စိတ်မကော...ရာကော... နိုင်ပါ့မလား။

အသက်ရှင်ခွင့်ရတယ်ဆိုပေမယ့် ထမင်းမစားရတဲ့ပြဿနာ၊ ရေမသောက်ရတဲ့ပြဿနာကြောင့် တော်တော်ဒုက္ခခံစားရပါတယ်။ တစ်ပတ်ကြာအထိတော့ ဘယ်ကယ်ဆယ်ရေးမှရောက်မလာလို့ ထမင်းတစ်ထုပ်၊ ရေသန့်တစ်ဘူးတောင် ဖေးကမ်း စွန့်ကြဲမယ့်သူမရှိတဲ့အဆုံး တစ်ယောက်တည်း ခြေဦးတည့်ရာသွားနေမိပါတယ်။

သွားရင်းသွားရင်းနဲ့ မြင်တွေ့ရသမျှဟာ အနိဋ္ဌာရုံမြင်ကွင်းတွေချည်းပါပဲ။ ပုပ်ပွဖောင်းကားပြီး ရုပ်ပျက်ဆင်း

# ရှစ်ခွင်ကျော်-ဖောင်တော်သီ

## သေသူလူလူတို့ လည်ညီတွေပ်း





www.burmeseclassic.com

www.burmeseclassic.com

မှုက်ဖြစ်နေတဲ့ လူသေအလောင်းတွေဆို တာလည်း ပြန့်ကျဲလို့။ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်အိမ်မွေးတိရစ္ဆာန်တွေ မမြင်ချင်မှ အဆုံး။ နံ့လိုက်တာဆိုတာလည်း ရင်ထဲ က ပျို့ပျို့တက်လာပါတယ်။

အမြင်ရိုးသွားလို့ပဲလားတော့မသိ ဘူး။ သရဲတစ္ဆေအင်မတန်ကြောက် တတ်ပါတယ်ဆိုတဲ့ ကျွန်တော် ကြောက် စိတ်လန့်စိတ်ကို လုံးဝမရှိတော့တာပါ။ တော်တော်ကလေး ခရီးပေါက်အောင် လျှောက်ပြီးချိန်မှာတော့ ချောင်းကျဉ်း လေးတစ်ခုကို ရောက်ရှိသွားပါတယ်။

"ဟိုက်"

အဆန်းတကြယ်မြင်ကွင်းတစ်ခု မျက်စိအောက်ဘွားခနဲပေါ်လာလို့ အံ့သြ ပြီး အာမေဍိတ်သံပြုမိလိုက်တာပါ။ ဘယ်လိုမြင်ကွင်းလဲဆိုတော့ မှောက် လျက်မဟုတ်၊ ပက်လက်လဲမဟုတ်တဲ့ ဘေးတစ်စောင်းအနေအထားနဲ့ လက် ချောင်း မိုးပေါ်ထောင်ထားတဲ့ မိန်းမ အလောင်းတစ်လောင်း လက်ကောက် ဝတ်မှာက အရောင်တဝင်းဝင်းနဲ့တောက် ပြောင်နေတဲ့ လက်ကောက်တွေ ဆယ် တွင်းလောက်တောင်ရှိမလားဘဲ။


ကုန်းမှာတစ်ဝက်၊ ရေမှာအဆုံး တဲ့။

ရေထဲမှာတွေ့တဲ့ပစ္စည်း၊ ပိုင်ရှင်မဲ့ ပစ္စည်း နှစ်လုံး၊ သုံးလုံးထိလက်ခွဲရောင်း ကော်မရှင်ခရမှုထမင်းတစ်လုတ်စားရတဲ့ ကျွန်တော်ဆိုတဲ့ဖိုးဇော် ကြီးပွားပြီ၊ ရင်း နှီးစားဖို့ လုံလောက်ပြီ။

ဩော် - လူတွေ၊ လူတွေ။ ရွှေငွေ ကျောက်သံပတ္တမြားမက်မောလိုက်ကြ တာ။ သူ့ တစ်မတ်သားဝယ်ရင် ငါတစ် ကျပ်သားဝယ်နိုင်တာနဲ့ ဂုဏ်ချင်းပြိုင်၊ မာနတွေထောင်လွှားနေလိုက်ကြတာ တကယ့်တကယ်သေဘေးနဲ့ကြုံပြီဆိုတော့ အသက်တစ်ချောင်းတောင် ကယ်ဟင် နိုင်ခြင်းမရှိတဲ့ တန်ဖိုးမဲ့ပစ္စည်းတွေပါလား နော်။

သေသူအတွက် တန်ဖိုးမရှိပေ မယ့် ကျွန်တော့်အတွက်ကတော့ သိပ်ပြီး တန်ဖိုးရှိတဲ့ပစ္စည်းတွေပါ။ ကျွန်တော့် ဘဝကို အပြောင်းအလဲဖြစ်အောင် ဖန်တီးပေးနိုင်တဲ့ပစ္စည်းတွေပဲဟာ။ ပြော ပြီကော ချဲထီရောင်း၊ ထောင်နုတ်ခမ်းဝ နင်းမှ ထမင်းတစ်လုတ်စားရတဲ့ဘဝဝါလို့ ဆိုနေမှပဲဟာ။

အမျိုးသမီးကြီးလက်ကောက်ဝတ် ကပစ္စည်းတွေဘယ်လိုယူရပါလိမ့်။ ပုပ်ပွ ပြီး တင်းကျပ်နေတာလေ။ ချွတ်လို့မှမရ တာ။ ဒီတိုင်းထားရင် ရေတက်နဲ့မျောပါ ပြီး ဆုံးရှုံးတော့မှာပါ။ ဒါကြောင့် ကုန်း ပေါ်ကိုဆွဲတင်ပါတယ်။ ရေပေါ်နေတယ် ဆိုပေမယ့် တော်တော်တော့လေးသား။





www.burmeseclassic.com

www.burmeseclassic.com

ဟောဗျ။

နောက်ထပ်အလောင်းတစ်လောင်း မိန်းမပျိုလေးလို့ ယူဆရတဲ့အလောင်း အမျိုးသမီးကြီးက ဆုပ်ကိုင်လို့။ သားအမိပဲဖြစ်မှာပါ။ မိခင်မေတ္တာတယ်ပြီးကြီးမားတာပဲနော်။ အေးလေ - အဲဒါကအရေးမကြီးဘူး။ အရေးကြီးတာက မိန်းမပျိုလေးလည်ပင်းမှာဆွဲထားတဲ့ဆွဲကြိုး။ ရွှေမှအိနေတာ နှစ်ကျပ်သားလောက်ရှိမှာပါ။ လက်ချောင်းတွေမှာလည်း လက်စွပ်တွေကအပြည့်။ ဘယ်အလွတ်ခံလို့ဖြစ်မှာလဲ။ သူ့အမေလိုပဲ ကုန်းပေါ် ဆွဲတင်လိုက်တယ်။

"အမလေး"

မိန်းမပျိုလေးလက်ကို ဆုပ်ကိုင်ထားတဲ့ ယောက်ျားကြီးအလောင်းတစ်လောင်းက ထပ်ပေါ် လာပြန်ပါလား။ မကြောက်ပါဘူးဆိုပေမယ့် ကြက်သီးတဖြန်းဖြန်းတော့ထသွားသား။ မထူးတော့ဘူးဗျလေ။ ယောက်ျားကြီးလက်မှာ ဟန်းချိန်း၊ လည်ပင်းမှာဆွဲကြိုး၊ ကြောက်လန့်နေလို့ ဒီပစ္စည်းတွေရမှာတဲ့လား။

ယောက်ျားကြီးအလောင်းကတော့ အဖေပဲဖြစ်မှာပါ။ မိဘမေတ္တာတယ်ပြီးကြီးမားပါလားနော်။

အလောင်းသုံးလောင်း ကမ်းပေါ်ရောက်ပြီဆိုတော့ ကျွန်တော်လည်း အရုပ်ကြိုးပြတ်ပုံလဲသွားတော့တာပါပဲ။ ထမင်းမစားရမသောက်ရလို့ အားအင်တွေ ကုန်ခန်းနေတာပဲလေ ဒါလောက်တော့ရှိမှာပေါ့။ လောဘလေ၊ လောဘမက်လုံးကရှိနေတော့ အားအင်တွေဖြစ်လာလို့ ဆွဲတင်နိုင်တာပါ။

ပစ္စည်းတွေဖြုတ်ဖို့လိုက်ရှာတယ်။

ကံအားလျော်စွာပဲ ကတ်ကြေးတစ်လက်တွေ့လို့ အလောင်းသုံးလောင်းစလုံးက ရွှေထည်ပစ္စည်းတွေဖြုတ်နိုင်ခဲ့ပါတယ်။

*

"ဖိုးဇော်၊ အမလေး သားရယ်"

ဆိုတဲ့ပြီး အိမ်ပေါ်ကပြေးဆင်းပြီး ကြိုပါတယ်။ သေရွာကပြန်လာတဲ့သား ကျွန်တော် ဖိုးကံကောင်းကို ပွေ့ဖက်ပြီး အမေငိုပါလေရော။ ဝမ်းသာလို့ကျတဲ့ မျက်ရည်တွေပေါ့လေ။

"ကြည့်စမ်းပါဦး ငါ့သားလေး မျက်တွင်းတွေကျ၊ နားထင်တွေချိုင့်၊ မေးရိုးကြီးတွေငေါထွက်နေလိုက်တာ"

အမေဟာ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့် လက်ဖဝါးလေးနဲ့စမ်းရင်း ဝမ်းနည်းပူဆွေးသွားပုံရပါတယ်။

"ဟဲ့ - သား ဖိုးဇော်"

"ဘာလဲ အမေရဲ့"

"နင်ဒါလောက်ဒုက္ခတွေရောက်ပေတ်ပြတ်လာတာတောင် မျက်နှာက အပြုံးမပျက်ပါလား"

"အမေနဲ့ပြန်တွေ့ရလို့လေ"

ကျွန်တော်ချော်လဲရောထိုင်စကားဆိုလိုတ်ခြင်းပါ။ ကျွန်တော်ဘာကြောင့် မျက်နှာပိုးမသေ ပြောင်ချော်ချော်ဖြစ်နေရလဲဆိုတာတော့ ပြောဖို့လိုမယ်မထင်ပါဘူး။

*

"မောင်လေးရယ်၊ မင်းနဲ့ထိုက်လို့ မင်းရတာ အစ်မတို့ကျေနပ်ပါတယ်။ ဒါပေမယ့်ပေါ့ကွာ၊ ထုခွဲရောင်းချလို့ရတာလေးထဲက အစ်မတို့မိသားစုသုံးယောက်အတွက် ကုသိုလ်ကောင်းမှုလေးလုပ်ပြီး ရေစက်ချ၊ အမျှဝေပေးပါ"

ဖြူဖြူချောချောခုံ့ခုံ့အသက်လေးဆယ်ခန့် အမျိုးသမီးကြီးကတစ်ယောက် ကျွန်တော်လက်ကောက်တွေဖြုတ်လာခဲ့တဲ့ ပိုင်ရှင်ပဲဖြစ်မှာပါ။

"အစ်ကိုကြီးရယ်၊ အစ်ကိုကြီး ကုသိုလ်ကောင်းလို့ရတာပါ။ သမီးတို့အတွက် ဘာမှတန်ဖိုးမရှိတော့တာမို့ ကျေနပ်ပါတယ်။ ဒါပေမယ့် အစ်ကိုကြီးရယ်၊ ပစ္စည်းတွေရောင်းချပြီးရင် သမီးတို့မိသားစုသုံးယောက်အတွက် ရည်စူးပြီး အလှူပေး ရေစက်ချ အမျှဝေပေးပါလားရှင်"

နုနုငယ်ငယ်ဆယ့်ခြောက်နှစ်အရွယ် မိန်းမပျိုလေးတစ်ယောက်။ ကျွန်တော် ဆွဲကြိုး၊ လက်စွပ်၊ လက်ကောက်ဖြုတ်ယူလာတဲ့ မိန်းကလေးပဲ ဖြစ်ပါတယ်။

"ဟေ့ကောင် - ငါ့ပစ္စည်းတွေပြန်ပေးနော်။ မပေးလို့ကတော့ မင်းကိုဒုက္ခမျိုးစုံပေးမယ် မှတ်လိုက်"

အသက် လေးဆယ့်ငါးနှစ်ခန့် သန်သန်မာမာ ထွားထွားကျိုင်းကျိုင်း ယောက်ျားကြီးတစ်ယောက်။ စိတ်အလိုမကျလို့ မျက်နှာကြီးက တင်းမာနေပါတယ်။ ကျွန်တော် ဟန်းချိန်း၊ လက်စွပ်၊ ဆွဲကြိုးဖြုတ်ခဲ့တဲ့ ယောက်ျားဆိုတာ သေချာပါတယ်။

အိမ်ပြန်ရောက်ပြီဆိုကတည်းက ညစဉ်ညတိုင်းမြင်မက်နေတဲ့အိမ်မက်ပါ။ ကြာတော့ အိပ်မက်တွေထပ်မက်နေဦးမှာပဲဆိုတဲ့အတွေးနဲ့ မိုးချုပ်မှာတောင် ကြောက်လန့်လာပါတယ်။ ကျွန်တော့် အမေ့ကို ထိမ်ချန်လို့မဖြစ်တော့ပါဘူး။ ဖွင့်ပြောရတော့မှာပါ။

*

"ဖိုးဇော် သား"

"ဗျာ - အမေ"

"အမေ မစားရက်ပါဘူး သားရယ် သားကို အမေပြောမယ်၊ သားလက်ခံပါ"

လို့ စကားနိဒါန်းပျိုးပြီး လပွတ္တာကိုပြန်၊ အာဏာပိုင်အဖွဲ့အစည်းတွေကို အကျိုးအကြောင်းတင်ပြပြီးအပ်၊ တောင်းလို့ရသလောက် ပြန်တောင်းပြီး ပြန်ရောင်း၊ ရတဲ့ငွေနဲ့ သေသူမိသားစုသုံးယောက်ကို ရည်စူးပြီး အလှူလုပ်၊ ရေစက်ချ အမျှဝေဖို့ နားသွင်းခြင်းပါပဲ။

"ပစ္စည်းယူလို့ မကျေနပ်တာက ယောက်ျားကြီးတစ်ယောက်တည်းပါ။ အစ်မကြီးတို့သားအမိကတော့ တစ်ဝက် တောင်ယူခိုင်းတာပဲ"

လို့ ဆင်ခြင်ပေး စောဒကတက် စကားဆိုကြည့်ပါတယ်။

"မယူချင်ပါနဲ့ သားရယ်၊ အမေ စိတ်မသန့်လို့ပါ။ပြီးတော့ မမြင်ရပေမယ့် မိသားစုသုံးယောက်ကို အမေသိပ်သနား တယ်"

"ကုန်းမှာတစ်ဝက်၊ ရေမှာအဆုံး ပဲ အမေရာ"

"အမေစိတ်ဖြောင့်ဖြောင့်နဲ့ပဲသေ ချင်တယ်။ အသက်ရှင်ပြီး စိတ်မချမ်း မသာဖြစ်ရတာမျိုးနဲ့ဘဝကိုအဆုံးမသတ် ချင်ဘူး"

အမေ ကျွန်တော့်အရိုက်ကို တိုက် ရိုက်ထိမှန်စေတဲ့စကားလုံးပါ။ ဘယ် ရှင်းပြလို့မှလက်မခံတဲ့အဆုံး အမေ့အ လိုက်လျောလိုက်ရပါတယ်။

အမေ့ဆန္ဒအရ ကျွန်တော် သားအမိနှစ်ယောက် လပွတ္တာကိုပြန် တယ်။ သက်ဆိုင်ရာအာဏာပိုင်အ အစည်းတွေဟာ ကယ်ဆယ်ရေး၊ ပြ လည် ထူထောင်ရေးလုပ်ငန်းတွေလုပ် နေရလို့ တွေ့ခွင့်တောင်မရပါဘူး။ ကျွ တော်ဖြစ်ချင်တဲ့ဆန္ဒဘက်က အထေ သာလာတဲ့သဘောပါ။

ရန်ကုန်ပြန်၊ ကျွန်တော်တို့နေ ရပ်ကွက်လေးပြန်ရောက်ပြီး အချိန် အတွင်းမှာပဲ ပစ္စည်းအချို့တစ်ဝက် ထုခွဲရောင်းချ အလှူတစ်ခုကိုတက်သ ရိုက်လှူဒါန်းပြီး ရေစက်ချအမျှဝေလိုက် ပါတယ်။

*




www.burmeseclassic.com

www.burmeseclassic.com

နေပြည်တော်ကျော်ကျော်ပိုး

# အသက်ရှည်ရာအနာမဲ့ရေး ဆင်နဲ့ဆေး

ကျွန်တော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ဘုရားဝတ်ပြုရာ၊ တရားဝတ်ပြုရာ၊ သံဃာဝတ်ပြုရာ၊ မိဘဘိုးဘွား ဆရာသမားတွေကို ဝတ်ပြုရာမှာ ကြာကာသကန်တော့ချီးဆိုပြီး ဆုတောင်းလေ့ရှိကြပါတယ်။

အဲဒီလိုဆုတောင်းရာမှာ အသက်ရှည်စွာအနာမဲ့ရေးရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာဖြစ်ပါစေခြင်းအကျိုးငှာ ဆိုတဲ့အပိုဒ်ပါပါတယ်။

လူမှန်ရင် ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာနဲ့ အနာရောဂါကင်းစွာ အသက်ရှည်လိုကြတယ်။ ဆုဆိုတာ တောင်းတိုင်း မပြည့်တတ်ပါဘူး။ အချို့ဆို အရာရာပြည့်စုံပါလျက် ကျန်းမာရေး ချို့တဲ့ကာ ငယ်ငယ်ရွယ်ရွယ်နဲ့သက်တမ်းမနေရဘဲ သေကုန်တာတွေရှိတယ်။ အချို့လည်း ဆင်းဆင်းရဲရဲ အိပ်ရာထဲပြီး နာတာရှည်ဝေဒနာနဲ့ အသက်ရှည်နေတာတွေရှိတယ်။ အချို့ကျပြန်တော့လည်း အမှန်တကယ် ကျန်းမာသန်စွမ်းစွာနဲ့ အသက်ရှည်နေတာတွေရှိတယ်။ အမျိုးကျတော့ တောင်းတဲ့ဆုနဲ့ပြည့်တယ်ပေါ့ လို့ရပါတယ်။ ရှေးပြရရင်တော့ အမျိုးမျိုးမို့ရှည်လှပါတယ်။

ကျွန်တော်တို့ မိုးကုတ်မြို့ရဲ့ နန်းတော်ရပ်ကွက်မှာရှိတဲ့ ရွှေကျောင်းဆရာတော်ကြီးဆိုရင် သီလ၊ သမာဓိ၊ ပညာဂုဏ်တွေနဲ့ ကျော်ကြားကာ ကျန်းကျန်းမာမာနဲ့ ခုဆို သက်တော် (၁၀၀) ပြည့်ပါပြီ။ ကျော်တောင်ကျော်ထင်ပါရဲ့။

ပြီးတော့ မိုးကုတ်တောင် ကချင်ရပ်က ဦးကံကြီးဆိုရင်လည်း ကျန်းမာချမ်းသာသန်စွမ်းစွာနဲ့ အသက် (၁၀၀) ပြည့်ပြီးပါပြီ။ ရန်ကုန်မှာနေတဲ့ ကျောက်ကုန်သည်၊ ရတနာကုန်သည် မကြည်ကြည်ဝင်းဆိုရင် မဒမ်ကျော်စိုးနဲ့ အလွန်ရင်းနှီးတဲ့သူငယ်ချင်းတွေပါ။ ပြောမနာဆိုမနာနောက်ပြောင်ကျီစယ်နေကြတာပါ။ ကျွန်တော် မိုင်းရှူးမှာ (၁၀)နှစ်နေပြီး ပြန်ရောက်တော့ ရန်ကုန်ကနေ ကြည်ကြည်ဝင်း မိုးကုတ်ကို လာလည်ပါတယ်။ အဲဒီမှာ မတွေ့တာကြာတော့ သူဖခင် ဦးကံကြီးကို သတိရတာနဲ့ -

"မင်းအဖေဘိုးကံကြီးရှိသေးလား"

လို့ အမှတ်မထင်မေးမိပါတယ်။

အဲဒီမှာ ကြည်ကြည်ဝင်းက ရယ်ရယ်မောမော -

"အောင်မာ-ကိုကျော်စိုးက ကျွန်မအဖေ့ကိုသေစေချင်လို့လား။ ရှိပါ့တော်၊ မာလိုက်တာမှ ဒေါင်ဒေါင်မြည်ပါပဲ"

လို့ပြောပြပါတယ်။

အဲဒီတုန်းက (၉၇) နှစ်လောက်ရှိပါပြီ။ မျက်စိမှုန်သေးဘူး၊ သွားမကျိုးသေးဘူး။ သမီးတွေအပြုစုကောင်းတာလည်းပါ၊ တောင်းဆုပြည့်ခဲ့တာလည်းပါမှာပေါ့။ ကြည်ကြည်ဝင်းက သူ့အဖေကိုလိုလေးသေးမရှိ စောင့်ရှောက်ပါတယ်။ သူကအငယ်ဆုံးသမီးပေကိုး။ လှလည်းလှ စိတ်ရင်းကလည်း အလွန်ကောင်းကာ အမြဲရယ်မောစရာလေးတွေပြောနေတတ်ပါတယ်။ ဒါမျိုးကရှိပေမယ့်ရှားပါတယ်။

ဆုဆိုတာ တောင်းတိုင်းမရတာမို့ ကံကိုယုံပြီးမပုံသင့်ကြပါဘူး။ အသက်ကို ဉာဏ်စောင့်ဆိုတာလို အသက်ကြီးလာတဲ့အခါ ကျန်းမာရေးအထူးဂရုပြုသင့်ကြပါတယ်။ ကျန်းမာရေးချို့ယွင်းပြီဆိုရင် ပြုစုတဲ့လူမှာလည်း ရေရှည်မှာ ဒုက္ခအလွန်ဖြစ်ပါတယ်။ ဒီတစ်ခါ ကုသိုလ်ထက် အလိုမကျမှုဟာ အကုသိုလ်စိတ်တွေဖြစ်နေတတ်ကြပါတယ်။ ဒီအခါ မိမိလည်း အသက်ရှင်နေရပေမယ့် စိတ်မချမ်းသာသလို ပြုစုသူလည်း စိတ်မချမ်းသာပါဘူး။

အသက်ကြီးလာပြီဆိုရင် မိမိကိုယ်မိမိ အတတ်နိုင်ဆုံး စောင့်ရှောက်တတ်ဖို့လိုကြောင်း သက်ကြီးရွယ်အိုတွေနဲ့ ,နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာ (ယခင်ဆိတ်နံတုန်းရွာ) ရွာ ဦးပြည်လုံးချမ်းသာစေတီတော် ဓမ္မာရုံမှာ ပြောဖြစ်ကြပါတယ်။

၁-၆-၂၀၁၄ နေ့ဟာ အောင်သုခရွာရဲ့ ဖြူစင်မေတ္တာပရဟိတလူမှုကူညီရေးနှင့် သွေးလှူရှင်များအသင်း (၁) နှစ်ပြည့် ရငွေ၊ သုံးငွေရှင်းတမ်းဖတ်ပွဲအခမ်းအနားကို အသင်းဝင်တစ်ယောက်အဖြစ် ဖိတ်တာမို့တက်ရပါတယ်။ အစည်းဝေးမစမီ ကျွန်တော်နဲ့ ရပ်မိရပ်ဖအချို့ ကြိုတင်ရောက်ရှိကာ ကျန်းမာရေးကိစ္စ ဆွေးနွေးကြခြင်းပါ။

အဲဒီရပ်မိရပ်ဖထဲမှာ အသက်(၈၀) ကျော်အဘိုးတစ်ဦးပါပါတယ်။ ရှေ့သွားကျိုးသည်မှာအပ အကောင်းပကတိရှိနေပြီး ရုပ်ရည်လည်းအတော်ကြည်လင်

---

"မောင်လေးရေ မောင်လေး အလှူရေစက်ချ အမျှဝေတာ အစ်မရလို့ သွားတော့မယ်နော်"

လို့လာနှုတ်ဆက်နေတဲ့ နတ်သမီးတစ်ပါး။

"ဦးရယ်၊ ဦးအလှူရေစက်ချ၊ အမျှဝေတာ သမီးတို့ရပါတယ်။ ကျန်တာ လှူလည်းလှူ၊ စားလည်းစားပေါ့ ဦးရယ်။ သမီးတို့ကျေနပ်ပါတယ်"

လို့ ကြည်ကြည်ဖြူနဲ့ပြောဆိုလာတာက ဆယ့်ခြောက်နှစ်အရွယ် နတ်သမီးလေးတစ်ပါး အိပ်မက်ပေးလို့ ဝမ်းသာရပေမယ့် ပြည့်စုံတဲ့ဝမ်းသာခြင်းလို့တော့မဆိုနိုင်ပါဘူး။ အမျိုးသားကြီးတစ်ဦး ပရလောကမှ လွတ်ပြီကျွတ်ပြီရယ်လို့ အိပ်မက်မပေးသေးလို့ပါ။

အိပ်မက်ထပ်မမက်ပေမယ့် အရင်မက်ခဲ့ဖူးတဲ့ -

"ဟေ့ကောင်၊ ငါ့ပစ္စည်းတွေပြန်ပေးနော်၊ မပေးလို့ကတော့ မင်းကိုဒုက္ခမျိုးစုံပေးမယ် မှတ်လိုက်"

ဆိုတဲ့ အသံ နားစည်ယံမှာ ကြားယောင်နေသလို လောဘ၊ ဒေါသ၊ မောဟ အခိုးအငွေ့တွေပျံ့လွင့်နေတဲ့ မျက်နှာကြီးကိုလည်း မြင်ယောင်နေဆဲပါပဲ။

ရှစ်ခွင်ကျော်-အောင်အောင်ဦး



www.burmeseclassic.com

www.burmeseclassic.com

ပါသေးတယ်။ မျက်စိလည်းပမှုန်သေးဘူးလို့ဆိုတာကြောင့် အတော်ကံကောင်းတဲ့အဘိုးပါလားလို့ တွေးမိပါတယ်။ ဒါနဲ့ပဲ စပ်စုတတ်တဲ့ ကျွန်တော်က အဘိုးကို သဘောကျတာကြောင့် မေးကြည့်မိပါတယ်။

"အဘိုးက အသက် (၈၀) ကျော်သာဆိုတယ်၊ ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ်ပဲ။ အဘိုးဘာဆေးတွေ မှီဝဲတာလဲ"

"ဩော်-မောင်ရင်လေးရဲ့၊ ရှေးလူကြီးတွေက ဆိုထားတယ် မဟုတ်လား။ အသက်ကြီးရင်ဆင်စီးရမယ်ဆိုတဲ့စကားလေ၊ ကြားဖူးရဲ့မဟုတ်လား"

"ဟုတ်ကဲ့-ကြားဖူးပါတယ်အဘိုး"

"အသက်ကြီးရင် ဆင်စီးရမယ်။ ဆင်စီးပြီး ဗုံလည်းတီးရမယ်။ ပန်းလည်း ပန်ရမယ်။ ဒါမှ လှနိုင်မယ်လို့ ဆိုထားတာကိုး"

"ဟုတ်ကဲ့ ရှင်းပြပါဦး အဘိုး"

"ဆင်စီးရမယ်ဆိုတာက ဆင်တုံးမနွယ်လေ။ ဗုံတီးရမယ်ဆိုတာက ဘုမ္မရာဇာပေါ့ဗျာ။ အဲဒီနှစ်မျိုးကို အခြောက်လှန်း အမှုန့်ပြုရတယ်။ အလေးချိန်ကဆတူထားရပါတယ်။ ပန်းပန်ရမယ်ဆိုတာက ပန်းပေါင်းစုံပျားရည်ပေါ့၊ ပျားရည်ဆိုပါတော့ဗျာ။ အဲဒီဆေးမှုန့်ကို ပျားရည်စစ်စစ် အသင့်အတင့်နဲ့တေပြီး နေ့တိုင်း ညအိပ်ရာဝင်တစ်ဇွန်းတစ်ဇွန်းသာ မှန်မှန်စားပေးသွားပါဗျာ။ မြင်တဲ့အတိုင်းပဲ၊ ကျုပ်အသက်(၈၀)ကျော် သန်သန်မာမာနဲ့နေလို့ပျော်တုန်းပါပဲဗျာ။ ကျုပ်က အဲဒီဆေးကို အသက် (၆၀) ကျော်ကတည်းကစားခဲ့တာ ခုထိပါပဲ။ အသက်ကြီးရင် မောင်ရင်လေးတို့လည်း ဆင်စီးပြီး ဗုံတီးရင်း ပန်းပန်ကြည့်ပါ။ ကျန်းမာရေးသုခကို မုချခံစားရပါလိမ့်မယ်။ မောင်ရင်လေး ဘုမ္မရာဇာသိရဲ့လား"

"ဟုတ်ကဲ့-သိပါတယ်။ သူက ပန်းရောင်ပန်းခိုင်လှလှလေးတွေပွင့်တယ်။ တောထဲ ကုန်းပြောင်ပြောင်တွေမှာရှိတယ်"

"အေး - ဟုတ်တယ် မောင်ရင်ရဲ့၊ တို့အရပ်မှာတော့ ပေါတာပေါ့ကွာ။ အညာဒေသတွေမှာတော့ ရှိဟန်မတူဘူးကွယ့်။ဆင်တုံးမနွယ်က တစ်ပြည်လုံးမှာရှိပေမယ့် ဘုမ္မရာဇာကျတော့ အချို့ဒေသတွေ ခက်ခဲမယ်ထင်တယ်"

"ဟုတ်ကဲ့ - ပရဆေးဆိုင်တွေမှာတော့ ရနိုင်ပါလိမ့်မယ်။ ဒါထက် ကျွန်တော် ကြားဖူးတဲ့ အသက်ကြီးရင် ဆင်စီးပါဆိုတဲ့ ဆေးနည်းကျတော့ တစ်မျိုး အဘိုးရဲ့"

"အင်းကွယ့်၊ ဗဟုသုတပေါ့။ ပြောပြပါဦး"

"ကျွန်တော်မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာလေးမှာ ကျောက်တွင်းတူးနေချိန်တုန်းကပါ။ အဲဒီရွာမှာ ဦးကန်၊ ဒေါ်ကြာတို့ရဲ့ သမီးအငယ်ဆုံး မသန်းငွေးဟာ ရွှေဘိုနယ်တောရွာတစ်ရွာက မောင်မြင့်ကိုနဲ့ အိမ်ထောင်ကျပါတယ်။ အဲဒီမောင်မြင့်ကိုတို့က လူထွားကြီးတွေပါ။ သူ့အဖေဦးသိန်းအောင်ဆိုတာ ရွှေဘိုကနေ သူ့သားဆီလာလည်ပါတယ်။ ထွားထွားကြီးပါပဲ။ ဒါနဲ့ ကျွန်တော်တို့နဲ့ စကားဆုံတဲ့အခါ သူဟာ ဝေဒနာဖိစီးလို့ သေလုနီးနီးမှာ ဆင်(၄)ဆင်ရဲ့ အစွမ်းနဲ့ ခုလို ပကတိကျန်းမာလာခဲ့ကြောင်းပြောပြပါတယ်။

ဆင်(၄)ဆင်က ဆင်တုံးမနွယ်ရယ်၊ ဆင်နှာမောင်းပင်ရယ်၊ ဆင်ငိုမြက်ရယ်၊ ဆင်ကပိုဥရယ်ပါ။ အဲဒီ(၄)မျိုးကို တောက်တော်က်စဉ်းပြီး အရက်ချက်သလိုချက်ပြီး ပေါင်းခံရယူရပါတယ်။ အသက်ကြီးတဲ့လူတွေဟာ အဲဒီဆင်(၄) ဆင်ဆေးရည်ကို နေ့စဉ်ဇွန်းကြီးတစ်ဇွန်း လောက်သောက်ပေးရင် ခန္ဓာကိုယ်ထဲ ဆင်(၄)ကောင် အားသွင်းထားသလို ကျန်းမာသန်စွမ်းနေတယ်လို့ ဆိုပါတယ်။

ဦးသိန်းအောင်ဟာ အရက်အလွန်ကြိုက်တာကြောင့် အသက်(၆၀) ကျော်ကျော်မှာ အိပ်ရာထဲလဲပြီး သေလုနီးနီးဖြစ်ခဲ့ရပြီး မျှော်လင့်ချက်မဲ့ဖြစ်နေတဲ့ အချိန်မှာ ဆရာကြီးတစ်ဦးက 'အသက်ကြီးရင် ဆင်စီးရတယ် သိန်းအောင်ရဲ'လို့ ပြောပြီး ဆင်(၄)ဆင်ဆေးဖော်ပေးပါတယ်။ အဲဒီဆင်(၄)ဆင်သောက်ပြီးတာနဲ့ ဦးသိန်းအောင်ဟာ အိပ်ရာကပြန်ထနိုင်ခဲ့ခြင်းပါ။ အဲဒီဆင်(၄)ဆင်တန်ခိုးကြောင့် ခုလိုကျန်းမာဝဖြိုးခဲ့ပါကြောင်း ပြောပြပါတယ်။

အဲဒီဆင်(၄)ဆင်မှာ ကျွန်တော်တို့ မသိတာက ဆင်ကပိုဥဆိုတာပါပဲ။ ကြားတောင်မကြားဖူးပါဘူး။ ဒါနဲ့ ဦးသိန်းအောင်ကိုမေးကြည့်တော့ သူတို့ရွှေဘိုနယ်မှာ ဆင်ကပိုဥတွေပေါလှတယ်ဆိုကိုး။ ကျွန်တော်တို့ နေပြည်တော်ဘက်မှာကော ကြားဖူးလားအဘိုး"

"ဆင်ကပိုဥဆိုတာတော့ မကြားဘူးဖူးကွယ့်။ ဒီမှာပေါတာက ဆင်တုံးမနွယ်၊ ဆင်နှာမောင်း၊ ဆင်ငိုမြက် ဒါပဲပေါတယ်"

"ကျွန်တော်တို့ ရှမ်းပြည်နယ်နဲ့ မိုးကုတ်ဘက်ကျတော့ ဆင်တုံးမနွယ်နဲ့ ဆင်ငိုမြက်ပဲပေါတယ်။ ဆင်နှာမောင်းပင်တောင်မတွေ့ဘူး။ ဒါပေမယ့် ဆင်ငိုဖက်ယားဆိုတာတော့ရှိတယ်။ ဆင်နှာမောင်းလည်း ဆီးရွှင်စေတယ်။ ဆင်ငိုဖက်ယားလည်း ဆီးရွှင်စေတော့ကာ ဆင်(၃)ဆင်တော့ ဖော်စပ်နိုင်ကြပါတယ်။ ဆင်(၃)ကောင်အားဆိုရင်လည်း မနည်းပါဘူး။ ပေါင်းခံရည်ပြုကာ ပုံမှန်သောက်ပေးခြင်းဖြင့် ကျန်းမာရေးကို အများကြီးအထောက်အကူပြုကာ ဆင်လို အားအင်တွေ ပြည့်စုံနိုင်ကြပါလိမ့်မယ်။ ကျွန်တော်တို့ နေပြည်တော်ကျတော့ ဆင်(၃)ဆင်ရနိုင်ပါတယ်"

"အေးကွယ့်၊ မောင်ရင်ပြောတဲ့နည်းလည်းဟုတ်တာပဲ။ ကျုပ်ကတော့ ခက်ခက်ခဲခဲ ဖော်စရာမလိုတဲ့နည်းနဲ့ဘဲ ဆက်ပြီးဖော်စားနေဦးမှာပဲ"

လို့ အဘိုးက ဆိုလာပါတယ်။ မကြာပါဘူး။ အခမ်းအနားမှူးက အစီအစဉ်တွေကြေညာအပြီးမှာ ဖျူစင်မေတ္တာပရဟိတအသင်းကြီးရဲ့ နာယကတွေဖြစ်တဲ့ ဦးကျော်ဆွေ၊ ဦးလှသောင်း၊ ဦးတင်မောင်လတ်တို့ရဲ့ အကြံပြုချက်တွေ၊ အတွင်းရေးမှူးများက လုပ်ငန်းလိုအပ်ချက်တွေ၊ ဥက္ကဋ္ဌ ဦးဝင်းထိန်က ကြုံတွေ့ရတဲ့ အခက်အခဲတွေရှင်းပြပြီး အခမ်းအနားမှူးက ရှင်းတမ်းတွေဖတ်ကြားကာ လက်ကျန်ငွေနဲ့ရှေ့လုပ်ငန်းတွေ ရှင်းပြပါတယ်။

တစ်နှစ်ပြည့်ရှင်းတမ်းအစည်းအဝေးအပြီးမှာတော့ အဘိုးကို သူ့သမီးက လာကြိုပါတယ်။ လက်ဆောင်ဝေတဲ့ ကြာဆံကြော်ဘူးတွေဆွဲကာ ပြန်သွားပါတော့တယ်။ ကျွန်တော်ကတော့ ဆင်စီးပြီး ကျန်းမာနေတဲ့အဘိုးရဲ့ ကျောပြင်ကိုကြည့်ကာ ပီတိဖြစ်နေမိပါတယ်။ ကျွန်တော်လည်း တာဝန်ရှိသူတွေကို နှုတ်ဆက်ကာ ကြာဆံကြော်(၂)ဘူးဆွဲပြီး အောင်ဇမ္ဗူကိုစက်ဘီးနဲ့ပြန်ခဲ့ပါတော့တယ်။

အသက်ရှည်ရာအနာမဲ့ရေးအတွက် အသက်ကြီးသူများဆင်စီးနိုင်ကြပါစေ
ချမ်းမြေ့ကြပါစေ


နေပြည်တော်ကျော်ကျော်မိုး

www.burmeseclassic.com

ပြည်မြန်မာ၏ ၂၀၁၅ ခုနှစ် ကုံရာသီပြောင်း

# မန်ဒိန်းဇာတာဟောကိန်း

(၁၃-၂-၂၀၁၅) နေ့မှ (၁၄-၃-၂၀၁၅) နေ့အထိကာလ




၁၃-၂-၂၀၁၅ ရက်နေ့ နံနက် (၁၄) နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ် သည် ကုံရာသီသို့ ကူးပြောင်းဝင်ရောက် ခဲ့သည်။ ဥဒယလဂ်သည် ကုံရာသီ (၁၂) ဒီဂရီ (၅၆) မိနစ် တွင် ထွက်ပေါ်နေခဲ့ သည်။ ဤကား ကုံရာသီပြောင်း မန်ဒိန်း ဇာတာဖြစ်သလိုပင် ၂၀၁၅ ခုနှစ် ကုံ ရာသီ စူဠသင်္ကြန်ဇာတာပင် ဖြစ်၏။

ဤဇာတာ၏ ထူးခြားချက်မှာ ဥဒယလဂ်နှင့် နက်ပကျွန်းဂြိုဟ်တို့သည် (၁) ဒီဂရီအတွင်း ပူးထပ်နေပြီး ၎င်း လဂ်ဘာဝထဲတွင် အင်္ဂါဂြိုဟ်နှင့် သော ကြာဂြိုဟ်တို့သည် (၆) ဒီဂရီအတွင်း ပူး ထပ်နေသည်။ယူရေးနတ်ဂြိုဟ်နှင့် ကိတ် ဂြိုဟ်တို့သည် (၃) ဒီဂရီတွင် ပူးကပ်နေ ပြီး တနင်္ဂနွေဂြိုဟ်နှင့် နီးကပ်စွာရှိနေ သည်၊ ဗြိစ္ဆာရာသီ၌ စနေဂြိုဟ်နှင့် ပလူတိုဂြိုဟ်တို့ ပူးထပ်နေသည်။ ထိုအခါ နက်ပကျွန်းဂြိုဟ်နှင့် ယူရေးနတ် ဂြိုဟ်တို့သည် ရာသီအိမ်ချင်း ဖလှယ်နေ ပြီး အင်္ဂါဂြိုဟ်နှင့် စနေဂြိုဟ်တို့ ရာသီ အိမ်ချင်းဖလှယ်နေကာ သောကြာဂြိုဟ် နှင့် စနေဂြိုဟ်တို့ ဘာဝအိမ်ချင်းလဲလှယ် နေကြသည်။

နောက် စနေဂြိုဟ်က လဂ်ကို (၁) နက်ပကျွန်းကို (၉၀) ဒီဂရီအမြင် နှင့် မြင်ထားပြန်သည်။ မှတ်သားစရာ တစ်ခုက ရာဟုဂြိုဟ်က ပလူတိုဂြိုဟ်ကို (၉၀) ဒီဂရီနှင့် မြင်ထားသကဲ့သို့ ပလူတို ဂြိုဟ်က ယူရေးနတ်ဂြိုဟ် (၉၀) ဒီဂရီဖြင့် မြင်ထားသည်။ ပြီး စနေဂြိုဟ်က ဗုဒ္ဓဟူး ဂြိုဟ်ကို (၆၀) ဒီဂရီဖြင့် မြင်ထားပြန် သည်။

အားလုံးကိုခြုံ၍ အနှစ်ချုပ်လိုက် လျှင် ပြည်တွင်း၊ ပြည်ပ အရပ်ဘက်လူ့ အဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်း များ၊ NGO အဖွဲ့အစည်းများနှင့် ဆက် နွယ်လျက် ပရဟိတအရေး၊ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေး၊ဖွံ့ဖြိုးရေး၊စိုက်ပျိုး ရေးနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများ၊ စောဒကတက်မှုများ၊ အတိုက်အခံပြုမှု များ တင်းမာလာမည်။ နယ်စပ်လုံခြုံရေး ကိစ္စ၊ ပြည်တွင်း-ပြည်ပ ရွှေ့ပြောင်းနေ ထိုင်သူများကိစ္စ၊ အကြမ်းဖက်လက်နက် ကိုင်ပဋိပက္ခကိစ္စနှင့်ပတ်သက်၍အကျယ် အကျယ်မငြိမ်းဖွယ်များထကြွလာမည်။

ဘာသာရေး၊ အမျိုးသားရေး၊ ငြိမ်း ချမ်းရေး၊ အကြမ်းဖက်ကာကွယ်ရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်ပတ်သက် ၍ အကျောက်အကန်ငြင်းခုံမှုများ၊ အတုံ့ အလှယ်ထိုးနှက်မှုများ၊ ခေါင်းမာစွာတက် ကြွလှုပ်ရှားမှုများရှိမည်။ ၎င်းတို့နှင့်ပတ် သက်၍ အစိုးရနှင့် လွှတ်တော်အား ဝေဖန်စောကြောမှုများရှိလာမည်။အစိုးရ နှင့်လွှတ်တော်ထဲ၌ အပြင်းအထန်ငြင်းခုံ မှုများ၊ တုံ့လှယ်တိုက်ခိုက်မှု၊ ပုဂ္ဂိုလ်ရေး စွပ်စွဲမှုများကို တွေ့မြင်ရမည်။ သို့သော် နိုင်ငံတကာဆက်ဆံရေး၌ အစိုးရနှင့် လွှတ်တော်တို့ အောင်မြင်မှုကို သိသိသာ သာကြီးတွေ့ရမည်။

ငွေကြေးဆိုင်ရာ၊ ဘဏ်လုပ်ငန်း ဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတို့တွင် တစ်စုံတစ်ရာအတိုင်းအတာအထိ အောင် မြင်မှုရနိုင်မည်ဖြစ်သော်လည်း အခွန် ရှောင်မှုများ၊ တရားမဝင်မှောင်ခိုကုန် သွယ်မှုများ၊ စီးပွားရေးဆိုင်ရာ ဥပဒေ လက်တစ်လုံးခြားလှည့်ဖြားမှုများကို မြင် မြင်ထင်ထင် တွေ့လာရမည်။ ဝင်ငွေ ထက် သုံးငွေက ပိုများနေမည်။ ကာ ကွယ်ရေးဆိုင်ရာအသုံးစရိတ်များ ပိုမို မြင့်တက်လာမည်။

ငွေကြေးဈေးကွက်အတက်၊အကျ ပြင်းထန်လာမည်။ အခြေခံလူတန်းစား များ၊ ဆင်းရဲနွမ်းပါးသူတို့၏နေရာထိုင် ခင်း၊ အလုပ်အကိုင်များနှင့် စပ်လျဉ်း၍ တောင်းဆိုတက်ကြွလှုပ်ရှားမှုများသိသာ ပေါ်လွင်လာမည်။ အလုပ်သမား၊ လယ် သမားတို့၏ အရေးဆိုတက်ကြွလှုပ်ရှား မှုတို့ကလည်း ဟိုကဖိသည်ကပေါ်နေ လိမ့်မည်။ ဆင်ခြေဖုံးရပ်ကွက်များ၊ ကျေး ရွာများ၌ ကပ်ဘေးဆန်ရောဂါများ ဖြစ် ပေါ်တတ်မည်။ရေကြောင်းဆိုင်ရာယာဉ် များ၊ ကုန်းကြောင်းဆိုင်ရာယာဉ်များ၌ မီးဘေးများ၊ အကြမ်းဖက်ဘေးများ ကြုံ တတ်မည်။

စာနယ်ဇင်းလောက၊ မီဒီယာ လောကနှင့် အစိုးရလွှတ်တော်တို့ ညှိနှိုင်း မှုသည် ရှာဖွေလေတွေ့ရှိလေဖြစ်မည်။ အပျော်အပါးဆိုင်ရာ၊ အမျိုးသမီး၊ ကလေးသူငယ်ဆိုင်ရာ၊ ရာဇဝတ်မှုခင်း များမငြိမ်နိုင်သေး။ လက်နက်ကိုင်၊ ပဋိ ပက္ခများ၊ အကြမ်းဖက်မှုများ၏ ခြိမ်း ခြောက်မှုအန္တရာယ်များကို တွေ့နေရ မည်။ အုပ်ချုပ်ရေးဆိုင်ရာ၊ ဥပဒေပြုရေး ဆိုင်ရာနှင့် ပြည်သူတို့ နားလည်မှုလွဲနေ ဦးမည်။ သာမန်မဟုတ်သော ဖောက် ပြန်သော ရာသီဥတုကြောင့် အများ ပြည်သူတို့ ထိခိုက်မှုရှိမည်။

မင်းစိုးနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဒီတစ်ပတ်တော့ စာပေချစ်ပရိသတ်ကြီးအတွက် ဗဟုသုတရစေဖို့ တချို့မသိသေးတာလေးတွေကို သိပါစေဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီဆောင်းပါးလေးကို ရေးလိုက်တာပါ။

လူအမျိုးမျိုး စိတ်အထွေထွေဆိုတဲ့စကားလေးအတိုင်းပါပဲ။ ပြောရမယ်ဆိုရင် တချို့က အဆောင်တစ်ခုခုဆောင်ထားရတာကို သိပ်သဘောကျကျေနပ်နေကြတဲ့သူတွေရှိတယ်။ တစ်ခုခုလေးများအဆင်ပြေခဲ့ရင် 'ဒီအဆောင်လေးကြောင့် အဆင်ပြေတာ'။ ဒါကအဆင်ပြေရင်ပေါ့။ အဆင်ပြေရင်တော့ ဒီလိုအသံမျိုး။

တကယ်လို့များ အဆင်မပြေတာရှိခဲ့ရင် 'ဟင်း - ဒီအဆောင်ဆောင်ထားရက်နဲ့အဆင်မပြေဘူး။ ဒီအဆောင်မစွမ်းဘူး၊ ဆောင်ထားရတာ အလကားပဲ' လို့ဖြစ်ကြတာတွေ၊ ပြောကြတာတွေလည်းအများကြီးပါ။ ဒါက အဆင်မပြေရင်ထွက်လာတဲ့အသံမျိုးပေါ့။

အဆောင်တစ်ခုဆောင်တယ်ဆိုတာ ဆောင်သင့်တာရှိသလို မဆောင်သင့်တာရှိတယ်။ ဆောင်သင့်တဲ့အချိန်ရှိသလို မဆောင်သင့်တဲ့အချိန်ရှိတယ်။ နောက်ပြီး အကျိုးပေးတာရှိသလို အကျိုးမပေးတာတွေလည်းရှိတယ်။

ဒါကြောင့် ခုနစ်ရက်သားသမီးတွေရဲ့ အခက်အခဲတွေကို နေ့စဉ်နေ့တိုင်း ကိုယ်သိသလောက် ကိုယ်တတ်သလောက် ကူညီဖြေရှင်းပေးနေရင်းကနေ 'အဆောင်'နဲ့ပတ်သက်ပြီး မြင်ရတွေ့ရတာလေးတွေ၊ ဒီအဆောင်တစ်ခုကို ဆောင်လိုက်လို့ ဘာတွေဖြစ်လာတယ်၊ ဘယ်လိုတွေဖြစ်ကုန်တယ်ဆိုတာကို မြင်နေတွေ့နေရတဲ့အတွေ့အကြုံတွေအများကြီးထဲက မှတ်မိသလောက်လေးတွေကို တင်ပြလိုက်ပါတယ်။

တစ်ရက် -

ဒေါ်တင်ဝင်းဆိုတဲ့ အဒေါ်ကြီးတစ်ယောက်ရောက်လာတယ်။

"စီးပွားရေးအဆင်မပြေလို့ ဆရာလေးရယ်။ အကြွေးတွေလည်း သူများကိုဆပ်ရမှာမနည်းဘူး။ ရောင်းတဲ့ဆိုင်လေးကလည်း အရင်းပြုတ်သွားတယ်။ နောက်ပြီး အဲဒီထက်ဆိုးတာက ကျွန်မသမီးလေးအိမ်ကထွက်သွားလို့။ သူ့သူငယ်ချင်းအိမ်မှာသွားနေတယ်။ ပြန်မလာချင်ဘူးလို့လည်းပြောတယ် ဆရာလေးရယ်"

ဆိုပြီး အသံကတုန်ကယင်နဲ့ ပြောပြပါတယ်။

ဒေါ်တင်ဝင်းရဲ့ကံကို တွက်ကြည့်လိုက်တော့ သူ့ရဲ့ကံမှာက ငွေနံ့တွေ... နေတယ်။ ဆောင်ရန်၊ ရှောင်ရန်... တွေပြောအပြီးမှာ သူက မထင်မှတ်... သူ့လက်ကိုင်အိတ်ထဲကနေ အဆောင်... အဖြစ်နဲ့ဆောင်ထားတာဆိုပြီး အရုပ်... ကလေးတစ်ခုထုတ်ပြတယ်။ 'ကြွက်... ကလေး' 'ပျဉ်းမသား' နဲ့ ထုထားတာ... ကျွန်တော်လည်း အဲဒီအရုပ်လေး... သဘောကျလို့ သေချာကိုင်ကြည့်လို... တယ်။ သဘောကျတယ်ဆိုတာက အဲ... အရုပ်လေးကို ထုလုပ်ထားတဲ့ လက်... တော်တော်မြောက်တာပဲဆိုပြီးကြည့်... မိတယ်။

ဒေါ်တင်ဝင်း ဆောင်ထား...

# မင်းပြည့်

## ရန်အလွှတ်ရှောင်လွှားသော အဆောင်များ



www.burmeseclassic.com

www.burmeseclassic.com

ကြက်ရုပ်ကလေးက တော်တော့်ကို ထက်မြောက်လို့ ထုလုပ်ထားတဲ့ ပန်းပုဆရာရှင်ကို မချီးကျူးဘဲမနေနိုင်ဘူး။

"ဘယ်သူပေးလိုက်တာလဲ"

လို့ မေးကြည့်တော့ -

"တခြားတစ်နေရာကို သွားမေးတုန်းက အဆောင်ဆိုပြီးပေးလိုက်တာ။ ပြီးတော့ အဲဒီအရုပ်လေးအတွက် မင်္ဂလာဆောင်းကျတယ်ဆိုလို့ ပိုက်ဆံနှစ်ထောင်းပေးခဲ့ရတယ် ဆရာလေး"

ဆိုပြီး ပြောတယ်။

ဆောင်ထားတာ ဘယ်လောက်ကြာပြီလဲ။ အဲဒီအရုပ်လေးကိုဆောင်ထားပြီးတဲ့နောက်ပိုင်း ဘာတွေထူးခြားလာလဲ။ ဘယ်လိုမျိုးတိုးတက်မှုတွေရှိလာလဲလို့မေးကြည့်တယ်။

ဒေါ်တင်ဝင်း ဟိုကြည့်ဒီကြည့်နဲ့ ခဏလောက်စဉ်းစားပြီး -

"လေးလကျော်ကျော်လောက်တော့ရှိပြီ ဆရာလေး"

"အန်တီ့သမီးလေး အိမ်ကထွက်သွားတာ ဘယ်လောက်ကြာပြီလဲ"

"တစ်လနီးပါးလောက်ရှိပြီ ဆရာလေး။ ဘာဖြစ်လို့မှန်းလဲမသိဘူး။ ကျွန်မသွားလိုက်ခေါ်တယ်၊ သုံးခါ လေးခါလောက်သွားလိုက်ခေါ်တယ်။ သွားခေါ်တိုင်း ပြန်မလိုက်ချင်ဘူး၊ ပြန်မလာချင်ဘူးလို့ပဲ ပြောပြောနေတယ်"

သိတော့သိလိုက်ပါပြီ။ 'ဩော်' ဆိုတဲ့စကားတစ်ခွန်းကိုပဲ နှုတ်ကပြောပြီး ထပ်ပြောချင်တဲ့စကားလေးတွေကိုတော့ မပြောတော့ပါဘူး။ ဒေါ်တင်ဝင်း အခုဖြစ်နေတာတွေက ဘာကြောင့်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တာလဲဆိုတာကို သူမသိပေမယ့် ကျွန်တော်သိလိုက်ပါပြီ။

ဒေါ်တင်ဝင်းက စနေသမီး၊ နာမည်ကလည်း စနေနာမည်။

စနေရဲ့ ဆပွတ်ဆိုပြီး ပျဉ်းမသားနဲ့ ထုထားတဲ့ ကြွက်ရုပ်လေးကိုဆောင်ခိုင်းတာ။ ဆောင်ခိုင်းတဲ့သူက စေတနာပါပေမယ့် အလုပ်များတဲ့သူဖြစ်ပုံရပါတယ်။ သူအလုပ်များပြီး အမှတ်တမဲ့ဖြစ်သွားတာလေးကတော့ ဒေါ်တင်ဝင်း ရောက်နေတဲ့ အသက်အပိုင်းအခြားမှာ ကြာသပတေးနံ လုံးဝဝင်လို့မရခြင်းဆိုတာပါဘဲ။

ရိုးရိုးကြည့်ရင် -

ဒေါ်တင်ဝင်း - စနေ<br>
ပျဉ်းမ - ကြာသပတေး ] မွှာ

ဒေါ်တင်ဝင်းနဲ့ ပျဉ်းမနဲ့က မွှာဖြစ်နေတယ်။ ပျဉ်းမသားက ဒေါ်တင်ဝင်းအတွက် အကျိုးပြုစရာ ဆပွတ်ဖြစ်ပေမယ့် မွှာဖြစ်နေပြန်တယ်။ မွှာဆိုတာက အတွင်းရန်။ အုပ်စုကွဲတတ်တယ်။ မိသားစု၊ ညီအစ်ကို မောင်နှမတွေ စိတ်ဝမ်းကွဲတတ်တယ်။ ဒါကြောင့် ဒီအရုပ်လေးလည်းရောက်လာရော သူ့သမီးလည်း အိမ်ကဆင်းသွားတော့တာပေါ့။ မဝင်သင့်တဲ့နှစ်မှာ ဆောင်လိုက်မိတာက အမိကအတွင်းရန်ကို အားကောင်းသွားစေတာပါပဲ။

"ဒီလိုလုပ်ပါလား အန်တီ။ ဒီကပြန်ရင် အဲဒီကြွက်ရုပ်ကလေးကို တစ်နေရာရာမှာ ဒါမှမဟုတ် သစ်ပင်တစ်ပင်မှာ ဖြစ်ဖြစ်စွန့်ထားခဲ့လိုက်တော့"

"ဘာဖြစ်လို့လဲ ဆရာလေး၊ မသိလို့မေးတာပါနော်။ ဆရာလေးစွန့်လိုက်ဆိုစွန့်ပါ့မယ်"

ဘာဖြစ်လို့ ဒီအရုပ်လေးကိုစွန့်ခိုင်းတယ်ဆိုတာ ဒေါ်တင်ဝင်းသိချင်ပုံရတဲ့အတွက် ပြောပြလိုက်ပါတယ်။

ဒေါ်တင်ဝင်း တော်တော်လေးတော့ လန့်သွားပုံရတယ်။

"ဒါ. . . . ဒါဆိုရင် ဒီအရုပ်ကို အိတ်ထဲပြန်မထည့်တော့ဘူး။ ဒီကပြန်ရင် ဆရာလေးပြောသလို တစ်နေရာရာမှာဝင်ပြီး စွန့်ခဲ့လိုက်တော့မယ်"

"ရပါတယ်၊ အဲ့လောက်လည်း မဟုတ်ပါဘူး။ လောလောဆယ်တော့ အိတ်ထဲပြန်ထည့်သွားပါ။ စွန့်ချင်တဲ့နေရာလောက်မှပဲ အိတ်ထဲကထုတ်ပြီးစွန့်လိုက်။ စောစောက ကျွန်တော်ပြောတဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကိုသာ အတိအကျလုပ်။ ရွှတ်ရမယ့် ဘုရားစာကို မပျက်မကွက်ရွှတ်။ ငွေကြေးကိစ္စတွေလည်း ပြန်အဆင်ပြေလာလိမ့်မယ်။ အန်တီ့သမီးလေးလည်း ပြန်ရောက်လာမှာပါ။ စိတ်မပူပါနဲ့၊ အဆင်ပြေသွားလိမ့်မယ်"

"ဟုတ်ကဲ့ - ဆရာလေး၊ ကျေးဇူးတင်ပါတယ်နော်။ ပြန်ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဒေါ်တင်ဝင်းရဲ့အဖြစ်တွေကိုကြည့်ပြီး စိတ်ထဲမှာတော့ စကားလေးတစ်ခွန်းကိုပြောပြီး ခေါင်းညိတ်နေမိပါတယ်။

ဩော် - ပညာကမျက်နှာမလိုက်ပါလား၊ ဒါဝင်ရင်ဒါဖြစ်မယ်ဆိုတဲ့အတိုင်း တန်းနေတာပဲ။

နောက်ထပ်တွေ့ရပြန်တဲ့ တစ်ယောက်က -

တနင်္လာသား၊ နာမည် ကိုကျော်ဦး။ သူလည်း ဒေါ်တင်ဝင်းလိုပဲ သူဆောင်ထားတဲ့အဆောင်ကပေးတဲ့ ဒုက္ခလေးတွေကိုမခံစားနိုင်တော့လို့ ရောက်လာတာ။ ဒါပေမယ့် ချက်ချင်းတော့ဖွင့်မပြောဘူး။ သူ့ဖြစ်စဉ်တွေကို အရင်ပြောပြတယ်။

ကိုကျော်ဦးက အငှားပြေးကားတစ်စီးရှိတယ်။ ရန်ကုန်-ပုသိမ်လိုင်းဆွဲတယ်။ သူကိုယ်တိုင်မမောင်းဘူး။ လူငှားနဲ့မောင်းတာ။

အခုသူရောက်လာရတဲ့အကြောင်းက အဲဒီကားကိုရောင်းမလို့။ ရောင်းပြီး တခြား ဘာစီးပွားလုပ်ရင်ကောင်းမလဲပေါ့။ ကားလုပ်ငန်းက အရင်ကကောင်းပြီး ခုနောက်ပိုင်းလုပ်ငန်းကကျလာတယ်။ ခရီးသည်လည်း အဝင်နည်းလာတယ်။ ကားကလည်း မကြာခဏဆိုသလိုပျက်ပျက်နေပြီး ငှားထားတဲ့ယာဉ်မောင်းတွေကလည်းမမြဲဘူး၊ ခဏခဏထွက်တယ်။

"ကြာတော့ စိတ်ပျက်လာတယ်ဆရာရယ်။ ဒီလုပ်ငန်းမလုပ်ချင်တော့ဘူး။ ဟိုလူ့မျက်နှာချိုသွေးရဒီလူ့မျက်နှာချိုသွေးရနဲ့ စိတ်ကုန်တယ်ဆရာ။ ရတဲ့ပိုက်ဆံနဲ့ ပြန်ထွက်တာနဲ့ကလည်း မမျှဘူး။ ရလာတဲ့ပိုက်ဆံက အလုပ်သမားစရိတ်၊ ကားပြင်ရတဲ့စရိတ်နဲ့ ကျွန်တော့်အတွက် ဘာမှမကျန်ဘူး။ မကျန်မယ့်အတူတူတော့ ဒီအလုပ်ကို ဆက်မလုပ်ချင်တော့ဘူး။ အဲဒါကြောင့် ဒီကားကိုပြန်ရောင်းပြီး တခြားဘာအလုပ်လုပ်ရင်ကောင်းမလဲမသိလို့ ဆရာနဲ့လာတိုင်ပင်တာပါ။

အခုဒီကားကိုရောင်းလိုက်ပြီးရတဲ့ပိုက်ဆံနဲ့ နောက်အလုပ်တစ်ခုအတွက် ပြန်ရင်းနှီးရမှာဆိုတော့ တခြားမကျွမ်းကျင်တဲ့အလုပ်လုပ်မိလို့ တစ်ခုခုခြော်လက်ချော်ဖြစ်သွားမှာလည်း အရမ်း ရိမ်နေတယ်ဆရာ"

ကိုကျော်ဦးရဲ့ ကံကိုကြည့် ဆောင်ရန်၊ ရှောင်ရန်လေးတွေ၊ အကျိုး ပေးတဲ့လုပ်ငန်း၊ အကျိုးမပေးတဲ့လုပ်ငန်း ဘယ်လိုနာမည်ရှင်မိတ်ဆွေတွေနဲ့တိုင် ပင်၊ ဘယ်လိုနာမည်ရှင်တွေနဲ့မတိုင်ပင် နဲ့၊ ကံကောင်းရက်၊ ကံကောင်းစေမယ့် အချိန် အားလုံးစုံအောင် ပြောပြလိုက် ပါတယ်။

"ကိုကျော်ဦး ဘာဘုရားစာရွတ် တတ်လဲ"

"ရွှတ်တယ် ဆရာ။ ကျွန်တော် တိုင်း ဂုဏ်တော်ကိုးပါးပုတီးတစ်ပတ် တယ်။ ဘာသာရေးလည်းလုပ်ပါတယ် လုပ်တဲ့ကြားထဲက ဘာဖြစ်လို့အဆင် မပြေတာလဲမသိပါဘူး ဆရာ ဆောင်ထားတဲ့ အဆောင်နဲ့များ လား၊ အဲဒီအဆောင်ကများ ဘယ်လို နေလို့လဲမသိပါဘူး"

"ဘာဆောင်ထားလို့လဲ"

"သီဟိုဠ်သားနဲ့လုပ်ထားတဲ့ ဆရာ။ ကျွန်တော်ဆရာ့ဆီရောက် ခင် တခြားတစ်နေရာမှာ သွား တယ်။ အဲဒါ ကျွန်တော့်ကို သီဟိုဠ် နဲ့ ပူးရုပ်ထုပြီးဆောင်ထားရမယ်ဆို ဆောင်ထားဖြစ်တယ် ဆရာ"

"ဘာသာရေးလုပ်နေတဲ့ကြား အဆင်မပြေတာလို့တော့ပြောလို့ ကိုကျော်ဦးရဲ့။ အကြောင်းတစ်ခု အကျိုးဆက်ဖြစ်တယ်လို့ပဲ ဆိုရ မသိဘူး"

ကျွန်တော် ခဏလောက် စဉ်း လိုက်တယ်။ ပြီးမှ -

"ဒီလိုလုပ်ပါလား ကိုကျော်ဦး"

"ဟုတ်ကဲ့ - ဘယ်လိုလုပ် ဆရာ"

"ကိုကျော်ဦး အခုဆောင်ထား သီဟိုဠ်သားပူးရုပ်ကို တစ်နေရာ သွားစွန့်လိုက်။ အဲ့လိုစွန့်ထားတာ တွေ့ဖူးတယ်မဟုတ်လား"

"ဟုတ်ကဲ့ - တွေ့ဖူးတယ်၊ ဘုရားတွေမှာ စွန့်ထားတာမျိုးကို တာမဟုတ်လား ဆရာ"

"အင်း - ဟုတ်တယ်၊ ဟုတ် ဘုရားမှာတော့သွားမစွန့်ပါနဲ့။ အမှိုက်သွားရှုပ်သလိုဖြစ်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေရာရာမှာသာ သွားစွန့်လိုက်ပါ။ ဖြစ်နိုင်ရင် ဒီကပြန်တာနဲ့ စွန့်လိုက်ပေါ့ ကိုကျော်ဦးရာ"

"ဟုတ်ကဲ့ - စွန့်လိုက်မယ် ဆရာ။ အခု ကျွန်တော်ပြန်တာနဲ့ လမ်းတစ်နေရာရာမှာစွန့်လိုက်မယ်။ ဒါဆို ကျွန်တော် နောက်နေ့တွေဘာဆောင်ရမလဲဆရာ"

"ဒီလိုလုပ် ကိုကျော်ဦး၊ စောစောက ကျွန်တော်ပြောတဲ့ဆောင်ရန်၊ရှောင်ရန်တွေထဲမှာ ကိုကျော်ဦးဘုရားသွားပြီး အယောင်းတိုင်ထွန်းရမယ်ဆိုတာ ပါတယ်လေ"

ကိုကျော်ဦးသူရဲ့ဆောင်ရန်၊ရှောင်ရန်လေးတွေရေးထားတဲ့ စာရွက်လေးကို ပြန်ကြည့်ပြီး -

"ဪ - ဟုတ်တယ် ဆရာ"

"အင်း - အဲ့ဒီနေ့ကျရင် ဘုရားကနေ ထိမ်သားပုတီးတစ်ကုံးဝယ်လာခဲ့။ နောက်နေ့တွေမှာ ကိုကျော်ဦး အဲ့ဒီထိမ်သားပုတီးနဲ့စိပ်။ ရပြီ၊ အဆင်ပြေသွားသိမ့်မယ် ကိုကျော်ဦး"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာ။ နောက်ကျွန်တော်တိုင်ပင်စရာလေးတွေရှိလို့ ဆရာ့ဆီလာချင်ရင်ဘယ်အချိန်လောက်လာရင်ရလဲ ဆရာ"

"ရပါတယ်၊ ဆယ့်နှစ်နာရီကနေ နှစ်နာရီအတွင်းဝင်အောင်လာခဲ့"

"ဪ - ဟုတ်ကဲ့၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာ"

"ဟုတ်ကဲ့ - ကောင်းပါပြီ"

ကိုကျော်ဦးက တနင်္လာသား၊ နာမည်ကလည်း တနင်္လာနာမည်၊ သူ အဆောင်အဖြစ်နဲ့ ဆောင်ထားတာက သီဟိုဠ်သားပုံးရုပ်။

ကိုကျော်ဦး - တနင်္လာ ⎤ သောက
သီဟိုဠ် - သောကြာ ⎦

တနင်္လာနဲ့ သောကြာနဲ့ သောက ဖြစ်နေတယ်။ သောကဖြစ်နေရုံတင်မက ဘဲ အဆောင်မဆောင်ရမယ့်နှစ်လည်း ဖြစ်နေပြန်တယ်။ အဲ့ဒါကြောင့် သီဟိုဠ်သားပုံးရုပ်လည်းဆောင်ပြီးရော ကိုကျော်ဦးလည်း သောကတွေတန်းစီဝင်လာတော့တာပါပဲ။

'သောက'ဆိုတဲ့ရန်ဓာတ်ဖြစ်သွားတော့ ယာဉ်မောင်းတွေကမမြဲတော့ဘူး။ အဝေးပြေးကားလုပ်ငန်းလည်း လူအဝင်နည်းသွားတော့တာပေါ့။

ဒေါ်တင်ဝင်းနဲ့ကိုကျော်ဦးဆောင်တဲ့အဆောင်ချင်းမတူပေမယ့် အဆောင်ကြောင့် သောကတွေဝင်လာတာက တော့တူနေပါတယ်။

သူတို့လို တစ်ယောက်ရှိပါသေးတယ်။

သူက ကိုအေးကြီး။

ဒီလိုပဲ -

"ဆရာလေးရယ်၊ ဦးလေးဘာတွေဖြစ်နေတယ်မသိဘူး"

ဆိုပြီး သူ့အိမ်မှာ ပြောင်းဆန်နေတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် တစ်ခွန်းက နှစ်ခွန်းပြောလာရင် မတည့်တော့တာတွေပြောပြပါတယ်။

ဒီလိုတွေ ပြောင်းဆန်လာပြီဆိုရင် မဆောင်အပ်တာတွေ ဆောင်ထားတာတို့၊ မဝင်အပ်တဲ့ပစ္စည်းဝင်ထားတယ်တို့ ဖြစ်တတ်တယ်ဆိုပြီး အဖေခဏခဏ ပြောပြဖူးလို့၊ ပြီးတော့ အတွေ့အကြုံလည်းရလာပြီမို့ -

"ဦးလေးဘာအဆောင်တွေများ ဆောင်ထားသေးလဲ"

"ဟာ - ဆရာလေး၊ ကျုပ်ဘကြီးပေးလို့ လင်းယုန်ငှက်တော့ဆောင်ထားတယ်။ အိမ်မှာ ပန်းကန်ပြားထဲမှာထားရတယ်။ သွားလေရာ သူ့ကိုဆောင်သွားခိုင်းတယ်။ ဘာမဆိုကုပ်မိတယ်ပေါ့"

"ဘယ်လိုကုပ်မိတာလဲ"

"ဪ ဆရာလေး၊ လက်ဆုပ်လက်ကိုင်ဖြစ်မယ်ပေါ့။ ဒီလိုဆောင်ခိုင်းတာ။ အသားက လင်းလွန်းသားနဲ့ထုထားတာ"

ကျွန်တော် သိလိုက်ပါပြီ။

သူကတော့ ကိုကျော်ဦးတို့၊ ဒေါ်တင်ဝင်းတို့လို မဆောင်အပ်တဲ့နှစ်မှာ ဝင်လာတာမျိုးတော့ မဟုတ်ဘူး။ လင်းလွန်းသား လင်းယုန်ငှက်ပုံစဆောင်တဲ့နှစ်က ဗုဒ္ဓဟူးလည်းကောင်းနေတယ်။ ဒါပေမယ့် တနင်္ဂနွေရဲ့စတုရန်းဂြိုဟ်ကို ဘုရားစင်မှာတင်ဆောင်ပြီး သွားလေရာယူသွားလို့လား မသိပါဘူး။

၅
၂
၆
———
အင်းဝ [ ၁ ← တနင်္ဂနွေ
———
၄ ← လင်းလွန်း(လင်းယုန်)
၀
၃

အဲ့ဒီဦးလေးအိမ်ထောင်ဦးစီးလုပ်နေရတဲ့အိမ်မှာ ပြောင်းဆန်နေတာ 'အင်းဝ'ဆိုတဲ့ အတွင်းရန်တည့်တည့်ကြီးဖြစ်သွားပုံရပါတယ်။

ပထမ ဖျဉ်းမသားဆောင်တာတို့၊



သီဟိုဠ်သားဆောင်တာတို့က သူတို့ရဲ့ ဆပွတ်တို့၊ သူတို့ရဲ့နဝင်းတို့ဖြစ်တဲ့ အတွက် -

'အင်း၊ အဆောင်တော့အဆောင်ပဲ။ ဒါပေမယ့် အဖေသင်ထားပေးတာက အဆောင်တစ်ခုဟာ ဝင်အပ်တဲ့နှစ်မှာဝင်ရင် အဆောင်ပဲ။ မဝင်အပ်တဲ့နှစ်မှာ စဝင်လာရင် သတိထားရလိမ့်မယ်။ ပဥ္စပွတ်၊ ဆပွတ်ဖြစ်ပေမယ့် ရန်သဘောဆောင်နေရင် မဝင်အပ်တဲ့အချိန်မှာဝင်လာလို့ကတော့ ရန်အားကြီးပြီသာမှတ်"

ဆိုပြီး အဖေခဏခဏပြောဖူးပါတယ်။ ခုအဲဒီလိုဖြစ်သွားတာပါ။

ဦးအေးကြီးကတော့ 'စတုရန်းအောက်ဂြိုဟ် နေပျော်ခိုက ကိုယ့်ကိုစွတ်စွဲ တနဲ(နည်း)၊ ကိုယ့်အောက် မဖောက်ဟုတ်ငြား ထိုသူများနဲ့ တရားတဘောင်ဖြစ်မည်ဆောင်လော့' ဆိုတဲ့ အင်္ဂဝိဇ္ဇာ စတုရန်းလင်္ကာအတိုင်းဆိုရင်တော့ ရန်တည့်တည့်ဖြစ်သွားတာနေမှာပါ။ ရန်နှစ်ထပ်ကို တိုက်ရိုက်ဆောင်လိုက်သလိုပါပဲ။ ယင်းတိုက်သာဆို SHOCKတောင်ဖြစ်နိုင်တယ်လို့ အဖေကပြောပြပါတယ်။ လင်းလွန်းသားမို့ လူတွေစိတ်ဝမ်းကွဲရုံကွဲတာလို့ပြောပါတယ်။

ဒါလေးတွေကတော့ တစ်ခုခုဆောင်တော့မယ်ဆိုရင် သတိထားစေချင်လို့ပါ။

အဆောင်နဲ့ ဓာတ်မတည့်လို့၊ မဆောင်ရမယ့်နှစ်မှာ အဆောင်သွားဆောင်မိလို့ ပြဿနာပေါင်းစုံဝင်လာရတဲ့သူတွေအကြောင်းထဲက တစ်ယောက်နှစ်ယောက်အကြောင်းပါပဲ။ ကြုံရတာတွေကတော့ အများကြီးရှိပါတယ်။

အဲဒီအများကြီးတွေထဲကပဲ မှတ်မိသလောက်လေးတွေကို ဆက်ဆက်ပြီး ရေးပြသွားပါဦးမယ်။

ကြိုးလည်းကြိုးစားသွားပါဦးမယ်လို့။

မင်းပြည့်



www.burmeseclassic.com

www.burmeseclassic.com

* ရှင်လျှင်ချစ်၊ သေရင်ပစ်၊
အနှစ်မပါ ဤခန္ဓာ။
* သားသမီး ဇနီးခြေရင်း၊
တဏှာကျွန်အဖြစ်၊
ခေါင်းစင်းပြီးမသေနှင့်။

ဦးပန်းထွေး၏ အသုဘချမည့်နေ့ဖြစ်၏။ ဦးပန်းထွေးသည် ဦးချစ်မြ၏ ငယ်ပေါင်းလည်းဖြစ်၏။ အသက်က (၅၉) နှစ်သာရှိသေး၏။ (၆၀) ပြည့်ရန် (၁) နှစ် တိတိလိုသေး၏။ ယခုသေပြီ။

ဦးပန်းထွေးတွင် သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိ၏။ ဇနီးဖြစ်သူမှာ ရွှေရင်းငြိမ်ရွာသူ ဒေါ်သင်းကြူဖြစ်၏။ နွားနှင့်လယ်နှင့်၊ အိမ်နှင့်ယာနှင့်ဖြစ်အောင် နွားနှစ်ကောင်နှင့် ရေထဲမိုးထဲ နွံ့ထဲဗွက်ထဲတွင် ဖင်ထဲနွံ့တစ်ပိသာခန့် ဝင်လုခမန်း ရုန်းကန်ပြီး ရှာဖွေကျွေးမွေးခဲ့သူဖြစ်၏။ ယခုသေပြီ။

ဦးပန်းထွေး၏ သားကြီးမှာ အောင်ခန့်ဟုခေါ်၍ သားလတ်မှာ ကျော်ဇဟု ခေါ်၏။ အောင်ခန့်နှင့် ကျော်ဇညီအစ်ကိုနှစ်ယောက်သည် ဖခင်ဖြစ်သူနှင့်အတူ မိုးထဲရေထဲ၌ နွားနှစ်ကောင်နှင့်အတူရုန်း၏။ ထို့ကြောင့်လည်း ဦးပန်းထွေး၊ ဒေါ်သင်းကြူတို့ ဇနီးမောင်နှံ စီးပွားဖြစ်၏။ အိမ်ကြီးရခိုင်နှင့် ရွှေရင်းငြိမ်ရွာတွင် ရွာမျက်နှာဖုံးဖြစ်၏။ သို့သော် ယခုသေပြီ။

ဦးပန်းထွေး၏ သမီးနှစ်ယောက်မှာ ကြူကြူဟု အမည်သညာရှိကာ အငယ်မ နုနုသည်ကား အသက် (၁၈) နှစ်ရှိ၍ ရွှေရင်းငြိမ်ရွာ၏ အလှပဂေး ဖြစ်၏။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ဖြစ်လေ၏။ ရွှေရင်းငြိမ်းရွာ၏ရွာခံလူမိုက် အောင်ခန့်၏ နှမအရင်းဖြစ်၍ ရွာခံကာလသားမဆိုထားနှင့် ရွာနီးချုပ်စပ် ကာလသားတို့မှာ အနားသို့ပင်မသီမကပ်ဝံ့ချေ။ သို့သော် ဦးပန်းထွေး ယခုသေပြီ။

ဦးပန်းထွေးမှာ နှစ် (၃၀) နီးပါး လယ်ထဲကိုင်းထဲ နွားနှစ်ကောင်နှင့် မိုးထဲရေထဲ ရုန်းကန်၍ အလုပ်လုပ်ကိုင်ခဲ့ရသူမို့ ရင်ကျပ်ပန်းနာဖြစ်၏။ ရှူနာရှိုက်ကုန်းဖြစ်၏။ သေမည့်နေ့က မချိမဆံ့အသက်ထွက်၏။ သားတွေ၊ သမီးတွေ ချွေးမတွေ ငိုကြ၏။

ဇနီးဖြစ်သူ မသင်းကြူမှာ -


"အမယ်လေး ကိုပန်းထွေးရဲ့၊ ရှင်နဲ့အတူ ကျွန်မပါလိုက်သေပါရစေတော့"

ဟူ၍ ငိုကြီးချက်မ ရင်ဘတ်စည်းတီးငို၏။ သို့သော် ဦးပန်းထွေးသည်

# နန္ဒဝင်းကျော်ခေါင်

## နုတ်ပန်းချီမမိနိုင်ဘူ





www.burmeseclassic.com

www.burmeseclassic.com



ကား မကြာခင် မီးရှို့ခြင်းခံရကာ ပြာမှုန့်အတိဖြစ်ရတော့မည်ဖြစ်၏။ ဦးပန်းထွေး၏ ငယ်ပေါင်း ချစ်မြမှာ သူငယ်ချင်းဖြစ်သူနှင့် ဇနီး၊ သားသမီးများကိုကြည့်ကာ သံဝေဂရမိ၏။

* ဖြစ်ပျက်သမျှ သင်္ခါရ၊
ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင် ငါကောင်ထင်၊
ခင်မင်သမုဒယမှတ် -



www.burmeseclassic.com

www.burmeseclassic.com

ဟူသော ရွာဦးဆရာတော်ကြီး ဦးအာဒိစ္စဝံသ၏ တရားဟောကွက်ကို တွေး၍ ကြားယောင်မြင်ယောင်မိသည်။

သူငယ်ချင်းပန်းထွေးသေသလို ငါလည်း တစ်နေ့သေရမှာပါလားဟူသော အတွေးဝင်မိသည်။

တကယ်တန္တုဆိုရသော် ဦးချစ်မြသည် ဦးပန်းထွေးနှင့် သက်တူရွယ်တူဖြစ်၏။ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများလည်းဖြစ်ကြ၏။ သို့သော် မတူညီမှုရှိ၏။ ပန်းထွေးသည် ပိန်ပိန်ရှည်ရှည်ဖြစ်၏။ အသားညို၏။ ရှုနာရှိုက်ကုန်းပန်းနာရင်ကျပ်သမားဖြစ်၍ ခါးအနည်းငယ်ကိုင်း၏။

ဦးချစ်မြကတော့မူ ဦးပန်းထွေးနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်၏။ အရပ်အမောင်းကောင်း၏။ (၅)ပေ၊ (၁၁) လက်မ၊ (၆) ပေနီးပါးရှိ၏။ အသားဖြူ၏။ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်း၏။ အသက် (၆၀) ပြည့်ရန် (၁)နှစ်သာလိုသည်ဆိုသော်လည်း အသက်(၅၀)ခန့်သာထင်ရ၏။ ဒါကရုပ်ပိုင်းဖြစ်၍ စိတ်ဓာတ်ပိုင်းတွင်လည်း ဆန့်ကျင်ဘက်ဖြစ်ပြန်၏။

ဦးပန်းထွေးက မည်သူနှင့်မျှ အတိုက်အခံမပြု ဆန့်ကျင်ဘက်မပြော။ ဦးချစ်မြကတော့မူ သူမှန်သည်ထင်လျှင် မည်သူ့မျက်နှာကိုမျှမထောက် အားမနာတမ်း ငြင်းခုံရဲ၏။ ရွာဦးကျောင်းဆရာတော်ပင်လျှင် ရပ်ရေးရွာရေး၊ လှူဒါန်းရေးကိစ္စများ၌ သူမှန်သည်ထင်လျှင် အတိုက်အခံပြု ပြောရဲဆိုရဲ၏။

ဦးချစ်မြတွင် သားကြီးရဲခေါင်နှင့် ရဲမောင်၊ ဗုဒ္ဓဟူးသား သားနှစ်ယောက်ရှိ၏။ ဦးပန်းထွေးနှင့် တူပြန်၏။ ပန်းမှုံ အမည်ရှိ သမီးလေးရှိ၏။ အေးဆေးတည်ငြိမ်၏။ ပန်းမှုံက အေးဆေးတည်ငြိမ်သော်လည်း ရဲခေါင်က မအေးဆေးမတည်ငြိမ်ချေ။ ဖခင်ဖြစ်သူ ဦးချစ်မြနှင့် စိတ်ဓာတ်ချင်းတူညီသည်ဟု ဆိုရမည်ဖြစ်၏။ မဟုတ်မခံသမား။ ဖခင်၏အရပ်မောင်းနီးပါးရှိ၏။ ရဲခေါင်တွင် အပြစ်ပြောစရာဟူ၍ ထန်းရည်သောက်တတ်၏။ တစ်ခါတစ်ရံ အရက်ပင်လျှင်သောက်၏။ ဖခင်ဖြစ်သူ ဆဲဆိုဆူငေါက်လျှင် ကြက်ကြီးလည်လိမ်ထားသကဲ့သို့ ငေါင်းစင်းစင်းခံ၏။ သားငယ်ရဲခေါင်ကမူ ရဲခေါင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ အေးဆေး၏။ တည်ငြိမ်၏။ နူတ်နည်း၏။ သို့သော် ဦးချစ်မြနှင့်တူသည်ကား မမှန်ဘူးထင်လျှင် ပြန်ပြောရဲ၏။

ရွှေရင်းငြိမ်ရွာအုပ်ချုပ်ပိုင်းတွင် ဦးချစ်မြက ဂျပန်ခေတ်တွင် တော်လှန်ရေးသမား၊ အင်္ဂလိပ်ခေတ်တွင်လည်း မြန်မာ့ B.I.A တပ်တွင် တပ်သားအဖြစ် ရဲရဲတောက်ပါဝင်ခဲ့သည်။ ရဲခေါင်၊ ရဲမောင်တို့ (၄)၊ (၅)နှစ်သားအရွယ်တုန်းကလည်း ဤနယ်တစ်ဝိုက်တွင် လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းမှုကျူးလွန်နေသော တောပုန်းဓားပြကြီး ရွှေသီးတို့အဖွဲ့ကို တစ်ကိုယ်တော်စွန့်စား၍ အသေခံတိုက်ခိုက်ခဲ့ရာ ရွှေသီးကို အသေဖမ်းဆီးနိုင်ခဲ့သည်။

သူကြီးချစ်မြ၊ ချစ်မြသူကြီးဆိုလျှင် မြို့မှာရှိသည့် ဌာနာအုပ်၊ မြို့ပိုင်မင်းတို့ကအစ လေးစားသမှုရှိ၏။

ဤကဲ့သို့သော ဦးချစ်မြတွင် ချို့ယွင်းချက်တစ်ခုသာရှိ၏။ ပဇာနည်းဆိုသော် ဦးချစ်မြ၏ အိမ်သူသက်ထားဇနီးမယား မကြာမှုံ အသက်(၄၀)ကျော်ကျော်မှာ ဆုံးပါးခဲ့ရခြင်း ဖြစ်၏။ မကြာမှုံဆုံးပါးခဲ့ရတော့ ဦးချစ်မြမှာ ရှူးမတတ်ခံစားခဲ့ရသည်။ နောက်ထပ်အိမ်ထောင်ပြုရန် အမျိုးအဆွေတို့မှ စပ်ကြဟပ်ကြ၏။ သို့သော် ဦးချစ်မြက လက်ခံမှုမရှိတော့။

သူ့သားသမီးတွေနှင့်သာနေမည်။ သားတွေ၊ သမီးတွေကို မိထွေးလက်မအပ်လိုတော့ဟု ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။ မုဆိုးဖိုတစ်ခုလပ်ကြီး ဦးချစ်မြဖြစ်နေခြင်း ချို့ယွင်းချက်ပင်ဖြစ်၏။

ဦးချစ်မြကို မုဆိုးဖိုဖြစ်၍ ခင်မင်ရင်းနှီးသူချင်းပင် စ၍နောက်၍မရပါချေ။ ပိုးစိုးပက်စက် ပြန်ပြောတတ်သည့်အတွက် နောက်ပြောင်ပြောဆိုခြင်းမပြုရဲကြချေ။

ဤသည်ကား ရွှေရင်းငြိမ်ရွာကြီး၏ ဆွေမျိုး မျိုးကြီးနှစ်စုပါတည်း။

ရွှေရင်းငြိမ်ဆိုလျှင် ဦးချစ်မြမိသားစု၊ ဦးပန်းထွေးမိသားစုအကြောင်းပါမှ ပြည့်စုံမည်ဖြစ်သလို ဦးအောင်ဒင်၊ ဒေါ်မြနှစ် ဆိုသော တောသူဌေးလင်မယားအကြောင်း မပါပါက ပြည့်စုံပြီးမြောက်သော ရွှေရင်းငြိမ်ဖြစ်မည်မဟုတ်ပေ။

ဦးအောင်ဒင်၊ ဒေါ်မြနှစ်တို့တွင် တစ်ဦးတည်းသော သမီးကညာရှိ၏။ ရန်ကုန်တက္ကသိုလ်မှ B.E ဘွဲ့ယူခါနီးတွင် မိဘနှစ်ပါးနှင့်အတူ ရန်ကုန်မြို့မှ ရွှေရင်းငြိမ်သို့ပြန်အလာ မော်တော်နစ်မြုပ်ပြီး မိဘနှစ်ပါးစလုံး သေဆုံးသည်ကို မြင်တွေ့ကာ ဦးနှောက်ထိခိုက်[...] ရူးသွပ်သွားခဲ့ရ၏။

သူမ၏ အမည်ကား မြနှင်းမှုံ[...] ခေါ်သတည်း။

မြနှင်းမှုံမှသာလျှင် ရွှေရင်းငြိ[...] ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် သ[...] ရှင်မလေးဖြစ်၏။ မြနှင်းမှုံမရှိမှ[...] ဦးပန်းထွေး၏သမီး နုနု ကွမ်းတော[...] ပန်းတောင်ကိုင်ဖြစ်၏။ မြနှင်းမှုံရှိလျှ[...] တော့ မြနှင်းမှုံသာလျှင် ကွမ်းတော[...] ကိုင်၊ ပန်းတောင်ကိုင်အစစ် အဖြစ်[...] ဖြစ်တော့၏။

မြနှင်းမှုံ၏အလှသည် ရွှေရင်း[...] ရွာမဆိုထားနှင့်၊ ရန်ကုန်တက္ကသိုလ်[...] မြေတွင် အလှဘုရင်မဘွဲ့ရထားသူ[...] ၏။

မြနှင်းမှုံနှင့်ရဲခေါင်တို့ကား ငယ်[...] ကလေးဘဝကတည်း ငယ်ကကျွမ်း[...] ငယ်ကျွမ်းဆွေဖြစ်၏။ သို့သော် ရဲခေ[...] ကား အလှအပကို ကိုးကွယ်တတ်[...] မဟုတ်၊ အထင်ကြီးတန်ဖိုးထားတတ်[...] မဟုတ်။ မြနှင်းမှုံကသာ ရဲခေါင်ကို [...] နိုးခဲ့ရခြင်း ဖြစ်သည်။ မြနှင်းမှုံ၏ [...] တယနှင့် ကြင်နာတတ်မှုများကြောင့်[...] ရဲခေါင်နှင့် မြနှင်းမှုံ ချစ်သူဘဝ[...] ခဲ့ရခြင်း ဖြစ်၏။

မြနှင်းမှုံ၏ မိဘနှစ်ပါး မော်[...] နစ်မြုပ်ပြီး သေဆုံးသွားသည့်သ[...] ကို ရွှေရင်းငြိမ်ရွာသူရွာသားတွေ[...] အံ့ဩကြသည်။ စုတ်တသပ်သ[...] သနားကြသည်။ မြနှင်းမှုံသည် လို[...] လေများကြား ရေထဲနစ်မြုပ်လု[...] မှာ ပျဉ်ချောင်းကြီးတစ်ချောင်း[...] သည်ကို ဆွဲကိုင်မိပြီး အသက်မသေ[...] ခြင်း ဖြစ်၏။

သို့ပေမယ့် တစ်ရက်အကြာ[...] မိဘနှစ်ပါး၏ ရုပ်အလောင်းတွေကို[...] တွေ့ပြီး သည်းခြေပျက်သွားသလာ[...] ပါချေ။ မြနှင်းမှုံ ရူးသွပ်ခဲ့ရပါတော့[...]

မြနှင်းမှုံ ရွာကိုပြန်ရောက်[...] တစ်ရွာလုံးနီးပါး ဝိုင်းကြည့်ကြ[...] အလှဘုရင်မ မြနှင်းမှုံ၊ ရွှေရင်းငြိမ်[...] ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်[...] မြနှင်းမှုံ။ ခုတော့ အရူးမလေးမြ[...] အဖြစ် မြင်တွေ့လိုက်ရတော့ တစ်[...] စုတ်တသပ်သပ်ဖြင့်သနားခဲ့ကြ၏။

"ဟိတ် - အရူးတွေ၊ ငါ့ကို[...] ဝိုင်းကြည့်နေကြတာလဲ။ သွားကြ[...] ကြ။ မသွားလည်းနေကြ။ ဟိ. . .

ရဲခေါင်ကတော့ ချစ်သူ[...] အဖြစ်ကို မြင်တွေ့ပြီး သ[...]ခြင်း



www.burmeseclassic.com

သစ်နေရာရာမှာသာ သွားစွန့်လိုက်ပါ။ ဖြစ်နိုင်ရင် ဒီကပြန်တာနဲ့ စွန့်လိုက်ပေါ့ ကိုကျော်ဦးရာ"

"ဟုတ်ကဲ့ - စွန့်လိုက်မယ် ဆရာ။ အခု ကျွန်တော်ပြန်တာနဲ့ လမ်းတစ်နေရာမှာစွန့်လိုက်မယ်။ ဒါဆို ကျွန်တော် နောက်နေ့တွေဘာဆောင်ရမလဲဆရာ"

"ဒီလိုလုပ် ကိုကျော်ဦး၊ စောစောက ကျွန်တော်ပြောတဲ့ဆောင်ရန်၊ရှောင်ရန်တွေထဲမှာ ကိုကျော်ဦးဘုရားသွားပြီး ဆယောင်းတိုင်ထွန်းရမယ်ဆိုတာ ပါတယ်လေ"

ကိုကျော်ဦးသူရဲ့ဆောင်ရန်၊ရှောင်ရန်လေးတွေရေးထားတဲ့ စာရွက်လေးကို ပြန်ကြည့်ပြီး -

"ဪ - ဟုတ်တယ် ဆရာ"

"အင်း - အဲ့ဒီနေ့ကျရင် ဘုရားကနေ ထိမ်သားပုတီးတစ်ကုံးဝယ်လာခဲ့။ နောက်နေ့တွေမှာ ကိုကျော်ဦး အဲ့ဒီထိမ်သားပုတီးနဲ့စိပ်။ ရပြီ၊ အဆင်ပြေသွားလိမ့်မယ် ကိုကျော်ဦး"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာ။ နောက်ကျွန်တော်တိုင်ပင်စရာလေးတွေရှိလို့ ဆရာ့ဆီလာချင်ရင်ဘယ်အချိန်လောက်လာရင်ရလဲ ဆရာ"

"ရပါတယ်၊ ဆယ့်နှစ်နာရီကနေ နှစ်နာရီအတွင်းဝင်အောင်လာခဲ့"

"ဪ - ဟုတ်ကဲ့၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆရာ"

"ဟုတ်ကဲ့ - ကောင်းပါပြီ"

ကိုကျော်ဦးက တနင်္လာသား၊ နာမည်ကလည်း တနင်္လာနာမည်၊ သူ အဆောင်အဖြစ်နဲ့ ဆောင်ထားတာက သီဟိုဠ်သားပူးရုပ်။

ကိုကျော်ဦး - တနင်္လာ
သီဟိုဠ် - သောကြာ
} သောက

တနင်္လာနဲ့ သောကြာနဲ့ သောက ဖြစ်နေတယ်။ သောကဖြစ်နေရုံတင်မကဘဲ အဆောင်မဆောင်ရမယ့်နှစ်လည်း ဖြစ်နေပြန်တယ်။ အဲ့ဒါကြောင့် သီဟိုဠ်သားပူးရုပ်လည်းဆောင်ပြီးရော ကိုကျော်ဦးလည်း သောကတွေတန်းစီဝင်လာတော့တာပါပဲ။

'သောက'ဆိုတဲ့ရန်ဓာတ်ဖြစ်သွားတော့ ယာဉ်မောင်းတွေကမမြဲတော့ဘူး။ အပေးပြေးကားလုပ်ငန်းလည်း လူအဝင်နည်းသွားတော့တာပေါ့။

ဒေါ်တင်ဝင်းနဲ့ကိုကျော်ဦးဆောင်တဲ့အဆောင်ချင်းမတူပေမယ့် အဆောင်ကြောင့် သောကတွေဝင်လာတာက တော့တူနေပါတယ်။

သူတို့လို တစ်ယောက်ရှိပါသေးတယ်။

သူက ကိုအေးကြီး။

ဒီလိုပဲ -

"ဆရာလေးရယ်၊ ဦးလေးဘာတွေဖြစ်နေတယ်မသိဘူး"

ဆိုပြီး သူ့အိမ်မှာ ဖြောင်းဆန်နေတာတွေ၊ တစ်ယောက်နဲ့တစ်ယောက် တစ်ခွန်းက နှစ်ခွန်းပြောလာရင် မတည့်တော့တာတွေပြောပြပါတယ်။

ဒီလိုတွေ ဖြောင်းဆန်လာပြီဆိုရင် မဆောင်အပ်တာတွေ ဆောင်ထားတာတို့၊ မဝင်အပ်တဲ့ပစ္စည်းဝင်ထားတယ်တို့ ဖြစ်တတ်တယ်ဆိုပြီး အဖေခဏခဏ ပြောပြဖူးလို့၊ ပြီးတော့ အတွေ့အကြုံလည်းရလာပြီမို့ -

"ဦးလေးဘာအဆောင်တွေများ ဆောင်ထားသေးလဲ"

"ဟာ - ဆရာလေး၊ ကျုပ်ဘကြီးပေးလို့ လင်းယုန်ငှက်တော့ဆောင်ထားတယ်။ အိမ်မှာ ပန်းကန်ပြားထဲမှာထားရတယ်။ သွားလေရာ သူ့ကိုဆောင်သွားခိုင်းတယ်။ ဘာမဆိုကုပ်မိတယ်ပေါ့"

"ဘယ်လိုကုပ်မိတာလဲ"

"ဪ ဆရာလေး၊ လက်ဆုပ်လက်ကိုင်ဖြစ်မယ်ပေါ့။ ဒီလိုဆောင်ခိုင်းတာ။ အသားက လင်းလွန်းသားနဲ့ထုထားတာ"

ကျွန်တော် သိလိုက်ပါပြီ။

သူကတော့ ကိုကျော်ဦးတို့၊ ဒေါ်တင်ဝင်းတို့လို မဆောင်အပ်တဲ့နှစ်မှာ ဝင်လာတာမျိုးတော့ မဟုတ်ဘူး။ လင်းလွန်းသား လင်းယုန်ငှက်ပုံစဆောင်တဲ့နှစ်က ဗုဒ္ဓဟူးလည်းကောင်းနေတယ်။ ဒါပေမယ့် တနင်္ဂနွေရဲ့စတုရန်းဂြိုဟ်ကို ဘုရားစင်မှာတင်ဆောင်ပြီး သွားလေရာ ယူသွားလို့လား မသိပါဘူး။

၅
၂
၆
အင်း၀ — ၁ ← တနင်္ဂနွေ
၄ ← လင်းလွန်း(လင်းယုန်)
၀
၃

အဲ့ဒီဦးလေးအိမ်ထောင်ဦးစီးလုပ်နေရတဲ့အိမ်မှာ ဖြောင်းဆန်နေတာ 'အင်း၀'ဆိုတဲ့ အတွင်းရန်တည့်တည့်ကြီး ဖြစ်သွားပုံရပါတယ်။

ပထမ ဖျဉ်းမသားဆောင်တာတို့၊



သီဟိုဠ်သားဆောင်တာတို့က သူတို့ရဲ့ဆပွတ်တို့၊ သူတို့ရဲ့နဝင်းတို့ဖြစ်တဲ့ အတွက် -

'အင်း၊ အဆောင်တော့အဆောင်ပဲ။ ဒါပေမယ့် အဖေသင်ထားပေးတာက အဆောင်တစ်ခုဟာ ဝင်အပ်တဲ့နှစ်မှာဝင်ရင် အဆောင်ပဲ။ မဝင်အပ်တဲ့နှစ်မှာ စဝင်လာရင် သတိထားရလိမ့်မယ်။ ပဥ္စပွတ်၊ ဆပွတ်ဖြစ်ပေမယ့် ရန်သဘောဆောင်နေရင် မဝင်အပ်တဲ့အချိန်မှာဝင်လာလို့ကတော့ ရန်အားကြီးပြီသာမှတ်"

ဆိုပြီး အဖေခဏခဏပြောဖူးပါတယ်။ ခုအဲဒီလိုဖြစ်သွားတာပါ။

ဦးအေးကြီးကတော့ 'စတုရန်းအောက်ဂြိုဟ် နေပျော်ခိုက ကိုယ့်ကိုစွတ်စွဲ တနဲ(နည်း)၊ ကိုယ့်အောက် မဖောက်ဟုတ်ငြား ထိုသူများနဲ့ တရားတဘောင်ဖြစ်မည်ဆောင်လော့' ဆိုတဲ့ အင်္ဂဝိဇ္ဇာ စတုရန်းလင်္ကာအတိုင်းဆိုရင်တော့ ရန်တည့်တည့်ဖြစ်သွားတာနေမှာပါ။ ရန်နှစ်ထပ်ကို တိုက်ရိုက်ဆောင်လိုက်သလိုပါပဲ။ ယင်းတိုက်သာဆို SHOCKတောင်ဖြစ်နိုင်တယ်လို့ အဖေကပြောပြပါတယ်။ လင်းလွန်းသားမို့ လူတွေစိတ်ဝမ်းကွဲရိုက်ကွဲတာလို့ပြောပါတယ်။

ဒါလေးတွေကတော့ တစ်ခုခု ဆောင်တော့မယ်ဆိုရင် သတိထားစေချင်လို့ပါ။

အဆောင်နဲ့ ဓာတ်မတည့်လို့၊ မဆောင်ရမယ့်နှစ်မှာ အဆောင်သွားဆောင်မိလို့ ပြဿနာပေါင်းစုံဝင်လာရတဲ့သူတွေအကြောင်းထဲက တစ်ယောက်နှစ်ယောက်အကြောင်းပါပဲ။ ကြုံရတာတွေကတော့ အများကြီးရှိပါတယ်။

အဲဒီအများကြီးတွေထဲကပဲ မှတ်မိသလောက်လေးတွေကို ဆက်ဆက်ပြီး ရေးပြသွားပါဦးမယ်။

ကြိုးလည်းကြိုးစားသွားပါဦးမယ်လို့။

မင်းပြည့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



* ရှင်လျှင်ချစ်၊ သေရင်ပစ်၊
အနှစ်မပါ ဤခန္ဓာ။
* သားသမီး ဇနီးခြေရင်း၊
တဏှာကျွန်အဖြစ်၊
ခေါင်းစင်းပြီးမသေနှင့်။

ဦးပန်းထွေး၏ အသုဘာချမည့်နေ့ဖြစ်၏။ ဦးပန်းထွေးသည် ဦးချစ်မြ၏ ငယ်ပေါင်းလည်းဖြစ်၏။ အသက်က (၅၉) နှစ်သာရှိသေး၏။ (၆၀) ပြည့်ရန် (၁) နှစ် တိတိလိုသေး၏။ ယခုသေပြီ။

ဦးပန်းထွေးတွင် သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိ၏။ ဇနီးဖြစ်သူမှာ ရွှေရင်းငြိမ်ရွာသူ ဒေါ်သင်းကြူဖြစ်၏။ နွားနှင့်လယ်နှင့်၊ အိမ်နှင့်ယာနှင့်ဖြစ်အောင် နွားနှစ်ကောင်နှင့် ရေထဲမိုးထဲ နွံထဲဗွက်ထဲတွင် ဖင်ထဲနွံတစ်ပိဿာခန့် ဝင်လုခမန်း ရုန်းကန်ပြီး ရှာဖွေကျွေးမွေးခဲ့သူဖြစ်၏။ ယခုသေပြီ။

ဦးပန်းထွေး၏ သားကြီးမှာ အောင်ခန့်ဟုခေါ်၍ သားလတ်မှာ ကျော်ဇဟု ခေါ်၏။ အောင်ခန့်နှင့် ကျော်ဇညီအစ်ကိုနှစ်ယောက်သည် ဖခင်ဖြစ်သူနှင့်အတူ မိုးထဲရေထဲ၌ နွားနှစ်ကောင်နှင့်အတူရုန်း၏။ ထို့ကြောင့်လည်း ဦးပန်းထွေး၊ ဒေါ်သင်းကြူတို့ဇနီးမောင်နှံ စီးပွားဖြစ်၏။ အိမ်ကြီးရခိုင်နှင့် ရွှေရင်းငြိမ်ရွာတွင် ရွာမျက်နှာဖုံးဖြစ်၏။ သို့သော် ယခုသေပြီ။

ဦးပန်းထွေး၏ သမီးနှစ်ယောက်မှာ ကြူကြူဟု အမည်သညာရှိကာ အငယ်မ နုနုသည်ကား အသက် (၁၈) နှစ်ရှိ၍ ရွှေရင်းငြိမ်ရွာ၏ အလှပဂေးဖြစ်၏။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ဖြစ်လေ၏။ ရွှေရင်းငြိမ်းရွာ၏ရွာခံလူမိုက် အောင်ခန့်၏ နှမအရင်းဖြစ်၍ ရွာခံကာလသားမဆိုထားနှင့် ရွာနီးချုပ်စပ် ကာလသားတို့မှာ အနားသို့ပင်မသီမကပ်ဝံ့ချေ။ သို့သော် ဦးပန်းထွေး ယခုသေပြီ။

ဦးပန်းထွေးမှာ နှစ် (၃၀) နီးပါး လယ်ထဲကိုင်းထဲ နွားနှစ်ကောင်နှင့် မိုးထဲရေထဲ ရုန်းကန်၍ အလုပ်လုပ်ကိုင်ခဲ့ရသူမို့ ရင်ကျပ်ပန်းနာဖြစ်၏။ ရှူနာရှိုက်ကုန်းဖြစ်၏။ သေမည့်နေ့က မချိမဆံ့အသက်ထွက်၏။ သားတွေ၊ သမီးတွေ ခွေးမတွေငိုကြ၏။

ဇနီးဖြစ်သူ မသင်းကြူမှာ -

"အမယ်လေး ကိုပန်းထွေးရဲ့၊ ရှင်နဲ့အတူ ကျွန်မပါလိုက်သေပါရစေတော့"

ဟူ၍ ငိုကြီးချက်မ ရင်ဘတ်စည်းတီးငို၏။ သို့သော် ဦးပန်းထွေးသည်

# နှုတ်ဝင်းကျော်ခေါင်

## နတ်ပန်းချီမပီနိုင်ဘူး





www.burmeseclassic.com

www.burmeseclassic.com



ကား မကြာခင် မီးရှို့ခြင်းခံရကာ ပြာမှုန့်အတိဖြစ်ရတော့မည်ဖြစ်၏။ ဦးပန်းထွေး၏ ငယ်ပေါင်း ချစ်မြမှာ သူငယ်ချင်းဖြစ်သူနှင့် ဇနီး၊ သားသမီးများကိုကြည့်ကာ သံဝေဂရမိ၏။

* ဖြစ်ပျက်သမျှ သင်္ခါရ
ဒုက္ခသစ္စာမှတ်။
ဖြစ်ပျက်မှုတွင် ငါကောင်ထင်၊
ခင်မင်သမုဒယမှတ် -



www.burmeseclassic.com

www.burmeseclassic.com

ဟူသော ရွာဦးဆရာတော်ကြီး ဦးအာဒိစ္စဝံသ၏ တရားဟောကွက်ကို တွေး၍ ကြားယောင်မြင်ယောင်မိသည်။

သူငယ်ချင်းပန်းထွေးသေသလို ငါလည်း တစ်နေ့သေရမှာပါလားဟူသော အတွေးဝင်မိသည်။

တကယ်တန္တဆိုရသော် ဦးချစ်မြသည် ဦးပန်းထွေးနှင့် သက်တူရွယ်တူဖြစ်၏။ ငယ်ပေါင်းကြီးဖော်သူငယ်ချင်းများလည်းဖြစ်ကြ၏။ သို့သော် မတူညီမှုရှိ၏။ ပန်းထွေးသည် ပိန်ပိန်ရှည်ရှည်ဖြစ်၏။ အသားညို၏။ ရှုနာရှိုက်ကုန်းပန်းနာရင်ကျပ်သမားဖြစ်၍ ခါးအနည်းငယ်ကိုင်း၏။

ဦးချစ်မြကတော့မူ ဦးပန်းထွေးနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်၏။ အရပ်အမောင်းကောင်း၏။ (၅)ပေ၊ (၁၁) လက်မ၊ (၆) ပေနီးပါးရှိ၏။ အသားဖြူ၏။ ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်း၏။ အသက် (၆၀) ပြည့်ရန် (၁)နှစ်သာလိုသည်ဆိုသော်လည်း အသက်(၅၀)ခန့်သာထင်ရ၏။ ဒါကရုပ်ပိုင်းဖြစ်၍ စိတ်ဓာတ်ပိုင်းတွင်လည်း ဆန့်ကျင်ဘက်ဖြစ်ပြန်၏။

ဦးပန်းထွေးက မည်သူနှင့်မျှ အတိုက်အခံမပြု ဆန့်ကျင်ဘက်မပြော။ ဦးချစ်မြကတော့မူ သူမှန်သည်ထင်လျှင် မည်သူ့မျက်နှာကိုမျှမထောက် အားမနာတမ်း ငြင်းခုံရဲ၏။ ရွာဦးကျောင်းဆရာတော်ပင်လျှင် ရပ်ရေးရွာရေး၊ လှူဒါန်းရေးကိစ္စများ၌ သူမှန်သည်ထင်လျှင် အတိုက်အခံပြု ပြောရဲဆိုရဲ၏။

ဦးချစ်မြတွင် သားကြီးရဲခေါင်နှင့် ရဲမောင်၊ ဗုဒ္ဓဟူးသား သားနှစ်ယောက်ရှိ၏။ ဦးပန်းထွေးနှင့် တူပြန်၏။ ပန်းမှုံအမည်ရှိ သမီးလေးရှိ၏။ အေးဆေးတည်ငြိမ်၏။ ပန်းမှုံက အေးဆေးတည်ငြိမ်သော်လည်း ရဲခေါင်က မအေးဆေး မတည်ငြိမ်ချေ။ ဖခင်ဖြစ်သူ ဦးချစ်မြနှင့် စိတ်ဓာတ်ချင်းတူညီသည်ဟု ဆိုရမည်ဖြစ်၏။ မဟုတ်မခံသမား။ ဖခင်၏အရပ်မောင်းနီးပါးရှိ၏။ ရဲခေါင်တွင် အပြစ်ပြောစရာဟူ၍ ထန်းရည်သောက်တတ်၏။ တစ်ခါတစ်ရံ အရက်ပင်လျှင်သောက်၏။ ဖခင်ဖြစ်သူ ဆဲဆိုဆူငေါက်လျှင် ကြက်ကြီးလည်လိမ်ထားသကဲ့သို့ ငေါင်းစင်းစင်းခံ၏။ သားငယ်ရဲခေါင်ကမူ ရဲခေါင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ အေးဆေး၏။ တည်ငြိမ်၏။ နှုတ်နည်း၏။ သို့သော် ဦးချစ်မြနှင့်တူသည်ကား မမှန်ဘူးထင်လျှင် ပြန်ပြောရဲ၏။

ရွှေရင်းငြိမ်ရွာအုပ်ချုပ်ပိုင်းတွင် ဦးချစ်မြက ဂျပန်ခေတ်တွင် တော်လှန်ရေးသမား၊ အင်္ဂလိပ်ခေတ်တွင်လည်း မြန်မာ့ B.I.A တပ်တွင် တပ်သားအဖြစ် ရဲရဲတောက်ပါဝင်ခဲ့သည်။ ရဲခေါင်၊ ရဲမောင်တို့ (၄)၊ (၅)နှစ်သားအရွယ်တုန်းကလည်း ဤနယ်တစ်ဝိုက်တွင် လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းမှုကျူးလွန်နေသော တောပုန်းဓားပြကြီး ရွှေသီးတို့အဖွဲ့ကို တစ်ကိုယ်တော်စွန့်စား၍ အသေခံတိုက်ခိုက်ခဲ့ရာ ရွှေသီးကို အသေဖမ်းဆီးနိုင်ခဲ့သည်။

သူကြီးချစ်မြ၊ ချစ်မြသူကြီးဆိုလျှင် မြို့မှာရှိသည့် ဌာနာအုပ်၊ မြို့ပိုင်မင်းတို့ကအစ လေးစားသမှုရှိ၏။

ဤကဲ့သို့သော ဦးချစ်မြတွင် ချို့ယွင်းချက်တစ်ခုသာရှိ၏။ ပဇာနည်းဆိုသော် ဦးချစ်မြ၏ အိမ်သူသက်ထားဇနီးမယား မကြာမှုံ အသက်(၄၀)ကျော်ကျော်မှာ ဆုံးပါးခဲ့ရခြင်း ဖြစ်၏။ မကြာမှုံဆုံးပါးခဲ့ရတော့ ဦးချစ်မြမှာ ရူးမတတ်ခံစားခဲ့ရသည်။ နောက်ထပ်အိမ်ထောင်ပြုရန် အမျိုးအဆွေတို့မှ စပ်ကြဟပ်ကြ၏။ သို့သော် ဦးချစ်မြက လက်ခံမှုမရှိတော့။

သူ့သားသမီးတွေနှင့်သာနေမည်။ သားတွေ၊ သမီးတွေကို မိထွေးလက်မအပ်လိုတော့ဟု ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။ မုဆိုးဖိုတစ်ခုလပ်ကြီး ဦးချစ်မြဖြစ်နေခြင်း ချို့ယွင်းချက်ပင်ဖြစ်၏။

ဦးချစ်မြကို မုဆိုးဖိုဖြစ်၍ ခင်မင်ရင်းနှီးသူချင်းပင် စ၍နောက်၍မရပါချေ။ ပိုးစိုးပက်စက် ပြန်ပြောတတ်သည့်အတွက် နောက်ပြောင်ပြောဆိုခြင်းမပြုရဲကြချေ။

ဤသည်ကား ရွှေရင်းငြိမ်ရွာကြီး၏ ဆွေမျိုး မျိုးကြီးနှစ်စုပါတည်း။

ရွှေရင်းငြိမ်ဆိုလျှင် ဦးချစ်မြမိသားစု၊ ဦးပန်းထွေးမိသားစုအကြောင်းပါမှ ပြည့်စုံမည်ဖြစ်သလို ဦးအောင်ဒင်၊ ဒေါ်မြနှစ် ဆိုသော တောသူဌေးလင်မယားအကြောင်း မပါပါက ပြည့်စုံပြီးမြောက်သော ရွှေရင်းငြိမ်ဖြစ်မည်မဟုတ်ပေ။

ဦးအောင်ဒင်၊ ဒေါ်မြနှစ်တို့တွင် တစ်ဦးတည်းသော သမီးကညာရှိ၏။ ရန်ကုန်တက္ကသိုလ်မှ B.E ဘွဲ့ယူခါနီးတွင် မိဘနှစ်ပါးနှင့်အတူ ရန်ကုန်မြို့မှ ရွှေရင်းငြိမ်သို့ပြန်အလာ မော်တော်နစ်မြုပ်ပြီး မိဘနှစ်ပါးစလုံး သေဆုံးသည်ကို မြင်တွေ့ကာ ဦးနှောက်ထိခိုက်၍ ရူးသွပ်သွားခဲ့ရ၏။

သူမ၏ အမည်ကား မြနှင်းမှုံဟု ခေါ်သတည်း။

မြနှင်းမှုံမှသာလျှင် ရွှေရင်းငြိမ်၏ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် သ... ရှင်မလေးဖြစ်၏။ မြနှင်းမှုံမရှိမှသာ ဦးပန်းထွေး၏သမီး နုနု ကွမ်းတောင်... ပန်းတောင်ကိုင်ဖြစ်၏။ မြနှင်းမှုံရှိလျှ... တော့ မြနှင်းမှုံသာလျှင် ကွမ်းတောင်... ကိုင်၊ ပန်းတောင်ကိုင်အစစ် အဖြစ်... ဖြစ်တော့၏။

မြနှင်းမှုံ၏အလှသည် ရွှေရင်း... ရွာမဆိုထားနှင့်၊ ရန်ကုန်တက္ကသိုလ်... မြေတွင် အလှဘုရင်မဘွဲ့ရထားသူ... ၏။

မြနှင်းမှုံနှင့်ရဲခေါင်တို့ကား ငယ်... ကလေးဘဝကတည်း ငယ်ကျွမ်း... ငယ်ကျွမ်းဆွေဖြစ်၏။ သို့သော် ရဲခေါ... ကား အလှအပကို ကိုးကွယ်တတ်... မဟုတ်၊ အထင်ကြီးတန်ဖိုးထားတတ်... မဟုတ်။ မြနှင်းမှုံကသာ ရဲခေါင်ကို မြ... နိုးခဲ့ရခြင်း ဖြစ်သည်။ မြနှင်းမှုံ၏ ... တယနှင့် ကြင်နာတတ်မှုများကြောင့်... ရဲခေါင်နှင့် မြနှင်းမှုံ ချစ်သူဘဝရော... ခဲ့ရခြင်း ဖြစ်၏။

မြနှင်းမှုံ၏ မိဘနှစ်ပါး မော်တော်... နစ်မြုပ်ပြီး သေဆုံးသွားသည့်သတင်း... ကို ရွှေရင်းငြိမ်ရွာသူရွာသားတွေကြား... အံ့သြကြသည်။ စုတ်တသပ်သပ်... သနားကြသည်။ မြနှင်းမှုံသည် လိုင်း... လေများကြား ရေထဲနစ်မြုပ်လု... မှာ ပျဉ်ချောင်းကြီးတစ်ချောင်းမျော... သည်ကို ဆွဲကိုင်မိပြီး အသက်မသေ... ခြင်း ဖြစ်၏။

သို့ပေမယ့် တစ်ရက်အကြာ... မိဘနှစ်ပါး၏ ရုပ်အလောင်းတွေကို မြ... တွေ့ပြီး သည်းခြေပျက်သွားသလား... ပါချေ။ မြနှင်းမှုံ ရူးသွပ်ခဲ့ရပါတော့...

မြနှင်းမှုံ ရွာကိုပြန်ရောက်... တစ်ရွာလုံးနီးပါး ဝိုင်းကြည့်ကြသည်... အလှဘုရင်မ မြနှင်းမှုံ၊ ရွှေရင်းငြိမ်ရွာ... ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်မ... မြနှင်းမှုံ။ ခုတော့ အရူးမလေးမြနှင်း... အဖြစ် မြင်တွေ့လိုက်ရတော့ တစ်ရွာ... စုတ်တသပ်သပ်ဖြင့်သနားခဲ့ကြ၏။

"ဟိတ် - အရူးတွေ၊ ငါ့ကိုဘာ... ဝိုင်းကြည့်နေကြတာလဲ။ သွားကြ၊ ... ကြ။ မသွားလည်းနေကြ။ ဟိ. . .

ရဲခေါင်ကတော့ ချစ်သူမြနှင်း... အဖြစ်ကို မြင်တွေ့ပြီး သနားခြင်းအ...



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာ စူးစူးနစ်နစ်ကို ခံစားခဲ့ရ၏။

မြနှင်းမှုံကတော့ ရဲခေါင်ကို လေသည့် ငါးပိ ရှိသည်ဟုတောင် အောက်မေ့တော့ပေ။ မှတ်သားမှုဆိုတဲ့ ညာဏ္ဍုန္တာ မြနှင်းမှုံတွင် ကင်းမဲ့ခဲ့လေ

အရှုးမလေးမြနှင်းမှုံကို ရွှေရင်းငြိမ် မြနှင်းမှုံ၏သူငယ်ချင်းတွေအားလုံး လာပြီး သတင်းမေးကြ၊ အားပေးကြ မယ့် မြနှင်းမှုံကတော့ တစ်ယောက်မှ မသိတော့ချေ။ လာတဲ့လူတွေအား ကို မြနှင်းမှုံက -

"ဟဲ့ - အရူးတွေ၊ သွားကြ၊ သွား ငါ့အနားကို တစ်ယောက်မှ မလာ

အော်ငေါက်လွှတ်လေ၏။ အရူး လုပြန်ဟစ်တယ်ဆိုတာ ဒါမျိုးထင်ပါ

မြနှင်းမှုံရဲ့ ဆိုးဝါးလှတဲ့ လောကဓံ ချက်တွေကြောင့် အရူးမလေးဖြစ် ခဲ့တာကို စိတ်ထဲက ကျိတ်ကျေနပ် တော့ နုနုဖြစ်၏။ မြနှင်းမှုံမရှိမှ နုနု ရွှေရင်းငြိမ်ရွာရဲ့ ကွမ်းတောင်ကိုင်၊ တောင်ကိုင်ကိုး။ ပြီးတော့ မြနှင်းမှုံ၏ သူ ရဲခေါင်ကိုလည်း နုနုက ကျိတ်၍ နေလေ၏။ တစ်ဖက်သတ်အချစ်

ဦးအောင်ဒင်၊ ဒေါ်မြနှစ်ဆိုတာက ရင်းငြိမ်ဆရာတော် ရှင်အာဒိစ္စဝံသရဲ့ အလှူ့ဒကာ၊ အလှူ့ဒကာမများဖြစ်ကြ မော်တော်နစ်မြုပ်၍ သေဆုံးသွား သည့်သတင်းကြားပြီး ဆရာတော် အာဒိစ္စဝံသမှ -

"အနိစ္စ အမြဲမရှိ ဆိုတာ တယ်မှန် လား။ နေ့မြင်ညပျောက်၊ ကွေးသော တ်မဆန့်မီ ဆန့်သောလက် မကွေးမီ သားတွေဟာ အသက်သေဆုံးကြ ပေမယ့် သေခြင်းတရားကို မေ့လျော့ ကြတယ်။ ဒုက္ခ၊ ဒုက္ခ။

မငေမျှော်လင့်ဘဲ ဖြုန်းခနဲလည်း သေနိုင်တယ်။

ကောင်းကင်သမုဒ္ဒရာမှာ ပြေး ပုန်းရှောင်နေသော်လည်း အသေ လွတ်။

နေ့၊ ည ကုန်နေတာမဟုတ်၊ မိမိ သက်တမ်းကုန်နေတာ။

တရားမရသေးသမျှ အပါယ်ကို တ်မချရ"

ဆရာတော် ဦးအာဒိစ္စဝံသ၏မေ့ မြင်၊ တရားအမြင်ပင် ဖြစ်ပေတော့၏။

*



တရားအရသာကိုမခံစားဘူးလျှင် ကာမကို အထင်ကြီးမည်။

ကိုးဆယ့်ခြောက်ပါးရောဂါပျောက် ချင်လျှင် လောကီဆေးသောက်ရလတ္တံ့။

ကိလေသာရောဂါပျောက်ချင်လျှင် တရားဆေးသောက်ရအံ့။

ဝိပဿနာ အကြား အမြင်မရှိ၊ သစ္စာမသိလျှင် တဏှာခိုင်းတာကို လုပ် နေ သရွေ့ တဏှာကျွန်ဖြစ်လတ္တံ့။

တဏှာခိုင်းသရွေ့ လုပ်နေလျှင် အရှက်မရှိသောလူသားဖြစ်အံ့။

တဏှာကို ပေါင်းဖက်မိသရွေ့ အနေလည်းမအား၊ အသေလည်းမအား ဖြစ်လတ္တံ့။

ဤသူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးပါး၏ အစာ သာဖြစ်၏။

အချိန်သည်ကား ညဥ့်နက်နက် လမထွက်သေးသော လဆုတ်သုံးရက် ခန့်ဖြစ်၍ ရွာဦးကျောင်းသံစုံနာရီကြီးမှ ညဥ့်ဆယ်နာရီကိုညွှန်ပြနေပြီး 'ဒင်၊ ဒင်' ဟူသော အသံကြီးမှာလည်း ဆယ်ချက် တိတိထိုးနေပါ၏။

ရဲခေါင်မှာ မြနှင်းမှုံစားရန် အုန်း ထမင်းနှင့် ကြက်သားဟင်း တကူးတက လာပို့၏။

မြနှင်းမှုံမှာ အသိစိတ်ကင်းမဲ့နေ သော်လည်း ဝမ်းဟာနေ၍ထင့် ထမင်း နှင့်ဟင်းကို ပလုတ်ပလောင်းစား၏။ ဣန္ဒြေ၊ သိက္ခာ ဟူသည် မြနှင်းမှုံတွင် ကင်း၏။ မြနှင်းမှုံကိုကြည့်၍ ရဲခေါင် မျက်ရည်ဝဲ၏။ သို့သော် နှုတ်ခမ်းတွင် အပြုံးတို့ရှိနေ၏။

"မှုံ စားလို့ကောင်းလား"

မြနှင်းမှုံက ရဲခေါင်ကိုကြည့်၏။ မျက်စောင်းထိုး၏။

"မှုံ နင်ငါ့ကိုမသိဘူးလား။ ရဲခေါင် လေ"

မြနှင်းမှုံမှာ ထမင်းကို အားရပါးရ စားရင်း ရဲခေါင်စကားကြောင့် ပြန်၍ ကြည့်ပြန်၏။ သို့သော် ခေါင်းမညိတ်ပါ။ ခေါင်းလည်းမခါပါ။ ဂရုစိုက်ခြင်းအလျှင်း မရှိ။ မြနှင်းမှုံ၏ တစ်ချိန်တစ်ခါက ချစ် လှပါသည်ဆိုသော ရဲခေါင်ကို မျက်ဝန်း နက်နက်ဖြင့် ချစ်မျက်စောင်းထိုးခဲ့ဖူး သည့်အတိတ်ကို ရဲခေါင်မှာပြန်၍တ,သ မိကာ ချစ်သူမြနှင်းမှုံ၏လက်ကို ဆွဲကိုင် မည်ပြု၏။ မြနှင်းမှုံမှာ ရဲခေါင်၏အပြုအ မူကိုလိုက်၍ကြည့်နေပြီး သူမ၏လက်ကို ရဲခေါင်၏လက်ဖြင့် ထိလုထိခင်မှာပင် ဆတ်ခနဲရုပ်၍ ဆတ်ခနဲ မတ်တတ်ရပ် လိုက်ပြီး ခါးထောက်လိုက်၏။

ရဲခေါင်ပင် ယောင်နနဖြစ်သွား၏။ ပြီးမှ ရဲခေါင်၏မျက်နှာတွင် အပြုံးတစ် ပွင့်ပွင့်သွား၏။

"မှုံ ရဲခေါင်လေ၊ ကိုယ့်ကိုမမှတ် မိဘူးလား"

"ဘာရဲခေါင်လဲ၊ သွား"

"နင့်ကို အုန်းထမင်းနဲ့ ကြက်သား ဟင်းကျွေးတာငါလေ"

မြနှင်းမှုံမှာ စဥ်းစားသလိုပြု၏။ သို့သော် ရဲခေါင်၏စကားကို အသိ အမှတ်မပြုပါချေ။ ထိုအချိန် ရွာတောင် ဖျားမှ သန်းခေါင်ကြက်တွန်၏။ ထိုအချိန် မှာပင် ရွှေရင်းငြိမ်ရွာ၏ ကာလသား တစ်စု ရွာလမ်းအတိုင်း ပြန်လာသံကြား ရ၏။ မြနှင်းမှုံ၏ ခြံဝိုင်းရှေ့ရောက်တော့ ငဲ့စောင်း၍ကြည့်ကြ၏။ မှန်အိမ်မီးမှုန်မှုန် အောက်တွင် မြနှင်းမှုံနှင့်အတူ ရဲခေါင် ကိုတွေ့သွားကြ၏။ ရဲခေါင်ကမူ မည်သူ့ ကိုမျှ ဂရုမပြုချေ။

"မှုံ နောက်နေ့ဘာစားချင်သလဲ"

"ငါ့ကို"

"ဟုတ်တယ်လေ၊ မှုံ့ကိုပေါ့။ မှုံ ဘာဟင်းစားချင်သလဲလို့မေးတာ"

ရဲခေါင်မှာ မြနှင်းမှုံ၏အသိညာဏ ကို သိလို၍ စမ်း၍မေးကြည့်လိုက်၏။ သို့သော် မြနှင်းမှုံက မဖြေ။ ခပ်ကြောင် ကြောင်ဖြင့်သာ ရဲခေါင်ကိုကြည့်၏။ အရသာ၏ စွဲမက်မှုအမည်သညာကို လည်း မှတ်မိပုံမပေါ်ပါချေ။ မြနှင်းမှုံမှာ ထမင်းစားပြီး၍ မျက်လုံးနှစ်လုံးမေးစင်း လာ၏။ ပြီး ရဲခေါင်၏ပေါင်ကို ခေါင်းအုံး သဖွယ် မှီ၍အိပ်စက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲခေါင်မှာ မြနှင်းမှုံ၏အနီးတွင်ရှိနေသော ခေါင်းအုံးလေးကို လှမ်း၍ယူလိုက်ပြီး မြနှင်းမှုံခေါင်းလေးအား အသာအယာ မ,ကာ ခေါင်းအုံးလေးပေါ် တင်လိုက်၏။ မြနှင်းမှုံမှာ မျက်စိနှစ်လုံးဖွင့်ကြည့်၏။

"နင်ဘယ်မှမသွားနဲ့၊ ငါ့အနားမှာ ပဲနေ"

မျက်စိနှစ်လုံး ပြန်ပိတ်သွား၏။ ရဲခေါင်မှာ ချစ်ရသောအရှူမတစ်ယောက်၏အမိန့်ပေးတာဝန်ကြောင့် ဆက်၍ထိုင်နေရမည်လား၊ ထ၍ပဲပြန်ရမည်လားဟူသည်ကို မဝေခွဲနိုင်ချေ။ အိပ်သွားပြီထင်၍ မြနှင်းမှုံအနီးတွင်ရှိနေသော စောင်ပါးလေးတစ်ထည်အားယူကာ လွှမ်းခြုံပေး၍ပြန်မည်ပြု၏။

"ဟိတ်ကောင်၊ ဘယ်သွားမလို့လဲ။ ငါ့အနားမှာပဲနေပါလို့ ပြောထားတယ် မဟုတ်လား။ ငါကြောက်လို့"

ကျ,ကျသေးတော့-စိတ်မနှံ့တဲ့သူကကြောက်လို့တဲ့။ ရဲခေါင်တစ်ယောက်တည်း ကျိတ်၍ပြုံးမိသေး၏။ ချစ်သူ၏ အပြစ်ကင်းစင်၍လှပသောမျက်နှာလေးအား ရဲခေါင်တစိမ့်စိမ့်ခိုးကြည့်မိ၏။ ဖြောင့်စင်းသောနှာတံ၊ မို့မောက်ဝင်းမွတ်သော ပါးဖွေးဖွေးလေးနှစ်ဖက်၊ စေ့စေ့ပိတ်၍ထားသော နှုတ်ခမ်းတစ်ပွင့်က နုထွေးနီရဲနေ၏။ ရဲခေါင်မှာ မြနှင်းမှုံ၏ နဖူးထက် ဝေ့ဝဲကျနေသည့် ဆံနွယ်စလေးအချို့ကို လက်ဖြင့် အသာအယာ မ,တင်ပေးလိုက်၏။ တိုးသက်သော မြနှင်းမှုံ၏ ဟောက်သံမျှင်းမျှင်းလေးများ ရဲခေါင်ကြားလိုက်ရ၏။ ရဲခေါင်မှာ ချစ်ရသော မြနှင်းမှုံ၏မျက်နှာလေးအား စူးစူးရဲရဲကြည့်ကာ သက်ပြင်းတစ်ချက်ချလိုက်ပြီး ခြံတံခါးဝဆီသို့ ပြန်ခဲ့ပါတော့သည်။ သန်းခေါင်ကြက်စစ်စစ်တွန်ချိန်ဖြစ်၏။

"အောက်အီးအီးအွတ်"

ရဲခေါင်၏ ညီမလေး ပန်းမှုံမှာ ရဲခေါင်ပြန်အလာတွင် တစ်ရေးနိုးလာသည် ထင်၏။

"ကိုကိုကြီး၊ ခုမှပြန်လာသလား"

"ဟုတ်တယ် ပန်းမှုံ၊ အဖေနဲ့ညီလေးတို့ အိပ်ပြီလား"

"ဟင် - ကိုကြီးကလည်း၊ ည တစ်နာရီပဲထိုးတော့မယ်"

"သြော် - ဟုတ်သား"

ရဲခေါင်မှာ သည်မျှသာပြော၍ သူ့အတွက် ညီမလေး ပန်းမှုံထောင်ပေးသောခြင်ထောင်အတွင်းသို့ဝင်ကာ နဖူးပေါ် လက်တင်၍ အိပ်မည်စဉ်းစားလိုက်စဉ်မှာပင် အတွေးတို့ ဦးခေါင်းအတွင်း ဝင်ရောက်လာခဲ့တော့၏။

မြနှင်းမှုံ၏မိဘနှစ်ပါးမသေဆုံးမီ ရဲခေါင်နှင့် မြနှင်းမှုံကို ရပ်သိရွာသိ လူချင်းရင်းနှီး ယုံကြည်စိတ်ချမှုကြောင့် ရဲခေါင်၏ဖေဖေ ဦးချစ်မြနှင့် မြနှင်းမှုံ၏ ဖခင် ဦးအောင်ဒင်တို့ သားရေးသမီးရေး ဆွေးနွေးတိုင်ပင်ပြီး ရဲခေါင်နှင့် မြနှင်းမှုံကို မြနှင်းမှုံ တက္ကသိုလ်မှ ဘွဲ့ရသည်နှင့် လက်ထပ်ပေးစားကြရန် သဘောတူကြည်ဖြူခဲ့ကြ၏။

သို့သော် ယခု မြနှင်းမှုံ၏ဖခင် လူ့လောကတွင် မရှိတော့။ ကွယ်လွန်ခဲ့ပြီ။ ရဲခေါင်မှာ မြနှင်းမှုံကို လူ့လောက အလယ်တွင် စိတ်ဝေဒနာသည်ဘဝဖြင့် တစ်ဦးတည်း မစွန့်ပစ်ရက်။ လက်ထပ်ပေါင်းသင်းမည် စဉ်းစားတော့လည်း ချစ်သူ၏ မှုမမှန်သော အပြောအဆို၊ အပြုအမူတို့ကြောင့် စဉ်းစားရခက်၏။ မြနှင်းမှုံတို့မိဘများဖြစ်သည့် ဦးအောင်ဒင်နှင့် ဒေါ်မြနှစ်တို့ ရွှေရင်းငြိမ်ရွာသို့ ပြောင်းရွှေ့လာကြစဉ်ကလည်း အဆွေအမျိုး ကျဲပါးခဲ့၏။ အထက်အညာ ပုဂံ၊ ညောင်ဦးဘက်ဆီမှ ပြောင်းရွှေ့လာခြင်းဖြစ်၏။ ထိုစဉ်အချိန်က မြနှင်းမှုံမှာ ပီဘိကလေးအရွယ်သာရှိသေး၏။

ရဲခေါင် ပဇာသို့ပြုရမည်နည်း။

မည်သို့ပင်ဖြစ်နေပါစေ။ ရဲခေါင်မှာ မြနှင်းမှုံအား ထမင်းချိန် ထမင်း၊ မုန့်ချိန်မုန့်၊ အချိန်မှန်မှန်သွားတတ်သော ရန်ကုန် - မန္တလေးရထားကြီးသဖွယ် သွားရောက် ပြုစုယုယခဲ့သည်သာ ဖြစ်၏။

ရွာဦးကျောင်းဆရာတော် ဦးအာဒိစ္စဝံသ၏ ဥပုသ်နေ့တရားပွဲတွင် ဟောပြောသည်ကို ရဲခေါင်မှာ ဝေယျာဝစ္စအလုပ်များသွားရောက်လုပ်ကိုင်ပေးရင်း မှတ်သားနာယူဖူး၏။

"ခန္ဓာက လောင်စာထင်း။

ဇရာ၊ မရဏက မီး။

သံသရာတစ်လျှောက်လုံးမှာ လူ၊ နတ်၊ ဗြဟ္မာ ဘယ်ခန္ဓာပဲရရ လောင်စာနဲ့ မီး တွဲနေကြတာ။

ခန္ဓာရှိရင် ဝေဒနာမကင်း။

ခန္ဓာငါးပါးကို ကိုးဆယ့်ခြောက်ပါးရောဂါက ပိုင်တယ်"

မှန်၏။ ရဲခေါင်မှာ မြနှင်းမှုံ၏ဘဝနှင့်ခန္ဓာကိုယ်၊ ဆရာတော် အာဒိစ္စဝံသ၏ တရားဟောကွက် ယှဉ်တွဲ၍တွေးလိုက်သည်နှင့် လွန်စွာမှန်၏ဟု အတွေးပေါက်၏။

ထိုညက ရဲခေါင်တစ်[...] ညဥ့်ဦး၊ ညဥ့်လယ်ကို ကျော်[...] မိုးသောက်ယံအစပျိုးချိန်မှသာ [...] ပျော်ခဲ့၏။

*

ထိုနေ့က ရဲခေါင်မှာ နံန[...] ဆွမ်းခံပြန်ချိန်မှနိုး၏။ ညီလေးရဲ[...] ပင် နွေစပါးရိတ်သိမ်းပြီး၍ ထယ်[...] နေ၏။ ဝါစိုက်ရန်ဖြစ်၏။

ဖခင်ဖြစ်သူ ဦးချစ်မြမှာ [...] ကြမ်းတစ်အိုး၊ ပဲပြုတ်ဆီဆမ်းတစ်[...] အိမ်ဦးခန်းတွင်ထိုင်နေ၏။

"သမီး"

"ရှင် - အဖေ"

"အဖေ့ကိုအကြမ်းတစ်အိုး[...] ထပ်ဖြည့်ပေးဦး"

"ဟုတ်ကဲ့"

ဖခင်ဦးချစ်မြစကားကြောင့် [...] မှာ ဖခင်ရှေ့တွင် ခါးလေးကိုင်း၍[...] ဖြတ်ကျော်ပြီး အဖန်ရည်အကြ[...] အားယူ၏။ ထိုအချိန်မှာပင် ရဲခေါ[...] လာ၏။

"သားကြီး၊ ညကဘယ်တွေ[...] ထိုးနေလို့ အိပ်ရာထဒီလောက်[...] ကျနေရတာလဲ"

"ဟို . . . ဟို"

"ဟေ့ကောင်၊ ဘာတွေယော[...] ဖြစ်နေတာလဲ။ အိပ်ရေးမဝသေ[...] လား။ မဝသေးရင် သွားထပ်အိပ်"

"ဝပါပြီ အဖေ"

"ဘာလဲ၊ မြနှင်းမှုံဆီသွား[...] နေရလို့မဟုတ်လား"

"ဟုတ်တယ် အဖေ၊ ညီမ[...] အုန်းထမင်းနဲ့ကြက်သားဟင်းသွား[...] တာ"

"မင်းတို့အခြေအနေကတော[...] ထူးသလဲ"

"ဘာပြောတာလဲ အဖေ"

"ဟ -ငါ့မေးခွန်းက အလွယ်[...] ပါကွ"

"ဟုတ်တယ် အဖေ၊ မြနှင်း[...] သားချစ်တယ်"

"ဟာ - ဒီကောင်၊ မင်းချစ်[...] သိတယ်။ ငါပြောတာက ဒီအ[...] မင်းက လက်ထပ်နိုင်သေးလို့လား[...] မေးတာ"

ဖခင်ဖြစ်သူစကားကြောင့် ရဲ[...] ပင်လျှင် မည်သို့ဖြေရမည်နည်းဟု[...] အဖြေစကားကို စဉ်းစား၍မ[...] ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖြေလေကွာ၊ မြနှင်းမှုံကို မင်း ...ထပ်နိုင်သေးလို့လား"

"အဖေ့မေးခွန်းဖြေဖို့ သားအချိန် ...ရမယ် အဖေ"

"မင်းစကားက ကြီးကျယ်လှချည့် ...ကွ"

"မကြီးကျယ်ပါဘူးအဖေ၊ စဉ်းစား ...ယ့်အခြေအနေမို့ပြောတာပါ"

"သိပ်မှန်တာပေါ့ သားရာ။ စဉ်း ...ရမယ်၊ စဉ်းစားရမယ်"

ဦးချစ်မြက စကားတစ်လုံးတည်း ... ထပ်ကာထပ်ကာ နှစ်ကြိမ်ပြောလိုက် ...

"ဦးနှောက်ပုံမှန်မရှိတဲ့မိန်းကလေး ...ယောက်ကို မင်းရဲ့ဇနီးအဖြစ် လက် ...ယူမလား၊ ပွဲတက်မယားအဖြစ် ...င်းသင်းနိုင်ပါ့မလား"

"သူ့ကျန်းမာရေးကောင်းသွားရင် ... မြနှင်းမှုံတစ်ပါး အခြားဘယ်မိန်း ...လေးကို မှမယူနိုင်ဘူး။ မမြတ်နိုးနိုင်ဘူး ..."

"ဟာ - အဖေကလည်း သားကို ...ခြားမိန်းကလေးကိုယူပါ၊ မြတ်နိုးပါလို့ ...ပါဘူးကွ။ သားရဲ့မိန်းကလေးက ... ဘယ်တော့ကောင်းလာမယ်ထင် ..."

"အဲဒါတော့ သားလည်း မထင် ...ဘူး"

"သိပ်မှန်တာပေါ့ကွာ။ မြို့ကဆရာ ...ကြီးကတောင် ဒီမိန်းကလေးရဲ့ စိတ် ...ါက စိတ်ထိခိုက်စရာ ကြီးကြီးမား ...တစ်ခုကိုမြင်ပြီး ရှော့ခ်ဖြစ်သွားတဲ့ ...ါမို့ အချိန်ယူဖို့လိုတယ်လို့ပြောတာ ..."

"ကိုကြီး၊ ဒီနေ့ဘာဟင်းချက်ပေး ...ဲ"

ရဲခေါင်မှာ ဖခင်ဖြစ်သူရှေ့တွင်ဖြစ် ...ရှက်ရွံ့သွားပုံရ၏။

"ဟာ - ညီမလေးကလည်း၊ ညီမ ...ချက်မယ့်ဟင်းပဲချက်ပေါ့ဟ"

ပန်းမှုံမှာ ရဲခေါင်၏ ရှက်ရွံ့မှုကို ...တွေ့ကာ ပြုံးတုံ့တုံ့ပြု၏။

"ကိုကြီးမျက်နှာသစ်ရင် စဥ့်အိုး ...မှာ ဆားခွက်ရှိတယ်"

"ဟုတ်ပြီ၊ ဟုတ်ပြီ"

ရဲခေါင်မှာ ညီမဖြစ်သူ ပန်းမှုံကို ...အလစ်၌ လက်သီးဆုပ်ပြ၏။

ပန်းမှုံမှာ ကျိတ်၍ရယ်၏။

ဖခင်ဖြစ်သူ ဦးချစ်မြမှာ သားကြီး ... သမီးငယ်ကိုကြည့်ကာ ကျိတ်၍ ...ဘာကျနေမိ၏။

သားနှင့်သမီး၊ ပစ္စည်းဥစ္စာ၊ ခြံရဲ့ကာနှင့် ပြုံးပျော်နေသလောက် နောင်သေခါနီး အိပ်ရာညောင်စောင်းထက်မှာ မျက်ရည်ထွေထွေကျလိမ့်လေမည်ကို ပုထုဇဉ်ဟူဘိ သူမသိ။

*

ယနေ့ ဦးချစ်မြတစ်ယောက် ဝါစိုက်ခင်းသို့ မသွားပါ။ သားကြီးရဲခေါင်နှင့် သားငယ် ရဲမောင်တို့နှစ်ယောက်သွားကြ၏။

ဦးချစ်မြမှာ ထန်းတစ်ပင်ရွာဘုရားပွဲ၏ ဇာတ်ပွဲသို့ နောက်တော်ပါ အပါးတော်မြဲ မောင်အေးနှင့် ဦးကျော်မောင်တို့နှစ်ယောက်ကို အဖော်အဖြစ်ခေါ်ဆောင်၍ လုံခြုံရေးအတွက်သွားကြ၏။

ဘုရားပွဲ၊ ဇာတ်ပွဲဆိုလျှင် ဦးချစ်မြ၏ မျက်နှာမပြ၍မရချေ။ အဘယ်ကြောင့်နည်းဆိုသော် ရွာနီးချုပ်စပ်မှ လူပေါင်းစုံလာ၏။ လူကောင်းပါ၏။ လူမိုက်များလည်း ပါကြ၏။ ထိုလူမိုက်များသည် မူး၏။ ရစ်၏။ စကားများကြ၏၊ ဓားများ၊ တုတ်များပါကြ၏။ စကားများပြဿနာဖြစ်လာလျှင် ထိုးကြခုတ်ကြ၏။ ထိုလူမိုက်သေမထူးနေမထူးများသည် ရွှေရင်းငြိမ် ချစ်မြဟေ့ ဆိုလျှင် အငြိမ်း။ မည်သည့်လူမိုက်မျှ ခေါင်းမထောင်ရဲ၊ အမြီးမလှုပ်ရဲ။ သူတို့လိုရွာလူမိုက်မဆိုထားနှင့်၊ ဤနယ်တစ်ကြောတွင် လူဆိုးဂိုဏ်းဖွဲ့၍ လူသတ်၊ ဓားပြတိုက်၊ မုဒိမ်းမှုတို့ ကျူးလွန်သောတောပုန်းဓားပြကြီးရွှေသီးနှင့် လူဆိုးအဖွဲ့ကြီးကို တစ်ကိုယ်တော်စွန့်စား၍ အသေခံနှိပ်ကွပ်ခဲ့ရာ ဓားပြကြီးရွှေသီးကို အသေဖမ်းဆီးခဲ့ဖူးသည်မဟုတ်ပါ



လော။ ဤမိုက်ဂုဏ်ကြောင့် ရွှေရင်းငြိမ်ရွာ၏ ရွာနီးချုပ်စပ်မှန်သမျှက ရွာလူမိုက်တို့အား ဦးချစ်မြမျက်နှာပြရ၏။ ဦးချစ်မြ၏အသံပေးရ၏။

ဦးချစ်မြ၏မိုက်ဂုဏ် ဤမျှကြီး၏။

ဤညက ထန်းတစ်ပင်ရွာ၏ ဘုရားပွဲကား အော်ပဒါကောင်း၏။ ပြဇာတ်လည်းကောင်း၏။ ဦးချစ်မြမှာ ဇာတ်ပွဲကောင်းသော်လည်း ညဥ့်အနက်ကြီး အချိန်ကုန်ခံ၊ အိပ်ရေးအပျက်ခံ၍ ဇာတ်ပွဲကို မကြည့်လိုသဖြင့် ထန်းတစ်ပင်ရွာနှင့် ရွှေရင်းငြိမ်ရွာ နှစ်ရွာ၏ဖြတ်လမ်းမှ သူ၏လက်စွဲတော်နှစ်လုံးပြူးသေနတ်ကြီးထမ်း၍ ပြန်လာခဲ့တော့၏။

ရွှေရင်းငြိမ်ရွာ၏ မြောက်ဖျား ဦးချစ်မြ၏မိတ်ဆွေ ဦးအောင်ဒင်၏ ခြံဝိုင်းရှေ့မှအဖြတ်တွင် ဦးချစ်မြ၏ မခုန်ဘူးသောရင်၊ မတုန်လှုပ် မချောက်ချားဘူးသောစိတ်ခုန်၏။တုန်၏။ချောက်ချား၏။ အမြင်အာရုံတစ်စုံကြောင့် မျက်လုံးအစုံတို့ ပြူးကျယ်ဝိုင်းစက်၏။ အာခံတွင်းများ ခြောက်သွေ့လာ၏။ ဦးချစ်မြ၏ဘဝတစ်သက်တာတွင် မမြင်ဘူးသောအမြင်၊ မတွေ့ဘူးသောအတွေ့ဖြစ်၍ မျက်လုံးပေါက်နှစ်ပေါက်တို့ပင် အမြင်အတွေ့မှားလေသလားဟူသော အသိစိတ်များဝင်လာကာ မျက်လုံးနှစ်လုံးကို လက်ဖြင့်ပွတ်၍ ထပ်ကြည့်မိ၏။ မမှားပါချေ။

ဝတ်လစ်စားလစ်ဖြစ်နေသော မြနှင်းမှုံ။

အဝတ်အစားကင်းမဲ့နေသော မြနှင်းမှုံ။

ရွှေရင်အစုံဖူးဖူးကြွ၏။ ဝင်းဝင်းပနေသော မြနှင်းမှုံ၏ ခန္ဓာကိုယ်အချိုးအဆစ်က ပန်းပုရုပ်ပင်လိုက်၍မမီနိုင်သော အလှအပများ စုဝေးနေ၏။

မှေးစင်းနေသော မြနှင်းမှုံ၏ မျက်လုံးအစုံကို ကြည့်မိကာ ဦးချစ်မြမှာ ရေငတ်သကဲ့သို့ခံစားမိပြီး ဂလုခနဲတံတွေးကိုပင်မျို၍ ချမိ၏။

ဝင်းဝါကြွတက်နေသော မြနှင်းမှုံအနီးမှ ဦးချစ်မြ မခွာထွက်နိုင်တော့။ ဦးချစ်မြ၏ဇနီး မကြာမှီပင်လိုက်၍ တုမမီနိုင်သည့်အလှပိုင်ရှင်ဖြစ်၏။ ဖြောင့်စင်းကြွရွနေသည့် ပေါင်တံနှစ်ဖက်ကို ကြည့်မိပြန်တော့ ဦးချစ်မြမျက်လုံးနှစ်လုံးကို ပိတ်ချလိုက်တော့၏။

အသိနှင့် သတိကင်းလွတ်သွားသော တဒင်္ဂပင်ဖြစ်၏။ ဦးချစ်မြ၏ ခြေအစုံမှာ ဦးအောင်ဒင်၏ ခြံဝိုင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ကျူးကျော်မည်ပြင်၏။ ဘယ်၊ ညာလက် အစုံမှာလည်း ခြံဝိုင်းတံခါးကို တွန်း၍ ဖွင့်မည်ကြံရွယ်ကာ တံခါးရွက်ကိုပင် ကိုင်လိုက်မိတော့၏။

ပညာစွန်း ချွန်းဖြင့်မအုပ်နိုင်တော့ပေ။

ထိုအချိန်ထိုကာလမှာပင် ခွေးနှစ်ကောင်၊ သုံးကောင်မှာ ဦးချစ်မြကိုဝိုင်း၍ ဟောင်ကြပါတော့၏။ ခွေးဟောင်သံကြောင့် ဦးချစ်မြ စိတ်အစဉ် ခန္ဓာကိုယ်တွင်းသို့ ပြေးဝင်ခဲ့လေတော့၏။ နတ်ဆိုးပူးဝင်သောညသာဖြစ်၏။

ကာမတဏှာ ကိလေသာကား
သောက်လေသောက်လေ
ငတ်မပြေတည့်
ဆားငန်ရေနှော၊
ပင်လယ်ကြော၏
မဆုံးနိုင်သည့် ဘဝတဏှာ
သံသရာတည့်။
ကဲ - ဘယ်လိုရှုန်းမလဲ ဦးချစ်မြ။

*

ဦးချစ်မြမှာ ရွာဦးကျောင်းဆရာတော် ဦးအာဒိစ္စဝံသထံသွား၍ ချောက်ချားနေသောစိတ်ကို တည်ငြိမ်စေရန် တဏှာကာမအကြောင်းမေးလျှောက်၏။ ဆရာတော်ကြီးမှဖြေ၏။

"ဟဲ့ - ချစ်မြရဲ့၊ ကာမတဏှာဆိုတာ ခြောက်ပါးအာရုံ ကာမဂုဏ်တရားအပေါ်မှာ သာယာတာ၊ လိုချင်စုံမက်တာဟဲ့"

"အရှင်ဘုရား၊ ဘဝတဏှာကကော ဘုရား"

"ဘဝတဏှာဆိုတာက သဿတဒိဋ္ဌိနဲ့ယှဉ်တွဲပြီး လိုချင်စုံမက် နှစ်သက်သာယာတာကိုခေါ်တာ"

"မှန်ပါ့ဘုရား၊ ဝိဘဝတဏှာဆိုတာကကော ဘုရား"

"ဝိဘဝတဏှာဆိုတာက ဘဝပြတ်ခြင်းကို လိုချင်စုံမက် နှစ်သက်သာယာခြင်းကို ဝိဘဝတဏှာလို့ပြောတာဟဲ့။ ဥစ္ဆေဒဒိဋ္ဌိနဲ့ ဘဝကို ယှဉ်တွဲပြီး ဘဝပြတ်ခြင်းကို လိုချင်တပ်မက်တာပေါ့ကွယ်။ တဏှာကိုထပ်ခွဲ့ရင် တဏှာတစ်ရာ့ရှစ်ပါးတောင်ရှိတယ်"

"မှန်ပါ့ဘုရား"

"နေစမ်းပါဦး၊ ဒကာ့ချစ်မြက ဒီနေ့မှ ထူးထူးခြားခြား ကာမတဏှာအကြောင်း ဘာဖြစ်လို့မေးလျှောက်နေတာလဲဟဲ့"

"မှန်ပါ့ဘုရား၊ တပည့်တော်သိချင်လို့ပါဘုရား။ တဏှာကိုနိုင်ချင်ရင် ဘယ်လိုကမ္မဋ္ဌာန်းစီးဖြန်းရမလဲဘုရား"

"အသုဘကမ္မဋ္ဌာန်း စီးဖြန်းပေါ့ကွယ်"

ဦးချစ်မြမှာ ဆရာတော်ထံတွင် အသုဘကမ္မဋ္ဌာန်းစီးဖြန်းပုံကို မေးလျှောက် မှတ်သား၍ ကမ္မဋ္ဌာန်းစီးဖြန်းကြည့်လေတော့သည်။

ဦးချစ်မြ သက်ရှိမြတ်စွာဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဆွမ်းများဆက်ကပ်၏။ လူ၊ နတ်၊ ဗြဟ္မာပုဂ္ဂိုလ်သတ္တဝါအပေါင်းအား မေတ္တာပို့၊ အမျှအတန်းများပေးဝေ၏။

မြနှင်းမှုံ၏ ဖူးဖူးကြွသော ရွှေရင်အစုံ ဦးချစ်မြ၏အာရုံတွင် ထင်လာမြင်လာ၏။

ဦးချစ်မြ တုန်လှုပ်သွား၏။ ဘုရားကျောင်းဆောင်ပေါ်တွင် သပ္ပာယ်စွာ ထုလုပ် ပူဇော်ထားသည့် မြတ်ဗုဒ္ဓအား အာရုံယူဖူးမြော်လိုက်၏။

ဦးချစ်မြ၏အာရုံတို့ ပြန်လည်တည်ငြိမ်သွား၏။ မေတ္တာပို့အမျှအတန်းများပေးဝေပြီး၍ အသုဘကမ္မဋ္ဌာန်းစီးဖြန်းရန် ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်းပါတော့သည်။

"ကမ္မဋ္ဌာန်နံ့ မေဘန္တေ ဒေထ၊ သံသရာဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ"

**ဘန္တေ**-အရှင်ဘုရား၊ **မေ**-ဘုရားတပည့်တော်တို့အား၊ **သံသရာဝဋ္ဋဒုက္ခတော မောစနတ္ထာယ**-သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ပါစေခြင်း အကျိုးငှာ၊ **ကမ္မဋ္ဌာနံ** - မဂ်ဉာဏ်၊ ဖိုလ်ပေါက်နိဗ္ဗာန်ရောက်ကြောင်း အကောင်းဖြစ်သည့် ကမ္မဋ္ဌာန်းတရားကို၊ **ဒေထ** - ကရုဏာရှေးရှု ပေးသနားတော်မူပါဘုရား"

ဦးချစ်မြမှာ မြတ်စွာဘုရားရှင်ထံ တရားတောင်းပြီးပြီဖြစ်၍ ကမ္မဋ္ဌာန်းစီးဖြန်းရန် ပုဆစ်ဒူးတုပ်ထိုင်နေရာမှ တင်ပျဉ်ခွေ၍ ပြန်ထိုင်လိုက်၏။

ဤနည်းမှာ ရှေးရှေးဆရာတော်ကြီးများမှ သုသာန်၊ သင်္ချိုင်းများသို့သွား၍ လူသေကောင်များရှေ့တွင်ထားကာ အသုဘကမ္မဋ္ဌာန်းထိုင်သောနည်းဖြစ်၏။

ယခု ဦးချစ်မြ၏စိတ်အာရုံတွင်း၌ မြနှင်းမှုံ၏ စွဲမက်ဖွယ်ကောင်းသော အဆင်းရူပါရုံ၊ တပ်မက်ဖွယ်ကောင်းသည့် ကာမဂုဏ်တို့ကြောင့် အသုဘအသေကောင်ပုပ်ကို ဦးချစ်မြ၏ စိတ်အာရုံတွင်း၌ ထင်လာမြင်လာအောင် ရှုနေခြင်းသည်ဖြစ်၏။

သို့သော် မြနှင်းမှုံ၏ဝင်းဝင်းပနေ သောမျက်နှာ၊ ဝတ်လစ်စားလစ်ဖြစ်နေ သောခန္ဓာကိုယ်၊ ဖူးဖူးကြွနေသော ရွှေ ရင်နှစ်မွှာတို့က ဦးချစ်မြ၏အာရုံထဲမှ မထွက်နိုင်ခဲ့ပါချေ။

ဦးချစ်မြကိုယ်တိုင်ပင် မကြည့်ရဲခဲ့ သော မြနှင်းမှုံ၏ဖြောင့်စင်းကြွရွဖြူဖွေး နုထွတ်နေသည့် ပေါင်တံနှစ်သွယ်တို့ သည် ဦးချစ်မြ၏မျက်မှောက်၌ စွဲ၏။ ထင်၏၊ မြင်၏။ ခက်ကပြီသာဖြစ်၏။

တဏှာဟူသည် သုံးဆယ့်တစ်ဘုံ သားတို့၏အကြိုက်နှစ်သက်ဆုံးအရသာ ဖြစ်၏။ သို့သော် ၎င်းတဏှာကြောင့် ပင်လျှင် ငရဲသို့သွား၍ ငရဲခံကြရ၏။ တိရစ္ဆာန်ဘဝရောက်ကြရ၏။ အဝတ်မဲ့ အစားမဲ့ပြိတ္တာဘဝသို့ ရောက်ကြရ၏။ အသူရကာယ်ဘဝသို့ရောက်ကုန်ကြ၏။ တဏှာသည် သတ္တဝါတို့အား ကောင်း ကျိုးပြုပါ၏လော။

၎င်းကောင်းကျိုးမပြုသောတဏှာ ကိုပင် ဦးချစ်မြသည် စွဲမက်ခဲ့ပြီဖြစ်၏။ ထမင်းစားလည်း မြနှင်းမှုံ၏ဖူးဖူးကြွနေ သော ရွှေရင်နှစ်မွှာက ဦးချစ်မြ၏စိတ်၌ ပေါ်လာပြန်၏။ အိပ်လျှင်လည်းနဖူးပေါ် လက်မတင်ရဲပါချေ။ နဖူးပေါ်လက်တင် လိုက်သည့်ခဏ မြနှင်းမှုံ၏ ဖြောင့်စင်း သွယ်လျနေသည့် ပေါင်တံနှစ်သွယ်က စွဲမက်စွာပေါ်လာခဲ့၏။

ဦးချစ်မြ နဖူးပေါ်တင်လိုက်သည့် လက်ကို အောက်သို့ဖြုတ်ချလိုက်၏။ ထို အချိန်မှာပင် သားငယ်ရဲမောင် ယယ်ထ ကပြန်လာ၏။

"သားငယ်၊ အဖေ့ကို အရက်တစ် လုံး အန်ကူဆိုင်ကသွားဝယ်ပေးစမ်းကွာ"

"အဖေဘာလုပ်မလို့လဲ"

"ဆေးဖြစ်ဝါးဖြစ် အဖေသောက် မလို့ပါကွာ"

"သားနှိပ်ပေးမယ်လေ"

"ရပါတယ် သားရယ်၊ သားလည်း ပင်ပန်းပါတယ်။ အရက်သာသွားဝယ် ပေးပါ"

ရဲမောင် ရွာမြောက်ပိုင်းက အန် ကူအရက်ဆိုင်သို့ထွက်သွားသည်။

ထိုအချိန်မှာပင် သားကြီးရဲခေါင် ပြန်ရောက်လာ၏။ ရဲခေါင်ကိုမြင်လိုက် မှပင် မြနှင်းမှုံသည် သားကြီး၏ချစ်သူ သားကြီးမြတ်နိုးစုံမက်သည့်မိန်းကလေး မှန်း တွေးမိလိုက်၏။ မသင့်တော်မှန်း ဦးချစ်မြ၏ စိတ်အစဉ်၌ပေါ်၏။

ထိုအချိန်၌ သားငယ် ရဲမောင် အရက်ဝယ်၍ပြန်ရောက်လာ၏။ ရဲခေါင်



www.burmeseclassic.com

www.burmeseclassic.com

အဖေနှင့် အရက်ကို ယှဉ်တွဲပြီးမြင် ရခဲ့၍ ခေတ္တခဏပင် ငေးစိုက်ကြည့် ၏။ သို့သော် မည်သည့်ထင်မြင်ယူဆ ချက်မျှ မပြောချေ။

ဖခင်ကြီး အရက်သောက်သည်ကို ငယ်ပန်းမှုံမှာ တစ်ခါဖူးမှမြင်တွေ့ဖူး ရှိ၍ မီးဖိုချောင်ထဲမှဝင်လိုက်၊ထွက် လုပ်ပြီး မကြာမကြာကြည့်၏။

"သမီး ဘာထွက်ထွက်ကြည့်တာ

"အဖေအရက်သောက်တာ သမီး ဘူးလို့"

"ကိုယ်တွေလက်တွေကိုက်ခဲနေ ဆေးဖြစ်ဝါးဖြစ်ပါ သမီးရယ်"

"သမီး နှိပ်ပေးမယ်လေ အဖေ"

"ရတယ် သမီး၊ ရတယ်"

ဖခင်ဦးချစ်မြသည် သားသမီးသုံး ကို မိထွေးနှိပ်စက်မှာစိုး၍ မိန်းမ ယူခဲ့သည်ကို ရဲခေါင်သိသည်။ ရဲမောင် လည်းသိ၏။ ရဲခေါင်၊ ရဲမောင်ပြောပြ ညီမလေး ပန်းမှုံလည်း သိ၏။ ထို့ ကြောင့် မွေးသဖခင်ကျေးဇူးရှင်ကြီး စိတ် သာစေချင်၏။ ကိုယ်ကျန်းမာစေလို

ပန်းမှုံမှာ ရဲခေါင်၏ တိုးတိုးတိတ် မီးဖိုချောင်တွင်း၌ တီးတိုးပြောလိုက် အိမ်၏ဝပ်နေသောကြက်တင်းထဲမှ ခါစ ကြက်ဥနှစ်လုံးလုံးကို ဟပ်ဖွိုင် ကာ ဖခင်ကြီးအရက်သောက်နေ သို့ ယူလာကာပို့၏။

ဦးချစ်မြမှာ သမီးငယ်ကို မော့၍ ကြည့်၏။ ပန်းမှုံမှာ ဖခင်ကြီးအား ပြန်၍ ကြည့်ကာ ပြုံးပြ၏။

"ငါ့သမီးလေးကလိမ္မာလှချေလား

"ဖေကြီး နောက်နေ့ကျ မသောက် တော့နော်"

"အောင်မယ်လေး - သမီးရယ်၊ သမီးက ဖေကြီးကို ချော့တိုက်ရင်တောင် သမီးရဲ့အဖေ ချစ်မြဆိုတဲ့ကောင်က သောက်ပါဘူးဗျာ။ စိတ်ချ စိတ်ချ၊ အရာမေရယမင္ဂပမာဒဌာနာဝေရာမဏီ သိက္ခာပဒံပါ သမီး"

ရဲခေါင်၊ ရဲမောင်တို့နှစ်ယောက် ယ်ရာတွင် ကျေနပ်နှစ်သက်စွာ ပြုံး ကြသည်ကို ဦးချစ်မြမသိပါချေ။

*

လဆုတ်ငါးရက်ဟူသည် အလင်း တချို့ မလင်းတချို့နှင့် ပြိုးပြိုးပြောက် ပြောက် အမှောင်သာဖုံး၏။ ဦးချစ်မြ လက်တွင်း ဆေးပြင်းလိပ်ကို မီးထပ်ညှိ ၏။ တစ်ဖွာနှစ်ဖွာဖွာ၏။ ရွာမြောက်ဖျား သို့ ခြေဦးလှည့်၏။ တစ်ဖန် ပြန်၍ဆုတ် ၏။ ချီတုံချတုံဖြစ်၏။ ဦးချစ်မြ၏စိတ် တို့ကို တိမ်ဖုံး၏။ အလင်းပျောက်တော့ ၏။

မြနှင်းမှုံတို့အိမ်ကြီးတစ်ခုလုံးမှာ အမှောင်ဖုံးနေ၏။ မည်းမည်းအရိပ်တစ် ရိပ်သည် မှောင်ရိပ်ခို၍ အိမ်ကြီးရှိ တံခါးကို တွန်း၍ဖွင့်၏။ လူသူမရှိမှန်း သိသော်လည်း ဟိုသည်ကြည့်၏။ သက် ပြင်းမောတစ်ခုကို မသိမသာချ၏။

"ဟီး. . ."

သက်ပြင်းချသံကိုပင် ထိတ်လန့် သွား၏။ အိမ်ကြီး၏ အခန်းငယ်လေး အတွင်း မှန်အိမ်လေးတစ်လုံး၏ မလင်း တစ်လှည့်လင်းတစ်လှည့် မှိန်တုတ်တုတ် အလင်းရောင်မှိန်မှိန်အောက်တွင် မြနှင်း မှုံသည် ခါးတစ်ဝက်ရောက်နေသော ထဘီ၊ ဖြူဖွေးဝင်းပနေသော ပေါင်တံနှစ် လုံးနှင့် မိမွေးတိုင်းဖမွေးတိုင်း အလှကြီး လှနေ၏။ ဒုတိယမို့ သက်ပြင်းချသံတစ် ချက် ပြင်းပြင်းရှရှပေါ်လာ၏။

မြနှင်းမှုံမှာ ဘေးတစောင်းအိပ် ပျော်နေရာမှ ပက်လက်လှန်၍အိပ်လိုက် ၏။ ထဘီမှာ ပေါင်တွင်မရှိတော့။ ခါး တွင် ကွင်းလုံးပြည့်ပတ်နေ၏။ဆေးပြင်း လိပ်မီးကို ကြမ်းပြင်နှင့်ဖိ၍ ထိုးခြေငြိမ်း သတ်လိုက်၏။

ကာမတဏှာ၏စည်းစိမ်၊ လူ့ဘဝ ၏ အကောင်းဆုံးသောအရသာ၊ အထွတ်မြတ်ဆုံးသော အာရုံခြောက်ပါး ခံစားမှု။

"ဂျိန်း"

အာကာသ မိုးကောင်းကင်တွင် နွေခေါင်ခေါင် မိုးထစ်ချုန်းသံကြီး တစ်ချက်ထွက်ပေါ်လာ၏။

*

မြနှင်းမှုံ၏စိတ်များ ပို၍ ကြမ်း လာ၏။ရွာထဲမှကလေးများစလျှင် တုတ် တစ်ချောင်းဖြင့်လိုက်၍ရိုက်၏။တစ်ခါ တစ်ရံ လက်ထဲတွင် ဖခင်ဦးအောင်ဒင် ၏ဓားရှည်ကြီးအား ဆွဲကိုင်၍လိုက်၏။

ထိုအခါမျိုးတွင် ရဲခေါင်မရှိလျှင် ရွာလူကြီးများမှ ချော့မော့နှစ်သိမ့်ပြီး သူမလက်တွင်းမှ ဓားရှည်ကြီးအား ချော့မော့တောင်းရ၏။ ခရာခဲဆစ်ယူရ ၏။ ရဲခေါင်လယ်ထဲမသွား၍အိမ်တွင်ရှိ နေလျှင်မူ သူမထံမှ ဓားရရှိရေးအတွက် ရဲခေါင်ကိုပြေး ခေါ်ရ၏။ ရဲခေါင်နှင့်မှ မြနှင်းမှုံပို၍အဆင်ပြေသည်ကို တစ်ရွာ လုံးသိ၏။

တစ်နေ့ မြနှင်းမှုံ ပွဲကြမ်းသောနေ့ ဖြစ်၏။

"မှုံ"

မြနှင်းမှုံ မှုန်ကုပ်ကုပ်ဖြင့်ကြည့်၏။ ပြီးမှ -

"ဘာလဲ"

"မှုံနဲ့ မှုံလက်ထဲက ဓားကြီးမလိုက် ဘူး။ မှုံကချောချော၊ ဓားကြီးက အရုပ် ဆိုး အကျည်းတန်ကြီး ငါ့ကိုပေးနော်"

မြနှင်းမှုံသည် ဓားရှည်ကြီးအား မျက်မှောင်ကြုတ်၍ကြည့်ပြီး ရဲခေါင် အားပစ်၍ပေး၏။ ရဲခေါင်မှာ ပြုံး၍ ဓား ရှည်ကြီးအား ကောက်၍ယူလိုက်၏။

"ငါ့ဗိုက်ဆာတယ်"

"ဩော် - မှုံ ဆာနေတယ်လား။ ကျွေးမယ်၊ ကျွေးမယ်။ ခဏစောင့်နော်"

ရဲခေါင်မှာ မြနှင်းမှုံကို ရွာလယ် လမ်းမှာ မထားခဲ့လို၍ ချော့မော့ခေါ် ဆောင်ကာ သူမ၏အိမ်သို့ပြန်ပို့ပြီး ထမင်းနှင့်ဟင်းကို ပြန်၍ယူကာ မြနှင်းမှုံ ကို ကျွေးရ၏။ ဟင်းမှာ ညီငယ်ရဲမောင် ချောင်းထဲမှ ကွန်ပစ်၍ရလာသော ငါး ပြေမဟင်းဖြစ်၏။ ရဲခေါင်မှာ ချစ်သော မြနှင်းမှုံ အရိုးစူးမှာစိုး၍ အရိုးကို တစ်ကောင်ချင်းထွင်ပြီးမှ မြနှင်းမှုံကို ရဲခေါင် ကိုယ်တိုင်ခွံ့၍ကျွေး၏။

"ကောင်းလား မှုံ"

မြနှင်းမှုံ ဘုဆတ်ဆတ်ကြည့်၏။ ဘောက်ဆတ်ဆတ်ပြန်၍ပြော၏။

"ကောင်း၊ ကောင်း"

ပီတိ ကလေးငယ်တစ်ယောက် အသွင်သဏ္ဌာန်ပါတည်း။

ဤသို့ဖြင့် အချိန်တို့ပြောင်း၏။ နေ့ရက်တို့ကုန်ဆုံး၍ နွေမှ မိုးကာလပင် အစပျိုးခဲ့၏။ မိုးပေါက်ကလေးများကြွေ သောအချိန်၌ မြနှင်းမှုံ၏ကိုယ်ဝန်သည် ငါးလခန့်ရှိပြီဖြစ်၍ မို့မို့ဖောင်း၏။

ရွှေရင်းငြိမ်ရွာ၌ မြနှင်းမှုံ ကိုယ်ဝန် ရှိနေသောသတင်းသည် တောမီးပမာ ပြန့်၏။ ကောက်ရိုးမီးသဖွယ်မြန်၏။ ဤ သတင်းကို ရွာရိုးကိုးပေါက် မမောနိုင် မပန်းနိုင် တစ်အိမ်တက်တစ်အိမ်ဆင်း ပြောကြ၏။

"ဟဲ့မိဆောင်း၊ ဟိုသတင်းကြား ပြီးပြီလား"

"ဘာသတင်းလဲ ဒေါ်ကြီးအုန်းရဲ့"

"မြနှင်းမှုံမှာ ကိုယ်ဝန်ရှိနေပြီတဲ့ တော့"

"ဟင် - ဟုတ်လား။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ဝန်လဲ ဒေါ်ကြီးအုန်း"

"ဘယ်သူ့ကိုယ်ဝန်ရမလဲ၊ တစ်ရွာလုံးအသိပဲဥစ္စာ။ သူနဲ့လူကြီးချင်းပြောဆိုစေ့စပ်ထားတဲ့ ရဲခေါင်ပဲပေါ့"

"ဒါဆိုရင်လည်း သူ့ကိုယ်ဝန် ရဲခေါင်ကို တာဝန်ယူခိုင်းလိုက်ပေါ့"

"ရဲခေါင်က သူ့ကိုယ်ဝန်မဟုတ်ဘူး၊ သူနဲ့ရတာမဟုတ်ဘူးလို့ငြင်းနေလို့ ညည်းကိုငါလာပြောရတာပေါ့အေ့"

"ဟောတော့်"

မြနှင်းမှုံ၏ကိုယ်ဝန်နှင့်ပတ်သက်၍ ရွှေရင်းငြိမ်ရွာလူကြီးများမှ ကလေးအဖေဖော်လိုကြ၏။ ဤကိစ္စအတွက် တိုင်ပင်ကြ၏။

"ရွှေရင်းငြိမ်ဆိုတဲ့ ကျုပ်တို့ရွာရဲ့ ဂုဏ်သိက္ခာတော့ရေစုန်မျောပါပြီဗျာ"

"ဟုတ်ပ့ါဗျာ၊ အရှုးမမှာ လူမသိသူမသိ ကိုယ်ဝန်ရှိရတယ်လို့ဗျာ"

"ကျုပ်တော့ ဦးချစ်မြကို ဖွင့်တိုင်ပင်ပြီး သူ့သား ရဲခေါင်ကို ပွင့်ပွင့်လင်းလင်းပဲ မေးကြည့်ချင်တယ်"

"ဦးချစ်မြက ဒေါသကြီးကြီးနော်၊ စဉ်းစဉ်းစားစားလုပ်ကြပါ"

"တစ်ရွာလုံးနဲ့ တစ်ယောက်ပဲဗျာ"

"ရဲခေါင်က သူ့ကိုယ်ဝန်မဟုတ်ဘူးလို့ ရွာကာလခေါင်းမေးတာကိုတော့ ငြင်းထားတယ်ဗျ"

"ဒါဆိုခင်ဗျားကိုယ်ဝန်လား"

"ဟာဗျာ"

ရွှေရင်းငြိမ်တစ်ရွာလုံး မြနှင်းမှုံကိုယ်ဝန်နှင့်ပတ်သက်၍ အမျိုးသမီးဝိုင်း၊ လူကြီး၊ လူငယ်ပိုင်း ပြောကြဆိုကြ၏။ ကိုယ်ဝန်၏ လက်သည်ကို ရှာလိုကြ၏။ သိလိုကြ၏။ တစ်ရွာလုံးထင်ထားသည်ကား ရဲခေါင်။ ရဲခေါင်မှာ ဘူးခံ၍ငြင်းနေ၏။

ရွှေရင်းငြိမ်ရွာ၏ ရွာကာလသားခေါင်း အောင်ခန့်နှင့် လူငယ်ကာလသားအချို့ ရဲခေါင်ရှိရာလယ်ထဲသို့ လိုက်လာပြီး မြနှင်းမှုံ၏ကိုယ်ဝန်ကိစ္စအတွက် မေးကြမြန်းကြပုံကို ဖော်ပြပေးလိုက်ပါ၏။

"ကိုရဲခေါင်၊ ကျွန်တော်တို့ကိုစိတ်တော့မဆိုးလိုက်ပါနဲ့ဗျာ"

"ပြောပါ ကိုအောင်ခန့်"

"မြနှင်းမှုံကိုယ်ဝန်ကိစ္စပါဗျာ"

"ဘာလဲ၊ ခင်ဗျားတို့ရွာကာလသားတွေက မြနှင်းမှုံကိုယ်ဝန် ကျုပ်ကိုယ်ဝန်လို့ထင်နေလို့လား"

"ထင်တာမဟုတ်ဘူး ကိုရဲခေါင်၊ ကာလသားတွေအားလုံးရော ကျွန်တော်ရောမြင်တာ"

"မြနှင်းမှုံဟာ ကျုပ်ချစ်သူဗျာ၊ ကျုပ်စော်ကားစရာမလိုဘူး။ စော်လည်းမစော်ကားရက်ဘူး။ ကျုပ်ရင်ဘတ်ကြီးထဲက အချစ်ကြီးချစ်တဲ့ချစ်သူကို ကျုပ်မယုတ်မာဘူး"

ရဲခေါင်ထံမှ ရွာကာလသားနှင့်အုပ်စု ပြန်လာခဲ့ကြ၏။ရဲခေါင်မှာ စိတ်ဝေဒနာသည်ဘဝရောက်နေသောမြနှင်းမှုံကို မယူလိုသဖြင့် ဘူးခံငြင်းနေသလား၊ ရဲခေါင်ပြောသလို အမှန်ဖြစ်လေသလားဆိုသည်ကိုတော့ နကင်းကြီးနှင့် သိကြားမင်းသာ သိပေတော့မည်ဖြစ်၏။

ရဲခေါင်မှာ နေ့စဉ်ပင် မြနှင်းမှုံထံ ထမင်းသွားကျွေးနေသူဖြစ်၍ တစ်နေ့တစ်ကြိမ်တော့ မှန်မှန်ရောက်ဖြစ်၏။ ညမရောက်၊ နေ့ရောက်၏။ နေ့မရောက်၊ ညရောက်ပြ [illegible] တစ်နေ့သောနေ့လယ်ပိုင်းတွင် မြနှင်းမှုံအိပ်သောအိပ်ရာအနီးတွင် ထိုးခြေထားသော ဆေးပြင်းလိပ်တိုတစ်တိုရ၏။ လက်လက်ဆတ်ဆတ်ကြီးဖြစ်၏။ မည်သူ့ဆေးပြင်းလိပ်တိုဖြစ်လေသနည်းဆိုတာ ခေါင်းခြောက်မတတ်စဉ်းစားဖူး၏။ ဤရွှေရင်းငြိမ်ရွာကြီးတွင် ဆေးပြင်းလိပ်သောက်သူလွန်စွာရှား၏။ လက်ချိုးရေတွက်၍ရ၏။

ကပ္ပိယကြီးအဘဦးအောင်မောင်းသောက်၏။ ရွာလယ်ပိုင်းမှ ဆေးဆရာကြီးအဘထိုက်သောက်၏။ရွာဦးကျောင်းအနီးမှအဘွားမျှင်လည်းသောက်၏။ ပြီးတော့ ရဲခေါင်၏အဖေ ဦးချစ်မြလည်းသောက်၏။ယခုဤမည်သူသောက်မှန်းမသိသော ဆေးပြင်းလိပ်တို [illegible]ကြောင့် မြနှင်းမှုံအိမ် အိပ်ရာ[illegible]န်းအတွင်းရောက်နေသနည်း စဉ်းစားဖူး၏။

လွန်ခဲ့သည့် [illegible] စေ့စေ့တွေးသော်ရေးရေးပေါ် [illegible]၏ဆိုသော [illegible] စကားမှန်၏။ ဤဆေးပြင်းလိ[illegible]ဘိုပိုင်ရှင်သည်သာ မြနှင်းမှုံကို စော်ကားသူဖြစ်၏။ မြနှင်းမှုံ[illegible]ကိုယ်ဝန်ကို သန္ဓေတည်စေသူသာ ဖြစ်၏။ ဤသူမည်သူနည်း။

ရဲခေါင်တစ်ယောက် လယ်ထဲတွင်နွားနှစ်ကောင်နှင့် လယ်ထွန်ရင်း စဉ်းစား၏။ ပျိုးကြရင်းတွေး၏။ အိပ်ရာထဲတွင်နဖူးပေါ်လက်တင်ရင်း အဖြေရှာ၏။ ယုတ်စွအဆုံး ရေအိမ်ဝင်ရင်းပင်အလွတ်မပေးချေ။ သို့သော် မြနှင်းမှုံကိုစော်ကားဖျက်ဆီးသူ မည်သူနည်းဆိုသည်ကို စဉ်းစား၍ တွေး၍ ကြံဆ၍ အဖြေမပေါ်နိုင်ခဲ့ပါချေ။

*

ရွာဦးကျောင်းတွင် ဥပုသ်နေ့ဖြစ်၍ သက်ကြီးများ၊ သက်လတ်များစုံ၏။

ကပ္ပိယကြီးအဘဦးအောင်မောင်း၊ ဦးချစ်မြ၊ ဆေးဆရာကြီး အဘထိုက်၊ အဘွားမျှင် ဆေးပြင်းလိပ်သမားလေး[illegible]လုံး လူစုံလာ၏။

ဆရာတော် အရှင်အာဒိစ္စဝံသ[illegible] တရားဟော၏။ ဥပုသ်စောင့်လာသူ ရွာသူရွာသားတို့မှာ ဆရာတော်၏တရား[illegible] တော်ကို ရိုသေစွာနာယူလေ၏။ ရဲခေါင်မှာလည်း ဆရာတော်၏တရားပွဲ[illegible] ရောက်နေ၏။

"ဘုန်းကြီး ဒကာ၊ ဒကာမ[illegible] အားလုံးကို လူတန်းစားနှစ်မျိုးကို ရှင်း[illegible] မယ်"

"မှန်ပါ့ဘုရား"

"တစ်မျိုးက စပါးနဲ့တူတဲ့လူ၊ တစ်မျိုးက ဆန်နဲ့တူတဲ့လူ လူတန်းစားနှစ်မျိုး"

"ဝ [illegible]ါ့ဘုရား"

"ဆန်နဲ့တူတဲ့လူဆိုတာကိုအစ[illegible] ဖွင့်ပြရရင် ဆန်ဆိုတာ ထမင်းအိုး[illegible] ထည့်၊ မီးထိုးပြီးချက်ပြုတ်လိုက်ရင် ထမင်း[illegible] ဘဝရောက်ပြီ။ လူတွေစားလိုက်တာ[illegible] ကုန်ဆုံးပျောက်ကွယ်ရတဲ့အဖြစ်။ တရား[illegible] စကားနဲ့ဆိုရင် ဒါန၊ သီလ၊ ဘာဝနာ ဘာတစ်ခုမှမပြုဘဲ စားဝတ်နေ[illegible] ကာမဂုဏ်နဲ့မှာနစ်ပြီးပျောက်ကွယ်[illegible] ကြတာ ဆန်လိုလူတန်းစားတွေပေါ့။ မျိုး[illegible] မပွားတဲ့ဆန်၊ မျိုးမပွားတဲ့လူတန်းစားတွေ[illegible] ပေါ့"

[illegible]ရားနာပရိသတ်ကြီးမှာ ဆရာ[illegible] တော်ကြီးတရားကြောင့် ခေါင်းညိတ်[illegible]၏။

"စပါးလိုလူတန်းစား ဆိုတာ[illegible] ၁ပါးဆိုတာ ပျိုးကြပြီးပြန်စိုက်လို့လ[illegible] ရတယ်။ ကြိတ်ခွဲလိုက်ရင်လည်း ဆန်[illegible] [illegible]ယ်။ နှစ်လမ်းသွားပေါ့ကွယ်။ ကဲ [illegible] ဘုန်းကြီးတို့တရားနာပရိသတ်ကော ဆန်[illegible] လိုလူဖြစ်ချင်သလား၊ စပါးလိုလူတွေ[illegible] လား"

တရားနာပရိသတ်ကြီးမှာ တစ်[illegible] တည်းထွက်၏။

"စပါးလိုလူပဲဖြစ်ချင်ပါတယ်ဘုရား"

"မှန်တယ်၊ စပါးလိုလူတွေပဲ ဘုန်း[illegible] ကြီးလည်းဖြစ်စေချင်ပါတယ်။ ရုပ်တရား[illegible] နာမ်တရားတွေကို ပိုင်းပိုင်းခြားခြားမ[illegible] ရင်လည်း ပုထုဇဉ်ဘဝက မလွတ်ဘူး[illegible] စပါးလိုသူတော့ဖြစ်ပါရဲ့၊ ရုပ်တရား၊ န[illegible] တရားတွေ ခွဲခြားမသိပြန်ရင်လည်း[illegible] တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆို[illegible] အပါယ်လေးပါးကမလွတ်ဘူး။ ပုည[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆယ်ပါးထဲက ပထမဆုံးသုံးပါးကို ကြီးရှင်းပြမယ်"

"တင့်ပါဘုရား"

"ပထမဆုံးပုညကြိယာဆယ်ပါးထဲ ခမ္မသဝနတဲ့၊ ဘာတဲ့"

"ဓမ္မသဝနပါဘုရား"

"ဟုတ်တယ်၊ ဒုတိယကတော့ ဒေသနာ၊ တတိယက ဒိဋ္ဌိဇုကမ္မတဲ့"

"မှန်ပါ့ဘုရား"

"ဓမ္မသဝနဆိုတာ တရားတော် ကြားချင်တာ၊ ဒုတိယ ဓမ္မဒေသနာ တာကိုတော့ ဘုန်းကြီးတို့လို တရား ကို ဟောပြောပြတာ ရှင်းရဲ့လား"

"ရှင်းပါတယ် ဘုရား"

"တတိယဒိဋ္ဌိဇုကမ္မဆိုတာကတော့ ရားစစ် တရားမှန်ကိုသိလို့ အယူမှန် သိတာ၊ ဗုဒ္ဓဘာသာဝင်စစ်စစ်တစ်ဦး မှာ ဖြစ်တာပေါ့၊ ရှင်းရဲ့လား ပရိသတ်

"ရှင်းပါတယ် ဘုရား"

"ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ သုံးရမှာနဲ့ ရမှာကို ခွဲခွဲခြားခြားနားလည်အောင် ကြီးပြောမယ်"

ပရိသတ်များမှာ ဆရာတော်ပြော ပြမည့်တရားကို အာရုံစိုက်နား ထောင်နေ၍ တိတ်ဆိတ်ငြိမ်သက်နေပါ

"သမုတိသစ္စာဆိုတာ ပါဠိလိုခေါ် ၊ နီပေါလူမျိုးတွေပြောတဲ့စကား။ မာအဓိပ္ပာယ်ကတော့ မသေခင်သုံးစွဲ ဝေါ် ပြောဆိုဆက်ဆံလို့ရအောင်ထား စကားလုံးတွေပေါ့။ အင်္ဂလိပ်က အင်္ ပ်လိုပြောပြမယ်။ တရုတ်က တရုတ် ပြောမယ်။ ကုလားက ကုလားလိုပြော ၊ တို့မြန်မာတွေက မြန်မာလိုပြော ဟာ သမုတိသစ္စာပေါ့၊ ဒကာ၊ ဒကာမ ရဲ့"

ပရိသတ်များမှာ စိတ်ဝင်တစ်စား ရုံစူးစိုက်နာယူနေ၏။

"သမုတိသစ္စာက မသေခင်သုံး ၊ သေရင် သေရွာအထိ စွဲစွဲလမ်း နဲ့ယူဆောင်သွားဖို့မလိုဘူး။ သမုတိ ဥပါဒါန်မကပ်ရဘူး"

ထိုအချိန်တွင် ရဲခေါင်၏ ဖခင် ချစ်မြမှာ ဆရာတော်ကြီး၏ရှေ့တွင် ကျုံ့လေးထိုင်နေ၍ ဆရာတော်ကြီး မေးပါသည်။

"ဒကာကြီး ဦးချစ်မြ"

"တင့်ပါဘုရား"

"ဒကာကြီးရဲ့အဖေနာမည်ဘယ် သူလဲ"

"ဦးထွန်းစိန်ပါ ဘုရား"

"ဟုတ်ပြီ၊ ဒကာကြီးရဲ့အဖေ နာမည် ဦးထွန်းစိန်ကို လောကလူ့ရွာမှာ ပြောဆိုဆက်ဆံလို့ရအောင် ဦးထွန်းစိန် လို့ သမုတ်ထားတာ၊ ခေါ်ဆိုကြတာ မဟုတ်ဘူးလား ဒကာကြီး"

"ဟုတ်ပါတယ် ဘုရား"

"ကောင်းပြီ၊ ဦးထွန်းစိန်ဆိုတဲ့ဒကာ ကြီးရဲ့ ဖခင်နာမည်ကို ကြားတိုင်းကြား တိုင်း ဒကာကြီးရဲ့စိတ်မှာ၊ အာရုံမှာ ဘယ်လိုခံစားရသလဲ"

• "မှန်ပါတယ် ဘုရား၊ အဖေ့နာမည် ဦးထွန်းစိန်ဆိုတဲ့အသံကို နားမှာကြား တိုင်း တပည့်တော်ရဲ့ဖခင် သဏ္ဌာန်စိတ် မှာပေါ်ပါတယ် ဘုရား"

"အဲဒါ သမုတိရဲ့စေ့ဆော်ချက်ပေါ့ ဒကာကြီး"

"တင့်ပါဘုရား"

"ဒီစေ့ဆော်ချက်ဆိုတာကလည်း အဖေ ဆိုတဲ့ အမှတ်သညာစွဲလမ်းခဲ့လို့။ အဲဒီအစွဲအလမ်းဖြစ်တဲ့ သမုတိသစ္စာကို သုံးရမှာလား၊ စွဲရမှာလား"

ပရိသတ်များမှာ မည်သူမျှမဖြေ ချေ။ ဆရာတော်ကိုယ်တိုင်ဖြေ၏။

"သုံးရမှာ မစွဲနဲ့၊ ဥပမာ ဒကာကြီး မှာ မိန်းမရှိခဲ့ဖူးတယ်မဟုတ်လား"

"ရှိခဲ့ဖူးပါတယ် ဘုရား"

"နာမည်က ဘယ်လိုခေါ်သလဲ"

"မကြာမှုံပါ ဘုရား"

"ကောင်းပြီ၊ဒကာကြီးရဲ့ဇနီးမယား မကြာမှုံဆိုတဲ့အမည်နာမကို ဒကာကြီးရဲ့ နားမှာကြားတိုင်း စိတ်မှာဘယ်လိုခံစား ရသလဲ"



"တပည့်တော်ရဲ့ဇနီးမယားနာမည် တူလေးဖြစ်တဲ့ မကြာမှုံဆိုတဲ့နာမည်လေး ခေါ်သံကြားမိတာနဲ့ တစ္ဆေတစ်ကိုတော့ ကြည့်လိုက်မိပါတယ် ဘုရား"

"အဲဒါ သမုတိသစ္စာရဲ့စေ့ဆော် ချက်ပေါ့ ဒကာကြီးရဲ့၊ မကြာမှုံ ဆိုတဲ့ အသံကို နားမှာ အမှတ်မထင်ကြားပြီး မျက်စိနဲ့မြင်လိုက်တော့ စိတ်မှာ မကြာမှုံ မဟုတ်ဘူးလို့သိတာလည်း သမုတိပဲ"

ဒကာ၊ဒကာမအပေါင်းမှာ သမုတိ သစ္စာကို သဘောပေါက်သွား၍ ဆရာ တော်ကို ဦးချကန်တော့ကြ၏။ ဆရာ တော်ကြီးမှာ နေ့ဆွမ်းဘုဉ်းပေးရန်အချိန် ကျ၍ တရားဝိုင်းခတ္တနား၏။

ရဲခေါင်မှာ ဆေးပြင်းလိပ်သမား လေးယောက်ကိုအကဲခတ်၏။ ပထမဆုံး ကပ္ပိယကြီးဦးအောင်မောင်း ဆေးပြင်း လိပ်သောက်ပြီးသည်နှင့် ဆေးပြင်းလိပ် ပြာကို စက္ကူလေးထဲခြွေချ၍ သူ၏ဆေး လိပ်ကို ကော်ဘူးလေးထဲ ပြန်ထည့်လိုက် ၏။ ရဲခေါင်မှာ သေသေချာချာ ဂရုတ စိုက်ကြည့်၏။

ရွာလယ်ပိုင်းမှ ဆေးဆရာကြီး အဘထိုက်ကတော့မူ ဆေးပြင်းလိပ်ပြာ ကို လက်ထဲခြွေချ၍ ပြာကိုလက်ကလေး ဖြင့် တို့၍တို့၍လျက်၏။ ပြီးမှ ဆေးလိပ် ကို သူ့တိုက်ပုံအင်္ကျီအိတ်ထဲထည့်လိုက် ၏။ အဘွားမျှင်ကိုမူ ရဲခေါင်မစူးစမ်းပါ ချေ။ နောက်ဆုံးတစ်ယောက်မှာ ရဲခေါင် အဖေ ဦးချစ်မြဖြစ်၏။ ရဲခေါင်ဖခင်မှာ ဆေးပြင်းလိပ်သောက်ပြီးသည်နှင့် ကြမ်း ပြင်တွင်ဖိ၍ ထိုးခြေငြိမ်းသတ်သည်ကို ရဲခေါင် တွေ့လိုက်ရလေတော့၏။ရဲခေါင် ၏ မျက်လုံးအစုံ ပြူးကျယ်ဝိုင်းစက်သွား သည်။

*

ပျိုးပင်လေးများထောင်နေကြ၏။ စပါးပျိုးပင်ဖြစ်၏။ ရာသီဥတုမှာ သဘောကောင်းနေသည်ဟု ထင်ရ၏။ မိုးမရွာချေ။

ရဲခေါင်မှာ လယ်ကွက်ထဲတွင် ရေ နည်းနည်းများနေ၍ ပေါက်တူးဖြင့် ကန် သင်းရိုးကို ခုတ်ချကာ ရေများကို ဖောက် ထုတ်နေသည်။ ထိုအချိန်မှာပင် ရဲမောင် တစ်ယောက် ရဲခေါင်အနီးကပ်လာ၏။

"ကိုကြီး"

ရဲခေါင်မှာ ရဲမောင်ကို ကြည့်လိုက် ၏။

"ဘာလဲ ညီလေး"

"မမမြနှင်းမှုံကိုစ္စ ကိုကြီးဘယ်လို

www.burmeseclassic.com

လုပ်မလဲ"

"ဘာကိုဘယ်လိုလုပ်ရမှာလဲကွ"

"ဗိုက်ကီစွကို ပြောတာလေ၊ ခု မမမြနှင်းမှုံ မွေးတော့မှာ"

"ဟေ့ကောင် ရဲမောင်၊ မင်းနဲ့မဆိုင်ရင် မဆိုင်သလိုနေတာကောင်းမယ်"

"ကိုကြီး ယောကျ်ားပါ"

"ဟ - ယောကျ်ားဖြစ်တာနဲ့ ဒီကိစ္စဘာဆိုင်လဲကွ"

"ဆိုင်တာပေါ့၊ ယောကျ်ားကောင်းဆိုတာ ကိုယ်လုပ်တဲ့ကိစ္စ ကိုယ်တာဝန်ယူရဲရတယ်ဗျ"

ရဲမောင်မှာ ဒေါသနည်းနည်းစွက်လာ၏။

"ဟေ့ကောင် ရဲမောင်၊ ငါ၀င်ကစွပ်ကောင်မဟုတ်ဘူး"

"ဒါကတော့ ခင်ဗျားအကြောင်း ခင်ဗျားအသိဆုံးဖြစ်မှာပေါ့ဗျာ"

"ဟေ့ကောင်၊ မင်းမိုက်ရိုင်းလှချေလား။ ဘယ်တုံးက ငါ့ကို ခင်ဗျားနဲ့ပြောဖူးလို့လဲ"

"ခုပြောတယ်ဗျာ၊ ခင်ဗျားလိုလူ စိတ်မရှိတဲ့အကြင်နာတရားခေါင်းပါးတဲ့လူကို အခုပြောတယ်"

"ဟာ - ဒီကောင်"

ရဲခေါင်မှာ ညီငယ်၏ မခန့်လေးစား ပြန်လှန်ပြောဆိုကို မခံစားနိုင်ဘဲ ပေါက်တူးကို ဆွဲကိုင်လိုက်၏။ ထိုအချိန်မှာ ဖခင်ဖြစ်သူဦးချစ်မြအသံကြားလိုက်ရတော့၏။

"ဟေ့ကောင်တွေ"

ရဲခေါင်နှင့် ရဲမောင်တို့နှစ်ယောက် စလုံးပင် ပြိုင်တူကြည့်လိုက်ကြ၏။

"ဟင် - အဖေ"

"မင်းတို့နှစ်ယောက် ဘာဖြစ်နေကြတာလဲ"

ရဲခေါင်မှာ ဖခင်ဖြစ်သူ ဦးချစ်မြကို တုံကျိဘာဝေနှုတ်ဆိတ်နေလိုက်၏။

"ဟေ့ကောင်၊ ငါမေးနေတယ်လေ"

ဦးချစ်မြကိုယ်တိုင်ပင် ဒေါသအနည်းငယ်စွက်သွား၏။

ရဲခေါင်မဖြေ၍ ညီငယ်ရဲမောင် ဖြေ၏။

"ဒီလိုပါ အဖေ၊ မမမြနှင်းမှုံကိုယ်ဝန်ရှိနေတယ်။ မမမြနှင်းမှုံဆီကို နေ့ရောညရော မပြတ်သွားနေတာ ကိုကြီးပဲ"

ဦးချစ်မြမှာ မြနှင်းမှုံကိုယ်ဝန်ကိစ္စဆို၍ မျက်နှာအနည်းငယ်ပျက်သွား၏။ သားကြီးရဲခေါင် မည်သို့ပြောမလဲဆိုသည်ကို အာရုံစိုက်လိုက်၏။

"ဟုတ်တယ်၊ ငါချစ်သူဆီကို နေ့လည်းသွားတယ်၊ ညလည်းသွားတယ်။ ဒါပေမယ့် ငါ့စိတ်ခွေးစိတ်မပေါက်ဘူး။ မယုတ်မာဘူး။ အောက်တန်းမကျဘူးကွ"

ဦးချစ်မြမှာ မေးကြောကြီးများ ထောင်လာ၏။ သက်ပြင်းချ၏။ သားကြီးရဲခေါင်ကိုကြည့်လိုက်၏။ ရဲခေါင်မှာ ဦးချစ်မြ၏အပြောကို မစောင့်တော့ချေ။ စပါးပျိုးပင်များ ပျိုးထောင်ထားသည့် အခြားလယ်ကွက်တစ်ခုသို့ ထွက်သွားတော့၏။ ဦးချစ်မြမှာ ရဲခေါင်ကို အော်၍ခေါ်၏။

"သားကြီး ရဲခေါင်"

ရဲခေါင်မှာ လှည့်မကြည့်ပါတော့ချေ။ မျက်ရည်များဝိုင်းနေသည့်မျက်ဝန်းအစုံကို သူ၏လက်ဖြင့် ဖိသုတ်လိုက်သည်။ ရဲခေါင်ငိုနေ၏။

"အဖေ"

"ပြော - သားငယ်"

"ရွာကာလသားခေါင်း ကိုကြီးအောင်ခန့်နဲ့ ကာလသားတွေအားလုံးကတော့ မမမြနှင်းမှုံကိုယ်ဝန်ဟာ ကိုကြီးရဲခေါင်ကိုယ်ဝန်လို့ပဲ စွပ်စွဲနေကြတယ်"

ဦးချစ်မြ ဘာစကားမှမပြောချေ။

"ပြီးတော့ သားတို့တစ်ရွာလုံးကလည်း ဒီကိုယ်ဝန်ပိုင်ရှင်ဟာ ကိုကြီးလို့ပဲ ပြောနေကြတယ် အဖေ"

ဦးချစ်မြ သက်ပြင်းတစ်ချက်ပြင်းပြင်းထန်ထန်ချလိုက်၏။

"သားငယ်ကကော ဘယ်လိုထင်လို့လဲ"

"သားကတော့ ကိုကြီးဆိုတာ ကြိမ်းသေသိလို့ ကိုကြီးကိုပြတ်ပြတ်သားသားပဲ မမမြနှင်းမှုံကိုယ်ဝန်ကိုတာဝန်ယူဖို့ပြောရတာပေါ့ အဖေ"

ဦးချစ်မြမှာ သားငယ်ကို အားလျော့နွမ်းလှစွာကြည့်လိုက်ပါ၏။

"ပြန်ကြပါစို့ သားရယ်၊ ဒီကိစ္စ အဖေစဉ်းစားပါ့မယ်"

ရဲခေါင်၏အဖေ ဦးချစ်မြနှင့် ညီငယ်ရဲမောင်တို့ ပြန်သွားကြပြီး မကြာမီ ရွှေရင်းငြိမ်ရွာ၏ ကာလသားခေါင်း အောင်ခန့်နှင့် ကာလသားတစ်စုရောက်ချလာ၏။ ရဲခေါင်စဉ်းစားမိလိုက်၏။ မြနှင်းမှုံပြဿနာမှတစ်ပါး အခြားမရှိပင်ဖြစ်မည်။

"ကိုရဲခေါင်"

ရဲခေါင်ပြန်၍မထူးပါ။ ခေါင်းကိုငုံ့စောင်း၍သာကြည့်လိုက်သည်။

"မြနှင်းမှုံ ကလေးမွေးတော့မယ်"

"ကျုပ်ဘာလုပ်ပေးရမလဲ ... အောင်ခန့်"

"မြနှင်းမှုံဟာ ကျွန်တော်တို့မြန်... မိန်းကလေးတစ်ဦးပါ"

ရဲခေါင်မျက်မှောင်ကြုတ်၍ ... စားနေပုံရ၏။

"ကိုယ့်မြန်မာလူမျိုးချင်း ရိုင်းပ... သင့်တယ်လို့ ကျွန်တော်ထင်တယ်"

"ရှင်းရှင်းပြော ကိုအောင်ခန့်"

"မြနှင်းမှုံကို ခင်ဗျားလက်ထပ်... အမိန့်ပေးတာမဟုတ်ပါဘူး။ မေတ္တာ... ခံတာပါ"

"ကျုပ်စဉ်းစားမယ် ကိုအောင်ခန့်"

အောင်ခန့်မှာ ရဲခေါင်၏လက်... ဆုပ်ကိုင်လိုက်၏။ မျက်ရည်များဝေ... နေသော ရဲခေါင်၏မျက်ဝန်းတစ်စုံ ... လိုက်ရ၏။ အောင်ခန့်စဉ်းစားရကျပ်သွား... သည်။

အောင်ခန့်နှင့် ရွာကာလသား... များ ပြန်သွား၍ မကြာမီ ထမင်းတော... ရွက်ပြီး ပန်းမှုံ ရဲခေါင်ထံရောက်လာ... ၏။

"ကိုကိုကြီး၊ ပန်းမှုံတစ်ခုမေး... နော်၊ ကိုကိုကြီးစိတ်ဆိုးမှာလား"

"မြနှင်းမှုံကိစ္စမဟုတ်လား ညီမ... လေး"

ပန်းမှုံမှာ ခေါင်းညိတ်ပြ၏။

"ညီမလေးမမေးနဲ့၊ ကိုကိုကြီး... တာကို အရင်ဖြေ။ ပဉ္စနန္တရိယ... ဆိုတာ ကြားဖူးလား"

"ကြားဖူးတယ်"

"ပဉ္စနန္တရိယကံဆိုတာ ... မိဘ၊ ဆရာသမားတွေကို သတ်တဲ့... တွေပေါ့၊ ငရဲမှာအချိန်အကြာကြီး... တယ်။ ကိုကိုကြီးငရဲကျမှာ ညီမ... ကြည့်ရက်သလား"

"ဟင်- ညီမလေးချစ်တဲ့ ကိုကို... ကို မကြည့်ရက်ပါဘူး"

"ကောင်းပြီ၊ မိဘဆိုတာ သ... မဆိုထားနဲ့၊ စိတ်နဲ့တောင် မပြစ်မှား... ဘူးဆိုတာ ကိုကြီးသိတယ်။ ညီမ... ကောယုံလား"

"ယုံတာပေါ့ ကိုကိုကြီးရဲ့"

"မြနှင်းမှုံပြဿနာမှာ ကိုကြီး ... နန္တရိယကံကြီးမထိုက်ချင်ဘူး"

"ဟင်-ကိုကြီးစကားကြီးက... ဝေ့လည်ကြောင်ပတ်ကြီး၊ ညီမလေး... မလည်ဘူး"

"ဒီပြဿနာမှာ ကိုကြီး... သွားခဲ့လို့ ညီမလေးတွေခေါ်... တဲ့အခါကျရင် အဖြေပေါ်လာမှာ...



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေး ခေါင်းတောင်ရှုပ်သွားပြီ ညီမလေးသိချင်တာက မမမြနှင်းမှုံ ကိစ္စသိချင်တာ"

"ညီမလေးက ဦးနှောက်ကြီးကြီးနဲ့ မစဉ်းစားဘဲ ဖြုတ်ဦးနှောက်နဲ့စဉ်းစားတာ ပဲ၊ ကိုကြီး ညီမလေးကို လောကမာရ ဇိန်ဘုရားမှာ သစ္စာတိုင်ပြီး ပြောခဲ့တယ်။ မြနှင်းမှုံကိုယ်ဝန်က ကိုကြီးကိုယ်ဝန် မဟုတ်ဘူး"

"ဒါဖြင့်ရင် ဘယ်သူ့ကိုယ်ဝန်လဲ ကိုကြီး"

"ကိုကြီးဖြေပြီးပြီလေ ညီမလေးရဲ့"

ညီမလေးပန်းမှုံ၏ မျက်စောင်းထိုးခြင်းကို ရဲခေါင်ခံလိုက်ရပြီး ရဲခေါင်မျက်နှာတွင် မပြုံးတာကြာမြင့်ခဲ့ပြီဖြစ်သော အပြုံးပန်းတစ်ပွင့်ပွင့်သွားပါတော့၏။

*

နီနီရဲရဲ နေလုံးကြီး အနောက်ဝေါယာကျွန်းသို့ ဝင်တော့မည်ဖြစ်၏။ ထိုအချိန်မှာပင် ကာလသားခေါင်းအောင်ခန့်နှင့် ရွှေရင်းငြိမ်ရွာ၏ လူငယ်ကာလသား ကိုးယောက်ခန့် ရဲခေါင်ထံရောက်လာ၏။ ညီမလေးပန်းမှုံ ပြန်သွားပြီးမှဖြစ်၏။ လူငယ်တွေအားလုံးမှာ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်လာကြ၏၊ ရဲခေါင်မှာ ထိုလူသိုက်ကိုကြည့်၍ အံ့ဩသွားသည်။ ကာလသားခေါင်း အောင်ခန့်အား ကြည့်ကာ မေးလိုက်၏။

"ဘာကိစ္စလဲ ကိုအောင်ခန့်"

အောင်ခန့်ကမူ အဖြေမပေးပါ။ မကျေမနပ် စူးစူးဝါးဝါးကြည့်နေ၏။

"မင်းကိုသတ်မလို့ ရဲခေါင်"

ရွာလူငယ်တစ်ဦးကဖြေ၏။ရဲခေါင် အသံကြားရာ ရှာဖွေကြည့်လိုက်၏။

"ဘာဖြစ်လို့သတ်ချင်တာလဲကွ"

ထိုအခါမှ ကာလသားခေါင်း အောင်ခန့်က ဖြေ၏။

"မြနှင်းမှုံ ကလေးမွေးရင်း ဆုံးသွားပြီ ရဲခေါင်"

"ဟင်"

ရဲခေါင် အံ့ဩတုန်လှုပ်သွား၏။

"ဖြစ်ရလေမှုံရယ်"

"အဲဒီကိစ္စဟာ မင်းယောကျ်ားပီပီ တိယ်ပြုတဲ့အမှု ကိုယ်တာဝန်မယူရဲလို့ အပြစ်မဲ့တဲ့မိန်းကလေးသေရတာ"

"ဟေ့ - ပြောနေတာကြာတယ် ဟေ့"

"ဟုတ်တယ်၊ ဒီလိုလူမဆန်တဲ့ ကောင်မျိုး တို့ရွှေရင်းငြိမ်ရွာမှာ မထားနဲ့။ ရှာနာတယ်"

"ချကွာ၊ သတ်ကွာ"

လူအုပ်ကြီးမှာ ရဲခေါင်အား ထုထောင်းရိုက်နှက်ရန် တိုးကပ်လာ၏၊ ရဲခေါင်မှာ လူအုပ်ကြီးအား ခုခံတိုက်ခိုက်ကာကွယ်ရန် လက်နက်ဆို၍ အပ်တိုတစ်ချောင်းပင် မရှိဖြစ်နေ၏။

"ဟေ့ကောင်တွေ"

ထိုစဉ်အခိုက်မှာပင် ဦးချစ်မြ၏ အသံကြီး ကြားလိုက်ရ၏။ ဦးချစ်မြ၏ လက်တွင်း၌ ငှက်ကြီးတောင်ဓားတစ်ချောင်းအဆင်သင့်။

"ငါ့သားရဲခေါင်မှာ ဘာအပြစ်မှ မရှိဘူးကွ။ ငါ့သားကို မသတ်ခင် ငါနဲ့ အရင်ဆုံး ရင်ဆိုင်ကြ။ လာခဲ့"

ဦးချစ်မြမှာ ငှက်ကြီးတောင်ဓားကို ဆုပ်ကိုင်၍ လူငယ်ထုတစ်ခုလုံးကို ရင်ဆိုင်လိုက်၏။ လူငယ်များနှင့် ကာလသားခေါင်းအောင်ခန့်ကိုယ်တိုင် နောက်ဆုတ်သွားကြ၏။

"ဟေ့ကောင်တွေလာကြလေကွာ"

"ဦးလေး၊ ကျွန်တော်တို့ရှင်းပြပါရစေဦး"

"ရှင်းပြမနေနဲ့ အောင်ခန့်၊ ကြာတယ်၊ ရှာနာတယ်ဆိုကွ လာကြပါ"

ငှက်ကြီးတောင်ဓားတစ်ချောင်းနှင့် ဦးချစ်မြက ရှေ့တိုး၏။ ကာလသားခေါင်းအောင်ခန့်ကိုယ်တိုင် နောက်ကိုဆုတ်၏။ လူငယ်ကာလသားအချို့ ရွာသို့ပြန်ပြေး၏။ ထိုအချိန်မှာပင် ရဲခေါင်မှာ အောင်ခန့်နှင့် ဖခင်ဖြစ်သူ ဦးချစ်မြကြားတွင်ဝင်၍ရပ်၏။

"အဖေ၊ သားပြဿနာသားကိုယ်တိုင်ရှင်းပါရစေ"

"အာဠာဝကဘီလူးကို ရွှေပြည်အေးတရားဟောလို့ မရဘူးသား။ တန်ခိုးပြပြီး ဆုံးမမှရမှာ။ သား နောက်ဆုတ်"

"အခုပြဿနာကမြနှင်းမှုံပြဿနာ အဖေ။ အဖေနဲ့ ဘာမှမဆိုင်ဘူး၊ အဖေ ဖယ်ပါ"

"မြနှင်းမှုံပြဿနာဆိုရင် မင်းနဲ့ပို ပြီးမဆိုင်သေးတယ် ရဲခေါင်၊ မင်းသာ နောက်ဆုတ်စမ်း"

ထိုအချိန်မှာပင် ရွာသို့ပြန်ပြေးကြသောကာလသားတို့မှာ ရွှေရင်းငြိမ်ရွာ၏ ရွာလူကြီးသူမများအားလုံးကို ခေါ် ချလာ၏။

"ကိုချစ်မြ၊ စိတ်ထိန်းပါဗျာ။ ဒီပြဿနာက တုတ်တွေ၊ ဓားတွေနဲ့ ရှင်းရမယ့်ပြဿနာမဟုတ်ပါဘူးဗျာ"

"ဟုတ်ပါတယ် ကိုချစ်မြရယ်"

"ဟုတ်ပါတယ်တော်၊ ကျွန်မသား အောင်ခန့်များရင်လည်း ကျွန်မကိုယ်တိုင် ရိုကြီးခိုးပြီးတောင်းပန်ပါ့မယ် ကိုချစ်မြ ရယ်"

ဦးချစ်မြမှာ ငယ်ပေါင်းရောင်းရင်းကြီး ဦးပန်းထွေး၏ဇနီးကိုယ်တိုင် လယ်ထဲသို့ လိုက်ပါတောင်းပန်နေ၍ သက်ပြင်းကြီးတစ်ချက်ချကာ ငှက်ကြီးတောင်ဓားကို မြေပြင်သို့ထိုးစိုက်ချလိုက်သည်၊ အောင်ခန့်နှင့် လူငယ်အားလုံးပြန်သွားကြ၏။

ထိုအချိန်မှာပင် ရွာဦးကျောင်းမှ ကပ္ပိယကြီးအပြေးတစ်ပိုင်းဖြင့်ရောက်လာ၏။

"ဦးချစ်မြနဲ့ဒီကလူတွေအကုန်လုံးကို ဆရာတော်ဘုရားက အခုချက်ချင်း လာခဲ့ပါတဲ့ဗျို့"

ရွာဦးကျောင်းဆရာတော်၏အမိန့်ဆို၍ မည်သူမျှမငြင်းသာချေ။

*

"ဒကာကြီး ချစ်မြ"

"ဘုရား"

"ဒကာကြီးက လူမိုက်လား"

"မဟုတ် . . မဟုတ်ပါဘူး ဘုရား"

"လူမိုက်ဆိုတာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို လားရောက်ရတယ်ဆိုတာ ဒကာကြီးသိလား"

"သိပါတယ် ဘုရား"

"သိတယ်ဆိုပေမယ့် ယုံကောယုံရဲ့လား"

"ယုံပါတယ် ဘုရား"

"ဘုရားပွင့်နေတဲ့ကာလမှာတောင် ရပ်ပြစ်ရှစ်ပါးဆိုတာရှိတယ် ဒကာကြီး၊ ငရဲဘုံမှာကျနေရင် ဘုရားနဲ့တွေ့ပါ့မလား"

"မတွေ့နိုင်ပါဘူး ဘုရား"

"ဘုရားရှင်ပရိနိဗ္ဗာန်ပြုသွားပေမယ့် ဘုရားရဲ့တပည့်သာဝကတွေနဲ့ကော"

"မတွေ့နိုင်ပါဘူး ဘုရား"

"တိရိစ္ဆာန်ဘုံမှာဖြစ်နေရင်ကော"

"ဒါလည်း မတွေ့နိုင်ပါဘူးဘုရား"

"ပြိတ္တာဘုံမှာဆိုရင်ကော"

"ဒါလည်း မတွေ့နိုင်ပါဘူးဘုရား"

"ဘုရား၊ ရဟန္တာတွေမရောက်နိုင်မယ့်အရပ်ဒေသမှာလူဖြစ်နေရင်ကော"

"ဒါလည်းမတွေ့နိုင်ပါဘူး ဘုရား"

"ဉာဏ်မရှိ ကိုယ်အင်္ဂါချို့တဲ့နေရင်ကော"

"ဒါလည်း တရားမရနိုင်ပါဘူး ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ - တွေ့နိုင်တယ်ထားပါဦး။ ဘုရားတရားကိုသိနိုင်ပါ့မလား၊ နာကြားနိုင်ပါ့မလား"

"မသိနိုင်ပါဘူး ဘုရား"

"မိစ္ဆာဒိဋ္ဌိအယူရှိတဲ့သူတွေထဲမှာ လူသွားဖြစ်ရင်ကော"

"ဒါလည်းမသိနိုင်ပါဘူးဘုရား"

"အသညသတ်ဗြဟ္မာနဲ့ အရူပဗြဟ္မာကြီးတွေဖြစ်နေရင်ကော"

"သူတို့လည်း တရားမရနိုင်ပါဘူး ဘုရား"

"ဘုရားမပွင့်တဲ့အချိန်မှာ လူဖြစ်ခဲ့ရင်ကော"

"မှန်ပါတယ်ဘုရား၊ သံသရာခရီးကကြောက်ဖို့ကောင်းပါတယ်ဘုရား"

"တကယ်ကြောက်ရင် သူများအသက်ကို မသတ်နဲ့"

"မှန်ပါ့ဘုရား၊ တပည့်တော် သူများအသက် မသတ်တော့ပါဘူး ဘုရား"

"သာဓုဗျာ သာဓု၊ သာဓု၊ သူများအသက်မသတ်ပါဘူးဆိုတဲ့ အာမဘန္တေကို ဒကာကြီးဝန်ခံတဲ့အတွက် ဘုန်းကြီးသာဓုခေါ်တာ။ ကောင်းပြီ၊ သူများဥစ္စာပစ္စည်းတွေကိုခိုးဖို့ကော မခိုးပါဘူးဆိုတဲ့ အာမဘန္တေခံနိုင်ပါ့မလား"

"အာမဘန္တေခံနိုင်ပါတယ် ဘုရား"

"ဒါဆိုရင်လည်း သာဓုထပ်ခေါ်ရတာပေါ့ သာဓု၊ သာဓု၊ သာဓု။ ကောင်းပြီ သူများအသက်လည်း မသတ်ဘူး၊ သူများပစ္စည်းဥစ္စာကိုလည်းမခိုးပါဘူးဆိုတဲ့ အာမဘန္တေရယ်၊ နှစ်ပါးသီလကိုလုံခြုံပြီးရင် သုံးပါးသီလဖြစ်အောင် မုသာဝါဒဆိုတဲ့ လိမ်ညာလှည့်စားပြောဆိုခြင်းကလည်းရှောင်ကြဉ်နိုင်ပါ့မလား။ စဉ်းစားပြီးမှဖြေနော် ဒကာကြီး"

"မုသာဝါဒကံကိုတော့ တပည့်တော် အပြည့်အဝမရှောင်နိုင်ဘူးဘုရား"

"ကောင်းပြီ၊ ဒကာကြီးကမရှောင်နိုင်ရင် ဘုန်းကြီးကလည်း သာဓုမခေါ်နိုင်ဘူး ဒကာကြီး။ ကဲ - အရက်သေစာကျတော့ ရာနှုန်းပြည့်ရှောင်နိုင်ရဲ့လား"

"အရှင်ဘုရားကို ဒီနေ့ကစပြီး သုရာမေရယဆိုတဲ့ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ပါ့မယ်ဆိုတဲ့သိက္ခာပုဒ်ကိုပါ စောင့်ထိန်းပါ့မယ်ဆိုတာ ရဲရဲကြီးကတိပြုပါတယ်"

"သာဓု၊ သာဓု၊ သာဓု။ သုံးပါးသီလလုံခြုံပြီဆိုရင် သူများသားမယား၊ သားသမီးတွေကို စော်ကားဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ပါ့မယ်ဆိုတဲ့ အာမဘန္တေကတိကိုကောဒကာကြီးပေးနိုင်ပါ့မလား"

ဦးချစ်မြ၏ နားအစုံကို မိုးကြိုးဆယ်စင်း တစ်ပြိုင်တည်းပစ်ခတ်လိုက်လေသလားဟု ထင်လိုက်၏။ ရွာဦးဆရာတော် ရှင်အာဒိစ္စဝံသ၏မျက်နှာကိုလည်း စူးစူးစိုက်စိုက်ပြန်ကြည့်မိ၏။ သူ့ကိုများ ရည်စူးပြီး ပြောလိုက်လေသလားဟု ခံစားမိ၏။

"တပည့်တော်၊ ဒီသီလကိုမစောင့်ထိန်းနိုင်ပါဘူး ဘုရား"

ဆရာတော်ကိုယ်တိုင် ဦးချစ်မြကိုကြည့်ကာ အံ့သြမိလေ၏။

"ဒကာကြီးချစ်မြ၊ လူမိုက်နဲ့ လူလိမ္မာတို့ရဲ့ခြားနားချက်ကိုသိလား"

"မသိပါဘူးဘုရား"

"လူမိုက်နဲ့ လူလိမ္မာဆိုတာ အတိတ်ကလာတုန်းကအတူတူပဲ ဒကာကြီး၊ အဝိဇ္ဇာတဏှာနဲ့စခဲ့ကြတာ။ ပစ္စုပ္ပန်ကာလမှာ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်သွင်း,မသွင်းပေါ်မှာပဲကွာတယ်။ လူလိမ္မာက တရားသိတယ်။ အားထုတ်တယ်။ မဂ်ပွားများတယ်။

လူမိုက်ကျတော့ တရားမသိဘူး။ အားလည်းမထုတ်ဘူး။ မဂ်မပွားများဘူးပေါ့ကွယ်။ ကဲ၊ ကဲ - ဦးချစ်မြလည်း ပြန်ဦး။ ဘုန်းကြီး ဘုရားဆောင်ဝင်ပြီး တရားအားထုတ်လိုက်ဦးမယ်"

"တင့်ပါ့ဘုရား"

ဦးချစ်မြမှာ ဆရာတော်အား ဝတ်ဖြည့်၍ ထပြန်သွားပါသည်။

အမှန်မှာ ဆရာတော်သည် ဦးချစ်မြအား ဥပေက္ခာပြုလိုက်ခြင်းပင် ဖြစ်၏။ သူတော်ကောင်းတို့၏ ဥပေက္ခာသည် သတ္တဝါတို့၏ နစ်နာမှုသာ ဖြစ်လေ၏။ ပပဉ္စတရားသုံးပါးရှိ၏။ တဏှာ၊ မာန၊ ဒိဋ္ဌိဟူ၏။ သံသရာချဲ့သည့်တရားဖြစ်၏။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာဟုထင်၏။

ဤသည်ပင် သံသရာလည်လေတော့၏။

*

ရဲခေါင်မှာ မြနှင်းမှုံ၏အလောင်းရှိရာသို့ ညမှောင်မှောင်တွင်သွား၏။ မျက်ရည်ကျ၏။

"သွားပေတော့ မြနှင်းမှုံရယ်။ နင့်အပေါ်မှာ ငါမယုတ်မာခဲ့ဘူးဆိုတာ နင်အသိဆုံးပါဟာ"

မြနှင်းမှုံအလောင်းမြေမကျမီပင် ရဲခေါင်မှာ ရွှေရင်းငြိမ်ရွာမှ ထွက်ခွာသွား၏။ ညီမလေးပန်းမှုံကိုဖွင့်ပြောခဲ့၏။ ပန်းမှုံမှာ ဖခင်ဖြစ်သူ ဦးချစ်မြကို ပြော၏။ ဦးချစ်မြမှာ သားကြီး အိမ်မှထွက်ခွာသွားသည်ကိုသိ၍ စိုးရိမ်ပူပန်စွာဖြင့်လို
ခေါ်၏။

"သား၊ သားရေ၊ ဘယ်မှမသွား
နဲ့သားရယ်"

"အဖေသားနောက်မလိုက်ခဲ့
အဖေ့အိမ်မှာ သားမနေပါရစေနဲ့"

"ဘာဖြစ်လို့ အဖေ့အိမ်မှာမ
ချင်ရတာလဲသား"

ရဲခေါင်မှာ မြနှင်းမှုံအနီးမှ
ဆေးပြင်းလိပ်ကို ထုတ်၍ပြ၏။

"ဒီဆေးပြင်းလိပ်တိုက ဘာ
သား"

"ဒီဆေးပြင်းလိပ်တိုက လွန်ခဲ့
လကျော်က မြနှင်းမှုံအခန်းထဲက
ခဲ့တာ"

ဦးချစ်မြ သဘောပေါက်သွား
တော့သည်။

မြနှင်းမှုံ၏အိပ်ခန်းတွင်းသို့
ထိုးခြေခဲ့သော ဆေးပြင်းလိပ်အတို
တွေးမိသွား၏။

ဦးချစ်မြတစ်သက်တွင် အကြီး
ဆုံးသော အရှုက်ကြီးတစ်ရှက်ပင်
တော့၏။ သားကြီးဖြစ်သူ ရဲခေါ
မျက်နှာကိုပင် မကြည့်ရဲတော့ပါချေ။

ထိုညက သမီးမျက်နှာကို
ကြီးကြည့်၏။ အရက်များသောက်၏
လင်းသော် ဦးချစ်မြမှာ အိမ်နောက်
သစ်ပင်ကြီးတစ်ပင်တွင် ကြိုးဆွဲ
သေနေသည်ကို တွေ့ရလေတော့၏

ရွှေရင်းငြိမ်ရွာ၏ သုသာန်
မကြာမီကာလအတွင်း အုတ်ဂူလေး
လုံး ပေါ်လာ၏။ တစ်လုံးတွင် အ
နာမ ရေးထိုးထားသည်ကား -

'မြနှင်းမှုံ' ဟူ၍ရေးထိုးထား
၏။

အခြားတစ်လုံးတွင် ရေးထိုး
သည့်အမည်နာမသည်ကား -

'ဦးချစ်မြ' ဟူ၍ပင် ဖြစ်ပေ
၏။

ရဲခေါင်မှာ ရွာဦးဆရာ
ရှင်အာဒိစ္စဝံသထံတွင် ရဟန်းဝတ်
လေတော့၏။

'ခန္ဓာက လောင်စာထင်း၊
ဇရာ၊ မရဏက မီး'

သံသရာတစ်လျှောက်လုံးမှာ
နတ်၊ ဗြဟ္မာ ဘယ်ခန္ဓာပဲရရ လော
ထင်းနှင့် မီး တွဲနေတာသာ ဖြစ်ပေ
သတည်း။

နန္ဒဝင်းဇော်



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဆက်ထွန်းလင်း
(အထွေထွေ)

# “ကြ့သရမ္မူလီအရွက်ကင်ဆာရောဂါတကယ်ပျောက်သလား”
# ဆောင်းပါးနှင့်ပတ်သက်၍
# ရိုးရာဆေးပညာရှုထောင့်မှသုံးသပ်ခြင်း

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလထုတ် သုရွှေမဂ္ဂဇင်း အတွဲ (၁၅)၊ အမှတ် (၁) ဆောင်းပါးရှင် ဆရာထွန်းအောင်ရင်၏ ‘ကြ့သရမ္မူလီအရွက် ကင်ဆာရောဂါ တကယ်ပျောက်သလား’ ဆောင်းပါးနှင့် ပက်သက်ပြီး သဘောမတူသည့် အချက်များကို ဝေဖန်ဆွေးနွေးလိုပါသည်၊ အမှန်တကယ်အားဖြင့် ဆိုရပါမူ ဆောင်းပါးရှင် ဆရာထွန်းအောင်ရင်သည် ဤဆောင်းပါးကို သူ၏သဘောထားအမြင်အရ ဖော်ပြထားခြင်းတော့ မဟုတ်ပေ။ ၁၃-၃-၂၀၁၃ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်မှ စာရေးသူများ ဖြစ်ကြသော အိသဉ္ဇာကျော်နှင့် သွယ်ဆန်းအောင်တို့ ရေးသား တင်ပြထားသော ကြ့သရမ္မူလီနှင့် ပတ်သက်သည့်မှတ်တမ်းဆောင်းပါးကို တစ်ဆင့်ကိုးကား၍ ရေးသားဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

အဆိုပါ ဆောင်းပါးရှင်များကလည်း ကြ့သရမ္မူလီမှတ်တမ်းဆောင်းပါး၌ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်း၍ ရေးသားခဲ့ကြခြင်း ဖြစ်ပါသည်။ ထိုဆောင်းပါးတွင် ပါဝင်သော အဓိကကျသည့်အချက်များဆိုသည်ကို ပြန်လည်၍ ကောက်နုတ်ဖော်ပြပါမည်။

### ကြ့သရမ္မူလီဆေးရွက်သည် ကင်ဆာရောဂါကို ထိရောက်မှုမရှိစေနိုင်သည့်အပြင် ကင်ဆာရောဂါကိုပင် အားပေးပြန့်ပွားစေနိုင်သော ဒြပ်ပေါင်းများစွာပါဝင်နေသည်ဟု အတည်ပြုလာသော ဆေးသုတေသန(အောက်မြန်မာပြည်)၏ သဘောထားမှတ်ချက်

မြန်မာတိုင်းရင်းဆေးပင်မျိုးတွင် ပါဝင်သော ကြ့သရမ္မူလီပင်မှ အရွက်



တွင် ကင်ဆာဖြစ်ပွားနိုင်သော ဓာတုပစ္စည်းတစ်မျိုးပါဝင်နေသည့် Aristolochic Acid ပါဝင်နေကြောင်း ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဆေးဝါးအဆိပ်သုတေသနဌာနမှ ဒေါက်တာခင်ချစ်က ပြောကြားခဲ့သည်။

ထို့ပြင် ထိုအရွက်ကို နေ့စဉ်စားသုံးခြင်းဖြင့် ကျောက်ကပ်ပျက်စီးသွားနိုင်ပါသည်။ ကျောက်ကပ်ကင်ဆာဆက်၍ ဖြစ်နိုင်သည်။

အဆိုပါ ကြ့သရမ္မူလီပင်သည် Aristolochia မျိုးစုတွင်ပါဝင်ပြီး မျိုးစိတ်ပေါင်း (၅၀၀) ကျော်ရှိ၍ မြန်မာ့တိုင်းရင်းဆေးများတွင် ထည့်သွင်း အသုံးပြုသောဆေးပင်ဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ရက္ခဗေဒပညာရှင် ဒေါ်သီတာဆွေက ဖော်ထုတ်ပေးခဲ့သည်။

အသည်းရောင်အသားဝါ၊ B ပိုး၊ C ပိုး၊ ကင်ဆာရောဂါ၊ အဆစ်အမြစ်ကိုက်ခဲခြင်းရောဂါများကို ကြ့သမ္မူလီ အရွက် (၂) ရွက်မှ (၄)ရွက်အထိ စားလျှင် ပျောက်ကင်းသည်ဟုသတင်းထွက်ပေါ်လာပြီးနောက် ကြ့သရမ္မူလီရွက်များ ရောင်းကောင်းလာသဖြင့် (၁၀) ရွက်လျှင် ကျပ် (၃၀၀၀) မှ (၅၀၀၀)အထိပင် ဈေးပေါက်ခဲ့သည်။ လူအများ စားသုံးလာခြင်းကြောင့် တိုင်းရင်းဆေးဦးစီးဌာနနှင့်ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဆေးဝါးအဆိပ်သုတေသနဌာနတို့ ပူးပေါင်းကာ ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြလေသည်။

ထိုသို့စမ်းသပ်စစ်ဆေးချက်အရ ကြ့သရမ္မူလီအရွက်မှသတ္တုရည်ကိုထုတ်၍ ကြွက်များကို တိုက်ကျွေးပြီး (၁၄) ရက်ကြာ စောင့်ကြည့်ခဲ့ကြသည်။ ထိုစမ်းသပ်ခံကြွက်များကိုစစ်ဆေးကြည့်ရာ ကျောက်ကပ်ထိခိုက်မှုကိုပြသော Urea နှင့် Creatinine ပမာဏမှာ 2G/ kg ပမာဏအထိ မြင့်တက်လာပြီး Urea Creatinine ပမာဏမှာ သိသိသာသာဖြင့် တက်လာကြောင်း စစ်ဆေးတွေ့သိကြရသည်။ ယင်းသို့မြင့်တက်လာမှုကြောင့် ကြွက်များ၏ ဦးနှောက် နှလုံး၊ အဆုတ်၊ ကျောက်ကပ်၊ ဗေလုံး၊ အစာအိမ်၊ အူသိမ်၊ အူမကြီးများအားလုံးကို ဖြင်ပသို့ ထုတ်ယူစစ်ဆေးခဲ့ကြသည့် အသားများကို အလွှာလိုက်လှီးဖြတ်၍ အဏုကြည့်မှန်ပြောင်းဖြင့် ထပ်မံစစ်ဆေးကြည့်သောအခါ ကျောက်ကပ်များရောင်ရမ်းနေပြီး သွေးယိုစီးမှုများကိုတွေ့ရှိကြရ၍ ထိုကြ့သရမ္မူလီဆေးရွက်သည် ကျောက်ကပ်ကို လုံးဝပျက်စီးသွားစေနိုင်ကြောင်း သိပ္ပံနည်းကျ စစ်ဆေးတွေ့ရှိခဲ့ကြသည်။ ကင်ဆာရောဂါကို အားပေးပြန့်ပွားစေနိုင်သောဒြပ်ပေါင်းများစွာပါဝင်နေသည်ဟု အတည်ပြုထားသောဆေးရွက်ဖြစ်သည်ဟု ဖော်ပြထားပါသည်။

အဆိုပါ ဖော်ပြထားသည့် အကြောင်းခြင်းရာတို့သည် သိပ္ပံနည်းကျစွာဖြင့် စနစ်တကျ စမ်းသပ်တွေ့ရှိချက်များဟု ဆိုသော်လည်း လိုအပ်ချက်လစ်ဟာချက်များစွာ ရှိနေပါသည်၊ လူအများ၏အမြင်တွင် သိပ္ပံနည်းကျသည် စနစ်ကျသည်ဆိုလျှင် ထွက်ပေါ်လာသော ရလဒ်သည် အမှန်ဟု ယေဘုယျအားဖြင့် ထင်မြင်ယူဆတတ်ကြပါသည်။

လောက၏ ဖြစ်ပြီးခဲ့သမျှသော



www.burmeseclassic.com

www.burmeseclassic.com

ဆေးပညာဆိုင်ရာသမိုင်းဖြစ်စဉ်အချို့ကို ပြန်ပြောင်းသုံးသပ်ကြည့်ပါက မည်မျှပင် သိပ္ပံနည်းကျသည်ဖြစ်စေ၊ စနစ်ကျသည် ဖြစ်စေ ချို့ယွင်းချက်၊ အားနည်းချက်များ ရှိခဲ့သည့် သာဓကများစွာကို တွေ့ရှိရမည် ဖြစ်ပါသည်။ ထို့ကြောင့် ပါဝင်သည့်အချက်အလက်တိုင်းကို ထောင့်စေ့အောင် သုံးသပ်ရန်လိုအပ်မည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကိစ္စသည် ရုက္ခမူဘယဆေးပင်တစ်ပင်နှင့် ပတ်သက်သည့်ကိစ္စဟု ဆိုသော်လည်း တစ်ဆင့်တက်စဉ်းစားပါက မြန်မာ့တိုင်းရင်းဆေးပညာတစ်ခုလုံး၊ ရိုးရာဆေးပညာရပ်ကြီးတစ်ခုလုံးအပေါ်၌ ဂယက်ရိုက်ခတ်လာနိုင်ပါသည်။

ထို့ကြောင့် လူအများအမြင်၌ ရိုးရာဆေးပညာရပ်တွင် အသုံးပြုသော ရုက္ခဆေးပင်များသည် လည်းကောင်း၊ ထိုဆေးပင်များဖြင့် ဖော်စပ်ထားသော ဆေးဝါးများသည် လည်းကောင်း၊ အန္တရာယ်မကင်းသော ဘေးထွက်ဆိုးကျိုးများရှိနိုင်သည်ဟု ထင်မြင်ယူဆဖွယ် ရှိနေပါသည်။ ထိုမှတစ်ဆင့် မြန်မာ့တိုင်းရင်းဆေးပညာအပေါ်တွင် အထင်အမြင်သေးလာစေနိုင်သည့်အကျိုးဆက်များရှိလာစေနိုင်သည်။ သို့ဖြစ်ပါသောကြောင့် ဤကိစ္စသည် အလွန်အရေးကြီးပါသည်။ အထူးပင်သတိပြုသင့်ပါသည်။ ရှုထောင့်တစ်ရပ်၊ အမြင်တစ်ခု၊ စမ်းသပ်မှုတစ်ခုတည်းဖြင့် လက်လွတ်စပယ် ကောက်ချက်မချသင့်သောကိစ္စ၊ သဘောထားမှတ်ချက်မပြုသင့်သောကိစ္စဖြစ်ပါသည်။ သက်ဆိုင်ရာပညာရပ်ဝန်းကြီးတစ်ခုလုံးကို ထောင့်စေ့အောင် ခြုံငုံသုံးသပ်နိုင်မှသာ သဘောထားမှတ်ချက် ထင်မြင်ချက်ပေးသင့်သောကိစ္စကြီးဖြစ်ပါသည်။

ထိုသို့မဟုတ်ပါဘဲ မိမိအဖြစ်တစ်ခုတည်းဖြင့် စီရင်ချက်ချသည့်သဘောမျိုးကိုကား မပြုသင့်ပေ။ ထိုသို့ပြုခြင်းအတွက် တိုင်းရင်းဆေးပညာရပ်ကြီးအဖို့ကား အထူးပင် နစ်နာထိခိုက်သွားစေနိုင်သည်ကိုလည်း ဂရုပြုသင့်ပေသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့၏သိပ္ပံနည်းကျဆိုသောတွေ့ရှိချက်ကို အများပြည်သူသိရှိအောင် ဖော်ထုတ်မည်ဆိုလျှင်လည်း ရောဂါသဘောတရား၊ ဆေးဝါးသဘောတရားများဖြင့် ပြည့်စုံအောင် စမ်းသပ်ပြီးမှသာ တွေ့ရှိသည့် အချက်အလက်တို့ကို ထုတ်ဖော်သင့်ပါသည်။ ယခုကား မိမိဘာသာ စမ်းသပ်ချင်သလို စမ်းသပ်ပြီး ကောက်ချက်ဆွဲလိုသည့် ရှုထောင့်မှ ကောက်ချက်ချကာ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းသည် တလွဲအကျိုးသက်ရောက်စေနိုင်မှုပေါင်းများစွာ ထိခိုက်နစ်နာစေနိုင်မှုပေါင်းများစွာ ဖြစ်နိုင်ခြေကိုလည်း ကြိုတင်သတိပြုသင့်ပါသည်။

ထိုအကျိုးဆက်ကြောင့် ဆေးပညာမတတ်သော၊ သိပ္ပံနည်းကျသုတေသနပြုမှုဟူသည်တို့ကို မသိနားမလည်သော သာမန်လူအများစုကြီးအဖို့ကား ဤသည်ကိုပင် တကယ့်အမှန်တရားထင်သွားနိုင်ကြကာ ကြောက်ရွံ့ထိတ်လန့်သွားစေနိုင်ပါသည်။ ထို့ကြောင့် ထိတ်လန့်မှုသည် တစ်ဆက်တည်းပင် တိုင်းရင်း ဆေးပညာရပ်ကြီးတစ်ခုလုံးအပေါ်၌လည်း ကြောက်ရွံ့သွားနိုင်ပါသည်။ ဣသရမူလီပြဿနာကို ထောက်ဆ၍ တိုင်းရင်းဆေးပညာတွင် အဆိပ်ရှိသော၊ အန္တရာယ်ရှိသော ဆေးပစ္စည်း၊ ဆေးပင်ဆေးရွက်များကို အဆိပ်ရှိမှန်း၊ ဘေးအန္တရာယ်ရှိမှန်း နားမလည်ဘဲ ဘာမသိညာမသိ ဖော်စပ်ထားပြီး သုံးစွဲနေကြသည်ဟုသံသယဝင်သွားစေနိုင်ပါသည်။ တွေဝေသွားစေနိုင်ပါသည်။ သုံးစွဲရန်ကြောက်ရွံ့သွားစေနိုင်ပါသည်။ တိုင်းရင်းဆေးပညာရှင်များကိုလည်း သိပ္ပံနည်းကျဓာတ်ခွဲစမ်းသပ်မှုကိုမသိသော ဘာမသိညာမသိပုဂ္ဂိုလ်များအဖြစ် အထင်သေးသွားစေနိုင်ပါသည်။ ထို့အပြင် တိုင်းရင်းဆေးဝါးများအပေါ်၌လည်း ဘေးထွက်ဆိုးကျိုးရှိသော ဆေးဝါးများအဖြစ် မှတ်ယူသွားစေနိုင်ပါသည်။ ဤသို့သော ဆောင်ရွက်မှုမျိုး ပြုဖန်များလာသည်နှင့်အမျှ တိုင်းရင်းဆေးပညာရပ်ကြီးအပေါ် ပြည်သူလူထုတို့သည် တစ်စထက်တစ်စ ယုံကြည်မှုလျော့နည်းကာ နောက်ဆုံးတွင် အားပေးထောက်ခံမှုလုံးဝမရှိတော့သဖြင့် တန်ဖိုးအနဂ္ဃထိုက်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်ကြီးသည် မြန်မာ့မြေပေါ်မှပျောက်ကွယ်သွားရမည့်အဖြစ်ကိုတွေးပြီး နှမြောတသစွာဖြင့် ရင်လေးရပါတော့သည်။ စသည့်တစ်ဆင့်ပြီးတစ်ဆင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကိုလည်း ကြိုတင် တွက်ဆရပါမည်။ ထို့အပြင် အခြားသော မမျှော်မှန်းနိုင်သည့်အကျိုးဆက်များ ဖြစ်နိုင်ခြေပေါင်းများစွာရှိသေးသည်ကိုလည်း သတိပြုသင့်ပါသည်။

ဆက်လက်ပြီး အဆိုပါဆောင်းပါး၌ပါရှိသည့် 'သိပ္ပံနည်းကျ စမ်းသပ်စစ်ဆေးသုတေသနပြုသည်'ဆိုသောအချက် နှင့် ပတ်သက်ပြီး သုံးသပ်လိုပါသည်။ ဆေးသုတေသနဦးစီး (အောက်မြန် ... ပြည်) ဆေးဝါးအဆိပ်သုတေသနဌာန ... သည် ဣသရမူလီဆေးရွက်နှင့် ပတ် ... သက်ပြီး စမ်းသပ်စစ်ဆေးချက်အရ

'ဣသရမူလီအရွက်မှ သတ္တု ... ကိုထုတ်၍ ကြွက်များကို တိုက်ကျွေး ... (၁၄) ရက်အကြာ စောင့်ကြည့် ... သည်' ဟု ဖော်ပြထားပါသည်။

ဤတွင် ဆေးသုတေသနဌာန ... သည် ဣသရမူလီအရွက်သတ္တုရည် ... တိုက်ကျွေးစမ်းသပ်ရာတွင် အသုံး ... သည့်ကြွက်များမှာ ရောဂါဖြစ်နေသ ... ကြွက်များကို စမ်းသပ်ခြင်းမဟုတ် ... ကြွက်များဟု သာမန်သာသုံးနှုန်း ... သဖြင့် ပုံမှန်ကောင်းမွန်ကျန်းမာနေသ ... ကြွက်များကို စမ်းသပ်ခြင်းဖြစ်ကြော ... ထင်ရှားသိသာပါသည်။ အမှန် ... စမ်းသပ်မည်ဆိုလျှင် ရောဂါဖြစ်နေသ ... ကြွက်ကိုသာ စမ်းသပ်သင့်ပါသည်။ ... ပြဿနာကား ဣသရမူလီဆေး ... သည် ကင်ဆာရောဂါ တကယ်ပျော ... မပျောက်၊ အသည်းရောင် ဘီပိုး ... တကယ်ပျောက်၊ မပျောက် ဟူ ... ဝိရောဓိကို အတည်ပြုရမည့်ကိစ္စ ဖြစ ... သည်။ အကယ်၍ ကင်ဆာရော ... အပေါ်တွင် ဣသရမူလီအရွက်၏ ... ရောက်မှုအာနိသင်ကို ကြွက်ဖြင့်စမ်း ... လိုပါက ကြွက်သည် ပုံမှန်ကျန်းမာ ... ကောင်းမွန်သည့်ကြွက်မဖြစ်ရ။ ကင် ... ဖြစ်နေသည့်ကြွက်သာ ဖြစ်ရပါမည် ... ထိုအခါတွင်မှ ဣသရမူလီဆေး ... ၏ မူလဆိုလိုရင်းဆေးအာနိသင ... အတည်ပြု၍ရပါမည်။

**ကင်ဆာသဘာဝကို ကင်ဆာကုထုံး ... ဝါး၊ စမ်းသပ်စစ်ဆေးခြင်းများဖြင့်သ ... ရခြင်း**

ကင်ဆာရောဂါအဆင့်ကု ... သည့်ဆေးဝါးတစ်ရပ် (ဝါ) ဘယ ... ပင်တစ်မျိုးမျိုးကို အခြားသော ... ရောဂါများ၊ ပုံမှန်ကျန်းမာရေးကော ... နေသူတစ်ဦးဦးအား တိုက်ကျွေး ... လျှင် မည်သို့ဖြစ်သွားပါမည်နည်း ... စားကြည့်ရန်လိုမည် ဖြစ်ပါသည်။ ... ထင်ရှားသိသာမည့်ဥပမာမျိုးဖြင့် ... ယှဉ်ဖော်ပြရမည်ဆိုပါက အနောက် ... ဆေးပညာတွင် ကင်ဆာရောဂါ ... သူများအား ရောဂါပြင်းထန်လ ... ဆေးသွင်းခြင်း (Chemotherapy) ...

www.burmeseclassic.com

www.burmeseclassic.com

...ပြုလုပ်ကြ၏။ အဆိုပါ ကင်ဆာ ...ကွင်းဆေးကို ကင်ဆာမဖြစ်သည့် ပုံမှန် ကျန်းမာရေးကောင်းနေသူလူတစ်ဦးအား ဆေးသွင်းလျှင် မည်သို့ဖြစ်သွားပါမည် နည်း၊ သေချာသည်မှာ ဆေးသွင်းခံရ သည့်ပုဂ္ဂိုလ်တွင် အဆိပ်အာနိသင်သက် ရောက်ခံရသည့်လက္ခဏာများ တဖြည်း ဖြည်းတွေ့လာရမည် ဖြစ်၏။ ကြာလျှင် ကျောက်ကပ်၊ ဦးနှောက်၊ အသည်း သည်းတို့ ပျက်စီးသွားမည်သာ ဖြစ်ပါ သည်။

ထိုသို့ဖြစ်ရသည်မှာ အဘယ် ကြောင့်ပါနည်း။ အဖြေကား ရှင်းပါ သည်။ ကင်ဆာဆေးဝါးတို့တွင် အဆိပ် အာနိသက်ရောက်မှုမျိုးပါရှိသောကြောင့် ဖြစ်ပါသည်။ ထို့အတူ ကင်ဆာရောဂါ၏ ရောဂါဗေဒ (Pathology) သဘာဝကိုယ် ၌ကလည်း ရောဂါဖြစ်ပြီဆိုသည်နှင့် လူ နာ၏ သွေးနှင့် ဆဲလ်များ၊ တစ်သျှူး များပါမကျန် အဆိပ်သင့်ခြင်းခံရသော သဘာဝများ ဖြစ်ပေါ်လာရတော့၏။ ထို့ကြောင့် လူသားတစ်ဦးတစ်ယောက်၌ ကင်ဆာရောဂါဖြစ်ပွားမှုရှိ၊ မရှိဆိုသည် ကိုသိရှိရန်၊ ထောက်ဆနိုင်စေရန်အတွက် သွေးကိုဖောက်ပြီး Creatine ပမာဏကို စစ်ဆေးကြည့်ရ၏။ ထိုပမာဏသည် ပုံမှန်ထက်မြင့်တက်နေလျှင် ကျောက်ကပ် ၏လုပ်ငန်းဆောင်တာများ ပျက်ယွင်းနေ ခြင်းသော် လည်းကောင်း၊ ကင်ဆာဖြစ် ပွားနေခြင်းသော်လည်းကောင်း ဖြစ်နိုင် သည်ဟု ထောက်ဆ သိရှိနိုင်ပါသည်။

ထို့ကြောင့် ကင်ဆာဖြစ်ပွားနေသူ ၏ဆဲလ်များ၊ သွေးများ၊ တစ်သျှူးများ သည် ပုံမှန်ကျန်းမာနေသူ၏ဆဲလ်များ၊ သွေးများ၊ တစ်သျှူးများနှင့်မတူဘဲ အဆိပ် အာနိသင်သက်ရောက်မှုခံနေရသကဲ့သို့ ဖြစ်နေပါသည်။ ထိုကဲ့သို့ ရောဂါအဆိပ် သင့်ခံနေရသူကို ပုံမှန် သမားရိုးကျ ဆေးဝါးဖြင့် ကုသမရနိုင်ပေ။ အကယ်၍ ကုသခဲ့လျှင် ထိရောက်မှုမရှိနိုင်ပေ။ သို့ပါ ၍ ကင်ဆာကဲ့သို့ အသိခက်၍ ကုစားရ ခက်ခဲသည့်ရောဂါဆိုးကြီးများအတွက် ဆေးဝါးဗေဒ (Pharmocology) သဘော တရားအရ အစွမ်းထက်သော အဆင့် မြင့်ဆေးဝါးများ(ဝါ)အဆိပ်အာနိသင်ကို တန်ပြန်သက်ရောက်စေနိုင်သောဆေးမျိုး ဖြစ်ရပါမည်။ တစ်နည်းအားဖြင့်ဆိုရပါမူ အဆိပ်အာနိသင်ရှိသောရောဂါကို တန် ပြန်သက်ရောက်စေနိုင်သည့် အကျိုးအာ နိသင်ရှိသည့်ဆေးမျိုးဆိုသည်မှာ အဆိပ် အာနိသင်ပါသောဆေးမျိုးသာဖြစ်ပါမည်။ ဆိုလိုသည်မှာ အဆိပ်ဒဏ်သင့်ခံနေရ သောရောဂါအတွက် အဆိပ်အာနိသင် ရှိသောဆေးဝါးကသာ အကောင်းဆုံးဟု ဆိုရပါမည်။ ထိုဆေးဝါးကို ထိန်းသိမ်း ကိုင်တွယ်သုံးစွဲနိုင်မှုကား ဆေးပညာရှင် ၏ အရည်အချင်းပေါ်တွင် မူတည်ပါ သည်။

သို့ပါသောကြောင့် ဣဿရမူလီ ဆေးရွက်ကို ကြွက်များပေါ်တွင် စမ်း သပ်သုံးစွဲခြင်းသုတေသနပြုမှု၌ ကင်ဆာ ဖြစ်နေသော ကြွက်များပေါ်တွင် မစမ်း သပ်ဘဲ ပုံမှန်ကောင်းမွန်နေသည့်ကြွက် များပေါ်၌ စမ်းသပ်သဖြင့် ကျောက်ကပ် ထိခိုက်မှုကိုပြသော Urea Creatinine ပမာဏဖြင့်တက်လာခြင်း ဖြစ်၏။ ထိုသို့ မြင့်တက်လာမှုကြောင့် ဦးနှောက်၊ အသည်း စသည်တို့ပါ ထိခိုက်ရခြင်း ဖြစ်၏။အကယ်၍ အမှန်တကယ်အကျိုး ရှိ မည့်သုတေသနစမ်းသပ်မှုကို ပြုလုပ် လိုသည်ဆိုပါမူ ကင်ဆာရောဂါဖြစ်ပွား နေသည့်ကြွက်ကို စမ်းသပ်ရမည်။ ကင်ဆာရောဂါဖြစ်ပွားနေသည့် ကြွက် တွင်မှ ကင်ဆာရောဂါအဆင့်လေးဆင့် တွင် ပထမအဆင့် ဖြစ်ပွားနေသော ကင်ဆာအပေါ်၌ သက်ရောက်မှုကို လည်းကောင်း၊ အလားတူပင် ဒုတိယ အဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့် များပေါ်၌ အသီးသီးသော သက်ရောက် မှုများကို ဖော်ထုတ်စမ်းသပ် သုတေသန ပြုပေးရပါမည်။ ဣဿရမူလီဆေးရည် ၏ သုံးစွဲမှုပမာဏ အနည်း၊ အများကို လိုက်၍လည်း သုတေသနပြုစမ်းသပ်ပြီး ဖော်ထုတ်ပေးသင့်ပါသည်။

ထိုသို့မဟုတ်မူဘဲ တွေ့ရသမျှ သော ဆေးပင်၊ ဆေးရွက်တို့အပေါ်တွင် သမားရိုးကျလမ်းအတိုင်း အဆိပ်အ တောက် အာနိသင် ရှိ၊ မရှိ သိရုံမျှစမ်း သပ်နေခြင်းအဆင့်မျိုးသာ ဖြစ်ပါလိမ့် မည်။ မြန်မာ့ရိုးရာဆေးပညာ၌ ရောဂါ အဆင့်အတန်းကို အကြမ်းအားဖြင့် ငါး မျိုးခွဲခြားထားပါသည်။

ရင်းတို့မှာ -

(၁) ရောဂါငယ်အဆင့် (၂)၊ ရော ဂါလတ်အဆင့် (၃)၊ ရောဂါကြီးအဆင့် (၄)၊ ရောဂါလွန်အဆင့် (၅)၊ ရောဂါ ဆိုးအဆင့်ဟူ၍ (၅) ဆင့်ဟု ရှိပါသည်။ အဆိုပါ ရောဂါအဆင့် (၅) မျိုးအတွက် ကုထုံးဆေးဝါးကိုလည်း အကြမ်းအားဖြင့် ဆေးဝါးအဆင့် (၅) ဆင့်သတ်မှတ်ထား သည်ဟု ဆိုရပါမည်။ ထို့ကြောင့် ဆေး ဝါးနှင့် ပတ်သက်သည့် အဆင့် (၅) ဆင့် ကို (၁) ဆေးငယ်အဆင့်၊ (၂) ဆေး လတ်အဆင့်၊ (၃) ဆေးကြီးအဆင့်၊ (၄) ဆေးလွန်အဆင့်၊ (၅) ဆေးဆိုးအဆင့် ဟူ၍ ဖြစ်၏။

ကင်ဆာရောဂါသည် စဖြစ်ပြီဆို ကတည်းက ရောဂါငယ်၊ ရောဂါလတ် အဆင့်မဟုတ်ပေ။ ရောဂါကြီးအဆင့် ဖြစ်၏။ အချိန်မီ မတားဆီးမကုသနိုင် ပါက မကြာမီပင် ရောဂါလွန်အဆင့်၊ ရောဂါဆိုးအဆင့်သို့ လျင်မြန်စွာ ကူး ပြောင်းသွားသည့်ရောဂါ ဖြစ်ပါသည်။ ထိုရောဂါနှင့် ပတ်သက်လာလျှင် မျှော် လင့်ချက်နည်းသောရောဂါအဖြစ် သတ် မှတ်ထားကြ၏။ အမှန်တကယ်လည်း ဆိုးရွားလှသောရောဂါ ဖြစ်ပါသည်။

ဣဿရမူလီဆေးရွက်ကဲ့သို့သော ဆေးပင်မျိုးသည်လည်း ဆေးငယ်၊ ဆေး လတ်အဆင့်မျိုး မဟုတ်ပေ။ ဆေးကြီး၊ ဆေးလွန်၊ ဆေးဆိုးအဆင့် ဆေးအမျိုး အစားမျိုး ဖြစ်၏ (ဝါ) ဆေးပြင်းထက် မြက်သောဆေးအမျိုးအစားမျိုး ဖြစ်၏။ ထိုဆေးမျိုးကို ရိုးရာဆေးပညာအခေါ် အရဆိုရပါမူ ထူးခြားသောပဘာဝအစွမ်း သတ္တိနှင့် ပြည့်စုံသော ဆေးအမျိုးအစား ဖြစ်ပါသည်။ ဆေးဝါးတို့၏ နိယာမဆိုင် ရာသဘာဝ (၆) ပါးရှိပါသည်။ ၎င်းတို့ မှာ (၁) ရသ (၂) ဝိပါက (၃) ဂုဏ (၄) ဝီရိယ (၅) ကိစ္စ၊ (၆) ပဘာဝတို့ဖြစ် ၏။ ထိုအထဲတွင် ပဘာဝသည် အမြင့် ဆုံးသောသဘောတရားဖြစ်၏။ ပဘာဝ သည် တန်ခိုးအထူးရှိသောအစွမ်းသတ္တိ ဟု အဓိပ္ပာယ်ရပါသည်။ ထိုကဲ့သို့ သဘာဝအစွမ်းသတ္တိထူးရှိသော ဣဿ ရမူလီဆေးပင်မျိုးကို အဆိပ်အာနိသင် ရှိ၊ မရှိ စမ်းသပ် သုတေသနပြုသည့် အဆင့်မျိုးကို ရိုးရာဆေးပညာအမြင်ရှု ထောင့်မှသုံးသပ်ပါက ရေးကြီးခွင့်ကျယ် ကိစ္စမျိုး မဟုတ်ပေ။ ဤတွင် ဆေးငယ်၊ ဆေးလတ်တို့၏ အဆင့်အတန်းကို စမ်း သပ်ကြည့်ပါက အများစုသည် အဆိပ် အာနိသင်မရှိသော ဆေးဝါးများ ဖြစ်ပါ သည်။ ထို့ကြောင့် ဆေးပင်များကို အဆိပ်အာနိသင် လုံးဝမရှိမှ သုံးမည်ဆို လျှင် ရောဂါကြီး၊ ရောဂါလွန်၊ ရောဂါ ဆိုးတို့ကုသရာ၌ အလွန်ပင် ခဲယဉ်းမည် ဖြစ်ပါသည်။ ဤကား ရိုးရာဆေးပညာ အရ ကုထုံးသဘောတရားပင် ဖြစ်ပါ သည်။ ထိုသဘောတရားကား ပြင်းထန် သောရောဂါ (ဝါ) အဆိပ်အာနိသင် သက်ရောက်ခံရသော ရောဂါများတွင် အစွမ်းထက် အာနိသင်ပြင်းသော ဆေး



www.burmeseclassic.com

www.burmeseclassic.com

ပွင့်၊ ဆေးရွက်၊ ဆေးဝါးတို့ကို သုံးကိုသုံးစွဲရပါမည်။ အယူအဆကား ရိုးရာဆေးပညာတွင် လွန်ခဲ့သည့်နှစ်ပေါင်းထောင်ချီကတည်းကရှိခဲ့ပါသည်။

ထို့အတူ ယနေ့ခေတ် အိန္ဒိယ၊ အမေရိကန်၊ ဥရောပနိုင်ငံများရှိ ရိုးရာဆေးပညာဆိုင်ရာ နောက်ဆုံးပေါ် သိပ္ပံနည်းကျ သုတေသနအယူအဆများအရလည်း ကင်ဆာကဲ့သို့သော ပြင်းထန်ဆိုးဝါးသည့်ရောဂါကြီးများတွင် အဆိပ်အာနိသင်ရှိသော အစားအစာဆေးဝါးများကို လူနာ၏အခြေအနေပေါ် မူတည်၍ သုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းထားချက်များထဲမှ တစ်ချက်ကို နမူနာအဖြစ် ဖော်ပြလိုပါသည်။

* *ကျောက်ကပ်ကင်ဆာနှင့် အသည်းကင်ဆာတို့တွက် နောက်ကြောင်းဖြစ်သောအဆိပ်အာနိသင်ပါရှိသော အစားအစာ (Food Toxins) များကို ဆေးဖြစ်စေရန်ပေးပါ။ ထိုအစားအစ များကို တစ်ကြိမ်လျှင် (၅၀၀) မီလီဂရမ် တစ်နေ့ (၃) ကြိမ်စားပါ။*

ဟု အတိအကျ ပြဋ္ဌာန်းထားပါသည်။ ထိုသဘောတရားနှင့် ပတ်သက်ပြီး အောက်ဖော်ပြပါ ပညာရှင်တို့၏ ကျမ်းများတွင်လည်း ကြည့်ရှုနိုင်ပါသည်။

Dr.O.P Jaqgi ၏ CANCER, Dr. Prabhakar Chatterjee ၏ Ayuvedic Treatment of Cancer, Dr.Light Milla ၏ Ayuvedic Remedies for The whole Family (Cancer), David Hoff Mann ၏ The New Holistic Herbal (Cancer) ၏ Dr.Janes Aduke ၏ The Greeen Pharmacy (Cancer), Phyllisa Balch ၏ Prescription for Herbal Healing(Cancer),Dr.AzizAhmalsyed, Dr.shivcharan sharma တို့၏ Herbal Cure (Cancer), John Cammarata ၏ A Guide of Herbal Remedies (Cancer), Grahan Plinn ၏ Herbal Medicine Morion Morra နှင့် Eve Potts တို့၏ The Most Complete Soure Book for Cancer Information စသည့်ကျမ်းများတွင် လေ့လာနိုင်ပါသည်။

ထို့ကြောင့် ယခုကိစ္စတွင် ဣဿရမူလီဆေးရွက်ကို သုံးစွဲမည့်ပုဂ္ဂိုလ်တို့၏ အခြေအနေကိုလည်း သုံးသပ်သင့်ပါသည်။ ထိုသုံးစွဲမည့်ပုဂ္ဂိုလ်တို့သည် ပုံမှန်ကျန်းမာရေးရှိသည့် လူကောင်းများ မဟုတ်ကြပါ။ အသည်းရောင်ဘီပိုး၊ စီပိုးရှိသူများ၊ ကင်ဆာရောဂါရှိသူများသာ ဖြစ်ကြပါသည်။ ဤသို့ဆိုခြင်းဖြင့် ထိုရောဂါရှိသူများ ဣဿရမူလီဆေးရွက်ကို သုံးစွဲရန် တိုက်တွန်းခြင်း မဟုတ်ပေ။ ဣဿရမူလီဆေးရွက်၏ကြီးကျယ်သော အစွမ်းအာနိသင်တို့ကို ပုံပျက်ပန်းပျက်ဝေဖန် သုံးသပ်ထားသောကြောင့်သာ ယခုကဲ့သို့ ဖြေရှင်းရခြင်း ဖြစ်ပါသည်။

ဣဿရမူလီဟူသော ဆေးပင်၏ အမည်ရင်းမှာ ဣဿရမူလမှ လာသည်ဟု ပညာရှင်များက မှတ်ချက်ပြုကြ၏။ ဣဿရ၏ အဓိပ္ပာယ်မှာ အလွန်တရာကြီးကျယ်မြင့်မြတ်သောဟူ၍ အဓိပ္ပာယ်ရ၏။ သို့ဖြစ်ပါသောကြောင့် အဆိုပါ အမည်ဝေါဟာရကို ပညတ်ခဲ့သော ရှေးပညာရှိများသည် တော်ရုံတန်ရုံ အကြောင်းတရားဖြင့် ဤပညတ်ကို မမှည့်ခေါ်တန်ရာဟုလည်း ထောက်ဆဆင်ခြင်နိုင်ပါသည်။ ဣဿရမူလီနှင့်ပတ်သက်ပြီး နိဃဏ္ဍုကျမ်းများ၌ ဖော်ပြထားသည်တွင် ရသမှာ အေး၊ စပ်ရသရှိ၏ဟု ဖော်ပြထားပါသည်။ ကင်ဆာရောဂါ၊ အသည်းရောင်ရောဂါတို့မှာ အပူကြောင်းခံသော အပူလွန်သန္နိပါတ်ရောဂါများဖြစ်ကြသဖြင့် ထိုရောဂါများတွင် ဣဿရမူလီကိုသုံးစွဲခြင်းမှာ ကုထုံးသုံးစွဲမှုအရလည်း မှန်ကန်သည်ဟု ဆိုရပါမည်။ အပူလွန်အကြောင်းဥဇာရောဂါများအတွက်အေးသောသီတရသရှိသည့် ဣဿရမူလီသည် အကြောင်းဥဇာကို ငြိမ်းစေမည် ဖြစ်၏။ စပ်သောရသသည် ဣဿရမူလီ၏ အစွမ်းထက်မြက်သော ပဘာဝသတ္တိကို ဖော်ပြနေပါသည်။ ထို့အပြင် ဣဿရမူလီနှင့်ပတ်သက်၍ ထိရောက်သော အာနိသင်တို့မှာ သွေးဖောက်ပြန်၍ဖြစ်သောအနာရောဂါများ၊ ကင်းဆိပ်၊ မြွေဆိပ်သင့်သောအနာများကို ပျောက်ကင်းစေနိုင်သည်ဟု ဖော်ပြထားပါသည်။ ထို့ကြောင့် ဣဿရမူလီသည် အဆိပ်ကိုနိုင်ကြောင်း ထင်ရှားပါသည်။ သို့ပါ၍ အဆိပ်သင့်ခံရသကဲ့သို့ ခံစားနေရသော ရောဂါကြီးများတွင် အဆိပ်ကိုနိုင်သော ဣဿရမူလီဆေးရွက်ဖြင့် ကုသခြင်းသည် မှားယွင်းသော ကုထုံးမဟုတ်ကြောင်း သိသာစေနိုင်ပါသည်။

ထို့ကြောင့် အဆိုပါ သုတေသနဆောင်းပါးတွင် ဖော်ပြထားသကဲ့သို့ ဣဿရမူလီဆေးရွက်သည် ကင်ဆာရောဂါကိုပင် အားပေးပြန့်ပွားစေနိုင်သော ဒြပ်ပေါင်းများစွာ ပါဝင်နေသည်ဟူသော ဖော်ပြချက်သည် အမှန်ကား ပုံမှန်ကျန်းမာနေသည့် ကြွက်များကို စမ်းသပ်ဖော်ပြချက်သာ ဖြစ်နေပါသည်။ ကင်ဆာဖြစ်နေသော ကြွက်များတွင် ဣဿရမူလီဆေးရွက်ကြောင့် ဖြစ်ပွားနေသော ကင်ဆာရောဂါများ အဘယ်ကဲ့သို့ လျော့နည်းသက်သွားသည် သို့တည်း မဟုတ် ပိုမိုလျင်မြန်စွာတိုးပွားလာသည်ဟူသော အချက်တို့ကိုလည်း သက်သေပြရန် တာဝန်ရှိပါသည်။ထိုအချက်သည် အဓိကလစ်ဟာချက်ဖြစ်ပါသည်။ ယ... ကား ပုံမှန်အခြေအနေ၌ရှိသော ကြွ... များကို ဣဿရမူလီဆေးရွက်ဖြင့် စမ်းသပ်ပြီး ကျောက်ကပ် စသည်တို့ ပျက်... သဖြင့် လူများတွင်လည်း ဤကဲ့သို့... နိုင်ခြေရှိသည်ဟူသည် အနုမာနယူ... ချက်သာ ဖြစ်ပါသည်။ ထိုအချက်သည် ဧကန်သဘောမဆောင်ပါ။ အနေတ... သဘောသာဆောင်နိုင်ပါသည်။အဘ... ကြောင့်ဆိုသော် တိရစ္ဆာန်ငယ်များတွင် ဖြစ်တိုင်း လူသားတွင်ဖြစ်ရမည်ဟူ... တထစ်ချမဆိုနိုင်ခြင်းပင် ဖြစ်သည်။ သာဓကအားဖြင့် မကြာသေးမီနှစ်က... အမေရိကန်နိုင်ငံ၌ ဖြစ်ပွားခဲ့သောအ... အပျက်က သက်သေခံနေပါသည်။

အမေရိကန်နိုင်ငံသည် လွန်... သည့် နှစ်ပေါင်းများစွာကတည်း HIV/ AIDS ရောဂါကာကွယ်ရေးအတွက် ... ကွယ်ဆေးတစ်မျိုး သုတေသနပြုထုတ်... လုပ်ရန် ဒေါ်လာဘီလျံပေါင်းများစွာ... အကုန်အကျခံပြီး အားထုတ်ခဲ့၏။ ... ဦးစွာ သတ္တဝါငယ်များဖြင့် ကာကွယ်... ဆေးကို စမ်းသပ်ခဲ့၏။ ထိုသတ္တဝါငယ်... များအပေါ်တွင် စမ်းသပ်တော့၏။ ... အစီအစဉ်အတွက် မိမိကိုယ်မိမိ ဆန္ဒ... သူများကို ဖိတ်ခေါ်ခဲ့၏။ သတ်မှတ်... အရေအတွက်များ ရရှိလာသောအခါ... သတ္တဝါငယ်များအပေါ်တွင် စမ်းသ... အောင်မြင်ထားသောဆေးဖြင့် လူသား... များအပေါ် စမ်းသပ်ခဲ့၏။ ထိုအခါတွင်... ကား ကံဆိုးစွာဖြင့်ပင် စမ်းသပ်ခံလူသား... များသည် အောင်မြင်မှုလုံးဝမရရှိ... HIV ပိုးအကူးစက်ခံလိုက်ကြရပါ... သည်။ ထို့အတွက်ကြောင့် အမေရိက... နိုင်ငံသည် လွန်စွာစိတ်ပျက်သွား... နောက် ထိုလုပ်ငန်းကြီးကို အပြီးတိုင်... ရပ်ဆိုင်းပစ်လိုက်လေတော့၏။

သို့ဖြစ်ပါသောကြောင့် သတ္တဝါ... ငယ်များအပေါ်တွင် မည်သို့ပင်စမ်းသ... တွေ့ရှိရစေကာမူ လူသားများအပေါ်... ထိုကဲ့သို့ တထစ်ချဖြစ်နိုင်သည်ဟု... ကား သင့်မည်မဟုတ်ချေ။ ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com

ာ လူသားနှင့် သတ္တဝါငယ်များ၏ မ္မဗေဒ (Physiology) သဘော တို့အရာအားလုံး ပုံစံတူ တစ်ထပ် မကျကြောင်း ထောက်ဆနိုင်ပါ ၊ သို့ပါ၍ တကယ့် လက်တွေ့ ဇီဝ ဗေဒဆိုင်ရာ အနုစိတ်၏ သဘော တို့သည် အလွန်ပင်နက်နဲသိမ်မွေ့ ထွေးသဖြင့် ဆေးသိပ္ပံပညာ၏နယ် အလွန်တွင်ရှိနေကြောင်း သုံးသပ် သည်။

အထက်ပါအကြောင်းများကြောင့် ရမူလီဆေးရွက်ဖြင့် ကြွက်များ ါ် စမ်းသပ်မှုမှရရှိသောတွေ့ရှိချက် သည် အနုမာနတစ်ရပ်သာဖြစ်သည့် ဘောဆောင်ပါသည်။ ဧကန်သဘော ဆိုရန်ကား များစွာပင် ခက်ခဲပါလိမ့် ၊ အဆိုပါ အဆိပ်ဆိုင်ရာကုထုံး ဘောတရားကို ရိုးရာဆေးပညာ၌ တွင်မှ အသုံးပြုသည် မဟုတ်ပေ။ ခဲ့သည့်နှစ်ပေါင်းထောင်ချီကတည်း အသုံးပြုခဲ့ခြင်း ဖြစ်ပါသည်။ ရိုးရာ ပညာကို ယနေ့ခေတ် ပုဂ္ဂိုလ်အချို့ အတွေ့အကြုံ အခြေပြုဆေးပညာ (Experience Medicine) ဟု သတ်မှတ် ကြ၏။ ဆေးသိပ္ပံပညာရပ်ကိုမူ သက် အထောက်အထားပြု ဆေးပညာ (Evidence Medicine) ဟုသတ်မှတ်ကြ ၏။

**အတွေ့အကြုံ အခြေပြု ဆေးပညာနှင့် သက်သေ အထောက်အထားပြု ဆေး ပညာ**

ရိုးရာဆေးပညာ၊ တိုင်းရင်းဆေး ပညာတို့ကို အတွေ့အကြုံအခြေပြုဆေး ပညာဟု သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ပွာယ်ဖွင့်ဆိုရပါက ထိုဆေးပညာ သည် လူသားတို့၏ သမိုင်းစဉ်တစ် လျှောက် ကြုံတွေ့ရင်ဆိုင်ခဲ့ရသော ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဟိုရောဂါကို ဟိုဆေးပင် လေးသုံးကြည့်လိုက်သောအခါ သက်သာ ပျောက်ကင်းခဲ့သည်၊ ဒီရောဂါကို ဒီ ဆေးပင်လေးသုံးလိုက်သောအခါ သက် သာပျောက်ကင်းခဲ့သည် စသည့် အတွေ့ အကြုံမှတ်တမ်းများကို ပေါင်းစပ်၍ ဆေးပညာတစ်ရပ်ပေါ်ပေါက်လာသည် ဟု သတ်မှတ်သည့် သဘောဆောင်ပါ သည်။ ပညာရပ်တစ်ခု၏ဂုဏ်အင်္ဂါများ ပြည့်ပြည့်စုံစုံ ခြေခြေမြစ်မြစ်မရှိဘဲ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ် ဆန်းသဘောဖြင့်စုပေါင်းစပ်ပေါင်းပေါင်း စပ်ရာမှ ဖြစ်ပေါ်လာသော ဆေးပညာ တစ်ရပ်သဖွယ် ဆိုလိုဟန်ရှိပါသည်။ အမှန်ကား ရိုးရာဆေးပညာသည် ရှေး သူဟောင်းတို့၏ အတွေ့အကြုံများကို ပေါင်းစပ်၍အခြေပြုပြီးဖြစ်ပေါ်လာသော ဆေးပညာ မဟုတ်ပေ။ ရှေးအတိတ သောကာလများကတည်းက ပညာရပ် တစ်ခု၏ ဂုဏ်အင်္ဂါ အရည်အချင်းများ ပြည့်ဝကုံလုံစွာဖြင့် စနစ်တကျစတင်ဖြစ် တည်လာသော ဆေးပညာဟု ဆိုရပါ မည်။ ထိုဆေးပညာကို စတင်ပျိုးထောင် သည့် ပုဂ္ဂိုလ်များမှာ သာမန်သူလိုငါလို ပုဂ္ဂိုလ်များအရပ်ထဲမှ လူပိန်းများမဟုတ် ပေ။ ဈာန် အဘိညာဉ်ရပုဂ္ဂိုလ်များ ဖြစ် ပါသည်။ ထိုပုဂ္ဂိုလ်ကြီးများသည် ဆေး ပညာရပ်တစ်ခုကို ဖော်ထုတ်မည်ဆိုပါ က ရှေးဦးစွာ မိမိတို့ကိုယ်၌က ဈာန် အဘိညာဉ်ရအောင် အားထုတ်ကြ၏။ ဈာန်အဘိညာဉ်ရရှိပြီးသောအခါတွင်မှ ဆေးပညာကို ကြံဆဖော်ထုတ်ခဲ့ကြခြင်း ဖြစ်၏။

ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်များဖြင့် စတင်ခဲ့သော ဆေးပညာသည် ဆေးပင် ဆေးရွက်အရာ၌လည်းကောင်း၊ ဆေးဝါး အရာ၌လည်းကောင်း၊ ရောဂါရှာဖွေဖော် ထုတ်နိုင်မှုအရာ၌လည်းကောင်း၊ ကုထုံး အရာ၌လည်းကောင်း မည်ကဲ့သို့ မှား ယွင်းနေပါမည်နည်း။ ပညာရပ်၏ မူရင်း မူမှန်ကို ရရှိထားရန်သာလိုပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ လည်း ကောင်း၊ ဤဆောင်းပါးပါ တိုင်းရင်းဆေး ပညာသုံး ဆေးဝါးပစ္စည်းများသည် အဆိပ်သဘောဆောင်သည့် ဆေးအာနိ သင်ရှိမှုနှင့် ပတ်သက်၍လည်းကောင်း သာဓကတစ်ရပ် ထုတ်ဆောင်ပြလိုပါ သည်။ ၎င်းမှာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှ တရား ဝင် ပြဋ္ဌာန်းထားသော အစိုးရတိုင်းရင်း ဆေးခန်းသုံး တိုင်းရင်းဆေးများအနက်မှ ဆေးအမှတ် (၃၂) ဖြစ်ပါသည်။ ထိုဆေး တွင်ပါဝင်သော ဆေးပစ္စည်းများကို ဖော် ပြပါမည်။

**ဆေးအမှတ် (၃၂)**

**နန်းတွင်းလျှာပွတ်ဆေးကြီး**
**(အဆိပ်ဖြေဆေးကြီး)**

| | | |
|---|---|---|
| ၁။ | နှင်းပန်းဥ | ၁ ကျပ်သား၊ |
| ၂။ | ကြွေဥ | ၁ ကျပ်သား၊ |
| ၃။ | မြက်မုန်ညင်းဥ | ၁ ကျပ်သား၊ |
| ၄။ | နနွင်းဥ | ၁ ကျပ်သား၊ |
| ၅။ | ကန့်ပလူဥ | ၁ ကျပ်သား၊ |
| ၆။ | ပန်းဥ | ၁ ကျပ်သား၊ |
| ၇။ | ကြက်သွန်နီဥ | ၁ ကျပ်သား၊ |
| ၈။ | ကြက်သွန်ဖြူဥ | ၁ ကျပ်သား၊ |
| ၉။ | ပိန်းမဟော်ရာဥ | ၁ ကျပ်သား၊ |
| ၁၀။ | တောခတ္တာဥ | ၁ ကျပ်သား၊ |
| ၁၁။ | ဆီမီးတောက်ဥ | ၁ ကျပ်သား၊ |
| ၁၂။ | ဝဥ | ၁ ကျပ်သား၊ |
| ၁၃။ | ကိုယ်ရုံကြီးဥ | ၁ ကျပ်သား၊ |
| ၁၄။ | ကင်ပလင်းမြစ် | ၁ ကျပ်သား၊ |
| ၁၅။ | ပဒိုင်းနက်မြစ် | ၁ ကျပ်သား၊ |
| ၁၆။ | ဂျပ်နက်မြစ် | ၁ ကျပ်သား၊ |
| ၁၇။ | နန်းလုံးကြိုင်မြစ် | ၁ ကျပ်သား၊ |
| ၁၈။ | ဆီးဖြူမြစ် | ၁ ကျပ်သား၊ |
| ၁၉။ | ပန်းညိုရွက် | ၁ ကျပ်သား၊ |
| ၂၀။ | သနပ်ပစ္စည်းရွက် | ၁ ကျပ်သား၊ |
| ၂၁။ | ရောင်ဖြူဆေးရွက် | ၁ ကျပ်သား၊ |
| ၂၂။ | မဖောက်ထုံး | ၁ ကျပ်သား၊ |
| ၂၃။ | မျှားဆိပ် | ၁ ကျပ်သား၊ |
| ၂၄။ | ကတိုး | ၁ ကျပ်သား၊ |

စသည့်ဆေးဖက်ပစ္စည်းများပါဝင် ပါသည်။ ဤဆေးပစ္စည်းများကို လေ့လာ ကြည့်ပါက ပါဝင်သည့် ဆေးပစ္စည်း အများစုသည် အဆိပ်ပစ္စည်းများဖြစ် နေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အနည်းငယ် ထုတ်နုတ် ဖော်ပြရမည်ဆို ပါက ကြွေဥ၊ ပိန်းမဟော်ရာဥ၊ တော ခတ္တာ၊ ဆီမီးတောက်ဥ၊ ဝဥ၊ ကိုယ်ရုံ ကြီးဥ၊ ကင်ပလင်းမြစ်၊ ပဒိုင်းနက်မြစ်၊ ဂျပ်နက်မြစ်၊ ရောင်ဖြူဆေးရွက်၊ မျှားဆိပ် စသည့် ဆေးပစ္စည်းများသည် အဆိပ် များသာ ဖြစ်၏။ အဆိပ်အာနိသင်ပြင်း ခြင်း၊ ပျော့ခြင်းသာကွာ၏။ အချို့သော ဆေးဖက်ပစ္စည်းများသည် တစ်မယ်ချင်း သုံးစွဲမိလျှင် လူသား၏ အသက်ကိုပင် ထိခိုက်စေနိုင်၏။ အချို့သော ဆေးဖက် များသည် ကိုယ်ဝန်ကို ပျက်ကျစေနိုင်၏။ အချို့သည် သွေးဖောက်ပြန်၍ ယားယံ စေနိုင်၏။ အချို့သည် မူးဝေအော့အန် စေနိုင်၏။ ဆေးတစ်ဖုံလုံး၏ ရသမှာ ပူ ခါး၊ စပ်ဖြစ်၏။

ထိုဆေးဖက်များသည် တစ်မယ် ချင်းအနေဖြင့် အဆိပ်များဖြစ်နေကြ သော်လည်း ယခု ပါဝင်သော ဆေးဖက် ပစ္စည်း (၂၄) မျိုးကို ပေါင်းစပ်လိုက် သည့်အခါ အဆိပ်သဘောကွယ်ပျောက် ပြီး အဆိပ်အပေါင်းဖြစ်သော ရောဂါ အဆိပ်၊ ဆေးအဆိပ်၊ သွေးအဆိပ်၊ ကင်း ဆိပ်၊ မြွေဆိပ် စသည်တို့ကို နိုင်နင်း အောင် နှိမ်နင်းနိုင်သည့် အမြိုက်ဆေး ဖြစ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအဆိပ်ဆေးကို 'အမြိုက်ဆေး' သဖွယ်ဖြစ်စေရန် ပြောင်းလဲနိုင်အောင် ဖော်စပ်စီမံနိုင်သော ဆေးအတတ်ပညာသည် သာမန်ဆေးပညာ မဟုတ်ပေ။ ထိုအတူ သာမန်အရပ်သိ၊ အတွေ့အကြုံအရသိသော ဆေးပညာမျိုး မဟုတ်ကြောင်း ထင်ရှား၏။ ဤဆေးပညာ၏ မူလသည် အဘိညာဉ်သိပညာသာ ဖြစ်ပါသည်။

ဤကဲ့သို့ အသိမျိုးဆေးပညာမျိုးကို အတွေ့အကြုံအခြေပြုအသိမျိုးဖြင့် မသိနိုင်သကဲ့သို့ သက်သေအထောက်အထားပြုခြင်းကို အခြေခံသော သုတေသနပြုစမ်းသပ်စစ်ဆေးသည့် ဆေးပညာသည်လည်း မည်သို့မျှ တတ်နိုင်မည် မဟုတ်ပေ။ ဖော်ထုတ်နိုင်မည်လည်း မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် အခုကာလသရမူလီဆေးရွက်ကိစ္စတွင်ပင်ကြည့်နိုင်ပါသည်။ တိုင်းရင်းဆေးအမှတ် (၃၂) တွင်ပါဝင်သော ပဒိုင်းနက်မြစ်၊ မှားဆိပ်စသည့်ပြင်းထန်သောအဆိပ်ဆေးတို့ကို အမြိုက်ဆေးအဖြစ် ဖော်ထုတ်ရန် မဆိုထားနှင့် အဆိပ်အာနိသင် အနည်းငယ်မျှသာရှိသောကာလသရမူလီဆေးရွက်မျှကိုပင် ပြဿနာအကြီးကြီးဖြစ်ကာ မထိဝံ့၊ မကိုင်ဝံ့၊ မသုံးစွဲဝံ့ဖြစ်ကာ တိုင်းရင်းဆေးအားလုံးကို ဘေးသို့ပစ်ချပြီး ထွက်ပြေးရမည့်ကိန်းဆိုက်နေသောကြောင့် ဖြစ်ပါသည်။

**ဆေးပညာတစ်ရပ်၏ စ-လယ်-ဆုံးကိုသိမှသမားတော်**

ရိုးရာဆေးပညာရပ်၏ တည်ဆောက်ထားပုံသဘာဝအရ ဆေးပညာရှင်သမားတော်တစ်ဦးသည် အဆိုပါ ဆေးပညာ၏ အတိုင်းအတာပမာဏ ထိရောက်ပုံ စသည့် စ၊ လယ်၊ ဆုံးအလုံးစုံသော နယ်ပယ်ရပ်ဝန်းကြီးတစ်ခုလုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရ၏။ ဤကားအရပ်သိသဘောအရ နားလည်မှုလွယ်ကူစေရန်ဖော်ပြခြင်း ဖြစ်၏။ ဆေးပညာ၏ပြဋ္ဌာန်းအရ ဖော်ပြရမည်ဆိုပါက နယ်ပယ် (၄) ရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာသိရမည် ဖြစ်၏။ ၎င်းတို့မှာ -

၁။ **နိယဏ္ဍု** ဟူသော ရွက်-မြစ်-သီး-ခေါက် ဟူသော ဆေးပင်တို့၏ အကြောင်းကို လည်းကောင်း၊ အာနိသင်ကို လည်းကောင်း၊ ရသ၊ ဝိပါက၊ ဂုဏ်၊ ဝီရိယ၊ ကိစ္စ၊ ပဘာဝတို့ကိုပါ ပါရဂူမြောက် ကျွမ်းကျင်ပိုင်နိုင်စွာသိရခြင်း။

၂။ **ဓာတု**ဟူသောဓာတ်များဖြစ်သည်။ ပြဒါး၊ ရွှေ၊ ငွေ၊ ကြေး၊ သံ စသည် ရုပ်ဒြပ် (၉) ပါး၊ နာမ်ဓာတ် (၉) ပါး စသည့် ဓာတ်ပစ္စည်းတို့၏ သေကြောင်း၊ ရှင်ကြောင်း၊ ပြာဖြစ်ကြောင်းတို့ကို ပါရဂူမြောက် ကျွမ်းကျင်ပိုင်နိုင်စွာသိရခြင်း။

၃။ **ဆေးဝါး**ဟူသော ရွက်-မြစ်-သီး-ခေါက်များဖြင့် လည်းကောင်း၊ ဓာတုပစ္စည်းများဖြင့် လည်းကောင်း၊ သတ္တဇီဝဆိုင်ရာပစ္စည်းများဖြင့် လည်းကောင်း ဖော်စပ်သည့် ဆေးဝါးပစ္စည်းတို့နှင့် ပတ်သက်သမျှတို့ကို ပါရဂူမြောက်ကျွမ်းကျင်ပိုင်နိုင်စွာသိရခြင်း။

၄။ **ကုထုံး**ဟူသော ရောဂါတစ်ရပ်၏ရောက်ကြောင်း၊ ရောက်ရာ၊ ရောက်ပုံတို့ကို ဆေးချက်နှင့်တကွ ပါရဂူမြောက် ကျွမ်းကျင်ပိုင်စွာသိရခြင်းတို့ ဖြစ်၏။

ရိုးရာဆေးပညာတွင် သမားတော်ဟု သတ်မှတ်သည့် ဆေးပညာရှင်သည် အဆိုပါ နိယဏ္ဍု၊ ဓာတု၊ ဆေးဝါး၊ ကုထုံးတို့ကို မိမိတစ်ဦးတည်းက ပိုင်နိုင်ကျွမ်းကျင်အောင်လုပ်ဆောင်ထားသူသာဖြစ်ရပါမည်။ ထိုအထဲမှ တစ်ခုတည်း၊ နှစ်ခုတည်းသိသူမျိုးသည် သမားတော်အဆင့်မဟုတ်ပေ။ ဥပမာအားဖြင့် နိယဏ္ဍုပညာရပ်တစ်မျိုးတည်းသာသိသည့် ပုဂ္ဂိုလ်[...] သမားတော်မဟုတ်ပေ။ နိယဏ္ဍုပညာရှင်သာဖြစ်သေး၏။ ထိုနယဏ္ဍုပညာရှင်သည် ရုက္ခဗေဒပညာရှင်နှင့်လည်း မတူ[...]ပေ။ ရုက္ခဗေဒပညာရှင်သည် ဆေးပညာနှင့် ပတ်သက်လျှင် သစ်ပင်တို့၏ယေ[...]ယျသဘောကိုသိသူသာ ဖြစ်၏။ သစ်ပင်တို့၏ အမျိုးအစား၊ မျိုးစိတ်၊ ဖွဲ့စည်း[...] သွင်ပြင်လက္ခဏာ၊ ရောဂါ စသည်တို့[...] သိသူသာ ဖြစ်၏။ နိယဏ္ဍုပညာရှင်[...] သစ်ပင်တို့၏ဝိသေသသဘောကို သိ[...] ဖြစ်၏။ သစ်ပင်တို့၏အာနိသင်အ[...] အပြစ်အသုံးချမှု၊ဆေးဖက်ဝင်မှုနှင့်ကု[...] အဆင့်ထိသိသူဖြစ်၏။

သို့ဖြစ်ပါ၍ ကာလသရမူလီကဲ့[...]သော သစ်ပင်တစ်ပင်၏ အကျိုးအပြစ်[...] အသုံးချမှု၊ ဆေးဖက်ဝင်မှုတို့ကို သိ[...]သည်ဆိုပါက ရုက္ခဗေဒပညာရှင် သုတေ[...] သနပညာရှင်တို့ထက် နိယဏ္ဍုပညာရှင်[...] ထိုထက်ရိုးရာဆေးပညာသမားတော်[...] ကိုမေးမြန်းသည်ကသာ ပို၍နီးစပ်မှု[...] ပါသည်။

အဘယ်ကြောင့်ဆိုသော် ဤ[...] သရမူလီပြဿနာနှင့် ပတ်သက်သော[...] ကိစ္စတွင် သုတေသနပညာရှင်၊ ဒုက္ခ[...] ပညာတို့ အားသာသဘောထားမှတ်ချ[...] တောင်းလိုက်သဖြင့် သူတို့အမြင်သဘော[...] တစ်ခုတည်းသာ သက်ဝင်သွားသ[...] မလိုလားအပ်သည့်အခြေအနေများ[...] ကြီးကျယ်သွားရပါတော့သည်။ အထ[...]၍ ထိုကိစ္စနှင့်ပတ်သက်ပြီး နိယဏ္ဍုပညာ[...] ရှင်၊ ရိုးရာဆေးပညာရှင် သမားတော်[...] တစ်ဦးဦးထံတွင်ပါ သဘောထားမှ[...] ချက်တောင်းပါက မတူညီသောသဘော[...] ထားအမြင်တစ်ရပ်ပေါ် ထွက်လာမည်[...] ဖြစ်ပါသည်။ ထိုပညာရှင်များက ကာလ[...] ရမူလီဆေးရွက်နှင့်ပတ်သက်ပြီး ပေး[...] မည့် သဘောထားမှတ်ချက်မှာ အော[...] ပါအတိုင်းဖြစ်ပါလိမ့်မည်။

**ဆေးဖက်ဝင်ပစ္စည်းတို့၏ ကေသတ္တိ[...] သမူဟသတ္တိ**

ဆေးဖက်ဝင်ပစ္စည်းများဖြစ်သ[...] ရွက်၊ မြစ်၊ သီး၊ ခေါက် စသည်တို့[...] တစ်မယ်ချင်း၊ တစ်မျိုးတည်းဖြင့် အ[...] ရောဂါ၊ ဝေဒနာတို့အပေါ်၌ ထိရော[...] သောအာနိသင်ရှိလျှင် မြစ်ချင်းပြီးအ[...] သုံးနိုင်၏။ သို့သော် အဆိုပါ မြစ်ချင်း[...] အဖြစ် တစ်မယ်တည်းသုံးမည့်ဆေး[...] ပစ္စည်းသည် အစာ၊ အာဟာရ[...] သက်ဝင်သည့် ဆေးပစ္စည်းမျိုးသာ[...]





www.burmeseclassic.com

www.burmeseclassic.com

...။ အစာအဟာရသဘောသက်ဝင် ...ဆေးမျိုးဆိုသည်မှာ ထိုကိုမှီဝဲသုံး ...လွန်ခြင်း၊ ယုတ်ခြင်းရှိသော်လည်း ...သည့် နောက်ဆက်တွဲ အကျိုးဆက် ...တစ်ရာမျှမရှိသောဆေးမျိုးကို ဆို ...သည်။ ဆိုလိုသည်မှာ ထိုမြစ်ချင်းပြီး ...ကြောင့် ဆီးလွန်ခြင်း၊ ဆီးနည်းခြင်း၊ ...ခြင်း၊ သွေးလေးခြင်း၊ သွေးကျ ... စသည့်နောက်ဆက်တွဲများမဖြစ် ...ခြင်းကို ဆိုလိုပါသည်။ ထိုအစာ ...ဟာရသဘောသက်ဝင်သည့်ဆေးမျိုး ... လူသားတို့ နေ့စဉ်မှီဝဲသုံးစွဲနေသော ...ကောင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန် ...ခြင်း စသည်တို့ ဖြစ်၏။ ၎င်းတို့ကို ...ဖက်အဖြစ် အသုံးပြုမည်ဆိုလျှင် ...မယ်တည်း မြစ်ချင်းပြီးအဖြစ် အသုံး ...၏။ ၎င်းတို့ကို ဧကသတ္တိ (ဝါ) ဧက ...ရှိသော ဆေးပစ္စည်းများဟု သတ် ...ထားပါသည်။ သို့သော် ဧကဂုဏ်ရှိ ...သည့်ဆေးမျိုးကိုပင် တစ်မျိုးတည်းသုံးခဲ့ ... ပေါင်းစပ်သုံးကြသည်ကများ၏။

ထို့အတူ မြန်မာ့ရိုးရာ ဆေးပညာ ... အစွမ်းသတ္တိလွန်ကဲသော ဆေးဖက် ...။ ပဘာဝလွန်ကဲသော ဆေးဖက် ...စ္စည်းမျိုးဆိုလျှင် တစ်မယ်တည်း ...ချင်းပြီး အသုံးပြုခွင့်မရှိပေ။ အခြား ... ဓာတ်သဘာဝအရ လိုက်ဖက်မည့် ...ဖက်ပစ္စည်းတို့ဖြင့် သမမျှခြေအဆင့် ...တန်းသို့ရောက်ရှိစေရန် ပေါင်းစပ်ပြီးမှ ... အသုံးပြုခွင့်ရှိပါသည်။ ထိုဆေးဖက် ...ကို ဥပမာအဖြစ်ဖော်ပြရပါက ယခု ...တွင် ပါဝင်သော ကြ္ကသရမှုလီ ...နဖာ၊ ပိစပ် စသည့်ဆေးမျိုးတို့နှင့် ...ဖွင့်ပြခဲ့သော တိုင်းရင်းဆေးအမှတ် ... တွင် ပါဝင်သော ဆေးဖက်ပစ္စည်း ...ကဲ့သို့သောဆေးမျိုးများ ဖြစ်၏။ ထို ...မျိုးတို့ကို အရေးပေါ်အခြေအနေ ...ရာကုထုံးမျိုးမှ တစ်ပါးအခြားသော ...ခြေအနေများတွင် မည်သည့်အခါတွင် ...မြစ်ချင်းပြီးမသုံးရပါ။ တွဲစပ်ပြီးသုံးစွဲ ...မည်။ ထိုပေါင်းစပ်ပြီးသုံးရသောဆေး ...ပစ္စည်းတို့ကို သမုဟသတ္တိရှိသော ... သမုဟဂုဏ်ရှိသော ဆေးပစ္စည်း ...အားစုအဖြစ်ရောက်အောင် စီမံပြီးမှ ...ရသော ဆေးပစ္စည်းများအဖြစ် ...မှတ်ပါသည်။

မြန်မာ့ရိုးရာဆေးပညာတွင် ဆေး ...တွင် အပူတစ်ဖက်စွန်းလွန်ကဲသော ...ဆေး၊ အအေးတစ်ဖက်စွန်းလွန်ကဲ ...သော မန္တဆေးများရှိသော်လည်း အရေ ...ကျက်နည်းပါးစွာပင်ရှိပါသည်။အဓိက အသုံးများသောဆေးကား အပူ၊ အအေး မျှသော သမဆေးအမျိုးအစားကသာ အမျိုးအစားများပြားစွာပင် ရှိပါသည်။ ၎င်းသည် 'သမုဟဂုဏ်သတ္တိရှိသောသမ ဆေး'များပင် ဖြစ်ပါသည်။

အထက်ပါ ကြ္ကသရမှုလီကို တိုင်းရင်းဆေးဝါးများတွင် ထည့်သွင်းအသုံးပြုပါသည်။ ထိရောက်မှုအာနိသင်လည်း ရှိပါသည်။ သို့သော် ကြ္ကသရမှုလီကို ဧကဂုဏ်သတ္တိအဖြစ် မြစ်ချင်းပြီး တစ်မယ်တည်း အသုံးပြုလေ့မရှိပါ။ ဥပမာအားဖြင့် တိုင်းရင်းဆေးအမှတ် (၃၄) သူငယ်နာမှတ်လေးစင်းကြီးတွင် ကြ္ကသရမှုလီပါဝင်၏။ ကြ္ကသရမှုလီတစ်မျိုးတည်း သုံးစွဲခြင်းမဟုတ်ပေ။ အခြားသော ဆေးဖက်ဝင်ပစ္စည်း (၃၁) မျိုးဖြင့် ပေါင်းစပ်၍ သမဂုဏ်၊ သမုဟဂုဏ်မြောက်အောင် ပေါင်းစပ်၍ အသုံးပြုခြင်းဖြစ်သဖြင့် နောက်ဆက်တွဲပြဿနာအရိပ်အငွေ့မျှရှိသည်ဆိုသည့်တိုင် မည်သို့မျှ မဖြစ်နိုင်အောင် စီမံထားခြင်း ဖြစ်၏။ ထို့ကြောင့် ဤကဲ့သို့ ကြ္ကသရမှုလီကို ပေါင်းစပ်သုံးစွဲသဖြင့် မည်သည့်ဘေးထွက်ဆိုးကျိုးမျှမရှိပေ။ စိတ်ချလက်ချ သုံးစွဲနိုင်ပါသည်။ ဤနည်းဖြင့် ကြ္ကသရမှုလီ၏ ထက်မြက်သော အစွမ်းအာနိသင်ကို လိမ္မာပါးနပ်စွာ အသုံးချရခြင်းသာ ဖြစ်ပါသည်။ ပစ်ပယ်ရန်မဟုတ်ပေ။ ထို့ကြောင့် ကြ္ကသရမှုလီကို အသည်းကင်ဆာအတွက်သုံးမည်ဆိုလျှင် ရှားစောင်းလက်ပပ်၊ ကြိတ်မှန် စသည့် ဆေးဖက်များဖြင့် လည်းကောင်း၊ ကျောက်ကပ်ကင်ဆာအတွက် သုံးမည်ဆိုလျှင် စပျစ်သီးသတ္တုရည်၊ ကျောက်ဖရုံသီးသတ္တုရည်စသည်တို့ဖြင့်တွဲဖက်ကာ သမဆေးအဆင့်သို့ ပြောင်းလဲစီမံကာ အသုံးပြုလျှင် ကောင်းမွန်သောအကျိုးကိုခံစားရပါမည်။

သို့ဖြစ်ပါ၍ အချို့သော ဆေးပစ္စည်းများတွင် အဆိပ်အာနိသင်ရှိသည်ကို ထိတ်လန့်ကြောက်ရွံ့ရန် မဟုတ်ပေ။ အချို့သောပြင်းထန်ဆိုးဝါးသည့်ရောဂါကြီးများအတွက် ရိုးရာဆေးပညာသဘောတရားအရ လည်းကောင်း၊ ကုထုံးသဘောတရားအရ လည်းကောင်း၊ ထိုအဆိပ်အာနိသင်ရှိသော ဆေးဖက်ပစ္စည်းများသည် မဖြစ်မနေ လိုအပ်ပါသည်။ သုံးစွဲရာ၌သာ သတိသမ္ပဇဉ်ယှဉ်ရန် လိုအပ်ပါသည်။

ထိုသို့ အဆိပ်နှင့်ပတ်သက်သော အနာ၊ ရောဂါ၊ ဝေဒနာတို့နှင့် ပတ်သက်ပြီး အဆိပ်အာနိသင်ရှိသော ပစ္စည်းကိုသာ'ဆေး'ပေးရကြောင်းသာဓကအနည်းငယ် ဖော်ပြချင်ပါသည်။

မြွေကိုက်ခံရသည့်လူသားတစ်ဦးအတွက် မြွေဆိပ်ဖြေဆေးဆိုသည်မှာ မြွေဆိပ်ပင်ဖြစ်ပါသည်။ သို့သော် ထိုမြွေဆိပ်ကို တိုက်ရိုက်အသုံးပြုခြင်းတော့ မဟုတ်ပေ။ မြင်းမှတစ်ဆင့် သွေးရည်ကြည်ကိုထုတ်ယူပြီး မြွေဆိပ်ဖြေဆေးအဖြစ် ပြုပြင်စီမံပြီးမှသုံးခြင်း ဖြစ်၏။ ထို့ကြောင့် မြွေဆိပ်တက်ပြီးအဆိုးဝါးဆုံးအခြေအနေ ရင်ဆိုင်နေရသည့် လူသားတစ်ဦးအတွက် အကောင်းဆုံးသော အမြိုက်ဆေးမှာ မြွေဆိပ်ပင်ဖြစ်ပါသည်။

ထိုကဲ့သို့ အဆိပ်သင့်၊ အဆိပ်မွှန်၊ အဆိပ်တက်နေသည့်အခြေအနေအတွက် အကောင်းဆုံးသော ကုထုံးဆေးဝါးမှာ အဆိပ်ပင်ဖြစ်ကြောင်း မှတ်တမ်းပြုထားသည့် သမိုင်းအထောက်အထားကိုတို့လည်း များစွာပင်ရှိခဲ့ပါသည်။ ထိုအထဲမှ သာဓကတစ်ရပ်ကို ထုတ်ဖော်ပြလိုပါသည်။ ထိုမှတ်တမ်းမှာ လွန်ခဲ့သည့် နှစ်ပေါင်းထောင်ချီကတည်းက ရေးသားခဲ့သော မဟာဘာရတမှတ်တမ်း ဖြစ်ပါသည်။ အဆိုပါမှတ်တမ်း၌ ဖော်ပြထားသည့် အကြောင်းအရာတစ်ခုတွင် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

ဘီမသည် တိုက်ပွဲတွင် မြားမှန်ပြီး အဆိပ်တက်ကာ တောင်ပေါ်မှ တောင်အောက်ခြေရှိ ချောင်းထဲသို့ လိမ့်ကျသွားခဲ့၏။ အဆိုပါ ချောင်းသည် အဆိပ်ပြင်းသောမြွေများထူပြောသည့် နေရာဖြစ်သဖြင့် ထိုမြွေများသည် ဘီမကို ဝိုင်းဝန်းကိုက်ခဲကြ၏။ မြွေများကိုက်ခဲခံရပြီး မကြာမတင်မီတွင်ပင် မူလက မြားဆိပ်မွှန်ပြီး သေလုနီးပါးဖြစ်နေသည့် ဘီမသည် အသက်ဘေးမှ လွတ်မြောက်ကာ အကောင်းပကတိပြန်ဖြစ်လာတော့၏ဟု ဖော်ပြထားပါ။ ထို့ကြောင့် ဤမှတ်တမ်းဖြစ်စဉ်တွင် မြားဆိပ်ကို မြွေဆိပ်ဖြင့် ကုသသည့်သဘောဆောင်ကြောင်းသိရှိနိုင်ပါသည်။

သို့ဖြစ်ပါသောကြောင့် အဆိပ်အာနိသင်ရှိသည်ဆိုတိုင်းလည်း ထိတ်လန့် ကြောက်ရွံ့ စိုးရိမ်သောကမဖြစ်ဘဲ အဆိုပါ အဆိပ်ကို အမြိုက်အဖြစ် ပြောင်းလဲတတ်ရန်သာ လိုအပ်ပါကြောင်း သုံးသပ် တင်ပြသိစေအပ်ပါသည်။

ဆရာဦးဆက်ထွန်းသင်း
(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

အချိန်သည်ကား ၁၉၆၀ ပြည့်နှစ် ဝန်းကျင် မွန်ပြည်နယ် ဇင်းကျိုက်တောင်တန်းတစ်နေရာတွင် ဖြစ်သည်။ ဓာတ်ဗိန္ဓောဆရာလည်းဖြစ်၊ ဆေးမြစ်ရှာမုဆိုးကြီး မင်းရွှေသိုက်နှင့် သူ့မြေး နိုင်ပလိုင်း၊ တပည့်ဖြစ်သူ မင်းရွှေသီးတို့သည် တောထဲတွင် ဆေးမြစ်လည်းရှာ၊ တောတက်ရင်း သားကောင်မျိုးစုံ ပေါများလှသော တောထဲ တောလည်ရင်း (၃) ယောက်သား တဝဲလည်လည်ဖြစ်၍နေ၏။

သို့သော် ဆေးဆရာလည်းဖြစ်၊ မုဆိုးတစ်ပိုင်းဖြစ်သည့်အလျောက် သတိရှိသော မင်းရွှေသိုက်က တောပိုင်တောင်ပိုင်တွေကို တောင်းပန်တိုးလျှိုးလျက် ပတ်မထမ်းဝါးခေါ် ဝါးမင်းပင်များကို ခုတ်ကာ ဝါးမင်းတောင်ဝှေးလုပ်၍ လမ်းတစ်လျှောက်မှာတွေ့ရသည့်သစ်ပင်ကြီးတွေကို ဓားနှင့်ထစ်ခိုင်းသည်။ ပြီးတော့ မုဆိုးကြီး မင်းရွှေသိုက်က ဝါးမင်းတောင်ဝှေးနှင့် သစ်ပင်တွေကို ထောက်ထောက်ပြီး ပျောက်နေတဲ့လမ်းကို ရှာလေသည်။

"အဘိုး၊ ဘာဖြစ်လို့ ဝါးနဲ့သစ်ပင်တွေကိုထိုးတာလဲ"

"ပတ်မထမ်းဝါးလို့ခေါ်တဲ့ ဝါးမင်းဟာ တောထဲ မျက်စိလည်လမ်းပျောက်နေတဲ့အခါ သစ်ပင်ကို ဓားနဲ့ထစ် ဝါးမင်းနဲ့ထောက်သွားရင် လမ်းမပျောက်တော့ဘူးပေါ့။ ဒါကြောင့် ဝါးမင်းကို တောထဲသွားတဲ့အခါဆောင်ရတယ်"

ဝါးမင်းပုံသဏ္ဍာန်မှာ အဆစ်များသည်၊ ပန်းအိုးလည်ပင်းကဲ့သို့ရှိသည်၊ အိမ်တွင်ဆောင်ထားက အန္တရာယ်ကင်း အမှောင့်ပယောဂမကပ်၍ တချို့အိမ်ခေါင်းရင်း သန့်ပြန့်သောနေရာတွင်စိုက်လေ့ရှိ၏။

မုဆိုး မင်းရွှေသိုက်တို့သုံးယောက် တောလည်ရင်းက တစ်နေရာတွင် ဆေးတောကြီးတစ်ခုကိုတွေ့ရာ လွန်စွာမှ ဝမ်းသာအားရ ကြည်နူးသွားလျက် မင်းရွှေသိုက်မှ -

"မင်းရွှေသီးနဲ့ နိုင်ပလိုင်း၊ ဒါဆေးတောကြီးကွ။ ဒီည ဒီနားမှာ စခန်းချဖို့ သစ်ပင်ခပ်မြင့်မြင့်ရွေးရှာကြပေ့"

"ဟုတ်ကဲ့ အဘိုး"

ဆေးပင်တွေကို တွေ့လိုက်ပြီဆိုကတည်းက ဆေးပင်ရှာမုဆိုးကြီးမင်းရွှေသိုက်မှာ သူ့စာအုပ်နှင့် ဆေးအမည်တွေကို ရေးမှတ်ပြီး ဆွဲနုတ်တော့၏။


"အဘိုး၊ ဆေးတောကြီးဆိုတော့ ဘာဆေးပင်တွေလဲ"

"ဆေးတောဆိုမှာတော့ မြေးရယ်၊ ဘာဆေးပင်ရှိရမှာတုံး အစုံပေါ့ကွယ်။ ကရဝေး၊ ငွေးခါးပင်၊ နွယ်ချိုပင်၊ သွေးဆေးဂမုန်းပင်၊ ဂမုန်းခွက်ပေါက်အပင်တွေပေါ့ မြေးရယ်၊ ကဲ - လင့်ထိုးဖို့ စီစဉ်ဦးပေ့"

မင်းရွှေသီးနဲ့ နိုင်ပလိုင်းမှာ သစ်ပင်မြင့်မြင့်တွေ့တာနှင့် လင့်ထိုးရင်း ပတ်ဝန်းကျင်ကို ခဏလေ့လာနေမိ၏။ တောကတော့ တောသဘာဝအတိုင်း ကုတ်ကလူးဆိုတဲ့ သားစားငှက်တွေရဲ့ အသံ၊ ဒီးဒုတ်ငှက်များရဲ့အသံ၊ တစ်ခါတစ်ရံ ကလေးငယ်တစ်ယောက်ရဲ့ငိုသံနဲ့တူတဲ့ မျောက်မောင်းမခေါ် မျောက်လေပွေတွေ တစ်ကောင်နဲ့တစ်ကောင် အစာလုသံ၊ နေရာလုရင်း ကုတ်ခြစ်ရန်ဖြစ်သံ၊ တောကောင်ကြီးတွေ အစာရှာ


# မင်းနန္ဒရှိန်

## ပြကျောက်တို့၏မာယာ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရင်း ကောင်းသံတွေကို ကြားနေရလေသည်။

ဆေးသည်း မင်းရွှေသိုက်ကတော့ ဆေးတော ကြီးကို ဘိုက်တိုင်းကျ ရှာဖွေမွှေနှောက်ပြီးတော့ စမ်းချောင်းရေနှစ်ဆေးကြောရင်း ခေါ်းလိုက်ပြီးနောက် လင့်စင်ပေါ်ကို တက်ပြီးဆင်ကြတယ်။

နေကလည်း ညချမ်းပြုလာပြီ၊ လင့်စင်ပေါ်ကိုရောက်လာသည့်အခါတွင် -

"မြေးနဲ့ ရွှေသီး တောထဲတောင်ထဲမှာအိပ်တဲ့အခါ သတိရှိရတယ်။ ညကြီးမင်းကြီး လင့်အောက်လာပြီး နာမည်လာခေါ်ရင် မထူးရဘူးနော် ဟုတ်လား။ တောရဲ့မာယာဆိုတာ ခြောက်ရောက်လှတယ်"

ဟု သတိပေးလိုက်သည်။

လူငယ်နှစ်ယောက်ကတော့ အဘိုးပြောတာကို ပေါ့ပေါ့တန်တန်သဘောထားလိုက်ပါသည်။

အဲ - ညကျတော့ ချောက်ချားစရာကောင်းတဲ့တောရဲ့ အသံတွေလားမသိ တောကောင်တွေရဲ့အသံမျိုးစုံကြားရ၏။ ရှိုးဝိုးရှဲရှဲလေတိုက်သံတွေကြောင့် မကြောက်ပေမယ့် စိုးရိမ်မကလွန်ကဲလာသည်။ အိပ်ချင်ပေမယ့် အိပ်မရတဲ့ဒုက္ခ။ လောကငရဲခေါ်မလား။

ကံကောင်းတယ်လို့ဆိုမလားမသိ ညဉ့်နက်လာတော့ မင်းရွှေသိုက်တို့လင့်စင်နဲ့ အနည်းငယ်ဝေးပြီး ပေါက္ခရဝသပင်ကြီးက (ကွက်ကျားမိုး) ရွာချလိုက်တာ လင့်စင်ပေါ်က သူတို့ကိုမစိုပေမယ့် လေတိုက်တဲ့ဒဏ်ကိုတော့ခံလိုက်ရတယ်။

မိုးဟာတဖြည်းဖြည်းနာရီလောက်ကြာကြာ



www.burmeseclassic.com

www.burmeseclassic.com

ရှာပြီးစဲသွား၏။ သို့ပေမယ့် သူတို့လင့်စင်တစ်ဝိုက်ဟာ မိုးမစိုခဲ့ကြပေ။ မိုးရွာပြီးတာနှင့် တစ်တောလုံးဟာ ဝင်းလက်လင်းထိန်သွား၏။ လျှပ်စီးလက်တာလည်းမဟုတ်။ ထူးဆန်းတဲ့အလင်းတန်းကြီးထွက်ပေါ်လာပြီးတော့ မကြာမီမှာ တောကောင်တွေ၏အသံကို ကြားရ၏။ သို့ပေမယ့်လည်း တောဟာ မကြာမီမှာပဲ ပြန်လည်တိတ်ဆိတ်သွားပြန်လေသည်။ မုဆိုးကြီးမင်းရွှေသိုက်၊ သူ့မြေးနှင့် မင်းရွှေသီးကို တော၏အခြေအနေကိုကြည့်လျက် အားပေးသလို မကြာခဏကြည့်နေပါသည်။ အတွေ့အကြုံနည်းသောလူငယ်နှစ်ယောက်မှာ အနည်းငယ်ကြောက်စိတ်ဝင်လာသည်။ ဒါကိုသိသော မုဆိုးမင်းရွှေသိုက်က -

"မြေးတို့၊ ဘာမှမစိုးရိမ်နဲ့နော်၊ တောထဲမှာ ဒီအဖြစ်အပျက်တွေက မကြာခဏဖြစ်ပျက်နေတာကွယ့်။ တောခြောက်တာတို့၊ တောမှောက်တာတို့ဆိုတာဖြစ်လေ့ရှိတယ်။ ငါ့မြေးတို့မကြောက်အောင် အကာဂါထာကြီးနဲ့ အဘိုးစည်းချထားပေးတယ် ဟုတ်လား။ စိတ်ချလက်ချအိပ်ကြပေတော့"

မင်းရွှေသီးနှင့် နိုင်ပလိုင်းတို့မှာ ကြောက်ကြောက်လန့်လန့်နှင့်ပဲ မပျော်တစ်ဝက်ပျော်တစ်ဝက်နှင့် မိုးလင်းခါနီးမှာ မှေးခနဲအိပ်ပျော်သွားကြလေတော့သည်။

"အ. . . အာ. . . အာ. . အ . . . အာ"

"အာ. . . အ. . . အာ"

မနက်ခင်း ဝေလီဝေလင်း အနီးအနားက ရေသဖန်းပင်ပေါ်မှ ကျီးပြိုသံတွေကြောင့် သူတို့နိုးလာသည်။ အဘိုးမင်းရွှေသိုက်က လင့်စင်ပေါ်မှ မဆင်းသေးဘဲ ကျီးပြိုသံတွေဟာ စောစောစီးစီးဆိုတော့ အနီးဝန်းကျင်မှာ ထူးခြားမှုတစ်စုံတစ်ရာကြောင့် ထင်မြင်ယူဆလိုက်သည်။

"မြေးတို့ရေ လူလေးတို့ရေ ထကြထကြတော့ မိုးလင်းနေပြီကွယ့်"

မင်းရွှေသီးနှင့် နိုင်ပလိုင်းလည်း ယထိုင်လိုက်ပြီးနောက် နိုင်ပလိုင်းက -

"အဘိုး၊ ကျုပ်တို့နိုးနေတာကြာပြီ ဘာထူးခြားလို့လဲ"

"လူလေးတို့ရေ၊ ကျီးပြိုသံတွေ မကြားဘူးလား"

"အဲဒီအသံတွေကြောင့် နိုးနေတာ အဘိုးရဲ့"

"အရုဏ်လည်းလာပါပြီ အောက်ဆင်းကြစို့"

လင့်စင်အောက်ရောက်တော့ ညတုန်းက မိုးရွာထားပြီး တောင်ပြိုသံတွေကြားရတဲ့နေရာနားကို သူတို့သွားကြည့်ကြ၏။

ထူးထူးခြားခြား ညက မြေပြိုနေသည့်နေရာမှာ ကျီးကန်းတွေ နှုတ်သီးနှင့်ထိုးဆွထားသော ပွစာကျဲနေသည့်မြေကြီးခဲတွေကြားမှာ နီရဲနေသောကျောက်သုံးပွင့်ကို တွေ့ရသဖြင့် ဝမ်းသာအားရကောက်ယူလိုက်ကြ၏။ မင်းရွှေသိုက်သည် ကျောက်သုံးပွင့်ကို နေရောင်တွင်ထောင်ကြည့်လိုက်ရာ အရည်အသွေးကောင်းကျောက်များဖြစ်နေသည်ကို ကျောက်အကြောင်း နားလည်တတ်ကျွမ်းသော မုဆိုးမင်းရွှေသိုက်က သိလိုက်၏။

"မြေးတို့ရေ အဘိုးတို့ကို သမ္မာဒေဝနတ်မြတ်တွေခ်ီးမြှောက်ပြီနဲ့တူတယ်"

"ဘာဖြစ်လို့လဲအဘိုးရဲ့"

"ဒီကျောက်သုံးပွင့်က ပတ္တမြားကျောက်ပွင့်တွေကွယ့်။ ဒီကျောက်သုံးပွင့်ဟာ တို့မြေးအဘိုးတွေနဲ့ ထိုက်တန်လို့ရတာကွယ့်။ အလှူကြီးပေးဖို့ ဆန္ဒပြည့်ပြီပေါ့ကွယ်"

အဘိုးစကားကြောင့် နိုင်ပလိုင်းနှင့် မင်းရွှေသီးမှာ အတိုင်းမသိ ပျော်ရွှင်ဝမ်းမြောက်သွားလေ၏။ သို့ဖြင့် တစ်ညတာကွန်းခိုခဲ့သည့်လင့်စင်ရိပ်အောက်က ထွက်လာခဲ့ကြတာ ထမင်းအိုးတစ်အိုးချက်ခန့်အကြာမှာတော့ အလာတုန်းက တွေ့ခဲ့ရတဲ့ တောင်ဆွယ်လေးကိုပြန်တွေ့တယ်ဆိုရင်ပဲ မင်းရွှေသိုက်က အားရဝမ်းသာနှင့် -

"မြေးလေးတို့ရေ၊ အဘိုးတို့အပြန်လမ်းကို ပြန်တွေ့ပြီကွယ့်"

သူတို့နှစ်ယောက် အဘိုးပြောတဲ့ တောင်ဆွယ်လေးကို ကြည့်လိုက်မိလေသည်။ အဲဒီအခါမှာ တောင်ဆွယ်လေး၏ ဆင်ခြေလျှော မြေပြောင်ပြောင်မှာ ပြိုးပြိုးပြက်ပြက် အရောင်ထွက်နေတဲ့ အရာကို တွေ့လိုက်ရတာလေ၏။

"အဘိုး၊ ခတောင်ဆွယ်နားမှာ အရောင်တလက်လက်နဲ့ မနက်ကလိုတွေ့တဲ့ကျောက်ပွင့်တွေများလား မသိဘူး"

လူငယ်အတွေးနှင့် နိုင်ပလိုင်းက ပြောလိုက်၏။

"ဟော့-ငါ့မြေးတို့ အလျှင်မလိုနဲ့ဦး၊ ဒါတောတောင်နော်၊ တောရဲ့မာယာဆိုတာ မေ့ထားလို့မရဘူး"

ဒီလိုနှင့် သူတို့သုံးယောက် တောင်ဆွယ်အနားကို သတိရှိရှိ ချဉ်းကပ်လာကြသည်။ အနီးလည်းရောက်ရော တွေ့လိုက်ရတာက ခုံညင်းဒိုးလောက်မရှိတဲ့ ကျောက်တစ်လုံးကိုတွေ့သဖြင့် ကောက်မလို့အလုပ်တွင် မင်းရွှေသိုက်က -

"ဟော့ - နေဦး"

ပြောပြီး သူဆေးတောကြီးထဲက ယူလာသည့်အပင်ထဲက ဆေးပင်တစ်... ကို လက်နှင့်ကိုင်ထားပြီး နိုင်ပလိုင်း... ကျောက်ကို ကောက်ယူဖို့အသွား... ဖျန်းခနဲ အနီရောင်ကျောက်အနားတွင် မီးခိုးအသွင်များတွေ့ရပြီး ဗုန်းခနဲအသံ... ကြားရသဖြင့် နိုင်ပလိုင်းတို့ အနောက်... ဆုတ်၍ သစ်ပင်အကွယ်ကကြည့်လိုက်... သောအခါတွင်တော့ -

"ဟာ. . . အို. . . ."

စောစောက မြေကမူပြောင်ပေါ်... မှာ မြွေတစ်ကောင်။ မျက်လုံးက ဟ... ပဒါးရောင်ထွက်နေလေသည်။

အဘိုးက -

"မြေးရေ၊ အသာနောက်ဆု... နေ။ မင့်ဟာကကျောက်မဟုတ်ဘူး"

ပြော၍ ဆေးကိုင်းရွက်နှင့်လှမ်း... ပစ်လိုက်လေသည်။

ဒီအခါ ဟင်္သပဒါးရောင်မျက်... နှင့် ဝင်းဝင်းတောက်အရောင်ထွက်... သည့်မြွေကြီးသည် ပါးပျဉ်းခွက်နေရာ... ချက်ချင်းညိုးပြီး မျက်စိရှေ့မှာတင် ... ဆိုပြီး လွင့်စဉ်ပျောက်ကွယ်သွားလေ...

ထူးဆန်းလွန်းတဲ့ အဖြစ်ကြော... မအံ့ဩဘဲမနေနိုင်ကြပေ။

"အဘိုးရေ တော်တော်ထူးဆ... တယ်နော်၊ ကျောက်နီကနေ မြွေကြီး... သွားပြီး ဆေးကိုင်းရွက်နဲ့ပစ်လိုက်တော့... တစ်ခါတည်းလွင့်စဉ်ပျောက်ကွယ်သွား... ရော၊ မယုံနိုင်စရာဘဲ"

"ငါ့မြေးရေ မင်းကံကောင်းတ... လို့ အောက်မေ့ကွယ်။ စောစော... ကျောက်နီဟာ တကယ့်ကျောက်မဟု... ဘူးပြကျောက်လို့ခေါ်တယ်၊ ပြကျော... တွေဟာ မကောင်းတဲ့အနိဋ္ဌာရုံကပ်... တဲ့ တောရဲ့မာယာတစ်ခုပေါ့ကွယ်။

ပြီးတော့ ပြကျောက်သဘော... အမြင်မှာတော့ ကျောက်အသွင်ကို ... ထားတတ်တယ်။ ကောက်ယူမလို့ အ... လည်းရောက်ရော မြွေဆိုးတစ်ကော... ဖြစ်နေရော။ အမြင်မှားပြီး လောဘ... ကပ်မိရင် ဒုက္ခတွေ့တာပဲ။ ပြကျော... လမ်းကပြတာတို့က အလွန်အ... ကြီးမားတဲ့သဘောရှိတယ်"

www.burmeseclassic.com

"လမ်းကပြတာဆိုတာကကော"

"လမ်းကလည်း သွားနေကျလမ်းကို မျက်စိထဲမှာ လမ်းနှစ်ခွအမြင်ဖြစ်ပြီး သွားရင် ယာဉ်မှောက်၊ ကားမှောက်၊ ဆိုင်ကယ်မှောက်တဲ့ လမ်းတွေကိုပြောတာ"

"ကျုပ်မရှင်းတဲ့ကိစ္စက အဘိုးယမ်းထိုက်တဲ့ဆေးပင်ပဲ အဘိုး"

"ဒါလား အဲဒီအပင်က တောထဲမှာ နဂါးသေပင်လို့ခေါ်တယ်။ မြို့မှာတော့ မဟာကာကြံဆစ် အဆိပ်ဖြေပင်လေ။ မြွေတို့၊ ကင်းတို့ကို အင်မတန်နိုင်တာ။ တောရဲ့မြွေဆိုရင် နဂါးသေပင်ရွက်နဲ့ အပေါ်အုပ်တာနဲ့ ပါးပျဉ်းညှိုးပြီးတဖြည်းဖြည်းအစာမစားတော့ဘဲ သေတဲ့အထိ ငြိမ်းတယ်။ မင်းတို့လည်း တောထဲလာရင် မှတ်ထားကြ"

အဲဒီလို အဘိုးမင်းရွှေသိုက်ဆီက အဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေကို စုဆောင်းနိုင်ခဲ့သည်။ မင်းရွှေသီးနှင့် နိုင်ပလိုင်း အရွယ်လာတော့ အခုလို ဆိုးကောင်းစာရင်းဝင်လာသလို တောရဲ့ ပရိယာယ်၊ တောရဲ့မာယာတွေကိုလည်း သိသာခဲ့လေတော့သည်။

တစ်နေ့ အဘိုးမင်းရွှေသိုက် သူ၏ဘတ်အုပ် (စာအုပ်) နှင့် အလုပ်ရှုပ်နေစဉ်မှာ နိုင်ပလိုင်းက ကျောက်မျက်တွေ၏ အစွမ်းသတ္တိမေးတာနှင့် မင်းရွှေသိုက်က နားလည်အောင်ကျောက်တွေအစွမ်းကို ဒီလိုပြောပြလေတော့သည်။

*

"တစ်ခါက ကေတုမတီ တောင်ငူဘုရင်မင်းခေါင်မှ ညီတော် ဇင်းမယ်မြို့စားဖြစ်သူ အနော်ရထာထံသို့ သူ့ပိုင်နက်နယ်မြေထဲမှာ ဆင်ဆိုးကြီးတစ်ကောင်သောင်းကျန်းနေသဖြင့် နှိမ်နင်းပေးပါရန် အကူအညီတောင်းပါတယ်။ အဲဒီအခါ ဇင်းမယ်မြို့စားမှ သားတော် နန္ဒကျော်ထင်နော်ရထာကို စေလွှတ်ပြီး နှိမ်နင်းစေတယ်ပေါ့။ ဆင်ဆိုးကြီးကို အောင်နိုင်တော်မူသဖြင့် ဘုရင်မင်းခေါင်မှ တူတော်မောင် နန္ဒကျော်ထင်နော်ရထာနဲ့ သမီးတော်မဏိရတနာမင်းသမီးအား လက်ဆက်စေပါတယ်။ သို့သော် ထိုညမှာပဲ မဏိရတနာမင်းသမီးလေးမှာ စက်တော်ရာအဆောင်မှ ပျောက်ဆုံးနေသဖြင့် မင်းသားလေးမှ လိုက်ရှာရာ ဗလမင်းထင်ဆိုတဲ့ စစ်သူကြီးနဲ့တွေ့ပြီး အချင်းများကြလေတယ်။ ဗလမင်းထင်တာ မဏိရတနာမင်းသမီးလေးအား တစ်ဖက်သတ်စုံမက်နေတော့ နောက်ဆုံးတော့ ဗလမင်းထင်လည်း မင်းသားနန္ဒကျော်ထင်နော်ရထာရဲ့ဓားချက်ဖြင့် အသက်ပျောက်ခဲ့သလို မင်းသားနန္ဒကျော်ထင်နော်ရထာမှာလည်း ကောက်ကျစ်တဲ့ စစ်သူကြီးဗလမင်းထင်ရဲ့အဆိပ်လူးတဲ့ဓားချက်မိပြီး နန်းတော်ဥယျာဉ်ထဲတွင် ကံတော်ကုန်ခဲ့တယ်။

မဏိရတနာမင်းသမီးလေးမှာ သူချစ်သူမင်းသားငယ်အား နောက်ပြောင်ကျီစယ်လိုတဲ့စိတ်နဲ့ စက်တော်ရာအဆောင်ရဲ့ ကြေးသေတ္တာထဲ ဝင်ပုန်းအောင်းနေရာမှ လေမွန်းပြီးကံတော်ကုန်လေတယ်။

ဒါပေမယ့် မဏိရတနာမင်းသမီးလေးရဲ့အလောင်းဟာ (၁၇) ရက်တိုင်ကြာမြင့်ပြီးမှ တွေ့ရှိကြသော်လည်း ပုပ်သိုးခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် မဏိရတနာမင်းသမီးလေးမှာ ခမည်းတော်မှ လွန်ချစ်မြတ်နိုးပြီးပေးထားတဲ့ အစွမ်းထက်ပတ္တမြားလက်ဝတ်ရတနာကို ဝတ်ဆင်ထားလို့ ပီဘိအိပ်မောကျနေဘိသကဲ့သို့ဆိုလှတယ်။

အဘိုးတို့ ကြားဖူးတဲ့ ပေစာသိုက်စာအညွှန်းအရ ပတ္တမြားလက်ဝတ်ရတနာနဲ့ မင်းသမီးဝတ်ဆင်တဲ့ ရတနာများကို ဂူသင်္ချိုင်းတော်အတွင်းမှာမြှုပ်နှံစဉ် တစ်ပါတည်း မြှုပ်နှံလိုက်တယ်။ ပုတီးတစ်ကုံးထဲပင် အသပြာတစ်သိန်းထိုက်တန်တယ်လို့ သိရတယ်။

အဘိုးတို့ ရှေးမြန်မာကြီးတွေမှာ မီးကွင်းတဲ့သိဒ္ဓိဝင်လက်စွပ်၊ အမြုတေလက်စွပ်၊ တစ်ခါတည်းနဲ့ ရန်သူအန္တရာယ်တွေ နှိမ်နင်းကာကွယ်နိုင်တဲ့အစွမ်းရှိတဲ့ ကျောက်ကောင်း၊ လက်စွပ်၊ အဆောင်လက်ဖွဲ့ဆိုတာ ရှိကြတယ်။ တကယ်လည်း အစွမ်းထက်ကြတယ်။

ဘုရင့်နောင်မင်းတရားကြီးဆိုရင် ရခိုင်၊ တောင်ငူ၊ ဇင်းမယ်၊ ထိုင်း (ယိုးဒယား) နိုင်ငံတွေအထိ စစ်ချီထွက်ခဲ့ဖူးတယ်။ ပြကျောက်နဲ့ သိဒ္ဓိဝင်လက်စွပ်၊ ကြောင်မျက်ရှင်အမြုတေနဲ့ ကျောက်မျက်ရတနာတွေအကြောင်းကို ကောင်းစွာ တတ်ကျွမ်းနားလည်တယ်လေ။

ဘုရင့်နောင်မင်းတရားကြီးရဲ့သိဒ္ဓိဝင်အမြုတေလက်စွပ်ဆိုရင် ဘယ်လောက်အစွမ်းထက်လဲဆို မွန်သူရဲကောင်းမင်းလောင်း သမိန်ထောရာမ ရန်သူများကို နှိမ်နင်းရာမှာ ပတ္တမြားလက်စွပ်ကို အသုံးပြုပြီး လက်စွပ်ပေါ်မှာ ထင်ဟပ်လာတဲ့အရိပ်အယောင်များကို လက်သုံးတော်ဓားနဲ့ ခုတ်ရုံမျှချိန်ရွယ်ရုံမျှ ရန်သူတွေ ကျဆုံးထွက်ပြေးရတဲ့အထိ အစွမ်းရှိတယ်လို့ဆိုကြတယ်။

ဒါကြောင့် ဘုန်းကြီးတဲ့ဘုရင်တစ်ပါးကို ဇင်းမယ် ယိုးဒယားကတောင် နိုင်ငံရပ်ခြားက ခန့်ညားလာရပြီး ဇင်းမယ်မင်းသမီးကို ဆက်သရတဲ့အထိပေါ့။ ဘုရင့်နောင်မင်းတရားကြီးကို ဇင်းမယ် ယိုးဒယားတွေကဆိုရင် ချစ်စနိုးနဲ့ ဘုရင့်နောင်လို့မခေါ်ဘူး၊ စပ်ရင်ဆွေမျိုးတော်ခဲ့လို့ ပုတ်နောင်လို့ ခေါ်ခဲ့ကြတယ်ကွယ့်။

ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံတော့ ညီတော်တောင်ငူဘုရင်မင်းခေါင်ထံ ပတ္တမြားလက်စွပ်ဟာ တစ်နည်းနည်းနဲ့ရောက်ရှိသွားပြီး ဘုရင်မင်းခေါင်ကလည်း သမီးတော် မဏိရတနာမင်းသမီးကို လွန်စွာ ချစ်မြတ်နိုးပြီး ချီးမြှင့်ထားသတဲ့။ မင်းသမီးလေးအဖြစ်ဆိုးနဲ့ ကံတော်ကုန်တော့ တစ်ပါတည်းသင်္ဂြိုဟ်လိုက်ပြီးကတည်းက ပတ္တမြားလက်စွပ်သတင်းဆိုတာလည်း စုပ်စပြပ်စပျောက်ကွယ်သွားတယ်။

ဒါပေမယ့် နောင်လာလတ္တံ့သော် သမီးတော်ရဲ့ ဂူသင်္ချိုင်းအား တွေ့ရှိသူသည် မကျွတ်မလွတ်သူများအား ရည်စူးလျက် ကုသိုလ်ကောင်းမှုပြုနိုင်တော်မူရန် မင်းသမီးလေးရဲ့လက်ဝတ်ရတနာအား မဖြုတ်သိမ်းဘဲ တစ်ပါတည်း ဝတ်ဆင်ထည့်ပေးသလို မင်းသမီးရဲ့ဂူသင်္ချိုင်းတော်ဟာလည်း ယခုတိုင် ပျောက်ဆုံးကွယ်ဝှက်နေတုန်းပဲကွယ့်"

ဟု သူ၏စကားကို အဆုံးသတ်လိုက်ပါတော့သည်။

ထိုအခါ ကျောက်မျက်တွေနှင့် ထူးခြားတဲ့ အစွမ်းသတ္တိအကြောင်းကို သိရှိသော်လည်း ပြကျောက်လို အန္တရာယ်ပေးနိုင်တဲ့ကျောက်ရှိသလို သိဒ္ဓိဝင်အစွမ်းထက်တဲ့ ကျောက်မျက်တွေလည်းရှိပါတယ်ဆိုတာ အဘိုး မုဆိုး မင်းရွှေသိုက်၏ကျေးဇူးကြောင့် ဆောင်ရန်၊ ရှောင်ရန်များတပွေ့တပိုက်ရရှိလိုက်ပါတော့သည်။

အဖိုးတန် ကျောက်မျက်ရတနာများဖြစ်ကြသော ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန် စသော ကျောက်များကို သက်ရင့်ကျောက်များတွင်သာ တွေ့ရှိနိုင်သလို အသက်ကြီးသော ပုဂ္ဂိုလ်များကို ဆည်းကပ်ခြင်းဖြင့် ဘဝမှာ အဖိုးမဖြတ်နိုင်သော ပညာရပ်ဗဟုသုတများကို ရရှိနိုင်ပေမည် ဖြစ်သည်။

မင်းနှင်းခိုင်



www.burmeseclassic.com

www.burmeseclassic.com

ဦးကြည်ဝင်း(ရွှေဝါ)ရေးသားသည်

# အိမ်ထောင်ရေး နှင့် ဗေဒင်ပဒေသာများ

လူ့ဘောင်ဘဝ လူ့လောကတွင် တစ်ဦးနှင့်တစ်ဦး၊ တစ်မိသားစုနှင့် တစ်မိသားစု ချစ်ခင်စုံမက်၍ အိမ်ထောင်ပြုကြခြင်းတို့၏အကြောင်းရင်းကို ဘုရားရှင်မှ နကုလပိတာသူကြွယ်နှင့် နကုလမာတာသူကြွယ်မ ဇနီး၊ ခင်ပွန်းတို့ကို အကြောင်းပြု၍ -

ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေနဝါ။

ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝယ ဒေါဒကံ။

ဟူသော ဂါထာကို ဟောတော်မူပါသည်။

**အနက်** -

**ပုဗ္ဗေဝ** - ရှေးဘဝကလျှင်၊ **သန္နိဝါသေန** - မိဘပေါင်းဖော်တော်စပ်နီးကာ အတူတကွ ကောင်းမှုပြုခဲ့သောကြောင့် လည်းကောင်း၊ **ပစ္စုပ္ပန္နဟိတေနဝါ** - ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကို ရွက်ဆောင်ခြင်းဖြင့် လည်းကောင်း၊ **ဧဝံ**-ဤသို့သော အကြောင်းနှစ်ပါးဖြင့်၊ **တံပေမံ** - ထိုချစ်ခြင်းသည်၊ **ဇာယတေ** - ဖြစ်၏။ **ကိမိဝ** - အဘယ်ကဲ့သို့နည်းဟူမူကား၊ **ဥဒကေ** - ရေ၌ **ဥပ္ပလံ** - ကြာသည်၊ **ဥဒကဥ္စ** - ရေကိုလည်းကောင်း၊ **ကဒ္ဒမဥ္စ** - ညွန်ကိုလည်းကောင်း၊ **နိဿယ** - မှီ၍၊ **ဇာယတေယထာ** - ဖြစ်သကဲ့သို့တည်း။

ရှေးဘဝက တစ်ဦးနှင့်တစ်ဦး ဇနီး၊ ခင်ပွန်းအဖြစ် အတူတကွ အလှူဒါနပြုခဲ့ကြသည်။ ယခုဘဝမှာလည်း ပြန်လည်တွေ့ဆုံ၍ တစ်ဦးအကျိုးစီးပွားကို တစ်ဦးက ဆောင်ရွက်ကြသည်။ ဤအကြောင်းနှစ်ပါးကြောင့် ချစ်ခြင်းမေတ္တာ ပေါက်ဖွားလာသည်ဟု ဆိုလိုပါသည်။

ဤကဲ့သို့ ချစ်ခြင်းမေတ္တာဖြစ်ပွား၍ အိမ်ထောင်ပြုကြတော့မည်ဆိုလျှင် 'အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည် စုတ်ထိုး ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်ရန် ခက်သည်' ဟူသော ဆိုရိုးစကားနှင့်အညီ အိမ်ထောင်တစ်ခုကို ပြီးစလွယ် မတည်ဆောက်သင့်သည်မှာ လူတိုင်း အသိပင် ဖြစ်ပါသည်။

သို့ကြောင့်ပင်လျှင် ရှေးရှေးပညာရှင်များမှ အိမ်ထောင်ကြမည့်အချိန်၊ တစ်ဦးတစ်ဦး အိမ်ထောင်ဖက် သင့်၊ မသင့် (အိမ်ထောင်ပြုမည့်) သတို့သား၊ သတို့သမီးတို့၏ ဇာတာများကို ဦးစွာ စစ်ဆေးကြပါသည်။ အိမ်ထောင်ဖက် သင့်လျှင် ရက်ကောင်းရက်မြတ်များရွေး၍ မင်္ဂလာများကို အဆင့်ဆင့်ပြုလုပ်ဆောင်ရွက်ကြသည်မှာ ရိုးရာဓလေ့တစ်ခုပင် ဖြစ်ပါသည်။

ရှေးဦးစွာ အိမ်ထောင်ကျနိုင်သည့်အချိန်ကို တွက်ချက်သော မြန်မာ့ရိုးရာတွက်နည်းများကို ဖော်ပြပါမည်။

**မယားကောင်းရ ဆိုပြီး ရေးသော လင်္ကာတစ်ခုမှာ -**

* *ဇဇလူလူ၊ မေးသူသက်အရေးယူ*
*လျက် (အ) မြောက်မြန်၊*
*တွေးယူမပျက်၊ 'သီလောက်တန်လျှင်၊*
*ကဝိနောက်ခံ၊ လူအများ၊*
*မရှဲမတဲ့၊ အဖွဲ့ယင်အောင်၊ တစ်ဆယ့်*
*နှစ် (၁၂) နှင့်စား၊*
*လိုက်ပါတော့လား၊ အကြွင်းသေသ၊*
*အသုံးမြင့်မူ၊*
*တဖုန်းမေခင်ဖြူရွှထား၊ နှလုံးရွှေရင်*
*အူကယားအောင်၊ လူလှတစ်ပါးရ*
*လိမ့်မည်။*

၁။ အထက်ပါကဗျာလေးကို ဝေဒပညာဖြင့် အဓိပ္ပာယ်ကောက်ယူပါက မေးလာသူ၏ အသက်ကို 'အ' မြောက်ပြန်ဆိုသည်အတွက် 'အ'သည် တနင်္ဂနွေဖြစ်၍ ဂြိုဟ်သက် (၆) နှစ် ဖြစ်ပါသည်။ သို့ပါ၍ (၆) နှင့်မြောက်၍ (၁၂) ဖြင့်စားရပါမည်။

**ဥပမာ**

မေးလာသူ၏အသက် ၂၂ ဆိုပါစို့။
အသက် ၂၂
မြှောက်ကိန်း ၆

စားကိန်း ၁၂ | ၁၃၂ | ၁၁
၁၂
―――
၁၂
၁၂
―――

အသက် (၂၂) နှစ်တွင်
အိမ်ထောင်ကျနိုင်သည်။

ဥပမာ (၂)
မေးလာသူ၏အသက် ၂၀ နှစ်။
အသက် ၂၀ နှစ်
မြှောက်ကိန်း ၆

စားကိန်း ၁၂ | ၁၂၆ | ၁၀
၁၂
―――
၆

အသက်(၂၀)နှစ်တွင် အိမ်ထောင်မကျနိုင်ပါ။ဤကိန်းအရ စုံကိန်းကျသော နှစ်များ အိမ်ထောင်ကျနိုင်ပါသည်။

နောက်အိမ်ထောင်ကျနိုင်သော ကိန်းတစ်ခုမှာ သက်ရောက် (သက္ကတ်) ကိုတွက်၍ 'မိုး - စွေ - အုံး - ခါ - ရှာ - တုံး - သာ - လှ' ဖြင့် ချထားသော ဇယားဖြင့် တွက်ရသောကိန်း ဖြစ်ပါသည်။

မိမိရောက်သော အသက်ကို (၈) နှင့်စား၍ အကြွင်းကို အောက်ပါဇယားတွင် မိမိမွေးနံမှစ၍ လက်ယာရစ် (နာရီလက်တံအတိုင်း) ရေးချ၍ကြည့်ခြင်းဖြစ်ပါသည်။

| | | |
|---|---|---|
| တနင်္ဂနွေ ၅ | ဗုဒ္ဓဟူး ၃ (စော) | အင်္ဂါ ၁ |
| သောကြာ ၄ (လိ) | | ဗုဒ္ဓဟူး ၂ (ကော) |
| ရာဟု ၆ | ၀ (တွေ) ကြာသပတေး | ၈ စနေ |

စောထွေအိမ်၊ ကောလီအိမ်ကျ သော် အိမ်ထောင်ကျတတ်သည်။ စုဝ ကြီး၊ လာဘ်ကြီးဝင်တတ်သည်။

လက်သည်းပွင့် နိမိတ်ဖြင့်လည်း အိမ်ထောင်ကျမည့်အချိန်ကို မှန်းဆ ပါသည်။

က။ ညာဘက် လက်သည်းပွင့်သော် အိမ်ထောင်ကျတတ်သည်။

ခ။ လက်ညှိုး လက်သည်းပွင့်သော် ရည်းစားကွဲတတ်သည်။

ဂ။ လက်မ လက်သည်းပွင့်သော် အရှက်တကွဲကြုံရတတ်သည်။

အသားလှုပ်ခြင်းနိမိတ်ဖြင့်လည်း အိမ်ထောင်ကျမည့်အချိန်ကို မှန်းဆ ပါသည်။

**သာမုဒြိကပျို့တွင်ပါဝင်သော အသား နိမိတ်ကျမ်းတွင် -**

က။ နှာခေါင်းစစ်၊ တုန်လှုပ်သစ်မူ



www.burmeseclassic.com

www.burmeseclassic.com

သည့်သူနှင့် ကလူကျီစယ် ပျော်စဖွယ်သည်။
ခ။ ပါးစောင်း၊ ပန်းတုန်သည့်ထုံးကား၊ မယားကောင်းရ၊
ဂ။ လက်ယာပခုံး၊ တုံန်သည်ထုံးကား၊ မယားကောင်းရ၊
ဃ။ ညာက ပေါင်သား၊ မယားစစ်၊ ဘယ်ကဖြစ်မူ၊ ချစ်သူမျက်လို။

ဤသည်တို့ကား အသားလှုပ်ခြင်း အိမ်ထောင်မည့် အချိန်ကာလကို နိမိတ်ဆချက်များ ဖြစ်ပါသည်။

အိပ်မက်ဖြင့်လည်း အိမ်ထောင်ကျမည့်အချိန်ကို မှန်းဆကြပါသည်။


က။ စနေနေ့တွင် မက်သော အိပ်မက်မှာမိမိအတွက်ဟုမှတ်ယူရပါမည်။
ခ။ ပြာသာဒ်ထက်၌ ထက်စီးရမက်မူ မယားရအံ့။
ဂ။ ပျားများကိုမြင်မက်မူ ချစ်သူနှံ့နှင့် လက်ထပ်ရအံ့။
ဃ။ ကလေးပြန်ဖြစ်ရသည်ဟု မက်မူ မကြာမီလက်ထပ်ရအံ့။
င။ ကြက်မြင်မက်မူ မိမိနှစ်သက်သူနှင့် လက်ထပ်ရအံ့။
စ။ ကြောင်အိပ်နေသည်ကို မြင်မက်မူ ပျော်ရွှင်စွာလက်ထပ်ရအံ့။


သက်ရောက်ဂြိုဟ် (သက္ကတ်) အဝင်/အထွက်တွင် အိမ်ထောင်ကျလေ့ရှိကြောင်း လေ့လာချက်များအရ တွေ့ရသည်။ သက်ရောက်ဂြိုဟ်အလယ်ကာလတွင် အိမ်ထောင်ကျလေ့မရှိကြောင်း တွေ့ရပါသည်။

ဇနက္ခတ်ကိန်း'ဆယ်-ကျောက်' ကိန်းအရောက်တွင် အိမ်ထောင်ကျတတ်သည်။ 'လွှင်-မျက်ကိန်း' တို့အရောက်တွင် ရည်းစားကွဲတတ်ကြောင်းကိုလည်း တွေ့ရတတ်ပါသည်။


နက္ခတ္တဝေဒပညာမှ ဂြိုဟ်စီးဂြိုဟ်နင်းဖြင့် အိမ်ထောင်ကျချိန်ကိုလည်း တွက်ချက်ပြပါဦးမည်။

က။ မိမိတို့ဇာတာ လဂ်မှ (၅)တန့်တွင် ကောဇာ (၅)၊ ဂြိုဟ်စီးနင်းသော အခိုန်တွင် အိမ်ထောင်ကျတတ်သည်။






ခ။ လဂ်မှ (၅) တန်း၊ (၉) တန့်ကို ကောဇာ (၅) ဂြိုဟ်ဝိသေအထူးမြင်သော နှစ်များတွင် အိမ်ထောင်ကျတတ်သည်။




မူလဇာတာ




ကောဇာ




ကောဇာ

အိမ်ထောင်ကျမည့်အချိန်ကို နက္ခတ္တဗေဒဝိသောတ္တရိဒသာစနစ်ဖြင့်လည်း ဖော်ပြပါဦးမည်။

က။ (၇) တန့်အိမ်ရှင်နှင့် သောကြာ ဆက်သွယ်သော ဒသာတွင် အိမ်ထောင်ကျနိုင်သည်။
ခ။ (၂) တန့်အိမ်ရှင်တည်ရာ ရာသီသခင်ဒသာတွင် အိမ်ထောင်ကျနိုင်သည်။
ဂ။ (၉) တန့် အိမ်ရှင်နှင့် (၁၀) တန့် အိမ်ရှင် ဒသာတွင်လည်း အိမ်ထောင်ကျနိုင်သည်။
ဃ။ မထနီအိမ်ရှင်နှင့် သမ္ဗန္ဓပြုသော ဂြိုဟ် (သို့) ပထနီဘာဝတွင် ရပ်တန့်သော ဂြိုဟ်ဒသာတွင် အိမ်ထောင်ကျနိုင်သည်။ အိမ်ထောင်ဖက် သင့်၊ မသင့်ကိုလည်း တွက်ချက်၍ အိမ်ထောင်ရေးစီမံကြပါသည်။

မြန်မာရိုးရာ အိမ်ထောင်ဖက်သင့်၊ မသင့်ရွေးနည်းလင်္ကာကို ရှေးဦးစွာတင်ပြပါမည်။

** ဃရာဝါသ၊ပြုကြအိမ်ထောင်၊ဆောင်လိုစီးပွား၊ မေးလာငြားမူ၊ နှစ်ပါးနံမည်၊ နှောပြီးခါမှ*
*မြောက်လေပဥ္စ၊ စားသတ္တတည်း၊ ဧကကြွင်းမူ*
*ဥစ္စာမရှိ၊ ဒွေးတိကြွယ်ဝ၊ ဘောမဆင်းရဲ၊ လေးကားထင်ရှား*
*ငါးကာဆင်မြင်း၊ ခြောက်ခုသူဌေး၊ တင်ရေးသုည၊*
*မြင်ကာလမူ၊ခွက်လက်စွဲကာ၊တောင်းစားရာသည်၊*
*နာမည်နှစ်ပါး အကျိုးတည်း။*

လင်္ကာအား အဓိပ္ပာယ်ဖွင့်ပြရသော် အိမ်ထောင်ပြုကြမည့် ဇနီးမောင်နှံနှစ်ဦး၏ နေ့နံသင်္ချာများကို ပေါင်း၍ (၅) မြှောက်ပါ။ ထို့နောက် (၇) ဖြင့်စားပါ။ ရသောအကြွင်းကိုကြည့်၍ တွက်ချက်နည်းဖြစ်ပါသည်။

အကြွင်းအလိုက် နေ့သားများပေါင်းဖက်ခြင်းကို ဇယားဖြင့် ဖော်ပြထားပါသည်။

လင်္ကာအရ အကျိုးအပြစ်များမှာ (၁) ကြွင်းမူ ဥစ္စာပစ္စည်းစုဆောင်းနိုင်မူ မရှိဘဲ ရရစားစားဖြစ်မည်။ (၂) ကြွင်းမူ ကြွယ်ဝချမ်းသာမည်။ (၃) ကြွင်းမူ ဆင်းဆင်းရဲရဲလုပ်ကိုင်စားသောက်ကြရမည်။ (၄) ကြွင်းမူ ထင်ရှားကျော်ကြားသူများဖြစ်မည်။ (၅) ကြွင်းမူ ယာဉ်၊ ရထားပေါများမည်။ (၆) ကြွင်းမူ ပြည့်စုံချမ်းသာကြွယ်ဝသူများဖြစ်မည်။ (၀) ကြွင်းမူ အောက်ကျသောဘဝဖြင့် လုပ်ကိုင်စားသောက်ကြရမည်ဟု ဆိုလိုပါသည်။

စာရေးသူ အတွေ့အကြုံအရ (၆) ကြွင်းအိမ်ထောင်ဖက်များမှာ ဆင်းရဲသူများကို မတွေ့ရဘဲ အသင့်အတင့်ချမ်းသာသူများနှင့် လွန်စွာချမ်းသာသူများ



www.burmeseclassic.com

www.burmeseclassic.com

| အကြွင်း | ပေါင်းသင်းမည့်နေ့သား | | | |
|---|---|---|---|---|
| ၁ | ၁နွေ+၂လ်ာ | အင်္ဂါ+စနေ | ဗုဒ္ဓဟူး+သောကြာ | ၅တေး+၅တေး |
| ၂ | ၁နွေ+၅တေး | ၂လ်ာ+၄ဟူး | ၃ဂါ+၃ဂါ | ၆ကြာ+စနေ |
| ၃ | ၁နွေ+၁နွေ | ၂လ်ာ+စနေ | ၃ဂါ+၆ကြာ | ၄ဟူး+၅တေး |
| ၄ | ၁နွေ+၄ဟူး | ၂လ်ာ+၃ဂါ | ၅တေး+စနေ | ၆ကြာ+၆ကြာ |
| ၅ | ၁နွေ+စနေ | ၂လ်ာ+၆ကြာ | ၃ဂါ+၅တေး | ၄ဟူး+၄ဟူး |
| ၆ | ၁နွေ+၃ဂါ | ၂လ်ာ+၂လ်ာ | ၄ဟူး+စနေ | ၅တေး+၆ကြာ |
| ၀ | ၁နွေ+၆ကြာ | ၂လ်ာ+၅တေး | ၃ဂါ+၄ဟူး | စနေ+စနေ |

ကို တွေ့ရပါသည်။ စာဖတ်သူများလည်း ဤလက်္ခာအရ သုတေသနပြုလုပ်ကြည့်ပါရန် တိုက်တွန်းပါသည်။

မူလမဟာဘုတ်ကို အခြေခံသော အိမ်ထောင်ရေးဟောကွက်များကိုလည်း ပညာရှင်များက ရေးသားခဲ့ကြပါသည်။

က။ မိမိ၏ မွေးမဟာဘုတ်တွင် အထွန်း၊ အသိုက်၊ ရာဇနှင့် အဓိပတိတွင် အိမ်ထောင်ဖက်၏မွေးနံ တည်ရှိပါက ကောင်းသော အိမ်ထောင်ဖက်၊ မိမိအတွက် အထောက်အကူပြုသော အိမ်ထောင်ဖက် ဖြစ်ပါသည်။

ခ။ မိမိ၏မွေးမဟာဘုတ်၊ ပုတိ-ဘင်္ဂ-မရဏခွင်တွင် အိမ်ထောင်ဖက်၏ မွေးနံရှိနေပါက မိမိအတွက် အထောက်အကူမပြုသော အိမ်ထောင်ဖက်ဟုဆိုပါသည်။

ဂ။ နှစ်ဦးစလုံး၏မွေးနံများသည် အထွန်း-အသိုက်-ရာဇနှင့်အဓိပတိတို့တွင် တည်ရှိပါက တစ်ဦးကိုတစ်ဦး အထောက်အကူပြု၏။ သာယာချမ်းမြေ့သော အိမ်ထောင်ရေးဖြစ်မည်။ အိမ်ထောင်ရန် (ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ) ကျနေသော်လည်း တကျက်ကျက်နှင့် စီးပွားတက်တတ်ပါသည်။ အိမ်ထောင်မိတ် (ဥသာ-စိန်ပန်း-ဒန်းလှ-ကိုရှာ) ဖြစ်လျှင် သွန်စွာ သာယာချမ်းမြေ့သော အိမ်ထောင်ရေးဖြစ်၍ အေးအေးဆေးဆေး စီးပွားတိုးတက်ပါမည်။

ဃ။ တစ်ဦးက အထွန်း-သိုက်-ရာဇာ-အဓိပတိတွင်ရှိပြီး တစ်ဦးက ပုတိ-ဘင်္ဂ-မရဏဖြစ်နေပါက မတည်ငြိမ်သောအိမ်ထောင်ရေးဖြစ်၍ အိမ်ထောင်ရန်တကျက်ကျက်နှင့် စီးပွားတက်တတ်ပါသည်။ အိမ်ထောင်မိတ်ခံက တဖြည်းဖြည်းစီးပွားကျတတ်သည်။

င။ နှစ်ဦးစလုံးသည် ပုတိ-ဘင်္ဂ-မရဏဖွားများဖြစ်ပါက အနိဋ္ဌအလုပ်လုပ်လျှင် စီးပွားဖြစ်သည်။ ဣဋ္ဌအလုပ်နှင့် အကျိုးမပေးတတ်ပါ။ အိမ်ထောင်ရန်များဖြစ်ကြပါက လင်မယား ရိုက်ကြနှက်ကြနှင့် စီးပွားဖြစ်တတ်ပါသည်။ အိမ်ထောင်မိတ်ဖြစ်ပါက အနိဋ္ဌလုပ်ငန်းဖြင့် စီးပွားတက်ပြီး ဘုရားဒါယကာ၊ ကျောင်းဒါယိကာမများ ဖြစ်တတ်ကြပါသည်။

စ။ အိမ်ထောင်မြဲ၊ မမြဲကို တနင်္ဂနွေဂြိုဟ် မူလမဟာဘုတ်တွင် ရပ်တည်မှု၊ ဂြိုဟ်အိပ်တိုင်တွင် ရပ်တည်မှုနှင့် သက်ရောက်တိုင်တို့တွင် ရပ်တည်မှုကို ကြည့်ရမည်။

ဆ။ မူလမဟာဘုတ်တွင် တနင်္ဂနွေရပ်တည်မှုညံ့သော အိမ်ထောင်ရှင်များသည် ဂြိုဟ်အိပ်တိုင်နှင့်သက်ရောက်တိုင်တို့တွင် ရပ်တည်မှုကို ကြည့်ရမည်။

ဇ။ မူလမဟာဘုတ်တွင် တနင်္ဂနွေရပ်တည်မှုကောင်းပြီး ဂြိုဟ်အိပ်တိုင်တွင် တနင်္ဂနွေရပ်တည်မှုညံ့စဉ် အိမ်ထောင်ကွဲကိန်းရှိပါသည်။ သို့သော် လာမည့် ဂြိုဟ်အိပ်တိုင်တွင် တနင်္ဂနွေရပ်တည်မှုကောင်းပါက အိမ်ထောင်ရေးပြန်လည်သင့်မြတ်မည်ဟု ဟောဆိုရပါမည်။

ဈ။ မူလမဟာဘုတ်တွင် တနင်္ဂနွေ၏ရပ်တည်မှုကလည်းညံ့၊ ဂြိုဟ်အိပ်တိုင်မှာလည်း တနင်္ဂနွေ၏ရပ်တည်မှုကမကောင်း၊ မိမိအိမ်ထောင်ပြုမည့်အိမ်ထောင်ဖက်၏မွေးနံသည် မိမိမဟာဘုတ်တွင် အညံ့ဌာနများ၌ ရပ်တည်ပါက အိမ်ထောင်ရေးမမြဲတတ်ပါ။

ည။ မူလမဟာဘုတ်တွင် တနင်္ဂနွေညံ့သောဌာန၌ရှိသော အိမ်ထောင်ရှင်များသည် ခိုင်ခံ့သော အဆောက်အအုံ၊ ကျောင်း စသည်များကို ကမ္ပည်းထိုး၍လှူဒါန်းရပါမည်။

ဋ။ တစ်ဦးကိုတစ်ဦး ချစ်၊ မချစ်ကို အိမ်ထောင်မိတ်ဖြစ်သော ဥသာ-စိန်-ပန်း-ဒန်းလှ-ကိုရှာ အနေအထားကို မူလမဟာဘုတ်တွင် ကြည့်ရမည်။ မိမိမဟာဘုတ်တွင် အကောင်း(အထွန်း၊ သိုက်၊ ရာဇနှင့်အဓိပတိ) တို့တွင် အိမ်ထောင်မိတ်ဂြိုဟ်ရှိက မိမိကိုချစ်သော အိမ်ထောင်ဖက်ဖြစ်သည်။

အိမ်ထောင်ဖက်၏မွေးနံနှင့် အိမ်ထောင်မိတ်ပါ မိမိ၏ မူလမဟာဘုတ် တွင် အကောင်းဌာနများတွင်ရှိပါက [illegible] အပေါ် လွန်စွာချစ်မြတ်နိုးသော အိမ်ထောင်ဖက်ကို ရရှိမည်ဟု ဟောဆို[illegible] မည်။

နက္ခတ္တဝေဒပညာမှ အိမ်ထောင် ရေးဥပဒေများကိုလည်း ဖော်ပြပါ[illegible]

**အိမ်ထောင်ရေးဥပဒေသများ**

က။ အမျိုးသားများအတွက် (၇)တန့်ဘာဝ(ပထနီဘာဝ)သည် [illegible] ရေး၊ ကာမဂုဏ်ရေးနှင့် သက်ဆိုင်[illegible] (၂) တန့် ဘာဝသည် အိမ်ထောင်[illegible] ဘာဝနှင့်သက်ဆိုင်သည်။

ခ။အမျိုးသမီးများအတွက် (၇)[illegible] ဘာဝသည် အချစ်ရေး၊ ကာမဂုဏ်[illegible] နှင့်သက်ဆိုင်ပြီး (၈) တန့်ဘာဝ[illegible] အိမ်ထောင်သည်ဘာဝနှင့် သက်[illegible] သည်။

ဂ။ (၇) တန့်ဘာဝ ပါပဂြိုဟ်[illegible] ရပ်တည်ခဲ့သော်လည်းကောင်း၊

ဃ။ (၇) တန့်သခင် နိစ်[illegible] ရပ်တည်ခဲ့သော် လည်းကောင်း၊ [illegible] ၌ ရပ်တည်ခဲ့သော် လည်းကောင်း [illegible] ထောင်ကွဲတတ်သည်။ ပျက်တတ်[illegible]

င။ (၇)တန့်ဘာဝ၏ ကာ[illegible] ဂြိုဟ်ဖြစ်သည့် သောကြာဂြိုဟ်[illegible] နိစ်အိမ်၊ ရန်အိမ်တွင် ရပ်တည်ခဲ့[illegible] လည်းကောင်း (သို့) (၆)၊ (၈)၊ [illegible] တန့် စသော ဒုဋ္ဌာန (၃) ဘာဝ[illegible] တည်ခဲ့သော်လည်းကောင်း အိမ်[illegible] ကွဲတတ်သည်။ ပျက်တတ်သည်။

စ။ (၇) တန့်ဘာဝသခင်နှင့်[illegible] တန့် ကာရကဂြိုဟ် သောကြာ[illegible] အား ထာဝရပါပဂြိုဟ်များဖြစ်[illegible] အင်္ဂါ-စနေ-ရာဟု-ကိတ်ဂြိုဟ်တို့[illegible]



www.burmeseclassic.com

www.burmeseclassic.com

ချင် (သို့) ထိုဂြိုဟ် (၄) လုံးတို့ အမြင်ခံချင် အိမ်ထောင်ကွဲတတ်သည်။ ပျက်တတ်သည်။


ဆ။ (၇) တန့်ဘာဝသခင်နှင့် (၇) တန့် ကာရကဂြိုဟ် (၂) လုံးတို့ကို နိစ်မူသောဂြိုဟ်တို့ ပူးယှဉ်ခြင်းရှိခဲ့သော် အိမ်ထောင်ကွဲတတ်သည်။

ဇ။ မေထုန်-ကန်-ဓနု-မိန်ရာသီသော ဒွေးဒဟရာသီများတွင် (၇) တန့်သခင်နှင့် (၇) တန့် ကာရကဂြိုဟ်ရပ်တည်လျှင် အိမ်ထောင်ကွဲတတ်သည်။ ပျက်တတ်သည်။


ဈ။ (၇) တန့် ဘာဝ၌ စနေ-အင်္ဂါ တစ်လုံးလုံးရပ်တည်လျှင်ဖြစ်စေ (သို့) နှစ်လုံးစလုံး ရပ်တည်လျှင်ဖြစ်စေ အိမ်ထောင်ကွဲတတ်သည်။ ပျက်တတ်သည်။

**အိမ်ထောင်ရေးနှင့်အင်္ဂါဒေါသ**


က။ အမျိုးသားဇာတာတွင် လဂ်-စန်း-သောကြာဂြိုဟ်မှ စတင်ထောက်သော် (၁) တန့်၊ (၄) တန့်၊ (၈) တန့်၊ (၁၂) တန့်တို့၌ အင်္ဂါဂြိုဟ်ရပ်တည်ခဲ့သော် မိန်းမသေဆုံး၍ မုဆိုးဖိုဖြစ်တတ်သည်။





၁-တန့် အင်္ဂါ





၄-တန့် အင်္ဂါ




၇-တန့် အင်္ဂါ




၈-တန့် အင်္ဂါ




၁၂-တန့် အင်္ဂါ

ခ။ အမျိုးသမီးဇာတာတွင် လဂ်-စန်း (၂) ခုလုံးမှ စတင်၍ထောက်သော် (၇) တန့်၊ (၈)တန့်တို့၌ အင်္ဂါဂြိုဟ်ရှိနေသည်ကို သောမဂြိုဟ်များမြင်ခြင်းမရှိခဲ့သော် ယောက်ျားသေဆုံးပြီး မုဆိုးမဖြစ်တတ်သည်။

**အင်္ဂါဂြိုဟ်၏ဒေါသကို ပျက်စေသော ယုဂ်များ**

က။ ယောက်ျား၊ မိန်းမ(၂)ဦးစလုံး၏ဇာတာ၌ မုဆိုးဖို၊ မုဆိုးမ(၂) ဦးစလုံး ဖြစ်နိုင်သော် မကောင်း (၂) ခုသည် အကောင်းတစ်ခုဖြစ်သွား၍ မုဆိုးဖို၊ မုဆိုးမ မဖြစ်နိုင်တော့ပါ။

ခ။ အင်္ဂါဂြိုဟ်၏ ဒေါသကြောင့် မုဆိုးဖို၊ မုဆိုးမဖြစ်တတ်သော ဇာတာများ၌ (၇)တန့်အိမ်ရှင်ဂြိုဟ်သည် (၆)၊ (၈)၊ (၁၂) တန့်ဆိုသော ဒုဋ္ဌာနဘာဝတို့၌ ရပ်တည်ခဲ့သော် အင်္ဂါဂြိုဟ်၏အမြတ်ဒေါသတို့ကို ပယ်ဖျောက်၍ မုဆိုးဖို၊ မုဆိုးမ မဖြစ်နိုင်တော့ပါ။

ဂ။ (၂) တန့်ဘာဝ၌ ပါပဂြိုဟ်များ ရပ်တည်နေကြလျှင် အင်္ဂါဂြိုဟ်ကြောင့် ဖြစ်ပေါ်သော မုဆိုးဖို၊ မုဆိုးမဖြစ်ခြင်းကို ပျက်ပြယ်စေပါသည်။

ဃ။ စနေဂြိုဟ်သည် (၂) တန့်၊ (၃) တန့်၊ (၆) တန့်၊ (၉) တန့်၊ (၁၀) တန့်၊ (၁၁) တန့်တို့၌ ရပ်တည်ခဲ့သော် အင်္ဂါဂြိုဟ်ရပ်တည်မှုကြောင့် ဖြစ်ပေါ်သောဒေါသများကို ပယ်ဖျောက်နိုင်ပါသည်။

လူတိုင်းအတွက် အိမ်ထောင်ရေးသည် အလွန်အရေးကြီးလှပေသည်။ အိမ်ထောင်ရေးမကောင်းလျှင် ဘဝပျက်သွားနိုင်သလို အိမ်ထောင်ရေးကောင်းပါလျှင်လည်း သာယာချမ်းမြေ့သောဘဝဖြင့် ဘဝအထွတ်အထိပ်သို့ရောက်နိုင်ပါသည်။ အထူးသဖြင့် မိန်းမသားအဖို့ ကုန်ရှုံးလျှင် တစ်ခေါက်၊ လင်ကုန်ရှုံးလျှင်တစ်သက်လုံးမှောက်ဟု ဆိုရိုးရှိပါသည်။

အိမ်ထောင်ရေးကို အဓိကထား၍ ဟောပြောရသောဘာဝမှာ ဇာတာ၌ (၇) တန့်ခေါ် ပထနီဘာဝဖြစ်ပါသည်။ ဘရိဂုဆရာ၏ဘာဝဖလဗေဒင်ကျမ်း၌ (၇) တန့်ဘာဝခေါ် ပထနီဘာဝသည် ဇာတာရှင်၏ ပေါင်းဖက်ခြင်း၊ ခိုင်မြဲစွာလက်တွဲခြင်း၊ တရားဝင်နှောင်ဖွဲ့ခြင်း၊ လုပ်ငန်းစပ်တူလုပ်ကိုင်သူ လင်မယားဘဝ၊ နိုင်ငံခြားတိုင်းပြည်များတွင် ဩဇာအာဏာရှိခြင်းနှင့် ကျော်စောခြင်း၊ အိမ်ထောင်ရေး၊ သေခြင်းမာရကဘာဝဟု ညွှန်းဆိုသည်။

ကိုယ့်ဘက်ကကြည့်လျှင် (၇)တန့်ဘာဝဟာ ကိုယ့်ရဲ့အိမ်ထောင်ဖက်ဆိုရင် အိမ်ထောင်ဖက်ရဲ့ဘက်ကကြည့်မယ်ဆိုလျှင်လည်း (၁) တန့်ဘာဝဟာ သူ့ရဲ့အိမ်ထောင်ဖက် ဖြစ်ပါသည်။ သို့ဖြစ်၍ (၇)တန့်ဘာဝကကောင်းစင်မှ ကိုယ့်ရဲ့အိမ်ထောင်ဖက်ကောင်းဖြစ်မှာပါ။ ကိုယ့်ရဲ့အိမ်ထောင်ဖက်က ကိုယ့်အတွက် အိမ်ထောင်ရေးသာယာအောင် ဖန်တီးနိုင်ဖို့ (၇) တန့်ဘာဝ သန့်ရှင်းကောင်းမွန်ရမှာဖြစ်သလို အိမ်ထောင်ဖက်အတွက်လည်း အိမ်ထောင်ရေးသာယာအောင် ကိုယ့်ရဲ့ (၁) တန့်ဘာဝနဲ့ တနင်္လာဂြိုဟ်ကောင်းရပါမယ်။

အိမ်ထောင်ရေးကောင်းဖို့အတွက် အောက်ပါဥပဒေများကို ကြည့်ရပါမယ်။

က။ (၇)တန့်ဘာဝသည် အားရှိရမည်။

ခ။ (၇) တန့်ဘာဝမှာ ပါပဂြိုဟ်မရပ်ရ။

ဂ။ (၇) တန့်ဘာဝကို ပါပဂြိုဟ်မမြင်ရ။

ဃ။ (၇) တန့်ဘာဝကို ပါပဂြိုဟ် (၂)လုံး မညှပ်ရ။

င။ (၇) တန့်ဘာဝသခင်ကို ပါပဂြိုဟ် မြင်ခြင်း၊ ယှဉ်ခြင်း၊ ပူးခြင်း၊ ညှပ်ခြင်းမရှိစေရ။

စ။ (၇) တန့်ဘာဝ ကာရကဂြိုဟ် သောကြာအားကောင်းရမည်။

ဆ။ (၇) တန့်ဘာဝ ကာရကဂြိုဟ်တို့ ရန်ဂြိုဟ်နဲ့ ပါပဂြိုဟ်တွေ ဆော



www.burmeseclassic.com

www.burmeseclassic.com

သွယ်ရ။

ဈ။ အမျိုးသားအတွက် သောကြာဂြိုဟ်၊ အမျိုးသမီးအတွက် အင်္ဂါဂြိုဟ် အားရှိရမည်။

ည။ (၇) တန့်ဘာဝသခင်နှင့် (၇) တန့်ဘာဝ ကာရက သောကြာဂြိုဟ်တို့သည် ရန်နဝင်း၊ နိစ်နဝင်းမစီးရ။

အိမ်ထောင်ရေးကံကောင်းသူနှင့် အိမ်ထောင်ရေးကံမကောင်းသူများကိုလည်း အသေးစိတ်ဖော်ပြပါမည်။

**အိမ်ထောင်ရေးကံကောင်းသော အမျိုးသားများ**

က။ သောကြာဂြိုဟ်ကသစ်ရခြင်း။

ခ။ သောကြာဂြိုဟ်ဥစ်ရခြင်း။

ဂ။ သောကြာဂြိုဟ်တြိဂုဏ်ရခြင်း။

ဃ။ (၇) တန့်၌ ရာသီ၌သောမဂြိုဟ်ရှိခြင်း။

င။ (၇)တန့်ဘာဝကို သောမဂြိုဟ်မြင်ခြင်း။

စ။ (၇)တန့်ဘာဝကို သောမဂြိုဟ်မြင်ခြင်း။

ဆ။ (၇) တန့်အိမ်ရှင်ဂြိုဟ်နှင့် သောမဂြိုဟ်ပူးခြင်း။

**အိမ်ထောင်ရေးကံကောင်းသော အမျိုးသမီး**

က။ အင်္ဂါဂြိုဟ်ကသစ်ရခြင်း၊

ခ။ အင်္ဂါဂြိုဟ်ဥစ်ရခြင်း၊

ဂ။ အင်္ဂါဂြိုဟ်တြိဂုဏ်ရခြင်း၊

ဃ။ (၇) တန့်ရာသီ၌ မဂြိုဟ်ရှိခြင်း၊

င။ (၇) တန့်ဘာဝကို သောမဂြိုဟ်မြင်ခြင်း၊

စ။ (၇) တန့် အိမ်ရှင်ဂြိုဟ် သောမဂြိုဟ်ဖြစ်ခြင်း၊

ဆ။ (၇) တန့်အိမ်ရှင်ဂြိုဟ်နှင့် သောမဂြိုဟ်ပူးခြင်း၊

**အိမ်ထောင်ရေးကံမကောင်းသော အမျိုးသား**

က။ သောကြာဂြိုဟ်နိစ်ဖြစ်ခြင်း၊

ခ။ သောကြာဂြိုဟ်ပြဖြစ်ခြင်း၊

ဂ။ (၇) တန့်၌ ပါပဂြိုဟ်ရှိခြင်း၊

ဃ။ (၇) တန့်ကို ပါပဂြိုဟ်မြင်ခြင်း၊

င။ (၇) တန့်အိမ်ရှင်ဂြိုဟ် ပါပဂြိုဟ်ဖြစ်ခြင်း၊

စ။ (၇) တန့်အိမ်ရှင် ဂြိုဟ်ပါပဂြိုဟ်နှင့်ပူးခြင်း၊

**အိမ်ထောင်ရေး ကံမကောင်းသော အမျိုးသမီး**

က။ အင်္ဂါဂြိုဟ်နိစ်ဖြစ်ခြင်း၊

ခ။ အင်္ဂါဂြိုဟ်ပြဖြစ်ခြင်း၊

ဂ။ (၇) တန့်ရာသီ၌ ပါပဂြိုဟ်ရှိခြင်း၊

ဃ။ (၇) တန့်ဘာဝကို ပါပဂြိုဟ်မြင်ခြင်း၊

င။ (၇) တန့်အိမ်ရှင်ဂြိုဟ် ပါပဂြိုဟ်ဖြစ်ခြင်း၊

စ။ (၇) တန့်အိမ်ရှင်ဂြိုဟ် ပါပဂြိုဟ်နှင့်ပူးခြင်း၊

ဗေဒပညာရှင်များမှ အိမ်ထောင်ဖက် သင့်၊ မသင့်ကို ဇာတာများကိုလည်း စစ်ဆေးကြပါသည်။

၁။ သတို့သားနှင့် သတို့သမီး၏ မူလဇာတာများအရ အိမ်ထောင်ရေးကောင်း၊ မကောင်း။

၂။ သတို့သားနှင့် သတို့သမီးတို့သည် စိတ်ကူးကိုယ်တူဖြစ်၊ မဖြစ်တို့ကို စစ်ဆေးရပါမည်။

အမှတ်စဉ် (၁) ကို စစ်ဆေးရာတွင် အောက်ပါအချက် (၄) ချက်ကို အခြေခံ၍စစ်ဆေးရပါမည်။

က။ (၇) တန့်ပထနိဘာဝနှင့်ဘာဝသခင်ဂြိုဟ်တို့ကို စစ်ဆေးခြင်းအားဖြင့် အိမ်ထောင်ရေး ရေရှည်တည်တံ့မှု ရှိ၊ မရှိကို သိနိုင်ပါသည်။

ခ။ (၁၁) တန့် ဘာဝနှင့် ဘာဝသခင်တို့ကို စစ်ဆေးခြင်းအားဖြင့် လိင်စိတ်ဆိုင်ရာဆန္ဒပြည့်ဝမှု ရှိ၊ မရှိကို သိနိုင်ပါသည်။

ဂ။ (၂) တန့်ဘာဝနှင့် ဘာဝသခင်ဂြိုဟ်တို့ကိုစစ်ဆေးခြင်းအားဖြင့် မိသားစုဘဝ သာယာမှုရှိ၊ မရှိကို သိနိုင်ပါမည်။

ဃ။ (၇) တန့်ပထနိဘာဝ၊ (၁၁) တန့် လာဘဘာဝနှင့် (၂) တန့် ကဋုမ္ဘ ဘာဝများဆက်စပ်မှုရှိမှ သာယာချမ်းမြေ့ပြီး စိတ်တိုင်းကျသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

အမှတ်စဉ် (၂) သတို့သားနှင့် သတို့သမီး စိတ်တူကိုယ်တူ ဖြစ်၊ မဖြစ် အောက်ပါအချက် (၃) ချက်ကို အခြေခံ၍ စစ်ဆေးရပါမည်။

က။ စိတ်သဘောထားချင်းတိုက်ဆိုင်မှု ရှိ၊ မရှိအား စိတ်ကို ကိုယ်စားပြုသော မူလစန်းချင်းတိုက်ဆိုင်စစ်ဆေးရပါမည်။

ခ။ တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ခြင်းရှိ/မရှိအား ကိုယ်ကာယကို ကိုယ်စားပြုသောမူလလဂ်ချင်း တိုက်ဆိုင်စစ်ဆေးရပါမည်။

ဂ။ လိင်ကိစ္စ အဆင်ပြေ/ မပြေအား လိင်ကိစ္စကို ကိုယ်စားပြုသော မူလသောကြာဂြိုဟ်ချင်းကို စစ်ဆေးရပါ

| | | |
|---|---|---|
| တနင်္ဂနွေ | မိတ်မှာ | တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး |
| | ရန်မှာ | သောကြာ၊ စနေ |
| | ဥဒါသိန်မှာ | ဗုဒ္ဓဟူး |
| တနင်္လာ | မိတ်မှာ | တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| | ရန်မှာ | မရှိ |
| | ဥဒါသိန်မှာ | အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊ စနေ |
| အင်္ဂါ | မိတ်မှာ | တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး |
| | ရန်မှာ | ဗုဒ္ဓဟူး |
| | ဥဒါသိန်မှာ | သောကြာ၊ စနေ |
| ဗုဒ္ဓဟူး | မိတ်မှာ | တနင်္ဂနွေ၊ သောကြာ |
| | ရန်မှာ | တနင်္လာ |
| | ဥဒါသိန်မှာ | အင်္ဂါ၊ ကြာသပတေး၊ စနေ |
| ကြာသပတေး | မိတ်မှာ | တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ |
| | ရန်မှာ | ဗုဒ္ဓဟူး၊ သောကြာ |
| | ဥဒါသိန်မှာ | စနေ |
| သောကြာ | မိတ်မှာ | ဗုဒ္ဓဟူး၊ စနေ |
| | ရန်မှာ | တနင်္ဂနွေ၊ တနင်္လာ |
| | ဥဒါသိန်မှာ | အင်္ဂါ၊ ကြာသပတေး |
| စနေ | မိတ်မှာ | ဗုဒ္ဓဟူး၊ သောကြာ |
| | ရန်မှာ | တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ |
| | ဥဒါသိန်မှာ | ကြာသပတေးတို့ဖြစ်ပါသည်။ |



www.burmeseclassic.com

www.burmeseclassic.com

အထက်ဖော်ပြပါ (၂) ရပ်အား ...ပါဥပဒေများအတိုင်း စစ်ဆေး ...ည်။

သို့ပါ၍ သတို့သား၏လဂ်၊ စန်း၊ ...ကြာရာသီသခင်နှင့် သတို့သမီး၏ ...နေ်း၊ သောကြာ၊ ရာသီသခင်တို့ ...ဲ -

အချင်းချင်း အပြန်အလှန် ရန်ဖြစ်ကြမှု မထိမ်းမြားကောင်းပါ။ အိမ်ထောင်ရေးပျက်စီးတတ်၏။

မိတ်နှင့် ရန်ဖြစ်ကြလျှင် မထိမ်းမြားကောင်းပါ။ မကြာခဏ အငြင်းအခုံဖြစ်၍ ခိုက်ရန်ဖြစ်ရတတ်၏။

အချင်းချင်းအပြန်အလှန်ဥဒါသိန်ဖြစ်ကြမှု မထိမ်းမြားကောင်းပေ။

မိတ်နှင့်ဥဒါသိန် ဖြစ်ကြလျှင် ထိမ်းမြားကောင်း၏။ အလယ်အလတ်ကောင်း၏။

အပြန်အလှန် မိတ်ဖြစ်ကြလျှင် အလွန်ကောင်း၏။

စန်းသခင်ဂြိုဟ် တစ်လုံးတည်းဖြစ်နေမှု အလွန်ထိမ်းမြားကောင်း၏။ အကောင်းဆုံးဖြစ်သည်။

(၂) နက္ခတ္တမိတ္တ

သတို့သား၏လဂ်၊ စန်း၊ သောကြာဂြိုဟ်တို့၏ နက္ခတ်စီးသခင်ဂြိုဟ်နှင့် သတို့သမီး၏လဂ်၊ စန်း၊ သောကြာတို့၏

...-ရန်-ဥဒါသိန်ကို မှတ်ရလွယ်ကူစေရန် လင်္ကာဖြင့်ဖော်ပြပါဦးမည်။

| | | | |
|---|---|---|---|
| ...အောင် | ကျော် | ခံ | မွေး |
| ငါ | အိမ့် | ဝေး | |
| ဦး | အေး | ခါ | ပင် |
| လ | အ | သွင် | |
| ...န်း | အင် | ကြီး | စွ |
| သိ | လ | နှင့် | |
| ...တ် | ဝင် | သား | မမှားခင်ပွန်းမှတ် |

ရန်အတွက် အလင်္ကာ

| | |
|---|---|
| အ | သေ-နံ |
| စံ | လှ |
| ဝက် | ကို |
| မ | သတ်လို |
| သူ | အို-ကောင်း၊ |
| ထိန်း | ကျောင်း-အုပ်-စု ရန်လျှင်ရှု |

နက္ခတ်စီးသခင်ဂြိုဟ်တို့ကို မိတ်-ရန်-ဥဒါသိန် စသည်ကို စစ်ဆေးရပါမည်။

ထို့ကြောင့် သတို့သား၏ လဂ်၊ စန်း၊ သောကြာတို့၏ နက္ခတ်စီးသခင်ဂြိုဟ်နှင့် သတို့သမီး၏လဂ်၊ စန်း၊ သောကြာတို့၏နက္ခတ်စီးသခင်ဂြိုဟ်တို့သည်-

က။ အချင်းချင်း အပြန်အလှန် ရန်ဖြစ်ကြမှု မထိမ်းမြားကောင်းပါ။ အိမ်ထောင်ရေးပျက်စီးတတ်၏။

ခ။ မိတ်နှင့်ရန်ဖြစ်ကြလျှင် မထိမ်းမြားကောင်းပါ။

ဂ။ အချင်းချင်း အပြန်အလှန် ဥဒါသိန်ဖြစ်လျှင် မထိမ်းမြားကောင်းပါ။

ဃ။ မိတ်နှင့် ဥဒါသိန်ဖြစ်ကြလျှင် ထိမ်းမြားကောင်း၏။ အလယ်အလတ်ကောင်း၏။

င။ အပြန်အလှန် မိတ်ကျလျှင်တားလွန်စွာ ထိမ်းမြားကောင်း၏။ အကောင်းဆုံးအိမ်ထောင်ရေးဖြစ်သည်။

စ။ စန်းသခင်ဂြိုဟ်တစ်လုံးတည်းနေမှုကား အလွန်ထိမ်းမြားကောင်း၏။ အကောင်းဆုံးအိမ်ထောင်ရေးဖြစ်ပေသည်။

**မင်္ဂလာအခါကောင်းရွေးချယ်ပေးခြင်း**

၁။ သာမညရွေးချယ်ခန်း၊

၂။ အဓိကရွေးချယ်ခန်းဟူ၍(၂)မျိုး

ဥဒါသိန်အတွက် အလင်္ကာ

| | |
|---|---|
| အောင် | လွင် |
| ငါ | ဆန်-မြင်-သိန်း-တန် |
| စွန် | သံ-ထိပ် |
| ရိပ် | ဆန်-မယ်-ထ |
| ဝိ | ဒွိ |
| သ | စွာ-ပွင့် |
| ထွန်း | မှိန် ဥဒါသိန် |

ရှိပါသည်။

**သာမညရွေးချယ်ခန်း**

၁။ နှစ်အရ ရွေးချယ်ခြင်း၊

၂။ လအရ ရွေးချယ်ခြင်း၊

၃။ ရက်အရ ရွေးချယ်ခြင်း၊

၄။ အချိန်အရ ရွေးချယ်ခြင်း၊

**(က) နှစ်အရရွေးချယ်ခြင်း**

၁။ ကြာသပတေးဂြိုဟ် သိဟ်ရာသီရောက်နေခြင်း (ဂုရုပတ္တ)

ကြာသပတေးဂြိုဟ်ကြီး တနင်္ဂနွေသိဟ်ရာသီရောက်မှု မင်္ဂလာအခါမပေးကောင်းပါ။

**မှတ်ချက်** - မာဃနက္ခတ်အတွင်းသာ မပေးအပ်ဟု ဆိုလိုသည်။

၂။ ကြာသပတေးဂြိုဟ်ကြီး နိစ်ဖြစ်နေသော မကာရရာသီရောက်မှု မင်္ဂလာအခါမပေးကောင်းပါ။

၃။ ကြာသပတေးဂြိုဟ်ကြီး ရာဟုနှင့် ပူးနေခြင်း။ (ဂုရုတမ)

ကြာသပတေးဂြိုဟ်ကြီး ရာဟုဂြိုဟ်နှင့်ပူးယှဉ်နေမှု မင်္ဂလာအခါမပေးကောင်းပါ။

**မှတ်ချက်** -

ပူးသည်ဟုဆိုရာ၌ ကြာသပတေးဂြိုဟ်၏ရှေ့ (၆) အံသာ။

နောက် (၈) အံသာအတွင်းသာ အခါမပေးအပ်ဟု ဆိုလိုသည်။

၄။ ကြာသပတေးဂြိုဟ် (၄-၈-၁၂) တန့်ရောက်နေခြင်း (ဂုရုပတ္တ)

ကြာသပတေးဂြိုဟ်ကြီးသည် မူလဇာတာ၏ (၄-၈-၁၂) တန့်ဘာဝများသို့ရောက်နေမှု မင်္ဂလာအခါမပေးကောင်းပါ။

**မှတ်ချက်**

မူလစန်းမှ (၄-၈-၁၂) တန့် ဘာဝများသို့ကြာသပတေးရောက်သော်လည်း တနင်္ဂနွေပါရောက်နေမှသာ မင်္ဂလာအခါမပေးအပ်ဟု ဆိုလိုပါသည်။

**(ခ) လအရ ရွေးချယ်ခြင်း**

၁။ တနင်္ဂနွေဂြိုဟ်ကြီး တောင်ယဉ်စွန်းတန်းဖြစ်သော ကရကဋ်ရာသီ-သိဟ်ရာသီ-ကန်ရာသီ-တူရာသီ-ဗြိစ္ဆာရာသီနှင့် ဓနုရာသီများသို့ သာယနနည်းဖြင့်ရောက်နေမှု မင်္ဂလာအခါမပေးကောင်းပါ။

**မှတ်ချက်**

မာဃနက္ခတ်အတွင်းသာ မပေးအပ်ဟု ဆိုလိုသည်။

၂။ နေနှစ်စင်းပြိုင်နေခြင်း၊ မူလဇာတာရှိ တနင်္ဂနွေဂြိုဟ်ကြီးရပ်တည်နေသောရာသီတို့ ကောဇာတနင်္ဂနွေရောက်နေမှု မင်္ဂလာအခါမပေးကောင်းပါ။

၃။ ကြာသပတေးဂြိုဟ် ပိုင်ဆိုင်သော ဓနုရာသီနှင့်မိန်ရာသီသို့ ကောဇာတနင်္ဂနွေဂြိုဟ်ရောက်နေမှု မင်္ဂလာအခါမပေးကောင်းပါ။

၄။ ကောဇာတနင်္ဂနွေဂြိုဟ်သည် မူလစန်းမှ (၄-၈-၁၂) တန့်ရာသီများသို့



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေသောလကို မင်္ဂလာအခါမပေးကောင်းပါ။

၅။ ကောဇာကြာသပတေးဂြိုဟ်ကြ (နောက်ပြန်သွားနေပါက) မင်္ဂလာအခါမပေးကောင်းပါ။

၆။ ကောဇာ သောကြာဂြိုဟ် နိစ်ဖြစ်နေသောလကို မင်္ဂလာအခါမပေးကောင်းပါ။

(ဂ) ရက်အရွေးချယ်ခြင်း

၁။ ကောဇာကြာသပတေးဂြိုဟ်နှင့် ကောဇာသောကြာဂြိုဟ် (၂) လုံးသည် တနင်္ဂနွေဂြိုဟ်နှင့်ပူး၍ အတ္တမိနေပါက မင်္ဂလာအခါမပေးကောင်းပါ။

၂။ အကြင်ရက်များတွင် နေကြတ်ခြင်း၊ လကြတ်ခြင်းဖြစ်နေပါက ထိုနေကြတ်ခြင်းမှ (၃) ရက်အတွင်း မင်္ဂလာအခါမပေးကောင်းပါ။

၃။ ကောဇာတနင်္ဂနွေဂြိုဟ်သည် ရာသီတစ်ခုမှတစ်ခုသို့ပြောင်းသောရက်ကို မင်္ဂလာအခါမပေးကောင်းပါ။

၄။ လကွယ်ရက်တိထိဖြစ်သောရက်ကို မင်္ဂလာအခါမပေးကောင်းပါ။

၅။ ဒိန္နက်သဲရက်ဖြစ်သော ရက်ကို မင်္ဂလာအခါမပေးကောင်းပါ။

၆။ ငလျင်လှုပ်သောရက်မှ (၇) ရက်အတွင်းကို မင်္ဂလာအခါမပေးကောင်းပါ။ (မြန်မာဂြိုဟ်သွားပြက္ခဒိန်များတွင်ပါသည်။)

၇။ ရက်ကောင်းများဖြစ်ကြသော အမြိတ္တစုတ်ရက်၊ ရက်ရာဇာများကိုဆောင်၍ ရက်ဆိုးများဖြစ်သော ပြဿဒါး၊ သမားညိုရက်၊ သမားဖြူရက်၊ ရက်ယုတ်မာရက်၊ ရှမ်းရက်၊ မဟာရက်ကြမ်းရက်၊ ဝါရမိတ္တုငယ်ရက်၊ ဝါရမိတ္တုကြီးရက်၊ ရက်ပုပ်ရပ်၊ နဂါးပေါ်ရက်များကို ရှောင်ရပါမည်။

(ဃ) အချိန်အရွေးချယ်ခြင်း

၁။ ဆဲလေးပါးဖြစ်သော -

က။ နေထွက်ဆဲဆဲ၊

ခ။ မွန်းတည့်နေဆဲဆဲ၊

ဂ။ နေဝင်ဆဲဆဲ၊

ဃ။ သန်းခေါင်ဖြစ်နေဆဲဆဲအချိန်အခါများတွင် မင်္ဂလာကိစ္စများ အခါမပေးအပ်ပါ။

၂။ နေ့တစ်နေ့တွင် အမှောင်အားကြီးသောကြောင့် ရာဟုကာလဟုသတ်မှတ်သော အောက်ပါအချိန်များကို ရှောင်ကြဉ်ရပါမည်။

- တနင်္ဂနွေနေ့ ညနေ (၄) နာရီခွဲမှ (၆) နာရီအတွင်း၊

- တနင်္လာနေ့တွင် နံနက် (၇း၃၀) နာရီမှ (၉) နာရီအတွင်း၊

- အင်္ဂါနေ့တွင် ညနေ (၃)နာရီမှ (၄း၃၀) နာရီအတွင်း၊

- ဗုဒ္ဓဟူးနေ့ မွန်းတည့် (၁၂) နာရီမှ (၃) နာရီအတွင်း၊

- ကြာသပတေးနေ့ (၁) နာရီခွဲမှ (၃) နာရီအတွင်း၊

- သောကြာနေ့တွင် နံနက် (၁၀) နာရီခွဲမှ (၁၂) နာရီအတွင်း၊

- စနေနေ့တွင် နံနက် (၉) နာရီမှ (၁၀) နာရီခွဲအတွင်း၊

(၂) အဓိကရွေးချယ်ခန်း

၁။ ထိမ်းမြားလက်ထပ်ရန်ကောင်းသောကာလများ ကဆုန်-နယုန်-ဝါဆို-နတ်တော်-တပို့တွဲ-တပေါင်း။

၂။ ထိမ်းမြားလက်ထပ်ရန်ကောင်းသောရက်များ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ။

၃။ ထိမ်းမြားလက်ထပ်ရန်ကောင်းသောတိထိ ၂-၃-၅-၁-၁၀-၁၁-၁၃-၁၅ လုံးတို့တွင် တစ်လုံးလုံးရသောရက်၌ ထိမ်းမြားနိုင်သည်။

၄။ ထိမ်းမြားလက်ထပ်ရန်ကောင်းသော စန်းယှဉ်နက္ခတ်မှာ -

တနင်္လာဂြိုဟ်ခေါ် စန်းသည် ရောဟဏီ (၄) လုံး၊ မိဂသီ (၅) လုံး၊ မာဃ (၁၀) လုံး၊ ဥတ္တရဖလဂုနီ (၁၂) လုံး၊ ဟဿတ (၁၃) လုံး၊ သွာတိ (၁၅) လုံး၊ အနုရာဓ (၁၇) လုံး၊ မူလ (၁၉) လုံး၊ ဥတ္တရာသာဋ် (၂၁) လုံး၊ ဥတ္တရဘဒြပိုဒ် (၂၆) လုံး၊ ရေဝတီ (၂၇) လုံး နက္ခတ်တို့ဖြင့်ယှဉ်နေစဉ် ထိမ်းမြားလက်ထပ်ရန်ကောင်းပါသည်။

၀။ ထိမ်းမြားလက်ထပ်ရန်ကောင်းသောဂြိုဟ်နေအတန့်မှာ -

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ စနေ စသည့်ဂြိုဟ်များသည် အခါလဂ်မှ (၁) တန့် (၂) တန့်၊ (၄) တန့်၊ (၅) တန့်၊ (၈) တန့် စသည့်ဘာဝတစ်ခုခုတွင် ရပ်နေသော် မကောင်း။

တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ စနေ စသည့်ဂြိုဟ်များသည် အခါလဂ်မှ (၁) တန့်ဘာဝတွင် ရပ်နေသော်လည်း မကောင်း။

အလုံးစုံသော ဂြိုဟ်များသည် အခါလဂ်မှ (၁၂) တန့် ဗျာယဘာဝတွင် ရပ်နေသော် မကောင်း။

အခါလဂ်မှ (၆) တန့် အာရိဘာဝတွင်၊ သောကြာဂြိုဟ် (၈) တန့် မရဏဘာဝတွင် အင်္ဂါဂြိုဟ်ရပ်နေသော် မကောင်း။

အလုံးစုံသော ဂြိုဟ်များသည် အခါလဂ်မှ (၇) တန့် ပတနီဘာဝနှင့် (၈) တန့်မရဏသဘာဝတွင် ရပ်မနေရပါ။

ဤကဲ့သို့ သတို့သား၊ သတို့သမီးတို့လက်ထပ်ရန် သင့်၊ မသင့်နှင့် လက်ထပ်ရန် အချိန်အခါကောင်းများ ရွေးချယ်ပြီးသောအခါ -

၁။ စေ့စပ်ကြောင်းလမ်းမင်္ဂလာ၊

၂။ လက်ထပ်မင်္ဂလာ၊

၃။ အခန်းအပ်မင်္ဂလာ စသည်တို့ပြုလုပ်ရန်ကိစ္စကိုလည်း ရှေးပညာရှင်များမှ ဝေဒပညာဖြင့် စနစ်တကျစီမံခဲ့ပါသည်။

(၁) စေ့စပ်ကြောင်းလမ်းမင်္ဂလာ

ဤမင်္ဂလာနှင့်ပတ်သက်၍ သတို့သား၏အမိ၊ အဖနှင့် ရပ်မိ၊ ရပ်ဖများသည် သတို့သမီးအိမ်သို့ စေ့စပ်ကြောင်းပြောကြားသောအချိန်သည် စေ့စပ်ကြောင်းလမ်းသောမင်္ဂလာအချိန် ဖြစ်ပါသည်။

အစီအစဉ်

က။ သတို့သား၏ မိဘတို့သည် သတို့သမီးအိမ်သို့ ရှေ့မှဦးဆောင်[illegible] ဝင်ရောက်၍ခေါ် ပြောရမည်။ နဂါးလှည့်[illegible] သင့်ရာအရပ်မှ ဝင်ရောက်ရမည်။

ခ။ သတို့သမီး၏မိခင်ဖြစ်သူသည် [illegible] ဖော်ရွေချိုသာသောခွင့်ပြုစကားကိုဆို[illegible] သတို့သမီး၏ အညွှန့်နေ့သား၊ သမီး[illegible] သည် သတို့သားဘက်မှ ဝင်ရောက်[illegible] သူများကို မင်္ဂလာရှိသောပန်းများ[illegible] လှမ်း၍ ပျူငှာစွာ ကြိုဆိုနေရာချ[illegible] ပေးရမည်။

ဂ။ ထို့နောက် နှစ်ဖက်မိဘများ[illegible] စေ့စပ်ကြောင်းလမ်းစကားများ ပြော[illegible] ကြရပါမည်။

စေ့စပ်မင်္ဂလာအချိန်အခါဇာတာ

လဂ်သခင်နှင့် (၂) တန့်သ[illegible] အိမ်ရှင်ဂြိုဟ်တို့သည် ဝါယောရာသီ[illegible] ရပ်တည်မှု လွတ်ကင်းရမည်။

လဂ်သခင်နှင့် ကုဋုမ္ဗအိမ်ရှ[illegible] သည် ဗျာယဘာဝနှင့် ၎င်းဗျာယ[illegible] နှင့် ၎င်းသမ္ဗန္ဓ (ဆက်သွယ်မှု) မရှိ[illegible]

လဂ်သည် ထိရရာသီ၊ ဒွေ[illegible] ရာသီတို့၌ ရှိရမည်။

(၂) လက်ထပ်မင်္ဂလာ

လက်ထပ်မင်္ဂလာအတွက် [illegible]



www.burmeseclassic.com

www.burmeseclassic.com

ပညာရှင်များက အခန်း (၇) ခန်း စီစဉ်ခဲ့ပါသည်။

က။ ပဏ္ဏာပခန်းနှင့် ဘိသိက်ဆရာကန်တော့ခန်း၊

ခ။ ဘုရားပင့်ခန်း၊

ဂ။ အနန္တငါးပါးကန်တော့ခန်း၊

ဃ။ ထိမ်းမြားမင်္ဂလာခန်းနှင့် ပစ္စည်းလက်ဖွဲ့ခန်း၊

င။ ဒေဝပူဇနီယအခန်း၊

စ။ ဆုံးမခန်း (နှင့်) ဩဘာစာဖတ်ခန်း၊

ဆ။ မင်္ဂလာပွဲသိမ်းဆုပေးဟူ၍ အခန်း (၇) ခန်းပြုလုပ်ရမည် ဖြစ်ပါသည်။

ကန်တော့ပွဲမှာ ဘုရား (၁) ပွဲ၊ သတို့သားမိဘ (၁) ပွဲ၊ သတို့သမီးမိဘ (၁) ပွဲ၊ အထက်နတ် (၁) ပွဲ၊ အောက်နတ် (၁) ပွဲ၊ စုစုပေါင်း (၅) ပွဲ စီစဉ်ရမည်။ မိမိတို့ရပ်ရွာဓလေ့ထုံးစံများအတိုင်း နှစ်ဖက်သော ဘကြီး၊ ဘထွေး စသည်တို့အတွက် လုံချည်၊ အကျီစများဖြင့်လည်း ကန်တော့လေ့ရှိကြပါသည်။

လက်ထပ်မင်္ဂလာ ပြုလုပ်သောအခါ ညောင်ရေအိုးများတွင် သက်ဆိုင်ရာ သတို့သား၊ သတို့သမီးတို့၏အညွှန့်ပန်းများကို ထိုးရမည်။

ဗေဒင်သဘောတရားအရ အကျိုးပေးသော အဝတ်တန်ဆာအရောင်ကို ဝတ်ရမည်။

နေ့သားအလိုက် အညွှန့်ပန်းနှင့် အကျိုးပေးသော အဝတ်တန်ဆာအရောင်ကို ဖော်ပြပါမည်။

| နေ့သား | အညွှန့်ပန်း |
|---|---|
| တနင်္ဂနွေ | ကံ့ကော်ပန်း |
| တနင်္လာ | ဇွန်ပန်း၊ စံပယ်၊ ဇီဇဝါ |
| အင်္ဂါ | ရွက်လှ၊ လသာပန်း |
| ဗုဒ္ဓဟူး | မေမြို့ပန်း |
| ကြာသပတေး | သီးညွှန့် |
| သောကြာ | ဒေါနပန်း၊ ဒန်းပန်း |
| စနေ | အုန်းညွှန့်၊ အုန်းပန်း |

အကျိုးပေးသော အရောင်ကို အင်္ဂဝိဇ္ဇာတိုင်အထက်တွင်ရှိသော ဂြိုဟ်တို့၏အရောင်ကို ဝတ်ဆင်သင့်ပါသည်။

**စေ့စပ်မင်္ဂလာအချိန်အခါဇာတာ**

စေ့စပ်မင်္ဂလာအချိန်အခါတွင်ရှိနေသင့်သော ဇာတာအနေအထားမှာ -

**တနင်္ဂနွေသားသမီး**

၅ - မီးခိုး၊ ဖြူမှိုင်း
၂ - အဖြူ
၆ - ရေယှက်၊ ရောင်ပြေး
(၁)
၄
၀
၃

တနင်္ဂနွေသားသမီးများသည် အင်္ဂဝိဇ္ဇာတိုင်အထက်တွင်ရှိသော ဂြိုဟ်များ၏အရောင်ဖြစ်သော မီးခိုး၊ ဖြူမှိုင်း၊ အဖြူ-ရေယှက် ရောင်ပြေးများကို ဝတ်ဆင်နိုင်ပါသည်။

**တနင်္လာသားသမီး**

၆ - ရေယှက်၊ ရောင်ပြေး
၃ - အစိမ်း
၀ - အနက်၊ အပြာ
(၂)
၅
၁
၄

တနင်္လာသားသမီးများသည် ရေယှက်သော အရောင်ပြေးများနှင့် အပြာရောင်တို့ကို ဝတ်ဆင်သင့်ပါသည်။ မင်္ဂလာပွဲများတွင် အစိမ်းနှင့် အနက်ကို ဝတ်ဆင်လေ့မရှိကြပါ။

**အင်္ဂါသားသမီး**

၀ - အနက်၊ အပြာ
၄ - အဝါ
၁ - အနီရောင် (အရင့်/အနု)
(၃)
၆
၂
၅

အင်္ဂါသားသမီးတို့သည် အဝါရောင်၊ အနီရောင် (အရင့်/အနု)၊ အပြာရောင်တို့ကို ဝတ်ဆင်နိုင်ပါသည်။

လဂ်သခင်နှင့် (၂) တန့်ဆောင် အိမ်ရှင်တို့သည် ဝါယောရာသီတွင် ရပ်တည်မှုမရှိစေရ။

လဂ်သခင်နှင့် (၂) တန့် ကုဋုမ္ဗသခင်တို့သည် ဗျာယဘာဝနှင့် လည်းကောင်း၊ ဗျာယသခင်နှင့် လည်းကောင်း ဆက်သွယ်မှု (သမ္ဗန္ဓ) မရှိစေရ။

**ဗုဒ္ဓဟူးသားသမီး**

၁ - အနီ (အနု/အရင့်)
၅ - မီးခိုး၊ ဖြူမှိုင်း
၂ - အဖြူ
(၄)
၀
၃
၆

ဗုဒ္ဓဟူးသားသမီးတို့မှာ အနီရောင် (အရင့်/အနု)၊ မီးခိုးရောင်၊ အဖြူရောင်တို့ကို ဝတ်ဆင်နိုင်ပါသည်။

**ကြာသပတေးသားသမီး**

၂ - အဖြူ
၆ - ရေယှက်/ရောင်ပြေး
၃ - အစိမ်း
(၅)
၁
၄
၀

ကြာသပတေးသားသမီးများသည် အဖြူရောင်၊ ရေယှက်/ရောင်ပြေးတို့ကို ဝတ်ဆင်နိုင်ပါသည်။

**သောကြာသားသမီး**

၃ - အစိမ်း
၀ - အနက်
၄ - အဝါ
(၆)
၂
၅
၁

သောကြာသားသမီးတို့သည် အဝါရောင်ကို ဝတ်ဆင်နိုင်ပါသည်။

**စနေသားသမီး**

၄ - အဝါ
၁ - အနီ
၅ - မီးခိုး
(၀)
၃
၆
၂

စနေသားသမီးတို့သည် အဝါရောင် အရင့်/အနု၊ အနီရောင် အရင့်/အနု) နှင့် မီးခိုး၊ ဖြူမှိုင်းရောင်တို့ကို ဝတ်ဆင်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

အခါလက်သည် ထိရရာသီ၊ ဒွေဒဟရာသီတို့၌ရှိရမည်။

**လက်ထပ်မင်္ဂလာကျင်းပခြင်း**

လက်ထပ်မင်္ဂလာပြုလုပ်သောအခါ ဦးစွာဆောင်ရမည့်ပန်းမှာ သက်ဆိုင်ရာ သတို့သားနှင့် သတို့သမီးတို့၏ အညွန့်ပန်းများဖြစ်ရမည်။

အညွန့်ပန်းထိုးထားသောညောင်ရေအိုးကို ကိုင်ဆောင်မည့် အမျိုးသမီးသည် မိစုံဖစုံရှိရမည်။ သက်ဆိုင်ရာ သတို့သားနှင့် သတို့သမီးတို့၏ အညွန့်နေ့သမီးဖြစ်ရမည်။

အပျိုရံ၊ လူပျိုရံတို့မှာ သတို့သားနှင့်သတို့သမီးတို့၏ဘယ်ဘက်မှာ အမြစ်နေသားသမီး၊ ညာဘက်တွင် အညွန့်နေသားသမီးတစ်ဦးစီရှိရမည်။

ဤလက်ထပ်မင်္ဂလာပွဲတွင် သတို့သားဘယ်ဘက်တွင် သတို့သမီးကို နေရာချထားပြီး သတို့သမီး၏ညာဘက်တွင် သတို့သားကို နေရာချထားရမည်။

မင်္ဂလာအခမ်းအနားတွင် လက်ထပ်သောအချိန်သည် အဓိကကျသော အချိန်ဖြစ်၍ ထိုအချိန်သည် စင်ကြယ်ကောင်းမြတ်ရန် လိုအပ်ပေသည်။

**လက်ထပ်မင်္ဂလာအချိန်အခါဇာတာ**

လက်သည် ပထဝီလက်၊ အာပေါလက်ဖြစ်ရမည်။

ပထဝီဘာဝအိမ်ရှင်နှင့် ပုကြဘာဝအိမ်ရှင် ပထမတန်းစားကောင်းနေရမည်။

ဗန္ဓုဘာဝအိမ်ရှင်နှင့် ကမ္မဘာဝအိမ်ရှင်တို့သည် ဒုတိယတန်းစားကောင်းနေရမည်။

-ကုဋုမ္ဗအိမ်ရှင်နှင့် မရဏအိမ်ရှင်တို့သည် တတိယတန်းကောင်းမွန်နေရမည်။

ဤမင်္ဂလာအချိန်အခါကောင်း၌ လက်ထပ်ပေးမည့်မင်္ဂလာဘိသိက်ဆရာမှ ရှေ့၌ဖော်ပြခဲ့သော လက်ထပ်မင်္ဂလာအခန်း (၇) ခန်းဖြင့် လက်ထပ်မင်္ဂလာကို ထိမ်းမြားခြင်း (၁၀) ပါးမှ တစ်မျိုးမျိုးဖြင့် လက်ထပ်ပေးရမည်။

**ထိမ်းမြားခြင်း (၁၀) ပါး**

၁။ ပုဆိုးတန်းတင်ထိမ်းမြားခြင်း၊
၂။ လက်ဆုံစား၍ထိမ်းမြားခြင်း၊
၃။ လက်စွပ်လဲ၍ထိမ်းမြားခြင်း၊
၄။ အဝတ်လဲ၍ထိမ်းမြားခြင်း၊
၅။ လက်ထပ်၍ထိမ်းမြားခြင်း၊
၆။ ဒါလီဖွဲ့၍ထိမ်းမြားခြင်း၊
၇။ စုလျားပတ်၍ထိမ်းမြားခြင်း၊
၈။ ပန်းကုန်းစွပ်၍ထိမ်းမြားခြင်း၊
၉။ ရေခွက်၌ လက်ဆုံချ၍ ထိမ်းမြားခြင်းတို့ ဖြစ်ပါသည်။

**အခန်းအပ်မင်္ဂလာ**

လက်ထပ်ထိမ်းမြားခြင်းမင်္ဂလာပြုပြီးနောက် အခန်းမင်္ဂလာကို ဖော်ပြပါမည်။

**အခန်းအပ်မင်္ဂလာအစီအစဉ်**

သတို့သမီး၏အမြစ်နေ့သားသမီးတို့သည် ပေးအပ်မည့်အခန်းကို သန့်ရှင်းရေးပြုလုပ်ရပါမည်။

သတို့သမီး၏တြိရန်နေ့သားသမီးတို့သည် ပေးအပ်မည့်အခန်းတွင်ရှိသော ခုတင်၊ ခြင်ထောင်၊ မွေ့ရာ၊ ခေါင်းအုံးစသည်တို့ကို ပြင်ဆင်၍ အမွှေးနံ့သာပက်ဖျန်းကြရမည်။

အခန်းအပ်မင်္ဂလာမပြုမီ အခန်းတွင်း၌ ခုတင်၊ ခြင်ထောင်၊ အိမ်ရာပစ္စည်းများမှတစ်ပါး အခြားမည်သည့်ပစ္စည်းမျှမရှိစေရ။ အိပ်ရာကို အဆင်သင့်ပြင်ဆင်ထားရမည်။

သတို့သား၏ညာဘက်၌ အညွန့်နေ့သား၊ ဝဲဘက်၌ အမြစ်နေ့သားလူပျိုရံအမျိုးသား (၁) ဦးစီ ခြံရံလျက် အခန်းတွင်းသို့ဝင်ရောက်၍ ခေါင်းရင်း၌ ဘုရားကားချိတ်ခြင်း၊ ခေါင်းရင်း၌ စားပွဲထားရှိခြင်း၊ ခြေရင်း၌ မှန်တင်ခုံ စသည်တို့နေရာချ ထားရမည်။ ဘုရားရှင်အားပန်း၊ ဆီမီး၊ နံ့သာတို့ ပူဇော်၍ အနန္တငါးပါးအား ရှိခိုးရမည်။

သတို့သားမှ ဖော်ပြပါ ဆောင်ရွက်ဖွယ်များကို ဆောင်ရွက်ပြုလုပ်ပြီးသောအခါ သတို့သမီးသည် မိမိ၏ ညာဘက်မှာ အညွန့်နေသမီး၊ ဘယ်ဘက်၌ အမြစ်နေ့သမီးတို့ ခြံရံပြီး အခန်းတွင်းသို့ဝင်ခွင့်ပြုရန် သတို့သားထံခွင့်တောင်းပြီး အခန်းတွင်းသို့ဝင်ရောက်ကာ ပန်း၊ ဆီမီး စသည်တို့နှင့် မြတ်စွာဘုရားအားပူဇော်၍ အနန္တငါးပါးအား ရှိခိုးရမည်။ ထို့နောက် သတို့ သား (ခင်ပွန်းလောင်း) အား ရှိခိုးကန်တော့ရမည်။

ထိုသို့ ရှိခိုးပြီးသည့်အခါ သတို့သားမှ သတို့သမီးအား နာမည်ခေါ်၍ ဤအခန်းသည် သင်၏အခန်းဖြစ်သည်။ ကိုယ်၊ စိတ်နှစ်ဖြာချမ်းသာစွာဖြင့် မိမိမှ အပ်နှင်းသော စည်းစိမ်ဥစ္စာများစွာတို့ကို ထိန်းသိမ်း စောင့်ရှောက်ဆောင်ရွက်နိုင်ပါစေဟုပြောဆို၍ အခန်းကိုပေးအပ်ရမည်။

အခန်းအပ်ပြီးနောက် လူပျိုရံတို့သည် အခန်းတွင်းမှနေ၍၊ အပျိုရံတို့သည် အခန်းအပြင်မှနေ၍ သတို့သမီး၏ ပစ္စည်းဥစ္စာ အသုံးအဆောင်တို့ကို အခန်းတွင်းသို့လက်ဆင့်ကမ်းပေးရမည်။

အခန်းအပ်မင်္ဂလာအချိန်သည် သတို့သားအား သတို့သမီးမှ ကန်တော့သောအချိန်အခါပင် ဖြစ်ပါသည်။ ထိုအချိန်အခါသည်လည်း စင်ကြယ်စွာရှိဖို့လိုပါသည်။

**အခန်းအပ်မင်္ဂလာအခါဇာတာ**

လက်သည် အာပေါလက်၊ ပထမတန်းစား၊ ပထဝီလက်၊ ဒုတိယတန်းစား၊ ဝါယောလက်၊ တတိယတန်းစား ဖြစ်ပါသည်။ (တေဇောလက်ကိုရှောင်ရမည်။)

ကုဋုမ္ဗဘာဝ၊ ဗန္ဓုဘာဝ၊ သုဘဘာဝ၊ လာဘဘာဝတို့သည် အားကောင်းစွာရှိနေရမည်။

အာရီဘာဝနှင့် ဗျာယဘာဝအိမ်ရှင်တို့ အားနည်းနေရမည်။

အာရီဗျာယအိမ်ရှင်မဟုတ်သော (၄)ဟူး သောကြာဂြိုဟ်တို့သည် လက်နှင့်ပူးခြင်းရှိစေပြီး လက်ကို ကြာသပတေးဂြိုဟ်မြင်ခြင်း၊ ကိန်းခံခြင်း၊ ကြိကောဏအိမ်တွင် ရပ်တည်ခြင်း၊

ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ အတ္တာမိခြင်းနှင့် နိစ်တို့မှလွတ်ကင်းစေမည်။ (၅ နှင့် ၆ ကြာသည် အာရီအိမ်ရှင်များဖြစ်ပါစေ၊ အတ္တာမိခြင်းနှင့် နိစ်တို့မှလွတ်ကင်းရမည်။)

ဤလက်ထပ်မင်္ဂလာအခမ်းအနားမစမီ ဧည့်ခံတီးလုံးများ၊ သီချင်းများတီးမှုတ်သီဆိုကြရာတွင် မင်္ဂလာရှိသော သီချင်းများကိုသာ တီးမှုတ်သီဆိုကြရမည်။ လင်ပျောက်၊မယားပျောက်သီချင်းများ အလွမ်းဖွဲ့၊ အဆွေးဖွဲ့သီချင်းများ မတီးမိစေရန် သတိပြုကြရမည်။ ဤလက်ထပ်ခန်းကို ကျွမ်းကျင်သော မင်္ဂလာဘိသိက်ဆရာများဖြင့် စနစ်တကျညှိနှိုင်း ဆောင်ရွက်သင့်ပါသည်။

တစ်သက်မှာတစ်ခါပြုလုပ်ရသော မင်္ဂလာဖြစ်ပါသောကြောင့် စနစ်တကျ တတ်ကျွမ်းသော ဗေဒင်ပညာရှင်များနှင့်သာ တိုင်ပင်ဆွေးနွေးပြီး မိမိအတွက် မင်္ဂလာအခါကောင်းများကို ရွေးချယ်ဆောင်ရွက်၍ အောင်မြင်သောအိမ်ထောင်ရေးကို ထူထောင်နိုင်ပါစေ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးကြည်ဝင်း(ရွှေစင်)ချောင်း



www.burmeseclassic.com

www.burmeseclassic.com

လျှမ်းထက်

# နှစ်ခုနှစ်ဆယ်

၁၉၆၃ ခုနှစ်၊ အောက်တိုဘာလဟု ထင်မိသည်။ ရက်ကိုမူ ကောင်းကောင်း မမှတ်မိတော့။ ကျွန်တော်နှင့် သာစည်မြို့ အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးကျော်စိန်(ကွယ်လွန်)တို့သည် မိတ္ထီလာတိုင်းပညာရေးမှူးရုံးသို့ ရုံးကိစ္စဖြင့်လာရောက်ကြစဉ် မိတ္ထီလာမြို့ ရွှေဇာဟိုရုပ်ရှင်ရုံတွင် ပြသနေသော The Longest Day (အရှည်ကြာဆုံးနေ့) ဟူသော ရုပ်ရှင်ကားကြီးကို ကြည့်ခဲ့ရသည်။ ထိုစဉ်က ကျွန်တော်သည် သာစည်မြို့ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်ဖြစ်သည်။ ထိုရုပ်ရှင်ကားကြီးမှာ အကယ်ဒမီနှစ်ဆုရသော ရုပ်ရှင်ကားကြီးတစ်ကားဖြစ်သည်သာမက ပါဝင်သရုပ်ဆောင်သူများတွင် မြန်မာရုပ်ရှင်ကြည့်ပရိသတ် အသည်းစွဲမင်းသားကြီးများပါဝင်ခဲ့၏။

ရုပ်ရှင်စတင်ရိုက်ကူးစဉ်အခါကပင် ဟိုးဟိုးကျော်ခဲ့သောရုပ်ရှင်ကြီးဖြစ်သည်။ ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်ရှင်၊ စာစောင်များ၊ မဂ္ဂဇင်းများတွင် ယင်းရုပ်ရှင်ကားကြီးအကြောင်း ဝေဖန်ရေးသားကြသည့်ဆောင်းပါးများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ဖော်ပြခဲ့ကြပါသည်။

ထိုရုပ်ရှင်ကားသည် ဒုတိယကမ္ဘာစစ်ကြီးသမိုင်းတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ လူထုအများက D-Dayဟုခေါ်သော ၁၉၄၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် မဟာမိတ်တပ်ပေါင်းစု ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေသို့ တက်ရောက်ခြင်းဖြင့် ဒုတိယကမ္ဘာစစ်ကြီး၏ အနောက်ဘက်စစ်မျက်နှာဖွင့်သောနေ့အကြောင်း ရိုက်ကူးထားသော ရုပ်ရှင်ကားကြီးတစ်ကားဖြစ်၏။ ထိုရုပ်ရှင်ကားသည် စစ်သတင်းထောက် နာမည်ကျော် စာရေးဆရာ ကော်နယ်လီရစ်ရှ်ိုင် ရေးသားပြုစုခဲ့သောစာအုပ်ကို အခြေခံ၍ ရိုက်ကူးခဲ့သော ဂန္ထဝင်ဖြစ်ရပ်မှန်ရုပ်ရှင်ကားတစ်ကားဖြစ်ပါသည်။

ထိုစာအုပ်ကို ရေးသား ပြုစုခဲ့သူ





သည် မဟာကမ်းခြေတက်တိုက်ပွဲကြီးတွင် ပါဝင်ခဲ့ပြီး သေကံမရောက် သက်မပျောက်ဘဲ လွတ်မြောက်လာခဲ့ရသူ စစ်ပြိုင်နိုင်ငံများမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် ဤမဟာကမ်းခြေတက်စစ်ပွဲတွင် မျက်မြင်ကြုံတွေ့ခဲ့ကြရသော ပြင်သစ်နိုင်ငံသူနိုင်ငံသားများ နော်မန်ဒီကမ်းခြေတစ်နံတစ်လျားတွင် သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့သူများကို (၁၄)နှစ်တိုင်တိုင် တွေ့ဆုံဆွေးနွေး၍ ထိုတိုက်ပွဲကြီးအကြောင်း ရေးသားပြုစုခဲ့ခြင်း ဖြစ်၏။

နိုင်ငံတကာမှ စာပေအကဲဖြတ်သူများကလည်း ထိုစာအုပ်သည် နော်မန်ဒီကမ်းခြေတက် မဟာစစ်ပွဲကြီးကို အထောက်အထား သာဓက တိတိကျကျ အကိုးအကားခိုင်လုံစွာ ရေးသားထားသောစာအုပ်ဖြစ်သည်ဟု တညီတညွတ်တည်းဆိုခဲ့ကြသည်။

ကျွန်တော်သည် ထိုစာအုပ်အကျဉ်းချုပ်ပါဝင်သော အမေရိကန်စာပဒေသာမဂ္ဂဇင်းအား ၁၉၅၈ ခုနှစ်ခန့်က ဖတ်ရှုခဲ့ရပြီး မူရင်းကိုမူ ၁၉၆၀ ပြည့်နှစ်ကျမှ ဖတ်ရှုခဲ့ရသည်။ အထက်တွင် ဖော်ပြခဲ့ရသည့်အတိုင်း စာအုပ်မှာ အထောက်အထားအကိုးအကားခိုင်မာသည်သာမက စာရေးသူကလည်း အတော်အရေးအသားကောင်းသဖြင့် အကြိမ်ကြိမ်ဖန်တစ်ရာတေအောင်ဖတ်ရှုခဲ့သောစာအုပ်ဖြစ်ခဲ့သည်။

ထိုစာအုပ်ကို နာမည်ကျော် နှစ်ဆယ်ရာစု မြေခွေးကုမ္ပဏီကြီးတဒါရိုက်တာအကျော်အမော်နှင့် နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com

တကာမှ ကျော်စွာရုပ်ရှင်သရုပ်ဆောင် (၄၈) ဦးနှင့် ရိုက်ကူးခဲ့သော ရုပ်ရှင်ကို လည်း နှစ်ကြိမ်ကြည့်ရှုခဲ့သည်သာမက ထိုရုပ်ရှင်ကားကြီးအား ဗီဒီယိုအခွေ အဖြစ်ထုတ်ခဲ့သည်အခါတွင်မူ မကြာ ခဏပြန်လည်ကြည့်ရှုမိခဲ့၏။

၂၀၁၄ ခုနှစ်၊ ဇွန်လဆန်းတွင်မူ ကျွန်တော်တို့မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်သံလွှင့် အစီအစဉ်များတွင် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့၌ ပြင်သစ်နိုင်ငံ နော်မန်ဒီ ကမ်းခြေတွင် အနှစ်(၇၀)မြောက် D-Day သို့မဟုတ် ကမ်းခြေတက်စစ်ဆင်ရေးကြီး ကျင်းပခဲ့သည်။ အနှစ် (၇၀) မြောက် အခမ်းအနားအား ခမ်းခမ်းနားနား ကျင်းပမည့်သတင်းနှင့် ထိုအခမ်းအနား သည် နိုင်ငံတကာမှ ခေါင်းဆောင်ကြီး များအား ဖိတ်ကြားသည့်သတင်းကိုပါ ဖော်ပြခဲ့ကြ၏။ ထိုအခမ်းအနားသို့ အမေရိကန် ပြည်ထောင်စု သမ္မတကြီး အိုဘားမားနှင့် ရုရှားနိုင်ငံသမ္မတပူတင် တို့လည်း တက်ရောက်မည့်သတင်းကို လည်း ရုပ်သံလွှင့်အစီအစဉ်များကထုတ် လွှင့်ခဲ့၏။

ဤတွင် ကျွန်တော်သည် ယင်း 'အရှည်ကြာဆုံးနေ့' ဗွီဒီယိုရုပ်ရှင်ကား အား ပြန်လည်ကြည့်ရှုခဲ့ပြီး မူရင်းစာအုပ် ကိုလည်း ပြန်လည် ဖတ်ရှုမိခဲ့ရာမှ ဤ ဆောင်းပါးအား ရေးသားခဲ့ခြင်း ဖြစ်ပါ သည်။

မှန်ပါသည်။ ဤဥရောပကမ်းခြေ တက် D-Dayဖြစ်ပွားခဲ့သည်မှာ အနှစ် (၇၀) ပင်ပြည့်ခဲ့ပြီ ဖြစ်သည်။ သို့သော် ကျွန်တော့်တို့အဖို့ ဘာမှမကြာလိုက်ဟု ထင်ရသည်။ အမှန်မှာ နာရီတွေ၊ ရက် တွေ၊ လတွေ၊ ဥတုရာသီတွေသည် သဘာဝပုံမှန်အတိုင်း ပြောင်းလဲနေကြ သည်။ ကျွန်တော်တို့ကသာ အမှုမဲ့ အမှတ်မဲ့ဖြစ်သဖြင့် ကြာလိုက်သည်ဟု မထင်ခြင်း ဖြစ်သည်။ ၁၉၄၄ ခုနှစ်ကမူ ကျွန်တော်သည် အလယ်တန်းကျောင်း သားတစ်ယောက်ဖြစ်နေပြီဖြစ်ရာ ထို ကာလက ကြားရ၊ သိရ၊ မြင်ရသည်များ ကို ယနေ့ထိမှတ်မိနေပေသည်။ သို့ဖြစ်၍ လည်း ဒုတိယကမ္ဘာစစ်အတွင်း ကျွန် တော်တို့ ကျောင်းသားငယ်များ မိမိတို့ နှင့်မသက်ဆိုင်ဘဲပါဝင်ခဲ့ရပုံဆောင်းပါး များကို အခါအားလျော်စွာ မဂ္ဂဇင်းများ၊ ဂျာနယ်များတွင် ရေးသား ဖော်ပြခဲ့ပါ သည်။

ဤဆောင်းပါးများကိုဖတ်ရှုခဲ့သော ယခင် စိန့်ဂျွန်အမျိုးသားအထက်တန်း ကျောင်း (ယခု လမ်းမတော်၊ အမှတ်(၁) အ-ထ-က)မှ ကျွန်တော့်ကျောင်းသား ဟောင်း ကိုညက်မျိုးဆီကမူ ကျွန်တော် တို့ဖြတ်သန်းလာခဲ့ရသည့် သမိုင်းတစ်ခွေ နောက်ခံအဖြစ်အပျက်များ ရေးသား ပေးရန် တိုက်တွန်းခဲ့ပါသည်။ သို့ဖြစ်၍ ဤဆောင်းပါးကို ရေးသားရခြင်း ဖြစ်၏။ ထိုD-Dayခေါ် ဥရောပတိုက်ကမ်းခြေ တက်တိုက်ပွဲကြီးမှာ သာမန်စစ်မှတ်တမ်း တစ်ခုမဟုတ်ပေ။ လူသားမျိုးနွယ်အား လုံး၏ သမိုင်းဇာတ်လမ်းကြီးပင် ဖြစ် သည်ဟု ဆိုနိုင်ပါသည်။ အနှစ်(၇၀)ပြည့် ခဲ့ပြီဖြစ်သော ထိုသမိုင်းမှတ်တိုင်ကြီးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလက စတင်ဖြစ်ပွားခဲ့သော ဒုတိယကမ္ဘာစစ်မီး ကြီးသည် ၁၉၄၂ နှစ်အတွင်း ချဉ်းနင်း ဝင်ရောက်လာသည့်အထိ အာဏာရှင် ကြီး ဟစ်တာ ခေါင်းဆောင်သော နာဇီ ဂျာမနီအဖို့ အောင်မြင်မှုရရှိရန် သေချာ နေပြီဟု နိုင်ငံတကာမှစစ်ရေးအကဲခတ် သူများက တညီတညွတ်တည်း ဆိုကြ သည်။ နာဇီတို့၏စကြာတံဆိပ်အောင်လံ တော်ကြီးသည် ဥရောပတိုင်းနိုင်ငံအသီး သီးရှိ မြို့တော်ကြီးများ၏ အဆောက် အအုံများပေါ်တွင် တလူလူလွှင့်လျက်ရှိ သည်။ ကမ္ဘာ့သမိုင်းတွင် နေမဝင်သော အင်ပါယာကြီးဟု အများကကင်ပွန်းတပ် ခြင်းခံခဲ့ရသော ဗြိတိသျှနှင့် မဟာမိတ် တပ်များကို ဒန့်ကပ်မှ ပင်လယ်ထဲသို့ မောင်းချခဲ့သဖြင့် အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်ခဲ့သည်။

သို့ရာတွင် နာဇီအာဏာရှင် ဟစ်တလာသည် ရုတ်တရက် အင်္ဂလန် နိုင်ငံကို သိမ်းပိုက်ခြင်းမပြုဘဲ တစ်နေ့ တွင် အင်္ဂလန်နိုင်ငံသည် စစ်ပြေငြိမ်းချမ်း ရေးကို လက်ကမ်းလာပေလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ ရက်လကြာသည် နှင့်အမျှ အခြေအနေအရပ်ရပ်ပြောင်း လဲသွားခဲ့သည်။ ယခင်က တစ်ကောင် ကြွက်နိုင်ငံဖြစ်ခဲ့သော အင်္ဂလန်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု၏ စစ်ရေး အကူအညီကြောင့် နာလန်ထူလာသည်။ သို့သော် အင်္ဂလန်နိုင်ငံနှင့် မဟာမိတ်တို့ သည် ရုတ်တရက် ဥရောပတိုက်သို့ ဝင် ရောက် တိုက်ခိုက်နိုင်ရန် အခြေအနေ မပေးသကဲ့သို့ ဂျာမနီအနေဖြင့်လည်း အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာ စစ်ကြီးအတွင်း ဝင်ရောက်လာခဲ့ပြီးဖြစ် ရာ အင်္ဂလန်နိုင်ငံသို့ ဝင်ရောက်တိုက် ခိုက်ရန်မလွယ်။ သို့ဖြစ်၍ ပြင်သစ်ကမ်း ခြေသည် စစ်ဆင်ရေးနယ်မြေ မဟုတ် တော့။

သို့ဖြစ်၍ နာဇီခေါင်းဆောင်ကြီး ဟစ်တလာသည် ဆိုဗီယက်ပြည်ထောင်စု (ရုရှား) အား အလုံးအရင်းဖြင့် ဝင် ရောက် တိုက်ခိုက်ခြင်းဖြင့် အရှေ့ဘက် စစ်မျက်နှာဖွင့်ခဲ့၏။ ပြင်သစ်နိုင်ငံ၏ အနောက်ဘက်ကမ်းခြေသည် နာဇီ ဂျာမနီနိုင်ငံနှင့် သူသိမ်းပိုက်ထားသော ဥရောပနိုင်ငံများအတွက် ကာကွယ်ရေး ပျော့ကွက်ကြီးဖြစ်လာခဲ့သည်။

မဟာမိတ်တပ်ဖွဲ့ဝင်များ ဥရောပ တိုက်အား ဝင်ရောက် တိုက်ခိုက်ခြင်း မပြုနိုင်ရန် ဥရောပတိုက် အတ္တလန္တိတ် ကမ်းခြေတစ်လျှောက်တွင် အန်တုလွှ ကင်းသည့်ခံတပ်ကြီး တည်ဆောက် (Atlantic - Wall) အတွက် စဉ်းစား ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုဥရောပတိုက်အနောက်ဘက်ကမ်းရိုးတန်းမှာ မိုင်ပေါင်း (၃၀၀၀) ခန့်ရှည်လျားသည်။ ထိုစဉ်ကာလက အင်္ဂလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံအကြားရှိ အကျဉ်းဆုံးရေလက်ကြား၌ပင် ခုခံကာကွယ်နိုင်သောခံတပ်မရှိပေ။ ဟစ်တလာအဖို့ ရန်သူတို့၏ ကမ်းတက်တိုက်ခိုက်မှုကို ထာဝစဉ်စိုးရိမ်လျက်ရှိသည်။

ဤတွင် နာဇီခေါင်းဆောင်ကြီးဟစ်တလာသည် အထက်ဖော်ပြပါ အတ္တလန္တိတ်တံတိုင်းကြီးကို အမြန်ဆုံးတည်ဆောက်ရန်အတွက် နာဇီဂျာမန်တပ်မတော်အာဏာပိုင်များအား အမိန့်ပေးခဲ့၏။ နာဇီဂျာမန်တပ်မတော်အာဏာပိုင်များကလည်း ယင်းခံတပ်ကြီးတည်ဆောက်ရန် ဥရောပတိုက်နိုင်ငံအသီးသီးမှ ထောင်ပေါင်းများစွာသော ချွေးတပ်သားများခေါ်ယူ၍ အတ္တလန္တိတ်တံတိုင်းကြီးအား နေ့ဆိုင်း၊ ညဆိုင်းခွဲကာ ဇွတ်အတင်း တည်ဆောက်ခဲ့သည်။

ထိုစဉ်က မှတ်တမ်းများအရ ကွန်ကရစ်တန် ပေါင်းသန်းပေါင်းများစွာ ဖျော်စပ်ရသဖြင့် ထိုစဉ်က ဥရောပနိုင်ငံအသီးသီးတွင် ကွန်ကရစ်တည်ဆောက်ရန်ပစ္စည်း မရနိုင်ခဲ့ဟုဆိုသည်။ သံမဏိ၊ သံချောင်းများလည်း အလုံအလောက်မရနိုင်ရကား အင်ဂျင်နီယာများမှာ ကတုတ်များတည်ဆောက်ရာတွင် သံချောင်းမပါဘဲဆောက်ခဲ့ရသည်။ ၁၉၄၃ ခုနှစ်ကုန်အထိ ထိုတံတိုင်းကြီးတည်ဆောက်ရန်အတွက် ချွေးတပ်သား (၅) သိန်းနီးပါး အသုံးပြုခဲ့ရသည်။ ပြင်သစ်နိုင်ငံမှ ကမ္ဘာကျော်မက်ဂီနော့ခံတပ်ကြီးမှ အစိတ်အပိုင်းအများကို ဖြုတ်ယူ၍ အထက်ဖော်ပြပါတံတိုင်းကြီးတွင် တည်ဆောက်ခဲ့ကြသည်။

မှန်ပါသည်။ ဟစ်တလာအဖို့ ကမ်းခြေတက်တိုက်ပွဲကြီးကား ရှောင်လွှဲမရဟု ယူဆထားရကား ဤအတ္တလန္တိတ်တံတိုင်းကြီး အလျင်အမြန် ပြီးစီးရေးမှာ အထူးအရေးပါသောလုပ်ငန်းဖြစ်တော့သည်။ ထိုလုပ်ငန်းကြီးအောင်မြင်ပေါက်ရောက်ရေးအတွက် ဂျာမနီတပ်မတော်မှ နာမည်ကျော် ဗိုလ်ချုပ်ကြီးရိုမဲလ်ကတာဝန်ယူခဲ့ရသည်။

ကမ်းခြေတစ်လျှောက်ရှိ သောင်ခုံများ၊ ကမ်းဇောက်များ၊ ရိုးများ၊ လှိုများ၊ ပင်လယ်ကမ်းတစ်လျှောက်ရှိ ခြေသွားလမ်းများတွင် မိုင်းဗုံးပေါင်းခြောက်သန်းမြှုပ်နှံထားစေခဲ့၏။ ဤမိုင်းတောကြီးများနောက်ကွယ်တွင် စစ်သေနတ်တပ်ဆင်ထားသော ကွန်ကရစ်၊ ကကုတ်များ၊ ဆက်သွယ်ရေး မြေအောက်ဥမင်လိုဏ်ခေါင်းများထားရှိပြီး ထိုကတုတ်များကို သံဆူးကြိုးများ မြင့်မားစွာကာစေသည်။ ထိုနေရာများမှ အမြောက်ကြီးမှန်သမျှကို အတ္တလန္တိတ်ပင်လယ်ပြင်ကို ချိန်ရွယ်ထားကြသည်။ ကမ်းခြေတက်မဟာစစ်ပွဲကြီးဆင်နွှဲမည့် ရန်သူမှန်သမျှကို စိစိညက်ညက်ကျေအောင် ချေမှုန်းပစ်ခတ်ကြမည် ဖြစ်၏။ ထိုအမြောက်များကို ရုတ်တရက်မမြင်နိုင်အောင် ဖုံးကွယ်ထား၏။

အမြောက်များချထားခြင်းမရှိသောနေရာများတွင်မူ ဒုံး၊ ပစ်စင်များ၊ မော်တာတပ်ဖွဲ့များ ချထားသည်။ အလိုအလျောက်မီးထတောက်စေသည့် လက်နက်အသစ်အဆန်းများနှင့်အတူ ကမ်းခြေတစ်လျှောက် မီးကူးစက်၊ လောင်စေသည့်လောင်စာဆီများ၊ လှို့ဝှက်ဆီများကို အသင့်ချထား၏။ ကမ်းခြေကမ်းစပ်နောက်ပိုင်းရှိ လေထီးတပ်သားများ၊ စက်မဲ့လေယာဉ်များ သက်ဆင်းနိုင်မည့် ယာကွင်းများ၊ လယ်ကွင်းများတွင် ဆင်းသက်လာမည့် ကမ်းခြေတက် တပ်သားများအား ဘေးအန္တရာယ်ပေးနိုင်သော သစ်သားချွန်၊ သံချွန်များစိုက်ထူထားပြီး အချို့နေရာများတွင် မိုင်းကွင်းများ ထောင်ထား၏။ မြေနိမ့်ချိုင့်ဝှမ်းအချို့တွင်မူ ရေများသွင်းထားသည်။

ကမ်းခြေနှင့်ခပ်လှမ်းလှမ်းနေရာများတွင် သံချပ်ကာမော်တော်ကားတပ်များချထား၏။ ကမ်းခြေကမ်းစပ်တွင်မူ အင်္ဂတေတုံးကြီးများ၊ သံရက်မကြီးများ စိုက်ထူတာခြင်းဖြင့်လည်း ရန်သူကမ်းခြေတက်တင့်ကားများ မတက်နိုင်ရန်လည်း စီစဉ်ထား၏။ ဤသည်တို့ကား မဟာကမ်းခြေတက်စစ်ပွဲကြီးမဆင်နွှဲနိုင်ရန်ပြင်ဆင်ထားခြင်း ဖြစ်သည်။

ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ ဥရောပတိုက်နိုင်ငံများအား ပြန်လည်သိမ်းပိုက်နိုင်ရန်အတွက် အထူးအရေးကြီးလှသည်။ ထိုဥရောပတိုက်နိုင်ငံများအား နာဇီသံဖနောင့်အောက်မှ ကယ်တင်ရန် ရှေးဦးစွာ ကမ်းခြေတက်တိုက်ပွဲအောင်မြင်ရန်လိုသည်။ ထိုတိုက်ပွဲရှုံးနိမ့်သွားပါက နာဇီဂျာမနီနိုင်ငံကျရှုံးဖို့ နှစ်ပေါင်းများစွာ ကြာမြင့်သွားမည် ဖြစ်၏။ သို့ဖြစ်၍ ကမ်းခြေတက်စစ်ဆင်ရေးကြီးအောင်မြင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုကို ပြုလုပ်ခဲ့ကြရ၏။

သာဓကအားဖြင့် ကမ်းခြေတက်စစ်ပွဲကြီးအား မည်သည့်နေ့ မည်သည့်အချိန်တွင်၊ မည်သည့်နေရာတွင် ဆင်နွှဲမည်နည်း။ ထိုတိုက်ပွဲတွင် ခြေလျင်တပ်မဟာမည်မျှအသုံးပြုမည်နည်း။ ထိုတပ်မဟာများကို သယ်ဆောင်ရန် သယ်ယူပို့ဆောင်ရေးယာဉ် မည်မျှအသုံးပြုမည်နည်း၊ ရေတပ်တပ်ပေါင်းစုမှ တိုက်ခိုက်ပေးရန် အကူသင်္ဘော၊ ကမ်းတက်ရေယာဉ် မည်မျှလိုအပ်မည်နည်း။

လေကြောင်းတိုက်ပွဲ ဆင်နွှဲရန်လိုအပ်သော ထောင်ပေါင်းများစွာလေယာဉ်များတည်ဆောက်ရေး၊ ထိုထောင်ပေါင်းများစွာသော လေယာဉ်များအတွက် အင်္ဂလန်နိုင်ငံတွင် လေယာဉ်ကွင်းများ တည်ဆောက်ရေး၊ တင့်ကားများတည်ဆောက်ရေး၊ ရန်သူတို့တည်ဆောက်ထားသော အတ္တလန္တိတ်တံတိုင်းကြီး၏နောက်တွင် ဆင်းသက်ရမည့် လေထီးတပ်သားများအတွက် လိုအပ်သော စက်မဲ့လေယာဉ်နှင့် လေထီးတပ်သားများသယ်ယူရမည့် လေယာဉ်ကြီးများရရှိရေး၊ ထိုစစ်ဆင်ရေးကြီးအတွက် လိုအပ်သော စက်ကိရိယာတန်ဆာပလာများ၊ အမြောက်များ၊ ခဲယမ်းမီးကျောက်များ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ ရိက္ခာများစုဆောင်းရန် အချိန်မည်မျှကြာမြင့်မည်နည်း။ ထိုသိန်းပေါင်းများစွာပါဝင်သော တပ်သားများကို စနစ်တကျလေ့ကျင့်ရေးစခန်းသွင်းရေးတို့မှာ အထူးခက်ခဲလှသည်။ ထိုလိုအပ်ချက်များကို တွက်ဆပြီးမှ စစ်ဆင်ရေးကိုစီစဉ်ရ၏။

ဤကမ်းခြေတက်မဟာစစ်ဆင်ရေးကို ပို့ဆောင်ရမည့်သူမှာ အမေရိကန်ပြည်ထောင်စု ကြည်းတပ်မတော်မှ ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါ ဖြစ်သည်။ အထက်ဖော်ပြပါ လိုအပ်သော ပြင်ဆင်မှုများ ပြုလုပ်ရသည်ကပင် လချီကြာမြင့်ခဲ့၏။

ထိုအချိန်တွင် ဆိုဗီယက်တပ်နီတော် (ရုရှား) နှင့် နာဇီဂျာမနီတပ်များသည် ဆိုဗီယက်ပြည်ထောင်စု (ရုရှား) နိုင်ငံအတွင်း ကျားကုတ်ကျားခဲတိုက်ခိုက်နေကြရာ ထိုကာလက ဆိုဗီယက် (ရုရှား) ခေါင်းဆောင်ကြီး စတာလင်ကလည်း မဟာမိတ်တို့အား ကမ်းခြေတက် စစ်ပွဲကြီးအမြန်ဆုံး ဆင်နွှဲနိုင်ရန် တိုက်တွန်းခဲ့သည်။ ဤတွင် ထိုစစ်ဆင်ရေးကြီးဆင်နွှဲနိုင်ရန် အမေရိကန်ပြည်ထောင်စုမှ လက်နက်၊ ယာဉ်၊ ရိက္ခာနှင့် တပ်သား ထောင်ပေါင်းများစွာသည်



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်နိုင်ငံသို့ စုပြုံရောက်လာခဲ့၏။

လေယာဉ်ပေါင်း ထောင်ပေါင်းများစွာရောက်ရှိလာရာ အင်္ဂလန်နိုင်ငံတစ်နံတစ်လျား လေယာဉ်ကွင်းအသစ်များ အလျှိုအလျှိုပေါ်ပေါက်လာတော့သည်။ တစ်နှစ်အတွင်း အင်္ဂလန်နိုင်ငံမှာ လက်နက်ပစ္စည်းတိုက်ကြီးတစ်တိုက်နှင့် တူတော့၏။ အင်္ဂလန်နိုင်ငံ ကျေးလက်ဒေသရှိ သစ်တောများ၊ ယာခင်းများအတွင်း ခဲယမ်းမီးကျောက်များ၊ ထောင်သောင်းချီနေသော တင့်ကားများ၊ ထရပ်ကားများ၊ ဂျစ်ကားများ၊ သူနာပြုယာဉ်များအားဝှက်ထားခဲ့ကြ၏။

ထောင်ပေါင်းများစွာသောအဝေးပစ်မောင်းဝက်ဇာအမြောက်ကြီးများ၊ မြေညှိစက်ကြီးများမှာလည်း ယာတောများအတွင်း စုပုံလျက်ရှိနေသည်။ ကမ်းခြေတက်တပ်သားများအတွက် လိုအပ်သောလိုင်းမူးပျောက်ဆေးမှအစ အခြားအရေးပေါ်ဆေးများ၊ စုဆောင်းထားသည့် သိုလှောင်ရုံများမှာလည်း မရေတွက်နိုင်ရှိလာ၏။

ထိုကမ်းခြေတက်စစ်ဆင်ရေးအတွက် တီထွင်ထားသော လက်နက်ကိရိယာသစ်များ၊ ရေကူးနိုင်သော တင့်ကားကြီးများ၊ ကြီးမားသော ဝန်ချီစက်များ၊ သင်္ဘောများ အလွယ်တကူ ဆိုက်ကပ်နိုင်ရန် လူသားများ ပြုလုပ်ထားသော ဆိပ်ခံတံတားများ စသည်တို့ဖြင့် စုပုံနေ၏။ အင်္ဂလန်နိုင်ငံကမ်းခြေတစ်လျှောက်တွင်လည်း ထောင်ပေါင်းများစွာသော မိုးကာတဲများ နေရာမလပ်ရှိလာသည်။ စစ်သည်တော် သုံးသန်းနီးပါးအား ချက်ပြုတ် ကျွေးမွေးရမည့် ထမင်းချက် (၅၄၀၀၀) ကျော်ရှိသည်ဟု သတင်းများက ဖော်ပြခဲ့၏။ ထိုသိန်းပေါင်းများစွာသော တပ်သားများသည် ရက်ပေါင်းများစွာလေ့ကျင့်ခဲ့ကြပြီး ၁၉၄၄ ခု၊ မေလတွင်မူ သယ်ယူပို့ဆောင်ရေးသင်္ဘောများပေါ်တွင် အသင့်ရောက်ရှိနေကြသည်။

ထိုစဉ်ကမှတ်တမ်းများအရ မဟာကမ်းခြေတက်စစ်ဆင်ရေးကြီးတွင် မဟာမိတ်တို့ဘက်မှ အံ့သြကုန်နိုင်ဖွယ်ဖြစ်လောက်အောင် စစ်သည်တော်အင်အားများလှသည်။ နာဇီဂျာမနီတို့ဘက်ကလည်း ထိုစစ်ဆင်ရေးကြီးကို ရင်ဆိုင်ရန် တပ်မဟာကြီး ခြောက်တပ်မျှရှိသော နာဇီဂျာမနီတပ်သားများကလည်း နော်မန်ဒီကမ်းခြေရှိ ကတုတ်များ၊ ကျင်းများ၊ သစ်တောအုပ်များမှအသင့်အနေအထားနှင့်စောင့်နေကြ၏။ ပြင်သစ်နိုင်ငံအတွင်းမှပြင်သစ်လူထုများ၊ မျိုးချစ်ပြောက်ကျားတပ်များကလည်း နော်မန်ဒီကမ်းခြေအား မဟာမိတ်တို့ တက်ရောက်မည့် တိုက်ပွဲခေါ်သံအား နေ့စဉ်စောင့်မျှော်နေကြရသည်။

မဟာမိတ်တို့သည် D-Day ဟု ကင်ပွန်းတပ်ထားသော ကမ်းခြေတက်တိုက်ပွဲကြီးမဆင်မီ လပေါင်းများစွာကပင် ပြင်သစ်နိုင်ငံနှင့် ဥရောပနိုင်ငံအသီးသီးရှိ မြေအောက်အဖွဲ့ဝင်များသို့ ယင်းတိုက်ပွဲဆင်မည့်သတင်းနှင့် ပတ်သက်သော သတင်းစကားများကို ပေးပို့ထား၏။ အချို့သတင်းများမှာမူ နာဇီဂျာမနီတပ်များ၊ ရေလိုက်လွဲစေရန် ထုတ်လွှင့်ခဲ့သည်။ ကမ်းခြေတက်တိုက်ပွဲဆင်နွှဲမည့်နေရာကိုလည်း နာဇီဂျာမနီတို့ အထင်လွဲစေရန် မမှန်သတင်းများ ဖြန့်ချိထားသည်။

ပြင်သစ်တစ်နိုင်ငံလုံးမှ ဤကမ်းခြေတက်မဟာစစ်ဆင်ရေးကြီးစမည့်ရက်ကို စောင့်စားနေကြသော သန်းပေါင်းများစွာသောလူထုကြီးတွင် လက်ဆစ်ချိုး၍ရေတွက်ရနိုင်သောလူအနည်းငယ်သာ သိရှိကြလေသည်။ အမှန်အားဖြင့် ဤတိုက်ပွဲကြီး စတင်ရမည့်ရက်ကို အဆုံးအဖြတ်ပေးရမည့်ပုဂ္ဂိုလ်မှာ တပ်ပေါင်းစုတပ်မှူးကြီး ဗိုလ်ချုပ်အိုက်ဆင်ဟောင်ဝါသာဖြစ်၏။ သူနှင့်မဟာမိတ်တပ်ပေါင်းစုမှတပ်မှူးများသည် အသက်ဆုံးရှုံးမှုအနည်းဆုံးနှင့် တိုက်ပွဲအောင်မြင်ရန် အဘက်ဘက်က စဉ်းစားထားကြသည်။

သူတို့အားလုံးသည် ရာသီဥတုအခြေအနေအရပ်ရပ်ကိုလည်း ထည့်သွင်းစဉ်းစားထားခဲ့ကြ၏။ ၁၉၄၄ ခုနှစ်၊ မေလ နောက်ဆုံးရက်သတ္တပတ်တွင်မူ ကမ်းခြေတက်စစ်ဆင်ရေးကြီးဆင်နွှဲရန် အဘက်ဘက်မှအဆင့်သင့်ဖြစ်နေပြီဖြစ်ရာ တပ်ပေါင်းစုသည် ဗိုလ်ချုပ်ကြီးအိုက်ဆင်ဟာဝါ၏အမိန့်ကို စောင့်နေကြသည်။ ထိုစဉ်ကာလက မဟာမိတ်တို့၏ ဇလဗေဒနှင့် မိုးလေဝသဌာနမှ ပါရဂူများကလည်း ကမ်းခြေတက်မဟာတိုက်ပွဲကြီးဆင်နွှဲမည့်ရက်အတွင်း ရာသီဥတုအခြေအနေကို စနစ်တကျတွက်ဆကြရသည်။ ၁၉၄၄ ခုနှစ်၊ ဇွန်လအတွင်း မိုးလေငြိမ်သက်သောနေ့တစ်နေ့ ရရှိနိုင်ပါမည်လားဟူ၍လည်း ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါက ချိန်ဆကြည့်ခဲ့သည်။

ကမ်းခြေတက်စစ်ဆင်ရေး (D-Day) နေ့ကို ဇွန်လ ၅ ရက်နေ့ဟူ ပထမသတ်မှတ်ထားခဲ့၏။ အကယ်၍ မိုးလေဝသအခြေအနေမပေးပါက ရက်ပြောင်းရမည်ဖြစ်ရာ ဤကဲ့သို့ ရက်ပြောင်းရလျှင် ဇွန်လ ၆ ရက်နေ့၌ နော်မန်ဒီကမ်းခြေသို့ တက်ရောက်တိုက်ခိုက်ရန် ဆုံးဖြတ်ထား၏။ ဤရက်ထက် နောက်ထပ်အချိန်ရွှေ့ဆိုင်းရန် မဖြစ်နိုင်တော့။ အစီအစဉ်ကို ရွှေ့ဆိုင်းရလျှင် နာဇီဂျာမနီတို့ သိရှိသွားမည်ဖြစ်ပြီး ကမ်းခြေတက်ရမည့်မဟာမိတ်တပ်ပေါင်းစုအဖို့ ကံကြမ္မာဆိုးနှင့်တွေ့ရမည် ဖြစ်သည်။

ဇွန်လပထမပတ်၏ မိုးလေဝသအခြေအနေမှာ ကမ်းခြေတက်စစ်ဆင်ရေးကြီးဆင်နွှဲရန်မဖြစ်နိုင်ပါ။ နာဇီဂျာမနီတပ်မတော်အာဏာပိုင်များက ယူဆထား၏။ ဇွန်လ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ဗြိတိသျှရေလက်ကြားအတွင်း မိုးသက်မုန်တိုင်းဆင်လျက်ရှိနေသည်။ မိုးလေဝသပါရဂူများ၏ခန့်မှန်းချက်အရ ဇွန်လ ၆ ရက်နေ့တွင် မိုးသက်မုန်တိုင်း ကျရောက်မှု အနည်းငယ်လျော့ပါးနေမည်ဖြစ်သည်။ သို့ဖြစ်၍ ထိုနေ့တွင် D-Day စစ်ဆင်ရေးကြီး ဆင်နွှဲရန် ဗိုလ်ချုပ်ကြီး အိုက်ဆင်ဟောင်ဝါသည် အမိန့်ပေးလိုက်တော့၏။

ထိုစဉ်က ပြင်သစ်နိုင်ငံ နော်မန်ဒီကမ်းခြေတစ်လျှောက်၌ ကမ်းခြေတက်တိုက်ပွဲဆင်နွှဲရန် နေရာ(၅)နေရာ သတ်မှတ်ထားသည်။ ထိုသတ်မှတ်ထားသော နေရာ (၅) နေရာသည် စစ်သင်္ဘောတပ်ကြီးသည် သတ်မှတ်သည့်အချိန်အတိုင်း ချီတက်လာပြီး ရေကြောင်း၊လေကြောင်းမှတိုက်ခိုက်ကြရာ ဇွန်လ ၆ ရက်၊ နံနက် (၆း၃၀)တွင် မဟာမိတ်တပ်ပေါင်းစုသည် နော်မန်ဒီကမ်းခြေသို့ တက်ရောက်နိုင်ခဲ့ကြသည်။

ထိုကမ်းခြေတက်တိုက်ပွဲကြီးတွင် မဟာမိတ်တို့ဘက်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သား (၂၅၀၀) ကျဆုံးခဲ့ရပြီး နာဇီဂျာမနီတို့ဘက်မှ ဗိုလ်ချုပ် (၂၈) ယောက်နှင့် တပ်သားပေါင်းထောင်ချီ၍ ကျဆုံးခဲ့ရသည်ဟု ဆိုကြပါကြောင်း။

လှူမ်းဘက်

ကျမ်းကိုး -

၁။ The Longest Day

၂။ . အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများအား လေ့လာခြင်း

△ ဗြိုရာဇာနာ-ဆရာဝေယျာလင်း

ဤဆောင်းပါး၏ အစနိဒါန်းပိုင်း၌ ပဏာမအနေဖြင့် ကျွန်ုပ်ပြောခဲ့သလို ကျွန်ုပ်တို့သည် စနစ်တကျ မှတ်တမ်းပြုမှု ထိန်းသိမ်းမှုများအားနည်းခဲ့သဖြင့် အချို့မြန်မာ့ရာဇဝင်သမိုင်းကြောင်းများကို နိုင်ငံခြားတိုင်းတစ်ပါးသားတို့၏ မှတ်တမ်းများမှ ပြန်လည် ကိုးကားနေကြရသည့် အဖြစ်များရှိနေခဲ့သည်။ မြန်မာ့ဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယပညာများမှာလည်း ရှေးရှေးကတည်းက ပညာထိမ်ချန်ခြင်း၊ ဉာဏ်မီမှယူစတမ်းဟူသောသဘောဖြင့်လျှို့ဝှက်သင်္ကေတ၊ စကားဝှက်လင်္ကာစာသားတို့ဖြင့်ထားရှိခဲ့ခြင်း၊ စနစ်တကျမှတ်တမ်းများမထားရှိခဲ့ခြင်းကြောင့် ကာလကြာရှည်လာသည်နှင့်အမျှ ပညာရပ်တို့တိမ်ကောပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်။ ထို့ပြင် အကြောင်းသင့်၊ အလျဉ်းသင့်သဖြင့် တိုင်းတစ်ပါးသားတို့နှင့် ရှေးဟောင်း အမွေအနှစ်ပညာရပ်များအကြောင်းပြောကြလျှင်ပင် ကျွန်ုပ်တို့အနေဖြင့် ကိုယ့်မြန်မာ့ဂန္ဓာရီလောကီပညာများအကြောင်း စနစ်တကျ စီကာစဉ်ကာ ပြောဆိုဆွေးနွေးနိုင်ရန် ခက်ခဲပါသည်။

ယခုအခါ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်သည် တံခါးဖွင့်ဝါဒကိုသုံးစွဲပြီး ဒီမိုကရေစီနိုင်ငံတော်ဖြစ်ရေးကိုဦးတည် ရှေးရှုချီတက်နေသော ကာလဖြစ်သဖြင့် ပင်လယ်ရပ်ခြားတိုင်းတစ်ပါးနိုင်ငံခြားသားများစွာ ဝင်ရောက်စပြုလာကြပြီဖြစ်သဖြင့် ကျွန်ုပ်တို့နှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှု စသည်ဘက်ပေါင်းစုံတွင် နှီးနှောဖလှယ်မှုများပြုလာမည်ဖြစ်ရာ တစ်ချိန်တွင် ကျွန်ုပ်တို့၏ ရိုးရာရှေးယဉ်ကျေးမှုအမွေအနှစ်များထဲမှ တိုင်းရင်းဆေးပညာများအကြောင်း၊ ရိုးရာဂန္ဓာရီဝိဇ္ဇာမယလောကီပညာများအကြောင်း ဆွေးနွေးပြောဆိုမှုများ၊ စုံစမ်းမေးမြန်းလာမှုများနှင့် ကြုံတွေ့လာရနိုင်ပါသည်။

ထိုသို့သောအခါမျိုးတွင် မြန်မာ့အင်းပညာ ဆိုသည်မှာ အဘယ်နည်း။ မြန်မာ့အင်းပညာမှာ အင်းအမျိုးအစားတွေမည်မျှရှိသနည်း။ မြန်မာ့အင်းပညာတွင် မြန်မာ့အင်းများကို မည်သို့ အမျိုးအစားများခွဲခြားထားသနည်းဟု ဆိုလာလျှင် ကျွန်ုပ်တို့မည်သို့ဖြေကြမည်နည်း။ ထို့အပြင် ကျွန်ုပ်တို့၏ နောင်လာနောက်သား တိုးတက်သောခေတ်ပေါ် မျိုးဆက်သစ်သားသမီးတို့သည် စနစ်ကျသော သိပ္ပံပညာများ၊ ဝိဇ္ဇာဘာသာရပ်များဖြင့် ကြီးပြင်းလာကြသည့်အားလျော်စွာ စနစ်တကျ ရေရေရာရာ ပြုစုမှတ်တမ်းတင်ခြင်းမရှိသော ကျွန်ုပ်တို့၏ဘိုးဘေးအမွေအနှစ်ဂန္ဓာရီဝိဇ္ဇာမယလောကီပညာတို့၏အနာဂတ်သည် ကောင်းနိုင်ပါမည်လော။ ရပ်တည်နိုင်ခြင်းမရှိ တဖြည်းဖြည်း မှေးမှိန်ကွယ်ပျောက်သွားကြမည်လောဟု စောကြောဝေဖန်စဉ်းစားသင့်ကြပါသည်။ ထို့ကြောင့် ယခု ကျွန်ုပ်တို့ကဲ့သို့ ရှေးလည်းမကျ၊ ခေတ်လည်းမမီ ချိန်၌ရှိနေသောသူတို့၌ နောင်လာနောက်သား မျိုးဆက်သစ်များအတွက် တတ်စွမ်းသမျှ မှတ်တမ်းမှတ်ရာတို့ကို စနစ်တကျ ပေထက်အက္ခရာတင်ခဲ့ကြဖို့ လိုအပ်လှပါသည်ဟု ယူဆသောကြောင့် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ မြန်မာ့ရိုးရာဂမ္ဘီရဂန္ဓာရီဝိဇ္ဇာမယအင်းပညာကို စနစ်တကျနှင့် စီကာစဉ်ကာ ခိုင်မာစွာသော မှတ်တမ်းများဖြင့်ပြုစုထားခဲ့ချင်ပါသည်။ ဤသို့ သဘောမနော ယုံကြည်ချက်တို့ဖြင့် တိုးတက်မည့်ခေတ်၊မျိုးဆက်သစ်လူငယ်တို့အတွက် အခြေခံပညာမှတ်တမ်းကောင်းများကို ထားရှိခဲ့ချင်ပါသည်။

အခြားသော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရှင်ကြီးများကိုလည်း မိမိတို့သက်ဆိုင်ကျွမ်းကျင်သော ဂန္ဓာရီဝိဇ္ဇာမယ ပညာရပ်များအလိုက် စနစ်တကျ ခိုင်မာသော၊ အားထားရလောက်သော ပညာရပ်မှတ်တမ်းများ ဖော်ထုတ်ပြုစုပေးကြပါဟု မေတ္တာရပ်ခံ အကြံပြုနှိုးဆော်ချင်ပါသည်။ ယခုအခါ ကျွန်ုပ်သည် မြန်မာ့အင်းပညာရပ်၌ ကွက်လပ်တစ်ခုဖြစ်နေသောမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းများအား အမျိုးအစားခွဲခြားပုံခွဲခြားနည်းများကို ဝိဝါဒမကွဲပြားစေရန်၊ အခေါ်အဝေါ်များညီညွတ်စေရန်၊ လွဲမှားခေါ်ဝေါ်ခြင်းများမပြုမိစေရန် ရည်သန်လျက် ဤသို့ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုးမျိုးတို့ကို လေ့လာ၍ အမျိုးအစားခွဲခြားပြလိုက်ခြင်း ဖြစ်ပါသည်။

ယခုအထိ ကျွန်ုပ်ဖော်ထုတ်တင်ပြခဲ့သော မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းအမျိုးအစားများကိုအကျဉ်းချုပ်ပြန်လည်ကောက်နုတ်ကြည့်ပါက အောက်ပါအတိုင်း တွေ့ရပါမည်။

**ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများခွဲခြားခြင်း**

၁။ အက္ခရာစမအင်းများ
၂။ ဂါထာမန္တန်အင်းများ
၃။ ဂဏန်းနံပါတ်အင်းများ
၄။ ရောနှောပေါင်းစပ်အင်းများ

ဟူ၍ အဓိက အမျိုးအစားအုပ်စုကြီး (၄) ခု ရှိပါသည်။ ယင်းတို့ကို ထပ်မံခွဲခြမ်းစိတ်ဖြာလိုက်သော် -

**၁။ အက္ခရာစမအင်းများ**

(၁-၁) ပုံမှန်လေးထောင့်ကွက်ဗျည်းအက္ခရာစမအင်းများ
(၁-၂) ပုံစံပုံရိပ်အမျိုးမျိုးရှိသောဗျည်းအက္ခရာစမအင်းများ
(၁-၃) ရုပ်ပုံဆောင်ဗျည်းအက္ခရာစမအင်းများ

**၂။ ဂါထာမန္တန်အင်းများ**

(၂-၁) ရတနာသုံးပါးတို့နှင့်စပ်ဆိုင်သောဂါထာမန္တန်အင်းများ
(၂-၂) လောကီပညာဂါထာမန္တန်တို့နှင့်စပ်ဆိုင်သောအင်းများ

**၃။ ဂဏန်းနံပါတ်အင်းများ**

(၃-၁) ရတနာသုံးပါးတို့နှင့်စပ်လျဉ်းသော ဂဏန်းနံပါတ်အင်းများ
(၃-၂)ပုံမှန်ဂဏန်းနံပါတ်အင်းများ
(၃-၃) ဗေဒင်အယူအဆ ထိန်းဂဏန်းများအပေါ် အခြေခံစီရင်သောဂဏန်းနံပါတ်အင်းများ

www.burmeseclassic.com

## ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိမြန်မာ့အင်းများအား အမျိုးအစားခွဲခြားခြင်း ပုံပြဇယား

ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိ မြန်မာ့အင်းအမျိုးအစားများ

**၁။အက္ခရာစမ အင်းများ**

၁-၁။ ပုံမှန်လေးထောင့်ကွက်ဖျည်းအက္ခရာစအင်းများ
၁-၂။ ပုံစံပုံရိပ်အမျိုးမျိုးရှိသော ဖျည်းအက္ခရာ စမ အင်းများ
၁-၃။ ရုပ်ပုံဆောင်ဖျည်း အက္ခရာစမအင်းများ

**၂။ဂါထာမန္တန် အင်းများ**

၂-၁။ ရတနာသုံးပါးတို့နှင့် စပ်ဆိုင်သော ဂါထာမန္တန် အင်းများ
၂-၂။ လောကီပညာဂါထာမန္တန်တို့နှင့်စပ်ဆိုင်သောအင်းများ

**၃။ဂဏန်းနံပါတ် အင်းများ**

၃-၁။ ရတနာသုံးပါးတို့နှင့် စပ်လျဉ်းသော ဂဏန်းနံပါတ်အင်းများ
၃-၂။ ပုံမှန်ဂဏန်းနံပါတ် အင်းများ။
၃-၃။ ဗေဒင်အယူအဆကိန်းဂဏန်းများအပေါ် အခြေခံစီရင်သော ဂဏန်းနံပါတ်အင်းများ။
(၃-၃-၁)။ မိတ်ဂြိုဟ်များ အပေါ် အခြေခံစီရင်သော ဂဏန်းနံပါတ်အင်းများ။
(၃-၃-၂)။ အင်္ဂဝိဇ္ဇာအခါတိုင်များကို အခြေပြုစီရင် အပ်သော ဂဏန်းနံပါတ် အင်းများ။
(၃-၃-၃)။ တြိရန်း စတုရန်းများကို အခြေပြုစီရင်အပ်သော ဂဏန်း။
(၃-၃-၄)။ ဂြိုဟ်ဖြေယတြာ အင်းလက်ဖွဲ့ အစီအရင် ဂဏန်းနံပါတ်အင်းများ။

**၄။ရောနှော ပေါင်းစပ်အင်းများ**

၄-၁။ အက္ခရာစမနှင့် ဂါထာ မန္တန်ပေါင်းစပ်အင်းများ
၄-၂။ အက္ခရာစမနှင့်ဂဏန်း နံပါတ်ပေါင်းစပ်အင်းများ
၄-၃။ ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ်ပေါင်းစပ်အင်း များ။
၄-၄။ အက္ခရာစမ၊ ဂါထာ မန္တန်နှင့် ဂဏန်းနံပါတ်ပေါင်း စပ်အင်းများ။

က။ မိတ်ဂြိုဟ်များအပေါ် အခြေခံ ဂဏန်းနံပါတ်အင်းများ
ခ။ အင်္ဂဝိဇ္ဇာ အခါတိုင်များကို အခြေပြုစီရင်အပ်သော ဂဏန်းနံပါတ်အင်းများ
ဂ။ တြိရန်း၊ စတုရန်းများကို အခြေပြုစီရင်အပ်သော ဂဏန်းနံပါတ်အင်းများ
ဃ။ ဂြိုဟ်ဖြေယတြာအင်းလက်ဖွဲ့အစီအရင် ဂဏန်းနံပါတ်အင်းများ။

**၄။ ရောနှောပေါင်းစပ်အင်းများ**

(၄-၁) အက္ခရာစမများနှင့်ဂါထာမန္တန်ပေါင်းစပ်အင်းများ
(၄-၂) အက္ခရာစမများနှင့်ဂဏန်းနံပါတ်ပေါင်းစပ်အင်းများ
(၄-၃) ဂါထာမန္တန်များနှင့် ဂဏန်းနံပါတ်ပေါင်းစပ်အင်းများ
(၄-၄) အက္ခရာစမ၊ ဂါထာမန္တန်နှင့် ဂဏန်းနံပါတ်ပေါင်းစပ်အင်းများ

သို့ဖြစ်ရာ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းများကို အမျိုးအစားခွဲခြားလေ့လာကြည့်သောအခါ အထက်တွင် အကျဉ်းချုပ်အုပ်စုများအရ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာ၌ အင်းများကို အမျိုးအစားခွဲခြားရာတွင် အဓိကအမျိုးအစားအုပ်စုကြီး (၄) ခု၊ အုပ်စုငယ် (၁၂) ခုနှင့် အုပ်စုခွဲငယ်ပေါင်း (၄) ခု (ဂဏန်းနံပါတ်များ၌) အသီးသီးရှိကြကြောင်း တွေ့ရှိရပါသည်။ ဤမြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုးအစားများကို ပိုမိုရှင်းလင်းစေရန် အလို့ငှာ ပုံပြဇယားဖြင့်ပြုပြင်တင်ပြထားသည်ကိုလည်း လေ့လာကြည့်ကြစေလိုပါသည်။

ကျွန်ုပ်သည် ယခုကဲ့သို့ ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိမြန်မာ့အင်းအမျိုးအစားများခွဲခြားခြင်းကို တင်ပြရခြင်းမှာ ကျွန်ုပ်တို့ကဲ့သို့ အင်းပညာ၌ စိတ်ဝင်စားပြီး ဤပညာ၏ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်း စနစ်တကျခိုင်မာစွာမှတ်တမ်းမှတ်ရာတို့ဖြင့်ရပ်တည်နိုင်ရာရပ်တည်နိုင်ကြောင်း၊ တိုးတက်သည့်ခေတ်မျိုးဆက်သစ်တို့အတွက် ပညာအခြေခံကောင်းများတည် ဆောက်ရာတည်ဆောက်နိုင်ကြောင်းတို့ကို လိုလားသူအပေါင်းတို့အနေဖြင့် ဤမြန်မာ့ဂန္ဓာ[illegible] ရီဝိဇ္ဇာမယအင်းပညာရပ်ကြီး၏ လ[illegible] နေသောကွက်လပ်တို့ကို ဖြည့်ဆည်း[illegible] ရန် သမိုင်းပေးတာဝန်ရှိသည်ဟု ယူ[illegible] သည့်အလျောက် ဆွေးနွေး တင်ပြ [illegible] သား ဖော်ထုတ်နေခြင်းသာဖြစ်ပြီး [illegible] သူတွေက မှားနေသည်၊ မည်သူတွေ[illegible] လွဲနေသည် စသဖြင့် ဝေဖန်ရေးသား[illegible] ခြင်းမဟုတ်ပါ။ တတ်လွန်းသိလွန်း[illegible] လည်းမဟုတ်ပါ။မိမိလေ့လာမိသလော[illegible] ဉာဏ်မီသလောက် ရေးသားတင်ပြ[illegible] ခြင်းသာ ဖြစ်ပါသည်။ ဤသို့ရေးသာ[illegible] တွင်လည်း ပညာရပ်ဆိုင်သဘော[illegible] သက်သက်မျှသာမကဘဲ ဤ[illegible] ကိုဖတ်ရှုလေ့လာမိကုန်[illegible] စာဖတ်[illegible] များ၊ ဝါသနာရှင်သူ[illegible]သိများအတွ[illegible]



www.burmeseclassic.com

အကျိုးရှိ အသုံးဝင်စေမည့် အစီအရင် အတော်များများကိုပါ ဥပမာနမူနာများ အဖြစ် ရေးသွင်းဖော်ပြထားခဲ့သဖြင့် မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းပညာရပ်၏ သစ်ဟာနေသော ကွက်လပ်တစ်ခုအား ဖြည့်စွက်ပေးနိုင်ခဲ့သကဲ့သို့ အများစာ ဖတ်သူအပေါင်း ပညာဗဟုသုတရ၍ အကျိုးရှိစေခဲ့မည်ဆိုလျှင် ကျွန်ုပ်အနေ ဖြင့် လွန်စွာဝမ်းသာပီတိဖြစ်နေပါမည်။ ထို့အပြင် ဤဆောင်းပါးအား ဖတ်ရှုမိ သော ပညာရှင်များအားလည်း ဤ မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယအင်းအမျိုးအစား များ ခွဲခြားခြင်းနှင့်ပတ်သက်၍ ဖြည့်စွက် အကြံပေးလာမည်ဆိုပါက ဝမ်းသာလိုက် သည်မှာ ကြိုဆိုနေမည်ဖြစ်ပါကြောင်း ဖိတ် ခေါ် အပ်ပါသည်။ ထို့ပြင်တဝ မိမိတို့ လေ့လာတွေ့ရှိရသည်များထဲမှ မြန်မာ့ ဂန္ဓာရီဝိဇ္ဇာမယလောကီပညာရပ်များ (အင်းပညာမှ မဟုတ်ပါ) တိုးတက်ရာ တိုးတက်ကြောင်းများကို နောင်လာ နောက်သား မျိုးဆက်သစ်ခေတ်လူများ အတွက် ပညာအမွေခွဲဝေပေးနိုင်ရေးအ တွက် အထောက်အကူပြုရာပြုကြောင်း ဖြစ်သော အကြောင်းအရာများကို ဖော်ထုတ် ရေးသားပေးကြပါရန်ကို လည်း လေးစားစွာ တိုက်တွန်းနှိုးဆော် အပ်ပါသည်။

သို့ပါ၍ ဤဆောင်းပါး၏နိဂုံးအာ ဦးသအဖြစ် အတိတ်ဟိုးရှေးဘိုးဘေး ဘီဘင်ပညာရှင်တို့ စီရင်ကြံဆထားခဲ့ကြ သည့် မြတ်လှပညာ၊ ဝိဇ္ဇာမယ၊ စမ အင်းကွက်၊ ထက်မြက်လှစွာ၊ အင်းပညာ ရေး ရှည်ကြာတည်ကောင်း၊ တိုးတက် ကြောင်းကို ထပ်လောင်းကြံစည်၊ မေတ္တာရည်၍၊ တီထွင်ကြံဆ၊ စနစ်ကျ စွာ မှတ်ရာမှတ်တမ်း၊ လမ်းကောင်း သမ်းသစ် ဖွင့်လှစ်ကြိုးပမ်း၊ ပညာခန်းမွေ ပေးအပ်လေက၊ မသွေနောင်ခေတ်၊ မျိုးဆက်သစ်များ၊ ကြီးမားကြံဆောင်၊ နောင်ဝယ်သာသနာ၊ ဘာသာလူမျိုး၊ အကျိုးစီးပွား၊ ကြီးမားစေအောင်၊ ရွက် ဆောင်နိုင်မည်၊ စိတ်ကြံရည်၍၊ ဤ ပညာခန်း၊ စွမ်းသမျှဝန်းဝိုင်း၊ မှိုင်းမ ကြောင်းခံ၊ ကျွန်တောင်းပန်သည်၊ ပညာ ရှင်အပေါင်း သိစေသောဝ်။

သတ္တဝါအပေါင်း ချမ်းသာ ကြောင်း တောင်းဆုပြုပါသည်။

မေတ္တာများဖြင့်
တိရတနာ-ဆရာဇေယျာလင်း

# ဆရာဦးဖောင်ဖောင်ဝသန်း
## (ရင်ကိုအေးမြစေသား)

(၁၁၃) ကြိမ်မြောက် -
ထီဖွင့်ပွဲကြီးနီးလာပါပြီ။

ချမ်းသာခြင်းများစွာ ပြည့်စုံလာ ကြတော့မည့်သူများအတွက် တစ်ထောင့် တစ်နေရာမှ ပါရမီဖြည့်လိုက်ပါဦးမည်။

**တနင်္ဂနွေသားသမီးများ**

ဇန်နဝါရီလ ၇၊ ၁၃၊ ၁၇၊ ၂၁ ရက် များတွင် ထီထိုးပါ။

ဘုရားရှင်ကို ယခုတစ်လလုံး ကျောက်ကျောဆွမ်းများ ကပ်လှူပူဇော် ပါ။ ဝယ်၍မရသောနေရာမှာ ကိုယ်တိုင် ကျို၍ကပ်လှူပါ။ (၉) ရက် (၂) ကြိမ် ကပ်လှူပူဇော်ပြီးမှထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၃၊ ၇ ဂဏန်းများ ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

ဇန်နဝါရီလ ၈၊ ၁၄၊ ၂၂၊ ၂၈ ရက် များမှာ ထီထိုးပါ။

ခတ်ကြီးလေးပါး ဆွမ်းတော် ကပ်နိုင်သူက ကပ်ပါ။ မကပ်ဖြစ်လျှင် နဂါးရုံဘုရားတစ်ဆူဆူသို့ သွား၍ ဖယောင်းတိုင် (၇) တိုင် ထွန်းညှိ ပူဇော် ပြီးမှ ထီထိုးဖို့သွားပါ။ ဗုဒ္ဓဟူးနာမည်ရှင် ကို ခေါ် သွား၍မရပါ။

ဖေဖော်ဝါရီလတွင် ၄၊ ၈၊ ၇၊ ၅ ဂဏန်းများနှင့်ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

ဇန်နဝါရီလ ၉၊ ၁၅၊ ၁၉၊ ၂၃ ရက် များမှာ ထီထိုးပါ။

မိတ်ဟောင်းဆွေဟောင်းများထဲမှ တရားအားထုတ်သူတစ်ဦးဦးနှင့် စကား လက်ဆုံကျသည့်နေ့တွင် ကြံညွန့်၊ ကံ့ ကော်ညွန့်များစွာ ဘုရားပူဇော်ပြီး ထီ သွားထိုးပါ။ သတ်မှတ်ထားသောရက်နှင့် ကိုက်ညီလျှင် ပိုကောင်းပါသည်။

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၃၊ ၅ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဇန်နဝါရီလ ၆၊ ၁၆၊ ၂၄၊ ၃၀ ရက် များတွင် ထီထိုးပါ။

ယခုလမှာ တစ်နေ့ အားရက်ယူ ပြီး ဘုရား (၃) ဆူပြည့်အောင် သွားဖူး ပါ။ ဘုရားတိုင်းတွင် ဖယောင်းတိုင် (၉) တိုင်စီ ထွန်းညှိပူဇော်ပါ။ ဖူးနေစဉ် ရပ်ဆိုင်းနေသော စက်ပစ္စည်းတစ်ခုခု ပြန်လည် အသက်ဝင် လည်ပတ်သော နိမိတ်ကိုမြင်လျှင်၊ ကြားလျှင် ထီထိုး လိုက်ပါ။

ဇန်နဝါရီလ ၄၊ ၈၊ ၇၊ ၂ ဂဏန်း များနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

ဇန်နဝါရီလ ၇၊ ၁၀၊ ၁၇၊ ၂၅ ရက် များမှာ ထီထိုးပါ။

အလှူခြမ်းခမ်းနားနားလှူသော နိမိတ်ကြီးတစ်ခုခုကိုတွေ့သည်နှင့်၊ ကြုံ သည်နှင့် ထီထိုးလိုက်ပါလေ။

ဖေဖော်ဝါရီလတွင် ၂၊ ၉၊ ၅၊ ၆ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးများ**

ဇန်နဝါရီလ ၁၁၊ ၁၈၊ ၁၉၊ ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားဖူးခရီးတစ်ခုခုကို ထွက် လိုက်ပါ။ သို့မဟုတ် ကိုယ်ရှိသောမြို့၊ ကိုယ်နေထိုင်သောမြို့မှာရှိ ဘုရားများ အား တစ်နေ့ လှည့်လည် ဖူးမြော်ပါ။ အပြန်မှာ ထီထိုးပါ။

ဖေဖော်ဝါရီလတွင် ၄၊ ၈၊ ၃၊ ၇ ဂဏန်းများ ကံစပ်ပါသည်။

**စနေသားသမီးများ**

ဇန်နဝါရီလ ၉၊ ၁၂၊ ၁၉၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

ခွေး၊ စာကလေး၊ ကျီး စသော ငှက် ကလေးများကို ယခုတစ်လလုံး မနက် တစ်ကြိမ်၊ ညတစ်ကြိမ် အစာဝအောင် ကျွေးပါ။ တစ်ကြိမ်ကျွေးလျှင် (၁၀)ရက် ကျွေးပါ။ နှစ်ကြိမ်ကျွေးပြီးပြီဆိုလျှင် ထီ ထိုးပါလေ။ ကျွေးစဉ် မေတ္တာသုတ်ရွတ်၍ ကျွေးရပါမည်။

ဖေဖော်ဝါရီလတွင် ၂၊ ၃၊ ၄၊ ၅ ဂဏန်းများနှင့် ကံစပ်နေပါသည်။

ဆရာဦးဖောင်ဖောင်ဝသန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com

# ဝေယံလင်းခေါင်

## ပုဂ္ဂလ်ကနှင့်ဝေမူးတကျော်

သူတို့မြို့ကလေးတွင် ငါးရက်တစ်ဈေးသာရှိသည်။

ဈေးနေ့တစ်နေ့တွင် ကိုကျော်ဟန်၏ ရေဒီယိုကက်ဆက်ရောင်း၀ယ်ပြုပြင်ရေးဆိုင်သို့ လူကြီးတစ်ယောက်ဝင်လာသည်။ ရှမ်းဘောင်းဘီအနက်၊ ရှမ်းပင်နီတိုက်ပုံအရှည်ကို ဝတ်ဆင်ထားသည်။ ဤအဝတ်အဆင်ကို မြင်လိုက်သည်နှင့် ကိုကျော်ဟန်ကလည်း တောင်ပေါ်သားဈေးလာရောင်းသူတစ်ယောက်မှန်း အတပ်သိလိုက်၏။

ထိုလူကြီးသည် စင်ပေါ်တင်ထားသော ရေဒီယိုကက်ဆက်တွေကိုလိုက်ကြည့်နေ၏။

ကိုကျော်ဟန်က -

"ဦး၊ ရေဒီယိုကက်ဆက်ဝယ်မလို့လား၊ ကြည့်ပါခင်ဗျာ"

ဟု အချိုသာဆုံးလေသံနှင့်ပြောလိုက်၏။ ချက်ချင်းထရပ်ပြီး ထိုလူကြီးဘေး၌လည်းသွားရပ်၏။

"အေးကွယ့်"

ဟုပြောကာ ထိုလူကြီးကလည်း ခြေလှမ်းတစ်လှမ်းချင်းရွှေ့ပြီး ကိုကျော်ဟန်၏ စင်ပေါ်က ရေဒီယိုကက်ဆက်တွေကို လိုက်ကြည့်နေသည်။ ထိုလူကြီးသွားရာနောက် ကိုကျော်ဟန်ကလည်း တစ်လှမ်းချင်းရွှေ့ပြီးလိုက်ပါနေရ၏။

"ဒီရေဒီယိုကက်ဆက်တွေက အသစ်တွေလားကွယ့်"

"ဟုတ်ကဲ့ပါ အသစ်တွေချည်းပါပဲဦး။ ဗရမ်းနူးခင်ဗျား၊ အကောင်းစားဂျပန်မိတ်တွေပါ"

"အိမ်း-ဒီပုံလေးကတော့လှတယ်နော်။ ဈေးဘယ်လောက်ရှိလဲကွယ့်"

"အဲဒါက သောင်းခြောက်ထောင်ခင်ဗျား။ ဒီအလုံးကတော့ အိုးမော်ဒယ်မို့ သောင်းတစ်ထောင်ပါပဲ။ ပစ္စည်းချင်းကတော့ အတူတူလောက်ပါပဲ၊ အရင်ပေါ်တာနဲ့ နောက်ပေါ်တာပဲကွာပါတယ်"

"ဒါအသစ်ချည်းပဲပေါ့နော်"

"စိတ်ချပါ ဦး၊ ကျွန်တော့်ဆိုင်က အာမခံနဲ့ရောင်းတာပါ။ ပစ္စည်းမှန်ဈေးမှန်ပါပဲ။ ပစ္စည်းမမှန်ဘူးဆို အချိန်မရွေးပြန်ယူလာခဲ့ပါ အာမခံပါတယ်"

"အေးကွယ့်၊ ဦးကလည်း ပစ္စည်းမှန်မှန်ပဲလိုချင်ပါတယ်။ တို့ရွာတွေမှာက တစ်ခုခုချို့ယွင်းသွားရင် မြို့မှာလိုလုပ်တဲ့ဆိုင်မရှိလို့ပါ"

"စိတ်ချပါဦး၊ ကျွန်တော့်ဆိုင်က ပစ္စည်း ခြောက်လ၊ တစ်နှစ်အတွင်း လိုင်းမမိတာတို့၊ အသံမကြည်တာတို့ဆို ကိုင်သာပေါက်လိုက် ဦး၊ အာမခံပါတယ်။ ဒီပစ္စည်းတွေ ရန်ကုန်ဆင်းပြီး ကျွန်တော် ကိုယ်တိုင်ဝယ်လာတဲ့ပစ္စည်းမို့ ရဲရဲ အာမခံပါတယ်။ ခုဖွင့်ပြပါ့မယ်"

နေ့လယ်ပိုင်းမြန်မာ့အသံကို ဖွင့် သည်။ မှန်၏။ အသံကြည်နေသည်။


"ဦးကို ကျွန်တော် ကက်ဆက် ပြပါဦးမယ်"

ဟုပြောပြီး တောင်ပေါ်သား သဘောကျမည်ထင်သော တရား တစ်ခွေကိုဖွင့်ပြပြန်သည်။ ကက်ဆက် လည်းကောင်း၏။

"နိုင်ငံခြားလိုင်းတွေလည်းအ တယ်နော် ဦး၊ ကျွန်တော်ဖွင့်ပြပါမယ်"

"နိုင်ငံခြားလိုင်းတွေဘာတွေ မလိုပါဘူးကွယ်။ ဦးတို့က မြန်မာ့အသံ ကြည်ကြည်လင်လင်ရဖို့ရယ်၊ တရား ကောင်းကောင်းနာရရင် တော်ပါပြီ"

"ဟုတ်ကဲ့ပါ၊ ခု ကျွန်တော် ထားတာ ဦးကြားပါတယ်။ ဝိတ်ယို တော့မယ်နော်။ ဒီခလုတ်က ဝိတ်





www.burmeseclassic.com

www.burmeseclassic.com

ဒီလုတ်ကဖွင့်တာ။ ကက်ဆက်ကတော့ ဒီလိုပါ။ ဒီအလုံးယူမယ်နော်ဦး။ ဒီအလုံး ထေသေးပေမယ့် ပုံစံလေးက လှတယ် နော်၊ ကျွန်တော် ပါကင်ထုပ်လိုက်တော့ မယ်နော်ဦး"

"အေးအေး"

"ဓာတ်ခဲအပိုတစ်စုံ ဝယ်သွားပါဦး လားဦး"

"ဓာတ်ခဲကတော့ ဦးတို့ရွာဆိုင် မှာလည်းရှိပါတယ်ကွယ်။ ဝန်ပိုပါတယ်၊ မယူတော့ပါဘူး။ ရော့-ငွေရေကြည့်ပါ"

ဈေးရောင်း၍ရလာသောငွေနှင့်တူ အံ၊ အဟောင်းတွေရော အသစ်တွေပါ စုံနေ၏။ နောက်ထပ် သူ့လက်ထဲမှာ လည်း ငါးရာတန်၊ တစ်ထောင်တန်တွေ က အထပ်လိုက်ကြီး။ ထို့ကြောင့် ဤ လူကြီးသည် တစ်ခွန်းပင်ဈေးမဆစ်။ သူ ပေါင်းတာနည်းသွားသည်။ ဤလူကြီး သည် သူနှစ်သောင်းတောင်းလျှင်လည်း ဝယ်မည့်သူပင်။

သူ့လက်ထဲ ကက်ဆက်ထည့်ပေး လိုက်တော့ -

"ဘောက်ချာရေးပေးပါဦး"

ဆိုတော့ ကိုကျော်ဟန် နည်းနည်း တွန့်သွားသည်။ အစကတော့ ကက်ဆက် သူ့လက်ထဲရောက်သည်နှင့် ဝမ်းသာ အားရထွက်သွားလိမ့်မည်ထင်၏။ သူ ပြောသလို ရေးပေးလိုက်ရ၏။ လူကြီးက ဘောက်ချာထဲမှနာမည်နှင့်သူ့ဆိုင်းဘုတ် ကို တစ်ချက်ကြည့်ပြီးမှထွက်သွားလေ သည်။

*

တစ်လသာကြာ၏။ ဈေးနေ့မှာ ထိုလူကြီး ရေဒီယိုကက်ဆက်ပိုက်ပြီး ဆိုင်ထဲဝင်လာ၏။ တစ်ခုခုချို့ယွင်းလို့ဆို တာ ကိုကျော်ဟန် မမေးဘဲသိလိုက်၏။ ကိုကျော်ဟန်ကမူ တောက၊ တောင်ပေါ် ကလူတွေကို အချဉ်ဖမ်းနေကျ။ ယခု သူ့ဆီကဘောက်ချာတောင်းသွားတော့ ငြင်းမရ။ ထို့ကြောင့် မျက်နှာကို အချိုသာ ဆုံးထားပြီး -

"ရေဒီယိုကဘာဖြစ်လို့ပါလဲဦး"

"မြန်မာ့အသံတော့ရပါတယ်ကွယ်၊ တွဲဖက်ဖမ်းမရဘူး။ နိုင်ငံခြားလိုင်းတချို့ လည်း မရဘူးလို့ ရွာဆရာလေးကပြော တယ်"

သူတို့ရွာက ကျောင်းဆရာကို ပြောခြင်းဟု နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ - ကျွန်တော်ရောင်းလိုက်တဲ့ ပစ္စည်းပဲ။ ကျွန်တော့်မှာ တာဝန်ရှိပါတယ်ဦး။ ရအောင်လုပ်ပေးရမှာပေါ့"

လူကြီးဆီက ရေဒီယိုကက်ဆက်ကို လက်ပူးတိုက်ကြီးရအောင်လုပ်ပေးလိုက်ပြန်၏။ သူက တွဲဖက်မရှာဘူးဆိုသဖြင့် တွဲဖက်ကိုပါ ဖမ်းပြလိုက်၏။ အဘိုးကြီး ကျေကျေနပ်နပ် ရေဒီယိုကက်ဆက်ပိုက်၍ပြန်သွား၏။

နောက်တော့ တစ်လပင်မကြာ အဘိုးကြီး ရေဒီယိုကက်ဆက်ပိုက်၍ ရောက်လာပြန်၏။

"ဒီမှာမောင်၊ မင်းဆီ ငါလာတာ နှစ်ခါရှိပြီ။ မင်းပြောတော့ အသစ်သာ ပြောတယ်၊ တစ်လတောင်မခံပါလား ကွယ်"

"ဒီလိုတော့ရှိပါတယ် ဦး။ ဦးတို့ ဈေးပြန်တော့ လှည်းနဲ့ပြန်ကြတာလား။ ဒီပစ္စည်းတွေက ဂျပန်ပစ္စည်းဆိုတော့ နည်းနည်းတော့နုတယ်။လှည်းနဲ့ဆိုတော့ လမ်းကြမ်းလို့ အထဲကကလီစာတစ်ခုခု ဖြစ်သွားပါလိမ့်မယ်။ ပေးပါဦး၊ ဒီတစ်ခါ ကျွန်တော် သေသေချာချာကိုလုပ်ပေးလိုက်ပါ့မယ်။ ကျွန်တော့်မှာ ပြုပြင်ပေးရမယ့်တာဝန်ရှိပါတယ်။ ဦးတို့ဘယ်အချိန်ပြန်ကြမှာလဲ ထားခဲ့ပါ။ ကျွန်တော် သေသေချာချာစစ်ဆေးပြီးမှ ပေးလိုက်ပါ့မယ်။ ပြန်ခါနီးလာယူပါ"

ဆိုင်ရှင်ပြောသလို သူတို့မှာ တောင်ပေါ်သို့ လှည်းနှင့်ပြန်ကြရသူတွေဖြစ်ရာ သူပြောသလို အထဲက ကလီစာတွေ တစ်ခုခုများဖြစ်သွားသလားဟု အဘိုးကြီးဇဝေဇဝါဖြစ်သွားပုံရ၏။ ထို့ကြောင့် ရေဒီယိုကက်ဆက်ကိုလုပ်ထားရန်ပြောပြီးပြန်သွားရာ ညနေသုံးနာရီလောက်မှာရောက်ချလာသည်။ နေညိုသွားပြီဖြစ်သဖြင့် သူတို့ဈေးသည်တွေ ပြန်ကြတော့မည်ဟုသိလိုက်၏။

ကက်ဆက်ရေဒီယိုကလည်း လုပ်ပြီးပြီဖြစ်သဖြင့် အဘိုးကြီးကို အမျိုးမျိုးအသံဖမ်းပြ၊ ကက်ဆက်ဖွင့်ပြပြီးပေးလိုက်၏။ အဘိုးကြီးလည်း ဈေးပြန်အမီ သူ့ဆိုင်ထဲကထွက်သွားလေသည်။

*

နှစ်လသာကြာသည်။ အဘိုးကြီး ရေဒီယိုကက်ဆက်ပိုက်ပြီး ရောက်လာပြန်၏။ ခက်နေသည်မှာ ဘောက်ချာကလည်းရေးပေးမိပြီးမို့ မျက်နှာကိုအချိုသာ ဆုံးထားပြီး -

"ဦး၊ ကျွန်တော်ပြင်ပေးလိုက်တာပဲ၊ ဘာဖြစ်ပြန်လို့လဲ။ ဒီတစ်ခါတော့ထားခဲ့ ဦးရယ်။ နောက်ဈေးတစ်ပတ်မှလာယူပါ။ ကျွန်တော် သေသေချာချာစစ်ပြီး သေသေချာချာပြန်ပြင်ပေးပါ့. . ."

"ပြင်လည်းမနေနဲ့တော့ကွာ၊ မင်းပြင်တာ ဘယ်နှခါရှိပလဲ။ မင်းကလမ်းကြမ်းလို့ ကလီစာပျက်တယ်ပြောဦးမလား။ ငါရင်နဲ့မကွာအောင်ပိုက်သွားတာ။ ရွာကဆရာလေးဖွင့်ကြည့်ပြီးပြောတယ်။ ပစ္စည်းတွေက အဟောင်းတွေချည်းပဲတဲ့။ ငါ့ငွေသာပြန်ပေး၊ မင်းပစ္စည်းမင်းပြန်ယူတော့ စိတ်ရှုပ်ရတယ်"

"ခင်ဗျားထုံးစံမရှိတာမပြောနဲ့။ ဟိုမှာတွေ့လား စာရေးထားတာ"

ကိုကျော်ဟန်လက်ညှိုးထိုးပြရာဆီ လူကြီးက ဆတ်ခနဲလှည့်ကြည့်လိုက်၏။

ဝယ်ပြီးပစ္စည်း ပြန်မလဲမပေးပါ၊ ငွေလည်း ပြန်မအမ်းပါ။

"တွေ့တယ်မဟုတ်လား စာရေးထားတာ။ ဝယ်တုန်းကဝယ်ပြီး"

ဤအဘိုးကြီးကို ဤတစ်ခါဘယ်လိုမှပြောရမည်မဟုတ်မှန်းသိသဖြင့် ခက်ထန်ထန်ပြောလိုက်ရ၏။

"ဩော် - ဒါဆို မင်းငါ့ကိုငွေပြန်မအမ်းဘူးဆိုတဲ့သဘောပေါ့"

"ဒါပေါ့၊ ခင်ဗျားပမာစာတော့ ဖတ်တတ်တယ်မဟုတ်လား။ ထုံးစံမရှိတာလာမလုပ်နဲ့"

ထိုအချိန်မှာပင် ရွှေလက်ကောက်တွေ တံတောင်ဆစ်နီးပါးဝတ်ထားသော ကိုကျော်ဟန်၏မိန်းမထွက်လာ၏။ ခါးထောက်ပြီး လူကြီးကို စေ့စေ့ကြည့်က-

"ရှင်တို့တောသားတွေ အဲဒါကြောင့် ခက်တာပေါ့။ စက်အကြောင်းလည်း နကန်းတစ်လုံးနားမလည်ဘဲနဲ့ ဟိုကလီဒီကလီဆိုတော့ ပျက်တော့မှာပေါ့။ ရှင်တို့ကျောင်းဆရာက နားလည်လို့လား။ တတ်ရင် ကက်ဆက်ရေဒီယိုပြင်စားပါလား။ လခတစ်ပဲခြောက်ပြားနဲ့ ဘာလို့ကျောင်းဆရာလုပ်နေသေးလဲ။ နားလည်းမလည်ဘဲနဲ့ သူတောလုပ်တောင်လုပ်လုပ်လို့ပျက်တာပဲ။ ကျွန်မတို့ဆိုင်နာမည်ပျက်မှာစိုးလို့ ပြန်ပြင်ပေးပါမယ်ဆိုတာတောင် ရှင်က. . ."

"ဒီမှာ ဒီမှာ သူငယ်မ၊ နှုတ်ခမ်းတလန်ပန်းတလန်နဲ့ ငါ့ကို ရန်မတွေ့နဲ့။ နင်တို့ဆိုင်ကအသစ်စက်စက်ပါ၊ တစ်နှစ်အတွင်းမပျက်စေရဘူး အာမခံပါတယ်ဆို။ ခုပြင်တာပျက်တာဘယ်နှခါရှိပလဲ။ ဒါ နွားမရွှံ့ပိတ်လိမ်ရောင်းတာ မဟုတ်လို့ဘာလဲ"

ကိုကျော်ဟန့်မိန်းမစကားကြောင့် အဘိုးကြီးကလည်း ဒေါသထွက်လာ ၏။

"ဘာနွားမရွှံ့ပိတ်ရောင်းမှာလဲ။ ဆို ရှင်ဝယ်တုန်းကပင် ပစ္စည်းအ လား၊ အဟောင်းလားဆိုတာ ကြည့် ဝယ်ပါလား"

"ဟ- ငါကမသိလို့ ပစ္စည်းအ လား၊အဟောင်းလားမေးပြီးမှဝယ်တာ နှင့်လင်က အသစ်စက်စက်ဆိုလို့ တာ"

"အဲဒါပဲ ကျွန်မပြောတာ၊ ရှင် နားမလည်ရင်လည်း အဲဟိုကျောင်း တတ်ယောင်ကားကို ခေါ်လာ ဘာလို့မခေါ်လာ. . ."

"ဒီမှာ ဒီမှာ ဘာမှပြော ဟော့ကောင် မင်း ငါ့ကိုငွေပြန် မပေးဘူးလား ဒါပဲပြော"

"ဟ - ခင်ဗျားကို ထုံးစံမရှိ လို့ ဘယ်နှခါပြောရမလဲ။ ဟိုမှာ ရေးထားတဲ့စာကိုပြန်ဖတ်"

"အောင်မာ ရှင်ကဘာလဲ သားလူမိုက်လား။ ရှင်တို့တောမှာ လို့ရမယ်၊ မြို့မှာလာ. . ."

"ဟဲဟဲ-ကျုပ်ကမမိုက်ပါ မှန်မှန်ကန်ကန်ပြောတာပါ။ ဒီ ကောင်၊ မင်းပြောတော့ တစ်နှစ်အ လိုင်းမမိတာတို့၊ အသံမကြည်တာ ကိုင်သာပေါက်ခွဲပစ်လိုက်ပါ အာ တယ်ဆို။ ကဲ - ငါခုကိုင်ပေါက်လို ကွ"

"ဂွမ်း"

ကိုကျော်ဟန်တို့ လင်မယား ယောက် မျက်လုံးပြူးသွားကြ၏။

"အေး၊ အေး - မင်းတို့ ဒီလို တကာကိုလိမ်ရောင်းနေလို့ကတော့ တို့ဆိုင် တော်တော်ရောင်းကောင်း မှာပဲ ဟဲ၊ ဟဲ"

ပြောပြောဆိုဆိုနှင့် လူကြီး ဆိုင်ထဲကထွက်သွားလေသည်။

ဤနေ့လို ပြဿနာမျိုး ကြ မားမားမဖြစ်ဘူးသော်လည်း ပြန်လာ လုပ်ပေးရသော ပြဿနာက ကိုကျော်ဟန်အတွက် ရှိနေပြီ ကြောင့်လည်း လူကြီးကိုင်ပေါက် ထားခဲ့သော ကက်ဆက်တွင် အ ကလီစာတွေမှာ တစ်ထောင်၊ နှစ် ဖိုးတော့ ပြန်ရနိုင်သည်မို့ လင်မယာ ယောက်တစ်ယောက်မျက်နှာတစ် ကြည့်ကာ ပြုံးပင်ပြုံးမိလိုက်ကြ

*



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းသမယဖြစ်သဖြင့် နေဝင်စောသည်။ ညနေခြောက်နာရီကျော်သည်နှင့် မှောင်ရိပ်သန်းလာ၏။ ထို့ကြောင့် ကလေးနှစ်ယောက်နှင့်အတူ ကက်ဆက်ရေဒီယိုမိသားစု ထမင်းစားနေကြ၏။ တောမြို့ဖြစ်သဖြင့် ထုံးစံအတိုင်း ဝယ်သွားပြီးမှ ဘာဖြစ်လို့ညာဖြစ်လို့ ပြန်ပြင်ခိုင်းသူတွေလာတတ်ကြသည်မို့ ဆိုင်ရှေ့တံခါးတော့ဖွင့်ထားရသည်။

အပြင်က ခြေသံကြားသဖြင့် ကိုကျော်ဟန်မိန်းမထွက်ကြည့်၏။

"အမယ်လေးတော့်၊ ဘာကောင်ကြီးလဲ"

ဟု အော်ကာ အထိတ်တလန့် ပြေးဝင်လာသည်။ ကိုကျော်ဟန်လည်း အထိတ်တလန့်နှင့် -

"ဘာလဲ၊ ဘာကောင်လဲ"

ဟု ဆတ်ခနဲထပြီး အပြင်ကိုထွက်ကြည့်၏။ သူက ဘာကောင်မှ မတွေ့မမြင်ရ။ မတ်တတ်ရပ်ပြီး တုန်တုန်ချိချိဖြစ်နေသော သူ့မိန်းမကို -

"ဘာဖြစ်လို့လဲ၊ မင်းဘာကောင်မြင်လို့လဲ"

ဟု မေးရ၏။

တစ်ယောက်ဖက်လောက်ရှိသော လူမည်းမည်းကြီးတစ်ယောက် ဆိုင်ထဲဝင်လာသည်ကိုမြင်သဖြင့် လန့်ပြီးပြန်ဝင်ပြေးလာကြောင်းပြောသည်။

"ပေါက်ကရကွာ"

ဟုပြောကာ ကိုကျော်ဟန်သည် စားလက်စထမင်းပန်းကန်ထဲ ဟင်းပုံထိုက်ကာ အပြင်ထွက်လာပြီး ဆက်စား၏၊ အပြင်မှာ သူ့မိန်းမပြောသလို ဘာကောင်ကိုမှ မတွေ့မမြင်ရ၊ သူ့မိန်းမကို ကလေးတွေပါအထိတ်တလန့်ဖြစ်အောင် အော်ရမည်လားဟု ဆူသည်။ ရေဒီယိုကက်ဆက်လာပြင်သူလည်း မရှိသဖြင့် ညကိုးနာရီကျော်လောက်မှာ မိသားစု အိပ်ရာဝင်လိုက်ကြသည်။

"ဝုန်း. . . ဂွမ်း. . . ဂွမ်း"

သူတို့မိသားစုအိပ်ရာပေါ်ရောက်သည်နှင့် အပြင်က ကျွက်သံတစ်ခုကို ထူးထူးဆန်းဆန်းကြားလိုက်ကြရ၏။ ညနေက လူမည်းကြီးမြင်ထားသော မိန်းမက ကိုကျော်ဟန်ထမည်လုပ်သောအခါ လက်ကိုဖမ်းဆွဲထားသည်။ သူပါလိုက်မည်လုပ်သောအခါ ကလေးနှစ်ယောက်ပါ သူ့အမေလက်ကိုဆွဲ၍ထလာကြ၏။

တစ်အိမ်လုံး မီးတွေဖွင့်ပြီး ရေဒီယိုကက်ဆက်ထားရာ အပြင်သို့ထွက်လာကြ၏။ စင်ပေါ်တွင် တင်ထားသော အကောင်းဆုံးရေဒီယိုကက်ဆက်တစ်လုံးသည် အပြင်သမံတလင်းပေါ်၌ စိစိညက်ညက်ကြေနေသည်။ အမှန်က စင်ပေါ်တွင်တင်ထားသော ဤရေဒီယိုကက်ဆက်သည် ဘယ်လိုမှပြုတ်ကျစရာအကြောင်းမရှိ။ ရေဒီယိုကက်ဆက်အားလုံး၏ရှေ့တွင် သစ်သားတန်းအပြားလိုက်ထောင်ကာထားသဖြင့် လူတစ်ဦးတစ်ယောက်က ကိုင်ဆွဲမြောက်ယူမှရမည့်ပစ္စည်း။ ယခု မည်သို့ဖြစ်၍ ကြမ်းပြင်သမံတလင်းပေါ် စိစိညက်ညက်ကြေနေပါလိမ့်။

လင်မယားနှစ်ယောက်တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တစ်နေ့က တောင်ပေါ်သားကြီး သူတို့ရှေ့တွင် ရေဒီယိုကက်ဆက်ကို ကိုင်ပေါက်ပြသွားသည်ကို ချက်ချင်းသတိရမိလိုက်ကြကာ မျက်နှာမှာ သွေးဆုတ်သွားကြသည်။ သို့သော် ကလေးနှစ်ယောက် ကြောက်လန့်ကြမည်စိုးသဖြင့် တစ်ယောက်ကိုတစ်ယောက်မျက်ရိပ်ပြပြီး သူတို့၏ရေဒီယိုကက်ဆက်ကို နှမြောတသစွာပြန်ကောက်ပြီး ခုံပေါ်တင်ထားလိုက်ကြသည်။

"ဘယ်အိမ်က ×××ကြောင်လဲမသိဘူးကွ၊ ကက်ဆက်တစ်လုံးတော့ပစ်ရပါပြီ။ တောက် ×××ကြောင်၊ မိလို့ကတော့ သတ်ကိုချက်စားပစ်မယ်"

ကလေးတွေကြောက်မှာစိုးသဖြင့် တစ်ခါတစ်ထူးမလာဘူးသော ကြောင်ကို ကျိန်ဆဲကာ အိပ်ရာဝင်လိုက်ကြ၏။ သို့သော် လင်မယားနှစ်ယောက်မှာ အိပ်မပျော်နိုင်ကြတော့။

ထိုအချိန်မှာပင်-

"ဝုန်း ဂွမ်း ဂွမ်း ဂွမ်၊ ဝို ချွန် ဒုန်း ဒုန်း ဒုန်း"

အပြင်စင်ပေါ်က ရေဒီယိုကက်ဆက်တွေပြုတ်ကျသံ၊ မီးဖိုဆောင်မှ အိုးခွက်ပန်းကန်တွေ ကျကွဲသံတို့အပြင် တစ်အိမ်လုံးလည်း ယိမ်းယိုင်လှုပ်ရှားလာသလိုဖြစ်ကာ အကြောက်လွန်သွားကြသော လင်မယားနှစ်ယောက်မှာ မီးခလုတ်ကိုပင် နှစ်ယောက်အတူစမ်းပြီး ဖွင့်ကြရ၏။

တစ်အိမ်လုံးတော့ ထိန်ထိန်လင်းလာ၏။ ကလေးနှစ်ယောက်သည် အကြောက်လွန်ပြီး အမေ၊ အဖေတို့ကို ဖက်ထားကြသည်။ သားမိသားဖလေးယောက် အပြင်ပြေးထွက်လာကြ၏။ ထိုအချိန်မှာပင် ခုံပေါ်ရှိ ကြွေရေနွေးကရားသည် ဝှီးခနဲအသံနှင့်ခုန်ပျံလာပြီး ကိုကျော်ဟန်၏ခေါင်းကို ထိလုမတတ် တစ်ပတ်၊ နှစ်ပတ်ကာ ပျံဝဲနေသည်။ ပြီးမှ အတွင်းနံရံကိုပြေးဆောင့်ကာ ဂွမ်းခနဲအသံနှင့်အတူ သမံတလင်းပေါ်ကျကွဲသွားသည်။

"မြတ်စွာဘုရား၊ ကယ်တော်မူပါ"

ကိုကျော်ဟန်မိန်းမ လန့်ပြီးထအော်သည်။

မိသားစုလေးယောက် အထိတ်တလန့်ထအော်လိုက်ကြချိန်မှာပင် ဗန်းပေါ်က အကြမ်းပန်းကန်သုံးလုံး ခုန်ပျံထွက်လာကြပြီး ကိုကျော်ဟန်မိန်းမ ခေါင်းပေါ်ထိလုထိခင်ပျံဝဲနေကြ၏။

ဤတစ်ခါတော့ သားမိသားဖလေးယောက်မှာ -

"အမလေး-အရပ်ကတို့ ကူကြပါဦး၊ လာကြပါဦး၊ ကယ်ကြပါဦး"

ဟု အော်ကာ အိမ်ပေါ်က သွေးရူးသွေးတန်းဆင်းပြေးလာကြ၏။ ထူးဆန်းနေသည်မှာ ကိုကျော်ဟန်တို့ထွက်ပြေးရန် အိမ်ရှေ့တံခါးမင်းတုပ်ဖွင့်နေချိန်အထိ အကြမ်းသောက်ပန်းကန်သုံးလုံးက ကိုကျော်ဟန်ကိုထိမတတ် ခေါင်းပေါ်ဝဲနေကြတုန်း။မိသားစုလေးယောက် အိမ်ရှေ့ရောက်တော့လည်း အရပ်ကူပါ လူဝိုင်းပါ အော်ကြဟစ်ကြတုန်း။သို့သော် အကြမ်းပန်းကန်သုံးလုံးကတော့ အပြင်ထွက်မလိုက်လာကြ။

အချိန်မှာ ညဆယ်နာရီကျော်ကျော်သာရှိသေးသဖြင့် အိမ်နီးပါးနားကလည်း အထိတ်တလန့်နိုးထလာကြပြီး ကိုကျော်ဟန်တို့အိမ်ရှေ့ရောက်လာကြ၏။ အဖြစ်သနစ်ကိုမေးကြည့်ကြရာ အိမ်နီးပါးနီးများအားလုံးလည်း အထိတ်တလန့်ဖြစ်ကုန်ကြသည်။ အိမ်ကြီးထဲ၌မူ မီးတွေကထိန်နေ၏။

နာရီဝက်ပင်မကြာ ကိုကျော်ဟန်တို့ရေဒီယိုကက်ဆက်အရောင်းဆိုင်အိမ်ရှေ့တွင် လည်းကောင်း၊ လမ်းမပေါ်၌လည်းကောင်း မိန်းမ ယောက်ျား၊ လူကြီး၊ လူငယ် လေးငါးဆယ်ခန့်ဖြစ်သွားသည်။ မြို့ကလေး၏ သူတို့အပိုင်းမှာ အုတ်အော်သောင်းတင်းဖြစ်ကာ အိမ်ရှိလူတိုင်းလာကြည့်ကြသည်။ အဖြစ်အပျက်ကိုမေးကြသည်။ ရုတ်တရက်မူ အိမ်ထဲကို မည်သူမျှ မဝင်ရဲကြသေး။

သည်လိုနှင့် သန်းခေါင်ကျော်သွား၏။ ကလေးနှစ်ယောက်ကို ကိုကျော်ဟန့်မိန်းမရဲ့အမေက လာခေါ်သွား၏။ ကိုကျော်ဟန်တို့လင်မယား၊ ယောက်ဖကာလသားနှစ်ယောက် ကိုကျော်ဟန်၏ ညီအရင်းတစ်ယောက်၊ အစ်ကိုနှစ်ယောက်၊ ရပ်မှာရွာမှာ ဘာဖြစ်ဖြစ် သူရဲကောင်းလုပ်ချင်သော ပါလေရာလူကြီးတစ်ယောက်တို့သည် မီးထိန်ထိန်လင်း



www.burmeseclassic.com

www.burmeseclassic.com

နေသောအိမ်ထဲဝင်ကြည့်ကြ၏။

ကိုကျော်ဟန်တို့လင်မယားပြောသလို ရေဒီယိုကက်ဆက်တစ်လုံးနှင့် ကြွေရေနွေးကရားတစ်လုံး ကြေညက်သွားသည်မှာတော့ အမှန်ပင်။ သို့သော် အိမ်ရှင်လင်မယားပြောသလို အပြင်တွင် ဝဲပျံ့နေသည်ကို မတွေ့ရ။ အကြမ်းပန်းကန်သုံးလုံးက လင်ဗန်းထဲတွင်မှောက်လျက် အနေအထားမပျက်။ တခြား ထူးခြားမှုဆို၍လည်း ဘာမှမတွေ့ရ။ ကက်ဆက်အကွဲအကြေနှင့် ရေနွေးကရားကို အိမ်သူမက သိမ်းဆည်းသည်။ ကိုကျော်ဟန်အပါအဝင် လူဆယ်ယောက်လောက်က နောက်ဖေးနောက်ဖီမကျန် အိမ်ပတ်ဝန်းကျင်ကိုလိုက်ကြည့်ကြသည်။ ဘာမှထူးခြားမှုမတွေ့ရ။ သည်လိုနှင့် မိုးလင်းပိုင်းရောက်သွား၏။ ကိုကျော်ဟန်တို့လင်မယားနှင့် ညီအစ်ကိုမောင်နှမများလည်း အိမ်အပြည့်စောင့်အိပ်ကြသည်။

မနက်မိုးလင်းမှာလည်း သူတို့မပြန်ကြ။ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်မျိုးစုံ၊ အကြော်စုံတို့နှင့် ကိုကျော်ဟန်တို့လင်မယားက ဧည့်ခံထားကြသလို မနက်စာ၊ ညစာကိုလည်း တစ်နေ့လုံး ကိုကျော်ဟန်တို့အိမ်၌ပင် စားသောက်ကာ စောင့်ရှောက်ပေးကြသည်။

သည်လိုနှင့် မှောင်ရီဖျိုးဖျ အရပ်အခေါ် နွားရိုင်းသွင်းချိန်၊ ညီအစ်ကိုမသိတသိအချိန်ကို ရောက်လာသည်။ ထိုအချိန်မှာပင် စင်ပေါ်တင်ထားသော ရေဒီယိုကက်ဆက်တစ်လုံးသည် ရေနွေးကြမ်းဝိုင်း၊ လက်ဖက်သုပ်တို့နှင့် စကားထိုင်ပြောနေကြသော လူအုပ်ကြားထဲ ဝုန်းခနဲ ပြုတ်ကျလာသည်။ အကုန်လန့်ပြီး မတ်တတ်ထလိုက်ကြသည့်ချိန်မှာပင် ကိုကျော်ဟန် ရေဒီယိုကက်ဆက်လုပ်ရာတွင်အသုံးပြုသော တူ၊ ဆောက်၊ ဝက်အူလှည့်၊ ပလာယာ၊ ဇာဂနာ၊ စတီးခွက်၊ အတိုအစကိရိယာများကပါ ထခုန်ပျံလာကြပြီး လူတွေ ခေါင်းပေါ်ဝဲလာကြရာ အော်သူကအော်၊ အမယ်လေးတ,သူက,တနှင့် အားလုံးအိမ်ပေါ်ကဆင်းပြေးကြရပြန်သည်။ ပထမညကထက်ပင် တစ်ရပ်ကွက်လုံးမက တခြားရပ်ကွက်ကလူတွေပါ သတင်းကြားနှင့် လာရောက် ကြည့်ရှုကြရာ ကိုကျော်ဟန်တို့အိမ်ရှေ့လမ်းမပေါ်မှာ လူတွေဖွေးဖွေးလှုပ်သွားသည်။

လာသမျှလူတွေကလည်း တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာပြောကြရင်း ကျွက်စီကျွက်စီဖြစ်နေကြသည်။ သို့သော် မီးထိန်ထိန်လင်းနေသောအိမ်ထဲကို မည်သူမျှမဝင်ရဲကြတော့။ ကိုကျော်ဟန့်မိန်းမမှာတော့ မျက်ရည်နှင့်မျက်ခွက်။ မိုးလင်းတော့ အိမ်ထဲဝင်ပြီးတက်ကြည့်ကြပြန်၏။ မည်သည့်ပစ္စည်းမျှ လက်ရာမပျက်။ ပကတိအတိုင်းပင်။ ထိုအခါ တစ်နေ့ကလို ဆွေမျိုးတွေက အိမ်ပေါ်တွင်စုကြပြန်သည်။ တစ်နေ့လုံး ချက်ပြုတ်စားသောက်နေနေကြရာ ဤညနေမှာလည်း ထိုနည်းလည်းကောင်း၊ ထိုနည်းလည်းကောင်းဆိုသလိုဖြစ်လာပြန်သဖြင့် အိမ်ပေါ်ကဆင်းပြေးကြရပြန်သည်။

ထိုအခါ နတ်မေး၊ ဗေဒင်မေး၊ မှော်ဆရာရှာ စသည်ဖြင့် အမှောင့်ပယောဂကို ကုစားကြရန် ကြိုးစားကြရသည်။ သူတို့မြို့လေးတွင် ဗေဒင်ဆရာ၊ နတ်ဆရာတော့ရှိ၏။ မှော်ဆရာမရှိ။ သည်လိုနှင့် နတ်မေးကြ၊ ဗေဒင်ဆရာပြောသလို ယတြာချေကြလုပ်ကြ၏။ ဘာမှမထူးခြား။ နောက်တော့ သံဃာငါးပါးပင့်၍ အန္တရာယ်ကင်းပရိတ်နာကမ္မဝါဖတ်လုပ်ကြသည်။

ဆရာတော်များ ပြန်ကြွခါနီးမှာ ဆရာတော်ကြီးက -

"ဒကာတို့အိမ်မှာ ညညလူမနေရဘဲဖြစ်နေတာ ဘယ်နှရက်ရှိပလဲ"

ဟု မိန့်၏။

"ငါးရက်ရှိပါပြီ ဘုရား"

"ဒီညလည်း ဒကာတို့သိမ်းဆည်းစရာသိမ်းပြီး တစ်ညထားလိုက်ပါဦး။ ဘုန်းကြီးတို့ စက်ပရိတ်လည်းရွတ်ပေးထားခဲ့တယ်။ ကောင်းသွားမှာပါ။ မနက်ဖြန်မနက်ကျမှ အိမ်တက်သဘောမျိုးလုပ်ပြီးနေကြပါ"

ဟု မိန့်ကြားသွားသည်။

သို့သော် ကိုကျော်ဟန်နှင့်တကွ ဆွေမျိုးတွေက ဆရာတော်ကြီးမိန့်ကြားသွားသည်ကို နားမရှင်း၍လား၊ ကောင်းသွားမှာပါဆိုစကားကြောင့် တစ်ညထားလိုက်ပါဦးဆိုသည်ကို သတိမရကြ။ ဘုန်းကြီးတွေကြွသွားကြသော်လည်းမပြန်ကြဘဲ အိမ်မှာ ညအိပ်နေကြရန် စုထိုင်စကားပြောပြီး ရေနွေးကြမ်း၊ လက်ဖက်၊ စားစရာတွေနှင့်တားသောက်ရင်း စကားထိုင်ပြောနေကြသည်။ညကိုးနာရီ၊ ဆယ်နာရီထိတော့ ယခင်နေ့တွေကလို ကွဲရှသံ၊ ပစ္စည်းတွေထပျံသံ ဘာမှမကြားရသဖြင့် အိပ်ကြမည်လုပ်ကြရာ သံဃာငါးပါးထိုင်သွားသောနေရာမှ မီးတွေထတောက်သည်။

အထိတ်တလန့်အော်၍ အိမ်ပေါ်မှ ဆင်းပြေးကြရပြန်သည်။ ဤတစ်ခါတော့သွားပြီ၊ တစ်အိမ်လုံးပြာကျသွား[illegible] အထင်နှင့် လမ်းမမှရပ်ကြည့်နေကြ[illegible] အိမ်ထဲမှမီးခိုးလည်းထွက်မလာ၊ မီးဆ[illegible] လောင်နေတာလည်းမတွေ့ရ။ မီးရော[illegible] မီးညွန့်ကိုလည်း မမြင်ကြရ။ လူတွေ[illegible] အံ့သြပြီးရင်းအံ့သြရင်းဖြစ်ကုန်ကြသည်[illegible] သို့သော် ထိုညကလည်း မည်သူမျှအိမ်[illegible] ထဲမဝင်ရဲကြဘဲ ကိုကျော်ဟန်ကလည်း ယခင်နေ့တွေကလို ယောက္ခမအိမ်[illegible] အိပ်၏။ ဆွေမျိုးတွေကလည်း ကိုယ့်အိမ် ကိုယ်ပြန်အိပ်ကြသည်။

အိမ်ကို သံယောဇဉ်ကြီးသော ကိုကျော်ဟန်နှင့် ဆွေမျိုးတစ်စု မန[illegible] လင်းလင်းထင်းထင်းတွင် အိမ်ထဲဝ[illegible] ကြည့်ကြသည်။ အထူးခြားဆုံးမှာ ည[illegible] မီးထတောက်သောဖျာပေါ်တွင် [illegible] လောင်ရာမီးကျွမ်းရာဆို၍ဘာမှမတွေ့[illegible] သံဃာတော်ငါးပါး ကောဇောခင်းထိ[illegible] သွားသောဖျာတွေက ပကတိအကော[illegible] သား။ ညက သံဃာတော်များထိုင်သွား[illegible] သောနေရာငါးခုက မီးထတောက်သ[illegible] ဆရာတော်ကြီးမှာမိန့်သွားသော [illegible] တက်လုပ်ရန်ကိုလည်းသတိမရကြတော့[illegible] သွားပြီ၊ သည်အတိုင်းဆို ဤအိမ်[illegible] တော့ပစ်ရပြီဟူသောသဘောနှင့် [illegible] ထဲရှိ ပစ္စည်းများကိုသာ ကိုကျော်ဟန်[illegible] ယောက္ခမအိမ်သို့ ရွှေ့ကြရတော့မည်[illegible] ဆွေမျိုးတွေတိုင်ပင်ကြရ၏။ သို့သော် ပုဏ္ဏကတိုက်သည်ဟု အပြောခံနေ[illegible] သော သူ့သမက်အိမ်ကပစ္စည်းတွေ [illegible] အိမ်ရောက်လာလျှင်ဟူသော စိုးရိမ်[illegible] မပြောင်းမရွှေ့ကြပါနှင့်ဦး။ အိမ်ကြ[illegible] လည်းဆောက်ပြီးတာမကြာသေး။ သူ[illegible] ဆရာကောင်းသမားကောင်းရှာပါရ[illegible] အင်တင်တင်လုပ်နေသည်။ တစ်မြို့[illegible] ကား ကိုကျော်ဟန်တို့အိမ်အကြော[illegible] ပြောမဆုံးပေါင်တောသုံးထောင်ဆို[illegible] ဖြစ်နေကြသည်။

ထိုမှာတွင် မြို့စွန်အဖျားရှိ ( — [illegible] ရပ်ကွက်မှ ဝမူးကြီးဘကျော် ကို[illegible] ဟန်တို့ယောက္ခမအိမ်ကို ပေါက်ခ[illegible] သည်။ထုံးစံအတိုင်းမူးလာသည်။ အ[illegible] သောက်စရာငွေမရှိလျှင် ဈေးထဲတော[illegible] တိုမည်ရလုပ်ပြီး အရက်ဖိုးရှာသ[illegible] အသိအကျွမ်းတွေ့တိုင်း အရ[illegible] တောင်းသည်။ တစ်မြို့လုံးသိသေ[illegible] အရက်သမားဖိုးကြီး။

"ဟေ့ - ကျော်. . . ကျော်[illegible] မင်းတို့အိမ် ညညဘယ်လူမှမအိပ်[illegible] ဖြစ်နေတယ်ကြားတယ်။ ငါသွားအိ[illegible] မယ်။ တစ္ဆေသရဲမကလို့ ဖုတ်[illegible] လာမလား၊ ဘီလူးကြီးအ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘာမလား၊ ပုဏ္ဏကမကလို့ အာဠာဝက ကည်းမကြောက်ဘူး။ ဒီည မင်းအိမ်မှာ ဘကျော်နဲ့တွေ့မယ်။ ဘ . . . ဘကျော် အကြောင်းသိမယ်။ မင်း. . . မင်း ငါ့ကို တစ်ပုလင်းဖိုးပဲပေး၊ ဒီည မင်းအိမ်မှာ ငါ သွားအိပ်မယ်။ ပေးမလား၊ မပေးဘူး လားပြော"

အိမ်ကိုစွန့်စိတ်ညစ်ပြီး ကယောင် ချောက်ချားဖြစ်နေရသည့်အထဲ ငမူးက တစ်မျိုးဟု ကိုကျော်ဟန် စိတ်တိုသွား၏။ ယခင်ကလည်း ဘကျော်နှင့်သူက ခပ်တန်းတန်းနေသည်။ ဘကျော်ကို ချူရာသွင်းသည်မဟုတ်။ မှတ်မှတ်ရရ အရက်ဖိုးတော့ နှစ်ခါပေးဖူးသည်။ အလကားတော့မဟုတ်၊ သူ့အိမ်နောက် ဖေးကချုံရှင်းခိုင်း၍။ ဘကျော်က သူ့ကို စေ့စေ့ကြည့်ပြီး မျက်ထောင့်နီကြီးနှင့်-

"ဟော့ကောင်ကျော်ဟန် - မင်းပေး မလား၊ မပေးဘူးလား။ ငါက မင်းအိမ် . . ."

အိမ်ကိုစွန့် သူယောက်ျားစိတ် ပြီးထိုးမိမှာစိုးသဖြင့် သူ့မိန်းမက ငွေ နှစ်ရာတန်ကို ကမန်းကတန်းဝင်ပေး လိုက်သည်။ အိမ်ရှေ့က မြန်မြန်ထွက် သွားလျှင်ပြီးရော ဟူသောသဘော။ ထို သတင်းသည် ရပ်ကွက်ထဲပြန့်သွားပြန် ရာ သည်ငမူး အမှန်တကယ် ကိုကျော် ဟန်တို့အိမ်သွားအိပ်၊မအိပ် ကာလသား လေး၊ ငါးယောက်က နောက်ယောင်ခံ လိုက်ချောင်းကြည့်ကြသည်။ဈေးလမ်းဆုံ မှ အရက်ဝယ်ပြီးလာသော ငမူးဘကျော် သည် အမှန်တကယ် ကိုကျော်ဟန်တို့ အိမ်ရှေ့ရောက်သွား၏။

"ပုဏ္ဏက ကြုံကြမှ သိမယ်ဆိုကွ။ လာစမ်းပါ၊ ပုဏ္ဏကမကလို့ အာဠာဝက လာမလား လာစမ်းပါ။ ဇမ္ဗူမှာဘယ်လူ မှလုပ်မထင်တဲ့ ဘကျော်ကွ"

ဟု စိန်ခေါ်အော်ဟစ်ကာ ကိုကျော် ဟန်တို့အိမ်ထဲဝင်သွားသည်။ အိမ်ရှေ့ ကဖွင့်ထားသော တံခါးမကြီးကို ပြန်စေ့ လိုက်ပြီး ဘာသံမှမကြားရတော့။ ည မှောင်လာသော်လည်း မီးဖွင့်တာကိုပင် မမြင်ရ။ သည်တစ်ခါတော့ ငမူးဘကျော် သွားပြီ၊ သေပြီဟုပင် ထင်လိုက်ကြ၏။

"မိုက်လိုက်တာ၊ မသာတစ် လောင်းကို ပိုက်ဆံပေးဝယ်ယူလိုက်တာ ပဲ။စိတ်ညစ်ရတဲ့ထဲ အသုဘတစ်လောင်း တာချကြရဦးမယ်"

ဟု ကိုကျော်ဟန့်ယောက္ခမက သူ့ သမီးကို အပြစ်တင်သည်။

သို့သော် ငမူးဘကျော်ကား သူတို့ ထင်သလိုဘာမှမဖြစ်။ မနက်ရှစ်နာရီ လောက်ရောက်တော့ တံခါးဖွင့်ပြီး ကိုကျော်ဟန်တို့အိမ်ထဲက ထွက်လာ သည်။ လူအုပ်ကြီးက ဘကျော်ကို ဝိုင်း မေးကြ၏။ဘကျော်က အိမ်ထဲတွင်ဘာမှ အခြောက်အလှန့်မရှိ၊ ဘာပစ္စည်းမှလဲ ကွဲရှသံ မကြားရ၊ ဘာပစ္စည်းမှလဲ ထပ်ပျံ လာပြီး သူ့ကိုမထိုးမတုတ်။ သူ ညက ပုဏ္ဏကကောင်ကိုတွေ့ချင်လို့ တမင်မအိပ် ဘဲ အမြည်းစားလိုက်၊ အရက်သောက် လိုက်နှင့် စောင့်ကြည့်နေသည်။ မိုးလင်း ပိုင်းကျမှ အမူးလွန်ပြီးအိပ်ပျော်သွား သည်ဟု ပြောသည်။

ကိုကျော်ဟန်ဆီ နောက်ထပ် အရက်ဖိုးသွားတောင်းသော ဘကျော် နောက်ကို လူတချို့လိုက်သွားကြသည်။ ကိုကျော်ဟန်ဆီရောက်လျှင် လည်း ငမူးက အမှန်အတိုင်းပြောကောင်းပြော မည်ဆိုသောသဘော။ ကိုကျော်ဟန်ကို လည်း သူတို့ကိုပြောသည့်အတိုင်းပင်။ ကိုကျော်ဟန်က ညညဆက်အိပ်ရန် အရက်ဖိုးထပ်ပေးလိုက်သည်။

ဘကျော် ကိုကျော်ဟန်အိမ်တွင် နှစ်ညအိပ်ပြီး ဘာမှမဖြစ်တော့။ နောက် တစ်နေ့မှာ ကိုကျော်ဟန်၏ ဆွေမျိုးသုံး၊ လေးယောက်ပင် ဘကျော်နှင့်အတူသွား အိပ်ကြသည်။ ဘာမှမဖြစ်။ ငမူးဘကျော် နာမည်ကြီးပြီ။ မည်သူမှမနေနိုင်အောင် ကြမ်းတမ်းနေသောအိမ်ကို ငမူးဘကျော် ဘယ်လိုများလုပ်လိုက်ပါလိမ့်။ အရက် သမားဆိုပေမယ့် ဘကျော်မှာ တစ်ခု ကောင်းတော့ရှိရမည်။

ထိုသတင်းတစ်မြို့လုံးပျံ့နှံ့သွားရာ ဘကျော်ငမူးကို အထင်ကြီးသူတွေက နည်းနာရအောင်ဟု အရက်တိုက်၍မေး ကြသည်။

ဘကျော်ကလည်း -

"လူဆိုတာ တစ်ခုကောင်းတော့ရှိ တာပေါ့ဗျာ၊ ခင်ဗျားတို့ကိုပြောလို့ ဘယ် ဖြစ်မလဲ"

လုပ်နေပြန်၏။

ယခင်က မအိပ်ရဲကြသော ကိုကျော်ဟန်၏အိမ်ကို ကိုကျော်ဟန်တို့ မိသားစုနှင့် ဆွေမျိုးတွေက စမ်း၍အိပ် ကြည့်ကြသည်။ ဘာမှမဖြစ်တော့။ ဘာ အခြောက်အလှန့်မှမရှိတော့။ ကိုကျော် ဟန်က ဘကျော်ကို ငွေတစ်ထောင်ပင် ရက်ရက်ရောရောပေးပစ်လိုက်သည်။

ဆွေမျိုးတွေခေါ်၍ အိပ်ကြည့်ကြ ရာမှ သူတို့မိသားစုချည်း အစမ်းအိပ် ကြည့်ကြသည်။ တစ်ပတ်၊ နှစ်ပတ်သာ ကြာသွားလည်း ဘာမှမဖြစ်သောအခါ ဘကျော်ငမူးကို ကိုကျော်ဟန်က ဈေး ဆူးရှင်အဖြစ် နေ့တိုင်းအရက်ဖိုးပေးသည်။ တစ်မြို့လုံးကလည်း ငမူးဘကျော်ကို တော်တော် အထင်ကြီးသွားကြသည်။ အရင်ကလို မကြည်မသာ မဆိုမပြောရဲ ကြ။ ဈေးတန်းထဲမှာလည်း ဘကျော် အကြောင်း။လက်ဖက်ရည်ဆိုင်မှာလည်း ဘကျော်အကြောင်း။ အရက်ဆိုင်မှာပင် သူ၏သောက်ဖော်သောက်ဖက်များက ဘကျော်ကို အရက်တိုက်၍ ဂုဏ်ပြုကြ သည်။

ဤသည်ကို အသက်ရှစ်ဆယ် ကျော် သျှောင်ကြီးဗွေ ဘကြီးချမ်းလှက မူ -

"စောက်မှန်းကမ်းမှန်းမသိတဲ့သူရာ မေရိယကောင်ကိုများ ဂုဏ်တင်ပြောနေ လိုက်ကြတာ။ ဒီငမူးမှာ ဘာသီလ၊ ဘာစရဏရှိလို့စွမ်းမလဲ။ သံဃာတော် တွေ မေတ္တာပို့၊ ပရိတ်ရွတ်၊ ကမ္မဝါဖတ်၊ စက်ပရိတ်တွေရွတ်ဖတ်သွားကြတဲ့ညက သံဃာတော်တွေထိုင်သွားတဲ့နေရာတိုင်း က မီးထတောက်တယ်ဆိုတာ အိမ်ကို ရတနာသုံးပါးတန်ခိုးနဲ့ မီးသင်းထားခဲ့ ကြတာ။ ဘယ်မိစ္ဆာ၊ ဘယ်သရဲ၊ ဘယ် ပုဏ္ဏကအဲဒီအိမ်ဝင်ရဲတော့မှာလဲ။ ဆရာ တော်ကြီးကြွခါနီးမှာ ဘာမှာသွားလဲ။ ဒီတစ်ညတော့ ဒီအိမ်မှာမအိပ်ကြဖို့မှာ သွားတာလည်း ပရိတ်တန်ခိုးနဲ့ အိမ်ကို ဆရာတော်တို့ထိုင်သွားတဲ့နေရာက မီး ထတောက်ရင် လူတွေကြောက်ကုန်ကြ မှာစိုးလို့ တစ်ညမအိပ်ကြနဲ့ဦး မိန့်တာ။ အဲဒါတော့ဘယ်လူမှမလိုက်နာခဲ့ကြဘူး။ ရတနာသုံးပါးတန်ခိုးနဲ့ အိမ်ကိုမီးသင်း တော့ ပုဏ္ဏကတိုက်ပြန်ပြီဆိုပြီး ထွက် ပြေးကြတာ။ မင်းတို့က ငမူးဘကျော်မှာ တစ်ခုကောင်းရှိတာ၊ အရက်သမားပေ မယ့် အစွမ်းထက်တယ်ဆိုတာ ကြပ်ကြပ် ပြောကြ။ မင်းတို့ကို မိုးကြိုးပစ်လိမ့်မယ်"

ဟု ပြောလေသည်။

ထိုအခါမှ ကိုကျော်ဟန့်အိမ်တွင် တရားနာခဲ့ကြသူတွေမှာ ဆရာတော်ကြီး မိန့်ကြားသွားသည်ကို သတိရကြတော့ ၏။ သို့သော် ငမူးဘကျော်ကမူ အသဲ အလာမပျက် ကိုကျော်ဟန့်ဆီမှာအရက် ဖိုးလာတောင်းလျက်။ ဝတ်မပျက်။ ထို့ကြောင့်လည်း ငမူးဘကျော်နှင့် ပုဏ္ဏကအကြောင်းကို လူတွေက ရယ် စရာမောစရာအဖြစ် သူတို့ရွာတွင်ပြော ကြဆိုကြတုန်း။

ဝေယံထင်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# ဖရဲသီးကို ကျန်းမာခြင်းအတွက်စားသုံးနည်း

ဦးမြင့်ငင်(ရွှေနဝင်း)



ရာသီပေါ်အသီးအနှံများထဲတွင် နွေရာသီဥတုနှင့်အလိုက်ဖက်ဆုံးဖြစ်ကာ စားသုံးသူတို့ကို ကျန်းမာရေးအတွက် လွန်စွာအထောက်အကူပြုသည့် ရာသီပေါ် Favourite အသီးအနှံမှာ ဖရဲသီးပင် ဖြစ်ပါသည်။

နွေရာသီဥတု၏ လွန်ကဲစွာပူပြင်းလာမှုတို့ကြောင့် ချွေးထွက်လွန်ပြီး ရေဓာတ်ခန်းခြောက်ခြင်း၊ ဆီးပူ ဆီးဝါ၊ ဆီးကျဉ်ခြင်း၊ ကျောက်ကပ်အပူအောင်းပြီး ခါးနာခြင်း၊ ကျောက်တည်ခြင်း စသည် နွေရာသီ၏ဒဏ်ရောဂါဝေဒနာများကို ဖရဲသီး သီးနှံတစ်မည်တည်းနှင့် ဖြေရှင်းကျော်လွှားနိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဖရဲသီးမှာ ရေဓာတ်က (၉၅) ရာခိုင်နှုန်းကျော် ပါဝင်ဖွဲ့စည်းထားခြင်း၊ သစ်သီးသကြားဓာတ် (Fructose) အချိုဓာတ်ရှိနေခြင်းတို့ကြောင့် ရေဓာတ်ခန်းခြောက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် ရောဂါလက္ခဏာများကို လျင်မြန်စွာ အစားဖြည့်ပေးပြီး သက်သာစေပါသည်။

ယခုခေတ်မှာတော့ ယခင်တုန်းကလို တစ်နှစ်မှာတစ်ခါသာပေါ်သည့် သီးနှံမျိုးမဟုတ်တော့ဘဲ တစ်နှစ်ပတ်လုံးနီးပါး ဖရဲသီးကို ထွက်ရှိအောင် သိပ္ပံနည်းဖြင့်ပေါင်းစပ်စိုက်ပျိုးကြခြင်းကြောင့် ဖရဲသီးကို လိုရင်လိုသလို ဝယ်ယူစားသုံးနိုင်ခြင်းသည် ကျန်းမာရေးအတွက် အဆင်ပြေ အထောက်အကူ ဖြစ်စေပါသည်။

ဂျပန်နိုင်ငံမှာ ဖရဲသီးကို လေးထောင့်အန်စာတုံးပုံ ပုံစံခွက်နဲ့စိုက်ပြီး ဖရဲသီးဘလောက်တုံးအသီးအဖြစ် ဈေးကောင်းပေး၍ ဝယ်စားရလေသည်။ ဖရဲသီးပုံသဏ္ဍာန်မှာ အမြင်တစ်မျိုးဆန်း၍ ကြည့်၍ပင်ကောင်းနေပေသေးသည်။



စာရေးသူတို့မြန်မာနိုင်ငံမှာတော့ ထိုဘလောက်တုံးပုံစံဖရဲသီးမျိုးမစိုက်နိုင်ကြသေးပေမယ့် ထိုင်ဝမ်မျိုးဖရဲသီးများကို အလုံးကြီး၊ အစေ့နည်းပြီး အရသာချိုလှသည့် ဖရဲကောင်းများပြားစွာစိုက်ပျိုးထွက်ရှိနေပါပြီ။

ထိုထိုင်ဝမ်မျိုး ဖရဲသီးပင်ကို စိုက်ပျိုးရာတွင် ဖရဲသီးတစ်ပင်ကို အကောင်းဆုံး၊ အလှဆုံး အသီးတစ်လုံးသာချန်ထားပြီး ကျန်တဲ့သီးကင်းများကို ခြွေပစ်ရပေသည်။ ဖရဲသီးအညွှန့်ကိုလည်း လိုအပ်သလို ဖြတ်ပေးရပေသည်။

ထိုသို့ ဖြတ်ခြွေပစ်လိုက်ရသည့် ဖရဲညွှန့်နှင့် ဖရဲသီးကင်းလေးများသည်လည်း ကျန်းမာရေးအတွက် တန်ဖိုးရှိသည့် အစားအစာများအဖြစ် အသုံးဝင်လှပေသည်။

ဖရဲညွှန့်သည် ဝမ်းတွင်းအေးစေပြီး အမျှင်ဓာတ်များစွာပါဝင်နေ၍ ဆီး၊ ဝမ်းကို သက်စေ၊ ရွှင်စေသည်။ နှုတ်ခံတွင်းကိုမြိန်စေသည်။ ဖရဲညွှန့်ကို အလွယ်ဆုံး ရေနွေးနှင့်ပြုတ်ပြီး အတို့အမြှုပ်၊ ငါးပိရည်ဖြင့်တွဲစပ်၍ စားသုံးခြင်း၊ ဖရဲညွှန့်တွင် အချိုဓာတ်ရှိခြင်းကြောင့် ဟင်းချိုချက်၍ လည်းကောင်း၊ ကြော်ချက်ချက်၍လည်းကောင်း စားသုံးနိုင်ပါသည်။

ထို့အတူ ဖရဲသီးကင်းလေးများကိုလည်း ပြုတ်၍ တို့စရာအဖြစ် စားသုံးခြင်း၊ ဘူးသီးကဲ့သို့ဟင်းချက်၍စားခြင်း၊ ချဉ်ရည်ဟင်းချက်ခြင်းစသည်ဖြင့် စားသုံးနိုင်သည့်အပြင် ဖရဲသီးကင်းလေးများကိုရေစင်ကြယ်စွာဆေးပြီး ဆန်ဆေးရည်အကြည်ခံကာ ဆားသင့်တော်ရုံခတ်၍ အချဉ်ထည့်ပြီး စားသုံးလျှင်လည်း လွန်စွာစားကောင်းလှပါသည်။

ယခု စူပါမားကတ်ကြီးများတွင် တင်၍ရောင်းချနေသော နိုင်ငံခြားဖြစ်သခွားသီးသေးသေးကလေးများအချဉ်ထည့်ထားသည့်စည်သွတ်ဘူးထက် ပိုပြီးလတ်ဆတ်စားကောင်းလှပါသည်။

ထိုဖရဲသီးကင်းအချဉ်သည် လူတို့အဆီကျစေ၍ ဆီး၊ ဝမ်းကို မှန်ကန်စေပြီး အပူငြိမ်းစေသည့်သတ္တိထူးရှိသည်။ အခြား သား၊ ငါး၊ ပုစွန်တို့နှင့်လည်း ကြော်ချက်စားသုံးနိုင်ပါသည်။ ခံတွင်းကိုမြိန်စေပါသည်။


ထို့မှတစ်ဆင့် ရင့်မှည့်လာသည့် ဖရဲသီးသည် လူသားတို့၏ကျန်းမာရေးကို လွန်စွာအထောက်အကူပေးသည်။ ရာသီပေါ် ကျန်းမာရေးအကျိုးပြုသီးနှံဖြစ်လာပေတော့သည်။

ဖရဲသီးမှာတွေ့ရသည့်ရွှန်းစိုနေတဲ့ အနီရောင်ဓာတ်ကို လိုင်ကိုပင်း (Lycopene) ဟု ခေါ်ပါသည်။ လိုင်ကိုပင်းသည် ကျန်းမာရေးအတွက် ရောဂါများကို ကာကွယ်ပေးသည့် အားကောင်းလှသည့် အင်ဒီအောက်ဆီဒင့် (Antioxidants) ဓာတ် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးခြင်းနှင့် ကုသပေးနိုင်သော စွမ်းရည်ရှိပါသည်။ အထူးသဖြင့် အနီရောင်လိုင်ကိုပင်းဓာတ်သည် အမျိုးသားများ ဆီးကျိတ်နှင့်ပတ်သက်သောရောဂါကို အထူးအကျိုးပြုစေသည်။

သွေးကြောများအတွင်းမှာ အဆီကျအနည်ထိုင်ခြင်းကို ဟန့်တားပေးခြင်းဖြင့် နှလုံးသွေးကြောရောဂါများနှင့် ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း စသည်တို့ကို ကာကွယ်ပေးပါသည်။

ထို့အပြင် ဖရဲသီးမှာပါဝင်သည့် မဂ္ဂနီဆီယမ်၊ ပိုတက်စီယမ်၊ ကယ်ရိုတီးနွိုက်ဓာတ်များသည် သွေးပေါင်ကိုလျှော့ချပေး၍ သွေးတိုးရောဂါကို ကာကွယ်ပေးပြီး သွေးပြန်ကြောအတွင်း သွေးလှည့်ပတ်မှုအားကောင်းစေသည့်အတွက် နှလုံးသွေးကြောရောဂါအမျိုးမျိုးအတွက် လွန်စွာအကျိုးပြုပေသည်။

ဖရဲသီး၏ ထူးခြားသည့် စွမ်းရည်သတ္တိတစ်ခုမှာ ကျောက်ကပ်ကို ဆေးကြော သန့်စင်ပေးစေသည့်အတွက် ကျောက်ကပ်တွင် ကျောက်တည်ခြင်း၊ ကျောက်ကပ်တွင် အနည်ကျ၍ကျောက်ဖြစ်ပေါ်စေခြင်းကို ကာကွယ်ပေးသည်။

နောက်တစ်ခုကား ဖရဲသီးတွင် အမျိုးသားများအားကိုးစရာယောကျ်ားတံခွန်ထောင်လွှားစေနိုင်သည့်ကာမစွမ်းအားကို တိုးပွားစေသည့်ဓာတ်တစ်မျိုး အထူးပါဝင်နေပေသည်။

ဖရဲသီးအပြင်ခွံအစိမ်းနှင့်အတွင်းသားအနီရောင်ရဲစပ်ကြားမှာရှိသည့် ဖရဲသီးအခွံအတွင်းပိုင်း အဖြူရောင်အသားတွင် စစ်ထရူလိုင်း (Citruline) ပါဝင်နေခြင်းကြောင့် အမျိုးသားများ ကာမစွမ်းအားကို အကျိုးပြုပါသည်။

စစ်ထရူလိုင်း (Citruline) ဓာတ်သည် အမျိုးသားများ အိမ်ထောင်ရေးသုခအပြည့်အဝခံစားနိုင်စေရန် (Erection) အမျိုးသားအင်္ဂါထောင်မတ်နိုင်စေရန် လိင်အင်္ဂါအတွင်းရှိသွေးလွှတ်ကြော၊ သွေးပြန်ကြောတို့၏ လုပ်ဆောင်ချက် (Function) ကို အထူးကောင်းမွန်အောင် အကျိုးပြုစေသည်။

သုတေသနစစ်တမ်းများတို့အရ ယနေ့ခေတ်စားနေသည့် ဗိုင်ယာဂရာ (Viagra) ဆေးထက် ဖရဲသီးက ပန်းသေ၊ ပန်းညှိုးရောဂါကို ပိုအကျိုးပြုထိရောက်မှုရှိသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ဖရဲသီးကို ကျန်းမာရေးအတွက် ရည်ရွယ်ပြီး စားသုံးမည်ဆိုလျှင် -

၁။ ဖရဲသီးအဖြူသားကိုပါ ပါဝင်အောင်စားသုံးပေးရမည်ကို အထူးသတိပြုရမည်ဖြစ်ပါသည်။

၂။ ဖရဲသီး၏ သဘာဝအချိုအတိုင်းသာ စားသင့်သည်။ (သကြား၊ နို့ဆီစသည့် နောက်ထပ်ဖြည့်စွက်သည့်အချိုဓာတ်ဖြည့်၍စားခြင်းကိုရှောင်ပါ။)

၃။ ဖရဲသီးစားသုံးသည့်အခါ ထမင်းကဲ့သို့ ဝမ်းဗိုက်ပြည့်အောင် အစာစားသုံးပြီးစအချိန်တွင် မစားသင့်ဘဲ အစာနှင့် ဝေးသည့်ကြားချိန်တွင် ဖရဲသီးကိုအဝစားပေးသင့်ပါသည်။ (ဒါမှ ဖရဲသီးမှာ ပါဝင်နေသော အကျိုးပြုဓာတ်ပေါင်းများကို အစာအိမ်မှ အနှောင့်အယှက်ကင်းစွာ စုပ်ယူပြီး လျင်မြန်စွာ အကျိုးပြုနိုင်စေမည် ဖြစ်သည်။)

၄။ ဖရဲသီးတွင် ဖရက်တို့(စ်) (Fructose) ခေါ် သစ်သီးသကြားအချိုဓာတ်ပါဝင်သော်လည်း သွေးတွင်းမှ သကြားဓာတ်ကို နှေးကွေးစွာတက်စေသည့်အတွက် ဆီးချိုရောဂါသမားများ ဖရဲသီးကို သင့်တင့်စွာ စားသုံးနိုင်ပါသည်။

၅။ ခန္ဓာကိုယ်အဝလွန်၍ (Body weight) လျှော့ချင်သူများ ဖရဲသီးကို အဝစားပေးပြီး ကာဗိုဟိုက်ဒြိတ် (ကစီဓာတ်)ကို များစွာ လျှော့ချစားသုံးခြင်းကြောင့် အဆီကျပြီး ခန္ဓာကိုယ်အလေးချိန်ကို လျှော့ချနိုင်ပါသည်။

၆။ ယနေ့ခေတ်တွင် ကွမ်းတမြုံ့မြုံ့စားသုံးနေကြသူများ ဖရဲသီးကို အထူးစားသုံးပေးသင့်ပါသည်။ ကွမ်းယာထဲတွင် ပါဝင်သည့်ထုံးဓာတ်၊ ဆေးရွက်ကြီးတွင်ပါဝင်သည့် နီကိုတင်းဓာတ်တို့ကြောင့် သွေးကြောကျဉ်းခြင်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်းဒဏ်ကို အထူးအကျိုးပြုစေပါသည်။

၇။ ဆီးနှင့်ပတ်သက်၍ ဆီးပူ၊ ဆီးနည်း၊ ဆီးအောင့်၊ ကျောက်တည်ခြင်းစသော ဆီးနှင့်ကျောက်ကပ်ရောဂါသမားများ ဖရဲသီးကို ဦးစားပေးစားသုံးသင့်ပါသည်။

၈။ ကျန်းမာရေးအတွက် ရည်ရွယ်၍ စားသုံးသည့် ဖရဲသီးသည် အချိန်အခါသင့် ရင့်မှည့်လတ်ဆတ်နေသည့် ဖရဲသီးမျိုးကို ရွေးချယ်၍စားသုံးသင့်ပါသည်။

၉။ အမှည့်လွန်၊ အူပွ၊ ယင်နား၊ ဖုန်ကပ်၊ အချဉ်ပေါက်နေသည့်ဖရဲသီးကို လုံးဝမစားသုံးသင့်ပါ။ ဝမ်းပျက်၊ ဝမ်းလျှောစေမည့်ဆိုးကျိုးကို ခံစားရပေမည်။

ယခုလို ပူပြင်းလှသည့် နွေရာသီအရိပ်အာဝါသကောင်းမွန်သည့်နေရာတွင်နားနေပြီး ရွှန်းစိုနီရဲ၍ အရည်ဓာတ်ကြွယ်ဝသော ဖရဲသီးစိတ်ကလေးများအအေးခံထားပြီး စားသောက်သုံးဆောင် မှီဝဲလိုက်ကြမည်ဆိုလျှင် ကျန်းမာရေးအတွက် အကျိုးရှိပြီး နွေရာသီ၏ဆိုးဝါးလှသည့်ပူပြင်းမှုဒဏ်ကို အေးချမ်းစွာဖြင့် ကျော်လွှားသွားနိုင်ကြပါစေဟု ဆန္ဒပြုရင်း ဤဆောင်းပါးကို နိဂုံးချုပ်တင်ပြလိုက်ပါသည်။

*လူသားအားလုံး အပူကင်း၍*
*အေးချမ်းကျန်းမာရွှင်လန်းကြပါစေ*

ဦးခင်းဇင်(ရွှေနှင်း)



www.burmeseclassic.com

www.burmeseclassic.com

(ယခင်လတွင် သမ္မာကျမ်းစာပြန့်ပွားရေးအသင်းတော်(SPG)မှခရစ်ယာန်သာသနာပြုဘုန်းတော်ကြီး ကိုလ်ဘက်၏စာများကိုဖော်ပြရာ မင်းတုန်းမင်း၏ ဈာပနအခမ်းအနားတွင် သူတို့လည်း အဆောင်အယောင် ရာထူးဝတ်စုံပြည့် ဆောင်၍ပါကိုင်ဆောင်ရန် ခွင့်ပြုလျက် လိုက်ပါပို့ဆောင်ရပုံ၊ မြန်မာတပ်သားများ ခေတ်မမီတော့သည့်ဘရောင်းဘတ်(စ်) ခေါ် ပြောင်းဝမှ ကျည်ထိုး၍ပစ်ရသည့် အင်္ဂလိပ်နှင့် ပြင်သစ်စစ်ဘုရင်နပိုလီယံတို့ ဝါတာလူးစစ်မြေပြင်တွင် ဗြိတိသျှတပ်များကိုင်သည့်သေနတ်များ၊ ခေတ်မမီတော့သည့်အမြောက်များကိုင်ဆောင်ကြပုံကိုဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဗြိတိသျှဌာနေကိုယ်စားလှယ်ထံ ဝင်ရောက် ခိုလှုံသော ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့ မန်းမြို့တော်မှ ဗြိတိသျှပိုင်သင်္ဘောဖြင့် ထွက်ခွာသွားပုံကိုလည်း ဖော်ပြခဲ့ပါသည်။ နိုင်ငံခြား ခရစ်ယာန်ဘုန်းတော်ကြီးတစ်ဦး၏အမြင်ကို ယခုခေတ်လူများသိသာနိုင်ရန်တင်ပြခြင်းဖြစ်ပါသည် - စာရေးသူ)

ခရစ်နှစ် ၁၈၇၉၊ မတ်လ ၂၉ ရက်
မန္တလေး

ယခုစာရေးသည့်အချိန်ထိ ကျွန်ုပ်တို့မှာ ဘေးအန္တရာယ်ကင်းစွာရှိနေပါသေးသည်။ သို့သော် တစ်ဖက်မှလက်ရုံးအားကိုးဆောင်ရွက်လာလျှင် ခေတ္တခဏအတွင်း ဒုက္ခရောက်သွားနိုင်သည်။ ဗြိတိန်ပိုင် အောက်မြန်မာပြည်တွင် တပ်ပြင်ပြီ၊ နယ်စပ်တစ်လျှောက်တွင် တပ်ဖြန့်ပြီ စသည်ဖြင့်ကြားရသည်။ မှန်သည်၊ မှားသည်ကို ကျွန်ုပ်လည်း မသိနိုင်။ မြန်မာဘုရင်ထံ ရာဇသံသဝဏ်လွှာနှင့် သံတမန်တစ်ဦးစေလွှတ်သည်ဟုလည်း ကြားရသည်။ ဤသတင်းမှန်ကန်ပါလျှင် ကျွန်ုပ်အတွက်မှာ ထိုသတင်းအတွက် အံ့သြမည်မဟုတ်ပါ။ လုပ်ရမည့်ကိစ္စဖြစ်သည်။ အခြေအနေအရ ဆွေးနွေးမှုပျက်ပါက မန္တလေးမှထွက်ခွာရန် အချိန်ရပါမည်။ ကျွန်ုပ်အတွက်မှာ ဗြိတိသျှကိုယ်စားလှယ် ထွက်ခွာသွားပါက လိုက်လိုလျှင်လိုက်၊ မလိုက်လိုလျှင် မန္တလေး၌ ဆက်၍နေနိုင်သည်။ နေခဲ့လျှင်လည်း ကျွန်ုပ်အား မြန်မာတို့မှ ဗြိတိသျှသူလျှိုဟု စွဲချက်ဖြင့်ချက်ချင်းဖမ်းကာ ထောင်သွင်းအကျဉ်းချကာထားနိုင်သည်။ လန်ဒန်သတင်းစာနှင့် ကြေးနန်းသတင်းစာများပေါ် မူတည်ပြီး အခြေအနေအရပ်ရပ်ကို ပြောတော့မည်။ ကျွန်ုပ်စာများလည်း အခြေအနေအေးဆေးမှ ရချင်လည်း ရပါတော့မည်။

လက်ရှိအခြေအနေမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ဥပမာ ရာဇသံကိစ္စ၊ စာရွက်စာတမ်းများ ရာဇသံနှင့် အတူရောက်ရာ ဘုရင့်ရှေ့တော်မှောက်သို့ ဆက်သရပါမည်။ စာပါအကြောင်းအရာတို့မှာ ဘာတွေရေးရေး ရာဇသံဆိုသည်မှာ ပြင်းထန်သောအဆင့်မှာရှိသည်။ မြန်မာဘုရင်က အညံ့ခံအံ့မထင်။ စာလည်း နန်းတော်ထဲသို့အမှန်ရောက်သည်။ ထိုအချိန်မှာပင် ကျွန်ုပ်တို့ကိုဖမ်းဆီးရန် အမိန့်ပေးသည်ဟု သိရသည်။ ဘုရင်မင်းအရက်မူးနေချိန်တွင် ထုတ်ပြန်သောအမိန့်ဖြစ်၍ ဝန်ကြီးများက ဆက်လက် မဆောင်ရွက်ဟု ဆိုသည်။ ဝန်ကြီးများက စစ်ဝတ်စုံများ၊ စစ်ရေးပြမှုများ လက်နက်တပ်ဆင်မှုများနှင့် စစ်ရေးလေ့ကျင့်မှုများကို ဦးစားပေးဆောင်ရွက်နေကြရသည်။ စစ်တိုက်လိုသော အရာရှိများက ဆောင်ရွက်နေသည်။ သူတို့လည်း ဗြိတိသျှရယ်ဂျီမင်းတပ်ရင်းတစ်ခု အင်အားကိုမသိဘဲ လက်ရည်တူသည်ဟုထင်ပြီး စစ်တိုက်ရန်စီစဉ်ခြင်းဖြစ်၏။ ဝါရင့်အမတ်၊ သက်တော်ရှည်ဝန်မင်းများကမူ ကျိုးကြောင်းဆင်ခြင်နိုင်ကြသည်။ ဗြိတိသျှစစ်အင်အားကိုသိကြသည်။ သူတို့လည်း အာဏာမေးမှိန်လေပြီ။ ဘုရင်

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှုးမောင်မှုး

## ခရစ်ယာန်ဘုန်းကြီးဂျိန်း(စ်)အယ်ဖရက်ကိုလ်ဘက်၏ မန်းမြို့တော်မှပေးစာများကိုတင်ပြခြင်း (၃)





www.burmeseclassic.com

www.burmeseclassic.com

ကလည်း မင်းပျိုမင်းလွင်ဖြစ်သောကြောင့် အသက်ငယ်ရွယ်သော သူ့အပေါင်းအသင်းများဖြစ်သူ မင်းမှုထမ်းများ၊ ဗေဒင်ဆရာများ၏လျှောက်တင်ချက်များသာ နားဝင်တော့သည်။

ဤကဲ့သို့သော အခြေအနေတွင် သာသနာပြုလုပ်ငန်းအကြောင်းကို ဖော်ပြနိုင်မည်ဟုမထင်ရသော်လည်း သိစေလိုသည်မှာ မည်သို့ပင် အခြေအနေဖြစ်စေ ကျွန်ုပ်တို့သည် ခရစ်ယာန်သာသနာပြုလုပ်ငန်းကို ရပ်ဆိုင်းထားမည် မဟုတ်ပါကြောင်း၊ အီစတာပွဲတော် မတိုင်မီ လူကြီး(၈)ဦးမှ(၁၀)ဦးနှင့်ကလေး (၅)ဦး သို့မဟုတ် (၆)ဦးအား ခရစ်ယာန်ဘာသာဝင်အဖြစ် သွတ်သွင်းရန် စီစဉ်ထားခဲ့ပါသည်။ သို့သော် သူတို့လည်း ကစဉ့်ကလျားကင်းကွာနေကြရသည်။ ကျွန်ုပ်နေထိုင်ရာသို့ မည်သူမျှမဝင်ရဲကြ။ ဝင်ရောက် ဆက်ဆံသော် အပြစ်ပေးခံရနိုင်သည်ဟု ယူဆကြသည်။ ကျွန်ုပ်က သူတို့အိမ်သွားလျှင် သူစိမ်းသဖွယ်ဆက်ဆံကြတော့သည်။ ကျွန်ုပ်တို့သာသနာပြုကျောင်းမှ ခုံနံပါတ် (၂၇) အမောင်ကျောင်းသားသည် ထီးမွေနန်းလျာဖြစ်သည်ဟုသိရစဉ်က ယခုအခြေအနေမျိုးကို သူဖန်တီးမည်ကိုကျွန်ုပ်တို့မထင်ခဲ့ပါ။

အကယ်၍ စစ်ဖြစ်ပါက ကျွန်ုပ်တို့လည်း ထွက်ခွာသွားပြီး၊ ဗြိတိသျှဌာနေကိုယ်စားလှယ်အိမ်တော်၊ ကျွန်ုပ်နေထိုင်သော ဘုန်းကြီးအိမ် အပါအဝင် ဘုရားရှိခိုးကျောင်းတို့ကို သူတို့က မီးရှို့ဖျက်ဆီးမည်ဟု ထင်ရသည်။ သို့သော် ဗြိတိသျှအစိုးရသည် ပြန်လည်ထူထောင်ပေးလိမ့်မည်ဟု ယူဆသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားရှိခိုးကျောင်းဝိုင်းသည် ရယ်ဂျီမင်းတပ်ရင်းကြီးတစ်ခု ရုံးစိုက်နိုင်လောက်အောင် ကောင်းသောကြောင့်တည်း။

မန်းနေ ဗြိတိသျှဌာနေကိုယ်စားလှယ်တော်အိမ်မှယူနီယံဂျက်အလံတော်ရုပ်သိမ်းလျှင် အလံတော်နောက်သို့ အောက်မြန်မာနိုင်ငံသို့သွားရန် ထပ်ဆင့်၍ အကြောင်းတစ်ခုဖန်လာသည်မှာ ရန်ကုန်မှသတင်းစာများတွင် မဆင်မခြင်ရေးသားသူတို့ကြောင့် ကျွန်ုပ်မှာ မင်းပြစ်မင်းဒဏ်သင့်သူများကိုခိုလှုံခွင့်ပြုမှု၊ ထိုသူတို့ကိုထွက်ပြေးရန် လမ်းပြပေးမှုတို့ကို ရေးသားသဖြင့်ဖြစ်၏။ အသတ်ခံရသောသူတို့ဆွေမျိုးများကို အကူအညီတောင်းခံပါက ဆောင်ရွက်ပေးခဲ့သည်မှာမှန်၏။ ထိုကိစ္စအတွက် ကျွန်ုပ်မမှားပါ။ ကျွန်ုပ်သည် ထာဝရဘုရားသခင်ကို ယုံကြည်သက်ဝင်သူတစ်ဦးဖြစ်ရာ မည်သည့်အန္တရာယ်ရှိသည်ဖြစ်စေ သာသနာပြုရာတွင် နောက်တွန့်မည်မဟုတ်ပါကြောင်း။

ယခုစာဖတ်နေချိန်တွင် အခြေအနေများပြန်လည်ကောင်းလာနိုင်သည်။ ယခုကဲ့သို့ တင်းမာသောအခြေအနေမှာ ကြာရှည်စွာ ကျင့်သုံးလေ့မရှိ။ မကျေနပ်ချက်များကို တသီကြီးပြောကြဆိုကြပြီးလျှင် အခြေအနေကောင်းလာစမြဲဖြစ်ပါသည်။

(ဤတွင် ၁၈၇၉ခု၊ မတ်လ ၂၉ ရက်စွဲပါစာပြီးဆုံး၏။ စာပါအရ နှစ်ဖက်စလုံး စစ်ပြင်ကြပြီ။ သက်တော်ရှည်ဝန်ကြီးများ အကြံမပေးနိုင်တော့ဟု ဆိုချေသည်။)

**ခရစ်နှစ်၁၈၇၉ခု၊ ဧပြီလ ၂၈ ရက်၊ မန္တလေး**

လက်ရှိအခြေအနေမှာ မရေရာလှပါ။ ဘာဖြစ်မည်ဆိုတာကိုလည်း မစဉ်းစားနိုင်တော့။ အောက်မြန်မာပြည်ထဲသို့ ဗြိတိသျှအစိုးရကလည်း တပ်သားစုသည်။ လက်နက်တပ်ဆင်သည်။ စစ်ရေးပြလေ့ကျင့်ပြီ။ ကျွန်ုပ်တို့ (ဥရောပတိုက်သားအားလုံး) မှာ အနေအထိုင်ခက်လှသည်။ စည်းကမ်းတကျရှိသော မည်သည့်အစိုးရမျှ သီပေါဘုရင်နှင့် ဆက်ဆံရန် ဝန်လေးလာသည်။

ဘုရင်နှင့် စပ်လျဉ်း၍ တီးတိုးစကားပြောကြရာတွင် နန်းသက်ရှည်မည်မဟုတ်ကြောင်း ပြောကြသည်။ ဗေဒင်ဆရာများကလည်း တန်ဆောင်မုန်းလ(နိုဝင်ဘာလ)အထိသာ နန်းစံမည်ဟု ဟောကြသည်ဟုသိရသည်။အတိတ်တဘောင်တွေကလည်း ထိုကဲ့သို့ညွှန်းနေသည်။ ကျွန်ုပ်၏ ဘုန်းတော်ကြီးအိမ်တွင်လည်း ဒေးလီးနယူး(စ်)သတင်းစာမှ အထူးစစ်မြေပြင်သတင်းထောက် (စစ်သတင်းထောက်) လည်း လာနေပြီ။ အိမ်တော်၌ စပါယ်ရှယ်စတင်းဒတ်စစ်မြေပြင်သတင်းထောက်ဝင်ရောက်နေ၏။ သူတို့အပြောကတော့ ယခုအရေးအခင်း မတိုင်မီကပင် စစ်ဖြစ်မည်ကို သိပြီးသားဖြစ်သည်။ စစ်ဖြစ်၍စိတ်ပျက်မည့်အနေအထားတွင်မရှိသူများဖြစ်၏။

မန္တလေးမှ လူစုလူဝေးနှင့် ထွက်ခွာမှုများသည် နေ့ညမစဲဖြစ်နေသည်။ ယနေ့ အမေရိကန်(၂၀)နှင့် သူတို့၏သာသနာပြုဘုန်းကြီးလည်း မန္တလေးမှထွက်ခွာသွားပြီ။ လူအမျိုးမျိုးတို့ထွက်ခွာကြရာတွင် ကုန်သည်များထွက်ခွာခြင်းမှာ ပိုမိုဆိုးဝါးစေ၏။ တိုင်းပြည်အတွင်း လယ်ယာလုပ်ငန်း လုပ်ကိုင်သူအချို့လည်း မည်သည့်သီးနှံစိုက်ပျိုးရမည်ကို မစဉ်းစားနိုင်။ ကုန်ရောင်းကုန်ဝယ်သည်လည်းမရှိသဖြင့်ထိခိုက်လာသည်။ သူတို့သီးနှံများ မစိုက်လျှင် ငတ်မွတ်ခေါင်းပါးမှုဆိုက်လိမ့်မည်။ ရာသီဥတုကလည်း နေ့ရောညပါ မကောင်းပါ။ အလွန်ပူပါသည်။ ရက်အနည်းငယ်မျှ မိုးထစ်ချုန်းရွာလိုက်လျှင် အပူတော့ကျနိုင်ပါကောင်းပါရဲ့။

(စစ်ပြင်ကြပြီ။စစ်သတင်းထောက်များ မန္တလေးတွင်ရောက်နေကြပြီ။ နိုင်ငံခြားသားများအစုလိုက် မန္တလေးမှထွက်ခွာသည်။ ကုန်သည်ကြီးများလည်းထွက်ခွာရာ သူတို့နှင့်ဆက်သွယ်သော လယ်ယာသမားတို့မှာ မည်သည့်သီးနှံကို စိုက်ရမည် မခန့်မှန်းနိုင်။ ဧပြီလသည် မန္တလေး၌ ရာသီဥတုပြင်းသည်။ အလွန်ပူသည်။)

**ခရစ်နှစ် ၁၈၇၉ ခု၊ မေလ ၄ ရက်၊ မန္တလေး**

ယနေ့အထိတော့ အန္တရာယ်ကင်းစွာရှိပါသည်။ သို့သော်လည်း အဆက်မပြတ်ကောလာဟလသတင်းများ၊ တုန်လှုပ်စေရန်ကောင်းသည့်သတင်းများတို့ကိုကြားရသည်။ ဤကဲ့သို့သော သတင်းများအကြားတွင်နေထိုင်ရသည်မှာ ခက်ခဲပါသည်။ 'ဝံပုလွေ' 'ဝံပုလွေ'ဟု မကြာခဏခြောက်လှန့်နေရာ တကယ့်ဝံပုလွေလာသောအခါ အတုလှန့်သည်ဟုထင်ကြ၍ သိုးတစ်အုပ်လုံး ဝံပုလွေစာမိသည့် ပုံပြင်ကိုအမှတ်ရမိသည်။ အကျယ်ကိုသိလိုလျှင် ဒေးလီးနယူး(စ်)ကိုသာ ဖတ်ပါတော့။ စစ်သတင်းထောက်ကရေးပါပြီ၊ စတင်းဒပ်သတင်းစာက စစ်သတင်းထောက်(မစ္စတာပါဆင်)လည်း ရောက်နေပြီ။ သူကတော့ ဂျယ်နရယ်ရောဘတ်နှင့်အတူလိုက်နေပြီး အာဖဂန်စစ်ပွဲမှာ စစ်သတင်းရေးတဲ့သူဖြစ်၏။ ကျွန်ုပ်တို့၏ ချာ(ချ်)တိုင်းသတင်းစဉ်က သတင်းထောက်မတွေ့ရသဖြင့် အံ့ဩမိပါသည်။ ကြိုတင်စီမံမှုတစ်ခုမှာ ပန်းမော်မှဗြိတိသျှကိုယ်စားလှယ်သည် သူ့သင်္ဘောနှင့် မန္တလေးသို့ပြန်နေပါသည်။ထို့ကြောင့် ထွက်ခွာရမည်ဆိုလျှင် သင်္ဘောနှစ်စီးအသင့်ရှိနေပြီ။ နောက်စိုးရိမ်စရာတစ်ခုက နန်းရင်းဝန်မင်း ကင်းဝန်မင်းကြီး ကောင်းစွာ

www.burmeseclassic.com

www.burmeseclassic.com

မကျန်းမာကြောင်းသိရသည်။ သူသည် နှစ်နိုင်ငံသင့်မြတ်စေလိုသူတစ်ဦးဖြစ်၏။ လွန်ခဲ့သောနှစ်ရက်ခန့်က သတင်းအရ တော့ ကောလာဒါကာလဝမ်းရောဂါဖြစ် သည်။ ယခုသက်သာပြီဟု ကြားရသည်။

(ဤစာအရ ကင်းဝန်မင်းကြီးဝမ်း ရောဂါရကြောင်း၊ မန္တလေး၌ ကာလဝမ်း ရောဂါဖြစ်ပွားနေသည်။)

**ခရစ်နှစ် ၁၈၇၉ခု၊ မေလ ၁၁ရက်၊**
**မန္တလေး**

မြန်မာစစ်ပွဲအရှိန်ကိုဆိုရလျှင် ရှေ့ ဘာဖြစ်မည်ကိုမှန်းဆမရသေးပါ။ စစ်ဖြစ် မှာ အမှန်ဟုယူဆရပါမည်။ ဗြိတိသျှစစ် ဖြစ်မှာအမှန်ဟု ယူဆရပါမည်။ ဗြိတိသျှ တပ်များ၏ ရွှေ့ပြောင်းနောက်မှ ထက် ကြပ်မကွာလိုက်ရသော တပ်များ၏ရွှေ့ ပြောင်းနောက်မှ ထက်ကြပ်မကွာ လိုက်ရသော ဘုရားသခင်ကို ကျေးဇူး တင်ရပါမည်။ အာဖကန်စစ်ပွဲနှင့် ဇူးလူး စစ်ပွဲတို့ကြောင့် ဗြိတိသျှတို့ကို မအား လပ်စေခဲ့သော် ယခုထက်စော၍ ပြည် သိမ်းစစ်ပွဲဆင်နွဲနိုင်မည်ဟု ယူဆသည်။ ထုံးစံအတိုင်း အချိန်ဆွဲ၍ နိုင်ငံရေးအရ ဆောင်ရွက်သည့်မှုသည် မြန်မာများ အမြင်တွင် ဗြိတိန်သည် စစ်ပွဲဆင်နွဲရန် အတွက်ကြောက်သည်ဟုထင်ကြသည်။ အောက်မြန်မာပြည်တွင် ကုန်သွယ်ရေး နှင့် လယ်ယာစိုက်ပျိုးရေးအတွက်ပါ ထိ ခိုက်လာသည်။ အောက်မြန်မာပြည်ရှိ သူများ ဗြိတိန်တို့က မြန်မာဘုရင်နှင့် သူ့တပ်သားများကိုပြန်ကြောက်နေသည် ဟုဆိုလာကြသည်။ ခင်ဗျားလာပြီးကြည့် လျှင် ကျွန်ုပ်တို့ ဘုရားရှိခိုးကျောင်းဝင်း ထဲတွင် ခြောက်လုံးပြူးလေးလက်တောင် ရှိနေပြီကို မြင်ရပါမည်။ တစ်ခုမျှ ကျွန်ုပ် မပိုင်ဆိုင်ပါ။ သို့သော် မန္တလေးတွင် ခြောက်လုံးပြူးသေနတ်ကို ခေါင်းအုံး အောက်၌ထားအိပ်သည်မှာ ယနေ့လက် ရှိအခြေအနေဖြစ်ပါကြောင်း၊ စစ်မကြာမီ ဖြစ်တော့ပါမည်။ စစ်မဖြစ်စေလိုပါ။ စစ်ကောင်းကျိုးမပေးပါ။

မကြာသေးမီက ဒုက္ခသည်တစ်စု ဝင်လာသည်။ မန္တလေးတွင်ဖြစ်နေသည် မှာ ယနေ့ နန်းတွင်း၌ အရာရှိအရာခံဖြစ် သော်လည်း နောက်တစ်နေ့ သူဘာဖြစ် သွားမည်ကို မသိနိုင်။

ညီတော်မောင် ဂျော့စမစ်တော့ ဇူးလူးမှာ ရောက်နေပါသည်။

(တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ မှာ ဗြိတိသျှတို့ အာဖစကန်နှင့် ဇူးလူး အရေးအခင်းမရှိသော် ယခုထက်စော၍ စစ်ဖြစ်နိုင်သည်ဟုဆိုသည်။မန္တလေးတွင် ခြောက်လုံးပြူးသေနတ်များဆောင်ကြပြီ။ နန်းတွင်းရေးမှာ မတည်ငြိမ်ဟုဖော်ပြပါ သည်။)

**ခရစ်နှစ် ၁၈၇၉ ခု၊ ဇွန် ၅ ရက်၊**
**မန္တလေး**

ညောင်ရမ်းမင်းသားထံသို့ သူ၏ မယ်တော်နှင့်ညီမတော်တို့၏အခြေအနေ ကို စာရေးရသည်။ တစ်ကြိမ်က သတ် စေဟု အမိန့်ထုတ်ပြန်ခဲ့သော်လည်း ကင်းလွတ်ခွင့်ပြု၍ အချုပ်နှင့်နေရသည်။ အကျဉ်းချရာတွင် သံခြေထိတ်များခတ် ထားခြင်းခံရကြသည်။ မင်းသမီးမှာ အသက် (၁၆) နှစ်ရှိပါပြီ။ မနေ့က သူ့ ခံစားချက်များကို ရေးသားသောစာကို ရပါသည်။ လက်ရေးကမလှပါ။ ယခင် ငွေကြေးအကူအညီလိုသည့်စာကို သူမ ရေးသလောဟု သံသယဖြစ်မိသည်။ ကျွန်ုပ်သည် စာရသည့်ညနေတွင် လို အပ်သော အကူအညီပံ့ပိုးပေးပါသည်။ သူမထံမှ သူ၏ခြေချင်းဝတ်တွင် သံခြေ ချင်းခတ်ထားသဖြင့် အရေလန်ကာ အနာဖြစ်နေကြောင်း သိရသည်။ သံခြေ ချင်းက မတန်မဆလေးပုံရသည်။ ဤသို့ သော ဆက်သွယ်မှုရရန် နန်းတွင်းသို့ မသွားရပါ။ မိန်းမတို့အတတ်ထဲတွင် သူ တို့ ပေးပို့လိုသော သတင်းစကားများ ရောက်စေရန်ကြံတတ်၏။ ယနေ့သတင်း ပေးပို့၏။ပေးပို့ပုံမှာ ပိတ်စပေါ်တွင် ခဲတံ ဖြင့်ရေးလျက် အင်္ကျီချုပ်လက်စများနှင့် အတူ ရောက်လာခြင်းဖြစ်၏။ တစ်ခါ တစ်ရံ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်တို့ ထဲမှာ ပါတတ်သည်။ နှစ်နိုင်ငံ အရေးအ ခင်းကား တိုးတက်မှုမရှိပါ။ မြန်မာများ စစ်ပြင်ပြီ။ ဒေးလီးနယူး(စ်) သတင်းစာ နှင့် စတင်းဒပ်သတင်းစာများမှ သတင်း ထောက်များရေးသားချက်ကို ဖတ်ရှုပါက သိနိုင်ပါသည်။

ဒေးလီးနယူး(စ်) သတင်းစာမှ သတင်းထောက်သည် ကျွန်ုပ်နှင့်အတူ ဘုန်းတော်ကြီးအိမ် (Clergy House) တွင် တစ်လမျှနေထိုင်ခဲ့သည်။ သူနှင့် ကျွန်ုပ်သည် ရှမ်းမြင်းပုကလေးကိုယ်စီနှင့် လှည့်လည်သွားလေ့ရှိသည်မှာ ကျွန်ုပ် တို့မြင်းများအခိုးခံရသည်အထိဖြစ်၏။ ဇွဲသတ္တိရှိသူဖြစ်သည်အလျောက် မြင်း မရှိသောအခါ ခြေလျင်လှည့်လည်လေ တော့သည်။ မြန်မာစကားကလည်း ကောင်းစွာမတတ်သဖြင့် တစ်ကြိမ်၊ နှစ် ကြိမ်မျှရန်ဖြစ်ရာ သူနှင့်ကျွန်ုပ်တို့အတွက် ရှင်းရ၏။ တစ်နေ့တွင် မြန်မာဘုန်းတော် ကြီးတစ်ပါးနှင့် စကားပြောရာ မြန်မာ ဘုန်းတော်ကြီးက သူ့အား မလေးမစား ပြောသည်ထင်၍ မြန်မာဘုန်းတော်ကြီး အနားမှခွာ၍ မြန်မာလိုဆဲရေးလိုက်ပါ သည်။ သူဆိုလိုသည်မှာ 'ခွေးမသား'ဟု ဆိုလိုသော်လည်း သံနေသံထားမမှန် သဖြင့် 'ခွေးမသာ' ဟု အသံထွက်သည်။ ကျွန်ုပ်မှာ သူ့ပြောစကားကို အင်မတန် ရှုန့်ရင်းကြမ်းလှသည့်အတွက် အလွန် တုန်လှုပ်အံ့ဩမိသည်။ ဘုန်းတော်ကြီး အနေဖြင့် သံနေသံထားမမှန်မှုကို ရယ် ဖွယ်ပြုပေမည်။ သို့သော် မျက်နှာဖြူများ ကို အချိန်ကာလတစ်ခုတိုင် ကြည့်မြင်လို မည်မဟုတ်ဟုထင်ပါသည်။

နန်းတော်တွင်း၌ ဘာတွေဖြစ်နေ သည်ကို သတင်းမရ၊ တံခါးပိတ်သတင်း မှောင်ချထားသည်။

ဘုရင်က အရေးပေးထားသူများ က အားလုံးခြယ်လှယ်နေသည်။ မကြာ ခင် ပြဿနာများ ပေါ်ထွက်ပေါက်ကွဲ မည်ဟု မျှော်လင့်သည်။ အရက်သမား ဖြစ်၍ အသောက်လွန်ပြီး ရူးသွပ်သွား သော် လည်းကောင်း၊ နတ်ရွာစံလျှင် သော် လည်းကောင်း၊ နတ်ရွာစံလျှင် သော် လည်းကောင်းဖြစ်ခဲ့လျှင် သူတိုင်း ပြည်အတွက်ကောင်းမည်။ အခြားသင့် တော်သူတစ်ဦးဖြစ်သူ ကာလကတ္တားရှိ ညောင် ရမ်းမင်းသားအတွက် နန်းရရန် လမ်းပွင့်မည်ဟု ကျွန်ုပ်ထင်၏။ ကြားရ ချက်မှာ သူသည် ကျွန်ုပ်တို့၏ ဘုရားရှိခိုး ကျောင်း၊ ဘုန်းတော်ကြီးအိမ်နှင့် စာသင် ကျောင်းတို့ကို မြန်မာဘုန်းကြီးများထံလွှဲ အပ်လိုသည်ဟူ၏။ အကယ်၍ သူကြံ သည့်အတိုင်းဖြစ်လာသော် ဗြိတိသျှ ဌာနေကိုယ်စားလှယ်လည်း မန္တလေးမှ ခွာပြီ။ စောင့်ဆိုင်းအရေးယူသောကာလ သည်လည်း ပြီးဆုံးတော့မည်။ တစ်ခါ တစ်ရံ မိမိစိတ်၌ စစ်ပွဲမဖြစ်ဘဲ မိမိတို့ လိုရာသို့ ဆွေးနွေးယူရသော် ကောင်း မည်ဟု ထင်ပါသည်။ ရှင်တော်ဘုရား ကလည်း ခွင့်ပြုတော်မူပါဟု ဆုတောင်း ရပါသည်။

(ညောင်ရမ်းမင်းသား၏မယ်တော် နှင့် နှမတော်တို့အခြေအနေနှင့် ဆက် သွယ်ပုံကို သိရသည်။ ကောလာဟလ သတင်းအခြေပြု၍ ဘုရားရှိခိုးကျောင်း အပါအဝင် အိမ်နှင့် စာသင်ကျောင်းကို သိမ်းယူ၍ မြန်မာဘုန်းကြီးများထံလွှဲအပ်

www.burmeseclassic.com

မည်ဟု သိကြောင်းရေးသည်။ ညောင်ရမ်းမင်းသားကို ဘုရင်ဖြစ်စေလို ကြောင်း။)

**ခရစ်နှစ် ၁၈၇၉ခု၊ ဇွန်လ (၁၁) ရက်**
**မန္တလေး။**

ကိုယ်၊ စိတ်နှစ်ဖြာ ချမ်းသာမှုကို လုတိုင်း တောင့်တကြ၏။ လက်ရှိပတ်ဝန်းကျင်ကား ထိုသို့မဟုတ်ပြီ။ ယမန်နေ့က မိန်းမတစ်ဦး ကလေးငယ်နှင့်ခိုလှုံလာသည်။ ထိုအမျိုးသမီးသည် ထောင်ထဲ၌ အကျဉ်းခံရသည်။ သူလည်း သံခြေချင်းခတ်ခံပြီးနေရသည်။ ကလေးကို ထောင်တွင်း၌မွေးသည်။ (၆) လသားကလေး ကျောက်ပေါက်လာသောအခါ ပြန်လွှတ်လိုက်သည်။ ကယ်မည့်သူဝေး၍ ကျွန်ုပ်ထံလာခြင်း ဖြစ်၏။ ကျွန်ုပ်ထံတွင်လည်း ကျောက်ရောဂါသည် (၈)ဦးရှိပြီးဖြစ်သည်။ ညောင်ရမ်းမင်းသား၏ မယ်တော်နှင့် ညီမတော်မှာ လူမဆန်စွာ ထောင်တွင်း၌နေကြရသည်။ သံခြေချင်းများခတ်ထားသည်။ ခြေချင်းဝတ်ရှိ အသားများ အနာတရဖြစ်သည်ဟု သိရသည်။ ယနေ့ ထပ်မံသိရသည်မှာ သူတို့ကိုအလုံတိုက်ပိတ်ထားသည်။ အစာပေးခန်အပေါက်ငယ်တစ်ခုမှအပ အခြားအပေါက် မရှိ။ ကျွန်ုပ်သည် သူတို့ ဤသို့ မခံရမီက ကျပ်(၁၀၀)ကို သူတို့သုံးပါစေဟုဆိုပြီး ပို့ခဲ့ရသဖြင့် ဖြေသာသေးသည်။ ဘုရင့်အမိန့်တော်မှာ သူနှင့် မိဖုရားကကြီးကြပ်၍ သူတို့ပွဲတော်တည်မည့်ထဲမှာ ညောင်ရမ်းမင်းသားမယ်တော်နှင့် ညီမတော်စားရန်ပို့ရမည်ဟုပါသည်။

မန္တလေးတွင် ကလေးအများအပြား ကျောက်ပေါက်ကြသည်။ ကျောက်ရောဂါကပ်ဆိုးကျစဉ် ရာသီဥတုမှာ ပူပြင်းလှသည်။ ကလေးအချို့သာ ကျောက်ရောဂါကာကွယ်ဆေးထိုးခံရသည်။ နေ့စဉ်နှင့်အမျှ သေဆုံးကြသူများရှိရာ အင်္ဂလန်ရှိ ကျောက်ရောဂါကာကွယ်ဆေးထိုးရန် ဆန့်ကျင်သူများကို မြန်မာပြည်ဘက်သို့ တစ်ခါတစ်ခေါက်စေလွှတ်ရန် အကြံပြုပါသည်။

စစ်ဖြစ်နိုင်မှုအခြေအနေမှာ အထူးပြောရန်မရှိပြီ။ မြန်မာရုံးများမှာ ကျွန်ုပ်တို့ကို အပေါင်းအသင်းလုပ်ခြင်းမရှိတော့။ နာမည်ပျက်စာရင်းဝင်ကဲ့သို့ရှိတော့သည်။ အာဖကန်စစ်ပွဲပြီးလျှင် ယခု မြန်မာဘက်သို့ အိန္ဒိယရှိ ဗြိတိသျှတို့ကလှည့်ပါမည်။ ကမ္ဘာကလည်း စိတ်ဝင်စားလာတော့မည်။ ပြဿနာရှင်းပြီးမှ ဒီဒုက္ခမှလွတ်တော့မည်။

သာသနာပြုလုပ်ငန်းလည်း ဆိုင်းငံ့ထားရသည်။ တွေ့သင့်တွေ့ထိုက်သူ အချို့ကိုသာ ဘုရားရှိခိုးကျောင်းသို့လာခွင့်ပြုရတော့သည်။ ယခု ပြဿနာများ ဖြေရှင်းပြီးသော် သာသနာပြုလုပ်ငန်းကို တွင်ကျယ်စွာ ဆောင်ရွက်နိုင်မည်ဟု ယူဆရသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ဗဟုသုတကြွယ်ဝစေရန်ကြိုးစားရသည်။ ယခုအရေးအခင်းတွင် အတွေ့အကြုံများရသဖြင့် ကျွန်ုပ်အတွက် မိမိ၏ ဗဟုသုတများကို စမ်းသပ်အသုံးချကြည့်ရန် အခွင့်ကောင်းတစ်ခုရခဲ့လေပြီ။ မြန်မာမှုဗဟုသုတရရန် ဆက်ကြိုးစားရပါဦးမည်။

ယခုစာရေးစဉ် မြန်မာဘုန်းတော်ကြီး ဦးဝါယမသည် ကျွန်ုပ်ထံ ကြွလာတော်မူ၍ ကျွန်ုပ်၏စာသင်ပြမှုကိုချီးမွမ်းပါသည်။သူလည်းစာလာသင်လိုကြောင်း ပြောပါသည်။ အသက်ကြီးပြီဖြစ်သဖြင့် သူ့ကိုသင်ကြားပြသရန် မလွယ်ကြောင်း လျှောက်ထားရသည်။ သူ့အသက်မှာ (၂၄) နှစ်ခန့်ရှိပါပြီ။ သို့သော် သူ့လိုလားချက်သာထပ်ခါပြောနေသဖြင့် သူ့ဖိနပ်ကို အခန်းပြင်ဘက်ထားရန်ပြောပြီး သူ့ကျောင်းထဲတွင် သူသည် ဖိနပ်စီးမည်မဟုတ်သလို ကျွန်ုပ်အင်္ဂလိပ်ဘုန်းတော်ကြီးကျောင်းထဲလည်း ဖိနပ်မစီးသင့်ကြောင်း အပြန်အလှန်လေးစားမှုကိုလိုကြောင်း လျှောက်ထားရသည်။

(ညောင်ရမ်းမင်းသားမယ်တော်နှင့် ညီမတော်တို့ကို တိုက်ပိတ်အကျဉ်းချထားသည်။ မန္တလေးကျောက်ရောဂါကပ်ဆိုက်နေသည်။ အသေအပျောက်များသည်။ သာသနာပြုလုပ်ငန်းဆိုင်းငံ့စဉ် မြန်မာစာပေဗဟုသုတလေ့လာရကြောင်း၊ မြန်မာဘုန်းတော်ကြီးအား အပြန်အလှန်လေးစားမှုကိုလိုအပ်ကြောင်း ပြောရသည်။)

**ခရစ်နှစ် ၁၈၇၉ခု၊ ဇွန်လ ၁၂ ရက်**
**မန္တလေး**

မိဖုရားအိုကြီးတို့ကို လွတ်ငြိမ်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်းကို သင်ကြားလိုပါမည်။ သို့ရာတွင် အကျဉ်းချထားစဉ် ခံစားရသောဒဏ်များကြောင့် ရှေ့ဆက်အသက်ရှင်ရေးမှာ ခက်ခဲပါလိမ့်မည်။ ညောင်ရမ်းမင်းသားထံသို့ အခြားစာနှစ်စောင်နှင့်အတူ အကြောင်းကြားရသည်။ သူလည်း ဘာမျှတတ်နိုင်မည်မဟုတ်ပါ။ ဗြိတိသျှတို့ကလည်း အကျဉ်းသားမှန်သမျှ သေပြီဟုအထင်ရောက်နေစဉ်ဖြစ်ပါသည်။

ဘုရင်ကလည်းထပ်မံ၍ဘိသိက်ခံသည်။ထုံးစံရှိသည့်အတိုင်း အကျဉ်းသားအချို့ကိုလွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။ ကျွန်ုပ်အမြင်တွင် ရက်စက်မှုများပြုနေသည့်သူဖြစ်၍ အေးချမ်းတည်ငြိမ်စွာနေသည့် မြန်မာများပင် ကျေနပ်မည်မဟုတ်ကြောင်း။ကျွန်ုပ်တို့လည်း အသွားအလာဆင်ခြင်ရသည်။ အမှတ်တမဲ့မှားယွင်းမှုပေါ်ခဲ့လျှင် ဘုရင့်ဘက်တော်သားများနှင့် ပြဿနာဖြစ်နိုင်သည့် အခြေအနေတွင်ရှိသည်။ ဒေလီနယူး(စ်)သတင်းစာသတင်းထောက် မစ္စတာစကော့သည် ဘုန်းတော်ကြီးကျောင်းများနှင့် ပြဿနာဖြစ်ရသည်မှာ အလွန်မျက်နှာပူစရာကောင်းလှသည်။ မစ္စတာစကော့တစ်ယောက် မသွားသင့်သောနေရာများကို သွားတတ်သည်။ သူသည် ဖိနပ်စီး၍ ဘုန်းကြီးကျောင်းဝိုင်းသို့ဝင်မိသည်ထင်ပါသည်။ မြန်မာစကားလည်းမတတ်တော့ အများကပြောကြအော်ကြပြုစဉ် နောက်မဆုတ်ဘဲ ရှေ့သို့ဆက်သွားရာ ဘုန်းကြီးတော်ကြီးကျောင်းမှ ကျောင်းသားများက လိုက်လံလျက် ကျောက်ခဲများဖြင့် ပစ်ခတ်ကြသည်။ တံတိုင်းသို့ရောက်သော် ပြန်ဆုတ်ရာတွင် ဘုန်းကြီးများက ဝိုင်းတားတော့သည်။ ဘုန်းကြီးကျောင်းသားတစ်စုလည်း ဘုန်းကြီးများနောက်မှပါလာသည်။ အော်သံပြောသံတို့ကို ဘာမှနားမလည်။ အကောင်း၊ အဆိုးမသိ၊ မိတ်ဆွေ၊ ရန်သူ မခွဲခြားနိုင်သဖြင့် ကလေးတစ်စုကို ပြန်လည်ပြောရန်ပြုစဉ် ဘုန်းကြီးတစ်ပါးမှဆွဲထားသည်။ သူက ပြန်လည်ဆွဲလှည့်ရာ ဘုန်းကြီး၏ကြိမ်လုံးသည် သူ့ပါးပေါ်တွင်ဒဏ်ရာရစေသည်။ စကော့သည် လူပင်ငယ်သော်လည်း လက်ဝှေ့ရေးက ခေသူမဟုတ်သဖြင့် သူတို့အားအပြတ်လှဲပြီး ခရစ်ယာန် ဘုန်းကြီးအိမ်သို့ပြန်လာခဲ့သည်။ သူရောက်၍မကြာမီ လူအုပ်ကြီးသည် ကျွန်ုပ်တို့ထံလာရောက်တော့မည်ဟု ခန့်မှန်းသော်လည်း တစ်ဦးတစ်ယောက်မျှ မလာပါခင်ဗျား။

(သီပေါမင်းဘိသိက်ခံ၍ ယခင်မိဖုရားကြီးများကို သွားလိုရာသွားခွင့်ပြုသည်။ ညောင်ရမ်းမင်းသားသိစေရန် စာရေးအကြောင်းကြားသည်။တိုင်းပြည်အခြေအနေကား စစ်ပြင်နေကြပြီ။)

အနောက်တံခါးမှူးခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ထွန်းနေ


မင်းရဲ့တူ မောင်ထွန်းပေါက်ဆုံးပြီ၊

အမြန်လာ။

အစ်ကိုထွန်းဖေ

ကမနက်ရွာ

မိမိထံရောက်လာသော ကြေးနန်းကို မယုံကြည်နိုင်ဘဲဖြစ်နေသည်။ ထွန်းနေ ကြေးနန်းစာကို အထပ်ထပ် ဖတ်သည်။ မယုံတစ်ဝက်ယုံတစ်ဝက် ပြုံးနေခဲ့လေသည်။ မိမိ၏တူတော်သူ မောင်ထွန်းပေါက်သည် သူ့ဖခင်ရှိရာ ကမနက်ရွာသို့ပြန်သွားသည်မှာ တစ်လ ချုပ် မကြာသေးပါ။ တူဆိုသော်လည်း သားအရင်းသဖွယ် ပြုစုစောင့်ရှောက် ပညာသင်ပေးခဲ့သည်။ အလယ်တန်း ကျောင်းသားဘဝမှ ယခု ဆယ်တန်း အောင်သည်အထိ မိမိနေထိုင်ရာ ပဲခူး မြို့ ဇိုင်းကနိုင်းရပ်ကွက်တွင် အတူနေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခဲ့သူဖြစ်သည်။ ယခုနှစ် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်မြင်ခဲ့သည်။ စာမေးပွဲအောင်၍ သူ့ဖခင်ရှိရာ ကမနက်ရွာသို့ပြန်သွားသည်။ သူပြန်သွားပြီး တစ်လမျှပင် မကြာသေးမီ သေဆုံးကြောင်း ကြေးနန်းစာရောက်လာခြင်းဖြစ်သည်။ စိတ်ထိခိုက်ကြေကွဲခြင်းဖြင့် ပဲခူးမြို့မှ အစ်ကိုရှိရာ ကမနက်ရွာသို့ ထွက်လာခဲ့သည်။

ကမနက်ရွာ၊ ဟသ်ာကုန်းရွာများသည် ပဲခူးရိုးမတောင်ခြေတွင်ရှိသောရွာများဖြစ်သည်။ အစ်ကိုဖြစ်သူ ဦးထွန်းဖေမှာ ကမနက်ရွာတွင်နေထိုင်ပြီး ဝါးခုတ်၊ ထင်းခုတ်လုပ်ငန်းဖြင့် အသက်မွေးသူဖြစ်သည်။ မိမိက ပဲခူးမြို့တွင် အခြေကျပြီး ကုန်သည်ဖြစ်နေသည်။ အစ်ကိုဖြစ်သူကိုခေါ်သော်လည်း အစ်ကိုက သူ့ဇာတိကို မခွာနိုင်၍ ရွာသံယောဇဉ်ဖြင့် ရွာတွင်သာနေခဲ့သည်။

ယခုနှစ် ရှားရှားပါးပါး ကမနက်ရွာမှ မောင်ထွန်းပေါက် ဆယ်တန်းအောင်ခဲ့သည်။ ကမနက်တစ်ရွာလုံးလည်း ဂုဏ်ယူမဆုံးဖြစ်နေကြသည်။ ဦးထွန်းဖေက သားကို ဖူးဖူးမှုတ်ထားခဲ့သည်။ ပဲခူးမြို့တွင် တက္ကသိုလ်ကျောင်းတက်စေရန်လည်း စီစဉ်ထားပြီးဖြစ်သည်။ ယခု သားက မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်ခဲ့သည်။

ဦးထွန်းနေ ကမနက်ရွာသို့ရောက်ရှိစဉ် တူတော်မောင် အလောင်းပြင်ထားသည်ကို တွေ့ရသည်။

"ဘယ်လိုဖြစ်ပြီး ကျွန်တော့်တူ သေရတာလဲ။ ကျွန်တော် မယုံနိုင်ဘူး အစ်ကို။ ကျွန်တော့်ဆီက ထွန်းပေါက် ပြန်သွားတာ ဘာကြာသေးလို့လဲ။ ကျန်းကျန်းမာမာနဲ့ အကောင်းပကတိပဲဟာ"

"မင်းတူက ဘာရောဂါမှမရှိဘူး။ ဖျားနာပြီးသေရတာလည်း မဟုတ်ဘူးကွာ"

"ဒါဖြင့်ဘယ်လိုသေရတာလဲ။ ဒီနှစ်ကျောင်းဖွင့်ရင် တက္ကသိုလ်တက်ဖို့ စီစဉ်ပြီးသား။ အိမ်မှာ သူနေဖို့ အခန်းတောင်ပြင်ထားပြီးပြီ"

"ငါလည်းခံစားရတာပါပဲကွာ။ ရွာမှာ ဆယ်တန်းအောင်တာ ငါ့သားတစ်ယောက်ပဲရှိခဲ့တာ။ ခုတော့. . ."

ပြောပြောဆိုဆို ဦးထွန်းဖေက မျက်ရည်မဆည်နိုင်ဘဲငိုချလိုက်သည်။

"မင်းတူသေရတာက သွေးအန်ပြီး သေခဲ့တာ။ သိပ်ပြီးထူးဆန်းတာပဲ။ မင်းတူရဲ့ကျောကုန်းကို လှန်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲအစ်ကို၊ သွေးအန်ပြီးသေတယ်ဆို"

"ထူးဆန်းလွန်းပါကွာ။ ငါပြောသလိုသာ ကြည့်လိုက်စမ်းပါ"

# မောင်မောင်မိုးအောင်

## ဝါးတောင်ကအဖြုန်

ဦးထွန်းနေက သူ့တူကျောကုန်းဘက်သို့ လှန်ကြည့်လိုက်သည်။ ကျောကုန်းတွင် လက်ငါးချောင်းအရာကြီးထင်ကျန်နေသည်ကို အံ့ဩဖွယ်ရာ တွေ့လိုက်ရသည်။

"ဟာ - ဒီလက်ချောင်းငါးချောင်းအရာကြီးက ဘယ်လိုဖြစ်လို့ ကျောမှာထင်ကျန်နေရတာလဲ။ အရင်ကမရှိပါဘူး"

"အေး - ငါလည်းမယုံနိုင်လောက်အောင်ပါပဲကွာ။ ခုလိုဖြစ်ရတာ ငါ့အပြစ်ပါကွာ။ သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်မိတာလည်းပါတာပေါ့။ ငါ့သားသေရတဲ့အဖြစ်ကဆိုးသွားပါတယ်ကွာ။ ပြောရင် မင်းတို့ယုံမှာတောင်မဟုတ်ဘူး။ တို့ဝါးခုတ်သွားတဲ့တောင်ပေါ်တောထဲကအကောင့်နဲ့ မင်းသူ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ခဲ့တယ်ထင်ပါရဲ့။ အဲဒီအစောင့်နဲ့ လူစားလဲရမယ်လို့ မင်းတူ မသေခင်က ပြောသွားတာ"

"ဘယ်လို - တောထဲကအစောင့်နဲ့ လူစားအလဲခံရမယ်ဟုတ်လား။ ဘယ်လိုလဲ၊ ကျွန်တော့်ကို သေသေချာချာပြောပြပါဦး"

"မင်းသိတဲ့အတိုင်း တို့ဝါးခုတ်သွားတဲ့ဝါးတောင်က တော်တော်နတ်ကြီးတယ်လို့ လူကြီးတွေပြောကြတာ။ အမှားအယွင်းဖြစ်လို့မရတဲ့ အခြေအနေမှာရှိတယ်။ တစ်ယောက်ယောက်အမှားပြုမိခဲ့ရင် တောမှောက်တာမျိုးနဲ့ကြုံရတတ်တယ်တဲ့။ မင်းတူက တောထဲမှာအမှားတစ်ခုခုလုပ်မိခဲ့တာများလားလို့ ငါသံသယဝင်နေတယ်"

"ဘာကြောင့် အစ်ကိုဒီလိုပြောနိုင်ရတာလဲ"

"မင်းတူသေပုံကိုကြည့်လေကွာ။ တော်တော်ထူးဆန်းတဲ့အဖြစ်လေ"

"ကဲပါ၊ ဘယ်လိုသေခဲ့ရတာဆိုတာကိုသာပြောပြပါ အစ်ကို"

"ပြောပါ့မယ်။ ငါသားသေခဲ့ရတဲ့အဖြစ်က ဒီလိုကြောင့်ပါ"

ဦးထွန်းဖေက သူ့သား မောင်ထွန်းပေါက်သေဆုံးခဲ့ရပုံကို ကြေကွဲစွာဖြင့် ညီဖြစ်သူအား ပြောပြလိုက်သည်။

*

"မနက်ဖြန် အဖေတို့ ဝါးတောင်သွားပြီး ဝါးခုတ်ကြမယ်ဆို"

"အေး - ဟုတ်တယ်၊ လှည်းဆယ့်ငါးစီးလောက်သွားကြမယ်။ သားကဘာလို့မေးတာလဲ"

"ပျော်စရာကြီး၊ သားလိုက်ချင်လို့ပါ"

"မလိုက်ပါနဲ့ သားရယ်၊ ဒီအလုပ်တွေက သားနဲ့မဖြစ်ဘူး။ သိပ်ပင်ပန်းတာ။ ပြီးတော့ သားကလုပ်ဖူးတာမဟုတ်ဘူး"

"သားမရောက်ဘူးလို့ပါ။ ဝါးမခုတ်ပါဘူး။ အဖေတို့လုပ်ကိုင်တာသိချင်လို့ပါ။ ထမင်းဝိုင်းချက်ပြီးလှည်းစောင့်ပေးမယ်လေ"

"ချက်ပြုတ်မယ့်သူတွေရှိပြီးသားပါ"

"ကျောင်းဖွင့်ရင် သားက ပဲခူးပြန်ရတော့မှာ၊ တက္ကသိုလ်တက်ရမှာဆိုတော့ ဒီကိုပြန်လာဖို့မလွယ်တော့ဘူး။ အဖေ့စကားနားထောင်ပါ့မယ်"

"ခက်တော့တာပဲ၊ ဒီဝါးတောင်က သိပ်နတ်ကြီးတာကွယ့်။ တစ်ခုခုမှားလို့မရဘူးသားရဲ့"

"သားဘာမှမမှားမလုပ်ပါဘူး။ ဗဟုသုတရချင်လို့ပါ"

"အေးလေ - သားက ဒီလောက်လိုက်ချင်နေမှတော့ အဖေခွင့်ပြုရတော့မှာပေါ့။ ဒါပေမယ့် လူကြီးတွေစကားနားထောင်ရမယ်။ ဒီဝါးတောင်က နတ်ကြီးတော့ အမှားအယွင်းမလုပ်မိစေနဲ့နော်"

"စိတ်ချပါ အဖေရယ်၊ သားလူကြီးတွေစကားနားထောင်ပါ့မယ်"

နောက်တစ်နေ့ နံနက်ဝေလီဝေလင်းအချိန်တွင် ကမနက်ရွာမှ လှည်းဆယ်စီးကျော် ပဲခူးရိုးမတောင်ပေါ် ဝါးခုတ်ထွက်ခဲ့ကြသည်။ ပထမဆုံးခရီးစဉ်ဖြစ်သည့်အလျောက် လမ်းခရီးတွင်တွေ့ကြုံရသမျှအားလုံး သူ့အတွက် အသစ်အဆန်းချည်းဖြစ်နေသည်။ အတွေ့အကြုံသစ်လည်းဖြစ်နေသည်။ သီချင်းတအေးအေးဖြင့်လိုက်ပါလာသည်။ ဝန်မပါသဖြင့် နွားများ မပင်ပန်းဘဲ နေမွန်းတည့်အချိန်တွင် ဝါးတောထဲသို့ ရောက်ခဲ့ကြသည်။ တဲထိုးသူကထိုး၊ ချက်ပြုတ်ရေးအတွက် ပြင်ဆင်သူကပြင်ဆင်နှင့် အလုပ်ရှုပ်နေကြသည်။ ညနေစာစားသောက်ပြီးချိန်တွင် အမှောင်ထုကရောက်ရှိလာတော့သည်။ မီးများဖိုလိုက်ကြသည်။ ရေနွေးကျိုသူကကျိုနှင့် ညအိပ်ရန်ပြင်ဆင်ကြရသည်။ ညဘက်ကင်းစောင့်ရန်အလှည့်ကျစီစဉ်ထားပြီးဖြစ်သည်။ နွားများကို မီးဖိုအနီးတွင်ပင်အိပ်စေသည်။

နောက်တစ်နေ့ နံနက်အလင်းရောင်ပေါ်စမှာပင် ဝါးခုတ်ရန် တောင်ပေါ်သို့ အုပ်စုလိုက်တက်သွားကြသည်။ ချက်ပြုတ်ရန်နှင့် နွားစာကျွေး၊ နွားထိန်းရန် လေး၊ ငါးဦးသာ ကျန်ရစ်ခဲ့သည်။ ကျန်ရစ်သူများတွင် မောင်ထွန်းပေါက်လည်း အပါအဝင်ဖြစ်သည်။ စခန်းတွင်ကျန်ရစ်သူများ ကိုယ်စီတာဝန်နှင့်အလုပ်ရှုပ်နေကြသည်။ မောင်ထွန်းပေါက်တစ်ယောက်သာ တာဝန်မရှိ အားလပ်နေသူဖြစ်သည်။ အခြားသူများက ကိုယ့်တာဝန်နှင့်ကိုယ်ဖြစ်နေ၍ မောင်ထွန်းပေါက်ကို ဂရုမစိုက်နိုင်ကြပေ။

အခြားသူများ အလုပ်ရှုပ်နေစဉ် မောင်ထွန်းပေါက် တစ်ဦးတည်း တဲများအနောက်ဘက်တောထဲသို့ထွက်လာခဲ့သည်။ လက်ထဲတွင် လောက်စာလုံးများနှင့် လောက်လေးခွတစ်လက်ပါလာသည်။ လမ်းတွင် တွေ့ရာငှက်များကိုပစ်ခတ်ရင်း တောထဲတိုးဝင်ခဲ့သည်။ စခန်းနှင့်တစ်ခေါ်သာသာဝေးရာသို့ ရောက်ခဲ့သည်။ မကြာမီ နွယ်ပင်များရစ်ပတ်နေသော ကြီးမားသည့်ညောင်ပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။ နွယ်ပင်များတွဲလွဲကျနေသည်။ နွယ်ပင်များတွဲလွဲကျနေပုံမှာ ပုခက်သဖွယ်၊ ဒန်းသဖွယ်ဖြစ်နေသည်။ မောင်ထွန်းပေါက်က စိတ်အေးလက်အေးဖြင့် ပုခက်ပုံဖြစ်နေသော နွယ်ပင်ကို ဒန်းအမှတ်ဖြင့် တက်စီးလိုက်သည်။ ဒန်းစီးရင်း နှုတ်မှသီချင်းတစ်ပုဒ်ညည်းနေလိုက်သေးသည်။ နွယ်ဒန်းကို ရှေ့နောက်အားယူလွှဲပြီး အတန်ကြာစီးနေခဲ့သည်။ အတွေ့အကြုံအသစ်များဖြစ်၍ အပျော်ကြီးပျော်နေခဲ့သည်။

ထိုစဉ် အပေါ့အပါးသွားချင်လာသဖြင့် ဒန်းပေါ်မှဆင်းလိုက်သည်။ ထို့နောက် အနီးအနားသစ်ပင်အောက်မှာပင် အပေါ့အပါးသွားလိုက်သည်။ ပြီးနောက် ဒန်းကို ပြန်စီးသည်။ အားယူ၍ ဒန်းကိုလွှဲလိုက်သည်။ မောင်ထွန်းပေါက်တစ်ယောက်တည်းပျော်နေခဲ့သည်။ ဒန်းမှာ ရှေ့နောက်လွှဲနေသည်။ သို့သော် ဒန်းမှာ မောင်ထွန်းပေါက်မလွှဲဘဲ သူ့အလိုအလျောက်လှုပ်ရှားနေကြသည်ကို သတိထားမိလိုက်သည်။ တစ်စုံတစ်ယောက်ကဒန်းကိုလွှဲပေးနေသည့်အလားအရှိန်ဖြင့် ရှေ့နောက်လွှဲနေသည်။ အရှိန်မှာတဖြည်းဖြည်းပြင်းလာသည်။ မောင်ထွန်းပေါက် ရပ်ချင်သော်လည်း ရပ်တန့်၍မရတော့ပေ။ ကြောက်စိတ်ဖြင့် ဟစ်အော်လိုက်မိတော့သည်။

"တော်ပါပြီ၊ တော်ပါပြီ - ခေါင်းမူးလာပြီ ရပ်ပါတော့"

ဟု အော်လိုက်သည်။ သို့သော် ဒန်းမှာ ရပ်တန့်မသွားဘဲ ဆက်လွှဲနေသည်။ အော်သံအဆုံးတွင် မိမိကျောပြင်ကို လက်ဝါးကြီးဖြင့် ဗုန်းခနဲအရိုက်ခံလိုက်ရသည်။ အရိုက်ခံရသည့်အရှိန်ဖြင့် ဒန်းပေါ်မှ ရှေ့ဘက်သို့ ပြုတ်ကျသွားသည်။ နာကျင်လွန်းသဖြင့် အမလေးဟု အော်ကာ မှောက်လျက်လဲကျသွားပါတော့သည်။ သတိမေ့သလို အိပ်ပျော်သလိုဖြစ်ကာ မြေကြီးပေါ်လဲနေသည်။ ဦးခေါင်းတစ်ခုလုံး မူးနောက်ရီဝေနေသလိုခံစားနေရသည်။

ထိုအခိုက် တစ်ကိုယ်လုံး အမွေးအမှင်များ ထူထပ်စွာ ဖုံးအုပ်နေသည့် လူထွားကြီးတစ်ဦး သူ့အာရုံထဲသို့ဘွားခနဲပေါ်လာသည်။

"ငါဒီတောကိုစောင့်နေရတာကြာခဲ့ပြီ။ လူစားလဲချင်နေတာ ခုတော့အဆင်ပြေသွားပြီ။ မင်းက ငါ့လူစားဖြစ်သွားပြီ၊ မကြာခင် ငါ့ကိုယ်စား မင်းက ဒီဝါးတောင်ကို လာရတော့မယ်"

"ကျွန်တော်မလာဘူး။ ကျွန်တော် တက္ကသိုလ်တက်ရဦးမယ်"

"မလာလို့မရတော့ဘူး။ ငါ့လူစား

www.burmeseclassic.com

အဖြစ် မင်းကိုသတ်မှတ်လိုက်ပြီ"

"မလာဘူး၊ ဘယ်တော့မှမလာဘူး။ ခင်ဗျားကဘယ်သူလဲ"

"ငါက ဒီဝါးတောင်နဲ့ဝါးတောကိုစောင့်နေရသူပဲ။ ဒီဝါးတောထဲရောက်လာသူတိုင်း ငါ့ကိုပသခွင့်တောင်းပြီးမှ အလုပ်လုပ်ကြတာ"

"ကျွန်တော်ဘာလုပ်လို့လဲ၊ ဝါးလည်းခုတ်တာမဟုတ်ဘူး"

"မင်းက ခွင့်မတောင်းဘဲ ဒီတောထဲက ငှက်တွေပစ်ခဲ့တယ်။ ပြီးတော့ ငါနေတဲ့အပင်အောက်မှာ အလေးအပေါ့စွန့်တယ်။ အဆိုးဆုံးက ငါစီးနေတဲ့ကြွယ်ဒန်းကို ခွင့်မတောင်းဘဲတက်စီးခဲ့တယ်။ ဒီအပြစ်တွေကြောင့် မင်းကိုခေါ်ရတော့မှာပဲ။ မင်း ဒီနေရာလာဖို့ ပြင်ထားပေတော့"

"မခေါ်နဲ့ မလာချင်ဘူး။ မလာချင်ဘူး"

"မရတော့ဘူး။ မင်းရဲ့ကျောပြင်မှာ လက်ဝါးရာတံဆိပ်ရိုက်ပြီးပြီ။ မကြာခင် မင်းဒီနေရာကိုရောက်လာတော့မယ်"

"မလာဘူး၊ မလာဘူး။ ကယ်ကြပါဦး"

မောင်ထွန်းပေါက်က တအားကျုံးပြီးအော်လိုက်သည်။ ထိုသို့ အော်ရင်း သတိမေ့နေရာမှ လန့်နိုးလာသည်။ မိမိပါးနှစ်ဖက်ကိုပုတ်၍ မိမိကို လှုပ်နိုးနေသောရွာသားနှစ်ဦးကိုတွေ့လိုက်ရသည်။

"ထွန်းပေါက် ထွန်းပေါက်၊ မင်းဒီမှာလာပြီးအိပ်ပျော်နေတာလား။ အိပ်မက်မက်နေတာလား။ ဘာတွေအော်နေတာလဲ"

"ကျွန်တော် အိပ်ပျော်နေတယ် ဟုတ်လား"

"မင်းအော်သံကြားလို့ တို့ရောက်လာတာ။ ဒီအပင်အောက်မှာ မင်းအိပ်ပျော်နေတာတွေ့ရတယ်။ အိပ်နေရင်း မလာချင်ဘူး၊ မလာချင်ဘူးနဲ့ အော်နေတာ။ ဘယ်လိုဖြစ်ပြီး ကယောင်ကတမ်းတွေအော်နေတာလဲ။ အိပ်မက်မက်နေလား"

"ဟုတ်တယ်။ ကျွန်တော်အိပ်မက်မက်နေတာ"

"ကဲ-ထတော့၊ စခန်းပြန်ကြမယ်။ မင်းအဖေစိတ်ပူနေမယ်"

"ကျွန်တော့်ကိုတွဲထူကြပါဦး"

"ဘာဖြစ်နေလို့လဲ"

"ကျွန်တော့်ကျောကုန်းမှာ အရိုက်ခံထားရလို့တော်တော်နာနေတယ်။ လမ်းလျှောက်နိုင်ဘူးထင်တယ်"

"နေပါဦး၊ မင်းကိုဘယ်သူရိုက်သွားတာလဲ။ ဘယ်သူမှလဲမရှိပါဘူး"

"ဘယ်သူမှမရှိပေမယ့် ဒန်းစီးနေတုန်း ကျောကုန်းအရိုက်ခံရလို့ ဒန်းပေါ်ကပြုတ်ကျပြီး မူးမေ့သွားတာထင်တယ်။ ဒါမှမဟုတ် သတိမေ့နေတာထင်တယ်။ အိပ်မက်မက်သလိုဖြစ်နေတုန်း ဦးလေးတို့ရောက်လာတာ"

"ဟာ - ဒီကောင်လေးဘာတွေလျှောက်ပြောနေတာလဲ။ ဘယ်သူက မင်းကိုရိုက်မှာလဲ။ ကဲ - ထ သွားကြမယ်"

"မယုံရင် ကျွန်တော်ကျောကုန်းလှန်ကြည့်ပါဦး"

ထွန်းပေါက်က အပေါ်အင်္ကျီချွတ်ပြီး ကျောကုန်းဘက်လှည့်ပြလိုက်သည်။

"ဟာ - ဟုတ်တယ် ဟုတ်တယ်၊ လက်ငါးချောင်းအစင်းရာကြီးထင်နေပါလား။ ထူးဆန်းလိုက်တာ၊ မင်းတော့ တောခြောက်တာခံရပြီထင်တယ်။ လာ၊ လာ - ဒီနေရာက မြန်မြန်သွားမှဖြစ်တော့မယ်"

ရွာသားနှစ်ဦးက ထွန်းပေါက်ကို တွဲထူပြီး တဲစခန်းရှိရာပြန်လာခဲ့ကြသည်။

တဲစခန်းပြန်ရောက်ပြီး မောင်ထွန်းပေါက်မှာအရိုက်ခံထားရသည့်ဒဏ်ကြောင့် မထိုင်နိုင်ဘဲ အိပ်ရာထဲလဲနေတော့သည်။ ညနေစောင်းတွင် ဝါးခုတ်သူများ စခန်းသို့ တဖွဲဖွဲပြန်ရောက်လာကြသည်။ ခုတ်ယူပြီး စုပုံထားသောဝါးများ လှည်းပေါ်တင်ကြသည်။ နောက်တစ်နေ့မနက်ပိုင်း ရွာပြန်နိုင်ရန် စီစဉ်နေကြခြင်း ဖြစ်လေသည်။ အလင်းရောင်မပျောက်မီ ဝါးများလှည်းပေါ်အပြီးတင်ကြသည်။ အားလုံးပြီးစီးသွားတော့မှ ညနေစာစုပေါင်းစားသောက်ကြသည်။ မောင်ထွန်းပေါက်မှာ ထမင်းမစားနိုင်ပါ။ အားလုံးစိတ်ပူပန်မှုများဖြင့် ထွန်းပေါက်ကို ဝိုင်းဝန်းပြုစုနေကြသည်။ ထွန်းပေါက်လည်း မည်သူ့ကိုမျှစကားမပြောတော့ပါ။ သူ့အဖြစ်ကိုလည်း မည်သို့မေးမေးမဖြေတော့ပါ။ တိတ်ဆိတ်ငြိမ်သက်နေတော့သည်။ ယခုတစ်ပတ် ဝါးခုတ်ရာတွင် နှစ်ညအိပ်နှင့်ပင် ပြီးပြတ်ခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောနေမပူမီမှာပင် ဝါးတောမှ ရွာသို့ပြန်လာကြသည်။ ဝန်ပါသဖြင့် အသွားတုန်းကကဲ့သို့ ခရီးမတွင်တော့ပါ။ လှည်းတန်းမှာ တအိအိသာသွားနေသည်။ နေမွန်းတိမ်းပြီးမှ ရွာသို့ပြန်ရောက်ကြသည်။ ထွန်းပေါက်တစ်ယောက်လည်း အိမ်ပြန်ရောက်သည်နှင့် အပြင်းဖျားနေသည်ကို တွေ့ရသည်။ အဖျားကြီး၍သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသည်။ အတွေ့အကြုံရှိသောလူကြီးများက -

"ဒီမှာ ထွန်းဖေ၊ မင်းသားဟာ ဝါးတောင်မှာ အမှားတစ်ခုခုလုပ်ခဲ့ပြီထင်တယ်။ သူဖျားနေတာတစ်မျိုးပဲကွ၊ ပြီးတော့ ကျောကုန်းမှာ လက်ဝါးအရာကြီးပါလာတာမကောင်းဘူးကွ။ ရွာထိပ်က ဆရာဦးသိန်းကို သွားပင့်ပြီး ပြကြည့်ပါလား။ ဆရာဦးသိန်းက ပယောဂကိစ္စတွေဆို တော်တော်နိုင်တာ"

"အင်း၊ ကျွန်တော်လည်း သားအတွက်စိတ်တော်တော်ပူနေတယ်။ ဆရာဦးသိန်းဆီ ခုပဲသွားတော့မယ်"

ချက်ချင်းပင် ဦးထွန်းဖေက ရွာထိပ်ရှိ ဆရာဦးသိန်းနေအိမ်ဘက်သို့ ထွက်သွားသည်။ ဆရာဦးသိန်းခြံဝိုင်းအရောက်တွင် ဆရာဦးသိန်းကို အဆင်သင့်တွေ့ရသည်။ ဦးထွန်းဖေက အဖြစ်အပျက်ကို ပြောပြလိုက်သည်။

"ဒီတောက ဒီလောက်နတ်ကြီးတယ်လို့နာမည်ကြီးနေတာ ဒါကို ထွန်းဖေ မသိဘူးလား။ သားကိုဘာဖြစ်လို့ ဝါးတောင်ကို ခေါ်သွားရတာလဲ"

"သားက ဆယ်တန်းအောင်ခဲ့တော့ သူ့အလိုလိုက်ခဲ့မိတာ ကျွန်တော့်အမှားပါပဲ။ ကျေးဇူးပြုပြီး ဆရာလိုက်ကြည့်ပေးပါနော်"

"အင်း၊ ထွန်းဖေ ပြောပုံအရဆိုရင်တော့ မင်းသားဟာ ဝါးတောမှာ အမှားအယွင်းတစ်ခုခုဖြစ်ခဲ့ပြီထင်တယ်။ လုပ်ခဲ့ရင်တော့ မလွယ်ဘူးကွယ့်။ အေးလေ၊ ဖြစ်လာမှတော့ လိုက်ကြည့်ပေးရမှာပေါ့"

"ကျေးဇူးတင်ပါတယ်၊ သားကိုလည်း ဘာမှမေးလို့မရဘူး။ ဆရာကယ်ပါနော်"

"အေးပါ၊ လိုက်ကြည့်ပေးပါ့မယ်"

ဆရာဦးသိန်းနှင့် ဦးထွန်းဖေတို့ ထွန်းပေါက်တို့ခြံဝသို့ရောက်လာသည်။ ဆရာဦးသိန်းကို တွေ့သည်နှင့် မောင်ထွန်းပေါက်က အော်ဟစ်ပြီး ပြောလိုက်သည်။

"ဆရာမလာပါနဲ့တော့၊ ပင်ပန်းနေပါ့မယ်။ ခုမှတော့မထူးတော့ပါဘူး။ ကျွန်တော့်ကိုလာခေါ်နေကြပြီ၊ မကြာခင်သွားရတော့မယ်။ ဆရာပြန်ပါတော့"

မောင်ထွန်းပေါက်အော်သံကြောင့် ဆရာဦးသိန်းခြံဝတွင် ရပ်တန့်နေလိုက်သည်။ ဆရာဦးသိန်းက မောင်ထွန်းပေါက်ကို အသေအချာစိုက်ကြည့်လိုက်သည်။ ပြီးနောက် ခြံအပြင်ဘက်သို့ပြန်ထွက်ရန်ပြင်လိုက်သည်။

"ဆရာပြန်တော့မယ်၊ မင်းရဲ့သားအပမှီသလိုဖြစ်နေပြီ၊မရတော့ဘူးထင်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ အတွေ့အကြုံအရ ငါသိနေရတယ်။ မကယ်နိုင်တာ စိတ်မကောင်းပါဘူး"

ဆရာဦးသိန်း ပြန်ထွက်သွားပြီး ခဏအကြာမှာပင် မောင်ထွန်းပေါက် ပါးစပ်ထဲမှသွေးများဝေါခနဲအန်ချလိုက်သည်။

"အဖေ၊ ကျွန်တော်မနေရတော့ဘူး သွားရတော့မယ်။ ဝါးတောမှာ လူစားသွားလဲရတော့မယ်"

"သားဘာတွေပြောနေတာလဲ။ မနက်ဖြန်မိုးလင်းတာနဲ့ သားကို မြို့က ဆေးရုံပို့မယ်"

"လူစားလဲရမယ်လို့ သားကို အသေအချာပြောခဲ့တာ"

"သားဒါတွေမယုံပါနဲ့၊ သားသွေးတွေအန်တာလည်း အစားများလို့ဖြစ်မယ်ထင်တယ်။ ဆေးရုံရောက်ရင် သားနေကောင်းသွားမှာပါ"

မောင်ထွန်းပေါက်မှာ စကားပြောနေရင်း သွေးများအန်ကျလာပြန်သည်။ ကိုယ်အပူချိန်မှာလည်း လုံးဝမကျဘဲဖြစ်နေသည်။ နောက်ထပ်တစ်ကြိမ်သွေးများ အန်ကျပြီးချိန်တွင် မောင်ထွန်းပေါက် စကားမပြောနိုင်တော့ဘဲ လဲကျသွားပါတော့သည်။ လုံးဝသတိလည်မလာတော့ပါ။ တတ်ကျွမ်းသူများက စမ်းသပ်ကြည့်ကြသည်။

"ဟာ -ထွန်းဖေ၊ မင်းသားအသက်မရှိတော့ဘူး"

*

"မင်းတူသေခဲ့ရတာ ခု ငါပြောပြတဲ့အတိုင်းပါပဲ"

"ကျွန်တော်တူ ထွန်းပေါက်ဟာ ဝါးတောင်လိုက်သွားမိလို့သေရတာပေါ့"

"အဖြစ်အပျက်အမှန်တွေကို ငါပြောပြခဲ့ပြီးပြီ။ ကျောကုန်းမှာလည်း လက်ငါးချောင်းအရာကြီးပါလာတယ်။ ပြီးတော့ လူစားလဲရမယ်လို့ သူ့ကိုအိပ်မက်ပေးခဲ့တယ်လို့ သူမသေခင်လေးတင် ပြောပြသွားသေးတယ်"

"မယုံနိုင်စရာပါပဲလား အစ်ကိုရာ၊ နတ်ကြီးတဲ့ဝါးတောင်လိုက်သွားမိလို့ ရေတိမ်နစ်ခဲ့ရတာ။ နှမြောလိုက်တာ၊ ကျွန်တော်ဘယ်လိုဖြေရမှာလဲဗျာ"

"ရက်လည်ပြီးမှပြန်တော့ကွာ၊ တို့ညီအစ်ကိုတွေ မတွေ့ရတာလည်းကြာပြီ"

"ရက်လည်ပြီးမှပဲခူးပြန်တော့မယ်၊ ကျွန်တော့်တူလေးရဲ့ နောက်ဆုံးခရီးပဲလေ"

မောင်ထွန်းပေါက် ရုပ်အလောင်းကို ငါးရက်တိတိထားခဲ့သည်။ ငါးရက်မြောက်နေ့တွင် ရွာသင်္ချိုင်းမှာပင် မြေမြှုပ်သင်္ဂြိုဟ်ပါသည်။ အလောင်းမြေကျသည့်ထိုညတွင် ညီအစ်ကိုနှစ်ဦးအိပ်ရာတစ်ခုတည်းအတူအိပ်ကြသည်။ ပင်ပန်းထားကြသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင်အိပ်ပျော်နေကြသည်။

"ရက်လည်ပြီးတာနဲ့ ကျွန်တော်သွားရတော့မယ်အဖေ။ နှစ်ရက်၊သုံးရက်ပဲနေရတော့မယ်။ ခုတော့ အိမ်ရှေ့က ဝါးပင်မှာ ကျွန်တော်ရှိနေတာ"

"ဘာလို့ ဝါးပင်မှာနေရတာလဲ၊ ရက်လည်တဲ့အထိ အိမ်ပေါ်မှာပဲနေပါတော့လား"

"အဖေ့ဆန္ဒအတိုင်း အိမ်ပေါ်မှာလည်းနေမယ်၊ ဝါးပင်မှာလည်း နေမယ်လေ"

"ရက်လည်ပြီး သားက ဘယ်ကိုသွားမှာလဲ၊ ဝါးတောထဲသွားပြီး လူစားမလဲနဲ့နော်။ငါ့သားတောထဲမသွားရဘူး၊ မသွားရဘူး"

သူ့အစ်ကို၏အသံကြောင့် နံဘေးတွင်အိပ်နေသော ဦးထွန်းနေက သူ့အစ်ကို ဦးထွန်းဖေကို လှုပ်နိုးလိုက်သည်။

"အစ်ကိုဘာတွေအော်နေတာလဲ မသွားရဘူး၊ မသွားရဘူးနဲ့။ အိပ်မက်မက်ပြီး အော်နေတာလား"

"ဟုတ်တယ်၊ မင်းတူက ငါ့ကိုအိပ်မက်ပေးတာ။ အိမ်ရှေ့က ဝါးပင်မှာ သူရှိနေတယ်တဲ့"

"အစ်ကို သားကိုစိတ်စွဲပြီးအိပ်မက်မက်တာဖြစ်မှာပါ။ ဒါတွေသိပ်မယုံပါနဲ့၊ အချိန်ရှိသေးတယ်။ ပြန်အိပ်လိုက်ပါဦး"

နောက်တစ်နေ့နံနက်မှစ၍ ဦးထွန်းဖေမှာ နံနက်၊ ညနေ ထမင်းစားချိန်တိုင်း အိမ်ရှေ့ရှိဝါးပင်ရင်းတွင် ထမင်းတစ်ပွဲသွားရောက်ချထားသည်ကိုတွေ့ရသည်။

"သားထွန်းပေါက်ရေ သားဒီဝါးပင်မှာရှိနေတာ အဖေ့ကို အိပ်မက်ပေးလို့ အဖေသိပါပြီ။ ဒါကြောင့် ထမင်းလာကျွေးတာ၊ စားပေတော့"

ဦးထွန်းဖေ ထိုသို့ပြောလိုက်သည်နှင့် လေမတိုက်ပါဘဲလျက် ဝါးပင်ဝါးရွက်များ ရုတ်တရက်လှုပ်ရှားသွားသည်။ ဦးထွန်းဖေက တအံ့တသြကြည့်နေလိုက်သည်။ သူ့သား ဝါးပင်တွင်အမှန်တကယ်ရှိနေကြောင်း ဦးထွန်းဖေ ယုံကြည်သွားတော့သည်။ ထို့ကြောင့် မနက်စာ၊ ညနေစာအချိန်မှန် ဝါးပင်ရင်းတွင် ထမင်းပွဲပြင်၍ကျွေးသည်။ အခြားသူများက အံ့သြသလိုကြည့်သွားကြသည်ကို ဦးထွန်းဖေ ဂရုမစိုက်နိုင်တော့ပါ။

ရက်မလည်သေး၍ အိမ်တွင်လူစည်နေသည်။ တောဓလေ့အတိုင်း ခြံဝိုင်းထဲတွင် ဖဲဝိုင်းများရှိသည်။ အိမ်ပေါ်တွင် ဧည့်သည်များလည်းရှိနေသည်။ ဦးထွန်းဖေ ဝါးပင်အောက်မှဖြတ်သွားတိုင်း ဝါးပင်များလှုပ်ရှားလာတတ်သည်။ လေတိုက်သကဲ့သို့ ကိုင်းညွတ်ယိမ်းထိုးလှုပ်ရှားလာတတ်သည်။ သားဖြစ်သူက သူရှိကြောင်းပြသည့်သဘောဖြစ်သည်။

"သားမလှုပ်နဲ့တော့၊ လူတွေကြောက်သွားရင်မကောင်းဘူး။ သားဒီမှာရှိနေတာ အဖေယုံပါပြီ"

ဦးထွန်းဖေ ထိုသို့ပြောလိုက်သည်နှင့် လှုပ်ယိမ်းနေသော ဝါးကိုင်းများ၊ ဝါးရွက်များ ရုတ်တရက်ငြိမ်သက်သွားတော့သည်။ သူ့သား ဝါးပင်တွင်ရှိနေကြောင်း ဦးထွန်းဖေ ပို၍ပင် ယုံကြည်နေတော့သည်။

ရက်မလည်မီ တစ်ရက်အလိုနေ့ကဖြစ်သည်။ ဦးလေးဖြစ်သူ ဦးထွန်းနေက သူ့တူထွန်းပေါက် သေဆုံးခဲ့ရသည့်အဖြစ်အား ဘဝင်မကျဖြစ်ကာ ဆရာဦးသိန်းနှင့် သွားရောက်ဆွေးနွေးမေးရန် အစ်ကိုဖြစ်သူကိုပြောလိုက်သည်။

"သေသွားပြီးတဲ့မင်းရဲ့တူက ပြန်ရှင်လာတော့မှာမှမဟုတ်တာ။ မသွားပါနဲ့တော့"

"ကျွန်တော့်တူသေပုံက ဆန်းနေလို့ပါ။ ကျွန်တော် ဆရာသိန်းနဲ့သွားတွေ့မယ်၊ နည်းနည်းပါးပါးမေးကြည့်ချင်လို့ပါ။ သွားလေသူ ကျွန်တော့်တူလေးအတွက် ကောင်းတာလေးတွေလုပ်ပေးချင်လို့ပါ"

"အေးလေ၊ မင်းဒီလောက်ဆရာသိန်းဆီသွားချင်နေမှတော့ သွားကြတာပေါ့။ ငါကတော့ သိပ်မသွားချင်တော့ဘူး"

"ဆရာသိန်းက ခုလိုကိစ္စတွေမှာ ကျွမ်းကျင်ပါတယ်။ သွားမေးသင့်တယ်"

"ဟိုနေ့ကသွားပင့်တုန်းက ခြံဝင်းထဲတောင်မဝင်တော့ဘဲ လှည့်ပြန်သွားခဲ့တယ်လေ"

"ဟုတ်တယ်လေ၊ မင်းသားမရှိတော့ဘူးလို့ပြောသွားတာပဲ။ သူပြောတဲ့အတိုင်း အမှန်ဖြစ်ခဲ့တာပဲ။ သူပြောစကားအရ ဆရာသိန်းရဲ့ပညာကိုခန့်မှန်းလို့ရပါတယ်။ လာပါ၊ သွားကြမယ်"

မောင်ထွန်းပေါက်သေဆုံးရပုံ၏ ပယောဂဆရာ ဆရာသိန်းထံ သွားမေးမည်ဆို၍ ဆွေမျိုးများပါ လိုက်ပါလာကြသည်။ လူဆယ်ဦးကျော်ခန့်ရှိသည်။ ထိပ်ရှိ ဆရာသိန်းနေအိမ်ဘက်သို့ လာကြသည်။ ဆရာသိန်းကို ခြံထဲတွင် အဆင်သင့်တွေ့ရသည်။ ခြံဝင်လာသူများကို ဆရာသိန်းက ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပြီးနောက် လူစုကို ကျော်၍ နောက်ဘက်သို့ လှမ်းကြည့်လိုက်သေးသည်။

"လူစုနဲ့ပါလား။ လာ၊ လာ - ထိုင် ... ဘာကိစ္စရှိလို့လာကြတာလဲ။ မောင်ထွန်းပေါက် သေရတဲ့ကိစ္စပဲထင်တယ်"

"ဒီလိုပါဆရာ၊ သားမငသေခင် ဝါး ... သွားတော့ သားကပူဆာတာနဲ့ ဝါး ... ခေါ်သွားမိတယ်။ သားက ဝါး ... ထဲ တစ်ယောက်တည်း လျှောက်သွားခဲ့တယ်။ အဲဒီမှာဖြစ်ပျက်ခဲ့တာတွေ ဆရာ့ကို ပြောပြခဲ့ပြီးပါပြီ။ သားမနေသ ... တောထဲကအစောင့်နဲ့ လူစားသွား ... မယ်လို့ပြောတယ်။ မကြာခင်သွားရ ... တော့မယ်လို့လည်း ပြောခဲ့တယ်။ အဲဒီ ... နည်းနည်းထူးဆန်းနေတယ်။ ဒါ ကြောင့် ဆရာ့ဆီလာခဲ့ကြတာ"

"သြော် -မင်းတို့က သူ့အကြောင်း ... ဖို့လာခဲ့ကြတာကိုး။ ဒါကြောင့် မင်း ... နဲ့အတူ လူတစ်ယောက်ကပ်ပါလာ ... ယ်ကွယ့်"

ဆရာ့စကားကြောင့် ပါလာသူ ... နောက်ဘက်ခြံဝသို့ လှည့်ကြည့် ... လိုက်ကြသည်။

"ဘယ်သူမှလဲမတွေ့ပါဘူးဆရာ"

"ခြံထဲမဝင်ရဲလို့ ခြံဝမှာကျန်ခဲ့ ... တယ်။ မင်းတို့ ဒီကပြန်ရင် သူလည်းပြန် ... လိုက်သွားမှာပဲ။ ဒါပေမယ့် ကြောက် ... ရမလိုဘူး။ သူရှိကြောင်း သူနဲ့ရင်းနှီး ... သူတွေကို ပြချင်ပြလိမ့်မယ်။ သတိထားမိ ... ရင်တော့ ထူးခြားတာတွေ တွေ့ကြုံရ ... လိမ့်မယ်ထင်တယ်"

"သူ ဝါးပင်မှာရှိနေကြောင်းပြပြီး ... ပြီ ဆရာ"

"အေးလေ-မင်းကအဖေပဲ၊ သူရှိ ကြောင်းသိအောင်ပြတာဖြစ်မယ်။ မောင်ထွန်းပေါက်ပြောခဲ့တာတွေ အစွဲအလမ်း မထားပါနဲ့။ ဒီရွာမှာ ဒီကလေးတစ်ယောက်တည်းပဲ ဆယ်တန်းအောင်ခဲ့တာကွယ့်။ ထွန်းပေါက်အခုလိုဖြစ်ရတာ ဆရာလည်း စိတ်မကောင်းပါဘူး။ ဝါးတောထဲကအစောင့်နဲ့ လူစားသွားလဲရမယ်ဆိုတာတွေ သိပ်ပြီးမစွဲပါနဲ့။ သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်များများသာလုပ်ပေးကွယ့်။ အမျှအတန်းလည်းပေးဝေပါ။ ဒါမှ သူလွတ်ရာကျွတ်ရာသွားနိုင်မှာကွယ့်။ ဒါက အကောင်းဆုံးပါပဲ"

"ဒီကိစ္စတော့ စိတ်ချပါ၊ ကျွန်တော်သား တောထဲကအစောင့်နဲ့ လူစားသွားလဲလို့တော့မဖြစ်ဘူး။ ဆရာပြောသလို သူ့အတွက်ရည်စူးပြီး ကောင်းမှုကုသိုလ်တွေများများလုပ်ပေးပါ့မယ်။ မကြာမကြာလည်းလုပ်ပါ့မယ်"

"မောင်ထွန်းပေါက်ကို ကယ်တင်ဖို့ အဲဒါကအကောင်းဆုံးပဲကွယ့်။ ဒါနမှုသာများများလုပ်ပြီး အမျှအတန်းပေးဝေပေါ့။ ကဲ၊ ကဲ - သွားကြတော့၊ မှောင်သွားရင် မကောင်းဘူးကွယ့်"

ရက်လည်သည့်နေ့တွင် ပင့်သံဃာငါးပါး ကြွရောက်တော်မူလာကြသည်။ မောင်ထွန်းပေါက်အတွက် ရည်စူး၍ ဝတ္ထုငွေများ၊ သင်္ကန်းများလည်း ဆက်ကပ်လှူဒါန်းခဲ့သည်။ ရေစက်ချအမျှဝေရာတွင် မောင်ထွန်းပေါက်အမည်ကိုခေါ်ကာ အမျှအတန်းပေးဝေခဲ့သည်။ နေမွန်းတိမ်းတော့မှ ရက်လည်အလှူကိစ္စ ပြီးစီးသွားတော့သည်။ ဆောက်လုပ်ထားခဲ့သော တာလပတ်အမိုး၊ မဏ္ဍပ်များဖြုတ်သိမ်းကြသည်။ ငှားရမ်းထားသော အိုးခွက်ပန်းကန်ခွက်ယောက်များ အပ်နှံသူက ပြန်လည် အပ်နှံကြသည်။ သက်ဆိုင်ပတ်သက်သူများအားလုံး အလုပ်ရှုပ်နေတော့သည်။ ညနေပိုင်းကျမှ လူရှင်းသွားတော့သည်။ ဧည့်သည်များလည်း ပြန်သွားကြပြီ။ ဆွေမျိုးအနည်းငယ်သာ အိမ်တွင်ကျန်ရစ်နေကြသည်။ အားလုံးပင်ပန်းနေကြပြီ ဖြစ်သည်။

ညနေခပ်စောစောပင် အိပ်ရာဝင်ခဲ့ကြသည်။ ဦးထွန်းဖေ၊ ဦးထွန်းနေညီအစ်ကိုနှစ်ဦး တစ်အိပ်ရာတည်းတွင်ပင် အတူတူအိပ်ကြသည်။ ညလူခြေတိတ်ချိန်တွင် ညီဖြစ်သူ ဦးထွန်းနေထံမှ ဝူးဝူးဝါးဝါး လှုပ်ရှားရုန်းကန်သံများကြောင့် အစ်ကိုဖြစ်သူ ဦးထွန်းဖေအိပ်ရာမှ လန့်နိုးခဲ့ရသည်။

"ညီလေး ထွန်းနေ၊ ဝူးဝူးဝါးဝါးနဲ့ ဘာတွေဖြစ်နေတာလဲ။ မင်းလက်က ဟိုယမ်းဒီယမ်းနဲ့"

"အိပ်မက်ထဲမှာ ကျွန်တော့်တူ မောင်ထွန်းပေါက်နဲ့ တွေ့တယ်။ ကျွန်တော်တူလေးလုပ်လို့ ကျွန်တော်ခုလို လှုပ်လှုပ်ရှားရှားဖြစ်သွားရတာပါ"

"ဘာ - အိပ်မက်ထဲမှာ မင်းတူနဲ့ တွေ့တယ်။ မင်းတူကဘာလုပ်လိုက်လို့လဲ"

"တံခါးတွေပိတ်ထားတော့ သူ ထွက်သွားလို့ မရဘူးဖြစ်နေတယ်တဲ့။ တံခါးဖွင့်ပေးဖို့လာနှိုးတာဖြစ်မယ်။ ကျွန်တော့်ရင်ဘတ်ကိုဖိထားသလိုပဲ၊ အသက်ရှူမဝဖြစ်ပြီး လန့်အော်မိတာထင်တယ်"

ညီဖြစ်သူစကားကြောင့် ဦးထွန်းဖေက တံခါးများကို ကြည့်လိုက်သည်။ မှန်အိမ်မီးရောင်ရှိ၍ ထင်ထင်ရှားရှား တွေ့ရသည်။ အိမ်တံခါးမကြီးပိတ်ထားသည်။ ခေါင်းရင်းဘက် ပြတင်းပေါက်တံခါးလည်း ပိတ်ထားသည်ကို တွေ့ရသည်။

"အိပ်ရာဝင်စက ခေါင်းရင်းဘက် ပြတင်းပေါက်တံခါး ငါဖွင့်ထားတာ။ ဘယ်သူပိတ်လိုက်လဲမသိဘူး"

"ကြောက်တတ်တဲ့သူတစ်ယောက်ယောက်လာပိတ်လိုက်တာထင်တယ်"

"ဒါဆိုလည်း တံခါးတွေဖွင့်ပေးလိုက်ကြကွာ။ ဒါမှ ငါ့သားသွားလိုရာ သွားနိုင်မယ်"

ဦးထွန်းဖေက တံခါးမကြီးရှိရာထသွားပြီး တံခါးချက်ဖြုတ်၍ဖွင့်လိုက်သည်။ ထိုအချိန် ညီဖြစ်သူ ဦးထွန်းနေက ပြတင်းပေါက်တံခါးဖွင့်ရန် တံခါးချက်ကို ဖြုတ်လိုက်သည်။ တံခါးချက်ဖြုတ်ရုံသာရှိသေးသည်၊ ပြတင်းပေါက်တံခါးနှစ်ချပ်မှာ တစ်စုံတစ်ယောက်တိုးထွက်သွားသည့်အလား ပြတင်းပေါက်တံခါးနှစ်ချပ်မှာ လှုပ်ခါကျန်ရစ်ခဲ့သည်။ ဦးထွန်းနေမှာလည်း အံ့အားတသင့်မှင်တက်မိနေခဲ့သည်။ ပြီးမှ သတိပြန်ဝင်လာကာ အစ်ကိုဖြစ်သူကို လှမ်းကြည့်လိုက်သည်။'

"ပြတင်းပေါက်တံခါးဖွင့်ဖို့ မင်းက ချက်ဖြုတ်ရုံသာရှိသေးတယ်၊ မင်းမဖွင့်ခင်ပွင့်ထွက်သွားတာငါမြင်လိုက်ရတယ်။ မင်းရဲ့တူက မင်းကို အိပ်မက်ပေးတာ အမှန်ဖြစ်မယ်ထင်တယ်"

"အံ့သြဖို့ကောင်းလိုက်တာ။ ကျွန်တော်ဒါမျိုးတွေအယုံအကြည်မရှိပါဘူး။ ခုတော့ ကိုယ်တွေ့ကြုံရပြီလေ"

မယုံနိုင်ဖွယ်ရာ အဖြစ်အပျက်ကြောင့် ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိလျက်သားဖြစ်သွားခဲ့သည်။ လေမတိုက်ပါဘဲလျက် တံခါးနှစ်ချပ်လှုပ်ခါနေသည်ကိုတွေ့ရသည်။ ဦးထွန်းဖေက ပြတင်းပေါက်မှတစ်ဆင့် အိမ်ရှေ့ရှိ ဝါးပင်များရှိရာသို့ လှမ်းကြည့်လိုက်သည်။ လေမတိုက်သဖြင့် ဝါးပင်များထူးခြားစွာငြိမ်သက်နေသည်။ 'ရက်လည်ပြီးတာနဲ့ ကျွန်တော်သွားရတော့မယ်အဖေ။ သုံး၊လေးရက်ပဲနေရတော့မယ်' ဟူသည့် အိပ်မက်ထဲ၌ သူ့သားပြောကြားခဲ့သည့်စကားကို ဦးထွန်းဖေ ပြန်လည် ကြားယောင်နေမိသည်။ သူ့သား မောင်ထွန်းပေါက်တစ်ယောက် အမှန်တကယ်လွတ်ရာကျွတ်ရာသို့သွား နိုင်ခဲ့ပြီလား။ သို့တည်းမဟုတ် လူစားလဲရန် ဝါးတောထဲသို့ပင်သွားခဲ့လေပြီလား ဆိုသည်ကိုမူ ဦးထွန်းဖေတစ်ယောက် မတွေးတတ်အောင်ဖြစ်နေပါတော့သည်။

မောင်မောင်မိုးအောင်


www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်မရောက်မချင်း သတ္တဝါမှန်သမျှ ကုသိုလ်၊ အကုသိုလ်အလိုက် (၃၁)ဘုံမှာ ကျင်လည်ကြရသည်။ အဖန်ဖန်တွေ့ကြုံခဲ့ရဖူးသလို၊ အကြိမ်ကြိမ်ဆုံကွဲကြရခြင်းများစွာလည်းရှိခဲ့ကြသည်။ ထို့ကြောင့် မြတ်စွာဘုရားက မရောက်ဘူးသောဘဝမရှိသလို မတော်စပ်ဘူးသောဆွေမျိုးမရှိဟုဟောတော်မူခဲ့သည်။ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါများစွာအတွက် ဇာတိအကြိမ်ကြိမ်ရနေသရွေ့ သံသရာမှာ အကြိမ်ကြိမ်ကျင်လည်ရပေမည်တည်း။

ထိုအခါ လူဝင်စား ဟူသော ပြဿနာရှိလာသည်။ အချို့က ယုံကြည်သည်၊ အချို့က မယုံကြည်ကြပေ။ အထူးသဖြင့် လူဝင်စားများစွာသည် ယခင် အနီးစပ်ဆုံး ဘဝဟောင်းက မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်း၊ ချစ်ခင်စွဲလမ်းသူတွေထံ ပြန်လည်ဝင်စားတတ်ကြခြင်းပင် ဖြစ်သည်။ ထိုကိစ္စကို ယုံကြည်စရာမရှိဟု ထင်မြင်ယူဆသည်ရှိသော် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ နိပါတ်တော်လာဇာတ်တော်များနှင့် နှိုင်းချင့်တွေးဆစရာဖြစ်ပါသည်။

ဘုရားရှင်၏ နိပါတ်တော်တိုင်းတွင် ဇာတ်ပေါင်းသည်ရှိသော်ဟုဆိုကာ မည်သူကား ဘုရားလောင်း၊ မည်သူကား ယသော်ဓရာလောင်း၊ မည်သူကား ရှင်ဒေဝဒတ်၊ ရှင်သာရိပုတ္တာ စသည်ဖြင့် ဇာတ်ပေါင်းမှာ ဖော်ပြတတ်ကြသည်။ ဘဝပေါင်းအကြိမ်ကြိမ်မှာ သံသရာလည်သရွေ့ဆုံတွေ့တတ်ခြင်းအတွက် သက်သေခံနိုင်ဖွယ် ဖြစ်ပါသည်။

ကျွန်မ၏ ဘဝတစ်လျှောက်လုံးတွင် သေခြင်းတရားကို သိမြင်တွေ့ကြုံခံစားခွင့်အလွန်ဝေးခဲ့ပါသည်။ ဖခင်မှာ ကျွန်မလူမှန်းမသိတတ်ခင်အရွယ်ကပင် ကွယ်လွန်သွားခဲ့သည်။ ညီအစ်ကိုမောင်နှမမဲ့စွာ တစ်ဦးတည်းသောသမီးအဖြစ် ကြီးပြင်းလာခဲ့ရသော ကျွန်မတို့မျိုးဆက်မှာ အသက်ရှည်မျိုးရိုးဟု ဆိုရမည်ဖြစ်ပါသည်။ကျွန်မဘဝတစ်လျှောက် အသက် (၅၀) ကျော်တိုင်အောင် မိမိ၏ဆွေမျိုးသားချင်း ရင်းရင်းနှီးနှီးထဲမှ သေဆုံးခြင်းကိစ္စမျိုး မကြုံဘူးပါချေ။ ကျွန်မအသက် (၅၅) နှစ်အရွယ်မှာ အသက် (၉၂) နှစ်အရွယ် အမေ့ဘက်မှ အဘွားကွယ်လွန်



# သို

# (အင်ကြင်း) ပျို

# ဘဝသစ်တစ်ဖန်



www.burmeseclassic.com

www.burmeseclassic.com

သည်။ တစ်မြို့စီခြားကာ သွားလာနေရ သော မြို့သို့ ကျွန်မရောက်နေ သည့် အသွား၌ နောက်ဆုံးခရီးသို့ တော်ပို့ခွင့်မကြုံလိုက်ပါချေ။

ထိုစဉ်က ကျွန်မ၏အသည်းနှလုံး ကို ထိုးဆောင့်ကြေမွစေမည့် သေခြင်း တရားတစ်ခုက ကြိုတင်စောင့်မျှော်နေ မှန်း ကျွန်မ မတွေးမိပါချေ။

*

မိုးသည်းသည်းရွာသွန်းနေသော တောင်ကြီးမြို့၏ မနက်ခင်းအရုဏ်ဦး အွင်ဝင်လာသော တယ်လီဖုန်းသတင်း ကြောင့် ကျွန်မ ထိတ်လန့်တုန်လှုပ်သွား သည်။ အမေနှင့် ခင်ပွန်းဖြစ်သူတို့မှာ အဝတ်အစားအနည်းငယ်ကို ဖြစ်သလို ဆွဲထည့်ကာ တောင်ကြီးမြို့မှ ကားဖြင့် ဆင်းခဲ့ကြသည်။ ကားလမ်းတစ်လျှောက် ပူပန်စွာဆုတောင်းလာသော ဆန္ဒသည် မမျှော်လင့်ဘဲ မိုးကြိုးခွင်းခံရသည့်နှယ် ပြိုကွဲသွားလေ၏။ ကလောမြို့အဝင် ကြားရသော တယ်လီဖုန်းသတင်းပင် ဖြစ်ပါ၏။

"မယုံဘူး၊ မယုံဘူး၊ မဖြစ်နိုင်ဘူး။ ငါတို့ မတွေ့ရာထိလိုက်လာမယ်"





www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ပြောသည်။

"ဆရာတော်ကြီးက ယက္ကန်းစင်တောင်ပေါ် ပြန်ခေါ်လာဖို့ပြောပါတယ်"

"မခေါ်ရပါဘူး။ မိတ္ထီလာကို ပြန်ခေါ်ခဲ့ပါ။ အန်တီတို့ မန္တလေးထိလာမယ်။ လမ်းမှာတွေ့တဲ့နေရာဆုံမယ်"

ပြောမည့်သာပြောရ ရင်ထဲမှာကြေကွဲ မျက်ရည်တွေဖြင့် အမြင်တွေ မှုန်ဝါး၊ ရှုံးသွပ်သောစိတ်ကြောင့် ပြေးနေသောကားပေါ်မှ ကားတံခါးဖွင့်ခုန်ချပြီး ကိုယ့်ဘာသာ သေကြောင်းကြံဖို့ပင် အကြိမ်ကြိမ်စိတ်ကူးမိသည်။ ငါမရှိလျှင် မဖြစ်ပါလား ဟူသော အတ္တလွန်စိတ်ကူးကြောင့် အထမမြောက်ပါတကား။

မိတ္ထီလာအိမ်ကိုဝင်ပြီး မိခင်ကြီးကိုထားခဲ့သည်။ သမီးငယ်ကိုခေါ်ပြီး မန္တလေးလမ်းသို့ ဆက်ထွက်ခဲ့သည်။ မတ္တရာ - မန္တလေးမှထွက်လာသောကားကို မိုဘိုင်းဖုန်းနှင့် ဆက်သွယ်ရသည်။

ဝမ်းတွင်းမြို့အထွက်တွင် ကား (၂) စီးဆုံဖြစ်ကြပါပြီ။ မတ္တရာနာရေးကူညီမှုအသင်းကား၏ နောက်ခန်းတွင် သက်န်းဖြင့်ဖုံးလွှမ်းထားသော သားဦးခန္တီစာရခေါ် ချမ်းသာမြင့်၏ရုပ်ကလာပ်ကို မြင်လေမှ ကျွန်မ၏မျှော်လင့်ချက်မှိန်မှိန်သည် အမှောင်ကျသွားပါလေ၏။

*

* ညရဲ့ကောင်းကင်ကိုကြည့်တော့
*ကြယ်တွေဆိုတာ မေမေ့မျက်လုံး*
*လမင်းဆိုတာ မေမေ့မျက်နှာ*
*၉၃ ဆောင်းည လေနုညင်းတွေနဲ့*
*ခြံစည်းရိုးခွာညိုပန်းတွေနဲ့*
*မေမေ့ပါးပြင် သနပ်ခါးနံ့ပေါ်မှာ*
*ထမင်းကိုဆီဆမ်း ရွှေလင်ပန်းနဲ့စားခဲ့ဖူးတယ်။*

* *တစ်ခါတစ်ခါကျတော့*
*မမနဲ့ကျွန်တော်*
*မေမေ့ရင်ခွင်ပေါ် သက်ကယ်ရိတ်သွားကြတော့*
*ရွှေယုန်ဖြစ်လိုက်ကြ ရွှေကျားဖြစ်လိုက်ကြ၊*
*ရယ်သံလွင်လွင် စီးမျောခဲ့တဲ့ည*
*ဘဝဆိုတာ -*
*အပြုံးတွေနဲ့ မိန်းမောဖူးတယ်။*

* *မေမေ့ပခုံးပေါ် မျက်နှာအပ်ရင်း*
*ကြည်နူးမိတဲ့ မျက်လုံးလေးတွေ*
*မေးစင်းရင်း*
*ချိုမြတဲ့သားချော့တေးတစ်ပုဒ်နဲ့*
*မိတ္ထီလာကန်ရိုးတစ်လျှောက်*
*ဖားလေးတွေကောက်ခဲ့ဖူးတယ်။*

* *အရွယ်ရောက် အတောင်ပေါက်လို့*
*စိတ္တဇင့်ကတ်တစ်ကောင်လို ပျံခဲ့လည်း၊*
*မေမေ့ရင်ခွင်ထဲက ကလေးဘဝ*
*ကျွန်တော့်ရဲ့စိတ်ကူးပိတ်သားပေါ်*
*သတိရခြင်းတွေ ရုပ်ရှင်ပြတော့*
*ဒါရိုက်တာလည်း ကျွန်တော်*
*မင်းသားလည်း ကျွန်တော်*
*တမ်းတမျက်ရည်ဝဲ*
*အလွမ်းပရိသတ်လည်း ကျွန်တော်*
*ကျွန်တော်. . . ကျွန်တော်. . .။*

'သာမြင့်' ကလောင်အမည်နှင့် သား ချမ်းသာမြင့် စပ်ဆိုခဲ့သောကဗျာလေးက ရင်ထဲမှာ အမှတ်တရကမ္ပည်းတင်ပြီး ဖြစ်ပါသည်။ ဘဝအခြေအနေ အရပ်ရပ်ကြောင့် သား၏ငယ်ဘဝ အမိရင်ခွင်နှင့် ဝေးခဲ့ရသည်။ ထို့ကြောင့်ပင် အရွယ်ရောက်စဉ် စိတ္တဇင့်ကတ်အသွင်ဖြစ်ခဲ့လေသလား ဟူသော အတွေးက နှောင်းနောင်တသဖွယ်ဖြစ်ခဲ့လေပြီတည်း။

၃-၁၀-၂၀၁၃ ခုနှစ် နံနက်လေးနာရီတွင် ယက္ကန်းစင်တောင်တော်တစ်ခုလုံး လျှပ်စီးကြောင်းထိန်ထိန်လင်းကာ မိုးကြီးခခဲ့သည်။ အဆောင်အအုံတချို့၊ ဆွမ်းစားဆောင်အနီးက စေတီအထက်၊ မီးဖိုချောင်မိုးကြိုးစက်ကွင်းတွေထိသည်။ တောင်တော်မြေ သိမ့်သိမ့်ခါတုန်ဟည်းခဲ့သည်။ မြေပြင်ပေါ်ရှိ ရဟန်းရှင်လူတွေ မြေမှာလဲကျစဉ် နောက်ပြန်လဲကျသွားသော သားရဟန်းသည် ဦးခေါင်းထိပြီး မေ့လဲသွားသည်။ ဆရာတော် ကားဖြင့် မတ္တရာဆေးရုံသို့ပို့သည်။ ဆေးရုံတွင် ကွယ်လွန်သွားပါသည်။

ရုပ်ကလာပ်ကို မိတ္ထီလာသို့ ပင့်ဆောင်ပြီး ရွှေထီး (၄) လက်မိုးကာ ပြင်ဆင်သည်။

"သားရယ်၊ မြင်ချင်တွေ့ချင်လိုက်တာ"

ဟုဆိုသော်လည်း မည်သည့်နည်းနှင့်မျှမမြင်ရပါ။ အိပ်မပျော်သူအတွက် အိပ်မက်လေးပင် မမြင်မက်ရပါ။ သားရုပ်အလောင်းကို မသင်္ဂြိုဟ်ခင် မနက်စောစော ပြည်မြို့ ရွှေပေါက်ပင်ဆရာတော်ကြီးထံ ဖုန်းဆက်လျှောက်ထားသည်။ ဆရာတော်ကြီးမှာ နှစ်သိမ့်စရာစကား ကွယ်ပျောက်ပြီး အတန်ကြာတိတ်ဆိတ်သွားသည်။ ပြီးမှ -

"ဒကာမကြီးတို့က သူ့ပိုင်နက်ထဲပို့တော့ အလွယ်တကူခေါ်လို့ရသွားတာပေါ့"

ဟု တစ်ခွန်းတည်း မိန့်ပါသည်။ နောက်တစ်ကြိမ်တွင် အကျွတ်အလွတ်ပွဲအတွက် သားကိုရည်မှန်းပြီး အမိဋ္ဌာန်ပုတီးစိပ်ခိုင်းသည်။

(၃၁) ဘုံကို ခပ်ရေးရေးမြင်ရာမှ ကျွန်မ ယုံကြည်လာပါပြီ။ ကုသိုလ်ကောင်းမှုပြုသမျှ သားကိုရည်းစူးသည်။ မနက်အရုဏ်တက် ပဋ္ဌာန်းပူဇော်တိုင်း သားနာမည်ကို အတိအကျခေါ်ပြီး ဖိတ်ကြားသည်။ ရပ်ကွက်စောင့်နတ်၊ အိမ်စောင့်နတ်များကိုလည်း သားကိုကြည်ဖြူစွာ ဝင်ခွင့်၊ ထွက်ခွင့်ပေးရန် ပန်ကြားသည်။

ပရလောကကို ဟောပြောနိုင်စွမ်းရှိသည်ဟု ကြားသိထင်မှတ်ရာ ဆရာများထံသွားသည်။ တောင်ကြီးက ခြံထဲမှာ ရွှေဂဲလေးတစ်ကောင်ရောက်လာတော့သည်။ သားဖြစ်လေမလား တွေးသည်။ မိတ္ထီလာအိမ်နောက်ထဲမှာ ခွေးလေးပေါက်စလေး ရောက်လာတော့လည်း အသိစိတ်တစ်မျိုးဖြင့် ကျွေးမွေးမိသည်။ မြတ်စွာဘုရားက လူတိုင်းသံသရာမှာ မတော်ဘူးသော ဆွေမျိုးမရှိ၊ မရောက်ဘူးသောဘဝမရှိဟု ဟောခဲ့သည် မဟုတ်ပါလား။

*

သားရဟန်းအတွက် ရက်လည်ဆွမ်းကို (၅) ရက်မြောက်နေ့တွင် မိတ္ထီလာ ရွာသစ်ကုန်းဆရာတော်နှင့် သံဃာများကို အိမ်မှာပင်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းပါသည်။ (၇) ရက်မြောက်နေ့တွင် ယက္ကန်းစင်တောင်ပေါ်ရှိ ဆရာတော်ကြီးနှင့် သံဃာတော်ဆရာတော်ကြီးများကို ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းပါသည်။ (၂၀) ပြည့်မှစ၍ အကျွတ်အလွတ်အမိဋ္ဌာန်ကို မိတ္ထီလာနဂါးရုံစေတီတော်တွင် (၉) ရက်ပုတီးစိပ် အမိဋ္ဌာန်ဝင်ပါသည်။

တစ်လပြည့်တွင် တောင်ကြီးမြို့ သံဃာ့ဆေးရုံတွင် ဆေးပဒေသာပင် ငါးသောင်းကျပ် လှူဒါန်းပါသည်။ မိတ္ထီလာ မိဘမဲ့ဂေဟာတွင် အာဟာရလှူဒါန်းပါသည်။ သားအတွက် ရည်မှန်းပြုလုပ်သော ထိုကုသိုလ်များအပြင် ပြည် ရွှေပေါက်ပင်ဆရာတော်ကြီး၏ ညွှန်ကြားမှုဖြင့် ယက္ကန်းစင်တောင်ပေါ်တွင် (၉) တောင်ပြည့်ရွှေစေတီတစ်ဆူတည်ဖြစ်ပါသည်။ ထိုစေတီကို 'ဝဋ်ကြွေးတော်ကြေလွှမ်းစေတီ' ဟုအမည်ပေးရန် ဆရာတော်က ညွှန်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဝင့်ကြွေးတော်ကြေဆိုတာ သားဆောန်းအတွက်ပေါ့"

"လွမ်းစေတီဆိုတာ မိဘများအတွက် ရည်စူးတာပေါ့"

ဟု ဆရာတော်က မိန့်ကြားပါသည်။

(၇) ရက်ပြည့် ယက္ကန်းစင်တောင်မှာ ဆွမ်းကပ်တော့ သားရဟန်းသီတင်းသုံးရာ တိုက်ကျောင်းမှာ ညအိပ်တည်းခိုခဲ့သည်။ ထီးတော်တင်ရန်သွားသောအခါမှာတော့ သားလဲကျကွယ်လွန်သည့် မီးဖိုဆောင်လေးနှင့် အနီးဆုံးဇရပ်မှာ ညအိပ်တည်းခိုခဲ့သည်။

ထီးတင်ပွဲတွင် ပြည်ရွှေပေါက်ပင်ဆရာတော်နှင့် အင်းလေးရေသာဆရာတော်တို့ ယက္ကန်းစင်တောင်ထိ ကြွလာပြီး ချီးမြှင့်ပေးပါသည်။ ကျွန်မကတော့ သားကွယ်လွန်ရာ မီးဖိုဆောင်လေးကို ငေးကြည့်ရင်းမျက်ရည်ဝဲရသည်။ ကျွန်မရှိနေဆဲမှာ ဦးပဉ္စင်းတစ်ပါး ရောက်လာသည်။

"ဒကာမကြီးရဲ့သားနဲ့ ဦးပဉ္စင်းက အလွန်ခင်ကြတာ၊ အဲဒီနေ့က အရုဏ်ဆွမ်းစားကြဖို့ ဆွမ်းစာဆောင်ထဲမှာရှိကြတုန်း၊ ပဲနှပ်ပြုလာမသိဘူး တပည့်တော်သွားခူးမယ်ဆိုပြီး ထွက်သွားပြီး မကြာခင် တစ်တောင်လုံးလင်းပြီး မိုးကြိုးခတာပဲ။ ဒကာမကြီးရဲ့သားရဟန်းက အရှေ့ဘက်ခေါင်းလှည့်ပြီး ပက်လက်လဲကျသွားတာ၊ ဘယ်ဘက်လက်လေးက မီးဖိုပေါ် ပက်လက်လေးတင်လျက်သားနဲ့ပေါ့"

ဟု ရှင်းပြသည်။

ပြည်ရွှေပေါက်ပင် ဆရာတော်ကြီးက -

"ဒီယက္ကန်းစင်တောင်တော်က နေရာအစစ်အမှန်ပဲ၊ ဘာနဲ့တိုင်းသလဲဆိုတော့ ဘုန်းဘုန်းရဲ့ ရေဒါကဲ ဒါပါပဲ"

ဟု ဆိုကာ ဆရာတော်ကြီး အမြဲဆောင်သော (၁၀၈) လုံး စိပ်ပုတီးကြီးကို ပြပါသည်။

"ယက္ကန်းစင်တောင်မှ ထွက်မလာခင်ညက တောင်တော်ကို အာရုံပြုမေတ္တာပို့နေတုန်း အမျိုးသမီးငယ်တစ်ယောက် ရောက်လာတယ်။ တပည့်တော်မ မောင်လေးကို ပြန်ခေါ်ထားတာပါ။ တပည့်တော်မဆီမှာ ရှိပါတယ်"

ဟု လျှောက်ထားသည်ဟု ဆက်လက်မိန့်ကြားပါသည်။ စကားနည်းသော ဆရာတော်ထံမှ ထိုစကားကိုသာ ကြားရပါသည်။

ကျွန်မက အရဲစွန့်ကာ -

"သူ့ကို လူပြည်ပြန်လွှတ်နိုင်ပါသလား ဘုရား"

ဟု မေးမြန်းလျှောက်ထားမိသည်။

ဆရာတော်က -

"လွှတ်ချင်လည်း လွှတ်မှာပေါ့၊ အဲဒါသူတို့သဘောလေ"

ဟု မိန့်ပါသည်။

ကျွန်မ၏ အိမ်ထောင်ရှင်သမီးကြီးထံ ပြန်ဝင်စားဖို့ သားကို သင်္ဂြိုဟ်ကတည်းက ဖိတ်ခေါ်ခဲ့သဖြင့် အပြည့်အဝယုံယုံကြည်ကြည် မျှော်လင့်နေဆဲလည်း ဖြစ်ပါ၏။

*

"မမရေ၊ တင်မိုးခိုင် သားကလေးမွေးတယ်။ ကလေးက ခြေဆံ့လက်ဆံ့ လှလှကြီးနဲ့ ဝဝဖြိုးဖြိုးပဲ။ ဒါပေမယ့် သူ့လက်မှာ အမည်းရောင်အမှတ်ကြီးက အတော်အရုပ်ဆိုးတာပဲ။ အတွင်းလည်း မဟုတ်ဘူး အပေါ်ဘက်မှာ"

မောင်ဝမ်းကွဲ ကိုတိုးက သူ့အစ်မ (ကျွန်မ၏ ညီမတစ်ဝမ်းကွဲ) တင်မိုးခိုင် သားလေးမွေးကြောင်း သတင်းပေးသည်။ ကျွန်မ ဦးခေါင်းထဲမှာ အသိဉာဏ်တစ်ခု လင်းခနဲ လက်သွားကာ -

"အဲဒီအမှတ်ပါတာက ဘယ်လက်လား၊ ညာလက်လား"

"ဘယ်ဘက်မှာ မမ"

"အေး - ဒီတစ်ခါ နင်ရွာပြန်ရင် ဓာတ်ပုံရိုက်ခဲ့စမ်းပါ"

ဟု မှာကြားသည်။ ဓာတ်ပုံထဲတွင် တစ်လသားကလေး၏ဘယ်ဘက်လက်တစ်လျှောက် အမည်းအမှတ်အကြီးကြီး တွေ့ရသည်။

'ဒကာမကြီးရဲ့သားက အရှေ့ဘက်ခေါင်းလှည့်ကျပြီး ဘယ်လက်က မီးဖိုပေါ် ပက်လက်တင်နေတာ'

ဟူသော ယက္ကန်းစင်တောင်က ဦးပဉ္စင်းတစ်ပါး၏စကားကို ပြန်လည်ကြားယောင်လာပါသည်။ နောက်တစ်ပတ်အကြာတွင် တင်မိုးခိုင်တို့ရွာသို့ မိသားစုသွားကြသည်။ လုပသော သားငယ်လေးသည် ပြုံးရယ်နေသည်။

၃-၁၀-၂၀၁၃ ခုနှစ်တွင် သားရဟန်း ကွယ်လွန်သည်။ ၃. ၂. ၂၀၁၄ တွင် သားဝင်စားသည်ဟု ယုံကြည်ရမည့်ကလေးငယ် မွေးဖွားသည်။ ယခင်ဘဝကလည်း တနင်္လာသား။ ယခုကလေးကလည်း တနင်္လာသားလေးဖြစ်သည်။ ကလေး၏ရုပ်သွင်က မိဘနှစ်ပါးလို မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ် မဟုတ်ဘဲ ယခင်ဘဝကရုပ်သွင် မျက်နှာဝိုင်းဝိုင်း၊ ပြည့်ပြည့်လေး ဖြစ်သည်။

ဘဝသစ်က သားလေး၏နာမည်ကို ဗေဒင်ပညာကျွမ်းကျင်သူ မိတ်ဆွေ ပေးသော နာမည်များစွာထဲမှ 'ကျော်နန္ဒကို' ဟု ရွေးချယ်ထားပါသည်။

ဆွေမျိုးရင်းချာ တော်စပ်မှုရှိသလို ကလေးကိုချစ်ခင်မှန်းသိသောမိဘများကို မွေးစားခွင့်ပေးသော်လည်း ကျွန်မငြင်းဆန်ခဲ့ပါသည်။

"အရင်ဘဝကတည်းက မိဘနှစ်ပါးနဲ့ ခွဲခွာခဲ့ရလို့ စိတ်ဒဏ်ရာရခဲ့တဲ့ကလေးဖြစ်လို့ ယခုဘဝမှာ မိစုံဖစုံနဲ့ကြီးပြင်းပါစေ။ ကျောင်းထားမယ့်အရွယ်ရောက်ရင် မမတို့ခေါ်ထားမယ်။ အစစတာဝန်ယူပေးမယ်။ အဖေနဲ့ အမေက မကြာခဏလာတွေ့ပေါ့၊ မတွေ့နိုင်ရင် တွေ့ခွင့်ရအောင် မမကိုယ်တိုင် ပြန်ပို့ပေးမယ်"

ဟု ပြောပြီး ငြင်းဆန်ခဲ့သည်။

မန္တိုင်းကောင်းမန္တိုင်းအပ် သုဝဏ္ဏသာမဇာတ်တော်တွင် သုဝဏ္ဏသာမ မင်းသား မြားဆိပ်သင့်ချိန် ဘဝဟောင်းက မယ်တော်တော်စပ်ခဲ့ဖူးသူ နတ်သားက မြားဆိပ်ပြယ်စေရန် ကူညီပေးခဲ့ဖူးပါသည်။ အချစ်ကြီးသော သိကြားမင်းက ဦးမာဃဘဝက ဇနီးမယားတော်စပ်ဖူးသူ သူဇာတာကို အကြိမ်ကြိမ်ကူညီ၍ နတ်ပြည်သို့ ယူဆောင်ခဲ့ဖူးပါသည်။ အရင့်အမာပုဂ္ဂိုလ်များ မဟုတ်ကြ၍ မည်သူ့ကို မည်သည့်ဘဝမှာ မည်ကဲ့သို့ တော်စပ်ခဲ့ဖူးကြောင်း မသိရသော်လည်း မြတ်စွာဘုရားကတော့ သံသရာမှာ မတော်စပ်ဖူးသူမရှိဟု ဟောတော်မူခဲ့ပါသည်။

တစ်ဘဝတည်းမှာပင် ကျွန်မ၏ သားအဖြစ်တော်စပ်ခဲ့သူကို ယခုတစ်ဖန် တူအဖြစ် ဆုံတွေ့ခဲ့ရခြင်းအပေါ် ကျွန်မ အပြည့်အဝယုံကြည်မှုနှင့် သံယောဇဉ်ဖွဲ့မိပါသည်။ ကျွန်မ၏ယုံကြည်မှုသည် မှားယွင်းခဲ့သည်ဆိုလျှင်ပင် 'ကျော်နန္ဒကို' သည် ကျွန်မနှင့် ဘဝသံသရာ အဆက်ဆက်တွင် အဖန်ဖန်ကြုံတွေ့ဆုံဆည်းဖူးသူတစ်ဦးအနေဖြင့် ချစ်ခင်နေမည်အမှန်ပင် ဖြစ်ပါ၏။

သျှီ(အင်ကြင်း)



www.burmeseclassic.com

www.burmeseclassic.com



ရွှမ်းထက်နောင်

# ရှားစောင်းလက်ပပ်နှင့် ဆီးချို သွေးချိုရောဂါ

ရှားစောင်းလက်ပပ်ကို အံ့ဩစရာကောင်းသည့်အပင်ဟု ခေါ်ဆိုကြ၏။ အရည်ရွှမ်းပြီးထောင်မတ်သော၊ ပင်စည်လုံးသတ်သတ်မရှိဘဲ အပင်အရင်းမှ အရွက်များ ဖြာထွက်တတ်သည့်အပင်ဖြစ်ပါသည်။ အရွက်အပေါ်ခွံသည် အစိမ်းနုရောင်ရှိပြီး အတွင်း၌ ကျောက်ကျောကဲ့သို့ ပျစ်ချွဲသည့် ဂျယ်လီ (Gel) အရည်အသားများဖြင့် ပြည့်လျက်ရှိပါသည်။ အရွက်မှ ဂျယ်လီအရည်အသားများကို ထုတ်ယူပြီး ဆေးဝါးအဖြစ် အသုံးပြုကြနေကာ သိပ္ပံနည်းကျ လေ့လာမှုများ ပြုလုပ်ခဲ့ရာတွင် ရောဂါများစွာကို ကုသနိုင်သည့် အရည်အသွေးများရှိကြောင်း တွေ့ရှိရပါသည်။

အင်္ဂလန်နိုင်ငံ တော်ဝင်ဗဟိုရုက္ခဗေဒဥယျာဉ်အဆိုအရ (Kew Gardens England's Royal Botanical Center of Excellence) လွန်ခဲ့သော နှစ်ပေါင်းများစွာမှ ယနေ့ခေတ်တိုင်အောင် ပိုမိုပြီး ထင်ရှား ကျော်ကြားခဲ့သောအပင် ဖြစ်ကြောင်း ကမ္ဘာအနှံ့ စိုက်ပျိုးခဲ့ကြပြီး အရွက်မှ ဂျယ်လီများကို ထုတ်ယူကာ ကျယ်ပြန့်စွာ အသုံးပြုခဲ့ရာတွင် အစားအစာအဖြစ် အမေရိကန်(F.D.A)မှအသိအမှတ်ပြုကာ သဘာဝအနံ့အရသာနှင့် ပြည့်စုံသော ဆေးဖက်ဝင်ပစ္စည်းများအဖြစ် ထုတ်လုပ်ခွင့်ရခဲ့ကြပါသည်။ ရှေးအကျဆုံးမှတ်တမ်းများအရ ရှေးခေတ်အီဂျစ်လူမျိုးများက ဆေးဝါးအဖြစ်အသုံးပြုခဲ့၍ လူများ၏ အသက်ရှင်သန်မှုဘဝကို ထာဝရတည်တံ့စေသောအပင်ဟု တင်စားခေါ်ဆိုခဲ့ပါသည်။ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ဂရိ၊ အီဂျစ်၊ မက်ဆီကိုနိုင်ငံများတွင် ရာစုနှစ်ပေါင်းများစွာ ရောဂါများကို ကုသသည့် ဆေးဝါးအဖြစ် အသုံးပြုခဲ့ကြောင်း ဆိုပါသည်။

အီဂျစ်ဘုရင်မနှစ်ဦးဖြစ်ကြသည့် Cleopatra နှင့် Nefertiti တို့သည် သူတို့၏ အသားအရေလှပစေရေးအတွက် ရှားစောင်းလက်ပပ်ကို အသုံးပြုခဲ့ကြောင်း၊ အလက်စန္ဒြားဂရိတ်နှင့် ခရစ်တိုဖာကိုလံဘတ် (Alexander the Great and Christopher Columbus) တို့သည်လည်း ဒဏ်ရာရရှိခဲ့သောသူများကို ရှားစောင်းလက်ပပ်ဖြင့် ကုသခဲ့ကြောင်း မှတ်တမ်းများရှိခဲ့ပါသည်။

ဆေးပညာနှင့်ရုက္ခဗေဒကျွမ်းကျင်သူ ဂရိပညာရှင် Pedanius Dios Coredes (Circa 40-90 AD) က ရှားစောင်းလက်ပပ်ကို ဆေးဝါးအဖြစ်အသုံးပြုနိုင်ပုံများနှင့်ဆေးဖက်ဝင်ပစ္စည်းများပါဝင်မှုများကုသနိုင်သည့်ရောဂါများအကြောင်းကို ရေးသား ဖော်ပြခဲ့ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၁၅၀၀)အတွင်း လူများစွာ ဖတ်ရှုခဲ့ကြပါသည်။

သဘာဝသမားတော် Gaisu se Cundus (AD 23-79) က သဘာဝနည်းဖြင့်ကုသသည့်သမိုင်းတွင် ရှားစောင်းလက်ပပ်ဖြင့်ကုထုံးသည် အလွန်ကျိုးရှိကြောင်းကို ရိုမင်အင်ပိုင်ယာတွင် အသုံးပြုသော စွယ်စုံကျမ်း ဆိုက်ကကိုပီးဒီးယားတွင် ရေးသားထားခဲ့ပါသည်။ ရှားစောင်းလက်ပပ်ကို ဆေးဝါးအဖြစ် အောက်ပါ ရောဂါများတို့ကို ကုသနိုင်ပါသည်။

## သွားနှင့်သွားဖုံးရောဂါ

ရှားစောင်းလက်ပပ်ဖြင့် သွား၊ သွားဖုံးရောဂါနှင့် သွားအခေါင်းပေါက်ရောဂါများကို ကုသနိုင်သည့် သွားတိုက်ဆေးအဖြစ် အသုံးပြုနိုင်မှုကို အလွန်နာမည်ကျော်ကြားသည့် သွားတိုက်ဆေးနှစ်မျိုးဖြင့် နှိုင်းယှဉ် လေ့လာ သုတေသနပြုခဲ့ရာ ခံတွင်းနှင့် သွားအတွင်းရှိ ဗက်တီးရီးယားရောဂါပိုးများကို ပိုမိုအစွမ်းထက်စွာ ဖယ်ရှားနိုင်ကြောင်း တွေ့ရှိရပါသည်။

ရှားစောင်းလက်ပပ်တွင်ပါဝင်သည့် Anthraquinones Componds ကွန်ပေါင်းဓာတ်သည် နာကျင်ခြင်းနှင့်ရောဂါပိုးများကို ကုသနိုင်ခြင်းကြောင့် ဖြစ်ကြောင်း၊ ရောင်ရမ်းခြင်းဆန့်ကျင်သည့် သဘာဝဓာတ်များပါရှိခြင်းကြောင့် ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ ရှားစောင်းလက်ပပ်ဂျယ်လီသည် အခြားရောင်းတမ်းသွားတိုက်ဆေးများကဲ့သို့ ပွတ်တိုက်စားသည့်ပစ္စည်းများ မပါဝင်သောကြောင့် သွားနှင့်သွားဖုံးများအတွက် အလွန်ကောင်းကြောင်း သုတေသနပညာရှင်တို့မှ ဆိုပါသည်။ သို့သော် ရှားစောင်းလက်ပပ်ကို အပူများစွာပေး၍ ဆေးဝါးထုတ်ကုန်ပစ္စည်းများကိုမထုတ်သင့်ဟု ဆိုပါသည်။ အပူများစွာပေးပါက ၎င်းတွင်ပါဝင်သည့် သဘာဝအင်ဇိုင်းနှင့်ပိုလီစကာရိုက်များ (Enzymes and Polysaccharides) ပျက်စီးစေနိုင်သည်ဟု သိပ္ပံပညာရှင်များမှ ဆိုပါသည်။

## ဝမ်းချုပ်ခြင်း (Constipation)

ဂျာမနီ ဆေးဖက်ဝင်အပင်များအေဂျင်စီမှ (Germany's Regulatory Agency For Herbs) ရှားစောင်းလက်ပပ်ကို ဝမ်းချုပ်ခြင်းကုသနိုင်သည့် ဆေးဝါးအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

## ဆီးချိုနှင့်ခြေထောက်အနာ (Diabetes-Induced foot Ulcers)

ဆီးချိုနှင့်ခြေထောက်အနာ (Diabetes - Induced foot Ulcers) တစ်နည်းအားဖြင့် ဆီးချိုရောဂါဖြစ်၍ ခြေထောက်တွင် အနာဖြစ်နေခြင်းကို





www.burmeseclassic.com

www.burmeseclassic.com

အပြည်ပြည်ဆိုင်ရာထိခိုက်ဒဏ်ရာရရှိမှု ဂျာနယ် (International Wound Journal) တွင် ဖော်ပြထားချက်များအရ အိန္ဒိယနိုင်ငံ ဆေးဝါးကောလိပ် (Sinhgad College of Pharmacy India) က လေ့လာတွေ့ရှိမှုမှာ ရှားစောင်းလက်ပပ် ပါဝင်သော လိမ်းဆေး (၁) ရာခိုင်နှုန်းသည် ဆီးချိုရောဂါကြောင့် ဖြစ်ပွားနေသောအနာများကို ပျောက်ကင်းစေကြောင်း တွေ့ရှိရပါသည်။

**ဓာတ်တိုးဆန့်ကျင်မှုနှင့် ပိုးမွှားဆန့်ကျင်သည့်အရည်အသွေး (Antioxidantsand Possibly Antimicrobial Properties)**

စပိန်နိုင်ငံ (University of Laspalmasde Gran Canaria Spain) မှ သုတေသနပညာရှင်များမှ သုတေသနပြုမှုကို Molecules ဂျာနယ်တွင်ရေးသားခဲ့ပါသည်။ ရှားစောင်းလက်ပပ်အရွက်နှင့်အပွင့်များကို မက်သနောဖြင့် ထုတ်ယူခဲ့သည့် အဆီအနှစ်သည် လူများ၏ ကျန်းမာရေးကို အကျိုးပြုကြောင်း သဘာဝဓာတ်တိုးဆန့်ကျင်သည့် အာနိသင်အရည်အသွေးများနှင့် ဗက်တီးရီးယားရောဂါပိုးများ ဆန့်ကျင်စေကြောင်း အရွက်၏အဆီအနှစ်က ပိုမိုအစွမ်းထက်ကြောင်း ရေးသားထားပါသည်။

**ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ခြင်း (Protection From Ultraviolet (UV) Irradiation)**

တောင်ကိုရီးယားနိုင်ငံ Kyung Hee University Global မှ သိပ္ပံပညာရှင်များသည် ရှားစောင်းလက်ပပ် (တစ်လသား) အသေးနှင့် ရှားစောင်းလက်ပပ်အကြီး (လေးလသား) တို့၏ အဆီအနှစ်သည် အရေပြားခရမ်းလွန်ရောင်ခြည်ထိတွေ့ခြင်းကြောင့် အရေပြားလောင်ကျွမ်းခြင်း၊ နေလောင်ခံရခြင်းတို့ကို ကာကွယ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရပါသည်။ ခရမ်းလွန်ရောင်ခြည်ထိတွေ့ခြင်းကြောင့် အရေပြားကိုပျက်စီးစေပြီး အရေပြား၏ ဖွဲ့စည်းပုံတည်ဆောက်ပုံများကို အမြဲပြောင်းလဲစေကြောင်း၊ တစ်လသားရှားစောင်းလက်ပပ်က လေးလသားထက် ပိုမိုကောင်းမွန်ကြောင်း ဖော်ပြထားပါသည်။

**ဓာတ်ရောင်ခြည်ပြသပြီးနောက် အရေပြားပျက်စီးခြင်းကို ကာကွယ်ခြင်း (Protection From Skin Damage After Radiation Therapy)**



နီပေါနှင့် အီတလီနိုင်ငံတို့တွင် အရေပြားလိမ်းဆေးများဖြင့် ရင်သားကင်ဆာကြောင့် ဓာတ်ရောင်ခြည်ပြသ ဓာတ်ကင်ခံရသည့်လူနာများကို လေ့လာခဲ့ရာ လူနာ (၁၀၀) ကို တစ်အုပ်စုလျှင် (၂၀) ယောက် (၅) အုပ်စုစီခွဲ၍ အရေပြားလိမ်းဆေးများကို အသုံးပြုစေခဲ့ပါသည်။လိမ်းဆေးများကို တစ်နေ့(၂)ကြိမ် ဓာတ်မကင်မီ (၁၅) ရက်အလိုမှ စတင်ပြီး တစ်လလိမ်းကြည့်စေရာ ရှားစောင်းလက်ပပ်လိမ်းဆေးသည် အရေပြားပျက်စီးမှုကို ကာကွယ်စေကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် စိတ်ဖိစီးမှုပျောက်ခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ ရောဂါပိုးကင်းစင်ခြင်းနှင့် ဝမ်းချုပ်ခြင်း၊ အရေပြားပျက်စီးခြင်း၊ အပူလောင်ခြင်းတို့ကို ပျောက်ကင်းစေကြောင်း တိရစ္ဆာန်နှင့် လူအများအပေါ်တွင် စမ်းသပ်ခဲ့ရာမှ တွေ့ရှိခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း (၆၀၀၀) က အီဂျစ်ပြည် ကျောက်ထွင်းလက်ရာများတွင် ရှားစောင်းလက်ပပ်အပင်ပုံကို တွေ့ရှိကြောင်း၊ အရေပြားလိမ်းဆေး၊ နေလောင်ခံလိမ်းဆေးများအဖြစ် အသုံးပြုခဲ့ပါကြောင်း သိရှိရပါသည်။

ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်းများကို ပျောက်ကင်းစေကြောင်း၊ ဝမ်းပျော့စေသော ဓာတ်ပေါင်းများစွာ ပါဝင်ကြောင်း၊ လူတို့၏ဘဝ ထာဝရတည်တံ့ရေးအတွက် အလွန်အရေးပါသော အပင်ဟု တင်စားခေါ်ဝေါ်ကြ၏။

**ဆေးဝါးအဖြစ် အသုံးပြုနိုင်ရန် သုတေသနပြုမှုများ (Research In To Medical Uses)**

၂၀၀၉ ခုနှစ်တွင် ထပ်မံပြီး ဆေးဝါးအဖြစ် အသုံးပြုနိုင်မှုကို သုတေသနပြု လေ့လာခဲ့ရာ ရှားစောင်းလက်ပပ်ကို စားသုံးခြင်းသည် ဆီးချိုရောဂါလူနာများ၏သွေးအတွင်း ဂလူးကို့(စ်)သကြားဓာတ်များကို လျှော့နည်းစေကြောင်းနှင့် သွေးအတွင်း အဆီဓာတ်လွန်ကဲနေခြင်းများ (Blood Glucose in Diabetic Patients and Lowering Blood Lipid Levels in Hyperlipidaemia) ကို လျှော့ကျစေကြောင်း တွေ့ရှိရပါသည်။

နေရောင်ခြည်ကြောင့် ဖြစ်ပေါ်သော အရေပြားပျက်စီးမှုကို ကာကွယ်နိုင်ကြောင်း လိင်အင်္ဂါနှင့်ဆိုင်သော ရေယုန်ရောဂါ (Genital Herpes)၊ ကြွပ်ပွေး (Psoriasis) ယားနာများကို ကုသနိုင်ပါသည်။ ထိခိုက်ဒဏ်ရာအနာများ ကုသနိုင်၏။ မြန်မာ့တိုင်းရင်းဆေးအလိုအရ အမျိုးသမီးများ ဓမ္မတာမှန်စေ၏။ အားကိုဖြစ်စေ၏။ လေကိုနိုင်၏။ သားအိမ်နှင့် အင်္ဂါဇက်ရောဂါများ ပျောက်၏။ အသည်းရောဂါ၊ အရေပြားရောဂါ၊ အဖျား၊ ပန်းနာ၊ ခူနာ၊ ကိုယ်ရေဝါရောဂါ၊ သွေးစုနာ၊ အကျိတ်ဖုနာ၊ မျက်စိရောဂါ၊ ရေဖျဉ်းရောဂါ၊ ဆီးရောဂါ၊ ချောင်းဆိုးပန်းနာပျောက်သည်ဟု သိရှိရပါသည်။ အရေပြားအဟောင်းများကို ဖယ်ရှားပြီး အသစ်ပြုလုပ်ပေးကာ အရေပြားတင်းရင်းအရွယ်တင်စေပါသည်။ ရှားစောင်းလက်ပပ်မှ မုတ်ခါးထုတ်ယူနိုင်ပါသည်။ မီးဖြင့်ချက်ယူသောနည်း၊ နေဖြင့်လှန်းကာ ချက်ယူသောနည်းနှစ်မျိုးဖြင့် ချက်ယူနိုင်ပါသည်။

ဆီးချိုရောဂါဖြစ်ပွားပါက ဆောလျင်စွာ ကုသရန် လိုအပ်ပါသည်။ ဆီးချိုရောဂါဖြစ်လျှင် သွေးအတွင်း သကြားဓာတ်ပမာဏများပြားခြင်းနှင့် အင်ဆူလင်ဓာတ်ကို မထုတ်ပေးနိုင်ရုံတင်မက အခြားရောဂါများပါ ဖြစ်ပွားနိုင်ပါသေးသည်။ နောက်ဆက်တွဲရောဂါများအဖြစ် ကျောက်ကပ်ပျက်စီးခြင်း၊ သွေးကြောများထူလာခြင်း၊ အာရုံကြောများပျက်စီးခြင်း၊ အမြဲတမ်း နာကျင်မှုကို ခံစားနေရခြင်း၊ သွေးတိုးရောဂါ၊ နှလုံးရောဂါများကိုပါ ဖြစ်ပွားစေနိုင်ပါသဖြင့် ဆီးချိုရောဂါမဖြစ်ပွားရန် မိမိ၏ ကျန်းမာရေးကို အလေးထား ဆောင်ရွက်သင့်ပါကြောင်း ရေးသားအပ်ပါသည်။

စွမ်းထက်နောင်

ကိုးကား -

မြန်မာ့ဆေးဝါးပင်များ
(အင်တာနက်)



www.burmeseclassic.com

www.burmeseclassic.com

ဘင်္ဂလားဒေ့(ရှ်)နိုင်ငံမြို့တစ်မြို့။ ရာမူးမြို့။ မြို့ပတ်ဝန်းကျင်တွင် ရခိုင်အမျိုးသားများ နေထိုင်ကြသည်။ အမရာ၊ ပထနာ၊ ဖာရှာဝါ စသည့်ရွာ။ ရခိုင်တိုင်းရင်းသားများသည် ရိုးရာဓလေ့ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလာကြ၏။ လယ်ယာလုပ်ငန်းသည် ရခိုင်အမျိုးသားတို့၏ အဓိကလုပ်ငန်းတစ်ခု။ လယ်ယာနှင့်တွဲဖက်ပြီး မြေပဲ၊ နှမ်း၊ ပြောင်း၊ ငရုတ်၊ သခွားနှင့် ချဉ်ပေါင် စသည့် ဟင်းသီးဟင်းရွက်တို့ကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလာကြ၏။

ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ရာမူးမြို့သို့တက်ရောက်ကာ ရောင်းချကြ၏။ ဤသို့ဖြင့် ရာသီအလီလီပြောင်းလာခဲ့လေပြီ။

လီကုလားငါးရာခန့်ရောက်ရှိလာကြ၏။ တုတ်၊ ဓားလက်နက်အပြည့်အစုံပါရှိကြ၏။ ကုလားတို့ကို ရခိုင်များက ရရာလက်နက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်ကြ၏။ ဘင်္ဂါလီကုလားကများသဖြင့် ရခိုင်တို့သည် ရပ်ရွာကိုစွန့်ခွာပြီး ထွက်ပြေးကြရ၏။ ကုလားတို့သည် ရခိုင်တို့နေအိမ်များကို မီးရှို့၍ ဖျက်ဆီးပစ်ကြ၏။ ရခိုင်အမျိုးသမီးများကို မုဒိမ်းကျင့်ပြီး သတ်ဖြတ်ကြ၏။ အဘိုးအို၊ အဘွားအိုများနှင့် ကလေးသူငယ်များကို သတ်ဖြတ်ကာ မီးဖိုအတွင်းသို့ပစ်ချခဲ့ကြ၏။

ရခိုင်တို့သည် အသက်ဘေးမှ လွတ်မြောက်ရန် ခြေဦးတည့်ရာသို့ထွက်လက်၍ပြေးကြရာ တစ်စတစ်စနှင့်တောကြီးမျက်မည်းအထဲသို့ရောက်ရှိလာကြ၏။ သူတို့သည် အဘယ်အရပ်သို့သွားရမည်ကို မသိကြ။ အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့ကိုကား မှန်းဆလို့ပင် မသိနိုင်။ မျက်စိလည်သွားကြ၏။ လမ်းပျောက်သွား၏။

အစာရေစာငတ်ပြတ်လာကြသည်မှာ ဆယ့်ငါးရက်ခန့်မျှကြာခဲ့လေပြီ။ နုန်းခွေနေကြ၏။ လမ်းလျှောက်လို့ကား မရတော့ပါချေ။ သူတို့သည် သစ်ပင်ကြီးတစ်ပင်အောက်သို့တွားလာကြ၏။ ထိုသစ်ပင်ကြီးအောက်တွင် အိပ်လိုက်ကြသည်။



ဒေသခံ ဘင်္ဂါလီကုလားတို့သည် ရခိုင်အမျိုးသားတို့၏ စပါးစိုက်ခင်းများနှင့် အခြားသီးနှံစိုက်ခင်းတို့ကို မနာလိုဝန်တိုလာကြ၏။ ရခိုင်အမျိုးသားတို့ကို ယင်းနယ်မြေမှထွက်ခွာသွားရန် နည်းအမျိုးမျိုးနှင့်နှင့်လာကြ၏။ နတ်တော်လ၊ ပြာသိုလတွင် စပါးဝင်းမှည့်လာကြ၏။ ထိုအချိန်တွင် ဘင်္ဂါလီကုလားများရောက်ရှိလာကြ၏။ ဝင်းမှည့်နေသည့် စပါးများကို လူအုပ်စုဖွဲ့ကာ ရိတ်သိမ်းလာကြ၏။ လယ်ပိုင်ရှင်များက မရိတ်ကြရန်တားမြစ်ကြ၏။ ကုလားတို့သည် စပါးခင်းသို့အတင်း ဝင်ရောက်ကာ စပါးကို ရိတ်ယူကြ၏။

ရခိုင်တို့သည် စပါးကို အဓမ္မရိတ်ယူနေကြသည့် ဘင်္ဂါလီကုလားတို့အား ရိုက်နှက်မောင်းထုတ်ကြ၏။ ယင်းသို့ ရခိုင်များနှင့် ဘင်္ဂါလီကုလားတို့သည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အားပြိုင်၍ ရိုက်ပုတ်သတ်ဖြတ်ကြ၏။ နှစ်ဖက်စလုံးမှလူများဒဏ်ရာရရှိကြ၏။ တချို့ကား သေကျေကြ၏။

ညနေငါးနာရီအချိန်ခန့်တွင် ဘင်္ဂါ

ပြေးတိမ်းရှောင်ကြရ၏။ ကျေးရွာတစ်ခုလုံးကို မီးကဝါးမျိုပစ်လိုက်၏။ လူပေါင်းများစွာသေကျေပျက်စီးခဲ့ကြလေ၏။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများကိုလည်း မီးရှို့ဖျက်ဆီးကြ၏။ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကိုလည်း ဖျက်ဆီးပစ်ကြ၏။ ဗုဒ္ဓဘာသာရဟန်းတော်များကိုလည်း ညှဉ်းဆဲကာသတ်ဖြတ်ကြ၏။

ရွာမှထွက်ပြေးတိမ်းရှောင်လာကြသည့်လူများအထဲတွင် လူရွယ်သုံးဦးလည်း ပါဝင်ကြ၏။ သူတို့၏နောက်မှ ကုလားနှစ်ဆယ်ယောက်ခန့်သည် လက်နက်မျိုးစုံကိုကိုင်ဆောင်ကာ လိုက်ပါလာကြ၏။ သူတို့သည် ပြေးရင်းပြေးရင်းနှင့်ပင် တောင်တန်းကြီးတစ်ခုသို့ ဆိုက်ရောက်လာကြ၏။

လမ်းတွင် ဗိုက်ဆာလာကြသဖြင့် တောငှက်ပျောပင်တို့ကိုစားကြ၏။ ဆက်

သစ်ပင်ကြီးအောက်တွင် လူရွယ်နှစ်ဦးမှာ ကွယ်လွန်သွားရှာကြလေပြီ။ ကျန်တစ်ဦးမှာလည်း လောကကြီး မသိရှာတော့ပြီ။ မေ့မြောကာနေ တော့၏။ ထိုအခိုက်တွင် မအီရာနှင့် သူ၏ဖခင် ဦးတေလာရန်းတို့ရောက်ရှိလာကြ၏။ အိပ်နေကြသည့်လူရွယ်သုံးဦး သေချာစွာစစ်ဆေးကြည့်ရှုကြ၏။ နှစ်ဦးမှာ သေဆုံးသွားကြလေပြီ။ ကျန်တစ်ဦးမှာ အသက်မြော့မြော့လေးရှိသေး၏။

www.burmeseclassic.com

"ဝေ. . ဖထီး၊ ဒီလူဟာ အသက်ရှိ သေးတယ်ဝေ့။ ငါတို့ရဲ့နေအိမ်ကိုယူ ဆောင်ကြစို့လား ဖထီး"

"ဝေ. . . အမူ၊ နေအိမ်ကိုယူမယ် ဆိုရင် လူတွေခေါ်ရမယ်ဝေ့"

"ဒီလိုဆိုဝေ. . . ငါခေါ်လိုက်မယ် ဖထီး"

"အေးဟေ့၊ နင်သွားခေါ်စမ်းဝေ့"

မအီရာသည် ကျေးရွာသို့ပြန်လာ ပြီး လူတို့ကိုခေါ်ယူလာ၏။ ရွာသားများ




www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိလာကြ၏။ သေဆုံးသွားကြသည့် ရုပ်အလောင်းတို့ကို မြှုပ်နှံသင်္ဂြိုဟ်ကြ၏။

မအီရာတို့သည်နေအိမ်သို့ရောက်ရှိလာကြ၏။ သူမတို့မိသားစုက ထိုလူရွယ်အား ပြုစုကြ၏။ ဆေးဝါးကုသပေးကြ၏။ နောက်တစ်ရက်တွင် လူရွယ်မှာ သတိရလာ၏။ သူသည် အမြင်ဆန်းနေ၏။ တစ်ကြိမ်တစ်ခါမှ မမြင်ဘူးသည့်သူတို့ကိုတွေ့မြင်ရသဖြင့် အံ့အားသင့်နေ၏။

"နေကောင်းသွားပြီလားဝေ့"

"ဟုတ်ကဲ့ပါ ဘိုးဘိုး၊ အနည်းငယ်နေကောင်းလာပါပြီ"

"အေး ဝေ . . . အားရှိတဲ့အစားအစာတွေကိုစားလေ"

မအီရာသည် လူရွယ်ကလေးအား အမြဲပြုစုပေး၏။

"ဝေကောင်လေး၊ နင့်နာမည်က ဘယ်လိုခေါ်သလဲဝေ့"

"ကျော်လှပါ ဘိုးဘိုး"

"အေးဝေ. ကျော်လှ၊ ပျော်သလိုနေနော်ဝေ"

"ဟုတ်ကဲ့ပါ ဘိုးဘိုး၊ ကျေးဇူးတင်ပါတယ်"

"နင်က ရခိုင်လားဝေ့"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

ကျော်လှမှာဘယ်နေရာသို့ရောက်နေမှန်းမသိပါ။သူ့အတွက် အားလုံးသည် အမြင်ဆန်းနေကြ၏။

နေအိမ်မှာ ဝါးကိုတိုင်ထူ၊ ဝါးကို အခင်းဆင်၊ ဝါးရွက်ကိုမိုးကာထားကြ၏။ ဝါးကို အခန်းတွင်ခင်းထားကြ၏။ သူတို့၏နေအိမ်မှာ ဝါးကိုသာအသုံးပြုထားကြ၏။ နေအိမ်ကို တောင်စောင်းတွင် ဆောက်လုပ်ကြ၏။ တောင်ကိုအမှီပြုကာ နေထိုင်လာကြ၏။တပေါင်း၊ တန်ခူး၊ လများတွင် တောင်ယာကိုခုတ်ကြ၏။ တောင်ယာကို စတင်ခုတ်သည့်နေ့မှာ နတ်ကိုပူဇော်ပသကြ၏။ ကဆုန်လတွင် တောင်ယာကိုမီးတိုက်ကြ၏။ သီးနှံများကိုစိုက်ပျိုးရန် တောင်ယာကိုရှင်းလင်းကြ၏။ နယုန်လတွင် ကောက်စပါးမျိုးစေ့များကိုချကြ၏။ နွားထွန်တုံးတို့နှင့်မနှင်ကြ။ ချွန်စူးနှင့်သာ စိုက်ပျိုးကြ၏။ ကောက်မျိုးချပြီးလျှင် သီးထပ်၊ သီးညှပ်အနေဖြင့် သခွား၊ ပြောင်း၊ ချဉ်ပေါင်၊ ငရုတ်၊ ခရမ်းချဉ် စသည်တို့ကို စိုက်ပျိုးကြပြန်၏။

သူတို့၏ဒုတိယအဓိကလုပ်ငန်းမှာ အမဲလိုက်ခြင်းဖြစ်၏။ အမဲတစ်ကောင်ရလာလျှင် ရွာမှရှိသည့်နေအိမ်အားလုံးကို ဝေငှပေးကြ၏။ ထမင်းကို မြေအိုးနှင့်ချက်ကြ၏။ ဝါးကျည်တောက်မှာ ဟင်းမျိုးစုံကိုထည့်၍ မီးဖုတ်ကြ၏။ ဟင်းချက်သည့်အခါမှာ ဂမုန်းဥများကိုထည့်ချက်ကြ၏။ ဝါးပြာကို ဆားအဖြစ်အသုံးပြုကြ၏။ တောင်ကဏန်းကောင်ကို ငါးပိအဖြစ်ထောင်းပြီးထည့်ကြ၏။ ဟင်းကျည်တောက်မှထွက်လာသည့် အခိုးအငွေ့ ရနံ့များမှာကား မွှေးကြိုင်လှပါ၏။

ငရုတ်သီးကို ဝါးကျည်တောက်၌ထည့်ကာ တုတ်ချောင်းကလေးနှင့်ထောင်းကြ၏။အိမ်ရှင်မများသည် နံနက်လေးနာရီခန့်အချိန်တွင် အိပ်ရာမှထကြ၏။ ထမင်းဟင်းတို့ကိုချက်ကြ၏။ သူတို့ထမင်းစားသည့်အခါ တောင့်ကပ်ပျောဖက်၌ထည့်ကာစားကြ၏။

ထမင်းကို နံနက် ခြောက်နာရီမှာ တစ်ကြိမ်စားကြ၏။ ထမင်းစားပြီးလျှင် တောင်ယာသို့တက်ကြ၏။ နေမွန်းတည့် (၁၂) နာရီအချိန်တွင် တစ်ကြိမ် ထမင်းစားကြ၏။ ညနေချမ်းချိန်တွင် နေအိမ်သို့ ပြန်လာကြ၏။ ညနေရီပျိုးစအချိန်တွင် ထမင်းကိုစားကြပြန်၏။ သူတို့ကား တစ်နေ့တွင် ထမင်းသုံးထပ်စားကြ၏။ သူတို့သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၏။ နတ်ကိုလည်း ကိုးကွယ်ကြ၏။

သူတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာမှာ တစ်မျိုးတစ်ဘာသာဖြစ်ကြ၏။ အမျိုးသမီးများမှာ ဂျပ်ထဘီခပ်တိုတိုဝတ်ဆင်ကြ၏။ မိမိတို့ရိုးရာဂျပ်ခုတ်ထည်ကို ရက်လုပ်ကြ၏။ ဂျပ်စောင်တို့ကိုခြုံကြ၏။ အမျိုးသမီးများမှာ အင်္ကျီကိုတစ်ဖက်ဟပ်ဝတ်ဆင်ကြ၏။ အမျိုးသားများမှာမူ ရိုးရိုးလုံချည်ကိုဝတ်ဆင်ကြ၏။

အမျိုးသမီးတို့သည် လှော်ပလိုင်းထဲ၌ ဘူးသီးခွံရေဘူးများ၊ ထမင်းထုပ်များကိုထည့်ကာ တောင်ယာသို့တက်ကြ၏။ ကလေးများကိုမူ တဘက်ရှည်ဖြင့် ချည်နှောင်ကာ ဘေးတွင်လွယ်သိုင်းလျက် တောင်ယာသို့တက်ကြ၏။ သူတို့ကား လောဘနည်းကြ၏။ ဒေါသလည်းမများကြ။ မာန်မာနလည်းမရှိ။ လုပ်ကိုင်၍ရသလောက်နှင့်သာ ကျေနပ်ကြ၏။ ရောင့်ရဲတင်းတိမ်ကြ၏။ သူတို့ကား ပွင့်လင်းစွာ ပြောဆိုတတ်ကြ၏။ လုပ်ကိုင်တတ်ကြ၏။ စည်းကမ်းရှိကြ၏။ စောင့်စည်းကြ၏။ စည်းကမ်းဖောက်သူကို အပြစ်ဒဏ်ပေးကြ၏။

မအီရာနှင့် ကျော်လှတို့မှာ ... ကပ်ကပ်နေထိုင်လာကြ၏။ ချဉ်သီး... ဆားအတူထားက လျှာဖျားသွားရည်... တတ်၏။ အိုးချင်းနီးက အိုးချင်းထိ... ကြိုးချင်းနီးက ကြိုးချင်းငြိ၏။ တစ်ဦး... တစ်ဦး သံယောဇဉ်ဖြစ်လာကြ၏၊ ... ခင်လာကြ၏။ ချစ်ကြိုက်လာကြ၏။

"ဝေ ကျော်လှ၊ နင့်ကိုငါချစ်နေ... ဝေ့"

"အေး - မအီရာ၊ ငါလည်းနင့်... ချစ်နေပြီဟေ့။

နင့်ကျေးဇူးကြောင့် ငါအသက်ရှ... နေတာ၊ မအီရာ"

ချစ်သူနှစ်ဦးမှာ တစ်ဦးကိုတစ်... က မျက်စိအောက်က အပျောက်မခံ... သွားလျှင်လည်းအတူတူ၊ စားလျှင်လ... အတူတူ၊ နေလျှင်လည်းအတူတူနေ... ကြ၏။ တစ်နေ့တွင် မအီရာနှင့် ကျော်... တို့ ချိန်းတွေ့နေစဉ် မအီရာ၏မိခင်... မြင်သွားလေ၏။

ထိုအခါ မိခင်က -

"ဝေ အမူ၊ နင်ကျော်လှကို... ရဘူးလေ။ နင်မျိုးရိုးသစ္စာဓလေ့ကို... ထိန်းပါ အမူ"

"ဝေ အမိုး၊ ငါ ကျော်လှကိုချစ်... ပြီ၊ မခွဲနိုင်တော့ဘူးဝေ"

"ဝေ အမူ၊ နင့်ဖထီးသိရင် နင့်... ဒဏ်ခတ်လိမ့်မယ် သတိထား ဝေ"

သက်အမျိုးသားတို့၏ရိုးရာဓ... ထုံးတမ်းစဉ်လာမှာ မိမိတို့အမျိုးမှတစ်... မျိုးခြားများကို အိမ်ထောင်မပြုရ၊ ထ... သို့ ရိုးရာဓလေ့စည်းကမ်းချက်များ... ဖောက်ဖျက်လာခဲ့လျှင် ဖခင်ကိုယ်တိုင်... မိမိ၏ ချစ်သမီးကို အဆုံးစီရင်ပစ်ရ... သာဖြစ်၏။

တစ်နေ့တွင် ကျော်လှသည်... သက်လူမျိုးသူငယ်ချင်းတစ်ဦးနှင့် စ... လက်ဆုံကျရာမှ ယင်းစည်းကမ်းချ... များကို သိလာရ၏။ ကျော်လှမှာ ခေါ... နားပန်းကြီးသွားခဲ့လေ၏။ နှလုံးတုန်... ခုန်သွား၏။

"မအီရာ၊ နင်တို့မျိုးဓလေ့... မျိုးခြားတွေကို အိမ်ထောင်မပြုရဘူး... တာဟုတ်သလား"

"ဘယ်လိုစည်းကမ်းရှိရှိ ချစ်... က ချစ်တာပါပဲ ဝေ။ ငါသေချင်သေ... စေ ဝေ"

နှစ်ဦးသား ချစ်ကြိုးနှောင်ဖွဲ့... ခဲ့သည်မှာ ကြာခဲ့ပါပြီ။ အချစ်နယ်... နေပြီဖြစ်သဖြင့် နှစ်ဦးသားမှာ ခွဲ... သေပွဲဝင်ရန် အဆင်သင့်ရှိနေကြ...

www.burmeseclassic.com

www.burmeseclassic.com

ကြောက်ရွံ့တုန်လှုပ်ခြင်းကားမရှိကြ။

"မဒီရာ၊ ငါတို့ထွက်ပြေးကြစို့သား"

"ချစ်သူနဲ့အတူတူသာနေရရင်ပျော်တယ်ဝေ"

သူတို့၏အဖြစ်ကို မြင်တွေ့သွားသည့် ဖခင်ကြီးမှာ ဒေါသအမျက်ထွက်ချင်သော်လည်းမထွက်ဝံ့။ သူလည်းရာမှုကြီးလာသူမို့ သဘောထားကြီး၏။

နောက်တစ်နေ့နံနက်(၄)နာရီခန့်အချိန်။

ကျော်လှနှင့် မဒီရာ ချစ်သူနှစ်ဦးတို့သည် နေအိမ်မှတိတ်တဆိတ်ထွက်ခွာသွားခဲ့ကြ၏။ လင်းအားကြီးအချိန်တွင် သူတို့သည် တောတောင်ကြီးအထပ်ထပ်ကို ကျော်ဖြတ်လာခဲ့ကြလေပြီ။ သူတို့ထွက်ခွာသွားသည်ကို မည်သူကမျှမသိကြ။

လင်းစပြုလာသည့်အချိန် မိခင်ဖြစ်သူ ဒေါ်အိုဗီလာသည် သမီးအိပ်ခန်းထဲသို့ ဝင်ရောက်ကာ ကြည့်ရှုလေ၏။ သမီးကိုကား မတွေ့ရ။ အလားတူ ကျော်လှကိုလည်းမတွေ့ရ။

ထိုအခါ ဒေါ်အိုဗီလာက -

"အမူမရှိတော့ဘူးဝေ့၊ ကျော်လှလည်းမရှိတော့ဘူးဝေ့"

ဖခင်ဖြစ်သူ ဦးတေလာရန်းအား ပြောကြားလေ၏။

သူသည် တစ်ချက်မျှတွေဝေသွားခဲ့လေ၏။ ထို့နောက် သတိရလာကာ အရေးပေါ်အချက်ပေးသည့်မောင်းကြီးကို တီးခတ်လေ၏။ မောင်းသံကြားရသဖြင့် ရွာသားများသည် ရရလက်နက်ကိုကိုင်စွဲကာ စုဝေးရောက်ရှိလာကြ၏။ ဦးတေလာရန်းသည် ကျေးရွာကိုအုပ်ချုပ်သူလူကြီးဖြစ်၏။ သူသည် ရွာသားများအား ပြေးသူနှစ်ဦးနောက်သို့အမြန်လိုက်သွားကြရန် ပြောကြားလေ၏။

"တွေ့ရင်အသေပစ်သတ်လိုက်"

သူ၏အာဏာသည် အတည်ဖြစ်၏။

ကျော်လှ၏ မိသားစုဝင်တို့သည် ကျော်လှအား ရှာဖွေရန် တစ်တောဝင်ထွက်တစ်ကုန်းတက်ကာရှာဖွေလာကြ၏၊ သက်အမျိုးသားတို့၏ ကျေးရွာများသို့ ဝင်ရောက်ကာ မေးမြန်းစုံစမ်းခဲ့ကြသေး၏။ မတွေ့ရ။ ကျော်လှ၏မိဘနှစ်ပါးမှာ ဦးဘသာထွန်းနှင့် ဒေါ်အောင်ကြန်မေတို့ဖြစ်ကြ၏။ သားနှင့်ကွဲကွာသွားခဲ့သည်မှာ ခုနစ်လခန့်ရှိခဲ့လေပြီ။ သတင်းကိုလည်းမကြားရ။ ပြေးရင်းလွှားရင်းနှင့်ပင် လမ်းတွင် သေဆုံးခဲ့လေသလား။ သားကိုတွေ့ရနိုးနိုးနှင့်လိုက်လံရှာဖွေနေကြ၏။

တောင်ခိုးဝေဝေ မြူခြေဆိုင်းဆိုင်းတောအရိုင်းဝယ် ထင်တိုင်းသွားရောက်ခဲ့ပြီကော။

ကျော်လှတို့သည် တောကြီးအထပ်ထပ်၊ တောင်ကြီးအသွယ်သွယ်တို့ကိုဖြတ်သန်းကာပြေးလာကြ၏။ လွတ်မြောက်ပြီးအထင်နှင့် သစ်ပင်ကြီးတစ်ပင်အောက်တွင် အမောအပန်းဖြေနေကြ၏။

သက်အမျိုးသားတချို့သည် မဒီရာတို့ သွားလာတတ်သည့်လမ်းများကိုဖြတ်ဆိုင်းကာ ပိတ်ဆို့ထားလိုက်၏။ ထိုအကြောင်းအရာတို့ကို သူတို့ကား မသိကြ။ အေးအေးဆေးဆေး အနားယူကာအမောဖြေနေကြလေ၏။

သက်အမျိုးသားတချို့သည် မဒီရာတို့နားနေကြသည့်နေရာကို အဝေးကပင်မြင်တွေ့ကြ၏။ မဒီရာတို့ကား မသိရှာ။

"မျိုးဖျက်တဲ့ကောင်မ သေပေတော့"

"ဒိုင်း"

သေနတ်ကျည်ဆန်သည် မဒီရာကိုကား ထိမှန်ခြင်းမရှိဘဲ ကျော်လှအားထိမှန်သွားလေ၏။ မဒီရာသည် ကျော်လှအား ပွေ့ဖက်ကာထားလိုက်၏။

"မဒီရာ၊ ငါမနေရတော့ဘူး ဝေ"

"ငေ. . . ကျော်လှ၊ နင်မသေရဘူးဝေ၊ ငါဆေးကုပေးမယ်ဝေ"

ကျော်လှသည် မဒီရာ၏ လက်မောင်းကို တအားဖက်ကိုင်ထားလိုက်၏။

"ဩော် - မဒီရာ၊ ငါ့ကိုခွင့်ပြုပါတော့ဝေ"

ပြောရင်းဆိုရင်းနှင့်ပင် ကျော်လှကား ထွက်ခွာသွားလေပြီ။ ရွာသားများရောက်ရှိလာကြ၏။

"ငါ့ကိုလည်းပစ်သတ်လိုက်ပါလားဝေ"

"ဝေ ကျော်လှ. . . ကျော်လှ မရှိတော့ဘူးဝေ"

မဒီရာသည် ပွေ့ဖက်ကာငိုနေလေတော့၏။ မဒီရာသည် ကျော်လှအား ရင်ခွင်ထဲသို့ဆွဲတင်ကာ ပွေ့ထားလေ၏။

"ဝေ ကျော်လှ ကျော်လှ၊ ငါဘယ်လိုလုပ်ရတော့မှာလဲ ဝေ"

အော်ဟစ်ကာ ငိုကြွေးရှာလေ၏။

ကျော်လှထံမှ စီးကျလာသည့်သွေးများမှာ မဒီရာ၏ တစ်ကိုယ်လုံး၌ စွန်းထင်နေကြလေရဲ့။ သွေးအိုင်ထဲမှာ နှစ်ယောက်သားနစ်မြုပ်ကာနေကြ၏။

မဒီရာ၏မိဘများသည် ရောက်ရှိလာကြ၏။

"ဝေ ဖထီး၊ ငါ့ကိုပါတစ်ခါတည်းပစ်သတ်လိုက်ပါဝေ"

ကျော်လှ၏ မိသားစုဝင်များသည် သေနတ်သံကိုကြားရသဖြင့် ခြေထောက်များ တံ့ခနဲရပ်တန့်သွားကြ၏။ ဟိုဟိုသည်သည်လိုက်လံကြည့်ရှုကြ၏။ မဝေးသည့်တစ်နေရာတွင် လူတစ်စုကို မြင်ရသဖြင့် ရှေ့သို့တိုးကာတိုးကာလိုက်လာကြ၏။ ကျော်လှ၏မိသားစုဝင်များ အနီးသို့ရောက်လာကြ၏။ လူတစ်ယောက်သေနတ်ဒဏ်ရာဖြင့်သေနေသည်ကိုတွေ့ကြရ၏။ သေချာစွာကြည့်ကြသည့်အခါမှာကား သေဆုံးနေသူမှာ ကျော်လှဖြစ်နေ၏။

မိဘနှစ်ပါးသည် ကျော်လှ၏ အနားသို့ အပြေးအလွှား သွားရောက်ချဉ်းကပ်၍ -

"သား ကျော်လှ၊ ဘယ်လိုဖြစ်ကြတာလဲ သားရယ်။ ဖေဖေ၊ မေမေတို့လာပြီလေ ထကြည့်ပါဦးလား သားရယ်"

ကျော်လှ၏ ဖခင်သည် သား၏အလောင်းကို မဒီရာထံမှယူကာ ပွေ့ချီထားလိုက်၏။ မိခင်ကလည်း သားကလေး၏မျက်နှာကို အသာအယာပွတ်သပ်ပြီး အော်ဟစ်ကာ ငိုကြွေးရှာလေတော့၏။ သူ၏မိဘနှစ်ပါးနှင့်မိသားစုဝင်များမှာ ယူကျုံးမရအပူလုံးကြွလျက်ရှိကြ၏။ မဒီရာမှာလည်း ပို၍ပင်ငိုကြွေးလာလေတော့၏။

"အမေ ရင်ကျိုးရပါပြီ သားရယ်"

မြင်ရသူတို့ကား သနားလာကြ၏။ ဦးတေလာရန်းသည် စကားတစ်ခွန်းမှမပြော။ အံကြိတ်ကာနေလေ၏။ နောက်ဆုံးမှာ သူက -

"စည်းကမ်းမလိုက် သမီးမိုက်၊ သမီးမိုက်"

ရင်တွင်းမှာ ခံပြင်းသမျှ အော်ဟစ်ကာပြောဆိုလာလေ၏။

"ဝေ-ဖထီး ငါ့ကိုပါသတ်ပါတော့လားဝေ"

သူမက အော်ဟစ်ကာတောင်းဆိုနေပြန်ပါ၏။ သူမသည် ရင်ကွဲလုမတတ်ထုရိုက်ကာငိုကြွေးရှာလေ၏။

မဒီရာသည် ငိုရင်းငိုရင်းနှင့်ပင် သတိလစ်ပြီး မေ့မြောသွားလေတော့သတည်း။

မဟာနွယ် (မန်းဘဏ္ဍာ[illegible])



www.burmeseclassic.com

www.burmeseclassic.com

အကျဉ်းထောင်ထဲသို့ရောက်လာသူများကိုကြည့်လျှင် ပြစ်မှုတစ်မျိုးမျိုးကို ကျူးလွန်ခဲ့သူများဖြစ်နေလေသည်။ သူတို့သည် ဒေါသကြောင့် လည်းကောင်း၊ လောဘကြောင့် လည်းကောင်း၊ မောဟကြောင့် လည်းကောင်း၊ ရာဇဝတ်သားအဖြစ်သို့ရောက်ခဲ့ရသူများချည်းသာဖြစ်၏။ ဤလောက၌ ထိုဒေါသ၊ လောဘ၊ မောဟတရားများသာ လွှမ်းမိုးကြီးစိုးခဲ့ပါက မည်သူတစ်ဦးတစ်ယောက်မျှ အဆင်ခြင်ဉာဏ်ကင်းမဲ့ကာ ပြစ်မှုကျူးလွန်မိကြမည် မဟုတ်ပါချေ။

သို့တစေ -

လူတစ်ဦးသည် တစ်ဖက်သားအပေါ် ဒေါသလည်း အလျှင်းမရှိ၊ သူတစ်ပါး၏ပစ္စည်းဥစ္စာအပေါ် လိုချင်ရမက်လည်း လုံးဝမရှိ၊ မိမိကိုယ်ကိုမဆင်ခြင်နိုင်လောက်အောင် မောဟအမှောင်လွှမ်းမိုးခြင်းကိုလည်း စိုးစဉ်းမျှခံရခြင်းမရှိပါလျက် ပြစ်မှုကျူးလွန်မိခဲ့သည်ဆိုလျှင်ကား ယုံကြည်နိုင်ဖွယ်ရှိကြပါမည်လား။

ထိုကဲ့သို့သော အပြစ်သားများ အမှန်တကယ်ကောရှိနိုင်ပါမည်လား။

ရှိနိုင်ပါသည်။ ရှိလည်းရှိခဲ့ဖူးပါသည်။

ကျွန်ုပ် တာဝန်ကျသော ဗဟိုအကျဉ်းထောင်တစ်ခုတွင် ယင်းသို့ အချုပ်သားတစ်ဦးကို မယုံကြည်နိုင်ဖွယ် နဖူးတွေ့ဒူးတွေ့ဆုံစည်းခဲ့ပါသည်။

ထိုသို့ဆိုလိုက်သဖြင့် အဆိုပါအချုပ်သားမှာ လူသာမန်တို့တွင်ရှိအပ်သော ဆင်ခြင်တွေးခေါ်ဉာဏ်ရည်ချို့ယွင်းနေသူဟူ၍တော့ မထင်မှတ်လိုက်စေချင်ပါ။

ယင်းအချုပ်သားမှာ ခေတ်ပညာတတ်တစ်ဦးဖြစ်သည်သာမက လက်တွေ့ဘဝတွင်လည်း အနာဂတ်လူငယ်တို့၏အသိဉာဏ်ပညာတိုးတက်မြင့်မားရေးကို ဦးစီးဆောင်ရွက်ပေးနေသောကျောင်းဆရာတစ်ဦးလည်းဖြစ်နေပါလေသည်။

သို့ဖြစ်ပါလျက် အဘယ်ကြောင့် ဆင်ခြင်ဉာဏ်ကင်းစွာ အချုပ်သားတစ်ယောက်ဘဝသို့ ကျရောက်ခဲ့ရပါသနည်း။

ဤဇာတ်လမ်းသည် လွန်ခဲ့သော နှစ်သုံးဆယ်ခန့်က ခင်မင်ရင်းနှီးခဲ့သော ကျောင်းဆရာမက မိသားစုနေအိမ်သို့ အမှတ်မထင်ရောက်ရှိသွားမိရာမှ အလွန်ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းများနှင့် ကြုံတွေ့ပတ်သက်ခဲ့ရာမှ ကိုယ်တိုင်ပြစ်မှုကျူးလွန်သူဖြစ်မှန်းမသိဖြစ်ကာ တရားခံဖြစ်မှန်းမသိဖြစ်ခဲ့ရရှာသူ ကိုအောင်ပွင့်ဆိုသော ကျောင်းဆရာတစ်ဦးဖြစ်ရပါပေ။

အဆိုပါ ကိုအောင်ပွင့်ဆိုသူ အချုပ်သား၏ လျှို့ဝှက်ဆန်းကြယ်သော ဖြစ်ရပ်များသည်ကား -

*





www.burmeseclassic.com

www.burmeseclassic.com

"တစ်ခါတစ်ရံ လူတစ်ယောက်ဟာ ကိုယ်ဘာလုပ်လို့လုပ်မိမှန်းမသိဘဲ တရားခံဖြစ်ရတာမျိုးတွေ့ဖူးလားဆရာ"

တစ်နေ့နံနက်ပိုင်းတွင်ဖြစ်၏။

ကျွန်ုပ်သည် ထိုနေ့၌ လွှတ်ရက်စေ့ရောက်သော အကျဉ်းသားများကို စိစစ်လွှတ်ပေးပြီးချိန်တွင် ထောင်မှူးကြီးဦးစိုးလှိုင် ရောက်လာကာ အထက်ပါအတိုင်း မေးလိုက်ခြင်း ဖြစ်၏။

"အင်း - ဒါမျိုးတွေက အသိပညာဗဟုသုတ မဲ့တဲ့လူမျိုးတွေမှာအဖြစ်များတတ်ကြတာပဲဗျ"

ကျွန်ုပ်က မယုတ်မလွန်ဖြေလိုက်မိသည်။

"ဒါပေမယ့် အခုအချုပ်သားက ပညာတတ်တစ်ယောက်ဖြစ်နေတယ်ဆရာ။ ပညာတတ်တာမှ ဘွဲ့ဒီဂရီသုံးခုတောင်ရထားတဲ့အထက်တန်းပြကျောင်းဆရာတစ်ဦးဖြစ်နေလို့ပါ ဆရာ"

"ဟုတ်လားဗျ၊ ဒါနဲ့ သူကဘယ်လိုဖြစ်မှုမျိုးတွေကျူးလွန်မိလို့ အချုပ်သားဖြစ်ရတာတဲ့လဲ"

ကျွန်ုပ်အံ့အားတသင့်မေးမိသည်။

"စွဲတပ်ထားတဲ့ဖြစ်မှုဆိုင်ရာပုဒ်မတွေက သုံးခုတောင်ဆရာ၊ ပုဒ်မ (၄၄၃) ရယ်၊ (၄၄၄) ရယ်၊ (၄၄၅) ရယ်ပါ"

"ဟာ - ဒါတွေက အိမ်ကျော်နင်းမှု၊ အိမ်ဖောက်ထွင်းမှုနဲ့ဆိုင်တဲ့ပုဒ်မတွေပဲဗျ။ ဘယ့်နှယ်လုပ်ပြီး ဒီကျောင်းဆရာက ဒါမျိုးတွေကျူးလွန်ရတာလဲဗျာ"

"ကျွန်တော် အဲဒီအထိတော့ သူ့ကို မမေးကြည့်ရသေးဘူး ဆရာ၊ ဒီနေ့ လူသစ်ကြည့်ရမှာမဟုတ်လား၊ အဲဒီတော့မှ ဆရာကိုယ်တိုင်မေးကြည့်ရင်ပိုကောင်းမယ်ထင်တယ်"

ကျွန်ုပ်က ပြုံးလျက်နေရာမှ ထလိုက်သည်။

"အင်း - ကိုစိုးလှိုင်ကတော့ စိတ်ဝင်စားအောင်လုပ်နေပြန်ပြီ"

အကျဉ်းထောင်လောကမှ ကမ္ဘာ့ရဆန်းသော ဖြစ်ရပ်ဆန်းများ

# ပီတာမြူဒိုး

ဒလ္လာရိဂမ္ဘီရ



"ဒီအမှုက တကယ်လည်းစိတ်ဝင်စားစရာကောင်းမယ်ထင်တယ် ဆရာ"

"ဒါနဲ့ အဲဒီအချုပ်သားနာမည်က ဘယ်သူတဲ့လဲဗျ"

"အောင်ပွင့်တဲ့ဆရာ"

ကျွန်ုပ်ခေါင်းညိတ်ပြကာ အချုပ်ဆောင်ဆီသို့ လျှောက်ဝင်လာခဲ့၏။

အကျဉ်းထောင် တာဝန်ခံအရာရှိ (ထောင်ပိုင်) ၏ များပြားလှစွာသော တာဝန်ဝတ္တရားများအနက် လူသစ်ကြည့်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်၏။ တစ်နည်းဆိုရသော် ထောင်အတွင်းသို့ ရောက်လာသော အကျဉ်းသား၊ အချုပ်သားများကို တစ်ဦးချင်းတစ်ယောက်ချင်း ကိုယ်တိုင်အင်တာဗျူးလုပ်ရခြင်းပင်ဖြစ်၏။

သို့မှသာ မိမိတာဝန်ယူအုပ်ချုပ်ရသော အကျဉ်းထောင်တွင် မည်သို့သော ရာဇဝတ်သားများရောက်ရှိနေသည်ကို သိရှိနိုင်ပြီး အကျဉ်းထောင်လုံခြုံရေးအတွက်ပါ အထောက်အကူပြုမည် မဟုတ်ပါလား။

ကျွန်ုပ် ရောက်ရှိသွားချိန်ဝယ် အချုပ်ဆောင်တာဝန်ခံ ထောင်မှူးက ထောင်ပုံစံ (၂၆) ခေါ် အချုပ်သားမှတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

တင်စာအုပ်ကြီးတွင် ထိုနေ့စစ်ဆေးကြည့်ရမည့် အချုပ်သားများ၏ ကိုယ်ရေးအချက်အလက်များအသင့်ရေးသွင်းထားကာ တင်ပြသည်။

သူကပင် ဦးဆောင်လျက် အချုပ်သားတစ်ဦးချင်းခေါ်ကာ ထောင်နံပါတ်၊ အမည်၊ အဘအမည်၊ ကျူးလွန်ခဲ့သော ပုဒ်မ စသည်တို့ကို မေးမြန်းသည်။ အချုပ်သားက တစ်ခုချင်းလိုက်ဖြေသည်။

ကျွန်ုပ်ကမူ ထောင်ပုံစံ (၂၆)တွင် ရေးသွင်းထားချက်များနှင့် ကိုက်ညီမှုမရှိ တိုက်ဆိုင်စစ်ဆေးရ၏။ သူတို့ကျူးလွန်ခဲ့သောအမှုများမှာ ထုံးစံအတိုင်း ခိုးမှု၊ လုယက်မှု၊ ဓားပြမှု၊ မုဒိမ်းမှု စသည်တို့သာများလေသည်။ တချို့မှာ ယခုတစ်ကြိမ်သာ ထောင်သို့ရောက်ဖူးပြီး တချို့ အချုပ်သားများမှာ ယခင်က ထောင်ကျဖူးသောအကျဉ်းသားဟောင်းများဖြစ်နေသည်ကို တွေ့ရ၏။

အမှတ်စဉ် (၂၂) သို့ ရောက်မှ အောင်ပွင့်ဆိုသူအား တွေ့ရ၏။ ပညာတတ် ကျောင်းဆရာတစ်ယောက်ဖြစ်သည့်အားလျော်စွာ အခြားအချုပ်သားများနှင့်မတူဘဲ ဥပမိရုပ်ကြည့်ကောင်းလှသူ ဖြစ်၏။

အသက် (၄၂) နှစ်၊ အသားဖြူဖြူ မျက်နှာသွယ်သွယ်နှင့်ဖြစ်၏။ ကိုယ်နှုတ်အမူအရာသိမ်မွေ့ကာ အသံသြဇာနှင့် ပြည့်စုံသူလည်း ဖြစ်၏။ အိမ်ကျော်နင်းမှု၊ အိမ်ဖောက်ထွင်းမှုကျူးလွန်၍ အချုပ်ခံနေရသော်လည်း ထိုပုဒ်မများမှာ သူ၏ ဥပမိရုပ်နှင့်မည်သို့မျှ ဆက်စပ်၍မရပေ။

ကျွန်ုပ်က သူ၏ကိုယ်ရေးအကျဉ်းကို ဦးစွာမေးမြန်းပြီးမှ အမှုဖြစ်စဉ်ကို တီးခေါက်ကြည့်မိသည်။

သူက တစ်ချက်ပြုံးပြလိုက်ကာ-

"ကျွန်တော်ကျူးလွန်ခဲ့တဲ့ပုဒ်မတွေကတော့ အချုပ်ရမန်မှာပါတဲ့အတိုင်းပါပဲခင်ဗျာ"

သူက အေးဆေးစွာဖြေသည်။

ကျွန်ုပ်က -

"ခင်ဗျားကိုတပ်ထားတဲ့ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မတွေက သုံးခုတောင်နော်"

"ဟုတ်ပါတယ်"

"တစ်ခုက ပုဒ်မ (၄၄၃) ပုန်းလျှိုးအိမ်ကျော်နင်းမှု၊ နောက်တစ်ခုက ပုဒ်မ (၄၄၄)ညဥ့်အချိန်ပုန်းလျှိုးအိမ်ကျော်နင်းမှု၊ ပြီးတော့ ပုဒ်မ (၄၄၅) အိမ်ဖောက်ထွင်းမှုတဲ့ ဟုတ်လားဗျ"

"ဟုတ်ပါတယ် ဆရာ"

"နို - တကယ်ကော အဲဒီပြစ်မှုတွေကို ခင်ဗျားကျူးလွန်ခဲ့မိလို့လား"

ကျွန်ုပ်က တွေးတွေးဆဆမေးလိုက်သည်။

သူက ခေတ္တစဉ်းစားဟန်ပြုကာ -

"ဟုတ်ကဲ့၊ တကယ်ကျူးလွန်ခဲ့မိလို့လည်း အခုလို အချုပ်ခံနေရတာပေါ့ ဆရာ"

သူ့အဖြေကို ကျွန်ုပ် အံ့အားသင့်သွားမိသည်။ စိတ်ထဲကမူ တကယ်မကျူးလွန်ရပါဘဲလျက်နှင့် အချုပ်အနှောင်ခံနေရသည်ဟု ဖြေဆိုမည်ထင်ထား၍ဖြစ်၏။ အိမ်တစ်အိမ်ကို ညအချိန် ဖောက်ထွင်းမှုဆိုသည်မှာ ထိုအလုပ်ကိုကျွမ်းကျင်သူ၊ ကျူးလွန်လေ့ရှိသူ၊ ပြစ်ချက်ဟောင်းရှိသူ လူဆိုးသူဆိုးများသာ ကျူးလွန်တတ်သည် မဟုတ်ပါလား။

ယခုမူ ဆရာအောင်ပွင့်ဆိုသူ အထက်တန်းပြကျောင်းဆရာတစ်ဦးဖြစ်နေလေရာ ယုံကြည်ဖွယ်ရှိနိုင်ကြပါမည်လား။

"ဒီမှာ ဆရာအောင်ပွင့်၊ သူတစ်ပါးအိမ်ကို ညဥ့်အချိန်ဖောက်ထွင်းတယ်ဆိုတာ အဲဒီအိမ်ထဲက အဖိုးတန်ပစ္စည်းတစ်ခုခုကို လိုချင်လောဘနဲ့ ကျူးလွန်ကြတာဗျ။ ခင်ဗျားတော့ အဲလိုမဟုတ်ဘူး ထင်ပါရဲ့"

ကျွန်ုပ်က မယုတ်မလွန် မေးမိသည်။

ဆရာအောင်ပွင့်က မျက်လုံးထောင့်ကပ်၍စဉ်းစားဟန်ပြု၏။ ပြီးမှ -

"ကျွန်တော်ကတော့ လိုချင်လောဘစိတ်မျိုးနဲ့မဟုတ်ပေမယ့်လည်း အရေးကြီးတဲ့ပစ္စည်းတစ်ခုအတွက်နဲ့ သူတစ်ပါးအိမ်ကို ကျူးကျော်ဝင်ရောက်ခဲ့မိတာတော့ အမှန်ပါပဲ ဆရာ"

ကျွန်ုပ်ထပ်ဆင့်အံ့အားသင့်မိပြန်သည်။ ဤကျောင်းဆရာဆိုသူသည် အမှန်တကယ်ပြစ်မှုကျူးလွန်ခဲ့သူပါလားဟုလည်း တရားကျမိပါလေသည်။

သို့တစေ စိတ်ထဲကတော့ မယုံကြည်နိုင်သေးပါချေ။

"ဒါနဲ့ ဟိုအရေးကြီးတဲ့ပစ္စည်းတစ်ခုဆိုတာကဘာလဲဗျ"

ဆရာအောင်ပွင့်က ပျာပျာသလဲ လက်ကာပြကာ -

"အဲဒီကိစ္စကိုတော့ သည်းခံပါ ဆရာ၊ အနန်းက ကျွန်တော့်ကို ဘယ်သူ့ကိုမှမပြောဖို့ အတန်တန်တောင်းပန်ထားလို့ပါ"

"ဟုတ်လားဗျ၊ ဒါနဲ့အနန်းဆိုတာက ဘယ်သူလဲ"

"ဗျာ - အဲဒါက. . ."

ကျွန်ုပ်မေးခွန်းကြောင့် သူအလွန်အံ့အားသင့်သွားဟန် မျက်လုံးကြီးများပြူးဝိုင်းလျက်ကြည့်နေသည်။ ပညာရှိသတိဖြစ်ခဲဆိုသလို ဆရာအောင်ပွင့်လည်း မပြောသင့်သေးသည့် စကားကို နှုတ်ကျွံမိသွားခြင်းကြောင့် ဖြစ်ပေမည်။

အတန်ငယ်ကြာမှ စိတ်ဆုံးဖြတ်လိုက်ဟန်ဖြင့် -

"ဟုတ်ကဲ့၊ ဒီအကြောင်းတွေပြောပြဖို့က နည်းနည်းရှည်ပြီး ရှုပ်လည်းရှုပ်မယ်ထင်တယ်ဆရာ"

"ရပါတယ်ဗျာ၊ ကျွန်တော် ဒီနေ့ အချိန်ရပါတယ်။ ပြောသာပြောပါ"

ကျွန်ုပ်က သိချင်စိတ်ကြောင့် သူ့ကို လှုံ့ဆော်လိုက်မိသော်လည်း နောက်ဘက်ကိုတော့ မသိမသာလှည့်ကြည့်လိုက်မိသေး၏။ ငါ့ကိုဘယ်သူများလာခေါ်လေမလဲလို့ပေါ့လေ။ မတစ်ထောင်သားတို့ စုဝေးရာ အကျဉ်းထောင်ဟူသည် အချိန်မရွေးပြဿနာပေါ်လာနိုင်သည်မဟုတ်ပါလား။

ဆရာအောင်ပွင့်ကစပြောသည်။

"ကျွန်တော် လွန်ခဲ့တဲ့ နှစ်အစိတ်လောက်က ရန်ကုန် မင်္ဂလာတောင်ညွန့်မြို့နယ်က မူလတန်းကျောင်းတစ်ကျောင်းမှာ ကျောင်းဆရာလုပ်ခဲ့ဖူးတယ် ဆရာ၊ အဲဒီကျောင်းမှာ ဆရာမ ဒေါ်ညိုညိုဆို တာရှိတယ်။ ကျွန်တော့်ထက် အသက် ဆယ်နှစ်လောက်ကြီးတဲ့အပျိုကြီးဆိုပါ တော့။ သူက ရေကျော်ထဲမှာနေတာ နှစ်ထပ်တိုက်အိမ်ကြီးနဲ့ပေါ့။ အိမ် အောက်ထပ်မှာ ဆေးလိပ်ခုံရှိတယ် နိုင်ငံခြားကို Export လုပ်တဲ့ ဆေးပြင်း လိပ်တွေလိပ်တဲ့လုပ်ငန်းပေါ့ ဆရာ ဆေးလိပ်သမ သုံး၊ လေးဆယ်လောက် လုပ်ငန်းကအတော်လေးကျယ်ပြန့်ပုံပါ ဆရာ"

"အင်း"

"အပေါ်ထပ်မှာတော့ ဆရာမ မိသားစုတွေနေကြတာပေါ့လေ။ ဆရာမ ရဲ့ မိဘနှစ်ပါးရယ်၊ အစ်ကိုနှစ်ယော အစ်မတစ်ယောက်နဲ့ဆိုပါတော့။ အား လုံးက ကိုယ်ပိုင်လုပ်ငန်းကိုယ်စီနဲ့ ဆရာမတစ်ယောက်တည်းပဲ ကွ အစိုးရဝန်ထမ်းဖြစ်နေတာပေါ့။ သူ မိသားစုထဲမှာ အစ်ကိုအကြီးဆုံးက အားလုံး လူပျိုကြီး၊ အပျိုကြီး အစ်ကိုကြီးမှာတော့ သမီးတစ်ယော ထွန်းကားတယ်။ ကလေးမကလေး



www.burmeseclassic.com

www.burmeseclassic.com

သမီး(၅)နှစ်လောက်ကတည်းကဆုံးသွားပြီတဲ့ဆရာ"

"ဪ"

"ကျွန်တော် ဆရာမဒေါ်ညိုညိုနဲ့ ခင်မင်ပြီး သူတို့အိမ်မကြာခဏရောက်သွားရာက မိသားစုဝင်အားလုံးနဲ့ရင်းရင်းနှီးနှီးဖြစ်လာတယ်။ အဲဒီထဲမှာ အရင်းနှီးဆုံးက ခြောက်တန်းရောက်နေပြီဖြစ်တဲ့ အစ်ကိုကြီးရဲ့သမီးလေးနဲ့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်အဲဒီအိမ်ရောက်တိုင်း သူ့ကျောင်းကအိမ်စာတွေလာလာပြပြီးလုပ်ခိုင်းလို့ပါပဲ။ သူ့နာမည်က ခင်နန်းမြင့်တဲ့။ အားလုံးကတော့ အနန်းလို့ ခေါ်ကြတယ်တဲ့ ဆရာ"

ကျွန်ုပ်ခေါင်းညိတ်ပြလိုက်သည်။

"အင်း - နားလည်ပြီ၊ ဒါဆို အခုအမှုက အဲဒီအနန်းဆိုတဲ့မိန်းကလေးနဲ့ဆက်နွှယ်နေတာများလား"

"ဟုတ်ကဲ့၊ ဆက်နွှယ်နေရုံမဟုတ်ပါဘူး။ အနန်းနဲ့တိုက်ရိုက်ပတ်သက်နေတာပါဆရာ"

"ဟုတ်လား၊ အင်း - ဆက်ပါဦး"

"ကျွန်တော် ဘွဲ့ရပြီးတဲ့နောက် ပညာရေးတက္ကသိုလ်တက်တဲ့အချိန်ကစပြီး ဆရာမတို့နဲ့ အဆက်အသွယ်ပြတ်သွားခဲ့တယ်။ အဲဒီနောက် အထက်တန်းပြဆရာဖြစ်ပြီး အနယ်နယ်အရပ်ရပ်ရောက်၊ အိမ်ထောင်တွေဘာတွေကျနဲ့ နှစ်ပေါင်းအစိတ်လောက် ရန်ကုန်မြေကိုတစ်ခေါက်မှကို ပြန်မရောက်နိုင်ခဲ့တော့ဘူး။ အဲဒါ မနှစ်က ကျောင်းပြန်ဖွင့်ချိန်ကျမှပဲ အင်းစိန် အ-ထ-ကကို ပြောင်းရွှေ့လာခဲ့ရတယ်။ ဒါပေမယ့် ကျောင်းကိစ္စ၊ အိမ်ကိစ္စတွေနဲ့ အလုပ်ရှုပ်နေသေးတာနဲ့ ဆရာမတို့ဆီမရောက်ခဲ့နိုင်သေးဘူးလေ။ ပြီးခဲ့တဲ့ ခြောက်လလောက်မှ ဆရာမတို့ ရေကျော်အိမ်ကိုရောက်သွားတော့မှ ကျွန်တော်လုံးဝမျှော်လင့်မထားတဲ့ သတင်းဆိုးတွေကို ကြားလိုက်ရပါတော့တယ် ဆရာ"

"ဟုတ်လား၊ ဘယ်လိုသတင်းဆိုးမျိုးတွေများလဲဗျ"

ကျွန်ုပ်အလောတကြီးမေးကြည့်မိသည်။

ဆရာအောင်ပွင့်က ရှည်လျားသော သက်ပြင်းမောတစ်လုံးက မှုတ်ထုတ်လိုက်ပြီးမှ -

"အင်း - ဖြစ်ရပ်ကပြန်ပြောပြရမှာတောင် အားမရှိလှပါဘူး ဆရာရယ်။ ဒီလိုပါ။ ကျွန်တော်အဲဒီအိမ်ရောက်သွားတော့ အိမ်အောက်ထပ်က အတွင်းသစ်



သားတံခါးတွေရော အပြင်ဘက်ဂျာတံခါးတွေကိုပါ သော့ခလောက်ကြီးတွေခတ်လျက်နဲ့ တွေ့လိုက်ပါတော့တယ်။ ဒါနဲ့ အနီးပတ်ဝန်းကျင်ကလူတွေဆီစုံစမ်းမေးမြန်းကြည့်တော့မှ ဖြစ်ရပ်ဆိုးတွေကိုကြားသိရတော့တာပါပဲ။ ဒီလိုပါဆရာ။ လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်မှာ ဆရာမတို့မိဘနှစ်ပါးလူကြီးရောဂါနဲ့ရှေ့ဆင့်နောက်ဆင့်ဆုံးပါးသွားခဲ့ကြတယ်တဲ့။ အဲဒီကတည်းက ဆေးပြင်းလိပ်လုပ်ငန်းလည်း တဖြည်းဖြည်းကျဆင်းလာပြီး နောက်ဆုံးမှာ ရပ်ဆိုင်းပစ်လိုက်ရတယ်တဲ့။ အဲဒါနဲ့ မိသားစုတွေ စိတ်ညစ်တာနဲ့ စိတ်ပြေလက်ပျောက် အညာဘုရားဖူးထွက်ကြတယ်တဲ့။ အစ်ကိုကြီးကတော့ သူ့သမီးအနန်းနေမကောင်းနေတာနဲ့လိုက်မသွားနိုင်ခဲ့ဘူးတဲ့။ ကံဆိုးချင်တော့ ဘုရားဖူးကအပြန် လမ်းမှာ ကားမှောက်ပြီး အစ်မရယ်၊ အစ်ကိုရယ်၊ ဆရာမတို့သုံးယောက်စလုံး ပွဲချင်းပြီးသေဆုံးသွားခဲ့ကြတယ်တဲ့။ အဲဒီသတင်းကြားလိုက်ရတော့ နဂိုက နှလုံးရောဂါအခံရှိတဲ့ အစ်ကိုကြီးခမျာလည်း ရောဂါဖောက်လာပြီး ကွယ်လွန်သွားရှာသတဲ့ဆရာ။ ဒါဆို အနန်းတစ်ယောက်ကောဘယ်ရောက်နေသလဲ မေးကြည့်တော့မှ အတော်ရင်ဆို့စရာကောင်းတဲ့သတင်းကို ကြားလိုက်ရပြန်ပါတယ်ဆရာ"

"ဘယ်လိုရင်ဆို့စရာသတင်းများလဲဗျ"

"အနန်းတစ်ယောက် ဦးလေး၊ ဒေါ်လေးတွေရဲ့ အမင်္ဂလာသတင်းဆိုးကြောင့် ဝမ်းနည်းကြေကွဲနေရတဲ့ကြားထဲ အဖေပါ နှလုံးရောဂါထပြီး ရုတ်တရက်ဆုံးသွားတာဆိုတော့ ပရိဒေဝသောကမီးတောက်လောင်တာ ခံနိုင်ရည်မရှိတော့ပဲ စိတ်ဖောက်ပြန်သွားလို့ စိတ်ရောဂါကုဆေးရုံကြီးမှာရောက်နေသတဲ့ ဆရာရယ်"

"အေးဗျာ၊ သူတို့မိသားစုအဖြစ်က ဆိုးလိုက်တာဗျာ။ ကြားရတာ့အောင် အတော်ကြေကွဲမိပါရဲ့။ အင်း-ဆက်ပြောပါဦး ဆရာအောင်ပွင့်"

ဖြစ်ရပ်ကို ပြန်ပြောပြရင်း မျက်ရည်ဝဲလာသော ဆရာအောင်ပွင့်က တံတွေးတစ်ချက်မျိုချလိုက်လေသည်။

"ကျွန်တော်လည်း အတော်စိတ်မချမ်းမသာဖြစ်တာနဲ့ အနန်းတစ်ယောက် ဘယ်လိုဝေဒနာမျိုးခံစားနေရမလဲဆိုပြီး ဆေးရုံလိုက်သွားကြည့်မိတယ်။ ဟိုတုန်းကတည်းက ကျွန်တော့်ထက် အသက်ဆယ်နှစ်ကျော်လောက်ငယ်တဲ့ အနန်းဟာ ခုတော့ အသက်သုံးဆယ်ကျော်နေပြီပေါ့လေ။ အနန်းက ကျွန်တော့်ကိုတွေ့တွေ့ချင်းတော့ ဘယ်သူလဲဘယ်ဝါလဲ၊ မသိဘူး၊ ထွက်သွားစမ်းဆိုပြီး အော်ကြီးဟစ်ကျယ် မောင်းထုတ်နေသေးတယ် ဆရာ။ နောက်အတော်လေးကြာမှ သူ့အမူအရာတွေ၊ အသံတွေ နူးညံ့ပျော့ပျောင်းလာပြီး လေသံတိုးတိုးနဲ့ -

'ဒါ. . . ဒါဆရာအောင်ပွင့်မဟုတ်လား' တဲ့မေးလာပါတယ်။ ကျွန်တော်လည်း မယုံကြည်နိုင်အောင် အံ့ဩဝမ်းသာသွားပြီး ခေါင်းညိတ်ပြလိုက်မိတယ်။

အနန်းက -

'ဝမ်းသာလိုက်တာ ဆရာရယ်'

လို့ ပြောရင်း ဘေးဘီကို လှည့်ကြည့်ပြီး လေသံတိုးတိုးနဲ့ -

'အနန်းကို တစ်ခုလောက်ကူညီပါလား ဆရာ'

လို့ ပြောတယ်။ သူက ရေကျော်အိမ်မှာရှိတဲ့ အရေးကြီးတဲ့ပစ္စည်းတစ်ခုယူပေးဖို့ပြောတယ်။ အဲဒီပစ္စည်းရှိတဲ့နေရာအတိအကျကိုပါ ပြောပြတယ်။ ပြီးတော့ သော့သုံးချောင်းထုတ်ပေး[illegible]။ နှစ်ချောင်းက အိမ်ရှေ့[illegible]မကြီးက သော့တွေဖြစ်ပြီး ကျန်တစ်ချောင်းကတော့ အရေးကြီးပစ္စည်းထားတဲ့နေရာကသော့တဲ့ ဆရာ။ ပြီးမှ သူကပြောသေးတယ်။

အနန်းဘဝမှာ ဆရာကလွဲလို့ ယုံကြည်စိတ်ချရတဲ့သူဘယ်သူမှမရှိတော့ဘူးတဲ့။ ဒါကြောင့် ဆရာ့ကို အားကိုးပါရစေ။ ပြီးတော့ ဒီပစ္စည်းဟာ အနန်းဘဝမှာ အလွန်အရေးကြီးလွန်းတာကြောင့် ဒီကိစ္စကို ဘယ်သူ့ကိုမှမပြောဘဲ လျှို့ဝှက်ထားဖို့ ကတိပေးပါဆရာတဲ့။

ကျွန်တော်က ဆရာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တယ်ကွယ်လို့ ပြန်ပြောလိုက်တယ်။ ဒီတော့ အနန်းက ဝမ်းသာလိုက်တာ ဆရာရယ်ဆိုပြီး အရုပ်ကြိုးပြတ်လဲကျပြီး သတိမေ့သွားပါလေရော ဆရာ"

"ဟုတ်လား"

"ကျွန်တော်လည်း အချုပ်ခန်းသံတိုင်တွေထဲက အနန်းကို ဘာမှမကူညီနိုင်တာနဲ့ တာဝန်ကျဝန်ထမ်းတွေဆီ ပြေးအကူအညီတောင်းရတယ်။ ချက်ချင်းပဲ ဆရာဝန်နဲ့ သူနာပြုဆရာမတွေ အချုပ်ခန်းကဲဝင်ပြီး အနန်းကို ဆေးထိုး၊ ဆေးသွင်းနဲ့ ပြုစုလိုက်ကြတာ ခဏကြာတော့ အနန်းဟာ ပကတိလူကောင်းတစ်ယောက်လိုပြန်ဖြစ်သွားတယ်ဆရာ။ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲဗျ"

"ဒါပေမယ့် သူကျွန်တော့်ကိုလုံးဝမမှတ်မိတော့ပါဘူး။ မမှတ်မိတဲ့အပြင် သူနဲ့စတွေ့တုန်းကလို ကျွန်တော့်ကို ဘယ်သူလဲဘယ်ဝါလဲထွက်သွားစမ်းပြောပြီး အော်ကြီးဟစ်ကျယ်မောင်းထုတ်ပြန်ပါလေရော ဆရာ"

"အင်း - ဦးလေး၊ ဒေါ်လေးတွေ တင်မက အဖေပါ ရုတ်တရက် ဆုံးပါးသွားလို့ စိတ်ဖောက်ပြန်ပြီး စိတ်ကျန်းမာရေးဆေးရုံအထိပို့ထားခံရတဲ့ အနန်းဟာ ဆရာအောင်ပွင့်နဲ့တွေ့မှ တကယ်အရေးကြီး လျှို့ဝှက်အပ်တဲ့ကိစ္စကို ဖွင့်ပြောနိုင်ခဲ့တယ်။ ပြီးတော့ သတိမေ့ရာက ပြန်ကောင်းလာတော့ ခင်ဗျားကို လုံးဝမမှတ်မိတော့ပြန်ဘူး။ ဒါဟာ အင်မတန် အံ့ဩစရာကောင်းပြီး ယုံကြည်လက်ခံနိုင်ဖို့ အတော်ခဲယဉ်းတဲ့ဖြစ်ရပ်ပဲဗျ"

"ဟုတ်ပါတယ် ဆရာ။ ဒါကြောင့် လည်း ကျွန်တော်ဆရာဝန်ကြီးနဲ့ဝင်တွေ့ပြီး အဲဒီကိစ္စကိုမေးကြည့်ပါတယ်။ ဆရာဝန်ကြီးက -

'ဝေဒနာရှင်ရဲ့စိတ်ဆိုတာ သာမန်လူကောင်းတစ်ယောက်လို မတည်ငြိမ်တတ်ဘူးဗျ။ တစ်ခါတစ်ရံမှာ သူမျှော်လင့်မထားတဲ့အရာတစ်ခုကို ရုတ်တရက် တိုက်တိုက်ဆိုင်ဆိုင်တွေ့လိုက်ရရင် မေ့မြောနေတဲ့အတိတ်ပုံရိပ် ချက်ချင်းသတိပြန်ရတတ်တယ်ဗျ။ ဒါပေမယ့် ဒါဟာ ရေပွက်ထသလို တဒင်္ဂခဏတာပါပဲ။ ပြီးတော့လည်း ပျောက်ကွယ်လွင့်စဉ်သွားတတ်တာပါပဲ။ အခု မနန်းရဲ့စိတ်ကလည်း အဲလိုမျိုးခံစားခဲ့ရတာပါ။ ခုမှတ်မိလိုက်၊ ခုပြန်ပျောက်သွားလိုက်ပေါ့လေ' လို့ မှတ်ချက်ပြုတယ်ဆရာ"

"...းဗျာ - ...တစ်ခု ယုတ်ကိုးဆယ်၊ အကျယ်တစ်ရာ့နှစ်ဆယ်လို့ဆိုထားတယ်မဟုတ်လား။ လူ့စိတ်ဆိုတာက နက်နဲသလောက်လျှို့ဝှက်ဆန်းကြယ်တတ်တာပဲလေ"

ကျွန်ုပ်က အနန်း၏အဖြစ်ကို သုံးသပ်ကြည့်မိသည်။ ပြီးမှ-

"ဒါနဲ့ ခင်ဗျားအမှုဖြစ်လာတာကို ပြောပြစမ်းပါဦး"

"ဟုတ်ကဲ့၊ ကျွန်တော် အနန်းဆီက ပြန်လာပြီး နောက်တစ်နေ့ည သန်းခေါင်မှာ ပါလာတဲ့ သော့နှစ်ချောင်းနဲ့ အိမ်ရှေ့သံတာဂါတံခါးနဲ့ သစ်သားတံခါး သော့ခလောက်တွေကိုဖွင့်ပြီး ပတ်ဝန်းကျင်မှာ လူခြေတိတ်တုန်း အသာလေး ဝင်ခဲ့မိတယ်။ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး အနန်းမှာလိုက်တဲ့အတိုင်း နောက်ဖေးမီးဖိုချောင်နံရံမှာရှိတဲ့ မြေအောက်ခန်းလျှို့ဝှက်တံခါးကိုရှာရတယ်။ အဲဒါကို တော်တော်နဲ့ရှာမတွေ့နိုင်ဘူး။ လျှို့ဝှက်ဆိုတဲ့အတိုင်း ရုတ်တရက် မမြင်နိုင်အောင် ဖန်တီးထားတာလေ။နောက်ဆုံး ကြောင်အိမ်ကိုအသာမ,ရွှေ့ကြည့်မှ မြေအောက်ခန်းထဲဆင်းတဲ့ လျှို့ဝှက်တံခါးပေါက်ကို တွေ့ရတော့တယ်။ ကျွန်တော်လည်း ကျန်တဲ့သော့တစ်ချောင်းနဲ့ ခတ်ထားတဲ့ သော့ခလောက်ကိုဖွင့်မယ်လုပ်တော့ အိမ်ရှေ့ဘက်က လူသံသူသံတွေကြားတာနဲ့ အသာနားစွင့်နေမိတယ်။ အဲဒီအချိန် -

"အိမ်ထဲမှာဘယ်သူလဲ၊ ချက်ချင်း ထွက်ခဲ့စမ်း"

ဆိုတဲ့ အသံကြားရတာနဲ့ ကြောင်အိမ်ကို သူနေရာအတိုင်းပြန်ရွှေ့ထားခဲ့ပြီးတံခါးမကြီးဆီထွက်လာခဲ့တယ်။ ကျွန်တော် ရဲတပ်ဖွဲ့ဝင်တွေနဲ့ ရပ်ကွက်လူကြီးတွေ ရောက်နေတာ တွေ့လိုက်ရတယ်။ ရဲတွေက ကျွန်တော့်လက်ထဲက သော့တွေကိုတောင်းတာနဲ့ တံခါးမကြီးသော့နှစ်ချောင်းကိုထုတ်ပေးလိုက်တယ်။ ကျန်တဲ့လျှို့ဝှက်တံခါးသော့ကိုတော့ ကိုယ်ပိုင်သော့လိုလိုနဲ့ အတွင်းအိတ်ထဲ အသာပြန်ထည့်ထားလိုက်မိတယ်။ ရဲတွေက ကျွန်တော့်ကို ရပ်ကွက်လူကြီးတွေရှေ့မှာ ရှာဖွေတော့ ကျွန်တော့်အကျီအိတ်ထဲက မှတ်ပုံတင်ကတ်ပြား၊ ကျောင်းဆရာစိစစ်ရေးကတ်ပြား၊ ငွေတချို့နဲ့ အတူ လျှို့ဝှက်သော့တစ်ချောင်းကို သိမ်းလိုက်ကြတယ်။ပြီးတော့ ကျွန်တော့်ကို လက်ထိတ်ခတ်ပြီး ရဲစခန်းခေါ်သွားကြတယ် ဆရာ"

ကျွန်ုပ်မှာ ထိုအချိန်အထိ သူဖုံးကွယ်ထားသော အရေးကြီးပစ္စည်းကို မသိရှိရသေး။ ထိုပစ္စည်း မြေအောက်လျှို့ဝှက်ခန်းထဲရှိကြောင်းသိလိုက်ရသော်လည်း ထိုအခန်းဆင်းရန် သော့ဖွင့်စဉ် လူသံကြားခဲ့ရရာ ကောင်းခန်းရောက်မှ မီးပျက်သလိုဖြစ်သွားရ၏။

"ဒါနဲ့ ကိုအောင်ပွင့်ကို ရဲစခန်းရောက်တော့ ကျန်တဲ့သော့တစ်ချောင်းကိစ္စမေးသေးလား"

"ဟုတ်ကဲ့-မေးပါတယ်၊ ဒါပေမယ့် ကျွန်တော်က ကျောင်းစာသင်ခန်းက စာအုပ်ဗီရိုသော့လို့ ပြောလိုက်တော့ ဘာမှထပ်မမေးတော့ဘူး"

"အိမ်တံခါးမကြီးဖွင့်တဲ့သော့နှစ်ချောင်းကိစ္စကိုတော့ အမိကစစ်မေးကြမှာပေါ့"

"ဟုတ်ကဲ့ ဆရာ၊ ဒါကို စခန်းမှူးကိုယ်တိုင် စစ်ဆေးတာဆရာ။ အဲဒါကိုတော့ ကျွန်တော် အမှန်အတိုင်း ပြောပြလိုက်တယ်။စိတ်ရောဂါဆေးရုံက အနန်းဆီက ရတာပါလို့။ ကျွန်တော့်အစစ်ခံချက်ကို စခန်းမှူးက ဘာမှမပြောပေမယ့် သူကြည့်ရတာ ယုံကြည်ပုံတော့မရဘူးဆရာ"

"ဒါနဲ့ ဟိုအနန်းယူခိုင်းလိုက်တဲ့ အရေးကြီးတဲ့ပစ္စည်းကိစ္စကိုကော အမှန်အတိုင်းပြောလိုက်တာပါပဲလား"

"ဟင့်အင်း - ဒါကိုတော့ အနန်းဆီမှာ ကတိပေးထားပြီးသားဆိုတော့ အမှန်အတိုင်းပြောလို့ ဘယ်ဖြစ်ပါ့မလဲဆရာ။ ဒါပေမယ့် စခန်းမှူးက အဲဒါကိုချည်း ထပ်တလဲလဲမေးနေတာနဲ့ အနန်းရဲ့အိပ်ခန်းသေတ္တာထဲက သူရဲ့ထန်းဖူးဇာတာ ရက်ချုပ်ကို ယူခိုင်းလိုက်တာပါလို့ ...လိုက်မိတယ်။ စခန်းမှူးက ဒါကိုလည်း ဘာမှဆက်မမေးပေမယ့် မယုံသင်္ကာတော့ဖြစ်နေပုံပါပဲဆရာ"

ဆရာအောင်ပွင့်က ထိုအရေးကြီးပစ္စည်းဆိုသည်ကို ကျွန်ုပ်အားလည်း ...မပြောသည့်အပြင် စခန်းမှူးကိုပါ မှ...မကန်ပြောနေပြန်သည်။ သို့ဖြစ်...ထိုပစ္စည်းသည် ကာယကံရှင် အန...အတွက် မည်မျှအထိ အရေးကြီးနေ...လေသနည်း။

"နေပါဦး ဆရာအောင်ပွင့်ရဲ့၊ အ...ဟာ ခင်ဗျားကိုယ်တိုင် အိမ်ဖောက်ထွ...ဝင်ရောက်မှုဖြစ်ပြီး ထောင်တန်းကျ...တဲ့ကိစ္စဖြစ်နေမှာပဲဗျာ။ အဲဒီအရေး...ပစ္စည်းကိစ္စကို အမှန်အတိုင်းပြေ...လိုက်သင့်တာပေါ့"

ဆရာအောင်ပွင့်က ခေါင်း...ဘယ်ပြန်ညာပြန်ယမ်းခါလိုက်ပြီး -

www.burmeseclassic.com

"မဖြစ်ဘူး ဆရာ။ ကျွန်တော်ဘာပဲဖြစ်နေနေ အနန်းကိုပေးထားတဲ့ကတိတစ်လုံးတော့ တည်ဖြစ်အောင်တည်ရမယ်မဟုတ်လား ဆရာ"

သူ့စကားကြောင့် ကျွန်ုပ်ထောင်ပိုင်တစ်ယောက်ဖြစ်နေပါလျက် အချုပ်သားဆရာအောင်ပွင့်ဆိုသူအား ထူးထူးခြားခြား ရင်ထဲကလေးစားသွားမိသည်။

"နောက်ကော ဘာဆက်မေးသေးလဲဗျ"

ကျွန်ုပ်ကမေးလိုက်သည်။

"နောက်ထပ် ဘာမှထပ်မမေးတော့ဘဲ ကျွန်တော့်ကို ညဉ့်အချိန်ပုန်းလျှိုးပြီး အိမ်ဖောက်ထွင်းဝင်ရောက်မှုနဲ့ဆိုင်တဲ့ ပုဒ်မသုံးခုတပ်ပြီး ထောင်ထဲပို့လိုက်တာပါပဲ ဆရာ"

"ဒါနဲ့ မြေအောက်ခန်းလျှို့ဝှက်သော့ချောင်းကော ဘယ်မှာလဲ"

"အဲဒါကိုလည်း ရဲစခန်းမှာအပ်ခဲ့ရတယ်ဆရာ"

ထိုစဉ် ကျွန်ုပ် တစ်စုံတစ်ခုကိုတွေးတောမိကာ-

"ကျွန်တော်နားမလည်တာတစ်ခုက ခင်ဗျား ညသန်းခေါင်ကျော် လူခြေတိတ်ချိန် အနန်းတို့အိမ်ထဲ သော့ဖွင့်ဝင်လို့ မြေအောက်လျှို့ဝှက်ခန်းထဲတောင်မရောက်သေးဘူး၊ အိမ်ရှေ့မှာ ရဲတွေ၊ ရပ်ကွက်လူကြီးတွေရောက်နေတာ သိပ်မြန်လွန်းဘူးလားလို့ပါ"

ဆရာအောင်ပွင့်က ခေါင်းဆတ်မြသည်။

"အဲဒါ ကိုသိန်းအုံ့ဆိုတဲ့လူလက်ချက်ဖြစ်နိုင်တယ်ဆရာ"

"နို - သူကဘယ်သူလဲဗျ"

"သူကအဲဒီရပ်ကွက်ကောင်စီအဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး ကျွန်တော်အနန်းတို့အိမ်ရှေ့မှာ သွားစုံစမ်းတုန်းက သူပဲအကျိုးအကြောင်းရှင်းပြလိုက်တာလေ"

"အင်း- ဒါဆို ခင်ဗျားက ဒီအိမ်ကိုပြန်လာမယ်ဆိုတာ သူကြိုတင်သိနေလို့နေ့ ညစောင့်ကြည့်နေလို့များလား"

"အဲဒါတော့ ကျွန်တော်လည်းမပြောတတ်ဘူးဆရာ"

"ဒါနဲ့ အခု အမှုအခြေအနေကဘယ်အဆင့်ရောက်နေပြီလဲ"

"ကျွန်တော့်ကို ပုဒ်မသုံးခုနဲ့စွဲချက်တင်လိုက်လို့ လာမယ့်ရုံးချိန်မှာ ပြန်ခေါ်သက်သေနဲ့တရားခံသက်သေတွေဆက်စစ်မယ်လို့ ကျွန်တော့်ရှေ့နေက ပြောတယ် ဆရာ"

"ဟုတ်လား၊ ဒါနဲ့ ခင်ဗျားရှေ့နေက ဘယ်သူလဲဗျာ"

"တရားရုံးချုပ်ရှေ့နေကြီး ဦးမြသိန်းပါဆရာ"

"ဟုတ်လား၊ ဦးမြသိန်းက ဆရာ့မိတ်ဆွေကြီးပဲကွယ့်"

"သူ ဒီနေ့ ကျွန်တော့်ကိုလာတွေ့မယ်ပြောတယ်ဆရာ"

"ဒါဆို သူ့ဆရာဆီရောက်လာမှာပါ"

ကျွန်ုပ်မျှော်လင့်ထားသည့်အတိုင်း ဦးမြသိန်း ထိုနေ့ နေ့လယ်ပိုင်းတွင် ဆရာအောင်ပွင့်နှင့် တွေ့ဆုံပြီးနောက် ကျွန်ုပ်ရုံးခန်းသို့ ရောက်လာသည်။

"ဟ - ရှေ့နေကြီး၊ ပျောက်ချက်သားကောင်းနေတာ ခုမှပဲတွေ့ရတော့တယ်ဗျာ"

ကျွန်ုပ်ကခရီးဦးကြိုပြုလိုက်သည်။

"ပျောက်ဆို အမှုပင်လယ်ထဲနစ်မျောနေလို့ဆိုပါတော့ ဆရာ"

"ဒါနဲ့ ဆရာအောင်ပွင့်အခြေအနေဘယ်လိုလဲဗျ"

"အင်း . . . ကျွန်တော်တော့ အကောင်းဆုံးဖြစ်အောင်ကြိုးစားနေတာပဲ ဆရာရေ။ ဪ-ဒါနဲ့ လာမယ့်ရုံးချိန်းနေ့ကျရင် ဆရာလာခဲ့စေချင်တယ်"

"ဘာဖြစ်လို့လဲဗျ"

"အာ-ဆရာလည်း ကိုအောင်ပွင့်အမှုအကြောင်း သိထားပြီးသားဆိုတော့ ဆရာ အံ့အားသင့်စေမယ့် သက်သေထွက်ဆိုချက်တွေကို ကြားရမှာမို့လို့ပါ"

"တယ်ဆိုတဲ့စာပါလား"

"ပြီးတော့ ကျွန်တော်ရှေ့နေလုပ်သက်တစ်လျှောက် နောက်တစ်ကြိမ်တွေ့ဖို့လည်းမလွယ်တော့တဲ့ ထူးထူးခြားခြားတရားခွင်မို့လို့ပါ"

"ဟ - ဒီလောက်ညွှန်းနေမှတော့ လာနိုင်အောင်ကြိုးစားရမှာပေါ့ဗျာ"

ရုံးချိန်းနေ့တွင် ကျွန်ုပ် တရားခွင်သို့ တက်ရောက် နားထောင်ခဲ့သည်။ ကျွန်ုပ်ရောက်ရှိချိန်ဝယ် နှစ်ဖက်ရှေ့နေနှင့် တရားရုံးပရိသတ်များပင် ရောက်ရှိနေလေပြီး တရားသူကြီး တရားခွင်ပေါ်ရောက်လာသောအခါ စာရေးက ပြန်ခေါ်သက်သေအဖြစ် ကိုသိန်းအုံ့ဆိုသူကို ခေါ်လိုက်သည်။

တရားခံရှေ့နေကြီး ဦးမြသိန်းက သက်သေကို စတင်မေးမြန်းသည်။

"ကိုသိန်းအုံ့က ရပ်ကွက်ကောင်စီအဖွဲ့ဝင်နော်"

"ဟုတ်ပါတယ်"

ထိုအခါမှ ကိုသိန်းအုံ့ဆိုသူမှာ ဆရာအောင်ပွင့် အနန်းတို့အိမ်ထဲဝင်စဉ် ရဲထံသတင်းပေးခဲ့သဖြစ်ကြောင်း တွေးမိတော့၏။

"ခင်ဗျားဒီရပ်ကွက်ထဲနေတာကြာပြီလား"

"ဒီရပ်ကွက်ကကျွန်တော့်မွေးဇာတိပါ"

"ဪ - ဒါဆိုဒေါ်စိန်ပုတော့သိမှာပေါ့"

"သိတာပေါ့ခင်ဗျာ၊ အဘွားကဆေးပြင်းလိပ်ခုံပိုင်ရှင်ဆိုတော့ ဒီရပ်ကွက်မှာ မသိသူဘယ်ရှိပါ့မလဲ"

"ဒေါ်စိန်ပုတိုက်နဲ့ခင်ဗျားတို့တိုက်ဘေးချင်းကပ်ဖြစ်နေတော့ အတော်လေးလည်း ခင်မင်ရင်းနှီးကြမှာပေါ့"

"ဒါကတော့ အိမ်ချင်းလည်းကပ်နေ၊ လူကြီးချင်းလည်း အနေကြာလာတော့လည်း ခင်မင်ရင်းနှီးကြတာပေါ့ခင်ဗျား"

"ဒါနဲ့ ကိုသိန်းအုံ့က ငယ်ငယ်ကတည်းက ဒေါ်စိန်ပုလက်မှာ ကြီးပြင်းလာတယ်ဆိုရင် မှန်တယ်မဟုတ်လား"

"ဗျာ"

ကိုသိန်းအုံ့က ဦးမြသိန်းအားအံ့အားတသင့်မော့ကြည့်သည်။ ဦးမြသိန်းက ဆက်မေးသည်။

"ဒါကြောင့်လည်း အရွယ်ရောက်ရင် သူ့မြေး အနန်းနဲ့ လက်ဆက်ပေးဖို့အထိ ရည်မှန်းထားတာလည်း မှန်တယ်မဟုတ်လား"

"ခင်ဗျာ"

ကိုသိန်းအုံ့ ဦးမြသိန်းကို မော့ကြည့်ပြန်သည်။ ကျွန်ုပ်ပင်လျှင် ဦးမြသိန်းကို လှမ်းကြည့်မိ၏။ ဤမျှအတွေးကျသော အချက်အလက်များကို သူဘယ်ကရှာဖွေတွေ့ရှိထားတာပါလိမ့်ဟု တွေးနေမိသည်။

ဦးမြသိန်းက -

"အဲဒါကြောင့်လည်း အနန်းရဲ့အသက်(၂၅)နှစ်ပြည့်တဲ့နှစ်မှာ ခင်ဗျားနဲ့လက်ထပ်ပေးပြီးဒီနှစ်ထပ်တိုက်ကြီးရယ်၊ ဆေးပြင်းလိပ်ခုံလုပ်ငန်းရယ်၊ အတွင်းပစ္စည်းတွေရယ်ကို ခင်ဗျားနဲ့ အနန်းနာမည်နဲ့ လက်ဖွဲ့ပေးမယ်လို့ နှစ်ဖက်မိဘရှေ့မှာကတိပေးထားခဲ့တယ်မဟုတ်လား"

"ဗျာ"

ကိုသိန်းအုံ့ပါးစပ်ဟောင်းလောင်းပွင့်သွားပါလေသည်။

"ဒါပေမယ့် ခင်ဗျားတ အနန်းအသက်(၂၅)နှစ်မပြည့်ခင်မှာအိမ်ထောင်

www.burmeseclassic.com

ပြုသွားခဲ့တော့ ဒေါ်စိန်ပုထားခဲ့တဲ့ကတိဟာ အလိုအလျောက် ပျက်ပြယ်သွားခဲ့တာပေါ့နော်"

ကိုသိန်းအံ့နှုတ်မှအသံပင်မထွက်လာတော့ချေ။ ဦးမြသိန်းကိုသာ မျက်လုံးဝိုင်းကြီးဖြင့် မော့ကြည့်နေလေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ရှေ့နေပီပီ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေတတ်သော ဦးမြသိန်းအား ချီးကျူးနေမိ၏။

"အဲလို အိမ်ထောင်ပြုခဲ့ပေမယ့် အခြေအနေပေးရင် အနန်းနဲ့လက်ထပ်ခွင့်ရဖို့ မျှော်လင့်နေခဲ့သေးတယ်မဟုတ်လား"

ကိုသိန်းအံ့ခေါင်းငိုက်စိုက်ကျသွားသည်။

"ဒါပေမယ့် ကံဆိုးမိုးမှောင်ကျပြီး အနန်းရဲ့ဦးလေး၊ ဒေါ်လေးတွေအပြင် သူ့အဖေပါ ရုတ်တရက်ဆုံးပါးသွားရုံမက အနန်းပါ စိတ်ထိခိုက်ပြီး ဆေးရုံရောက်သွားတော့ ခင်ဗျားမျှော်လင့်သလိုဖြစ်မလာနိုင်ခဲ့ဘူးမဟုတ်လား"

ကိုသိန်းအံ့ ခေါင်းပြန်မော့မလာပါလေတော့။

"ဒါပေမယ့် ဒေါ်စိန်ပုမဆုံးပါးခင် ဒီတိုက်ကြီးရယ်၊ ဆေးပြင်းလိပ်လုပ်ငန်းရယ်၊ အတွင်းပစ္စည်းတွေရယ်ကို အနန်းနာမည်နဲ့ စာချုပ်စာတမ်းနဲ့ထားခဲ့တယ်ဆိုတာ ခင်ဗျားသိနေတယ်လေ။ ဒါကြောင့် ဒီအိမ်ကြီးကို အမြဲစောင့်ကြည့်နေတုန်း ရုံးရှေ့က တရားခံ ဆရာအောင်ပွင့်လာစုံစမ်းတော့ ခင်ဗျားပဲ ရှင်းပြလိုက်တယ်လေ။ အဲဒီကတည်းက ကိုအောင်ပွင့် တစ်နေ့ပြန်လာမယ်မှန်းသိလို့ စောင့်ကြည့်နေတုန်း သူ အနန်းပေးလိုက်တဲ့သော့တွေနဲ့ ဖွင့်ဝင်ပြီး ပိုင်ဆိုင်မှု စာချုပ်စာတမ်းတွေလာအရှာမှာ ရဲကို သတင်းပေးခဲ့တာမဟုတ်လား"

ထိုအခိုက် တရားလို ရှေ့နေကြီး ရုတ်တရက်ထရပ်ကာ -

"ရုံးတော်ခင်ဗျား၊ အခုဟာက သက်သေတစ်ခွန်းမှမပြောရဘဲ တရားခံရှေ့နေကြီးကပဲ ဗလာချီလျှောက်မေးနေတာဖြစ်ပါတယ်။ ကန့်ကွက်ပါတယ် ခင်ဗျား"

ထိုအခါ တရားသူကြီးက သက်သေ ကိုသိန်းအံ့ကို စူးစိုက်ကြည့်လိုက်ကာ -

"ဒါဆို သက်သေကို မေးကြည့်ရဦးမယ်။ အခုနက တရားခံရှေ့နေကြီး မေးနေတာတွေက မှန်သလား၊ မမှန်သလား ဖြေပါ"

ကိုသိန်းအံ့က တံတွေးတစ်ချက်မျိုချလိုက်ပြီးမှ -

"ဟုတ် ဟုတ်ကဲ့၊ ရှေ့နေကြီးမေးခဲ့တာတွေအားလုံး မှန်. . . မှန်ပါတယ် ခင်ဗျား"

တရားရုံးပရိသတ်ထံမှ ဝေါခနဲ ဆူညံသံထွက်လာသည်။ ရှေ့နေစာရေးက နောက်ထပ်သက်သေတစ်ဦးကို ခေါ်လိုက်သည်။

"မခင်နန်းမြင့်"

အသက် (၂၅) နှစ်နှင့် (၃၀) နှစ်ကြားရှိ ပိန်ပိန်သွယ်သွယ်အမျိုးသမီးတစ်ဦး ရုံးခန်းထဲဝင်လာကာ သက်သေခုံတွင် ဝင်ထိုင်၏။

ဦးမြသိန်းက -

"ရုံးတော်ခင်ဗျား။ သူကတော့ တခြားလူမဟုတ်ပါဘူး။ ဦးလေး၊ ဒေါ်လေးတွေနဲ့ ဖခင်ဖြစ်သူပါ ရုတ်တရက်တိမ်းပါးသွားလို့ စိတ်ထိခိုက်ပြီး စိတ်ရောဂါကုဆေးရုံကို ရောက်သွားခဲ့ရတဲ့ ကွယ်လွန်သူ ဒေါ်စိန်ပုရဲ့ တစ်ဦးတည်းသောမြေး မခင်နန်းမြင့်ဖြစ်ပါတယ်"

တရားရုံးပရိသတ်ထံမှ တီးတိုးသံများထွက်လာလေသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း ထိုအခါမှ ဤအမျိုးသမီးငယ်မှာ ဆရာအောင်ပွင့်ပြောပြသော အနန်းဆိုသူဖြစ်မှန်း သိလိုက်ရတော့၏။ ထို့ကြောင့် ဝက်ခြံထဲမှ ဆရာအောင်ပွင့်ထံ လှမ်းကြည့်ရာ သူက ပြုံးလျက် လက်မထောင်ပြပါလေသည်။ ဦးမြသိန်းက ဆက်လက်လျှောက်တင်သည်။

"ခုတော့ မခင်နန်းမြင့်ဟာ သူမခံစားနေရတဲ့ စိတ်ဝေဒနာအရှင်းပျောက်သွားပြီဖြစ်ကြောင်း ဆေးရုံအုပ်ကြီးရဲ့ ထောက်ခံစာကို သက်သေခံ(က) အဖြစ် တင်သွင်းပါတယ်ခင်ဗျား"

တရားသူကြီးက ဦးမြသိန်း တင်သွင်းသော ဆေးရုံအုပ်ကြီး၏ ထောက်ခံစာကို ဖတ်နေရင်းမှ အနန်းအား မကြာခဏ စူးစိုက်အကဲခတ်နေသည်ကို တွေ့ရ၏။ အတန်ကြာမှ တရားသူကြီးက ခေါင်းဆတ်ပြကာ -

"တရားခံရှေ့နေကြီး၊ တရားခံသက်သေကို မေးမြန်းနိုင်ပါပြီ"

ဦးမြသိန်းက အနန်းအား စတင်မေးမြန်းသည်။ အနန်း၏ဖြေဆိုချက်များမှာ သူ့အဘွား ဒေါ်စိန်ပုက သူမအား အသက်(၂၅)နှစ်ပြည့်ချိန်တွင် ကိုသိန်းအံ့နှင့်လက်ဆက်ရန် နှစ်ဖက်မိဘများရှေ့တွင် ကတိပြုခဲ့ပုံများ၊ နောက်ပိုင်း သူမ အသက် (၂၅) မပြည့်မီ ကိုသိန်းအံ့ အိမ်ထောင်ပြုသွားသော်လည်း အဘွားက ပေးရန် ကတိပြုထားခဲ့သော နှစ်ထပ်အိမ်၊ ဆေးပြင်းလိပ်လုပ်ငန်းနှင့် အတွင်းပစ္စည်းများကို မက်မောကာ သူမထံ သိမ်းပိုက်ရန် ကြိုးစားခဲ့ပုံများ၊ ထို့နောက် ကံကြမ္မာအလှည့်အပြောင်းကြောင့် သူမ၏မိသားစုများ ဆုံးပါး၍ စိတ်ထိခိုက်ကာ စိတ်ရောဂါကုဆေးရုံသို့ရောက်ရှိခဲ့ရပုံ၊ ဆေးရုံသို့ မမျှော်လင့်ဘဲရောက်လာသော ဆရာအောင်ပွင့်အား မသိစိတ်က မှတ်မိကာ ကိုသိန်းအံ့ကို စိတ်မချသဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများကို သော့များအပ်၍ ယူခိုင်းခဲ့မိပုံ၊ သို့တစေ ထိုကိစ္စများကို နောက်ပိုင်းပြန်မမှတ်မိတော့ပုံ ပြီးခဲ့သည့်ရက်ပိုင်းကမှ ဆင်းခွင့်ရ၍ ဆရာဦးမြသိန်းနှင့်တွေ့ပြီး ပြောပြသဖြင့် ဆရာအောင်ပွင့် အချုပ်ခံနေရသည်ကို သိရပုံများကို အစစ်ခံထွက်ဆိုသွားသေသည်။

သည်တော့မှ စောစောက ဦးမြသိန်း ကိုသိန်းအံ့အား မေးမြန်းမှုများမှာ အနန်းထံမှရရှိသော အချက်အလက်များအရဖြစ်ကြောင်း ရိပ်မိပါတော့၏။ ဦးမြသိန်းအားလည်း အနန်းကို ဆေးရုံအထိ သွားရောက်တွေ့ဆုံကာ တရားရုံးတော်သို့ အချိန်ကိုက်ခေါ်လာနိုင်ခဲ့ပုံများကို ရင်ထဲမှ ချီးကျူးလေးစားနေမိသေးသည်။

ထိုနေ့မှာပင် တရားရုံးတော်က ဆရာအောင်ပွင့်မှာ အိမ်ပိုင်ရှင်ကိုယ်တိုင်က ယုံကြည်စိတ်ချစွာသော့ချောင်းများအပ်လျက် ပိုင်ဆိုင်မှုစာချုပ်ယူခိုင်းသည်ဖြစ်လေရာ သူ့ကို စွဲဆိုထားသော ပုဒ်မများမှာ ပြစ်မှုမမြောက်တော့သဖြင့် ရုံးတော်မှ တရားရှင်လွှတ်လိုက်ကြောင်း အမိန့်ချပါလေ၏။

သက်သေခံ သော့သုံးချောင်းကိုလည်း တရားရုံးတော်မှ အနန်းအား ပြန်လည် ပေးအပ်ခဲ့သည်။ အနန်းမှာ ... သာလုံးဆို့လျက် ဆရာအောင်ပွင့်နှင့် ဦးမြသိန်းတို့အား မျက်ရည်လည်ရွဲ ... ထိုင်ကန်တော့သည်ကို တွေ့မြင်ရပါ...

ဩော် - အနန်း ခေါ် ခင်နန်း... ၏အဖြစ်ကား ဒဏ္ဍာရီဆန်သည်... ဂမ္ဘီရဆန်သည်လားဆိုသည်ကို ... ကိုယ်တိုင် ကွဲကွဲပြားပြားမသိနိုင်... ပါတကား။

ပြီးပါပြီ



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားများတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံ့ခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com

အောင်ဝါဆိုသည်မှာ ကျွန်တော်ကြားခဲ့၊ ကြုံခဲ့ရသည်ကတော့ ကြောင်လို အကောင်မျိုးဖြစ်သည်။ တောသဘာဝ နွယ်တန်းမှ သံသဒရဖြစ်ပွားလာသော တောကောင်မျိုးဖြစ်ပါသည်။ နိမိတ်မကောင်းသော အကောင်ဆိုးမျိုးလည်း မဟုတ်ပါ။ ညဘက်တွင် တောတောင်ထဲ၌လျှောက်သွားပြီး 'အောင်ဝါ၊အောင်ဝါ'ဟူ၍ ထူးထူးခြားခြားအော်မြည်တတ်သည်။

အောင်ဝါကောင်နှင့် ပတ်သက်၍ ၂၀၀၅ ခုနှစ်တွင် 'ဆင်ဦးစီးရဲဘက်မှဆိုးပြောသောဇာတ်လမ်းများ' အမည်ဖြင့် သူရဿမဂ္ဂဇင်းကြီးတွင် ကျွန်တော်နှစ်နှစ်ခန့် ဆက်တိုက်ရေးခဲ့ဖူးပါသည်။ ဇာတ်လမ်းအခြေခံမှာ ဆွမ်ပရာဘွန်တွင် တာဝန်ထမ်းဆောင်နေရစဉ် ဒရူခဟူသော ရဲဘက်စခန်းကို အခြေခံ၍ရေးခြင်း ဖြစ်ပါသည်။ ထိုစခန်းတွင် စခန်းတာဝန်ခံအဖြစ်နေရစဉ် ဆင်ဦးစီးရဲဘက်မှုဆိုးကျော်ထွားနှင့်ဆုံခဲ့ကြခြင်းဖြစ်သည်။ ကျော်ထွားသည် ကိုယ်ပိုင်ဆင်ကိုစီးပြီး သစ်လုပ်ငန်းတွင် လုပ်ကိုင်ခဲ့သော ရှမ်း၊ ကချင်စပ် ဝန်ထမ်းတစ်ဦးဖြစ်သည်။ သူက ဆင်ဦးစီးလုပ်ရုံသာမက တောတောင်အနှံ့သွားလာပြီး မုဆိုးလည်းလုပ်သည်။ ဆေးပင်ဝါးဝင် နားလည်သောကြောင့် ဗိန္ဒောဆေးဆရာလည်း ဖြစ်သည်။ ငယ်စဉ်ကတည်းက ဝါသနာပါသောကြောင့် ပယောဂလည်းကုသသည်။ ဘက်စုံကျွမ်းကျင်သူတစ်ဦးဟု ပြောနိုင်ပါသည်။ တိုင်းရင်းသားပီပီ သဘောရိုး

# တောင်မှူးကြီးသိန်းဝင်း

## အောင်ဝါချင်းတော့မတူပါလေ





www.burmeseclassic.com

www.burmeseclassic.com

နှင့် စေတနာလည်း အလွန်ကောင်းပါသည်။

လူပုံစံကတော့ ခပ်သေးသေးဖြစ်သော်လည်း ကျန်းမာတောင့်တင်းသည်။ အရပ်ကလည်း မမြင့်လွန်း၊ မနိမ့်လွန်း၊ အသားကတော့ တောတွင်းသားအလုပ်ကြမ်းသမားပီပီ ညိုသည်။ ဆံပင်တိုတိုဖြင့် လွန်စွာသွက်လက်ဖျတ်လတ်သည်။ သူထောင်ကျလာပုံကလည်း အလွန်ရိုးစင်းသည်။ သူတို့ဆင်စခန်းက ဟုမ္မလင်း တောတွင်းတစ်နေရာတွင်ရှိသည်။ တစ်နေ့ တောခေါင်းကြီး ခန္တီးမြို့ပေါ်တွင် အစည်းအဝေးရှိသောကြောင့် ဆင်ဖြင့်လိုက်ပို့စဉ် ဘိန်းမှုဖြင့် အဖမ်းခံရပြီး ထောင် (၇) နှစ်ကျ၍ ခန္တီးထောင်မှ တစ်ဆင့် မြစ်ကြီးနားထောင်၊ ထိုမှ ကျွန်တော်တို့စခန်းသို့ ရဲဘက်အဖြစ်ရောက်ရှိလာခြင်း ဖြစ်သည်။

ဆင်ဦးစီးမုဆိုးရဲဘက်ကျော်ထွားမှာ ဘိန်းစားမဟုတ်ပါ။ တောတွင်း၌ ဆင်များမှန်ယိုလျှင်ကျွေးရသော ဘိန်းမဲကို လွယ်အိတ်အတွင်း၌ ဆောင်ထားစဉ် ခန္တီးမြို့ပေါ်၌ အဖမ်းခံရခြင်းဖြစ်သည်။ ဒရူခစခန်း၌ ကျွန်တော်နှင့်တွေ့ဆုံစဉ် ကြက်ထောင်ငှက်ထောင်မုဆိုးလုပ်ပေးခြင်းဖြစ်သည်။ အကျဉ်းသားရဲဘက်ဖြစ်သောကြောင့် သူ့အား လက်နက်ကိုင်ဆောင်ခွင့်ပေးမထားပါ။ ပတ်ဝန်းကျင်တောတောင်များအတွင်း၌ KIA ကလည်းရှိသောကြောင့် သူ့အား စခန်းပတ်ဝန်းကျင်ကိုသာသွားစေသည်။ ဝေးဝေးမသွားခိုင်းပါ။ လက်နက်ဟူ၍ သူ့





www.burmeseclassic.com

www.burmeseclassic.com

တွင် ဝါးခုတ်ရန်၊ နွယ်ရှင်းရန် ကိုင်းခုတ်ဓားတစ်လက်တော့ရှိသည်။

တစ်နေ့မနက်ခင်း သူတောထဲက ပြန်လာတော့ မနက် (၉) နာရီကျော်ခန့် ရှိပါပြီ။ သူ၏မုဆိုးလွတ်အိတ်အတွင်း၌ တောကြက်ဖတစ်ကောင်နှင့် ရစ်၊ ဒေါင်းတစ်ကောင် ရလာသည်။ သူက ရနိုင်သမျှ ကြိုးလေးများအားကျစ်၍ ပေါက်ကိုင်းထောင်ခြင်း ဖြစ်ပါသည်။ နေ့တိုင်းလည်း ဟင်းစားကမရတတ်ပါ။

"ဆရာရေ၊ ဒီနေ့တော့ ဆရာဟင်းကောင်းစားရပြီ။ နောက်နေ့တွေလည်း ဟင်းစားမပြတ်အောင် ကျွန်တော် ပေါက်ကိုင်းတွေတိုးချဲ့ထောင်ခဲ့တယ်။ မက်လင်ချဉ်သီးတွေလည်းရတော့ ဆရာအတွက် ချဉ်ရည်ဟင်းတစ်ခွက်ပါတိုးတာပေါ့"

"ကျေးဇူးတင်တယ် ကျော်ထွားရေ။ ဝေးဝေးတော့မသွားနဲ့ကွ။ ပတ်ဝန်းကျင်မှာ KIA က စောင့်ကြည့်နေတော့ သူတို့က ဝန်ထမ်း၊ ရဲဘက်ရွှေးမှာမဟုတ်ဘူး။ မင်းအတွက် အန္တရာယ်ရှိလို့ သတိပေးရတာပါ"

"ဟုတ်ပါရဲ့ ဆရာရယ်။ ဒီနေ့ ကျွန်တော် စခန်းအနောက်ဘက် မက်လင်ချဉ်တောအထိရောက်တယ်။ ရွှေကျင်တဲ့သူတွေရှိလို့ အဖော်ရပါတယ်။ လက်နက်မပါတော့ တောဝက်နဲ့ ချေ အလွန်ပေါတာပဲ ဆရာ။ ကျွန်တော်နဲ့တောင် ထိပ်တိုက်တိုးလို့ ရှောင်ရသေးတယ်"

"အေးကွာ၊ တောကောင်တွေပေါမှန်းသိပါတယ်။ KIA ကြောင့် တောထဲမသွားရဲတာ အတော်ဆိုးတယ်။ ငါလည်း အမဲလိုက်မုဆိုးပါ။ ပဲခူးရိုးမနဲ့ တနင်္သာရီရိုးမမှာ တောအနှံ့တောင်အနှံ့လည်ခဲ့ဖူးပါတယ်။ တောကောင်လည်း အစုံပစ်ဖူးပါတယ်"

"ဆရာရေ၊ ဒီနေ့ ကျွန်တော်ထူးဆန်းတာတွေ့ခဲ့ရတယ်။ ဆရာဟိုတစ်ညက မီးလှုံရင်း အော်သံကြားလို့ မေးခဲ့တဲ့အကောင်လေ"

"ဟေ - ဘာကောင်ပါလိမ့်၊ ငါမေ့နေပြီ"

"အောင်ဝါ၊ အောင်ဝါလို့ အော်ပြီး ညဘက်ကျမှ တောထဲလျှောက်ပြေးနေတဲ့အကောင်လေ ဆရာရဲ့"

"အဲ. . . အဲ ငါမှတ်မိပြီ။ တောကြောင်လိုအကောင်မျိုးဆို"

"ဟုတ်တယ် ဆရာ။ သူက ထူးထူးဆန်းဆန်း သံသေဒဇကဖြစ်တာဆိုတော့ အခုတွေ့ခဲ့တာလည်း နွယ်ငန်းကြီးက အကောင်ပုံစံဖြစ်နေတာ မပီပြင်သေးဘူးဆရာ။ ခန္ဓာကိုယ်နဲ့ခေါင်းပိုင်းတော့ ရုပ်လုံးပေါ်နေပြီ။ တစ်ကိုယ်လုံး ပြည့်စုံအောင် တစ်လလောက် အချိန်စောင့်ရလိမ့်ဦးမယ်"

"ပြောစမ်းပါဦးကွာ။ အဲဒီအကောင်ရဲ့ ထူးခြားချက်တွေကို"

"အဲဒီအကောင်ရုပ်လုံးပီပြင်လာပြီး မှည့်လို့ကြွေတဲ့နေ့ကို စောင့်ဖမ်းရမယ် ဆရာ။ ခြေထောက်တွေ၊ နားရွက်တွေထွက်လာပြီး ကိုယ်အင်္ဂါပြည့်စုံတာနဲ့ အောင်ဝါကောင်ဟာ အသက်ဝင်လာပြီး ရုန်းကန်တော့တာပဲ။ အဲဒါဟာလည်း လပြည့်၊ လကွယ် ညဥ့်သန်းခေါင်အချိန်မှာမှဖြစ်တတ်တာ။ ပထမနွတ်သီးဘက်ကနွယ်ကျွတ်သွားတာနဲ့ စောင့်ဖမ်းတဲ့မုဆိုးက အဝတ်နဲ့ထုပ်ပြီး အမြီးပိုင်းက ကျွတ်ခါနီးနွယ်ကို ဓားနဲ့ခုတ်ဖြတ်ရတာ။ လူနှစ်ယောက်တော့လိုတယ်ဆရာ။ တစ်ယောက်က အဝတ်နဲ့ထုပ်ပြီး ပိုင်နိုင်အောင်ဖမ်း။ တစ်ယောက်က မီးထိုးပြပြီး နွယ်ငန်းကို ဓားနဲ့တစ်ချက်တည်းပြတ်အောင်ခုတ်ရတာ။ အဲဒီအကောင်က အလွန်သန်တယ်။ အဝတ်နဲ့ထုပ်တဲ့သူက မပိုင်နိုင်ရင် အမြီးပြတ်တာနဲ့ ကုတ်ခြစ်ပြီး လွတ်ပြေးတာပဲ။

ပိုင်ပိုင်နိုင်နိုင် ဖမ်းမိရင်တော့ သူဟာ အရုပ်တစ်ရုပ်လိုပဲငြိမ်နေတယ်။ ဖမ်းမိသူကို သူ့သခင်အဖြစ်သတ်မှတ်ပြီး ခိုင်းလို့စေလို့ရတယ် ဆရာ။ နေ့ပိုင်းမှာတော့ ကြောင်ရုပ်ပဲ။ ညပိုင်းကျမှ အသက်ဝင်ပြီးလှုပ်ရှားတာ"

"ဘယ်လိုခိုင်းလို့စေလို့ရတာလဲကွ၊ ရှင်းစမ်းပါဦး"

"အောင်ဝါကောင်က ရတနာမှဆိုး



ပဲ ဆရာ။ ရွှေ ငွေရတနာရှိတဲ့ နေရာတွေကို သူသိတယ်။ သူ့သခင်ကိုရှာပေးတယ်။ သူဌေးတွေဆီကလည်း ခိုးပေးတတ်တယ်"

"ဒီတောတောင်ထဲမှာ ဘယ်က သူဌေးကရှိမှာလဲကွ"

"ဆရာကလည်း မြို့ပေါ်မှာပြောတာပါ။ ဒီတောတောင်ထဲမှာတော့ ကျောက်စိမ်းနဲ့ ရွှေကြောတွေရှိတာပေါ့။ အဲဒါကိုပြောတာပါ။ အောင်ဝါကောင်ကိုရရင် သူ့သခင်က ရွှေသူဌေးဖြစ်တာပေါ့ ဆရာရယ်"

"အဲဒီတော့ မင်းဘယ်လိုလုပ်မယ်လို့ စိတ်ကူးသလဲ"

"နေ့တိုင်း အခြေအနေကို စောင့်ကြည့်ရမှာပေါ့ ဆရာရယ်။ ကျွန်တော့်မုဆိုးဆရာကကြုံဖူးတာကြောင့် ကျွန်တော်လည်းလုပ်တတ်ကိုင်တတ်ပါတယ်။ စိတ်တော့ရှည်ရတာပေါ့ ဆရာရယ်၊ ဒီအကောင်မျိုးက ဂမ္ဘီရကောင်ပဲ။ တခြားအစွမ်းထက်တာတွေလည်း ရှိပါသေးတယ်"

"ဂမ္ဘီရကြောင်လို့လုပ်စမ်းပါကွာ။ နေရာမဝေးရင်တော့ ငါလည်း တစ်နေ့မြင်ဖူးတယ်ရှိအောင် လိုက်ကြည့်ပါဦးမယ်"

"လိုက်ခဲ့ပါ ဆရာ၊ မဝေးပါဘူး ဒီအနားတင်ပါ"

ကျွန်တော်လည်း လက်ရှိလစာစာရင်းနှင့် လချုပ်ဆွဲရန်ရှိသောကြောင့် တစ်ပတ်ခန့်မအားလပ်၍ မုဆိုးကျော်ထွားခေါ်ရာနောက်သို့မလိုက်ဖြစ်ခဲ့ပါ။ တနင်္ဂနွေတစ်ရက် အလုပ်နားရက်တွင် ရဲဘက်ဖိုကြီးမှ သန်းလွင်တို့အဖွဲ့ တောတွင်းဝင်၍ သစ်ခွပန်းများရှာကြရင်း ကျွန်တော်နှင့် မုဆိုးကျော်ထွားတို့လျှို့ဝှက် ကြံစည် ထိန်းသိမ်းထားသော အောင်ဝါလောင်းလျာနွယ်ကြီးကို ခုတ်ယူလာခဲ့ကြပြီး ကျွန်တော့်အား လက်ဆောင်လာပေးသည်။

"ဆရာရေ၊ တောထဲသွားပြီး သစ်ခွပန်းရှာရင် ဒီနွယ်ကြီးက လေမတိုက်ဘဲ လှုပ်နေပြီး ကြောင်ပုံစံပေါက်နေလို့ ထူးဆန်းတာနဲ့ခုတ်လာခဲ့တာ။ ရွှေးရွှေးလို အစေးတွေအရမ်းထွက်တာပဲ ဆရာ။ ဆရာက ဆေးပင်ဝါးပင်တွေ စုဆောင်းတတ်လို့ အမှတ်တရလာပေးတာပါ"

သွားပါလေရော့ဗျာ။ အောင်ဝါလောင်းလျာနွယ်ကြီး အချိန်မတိုင်မီ ဆုံးရှုံးသွားရပါသည်။ မုဆိုးကျော်ထွား

www.burmeseclassic.com

တောထဲက ပြန်လာလျှင်တော့ ဘယ်လောက်နှမြောလိုက်မည် မသိပါ။ ဤသည်က ကျွန်တော် ဆွမ်ပရာဘွန်တောတွင်း၌ ကိုယ်တွေ့ကြုံခဲ့ရသော အောင်ဝါငှက် ဖြစ်ပါသည်။

*

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလထုတ် အတွဲ (၁၄)၊ အမှတ် (၁၁) သုရဿမဂ္ဂဇင်းတွင် စာရေးဆရာ သပိတ်ကျင်း-ကျော်ကျော်ထွန်း၏ 'အောင်ဝါငှက်နှင့် အစွဲအလမ်း' ဟူသော ဝတ္ထုတိုကလေးကို ဖတ်လိုက်ရပါသည်။ သူ၏ ဝတ္ထုထဲ၌ အောင်ဝါဟူသည်မှာ နိမိတ်ဆိုးပေးတတ်သော ငှက်ဆိုးတစ်ကောင်ဟု ဆိုထားပါသည်။ ကျွန်တော်ကြုံခဲ့ဖူးသော မြန်မာပြည်မြောက်ပိုင်း ဆွမ်ပရာဘွန်တောထဲမှ တွေ့ရကြောင်အောင်ဝါမဟုတ်ပါ။ အခေါ်အဝေါ် နာမည်ချင်းကတူနေသော်လည်း တောသတ္တဝါချင်းက မတူ၊ ကွာခြားနေပါသည်။

သူ့ဝတ္ထုထဲတွင် မြန်မာမှုနယ်ပယ်၌ အစွဲအလမ်းအယူသီးမှုများ လူတစ်ဦးနှင့်တစ်ဦး မတူညီကြပုံ၊ ဒေသအလိုက်၊ လူမျိုးအလိုက် ကွဲပြားကြပုံများကို ဖော်ညွှန်းထားပြီး ဇီးကွက်ငှက်အမျိုးပေါင်း (၂၀) တွင်ပါဝင်သော တစ်တီတူးငှက်၊ ခင်ပုပ်ငှက်၊ ဒီးဒုတ်ငှက်၊ ကုပ်ကလူးငှက်၊ လင်ကောင်ပိုးငှက်၊ အောင်ဝါငှက်တို့သည် ငှက်ဆိုးများဖြစ်ကြသည်ဟုဖော်ပြထားပါသည်။

မှတ်ချက်။ ။ ကျွန်တော် ကြားဖူးသည်မှာတော့ ရပ်ထဲရွာထဲတွင် ရောဂါသည်းပြီး သေဆုံးတော့မည့် လူမမာရှိလျှင် တကစ်ကစ်နှင့်အော်မြည်သတိပေးတတ်သော (ငှက်ဆိုးထိုးသည်ဟု ခေါ်သည်) မိန်ကောင်ခေါ် လင်ကောင်ပိုးငှက်ကို ငှက်ဆိုးဟု ခေါ်ကြသည်။ အချို့ဒေသများတွင်တော့ တရားသဘောနှင့်ယှဉ်၍ ၎င်းငှက်ကိုပင်လျှင် ငှက်သူတော်ဟု ခေါ်ကြပြန်သည်။ ဇီးကွက်ငှက်ကို ငှက်ဆိုးစာရင်းတွင် ဖော်ပြထားသော်လည်း လူအများအယူရှိကြသည်က ဇီးကွက်ငှက်ကို မင်္ဂလာရှိသောငှက်လာဘ်ကောင် ဟူ၍လည်း အိမ်များတွင် ယုယုယယနှင့်ဆောင်ထားတတ်ကြပြန်သည်။ လင်းတငှက်မှာ အပုပ်ကောင်ကို စားသောကြောင့် လူအများက မင်္ဂလာမရှိသောငှက်၊ ငှက်ဆိုးစာရင်းတွင်ဖော်ပြထားသော်လည်း သပိတ်ကျင်း-ကျော်ကျော်ထွန်း၏ဝတ္ထုထဲတွင် လင်းတငှက်



အား ငှက်ဆိုးအဖြစ် ဖော်ပြမထားပါ။

စာရေးဆရာ ကသာကံဆက်ကလည်း အောင်ဝါငှက်အား ငှက်ဆိုးအဖြစ် ဖော်ပြရေးသားခဲ့၍ ငယ်စဉ်က သွေးသောက်မဂ္ဂဇင်းတွင် ဖတ်ခဲ့ရဖူးကြောင်း သပိတ်ကျင်း-ကျော်ကျော်ထွန်းက ဆိုပြန်ပါသည်။ သူ့ကိုယ်တွေ့အဖြစ်အပျက်ကလေးများကို ယခုလို ဖော်ပြထားပါသည်။

၁၉၆၆ ခုနှစ်က ကျွန်တော် ဘူမိဗေဒလေ့လာရေးနှင့် သတ္တုရှာဖွေရေး ဦးစီးဌာနတွင် ဆာဗေယာအဖြစ်တာဝန်ထမ်းဆောင်နေစဉ် ကလောမြို့နယ် ရွှေမင်းဘုံဒေသ သိမ်ကုန်းရွှေသတ္တုလေ့လာရှာဖွေရေးလုပ်ကွက်၌ တာဝန်ထမ်းဆောင်နေရစဉ် အလွန်အေးချမ်းသော ဆောင်းကာလ ညအခါ စခန်းအနီး ညောင်ပင်ကြီးပေါ်မှ -

"အူးဝါး. . . အူးဝါး"

ဟူသည့် ချောက်ချားထိတ်လန့်ဖွယ်ရာအသံကြီး ကြားရပါသည်။ မီးဖိုဘေးတွင် စုထိုင်နေကြသော ဘူမိဗေဒပညာရှင်တစ်စုရော ကျွန်တော်တို့ပါ ကြက်သီးမွေးညင်းထကာ -

"ဘာသံကြီးလဲဟ"

ဟု ဆိုမိကြပါသည်။

မလှမ်းမကမ်းရှိ ဘူမိဗေဒအရာရှိများဖြစ်ကြသော ဦးချစ်ညွှန့်၊ ဦးဝင်းမြင့်၊ ဦးမင်းဦးတို့ကလည်း -

"ဟာ - ကျက်သရေယုတ်လိုက်တဲ့ အသံကြီး"

ဟု အော်ကြ၏။

ကျွန်တော်တို့အနီးရှိ တောင်ပဲ့ရွာမှ ပလောင်အလုပ်သမား မောင်ခဆိုသူက -

"အဲဒါ အောင်ဝါငှက်ဆိုးခေါ်တယ်"

ဟု ဆိုလာသဖြင့် ငယ်စဉ်က သွေးသောက်မဂ္ဂဇင်းတွင် ဖတ်ခဲ့ရသော အောင်ဝါငှက်ဆိုးဆိုသည်မှာ ဒီအကောင်ပါလားဟု သိရတော့သည်။ အသံက စူးရှအက်ကွဲ၍ ကြားရသူတိုင်း ကြက်သီးထစေသောအော်သံကြီး ဖြစ်၏။ နောင်အခါ သပိတ်ကျင်းဖော့စဖိတ်လေ့လာရှာဖွေရေးရောက်မှ အောင်ဝါငှက်ကိုမြင်ဖူးရာ စွန်ငှက်အရွယ်အစားရှိ၍ ဇီးကွက်၊ ဒီးဒုတ် စသော အမျိုးအနွယ်ပင် ဖြစ်ပါသည်။

ရွှေမင်းဘုံဒေသ သိမ်ကုန်းစခန်း၌ လေးနှစ်တာမျှ ဘူမိဗေဒလေ့လာရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသော်လည်း အောင်ဝါငှက်အော်မြည်သံကို ဤတစ်ကြိမ်သာကြားခဲ့ရပါသည်။ သူတို့နေထိုင်ရာ တောတောင်အတွင်း ဘာသာဘာဝအော်မြည်ခြင်းဖြစ်၍ ဘာအတိတ်နိမိတ်၊ ဘာအယူအဆမှ မရှိခဲ့ကြပါ။

နောက်တစ်ကြိမ် ကြုံရသည်က မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် ကွင်းသုံးဆယ်ဒေသတွင် ဖြစ်သည်။ ကျွန်တော်တို့ ဘူမိဗေဒလေ့လာရှာဖွေရေး (ဘ-ဓ-ရ) စခန်းအား မန္တလေး - မိုးကုတ်သွား ကားလမ်းဘေးရှိ ဇရပ်ကွင်းရွာလေးတွင် အခြေစိုက်၍ လေ့လာရှာဖွေစမ်းသပ်မှုများ ဆောင်ရွက်ကြရပါသည်။ ဇရပ်ကွင်းရွာထိပ် အုံးဖုန်းချောင်းတစ်ဖက်ကမ်း၌ တောအုပ်ကြီး ဦးစောညာဏ်လင်းတို့၏ သစ်ထုတ်ရေးစခန်းလည်းရှိပါသည်။

တစ်ညတွင် မောမောပန်းပန်းဖြင့် အိပ်ကောင်းနေကြစဉ် ရွာထဲမှ သံပုံးတီး၊ ဝါးလုံးခေါက်သံများကြောင့် လန့်နိုးကြရပါသည်။ အိပ်ချင်မူးတူးဖြင့် ရွာထဲသူခိုးဝင်တာလားဟု တွေးနေစဉ် တူမီးသေနတ်ပစ်သံပါထွက်လာသဖြင့် အနီးရှိ ကိုဖုန်းကျော်တို့အိမ်သို့လှမ်းမေးရာ -

"သူခိုးမဟုတ်ဘူး ဆရာလေးရေ၊ အောင်ဝါငှက်ဆိုး ရွာထဲလာအော်လို့ တောထုတ်ခြောက်လှန့်ကြတာပါ"

ထိုစဉ်က ဇရပ်ကွင်းဥက္ကဋ္ဌ ဦးဘိုးထွန်း၏ပြောပြချက်အရ အောင်ဝါငှက်မှာ တစ်တီတူး၊ လင်ကောင်ပိုး၊ ဒီးဒုတ်၊ ခင်ပုပ် စသော ငှက်ဆိုးတို့ထက် ပို၍ ကြောက်စရာကောင်းသော ငှက်ဆိုးဖြစ်ကြောင်း၊ အောင်ဝါအော်မြည်သံကို နားထောင်ခြင်းအားဖြင့် ရွာ၌ အသေအပျောက်ရှိ မရှိ သိနိုင်ကြောင်း ခြိမ်းခြောက်လျှင် စိုးရိမ်ရန်မရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

၏ နောက်ဆက်တွဲ နှုတ်သီးရိုက်သံ 'ဂွပ်ဂွပ်' ပါလာခဲ့လျှင် ခေါင်းခေါက်သံဖြစ်သောကြောင့် ရွာတွင်း၌ အသေအပျောက်ရှိတတ်ကြောင်း သိရှိရပါသည်။

တစ်ညနေ ကျွန်တော်တို့ ရုံးအတွင်း၌ အလုပ်လုပ်နေကြစဉ် အသက် (၅၀) ခန့် အဒေါ်ကြီးတစ်ဦး အနားသို့ ရောက်လာကာ -

"ဒီက မောင်ရင်လေးတော့ ဘာလုပ်နေလဲ။ ဟိုဘက်က မောင်ရင်လေး နှစ်ယောက်ကတော့ ရွှေနမူနာတွေချိန်နေတာတဲ့"

ဟု စကားစရင်း သူမှိုးကုတ်မှ အလည်လာရင်း ဥက္ကဋ္ဌဟောင်းအိမ်မှာ တည်းခိုကြောင်း အာလာပသလ္လာပပြောဆိုကာ မကြာမီပင် ပြန်သွားပါသည်။

နောက်နေ့မနက်တွင် တောင်ဘက်ခြမ်းဧရိယာဖြစ်သည့် ချောင်းကြီး၊ ချောင်းတာရှည်၊ ဆင်ကျော်တောင်နေရာများသို့ သွားရမည်ဖြစ်၍ စောစောထကာ အသင့်ပြင်ဆင်ပြီး ထမင်းကြော်စားနေကြပါသည်။

ထိုစဉ်မှာပင် ဘူမိဗေဒ တာဝန်ခံအရာရှိဖြစ်သူဆရာကြည်က -

"ကိုကျော်ထွန်း၊ ညက အောင်ဝါကြီး ထူးခြားအော်သံကြားလိုက်တယ် မဟုတ်လား။ နှုတ်သီးရိုက်သံပါလို့လုံခြုံရေးတွေတောင် သေနတ်ဖောက်ပြီး မောင်းထုတ်လိုက်တယ်"

"ရွာမှာလည်း ဖျားနာသူလုံးဝမရှိဘူး။ ဒီတစ်ခါတော့ ခင်ဗျားအောင်ဝါကြီးမှားသွားပြီ"

ဟု ဆိုပါသည်။

"မှားတာပဲကောင်းပါတယ် ဆရာရယ်"

ဟု ဆိုနေဆဲ လမ်းမပေါ်တွင် လူတစ်စု လူနာထမ်းစင်ကဲ့သို့ လုပ်ထားသော ဝါးကပ်ပေါ်တွင် စောင်တစ်ထည်အုပ်ကာ မော်တော်ကားလမ်းအတိုင်း ရွာမြောက်ဘက်သို့ သယ်ယူသွားသည်ကို မြင်ရပါသည်။ ဘာလဲဟု စုံစမ်းသော အခါ ယမန်နေ့ညနေချမ်းက ကျွန်တော်တို့ရုံးသို့ အလည်ရောက်ခဲ့သော မိုးကုတ်သူ အဒေါ်ကြီး ညက ဝမ်းတအားလျှောသဖြင့် ဆုံးသွားသည် ဟူသတည်း။

ထို့ကြောင့် ကျွန်တော်က -

"ဆရာကြည်ရေ၊ အောင်ဝါကြီးမှန်သွားပြီဗျ"

အောင်ဝါကို ဇရပ်ကွင်းရွာသားများသာ အယူသီးကြသည် မဟုတ်ချေ။ သပိတ်ကျင်းရတနာမြေသို့ ရွှေလာလုပ်သူတိုင်း ငှက်ဆိုးဟူ၍ အယူသီးကြောက်လန့်ကြ၏။ ကျွန်တော်တို့လည်း ပါ၏။ အောင်ဝါသံကြားလျှင် ပရိတ်ကြီးမှ 'ယံဒုန္နိမိတ္တံ. . . . .' သုံးဂါထာအား အောင်ဝါသံကြားရာသို့ လက်ညှိုးထိုး၍ ရွတ်လျှင် အောင်ဝါ ပြေး၏။

၁၉၈၁ ခုနှစ်က စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်ရှိ ကျောက်ပုထိုးတောင်ရွှေတွင်း၌ ကျွန်တော် တာဝန်ထမ်းဆောင်ရ၏။ သပိတ်ကျင်းက စွဲခဲ့သော ငှက်ဖျားသည် ကျောက်ပုထိုးတွင် ထပ်မံ၍ဒုက္ခပေးပြန်၏။ အခြေအနေအဆိုးဆုံးသို့ရောက်၏။ အချိန်က ည (၁၀) နာရီခန့် အသက်ထွက်လုဆဲဆဲ အမောဆိုက်နေချိန် လုပ်ဖော်ကိုင်ဖက်များကလည်း အနားတွင် ဝိုင်းကြည့်နေရုံမှလွဲ၍မတတ်နိုင်ကြ။

ထိုအခြေအနေတွင် တဲခေါင်းရင်းဘက် . . . (၂၀) ခန့်အကွာ သစ်ပင်ပေါ်မှ အောင်ဝါကြီး 'ဂွပ်ဂွပ်'သံပါစွက်၍ အော်ပါလေသတည်း။ ကျွန်တော်လည်း သိ၏။ ဒီတစ်ခါတော့ ငါ့အလှည့်ပဲဟု သိသော်လည်း ဘာမှမတတ်နိုင်တော့ 'ယံဒုန္နိမိတ္တံ. . . 'သုံးဂါထာပင် ရွတ်နိုင်သည့် အင်အားမရှိတော့။

အောင်ဝါသံ သို့မဟုတ် သေမင်းတမန်၏အသံကိုကြားသည်နှင့် လုပ်ဖော်ကိုင်ဖက် ကိုလှညွန့်၊ ကိုကျော်ဇံတို့က (၇) မိုင်ခန့်ဝေးသည့် ခံသာဒေသန္တရဆေးခန်းပို့ရန် ချက်ချင်းစီစဉ်၍ လယ်ထွန်စက်နောက်တွဲယာဉ်ပေါ် ပက်လက်အနေအထားဖြင့်တင်ကာ ချက်ချင်းပို့ကြ၏။ ဆေးခန်းရောက်သော် လိုအပ်သော ကုသမှုများပေး၍ ကောလင်းမြို့ဆေးရုံသို့ ဆက်ပို့၏။ ထို့ကြောင့် သေမင်းတမန် အောင်ဝါ၏ ခေါင်းခေါက်သံ



မှ လက်မတင်ကလေးလွတ်ခဲ့ရပါသည်။

*

ဤသည်က စာရေးဆရာ ကိုကျော်ကျော်ထွန်း၏ လက်တွေ့ အောင်ဝါ ဇာတ်လမ်းပင် ဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ်ခန့်က ကျွန်တော် ပဲခူးရိုးမတောင်ပေါ်၌ ကြုံခဲ့ရသော အောင်ဝါအကြောင်းလည်း သတိရမိသောကြောင့် တင်ပြပါဦးမည်။

တစ်နေ့ ကျွန်တော်နှင့် သာယာဝတီသား မဆိုးအောင်သန်းနှင့် တင်သောင်းတို့ ရိုးမတောအတွင်း အမဲလိုက်ကြစဉ် ရိုးမကျောအတွင်း လျှိုစောင်း၌ ပေါက်နေသော အလွန်မြင့်မားသည့် ကညင်ပင်ကြီးအောက်တွင် ခေတ္တနားနေကြစဉ် ကောင်းကင်ယံမှ တရှဲရှဲလေသံကြီးကြားရသဖြင့် မော့ကြည့်ကြစဉ် အလွန်ကြီးမားလှသော ငှက်ကြီးတစ်ကောင် ပျံသန်းလာရာမှ ကညင်ပင်ကြီး၏ ကိုင်းတစ်ခုပေါ်သို့ ဝင်နားရာ ကိုင်းကြီးညွတ်ကျသွားသည်။ ကျွန်တော်မြင်ဖူးသမျှ ငှက်ကြီးများတွင် အကြီးဆုံးဖြစ်သည်။ အရောင်အဆင်းက အဖြူနှင့် အနက်ကျား၊ နှုတ်သီးကြီးကနှစ်ထပ် အဝါရောင်နှုတ်သီးရိုက်သံကြီးက တဂွပ်ဂွပ်။ ကျွန်တော်က အသင့် ပါလာသော ဒသမ-၂၀၃အမေရိကန်ရိုင်ဖယ်သေနတ်ကြီးဖြင့်ချိန်လိုက်စဉ် မဆိုးအောင်သန်းက -

"ဆရာမပစ်နဲ့၊ အဲဒါအောင်ဝါငှက်ဆိုးလို့ ခေါ်တယ်။ အသားကလည်း လင်းတသားလိုပဲအလွန်နံတယ်။ နောက်ပြီး အကောင်သာကြီးတာ အရိုးချည်းပဲ။ အမွေးကလည်း အလွန်ထူတာ။ ကျွန်တော်တို့ ဆရာစံတောင်ခြေလည်းလမ်းကူးရွာမှာရဖူးတယ်။ မင်္ဂလာမရှိ နိမိတ်မကောင်းတဲ့အကောင်လို့သိရတယ်"

ကျွန်တော့်အမြင်တော့ အောင်ချင်းငှက်နှင့်တူသော ယောင်ယင်ငှက်ကြီးဟု ထင်ပါသည်။ ရှားပါးကြီးသောငှက်မျိုးဖြစ်သဖြင့် ကျွန်တော်လည်း မပစ်တော့ပါ။ ဒေသအခေါ် 'အောင်ဝါ' ချင်းတော့ တူသော်လည်း စာရေးဆရာ ကိုကျော်ကျော်ထွန်းတို့ကြုံခဲ့သော အောင်ဝါငှက်တော့ ဟုတ်ချင်မှဟုတ်ပါလိမ့်မည်။ စာဖတ်သူများ အတွေ့အကြုံ ဗဟုသုတရစေရန် တင်ပြရခြင်းသာ ဖြစ်ပါတော့သတည်း။

ထောင်မှူးကြီးသိန်းဆ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ချစ်ဦး(မုံရွာ)

# ကိုယ်တွေ့အဆိပ်ဖြေပင်

စာရေးသူ၏ ကိုယ်တွေ့အဆိပ်ဖြေပင်အကြောင်းကို စာရှုသူများ အသုံးပြုနိုင်ရန် စေတနာဖြင့် ဖြန့်ဝေလိုက်ပါသည်။

တစ်နေ့ စာရေးသူ သန့်စင်ခန်းသွားရင်းမှ ညာဘက်လက်မကို ကင်းခြေများ အကိုက်ခံလိုက်ရသည်။ အကိုက်ခံရပြီးချင်းပင် လက်မကိုမီးစနှင့်အတို့ခံလိုက်ရသလို မသက်မသာပင်ခံလိုက်ရပါသည်။

"မိန်းမရေ၊ ငါ့လက်မ ကင်းခြေများအကိုက်ခံလိုက်ရတယ်။ လုပ်ပေးစမ်းပါဦး"

စာရေးသူလည်း မိန်းမဖြစ်သူအားအော်ပြောလိုက်သည်။ စာရေးသူ၏ မိန်းမက (သားဖွားဆရာမ-ငြိမ်း) ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ပတ်သက်လျှင် မိန်းမဖြစ်သူကိုသာ အားကိုးနေရပါသည်။ ယခုလည်း ကင်းကိုက်ခံရ၍ ဆေးဝါးလုပ်ပေးရန် ပြောလိုက်ခြင်း ဖြစ်ပါသည်။

"ဒါများတော် လွယ်လွယ်လေးပါ။ ကြည့်နေ၊ ခဏလေးနဲ့ ပျောက်သွားစေရမယ်"

မိန်းမဖြစ်သူ ဒေါ်ခင်မြင့်မေက အာမခံရဲရဲပြောကာ ခြံစည်းရိုးနားသို့သွား၍ အပင်တစ်ပင်မှအရွက်များ ခူးကာ စာရေးသူထံသို့ ခြေလှမ်းကျဲကျဲဖြင့် ပြန်လာသည်။

မိန်းမသည် ခူးလာသောအရွက်များကို လုံးခြေပြီး စာရေးသူ၏ ကင်းကိုက်ခံရသော လက်မနေရာကို ပွတ်ခြေပေးပါသည်။ အရွက်များအရည်ဖြစ်သွားသည့်အထိ ပွတ်ခြေသည်၊ မကြာပါ။ တကယ့်ကို မကြာပါ။ ကင်းကိုက်ခံရသော အဆိပ်ဒဏ်ရာမှာ ယူပစ်သလို ပျောက်၍သွားပါသည်။ အံ့သြစရာပင်ဖြစ်သည်။

"ဟာ - တယ်ဟုတ်ပါလား၊ အဆိပ်ပြေသွားပြီကွ"

စာရေးသူက ဝမ်းသာအားရပြောလိုက်သည်။

"ဒါက အဆိပ်ဖြေပင်ပေါ့။ ဒေသအခေါ် ပင့်ကူအုပ်ဆောင်းလို့လည်း ခေါ်တယ်။ ပင့်ကူထိပ်ပိတ်လို့လည်းခေါ်တယ်။ ဒီအပင်ရဲ့အရွက်ကို လုံးခြေပြီး ပင့်ကူပဲကိုက်ကိုက်၊ ပုရွက်ဆိတ်ပဲကိုက်ကိုက်၊ ပျားပဲတုပ်တုပ် ဒဏ်ရာနေရာကို ကြာကြာလေးပွတ်ခြေလိုက်။ ခဏလေးနဲ့ကို အဆိပ်ပြေပျောက်သွားတယ်။ ရှင်လက်တွေ့ပဲလေ"

"အေးကွာ၊ အံ့သြစရာကောင်းလောက်အောင်စွမ်းတာတော့လက်တွေ့ပဲကွ"

"ဒါပေါ့တော်၊ ဒါကြောင့်လည်း နွယ်မြက်သစ်ပင် ဆေးဖက်ဝင်လို့ ပြောကြတာပေါ့ရှင်"

"အေးကွာ၊ ဒီဆေးနည်းကိုတော့ အများတကာတွေ အသုံးပြုနိုင်အောင် သူရဇမဂ္ဂဇင်းရဲ့ တိုင်းရင်းဆေးကဏ္ဍမှာ ရေးမယ်ကွာ"

"သိပ်ကောင်းတာပေါ့ရှင်၊ မြန်မြန်သာရေးပြီး မြန်မြန်သာ မဂ္ဂဇင်းတိုက်ကို ပို့လိုက် ပါတော်"

"အေးအေး၊ ခုပဲရေးပြီးပို့လိုက်မယ်"

ထို့ကြောင့် စာရေးသူလည်း အဆိပ်ဖြေဆေးအကြောင်းကို ယခုရေးသားတင်ပြခြင်းပင် ဖြစ်ပါသည်။



အဆိပ်ဖြေပင်များ

အဆိပ်ဖြေဆေးအပင်မှာ အညာဒေသအခေါ် ပင့်ကူအုပ်ဆောင်း (ဝါ) ပင့်ကူထိပ်ပိတ်ဟူ၍ ခေါ်ကြပါသည်။

အပင်အမြင့်မှာ တစ်ပေကျော်ကျော်ခန့်သာရှိပြီး ပင်စည်ရောအရွက်ပါ အစိမ်းရောင်ဖြစ်သည်။ အရွက်မှာ ရှည်မျောမျောဖြစ်သည်။ အရွက်အရှည်မှာ သုံးလက်မခန့်ဖြစ်သည်။ ထိုအရွက်ကို ပွတ်ခြေပြီး အကောင်အကိုက်ခံရသောနေရာကို ပွတ်ပေးပါက ခဏလေးနှင့်အဆိပ်ပြေသွားပါသည်။ (ကိုယ်တွေ့ပင်ဖြစ်ပါသည်။)

အပင်၏ မျိုးပွားသော ပန်းပွင့်အုံမှာ ငါးမူးစေ့ပြားအရွယ်ခန့်ဖြစ်သည်။ အုံပုံသဏ္ဌာန်သည် နေကြာပန်းအုံပုံသဏ္ဌာန်ကဲ့သို့ဖြစ်သည်။ နေရာတကာ အလေ့ကျပေါက်ပါသည်။ အင်မတန်ပေါသောအပင်ဖြစ်ပါသည်။

စာရှုသူများ အသုံးပြုနိုင်ရန် စေတနာဖြင့် ရေးသားလိုက်ခြင်းပင် ဖြစ်ပါသည်။



စာရေးသူ၏မြေးလေး အံ့ဝီရအောင် အဆိပ်ဖြေပင်ကိုကိုင်၍နေပုံ

မောင်မောင်ချစ်ဦး (မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

# ကောင်းကျိုးပေးကြော တစ်နေ့တာလမ်းညွှန် (၄၁)

ဒေါ်ခင်ဝင်း (B.Sc)

**ဖေဖော်ဝါရီလ ၁ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်းက (၁)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အဖြူရောင်၊ နို့သားရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၈)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၄ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၇၊ ၈၊ ၀)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အနီ၊ ဖဝေါ့ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ၊ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၅ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၉)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၆ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ အနက်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဝိဇ္ဇာ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၇ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အပြာ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၈ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၄၊ ၆၊ ၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ ဖဝေါ့ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၉ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၀ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ... ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ ခ... ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓ... တစ်နေ့တာအကြံအစည်အောင်မြင်... နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁ ... ၉)။ လာဘ်နေအရပ် တောင်။ လာ... အရောင်က အဖြူရောင်။ အကျိုး... နေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်... တာအကြံအစည်အောင်မြင်ရန် နံ... အိပ်ရာထ အရှေ့မြောက်ဘက်လှည့်... အနုတ္တရောပုရိသဒမ္မသာရထိ (၉) ... ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၂ ရက်၊ ကြာသ... တေးနေ့** - လာဘ်ဂဏန်း (၂)။ ... ဂဏန်း (၄၊ ၇၊ ၈)။ လာဘ်နေအ... မြောက်။ လာဘ်အရောင်က ပန်း... အဝါရောင်။ အကျိုးပေးနေ့သား ... နွေ၊ တနင်္လာ။ တစ်နေ့တာအကြံ... အောင်မြင်ရန် နံနက်အိပ်ရာထ... ဘက်လှည့်၍ သတ္ထာဒေဝမနု...



www.burmeseclassic.com

www.burmeseclassic.com

(၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၃ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော(၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄၊ ၈၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၆ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၈)။လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၇)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံသိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၁၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၀ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါတိနော (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄၊ ၂၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၂ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် အစိမ်းရောင်နှင့် အပြာရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၃ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အပြာရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္ထာဒေဝမနုဿာနံ(၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၄ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အဝါရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ၊ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အနက်ရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၆ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၈)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၇ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်၊ စိမ်းပြာရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ လောကဝိဒူ (၉)ခါ ရွတ်ဆိုပါ။

**ဖေဖော်ဝါရီလ ၂၈ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၇)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အဝါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ တနင်္ဂနွေ၊ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com



**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများကပ်လှူ ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်းတွင် အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကိုဓာတ်မရိုက်ပါနှင့်။ စနေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်၍ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံ့ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပါ။ မကြာမကြာသွားပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်ပူဇော်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်ပါက မှတ်ပြီးရွတ်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအနီရောင်မဝတ်ပါနှင့်။

**ကျန်းမာရေး** - နွမ်းပါးသောဝေဒနာရှင်များအား ဆေးဝါး၊ ဓာတ်စာ၊ ငွေကြေး နိုင်သလောက်ကူညီပါ။

**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်လှည့်ရောင်းသောထီသည်ထံတွင် (၃) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဖြင့်ရွတ်ဖတ်ပူဇော်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဗုဒ္ဓဟူးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသောဘုရားစေတီသို့သွား၍ ကနုဂ်နွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများ မကြာခဏသွားစိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ရင်ပြင်တော်၊ စောင်းတန်းတော် စသည်တို့တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်းကုသိုလ်များပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။

**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထိုက်ကောင်းလိုသူများ** - ဘုရားဖူးသွားမည့်လူကြုံဖြင့်ထီထိုးခိုင်းပါ။ ကိုယ်က ဂဏန်းမရွေးပါနှင့်။ ကြိုက် ရာထိုးလာပါစေ။ ထိုက်ကောင်းတတ်ပါသည်။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများကပ်လှူ ပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ရှိသောဘုရားစေတီသို့သွား၍ တနင်္ဂနွေ ထောင့်၌တွင် ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပြီး အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အိတ်ခွံအဟောင်းများ၊ လက်ကိုင် အိတ်အပျက်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍ အနီးဆုံးဘုရားစေတီတစ်ဆူတွင် တံမြက်စည်း လှည်းခြင်း၊ အမှိုက်များကောက်ခြင်းမကြာမကြာပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အနီရောင်၊ အမည်းရောင်အင်္ကျီ များ ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထိုက်ကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီကားလေးများ (၂) စီး တစ်ပြိုင်တည်း အပြိုင်အဆိုင် ရောင်းနေပါက (၂) စီးလုံးတွင် နိုင်သလောက်ထိုးထားလိုက်ပါ။ ထီပေါက်တတ်ပါသည်။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်များစွာလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့် တစ်ဆင့်ရောင်းခိုင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့် တွင် ဓမ္မစကြာနှင့် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဂြိုဟ်ရှစ်ခွင်လှည့်၍ရေသပ္ပာယ်ပါ။ မွေးနံထောင့်တွင် ဆီမီးပူဇော် ပြီး မေတ္တာသုတ်ကို (၁၀၈) ခေါက် ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့သွား၍ ဘုန်းကြီးကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းကုသိုလ်များဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို ကြုံသည့်နေရာတွင် ကြုံသလို အစာများကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှ စားပါ။
**ထိုက်ကောင်းလိုသူများ** - စနေနံထီဆိုင်တွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့် ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ထီး၊ ဖိနပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်နှင့် မကြာခဏစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသောဘုရားစေတီသို့ မကြာမကြာ သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသပ်သပ်

www.burmeseclassic.com

ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ရောက်တိုင်း တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေးများဆောင်ရွက်ခြင်းကုသိုလ်များရယူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို ဘေးမဲ့လွှတ်ပေးခြင်း၊ အစာကျွေးခြင်းများ ပြုပါ။
**ထီကံကောင်းလိုသူများ** -ခရီးသွားရင်း လမ်းမှာထီဆိုင်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီး တဟီး အစချီသော ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တောင်အရပ်ကအကျီုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ဆီမီးထွန်းညှိပူဇော်ပြီး ပဋ္ဌာန်းနှင့် ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် အိတ်ခွံအဟောင်းအစုတ်များကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော်တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ခြင်း၊ အမှိုက်ကောက်ခြင်းကုသိုလ်များပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဿဂါထာ (၇) ခေါက် ရွတ်မန်းပြီးစားပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီလှည်းလေးများ အိမ်ရှေ့လာရပ်ပြီးရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းသွားထိုးလိုက်ပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမလက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း စသည်တို့တွင် အသုံးပြုရန် တံမြက်စည်းများနိုင်သလောက်လှူပေးပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို ဆန့်ကျင်ဘက်စကားများမပြောပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ငွေကြေး တတ်အားသရွေ့ကူညီပေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီကားလေးများ အိမ်ရှေ့လာရပ်ပြီးရောင်းနေပါက (၂) ဂဏန်းနှင့်စသောထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင် -

အင်္ဂါစ တနင်္လာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ပူဇော်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။

ဥပမာ - ဇွဲခေတ်၊ စံချို၊ ဇူးကို၊ စိုးကောင်း။

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*
*ပြည့်စုံနိုင်ကျော်*

www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် - ...




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော့ ဘယ်သူတုန်းကွယ်"၊ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ ငယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "ဩော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့ မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ၊ ချည့်နဲ့နဲ့ နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ရယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး ကားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ၊ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား၊ မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ပင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ ကတော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့်ရယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့၊ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်၊ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွှတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်း ကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နီးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြရုပ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင်လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးတွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင်ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက်နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော ထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . .သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး ရွှင်ဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (...)


**ပင်ရင်း** - **ကြယ်စင်ထွန်း** (တိုင်းရင်းဆေး...)
အမှတ် (၂၉၁)၊ နှင်းဆီလမ်း (၄)ရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉ ၅၀ ၉၉၆၈၊ ၀၉ ...

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
(ရှင်ကိုးခအား၊ မြို့ခခထား၊)

## နာမည်များနှင့်အတူ အောင်မြင်ခြင်းဆီသို့ လူရွှေလက်ဆောင်



လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော် အစိတ်လောက်က -

အသက်(၁၈)နှစ်သာသာလောက် ရှိသေးတဲ့ ကလေးမလေးကိုပြောခဲ့ဖူးပါတယ်။ သမီးနားမှာ သန္တာကျောက်လေးတွေကို နားကပ်လုပ်ပြီးပန်ထား။ဘယ်တော့မှမဖြုတ်ပစ်နဲ့။ ပြီးတော့ အရောင်ထွက်ပစေ၊ ကျောက်လေးတွေအရောင် မမှိန်စေနဲ့ဆိုပြီးပြောခဲ့ဖူးပါတယ်။ အဲဒီကလေးကလည်း ပြောတဲ့အတိုင်း နားမှာပန်ခဲ့ပါတယ်။

သူဟာ အခု အတိုင်းအတာတစ်ခုအထိ ဘုန်းတွေကံတွေကြီးမားပြီး အင်မတန်မှစိတ်ချမ်းသာနေပါပြီ။

သီတင်းကျွတ်ရောက်တိုင်း သူ့ခင်ပွန်းကိုပါခေါ်ခေါ်လာပြီး အမြဲလာကန်တော့ပါတယ်။ သမီးဘဝကို ခုလိုဖြစ်လာအောင် ပြောင်းလဲပေးလိုက်နိုင်စွမ်းလို့ အဖေဟာ ကျေးအဖေပါပဲဆိုပြီး လာလာကန်တော့ပါတယ်။

သူ့နာမည်လေးဟာ သန္တာညွန့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အညွှန့် ဆိုတာ လူမှာ ဦးခေါင်းနဲ့တူပါတယ်။ အဲဒီလို ဦးခေါင်းနဲ့နှိုင်းပြီး တင်စားရလောက်တဲ့ အညွှန့်နဲ့တူတဲ့နေရာမှာ သန္တာရှိနေရမယ်လို့ သူ့နာမည်လေးက အဓိပ္ပာယ်ရောက်နေပါတယ်။

ဒါကြောင့် ဦးခေါင်းပိုင်းမှာအကျုံးဝင်တဲ့နားမှာ သန္တာကျောက်နားကပ်လေးတွေပန်ခိုင်းလိုက်တာပါ။

တကယ်လို့များ သူ့ကို သန္တာလက်စွပ်ဝတ်ခိုင်းရင်၊ သန္တာလက်ကောက်ဝတ်ခိုင်းရင် ဒါလောက်တိုးတက်အောင်မြင်မှု



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်မှုဖြစ်မှာပါ။ ဘာလို့လဲဆိုတော့ အဆောင်ရတနာလိုဖြစ်နေရမယ့်ပစ္စည်းမို့ လုံချည်တို့ဘာတို့နဲ့ ထိခြင်းပြုခြင်း မဖြစ်သင့်ပါဘူး။ နာမည်ကြောင့်ပါ။ ရိုးရိုးမသန္တာဆိုရင်တော့ တစ်မျိုးပေါ့။

ဒါက -

နှစ်စဉ်မြင်တွေ့ပြီး မေတ္တာပေးရ၊ အကြံပေးရ၊ ဆုံးမဩဝါဒပြုရတဲ့ကလေးမို့ သူ့ကိုသီးခြားပြောလိုက်တာပါ။

သူ့လိုပဲ ရတနာနဲ့ ဦးခေါင်းပိုင်း အဓိပ္ပာယ်သက်ရောက်နေတဲ့နာမည်ရှင်တွေကို ခုလို နားကပ်ပန်ခိုင်းခဲ့သူတွေလည်းရှိပါတယ်။

ဒေါ်စိန်ညွန့်ဆိုတဲ့သူတစ်ယောက်ဆိုရင် စိန်ဆံထိုးလုပ်ပြီး ဆံထုံးမှာအမြဲထိုးစိုက်ခိုင်းခဲ့ပါတယ်။ သူကလည်းလုပ်ပါတယ် ခုထိပါပဲ။ တက်လိုက်တဲ့စီးပွား။ ဒါပေမယ့် သူက နဂိုကတည်းက ရှိပြီးသား၊ ပြည့်စုံပြီးသားဆိုတော့ ရွှေဆိုင်တစ်ဆိုင်က နှစ်ဆိုင်၊ လုပ်ငန်းနှစ်ခုက သုံးခုဖြစ်သွားတာတော့ သိပ်မဆန်းပါဘူး။ ရှိပြီးသူကတင်ရတာလွယ်ပါတယ်။ ထလိုက်ရုံနဲ့တက်ပါတယ်။

သန္တာညွန့်ဟာ (၁၀) တန်းအောင်ပြီးခါစ သာမန်ကလေးမလေးဘဝကနေ ပြည့်စုံသွားခဲ့သူမို့ သူ့ကိုသတိတရပြောပြရတာ ဖြစ်ပါတယ်။

အများကြီးကြုံရပါတယ်။

ပုလဲဦး၊ ပုလဲမြင့်၊ နီလာဦး၊ နီလာမြင့်ဆိုတဲ့သူတွေကိုလည်း ခုနလိုပဲ သူတို့နဲ့သက်ဆိုင်တဲ့ ရတနာလေးတွေကို နားမှာပန်ခိုင်းခဲ့ပါတယ်။ တစ်ယောက်တစ်မျိုးကတော့ တိုးတက်သွားကြတာချည်းပါပဲ၊ အောင်မြင်သွားကြတာချည်းပါပဲ။

ဒါက ရတနာကွပ်မှည့်ထားတဲ့ နာမည်ရှင်ထဲက တစ်ဦးတလေကို ပြသလိုက်တာပါ။ အောင်မြင်မှုကိုဖြစ်လာစေတဲ့၊ ပြီးပြည့်စုံမှုကိုဖြစ်လာစေတဲ့ အစီအရင်တွေကို မထိမ်မချန်ပြလိုက်တာပါ။

အကျယ်ဖွင့်ဆိုမှုတွေကိုတော့ 'နာမည်မြင်ကွင်း' မှာပဲ လေ့လာပါ။

အခု -

ပြောချင်တဲ့စကား -

ပေးချင်တဲ့ လက်ဆောင်ကတော့-

လူဟာ နာမည်နဲ့လိုက်အောင်နေတတ်ဖို့ပါပဲ။

နာမည်နဲ့မလိုက်ဖက်တာတွေတွေ့တွေ့နေရလို့ပါ။

အဲဒီလို နာမည်နဲ့မလိုက်ဖက်တဲ့အခါ လူဟာ စိတ်ဖိစီးမှုတွေ၊ ပင်ပန်းမှုတွေ၊ လူမှုရေးဂယက်တွေ၊ ရှာဖွေမှုခက်ခဲလာတာတွေ၊ ရန်လိုမှုများလာတာတွေ၊ သားသမီးမလိမ္မာမှုတွေဆိုတဲ့ စိတ်ဆင်းရဲမှုတွေနဲ့ ရင်ဆိုင်လာရတော့တာပါပဲ။

ဒါကို ဘာဖြစ်မှန်းမသိဖြစ်နေကြသူတွေလည်းရှိမှာပါ။

နာမည်မြင်ကွင်းကို ဖွင့်ဆိုနေတဲ့ထဲက နာမည်မြင်ကွင်းမဖွင့်ဆိုဖြစ်တဲ့ အချိန်လေးတွေမှာ ခုလို ကြားဖြတ်ဇာတ်သုတလေးတွေ လက်ဆောင်ပေးချင်လို့ဆိုပါတော့။

ဒါကလည်း -

နေ့စဉ် မြင်နေ၊ တွေ့နေ၊ ကြုံနေရတဲ့ အတွေ့အကြုံတွေ အများကြီးထဲက တစ်ဆင့်ပြောပြချင်တဲ့ အတွေ့အကြုံလေးတွေပါ။

ဆိုကြပါစို့ -

ကိုယ့်ကလေးလေးကို နာမည်ပေးထားပြီ။

ဝေယံထွန်း။

ကောင်းပြီ၊ ဒီလိုနာမည်လေးပေးထားပြီဆိုတာနဲ့ ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားပေးလိုက်ပါ။ ကလေးအတွက် စဉ်းစားပေးလိုက်ပါ။

ကလေးကို ဘုရားစေတီမှာ စိန်ဖူးတော်မီးလိုက်လှူပေးတာတို့၊ ညလုံးပေါက်လျှပ်စစ်မီးပူဇော်ပေးတာတို့ မိဘကလုပ်ပေးရပါလိမ့်မယ်။ သူပါခေါ်သွား၊ သူ့နာမည်လေးနဲ့ သူ့မုန့်ဖိုးလေးထဲက နည်းနည်းထည့်ပြီး ပူဇော်ပေးရပါလိမ့်မယ်။ ဒါဆို မြင့်တဲ့နေရာမှာ ထွန်းလင်းတောက်ပမှုတွေလှူဒါန်းပြီး ဘုရားပူဇော်ရတဲ့ ကုသိုလ်ကြောင့် ကလေးဟာ တိုးတက်လာပါပြီ။ ဒီလိုမှမဟုတ်ဘဲ သူ့နာမည်လေးကို မေ့မေ့လျော့လျော့နေမယ်ဆိုရင်တော့ ကလေးဟာ (၁၂) နှစ်၊ (၁၃) နှစ်လောက်ကစပြီး မိဘနဲ့ဆန့်ကျင်ဘက်စဖြစ်လာပါလိမ့်မယ်။

မိဘက ဒါဆို၊ သူက ဟိုဟာဖြစ်လာပါလိမ့်မယ်။

စကားပြောကြမ်းလာပါလိမ့်မယ်။ သူထင်ရာကိုသူ ဇွတ်လုပ်တတ်လာပါလိမ့်မယ်။

ဒါ ဝေယံထွန်းဆိုတဲ့နာမည်မျိုးနဲ့ ပတ်သတ်တဲ့ဇာတ်သုတပါ။

အာကာထွန်းဆိုရင်လည်း ဒီလိုပဲ ပြုလုပ်ပေးသင့်ပါတယ်။ မကြာခဏကို ပြုလုပ်ပေးသင့်ပါတယ်။

ဒါက ကလေးနာမည်မျိုး -

လူကြီး ဒီလိုနာမည်မျိုးကြုံဖူးတာတွေရှိပါတယ်။

"ဆရာ၊ကျွန်တော်ဘာဖြစ်မှန်းမသိဘူး။ မဟုတ်တာတွေလုပ်ချင်စိတ်တွေများနေတယ်။ အဖေနဲ့လည်းမျက်နှာချင်းဆိုင်လို့မရဘူး။ အဖေ့ကိုလည်း စကားမပြောချင်ဘူး"

ဆိုပြီး ပြောလာသူပါ။

သူက (၂၈) နှစ်ရှိပါပြီ။ အဖေ့ကို စကားမပြောချင်ဘူးဆိုတာ ကောင်းတဲ့စကားမဟုတ်ပါဘူး။မိဘကိုစကားမပြောတဲ့သားသမီးတွေ အောင်မြင်မှုနဲ့ ဝေးနေကြတာအများကြီးတွေ့ဖူးပါတယ်။ တချို့ဆို လုပ်ငန်းတွေတည်ပြီးမှ အဖျားရှုံးသွားကြတာတွေ တွေ့ဖူးပါတယ်။ မိဘကိုစကားမပြောဘူးဆိုဟာကို အဟုတ်ကြီးမှတ်နေကြပုံရပါတယ်။ဘယ်လောက်ကြီးမားတဲ့အပြစ်ဖြစ်လာနိုင်တယ်ဆိုတာ မစဉ်းစားလို့ပါ။ တစ်ယောက်ယောက်ကို ဘာလေးဖြစ်ဖြစ် တစ်ခုခုကြောင့် ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်တို့၊ ကျေးဇူးနော်တို့လုပ်နိုင်ရင် ဒီအသက်ဒီအရွယ်အထိ မကျိုးမပဲ့မကန်းအောင်၊ ကျန်းမာရေးတွေကောင်းအောင်၊ ပညာတွေတတ်အောင် ရှာဖွေကျွေးမွေးပြုစုပျိုးထောင်လာရှာတဲ့ မိဘရဲ့ကျေးဇူးကိုဘာလို့မမြင်နိုင်တာလဲ။

ဒါ အကျိုးအကြောင်းဆက်စပ်ပြီး ပြောပြတာပါ။

အဲဒီ သူငယ်နာမည်က ခုနပြောတဲ့ ဝေယံထွန်းပါပဲ။ ဒါကြောင့် သူ့ကို မင်းဘုရားစေတီတော်တွေကိုသွား။ စိန်ဖူးတော်မီး၊ ထီးတော်အတွက်မီး၊ ဘုရားစေတီတစ်ဆူလုံးအတွက်မီး၊ ဘုရားရှင်ရဲ့ ဦးခေါင်းတော်နောက်ဘက်က ရောင်ခြည်တော်မီး အဲဒီမီးတွေကို မင်းမကြာမကြာ ပူဇော်ပေတော့။ ဖြစ်နိုင်ရင် ထီးတော်၊ စိန်ဖူးတော်တွေဆီကိုလှမ်းပြီး ဆလိုက်ထွန်းတဲ့မီးကြီးတွေကို အသစ်လဲလှယ်ပူဇော်ပေးပါ။ ဝေယံထက်မှာ လင်းနေအောင်ထွန်းပေးပါလို့ ပြောလိုက်ပါတယ်။

သူဟာအဲဒီအလှူတွေကိုတောက်လျှောက်လှူပါတယ်။ သူ့ကိုတွေ့တိုင်း ဆော်ဩပေးနေလို့ သူကလည်း မလုပ်မဖြစ်ကိုလုပ်ပါတယ်။ နောက်ပိုင်း ဆော်ဩစရာတောင်မလိုတော့ဘဲ သူဟာသူထွန်းပါတယ်။

တစ်နှစ်လောက် အဲဒီအလင်းတွေဖွင့်ပြီးပူဇော်ပြီးတဲ့နောက်ပိုင်း သူဟာ သူထင်မထားတဲ့ လုပ်ငန်းအောင်မြင်မှုတွေရလာပါတော့တယ်။ အခုတော့ အအုံအသစ်တွေမှာ လျှပ်စစ်မီးကြိုးရိုက်တဲ့လုပ်ငန်းတွေ သူတော်တော်များများ



www.burmeseclassic.com

www.burmeseclassic.com

ရလိုက်ပါတယ်။ ခုလည်းရနေပါတယ်။

သူက အဲဒီလိုတွေ အလင်းဖွင့်ပူဇော်ပြီးတဲ့နောက်ပိုင်း သူ့စိတ်တွေ အင်မတန် အေးချမ်းလာတဲ့အကြောင်း၊ ဘုရားမီးပဲ အမြဲပူဇော်နေချင်ကြောင်း၊ အမေနဲ့ အဖေကိုလည်း အပြစ်မမြင်တော့တဲ့အကြောင်း၊ စကားမပြောမဆိုမလုပ်မိတော့တဲ့အကြောင်း၊ မိဘအပေါ်မှာတလွဲမာနမရှိတော့တဲ့အကြောင်းတွေ ပြောပြပါတယ်။

ဒါပီတိဖြစ်စရာပါ။

ဘာယတြာမှမလိုပါဘူး။

သူ့နာမည်ရဲ့ အဓိပ္ပာယ်အတိုင်း လှူခိုင်းခဲ့တာပါ။

ထပ်ပြောလိုက်ပါတယ်။

မင်းနာမည်က ကောင်းကင်မှာ ထွန်းလင်းတောက်ပတဲ့သဘောရှိတယ်။ ကောင်းကင်က ဟိုးအမြင့်မို့ မင်းမှာ ကောင်းကင်နဲ့ဆိုင်တာကို တွေးရင် ဦးခေါင်းနဲ့ဆိုင်တယ်။ ဒါဖြင့် မင်းရဲ့ဦးခေါင်းပိုင်းဟာ ထွန်းလင်းတောက်ပရမယ်ဆိုတဲ့သဘောကိုစဉ်းစားရလိမ့်မယ်။ ဦးခေါင်းထွန်းတောက်တာဟာ ဦးခေါင်းမမှောင်ရဘူးလို့ပြောတာပေါ့ကွာ။ ဒါဖြင့် မကောင်းတဲ့ အနိဋ္ဌတွေတွေးနေရင်၊ အကုသိုလ်တွေများနေရင် မင်းဦးခေါင်းဟာ အမှောင်ဖုံးနေတာနဲ့တူနေပြီ။အဝိဇ္ဇာဖုံးနေပြီ။ အဲဒီလို မင်းရဲ့ ဦးခေါင်းကို အမှောင်မဖုံးအောင်၊ အမြဲတမ်း ထွန်းလင်း တောက်ပနေအောင်ထားရမယ်။ ထွန်းလင်း တောက်ပခြင်းသဘောဟာ အမှောင်ရဲ့ ဆန့်ကျင်ဘက်ပဲ။ ဒါဖြင့် အနိဋ္ဌရဲ့ ဆန့်ကျင်ဘက်ဆိုတော့ ဣဋ္ဌပေါ့ကွာ၊ ကောင်းခြင်းပေါ့။ မင်း အဲဒီ ကောင်းခြင်းတွေနဲ့ ပူဇော်ရမယ်။ အဲဒီ ကောင်းခြင်းတွေနဲ့ပြည့်နေရမယ်။ မင်းရဲ့ အတွေးတွေစိတ်ကူးတွေဟာ လင်းလက်တောက်ပနေရမယ်။ ဒါဆို မင်းအောင်မြင်ပြီလို့ ပြောခဲ့ပါတယ်။

သူ တကယ်ပဲ ပြောင်းလဲသွားပါတယ်။

ခုဆို တော်တော်လေး အထိုင်ကျသွားပါပြီ။ စီးပွားအထိုင်ကျသွားပါပြီ။

ဒါတစ်ဦးတည်းပြောပြသေးတာပါ။

များသောအားဖြင့် ဒီလိုနာမည်မျိုးမှည့်ထားတဲ့ကလေးတွေ တော်တော်များများ (၁၂) နှစ်၊ (၁၃) နှစ်လောက်က စပြီး ပြောမနိုင်ဆိုမနိုင်တွေဖြစ်ကုန်တာတွေ ကြားနေရပါတယ်။ ကြားလည်းကြားဖူးကြမှာပါ။ မြင်လည်းမြင်ဖူးကြမှာပါ။

ခုနလို သူ့နာမည်လေးကို စဉ်းစားပေးပြီး လိုအပ်တာလေးကို ပြုလုပ်ပေးလိုက်ရင် ကလေးလေးတွေဟာ အင်မတန်အဖိုးတန်သွားမှာသေချာပါတယ်။ တော်သွားကြတာများပါတယ်။

ဒါကြောင့် လူဟာ နာမည်နဲ့လိုက်အောင်နေတတ်ဖို့ အရေးကြီးပါတယ်။

အိမ်ကိုလာကြတဲ့ မိတ်ဆွေတော်တော်များများကိုတော့ နာမည်နဲ့လိုက်အောင်အကြံပေးလိုက်တာများပါတယ်။

ဒီတစ်မျိုးတည်းနဲ့တင် လူတစ်ယောက်ရဲ့ဘဝဟာ မထင်မှတ်ဘဲ ပြောင်းလဲလာတာတွေ၊ မထင်မှတ်တဲ့ အောင်မြင်မှုတွေရလာတာတွေရှိနေပါတယ်။

ဒါဟာ စိတ်ကူးယဉ်မဟုတ်တဲ့ လက်တွေ့ပညာပါ။

တချို့ဆို ဘာယတြာမှုကို မလိုလောက်အောင် တိုးတက်ပြောင်းလဲသွားတာတွေရှိနေပါတယ်။

ဒီနေရာမှာ လိုအပ်တာလေးတွေ ထပ်ဖြည့်လိုက်ပါဦးမယ်။

ရတနာနဲ့ဆိုင်တဲ့ နာမည်မျိုးတွေ၊ ကောင်းကင်နဲ့ဆိုင်တဲ့ နာမည်မျိုးတွေဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သင့်ပါတယ်။

ဒီသူရဋ္ဌလက်ဆောင်ရဲ့ အစမှာ စပြောပြခဲ့တဲ့ သန္တာညွန့်ကို အဲဒီကတည်းက ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ဖို့ စပြီးတိုက်တွန်းခဲ့ပါတယ်။

ရတနာဆိုတာ အရောင်ထွက်နေသလို ရတနာနဲ့မှည့်ထားတဲ့ နာမည်ရှင်တွေဟာလည်း ဗုဒ္ဓရှင်တော်မြတ်ဘုရားကိုယ်တော်တိုင် ရောင်ခြည်တော် (၆) သွယ် ကွန့်မြူးတော်မူခဲ့တဲ့ ပဋ္ဌာန်းဒေသနာတော်ကြီးနဲ့ ပူဇော်သင့်ပါတယ်။

သန္တာညွန့်ဆိုရင် သူ့ကိုစပြောပြီးနောက်ပိုင်း ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော် ရွတ်ဖတ်ပူဇော်ရုံတင်မကဘူး။ ပဋ္ဌာန်း (၅)ကျမ်းကိုတောင်ပူဇော်ခဲ့ဖူးတဲ့ကလေးပါ။

အဲဒီလို ပူဇော်ကြပြီး အောင်မြင်နေကြတဲ့ ရတနာနာမည်ရှင်တွေရှိနေပါတယ်။

ဒီတော့ နာမည်ကလည်းတောက်ပ လူကလည်း ပဋ္ဌာန်းဒေသနာတော်ကြီးကို ပူဇော်ဆိုမှတော့ ဘယ်ယတြာမှ တောင်မလိုတော့ပါဘူး။

အများကြီးအကြံဉာဏ်တွေပေးခဲ့ဖူးပါတယ်။

ပေးလည်းပေးနေဆဲပါပဲ။

ကိုထွန်းရှိန်ဆိုတဲ့မိတ်ဆွေကျူရှင်ဆရာတစ်ယောက်နဲ့ ဆုံခဲ့စဉ်တုန်းက ဆရာ၊ ဆရာဟာ နာမည်နဲ့လိုက်အောင်နေတတ်ထိုင်တတ်ဖို့ အကြံဉာဏ်ပေးတတ်တယ်ဆိုလို့ ကျွန်တော့်ကိုလည်း အကြံပေးပါဦးဆိုပြီး ပြောခဲ့ပါတယ်။

သူ့ကို ဆရာ့နာမည်က အမြဲတမ်းမီးပူဇော်ပြီးပဋ္ဌာန်းရွတ်နေရမယ့်နာမည်လို့ ပြောခဲ့ပါတယ်။

ဒါပေမယ့် သူ့ကိုပူဇော်ခိုင်းတာက ဘုရားစေတီတွေကိုသွားပြီး ဖယောင်းတိုင်ထွန်းတာတို့၊ နံ့သာတွေနဲ့ မီးထွန်းပူဇော်တာတို့အဓိကပြုလုပ်စေခဲ့ပါတယ်။

ထွန်းကလည်း မီးနဲ့ဆိုင်သလို တရှိန်ရှိန်ကလည်း မီးနဲ့ဆိုင်ပါတယ်။ မီးတောက်နဲ့ ပိုဆိုင်ပါတယ်။ ဒါကြောင့် သူ့ကျတော့ မီးထွန်းပူဇော်ဖို့ အကြံပေးခဲ့ပါတယ်။ ဆရာကလည်း အမြဲတမ်းပူဇော်ပါတယ်။ အမြဲတမ်းလည်း အောင်မြင်ပါတယ်။ ရောဂါကင်းပါတယ်။ သူ့သားသမီးတွေအထိ ကျူရှင်ဟာ အောင်မြင်လျက်ပါပဲ။

နာမည်နဲ့လိုက်အောင်နေပါ။

နာမည်မြင်ကွင်းကျမှ အကျယ်တဝင့်ဖွင့်ဆိုဖို့ရှိပေမယ့် မိတ်ဆွေတချို့ရဲ့ မေတ္တာရပ်ခံမှုကြောင့် မမျှော်လင့်ဘဲ သူရဋ္ဌလက်ဆောင်အဖြစ် ဒီပညာခန်းကို မိတ်ဆက်လိုက်တာပါ။

လင်းဦးတို့ မြင့်ဦးတို့ဆိုတဲ့ နာမည်ရှင်မျိုးဆိုရင် အလင်းရောင်လာတာနဲ့ အိပ်ရာကထပါ။ အရုဏ်ဆွမ်းခံကြွလာတဲ့ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းလောင်းလှူပါ။ ဘုရားရှင်ကို အရုဏ်ဆွမ်းကပ်လှူပါ။ ဘယ်တော့မှ မဆင်းရဲပါဘူး။ ဘယ်တော့မှ ဒုက္ခမရောက်ပါဘူး။ ဖြစ်နိုင်ရင် ဝေလီဝေလင်းတို့၊ အရုဏ်တက်တို့မှာ ထပြီး ပဋ္ဌာန်းရွတ်ပူဇော်ပါ။

ဒီလိုမှမဟုတ်ဘဲ နေမြင့်အောင် အိပ်တတ်တဲ့ လင်းဦးတို့၊ မြင့်ဦးတို့၊ ထွန်းဦးတို့၊ ကျော်ဦးတို့ဖြစ်နေရင် လုပ်သလောက် လွဲချော်နေပါလိမ့်မယ်။ ရစရာရှိတာတွေ မရဘဲဖြစ်နေပြီး ကိုယ်ကပြန်ပေးစရာရှိတာတွေ မပေးနိုင်ဖြစ်နေတတ်ပါတယ်။ မိသားစုအတွင်း မကျေလည်မှုတွေ၊ ပြောရဆိုရခက်တဲ့ ကျိတ်ခံစားနေရတဲ့ကိစ္စတွေကြုံရပါလိမ့်မယ်။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိဖြစ်နေတတ်ပါတယ်။

ခုနပြောသလို နေလိုက်ထိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com

တာနဲ့ အလွန်ဆုံးကြာ နှစ်လ၊သုံးလပါပဲ။ ပြောင်းလဲတိုးတက်အောင်မြင်သွားတာ ကိုယ်တိုင်ကြုံရပါလိမ့်မယ်။

တစ်ခါက လှဦးဆိုတဲ့ လူတစ်ယောက်ကိုပြောခဲ့ဖူးပါတယ်။ သူက (၇) နာရီခွဲ (၈) နာရီမှထတဲ့သူပါ။ သူ့ကို မေးကြည့်တော့ သူ့အိပ်ရာနိုးချိန်ကိုလည်းသိရော မင်းဟာ ပင်ပင်ပန်းပန်း လုပ်ကိုင်စားနေရမယ့် လူတစ်ယောက်ပဲလို့ ပြောခဲ့ပါတယ်။

သူကလည်း ဝန်ခံပါတယ်။ သူဟာ ကားဘော်ဒီကြီးတွေထုရတဲ့လူတစ်ယောက်ဖြစ်နေပါတယ်။ ဘော်ဒီဆရာဆီမှာ အလုပ်လုပ်နေရတဲ့ဝန်ထမ်းပါ။ ညဘက်တစ်ခါတစ်ခါဆိုက်ကားထွက်နင်းရပါတယ်။ သူ့ကိုကြည့်တော့ စိတ်ထားကောင်းမွန်ရှာပါတယ်။ သူဟာ သမ္မာအာဇီဝပဲ စဉ်းစားပါတယ်။ ဒါကြောင့် မင်းငါခိုင်းသလိုလုပ်မလား။ လုပ်မယ်ဆိုရင် ငါပြောမယ်။ မလုပ်ဘူးဆိုရင်တော့ မပြောတော့ဘူးဆိုတော့ ဟုတ်ကဲ့ - လုပ်ပါ့မယ်တဲ့။ ဒါဖြင့် မင်းမနက်စောစောထ၊ ဘုရားရှင်ကို မျက်နှာသစ်တော်ရေကပ်၊ ပြီးရင် ပဋ္ဌာန်းရွတ်၊ မရွတ်တတ်ရင် ရွတ်တတ်အောင်သင်ရွတ်၊ စာအုပ်ကြည့်ရွတ်၊ ပြီးရင် ဘုရားခဏခဏသွား၊ ရုပ်ပွားတော်တွေရဲ့ မျက်နှာတော်တွေကို ရွှေပြားသင်္ကန်းကပ်ပြီး ပူဇော်လို့ရတဲ့ ဘုရားမှန်သမျှ မင်းအဆင်ပြေသလိုမကြာခဏသွားသွားပြီး ရွှေချပူဇော်လို့ ပြောလိုက်ရပါတယ်။ သူက ကိုယ်ကာယနဲ့ဆိုင်တဲ့နာမည်အုပ်စုမှာပါတဲ့သူမို့ ဒီလိုပြောလိုက်ရတာပါ။ အဆင်းရှုပါနဲ့လည်းဆိုင်ပါတယ်။ ဒါကြောင့် ဒီလိုအကြံပေးလိုက်ပါတယ်။ သူလည်း ကြိုးစားပြီးလုပ်ရှာပါတယ်။ အိပ်ရာထနေမြင့်တဲ့အကျင့်က စောစောထလိုက်၊ မထလိုက်ဖြစ်နေလို့ လေး၊ ငါး၊ ခြောက်လထိ ဘာမှမထူးသေးပါဘူး။ နောက်ထပ် နှစ်ခါလောက်ထပ်ပြောတော့မှ သူဟာမှန်မှန်ထလာပါတယ်။ နောက်ပိုင်း ဘုရားပူဇော်မှုတွေစိပ်လာပါတယ်။ မုဒ္ဒံက သူ့အမျိုးတွေက ရန်ကုန်တက်လာပြီး လုပ်ငန်းလုပ်ချင်တယ်လို့ သူ့ကိုလာချဉ်းကပ်တိုင်ပင်ကြတာနဲ့-

အခုဆို လှဦး ဘော်ဒီရုံဆရာဖြစ်နေပါပြီ။

(၂) နှစ်မပြည့်ခင်မှာ လူတစ်ယောက်ရဲ့ ဘဝအပြောင်းအလဲဟာ ဘာမှ ထူးထူးခြားခြား အဆောင်တွေ ဘာတွေမဆောင်လိုက်ရဘဲ တရိပ်ရိပ်



တက်သွားပါပြီ။ ဒါဟာ ပီတိဖြစ်စရာပါ။

နာမည်ပညာမှာ ဒီလိုတွေရှိနေပါတယ်လို့ပြောရင် -

ဟုတ်ရဲ့လား၊ ဟုတ်ပါ့မလား၊ ဖြစ်နိုင်ပါ့မလားဆိုတဲ့ အံ့ဩမေးခွန်းလေးတွေ ပြောကောင်းပြောလာနိုင်ပါတယ်။ ပြောလည်းပြောကြတာတွေရှိပါတယ်။

လက်တွေ့ပြုပြင်ပြောင်းလဲကြည့်လိုက်ပါ။

ကိုယ့်သားသမီးကလေးတွေရဲ့ နာမည်လေးတွေကိုကြည့်ပြီးတော့လည်း လက်တွေ့ ပြုပြင်ပြောင်းလဲမှုလေးတွေ ပြုလုပ်ပေးလိုက်ပါ။

မလိုအပ်ရင်တော့ ဘာမှလုပ်စရာမလိုပါဘူး။

ဥပမာ မောင်ကျော်မြတ်။ သူဟာ မိဘကိုလည်းရိုသေတယ်၊ ရတနာမြတ် (၃) ပါးကို ဦးထိပ်ထားတယ်။ မနက်စောစောလည်းထတယ်။ သမ္မာအာဇီဝ ကျကျ စီးပွားရှာတယ်ဆိုရင် နာမည်နဲ့ လိုက်ဖက်နေတဲ့အတွက် သူကဘာမှလုပ်စရာမလိုတော့ပါဘူး။ ဒီသဘောပါ။ သူဟာသူနေတတ်နေတဲ့သူဖြစ်နေပါတယ်။

ဒီလိုပါပဲ။

မအေး ဆိုပြီး ဆူဆူပူပူတွေနဲ့ လုံးလည်ချာလည်လိုက်နေရင် ရှာရဖွေရ ခက်သွားပါလိမ့်မယ်။ ရသမျှတွေ ဘယ်လိုမှအဖတ်မတင်ဖြစ်ကုန်တတ်ပါတယ်။ ပြီးတော့ အတွင်းကလီစာတွေနဲ့ပတ်သက်တဲ့ ဝေဒနာတစ်ခုခုရှိနေတတ်ပါတယ်။ မိသားစုတွင်းတကွဲစီတွေဖြစ်နေတတ်ပါတယ်။

ဒါနာမည်တစ်ခုကိုပဲနမူနာပြတာပါ။

ဒီလိုမျိုး ဖွင့်ဆိုပုံတွေကို နာမည်မြင်ကွင်းမှာဖွင့်မှုစုံမှာမို့ နာမည်မြင်ကွင်းကျမှပဲ အကျယ်တဝင့် အများကြီးဖွင့်ပြပါ့မယ်။

ခုက နမူနာပြရုံပါပဲ။

ဒါကြောင့် -

မအေးလို့ ကြားလိုက်တာနဲ့ အေးအေးဆေးဆေးပြောတတ်တဲ့သူ၊ နူးညံ့တဲ့သူ၊ ရတနာ (၃) ပါးကိုင်းရှိုင်းတဲ့သူ ဖြစ်နေရင်တော့ စောစောကပြောတဲ့မအေး ကြုံရပုံမျိုး မဖြစ်တော့ပါဘူး။

ဒါဟာ -

နာမည်နဲ့လိုက်အောင်နေခြင်းပါပဲ။

လိုအပ်တယ်ထင်ရင် ပြင်ယူပါ။ ရအောင်နေပါ။ မဖြစ်ဖြစ်အောင် ကြိုးစားပြီး ရအောင်နေပါ။ နေရင်းနေရင်းကနေ ကိုယ်တောင် ဘယ်လိုမှထင်မှတ်မထားတဲ့ အောင်မြင်မှုတွေရလာတာ ကြုံရပါလိမ့်မယ်။ သောကတွေ ငြိမ်းအေးလာတာ တွေ့ရပါလိမ့်မယ်။

ဒါဟာ နာမည်ပညာရပ်တွေထဲက တစ်ခုပါပဲ။

နာမည်ပညာရပ်တွေ အများကြီးထဲက ဒီပညာခန်းနဲ့ စပြီးမိတ်ဆက်ချင်နေတုန်း မိတ်ဆွေတွေရဲ့ တိုက်တွန်းချက်ကပါ ဒီသူရဇ္ဇလက်ဆောင်ဖြစ်သွားခဲ့ရပါတယ်။

အခု စပြီးအဖွင့်အနေနဲ့ တင်ပြလိုက်ပါပြီ။

နာမည်ပေါင်းများစွာနဲ့ ပတ်သက်ပြီး အကြံပြုရ၊ ဖွင့်ဆိုရမှာမို့ စုံစုံလင်လင်ကတော့ နာမည်မြင်ကွင်းကနေပဲ မြင်ပြပါရစေ။

အခုတင်ပြလိုက်တဲ့ သူရဇ္ဇလက်ဆောင်ကို ဖတ်ပြီးတာနဲ့ နာမည်နဲ့လိုက်အောင်နေထိုင်ပြီး အောင်မြင်မှုများစွာကို ရယူလိုက်ပါ။

ဖြစ်နိုင်တာတွေကိုပဲပေးတဲ့ သူရဇ္ဇရဲ့ထုံးစံအတိုင်း -

လက်တွေ့နဲ့ယှဉ်တဲ့ အောင်မြင်မှုတွေရဖို့ -

အခုကတည်းကစတင်လိုက်ပါလို့ မေတ္တာစကားပြောကြားရင်း -

ဓါတ်ဆရာဦးမောင်မောင်သန်း
(ရင်ကိုရွှေမြစေသား)

www.burmeseclassic.com




၂၀၁၅ ခုနှစ် ၊ဖေဖော်ဝါရီလ

## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံဉာဏ်များပေးနိုင်မည့်သူများမှာ တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကျင့်ကြံအားထုတ်မှုများဖြင့် ဘာမဆိုအောင်မြင်မှုရရှိပါလိမ့်မည်။ ကောင်းမှုကုသိုလ်တစ်ခုခု နေ့စဉ်ပြုပါ။ မွေးနေ့တွင် သက်သတ်လွတ်စားပါ။ လာဘ်လာဘအတွက် ငွေဝင်စေသော ဒိဝါတပတိဂါထာ၊ မဟာဝေဒဗ္ဗမန္တန်၊ ရှင်သီဝလိ (၁၀) ဂါထာတို့ကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ မမျှော်လင့်သောခရီးတစ်ခုထွက်ရစာတ်သည်။ ကွဲကွာနေသောဆွေမျိုးများနှင့် ပြန်လည်ဆုံတွေ့ဖြစ်မည်။ မမျှော်လင့်ဘဲ သတင်းကောင်းများကြားရမည်။ စက်ပစ္စည်းအဟောင်းများဝင်မည်။ လက်ဝတ်ရတနာမမြဲသော ကာလဖြစ်သည်။ လူမျိုးကွဲများနှင့်ဆိုင်သောလုပ်ငန်းများ ထစ်ငေါ့ပြီးမှ အောင်မြင်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရရှိမည်။ လူမှုရေးကိစ္စများအဆင်ပြေစေရန် ဘုရား၊ ကျောင်းကန်များသို့သွား၍ တံမြက်စည်းလှည်းပါ။ ပညာရေးကံများကောင်းနေသော်လည်း ဖွဲ၊ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ နေ့စဉ်ကျက်မှတ်ပြီးသောစာအုပ်တစ်အုပ်စီကို ခေါင်းအုံးအောက်တွင် ထားပြီးအိပ်ပါ။ အောင်မြင်မှုရရှိပါလိမ့်မည်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရရှိမည်။ ထီကံကောင်းမည်။ စက်ဘီးနှင့်ရောင်းသောထီသည်ထံတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးခြောက်မျိုးနှင့် ဆွမ်းတော်ကပ်ပါ။*

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကို အကောင်းဆုံးကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ဝင်ငွေကောင်းသော်လည်း ကုန်ကျစရာကိစ္စများကြောင့် အဖတ်မတင်ဖြစ်နေမည်။ အိုးအိမ်၊ အလုပ်နေရာ အပြောင်းအရွှေ့ကိစ္စများပေါ်မည်။ လက်ဝတ်ရတနာဝင်လာမည်။ ထီကံကောင်းမည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အကျိုးပေးနေမည်။ ကျန်းမာရေးကောင်းနေသော်လည်း ကိုယ်နှင့်မတည့်သော အစားအသောက်များလွန်ကဲစွာမစားပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ စိတ်ချမ်းသာမှုရရှိပါမည်၊ မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းများထံမှ အကူအညီများရရှိမည်။ ပညာရေးကံများကောင်းမည်။ တစ်နယ်တစ်ကျေး ရပ်ဝေးတွင် ပညာသင်သွားရပါက ထူးချွန်စွာအောင်မြင်တတ်သည်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။ ချစ်သူကို အတိတ်ကအကြောင်းများပြောပြီး စိတ်ကသိကအောက်ဖြစ်အောင်မလုပ်ပါနှင့်။ ဖြစ်နိုင်လျှင် နေ့စဉ် သီလဆောက်တည်နေထိုင်ပါ။ ကောင်းမှုကုသိုလ်တစ်ခုခုပြုလုပ်ပါ။ အညံ့များလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးရန်အတွက် ဘုရားဖူးသွားမည့်လူကြုံနှင့်မှာ၍ ထိုးပါ။ ကြိုက်ရာထိုးလာပါစေ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား ယခုတစ်လလုံး ထန်းလျက်ဆွမ်းများနှင့် ကပ်လှူပါ။*



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံဉာဏ်ပေးမည့်သူများမှာ တနင်္လာနာမည်ရှင်၊ အင်္ဂါနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအကျိုးပေးပါမည်။ အလှူမင်္ဂလာကိစ္စများ ကိုယ်တိုင်ဦးဆောင်ပြုလုပ်ပေးရခြင်း၊ အလှူဒါနများ မကြာမကြာပြုလုပ်ရခြင်းတို့ကြုံပါမည်။ ခရီးယာယီမကြာမကြာပေါ်မည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ ထစ်ငေါ့နေတတ်သည်။ အိုးအိမ်ကိစ္စနှင့် အလုပ်ကိစ္စများ၌ စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်မည်။ လက်ဝတ်ရတနာဝယ်လျှင် စိတ်တိုင်းမကျသောကြောင့် ပြန်ရောင်းပြန်လဲခြင်း ဖြစ်မည်။ ကျန်းမာရေးကောင်းနေစဉ် လွန်စွာအအေးမခံပါနှင့်။ အာရုံကြောများမကြာခဏအနားပေးပါ။ ပညာရေးကံများကောင်းနေသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့်အထပ်ထပ်ကျက်မှတ်လေ့လာပါ။ ထူးချွန်စွာအောင်မြင်တတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးသာယာနေစေရန် စကားတစ်ခွန်းကို ထပ်ကာထပ်ကာပြောမနေပါနှင့်။ အပေါင်းအသင်းကြောင့် ဂုဏ်တက်တတ်သလို အပေါင်းအသင်းကြောင့် ဂုဏ်ပျက်တတ်သည်ကို သတိရှိပါ။ ငယ်ရွယ်သူတို့၏ ချစ်ရေးချစ်ရာကိစ္စများ အဆင်ပြေမည်။ မင်္ဂလာကိစ္စများဆောင်ရွက်ရလျှင် နှစ်နေရာပြုလုပ်ရတတ်သည်။ ထီထိုးမည်ဆိုပါက စက်ဘီး၊ ကားတို့နှင့် လှည့်ရောင်းသောထီဆိုင်နှစ်ဆိုင်ခွဲပြီး ထိုးထားလိုက်ပါ။ (၂) ဂဏန်း၊ (၃၊) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါလေ။

ယတြာ ။ ။ *ဘုရားရှင်အား ယခုတစ်လလုံး အုန်းသီးစိတ်များနှင့်ကပ်လှူပါ။*


## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးအကြံပေးနိုင်သူ၊ ကူညီမည့်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လုပ်ငန်းခွင်တွင်း အတိုက်အခံ၊ အပြိုင်အဆိုင်များကြားမှ ရာထူးတက်ခြင်း၊ နေရာကောင်းသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများရှိပါမည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အောင်မြင်စွာဆောင်ရွက်နိုင်မည်။ မမျှော်လင့်ဘဲခရီးတစ်ခုထွက်ဖြစ်မည်။ ငွေကြေးနှင့်ဆိုင်သောကိစ္စများ ခက်ခဲကြန့်ကြာနေပါက ငွေဝင်စေသောဂါထာများကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။ ကျန်းမာရေးအတွက် ရောဂါဟောင်းများပြန်ဖြစ်တတ်၍ အစားအသောက်၊ အနေအထိုင်ဆင်ခြင်ပါ။ မတည့်သောအစားအစာများ လွန်ကဲစွာမစားပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများစိတ်ချမ်းသာမှုရှိစေရန် နားလည်မှုများထားပေးပါ။ အိမ်ဆူအိမ်ပူအောင်စကားများကြမ်းတမ်းစွာမပြောပါနှင့်။ လူမှုရေးအတိုက်အခံကိစ္စများရှိပါက အိမ်မှလမ်းလျှောက်သွားလျှင် အနီးဆုံးဘုရားစေတီ၏ရင်ပြင်တော်တွင် တံမြက်စည်းမကြာမကြာသွားလှည်းပါ။ ပညာရေးကောင်းမည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရှိစေရန် ခိုလေးများကို အစာကျွေးပါ။ ချစ်သူအပေါ် စကားဖြင့် အနိုင်မယူပါနှင့်။ တစ်ဦးနှင့်တစ်ဦးနားလည်မှုများဖြင့် လျှော့ပေးပါ။ ထီထိုးဖြစ်အောင်ထိုးပါ။ စက်ဘီး၊ သုံးဘီးဆိုင်ကယ်စသည်တို့နှင့်ရောင်းသောထီသည်ထံတွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ဘုရားရှင်အား ယခုတစ်လလုံး ကြာဆံကြော်၊ ကော်ဖီ၊ ကျောက်ကျောများနှင့် ကပ်လှူပါ။*

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ အကူအညီပေးနိုင်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ခရီးယာယီပေါ်မည်။ အပေါင်းအသင်းများနှင့် အချိန်ဖြုန်းမနေဘဲ ဆောင်ရွက်ဖွယ်ရာကိစ္စများကို အလေးထားပါ။ မိတ်ဆွေကြောင့် ဂုဏ်တက်တတ်သလို၊ မိတ်ဆွေကြောင့် ဂုဏ်ပျက်တတ်သည့်သဘောကို သတိပြုပါ။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ။ ပညာရေးကောင်းမည်။ ပညာတော်သင်အတွက် ရွေးချယ်ခြင်းခံရတတ်သည်။ ရပ်ဝေးတွင်ပညာရှာနေသူများ အောင်မြင်မှုရှိမည်။ လက်ဝတ်ရတနာဝင်လာလျှင် မမြဲတတ်၍ မိသားစုထဲမှတစ်ဦးဦးကို ဆင်ပေးလိုက်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ ပြန်လည်သာယာလာပါမည်။ စက်ပစ္စည်းများ ပျက်တတ်၊ ပျောက်တတ်၍ လက်မများပါစေနှင့်။ လူမျိုးကွဲနှင့်ပတ်သက်၍ စိတ်ကသိကအောက်ဖြစ်ရတတ်သည်။ ရန်များတတ်သောကာလဖြစ်၍ နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာကိစ္စများ တစ်ဦးနှင့်တစ်ဦးစကားနိုင်လုရာမှ စိတ်ဆိုး၊ စိတ်ကောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်ပါသည်။ ခိုလေးများကို အစာကျွေးပါ။ စိတ်ပြေသွားပါလိမ့်မည်။ ထိထိုးမည်ဆိုပါက ခရီးသွားရင်းလမ်းမှာကြုံသော ထီဆိုင်လေးများတွင် (၆) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။ ထီကံကောင်းတတ်ပါသည်။

ယတြာ ။ ။ *လေရောဂါခံစားနေရသောဝေဒနာရှင်များကို ဆေး၊ ဓာတ်စာ၊ ငွေများ လှူပေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကြံပေးနိုင်သူ၊ အကူအညီပေးနိုင်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်၊ ဗုဒ္ဓဟူးသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ငွေကြေးကိစ္စများ ခက်ခဲထစ်ငေါ့နေပါက နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်စိပ်ပါ။ မွေးနေ့တွင် အသားစားရှောင်ပြီး သီလဆောက်တည်နေထိုင်ပါ။ ကောင်းမှုကုသိုလ်တစ်ခုခုပြုပါ။ အညံ့များရှိပါက တဖြည်းဖြည်းလျော့နည်းပပျောက်သွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ မိတ်ဆွေကောင်းများရှိနေ၍ ဘာမဆိုကူညီပါလိမ့်မည်။ လုပ်ငန်းခွင်အတွင်း အခက်အခဲများ ရှိတတ်ပါသည်။ ဘုရားစေတီများသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ပေးခြင်း၊ အမှိုက်ကောက်ခြင်း စသော ကုသိုလ်များပြုလုပ်ပေးပါ။ လူမျိုးကွဲနှင့်ဆိုင်သောလုပ်ငန်းများ ကောင်းတော့မလိုလိုနှင့် အဖျားရှူးသွားတတ်ပါသည်။ အိမ်တွင်းရေးများသာယာနေစေရန် နားလည်မှုများရှိရပါမည်။ မိသားစုတွင်းအပြန်အလှန်လေးစားမှုထားပါ။ ပညာရေးကံများကောင်းနေသော်လည်း ဖွဲ လုံ့လ၊ ဝီရိယမလျှော့ပါနှင့်။ အောင်မြင်မှုသေချာပါပြီ။ ကျန်းမာရေးကောင်းမည်။ ငယ်ရွယ်သူတို့၏ နှလုံးသားရေးရာများ လမ်းခွဲစကားများကြားရတတ်သည်။ ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာအစာကျွေးပါ။ ထိထိုးရန်အတွက် စက်ဘီး၊ လှည်း၊ သုံးဘီးဆိုင်ကယ်တို့နှင့် လှည့်လည်ရောင်းနေသောထီသည်ထံတွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယတြာ ။ ။ *နေ့စဉ်မပျက် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ရွတ်ဖတ်ပူဇော်ပါ။*

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကြံပေးမည့်သူ၊ အကူအညီပေးမည့်သူများမှာ တနင်္လာနာမည်ရှင်၊ တနင်္လာသားသမီးများ ဖြစ်ပါသည်။ (၆) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ဝင်ငွေကောင်းသောကာလဖြစ်ပါသည်။ မလိုအပ်ဘဲ ကုန်ကျမှုများမရှိစေရန် နေ့စဉ် ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ် စိပ်ပါ။ အိမ်ရှိစက်ပစ္စည်းများအတွက် ငွေကုန်ကျမှုရှိတတ်ပါသည်။ စက်ပစ္စည်းများ ပျောက်တတ်၊ ပျက်တတ်၍ လက်မများ ပါစေနှင့်။ စကားပြောများတတ်သောကြောင့် စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာပါမည်။ မိတ်ဆွေများ ကူညီစောင့်ရှောက်မည်။ ကျန်းမာရေးကောင်းသည်ဆိုပြီး ပေါ့မနေပါနှင့်။ အစားမှားပြီး နေထိုင်မကောင်းဖြစ်တတ်ပါသည်။ ကိုယ်နှင့်မတည့်သော အစားအသောက်များ သတိထားပြီးရှောင်လိုက်ပါ။ ပညာရေးကံများကောင်းနေပါသည်။ ဘာသာရေးနှင့်ဆိုင်သောကိစ္စများ၊ ကျင့်ကြံအားထုတ်မှုများဖြင့် ရွတ်ဖတ်သရဇ္ဈာယ်မှုများ မမေ့မလျော့ဆောင်ရွက်ပါ။ ဘာမဆိုကျင့်ကြံအားထုတ်မှုများဖြင့် အောင်မြင်မှုပို၍ရရှိပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှုရရှိမည်။ မင်္ဂလာကိစ္စများစီစဉ်ရတတ်သည်။ ထိထိုးမည်ဆိုပါက ကားနှင့်လှည့်ရောင်းသောထီကားလေးများ အိမ်ရှေ့လာရပ်ပြီးရောင်းနေပါက ချက်ချင်းသွားထိုးလိုက်ပါ။ (၂) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းကြည့်လိုက်ပါ။ ထီပေါက်တတ်ပါသည်။

ယတြာ ။ ။ *ဘုရားဖူးခရီးသို့ကြွမည့် သံဃာတော်အရှင်သူမြတ်တစ်ပါးကို ဝတ္ထုငွေ များစွာလှူလိုက်ပါ။*

ရ င် ကို ဧ အ း မြ ဧ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။